www.burmeseclassic.com

အတွဲ (၁၈) အမှတ် (၉)
၂၀၁၈ခုနှစ် စက်တင်ဘာလ

အရိပ်

မဂ္ဂငြိမ်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

Hand Pallet Truck

Authorized Distributer
B&H Co.,Ltd.

xilin®

Model: BF-III

1KG=2.205LB 1INCH=25.40MM

Model		BF-III	
Capacity	Q(kg)	2500	2500
Lowered fork height	h_{13}(mm)	85	75
Steering wheel	mm	ф180	ф 180
Fork wheel single	mm	ф 74x93	ф 74x93
Fork wheel tandem	mm	ф 74x70	ф 74x70
Max. lift height	h_3(mm)	195	185
Total height	h_{14}(mm)	1214	1214
Overall length	l_1(mm)	1543/1613	1543/1613
Fork length	l(mm)	1150/1220	1150/1220
Width overall forks	b_2(mm)	520/550/685	520/550/685
Ground clearance, centre of wheelbase	m_2(mm)	32	22
Aisle width for pallets 1000x1200 crossways	A_{st}(mm)	1743/1813	1743/1813
Aisle width for pallets 800x1200 crossways	A_{st}(mm)	1813/1813	1813/1813
Turning radius	W_a(mm)	1276/1346	1276/1346
Service weight	kg	58-70	58-70

Hot Sale

Showroom

H- ၃၆၊ သီရိရတနာစျေး၊ သုမ္မာလမ်းမကြီး
အဝေးပြေးကားဂိတ်အရှေ့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၇၃၈၈၁၊ ၀၉-၉၇၂၁၇၂၅၅၊ ၀၉၂၅၉၅၇၆၂၀၈




BURMESE CLASSIC .com

2500KG

275,000 K





(mm)

Conforms to EN ISO3691-5:2009
Based on Directive 2006/42/EC



Pump

Hand pallet truck

- Integrated pump without welding , no any leaking problems.
- Frame force is more reasonable , and the strength is more reliable.
- Handle seat has hole it is more convenient for installation of control chain.
- Forks lowering speed is controllable, with overload valve to avoid overloading .
- Option: 1) steering wheel 200mm (fork wheel 80mm) are available.
  2) Nylon wheel, polyurethane wheel, rubber wheel, single fork roller or tandem fork rollers.
  3) Fork length: 800mm, 900mm, 1000mm, 1100mm.
  4) Foot pedal release.
  5) Pump color: black painting.
  6) Quick lift (double speed lifting).

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သမ္မ မဟော ရတ္တိ
ဗုဒ္ဓါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္မန်၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နုဘာဝေန၊
သမ္မေ ပူရေန္တု သင်္ကပ္ပာ။ ။

၂၀၀၁ ခုနှစ် ဇန်နဝါရီလ မှစ၍ ထုတ်ဝေသည်။

အရှင်ဥတ္တမ

မဂ္ဂဇင်း


အတွဲ (၁၈) အမှတ် (၉) ၂၀၁၈ ခုနှစ် စက်တင်ဘာလ


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







ဘာသာရေးဆောင်းပါးများ

၆ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော သံသရာထဲ ခရီးလမ်းလျှောက် (ပကိဏ္ဏက လေခက္ခန္ဓာကထာ) ကထာစာပေါင်းသိုက်
မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီး

၁၇ သာဂရရေးဟောင်းမြေမှ မြသပိတ်တော်စေတီ
မောင်စိမ်းထွေး(ထားဝယ်)

၂၃ မြင်းခြံကိုးဆောင်မှ မဟာပရိတ်တော်ကြီးနိဿယသစ် အရှင်ဝေပုလ္လာဘိဓဇထေရ်၏ ဘဝအကြောင်းတစေ့တစောင်း
မြဝင်း(ဒဿန)

၂၅ အနောင်အဖွဲ့မှလွတ်မြောက်ခဲ့သည့် သဗ္ဗသိဒ္ဓိဇယမန္တန်တော်ကြီး
နတ်မောက်မင်းချစ်နော်

၂၇ ကြဲစည်တိုင်းအောင်မြင်မှုရစေသော ဂါထာ
မောင်ထင်အောင်လင်း

၂၉ မိဖုရားစောမွန်လှ တည်ထားကိုးကွယ်ခဲ့သည့် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာက သစ္စာဓိဋ္ဌာန် ရွှေစာရံစေတီတော်မြတ်ကြီး
အာကာသ(သာစည်)

၃၉ ရေစကြိုမြို့နယ် ပုခန်းငယ်ရွာ စိန်စီကျောင်းဆရာတော်ဘုရားကြီး အမှတ်တရ
တင်အောင်(စက်မူတက္ကသိုလ်)

၄၁ ဘုရားရှင်၏ဆံတော်အစစ် တည်ရှိသည့် ရွှေမောင်းတီးစေတီတော်
စိုးထွန်း(ဥပဒေ)

၄၇ ကော့ခပုံဆရာတော်ကြီး၏ ကြည်ညိုဖွယ်ထူးခြားမှုများ
နေဝင်းဝင်း(လွန်ဆေး)

၄၉ အရှင်သီဝလိ၏ ရေးအကြောင်း
သရဖူသန်းအောင်(မော်ကွန်း)

၅၁ မွန်မင်းသမီး တလပရော်သမီး ကောင်းမှုတော်ဖျာပုံ (ထမင်းစေ့မြို့) လိပ်ဥကုန်း သက်လွတ်ချမ်းသာ ကျိုက္ကမ္မမြို့စေတီတော်
မင်းကျော်အိမ်

၅၆ ထင်ရှားကျော်ကြား သာသနာ့သမိုင်းဝင် ဆရာတော်ကြီးများ၏ မှတ်သားဖွယ်ရာများ
စိုးလင်းအောင်(မြန်အောင်)

၆၁ ပြည်လုံးအေးကိုးနဝင်း ဆုတောင်းပြည့်စေတီတော်
အောင်သာကျော်

၇၃ ယောဒေသ မင်းရွာက ရေးဟောင်းသမိုင်းဝင် မြသိန်းတန်စေတီတော်
ကိုယော(ဘောဂဗေဒ)
(စာပေဆုများရှင်)

၈၃ မပြီးသေးသောပန်းချီကားတစ်ချပ် သို့မဟုတ် ရွှေက်ကူမိသားစုမှ ဒုတိယအကြိမ် တည်ထားကိုးကွယ်မည့် ရွှေက်ကူဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်၊ အောင်ကြေစေရန် မြသိန်းတန်စေတီတော်
ဘိုဘို(ရွှေက်ကူ)

၉၅ မွန်ပြည်နယ် မုဒုံမြို့နယ် ဝင်းစိန်ရတနာတောင်တောရ ကမ္ဘာ့အကြီးဆုံးလျောင်းတော်မူကြီးများ ပူဇော်မှုခရီး
မောင်ရေချမ်း(မြောင်)

၁၀၁ ပုဂံဘုရားအမှတ် (၁၃၁၆) သံပျင်မင်းသမီးကောင်းမှုဝေဥည် မြင်းကပါရွာမှ ရွှေစေတီ
ရဲမင်းထွန်း(မြင်းကပါ)

၁၀၆ ဗုဒ္ဓသာသနာတော်၏အစ
ဦးကျော်ရှိန်(မဟာဝိဇ္ဇာ၊ ဝဠုံသကာ)

၁၁၃ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဝိုင်းမော်မြို့နယ် ရွှေမိုးတောင်ပေါ်မှ ရဟန္တာတစ်ထောင်ကိန်းဝပ်ရာ သျှင်ပင်မြတ်စွာဆုတောင်းပြည့် အောင်သုခစေတီတော်
စနေထွန်း(မြစ်သား)

၁၂၂ သာသနာ့ရေးရာ ထွန်းပေါက် ပေါက်မြောက်စေရန် အတိတ်ထူး နိမိတ်ထူး ဖြစ်ရပ်ထူးကြီးများ ဖြစ်ပေါ်ပေါ်ပေါက်ခဲ့သည့် တောင်သုံးလုံးဒေသ
ဝိုးနောင်(ကောလင်း)

၁၆၆ မကွေးမြို့ မြသလွန်စေတီတော်
ဦးစန်မာ(စလင်း)

၂၀၃ မြတ်ဗုဒ္ဓ၏အသံကောင်း
စံ-ကေတု

www.burmeseclassic.com

www.burmeseclassic.com

၃၀၅ သုံးမည်ရဖြို့တော်ဟောင်း
ရေနံမြေ-လွမ်းစု

သုတရသဆောင်းပါး

၃၇ ဘဲဥအစရှာမရ
ချောင်းဆုံအုန်းသွင်
၅၉ စလေသုဓမ္မာဂိုဏ်းထောက်ဆရာတော်
ဦးဂုဏာမထေရ်နှင့်
အဝေးရောက်ပစ္စည်းလေးပါး
ဒါယိကာမကြီးစိန်တုံးမိဖုရား
လှမြင့်(ရန်ကုန်တက္ကသိုလ်)
၆၇ သူတော်ကောင်းပုဂ္ဂိုလ်တို့၏
အဆုံးအမဖြင့်ဘဝနေနည်း
မင်းသီကျော်
၇၀ ကျောင်းအလှူရှင်(၁)
ဒေါက်တာအရှင်ဃာဘသာမိ
(မြတ်ဓမ္မ)
၇၉ သဘာဝဓမ္မ
ချောင်းဆုံအုန်းသွင်
၈၁ ပြုသည့်ကောင်းမှု
တောင်းဆုအထွေထွေ (၁၇)
ဦးဥာဏ်ဇော်
(သာမဏေကျော်၊ ဓမ္မာစရိယ၊ M.A)
၁၃၂ တရားသေလို့ သပိတ်သွတ်ခဲ့သူ
ကိုရွှေမြသန်း
၁၄၃ ညောင်ဦးစောရဟန်းနှင့်
ကျောက်သူရုပ်
မောင်လှိုင်ထွေး(ဥပဒေ)
၂၀၈ ရွှေညောင်ပင်ဘိုးဘိုးကြီး
မောင်သန်းဆွေ(ထားဝယ်)
၂၁၁ ခုံဖိနပ်နဲ့ရွိုးထုတ်
ကားတာယာနဲ့ပွဲတိုးကြည့်စမ်းပါ
စိုးမင်း(မြောက်စည်း-ရွာသစ်)
၂၃၃ သန္ဓေတောထွက်ဓမ္မစက်
တစ်ချက်ပြောဦးဟာ
မြေလတ်ညီလင်း
၂၆၃ အသက်ရှည်ရာ(၆)
ချောင်းဆုံအုန်းသွင်
၂၆၉ နှစ်ပေါင်း (၈၀၀) ပြည့်ခဲ့တဲ့
ပတ္တမြားမြေ မိုးကုတ်သို့
ရွှေပြည်စိုး(မိုးကုတ်)
၃၀၃ ဂန္ဓာရီလမ်းပေါ်က
အံ့ဖွယ်ထူးဆန်းများ(၃)
ဘုန်းခေါင်
၃၁၃ အရွယ်ဆယ်ပါးသတိထား
သိပြားဆင်ခြင် ဥာဏ်နှင့်ယှဉ်လော့
အံကြွယ်
၃၂၀ ခန္ဓာအသက်မငဲ့ကွက်မှ
ကွန်ဒြေထက် တရားတက်
ထင်ကျော်စွာ(ဂန္ဓိရရွာစု)
၃၄၃ ဂုဏ်တော်ပြန်ဂါထာနှင့်
ရတနာဒီပံ
အောင်ကြည်သန်း(ဖောင်တော်သီ)
၃၄၆ ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး၏
တပည့် မဟာပထမံပညာ၏
မြေပြင်ဂိုဏ်းချုပ်
ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၄၂)
ပထမံဆရာဦးအေးရွှေ
၃၆၃ မီနယ်ဗ်၏
နိုင်ယာဂရီထဲက
ပါတော်မူပြီးစ
မြန်မာနိုင်ငံအခြေအနေ(၁၅)
ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)
၃၆၆ စုန်းကဝေဆိုတာတကယ်ရှိရဲ့လား
မောင်မိုးဟန်(ရွှေကျင်)
၃၇၉ အဏ္ဏဝါရေအောက်
ကွယ်ပျောက်သွားသော
ဂန္ဓိရန်ိုင်ငံတော်
လှမိုး(ပညာရေး)
၃၉၁ အတ္တမေတ္တာတရား
တင်ထွန်း(စက်မှု-၂ ငြိမ်း)
၃၉၃ ရွှေဟင်္သာမင်းဇာတ်အကြောင်း
သူတော်အိမ်(ဓမ္မသုတေသီ)
၄၀၄ ဘယ်သောအခါ သေကြရမှာ
မသိပါ၍
စောမိသွင်(ရန်ကုန်)

သူရဇ္ဇတိုင်းရင်းဆေး

၆၉ ငရုပ်တူ
ရဲမျိုးသူ(ဖောမိမြိုင်)
၇၈ မျက်စိနာ၊ မျက်ရိုးကိုက်၊ မျက်စိကျိန်း၊
မန်ကျည်းခေါက်ကိုသွေး၍လိမ်း
မိုးနောင်(ကောလင်း)
၈၂ ခိုင်းနွားများအစာစားပျက်နေလျှင်
နတ်မောက်မင်းသန့်နိုင်
၁၂၁ အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက်
လျှာလည်လောက်သည့်
ရသာစုံလင်
ဆေးဖက်ဝင်ဟင်းလျာများ(၃၈)
ရွှေနဝင်း(ပုသိမ်)
၁၄၅ အရိုးစာနှာပျောက်ဆေး
မောင်ညီစု(ဝန်းသို)
၂၀၁ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)









www.burmeseclassic.com

www.burmeseclassic.com

၂၁၀ အသည်းခြောက်ရောဂါ
ဆေးဝါးဓာတ်စာ
အောင်ဝင်း(တိုင်းရင်းဆေး)

၂၂၅ ဆီးထဲမှာပြည်ပါလာရင်
ဘာဆေးနဲ့ကုမလဲ
ဗန်းမော်ညီညူ

၂၃၀ သွားနာ၊ သွားကိုက်၊ သွားပိုးထိုးရင်
ဘယ်ဆေးနဲ့ကုကြမလဲ
ဗန်းမော်ညီညူ

၂၃၆ ဆီးအောင့်ခြင်းဝေဒနာအတွက်
နေပြည်တော်ကျော်ကျော်စိုး

၂၄၇ ဒူလာမြင်းသရိုက် အတွင်း
အပြင်လိပ်ခေါင်းရောဂါ
သတိပြုဆင်ခြင်ဖွယ်ရာများ
အပိုင်း (၂)
ဦးမင်းဝင်(ရွှေနဝင်း)

၂၀၂ ကျေးလက်တောရွာ၌ယနေ့အထိ
ရှိနေသေးသော ကလေးငယ်များ
အိပ်ရာထဲ၌ ဆီးမသွားအောင်ပြုလုပ်
နည်း
ဈာယီ

၂၁၇ တိုင်းရင်းဆေးနှင့်အတွေ့
ချောင်းဆုံအုန်းသွင်

၂၃၂ သင်နလုံးအားနည်းပြီး အသက်ရှူမဝ
မောပန်းနေပါသလား
ကချင်ပူဒီနာက
အကူအညီပေးပါလိမ့်မယ်
ဗန်းမော်ညီညူ

၂၅၀ ဖနောင့်ဖဝါးကွဲအက်နာအတွက်
ဆေးနည်းကောင်းတစ်လက်
တင့်ထူး(ဇေယျဝတီ)

၂၆၂ လမ်းဘေးနားကရသောနည်း
မြတ်ခေါင်းနိုင်(ဝုံညင်းတန်း)

၂၆၉ အဆစ်အမြစ်ရောင်
ဒူလာရောဂါအတွက်
ကျောက်သင်ပုန်းပင်
တင်နိုင်ဝင်း(ထမင်းစေးမြို့)

၂၇၀ ကွဲ၊ နွား နာခေါင်းသွေးယိုခြင်း
ဆလိုင်းဌေးသိန်း(ရမည်းသင်း)

၂၉၅ ကလေးငယ်များ ကပ်ပယ်အိတ်ကြီး
လျှင်၊ အူကျလျှင်၊ လေဖောင်းလျှင်
လက်တွေ့ပျောက်သည့်
နည်းလမ်းကောင်း
စိုးမင်း(မြောက်စည်း-ရွာသစ်)

၄၀၁ အစာလည်ခေါင်း၊ ဆေးလည်အစာ
ကြောင်ခွေးတောက်ကိုစားပါ
မခိုင်ဝါ(မြန်အောင်)

၄၀၇ အဖျားရောဂါအတွက် ကြက်သွန်နီ
တင်နိုင်ဝင်း(ထမင်းစေးမြို့)

သူရဇ္ဇဝတ္ထုတို

၁၃၄ ပြကျောက် (၂၉)
နေပြည်တော်ကျော်ကျော်စိုး

၁၄၆ မိုးသုံးမိုးနှင့်ဦးဝင်းမောင်
အဏ္ဏဝါလှိုင်း

၁၅၈ မောင်လွန်းသောညည၊
မောင်လွန်းသောဘဝ
မောင်စိန်ဝင်း(ရွှေမိုးညို)

၁၇၀ အမနုဿသွေးစုပ်ဖုတ်ကောင်နှင့်
ကိုယ်ယောင်ဖျောက်လူသတ်သမား
ညီ၂ရောင်

၁၈၈ မီးစုန်းကဝေလေလား
ရုံးစောင့်နတ်ကြီးလေလား
သခ်ါရဗုဒ္ဓသား

၁၉၄ ဘဝမကူးခင် အကျိုးပေးခဲ့သည့်
ဇီဝိတဒါနကုသိုလ်
အောင်မြင့်ထွန်း(မသုံးလုံး)

၂၂၆ သတ္တဝါတို့သည်လည်းကောင်း၊
လူသားတို့သည်လည်းကောင်း
ကိုတော်ဝင်း(လှတော)

၂၃၁ ဆန်းကြယ်သောဖြစ်ရပ်များ
ကိုယ်တွေ့ကြုံခဲ့ရသောကြေပဂူ
မင်းခေါင်ထွဋ်

၂၃၈ နို့ဘီလူးတဲ့
အောင်မြတ်နိုင်
(ပွင့်ဖြူ)

၂၄၄ ခွေးကိုယ်လူခေါင်း
သူ့အကြောင်း
အောင်မင်းနောင်

၂၅၀ ပြေးတမ်းလိုက်တမ်း
ဈာန်လင်းထက်
(စာပေဓမ္မာဝတ္ထုရှည်စာမူဆု၇)

၂၆၆ ပရလောကသားကို
မိတ်ဆွေဖွဲ့နိုင်သူ
အောင်ဆန်းလင်း(ဘီအေ)

၂၈၆ အလင်းစက်ဝန်းနှစ်လုံး၏
ပိုင်ရှင်
ရဲမျိုးသူ(ဗောဓိမြို့)

၂၉၈ အတိတ်နိမိတ်
အောင်သိန်းဝင်း(ပွင့်ဖြူ)

၃၁၀ ကိုယ်ပြုသည့်ကံကိုယ်သာခံ
ရွှေနွယ်ရိုး

၃၂၂ ဖုတ်မကြီးကိုသတ်ဖြတ်ကြစဉ်က
မင်းဟိန်းထိပ်





၃၂၈ တမလွန်မှအသိပေးကြတဲ့
သေမယ့်လနဲ့အချိန်
အောင်ကျော်စိုး(ကေအောအေ)

၃၅၂ မှားမိသည့်ဝန်
ကျေပွန်အောင်ဆပ်ခဲ့သည်
ဘုန်းမြင့်မောင်မောင်

၃၅၈ ကိုယ်တွေ့တောနတ်တင်ခဲ့ခြင်း
ကသာသင်းမွှေး

၃၇၀ နွေခေါင်ခေါင်တိမ်ညိုညစ်
ဆိုးရစ်တဲ့ကံကြမ္မာရယ်
မင်းနန္ဒိရှိန်

၃၇၄ မေတ္တာစစ်မေတ္တာမှန်
အောင်စကြာ-အရှင်သုမေ့သာရ

၃၈၈ ကိုယ်ပြုသည့်ကံ
မောင်စိမ်းရင့်(ကျုံပျော်)

၃၉၈ ဇော်ဂျီနဲ့တွေ့ခဲ့တဲ့ဖိုးမောင်
တစ်သက်စာဆေးတောင့်
တူနဲ့ဆောင့်ခဲ့တဲ့အဖြစ်
မောင်လင်းခိုင်

သူရဇ္ဇအခန်းဆက်ဝတ္ထုရှည်


၂၁၄ ကျွန်ုပ်နှင့်ဓာတ်တော်ဘုရားကုန်း
ရွှေပြည်စိုး(ဝိုးကုတ်)

၃၃၄ ဒုတိယကွန်ရက်ပြုဇာတ်
ဖိုးကျော

www.burmeseclassic.com


www.burmeseclassic.com











သူရဇ္ဇ ပညာရပ်

၁၈၂ ရင်ထိအောင်အားနာတတ်သူများ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၂၀၉ လက်တွေ့အသုံးကျ
လက္ခဏာပညာ
ဦးအောင်ထွဋ်(သုဝဏ္ဏ)

၂၉၅ ကိုယ်တွေ့ကြားမြင်သုတဖြစ်ခဲ့ရသော
အင်္ဂါရတ်လောကမှ
ထူးထွေဆန်းပြားဇာတ်လမ်းများ(၆)
မင်းခမ်းမြေ့(ပုသိမ်)

၃၁၉ အိမ်စောင့်၊ ခြံစောင့်၊ လယ်ယာစောင့်၊
မြို့စောင့်၊ ရွာစောင့်၊ ကျောင်းစောင့်
အတွက် ကဗ္ဗီရဆေးနွား
စိုးမင်း(မြောက်စည်း-ရွာသစ်)

၃၀၅ လူတိုင်းအတွက် အင်းပညာအကြောင်း
သိကောင်းစရာများ
မောင်ပွင့်ဥာဏ်(မော)

၄၀၂ စတုရန်းခိုက်၍
အိမ်ထောင်ရေးမသာမယာဖြစ်ခြင်း
ဦးကြည်ဝင်း(ရွှေစင်)ချောက်

သူရဇ္ဇလက်တွေ့အသုံးချ

၁၆ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလအတွက်
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်းအောင်(ကဆ္ဆီရ)

၁၈၁ ၂၀၁၀ခုနှစ်၊စက်တင်ဘာလအတွက်
အထွက်၊ အဝင်၊ ခပါဒိနက္ခတ်ဇယား
ဦးအောင်စောထွိုင်(ပုသိမ်)

၂၁၃ ပြည်မြန်မာ၏
၂၀၁၀ ခုနှစ်၊ ကန်ရာသီပြောင်း၊
မန်ဒိန်းဇာတာဟောကိန်း
မင်းရှိန်အောင်

၃၂၇ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၃၃၃ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်

၃၉၂ မြေအန္တရာယ်ကင်းအစီအရင်
ဦးမင်းမင်းနိုင်(နတ်မောက်)

၄၀၈ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ(B.Sc)

၄၁၀ ကတိစကားအတွက်
သူရဇ္ဇလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၄၁၅ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်

၄၁၈ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

နာယကဦး
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
အုပ်ချုပ်မှုစာတည်း
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
စာတည်းအဖွဲ့
ကျော်မင်းထွဋ်
ဝေလဲ့လဲ့ထွဋ်၊

ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေကျော်၊
နင်းသန္တာကျော်
မုံအေ့ဖွဲ့
အေးအေးစန်း၊ နန်းယဉ်
မြန်ချိရေးမှူး
အောင်မြင့်သန်း
စာတည်းအဖွဲ့မုံခန်းနှင့်မြန်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်း
မြန်ချိရေး၊ စာမူနှင့်ကြော်ငြာ
၀၁-၃၀၇၇၁၁

မျက်နှာဖုံးနှင့် အတွင်းပန်းချီ
ဗိုအောင်
သူရဇ္ဇစာဖုံးဓိုင်း
ကိုကျော်မင်းမောင်
အတွင်းဇယင်
color king
ထုတ်ဝေသူ
ဦးအောင်မြတ်
(၀၀၀၇၄)
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (၀၀၀၇၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၇၇၇၆) လမ်း(၅၁)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁- ၂၉၇၆၇၄

မဇ္ဈရေး
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်ဦးစာပေ
နေမြည်တော်ပျဉ်းမနား-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရွှမ်းတောင်ကဟား-ဂါန်ဒီ၊ ဝီလျံမှာ
ပဲခူး- သင်းစာပေ
ဟသံဝတီ-တာလေးမောင်၊ ရွှေမော်ဝင်း
မကွေး -ရွှေပြည်မိုး
တောင်ငူ -ဦးထွန်း၊ ဦးလှရွှေ
မြန်အောင်-လှထုမေမြင့်
အုပ်ရေ ၁၀၀၄
ထက်ကားမြို့ရေး ၃၅၅၀၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

အခါလည်သရွေ့
နာရီအရွေ့
ငါသည် တစ်နေ့ . . .

နမောတေ ဗုဒ္ဓ ဝီရတ္ထု
ဓမ္မံ သုတံ ဘဇေ သင်္ဃံ ၊
ဒဒါယမ္မိ ကုလာဝကံ။
တသ္မာ တွံ စေ ယေဝရာနံ၊

ဧကေ ဧကံ ပသံ ပသေ။ ။

အယံ ကုလာဝကံ - ဤစာပေါင်းသိုက်က. . . ၊ **ဓမ္မံ**- တရားကို၊ **ဒဒံ**-ပေးအပြီး၊ **သုတမ္မိ** - သုတကိုလည်း၊ **ဒဒံ** - ပေးပါဦးအံ့။


ဘဇံ - ဝေဖန်ခြင်းကို၊ **ဒဒံ** - ပေးအပြီး၊ **သင်္ဃမ္မိ** - ယုံကြည်ချက်ကိုလည်း၊ **ဒဒံ** - ပေးပါဦးအံ့။

တသ္မာ - သို့အတိုင်း ဓမ္မ သုတ အဇ သင်္ဃ ပေးဝေ့ပါသောကြောင့်၊ **တွံ**-သင်ဆိုသော စာပေသမားသည်၊ **စေ**-အကယ်၍၊ **ယေဝရာနံ**- လေးဖြာပေါင်းစုအကြင်အကြင်ဆုတို့ကို၊ **လဘာမာနေ** - ရလိုခဲ့ပါသော်၊ **ဧကံ** - ရှေ့တစ်ပုဒ်ကို၊ **ပသံ** - ကြည့်ရှုပြီးတိုင်း၊ **ဧကံ** - နောက်တစ်ပုဒ်သို့၊ **ပသေ** - ဆက်ရှုလိုက်ပါဦး။

ဇာတ်အဖွဲ့မှ ကပြထားသည့် ဝတ္ထုများ

ဘဝသည် ဖြစ်၊ ပျက်များစွာတို့ ရှေ့နောက်တန်းစဉ် ထားရာကို ဆို၏။။ ဖြစ်ပျက်တန်းစဉ်ကြီးကိုကား ဘုတ်အဖွဲ့ ပိုင်အုပ်စုကြီးငါးစုတို့ကပိုင်၏။

ကျေးဇူးတော်ရှင်
မဟာဗောဓိမြို့ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော
သံသရာထဲ ခရီးလမ်းလျှောက်
(ဟကိုဏ္ဍက လေခကဿ္ဒကထာ)
ကထောစာပေါင်းသိုက်



www.burmeseclassic.com

www.burmeseclassic.com

ဘုတ်အဖွဲ့ပိုင် အုပ်စုကြီး ငါးစုတွင် . . .


ရုပ်စုကြီးကား . . . လူဆိုသောဇာတ်သမားများနေထိုင်ရာနေအိမ်လည်းဖြစ်၏။ ဇာတ်သမားတို့သွားလိုရာပို့ဆောင်ပေးသောယာဉ်လည်းဖြစ်၏။ ဇာတ်သမားတို့ ကပြအသုံးတော်ခံရာဇာတ်ရုံကြီးလည်းဖြစ်၏။ ဇာတ်သမားတို့ခင်းကျင်းပြသကြရန် ဇာတ်ဝတ္ထုပေါင်းများစွာလည်း ထုတ်လုပ်ပေး၏။

သည်သို့ ရုပ်စုကြီးက ဇာတ်သမားများကို ကျေးဇူးပြုရာ၌ လေ့လာရေးအဖွဲ့က ရှေ့ပြေးလေ့လာလျက်က ဇာတ်ပန္နက်ရိုက်ပေးကြ၏။ မှတ်တမ်းတင်အဖွဲ့က လေ့လာတွေ့ရှိသမျှ မှတ်တမ်းပြုစုပေးထားကြ၏။ ပုတ်ပြတ်အလုပ်သမားများက သတ်မှတ်ပေးရာအလုပ်များလုပ်ကိုင်ပေးကြ၏။ တာဝန်ခံအလုပ်ခေါင်းများက အလုပ်မှန်သမျှတို့ကို တာဝန်ယူ ကြီးကြပ်ပေးကြ၏။

ယင်းတာဝန်ခံအုပ်စုသည်. . . . ခံတစ်ခါ သူတို့အုပ်စုချည်း စည်းဝေးတိုင်ပင်သည့်အခါလည်းရှိ၏။ ခံတစ်ခါ ရုပ်စုရော ဘုတ်အဖွဲ့ပါသုံး၍ ဝတ္ထုတစ်ပုဒ်လုံးပန်းသည်လည်းရှိ၏။


ဤ၌ ယင်းတို့ကို စုစည်း၍ စာပေါင်းသိုက်အဖြစ် မှတ်တမ်းတင်ပေးထား၏။


ထိုစာပေါင်းသိုက်ထဲ၌. . . ဓာတ်အကြောင်းလည်းပါမည်။ ဇာတ်အကြောင်းလည်းပါမည်။ သည့်အတူ လောကအကြောင်း၊ ဓမ္မအကြောင်း၊ သူအကြောင်း၊ ကိုယ့်အကြောင်း အကြောင်းတကာ့အကြောင်း သောင်း



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

ပြောင်းပါဝင်မည်။ သို့ကြောင့်လျှင် "စာပေင်းသိုက်" အမည်တွင်၏။

◉

သံသရာထဲခရီးလမ်းလျှောက်

ဗဟုလ္လာ မမ သန္တိကေ၊ ဝတ္ထုနိ တက္ကဝစရေ။
တေသွိ ဒံ မေ ဧကာကာရော၊ သဘာယံ ဧကာ သဘာယော။ ။

မမ သန္တိကေ - ငါ့စိတ်သဏ္ဌာန် ငါ့အထံဝယ်. . . ၊ **တက္ကဝစရေ** - အကြံမှစ၍ အတွေ့မှအတွေးအဖြစ်လည်လာကြကုန်သော၊ **ဝတ္ထုနိ** - ဟိုအကြောင်းသည်အကြောင်းသောင်းပြောင်းတို့သည်ကား၊ **ဗဟုလ္လာ** - တွေးတိုင်းလျှင်ပွားများမှများ. , , ။

တေသု - ဆိုအတွေးစများစွာတို့အထဲ၌၊ **ဣဒံ** - သံသရာထဲ ခရီးလမ်းလျှောက်ဆိုသော ဤဥစ္စာသည်လည်း၊ **မေ** - ငါ၏၊ **ဧကော အာကာရော** - ဝတ္ထုကြောင်းတစ်ခုတည်း. . . ၊ **မေ** - ငါ၏၊ **သဘာယံ**- စာသဘင်ဝယ်၊ **ဧကော သဘာယော** - သဘင်ပွဲ တစ်ပွဲတည်း။

ကျင်ရာလည်၍
လည်ရာကျင်သည်က သံသရာ

သံသရာသည် ကျင်လည်ခြင်းဆိုသော အဓိပ္ပာယ်ကို ဖော်ညွှန်း၏။

များစွာထုထည်အားဖြင့် ဖြန့်ကြက်နေသည့်မြေသားတို့အကြားမှ သေးငယ်၍ ရှားပါးလှသော ရွှေမှန်စလေးများကို အသုံးတည့်သော လူသားတို့သည် မရမက လိုက်လံကာ ကျင်ယူကြဘိသို့. . .

သတ္တဝါအစားစား ဘုတ်အဖွဲ့ပိုင် ဇာတ်သားများသည်လည်း အာရုံပေါင်းများစွာထဲမှ မိမိမှီခိုရာ ဘုတ်အဖွဲ့ဝင် အကြိုက်ကျ၊ မကျ အလိုက် နှိုက်၍နှိုက်၍ ကျင်ယူပေးကြရ၏။ ကျင်ရင်းက လည်ပတ်နေကြရ၏။ တစ်ဖန် လည်ရင်းက လည်ရာအရပ်ရှိ အကြိုက် ကျ၊ မကျများ ကျင်ယူပေးကြရပြန်၏။ သို့ဖြင့် အထက်မှအောက် ရောက်ခဲ့ရပေါင်းများစွဲပြီ။ တစ်ဖန် အောက်မှအထက် ပြန်လည်တက်ခဲ့ရပေါင်းကလည်း မရေတွက်နိုင်တော့. . . ။

ယင်းကို. . . ဤ၌ ငါအား တရားခံ ဇာတ်သားနေရာထား၍ အများ၏အများတကာတို့ကိုလည်း ငါနှင့်တန်းတူထား အမျှမေတ္တာပေးဝေလိုက်သောအခါ. . .

သတ္တ သတ္တာ ကမ္မသကာ
ငါသည် အများအား အဝေရာ ဟောန္တု ပေးပို့ရန်ကြံ၏။ သို့တိုင်လည်း ငါ၌ ကိုယ်တွင်းရန်ကိုယ်ပရန်များတင်းကျမ်းရှိနေသေး၍ ပေးပို့ခွင့်မသာ။ သည့်အတူ. . .

အဗျာ ပဇ္ဇာ ဟောန္တု - စိုးရိမ်ခပင်းကင်းကြပါစေ။

အနီဃာ ဟောန္တု - ဆင်းရဲခပင်းကင်းကြပါစေ။

သုခီ အတ္တာနံ ပရိဟရန္တု - ကိုယ့်ကိုယ်ကို ချမ်းသာစွာဆောင်တတ်ကြပါစေ။

ဒုက္ခာ မုဉ္စန္တု - ဒုက္ခမြစ်ရင်းကင်းရှင်းကြပါစေ။

ယထာ လဒ္ဓါ သမ္ပတ္တိတော မာဝိဂစ္ဆန္တု - ရထားသမျှ လက်ဝင်အဖတ်တင်ကြပါစေ။

ဤအထက်ပါတို့ကို အများသို့ပေးပို့ရန် အားယူလိုက်တိုင်းလည်း. . . ငါ့ထံ၌ ထိုအားလုံး ဝုန်းဒိုင်းကြဲဆဲဖြစ်နေကြသေး၍ ပေးခွင့်မရခဲ့သေးပါ။ ပေးခွင့်ရသည်က ထို့အထူက်က ကမ္မသကာမျှသာ။

ဘာ့ကြောင့်. . . ။

ငါကိုယ်တိုင်လည်း ကံအစီအမံအတိုင်း လည်ပတ်နေရဆဲကြောင့်။

ဘုတ်အဖွဲ့၏ နေ့စားပုတ်ပြတ်လုပ်ခစားဘဝမှ မထွက်နိုင်သေးသောကြောင့်။

ဤ၌ သတ္တသတ္တာအစချီ မေတ္တာပို့ကို စိစစ်ရန် အချိန်ကျလာပြီ။ ကိုယ်နှင့်တန်းတူထား ထပ်တူထပ်ကျ ရစေသားဖြင့် အများသို့ ပို့လွှတ်ရာ၌ . . .

ပထမ ကိုယ်အချစ်ဆုံးသို့ အလျင်မပို့နှင့် မေတ္တာနေရာ ရာဂတဏှာ ဝင်လာတတ်၍။

ပထမ ကိုယ်အမုန်းဆုံးသို့လည်း အလျင်မပို့နှင့် ဒေါသတဏှာ ဝင်လာတတ်၍။

ပထမ ကိုယ် ဘာမသိ၊ ညာမသိများကိုလည်း မပို့နှင့် မောဟ ဝင်လာလိမ့်မည်။

အားလုံးအစား ထိုအားလုံးတို့၏ ပထမကို . . . ပထမ ဘုရားရှင်နှင့် အရိယာကြီးများထံ မေတ္တာတောင်းခံ၍ အာရုံပြု။ နောက် မိမိကျင်သုံးလက်စ သီလကို အာမခံအဖြစ် ဆင်ခြင်။ ပြီးသော် အဟံ အဝေရာ ဟောတု တပည့်တော် ရန်ကင်းရပါလို၏၊ စသည်ဖြင့် ရန်အောင်ဆုတောင်းရမည်။

ထိုစဉ်း. . . ဘုရားက (အရိယာကြီးများက) မိမိအောင်ထားသော ရန်အောင်ဆု စသည်များကို တောင်းခံသူသင့်အား (ငါ့အား) ပေးသနားလိုက်ပြီဆိုပါစို့။ ထိုအခါ. . . "အရှင်ဘုရား တပည့်တော် ရန်ကင်းသလို သတ္တဝါများ အပါယ်ဘုံသားများလည်း ရန်ကင်းပါစေဘုရား။ တပည့်တော် ရန်ကင်းသလို ထွက်သက်၊ ဝင်သက်ဖြင့် ဘဝထင်ရှား လူနှင့်တိရစ္ဆာန်များလည်း ရန်ကင်းကြပါစေဘုရား။ သည့်အတူ တပည့်တော် ရန်ကင်းသလို ရုပ်၊ နာမ်ထင်ရှား နတ်နှင့် ရူပပြဟ္မာတို့လည်း ရန်ကင်းကြပါစေဘုရား။ တပည့်တော် ရန်ကင်းဆုရသလို ကိုယ်အတ္တဘော၌ အကျူးဝင်နေသော အသည်းသန်တ်ပြဟ္မာများလည်း ဤရန်ကင်းဆု ရကြပါစေဦးဘုရား။ ။ သည်သို့ အဘဘုရားထံမှ ရန်ကင်းဆု ခေတ္တမျှရထားသော သင်သည် အများအတွက် ရွေ့နေလုပ်ပေးသောအားဖြင့် သတ္တသတ္တာ၌ မေတ္တာပို့ တောင်းပို့ ပို့ပေးရသည်။

မှတ်ချက်။ ။ အဗျာပဇ္ဇာဟောန္တု စသည်များလည်း နည်းတူပင်။

အထက်ပါ သတ္တသတ္တာအစတည် မူလဘူတမေတ္တာပို့၌ လက်ဦးမရည်ညွှန်း ငါးမျိုးတို့ကို ငါတို့သဘောကျသလို ပြောပြပါဦးမည်။

မရည်ညွှန်းသည် ဇာတ်သူဇာတ်သားများအပေါ် ဆိုလိုဟန်ရှိသည်ထင်၏။ ဓာတ်သဘာဝတို့၏ ဖြစ်ထွန်းလာမှုကား မရည်ညွှန်းသော်လည်း သဘာဝတစ်တွန်း စကားတစ်ခွန်းကျဖြင့် ငါးမျိုးငါးပွာန ရည်ညွှန်းနေသည်သာ။ သတ္တဝါသဘဲကိုးဝကဲ့သို့ ဓမ္မသဘာဝ အညွှန်းငါးခုဆိုသင့်လှ၏။

အောက်မှအထက် အဝီစိနှင့် ဘဝဂ်

၁။ သတ္တသတ္တာသည် ကိုယ့်ကိုယ်နှင့်ကိုယ် သီးခြားနေနိုင်သည့် အားလုံးကိုဆိုသော်လည်း နောက်၌ သတ္တဝါဏာစသည်များ၊ သီးခြားလာမည်များကိုငဲ့၍ ဤ၌ အပါယ်ဘုံသား ငရဲ၊ ပြိတ္တာများကိုသာ ဝကွက်ပါမည်။

ငရဲကောင်သည် ကိုယ်ဖြစ်ကိုယ်ခံသတ္တဝါစာရင်းလုနှီးဇာတ်ခံနေရသူများ။

ပြိတ္တာ(အသူရကာယ်)များလည်း သတ္တဝါအရင်းခံ ဘုတ်အဖွဲ့တော်လှန်သွားသူများ။

၂။ သတ္တဝါဏာသည် ဖွဟ်သက်ဝင်သက်တို့ဖြင့် အသက်ရှူရှိရ လူနှင့်တိရစ္ဆာန်များကိုသာ သီးခြားဝကွက်ရပါတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

လူနှင့်တိရစ္ဆာန်သည် ဘုတ်အဖွဲ့ပိုင် လေဖြင့်သာ အသက်ဝင်ရသူများ။

လူနှင့်တိရစ္ဆာန်သည် ဘူတရုပ်ဖြင့်သာ အသက်ရှင်ခွင့်ရသူများ။

၃။ သဗ္ဗေဘူတာသည် ဥပါဒါရုပ်ဖြင့်သာ အသက်ရှင်ခွင့်ရသော်မှလည်း အချင်းချင်းလည်း အထင်အရှားမြင်ခွင့်ရကြ၏။ ကံသဒ္ဓိရှင်၊ စာနာသဒ္ဓိရှင်၊ ဉာဏ်သဒ္ဓိရှင်များပါ မြင်ခွင့်ရကြ၏။သို့ကြောင့် ဘူတဖြင့် အထူးဆိုထား၏။ ယင်းတို့ကား . . . နတ်ခြောက်ထပ်နေ နတ်သား၊ နတ်သမီးများ၊ ရူပဗြဟ္မာ ၁၅ ထပ်နေ ဗြဟ္မာများ . . . ပေါင်း ၂၁-ဘုံသား။

၄။ သဗ္ဗေပုဂ္ဂလာသည် ရုပ်၊ နာမ်စုံပိုင်ရှင် ရူပဗြဟ္မာများကဲ့သို့ မျက်စိဖြင့် တပ်အပ်မမြင်ရသော်လည်း ပုဂ္ဂိုလ်အရာ၌ တည်နေသေးသောကြောင့် အရူပ-၄-ဘုံနေ ရုပ်မဲ့ဗြဟ္မာများကိုသာ သီခြားဝင်္ကပ်ယူရပါတော့မည်။

ရုပ်မဲ့ ၄-ဘုံသည် ရုပ်ကိုယ်မထင်ရှား ပုဂ္ဂိုလ်စာရင်း၌ကား ပါပြီးသား။

ရုပ်မဲ့ ၄-ဘုံသည် စာနာအဟုန် ပျက်ပြား ပုဂ္ဂိုလ်စာရင်း ပြန်ဝင်မည့်သူများ။

၅။ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာသည် သညာမဲ့ ရွှေတုံး၊ ရွှေခဲပုံစံဖြင့် သက်မဲ့ပမာရှိနေပါသော်မှလည်း ကိုယ်အတ္တဘောဌ် အကျိုးဝင်နေသေးသောကြောင့် ထိုအသည်းသတ်ငြဟ္မာမျိုးကို သာ သီခြားအဖို့ ထွမ်းပို့ရပါသည်။

သညာမဲ့ငြဟ္မာသည် ကိုယ်ခန္ဓာမထင်ရှား ကိုယ်ခန္ဓာနှင့် အလားထား။

သညာမဲ့ငြဟ္မာသည် ယနေ့ ခန္ဓာမှသက် နက်ဖြန် ခန္ဓာကိုယ်ပုံတွက်မည့်သူများ။

မှတ်ချက်။ ။ အရူပဗြဟ္မာများသည် ရုပ်ပြစ်ကိုသာဆင်ခြင်၍ နာမ်အပြစ်ကို မဆင်ခြင်မိသူများ ထက်ခြမ်းကွဲဘဝထားဖြင့် သွားရောက်နေခွင့်ရသူများဖြစ်ကြရသည်။ အသည်းသတ်ကား ယင်းတို့နှင့် ဆန့်ကျင်လျက် နာမ်ပြစ်ကို ချည်း အပြစ်မြင်၍ ရုပ်ဘက်အပြစ်မမြင်ဘဲ ဆင်ခြင်စွာနှင့်ဝင်သူများ ရုပ်ချည်းသွားအနားယူကြရသည်။

အထက်ပါ မည်သည်းငါးမျိုးတို့ကို အညွှန်းတစ်မျိုးတည်းအဖြစ်ပေါင်း၍ပို့ရပါသော်. . . ဘဝတွင် ခန္ဓာစု တစ်ဖန် ခန္ဓာတွင် ဓာတ်လေးပါး အတိုင်ပြုရာမှ ထက်၊ အောက်၊ ဝဲ၊ ယာ ဖြန့်ထွက်လာသည့် သုံးဆယ့်တစ်ဘုံသား သဗ္ဗေသတ္တာများ။ တစ်ဖန် ထိုသုံးဆယ့်တစ်ဘုံသားထဲမှ ထွက်သက်၊ ဝင်သက်လေယက်ဖြင့် အသက်ရှင်ခွင့်ရများ။ တစ်ဖန်လည်း ကုသိုလ်ကံ၊ အကုသိုလ်ကံသက်တို့ဖြင့် အထက်ရောက် အောက်လျှိုး ကံသက်၊ စိတ်သက်တို့ဖြင့် အသက်ရှင်ခွင့်ရများ။ တစ်ဖန်လည်း ကံစိစ်မဖက် စာနာနှင့် စိတ်သက်တို့ဖြင့်သာ အသက်ဝင်၍ ရုပ်ပုံမထင်ပုဂ္ဂိုလ်ဂုဏ်မျှသာဝင်သောသူများ။ နောက်တစ်ဖန်လည်း. . . နာမ်စွဲသတ်သော်မှလည်း မသေနိုင်သေး။ ရုပ်သတ္တိရှိသော်မှလည်း ရူပ်ခန္ဓာ၌ သတိမပြုမိ၍ ရုပ်စုံပုံမထွက်လာခြင်းဖြင့် တမျိုးမျိုး ဖြစ်တမျိုးမျိုးပျက် အသက်ဝင်နေသူများ။ ထိုသူများအားလုံး ကိုယ်ပြုထားသောဘေး သူပြုဘေး ကင်းဝေးကြပါစေ။ သို့ဆိုသော် သတ္တဝါတစ်ဦးတည်း၌ပင် ထိုငါးပုံအကုန် ပါနိုင်တော့သည်သာ။

ဤ၌ လူတစ်ဦးတည်းကိုပင် ထားကြပါစို့. . .

(က) လူသည် မိခင်ဝမ်းဗိုက်က ကျွတ်သည်နှင့် ကိုယ့်ကိုယ်ကိုယ် သီးခြားရပ်တည်နိုင်စွမ်းရှိသဖြင့် သဗ္ဗေသတ္တာ အရာဝင်လေပြီ။

(ခ) ထိုလူသား လေဖြင့်ယက် အသက်ရှူသွင်း၊ ရှိုက်ထုတ်နေသမျှ သဗ္ဗေပါဏာ။

(ဂ) ဘုတ်အဖွဲ့၏အထောက်အပံ့၊ သခါရလေးမျိုးတို့၏ အထောက်အပံ့ဖြင့် ဝိသသောပုံ၊ ဝိသသောဂုဏ် အထင်အရှားပြသနိုင်၍ သဗ္ဗေဘူတာ။

(ဃ) ဘုတ်အဖွဲ့က ပြင်ဆင်ပေးထားသည့် ကိုယ်ပိုင်ဘဉ်၊ ကိုယ်ပိုင်ဝါသနာ၊ ကိုယ်ပိုင်စရိုက်များဖြင့် သီခြားအစွမ်းပြခွင့်ရ၍ သဗ္ဗေပဂုဂ္ဂလာ။

(င) တစ်ညလုံးလုံး သညာသုဉ်း၍ ကိုယ်လုံးချည်းသက်သက် အသက်ဆက်နေခိုန်တွင် အတ္တဘာဝ ပရိယာပန္နခန်းတန်းဝင်သွားတော့သည်။

မှတ်ချက်။ ။ လူတစ်ဦးပိုင် သဗ္ဗေကား တစ်ဘဝလုံးလုံးကို ရည်ညွှန်း၏။ တစ်ဖန် ထို တစ်ဘဝလုံးရှိ ရောက်ရာ၊ ရရာ ကာလများရှိ အမူရာအားလုံးကိုလည်း ရည်ညွှန်း၏။

သဗ္ဗေသတ္တာ. . . အချင်းခပ်သိမ်းကိုယ့်ဘဝနှင့်ကိုယ်၊ ကိုယ့်ခန္ဓာနှင့်ကိုယ် သီခြားရပ်တည်နေနိုင်သူ. . . စသည် . . .

ဤကား လူကိုမူတည်၍ အဝီစိဘက်ဆင်းသူ၊ တက်သူများအတွက် မေတ္တာလက်ဆောင်။

ဤငါးမျိုးနှင့် ငါ တစ်ပါး

တစ်ဖန် အထက်ပါ ငါးမျိုးကို ငါတစ်ပါးတည်းဖြင့် ပွဲတိုးကြည့်မိသောအခါ. . . ထိုငါးပါး ရှေ့နောက်ချိုးလွှဲအမြီးကို ခေါင်းအဖြစ်ထား၍ . . .

ငါသည် ငါ့အဖေ၊ ငါ့အမေတို့၏ သန္ဓေပေး သန္ဓေခံ သုက်သွေးများအကြား ကလလရေကြည်ပေါက်လေးမျှဖြင့် စဝင်လာစဉ်. . . သဗ္ဗေအတ္တဘာဝ ပရိယာပန္နာတွင်း စာရင်းအသွင်းခံရပြီ။

မှတ်ချက်။ ။ သန္ဓေတည် ကလလရေကြည်ပေါက်၏ အရွယ်အစားသည် မွေးကင်းစကလေးငယ်၏ ဆံပင်တစ်ပင်ကို ဖြတ်တောက်ယူလိုက်ပါ။ ထို ဆံမျှင်နှလေးကို ဆီအိုးထဲနစ်မြုပ်လိုက်ပါ။ တစ်ဖန် ဆံထိပ်၌ကပ်ပါလာသည့် ဆီကြည်ပေါက်လေးကို အကြိမ်တစ်ရာမျှ ပြန်လည် ခါထုတ်ပစ်လိုက်ပါ။ သည်သို့ ခါထုတ်ပြီးနောက် ဆံပင်၌ ကျန်နေရစ်ခဲ့သော ဆီကြည်ဥအရွယ်အစားမျှဆို၏။

ယင်း၌ ရေဦးဆောင်၏။ ကျန်ဓာတ်သုံးပါး မထင်မရှား ဝင်ပါနေ၏။ သို့ကြောင့် ဓာတ်လေးပါးပင် မထင်ရှားကြသေး။ လူပုံစံကား ဝေလာဝေး။ သို့တိုင်လည်း ငါ့ဘဝ သည်သို့သည်ပုံ ထွန်းကားရန်အတွက် ဓာတ်ပန္နက်ဇာတ်ပန္နက်ကွက်ဖြစ်နေခြင်းကြောင့် ငါအဖြစ် (သူအဖြစ်) စာရင်းတို့၌ မေတ္တာလှမ်းပို့ရပါသည်။

ထိုမှတစ်ဆင့် မိခင်ဝမ်းကြောတိုက်ထဲ သတ္တာဟ (ရက်သတ္တပတ်ပေါင်း) ပေါင်း ၁၁-ပတ်မှ ကြာညောင်းသွားသောအခါ ပုဂ္ဂိုလ်အဖြစ် ထင်ရှားလာပြီ (သဗ္ဗေပုဂ္ဂလာ)

ဤကား သား ယောကျ်ားလေးအဖြစ် လိင်အင်္ဂါများ ပြသလာ၍။

ဤကား သမီး မိန်းကလေးအဖြစ် လိင်အင်္ဂါများပြသလာ၍။

ယင်းကို နောက်ထပ် သတ္တာဟ-၃၀ (ရက်ပေါင်း-၂၁၀) အထိ မိခင်ဝမ်းဗိုက်ထဲ သိမ်းထားလိုက်သောအခါ. . . အားလုံးရင့်ကျက် ဘူတရုပ်ဘက် ထွက်ခဲ့ပြီ (သဗ္ဗေဘူတာ)။

မှတ်ချက်။ ။ နောက်ဆုံး မွေးကျနီ ရက်တစ်ပတ်ဝယ် ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်းများလို အစုံအလင်ထွက်လာကြ၍ သဗ္ဗေဘူတာကို မွေးခါနီးအထိ ယူရမည်။

ထိုကလေး မိခင်ဝမ်းဗိုက်မှမွေး

www.burmeseclassic.com

www.burmeseclassic.com

ပြီ။ သို့မဟုတ် ထိုသည့်ငါ့ မိခင်ဝမ်းဗိုက်မှ အကျွတ်အလွတ်ထွက်လာချိန်... ပထမ ထွက်လေတစ်ချက် မူတ်ထုတ်လိုက်သည်။ သည့်နောက် ဝင်လေတစ်ချက် ပြန်ဝင်လာသည်။ ယင်း ထုတ်ပစ်၊ ပြန်စုပ်အလုပ်ကို ငါ့ဝမ်းဗိုက်အတွင်းနေ ထွန်းကန်လေထုက အလုပ်ဝင်ပေးသည် ဖြစ်ရာ...

ဝင်၊ ထွက်လေကား ဧည့်သည်အရာသာ။ (အလုပ်သမားနှင့်တူ၏။)

ဝမ်းတွင်းလေသာ အိမ်ရှင်အရာ။ (အလုပ်ရှင်နှင့်တူ၏။)

သည်အချိန် ငါ့ဘဝ၊ ငါ့ခန္ဓာ သဗ္ဗေပါဏာ ဖြစ်ခွင့်ရလာပြီ။

သည့်နောက် ငါ့ဘဝ အခါလည်အရွယ်ရောက်လာပြီ။ မိခင်၏နို့နှင့် ဝါးဖတ်အခွံ့ခံတာလည်း လွတ်ခဲ့ပြီ။ ငါကိုယ်တိုင် ဆွဲယူဆွဲစား ပြေးလွှားခုန်ပေါက်ကစားနိုင်ပြီ။ သည်အချိန်... ငါ့ဘဝနှင့် ငါ့ခန္ဓာ သဗ္ဗေသတ္တာမဟုတ်ဘူးလို့ မငြင်းနိုင်တော့ပါ။

ဤကား အကျိုးဓဝင်ငါးမျိုး ငါ့ဘဝနှင့် တန်းထိုးကြည့်ခြင်း။

မရည်ညွှန်းဆု ငါ့ထံစု သူနှင့်ငါနှင့် ထပ်တူပြု

တစ်ဖန် ယမန်နေ့များက ငါသည် အထက်ကဆိုခဲ့ပြီး ဘဝများ၌ ကျင်လည်ခဲ့၏။ ယနေ့ နေ့များတွင်ကား သက်ဆိုင်သူများ ထိုထိုဘုံများ သွားလာနေကြရ၏။ ယင်းကို ငါနှင့်အများ ဓာစ်ထပ်တည်းကား သွားတွေ့လိုက်ဦးမည်။

ငါသည် ဓာတ်အောင်ရာ မြောင်လိုက်နေရဆဲဖြစ်၍ ဓာတ်ကောင်။

ငါဆိုသော ထိုဓာတ်ဆောင် လူဘဝ လူဇာတ်ကောင်အဖြစ်ဖြင့် ဇာတ်သရုပ်ဆောင်ခွင့်ရလာသည်။ သည်အချိန်... အင်း တစ်ချိန်က ငါသည်... လေ၊ မီးအတိုက်ဓာတ်နှစ်ပါးတို့၏ သွေးထိုးလှုံဆော်ပေးရာအတိုင်း အရိုင်းကြီးအဖြစ်ဖြင့် သူတစ်ဖက်တို့ကို သတ်ဖြတ်ခြင်း၊ အငြိုးထားခြင်းများကြောင့် ငရဲထဲ ငရဲကောင်အဖြစ်ဖြင့်ဝဲလည်ခဲ့ဖူးပေါင်းများပြီ။ သတ်ရင်းရှာ ရှာရင်းသတ်ဖြင့်လည်း လည်ပတ်ပေါင်းလည်းများပြီ။

ထိုစဉ်... ကံကျူးစဉ်က အတွင်းမီးက အပြင်ထွက်လောင်၍ ဘဝပြောင်းခဲ့ပြီ။ တစ်ဖန် ခံရခိုက်ကျ အပြင်မီးက အတွင်းဝင်လောင် တက်တက်စင်ပြောင်းခဲ့ပြီ။ ယခုတွေးကြည့် ယခုပင် မီးစွဲဆဲ။ သူတို့အကြောင်းတွေးကြည့်၊ ကိုယ့်အကြောင်းပြန်ကြည့် မီးကျိုးမီးတောက်ကား ကိုယ်လုံးအပြည့်။

ငါသည် ထိုငရဲမှ အမြဲလွတ်လိုပါ၏။

သူတို့များလည်း ထိုငရဲမှ အမြဲလွတ်ကြပါစေ။

တစ်ဖန်... တစ်ချိန်တုန်းက ငါသည် ရေ၊ မြေ အခံဓာတ်နှစ်ပါးတို့၏ ထကြွသောင်းကျန်းမှုကို ဖြိုမချနိုင်ခဲ့သဖြင့်... အရိုင်းဝှက် ချိုမလို ကလက်တက်ဖြင့် သူတစ်ဖက်တို့သို့ အလိုကြီးခြင်း၊ ငါပိုင်သိမ်းပိုက်ခြင်း၊ ကြိုက်စိတ်ဖြင့် စော်ကားမိခြင်းများ ကျူးလွန်ခဲ့ဖူး၏။ ရေ၊ မြေ အဆွဲကြောင့် ငရဲမရဲစီး ခရီးလွန်ခဲ့မိသော ထိုသည့်ငါ... ပြိတ္တာ၊ အသူရကာယ်ဘုံများထဲ အသေးစား၊ အကြီးစား ဖြင့် ဝဲလည်ရပေါင်းများခဲ့ပြီ။ ရှာရင်းတတ်၊ တတ်ရင်းရှာဖြင့် အာသာမပြေပွဲ နွဲခဲ့ပေါင်းလည်းများခဲ့ပြီ။

ထိုစဉ်... ကံကျူးစဉ်က သွေးသားတတ်တိုင်း သူတစ်ပါးပတ်ဆင်းရဲခဲ့ခဲ့ရ၏။ ခံရခိုက်ဝယ် ဘဝတ်တိုင်း ကိုယ့်ကိုယ်ကို ငတ်သော ဝင့်ဆင်းရဲခဲ့ခဲ့ရ၏။ ယခု တွက်ကြည့်၊ ယခုပင် သွေးထ၍ ဆဲ။ သူတို့အကြောင်း တွက်ကြည့်၊ ကိုယ့်အကြောင်းကွက်ကြည့် ရေ၊ မြေ အဖိကား ကိုယ်လုံးအပြည့်။

ငါသည် ထိုပြိတ္တာ၊ အသူရကာယ်ဘုံများသို့ ဘယ်တော့မှ မသွားလို။

သူတို့များလည်းပဲ ပြိတ္တာ၊ အသူရကာယ်ဘုံများ ဘယ်တော့မှ မသွားကြရပါစေနှင့်။

တစ်ဖန်... ငါသည်လည်း ခန္ဓာနေ ရေ၊ ဓာတ်၊ မြေဓာတ်များအား ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်များဖြင့် ဖြတ်တောက်ကျော်လွှားနိုင်သည့်ကိုယ်ဖြစ်ရပါလို၏။ အများတို့လည်း ဓာတ်အနိုင်ပိုင်း အရိုင်းဘဝမှ လွတ်ကြပါစေ။

တစ်ဖန်... တစ်ချိန်တုန်းက ထိုငါသည်... အတိုက်အခံ ဓာတ်လေးပါး အင်အားချိန်သွားကြသောကြောင့် ခန္ဓာဝယ် သွေးလေအားနည်း အသွားအလာပျစ်ခွဲခွဲ ဖြစ်နေတော့ရာ ထိုင်းမှိုင်းပျင်းရိခြင်းဖြင့်သာ အချိန်ကုန်၏။ အတွင်းသဘောအထိ မသိ။ ပြင်ပသဘောပေါက်၌သာ စိတ်ငြိမ်နေခဲ့၏။ သို့ဖြင့် ကြက်မြင် ကြက်သိ၊ ဝက်မြင် ဝက်သိများဖြင့် နေခဲ့ရပေါင်း များခဲ့ပြီ။ အတွေ့ပျောက် အတွေးငြိ၊ အငေးအောက် အတွေးမိများဖြင့် နေခဲ့ရပေါင်းများခဲ့ပြီ။

ထိုစဉ်... အစွဲနောက်လိုက်တုန်းက စိတ်ပူပန်၏။ အလွန်ခံခဲ့ရ၏။ အဆွဲနောက် ယခုရောက်ချိန် တိရစ္ဆာန်ဘဝဖြင့် ကြောက်ရွံ့ထိတ်လန့်စွာနေရ၏။ တစ်ဖန် အစွဲဉာဉ်ဝင်စဉ်က ရှက်ရမှန်းမသိ ကြောက်ရမှန်းမသိ ဖြစ်ခဲ့ရ၏။ ယခုသော် ကောင်းမသိဆိုးမသိ ရှေ့မသိနောက်မသိဘဝရောက်ခဲ့ရ၏။ ယခုတွေးကြည့် ယခုပင် တွေဝေဆဲ။ သူတို့အကြောင်းတွေး၊ ကိုယ့်အကြောင်းတွေး ဓာတ်မွဲသွေးကိုယ်၌ပြေးနေဆဲ...။

ငါသည် ထိုတိရစ္ဆာန်ဘုံဘဝများသို့ ဘယ်သောအခါမှ မသွားလို။

ငါ့နည်းတူ အားလုံးတို့လည်းပဲ ထိုထိုဓာတ်မွဲဘုံများမှ လွှဲကြပါစေ။

တစ်ဖန် သဗ္ဗေပါဏာ၏ အာဏာရ လူဘဝထဲ ငါရောက်ခဲ့စဉ်တုန်းက... ထိုငါသည်... ဇာတ်ကောင်နေရာမရ၊ ဓာတ်ကောင်အဖြစ်မျှသာ နေရာရခဲ့ရာ...

သူတော်ကောင်းများနှင့် ပေါင်းခွင့်မရသဖြင့် အန္ဓ အကန်းမျှသာ။

သွေး၊ သည်းခြေ၊ လေ၊ သလိပ်များ ညစ်ကျွေနေသဖြင့် ဗာလ အမိုက်မျှသာ။

ဘုတ်အဖွဲ့၏အခွန်တော်ကောက်ခံမှုကြောင့် ပုထုဇဉ်ရိုင်းမျှသာ။

ထိုသည့်ငါ... အကောင်းစုဆောင်းခွင့်မရခဲ့။ အကြိုက်ကိုသာ အကောင်းလုပ်ခွင့်ရခဲ့၏။ သူ၊ ကိုယ် အတွင်း ဉာဏ်ကွင်းဆင်းခွင့်မရခဲ့။ အပြောခ်ဉ်သာ လက်ခံကျင့်သုံးခွင့်ရခဲ့၏။ သွေးဆူတိုင်း ချေဒွေးစား အကြွေးထားခံရခြင်းကများခဲ့၏။

သို့ဖြင့် ထိုမသိခြင်းကို အရင်းတည်ထားသော ထိုသည့်ငါ...

ကောင်းမှုကိုလည်း ဓာတ်သွေး၊ ဓာတ်ဉာဉ်ဖြင့်တွဲလုပ်မိခဲ့၏။

မကောင်းမှုကိုလည်း ဘုတ်အတွက် ပွဲတော်ဆက်အဖြစ်ဖြင့် လုပ်ပေးခဲ့မိ၏။

ယောင်ယမ်းပါဖြင့်လည်း မထုံတက်သေးအလုပ် ပွဲထုတ်မိခဲ့သေး၏။

ထို မထုံတတ်သေးအကျင့်ကား အကောင်း၌လည်း ရောပါခဲ့၏။ အဆိုး၌လည်း ရောပါခဲ့၏။ ကောင်းဆိုးစုံတို့မှာလည်း ရောပါခဲ့သေး၏။ ဤ ထိုသည့်အကျင့်ကား အရှုပလ္လာဆဲ ဈာန်ဝင်သမားများ၏ အကျင့်ကဲ့သို့ လားလားမျှ မထူပါ။

နှေး ညှပ်ဖြင့် လည်ပတ်နေသော

www.burmeseclassic.com

www.burmeseclassic.com

လူဘဝတွင် ရရာဝင်ကျင်ယူနေခြင်းများ၊ ဖြစ်၊ ပျက်တို့ဖြင့် လည်ပတ်နေသော လူဘဝတွင် ခင်ရာမင် ကျင်ယူနေခြင်းများ . . . ငါသည် ဤအကျင့်များကို တစ်ချက်တစ်ရက်တို့၏ မျက်စိမှိတ် မအိပ်မိအတွင်း. . . ရံတစ်ခါ အတွေးဖြင့်လည်၍ ကျင်ယူမိခဲ့၏။ ရံတစ်ခါ အတွေးအားဝင် ပါးစပ်ဖြင့်ပင် ကျင်ယူမိခဲ့၏။ ရံတစ်ခါ အတွေးပဲ့ထွက် အင်္ဂါ ခြေ၊ လက်စုံတို့ဖြင့်ပါ ကျင်ယူမိခဲ့၏။

ယင်းတို့ကို ရက်များအတွင်းရှိ နာရီများဖြင့် တွက်ချက်ကြည့်သော် တစ်ဖန် . . . နာရီအတွင်းသွားမိနစ်များဖြင့် တွက်ချက်ကြည့်သော်. . . ၊ တစ်ဖန် လည်း မိနစ်အတွင်းပြေး စက္ကန့်ငယ်လေးများဖြင့် တွက်ချက်ကြည့်သော်. . . အတွေးတစ်ချက် ဇောတစ်ကွက် ဘဝအဆက် တစ်ခုနှုန်းအတိုင်းဆို ငါကျင်ယူထားသော ပေးရန်ရှိ ဘဝလက်ငုတ်များက ဘယ်လောက်များလဲ မသိ။

ငါ ကျင်ထားသည့် အပုံကား ကောင်းဆိုးလက်စုံ သုံးပုံ။

ငါ လည်ပတ်ရန်ပြထားသည့် မြားတံကလည်း ကာမ၊ ရူပ၊ အရူပ သုံးဘုံ။

ယင်းတို့ကို ထိုစဉ်က ငါ့အနေ ငါ့အခြေဖြင့် ဝေဖန်ခွဲဝေရပါသော်. . . အန္တရာယ် ဗလ ပုထုဇန သုံးဘွဲ့ရ ငါဘဝတွင် ညပိုင်း အိုပ်ပျော်နေသော ကာလများတွင်. . . ငါ့ရုပ်ကိုယ်ကြီးကား အသည်သတ်သွားနေသည်။ ငါ့နာမ်စိတ်များကား ရုပ်မဲ့ဘုံ သွားခိုလှုံနေသည်။

ထိုမှအပြန် နိုးခါနီးတန်၍ နိုးထလာသောအခါ. . . ရံတစ်ခါ လောဘနှင့်ဖက် ပြိတ္တာသက်ဖြင့်နေရ၏။ ရံတစ်ခါ ဒေါသနှင့်ဖက် ငရဲသက်ဖြင့် နေပေးရ၏။ ရံတစ်ခါ မောဟစွက်သဖြင့် တိရစ္ဆာန်သက်ဖြင့် နေပေးရ၏။ ထိုမှအပြန်. . . တစ်ဖက်နေများအပေါ် စားစေလိုသောက်စေလိုစိတ်ဖြစ်ပေါ် ခဲ့ဖြင့် လူသက်။ တစ်ဖက်နေများ အနားယူရင်း စားသုံးရင်းမျိုး ဖန်တီးပေးခဲ့ခြင်း နတ်သက်။ တစ်ဖက်နေများ ဥပုသ်သီတင်းသုံးရာ၌ လိုက်ပါစောင့်ရှောက်ရခဲ့ခြင်း ရူပဗြဟ္မာသက်။ သည်သို့လျှင် ထိုစဉ်ရှိ ငါ့ဘဝသည် ကျရာအသက်ဝင် ကျင်ရာဘဝထားငင်ရာဘဝ အငှားသွားပေးခဲ့ရဖူး၏။ ထိုစဉ်က ငါ့စိတ်များကို. . .

ဖြားယောင်းသော အာရုံတို့က ကာမသွေး မွေးပေးခဲ့ကြ၏။

စောင်းမြောင်းသော အာရုံတို့က ဒေါသသွေး မွေးပေးခဲ့ကြ၏။

သူတို့အပေါ် ပြုံးတစ်ဖဲ့ မဲ့ပုံပြည့်ထည်ဝင်ခဲ့ရသော ငါ့ကိုယ်နှင့် ငါ့စိတ်များ. . . ထိုင်းမှိုင်းပျင်းရိဘဝသို့လည်း လျှောကျခဲ့ရ၏။ ပုံ့လွှင့်ပူပန်ခြင်းများဖြင့်လည်း လွှင့်ပျံပျံတက်ခဲ့ရ၏။ ချီတုံချတုံ ဆက်ရက်ခုန်သွားနည်းဖြင့်လည်းသွားပေးခဲ့ရ၏။ ထိုစဉ်ဘဝက ဤစိတ်များအထားနေရာဝင်၏။ ယခုသော် အတားဖြစ်လာနေပြီ။

တစ်ဖန် ထိုဘဝမှ ကံအရှိန်ကျ၍ စိတ်ညှိုး၊ ကိုယ်နွမ်းအင်္ဂါ ခြေ၊ လက်စုံတို့ တာဝန်မထမ်းဆောင်နိုင်သောအခါ နေရာမှ သေရာဘက်စောင်း ပြောင်းပေးခဲ့ရရာ. . . သေခါနီး နောက်ဆုံးစိတ်က လက်ဦးဘဝအဖြစ် ငါ့အား ဖန်တီးပေးလိုက်သည်။ယင်းကား. . . စွဲရာငြိသိရာ ပါသွားသော ဝိနိပါတိကဘဝ။

မှတ်ချက်။ ။ ဝိနိပါတိက ဆိုသည်မှာ ကျရာဘဝ သွားရောက်ရခြင်းကို ဆွဲန်းသည်။ သို့ဖြင့် အပါယ်ဘုံ စုန်ချည်၊ ဆန်ချည် အလိုလို။

တစ်ဖန် ဤလူဘုံ လမ်းကြုံ၌ ခဏဝင်ခိုလှုံလိုက်သေးသည်။ နတ်ဘုံကား အလည်မျှဖြစ်ပြီး ဗြဟ္မာဘုံကား အဝေးမှ လှမ်းမျှော်ကြည့်မိရုံသာ။ နောက်ဆုံး ဇုံမြေကား တိရစ္ဆာန်ဘဝစုံ အဖဲ့ဖဲ့။

ညတစ်ညလုံး၏ အိပ်ချိန်သည် ခဲမာဟ။ ထိုမောဟက တိရစ္ဆာန်ခွဲတမ်းချပေးလိုက်၍။ နေ့တစ်နေ့၏ သညာသိက လည်း မောဟ။ ထိုမောဟက တိရစ္ဆာန်ပြန်ဟ ပြောလိုက်၍။

ငါသည် သည်သို့သော လူဘဝ၏ အန္တရာယ်ဗလအဖြစ်မျိုး ဘယ်တော့မှ ဖွဲ့မတိုးလို။

ငါသည် လူဇာတ် ဘုတ်အဖွဲ့ကြီး ကြပ်မှုဖြင့် ဘယ်သောကာလမှ မကလို။ အားလုံးတို့လည်းပဲ ဆင်ကန်းတောတိုးသော ဤလူဘဝမျိုး ဘယ်တော့မှပွဲမတိုး မိကြပါစေနှင့်။ မသတီစရာ သာယာဖွယ် မထင်မိကြပါစေနှင့်။ ရွံစရာကို ချစ်စရာထင် မခင်မင်မိကြပါစေနှင့်။ အဖျက်ခံနေရသည်ကို သုခအသွင် မှင်မသက်မိကြပါစေနှင့်။ ဖြားယောင်းလှည့်ပတ်တတ်သော အာရုံကို သတိဖြင့်ဆဲ၍ သူပုံအထိလိုက် သူပုံ၏အတွင်းထိလိုက်၍ အတွင်းသိ သိသည်အထိ နှိုက်ကြည့်တတ်ကြပါစေ။

တစ်ဖန် သဗ္ဗေဘူတာသရုပ်ပြနတ်၊ ဗြဟ္မာများအထိ တက်ခွင့်ရခဲ့စဉ်ကလည်း ထိုသည့်ငါ. . . ဇာတ်ကခွင့် မရဘဲ ဓာတ်အဖွင့်ဖြင့်သာပွင့်ခဲ့ရပါသည်။ သာသနာပ်ကာလ လူဘဝက ပေးလိုက်သော အမွေများမှာ . . .

(က) ကမ္မဃဏ. . . ကောင်းကြောင်းဖန် ကောင်းကျိုးခံစေသော ကာမအမွေမျိုး၊

(ခ) သမထ (ဈာနပထ) . . . စိတ်အေးဖန် အာရုံတိုး ထိုးလှန်ပစ်သော ဓမ္မအမွေမျိုး၊

ဤအမွေ နှစ်မျိုးမျှသာ။

သို့ကြောင့် သာသနာပ သို့မဟုတ် သာသနာနှင့်ကြုံသော်မှ ဓာတ်ရိုင်းခုန်သဖြင့် သူညာတ၏ရုက် လုံးဝမယုံနိုင် လက်မခံနိုင်သေးသောဘဝမျိုး၌ လူဖြစ်ခဲ့ရသောငါသည် . . . ပေးကမ်းခြင်းဖြင့် နတ်လမ်းဖော်မိခဲ့သည်။ စောင့်စည်းခြင်းဖြင့် နတ်ထက်မြတ်သောလမ်းဖော်မိခဲ့သည်။

သို့ဖြင့် ထိုသည့်ငါ နတ်၊ ဗြဟ္မာရွာတို့သို့ အလည်အပတ်ရောက်ခဲ့ဖူးရာ. . . သူလို ငါအလိုဖြင့်လား ပေးကမ်းထားရာမှ ထဖြစ်လာသော ထို ငါနတ် သူအလို၊ ငါ့အလို အလိုချင်းထပ်၍ ဓာတ်အလုပ်သာ ပြုလုပ်ခွင့်ရခဲ့၏။ လုပ်ရင်းကုန် ကုန်ရင်းလုပ်တို့ဖြင့် နတ်အဟုန် ကံကုန်ခဲ့ရ၏။ နတ်ဘဝရ၍ ငါဘယ်လောက်မြတ်ခဲ့သည် ပြောစရာမကျန်ရစ်ခဲ့။ သို့ဖြင့် ကံစေတနာ နှံ့၊ ထက်၊ လပ် ခွဲတမ်းအရ နတ်ခြောက်ဘုံကြုံခဲ့ရပြီ။

တစ်ဖန်. . . သီဟိုရ်ခေတ် သုမနထေရီဖြစ်လာမည့် မိန်းကလေး. . . ။ တစ်ခိုန်က ဗာရာဏသီ၏ ဘုရင့်သမီးတော် ဥပဓိမင်းသမီးဖြစ်ခဲ့တုန်း က. . . အိမ်သာတက်ရင်း အိမ်သာကျင်းထဲက ပိုးလောက်များ တဖွားဖွားသွားတွေ့ရ၏။ ထိုဖွားဖွားထပိုးလောက်တို့မြင်ကွင်းကြား စိတ်နာသက်ခဲ့ရဖူး၏။ ယင်း၏ အကျိုးဆက်က ဗြဟ္မာဘဝသို့သာ။

ဗြဟ္မာဖြစ် ကုန်ကြမ်း ဘယ်အခိုန် ဘယ်နေရာမဆို ရှိနေကြောင်း၏ သက်သေပင်။

သို့ဆိုသော် တစ်ခိုန် တစ်ဘဝ လူဖြစ်ခွင့်ရ ထိုသည့်ငါသည်လည်း ဗြဟ္မာဖြစ်ခွင့်ရှိ၏။ ဗြဟ္မာ့ပုံစံကြီးဖြင့် ဟန်ဟန်ပန်ပန် လည်ပတ်ခွင့်ရခဲ့၏။ သို့တစ်ခေလည်း ထိုဗြဟ္မာဇာတ်ကခွင့်မသာခဲ့ပါ။ ဗြဟ္မာရုပ်ဖြင့် ဓာတ်သရုပ်ဆောင်မှု ပွဲထွက်ခွင့်ရခဲ့ရာ. . . ထိုသည့်ငါ. . . ဗြဟ္မာပြန် ဘယ်လောက်အထိဟန်ခဲ့ပြီး ရုပ်ရှင်မကျန်ရစ်ခဲ့ပါ။

ဓာတ်ဖန်တီးပေးသော နတ်ဘုံသည် နတ်သွေးတောင်း ကောင်းပွဲဖြင့် ပွဲသိမ်းခဲ့ရပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်မဟာသွင်း ဗြဟ္မာမင်းများလည်း သူကွယ်ရာသွားအနားယူ ပူပူဖြင့် ပြန်ခဲ့ရပြီ။

ငါသည် သည်အဖြစ်မျိုးထဲ ဘယ်သောကာလမျှ ပွဲမတိုးလိုတော့ပါ။

ငါ့အတူ အများလည်းပဲ. . . နတ်ရုပ်ဖြင့် ဓာတ်အလုပ်လုပ် မပြန်ခဲ့ကြရပါစေနှင့်။ ဗြဟ္မာအသွင်ဖြင့် ဓာတ်ငင်ရာ ဘဉ်ဝင်မပါမိကြပါစေနှင့်။ တစ်ဖန် ဗြဟ္မာအခန်းက ဇာတ်လမ်းကျ ဗြဟ္မာအတတ်ဖြင့်သာ ဇာတ်ကပြနိုင်ကြပါစေ။ နတ်အခန်းက ဇာတ်လမ်းကျ နတ်ပန်းပန်လျက်က ပွဲထွက်နိုင်ကြပါစေ။ ဓာတ်ဖက်ဖြင့်မကစား ဓာတ်လက်ခစားဘဝမှလည်း လွတ်ကြပါစေ။

တစ်ဖန်. . . သဗ္ဗေပုဂ္ဂလာအဖြစ်ဖြင့် ရုပ်မဲ့ နာမ်ကြွင်း ဗြဟ္မာကွင်း ငါနင်းမိစဉ်တုန်းကလည်း. . . လူနှင့်နွားစီးပွားအတူတူ ရှာဖွေစားသုံးကြရာတွင် လူစေခိုင်းသလောက် နွားရုန်းပေးနေရသည်ကလည်း အထင်အရှား။ နွားအစာရေစာတော်သလောက် လူကဖန်တီး စီမံပေးရသည်ကလည်း ငြင်းမရသောအချက်။ သို့စဉ်လျက် လူသည် ကိုယ့်ဘက်က နွားစာစဉ်းရခြင်း၊ နွားစာဖော်ပေးရခြင်း၊ နွားရေတိုက်ရခြင်း၊ နွားစာမြက်ရိတ်ထမ်းခဲ့ရခြင်းစသည့် တာဝန်များလောက်သာကြည့်၍ "နွားမွေးရတာ အလုပ်ရှုပ်လွန်းလိုက်တာ" ဖြင့် နွား အပေါ် အပြစ်မြင်လာဘိသို့ သမထအကျင့်ဖြင့် ထွက်လမ်းဖွင့်မိတိုင်း ရုပ်ပြစ်ကိုသာသိ၍ နာမ်နှင့် ဉာဏ် မဝင်စားမိသောကြောင့် ရုပ်မြုပ် နာမ်ပေါ် အရူပဗြဟ္မာဘုံပေါ်လည်း ရောက်ခဲ့ဖူး၏။

တစ်ဖန် ရုပ်ဘက်သို့ ဉာဏ်မလှည့် နာမ်အရှိကိုသာ သိသိနေရာမှ နာမ်ပြစ်ကိုသာ ကွက်မြင့်ရုပ်ပြစ်ကိုဂွက်ထားမိသောကြောင့်လည်း နာမ်ပျောက်ရုပ်ပုန်း ရုပ်ခဲတုံးလုံးမျှဖြစ်နေသော အသညသတ်ဘုံသို့လည်း (သဗ္ဗေ အတ္တာ ဘာဝ ပရိယာပန္နာအဖြစ်ဖြင့်) တက်ခွင့်ရခဲ့ဖူးသေး၏။ သို့ကြောင့် ထိုသည့် ဤငါ . . .

သဗ္ဗေသတ္တာ မရည်ညွှန်းကျွန်းလည်း ကျင်လည်ခဲ့ရပေါင်း များလှပြီ။

သဗ္ဗေပါဏာ မရည်ညွှန်းကျွန်းလည်း ထွန်းကားဖူးလှခဲ့ပြီ။

သဗ္ဗေဘူတာ မရည်ညွှန်းဆီလည်း လည်ခဲ့ပတ်ခဲ့ရပေါင်း များလှပြီ။

သဗ္ဗေပုဂ္ဂလာ မရည်ညွှန်းဆီလည်း လည်ခဲ့ပတ်ခဲ့ရပေါင်း များလှပြီ။

သဗ္ဗေ အတ္တာဘာဝ ပရိယာပန္နာ ကွင်းတွင်လည်း တုံးလုံးပက်လက်ဝင်ခဲ့ရပေါင်းများလှပြီ။ လည်ခဲ့သလောက် အမြတ်မကျန် ဖတ်ဖတ်လန်ဖြင့်လည်း ခရီးဆုံးခဲ့ရသည်။

ယနေ့ ငါသည် ရည်ညွှန်းဘက် ထွက်ခဲ့ပြီ။

ယနေ့ အများတို့ကား မရည်ညွှန်းဘက် ဆက်၍ဆက်လျက် ချီတက်နေကြဆဲ။ ထိုသည့် ဤအများတို့သည်လည်း ငါကဲ့သို့ အကျိုးမများသော ထိုထိုဘဝ မရောက်ကြရ မရကြရပါစေနှင့်။ ပို၍ငင်နေရာမဟုတ်၊ လက်ခစားနေရာဖြင့် ပွဲထုတ်မခံကြရပါစေနှင့်။ ပို၍ငင် အမြတ်ထွက် လက်ခစား လက်ချည်း ပြန်ဘဝများမှလည်း အလွတ်ထွက်နိုင်ကြပါစေ။ ချေးယူ ချေးစား အတေးထား ခံရခြင်းများမှလည်း လွတ်ကင်းကြပါစေ။ ကြိုက်စော်ကား မုန်းပြစ်များ လုယူ လုစားများမှလည်း လွတ်ကင်းကြပါစေ။

ယနေ့ ထွက်လမ်းညွှန် ခရီးသွားမြေပုံကြီး ထီးတည်းရှိနေသေး၏။ ခရီးသွားလိုသူများအတွက် ခရီးသွားလုပ်ငန်းကလည်း အလျှိုအလျှိုဖွင့်ထား၏။ ခရီးသွားများအား ရှေ့ဆောင်လမ်းပြ နေရာလိုက်ပြပေးမည့်သူများလည်း အများအစား။ ထိုသည် အများ ထိုအခွင့်ထူးကြီးများ အရယူတတ်ကြပါစေ။

ငါသည် အရယူရန် တာစူနေ၏။

ထိုသည့် ဤအများတို့လည်း အခွင့်ထူးရှိရာဘက် မျက်နှာမူ ခရီးတာစူနိုင်ကြပါစေ။

သာသနာသည် လူအတွက် သက်သက်ဖြစ်လာ၏။

လူသည်လည်း သာသနာအတွက် သက်သက်ဖြစ်လာကြပါစေ . . . ။

ရည်ညွှန်းပွဲ တဲထိုးက

ငါသည် ဘဝပေါင်းအထပ်ထပ်ကို ကမ္ဘာပေါင်းအထပ်ထပ်ဖြင့် မြှောက်၍ ရောက်ခဲ့ရ၊ ရခဲ့ရ ဖြစ်စဉ်ပေါင်းက ထောင်းထောင်းထခဲ့ပြီ။ ထိုအတောအတွင်းဝယ်. . .

ဖိုအင်္ဂါ အထင်အရှားဖြင့်လည်း ကျင်လည်ခဲ့ရ၏။

မအင်္ဂါ အထင်အရှားဖြင့်လည်း ကျင်လည်ခဲ့ရ၏။ တစ်ဖန်. . .

ဖို၊ မအင်္ဂါ အထင်အရှားဖြင့်လည်း ကျင်လည်ခဲ့ရ၏။

ဖို၊ မအင်္ဂါ မထင်မရှားဖြင့်လည်း ကျင်လည်ခဲ့ရ၏။

တစ်ဘဝကျ လူလို၊ တစ်ဘဝကျ နတ်လို၊ တစ်ဘဝကျ ဗြဟ္မာလို. . . သည့်နောက် ငရဲကောင်၊ ပြိတ္တာကောင်၊ တိရစ္ဆာန်ကောင် အဖြစ်များဖြင့်ပါ ကျင်လည်ခဲ့ရရာ. . . ထိုအားလုံး ဘုတ်အဖွဲ့ကပေးသော ညကြေးဖြင့် ကပြခဲ့ရသည်ချည်းသာ။ သို့ကြောင့် ထိုသည့်. . . အရိယာဘဝ အဖြစ်ဖြင့်ကား အမြည်းသဘောပင် မကျင်လည်ခဲ့ဘူးသေး။ သို့တစေလည်း ငါ့မရှိမီ ငါ့အဖေဆီက တောင်း၍ ဆောင်းပေးရပေဦးမည်။

ထိုစဉ်. . . တစ်ချိန်က ငါသည် သဗ္ဗာညုတ္တိယောအဖြစ်ဖြင့် ဖိုအရောခံခဲ့ရ၏။ သည်သို့ အရောခံစဉ် မ,ဖြစ်သဖြစ် မ,ကံ အရင်းခံထားပြီး. . . ရံတစ်ခါ ဖိုအဖြည့် မ,အသိဖြင့် ဧည့်ခံ။ ရံတစ်ခါ ဖိုအထည့် ဖိုအသိဖြင့် ဖိုနောက်ငြိပါသွား၏။ သည်သို့ ဘဝသက်တမ်းအဆင့်ဖွင့်ပေးသမျှ လက်ခံမိခဲ့ရာ. . . ထိုမှတစ်ဆင့် နောက်တစ်ခန်း လူလမ်းဖွင့်ရာ ဝင့်ခွင့်သာသောအခါ. . .

တစ်ဘဝကျ မိန်းမကိုယ်နှင့်မိန်းမစိတ် တွဲချိတ်လျက် ထွက်ခဲ့ရပြီ။

တစ်ဘဝကျ မိန်းမကိုယ်နှင့် ယောကျ်ားစိတ် တွဲချိတ်ထွက်ခွင့်ရလိုက်သည်။ သို့ကြောင့် ထိုသည့်ငါ၏ လူဖြစ်ဘဝများတွင် မိန်းမစစ်စစ် မိန်းမခေတ်လည်းဝင်ခဲ့ပြီ။ မိန်းမဖြစ်လျက် ယောကျ်ားလျာခေတ်ဖြင့်လည်း ဝင်ခဲ့ပြီးပြီ။ မိန်းမခေတ်က မိန်းမဒုက္ခ ယနေ့ မိန်းမဖြစ်နေသူများသိကြပါသည်။ မိန်းမကိုယ်နှင့် ယောကျ်ားလျာဒုက္ခ ယနေ့ ယောကျ်ားလျာများ သိမ်ကြပါမည်။

တစ်ဖန်. . . တစ်ချိန်က ငါသည် သဗ္ဗေပုရိသာ ဓာတ်ရုပ် ပွဲထုတ်ခံခဲ့ရဖူး၏။ ထိုစဉ် အခြေပေးအနေပေး မတို့၏ တောင်းခံရာ သန္ဓေသွေး ဒိုင်အဖြစ်ပေး၍ချည်းနေရရာ. . . ရံတစ်ခါ မ,အရှိ ဖိုအသိဖြင့် ထည့်ပေးမိခဲ့၏။ ရံတစ်ခါ မ,အရှိ မ,အသိဖြင့်ပင် ထည့်ပေးမိခဲ့၏။ ထိုမှတစ်ဆင့် ဘဝသက်တမ်းရင့်၍ ကြွေလွင့်သွားချိန် ကံချိန်ဖို့ရာ ကိုယ်လိုက်ပါကြောင့်. . .

တစ်ဘဝကျ ယောကျ်ားကိုယ်နှင့် ယောကျ်ားစိတ် အတည့်ချိတ်မိ၏။

တစ်ဘဝကျ ယောကျ်ားကိုယ်ထိပ် မိန်းမစိတ် တလွဲချိတ်မိထားပြီ။ သို့ကြောင့် ထိုသည့်ငါ ယောကျ်းဆန်သောယောကျ်း၊ မိန်းဆန်သောယောကျ်းကွဲပြားခဲ့ရပြီ။

ဤ မိန်းမ ယောကျ်းများ၏

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်နှင့်စိတ်ထား ကွဲလိုက်၊ တွဲလိုက်ဖြစ်ခြင်းများသည် လူဘဝဖြင့် မြို့ကြီးသူ၊ မြို့ကြီးသား ဖြစ်ခွင့်ရစဉ်က ကံအကျိုးသက်များပင်။

မြို့သည် တောထက် အာရုံခံစားစရာ အခွင့်အလမ်း များပြားလှ၏။

မြို့သည် တောလောက် ပင်ပန်းဆင်းရဲစွာ ဝမ်းစာမရှာရ။

ယောကျ်ားခေတ်က ယောကျ်ားဒုက္ခ ယနေ့ယောကျ်ားသားများ နားလည်ကြပါသည်။ ယောကျ်ားနိမိတ် မိန်းမစိတ် ခွိုတ်နေသောဒုက္ခ ယနေ့ မိန်းမလျာများ နားလည်ပါမည်။

တစ်ဖန် . . . ယခင်မှ ယခုတိုင် ငါသည် သင်္ခေအနရိယာဖြင့်ပင် ကျင်လည်နေရဆဲ။ဓာတ်ငင်ရာပါနေရသော ဘဉ်၊ ဝါသနာ၊ စရိုက်များက သင်္ခေ။ အရိယာအလုပ်ဘာတစ်ခုမှလုပ်မပေးသေးသည်က အနရိယာ။ နှစ်ခုပေါင်း ထိုသည့်ငါ သင်္ခေအနရိယာဌာနလက်ကိုင်ရသွားပြီ။

အရိယာက ဇာတ်ဆရာအလုပ်ဖြင့် ဇာတ်သရုပ်ဆောင်။

အနရိယာက ဓာတ်အမိန့်ပန်ဆင်၍ ဓာတ်ရှင်မင်းသမီး၊ မင်းသားနှစ်ပါးသွား။

ထိုစဉ်း . . အရိယာကြွေးများသည် လူအသိဉာဏ်ဖြင့် အတွင်းခံ အမှန်သိသောအတိုင်း ဝတ္ထုအာရုံနှစ်စုံစလုံးကို ပုရမတ်အမြင်ဖြင့် ပွဲဝင်၏။ အနတ္တသဘာဝဖြင့် ပွဲကဲပြ၏။ သို့ကြောင့် ထို အရိယာကြွေးများ စိတ်ဖြူ၍ ကိုယ်သန့်ခဲ့ခဲ့နေခွင့်ရကြရာ. . . အဘယ်လောက ဒဏ်နှင့်ကြုံကြုံ စိတ်တော်များကား မဖြုန်မတုန်။ အတေးအတွေးကင်းဝေးတော်မူကြသဖြင့် စိတ်အေးလက်အေး နေကြရ၏။ အနတ္တလမ်းပေါ်က ဧည့်သည်ချင်း စာရင်းရှင်းစရာလည်း ဘာမှမရှိ။ ဓာတ်ရိုင်းပြတ်စဲသွားသဖြင့် သတ်ပွဲလည်း ဝင်စရာမလိုတော့။ ဤလေးချက်တို့ဖြင့် အရိယာနှင့် ငါ တိုင်းထွာလိုက်သောအခါ ထိုသည့်ငါ ထိုအရိယာကြွေးများကို အားကျ၊ ထို အရိယာကြွေးများ၏ စိတ်တော်အင်္ဂါရုဏ် ထိုစိတ်ဖြင့်ပင် အများသို့ပို့ပေးရပါတော့မည်။

တစ်ဖန် ထိုသည့်ငါ, . . လူဇာတ်ဖြစ်လျက်သားနှင့် လူအတတ်ပညာသင်ခွင့်မသာချိန်ဖြစ်နေ၍ . . . ဘဝတစ်ခုတစ်ခုတွင် . . . ခန္ဓာများ အုပ်စုဖွဲ့ပြီး တိုင်း စိတ်ကို အညသမာန်း-၁၃-ပါးတို့က ကြွေးကိုင်အမိန့်ပေး၏။ ဘုတ်အဖွဲ့စည်းပြီးတိုင်း စိတ်ကို အကုသိုလ် ၁၄-ပါးတို့က ကြွေးကိုင်အမိန့်ပေးကြ၏။ ထိုစဉ် . . . အညသမာန်းတို့သည် ခန္ဓာချင်းတွဲ လဲပွဲကျင်းပကြရာ၌ တာဝန်ယူပေးရ၏။ အကုသိုလ်တို့သည် မိမိရှိခန္ဓာ ဓာတ်နှင့်ဟုပ်လျှင်လိုက်၊ မဟတ်တိုက်ဖြင့် ကြွေးကိုင်ပေးရ၏။

ဤ စိတ်ကြွေးကိုင် ၂၇-ပါးတို့၏ လက်တွင်းက ထိုသည့်ငါ. . .

သင်္ခေဒေါဓေတ်လည်း နတ်ညစ် ဘဝချည်း ခရီးပြင်း နှင်ခဲ့ရ၏။

သင်္ခေမနုဿာတွင်လည်း လူညစ် ဘဝချည်း ခရီးပြင်း နှင်ခဲ့ရ၏။

သင်္ခေ ဝိနိပါတိကာတွင် ကျရာပျော် လော်ရာနစ် ဘဝညစ်ချည်း ဖြစ်ခဲ့ပြီ။ ယင်းတို့ကို ယနေ့ သည်ဘဝကနေ ဝေ့ကြည့်လိုက်သောအခါ . . . . ဘာမှ ရေရေရာရာမရှိ ဘဝအမျိုးမျိုးဖြစ်သလိုတဲထိုးကပြခဲ့ရခြင်းသာ။ ဘာမှ ကိုယ့်နောက်မပါလာ။ ရရစားစား ဖါးဝါးမျိုမျိုဖြင့် အလိုပြခဲ့ရသည်ချည်းသာ။

အားလုံးပေါင်း ဆွမ်းလောင်းလှူ

. ယခု၏ ယနေ့ရှိ ငါသည်. . .

ဘုရားသာသနာနှင့်လည်း နဖူးတွေ့၊ ဒူးတွေ့ပမာ ကြုံခွင့်သာ၏။

လူအဖြစ်ကလည်း နဖူးတွေ့ဒူးတွေ့ပမာ. . .

ထိုအထဲ မိဘနှင့် ဆရာသမားများ၏ လက်ညှိုးအောက်ရောက်သွားခဲ့ရာ . . . ရတနာ့အပေါ် ယုံကြည်မှု၊ ဓာတ်အစွပ်မှ လွတ်လိုမှု၊ လမ်းပြစကား ကြားနာလိုမှု ဤအမှုကြီးသုံးမှုတို့ကပါ ထပ်ပိုးပိုးလာ၏။

သို့ကြောင့် ထိုသည့်ငါ့၌ သဒ္ဓါ၊ သတိအစရှိ စိတ်ကိုင် သောဘဏစေတသိက် ၂၅-မျိုးတို့ထဲက အချို့နှင့်အဝက် စိတ်ပေါ် တက်မိနေကြပြီ။ ယင်းတို့ကား သွေးသန့်တာဝန်ခံများ. . .

ဓာတ်သွေးထဲက ဓာတ်သွေးခွဲထုတ်ရန် သူတို့တာဝန်။

ဓာတ်မီးငြိမ်း၍ ဇာတ်ကြီးပွဲသိမ်းရန်လည်း သူတို့တာဝန်။

ထိုစဉ်. . . ခန္ဓာတွင်းသို့ လေဝင်၊ လေထွက်တို့ဖြင့် အသက်ဆက်ပေးနေသည့်လေကို. . . နာသီးဝဆိုသောကိုယ့်ဘက်၌ သတိအထိုင်ချ၍၊ သတိအထိုင်ချရာ နှာသီးဝ၌သာ သိစိတ်အား နေရာပေးထား၍ နှာဝသို့ လေဝင်လာသော် ဝင်သည် မှတ်ချက်ပေးလိုက်သည်။ ထိုစဉ် သတိနှင့်အတူ တာဝန်တွဲယူပေးနေရသော သိစိတ်ကလေးကလည်း အဝင် ဘယ်လိုနေသလဲ အမေးကိုဖြေနိုင်ရန် သူ့အပေါင်းပါ ခံစားသိ၊ မှတ်သားသိများဖြင့် စနည်းနာ ကြည့်လိုက်ပြီ။

တစ်ဖန် နှာဝသို့ လေပြန်ထွက်လာစဉ် သတိက ထွက်သည်ဖြင့် မှတ်ရာပေးလိုက်သော် သိစိတ်ကလေးကလည်း အထွက်ကျ ဘယ်နှယ်လဲ စနည်းနာရသည်။ ဝင်သည်၊ ထွက်သည် အမှတ်က အတွေးဝင်ခွင့်မပေးခြင်းဖြင့် ပညတ်ကို မြှုပ်သတ်နေသည်။ ဝင်ဘယ်လို၊ ထွက်ဘယ်သို့ အသိက အရှိုးရမတ်ဖော်ထုတ်ပေးနေသည်။ တစ်ဖန်. . . ဝင်၊ ထွက်လေ နှစ်မျိုးကလည်း. . .

အဝင်ဖြင့် ခန္ဓာထဲ လေကောင်းလောင်းထည့်ပေး၊

အထွက်ဖြင့် ခန္ဓာထဲက လေဆိုး၊ လေပုပ် ထုတ်ပစ်ပေး. . .

သို့ဖြင့် ဓာတ်အပူလောင် ကိုယ်ကောင်ကြီး တစ်စစအေး တဖြည်းဖြည်း ငြိမ်းသွားစေပြီ။ ဓာတ်ဘဉ်ဝင် ဓာတ်သိလည်း တဖြည်းဖြည်းတည် တဖြည်းဖြည်းကြည်လာနေ၏။

အစသော် ခန္ဓာ့မာန်ကြောင့် ကိလေသာ့မာန်ဝင်အနာအကျင် ထူပြောင်၏။

နောက်သော် ခန္ဓာအေး၍ ကိလေသာမှေး အနာအကျင် ကင်းဝေး၏။

အရေးကြီးသည်မှာ ငါ့၌ အရင်းမျာဖို့လို၏။ (သဒ္ဒါ၊ ဆန္ဒ၊ ဝီရိယ အရင်းအနှီးများ)။

အရင်းများမှ အမြတ်များ၏။

အရင်းနည်းက အမြတ်လည်း နည်းပေးလိမ့်မည်။

ငါတို့ ရန်ကုန်နေခဲ့စဉ်ခေတ်က ၁၉၆၆- ခုနှစ်မှ ၇၉-ခုနှစ်ဆိုသောအချိန် . . .

ထိုအချိန်က စားတော်ပဲတစ်ပြည်မှ ငါးမတ်မျှသာ။ ယင်းကို ပဲဖိုး၊ ဆော်ဒါဖိုး၊ ထင်းဖိုးများဖြင့်ပေါင်း နှစ်ကျပ်ထက်မပို။ သို့ဖြင့် ပဲပြုတ်သည်မသည် တစ်နံနက်ခင်း လှည့်လည်ရောင်းသော်. . . ရောင်းကောင်းလှပါသည်ဆိုသော်မှ . . ပဲလေးပြည်ပြုတ်ထက်မပို။ အရင်း ၈-ကျပ်၊ ရောင်းအပြီး စာရင်းစစ် အမြတ်သုံးကျပ်လောက်မျှသာ။

မှတ်ချက်။ ။ ခြိန်ခွင်မှန် အစေးမှန် ပဲပြုတ်သည်မ၏ တစ်နေ့တာခင်း အမြတ်. . . ။

တစ်ဖန် ထိုခေတ်က နေလှန်းဆားကို အစိုးရက ဒိုင်ဖုန်ခွဲရောင်းချပေးနေ၏။ ယင်းကို ပိသာ့သောင်းချီ ဝယ်ခွင့်ရ

www.burmeseclassic.com

www.burmeseclassic.com

လျှောက်လွှာရှင်က တစ်ဆင့်ပြန်ရောင်းသောအခါ. . . လျှောက်လွှာတိုင်း တစ်ဆင့်ခံ ဝယ်ယူသူသည်. . .

ရံတစ်ခါ တစ်ပိဿာ ၂-ပြားမြတ်ဖြင့် ဝယ်ရောင်းခွင့်ရ၏။

ရံတစ်ခါ တစ်ပိဿာ ၃-ပြားမြတ်ဖြင့် ဝယ်ရောင်းခွင့်ရ၏။

တစ်ပိဿာ ၅-ပြားအထိ အမြတ်ရသည်ကား အနည်းအပါးမျှသာ။ သို့တစေလည်း ရင်းနှီးငွေ သောင်းချီ၊ သန်းချီဖြင့် ရင်းနှီးကြရသောကြောင့် အမြတ်များလည်း ထောင်မှသောင်းနှုန်းအထိ ထွက်ခဲ့သည်။

ယင်းပဲပြုတ်သည်၊ ဆားကုန်သည် နှစ်ဦး ပူးကြည့်ပါ။ အရင်းအနည်း အများသည် အမြတ်အနည်းအများ၏ တာဝန်ခံဆိုသည်ကို တွေ့ရပါမည်။

သည့်အတူ . . . ဓာတ်သက်မှ ဇာတ်သက်ဘက် ပြောင်းလိုလုပါသော ငါသည်လည်း သဒ္ဒါ ဆန္ဒ၊ ဝီရိယ သုံးသင်း အရင်းကြီးဖို့ လိုအပ်လာပြီ။ ကြီးခဲ့သော်. . . နှာသီးဝက အထိ၊ သတိက အကြည့်၊ အသိက သိပေးလိုက်သည်နှင့် . . . အထိသည် အသိမဟုတ် အထိအတိုင်း အလုပ်လုပ်သွားပုံမြင်ရတော့သည်။ အသိသည် အထိမဟုတ် အသိက အသိအတိုင်း အလုပ်လုပ်သွားပုံ မြင်ရတော့သည်။ ထို့ အထိနှင့် ထို အသိတို့အကြား အသိအဟန့်အတားကြောင့် အတွေးက ငါ ထည့်ဝင်ခွင့်မရတော့ရာ ဓာတ်ဖြစ် ငါ လာရှုပ်ခွင့်မရတော့ပါ။

သည့်နောက် သတိအားပြည့်လေ အသိအားရှိလေတို့ဖြင့် . . . သတိက ရှေ့ကနေ ထိုးပေး ထွင်းပေးသလောက် အသိကလည်း နောက်မှနေ ထိုးသိတွင်းသိဖြင့် သိခွင့်ရလိုက်သော်အခါ. . . ကိုယ့်အိတ်ထဲက ပိုက်ဆံအုပ် ထုတ်ရေတွက်နေပါသည်ပမာ. . . ရှာစရာမလိုဘဲနှင့်တွေ့ ရွှေစရာမလိုဘဲနှင့်မြင် ပန်းဝင်ရတော့ရာ. . . ယနေ့ ထိုသည်ငါ. . . အရိယာထို့ စံအိမ်နှင့်မျက်နှာချင်းဆိုင်မှနေ မေတ္တာပို့ခွင့်ရလာပြီ။

ယနေ့ခေတ် ဖြစ်ဆဲ မိန်းမတွေ. . . ဓာတ်သွေးနုတ် ဇာတ်ရုပ်ပေါ် ပါစေ။

ယနေ့ခေတ် ဖြစ်ဆဲ ယောကျ်ားတွေ. . . ဓာတ်သွေးနုတ် ဇာတ်ရုပ်ပေါ် ပါစေ။

ယနေ့ခေတ် ဖြစ်ဆဲ အရိယာတွေ . . . ဇာတ်သွေးစဲ ဇာတ်ပွဲသိမ်းရပါစေ။

ယနေ့ခေတ် ဖြစ်တဲ့ အနရိယာ



တွေ. . . ဓာတ်ရိုင်းပျက် ဇာတ်ကွက်ပေါ် ပါစေ။

ကံဆွဲကောင်း၍ လူ၊ နတ် လမ်းကြောင်းဘက် တက်ခွင့်ရသူများ၊ ကံဆွဲမမိ၍ ငြိရာနောက် ကောက်ကောက်ပါ နေကြသူများတို့လည်း ဓာတ်အဝင် ဉာဉ်သညာဖျက်၍ သတိ၊ ပညာဖြင့် ဇာတ်ကွက် ရိုက်နိုင်ကြပါစေ။

အားလုံးပေါင်း လောင်းပွဲ ကျင်းပလိုက်ခြင်းတည်း။

သံသရာခရီးသည်

သံသရာဟူသည် ပြောင်းဆန်အောင် လည်ပတ်နေရခြင်း၏ စကား။

ယင်းကိုလျှင် သံသရာတစ်ခွင် ကျင်လည်သရွေ့ ဆိုထားပြန်ရာ. . .

ကျင်သည်. . . အများထဲက ရွေကို ရွေးဆည် ကျင်ယူရသည်ကို ရည်ညွှန်း၏။

ကျင်သည်. . . နာကျင်စွာခံရပြီးမှ စားခွင့်ရသည်ကိုလည်း ရည်ညွှန်း၏။

ဖြစ်ပြီးသမျှ ပျက်ကျသွားခြင်းသည် အဖြစ်၌ အနာပါနေ၍။ ပျက်သလောက် ပြန်ဖြစ်လာခြင်းသည် အပျက်တွင်း မွေးကင်းစပါသွား၍။ ဤဖြစ်လိုက်၊ ပျက်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်တို့သည် ဘဝဖြစ်စဉ်ကို တာဝန်ခံ၏။ ဘဝဖြစ်စဉ်က ခန္ဓာကို တာဝန်ခံ၏။ ယင်းခန္ဓာကား . . . ဘုတ်အဖွဲ့ လက်ထဲရှိ ရှိနေဆဲများက ဓာတ်စာအတွက် အကုသိုလ်ရိက္ခာ ဆက်ကြရသည်။ ဇာတ်အဖွဲ့ဖြင့် ဘုတ်အဖွဲ့မှ လွှဲယူနိုင်သူများက. . . အချို့ကံကုသိုလ်၊ အချို့က ဈာန်၊ အချို့က ဉာဏ်၊ အချို့ကျ ဇာတ်ခေါင်းကွဲအထိ ဖန်တီးနိုင်ကြမည်။

ကျင်လည်နေရသော် သံသရာ အကုသိုလ်၏ လက်ရာ။

ဘဝစုံ ပုံစံဖော်နေသည်မှာ ဘုတ်အဖွဲ့၏ လက်ရာ။

ယနေ့ သင်သည် လည်းကောင်း၊ ငါသည် လည်းကောင်း၊ အများတို့သည် လည်းကောင်း . . . သာသနာနှင့်လူထပ်တူပြုခံနေကြရပါသည်။ ထပ်တူပြုထိုအခွင့်ရေး သဒ္ဒါ၊ ဆန္ဒ၊ ဝီရိယ အရင်းခံကမ္မသကထ သမ္မာဒိဋ္ဌိဉာဏ်အစီအမံဖြင့် ဓာတ်မှနေ ဇာတ်အဖြစ် ပြောင်းလဲခြင်းအလုပ်များ၌ အသုံးချသင့်ကြပါသည်။ ထိုစဉ်. . .

အကုသိုလ်ကံကို ကုသိုလ်ကံအဖြစ် ပြောင်းလဲပေး၍၊

ကုသိုလ်ကံတွင် ကုသိုလ်ဈာန် ထပ်ပိုးတင်ပေး၍၊

ကုသိုလ်ဈာန်တွင် ကုသိုလ်ဉာဏ် ထပ်တိုးတင်ပေး၍. . .

ဘဝနှင့် ခန္ဓာအတွက် ယဉ်ကျေးသူ၊ လိမ္မာသူဘွဲ့ ဆွတ်ခူးရယူဖို့ပင်။ သို့ဆိုသော်လည်း ဘဝက ဘုတ်လက်အောက်ခံဖြစ်နေသည်က တစ်ကြောင်း၊ ခန္ဓာက ဓာတ်အားဖြင့် လည်ပတ်နေရကတစ်ကြောင်းတို့ကြောင့် ဓာတ်မှနေ ဇာတ်သို့ တစ်လက်စ၊ နှစ်လက်စဖြင့် ဖြတ်တောက် ပြောင်းလဲရန်မလွယ်။

ဇာတ်ကြိုးဖွဲ့လိုသောဘုရားသည် လေးအသခ်ျနှင့် ကမ္ဘာတစ်သိန်းအထိ။

ဇာတ်အလတ်ဖွဲ့လိုသော ပစ္စေကဗုဒ္ဓာများက နှစ်အသခ်ျနှင့် ကမ္ဘာတစ်သိန်းအထိ။

ဇာတ်ငယ်ဖွဲ့လိုသောသာဝကများက အသခ်ျတစ်သခ်ျ၊ အသခ်ျ ကမ္ဘာတစ်သိန်းအထိ။

ယင်းကိုထောက်၍ ဘဝပေါင်းများစွာ၊ ကမ္ဘာပေါင်းများစွာ သုံးစွဲလာခဲ့ကြရသော ဓာတ်အားခ တစ်ခဏာ တစ်ဘဝ တစ်လက်စဖြင့် မပြတ်နိုင်သည်ကို သိကြလေတော့။

သိပြီးသော် တစ်တိ တစ်တိ လှီးခရီးထွက်ကြပေတော့။

လှီးမှာသာ လှီး၊ မပြတ်လည်လှီး၊ ပြတ်လည်းလှီး လှီးသလောက်တော့ ခရီးရောက်နေမည်သာ။

ဗဟုလ္လာ မမ သန္တိကေ၊ ဝဏ္ဏနိ
တဏ္ဍာဝစရေ။
တေသွိ ဒံ မေ ဧကာကာရော၊
သဘာယံ ဧကာ သဘာယော။ ။

၁၃၇၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း ရက်။

ကြာသပတေးနေ့။

မဟာဇောဓိမြို့ရေတောဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအတွက်

ဓနသိဒ္ဓိနက္ခတ်မဂ္ဂဇင်းအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လဂ်ဖြတ်ကျော်ချိန်၊ ဓနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ချိန်၊ ၎င်းအခါသုံးပါး ထပ်ချိန်တို့၌ အဓိဌာန်ဘာဝနာပွားများခြင်း၊ အဓိဌာန်ပုတီးစိပ်ခြင်း၊ အဓိဌာန်မန္တန်ရွတ်ဖတ်ခြင်း အထူးသဖြင့် မဟာဝေဇယန္တန်တော်ကြီး အပါအဝင် ဓနံလာဘံဆိုင်ရာဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ပါလျှင် ကောင်းကျိုးချမ်းသာရရှိခံစားရသည်ဖြစ်၏။

၂၁-၉-၂၀၁၈ နေ့ နံနက် (၉း၀၂) နာရီအချိန်တွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်သို့ စတင်ဝင်ရောက်ပြီး ၎င်းနေ့ ညနေ (၁၆း၀၁း၅၄)နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်ဖြင့်ယှဉ်နေမည်ဖြစ်ပြီး (၂၂-၉-၂၀၁၈)နေ့ နံနက် (၄း၀၂) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်မှ ထွက်ခွာမည်ဖြစ်သည်။

ဥဒယလဂ်သည် (၂၁-၉-၂၀၁၈)နေ့ ညနေ (၁၆း၀၉း၂၃)နာရီမှ (၁၅း၅၃း၂၅)ထိ ဓနသိဒ္ဓိနက္ခတ်ကိုဖြတ်ကျော်မည်ဖြစ်ပြီး မွန်းတည့်မျဉ်းသည် ၎င်းနေ့ ညဉ့် (၂၂း၂၅း၂၅) နာရီမှ (၂၂း၂၀း၅၇) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်သို့ ဖြတ်ကျော်မည်ဖြစ်သည်။

	ဥဒယလဂ်ဖြတ်ကျော်ချိန်		မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်		
နေ့	စဝင်ချိန်	စထွက်ချိန်	နေ့	စဝင်ချိန်	စထွက်ချိန်
၁။	၁၇း ၂၈း ၀၃	၁၇း ၀၁း ၅၉	၁။	၂၃း ၄၄း ၀၅	၂၃း ၄၁း ၃၀
၂။	၁၇း ၂၄း ၀၇	၁၆း ၅၈း ၀၉	၂။	၂၃း ၄၀း ၀၉	၂၃း ၃၇း ၄၁
၃။	၁၇း ၂၀း ၁၁	၁၆း ၅၄း ၁၃	၃။	၂၃း ၃၆း ၁၃	၂၃း ၃၃း ၅၂
၄။	၁၇း ၁၆း ၁၅	၁၆း ၅၀း ၁၇	၄။	၂၃း ၃၂း ၁၇	၂၃း ၂၉း ၆၃
၅။	၁၇း ၁၂း ၁၉	၁၆း ၄၆း ၂၁	၅။	၂၃း ၂၈း ၂၁	၂၃း ၂၅း ၁၄
၆။	၁၇း ၀၈း ၂၃	၁၆း ၄၂း ၂၅	၆။	၂၃း ၂၄း ၂၅	၂၃း ၂၁း ၂၆
၇။	၁၇း ၀၄း ၂၇	၁၆း ၃၈း ၂၉	၇။	၂၃း ၂၀း ၂၉	၂၃း ၁၇း ၀၈
၈။	၁၇း ၀၀း ၃၀	၁၆း ၃၄း ၃၂	၈။	၂၃း ၁၆း ၃၂	၂၃း ၁၃း ၃၁
၉။	၁၆း ၅၆း ၃၄	၁၆း ၃၀း ၃၆	၉။	၂၃း ၁၂း ၃၅	၂၃း ၀၉း ၃၉
၁၀။	၁၆း ၅၂း ၃၉	၁၆း ၂၆း ၄၀	၁၀။	၂၃း ၀၈း ၄၀	၂၃း ၀၆း ၄၃
၁၁။	၁၆း ၄၈း ၄၃	၁၆း ၂၂း ၄၅	၁၁။	၂၃း ၀၄း ၄၅	၂၃း ၀၂း ၄၇
၁၂။	၁၆း ၄၄း ၄၇	၁၆း ၁၈း ၄၉	၁၂။	၂၃း ၀၀း ၄၉	၂၂း ၅၉း ၅၁
၁၃။	၁၆း ၄၀း ၅၁	၁၆း ၁၄း ၅၃	၁၃။	၂၂း ၅၆း ၅၃	၂၂း ၅၅း ၅၅
၁၄။	၁၆း ၃၆း ၅၅	၁၆း ၁၀း ၅၇	၁၄။	၂၂း ၅၂း ၅၇	၂၂း ၅၁း ၅၉
၁၅။	၁၆း ၃၂း ၅၉	၁၆း ၀၆း ၀၀	၁၅။	၂၂း ၄၈း ၀၀	၂၂း ၄၇း ၀၂
၁၆။	၁၆း ၂၉း ၀၂	၁၆း ၀၂း ၀၄	၁၆။	၂၂း ၄၄း ၀၂	၂၂း ၄၃း ၀၄
၁၇။	၁၆း ၂၅း ၀၆	၁၆း ၀၀း ၀၈	၁၇။	၂၂း ၄၀း ၀၄	၂၂း ၃၉း ၀၆
၁၈။	၁၆း ၂၁း ၀၉	၁၅း ၅၈း ၀၉	၁၈။	၂၂း ၃၆း ၀၆	၂၂း ၃၅း ၀၈
၁၉။	၁၆း ၁၇း ၁၁	၁၅း ၅၅း ၁၁	၁၉။	၂၂း ၃၂း ၀၈	၂၂း ၃၁း ၀၉
၂၀။	၁၆း ၁၃း ၁၃	၁၅း ၅၃း ၁၃	၂၀။	၂၂း ၂၈း ၀၉	၂၂း ၂၇း ၁၁
၂၁။	၁၆း ၀၉း ၁၅	၁၅း ၅၀း ၁၅	၂၁။	၂၂း ၂၄း ၁၁	၂၂း ၂၃း ၁၂
၂၂။	၁၆း ၀၅း ၁၇	၁၅း ၄၈း ၁၇	၂၂။	၂၂း ၂၀း ၁၂	၂၂း ၁၉း ၁၃
၂၃။	၁၆း ၀၁း ၁၉	၁၅း ၄၅း ၁၉	၂၃။	၂၂း ၁၆း ၁၃	၂၂း ၁၅း ၁၄
၂၄။	၁၅း ၅၆း ၂၀	၁၅း ၄၃း ၂၀	၂၄။	၂၂း ၁၂း ၁၄	၂၂း ၁၁း ၁၅
၂၅။	၁၅း ၅၂း ၂၂	၁၅း ၄၀း ၂၂	၂၅။	၂၂း ၀၈း ၁၅	၂၂း ၀၇း ၁၆
၂၆။	၁၅း ၄၉း ၂၃	၁၅း ၃၈း ၂၃	၂၆။	၂၂း ၀၄း ၁၆	၂၂း ၀၃း ၁၇
၂၇။	၁၅း ၄၅း ၂၄	၁၅း ၃၅း ၂၅	၂၇။	၂၂း ၀၀း ၁၇	၂၁း ၅၆း ၁၈
၂၈။	၁၅း ၄၁း ၂၆	၁၅း ၃၃း ၂၆	၂၈။	၂၁း ၅၆း ၁၈	၂၁း ၅၅း ၁၉
၂၉။	၁၅း ၃၇း ၂၇	၁၅း ၃၁း ၂၇	၂၉။	၂၁း ၅၂း ၁၉	၂၁း ၅၁း ၂၀
၃၀။	၁၅း ၃၃း ၂၈	၁၅း ၂၈း ၂၈	၃၀။	၂၁း ၄၈း ၂၀	၂၁း ၄၆း ၂၀


www.burmeseclassic.com

www.burmeseclassic.com


သာဂရရွှေဟောင်းမြေမှ
မြသပိတ်တော်စေတီ
မောင်စိမ်းထွေး(ထားဝယ်)

ကောဇာသက္ကရာဇ် ၁၁၃ ခုနှစ် မြို့တည်နန်းတည်ဘုရင်သမန္တရာဇာမင်း စိုးစံအုပ်ချုပ်သော သာဂရမြို့ဟောင်း (ယခု မြို့ဟောင်းကျေးရွာ) ကို ရှေးနှစ်ပေါင်းများစွာကပင် ထားဝယ်သူ ထားဝယ်သားများက ယခုလက်ရှိ ထားဝယ်မြို့မတည်မီက တည်ရှိခဲ့သော ထားဝယ်မြို့ဟောင်းဟူ၍ စွဲမှတ်ယုံကြည်လာခဲ့ကြသည်မှာ ယနေ့အထိဖြစ်သည်။ ထိုသို့ ယုံကြည်ရန်အကြောင်းလည်းရှိပါသည်။ လက်ရှိထားဝယ်မြို့ပေါ် ရပ်ကွက်အမည်များဖြစ်သော ဆင်ပုန်၊ မြို့တွင်းမြင်ထင် (မြို့တွင်းရပ်) မြို့ပြင်မြင်ထင် (ပုံကျွန်းရပ်)၊ ကရပ်ပြင်၊ ကညဲ့၊ ရှမ္ဘလည်ဆွဲ၊ အိုးလုပ်၊ ဥဿဓံ၊ တောင်ခွ (ခုံဝင်းတပ်)၊ တလိုင်းထိန်၊ တလိုင်းမတို့သည် သာဂရမြို့ဟောင်းမှ ရပ်ကွက်နာမည်များနှင့် တူညီသည်။ မြေတိုက်ကျောင်း၊ သီပေါကျောင်း၊ အနောက်တိုက်ကျောင်း စသော ဘုန်းတော်ကြီးကျောင်းတို့၏အမည်နှင့်တည်ရှိရာအရပ်များသည်လည်း သာဂရအတိုင်းပင် ဖြစ်သည်။


မြို့ဟောင်းကျေးရွာ (သာဂရမြို့ဟောင်း) အား ကောင်းကင်မြေတိုင်းဓာတ်ပုံ၌ သရေခေတ္တရာမြို့ဟောင်းနှင့် ဆင်ဆင်တူသော စက်ဝိုင်းပုံလည်းမကျသည့်အဝိုင်းအဝန်းပုံကို အုံသြဖွယ်တွေ့မြင်ရပြီး စတုဂံပုံသဏ္ဌာန်မြို့ရိုးနောက် တစ်ထပ်တည်ဆောက်ထားသည်ကိုပါ ထူးခြားစွာ တွေ့မြင်ရသည့်အပြင် အရှေ့နှင့် အနောက် အချင်းတစ်မိုင်နီးပါး၊ တောင်နှင့်မြောက် အချင်းမိုင်ဝက်ကျော်ကျော်အတွင်း ကျဲးမြို့ရိုးစသည့်ပုံသဏ္ဌာန်တို့ကို ယနေ့တိုင် ထင်ထင်ရှားရှားမြင်ရသေးသည်ဟူ၍ သစ်တောပညာရှင် ထားဝယ်သားဆရာကြီးဦးအောင်မြင့်၏ သုတေသနစာတမ်းတွင် ဖော်ထုတ်ရေးသားတင်ပြခဲ့ပါသည်။ ကုန်းဘောင်




အင်္ဂါထောင့်အရံစေတီနှင့်မြသပိတ်တော်စေတီ



သပိတ်တော်သိမ် ရှေးဘုရားရုပ်ပွားတော်ကြီး



မြသပိတ်တော်စေတီမိန်းမူးတော်




မြသပိတ်တော်စေတီ (ရေတည့်တည့်မှ မူးတွေ့ရစဉ်)



မြသပိတ်တော်စေတီ၏ဂန္ဓမြတ်နား

www.burmeseclassic.com


www.burmeseclassic.com



မြသပိတ်တော်စေတီအား ဖူးမြော်ရပုံ



မြသပိတ်တော်စေတီတော်အား အဝေးမှဖူးမြင်ရပုံ



ဓမ္မာရုံကြေးဘုရားတစ်ဆူ

ခေတ်ဦးမြန်မာဘုရင်များလက်ထက်အခါ မှစ၍ ပြန်လည်ထူထောင်ခြင်းမရှိတော့ဘဲ နှစ်ပေါင်း (၂၆၀) ကျော် မြို့ပျက်မြို့ဟောင်းတစ်မြို့ဖြစ်သည့် ရှေးအခေါ် သာဂရမြို့သည် ယနေ့ လောင်းလုံးမြို့နယ်အတွင်း မထင်မရှား ရွာသိမ်ရွာငယ်အဖြစ် ကြွင်းကျန်တည်ရှိနေပေသည်။

■

သာဂရကား တစ်ရံရောအခါက သာသနာပြုမင်းကြီး ဘုရင်သမန္တ၏ ခိုးမြောက်မှုဖြင့် ဘုရားပုထိုးစေတီ၊ ဂူကျောင်းသိမ်ဇရပ်၊ ရေတွင်းရေကန်၊ ဆွမ်းလောင်းဆောင်၊ စတုဒိသာဆောင်၊ သာသနိကအဆောက်အအုံအမြောက်အမြားနှင့် ဗုဒ္ဓသာသနာတော် နေလိုလို ထွန်းလင်းတောက်ပလျက် မြို့၊ လမ်း၊ ကျောင်း၊ စေ့း၊ တံတားအကွက်ကျကျ မြို့ပြပြည်ရွာစည်ကားသာယာခဲ့ဖူးသော ရှေးမြို့တစ်မြို့ဖြစ်ကြောင်း ထားဝယ်သမိုင်းအစောင်စောင်တွင် ဖတ်ရှုလေ့လာသိရှိရပါသည်။


ဒေသခံတို့က မြသပိတ်စေတီဟူ၍လည်းကောင်း၊ သပိတ်တော်စေတီဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသော မြသပိတ်တော်စေတီသည် သာသနာပြုမင်းကြီးသမန္တဘုရင်နန်းစိုက်ရာ သာဂရ၏မြောက်ဘက် သာဂရမြို့မှ တစ်တိုင်ကွာအရပ်တွင်ရှိသည်ဟု ရှေးလူတို့က အမှတ်သညာပြုခဲ့၏။ ဘုရားအလောင်းတော် ဘုတ်ဒ္ဒက်မင်းဘဝက ကျင်လည်ကျက်စားရာနေရာဖြစ်ကြောင်းဟူ၍လည်း အဆိုရှိသည်။ သာဂရမြို့နိုးအပြင်ဘက်တွင်ရှိသော စေတီနေရာသည် ပြည်သူတို့နေထိုင်ရာမြို့ကွက်တစ်ခုဖြစ်ပြီး ထိုစဉ်က လူကုံထံသူဌေးသူကြွယ်များနေထိုင်သ ဖြင့် သူဌေးကုန်းဟုခေါ် သည်။ ဘုရင့်ဆင်ကျွဲတော်ရှိသောနေရာဖြစ်သဖြင့် ဆင်ပုနစ်ရွာတွင်သည်မှာ ယခုအထိဖြစ်သည်။ မြို့ဟောင်းရွာ၊ ဆင်ပုနစ်ရွာ၊ ဒေါင်းရှောင်ရွာ၊ ဘူချိုင်းရွာလေးရွာမှာ ယနေ့မြို့ဟောင်းကျေးရွာအုပ်စုဖြစ်သည်။ မြသပိတ်တော်စေတီအား ဆင်ပုနစ်ရွာ မြသပိတ်တော်ဘုန်းကြီးကျောင်းဝင်းအတွင်း ဖူးမြော်နိုင်ပါသည်။

■

သက္ကရာဇ် ၁၁၃ ခုနှစ် သမန္တရာဇာမင်း သာဂရမြို့ကိုတည်ပြီး အုပ်စိုးသောအခါ လက်ဒီပ သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ) ၌ ရှိကြမ်းမကိုမင်းတရား အုပ်စိုးလျက်ရှိသည်။ လက်ဒီပ သီဟိုဠ်

www.burmeseclassic.com

www.burmeseclassic.com



ပထင်တော်၊ တံကဲတော်နှင့်ထိုင်တော်မူရုပ်ပွားတော်(သပိတ်တော်သိမ်)



ရုပ်တော်မူ ရွှေဘုရားများ



သပိတ်တော်သိမ် (သမုတ်သိမ်) ရွေးဘုရားများ



သပိတ်တော်သိမ် (သမုတ်သိမ်) ရွေးဘုရားများ



ဗောဓိညောင်ပင်နှင့် စကျင်ကျောက်ဆင်းတုများ



သပိတ်တော်တင်ဆင်ဖြူတော်

ကျွန်းမှ ရှင်ကပ္ပိန မထေရ်နှင့် ရှင်မဟာသာမိမထေရ်ရဟန္တာနှစ်ပါး သာဂရမြို့သို့ကြွရောက်တော်မူလာသောအထောက်အထားအရ ယင်းအချိန်က နှစ်နှိုင်းကူးလူးဆက်သွယ်မှုရှိပေသည်။ သိဟိုဠ်ဘုရင် ဝဋ္ဋဂါမဏိမင်းတရားက မြတ်စွာဘုရား၏ ဓာတ်တော်ဆံတော်၊ သလွန်တော်၊ မြသပိတ်တော်၊ ဘုရားရှင်မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူဟန် သတ္တဌာနဘုရားရုပ်ပွားတော်များကို ဓမ္မလက်ဆောင်အဖြစ် ၎င်း၏အကောက်ဝန်ရာတွဲရှည်ကို သင်္ဘောနှင့် သမန္တမင်းထံသို့ပို့လာစေသည်။ ထားဝယ်မြစ်အတိုင်း ဝင်လာရာ သာဂရမြို့အရှေ့မြောက်ထောင့် ကျိုင်းချောင်းအဝတွင် သင်္ဘောရပ်တန့်သည်။ ရှေးက ကျိုင်းချောင်းခေါ် သောထိုချောင်းမှာ ဆင်ပုန်စ်အရပ်တွင် ချောင်းဖျားခံသောကြောင့် ဆင်ပုန်စ်ချောင်းဟုခေါ်တွင်သည်။ယခု နတ်တွင်းချောင်း ဖြစ်သည်။


သမန္တမင်းထံ သံတော်ဦးတင်လာသောအခါ မင်းကြီးကိုယ်တိုင်ထွက်တော်မူ၍ ရှိခိုးဖူးမြော်ကန်တော့ပြီးလျှင် ဓမ္မလက်ဆောင်တော်များကို သာဂရမြို့တွင်းသို့ ဆင်ဖြူတော်ဖြင့် တင်ဆောင်၍ သာဂရနန်းတော်ရှေ့၌ ပြာသာဒ်တန်ဆောင်းတို့ ခမ်းနားစွာ စီမံလျက် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် မင်းတရားနှင့်ပြည်သူအပေါင်းက သောင်းသောင်းဖျဖျပူဇော်ကြည်ညိုကြကုန်သည်။ ရွှေဝယ်၏ ထားဝယ်ရာဇဝင်သမိုင်းတွင် မြသပိတ်ကိုမူကား နန္ဒသူဌေးသို့အပ်၍ သာဂရမြို့အတွင်း မြင်ထင်ကုန်းအရပ်၌ လျှောက်ပတ်တည်တယ်စွာဌာပနာပြီး မြသပိတ်စေတီတော်ကို တည်ထား ကိုးကွယ်လေ့ရှိသည်ဟု ရေးသားထားသည်ကို တွေ့ရသည်။ အင်္ဂလိပ်ဂေဇက်တီးယာပေါ်တွင် အေဒီ ၇၈၈ ခုနှစ်၌ သာဂရဘုရင်သမန္တမင်းက သိဟိုဠ်

www.burmeseclassic.com

www.burmeseclassic.com



မြသပိတ်တော်တိုက်ကျောင်းဓမ္မာရုံ



မြသပိတ်တော်တိုက်ကျောင်းအဝင်မုခ်ဦး



စေတီရင်ပြင်တော်ကြေးခေါင်းထောင်း



သိုက်နန်းသင်မြန်းရှင်
(ကျောင်းဝင်းအတွင်း)

ကျွန်းမှရသော မြသပိတ်ကို ဌာပနာ၍ စေတီတည်သည်ဟု ဖော်ပြထားသည်။ ထိုစေတီကို မြသပိတ်စေတီဟုမခေါ် ဘဲ မြင်ထင်စေတီဟုသာ ခေါ်ကြပါသည်။

၁၂၈၆ ခုနှစ် အောင်သာဝတီ စာပုံနှိပ်တိုက် ကည်ရပ် ထားဝယ်မြို့မူပိုင်ရှင် ဦးမောင်ကြီး၏ ထားဝယ်သမိုင်း ချုပ်၌မူ မြသပိတ်တော်ကို ဒုတိယအကြိမ် သမန္တမင်းကြီးက နန္ဒသူဌေးကို ပေးလေ၏ဟု တွေ့ရှိရသဖြင့် မြသပိတ်နှစ်လုံး ဖြစ်နေပါသည်။ သို့ဖြစ်လျှင် ဒုတိယ မြသပိတ်တော်ကို သမန္တမင်း ဘယ်သူ့ထံမှ အဘယ်ကဲ့သို့လက်ခံရရှိသနည်း မေးစရာဖြစ်သည်။

၂၁-၄-၂၀၁၈ စနေနေ့ ဆင်ပုနစ်ရွာ မြသပိတ်တော်တိုက်ကျောင်းတွင် လွန်လာသော (၁၀) နှစ်ခန့်က ရောက်ရှိသီတင်းသုံးသော လက်ရှိကျောင်းထိုင် ခမောင်းတောင်ရွာဇာတိ ဆရာတော် ဦးကုသလအား စာရေးသူလျှောက်ထားသည့်အခါ ရခိုင်ဘုရင်စန္ဒသူရိယမင်း၏ နှမတော်သည် မြတ်စွာဘုရားအား ရှိခိုးပူဇော်ဦးခိုက်ရာတွင် ဖူး၍အားမရကြည်ညိုမဝ သဒ္ဓါပြင်းပြလျက်ရှိရကား မင်းကြီးသည် အဋ္ဌဂုဏ္ဍရပါဠိတော်လာ-

သုစီဒေတိ
(စင်ကြယ်သောဝတ္ထုကိုလှူ၏)
ပဏီတဒေတိ
(မွန်မြတ်သောဝတ္ထုကိုလှူ၏)
ကာလေနဒေတိ
(လျောက်ပတ်သောအခါ၌လှူ၏)
ကမ္မိယဒေတိ
(အပ်သောဝတ္ထုကိုလှူ၏)
ဝိစေယျဒေတိ
(စုံစမ်းဆင်ခြင်၍လှူ၏)
အဘိဏှဒေတိ
(မကြာမကြာလှူ၏)
ဒဒံစိတ္တံပသာဒေတိ
(စိတ်ကြည်ကြည်လင်လင်လှူ၏)
ဒတွာအတ္ထမနောဟောတိ
(လှူပြီးနောက် ဝမ်းမြောက်ဝမ်းသာရှိ၏)

ဟူသော သူတော်ကောင်းသမ္ဘရိသဒါနအလှူ (၈) ပါးအား ကောင်းစွာဆင်ခြင်တော်မူပြီးနောက် နှမတော်၏ လိုအင်ဆန္ဒနှင့်အညီ ဘုရားရှင်အား မြသပိတ်တော် လှူဒါန်းစေသည်။ ထိုမြသပိတ်တော်ကို ရခိုင်စန္ဒသူရိယမင်း ထံမှရသည်ဟု အစဉ်အဆက်ပြောဆိုမှတ်ကြားဖူးကြောင်း သမန္တမင်း၏ ခမည်းတော် ဆင်ဖြူရှင်ဘွဲ့ခံရခဲ့သော ပိုမင်းသည် သက္ကရာဇ် ၉၂ ခုနှစ်တွင် အောင်သာဝရမြို့ကို တည်ခဲ့ဖူးသူဖြစ်ပြီး မူလက ရခိုင်

www.burmeseclassic.com

www.burmeseclassic.com

စစ်ဗိုလ် အာလော်တက်ညွှန်ဆိုသူဖြစ်ပေရာ ရခိုင်နှင့် သာဂရအဆက်အသွယ်ရှိသည်မှာ ဖြစ်နိုင်ဖွယ်ရှိကြောင်း ကျွဲသပိတ်တော်စေတီ (ကျောင်းဝင်း) ၌ ဌာပနာသော မြသပိတ်မှာ သီဟိုဠ်မြသပိတ်လော၊ ရခိုင်မြသပိတ်လောဆိုသည်ကိုမူ ကွဲကွဲပြားပြားမသိရှိကြောင်း ရိုးရိုးစင်းစင်မိန့်ကြားပါသည်။

■

ဘုရားသမိုင်းဟောင်းများတွင် မူလမြသပိတ်တော်စေတီလုံးပတ်ပေပေါင်း (၅၀)၊ ဉာဏ်တော်ပေပေါင်း (၆၀)၊ ထီးတော်လုံးပတ် (၅)ပေ၊ ထီးအမြင့် (၁၄) ပေ၊ မြေနှင့်ထိနေသော စေတီလုံးပတ် ပေ (၂၀၀) ရှိသည်ဟု ရေးသားထားပါသည်။ မူလစေတီအကြိမ်ကြိမ်ပြုပျက်ခဲ့၍ အကြိမ်ကြိမ်ပြုပြင်ခဲ့သည်ဟုဆိုသည်။ ယခုအချိန် (၄) ပေအမြင့် စံတုရန်းပုံဖိနပ်တော်အုတ်ခုံတစ်ဖက် (၆၃) ပေ (၆) လက်မ၊ ဖိနပ်တော်ပေါ် (၅) ပေ (၆) လက်မအမြင့်ပစ္စယံနှင့် စေတီတော်လုံးပတ် (ကျည်းဝန်း) (၈၆) ပေ အတိုင်းအတာရှိသည်။ ပစ္စယံမှ ခေါင်းလောင်းတော်အထိ ထင်ထင်ရှားရှားအက်ကြောင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်ရသည်။

"မနှစ်တုန်းက ဘုရားပြုပြင်မွမ်းမံချင်တဲ့ဒကာတစ်ဦးရန်ကုန်ကလို့ဆိုတယ်။ ခန့်မှန်းကုန်ကျစရိတ်ကြီးတော့ တစ်ဦးတည်းမတတ်နိုင်ဘူးတဲ့။ ဒကာကြီးဦးဆံးမတည်လိုက်ရင် နောက်လူတွေအလိုလို ပါလာလိမ့်မပေါ့ ဦးပဉ္စင်းမိန့်သေးတယ်။ သဘောမတူဘူးထင်ပါရဲ့။ အဲဒီလိုနဲ့ အဆင်မပြေဖြစ်သွားတယ်"

တိုးတိတ်စွာ ဆရာတော်အမိန့်ရှိသည်။

အရံစေတီတော်လေးဆူကုသိုလ်ရှင်များကို ကမ္ဘည်းစာအောက်ပါအတိုင်း ဖတ်ရှုရပါသည်။ တနင်္ဂနွေထောင့် (ဦးမောင်ရွှေ-ဒေါ်ခင်ညွှန့်)၊ အင်္ဂါထောင့် (ပြာသိုလပြည့်နေ့၊ ရေဖြူဃရပ်ကွက် ဆင်းသေရွာ ဦးဘိုးသွယ် - ဒေါ်ထားရီ)၊ စနေဈောင့်(ဦးပြည်ကျော်-ဒေါ်စောတင်)၊ ရာဟုထောင့် (၁၃၅၆ ခု ဆင်ပုံနှစ်ရွာ ဦးပန်းအောင် - ဒေါ်ခင်လှိုင်နှင့် သားသမီးများ) ဖြစ်သည်။

ဆရာတော်ဦးကုသလကြွရောက်သီတင်းသုံးစဉ်အတောအတွင်း စေတီတော်ကို ရွှေသက်နန်းသုတ်ဆေးနှစ်ကြိမ်ကပ်လှူပူဇော်ပြီးဖြစ်သည်။ လွန်ခဲ့သော



မြသပိတ်တော်တိုက်ကျောင်းကြီး



သပိတ်တော်သိမ် (သမုတ်သိမ်)



အုတ်ဖိုနေရာ တွင်းပျက်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ သက္ကရာဇ်အထောက်အထား မတွေ့ရသဖြင့် နှစ်ပေါင်းမည်မျှရှိပြီ မပြောနိုင်ပါ။ လေးဖက်လေးတန်အုတ်တံတိုင်းနှင့် သမုတ်သိမ်အနီးအနားဒွဲ ဆရာတော်ကြီးများနှင့် သိမ်ဒကာတို့၏ အနီးအဖိုးထုပများကိုတွေ့ရသည်။ သမုတ်သိမ်ကြီးအတွင်း ထိုင်တော်မူကြီးငယ် ရုပ်ပွားတော်အဆူပေါင်း (၂၀)ကိန်းဝပ်နေသည်။ တံကဲတော်ပလ္လင်တော်နှင့် အလယ်ထိုင်တော်မူရုပ်ပွားတော်ကြီးကို ဦးပြည်ကျော် (ဒေါ်စောတင်) မိသားစုထပ်မံ ပြုပြင်ထားသည်။ စာရေးသူတို့ဝင်းတာကြည့်ရာ အင်္ဂတေတံကဲတော်ကြီးအထူ (၃) ပေ၊ ပလ္လင်တော် (၁၂) ပေ × (၁၀) ပေ× (၄) ပေ (၆) လက်မ ရှိသည်။ ဝါတွင်း (၃) လဥပုသ်သည်များက သိမ်အတွင်းပြေးလွှားသံများကြားရကြောင်းပြောသည်။ ဤသိပတ်တော်သိမ်ကြီးအား ရွှေဟောင်းသုတေသနဌာနမှထိန်းသိမ်းလိုက်ပြီဟု သက်ဆိုင်ရာအာဏာပိုင်တို့က လျှောက်ထား၍ သိရှိရကြောင်း၊ ကျောင်းဝင်းအတွင်း မရှိမဖြစ် သမုတ်သိမ်အသစ်ဆောက်ခွင့်ပြုပါရန် အာဏာပိုင်များသို့တင်ပြထားသော်လည်း ယနေ့အထိ ခွင့်ပြုအကြောင်းကြားလာခြင်းမရှိသေးကြောင်း ဆရာတော်ဦးကုသလက မချိတင်ကဲမိန့်ပါသည်။

မြသပိတ်တော်တိုက်ကျောင်း၌ ယခု သံဃာတော် (၄) ပါး၊ ကိုရင်(၄)ပါး သီတင်းသုံးနေထိုင်ပါသည်။ ရပ်သူရွာသားများ အန္တရာယ်ကင်းဘေးရှင်းစေရန် နှစ်စဉ် တန်ဆောင်မုန်းလဆုတ် ၂ ရက်၊ ၃ ရက်များတွင် မတ်ရပ်ဆင်းတုတော်ရွှေဘုရား (၇) ဆူဒေသစာရီကြွခိုလှည့်လည်အပူဇော်ခံသည်ဟု သိရသည်။ အခါအားလျော်စွာ ဓမ္မသဘင်ကျင်းပပါသည်။ ဓမ္မစကူးလ်ကျောင်းသူကျောင်းသားများကို စာရေးသူတွေ့ရှိခဲ့ပါသည်။ ဓမ္မာရုံဘုရားခန်း၌ ကြေးသွန်းဆင်းတုတော်တစ်ဆူကို ဖူးမြော်ခဲ့ရပါသည်။

■

မြသပိတ်တော်၊ ဆင်ဖြူတော်
သာဂရထီးနန်း၊ သမန္တရာဇာမင်း
တစ်ခါက သာဂရခေတ် သမိုင်းပုံရိပ်
များ။ ။
တန်ခူးလေနှင့်အတူ
ကျွန်တော့်အတွေးတဝေဝေမှုန်း။ ။

မောင်ခိုင်လေထွန်း(ထားဝယ်)


(၁၅) နှစ်ခန့်က ရန်ကုန်မရမ်းကုန်း ဝိဇ္ဇာသိပ္ပံကျောင်းတွင် သီတင်းသုံးတော်မူသော ဆင်ပုနစ်ရွာဇာတိ ဦးပညိန္ဒ (မင်္ဂလာအခါတော်ပေးပြက္ခဒိန်အကြံပေး) ကိုယ်တော်တိုင် စိန်ဖူးတော်၊ ငွက်မြတ်နားတော်တင်လျှူပူဇော်ခဲ့ပေသည်။ ဆင်ပုနစ်ရွာသား သက်ရှိထင်ရှား ဦးသီးရွှေ (၉၁) နှစ် ငယ်စဉ်ဘဝကလေးတုန်းက စေတီတစ်ဆူလုံးမဟုတ်ဘဲ အပေါ်ပိုင်းဘုရားကျိုးအား ပြန်ပြုပြင်သည်ကို မှတ်မှတ်ရရရှိသည်ဟုဆို၏။ လူအမည်ဦးထွန်းပို့၊ တောထွက်ကြီးဦးနန္ဒ၏ အဆိုအရ နေ့ကောင်းရက်မြတ်တို့၌ စေတီအတွင်းမှ ဒုတ် ဒုတ် ဒုတ်နှင့် စက်လေခုတ်သံကဲ့သို့အသံမျိုးကြားရသူများပြန်ပြောသည်ကိုကြားဖူးကြောင်းပြောပြပါသည်။ ထို့ပြင် အင်္ဂါထောင့် အရံစေတီမှာ ထူးခြားကြောင်း ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်ထွန်းပူဇော်ပွဲတီးစိပ်ဆုတောင်းပါလျှင် ကျရောက်ဆဲ ကျရောက်လတ္တံ့ ဘေးဆိုးရန်ဆိုးအန္တရာယ်ဆိုးကင်းဝေးကာ အကျိုးထူးသည်ဟု ဒေသခံများ ယုံကြည်ကြောင်းဆိုပါသည်။

ရင်ပြင်တော်တန်ဂနွေထောင့်တွင် အမိုး၊ အုတ်ခံနှင့်စေတီအထွက်ပါသပိတ်တော်တင်ဆောင်လျက် ဆင်ဖြူတော်တစ်စီး ဒူးတုပ်ဝပ်စင်းနေသလို အင်္ဂါထောင့်တွင် သပိတ်တော်ကြီးအပေါ် ပေါက်ထားသောစေတီငယ်တစ်ဆူကိုပါ ဖူးတွေ့ရပါသည်။ သပိတ်တော်အလျှဉ်းထင်ရှားစေရန် ရည်ရွယ်ဟန်ရှိပါသည်။ ၁၃၂၂ ခုနှစ်၊ ပြာသိုလဆုတ် ၁၃ ရက် လျှဒါန်းသော ထားဝယ်မြို့ ကုရပ်ပြင်ရပ်နေ ကုန်သည် ဒေါ်သိန်းကြွယ်နှင့် သားသမီးတစ်စုကောင်းမှုကုသိုလ်ကြေးခေါင်းလောင်းတစ်လုံးကိုလည်း ရှင်ပြင်တော်၌ တွေ့ရသည်။

■

ဝတ္ထုကမ္ဘာ(၈)ကနီးပါးကျယ်ဝန်းသော မြသပိတ်တော်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ရွှေဟောင်းစေတီတော်ကြီးမှအပ သာသနိကအဆောက်အအုံများ သစ်သစ်လွင်လွင်ဖြင့်ပြည့်နှက်လျက်ရှိသည်။ ဆရာတော်အဆက်ဆက် သီတင်းသုံးရာ စံကျောင်းကြီးပင်လျှင် (၄) နေရာပြောင်းခဲ့ပြီး စာရေးသူရောက်ရှိစဉ် အသစ်ဆောက်လုပ်နေသောတိုက်ကျောင်းကြီးမှာ အချောမသတ်သေး။ ပေတစ်သိန်းကျီးတစ်သားဆိုသည့်အတိုင်း ယခင် အထင်ကရ ပေပင်ကြီးလည်းမရှိတော့ပြီ။ ကျောင်းဝင်းအနောက်ဘက်တွင် သပိတ်တော်ဘုရားတည်စဉ်အခါက အုတ်ဖို့နေရာဟုဆိုသော အုမြင့် (၂၅)ပေခန့် တွင်းဟောင်းတစ်ခုကျန်ရှိခဲ့လေရာဒယ်အိုးပုံ ရေကန်ကြီးသဖွယ်ဖြစ်နေပေပြီ။ စာရေးသူရောက်သွားသော တန်ခူးလခြိန်ခါ၌ပင် ရေအနက်လူလျှိုးတစ်ရပ် ရှိသေးသည်ဟုသိရသည်။ ဧဝံတိတော်ရာဟုထောင့် မကျတကျ ပေ(၃၀)ခန့်အကွာ၌ ရွှေဟောင်းပစ္စည်းများမြှုပ်နှံထားသည်ဟုမှန်းဆပြောကြဆိုကြသော ရင်စို့ခန့် တွင်းမျက်နေရာ တစ်ချိန်က ရှိခဲ့သည်ဆိုသော်လည်း ယခု အမှိုက်များပြည့်နေပေပြီ။

ကျောင်းဝင်းကြီး၏ တောင်ဘက် ခဲတစ်ပစ်သာသာ၌ သပိတ်တော်သိမ် ခေါ် ရွှေဟောင်းသမုတ်သိမ် ထီးထီးကြီး



www.burmeseclassic.com

www.burmeseclassic.com

မြဝင်း(ဒဿန)

မြင်းခြံကိုးဆောင်မှု မဟာပရိတ်တော်ကြီးနိဿယသစ်
အရှင်ဝေဗုလ္လာဘိဝံသဆရာတော်ကြီး
တရေတစောင်း



တစ်နေ့ဆီက ကျွန်တော့်တပည့်ရောက်လာပါသည်။ သူလက်ထဲတွင် မြင်းခြံကိုးဆောင်မှု မဟာပရိတ်တော်ကြီးနိဿယသစ်စာအုပ်ပါလာပါသည်။ ကျွန်တော်က ဦးစွာ နှုတ်ဆက်လိုက်ပါသည်။

"တပည့်တော့် ကိုးဆောင်မှုမဟာပရိတ်တော်ကြီးနိဿယကို စွဲစွဲမြဲမြဲဖတ်နေပြီထင်တယ်"

"ဖတ်နေပါတယ် ဆရာ။ တချို့နိဿယဇတွဲလည်း နှုတ်ဆောင်ဖတ်နေပါတယ်ဆရာ။ တချို့နိဿယတွဲလည်း နှုတ်ဆောင်ပါတယ် ဆရာ။ ဒါ့ထက်ဆရာ၊ မနေ့က ကျွန်တော်တို့ ရပ်ကွက်က ဦးလေးကြီးတစ်ဦးနဲ့ တွေ့ပါတယ်။ သူက သူ့ရဇမဂ္ဂင်းကို အမြဖတ်ပါသတဲ့။ ဆရာရေးတဲ့ပရိတ်ကြီးနိဿယအကြောင်း ဆောင်းပါးတွေကိုလည်း သတိပြုပြီး ဖတ်ပါသတဲ့။ သဘောလည်း ကျပါသတဲ့။ သူက မေတ္တာရပ်ခံတာက မြင်းခြံကိုးဆောင်မှုပရိတ်ကြီးနိဿယသစ်တို့ရေးတဲ့ အရှင်ဝေဗုလ္လာဘိဝံအကြောင်းကို သိချင်ပါသတဲ့။ အခွင့်သင့်ရင် အရှင်ဝေဗုလ္လာဘိဝံအကြောင်းကိုရေးပေးဖို့ ဆရာ့ကိုမေတ္တာရပ်ခံပေးပါလို့ ပြောပါတယ်"

"မြင်းခြံ ကိုးဆောင်ဆရာတော်ကြီး အရှင်ဝေဗုလ္လာဘိဝံအကြောင်းရေးထားတဲ့စာအုပ်ရှိတယ်လေ။ အဲဒီ စာအုပ်ကို ဖတ်ပါလို့ပဲညွှန်းရလိမ့်မယ်"

"ဘာစာအုပ်လဲ ဆရာ"

"မောင်မောင်ညွှန့်(မန်းတက္ကသိုလ်) ပြုစုတဲ့ 'မြင်းခြံမြို့ ဆရာကြီးဦးဇနှင့် တိမ်မြုပ်နေသော သူစာပေများ' ဆိုတဲ့ စာအုပ်ပါ။ မောင်မောင်ညွှန့်(မန်းတက္ကသိုလ်) ဆိုတာ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ဆရာကြီးဦးညွှန့်မောင်ပါ။ ဆရာတို့နဲ့ ရင်းနှီးပါတယ်။ သူပြုစုတဲ့စာအုပ်က ၂၀၀၈ ခုနှစ် ထွန်းဖောင်ဒေးရှင်းကနေ ချီးမြှင့်တဲ့ 'ရွှေဟောင်းကျမ်းဘာသာရပ်' ဆုကိုရခဲ့တယ်။

"မြင်းခြံ ကိုးဆောင် ဆရာတော်ဘုရားကြီးနဲ့ မြင်းခြံဆရာကြီးဦးတို့က တစ်ဦးတည်းပဲလား ဆရာ"

"တစ်ဦးတည်းပါပဲ ထပည့်ရယ်။ မြင်းခြံကိုးဆောင်ဆရာတော်ဘုရားကြီး အရှင်ဝေဗုလ္လာဘိဝံမှာ မြင်းခြံဆရာကြီးဦးဇ အပြင် ထနောင်းတိုင်ဦးပညာ၊ မြင်းခြံမြို့ ဆရာဟင်း၊ မြင်းခြံမြို့ ဆရာခိုင် ဆိုတဲ့ ကလောင်ခွဲတွေလည်းရှိပါသေးတယ်"

"ကျွန်တော် မြင်းခြံဆရာခိုင်ဆိုတဲ့ ကလောင်အမည်ကိုတော့ ကြားဖူးပါတယ်။ လူပုဝွိုလို့ထင်မှတ်နေတာပါ။ အခု ဆရာပြောပြတော့မှ မြင်းခြံဆရာခိုင်ဆိုတာ ကိုးဆောင်ဆရာတော် အရှင်ဝေဗုလ္လာဘိဝံမှန်းသိရပါတော့တယ်"

"ကိုးဆောင်ဆရာတော်အရှင်ဝေဗုလ္လာဘိဝံကို ၁၂၂၃ခုနှစ်မှာ ဖွားမြင်ပါတယ်။ မိဘများကတော့ ဦးစိုးနဲ့ဒေါ်ရာမှန်တို့ပါ။ တောင်သာမြို့နယ်၊ နွားတဲရွာကပါ။ တောင်ယာလုပ်ကိုင်စားသောက်

www.burmeseclassic.com

www.burmeseclassic.com

ကြသူတွေပါ။ ဦးစိုးက ပညာဗဟုသုတ ပြည့်စုံလေတော့ နောင်အခါ မင်းမြွှောက်စားလို့ မင်းမှုထမ်းဖြစ်လာပြီး တောင်သာကို ပြောင်းရွှေ့ရပါတယ်။ တောင်သာကိုရောက်မှ အရှင်ဝေပုလ္လာဘိဓဇလောင်းလျာကို ဖွားမြင်ပါတယ်။

"တောင်သာဇာတိပေါ့နော်"

"ဟုတ်ပါတယ်။ တောင်သာဇာတိပါ။ ယျက်ဖို့ကောင်းတာက အရှင်ဝေပုလ္လာဘိဓဇဖွားမြင်တဲ့နှစ်မှာပဲ ပုဂံဝန်ထောက်မင်းဦးတင်တို့ မှော်ဘီဆရာသိန်းကြီးတို့ သီရိစတုရင်္ဂဗလဘွဲ့ခံဆရာကြီးဦးဖေတို့ဖွားမြင်ခဲ့ကြပါတယ်"

"တစ်နှစ်တည်း ဖွားတွေပေါ့နော်"

"ဟုတ်တာပေါ့။ တစ်နှစ်တည်း ဖွားတွေပေါ့။ အဲဒီထဲက ပုဂံဝန်ထောက်မင်းဦးတင်ဟာ စာပေကိုအကြောင်းပြုပြီး ကိုးဆောင်ဆရာတော်ဘုရားကြီး ရင်းနှီးကျွမ်းဝင်လာခဲ့ပါတယ်။ အခု တပည့်ဖတ်နေတဲ့မြင်းခြံကိုးဆောင်သူ မဟာပရိတ်တော်ကြီးနိဿယသစ်ဟာ ပုဂံဝန်ထောက်မင်းဦးတင်တောင်းပန်လို့ ဆရာတော်ဘုရားကြီးက ရေးခဲ့တာပါ"

"ဆရာတော်ဘုရားကြီးက တခြားစာတွေကောရေးခဲ့သေးသလား"

"ရေးခဲ့တာပေါ့ဗျာ။ မေတ္တာစာတို့ ရတုတို့၊ တေးထပ်တို့၊ ဒွေးချိုးတို့၊ လေးချိုးတို့၊ နတ်သံတို့ဆိုတဲ့စာတွေကို ရေးခဲ့ပါတယ်"

"ကျွန်တော် အဲဒါတွေ မသိဘူးဆရာ။ အခုပြောပြမှသိရတာ"

"အခွင့်ကြုံတုန်း ဆရာတော်ဘုရားကြီးရဲ့ကဗျာဉာဏ်ထက်မြက်ပုံကို တပည့်ရိပ်စားမိအောင် ဆရာတော်ဘုရားကြီးရဲ့ ကဗျာတစ်ပုဒ်ကို ဆရာဖတ်ပြပါ့မယ်။ ဆရာဖတ်ပြမယ့်ကဗျာက စေတီပုထိုးတို့မှာ ဂြိုဟ်ရုပ်ထားတာကို သရော်ထားတဲ့တေးထပ်ပါ။ နေပါဦး ဆရာ စာအုပ်ယူလိုက်ပါဦးမယ်"

(ကျွန်တော်သည် စာအုပ်ဗီရိုသို့ မျှားရောက်ပြီး ဗီရိုထဲမှာ မြင်းခြံဆရာကြီးဦးနှင့် တိမ်မြုပ်နေသော သူ့စာပေများ စာအုပ်ကို ထုတ်ယူဖို့ပါသည်။ ထို့နောက် ထိုတေးထပ်ပါသောစာမျက်နှာကိုလှန်ပြီး တေးထပ်ကိုဖတ်ပြပါသည်)

စေတီပုထိုးတို့၌ ဂြိုဟ်ရုပ်သားသည်ကို သရော်သောတေးထပ် ကာလခုခေတ် ဗရမ်းဗတာ အဆန်းမှသာတယ်လို့ စခန်းတာလှစ် သူတို့ကို သစ်တစ်ဉာဏ်ဆန်း၊ နတ်ဒေဝါကျုပ်တစ်ဦးက ကွန့်မြူးသောစာလက်တန်းဖြင့် မှာစာတမ်းထုတ်လိုက်ပါသည်။

(တေးထပ်) စေတီစောင့် ငါနတ်က စာကဝ်လိုက်ပါမယ်။ ဂြိုဟ်နတ်မှ အန္တရာယ်ကိုပယ်နိုင်မဲ့လိုသော၊ သည်လိုများ စိတ်များထင်လျှင် မိန္ဓာပင်ကျမ်းရှိပကော။ ခေတ္တဇ္ဈသမ္ဗဒါ၊ အန္တရာဝိသော၊ ဉာဏ်မဟာသတိစောကြတော့ လောလော ဘယ်ရှိသင်။ အင်လေးစုံညီပါကြလျှင်လဲ၊ သည်ဒါနကျိုးရှိထင်မြင်။ ကျမ်းပြလျက် လမ်းကြဉ်လျှင် အန္တဝင်ဆိုစို့တော့။ ကိုယ်ဖို့ကိုယ်မြင်မြော်၊ ပြောလိုက်ပေနော်။ ဂြိုဟ်ရှိမှုပုဇော်လျှင် မသူတော်ထိပ်ဆုံးကွဲလေး

ခုကာလ ဘုရားတည်ကြတဲ့အခါ စေတီရဲ့ထောင့်ရှစ်ထောင့်မှာ တနင်္ဂနွေ၊ တနင်္လာ စတဲ့ဂြိုဟ်ရှစ်လုံးတို့ရဲ့ဂြိုဟ်ရုပ်များဖြစ်ကြတဲ့ ဂဠုန်ရုပ်၊ ကျားရုပ်စတာတွေကို မိမိတို့ရဲ့အရပ်မျက်နှာမှာတည်ထားထည့်သွင်းလေ့ရှိကြတယ်။ အဲဒီအလေ့အထဟာ လော်ကုတ္တရာအလေ့အထမဟုတ်ဘူး။ လောကီဗေဒင်အလေ့အထသာဖြစ်တယ်။ မြတ်စွာဘုရားရှင်ရဲ့အယ္ဟဝါဒမဟုတ်ဘူး။ ဗြာဟ္မဏတို့ရဲ့အယူဝါဒသာဖြစ်တယ်။ ဆရာတော်က အဲဒီလိုတည်ထားထည့်သွင်းတာကို မနှစ်သက်ဘူး။ အဲဒါကြောင့် အဲဒီတေးထပ်ကိုရေးတာ။ တေးထပ်ရဲ့အဆုံးပိုဒ်ကို ကြည့်လေ။ 'ဂြိုဟ်ရှိမှ ပူဇော်လျှင် မသူတော်ထိပ်ဆုံးကွဲလေး' တဲ့။ ပြောလက်စနဲ့ ပြောပါဦးမယ်။ ဆရာတော်ဘုရားကြီး အဲဒီကဗျာကိုရေးဖြစ်ပုံက တစ်နေ့ ဆရာတော်ဘုရားကြီးဟာ ကျောင်းပေါ်မှာ စကြံလျှောက်နေခိုက် ဈေးသွားဈေးလာ အမျိုးသမီးတစ်စုက ကျောင်းနဲ့မလှမ်းမကမ်းမှာရှိတဲ့ ရှစ်မျက်နှာစေတီကိုဝင်ပြီး ဘုရားကိုမရှိခိုးဘဲ မိမိတို့မွေးနေ့ဆိုင်ရာ ဂြိုဟ်ရုပ်များကိုသာရှိခိုးပြီး အမွေးနဲ့သာတွေနဲ့ ပူဇော်နေကြတာကိုမြင်လို့ အဲဒီတေးထပ်ကို ရေးလိုက်တာတဲ့။

"ကဗျာဉာဏ်အတော်ထက်တာပဲနော်"

"ဆရာတော်ကဗျာဉာဏ်ထက်ပုံကိုတော့ အခု ဆရာယူလာတဲ့ 'မြင်းခြံမြို့ ဆရာကြီးဦးနှင့်တိမ်မြုပ်နေသော သူ့စာပေများ' ဆိုတဲ့စာအုပ်ကိုသာဖတ်ကြည့်ပေတော့။ တပည့်အမြန်ယူသွားပါ။ ဆရာပေးလိုက်ပါ့မယ်။ တပည့်ဖတ်ပြီးတော့ပြန်ပေးပါ"

"ဒီစာအုပ်ထဲမှာ ကျွန်တော်တို့ ဆွေးနွေးနေတဲ့ ပရိစာကြီးနိဿယ အကြောင်းကောပါရဲ့လား ဆရာ"

"ပါတာပေါ့ဗျာ၊ စာအုပ်ပြုစုတဲ့ ဆရာဦးညွန့်မောင် ပရိတ်ကြီးနိဿယတွေနဲ့ ပတ်သက်လို့ ရေးကပိုနှိပ်ပြီး ပရိတ်ကြီးနိဿယများ၊ ပုံမနှိပ်ရသေးဘဲ ပေမူနဲ့သာရှိနေတဲ့ ပရိတ်ကြီးနိဿယများဆိုပြီးပြည့်ပြည့်စုံစုံတင်ပြထားတယ်။ အင်မတန်မှ မှတ်သားစရာကောင်းပါတယ်"

"ကျွန်တော်ဖတ်ကြည့်ပါမယ်ဆရာ။ ဒါ့ထက် ဆရာ၊ ဆရာတော်ဘုရားကြီးက အဂ္ဂမဟာပဏ္ဍိတာဘွဲ့ရတတ်နော်"

"ဆရာတော်ကြီးဟာ ၁၂၈၃ ခုနှစ်မှာ အဂ္ဂမဟာပဏ္ဍိတာဘွဲ့ရတယ်။ အဂ္ဂမဟာပဏ္ဍိတာဘွဲ့ရတော့ (၆၁) နှစ်ခန့်ရှိနေပြီ။ အရွယ်ထောက်လာပြီပေါ့။ ဒါပေမယ့် ဆရာတော်ဘုရားကြီးကတော့ စာချတာလည်းမလျော့ဘူး။ ကျမ်းပြထာလဲ မလျော့ဘူး။ ကမ္မဋ္ဌာန်းစီးဖြန်းတာကိုလည်း မလျော့ဘူး။ ခုရ (၂) ပါးကို မလျော့တမ်းလုပ်ဆောင်တယ်။ အဲဒီလိုဆောင်လာခဲ့တဲ့ဆရာတော်ဘုရားကြီးဟာ ဆရာတော်ဘုရားကြီးရေးခဲ့တဲ့ 'တစ်နေ့ထက်တစ်နေ့ တရွေ့ရွေ့ယွင်းယိုနောက်ပြန်လို့မဖျိပြီ။ ရှေ့ကိုသာ အိုမြဲသွားကျိုးလို့ ဆံဖြူတယ်၊ ရုပ်ငယ်မှ ဖောက်ပြန်လို့လွဲ' ဆိုစာအတိုင်း တစ်နေ့ထက်တစ်နေ့ယွင်းယိုလာပြီး ၁၂၉၀ ပြည့်နှစ် သက်တော်(၆၇)နှစ်မှာ ပျံလွန်တော်မူခဲ့ပါတယ်"

"ဆရာပြောတာ အတော်စုံသွားပါပြီ"

"အခုပြောခဲ့တာတွေဟာ စာမြည်းသဘောပါ။ တပည့်ဖတ်ကြည့်ပါ။ ဒီစာအုပ်ထဲမှာ ဆရာတော်ဘုရားကြီးနဲ့ ဇာတ်ဆရာကြီးဦးဖိုးစိန်တို့တွေ့ပုံ၊ ဆရာတော်ဘုရားကြီးနဲ့ ဆရာကြီးသခင်ကိုယ်တော်မိုင်းတို့တွေ့ပုံတွေပါတယ်။ တပည့်ဖတ်ကြည့်ပါ။ တပည့်ဖတ်ကြည့်ပြီးတော့ မြင်းခြံမြို့ ကိုးဆောင်ဆရာတော် အရှင်ဝေပုလ္လာဘိဓဇအကြောင်း သိချင်တဲ့ တပည့်တို့ရပ်ကွက်ထဲက ဦးလေးကြီးကိုလည်း ပြောပြလိုက်ပါ"

"ပြောပြပါ့မယ် ဆရာ"

ထို့နောက် ကျွန်တော့်တပည့်သည် ကျွန်တော်ပေးလိုက်သော 'မြင်းခြံမြို့ ဆရာကြီးဦးဇနှင့် တိမ်မြုပ်နေသော သူ့စာပေများ' စာအုပ်ကိုယူ၍ ပြန်သွားပါသတည်း။


မြင့်း (ဒဿန)

www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မင်းချစ်နော်

အနောင်အဖွဲ့မှလွတ်မြောက်ခဲ့သည့် သဗ္ဗသိဒ္ဓိဃယမန္တန်တော်ကြီး



သမ္မဒ္ဓေဂါထာတော်ကို လူတိုင်းသိပါသည်။ ထိုဂါထာကို (၁၀၀၀) ရွတ်ပွားလျှင် အနောင်အဖွဲ့မှလွတ်မြောက်သည်ကို လည်းကောင်း၊ (၁၀၀၀၀) ရွတ်ပွားလျှင် မည်သည့်အန္တရာယ်မျှမတွေ့ဘဲ ဥပစ္ဆေဒကံမှ တိမ်းဖယ်သည်ကို လည်းကောင်း လူတိုင်းပင်သိရှိကြပါသည်။

သို့သော် သဗ္ဗသိဒ္ဓိဃယမန္တန်တော်ကြီးရွတ်ပွားလျှင်လည်း အနောင်အဖွဲ့မှလွတ်ကင်းပြီး အန္တရာယ်ကင်းဘေးရှင်းစေသည်ကိုမူ သိသူနည်းပါးသဖြင့် ရေးသား တင်ပြအပ်ပါသည်။

ဦးဖိုးအောင်မှာ (×××) ရွာမှဖြစ်ပြီး ဘုရားတရားအလွန်အလေးအမြတ်ထားသူဖြစ်သည်။ အသက်(၆၅)နှစ်တွင် ဇနီးမယားနှင့်သမီးသားတို့အား သူအနားယူတော့မည်။ တောင်သူလုပ်ငန်းဖြစ်သော ထွန်ထယ်လှည်းနွားယာမြေများအားလုံးကိုစွန့်လွှတ်အပ်ပေးခဲ့ပြီး လုပ်တိုင်စားကြပေတော့ဟုဆိုကာ ရွာနှင့်သုံးမိုင်ကျော်ကျော်ဝေးကွာသော တောနက်သပြေရိုးတွင် တဲလေးထိုးကာ လူဝတ်ကြောင်နှင့်ပင် တရားဘာဝနာပွားများနေလေတော့သည်။ အိမ်မှသားတွေက သူ့ထံ တစ်လတစ်ခါ၊ နှစ်လတစ်ခါ စားရေရိက္ခာပို့ပေးပြီး ကျန်းမာရေးကို ကြည့်ရှုသည်။

တရားနှင့်နေသူ၊ အစားပုံမှန်အချိန်မှန်စားပြီး လေကောင်းလေသန့်ကိုသာရှူရသဖြင့် ဦးဖိုးအောင်မှာ နှစ်နှစ်အတွင်း ယခင်ကထက်ပင် ပိုမိုကျန်းမာနုပျိုနေလေသည်။

(၃) နှစ်ခန့်ရှိခဲ့တွင် ဦးဖိုးအောင်မှာ တရားအရသာ၊ တရားအသိတွေ အတော်ပြည့်ဝနေပြီး ကြီးတင်နိမိတ်များကိုပင် မြင်နိုင်သိနိုင်သလိုဖြစ်လာသည်။ သူကံကြမ္မာ၏ရှေ့ရှင်ဆိုင်ရမည့်အဆိုးကို မြင်မိသည်။ သူမတုန်လှုပ်ပါ။ ကလျာဏပုထုဇဉ်အဖြစ် တည်ငြိမ်အေးချမ်းစွာပင် ရင်ဆိုင်နိုင်ရန် အသင့်ပြင်ထားပြီး ဖြစ်သည်။

အိပ်မက်ဆိုးက (၃)ရက်ဆက်တိုက် သူ့ကိုအအိပ်ပျက်အောင်ထိုးနှက်ခဲ့သည်။ ချောက်ကမ်းပါးနက်ထဲထိုးကျပြီး ချောက်စွန်းတွင်တင်နေသည်။ အစာရေစာပြတ်လပ်ပြီး အလွန်ဆာလောင်ပူလောင်စွာဖြင့် သူအိပ်ရာမှလန့်နိုးခဲ့ရလေသည်။ ဘုရား ဘုရား ဘုရားဟု သုံးကြိမ်တရင်းသော်က်ရေအိုးမှ ရေအေးတစ်ခွက်ကို သူခပ်သောက်လိုက်သည်။

ရှောင်လွှဲမရသော ဝဋ်ကြွေးတို့ သူ့မှာကျန်ရှိနေသည်ကို သူသိမြင်နေမိသည်။ ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးနှင့် အနန္တဇိနန္တင်းပါး၏ ဂုဏ်ကျေးဇူးကိုသာ ကြည်ညိုတန်ခိုးစွာ သူအားကိုးအားထားပြုနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မည်မျှထိဆိုးသော ကံဝဋ်ကြွေးကြမှာလည်းတော့ သူမခန့်မှန်းမသိမြင်နိုင်ခဲ့ပေ။

ဆောင်းဦးပေါက်ကာလ တစ်နေ့တွင် -

ဆောင်းဦးပေါက်ကာလတစ်နေ့ နံနက်ပိုင်းတွင် သူ့ကံကြမ္မာဂြိုဟ်ဆိုးသည် သူ့တဲထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပါလေသည်။ မမျှော်လင့်မထင်မှတ်သောဂြိုဟ်ဆိုးသည် ဦးဖိုးအောင်ကို တည့်တည့်ဝင်တိုးလေပြီ။ ထိုဂြိုဟ်ဆိုးကား အခြားမဟုတ်ပေ။

ဦးဖိုးအောင် တရားမှတ်ပွားရာ သပြေပင်ရိပ်မှာ ဆယ့်နှစ်ရာသီရေစိမ့်စမ်းမပြတ်လပ်ပေ။ အနည်းငယ်လည်း တောနက်ပြီး ထူထပ်သည်။ ရွာနှင့်လည်း (၃) မိုင်ကျော်ကျော်ဝေးကွာသဖြင့် သူ့ခိုးပေတိုးများဓေတ္တခဏကိန်းအောင်းပုန်းခိုတတ်လေသည်။ တစ်နေ့တွင် ရွာထဲမှ နွားသိုးလေးတစ်ကောင်ပျောက်သွားရာ တစ်ရွာလုံးကာလသားတွေလိုက်ရှာရင်း ဦးဖိုးအောင်၏တဲအနီး မလှမ်းမကမ်းတွင် နွားသိုးလေး၏ ဦးခေါင်း၊ ခြေ လက်၊ အရေများတွေ့ပြီး နွားခိုးများနှင့် ဦးဖိုးအောင် ဆက်စပ်ရမည်၊ သိရမည်ဟု စွပ်စွဲတိုင်တန်းသဖြင့် သက်ဆိုင်ရာနယ်မြေရဲစခန်းက ဦးဖိုးအောင်ကို နွားခိုးမသက်မမှန့် ဖမ်းဆီးကာ မြို့မရဲစခန်းအချုပ်တွင် ရိမ်ယုကာချုပ်ထားလေတော့သည်။

ရဟန္တာမဟုတ်သေးသော လူဝတ်ကြောင်တရားရှင်သာဖြစ်၍ ဦးဖိုးအောင် အနည်းငယ်တုန်လှုပ်ထိတ်လန့်ဖြစ်ခဲ့သေးသည်မှန်သော်လည်း ဖြစ်ပျက်သဘော၊ အနိစ္စဒုက္ခအနတ္တတရားတို့ဖြင့် ဆင်ခြင်ကာ အချုပ်ခန်းထဲတွင် နေ့စဉ်ဘုရားရှိခိုး၊ တရားမှတ်ပွားနေခဲ့လေသည်။

ခုနစ်ရက်အကြောင်းမထူးသေး။ ဦးဖိုးအောင် သူငယ်စဉ် ဘုန်းကြီးကျောင်းသားဘဝ အသက် (၁၄) နှစ်အရွယ်က တည်းက ရွတ်ပွားခဲ့သော သဗ္ဗသိဒ္ဓိဇယမန္တန်တော်ကို မန်၊ နေ့လယ်၊ ည တစ်နေ့သုံးကြိမ် သက်စေ့ရွတ်ပွားလေတော့သည်။

သဗ္ဗသိဒ္ဓိဇယမန္တန်တော်ကို ယခင် ခုနစ်ရက်က မရွတ်ပွားခဲ့ရသည်ကိုပင် နှမြောနေမိရသည်။ ပထမရိမန်ကြိမ် (၁၄) ရက်အတွင်း ခုနစ်ရက်မပျက်ရွတ်ပွားနိုင်ခဲ့ရ၍ အားရကျေနပ်ပီတိဖြစ်ရသည်။ ရွတ်ပွားပြီးသည့်အခါတိုင်းလည်း ကလျာဏာရီကလျာန်၊ ပါပကာရီစပါပက်၊ ကောင်းတာလုပ်ကောင်းတာဖြစ်ရပါစေ



ဟု ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

ပထမရိမန်ကြိမ် (၁၄) ရက်စေ့၍ နံ့ထုတ်ကာ ဒုတိယရိမန်ကြိမ် (၁၄) ရက် ထပ်မံအချုပ်ခံရပြန်သည်။ သြော်... ဝဋ်ကြွေးမကုန်သေးလို့ပေပါဟု တရားသဘောနှင့်သာဆင်ခြင်ပြီး နေ့စဉ်ဘုရားရှိခိုး၊ တရားမှတ်ပွားမပျက်သလို သဗ္ဗသိဒ္ဓိဇယမန္တန်တော်ကိုလည်း တစ်နေ့သုံးကြိမ် ရွတ်ပွားမပျက် ပူဇော်ခဲ့လေရာ ဒုတိယရိမန်ကြိမ် (၁၄) ရက်၏ (၁၀)ရက်မြောက်ရှိခိုန်တွင် ရဲစခန်းမှူးမှ -

"အဘဦးဖိုးအောင်ကိုထုတ်ခဲ့ပါ။ လက်ထိတ်မခတ်နဲ့"

ဟု အမိန့်ပေးသံ ကြားလိုက်ရပြီး ရဲစခန်းမှူး၏ခုံးခန်းထဲသို့ အစောင့်ရဲတပ်သားနှစ်ဦးနှင့်အတူလိုက်သွားရလေသည်။

စခန်းမှူး၏ ခုံးခန်းထဲသို့ရောက်သောအခါ လူသုံးယောက်လက်ထိတ်တွဲခတ်ထားသည်ကိုတွေ့ရပြီးကြည့်လိုက်ရာ (×××) ရွာမှ ဇိုးသမားလေးတွေဖြစ်နေလေသည်။

"အဘ ထိုင်ပါ ခင်ဗျား။ သူတော်ကောင်းကိုပြစ်မှားမိသလို ကျွန်တော်တို့ဖြစ်ပါပြီ။ ဒါပေမယ့် တာဝန်အရမို့ ဆောင်ရွက်ရတာကို အဘနားလည်ခွင့်လွှတ်ပေးပါ။ အဘ ဒီမှုးယစ်အရက်သမားလေးတွေကိုသိလား"

"သိပါသတောကွယ် (×××) ရွာက ကောင်တွေပဲ ဒီကောင်က သာဂိခေါ်ဖိုးလုံး၊ ဒီကောင်က ပေတိုးခေါ် ရွှေဂဲ၊ ဒီကောင်က ကြွက်သိုးခေါ် ဇော်ကြီးပါကွာ။ ဒီကောင်လေးတွေ ကြက်ခိုးငှက်ခိုးကနေ နွားခိုးလေးတွေဖြစ်နေပြီလားကွယ့်"

"အမှန်ပေါ့ အဘရယ်။ သူတို့သုံးယောက်လို့ ကျွန်တော့်ဆီဝန်ခံကြပါတယ်။ ဒီကိစ္စ အဘဘာမှမသိ၊ အဘနဲ့ဘာမှမပတ်သက်မဆိုင်ကြောင်း၊ သူတို့သုံးယောက် စားကျက်မှာ ကြိုးနဲ့လဲထားတဲ့နွားသိုးကိုတွေ့လို့ လွှဲယူတာနဲ့လုပ်မိခိုး မိတာဖြောင့်ချက်ပေးကြပါပြီ။ ဒါကြောင့် အဘကိုအခုချက်ချင်းကျွန်တော်အချည်းနှောင်ကနေလွှတ်ပေးတာပါ။ အဘသားနှစ်ယောက်လည်းရောက်နေပါတယ်။ တာဝန်အရပြုမိရတာခွင့်လွှတ်ပါအဘ"

ဟု ဆိုကာ အဘဦးဖိုးအောင်ကို စခန်းမှူးဆိုသူမှ ထိုင်ကန်တော့လေတော့သည်။

"မလုပ်ပါနဲ့ မလုပ်ပါနဲ့ကွယ်။ မင်းမှုထမ်းဆိုတာ ဒီလိုပါပဲ။ အမှန်တရားဖော်ထုတ်ရမှာပေါ့။ ယုန်ထင်ကြောင်ထင်ထင်တတ်တာပါပဲ။ အဘဝဋ်ကြွေးကံတရားပါကွယ်။ အဘကျေနပ်ပါတယ်ကွယ့်"

သို့ဖြင့် ဦးဖိုးအောင်မှ သဗ္ဗသိဒ္ဓိဇယမန္တန်တော် ရွတ်ပွား၍ (၁၈) ရက်မြောက်တွင် နွားခိုးတရားအမှန်ပေါ်ပေါက်ခဲ့ပြီး အချုပ်အနှောင်မှ လက်တွေ့လွှန်မြောက်ခဲ့ရလေ၏။ အဘဦးဖိုးအောင်အဖို့ သူဘဝတွင် သဗ္ဗဇယသိဒ္ဓိဇယမန္တန်တော်၏ဂုဏ်ကျေးဇူးတော်ကို တစ်သက်လုံးမေ့မည်မဟုတ်တော့ပါချေ။

- ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
  ဗုဒ္ဓေါ သေဋ္ဌော အဝေရော ဟောတု။
- ဓမ္မံ သရဏံ ဂစ္ဆာမိ၊
  ဓမ္မော သေဋ္ဌော အဝေရော ဟောတု။
- သံဃံ သရဏံ ဂစ္ဆာမိ၊
  သံဃော သေဋ္ဌော အဝေရော ဟောတု။

အနက်မြန်မာပြန်

မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ မြတ်စွာဘုရားသည် မြတ်၏။ ရန်မရှိသည်ဖြစ်ပါစေသတည်း။

တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်နေ၏။ တရားတော်သည်မြတ်၏။ ရန်မရှိသည်ဖြစ်ပါစေသတည်း။

သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃာတော်သည် မြတ်၏။ ရန်မရှိသည်ဖြစ်ပါစေသတည်း။

မြန်မာပြန်မှာသိထားရန်သာဖြစ်ပါသည်။ ရွတ်ဆိုရန်မလိုပါ။

နတ်မောက်မြို့နယ်ရုံးသို့ရောက်လာဖူးသည့် သူတော်စင်အဘဦးဖိုးအောင်၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ပြောပြချက်ကို ဖတ်ရှုရအဆင်ပြေအောင် ပြန်သားတင်ပြပါသည်။

နှုတ်မောက်မင်းချစ်နော်

www.burmeseclassic.com

www.burmeseclassic.com

မောင်ထင်အောင်လင်း

ကြံစည်တိုင်း အောင်မြင်မှုရစေသောဂါထာ

၅-၁-၂၀၁၇ တနင်္ဂနွေနေ့ ည‌နေပိုင်းတွင် စာရေးသူသည် သာသနာ့ဇောတိကမုခ်ဦးကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နေသည့် ဆရာတော် အရှင်သူမြတ်ဘဒ္ဒန္တဦးတေဇန္တကမ္မဋ္ဌာန စရိယအား သွားရောက်ဖူးမြော်ပူဇော်ကန်တော့ခဲ့ပါသည်။ ဆရာတော်သည် သာသနာ့ဇောတိကမုခ်ဦးကျောင်းတွင် တစ်ပါးတည်း သီတင်းသုံးစဉ်အချိန်က စာရေးသူမှာ တတ်နိုင်သရွေ့ပစ္စည်းလေးပါးဝတ္ထုများကို လှူဒါန်းထောက်ပံ့ခဲ့ဖူးပါသည်။ ဆရာတော်သည် မုံရွာမြို့ မဟာဇောတိကာရုံကျောင်းတိုက်၊ မန္တလေးမြို့ မဓိုးရိမ်တိုက်သစ်၊ ရန်ကုန်မြို့ အင်းစိန်ရွာမကျောင်းတိုက်တွင် စာပေသင်ကြားနေသော မုခ်ဦးကျောင်းမှ ရှင်သာမဏေများကို ဝတ္ထုဌေပစ္စည်းများထောက်ပံ့ခဲ့ပါသည်။

ဆရာတော်သည် ရန်ကုန်မြို့ အလုံဖြို့နယ် အောင်မင်္ဂလာကျောင်းတိုက်သစ်၊ တောင်ကြီးမြို့ အောင်မြေသာစည်ရွှေကျင်ကျောင်းတိုက်နှင့် မေမြို့ရတနာမာန်အောင်ကျောင်းတိုက်တို့တွင် ပရိယတ္တိပရိပတ္တိဗဟုစာပေများကို သင်ကြားတတ်မြောက်ခဲ့သည်။ ထို့နောက် ဆရာတော်သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာတွင် တစ်နှစ်စီတိုင်း ဝိပဿနာတရားများကို ကြိုးစား ပွားများ အားထုတ်ခဲ့ပြီး သာသနာ့ဇောတိကမုခ်ဦးကျောင်းတွင် (၁၀) ရက်စခန်းများဖွင့်ကာ ဝါတွင်းကာလ ဥပုသ်နေ့များတွင် ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားများကို ဟောပြောပြသခဲ့သည်။ ည (၇) နာရီအချိန်တွင် ဝိသာခါအဖွဲ့များကို ပရိတ်၊ ပဌာန်း၊ ဓမ္မစကြာဒေသနာတော်များကိုသင်ကြားပို့ချပေးလျက်ရှိပါသည်။

သာသနာ့ဇောတိကမုခ်ဦးကျောင်းတိုက်ဆရာတော်ဖြစ်သော ဘဒ္ဒန္တတေဇဝန္တ၏ဝိဇာတမွေးနေ့မင်္ဂလာပွဲကို နှစ်စဉ် နှစ်တိုင်း တန်ဆောင်းလဆုတ် ၁၀ ရက်နေ့တွင် ပြုလုပ်ကျင်းပပါသည်။ ဆရာတော်၏မွေးနေ့ပွဲတွင် သံဃာအပါး (၅၀) ပင့်ဖိတ်ပြီး နှစ်စဉ် အသံမစဲမဟာပဌာန်း ရွတ်ဖတ်ပူဇော်ပွဲကိုကျင်းပပြုလုပ်လေ့ရှိပါသည်။ ဆရာတော်၏မွေးနေ့ပွဲတွင် ထိုင်းနိုင်ငံ၌ စာပေသင်ကြားနေသော အရှင်ဂန္ဓာဝုဒ (ဓမ္မာစရိယ) သည် ထိုင်းဒါယကာ၊ ဒါယိကာမများနှင့်စုပေါင်း၍ ဆရာတော်အား PRADO အမျိုးအစား ကားတစ်စီး လှူဒါန်းပါသည်။ ထို့နောက် ရန်ကုန်မြို့မှ ဒေါက်တာစိုးထွန်း + မခင်မျိုးနွယ်တို့မှ TOYOTA အမျိုးအစားကားတစ်စီး၊ စက်ရေတွင်းနှင့် ရေသန့်စင်တို့ကို လှူဒါန်းပါသည်။ ဆရာတော်၏မွေးနေ့ပွဲတွင် ခြင်းလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ဘောလုံးပွဲများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပါသည်။

ထိုမှတစ်ဖန် ၁၉၉၃ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ဘုရားကျောင်းဆောင်၏ အရှေ့ဘက်မြစ်သာမြစ်ကမ်းပါး ကုန်းမြင့်ထိပ်တွင် ဉာဏ်တော်အမြင့် (၁၈)တောင် လာဘသဒ္ဓိဆုတောင်းပြည့်စေတီတော်ကြီးကို အလှူဒါယကာ၊ ဒါယိကာမများ ပင့်ဖိတ်ထားသော သံဃာတော်များနှင့်



www.burmeseclassic.com

www.burmeseclassic.com

အတူ ရွှေထီးဖော်တင်လျှခဲ့၍ ယခုအခါ ရွှေရောင်တဝင်းဝင်းဖြင့် ဖူးမြော်မြင်တွေ့နိုင်ရပြီ ဖြစ်သည်။ ထို့အပြင် ဆရာတော်သည် အလျား (၂၂)တောင်၊ အနံ (၁၆) တောင်ရှိ နှစ်ထပ်သိမ်ကျောင်း။ အလျား (၃၅) တောင်၊ အနံ (၁၂) တောင်ရှိ နှစ်ထပ်ဆွမ်းစားကျောင်းဆောင်။ အလျား (၂၀)တောင်၊ အနံ (၁၂) တောင်ရှိ သိန်းသန်းငွေရတနာ ကျောင်းဆောင်နှင့် ကျောင်းအတွင်းရှိ ပရိဘောဂ အသုံးအဆောင်တို့မှာလည်း လိုလေသေးမရှိအောင် ပြည့်စုံလှသည်ကို တွေ့မြင်ရပါသည်။ ညဘက်တွင် လျှပ်စစ်အစီ(၁၃) ကောင် မီးစက်ဖြင့် မီးများထွန်းပေးထား သောကြောင့် ရုတ်တရက်အဝေးမှကြည့်သော် ပုပွားတောင်ကဲ့သို့ သာယာလှပါသည်။

ထို့ကြောင့် စာရေးသူက (၇) နှစ်တာဝန်ကျင့် ဤကဲ့သို့ တိုးတက်ရခြင်း၏ အကြောင်းရင်းသော့ချက်ကို ဆရာတော်အား မေးမြန်းလျှောက်သောအခါ ဆရာတော်မှအောက်ပါဂါထာတော်ဖြင့် ကျင့်စဉ်အချို့ကို ပြောပြပါသည်။ ယခု ဆရာတော်၏ ကျင့်စဉ်နှင့် ဂါထာတော်ကို သူရဇ္ဈပရိသတ်အတွက် မျှဝေခံစားနိုင်ရန် ဖော်ပြလိုက်ပါသည်။

"ဆရာတော်ရဲ့ ကျင့်စဉ်ကတော့ အဆင့်နှစ်ဆင့်ရှိပါတယ်။ မထမဆင့်ကို မပြောခင် ပဌာန်းဒေသနာတော်ကို ရွတ်ဖတ်ရခြင်းအကျိုးစွမ်းအား ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပြောပြချင်ပါတယ်။ အခုလို ဆရာတော်ရဲ့ မွေးနေ့ပွဲမှာ ပဌာန်းကျမ်းကြီးတွေကို နှစ်စဉ်အချိန်မှန်မှန်အသံစဲမဲမဟာပဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပပြုလုပ်ရခြင်းကြောင့် ကျောင်းစောင့်နတ်တွေ၊ သာသနာစောင့်နတ်တွေက ပဌာန်းတရားတော်နာကြားရပြီး သာခုအနှမောဒနာခေါ် ဆိုနိုင်ကြကာ ကျောင်းတိုက်ကိုစောင့်ရှောက်တတ်ပါတယ်။ နတ်ဒေဝတာတွေဟာ ပဌာန်းဒေသနာတော်ကြီးကို နှစ်စဉ်ပံ့မှန်နာကြားလိုတာကြောင့် ကျောင်းတိုက်ကြီးတည်တံ့ခိုင်မြဲတိုးတက်လာနိုင်ရေးအတွက် သူတို့မှာရှိကြတဲ့တန်ခိုးအမျိုးမျိုးတွေနဲ့ ကူညီပံ့ပိုးပေးတတ်ကြပါတယ်။ နောက်ပြီး ပဌာန်းကျမ်းကြီးတွေကို စီးဖြန်းမှု မြတ်စွာဘုရားရှင်ရဲ့ရွှေဉာဏ်တော်ကြွန်မြူးကာ ရောင်ခြည်တော်ခြောက်သွယ်ထွက်လာတာမို့ ပဌာန်းကျမ်းတွေကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် ဘုရားရှင်ရဲ့ရောင်ခြည်တော်တွေကို တသပူဇော်နေရသလိုပါပဲ။ လွန်စွာကြည်နူးဖို့ကောင်းလှပါတယ်။ဆရာတော်က ပဌာန်းပစ္စယုဒ္ဒေသလို့ခေါ်တဲ့ ၂၄-ပစ္စည်းကို အနုလုံပဋိလုံအစုန်အဆန်ရွတ်ပွားပူဇော်လာတာကြာခဲ့ပါပြီ။ တကယ်တော့ အဲဒီကျင့်စဉ်ဆိုတာဟာ ဆရာတော်ရဲ့အောင်မြင်ရေးကျင့်စဉ်ဆိုရင်လည်း မမှားပါဘူး။ ဘာလို့လဲဆိုတော့ ပဌာန်း ၂၄ ပစ္စည်း အနုလုံ၊ ပဋိလုံကို နေ့စဉ်ရက်မပျက်ဘဲ စွဲစွဲမြဲမြဲရွတ်ဆိုနေတာကြောင့် သာသနာပြုလုပ်ငန်းတွေအစစအရာရာကို တိုးတက်လာခဲ့ပါတယ်။

ပဌာန်း- ၂၄ပစ္စည်းကို ပဌာန်းကျမ်းကြီးတွေမဟုတ်လို့ အစွမ်းထက်တာနည်းလိမ့်မယ်လို့တော့ မထင်လို့ကြပါနဲ့။ တကယ်တော့ ၂၄-ပစ္စည်းဆိုတာ ပဌာန်းကျမ်းကြီးတွေအားလုံးကို အနှစ်ချုပ်ထားတာပါ။ အောင်မြင်မှုရလာမှာပဲ၊ ကောင်းကျိုးတွေပေးလာမှာပဲလို့ ယုံယုံကြည်ကြည်နှလုံးသွင်းပြီး နံနက်၊ နေ့လယ်၊ ည (၃) ခေါက်စီကို ပုံမှန်အဓိဋ္ဌာန်ပြုလို့ ရွတ်ဆိုကြည်ညိုသွားကြရင် ၂၄-ပစ္စည်း ရဲစွမ်းရည်သတ္တိထက်မြက်မှုကို လက်တွေ့နားလည်လာကြမှာဖြစ်ပါတယ်။

ပဌာန်းပစ္စယုဒ္ဒေသ
အနုလုံ၊ ပဋိလုံကျင့်စဉ်

■ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ဝိဂတပစ္စယော၊အဝိဂတပစ္စယော၊ အဝိဂတပစ္စယော၊ ဝိဂတပစ္စယော၊ နတ္ထိပစ္စယော၊ အတ္ထိပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ မဂ္ဂပစ္စယော၊ ဈာနပစ္စယော၊ ဣန္ဒြိယပစ္စယော၊ အာဟာရပစ္စယော၊ ဝိပါကပစ္စယော၊ ကမ္မပစ္စယော၊ အာသေဝနပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ ပုရေဇာတပစ္စယော၊ ဥပနိဿယပစ္စယော၊ နိဿယပစ္စယော၊ အညမညပစ္စယော၊ သဟဇာတပစ္စယော၊ သမနန္တရပစ္စယော၊ အနန္တရပစ္စယော၊ အဓိပတိပစ္စယော၊ အာရမ္မဏပစ္စယော၊ ဟေတုပစ္စယောတိ။ ။

ဒုတိယအဆင့်ကတော့ ကြွေရည်သုတ်သံဇလုံကောင်းကောင်တွင် ရိုးရာသာသနာပွဲတစ်ပွဲပြုပြင်ပေးရမည်ဖြစ်ကြောင်း အုန်းနှင့်ငှက်ပျောသီးကို လုံးဝမြေမထိရ၊ မြေပေါ်မကျမချမိစေရန် အထူးလိုအပ်ကြောင်း၊ ပွဲအပ်ရမည့်နေ့ရက်ကား မြန်မာလဆန်း ၉ ရက် တနင်္လာနေ့နှင့်ကြုံရန် လွန်စွာအရေးကြီးကြောင်း (ထိုနေ့နှင့်ကြုံကြိုက်က ပို၍အောင်မြင်ကြောင်း ပြောပြပါသည်။) ထိုနေ့နံနက် (၉) နာရီတွင် သန်ပြန့်သော ဘုရားကျောင်းဆောင်တွင် သာသနာပွဲများကို ဘုရားရှင်အားကပ်လှူပြီး အနှန့်ငါးပါးကန်တော့၊ ငါးပါးသီလ ဆောက်တည်ကာ မိမိရရှိသော ပရိတ်၊ ပဌာန်း၊ မမွှစကြာဒေသနာတော်များကို ရွတ်ဆိုပူဇော်ပြီး အောက်ပါဂါထာကို ဂါထာတစ်ပုဒ်ပြီး ပုတီးတစ်လုံးချဖြင့် နေ့စဉ် မနက်၊ ည အချိန်မှန်စိပ်ပြီး အဓိဋ္ဌာန်ပြုရုံမျှနှင့် အောင်မြင်တိုးတက်ပြီး ကြဲစည်တိုင်း အောင်သရဖူဆောင်းနိုင်သောဘဝပိုင်ရှင်အဖြစ် ရရှိနိုင်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

ကြဲစည်တိုင်းအောင်မြင်မှုရရှိစေသော ဂါထာတော်

■ စိန္တိတေ စိန္တိတေဌာနေ
ဇိတံ ဇိတံ ဥပဂုတ္တံ
နမာမိ မဟာထေရံတံ
မမ စိန္တာ သမိဇ္ဈတု။

စိန္တိတေ စိန္တိတေ ဌာနေ - ကြဲစည်သမျှ အာရာဂတိုင်း၌၊ **ဇိတံဇိတံ** - ကြဲစည်တိုင်း ကြဲစည်တိုင်း မဆိုင်းအောင်မြင်တော်မူနိုင်သော၊ **တံ ဥပဂုတ္တံ မဟာထေရံ** - ထိုဥပဂုတ္တမထေရ်မြတ်ကြီးကို၊ **အဟံ** - ကြဲစည်တိုင်းဗင် မဆိုင်းအလျှင် အောင်မြင်လိုသော အကျွန်ုပ်သည်၊ **အာဒရံ** - လေးမြတ်ရှိသေစွာ၊ **နမာမိ** - လက်ဆယ်ဖြာမိုး ရှိခိုးကန်တော့ပါ၏။။

တေန - ဤသို့ရှိခိုးပါရ မြတ်ပုည ကြောင့်၊ **မမ** - အကြဲအစည်ဟူသမျှ အောင်မြင်မှုရလိုသော အကျွန်ုပ်အား၊ **စိန္တာ** - ကြဲစည်သမျှ ကိစ္စဥသုံ အလုံးစုံသည်၊ **သမိဇ္ဈတု** - ကြဲတိုင်းပေါင်းအောင်မြင်ပြီးမြောက်နိုင်သောသူဖြစ်ပါစေသား အရှင်ဘုရား။

ဆောင်ထင်အောင်လင်း


www.burmeseclassic.com

www.burmeseclassic.com

မိဖုရားစောမွန်လု တည်ထားကိုးကွယ်ခဲ့သည့် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျောင်းရွာက သစ္စာဓိဋ္ဌာန် ရွှေစာရံစေတီတော်မြတ်ကြီး

ဒုဋ္ဌဝတီမြစ်ငယ်မြစ်မြောက်ဘက် ရွှေစာရံကျေးရွာ အဘယခေမာကုန်းသာယာ၌ ကိန်းဝပ်တော်မူလျက်ရှိသော ရွှေစာရံစေတီတော်မြတ်သည် မိဖုရားစောမွန်လုကောင်းမှုဖြစ်၏။ စောမွန်လုသည် မောရှမ်းပြည် မိုင်းမောဝ်ဟော်နန်း ရှင်စောဘွားကြီးသမီး မိုင်းမောဝ်ဧကရီ ရှမ်းမင်းသမီးတစ်ပါး ဖြစ်သည်။ ပုဂံပြည့်ရှင်အနော်ရထာဘုရင်ထံ မိုင်းမောဝ်စော်ဘွားကြီးမှ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် သမီးတော်စောမွန်လုကို ဆက်သခဲ့သည်။

စောမွန်လုကား မိန်းမမြတ်တို့၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသည်။ အသားအရေကောင်းခြင်း၊အရွယ်ကောင်းခြင်း၊ နူးညံ့သိမ်မွေခြင်း၊ အရိုးအဆစ်ပြေပြစ်ခြင်း၊ ဆံပင်ကောင်းခြင်းဟူသည့် ကောင်းခြားငါးဖြာတို့ကိုလည်း ပိုင်ဆိုင်



ဗိဖုရားစောမွန်လု တည်ထားသော သမိုင်းဝင် ရွှေစာရံစေတီတော်



နားတောင်းကျ ဆုတောင်းပြည့်စေတီ






www.burmeseclassic.com

www.burmeseclassic.com



ရွှေစာရုံဘုရားပရဝဏ်အတွင်းရှိ ရွှေစာပျံစေတီတော်



ရွှေစာရုံစေတီတော်
မဟာမုနိဗုဒ္ဓဆင်းတုတော်မြတ်ကြီး
(ရသေ့ကြီးဦးခန္ဓိကောင်းမှု)



စောမွန်လုအား စော်တွာကြီးအကြိုထောက်ရာ သီပေါ ဘော်ကြိုဘုရား



ရွှေစာရုံစေတီတော်မှရွှမ်းပွားတော်ကြီး



ရွှေစာရုံဘုရားရင်ပြင်တော်အဝင်မုခ်

ထားသည်။ ချောမောလှပသော သူမ၏ အလှကား သူမဘဝအား အရှုပ်ဆိုး အကျည်းတန်စေသည်ဟုဆိုရချေမည်။

ပုဂံနန်းတော်၌ အနော်ရထာမင်း၏ အနီးကပ်စေပါးခြင်းကိုခံရသော စောမွန်လှသည် အခြားမိဖုရားတို့ အမြင်တွင် မျက်စပိုးဝင်ဖြစ်နေသည်။ ရွှေနန်းရှင်က စောမွန်လှအပေါ် အရေးတော်ပေးလေလေ အခြားမိဖုရားတို့မှ မနာလိုမရှုဆိတ်ဖြစ်လေလေရှိနေသည်။ ဤသို့ ဘဝတူမိဖုရားများက မိမိအား မလိုလားသည်ကို စောမွန်လှအနေဖြင့် သဘောပေါက် သည်။

စောမွန်လှသည် မိမိ၏အောင်မြင်မှုကိုထိန်းသိမ်းပြီး မိဖုရားကောင်းတစ်ပါး ဖြစ်အောင်နေပြီး သက်သေပြလိုက်မည်ဟု ခံယူထားသည်။ သို့သော်လည်း အနော်ရထာမင်းနှင့် စောမွန်လှကား ရှေးကရေစက်ပါသလောက်သာ ဆုံစည်းပြီး ဖူးစာပါသဖြင့် ညားကြကာ ကံကုန်သောကြောင့် ခွဲခွာကြရလေသည်။

■ စောမွန်လှ ဇာတိဌာနေ မိုင်းမော်ပြည်

မိုင်းမော်(မိုင်းမော)ဒေသသည် တိုစဉ်အခါက အလွန်စည်ကားသော မော်ရှမ်းတို့၏ တိုင်းပြည်ကြီးစဉ်ခဲ့သည်။ ၎င်းဒေသသည် ဧရာဝတီမြစ်သို့စီးဝင်သော အရှေ့ဘက်ရှိ နန့်မောမြစ်၏

www.burmeseclassic.com

www.burmeseclassic.com


လက်ယာဘက်ကမ်း၌ တည်ရှိသည်။ မူဆယ်မြို့အနီး စယ်လန့်ရွာလေးသည် စောမွန်လှခေါ် စဝ်မွမ်းလခေါ် မိုင်းမောဝ် ကေရိ၏မွေးရာဇာတိဖြစ်ခဲ့သည်ဟုဆိုကြ၏။ ယခုအခါ မိုင်းမောဝ်မြို့ဟောင်း စေတီပုထိုးနှင့်သာသနိကအဆောက်အအုံများတည်ရှိ၍ ရွှေလီသမိုင်းယဉ်ကျေးမှုဖြစ်လျက်ရှိသည်။

ရှေးအခါက ရွှေလီမြို့ဟူ၍ဖြစ်လာသည့် 'မုံလှ' ကို 'နှင်းမြူမြို့' ဟုခေါ်ကြသည်။ ခရစ်နှစ် ၁၉၃၂ခုတွင် ရွှေလီမြို့ကို အမှီတံကဲပြု၍ နှင်းမြူမြို့ကို ရွှေလီမြို့ဟုတရားဝင်အမည်ပေးခဲ့၏။ရွှေလီမြို့သည် တောတောင်အလှများဝန်းရံလျက် ရေမြေသဘာဝတို့ ကောင်းမွန်မှုကြောင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောမြို့ဟုလည်း အဓိပ္ပာယ်ရရှိသည်။

မြန်မာနိုင်ငံနှင့်ရွှေလီဒေသသည် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ရွှေလီမြို့၏ အနောက်မြောက်ဘက်၊ အနောက်တောင်ဘက်နှင့် အရှေ့တောင်ဘက်တို့တွင် မြန်မာ့တောတောင်ရေမြေများဖြစ်သည်။ ဤသို့ တစ်ဆက်တစ်စပ် တည်းဖြစ်နေသော ယင်းဒေသကို ရွှေလီချိုင့်ဝှမ်းဟုလည်း ခေါ်ကြသည်။

မောဝ်ရှမ်းတို့ရွှေပြည် မိုင်းမောဝ် ဒေသသည် လှိုမြောင်တောင်စဉ် အဆင့်ဆင့်တို့ ပတ်ရံကာလျက်ရှိသည်။ သစ်တော၊ ဝါးတောများကား ပင်ခြင်းယှက်၍ ညှိညှိဆိုင်းဆိုင်းအုပ်မိုင်းလျက် ရှိပြီး စိမ့်စမ်းရေတံခွန်များနှင့် အမြဲလိုလို အေးမြနေသည်။အဆန်းတကြယ်ပေါက် ရောက်သောတောပန်းအလှများ၊ ဝတ်ရည်စုပ်သောပျားပိတုန်းများ၊ ကျေးငှက်သာရကာများနှင့် မြင်မြင်တကာ ရင်သပ်ရှုမောစရာဖြစ်နေသည်။


ရေမြေသဘာဝကြီးက ဖန်ဆင်း၍ ပေါက်ဖွားလာသော မောဝ်ရှမ်းသူတို့သည် လူတွင်မက နတ်သမီးတမျှ လှပကြသည်။ အသားအရေဖြူဖွေး၍ နဂိုထားသောအရပ်အမောင်း၊ ပြေပြစ်လှပအချိုးအဆစ်ကျနသည့်ကိုယ်ခန္ဓာ၊ ရှည်လျားနက်မှောင်၍ ပိတုန်းရောင်ဆံခြည်မျှင်တွေက တင်ပါးအောက်အထိရောက်၍ အပေါ်သို့ပင် ကော့ပျံနေသည်။



ရွှေစာရံဘုရားအနောက်ဘက်လှည့်ရုပ်ပွားတော်၌ စာရေးသူ ရွှေသက်နိုးကဝ်လှုစဉ်




စောမွန်လှု တည်ထားသော ရွှေစာရံစေတီတော်မှ ရုပ်ပွားတော်တစ်ဆူ




ဘုရား၌ ခင်းကျင်းရောင်းချနေသော ဈေးဆိုင်တန်း



ရွှေစာရံဘုရား အာရုံခံတန်ဆောင်းတစ်နေရာ



စောမွန်လှု နှားတောင်းကျရာ ချောင်း



ရွှေစာရံစေတီတော်မှပြုလုပ်သွက် ထနောင်း ပင်အောက်၌ ကားနားချရပ်ပြီး အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



မိဖုရားစောမွန်လှစ်ပုံကို ပန်းချီဆရာက
မှန်းဆရေးဆွဲထားစဉ်



မိဖုရားစောမွန်လှစ်ပုံကို ပန်းချီဆရာက
မှန်းဆရေးဆွဲထားစဉ်



ဘုရားဓါတ်ကြာမ စောမွန်လှ



မိုင်းမော်ဒေသ၌ နေထိုင်သူတို့သည် ဗုဒ္ဓဘာသာအဆုံးအမအောက်၌ ကြီးပြင်းလာသူများဖြစ်၍ စိတ်နှလုံးထားကောင်းမွန်ကြသည်။ နှုးညံ့သိမ်မွေ့၍ သူတော်ကောင်းတရား၌လည်း ထုံမွေ့ကြသည်။ စောမွန်လှသည် ဒေသစရိုက်နှင့် ရုပ်ရည်အဆင်းက လိုက်ဖက်ညီသည်။ မောဝ်ရှမ်းရွှေပြည် မိုင်းမော်ဧကရီပီသလှသည်။

အနော်ရထာမင်းထံ ခမည်းတော်စော်ဘွားကြီးက သူမကို မိဖုရားအဖြစ်ဖြင့် ဆက်သခဲ့သည်။ ထိုစဉ်က သူမအနေဖြင့် မိုင်းမော်ပြည်ကိုစွန့်ခွာ၍ ပုဂံနေပြည်တော်သို့ လိုက်ပါလိုစိတ်ရှိချင်မှရှိပေလိမ့်မည်။ ခြွေရံသင်းပင်းများနှင့် မောဝ်ရှမ်းပြည်ကို ခွဲခွာချင်မည်မဟုတ်ခေ။ သို့သော်လည်း နှစ်နိုင်ငံ၏အကျိုးကိုမျှော်ကိုးပြီး ဖခမည်းတော်၏စကားကို မငြင်းဆန်ခဲ့ခြင်းဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ ရှမ်းမင်းသမီးလေး စဝ်မွမ်းလခေါ်မိုင်းမောဝ်ကေရီသည် ငြိမ်းချမ်းရေးမိဖုရား စောမွန်လှဖြစ်ခဲ့ရလေသည်။

■ သမိုင်းကပြောကြား သာကီနွယ်ဖွား

မြတ်စွာဘုရားပွင့်ထွန်းတော်မမူမီ ရှေးအခါဆီက ကောသလတိုင်းနှင့် ပဉ္စာလရာဇတိုင်းတို့တွင် မင်းအသီးသီးတို့ စိုးစံတော်မူကြ၏။ ပဉ္စာလရာဇမင်းက ကောလိယမင်းအား အမျိုးဆက်လိုသောဌာ အမတ်တို့ကိုစေ၍ မင်းသမီးတစ်ပါးပေးရန်တောင်း၏။ကောလိယမင်းက ဇာတိမာန်ဖြင့် မချေမငံသောစကားကိုဆိုလေသဖြင့် နှစ်နိုင်ငံစစ်ဖြစ်ပွားကြ၏။ ပဉ္စလရာဇမင်းစစ်နိုင်၍ ကောလိယ၊ ဒေဝဒဟ၊ ကပိလဝတ်မည်သောသုံးပြည်ထောင်သော သာကီဝင်မင်းတို့ပျက်စီးကြလေ၏။

ထိုသို့ပျက်စီးသောအခါ ကပိလဝတ်ပြည်မှ အဘိရာဇာမည်သော သက္ကသာကီဝင်မင်းသည် ဗိုလ်ခြေအလုံးအရင်းနှင့် မရွှိမဒေသမှဖဲ့ခွာလာခဲ့၏။ ၎င်းနောက် သယ်သရဋ္ဌမည်သော တကောင်းပြည်ကြီးကိုတည်ထောင်၍ စိုးစံတော်မူ၏။ အဘိရာဇာမင်းကြီးက နတ်ရွာစံတော်မူလျှင် သားတော် ကံရာဇာကြီးနှင့် ညီတော်ကံရာဇာငယ်တို့ နန်းလုကြ၏။

ညီတော်နိုင်လျှင် နောင်တော်ကံရာဇာကြီးသည် အလုံးအရင်းနှင့် ရောဝတီမြစ်ကိုစုန်ခဲ့ပြီးလျှင် သလွာဝတီမြစ်ကိုဆန်ပြီး ကလေးတောင်ညိုကို ရာဇဂြိုဟ်သမုတ်၍ ခြောက်လဗိုလ်ဝင်ခံတော်မူ၏။ ထိုအခါ သုနာပရန် ပျူကမ်းယံ၊ သက်တို့က မင်းလျာတော်းသောကြောင့် သားတော်မုဒုဇိလ္လကိုပျူတို့အရပ်တွင် မင်းပြုစေ၏။ ကံရာဇာကြီးမင်းသည် ကစ္စပနဒီဖြစ်အရှေ့ဘက်ကျောက်ပန်းတောင်းကို တည်ထောင်၍စံတော်မူ၏။ ထိုအခါမှ ရှေးမာလာယုမင်း

www.burmeseclassic.com

www.burmeseclassic.com

တည်ထောင်ရင်းဖြစ်သော ဓညဝတီမြို့ဟောင်းကို သိမ်းယူ၍ တည်ထောင်စံတော်မူ၏။

ညီတော် ကံရာဇာငယ်မူကား တကောင်းပြည်တွင် ခမည်းတော်၏ အရိုက်အရာ ရွှေထီးနန်းကိုစိုးစံတော်မူ၏။ ဤသို့လျှင် တကောင်းပြည်ကြီးဌ အဘိရာဇာမင်းကြီးမှစတင်၍ သုံးကျိပ်သုံးယောက်သောမင်းတို့သည် သယ်သရဌမည်သော တကောင်းပြည်ကြီးဌ အစဉ်အတိုင်း မင်းပြုတော်မူကုန်၏။

သုံးကျိပ်သုံးပါးမြောက် ဘိန္နကရာဇာမင်းလက်ထက်တွင် တကောင်းပြည်ကြီးကို ဂန္ဓာလရာဇ်တိုင်း စိန့်ပြည်က တရုတ်တရက်တို့နှောင့်ယှက်လာ၏။ သယ်သရဌမည်သော တကောင်းပြည်ကြီးပျက်စီးလေလျှင် ဘိန္နကရာဇာမင်းကြီးသည် စုရုံးမိသမျှသော ဗိုလ်ခြေစစ်သည်အလုံးအရင်းတို့ဖြင့် မလည်ချောင်းသို့ဝင်၍နေတော်မူ၏။ ထိုအရပ်၌ ဘိန္နကရာဇာမင်းကြီးက်တော်ကုန်သော် ဗိုလ်ပါအလုံးအရင်းတို့ သုံးစုကွဲလေ၏။ တစ်စုသောလူတို့ကား အရှေ့မျက်နှာ ရှမ်းတစ်ဆယ့်ကိုးခရိုင်တည်ထောင်၍နေကြလေ၏။ ထိုမှစ၍ ဘိန္နကရာဇ်မင်းမျိုးဟုတွင်လေ၏။

ဘိန္နကရာဇ်မင်းမျိုးတို့ အခြေချနေထိုင်သောဒေသသည် ဧရာဝတီမြစ်အရှေ့၊ ရွှေလီမြစ်၏လက်ယာဘက်တွင် ဖြစ်သည်ဟုဆိုကြကုန်၏။ ၎င်းဒေသ၌ သာကီဝင်မျိုးနွယ်တို့သည် တိုင်းပြည်တည်ထောင်၍ ကိုယ့်မင်းကိုယ့်ချင်းဖြင့် နေလာခဲ့ကြ၏။ ထိုမှစ၍ မဟာနွယ်သနင်း မောဝ်မင်းတို့ဘောင် ကိုးပြည်ထောင်' ဟူ၍ ဖြစ်ထွန်းပေါ်ပေါက်ခဲ့လေသည်။

မောဝ်ကိုးပြည်ထောင်ကို အစိုးရသော မိုးမောဝ်ဟော်နန်းရှင်စော်ဘွားကြီးသည် တိုင်းပြည်ကို မင်းကျင့်တရားဆယ်ဖြာအားနှင့်အုပ်ချုပ်တော်မူသည်။ ကြင်ရာတော် မဟာဒေဝီမိဖုရားကြီးကလည်း မိန်းမမြတ်တို့တွင်ရှိအပ်သော အဂ်ါရုပ်နှင့်ပြည့်စုံလှသည်။ နေနှင့်လ၊ ရွှေနှင့်မြသဖွယ် လိုက်ဖက်ညီလှသော မင်း၊ မိဖုရားတို့မှ မြူမွန်ကင်းသော ညတစ်ညဉ့် သားတော်နှင့် သမီးတော်အမြွာပူးလေးနှစ်ပါးကို မိုင်းမောဝ်ဟော်နန်းစနွေဆောင်တွင် ဖွားမြင်ခဲ့သည်။

စော်ဘွားကြီးသည် သားတော်နှင့် သမီးတော်အား အမည်မှည့်ခေါ်အံ့သောအချိန်၌ ပညာရှိမှူးမတ်သုခမိန်တို့ကိုတိုင်ပင်လေ၏။ သားတော်ကို မောဝ်ရွှေပြည်ကြီး၏ အညွှန့်အညောက်ဟူသောအဓိပ္ပာယ်ဖြင့် 'စဝ်နော်မိန်း' ဟု တွင်စေ၏။ သမီးတော်ကိုလည်း မိန်းမမြတ်တို့၏အဆင်းအင်္ဂါ၊ ငါးဖြာသောလက္ခဏာနှင့် တင့်တယ်စေသောဟူ၍ 'စဝ်မွမ်းလ' ဟု တွင်စေလေ၏။

'စဝ်မွမ်းလ' ဟူသော အမည်ကား 'အလှဂုဏ်ကြွယ်၍ တင့်တယ်သူ' ဟု လည်းကောင်း၊ 'အလှဂုဏ်ကြွယ်သော အရှင်မ' ဟု လည်းကောင်း အဓိပ္ပာယ်ရရှိသည်။ ထို့ကြောင့် စဝ်မွမ်းလ(ခ)ရှင်မွန်လ(ခ)စောမွန်လှသည် မောဝ်တို့ပြည်တွင် အလှကေရီတစ်ပါးဖြစ်ခဲ့လေသည်။

■ အနော်ရထာမင်း ဂန္ဓာလရာဇ်တိုင်းသို့ သွား၍ စွယ်တော်တောင်းခြင်း

မြတ်စွာဘုရားရှင်က -

ပုဂံပြည့်ရှင် အနော်ရထာဘုရင်သည် ရှေး၌ ပလလည်းဆင်ဖြစ်စဉ် ငါ့အား ဝါတွင်းသုံးလပတ်လုံးလုပ်ကျွေးခဲ့ဖူးသည်။ ယခုလည်း ငါ၏ သာသနာတော်ကို ခိုးမြောက်ပေသည်။ နောင်လာလတ္တံ့သောအခါ ငါကဲ့သို့ ဘုရားဖြစ်လိမ့်မည်"

ဟူ၍ဗျာဒိတ်ကြားတော်မူခဲ့သည်။

ဘုရားဗျာဒိတ်တော်ရ အနော်ရထာမင်းသည် ပုဂံပြည်၌ သမုဒ္ဒရာဇ်မင်းတစ်ကြိမ်၊ အနော်ရထာမင်းတစ်ကြိမ်နှင့် ကျစွာမင်းတစ်ကြိမ် သုံးဘဝတိုင်တိုင် မင်းသုံးကြိမ်ဖြစ်ခဲ့သည်။

ပုဂံပြည်၌ အနော်ရထာမင်းမတိုင်မီက အရည်းကြီးတို့၏လွဲမှားသောအယူနှင့် နတ်နဂါးတို့အား ကိုးကွယ်ခဲ့ကြသည်။ သထုံပြည်မှ ဓမ္မဒဿီမည်သော အရှင်အရဟံမြတ်သည် ပုဂံပြည်သို့ကြွလာတော်မူသည်။ ထိုမှစ၍ ပုဂံပြည်၌ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားထွန်းကားလာခဲ့သည်။

အနော်ရထာမင်းသည် သာသနာတော်၌ အလွန်ပင်သဒ္ဓါတော်မူလှက်ရှိ၏။ ဂန္ဓာလရာဇ်တိုင်း၌ ဗုဒ္ဓမြတ်စွာယ်တော်တစ်ဆူရှိသည်။ ထိုစွယ်တော်ကို တရုတ်ဥတည်ဘွားထံမှ တောင်းယူ၍ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အား ကိုးကွယ်ရာဖြစ်စေသော်။ သာသနာတော် ငါးထောင်တိုင်တိုင် အကျိုးဖြစ်ထွန်းစေမည်ဟု အကြံတော်ဖြစ်၏။

မင်းကြီးသည် နှိုင်ငံတော်အလုံး၌ ရှိသော ဆင်၊ မြင်း၊ ဗိုလ်ပါများကိုစုံရုံး၍ နတ်မြင်းသည်လေးစီးနှင့် ရွှေဖျဉ်းညီနောင်တို့ကိုခေါ်ပြီး တရုတ်ပြည်သို့ချီတော်မူ၏။ ၎င်းသို့ရောက်တော်မူလျှင် တရုတ်ဥတည်ဘွားလည်း မြို့တံခါးကို ပိတ်၍ အတင်းအကျပ်ခံ၍နေလေ၏။ မင်းကြီးလည်း အကြောင်းစုံကို လေ့လာလိုသဖြင့် ကျန်စစ်သား၊ ငထွေးရူး၊ လုံးလက်ဖယ်၊ ညောင်ဦးဖီးနှင့် ရွှေဖျဉ်းညီနောင်တို့ကိုခေါ်၍ ဥတည်ဘွား၏ဆရာရသေ့ကျောင်းသို့သွားတော်မူ၏။ ဥတည်ဘွားဆရာရသေ့သည်လည်း အရံတစ်သိန်းနှင့်တကွ ကျောင်းတွင်နေနှင့်သည်ကိုတွေ့တော်မူ၏။

ထိုရသေ့လည်း အနော်ရထာမင်းကြီးမှစ၍ နတ်မြင်းသည်လေးစီး၊ ရွှေဖျဉ်းညီနောင်တို့သည် အဖိုးအတိုင်းမသိသောတန်ဆာတို့ကိုဝတ်စားဆင်ယင်ကုန်သည်ဖြစ်၍ ဤသူကား မင်းဧကရာဇ်ဖြစ်သည်၊ ဤသူကား အမတ်ဖြစ်သည်ဟူ၍အတတ်မသိလျှင် စုံစမ်းအံ့သောငှာ ကောင်းမွန်သိမ်မွေ့စွာသောနေရာနှစ်ခုကိုခင်းလေ၏။ အနော်ရထာမင်းလည်း ထိုနေရာနှစ်ခုကို အရိန္ဒမာကြိမ်လုံးဖြင့် ခတ်လေသော် တစ်ခုတည်းနေရာဖြစ်၍ ၎င်းနေရာထက်နေတော်မူ၏။ ကျန်စစ်သား အစရှိသော စစ်သူကြီးလေးယောက်၊ ရွှေဖျဉ်းညီနောင်တို့လည်း မင်းကြီးကို ရိုသေစွာခယမ်း၍နေကုန်၏။

ရသေ့လည်း -

"အဘယ်အရပ်မှ အဘယ်အကြောင်းကြောင့် ငါတို့တိုင်းပြည်သို့ လာရောက်ကြသနည်း"

ဟု မေးလေ၏။

မင်းကြီးလည်း -

"ငါကား အရိမဒ္ဒနာတွင်သော ပုဂါရာမပြည်ကြီးကို အစိုးရသော အနော်ရထာမင်းစောလျင်တည်း။ မြတ်စွာဘုရား၏စွယ်တော်မြတ်ကိုတိုးကွယ်ချင်သောကြောင့်တောင်းမည်လာသည်"

ဟု မိန့်တော်မူ၏။

ရသေ့လည်း အနော်ရထာမင်းစောစကားကိုကြား၍သော် ဥတည်ဘွားသို့ ထိုအကြောင်းကို ကြားလေစေ၏။

ဥတည်ဘွားလည်း အနော်ရထာမင်းချီလာသော စစ်သည်ကား ခုနစ်ကုဋေနှစ်သန်းမျှသာရှိသည်။ ဗိုလ်ပါနည်းလှသည်ဟူ၍ မလေးမစားပြုလေ၏။

အနော်ရထာမင်းလည်း -

"ငါသို့သောမင်းလာရောက်သည်ကို ဥတည်ဘွားသည် မဖူးမမြင်မထွက်

www.burmeseclassic.com

www.burmeseclassic.com

မနပ်နေသည်၊ နေရာသလော"

ဟူ၍ ရွှေဖျဉ်းညီနောင်တို့ကို ခေါ်တော်မူပြီးလျှင် -

"ညဉ့်အခါ ဥတည်ဘွားနန်းသို့ဝင်၍ ဥတည်ဘွားကိုယ်ကို ထုံးဖြင့်သုံးတန်သားချေ။ ငါသို့သောမင်းရောက်တော်မူသည်ကို မဖူးမမြင်မထွက်မနပ်နေသည်။ နေရာသလော။ ထိုကဲ့သို့နေလျှင် ဤထုံးသားရာကို ဖြတ်ပိုင်းပစ်မည်ဟူ၍ နံရံတွင်စာရေးထားခဲ့"

ဟု မိန့်မှာတော်မူလိုက်၏။

ရွှေဖျဉ်းညီနောင်တို့သည်လည်း ညဉ့်အခါတွင်ဝင်၍ ဥတည်ဘွားကိုယ်ကို ထုံးသုံးတန်သားလေ၏။ နံရံတွင်လည်း စာရေး၍ထားခဲ့၏။

ဥတည်ဘွားသည် ရွှေဖျဉ်းညီနောင်တို့သားခဲ့သည့်ထုံးသုံးချက်အပြင် နံရံမှစာများကိုမြင်၍ ပြင်းစွာကြောက်ရွံ့သွား၏။

ဦးတည်ဘွားနှင့်ပြည်သူတို့သည် သံသရာအလို့ငှာ စွယ်တော်မြတ်ကို ကိုးကွယ်၍ ပစ္စုပ္ပန်အကျိုးငှာ ကြေးစင်္ခိနတ်ကိုကိုးကွယ်ကြ၏။ ကြေးစင်္ခိနတ်ဟစ်သောအသံကို ကြားသည်ရှိသော် ဥတည်ဘွားအိစရှိသောပြည်သူအားလုံးတို့သည် စိုးရွံ့ထိတ်လန့်ခဲ့ညားသည်ဖြစ်၍ အနော်ရထာမင်းအားထွက်၍ဖူးတွေ့ကြကုန်၏။

ဘရုတ်ဥတည်ဘွားက -

"ငါ့အဆွေတော် အနော်ရထာမင်းစော ငါတို့နိုင်ငံသို့လာရောက်ကြောင်းကို ငါမသိပါ။ ယခုကြေးစင်္ခိနတ်ဟစ်သည်တွင်မှသိရသည်"

ဟူ၍ ဆို၏။

အနော်ရထာမင်းစောလည်း -

"အဆွေတော်တိုင်းနိုင်ငံသို့လာရောက်ကြောင်းကား လောကီ၏စည်းစိမ်ကိုအလိုရှိ၍ ငါလာတော်မူသည်မဟုတ်။ လောကုတ္တရာချမ်းသာသို့ရောက်မည့်အကြောင်း စွယ်တော်မြတ်ကို ကိုးကွယ်ချင်သောကြောင့်တောင်းမည်လာသည်"

ဟု မိန့်တော်မူ၏။ ဥတည်ဘွားလည်း-

"စွယ်တော်မြတ်ကျိန်းဝပ်တော်မူလိုသော် ပင့်တော်မူလော့"

ဟုဆို၏။

အနော်ရထာမင်းလည်း ပူဇော်သက္ကာရတို့ဖြင့်ပူဇော်၍ စွယ်တော်မြတ်ထားရာ၌ တောင်းပန်တော်မူလေ၏။ စွယ်တော်မြတ်လည်း ရောင်ခြည်တော်ခြောက်ပါးတို့ဖြင့် အလွန်တင့်တယ်စွာ တန်ဆာဆင်လျက် ကောင်းကင်သို့တက်တော်မူလျက် စကြံကြွ၍နေတော်မူ၏။ အနော်ရထာမင်းသည်လည်း ရတနာပန်းတောင်းကို ဦးခေါင်းထက်တွင်ရွက်လျက် အကြိမ်ကြိမ်တောင်းပန်တော်မူ၏။ စွယ်တော်မြတ်လည်း ကောင်းကင်မှဆင်းသက်တော်မမူဘဲနေတော်မူလေ၏။

ထိုအကြောင်းကို သိကြားမင်းမြင်သိလျှင် ကိုယ်ထင်ပြ၍ -

"ဤစွယ်တော်မြတ်ကို အရှင်မင်းကြီးကိုးကွယ်စေဟူ၍ ဘုရားရှင် ဗျာဒိတ်တော်မရှိချေ။ ဂန္ဓာလရာဇ်တိုင်းတွင် သာသနာတော်ငါးထောင်တည်ရစ်စေဟုသာ ဗျာဒိတ်တော်ရှိချေသည်။ မင်းကြီးကိုမူကား နဖူးသင်းကျစ်ဓာတ်တော်တို့ကို ကိုးကွယ်ရအံ့ဟု ဗျာဒိတ်တော်ရှိသည်။ ထိုနဖူးသင်းကျစ်ဓာတ်တော်မူကား သရေခေတ္တရာပြည်ကို အစိုးရသော ဒွတ္တဘေါင်မင်းကြီးသည် ကမ်းယံပြည်မှ ပင့်ဆောင်၍ စေတီတည်ပြီးကိုးကွယ်လေသည်။ ၎င်းနဖူးသင်းကျစ်ဓာတ်တော်ကို ဆောင်ယူ၍ ကိုးကွယ်လေ"

ဟု ဆို၏။

မင်းနှစ်ပါးလည်း ကြည်ကြည်သာသာပြောဟောတော်မူကြကုန်၏။ အနော်ရထာမင်းစောလည်း သိကြားမင်းအပ်သော မြရုပ်တုတော်ကို ပင့်ဆောင်တော်မူ၍ နေပြည်တော်သို့ ပြန်ကြွတော်မူခဲ့လေ၏။

■ မိုင်းမောဝ်ကေရိမင်းသမီးလေးမှ မိဖုရားဖြစ်လာသောစောမွန်လှ

အနော်ရထာမင်းသည် နေပြည်တော်သို့ ပြန်လည်၍ ကြွတော်မူရာ မိုင်းမောဝ်ရွှေပြည်သို့ဆိုက်ရောက်သော်မူလာ၏။ ထိုဌ် ခရီးကြုံကြိုက်သဖြင့် ဝင်ရောက်နားတော်မူရာ မိုင်းမောဝ်စော်ဘွားကြီးက ပဏ္ဏာခွေငံစွာ ဧည့်ဝတ်ပြု တော်မူ၏။ မင်းကြီးအား ရိုသေစွာဖြင့် ရွှေသင်ဖြူငါးချပ်ခင်းလင့်သည်တွင် အနော်ရထာမင်းလည်း အရိန္ဒမာကြိမ်လုံးနှင့်ခတ်လေ၏။ ထိုအခါ ရွှေသင်ဖြူငါးချပ်သည် မင်းကြီး၏ဘုန်းတော်ကြောင့် တစ်ထပ်တည်းဖြစ်လေ၏။ အနော်ရထာမင်းကြီးလည်း သင်ဖြူးထက်၌ စံတော်မူလေ၏။

မင်းနှစ်ပါးတို့သည် ချစ်ကြည်ရင်းနှီးဖော်ရွေစွာဖြင့် တွေ့ဆုံဆက်ဆံကြ၏။ အပြန်အလှန်လေးစားမှုဖြင့် နှစ်နိုင်ငံအကျိုးစီးပွားအတွက် အမြင်ချင်းဖလှယ်ကြ၏။ မိုင်းမောဝ်စော်ဘွားကြီးသည် နှစ်ပြည်ထောင်အနာဂတ်အတွက်ထည့်သွင်းစဉ်းစားတော်မူ၏။ မဟာဒေဝီမိဖုရားနှင့် သူ၏မှူးမတ်များကိုလည်း နှီးနှောတိုင်ပင်တော်မူ၏။

စော်ဘွားကြီးသည် မိုင်းမောဝ်ရွှေပြည်နှင့် ပုဂံနေပြည်တော်တို့ရှည်ကြာစွာ ချစ်ကြည်မှုအတွက် ရွှေလမ်းငွေလမ်းဖောက်မှ သင့်လျော်မည်ဟုယုံကြည်တော်မူ၏။ အနော်ရထာမင်းအား သမီးတော်စောမွန်လှကို လက်ဆောင်အဖြစ်ဆက်သခြင်းဖြင့် နှစ်ပြည့်တစ်ပြည်ရွှေတစ်ပြားတည်းခင်းရာဖြစ်ချေလိမ့်မည်ဟု သုံးသပ်တော်မူလေ၏။ ထို့ကြောင့် အနော်ရထာမင်းကြီးအား ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံသော ချစ်သမီးတော် စောမွန်လှကို ဆက်သတော်မူလေ၏။

စောမွန်လှလည်း ခမည်းတော်မင်းကြီး၏ ကောင်းမြတ်သောဆန္ဒတော်နှင့် လျော်ကန်မည်ထင်သောအစီအမံကို ငြင်းဆန်ခြင်းမပြုခဲ့ချေ။ ဣန္ဒြေတော်မဟုတ် မျက်နှာမည်းမကွက်ဘဲ ကျိုးနွံပျော်ဝင်စွာ လက်ခံ၏။ အနော်ရထာဘုရင်အား လက်ဆက်ပြီး မိဖုရားအဖြစ်ဖြင့် ပုဂံနေပြည်တော်သို့ အတူလိုက်ပါတော်မူခဲ့လေ၏။

■ စိတ်ရှည်သည်းခံသော ပါရမီရှင် စောမွန်လှ

မိုင်းမောဝ်မင်းသမီးလေး စောမွန်လှသည် ပုဂံနန်းတော်တွင် မိဖုရားတို့၏ အဆောင်အယောင် အဆင့်အတန်းကို ပြည့်ဝစွာ ခံစားရရှိခဲ့၏။ စောမွန်လှကား အကျင့်သီတင်း အဆင်းမျိုးနွယ်တို့နှင့် ပြည့်စုံ၍ ကောင်းမြတ်သောပြဖွယ်တို့ကို လစ်လပ်ခြင်းမရှိစေရချေ။ ပါရမီထူးသောမိန်းမမြတ်လေးဖြစ်သည့်အလျောက် ယရာဝါသ လူကီစွဉ်ငြီးငွေ့သည်ဖြစ်ရာလျှပ်ပေါ် လော်လည်ခြင်းမရှိခဲ့ပေ။ ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မသာဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌုဇုကမ္မ ဟူသည့် ပုညကိရိယာဆယ်ပါးဖြင့် အခါခပ်သိမ်းမွေ့လျော်နေလေ့ရှိ၏။

စောမွန်လှသည် ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး စသော ပစ္စည်းလေးပါးဖြင့် သာသနာတော်ကြီးကို ခိုးဝှေ့ထောက်၏။ အရှင်အရဟံမထေရ်မြတ်ကိုလည်း မပြတ်ဆည်းကပ်ကိုးကွယ်တော်မူခဲ့၏။ သာသနာတော်ကို ဘုန်စွာခိုးမြောက်တော်မူသည့် အနော်ရထာမင်းကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com

မိဖုရားစောမွန်လှတို့၏ ထောက်ပံ့မှုကြောင့် ပုဂံနေပြည်တော်သာသနာတော်ကြီးသည် နေလပမာထွန်းလင်းတောက်ပလာခဲ့လေ၏။

စောမွန်လှ၏ကံကြမ္မာဖန်တီးမှုကား နှစ်ကာလ ကြာမြင့်လာသည်နှင့်အမျှ အလှည့်အပြောင်းတစ်ရပ်ဖြစ်လာလေ၏။ လှေကားထစ်တို့ကား မြင့်လာလေ အတက်ရ ခက်ခဲလေလေဖြစ်၏။ သူမ အောင်မြင်မှုကို အခြားသောမိဖုရားတို့က မနာလိုမှုဆိတ်ဖြစ်လာကြ၏။ ဘုရင်မင်းမြတ်အား ကုန်းချောကုန်းတိုက် စကားများဖြင့် နားဝင်အောင်လျှောက်ကြားလာ၏။

စောမွန်လှသည် သူတို့တွေ့ကဲ့ရဲ့သဖြင့်ပြုမှာ မိမိကိုအထင်ကြီးလို့၊ သူတို့ဖိနှိပ်လာတာ မိမိကိုကြောက်လို့၊ သူတို့တစ်တွေမနာလိုဖြစ်တာ မိမိအောင်မြင်မှုကို မနှစ်မြို့ကြလို့ဟုသဘောပေါက်ထား၏။ သည်းခံခြင်း၏နောက်မှာတော့ အောင်မြင်မှုများရှိတတ်သဖြင့် ကြိတ်မိတ်အောင့်အည်းပြီးခံခဲ့လေ၏။ သို့သော်လည်း ကံတရားက မိဖုရားစောမွန်လှကို မျက်နှာသာမပေးခဲ့ချေ။ စောမွန်လှသည် နေရင်းဒေသသို့ ပြန်ရန်အကြောင်းပေါ်ပေါက်ခဲ့လေ၏။

မိဖုရားစောမွန်လှ နားတောင်းတွင် မွေတော်ကိန်းဝပ်၍ အရောင်အဝါထွန်းတောက်သည်ကို မောင်းမတို့မြင်လျှင် ဇော်ဂနိဒ်စုန်းဖြစ်ကြောင်း မင်းကြီးအား လျှောက်လေ၏။ မင်းကြီးလည်း ကြည့်ရှုတော်မူလျှင် မိဖုရားစောမွန်လှ၏နားတောင်းမှ အရောင်အဝါတောက်သည်ကို မြင်တော်မူ၏။ စောမွန်လှသည် မိဖုရားမောင်းမတို့လျှောက်သည့်အတိုင်း ဇော်ဂနိစုန်းအမှန်ပင်ဖြစ်သည်ဟုယုံကြည်တော်မူလေ၏။

အနော်ရထာမင်းလည်း စောမွန်လှကို ရှေ့တော်သို့ခေါ်၍ စောမွန်လှကား ဇော်ဂနိစုန်းမကောန်ဖြစ်သည်။ ငါ၏နန်းတော်နှင့်မထိုက်တန် နေရင်းဒေသသို့ပြန်စေဟု အမိန့်တော်ချမှတ်လိုက်လေ၏။ စောမွန်လှလည်း မူလကတည်းက ဤသို့ဖြစ်လာမည်ကို ကြိုတင်တွက်ဆထားပြီးဖြစ်၍ ပါရမီရှင်တစ်ဦးပီပီ ဝမ်းနည်းကြေကွဲခြင်းမရှိခဲ့ချေ။ ကုန်းချောသူတို့၏ မဟုတ်မမှန် လုပ်ကြံဇာတ်ကို မင်းကြီးအားလျှောက်ထားနေလျှင် နန်းတွင်း၌ အကွဲကွဲအပြဲပြဲဖြစ်၍ မိမိသာလျှင် စိတ်မကောင်းခြင်းဖြစ်ရချေလိမ့်ဦးမည်။ မင်းကြီးမှစ၍ မိမိ၏အခြွေအရံ ကုန်းမငယ်၊ ကျွန်တို့နှင့် ပြည်စောင့်နတ်၊ နန်းစောင့်နတ်တို့အား ရိုသေစွာ ရှိခိုးကန်တော့ပြီး နန်းတော်မှထွက်ခဲ့လေ၏။

■ မူလဘုရားဒါယိကာမစောမွန်လှ

စောမွန်လှသည် အခြေအနေအရပ်ရပ်တို့ကို တည်ငြိမ်စွာလက်ခံပြီး ပုဂံနေပြည်တော်မှနေ၍ ထွက်ခွာလာ၏။ ညောင်ဦးရွာ၊ ညဉ့်ရွာ၊ ပလင်းလက်ထုပ်ရွာ၊ ကောင်းစည်ရွာ၊ တူးရွင်းတောင်၊ ဝံပတေ့၊ မြို့သစ်၊ စခန်းမ၊ ကျွန်ဘားရွာစခန်းတို့၌ တစ်နေ့ထွက်သွား၏။ လမ်းတစ်လျှောက်၌ သာသနာရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရင်း ရွှေစာရံဘုရားတည်ရာအနီးသို့ ရောက်ရှိလာ၏။

စောမွန်လှလည်း နားတောင်းကျွတ်သည်နှင့် ရေတွင် နားတောင်းအရောင်ထင်သောကြောင့် ငုပ်၍ ရှာဖွေသော်လည်း မတွေ့ရချေ။ ကောင်းကင်၌ စာသူငယ်ပေါင်းသောသာဝန်းရံ၍ နားတောင်းနှင့်တကွ မွေတော်ပြာဋိဟာပြလျက်နေသည်ကိုမြင်၏။ စောမွန်လှလည်း ရှိခိုးပူဇော်ပြုမှ နားတောင်းမွေတော်မြတ်သက်လာ၍ စောမွန်လှ၏လက်ဝဲနားဝယ် ဝတ်မြဲအတိုင်းတည်လေ၏။

စောမွန်လှ၏စိတ်၌ ၎င်းမွေတော်မြတ်ကို ဌာပနာ၍ ဘုရားတည်လိုသောဆန္ဒဖြစ်ပေါ်လာ၏။ သိကြားမင်းကလည်း သာသနာငါးထောင်တိုင်အောင် လူအပေါင်းတို့ ကိုးကွယ်ရာဖြစ်မည်မြင်၍ ဘုရားတည်ရန် အုတ်စုအုတ်ပုံများကို ညွှန်ပြ၏။ စောမွန်လှလည်း မွေတော်မြတ်နှင့်တကွ ဌာပနာ၍ ဉာဏ်တော်ငါးတောင်ပမာဏရှိသော ဘုရားလိုဏ်ဂူကို တည်၏။ ကောင်းကင်ယံ၌ မွေတော်ကို စာများရံလျက်တည်သည်ကို အစွဲပြု၍ ရွှေစာရံဘုရားဟု သမုတ်တော်မူလေ၏။

စောမွန်လှလည်း ထိုအရပ်၌ မောဝ်ကပါသည့် ရွှေ၊ ငွေနှင့် လူရဟန်းတို့အား လျှံဒါန်းပေးကမ်း၍ ဘုရားတည်ရှိကြောင်း အနော်ရထာမင်းကြီးကြားတော်မူ၏။ အနော်ရထာမင်းကြီးကား စောမွန်လှအပေါ် ယတိပြတ်စိတ်ကုန်သွားခြင်း မဟုတ်ချေ။ မိဖုရား၊ မောင်းမမိသံအချို့၏ ထိုးနှက်ချက်ကြောင့် မိဖုရားစောမွန်လှကို ချစ်မြတ်နိုးလျက်နှင့် စွန့်ပစ်လိုက်ရခြင်း ဖြစ်၏။ မင်းကြီးလည်း မိဖုရားစောမွန်လှ ဘုရားတည်သည်ဟု ကြားသိတော်မူလျက် မိမိအပေါ်၌ သံယောဇဉ်မကုန်သေကြောင်း ရိပ်စားတော်မူလိုက်၏။

သက္ကရာဇ် ၎၁၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့၌ ရွှေစာရံဘုရားဝန်းကျင်မြေတာတစ်ထောင်ကျော်ကို အနော်ရထာမင်းစောလျှုတော်မူလေ၏။ သက္ကရာဇ် ၄၈၅ ခုနှစ် မြေးတော်အလောင်းစည်သူမင်းလက်ထက်တွင်လည်း သင်ပုတ်ဝတ်ဖြစ်စိမ့်သောဌာ မြေများလျှုတော်မူ၏။ အရှေ့သံပရာချောင်း၊ တောင်အလား ဒုဋ္ဌဝတီမြစ်ငယ်မြစ်၊ အနောက်အလား ပန်းချောင်းတစ်ဖက်ယင်းမာပင်၊ မြောက်အလား နကဲ့ချောင်း၊ နကဲ့တောင်တို့ကို နယ်သတ်မှတ်၍ အတွင်းမြေကို ရွာနှင့်တကွလျှုတော်မူ၏။ ဝတ်သိမ်းဝတ်ချက်တံမြက်သုတ်သင်စိမ့်သောဌာ ကျွန်သီးတော်လည်း အိမ်ခြေငါးဆယ်လျှုတော်မူ၏။

ဦးညွှတ်မင်းလက်ထက်ရောက်သော အခါ ဘုရားဥာဏ်တော် သံတောင့်သုံးဆယ်ကျော်ခန့်မြင့်လေ၏။ ၎င်းနောက် မဟာမင်္ဂလာရွှေဘုံငါးထပ်ကျောင်းတော်ဒါယကာလက်ထက် မယ်တော်မိဖုရားခေါင်ကြီးက ထပ်မံပြင်ဆင်၍ ရွှေထီးတော်တင်လျှုတော်မူ၏။ ဘုရားတစ်ဆူလုံးကို လုံးတော်ပြည့်ရွှေသင်္ကန်းကပ်တော်မူ၏။

■ အုံဖွယ်ကိုးပါး ရွှေစာရံဘုရား

အာဘယဓေမကုန်းသာယာမြေ၌ ကိန်းဝပ်တော်မူလျက်ရှိသော ရွှေစာရံဘုရားသည် တန်ခိုးတော်အလွန်ကြီးသည်။ အဆိပ်ပြင်းထန်သောမွေ့တို့သည် ဘုရားတံတိုင်းအတွင်း၌တွေ့လျှင် အာစေးထည့်ထားသကဲ့သို့ဖြစ်ပြီး မကိုက်နိုင်ကြပေ။ မွေ့ကိုက်ခံရသူကိုလည်း တံတိုင်းအတွင်းသို့သွင်းလိုက်သည်နှင့် အဆိပ်ပြေ၍ ချမ်းသာရာရရှိသည်ဟု ပြောဆိုကြသည်။

ရွှေစာရံဘုရားကား အုံဖွယ်ကိုးပါးနှင့်ပြည့်စုံတော်မူသည်။ ၎င်းအုံဖွယ်ရာကိုးပါးမှာ -

၁။ ပွဲတော်ရက်တွင် မြစ်ကြီးမြစ်ငယ် အသွယ်သွယ်မှ ငါးသစ္စာဝါများ ရှိခိုးဦးတိုက်လာခြင်း၊

၂။ ပွဲတော်ရက်တွင် အဆိပ်ရှိသော မွေ့၊ တောရိုင်းတိရစ္ဆာန်၊ လူ့ဘေး၊ ခြင်၊ ယင်များမလာခြင်း၊

၃။ ဘုရားဖူး ရဟန်းရှင်လူပရိသတ်များပြားသော်လည်း တည်နေထိုင်စရာလုံလောက်မှုရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com

၄။ တပေါင်းကာလ ဥတုပြောင်းစဉ် ပွဲတော်ကိုကျင်းပသော်လည်း ပွဲတော်လာသူတိုင်း ဖျားနာမှုကင်းခြင်း၊
၅။ ပွဲတော်လာသူတို့အား မသမာသူတို့မှ စော်ကားရန်ပြုမှုမရှိခြင်း၊
၆။ ဘုရားသို့ သွားထက်ငါဦးအောင် ဆွမ်း၊ ရေချမ်းအစရှိသည် ကပ်လှူသော်လည်း လက်ဦးသူတို့ရှိနေခြင်း၊
၇။ ဘုရားရှေ့တော်၌ လူချင်းထပ်မျှ များပြားသော်လည်း လုတိုင်း ဘုရားကို ကောင်းစွာဖူးမြင်ရခြင်း၊
၈။ ဘုရားရှင်အား ကြည်ညိုသဒ္ဓါစိတ် ပြင်းပြစွာဖြင့် လှူဒါန်းပူဇော်ပါက စီးပွားဥစ္စာဖွံ့ဖြိုးတိုးတက်ခြင်း၊
၉။ ဘုရားရှင်အားဆည်းကပ်၍ လိုရာဆုကို တောင့်တက တောင်းသောဆုကို ခံစားရရှိခြင်းတို့ ဖြစ်သည်။

မြန်မာတိုင်း၌ အကျော်သုံးဆူ၊ ရာမညတိုင်း၌ အကျော်သုံးဆူရှိသော်ဟူ၏။ မြန်မာတိုင်း၌ အကျော်သုံးဆူကား 'ရွှေယင်မျှော်တစ်ဆူ၊ သီဟတောတစ်ဆူ၊ မဟာနောတစ်ဆူ' ဟု ဆို၏။ ရာမညတိုင်း အကျော်သုံးဆူကား 'ရွှေမော်ဓောတစ်ဆူ၊ ကျိုက်ပေါတစ်ဆူ၊ သကောတစ်ဆူ' ဟုဆို၏။

အကျော်လေးဆူနှင့် စပ်လျဉ်း၍ မုံရွေးဇောဝန်ဆရာတော် အရှင်အာဒိစ္စရံသီက ဤသို့ပြဆိုထား၏။ ထိုတိုင်းကြီးပြည်ကြီးတို့တွင် သာသနာတော်မြတ်တည်ရာ သုနာပရန္တတိုင်း၊ တမ္ဗဒီပစသော မြန်မာတိုင်းနိုင်ငံအပြင်၌ စေတီပုထိုးအပေါင်းတို့တွင် အစဉ်သမတ်ဝေါဟာရ ပေါရဏာပဏ္ဏိတကထာကား အကျော်လေးဆူရှိသည် ဟူ၏။

အရှေ့ကား ရွှေစာရံဘုရား၊ အနောက်ကား ရွှေစည်းခုံဘုရား၊ တောင်ကား ရွှေယင်မျှော်ဘုရား၊ မြောက်ကား သီဟတောဘုရား ဤလေးဆူကို ကျော်လေးဆူသမုတ်ကြကုန်၏။ ပညာရှိတို့လည်း အရှေ့စာရံ၊ ပုဂံအနောက် (ရွှေစည်းခုံ)၊ တောင်မြောက် ယင်မျှော် သီဟတော်တည်း'ဟု ဆိုစကုန်သည်။

သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် မန္တလေးတောင် ရသေ့ကြီးဦးခန္တီသည် ဆရာတော်များ၏ ဩဝါဒကိုခံယူ၍ ရွှေစာရံဘုရားအား ဘက်စုံမွမ်းမံ၍ တည်ထားပူဇော်မှုများ ပြုလုပ်တော်မူသည်။ ဘုရားဥာဏ်တော် သံတောင် (၉၀) အထိ တိုးမြှင့်တည်ထားပူဇော်တော်မူသည်။ အာရုံခံတန်ဆောင်းပတ်လည်ကို အမျှားပြည်သူလှူဒါန်းငွေဖြင့် စီမံဆောင်ရွက် သည်။ စေတီတော်အား ရှိခိုးပူဇော်နေသော စောမွန်လှနှင့် အခွေအရံတို့၏သံပုံသွင်းရုပ်တုများကိုလည်း ပြုလုပ်ထားရှိသည်။

ရွှေစာရံဘုရား၏ အနောက်ဘက်မုခ်၌ မဟာမုနိပုဒ္ဓဆင်းတုတော်ကြီးတစ်ဆူ ပူဇော်ထားသည်။သက္ကရာဇ် ၁၂၈၁ခုနှစ် ကဆုန်လဆန်း ၁၅ ရက်၊ အင်္ဂါနေ့၌ ရသေ့ကြီးဦးခန္တီကြီးကြပ်၍ သွန်းလောင်းခဲ့သောကြေးဆင်းတုတော်ကြီးဖြစ်သည်။ ဓကြးပိသာ ၃၆၀၀(၂၀၀၀)ဖြင့်သွန်းလောင်းပြီး ဥာဏ်တော် (၁၈) ပေ၊ ပခုံးတော် (၈) ပေ၊ ဒူးတော် (၁၀) ပေ (၂) လက်မရှိသည့် အလွန်ပင် အချိုးကျသပ္ပာယ်ပြီး ကြည်ညိုဖွယ်ရာကောင်းသော ဆင်းတုတော်ကြီးဖြစ်သည်။

■ အဘယဒေမာကုန်းသာယာ၌ တည်ရှိသောအဓိကရများ

အဘယဒေမာကုန်းသာယာသည် ရှေးမူလကပင် သာသနာတော်တည်ရာဌာနဖြစ်ခဲ့သည်။ သီရိဓမ္မာသောကမင်းကြီးကောင်းမှုဖြစ်သော ရွှေမဋ္ဌောစေတီတော်မြတ်သည် ရွှေစာရံဘုရား၏တောင်ဘက်၌တည်ရှိသည်။ ၁၇ ရာစုဖြစ်ဖွယ်ရှိသော ဖိုးပွား၊ ဖိုးကုလား၊ ဖိုးပေါ် ဘုရားများသည် သီခြေးသမိုင်းများဖြင့် ရွှေစာရံဘုရားအနောက်ဘက်၌ တည်ရှိသည်။

ရွှေစာရံဘုရားသည် ရွှေစာရံစေတီတော်မြတ်ကြီး၏အရှေ့မြောက်ထောင့် အရပ်၌ မုခ်လေးခုဖြင့်တည်ဆောက်၍ ကိန်းဝပ်တော်မူလျက်ရှိ၏။ ၎င်းဘုရား၏ အင်္ဂါထောင့်တွင် ကမ္ဘည်းကျောက်စာရှိသည်။ ရွှေစာရံဘုရား၏ ဝတ္ထုကမြေအတွင်း ရာဟုထောင့်၌ အောင်မြေနေရာတည်ရှိသည်။ ထိုအောင်မြေ၌ အချို့သောပုဂ္ဂိုလ်များ အောင်မြေနှင်း၍ ရွှေစာရံဘုရားကိုဖူးမြော်ကာ အောင်ပန်းပန်လေ့ရှိကြသည်။

ဘုရား၏ တောင်ဘက်မုခ်တွင် စောမွန်လှတို့၏ပုံကို သွန်းလောင်းထားသည်။ ၎င်းသံပုံသွင်းရုပ်တုတို့အောက်ခြေ၌ မိဖုရားစောမွန်လှသည် ယေဆိပ် (ရေဆိပ်) ကို ထွက်တော်မူ၍ ယေချိုးမင်္ဂလာပြုလုပ်မည်ဟု (မန္တလေးမြို့ မန္တလေးတောင် ခန္ဓိရုင်ရသေ့ကြီး သွန်းသည် ၁၂၉၀ ပြည့်နှစ်) ဟု ရေးထိုးထားသည်။ ဘုရားဝတ္ထုကမြေအတွင်း ဘုရားတောင်ဘက်၌ ဘုရားဒါယိကာမကြီးစောမွန်လှဟော်နန်းဆောင်တွင် စောမွန်လှအား ဒါနပြုလိုသူများသည် ရှမ်းရိုးရာယဉ်ကျေးမှုအရ ဂါရဝပြုခြင်းများပြုလုပ်နိုင်သည်။

သက္ကရာဇ် ၁၃၃၈ ခုနှစ်မှစတင်၍ ရွှေစာရံစေတီတော်မြတ်ကြီး၌ ပျက်စီးယိုယွင်းနေသော အာရုံခံစောင်းတန်း (၁၆၈) ခန်း၊ ဂန္ဓကုဋိတိုက်သစ် (၂) လုံး၊ မုခ်ဦးပြဿဒ်ဆောင် (၂) ခု၊ စောင်းတန်းပတ်လည်ဝရန်တာများကို အလှူရှင်တို့မှ အသစ်တစ်ဖန် မွမ်းမံ၍ (၅) နှစ်ဖြင့် အပြီးတည်ဆောက်လှူဒါန်းခဲ့ကြသည်။ ယခုအခါ အများပြည်သူ အလှူရှင်များ၏ကောင်းမှုဖြင့် အာရုံခံစောင်းတန်း (၁၆၈) ခန်းကို မှန်စီ၍ လည်းကောင်း၊ မှန်စီတိုင်ပေါင်း (၂၂၄) တိုင်ကို လည်းကောင်း တိုးမြှင့်လှူဒါန်းထားသည်မှာ ကြည်နူးဖွယ်ရာပင်ဖြစ်ပါလေသည်။ ခရစ်နှစ် ၁၉၉၁ ခုနှစ်တွင် မူလအုတ်ထီးတော်ပေါ်၌ ရွှေထီးတော်ကြီးဆက်ကပ်ပူဇော်ထားရှိသည်။

ရွှေစာရံဘုရားပွဲတော်ကို တပေါင်းလဆန်းမှ စတင်၍ ၎င်းလပြည့်ကျော် ၉ ရက်နေ့အထိ တစ်လနီးပါးကြာမျှ ကျင်းပကြသည်။ ပွဲတော်တွင် နေ့အစဉ်အလာမပျက် ရှမ်းစေ့းတန်းရှိသဖြင့် ရှမ်းပြည်နယ်ထွက်ပစ္စည်းအမျိုးမျိုး၊ ရှမ်းအစားအစာများတဲ့ခင်းရောင်းချနိုင်ရန် စီစဉ်ထားရှိသည်။ မန္တလေးမြို့ပြင်အရှေ့တောင်ရှိ ရွှေစာရံဘုရားသည် အုန်းခွောကျေးရွာအနီး ဒုဋ္ဌဝတီမြစ်ငယ်မြစ်နှင့် မနီးမဝေး၌ တည်ရှိသည်။ မန္တလေးပြင်ဦးလွင်ကားလမ်း မုံတောလမ်းခွဲမှ ရွှေစာရံဘုရားအထိ ကတ္တရာခင်းလမ်းရှိသည်။ အမျိုးသားယဉ်ကျေးမှုတက္ကသိုလ် ရွှေစာရံဂေါက်ကွင်း စသည်တို့ကိုကျော်သည်နှင့် ရွှေစာရံဘုရားကြီးအား ကြည်ညိုသပ္ပာယ်ဖွယ်ရာ ဖူးမြော်နိုင်ရပြီဖြစ်ကြောင်း ရေးသားပူဇော်တင်ပြအပ်ပါသည်။

အာကာသ(သာစည်)

မှီငြမ်း -

သီပေါကိုလတ်၏
စောမွန်လှ တည်ထား ကိုးကွယ်ခဲ့သော သမိုင်းဝင် ရွှေစာရံဘုရားတော်ဘုရားသမိုင်း
စာသူကြီးစာအုပ်တိုက်မှ
မှန်နန်းမဟာရာဇဝင်တော်ကြီး
စာရေးသူကိုယ်ပိုင်ရောက်ရှိပူဇော်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ချောင်းဆိုအိန်းသွင်

ဘဉ်အစ ရှာမရ

"ကိလေသာ(၁၀)ပါးနဲ့စိတ်အညစ်အကြေး (၁၄) ပါးအကြောင်းကိုပြောခဲ့ပြီး အဲဒါတွေဟာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့အကုသိုလ်ရေသောက်မြစ်ကြီး (၃) ခုက ဖြာထွက်သွားတာပဲ။ သူနှယ်ပယ်ဟာ အလွန်ကျယ်ဝန်းတယ်။ အောက်အဝီစိကနေ အထက်အမြင့်ဆုံးဖြစ်တဲ့ နေဝသညာနာသညာဗြဟ္မာဘုံအထိ သူကြီးစိုးထားတယ်။

တစ်ခါက မင်းသားတစ်ပါးဟာ တောအုပ်တစ်ခုကိုဖြတ်ပြီး နေပြည်တော်ကိုပြန်တယ်။ တောအုပ်ထဲဝင်လိုက်တာနဲ့ ဘီလူးမတစ်ယောက်ဟာ မင်းသားကို စားချင်တာနဲ့ ချဉ်းကပ်ပြီး မြှူဆွယ်ဖြားယောင်းတယ်။ မင်းသားဟာ သိလို့ လက်မခံဘူး။ ဘီလူးမဟာ တစ်လမ်းလုံး အမျိုးမျိုးအယောင်ဆောင်ပြီး ချဉ်းကပ်တယ်။ နည်းမျိုးစုံသုံးတယ်။ နောက်ဆုံး မင်းသားမြို့ထဲဝင်သွားမှ လက်လျှော့ပြီးပြန်သွားတယ်။

လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ကိလေသာ (၃) ပါးဟာ သတ္တဝါတွေကို အမျိုးမျိုးပူးကပ်ပြီးတော့ နှိပ်စက်တယ်။ သောတာပန်နဲ့သကဒါဂမ်အထိ မကွာသေးဘူး။ အနာဂါမ်ဖြစ်တော့ ဒေါသက လက်လျှော့သွားတယ်။ လောဘနဲ့ မာန က ရဟန္တာဖြစ်မှ လက်လွတ်လိုက်ကြတယ်။

လောဘ၊ ဒေါသ၊ မောဟကို အာသဝ၊ ဩဃ၊ ယောဂ၊ ဂန္ထ၊ အနုသယ၊ ဥပါဒါန်း၊ နိဝရဏ၊ သံယောဇန်၊ ကိလေသာ ဆိုပြီး အုပ်စု (၉) စုခွဲထားတဲ့အကြောင်းနဲ့ အာသဝ၊ ဩဃ၊ယောဂ တို့အကြောင်းကို မနေ့ကပြောခဲ့ပြီ။ ဒီနေ့ ဂန္ထအကြောင်းကို ဆက်ပြောမယ်"

နောက်နေဦးထွန်းလာသောအခါ ကျွန်တော်က အထက်ပါအတိုင်း စကားစလိုက်ပါသည်။

"ဂန္ထ ဆိုတာ ထုံးဖွဲ့ခြင်းလို့ အဓိပ္ပာယ်ရတယ်။ ဒီထုံးဖွဲ့ခြင်းက ရိုးရိုးထုံးဖွဲ့ခြင်းမဟုတ်ဘူး။ ကြိုးစဖျောက်ထားတဲ့အစရှာမရတဲ့ထုံးဖွဲ့ခြင်းဖြစ်တယ်။ ဘဉ်အစရှာမရဆိုတာလိုပေါ့။ သတ္တဝါမှာ ရုပ်နဲ့နာမ်နဲ့ပေါင်းစပ်ထုံးဖွဲ့ထားတယ်။ အဲဒီရုပ်နဲ့နာမ်ကိုခွဲထုတ်ဖြေထုတ်ဖို့နည်းလမ်းရှာမရဘူး။ ရုပ်နဲ့ နာမ်ကို ခွဲလို့မရသလို အဲဒီသတ္တဝါကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလ (၃) ပါးကိုလည်း ဖြတ်တောက်ခွဲခြားလို့မရဘူး။ အဲဒီလိုပဲ အဲဒီသတ္တဝါရဲ့ပြုလုပ်ခြင်းဆိုတဲ့အကြောင်းကဲနဲ့ ပြုလုပ်ခြင်းကြောင့် ရရှိခြင်းဆိုတဲ့ အကျိုးကဲကိုလည်း ခွဲလို့မရဘူး။ သတ္တဝါနဲ့ သတ္တဝါတို့ရဲ့ ကျင်လည်ရာဖြစ်တဲ့ သံသရာကိုလည်းခွဲလို့မရဘူး။ သံသရာမှလွတ်အောင်၊ ဖြေထုတ်လို့မရလောက်အောင် နှောင်ဖွဲ့ထားခြင်း ဖြစ်တယ်။ ပြီးတော့ သတ္တဝါရဲ့သံသရာအစကိုလည်း ဘဉ်အစရှာမရသလို ရှာလို့မရနိုင်ဘူး။ ချုပ်လိုက်တော့ ဒီလောဘ၊ ဒေါသ၊ မောဟတရားဆိုတာ ပယ်သတ်လို့မရနိုင်လောက်အောင်၊ ခွာထုတ်လို့မရနိုင်လောက်အောင် အဖြေခက်တဲ့တရားပဲ။

နောက်တစ်ခုက အနုသယတဲ့။ အနုသယဆိုတာ သတ္တဝါရဲ့စိတ်ရာဘဝတိုင်းမှာ စဉ်ဆက်မပြတ်ပါနေတဲ့ ကိလေသာတရားပဲ။ လောဘ၊ ဒေါသ၊

www.burmeseclassic.com

www.burmeseclassic.com

မောဟကိုပြောတာပဲ။ သူက အဆင့် (၃) ဆင့်ရှိတယ်။

အနုသယ၊ ပရိယုဋ္ဌာန်၊ ဝိတိက္ကမ လို့ခေါ်တယ်။ ဒါကို (၃) လောင်ကျွမ်း (၂) ဆူပွက် (၁) မျိုးမပျက် (၃) ချက်ကိလေသာ' လို့ ခေါ်တယ်။ အနုသယဆိုတဲ့ မျိုးမပျက်ကိလေသာဟာ သတ္တဝါရဲ့ဖြစ်လေရာဘဝတိုင်းမှာ မျိုးစေ့အဖြစ် ကိန်းအောင်းလိုက်ပါလာတယ်။ မြေနဲ့ ရေနဲ့တွေ့ရင် အပင်ပေါက်မှာပေါ့။ အဲဒီလိုအပင်ပေါက်ခဲ့ရင် ဒုတိယအဆင့် ဆူပွက်ခြင်းနဲ့တူတယ်။ ပြီးရင် သီးပွင့်မှာပေါ့။ အဲဒါက လောင်ကျွမ်းခြင်းပဲ။ လောဘကိလေသာမျိုးစေ့ရှိနေတဲ့အတွက် လိုချင်စရာတွေ့ရင် လိုချင်စိတ်ဖြစ်လာမယ်။

လိုချင်စရာအာရုံကိုမြင်ရင် လိုချင်စိတ်ဖြစ်ဖို့အတွက် အဆင့်သင့်ကိန်းအောင်းနေတာ အနုသယပဲ။ လိုချင်စိတ်ဖြစ်လာတာက ပရိယုဋ္ဌာန်၊ ရဖို့အတွက် ပြောတာလုပ်တာက ဝိတိက္ကမတို့ဖြစ်တယ်။ပြန်စဉ်းလိုက်ရင် မျိုးမပျက်၊ဆူပွက်၊ လောင်ကျွမ်းပေါ့။ ဒါကို မီးခြစ်နဲ့လည်း ဥပမာပေးတယ်။ ဥပမာ ဂက်စ်မီးခြစ်ဆိုပါတော့။ အဲဒီဂက်စ်မီးခြစ်ဘူးထဲမှာ မီးရှို့မနေဘူး။ မီးရှို့နေရင် ဘယ်ဆောင်လို့ရမလဲ။ လူကိုလောင်မှာပေါ့။ မီးရှို့မနေလို့ အိတ်ထဲပိုက်သွားလို့ရတာ။

ဒါပေမယ့် မီးဖြစ်နိုင်တဲ့အခြေအနေက အဆင်သင့်ရှိနေတယ်။ ဘာတွေလဲဆိုတော့ ဂက်စ်ရယ်၊ မီးခြစ်ကျောက်ရယ်၊ ဘီးလုံးရယ်ပဲ။အဲဒါတွေက အနုသယပဲ။ ဘီးလုံးပေါ်ကို လက်မတင်ပြီး ဖိလှည့်လိုက်ရင် မီးပွင့်လာမယ်။ မီးပွင့်လိုက်တာနဲ့ ဂက်စ်က ထတောက်တာ ဝိတိက္ကမပဲ။ ဒါကို လောင်ကျွမ်း၊ ဆူပွက်၊ မျိုးမပျက် (၃)ချက်ကိလေသာလို့ဆိုတာ အဆုံးကနေအစကိုပြန်ရေတာပေါ့။ ဒါလောက်ဆိုရင် အနုသယအကြောင်း အသင့်အတင့်သိပြီ။ ဥပဒါနအကြောင်းကို ဆက်ပြောရအောင်။ ဥပါဒါန်းကို ဘာသာမပြန်တော့ဘဲ ဥပါဒါန်ဆိုပြီးသုံးတယ်။ အဓိပ္ပာယ်က ခိုင်ခိုင်မြဲမြဲစွဲကိုင်ထားခြင်း သို့မဟုတ် စွဲဆုပ်ထားခြင်းဖြစ်တယ်။ ဒါကို ဘာနဲ့ဥပမာပေးလဲဆိုတော့ ပွေကဖားကိုမှီဖို့ကိုက်တဲ့နေရာမှာမလွတ်တမ်းကိုက်ခဲထားတာမျိုးနဲ့ ဥပမာပေးတယ်။ ကိစ္စတစ်ခုခုကို ဖြစ်ဖြစ်မြောက်မြောက်အောင်အောင်မြင်မြင်စွမ်းဆောင်နိုင်တာ ဥပါဒါန်ကြောင့်ပဲ။

ပဋ္ဌာန်သမုဗ္ဘဒ်မှာ အဝိဇ္ဇာဆိုတဲ့ အမှန်ကိုမသိ၊အများကိုသိခြင်းအကြောင်းကြောင့် သခါရဆိုတဲ့ကောင်းမှု မကောင်းမှုတွေကိုပြုလုပ်တယ်။ အဲဒီလိုပြုလုပ်တဲ့ သခါရဆိုတဲ့အကြောင်းကြောင့် ဝိညာဏ်ဆိုတဲ့ပဋိသန္ဓေစိတ်ကိုဖြစ်စေတယ်။ ပဋိသန္ဓေနေရတယ်ပေါ့။ အဲဒီအကြောင်းကြောင့် နာမရူပဆိုတဲ့ရုပ်နဲ့နာမ်ကိုရတယ်။ ရုပ်နဲ့နာမ်ကိုရခြင်းအကြောင်းကြောင့် သဠာယတနဆိုတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ပသာဒဝတ္ထုရုပ်ငါးပါးနဲ့ မုန်(စိတ်)ပေါင်း (၆)ပါးကိုရတယ်။ ဒီ (၆) ပါးကို အာယတန (၆)ပါးလို့ခေါ်တယ်။ အတွင်းအာယတန (၆)ပါးလို့လည်းခေါ်တယ်။ အခံဓာတ် (၆)ပါးလို့လည်းခေါ်တယ်။ အဲဒီအခံဓာတ် အတွင်းအာယတန (၆) ပါးကို အတိုက်ဓာတ်လို့ခေါ်တဲ့ အပြင်အာယတန (၆) ပါးလို့ခေါ်တဲ့အာရုံ (၆) ပါးကလာတိုက်တယ်။ အာရုံ (၆) ပါးက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ စိတ်ကူးစရာအာရုံတို့ ဖြစ်တယ်။

အဲဒီလိုတိုက်ကြခြင်းကြောင့် မြင်သိစိတ်၊ ကြားသိစိတ်၊ နံ့သိစိတ်၊ လျှက်သိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်တွေဖြစ်တယ်။ မြင်တယ်၊ ကြားတယ်၊ အနံ့ရတယ်၊ အရသာသိတယ်၊ အထိအတွေ့ထိတွေ့တယ်၊ စိတ်ကူးကြံစည်တွေးတောတယ်ပေါ့။

မျက်စိနဲ့အဆင်း ၊ နား၊နဲ့အသံ၊ နှာခေါင်း၊နဲ့အနံ့၊ လျှာနဲ့အရသာ၊ ခန္ဓာကိုယ်နဲ့အထိအတွေ့ တွေးတောစရာနဲ့ ကြံစည်တွေးတောစိတ် အဲဒီလိုအစုံလိုက်ထိတွေ့တယ်။ အဲဒီလိုထိတွေ့တာကို ဖဿလို့ ခေါ်တယ်။ နာမ်ရုပ်ပေါ်လို့ အာယတန (၆) ပါးပေါ် ရတာ။ အာယတန (၆) ပါးပေါ်လို့ ဖဿ (ဝတ္ထုရုပ်နှင့် အာရုံထိတွေ့ခြင်း) ပေါ် ရတာ အဲဒီလိုထိတွေ့တော့ ထိတွေ့ရကောင်း၊ မကောင်း အပေါ် မူတည်ပြီး ကြိုက်မကြိုက်ဆိုတဲ့ ခံစားမှု(ဝေဒနာ)ပေါ် ရတာ။ ခံစားမှုကို ဝေဒနာလို့ ခေါ်တယ်။ အဲဒီတော့ ဖဿကြောင့် ဝေဒနာပေါ်တယ်။ ဝေဒနာကြောင့် ကြိုက်၊ မကြိုက်ဆိုတဲ့ တပ်မက်မှု၊ လိုချင်မှု တဏှာဆိုတာပေါ်တယ်။ ကြိုက်တာကို အဆက်မပြတ်လိုချင်တယ်။ မကြိုက်တာကို ပျောက်သွားစေချင်တယ်။ မဖြစ်ရခြင်းကိုလိုချင်တယ်။ လိုချင်မှုမှန်သမျှ တဏှာချည်းပဲ။

လိုချင်မှု တဏှာက ပြင်းထန်လာရင် ဥပါဒါန်ဖြစ်တယ်။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်ပေါ့။ အဲဒီဥပါဒါန်ကြောင့်သာ (သခါရ) အလုပ်လုပ်တာ။ ဒါကို ဥပါဒါနပစ္စယာဘဝေါလို့ဆိုတယ်။ ဘဝေါဆိုတာ ဘဝ၊ ကမ္မဘဝကိုပြောတာ အဓိပ္ပာယ်ကပြုလုပ်နေပဲ။ ဥပမာ ရုပ်ရှင်ပြနေတယ်လို့ပြောသံကြားတော့ ရုပ်ရှင်သွားကြည့်ချင်တဲ့စိတ်ဖြစ်တယ်။ ဒါပေမယ့် အဲဒီလိုစိတ်ဖြစ်တိုင်းသွားကြည့်ဖြစ်တာမဟုတ်ဘူး။ မကြည့်ရမနေနိုင်လောက်အောင် ခိုင်ခိုင်မြဲမြဲစွဲစွဲလမ်းလမ်းစိတ်ဖြစ်မှ သွားကြည့်ဖြစ်တာ။ အဲဒီလိုဖြစ်တာ ဥပါဒါန်ပဲ။ သွားကြည့်ဖြစ်လိုက်တာက အလုပ်တစ်ခုကိုလုပ်ပြီးလိုက်တာပဲ။ ဖြစ်မြောက်တယ်ပေါ့။ အဲဒါကို ဇာတိလို့ခေါ်တယ်။ ဘဝပစ္စယာဇာတိဆိုတာပဲ။ လုပ်လို့ဖြစ်တယ်ပေါ့။

ဆိုလိုတာက နောက်ဘဝတွေကို လိုချင်တယ်၊ ခိုင်ခိုင်မြဲမြဲ စွဲစွဲလမ်းလမ်း မလွတ်တမ်းလိုချင်တဲ့အတွက် ရရှိဖို့ကောင်းမှု၊ မကောင်းမှုတွေပြုလုပ်ကြတယ်။ အဲဒီလိုပြုလုပ်နေလို့ ဘဝအသစ်တွေတစ်ဘဝပြီးတစ်ဘဝရရှိနေကြတယ်။ အဲဒီလိုဘဝကို ရရှိတာ မွေးဖွားခြင်းလို့လည်းခေါ်တယ်။ မွေးတဲ့အကြောင်းကြောင့် အိုရတယ်။ အိုတဲ့အကြောင်းကြောင့် သေရတယ်။ အဲဒါ အဝိဇ္ဇာက မရဏ၊ နောက်ဘဝကနောက်ဘဝလည်နေရတာပဲ။ဒါကိုအကြောင်းအကျိုးဆက်စပ်နေခြင်း (ပဋိစ္စသမုပ္ပဒ်) ပဲ။ အဝိဇ္ဇာဆိုတာနည်းနည်းထပ်ခဲ့ပြောရရင် သံသရာမှကျင်လည်ရတာ ဆင်းရဲခြင်းပဲဆိုတဲ့ အမှန်ကိုမသိဘဲ ချမ်းသာခြင်းလို့မှားသိပြီး လိုချင်နေတာ။

ဥပါဒါန်ဟာ သာမန်ပုထုဇဉ်တွေကိုမပြောနဲ့ သောတာပန်ဖြစ်ပြီးတဲ့ အရိယာကိုတောင် ချမ်းသာမပေးဘူး။ မြတ်စွာဘုရားလက်ထက်က ကျောင်းအမကြီး ဝိသာခါ၊ အနာထပိဏ်သူဌေး၊ ဗိမ္ဗိသာရမင်း၊ စသည်တို့ဟာ သောတာပန်ပုဂ္ဂိုလ်တွေချည်းပဲ။ ဝိသာခါနဲ့အနာထပိဏ်တို့သေတော့ တုသိတာစတဲ့အထက်နတ်ဘုံတွေကိုရောက်တယ်။ ဗိမ္ဗိသာရမင်းကျတော့ နောက်ဆုံးအဆင့်ဖြစ်တဲ့ စတုမဟာရာဇ်နတ်ပြည်မှာ နတ်မင်းကြီးရဲ့အခွေးအရုံနတ်သားလေးပဲသွားဖြစ်တယ်။ အဲဒါ အဲဒီဘဝမှာ အကြိမ်ကြိမ်ရောက်ခဲ့လို့ အဲဒီဘဝကိုပဲ ခိုင်ခိုင်မြဲမြဲစွဲလမ်းတဲ့ ဥပါဒါန်ကြောင့်ဖြစ်ရတာ။

ကဲ - ဒီနေ့တော့ ဒီလောက်နဲ့ပဲနားကြစို့။

ချောင်းဆုံအုန်းသွင်

www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မူတက္ကသိုလ်)
ရောက်ကြိုမြို့နယ် ပုခန်းငယ်ရွာ
စိန်စိကျောင်းဆရာတော်ဘုရားကြီး
ဗိုလ်မှတ်တိုင်

စိန်စီကျောင်းဆရာတော်ကြီး၏ ဘွဲ့တော်မှာ ဦးအာစရ ဖြစ်ပါသည်။ ဆရာတော်ကြီးမှာ သက်တော် (၁၀၀)၊ ဝါတော် (၈၀)ရှိပြီ ဖြစ် သည်။

'အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သာသနာပြုပထမအဆင့် ဘဒ္ဒန္တအာစရ' ဟူ၍ စာတွင်တွေ့ရှိရပါသည်။

သက်တော်ရှည်ဆရာတော်ဘုရားကြီးမှာ ပုခန်းငယ်ကျေးရွာတွင် တည်ရှိသော စိန်စိကျောင်းခေါ် ရွှေဟောင်းကျောင်းတော်ကြီး၏တောင်ဘက်တွင် ကပ်လျက်ရှိသော ကျောင်းဆောင်ကြီးတွင် တစ်ပါးတည်း သီတင်းသုံးလျက် တရားအားထုတ်နေတော်မူသော ဆရာတော်ကြီးဖြစ်ပါသည်။

သို့သို့သိပ်သိပ် နေထိုင်ကျင့်ကြံအားထုတ်သဖြင့် လူသိမများလှချေ။ သို့သော်လည်း ဆရာတော်ကြီး သက်တော်(၁၀၀)၊ သိက္ခာတော်(၈၀)ဝါ ရတော်မူသောအခါ ခန္ဓာဝန်ချတော်မူပါသည်။ ထိုအခါ ကြွင်းကျန်သော ရုပ်ကလာပ်တော်ကို အဂ္ဂိစ္စာပနကျင်းပတော်မူကြပါသည်။

ထိုပုခန်းငယ် စိန်စီကျောင်းဆရာတော်ကြီးအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနာပြုပထမဆင့် ဘဒ္ဒန္တအာစရ သက်တော် (၁၀၀) နှစ်၊ သိက္ခာတော် (၈၀)ဝါ၏ မဟာထေရပွတ္တိရုပ်ပုံလွှာကို ဓာတ်တော်များတဖွားဖွားကျသောအခါမှ ဝမ်းနည်းဝမ်းသာသိကြရ၍ အလွန်နောက်ကျလှပါတော့သည်။

ထိုအခါ ရုပ်ကလာပ်တော်မှ ဓာတ်တော်များ တဖွားဖွားလွင့်စဉ်ထွက်ကျတော်မူသဖြင့် ပူဇော်ရန်အလို့ငှာ ရွာဖွေကောက်ယူကြပါသည်။ ထိုအခါမှသာ ငါတို့ကိုးကွယ်သောဆရာတော်ကြီးသည် ရဟန္တာကြီးပါဘကားဟု အချိန်နှောင်းမှသိကြရပါသည်။ ဓာတ်တော်များ ရှာဖွေကောက်ယူကြသည်မှာ အဂ္ဂိစ္စာနပနကျင်းပပြီး နောက် (၁၀) ရက်ကျော်ကြာသည်အထိတိုင် ဓာတ်တော်ကောက်ယူမှုများဖြင့် စည်ကားဆဲဖြစ်၏။

ဌင်းအပြင် ထူးဆန်းသောအချက်တစ်ချက်ကို မှတ်ဝါးထင်ထင်တွေ့မြင်ကြရပြန်ပါသည်။ ဘာများထူးဆန်းသလဲဟုစပ်စုပြန်သောအခါ သီရိရသည်မှာ အိပ်ရာခင်းပေါ်တွင် ဆရာတော်ကြီး၏ ယာဘက်လက်ဖဝါးတော်ရာကို မမျောက်မပျက် ထင်ထင်ရှားရှားကြီး ထင်းထင်းကြီးကျန်ရှိနေ၍ ပူဇော်ထားသည်ဟုသိရပါသည်။

ယခုအခါ နောင်လာနောင်သားတို့ကြည်ညိုပူဇော်နိုင်သည်မှာ ဆရာတော်ကြီး၏ကိုယ်စားတော် ပုံတူရုပ်တုတော်ကြီးနှင့် ဓာတ်တော်များသာဖြစ်ပါတော့သည်။



အရိုးတော်၊ ဓာတ်တော်များနှင့်တကွ ဆရာတော်ကြီးရှိတော်မူစဉ်က အသုံးပြုတော်မူခဲ့သော အသုံးအဆောင်ပစ္စည်းများကို ပူဇော်ထားရှိကြပါသည်။ ဆရာတော်ကြီး၏ကိုယ်စားတော်ပုံတူရုပ်တုတော်ကြီးကိုလည်း ထုလုပ်ပူဇော်ထားကြောင်းတွေ့ရှိရပါသည်။

ပုခန်းငယ် စိန်စီကျောင်းဆရာတော်ဘုရားကြီး၏ သမိုင်းကြောင်းကို ခြေရာကောက်သောအခါ အောက်ပါအတိုင်း တွေ့ရှိရပါသည်။

ဆရာတော်ကြီး၏ဘွဲ့ (အမည်တော်) မှာ ဦးအာစရဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး ရေစကြို မြို့နယ် ပုခန်းကြီးမြို့ဟောင်း၏ အရှေ့ဘက်တွင် ပုခန်းငယ်ရွာဟူ၍ ရွာကလေးတစ်ရွာရှိသည်။ ထိုပုခန်းငယ်ရွာသည် ပုခန်းကြီးရွာနှင့်နှစ်မိုင်လောက်ဝေးသည်။ ထိုပုခန်းငယ်ရွာ၏အနီးတွင် အလွန်ဆန်းကြယ်သော်ရွာတစ်ရွာရှိသည်။ ထိုရွာ၏ အမည်မှာ ချစ်သူကျေးရွာဟူ၍ဖြစ်သည်။

ဤအမည်မျိုးကို ရှေးယခင်က ကျွန်ုပ်ကြားခဲ့ဖူးသဖြင့် အတန်ငယ် စဉ်းစားတွေးတောမိပါသည်။ ထိုအခါမှ ချစ်သူရွာဇာတိဖြစ်သော သီလရှင် မယ်နတ်ပေးကို သတိရမိပါသည်။

မင်းတုန်းမင်း၏ငယ်ချစ်ဟုနာမည်ကြီးခဲ့သော မယ်သဲ၏ဇာတိချက်မြှုပ်ရွာမှာလည်း ချစ်ဘူရွာပင် ဖြစ်ပါသည်။ မင်းတုန်းမင်းသားငယ်ငယ်က မင်းတုန်းမြို့ကိုစားရသည်။ ထိုမင်းတုန်းမြို့စားကလေး မောင်လွင်သည် ချစ်သူရွာဇာတိ မယ်သဲနှင့် ချစ်သူဖြစ်ခဲ့ကြသည်။ နောင်သောအခါ မယ်သဲသည် မြောက်နန်းစံမိဖုရားကြီးဖြစ်လာခဲ့ပါသည်။

ထိုအခါ မယ်သဲကဲ့သို့ပင် ချစ်သူရွာဇာတိများဖြစ်ကြသော သီလရှင်မယ်နတ်ပေး စသည်တို့သည်လည်း ရွှေနန်းတော်ပေါက် သီလရှင်ကြီးများအဖြစ်ကျော်ကြားခဲ့ပါသည်။ ထို့ကြောင့်လည်း ကျွန်ုပ်သည် အလွန်ဆန်းကြယ်သောရွာနာမည်ကလေးကို မှတ်မိနေခြင်း ဖြစ်ပါသည်။

ရဟန္တာအရှင်မြတ်ကြီးဖြစ်တော်မူသော အရှင်အာစရအလောင်းအလျာကို အေဒီ ၁၉၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် (၁၂၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ တနင်္လာနေ့တွင် ထိုချစ်သူရွာတွင် ဖွားမြင်ခဲ့၏။ ဖခင်မှာ ဦးထွန်းမောင်၊ မိခင်မှာ ဒေါ်သက်ရည်ဖြစ်ကြောင်း သိရှိရပါသည်။

အများအားဖြင့်ကား ရဟန္တာကိုယ်တော်ကြီးများကို ဓာတ်တော်များတဖွားဖွားကျသောအခါမှ ရဟန္တာမှန်း သိကြရသော်လည်း အချို့မှာ ယင်းစဉ်ကာလဘဝဖြစ်စဉ်ကို မသိကြရသဖြင့် ကျွန်ုပ်တို့အတွက် ကြီးကျယ်သောဆုံးရှုံးခြင်း သမိုင်းကွက်လပ်ကြီးဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုကား ထိုက်သင့်သလောက် သိရပေသေးသည်ဟု ကျေနပ်မိပါသည်။

ဦးအာစရသည် အေဒီ၁၉၂၃ခုနှစ်၊ ဇွန် ၂၂ ရက်၊ သောကြာနေ့ (၁၂၈၅ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်) နေ့လယ်(၂)နာရီ အချိန်တွင် မကွေးတိုင်းဒေသကြီး ရေစကြို မြို့နယ် အောင်မြေသာယာ သူဌေးကျောင်းတိုက်ရှိ ခန္ဓာသိမ်တွင် ဆရာတော်ဦးအာစရ (ဘွဲ့တူနေနံတူ)ကို ဥပဇ္ဈာယ်ပြု၍ ဒေါ်ငွေခိုင်၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းပြုတော်မူခဲ့လေသည်။

အေဒီ ၁၉၃၅ ခုနှစ် (၁၂၉၇ ခုနှစ်) မှစ၍ ၁၉၅၁ခုနှစ်အထိ နှစ်ပေါင်း(၁၆)နှစ် တိုင်တိုင် ထိုအောင်မြေသာယာသူဌေး ကျောင်းတိုက်၌ပင် ရဟန်းသာမဏေ အပေါင်းတို့အား စာဝါများသင်ကြား ပို့ချခဲ့ကြောင်း သိရှိရပါသည်။

ဌင်းနောက် အေဒီ ၁၉၅၁ ခုနှစ် (၁၃၁၃ ခုနှစ်) မှစ၍ ပုခန်းငယ်ကျေးရွာရှိ စိန်စီကျောင်းတွင် သီတင်းသုံးခဲ့လေသည်။ စိန်စီကျောင်းဟုဆိုသော်လည်း ထိုရွေးကောင်းကျောင်းကြီး၏ တောင်ဘက်တွင် ကပ်လျက်ရှိသော ကျောင်းဆောင်တွင် တစ်ပါးတည်း သီးတင်းသုံးခြင်း ဖြစ်ပါသည်။

ဆရာတော်ကြီးသည် သက်တော်ထင်ရှားရှိစဉ်ကတည်းက ပရိသတ်များနှင့် ဆက်ဆံမှုကဲ့ပါးသည်။ လာရောက်ဖူးမြော်သူအပေါင်းကိုလည်း လိုရင်းကိစ္စပြီးလျှင် ပြန်ပြန်ဟူ၍ သာပြောလေ့ရှိသည်။

ဆရာတော်ကြီးသည် နှစ်ပေါင်းများစွာပင်လျှင် ထိုကျောင်းကြီးပေါ်မှာပင် တစ်နေရာတည်းမှာသာထိုင်လေ့ရှိ၍ ထိုနေရာမှာပင် ဆွမ်းဘုဉ်းပေးလေ့ရှိပြီး ထိုနေရာမှာပင် တရားဘာဝနာများ အားထုတ်၍ ထိုနေရာမှာပင် ကွဲန်းစက်လဲလျောင်းလေ့ရှိပါသည်။

■ ဆရာတော်ကြီး၏ အသုံးအဆောင်များ စာရင်း

ကျောင်းတွင်လည်း အသုံးအဆောင်အပိုမရှိ သပိတ်တစ်လုံးရှိသည်။ သံအုပ်ဆောင်းကြီးအုပ်ထားသော သံလင်ပန်းရှိသည်။ ထိုသံလင်ပန်းပေါ်တွင် ဟင်းလျာခံသတ္တုကြူတ် (၇) လုံး၊ (၈)လုံး သာရှိသည်။ အသုံးအဆောင်ဆိုသည်မှာ ထိုမျှသာဖြစ်သည်။

ဆရာတော်ကြီးသည် ဆုပေးလေ့ပေးထရှိသည်မှာလည်း များများမဟုတ်လိုရင်းတိုရှင်းသာဖြစ်သည်။ ဥပမာအား



ဖြင့် ပြောရလျှင် အောက်ပါအတိုင်းဖြစ်ကြောင်းသိရပါသည်။

"ဤသို့ ဝါဆိုသံဃာများအား ရည်မှန်း၍ ဝါဆိုသင်္ကန်းများကပ်လှူပုဇော်ရသော ကောင်းမှုကံစေတနာတို့ကြောင့် ချမ်းသာစစ်ချမ်းသာမှန်ဖြစ်သော နိဗ္ဗာန်ဆုထူးဆုမြတ်ကြီးကို လဆန်း ၁၅ ရက်နေ့တွင်ထွက်သော လပြည့်ဝန်းကြီးကဲ့သို့ ပြည့်ပြည့်ဝဝကြီးရကြပါစေ"

ဟု ဆုပေးလေ့ရှိသည်။

ပြီးလျှင် -

"ကဲကဲ - ပြန်ကြတော့"

ဟု ပြောလေ့ရှိပါသည်။

ထိုအခါ ဒကာ၊ ဒကာမတို့မှာလည်း ဆက်နေရန်အကြောင်းမရှိတော့သဖြင့် ပြန်ကြရပါတော့သည်။

ခန္ဓာဝန်မချမီ တစ်ရက်အလိုက ဖြစ်ပါသည်။ ထိုနေ့ နံနက်ပိုင်းတွင် ဆွမ်းပို့သူများ၏အပြောအရသိရှိရသည်မှာ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းတွင် အထူးအဆန်းပြောသည်။

ပြောပုံမှာ ဤသို့ဖြစ်လေသည်။

"ငါ ဒီနေ့သေမယ်၊ အခုအစမ်းသေကြည့်မယ်"

ဟု ပြောပါသည်။

ထိုသို့ပြောပြီးနောက် တကယ့်အသေရုပ်ကလာပ်ကြီးပမာ ပက်လက်အနေအထားဖြင့် လျောင်းစက်တော်မူပါသည်။ အချိန်တော်တော်ကြာအောင် မလှုပ်မယှက်နေခဲ့ပါသည်။ ထိုအခါ အနီးရှိ တူ၊ တူမသားချင်းအပေါင်းတို့နှင့် ဒကာ၊ ဒကာမအပေါင်းတို့က တကယ်ပင် ခန္ဓာဝန်ချတော်မူသည်ထင်ပြီး ငိုကြပါသည်။ ထိုအခါ ဆရာတော်ကြီးက လျောင်းစက်ရာမှ အသာထပြီး ဤသို့ဆိုပါသည်။

"သေကြည့်ရတာ မကောင်းပါဘူး တော့ ဆင်းရဲလှတယ်"

ဟူ၏။

ဤသို့ဖြင့် ဆရာတော်ကြီးသည် ထို ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်နေ့ အစမ်းသေပြသည့် ထိုနေ့ညနေ (၄)နာရီ (၅၃) မိနစ်တွင် တကယ့်ကို ခန္ဓာဝန်ချတော်မူခဲ့ပါသည်။

ဤတွင် ထူးခြားချက်ကြီးတစ်ခုမှာ ပစ္စာတစ်ပုဒ်သဖွယ်ကျန်ခဲ့ပါသည်။ ဤသည်မှာ အခြားမဟုတ်ပါ။ ဆရာတော်ဘုရားကြီးလဲလျောင်းတော်မူသည့် လက်ယာတက် လက်ဖဝါးရာတစ်ခုကို ထင်ရှားစွာချထားခဲ့ခြင်း ဖြစ်ပါသည်။ ထိုလက်ဖဝါးရာကို ယခုထက်တိုင်ဖူးမြော်နိုင်ပါသေးသည်။ ပျောက်ပျက်သွားခြင်း မရှိပါ။ ဆိုလို့ရင်းကိုလည်း မည်သူမျှ မပြောနိုင်ကြပါ။

ကြွင်းကျန်သောရုပ်ကလာပ်တော်ကို ၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ ၂၈ ရက်၊ ၂၉ ရက် သုံးရက်တိုင်တိုင် ကြီးကျယ်ခမ်းနားစွာဖြင့် အန္တိမအဂ္ဂိ စျာပနကို ကျင်းပခဲ့လေသည်။

၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်နေ့ ညနေ (၄) နာရီ (၄၇) မိနစ်တွင် မီးသင်္ဂြိဟ်ရာ ဓာတ်တော်များတဖွားဖွား ထွက်ကျလာကြောင်း သိရှိကြပါသည်။ ထိုအခါမှသာ ငါတို့ကိုးကွယ်သော ဆရာတော်ကြီးသည် ရဟန္တာကြီးပါတကားဟု အချိန်နှောင်းမှသိကြရလေသည်။

ဤဆောင်းပါးဖြင့် ရေစကြို စိန်စီကျောင်းဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်အား ဦးခိုက်လျက်။

တင်အောင်(စက်မှုတက္ကသိုလ်)

ကျမ်းကိုး -

၁။ စိန်စီကျောင်းမှ တရားပြကောင်းသော ဆရာတော် (မျိုးမြင့်-တမာမြေ) နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ စာမျက်နှာ ၄၁ - ၄၄။

၂။ ပုခန်းသာသနာဝင် (လယ်တီဦးလှဝိုင် ပြုစုသည်) (စာ-၃၇၊ ၃၈၊ ၃၉၊ ၄၀)

၃။ မြန်မာနိုင်ငံ ရဟန္တာနှင့် ရဟန်းထူးများ (ပထမတွဲ)
(မောင်ပန်းမွှေး ပြုစုသည်)

၄။ သာသနာ့တန်ဆောင်ဆရာတော်ကြီးများနှင့် အံ့မခန်းဖြစ်ရပ်ဆန်းများ (တင်အောင်သွင်) (တိုးထက်စီစဉ်၍ ရန်ကုန်စာပေမှုထုတ်ဝေသည်)

www.burmeseclassic.com

www.burmeseclassic.com


စိုးထွန်း(ဥဟဒေ)

ဘုရားရှင်၏ဆံတော်အစစ်တည်ရှိသည့် ရွှေမောင်းတိုးစေတီတော်


ဘုရားရှင်ရဲ့ ဆံတော်အစစ်ကို ဖူးမြော်ဖို့ဆိုရင် ကျွန်တော့်ရင်ထဲမှာ ရွှေတိဂုံစေတီတော်ရယ်၊ မော်တင်ရယ်၊ ကျိုက်ထီးရိုးစေတီတော်ရယ် ဒီသုံးဆူကို အရင်ပြေးပြီးမြင်ခဲ့ပါတယ်။ ဒါကြောင့် တစ်ပြည်လုံးအတိုင်းအတာနဲ့ သိပ်မသိကြသေးတဲ့ ဆံတော်အစစ်ရှိတဲ့ စေတီတော်အကြောင်းကို တင်ပြမလို့ပါ။ တည်နေရာကို အရင်ညွှန်းရမယ်ဆိုရင် ပုသိမ်-ငပုတောကားလမ်းကို အရင်ရွေးရပါမယ်။ နောက်ပြီးတော့ ပေပင်လေးတံတားကိုဖြတ်ပြီး သက်ကယ်ချောင်းတံတားဘက်ခရီးဆက်ရပါမယ်။ တံတားကြီးအထိမသွားရပါဘူး။ သက်ကယ်ချောင်းတံတားမရောက်ခင် ကတ္တရာလမ်းကနေခွဲထွက်တဲ့မြေလမ်းခွဲတစ်ခုကိုတွေ့တာနဲ့ အဲဒီမြေလမ်းအတိုင်းသွားလိုက်ပါ။

လမ်းဆုံးရင် မြစ်ဆိပ်ကိုရောက်ပါလိမ့်မယ်။ မသိရင်လည်း မြစ်ဆိပ်မှာ အိမ်လေးတစ်လုံးရှိတယ်။ ကားဖြစ်ဖြစ်၊ ဆိုင်ကယ်ဖြစ်ဖြစ် အဲဒီအိမ်က အိမ်ရှင်ကို အပ်ထားလိုက်ပါ။ အဲဒီအိမ်က မသိရင်လမ်းညွှန်ပါလိမ့်မယ်။ မြစ်ဆိပ်ကနေ မောင်းတီးရွာအထိပြေးဆွဲနေတဲ့ပဲ့ထောင်အကြီးအသေးမျိုးစုံရှိပါတယ်။ ကြိုက်တဲ့မော်တော်ငှားပြီး မောင်းတီးကြီးရွာကို သွားလို့ရပါပြီ။ ရွာအဝင်ကနေ ရွာလမ်းဆုံးတဲ့နေရာရောက်မှ ဆံတော်အစစ်တည်ရှိတဲ့ ရွှေမောင်းတီးစေတီတော်ကြီးကို ဘွားခနဲတွေ့မြင်ရပါလိမ့်မယ်။

စေတီတော်ရဲ့သမိုင်းဟာ ဗုဒ္ဓဘုရားဖြစ်စဉ်နဲ့ ဆက်နွယ်နေပါတယ်။ မဟာသက္ကရာဇ် ၁၀၃၃နှစ်မှာ ဗုဒ္ဓဘုရားရှင်ဟာ ဘုရားအဖြစ်ကိုရောက်တဲ့အခိုန်တပုဿနဲ့ ဘလ္လိကတို့ကလည်း သူတို့မှာပါတဲ့ သကြား၊ ထောပတ်၊ ပျားရည်တွေနဲ့ပေါင်းစပ်ထားတဲ့မုန့်ဆုပ်ကို ကပ်လှူရတဲ့အကျိုးကျေးဇူးကြောင့် ဘုရားရှင်ကသူတို့ကို ပထမဦးဆုံး ဆံတော်ရှစ်ဆူကို



(၁၀၈) တောင်မြင့်သော ဆံတော်ရှင် ရွှေမောင်းတိုးစေတီတော်



ပုတီးစိပ်၊ တရားထိုင်လိုသူများ တက်ရောက်နိုင်ရန် ပြုလုပ်ထားသည့် စင်္ကြံလေးကား



ပုတီးစိပ်၊ တရားဘာဝနာ ပွားများနိုင်ရန် ပြုလုပ်ထားသည့် စင်္ကြံတော်

www.burmeseclassic.com

www.burmeseclassic.com

ခိုးမြှင့်လိုက်ပါတယ်။ အဲဒီအချိန်က ရတနာသုံးပါးဆိုတာ မပေါ်သေးပါဘူး။ ဘုရားရတနာ၊ တရားရတနာနှစ်ပါးသာ ရှိတဲ့ ဒွေဝါစိကသရဏဂုံပဲရှိတဲ့အချိန်ပါ။ အဲဒါကြောင့် ဘုရားရှင်က သူတို့နှစ်ယောက်ကိုလည်း ဒွေဝါစိကသရဏဂုံ နှစ်ပါးနဲ့ပဲ ဗုဒ္ဓဘာသာဝင်ဖြစ်အောင် မွေးဖွားပေးလိုက်တာပါ။

တပုဿနဲ့ ဘလ္လိကတို့ဆိုတာ မြန်မာပြည်က ကုန်သည်တွေ။ ဗုဒ္ဓဘာသာအဖြစ် ပထမဆုံးခံယူလိုက်တာ ကိုကြည့်မယ်ဆိုရင် အရင်က သူတို့တွေမှာ ဘာသာမရှိတာ သေချာနေပါတယ်။ အဲဒီအချိန်က မြန်မာပြည်အောက်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသမှာ စမောင်းလ်လူမျိုးဖြစ်တဲ့ တေလဂူလူရိုင်းမျိုးနွယ်စုတွေနေပါတယ်။ ဒီခေတ်ထဲမှာတော့ စမောင်းလ်လူမျိုးတွေကို မလေးရှားနိုင်ငံ စမောင်းလ်ကျွန်းစုတွေမှာ အနည်းအကျဉ်းတွေ့နိုင်ပါသေးတယ်။ ဒီလူရိုင်းတွေက မီးကိုပူဇော်တယ်၊ ယဇ်ပူဇော်တယ်၊ သေသွားတဲ့ ရွာရဲ့သူရဲကောင်းအလောင်းကို မီးသင်္ဂြိုဟ်ပြီး အရိုးကိုအိုးနဲ့ထားပြီး ပူဇော်တယ်။ ဒါက သူတို့ခေတ်အခါက သူတို့ရဲ့ယုံကြည်ကိုးကွယ်မှုပါပဲ။

ကုန်သည်ညီနောင်နှစ်ယောက်ဟာ ဘုရားရှင်ကို အခုမှမြင်ဖူးပေမယ့် ဗုဒ္ဓဘာသာကို နက်နက်ရှိုင်းရှိုင်းယုံကြည်တဲ့ ပထမဦးဆုံးဥပါသကာတွေဖြစ်ပါတယ်။ သူတို့ကိုချီးမြှင့်လိုက်တဲ့ဆံတော်ရှစ်ဆူကို တဖုဿက ဝါးခေါက်ထဲမှာထည့်ထားတယ်။ ဒီဆံတော်ရှစ်ဆူက ဝါးခေါက်ကိုဖောက်ပြီး ရောင်စဉ်တွေထွက်နေတာတွေ့လိုက်တော့ ပိုပြီးပီတိတွေဖြစ်တော့တာပေါ့။ ဒီရောင်ခြည်တော်တွေဆိုတာ ဟိုနားဒီနားလောက်ပြန့်တာမျိုးမဟုတ်ပါဘူး။ စကြဝဠာတစ်တိုက်လုံးပြန့်သွားတာပါ။ ဒီရောင်ခြည်တော်တွေက နဂါးပြည်ကိုလည်းရောက်သလို ဇေယျသေန နဂါးမင်းမြင်လိုက်တာနဲ့ -


"ဒါ ဘုရားရှင်ရဲ့ ဆံတော်ဓာတ်ကထွက်တဲ့ရောင်ခြည်တော်ပဲ"

လို့ သေသေချာချာသိနေတယ်လေ။ နဂါးဆိုတာ အခြားသောဝေနေယျတွေလို သက်တမ်းမတိုဘူး။ အလွန်သက်တမ်းရှည်တဲ့မျိုးနွယ်တွေပါပဲ။ အဲဒါကြောင့် မြင်တာနဲ့ ဒက်ခနဲသိလိုက်တာပါ။


နဂါးမင်းစဉ်းစားတာက -

"အင်း - ဒီကုန်သည်နှစ်ဦးကို ငါလည်းမသိပါလား။ ဆံတော်တွေကို အကုန်ယူထားရင်လည်း မတရားရာကျမယ်။ တောင်းရင်လည်း ပေးမယ့်ပုံမပေါ်ဘူး"


လို့ ဇေယျသေနနဂါးမင်းက တွေးနေတယ်။ ဒါကြောင့် နဂါးတို့အစွမ်းနဲ့ လေတွေတိုက်။ မိုးသက်မုန်တိုင်းတွေဖန်တီး၊ လှိုင်းတံပိုးတွေထန်အောင်လုပ်လိုက်တော့ တပုဿက လှေမမှောက်အောင် မနည်းကြိုးထိန်းနေရတာပေါ့။ ဒီလိုအာရုံပြောင်းချိန်မှာ ဇေယျသေန နဂါးမင်းက ဆံတော်ရှစ်ဆူယူလိုက်တာပါ။ ဒီလိုယူလိုက်တာကို တပုဿက သိတောင်မသိပါဘူး။ မိုးသက်မုန်တိုင်းတွေငြိမ်သွားပေမယ့် ရန်ကုန်မြို့ကို အပြင်လမ်းကမသွားရဲတော့ဘူး။ ဒီလိုနဲ့ ခရီးဆက်လိုက်တာ ချောင်ပေါက်နဲ့မြစ်ပေါက်မှားပြီး အမှတ်မထင် မောင်တိုကြီးရွာဘက်ရောက်မှန်းမသိရောက်လာတယ်။




သိုက်နန်းရှင်များ ကိုးကွယ်သည့် ဘုရားဆောင်ရှိ ဘိုးဘိုးအောင်နှင့် ဘိုးမင်းခေါင်



ကြေးပိသာ (၉၉၉၉) ရှိ ရွှေမြင်းပျံဟာလဝါမှ လှူဒါန်းထားသည့် အောင်ကြေးမောင်းကြီး




ဆံတော်ရှင်ရွှေမောင်းတီးရှိ စတီးမောင်းတော်ကြီး




ဆဋ္ဌမဘုရားပေါ်ယာကာ မေဏ္ဍာရှင် ရွှေမောင်းတီးဆရာတော်

www.burmeseclassic.com


www.burmeseclassic.com



သမိုင်းဝင်ရွှေမောင်းတီးစေတီတော်မော်ကွန်းစာ



သမိုင်းဝင်ရွှေမောင်းတီးစေတီတော်မော်ကွန်းစာ



သမိုင်းဝင်ရွှေမောင်းတီးစေတီတော်မော်ကွန်းစာ



ဆံတော်ရှင် ရွှေမောင်းတီးစေတီတော်
အဝင်လမ်း



ဆံတော်ရှင် ရွှေမောင်းတီးစေတီတော်
အဝင်လမ်း



ဆံတော်ရှင် ရွှေမောင်းတီးစေတီတော်သို့
အဝင်မုခ်ဦး

မောင်းတီးကြီးရွာက စမောင်းလ်လူမျိုးတွေက တပုဿညီနောင်လေးကိုဖမ်းပြီး သူတို့ခေါင်းဆောင်ဇလုဘုရင်ဆီခေါ်သွားကြတာပေါ့။

အဲဒီခေတ်က အခုလိုခွင့်ပြုချက်မရှိဘဲ နယ်ကျော်လာရင် ယစ်ပူဇော်ပစ်တာမျှားပါတယ်။ တပုဿတို့ညီနောင်နှစ်ဦးအသတ်မခံရတာ. ဘုရားရှင်ရဲ့ ဆံတော်ရှစ်ဆူကြောင့်ပါပဲ။ တပုဿရဲ့ ဝါးခမောက်ထဲက ဆံတော်ရှစ်ဆူဟာ ဝါးခမောက်ကိုဖောက်ပြီး ရောင်ခြည်တော်တွေထွက်နေတာကို ဇလုဘုရင်က မြင်လိုက်တော့ -

"သင့်ခမောက်အထဲက အရောင်တွေထွက်နေတာ အထဲမှာဘာပစ္စည်းရှိသလဲ ဖွင့်ပြစမ်း"

လို့ပြောလိုက်တယ်။

တပုဿက-

"အဲဒီအရောင်တွေထွက်နေတဲ့အရာဟာ ဘုရားရှင်ရဲ့ဆံတော်ရှစ်ဆူကြောင့် အခုလိုမြင်ရတာပါ"

လို့ပြောလိုက်တော့ ဇလုဘုရင်က -

"မင်းတို့ဘုရားဆိုတာ တို့မိုးနတ်မင်းလောက်တန်ခိုးကြီးသလား"

လို့ ဆက်မေးပြန်တယ်။

တပုဿက -

"နေနတ်မင်း၊ လေနတ်မင်း၊ မီးနတ်မင်းတွေအားလုံးကဘုရားကိုလာပြီး ရှိခိုးနေကြတာ။ ဒါကြောင့်ရှိသမျှ နတ်ဒေဝတာရဲ့ဆရာသခင်ပဲ။ လောကမှာ သူထက်ကြီးမြတ်တဲ့ပုဂ္ဂိုလ်မရှိသေးဘူး။ ဒါကြောင့် ဘုရားလို့ခေါ်တာ"

လို့ရှင်းလည်းပြလိုက်ရော ဇလုဘုရင်က ဘုရားရှင်ရဲ့တပည့်အဖြစ်ခံယူလိုကြောင်း သူတို့အား ဆံတော်(၂)ဆူပေးရင် အသက်ချမ်းသာရာပေးတဲ့အပြင် နေရပ်ကိုလည်းပြန်ခွင့်ပြုကြောင်းပြောတော့တာပါပဲ။

ဒီဆံတော်နှစ်ဆူရလိုက်တဲ့အချိန်ကစပြီး ဇလုဘုရင်နဲ့ တပည့်အပေါင်းဟာ ဗုဒ္ဓဘာသာဝင်တွေဖြစ်သွားပါတယ်။ဇလုဘုရင်က ဗုဒ္ဓဘာသာဝင်ဖြစ်မှတော့ သူ့လက်အောက် မောင်းတီးကြီးတစ်ရွာလုံး ဗုဒ္ဓဘာသာဝင်တွေဖြစ်တော့တာပေါ့။ ဒါကြောင့် မြစ်ဝကျွန်းပေါ် ဒေသရဲ့ ဗုဒ္ဓဘာသာအစဟာ မောင်းတီးကြီးရွာကလို့ ဆိုရိုးစကားတွင်သွားပါတယ်။

စမောင်းလ်လူမျိုးတွေက သူတို့ရဲ့ သူရဲကောင်းသေသွားလို့မကြိုက်ပြီး အရိုးအိုးကို လိုရာသို့ထားလေ့ရှိပါ

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒီလေ့ကြောင့် လိုက်ဂူကိုတော့ စမောင်းလိုလူမိုးတွေကလုပ်တတ်နေပါပြီ။ အခုရရှိတဲ့ ဆံတော်နှစ်ဆူကိုလည်း အလွန်တန်ဖိုးထားတဲ့အရာတွေဖြစ်လို့ လိုက်အကြီးကြီးလုပ်ပြီးတော့ အထဲမှာ ရွှေကြုတ်ကြီးတစ်လုံးနဲ့ထည့်ထားတာပါ။ ဒီဆံတော်နှစ်ဆူကလည်း ရွှေကြုတ်ကို ဖောက်ပြီး ပြိုးပြိုးပြက်ပြက်ရောင်ခြည်တော်တွေထွက်နေလို့ တစ်ရွာလုံးတစ်နယ်လုံးအုတ်အော်သောင်းနင်းတွေဖြစ်တော့တာပါပဲ။

လူတွေဝင်ပြီး ဖူးလို့ရအောင်ရယ်။ အလင်းရောင်ဝင်အောင်ရယ် ရည်ရွယ်ပြီး ဂူကြီးကြီးတည်ဆောက်လိုက်တာပါ။ သမိုင်းအဆိုအရ မြေသားနံရံကိုပါထပ်ပြီးဖို့လိုက်တော့ (၁၈) တောင်လောက် မြင့်တယ်လို့မှတ်တမ်းတင်ထားပါတယ်။ ဒီဂူထဲမှာဘုရားရှင်ရဲ့ဆံတော်နှစ်ဆူအပြင် ရွာသူရွာသားတွေလှူထားတဲ့ ရွှေထည်ပစ္စည်းတွေကများမှများ။ ဒါကို ဒေသခံတွေကမြင်နေတော့ လူသဘာဝအရ ရွှေတွေ့ငွေတွေ့ကိုလိုချင်တဲ့လောဘတွေတက်လာတယ်။ ဒါကို ဇလုဘုရင်ကရိပ်မိတော့ နေ့စောင့်ညစောင့်နဲ့ထားရတဲ့အထိ တာဝန်တွေကြီးလာတာပေါ့။

ဒါကြောင့် ဒီဆံတော်နှစ်ဆူနဲ့ ရတနာတွေကို ဒီအတိုင်းထားလို့တော့ မဖြစ်တော့ဘူး။ ဂူကို အသေပိတ်ပြီး မြေတွေဖို့လိုက်မှအေးတော့မယ်ဆိုပြီး ဂူနံရံကိုလည်း အသေပိတ်လိုက်တယ်။ လိုက်ဂူတော်ကိုလည်း မြေသားတောင်ပို့သဏ္ဌာန်ဖန်တီးလိုက်ပြီး အနားကို ဘယ်သူမှ မကပ်ရလို့ အမိန့်ထုတ်လိုက်တယ်။

အနားလာရင်အသတ်ခံရမှာကိုး။ အဲဒါကြောင့် လူသူလေးပါးအနားမကပ်ဝံ့တာကြောင့် နှစ်တွေကြာလာတော့ တောချုံတွေပါလွှမ်းသွားပါတော့တယ်။

သာသနာ့နှစ် ၂၃၉ ခုနှစ်မှာ အာသောကဘုရင်ကြီးက ကိုးတိုင်းကိုးဌာနကို သာသနာပြုစေလွှတ်ခဲ့ပါတယ်။ မြန်မာနိုင်ငံကို အရှင်ဥတ္တရမထေရ်အမှူးပြုတဲ့ရဟန်းတော်အဖွဲ့က ပုသိမ်မြို့ကို ရောက်လာတော့ -




သိုက်နန်းရှင်များ



သိုက်နန်းရှင် ဓါဝါဖြူ၊ ဓါဝါပေါက် ညီအစ်ကိုနှစ်ဦး




သိုက်ချုပ်ဘိုးတော်၊ နဂါးဘိုးတော်နှင့် သိုက်နန်းရှင် ဓါဝါဖြူနှင့် ဓါဝါပေါက်




သိုက်နန်းအတွင်းရှိ ရွှေလောင်းလေ့လေး

www.burmeseclassic.com

www.burmeseclassic.com



မောင်းတီးရွာအသွား သဘာဝချောင်းကူးတံတား



မောင်းတီးကြီးရွာအသွားလမ်း



မောင်းတီးကြီးရွာအဝင်လမ်း

"အသင်မြို့တော်ဝန်အုပ်ချုပ်တဲ့ ဒေသထဲမှာ ဘုရားရှင်ရဲ့ဆံတော်အစစ်ရှိနေတယ်။ ဗုဒ္ဓဘာသာကို ပြန့်ပွားစေချင်ရင် ဒါကိုဖော်ထုတ်ရပါလိမ့်မယ်။ နေရာဒေသကို ညွှန်ပြပေးပါ"

လို့ မိန့်တယ်။

ပုသိမ်မြို့တော်ဝန်ကလည်း ရှေးနှစ်ပေါင်းများစွာတုန်းက ဆံတော်(၂)ဆူကို ဂူသွင်းပူဇော်သည်ကိုတော့ကြားမိကြောင်း၊ ထိုနေရာမှာ မောင်းတီးကြီးရွာဖြစ်ကြောင်း မရောက်မပေါက်သည်မှာလည်းကြာပြီဖြစ်၍ ဘယ်နေရာဟုတော့ မသိကြောင်း၊ ဆင်ဖြူတော်အကူအညီနဲ့ရှာရင်တော့ တွေ့နိုင်ကြောင်း အရှင်ဥတ္တရမထေရ်ကို ရှင်းလင်းပြောပြပါတယ်။

အရှင်ဥတ္တရမထေရ်နဲ့ ပုသိမ်မြို့တော်ဝန်တို့က ဆင်ဖြူတော်ကိုခေါ်ပြီး မောင်းတီးကြီးရွာဘက်ရောက်လာတဲ့အခါ ဆံတော်နှစ်ဆူကိစ္စမေးလိုက်တော့ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀၀) ကျော်က ကိစ္စဖြစ်နေလို့ မီလိုက်တဲ့ရွာသားတစ်ယောက်မှမရှိပါဘူး။ ဟိုနားလိုလိုဒီနားလိုလို သဘာဝတောင်ပူစာတွေကလည်း အများသား။ ခွဲခြားသိနိုင်ဖို့မလွယ်ပါဘူး။ ဒါကြောင့် ဆင်ဖြူတော်ကို ပန်းနံ့သာရည်ပက်ဖျန်းပြီး -

"ဆံတော်ရှိရာအရပ်မှာ ရပ်ပါစေသတည်း"

လို့ အဓိဋ္ဌာန်ပြီး လွှတ်ကြည့်လိုက်တယ်။

ဆင်ဖြူတော်ကလည်း ဇလုဘုရင် ဂူအသေပိတ်ထားတဲ့တောင်ပိုကြီးနားရောက်တာနဲ့ ဝပ်တွားပြီး ရှေ့မဆက်တော့ပါဘူး။ သူ့ရဲ့နှာမောင်းကို မြှောက်လိုက်ချလိုက်လုပ်နေတာက ဆင်ရဲ့သဘာဝအရ ရှိခိုးနေတာပါ။ ဒီမြင်ကွင်းကို မြို့တော်ဝန်နဲ့အရှင်ဥတ္တရမထေရ်တို့ မြင်လိုက်မှ ဒီတောင်ကုန်းထဲမှာ မြတ်စွာဘုရားရှင်ရဲ့ဆံတော်အစစ် (၂) ဆူရှိတာ သေချာသွားပြီ။ ဒီတောင်ပို့ကို မဖျက်ဆီးဘဲ ဘေးကနေဝိုင်းပြီးစေတီတော်တည်ရမယ်လို့ ပုသိမ်မြို့တော်ဝန်က အမိန့်ချလိုက်တယ်။ ဒါကြောင့် ရွာသူရွာသားတွေနဲ့ တက်ညီလက်ညီတည်လိုက်တာ သမိုင်းမှတ်တမ်းမှာ (၂၇) တောင်စေတီတော်လို့သတ်မှတ်ထားပါတယ်။

စေတီတော်တည်နေချိန်မှာပုသိမ်မြို့တော်ဝန်က စဉ်းစားနေတယ်။ ဇလုဘုရင်လက်ထက်ကလည်း လောဘသားတွေသောင်းကျန်းလို့ ဂူကိုအသေပိတ်လိုက်ရတယ်။ အခု ငါက ငုံပြီးတည်တဲ့စေတီတော်ကိုလည်း လောဘသားတွေမဖျက်ဆီးဘူးလို့ ဘယ်လာပြောနိုင်ပါမလဲ။ ဘယ်သူမှမဖျက်ဆီးအောင် ဘယ်လိုစီရင်သင့်သလဲလို့ ပုဏ္ဏားကြီးတွေမေးလိုက်တော့ -

"အရှေ့အရပ်ကလာတဲ့မောင်နှမ (၄) ဦးဖြစ်ရင် စေတီတော်မှာ စောင့်ခိုင်းလိုက်ပါ။ ဒါဆိုရင် ဘယ်အဖျက်ရန်မှကြောက်စရာမလိုတော့ပါဘူးဘုရား"

လို့အကြံပေးလိုက်တာ မြို့တော်ဝန်ကလည်း တစ်ချက်လွှတ်သတ်စေအမိန့်ပေးလိုက်ပါတယ်။ ဘုရားတည်တယ်ဆိုတာ တစ်ရက်နှစ်ရက်နဲ့ပြီးတဲ့ကိစ္စမဟုတ်ပါဘူး။ ဘုရားတည်ဖို့အတွက် အုတ်ဖုတ်ရ၊ အဲဒီခေတ်ကသုံးတဲ့ ညောင်းစေးနဲ့ ကျွဲကော်ရောတဲ့ကော်ကို ဖော်စပ်ရ တာကြောင့် သုံးလေးလနဲ့ဘယ်လာပြီးပါမလဲ။ ဘုရားတည်တဲ့အခါ နေရာမှာ ဖခင် ပုသိမ်မြို့တော်ဝန်လာတာကြောပြီဖြစ်လို့ သားသမီး(၉)ယောက်က ဘုရားတည်တဲ့ရွာကိုလှန်လိုက်လာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

သားသမီး (၄) ယောက်လာချိန်မှာ ပုသိမ်မြို့တော်ဝန်ကလည်း မပြန်တာကြောပြီဖြစ်လို့ ပုသိမ်မြို့ကိုပြန်လာတယ်။ ဒါကြောင့် အသွားနဲ့အပြန် လူချင်းလွဲသွားတယ်။ ဘုရားတည်တဲ့နေရာရောက်တော့ အရွယ်တူ လူ(၄)ယောက်ကို ဘုရားတည်တာဝန်ခံကြီးကတွေ့လိုက်တော့ ဘယ်အရပ်ကလာတာလဲ၊ ဘယ်လိုတော်သလဲလို့ မေးလိုက်တယ်။

ရိုးသားတဲ့မောင်နှမ(၄)ဦးကလည်း အရှေ့အရပ်ကလာကြောင်း၊ မောင်နှမ(၄)ဦးဖြစ်ကြောင်းအဖြေပေးလိုက်တော့ ပုဏ္ဏားတွေ ဟောတဲ့ကိစ္စပေါ် လာပြီလို့ သိလိုက်ပြီး သူ့ကိုတာဝန်ပေးထားတဲ့အတိုင်း ချက်ချင်းဖမ်း၊ ချက်ချင်းသတ်တော့တာပါပဲ။

ဒီကိစ္စကို ပုသိမ်မြို့တော်ဝန်ကစာသဝဏ်လွှာရောက်လာမှသိလိုက်တာပါ။

"အလို၊ ငါ့သားသမီး (၄) ယောက် အသတ်ခံရတာပါလား"

လို့ သိလိုက်တာနဲ့ ချက်ချင်း လှေတော်ပြင်ပြီး အားချင်း မောင်းတီးကြီးရွာကို ထွက်လာတယ်။ မြို့တော်ဝန်စီးလာတဲ့လှေလည်း မောင်းတီးကြီးရွာမရောက်ခင် မြစ်လယ်မှာ လှေမောက်ပြီး မြို့တော်ဝန်သေဆုံးသွားပါတယ်။ အဲဒါကြောင့် (၂၇) တောင်စေတီတော်မှာ ပုသိမ်မြို့တော်ဝန်ဦးလှိုင်နဲ့တကွ သားသမီး (၄)ဦးက သိုက်နန်းရှင်ဘဝနဲ့စောင့်ရှောက်နေကြတာ ယနေ့ထိတည်နေပါတယ်။

ထူးခြားဖြစ်စဉ်လည်း ရှိပါတယ်။ ဒါက ပုသိမ်မြို့တော်ဝန်ဦးလှိုင်တည်ထားတဲ့စေတီတော်မှာ ဦးလှိုင်ကိုယ်တိုင် စောင့်ရှောက်သလို သိုက်နန်းရှင်ဘဝနဲ့ ဦးလှိုင်ရဲ့သမီး ဒေါ်ဝါဖြူ၊ ဒေါ်ဝါပေါက်တို့က လှေဆိပ်ကနေ ကံတိုက်ဆိုင်သူတွေကို ရွှေငွေလက်ဆောင်တွေပေးလေ့ရှိပါတယ်။ အဲဒီဓလေ့ကြောင့် ယခုအခါမှာ 'လက်ဆောင်ကွင်းရွာ' လို့ အမည်နာမတွင်နေတာ ယနေ့အထိ တည်မြဲလျက်ပါပဲ။

မြို့တော်ဝန်ဦးလှိုင်ရဲ့ (၂၇)တောင်စေတီတော်ဟာ နှစ်တွေကြာညောင်းတဲ့အထိ ပြုပြင်သူမရှိပါဘူး။ ဒါကြောင့် လောကဓံကို မလွန်ဆန်နိုင်လို့ အုတ်ပုံဘဝပြန်ရောက်သွားပါပြီ။ အဲဒီအချိန်မှာ အလောင်းစည်သူမင်းကြီးက တိုင်းခန်းလှည့်လည်ဖို့ ဖောင်တော်နဲ့ထွက်လာတယ်။ သမိုင်းအဆိုအရ သီဟိုဠ်ကျွန်းကအပြန် ပုသိမ်မြို့ကိုပြန်ဝင်တယ်လို့မှတ်တမ်းတင်ထားပါတယ်။ လာတဲ့ရည်ရွယ်ချက်က ဖောင်တော်စထွက်တဲ့အထိန်းအမှတ်စေတီပြီးစီးမှုရှိ/မရှိ သိချင်လို့ဝင်တာပါ။ အခုလို ပုသိမ်မြို့ရောက်ခိုက်မှာ သိုက်နန်းရှင်တွေက ဆံတော်အစစ်ရှိတဲ့စေတီတော်ကို ပြန်လည်ပြုပြင်ပေးဖို့ အိပ်မက်ပေးတာကြောင့် မောင်းတီးကြီးရွာကိုရောက်ခဲ့တာပါပဲ။

မြို့တော်ဝန်ဦးလှိုင်စေတီတည်ခိုန်နဲ့ အလောင်းစည်သူမင်းရောက်ချိန်ဟာ နှစ်ပေါင်းရာချီပြီးကြာခဲ့လို့ စေတီတော်ကပျက်စီးနေပါပြီ။ မြို့ရွာတွေပါပျက်စီးခဲ့လို့ လူသူလေးပါးတောင်မရောက်တဲ့တောကြီးလိုဖြစ်နေပါတယ်။ ဘယ်လိုမှ ခန့်မှန်းမရတော့မှ ဆင်ဖြူရထနဲ့ စေတီတော်ပျက်ကိုရှာရတော့တာပေါ့။ အလောင်းစည်သူမင်းကြီးကိုယ်တိုင်က 'ဘုရားရှင်ရဲ့ ဆံတော်နှစ်ဆူရှိတဲ့နေရာရောက်လျှင် ဆင်ဖြူတော်သည် ရပ်တန့်ပါစေသား' လို့ အဓိဋ္ဌာန်လိုက်တယ်လေ။ ဆင်ဖြူတော်ကလည်း ဘုရားဒါယကာဦးလှိုင်တည်တဲ့စေတီတော်တောင်ပို့ကြီးရောက်တာနဲ့ ဝပ်တွားပြီး ရှေ့ကိုမဆက်တော့ပါဘူး။ ဆင်တော်ဝပ်တဲ့တောင်ကုန်းကိုရှင်းလိုက်တော့မှ စေတီပျက်ကဘွားခနဲပေါ်လာတာပါ။ ရှာဖွေရရှိတဲ့နေရာမှာ အလောင်းစည်သူမင်းကြီးက ဉာဏ်တော် (၄၅) တောင်စေတီမှာ သူ့ရဲ့ မင်းမြောက်တန်ဆာငါးပါးဌာပနာပြီး အသစ်တည်ပေးခဲ့ပါတယ်။

ရွှေမောင်းတီးစေတီတော်ကြီးဟာ အလောင်းစည်သူတည်ပြီးတဲ့နောက်ပိုင်း ပြုပြင်သူမရှိလို့ သခီရသဘောကြောင့် ပြန်ပြီးပျက်စီးပြန်တယ်။ ကောဇာသက္ကရာဇ် ၆၂၅ ခုနှစ်မှာ သမုဒ္ဒယောနဲ့ ဥမ္မာဒန္တီမိဖုရားတို့က ဒေသတွင်းပျက်စီးနေတဲ့စေတီပုထိုးတွေပြုပြင်ခိုန်မှာ မောင်းတီးဒေသရောက်လာပြီး အလောင်းစည်သူတည်ခဲ့တဲ့ စေတီပျက်ကို ဉာဏ်တော် (၉၀) တောင်မြင့်အောင် အသစ်ပြန်ပြီးတည်ပေးခဲ့ပါတယ်။

ဥမ္မာဒန္တီတို့တည်ထားပြီးတဲ့နောက် နှစ်ပေါင်း (၆၀၀) လောက် ပြုပြင်သူမရှိခဲ့ပါဘူး။ ဒါ့အပြင် မုန်တိုင်းဒဏ်တွေ၊ မြေလျင်ဒဏ်တွေကြောင့် အက်ကွဲတဲ့အထိပျက်စီးပြီး တောချုံတွေလွှမ်းသွားပြန်တယ်။

အေဒီ ၁၉၆၂ ခုနှစ်ရောက်တော့ အရှင်ပညာသုတက ပဉ္စမဘုရားဒါယိကာအဖြစ် ဉာဏ်တော် (၇၂) တောင်စေတီတော်ကိုပြန်ပြီးတည်ပြန်တယ်။

ဦးပညာသုတတည်ပြီး နှစ်ပေါင်း (၃၅) နှစ်တိုင်တိုင် ပြုပြင်သူမရှိလို့ အုတ်ချပ်တွေကွာကျ၊ ရေတိုက်စားလို့ပျက်စီး၊ ၁၉၇၅ ပုသိမ်မုန်တိုင်းကြောင့် အုတ်ပုံဘဝပြန်ရောက်ပြန်တယ်။ ၁၉၉၆ ခုနှစ်လောက်မှာ ရွှေမောင်းတီးဆရာတော်ဆီကို ကြာတစ်ခိုင်က (၉) ပွင့်ပွင့်တဲ့ (၉)ခိုင် ကြာပွင့်လာပြီးလျှခဲ့တယ်။ ခုလို (၉) ခိုင်ကြာပွင့်ရပြီး လအနည်းငယ်အတွင်းမှာ ယောဂီအသွင်နဲ့အမျိုးသမီးတစ်ဦးရောက်လာပြီး -

"စေတီတော်ပြုပြင်မယ့်သူ အရှေ့အရပ်က ရောက်လာပါလိမ့်မယ်ဘုရား"

လို့ လျှောက်ထားခဲ့ပါတယ်။

ဒီဟောချက်ကို ဆရာတော်က မယုံပါဘူး။ ဘယ်ကမှန်းမသိတဲ့ယောဂီအသွင်ထူးကို တစ်ခါမှလည်း မြင်ဖူးတာမရှိ။ သိကျွမ်းတဲ့ဒါယိကာမထဲကလည်း မဟုတ်။ အလွန်လျှို့ဝှက်ဆန်းကြယ်တဲ့ဂန္ဓိရုပေါဟျက်လိုဖြစ်နေတော့ ယုံရခက်တာပေါ့။ ဒါပေမယ့် ၁၉၉၇ ခုနှစ်မှာ တိုင်းမှူးကတော်ဒေါ်ခင်မျိုးဦးရောက်လာပြီ မေတ္တာရှင်ရွှေမောင်းတီဆရာတော်လမ်းညွှန်မှုနဲ့ ဆံတော်ရှင်မောင်းတီးစေတီတော်ကို ဉာဏ်တော် (၁၀၈) တောင် အမြင့်နဲ့ပြန်ပြီတည်ခဲ့ပါတယ်။

ဆံတော်ရှင် ရွှေမောင်းတီးစေတီတော်မြတ်ဟာ သခီရသဘောအရ အကြိမ်ကြိမ်ပျက်စီးမှုတွေကြုံခဲ့ပါတယ်။ လေမုန်တိုင်းဒဏ်၊ ငလျင်ဒဏ်၊ မိုးကြီးတဲ့ဒဏ်တွေကိုခံခဲ့ရလို့ အုတ်ပုံဘဝရောက်ရတာလည်း အကြိမ်ကြိမ်ပါပဲ။ ပထမဘုရားဒါယကာက ဇလုဘုရင်ပါ။ ဒုတိယဘုရားဒါယကာက ပုသိမ်မြို့တော်ဝန် ဦးလှိုင်ပါ။ တတိယဘုရားဒါယကာက အလောင်းစည်သူမင်းကြီးဖြစ်ပြီး စတုတ္ထဒါယိကာမက ဥမ္မာဒန္တီဖြစ်ပါတယ်။ ပဉ္စမဘုရားဒါယကာက အရှင်ဦးပညာသုတဖြစ်ပြီး ဆဋ္ဌမဘုရားဒါယကာကတော့ လက်ရှိသီတင်းသုံးနေတဲ့ မေတ္တာရှင် ရွှေမောင်းတီးဆရာတော်ပဲဖြစ်ပါတယ်။

ဘုရားရှင်ရဲ့ ဆံတော်အစစ်ကို ဖူးမြော်ချင်တယ်ဆိုရင် အခုဖော်ပြပေးထားတဲ့ ဆံတော်ရှင်ရွှေမောင်းတီးစေတီတော်ကို ဖူးမြော်နိုင်ရန် နတ်လမ်းညွှန်ပြသလိုက်ရပါကြောင်း။

(ဤဆောင်းပါးကို မေတ္တာရှင် ရွှေမောင်းတီးဆရာတော်ကြီး၏ခွင့်ပြုချက်အရ ရေးသားခြင်း ဖြစ်ပါသည်)

စိုးထွန်း(ဥပဒေ)

www.burmeseclassic.com

www.burmeseclassic.com

ကော့ခပုံဆရာတော်ကြီး၏ ကြည်ညိုမှုယိမ်းထိုးခြားမှုများ

နေဝင်းဝင်း(လွန်ဆေး)



ကော့ခပုံဆရာတော်ကြီး ပျံလွန်တော်မူပြီး (၁၀) ရက်အကြာတွင် ရိုက်ကူးထားသော မှတ်တမ်းတင်ပုံ

■ကောက်စားမလောက်၊ ဖြောင့်စားမကုန်၊ စကားကိုနည်းနည်းပြော၊ မနောကြံတိုင်းဖွင့်မပြောနဲ့။

■ဂုဏ်မလုပ်နဲ့၊ ဂုဏ်ယုတ်တတ်တယ်။ ဂုဏ်မလိုနဲ့၊ ဂုဏ်ပြုတတ်တယ်။ ဂုဏ်မမက်နဲ့၊ ဂုဏ်ပျက်တတ်တယ်။

■ဒီလူတွေ အကြားအမြင်ဗဟုသုတ နည်းလို့အံမှားလုပ်မိကြတာ။ အမှန်ကို သိရင် အမှားလုပ်ကြမှာမဟုတ်ဘူး။ သူတို့ကို အပြစ်တင်မဲ့အစား သွန်သင်ဆုံးမတရားဟောပြပေးတာက ပိုပြီး အကျိုးရှိတယ်။

အထက်ပါ ဆုံးမသြဝါဒစကားတို့ကို တပည့် ဒကာ၊ ဒကာမတို့အား သွန်သင်ဆိုဆုံးမခဲ့သည့် ပုဂ္ဂိုလ်မြတ်မှာ မွန်ပြည်နယ် မုဒုံမြို့နယ် ကော့ခပုံတောင်ပေါ် တောရရေတံခွန်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တဇောတိပါလ ဖြစ်ပါသည်။ ဆရာတော်ကြီးသည် သက်တော်(၁၀၀)၊ ဝါတော် (၈၀) ပြည့်သည့် ၁၃၄၉ ခုနှစ်၊ နယုန်လဆုတ် ၉ ရက်၊ ၁၉၈၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့က ဘဝနတ်နန်းစံမြန်းတော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် အသက် (၁၀) နှစ်သားတွင် ရှင်သာမဏေဖြစ်ခဲ့ပြီး သက်တော် (၃၄) နှစ်အထိ ပရိယတ္တိစာပေများ လေ့လာသင်ကြားဆည်းပူးခဲ့သည်။ သက်တော် (၃၄) နှစ်ပြည့်ပြီး နောက် တောထွက်ကာ တောတောင်လိုက်ဝှာများတွင် လှည့်လည်သီတင်းသုံးလျက် ဝိပဿနာတရားပွားများအားထုတ်ခဲ့ပါသည်။

မြန်မာနှစ် ၁၃၂၇ ခု၊ သက်တော် (၇၇) နှစ်အရွယ်တွင် ဆရာတော်ကြီးသည် မူရင်းဒေသ ဝင်းရော်ဆိပ်ကြီး တောရကျောင်းမှ ကော့ခပုံတောရရေတံခွန်ကျောင်းသို့ အပြီးတိုင်ပြောင်းရွှေ့သီတင်းသုံးခဲ့ပါသည်။ (၁၀) နှစ်ခန့် အကြာ ၁၃၃၇ ခုနှစ်တွင် ဆရာတော်ကြီး မကျန်းမမာဖြစ်နေကြောင်း မူရင်းဒေသမှ တပည့်ဒကာ၊ ဒကာမများသိရှိကြသဖြင့် စုဝေးရောက်ရှိလာပြီး ပင့်ဆောင်ကြသဖြင့် ဝင်းရော်ဆိပ်ကြီးတောရကျောင်းသို့ ပြန်လည် သီတင်းသုံးခဲ့ပါသည်။ ဝင်းရော်ဆိပ်ကြီးတောရကျောင်းတွင် ခေတ္တသီတင်းသုံးစဉ် ကျန်းမာရေးအတွက် ဝစီပိတ်အဓိဋ္ဌာန်(၇)ရက်ကျင့်ကြံပြီးနောက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည်နှင့် တပည့်ဒကာများတားမရ ဇွတ်အတင်းပင် ကော့ခပုံတောရရေတံခွန်ကျောင်းသို့ ပြန်လည်ကြွမြန်းသီတင်းသုံးတော်မူခဲ့သည်။

ဆရာတော်သည် စာပေသင်ကြားခြင်း၊ ရဟန်းသီလစောင့်ထိန်းခြင်း၊ ဓုတင်ကျင့်ဆောင်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်းတို့ကို အမြဲတစေ ထကြွလှုံ့လှုံ့ကျင့်မြဲဖြစ်သည်။ဝိနည်းသိက္ခာပုဒ်များကိုလည်း လေးစားလိုက်နာလေ့ရှိပြီး သေးငယ်သည့်လဟုကအာပတ်တို့ကိုပင် အထူးဂရုပြုကာ ရှောင်ကြဉ်လေ့ရှိသည်။ စကားအပြောအဆိုအလွန်နည်းပါးပြီး ရိုးသားဖြောင့်မတ်ခြင်းကို အထူးပင် နှစ်သက်လိုလားတော်မူသည်။ သက်နံ့၊ ဝတ်ရုံမှု၊ စားသောက်မှု၊ ရာသီဥတုပူပြင်းမှု၊ အအေးလွန်ကဲမှု၊ မှက်ခြင်ယင်ကိုက်ခဲမှု စသည့် အနှောင့်အယှက်များတို့ကို အလေးထားမှတ်ယူခြင်းမရှိ။ အစဉ်အမြဲအေးအေးသက်သာနေတတ်သည်သာဖြစ်သည်။ ခန္ဓိတရားနှင့် အထူးပင်ပြည့်စုံအောင် ကျင့်ကြံနေတော်မူလေ့ရှိသည်။

မသိမလိမ္မာသူများ၏ကိုယ်မှုနှုတ်မှုပြုမှားမိသည်များရှိလာခဲ့လျှင်လည်း ခွင့်လွှတ်သည်းခံပေးတတ်သည်။ ခုတင်ပေါ် ကျိန်းစက်ခြင်းမရှိချေ။ အလှူရှင်ဒကာ၊ ဒကာမများထံမှ အလှူခံရရှိသမျှ၊ သက်နံ့ပရိက္ခရာအသုံးအဆောင်မှန်သမျှ နှစ်စဉ်ကျင်းပသည့်ကထိန်အလှူနေ့တွင် ကြွလာသော သံဃာတော်များကိုစွန့်ကြဲလှူဒါန်းလေ့ရှိသည်။

ဆရာတော်ကြီးဘဒ္ဒန္တဇောတိပါလ၏ သီလ၊ သမာဓိ၊ ပညာနှင့် ကမ္မဋ္ဌာန်းဝိပဿနာတရားပွားများကျင့်ကြံမှုကြောင့် ကော့ခပုံဆရာတော်ကြီးဟု ထင်ရှားကျော်ကြားခဲ့သည်။ ထို့ပြင် မဟာရင်ဂိုဏ်းချုပ်ဆရာတော်ဟုလည်း သီးခြားဂုဏ်ပုဒ်တစ်ခုဖြင့် ထင်ရှားခဲ့ကြောင်းသိရှိရပါသည်။

သက်တော်ကြီးရင့်လာချိန်တွင် ဆရာတော်ကြီးသည် နေ့ဆွမ်းဘုဉ်းပေးပြီးသည်မှ ညနေစောင်းမျော်ရည်ကပ်ခံချိန်အထိ တောရကျောင်းကလေးထဲတွင် တံခါးများအလုံပိတ်လျက် တစ်ပါးတည်းတရားအားထုတ်နေလေ့ရှိသည်။

ထို့ကြောင့်ပင် တစ်နေ့၌ ဆရာတော်ကြီး၏ တောရကျောင်းကလေးအတွင်းသို့ ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်တစ်ဦးရောက်ရှိလာခဲ့၏။ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်၏ မေးမြန်းလျှောက်ထားချက်များအပေါ် ဆရာတော်ကြီး၏ပြန်လည်ဖြေကြားချက်များအရ ဆရာတော်ကြီးအား ၁၂၅၀ ပြည့်နှစ်က မီးရှူးသန့်စင်ဖွားမြင်ပြီးနေ့မှာ အင်္ဂါနေ့ဖြစ်ကြောင်း သိရှိမှတ်သားရပါသည်။

ဆရာတော်ကြီး၏ နှစ်ကာလများစွာ ဆောက်တည်ပွားများကျင့်ကြံခဲ့သော သီလ၊ သမာဓိ၊ သိက္ခာ၊ ပညာတို့ဝိပဿနာအကျိုးကျေးဇူးများထိုမြောက်ပျံလွန်တော်မူစဉ်အခါက နှုတ်ဆွေးကိုက်ခဲညည်းညူခြင်းမရှိခဲ့ချေ။ ကိုယ်အထိုင်ပေါ်တွင် လျောင်းစက်တော်မူရင်းကပင် တစ်ဘဝတစ်ခန္ဓာငြိမ်းခဲ့ပါသည်။ ပျံလွန်

www.burmeseclassic.com

www.burmeseclassic.com

တော်မူပြီးနောက်တွင်လည်း ဆရာတော်ကြီး၏ရုပ်ကလာပ်တော်မှာ ပုပ်ပွနံ့စော်ခြင်းအလျှင်းမရှိခဲ့။ ယခု ဆောင်းပါးတွင် ဖူးတွေ့နေရသည့် ကော့ခပုံဆရာတော်ကြီး ဘဒ္ဒန္တဇောတိပါလ၏ ပုံတော်မှာ ပုံလွန်တော်မူ ပြီး (၁၀) ရက်အကြာတွင် ရိုက်ကူးထားသောမှတ်တမ်းဓာတ်ပုံဖြစ်ပါသည်။

ဆရာတော်ကြီးနှင့်သက်ဆိုင်သော ထူးခြားအံ့ဩဘနန်းပြောစမှတ်ပြုဖွယ်ဖြစ်ရပ်များစွာရှိနေပါလိမ့်မည်။ စာရေးသူအနေဖြင့် လက်လှမ်းမီလေ့လာနိုင်သမျှကိုသာ စာဖတ်ပရိသတ်များကြည်ညိုပူဇော်နိုင်ကြရန် အောက်ပါအတိုင်း စုစည်းတင်ပြအပ်ပါသည်။

■ ရေထဲကျသူကိုဆယ်ကြ

တစ်နေ့တွင် ဆရာတော်ကြီးသည် တောရကျောင်းလေးထဲမှ ကပျာကယာ ထွက်ကြွလာပြီး -

"ဟေ့ - လူတစ်ယောက်ချောင်းထဲကျသွားတယ် ဆယ်ကြ ဆယ်ကြ"

ဟု မိန့်ကြားသည်။

ဆရာတော်ကြီး၏ ကျောင်းဘေးခပ်လှမ်းလှမ်းတွင် မိုးကာလ၌ ရေဒလဟောစီးဆင်းသည့် ရေစီးသန်သော ချောင်းငယ်လေးရှိ၏။ ကျောင်းအတွင်း ရှိဒကာများ၊ ကျောင်းသား၊ ကိုရင်များက ချောင်းငယ်လေးတစ်လျှောက်တွင် လိုက်လံရှာဖွေကြသည်။ ဆရာတော်ကြီး မိန့်သည့်အတိုင်းပင် လူတစ်ယောက် ရေထဲကျသွားခဲ့သည်မှာ မှန်ပါသည်။ သို့သော် ထိုသူမှာ ရေနစ်သေဆုံးလျက် သားတွေ့ကြရသည်။ ချောင်းငယ်လေးထဲသို့ လူတစ်ယောက်ကျသွားသည်ကို ကျောင်းပေါ်မှလှမ်းကြည့်လျှင် မမြင်နိုင်ပါ။ တောရကျောင်းလေးထဲ တံခါးတွေအလုံပိတ်ကာ တရားကျင့်ကြံနေသော ဆရာတော်ကြီးမြင်တွေ့ဖို့ရာပို၍ပင်မဖြစ်နိုင်ချေ။ သို့သော် ဆရာတော်ကြီး မိန့်ကြားသည့်အတိုင်း ဒိဋ္ဌတွေ့မြင်သိရှိရသဖြင့် အားလုံးပင် အံ့သြကြရသည်။

■ ဆရာတော်ကြီးကို အာရုံပြုမြင်အောင်ကြည့်

တစ်ခါက ကျောင်းကပ္ပိယ၏ (၁၁) နှစ်အရွယ် မြေးတစ်ယောက်သည် သွေးလွန်တုပ်ကွေးရောဂါဖြင့် မော်လမြိုင်ဆေးရုံတွင် ကုသမှုခံယူနေရသည်။ အဖျားကြီးပြီး ကလေးမှာ ကယောင်ကတမ်းဖြစ်ကာ အော်ဟစ်နေသည်။

ထိုအချိန် ကလေး၏ ဖခင်က သားဖြစ်သူအား -

"သားလေး၊ ကော့ခပုံဆရာတော်ကြီးကို စိတ်ကူးနဲ့ ပုံဖော်ဖူးစမ်းပါ"

ဟုတတွတ်တွတ်ပြောနေသည်ကို ကလေးက သတိတရဖြင့် ဆရာတော်ကြီးကို အာရုံပြုလက်အုပ်လေးချီလိုက်သည်နှင့် အဖျားသိသိသာသာ သက်သာလျက် သတိကောင်းစွာရခဲ့သည်။ နောက်ရက်တွင် ကပ္ပိယကြီးက ဆရာတော်ကြီး၏ သက်နှံးအစလေးကို ကလေးလည်ပင်းတွင်ဆွဲပေးလိုက်ရာ ရက်မကြာမီပင် နေကောင်းကျန်းမာစွာဖြင့် ဆေးရုံမှဆင်းခွင့်ရခဲ့ဖူးလေသည်။

■ ကြွက်ကြောက်သောဒကာမ

အမျိုးသမီးငယ်တစ်ဦး ကျောင်းတွင် ဝေယျာဝစ္စများဆောင်ရွက်နေစဉ် ထုပ်တန်းပေါ် မှနေ ကြွက်စာစ်ကောင် ခုန်ဆင်းလာသည်ကိုမြင်၍ လန့်ဖျပ်အော်ဟစ်လျက် ကြောင်အိမ်နောက်ဝင်ပုန်းနေပါသည်။ ဘေးရှိလူများက ခြောက်လှန့်လွှတ်သဖြင့် ကြွက်မရှိတော့သော်လည်း အကြောက်လွန်သော အမျိုးသမီးငယ်သည် ထွက်မလာဝံ့ပါ။ ခေါ်မရသည့်အဆုံး ဆရာတော်ကြီး၏ သက်နှံးစတစ်စကို သူမလက်ထဲထည့်ပေးကာမှပင် အကြောက်ပြေကာ ပုန်းအောင်းနေရာမှ ထွက်လာရဲတော့သည်။ ဆရာတော်ကြီးအား လွန်စွာမှမပင် အားကိုးအားထားပြုကြကြောင်း လက်တွေ့သာဓကတစ်ခုလည်းဖြစ်ပါသည်။

ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်တစ်ဦး

ဆရာတော်ကြီးဆွမ်းကွမ်းကိစ္စပြီး၍ တောရကျောင်းလေးထဲ တံခါးလေး အလုံပိတ် တရားရှုမှတ်ခိုန်တွင် ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်တစ်ဦး အခန်းတွင်းရောက်ရှိလာ၏။ ဆရာတော်ကြီးကို ဝတ်ဖြည့်ပြီးသည်နှင့် သိလိုသည်များ မေးမြန်းလျှောက်ထားလေသည်။

"ဆရာတော်ဘုရားမွေးသက္ကရာဇ်က ဘယ်နှခုနှစ်လဲ၊ မွေးနေ့ကကော ဘယ်နေ့ပါဘုရား"

ဟု မေးလျှောက်ရာ ဆရာတော်ကြီးက -

"ငါမွေးသက္ကရာဇ်က ၁၂၅၀ ပြည့်နှစ်၊ နေ့ကတော့ အင်္ဂါနေ့ပါ ဒကာကြီး"

ဟု ဖြေကြားပေးသည်။

ထိုအခါ ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်က ဆရာတော်ကြီးကို သေချာကြည့်ရှုအကဲခတ်ပြီးနောက် -

"ဆရာတော်မှာ သက်တော်ရှည်မယ့်ဇာတာလက္ခဏာတော်တွေရှိပါတယ်။ အင်္ဂါနေ့ဆိုတော့ ခြင်္သေ့နံပေါ့။ ဒါကြောင့် မို့ထင်ပါရဲ့ ဆရာတော်ကြီးဟာ တောတောင်ထဲမှ အမြဲပျော်နေတာကိုး"

ဟု ပြန်လည်လျှောက်ထားသည်။

ထိုဒကာကြီးလျှောက်ထားသည်ကို နားထောင်ပြီးနေဒက် ဆရာတော်ကြီးက -

"ဒကာကြီး၊ ငါ တံခါးတွေ လုံခြုံအောင်ပိတ်ထားလျက်နဲ့ ဘယ်လိုလုပ် ဝင်လာသလဲ"

ဟု မေးမြန်းပါသည်။

ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်က ပြုံးလျက်နှင့်ပင် -

"ဆရာတော်၊ ဒီလောက်တံခါးတွေပိတ်ထားရုံမျှနဲ့ တပည့်တော်ဝင်ဖို့ မခဲယဉ်းပါဘူး ဘုရား"

ဟု ပြန်ကြားလျှောက်ထားသည်။

ထိုပုဂ္ဂိုလ်၏ လျှောက်ထားချက်ကို နားစွင့်ရင်း ဆရာတော်က ထွေးခံအတွင်း တံတွေးငုံထွေးပြီးပြန်လှည့်သည့် ခဏမှာပင် ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်မှာ ပျောက်ကွယ်သွားခဲ့ကြောင်း ဆရာတော်ကြီးကိုယ်တိုင် မိန့်ကြားခဲ့ဖူးသည်။

■ တောစောင့်နတ်၊ ရက္ခစိုးနတ်များကို ရှင်းထုတ်ခြင်း

ဆရာတော်ကြီးတောရကျောင်းလေးထဲ ဝိပဿနာတရားရှုပွားနေခိုန်မျိုးတွင် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုးနတ်များမကြာခဏဆိုသလို လာရောက်လျှောက်ထားမေးမြန်းလေ့ရှိကြသည်။ ထိုအခါမျိုးတွင် ဆရာတော်ကြီးမှာ အလုပ်ပျက်ရသည်မျိုးရှိတတ်သည်။ တစ်ခါတစ်ရံတွင် ဆရာတော်ကြီးက ပြတင်းတံခါးများဖွင့်ပြီး -

"ကဲ ကဲ သွား သွား မလာကြနဲ့"

ဟု လက်ကာပြ ပြောဆိုမောင်းထုတ်သည်ကို ဒကာ၊ ဒကာမများ မြင်တွေ့ကြုံဆုံဖူးကြသည်။ ဆရာတော်ကြီး စိတ်ကြည့်သောအခါမျိုးတွင် မေးမြန်းကြည့်သည့်အခါ အဖြစ်မှန်ကိုပြောပြသိရှိကြရပါလေသည်။

နေဝင်းဝင်း(သွန်ဆေး)

ကိုးကား -

သင့်ဘဝမဂ္ဂင်း (၁၉၈၇ ခုနှစ် ဩဂုတ်လ) ပါ ဒေါက်တာမင်းတင်မြင့်၏ 'ကော့ခပုံဆရာတော်ကြီးနှင့်လူသားသောဖြစ်ရပ်များ' ဆောင်းပါးနှင့် အရှင်ဝေဒဂူ၏ 'နတ်တို့ဘုရားရှိခိုးအမြဲကြားနေရသော ကော့ခပုံလာရဆရာတော်ကြီး' ဆောင်းပါး

www.burmeseclassic.com

www.burmeseclassic.com

(အပိုကျန်)
သရဖူသန်းဒေါင်
အရှင်သီဝလိ၏
ရှေးအကြောင်း



တစ်ပါးသောအခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းတော်များသည် အချင်းချင်းပြောဆိုနေကြလေ၏။

"ငါရှင်တို့ရှင်သီဝလိမထေရ်သည် အဘယ်ကြောင့် နတ်ပြည်၌နတ်ဖြစ်ရပါသနည်း"

"အဘယ်ကြောင့် ငရဲ၌ကျ၍ ခံစားရပါသနည်း"

"အဘယ်ကြောင့် အဓိဝမ်းတွင်း၌ (၇)နှစ်၊ (၇)လ၊ (၇)ရက်ပတ်လုံး ကိန်းအောင်း၍ သန္ဓေတည်ရပါသနည်း"

"အဘယ်ကြောင့် မျက်နှာပွင့်လန်း၍လာဘ်လာဘတွေပေါများနေသနည်း"

ထိုစကားများကိုပြောဆိုမိကြလေ၏။

ထိုစဉ် မြတ်ဘုရားကြားတော်မူတဲ့အခါတွင် -

"ချစ်သားရဟန်းတို့၊ ဘယ်သို့သောစကားကို ပြောဆိုကုန်ကြသနည်း"

ဟု အမေးတော်ရှိတဲ့အခါတွင် ရဟန်းတစ်ပါးက -

"ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား ဤမည်သောအကြောင်းပါ"

ဟု လျှောက်ထားသောကာလတွင် မြတ်ဘုရားသည် အရှင်သီဝလိ၏ ရှေး၌ ပြုခဲ့ဖူးသော (ပုဗ္ဗကမ္မ) ကို ဟောကြားလေ၏။

ဤဘဒ္ဒကပ်ကမ္ဘာအထက်ကိုးဆယ့်တစ်ကမ္ဘာကာလ၌ ဝိပဿီဘုရားရှင်ဖြစ်တော်မူတဲ့အခါတွင် သူ၏ခမည်းတော်မင်းကြီးအုပ်ချုပ်ရာဖြစ်သောတိုင်းပြည်ကို သံဃာတော်များနှင့်အတူကြွတော်မူရာ၌ မင်းကြီးနှင့်တိုင်းသူပြည်သားများသည် ဘုရားရှင်နှင့် သံဃာတော်အပေါင်းတို့ကို တစ်လှည့်စီ ဆွမ်းလှူဒါန်းဆက်ကပ်ကြ၏။

ထိုနေရာမှာ သူတဲ့ငါသာစေအောင် ဆွမ်းဟင်းလျာ၊ အချို့ပွဲ စသည်များကို စုံလင်စွာ ရွာဖွေ၍ပင် ကပ်လှူပေးကြလေရာ ခြောက်ကြိမ်မြောက်အထိသို့ပင် ရောက်ပေမယ့်လည်း မည်သူကမျှ မသာကြပါ။ ထိုစဉ် ပြည်သူပြည်သားတို့၏အလှည့်ကိုရောက်တဲ့အခါမှာ ဒီတစ်ခါ တော့ ဘုရင်တဲ့သာစေအောင် ဆိုပြီး သူတို့သည် စိမ်းစိုလတ်ဆတ်သော ပျားလပို့ရည်ကို ရအောင်ရှာမည်ဆိုကာ လူလေးယောက်ကိုအသပြာတစ်ထောင် စီပေး၍ မြို့တံခါးလေးမျက်နှာကို တစ်ယောက်စီ ပျားလပို့ရှာဝယ်ရန် လွှတ်လိုက်လေ၏။

ထိုအခါ ဇနပုဒ်နေသူလူတစ်ယောက်သည် ခရီးသွား၍ အပြန်လမ်းခရီးအကြား၌ ပျားအုံတစ်အုံကိုတွေ့မြင်တဲ့အခါ ပျားများကို ဖယ်ရှား၍ သစ်ခက်နှင့်အတူ ပျားလပို့ကိုယူပြီး အိမ်ကို ပြန်လာရာ မြို့တံခါးအနီးတွင် ပျားလပို့ လိုက်ရှာဝယ်သူလူနှင့်တွေ့လေတော့၏။ ထိုစဉ် ဇနပုဒ်သားထံမှ ပျားလပို့ကို လိုချင်သူက -

"မိတ်ဆွေ၊ မိတ်ဆွေရဲ့ပျားလပို့ကို ကျွန်ုပ်ကိုရောင်းပါ။ အသပြာတစ်ကျပ် ပေးပါမည်"

ဒီတော့ ဇနပုဒ်သားက စဉ်းစားလေသည်။ အသပြာတစ်မတ်မျှပင်မတန်သော ပျားလပို့ကို တစ်ကျပ်ပေးပါမည် ဆိုတော့ ထိုလူ အရမ်းလိုချင်ပုံပေါက်နေမှန်းသိသည့်အတွက်-

"ကျွန်တော် တစ်ကျပ်နဲ့တော့ မရောင်းနိုင်ပါဘူးဗျာ၊ တိုးပေးပါ"

ဇနပုဒ်သားက မူသလိုမျိုးနှင့် တိုး၍ တိုး၍ တောင်းလေသောအခါနောက်ဆုံး ပျားလပို့လိုချင်နေသူလူမှာ-

"ကိုင်းဗျာ - ကျွန်ုပ်မှာပါတဲ့ အသပြာတစ်ထောင်ကိုသာ ယူထားလိုက်ပါ"

ထိုသို့ပင်ပြော၍ ငင်းလူက သူတွင်ပါသော အသပြာတစ်ထောင်ကို ဇနပုဒ်သားထံ သူ၏အကျီအိတ်တွင်းမှ ထုတ်ကာပေးလေ၏။

ဒါပေသည့် ဇနပုဒ်သားက မယူသေးပေ။ ထိုမျှမတန်မရာပစ္စည်းကို ငွေအမြောက်အမြားပေးခြင်းသည် အကြောင်းထူးတော့ရှိနိုင်၏ဟုတွေးမိတာကြောင့် ငွေပေးနေသူကိုပြန်လည်ကာ

"မိတ်ဆွေကြီးက ဘာကြောင့်များ ဒီပျားလပို့ကို ဒါလောက် အသပြာအမြောက်အမြားပေးပြီး ဝယ်ယူနေတာလဲဗျ။ အဲဒီအကြောင်းကိုရော မသိရဘူးလား"

ဟုမေးသို့ ဇနပုဒ်သားက

www.burmeseclassic.com

www.burmeseclassic.com

မေးလိုက် တဲ့အခါမှာတော့ -

"ကျွန်ုပ်တို့သည် ဝိပဿီဘုရားရှင်နဲ့ သံဃာတော်များကို ကပ်လှူရန် အတွက်ကြောင့် ဝယ်ယူခြင်းဖြစ်ပေတယ်။ မိတ်ဆွေ ပျားလပို့ကိုသာ ကျွန်ုပ်ကိုပေး၍ ဒီအသုပြာတစ်ထောင်ကိုသာ ယူပါလေ"

ယင်းသို့ ထိုလူက ဇနပုဒ်သားကို ပြောလိုက်သော်လည်း ဇနပုဒ်သားသည် အသုပြာကိုလည်းမယူသေး။ သူ၏လက်ထဲက ပျားလပို့ကိုကိုင်ထားလျက်က တစ်စုံတစ်ခုတွေးမိတာနှင့် မြန်စွာပင် ဆုံးဖြတ်ချလိုက်ကာ -

"အဲဒီလိုကုသိုလ်ရေးအတွက်ဆိုရင် ကျွန်တော် ခင်ဗျားပေးတဲ့အသုပြာတစ်ထောင်ကိုမယူတော့ဘူးဗျာ။ ဘုရားရှင်နဲ့သံဃာတော်များကိုသာ ကျွန်တော်ကိုယ်တိုင်ဆက်ကပ်ခွင့်ပြုပါ။ အဲဒီလိုကောမဖြစ်ဘူးလား"

ဇနပုဒ်သားက ယင်းသို့ပြောလိုက်တဲ့အတွက်ကြောင့် ပျားလပို့ကို အသုပြာပေးဝယ်သောထိုလူကလည်း ငွေမပေးရဘဲနှင့် သူတို့လိုသော ပျားလပို့ကိုရတာကတစ်ကြောင်း တစ်ဖန် ဇနပုဒ်သားဖြစ်ပွားခဲ့သောသဒ္ဓါတရားကို သဘောကျနှစ်ခြိုက်သွားသဖြင့် -

"ကောင်းပါပေ၏ ကောင်းပေ၏။ ၎င်းကုသိုလ်အဖို့ကို ရရှိသည်သာမှတ်ယူလိုက်ပါတော့ မိတ်ဆွေ"

ထိုသို့ဆိုလိုက်ပြီးသိနှောက်တွင် ဇနပုဒ်သားကို ထိုလူကပင် ဘုရားနှင့် သံဃာများဆွမ်းကျွေးသောနေရာ ဘုရင့်နန်းရင်ပြင်အတွင်းကို ခေါ်ဆောင်သွားလေ၏။

ဤသို့ဖြင့် ထိုနေ့တွင် ဘုရားအမှုရှိသော သံဃာတော်များကို ယာဂုခဲဖွယ်များကို ဆက်ကပ်ပြီးတဲ့အခါတွင် ဇနပုဒ်သားကို လူတစ်ယောက်က ရွှေခွက်တစ်လုံးပေး၏။၎င်းရွှေခွက်အတွင်းကို ဇနပုဒ်သားက သူ၏ ပျားလပို့မှ ပျားရည်များကိုညှစ်ထည့်ပေးလိုက်လေ၏။ထို့နောက် လူတစ်ယောက်ကပါ နို့ဓမ်းအိုးတစ်လုံးကိုယူလာပြီး ပျားရည်ထည့်သောရွှေခွက်အတွင်းကို သွန်းလောင်း၍ရောနှောကာ ဘုရားရှင်နှင့် သံဃာအပေါင်း ခြောက်သောင်းရှစ်ထောင်တို့ကို ဇနပုဒ်သားက သူကိုယ်တိုင်လှူဒါန်းသော်အခါ ပြည့်စုံလုံလောက်ရုံတွင်မကဘဲ ပိုလျှံ၍ပင် ကြွင်းကျန်ခြင်းရှိသည်ဖြစ်၏။ (ဒါကတော့ ဘုရားရှင်၏ တန်ခိုးတော်ကြောင့်သာဖြစ်ပေ၏။)

ဤသို့ မြတ်ဘုရားက ရဟန်းအပေါင်းကို ဟောကြားပြီးသည့်နောက် တွင်လည်း ဆက်ကပင် ဟောကြားတော်မူပြန်တာက ဇနပုဒ်သားသေလွန်သည့်နောက်တွင် သူ၏ကုသိုလ်အဟုန်ကြောင့် နတ်ပြည်တွင် နတ်သားအဖြစ် ခံစားစံစားရလေသည်။ ထိုမှတစ်ဖန် နတ်ပြည်ကနေစုတေ၍ လူ့ပြည်လူလာဖြစ်တဲ့အခါမှာလည်း ဇနပုဒ်သားအဖြစ်နှင့်မဟုတ်တော့ဘဲ ဗာရာဏသီပြည့်ရှင်မင်း၏သားတော်ဖြစ်ခဲ့၍ ခမည်းတော်မင်းမြတ် နတ်ရပ်ပြောင်းကျွန် သေလွန်သဖြင့်အခါ မင်းအဖြစ်ကို ရောက်ရလေတော့၏။

ထိုသို့ မင်းအဖြစ်ကို ခံစားနေစဉ်မှာပင် တစ်ခုသောမြို့ကိုသိမ်းပိုက်ယူရန် ကျန်ပြီးလျှင် စစ်သည်ဗိုလ်ပါများစွာဖြင့် ခရီးတက်ဝန်းရံထားကာ သူကပင် ကြွေးကြော်သံကိုဦးဆောင်၍ -

"သင်တို့တစ်တွေ ငါဘုရင်နှင့်စစ်ပြိုင်၍တိုက်ခိုက်ကြမည်လော။ ငါ့ကို မင်းအဖြစ်နှင့်အံသာတကြည်တင်မြောက်ကြမည်လော"

ထိုသို့ဟစ်အော်ကြွေးကြော်လိုက်လေ၏။ ထိုစဉ် မြို့သူမြို့သားအပေါင်းတို့ကလည်း ပြန်လည်ကာ ကြွေးကြော်သံပြန်ပေးတာက -

"သင့်ကို ဘုရားမင်းအဖြစ်လည်း မတင်မြောက်လို။စစ်ဆင်တိုက်ခိုက်ခြင်းကိုလည်း အလိုမရှိပါပေ"

ယင်းသို့ပြန်လည်ကာ မြို့နေလူထုကပြောဆိုတဲ့အသံကို ဇနပုဒ်သားတစ်ဖြစ်လဲ ဗာရာဏသီမင်းကြားလိုက်ရသည့်အခါတွင် အမျက်တော်ထွက်သွားတာကြောင့် ၎င်းမြို့၏မြို့တံခါးလေးမျက်နှာတို့ကို ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တိုင်တိုင် ပိတ်ပင်ပိုင်းရံထားလိုက်လေတော့၏။

ထို့နောက် မင်း၏မယ်တော်ဖြစ်သော မိဖုရားကြီးသိသည့်အခါကျမှ -

"ငါ့သားမှာ မိုက်မဲလေစွတကား။ ထိုသို့ပိတ်ဆို့ဝန်းရံထားခြင်းများကို ဖွင့်ပေးလိုက်ပါလော့"

ဟု ဆိုတော့မှ ဖွင့်ပေးလိုက်လေသည်။

ဒါကြောင့် ထိုမင်းသည် ၎င်းအကုသိုလ်ကံကို စီမံအားထုတ်ခဲ့မှုကြောင့် အသက်၏အဆုံးဝယ် အဝီစိငရဲတွင်ကျရောက်ရပြန်၏။ထိုမှတစ်ဖန် ကျွတ်လွတ်ခဲ့သည်ရှိသော် ရှေးကုသိုလ်အဟုန်ကြောင့်ပင် သာဝတ္ထိပြည်၌ ချမ်းသာကြွယ်ဝသော ရှေးအတိတ်က မယ်တော်ဖြစ်ခဲ့ဖူးသော သုပ္ပဝါသအမည်ရှိသော မိန်းမ၏ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေတည်ခဲ့ရလေပြီ။ ခုနစ်နှစ်၊ ခုနစ်လပတ်လုံး ကိန်းအောင်းရှု၏။ ဖွားမြင်သည့်ကာလမှာပင် ခုနစ်ရက်ပတ်လုံး အမိ၏ ယောနိဝဠဉ် ဖီလာကန့်လန့်ဖြင့် တွေဝေမိန်းမောစွာ နစ်မြောရှာ၍ခံစားရလေ၏။

ဒါကြောင့် ချစ်သားရဟန်းတို့ သီဝလိမထေရ်သည် ထိုအခါက မြို့ကိုဝန်းရံပိတ်ပင်သိမ်းယူအပ်သောမကောင်းမှုကံကြောင့် ဤမျှလောက်သော ကာလပတ်လုံး ငရဲကျခံရပြီး ငရဲမှစုတေပြောင်းကြွေ၍ လူလာဖြစ်ရပြန်တော့လည်း မိခင်၏ဝမ်း၌ ရှည်ကြာစွာကိန်းအောင်းနေခဲ့ရ၏။ သို့သော် အသစ်စက်စက်ဖြစ်သောပျားရည်ကို ဝိပဿီဘုရားရှင်နှင့် သံဃာအပေါင်းကိုလှူခဲ့ရသည့်အကျိုးကြောင့် လက်ရှိဘဝတွင် သူမတူအောင် မျက်နှာပွင့်လန်း၍ လာဘ်လာဘတွေ ပေါများခြင်းဖြစ်ပေသတည်း။

ဤသို့ပင် ဘုရားရှင်က ရဟန်းတော်များသိလိုသော ရှင်သီဝလိမထေရ်၏ အတိတ်ဖြစ်ရပ်တို့ကို စုံလင်စွာဟောကြားပေးလိုက်လေတော့၏။

ဒါကြောင့် ယနေ့အချိန်အခါမှာပင်လျှင် လူတချို့တွေသည် ရှင်သီဝလိရုပ်ပွားတော်များကို ဘုရားကျောင်းကန်တွင်လည်းကောင်း၊ အိမ်တွင်လည်းကောင်း လာဘ်ရွှင်၍ မျက်နှာပွင့်စေရန်အနေနှင့် ရုပ်ပွားတော်များကို ကိုးကွယ်ပူဇော်ထားတာတွေ့ရှိနိုင်ပေ၏။

တချို့ဆိုလျှင် ရုပ်ပွားတော်သေးသေးလေးပြုလုပ်စေ၍ ရွှေကြိုတ်၊ ငွေကြိုတ်များဖြင့်ထည့်သွင်းကာ လည်ပင်းမှာ ကြိုးအမျိုးမျိုးတို့ဖြင့်ဆွဲ၍ သွားလေရာ ပါလေအောင် အဆောင်သဘောအနေနှင့် ကိုးကွယ်ထားခြင်းတွေပြုလုပ်ကြပါသေး၏။

တစ်ဖန် ရှင်သီဝလိဂါထာရယ်လို့ ရှိသေးသလို ရှင်သီဝလိနှင့်ပတ်သက်သော ရှေးသီချင်းတစ်ပုဒ်ပင်ရှိနေ၍ ကြားဖူးမိပါသေး၏။

ဓမ္မပဒမှ ပြန်လည်၍ အကျဉ်းချုပ်တင်ပြသည်။

ဗဟုသုတပြည့်ဝကြပါစေ

သဇ္ဇေသန်းလေငြိမ်း(မော်ကွန်း)

www.burmeseclassic.com


www.burmeseclassic.com


မင်းကျော်အိမ်

မွန်မင်းသမီး တလပရော်သမီးကောင်းမှုတော်
ဖျာပုံ(ထမင်းစော်မြို့) လိပ်ဥကုန်း
သက်လွတ်ချမ်းသာ ကျိုက္ကမ္မမ်စေတီတော်

■ ကျောင်းရောက်တိုင်း
ညွတ်ကိုင်းပါလို့ စိတ်ရည်သန်
မြို့ရွေပုံတောင်တော်ဖျားဆီသို့
မြတ်ဘုရားစေတီယကို
သွားကြဖို့ကြံ။
မွန်ဘုရင်မိဖုရားရယ်က
တည်ထားပါတဲ့ ကျိုက်ကမွန်
အမိုက်ရန်တွေကဖြင့်
လွတ်ရှောင်ရှား
မွန်မြန်မာ လွန်မကြာ စစ်ဆင်ဂြိမ်း
အောင်လို့

ဖျာပုံမြို့သည် ရောဝတီမြစ်၏ လက်တက်ခွဲ ရောဝတီမြစ်အနောက်ဘက်ကမ်းတွင်တည်ရှိသောမြို့တစ်မြို့ဖြစ်၏။ ဖျာပုံ ဆိုသော ပညတ်မှာ ဟံသာဝတီ တပင်ရွှေထီးခေတ်ကပင်ရှိခဲ့သည်။





သက်လွတ်ချမ်းသာ ကျိုက္ကမ္မမ်စေတီတော်

ဖျာပုံမြို့တည်နှစ်မှာ မြန်မာနှစ် ၁၂၆၄၊ ခရစ်နှစ် ၁၉၀၂ ခုနှစ်မှစတင်၍ စီရင်စုမြို့အဖြစ် အရေးပိုင်မင်းရုံးစိုက်ရာမြို့အဖြစ်ခဲ့ပါသည်။ သို့ရာတွင် ယခုအချိန်၌ မြို့တည်နှစ်မှာ (၁၁၆) နှစ်နီးပါးရှိ ခဲ့ပါပြီ။

မြို့တည်နှစ်သက်တမ်းမှာ တစ်ရာကျော်ခဲ့သော်ငြား တိုင်းရင်းသားပေါင်းစုံရောနှောလာခဲ့သဖြင့် မွန်ဘာသာစာပေယဉ်ကျေးမှုများ ရှာဖွေတွေ့ရှိရန်ခဲယဉ်းသွားသော်လည်း အသိအလိမ္မာကြွယ်၍ အမြော်အမြင်ကြီးမားသည့် မွန်ပညာရှိဦးဘိုးအိမ်၊ ဦးစိန်၊ ဦးဘိုးရွှေတို့၏ကျေးဇူးကြောင့် ဖျာပုံမြို့၏ မူလမှတ်တမ်းနှင့် သမိုင်းဝင်ဘုရားပုထိုးစေတီများ၊ သမိုင်းဆက်နွယ်မှုများကို ပေစာပုရပိုက်အဖြစ် ဖတ်ရှုရသည်မှာ အဖိုးမပြတ်နိုင်လေစွ။ တစ်ချိန်က မြန်မာနိုင်ငံတွင် ထီးနန်းအပြိုင်စိုးစံသောခေတ်တစ်ခေတ်သည် ထင်ရှားခဲ့ပါလေသည်။

ကေတုမတီ တောင်ငူမြို့တွင် ဘုရင်မင်းကြီးညိုသည် နိုင်ငံစည်းလုံးမှုရယူ၍ စစ်သည်အင်အားတိုးတက်ခိုင်မာအောင်ဆောင်ရွက်ပြီးနောက် သားတော်တပင်ရွှေထီးမှ ဖခင်၏ ထီးနန်းအရိုက်အရာကို ဆက်ခံခဲ့ပါသည်။ တပင်ရွှေထီးသည် ဘုန်းတန်ခိုးဩဇာအာဏာကြီးမားတိုးတက်၍ စည်းလုံးရေးလည်း အောင်မြင်နေသောအချိန် မင်းတရားရွှေထီးဟူသောဘွဲ့တံဆိပ်တော်ခံယူစဉ် အရွယ်တော်က နှပျိုလွန်းလှပေသည်။

တစ်ချိန်တည်းမှာပင် အင်းဝထီးနန်းအား ရှမ်းမင်းတစ်ပါး သိုဟန်ဘွားစိုးစံလျက်ရှိပြီး ဟံသာဝတီနေပြည်တော်တွင် မွန်မင်းတစ်ပါး သုရှင်တကာရွှတ်ပိထီးနန်းစိုးစံခဲ့သောအချိန် ဖြစ်၏။

သို့သော် ဟံသာဝတီရာဇဓိရာဇ်မျိုးဆက် ဗောလောကျန်းထောဘဝမှ မြန်မာတို့ဝမ်းတွင်ဝင်စားခဲ့သော် တပင်ရွှေထီးသည် အတိတ်ဘဝကံကြွေးကို သွေးနှင့်ဆပ်ရန်အတွက် မွန်မင်းဖြစ်သော သုရှင်တကာရွှတ်ပိ၏ စစ်တပ်ကြီးဝန်းရံနေသည်ကြားမျှပင် အတိတ်ဘဝ


www.burmeseclassic.com

www.burmeseclassic.com



လိပ်ဥကုန်းဆိုက်စောင့်ဘိုးဘိုးကြီး
ဦးယကွန်းဆောင်





ဘိုးဘိုးအောင်၏ ဟသံကူးတို့ဖောင်တော်စေတီတော် အရှေ့တောင်ဘက်တွင်ရှိ)

ကာ ဆုတောင်းခဲ့သည့် ပဲခူးရွှေမော်ဘေ
ရင်ပြင်တွင် မြန်မာ့ထီးနန်းစဉ်နားတွင်
တည်ငြိမ်ခဲ့ညားစွာနားထွင်းမင်္ဂလာပြုပြီး
မွန်စစ်တပ်ကြီးကို သက်သက်သာသာ
ဖောက်ထွက်၍ သတ္တရမြင်းကိုစီးကာ
ကေတုမတီသို့ပြန်လေ၏။ ထိုမှစတင်၍
ကေတုမတီနှင့် ဟံသာဝတီတို့ စစ်မက်
ရေးပြင်းထန်ခဲ့ပြီး တပင်ရွှေထီးသည်
ယောက်ဖတော် သျှင်ရဲထွဋ် (ဘုရင့်
နောင်)၏အကြံအစည်ဖြင့် ဟံသာဝတီ
ကို အကြိမ်ကြိမ်တိုက်ခိုက်သော်လည်း
အစပထမတွင် မွန်မင်းသုရှင်တကာရွှတ်ပိ
၏ သစ္စာတော်ခံရဲမက်များနှင့် ပေါ်တူဂီ
ကြေးစားလက်နက်ကိုင်များတို့ကြောင့်
စစ်ထိုး၍ မရောက်နိုင်ခဲ့။ သို့ရာတွင်
မင်းတရားရွှေထီးနှင့် ဘုရင့်နောင်တို့၏
စစ်ပရိယာယ်ကြွယ်ဝမှုကို ရေရှည်မခံနိုင်
သဖြင့် ဟံသာဝတီတပ်ပျက်ကာ သုရှင်
တကာရွှတ်ပိသည် ယောက်ဖတော်
ပြည်ဘုရင် နရပတိစိုးစံရာသို့ဆုတ်ခွာခဲ့
ပြီ အင်္ဂပုအရပ်သို့စုန်ဆင်း၍ ဗိုလ်ဝင်ခံ
လျက်ရှိ၏။ (ဗိုလ်ဝင်ခံ-လက်နက်လူသူ
စုဆောင်းခြင်း) လောကဓမ္မတာအရ မိမိ
တို့ဆုံးရှုံးခဲ့သော ဟံသာဝတီထီးနန်းကို
ပြန်လည်ရယူလိုစိတ်ရှိသော်ငြားလည်း
မွန်မိဖုရားကြီးသည် ဘာသာရေးအခြေခံ
မနည်းသူ၊ ဓမ္မအသိအမြင်နက်ရှိုင်းသူ
အဖြစ် လျှို့ဝှက်စခန်းချရာနေရာဒေသ
တိုင်းတွင် ဘဏ်တော်တူအမြင့်တူအကွာ
အဝေးတူ (တာပေါင်း ၄၀၀၀ မြန်မာတိုင်
(၈) မိုင်ထက်မဝေးသော) စေတီလေးဆူ
တည်ထားခဲ့သည်ကို ကြည့်ခြင်းဖြင့်သိနိုင်
ပါသည်။

ထိုစေတီတော်များမှာ -

၁။ ကျိုက်ဟင်ပြန်၊ ကျိုက်ဟွန်ပရော်
(အသက်ကယ်ဘုရား) (ဒေးဒရဲမြို့နယ်
မရမ်းဘုရားဟုထင်ရှားပြီး အစောင့်အ
ရှောက်အလွန်ကြီးမား၏။)

၂။ ကျိုက္ကမ္လမ် (သက်လွတ်
ချမ်းသာဘုရား) ဖျာပုံမြို့တွင် တည်ထား
ကိုးကွယ်ခဲ့ပြီး လိပ်ဥကုန်းဘုရားဟု
ထင်ရှားသည်။ ဘုမိသိုက်ဆက်များ
မကြာခဏ လာရောက် ဖူးမြော်လေ့ရှိ
သည်။

၃။ ကျိုက်ကျန္တမ်း (အောင်တော်မူ
စေတီ) ဖျာပုံမြို့နှင့် (၇) မိုင်ဝေးသော
သမိန္တောရွာတွင်တည်ရှိပြီး တပင်ရွှေထီး
အား အောင်မြင်မှုအထိမ်းအမှတ်အဖြစ်
တည်ထားခြင်း။


၄။ ကမာပို ကမာပိုင်စေတီ (ထမင်း
ကန်စေတီ) ဖျာပုံ-ကျုံကဒွန်းကားလမ်း
ဘေးတွင်ရှိခဲ့ပြီး မွန်ဘာသာဖြင့် ကမာပိုင်-
ထမင်းကုန်းဟု အဓိပ္ပာယ်ရပြီး စေတီ
တောရဆောက်တည်ပျက်စီးနေစဉ်က
ဘုန်းတော်ကြီးတစ်ပါးမှလာရောက်ပြုပြင်
ခဲ့သည့်အတွက် ၁၉၈၈ နောက်ပိုင်းတွင်
မြို့ပြင်ကြီးဥဆရာတော် (ဦးသုဇာတ)
ထီးတော်တင်မှ ဌာပနာပိတ်ပွဲပြုလုပ်ပေး
ခဲ့သည်။

မရမ်းကုန်းဘုရားကဲ့သို့ အစောင့်
အရှောက်လွန်စွာကြီးပါသည်။ ကမာပို
ဘုရားမှ မိဖုရားကြီးရုပ်တုတော်အား
မရှိမသေလုပ်သူတစ်ဦး ဘုရားအလယ်
ပစ္စယံတွင် ညဘက်ပုတီးတက်စိပ်စဉ်
ကျောကုန်းအား လက်ဝါးဖြင့်အရိုက်ခံရ
ပြီး ပုတီးမစိပ်ရဲတော့။ နောင်တွင်သူ
မှာ မိဖုရားကြီးရုပ်တုကို မရှိမသေလုပ်ခဲ့
သည့်အတွက် အိပ်ရာထဲတွင်ပင် သေဆုံးနေ
ခဲ့သည်။

ထူးခြားသည်ကား ထိုသူ၏ ကျော
ကုန်းတွင် လက်ဝါးရာကြီးအထင်အရှား

www.burmeseclassic.com

www.burmeseclassic.com



စေတီတော်အဝင်မုခ်ဦး ပဿာရွေခင်းအလှ ဤသို့တွေ့ခဲ့ရ



စေတီတော်ကောင်းမှုရင်မိဖုရားကြီး တဆူမြဲသို့ရှိတုံ (မထိရ မကိုင်ရ)

ရှိနေခြင်းဖြစ်ပါသည်။

တပင်ရွှေထီးသည် ဟံသာဝတီပြည်ကိုသာမက မုတ္တမ၊ မော်လမြိုင်မြို့များသို့ စည်းရုံးသိမ်းသွင်းပြီးနောက် တောင်ငူသို့ပြန်ရောက်သော် မွန်-မြန်မာ ချစ်ကြည်ရေးခိုင်မြဲအောင်ရည်ရွယ်ချက်ဖြင့် ဂေါဏမယ်'မွန်အမိုးသမီးကို မြတ်နိုးစွာခီးမြှောက်၍ မွန်ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ရာဇဘိသိက်ခံယူပြီး မွန်မှူးမတ်ဝိုလ်ပါများကို သင့်တင့်လျောက်ပတ်စွာ မြှောက်စားပြီး မွန်-မြန်မာချစ်ကြည်လျက် ပြည်ထောင်စုအားလုံးသိမ်းပိုက်ပြီး တစ်စိတ်တစ်ဝမ်းတည်းတိုးတက်ကြီးပွားအောင် ပျိုးထောင်လိုသည့်စိတ်ဓာတ်ကို ပြသခဲ့ပါသည်။

သို့ရာတွင် သမိန္ဓော်ရာမ မွန်အမတ်အား ဟံသာဝတီတော်လှန်ရေးခေါင်းဆောင်တလပရော်သမီးမိဖုရားမှ စေလွှတ်ထားသည်ကို စိုးစဉ်းမျှ သတိမမူသည့်အတွက် ဖျာပုံ လျှို့ဝှက်စခန်းသို့ အခွင့်သာလျှင်သာသလိုလို ထိုမင်းသားသည် ရှုပ်ဖျက်သွားခေရာက်၍ မွန်မိဖုရားကြီးနှင့် ဟံသာဝတီအရေးကို တိုင်ပင်ဆွေးနွေးခိုင်လေသည်။

တစ်နေ့တွင် -

ဖျာပုံစခန်းတစ်နေရာတွင် မွန်မင်းသားနှင့် မိဖုရားကြီးတို့သည် ဆွေးနွေးတိုင်ပင်ရင်း မိဖုရားကြီးက -

"အမောင်သမိန္ဓော်ရာမ၊ လက်ရှိဖျာပုံစခန်းသည် နိမ့်ရှိုင်းလှ၏။ မိုးကျပါကလည်း ရွှံ့နွံ့ထူထပ်ခြင်း၊ မှက်၊ ခြင်၊ ယင်ပိုးမွှားများအန္တရာယ်ကြီးမားလှတယ်။ ဒါကြောင့် ဖျာပုံစခန်းရဲ့တောင်ဘက်ရပ်မှာ မြေမြင့်ကုန်းတန်းကြီးကိုတွေ့ထားတယ်။ မိုးကုန်ပါက ထိုမြေမြင့်ကုန်းတန်းကြီးကို ရှင်းလင်းလိုက်လျှင် သဘာဝခံတပ်စခန်းအဖြစ် အသုံးပြုနိုင်တယ်ဗာမောင်မင်းသား"

"မှန်လှပါ၊ လျော်ကန်သင့်မြတ်ကြောင်းပါဘုရား"

"ဒါပေမယ့် ခုဖျာပုံစခန်းက မရွှေပြောင်းမီ သခင်မတို့ရည်မှန်းချက်ပန်းတိုင်အောင်မြင်ရေးအတွက် အမောင်မင်းသားဦးဆောင်ပြီး သစ္စာအဓိဋ္ဌာန် (၅) ချက်ဖြင့် အမှတ်တရစေတီတော်တည်ပါ။စေတီတော်ရဲ့ဘွဲ့တော်ကိုလည်း သက်လွတ်ချမ်းသာကျိုက္ကမ္မမြို့လို့ သမုတ်စေ အမောင်မင်းသား"

ဟု ဆိုလေသည်။

သို့ဖြင့် မွန်ဘုရင်မိဖုရား တလပရော်သမီး၏ သစ္စာအဓိဋ္ဌာန် (၅) ချက်ဖြင့် ဆုပန်ခဲ့သည့် လိပ်ဥကုန်းသက်လွတ်ချမ်းသာစေတီတော်ကြီး ထူးထူးခြားခြားဦးဦးဖျားဖျား ဖျာပုံမြို့၏ သမိုင်းဝင်မြေစိုက်စေတီတော်အဖြစ် ယခုလိုဖူးတွေ့နိုင်ခြင်း ဖြစ်လေသည်။

မွန်မိဖုရားကြီး ပန်ဆင်ခဲ့သော သစ္စာအဓိဋ္ဌာန် (၅) ချက်မှာ -

ကျွန်ုပ်တို့သည် ယခုတည်ထားသောစေတီတော်ကို သာမညကိုးကွယ်မှုနှင့် တည်ထားခြင်းမဟုတ်ပါ။

ကျွန်ုပ်တို့၌ -

၁။ အသက်ဘေးမှ လွတ်ကင်းချမ်းသာရာရခြင်း၊

၂။ စားရေရိက္ခာပြည့်စုံစွာရရှိခြင်း၊

၃။ ရဲမက်ဝိုလ်ပါ ခြွေရံသင်းပင်းပြည့်စုံလုံလောက်စွာရရှိခြင်း၊

၄။ ရောဂါဝေဒနာမှစ၍ အတွင်းအပ အန္တရာယ်များမှလွတ်မြောက်ခြင်း၊

၅။ မိမိတို့လိုရာဆန္ဒကို ထမြောက်အောင်မြင်အောင်ကြံစည်မှုများအလိုရှိရာအကျိုးသက်ရောက်စေခြင်း၊

စသည့် အကျိုး(၅)ပါးနှင့် ပြည့်စုံစေရန် စေတီတော်ကို ဖူးမြော်ရသူအပေါင်း၌လည်း ပြီးပြည့်စုံစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် ကျိုက္ကမ္မမြို့ (သက်လွတ်ချမ်းသာ) ဟူသော ဘွဲ့တော်ဖြင့် စေတီတော်ကို ကမ္ဘည်းထိုးစေခဲ့သည်။

အထက်တွင်ဖော်ပြခဲ့သောကဗျာမှာ တန်းမြင့်ကျောင်းဆရာကြီးဦးဘိုးငွေမှ ကျောင်းသွားရင်း စပ်ဆိုခဲ့ပါသည်။ ဌာပနာပိတ်ပွဲနှင့်ဘုရားပွဲတော်(တပေါင်းပွဲတော်) မကျင်းပမီက ကိုယ်တွေ့ကြုံခဲ့သူ ဆရာလေးဦးထွန်းကြည် ထွေးခဲ့ပုံအမှုတွဲထိန်းမကွယ်လွန်မီတွင် ပြောပြချက်များမှာ ဘုမ္မဲအရပ်တွင် သိုက်နန်းရှင်တွေ့သည် ပဌာန်းပွဲကျင်းပရန်အတွက် ကန်တော့ပွဲ၊ သာဓုခေါ်ပွဲ၊ ဘုရားပွဲများ

www.burmeseclassic.com

www.burmeseclassic.com

ပေးသောအခါ ကုန်းတော်ပေါ်မှာ နှစ်ခြိုက်ပျော်ရွှင်တဲ့အရိပ်အယောင်များ ပြကြပြီး တပေါင်းဘုရားပွဲတော်အောင်မြင်ရန် တစ်ဖက်တစ်လမ်းမှလူသိအောင် တစ်မျိုး၊ လူမသိအောင်တစ်မျိုးစောင့်ရှောက်ကြပါကြောင်းသိရှိရသည့်အတွက် သာသနာတော်ကြီးကို လူတွေနတ်တွေသာမက ဘုမ္မိအရပ်က ပုဂ္ဂိုလ်တွေပါ ကူညီစောင့်ရှောက်ခြင်းတို့ကိုခံရသည့် လွန်စွာမှ တန်ခိုးကြီးဆုတောင်းပြည့်ဝတဲ့စေတီတော်မြတ်ကြီးဖြစ်တယ်။

မိဖုရားကြီးဟာ သူစခန်းချရာ အရပ်တိုင်းတွင် စေတီတော်များတည်ထားခဲ့ပြီး စေတီတော်များအား အစောင့်အရှောက်ထားရှိခဲ့ပါသည်။ ဆွေတော်မျိုးတော်များကိုပင် စတေး၍ ဘုမ္မိရပ်သိုက်များထားရှိခဲ့သည်ဟုထင်ရှားခဲ့ပါသည်။

ထိုခေတ်ထိုအချိန်သည် မြို့ရွာတိုင်းနိုင်ငံပြည့်ရှင်မင်းများတို့၏ နေရာဌာန သက်တမ်းရှည်ကြာ၍ အဓွန့်ရှည်စည်ပင်တိုးတက်ရန်အတွက် လူနေနှံနှင့် ပတ်သက်၍စတေးသည့်ဓလေ့တစ်ခုက မပျောက်ပြက်ခဲ့သောကြောင့်ဖြစ်၏။ မိမိတို့ကိုယ်ပိုင်ပစ္စည်းဥစ္စာရတနာများကို လျှဒါန်းရာတွင် အဖျက်သမားတို့ရန်မှ ကင်းဝေးပြီး အန္တရာယ်ကင်းရန်အတွက် အစောင့်အဖြစ်ထားရှိခဲ့ကြပါသည်။

မိဖုရားကြီးသည် စခန်းချရအရပ်မှ အခြားတစ်နေရာသို့ စခန်းပြောင်းရွှေ့တော့မည်ဆိုလျှင် ကျန်ရစ်ခဲ့သူဆွေတော်မျိုးတော်များအစဉ်အဆက်အစွန်ယတော်များဘဝကူးကောင်းရန် ရည်ရွယ်လျက် စေတီတော်ကိုတည်ထားကိုးကွယ်ခဲ့ပြီး အမျှအတန်းပေးဝေခဲ့ပါသည်။ မိမိတို့ရရှိသည် ဆု (၅) ချက် အဓိဋ္ဌာန်အတိုင်း အစဉ်အဆက်ကိုးကွယ်သူများအားလည်း ရကြပါစေဟူသော ဆန္ဒမွန်ဖြင့်စေတီတော်ကြီးကို သက်လွတ်ချမ်းသာကျိုက္ကမြို့မြစေတီတော်ဟု ကမ္ဘည်းထိုးခဲ့ခြင်းဖြစ်ပါသည်။ ယုံယုံကြည်ကြည်ရွှေသင်္ကန်း၊ ထုံးသင်္ကန်းကပ်လှူကြသူ (၇) ရက်သားသမီးကိစ္စအဝဝပြီးပြည့်စုံတာကိုတွေ့ရှုပါတယ်။ ဒီထက်ပိုပြီး ထူးခြားတဲ့ကတော့ ဌာပနာပိတ်ပွဲကို အလှူခံဌာနတဲ့အခါ လာရောက်လှူဒါန်းကြတဲ့သူတွေက ရွှေငွေလက်ဝတ်ရတနာများကိုလှူကြတယ်။ များသောအားဖြင့် နန်းစဉ်သုံးရတနာများပုံစံဖြစ်နေပြီး အမည်မဖော်လိုသူများသာဖြစ်ကြတယ်။

မွန်မိဖုရားကြီးနဲ့ဆွေတော်မျိုးတော် ဘုမ္မိသိုက်ကလို့ယူဆရပါတယ်။ပင်လယ်



ပိုင်း နောက်မီးကျေးရွာနေ ဒေါ်တင်ရွှေကို တစ်ည အိပ်မက်ထဲမှာ ဘုမ္မိသိုက်က အိပ်မက်ပေးသည်။ အိပ်မက်ထဲမှာ တစ်နေ့ လိပ်ဥကုန်းစေတီတော်ကို နားကပ်တစ်ရန်လှူရသည်ဟု အိပ်မက်မက်သည်။ နံနက်မိုးလင်းတော့ အိမ်ခြံဝင်းထဲမှာ အိပ်မက်အရ နားကပ်တစ်ရန် တွေ့လို့ လာရောက် လှူဒါန်းသွား၏။

လိပ်ဥကုန်းစေတီတွင် သိုက်ချုပ်ဘိုးဘိုးကြီးမှ ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်ရှုပ်ထုတည်ပေးရမည်အိပ်မက်ပေးသဖြင့် နေရာရွေးရာတွင် ဘုရားအရှေ့မှခြံအုတ်တိုင် (၄) တိုင်ရှိရာတွင် ပြိုလဲရန် လူဌားမရဖြစ်နေရာ ကန်တော့ပွဲပေးသောအခါ (၄)၊ (၅) ရက်အကြာ လေမတိုက်မိုးမရွာဘဲ အုတ်တိုင်များမှာအလိုလိုပြိုလဲသွားပါသည်။

နှစ်စဉ် တပေါင်းဘုရားပွဲတော်ကျင်းပရာ၌ ပွဲတော်ရက်နီးလာပါက ဘုရားအထက်ပစ္စယ်မှ မီးလုံးကြိုးများပုံတက်ဆင်းနေသည်ကိုတွေ့ရ၍ ဆရာတော်ကြီးများမှ သက်ဆိုင်ရာဘုမ္မိအရပ်မှ မြင်ရသည့်သိုက်နန်းရှင်များက ကြိုဆိုကြသောကန်တော့ပွဲပေးသဖြင့် ပျော်မြူးကြသည်ဟု အမိန့်ရှိခဲ့ဖူးပါသည်။

၁၉၈၀ပြည့်နှစ်ဝန်းကျင် ဆရာလေးဦးထွန်းကြည်(ထွေ/အုပ်ပြိုမ်း)မကွယ်လွန်မီ အမြဲတမ်းဂေါပကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်စဉ်အတွေ့အကြုံများ စာရေးသူအားပြောပြခဲ့ကြကို မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပါသည်။

'မျက်စိလည်ရင်း ဆွမ်းဆန်ပို့ရသည်' ဟူသောအဆိုအတိုင်း ဖျာပုံ(ထမင်းဈေး) ၏ ရှေ့ဟောင်းသပိုင်းဝင် လိပ်ဥကုန်းကုန်းမြေရှိ လိပ်ဥကုန်းဘုရားသို့မဟုတ် သက်လွတ်ချမ်းသာ ကျိုက္ကမြို့မြစေတီတော်သပိုင်းကို ပြုစုရေးသားရာတွင် သက်ကြီးစကားသက်ငယ်ကြားအရ သိမီလိုက်သူများ၊ ဆရာတော်ပညာရှိများ၏ မိန့်ဆိုချက်မှတ်တမ်းမှတ်ရာများ၊ သပိုင်းနှင့်ဆက်နွယ်နေသည့် အချက်အလက်များကို လေ့လာရှာဖွေစုဆောင်းရပါသည်။

တကယ်တော့ သပိုင်း ဆိုသည်မှာ ဖြစ်ခဲ့ပြီးသောအကြောင်းအရာများဖြစ်ပါသည်။ ဖျာပုံမြို့သည် ဧရာဝတီမြစ်၏ လက်တက်ခွဲတစ်ခုဖြစ်၍ ဧရာအနောက်ဘက်ကမ်းမြို့တော်တစ်ခုဖြစ်၏။ ဖျာပုံမြို့၏ အရှေ့ဘက်တွင် နဂါးကြီးတစ်ကောင်အလား ဖျာပုံမြစ်ကရစ်ခွေစီးဆင်းနေပါသည်။ မြို့ကို ရေပတ်လည်ဝန်းရံထားပါသည်။ ဖျာပုံမြို့တည်နေရာသည် အကွက်ကျ၍ ကြီးမားသောကျွန်းမြေတစ်ခုအသွင်ဆောင်နေပါသည်။

■ ဖျာပုံပညက်နှင့် ရွာအုပ်ကြီးထူးခြားသောဦးဖား

ဘိုးတော်ဦးဝိုင်းခေါ် ဗဒုံမင်းတရားကြီးလက်ထက်တော်က အောက်မြန်မာပြည် မွန်တို့ဌာန ရာမညတိုင်းအားလုံးတွင် အဝေးရောက်ဘုရင်ခံအဖြစ် အိမ်တော်ပါငယ်ကျွန်ရင်းအဖြစ် ဦးကျော်ရွှေကို ဒဂုန်မြို့တွင်ခန့်ထားပြီး ဦးကျော်ရွှေသည် ရာမညတိုင်းလုံးတွင် ဒဂုံခရိုင်၊ ဟံသာဝတီခရိုင် မုတ္တမခရိုင်၊ ဒလခရိုင် စသည်ဖြင့် နယ်ပုံသတ်မှတ်ခွဲခြားပြီး ခရိုင်ဝန်အသီးသီးခန့်ထားစေရာ ဖျာပုံသည် ဒလခရိုင်တွင် ပါဝင်လျက်ရှိပြီး ခရိုင်ဝန်မင်းမှ သန်းခေါင်စာရင်းကောက်ယူ၍ ထိုအထဲမှ သီလသက်မဲ့စာရှိသူလည်းဖြစ်၊ အိမ်တော်ပါငယ်ကျွန်ရင်းပဲနှင့်၊ အကျင့်စာရိတ္တလည်းကောင်းသည့်

www.burmeseclassic.com

www.burmeseclassic.com

ဦးဖားကို သူကြီးဦးရွှေဘော်မှ သမီးနှင့် လက်ဆက်စေပြီး ရွာအုပ်ကြီးခန့်အပ်ခဲ့လေ၏။ ထို့ကြောင့် ဦးဖားသည် ဖျာပုံပဲနင်းကြီး ဦးရွှေဘော်၏ သစ္စာခံလည်းဖြစ်၊ သမက်လည်းတော်လေသည်။

အဘယ်ကြောင့်ဆိုသော် ယောက်ျားပီသသည့် အမြော်အမြင် ဆင်ခြင်တုံတရားရှိခြင်း၊ မျိုးနွယ်စဉ်ဆက်တိုးတက်ကြီးပွားစေလိုသောစေတနာကောင်းနှင့် နေ့ကောင်းရက်သာ ဟိဒ္ဓကိုရွေးလျက် ဖျာပုံရွာကို တည်ထောင်ခဲ့သူ ဖြစ်၏။ သံယာတော်များနှင့်ကမ္မဝါရွတ်ဖတ်ခြင်း၊ ဘိသေကမင်္ဂလာဆင်ယင်ပြီး လောကီသရဖူကျမ်းများကို ဝိဇ္ဇာမဟိဒ္ဓိလမ်း၊ ဓာတ်လေးပါးစမအင်းများကို အဖိုအမစီရင်လျက် ဖျာပုံအထက်ပိုင်း (ယခုမြို့ဦးနတ်ကွန်းနေရာ) ရွာဦးနှင့်ရွာဦးအောက်ပိုင်းရွာသိမ် (ကျိုက်ပဒိုင်) စေတီတော်အနီးတွင် မြှုပ်နှံထားခဲ့လေသည်။

ထိုကဲ့သို့ စီမံရသည့် ရွာအုပ်ကြီးဦးဖား၏ ရည်ရွယ်ချက်မှာ ဖျာပုံ ဟူသော ပညတ်သည် လောကီဗေဒင်ကျမ်းအလိုအရ (နှေးပညာရှိများသုံးစွဲခဲ့သော သုရောဓနကိန်းအလိုအရ ယူဆရပါလျှင် ဗီဠာကြောင်ဓာတ်ရ၏။ သုရောဓနကိန်းတွင် (၈) ဌာနသတ္တဝါ (၈) မျိုးရှိသည့်အနက် ကြောင်သည် ဒုတိယအားအကောင်းဆုံးသောဓာတ်ဖြစ်ပြီး ကြောင်၏ သဘောအတိုင်း ကြမ်းတမ်းခက်ထန်စွမ်းပကားရှိသော ကျားသည်ပင် မိမိတပည့်ခံရလေအောင် ပရိယာယ်အတတ်ကိုတတ်ကျွမ်းသောသတ္တိရှိသည့်နည်းတူ ဖျာပုံဟူသော်ပညတ်သည် မြို့များတွင် ဆရာဓာတ်ရသည့်အတွက် ဖျာပုံသည် ဘေးအန္တရာယ်ကင်းလွတ်ပြီး ကြီးပွားရမည့် မျှော်လင့်ချက်ဖြင့် ရွာအုပ်ကြီးဦးဖားမှ ထူးခြားစွာ စီရင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း ဖျာပုံသည် ဘေးအန္တရာယ်ကပ်ရောဂါများမှ ထူးခြားစွာကင်းလွတ်နေခြင်းသည် ရွာအုပ်ကြီးဦးဖား၏အမြော်အမြင်ကြီးမှုနှင့် မြို့သူမြို့သားများအပေါ် မေတ္တာစေတနာထားခြင်းကို ဖော်ပြနေပေသည်။

ဖျာပုံမှ ထမင်းစေ့ဖြစ်ပေါ်လာသည့်အခေါ် အဝေါ်မှာ ဖျာပုံချောင်းအတွင်းသို့သွားလိုသော ခရီးသွားများသည် ရေကျချိန်ရေအတက်ကိုစောင့်ရသည်။ တစ်ဖန် မြစ်ရိုးအထက်ပိုင်းသွားလိုသော ချောင်းတွင်းရွာများမှ ခရီးသည်များသည် ရေကျချိန် ချောင်းအတွင်းမှ ချောင်းဝသို့ရောက်ရှိလာပြီး ရေတက်ချိန်မှသာ အထက်ပိုင်းသို့သွားရန် ရေစောင့်ကြရသည်။

ထိုရေတက်ရေကျစောင့်သောခရီးသည်များသည် ထိုစခန်းမှာပင် ပါလာကြသောထမင်းများကိုစားသောက်ကြရသဖြင့် ခရီးသည်ပေါင်းမြောက်များစွာ ထမင်းစားကြရသောစခန်းဌာန ထိုနေရာကို ဖျာပုံထမင်းစေ့ဟူ၍ ခေါ်ဝေါ်ခြင်းသာ ဖြစ်၏။ ထမင်းရောင်းသောဆိုင်၊ ထမင်းစေ့းလည်းမရှိပါ။ မွန်ဘာသာအရ ဖျာပုံထမင်းစေ့းဟုခေါ်ဆိုသည့်သဘောသာ ဖြစ်၏။

နှစ်ပေါင်းများစွာ ကြာမြင့်လာသောအခါ မိဖုရားကြီးတည်ထားခဲ့သော ကျိုက္ကမ္မမ်စေတီတော်မြတ်ကြီးမှာ ရာသီဥတုသဘာဝဘေးဒဏ်တို့ကြောင့် တစ်စတစ်စပျက်စီးယိုယွင်းလာခဲ့၏။ လူသူနှင့် အတန်ငယ်လှမ်းသော လယ်ကွင်းပြင်နှင့် ပကောကီချောင်းတို့မနီးမဝေးရှိနေသောကြောင့် ကုန်းကမူသာသာ ဖိနပ်တော်မှသာကျန်ရှိသဖြင့် ချွန်ယွန်သစ်ပင်များ ဖုံးလွှမ်းကာ တောရစေတီအဖြစ်သာရှိခဲ့ရာ ထိုစဉ်က ဖျာပုံမြို့ ခလရ (၃၀) ယခု (၉၈) တပ်ရင်းမှ ဗိုလ်ကြီးအောင်ကျော်စိုးနှင့်အဖွဲ့မှ ချွန်ယွန်များကို ရှင်းလင်းကာ ကျောင်းဆောင်လျူဒါန်းခဲ့ပါသည်။

၁၉၅၄ ခုနှစ်တွင် ကန္ဒားရုံခေါ်ဆန်းမေတ္တာရုပ်ရှင်ရုံပိုင်ရှင် ဦးတင်ဦးမှ ဦးဆောင်၍ မြို့သူမြို့သားများကောင်းမှုစုပေါင်းအလှူဒါနဖြင့် ဉာဏ်တော် (၅၄)ပေရှိ (စေတီတော်အဟောင်းမှာ မကြာခဏရွှေပွတ်ခံရသည်) စေတီတော်ကို ငုံလျက် တည်ထားကိုးကွယ်ခဲ့ကြသည်။

စာရေးသူတိုင်ယင်ယက ကုန်းမိုမို့သာစေတီပျက်အနီး ဥစ္စာစောင့်သိုက်များရှိသည်ဟုကြားသိရပြီး မကြာမီ ဘုရားမှရွှေပွတ်ခံရသည်မှာ မကြာခဏဖြစ်ပါသည်။ မသမာသူများ၏ လုပ်ကြံဇာတ်ခင်းမှုနှင့်အတူ ထိုသူများသည် ဝမ်းလျှောဝမ်းပျက်လူစဉ်မမီရောဂါများရကာ သေဆုံးကုန်သည်ဟု သိရသည်။ မိဖုရားကြီး၏ကိုန်စာသင်္ခြင်းဖြစ်ပါသည်။

အရေးအခင်းဖြစ်ပြီးနောက် မြို့၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဂိုဏ်းပေါင်းစုံသြဝါဒါစရိယဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများပေါင်းစု၍ ၈-၈-၉၀ ပြည့်နှစ်တွင် စေတီတော်ဘက်စုံဖွဲ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းအကောင်အထည်ဖော်နေခိုန်တွင် ပြည်ရတနာမာန်အောင်ကမ္မဋ္ဌာန်းအလင်းပြကမ္ဘာ့ရွေရင်အေးဆရာတော်ကြီးခေါ် ဦးဝိဇ္ဇာဇဝ ရွှေဘိုင်းနာဒီးဆရာတော်ကြီးကြွချီလာပြီး ဖျာပုံမြို့တွင် မြေစိုက်စေတီတော်ကြီးတည်ထားကိုးကွယ်ရန် အမိန့်ရှိခဲ့၏။

သာသနာနှစ် ၂၅၃၅ ကောဇာနှစ် ၁၃၅၃ ခုနှစ်၊ ခရစ်နှစ် ၁၉၉၁၊ ဒီဇင်ဘာ ၁၇ ရက်၊ အင်္ဂါနေ့နံနက် (၉) နာရီ (၃၆) မိနစ်အချိန် (မင်္ဂလာချိန်) တွင် (၁၀၈)တောင်အမြင့်ဆောင်သော ကျိုက္ကမ္မမ်စေတီတော်မြတ်ကြီးအုတ်မြစ်စိုအခမ်းအနားသဘင်ဆင်ယင်ကျင်းပခဲ့နိုင်ပါလေသည်။

လိပ်ဥကုန်း ကျိုက္ကမ္မမ်သက်လွတ်ချမ်းသာစေတီသည် ဖျာပုံထမင်းစေ့း၏ ခေတ်သမိုင်းကို မီးမောင်းထိုးနေခဲ့သည့်အပြင် တစ်ချိန်က မွန်-မြန်မာဆက်ဆံရေးကို ပြသခဲ့လေသည်။

အမုန်းအငြိုးအတေးများစွာကြားက နောက်ဆုံး၌ ဗုဒ္ဓ၏ တရားအရိပ် အစစ်အောက်တွင်ခိုလှုံရင်း ဖျာပုံအောက်ပိုင်း . ပင်လယ်ပိုင်း မြို့ကုန်းအရပ်တွင် ခပ်ကုပ်ကုပ်နှင့် ဇာတ်မြှုပ်သွားရှာခဲ့လေသည်။ ဤသည်မှာ တရားသံဝေဂရစရာအဖြစ် နောင်လူတို့အတွက် တစ်ချိန်တုန်းက မွန်ဘုရင်၏မိဖုရားဖြစ်သူတစ်ဦးက ပြုသခဲ့သည်အဖြစ်ဟုပင် ဆိုရချေပေအံ့။

ကျွန်ုပ်သည် မွန်ဘုရင် သုရှင်တကာရွှတ်ပိ၏သတ္တိထူးခြားမိဖုရားတစ်ပါး၏ ဓမ္မအမြင်ကို လေးစားယုံကြည်မိသည့် အလျောက် ကျွန်ုပ်တို့ဇာတိနှင့် မိခင်၏ မွေးရပ်မြေ ဒေးဒရဲမြို့နယ်ထဲက မရမ်းဘုရားခေါ် ကျိုက်ဟင်ပြန်၊ ဒေးဒရဲမြို့မှ ကျိုက်ဒေးယုံ၊ ဖျာပုံမြို့နယ်ထဲက ကျိုက်ကျွန်မ်း၊ ကမာပိုခေါ် ကမာပိုင် စေတီတော်ကြီး (၅) ဆူအထိ ကိုယ်တိုင်သွားရောက် သတင်းယူကာ ရေးသားခဲ့ဖူးပါပြီ။ သို့ပါ၍ ကျွန်ုပ်ရှာဖွေစုဆောင်းထားသော ဖျာပုံသမိုင်းမှတ်စုမှတ်ရာများ၊ ကျေးဇူးရှင် ဆရာကြီးမွန်ပဏ္ဍိတ် ဦးဖိုးအိမ်၊ ဦးစိန်၊ ဦးဖိုးရွှေတို့၏ ဖျာပုံရာဇဝင်လက်ရေးမူစာတမ်းများ၊ ဆရာဖျာပုံစိုးမှ ဦးဖိုးအိမ်ထံတွင် မေးမြန်းလေ့လာမှုမှတ်တမ်းများကို ထမင်းစေ့းနှင့် ရွှေတံခါးဝတွဲ၊ ဖျာပုံရာဇဝင်စာအုပ်ကို ရှာဖွေပြီး ရေးသားခဲ့ရပါသည်။

ဖျာပုံမြို့၏ သမိုင်းရာဇဝင်အဖြစ် သက်လွတ်ချမ်းသာလိပ်ဥကုန်းကျိုက္ကမ္မမ်စေတီကြီးက ယခုကိုင်ပြုပြီနေပါသည်။


မင်းကျော်ဒဲမ်

www.burmeseclassic.com

www.burmeseclassic.com

ဝိုးလင်းအောင်
(မြန်အောင်)

ထင်ရှားကျော်ကြား သာသနာ့သမိုင်းဝင် ဆရာတော်ကြီးများ၏မှတ်သားပွယ်ရာများ



မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံဖြစ်ပြီး ထင်ရှားကျော်ကြားသော သာသနာ့သမိုင်းဝင် ဆရာတော်ကြီးများခေတ်အဆက်ဆက် ပေါ်ထွန်းလာခဲ့ပါသည်။ ထိုကဲ့သို့ ပေါ်ထွန်းလာခဲ့သော ဆရာတော်ကြီးများ၏ လေးစားလိုက်နာအတုယူဖွယ်ရာများနှင့် ဆိုဆုံးမစကားတို့ကို ကောင်းနိုးရာရာ ရှာဖွေကောက်နုတ်၍ သူရဇ္ဈမဂ္ဂဇင်းစာဖတ်ပရိသတ်တို့အား တင်ပြလိုက်ပါသည်။

မင်းကွန်းတိပိဋကဓရ ဦးဝိစိတ္တသာရ၏စကား

■ *ဒကာကြီး သင့်အိမ်မှာ သစ်ပင်မျိုးစုံပေါက်နေတာရှိပေမယ့် အနှစ်ရှိတဲ့ အပင်ကရှားပါလိမ့်မယ်။ အေး-ဒီအတိုင်းပဲ လောကမှာ အယူဝါဒတွေများစွာရှိသော်လည်း အနှစ်ရှိတဲ့အယူဝါဒကရှားလှတယ်။ငါတို့မြန်မာနိုင်ငံကတော့ အနှစ်ရှိတဲ့(အပြစ်မရှိတဲ့) ထေရဝါဒကိုပဲပြတ်နိုးတယ်။ ရွေသားအစစ်လက်ကောက်ကို ဝတ်ဆင်ထားသူဟာ ကြေးလက်ကောက်တို့ ဝတ်ဖို့မဆိုထားနဲ့ ကြည့်ပင်မကြည့်ချင်သလို ရွှေသားလက်ကောက်နဲ့တူတဲ့ ထေရဝါဒကိုမြတ်နိုးတဲ့ ငါတို့မြန်မာနိုင်ငံအဖို့ ကြေးလက်ကောက်နဲ့တူတဲ့ မဟာယာနကို လေ့လာလိုစိတ်မရှိဘူး။*

ဉာဏ်ကြီးရှင်များ

ညောင်ကန်သာသနာဝင်၌ ဆရာတော်ဦးပိုး၏ တပည့်သုံးပါးသည် ဉာဏ်ပညာအရာ၌ အလွန်ထင်ရှား၏။

■ဆရာတော်ဦးသူသည် တစ်ကြိမ်ကြားလျှင်မှတ်မိသည်။

■ ဆရာတော် ဦးကြီးညိုသည်နှစ်ကြိမ်ကြားလျှင်မှတ်မိသည်။

■ဆရာတော် ဦးဗုဓ်သည် သုံးကြိမ်ကြားလျှင် မှတ်မိသည်။

ဖားအောက်ဆရာတော် ကြီးဦးအာစိဏ္ဏစကား

■ ဦးပဉ္စင်းမှတ်ဉာဏ်က တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသရဲ့ မှတ်ဉာဏ်ကိုလိုက်မမီဘူး။ တိပိဋက ဆရာတော်က ပါဠိတစ်ပုဒ်ကို သုံးခေါက်ဖတ်ရင်ရတယ်။ တစ်ခါရပြီးတဲ့စာကို (၂၀) ရက်အထိ အာဂုံမပြန်ဆိုဘဲနဲ့ မှတ်မိနေတယ်။

ဆရာတော်ဦးဗုဓ်

■ ဘကြီးတော် ဘုရင်မင်းမြတ်နှင့်မိဖုရားကြီး ကျောင်းဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော် ဦးဗုဓ် ကျောင်းထိုင်စဉ် ရှင်ဘုရင်က ဆုံးမဩဝါဒပေးရန် လျှောက်ထားတောင်းဆိုသောအခါ ဆရာတော်ဦးဗုဓ်က -

"မင်းနှင့်တူအောင်ကျွင့်က ငါတို့ နိုင်တော့"

ဆုံးမဩဝါဒပေးရန်မလို။ မင်းနှင့်တူအောင်မကျွင့်က ငါနှင့်မဆိုင်။ အဝီစီနှင့်သာ ဆိုင်တယ်" ဟူ၏။

မယ်တော်ဒေါ်မွေးသည် ဆရာတော်ကို ဖူးရန်အလာ စတင်နှုတ်ဆက်ခြင်း၊ စကားပြောခြင်းမရှိ။ စာကြည့်နေသည်။ ထို့ကြောင့် မိခင်က ဝမ်းနည်း၍ တရှုပ်ရှုပ်ငိုကြွေးလေ၏။

ထိုအခါမှ ဆရာတော်ဦးဗုဓ်မှ -

"ဘာကြောင့် ငိုကြွေးနေရတာလဲ" ဟု မေးပြီး -

"ဒီလိုငိုခဲ့ရင်းဘဝတွေ မရေတွက်

www.burmeseclassic.com

www.burmeseclassic.com

ဟု မိန့်သည်။

ထွင့်ခေါင်ဆရာတော်

■ မင်းတုန်းမင်းနှင့် ညီတော်ကနောင်မင်းသားမှ ထွင့်ခေါင်ဆရာတော်ကို နန်းတော်သို့ပင့်ပြီး ရာဇဂုရုမင်းဆရာဘွဲ့တံဆိပ်တုံးကြီးကို မင်းပရိသတ်အလယ်၌ ဆက်ကပ်လျူဒါန်းခဲ့ရာ ဆရာတော်မှ ဤတံဆိပ်တုံးကြီးကား ဘာအသုံးကျမှာလဲ။ ငါသေလျှင် တံဆိပ်တုံးကြီးကို ခေါင်းအုံးပြီး ဘေးချထားရမည်ကို ငါရှက်လှသည်။ ကြည်ညိုလျှင် ငါ့တရားအတိုင်းလိုက်နာကျင့်ဟု မိန့်ကြားပြီး စစ်ကိုင်းတောင်သို့ ပြန်ကြွခဲ့၏။

လေ့သင်းမင်းကျောင်းဆရာတော်ကြီး ဦးသောမအဆိုအမိန့်

■ ဆရာတော်သည် အလျှုအတန်းများ၌ တရားဟောရသောအခါ ဇာတ်နိပါတ်ဝတ္ထုများကို ဟောကြားတော်မမူ။ ဆုပေးရေစက်ချကအစ လက္ခဏာရေးသုံးပါး၊ ဝိပဿနာတရားကိုသာ ဟောတော်မူလေ့ရှိ၏။ ရင်းနှီးသောဝေဖန်စဉ်းစားတတ်သောပုဂ္ဂိုလ်များကိုမူ အကျိုးပျက်စေမည့်အရာ၌ တင်းတင်းရင်းရင်းမျက်နှာမငဲ့ဘဲ ဟောကြားလေ့ရှိ၏။

တစ်ခါက သက်သတ်လွတ်ဘုံးပေးသော တပည့်ကိုယ်တော်တစ်ဦးနှင့် ဆရာတော်ထံသက်သတ်လွတ်ဆွမ်းလာလှူသောဒကာတစ်ဦးအား ဝေဖန်ဟောပြတော်မူ၏။

"ရသေ့ဖြစ်လျှင် ရသေ့လိုကျင့်၊ တိတ္ထိဖြစ်လျှင် တိတ္ထိလိုကျင့်၊ ဇော်ဂျီဖြစ်လျှင် ဇော်ဂျီလိုကျင့်၊ ရဟန်းလုပ်လျှင် ရဟန်းလိုကျင့်။ သက်သတ်လွတ်စားခြင်းကို အကျင့်ပဋိပတ်ကြီးတစ်ခုလုပ်၍ မကျင့်သင့်။ အကျိုးရှိရှိမှန်လျှင် သတ္တဥ်တရွေ့ကာတော်ကြီးဖြင့် သုံမြင်ခွင့်ပြုတော်မူခဲ့ရာ၏။ ဝိနည်းတော်အရ ဆင်သား၊ မြွေသားစသော အသားကြီးဆယ်မျိုးနှင့်ရည်မှန်း၍သတ်သောအသားမျိုးမဟုတ်လျှင် စားအပ်၏။ စားကောင်း၏။ ဘုရားခွင့်ပြုပြီးဖြစ်သည်။ သုတ္တန်အလို အစားအသောက်နှင့်စပ်သော ဓုတင်သုံးမျိုးကိုခွင့်ပြုထား၏။ အဘိဓမ္မာအလိုအရ မစ္ဆရိယသဘောကို စားမှု ရှောင်ကြဉ်မှ ကုသိုလ်ရသည်ဟုမဟော။ ယေခုိသော မနသိကာရ သင့်တင့်အောင် စိတ်ကိုပြုပြင်မှ ကုသိုလ်ရ၏။

သထုံဇေတဝန်ဆရာတော်ကြီးဦးနာရဒ

■ ဆရာတော်ကြီးသည် လွှာဘဝက မိမိလုပ်တော့မည်ဟု ကြံစည်သော အလုပ်ကို ရာဂ၊ ဒေါသ၊ မောဟကင်းကြောင်းအလုပ်ဟုတ် မဟုတ်၊ မှန် မမှန်၊ ဘုရား စသော သူတော်ကောင်းများ ကြိုက်မကြိုက်ဝေဖန်စိစစ်၏။ ဟုတ်မှန်သော်လည်း မိမိစွမ်းအားဖြင့် တကယ်လုပ်နိုင်၊မလုပ်နိုင်စဉ်းစားရာ၏။ အချိန်အခါ အခြေအနေ နေရာဌာနသင့်မသင့်၊ မှန်မမှန် ဝေဖန်ရာ၏။ ကောင်းမွန်မှန်ကန်သည့်အလုပ်ပင်ဖြစ်စေကာမူ သတိပညာစဉ်းစားဉာဏ်အထိန်းမပါသောစိတ်၊ တဖွတ်ထိုးကြိတ်မှိတ်၍ကြိုးစားသောဝိရိယတို့သည် ကောင်းကျိုးမပေးတတ်ဟူသောအသိကို ရရှိခဲ့လေသည်။

သက်တော် (၃၇) နှစ် တစ်နေ့တွင် ဆရာတော်ကြီးတစ်ပါးမှ ဦးနာရအား -

"ဦးနာရဒ၊ စာတွေကို ဘယ်အတွက် ဒီလောက်သင်အံကျက်မှတ်နေသတုံး"

ဟု မေးရာ ဦးနာရဒမှ -

"နိဗ္ဗာန်လိုချင်လို့ပါဘုရား"

ဟု လျှောက်သောအခါ ဆရာတော်မှ -

"နိဗ္ဗာန်လိုချင်ရင် ဘူတံဘူတတော့ ပဿတိလောက်နဲ့ပဲ ရနိုင်ပါသဗျာ"

ဟု မိန့်တော်မူချိန်မှ အရှိကိုအရှိအတိုင်းမြင်လျှင် နိဗ္ဗာန်ရောဘာပဲ ဟူသောအသိကို လျှပ်ပြက်သလို ဒက်ခနဲသဘောပေါက်မိ၍ လက်တွေ့(အလုပ်)လုပ်ရန် ဆုံးဖြတ်လိုက်တော့သည်။

သပိတ်အိုင်တောရ ဆရာတော်ဘုရားကြီး ဦးကိတ္တိ

ဆရာတော်သည် ဝိနည်းသိက္ခာကို အလွန်လေးစားပြီး ရဟန်းတရားကို အနှစ်လေးဆယ်ကျော် ဘဝဇာတ်မြှုပ်၍ လုပ်ဆောင်တော်မူခဲ့သည်။ ထို့ကြောင့် ရဟန်းသံဃာများ ကန့်တော့လာလျှင် ရင်းသည်ဖြစ်စေ၊ ဖျားသည်ဖြစ်စေ မိန့်ကြားတော်မူသည်မှာ -

"ရဟန်းဆိုတာ ငှက်လိုကျင့်ရမယ်။ ကြွက်လိုမကျင့်ရဘူး။ ငှက်ဆိုတာ ပို့ဒိုအတောင်သာလျှင် တာဝန်ရှိပြီး ပေါ့ပေါ့ပါးပါးသွားလိုရာပျံလိုရာ အချိန်မရွေးသွားနိုင်ပျံနိုင်တယ်။ ကြွက်ဆိုတာ မျိုးက တွင်းကို နက်နိုင်သမျှနက်အောင်တူး။ တွေ့ကရာ ရနိုင်သမျှ ကိုက်ဖြတ်ချီသယ်ပြီး ကောင်းသောမကောင်းသော စုဆောင်းနေရတာနဲ့ တစ်ဘဝကုန်ရတယ်"

ဝိနည်းသိက္ခာလေးစား၍ ပစ္စည်းလာဘ်လာဘ၌ နစ်မြုပ်မနေဘဲ မိမိအလုပ် (ရဟန်းတရား)ကို သာ အားသွန်ခွန်စိုက်အားထုတ်ရန် ဆုံးမလေ့ရှိသည်။

အင်းဝမြို့ရဟန္တာအရှင်သဒ္ဓမ္မာလင်္ကာရ

အရှင်သဒ္ဓမ္မာလင်္ကာရသည် ဆရာဖြစ်သူထံ ကမ္မဋ္ဌာန်းတရားခိုးမြှင့်ရန် ရှိသေစွာတောင်းရာ ဆရာတော်မှ -

"ငါ့ရှင်၊ သီလကိုဦးစွာစင်ကြယ်စေရမည်။ သီလခြေထောက်မပါဘဲသွား၍မရ။ (၂၂၇) သွယ် အကျယ်အားဖြင့် များပြားလှသော်လည်း ကိုယ်၊ စိတ်၊ နှလုံးသုံးပါးစောင့်နိုင်လျှင်ပြီးတော့သည်။ ထိုသုံးမျိုးတွင်လည်း မိမိစိတ်တစ်ခုကို နိုင်လျှင် မည်သည့်ကျင့်ဝတ်မှဝန်မလေး။ အလုံးစုံပေါ့ပါးသွားတော့သည်။ ပရိက္ခရာရှစ်ပါးမှတစ်ပါး အပိုအပိုင်မထားရ။ ပစ္စည်းအပိုထားလျှင် တစ်ပါးတည်းသော်လည်း ဇကစာရမမည်။ 'မီးခိုးမစဲရဟန်းမွဲ' ဆိုသကဲ့သို့ လျှာအလိုလိုက်လျှင် ဆုံးဖွယ်မရှိ။ ရသမျှနှင့်ရောင့်ရဲရမည်။ ငါ့ရှင်တတ်နိုင်မည်လော"

ဟု မေးရာ ဆရာခိုင်းသမျှ မဖြစ်မနေလိုက်နာပါမည်ဟု လျှောက်ထားခဲ့ကြသည်။ နှစ်ကြာခဲ့သော် အရှင်သဒ္ဓမ္မာလင်္ကာရသည် သေလုနီးပါး ကြောက်ဖွယ်ကောင်းသောရောဂါကြီးတစ်မျိုးစွဲကပ်ခဲ့၍ တပည့်များက -

"ဆရာတော်ဘုရား ပင်ပန်းလှပါပြီ။ ရောဂါလည်း သဲ့သဲ့လာပါတော့မည်။ နိဿဋ္ဌမတင်ကိုချထား၍ ကျန်းမာလာမှ ဆက်လက်အားထုတ်ရန် သင့်လှပါသည်"

ဟု လျှောက်ထားကြ၏။

ထိုအခါ ဆရာတော်မှ -

"တပည့်တို့၊ နိဿဋ္ဌမတင်ကို အဓိဋ္ဌာန်ကြောင့်သာ ဆောင်သည်မဟုတ်။ ကမ္မဋ္ဌာန်းတရားဟူသည် သေခါနီးလေ ဖိ၍ကြိုးစားရလေလုပ်ရသည်။ ရောဂါမရှိသူပင် ပေါင်ကို ကျောက်တုံးနှင့်ထု၍ ဝေဒနာလုပ်ယူကြရဖူးသည်။ ရောဂါကိုခုခံနိုင်သည်မှာ ကမ္မဋ္ဌာန်းတရားတစ်ခုသာရှိသည်။ တပည့်တို့၊ သေခြင်းဘေးကား အဆန်းမဟုတ်။ ဘုရားရဟန္တာများသော်မှ လွန်ဆန်နိုင်ခဲ့မရှိပြီ။

တပည့်တို့၊ ငါ့ကိုမြတ်နိုးလွန်းသော အံ့ဆဲဆဲ ဖြစ်ပေါ် နေချိန်မှာ အားမထုတ်ရဘူးသောတရားများဖြစ်လျှင် စေရန်သာတိုက်တွန်းကြ။ အားမလို့ဆဲတရားများကိုကား လေးလေးနက်နက်ယုတ်အောင်

www.burmeseclassic.com

www.burmeseclassic.com

မတားမြစ်ချင်ကြပါနဲ့"

ဟု နောက်ဆုံးစကားကို မိန့်ကြားတော်မူလေသည်။

ဝေဘူဆရာတော်ဘုရားကြီး

■ဝေဘူဆရာတော်လောင်းလျာနှင့် မိတ်ဆွေစာချစဟန်းတစ်ပါးတို့ တွေ့ကြသောအခါ -

"ဦးပဉ္စင်းရေ ကျုပ်တို့စာချရတာ ကုသိုလ်တော့ရပါရဲ့၊ နိဗ္ဗာန်တော့မရနိုင်ဘူးဗျ။ အဲဒီတော့ နိဗ္ဗာရောက်ကြောင်း တရားထူးတရားမြတ်ရှာကြရင်ပိုကောင်းမယ်ထင်တယ်"

ဟု တိုင်ပင်ကာ သပိတ်တစ်လုံး သင်္ကန်းသုံးထည်တို့ဖြင့် တောရဆောက်တည်၍ ထွက်ခွာခဲ့ကြသည်။

တို့ဘုရားသာသနာက နေပူအောင်လည်းလုပ်လို့ရတယ်။ မိုးရွာအောင်လည်းလုပ်လို့ရတယ်။ လူမလာအောင်ရတာကလည်း မင်းတို့ဘုရားကြည်ညိုတာက မတည့်တဲ့သူဌယ်ချင်းအိမ်လာလည်သလောက်မှ မကြည်ညိုကြတာ။ မင်းတို့မှာဘာအကျိုးထူးမှခံစားရမှာမဟုတ်ဘူး။ ဘုရားကိုဆွမ်းမှန်မှန်မတင်ချင်ကြဘူး။ ဆွမ်းတော်တင်ထားပြန်တော့လည်း တစ်နေကုန်ပစ်ထားတာမဟုတ်လား။ ဘုရားကိုသာ သက်ရှိထင်ရှားပုဂ္ဂိုလ်လိုသဘောထားပြီးလုပ်ရင် မင်းတို့ဒီလောက်ဒုက္ခမရောက်ဘူး။

သတ္တဝါတွေက ကယ်တိုင်းမရဘူးဗျ။ သူတို့ကို ကံကောင်းအောင် မထူမနိုင်ကြတော့ တစ်ဝက်လောက်ပဲထူမေးလို့ရတယ်လေ"

"ဗျာ - ဝိဇ္ဇာဆိုတာ အထူးမဟုတ်ပါဘူးတဲ့။ တထိတည်းထိ၊ တသိတည်းသိနေရင် အဲဒါ ဝိဇ္ဇာဖြစ်ပါရောတဲ့ဗျာ။ အဲဗျာ - သို့ကလို တထိတည်းထိ၊ တသိတည်းသိနေတုန်းများ လောဘဝင်သေးရဲ့လားဗျာ။ဒေါသတို့၊ မောဟတို့ဝင်သေးရဲ့လားဗျာ။ အေး - အဲဒီ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့အဝိဇ္ဇာတွေမဝင်လာလျှင် အဲဒါမှဝိဇ္ဇာအစစ်ဗျ"

မြန်မာပြည်ကြီးသာယာဝပြောမည်။ ပဋိသန္ဓေဒါဓိဂရဟန္တာများပေါ်ထွန်းမည်။ နောက်ထပ်ရဟန္တာအများကြီးပွင့်ထွန်းပေါ်ပေါက်လာလိမ့်မည်။ ကမ္ဘာအရပ်ရပ်က ဗုဒ္ဓဘာသာများ မြန်မာပြည်သို့ လာရောက်၍ ဝိပဿနာတရားအားထုတ်ကြလိမ့်မည်။ ရွှေက ကောင်းလို့ခုကောင်းပါပြီ။ ခုကောင်းလျှင် နောင်ကောင်းပါလိမ့်မည်ဟုမိန့်ကြားခဲ့ပါသည်။

မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ

ဆရာတော်သည် သံဃာတော်များကို ဩဝါဒပေးစဉ်အတွင်း မိမိဆရာသမားများစွာအကြောင်းကို ဗဟုသုတဖြစ်ဖွယ် မကြာခဏမိန့်ကြားတော်မူလေ့ရှိသည်။ ဆရာတော်ကြီးများကလည်း မဟာဂန္ဓာရုံကျောင်းတိုက်သို့ အခါအားလျော်စွာ ကြွရောက်တော်မူခဲ့လျှင် ဆရာတော်ကိုယ်တိုင်မှ ဒူးပုဆစ်တုပ်၍ ကျိုကျိုရွရွိအရိုအသေပေးလျက်ရှိသည်ကို ဖူးမြင်ကြရသည်။

ထို့ပြင် တပည့်သံဃာတော်များကိုမိန့်သည်မှာ -

"အသက်ရှင်နေသမျှတော့ အလုပ်လုပ်နိုင်ပြီးနေချင်တယ်။ အလုပ်မလုပ်နိုင်တော့ဘူးဆိုရင်လည်း သေပြီးပဲအနားယူချင်တယ်"

ဟုဆိုခဲ့သည်။

ထို့ကြောင့် ဆရာတော်၏ထူးခြားမှုမှာ မလွန်မီနာရီပိုင်းလေးအထိ စာချအလုပ်ကိုလုပ်သွားတော်မူခဲ့သည်။

■အောင်ခြင်းရှစ်ပါးဆရာတော်ကြီး ဦးနာဂဝံသမဟိုကုတ်ဆရာတော်သို့

"ဦးပဉ္စင်း၊ စာချရတာ ကုသိုလ်ရရဲ့ပဲရှိတယ်။ တရားဟောတာလည်း ကုသိုလ်ရရဲ့ပဲ။ မိမိကိုယ်တိုင် ပထမဆုံးသိအောင်ကိစ္စပြီးအောင်လုပ်ပါဦး"

ဟု ဆုံးမစကားပြောကြားခဲ့သည်။

ထိုအချိန်မှစ၍ မိုးကုတ်ဆရာတော်မှ ညအခါ အချိန်ထား၍ တရားရှုမှတ်တော်မူခဲ့သည်။

မိုးကုတ်ဆရာတော်ကြီးဦးဝိမလ

■ဒါန၊ သီလ၊ သမထတွေက သာသနာပတရား၊ ဝိပဿနာမှ သာသနာတွင်းတရား၊ ဝိပဿနာက ဘုရားပွင့်မှ တစ်ခါသာကြုံရတယ်။

■ဒါန နိဗ္ဗာန်မရောက်ဘူး၊ သီလ နိဗ္ဗာန်မရောက်ဘူးလို့မဟော။ သက္ကာယဒိဋ္ဌိမပြုတ်ရင်မရောက်ဘူး။

■စေးရောင်းရင်း ပုတီးစိပ်နေရင်လည်း အလကားပဲ။ စေးခေါ်နေတာတဏှာကမ္မောင်လိုက်နေတာ။ ကုသိုလ်ဟူသရွေ့ ဒိဋ္ဌိရောနေရင် ဘယ်နည်းနဲ့မှ နိဗ္ဗာန်မရောက်ဘူး။

■ဒါနက နိဗ္ဗာန်ရောက်အောင်ပို့နိုင်တယ်သူဆွဲနေလို့။ သီလက နိဗ္ဗာန်ရောက်အောင်ပို့နိုင်တယ် ဒိဋ္ဌိကဆွဲနေလို့။

ကံမမျှော်နဲ့ဟုဆုံးမသော ပထမရွှေကျင်သာသနာပိုင်ဆရာတော်ကြီး

■ကျောက်ဆစ်ဆရာ အဖြတ်မခံသော ကျောက်တုံး အရုပ်မဖြစ်။ ဆရာကောင်း၏အဆုံးအမမခံသော တပည့်လူကောင်းမဖြစ်။ မိုက်မဲသူသည် ကံကောင်းသောကာလများစောင့်မျှော်၏။ ကံကား သူ့ထံသို့ လုံးဝမလာချေ။

မယဒေဝလင်္ကာ

■မယားစားဖို့၊ သားစားဖို့ဟု လောကအလို လိုက်မပို့နှင့်။ ဤကိုယ်ပျက်ပြား၊ ဘဝလားသော်၊ မယားမပါ၊ သားမပါဘူး။

စွန်းလွန်းဆရာတော်ကြီး၏နိဗ္ဗာန်ဆိုတာ

■ ဥပမာ ယောဂီပုဂ္ဂိုလ်တစ်ယောက်သည် ဝိပဿနာအားထုတ်၍ စိတ်၊ ဓာတသိက်၊ ရုပ်တရားတို့ဖြစ်ခြင်းပျက်ခြင်းကို အလွန်ကြီးမားသော ဆင်းရဲကြီးဟု ငြီးငွေ့လျက်၊ ဆင်းရဲခြင်း၏အကြောင်းကိုရှာက တဏှာကိုသိရသည်နှင့်တစ်ပြိုင်နက် မင်္ဂက ငင်းတဏှာကိုပယ်လိုက်တော့ အကြောင်းအကျိုးပြတ်သွားပါရော။ အဲဒီ ရှေးဦးစွာ မင်္ဂက မပယ်မီ ဖြစ်ပျက်နေတာက 'သခ်ိတ'။ နောက်တော့ အကြောင်းအကျိုးပြတ်၍ ဘာမှမရှိတာကတော့ အသခ်ိတနိဗ္ဗာန်ပါပဲ။

တိပိဋကဓရ သာသနာ့အာဇာနည် (တတိယဆရာတော်ကြီး) ပြည်ဆရာတော် ဦးကောသလ္လ

ဆရာတော်ကြီး၏ မှတ်သားဖွယ်ဆောင်ပုဒ်လေးမှာ -

■ဟိုပုဂ္ဂိုလ်ကြီး မလှူချင်၊ အထုပ်ကလေးတပြင်ပြင်၊ အထုပ်ရှင်မှာသေလို့သွား၊ ကျန်တဲ့လူတွေအဝစား၊ ဘာကမှလည်းပါမသွား၊ သေရွာကျတော့ အပါယ်လား ဗာ္ဂ၍သာ။

သမ္မာဆန္ဒပြည့်ဝကြပါစေ

စိုးသင်းအောင်(မြန်အောင်)

ကောင်းပြည့်စုံ၏ ကျောကြားထင်ရှား မြန်မာ့သာသနာ့ဘဏ္ဍာတိုင်းဝင်ဆရာတော်ကြီးများအကြောင်းဖော်ရွေပတ္တိစာစောင်များ

www.burmeseclassic.com

www.burmeseclassic.com

ကုန်းဘောင်ခေတ်နှောင်း မန္တလေး (ရတနာပုံ)နေပြည်တော်ကြီးကိုထူထောင်စိုးစံခဲ့သည့် မင်းတုန်းမင်းတရားကြီး (ခရစ်နှစ် ၁၈၅၂ - ၁၈၇၈) ၏ ထင်ရှားသော မိဖုရားကြီးများအနက် စိန်တုံးမိဖုရားကြီးသည် တစ်ဦးအပါအဝင်ဖြစ်သည်။ စိန်တုံးမိဖုရားသည် အပျိုတော်ဘဝ အိမ်နီမုံစံဘဝများကတည်းကပင် စလေမြို့နှင့် ပဌာန်းဆက်ပါခဲ့သူ ဖြစ်သည်။

အမရပူရ (တောင်မြို့) နေပြည်တော်တွင် စိန်တုံးမိဖုရားလည်း အပျိုတော်ဘဝ၊ အိမ်နီမုံစံဘဝခံစားနေချိန်၌ စလေမြို့မှ ရှင်ဂုဏာဘွဲ့အမည်ရှိသော ရဟန်းပျို (ဦးပဉ္စင်း) တစ်ပါးတည်း အမရပူရနေပြည်တော်သို့ စာပေသင်ကြားရန် ကြွရောက်သီတင်းသုံးခဲ့သည်။ ထိုပဉ္စင်း (ရဟန်းပျို)၏ ပစ္စည်းလေးပါး၊ ဒါယိကာမအဖြစ် ထာဝရ လျှဒါန်း ပူဇော်မှုပြုခဲ့သည်။ ထိုပဉ္စင်း (ရဟန်းပျို) သည် အမရပူရနေပြည်တော်၌ စာပေကျမ်းဂန်များ သင်ယူဆည်းပူးပြီးနောက် စလေမြို့သို့ ပြန်လည် ကြွမြန်း သီတင်းသုံးနေတော်မူခဲ့သည်။

စိန်တုံးမိဖုရားသည် မန္တလေး (ရတနာပုံ)နေပြည်တော်၌ မင်းတုန်းမင်းကြီးထီးနန်းပိုးစံသောအချိန်တွင် မင်းတုန်းမင်းကြီး၏ မိဖုရားတစ်ပါးအဖြစ်သို့ ရောက်ရှိခဲ့သည်။ ခရစ်နှစ် ၁၈၆၆ ခုနှစ်တွင် စလေမြို့စား အိမ်ရှေ့စံ ကနောင်မင်းသားကြီးသည် မြင်တွန်းနှင့် မြင်းခုံတိုင်မင်းသားနှစ်ပါး၏လုပ်ကြံခဲ့မှုကြောင့် ကံကုန်သွားသောအခါ၌ စလေမြို့စား အဖြစ် တပယ်မင်းသား၏အစ်မတော်ဖြစ်သည့် စိန်တုံးမိဖုရားကို မင်းတုန်းမင်းကြီးက ချီးမြှင့်ခဲ့သည်။ ထိုအချိန်တွင် စိန်တုံးမိဖုရား၏ အပျိုတော်ဘဝနှင့် အိမ်နီမုံစံ (မင်းတုန်းမင်းသား၏ မိဖုရား) ဘဝတွင် စလေမြို့မှ အမရပူရ နေပြည်တော်သို့ စာပေသင်ကြားရန် ကြွရောက်တော်မူခဲ့ပြီး စိန်တုံးမိဖုရား၏ပစ္စည်းလေးပါးလှူဒါန်းခဲ့သော ဦးပဉ္စင်း (ရဟန်းပျို) သည်လည်း စလေမြို့ သုဓမ္မာဂိုဏ်းထောက်ဆရာတော်အရှင်ဂုဏာမထေရ်အဖြစ် ထင်ရှားကျော်ကြားလျက်ရှိသည်။

စိန်တုံးမိဖုရားကြီးသည် မိမိ၏ပစ္စည်းလေးပါးထာဝရလှူဒါန်းကိုးကွယ်ခဲ့သော အရှင်ဂုဏာရဟန်းတော်အား မန္တလေး (ရတနာပုံ) နေပြည်တော်သို့ ကြွရောက်သီတင်းသုံးနေတော်မူရန်နှင့် ကျောင်းဆောက်လှူဒါန်းခွင့်ပြုပါရန် လျှောက်တင်ခဲ့သည်။ စလေသုဓမ္မာဂိုဏ်းထောက်ဆရာတော်အရှင်ဂုဏာက လက်မခံဘဲငြင်းပယ်ခဲ့သည်။ အရှင်ဂုဏာမထေရ်သည် စလေမြို့တွင် ရဟန်းသံဃာများအားစာသင်စာချ၏။ စလေသုဓမ္မာဂိုဏ်းထောက်တာဝန်ကို မလွဲသာ၍ လက်ခံဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ အရှင်ဂုဏာမထေရ်သည် စလေမြို့ကျောင်းတိုက်တွင် ရဟန်းသံဃာများကို (၇)ရက် စာသင်ပို့ချမှုပြုသည်။ (၇) ရက် စာပေသင်ကြားပို့ချပြီးလျှင် တောရကျောင်းသို့ (၇) ရက် ကြွရောက်တော်မူပြီး ကမ္မဋ္ဌာန်းတရားကို ကျင့်ကြံအားထုတ်တော်မူခဲ့သည်။



လှမြင့် (ရန်ကုန်တက္ကသိုလ်)

စလေသုဓမ္မာဂိုဏ်းထောက်ဆရာတော် ဦးဂုဏာမထေရ်နှင့်အဝေးရောက်ပစ္စည်းလေးပါး ဒါယိကာမကြီးစိန်တုံးမိဖုရား

စိန်တုံးမိဖုရားကြီးက အရှင်ဂုဏာမထေရ်အား မန္တလေး(ရတနာပုံ)နေပြည်တော်တွင် ကျောင်းဆောက်လှူဒါန်းမှုနှင့် ကြွရောက်သီတင်းသုံးမှုမပြုခဲ့လျှင်လည်း ကမ္မဋ္ဌာန်းတရားအားထုတ်သည့်တောရတွင် ကျောင်းဆောက်လှူဒါန်းခွင့်ပြုပါရန်နှင့် ပစ္စည်းလေးပါး ဒါယိကာမအဖြစ် ခွင့်ပြုရန် ထပ်မံလျှောက်တင်ခဲ့ရာ ဆရာတော်အရှင်ဂုဏာကခွင့်ပြုတော်မူခဲ့ခြင်းဖြစ်။ ထို့ကြောင့် စိန်တုံးမိဖုရားကြီးသည် စလေမြို့၌ အရှေ့တောင်ဂူကုဋိ (၆၁)မြောက် ခန့်အကွာ စလေနှင့် ကွန်းချို (ခွေးချို) လမ်းဘေးရှိ ဒေါ်ရကျောင်းတွင်

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းကြီးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ မန္တလေး (ရတနာပုံ) နေပြည်တော်မှ ပစ္စည်းလေးပါးဒါယိကာမကြီးအဖြစ်အမြဲမပြတ်လှူဒါန်းပူဇော်ကုသိုလ်ပြုခဲ့သည်။ စလေသုခမ္မာဂိုဏ်းထောက်ဆရာတော်အရှင်ဂုဏသည် စလေမြို့ပေါ်ရှိ ဒက္ခိဏာဝန်ကျောင်းတိုက်တွင် ရဟန်းသံဃာများကို (၇)ရက်စာပေသင်ကြားသည်။ တောရကျောင်းတိုက်ကြီးတွင် (၇) ရက်တရားအားထုတ် ကျင့်ကြံတော်မူခဲ့သည်။ ထိုအချိန်က စလေသုခမ္မာဂိုဏ်းထောက်ဆရာတော်ကြီးအရှင်ဂုဏာအား စလေမြို့သူမြို့သားများက ခင်ကြီးလောင်ဟူ၍ လေးစားမြတ်နိုးဂုဏ်ယူခေါ်ဆိုခဲ့ကြသည်။ ဆရာတော်အရှင်ဂုဏာ၏ ငယ်မည်သည် မောင်လောင်ဖြစ်သောကြောင့် အရှင်ဂုဏာ ဟူသော ဘွဲ့တော်အစား ခင်ကြီးလောင် ဟူ၍ ဝိသေသပြုခဲ့ကြသည်။

စိန်တုံးမိဖုရားကြီးသည် စလေမြို့တောရကျောင်းတွင် အရှင်ဂုဏာမထေရ်အတွက် ကျောင်းတော်ကြီးကို ဥယျာဉ်ခြံမြေတို့ဖြင့် ဆောက်လုပ်လှူဒါန်းခြင်းပြုခဲ့မှုကို မင်းတုန်းမင်းတရားကြီးသည်လည်း ကြည်ညိုသဒ္ဓါပွားများခဲ့သောကြောင့် စိန်တုံးမိဖုရားကြီး၏ ကျောင်းတော်ကြီးနှင့် ဥယျာဉ်ခြံမြေနယ်ပယ်ကို ဘေးမဲ့တောအဖြစ် သတ်မှတ်လှူဒါန်းမှုပြုခဲ့ကြောင်းကို တိရစ္ဆာန်များဇီဝိတဒါန ဘေးမဲ့လွှတ်အမိန့်တော်ကို ဤသို့ထုတ်ပြန် သတ်မှတ်ကုသိုလ်ပြုခဲ့သည်။

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူသော ပဉ္စမသခါဒိယနာတင်သာသနာ့ဒါယကာ မဟာဇကရာဇမင်းမြတ် မင်းတုန်းမင်းကြီးက စလေမြို့စားမိဖုရားကုသိုလ်တော် ဆင်မကြပ်ကန်အရပ် ထက်ဝန်းကျင် တာတစ်ထောင်အတွင်း ခိုမှီပျော်ပါးနေသော ပိုးမွှား၊ သားငှက်၊ တိရစ္ဆာန်တို့ကို အပစ်အခတ်၊ အသတ်အညှဉ်စမရှိစေနှင့်။ ဇီဝိတဒါနအဘာယအဖြစ်လွတ်ငြိမ်းချမ်းသာစေ ထုတ်ပြန်တော်မူသည်။ အမိန့်တော်အရ တာတစ်ထောင်အတွင်း ပြုကျင့်သူတို့ကို ဇကရာဇမင်းမြတ်ထံ စာသွင်း၍ စီရင်မည်"

စိန်တုံးမိဖုရားကြီးသည် မန္တလေး (ရတနာပုံ) နေပြည်တော်တွင် အလှူဒါန၌ပြုသောအခမ်းအနားများ ကျင်းပပြုလုပ်သည့်အချိန်တိုင်းအခါတိုင်း၌ စလေသုခမ္မာဂိုဏ်းထောက်ဆရာတော်အရှင်ဂုဏာမထေရ်မြတ်အား ထာဝရပင့်ဖိတ်စာဖြင့် လျှောက်ထားပင့်ဖိတ်၍ မန္တလေး (ရတနာပုံ) နေပြည်တော်သို့ ကြွရောက်အလှူခံယူတော်မူရန် ပင့်ဖိတ်ခဲ့သည်။ ထိုသို့ စိန်တုံးမိဖုရားကြီးသည် ဖိတ်ကြားခဲ့သော်လည်း စလေသုခမ္မာဂိုဏ်းထောက်ဆရာတော် အရှင်ဂုဏာသည် အခါခပ်သိမ်း ကြွရောက်တော်မူခြင်းမရှိခဲ့ပေ။ မန္တလေး(ရတနာပုံ)နေပြည်တော်၌ ပညာသင်သီတင်းသုံးနေတော်မူကြသော စလေမြို့မှ ရဟန်းသံဃာတော်များကိုသာ မိမိ၏ကိုယ်စား သံဃာအမှတ်ထား၍ လှူဒါန်းရန် မိန့်ကြားမှာကြားတော်မူခဲ့သည်။ ဤသို့ဖြင့် စိန်တုံးမိဖုရားကြီးသည် စလေသုခမ္မာဂိုဏ်းထောက်ဆရာတော်အရှင်ဂုဏာ၏အဝေးရောက်ပစ္စည်းလေးပါးဒါယိကာမအလှူရှင်မအဖြစ် သေတစ်ပန်သက်တစ်ဆုံးရာသက်ပန်ကုသိုလ်ပြုခဲ့သည်။

ခရစ်နှစ် ၁၈၆၆ ခုနှစ်တွင် စလေမြို့စားမင်းသမီးဖြစ်သော စိန်တုံးမိဖုရားကြီးသည် စလေမြို့နယ်အတွင်းရှိ ကျေးရွာဒေသများ၏ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သောနေရာများ၌ ရေကန်တူး၊ တံတားဆောက် စသည့် လုပ်ငန်းများ၊ အလှူဒါနများကို ပြုလုပ်ခဲ့ရာတွင်လည်း မိမိ၏ဆရာရင်းဖြစ်သော စလေသုခမ္မာဂိုဏ်းထောက်ဆရာတော် အရှင်ဂုဏာမထေရ်မြတ်၏ ဩဝါဒလမ်းညွှန်မှုများကို ဦးထိပ်ပန်ဆင်ခံယူလုပ်ဆောင်လှူဒါန်းခဲ့သည်။ ဆရာတော် အရှင်ဂုဏာမထေရ်မြတ်သည် စလေမြို့စိရင်စုအတွင်းရှိ အမှန်တကယ်လိုအပ်သောနေရာဒေသများကို လမ်းညွှန်ရွေးချယ်ကာ ရေကန်တူး၊ တံတားဆောက်မှုတို့ကို ပြုလုပ်စေခဲ့သည်။ ထိုသို့ အလှူဒါနပြုမှုများအတွက် လိုအပ်သောဝတ္ထုငွေများကို စိန်တုံးမိဖုရားကြီးသည် ဆရာတော်ထံသို့ပေးပို့လှူဒါန်းခဲ့သည်။ တစ်ခါတစ်ရံတွင် မှန်းထားသောငွေကြေးများထက် ပိုမိုကုန်ကျသည့်အခါများတွင်လည်း သုခမ္မာဂိုဏ်းထောက်ဆရာတော်ဘုရားကြီးသည် စိန်တုံးမိဖုရားကြီးထံသို့-

ဂိုဏ်းထောက်ဆရာတော်မဟာ စာ ဆက်သွင်းအပ်သည်။ ဒကာတော်မစလေမြို့စားမင်းသမီး (စိန်တုံးမိဖုရား)'

ဟူ၍ ဤသို့ ရေးသားပေးပို့အသိပေးခဲ့သည်။

"ကန်တော်၊ တံတားတော်ပြုလုပ်မည့်အရပ်ကို ရွေးချယ်လျှင် မြို့မဆင်ခြေဖုံး (၇) ရွာ၊ အရှေ့ကုန်းရွာအကြားလှည်းကုန်သည်၊ ခြေကုန်သည်၊ ရှမ်းကုန်သည်တို့လာရာ (သင့်တင့်လျောက်ပတ်သောအရပ်) မြစ်စဉ်မြစ်စုန်တိုက်ထက် မင်းလမ်းမအနီး ပွတ်ချောင်းကျပ် (တောင်အရပ်) တွင် ဘါခေါင်လပြည့်ကျော် ၉ ရက်နေ့ကစ၍ တောခုတ်လုပ်၊ ကန်တွင်းသစ်ငုတ်ခလုတ်များကိုသုတ်သင်ရှင်းလင်းပြုပြင်စဉ် အရှင် (မိမိ) မှန်းထားမှုများထက် လုပ်ဆောင်ထားမိသဖြင့် ကန်တော်ပိတ်ဆို့တာတူးဆဲဖြစ်၍ ငွေတော်အလျင်အမြန် လိုအပ်သဖြင့် ကျောင်းဒကာဖြင့် စာဆက်သွင်းလိုက်ပါသည်။ စာရောက်လျှင် တစ်ကျပ်သုံးဒင်္ဂါးပြားရေ (၁၀)ပြားကို ကျောင်းဒကာထံ ပေးအပ်လိုက်ပါမည့်အကြောင်းကို စာဆက်သွင်းအပ်သည့် ဒကာတော်မိဖုရား'

စိန်တုံးမိဖုရားသည် စလေမြို့စားမင်းသမီးနှင့် မိဖုရားကြီးဖြစ်သော်လည်း စလေမြို့သို့ ရောက်ရှိခဲ့ဖူးခြင်းမရှိပေ။ ထို့ကြောင့်ပင် စလေမြို့၏ ကုသိုလ်ရေး၊ ရပ်ရွာရေးကိစ္စများကို မိမိ၏ ငယ်ဆရာရင်းဖြစ်သော စလေသုခမ္မာဂိုဏ်းထောက်ဆရာတော် အရှင်ဂုဏာမထေရ်မြတ်၏ ဩဝါဒလမ်းညွှန်ချက်၊အစီအမံများတို့ကို နာခံလုပ်ဆောင်မှုပြုခဲ့သည်။ စလေမြို့စိရင်စုအတွင်းရှိ မြေယာများကို အရာတော်မြေအဖြစ်သိမ်းယူခဲ့ရာတွင် တောင်သူလယ်သမားတို့၏ ကိုယ်ပိုင်၊ ပုဂ္ဂလိကပိုင်မြေများကို သိမ်းယူမှုများပါဝင်ခဲ့သောကြောင့် တိုင်တန်းမှု၊ အမှုအခင်းဖြစ်မှုများကို စိန်တုံးမိဖုရားကြုံတွေ့ရင်ဆိုင်ခဲ့ရသည်။ ယင်းသို့ ကိုယ်ပိုင်ပုဂ္ဂိလကပိုင်မြေယာများကို အရာတော်မြေအဖြစ် သိမ်းယူခဲ့မှုကိစ္စများကို စိန်တုံးမိဖုရားကြီးသည် လောဘမတက်ဘဲ မှန်ကန်လျှင်အစားပေးရမည်။ (မှန်လျှင်စားပေးရမည်) ဟူသော သုခမ္မာဆရာတော်ကြီးဂိုဏ်းနှင့် လွတ်တော်၏ ဆုံးဖြတ်ချက်အတိုင်းလိုက်နာလျက် အရာတော်မြေအဖြစ် မှားယွင်းသိမ်းဆည်းခဲ့သော ကိုယ်ပိုင်၊ ပုဂ္ဂလိကပိုင်မြေယာများကို ပြန်လည်ပေးအပ်ခဲ့သည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

၁။ မြို့စားမင်းသမီး စိန်တုံးမိဖုရားနှင့် စလေမြို့
(မောင်မောင်လတ်)

၂။ စလေဦးပုညရွာအဖွဲ့နှင့် အခြားစာတမ်းများ
(မောင်မောင်လတ်)


www.burmeseclassic.com

www.burmeseclassic.com

အောင်သောကျော်
ပြည်လုံးအေးကိုးနဝင်း
ဆုတောင်းပြည့်စေတီတော်



ပြည်လုံးအေးကိုးနဝင်းဆုတောင်းပြည့်စေတီ တောင်ဘက်မှ အဝင်လမ်း



စေတီတော်အား အနီးကပ်ဖူးရစဉ်

မိုးဖွဲလေးများစဉ်ဆက်မပြတ်ကျနေသည့်ကာလလေးမှာပင် ရွှေပြည်သာ မြို့နယ်အတွင်း ရောက်သွားဖြစ်သည်။ မိုးဖွဲလေးများကို ဖြတ်သန်းတိုက်ခတ်လာသည့်လေနှင်အေးကြောင့် မိုးစက်မိုးပေါက်လေးများက မျက်နှာကိုလာရောက်ပွတ်သပ်ကျီစယ်လို့နေသည်။ ဦးတည်သွားနေမိသည်က ရှေးရှေးကာလများတွင် မိချောင်းအိုင်ရွာအဖြစ် ထင်ရှားခဲ့သည့်နေရာသို့ပင် ဖြစ်သည်။ ယခုအခါ အမှတ် (၁) ရပ်ကွက်အဖြစ် လူသိများလျက်ရှိနေပြီ ဖြစ်သည်။ မိချောင်းအိုင်ရွာအဖြစ် ရပ်တည်ခဲ့စဉ်က ကွင်းထီးထီးရှိတောအုပ်ငယ်တစ်ခုကို အမှီပြုကာ ရွာတည်နေခဲ့ရသည့်ရွာပင် ဖြစ်သည်။ ရွှံနွံများထူထပ်ပေါများပြီး သွားရေးလာရေး လွန်စွာခက်ခဲသည့် နေရာတစ်နေရာဖြစ်ခဲ့သည်။ မြို့သစ်တည်ပြီးခါစကာလများကပင် ရွှံနွံလမ်းများအဖြစ် ရပ်တည်နေခဲ့ရာက ယခုအခါ ကွန်ကရစ်လမ်းများ၊ တိုက်အိမ်ငယ်များဖြင့် စည်ကားဝေစည်လျက်ရှိနေပြီပင်။ ကွန်ကရစ်လမ်းသွယ်များအတိုင်း လှည့်ပတ်ဝင်ရောက်သွားဖြစ်ခဲ့ရာ မိုးလေအစွမ်းပြသနေချိန်လေးမှာပင် ပြည်လုံးအေးကိုးနဝင်းစေတီတော်မြတ်တည်ရှိရာသို့ ရောက်သွားခဲ့ရသည်။

စေတီတော်မြတ်၏ အာရုံခံတန်ဆောင်းတော်အတွင်း အပြေးလေးဝင်သွားမိသည်နှင့် ဝိဇ္ဇာလမ်းကျင့်စဉ်များကျင့်ကြံပွားများအားထုတ်နေသည့် ပထမံဆရာဦးလေးခိုင်က ဆီးကြိုသည်။ ပြည်လုံးအေးကိုးနဝင်းစေတီတော်မြတ်တွင် ပထမံဆရာဦးလေးခိုင်တစ်ယောက်နဝင်းကျင့်စဉ်ဝင်နေခဲ့သည်မှာ တစ်ပတ်ကျော်ပြီ ဖြစ်သည်။ ယနေ့ (၉) ရက်မြောက်နေ့ အဓိဌာန်အောင်သည့်နေ့ ဖြစ်သဖြင့် အောင်မြေမှန်ရာနေရာများ၊ စေတီတော်များအကြောင်းဆောင်းပါးများရေးလေ့ရှိသည့်စာရေးသူကို မပျက်မကွက်လာခဲ့ရန်ခေါ်ထားခြင်းဖြစ်သည်။ တန်ဆောင်းတော်အတွင်းရှိ ရုပ်ပွားတော်မြတ်အား ဦးထိပ်ပန်ဆင်ကာ ဂုဏ်တော်ပွားများရင်း ရှိခိုးမိသည်။ တန်ဆောင်းတော်အတွင်း အိမ်မြောင်စုတ်ထိုးသံများထွက်ပေါ်လာစဉ်မှာပင် ပထမံဆရာဦးလေးခိုင်က -

"ဒီစေတီတော်မြတ်ဟာ ရှေးရှေးက ဝိဇ္ဇာလမ်းစဉ်ကျင့်ကြံပွားများအားထုတ်ခဲ့ကြတဲ့ သူတော်စင်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေက အောင်မြေမှန်ရာအစစ်အမှန်ဖြစ်မှန်းသိသွားခွင့်ရကြလို့ တည်ထားခဲ့တဲ့စေတီတော်မြတ်ပဲ"

ဟု အစချီကာ ပြည်လုံးအေးကိုးနဝင်းဆုတောင်းပြည့်စေတီတော်နှင့် ပတ်သက်သည့်သမိုင်းကြောင်းများကို စိတ်ရှည်လက်ရှည်ပြောပြတော့သည်။

ပြည်လုံးအေးကိုးနဝင်းဆုတောင်းပြည့်စေတီတော်မြတ်မှာ ရှေးလွန်လေပြီးသော နှစ်ပေါင်းရာကျော်ခန့်ကပင် ဝိဇ္ဇာလမ်းတို့ကျင့်ကြံပွားများအားထုတ်သည့် သူတော်စင်သူမြတ်လောင်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့တည်ထားခဲ့သည့် စေတီတော်ပင် ဖြစ်သည်။ အုပ်အုပ်ဆိုင်းဆိုင်း တောအုပ်ငယ်အတွင်း ချောင်းလက်တက်တစ်ခုဖြတ်သန်းစီးဆင်းနေရာ မိချောင်းငယ်တွင် ငမိုးရိပ်မိကျောင်းအောင်းနားနေခဲ့ရာနေရာဖြစ်သောကြောင့် ရွာလေးအမည်ကို 'မိချောင်းအိုင်ရွာ' ဟု တွင်စေ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ခြင်း ဖြစ်သည်။ စေတီတော်မြတ်မှာ မိချောင်းအိုင်ရွာလေး၏ အရှေ့မြောက်ဘက်တွင်တည်ရှိနေခဲ့သည်။ နှစ်ကာလတာရှည်လာသည်နှင့် စေတီတော်မြတ်ယွင်းယိုပျက်စီးလာကာ ညောင်ပင်ပေါက်များထိုးခဲ့ခြင်းခံထားရသည့်အသင့် သို့ရောက်ရှိလာခဲ့သည်။ ယိုယွင်းပျက်စီးနေသော စေတီတော်၏ အနီးအပါးသို့ ရွာသားများမသွားရဲမလာရဲဖြစ်နေကြရ၏။ စေတီတော်မြတ်သည် တစ်ခါတစ်ရံ တောင်မြောက်လှုပ်ယမ်းပြခဲ့သည်ဟုသိရသည်။

မိချောင်းအိုင်ရွာသူရွာသားတို့သည် ညနေစောင်းအချိန်နှင့် ဝေလီဝေလင်းအချိန်များသည် ယိုးယွင်းနေသည့်စေတီတော်အနီးအပါးမှ ဖြတ်သွားဖြတ်လာမပြုလုပ်ရဲဘဲရှိနေခဲ့သည်။ ထိုအတွင်းမှာပင် ရွာ၏အရှေ့ဘက်တွင်တည်ရှိသည့် နီဗွိန္နကျောင်းသို့ ကျင့်စဉ်ရဏာပြည့်ဝနေပြီဖြစ်သည့် ဆရာတော်ကြီး ဦးကိတ္တိဝရကြွရောက် သီတင်းသုံးတော်မူသည်။ ထိုသို့ကြွရောက်သီတင်းသုံးနေတော်မူစဉ်မှာပင် ပြည်လုံးအေးဆုတောင်းပြည့် စေတီတော်မြတ် ပြန်လည်ပွင့်ထွန်းရာအကြောင်းတရားပေါ် ပေါက်လာရကာ အကျင့်စရဏအားပြည့်ဝနေပြီဖြစ်သည့် ဆရာတော် ဦးကိတ္တိဝရက ပြန်လည်မွမ်းမံ တည်ထားခဲ့ခြင်းပင် ဖြစ်သည်။


ဆရာတော် ဦးကိတ္တိဝရသည် သာမန်လူသားတို့ ကျင့်ဆောင်နိုင်စွမ်းမရှိသည့် ကျောမခင်းတုံးလုံးမလှဲသောနိဿဇ္ဇတင်ကို ၁၉၈၀ ပြည့်နှစ်မှ စတင်ကျင့်ဆောင်လာခဲ့ရာမှ ရာသက်ပန်ကျောမခင်းဆရာတော်' ဟု လူသိများနေခဲ့သည်။ ဆရာတော်သည် (၅) ပေ၊ (၁၀)ပေမျှသာရှိသော အခန်းကျဉ်းလေးထဲတွင် တံခါးပိတ်ကာ သတိပဋ္ဌာန်ဝိပဿနာတရားကို စဉ်ဆက်မပြတ်ရှုမှတ်နေလေ့ရှိခဲ့သည်။ ဆရာတော်သာသနာ့ဘောင်မဝင်မီ လူဝတ်ကြောင် ဘဝ ၁၉၄၂ ခုနှစ်ကတည်းက သတ္တဝါတို့အပေါ် မေတ္တာထားကာ သက်သတ်လွတ်အဓိဋ္ဌာန်တင်ထားခဲ့သည်။ သာသနာ့ဘောင်ဝင်ရောက်ပြီးသည်နှင့် ခူတင်များတိုးတိုးဆောက်တည်လာခဲ့ရာမှ ဆွမ်း၊ ဆွမ်းဟင်းများကို မသုံးဆောင်တော့ဘဲ သစ်သီးဆွမ်းကိုသာ သပိတ်တစ်လုံးဖြင့် တစ်ခွက်တည်းသုံးဆောင်ကာ ဧကာသနိတ်ခုတင်၊ သက်နှံးသုံးထည်တည်းသာဆောက်သော တိစီဝရိတ်ခုတင်၊ အဓိဋ္ဌာန်ထားသောကျောင်း၊ အဓိဋ္ဌာန်ထား



စေတီတော် (ကိုးနဝင်း) အရှေ့ဘက်မှ ဖူးတွေ့.



ဦးကိတ္တိဝရဓာတုစေတီတော်



ဦးကိတ္တိဝရဓာတုစေတီမှခလိုဏ်အတွင်း ဆင်းရဂါလော်

www.burmeseclassic.com


www.burmeseclassic.com



တန်ဆောင်းတော်အတွင်းရှိ ဆင်းတုတော်



စေတီမုခ်လိုဏ်အတွင်းဆင်းတုတော် (အရှေ့)



စေတီမုခ်လိုဏ်အတွင်းဆင်းတုတော် (မြောက်)



ဆရာတော်ဦးဥတ္တမလှူးသည့် ပါတိမောက်ကျောက်စာ

သောနေရာတွင်သာနေထိုင်ရသည့်ဃထာသန္တိခုတင်တို့ကို ကျင့်ဆောင်နေတော်မူခဲ့သည်။


၁၂၈၉ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်နေ့တွင် ဆရာတော်၏ကျောင်းမှ ဘုန်းကြီးကျောင်းသား မောင်စံတင်က ပြည်လုံးအေးကိုးနဝင်းစေတီတော်မြတ်နှင့်ပတ်သက်နေသည့် ရွှေဟောင်းစာမူရင်းအား ဆရာတော်ဦးကိတ္တိဝရဆံသို့ ဆက်ကပ်ခဲ့သည်။ ပါလာသောအချက်အလက်စာသားများမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

'အို - လူအများတို့ (မဂ္ဂင်တရားပင်) စိတ်အာရုံကောင်းဓာတ်လုံးကြီးကို သာ အမြဲဆောင်ထားလိုက်ကြ။(ကောင်းသောအရာမှန်က) မိမိတို့စိတ်ဆန္ဒအတိုင်း လိုရာကိစ္စပြီးပါလို့မ်ိမည်။ ဧကန်မှန်ပါလေကုန်။ ဘုရားဟောပါဠိတော်အရ လောကဓမ္မ နှစ်ဝကောင်းကျိုး ဒိဋ္ဌလက်ငင်း ချက်ချင်းမကြာခဏ ကောင်းမြတ်သောအရာမှန်သမျှ မိမိတို့စိတ်အလိုရှိတိုင်းပြီးစီးနိုင်ကြောင်း' စာတမ်းတွင်ပါရှိလေသည်။

အဝန်းအဝိုင်း (၂၇) တောင်ကို ရှစ်မျက်နှာအမျှထား၊ ပန်းတင်ခုံအထက်အမြင့် ဉာဏ်တော်ဌက်ပျော်ဖူးအထိကိုးတောင်ထား၊ ပစ္စယာသုံးထပ်ခံ၊ ထီးသုံးလက်ဘုံသုံးဆင့် ပေါင်းကိုးဆင့်တင်၍ပုံဖော်ကာ စေတီတော်မြတ်ကို မိမိတို့မြို့ရွာအဆုံး အက္ခရာအရ နံသင့်တော့ကျသောအရပ်၌ ဘုမိနက်သန်မှန်းတာပလ္လင်တော်မြေကွက်ပေါ်တွင် ကြွေတော်လုံးဘွဲ့အမည်ဖြင့် အေးစေတီတော်မြတ်ကို တည်ထားကြ၊ ကိုးကွယ်ကြကုန်။ မိချောင်းအိုင်သည် တနင်္္ဂနွေဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ဦးကိတ္တိဝရဓာတုစေတီရောက် ပထမဆရာဦးလေးခိုင်



နဂါးရုံဆင်းတုတော်

ကြောင့် မိချောင်းအိုင်ရွာ၏ အရှေ့မြောက်အရပ်တွင် ကိုးနဝင်းပြည့်လုံးအေးစေတီတော်ကို တည်ထားခဲ့ခြင်းပင် ဖြစ်သည်။

ထိုစာတမ်း၏တစ်နေရာတွင် 'အိုလူသားအပေါင်းတို့ အထူးမှတ်သားထားကြရန်မှာ သက်တော်ထင်ရှား ဘုရားရှိသည်နော်။ ပရမတ်ထင်ရှား ဝိပဿနာတရားရှိသည်နော်။ လောကီသိဒ္ဓိပေါက်ဝိဇ္ဇာဆရာကြီးတွေကလည်း အမှန်ရှိနေကြသည်နော်။ တန်ခိုးကြီးမားသော နတ်ဗြဟ္မာများလည်း ဧကန်ရှိနေကြသည်နော်။ ထိုစကားကိုမယုံကြည်ဘဲ သို့လော သို့လော စိတ်အာရုံရှိနေကြမည်ဆိုလျှင် အလွန်ပင် အပြစ်ကြီးလေးလှပါသည်။ ယုံကြည်ကြပါကုန်၊ ယုံကြည်ကြပါကုန်' ဟူ၍ ဖော်ပြထားသည်။

ဆရာတော် ဦးကိတ္တိဝရသည် ကျင့်စဉ်ပြည့်ဝနေသည့် ဆရာတော်ဖြစ်သဖြင့် ပြည်လုံးအေးကိုးနဝင်းဆုတောင်းပြည့် စေတီတော်မြတ်ကို ပြန်လည်ပြုပြင်ကာ တည်ထားခဲ့သည်။ ကိုးနဝင်းအမည်ခေတ်သက်ကြောင့်ပေလားမပြောတတ် ဝိဇ္ဇာလမ်းကျင့်စဉ်ကျင့်ကြံပွားများကြသည့် သူတော်စင်သူမြတ်လောင်းပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ စဉ်ဆက်မပြတ်ဆိုသလို နဝင်းအဓိဌာန်လာရောက်ဝင်လေ့ရှိနေသည်ကို မကြာခဏကြုံရသည်။ အဓိဌာန်လာရောက်ဝင်ကြသူတို့ အောင်လမ်းပွင့်ကာ အောင်မြင်မှုရသွားကြသူတို့ ကြိုးပမ်းမှုကြောင့် ပြည်လုံးအေးကိုးနဝင်းဆုတောင်းပြည့်စေတီတော်မြတ်တည်ရာအောင်မြေသည် ဖွံ့ဖြိုး



ဆရာတော်ဦးဥတ္တမ လူးသည့် မတ်ရပ်တော်



စေတီဝန်းကျင်ရှိ ဆင်းတုတော်များ

www.burmeseclassic.com


www.burmeseclassic.com



စေတီဝန်းကျင်ရှိ ဆင်းတုတော်များ



စေတီဝန်းကျင်ရှိ ဆင်းတုတော်များ




စေတီဝန်းကျင်ရှိ ဆင်းတုတော်များ



ဆရာတော်ဦးဇာဂရ လှူသည့် ခေါင်းလောင်းတော်



ဦးကိတ္တိဝရဓာတုစေတီမုခ်ဦး



မုခ်ဦးတံခါး


ဝေစည်ကာ တိုးတက်ပွင့်ထွန်းလျက်ရှိနေသည်ကို တွေ့ရသည်။

ဖွံ့ဖြိုးတိုးတက်လာသည့် ပြည်လုံးအေးကိုးနဝင်းဆူတောင်းပြည့်အောင်မြေသို့ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ပညာဝတီရိပ်သာကျောင်းတိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇာဂရနှင့် တိုက်အုပ်ဆရာတော် ဦးဥတ္တမတို့ကြွရောက်တော်မူလာကာ အောင်မြေဖွံ့ဖြိုးစည်ပင်ရေးအတွက် မှတ်တမ်းတင်ကျန်ရစ်မည့်ဒါနများ ပြုလုပ်ပံ့ပိုးပေးခဲ့သည်။ ဆရာတော်ဘဒ္ဒန္တဇာဂရက စေတီတော်မြတ်၏ အရှေ့တောင်ဘက်တွင် ခေါင်းလောင်းကြီးတစ်လုံး၊ တိုက်အုပ်ဆရာတော်ဦးဥတ္တမက စေတီတော်၏ အရှေ့ဘက်တွင် ဩဝါဒပါတိမောက်ကျောက်စာတော်တစ်ချပ်နှင့်စေတီတော်၏မြောက်ဘက်ခပ်လှမ်းလှမ်းတွင် မတ်ရပ်ဆင်းတုတော်တစ်ဆူတို့ကို လှူဒါန်းမှုပြုကာ အောင်မြေဖွံ့ဖြိုးဝေစည်တိုးတက်ရေးအတွက် အထောက်အပံ့ပြုပေးခဲ့သည်။


အောင်မြေမှန်ရာတွင် ကန်သုံးဆင့်ရေကန်တော်ရှိနေပြီး ရေကန်တော်၏ အလယ်ဗဟိုတွင် နဂါးရုံဆင်းတုတော်သီတင်းသုံးတော်မူလျက်ရှိသည်။ ကန်သုံးဆင့်ရေကန်တော်ကို ဆရာတော်မိုးနိုင်က ခုနစ်ရက်သားသမီးများ ကံဆင့်ကံမြင့်နိုင်ကြစေရန်ရည်သန်ကာ ဖော်ဆောင်ခဲ့ခြင်းပင် ဖြစ်သည်။ ကန်လယ်တွင်သီတင်းသုံးတော်မူသည့် ဆင်းတုတော်ကိုမူ ပထမဆရာဦးလေးခိုင်ကတည်ထားပေးသွားခဲ့သည်။ ဆင်းတုတော်မှာ ပေါ်တော်ဆင်းတုတော်ဖြစ်ပြီး သိုက်ဆက်ဂုဏ်နန်းဆက်ရှိကြသူများ ဖူးမြော်ခွင့်ရပါစန်းခွင့်ရကြစေရန်အတွက် စေတီတော်တောင်ဘက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ပညာဝတီဆရာတော် ဦးဇာဂရနှင့် ရာသက်ပန်ကျောမခင်းဆရာတော် ဦးကိုတ္တိဝရတို့ ဆုံစည်းစဉ်



စေတီတော်ဆိုင်းဘုတ်

သည့် ဦးကိုတ္တိဝရဓာတုစေတီတော်ကို တည်ထားခြင်းဖြစ်သည်ဟု သိရသည်။

ရာသက်ပန်ကျောမခင်းဆရာတော် ဘုရားကြီး ဦးကိုတ္တိဝရက သူ၏တပည့် ဒကာ၊ ဒတာမများအား မှာကြားခဲ့သည်မှာ -

တပည့်တို့ -

- ယုံကြည်ထိုက်သူဖြစ်အောင်နိုးသားရမည်။
- အားကိုးထိုက်သူဖြစ်အောင်ကြိုးစားရမည်။
- လေးစားထိုက်သူဖြစ်အောင် ဖြူစင်ရမည်။
- ကောင်းသမျှတွေကို ရွေးလုပ်တာထက် လုပ်သမျှကို ကောင်းအောင်ကြိုးစားရမည်။

ဟူ၍ပင်ဖြစ်သည်။

တပည့်ဒါယကာ၊ ဒါယိကာမတို့ကလည်း ဆရာတော်ဘုရားကြီးစတင်ပြုပြင်ခဲ့ရာ ပြည်လုံးကျွတ်ဆုတောင်းပြည့်စေတီတော်တည်ရာ၊ ဝိဇ္ဇာကျင့်စဉ်ကျင့်ကြသူများအတွက် အောင်မြေမှန်ရာ ဝေစည်တိုးတက်ပွင့်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြသည်။ အောင်မြေမှန်ရာနေရာကို ဦးဝိလာသက စောင့်ရှောက်သူအဖြစ်ရှိနေကာ စဉ်ဆက်မပြတ်အဓိဋ္ဌာန်ဝင်လျက်ရှိနေသည်။ ပထမဆရာဦးလေးခိုင်မှာလည်း အဓိဋ္ဌာန်များဝင်ရင်း သာသနာပြုသတ္တဝါကယ်လုပ်ငန်းများ ဆောင်ရွက်နေသူဖြစ်သဖြင့် ပြည်လုံးကျွတ်ဆုတောင်းစေတီတော်တွင် မကြာခဏ အရောက်လာကာ အဓိဋ္ဌာန်ဝင်လေ့ရှိသည်။

သိုက်ဆက်ပဋ္ဌာန်းဆက်ရှိသူများ၊ ကန်သုံးဆင့်နဂါးဘုရားတွင် ဆုပန်ပြီး အဓိဋ္ဌာန်ပြခြင်းများရှိနိုင်သဖြင့် ဓာတ်ပိုင်းဆိုင်ရာပွင့်ထွန်းလိုသူများ ဦးကိုတ္တိဝရဓာတုစေတီတော်တွင် အဓိဋ္ဌာန်ဝင်ခြင်း၊ ဆုပန်ခြင်းများပြုမည်ကိုဆိုပါက အလွန်အကျိုးထူးပေးမြန်ကြောင်းသိရပါသည်။ ပြည်လုံးအေးကိုးနဝင်းဆုတောင်းပြည့်စေတီတော်ထံပါးတွင်မူ ဝိဇ္ဇာလမ်းကျင့်စဉ် ကျင့်ကြပွားများအားထုတ်နေကြသူများနှင့် စဉ်ဆက်မပြတ်ပြည့်လျက်ရှိနေပါသည်။

တစ်ခါတစ်ခေါက်ရောက်ပါက ထူးခြားလှပါကြောင်း ရောက်ခဲ့ဖူးသူတို့ သိနေကြပါသည်။

အောင်သာကျော်

ညောင်ပင်ခြေတွင်ပေါ် ထွက်နေကြောင်း အိပ်မက်ရကြရာက တွေ့ရှိပူဇော်ခွင့်ရခဲ့ကြသည့်ဆင်းတုတော်ပင် ဖြစ်သည်။

အောင်မြေအတွင်း လှည့်လည်ကြည်ညိုနေမိရာက စေတီတော်၏ အနောက်မြောက်အရပ် ကန်သုံးဆင့်ရေကန်တော်၏အနောက်ဘက်ရှိစေတီတော်မြတ်ကြီးထံပါးသို့ ရောက်သွားမိသည်။ ထိုစေတီတော်မြတ်မှာ ရာသက်ပန် ကျောမခင်းဆရာတော်ဘုရားကြီး ဦးကိုတ္တိဝရဓာတုစေတီတော်ဟုသိရ၏။ နိဋ္ဌိနကျောင်းတိုက်ဆရာတော်ဘုရားကြီး ဦးကိုတ္တိဝရသည် ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ည (၁၁) နာရီ၊ (၅၅) မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့၏။ သက်တော် (၈၅) နှစ်၊ ဝါတော် (၄၀) ရချိန်တွင် ပျံလွန်တော်မူခဲ့ခြင်းပင်ဖြစ်သည်။ ဆရာတော်ကြီးရုပ်ကလာပ်တော်ကို ရေဝေသုသာန်မီးသင်္ဂြိဟ်စက်အနီး သီးခြားပြင်ဆင်ထားသော အန္တိမအဂ်ိရာပနပူဇာသဘင်ခင်းကျင်းကာ လောင်တိုက်ပြင်ဆင်ထားသည်။ ဒကာ၊ ဒါယကာမအပေါင်းကားအစီး(၁၀၀)ကျော်လိုက်လံပို့ဆောင်ကြသည်။ ရုပ်ကလာပ်တော်ကို လောင်တိုက်အပေါ် တင်ထားစဉ် ပတ်ဝန်းကျင်တစ်ခုလုံးသည် မိုးသားများအုံ့မှိုင်းလျက် သဲသဲမဲမဲရွာတော့မည့်မိုးအသွင်ပေါ်လာသည်။ ချက်ချင်းဆိုသလိုပင် တိမ်အပြာကွက်ကြီးက ဖုံးလွှမ်းအုပ်မိုးလျက်ရှိနေခဲ့သည်။ သဘာဝအတိုင်း မီးလောင်နေခြင်းကိုကြည့်နေခဲ့ကြရာ ၄-၉-၂၀၁၅ နံနက် (၆)နာရီတွင်မှမီးငြိမ်းသွားခဲ့သည်။ မီးလောင်ကျွမ်းနေစဉ် ရုပ်ကလာပ်တော်၏နှလုံးနေရာမှ ရွှေရောင်အဆင်းထွက်ပေါ်ခြင်းများရှိခဲ့သည်။ အရိုးတော်များမှ ထူးခြားစွာသောပြာများထွက်ရှိလာရာ အိုးငယ်များဖြင့် စုဆောင်းဖြစ်ကြသည်။ ထူးခြားသည့်ဓာတ်များကျသည့်အတွက် ဆရာတော်ဦးကိုတ္တိဝရ၏ ဓာတ်တော်တို့ကိုစုစည်းကာ ယခုဖူးတွေ့နေကြရ

www.burmeseclassic.com

www.burmeseclassic.com

မင်းသိကျော်
သူတော်ကောင်းပုဂ္ဂိုလ်တို့၏ အဆုံးအမဖြင့် ဘဝနေနည်း

ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော တရားဒေသနာများ၌ ကိုယ်ပိုင်သောအချိန်သည် ပစ္စုပ္ပန်အချိန်သာ ဖြစ်သည်။ ပစ္စုပ္ပန်အချိန်ကို ကုသိုလ်ကောင်းမှုနှင့် ကုန်လွန်စေရမည်။ နံနက်မှသည် နေ့ခင်း၊ နေ့ခင်းမှသည် ည၊ တစ်ရက်တာ ကုန်ဆုံးသွားခြင်းသည် အချိန်တွေသာ ကုန်ဆုံးသွားသည်မဟုတ်ဘဲ မိမိ၏နုပျိုမှုနှင့် စွမ်းအားတွေပါ ကုန်ဆုံးသွားခြင်း ဖြစ်ကြောင်း ဆင်ခြင်နှလုံးသွင်းရမည်ဟု မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် ယနေ့အလုပ်ကို ယနေ့လုပ်ထားမှသာ ခုရောနောင်ပါ စိတ်အေးရမည် ဖြစ်ပါသည်။

ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသဟောကြားတော်မူခဲ့သော တရားတော်၌ လူဖြစ်လာလျှင် (၁) ပစ္စုပ္ပန်၌ တွေ့သမျှအာရုံနှင့် အဆင်ပြေအောင် တရားစွမ်းအားဖြင့် ပျော်ရွှင်ချမ်းသာစွာ နေတတ်ရမည်။ (၂) မိမိ၏ ကိုယ်အား၊ ဉာဏ်အား၊ ပစ္စည်းအားဖြင့် မိမိ၊ သူတစ်ပါး၊ လောက၊ သာသနာစွမ်းရာ၌ တင့်တယ်ထည်ဝါအောင် အလှဆင်ပေးနိုင်ရမည်။ ကောင်းကျိုးပြုဘဝမှတ်တိုင်ကျန်ရစ်ခဲ့ရမည်။ (၃) ဘဝတစ်ခုနိဂုံးချုပ်၍ ကူးပြောင်းရခြင်း၌ အတိတ်ကိုလည်း အမျှင်မတန်း၊ အနာဂတ်ကိုလည်း ဘာဝနာပွားများခြင်းဖြင့်လည်းကောင်း၊ သီလ၊ သမာဓိ၊ ပညာတရားဖြင့်လည်းကောင်း စိတ်စင်ကြယ်အောင် ထားရမည်ဟု မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့ပါသည်။

မကြောက်ရွံ့ဘဲ ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ စွမ်းအားပြည့်ပြည့် ရှင်းလင်းပြတ်သားစွာ ဘဝကူးပြောင်းနိုင်အောင် ဝိပဿနာဘာဝနာတရားများကို ကျင့်ကြံပွားများ၍ ဘဝလွတ်မြောက်ရေးအထိ ဦးတည်ထားရမည်။ ဤစွမ်းရည်များရနိုင်မှ အရတော်သော လူဘဝဖြစ်နိုင်မည်ဟု ဟောကြားတော်မူခဲ့ပါသည်။

လူလောကၦနေထိုင်စဉ် ပုထုဇဉ်လူသားတို့သည် လောဘဖြစ်စရာအာရုံနှင့်တွေ့လျှင် လောဘဖြစ်လွယ်ကြ၏။ လူတစ်ဦးနှင့်တစ်ဦး မိမိ၏အိမ်ပတ်ဝန်းကျင်မှ မိတ်ဆွေများ၊ မိမိ၏အလုပ်ဌာနမှ မိတ်ဆွေများနှင့် ပြောဆိုဆက်ဆံရသော အခါတွင်လည်း ဒေါသဖြစ်စရာအာရုံနှင့် တွေ့လျှင် ဒေါသဖြစ်လွယ်ကြသည်။ ထိုအခါမှာ မိမိ၏စိတ်လေးကို မေတ္တာသည် အလျှဒါနပေးလှူသောကောင်းမှုလောက် ကုသိုလ်၏ကံအကျိုးပေးရရှိစေမည်ဟု မြတ်စွာဘုရားသည် ဤသို့ ဟောကြားတော်မူ၏။

အကြင်သူသည် နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် မွန်မြတ်သောဘောဇဉ်တို့ဖြင့်ပြည့်နေသောအိုးတစ်ရာဖြင့် အလှူကိုပေးလှူရာ၏။ အကြင်သူသည်ကား နံနက်အခါ၌ဖြစ်စေ၊ နေ့လယ်အခါ၌ဖြစ်စေ၊ ညနေအခါ၌ဖြစ်စေ အယုတ်သဖြင့် နွားနို့တစ်ညှစ်ခန့်ကာလမျှလည်း မေတ္တာစိတ်ကိုပွားများရာ၏။ ဤနွားနို့တစ်ညှစ်ခန့်မျှ မေတ္တာစိတ်ကိုပွားများခြင်းသည် ထိုအလှူသုံးကြိမ်ထက် အထူးသဖြင့် အကျိုးကြီး၏

ဟု မိန့်တော်မူ၏။

(ဩကာသုတ်၊ သံယုတ်)

နေ့စဉ် သတ္တဝါဝေနေယျအပေါင်းကို မေတ္တာထားရှိသောအလုပ်သည် အလှူဒါနပေးလှူသကဲ့သို့ ကုသိုလ်အဖို့အစုကို ရရှိစေကြောင်းမှာ ထင်ရှား၏။ မေတ္တာပို့သောသူသည် ဗျာပါဒတည်းဟူသောစိတ်သည် ကင်းစင်နေရမည်။ မေတ္တာစိတ်သည် ဒေါသကိုပယ်နိုင်သောကြောင့် မေတ္တာစိတ်ရှိသောပုဂ္ဂိုလ်သည် ဒေါသကင်းစင်သဖြင့် နောက်တမလွန်ဘဝ၌လည်း ဒေါသကြောင့် ကျရောက်ရာဖြစ်သော မကောင်းသောလားရာဂတိကို ရှောင်ရှားနိုင်မည်။

မေတ္တာ၏အကျိုး နောက်တစ်မျိုးမှာ သတ္တဝါအများအပေါင်းအား ကယ်တင်စောင့်ရှောက်တတ်ခြင်းကြောင့် ကောင်းမှုကုသိုလ်ထပ်တိုးကာ ရရှိပါမည်။ မေတ္တာပို့သူ၏စိတ်နှလုံးသည် မနာလိုဝန်တိုစိတ်၊ အမုန်းပွားစိတ်၊ အာဃာတစိတ်နှင့် ဒေါသစိတ်တို့ကင်းစင်သွားပြီး အေးချမ်းသောစိတ်တို့ဖြစ်နေပါလိမ့်မည်။ မေတ္တာ၊ ကရုဏာစိတ်ထားဖြင့်လုပ်လိုက်သောအလုပ်တိုင်းသည်လည်း အဆင်ပြေပြေနှင့် အောင်မြင်နေမှာဖြစ်ပါသည်။

ပစ္စုပ္ပန်၌ တွေ့သမျှအာရုံနှင့် အဆင်ပြေအောင် မေတ္တာစွမ်းအားဖြင့် နေသွားလျှင် လူအချင်းချင်း ကြင်နာသနားတတ်မှု၊ စာနာမှု၊ ဝမ်းမြောက်ဝမ်းသာစေတနာထားမှုများဖြစ်ပေါ်ပြီး အတ္တဟိတထက် ပရဟိတစိတ်များပြည့်ဝလာပြီး ပျော်ရွှင်ချမ်းသာစွာဖြင့် လောက၏ကောင်းကျိုးကို လုပ်ဆောင်နိုင်သော အဖိုးကာလူဖြစ်လာပါမည်။



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာဘာဝနာအလုပ်မှသည် သတိပဋ္ဌာန်ဝိပဿနာဘာဝနာအလုပ်ကိုလွယ်ကူစွာကူးပြောင်းကာ ကျင့်ကြံပွားများ၍ ရသောကြောင့် နိဗ္ဗာန်ချမ်းသာသို့ဖင် မျက်မှောက်ပြုနိုင်ပါသည်။

ချမ်းသာစွာနေရသည့်အကြောင်းတို့တွင် သဒ္ဓါ၊ သီလ၊ ပညာနှင့်ပြည့်စုံခြင်းသည်လည်း အပါအဝင်ဖြစ်ကြောင်း မြတ်စွာဘုရားသည် ဤသို့ဟောတော်မူ၏။

'သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကို ရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာခြင်း၏'

ဟု မိန့်တော်မူ၏။

ထို့ပြင် နေ့စဉ်လူနေမှုဘဝ၌ မိမိစိတ်ကို အတတ်နိုင်ဆုံး စောင့်ရှောက်ခြင်းသည် ချမ်းသာစွာနေခြင်းဖြစ်ပါ၏။ ချမ်းသာစွာနေရသောအကြောင်းတရားများကို မြတ်စွာဘုရားက ကောဓေယျာလသုတ်၊ အဂ်ုတ္တိရ်၌ ဟောကြားတော်မူခဲ့သည်မှာ -

၁။ အမျက်မထွက်ခြင်း၊ ရန်ငြိုးမဖွဲ့ခြင်း၊
၂။ သူ့ကျေးဇူးကိုမချေဖျက်ခြင်း၊ မပြိုင်မပြုခြင်း၊
၃။ မငြူစူခြင်း၊ ဝန်မတိုခြင်း၊
၄။ မလှည့်ပတ်ခြင်း၊ မစဉ်းလဲခြင်း၊ မကောက်ကျစ်ခြင်း၊
၅။ ဒုစရိုက်တို့မှရှက်ခြင်း၊ ဒုစရိုက်တို့မှ လန့်ခြင်း စသည်တို့နှင့် ပြည့်စုံသူသည် ချမ်းသာစွာနေရ၏။

ဤတရားတို့ကို မပယ်နိုင်သရွေ့ အပြစ်ကင်းသောချမ်းသာခြင်းကို မရနိုင်ပေ။ ပုထုဇဉ်မှန်သမျှ ဥစ္စာဓနကို စားသုံးရသောချမ်းသာ၊ ကြွေးမြီမရှိသောချမ်းသာ၊ မိမိ၌ ဥစ္စာဓနများပိုင်ဆိုင်၍ ချမ်းသာကြွယ်ဝသူဖြစ်၏ဟု အသိဖြစ်လျက်ရှိသောချမ်းသာ ဤသုံးမျိုးသည် ချမ်းသာခြင်းမှန်သော်လည်း အပြစ်ကင်းသောချမ်းသာမျိုးမဟုတ်ပေ။ အထက်၌ ဖော်ပြခဲ့သောတရားတို့ကိုသာ မပြုမိမှား ဘဲ မိမိစိတ်ကို ကာကွယ်စောင့်ရှောက်နိုင်ပါက မိမိ၏ မိသားစုတာဝန်၊ နိုင်ငံတော်၏တာဝန်၊ သာသနာ့တာဝန်တို့ကို ကျေပွန်စွာ ထမ်းရွက်နိုင်သူ အဖိုးတန်လူတစ်ယောက်ဖြစ်လာပါမည်။

လောကဋ္ဌ တရားဓမ္မကျင့်ကြံအားထုတ်သောအရိယာပုဂ္ဂိုလ်တို့မှအပ ပုထုဇဉ်တို့သည် လောကဓံတရားလိုင်းဂယက်ပုတ်ခတ်မှုဒဏ်ကို အနည်းနှင့် အများခံကြရ၏။

လောကဓံတရားရှစ်မျိုးတို့မှာ -
လာဘ်ရမှု၊ လာဘ်မရမှု၊ အခြံအရံရှိမှု၊ အခြံအရံမရှိမှု၊ ကဲ့ရဲ့မှု၊ ချီးမွမ်းမှု၊ ချမ်းသာမှု၊ ဆင်းရဲမှုတို့ ဖြစ်ပါသည်။

ပညာမဲ့သော လူမိုက်တို့သည် လောကဓံတရားနှင့် ကြုံတွေ့ရလျှင် ကြောက်ရွံ့စိုးရိမ်မှု၊ တုန်လှုပ်ချောက်ချားမှု၊ ဒေါသအာဃာတပြင်းစွာဖြစ်မှု၊ စိတ်ပျက်ဖောက်ပြန်မှုစသည်တို့ကို ခံစားကြရပါသည်။

မြတ်စွာဘုရားက လောကဓံတရားရှစ်ပါးတို့သည် လူတို့၌ အမြဲမရှိကုန်၊ အတည်မရှိကုန်။ ဖောက်ပြန်ပြောင်းလဲတတ်သောသဘောလည်းရှိ၏ဟုဟောကြားတော်မူခဲ့ပါသည်။ လူတို့ကြုံတွေ့ခံစားရသော ချမ်းသာမှု၊ ဆင်းရဲမှု စသည်တို့သည် အနိစ္စ (မမြဲသည့်) သဘောရှိရုံမျှမက အချိန်မရွေးပြောင်းလဲပျက်စီးမှုဖြစ်ပေါ်ခြင်းသဘော (ဝါ) ဖောက်ပြန်သည့်သဘောရှိ၏။ ယင်းဖောက်ပြန်မှု၏သဘောကို ဆင်းရဲခြင်းဖြစ်ပေါ်ကြောင်းဟု တရားဖြင့် ဆင်ခြင်မှသာ လောကဓံတရားဒဏ်ကိုခံနိုင်မည်ဖြစ်ကြောင်း မြတ်စွာဘုရားမှ ဟောကြားဆုံးမတော်မူခဲ့ပါသည်။

ထို့ကြောင့် ယောနိသောမနသိကာရ ဆင်ခြင်တတ်သောအားဖြင့် နှလုံးသွင်းဆင်ခြင်တတ်သောအလေ့အထကိုတွေ့ရပါမည်။ လောဘ၊ ဒေါသ၊ ဣဿာမစ္ဆရိယစသော ညစ်နွမ်းသောစိတ်တို့ကို လျော့ပါးစေရန် ကျင့်ကြံအားထုတ်ရပါမည်။ အနိစ္စ (မမြဲခြင်း)၊ ဒုက္ခ (ဆင်းရဲခြင်း)၊ အနတ္တ (ကိုယ့်ဥစ္စာမဟုတ်) ကို ကောင်းစွာ သဘောပေါက်ရပါမည်။

'ကောင်းသောကံကို ပြုလုပ်ပါက ကောင်းသောအကျိုးကိုရမည်။မကောင်းသောကံကိုပြုပါက မကောင်းသောအကျိုးကိုရမည်'ဆိုသော 'ကမ္မဿကတသမ္မာဒိဋ္ဌိ' ကို ယုံယုံကြည်ကြည်ဖြင့် နားလည်သလို ကျင့်ကြံခြင်းသည် မိမိ၏ မျက်မှောက်တန်ဖိုးရှိသောဘဝကို ဖော်ဆောင်ရာ၌ အနေကြီးသောအလုပ်လည်းဖြစ်ပါသည်။

ပုဒ္ဓဘာသာဝင်အမျိုးကောင်းသားသမီးတို့၌ သတိ၊ ဝီရိယနှင့်အသိအလိမ္မာ၊ ပညာ၊ အဆင်အခြင်နှင့် အမြော်အမြင်ဟူသော ပယောဂသမ္ပဒါရှိသူတို့မှာ ကြီးပွားကြသည်သာ ဖြစ်ပါသည်။

ကျေးဇူးရှင်မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၏ ကိုယ်ကျင့်အဘိဓမ္မာစာအုပ်၌ ပဋိသန္ဓေပါပညာရှိဖြစ်အောင် ယခုဘဝကပင် ထူထောင်ရမည့်နည်းလမ်းများကို လမ်းညွှန်ပေးခဲ့ပါသည်။

၎င်းတို့မှာ -

၁။ ပညာရှိနှင့်ဆက်ဆံ၍ ထိုသူ့ထံမှ အကြံဉာဏ်ကောင်းများကို မေးမြန်းမှတ်သားရမည်။
၂။ မြတ်ဗုဒ္ဓ၏ သုတ္တန်တရားများကို စိတ်ပါလက်ပါ ကြည့်ရှုမှတ်သားရမည်။
၃။ ဉာဏ်ပညာပွင့်လင်းအောင် အဝတ်အစား၊ အိပ်ရာနေရာမှစ၍ တစ်ကိုယ်လုံး အမြဲသန့်သန့်ရှင်းရှင်းရှိစေရပါမည်။
၄။ ဒါနပြုပြီး ဉာဏ်ပညာထက်မြက်သူဖြစ်ရပါလို၏ဟု စိတ်ကလည်းညွှတ်ရမည်။ နှုတ်ကလည်း ရွတ်ဆိုဆုတောင်းရမည်။
၅။ ရဟန်းသံဃာ လူပုဒ္ဂိုလ်များ၌လည်း စာပေကိုသင်ယူနိုင်၊ ပို့ချရေးသားနိုင်ပါစေဟု စိတ်စေတနာဖြစ်စေရပါမည်။
၆။ တတ်နိုင်ပါမူ စာသင်ကျောင်းတိုက်တည်ထောင်လူပုဒ္ဂိုလ်၌ စာပို့ချနိုင်သောပုဂ္ဂိုလ်ကိုကိုးကွယ်ကာ စာပို့ချနိုင်အောင်လည်း ထောက်ပံ့ရပါမည်။
၇။ လူစာသင်ကျောင်းများတို့ကိုလည်း ထောက်ပံ့ရပါမည်။
၈။ တိုင်းသူပြည်သားတို့ကို ပညာတိုးပွားအောင် ကူညီရပါမည်။ မိမိတတ်သမျှကို သူတစ်ပါးအား ပြောပြချင်စိတ်၊ နားလည်စေချင်စိတ်ရှိရပါမည်။ ထို့ကြောင့် မိမိကိုယ်တိုင် ပညာနှင့်ပြည့်စုံဖို့၊ ပထမဦးစွာ ပညာရှိသူတော်ကောင်းကို မှီဝဲဆည်းကပ်ပြီး သူတော်ကောင်းတရားကို နာကြားရပါမည်တို့ဖြစ်ပါသည်။


ပညာရှိတို့သည် ဆည်းကပ်မှီဝဲအပ်သောပုဂ္ဂိုလ်များဖြစ်ကြ၏။ ပဏ္ဍိတာနဥ္စသေဝန ပညာရှိကို မှီဝဲဆည်းကပ်ခြင်းသည် ကောင်းမြတ်သောမင်္ဂလာမည်၏။ ကောင်းသောကိုယ်အကျင့် 'ကာယသုစရိုက်'၊ ကောင်းသောနှုတ်အကျင့် 'ဝစီသုစရိုက်'၊ ကောင်းသောစိတ်အကျင့် 'မနောသုစရိုက်' တည်းဟူသော တရားသုံးပါးနှင့် ပြည့်စုံသူကို ပညာရှိဟု သိရ၏။

ပညာရှိ ဟူသည်မှာ အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားရုံမျှမဟုတ်ပြီးသေး၊ အယူလည်းမှန်၊ အကျင့်လည်းမှန်၊ စေတနာလည်းဖြောင့်သောအရည်အချင်းရှိသူ

www.burmeseclassic.com

www.burmeseclassic.com

ငရုပ်တူ ရဲမျိုးဘူ(တောင်ငူခြိုင်)





စိတ်ပင်ပန်း၊ လူပင်ပန်း အင်အားကုန်ခန်းသူတို့အတွက် အလွန်အားထားရသောဆေးပင် ဖြစ်သည်။ အရွက်ကို ပြုတ်ပြီး ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပုစွန်ခြောက်ဖြင့် အားပါးတရသုပ်စားပေးပြီး ငရုပ်တူအမြစ်ကို နှမ်းဆီလေးဖြင့် သွေး၍ ခန္ဓာကိုယ်အနှံ့ လိမ်းကျံပေးပါက သိသိသာသာ လန်းဆန်းစေကာ အင်အားသစ်တို့ကို ရရှိစေပါသည်။ ခါးသက်သောအရသာရှိပါသည်။

■ အဆုတ်နာနှင့်ငရုပ်တူ

အဆုတ်နာသူတို့ ငရုပ်တူရွက် သတ္တုရည်နှင့် ချင်းသတ္တုရည်ကို ထမင်းစား ဇွန်း(၁)ဇွန်းစီရောစပ်ပြီးသောက်ပေးခြင်း၊ ရင်နှင့် ကျောပြင်အား အမြစ်နှင့် ချင်းခြောက်သွေးကာလူးပေးပါကလည်း အဆုတ်နာသူတို့ သက်သာပျောက်ကင်းစေပါသည်။

■ သွေးဝမ်းနှင့်ငရုပ်တူ

သွေးဝမ်းပျောက်သည်ဟု အချို့လွယ်လွယ်ပြောသော်လည်း တကယ် သွေးဝမ်းကိုက်က အတော်စိတ်ပျက်ဖွယ်ဖြစ်ပါသည်။ ထိုအခြေအနေတွင် ငရုပ်တူရွက်နှင့် ငရုတ်ရောပြီးချက်စားပါက သွေးဝမ်းရောဂါကို အံ့ဖွယ်သက်သာပျောက်ကင်းစေပါသည်။

■ ငရုပ်တူအစေး

အစေးသည် လူပျိုနာကြောင့်ဖြစ်သော အဆစ်ရောင်ရောဂါကို အကျိုးပြုပြီး အမြစ်သည် ပန်းနာ၊ ရင်ကျပ်၊ ချောင်းဆိုးခြင်းတို့အတွက် အသုံးဝင်ပါသည်။

■ ရေးက ကလေးလည်ဆွဲ

ရှေးမြန်မာတို့ ငရုပ်တူပင်စည်သားကို အတုံလေးများပြုလုပ်၍ ကလေးများ၏ လည်ပင်းတွင်ဆွဲပေးခြင်းဖြင့် ရောဂါအမျိုးမျိုးကာကွယ်နိုင်ပြီး ကျန်းမာစေသည်ဟု ယုံကြည်ကြသည်လည်းရှိသည်။

■ အရွက်

ဝမ်းမီးတောက်ခြင်း၊ အသားမာပေါက်ခြင်း၊ တေဇောဓာတ်ကြောင့်ဖြစ်သောအပူနာ၊ အောက်သို့သက်သာလေ၊ အထက်သို့ ဆန့်တက်သောလေနာ၊ မီးယပ်တွင် အဆိပ်နှင့်တူသောသွေးကို ကြေစေပါသည်။

■ အမြစ်

ပူ၍ သွေးကိုကြေစေ၏။ အမြစ်ကိုသွေး၍ သောက်ခြင်း၊ လိမ်းခြင်းဖြင့် နံနှစ်ဖက်တွင် ထိုးကျင်သောအနာကို သက်သာပျောက်ကင်းစေပါသည်။

မြန်မာပြည်၌ ငရုပ်တူကို အတို့အမြှုပ်အဖြစ် အချို့ပြုတ်၍ သုပ်စားခြင်း၊ တို့စားခြင်းရှိကြသည်။ အချို့က ဆေးဖက်ဝင်မှန်းသိသော်လည်း အချို့က မသိကြပါ။ ငရုပ်တူသည်ပင် ငယ်မျိုးဖြစ်ပြီး (၅) ပေ၊ (၆) ပေမျှမြင့်ပါသည်။ အရွက်ထွက်သည့်အဆစ်နေရာများတွင် ခရမ်းရောင်ဖြစ်သည်။ အရွက်၏အောက်ဘက်မှာဖြူပြီး အပေါ်ဘက်မှာနှာသည် အနည်းငယ်နီသည်။ အသီးမည့်သော်အခါ နီရာမှညိုရောင်ဖြစ်လာသည်။

ရဲမျိုးသူ (တောင်ငူခြိုင်)

ဖြစ်ရ၏။ အမှားကိုရှောင်၍ အမှန်ကို လိုက်နာသော သီလအကျင့်ကိုကျင့်သုံးဖြစ်၏။ ပညာရှိသူတော်ကောင်းပုဂ္ဂိုလ် ထံချဉ်းကပ်၍ သူတော်ကောင်းအဆုံးအမတရားများကို နာကြားရသောကြောင့် ဤကား ကုသိုလ်၊ ဤကား အကုသိုလ်ဟု ဆောင်ရန်နှင့် ရှောင်ရန် အချက်များသိရှိလာရပါသည်။ သင့်တင့်သောအားဖြင့် နှလုံးသွင်းခြင်းလည်း ရှိလာပါသည်။


လောကုတ္တရာရေးတွင် ပညာကို ဝိပဿနာ ဘာဝနာကျင့်မှသာ ရနိုင်သည်။ ပညာရှိသူတော်ကောင်းပုဂ္ဂိုလ်တို့၏တပည့်တို့သည် ဝိပဿနာဘာဝနာကို ပွားများသည်ရှိသော် ပညာတိုးပွားရ၏။ ထိုကဲ့သို့သော မြတ်သောပညာတိုးပွားသည်ရှိသော် အဝိဇ္ဇာဆိုသည်တို့ကင်းပျောက်မည် ဖြစ်သည်။ အဝိဇ္ဇာသည် အသိအမြင် ပညာတိုးတတ်မှုကို ဟန့်တား၏။ စိတ်ကိုညစ်ထေးစေ၏။ ထို့ကြောင့် ညစ်ထေးသောစိတ်များကင်းစင်စေခြင်း၊ စိတ်ဖြူစင်စေခြင်းကို ကြိုးစားလုပ်ဆောင်နိုင်မှသာလျှင် စိတ်သည် ကိလေသာမှ လွတ်မြောက်မှုရပေမည်။ ပူပန်စေတတ်သော လောဘ၊ ဒေါသ၊ မောဟ စသော့ ကိလေသာစိတ်များ ပပျောက်၍ စိတ်ငြိမ်းအေးချမ်းသာမှုကို ပိုင်ဆိုင်ရရှိပေမည်။

ဤသို့ဖြင့် အရတော်သောလူဘဝ၌ ကိုယ်ရရှိထားသော ပစ္စုန်ပဿနာကာလ အချိန်တိုင်း၌ အကျိုးရှိရှိဖြင့် နေထိုင်နိုင်ရန်အလို့ငှာ ပညာရှိသူတော်ကောင်းပုဂ္ဂိုလ်တို့၏ အဆုံးအမဖြင့် အစဉ်အမြဲမမေ့မလျော့ဘဲ ကျင့်ကြံနေထိုင်နိုင်မှသာလျှင် မိမိတို့၏ ဘဝသည်လည်း တန်ဖိုးရှိသော လူနေမှုဘဝမျိုးဖြစ်မည်မှာ မလွဲဧကန်သေချာကြောင်းကို ဖတ်မှတ်သိရှိထားသည်တို့မှ ပြန်လည်ကောက်နုတ်ရေးသားဖော်ပြလိုက်ပါ၏။

မင်းသီကျော်

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအရှင်လောဘသာမိ

(မြတ်စံမှ)

ကျောင်းအလှူရှင်



■ အလိုအပ်ဆုံးသောပစ္စည်း

ကျောင်းဆိုတာ သာသနာတော်အတွက် အမှန်တကယ် လိုအပ်လှတဲ့ ပစ္စည်းဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့သာသနာတော်မှာရှိပါမှ အဲဒီကျောင်းမှာ မှီတင်းနေထိုင်ကြလျက် သာသနာတော်ရဲ့တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဂန္ထဓုရ-စာချ၊ စာသင်ခြင်းအလုပ်၊ ဝိပဿနာဓုရ- တရားဟော၊ တရားနာ၊ တရားအားထုတ်ခြင်းအလုပ်များကိုပြုလုပ်နိုင်တယ်။ ဒါကြောင့် မြတ်ဗုဒ္ဓရဲ့သာသနာတော်မှာ ကျောင်းဆိုတဲ့ပစ္စည်းမျိုးဟာ သာသနာတော်တည်တံ့နိုင်ရေးအတွက် အလိုအပ်ဆုံးသော အရာဖြစ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ သာသနာတော်သည် အဓိကအနေဖြင့် ပရိယတ်နဲ့ ပဋိပတ်ကို ဆောင်ရွက်တော်မူကြတဲ့ရဟန်းတော်များအပေါ် တည်ရှိနေပါတယ်။ ရဟန်းတော်များနဲ့ ကျောင်းများမပြည့်စုံသဖြင့် သို့မဟုတ် ပျက်စီးသွားပြီဆိုရင် သာသနာတော်လည်း ပျက်စီးသွားမှာဖြစ်ပါတယ်။ ပရိယတ်၊ ပဋိပတ်ဝန်ဆောင်ရဟန်းတော်များကွယ်ပျောက်သွားတာနဲ့ တစ်ပြိုင်နက် ဗုဒ္ဓဘာသာလည်း အမြစ်များမှ ပြတ်တောက်သွားမှာ အသေချာပါပဲ။ ဒါကြောင့် ဗုဒ္ဓဘာသာအပင်ကြီး ရှင်သန်ဖို့အတွက် ကျောင်းဆိုတာ အမှန်တကယ်အလိုအပ်ဆုံးသောပစ္စည်းဝတ္ထုဖြစ်ပါတယ်။

မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က ဖြစ်တယ်။ ဘုရားရှင်ဟာ ရဟန်းတော်တို့အား ကျောင်းရယ်လို့သီးသန့် အနေနဲ့ ခွင့်မပြုခင်မှာ တချို့သောရဟန်းတော်များက သစ်ပင်ရင်းမှာ သီတင်းသုံးနေထိုင်ကြတယ်။ တချို့သောရဟန်းတော်များက တောထဲ၊ တချို့သော ရဟန်းတော်များက တောင်ခြေ၊ တချို့သောရဟန်းတော်များက တောင်ခေါင်း၊ တချို့သော ရဟန်းတော်များက ချောက်ကြား၊ တချို့သော ရဟန်းတော်များက လွင်တီးခေါင်အရပ်၊ တချို့သောရဟန်းတော်များက ကောက်ရိုးပုံထဲ၊ တချို့သော ရဟန်းတော်များက သုသာန်သချိုင်း အစရှိတဲ့နေရာတွေမှာ ပင်ပန်းဆင်းရဲစွာနေထိုင်ကြရပါတယ်။ မနက်မိုးလင်းတဲ့အခါ ရဟန်းတော်တွေဟာ သူတို့နေထိုင်ရာ အရပ်ဒေသအသီးသီးက ထွက်လာကြပါတယ်။

■ ရာဇပြိုဟ်သူဌေး

တစ်နေ့သောအခါ ရာဇပြိုဟ်မြို့မှ ချမ်းသာကြွယ်ဝတဲ့ သူဌေးသားတစ်ဦးဟာ မနက်စောစောအိပ်ရာထပြီး သူရဲ့ဥယျာဉ်ခြံကိုလှည့်လည်ကြည့်ရှုဖို့အတွက် တစ်ယောက်တည်းထွက်လာခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ သူဌေးသားဟာ အရပ်လေးမျက်နှာမှထွက်လာကြတဲ့ ရဟန်းတော်တွေကို မြင်တွေ့သွားခဲ့ပါတယ်။ အကြောင်းစုံကိုသိရတော့ သူဌေးသားဟာ သူရဲ့စိတ်ထဲမှာ အကြီးအကျယ် စိတ်မကောင်းဖြစ်သွားရတယ်။ အဲဒါနဲ့ပဲ ရာဇပြိုဟ်သူဌေးသားဟာ ရဟန်းတော်များကိုမေးလျှောက်လာတယ်။ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com

လျှောက်သလဲဆိုရင် -

"အရှင်ဘုရားတို့ကျောင်းတော်မှာ သီတင်းသုံးနေထိုင်ကြမယ်ဆိုရင် တပည့်တော် တတ်နိုင်သမျှ ကျောင်းဆောက်လှူဒါန်းပါမယ်ဘုရား"

လို့ လျှောက်ထားတယ်။

အဲဒီအချိန်ထိ မြတ်ဗုဒ္ဓက အလှူရှင်များဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းကို ခွင့်မပြုသေးပါဘူး။ ဒါနဲ့ပဲ ရဟန်းတော်တွေက -

"ဒကာကြီး၊ ဘုရားရှင်က ဒကာဒကာမတွေ အလှူရှင်တွေဆောက်လုပ်လှူဒါန်းတဲ့ကျောင်းတိုက်မှာနေထိုင်ဖို့ ငါတို့အား ခွင့်ပြုထားတာမရှိသေးဘူး"

ဆိုပြီး အဖြေပေးလိုက်ကြတယ်။

သူဌေးသားဟာ ယုံကြည်မှုသဒ္ဓါတရားထက်သန်သူပီပီ -

"ဒါဆိုရင်လည်း အရှင်ဘုရားတို့ ဘုရားရှင်ကို ဒီအကြောင်းကိုလျှောက်ထားကြည့်ပါ။ တကယ်လို့များ ဘုရားရှင်က ကျောင်းဆောက်လှူဒါန်းခွင့်ပေးခဲ့ရင် တပည့်တော်ကို အမြန်ဆုံးအကြောင်းကြားပေးကြပါဘုရား"

လို့ ထပ်မံလျှောက်ထားပြီး ပြန်သွားခဲ့တယ်။

ရဟန်းတော်များကလည်း -

"ကောင်းပါပြီ သူဌေးကြီး"

ဟု ဝန်ခံကြလျက် ကျောင်းတော်သို့ပြန်ရောက်ကြတဲ့အခါ မြတ်ဗုဒ္ဓအား ထိုအကြောင်းအရာများ လျှောက်ထားကြတယ်။

အဲဒီတော့မှ ဘုရားရှင်ကဆောက်လုပ်လှူဒါန်းသည့်ကျောင်းကို ခွင့်ပြုခဲ့ပါတယ်။

ရဟန်းတော်များကလည်း ရာဇဂြိုဟ်သူဌေးအား မြတ်ဗုဒ္ဓထံမှခွင့်ပြုချက်ရသည့်အကြောင်း ပြန်လည်မိန့်ဆိုတဲ့အခါ သူဌေးသားလည်း အားရဝမ်းသာနဲ့ လက်သမားများခေါ် ယူကာ လျင်မြန်စွာ ကျောင်းပေါင်းခြောက်ဆယ်အထိပြီးစီအောင် ဆောက်လုပ်ခဲ့တယ်။ နောက်တစ်နေ့မှာပဲ မြတ်ဗုဒ္ဓနှင့်တကွ ရဟန်းတော်များကိုပင့်ဖိတ်ပြီး ဆွမ်းအာဟာရများကို ဆက်ကပ်လှူဒါန်းကာ ကျောင်းရေစက်ချပွဲကြီးပြုလုပ်ခဲ့တယ်။

အဲဒီကျောင်းလှူပွဲမှာပဲ မြတ်ဗုဒ္ဓက ကျောင်းဆောက်လုပ်လှူဒါန်းခြင်းရဲ့အကျိုးကျေးဇူးများကို ဟောကြားတော်မူခဲ့ပါတယ်။ရာဇဂြိုဟ်သူဌေးသားဆောက်လုပ်လှူဒါန်းတဲ့ကျောင်းဟာ မြတ်ဗုဒ္ဓရဲ့ သာသနာတော်ကြီး စည်ပင်ပြန့်ပွားနိုင်ရေးအတွက် မရှိမဖြစ်တဲ့ ပစ္စည်းမျိုးကို လှူဒါန်းလိုက်တာဖြစ်ပါတယ်။ သာသနာတော်မှာ ပထမဆုံးကျောင်းဆောက်လှူဒါန်းတာလည်း ဖြစ်တယ်။ ဒါကြောင့် 'ကျောင်းအစ ရာဇဂြိုဟ်သူဌေး' ဆိုတာဖြစ်လာတယ်။ ကျောင်းအလှူရှင်ကြီး ရာဇဂြိုဟ်သူဌေးပါ။

■ အနာထပိဏ်သူဌေး

ဇေတဝန်ကျောင်းဒကာကြီး၏ငယ်နာမည်က သုဒတ္တလို့ခေါ်တယ်။ အများတကာက အနာထပိဏ်သူဌေးရယ်လို့ အသိများကြတယ်။ အားကိုးစရာမရှိသူများကို ထမင်းအစာများပေးတတ်သဖြင့် 'အနာထပိဏ်' လို့ ခေါ်ဆိုခြင်းဖြစ်တယ်။ သူဌေးဖနီးက ပုညလက္ခဏဒေဝီ ဖြစ်တယ်။ သားနာမည်က မောင်ကာလ၊ သမီးသုံးယောက်က မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ၊ သုမနာဒေဝီတို့ ဖြစ်ကြတယ်။ အနာထပိဏ်သူဌေးဟာ ဇေတမင်းသားရဲ့တောဥယျာဉ်ကိုဝယ်ယူပြီး မြတ်ဗုဒ္ဓအား ကျောင်းဆောက်လုပ်လှူဒါန်းခဲ့တယ်။ ဇေတမင်းသားရဲ့တောကိုဝယ်ယူပြီး တည်ဆောက်ခဲ့လို့ ဇေတဝန်ကျောင်းအမည်ဖြင့် ထင်ရှားခဲ့တာဖြစ်တယ်။ သူဌေးသည် ဇေတမင်းသားအား တောမြေကိုရောင်းပါဟု ဝယ်ယူသောအခါ ဇေတမင်းသားက အသပြာစွန်းခြင်းထိ အောင်ခင်းပေးရင်တောင် မရောင်းနိုင် ဘူးလို့ပြောဆိုလိုက်တယ်။ အဲဒီလိုပြောဆိုတာကို တန်ဖိုးဖြတ်ပြီးမသာစကားဖြစ်တယ်။ ရပြီးပြီဟု သဘောပေါက်နားလည်ကာ အသပြာများခင်းပေးရန်စီစဉ်လေတယ်။

အဲဒီအခါမှာ ဇေတမင်းသားက -

"သူဌေးမြေကိုမယူနိုင်သေး"

လို့ ဆိုချေတယ်။ ယူအပ်မယူအပ်ကို အဆုံးအဖြတ်ပေးရန် တရားသူကြီးများကိုမေးခဲ့ကြတယ်။ တရားသူကြီးများက ဇေတမင်းသား၏စကားတွင် တန်ဖိုးဖြတ်ပြီးဖြစ်သောကြောင့် သူဌေးအားမြေကိုယူစေဟူ၍ ဆုံးဖြတ်ပေးခဲ့ကြတယ်။

ထိုအခါ သူဌေးသည် နွားလှည်းတို့ဖြင့် ငွေများယူဆောင်လာသော ဇေတမင်းသားရဲ့တောမြေကို အသပြာစွန်းခြင်းထိအောင်ခင်းပေးခဲ့တယ်။ တံခါးပေါက်ဝန်းကျင်နေရာရောက်တဲ့အခါ ဇေတဝန်မင်းသားက သူဌေးအား -

"အသပြာမခင်းရသေးသော် ဤနေရာကို ကျွန်ုပ်အားပေးပါ။ ဤအလှူသည် ကျွန်ုပ်၏အလှူဖြစ်ပါရစေ"

ဟု ပြန်လည် တောင်းဆိုခဲ့တယ်။ ဇေတမင်းသားသည် ထိုနေရာ၌ ကျောင်းတံခါးမုခ်ဦးဆောက်လုပ်လှူဒါန်းခဲ့တယ်။ သူဌေးဟာ ကျောင်းမြေဝယ်ယူခြင်းအတွက် (၁၈) ကုဋေ၊ ကျောင်းဆောင်များဆောက်လုပ်ခြင်းအတွက် (၁၈)ကုဋေ၊ ကျောင်းလှူရေစက်ချပွဲအတွက် (၁၈) ကုဋေ၊ စုစုပေါင်း (၅၄) ကုဋေကုန်ကျခံလျက် လှူဒါန်းခဲ့ခြင်း ဖြစ်တယ်။ ဇေတဝန်ကျောင်းကို တည်ဆောက်ရာတွင် မြတ်ဗုဒ္ဓနဲ့ သံဃာတော်များ သီတင်းသုံးရန် ဆောက်လုပ်ခဲ့တာ ဖြစ်တယ်။ မြတ်ဗုဒ္ဓသည် သူဌေးအား ဇေတဝန်ကျောင်းတော်ကို အနာဂတ်သာသနာအတွက် ရည်မှန်းပြီး အရပ်လေးမျက်နှာမှလာကြသောသံဃာအားလှူဒါန်းပါတိုက်တွန်းပြီး ဟောကြားတော်မူခဲ့ပါတယ်။ ကျောင်းဒါယကာအနာထပိဏ်သူဌေးကြီးဇေတဝန်ကျောင်းတော် ရေစက်ချအလှူပွဲမှာ မြတ်ဗုဒ္ဓတန်ခိုးတော်ကိုမြင်ပြီး ကြည်ညိုသဒ္ဓါပေါက်ကာ ရဟန်းပြုကြသူများလည်း ရှိခဲ့ကြပါတယ်။ မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်းတော်မှာ (၁၉) ဝါ ဝါဆိုခဲ့ပါတယ်။ ဝါဆိုတယ်ဆိုတာ (၁၉) နှစ် သီတင်းသုံးနေထိုင်ခဲ့တာကို ပြောတာပါ။

■ ဘုရင်ဗိမ္ဗိသာမင်း

မြတ်တဲ့ရွှေအဆင်းနဲ့တူတဲ့အဆင်းရှိတဲ့ ဗိမ္ဗိသာရမင်းဟာ မဂဓတိုင်းရှင်ဘုရင်မင်းဖြစ်တယ်။ မင်းကြီးဟာ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား တောထွက်လာတော့ ပဏ္ဏဝတောင်မှာ ပထမအကြိမ် မြင်တွေ့ဖူးခဲ့တယ်။ အဲဒီအချိန်တည်းက ဗိမ္ဗိသာရမင်းက အလောင်းတော် သိဒ္ဓတ္ထမင်းအား ကြည်ညိုခဲ့တာဖြစ်တယ်။ ဘုရားအဖြစ်သို့ရောက်ရှိပြီး မြတ်ဗုဒ္ဓဟောကြားတော်မူတဲ့တရားဓမ္မကို နာကြားပြီးတဲ့နောက် သောတာပန်အဖြစ် ရောက်ရှိခဲ့တယ်။ အဲဒီတော့ မင်းကြီးဟာ ဗုဒ္ဓကို သက်ဝင်ယုံကြည်ကိုးကွယ်တဲ့မင်းဆိုတာ အထူးပြောပြစရာမလိုတော့ပါဘူး။

ဗိမ္ဗိသာရမင်းဟာ သူမင်းမဖြစ်ခင်က လိုချင်ထောင့်တမှု (၅) မျိုးရှိခဲ့တယ်။

အဲဒီငါးမျိုးက -

- မင်းဖြစ်လိုမှု၊
- မြတ်ဗုဒ္ဓကိုရာဇဂြိုဟ်မြို့သို့ကြွရောက်စေလိုမှု၊
- မြတ်ဗုဒ္ဓကိုချဉ်းကပ်ခစားလိုမှု၊
- မြတ်ဗုဒ္ဓကိုယ်တော်လိုဟရားဟော

www.burmeseclassic.com

www.burmeseclassic.com

စေလိုမှု

- ဟောတဲ့တရားတော်ကိုသိရှိနားလည်လိုမှုဖြစ်ပါတယ်။

သူတောင့်တတဲ့ငါးမျိုးစလုံး ပြည့်စုံတဲ့အကြောင်းကို မြတ်ဗုဒ္ဓအားလျှောက်ကြားကာ ဥပါသကာအဖြစ်ခံယူခဲ့တယ်။ ဗိမ္ဗိသာရမင်းကြီးဟာ သောတာပန်ဖြစ်ပြီးတဲ့နောက် မြတ်ဗုဒ္ဓနဲ့သံဃာတော်တွေသီတင်းသုံးနေထိုင်ဖို့ရန် ကျောင်းတော်ရာကို ရွေးချယ်တဲ့အခါ အနာထပိဏ်သူဌေးကြီးဇေတဝန်ဥယျာဉ်ကို ရွေးချယ်သလိုပါပဲ။ ဝေဠုဝန်ဥယျာဉ်ကို ရွေးချယ်ခဲ့တယ်။ ဗိမ္ဗိသာရမင်းနဲ့ အနာထပိဏ်သူဌေးတို့ ရွေးချယ်မှုပြုကြတဲ့ ကျောင်းနေရာများဟာ အချက်(၁၀)ချက်နဲ့ပြည့်စုံကြတယ်။ ကျောင်းအင်္ဂါရပ် (၁၀) ချက်ဖြစ်ပါတယ်။

အဲဒီ (၁၀) ချက်ဆိုတာ -

- မြို့ရွာများနဲ့အလွန်မဝေးခြင်း၊
- မြို့ရွာများနဲ့အလွန်မနီးခြင်း၊
- သွားလမ်းလာလမ်းများကောင်းမွန်ခြင်း၊
- ဘုရားဖူး၊ တရားနာလိုသူများသွားရောက်လွယ်ကူခြင်း၊
- နေ့အခါမှာ လူပုဂ္ဂိုလ်များနဲ့ရောပွမ်းမှုမရှိခြင်း၊
- ညအခါမှာ ကျောင်းအနီးဖြတ်သွားဖြတ်လာခရီးသည်များရဲ့ပြောဆိုသံများကင်းဆိတ်ခြင်း၊
- မြို့ရွာထဲကလူပုဂ္ဂိုလ်များ စုပေါင်းပြီးပြောကြတဲ့စကားသံများမကြားရခြင်း၊
- ကျောင်းတော်အတွင်း၀ယ် လူတို့ဖြတ်သန်းသွားလာမှုများမရှိခြင်း၊
- တိုင်ပင်စရာရှိလျှင် တိုးတိုးတိတ်တိတ်တိုင်ပင်လောက်အောင် လူပုဂ္ဂိုလ်တို့မကင်းဆိတ်ခြင်း၊
- သံဃာတော်တွေ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းကာဖြင့် ကိန်းအောင်းစရာကောင်းမွန်ခြင်းတို့ ဖြစ်တယ်။

ဒါတွေဟာ မြတ်ဗုဒ္ဓရဲ့ဝိနည်းစည်းကမ်းဥပဒေသများလည်း ဖြစ်ပါတယ်။

ဗိမ္ဗိသာရမင်းကြီးဟာ မြတ်ဗုဒ္ဓနဲ့ရဟန်းတော်များအား အလှူပွဲကြီးလှူဒါန်းပြီး အရှင်ဘုရား၊ တပည့်တော်သည် ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါးနဲ့ကင်းမနေနိုင်ပါ။ အခွင့်တိုင်းမှာ မြတ်ဗုဒ္ဓအထံသို့လာနိုင်ပါမယ်။ ဤဝေဠုဝန်ဥယျာဉ်ကြီးဟာ မဝေးလွန်းခြင်း စတဲ့ ကျောင်းအင်္ဂါရပ်များနဲ့လည်း ပြည့်စုံပါတယ်။ ထိုဥယျာဉ်ကို ကျောင်းတော်အဖြစ် အလှူခံယူတော်မူပါလို့ လျှောက်ထားကာ ရွှေကရားနဲ့ပန်းနဲ့သာတွေ ရောထုံထားတဲ့ ပတ္တမြားအရောင်ရှိရေကိုယူပြီး ဝေဠုဝန်ဥယျာဉ်ကို ရေစက်သွန်းချလှူဒါန်းခဲ့ပါတယ်။ ဗိမ္ဗိသာရမင်းဟာ သောတာပန်အဆင့် ကျောင်းဒကာကြီးဖြစ်ပါတယ်။

■ ကျောင်းအမကြီးဝိသာခါ

မြတ်ဗုဒ္ဓလက်ထက်က အလွန်ထင်ရှားလှတဲ့ ကျောင်းအမကြီးတစ်ဦးရှိခဲ့ဖူးတယ်။ သူမအမည်က ဝိသာခါဖြစ်တယ်။ ဝိသာခါကျောင်းအမကြီးပါ။ ဝိသာခါဟာ ထူးခြားလှတဲ့ဂုဏ်အင်္ဂါများနဲ့လည်း ပြည့်စုံပါတယ်။ (၇) နှစ်သမီးအရွယ်တည်းက သောတာပတ္တိဖိုလ်တည်လို့ သောတာပန်အရိယာလည်းဖြစ်တယ်။ အသက် (၁၂၀) ရှည်သူဖြစ်တယ်။ ဆံပင်ဖြူတစ်ပင်မှလည်းမပေါက်ဘူး။ အမြတမ်းလိုလို (၁၆) နှစ်အရွယ်ပျိုမျစ်နုနယ်နေတယ်။ သားသမီးတွေ မြေးမြစ်တွေနဲ့သွားတဲ့အခါမှာလည်း မြင်တဲ့သူတွေက ဘယ်သူက ဝိသာခါဖြစ်သလဲလို့မေးယူရလောက်အောင် ပျိုမျစ်နုနယ်တယ်။ ကျန်ထူးခြားမှုတွေလည်း များပြားလှပါတယ်။

ဝိသာခါဟာလည်း ရဟန်းတော်များကို အမြတမ်းလို ပြုစုလုပ်ကျွေးလိုတယ်။ မြတ်ဗုဒ္ဓနဲ့ ရဟန်းတော်များကို ဆွမ်းဖြင့်လုပ်ကျွေးတယ်။ မိဂါရသူဌေးယောကျ္ဍမကြီးအား မြတ်ဗုဒ္ဓတရားကို နာကြားစေခဲ့တယ်။ အဲဒါကြောင့်လည်း မိဂါရသူဌေးနှီးမောင်နှံဟာ သောတာပန်အရိယာတွေဖြစ်သွားကြတယ်။

ဝိသာခါဟာ သာဝတ္ထိမြို့အရှေ့ဘက်မှာရှိတဲ့ပုဗ္ဗာရုံကျောင်းမြေနေရာကို ကိုးကွယ်သောအသပြာတို့ဖြင့် ဝယ်ယူခဲ့တယ်။ တခြားကိုးကွယ်ဝတ်ပြုစွာဖြင့် ပုဗ္ဗာရုံကျောင်းတိုက်ကြီးကို တည်ဆောက်ခဲ့တယ်။ ကျောင်းဒရဖတ်ချပွဲအတွက် ကိုးကွယ်ဖြင့် ခမ်းနားထည်ဝါစွာရေစက်ချလှူဒါန်းခဲ့တယ်။ စုစုပေါင်းနှစ်ဆယ့်ခုနစ်ကုဋေခန့်ကို ခွန်လွှတ်လှူဒါန်းခဲ့တယ်။ ရေစက်ချအလှူပွဲဟာ လေးလကြာမြင့်ခဲ့တယ်။ အဲဒီနေ့ကစပြီး မြတ်ဗုဒ္ဓနဲ့ သံဃာတော်များအား ပုဗ္ဗာရုံကျောင်းတိုက်ကြီးမှာ အလှူဒါနကြီးပေးလှူခဲ့ပါတယ်။

ကျောင်းအမကြီးဟာ ကျောင်းရေစက်ချပွဲမှာ ငါတောင့်တခဲ့သမျှ ကျောင်းလှူမည်၊ သက်နဲ့လှူမည်၊ ဆွမ်းလှူမည်၊ ဆေးလှူမည်ဟူသော အကြစည်ကောင်း အလိုဆန္ဒမှန်သမျှ ယနေ့ပြည့်စုံပြီ' လို့ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းစကားဟစ်ကြွေးကျူးရင့်ခဲ့တယ်။ ကျောင်းအမကြီးဟာ နေ့စဉ်နေ့တိုင်း ဆွမ်းလှူဒါန်းလေ့ရှိတယ်။

ဒါကြောင့်လည်း မြတ်ဗုဒ္ဓက -

စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းမှာ ပျော်မွေ့တဲ့သူတွေထဲတွင် ကျောင်းအမကြီးဝိသာခါသည် အမြတ်ဆုံးအသာဆုံးဟု ဧတဒဂ်ဘွဲ့ထူးကို ပေးတော်မူခဲ့ပါတယ်။

■ ကျောင်းဒကာနန္ဒိယနှင့်ဆရာဇီဝက

ကျောင်းဒကာ ဗာရာဏသီသူဌေး နန္ဒိယလည်း မြတ်ဗုဒ္ဓ ဟောကြားတဲ့တရားမွမ်းများကို နာယူမှတ်သားပြီး ကျောင်းလှူဒါန်းရခြင်းရဲ့အကျိုးကျေးဇူးများကို မှတ်သားကာ တရားဦးမွမ်းစကြာဟောရာ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောအုပ်မှာ ကျောင်းဆောင်ဆောက်လုပ်ပြီး မြတ်ဗုဒ္ဓနဲ့ ရဟန်းတော်များအား လှူဒါန်းမှုပြုလုပ်ခဲ့တယ်။ ကျောင်းပရိဘောဂအပြည့်အစုံကိုလည်း တင်လှူပူဇော်ခဲ့တယ်။

လက်ထဲအလှူရေစက်တည်တာနဲ့ တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်က အရပ်မျက်နှာအားလုံးမှာ (၁၂) ယူဇနာရှိတဲ့ နတ်ပြာသာဒ်ကြီးပေါ် ပေါက်လာခဲ့တယ်။ အထက်မှာ ယူဇနာတစ်ရာမြင့်တယ်ဆိုတယ်။ ရတနာ (၇) ပါးနဲ့လည်း ပြီးတယ်ဆိုတယ်။ ပြုစုလုပ်ကျွေးမယ့်နတ်သမီးများလည်း ပြည့်စုံတယ်။ ကြီးကျယ်ခမ်းနားတဲ့နတ်ဘုံနတ်နန်းကြီးဖြစ်တယ်။ ကျောင်းအလှူရှင်ကြီးနန္ဒိယဖြစ်ပါတယ်။

ထင်ရှားတဲ့ ကျောင်းဒကာကြီးဇီဝကဆိုတာလည်းရှိသေးတယ်။ သူက သမားတော်ကြီး ဆေးဆရာဇီဝကဖြစ်ပါတယ်။ ဆေးပညာမှာတစ်ဖက်ကမ်းခတ်တတ်မြောက်တဲ့ သမားတော်ကြီးပါ။ မြတ်ဗုဒ္ဓဝမ်းတော်လားတဲ့အခါ ဝမ်းလားဆေးကိုပေးလှူပြီး မိမိပိုင်ဆိုင်တဲ့သရက်ဥယျာဉ်ကို မြတ်ဗုဒ္ဓအား ကျောင်းတော်အဖြစ် လှူဒါန်းခဲ့တယ်။ အဲဒီသရက်ဥယျာဉ်တောကျောင်းတိုက်မှာပဲ မြတ်ဗုဒ္ဓဟာ အဇာတသတ်မင်းနှင့်ပရိသတ်တို့အား သာမညဖလသုတ်ကို ဟောကြားတော်မူခဲ့ပါတယ်။ ပုဂ္ဂိုလ်ကိုကြည့်ပြီးသူထဲတွင် ကျောင်းဒကာကြီး ဇီဝကဟာ အမြတ်ဆုံး အသာဆုံးဖြစ်တော့ဒဂ်ဘွဲ့ထူးရခဲ့ပါတယ်။

ဒေါက်တာအရှင်သဒ္ဓာဘာသာဓိ

(မြတ်စွမ်း)

www.burmeseclassic.com

www.burmeseclassic.com

အခါသင့်အခွင့်သာ၍ နာမည်ကျော် ယောဒေသကိုရောက်ခဲ့ရသည်။


မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာနသည် အဘိဓာန်များနှင့် သဒ္ဒါကျမ်းများပြုစုဆောင်ရွက်ခြင်းလုပ်ငန်းများအပြင် တိုင်းရင်းသားဘာသာစကားတို့ကို ဖော်ထုတ်လျက်ရှိပါသည်။ တိုင်းရင်းသားတို့၏ ဒေသယိစကားများကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာနိုင်စေရန် နိုင်ငံတော်၏မြန်မာစာအဖွဲ့အဖွဲဝင်တစ်ဦးဖြစ်သော ဆရာကြီးဒေါက်တာသိန်းနိုင်ခေါင်းဆောင်ပါဝင်သည့်အဖွဲ့အနေဖြင့် ယောဒေသတစ်ခွင် မြို့ပြကျေးလက်များဆီ ကွင်းဆင်း၊ တွေ့ဆုံမေးမြန်း၊ အသံသွင်း၊ မှတ်တမ်းရယူရေး သုတေသနခရီးစဉ်အရ ယောတို့နယ်မြေအနှံ့ခြေဆန့်ခဲ့ကြရသည့် ခရီးစဉ်ကြောင့် ယောဒေသက မင်းရွာကိုရောက်အောင်သွားဖို့ဖန်လာခဲ့ရပါပြီ။

တကယ်တော့ မင်းရွာသည် ကျွန်တော့်အတွက် အဆန်းမဟုတ်တော့။ လွန်ခဲ့သည့် နှစ်ပေါင်း (၄၀) ကျော် (၁၉၇၅-၇၆) ပညာသင်နှစ်ကာလတွင် ကျွန်တော်သည် မင်းရွာတွဲဖက်အထက်၌ ဘောဂဗေဒဘာသာပြ အထက်တန်းပြဆရာတစ်ဦးအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

ယနေ့ မင်းရွာသည် ဟိုတုန်းက မင်းရွာမဟုတ်တော့။ မြို့ပြလေးသဖွယ်

ကိုယော(ဘောဂဗေဒ)
(စာပေဆုများရှင်)

ယောဒေသ မင်းရွာက ရှေးဟောင်းသမိုင်းဝင် မြသိန်းတန်စေတီတော်







www.burmeseclassic.com

www.burmeseclassic.com







အထိမ်းအမှတ်ကျောက်စာတိုင်



ရေးဟောင်းသမိုင်းဝင် မြသိန်းတန်စေတီတော်



မြသိန်းတန်ဆရာတော်

ဖြစ်နေခဲ့ပြီ။ နိုင်ငံတော်အဖိုးရက အထက်တန်းကျောင်းကြီး ဖွင့်လှစ်ပေးခဲ့ပြီ။ ယောဒေသကြီး၏မြို့တော်ဟု တင်စားခေါ်ဝေါ်နေကြသော ယောမြို့တော် 'ဂန့်ဂေါမြို့' ကြီးနှင့် လည်းကောင်း၊ မြန်ပြည်အရပ်ရပ် မြေပြန့်ဒေသများနှင့် လည်းကောင်း၊ ချင်းပြည်နယ်ရှိ မြို့ကြီးများနှင့် လည်းကောင်း ရာသီမရွေး သွားလာနိုင်သောလမ်းလည်းရှိနိုင်ခဲ့ပြီ။ ဂန့်ဂေါမြို့ကြီးနှင့် မင်းရွာသည် (၁၅) မိုင်ခန့်သာကွာဝေးသည်။ လက်ရှိအနေအထားတွင် လျှပ်စစ်တာဘိုင်စက် (၂၀) မင္ဂါဝပ် (၂) လုံးနှင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ကာ လယ်ယာမြေကော (၁၂၀၀၀) ကျော်ကို ရေပေးဝေနိုင်မည့် မြစ်သာရေလှောင်တမံစီမံကိန်းသည် မင်းရွာအနီးတွင်တည်ရှိနေသည်ကြောင့် မင်းရွာသည် ပို၍ ဖွံ့ဖြားလာနေလေပြီဟု ကြားသိထားခဲ့သည်။

ရောက်ခဲ့ပါပြီ မင်းရွာဆီ

ဂန့်ဂေါမြို့ကြီးမှအလာ ပျားကျေးရွာ၊ အောင်မြင်ကျေးရွာ၊ ခေါက်ခူရွာ၊ ပန်းထိပ်ရွာတို့ကိုတွေ့ခဲ့ရပြီး မင်းရွာသို့ အဝင် မြစ်သာမြစ်ကူးတံတားကြီးကို ဖြတ်သန်းကာ မင်းရွာကိုရောက်ရသည်။ ရောက်တုန်းရောက်ခိုက် အတော်လေးနှံ့သွားအောင်သွားခဲ့ဖြစ်သည်။ သုတေသနအဖွဲ့ဝင် (၈) ဦးပါ အဖွဲ့အတွက်လာရင်း လုပ်ငန်းတာဝန်းများ ပြီးဆုံးသည့်နောက် ကျွန်တော်တို့တစ်တွေ သွားလိုရာတွေဆီကို ဒေသခံတို့က လိုက်ပါပို့ဆောင်ပေးကြ ရှင်းပြသိစေကြသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာသာသနာပြုသီရိဓမ္မာသောကမင်းကြီး၏အဆောင်အရွက်စေတီပုထိုးတော်ပေါင်း(၈၄၀၀၀) အနက် တစ်ဆူအပါအဝင်ဟု ဆိုသော ရွှေဟောင်းသမိုင်းဝင်လည်းဖြစ်ပေသော 'မင်းရွာ - မြသိန်းတန်စေတီတော်' ထံ ရောက်ခဲ့ရလေသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်၏မွေးဖွားခန့်ပေါင်း (၈၄၀၀၀) အရေအတွက်နှင့်အညီ အာသောကမင်းကြီး၏ဆန္ဒတော်စီမံကိန်းအတိုင်း သာသနာတော်စည်ပင်ပြန့်ပွားရေးအတွက် စေတီပုထိုးတော်များတည်ထားနိုင်ကြစေရန် ဗုဒ္ဓ၏သရီရစေတီတော်များကို ဇမ္ဗူဒီပ်ကျွန်းအနှံ့ ကိုးတိုင်းကိုးဌာနသို့ ဖြန့်ခွဲဝေရာတွင် ဝေစုရသဖြင့် တည်ထားကိုးကွယ်သော မုဋ္ဌေစေတီတော်မြတ်တစ်ဆူအဖြစ်လည်း မင်းရွာ - မြသိန်းတန်စေတီကို သမိုင်းကျောပေသည်။

ရှေးခေတ် မြန်မာပြည် ပုဂံခေတ်က အလောင်းစည်သူမင်းကြီးသည် သာသနာတော်ကို ငါးထောင်တိုင်တိုင်

www.burmeseclassic.com

www.burmeseclassic.com

ခပ်သိမ်းသော လူနတ်ပြဟ္မာသတ္တဝါတို့အား နိဗ္ဗာန်သုံးတန်ချမ်းသာရရှိခံစားနိုင်ကြပါစေကြောင်းအကျိုးငှာ ရောက်ရှိတော်မူလေရာအရပ်တို့တွင် ဘုရားစေတီတည်ထားတော်မူစေခဲ့သည်။

ဂန္ဓာလရာဇ်တိုင်း တရုတ်ပြည်မှ နေပြည်တော်ပုဂံသို့ ပြန်လည်ရောက်ရှိခဲ့ပြီးသော် အလောင်းစည်သူမင်းကြီးသည် မြောက်ဘက် ကျော်စဉ်အရပ်နှင့် အနောက်ဘက်ယောနယ်တို့ကို လှည့်လည်ခဲ့ပြန်သည်။ ပုံတောင်ပုံညာရပ်ဝန်း ယောမြေဒေသသို့ ဖောင်တော်စကြာဖြင့် ကြွမြန်းခဲ့ပြန်သည်။ ချင်းတွင်းမြစ်မှ မြစ်သာမြစ်သို့ဝင်သည်။ ရှေးကအခေါ် မောရိယတစ်ဖြစ်လဲ မြစ်သာမြစ်သည် ချင်းတွင်းမြစ်ကြီး၏ အကြီးဆုံးသော မြစ်လက်တက်လည်းဖြစ်သည်။ မြစ်သာမြစ်ကား ထူးခြားသည်။ တောင်အရပ်မှ မြောက်အရပ်သို့ စီးဆင်းနေသောမြစ်ဖြစ်သည့် အလျောက် အလောင်းစည်သူမင်းကြီးသည် ဖောင်တော်စကြာဖြင့် မြောက်ဘက်အရပ်မှ တောင်ဘက်အရပ်ဆီ မြစ်သာမြစ်ကြောင်းအတိုင်း ဆန်တက်ခဲ့လေသည်။

■ မင်းရွာ မဒ္ဒေမြသိန်းတန်စေတီတော် သမိုင်းလက်စ

စေတီတော်သမိုင်းလက်စမှ လိုအပ်သလောက်ကိုသာ ထုတ်နုတ်တင်ပြရသော် မြန်မဲ့မြေ ယောနကတိုင်း ယောဒေသ၏ မြောက်ပိုင်းအရပ် နွယ်ပတ်မြို့ဟူ၍ မူလတွင်သမုတ်ခဲ့သော်လည်း ယခုခေတ်အခေါ် ကလေး ရာဇဂြိုဟ်မြို့၌ ထီးနန်းစိုက်လတ်သော ရှေးအဇာတသတ်မင်း၏ဆက်နွယ်အစ လန္တပါလမင်း၏ထံပါးသို့လည်း ဓာတ်တော်များပို့အပ်၊ ရောက်ရှိအပ်သည်ဟုဆိုပါ၏။


ထိုဓာတ်တော်များအနက်မှ 'ရာဇဂါမာ မင်းများစွာ' ဟု မှတ်စွာသမုတ်အပ်သော မင်းရွာကြီး၏ မြောက်ဘက်မြစ်သာကမ်းထက်၌ ဆိုက်မြိုက်ထည်ဝါအလွန်ကြည်ညိုဖွယ်ရာကောင်းလှသည့် ဤ'မဒ္ဒေမြသိန်းတန်' စေတီတော်သည်လည်း သီရိခမ္မာသောက နရသန်း ဇကရာဇာ့ရင်မင်းကြီးထံမှ ဝေဠုဖြန့်ချိခဲ့ခြင်းဖြစ်သည်ဟု ဆိုထား၏။ သရီရဓာတ်တော်မဟာတို့ကို ဌာပနာသွင်းနှံပြီး မွမ်းမံတည်ထားခဲ့သော ထူပါမဟီမြတ်စေတီတစ်ဆူဖြစ်ကြောင်း ရှေးဟောင်းရာဇဝင်စာအစဉ်၌ မှတ်တမ်းတင်ထားရှိသည်ကို စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း အဂ်ါထောင့်တန်ဆောင်းမှ ကြေးချိန် (၄၇၀) ခေါင်းလောင်းတော်တွင် ကမ္ဘည်းစာအရ ထင်ရှားစွာ သိနိုင်ကြကြောင်း လေ့လာ၍ ရနိုင်ပေသည်။



မြသိန်းတန်ကျောင်းတိုက်



ရွာလယ်ရှိ ရှေးရှေးက အထိမ်းအမှတ်နာရီတိုင်



ရှေးဟောင်းခေါင်းလောင်းတော်များ




သိမ်တော်




မြသိန်းတန်စေတီအနီးလှည့်ပတ်ပုံရိပ်စည်

www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ပရဝဏ်အတွင်းက ကုသိုလ်တော်ရေတွင်း



ယောဒေသ ဂန့်ဂေါဖြို့နယ်က မင်းရာ.

လိုရင်းကိုဖော်ပြရပါလျှင် -

'ရွှေဝယ်အလို၊ ရာဇာဂြိုဟ်ဟု၊ မိန့်ဆိုသမူတ်၊ အဟုတ်မှန်စွာ၊ တွင်ခဲ့ပါသော၊ ရာဇာဂြိုဟ်မြို့ခံ၊ လန္တာပါလ၊ မင်းရာဇာသို့၊ မြတ်လှအမော်၊ ဓာတ်မွေတော်ကို၊ အဟော်စကာ၊ ထိုက်သင့်စွာလျှင်၊ ဆက်လှာဝေငှ၊ လက်ခံရစ်။။ အထူးထို့နောက်၊ သင့်တင့်လျောက်စွာ၊ ဖြန့်ဖြူးရာ၌၊ ရာဇာဂါမ၊ မင်းရွာလှသို့၊ ပင့်ကြွရောက်လှာ၊ ဓာတ်မြတ်စွာကို၊ မြစ်သာကမ်းထိပ်၊ မြောက်ဘက်ဆိပ်တွင်၊ ဥဒိဿဓာတု၊ တည်ထားပြုသော်၊ ကောင်းမှုအရ၊ အသောကဇ်၊ ဆန္ဒထုံးစံ၊ မုဒ္ဒောခံလျက်၊ မြသိန်းတန်မည် ဤစေတီကို. . .

ဟု တွေ့မြင်ဖတ်ရှုမှတ်သားရပေ၏။။

■ ကြည်ညိုဖွယ် သဟာယ်လှသောစေတီတော်

စေတီတော်ကြီး၏ အထက်ပိုင်းတွင် လုပ်ဆောင်ဖွယ်ရာလုပ်ငန်းရပ်များပေါ်ပေါက်လာပါက လွယ်ကူစွာတက်ဆင်းသွားလာနိုင်စေခြင်းငှာ စေတီတော်ကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာတို့၌ နှတ်လှေကားတစ်ခုကျစီသွယ်တန်းစီမံထား၏။။တစ်ခုစီ၏ ဝဲယာနံဘေးတစ်ဖက်တစ်ချက်စီတို့တွင် လက်ရန်းအုတ်ရိုးနှစ်ခုစီကိုလည်း အောက်ဆုံးအဆင့်၌ သရက်ကင်းပုံပြုလုပ်ထားပေ၏။။

ယင်းတို့အနက် တောင်ဘက်နှတ်လှေကားတွင်ကား ခြေနင်း(၄)ကောင်ကို (၂) ကောင်စီ (၂) ဆင့်ပြုလုပ်ထားလေရာ ပစ္စယာများ၏အထက်ဆုံးထိပ်မှအောက်သို့လျှောဆင်းလာသည့်ဟန်ဖြစ်၏။။ ဥခေါင်းကိုမော့လျက် ရုပ်လုံးဖော်ထားပေ၏။။

ထိုနဂါးရုပ်များ၏ နောက်မြီးပိုင်းအထက်ပေါ်ဘက်တွင် လူမျက်နှာနှင့် ခြင်္သေ့ကိုယ်နှစ်ခုတစ်ဆက်တည်းပါရှိသော မနုဿီဟ (၂) ရုပ်စီကိုလည်း ထုလုပ်ထားလေ၏။။ မျက်စိပသာဒဖြစ်ရပေ၏။။

ထိုတောင်ဘက်နှတ်လှေကား၏ ခြေရင်း အနောက်ဘက်စေတီငယ်တွင်လည်း အင်္ဂတေကနုတ်ပန်းများကို လှပစွာ ဖော်ဆောင်ထားသည်သာမက မနုဿီဟရုပ်များပါရှိသည်ပြင် စေတီတော်၏ခြေရင်း၌လည်း ခြင်္သေ့ရုပ်ငယ်များတို့ကို တွေ့ရပေသေးသည်။။

စေတီတော်၏အရပ်လေးမျက်နှာနှတ်လှေကားတို့၏နံဘေးနှစ်ဖက်လုံးတွင် (၁) ပထမပစ္စယာစေတီ၊ (၂) ဒုတိယပစ္စယာစေတီ၊ (၃) ဖိနပ်တော်တွင် စေတီတော်များကို အရုပ်တစ်မျက်နှာလျှင် (၆) ဆူကျစီ အရုပ် (၄) မျက်နှာတွင် စေတီငယ်ပေါင်း (၂၄) ဆူတို့ကို တွေ့ရသည်။။

ထို့ပြင် စေတီတော်ကြီး၏တနင်္ဂနွေထောင့်၊ အင်္ဂါထောင့်၊ စနေထောင့်နှင့် ရာဟုထောင့် တည်းဟူသော ထောင့်(၄)ခုတို့တွင်လည်း ပထမပစ္စယာစေတီ၊ ဒုတိယပစ္စယာစေတီ၊ တတိယပစ္စယာစေတီနှင့် ဖိနပ်တော်စေတီငယ်များကို (၄) ဆူစီ အားဖြင့် စုစုပေါင်း (၁၆) ဆူတို့ကို လည်းကောင်း၊ အင်္ဂါထောင့်တွင် အထူးစေတီငယ်တစ်ဆူအပါအဝင် အားလုံးစုစုပေါင်း (၄၁) ဆူတို့သည် စေတီတော်ကြီး၏ အရံစေတီငယ်များအဖြစ် ဖန်တီးစီရင်တည်ထားသည်ကို လည်းကောင်း တွေ့မြင်ကြည်ညိုဖူးမြော်နိုင်ပါသည်။

ထိုထိုသော အရံစေတီငယ်များတွင် ကနုတ်ပန်းများသာမက မနုဿီဟရုပ်များကို လည်းကောင်း၊ စေတီတော်ငယ်များ၏ထောင့်အသီးသီးတို့၌ ရွှေပန်းခိုင်ငွေပန်းခိုင်များကို လည်းကောင်း ဝေဆာလှပရှုမဝနိုင်အောင် လုပ်ဆောင်ဖန်တီးထားသည်များကိုလည်း အားရဖွယ်ရာ ကြည်ညိုနိုင်ကြပေသည်။

■ အုတ်တံတိုင်းပေါ်ရှိစေတီငယ်များ

စေတီတော်ကြီး၏ ပရိဝုဏ်အုတ်တံတိုင်းကြီး၏ ထောင့်လေးထောင့်ပေါ်တွင် စေတီငယ် (၄) ဆူနှင့် တံတိုင်းနံရံကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ်လေးမျက်နှာတို့၏အလယ်ဗဟိုတို့တွင် မုခ်ဦးတံခါးပေါက်များပြုလုပ်ထားရှိရာ ထိုမုခ်ဝအသီးသီး၏ထိပ်ပေါ်၌ မုခ်စေတီများကိုလည်း တွေ့မြင်နိုင်သည်။ အံ့သြဖွယ်ရာ အနုပညာမြောက်လှသည်ကိုမြင်နိုင်ပေသည်။

■ သမိုင်းခေတ်အဆက်ဆက်က မင်းရွာ

ခေတ်သစ်ရှုထောင့်အရပြောရပါလျှင် ယောဒေသ ယောတို့နယ်မြေဟူသည် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော စင်ကာပူနိုင်ငံ၏ အကျယ်အဝန်းထက် (ရှစ်ဆနီးပါးခန့်) ကျယ်ဝန်းသောနယ်မြေ ကြီးတစ်ခုဖြစ်သည်။

ယင်းတွင် ဧရိယာစတုရန်းမိုင် (၂၁၅၃. ၉၆၅) ခန့် ကျယ်ဝန်းသော ယောတို့ဒေသကြီးအား ဒေသတွင် အပိုင်းကြီးသုံးပိုင်းခွဲခြားပြီး ယနေ့ခေတ်ကာလတွင် ဂန့်ဂေါခရိုင်ဟု အမည်နာမတွင်နေသည့် ဒေသခံများတို့က ယော

www.burmeseclassic.com

www.burmeseclassic.com

ရွှေပြည်ဟုတင်စားကာလည်း ခေါ်ဝေါ်နေကြသည်။ ဆောမြို့နယ်အား တောင်ယော၊ ထီးလင်းမြို့နယ်အား အလယ်ယောနှင့် ဂန့်ဂေါမြို့နယ်အား မြောက်ယောဟု အမည်တွင်ကာ ယောတို့ဌာနီကြီးဖြစ်ရသည်။

ရှေးမြန်မာဘုရင်များလက်ထက်တွင် ဆော၊ ယော၊ လောင်းရှည်၊ ထီးလင်း၊ မင်းရွာ၊ ဂန့်ဂေါတို့က နာမည်ကျော်သည်။ မြင်စိုင်း၊ အင်းဝခေတ် လောက်တွင် ထီးလင်းစော်ဘွားသည် ယောနယ်မြေကြီးတစ်ခုလုံးကို အုပ်ချုပ်ရသည်။ ၎င်းတို့လက်အောက်တွင် တိုက်နယ်သူကြီးများခန့်အပ်ပြီး ကျေးရွာများကို အုပ်စုလိုက်ခွဲ၍ အုပ်ချုပ်စေသည်။ ဘုရင့်ထံ စော်ဘွားက အခွန်ဘဏ္ဍာတော်များ ဆက်သရသည်။

ညောင်ရမ်းခေတ်ကုန်ဆုံးချိန်အထိ ယောဒေသကြီး၏ အုပ်ချုပ်ရေးသည် စော်ဘွားစနစ်ဖြစ်သည်။ ကုန်းဘောင်ခေတ်အလယ်ပိုင်း ပဒုံမင်းလက်ထက် ၁၁၄၁ - ၁၁၈၁ ခုနှစ်အတွင်း အုပ်ချုပ်ရေးစနစ်များ ပြောင်းလဲခဲ့သည်။ အေဒီ ၁၈၈၀ ပြည့်နှစ် သီပေါမင်းလက်ထက်တွင် ခရိုင်များဖွဲ့စည်းအုပ်ချုပ်ခဲ့ပြန်သည်။ အုပ်ချုပ်ရေးပြောင်းလဲလာဆောအခါ မြေပြန့်ဒေသ၊ ပေါက်မြို့တွင် ယောလေးမြို့ဝန်မင်းရုံးစိုက်ခဲ့၊ ယောလေးမြို့တို့တွင် မြို့သူကြီးများခန့်ထားခဲ့ကြောင်းလေ့လာသိရှိရသည်။

ရှေးပဒေသရာဇ်များလက်ထက်က ယောလေးမြို့ ဟူသည် ဆော၊ ယော၊ လောဝိုးရှည်နှင့် ထီးလင်းတို့ဖြစ်ကာ ကျော၊ စကား၊ တောမ၊ မင်းရွာ၊ မြင်သား၊ ရှဲ၊ ကဲ့ကော် (ဂန့်ဂေါ) တို့သည်ကား 'တိုက်ကျန်ခုနစ်ရွာ' ဟု ဆိုကြပေသည်။

တိုက်ကျန်ခုနစ်ရွာစာရင်းဝင်ဖြစ်သော 'မင်းရွာ' နှင့် စပ်လျဉ်း၍ အလောင်းမင်းတရားကြီးဦးအောင်ဇေယျလက်ထက် ကောဇာသက္ကရာဇ် ၁၁၁၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော်ကာလ ဟံသာဝတီ ပဲခူးမြို့တော်သိမ်းတိုက်ပွဲတွင် ငအောင်ဇေ(ဦးအောင်စည်)သည် နာမည်ကျော်သည်။ ယန္တရသူရကျော်ခေါင်ဘွဲ့ ခံခြမြင့်ခြင်းခံရသည်။ ရဲစွမ်းသတ္တိကြောင့် မင်းရွာကိုစားစေသည်။

မူလက မင်းရွာကို သက္ကရာဇ် ၉၈၇ ခု၊ နတ်တော်လပြည့်ကျော် ၅ ရက်နေ့တွင် နက္ခတ်ကိုးလုံး၊ ဒီစီတစ်ဆယ့်သုံး၊ မင်းရွာတည်ထောင်သည်ဟု ပုရပိုက်ဟောင်းအရ သိရှိရသည်။ မြန်မာနှစ် ၁၁၃၅ ခုနှစ်တွင်တော့ ဦးအောင်ဇေက မင်းရွာကို မြို့သစ်တည်ထောင်ခဲ့ သည်။

ပဒေသရာဇ်မင်းများလက်ထက် မြန်မာတို့၏နောက်ဆုံးဘုရင် သီပေါမင်းပါတော်မူခဲ့ပြီး မြန်မာပြည်သည် နယ်ချဲ့ဗြိတိသျှကိုလိုနီလက်အောက်ကျရောက်ခဲ့ရသည်။ မြန်မာပြည်တစ်ဝန်း ကိုလိုနီနယ်ချဲ့တို့အား သူကျွန်မခံစိတ်ဓာတ်ဖြင့် တိုင်းရင်းသားအားလုံးက တော်လှန်ခဲ့ကြသည်။ယောဒေသတွင်လည်း အလားတူပင် ဖြစ်သည်။ လက်နက်အင်အားမယှဉ်သာသောကြောင့် ၁၂-၂-၁၈၈၇နေ့တွင် နယ်ချဲ့ဗြိတိသျှတပ်က မင်းရွာကိုသိမ်းယူခဲ့ကြောင်း သိရှိရပါ၏။

■ တန်ခိုးတော်ထူးခြားလှသည့် မြသိန်းတန်စေတီတော်

မြစ်သာမြစ်ကမ်းအနီးက မြသိန်းတန်စေတီတော်ပရိဝုဏ်ကား ရွာနှင့် အနည်းငယ်ကွာဝေးကာ အေးအေးချမ်းချမ်းရှိလှသည်။ တိတ်ဆိတ်ငြိမ်သက်အေးချမ်းလှသဖြင့် အကျင့်မြတ်ရဟန်းတော်၊ သူတော်စင်များ၊ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များကို မကြာခဏတွေ့တတ်ရသည်ဟုသိရသည်။ နာမည်ကျော်သည်။

မကြာလှသေးသော ဆယ်စုနှစ်တစ်ခုဆီက လူသိမခံလိုသော တောရဆောက်တည်နေသည့်ဆရာတော်တစ်ပါးကို မြသိန်းတန်စေတီတော်တွင် တွေ့မြင်ဖူးတွေ့ကြရသည်ဟု ဒေသခံများပြောခဲ့ကြသည်ကို ကြားသိခဲ့ရသည်။ တစ်နယ်ရပ်ဝေးမှာ တောရဆောက်တည်နေသော ဆရာတော်သည် ဤမြသိန်းတန်စေတီတော်ရှိရာဆီ ရံဖန်ရံခါကြွမြန်းရောက်လာ ပျော်ကွယ်သွားတတ်ကြောင်းနှင့် မည်သည့်အရပ်ဒေသကလာမှန်းမသိရသော သူတော်စင်ပုဂ္ဂိုလ်ထူးတို့လည်း ရောက်လာလေ့ရှိကြောင်း အံ့သြဖွယ်သတင်းစကားများ ကြားသိခဲ့ရသည်။

မြသိန်းတန်စေတီ၏ တန်ခိုးတော်များအနက် ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၂ ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့တပ်များ အိန္ဒိယသို့ စစ်ဆုတ်ခွာချိန်တွင်လည်းကောင်း၊ ၁၉၄၅ ခုနှစ် မဟာမိတ်တပ်များ ပြန်လည်ဝင်ရောက်လာစဉ်ကာလတွင် လည်းကောင်း လေကြောင်းခရီးတပ်များက မင်းရွာကို အလီလီပုံးမိုးရွာချခဲ့ကြပါ၏။

သို့ခံစားစေခဲ့ရာ ကြိမ်ဖန်များစွာ ပုံးများကြဲချခဲ့သော်လည်း မြသိန်းတန်စေတီတော်ကား ထူးဆန်းထူးခြားအံ့သြဖွယ်ရာဖြစ်ခဲ့ရပါ၏။ ပုံးဒဏ်ကို မခံစားခဲ့ရ။ ပုံးဒဏ်မှလွတ်ကင်းခဲ့ရသည့် တန်ခိုးတော်အဟုန်မှာလည်း ဒေသခံများတို့၏ စကားများက မဂ်ုန်ခန်းနိုင်။

မြသိန်းတန်စေတီတော်ကြီးကား တန်ခိုးကြွယ်သည်။ ရှေးရှေးအခါများကပင် မြသိန်းတန်စေတီတော်မှရောင်ခြည်တော်လွှတ်ကာ တန်ခိုးပြလေ့ရှိကြောင်း ဆိုရပါ၏။ လွန်ခဲ့သည့် ရှစ်နှစ်ခန့်က နံနက်စောစောအရုဏ်ဦးခွဲ ရောင်ခြည်တော်တို့ကွန့်မြူးခဲ့သည်ကို ဆရာတော်ဦးပဏ္ဍိတနှင့် တပည့်ဒါယကာဦးကြီးရင်၊ ဦးဆောတွေတို့ အချိန်ကြာကြာမြင်တွေ့ဖူးမြော်ရကြောင်းဆိုပါ၏။

နှစ်စဉ် ဝါတွင်းကာလနှင့် သင်္ကြန်ကာလများတွင် (၇) ရက်တရားစခန်းများရှိသည်။ တန်ခူးလပြည့်နေ့သည်ကား ဘုရားပွဲတော်ကျင်းပရာရက်ဖြစ်ကာ ဆွမ်းရက်နှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လောင်းလှူကြသည့် ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်ကြသူများနှင့် ယောဒေသ မင်းရွာက ရွေးဟောင်းသမိုင်းဝင် မြသိန်းတန်စေတီတော်သည် အလွန်တရာ စည်ကားလှကြောင်း၊ အငြိမ့်ပွဲဇာတ်ပွဲများကိုလည်း ထည့်သွင်းကျင်းပလေ့ရှိကြောင်း သိခွင့်ရခဲ့ရပေသည်။

■ ရောက်အောင်လှမ်းခဲ့ပါ ယောဒေသက မြသိန်းတန်စေတီတော်ဆီ

ယောဒေသ ဂန့်ဂေါမြို့မှ (၁၅)မိုင်ခန့်အကွာ တောင်ဘက်အရပ်ရှိ မင်းရွာဆီအသွား ဂန့်ဂေါ-ထီးလင်း-ပေါက်-ပခုက္ကူလမ်းအပိုင်းတွင် ဓမ္မတော်ကားလမ်းမကြီး၏အနီးတွင် မြသိန်းတန်စေတီနယ်မြေတည်ရှိသည်။ မင်းရွာသို့အဝင် မြစ်သာမြစ်ကူးတံတားကြီး၏လက်ယာဘက်၌ဖြစ်သည်။ စိမ်းစိမ်းမြမြ အုပ်အုပ်ဆိုင်းဆိုင်းရှိလှပသော မြသိန်းတန်စေတီတော်ပုရိဝုဏ်ကိုမြင်လိုက်ရသည်နှင့် ရင်ထဲမှာချမ်းမြေ့ကြရသည်။ တရားရိပ်သာစခန်းများလည်း ကျယ်ကျယ်ဝန်းဝန်းဖြစ်စေရန်အတွက် အသစ်ထပ်မံတိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ စီစဉ်နေကြပြီဖြစ်ကြောင်းကို ကြားသိခွင့်ရရှိခဲ့ရပြန်တော့ အလိုလိုပင် စိတ်ထဲမှာကြည်နူးကျေနပ်လာမိရသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူနေအိမ်ခြေ အိမ်ရေ(၁၁၀)နှင့် လူဦးရေ (၂၄၃၅)ဦးတို့နေထိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com

မိုးနောင်(ကောလင်း)
မျက်စိနာ၊ မျက်ရိုးကိုက်၊ မျက်စိကျိန်း
မန်ကျည်းခေါက်ကိုသွေးခြင်းလိမ်း



"အေးပါ ငါ့တူ၊ တို့လည်း ကုသိုလ်ယူရမှာပေါ့"

စာရေးသူသည် အထက်ပါနည်းဖြင့် မျက်စိနာရောဂါကို မန်ကျည်းခေါက်သွေးခြင်းလိမ်းခဲ့ရာ တစ်ရက်အတွင်း သက်သာ၍ (၃) ရက်အတွင်း ရှင်းရှင်းပျောက်ကင်းခဲ့ပါသည်။ နောက်နောင် မိမိဇာတိနယ်သို့ ပြန်ရောက်ပြီး (၂) ကြိမ်ခန့် မျက်စိရောဂါဖြစ်ခဲ့သေးရာ ဤနည်းဖြင့်ပင် ရောဂါပျောက်ကင်းခဲ့ပေသည်။

မိုးနောင်(ကောလင်း)

၁၉၇၄ ခုနှစ် ဝန်းကျင်ကာလ စာရေးသူ ရန်ကုန်စာပေနယ်မြေ၌ နေထိုင်လုပ်ကိုင်ခဲ့စဉ်အချိန်က ဖြစ်ပါသည်။ စာရေးသူနှင့် အလုပ်မတူဌာနကွဲများသော သူငယ်ချင်း ကိုစိန်ညိုနှင့် အတူ စတော့ဂိတ်ဦးတောင်ဘက်အဆင်းဘယ်ဘက်ရှိ စည်ပင်အဆောက်အအုံကြီးတွင် နေထိုင်ခဲ့ကြပါသည်။ စာရေးသူတို့ နေထိုင်ခဲ့ကြရသည်မှာလည်း စည်ပင်ဌာနမှ လုပ်သားကြီးဦးခိုင်ထွန်းအမည်ဖြင့် ၎င်းတို့မိသားစု အခန်းကျယ်ကြီး တစ်ခန်းအတွင်း ဌာန၏ ခွင့်ပြုချက်ဖြင့် ကပ်၍နေထိုင်ခဲ့ကြရခြင်း ဖြစ်ပေသည်။

စာရေးသူသည် - နွေရာသီမှ မိုးရာသီသို့အကူးကာလတွင် မျက်စိကျိန်း၍ မျက်စိနာဖြစ်ခဲ့ပါသည်။ ထိုစဉ်က ရန်ကုန်မြို့သူပြုသားအများအပြားသည်လည်း မျက်စိနာရောဂါဖြစ်ကြပါသည်။ ယင်းရောဂါသည် ကူးတတ်သည်တုလည်း သိရှိခဲ့ရပါသည်။

ဦးခိုင်ထွန်းမိသားစုနှင့် ကိုစိန်ညို တို့ကမူ ယင်းရောဂါမကပ်ရောက်ခဲ့ကြပါ။ စာရေးသူ ထိုရောဂါရသည့် ညနေထွင် ဦးခိုင်ထွန်းအား ရောဂါကုသနည်းကို မေးမြန်းကြည့်မိပါ၏။

"ဦးလေးခိုင်ထွန်း ကျွန်တော့်မျက်စိတွေနာပြီး မျက်ရိုးတွေလည်းကိုက်နေတယ်။ အဲဒါ ဘာဆေးနဲ့ကုရင်ပျောက်မလဲဗျ"

"သြော် - ဒါလား ငါ့တူရယ်။ မျက်စိနာ၊ မျက်စိကျိန်း၊ မျက်စိမျက်ရိုးကိုက် အတွက် မန်ကျည်းပန်ခေါက်ကို ရေနဲ့သွေးလိမ်းလိုက်စမ်းပါကွယ်။ ဒီဋ္ဌမြန်မြန်ပျောက်တယ်။ တို့ရခိုင်ရိုးရာလိမ်းဆေးပဲကွယ့် မှတ်ထား။ မန်ကျည်းပန်မဲရရင် ရိုးရိုးမန်ကျည်းအခေါက်ကိုပဲသွေးလိမ်းလိုက်ပေါ့ကွာ"

"ဟုတ်ကဲ့"

"မန်ကျည်းခေါက်ကတော့ ရှေးနှာက ဘုန်းကြီးကျောင်းဝင်းတွေမှာရှိပါတယ်။ သွေးလိမ်းဖို့ ဒေါ်ဒေါ့်ကျောက်ပျဉ်ဌားပေးပါဦး။ မျက်စိကို ကွင်းလိမ်းရမှာပေါ့နော်"

ဒေါ်သန်းစိက -

မင်းရွာသည်ကား ရှေးရှေးကပင် နာမည်ကျော်ခဲ့သော ရှေးကရွာကြီးတစ်ရွာဖြစ်ခဲ့ရာမှ ယနေ့အခါကာလ၌ မြို့ပြလေးသဖွယ်ဖြစ်နေခဲ့ပါပြီ။ မြေဆီညြဖောစမံ မြေဇာကောင်းပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်ကြကာ ဆန်စပါး၊ ဆီထွက်သီးနှံအမျိုးမျိုး၊ ပဲမျိုးစုံတို့ထွက်ရှိကာ အေးချမ်းသာယာစိုပြည်လှသောနယ်မြေပါပေ။

မင်းရွာ မြသိန်းတန်စေတီတော်တည်ရှိရာ ဘုန်းတော်ကြီးကျောင်းကြီး၏ မြသိန်းတန်ဆရာတော် ဒေါက်တာအရှင်နန္ဒောဘာသ သာသနဓဇ မဟာစရိယ (M.A Sri Lanka), Ph.D (India) ကိုမူ ကျွန်တော်တို့ မဖူးမြော်ခဲ့ကြရပါ။ ဆရာတော်က ခရီးသွားနေခိုက်နှင့်ကြုံရသည်ကြောင့် တွေ့ခွင့်လွဲခဲ့ရသည်။ ရှေးယခင်ကာလများဆီက သွားလာရေးခက်ခဲလှသော အနေအထားမှသည် ယနေ့ခေတ်ကာလ ခရီးပန်းလမ်းပန်းဆက်သွယ်ရေးများလည်း အထူးကောင်းမွန်နေခဲ့ပြီဖြစ်ရာ မကြာမီနှစ်များတွင် တော့ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီး မြသိန်းတန်စေတီတော်ဘုရားဖူးနှင့်ဆရာတော် အရှင်နန္ဒောဘာသထံ အရောက်သွားရဦးမည်ဟု ကြံရွယ်ထားသည်။

အချုပ်အားဖြင့် ဆိုရပါလျှင် -

နာမည်ကျော် ပုံတောင်ပုံညာရပ်ဝန်းယောဒေယ ယောရွှေပြည်က သဘောရိုး ဖနောရိုး ယောသူယောသားတို့ နေထိုင်ရာ မင်းရွာရှိ ရှေးဟောင်း သမိုင်းဝင် မြသိန်းတန်စေတီတော်ထံပါး တစ်ခါတစ်ခေါက်ရောက်အောင်သွားနိုင်ကြပါစေ။ ရာသီမရွေး အေးအေးမြမြ မြစ်သာမြစ်ရေကိုချိုးကာ၊ တရားဘာဝနာများလည်း ပွားများအားထုတ်ကာ တရားထူးတရားမြတ်အထောက်အပံ့များလည်းရနိုင်ကြပါစေကြောင်း သတင်းကောင်းပါးလိုက်ရပေသတည်း။

(ယောသူယောသားများနှင့်ယောဒေသိယစကားသုတေသနခရီးအဖွဲ့အား လိုလေသေးမရှိ ကူညီပေးခဲ့ကြပါသော မင်းရွာဒေသခံများသို့ အမှတ်တရ)

ဇိုယော(ဘောဂဗေဒ)

(စာပေဆေးများနှင့်)

ရည်ညွှန်း-

အငြိမ်းစားကျောင်းဆရာကြီး ဦးကြာထွန်း၏ ယော (၁၉၇၁ ခုနှစ်)

ဂေါပကအတွင်းရေးမှူးဟောင်း ဦးကြာထွန်း၏ မင်းရွာ မဂ္ဂေါ မြသိန်းတန်စေတီတော်သမိုင်း (၁၉၇၈ ခုနှစ်)

မုန်နန်းရာဇဝင်တော်ကြီး(ပ၊ဒု၊တ)

ကိုယ်တိုင်ကွင်းဆင်းလေ့လာမှု မှတ်တမ်းများ

www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆုံအုန်းသွင်
သဘာဝဝမ္မ
ခေမာပို့ဆောင် မဂ္ဂင်ဟောင်



"မဂ္ဂင်ရှစ်ပါးမှာ အခြေခံရှိနေရမယ့်အချက်၊ သိရမယ့်အချက်၊ ကျင့်ရမယ့်အချက်ဆိုပြီး သုံးချက်ခွဲလို့ရမယ်။ အခြေခံရှိနေရမယ့်အချက်က သီလပဲ။ သိရမယ့်အချက်က ပညာပဲ။ ကျင့်ရမယ့်အချက်က သမာဓိပဲလို့ ငါသဘောပေါက်တယ် ဟုတ်လား"

နောက်နေ့စကားဝိုင်းစလျှင်စချင်း ဦးအုန်းရွှေက အထက်ပါအတိုင်းမေးလိုက်ပါသည်။

ဦးအုန်းစိန် -

"အေး - ငါလည်း အဲဒီလိုပဲ ယူဆတယ်။ ဒါပေမယ့် စတာကတော့ ပညာကစရမယ်။ သံသရာကိုယုံမှ ဒုက္ခကိုယုံမယ်။ဒီတော့မှ သံသရာက လွတ်မြောက်ချင်တဲ့ဆန္ဒရှိမယ်။ ဒီအချက်တွေက သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပပညာပဲပေါ့။ ဒီအတွက် လွတ်မြောက်အောင်ကျင့်မယ်။ ဒါက သမာဓိပဲပေါ့။ ဒီလိုကျင့်တဲ့အခါမှာ သီလလုံခြုံနေရမယ်၊ သီလမရှိရင်ကျင့်လို့မရဘူး။ တစ်နေကုန် ငါးခေါင်းထိုင်ပြီးထုသတ်နေပြီး ညကျမှ တရားရှုမှတ်ရင် အဲဒီငါးခေါင်းထုနေတာပဲ အာရုံအဖြစ်ပေါ်လာမယ်။ ဒီတော့ သမာဓိမရနိုင်တော့ဘူး။ သမာဓိမှကင်းပြီး ဝိပဿနာဉာဏ်မဖြစ်လို့ မြတ်စွာဘုရားကအတိအလင်းဟောထားတယ်"

ဦးအုန်းရွှေ -

"အဲဒီလို ငါးခေါင်းထုသတ်တဲ့လူမျိုးလည်း တရားထိုင်လို့ရတယ်၊ တရားရနိုင်တယ်လို့ပြောတာကို ငါကြားဖူးတယ်"

ဦးအုန်းစိန် -

"အဲဒီလိုပြောတဲ့ လူမျိုး (၂) မျိုးရှိတယ်။ တစ်မျိုးက မသိဘဲ ပြောသံကြားနဲ့ပြောတာ၊ နောက်တစ်မျိုးက အဖျားဆွတ်ပြောတာ။ ဘုရားလက်ထက်က အရက်သမားသေတော့ သောတာပန်ဖြစ်ပြီး နတ်ပြည်ရောက်သွားတယ်"

ဦးအုန်းရွှေ -

"အဲဒါ ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး"

ဦးအုန်းစိန် -

"အဲဒီမှာ ပထမအချက်က သူမှာ သောတာပန်ဖြစ်လောက်တဲ့ ပါရမီ ရင့်ကျက်နေပြီ။အရင်ဘဝတွေကပေါ့။ဒုတိယအချက်က သေခါနီးမှာ သီလကို ဆောက်တည်လိုက်တယ်။ လုံခြုံဖို့လည်း ပြဋ္ဌာန်းလိုက်တယ်။ ဒါကြောင့် တရားထူးရသွားတာ။

ဒီနေရာမှာ အစွန်းတရား (၂) ပါးရှိတယ်။ တစ်ပါးက ငါမကောင်းမှုအကုသိုလ်တွေလုပ်ဖူးတယ်။ တရားရနိုင်မှာ မဟုတ်ဘူး၊ မလုပ်တော့ဘူးဆိုတဲ့အစွန်းနဲ့ နောက်တစ်ပါးက နေ့တိုင်း ငါးခေါင်းထုသတ်ပြီး ညတိုင်း တရားထိုင်တရားရနိုင်တယ်ဆိုတဲ့အစွန်းပဲ။

သတ္တဝါတွေဟာ တို့ကလူမို့လူနဲ့ပဲပြောရအောင်။ လူတွေဟာ ကောင်းမှုရော မကောင်းမှုရောလုပ်ကြတာချည်းပဲ။အနည်းနဲ့အများကွာတာပဲရှိမယ်။ အဲဒီကောင်းကံဆိုးကံတွေထဲမှာ မျက်မှောက်ဘဝမှာပဲ အကျိုးပေးနိုင်တဲ့ကံ၊ သေပြီးနောက်ဘဝမှာပဲ အကျိုးပေးနိုင်တဲ့ကံ၊

www.burmeseclassic.com

www.burmeseclassic.com

တတိယဘဝကနေသံသရာတစ်လျှောက်လုံးအကျိုးပေးနိုင်တဲ့ကံဆိုပြီး ကံသုံးမျိုးရှိတယ်။ အဲဒီကံတွေဟာ သံသရာရှည်ကြာလာတာနဲ့အမျှ စုဆောင်းတည်ရှိနေပြီ။ အခွင့်သာသူက သာသလို အကျိုးပေးတာပဲ။ ပြီးတော့ ဒီမျက်မှောက်ဘဝမှာပဲ ကောင်းကံ၊ ဆိုးကံတွေလုပ်နေကြပြန်တာပဲ။ ဒီတော့ အကုသိုလ်(မကောင်းမှု) မရှိမှ တရားကျင့်ရမယ်၊ တရားရနိုင်မယ်ဆိုရင် သံသရာကလွတ်သူမရှိတော့ဘူး။ ဒီတော့ အကုသိုလ်ရှိထားလည်း တရားကျင့်လို့ရတာပဲ။ ဒါပေမယ့် စောစောကပြောသလို နေ့တိုင်းအကုသိုလ်လုပ်ပြီး ညတိုင်း တရားထိုင်နေလို့ကတော့ မရဘူး။

ဒီတော့ တရားအလုပ်ကိုလုပ်တော့မယ်ဆိုရင် ပြုပြီးခဲ့တဲ့အကုသိုလ်နဲ့ မပြုရသေးတဲ့အကုသိုလ်ကို သေခန်းဖြတ်ရမယ်။ သမ္မာဝါယမမှာပြောခဲ့သလို ပြုပြီးခဲ့တဲ့အကုသိုလ်မျိုးကို ဘယ်တော့မှ ထပ်မလုပ်ပါဘူးလို့ အပြတ်ဖြတ်သတိတောင်မရနဲ့တော့။ မပြုရသေးတဲ့အကုသိုလ်မျိုးကိုလည်းမပြုနဲ့။

ဒါဆိုရင် တရားကျင့်လို့ရပြီ။ တရားရဖို့ကျတော့ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ဖို့လိုတယ်။ ဒွိဟိတ်ဆိုရင် အထုံပါရမီပဲရနိုင်တယ်။ ဘာဖြစ်ဖြစ်လုပ်ရမှာပဲ။ ကိုယ်က တိဟိတ်မှန်း၊ ဒွိဟိတ်မှန်းမှမသိဘဲ"

ဦးအုန်းရွှေ -

"ဗုဒ္ဓဘာသာဝင်လည်းဖြစ်တယ်။ အသက်လည်း (၈၅)နှစ်ကျော်ပြီဆိုတော့ တိဟိတ်၊ ဒွိဟိတ်သိဖို့ကောင်းတာပေါ့။ ငါမသိဘူးကွ ကြားသားကြားဖူးတာ။ ဘယ်လိုပုဂ္ဂိုလ်မျိုး၊ အရည်အချင်းမျိုးဆိုတာ မသိဘူး။ အဲဒါပြောပြပါ"

ဦးအုန်းစိန် -

"အဲဒါဆိုရင်ကျယ်သွားလိမ့်မယ်"

ဦးအုန်းရွှေ -

"ကျယ်လည်းကျယ်ပေါ့။ သိသင့်တာတော့ သိမှဖြစ်မယ်။ ပြောပါ"

ဦးအုန်းစိန် -

"အဲဒါဆိုရင် ဟိတ်ဆိုတဲ့စကားကို အရင်ရှင်းထားမှ။ အရပ်ထဲမှာ ဟိတ်ဟန်လုပ်တယ်ဆိုတဲ့စကားနဲ့ ရောမှားမသွားရအောင် ဟိတ်ဆိုတာ သောတုဆိုတဲ့ပါဠိစကားလုံးကို ဟိတ်လို့ ဗမာမှုပြုထားတာ အကြောင်းလို့ အဓိပ္ပာယ်ရတယ်။ ရေသောက်မြစ်နဲ့တူတဲ့ ပင်မအကြောင်းရင်းကလို့ ဆိုလိုတယ်။ ပဋ္ဌာန်း ၂၄ပစ္စည်းထဲက ပထမဆုံးပစ္စည်းပဲ။

ဟိတ် (၆) ပါးရှိတယ်။

အဲဒါတွေက -

၁။ လောဘ၊

၂။ ဒေါသ၊

၃။ မောဟ၊

၄။ အလောဘ၊

၅။ အဒေါသ၊

၆။ အမောဟ၊

တို့ပဲ။

အဓိပ္ပာယ်သိတယ် မဟုတ်လား။ အလောဘ၊အဒေါသမှာ မောဟနဲ့ပြည့်စုံသူကို တိဟိတ်လို့ခေါ်ပြီး အလောဘ၊ အဒေါသပဲရှိပြီး အမောဟမရှိသူကို ဒွိဟိတ်လို့ခေါ်တယ်။ တိ-ကသုံး၊ ဒွိ-က နှစ်ပေါ့။

အဲဒါက ပဋိသန္ဓေနဲ့အတူပါလာတဲ့စိတ်(အရည်အချင်း)ဖြစ်တဲ့အတွက် ကိုယ်တိုင်ပြန်သိဖို့ခဲယဉ်းတယ်။ မှန်းဖြီးယူဆကြတယ်။ မှန်၊ မမှန်အတပ်ပြောလို့ မရဘူး။

ယခင်ဘဝကပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုအပေါ်မူတည်ပြီး ဒီဘဝမှာ တိဟိတ်၊ ဒွိဟိတ်ပဋိသန္ဓေစိတ်တို့ကိုရတာ။ (၂) မျိုးစလုံးကို အဆင့်(၄)ဆင့်စီခွဲတယ်။ အဆင့် (၁)၊ (၂)၊ (၃)၊ (၄)ပေါ့။ တိဟိတ်အဆင့် (၁)ရဖို့အတွက် ဟိုဘက်ဘဝက ကောင်းမှုပြုရာမှာ ပဋိသန္ဓေစိတ်နောက်တစ်မျိုးရှိသေးတယ်။ အဲဒီစိတ်ကို ဥပေက္ခာသန္တီရဏစိတ်လို့ခေါ်တယ်။ အဲဒီစိတ်နဲ့ဖြစ်လာရတဲ့လူဟာ မျက်မမြင်၊ နားမကြား၊ အင်္ဂါမစုံစတာတွေဖြစ်တယ်။ ပဋိသန္ဓေတည်ပြီးမှ အကြောင်းတစ်ခုခုကြောင့် ပျက်စီးသွားရတာမျိုးမဟုတ်ဘူး။ ပင်ကိုဖြစ်တာ။

ကဲ - ဒါလောက်ဆိုရင် တိဟိတ်နဲ့ ဒွိဟိတ်တို့ရဲ့သဘောကိုအတော်အသင့်သိပြီလို့ဆိုရမယ်။ ကိုယ်က တိဟိတ်ဖြစ်ချင်ဖြစ်နေမယ်၊ ဒွိဟိတ်ဖြစ်ချင်ဖြစ်နေမယ် မသိဘူး။ အဲဒါကိုယ့်အလုပ်မဟုတ်ဘူး။ ကိုယ့်အလုပ်က သံသရာကို ဆင်းရဲလို့သိပြီး သံသရာက အမြန်လွတ်အောင်လုပ်ဖို့ပဲ။

အကယ်၍ ကိုယ်ဟာ ဒွိဟိတ်ဖြစ်နေရင် နောက်ဘဝမှာ တိဟိတ်ဖြစ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကိုလည်း သိပြီ"

ဦးအုန်းရွှေ -

"တိဟိတ်ဖြစ်အောင် ကုသိုလ်ဘယ်လိုပြုရမယ်ဆိုတာကို နမူနာနဲ့ပြည့်ပြည့်စုံစုံပြောပြပေးပါ။ ငါက ရယ်ဒီမိတ်(အသင့်. . . ပြီး) မှဖြစ်မယ်"

ဦးအုန်းစိန် -

"ဆွမ်းလောင်းတာနဲ့ပဲ နမူနာထားပြီးပြောရအောင်။

'ကောင်းမှုပြုက ကောင်းကျိုးရ'၏ ဟူသော ကံကဲ့၏အကျိုးကို ယုံကြည်သောအားဖြင့် မင်ဉာဏ်ဖိုလ်ဉာဏ်၏ အထောက်အပံ့ တည်းဟူသော ကောင်းကျိုးကိုမျှော်မှန်းပြီး မြတ်စွာဘုရားကို အမှူးထားလျက် သံဃာတော်အရှင်သူမြတ်များကို ရည်စူးပြီး တိုက်တွန်းမှုမရှိ၊ ဝမ်းမြောက်ဝမ်းသာ ထက်သန်လှသော စေတနာဖြင့် ကိုယ်ထိလက်ရောက်ရှိသော စွာ အလောဘ၊ အဒေါသ၊ အမောဟ စေတနာဖြင့် ကိုယ်ထိလက်ရောက်ရှိသော စွာ. လောင်းလှူပါသည်။



အလှူပေးပုဂ္ဂိုလ် ဖြစ်သော ဘုရားတပည့်တော်၊အလှူခံပုဂ္ဂိုလ်များဖြစ်ကြသော အရှင်ဘုရားတို့နှင့်လှူဖွယ်ဝတ္ထုဖြစ်သော ဤဆွမ်းအစရှိသော ခဲဖွယ်တို့သည် အနိစ္စ (မမြဲခြင်း)၊ ဒုက္ခ (ဆင်းရဲခြင်း)၊ အနတ္တ (အစိုးမရခြင်း) ပါ ဘုရား လို့ အသံထွက်ပြီး ဖြစ်စေ၊ နှလုံးသွင်းပြီး ဖြစ်စေ လောင်းလှူရမယ်။ အဲဒါဝါအိမ်ကို ဆွမ်းခံကြွနေတဲ့ ဓမ္မာစရိယ ကိုယ်တော်လေးဦးပညာသာရရဲ့ဩဝါဒပဲ။

ကဲ-ဒီနေ့တော့ ဒါလောက်နဲ့ နားကြဦးစို့"

ချောင်းဆုံအုန်းသွင်

www.burmeseclassic.com

www.burmeseclassic.com

(သာဝဏဏေကျော်၊ ဗေဒင်ဂိုဏ်း၊ M.A)

ဦးဥာဏော်ဇော်
ပြုသည်ကောင်းမှု တောင်းဆုအတွေ့တွေ့ (၁၇)



■ မဟာအောင်မြေဘုံစံဆရာတော်၏ ဆုတောင်း

မြန်အောင်မြို့ဇာတိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက်ဆရာတော် အရှင်စန္ဒိမာမထေရ်သည် ပိဋကတ်စာပေသာမက သက္ကတဘာသာကိုပါ တတ်မြောက်တော်မူကာ စာဏကျနီတိဘာသာပြန် အပါအဝင် ကျမ်းပေါင်း (၂၀) ကျော်ကို လည်းပြုစုတော်မူခဲ့သည်။ ရဟန်းလေးဝါ အရွယ်တွင် ရေးသားသော သတ္ထုဂါရဝစာတမ်း၌ ဘုရားရင်ပြင်ပေါ် ဖိနပ်စီးကောင်း၊ မစီးကောင်း ဟူသော ပြဿနာပေါ်လာသဖြင့် မစီးကောင်းသည့်ဘက်က ထောက်ခံ၍ ရေးသားခဲ့ပါသည်။

သက္ကရာဇ် ၁၂၈၇ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ်မှဆက်ကပ်လျှောဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသော မဟာအောင်မြေဘုံစံဆရာတော်ကြီး အရှင်စန္ဒိမာ၏ခမ္မပဒဝတ္ထုတော်ကြီးကျမ်းနိဂုံး၌ ဖော်ပြထားသော ဆုတောင်းများကို အပြည့်အစုံ ဖော်ပြပေးလိုက်ပါသည်။ အတုယူအားကျပူဇော်နိုင်ကြရန်လည်းရှိပါသည်။

'ပြုလုပ်ခဲ့သမျှသော ကုသိုလ်ကောင်းမှုအပေါင်း၏အာနုဘော်ကြောင့် သတ္တဝါများခမ်းသာကြပါစေ။ စိတ်အကြံအစည်ဟူသမျှပြည့်စုံကြပါစေ။ သာသနာတော်ကြီး ကြာမြင့်စွာ တည်တံ့အောင် စောင့်ရှောက်နိုင်ကြပါစေ။ မြတ်ဘုရား၏တရားတော်များကို နည်းမှန်လမ်းမှန် သိရှိကြ၍ နိဗ္ဗာန်ချမ်းသာမြတ်ကို ရရှိကြပါစေ။ ရေမြေသနင်းပြည့်ရှင်မင်းတို့သည် ပြည်သူအပေါင်းကို ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်နိုင်ကြပါစေ။ မိုးသည်လည်း အချိန်မှန်မှန်ရွာသွန်းပါစေ။ ဤကျမ်းသည်လည်း သူတော်ကောင်းတရားကို ထွန်းပလျက် သာသနာတည်သရွေ့တည်ပါစေ'။

■ မိုးကုတ်ရွှေကျောင်းဆရာတော်၏ ဆုတောင်း

မိုးကုတ်ဇာတိ ရွှေကျောင်းဆရာတော် အရှင်ကလျာဏာသည် မိုးကုတ်မြို့၊ မန္တလေးမြို့၊ ပခုက္ကူမြို့တို့၌ ပိဋကတ်စာပေကို သင်ယူတတ်မြောက်ပြီးသည့်အပြင် အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံတို့သို့ကြွရောက်၍ သက္ကရာ၊ အင်္ဂလိပ်၊ ဟိန္ဒီစသောဘာသာများကိုပါ ထပ်မံ သင်ယူခဲ့ပြန်သည်။ ဆရာတော်၏ အရည်အချင်းကို သိရှိကြသော မြေတောင်တိုက်ကြပ်ဆရာတော် အရှင်နာရဒ၊ မိုးကုတ်မြို့ အုံးကိုင်းအနောက်ကျောင်းတိုက်ဆရာတော် အရှင်ပဏ္ဍိစ္စတို့က လျှောက်ထား တောင်းပန်သဖြင့် ဝိနိစ္ဆယအမျိုးစုံပါဝင်သော ဌာနာရိဝိနိစ္ဆယကထာကို ရေးသားတော်မူခဲ့ရာ ၁၂၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ စနေနေ့တွင် ပြီးစီးခဲ့ပါသည်။ ဝိနည်းခိုရ်ပုဂ္ဂိုလ်တို့၏လက်စွဲဖြစ်သော ထိုကျမ်းကို ၁၃၀၀ ပြည့်နှစ်၊ တန်ခူးလတွင် မန္တလေးမြို့ မန္တလာဘုမ္မိစာပဲနိပ်တိုက်တွင် အုပ်ရေ (၅၀၀) ရိုက်နှိပ်ထုတ်ဝေလျှောဒါန်းခဲ့ပါသည်။

ကျမ်းစာအသီးသီးတို့၏ နိဂုံးကို ဂါထာများဖြင့် မှတ်တမ်းတင်လေ့ရှိကြသော်လည်း ရွှေကျောင်းဆရာတော်ကမူ စုဏ္ဍိယပါဠိဖြင့်ပင် ကျမ်းပြီးရာအချိန်ကာလနှင့် ဆုတောင်းပါဝင်သောနိဂုံးကို ပြဆိုခဲ့ပေသည်။ 'ဗုဒ္ဓဘာသာဝင်များအတွက်လမ်းညွှန်ချက်များ' ဟု ဆိုနိုင်သည့် ရွှေကျောင်းဆရာတော်၏ တိုတိုနှင့် ထိမိလွယ်သော ဆုတောင်းများကို ဖော်ပြပေးလိုက်ပါသည်။

'ကျမ်းစာပြုရာ တုသလကြောင့် နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ရပါလို၏။ နိဗ္ဗာန်သို့မရောက်သေးသမျှ ဘဝတိုင်း ဘဝတိုင်း၌ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း စသည်တို့နှင့် ပြည့်စုံရပါလို၏။ ဥယျောဂျာဂါးမြတ်ဖြစ်ရပါလို၏။ ဥယျဖြောင့်မှန်သူဖြစ်ရပါလို၏။ ဥယျသူတော်ကောင်းနှင့်ပေါင်းသင်းခွင့်ရပါလို၏'။

www.burmeseclassic.com

www.burmeseclassic.com

■ ခနဲဖြူမြို့ မင်္ဂလာမုန်ကျောင်းဆရာတော်၏ ဆုတောင်း

လှည်းကူးမြို့ဇာတိ ၁၂၀ ပြည့်နှစ်တွင် ဖွားမြင်သော ခနဲဖြူမြို့ မင်္ဂလာမုန်ကျောင်းဆရာတော် အရှင်စာရိတ္တသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးအထံ၌ (၁၈) နှစ်ကြာမျှ ပညာသင်ယူခဲ့ပြီး ဆရာတော်ကြီး၏ ဓမ္မကထိကချုပ်အဖြစ် ဦးမြောက်ခြင်းခံရသော နိုင်ငံကျော် ဓမ္မကထိကဗာစ်ပါးဖြစ်သည်။ အရှင်စာရိတ္တသည် အင်္ဂလိပ်၊ သင်္ကတ၊ ဟိန္ဒီ စသော ဘာသာရပ်အမျိုးမျိုးကို ကျွမ်းကျင်တတ်မြောက်ပြီး ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိ၊ မရဏာနုဿတိ ဒီပနီ စသော ကျမ်းပေါင်းများစွာကို ပြုစုတော်မူခဲ့သည်။

ခနဲဖြူမြို့ မင်္ဂလာမုန်ကျောင်းအပြင် မန္တလေး၊ ရန်ကုန်၊ မုံရွာ၊ တောင်ငူ၊ မော်လမြိုင် စသော အနယ်နယ်အမြို့မြို့တို့၌ သီတင်းသုံးတော်မူလေ့ရှိသော ဆရာတော် အရှင်စာရိတ္တသည် သက်တော် (၇၀) ခန့်တွင် လူဝတ်လဲ၍ လူဝတ်ဖြင့် ကွယ်လွန်ခဲ့ရသည်။ ကံတရားကား ဆန်းကြယ်လွန်းလှပေသည်။

ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်းနိဂုံး၌ ဂါထာ (၃) ပုဒ်ဖြင့် ဖော်ပြထားသော အရှင်စာရိတ္တ၏ ဆုတောင်းများကို ဖော်ပြပေးလိုက်ပါသည်။

'ဤကျမ်းစာ ရေးသားရသော လွဲလပယောဂ၏ တန်ခိုးရှိန်စော်အာနုဘော်ကြောင့် ဝန်တိုမိစ္ဆာဂ္ဂဟဿဖြူစင်ခြင်းကင်းသူ၊ သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလားရှာမှီးလေ့ရှိသူ၊ ဂ္ဂဟသာမဉ္ဉေရကင်းကုန်သောသူအပေါင်းတို့သည် ခြံရံအပ်သူ၊ အဝတိလေးပါးကို ဖျက်ဆီးနိုင်သူ၊ ဖြစ်ပေါ်လာသော မကောင်းမှုကို ထောင်းထုလွတ်ကင်း နှိမ်နင်းနိုင်သူ၊ အခါခပ်သိမ်း ကိုယ်ကျင့်သီလရှိသူ၊ အပြစ်လွတ်ကင်း ခပင်းများစွာ အတတ်ပညာနှင့်ပြည့်စုံသူ၊ မကောင်းမှုကိုမပြုလွတ်ကင်း ရှက်ကြောက်ခြင်းနှင့် ပြည့်စုံသူ၊ မဖုံမထဲပြေပြစ်ချောမောသောကိုယ်စိတ်နှလုံးရှိသူ၊ မခက်မာန်စောင်း နူးညံ့ပျော့ပျောင်းသူ၊ မကြာမီကာလအတွင်း တစ်ဘဝနှစ်ဘဝချင်းသာလျှင် သစ္စာလေးပါးကို ထိုးထွင်း၍ သိသူဖြစ်ရပါလို၏။

အပြစ်လွတ်ကင်း ခပင်းများစွာ အတတ်ပညာနှင့်ပြည့်စုံသူ ဟူသော အချက်ကို နှလုံးသွင်းကြရမည်ဖြစ်သည်။

■ အဘယာရာမဆရာတော်၏ ဆုတောင်း

မြင်းခြံမြို့နယ် ဗလုံရွာဇာတိ အဂ္ဂမဟာမဏ္ဍိတ ရွှေကျင်နိကာယဥပဥဇ္ဈာ အဘယာရာမဆရာတော်အရှင်အဂ္ဂမဟာဘိဝံသ (၁၂၄၀ - ၁၃၀၅) သည် ပါဠိ၊ သင်္ကတ၊ သီဟိုဠ် စသော ဘာသာများကို အထူးကျွမ်းကျင်တော်မူသည့် အလျောက် အဘိဓာန်နိဿယသစ်၊ မောစ္စလ္လာန်နိဿယ စသောခက်ခဲနက်နဲပြည့်စုံသောကျမ်းပေါင်းများစွာကို ပြုစုရေးသားတော်မူခဲ့သည်။

အဘယာရာမဆရာတော်ကြီး၏ ပညာကြီးမားပုံ၊ ဇွဲလုံ့လဝီရိယပြင်းထန်ပုံ စသော ဂုဏ်ကျေးဇူးများကို ရေးသားဖော်ပြ၍ ကုန်နိုင်ဖွယ်မရှိပါ။ ဆရာတော်ကြီးရေးသားခဲ့သော ကျမ်းစာများနှင့် ဆောင်ရွက်ချက်များကို လေ့လာခြင်းဖြင့် အားကျအတုယူပူဇော်ကြရန် ဖြစ်သည်။ မောဂ္ဂလ္လာန်နိဿယနိဂုံး၌ ဂါထာ (၄)ပုဒ်ဖြင့် ဖော်ပြထားသော အဘယာရာမဆရာတော်ကြီး၏ထူးခြားလေးနက်သော ဆုတောင်းများကို ဖော်ပြပေးလိုက်ပါသည်။

'မောဂ္ဂလ္လာန်နိဿယကျမ်းသည် ကိုယ်၏ပင်ပန်းဘေးဘျမ်းဥပဒ်စိတ်ဓာတ်ဆင်းရဲခြင်းမရှိဘဲ ပြီးဆုံးပြီ။ မိုးတိမ်သည်းလည်း ရွာသင့်ရွာထိုက်သောကာလ၌ အရည်ထန်ရွှန်း ရွာသွန်းပါစေသတည်း။ ငါတို့မျိုးမြန်မာ သတ္တဝါအပေါင်းသည်လည်း အချင်းချင်းချစ်ခင် မေတ္တာဝင်ခြင်းဖြင့် ကောင်းစွာ တစ်နေ့တခြားကြီးပွားပါစေသတည်း။ ဤသို့ ဆည်းပူးကုသိုလ်ထူးကြောင့် ငါ၏မိခင်၊ ဖခင်၊ ဆရာ၊ ဆရာ၏ဆရာ၊ ပစ္စယဒါယကာဒါယိကာမများနှင့် သာသနာပြုပုဂ္ဂိုလ် အပေါင်းတို့သည် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဖြစ်သော အရိယာမဂ်ကို ရကြပါစေသတည်း။ သူတစ်ပါးတို့အကျိုးငှာ ဤကျမ်းကို ရေးသားခြင်းဖြင့် အခြားရဲ့ အကျော်အစောနှင့် ပစ္စည်းဥစ္စာကို ငါအလိုမရှိ၊ ဤကျမ်းကိုပြုစုခြင်းဖြင့် ရရှိသောကုသိုလ်အထူးသည် နောင်ကာလ၌ ငါ၏သဗ္ဗညုတဉာဏ်၏ အကြောင်းတရားဖြစ်ပါစေသတည်း (သဗ္ဗညုဘုရားဖြစ်ရပါလို၏)'။

ဦးဥဇ္ဇင်ဇော
(သာမဏေကျော်၊ မွန်စာစရိယ၊ M.A)

ခိုင်းနွှားများ အစာစားပျက်နေလျှင် နတ်မောက်မြင်းသန့်နိုင်

မြန်မာ့လယ်ယာမြေတွင် ယနေ့အချိန်အထိ လက်လွတ်မရနိုင်သေးဘဲ အသုံးပြုနေရသော ခိုင်းနွှား၊ ခိုင်းကျွဲများသည် အစဉ်ကျန်းမာသန်စွမ်းနေစေရန် ဂရုစိုက်သင့်ပါသည်။

အစားမှန်မှန်စားမွှန်အားပြည့်ဖြိုးပြီး အလုပ်ခွင်တွင် လုပ်ငန်းတွင်ကျယ်ပြီးစီးအောင် ထွန်ယက်လုပ်ကိုင်နိုင်ပါမည်။

ထိုခိုင်းကျွဲ၊ ခိုင်းနွားများတွင် နေပူမိ၍လည်းကောင်း၊ အလုပ်ဒဏ်ပိပြီးခိုင်းစေမှုများလွန်းလျှင်သော် လည်းကောင်း အစာကောင်းစွာ မစားနိုင်ဘဲ အစားအသောက်ပျက်တတ်ပါသည်။

ထိုကဲ့သို့ အစားအသောက်ပျက်နေသောခိုင်းနွားကို အောက်ပါမြန်မာ့ရိုးရာဆေးနည်းဖြင့် အမြန်ဆုံးကုသပေးလိုက်ပါ။

သံပရာသီးရင့်ရင့်ဆိုလျှင် ငါးလုံးသို့မဟုတ် သံပရာသီးမရနိုင်လျှင် ရှောက်သီးရင့်ရင့်သုံးလုံးကို အခွံခွာ၊ နုပ်နုပ်လိုးဖြတ်ပြီး ထန်းလျက်ငါးလုံးကိုထုထောင်းထည့်နယ်ကာ နွားကို ပါးစပ်ဖြဲခွံ့ကျွေးပေးပါ။ တစ်ရက်ခန့်အနားပေးထားပါ။ နောက်နေ့တွင် တစ်ကြိမ်ထပ်ပြုလုပ်ခွံ့ကျွေးပေးလိုက်ပါ။

ယင်းကဲ့သို့ ပြုလုပ်ကျွေးပေးလိုက်လျှင် ခိုင်းနွားသည် အစာကောင်းစွာစားပြီး အင်အားပြည့်ဖြိုးကာ အလုပ်ခွင်တွင် အဆင်ပြေစွာ ခိုင်းစေအသုံးပြုနိုင်ပါလိမ့်မည်။


နတ်မောက်မြို့နယ် စည်ရွာမှ အဘဦးတင်အောင်၏ လက်တွေ့နည်းဖြစ်၍ ရေးသား တင်ပြအပ်ပါသည်။

နတ်မောက်ထူးသန့်နိုင်

www.burmeseclassic.com

www.burmeseclassic.com







မပြီးသေးသောပန်းချီကားတစ်ချပ် အိုမာဟုတ်
ရွှေကံကူမိသားစု ဒုတိယမြောက်တည်ထောင်ကိုးကွယ်မည့်
အောင်ကြွေစေရန် မြသိန်းတန်စေတိတော်
ဘိုဘို(ရွှေကံကူ)

(ယခင်လမှအဆက်)

နောက်တစ်နေ့တွင် စာရေးသူ၊ ကိုဝင်းကိုနှင့် မောင်နိုင်တို့ ထုံးဖို့ရွာသို့ သွားခဲ့ကြသည်။ ဆရာတော်ကြီးလမ်းညွှန်လိုက်သည့်အတိုင်းပင် (၁၂)မိုင်(၅)ဖာလုံတွင် ဆရာကြီးဦးစိုးပိုင်၏ နေအိမ်ကို တွေ့ရှိရသည်။ ပြင်ဦးလွင်ကားလမ်းမေးတင်လမ်း၏တောင်ဘက် မန္တလေးဘက်ကသွားလျှင် လမ်း၏ညာဘက်တွင် ရှိသည်။ ဆရာတော်ဘုရားကြီးမိန့်ကြားတော်မူလိုက်သည့်အတိုင်း အိမ်ရှေ့တွင် တကယ့်သက်ရှိမြင်းအရွယ်သစ်သားမြင်းရုပ်ကြီးနှင့်ရုက္ခစိုးနတ်ကွန်းကိုလည်းတွေ့ရသည်။ အိမ်ထဲတွင် ဆရာကြီးကို အဆင်သင့်တွေ့ရသည်။ ဆရာကြီးဦးစိုးပိုင်ကို အသက် (၆၀) ကျော် (၇၀)အတွင်းဟု ခန့်မှန်းရပြီး မျက်စိတစ်ဖက်မသန်သော်လည်း မျက်မှတ်တပ်မထားပါ။ မျက်စိကြည်လင်၏။

စာရေးသူတို့အား လေးလေးစားစားပင်နှုတ်ဆက်ပြီး လာရင်းကိစ္စကို မေးပါသည်။ ဗန်းမော်ဆရာတော်ဘုရားကြီးမှ လမ်းညွှန်သဖြင့် ဆေးဝယ်ရန်လာရောက်ခဲ့ကြကြောင်းပြောပြလိုက်သည်။ ထိုအခါ ဆရာကြီးက မတ်တတ်ရပ်လိုက်ပြီး ထိုင်ထ (၅) ကြိမ်မျှလုပ်ပြ၏။

ထို့နောက် -

"ဆရာတို့၊ ကျုပ်အသက်ကိုမှန်းစမ်းပါ"

ဟုဆို၏။

စာရေးသူ၏အစ်ကို ကိုဝင်းကိုက-

"မမှန်းတတ်ပါဘူး ဆရာကြီးရယ်။ ပိုပိုလိုလိုမှန်းလိုက်မယ်၊ (၇၀) လောက်တော့ရှိရောပေါ့"

ဟု ပြောလိုက်ရာ ဆရာကြီးက-

"ကျုပ်အသက် (၈၀) ကျော်ပြီဗျ။ ဆံပင်ဆိုးဆေးလည်းမသုံးဘူး"

ဟုပြောသည်။

ယခုမှဆရာကြီး၏ခေါင်းကိုကြည့်မိသည်။ ဆံပင်ဖြူအနည်းငယ်မျှသာရှိပြီး ဆံပင်ဖျားနက်လျက်ရှိကာ ဆေးဆိုးထားသောပုံစံမဟုတ်ပါ။

ဆရာကြီးသည် ငါန်းဇွန်နယ် ရေတေးရွာဇာတိဖြစ်၍ စာရေးသူတို့နှင့် တစ်နယ်ထဲသားချင်းဖြစ်နေပါသည်။

"တကယ်တော့ ကျုပ်နဲ့ ဆရာတို့က မသေလို့တွေ့ရတာဗျ။ ကွန်မြူနစ်ရဲဘော်ဖြူခေတ်ကပေါ့ဗျာ။ ကျုပ်က ကိုရင်ဝတ်နေတာ (၁၇)နှစ်သားလောက်ပေါ့။ ကိုရင်ဝတ်နဲ့ပဲ သူကြီးသမီးအေးမြနဲ့ရည်ငံသွားတယ်။ သူကြီးသမီးဆိုတော့ ကျောင်းကို နေ့တိုင်းဆွမ်းပို့လာတာကိုးဗျ။ အဲဒီအချိန်မှာ ကျုပ်တို့ရွာဝန်းကျင်မှာ ပိုလ်တေဆိုတဲ့ဓားပြအဖွဲ့ကလည်း သောင်းကျန်းနေတယ်"

"တကယ်တော့ ပိုလ်တေကတစ်ကိုယ်တော်လူမိုက်ပါ။ သူ့နောက်မှာ နောက်လိုက်ငယ်သားအဖွဲ့ရယ်လို့မရှိပါဘူး။ သေနတ်လည်းမရှိဘူး။ ဝါးရင်းတုတ်ပဲကိုင်တယ်။ သူက လူတွေကိုဓားပြတိုက်ရင် ဝက်လံတောကိုင်းတောထဲမှာပဲတိုက်တယ်။ ခရီးသွားတွေ ဝတ်လုံတောထဲရောက်တာနဲ့ မင်းတို့ကို ငါလူတွေက ဝိုင်းထားပြီ။သေနတ်တွေနဲ့ချိန်ထားတယ်မလူပ်နဲ့။ ပါတာအကုန်ထုတ် ဘာမှမချန်နဲ့။ တွေ့လို့ကတော့ အသေပဲဆိုပြီးတော့ ဝက်လံတောကိုင်းတောဘက်အဝေးကောင်တွေ ရုတ်ရုတ်ရုတ်ရုတ်ပစ်တာနဲ့ပစ်ကွာဆိုပြီး မာန်ပါပါပြောလိုက်သေးတယ်။ ခရီးသည်ကြေးပါတာတွေအကုန်ချပြီးလည်းပြေးလေရာ ပိုလ်တေကလိုင်းတောထဲဝင်ပြီး ပြောက်အိုးတွေခွဲ

www.burmeseclassic.com

www.burmeseclassic.com









တယ်။ အဲဒီတော့ ခရီးသည်တွေက တကယ့်ဓားပြအဖွဲ့ကြီးလို့ထင်နေကြတာပေါ့။ ပြီးတော့ ဗိုလ်တေက သူကြီးနဲ့ အဆက်အသွယ်ရှိတယ်။ သူဓားပြတိုက်လို့ ရသမျှ သူကြီးကိုဝေစုခွဲပေးရတယ်။

အဲဒီအချိန်မှာ ဗိုလ်တေရဲ့သတင်းကလည်း အထက်ထိအောင်ကျော်ကြားနေပြီဆိုတော့ မြို့နယ်လူကြီးတွေက သူကြီးကို ဗိုလ်တေကိုအမြန်ဆုံးဖမ်းပြီး အပ်ပါ။ အသေရရအရှင်ရရ ဗိုလ်တေကို မှဖမ်းမပေးနိုင်ရင် သူကြီးကိုရာထူးကဖြုတ်မယ်လို့အမိန့်ထုတ်လိုက်တယ်။ အဲဒီတော့ သူကြီးလည်း ကြံရာမရာဖြစ်ရပါရော။ အဲဒီရက်မှာပဲ ကျေပ်ကလည်း ကိုရင်ဝတ်နဲ့မပျော်တော့လို့ လူထွက်လိုက်တယ်။ သူကြီးက ကျေပ်နဲ့ သူသမီးကိုလည်း မသက်ာဖြစ်နေတာ့ ကျေပ် ကိုရင်လူထွက်လိုက်ပြီဆိုတဲ့သတင်းလည်းကြားရော တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောနဲ့ ကျေပ်ကိုဓားပြဗိုလ်ဗိုလ်တေလုပ်ပြီးဖမ်းဖို့ရာစီစဉ်တော့တာပဲ။

ကျေပ်မှ သက်နှံးဝတ်ခွတ်ပြီး ပုဆိုးအကျီလဲနေတုန်းရှိသေး ကျောင်းကို အေးမြအပြေးရောက်လာပြီး -

"ကိုရင်ပြေးတော့၊ ပြေးတော့။ အဖေရဲ့လူတွေလာနေကြပြီ။ ကိုရင့်ကို သတ်ကြတော့မှာ"

လို့ ပြောတယ်။ ကျေပ်လည်းရုတ်တရက်ကြောင်သွားတာပေါ့။

"အေးမြရယ် ကျေပ်မှာ ဘာအပြစ်မှမရှိတာ သူကြီးက ဘာလို့ဖမ်းမှာလဲ"

ဆိုတော့ -

"တော် အဲဒါတွေ နောက်တော့သိလိမ့်မယ်။ ဟိုမှာ ဝင်လာကြပြီ၊ လွတ်အောင်ပြေးပါတော့"

လို့ ကျောင်းဝိုင်းပေါက်ဘက်ကို လက်ညှိုးထိုးပြတာနဲ့ ကျေပ်လည်းလှမ်းကြည့်လိုက်တယ်။ ဟုတ်ပဲ့ဗျာ။ မျက်စိကိုပြာပြီး ရင်ထဲမှာတဒိန်းဒိန်းနဲ့ဖြစ်သွားတော့တာပေါ့။ ခြေလက်တွေလည်းအေးစက်ပြီး ယိုင်လဲသွားမလိုဖြစ်သွားတယ်။

"ဟေ့ကောင် မောင်လေးမပြေးနဲ့"

"ဟေ့ကောင် မောင်လေး သူခိုး၊ ဓားပြသေပေတော့"

လို့ ငြာသံပေးပြီး တုတ်တွေ၊ ဓားတွေနဲ့ သူကြီးရဲ့လူတွေ (၂၀) လောက် ကျေပ်ဆီကိုပြေးလာကြတယ်။

အေးမြက -

"တော်ဘာလုပ်နေတာလဲ ပြေးတော့၊ ပြေးတော့"

ဆိုပြီး တွန်းလွှတ်မှ ကျေပ်လည်း သတိဝင်ပြီး ကျောင်းရဲ့နောက်ဖေးဘက်ကိုပြေးသွားလိုက်တယ်။

စိတ်လှုပ်ရှားပြီး ကြောက်အားကြီးနေတော့ လူကအားလည်းမရှိဘူး။ ခြေလှမ်းတွေကလည်း ဘယ်လိုပဲတအားပြေးပြေး ရှေ့မရောက်ဘဲဖြစ်နေတယ်။ ဇောချွေးတွေလည်းရွှဲနစ်လို့ မောလိုက်တာလည်း ရင်ကွဲမတတ်ပါဘဲ။ ရန်သူတွေက ကျေပ်ကိုမြင်သွားတော့ ခွေးအုပ်ကြီးလိုပဲ သဲသဲမဲမဲပြေးလိုက်လာကြတာပေါ့။ တုတ်တွေ၊ ဓားတွေ၊ လှံတွေနဲ့လည်း လှမ်းပစ်တယ်။ မမှန်လို့သာပေါ့ဗျာ။ ပြီးတော့ ခလုတ်တိုက်ပြီးလဲတာလည်းတော်သေးတယ်။ ထိုလိုက်လို့ကတော့ သူတို့လက်ကလွတ်မှာမဟုတ်တော့ဘူး။ အရိုးကြွေးအသားတခြားဖြစ်အောင် ထိုးလှီးခုတ်ကြမှာဗျ။

ဖြစ်ချင်ရာဖြစ်ဆိုပြီး စိတ်ကိုလျှော့

www.burmeseclassic.com

www.burmeseclassic.com

လိုက်မှ လူကအားရှိပြီးပြေးနိုင်တော့တာဗျ။ ဒါပေမယ့် ရှေ့မှာက ထန်းတစ်ဖျားလောက်မြင့်တဲ့ချောက်ကမ်းပါးကြီးဆီးနေတယ်။ ဟိုဘက်က ဧရာဝတီမြစ်ကိုးဗျ။ ကျွပ်မှာကရွေးချယ်စရာမရှိတော့ပါဘူး။ ဒီချောက်ထဲကိုမှ ခုန်မချလို့မဖြစ်တော့ဘူးလေ။ ဒါကြောင့် ကျွပ်လည်း အရှိန်နဲ့ပြေးပြီး ခုန်ချလိုက်တာ အသည်းတွေအူတွေများပြောင်းပြန်ဖြစ်ကုန်ပြီလားလို့ အောက်မေ့နေတယ်။ ရင်ထဲကို အေးခနဲဖြစ်သွားတာပဲ။ လေဟာနယ်ထဲရောက်သွားတာကိုး။ အဲဒီချောက်ကမ်းပါးထက်ကနေ ဧရာဝတီမြစ်ရေပြင်ပေါ် ကျဆင်းလာတဲ့အချိန်ဟာ တကယ်တော့ ခဏကလေးပါ။ အဲဒီခဏကလေးခံစားရတဲ့ခံစားချက်ကို ကျွပ်တစ်သက်မမေ့တော့ဘူး။ အခုပြောရင်းကိုပဲ ပြန်ခံစားရတယ်။ အတော့်ကိုကောင်းတဲ့ခံစားချက်ပါ။ အဲဒီခံစားချက်မျိုးကလည်း အသက်ဘေးနဲ့ကြုံလို့သာရရှိခဲ့တာပါ။ ဒီအတိုင်းသက်သက်ကတော့ ဒီလောက်မြင့်တဲ့ချောက်ကမ်းပါးကြီးပေါ်က ဘယ်ခုန်ချရဲမှာလဲ။

ဗွမ်းဆို ရေပြင်ပေါ်ကိုကျတာ တစ်ကိုယ်လုံးကိုစပ်သွားတာပဲ။ တော်ပါသေးတယ် သတိလစ်မသွားဘူး။ ရေအောက်ထဲမြုပ်ထားပြီးဘွားခနဲပေါ်လာတယ်။ ကျွပ်လည်း ဟိုဘက်ကမ်းကိုရည်မှန်းပြီးကူးတော့တာပဲ။ မြစ်ပြင်လည်းတစ်ဝက်ကျော်ရော ခြေကုန်လက်ပန်းကျလာတယ်။ ရွှေဖို့ရာထက် ရေထဲကိုမြုပ်မသွားအောင်ဘဲ ဂရုစိုက်ပြီးနေရတယ်။ ရန်သူလက်ကတော့လွတ်ပါရဲ့။ ဒါပေမယ့် ရေနစ်ပြီးသေရတော့မှာပဲလို့တွေးရင်း နောက်တော့ လုံးဝကိုယ်မဖော့နိုင်တော့ဘဲ ရေအောက်မြုပ်သွားတယ်။ နားထဲမှာရေသံတွေပဲကြားနေရပြီး အသိတရားကင်းလွတ်သွားတယ်။ အမှောင်ကမ္ဘာထဲကိုရောက်သွားတော့တာပဲ ဘာမှမသိတော့ဘူး။

သတိရတော့ ချမ်းတုန်နေပြီး မျက်စိတွေလည်းစပ်၊ တစ်ကိုယ်လုံးနာကျင်နေတယ်။ ဗိုက်ကလည်းဆာလိုက်တာ။ တဲလေးတစ်လုံးထဲက အိပ်ရာပေါ်ရောက်နေတာကိုး။ လှုပ်လိုက်တာနဲ့ နာလွန်းလို့ ကျွတ်ကျွတ်ဆိုပြီး စုတ်သပ်လိုက်တော့ -

"ဟော-ကောင်လေးသတိရလာပြီ








www.burmeseclassic.com

www.burmeseclassic.com

ဟေ့”

လို့ ပြောပြီး အဘိုးကြီးနဲ့ အဘွားကြီးရောက်လာကြတယ်။ ပြီးတော့ ဆန်ပြုတ်ပူပူလေးတိုက်တယ်။ ငါ့မြေးကဘယ်ရွာကလဲလို့မေးတော့ ကုလားရွာကပါလို့ပြောလိုက်တယ်။ ဒါက ဆီမီးခုံရွာပေါ့။ ငါ့မြေး အဝေးကြီးကိုမျောပါလာတာကိုး။ ဒီဆေးလေးသောက်လိုက်ဦးဆိုပြီး အခိုးထုတ်ဆေးတိုက်တယ်။ ခဏနေတော့ ပြန်ပြီးအိပ်ပျော်သွားတယ်။

တော်တော်ကြာကြာကိုအိပ်ပျော်သွားတာပေါ့။ အိပ်ရာကနိုးတော့ ညနေစောင်းနေပြီ။ အကောင်းပကတိလည်းဖြစ်သွားပြီ။ အဲဒါကြောင့် ထထိုင်ပြီး ခေါင်းရင်း ရေအိုးစင်က ရေခပ်သောက်လိုက်တယ်။ မီးဖိုတဲဘက်က ငါးကြော်နေတဲ့အနံ့ကလည်း မွှေးကြိုင်နေတာပဲ။ ထမင်းကလည်း ဆာလိုက်တာမပြောပါနဲ့တော့။

“လူလေး နိုးပြီလား နေကောင်းပြီလား”

“ဟုတ်ကဲ့ - အဘိုး၊ ကျွန်တော် နေကောင်းပါပြီ”

“မယ်တင့်ရေ၊ ဒီမှာ မြေးလေး နိုးနေပြီဟေ့။ ထမင်းပြင်လိုက်တော့”

ခဏကြာတော့ ထမင်းစားကြတယ်။ ထမင်းစားရင်းနဲ့မှ လူကလေးဘယ်လိုဘယ်အကြောင်းကြောင့်အခုလိုဖြစ်လာတာလဲလို့မေးတယ်။ ကျွဲပဲလည်းအလုံးစုံကို ပြောပြလိုက်တော့ --

“ဒါဆို ဒီလိုနေလို့မဖြစ်ဘူး။ ထမင်းဝအောင်စားလိုက်။ စားပြီးရင် ဆရာတော်ဆီသွားရအောင်”

ထမင်းစားပြီးတာနဲ့ အဘိုးက












www.burmeseclassic.com

www.burmeseclassic.com




ကျွပ်ကို ဘုန်းကြီးကျောင်းလိုက်ပို့တယ်။ ရှေ့ခေတ် ပျဉ်ထောင် (၂) ထပ်ကျောင်းကြီးဗျ။ နည်းတဲ့ကျောင်းကြီးမဟုတ်ဘူး။ ကျောင်းဝင်းထဲမှာလည်း ဧရာမမန်ကျည်းပင်ကြီးတွေက အုံဆိုင်းလို့ ဆရာတော်ကြီးကလည်း အသက် (၈၀) ကျော်လောက်ရှိပြီ။ အဘိုးက ဆရာတော်ကြီးကို ရှိခိုးပြီးတာနဲ့ အကျိုးအကြောင်း လျှောက်ထားလိုက်တယ်။

"ကောင်လေး၊ ဘာနေ့သားတုံး"

"ကြာသပတေးသားပါဘုရား"

"ဒီနေ့က တနလ်းဆိုတော့ ဂဠဟေ ဓာတ်ပေါ့။ ကဲ - ဝမ်းလျားမှောက်၊ ခါးထောင်းကျိုက်ထား"

လို့ ပြောတယ်။

ဒါနဲ့ ဆရာတော်ပြောတဲ့အတိုင်း ခါးတောင်းကျိုက်ပြီး ဝမ်းလျားမှောက်ပေးလိုက်တယ်။ ဖနောင့်ဆဲနေ တံကောက်ကွေးခွက်အထိစုတ်ပေါက်တယ်။ ပူပြီး အောင့်နေတာပဲ။ အံကြိတ်ခံရတယ်။ တစ်ခါ ခါးဆစ်ကနေ ဇက်ပိုးအထိ စုတ်နဲ့ ပေါက်ပြန်တယ်။ အံကြိတ်ခံရတယ်။ တစ်ခါ ခါးဆစ်ကနေ ဇက်ပိုးအထိစုတ်နဲ့ပေါက်ပြန်တယ်။ မခံနိုင်အောင်ကိုနာတာပဲ။ ပြီးတော့ ကောင်လေးထတော့ လို့ပြောပြီး -

"ရော့ - ဟောဒီဆေးလုံးလေးတွေ ယူသွား တစ်လုံးကို အမြွတ်မဲ့ဆုံးပေတော့။ ဒီဆေးရဲ့အစွမ်းကိုတဖြည်းဖြည်း သိလာလိမ့်မယ်"

အဲဒီအချိန်မှာပဲ အသက် (၅၀) ကျော်လူကြီးတစ်ယောက်ရောက်လာပြီး ဆရာတော်ကို ရှိခိုးတယ်။

ပြီးတော့ -

"အရှင်ဘုရားအဆင်သင့်ဖြစ်ပါပြီ ဘုရား။ ဟောဒီမှာ လွယ်အိတ်ထဲမှာ အဝတ်အစား (၂)စုံ၊ ငွေ (၅၀)၊ လက်နှိပ်ဓာတ်မီးအစုံပါပါတယ်ဘုရား။ ဌက်ကြီးတောင်ဓားလည်းပါပါတယ်ဘုရား။ မြင်းမှာချိတ်ထားပါတယ် ဘုရား"

လို့ လျှောက်ထားတယ်။

ဆရာတော်ကြီးက -

"အေး - ကောင်းပြီ"

လို့ ဆိုပြီး ကျွပ်ဘက်ကိုလှည့်လို့-

"ကဲ-ကောင်လေး အချိန်မရှိတော့ဘူး။ ဒီပစ္စည်းတွေယူ၊ ဒီမြင်းစီးပြီး လွတ်ရာကျွတ်ရာသွားပေတော့။ မစီးတတ်လည်း မြင်းသွားတဲ့အတိုင်းသာလိုက်သွားပေတော့။ နောက်တော့ အဆင်ပြေသွားလိမ့်မယ်လို့မိန့်တယ်။

ကျွပ်လည်း ဆရာတော်နဲ့ အဘိုးကို ကန်တော့လိုက်တယ်။ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ ဘေးရန်အန္တရာယ်ကင်းပါစေလို့ ဆုတောင်းပေးကြတယ်။ ပြီးတော့ မြင်းယူလာတဲ့လူကြီးက ကျွပ်ကို မြင်းပေါ် တင်ပေးလိုက်တယ်။ ကျွပ်လည်း မြင်းမစီးဘူးတော့ ကြောက်မာပေါ့။ ကြောက်ကြောက်နဲ့ပဲ မြင်းပေါ်ပါသွားတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဦးစိုးပိုင်သည် တစ်ရွာဝင်တစ်ရွာထွက် နားလိုက်သွားလိုက်နှင့် ပခုက္ကူရေစကြိုနယ်သို့ ရောက်သွားခဲ့သည်။ လမ်းတွင် ဓားပြများနှင့်တွေ့၏။ လူဆိုးလူမိုက်များနှင့်တွေ့သည်။ သို့သော် ဦးစိုးပိုင်သည် တုတ်ပြီး၊ ဓားပြီး၊ ကျည်မထွက်လူစွမ်းကောင်းဖြစ်သွားသောကြောင့် ရန်များအားလုံးကို အောင်နိုင်ခဲ့သည်။ ကွန်မြူနစ်အဖွဲ့များ၊ ရဲဘော်ဖြူအဖွဲ့များကိုလည်း ဩဇာလွှမ်းမိုးနိုင်ခဲ့လေသည်။ ကွန်မြူနစ်အဖွဲ့များ၊ ရဲဘော်ဖြူအဖွဲ့များကိုလည်း ဩဇာလွှမ်းမိုးနိုင်ခဲ့လေသည်။ သို့သော် ဦးစိုးပိုင်သည် အဖွဲ့အစည်းမထူထောင်ပါ။ မကောင်းသူပယ်၊ ကောင်းသူကယ်ပြီး 'တစ်ကိုယ်တော်မောင်ကလေး' ဟု ကျော်ကြားလာခဲ့၏။ သူကြီးကိုလည်း ပြန်လည်လက်စားချေရန် စီစဉ်သော်လည်း မိမိ၏ငယ်ဆရာရွာဦးဆရာတော်မှ သူကြီး၏အသက်ကို အလှူခံသဖြင့် သူကြီးကိုမသတ်လိုက်ရပါ။

ဤသို့ဖြင့် ခေတ်စနစ်များလည်း ပြောင်းလာခဲ့သည်။ တစ်ကိုယ်တော်လူစွမ်းကောင်းလူဆိုးကြီးမောင်ကလေးဟု ထင်ရှားကျော်ကြားနေသော ဦးစိုးပိုင်လည်း အလင်းသို့ဝင်ရောက်ခဲ့ပြီး ရေကြည်ရာမြက်နုရာ မန္တလေးဘက်သို့ ပြောင်းရွှေ့လာခဲ့သည်။ ထို့နောက်တော့ ထုံးဖိုသူနှင့်အိမ်ထောင်ကျကာ သားသမီးများရရှိလာခဲ့သည်။ ဦးစိုးပိုင်သည် ညပိုင်းအိပ်မပျော်သောအခါများတွင် တစ်ကိုယ်တော် မောင်ကလေးဘဝက လူသတ်ခဲ့သည်တို့ကို ပြန်လည်မြင်ယောင်မိပြီး ထိုအကုသိုလ်အပြစ်တို့သည် မိမိပြန်လည်ပေးဆပ်ရမှာပါတကားဟုတွေးကာ ထိတ်လန့်ကြောက်ရွံ့လာမိသည်။ ထို့ကြောင့် ဆရာကောင်းသမားကောင်းများထံချဉ်းကပ်ပြီး မေးမြန်းနာကြားသည်။ ထိုအခါ ဝိပဿနာတရားသာလျှင် ပဉ္စာနန္တရိယကံမှလွဲသော အကုသိုလ်တို့ကို ချေဖျက်နိုင်သည်ဟုသိရှိလိုက်ရာ ဝမ်းသာသွားသည်။

ဝိပဿနာပွားများအားထုတ်လျှင် မိသားစုနှင့်ခွဲခွာရမည်။ ထိုသို့ဆိုလျှင် မိသားစုကို လုံလောက်သော ငွေကြေးရှာဖွေစုဆောင်းပေးနိုင်မှသာ တရားနည်းလမ်းကျလိမ့်မည်ဟုတွေးမိ၏။ ထို့ကြောင့် ထိုနေ့ထိုအခွံနှိမ့်စ၍ သမ္မာအာဇီဝကျပြီး ငွေရမည့်အလုပ်ဟူသမျှကို ကြိုးစားပြီး လုပ်သည်။ အခွံနှိမ့်သတ်မှတ်ချက်မထားရှိပါ။ အလုပ်ရှိသရွေ့လုပ်သည်။ ချွေတာသုံးစွဲသည်။ ငွေစုသည်။ မကြာမီ သိန်း (၃၀)စုမိ၏။ ထိုအခါမှ ၎င်း၏ရည်ရွယ်ချက်ကို မိသားစုအား အသိပေးပြီးခွင့်ပန်၏။ ခွင့်ပြုချက်ရရှိသောအခါ (၂၇)သိန်းကို ဇနီးနှင့် သားသမီးများကိုပေးအပ်ပြီး ၎င်းကတော့ ငွေ (၃)သိန်းသာယူဆောင်သွားသည်။

တရားစခန်းကို (၃) နေရာခန့် ဝင်ရောက်ပြီး နည်းနာခံယူသင်ယူ၏။ ထို့နောက် သက်နီးပရိက္ခရာဝယ်ယူပြီး ကိုရင်ကြီးဝတ်လိုက်သည်။ လူသူရောက်ပေါက်မှုမရှိသော ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ဗန်းမော်အကြားရှိ မောင်နမတောင် တောနက်ကြီးအတွင်း၌ သစ်သီးသစ်ဥသစ်ဖုနှင့် ငှက်ပျောဖူးတို့ကိုစားပြီး တရားကျင့်ကြံနေထိုင်ခဲ့သည်။ ကျောင်းသစ်မ်းဆောက်လုပ်နေထိုင်ခြင်းမပြုပါ။ သဘာဝလိုဏ်ဂူကြီးအတွင်း၌သာ မြွေကြီး (၂) ကောင်နှင့် နေထိုင်ပါသည်။ ထိုကာလများအတွင်း၌ ထူးခြားသောအဖြစ်တို့ များစွာဖြစ်ပေါ် ခဲ့သည်။ ဤသို့ဖြင့် (၁၇) နှစ်ကြာမြင့်သောအခါ အကြောရောဂါရရှိပြီး ခြေထောက်အင်ကွေးအဆန့်တို့ခက်ခဲလာ၏။ ဇက်ခိုင်











www.burmeseclassic.com

www.burmeseclassic.com

လာ၏။ ဆက်လက်နေထိုင်၍မဖြစ်တော့ အောင် ကျန်းမာရေးအခြေအနေဆိုးဝါး လာသဖြင့် ထိုတောထဲမှထွက်ကာ မြစ်ကြီးနားမှတစ်ဆင့် ထုံးဖိုသို့ပြန်ခဲ့သည်။ မြစ်ကြီးနားမှာပင် လူဝတ်လဲခဲ့၏။

မိသားစုနှင့်ပြန်လည်ဆုံတွေ့သော အခါ သားနှင့်သမီးသည် အိမ်ထောင်ကျ နေပြီး ဇနီးသည်မှာလည်း နာမကျန်းဖြစ် နေသည်။ မကြာမီ ဇနီးသည်လည်း ကွယ်လွန်သွားသည်။ ထို့နောက် ဒုတိယ အိမ်ထောင်ကျသည်။ ထို့နောက် ရေ တွင်ဖော်ပြခဲ့သည့်အတိုင်း ရှမ်းဆရာကြီး နှင့်တွေ့ဆုံခဲ့ပြီး ယခုအနေအထားသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်ဟု ပြောပြ ၏။

စာရေးသူတို့လည်း မအားသည့် ကြားမှ စိတ်ဝင်စားစရာကောင်းလှသော ဦးစိုးပိုင်၏ဘဝဇာတ်ကြောင်းကို ဆုံးခန်း တိုင်အောင် နားထောင်လိုက်ကြရ၏။ ပြီးမှ ဆေးဘူးများဝယ်ယူကြသည်။ ဆေး ဘူးသည် စတုမဓူဘူးခန့်ရှိသည်။ ဆေးမှာ ဆေးပြား၊ ဆေးမှုန့်မဟုတ်ပါ။ ချက်ဆေး တေဆေးကဲ့သို့ အပျော့ဖြစ်ပါ၏။

"အဝေးဒေသတွေကိုလည်း ပို့ရ တယ်ဗျ။ အနည်းဆုံး ဘူး (၃၀) မှာမှပို့ ပေးနိုင်တယ်"

ဟု ဆိုသဖြင့် ကိုဝင်းကိုက -

"ဆရာကြီး၊ ကျွန်တော့်အိမ်က စတိုးဆိုင်ဆိုတော့ စဉ်ကိုင်ကလူတွေ တစ်ဘူးတလေနဲ့လာမဝယ်ရအောင်ဆိုင် မှာတင်ထားဦးမှာပဲ။ ကျွန်တော့်ကို ဘယ်လောက်နှုန်းထားပေးနိုင်မလဲဗျ"

ဟု မေး၏။

ဦးစိုးပိုင်က -

"ဦးဝင်းကိုရယ် ကျုပ်က တစ်နေ့မှ ဘူး (၃၀) ပဲထုတ်တာ။ ပြီးတော့ တစ်ဘူး ကို ကျုပ်အတွက် (၃၀၃) ကျပ်ပဲ ကျန် တာမို့ ဈေးကိုတော့ မလျှော့ရပါစေနဲ့ တော့ဗျာ။ ဦးဝင်းကိုဘာသာသင့်တော် တဲ့ အမြတ်တင်ရောင်းပေါ့ဗျာ"

ဟုပြောပါသည်။

ဦးဝင်းကိုက -

"ကျွန်တော့်ဟိုက်ဂျက်ကားလေးနဲ့ လာမယ်ဆိုရင် ဆီဖိုး (၆၀၀၀) လောက် တော့ကုန်မှာဆိုတော့ တစ်ဘူး (၃၅၀၀) ရောင်းမယ်"

ဟုပြောလိုက်၏။

စာရေးသူက (၃) ဘူး၊ မောင်နိုင် က (၃) ဘူး၊ ဦးဝင်းကိုက (၁၀) ဘူးဝယ် ခဲ့ကြသည်။

၃၀ ရက်နေ့တွင် စာရေးသူတို့သည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်



(၇၃) လမ်းနှင့် (၆၉) လမ်းကြား (၃၉) လုံးပေါ်ရှိ ဗန်းမော်ကျောင်းတိုက်သို့ ထွက်ခဲ့ကြသည်။ ဗန်းမော်ဆရာတော် ဘုရားကြီးကို အဆင်သင့်ဖူးတွေ့ရ၏။ ရုတ်တရက်သော် ဆရာတော်ဘုရားကြီး သည် စာရေးသူကို မမှတ်မိပါ။ အတန် ကြာမှ-

"မင်းက ရွှေကံကူက ဘိုဘိုမဟုတ် လားကွ။ ဘာရှိတုံး"

ဟုမေးတော်မူပါသည်။

၁၂. လပိုင်း၊ ၃ ရက်နေ့တွင် မဒိုးရိမ်ကျောင်းတိုက်အတွင်း ပြုလုပ်မည့် ကျောင်းဆောင်ပန်းတင်မင်္ဂလာပြုလုပ် မည့်အကြောင်းလျှောက်ထားပြီး ထိုပန်း တင်မင်္ဂလာသို့ ဆရာတော်ဘုရားကြီးကြွ ရောက် ခီးမြှင့်တော်မူပါရန် လာရောက် လျှောက်ထားခြင်းဖြစ်ကြောင်း ထပ်မံ လျှောက်ထားလိုက်သည်။

ထိုအခါ ဆရာတော်ဘုရားကြီး က-

"မဌေးဝင်း၊ ဝိုက်ဘုတ်မှာကြည့် စမ်း။ မင်းတို့က ဘယ်အချိန်တုံးက"

"အာရုံဆွမ်းပါဘုရား"

"မဌေးဝင်း၊ ၃ ရက်နေ့ မနက်ခင်း ကြည့်လိုက်"

ဟု မိန့်တော်မူပါသည်။

မဌေးဝင်းက -

"နံနက်ခင်းတော့ အပင့်မရှိဘူး ဘုရား။ နေ့လယ် (၂) နာရီ လေဆိပ် ဆင်းရပါမယ်ဘုရား"

"ဒါဆိုရတာပေါ့ မေးလိုက်ပါ။ အဲဒီ မှာ တစ်ခါတည်းသာရေးလိုက်တော့"

ဟု မိန့်တော်မူပါသည်။

စာရေးသူတို့ ဝမ်းသာမဆုံးဖြစ်ရ သည်။ ဆရာတော်ဘုရားကြီးအား ပထမဦးဆုံးပင့်သောအခေါက်မှာတွင်ပင် ရှောရှာရှာရှာရှာ ပင့်ဆောင်ခွင့်ရသဖြင့် စာရေးသူတို့နှင့် ဆရာတော်ဘုရားကြီး တို့ ရေစက်ပဋ္ဌာန်းဆက်ပါရှိမည်ဟုဆိုရ မည် ဖြစ်ပါသည်။

ရုပ်ရှင်တော်မြတ်သည် ဤယနေ့ မှာပင် ရန်ကုန်မြို့ သို့ကြွမြန်းတော်မူသွား ပြီဖြစ်ပါသည်။ မဒိုးရိမ်ဆရာတော်ဘုရား ကြီးသည်လည်း သာသနာ့တာဝန်ဖြင့် ဗန်းမော်ဆရာတော်ကြီးနှင့် ဩစတေးလျ သို့ အတူတကွကြွမြန်းတော်မူရန် ခရီးစဉ် ရှိရာ ဩစတေးလျတွင် တပည့်ဒါယကာ များရှိနေ၍ လည်ပတ်ချိန်ရရှိရန်ကြို့တင် ကြွရောက်နှင့်မည်ဖြစ်၍ ရန်ကုန်မြို့ သို့ ကြွမြန်းသွားတော်မူပြီဖြစ်၏။ ထို့ကြောင့် ထီးတင်ပွဲတွင် မယ်တော်ကြီးလည်းမရှိ ပါ။ မဒိုးရိမ်ဆရာတော်ဘုရားကြီးလည်း ရှိမည်မဟုတ်ပါ။ ဆရာတော်ဘုရားကြီး ဦးတိက္ခကို လျှောက်ထားသောအခါက လည်း ထိုနေ့တွင် ဆရာတော်ဘုရားကြီး ၏ ဆာသနာပြုစခန်းတစ်ခုဖြစ်သော ပြင်ဦးလွင်မြို့ အနီးစခန်းအနီး ဓာတ်တော် ချိုင့်တွင် တည်ထားလျက်ရှိသော စေတီ တော်ကြီး၏ဌာပနာပိတ်ပွဲနှင့် တိုက်ဆိုင် နေသဖြင့် ကြွရောက်နိုင်မည် မဟုတ် ကြောင်း သိရှိထား၍ နဝိုက ပန္နက်တင်ပွဲ ကိုအကျဉ်းရုံးသာပြုလုပ်မည်ဟု စီစဉ် ထားခဲ့ကြ၏။ ယခု ဗန်းမော်ဆရာတော် ဘုရားကြီးကြွရောက်တော်မူတော့မည် ဖြစ်ရာ အကျဉ်းရုံး၍ မရတော့ပါ။ ဆရာ တော်ဘုရားကြီး၏ဂုဏ်၊ မဒိုးရိမ်ကျောင်း တိုက်ကြီး၏ဂုဏ်၊ စာရေးသူတို့ဆောက် လုပ်လျှဒါန်းမည့် သုတ္တန္တနယူပဒေသ ကျောင်းတော်၏ဂုဏ်တို့နှင့် ကိုက်ညီ အောင် ခမ်းနားနားနား ပြုလုပ်ရမည် ဖြစ်ပါတော့သည်။

ပန္နက်တင်မင်္ဂလာသို့ ဗန်းမော် ဆရာတော်ဘုရားကြီး ကြွရောက်ခီးမြှင့် တော်မူမည့်အကြောင်းကို မယ်တော် ကြီးကိုလည်း အကြောင်းကြားလိုက် သည်။ မဒိုးရိမ်ကျောင်းတိုက်မှ ဦးပညာ သာမိကိုလည်း လျှောက်ထားလိုက်သည်။ ရွှေပြည်သာဝတီမှတာဝန်ခံအင်ဂျင်နီယာ မောင်တင်ဦးခိုင်ကိုလည်းပြောပြလိုက်ရာ အားလုံးလှုပ်လှုပ်ရှားရှားဖြစ်ကုန်၏။

"ဆရာ ဒါဆိုရင် သာမန်အဆင့် နဲ့မရတော့ဘူး။ နိုင်ငံတော်အဆင့်ဖြစ် သွားပြီ။ ကျွန်တော်တို့ကောင်းကောင်း လုပ်ရမယ်။ မပူပါနဲ့ ဆရာ။ နိုင်ငံတော် အဆင့် ပန္နက်မင်္ဂလာကျွန်တော်လုပ်ဖူး ပါတယ်"

ဟု မောင်တင်ဦးခိုင်မှပြောသည်။

မောင်တင်ဦးခိုင်ကသာ တိုင်း ကတိပြုသော်လည်း စာရေးသူမူကား စိတ်မောလျက်ရှိပါ၏။ ပြင်ဆင်ချိန်မှာ (၂) ရက်သာ ကျန်ရှိလေသော်လည်း ယခုချိန်အထိ ပန္နက်ပို့ရမည့်နေရာတွင် အင်္ဂတေချိုးများ၊ အုတ်ကျိုးအုတ်ပဲ့များ

www.burmeseclassic.com

www.burmeseclassic.com

တောင်ပုံရာပုံရှိနေသေးသည်။ မြေတိုက်ခန်းချိုင့်ခွက်ကြီးမှာလည်း အကျယ်ကြီးဖြစ်သည်။ ဤ (၂) ရက်တာနှင့် မြေတလင်းကဲ့သို့ ညီညာပြန့်ပြူးအောင်၊ အုတ်ကျိုးအုတ်စများနှင့် အင်္ဂတေစများ ပျောက်အောင် မည်သို့ရှင်းလင်းပါမည်နည်း။ မည်သို့မဏ္ဍပ်ဆောက်လုပ်ပါမည်နည်း။

စာရေးသူ၏ စိတ်ထဲတွင် ပူပန်နေသည်တို့ကို မောင်တင်ဦးခိုင်က ရိပ်စားမိပုံရသည်။

"ဆရာမပူပါနဲ့။ ကျွန်တော့်မှာ လူအင်အားတွေအများကြီးရှိပါတယ်။ အခုဘာမှမလုပ်ရသေးဘူးနော် ရှုပ်ပွနေတာပဲ။ ဒါပေမယ့် ဆရာမနက်ဖြန် ရောက်လာတဲ့အခါ လုံးဝပြောင်းလဲနေစေရ မယ်"

ဟု မောင်တင်ဦးခိုင်က ပြောပါသည်။

စတီးအလံတိုင်အသစ်များမှာယူထားရန် ဦးအေးကိုကိုသွန်းအားမှာကြားသည်။ သာသနာ့အလံအသစ်များဝယ်ယူရန် မောင်ဝင်းနိုင်အား တာဝန်ပေးသည်။ ကန်တော့ပွဲများကို ဝယ်ယူပြီး လာရောက်ပြင်ဆင်ရန် ဟန်ကွေစိုကို တာဝန်ပေးလိုက်သည်။ စာရေးသူတို့က ဘုရားကြီးစေ့တန်းမှ အောင်မြင့်မြတ်က နိဗ္ဗာန်ကုန်ဆိုင်သို့ဝင်ရောက်ပြီး ထီးဖြူတော် (၃) လဲက်ဝယ်ယူသည်။

ထိုညက စဉ့်ကိုင်မြို့သို့ပြန်လည်ရောက်ရှိသောအခါ ပန်းတင်မင်္ဂလာနေ့အတွက် လှူဒါန်းရမည့်လှူဖွယ်တို့ကို ပြင်ဆင်ကြရပါသည်။ မစိုးရိမ်ကျောင်းမှ ပင် (၁၁) ပါးပါဝင်ပြီး ဆရာတော်ဘုရားကြီးဦးတိက္ခ၏ကျောင်းမှ(၃)ပါး၊ ဗန်းမော်ဆရာတော်ဘုရားကြီးနှင့်ဆိုပါလျှင် စုစုပေါင်း (၁၅) ပါး ဖြစ်သည်။ ထိုနေ့တွင် ဆရာတော်ဦးတိက္ခတို့ (၃) ပါးစလုံးကြွရောက်တော်မူမည်မဟုတ်သော်လည်း လှူရန်များကတော့ ထည့်သွင်းကပ်လှူပြီး ကျောင်းသို့ပို့ဆောင်ပေးရမည် ဖြစ်သည်။

နောက်တစ်နေ့တွင် လှူဖွယ်ပစ္စည်းများယူဆောင်ပြီး မစိုးရိမ်ကျောင်းသို့ထွက်ခဲ့ကြသည်။ လူအင်အား (၇၀) ခန့်အသုံးပြုပြီး ဆောင်ရွက်လျက်ရှိကြ၏။ မောင်တင်ဦးခိုင်ကိုလည်း အဆင်သင့်တွေ့ရသည်။

"ဆရာ ညနေဆို မြေညှိပြီးသဲခင်းပြီးဖြစ်မယ်။ မနက်ဖြန် မဏ္ဍပ်ဆောက်မယ်။ မပူပါနဲ့ ဆရာ။ ပြီးပါတယ်"

ဟု ဆိုသည်။

ဆရာတော်ကြီးဦးပညာသာမိုကြွရောက်တော်မူလာပြီး -

"ဆရာဘို့၊ ဥက္ကဋ္ဌဆရာတော် ဘုရားကြီးပြန်ကြွလာမတဲ့ဗျ။ ဗန်းမော်ဆရာတော်ကြီးကြွမယ်ဆိုတော့ မနေသာတော့ဘူးပေါ့လေ။ နိုင်ငံခြားမကြွခင် သိရလို့တော်သေးတာပေါ့။ ဆရာဘိုတို့က အာဂလူတွေပါဗျာ။ နိုင်ငံတော် ဥက္ကဋ္ဌဆရာတော်ကြီးပင့်ဖို့ဆိုတာ လွယ်တာမှတ်လို့ဗျာ"

ဟု မိန့်ကြားပါသည်။

"ဆရာအသံခဲ့စက်ပါမယ်။မဏ္ဍပ်ပါမယ် လျှောက်လမ်းပါမယ်။ ပန္နက်ရိုက်မယ့်နေရာတွေမှာ ရာဇမတ်ကာမယ်။ ကြံပင်အရှင်၊ ငှက်ပျောပင်အရှင်တွေစိုက်မယ်၊ ပွဲလှူထားမယ်။ သဲဖြူခင်းထားမယ်။ ပြီးတော့ အခမ်းအနားမှူးလည်းငှားထားတယ်။ တကယ့်နာမည်ကြီးပဲ။ တစ်ပွဲကို (၅) သိန်းယူတယ်။ ကျွန်တော် ဘာသာ ကြည့်ပေးလိုက်ပါမယ်ဆရာ။ မဏ္ဍပ်စရိတ်ကလည်း (၆) သိန်းတဲ့။ ကျွန်တော်ဘာသာကြည့်ပေးလိုက်ပါမယ်"

ထိုအချိန်တွင် မန္တလေးတိုင်းဒေသကြီး သာသနာရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးဦးကျော်လှိုင်ထံမှ ဖုန်းဝင်လာပါသည်။

"ဆရာ၊ ဆရာ့ပွဲကို ကျွန်တော်ဖြစ်အောင်လာပါ့မယ်။ အခမ်းအနားဆောင်ရွက်ပေးပါ့မယ်"

ဟုပြောသည်။

တကယ်တော့ မနေ့က ဦးကျော်လှိုင်ထံဖုန်းဆက်ခဲ့၏။ အကျိုးအကြောင်းကိုပြောပြ၏။ ထိုအခါ ဦးကျော်လှိုင်က မနက်ဖြန်နံနက်တွင် ၎င်းသမီးကြီးခွဲစိတ်ခန်းဝင်ရမည်ဖြစ်၍ မလာရောက်နိုင်ပါကြောင်း၊ ထိုသို့ မလာရောက်နိုင်သည့်အတွက်လည်း ခွင့်လွှတ်ပါရန် စာရေးသူအား တောင်းပန်ထားပြီး ဖြစ်လေ၏။ ထိုကြောင့် မောင်တင်ဦးခိုင်အား အခမ်းအနားမှူးရှာဖွေစေခဲ့ခြင်းဖြစ်သည်။ ယခုတစ်ယောက်ခေါ် ထားပြီးကာမှဦးကျော်လှိုင်ကလာမည်ဟုပြောရာ မည်သို့လုပ်ရပါမည်နည်း။

"ဆရာရယ် နိုင်ငံတော်အဆင့်ပွဲဘဲ အခမ်းနားမှူးက အမျိုးသားတစ်ယောက်၊ အမျိုးသမီးတစ်ယောက်ဆိုတော့ ပိုပြီးမြို့ဆိုင်သွားတာပေါ့ဆရာ။ ပြီးတော့ သူတို့နှစ်ယောက်က နိုင်ငံတော်သာသနာရေးပွဲတွေမှာ ဆုံနေကျလေဆရာ။ အဆင်ပြေပါတယ် ပိုကောင်းသွားတာပေါ့"

ဟု မောင်တင်ဦးခိုင်မှပြောသည်။

မနက်ဖြန် ကျွေးခန်းမွေးခန်းအတွက် လူဦးရေခန့်မှန်းကြည့်သည်။သံဃာတော် (၁၀) ပါးကျော်နှင့် စာရေးသူတို့၏ တပည့်များ၊ မောင်တင်ဦးခိုင်၏ မိသားစုနှင့်တပည့်များ အားလုံး လူ (၁၀၀)ထက်နည်းမည်မဟုတ်ပါ။ အခုမှ ဆွမ်းကပ်ရန် ဘာမှမစီစဉ်ရသေးသည်ကို အမှတ်ရသည်။ သို့သော် စာရေးသူမှာ ထိုအတွက် ပြဿနာမရှိပါ။ စာရေးသူတွင် အမြဲတမ်းဆွမ်းအလှူရှင်ရှိသောကြောင့်ဖြစ်သည်။

ဆွမ်းအလှူရှင်မှာ မန္တလေးမြို့စိန်ပန်းရပ်ကွက် မဟာစည်ရိပ်သာလမ်းအတွင်းရှိ မင်းရတနာအထွေထွေရောင်းဝယ်ရေး၏ သားကြီးဖြစ်သော ကိုမျိုးနှင့် ထက်ထက်ဦးတို့ ဖြစ်သည်။ ဤမိသားစုသည် လွန်ခဲ့သော (၃) နှစ်ခန့်က ရုပ်ရှင်တော်မြတ်အား နှစ်ကြိမ်တိုင်တိုင်ပင့်ဆောင်ပူဇော်ခဲ့ကြသူများဖြစ်သည်။ ယခုနောက်ပိုင်းနှစ်များတွင် ရုပ်ရှင်တော်မြတ်သည် မန္တလေးခရိုင်အတွက် ရက်များစွာမရရှိခြင်း၊ ၎င်းတို့အားလပ်သောရက်နှင့် မကြုံကြိုက်ခြင်းတို့ကြောင့် ပင့်ဆောင်ပူဇော်ခွင့်မရရှိခြင်းဖြစ်သည်။

ရွှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း ၂၀၁၆ ခုနှစ်၊ ၆ လပိုင်း၊ ၈ ရက်နေ့တွင် စာရေးသူတို့သည် ရွှေကြက်ယက်တောင်တော်ပေါ်တွင် တည်ထားကိုးကွယ်သော ရွှေက်ကူဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင် ကြိုဖလစေတီတော်မြတ်ကြီးကို ထီးတော်တင်လှူခဲ့သည်။ ထိုရက်က မထက်ထက်ဦးတို့ကို မဖိတ်ဖြစ်လိုက်ပါ။ ထိုရက်နောက်ပိုင်းတွင် မောင်ဝင်းနိုင်က -

"ဆရာ၊ ဆရာတပည့်မထက်ထက်ဦးတို့ကနတော်ကြီး ရွှေကြက်ယက်လမ်းပေါ်မှာ မင်းရတနာဆိုတဲ့နာမည်နဲ့ ဘူဖေးထမင်းဆိုင်ဖွင့်ထားတယ်ဗျ။ ကျွန်တော် ရောက်ပြီးပြီ။ တော်တော်ကောင်းတယ်"

ဟု သတင်းပေးသည်။

တစ်နေ့ လမ်းကြုံသောအခါ စာရေးသူ၊ ဦးဝင်းကို၊ မောင်သန်းနှင့် မောင်နိုင်တို့ မင်းရတနာဆိုင်သို့သွားခဲ့ကြသည်။ တစ်ပွဲလျှင် (၂၅၀၀) ဖြစ်ပြီး ဟင်း (၁၃) မျိုး၊ အသားဟင်း (၃) မျိုး ပါဝင်သည်။ လိုသောဟင်းချက်ခိုင်းဖြည့်သည်။ ဟင်းများမှာ ရေလုံဖြစ်မဟုတ်ပါ။ အရသာရှိ၏။

"ကဲ - တို့ ဒီဘက် ထမင်းစားချိန်နဲ့ကြုံရင် ဒီပဲဝင်စားကြတာပေါ့ကွာ"

စာရေးသူက ထိုသို့ပြောလိုက်၏။

စာရေးသူတို့သည် ရွှေကြက်ယက်

www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ်ရှိ ရွှေကံကူဆံတော်ရှင်၊ ဗွယ်တော်ရှင်၊ ပြဒါးရှင် တြိဖလစေတီသို့ လစဉ် အင်္ဂလိပ်လဆန်း ၈ ရက်နေ့သို့ ရောက်တိုင်း လစဉ်အောင်ပွဲအထိမ်းအမှတ်အဖြစ် ပွဲများလာရောက်လှူဒါန်းမြဲ ဖြစ်သည်။ ထိုသို့ပွဲများလာရောက်လှူဒါန်းခြိန်မှာလည်း တပည့်များအလုပ်အားလပ်ချိန်ဖြစ်သော ညချမ်းအခါများတွင်သာလာဖြစ်ပြီး အိမ်မှထမင်းစမားခဲ့ကြတော့ဘဲ တဆိုင်ဆိုင်တွင်စားသောက်လေ့ရှိကြ၍ နောက်လများတွင် ဤဆိုင်သို့ လာရောက်ရန် ရည်ရွယ်ထားလိုက်သည်။

ထို့ကြောင့် တစ်ည သွားလိုက်သေးသည်။ ဆိုင်ပိတ်သွားပြီဖြစ်၏။ ရက် (၂၀) ခန့်ကြာသောအခါ နွေလယ် (၁၁) နာရီခန့် မင်းရတနာဘူဖေးအနီးရောက်ရှိ၍ ထမင်းဆာနေပြီလည်းဖြစ်သောကြောင့် ဝင်လိုက်ကြသည်။ စာရေးသူတို့ အခု တစ်ခေါက်နှင့်ဆိုလျှင် (၃)ခေါက်ရှိပြီဖြစ်သော်လည်း ထက်ထက်ဦးတို့ကို တစ်ခါမှ မတွေ့ပါ။ သို့သော် သည်တစ်ခေါက်တော့ ထူးခြားသလိုထင်မိသည်။ အခြားစားပွဲဝိုင်းများ၊ ထမင်းစားသူများရှိနေသော်လည်း စားပွဲထိုး(၃)ဦးခန့်သည် စာရေးသူတို့ကို ယခင်တတ်ပေးနေကြပြီး လိုအပ်သမျှ ထမင်းဟင်းများလိုက်ပေးနေ၏။ ပြောရမည်ဆိုလျှင် စားပွဲထိုးများအားလုံးသည် စာရေးသူတို့စားပွဲဝိုင်းကို သာ အရေးထားနေသကဲ့သို့ဖြစ်နေ၏။

စာရေးသူတို့ ထမင်းစားပြီးသောအခါမှ -

"ဆရာ၊ စားရတာအဆင်ပြေရဲ့လား"

ဟူသော နူတ်ဆက်သံနှင့်အတူ ထက်ထက်ဦးထွက်လာသည်။

"ဆရာဆိုင်ထဲဝင်လာကတည်းက သမီးမြင်တယ်။ ဆရာထမင်းစားပုံက သွားမှာစိုးလို့ အခုမှနူတ်ဆက်တာ"

ဟု ပြောသည်။

"ရွှေကြက်ယက်တုန်းကလည်း သမီးတို့မလာလိုက်ရဘူး။ ဒီကရွေ့ဆရာအလှူအတန်းလုပ်တိုင်း သမီးတို့ဆွမ်းကသိုလ်ယူပါရစေ။ ပန်းကန်၊ ခွက်ယောက်ရော၊ လူအင်အားရေ အချို့ပွဲ၊ လက်သုတ်ပဝါကအစ တာဝန်ယူပေးပါမယ်။ ဖုန်းသာဆက်လိုက်ပါ"

ဟု ပြောသည်။

ထို့ကြောင့် (၉)ရက် (၉)လ ၂၀၁၇ ဗုဒ္ဓဟူးနေ့ယပွဲတော်တွင် ဆွမ်းကပ်သောအခါ ထက်ထက်ဦးတို့ကို လှမ်းပြောလိုက်သည်။ သံဃာဝိုင်းများအတွက်ဆိုလျှင် အထူးပင် စီစဉ်ခဲ့ပါသေးသည်။ အားလုံးအဆင်ပြေလှသည်။ ဆွမ်းကပ်ပြီးသောအခါ မယ်တော်ကြီးနှင့် အန်တီအေးတို့က -

"ငါသမီးဆွမ်းစရိတ်ဘယ်လောက်ကျသလဲ။ အားမနာနဲ့ပြောပါ"

ဟု ဆိုသောအခါ -

"မယ်တော်ကြီး သမီးပြောပြီးသားလေ။ ဆရာ့ကိုပါရမီဖြည့်တာပါလို့"

ဟု ပြောကာ ပိုက်ဆံပေး၍မရပါ။ ဆွမ်းကပ်ပြီးစီး၍ စာရေးသူအား ကန်တော့ကြသောအခါ ကိုမျိုးနှင့် ထက်ထက်ဦးတို့ဇနီးမောင်နှံက -

"ဆရာ အားမနာနဲ့နော်။ သမီးတို့မှာ စီးပွားရေးပဲလုံးပန်းနေကြရတော့ ကုသိုလ်သက်သက်မလုပ်ဖြစ်ဘူး။ ဆရာ့ကိုအကြောင်းပြုပြီး တုသိုလ်ယူရတာပါ။ ဒါကြောင့် ဘယ်နယောက်ဖြစ်ဖြစ် တစ်နှစ်မှာ ဘယ်နကြိမ်ကြိမ်ဖြစ်ဖြစ် သမီးတို့ကုသိုလ်ယူပါမယ်။ တစ်ရက်သာကြုံပြီး ဟယ်လိုလုပ်လိုက်ပါဆရာ"

ဟုပြောကြသည်။

ထို့ကြောင့် ယခုလည်း မနက်ဖြန် ဆွမ်းကပ်ရမည်ဖြစ်ကြောင်း ထက်ထက်ဦးထံ ဟယ်လိုလုပ်လိုက်သည်။

ထက်ထက်ဦးက ဝမ်းပန်းတသာပင် -

"ဆရာ၊ စိတ်ချပါ။ ဆရာကြောင့် တကယ့်ဆရာတော်ကြီးတွေကို ဆွမ်းကပ်ခွင့်ရတာ ဝမ်းသာတယ်။ ရာသီစာအသီးအနှံလေးတွေရော ဖွယ်ဖွယ်ရာရာစီစဉ်ခဲ့ပါ့မယ်ဆရာ"

ဟု ပြောသဖြင့် ဆွမ်းကိစ္စတစ်ခုပြီးစီးသွား၏။

၂ ရက်နေ့ညက စာရေးသူတို့ မစိုးရိမ်ကျောင်းသို့ သွားခဲ့ကြပါသည်။ ယခုနှစ် မန္တလေးမြို့တွင် ဆောင်းအဝင် နောက်ကျသည်ဟု ဆိုရပါမည်။ ဒီဇင်ဘာလထဲသို့ ရောက်ရှိလာသည့်တိုင် အလွန်ကြီးမအေးသေးပါ။ မောင်တင်ဦးခိုင်၏တပည့်များ ညဘက်အလုပ်ဆင်းနေကြ၏။ အားလုံးပြီးစီးသလောက်ရှိနေပေပြီ။ မောင်တင်ဦးခိုင်သည် အတော်စွမ်းဆောင်ရည်ရှိသည့်ဟုဆိုရမည် ဖြစ်သည်။ ဤမျှ ရှုပ်ပွနေသောနေရာကြီးအား မျက်လှည့်ပြလိုက်သကဲ့သို့ သန့်ရှင်းသာယာသောမဏ္ဍပ်ကြီးဖြစ်သွားသည်မှာအံ့သြမဆုံးနိုင်အောင်ဖြစ်ရ၏။ နေရာတိုင်း သန့်ရှင်းနေ၏။ ပန်းမြေဧရိယာကြီးတစ်ခုလုံးကိုလည်း ပိုက်ကွက်များဖြင့် ကာရံလိုက်ပြီး အဝင်မုခ်ဦးမဏ္ဍပ်ကိုက ခံ့ညားလှပေသည်။ လုပ်အားနှင့် ကုန်ကျစရိတ်ပါ နည်းမည်မဟုတ်ပါ။

(၁၀) နာရီခန့်မှ စဉ့်ကိုင်သို့ပြန်ရောက်သည်။ မနက်အတွက် ပြင်ဆင်စရာရှိသည်ကိုပြင်ဆင်ရင်းနှင့် (၁)နာရီမှ အိပ်ရာထဲရောက်ရှိ၏။ နံနက် (၄)နာရီနိုးစက်ပေးထားရသည်။ အဆုတ်အအေးပတ်သလိုဖြစ်နေ၍ ရင်ကျပ်လျက်ရှိကာ အသံဝင်သလိုဖြစ်နေ၏။ နှာလည်းမွန်နေသည်။ မနက်တွင် နေကောင်းပါစေဟု ဆန္ဒပြုရင်း မိမိကိုယ်တိုင်သစ္စာပြု၍ ဆေးသိဒ္ဓိသစ္စာရေသောက်ပြီးအိပ်လိုက်သည်။

အိပ်ရေးဝအောင်မအိပ်လိုက်ရပါ။ စာဖတ်ခန်းမှမောင်ရဲလေးနှင့်မောင်မိုးမင်းက နိုး၏။ ကပျာကယာအိပ်ရာမှထပြီး မျက်နှာသစ်၊ အဝတ်အစားလဲသည်။ ထိုအချိန်မှာပင် မြစ်သားက အေးအေးမြတ်တို့ရောက်ရှိလာ၏။ စာရေးသူတို့နေအိမ်မှ ကားနှစ်စီးထွက်သည်။ မောင်နိုင်ကတော့ (၄) နာရီကတည်းက ဗန်းမော်ဆရာတော်ကြီးကို ရှေ့ပြေးပင့်ဆောင်ရန်အတွက် ဗန်းမော်ကျောင်းတိုက်သို့ထွက်သွားနှင့်ပြီဖြစ်သည်။

ထိုနေ့နံနက်က ဆီးနှင်းများထုထပ်သိပ်သည်းစွာကျနေရာ ကားရှေ့ဝါးတစ်ရိုက်ခန့်မျှသာ မြင်ရလေသည်။ နောက်မီးမပါသောကားများ၊ ဆိုင်ကယ်များဆိုလျှင်မြင်ရမည်မဟုတ်။ အန္တရာယ်များလှ၏။ ထို့ကြောင့် ဖြည်းဖြည်းလေးသာမောင်းနေရ၏။ ဤပွဲအတိုင်းဆိုလျှင် စာရေးသူတို့ ဗန်းမော်ဆရာတော်ကြီးထက်စောပြီး မစိုးရိမ်ကျောင်းတိုက်သို့ရောက်နိုင်တော့မည်မဟုတ်ပါ။ ရာသီဥတုကလည်းအေးလှလေ၏။ သို့သော် စာရေးသူမှာ နေထိုင်ကောင်းနေသဖြင့် တော်ပါသေးသည်။ ပန္နက်ရိုက်သောကွင်းပြင်ထဲရောက်လျှင်တော့ ဘယ်လိုနေမည်မသိပါ။ မြေပြင်တွင် အထပ်သားခင်းပြီး ကော်ဇောခင်းထားသော်လည်း အေးမည်ကတော့ သေချာ၏။ ခြေဖျားလက်ဖျားဦးခေါင်းတို့အေးပြီး နှာချေကာကွန်ဂျက်ဖြစ်နေမည်လားစိုးရိမ်မိသည်။ အခမ်းအနားအတွက် တိုက်ပုံဝတ်ခဲ့သော်လည်း မခံရပ်နိုင်အောင်အေးနေပါလျှင် ဂျာကင်နှင့် ခေါင်းစွပ်တို့ကို ချွတ်ရဲမည်မဟုတ်ပါ။

တော်ပါသေးသည်။ ပလိတ်မြို့ကျော်သည်နှင့် နှင်းမှုန်များပျောက်သွား၏။ အအေးလည်းပေါ့သွားသည်ဟုဆိုရင်းကွင်းရှင်းသွား၍ ကားကိုအနီးကပ်ရွှေ့၍မောင်းနှင်လိုက်ကြသည်။ မောင်းအခါဖြစ်၍ ရောင်နီမသန်းသေး။ မန္တလေးမြို့

www.burmeseclassic.com

www.burmeseclassic.com

အတွင်းသို့ရောက်ရှိလာပြီး (၇၈) လမ်းအတိုင်းလာခဲ့ကြရာ (၃၅) လမ်းမီးပွိုင့်တွင် ကိုနိုင့်ကားနှင့် ဆရာတော်ဘုရားကြီးကားတို့အချိန်ကိုက်ဆုံရပြီး ကြားတွင်လည်း အခြားကားတို့မခံနေဘဲ (၃)စီးအတန်းလိုက်ဖြစ်ကာ မစိုးရိမ်ကျောင်းသို့ မောင်းခဲ့ကြသည်။ ဤတိုက်ဆိုင်မှုသည်ကား မည်သို့မျှမဖြစ်နိုင်သောအံ့သြဖွယ်မဆုံးနိုင်သောတိုက်ဆိုင်မှုပင်ဖြစ်သည်။ စာရေးသူတို့ မည်သို့ပင် ချိန်းချက်၍ထွက်လာကြပါစေ (၃၅)လမ်းဦးကျော်တံတားပေါ်တွင် ကား (၃)စီးရှေ့နောက်မလွဲတမ်းမိဖို့ဆိုသည်မှာ မဖြစ်နိုင်သောကိစ္စဖြစ်သည်။ ဆရာတော်ကြီး၏ကားကို မမီတော့ဘူးထင်ပြီး စိတ်ပူနေခဲ့ခြင်းတို့သည်လည်း ယခုမှပင် စိတ်အေးရပါတော့သည်။

ဦးအေးကိုကိုသွန်းနှင့်မောင်ရွှေသီးတို့ကိုလည်း စိတ်မပူရန်၊ အဆင်သင့်ကြိုနေကြရန် (၃၅) လမ်း ခုံးကျော်တံတားပေါ်မှဆင်းလာနေပြီဖြစ်ကြောင်းဖုန်းဆက်လိုက်သည်။ နံနက်အစောကြီးမှာပင် ဆရာတော်ဘုရားကြီးအား ကြိုဆိုဖူးမြော်သောပရိသတ်တို့ များပြားလှ၏။ စာရေးသူလည်း ကားပေါ်မှ အမြန်ဆင်းလိုက်ပြီး ဆရာတော်ဘုရားကြီးကိုကြိုဆိုလိုက်သည်။ ဆရာတော်ဘုရားကြီးဆွမ်းသုံးရန် နေနားရန် ဦးပညာသာမိ၏ကျောင်းကလေးထဲတွင် စီစဉ်ထားသည်။ ကျောင်းထဲတွင် မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့် နာယကဆရာတော် (၃) ပါး၊ ဦးပညာသာမိနှင့် (၅) ပါး ဖြစ်၏။

ဆရာတော်ကြီးကြွရောက်တော်မူလာသောအခါ မစိုးရိမ်ဆရာတော်များက ခရီးဦးကြိုဂါရဝပြုပြီး ကန်တော့ကြသည်။

စာရေးသူတို့ရောက်ရှိပြီး မကြာမီမှာပင် ထက်ထက်ဦးတို့လည်း ရောက်ရှိလာ၍ ဆရာတော်များအတွက် အရှက်ဆွမ်းများပြင်ဆင်ကြသည်။ ဗန်းမော်ဆရာတော်ဘုရားကြီးနှင့် မစိုးရိမ်ဆရာတော်ကြီးတို့သည် အမြန်အလှန်နှုတ်ခွန်းဆက်သကြပြီးနောက် ရှေ့ဟောင်းနှောင်းဖြစ်များကိုပြောဆိုလျက်ရှိကြလေသည်။ ဗန်းမော်ဆရာတော်ဘုရားကြီးသည်လည်း မစိုးရိမ်ကျောင်းတွင်စာဂါလိုက်ဖူးကြောင်း သိရသည်။ မစိုးရိမ်ကျောင်းကြီးသည်ကား အဓိပတိဆရာတော်ဘုရားကြီးများကိုမွေးထုတ်ပေးတော်မူခဲ့သော ဘုမိနက်သန်နေရာမှန်ဟု သိလိုက်ရသောအခါ ထိုကဲ့သို့သောနေရာမျိုးတွင် ကျောင်းဆောင်ဆောက်လုပ်လျှဒါန်းခွင့်ရသည့်အတွက် ဝမ်းသာပီတိဖြစ်မိရပါ၏။

ဗန်းမော်ဆရာတော်ဘုရားကြီးသည် အရှက်တွင်ဆွမ်းမဘုဉ်းပေးပါ။ ဆန်ပြုတ် (ယာဂု) နှင့် ကွေကာအုပ်သာဘုဉ်းပေးတော်မူသည်။ မင်္ဂလာအချိန်မှာ (၆)နာရီ (၃၀) သတ်မှတ်ထားသောကြောင့် (၆)နာရီမထိုးမီမှာပင် ဆရာတော်ဘုရားကြီးများကို ကျောင်းတိုက်အတွင်းမှ မင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ကြပါသည်။ ဆရာတော်ဘုရားကြီးများသည် စီတန်းကြွမြန်းတော်မူရာ ထီးဖြူများအုပ်မိုးပူဇော်၍ ပင့်ဆောင်ကြပါသည်။ စာရေးသူနှင့် ကျောက်ဆည်မြို့ လဝကခရိုင်ဦးစီးမှူး ဦးကျော်ဌေးနှင့် စာရေးသူတို့က ဗန်းမော်ဆရာတော်ဘုရားကြီးအား ပင့်ဆောင်ကြခြင်း ဖြစ်၏။

ကြည်နူးဖွယ်ပီတိဖြစ်ဖွယ်ကောင်းလှပါသည်။ မောင်တင်ဦးခိုင်သည် တခမ်းတနားပင် ပြင်ဆင်ထားပါ၏။ ဆရာတော်ဘုရားကြီးများ သံယာစင်ပေါ်တွင် နေရာယူပြီးသောအခါ ဧည့်ပရိသတ်များ၊ အလှူရှင်စာရေးသူတို့ သာဝကများလည်း သင့်တင့်သောနေရာများတွင် ထိုင်လိုက်ကြသည်။ အားလုံးအဆင်သင့်ဖြစ်သောအခါ အခမ်းအနားမှူးအမျိုးသမီးမှအစီအစဉ်ကိုကြေညာ၏။ ဒုတိယအခမ်းအနားမှူးဦးတော်လှိုင်က ဆရာတော် ဘုရားကြီးများထံမှ သီလခံယူရန် လျှောက်ထား၏။ စာရေးသူတို့အားလုံး ရှစ်ပါးသီလခံယူလိုက်ကြ၏။ ထို့နောက် ဗန်းမော်ဆရာတော်ဘုရားကြီးက သာဓုအနုမောဒနာဟောကြားတော်မူသည်။ ထို့နောက် ရေစက်ချတရားပါ ဆက်လက်ဟောကြားတော်မူ၏။ စာရေးသူတို့အားလုံး ဖုန်းနာရီများကို (၆) နာရီ မိနစ် (၃၀) ကို နှိုးစက်ချထားကြသည်။ ဆရာတော်ဘုရားကြီးသည် စာရေးသူတို့၏အလှူဒါနအပေါ် တွင်ပီတိဖြစ်ပြီး တရားတို့ကို စိတ်ရှိလက်ရှိဟောကြားတော်မူနေ၍ မင်္ဂလာအချိန်ကို ကျော်လွန်သွားမှာစိုးရိမ်နေမ၏။ တကယ်တော့ အချိန်ဤမျှမရနိုင်ပါ။ ဆရာတော်ဘုရားကြီး၏ ဘုန်းတန်ခိုးကြောင့် အချိန်တို့သည် ရပ်တန့်၍နေသည်ဟု ယူဆမိပါသည်။ မိနစ် (၃၀) အချိန်ကလေးအတွင်းမှာပင် ဤမျှများပြားသောအစီအစဉ်တို့ဆောင်ရွက်ပြီးစီးနိုင်ခြင်းမှာ မဖြစ်နိုင်သောအရာပင် ဖြစ်ပါ၏။

ရေစက်ချတရားပြီးဆုံး၍ အမျှအတန်းပေးဝေပြီးနောက် တစ်အောင့်မျှပင်မကြာလိုက်။ အချိန်ကိုက်အချိန်အတိအကျပင် ဖုန်းနာရီများမှ အချက်ပေးခေါင်းလောင်းသံများ ထွက်ပေါ်လာပါသည်။ ထိုအခါမှသာ စာရေးသူတို့လည်း စိတ်အေးကြရပါတော့သည်။

ဦးကျော်လှိုင်မှ -

"ပန်းတင်ရုန် မင်္ဂလာအချိန်ကျရောက်ပါပြီခင်ဗျား"

ဟု အောင်မြင်ထည်ဝါသောအသံဖြင့်ကြေညာ၏။ မေတ္တာပို့သရုန်အတွက် ဆရာတော်ဘုရားကြီးများအား ပန်းရာဇမတ်များဆီသို့ပင့်ဆောင်တော်မူရန်၊ ဆရာဘိုဘိုမှ ပန်းရိုက်ကြွရောက်ရန် ပန်းကိုင်းကြိုးကိုင်များရာဇမတ်အတွင်း ဝင်ရောက် နေရာယူထားကြရန်တို့ကို ဆက်တိုက်ကြေညာ၏။ ကြေညာသံဆုံးသည်နှင့် ခရသင်းမှတ်သံများ၊ ကြွေးစည်၊ ကြေးမောင်းထုသံတို့က နရီစီဝါးကိုက်ထွက်ပေါ်၍လာသည်မှာ ကြက်သီးဖြန်းဖြန်းထသည်အထိ ဝမ်းသာပီတိဖြစ်ရသည်။

ရှေးခေတ်အတိုင်း ပုဏ္ဏားဖြူပုဏ္ဏားညိုတို့ထွက်ပေါ်လာပြီး ခရသင်းမှတ်လျက် ရှေးခေတ်ထုံးတမ်းအစဉ်အလာအတိုင်း ဆောင်ရွက်ကြ၏။ ဤအခမ်းနားအစအဆုံးကို လွှင်(အနုပညာ)မောင်လွှင်မှ မြေပြင်ဝေဟင်ဓာတ်ပုံဗီဒီယိုမှတ်တမ်းများ မလွတ်တမ်း ရိုက်ကူးလျက်ရှိ၏။ ဤမောင်လွှင်သည်လည်း စာရေးသူ၏ပွဲတိုင်းကို ကုသိုလ်ယူရိုက်ကူးပေးသူ ဖြစ်သည်။ ပန်းတင်ဖိတ်စာမှာလည်း တစ်စောင်လျှင် (၅၀၀၀) ကျော်ကုန်ကျ၏။ သို့သော် ပုံနှိပ်လုပ်ငန်းနှင့်ပတ်သက်သမျှကို စာရေးသူ ဘာလုပ်လုပ် အမြဲကုသိုလ်ယူနေသော တရုတ်ကြီးအဆင့်မြင့်ဖိတ်စာလုပ်ငန်းမှ မောင်တရုတ်ကြီးနှင့် မေလီတို့က တာဝန်ယူထားသဖြင့် ကုန်ကျမှုမရှိပါ။ ထို့ကြောင့် ကျောင်းပန်းတင်ပွဲတွင် အကောင်းဆုံး ဖိတ်စာဖြင့် ဖိတ်ကြားနိုင်ခဲ့သည်။

ဥရုတိုင်မှစ၍ တိုင်(၄)တိုင် ပန်းရိုက်ရသည်။ စာရေးသူသည် ရာဇမတ်အတွင်းသို့ဝင်ရ၏။ ကြိုးကိုင် (၂) ဦးနှင့် ပန်းကိုင်တို့က အဆင်သင့် နေရာယူထား၏။ စာရေးသူက ရွှေရောင်ပန်းထုကိုကိုင်ပြီး အဆင်သင့် နေရာယူထား၏။ ထိုအချိန်တွင် ဆရာတော်ဘုရားကြီးများက 'ဇယံတော ဗောဓိယန္တိလေ' အစချီသောအောင်ဂါထာမန္တန်ရွတ်ဖတ်သရဇ္ဈာယ်လျက်ရှိကြသည်။ တိုင်းသာသနာရေးမှ ဦးကျော်လှိုင်က မင်္ဂလာအချိန်ဟုကြေညာလိုက်သည်နှင့် စာရေးသူက ဂုဏ်တော် (၁၂)ပါးရွတ်ပြီး ပန်းတ(၉)ချက်

www.burmeseclassic.com

www.burmeseclassic.com

ခိုက်လိုက်သည်။ ထို့နောက် 'ဇိတ်မေ အောင်ပြီ၊ ဇိတ်မေ အောင်ပြီ၊ ဇိတ်မေ အောင်ပြီ' ဟု (၃) ကြိမ်တိုင်၍ (၃) ကြိမ် ကြွေးကြော်ကြသည်။ ထို့နောက် စိစဲ့ တိဌတု (၃) ကြိမ် ရွတ်ဆိုကြပြီးနောက် ပန္နက်တင်မင်္ဂလာအခမ်းအနားအောင်မြင်ပါကြောင်း ကြေညာသည်။ စာရေးသူတို့က ဆရာတော်ဘုရားကြီးများကို ရိုသေစွာကန်တော့ပြီးနောက်တွင် ဆရာတော်ဘုရားကြီးများ ပြန်လည်ကြွမြန်းတော်မူကြသည်။

ထိုအခါမှ စာရေးသူက ကိုဝင်းကိုအား ငွေ(၁၁)သိန်းတိတိ ကြမ္ဘောက်စေပါသည်။ မဏ္ဍပ်ထဲတွင် တရုန်းရုန်းနှင့် ပရိသတ်အားလုံးပျော်ရွှင်ရယ်မောလျက် တွေ့မြင်ရသည်မှာ ဝမ်းသာကြည်နူးမဆုံးဖြစ်ရပါသည်။ ပရိသတ်(၁၅၀)ခန့်လာရောက်ကြ၍ စည်ကားမြိုင်ဆိုင်လှသည်။ စာရေးသူလည်း မနက်ကတည်းက ဘာမှမစားရသေးပါ။ ကြွရောက်လာသော ပရိသတ်ကိုလည်း ယခုမှ ထမင်းကျွေးမည်ဖြစ်သည်။

စာရေးသူ၏အသိမိတ်ဆွေသာဝကများလည်း ယခုမှ စာရေးသူကိုနှုတ်ဆက်ခွင့်ရ၍ အသီးသီးလာရောက်နှုတ်ဆက်ကြသည်။ စာရေးသူတို့လည်း ပရိသတ်နှင့်ရောပြီး ထမင်းစားဆောင်သို့လာခဲ့ကြသည်။ ဤပွဲတွင်လည်း ထက်ထက်ဦးတို့၏လက်ရာမှာ အထူးကောင်းမွန်လှပြန်၍ လူတိုင်းထမင်းစား၍ကောင်းကြောင်း ပြောကြသည်။ မန္တလေး၊ ကျောက်ဆည်၊ မြင်းခြံမှသာဝကများပါဝင်ကြပြီး အဝေးသာဝကများမှာ မောင်ရဲလေး ရန်ကုန်၊ မောင်မျိုးမင်း ရန်ကုန်နှင့် မောင်လွင်သားအဖ မော်လမြိုင်တို့ ဖြစ်ကြသည်။

မောင်မျိုးမင်းကတော့ မနေ့က ရောက်ပြန်ဖြစ်သည်။ ယခု မောင်လွင်သားအဖနှင့် မောင်ရဲလေးတို့ အတူပြန်ကြမည်ဖြစ်သည်။ ထိုရက်က ရုပ်ရှင်တော်မြတ်အား ရန်ကုန်မြို့ မောင်မျိုးမင်း-ခိုင်ခိုင်ဝင်းတို့နေအိမ်မှ ပင့်ဆောင်ပူဇော်ထားရှိ၏။ ၎င်းတို့မူလနေသောအိမ်တွင် မဟုတ်ပါ။ ဗိုလ်တထောင်ဘုရားလမ်းမကြီးပေါ်တွင် ၁၂ လပိုင်း၊ ၅ ရက်နေ့၌ အသစ်ဖွင့်လှစ်မည်။ အလှပြင်ဆိုင်တွင် ပင့်ဆောင်ပူဇော်ထားရှိခြင်း ဖြစ်သည်။

(၂) ရက်နေ့ ညက -

"ဆရာ၊ သမီးတို့ဆိုင်သစ်မှာ ဘုရားကြီးကိုပင့်ထားပြီး အန်တီအေးနဲ့ မယ်တော်ကြီးတို့လည်း ရွတ်ဖတ်ပူဇော်နေကြတယ်။ ဆရာလည်း ရွတ်ဖတ်ဆုတောင်းပေးစေချင်တယ်။ ဆရာ ရန်ကုန်ကိုလာခဲ့ပါလား။ (၃) ရက်နေ့ ကိုရဲလေးတို့နဲ့လိုက်ခဲ့ပါလား"

ဟု ခိုင်ခိုင်ဝင်းက ဖုန်းဆက်သဖြင့် မယ်တော်ကြီးကိုပြောပြရာ -

"အဲဒီလိုလာချင်လည်းလာခဲ့လေ"

ဟု မယ်တော်ကြီးကခွင့်ပြုသည်။ ထို့ကြောင့် စာရေးသူရန်ကုန်သို့လိုက်ဖြစ်မည်ဖြစ်သည်။

ထို့ကြောင့် စာရေးသူသည် ပန္နက်မင်္ဂလာပွဲသို့ကြွရောက်လာကြသော ရဲမှူးကြီးဦးအေးထွန်း၊ ရဲမှူးကြီးဦးမောင်မောင်ဝင်းအစရှိသော သာဝကမိတ်ဆွေများကို လည်းကောင်း၊ ရပ်ဝေးရပ်နီးမှမိတ်ဆွေများ၊ မြို့သာမှ တကူးတကလာရောက်ကြသောမိတ်ဆွေများ အားလုံးတို့ကို အေးအေးဆေးဆေး စကားမပြောနိုင်တော့ပါ။ ရန်ကုန်ဆင်းရမည်ဖြစ်သောကြောင့် ဖြစ်ပါ၏။

အားလုံးကို နှုတ်ဆက်ပြီး စာရေးသူတို့ စဉ့်ကိုင်သို့ပြန်ခဲ့ကြသည်။ အိမ်ရောက်သောအခါ အဝတ်အစားလဲသည်။ အဝတ်အစားနှင့်အသုံးအဆောင်များယူသည်။ ခဏတစ်ဖြုတ်နားပြီးသည်နှင့် (၁၀) နာရီခွဲခန့်တွင် စာရေးသူတို့ စဉ့်ကိုင်မြို့မှ ရန်ကုန်မြို့သို့ ဦးတည်ပြီး ထွက်ခဲ့ကြတော့သည်။ ယခု စာရေးသူ ရန်ကုန်သို့ထွက်ခွာခဲ့ခြင်းမှာ ခိုင်ခိုင်ဝင်းတို့ ဆိုင်အတွက် ရွတ်ဖတ်ပေးရန်သက်သက်မဟုတ်ပါ။ ပြီးခဲ့သောအခေါက် စာရေးသူ ရန်ကုန်သို့ သွားရောက်စဉ်က အုန်းတကူးတောင်တွင်တည်ထားမည့် 'အောင်ကြေစေရန်မြသိန်းတန်စေတီတော်ကြီး'တွင် ဌာပနာထည့်သွင်းပူဇော်မည့် ဆံတော်များပင့်ဆောင်သွားခဲ့ပြီး ရွှေတိဂုံဆံတော်ရှင်စေတီတော်မြတ်ကြီးထံပါးတွင် ဆံတော်မာတ်တော်ပေါင်းခဲ့သည်။ ထို့နောက် ထိုဆံတော်များကို ခိုင်ခိုင်ဝင်းတို့ နေအိမ်တွင် ပူဇော်ထားရှိရန် ခေတ္တစံပယ်တော်မူခဲ့သည်ဟု ဖော်ပြခဲ့၏။ ယခု ထိုဆံတော်များကို ဗိုလ်တထောင်ဘုရားနှင့် ကျိုက်ထီးရိုးဆံတော်ရှင်တို့ထံ ဓာတ်တော်ပေါင်းမည် ဖြစ်ပါသည်။ ထိုအကြောင်းကိစ္စကြောင့်လည်း ရန်ကုန်ကိုသွားဖြစ်ခြင်းနှင့် ကျိုက်ထီးရိုးကိုသွားဖြစ်ခြင်း ဖြစ်ပါသည်။

ဤမျှနှင့်လည်း မပြီးသေးပါ။ ပြည်ဆံတော်ရှင်တွင်လည်း ဓာတ်တော်ပေါင်းဦးမည်ဖြစ်သည်။ သို့သော် သည်တစ်ခေါက်တွင် လမ်းသင့်လျက်ရှိသော်လည်း ရက်ရှည်မည်စိုး၍ ပြည်ကို မသွားသေးပါ။ ကျိုက်ထီးရိုးနှင့်သာ ပြန်ခဲ့မည် ဖြစ်သည်။ ခရီးရက်ရှည်မနေနိုင်ခြင်းမှာ အိမ်တွင် အစ်မကြီးဒေါ်နွဲ့နွဲ့ရီတစ်ယောက်တည်းကျန်ခဲ့သောကြောင့် ဖြစ်သည်။ နေ့ခင်းဆိုလျှင်တော့ နံနက် (၉)နာရီခန့်ဆိုလျှင် ပလိပ်မှမနွယ်ရောက်ရှိလာပြီဖြစ်သည်။ တစ်နေကုန် ချက်ရေးပြုတ်ရေး၊ သန့်ရှင်းရေး၊ အဝတ်လျှော်မှအစ အစ်မကြီး၏ဝေယျာဝစ္စ၊ ဘုရားခန်းဝေယျာဝစ္စများပါမကျန်လုပ်ကိုင်ပေး၏။ ညနေ (၅) နာရီခန့်မှ ပြန်လေ့ရှိသည်။

မနွယ်သည် မြင်းခြံမြို့သူဖြစ်ပြီး ရန်ကုန်ဇာတိ ပလိပ်မြို့နေ မောင်ထွန်းလင်းနှင့် အိမ်ထောင်ကျပြီး ပလိပ်မြို့တွင် နေထိုင်ကြသည်။ လွန်ခဲ့သော (၁၀) နှစ်ကျော်က ရုပ်ရှင်တော်မြတ်အား (၂)ကြိမ် ပင့်ဆောင်ပူဇော်ခဲ့ကြပြီးနောက် ပိုင်းတွင် ပင့်ဆောင်ပူဇော်ခွင့်မရရှိသော်လည်း စာရေးသူတို့နှင့်အဆက်အသွယ်မပြတ်ရှိနေကာ အလုပ်အားလပ်သောအခါများတွင် မောင်ထွန်းလင်းကိုယ်တိုင်လိုက်ပါ၍ ဝေယျာဝစ္စများဆောင်ရွက်ပြီး နေ့စဉ်နီးပါး မနွယ်ကတော့လာရောက်ဖြစ်ပါသည်။ ထို့ကြောင့် နေ့ခင်းအတွက် အဆင်ပြေသော်လည်း ညပိုင်းတွင် ညရေးညတာအခက်အခဲရှိသောကြောင့် ပြည်ရွှေဆံတော်ကို နောက်တစ်ခေါက်မှ သွားရောက်ရမည် ဖြစ်သည်။

စာရေးသူထို့လည်း နားနားနေနေ အေးအေးဆေးဆေးပင် ရန်ကုန်သို့ ခရီးနှင်ခဲ့ကြရာ ည (၉) နာရီမထိုးမီမှာပင် ခိုင်ခိုင်ဝင်းတို့ဆိုင်သို့ ရောက်ရှိပါသည်။ ကိုစိုးနိုင်သိန်း-မမိ၊ ဦးစိုးသန့်-ဒေါ်နီနီခိုင်မြင့်နှင့် အမည်မသိ စာရေးသူ၏ စာဖတ်ပရိသတ်ဇနီးမောင်နှံလည်း ဖုန်းဆက်ထားသဖြင့် ကြိုတင်ရောက်ရှိနေကြသည်။ ခိုင်ခိုင်ဝင်းသည် ပစ္စည်းကောင်းပစ္စည်းသန့်ကြိုက်များ နှစ်သက်ပြီး အပြင်အဆင် အထားအသို အသုံးအဆောင်တို့တွင် ခေတ်မီသောအမြင်ရှိ၏။ ထို့ကြောင့် ခိုင်ခိုင်ဝင်း၏ Golden Time အလှပြင်ဆိုင်ကြီးမှာ ဆိုင်းဘုတ်အစ လျှပ်စစ်မီးများ၊ နံရံဆေးများ၊ အသုံးအဆောင်ပစ္စည်းများအားလုံးမှာ ဖိတ်ဖိတ်တောက်လျက်ရှိပါသည်။

အန်တီအေး၊ မယ်တော်ကြီး၊ မောင်မျိုးမင်း၊ ခိုင်ခိုင်ဝင်းတို့လည်း အဆင်သင့်စောင့်နေကြသည်။ ထမင်းပွဲနှင့် မုန့်ပွဲများပါပြင်ထား၏။ စာရေးသူက မစားနိုင်တော့ကြောင်းပြောရာ -

"ဘယ်ဖြစ်မှာလဲ မင်းအမယ်ဆိုလို့ ခိုင်ခိုင်က စျေးဝယ်၊ မိမိကချက် မောင်မျိုးမင်းကပြင်လာတာ"

ဟု မယ်တော်ကြီးကပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

ခိုင်ခိုင်တို့၏ထုံးစံအတိုင်း စားပွဲအပြည့် ပြင်ဆင်ထားရှိ၏။ ပန်းကန်အကြီးများနှင့် အမောက်အလှဲထည့်ထားပါသည်။ စာရေးသူသည် လွန်ခဲ့သောအနှစ် (၂၀) ခန့်မှစ၍ ယခုထက်တိုင် ကလေးတစ်ယောက်စာမျှသာစားနိုင်၏။ သာမန်သင့်တင့်ရုံသာထည့်ထားသော ထမင်းပန်းကန်၏ထက်ဝက်ခန့်သာ စားနိုင်ပါသည်။

ဤနေရာတွင် ဒါန၏အကျိုးကို တင်ပြလိုပါသည်။ သမုဒ္ဒရာဝမ်းတစ်ထွာမျှသာရှိ၏။ အလွန်သေးငယ်ပါသည်။ သို့သော် ထိုဝမ်းဝရေးအတွက် အကျယ်ပမာဏမခန့်မှန်းနိုင်သော သမုဒ္ဒရာပြင်ကြီးကို ကူးခတ်ရသကဲ့သို့ ခက်ခဲပင်ပန်းဆင်းရဲလှစွာလုပ်ကိုင်ရာဖွေစားသောက်ကြရသည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။ လူတစ်ယောက်ဝမ်းဝရေးမှာ မလွယ်ကူပါဟူသောအဓိပ္ပာယ်ဖြစ်၏။ အချို့သူတို့တွင်တော့ ထိုသို့မဟုတ်ပြီ။ အကောင်းဆုံးသောအစားအစာများကို အားမထုတ်ရပါဘဲ အလျှံပယ်အလွယ်တကူရရှိ၍ နေကြပါ၏။ ထိုကဲ့သို့သောပုဂ္ဂိုလ်များအဖို့ရာတွင်တော့ ဝမ်းကတစ်ထွာသာရှိပြီး အစားအစာများက သမုဒ္ဒရာများကဲ့သို့ ပေါများနေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မိမိပြုနိုင်သမျှ ဒါနတို့ကို အမြဲတစေပြုကြရန် လိုအပ်လှပါ၏။

စာရေးသူ၊ မောင်ရဲလေးနှင့် မောင်လွင်သားအဖထို့လည်း ခိုင်ခိုင်ဝင်းထို့ကျေနပ်စေရန် အနည်းငယ်စီစား လိုက်ကြသည်။ စာရေးသူထမင်းစားပြီးသောအခါ ဦးစိုးနိုင်သိန်းက ကြီးမားသောဂျပ်ဘူးကြီးယူလာပြီး စားပွဲပေါ်တင်လိုက်သည်။ ထို့နောက် အဖုံးကို ဖွင့်လိုက်သည်။ ကြီးမားသောမွေးနေ့ကိတ်ကြီး ဖြစ်သည်။

မမိနှင့်ခိုင်ခိုင်တို့က ရရှိသည့်အချိန်ကလေးကို မလွတ်တမ်းစီစဉ်လိုက်ကြခြင်း ဖြစ်သည်။ ယခုနှစ်တော့ မွေးနေ့တွင် လမ်းပေါ်မှာသာအချိန်ကုန်သွားပြီဖြစ်၍ မွေးနေ့မကျင်းပဖြစ်တော့ပြီဟု ထင်မှတ်ထားသော်လည်း ည(၁၁)နာရီကျော်မှ မွေးနေ့ပွဲကျင်းပဖြစ်လိုက်ပါသေး၏။ စာရေးသူ၏မွေးနေ့ပွဲကိုဖြစ်အောင် စီစဉ်ကြသော လမ်းတံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်ကျော်၏ဇနီး ဒေါ်ဝေဝေမာ၊ ရန်ကုန်အနောက်ပိုင်းခရိုင် တရားသူကြီး (ယခု မူဆယ်ခရိုင်တရားသူကြီးဦးစိုးသန့် - ဒေါ်နီနီခင်လှိုင်မြင့်၊ ကိုဦးနိုင်သိန်း-မမိမိအောင်၊ မောင်မျိုးမင်း-မခိုင်ခိုင်ဝင်းတို့အား ကျေးဇူးတင်ကြောင်း ဤနေရာတွင် မှတ်တမ်းတင် ဖော်ပြလိုက်ပါ၏။

ထိုညက အိမ်ခန်းသစ်တွင် စောင်၊ ခေါင်းအုံး၊ အိပ်ရာခင်းမှအစ အားလုံးအသစ်များနှင့်အိပ်ရသည်။ ရေချိုးခန်း၊ အိမ်သာမှာလည်း အသစ်စက်စက်။ မည်သူမျှမသုံးရသေးဖြင့် သန့်ရှင်းသစ်လွင်တောက်ပြောင်လျက်ရှိပါသည်။ ပြုပြင်ပြောင်းလဲ၍နေသော သခ်ါရသဘောတရားကိုလည်း ဆင်ခြင်မိပါသည်။ မနက်က စာရေးသူသည် မန္တလေးမြို့မစိုးရိမ်ကျောင်းတိုက်ထဲတွင် ပန္နက်တင်မင်္ဂလာပြုလုပ်နေ၏။ ယခုတော့ အိပ်ခန်းအသစ်ကြီးထဲတွင် အိပ်စက်၍နေပြီဖြစ်၏။

ကြီးမားသောအမြန်နှုန်းဖြင့် အချိန်တို့သည် လျင်မြန်စွာကုန်ဆုံး၍နေပါ၏။ ယခု ညသည်လည်း မနက်လင်းသည်နှင့် ပျောက်ဆုံးသွားမည်သာဖြစ်ပြီး တဖြည်းဖြည်းဝေး၍ဝေး၍ကျန်ခဲ့မည်ဖြစ်သည်။ ဤအိပ်ခန်းသည်လည်း နောင် (၁၀) နှစ်၊ အနှစ် (၂၀)၊ အနှစ် (၃၀)စသည်ဖြင့် ကြာညောင်းသောအခါ အိုဟောင်းသွားမည်ဖြစ်ပေ၏ဟုတွေးကာ သံဝေဂယူမိ၏။

ရန်ကုန်နှင့် မန္တလေးရာသီဥတုကွာခြားပုံကိုလည်း လက်တွေ့ကြုံရ၏။ မနေ့ညက ဤအချိန်တွင် စဉ့်ကိုင်မြို့နေအိမ်အိပ်ခန်းတွင် စောင်အထူကြီးများခြုံပြီးအိပ်ရ၏။ ယခု ရန်ကုန်တွင်တော့ အဲယားကွန်းဖွင့်၍အိပ်ရ၏။ ဒီတစ်ခေါက်လည်း ခေါင်းထဲတွင် မူးနောက်နောက်ဖြစ်လာသေး၍ ပြီးခဲ့သောအခေါက်လိုဖြစ်မည်လားဟု စိုးရိမ်မိပါသေးသည်။ သို့သော် ဆိုးဆိုးဝါးဝါးဖြစ်မလာဘဲ သက်သာသွားပြီး ကောင်းမွန်စွာအိပ်စက်ရကာ မနက်တွင်လည်း ကောင်းမွန်စွာ နိုးထခဲ့ပါသည်။

စာရေးသူ အိပ်ခန်းထဲမှ ထွက်မလာခင်မှာပင် မောင်ရဲလေးနှင့် မောင်လွင်တို့အသံ အပြင်မှကြားရ၏။ ဤကလေး (၂) ယောက်သည် အအိပ်အနေနည်းလှပေ၏။ မနေ့က ၎င်းတို့ (၂) ယောက်တစ်နေကုန်တစ်လည့်စီကားမောင်းခဲ့ကြရ၍မအိပ်ကြရပါ။ ယနေ့အစောကြီးထပြီးရောက်လာကြပြီ ဖြစ်၏။

ခဏအကြာတွင် မယ်တော်ကြီးတို့လည်းရောက်လာကြ၍ စကားသံများကြားရ၏။ ထို့ကြောင့် စာရေးသူလည်း ရေမိုးချိုးအဝတ်အစားလဲပြီး အခန်းထဲမှထွက်ခဲ့၏။ မမိနှင့် ခိုင်ခိုင်တို့ကလည်း ဝီရိယကောင်းလှ၏။ နံနက်အစောကြီးမှာပင် စားစရာပူပူနွေးနွေးများ စားပွဲတစ်ချပ်ပြင်ဆင်ထားရှိပြီဖြစ်၏။ အနှံတိုးအေး၊ မယ်တော်ကြီးတို့နှင့်ပါ အတူရောစားလိုက်ကြသည်။ ထို့နောက် စာရေးသူတို့သည် ခိုင်ခိုင်ဝင်းတို့နေအိမ်တွင် ပူဇော်ထားရှိသော ဆံတော်ရှင်များကိုပင့်ဆောင်၍ ဗိုလ်တထောင်ဆံတော်ရှင်ဘုရားသို့လာခဲ့ကြသည်။

ဗိုလ်တထောင်ဆံတော်ရှင်စေတီတော်သည်လည်း တစ်ခေါက်ထက်တစ်ခေါက်ပိုမိုစည်ကားလျက်ရှိပြီး အဆောက်အအုံများ တိုးချဲ့ခြင်းပြုပြင်ခြင်းတို့ကိုလည်း အခေါက်တိုင်းတွေ့မြင်နေရ၍ ဝမ်းသာဝိတိဖြစ်မိပါသည်။ ယခုလည်း စေတီတော်ကြီးလုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူမည်ဖြစ်၍ ငြမ်းဆင်ထားပြီး ဖျာများကာရံထားသည်ကို တွေ့ရပါသည်။ အောင်ပွဲနှင့်အောင်ပန်းများစုံညီစွာ ဝယ်ယူလိုက်၏။ ထို့နောက် ဆံတော်တွင်းကိုဖူးမြော်ပြီး ဝက်ပါအတွင်း ဆံတော်ကိုပင့်ဆောင်၍ လှည့်လည်ကြသည်။ တရားဘာဝနာများ ရွတ်ဖတ်ပြီးလှည့်လည်ကြခြင်း ဖြစ်သည်။ ထို့နောက် ရင်ပြင်တော်လက်ယာရစ်လှည့်လည်ပြီး အရပ်ရှစ်မျက်နှာရှိ ရုပ်ပွားအတော်တိုင်းတွင် ကန်တော့ပွဲ၊ အောင်ပန်း၊ ရေမွှေးမျိုးဖြင့် ပူဇော်သည်။ ခုနစ်နေ့ခုနစ်ခန်းကုသိုလ်ကံပွင့်ဂါထာတော်တို့ဖြင့်လည်း ပူဇော်ကြသည်။ ဤပူဇော်ပွဲတွင်လည်း စာရေးသူ၊ အန်တီအေး၊ မယ်တော်ကြီး၊ နှင့် မောင်မျိုးမင်း-ခိုင်ခိုင်ဝင်း၊ သားလေး မောင်ကောင်းစံသူ၊ မောင်လွင် (မော်လမြိုင်) သားအဖနှင့် မောင်ရဲလေးတို့ပါဝင်ကြသည်။

ဗိုလ်တထောင်ဘုရားမှာပင် စာရေးသူတို့ အတော်ကြာသွားသည်။ ထိုနေရာမှာပင် မယ်တော်ကြီးတို့နှင့် လမ်းခွဲခဲ့ကြသည်။ မောင်ရဲလေးက သူ၏ကားနှင့်လာသည်ဖြစ်၍ စာရေးသူက မောင်ရဲလေးကားနှင့်လိုက်သည်။ မောင်လွင်တို့သားအဖ (၂)ယောက်ကတစ်စီးဖြစ်သည်။ မောင်ရဲလေးသည် စာရေးသူအား ပဲခူးဘုရားကြီးအထိ လိုက်ပို့မည် ဖြစ်သည်။ ထောက်ကြန့်တွင် မောင်ရဲလေး၏သူ၏မိချောင်းခေါင်း(စက်မှုသိန်း) စက်ခင်းများကို လိုက်လံပြသပေးသဖြင့် မေတ္တာပို့သပေးရသေးသည်။ ဘုရားကြွမှ ပဲခူးကို ဆက်လက် ထွက်ခွာခဲ့ကြသည်။

(ဆက်လက်ဖော်ပြပါမည်)

ဘိုဘို(ရွှေကံကူ)

www.burmeseclassic.com

www.burmeseclassic.com




ကမ္ဘာ့အကြီးဆုံး အတောင် (၄၀၀) ထိပျောင်းတော်မူဘုရား

မွန်ပြည်နယ် မုဒုမြို့နယ် ဝင်းစိန်ရတနာတောင်တောရ

ကမ္ဘာ့အကြီးဆုံးလျောင်းတော်မူကြီးများပူတော်မူခရီး

မောင်ရေခြမ်း(မြောင်)



မရှိမဖွဲ့ပေတီတော်

စာရေးသူတို့ မိသားစုအဖွဲ့သည် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးဖူးမြော်ပြီး ပြန်ဆင်းလာကာ ထားဝယ်မြို့ကို ထွက်သည့်ကားကြေးဖြင့် တစ်ဦးငါးထောင် ကျပ်နှုန်းပေးကာ ဝင်းစိန်ရတနာတောရ သို့ထွက်ခွာလာခဲ့ကြပါသည်။

ဝင်းစိန်ရတနာတောင်တောရစခန်းသည် မုဒုံ-သံဖြူဇရပ်ကားလမ်း မိုင်တိုင် အမှတ် (၁၄) ရှိ မြောက်ဘက်ကျေးရွာ၏ အရှေ့ဘက် (၁) မိုင်နှင့် (၂)ဖာလုံအကွာတွင် တည်ရှိပါသည်။ ဝင်းစိန်တောရ ကျောင်းသို့ဝင်ရာလမ်းသည် မြောက်ဘက်ကျေးရွာ၏ (၂၀)ပေခန့်အမြင့်ရှိ ဗျိုင်းကြီးနှစ်ကောင်၏အလယ်တွင် သိဒ္ဓတ္ထမင်းသားတောထွက်တော်မူရန် ဆံတော်ပယ်ဖြတ်နေဟန်နှင့် (၁၅) ပေခန့်အမြင့်ရှိ သောမုခ်ဦးမှ၊ မည်းပြောင်နေသော ကတ္တရာလမ်းမှ ဝင်ရောက်ရပါသည်။

မွန်ပြည်နယ်မှလူအများက ဗျိုင်းနှစ်ကောင်မုခ်ဝဟုခေါ်ကြသည်။ စာရေးသူတို့မိသားစု ဗျိုင်းနှစ်ကောင်မုခ်ဝသို့ ရောက်ရှိသည့်အခါတွင် အတူပါလာသည့် အစ်မ မနှင်းစိန်၏ ဆက်သွယ်မှုဖြင့် ဆရာကြီးသောစန္ဒာ၏တူဖြစ်သူက ဆိုင်ကယ်ဖြင့် ဆရာကြီးသောစန္ဒာ၏ အဆောင်သို့ ခေါက်တုံ့ခေါက်ပြန်သယ်ပို့ပေးပါသည်။

မုခ်ဦး၏ အထက်ဘေးတစ်ဖက် ထစ်ချက်စီမှာ ခြေတံရှည်လည်ပင်းရှည်ရှိသော ဖြူဆွတ်နေသော ဗျိုင်းကြီးနှစ်ကောင်က ရေထွက်ပေါက် သို့မဟုတ် ကတွက်ပေါက်ကို ဇွဲလုံ့လဝီရိယဖြင့် သတိကပ်ပြီး အစာစောင့်ဖမ်းသကဲ့သို့ တရားရှာဖီးနေကြသူများအား အမှတ်ဖြင့် သတိကပ်ပြီး ရှုမှတ်ပွားများကြရန် သတိပေးနေဟန် ဖြစ်ပါသည်။

ဗျိုင်းနှစ်ကောင်၏ အဓိပ္ပာယ်မှာ ရေထွက်ပေါက် သို့မဟုတ် ကတွတ်ပေါက်မှနေ၍ ဇွဲလုံ့လဝီရိယဖြင့် အစာကိုစောင့်သည့်ဗျိုင်းတို့ကို ပုံပမာထား၍ တရားရှာဖီးသူတို့၏ စိတ်အစဉ်တွင် သတိပဋ္ဌာန်တရားကို လက်ကိုင်ထားကာ ကံ၊ ဉာဏ်၊ ဝီရိယတို့ဖြင့် အစဉ်မပြတ် သတိကပ်၍ ရှုမှတ်ပွားများရန် စိတ်ရည်သန်၍ ပုံဖော်ပြုလုပ်ပေးထားခြင်းဖြစ်ကြောင်း သိရပါသည်။

မုခ်ဦး၏အထက် အလယ်တွင် ကိလေသာကိုပယ်ဖြတ်၍ မင်းစည်းစိမ်ကိုစွန့်ပယ်ပြီး ဆံတော်ကိုဖြတ်၍ သိဒ္ဓတ္ထမင်းသားတောထွက်တော်မူဟန်ကို ဆင်ပုံဖော်ထားပါသည်။


အတွင်းဘက်သို့ (၁)မိုင်(၂)ဖာလုံခန့်ဝင်သွားလျှင် ဒုတိယမုခ်ဦးကိုတွေ့

www.burmeseclassic.com

www.burmeseclassic.com




ဝင်းစိန်ဆရာတော်ဆွမ်းခံကြွရုပ်တု




ကမ္ဘာ့အကြီးဆုံး အတောင် (၆၀၀) လျောင်းတော်မူကြီး တည်ဆောက်လက်စ ဖူးတွေ့ရစဉ်



ဝင်းစိန်ဆရာတော် (၉၁) နှစ်မွေးနေ ထေရပုတ္တိစာအုပ်မှ ဆရာတော်



ရှင်ဥပဂုတ္တရဟန္တာမထေရ်ကြီး သီတင်းသုံးရာ ရေကန်တော်



လျောင်းတော်မူအနီးမှ စေတီတော်များနှင့် ရဟန္တာရုပ်တုတစ်ဆူ

မြင်ရမည် ဖြစ်ပါသည်။ အောင်လင်းစေတီတော်သို့ကြွသွားဟန် အရုပ်တော် (၆) ပေခန့်ရှိ ရဟန္တာငါးရာကြွနေပုံကို ဖူးမြင်ရပါမည်။ ညာဘက်တွင် ခန္ဓိစေတီတော်၊ ဆရာတော်ကြီး၏သာသနာရေးကို စောက်ရှောက်နေသော မတူရင်မတုနှင့် အဘိနိုင်ခရာရုပ်တုကြီးနှင့် ဝင်းစိန်တောရဆရာတော် ဘဒ္ဒန္တကေသရပုံတော်နှင့် ကျားရုပ်တုကြီးကို တွေ့မြင်ရပါမည်။

■ ကလျာဏီသိမ်တော်နှင့်စေတီ

ရှေးယခင်ဘုန်းတော်ကြီးဦးသီလတရားကျင့်ကြံပွားများခဲ့သော ကလျာဏီသိမ်တော်ကြီးကို ဝင်းစိန်ဆရာတော်ကြီးက သိမ်ဟောင်းကိုထပ်မံပြုပြင်ပါသည်။ မြန်မာနှစ် ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခု) တွင် မော်လမြိုင်မြို့နေ ကိုမြင့်အောင်၊ မအေးချိုမိသားစုမှ ဗိသုကာဆရာဦးဟုတ်စိန်ကို အပ်နှံပြီး ပြုပြင်ကြောင်းမှတ်တမ်းတင်ထားပါသည်။

ဝင်းစိန်တောရကျောင်းသံဃာတော်များဥပုသ်ပြုရာ၊ ရဟန်းပြုမှုကလျာဏီသိမ်ဖြစ်ပါသည်။ ဧည့်မပုံသက်တော်ရှည်ဆရာတော်ကြီးက ဤနေရာတွင် နောင်တစ်ချိန် သာသနာထွန်းကားလာလိမ့်မည်ဟုကြိုတင်မိန့်မှာထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုဓိရာဇာမျောရုံကြီးအတွင်းမှ ထိုင်းဘုရင်နှင့် သမီးတော်
လှုဒါန်းထားသော ပစ္စည်းများအား တွေ့မြင်ရစဉ်



ဝင်းစိန်ဆရာတော် ပထမဦးဆုံးတည်
မရှိမရွှပ်စေတီကျောက်စာ



လျောင်းတော်မူဘုရားအနီးမှ ဓာတ်ဆေးကန်ကျောင်း



မတူရင် မတုနဲ့
အဘနိုင်ခရာရုပ်တု

သိမ်နယ်နိမိတ်များမှာ တော်မီးလောင်ကျွမ်း၍ ကျန်ရှိနေသော သိမ်တိုင်ငုတ်များကိုတွေ့ရှိသဖြင့် မြန်မာနှစ် ၁၃၄၅ခု၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် သိမ်ကို ပြန်လည်ပြုပြင်ခဲ့၏။ ၁၃၅၀ ပြည့်နှစ်တွင် ပေ(၃၀)×ပေ(၂၀)အကျယ်ရှိ ဘုံသုံးဆင့်ပါ သိမ်တော်ကို မော်လမြိုင် အောင်တော်မူကျောင်းဆရာတော်နှင့် ဘဲရမ်းကျောင်း၊ မြို့တော်ဦးကျောင်း၊ ဦးခန္တီကျောင်း၊ လမ်းမတော်ကျောင်း ဆရာတော်ကြီးငါးပါးတို့မှ ကြွရောက်၍ သိမ်ရေစက်ချအလှူတော်ကို ပြုတော်မူခဲ့သည်။ သိမ်ခေါင်းရင်းတွင် စေတီတစ်ဆူ တည်တော်မူခဲ့ပါသည်။

■ အဓိဋ္ဌာန်အောင်ပြီ မရှိမရွှပ် မပျက်ပွားများ မှတ်သားနာယူ အာရုံမသေ မရှိမရွှပ်စေတီ ရှိလျှင်ရွှပ်၏ ထိုဇာရားကို သတိမူလော့ မြို့ကမ္ဘာ ရွပ်သေတော့ သုဿန် နာမ်သေမှ နိဗ္ဗာန်

ဆရာတော်၏ဦးစွာပထမ ဩဝါဒနှင့်အညီ အဓိဋ္ဌာန်အောင်စေတီ ဖြစ်သည်။ မရှိမရွှပ်စေတီကို ရဟန်း(၉)ပါး နှင့်အတူ ဘုရားတည်သည်၊ ဉာဏ်တော် အမြင့်မှာ (၅) ပေသာရှိသည်။ တစ်ည လုံးတည်ထားပြီး ၁၃၄၃ ခုနှစ် တန်ခူးလပြည့်နေ့နံနက် (၅)နာရီအရုဏ်မတက်မီ ထီးတင်သည်။ ဘုရားဘွဲ့တော်ကို မရှိမရွှပ်စေတီဟု ဘွဲ့ပေးတော်မူသည်။

၁၃၄၅ ခုနှစ် မှန်စီရွှေချဉာဏ်တော် အမြင့် (၉) ပေသို့ ပြန်လည်မွမ်းမံသည်။ ၁၃၄၆ ခုနှစ်တွင် စေတီတော်ကို အဓိဋ္ဌာသံပန်းတံခါးများတပ်ဆင်ခြင်းပြုလုပ်၍ ၁၃၄၇ ခုနှစ်တွင် မှန်စီရွှေချစေတီတော်ကို မထိခိုက်စေဘဲ လိုဏ်စေတီတစ်ဆူတည်တော်မူ၏။ ရှေးပုထိုးတော်ကြီးများတည်ထားတော်မူခဲ့သည့်အတိုင်း သစ်မကူသံမပါဝင်ဘဲ အုတ်စီပြီး အုတ်သက်သက်ဖြင့် ပုထိုးတော်ကြီးတစ်ဆူ ဉာဏ်တော်(၄၅)ပေအမြင့်ရှိ ပုထိုးတော်ကြီးထီးတော်တင်လှူခဲ့ပါသည်။

တတိယအကြိမ် မွမ်းမံပြီးနောက် ၁၃၅၁ ခုနှစ်တွင် ဉာဏ်တော်အမြင့်ပေ (၆၀)အတိရှိ သံမပါသစ်မပါသံယောဇဉ် ပြတ်ဟူသောအဓိပ္ပာယ်ဖြင့် ခေါင်းပွစေတီတော်တည်ထားပါသည်။ မွမ်းမံအလှူရှင်မှာ မော်လမြိုင်မြို့ ကျားတံတားရပ် နေဦးဉာဏ်ထွန်း (ကိုတုံး)-မသန်းသန်းဦး မိသားစုက ထပ်မံပြုပြင်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် ရွှေထီးတင်လှူခဲ့သည်။ နှစ်စဉ် ဘုရားပွဲတော်ကျင်းပပြုလုပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လျောင်းတော်မူအတွင်းမှ သိဒ္ဓတ္ထမင်းသားမင်္ဂလာဆောင်နှင်းသည့်အခင်းအနားရုပ်တုများ



ဝင်းဗိန်တောရမှ ဆရာကြီးသောစန္ဒာနှင့် မယ်တော်ကြီး



ဓာတ်ဆေးကန်ကျောင်းအနီးမှ ပိန္ဒပင်အသီးများ အပြွတ်လိုက် ထူးခြားစွာသီးနေစဉ်



ဝင်းဗိန်တောရရောက် စာရေးသူမိသားစုနှင့် လိုက်လံပို့ဆောင် ရွှင်းပြနေသော ဆရာလေးသောစန္ဒာ

ဝင်းဗိန်ဆရာတော် ပထမဦးစွာ တည်ထားကိုးကွယ်ခဲ့သော အောင်မြေမရှိမရှုတ်စေတီတော်အား ၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်နေ့တွင် ဝင်းဗိန်ဆရာတော်ကိုယ်တိုင် ထီးတော်အသစ်ပြန်လည် တင်လှူပူဇော်ခဲ့ပါသည်။

■ ဓာတ်ဆေးကန်ကျောင်း

ရှေးယခင်က ဆရာတော်ဦးသီလသီတင်းသုံးပြီး ဖိုထိုးဓာတ်ဆေးခဲ့သော နေရာဖြစ်၍ ဓာတ်ဆေးကန်ကျောင်းဟု ခေါ်ကြောင်းသိရသည်။ ဆရာတော်သည် (၁၀)ပေပတ်လည်ပျဉ်ခင်းပျဉ်ကာ အုတ်ကြွပ်မိုးတစ်ပါးကျောင်းကို ဆောက်ပြီး သီတင်းသုံးသည်၊ တရားဟောသည်။ မြန်မာနှစ် ၁၃၅၂ ခုနှစ်တွင် ဦးချစ်ကျော်-ဒေါ်စန်းတို့က ဆောက်လုပ် လှူဒါန်းပါသည်။

ဆရာတော်ကြီး၏သားထွေးဦးပဥ္စင်းသောဟုလာသည် ဒုတိယကျောင်းထိုင်အဖြစ်ခံယူလျက် ဓာတ်ဆေးကန်ကျောင်းတွင် ဘီ၃၅၄ ခုနှစ်မှစတင်၍ ယနေ့အထိ သီတင်းသုံးလျက် ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက် ဦးစီးဆောင်ရွက်လျက်ရှိပါသည်။

အရှင်သောဟုလာသည် B.Sc (Zoology)ဘွဲ့ရပြီး ငယ်ဖြူရဟန်းတစ်ပါး ဖြစ်ပါသည်။ ဖခင်ဘုန်းတော်ကြီး၏ အရိုက်အရာကို ဆက်ခံ၍ သာသနာပြုနေသည့် ရဟန်းတော်မြတ်တစ်ပါး ဖြစ်သည်။

■ ဘုမ္မိရာဇာခမ္မာရုံ

လျောင်းတော်မူမြတ်စွာဘုရားကြီး၏ ဦးခေါင်းနားအရောက်တွင် အလျား ပေ(၂၀၀)×အနံပေ(၈၀)ရှိ ဘုမ္မိရာဇာခမ္မာရုံကြီးကို တွေ့မြင်နိုင်ပါသည်။ ခမ္မာရုံကြီး၏အတွင်းမှာ သာသနာရေးရာအခမ်းအနားများနှင့် ဆရာတော်ကြီးမွေးနေ့ပွဲကျင်းပရာနေရာတစ်ခုဖြစ်သည်။

ခမ္မာရုံအတွင်း မှန်ဗီရိုကြီးထဲမှာ ထိုင်းဘုရင်မင်းမြတ် ကထိန်ခင်းစဉ်က လှူဒါန်းသောပစ္စည်းများ၊ သမီးတော်မင်းသမီးသီရိဒုံလာရောက်ကထိန်ခင်းစဉ်က လှူဒါန်းထားသောပစ္စည်းများ၊ ထိုင်းဘုရင်ကိုယ်စားကထိန်ခင်းသူက လှူဒါန်းထားသောပစ္စည်းများကို ပြသထားပါသည်။

ဆရာတော်ကြီးမွေးနေ့ပွဲကို (၃) ရက်တိုင်တိုင်ကျင်းပခဲ့ရာ ပရိသတ် (၃) သိန်းနှင့် လာရောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ခွန်ပြည်နယ်မှာ အစည်ကားဆုံးပွဲလည်း ဖြစ်ပါသည်။

■ ကမ္ဘာ့အကြီးဆုံး ဇိနသုခရန်အောင်ချမ်းသာလျောင်းတော်မူဘုရားကြီး

ကမ္ဘာ့အကြီးဆုံးဖြစ်တော်မူသော ဇိနသုခရန်အောင်ချမ်းသာလျောင်းတော်မူဘုရားကြီးပေါ် ပေါက်လာရခြင်းမှာ -

ဆရာတော်ဘဒ္ဒန္တကေသရ၏အာရုံမှာ ပြဿာမင်းတို့၏ကူညီပံ့ပိုးလမ်းညွှန်စကားအရ ယခုအခါ တစ်ကမ္ဘာလုံးမှာ ကပ်ကြီးသုံးပါးဆိုက်နေသည့်လက္ခဏာများ၊ ကောင်းကင်ဂြိုဟ်နက္ခတ်တာရာများ ကလည်း ဖော်ပြနေပြီး၍ မိမိတို့နေ့စဉ်ကျင့်ကြံအားထုတ်နေသော ကုသိုလ်ကောင်းမှုကို၊ အဓိဋ္ဌာန်မြောက်မြင့်အားထုတ်နေသောကုသိုလ်ကောင်းမှုကို အဓိဋ္ဌာန်မြောက်မြင့်အားထုတ်သစ္စာဆိုနိုင်သည့်အခြေအနေမျိုးရောက်အောင်၊ ဘာဝနာကိုတည်တံ့ခိုင်မြဲအောင် နှလုံးသွင်းနိုင်မှုအခိုန်ရောက်နေပြီး အဓိဋ္ဌာန်မြောက်အားထုတ်နိုင်မှသာလျှင် ဒီကပ်ကလွတ်မြောက်နိုင်မည်ဟု အာရုံတွင်ထင်ပေါ်လာသောစကားများကိုအာရုံပြုကာ အတောင် (၄၀၀) ပြည့်လျောင်းတော်မူကြီးကို မြန်မာနှစ် ၁၃၅၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့ ဆရာတော်သက်တော် (၇၀) ပြည့်နှစ် မွေးနေ့တွင် အုတ်မြစ်ချစတင်တည်ထားတော်မူသည်။

အမြင့်ပေ (၂၀၀)ခန့်ရှိတောင်စောင်းတွင် မြေညှိပြီး မည်သည့်စက်ယန္တရားအကူအညီမပါဘဲ ဆောက်လုပ်သည်။

ပန်းပုဆရာဦးစံသိန်း၏ ပုံစံငယ်မှ အချိုးကိုက်စကေးအရ အရှင်ခေမာရရဟန်းငယ်မှ တည်ထားပါသည်။ အမြင့်ဆုံးပခုံးတော်မှာ အထပ်ပေါင်း (၈) ထပ်၊ ပေ (၁၇၀) ခန့် မြင့်ပါသည်။ အတွင်းတွင် အလှား၊ အနံ အမြင့်တူ (၂၂) ပေ ပတ်လည်အခန်းပေါင်း (၁၈၂) ခန်း၊ မဟာပုဒ္ဓဝင်ငါးရာငါးဆယ်ဇာတ်တော်များကို လူအရပ်အနေအထိုင်အတိုင်းထုလုပ်ထားပါသည်။ အခန်းတိုင်းတွင် ပန်းပူရုပ်လုံးရုပ်ကြွှန့် ပန်းချီကားများမှာ တကယ့်ဟန်တကယ့်မာန်ဖြင့်လူတွေ့တွေ့မြင်နေရသည့်အလား ထင်ယောင်မှားလောက်ပါပေသည်။ အခန်းတိုင်းလေဝင်လေထွက်အလင်းရောင်ကောင်းစွာရရှိပါသည်။ မြန်မာတိုင်းရင်းသားဘုရားဖူးများအပြင် ထိုင်းလူမျိုးများ၊ ကမ္ဘာလှည့်ခရီးသည်များနှင့်ဘုရားဖူးများစည်ကားနေသည်ကို တွေ့မြင်ကြည်နူးရပါသည်။

လျောင်းတော်မူကြီးဦးခေါင်းတော် အနောက်အရပ်ဘက်သို့လှည့်နေခြင်းက 'နေရဟန်' နိဗ္ဗာန်ရောက်ကြောင်းတရားမြတ်ဟောကြားနေတော်မူပုံနှင့် ညာလက်အေားသို့ချထားခြင်းမှာ တိုင်းသူပြည်သားများ အေးချမ်းသာယာပြီး စိတ်ချလက်ချနေနိုင်ရန် ရည်ရွယ်ထားကြောင်းသိရပါသည်။

မြန်မာနှစ် ၁၃၅၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့တွင် နိုင်ငံတော်အစိုးရက ဇိနသုခရန်အောင်ချမ်းသာဟူသောဘွဲ့တော်ကို လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးအား ဆက်ကပ်ပေးအပ်ပါသည်။

ဝင်းစိန်တော်ရသာသနာ့နယ်မြေဧရိယာ (၄၉၉၆၂) ကောက်လည်း နိုင်ငံတော်အစိုးရမှ သတ်မှတ်အတည်ပြုပေးသည့်အပြင် ဘုရားကြီးတည်ထားနိုင်ရေးအတွက် လုပ်ငန်းသုံးပစ္စည်းများ၊ အလှူငွေနှင့် စက်ယန္တရားများကိုလည်း ပံ့ပိုးပေးခဲ့ပါသည်။

လျောင်းတော်မူဘုရားကြီး၏မဏိတော်အမြင့် (၂၂) ပေ၊ မျက်လုံးတော်အလျား (၁၈) ပေ၊ မျက်လုံးတော်အကျယ် (၅. ၉) ပေ၊ ခြေချောင်းတော်အရှည် (၂၀) ပေရှိပြီး မဏိတော်ဦးခေါင်းတော်မှ ခြေဖဝါးတော်အထိ(၆၀၀)ပေ(အတောင် ၄၀၀) ရှိကြောင်း မှတ်တမ်းတင်ထားသည်ကို ကောက်နုတ်ဖော်ပြပါသည်။

ကမ္ဘာ့အကြီးဆုံးအတောင် (၄၀၀) လျောင်းတော်မူကြီးတည်ထားရာတွင် နယ်ဝေးအလှူခံမထွက်ဘဲ အောင်မြင်စွာတည်ထားနိုင်ခဲ့ခြင်းဖြစ်သည်မှာ ထူးခြားချက်ကြီးတစ်ခု ဖြစ်ပါသည်။

■ အတောင် (၆၀၀) လျောင်းတော်မူကြီး တည်ထားတော်မူခြင်းမင်္ဂလာ

မြန်မာနှစ် ၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဆရာတော်ကြီးသည် အတောင် (၆၀၀) လျောင်းတော်မူကြီး တည်ထားရန် အုတ်မြစ်ချပါသည်။ အရှေ့ဘက်အရပ်သို့ ဦးခေါင်းတော်လှည့်၍ တည်ထားပြီး စာရေးသူတို့ရောက်ရှိချိန်မှာ ပင်မကွန်ကရစ်တိုင်ကြီးများတည်ထားပြီး ဦးခေါင်းတော်သံစကာရက်လုပ်သံကွန်ကရစ်လျောင်းတော်မူကြီး၏မျက်နှာတော်အချို့ပင်ပြီးစီးနေသည်ကို ဖူးတွေ့ရပါသည်။

အတောင်(၆၀၀)လျောင်းတော်မူဘုရားကြီး၏ပုံစံငယ်ကို ပန်းပုပညာရှင် ဦးပဉ္စင်း ဦးခေမာက ပြုလုပ်ပုံဖော်ပြီး ဂေါပကအဖွဲ့ဝင်းရေးမှူး ဦးဘက်ထွန်းခေါ် ဦးတုံးကနေ လာရောက် ကြီးကြပ်လိုအပ်သည်များဖြည့်ဆည်းပေးပါသည်။ ဝင်းစိန်ဆရာတော်ကြီး၏ တတိယမြောက် သားတော် ဦးပဉ္စင်းဘိုဝင်း၊ သားထွေး ဦးပဉ္စင်းသောဟုလာတို့မှ ခမည်းတော် ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေကြပါသည်။ မြေးတော် ဦးပဉ္စင်းရဲနိုင်က စက်ယန္တရားမောင်းပြီး တစ်နေ့တာလုပ်ငန်းများကို မြေးတော် ဦးပဉ္စင်းလင်းနိုင်က အနီးကပ်ကြီးကြပ်ကြပါသည်။ ယခုအခါ အတောင်(၆၀၀) လျောင်းတော်မူဘုရားကြီး၏ ကိုယ်ထည်မှာ သုံးထပ်ပြီးနေပြီး ဒူးတော်နေရာတွင် နှစ်ထပ်သို့ရောက်ကာ ပခုံးတော်နေရာအတွက် အုတ်မြစ်ချလျက်ရှိပါသည်။

အတောင်(၆၀၀)လျောင်းတော်မူဘုရားကြီးအုတ်မြစ်ချသည့်နှစ်မှာ ဆရာတော်ကြီးသက်တော် (၉၁) နှစ်ရှိခဲ့ပါသည်။ သာသနာပြုလုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျကြီးကြပ်လှုပ်ရှားနေသောကာလများ ဖြစ်ပါသည်။


ပေ (၂၀) ပတ်လည်ရှိအခန်းများကိုဖွဲ့စည်းပြီး သံကူကွန်ကရစ်တိုင်များတည်ဆောက်နေပါသည်။ဦးခေါင်းတော်ကို စတင်တည်နေပါသည်။ သက်တော် (၉၄) နှစ်ရှိပြီဖြစ်သော ဝင်းစိန်ဆရာတော်ဘုရားကြီးသည် ကျန်းမာစွာဖြင့် သက်တော်နှင့်မမျှအောင် လာရောက်ကြည့်ရှုညွှန်ကြားဆောက်လုပ်ခဲ့ကြောင်းသိရပါသည်။

ရည်ရွယ်ချက်မှာ ပြည်သူအများကုသိုလ်ပွားရန်နှင့် ဘေးအန္တရာယ်အပေါင်းမှ ကင်းရှင်းကာ တိုင်းပြည်အေးချမ်းသာယာပါစေရန် မေတ္တာကရုဏာထားတော်မူ၍ အင်ဂျင်နီယာမပါ ကန်တော့ပွဲမပေးဘဲ အတောင် (၄၀၀) ဘုရားတည်ထားသကဲ့သို့ တည်တော်မူပါသည်။ ယခု လျောင်းတော်မူကြီးသည် ညာလက်တော်ကို ဦးခေါင်းတော်သို့ ထောက်ထားပါသည်။

ဝင်းစိန်ဆရာတော်၏မူလအဓိဋ္ဌာန်မှာ အတောင် (၁၀၀၀) တည်ဆောက်ရန်ဖြစ်သော်လည်း မြေနေရာအခက်အခဲကြောင့် အတောင် (၄၀၀) တည်ထားခဲ့ပြီး ယခုအခါ မျက်နှာချင်းဆိုင်တောင်စောင်းမှာ အတောင် (၆၀၀) လျောင်းတော်မူဘုရားကြီးထပ်မံတည်ထားခြင်းဖြစ်သည်။ အတောင် (၄၀၀) လျောင်း

www.burmeseclassic.com

www.burmeseclassic.com



တော်မူကြီး အုတ်မြစ်ချသောကာလမှာ ဆရာတော်၏ သားထွေး ကိုဘိုသန်း B.Sc(zoology)ကို သာသနာ့ဘောင်သို့ ခီးမြောက်ပြီး ရဟန်းဘွဲ့ ရှင်သောဟုလာဟု အမည်တော်ပေးအပ်သာသနာပြုစေပါသည်။ ယခုအခါ ဆရာတော်ကြီး ချန်ရစ်လမ်းညွှန်ခဲ့သောအတောင်(၆၀)လျောင်းတော်မူဘုရားကြီးတည်ထားရေးမှာ ဦးဆောင်ရွေ့ရွက်သာသနာပြုလျက်ရှိပါသည်။

■ **ဝင်းစိန်တောရဆရာတော်ကြီးရုပ်တု**

မြန်မာနှစ် ၁၃၆၀ ပြည့်နှစ်တွင် ဝင်းစိန်ဆရာတော်ကြီးဆွမ်းခံကြွသည့် ရုပ်တုနှင့် အလျား(၇)တောင်ရှိ ကျားရုပ်တုတစ်ခုကို ဆောက်လုပ်ထားပါသည်။ ကျားရုပ်ထုရခြင်းအကြောင်းမှာ ဆရာတော်သည် တနလ်းသားဖြစ်၍ ကျားရုပ်ထုထားခြင်းဖြစ်ပါသည်။

■ **ဝင်းစိန်ဆရာတော်ကြီး၏ဩဝါဒများ**

၁။ မရှိမရွတ်၊ ရှိလျှင်ရွတ်၏။
၂။ စိတ်ကိုပိုင်မှ ရုပ်ကိုနိုင်မည်။
၃။ တရားရှိလျှင် အမှုမရှိ၊
အမှုရှိလျှင် တရားမရှိ။
၄။ ကိုယ်သာလျှင် ကိုယ့်ဘဝရဲ့ပွဲကိုင်။
၅။ နေဝင်ခါနီရောက်ပြီ။
၆။ တွေ့အောင်ကြည့်၊ မြဲအောင်ကိုင်၊
မာအောင်ထူ။

■ **ရှင်ဥပဂုတ္တရုပ်တုတော်**

မဏ္ဍိဩဝတောင်ပေါ် အနီးတွင်ရှိ တောင်စောင်းရေတံခွန်တွင် ရှင်ဥပဂုတ္တ ရုပ်ပွားတော်ထုလုပ်ထားပါသည်။ ဘဏ္ဍာတော်အမြင့်ပေ (၈၀) ရှိပြီး ၁၃၆၈ ခုနှစ်တွင် ပေ(၃၀၀)ပတ်လည်ရှိသော ရေကန်တစ်ခုကို စက်ယန္တရားအကူအညီဖြင့် တူးဖော်ထားပါသည်။ ရှင်ဥပဂုတ္တရုပ်ပွားတော်မှာ သံကုဏ်ကွန်ကရစ်ခေါင်းပွဖြစ်ပါသည်။

အလျားရှင်မှာ မော်လမြိုင်မြို့နေ ဦးကျင်စိန် - ဒေါ်ရွှေဝေမှ သိန်း (၂၀၀)၊ သံဖြူဇရပ်မြို့နေ ဦးမြင့်ဦးမိသားစုမှ ကျပ် သိန်း (၇၀) မတည်ဆောက်လုပ်လျှဒါန်းထားကြောင်းမှတ်တမ်းတင်ထားပါသည်။ ကတ္တရာလမ်းမမှကြားတွင် ပေ(၈၀)အမြင့်ရှိ ရှင်ဥပဂုတ္တရဟန္တာ မထေရ်မြတ်ကြီးတစ်ဆူကန်တော်မင်္ဂလာတွင် သီတင်းသုံးနေပါသည်။

စေတီပုထိုးကျောင်းကန်ဘုရားများကို ကန်ပေါင်ပေါ်မှကြည့်လေလျှင် အတောင် (၄၀၀) လျောင်းတော်မူရုပ်ပွားတော်မြတ်နှင့် ဆောက်လုပ်ဆဲ အတောင် (၆၀၀) လျောင်းတော်မူ ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရားများအဖြစ် ကြည်ညိုဖွယ်ရာနေရာထူးကြီးတစ်ခုဖြစ်ကြောင်း ရေးသားပူဇော်ရပါသည်။

မောင်ခေချမ်း(မြောင်)

မှီငြမ်းကိုးကားကျမ်းများ

၁။ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဝင်းစိန်ဆရာတော်ဘဒ္ဒန္တကေသရ (မောင်ပန်းမွေး)
၂။ ဝင်းစိန်ဆရာတော်သက်တော်(၉၁) နှစ်မြောက်မွေးနေ့အထိမ်းအမှတ် ထေရုပ္ပတ္တိစာအုပ်-အကျဉ်း
၃။ ဝင်းစိန်တောရကျောင်းဆရာတော် အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကေသရ (Hon. Ph.D) ဦးဓမ္မရက္ခိတ ဝင်းစိန်တောရကျောင်း
၄။ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကေသရ (Hon. Ph.D) ဝင်းစိန်ဆရာတော် သက်တော် (၉၅) နှစ်၊ ဝါတော် (၄၅)ဝါ စာပနအခမ်းအနားအစီအစဉ်ပန့်ဖလက်
၅။ ဝင်းစိန်ရတနာတောင်တောရမဟာတော်ကြီးထေရုပတ္တိ၊ သမ္ပုဒ်စဉ်နှင့် သာသနာပြုလုပ်ငန်းများ (ကျော်နန္ဒအောင်၊ သူရဇ္ဈ အတွဲ (၁၁)၊ အမှတ် (၆))

www.burmeseclassic.com

www.burmeseclassic.com


ပုဂံ ဘုရားအမှတ် (၁၃၁၆) သံပျင်မင်းသမီးကောင်းမှုဝေစည်

မြင်းကပါရွာမှ ရွှေစေတီ

ရဲမင်းထွန်း(မြင်းကပါ)



ငလျင်မလှုပ်ခတ်မီ ဖူးတွေ့ရသော ရွှေစေတီတော်မြတ်ပုံ



ဘုရားအမှတ် (၁၃၁၆) ရွှေစေတီဘုရားပြုပြင်နေပုံ

စာရေးသူသည် ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေပိုင်းအချိန်တွင် ဖိုးနီကန်ကျေးရွာ ရွာဦးထိပ်တွင် တည်ထားကိုးကွယ်သော အနန္တသုခသိဒ္ဓိစေတီတော်၏ အနောက်ဘက်မုခ်၌ ခြင်္သေ့ရုပ်ထုလုပ်ပြီးစီးသဖြင့် ဆေးခြယ်ခြင်းလုပ်ငန်းကို ပထမအထပ် သုတ်လိမ်းအပြီး ခေတ္တထားခဲ့၍ တုရင်တောင်ခြေရှိ ရေကန်ကိုကြည့်ရန်ထွက်ခဲ့သည်။ ကြည်လင်အေးမြသောရေကို ရွာသူရွာသားများ ရေခပ်ရေသယ်ပြုလုပ်နေသည်ကိုတွေ့ရသဖြင့် စာရေးသူ ရေကန်နားမှထွက်ခွာပြီး တူရွင်းတောင်ပေါ် သို့တက်၍ ပုဂံဘက်သို့ရှမ္ဘော်ခင်းကြည့်ရန်ပင်ဖြစ်သည်။ တောင်ကုန်းထိပ်သို့ရောက်သည်နှင့် ပုဂံဘက်သို့လှည်းမျော်ကြည့်လိုက်တော့ မိုးသားများအုံ့မှိုင်း၍ လွှမ်းမောဖွယ် ပုဂံအလှကို တွေ့မြင်ရသည်။

ပုဂံ၏အလှကို ခံစားကြည့်ရှုနေခိုက် မိုက်ခနဲလဲမလိုဖြစ်သွားသဖြင့် နီးစပ်ရာ တမာပင်ကိုလှမ်းကိုင်ထားပြီး ထိုင်၍ ချလိုက်သည်နှင့် ဝဲယာယိုင်ထိုးသွားသည်။ ရွာဦးစေတီမှ ခေါင်းလောင်းသံများဆူညံသွားသဖြင့် ငလျင်လှုပ်ခတ်မှန်းသိလိုက်ရသည်။ ပုဂံဘက်သို့ကြည့်လိုက်တော့ နီကြင်ကြင်အုံ့မှိုင်းနေသည်ကိုတွေ့ရသည်။ လက်မှနာရီကိုကြည့်လိုက်တော့ (၅) နာရီထိုးအပြီး (၄) မိနစ်ပင် စွန်းနေပေသည်။ ငလျင်လှုပ်ခတ်မှုပြင်းသက်သွားမှ တောင်ပေါ်မှခပ်မြန်မြန်ဆင်းခဲ့ရသည်။ ဦးစွာ ရွာဦးစေတီကို ပျက်စီးမှုရှိမရှိ လှည့်ပတ်ကြည့်လိုက်၏။ ဘာမှမဖြစ်၍တော်သေးသည်။ ပုဂံဘက်မှစေတီပုထိုးများအနည်းနှင့်အများပြိုမှာတော့ သေချာလှပါသည်။ ရွာကိုပြန်ချင်လှသောစိတ်ကများနေသည်။လုပ်ငန်းကမပြီးပြတ်သေး၍ သာနေရ၏။လုပ်ငန်းခွင်မှ ဆေးပုံး၊ စုတ်တံများသိမ်းနေချိန် မိုးဖွဲလေးတွေကျနေပြီဖြစ်၍ တည်းခိုရာဘုန်းတော်ကြီးကျောင်းသို့ အရောက်သွားတော့၏။ ကျောင်းထဲရောက်တော့ မိုးကသည်းထန်စွာရွာချလိုက်သဖြင့် ညအစ်ကို (၃) ယောက်ရေထွက်ချိုးလိုက်ပါသည်။


ရေမိုးချိုးပြီးသည်နှင့် ဦးချစ်တိုးထမင်းစားလာခေါ် သဖြင့် ရွာထဲသို့လိုက်သွားခဲ့သည်။ ရွာထဲမှာလည်း ငလျင်လှုပ်ခတ်မှုအကြောင်းများပြောသံကြားရ၏။ မာမာဌေးတို့အိမ်မှာ ထမင်းစားအပြီး ဦးညွှန့်လှိုင်၏အိမ်ဘက်သို့ စာရေးသူသွားလိုက်တော့ တီဗွီမှငလျင်ဒဏ်ခံရသော ပုဂံဘုရားများပြိုကျပျက်စီးမှုသတင်းလာခိုက်ဖြင့်ကြုံသဖြင့် ကြည့်ရှုလိုက်သည်။ ယနေ့ ၁၃၇၈ ခု၊ ဝါခေါင်လပြည့်ကျော် ၆ ရက် (၂၄-၈-၂၀၁၆) ဗုဒ္ဓဟူးနေ့ ညနေ (၅) နာရီ (၄) မိနစ်တွင် မြန်မာနိုင်ငံအလယ်ပိုင်းတွင် မန္တလေးမြေလျင်စခန်း၏ (၁၂) မိုင်ခန့်အကွာ (ချောက်မြို့၏အနောက်ဘက် (၁၂) မိုင်ခန့်အကွာ) ဗဟိုပြုရှိ၍ အင်အားရစ်ခ်စတာစကေး (၆.၈) ခန့်ဆင့်ရှိ အင်အား

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်အထက်မှ ရိုက်ကူးထားသော ရွှေစေတီတော်မြတ်



ငလျင်လှုပ်ခတ်အပြီး ဖူးတွေ့ရသော ရွှေစေတီတော်မြတ်



ရွှေစေတီဘုရားငလျင်လှုပ်ခတ်အပြီး တာဝန်ရှိ ထုကြီးများ၊ ဂေါပကအဖွဲ့ဝင်များ လုပ်ညှပ်ကြည့်ရှုစဉ်



ရွှေစေတီဘုရားမှ တွေ့ရှိရသော ဌာပနာပစ္စည်းများ

ပြင်းငလျင်တစ်ခုလှုပ်ခတ်သွားကြောင်း၊ ၎င်းငလျင်လှုပ်ခတ်မှုကြောင့် ပုဂံ၊ ညောင်ဦးဒေသရှိ ရှေးဟောင်းအမွေအနှစ်ဖြစ်သော နာမည်ကြီးစေတီပုထိုးများပျက်စီးမှုရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်ရှိ ရှေးဟောင်းစေတီပုထိုးနှင့် သာသနိကအဆောက်အအုံများ၊ လူနေအိမ်အချို့ ပြိုကျပျက်စီးမှုများရှိခဲ့ပြီး လူ(၆)ဦးခန့်သေဆုံးခဲ့သည်။ ကယ်ဆယ်ရေးလုပ်ငန်းများလည်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် ပုဂံရှေးဟောင်းအမွေအနှစ်ဒေသအတွင်းရှိ စေတီပုထိုးများပျက်စီးဆုံးရှုံးမှုများအား စာရင်းကောက်ယူရန်နှင့် ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ရန်တို့အတွက် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်အား ဝန်ကြီးသူရဦးအောင်ကိုက စေလွှတ်ထားကြောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း၊ ထိုအချိန်ထုတ်ပြန်ချက်အရ ဓမ္မဓိကြီးဘုရားတွင် မုခဦးပြိုကျခြင်း၊ စူဠာမဏိဘုရားကြွေကွမ်းတောင်တစ်ခုလုံးပြိုကျခြင်း၊ ဝက်ကြီးအင်းဂူပြောက်ကြီး၊ ကွမ်းတောင်အထက်ပြိုကျခြင်း၊ မင်းနန်းသူဘုရားကွမ်းတောင်အထက်ပိုင်းပြိုကျခြင်း၊ ကပါဂူပြောက်ငယ်ကွမ်းတောင်အထက်ပြိုကျခြင်း၊ ရွှေစေတီဘုရားဖောင်းရစ် (၄) ရစ်နှင့် အထက်ပိုင်းပြိုကျခြင်း၊ ထီးလိုမင်းလို

www.burmeseclassic.com

www.burmeseclassic.com

ဘုရားဌာပနာပြောဖူးပြီကျခြင်း၊ လောက နန္ဒာဘုရား၏စိန်ဖူးတော်ပြုတ်ကျခြင်း၊ စိမ်းညက်ညိမဘုရားဓာတ်တော်တိုက် အထက်ဖောင်းရစ်(၅)ရစ်အနောက်ဘက် ခြမ်းပြိုကျခြင်း၊ အာနန္ဒာဘုရားမြောက် ဘက် အနောက်ဘက်မုခ်ဦးများကွာကျ ခြင်း စသည့်နာမည်ကြီးစေတီပုထိုးများ အပါအဝင် ဘုရားစေတီ (၁၇၁) ဆူ ထိခိုက်ပျက်စီးခဲ့ရပြီး တပ်မတော်နှင့် ရဲတပ်ဖွဲ့က လုံခြုံရေးရယူရထားကြောင်း သတင်းထုတ်ပြန်သည်ကို ကြည့်လိုက် ရသည်။

၂၅-၈-၂၀၁၆ ညနေတွင် လုပ်ငန်း အားလုံးပြီးစီး၍ ညီဖြစ်သူများ ဆိုင်ကယ် ဖြင့်လာကြိုသဖြင့် ရွာသို့ပြန်ခဲ့ကြသည်။ အိမ်ရောက်သည်နှင့် ရွာပတ်ဝန်းကျင်ရှိ ဘုရားပုထိုးများကိုသွားရောက်ကြည့်ရှုရာ ပျက်စီးမှုများရှိသော်လည်း ပျက်စီးမှု အများဆုံးကတော့ ရွှေစေတီဘုရားဖြစ် ကြောင်းတွေ့ရသည်။ ဖောင်းရစ်(၉)ရစ် အထက်ပိုင်းအားလုံးမှ ဘုရားအနောက် တောင်ဘက်ထောင့်မှာ ပြိုကျသဖြင့် ရှစ်မြောင့်ပိုင်းပျက်စီး၍ ဒေါင့်စေတီ ပန်းအိုးနှင့်ခြသေ့ရုပ်ကြီးခေါင်းပိုင်းကျိုး ကျပျက်စီးသွားကိုတွေ့ရ၏။

မြင်းကပါရှာသူရွာသားများနှင့် မြို့နယ်မီးတပ်တပ်ဖွဲ့မှူး၊ ခရိုင်မြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရွှေဟောင်းသုတေ သနဌာနမှတာဝန်ရှိသူများက ဝိုင်းဝန်း စုပေါင်း၍ ပြိုကျပျက်စီးသွားသော အုတ် ကျိုးအင်္ဂတေအပိုင်းအစများကို သန့်ရှင်း ရေးလုပ်အားဒါနပြုလုပ်နေသည်ကိုတွေ့ ရပါသည်။

၁၃၇၇ ခု၊ ဝါဆိုလဆန်း ၁ ရက်၊ အင်္ဂါနေ့ ညနေ (၆) နာရီ (၃၅) မိနစ် တွင် အင်အားရစ်ခံစတာစကေး (၇.၅) အဆင့်ရှိအင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ စဉ်ကလည်း ရဟန်းရှင်လူပြည်သူအများ ယခုလိုပူဆွေးသောကရောက်ခဲ့ရသည် ကို စာရေးသူတွေ့ကြုံခံစားခဲ့ရသည်။ သို့သော် တိုင်းရင်းသားလုပ်သားပြည်သူ အများက ငွေအားလုပ်အားဒါနများ ပါဝင်ပြုပြင်ဆောင်ရွက်ခဲ့သော သာဓက ကောင်းများရှိခဲ့ပါသည်။

ယခုလည်း ယဉ်ကျေးမှုအမွေသမိုင်း မြေပုဂံကို ဘယ်လိုသဘာဝဒဏ်ခံရပါစေ တိုင်းရင်းသားလုပ်သားပြည်သူတို့၏ အမျိုးဘာသာသာသနာတော်အတွက် ငွေအား၊ လုပ်အားများဖြင့် ပါဝင်လုပ်ရ မည်မှာ သမိုင်းကဖေးသောတာဝန်တစ်ရပ် ပင်မဟုတ်ပါလော။ ငလျင်ဒဏ်ခံရသော



ရွှေစေတီဘုရား ပြိုကျပျက်စီးသွားသော ထီးတော်ပုံ



ငလျင်လှုပ်ခတ်အပြီး ဂေါပကအဖွဲ့နှင့် နာယကဆရာတော်များ လုပ်အားဒါနပြုလုပ်ရန် ရောက်ရှိသာပုံ

ပုဂံ၊ ညောင်ဦးဒေသကို နိုင်ငံတော် သမ္မတကြီးဦးထင်ကျော်နှင့် ဝန်ကြီးများ ဌာနဆိုင်ရာများက လာရောက်ကြည့်ရှု လမ်းညွှန်ခဲ့သလို နိုင်ငံတော်၏အတိုင် ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်အကြီးအကဲများလာရောက် ကြည့်ရှု၍ ထိန်းသိမ်းမှုများကို စနစ်တကျ ပြုပြင်ရန် လမ်းညွှန်မှာကြားခဲ့သည်။ ပြုပြင်ထိန်းသိမ်းရန်အလှူခံဌာနကို ခရိုင် အုပ်ချုပ်ရေးရုံးတွင် ဖွင့်လှစ်ထားသည်ကို သိရသည်။

ပျက်စီးသွားသောစေတီပုထိုးများ ကို နိုင်ငံတကာမှ ပညာရှင်များဖြင့် ပူပေါင်းလုပ်ဆောင်သွားမည်ဟုသိရ၏။ ရေတို၊ ရေရှည်လုပ်ငန်း (၂) ရပ်ဖြင့် လုပ်ဆောင်လျက်ရှိရာ ၁၉၉၄-၉၅ ခုနှစ် ကလို ကန်ထရိုက်စနစ်မပေးတော့ဘဲ သေချာကျနစွာ ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်မည် ဖြစ်သည်။ စာရေးသူသည် ရွှေစေတီဘုရားကို နေ့စဉ်ဖူးရောက် သည်။ ဂေါပကအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ များအလှည့်ကျလုံခြုံမှုစောင့်ရှောက်သည် ကိုတွေ့ရသည်။ ပျက်စီးယိုယွင်းနေသော အသွင်ကိုကြည့်၍ စိတ်မကောင်းဖြစ်ရ သဖြင့် ကဗျာတစ်ပုဒ်စပ်ဆိုခံစားရေးဖွဲ့မိ သည်။

သံပျင်မင်းသမီးကောင်းမူဝေစည်ရွှေစေတီ

၁။ *မင်းငါးဆယ့်ငါး စိုးစံသွားခဲ့*
ထင်ရှားသာသနာ
ထွန်းလင်းကာတည့်
စာပေဂီတ သုခုမနှင့်
လက်ရာဗိသု အစုစုဖြင့်
လူမှုရေးရာ စစ်မှုဘာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ခရိုင်ရဲမင်းကြီး ထာရောက်ကြည့်ရှုနေစဉ် ဂေါပကအဖွဲ့မှ ရှင်းလင်းနေပုံ



တာဝန်ရှိ ဂေါပကအဖွဲ့နှင့် လုပ်အားဓါတ်အဖြစ် သန့်ရှင်းရေးလုပ်ရာတွင် ဌာပနာပစ္စည်းရှာဖွေနေပုံ

မဟာ ပုဂံ နေပြည်တော်
၂။ လက်ထက်တော်ခါ မင်းကျစွာ၏
စာပေကျမ်းတတ် သမီးမြတ်တည့်
အထပ်ခုနစ်လွှာ တင်းထိမ်ကာ၍
စာဝါပို့ချ နေ့ဓူဝတည့်
သံဃာအလယ် ဂုဏ်ဖြိုးကြွယ်သည်
ရှုဖွယ်မငြီး သံဖျင်မင်းသမီး
၃။ သံဖျင်မင်းသမီး
ကောင်းမှုတည်တည့်
ကြီးမြတ်ပေသည် ရွှေစေတီဟု
ဘွဲ့မည်ထူပါ သပွာယ်စွာကို
ဂါမဓည်သာ မြင်းကပါ၏
တို့ရွာထိပ်ဦး တည်ထားထူးသည်
ဖူးရောက်ကြကွယ် ကြည်ညိုဖွယ်
၄။ ဗုဒ္ဓဟူဇာ ရက်မြတ်ခါတည့်
ဝါလကင်းလွတ် သီတင်းကျွတ်သော်
လပြည့်ကျော်ထက် (၇၈) ရက်ဝယ်
နံနက်ခါသမယ စဉ်ကျင်းပသည်
လှုကြတန်းကြ သပိတ်ချ၍
အမှုဝေသော် သာဓုခေါ်
၅။ တစ်ထောင့်သုံးရာ ခွန်ရှစ်အခါတွင်
ဝါခေါင်လနေ့
ခြောက်လက်ကျော်မှာ
နေ့တွင် ဗုဒ္ဓဟူး လျှင်မြူး၍
ဖောင်းရစ်ထိပ်ဖူး မြေမှာလူးခဲ့
မြင်ရရင်ဆူ မှားရှင်လူတို့
ပူဆွေးသောက ဗျာပါဒနှင့်
ကဗျာမှတ်တမ်း ဖွဲ့ဆိုဩန်းရည်
ဥဒါန်းတွင်မည် ရွှေစေတီကို
ပြန်လည်ပိုင်းဝန်း ပြုပြင်စို့
မြန်ပြည်သာသနာ ခွန့်ရှည်ဖို့

ရွှေစေတီဘုရားကို ပုဂံ၊ ညောင်ဦး မြို့နယ် မြင်းကပါကျေးရွာ ရွာဦးထိပ်တွင် သက္ကရာဇ် ၅၉၆ ခုနှစ်တွင် နန်းတက်သော ပုဂံပြည်ရှင်ဂြိုဘုဝနာဒိတျပဝရ ပဏ္ဍိတဓမ္မရာဇာဘွဲ့ခံ ကျစွာမင်းတရားကြီး၏သမီးတော် သံဖျင်မင်းသမီးသည် ဖခင်၏ခြေရာကို ဆက်ခံသူပီပီ သံဃာတော်များကို တင်းထိမ်ကန့်လန့်ကာခုနစ်လွှာချ၍ စာဝါများပို့ချနိုင်သည်အထိ စာပေကို ကျွမ်းကျင်သူဖြစ်သည်။ သံဖျင်မင်းသမီးတည်ထားခဲ့သည်ဟုသာ ဘိုးဘွားစဉ်ဆက်လက်ဆင့်ကမ်းပြောကြားခဲ့သည်ကို ကြားနာခဲ့ရပြီး လုံလောက်သော အထောက်အထားဟူ၍ ခိုင်ခိုင်မာမာပြနိုင်သည်ကားမရှိခဲ့ပါ။ သို့သော် ဘုရားတည်ထားပုံအနေအထားအရ ၁၃ ရာစုမှာတည်ခဲ့ဟန်တူပါသည်။ ဘုရား၏ တတိယပစ္စယ် မှန်ခွက်ပတ်လည်တွင် ၁၃ ရာစုအုတ်ခွက်များကပ်ထားသည်ကိုတော့ တွေ့ရပါသည်။

ဤဘုရားနှင့်သက်ဆိုင်မည်ထင်သော ကျောက်စာတစ်ချပ်ကို လွန်ခဲ့သော နှစ်ပေါင်း (၁၅၀) ခန့်က ဘုရားရင်ပြင်တော်၏ မြောက်ဘက်ခြမ်း ယခု ရဟန္တာတံခွန်တိုင်၏ အနောက်ဘက်အနီးတွင် ရှေးအခါက မိုးရေတိုက်စားမှုကြောင့် ချိုင့်ခွက်ကြီးဖြစ်၍နေသဖြင့် ကျောက်စာကို ရေကာပြုလုပ်၍သဲခဲများဖို့ကာ မဟာရံတံတိုင်းပြုလုပ်သည်ဟု ဘိုးဘွားများမှတစ်ဆင့် ကြားနာမှတ်သားရဖူးပါသည်။ ဤကျောက်စာကို ယနေ့ ဖွဲ့စည်းထားသော ဂေါပကအဖွဲ့မှ တူးဖော်ချင်သော်လည်း ငွေကြေးအခက်အခဲကြောင့်ဖော်ထုတ်ခြင်းကား မတတ်နိုင်ပေ။ သို့ပါသောကြောင့် ရှေးဟောင်းသုတေသနဌာနအနေဖြင့် တူးဖော်ရှာဖွေသင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ရွှေစေတီဘုရားအမှတ် (၁၃၁၆) သည် ကျယ်ဝန်းလှသောမဟာရံတံတိုင်းအတွင်း၌ တစ်မျက်နှာလျှင် (၇၅) ပေ အကျယ်ရှိ၍ လေးထောင့်ပထမပစ္စယ် (၇) ပေအမြင့်ရှိသော အောက်ခြေ့ထောင့်လေးထောင့်တွင် ခြသေ့ရုပ်များ ပါဝင်ထားသည်။ ပထမပစ္စယ်နှင့် ဒုတိယပစ္စယ်ထောင့်လေးထောင့်၌ ကလသာပန်းအိုးများဖြင့်လည်းကောင်း၊ တတိယပစ္စယ်တွင် အရံစေတီ(၄)ဆူ ရှုစံမြောင့်ဗရုတ်၊ ကျည်းဝန်း၊ ကြာအုံ၊ ကြွေးခေါင်းလောင်းနား၊ သပိတ်မှောက်ဖောင်းရစ် (၁၃) ရစ်၊ ကြာမှောက်ရှိလုံး၊ ကြာလန်၊ ခရေသီး စသဖြင့် အချိုးကျစွာတည်ထားသည်ကိုလည်းတွေ့ရသည်။

ထူးခြားသည်မှာ ဤရွှေစေတီ

www.burmeseclassic.com


www.burmeseclassic.com

ဘုရားတွင် ဘုရား၏ အောက်ခြေတွင် မုခ်စေတီငယ်များတည်ထားပုံဖြစ်သည်။ ဘုရား၏အနောက်ဘက်ပိုင်းတွင် မုခ်စေတီ (၄) ဆူ၊ မြောက်ဘက်တွင် (၃)ဆူ အရှေ့ဘက်တွင် (၂) ဆူ၊ တောင်ဘက်တွင် (၂) ဆူရှိသည်။ အတွင်းလိုဏ်မုခ်ဖြင့်၍ မုခ်ကပ်ထဲတွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုလုပ်ပူဇော်ထားပါသည်။ အချို့သော ဘုရားဖူးများသည် ဤ (၁၁) ဆူရှိသောကြောင့် (၁၁) မီးငြိမ်းရာစေတီဖြစ်၍ အဓိဋ္ဌာန်ဝင်ကာ ပုတီးစိပ်ဆုတောင်းမှုများပြုလုပ်လျှင်ပြည့်စုံသည်ဟုဆို၏။ ပုဂံတွင် ဤဘုရားမှလွဲ၍ မုခ်ကပ်စေတီမျိုးမတွေ့ရပေ။

အနောက်ဘက်တွင် ဘုရားနှင့် ကပ်လျက် နှစ်ပေါင်း(၅၀)ကျော်မှုပြုလုပ်ထားသော ပန်းတံကဲနှင့်ကျောက်ဆစ် ဗုဒ္ဓဆင်းတုတော်များကိန်းဝပ်ရာတိုက်ခန်းနှင့် အာရုံခံတန်ဆောင်းတစ်ခုရှိသည်။ ထိုတန်ဆောင်း၏ မြောက်ဘက်တွင် ကျောက်သပိတ်တစ်လုံးနှင့်ခေါင်းလောင်းတစ်လုံးရှိသည်။ မြောက်ဘက် ဘုရားပွဲတော်တွင် သံဃာဒါနဆွမ်းစဉ်နှင့် ဆွမ်းသပိတ်လောင်းလှူရာတန်ဆောင်းတစ်ခုရှိ၏။ မဟာရံတံတိုင်း ထောင့်လေးထောင့်တွင် အရှေ့တောင်ထောင့်မှာ ခြင်္သေ့လေးကောင်ရံထားသော စေတီတံခွန်တိုင်၊ အရှေ့မြောက်ဘက်တွင် ရတနာတံခွန်တိုင်၊ အနောက်တောင်ထောင့်နှင့် အနောက်မြောက်ထောင့်တွင် ဟင်္သာရုပ်တံခွန်တိုင်တို့ရှိသည်။

မြင်းကပါကျေးရွာတွင် ရပ်ကွက် (၇) ခုရှိ၍ အိမ်ခြေတစ်ထောင်ကျော်ရှိသောရွာကြီးဖြစ်သည်။ စိန်ကုန်းရပ်၊ မြို့လယ်ရပ်၊ မြို့လယ်ကွက်သစ်ရပ်၊ ရွှေခြံရပ်များမှ မနုဟာဘုရားပွဲတော်ကို လည်းကောင်း၊ မြို့မရပ်မှ မြစေတီဘုရားကို လည်းကောင်း၊ မြို့ညွှန့်ရပ်မှ ရှင်ပင်ဥတ္တမဘုရားကို လည်းကောင်း၊ မြို့ရှေ့ရပ်မှ ရွှေစေတီဘုရားကို လည်းကောင်း ဦးစီးပူဇော်ကျင်းပကြပါသည်။ ရွှေစေတီဘုရားပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ ၈ ရက်နေ့များတွင် ဇာတ်ပွဲများထည့်၍ ပူဇော်ကျင်းပကြပါသည်။

ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ရွှေစေတီမြတ်စွာဘုရားကြီးကို အသစ်တစ်ဖန်ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် တိုင်းရင်းသားစေတနာရှင်ပြည်သူများ ဝိုင်းဝန်း၍ ကုသိုလ်ပြုပါဝင်လှူဒါန်းရန် နှိုးဆော်သမှုပြုသောကြောင့်



ရပ်နီး၊ ရပ်ဝေးမှ စေတနာရှင်များမှ လာရောက်၍ နည်းများမဟူ လှူဒါန်းပြုလုပ်ကြသည်ကို တွေ့ရပါသည်။ ၁၃၇၈ ခု၊ တန်ဆောင်မုန်းလတွင် ပုဂံကို လာရောက် ကထိန်အလှူမင်္ဂလာပြုလုပ်ရင်း ရွှေစေတီဘုရားကြီးပြန်လည်ပြုပြင်နိုင်ရန်အတွက် ကြည့်မြင်တိုင် ရန်ကုန်မြို့မှ ဦးခင်မောင်ချို-ဒေါ်စန်းစန်းဝင်း ဟိန်းသစ်သားအမျိုးမျိုးရောင်းဝယ်ရေး ခုနစ်ရက်သားသမီးများမှ (၁၆၁)သိန်းကျော် လာရောက်လှူဒါန်းကြပါသည်။

ခုနစ်ရက်သားသမီးများ၊ စေတနာရှင်များ၏ အလှူငွေများဖြင့် ရွှေးပြေငြမ်းဆင်ခြင်းများပြုလုပ်၍ ရွှေဟောင်းသုတေသနဌာနမှ တိုင်းတာပုံထုတ်ခြင်းများ ပြုလုပ်စေခဲ့ပါသည်။ ဘုရားပြုပြင်မှုလုပ်ငန်းကိုအသုံးပြုရန်အတွက် ရေတွင်းရေကန်လှူဒါန်းသော ဒါယကာများရှိသဖြင့် ရေတွင်းတူးခြင်း၊ ရေကန်ပြုလုပ်ခြင်းများ ဦးစွာပြုလုပ်ဆောင်ရွက်ပါသည်။

ဘုရားပြုပြင်မိန့်ကြားရေးလုပ်ငန်းခွင်စတင်ရေးကို ရန်ကုန်မြို့မှ ဦးခင်မောင်ချိုအဖွဲ့နှင့် ဂေါပကအဖွဲ့ဝင်များ ကြိုးပမ်းအားထုတ်မှုကြောင့် ၁၄-၁၁-၂၀၁၇ စာအမှတ်စဉ် ၁၂/၂၀၁၇ ဖြင့် တင်ပြတောင်းခံထားပါသည်။ ပြန်လည်ပြုပြင်ရန်အမိန့်ကို စာအမှတ် ဂ/ခ/ ဦး/ ၁/၂၅၁၄/ ၂၀၁၇၊ နိုဝင်ဘာ ၁၇ ရက် ရည်ညွှန်းချက် ၁၉-၉-၂၀၁၇နေ့တွင် ပြုပြင်မိန့်ရခဲ့ပါသည်။

ပြုပြင်မွမ်းမံရန်အတွက် ပန်းရန်လုပ်ငန်းကို ၈-၁၂-၂၀၁၇ရက်နေ့မှစ၍ ဖွားစောအရှေ့ရွာမှ ပန်းရန်ပညာရှင် ဦးဝင်းမြင့်ဦးစီးသောအဖွဲ့မှ စတင်လုပ်ဆောင်စေပါသည်။ ပုံစံဒီဇိုင်းအရ လက်ရှိသပိတ်မှောက်အထက်မှ ဖောင်းရစ် (၉) ရစ်ကို (၈) မြောင့်အထက်အောက်စိတ်ထွင်း၍ သံကုန်ကန်ရစ်များလောင်းပြီး ဖောင်းရစ်ပတ်လည်တွင် သံပတ်တီးများထည့်ထားသည်ကိုတွေ့ရသည်။ ရှစ်မြောင့်စိတ်ထားသော သံဆိုင်းများမှာ အထက်ဖောင်းရစ် (၄) ရစ်အထိတက်ထားပြီး ဖောင်းရစ် (၉) ရစ်မျက်နှာပြင်ကိုဖောက်၍ အလယ်မဏ္ဍိုင် ပြုလုပ်၍ အလယ်တွင် စတီးပိုက်ထည့်ထားပြီး ဘေးပတ်လည်တွင် သံကွန်ရက်များပြုလုပ်သည်။ ကွန်ကရစ်လောင်းခြင်း၊ အတွင်းတွင် ဝိတ်လျှော့သည့်အနေဖြင့် အခေါင်းထားပြီး ကွန်ကရစ်ဘေးမှဖောင်းလုံးပုံဖော်ခြင်းများ ပြုလုပ်ထားကိုတွေ့ရပါသည်။ အထက်ခရေသီးဆုံးတိုင်အောင် သံကွန်ချာများပြုလုပ်ထားသဖြင့် ရေရှည်ခိုင်ခံ့မှုများမှာ သေချာအောင် ပြုလုပ်ပုံစနစ်ကျမှုကိုတွေ့ မြင်ရပါသည်။

ဆက်လက်၍ အောက်ရှစ်မြောင့် ဖရုံတုံးပြုပြင်ခြင်း၊ တတိယပစ္စယံပြုပြင်ပြီး စေတီရံတစ်ဆူတည်ထားခြင်း၊ ကလသာပန်းအိုးပြုလုပ်ခြင်း၊ အောက်ခြေခြသေ့ရုပ်ခေါင်းပြုပြင်ခြင်း၊ ပစ္စယံသုံးဆင့်မှ ကြာအုံတန်းခံစိန်တန်းများပြုလုပ်ခြင်း၊ ဘုရားတွင် အားလုံးမွမ်းမံရန်များပြီးစီးပါက ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်းနှင့် ထီးတော်အသစ်၊ စိန်ဖူးအသစ်၊ ငွက်မြတ်နားတော်အသစ်များကို မန္တလေးမြို့မှ (၈၂) လမ်း (၄၃/ ၄၄) ကြား ရှမ်းပွဲကျောင်းကုန်းရပ် မိဘမေတ္တာသစ်ဆားပန်းပုနှင့် မှန်စီရွှေချလုပ်ငန်း ဦးဘတင် - ဒေါ်ခင်မြင့်၊ သမီး မနီနီ၊ မသီသီ၊ သား ဦးအောင်ညွှန့် - ဒေါ်စန်းစန်းမြင့်၊ ကိုတင်ဝင်း - မစန်းစန်းမြင့် မိသားစုမှ လှူဒါန်းမည်ဖြစ်ပြီး ပြုပြင်ဆဲကာလအတွင်း မြန်မာပြည်အရပ်ရပ်မှ တိုင်းရင်းသားစေတနာရှင်အပေါင်းတို့မှ ပုဂံမြို့သို့လာရောက်ဘုရားဖူးကြွရောက်ကြသည့်အခါ မြင်းကပါ မြစေတီဘုရားသို့ရောက်ရှိပါလိမ့်မည်။ မြစေတီဘုရား၏အရှေ့ မြောက်ဘက်တွင် မြင်းကပါဆောင်းကိုဖြတ်၍ဆောက်လုပ်ထားသော တံတားအရှေ့ဘက် မြေနီလမ်းအတိုင်း လိုက်သွားပါက မိနစ်အနည်းငယ်အတွင်းမှာ ရွှေစေတီဘုရားကို ရောက်ပါလိမ့်မည်။ ရွှေစေတီမြတ်စွာဘုရားကြီးအား သဒ္ဓါတရားနည်းများမဆို အလှူငွေများထည့်ဝင်လှူဒါန်းရင်း ရွှေစေတီဘုရားသို့ အရောက်လာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။


ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် ရေးသားရန်တိုက်တွန်းခဲ့သော ဦးဘညွှန့်၊ ဦးအောင်ဆင့်နှင့် ဓာတ်ပုံများကို အညီပေးခဲ့သော ဂေါပကအဖွဲ့အား ကျေးဇူးတင်လျက်။

ခဲ့ခင်းဆွဲနှိုး(မြင်းကပါ)

www.burmeseclassic.com

www.burmeseclassic.com

ဦးကော်ဂိုန်
(မဟာဝိဇ္ဇာ၊ ဝဇိုသကာ)
ဗုဒ္ဓသာသနာတော်၏အစ



ဗုဒ္ဓသာသနာဟူသည်မှာ မြတ်စွာဘုရား၏အဆုံးအမဖြစ်သည်။

ယင်းသာသနာကို -

၁။ ဘုရားရှင် ဟောကြားဆုံးမတော်မူခဲ့သော တရားဒေသနာအရပ်ရပ်ကို ပရိယတ္တိသာသနာ၊

၂။ ဟောကြားဆုံးမတော်မူသည့်အတိုင်း လိုက်နာကျင့်ဆောင်ခြင်းကို ပဋိပတ္တိသာသနာ၊

၃။ ကျင့်ဆောင်သဖြင့် ရရှိသိမြင်လာသော မဂ်ဖိုလ်နိဗ္ဗာန်ကို ပဋိဝေဓသာသနာဟု (၃) မျိုး ခွဲခြားထားပါသည်။

ဂေါတမမြတ်စွာလောင်းလျာသည် သက်တော် (၂၉) နှစ်တွင် တောထွက်၍ (၆) နှစ်တာ ဒုက္ကရစရိယာကျင့်တော်မူပြီးနောက် သက်တော် (၃၅) နှစ် ကဆုန်လပြည့်နေ့တွင် သစ္စာလေးပါးကိုထိုးထွင်းသိမြင်ကာ သမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ် သို့ရောက်တော်မူခဲ့ပါသည်။ ထိုနောက် သစ္စာလေးပါးကို သိမြင်ရာဖြစ်သော ဗောဓိမဏ္ဍိုင်အနီးတွင် (၄၉)ရက်တိုင်တိုင် လှည့်လည်သီတင်းသုံး၍ ဝိမုတ္တိရသခေါ် ခမ္မရသာကို ခံစားတော်မူရင်း ထိုတရားတော်၏ နက်နဲခက်ခဲခြင်းနှင့် လူတို့၏ ဉာဏ စသည့်ကိလေသာထူပြောခြင်းကိုဆင်ခြင်လျက် တရားမဟောလိုသောကြောင့်ကြွမဲ့စိတ်ဖြစ်တော်မူသည်။

ထိုအခါ သဟမ္မတိပြဟ္မာကြီးက-

'တရားဟောကြားတော်မူပါ။ကိလေသာဟူသောမြူနည်းပါး၍ အသိဉာဏ်ထက်သောပုဂ္ဂိုလ်များလည်းရှိပါသည်"

ဟု သုံးကြိမ်တိုင်တိုင်လျှောက်ထားသဖြင့် ဘုရားမြတ်စွာသည် 'တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးဟောကြားတော်မူမည်' ဟု မိန့်ကြားတော်မူကာ တောထွက်တော်မူစဉ်က လောကီစျာန်တရားကို ဟောကြားခဲ့ကြသော အာဠာရကာလာမနှင့် ရာမ၏သား ဥဒကဆရာကြီးနှစ်ဦးအား တရားဦးဟောကြားတော်မူလိုသော်လည်း ကွယ်လွန်ခဲ့ကြပြီးဖြစ်၍ ဒုက္ကရစရိယာကျင့်စဉ်က အနီးကပ်လုပ်ကျွေးပြုစုခဲ့ကြသော ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောကြားတော်မူခြင်းဟာ ကမ္ဘာသိပ်တန်မဂဒါဝုန်တောသို့ ဝါဆိုလပြည့်နေ့အရောက် ခြေလျင်ကြွခဲ့တော်မူပါသည်။

ပဉ္စဝဂ္ဂီတို့သည် ဘုရားရှင်ကြွလာသည်ကို အဝေးမှမြင်ကြရသောအခါ 'ကမ္မဋ္ဌာန်းလူထွက်ရဟန်းဂေါတမကြွလာနေပြီ။ တရားအလုပ်အားမထုတ်ဘဲ လာဘ်လာဘပေါများရန် လှည့်လည်နေသောရဟန်းဂေါတမကို ငါတို့ယခင်ကကဲ့သို့ ခရီးဦးကြိုဆို၍ နေရာထိုင်ခင်းပေးခြင်းစသည်ကိုမလုပ်ကြစတမ်း' ဟု ကတိပြုကြသော်လည်း ဘုရားမြတ်စွာရောက်လာသောအခါ ကတိအတိုင်းမနေနိုင်ကြဘဲ ခရီးဦးကြိုဆိုကာ နေရာထိုင်ခင်းစသည်ကို စီစဉ်ပေးကြပါသည်။

ထိုအခါ ဘုရားရှင်က -

'သေခြင်းကင်းရာ အမတနိဗ္ဗာန်ကို ငါသိမြင်တော်မူ၍ သင်တို့အားတရားဟောကြားတော်မူမည်။ဟောကြားတော်မူသည့်အတိုင်း ကျင့်ဆောင်ကြပါက သင်တို့သည် တရားထူးကို ရရှိသိမြင်ကြလိမ့်မည်'

ဟု မိန့်ကြားတော်မူရာ 'ဒုက္ကရစရိယာအကျင့်ကိုကျင့်စဉ်ကပင် တရားထူးမရခဲ့သည်ကဲ့သို့ လှည့်လည်နေပါက အသို့လျှင် အမတတရားကိုသိနိုင်အံ့နည်း' ဟု သုံးကြိမ်တိုင်တိုင် ငြင်းပယ်နေကြသဖြင့် သင်တို့နှင့်အတူနေစဉ်က အမတတရားကိုသိပြီဟု ငါပြောဖူးပါသလော ဟု မေးမြန်းတော်မူသည်မှ 'မပြောဖူးပါ' ဟု ဝန်ခံပြီး တရားနာရန် သဘောတူကြပါသည်။

ထိုအခါ ဘုရားရှင်က ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားတော်ကို စတင်ဟောကြားတော်မူပါသည်။

ဓမ္မစကြာဒေသနာတော်၏လိုရင်းအကျဉ်းချုပ်မှာ -

၁။ ရဟန်းတို့ရှောင်ကြဉ်ရမည့်အကျင့် (၂) ပါး။

၂။ ကျင့်ဆောင်ရမည့်မဂ္ဂင် (၈) ပါးနှင့်

၃။ ကျင့်ဆောင်ခြင်းဖြင့် သိမြင်ရမည့် သစ္စာ (၄) ပါး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၁။ရှောင်ကြဉ်ရမည့်အကျင့်(၂)မျိုး အနက် -

(က) ကာမသုခလွန်ကာနုယောဂဟူသည်မှာ ကာမဂုဏ်အာရုံကိုခံစားမှုဖြစ်၍ လူဝတ်ကြောင်များ၏အမှုအကျင့်သာဖြစ်သောကြောင့် ရဟန်းတို့နှင့်မည်သို့မျှ မသင့်တော်သည့်အကျင့်ဖြစ်ပါသည်။

(ခ) အတ္တကိလမထာနုယောဂဟူသည်မှာလည်း ကိုယ်ခန္ဓာဆင်းရဲပင်ပန်းစေသည့်အကျင့်ဖြစ်၍ သမာဓိ ပညာကိုထူထောင်နိုင်သောအကျင့်မဟုတ်ပေ။

၂။ ကျင့်ဆောင်ရမည့်မဂ္ဂင်ရှစ်ပါးကို ကမ္မဋ္ဌာန်းအလုပ်သဘောဖြင့် စဉ်းစားလျှင် သမ္မာဒိဋ္ဌိ (အသိမှန်) နှင့် သမ္မာသင်္ကပ္ပ (အတွေးမှန်) တို့မှာ အခြေခံဖြစ်ပါသည်။

ဂေါတမမြတ်စွာလောင်းလှာသည် သုအို၊ သုနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကို တွေ့မြင်ရသဖြင့် အို၊ နာ၊ သေ ဟူသောဒုက္ခမှ ကင်းငြိမ်းမည့် (နိဗ္ဗုတ) ကို ရနိုင်ရေးအတွက် လူ့ဘောင်ကိုစွန့်ခွာကာ ရဟန်းပြုလာခြင်းဖြစ်၍ ပဉ္စဝဂ္ဂိငါးဦးတို့မှာလည်း ဘုရားလောင်းလျာတရားထူးရလာပါက ငါတို့နည်းခံကျင့်ကြံခြင်းဖြင့် တရားထူးကို ရနိုင်ကြမည်ဟူသော မျှော်လင့်ခြင်းဖြင့် အနီးကပ်ပြုစုခဲ့ကြခြင်း ဖြစ်ပါသည်။

အလယ်မဂ္ဂင်သုံးပါးအနက် -

(က) သမ္မာဝါစာ ဟူသည်မှာ လိမ်လည်ပြောဆိုခြင်း၊ အချင်းချင်းကွဲပြားအောင် ကုန်းချောခြင်း၊ ကြမ်းတမ်းစွာပြောဆိုခြင်း၊ အကျိုးမဲ့စကားကို ပြောဆိုခြင်းကို ရှောင်ကြဉ်၍ မှန်သော စကားကိုသာ ပြောဆိုခြင်း ဖြစ်ပါသည်။

(ခ) သမ္မာကမ္မန္တ ဟူသည်မှာ သူတစ်ပါးကို နှိပ်စက်သတ်ဖြတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူလုယက်ခြင်း၊ သူတစ်ပါး သားမယားကို ပြစ်မှားကျူးလွန်ခြင်းကို ရှောင်ကြဉ်ခြင်း၊ ရဟန်းတို့အဖို့ မေထုန်အမှုကို ရှောင်ကြဉ်ခြင်း ဖြစ်ပါသည်။

(ဂ) သမ္မာအာဇီဝ ဟူသည်မှာ တရားနှင့်လျော်သောအသက်မွေးမှုဖြစ်ပါသည်။ အကျဉ်းအားဖြင့် ဤမဂ္ဂင်သုံးပါးမှာ ကိုယ်နှုတ်ကိုထိန်းချုပ်စောင့်စည်းခြင်းဖြစ်၍ သီလမဂ္ဂင်များဖြစ်ပါသည်။ ဘုရားလောင်းရော ပဉ္စဝဂ္ဂိငါးဦးတို့ပါ ဒုက္ခခပ်သိမ်းကင်းငြိမ်းမှုကို ရလိုခြင်းကြောင့် တောထွက်လာကြခြင်းဖြစ်ရာ ယင်းကိုယ်နှုတ်ကိုစောင့်စည်းထိန်းချုပ်မှု သီလမဂ္ဂင်သုံးပါးနှင့် ပြည့်စုံကြပြီးဟု သိနိုင်ပါသည်။

နောက်ဆုံးဖြစ်သော မဂ္ဂင်သုံးပါးမှာ စိတ်နှလုံးကို ထိန်းချုပ်စောင့်စည်းခြင်း ဖြစ်ပါသည်။

(က) သမ္မဝါယာမဟူသည်မှာ မိမိစိတ်၌ လောဘ၊ ဒေါသ စသည့် ကိလေသာတို့မပေါ်လာအောင် ကြိုးပမ်းခြင်း ဖြစ်ပါသည်။ တရားတော်အရ အကုသိလ်အမှုသစ်မဖြစ်အောင်၊ ပြုမိသော အကုသိုလ်အမှုမျိုးထပ်မဖြစ်အောင်၊ ကုသိုလ်မူသစ်ဖြစ်လာအောင်နှင့် ပြုပြီးသော ကုသိုလ်ကောင်းမှုမျိုး ထပ်မံဖြစ်ပေါ်လာအောင်ကြိုးပမ်းခြင်း ဖြစ်ပါသည်။

(ခ) သမ္မာသတိဟူသည်မှာ မိမိကိုယ်စိတ်တစ်ခုခု၌ ဖြစ်ပေါ်လာသမျှကို သတိဖြင့်အစဉ်မှတ်နေခြင်းဖြစ်၍ တရားတော်အရ သတိပဋ္ဌာန်လေးပါးကိုပွားများခြင်း ဖြစ်ပါသည်။

(ဂ) သမ္မာသမာဓိဟူသည်မှာ မိမိစိတ်ကို အာရုံတစ်ခုတည်း၌ထားနိုင်ခြင်း ဖြစ်ပါသည်။

ဂေါတမမြတ်စွာသည် အာနာပါနဿတိကိုပွားများခြင်းဖြင့် တည်ကြည်ခြင်း သမာဓိခိုင်လာပြီး ထိုအာနာပါနဿတိ၌ ကြာရှည်စွာထားရှိနိုင်သော စွမ်းအင်လေးဆင့်သို့ ရောက်ရှိလာခြင်းဖြင့် လောကီသမာဓိအတွက်အထိပ်သို့ရောက်ရှိခဲ့ပြီး ဝိပဿနာကို ရှုပွားခြင်းဖြင့် သစ္စာလေးတန်ကို အဆင့်လေးဆင့်ဖြင့် သိမြင်တော်မူကာ သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ရောက်လာတော်မူခြင်း ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် မဂ္ဂင်ရှစ်ပါးကို ပွားများခြင်းဖြင့် သိရှိတော်မူလာသော သစ္စာလေးပါးကို သုံးသပ်ဆင်ခြင်ပုံကို ဓမ္မစကြာဒေသနာ၌ ဆက်လက်ရှင်းပြတော်မူသည်မှာ -

၁။(က) ဤပဋိသန္ဓေနေရခြင်း စသည်သည် ဆင်းရဲမှုအမှန် ဒုက္ခသစ္စာဖြစ်သည်။

(ခ) ဤဒုက္ခသစ္စာသည် ဤ၍ဤမျှဟုပိုင်းခြားသိမြင်ရမည့်တရားဖြစ်သည်။

(ဂ) ငါပိုင်းခြားသိမြင်ခဲ့ပြီ။

၂။(က) ဤတဏှာလောဘသည် ဒုက္ခဖြစ်ကြောင်းအမှန်သမုဒယသစ္စာဖြစ်သည်။

(ခ) ဤသမုဒယသစ္စာကိုပယ်ရမည်။

(ဂ) ငါ ပယ်ပြီးပြီ။

၃။(က) ဤတဏှာလောဘအကြွင်းမဲ့ချုပ်ငြိမ်းခြင်းသည် ဒုက္ခချုပ်ငြိမ်းမှုအမှန် နိဗ္ဗာန်သစ္စာဖြစ်သည်။

(ခ) ဤနိဗ္ဗာန်သစ္စာကို မျက်စိဖြင့်မြင်ရသကဲ့သို့ တတ်အပ်ထင်ထင်သိရမည်။

(ဂ) ငါသိပြီးပြီ။

၄။(က) ဤမဂ္ဂင်ရှစ်ပါးသည် ဒုက္ခချုပ်ငြိမ်းခြင်းသို့ရောက်ကြောင်းကျင့်စဉ်ဖြစ်သည်။

(ခ) ဤမဂ္ဂင်ရှစ်ပါးကို ပွားများရမည်။

(ဂ) ငါပွားများပြီးပြီ။

ဤကဲ့သို့ သစ္စာအသီးသီးကို ဆင်ခြင်သုံးသပ်မှုသုံးမျိုးစီကို တိပရိဝဋ္ဋ (အပြန်သုံးပါး) ဟုခေါ်ပြီး ထိုသစ္စာလေးပါးကို အပြန်သုံးပါးနှင့်တွဲစပ်ခြင်းဖြင့် ရရှိလာသော (၁၂) ပါးကို ဒွါဒသာကာရ (အခြင်းအရာ ၁၂ ပါး) ဟု ခေါ်သည်။

ဘုရားမြတ်စွာသည် သစ္စာလေးပါးကို အပြန်သုံးပါး၊ အခြင်းအရာတစ်ဆယ့်နှစ်ပါးဖြင့် မသိမီက အဘိသမ္ဗုဒ္ဓဟုဝန်မခံသေးဘဲ သိရှိတော်မူသည့်အခါ လောကတစ်ခွင်၌ အဘိသမ္ဗုဒ္ဓေဟုဝန်ခံကြောင်းကို ပဉ္စဝဂ္ဂိတို့အား ရှင်းပြတော်မူပြီးနောက် ထိုသို့သိရှိတော်မူခြင်းဖြင့် ရရှိသိမြင်လာသည့်အချက်သုံးမျိုးကိုလည်း ဤသို့ ဆက်လက် မိန့်ကြားတော်မူပါသည်။

၁။ ငါရရှိလာသော အရဟတ္တမဂ်ဉာဏ်ဟူသော ဝိမုတ္တိသည် မပျက်စီးတော့ပြီ။

(အကုပ္ပါ မေ ဝိမုတ္တိ)

၂။ ဤဘဝဖြစ်စဉ်သည် ငါ၏နောက်ဆုံးဖြစ်သည်။

(အယံ အန္တိမာ ဇာတိ)

၃။ နောက်ထပ် ဘဝအသစ်မရှိတော့ပြီ။

(နတ္ထိ မေ ပုနဗ္ဘဝေါ)

ပဉ္စဝဂ္ဂိငါးဦးတို့သည် ဘုရားရှင်၏ ဓမ္မစကြာဒေသနာတော်ကို ကြားနာရသောအခါ နှစ်သက်အားရကြွေးမြိုသည်။ အရှင်ကောဏ္ဍညကမူ ယင်းဒေသနာတော်ကို ကြားနာရသောအခါ ကိလေသာမြူကင်းစင်သော သောတာပတ္တိမဂ်ဉာဏ်အမြင်ဓမ္မစက္ခုကို ရရှိတော်မူပြီး အကြောင်းကြောင့် ဖြစ်ပေါ်လာသမျှ တရားအစုသည် ချုပ်ငြိမ်းခြင်းသဘောရှိပေသည်' ဟု အသိအမြင်ကို ရရှိခဲ့ကြသည်။

ဘုရားမြတ်စွာသည်လည်း အရှင်ကောဏ္ဍည အဦးဆုံးတရားအသိ (သောတာပတ္တိမဂ်ဉာဏ်) ရပြီကိုသိတော်မူသဖြင့် 'အညာသိ ဝတ မော ကောဏ္ဍော

www.burmeseclassic.com

www.burmeseclassic.com

ညော' (အချင်းတို့၊ ကောဏ္ဍညသည် သစ္စာလေးပါးကိုသိလေပြီ' ဟု သုံးကြိမ်တိုင်တိုင် ဝမ်းမြောက်ဥဒါန်း ကျူးရင့်တော်မူပါသည်။ တစ်နည်းအားဖြင့် 'ငါဘုရားဟောကြားအပ်သောတရားဒေသနာသည် အောင်မြင်မှုပါ စတင်ခဲ့ပြီ' ဟု ကျူးရင့်တော်မူခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

ထို့ကြောင့်လည်း သစ္စာလေးပါး တရားအသိကို ရရှိတော်မူသော အရှင် ကောဏ္ဍညသည် ဘုရားမြတ်စွာ၏ သာသနာကို အခိုင်အမာယုံကြည်ခြင်းဖြင့် ဘုရားရှင်ထံ၌ ရှင်ရဟန်းအဖြစ်သို့ တောင်းခံခြင်းဖြင့် ဗုဒ္ဓမြတ်စွာကလည်း 'ဧဟိဘိက္ခု' ရဟန်းအဖြစ်ကို ချီးမြှောက်တော်မူခြင်း ဖြစ်ပါသည်။ နတ်ပြဿာတို့ ကြွေးကြော်ခြင်း၊ တစ်သောင်းသော လောကဓာတ်တို့တုန်လှုပ်ခြင်း၊ နတ်တို့၏ တန်ခိုးကျဒွိဒထက် သာလွန်သောအလင်းရောင်ကြီးပေါ် ထွက်ခြင်းတို့မှ စမွစကြာဒေသနာအပြီး၌ ဖြစ်ပေါ် လာသည့် မှတ်တမ်းတို့ ဖြစ်ပါသည်။

အချုပ်ဆိုရလျှင် ဝါဆိုလပြည့်ညနေတွင် စတင်ခဲ့သော ဗုဒ္ဓသာသနာသည် စလျှင်စချင်းပင် အောင်မြင်မှုပါ စတင်ဖြစ်ထွန်းလာပြီဟုဆိုရပါမည်။ အရှင်ကောဏ္ဍညသောတာပန်ဧဟိဘိက္ခုရဟန်းအဖြစ်သို့ရောက်ပြီးနောက် ဗုဒ္ဓမြတ်စွာသည် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ ၄ ရက်အတွင်း ကျန်ပဉ္စဝဂ္ဂီအဖွဲ့ဝင် လေးပါးတို့ကို တစ်နေ့လျှင် တစ်ပါးစီ သောတာပတ္တိမဂ်ဉာဏ်ကိုရရှိပြီး ဧဟိဘိက္ခုရဟန်းအဖြစ်သို့ ရောက်ရှိအောင် ဟောကြားဆုံးမတော်မူပါသည်။ ဇီနယမဟာဝဂ္ဂပါဠိတော်နှင့် အဖွင့်အဋ္ဌကထာများအရ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ရှင်ဝပ္ပနှင့် ရှင်ဘဒ္ဒိယနှစ်ပါးကို တရားအားထုတ်စေတော်မူကာ ရှင်ကောဏ္ဍည၊ ရှင်မဟာနာမ်၊ ရှင်အဿဇိတို့က ဆွမ်းခံလှည့်လည်၍ ရရှိလာသော ဆွမ်းဘောဇဉ်ကို (၆)ပါးတို့ မျှတသုံးဆောင်ကြပါသည်။ ဘုရားရှင်သည် တရားအားထုတ်နေသော ပဉ္စဝဂ္ဂီတို့ကို အနီးကပ်စောင့်ကြပ်တော်မူကာ ငိုက်မျဉ်းလာသောအခါ သို့မဟုတ် တရားလမ်းကြောင်းလွဲချော်လာသောအခါ ပြုပြင်ညွှန်ပြတော်မူပါသည်။ ဤသို့ဖြင့် တရားဟောခြင်း (ပရိယတ္တိ)၊ ကျင့်ဆောင်စေခြင်း (ပဋိပတ္တိ) သာသနာ့စ်ရပ်ဖြင့် ကျန်ပဉ္စဝဂ္ဂီလေးဦးတို့ကို တစ်နေ့လျှင် ထစ်ပါးအားဖြင့် သောတာပန် ဧဟိဘိက္ခုအဖြစ်သို့ ရောက်ရှိစေတော်မူခဲ့ပါသည်။

တရားသဘောအရ သောတာပတ္တိမဂ်ဉာဏ်ကိုရရှိသည်နှင့် တစ်ပြိုင်နက်မှာပင် အယူအဆ(ဒိဋ္ဌိ)၊ ဘုရားရှင်နှင့် တရားတို့အပေါ် ယုံမှားမှု (ဝိစိကိစ္ဆာ)၊ အပါယ်လေးဘုံသို့ရောက်စေနိုင်သောပြင်းထန်သည့်အကုသိုလ်စိတ်ဓာတ်တို့ပါ ချုပ်ငြိမ်းသွားကြ၏။ ထို့ကြောင့် သောတာပန်တို့သည် အပါယ်သို့လားရောက်ကြောင်းအကုသိုလ်ကိုပယ်ပြီးခဲ့ပြီဟု ဘုရားရှင်ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

ပဉ္စဝဂ္ဂီငါးဦးတို့သည် သောတာပတ္တိမဂ်ဉာဏ်ကိုရရှိခြင်းဖြင့် အထက်ပါအကုသိုလ်စိတ်ဓာတ်မျိုးကို ပယ်နှုတ်ပြီးဖြစ်သော်လည်း ကာမဂုဏ်အာရုံနှင့် ဘုံဘဝကို တပ်မက်တွယ်တာမှု စသောမပြင်းထန်သည့် အကုသိုလ်စိတ်ဓာတ် (၀၀) ကိလေသာတို့ ကျန်ရှိနေသည်။

ထို့ကြောင့် ဘုရားမြတ်စွာသည် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် ပဉ္စဝဂ္ဂီရဟန်းတော်တို့အား အနတ္တလက္ခဏသုတ်တော်ကို ဟောကြားတော်မူသည်။ သုတ်တော်အကျဉ်းအားဖြင့် ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည် တည်မြဲခိုင်မာသော အတ္တသဘောမရှိ၊ ခန္ဓာရှင်အလိုသို့ လိုက်ပါတတ်သည့်သဘောလည်းမရှိဘဲ ဖြစ်ပျက်ပြောင်းလဲတတ်သောသဘောရှိကြသည်။ ဖြစ်ပေါ် ပြောင်းလဲတတ်သောကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတရားတို့သာဖြစ်သည်။ အဓိပ္ပာယ်သူတော်ကောင်းတို့သည် ယင်းသို့သောသဘောရှိကြသည့် ခန္ဓာငါးပါးကို ငြီးငွေ့ခြင်း၊ တွယ်တာတပ်မက်မှုကင်းခြင်းဖြင့် ယင်းတို့အပေါ် စွဲလမ်းသည့် ကိလေသာတို့မှလွတ်မြောက်အောင် ကြိုးပမ်းကြသည်ဟု ခန္ဓာငါးပါးကို အသီးသီးကို ရှင်းလင်းဟောကြားတော်မူခြင်းဖြင့် ပဉ္စဝဂ္ဂီငါးဦးစလုံးတို့သည် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် အာသဝေါကင်းကွာရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြပါသည်။

■ နာလကလူလင်အား မောနေယျအကျင့်ကို ဟောကြားတော်မူခြင်း

ဦးရီးတော် ကာလဒေဝိလရသေ့ကြီး၏မှာကြားချက်အရ ဘုရားအလောင်းသိဒ္ဓတ္ထမင်းသားဖွားမြင်သောနေ့တွင်ပင် တောထွက်၍ ရသေ့ရဟန်းပြုကာ ဟိမဝန္တာတောအရပ်၌ နေထိုင်လာခဲ့သော ရှင်နာလကသည် ဂေါတမဗုဒ္ဓမြတ်စွာ ပွင့်ထွန်းပေါ်၍ ခမွစကြာတရားဟောကြားတော်မူကြောင်းသိရသောအခါတွင် မိဂဒါဝုန်တောသို့ထွက်ကြွလာကာ ဝါဆိုလပြည့်ကျော် ၇ ရက်နေ့တွင် ဘုရားရှင်ထံသို့ ရောက်ရှိလာခဲ့သည်။ ဗုဒ္ဓမြတ်စွာအား ရိုသေစွာရှိခိုးပြီးနောက် မောနေယျအကျင့်ကို ဟောကြားတော်မူပါရန် လျှောက်ထားသဖြင့် ဗုဒ္ဓမြတ်စွာသည် (၂၃) ဂါထာတို့ဖြင့် မောနေယျအကျင့်ကို ပြည့်စုံစွာ ဟောကြားတော်မူပါသည်။ ရှင်နာလကသည် တောင်ခြေတစ်ခု၊ တောအုပ်တစ်အုပ်၊ ရွာတစ်ရွာ၊ သစ်ပင်တစ်ပင်စသည်တို့၌ တစ်ရက်တစ်ကြိမ်သာနေ၍ ပြောင်းရွှေ့လှည့်လည်ရင်း မောနေယျအကျင့်ကို ထက်သန်စွာလိုက်နာကျင့်ဆောင်လေရာ မကြာမီပင် ရဟန္တာအဖြစ်သို့ ရောက်ရှိလေသည်။ သို့ရာတွင် မောနေယျအကျင့်ကို ပြင်းထန်စွာကျင့်ခြင်းကြောင့် ဘုရားရှင် အားဖူးမြင်ပြီး (၇) လအကြာတွင် ဟိဂ်လတောင်ကို မှီ၍ ဗုဒ္ဓမြတ်စွာသီတင်းသုံးရာ ရာဇဂြိဟ်သို့မျက်နှာမူကာ ရပ်လျက်ပင် လက်အုပ်ချီ၍ ပရိနိဗ္ဗာန်စံဝင်လေသည်။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာတော်များနှင့် ကြွရောက်တော်မူကာ ဈာပနကိစ္စကို ရွက်ဆောင်တော်မူခဲ့ပါသည်။

■ ယသသူဌေးသားနှင့် အပေါင်းအဖော်တို့ ရဟန်းပြုကြခြင်း

ဂေါတမဘုရားအလောင်းတော်အား နို့ယနာဆွမ်းကို လှူဒါန်းခဲ့သော သုဇာတာ၏သားဖြစ်သူ ယသသတို့သားသည် ကြွယ်ဝချမ်းသာသည့်အားလျော်စွာ မိုး၊ နွေ၊ ဆောင်း ပြဿဒံသုံးဆောင်တို့၌လှည့်လည်နေထိုင်ကာ ကာမဂုဏ်ချမ်းသာကို ခံစားနေရာ မိုးရာသီစံအိမ်၌ နေထိုင်စဉ်တွင် တစ်ခုသောညဦး စောစီးစွာအိပ်ပျော်သွားခဲ့ပါသည်။ အိပ်ရာမှနိုးလတ်သော် ခြေရံမောင်းမကချေသည်တို့ ရှုမြင်မကောင်းအောင် အိပ်မောကျနေသည်ကို တွေ့မြင်ရသဖြင့် သံဝေဂဖြစ်ပေါ်ကာ 'ဥပဒ္ဒုတံ ဝတ ဘော၊ ဥပဿဋ္ဌံ ဝတ ဘော' (ခန္ဓာကိုယ်ဆိုးဤဒုက္ခအိုးကို ကိလေသာအမျိုးမျိုးကပ်ထိပါးနှိပ်စက်အပ်စပ်တုတ်ကား) ဟု သံဝေဂဥဒါန်းစကားမြွက်ဆိုလျက် ရေခြုံခြင်းစီးကာ စံအိမ်မှထိတ်တဆိတ်ပြေးထွက်ခွာလာ၍ ခရီးဆက်လေလျှင်းမိဂဒါဝုန်တောသို့ စောစီးစွာရောက်လေသည်။ ဗုဒ္ဓမြတ်စွာသည် ထိုနေ့မိုးသောက်ယံ

www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းတွင် စောစီးစွာထ၍ လွင်တီးခေါင်၌ စကြိလျှောက်တော်မူစဉ် ယသ သူဌေးသားလာနေသည်ကို မြင်တော်မူ၍ သင့်လျော်သောနေရာ၌ ထိုင်နေတော်မူသည်။ ယသသည် ဘုရားအနီးသို့ ရောက်သောအခါ မိမိရွှတ်ဆိုခဲ့သော သံဝေဂဒါန်းကိုပင် ကျူးရင့်မြွက်ဆိုလေရာ ဘုရားရှင်က -

"ချစ်သား ယသ၊ ငါဘုရားသိရှိတော်မူသော ဤနိဗ္ဗာန်သည် ကိလေသာတို့ မနှိပ်စက်နိုင်သောတရားဖြစ်ပေသည်။ ယသ-လာလော့၊ နိဗ္ဗာန်ရောက်ကြောင်းတရားကို ငါဟောကြားအံ့"

ဟု မိန့်ကြားဖိတ်ခေါ်သောအခါ ယသသည် ဝမ်းမြောက်အားတက်ကာ ရွှေခြေနင်းကိုချွတ်၍ ဘုရားရှင်အနီး ရှိသေစွာရှိခိုးထိုင်နေစဉ် ဘုရားရှင်က-

၁။ **ဒါနကထာ** - အလှူဒါနနှင့်စပ်သော တရား၊

၂။ **သီလကထာ** - ကိုယ်ကျင့်သီလနှင့် စပ်သောတရား၊

၃။ **သဂ္ဂကထာ** - နတ်ရွာသုဂတိနှင့်စပ် သောတရား၊

၄။ **မဂ္ဂကထာ** - မဂ်ဖိုလ်နှင့်စပ်သော တရား၊

တို့ကို အစဉ်အတိုင်း ဟောကြားတော်မူသည်။

ယသသည် ဘုရားရှင်၏ တရားစကားကိုကြားနာရင်း စိတ်ထားကြည်လင်သန့်ရှင်းလာသည်ကို ဘုရားရှင်သိတော်မူသောအခါ သစ္စာလေးပါးကို ဆက်လက် ရှင်းလင်းဟောကြားတော်မူသဖြင့် တစ်ထိုင်တည်းမှာပင် သောတာပန်အဖြစ်သို့ ရောက်ရှိခဲ့သည်။

ထိုနေ့နံနက်တွင် မိခင်ဖြစ်သူဇာတာသည် ယသကို အိပ်ရာ၌မမြင်သဖြင့် စိုးရိမ်ကြီးစွာဖြင့် ခင်ပွန်းဖြစ်သူ ဗာရာဏသီသူဌေးအား ပြောကြားလေသည်။ သူဌေးကြီးသည် အခြားသူတို့အား အရပ်လေးမျက်နှာသို့ စေလွှတ်ရာ ဖွေခိုင်းပြီး မိမိကိုယ်တိုင် မိဂဒါဝုန်တောဘက်သို့ခရီးထွက်ခဲ့ရာ ယသ၏ ရွှေခြေနင်းရာကိုတွေ့မြင်၍ အစဉ်တစိုက်လိုက်လာခဲ့သည်။

ဘုရားရှင်သည် ယသ၏ ဖခင်သူဌေးကြီးကို အဝေးမှပင် မြင်တော်မူ၍ ယသကိုမမြင်ရအောင် အဓိဋ္ဌာန်တန်ခိုးဖြင့် ဖုံးကွယ်တော်မူသည်။ ဖခင်သူဌေးကြီးသည် ဘုရားရှင်ထံမှောက်သို့ ရောက်ရှိလာကာ -

"ယသကိုတွေ့မြင်လိုက်ပါသလား"

ဟု မေးလျှောက်သည်။

ဘုရားရှင်က -

"သင်၏သားကို ဤနေရာ၌ပင် တွေ့မြင်ပါလိမ့်မည်"

ဟု မိန့်ကြားတော်မူသည်။

ဖခင်သူဌေးကြီးသည် ဝမ်းမြောက်အားရကာ ဘုရားရှင်အနီး၌ထိုင်လေရာ ယသအားဟောကြားခဲ့သော ဒါနကထာ စသည်ကို ဘုရားရှင်က ဟောကြားလျက် သစ္စာလေးပါးကို ရှင်းပြတော်မူသောအခါ သောတာပန်အဖြစ်သို့ ရောက်ရှိလေသည်။ ယသသည်လည်း ဖခင်အား ဟောကြားသော တရားတော်ကို ထပ်မံကြားနာရင်း အာသဝေါကင်းကွာရဟန္တာအဖြစ်သို့ရောက်ရှိလေသည်။

သူဌေးကြီးသည် 'တေဝိဇ္ဇကသရဏဂုံ' တူသော ရတနာသုံးပါးကို ဦးစွာဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ်ကို ခံယူသည်။ ထိုအချိန်တွင် ဖခင်သူဌေးကြီးသည် မိမိအနီး၌ထိုင်နေသော ယသကိုမြင်ရလေရာ -

"ချစ်သား ယသ၊ သင့်မိခင်သည် သင့်ကိုမမြင်ရသဖြင့် ဝမ်းနည်းငိုကြွေးနေရှာသည်။ သင်၏မိခင်အား အသက်ကို ပေးပါလော့"

ဟု ပြောကြားသောအခါ ယသသည် ဘုရားရှင်ကို မော်၍ဖူးမြော်ကြည့်ရှုလေသည်။

ဗုဒ္ဓမြတ်စွာက ယသသည် အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ ရောက်ရှိနေပြီးဖြစ်၍ လူဘောင်လူဘဝအဖြစ်ဖြင့် ကာမစည်းစိမ်ကိုခံစားမှုမပြုတော့ကြောင်း မိန့်ကြားတော်မူသဖြင့် သူဌေးကြီးသည် သားသယအား ခိုးကျူးကာ ဘုရားရှင်အား ယသနှင့်အတူ ဆွမ်းဘုဉ်းပေးရန် ပင့်လျှောက်ပြီး ပြန်သွားလေသည်။ ဖခင်သူဌေးကြီးပြန်သွားပြီးနောက် အရှင်ယသသည် ဘုရားရှင်အား ရှင်ရဟန်းအဖြစ်ကို လျှောက်ထားတောင်းခံသဖြင့် ဗုဒ္ဓမြတ်စွာသည် ဧဟိ ဘိက္ခု သွာက္ခာတော ဓမ္မော စသည်ဖြင့် မိန့်ကြားတော်မူလိုက်သည်နှင့်တစ်ပြိုက်နက် အရှင်ယသသည် ခြောက်ပါးမြောက် 'ဧဟိဘိက္ခု' ရဟန္တာအဖြစ်သို့ ရောက်ရှိလေသည်။

ဗုဒ္ဓဘုရားရှင်သည် ရဟန္တာအရှင်ယသနှင့်အတူ သူဌေးကြီးအိမ်သို့ကြွရောက် ဆွမ်းဘုဉ်းပေးတော်မူပြီး သုဇာတာနှင့် ရှင်ယသ၏ ဇနီးဟောင်းတို့အား တရားဟောကြားတော်မူရာ အမျိုးသမီးနှစ်ဦးစလုံးသည် သောတာပန်အဖြစ်သို့ ရောက်ရှိကြ၍ တေဝိဇ္ဇကသရဏဂုံသုံးပါးကို ဦးစွာဆည်းကပ်ကိုးကွယ်သော ဥပါသိကာမအဖြစ်ကိုခံယူကြလေသည်။

အရှင်ယသ ရဟန်းပြုသည်ကို ကြားသိရသောသူငယ်ချင်းများဖြစ်ကြသည့် ဝိမလ၊ သုဗာဟု၊ ပုဏ္ဏဇိ၊ ဂဝမ္ပတိ မည်သော သူဌေးသား (၄) ဦးတို့သည် အရှင်ယသမှတစ်ဆင့် ဗုဒ္ဓမြတ်စွာထံ ချဉ်းကပ်ရှိခိုးသောအခါ ဘုရားရှင်က ဒါနကထာ စသည်တို့ကို ဦးစွာဟောကြားပြီး သစ္စာလေးပါးကို ရှင်းလင်းညွှန်ပြတော်မူရာ သောတာပန်အဖြစ်သို့ရောက်ရှိကြသည်။ ထို့နောက် ရှင်ရဟန်းအဖြစ်ကို တောင်းခံလျှောက်ထားကြသဖြင့် သူဌေးသားလေးဦးတို့ ဧဟိဘိက္ခုရဟန်းအဖြစ်သို့ရောက်ရှိကြပြီး ဘုရားရှင်၏ တရားစကားကို ဆက်လက်ကြားနာခြင်းဖြင့် ရဟန္တာအဖြစ်သို့ ရောက်ရှိကြလေသည်။ အလားတူပင် ဗာရာဏသီပြည် ဇနပုဒ်၌နေထိုင်ကြသော အရှင်ယသ၏ သူငယ်ချင်း (၅၀) တို့သည်လည်း အရှင်ယသ၏ အကြောင်းကိုကြားသိရ၍ ယင်းမှတစ်ဆင့် ဘုရားရှင်အား ချဉ်းကပ်ရှိခိုးကာ ဒါနကထာ စသည့် တရားစကားများကို ကြားနာရ၍ သောတာပန်အဖြစ်သို့ ရောက်ရှိကြသည်။ ထို့နောက် ရှင်ရဟန်းအဖြစ်ကို တောင်းခံခြင်းဖြင့် ဧဟိဘိက္ခုရဟန်းအဖြစ်သို့ ရောက်ရှိကြကာ ဘုရားရှင်၏ တရားတော်ကို ဆက်လက်ကြားနာ၍ ရဟန္တာအဖြစ်သို့ရောက်ရှိကြပြန်သည်။ ထိုအခါ ဣသိပတနမိဂဒါဝုန်တော၌ ဝါတွင်းကာလ၌ပင် ဗုဒ္ဓမြတ်စွာနှင့် တပည့်သာဝကရဟန္တာ (၆၀) ပေါ်ထွန်းလာခဲ့ကြပါသည်။

■ သာသနာပြုစေလွှတ်ခြင်း

မိဂဒါဝုန်၌ သီတင်းသုံးတော်မူစဉ် ဝါဆိုဝါကပ်ပညတ်ခြင်းမရှိသေးသဖြင့် ဗုဒ္ဓမြတ်စွာသည် တပည့်ရဟန္တာခြောက်ဆယ်ကို ခေါ်၍ အရပ်ရှစ်မျက်နှာသို့ လမ်းခရီးတစ်ကြောင်းလျှင် တစ်ပါးစီကြွခိုင်း၍ တရားဟောကြားရန် စေလွှတ်တော်မူသည်။ ရဟန္တာအရှင်မြတ်တို့သည် အရပ်အသီးသီးတို့ကြွရောက်၍ တရားဟောကြားရာတွင် ရဟန်းပြုလိုသူတို့အား ဘုရားရှင်ထံ ခေါ်ယူလာကြသည်။ ဤကဲ့သို့ စုံရုံးခေါ်ယူလာရသဖြင့် ရဟန္တာအရှင်မြတ်များနှင့်ရဟန်းလေးတို့ပါ ခရီးလမ်းပင်ပန်းကြသည်ကို သနားတော်မူသဖြင့် ဗုဒ္ဓဘုရားရှင်သည် ရဟန္တာတို့ကိုယ်တိုင်ပင် သရဏဂုံသုံးပါးဖြင့် ရဟန်းပြုခွင့်ပေးတော်မူသည်။ ရဟန်း

www.burmeseclassic.com

www.burmeseclassic.com

ပြုလိုသူတို့အား ဆဲမုတ်ဆိတ်များကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသောသင်္ကန်းဝတ်ခဲ့စေကာ သရဏဂုံသုံးပါးကို ခံယူစေခြင်းဖြင့် ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိကြသည်။

■ ဘဒ္ဒဝဂ္ဂိညီနောင်သုံးကျိပ်တို့ ရဟန်းပြုကြခြင်း

ဗုဒ္ဓမြတ်စွာသည် ဘဒ္ဒဝဂ္ဂိညီနောင်တို့ကို ဧဟိဘိက္ခုရဟန်းအဖြစ်သို့ရောက်စေပြီးနောက် ဥရုဝေလတောအုပ်သို့ ဆက်လက်ကြွချီတော်မူသည်။

ထိုအခါမှစ၍ ဥရုဝေလတောအုပ်ဝယ် နေရွာရာမြစ်ကမ်းအနီး၌ -

၁။ ဥရုဝေလကဿပ (နောင်ကြီး)

၂။ နဒီကဿပ(ညီလတ်)

၃။ ဂယာကဿပ (ညီငယ်)

ဟူသော ရသေ့ညီနောင်သုံးဦးတို့ နေထိုင်ကြသည်။ ဥရုဝေလကဿပသည် တပည့်ရသေ့ငါးရာ၊ ညီလတ် နဒီကဿပသည် ရသေ့သုံးရာ၊ ညီငယ် ဂယာကဿပသည် ရသေ့နှစ်ရာတို့၏ ဦးစီးခေါင်းဆောင်များ ဖြစ်ကြသည်။

ဗုဒ္ဓဘုရားရှင်သည် ဥရုဝေလကဿပ၏သခ်ၤမ်းကျောင်းသို့ကြွရောက်၍ ကျောင်းသခ်ၤမ်းအနီး မီးတင်းကုပ်၌ တစ်ညဉ့်မျှနေထိုင်ခွင့်ပြုရန် ခွင့်ပန်စကား မိန့်ကြားတော်မူသည်။ ကဿပရသေ့ကြီးက မီးတင်းကုပ်၌ တန်ခိုးကြီးမား၍ အဆိပ်ပြင်းထန်သောနဂါးမင်းရှိကြောင်း ပြောကြား၍ သုံးကြိမ်တိုင်တိုင် ငြင်းပယ်လေရာ စတုတ္ထအကြိမ်၌ ဘုရားရှင်က-

"ကဿပ၊ ထိုနဂါးမင်းသည် ငါ့ဘုရားကို မနှိပ်စက်နိုင်ပါ။ သင်ကသာ ငါ့ဘုရားအား ခွင့်ပြုပါ"

ဟု မိန့်ဆိုသောအခါ ကဿပရသေ့ကြီးက -

"အို - ရဟန်းကြီး၊ အလိုရှိတိုင်း ချမ်းသာစွာနေထိုင်တော်မူပါ"

ဟု ခွင့်ပြုပြောဆိုလေသည်။

ဗုဒ္ဓမြတ်စွာသည် မီးတင်းကုပ်အတွင်းသို့ဝင်၍ သတိရှိစွာ ကမ္မဋ္ဌာန်းအာရုံကိုနှလုံးသွင်း၍ ထိုင်တော်မူသည်။ နဂါးမင်းသည် မြတ်စွာဘုရားကိုမြင်လျှင် မုန့်မုန့်ညက်ညက်ပျက်စီးစေရန် အခိုးတလူလူလွှတ်လေရာ ဘုရားရှင်သည် တေဇောကသိုဏ်းကိုအာရုံပြုသောစျာန်ကိုဝင်စား၍ နဂါးမင်း၏တန်ခိုးထက်ကြီးမားပြင်းထန်သော မီးတောက်မီးလျှံများကိုလွှတ်လေရာ မီးတင်းကုပ်တစ်ခုလုံးသည် မီးဟုန်းဟုန်းတောက်လောင်မတတ်ရှိလေသည်။ ဥရုဝေလကဿပအမှူးရှိသော ရသေ့တို့သည် မီးတင်းကုပ်ကို ပိုင်းအုံလျက် စိုးရိမ်ကြီးစွာကြည့်ရှုနေခဲ့ကြသည်။ ထိုညဉ့်လွန်မြောက်နံနက် ရောက်သောအခါ ဘုရားမြတ်စွာသည် နဂါးကိုသပိတ်၌ထည့်ကာ ကဿပအားပြလေသည်။

ကဿပရသေ့ကြီးက -

"ရဟန်းကြီးသည် ကြီးမားသောတန်ခိုးအာနုဘော်ရှိပါပေ၏။ သို့သော်ငါကဲ့သို့ အာဝဝေါကုန်ခန်း ရဟန္တာကားမဟုတ်သေး"

ဟု အထင်ရှိလျက် ဘုရားရှင်အားလွန်စွာကြည်ညိုရကား ဤအရပ်၌ဆက်လက်နေထိုင်တော်မူရန်နှင့် ဆွမ်းဝတ်အမြဲတမ်း ဆက်ကပ်လုပ်ကျွေးရန်ပါလျှောက်ထားကတိပြုလေသည်။

ဗုဒ္ဓဘုရားရှင်သည် ကဿပရသေ့ညီနောင်တို့ ဣန္ဒြေရင့်ကျက်ခိုရန်ကိုစောင့်မျှော်လင့်ကာ သုံးလနီးပါးမျှ သခ်ၤမ်းကျောင်းအနီး၌ သီတင်းသုံးနေထိုင်ပြီး တန်ခိုးဣဒ္ဓိအမျိုးမျိုးကိုပြတော်မူသည်။ ဥရုဝေလကဿပသည် မိမိကိုယ်ကို ရဟန္တာဖြစ်ပြီဟု အစွဲအထင်မယျောက်နိုင်ဘဲရှိသဖြင့် ဘုရားရှင်က -

"ကဿပ၊ သင်သည် အာသဝေါကုန်ခန်းသည့်ရဟန္တာလည်းမဟုတ်။ အရဟတ္တမဂ်သို့ဆိတ်ရောက်သူလည်းမဟုတ်။ အရဟတ္တမဂ်ဖိုလ်သို့ ဆိုက်ရောက်ရန် အကျင့်လည်း သင့်မှာမရှိ"

ဟု ပွင့်ပွင့်လင်းလင်းမိန့်ကြားတော်မူသည်။

ကဿပရသေ့ကြီးသည် ထိုအခါတွင်မှ သံဝေဂကြီးစွာရ၍ ဘုရားရှင်၏ခြေတော်ကိုဦးခိုက်ကာ ရှင်ရဟန်းအဖြစ်ကို တောင်းခံလျှောက်ထားလေသည်။

ဗုဒ္ဓမြတ်စွာက -

"ကဿပ၊ သင်သည် ရသေ့ငါးရာကို ခွင့်ပန်စကား ပြောကြားလေဦး"

ဟု မိန့်ကြားတော်မူရာ ရသေ့ကြီးသည် တပည့်ရသေ့တို့အား ပြောကြားလေသည်။

တပည့်တို့က -

"ကျွန်ုပ်တို့သည် ကြာမြင့်စွာကပင် ရဟန်းကြီးအား ယွန်စွာကြည်ညိုမှုရှိကြပါသည်။ အရှင်သည် ရဟန်းကြီးထံ၌ တပည့်ခံ၍ အကျင့်မြတ်ကို ကျင့်သုံးလိုပါက ကျွန်ုပ်တို့အားလုံးနည်းတူကျင့်သုံးကြပါမည်"

ဟုပြန်ကြားပြောဆိုကြလေသည်။ ထိုအခါ ဆရာရသေ့ကြီးနှင့်ရသေ့ငါးရာတို့သည် ဆံပင်၊ ဆံကျစ်၊ မီးဆုံ၊ ကရား စသော ရသေ့ပရိက္ခရာများ၊ ထမ်းပိုး၊ မီးမွေးယောက်မစသည့် မီးပူဇော်ဖွယ်အသုံးအဆောင်များကို နေရွာရာမြစ်ရေကြောင်၌မျှောလိုက်ကြပြီး ဘုရားရှင်အထံ၌ ရှင်ရဟန်းအဖြစ်ကိုတောင်းခံကြသည်။

ဗုဒ္ဓမြတ်စွာသည် -

'ဧထ ဘိက္ခ ဝေါ' အစရှိသည်ကို မိန့်ကြားလျက် ခေါ်တော်မူသည်နှင့် တစ်ပြိုင်နက် ရသေ့ကြီးနှင့်တပည့်ရသေ့တို့အားလုံးသည် ရသေ့အသွင်ပျောက်၍ ရဟန်းအသွင်သို့ရောက်ရှိကြလေသည်။

ဥရုဝေလကဿပတို့မျှောလိုက်သော ရသေ့ပရိက္ခရာများကို မြစ်အောက်ပိုင်းဆိပ်ကမ်း၌နေထိုင်ကြသော ညီလတ် နဒီကဿပနှင့် ရသေ့သုံးရာ၊ ညီငယ် ဂယာကဿပနှင့် ရသေ့နှစ်ရာတို့သည် အစဉ်အတိုင်းတွေ့မြင်ကြ၍ နောင်တော်ကြီး ဥရုဝေလကဿပရှိရာသို့ဆန်တက်လာသောအခါ အကြောင်းစုံကိုသိရှိကြ၍ ညီလတ်နဒီကဿပနှင့် တပည့်သုံးရာတို့သည် လည်းကောင်း၊ ညီငယ်ဂယာကဿပနှင့် တပည့်နှစ်ရာတို့သည် လည်းကောင်း ရှေ့စဉ်နောက်ဆက် ဘုရားရှင်ထံရောက်ရှိ၍ ရှင်ရဟန်းအဖြစ်ကို တောင်းခံလျှောက်ထားကာ 'ဧဟိဘိက္ခ' ရဟန်းအဖြစ်သို့ရောက်ရှိကြလေသည်။

ဗုဒ္ဓမြတ်စွာသည် ဥရုဝေလကဿပအမှူးရှိသော ရဟန်းတစ်ထောင်တို့နှင့်အတူ ဥရုဝေလတောအုပ်မှ ဂယာရွာအနီး ဂယာသီသတို့ကြွရောက်တော်မူပြီးနောက် 'ဒွါဒသဗြောဂ်ဖုံးအာရုံခြောက်ပါး၊ ဝိညာဏ်ခြောက်ပါး' စသည့် ရုပ်နာမ်တရားတို့ကို လောဘ၊ ဒေါသ၊ မောဟ စသော မီးတစ်ဆယ့်တစ်ပါးတို့တောက်လောင်နေပုံကို အကျယ်ရှင်းပြသော အာဒိတ္တပရိယာယသုတ္တန်ကို ရှင်းလင်းဟောကြားတော်မူရာ ထိုရဟန်းတစ်ထောင်တို့ အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ရောက်ရှိကြပါသည်။

■ ဗုဒ္ဓမြတ်စွာ ရဟန္တာတစ်ထောင်တို့အား ရာဇဂြိုဟ်ပြည်သို့ကြွတော်မူခြင်း

ဥရုဝေလကဿပညီနောင်ရှင်တစ်ထောင်တို့ ရဟန်းအဖြစ်သို့ ရောက်ရှိကြပြီးနောက် မြတ်စွာဘုရားသည် ထို ရဟန္တာတို့ခြံရံလျက် မဂဓတိုင်း ရာဇဂြိုဟ်ပြည်သို့ကြွရောက်ကာ ရာဇဂြိုဟ်ပြည်အနီး ထန်းတောဥယျာဉ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com

သူပဲတို့ မည်သော ပညောင်ပင်ရင်း၌ သီတင်းသုံးတော်မူသည်။

ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရသည် တစ်သိန်းနှစ်သောင်းသောသူကြွယ်၊ ပုဏ္ဏားတို့နှင့်အတူ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ရောက်ရှိလာကြသည်။ လူသူပရိသတ်တို့သည် ဗုဒ္ဓမြတ်စွာနှင့်ဥရုဝေလကဿပမထေရ်တို့ အတူတကွရှိနေကြသည်ကိုမြင်ရလျှင် -

'ရဟန်း ဂေါတမက ဆရာလောသို့မဟုတ် ဥရုဝေလကဿပကြီးက ဆရာလော'

ဟု တွေးတောနေကြရာ ဗုဒ္ဓမြတ်စွာသည် ယင်းတို့၏စိတ်ထားကို သိတော်မူသဖြင့် -

"ကဿပ၊ သင်သည် ဆရာကြီးဖြစ်ပါလျက် အဘယ်ကြောင့် မီးပူဇော်မှုကို စွန့်ပယ်ခဲ့ပါသနည်း"

ဟု မေးတော်မူသည်။

ကဿပမထေရ်က -

"ယဇ်ဆရာကြီးတို့ ပြောကြားကြသည့် မီးပူဇော်ခြင်းဖြင့် ရရှိနိုင်သော အာရုံငါးပါး ကာမဂုဏ်တရားတို့သည် အညစ်အကြေးများသာဖြစ်သည်ဟုသိရ၍ ယဇ်ပူဇော်ခြင်းကိုစွန့်ပယ်ကာ ကာမဂုဏ်အာရုံ၌တပ်ငြိခြင်းကင်းသောနိဗ္ဗာန်ဌာန်၌သာ မွေ့လျော်ပါသည်"

ဟု လျှောက်ထားပြီးလျှင် -

"ဗုဒ္ဓဘုရားရှင်သည် အကျွန်ုပ်၏ဆရာဖြစ်၍ ကျွန်ုပ်သည် ရှင်မြတ်စွာ၏တပည့်ဖြစ်ပါသည်"

ဟု ဆက်လက်ဖြေကြားလျှောက်ထားရာ လူအများတို့လည်း ယုံမှားတွေးတောခြင်းကင်းပျောက်လေသည်။

ထိုအခါ ဘုရားမြတ်စွာသည် ဗိမ္ဗိသာရမင်း အမှူးရှိသော လူပရိသတ်တို့အား ဒါနကထာအစရှိသောတရားတို့ကို အစဉ်အတိုင်းဟောကြားပြီး သစ္စာလေးပါးကို ရှင်းလင်းဉာဏ်ပြတော်မူသဖြင့် မင်းနှင့်တကွ လူပရိသတ်တစ်သိန်းတစ်သောင်းတို့သည် သောတာပန်အဖြစ် သို့ရောက်ရှိပြီး ကျန်ပရိသတ်တစ်သောင်းတို့သည် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ်ကို ခံယူကြလေသည်။

ထိုအခါ ဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရားအား -

"အရှင်ဘုရား၊ တပည့်တော်အိမ်ရှေ့မင်းသားဖြစ်စဉ်က ဤသို့သော တောင်တမှူငါးမျိုးကို ရလိုခဲ့ပါသည်။

၁။ မဂဓတိုင်း၏ဘုရင်အဖြစ်၊

၂။ မင်းဖြစ်သောအခါ နိုင်ငံတော်သို့ ပုဇော်အထူးကို ခံထိုက်သော ဘုရားရှင်ကြွရောက်လာခြင်း၊

၃။ ထိုဘုရားရှင်ထံ ရှိသေစွာဆည်းကပ်ခြင်း၊

၄။ ထိုဘုရားရှင်၏ တရားတော်ကို နာကြားခြင်းနှင့်

၅။ ထိုတရားတော်ကို ပိုင်းခြားထင်ထင်သိမြင်ခြင်း

ဤငါးမျိုးကို တောင့်တလာခဲ့ရာ ယခု ငါးပါးပြည့်စုံစွာရရှိပါပြီဘုရား"

ဟုလျှောက်ထား၍ ဘုရားရှင်အား ရဟန်းသံဃာတော်များနှင့်အတူ နောက်တစ်နေ့ နံနက်ဆွမ်းဘုဉ်ပေးကြွရန် ပင့်လျှောက်ခဲ့ပါသည်။

ပင့်လျှောက်ခဲ့သည့်အတိုင်း နောက်နေ့နံနက်တွင် မြတ်စွာဗုဒ္ဓနှင့် သံဃာတော်များအား ဆွမ်းဆောင်ကပ်လှူဒါန်းပြီးနောက် ရာဇဂြိုဟ်ပြည်နှင့်မနီးမဝေးဖြစ်သော ဝေဠုဝန်ဥယျာဉ်ကို ဘုရားရှင်အား လှူဒါန်းခဲ့လေသည်။ (ဗုဒ္ဓမြတ်စွာသည် ဗိမ္ဗိသာရမင်းကြီးထက် အသက်ငါးနှစ်ကြီးသဖြင့် ထိုအချိန်၌ ဗုဒ္ဓဘုရားရှင်သက်တော်သည် (၃၆) နှစ်ခန့်ရှိပြီးဖြစ်၍ ဗိမ္ဗိသာရမင်းကြီးသည် (၃၁) နှစ်ခန့်ရှိပြီဟု ဆိုနိုင်ပါသည်။)

■ ဥပတိဿနှင့်ကောလိတတို့ ရဟန်းပြုခြင်း

ရာဇဂြိုဟ်ပြည်အနီးတွင် ဥပတိဿနှင့် ကောလိတမည်သော ငြာဟ္မဏ (ပုဏ္ဏား) ရွာကြီးနှစ်ရွာရှိလေရာ ဥပတိဿရွာတွင် သာရိမည်သော ပုဏ္ဏေးမ သားယောကျ်ားဖွားမြင်ချိန်တွင် ကောလိတရွာတွင်လည်း မောဂ္ဂလိပုဏ္ဏေးမမှ သားယောကျ်ားတစ်ဦး ဖွားမြင်ခဲ့သည်။ ထိုသားတို့အား မွေးဖွားရာကိုအကြောင်းပြု၍ ဥပတိဿ၊ ကောလိတဟုပင် အမည်မှည့်ခဲ့ကြသည်။ သို့ရာတွင် မယ်တော်သာရိပုဏ္ဏေးမကိုအကြောင်းပြု၍ ဥပတိဿကို သာရိပုတ္တ (ရှင်သာရိပုတ္တရာ)ကောလိတကိုလည်း မယ်တော်မောဂ္ဂလိကိုအကြောင်းပြု၍ မောဂ္ဂလာန (ရှင်မောဂ္ဂလာန်) ဟုသာ လူသိများခဲ့ကြသည်။

ဥပတိဿနှင့်ကောလိတတို့သည် မိဘမျိုးနွယ်တို့ ရွေးအစဉ်အဆက်ကပင် ရင်းနှီးခင်မင်စွာ ပေါင်းသင်းဆက်ဆံလာခဲ့သည့်အားလျော်စွာ ငယ်ရွယ်စဉ်ကပင် အတူကစားဖက်၊ ပညာသင်ဖက်ဖြစ်ကြပြီး အရွယ်ရောက်၍ စီးပွားရှာခြင်း၊ ပွဲလမ်းသဘင်တို့ကြည့်ရှုခြင်းတို့၌လည်း အတူတကွသာသွားလာလှုပ်လှည့်ခြင်း ရှိလာကြသည်။ ယင်းသို့ဖြင့် ပေါင်းသင်းကြီးပြင်းလာကြရာ တစ်နေ့သောအခါ ပွဲလမ်းသဘင်ကို အတူကြည့်ရှုနေကြစဉ်တွင် ရှေးပါရမီဉာဏ်ရင့်သန်လာသည့် အလျောက် ထိုပွဲသဘင်၌ ပျော်ရွှင်မှုမရဘဲ ငြီငွေ့လာခဲ့ကြသည်။ ထိုအခါ သူငယ်ချင်းနှစ်ဦးတို့ ဆွေးနွေးတိုင်ပင်၍ ဘဝသံသရာမှလွတ်မြောက်ကြောင်း(မောက္ခမဂ္ဂ) ကို ရှာကြရန် ဆုံးဖြတ်ကြသည်။ ထို့နောက် မိမိတို့၏ စည်းစိမ်ချမ်းသာကိုစွန့်ပယ်ကာ နောက်လိုက်အခြွေအရံငါးရာတို့နှင့် ရာဇဂြိုဟ်အနီးရှိ သဉ္ဇယပရိဗိုဇ်ထံ၌ဆည်းကပ်လျက် ၎င်း၏အယူဝါဒနှင့် ကျင့်ဆောင်ကြီးပမ်းမှုကို သင်ယူနည်းခဲကြသည်။ သို့ရာတွင် သဉ္ဇည်းပရိဗိုဇ်၏အယူနှင့်အကျင့်မှာ လွတ်မြောက်ကြောင်းနည်းလမ်းမဟုတ်သည်ကိုသိလာကြပြီး ထိုလွတ်မြောက်ကြောင်းမောက္ခမဂ္ဂကို ဟောကြားနိုင်သူကိုရှာဖွေရန်နှင့် မောက္ခမဂ္ဂကို တစ်ယောက်သိပါက အချင်းချင်း ပြောကြားရန် ညှိနှိုင်း၍ သဉ္ဇည်းပရိဗိုဇ်၏အာရာမ်မှ နေစဉ်ထွက်ခွာလှုပ်လှည့်နေကြသည်။

ဥပတိဿနှင့် ကောလိတတို့ မြို့ရွာအနှံ့လှုပ်လှည့်နေကြစဉ် ဗုဒ္ဓဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ဥယျာဉ်၌ သီတင်းသုံးနေထိုင်သည့် အချိန်သို့ ရောက်ရှိလာခဲ့ပါသည်။

တစ်နေ့သောအခါ ဥပတိဿရဟီဝိဇ်သည် ရာဇဂြိုဟ်မြို့တွင်း၌လှုပ်လှည့်နေစဉ်တွင် ဆွမ်းခံကြွဝင်လာသော အရှင်အဿဇိမထေရ်ကို ဖူးတွေ့လေရာ ထိုအရှင်၏အသွင်အပြင်အမူအရာတို့ကို သတိပြုကာ အဿဇိမထေရ်၏ နောက်ပါး မနီးမဝေးမှလိုက်ပါလာခဲ့၏။ အရှင်အဿဇိသည် ဆွမ်းခံရာမှ ရာဇဂြိုဟ်မြို့ပြင်သို့ထွက်ကြွလာစဉ် ဆွမ်းဘုဉ်းမည့်ဟန်ကိုသိ၍ ဥပတိဿသည် မိမိ၌ပါလာသောအခင်းကို ခင်းဖြန့်ပေး၍ လိုအပ်သောသောက်ရေသုံးရေကို ဆက်ကပ်သည်။ အရှင်အဿဇိဆွမ်းဘုဉ်းပေးပြီးသောအခါ နှုတ်ခွန်းဆက်ပြီး -

"အရှင်၏ ကွန်ဒြေအမူအသွင်တို့ ကြည်လင်လှပါသည်။ အရှင်သည် မည်သူကိုရည်ညွှန်း၍ ရဟန်းပြုပါသနည်း၊ အရှင်၏ဆရာသည် မည်သူဖြစ်နည်း၊ သူ၏ တရားမှုကို နှစ်သက်ပါသနည်း"

ဟု မေးမြန်းလေသည်။

အရှင်အဿဇိလျှင် ဥပတိဿကို

www.burmeseclassic.com

www.burmeseclassic.com

ပရိုဗိုဇ်တစ်ဦးဟု သိသည့်အားလျော်စွာ-

"ငါ့ရှင်၊ ငါသည် ရဟန်းပြုသည်မှာ မကြာသေး။ ဤသာသနာတော်သို့ မကြာမီကသာ ဝင်ရောက်လာသူဖြစ်၍ တရားဓမ္မကို အကျယ်မဟောပြောနိုင်သေးပါ"

ဟု ဖြေကြားလေရာ -

"အရှင်ဘုရား နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ တရားဓမ္မကိုသာ ဟောကြားတော်မူပါ"

ဟု လျှောက်သဖြင့် သစ္စာလေးပါး၊ ကို အကျဉ်းညွှန်ပြသည့် 'ယေ ဓမ္မာ ဟေတုပ္ပဘဝါ' အစရှိသော ဂါထာကိုဟောကြားလေသည်။

ဥပတိဿသည် ယင်းဂါထာ၏ ပထမနှစ်ပိုဒ်ကိုကြားနာစဉ်တွင် သောတာပတ္တိဖိုလ်သို့ရောက်ရှိပြီး ဂါထာအဆုံးတွင် သောတာပန်အဖြစ်၌တည်လေသည်။ ထိုအခါ ဘုရားရှင်သီတင်းသုံးရာ နေရာကို မေးမြန်း၍ -

"တပည့်တော်၏သူငယ်ချင်းအား ကတိပြုခဲ့သည့်အလျောက် ယင်းကတိကိုဆောင်ရွက်ပြီး ဆရာသခင်ဘုရားရှင် ထံလာခဲ့ပါမည်"

ဟု ရှိသေစွာရှိခိုးလျှောက်ထားပြီး ကောလိတပရိဗိုဇ်ရှိရာသို့လာခဲ့သည်။ ကောလိတသည်လည်း ဥပတိဿအမူအသွင်ကိုမြင်၍ တရားထူးရလာခဲ့ပြီဟု ခန့်မှန်းကာ ဥပတိဿမှတစ်ဆင့်ပြောကြားသော 'ယေဓမ္မာ' ဂါထာကိုကြားနာ၍ သောတာပန်အဖြစ်သို့ ရောက်လေသည်။

ဥပတိဿနှင့်ကောလိတတို့သည် သိဉ္စည်းပရိဗိုဇ်ထံသို့ သွားရောက်၍ ဗုဒ္ဓမြတ်စွာပွင့်ထွန်းလာပြီဖြစ်၍ အတူလိုက်ပါရန် ဖိတ်ခေါ်သော်လည်း -

"ငါသည် ဆရာပရိဗိုဇ်ဖြစ်၍ ဂေါတမဗုဒ္ဓ၏ တပည့်အဖြစ်မခံနိုင်"

ဟု ငြင်းဆိုသဖြင့် မိမိတို့၏ ပရိသတ်ငါးရာအနက် နှစ်ရာငါးဆယ်နှင့် အတူ ဝေဠုဝန်ကျောင်းတိုက်သို့ လိုက်ပါလာကြသည်။

ဗုဒ္ဓမြတ်စွာသည် ထိုပရိဗိုဇ်နှစ်ဦးကို အဝေးကပင်မြင်တော်မူ၍ -

"ဤမိတ်ဆွေနှစ်ဦးတို့သည် ငါ ဘုရား၏တပည့်သာဝကတစ်စုံဖြစ်လာလိမ့်မည်"

ဟု မိန့်ကြားတော်မူသည်။

ဥပတိဿတို့သည် ဘုရားရှင်ထံသို့ရောက်၍ ရိုသေစွာရှိခိုးပြီး ရဟန်းအဖြစ်ကိုထောင်းခံကြသည်။ ဗုဒ္ဓမြတ်စွာ ကလည်း ရှေးနည်းအတိုင်း 'ဧဟိဘိက္ခု ဂေါ' စသည်ဖြင့် မိန့်ကြားတော်မူသဖြင့် 'ဧဟိဘိက္ခု ရဟန်း ဖြစ်လာကြသည်။ ဘုရားရှင်သည် ဥပတိဿတို့နှင့်အတူ ပါလာသော ပရိသတ်၏စိတ်ဓာတ်အားလျော်စွာ တရားဟောကြားတော်မူရာ ယင်းပရိသတ်နှစ်ရာငါးဆယ်တို့ ရဟန္တာအဖြစ်သို့ ရောက်ရှိကြသည်။ ဥပတိဿ၊ ကောလိတတို့မူ သာဝကပါရမီဉာဏ်ကြီးမားသည့်အားလျော်စွာ ရဟန်းဖြစ်ပြီး ရှစ်ရက်မြောက်တွင် အရှင်ကောလိတ (အရှင်မဟာမောဂ္ဂလာန်) သည်လည်းကောင်း၊ တစ်ဆယ့်ငါးရက်မြောက်တွင် အရှင်ဥပတိဿ(အရှင်သာရိပုတ္တရာ) သည်လည်းကောင်း အရဟတ္တဖိုလ်သို့ရောက်ရှိကာ ရဟန္တာဖြစ်လာကြသည်။ အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်သောနေ့၌ပင် ဗုဒ္ဓမြတ်စွာသည် သာဝကသန္နိပါတခေါ်တပည့်သာဝကများအစည်းအဝေးပြုစေ၍ ထိုအရှင်နှစ်ပါးကို အဂ္ဂသာဝကအရာ၌ထားတော်မူပါသည်။

■ ဗုဒ္ဓမြတ်စွာ ကပိလဝတ်ပြည်သို့ ကြွရောက်တော်မူခြင်း

သုဒ္ဓေါဒနမင်းကြီးသည် သိဒ္ဓတ္ထမင်းသား တောထွက်သည့်နေ့မှစတင်၍ သားတော်၏သတင်းကို အစဉ်နားစွင့်လျက်ရှိနေခဲ့သည်။ နောက်ဆုံး၌ သားတော်သည် သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်ရှိပြီး မဂဓတိုင်း ရာဇဂြိုဟ်ပြည် ဝေဠုဝန်ဥယျာဉ်၌ သီတင်းသုံးနေထိုင်လျက်ရှိကြောင်းသိရှိရသောအခါ မင်းကြီးသည် ရှေးဦးစွာ အမတ် (၉) ယောက်တို့အား နောက်ပါ တစ်ထောင်စီဖြင့် တစ်ဦးပြီးတစ်ဦးစေလွှတ်၍ ဘုရားရှင်ကိုပင့်ခေါ်ပေးရန် စေလွှတ်ခဲ့သည်။ ထိုအမတ် (၉) ဦးတို့သည် နောက်ပါပရိသတ်တစ်ထောင်စီနှင့်အတူ ဘုရားရှင်ထံရောက်ရှိကြ၍ တရားနာကြကာ ရဟန္တာအဖြစ်သို့ရောက်ကြသော်လည်း ဘုရားရှင်အား ကပိလဝတ်ပြည်သို့ ကြွရောက်ပါမည်အကြောင်း ပင့်လျှောက်ရန်မေ့လျော့နေခဲ့ကြသည်။ မင်းကြီးသည် နောက်ဆုံးအကြိမ်အဖြစ်ဖြင့် သားတော်၏ဖွားဖက်တော် ကာဠဒါယီအမတ်ကို နောက်ပါတစ်ထောင်ဖြင့်ထပ်မံစေလွှတ်လေသည်။

ကာဠဒါယီက -

"ကျွန်ုပ်အားရဟန်းပြုခွင့်ပေးပါက သွားရောက်ပင့်ဆောင်ပါမည်"

ဟု တောင်းဆိုသဖြင့် သုဒ္ဓေါဒနမင်းကြီးက သဘောတူခဲ့သည်။

ကာဠဒါယီသည် နောက်ပါပရိသတ်များနှင့်အတူ ဘုရားရှင်ထံသို့ ရောက်ရှိ၍ တရားနာကြားခြင်းဖြင့် အားလုံးရဟန္တာအဖြစ်သို့ရောက်ရှိခဲ့သည်။ ထို့နောက် ထိုနှစ် တပေါင်းလပြည့်နေ့သို့ ရောက်သောအခါ ကာဠဒါယီမထေရ်သည် 'ရာသီဥတု မပူလွန်း မအေးလွန်း တောတောင်သစ်ပင်တို့ ရွက်ဟောင်းကြွေကာ ရွက်နုဝေနေသောအချိန်အခါ၌ ကပိလဝတ်ပြည်သို့ကြွရောက်ရန်အချိန်ကောင်းဖြစ်ပါကြောင်း ဂါထာပေါင်းများစွာဖြင့် ခိုးကျူးလျှောက်ထားလေရာ ဗုဒ္ဓမြတ်စွာသည် တပေါင်းလပြည့်နေ့တွင် ရဟန္တာပေါင်းနှစ်သောင်းခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ တစ်နေ့လျှင် တစ်ယူဇနာ (၈မိုင်ခန့်) ဖြင့် ကြွချီတော်မူသည်။

ကာဠဒါယီသည် ထိုခရီးစဉ်တွင် နံနက်တိုင်း သုဒ္ဓေါဒနမင်းကြီးထံ စာနှင့်အဘိညာဉ်ဖြင့် ကြွရောက်၍ ရောက်ရှိသည့်ခရီးစဉ်ကို ပြောကြားပြီး မင်းကြီးတို့ ဆက်ကပ်သောဆွမ်းကို ဆောင်ယူကာ ဗုဒ္ဓမြတ်စွာအား ဆက်ကပ်လေသည်။ ဤသို့ဖြင့် ယူဇနာ (၆၀) (မိုင်ပေါင်း ၄၈၀ နီးပါး)ကို ရက်ပေါင်း (၆၀) ဖြင့် ကြွချီတော်မူခဲ့ရာ ကဆုန်လပြည့်နေ့တွင် ကပိလဝတ်ပြည်အနီး နိဂြောဓာရုံသို့ရောက်ရှိခဲ့ပါသည်။

ယင်းသို့လျှင် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ သက်တော် (၅၅) နှစ်တွင် သဗ္ဗညုဗုဒ္ဓအဖြစ်သို့ ရောက်ရှိခဲ့သော ဂေါတမမြတ်စွာသည် မဟာသက္ကရာဇ် ၁၀၄ ခုနှစ်၊ ကဆုန်လပြည့်နေ့တိုင်အောင် တစ်နှစ်တာကာလတွင် ပဋ္ဌဝဂ္ဂိဝါဦးအမှူးရှိသော ရဟန္တာအရှင်မြတ်အပေါင်း တစ်သောင်းတစ်ထောင်ကျော်နှင့်အရှင်ယသမထေရ်၏ခမည်းတော်၊ မယ်တော်၊ ဇနီးဟောင်းနှင့် ဝိမွိသာရမင်းအမှူးရှိသော ပရိသတ်တစ်သိန်းတစ်သောင်းကျော်ကို သောတာပန်အရိယာအဖြစ်သို့ ဟောကြားပို့ဆောင်ခြင်းဖြင့် တစ်နှစ်တာမျှ တည်ဦးစ ဗုဒ္ဓသာသနာတော်သည် 'သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေသဲ သဒေဝကံ' (တရားအားလုံးကိုသိမြင်သောသဗ္ဗညုဗုဒ္ဓအဖြစ်သို့ရောက်ရှိပါက နတ်နှင့်တကွသော လူအပေါင်းကို သံသရာမှကူးမြောက်စေမည်ဟူသော ရည်ရွယ်ချက်နှင့်အညီ အစ၏ကောင်းခြင်းဟူသော်လည်းအောင်မြင်မှုနှင့်ပြည့်စုံခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။

ဦးကျော်ဝိုလ်
(မဟာဝိဇ္ဇာ၊ ဝဠုံသကာ)

www.burmeseclassic.com

www.burmeseclassic.com

စနေထွန်း(မြစ်သား)

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဝိုင်းမော်မြို့နယ် ရွှေမိုးတောင်ပေါ်မှ ရဟန္တာတစ်ထောင်ကိန်းဝပ်ရာ သျှင်ပင်မြတ်စွာဆုတောင်းပြည့်အောင်သုခစေတီတော်

■ မြစ်ကြီးနားရောက် ဗမာတစ်ယောက်

မြစ်ကြီးနားမြို့ဆိုတာ စာရေးသူရဲ့ အချစ်ပန်းတိုပွင့်လန်းရာ ဘူမိနက်သန်မြေပါ။ စာရေးသူ တပ်မတော်လေတပ်မှာစပြီးအမှုထမ်းစဉ်က စစ်သင်တန်းပြီးတာနဲ့ မြစ်ကြီးနားအမှတ် (၁) လေယာဉ်မောင်းသင်တန်းကျောင်းကို ပြောင်းမိန့်ကျခဲ့ပါတယ်။ ခုနှစ်ကတော့ ၁၉၆၁ခုနှစ်ကပေါ့။

မြစ်ကြီးနားမှာ စာရေးသူနေခဲ့ရတာ ၁၉၆၁ ကနေ ၁၉၆၇အထိဆိုတော့ (၆) နှစ်ကြာနေခဲ့ရတာပေါ့။ မှတ်မှတ်ရရပါပဲ။

၁၉၆၆ ခုနှစ်အရောက်မှာတော့ စာရေးသူရဲ့အချစ်ဆုံးသူငယ်ချင်းအေးလွင်က ၆၆ ခုနှစ်မှာ တို့တစ်တွေအမှတ်တရဖြစ်အောင် တစ်ခုခုလုပ်ကြရအောင်လို့ အကြံပေးတာနဲ့ ၆-၆-၆၆ မှာ စာရေးသူရဲ့ချစ်သူနဲ့အမှတ်တရဆိုပြီး တရားရုံးမှာ တက်လက်မှတ်ထိုးကြတာပေါ့။

စာရေးသူရဲ့အမျိုးသမီးနဲ့စာရေးသူကို သူ့အိမ်က သဘောမတူပါဘူး။ ဘာသာကွဲဖြစ်နေလို့ဆိုပါတော့။၁၉၆၇ ခုမှာ စာရေးသူအနေနဲ့ မိတ္ထီလာရှမ်းတဲအမှတ် (၅၀၃) လေတပ်စခန်းကိုပြောင်းမိန့်ကျပါတယ်။ အပြောင်းအရွှေ့မှာ မြစ်ကြီးနားကနေ မိတ္ထီလာကို ရထားနဲ့သွားရတာမို့ စာရေးသူရဲ့အမျိုးသမီးကို ရထားနဲ့တင်ပြီး တစ်ပါးတည်းခိုးလာခဲ့တာဖြစ်ပါတယ်။



ရွှေမိုးတောင်ပေါ်ထက်က ရွှေစေတီ



ရွှေမိုးတောင် အောင်သုခစေတီတော် ရင်ပြင်ထက်မှရုပ်ပွားတော်




ရွှေမိုးတောင် အောင်သုခစေတီတော်အတွင်းမှ ရုပ်ပွားတော်ကြီး

www.burmeseclassic.com


www.burmeseclassic.com



အောင်သုခစေတီ ထီးတော်မတင်မီပုံ




အောင်သုခစေတီတော်ရင်ပြင်ထက်မှရုပ်ပွားတော်




ရွှေမိုးတောင် အောင်သုခစေတီမှ တံခွန်တိုင်



ရွှေမိုးတောင် အောင်သုခစေတီ ထီးတော်တင်ပြီးပုံ



ဝန်းဝိုဆရာတော်ဘုရားကြီး၏ရုပ်တုတော်



ရွှေမိုးတောင် အောင်သုခစေတီတော်၏ ရင်ပြင်တော်အတက်လှေကားမြင်ကွင်း

မိတ္ထီလာတပ်မှာ စာရေးသူတို့ နှစ်ယောက် ခြေရာဖျောက်နေလိုက်ကြတာ ကလေး(၂)ယောက်ရမှာပဲ မြစ်ကြီးနားက သူမိဘတွေဆီကို ပြန်သွားဖြစ်တော့တယ်။ စာရေးသူအနေနဲ့ တပ်ထဲမှာ အမြဲတမ်းနေတုန်းမှာ မြစ်ကြီးနားကိုနှစ်ခါပဲရောက်ပေမယ့် နောက်ထပ် မရောက်ဖြစ်ခဲ့တော့ပါဘူး။

တပ်မတော်(လေတပ်)က အငြိမ်းစားယူပြီးတဲ့နောက်မှာ စာရေးသူရဲ့ မွေးရပ်မြေမှာပဲ ပြန်ပြီးအခြေချနေထိုင်ခဲ့ကြပါတယ်။ မြစ်သားမှာ အခြေချနေပြီးမှ မြစ်ကြီးနားကို တစ်ခေါက်ထပ်ရောက်ခဲ့တဲ့နောက်ပိုင်း အခုချိန်ထိဆိုပါတော့ အနှစ် (၂၀) လောက်ကျော်တဲ့အထိ မြစ်ကြီးနားကို ပြန်မရောက်ဖြစ်တော့ပါဘူး။

စာရေးသူအနေနဲ့ တပ်က အငြိမ်းစားယူခဲ့တာဖြစ်ပေမယ့် ရပ်ကွက်ထဲရောက်တော့ ရပ်ကွက်တာဝန်တွေဆက်ယူရင်းနဲ့ပဲ အချိန်တွေ၊ ရက်တွေ၊ လတွေ နှစ်တွေကိုကျော်ဖြတ်ခဲ့ရတာမို့ အခု အသက်(၇၅)နှစ်ရောက်မှပဲ မြစ်ကြီးနားကို နောက်တစ်ခေါက်ပြန်ရောက်ခဲ့တာပါပဲ။

အစကတော့ ရပ်ကွက်တာဝန်ကနားတဲ့အခါမှာ မိသားစုအလိုက် မြစ်ကြီးနားကိုအတူတူသွားမယ်လို့ဆုံးဖြတ်ထားကြတာပါ။ စာရေးသူရဲ့သားအလတ်က

www.burmeseclassic.com

www.burmeseclassic.com

တပ်ကနေ အငြိမ်းစားယူပြီးကတည်းက မြစ်ကြီးနား သူ့အဒေါ်တွေနဲ့အတူ ဆိုင်ဖွင့်ပြီး ဈေးရောင်းနေတာမို့ သားဆီကို လည်းသွားရင်း စာရေးသူရဲ့အမျိုးသမီး ညီမတစ်တွေနဲ့လည်း မတွေ့တာကြာလို့ တွေ့ရအောင်သွားမယ်လို့တိုင်ပင်ထားကြတာပါ။

တကယ်တမ်း မြစ်ကြီးနားကိုသွားဖို့ကြံလာတဲ့အချိန်မှာတော့ စာရေးသူက တာဝန်အလွှဲအပြောင်းကိုတရားဝင်မလုပ်ရသေးတာမို့ ဇနီးတစ်ယောက်တည်းပဲ သွားဖြစ်ခဲ့ပါတယ်။ သားအလတ်က မန္တလေးမှာကားလာယူရင်းနဲ့ သူ့အမေကို တစ်ခါတည်းကားနဲ့ခေါ်သွားတာပါ။


၇-၂-၂၀၁၈မှာ စာရေးသူအနေနဲ့ တာဝန်အလွှဲအပြောင်းတွေလုပ်တာမို့ တာဝန်တွေပေါ့သွားခဲ့ပြီဖြစ်ပါတယ်။ အဲဒါနဲ့ပဲ ၂၁ ရက်နေ့မှာ မန္တလေးဘူတာကြီးသွားပြီးကြိုတင်လက်မှတ်ဖြတ်လိုက်တယ်။ ၂၃ ရက်နေ့ မနက် (၉) နာရီထွက်တဲ့ရထားနဲ့ မြစ်ကြီးနားကိုထွက်လာခဲ့ပါတယ်။ မြစ်ကြီးနားကိုသွားတဲ့ခရီးမှာ စာရေးသူရဲ့ မြေး (၂) ယောက်လည်း ပါလာပါသေးတယ်။

မြစ်ကြီးနားကို မရောက်တာ နှစ်(၂၀) ကျော်ကြာပြီဆိုပေမယ့် ရထားလမ်းတစ်လျှောက် ဖြတ်သန်းသွားရလို့ မြင်ရတဲ့မြင်ကွင်းတွေဟာ နှစ် (၂၀) အတွင်းမှာ သိပ်ပြီးမပြောင်းလဲသလိုပဲ စိတ်ထဲမှာ ထိတွေ့ခံစားရပါတယ်။ အထူးသဖြင့် စာရေးသူလိုက်ပါစီးနင်းတဲ့ရထားကြီးဟာ သံလမ်းပေါ်မှာဖြတ်သန်းရင်း အထက်နဲ့အောက် ခုံပေါက်လူပ်ရှားနေသလို ဘေးဘယ်ညာခါယမ်းလွန်းအားကြီးလို့ ထိုင်ခုံလက်တန်းကို မြဲမြဲဆုတ်ကိုင်ထားရတဲ့ပြဿနာဟာလည်း ယခင်ယခင်တုန်းကလိုပဲ လုံးဝမပြောင်းလဲသေးတာကို အံ့သြဖွယ်ရာတွေ့ကြုံရတုန်းပါပဲ။

၂၄ ရက်နေ့မနက် (၇) နာရီမှာ စာရေးသူတို့စီးလာတဲ့ရထားက မြစ်ကြီးနားဘူတာကို ဆိုက်ရောက်ပါတယ်။ စာရေးသူရဲ့ဇနီးနဲ့သားက ကားနဲ့လာကြိုကြပါတယ်။ ဘူတာရုံအဆောက်အအုံကြီးရဲ့ အမိုးအောက်ကနေ အပြင်ထွက်




ရွှေမိုးတောင်ပေါ်တွင် ဆောက်လုပ်ထားသော ယောဂီ (၁၀၀၀) ဆုံ သာသနိကအဆောက်အအုံ



ရွှေမိုးတောင် အောင်သုခစေတီမှ ဘိုးမင်းခေါင်နန်းအဆောက်အအုံ



ဘိုးမင်းခေါင်ရုပ်တု



ယက္ခမယ်တော်ကြီးရုပ်တု




ယက္ခမယ်တော်ကြီးနတ်နန်း

www.burmeseclassic.com

www.burmeseclassic.com



ရွှေမိုးတောင် အောင်သုခစေတီ၏ နေထောင့်နေနံဘုရားတွင် အမှတ်တရ



ရွှေမိုးတောင် အောင်သုခစေတီမှ ကျောက်ဆင်ဖြူတော်ကြီးများ



ရွှေလမင်းသိမ်တော်ရင်ပြင်ထက်မှ တံခွန်တိုင်



ရွှေမိုးတောင်ပေါ်က ကြက်ဖကြီး



ရွှေမိုးတောင်ပေါ်က ဖားရုပ်ကြီး



ရွှေမိုးတောင်မှ ရွှေလမင်းသိမ်တော်

လိုက်တာနဲ့တစ်ပြိုင်နက် စာရေးသူရဲ့ ခြေအစုံဟာ မြစ်ကြီးနားရဲ့မြေပေါ်ကို ထပ်မံခြေချခွင့်ရလိုက်ပြီဖြစ်တာမို့ ခန္ဓာကိုယ်ထဲကသွေးတွေဟာ ပူနွေးလာသလိုခံစားလိုက်ရပါတယ်။

ခုတော့ စာရေးသူဟာ မြစ်ကြီးနားရောက်ဗမာတစ်ယောက်ဖြစ်လာခဲ့ပြီပေါ့။

■ ပြောင်းလဲသွားသော မြို့ပြစီမံကိန်းပုံရိပ်များ

မြစ်ကြီးနားမြို့ရဲ့ ဘူတာရုံဧရိယာဟာ စာရေးသူတပ်ထဲမှာ လူပျိုဘဝနဲ့ရှိစဉ်က နေ့နေ့ညည ခြေရာတွေထပ်အောင် သွားလာနေခဲ့တဲ့နေရာပါ။ ဘူတာရုံရှေ့က ကျင်လုံစားသောက်ဆိုင်ဆိုတာဟာ စာရေးသူတို့သူငယ်ချင်းတစ်စု တပ်ပိတ်ရက်ရောက်တိုင်း ထိုင်နေကျစားသောက်နေကျနေရာပါ။

ခုတော့ ကျင်လုံစားသောက်ဆိုင်ဆိုတာ အရိပ်အယောင်တောင်မမြင်ရတော့ပါဘူး။ မိုးထိအောင်မြင့်မားတဲ့တိုက်အဆောက်အအုံကြီးတွေကိုပဲမြင်နေရပါတယ်။ လမ်းဆိုတာ ဟိုတုန်းက ကတ္တရာလမ်းဆိုပေမယ့် လမ်းချောလမ်းကောင်းမဟုတ်ပါဘူး။ ပုံမှန်အကျယ်အဝန်းရှိတဲ့ လမ်းပါ။ ဒါပေမယ့် အဲဒီတုန်းက အဲဒီလမ်းပေါ်မှာ နေ့သွားမလား၊ ညသွားမလား လွတ်လွတ်လပ်လပ်သွားလို့ကောင်းလာလို့ကောင်းပါတယ်။ ဘာအန္တရာယ်မှမရှိပါဘူး။

ခုစာရေးသူရောက်နေတဲ့လမ်းကတော့ ကတ္တရာချောလမ်းမကြီးဖြစ်တဲ့အပြင် လမ်းအကျယ်က ကား (၂) စီး၊ (၃) စီး လွတ်လွတ်ကင်းကင်းသွားနိုင်တဲ့ လမ်းကြီးအဖြစ်မြင်ရပါတယ်။ ဒါပေမယ့် ဒီလမ်းမကြီးပေါ်မှာ ကားတွေဆိုင်ကယ်တွေဆိုတာ အဆီးအတားမရှိသလို ဥဒဟိုပြေးလွှားပြီးမောင်းသွားနေတာဖြစ်လေတော့ စာရေးသူအနေနဲ့ ဒီလမ်းကိုဖြတ်ဖို့ကူးဖို့ဆိုတာ အင်မတန်မှစွန့်စားရမယ့်အနေအထားပါပဲ။

စာရေးသူရဲ့သားနေတဲ့နေရာက ခေမာသိရိရပ်ကွက်ပါ။ ဟိုအရင်ကတော့ စာရေးသူတို့သူငယ်ချင်းတွေ အောင်နန်းရိပ်သာရပ်ကွက်မှာ အိမ်ငှားနဲ့နေကြတာမို့ စာရေးသူတို့လူပျိုရဲဘော်တွေဟာ တပ်ပြင်ထွက်တိုင်း သူငယ်ချင်းတွေရှိရာ အောင်နန်းရိပ်သာမှာပဲ ညဉ့်အိပ်ညဉ့်နေနေခဲ့ကြတာပါ။ တပ်ပိတ်ရက်တွေက မြို့ထဲနေပြီး တပ်ဖွင့်ရက်မှာတော့ပြန်ကြပေါ့။

တပ်ကိုပြန်တဲ့အခါမှာ မြို့ထဲလမ်းကမပြန်ကြဘဲ ခြေလမ်းဖြစ်တဲ့ခေမာသိရိကနေ ရေကန်ခါးတွေနေတဲ့ရွာလမ်း

www.burmeseclassic.com


www.burmeseclassic.com



ရွှေမိုးတောင် အောင်သုခစေတီထက်မှ စာရေးသူနှင့် သားဖြစ်သူ အမှတ်တရ



ရွှေမိုးတောင် အောင်သုခစေတီမှ ကျောက်ပါးကြီး (၂) ကောင်



ရွှေမိုးတောင် အောင်သုခစေတီရင်ပြင်မှ ကျောက်မြင်းဖြူရုပ်တုများ

ဖြစ်နေပါပြီ။

ကန္နားလမ်းကဆင်းပြီး ဧရာဝတီမြစ်ကမ်းပါးဘက်ကိုသွားရင်း အရင်ကတော့ ကွင်းပြင်ကျယ်ကြီးပဲရှိတာပါ။ အဲဒီကွင်းပြင်ကြီးထဲ နှစ်ယောက်ထိုင်ခုံလေးတွေကို သစ်သားနဲ့ရိုက်ပြီး လှည့်ထားပေးပါတယ်။ ညနေစောင်းမှာ လေညင်းခံရင်း မြစ်အတွင်းက မော်တော်တွေသွားနေတာကိုကြည့်ရတာ အရသာတစ်မျိုးပါပဲ။ ဒါက ယခင်အချိန်က အခြေအနေပါ။

အခုတော့ အဲဒီအရသာမျိုးခံစားဖို့နေရာတွေမှာ တခြားအဆောက်အအုံကြီးတွေက အစားထိုးရောက်နေတာမို့ မြင်ကွင်းက အရင်လောက်မလှတော့သလို ခံစားရပါတယ်။ ပြောင်းလဲမှုတွေက အများကြီးမို့ မြစ်ကြီးနားမြို့ကြီးဟာ နှစ် (၂၀) အတွင်း နတ်ရေကန်ထဲချလိုက်သလိုမျိုး အားလုံးကပြောင်းလဲသွားတာမျိုးပါပဲ။

ခုဆိုရင် စာရေးသူတစ်ယောက်ထဲ မြို့တည်းသွားပါဆိုရင် မသွားတတ်တော့ပါဘူး။ ယုတ်စွအဆုံး မြစ်ကြီးနားမှာ (၅) နှစ်ကျော် (၆) နှစ်တိုင်တိုင် တပ်ကနေ အပြင်ထွက်တိုင်း အောင်နန်းရိပ်သာမှာ ဝင်ထွက်သွားလာနေထိုင်ခဲ့တဲ့စာရေးသူဟာ အောင်နန်းရိပ်သာက အရင်နေတဲ့အိမ်နေရာကိုရှာတာ ဘယ်လိုမှရှာလို့မတတ်ခဲ့ပါဘူး။ အဆောက်အအုံတွေကအစ လမ်းတွေကအဆုံး အားလုံးဟာ ပြောင်းလဲခဲ့တာကိုး။

ပြောင်းလဲတိုးတက်လာမှုအရှိန်အဟုန်နောက်ကို စာရေးသူတစ်ယောက် လိုက်လို့မမီတော့တာအမှန်ပါ။ (၇၅) နှစ်ဆိုတဲ့ အသက်အရွယ်ကလည်း စာရေးသူရဲ့မှတ်ဉာဏ်တွေကို ဝါးမျိုဖျက်ဆီးလိုက်လေရော့သလားလို့ပဲ အော်မေ့လိုက်မိပါတော့တယ်။

■ ရွှေမိုးတောင်ပေါ်ထက်ကို ဘုရားဖူးထွက်ခဲ့တယ်

၂၅ ရက်နေ့ တနင်္ဂနွေနေ့ ညနေပိုင်းမှာ စာရေးသူရဲ့သားက ဈေးဆိုင်အစောပိတ်ပြီး အိမ်ကိုပြန်လာပါတယ်။ စာရေးသူတို့ကို မုခ်ဦးတောင်ခေါ် ရွှေမိုးတောင်ပေါ် သာသနာ့နယ်မြေက စေတီတော်တွေရှိရာကို လိုက်ပို့ချင်လို့ဆိုပြီး ဆိုင်ပိတ်ပြန်လာတာပါ။ သားက မြစ်ကြီးနားဈေးကြီးရဲ့အပြင်ဘက်မှာ ဆိုင်ခန်းငှားပြီး ဆိုင်ဖွင့်ရောင်းတာဖြစ်ပါတယ်။

ဖားကန့်ရွှေကျည်လုံငန်းအဆင့် ပြေစဉ်တုန်းက ရွှေဘာမှာ ရွှေကျင်တဲ့

www.burmeseclassic.com

အတိုင်း စက်ဘီးနဲ့ပြန်ကြတာပါ။ အပြန်လမ်းက ကုန်းဆင်းများတော့ နန်းပေါင်လေတပ်စခန်းကို (၄၅) မိနစ်လောက် စက်ဘီးနင်းလိုက်ရင် ရောက်တာပါပဲ။ အဲဒီအချိန်က ခေမာသီရိလမ်းဟာ မြေနီလမ်းလေးပါ။ လမ်းဘေးက လူနေအဆောက်အအုံဆိုတာကလည်း သာမန်ထဲရံကာ၊ သက်ကယ်မိုးအိမ်လေးတွေပဲရှိတာပါ။ အဲဒီတုန်းက မြေနီလမ်းပေါ်က နေ စက်ဘီးနင်းပြီး တပ်ကိုပြန်တဲ့အခါတစ်ယောက်တည်း နေ့ညအချိန်အခါမရွေး အေးအေးဆေးဆေးပြန်လို့ရခဲ့တာပါ။

အခုပြောင်းလဲချိန်တန်လို့ပြောင်းလဲလာတဲ့အချိန်မှာတော့ စာရေးသူဖြတ်သွားနေကျ မြေနီလမ်းဟာ ပျောက်ခြင်းမလှပျောက်သွားခဲ့ပြီး မြေနီလမ်းနေရာမှာ ကား (၃) စီးလောက်ယှဉ်မောင်းနိုင်တဲ့ကတ္တရာချောခင်းလမ်းမကြီးဖြစ်နေပါတော့တယ်။ လမ်းဘေးကအိမ်တွေဆိုတာလည်း အရင်က ထရံကာသက်ကယ်မိုးဆိုတဲ့အိမ်တွေကို မြင်ချင်လို့တောင်မမြင်ရတော့ပါဘူး။

ထရံကာ၊ သက်ကယ်မိုးနေရာမှာ အင်မတန်မှ ခမ်းနားကြီးကျယ်လှတဲ့ လူနေအဆောက်အအုံတို့ကိုတာကြီးများနဲ့ခမ်းနားလှတဲ့ဈေးဆိုင်းကြီးတွေကနေရာယူထားတာမြင်ရတော့ ကိုယ်မျက်စိကိုယ်တောင် မယုံနိုင်လောက်အောင်ဖြစ်ခဲ့ရပါတယ်။

စာရေးသူတို့ရောက်တဲ့နေ့ညနေပိုင်းမှာ သားဖြစ်သူက ဧရာဝတီမြစ်ဘေးက ကန္နားလမ်းဘက်ကို ကားနဲ့လိုက်ပို့ပါတယ်။ ကန္နားလမ်းက ဈေးကြီးရဲ့အရှေ့ဘက်မှာရှိတာပါ။ ဈေးကြီးဆိုတာ အရင်တုန်းကတော့ သစ်သားအဆောက်အအုံတွေနဲ့ တန်းစီဆောက်ထားတဲ့ဆိုင်ခန်းတွေပဲရှိတာပါ။ ခုတော့ တိုက်ခန်းတွေနဲ့

www.burmeseclassic.com

သူတွေအသုံးပြုတဲ့ပစ္စည်းတွေကို အဓိကတင်ပြီးရောင်းတာပါ။ ရောင်းရေးဝယ်ရေးကောင်းတဲ့အချိန်မို့ ရောင်းအားကောင်းသလို ဝင်ငွေကလည်းကောင်းပါတယ်။ ခုချိန်မှာတော့ ဖားကန့်ရွှေရှာတဲ့လုပ်ငန်းက ပျက်သလောက်ဖြစ်လာတော့ တစ်နှယ်ငင်တစ်စင်ပါဆိုသလိုပါပဲ သားတို့ရောင်းတဲ့စျေးဆိုင်တွေအားလုံး ရောင်းအားတွေကျခဲ့ရပါတယ်။

အခုတော့ မန္တလေးကထွက်တဲ့ပစ္စည်းတွေနဲ့ ဒေသခံတိုင်းရင်းသားတွေလာသွင်းတဲ့ ခြင်းတောင်းတွေ၊ ဖျာတွေအပြင် အခြားလူသုံးကုန်ပစ္စည်းတွေတင်ပြီးရောင်းနေတာပါ။ ရောင်းအားကသိပ်မကောင်းလှပေမယ့် ဆိုင်ငှားခကတော့ တစ်နှစ်မှာတစ်ခါပြောင်းပြီး တောင်းတိုင်းပေးရတာမှာအ ခုဆို ဒီနှစ်တစ်နှစ်လုံးအတွက် သိန်းနှစ်ဆယ်ပေးရတယ်လို့ သားကပြောပြလို့သိရပါတယ်။

ရွှေမိုးတောင်ပေါ် အသွားလမ်းက ဗလမင်းထင်တံတားပေါ် ကနေဖြတ်သွားရတာပါ။ ဗလမင်းထင်တံတားက မြစ်ကြီးနားနဲ့ ဝိုင်းမော်ကို သွားလို့ရအောင် ဆောက်လုပ်ထားတဲ့ ဧရာဝတီမြစ်ကူးတံတားကြီးပါ။ ဗလမင်းထင်တံတားကို ကျော်ဖြတ်ပြီးရင်ပဲ ရွှေမိုးတောင်ပေါ် က ထီးတော်မတဝိရသေးတဲ့ ဘုရားကြီးကို အဝေးကနေ လှမ်းမြင်နေရပါပြီ။ ဒါပေမယ့် သားဖြစ်သူက လမ်းဘေးမှာစိုက်ထူထားတဲ့ 'မုဒိဆိုးတောင်သို့' ဆိုတဲ့ဆိုင်းဘုတ်ကိုကျော်ပြီး ရှေ့ဘက်မောင်းသွားရင်းနဲ့ 'မြစ်ကြီးနားမြို့ကနှုတ်ခွန်းဆက်သပါ၏' ဆိုင်းဘုတ်နားရောက်မှ ကားကို နောက်ကြောင်းပြန်လှည့်ပြီးမောင်းလာရတယ်။

မုဒိဆိုးတောင်ဆိုင်းဘုတ်ရောက်မှ ဆိုင်းဘုတ်ဘေးက မြေလမ်းအတိုင်း ကားမောင်းဝင်သွားပြီး မကြာမီမှာပဲ မုဒိဆိုးတောင်ခေါ် ရွှေမိုးတောင်ရဲ့အတက်လမ်းကို တွေ့ရတော့တာပါပဲ။ တောင်ရဲ့အောက်ခြေပတ်လည်အတိုင်း ကားလမ်းကိုဖောက်လုပ်ထားတာပါ။ ပြေပြေလေးနဲ့တဖြည်းဖြည်းမြင့်တက်လာတဲ့ကားလမ်းအတိုင်း မောင်းတက်လာရင် နောက်ဆုံးမှာတော့ ဘုရားစေတီများတည်ထားရာ တောင်ပေါ် သာသနာမြေစခန်းကို ဖြောင့်ဖြောင့်တန်းတန်းပဲရောက်ရှိခဲ့ပါတော့တယ်။

■ သာသနာမြေပေါ်ထက်က ရွှေရောင်ဝင်းလက်နေသောဘုရားစေတီ

သာသနာမြေပေါ် ကိုရောက်ရောက်ချင်း ပထမဦးဆုံးတွေ့ရဖူးမြင်ရတာကတော့ ရွှေစေတီနှင့်ရွှေလမင်းသိမ်တော်တို့ပဲဖြစ်ပါတယ်။ ရွှေစေတီဆိုတဲ့အတိုင်း စေတီတစ်ဆူလုံးနဲ့ အရံစေတီအားလုံးဟာ ရွှေအဆင်းနဲ့ဝင်းလက်နေတာမို့ ဘုရားဖူးရင်း ရင်ထဲမှာကြည်နူးမှုအပြည့်ဖြစ်ခဲ့ရပါတယ်။

ရွှေစေတီရဲ့အနောက်ဘက်ကပ်ရက်မှာ ရွှေလမင်းသိမ်တော်အဆောက်အအုံကို တွေ့မြင်ရပါတယ်။ အရှေ့ဘက်ဆီမှာ တောင်တန်းကြီးတွေရှိသလို အနောက်ဘက်မှာက ဧရာဝတီမြစ်ကြီး ကစီးဆင်းနေတာဆိုတော့ ဘုရားဖူးရလို့ ကြည်နူးရတဲ့အပြင် သဘာဝအလှတွေကိုပါ တစ်ပါတည်းခံစားခွင့်ရတာမို့ မြစ်ကြီးနားရောက်သူတိုင်း ရွှေမိုးတောင်ဆီကို ရောက်အောင်သွားလေ့ရှိကြောင်း သားဖြစ်သူက ပြောပြပါတယ်။

ရွှေစေတီကို ဖူးမြော်ပြီးတာနဲ့ တောင်ခြေရင်းရောက်အောင် စာရေးသူတို့မိသားစုအားလုံး ခြေကျင်လျှောက်ခဲ့ကြပါတယ်။ ရွှေစေတီကုန်းတော်နဲ့ အလာတုန်းက ကားလမ်းပေါ် ကလှမ်းမြင်နေရတဲ့ အောင်သုခစေတီတော်ကြီးရှိရာကုန်းတော်ဟာ အကွာအဝေးခရီးအားဖြင့် ခန့်မှန်းခြေ ပေ (၁၅၀၀) နီးပါးလောက်တော့ရှိမယ်ထင်ပါတယ်။

အောင်သုခစေတီတော်နဲ့ရွှေစေတီတည်ရှိရာ တောင်ကုန်း (၂) ခုရဲ့ကြားမှာ ကြီးမားကျယ်ပြန့်တဲ့မြေပြန့်လွင်ပြင်ကြီးရှိနေပါတယ်။ အဲဒီမြေပြန့်ပေါ် မှာတော့ ယောဂီ(၁၀၀၀)အထိကိုထားရှိနိုင်တဲ့ ပေ (၁၆၀×၆၀) အကျယ်အဝန်းရှိတဲ့ သာသနာ့ဗိမာန်အဆောက်အအုံကြီးရှိပါတယ်။ အဲဒီအဆောက်အအုံကြီးရဲ့ရှေ့ကနေဖြတ်ပြီး တဖြည်းဖြည်းမြင့်တက်သွားတဲ့ တောင်ကုန်းပေါ် ကိုတက်သွားရင်းနဲ့ပဲ ထီးတော်မတင်ရသေးတဲ့ အောင်သုခစေတီတော်ကြီးရဲ့ရင်ပြင်တော်ပေါ် ကိုရောက်သွားတော့တာပါပဲ။

စာရေးသူရဲ့ သက်တမ်းနဲ့ အတွေ့အကြုံအရ အခုလို ထူးခြားပြီး သပ္ပာယ်လှတဲ့ ဘုရားစေတီကိုမြစ်ကြီးနားရောက်မှပဲ ဖူးခွင့်ကြုံတာကို နိဗ္ဗာန်ဓာတ်ခံလိုပါတယ်။ အမှန်အတိုင်းပြောရရင် စာရေးသူအနေနဲ့ မြစ်သားမြို့က ရွှေဟောင်းတန်ဆိုးကြီးဘုရားအကြောင်းဆောင်းပါးတွေရေးလက်စနဲ့ မြစ်ကြီးနားကိုသွားရမှာဆိုတော့ ဟိုရောက်တော့ ငါတော့ ဘုရားစေတီဆောင်းပါးတွေရေးရတော့မှာမဟုတ်တော့ဘူးလို့ စိတ်မကောင်းဖြစ်နေခဲ့တာပါ။

တကယ်တော့ မြစ်ကြီးနားရောက်တဲ့အခါမှာတော့ အထင်နဲ့အမြင်လွဲသွားပြီဆိုတာ ကိုယ့်ဟာကိုယ်သဘောပေါက်လိုက်မိပါတယ်။ ထူးခြားပြီးကြည်ညိုဖွယ်ရာကောင်းလှတဲ့ ဘုရားစေတီအဆူဆူဟာ မြစ်ကြီးနားမြေပေါ် မှာလက်ညှိုးထိုးလို့မလွဲအောင်ရှိနေတာကို စာရေးသူတွေ့မြင်ရလို့ပါပဲ။

■ အောင်သုခစေတီတော်မြတ်ကြီးရင်ပြင်ထက်မှာဖူးမြင်ရသည်များ

အောင်သုခစေတီတော်မြတ်ကြီးရဲ့ရင်ပြင်ထက်ကိုရောက်ဖို့ လှေကားထစ်ပေါင်းများစွာကို ကျော်ဖြတ်ပြီးတက်ခဲ့ရပါတယ်။ ရင်ပြင်တော်ပေါ် မှာတော့ တုတ်ခိုင်ကြီးမားလှတဲ့ဆင်ဖြူတော်ကြီးများနဲ့ဖွဲ့စည်းတည်ဆောက်ထားတဲ့ စေတီတော်ကြီးရဲ့ ဂန္ဓကုဋိတိုက်ကို လှပစွာအသွင်ဆန်းနဲ့မြင်ရတာပါပဲ။

စေတီတော်ကြီးရဲ့အောက်ခြေမှာ ဂြိုဟ်ရှစ်ခွင်ဘုရားများတည်ထားသလို စေတီတော်ကြီးရဲ့အတွင်းပိုင်းပတ်ပတ်လည်မှာ မုခ် (၈) မုခ်နဲ့ ရပ်တော်မူဘုရား (၈) ဆူကို သပ္ပာယ်စွာဖူးမြင်ရပါတယ်။ ရုပ်ပွားတော် (၈) ဆူရဲ့ ဉာဏ်တော်မှာ (၅)ပေကျော်ကျော်ခန့်ရှိပြီး အနုက်ရောင်အဆင်းရှိတဲ့ကျောက်သားနဲ့ထုဆစ်ထားတာပါ။

ဂြိုဟ်ပြေနံပြေဘုရား (၈) ဆူအားလုံးကိုလည်း ကျောက်သားအနက်နဲ့ ထုဆစ်ကိုးကွယ်ထားပြီး ရုပ်ပွားတော်ရဲ့ဘေးမှာတော့ ဘုရားဖူးလာသူများ ရေသပ္ပာယ်ဖို့အတွက် ရေတိုင်များကို စနစ်တကျပြုလုပ်တပ်ဆင်ထားပါတယ်။ ဂြိုဟ်ပြေနံပြေရုပ်ပွားတော်များကို နေ့နံ့အလိုက် မုဒြာအမျိုးမျိုးနဲ့ ထုဆစ်ထားတာကို အောက်ပါအတိုင်း မှတ်သားခဲ့ပါတယ်။

၁။ တနင်္ဂနွေ - ကကုသန်ဘုရား - အဘယမုဒြာ
၂။ တနင်္လာ - ကောဏာဂုံဘုရား - ဗျာစ္စာနမုဒြာ
၃။ အင်္ဂါ - ကဿပဘုရား - စိန္တာမုဒြာ
၄။ ရာဟု - အရိမေတ္တေယျဘုရား - ပြာဋိဟာရိယမုဒြာ
၅။ ကြာသပတေး - ဂေါတမဘုရား - ပတ္တမုဒြာ
၆။ သောကြာ - သိခီဘုရား - ဗုဒ္ဓပတ္တမုဒြာ
၇။ စနေ - ဝိပဿီဘုရား - ဘူမိဖဿမုဒြာ တို့ ဖြစ်ပါတယ်။

စေတီတော်ကြီးရဲ့အောက်ခြေကဆင်ဖြူတော်ကြီး (၉) စီးကလည်း အုံသြ

www.burmeseclassic.com

www.burmeseclassic.com

ခွမက်ဖွယ်ရာနဲ့ အသက်ဝင်လှတာကို တွေ့ရပါတယ်။ ဒါ့အပြင် စေတီတော်ကြီးရဲ့အတက်အဆင်းလှေကားတစ်ဖက်တစ်ချက်စီက နဂါးကြီးနှစ်ကောင် အမောက်ထောင်နေပုံကလည်း တကယ်ကို အသက်ဝင်နေရော့သလားလို့ထင်မှတ်ရပါတယ်။

စေတီတော်ကြီးရဲ့အနောက်ဘက်မှာ စေတီတော်ကြီးတည်ထားကိုးကွယ်နိုင်အောင် အကျိုးတော်ဆောင်ခဲ့တဲ့ ဝန်းသိုဆရာတော်ဘုရားကြီးရုပ်တုပုံတော်ကို စံကျောင်းပြဘာဒိအဆောင်တော်အတွင်းမှာဖူးရပါတယ်။ ဆရာတော်ကြီးအနေနဲ့ ဘာသာသာသနာနဲ့ ပတ်သက်ပြီး အများရှင်လူပြည်သူအများအသိပွားစေဖို့အတွက် ဩဝါဒစကားတွေဟောကြားထားရစ်ခဲ့တဲ့အနက်က စာရေးသူနှစ်သက်တဲ့ ဩဝါဒနှစ်ခုကို မှတ်စုမှာကူးယူခဲ့တာမို့ သူရဲ့ရဲ့စာဖတ်သူများကို ပြန်လည်ပြီး မျှဝေပေးလိုက်ပါတယ်။

သာသနာနှင့်သံဃာ

■ ရဟန်းသာမဏေ ဟူသည် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်၊ သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်များဖြစ်ရမယ်။ ရဟန်းသာမဏေဟူ၍ဖြစ်လာလျှင် ပရိယတ္တိ၊ ပဋိပတ္တိ ဟူသော တာဝန်နှစ်ရပ်ကို ဆောင်ရွက်ရမည်။ သာသနာ့ဝန်ထမ်းဆောင်သည့် ရဟန်းသာမဏေများသည် သာသနာတော်အတွက်သာဖြစ်ရမည်။ သာသနာတော်သည် ရဟန်းသာမဏေအတွက်မဖြစ်စေရ။

နယ်စပ်ဘုရားတည်

■နယ်စပ်ကျောက်တိုင်ဆိုတာ ခုနှစ်သက္ကရာဇ်တွေ ဘယ်လောက်ရေးရေး ဒါမြန်မာနယ်နိမိတ်ပါလို့ပြောရင် မသေချာဘူး။ ဘုရားစေတီတွေတွေ့တာနဲ့ ဒါမြန်မာပြည်။

ထေရဝါဒထွန်းကားခဲ့တဲ့ မြန်မာနိုင်ငံလို့မငြင်းနိုင်အောင်၊ နောင်အနာဂတ်လူတွေသိရအောင် ဆရာတော်က အပင်ပန်းခံပြီး နယ်စပ်မှာ ဘုရားတည်တာပါ။

ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒစကားတွေကို ဖတ်ကြားမိရုံနဲ့တင်ပဲ ဆရာတော်ကြီးရဲ့စေတနာမေတ္တာတရားများဟာ ဘယ်မျှထိကြီးမားတယ်ဆိုတာကို ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူအားလုံး သိရှိနားလည်ပြီး သဘောပေါက်ကြမှာ အသေအချာပါပဲ။

တိရစ္ဆာန်ရုပ်တုပုံများ

စေတီတော်ကြီးရင်ပြင်တော်ပေါ်မှာ ဆင်ဖြူတော်(၉)စီးနဲ့အတူ ဆင်မည်းများကိုလည်း တကယ်သက်ရှိလို့ထင်မှတ်နိုင်အောင်ထုလုပ်ထားတာကိုလည်းတွေ့မြင်ရပါတယ်။ စေတီတော်တောင်ဘက်လှေကားအဆင်းမှာတော့ ပေ(၅၀)ပတ်လည်ခန့်ရှိမယ့်ရေကန်တော်ကြီးနဲ့ရေကန်တော်ကြီးရဲ့အတွင်းမှာ လူကိုယ်လုံးခန့်ရှိပြီး အရှည် (၆) ပေခန့်ရှိမယ့် ငါးရံကြီးနှစ်ကောင်က စေတီတော်ရှိရာဦးဦးဖိုက်နေပုံထုလုပ်ထားတာကလည်း အင်မတန်မှအသက်ဝင်လှပါတယ်။

အမှတ်တမဲ့ဆိုရင် တကယ့်အသက်ရှိတဲ့ငါးကြီးနှစ်ကောင်လို့ပဲထင်ရမှာဖြစ်ပါတယ်။ ကန်ပေါင်ရဲ့နှုတ်ခမ်းအကျယ် (၁၀) ပေပတ်လည်မှာ အုတ်နဲ့ ကာရန်ထားပြီး အတွင်းပိုင်းမှာ မြင်ဖြူရုပ်များကို တန်းစီပြီးထုလုပ်ထားပါတယ်။ စေတီတော်ကြီးကို ဆင်စီးပြီးမြင်းရံထားတဲ့ သဘောမျိုးလို့ထင်ရပါတယ်။

လှေကားအဆင်းအတက်က နဂါးရုပ်ကြီးတွေဆိုတာကလည်း အမောက်ကြီးတွေထောင်နေပုံက တကယ့်သက်ရှိနဂါးကြီးတွေများလားလို့ ထင်မှတ်ရအောင်ကိုအသက်ဝင်လှပါတယ်။ စေတီတော်ရဲ့အဝင်ဘက်လှေကားကအဆင်းတောင်ရဲ့ခြေရင်း ညာဘက်အခြမ်းမှာ အင်မတန်မှကြီးမားတဲ့ဖားကြီးတစ်ကောင်နဲ့ အင်မတန်မှ ထွားကျိုင်းပြီးမြင့်မားလှတဲ့ ကြက်ဖရုပ်တုကြီးများကိုလည်း တွေ့မြင်နိုင်ပါသေးတယ်။

စာရေးသူတို့မိသားစုအနေနဲ့ ဘုရားကြီးကိုဖူးအပြီးမှာ စေတီရဲ့အောက်ဘက်ကို အတက်လှေကားကပဲပြန်ဆင်းခဲ့ကြပါတယ်။ လှေကားခြေရင်းဘယ်ဘက်မှာ အဆောက်အအုံငယ်တစ်ခုရှိပြီး အဆောက်အအုံထဲမှာတော့ စေတီတော်ကြီးတည်ထားပုံလုပ်ငန်းအဆင့်ဆင့်ကို ဓာတ်ပုံမှတ်တမ်းများနဲ့ ဖော်ပြထားတာတွေ့ရပါတယ်။

စာရေးသူအနေနဲ့ စေတီတော်ကြီးနဲ့ပတ်သက်ပြီး ဆောင်းပါးရေးရရင် ကောင်းမှာပဲလို့တွေးမိပြီး အလှူခံဌာနရှိတဲ့နေရာကိုသွားခဲ့ပါတယ်။ အလှူခံဌာနမှာ အလှူငွေထည့်ဝင်လှူဒါန်းရင်း ဘုရားနဲ့ပတ်သက်တဲ့သမိုင်းကြောင်းကို သိချင်လို့မေးမြန်းရာမှာ ကံကောင်းထောက်မစွာနဲ့ဘဲ စေတီတော်ကြီးရဲ့ဂေါပကဥက္ကဋ္ဌ ဦးဒီးဒုတ်နဲ့တွေ့ရပြီး ဥက္ကဋ္ဌကြီးကိုယ်တိုင်ကပြောပြလို့ ဘုရားစေတီရဲ့သမိုင်းကြောင်းကိုသိလိုက်ရပါတယ်။

ဂေါပကဥက္ကဋ္ဌကြီး ဦးဒီးဒုတ်က ပြန်တော့မယ့်ဆဲဆဲမှာ စာရေးသူနဲ့တွေ့ရတာမို့ ရှင်းလင်းပြောပြရာမှာ ကျန်ခဲ့တာများသိရအောင်ဆိုပြီးတော့ သူ့ကားအတွင်းက ဘုရားသမိုင်းကြောင်းပါတဲ့ စီဒီခွေတစ်ချပ်ကို စာရေးသူအတွက် လက်ဆောင်အဖြစ်နဲ့ ပေးလိုက်ပါသေးတယ်။ ဥက္ကဋ္ဌကြီးရဲ့စေတနာကြောင့် စာရေးသူအနေနဲ့ ဒီဆောင်းပါးကိုရေးဖြစ်ခဲ့တာမို့ ဥက္ကဋ္ဌဦးဒီးဒုတ်ကို အထူးပဲကျေးဇူးတင်မိတာအမှန်ပါပဲ။ ဘုရားသမိုင်းကြောင်းနဲ့ပတ်သက်ပြီး မြဝတီအသံလွှင့်ဌာနက မေးမြန်းခြင်းအပေါ် ဥက္ကဋ္ဌကြီးဦးဒီးဒုတ်အနေနဲ့ ရှင်းလင်းပြောပြထားတဲ့ သတင်းမှတ်တမ်းခွေကို အခြေခံပြီး စေတီရဲ့သမိုင်းကြောင်းကို အောက်ပါအတိုင်း ပြန်ပြောင်းရေးသားမျှဝေပေးလိုက်ပါတယ်။

■ ရွှေမိုးတောင်ပေါ်က အောင်သုခစေတီတော်ကြီးအကြောင်းသိကောင်းစရာများ

ရဟန္တာတစ်ထောင် ကိန်းဝပ်ရာသျှင်ပင်မြတ်စွာဆုတောင်းပြည့်အောင် သုခစေတီတော်မြတ်ကြီးကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့နဲ့ ဝိုင်းမော်မြို့နယ်အကြား ဆက်သွယ်ထားတဲ့ ဧရာဝတီမြစ်ကူးပလမင်းထင်တံတားကြီးရဲ့မြောက်ဘက် (၁) မိုင်ခန့်အကွာမှာရှိသော ရွှေမိုးတောင်ပေါ်မှာ တည်ထားကိုးကွယ်ထားခြင်း ဖြစ်ပါတယ်။

ရွှေမိုးတောင်ကို ရှေးယခင်က မုဒိန်းတောင်လို့ ခေါ်ဆိုကြောင်းသိရပါတယ်။ မုဒိန်းဆိုတာ ရှမ်းဘာသာစကားအရ ဦးဆိုတဲ့စကားဟာ တံတားလေးလို့ အဓိပ္ပာယ်ရတာမို့ တံတားလေးရှိတဲ့တောင်လို့ အဓိပ္ပာယ်ဖွင့်လို့ရပါတယ်။ တောင်ကုန်းတစ်ခုလုံးရဲ့ဧရိယာအကျယ်ဟာ (၂၈) ဧက ကျယ်ဝန်းပါတယ်။

ယခင် လွန်ခဲ့ပြီးဖြစ်တဲ့ ၁၉၁၈ ခုနှစ်မှာ မိုင်းနားဆရာတော်ကြီးက ရွှေသိုက်ငွေသိုက်စေတီငယ် (၂) ဆူကို တည်ထားကိုးကွယ်ခဲ့ပါတယ်။ နောက်ပိုင်းအနှစ် (၅၀) လောက်အရောက်မှာ ရွှေစေတီကို တည်ထားကိုးကွယ်ခဲ့တာပါ။ ၂၀၀၄ ခုနှစ် အရောက်မှာတော့ မြစ်ကြီးနားမြို့ သုခကာရိုးရှင်တစ်ဦးသို့ကျောင်းတိုက်ရဲ့ပစ္စည်းဥစ္စာကဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းဆေး၊ ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်လောက်သည့် ရသာစုံလင် ဆေးပက်ဝင်ဟင်းလျာများ

ရွှေနဝင်း(ပုသိမ်)

ရွှေဖရုံသီးသည် အမြင်လှသလို စားရတာလည်း အရသာရှိပြီး ကျန်းမာရေးအတွက်လည်း အာဟာရဓာတ် အလွန်ပေါများကြွယ်ဝနေသည့် စားသုံးသီးနှံတစ်မျိုး ဖြစ်သည်။

ရွှေဖရုံသီးကြိုက်သူများကတော့ ရွှေဖရုံအပျော့စီးနှင့် ရွှေဖရုံအမာစီးဟူ၍ နှစ်မျိုးခွဲခြားသတ်မှတ်တတ်ကြပါသည်။ ၎င်းရွှေဖရုံ(၂)မျိုးထဲမှ ရွှေဖရုံအပျော့စီးဟာ စားသုံးသူတိုင်းနှင့် သင့်တော်ပြီး အစာအိမ်ပါစကဝမ်းမီးကို ကြေကျက်လွယ်သည်။ ဝမ်းကိုနူးညံ့စွာသွားစေတတ်သဖြင့် ကလေးသူငယ်၊ သက်ကြီးရွယ်အိုများနှင့် အများဆုံးသင့်တော်ပါသည်။

ရွှေဖရုံအမာစီးမျိုးကတော့ အစာအိမ်ခြေချက်အားကောင်းမွန်သည့်ပုဂ္ဂိုလ်များအတွက် သင့်တော်ကောင်းမွန်ပါသည်။ ဝမ်းမီးဓာတ်အားနည်း၍ အစာခြေချက်မှုအားနည်းသူများစားလျှင်တော့ အစာမကြေ၊ လေချု၊ ဗိုက်ပွခြင်းဖြစ်စေတဲ့သဘောသတ္တိရှိပါသည်။

သို့သော် ရွှေဖရုံအပျော့စီးရော အမာစီးမှာပါ ပါဝင်နေကြတဲ့ အာဟာရဓာတ်နဲ့ ဗီတာမင်သတ္တုဓာတ်များကတော့ (၂) မျိုးစလုံးမှာ တူညီစွာပါဝင်ဖွဲ့စည်းနေတာကို တွေ့ရပါတယ်။

ရွှေဖရုံသီးမှာဆိုလျှင် ရွှေဖရုံသီးအသားအဝါရောင် (Fruit Pulp) တွင် ပါဝင်နေတဲ့ အာဟာရဓာတ်နှင့် ရွှေဖရုံအစေ့(Kernels)မှာ ပါဝင်တဲ့ အာဟာရဓာတ်နှစ်မျိုးစလုံးက ခန္ဓာကိုယ်ကျန်းမာရေးအတွက် အလွန်ထောက်ကူမှုပေးကြောင်း ဘဒ္ဒန္တသီလဝံသ ကျေးဇူးတော်ရှင် ဆရာတော်ကြီးဩဝါဒစကားနဲ့ မိန့်ကြားလမ်းညွှန်မှုအရ မုဒိုးတောင်ကို သာသနာ့မြေဖြစ်အောင် ကျောင်းပြည်နယ်အဝိုးရအဖွဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းစစ်ဌာနချုပ် တာဝန်ရှိပုဂ္ဂိုလ်များနဲ့ အဖွဲ့အစည်းအသီးသီးက လူပုဂ္ဂိုလ်များအားလုံး ပူးပေါင်းပါဝင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရဲ့ ရည်ရွယ်ချက်က ဒီတောင်ကြီးပေါ်မှာ ဘုရားစေတီတည်ပြီး နိုင်ငံအနှံ့က ရဟန်းရှင်လူအများဝိပဿနာတရားတော်များကျင့်ကြံအားထုတ်နိုင်တဲ့သာသနာ့ဝိဟာန်ကြီးတစ်ခုတည်ဆောက်လိုက်ရင် နောင်သားစဉ်မြေးဆက်အထိတိုင် သာသနာတော်ပွင့်လင်းရှင်သန်လာနိုင်တဲ့အပြင် လူငယ်တွေအနေနဲ့ အသိဉာဏ်ပညာတွေတိုးတက်မြင့်မားလာတာနဲ့အမျှ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာကို ယုံကြည်မြတ်နိုးတတ်တဲ့လူတော်လူကောင်းတွေပေါ်ထွန်းစေချင်တဲ့ဆန္ဒကြောင့်လို့သိရပါတယ်။

ယခုလက်ရှိ အနေအထားအရ မုဒိုးတောင်ခေါ် ရွှေမိုးတောင်သာသနာ့မြေပေါ်မှာ (၇၅ပေ × ပေ၅၀) အကျယ်အဝန်းရှိတဲ့ ဆွမ်းချက်ဆောင်ကြီးတစ်ဆောင်နဲ့ ရဟန်းရှင်လူဦးရေ(၁၀၀၀)ဆံ့တဲ့ (ပေ ၁၆၀×၆၀) အကျယ်အဝန်းရှိသာသနိက(၂)ထပ်အဆောက်အအုံကြီးနဲ့အတူ ရွှေလမင်းသိမ့်တော်အဆောက်အအုံများကိုလည်း ဆောက်လုပ် ပြီးစီးနေတာကို တွေ့မြင်ရပါတယ်။

နောက်ထပ်လည်း ယောဂီ (၅၀၀) ခန့် တစ်ပြိုင်တည်းတရားထိုင်နိုင်မယ့် (၂) ပါးနေအဆောင်ပေါင်း (၂၅၀) ကိုလည်း ဆက်လက်ဆောက်လုပ်နေဆဲဖြစ်ပါတယ်။ စေတီတော်ကြီးတည်ထားတဲ့ လုပ်ငန်းနဲ့ပတ်သက်လို့ကတော့ လက်ရှိအားဖြင့် (၈၀) ရာခိုင်နှုန်းပြီးစီးခဲ့ပြီး ၂၀၁၈၊ မတ်လမှာ အပြီးတည်ထားမှာလို့ သိရပါတယ်။ စေတီတော်ကြီးရဲ့ ရင်ပြင်တော်အကျယ်အဝန်းဟာ ပေ (၂၀၀) ပတ်လည်ရှိပြီး ရင်ပြင်တော်ပေါ်မှာ နေပူခံကျောက်ပြားများခင်းတဲ့လုပ်ငန်းကို (၅၀) ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

စေတီတော်ကြီးတည်ရာမှာတော့ စေတီတော်ရဲ့အောက်ခြေမှာ လိုက်ဖွဲ့ပြီး ဉာဏ်တော် (၉) ပေရှိတဲ့ ဓာတ်ပေါင်းစုစေတီ (၂) ဆူကို မြေအောက်ဌာပနာအဖြစ် ကွန်ကရစ်လောင်းပြီးတည်ထားပါတယ်။ စေတီတော်ကြီးရဲ့ ဉာဏ်တော်အမြင့်ဟာ (၇၇) ပေရှိပြီး (၇) ရက်သားသမီးများစိတ်ခမ်းသာအောင် ရွှည်ရွှယ်ကာ ဗုဒ္ဓဟူးနံပါ ဆင်ဖြူတော် (၉) စီးကို စေတီတော်ကြီးရဲ့ အောက်ခြေမှာ အရပ်ရှစ်မျက်နှာမှာထားပြီး ဆင်ခံဘုရားအဖြစ် တည် ထားပါတယ်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလထဲမှာ အထက်ဌာပနာပိတ်ပွဲကိုဆောင်ရွက်ခဲ့ပြီး ၂၀၁၈၊ မတ်လထဲမှာတော့ ထီးတော်တင်ပွဲပြုလုပ်မယ်လို့သိရပါတယ်။ စေတီတော်တည်ထားရေးလုပ်ငန်းမှာ အင်ဂျင်နီယာလုပ်ငန်းက အတတ်ပညာရှင်များနဲ့ လက်မှုပညာရှင်ကြီးများက ပူးပေါင်းဆောင်ရွက်ခဲ့ကြတာမို့ မကြာမီအချိန်ကာလအတွင်းမှာ ရွှေရောင်အဆင်းရှိတဲ့ စေတီတော်မြတ်ကြီးကို မျက်စိထင်ထင်ဖူးမြင်ရတော့မှာ ဖြစ်ပါတယ်။

■ ဖိတ်ခေါ်ပါသည် ရွှေမိုးတောင်တော်ဆီ

သမိုင်းဝင်ကြား ထူခြားသက်သေ ဝန်းသို့ထေရ်ဆရာတော်ဘုရားကြီး၏ နောက်ဆုံးသာသနာပြုလုပ်ငန်းကြီးဖြစ်တဲ့ ဧရာဝတီမြစ်ကမ်းနံဘေးမှ အေးချမ်းသာယာလှတဲ့ ရွှေမိုးတောင်တော်ပေါ်က ရာမာန္တာတစ်ထောင်ကိန်းဝပ်ရာ သွင်ပင်မြတ်စွာဆုတောင်းပြည့်အောင်သုခစေတီတော်မြတ်ကြီးရှိရာ မြစ်ကြီးနားမြို့ကို တစ်ခါတစ်ခေါက်အရောက်လာပြီး ဘုရားဖူးလာကြဖို့ အထူးပဲဖိတ်ခေါ်လိုက်ရပါတယ်။

စေတနာမှန်လျှင်ကံဓိကာင်းမည်

စနေထွန်း(မြစ်သား)

စာကိုး -

ဘုရားဂေါပကဥက္ကဋ္ဌ ဦးဒုတ်၏ ပြောကြားချက်

မြဝတီရုပ်သံလွှင့်ဌာန၏ အမေးအဖြေမှတ်တမ်းစီဒီခွေ

ကိုယ်ကိုင်လေ့လာချက်

www.burmeseclassic.com

www.burmeseclassic.com

စေပါသည်။

ဒါကြောင့် အခြားစားသုံးသီးနှံများလို အသားကိုစားပြီး အစေ့ကိုစွန့်ပစ်လိုက်ရတာမျိုးမဟုတ်ဘဲ အကုန်လုံးတန်ဖိုးရှိ အာဟာရပြည့်ဝတ်စာသီးနှံမျိုးဟုခေါ် မည်ဆိုခေါ်နိုင်ပါသည်။

ရွှေဖရုံသီးအဝါရောင်အသားထဲမှာ အဓိကပါဝင်နေကြသော ကာဗွန်ဟိုက်ဒြိတ်၊ ပရိုတင်း၊ အဆီဓာတ်နှင့် အမျှင်ဓာတ်တို့ ပါဝင်နေပါသည်။

ဗီတာမင်ဓာတ်တွေအနေဖြင့် Vit C, Vit K, Vit A, Vit E, Vit B_1, Vit B_2 နှင့် ပန်တိုသန်းနစ်အက်စစ်၊ သိုင်ရာမင်၊ ဖောလိတ်ဓာတ်တို့ပါဝင်နေပါသည်။

ရွှေဖရုံသီးမှာ သတ္တုဓာတ်များအနေဖြင့် ပိုတက်စီယမ်၊ မီးစုန်းဓာတ်၊ ကယ်လစီယမ်၊ မဂ္ဂနီစီယမ်၊ ဆိုဒီယမ်၊ သံဓာတ်၊ သွပ်ဓာတ်၊ ကြေးနီဓာတ်၊ မဂ္ဂနိုး(စ်)၊ စီလီနီယမ်ဓာတ်တို့ ပါဝင်အကျိုးပြုနေပြီး ရွှေဖရုံသီးမှာ အဓိကဆေးဖက်ဝင်စေတဲ့ ဘီတာကယ်ရိုတင်၊ လူတီသင်းနှင့် ဇီရန်သင်းဓာတ်တို့သည် အခြားစားသုံးသီးနှံများမှာထက် ရွှေဖရုံသီးမှာ ပိုမိုများပြားစွာပါဝင်နေသဖြင့် မျက်စိကျန်းမာရေးနှင့် အသားရေလှပချောမွေ့စေမှုအတွက် အရေးပါတဲ့အာဟာရဓာတ်များဖြစ်ပါသည်။

ဤကဲ့သို့ အလားတူ ရွှေဖရုံအစေ့ကလည်း အဆိပ်အတောက်ဓာတ်ကင်းပြီး ကျန်းမာရေးအကျိုးပြုဓာတ်များပါဝင်နေသည့် လူတို့ စားသုံးနိုင်တဲ့ သစ်စေ့တစ်မျိုးဖြစ်နေပါသည်။

ရွှေဖရုံစေ့မှာ အဓိကအများဆုံးပါဝင်နေသည့် ဗီတာမင်ဓာတ်မှာ Vit E ဖြစ်ပြီး အစေ့ (၁၀၀) ဂရမ်မှာ Vit E (၃၅) မီလီဂရမ်အထိ ပါဝင်နေခြင်းကပါဝင်မှုအားအလွန်ကောင်းမွန်နေပါသည်။

ၿငိုးသည် သဘာဝအော်ဂဲနစ် ဗီတာမင်အီးဖြစ်သောကြောင့် အင်တီအောက်ဆီးဒင့်ဂုဏ်သတ္တိမြင့်မားပြီး သွေးအတွင်းမှ မကောင်းတဲ့ အဆီဆိုး (LDL) ကိုလက်စထရောမ်များကို ကျဆင်းစေပြီး သွေးအားကို သန့်စင်ကောင်းမွန်စေခြင်း၊ အာရုံကြောများထုံကျဉ်ခြင်းပျောက်ကင်းစေပြီး စိတ်ဖိစီးမှုသက်သာစေခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေပါသည်။

ဒါ့ပြင် ရွှေဖရုံစေ့မှာ အော်ဂဲနစ် Mineral ဓာတ်အနေဖြင့် မဂ္ဂနိုး(စ်)ဓာတ် အများဆုံးပါဝင်နေပြီး (၁၀၀)ဂရမ်လျှင် (၄၊ ၅၄) မီလီဂရမ်အထိ ပါဝင်အားကောင်းမွန်သဖြင့် အင်တီအောက်ဆီးဒင့်ဂုဏ်သတ္တိကိုမြင့်မားစေပြီ ကင်ဆာကဲ့သို့ရောဂါဆိုးများကို ဟန့်တားနိုင်စွမ်းရှိပါသည်။

ပိုတက်စီယမ်နှင့်ဆိုဒီယမ်ဓာတ်ပါဝင်နေမှုအမျိုးအစားမှာ ရွှေဖရုံစေ့(၁၀၀) ဂရမ်တွင် ပိုတက်စီယမ် (၈၀၉)မီလီဂရမ်နှင့် ဆိုဒီယမ်က (၇)မီလီဂရမ်သာပါဝင်နေသဖြင့် ဆိုဒီယမ်ဆားဓာတ်က မပါသလောက်ဖြစ်ပြီး အကျိုးပြုပိုတက်စီယမ်ဓာတ်က အလွန်အားကောင်းစွာပါဝင်နေရာ သွေးတိုးရောဂါရှိသူများအတွက် ရွှေဖရုံစေ့ကို ပုံမှန်စားသုံးပေးလျှင် သွေးတိုး၊ သေးပေါင်ချိန်ကိုလျော့ချစေရန် အလွန်အထောက်ကူပေးစေပါသည်။

သို့သော် တစ်ခုသတိပြုရမှာက နာတာရှည်ကျောက်ကပ်အားနည်းပြီး ကျောက်ကပ်အခံမကောင်းသူများနှင့် အကြောင်းကြောင်းကြောင့် သွေးထဲမှာ ပိုတက်စီယမ်ဓာတ်များပြားနေသူများကတော့ ရွှေဖရုံစေ့စားသုံးခြင်းကိုရှောင်ကြဉ်သင့်ပါသည်။

ဒါကြောင့် ရွှေမြန်မာများအတွက် ဒေသထွက် ရာသီပေါ် သီးနှံအနေဖြင့် သော် လည်းကောင်း၊ ခေတ်သစ်သိပ္ပံစပ်မိုးသီးနှံများအနေဖြင့်သော်လည်းကောင်း၊ စာရေးသူတို့နိုင်ငံတွင် ရွှေဖရုံသီးကို တစ်နှစ်ပတ်လုံးနီးပါး အလွယ်တကူစျေးနှုန်းချိုသာစွာစားသုံးနိုင်သည့် ဆေးဖက်ဝင်သီးနှံတစ်မျိုးဖြစ်ပါကြောင်း အသိပေးတင်ပြရင်း -

ရွှေဖရုံသီးနဲ့ စီမံဖန်တီးချက်ပြုတ်ထားသည့် စားဖွယ်အာဟာရဟင်းလျာကို တင်ပြပေးပါမည်။

ရွှေဖရုံသီးပေါက်ချောင်း ပုစွန်တန်ပူရာကြော်

■ ပါဝင်ပစ္စည်းများ

၁။ ရွှေဖရုံသီး (၂၀၀) ဂရမ်
၂။ ပုစွန်ဆတ်ထုပ် (၁၂)ကောင်
၃။ တန်ပူရာအကြော်မှုန့် (၁)ထုပ်
၄။ ကြက်ဥ (၁) လုံး
၅။ ဆားဟင်းခတ်မှုန့်အနည်းငယ်
၆။ မြေပဲဆီစစ်စစ် (၂၀)သား
မော်လမြိုင်ဆော့(စ်)အချဉ်ရည် အတွက် -
မန်ကျည်းမှည့်ပြုတ်အနှစ်ရည် ပန်းကန် (၁) လုံးစာ
ငံပြာရည်အချိုရည် (၂) ဇွန်း
ဆားအနည်းငယ်
ပဲမှုန့်အကျက်မှုန့် (၃) ဇွန်း
ငရုတ်သီးအလှော်မှုန့် (၁/၂)ဇွန်း
ထန်းလျက် (၁/၂) ခဲ
နံနံပင် (၁) စည်း
ကြက်သွန်ဖြူ (၇)တက်ထောင်းထားပါ။

ပစ္စည်းများစုံလျှင် ရွှေဖရုံသီးကို အခွံခွာပြီး ပါးပါးပေါက်ချောင်းလေးများလှီးထားပါ။ ပုစွန်ဆတ်ထုပ်များကို အခွံခွာ အမြီးချန်ပြီး ပုစွန်ကျောအလယ်မှာ မားနဲ့ခွဲပြီး ချေး၊ အူကြောင်းထုတ်ပြီး ကျောခွဲပြီးဖြန့်ထားပါ။ ဆား၊ အရသာမှုန့်သင့်ရုံနဲ့နယ်ပြီးနှပ်ထားပါ။

တန်ပူရာအကြော်မှုန့်ကို ကြက်ဥ (၁)လုံးဖောက်ထည့်ပြီး ရေသင့်ရုံထည့်၍ ခပ်ပျစ်ပျစ်ရအောင်ခေါက်မွှေပြီး ဆားအနည်းငယ်ခတ်ထားပါ။ အကြော်ဒယ်အိုးတွင် ဆီများများထည့်ပြီး ဆီပူလာရင် ပုစွန်တစ်ကောင်ချင်းစီ တန်ပူရာအနှစ်ရည်ထဲစိမ်လိုက်ပြီး အပေါက်ငယ်လေးများပါတဲ့အကြော်ဇွန်းခွက်မှာ ပုစွန်ကို ထည့်ပြီး အပေါ်မှ ရွှေဖရုံသီးပေါက်ချောင်းငယ်လေးများကို အနေတော်ဖြန့်ခင်းပြီး တန်ပူရာအနှစ်ထပ်အုပ်လိုက်ပြီး အကြော်ဇွန်းခွက်ကို ဆီပူထဲနစ်၍ကြော်လိုက်လျှင်ပုစွန်ရွှေဖရုံခွက်ကြော်က ဆီပူထဲမှာအချပ်လိုက်တက်လာရင် အကြော်ဇွန်းခွက်ကိုဖယ်လိုက်ပြီး နောက်တစ်ခုထပ်ယခင်နည်းအတိုင်းလုပ်၍ကြော်ပါ။

ၿငိုးကို ပုစွန်ရွှေဖရုံခွက်ကြော်ဟုခေါ်မည်ဟု အချို့ကခေါ်ကြပါသည်။ ရွှေညိုရောင်သန်းလာတဲ့အခါ ပုစွန်ရွှေဖရုံခွက်ကြော်လေးများကိုဆယ်ယူဆီစစ်ထားပြီး သူနှင့်လိုက်ဖက်လှတဲ့ မော်လမြိုင်ဆော့(စ်)အချဉ်ရည်လေးကတော့ မန်ကျည်းမှည့်ပြုတ်ရည်အနှစ်ပန်းကန်တစ်လုံးစာတွင် ကြက်သွန်ဖြူ၊ ငံပြာရည်အချိုရည်၊ ဆားအနည်းငယ်နှင့် ထန်းလျက် (၁/၂) ခဲခန့် ပါးပါးလှီး၍ အားလုံးရောသမအောင်မွှေပေးပြီး ပဲမှုန့်အကျက်မှုန့်နှင့် ငရုတ်သီးအလှော်မှုန့်တို့ကို မိမိတို့စိတ်ကြိုက်ထည့်၍ဖျော်လိုက်ပြီး အပေါ်မှ နံနံပင်လေးများညှပ်ထည့်လိုက်လျှင် -

လွန်စွာရနံ့မွှေးကြိုင်လှတဲ့ မော်လမြိုင်ဆော့(စ်)အချဉ်ရည်နှင့် ပုစွန်ရွှေဖရုံခွက်ကြော်ပူပူလေးများ တို့ဖက်သုံးဆောင်လိုက်ရပြီဆိုလျှင် ဆွေမျိုးတော်မှော်လောက်ပါသည်ခင်ဗျား။


သတ္တဝါများစားသမျှ များဖြစ်၍
ကျန်းမာကြပါစေ
ရွှေဝင်း (ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် မိမိနေထိုင်ရာ ကောလင်းမြို့တောင်ဘက် တောင်သုံးလုံး သာသနာရေးရာဆောင်းပါးတစ်ပုဒ်ရေး ရန်အတွက် စက်ဘီးဖြင့်စီးနင်းထွက်ခွာ လာခဲ့လေသည်။ စာရေးပါရန်ခိုန်းဆိုသူ ကား တောင်သုံးလုံးသာသနာရေးရာ အတွက် တက်တက်ကြွကြွဝေယျာဝစ္စပြု နေသော ကသစ်ကုန်းရွာသားတောင်သူ ကိုမောင်မြင့် (၄၁)နှစ်ဖြစ်၏။ တောင်သုံးလုံးနှင့် ကသစ်ကုန်းရွာကား ကောလင်း တောင်ဘက် (၅) မိုင်ခန့်ဝေးသည်။ ခိုန်း ဆိုထားသည့်နေရာကား တောင်သုံးလုံး အဝင်မြောက်ဘက်ထိပ်တွင် စတင်တွေ့ ဆုံရင်းနှီးခဲ့သော ကသစ်ကုန်းအနီး တောင်ယာခင်းရှင် ဦးကြည်ဝင်း၊ ဇနီး ဒေါ်စန်းမြင့်တို့၏နေအိမ် ဖြစ်၏။

မိုးနောင်(ကောလင်း) သာသနာ့ရေးရာ ထွန်းပေါက် ပေါက်မြောက်ရန် အတိတ်ထူး၊ နိမိတ်ထူး၊ ဖြစ်ရပ်ထူးကြီးများ ဖြစ်ပေါ် ပေါ်ပေါက်ခဲ့သည့် တောင်သုံးလုံးဒေသ



တောင် (၃) ထုံးဘုရား၊မြောက်ရှိ သိုက်နန်းတောင်စေတီ (၀၏) မြနန်းတောင်စေတီ (နဂါးမင်းက ဘုရားဖူးမြော်ပုံ)၊ မင်းတက်ကျောက်ဗျာ၊ (ကောလင်းနေ ကြခတ်အိုက်ရွာသား ဦးစံသိန်း တည်သောဘုရား)



(ဝဲ) ထွန်ခဲ့သော (၉) နှစ်ခန့်က ဝိဇာရဉီးသုစိန္ဓဆရာတော် တည်ထားကိုးကွယ်ခဲ့သည့် မြရတနာကျွတ်လွတ် မြသပိတ်ဘုရားနှင့် (ယာ) ထွန်ခဲ့သော (၂၆) နှစ်ခန့်က ဦးစံဇော၊ တည်ထားကိုးကွယ်ခဲ့သည့် (၁၈) တောင်ပြည့်ဘုရား (မိုးကြီးခဘုရား)

တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပင် တပေါင်းလဆန်း ၁၁ ရက် (၁၂-၃-၂၀၁၈) နေ့ဖြစ်၍ ကောလင်းအနောက် (၄) မိုင်ခန့်တွင်ရှိ ခမောက်တောင်ဘုရား ပွဲဆွမ်းကြီးလောင်းပွဲရက်ဖြစ်နေသဖြင့် မြို့ပေါ်နှင့် လမ်းတစ်လျှောက်လုံးတွင် ဘုရားဖူးသွားသည့်ယာဉ်များဖြင့် စည်ကားသိုက်မြိုက်နေလေသည်။ လွန်ခဲ့သော (၃၄) နှစ်ကျော်ကာလတုန်းက အရှင်ဣန္ဒာဝစ္ဆ (၀၏) ယောဂီရသေ့ သူတော်စင်ဆရာကြီး ဘိုးတော်စိသည် သာသနာအညာဆန်လာခဲ့သောကြောင့် ငါးမည်ရ မြူခိုးရစ်မှောင် နဂါးရစ်တောင်ခေါ် ခမောက်တောင်တော်ကြီးသည် ယနေ့အခါသမယတွင် သာသနာရေးရာ ကြက်ပုံမကျစည်ကားထွန်းတောက်လျက်ရှိပေသည်။ (သာသနာအညာဆန်၏ အနက်ကို နောက်ပိုင်းတွင်ရှင်းလင်းသွားပါမည်) ခမောက်တောင် ဘုရားပွဲသည်ကား နှစ်စဉ်နှစ်တိုင်း တပေါင်းလဆန်း ၇ ရက်မှ ၁၁ ရက်နေ့အထိ (၅) ရက်တိုင်တိုင် ဓလေ့စဉ်လာအတိုင်း ကျင်းပမြဲဖြစ်ပေသည်။

ဦးကြည်ဝင်းတို့၏ ယာတဲအိမ်သို့ ရောက်သောအခါ ဦးကြည်ဝင်းက ထိုင်စောင့်နေသော ကိုမောင်မြင့်နှင့်မိတ်ဆက်ပေးပါသည်။

ကိုမောင်မြင့်က ပင်လည်ဘူးမြို့နယ်ရှိ ရွာတစ်ရွာ၏ဘုရားသမိုင်းကိုပြောပြပြီး ထိုရွာသို့ စာရေးသူ သွားရောက်လေ့လာရေးသားနိုင်ကြောင်းပြောပြပါသည်။

"ဒီတောင်သုံးလုံးတောင်ကလည်း ခမောက်တောင် ရသေ့ကြီးဘိုးစိတို့အဖွဲ့တွေ ဓာတ်ပန္နက်ချခဲ့ဖူးတဲ့နေရာပါ။ ခမောက်တောင်တို့၊ နတ်ရှင်တောင်တို့နဲ့ ဘုရားတည်ဖို့ကြိုးစားကြပုံသိပ်မကွာဘူး။ ထွန်းပေါက်တော့ အဲဒီတောင်တွေက အရင်ထွန်းပေါက်ကုန်ကြတယ်ဗျ"


■ သာသနာအညာဆန်

ဂေါတမဘုရားအလောင်းတော်သည် သတ္တဝါအပေါင်း၏ သံသရာဝဋ်ဆင်းရဲဒုက္ခအပေါင်းကို ကယ်တင်ရန်အတွက် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီဖြည့်ကျင့်တော်မူခဲ့ရပေသည်။

ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး သာသနာ (၅၀၀၀) အရွှေ့ရှုသို့ကြွစွာ ထွန်းပြောင်တည်တဲ့မင်္ဂလာစိန်၍ သိကြားမင်းကြီးကိုယ်တိုင် ဓလေ့လောကပါလ သမ္မာဒေဝနတ်ရောင်းနတ်မြတ်အပေါင်း

www.burmeseclassic.com

www.burmeseclassic.com



တောင် (၃) လုံးရှိ
ဖောင်တော်ဦးမင်းကြီးဘုရား
တောင် (၃) လုံးအရှေ့ဖျား



မြရတနာကျွတ်လွတ်မြသပိတ်ဘုရားနှင့်
ဘုရားဖူးရန် အဝင်ပျက်နှာစာ
(မိုးကြိုးခဘုရား၏တောင်ဘက်)



(၁၈)တောင်ပြည့်စေတီ (ပါ)
၇ (၄) ပေါက်ဘုရား
(ထီးတော် မိုးကြိုးသေည့်ဘုရား)



၁၃၆၉ ခု (၂၀၀၈ ခု) တွင် အပူတော်ခံ ကြွရောက်တော်မူထာသော စကျင်ရုပ်ပွားဆင်းတုတော်
(၁၈ တောင်ပြည့်စေတီရှေ့ကဆွန်ဆောင်တော်)



မြရတနာကျွတ်လွတ်မြသပိတ်စေတီတော်သမိုင်း
ကျောက်စာ (စေတီ၏တောင်ဘက်အဆင်း)

တို့နှင့် သိဒ္ဓိရှင်ဝိဇ္ဇာမိရဓိကြီးမျှားအပေါင်း တို့ကပါ သာသနာတော်မြတ်ကြီး၏ ဆူးငြောင့်ခလုတ်ဖြစ်သော နတ်ဆိုးနတ်ယုတ်မာ၊ လူဆိုးလူယုတ်မာမကောင်းသူ အပေါင်းတို့ကို ဖျက်ဆီးသုတ်သင်ဆေးကြောကာ တိုင်းပြည်တွင် ဘာသာသာသနာစည်ပင်ထွန်းကားရန် သမထဝိပဿနာအဓိဋ္ဌာန်သီလများကို ကြိုးစားအားထုတ်ကျင့်ကြံကြကုန်လော့။ သူတော်ကောင်းအပေါင်းတို့အား ဆိုင်ရာဆိုင်ရာ အထက်နတ်မင်းကြီးများနှင့်ဝိဇ္ဇာဓိရဓိဆရာကြီးများက အထူးစောင့်ရှောက်ဝိုင်းဝန်းအားပေးကြရန် အချိန်တန်ပါသည်။

■ **တောင်သုံးလုံးဘုရားစေတီ (၆) ဆူတွင် ပါဝင်သော မြရတနာကျွတ်လွတ် မြသပိတ်စေတီတော်**

အင်ပင်သာကျေးရွာအုပ်စု ကသစ်ကုန်းရွာနယ်မြေ တောင်သုံးလုံးတောင် ဓတော်ကောင်မကြီးပေါ်တွင် တည်ထားကိုးကွယ်ကြသော ဘုရားစေတီတော်များ၏ သက်တော်သက်တမ်းမှာ -

၁။ (၁၈) တောင်ပြည့်စေတီ (ဦးစံအေးဘုရား) (၂၆)နှစ်

၂။ ဖောင်တော်ဦးစေတီ (ဦးစံအေးဘုရား) (၂၃)နှစ်

၃။ နေစကြာစေတီ၊ လစကြာစေတီ၊ ပန္နက်တော်တင် (၁၁) နှစ်

၄။ (၁၈) ပေါ်ပြည့်မြရတနာကျွတ်လွတ် မြသပိတ်စေတီတော် (ဝိဇ္ဇာဓရဦးသုစိန္တဆရာတော်၏ဘုရား) (၉)နှစ်

၅။ သိုက်နန်းတောင်(ဝါ) မြနန်းတောင် စေတီ(ဦးစံသိန်းဘုရား) (၂)နှစ် (ဘုရားတည်ပြီးခါနီး ဘုရား၁ါယကာကြီးကွယ်လွန်ကြောင်းသိရ)

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့အုပ်စု ပေါက်ကုန်းရွာအောင်မြေ ဟောဓိပေါက်ကုန်းကျောင်းတွင် သီတင်းသုံးခဲ့သော ဝိဇ္ဇာဓရဆရာတော် ဦးသုစိန္တသည် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့မှ ပေါက်ကုန်းကျောင်းသို့ ရောက်ရှိသီတင်းသုံးနေထိုင်ခဲ့သည်။


၁၃၆၉ ခုနှစ် ဝါဆိုလမှ ၁၃၇၀ ပြည့်နှစ်တန်ခူးလပြည့်အထိ (၉) လ၊ (၉)ရက်၊ (၉) နာရီ၊ (၉) မိနစ်၊ (၉) စက္ကန့် ကျင့်သုံး ဆောက်တည်အဓိဋ္ဌာန်အောင်မြင်ခဲ့ကြောင်း၊ ပြည့်လေးပြည့်အောင်မြေနင်းသောအဓိဋ္ဌာန်ဖြင့် အောင်မြေနင်းသောကျင့်စဉ်ကို ပြီးမြောက်အောင်

www.burmeseclassic.com

www.burmeseclassic.com




ဘဒ္ဒန္တသဝတီမာ
(မင်းချမ်းဆရာတော်ဘုရားကြီးပုံတော်)



အရှင်ဇာနာစရ (ဝါ) ရသေ့ကြီးဘိုးတော်စီသည် သာသနာ့အညာဆန်လာခဲ့သောကြောင့် သာသနာရေးရာ ကြက်ပျံမကျ ထွန်းတောက် ထွန်းပေါက်လှုက်ရှိသော မြန်မာ့ရခိုင်ရမ်းမောင်နဂါးရစ်တောင် ဒေါ်ခမောက်တောင်ကြီး



တောင် (၃) လုံး ကန်စောင့်မယ်တော်ရွှင်



ပထမဦးစွာ မိုးကြိုးပစ်ခံရသည့် (၁၈) တောင်ပြည့်စေတီမှ ထီးတော်နှင့် ခြသေ့ရုပ်ကြီး(၂)ရုပ်
(ပြပေးသူ ဓါယကာ ကိုမောင်မြင့်)


မြင်ခဲ့ကြောင်း၊ မြရတနာကျွတ်လွတ် မြဿပိတ်စေတီတော်ကိုတည်ထားပူဇော်ရာတွင် 'ဂုံညင်းလျှိုအရှေ့မြောက်၊ တောင်ဂမောက်၊ ခြသေ့တက်၍ဖောက်၊ ဟောက်သည့်အသံ၊ ဘဝဂ်ည် ဟူသောတဘောင်အရမူတည်၍ 'ပေါင်းကူးဆုံ' ဟူသောအတိတ်၊ 'တောင်ထိပ်ကြာပေါက်' ဟူသောနိမိတ်၊ 'သာသနာအညာဆန်' ဟူသောအတိတ်၊ 'ရေကန်အသင့်ကြာအသင့်' ဟူသော အတိတ်တဘောင်နှင့် နိမိတ်ကိုဆောင်၍ မြရတနာကျွတ်လွတ် မြဿပိတ်စေတီတော်ကို ၁၃၇၀ ပြည့်နှစ်၊ တပေါင်းလကွယ်နေ့ နံနက်(၉)နာရီတွင် တောင်သုံးလုံးတောင်ပေါ်သို့တက်၍ ၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၃) ရက်နေ့နံနက် (၉) နာရီတွင် ပန္နက်တင်၊ ၎င်း (၉) နဝင်းကြေအခါဖြင့် အုတ်မြစ်ချ၍ ဓာတ်တော်မျိုးစုံဖြင့် ဌာပနာပစ္စည်းများကို ထည့်ဝင်ပူဇော်ပြီး ၁၃၇၁ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်နေ့တွင် မြရတနာကျွတ်လွတ်မြဿပိတ်စေတီတော်ကိုတည်ထားပူဇော်၍ ပြီးမြောက်အောင်မြင်ခဲ့ပေသည်။

၁၃၇၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ ၃ ရက်နေ့များတွင် အနေကဇာတင်၊ ထီးတင်၊ ပဋ္ဌာန်းရွက်၊ ရေစက်ချကာ သံဃာတော်အပါးကိုးဆယ်တို့ကို ဆွမ်းဆန်တော်နှင့်လျှဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဗုဒ္ဓါဘိသေကပူဇော်ယပွဲတော်အဖြစ် ကျင်းပပြုလုပ်ခဲ့ကြောင်း ပါရမီဆက်၊ ပဋ္ဌာန်းဆက်၊ ဓာတ်ဆက်၊ နတ်ဆက်၊ သိုက်ဆက်၊ သာသနာ့အဆက်ရှိကြသူ သူတော်ကောင်းအပေါင်းတို့မှ သာသနာ့ဖွင့်ပွဲသို့ မပျက်မကွက် ပါရမီကုသိုလ်ကို အရယူတော်မူကြပါရန် နိဒ္ဒာန်အကျိုးမျှော်၍ နှိုးဆော်ချက်နှင့်အညီ ပါရမီကုသိုလ်ကို လက်တွေ့၊ မျက်တွေ့အရယူတော်မူခဲ့ကြကြောင်း လေ့လာမှတ်သားသိရှိခဲ့ရပေသည်။

သုံးလေးကထွဋ်ထား ဗုဒ္ဓမြတ်စွာဘုရား၏ ကိုယ်စားတော်၊ ဓာတ်တော်မွေတော်များနှင့်ရဟန္တာဓာတ်တော်များကို ဘုရားစေတီဌဋ္ဌာပနာ၍ ဓာတ်ပေါင်းစုလျှင် (ဝါ) ပေါင်းကူးဆုံအဖွဲ့ အရိယာသူတော်စင်များ၊ သာသနာတော်စောင့်နတ်မင်းကြီးများ ဂေဟကပါလနတ်မင်းကြီးများ၊ ရဇတ္တဝါဇာ၊ ဇော်ဂျီ၊ တပသီများ၊ ထွဋ်ရပ်ပေါက်ဝိဇ္ဇာများ၊ ပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၅ ခုနှစ်တွင် ကောလင်းမြို့ ပေါ်တော်မူဘုရားရုပ်ပွားတော်များ မြို့ပေါ်၌ အပူတော်ခံ ထုည်လည်စဉ်။ ဝဲဘက် သာသနာ့အလံကိုင်ပုဂ္ဂိုလ်မှာ သမိုင်းအချို့ကို မြောပြသော ပေါ်တော်မူဘုရားအရှေ့ရပ်နေ ကြခတ်အိုက်ရွာသား ဦးစံသိန်း (၇၂ နှစ်) (တောင် ၃ သုံးထုံး၌ သိုက်နန်းတောင် (ဝါ) မြနန်းတောင်စေတီကို တည်ထားကိုးကွယ်ခဲ့သူ)



သိုက်နန်းတောင် (ဝါ) မြနန်းတောင်အနောက်ဘက်ရှိ မင်းတက်ကျောက်ဖျာ



တောင် (၃) လုံးဆရာတော်ကြီးဦးပညာစဏ္ဍ သီတင်းသုံးတော်မူသော မြသပိတ်တောရကျောင်းနှင့် မီးဖိုဆောင်ကလေး



အရှင်ဣန္ဒစဏ္ဍ (ဝါ) ထီးတော်အောင် ယောဂီရသေ့ဆရာကြီးဘိုးတော်စီ (ယကြီးကိုယူလိုရှိ ခေါင်းကို ယောင်ဟု သတ်ပုံအသံထွက်ကို ယူထားဟန်ရှိသည်)

များ ကြည်ညိုစိတ်ထက်သန် ကိုးကွယ်ရန် လာရောက်စုကြမည်။ ပေါင်းကူးဆုံကြမည်။ ထိုကဲ့သို့ လာရောက်စုကြ ပေါင်းကူးဆုံကြလျှင် ရဟန်ပြည်သူတို့ ဘုရားစေတီတော်ကို ကြည်ညိုကိုးကွယ်ရန် လာရောက်စုကြပေါင်းကူးဆုံကြမည်။ ထိုသို့ ပေါင်းဆုံကြလျှင် ဘုရားစေတီတော်၏ ဝတ်တော်အကျိုးသက်ရောက်မှုတို့ကြောင့် (၃၁) ဘုံသားသတ္တဝါအများသည် ကပ်ကြီး(၃)ပါးမှကျော်လွှားနိုင်ပြီဖြစ်၍ (ဝါ) သံသရာအနှောင်အဖွဲ့တို့မှ ကျွတ်တမ်းဝင်ကျွတ်လွတ်ကြမည်ဖြစ်ပေသည်။ ယင်းကဲ့သို့သော ဗုဒ္ဓမြတ်စွာသာသနာဖြစ်ပေါ်ထွန်းပေါက် ပေါက်မြောက်ခဲ့ပါလျှင် ဘုရားရှင်ဗျာဒိတ်တော်ထားခဲ့သည့်အတိုင်း သာသနာသည် (၅၀၀၀) တည်တံ့ခိုင်မြဲမှုမည်မှာ ဧကန်မလွဲဖြစ်ပေသည်။

■ တောင်သုံးလုံးမြေ၏ပထဝီဝင်

တောင်သုံးလုံးတောင်မကြီးသည် ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်တွင် တစ်စိတ်

www.burmeseclassic.com

www.burmeseclassic.com

တစ်ပိုင်းပါဝင်နေပြီး တောင်သုံးလုံး၏ အရှေ့ထိပ်ဝန်းကျင်တွင် ကောလင်းမြို့နယ် အင်ပင်သာအုပ်စုတွင်ပါဝင်သော ကသစ်ကုန်းရွာရှိ၏။ တောင်သုံးလုံး တောင်မကြီးသာသနာ့နယ်မြေပရိဝုဏ် အဖြစ် (၁၈) ဧကကို ကျောက်လှေဆရာတော်ကြီးဦးပညာဝံသ (ဦးအောင်သိန်း) မိသားစုနှင့် သားသမက် ကိုမောင်မြင့်တို့က လှူဒါန်းထားခဲ့လေသည်။ သာသနာ့နယ်မြေထပ်မံ၍ တိုးချဲ့လာခဲ့ပါလျှင် လိုအပ်သလို ထပ်မံလှူဒါန်းရန်လည်း စေတနာ၊ ဆန္ဒ၊ သဒ္ဓါပေါက်လျက်ရှိကြပေသည်။

တောင်ပေါ် ဝန်းကျင်ရှိ ကျွန်းခင်းများကား တောင်တော်၏အရှေ့တောင်ဘက်ဝန်းကျင် စစ်တော၊ ရေလဲမှ စတင်၍ စိုက်ပျိုးလာခဲ့ကြောင်း။ ၁၉၇၈/၇၉ ခုနှစ်ခန့်တွင် အောက်တဲဘိနယ် ကောလင်းသစ်တောဝန်ထမ်းများ လာရောက်၍ စိုက်ပျိုးထားခဲ့ကြောင်း၊ ပျဉ်းကတိုးနှင့် ပိတောက် စသည့်သစ်မာမျိုးအချို့လည်း ပါကြကြောင်း၊ စိုက်ပျိုးပင်အချို့မအောင်မြင်သလိုဖြစ်ပြီး ဘေးနှင့်အပေါက်ဘက်နားဆီမှ ထပ်မံပေါက်လာကြလျှင် ဒေါင်းတောင်ပေါက်ဟုခေါ်ကြောင်း၊ တောင်ရိုးသည် စစ်တောမှ ကြခတ်အိုက်အထိ အနံ (၄) မိုင်ခန့်ရှိပြီး အလျားမှာ ကြခတ်အိုင်မှ တောင်ဘက်ရှိ ဇော်ချောင်းဘူတာ အရှေ့တောင်ယွန်းယွန်းအထိ မိုင်(၂၀)ဝန်းကျင်ခန့်ရှိကြောင်း ကြခတ်အိုက်ရွာသားဦးမောင်ရွှေက ရှင်းလင်းပြောပြခဲ့ပါသည်။

ကသစ်ကုန်းရွာသား ကိုမောင်မြင့် (၄၁) နှစ်ကလည်း 'ကောလင်းအစ၊ ဝါးကြီးကောက်' ဆိုသကဲ့သို့ တောင်သုံးလုံးနှင့်ပတ်သက်၍ 'တောင်ရိုးအစ အောက်တဲက' (ဇော်ချောင်းအရှေ့တောင်ယွန်းယွန်းကိုဆိုလိုသည်) 'တောင်ရိုးအဆုံး၊ ကသစ်ကုန်း' ဟူ၍ အဆိုရှိကြောင်း၊ သိုက်နန်းတောင် (၀၆) မြနန်းတောင် စေတီနယ်မြေသည် ကန့်ဘလူနယ်မြေပိုင်ဖြစ်ပြီး နေစကြား၊ လစကြားဘုရားမြေနှင့်မြသပိတ်စေတီမြောက်ဘက်တို့သည် ကော်လင်းနယ်မြေပိုင်ဖြစ်ကြောင်း၊ ထို့နေရာဝန်းကျင်တွင် တောင်သုံးလုံး၏ အဓိကနယ်မြေဖြစ်ပြီး ချောက်ကလေးသာခြားနေကြောင်း ကိုမောင်မြင့်က ပြောပြပါသည်။

တောင်သုံးလုံးသို့ဘုရားဖူးများလာရောက်လိုကြပါလျှင် ကောလင်းမှ ကန့်ဘလူသွား ကတ္တရာကားလမ်းမကြီးအတိုင်းသွားလာကြရသည်။ ဝါးရုံခုံရွာတောင်ဘက်အနီးရောက်လျှင် ကန့်ဘလူလမ်းကိုမလိုက်ဘဲ အရှေ့တောင် ကသစ်



ကျောက်လှေဆရာတော်ဦးပညာဝံသ (ယခင် ဝိဇ္ဇာရသေဦးအောင်သိန်း)



တောင်(၃)လုံးဆရာတော်ဦးပညာစဏ္ဍနှင့် သီတင်းသုံးသည့် မြသပိတ်ကျောင်း



ထီးတော်၊ ခြေသုံ့ (၂)ရပ်ကို မိုးကြိုးမပစ်မီ ရောင်စဉ်အလင်းမြှားပစ်ခံရသည့်ဆရာတော်ဦးပညာစဏ္ဍ



တောင် (၃) လုံးဒေသအကြောင်းများကို ရှင်းလင်းပြောပြသော ဦးမောင်ရွှေ (၇၀ နှစ်)




ဦးပဥ္စင်း ဦးနန္ဒိယနှင့် သီတင်းသုံးသည့် သံသရာကျောင်း (တောရကျောင်း)



ဆရာတော်ဦးပညာစဏ္ဍ ဘုရားလာ ဆွမ်းတော်ကပ်လှူနေပုံ

www.burmeseclassic.com


www.burmeseclassic.com



တောင် (၃) လုံးတောင်မကြီးကို အရွေ့တစ်ဝက်လောက်မှမြင်ရပုံ
(ဆရာတော်ကြီးဦးပညာစက္က ဆွမ်းခံကြွတော်မူရာလမ်း။ ဤလမ်း၏ဘယ်ဘက်နားတွင် နားခိုရာ
ညောင်ပင်ရှိပြီး တောင်ဘက်တွင် ကျောက်ထရံ ရှိ၏။ ဖွတ်ကြီးနှင့် ခွေးနှစ်ကောင်လာတွေ့ရာ)



တောင် (၃) လုံးတောင်ဘက်ခြမ်း ကျောက်မိုး (ပါ) ကျောက်ထရံ (ပါ) ကျောက်မိုးကျောက်ထရံ၊
တောင်မြောက်ဘက်တစ်ဝက်ခန့်မှ အောက်ခြေအထိ ပေါက်ကွဲ၊ အက်ကွဲလျက်ရှိသည်။
ယာအပေါ်ဆီပိပ်မှ အောက်ခြေအထိ ဖြစ်သည်။ ကျောက်ထရံများ တစ်ဖိုင်ခန့်ရှိ။
(လက်ရှိ မြွေ၊ ဖွတ်၊ မျောက်၊ သားရဲစုံ ရှိတတ်)



တောင် (၃) လုံး ကန်စောင့်မယ်တော်ရှင်၏နတ်နန်းစင်တော်နှင့် ရေကန်ကြီး
(ရေကန်ကြီး၏တောင်ဘက်နှင့် အရွေ့ဝန်းကျင်တွင် ကျောက်မိုးကျောက်ထရံကြီးများ ရှိသည်)



မြသပိတ်ကျောင်းမြောက်ဘက်ရှိ သစ်စည်

ကုန်းဘက်သွား ကျောက်မြေနီကားလမ်းကြီးအတိုင်း ဆက်သွားလျှင် ရောက်ပါသည်။ တောင်သုံးလုံးတောင်ဘက်ဝန်းကျင်တွင် ကန့်ဘလူဘက်သို့ လမ်းမကြီးများ မဖောက်ရသေးကြောင်း သိရှိရပေသည်။

တောင်သုံးလုံး၏ ညာဘက် (အနောက်ဘက်ခြမ်း) မှ ကန့်ဘလူလမ်းအတိုင်းသွား၍ အရှေ့ဘက်ရှိ တောင်သုံးလုံးတောင်တန်းကိုမျော်ကြည့်လေ့လာခဲ့ပါသည်။ တောင်သုံးလုံး၏ပထဝီဝင်အရ တည်ရှိပုံသည်ကား အလွန်ပင်ထူးခြားဆန်းကြယ်လှပေသည်။ ဦးမောင်ရွှေရှင်းလင်းပြောပြချက်များနှင့်လည်း ညီညွတ်ကြည့်မိသည်။ တောင်သုံးလုံးတောင်ကြီး၏အရှေ့နှင့်တောင်ဘက်ရှေ့ဦးပိုင်းသည် ဓာဖြည်းဖြည်းနိမ့်ဆင်းသွား၏။ ဂုံညင်းလျှိုရွာ၏အရှေ့မြောက်ဘက်တွင် တောင်မကြီးတည်ရှိနေရာမှ ထောင့်ချိုးအနေအထားမှ ယင်းရွာ၏တဖြည်းဖြည်းချင်းတန်းတန်းကြီးနိမ့်ဆင်းသွားခြင်း ဖြစ်ပေသည်။ ပုံသဏ္ဌာန်ကိုဖော်ပြရပါသော် မြွေနဂါးကြီးတစ်ကောင်သည် မင်းကြီဖောင်တော်ဦးစေတီဘက်အရှေ့ခြမ်းနှင့် အရှေ့တောင်ဘက်ဆီသို့ ဦးညွှတ်နေရာမှ မြွေနဂါးကြီး၏ ရင်ဘတ်အောက်ခံးပိုင်းဝန်းကျင် (ဂုံညင်းလျှိုရွာ) လောက်နေရာမှ အမြီးပိုင်း ရှည်မျောမျောကြီးသည် တောင်ဘက်သို့ တန်းတန်းကြီးဝပ်နေသည့်ပုံမျိုးဖြစ်ပေသည်။

■ တောင်သုံးလုံးတောရုဗာနဆရာတော်ကြီးအရှင်ပညာစက္က

ကိုမောင်မြင့်က တောင်သုံးလုံးနှင့်ပတ်သက်၍ သာသနာ့ရေးရာကိုပြောပြ

www.burmeseclassic.com


www.burmeseclassic.com



ကောလင်း-ကန့်ဘလူသွား ကတ္တရာလမ်းပေါ်မှ
ဖောင်သုံးလုံးအရွေ့မြောက်ဘက်သို့မျှော်အကြည့် ဝဲဘက်တွင်
ဂုံညင်းဆျိုရွာတောင်ဘက်ခြမ်းကိုမြင်ရပုံ



တောင် (၃) လုံး ဖောင်တော်ဦး မင်းကြီဘုရားမှ
အရှေ့ဘက်သို့ မျှော်အကြည့်
(ဝဲဘက်- လားရှိုးတောင်၊ ယာဘက်- ကသစ်ကုန်းရွာရှိ)



ဝါးကြီးတောဖြို့တောင်မှတောင်ဘက် တောင် (၃)လုံးတောင်တန်းဆီသို့



တောင် (၃) လုံးရှိ မီးစက်တဲ့ဖျက်နှင့် ကုဋီ

ရာ၌ -

"ဒီတောင်သုံးလုံးက ခမောက်တောင်ရသွေ့ကြီးဘိုးစိန် နတ်ရှင်တောင်က ဘာသာရေးနည်းတွေနဲ့တူပါတယ်။ ခမောက်တောင်က လက်ဆင့်ပွားလာတဲ့ သဘောပါပဲ"

ဟု ပြောပြပါသည်။

ဦးကြည်ဝင်းကလည်း -

"တောင်သုံးလုံးက ကိုးနဝင်းဂိုဏ်း နဲ့ကိုးနဝင်းနည်းတွေပါတယ်"

ဟု ဆိုပါသည်။

ကိုမောင်မြင့်က စာရေးသူအား သူတို့ရွာ ကသစ်ကုန်းနေအိမ်သို့ ဆိုင်ကယ်ဖြင့်တင်၍ခေါ် ဆောင်သွား၏။ စာရေးသူနှင့် ကိုမောင်မြင့်သည် တောင်သုံးလုံး တောင်ထိပ်သို့ ဘုန်းကြီးဆွမ်းဘုဉ်းမပေး မီအချိန်တွင် ရောက်ရှိသွားကြပါသည်။ စာရေးသူနှင့် ကိုမောင်မြင့်တို့က တောင်သုံးလုံး မြသပိတ်ကျောင်းဆရာတော် ဦးပညာစက္ကအား ဝတ်ပြုရှိခိုးကြပါသည်။ ကိုမောင်မြင့်က စာရေးသူလာရသည့် အကြောင်းရင်းကို ဆရာတော်အား လျှောက်ထားပါသည်။ ဆရာတော်က သာသနာ့ရေးရာကိစ္စများကို မေးလိုရာ မေး၍ စာရေးနိုင်ကြောင်းမိန့်ကြားတော်မူပါသည်။

စာရေးသူက -

"ဆရာတော်ရဲ့သက်တော်၊ ဝါတော်နဲ့ဒီမြသပိတ်ကျောင်းကို ကြွရောက်သီတင်းသုံးခဲ့တာ ဘယ်လောက်ကြာပြီလဲသိချင်ပါတယ်ဘုရား"

"ဘုန်းကြီးရဲ့သက်တော် (၅၇)နှစ်၊ ဝါတော်က (၁၄)ဝါပါ။ ရောက်ရှိတာက (၁၁)နှစ်ရှိပါပြီ ဒကာကြီး"

"တင်ပါ့ဘုရား၊ ဆရာတော် ရောက်ရှိပြီးနောက် ထူးခြားတဲ့အတွေ့အကြုံလေးတွေရှိရင်အမိန့်ရှိပါဦးဘုရား"

"ညနေ (၄) နာရီမှာ တရားအားထုတ်တော့ အုတ်တိုက်တွေမြင်ရတယ်။ ဘုန်းကြီးက ဆွမ်းခံပြန်ကြွလာခဲ့တဲ့ပုံ၊ အဲဒီအာရုံမျိုးပေါ့။ တောင်အတက်မှာ အဲဒီအုတ်တိုက်ကြီးတွေဟာ တောင်ထိပ်က ဘုရားတွေရှိတဲ့နေရာတွေကို ရထားတဲ့ကြိုးလို အတက်ပြန်တက်ပြီးပတ်သွားကြတယ် ဒကာကြီး။

နောက်တစ်မျိုးက ကသစ်ကုန်းကို မနက်ဆွမ်းခံသွားပြီး ပြန်ကြွလာတယ်။ လမ်းမှာနားတဲ့ညောင်ပင်ကြီးနားရောက်တော့ ဖွတ်ကြီးအကြီးကြီးတွေ့တယ်"

"အဲဒါ ဘယ်နားလဲဘုရား"

ကိုမောင်မြင့်က -

"ဖောင်တော်ဦးဘုရားရဲ့အထက်မှာပါ။ တောင်ထိပ်အတက်ခက်ပုံရိုက်ခဲ့တဲ့နေရာပေါ့။ ဆရာတော်နားဖို့ ကျွပ်တို့စိုက်ပေးထားတဲ့ညောင်ပင်ပါ"

ဆရာတော် -

"စတွေ့ရတာက ညောင်ပင်တောင်ဘက်နားမှာပေါ့။ ဒကာကြီးတို့ခုနကတွေ့ခဲ့တဲ့ဘုန်းကြီးရဲ့ခွေးကြီးတွေပဲ။ ဗိုလ်အောင်ဒင်နဲ့သုခလို့ခေါ်တယ်။ ခွေးနှစ်ကောင်ရဲ့ရှေ့ဆုံးမှာ ဖွတ်ကြီးက၊ ခွေးနှစ်ကောင်နဲ့ရင်ပေါင်တန်းပြီး လမ်းကန့်လန့်ကြီးရပ်နေကြတယ်။ အဲဒါသူတို့ချင်းကိုက်ခြင်း၊ ရန်လုပ်ခြင်းမရှိဘူး။ ခွေးတွေက ဖွတ်ကြီးနဲ့ မိတ်ဆွေရင်းမျှးလိုစောင့်ပြီးခေါ်လာခဲ့သလိုပဲ၊ ဦးညွတ်နေကြသလိုပဲ ဒကာကြီး။ ဘုန်းကြီးတွေးမိသည်းသပိတ်ထဲမှာဆွမ်းတွေအပြည့်ဆိုတော့ စိတ်အိုက်သွားပြီး ဖွတ်ကလည်း လမ်းဖယ်ပေးကြပါဦးလို့ မေတ္တာနဲ့ပြောတော့မှ ဖွတ်ကြီးတို့ တောင်အနောက်ဘက်ကို ဆင်းသွားတော့တယ်။ ခွေးတွေ

www.burmeseclassic.com

www.burmeseclassic.com

တော့ပျော်လို့ အမြီးနှန့်ပြီး ဘုန်းကြီးနဲ့ ပြန်လိုက်ခဲ့တာပေါ့။

နောက်တစ်ခါကျတော့ မနက် (၆) နာရီလောက်မှာ ဘုန်းကြီးက ရေခွေးသည်ဖို့ မီးမွှေးနေတာ။ ဝိုလ်အောင်ဒင်နဲ့ သုခက ကျွဲပ်သက်နဲ့ကိုလာလာဆွဲကြတာ။ ဘယ်ရောညာရောပဲ။ ကျွဲပ်ကို အကြောင်းကြားသလို၊ အသိပေးသလို သူတို့နှစ်ကောင်ရဲ့အမူအရာစိတ်ဓာတ်တွေကပေါ်နေတယ်။ ကျွဲပ်လည်း စိတ်ကခပ်အိုက်အိုက်နဲ့ မင်းတို့ကလည်း ဘာတွေလဲကွာလို့ပြောပြီး လိုက်ကြည့်တော့ မွေကြီးတန်းတန်းကြီးဖြစ်နေပြီး ဦးညွတ်တဲ့ပုံနဲ့ဝပ်နေတယ်။

ကျွဲပ်က မွေကြီးကို မင်းကို ငါ ဘာမှမလုပ်ဘူး။ ငါနဲ့ တွေ့တာ ဘာမှ မဖြစ်ဘူး။ မင်းလွတ်ရာကျွတ်ရာကိုသွားပေတော့လို့ မေတ္တာနဲ့ပြောလိုက်တယ်။ ဒီတော့ မွေကြီးလည်း ရှောရှောရှောရှော နဲ့ အသံကျယ်ကြီးမြည်ပြီး မြောက်ဘက်မြသပိတ်ဘုရားရှိရာဘက်တက်သွားပြီး ပျောက်သွားတော့တယ်။

တစ်ခါ ညဦးပိုင်းတစ်ည်မှာ ကျွန်းပင်ပေါ်မှာ မျောက်မည်းမည်းကြီးအထီးကြီးလူလောက်ရှိတယ်။ ကျွဲပ်ရဲ့ခွေးနှစ်ကောင်နဲ့သွားတွေ့ ကျွန်းပင်ပေါ်က ဗုန်းခနဲခုန်ချ၊ မျောက်က မြောက်ဘက်ဘုရားတွေဘက်ကိုပြေး၊ ခွေးတွေက တောင်ကိုလိုက်ကြတယ်။ သူတို့ချင်းသိကြပြီး သူတို့ချင်းရင်းနှီးနေကြသလိုပဲ။ စတဲ့သဘောနဲ့နေမှာပါ။

တစ်ည‌မှာတော့ ညနေ (၇) နာရီလောက်ပေါ့။ တောင်ဘက်မှာ ကျောင်းဆောင်တိုး (၂) ထပ်ကျောင်းကြီးကို အလိုလိုမြင်ရတယ်။ ကျောင်းကြီးဟာ မီးရောင်စုံထွန်းလင်းနေတယ်။ တော်တော်ကြာတယ်။ ည (၉)နာရီခွဲအချိန်လောက် ကျတော့ မီးတွေက ဖန်သီးလေးတစ်လုံးထဲလင်းသလိုလင်းပြီး ပျောက်ကွယ်သွားကြတယ် ဒကာကြီး။

ကျွဲပ်ကို မိုးကြိုးနှစ်ကြိမ်ပစ်တယ်။ (၁၈) တောင်ပြည့် ဦးစံအေးဘုရားနားမှာတစ်ကြိမ်၊ ဒီကျောင်းရောက်တော့ တစ်ကြိမ်ပစ်တယ်။ ကျောင်းဟောင်းက သက်ကယ်မိုးကျောင်းလေးပါ။ မြွေမျိုးစုံလည်းတက်ကြတယ်။ ဘုရားပြောင်ရေအိုး (၃) အိုးထဲက အလယ်အိုးမှာ ပုဂံအုံအုံတယ်။ ကျောင်းသစ်ကိုပြောင်းခါနီးမှာပေါ့။ ယင်ပျားတွေပါ။ ပြောင်းခဲ့ပြီးနောက် ပျားသလက်ကျန်ခဲ့တယ်ဒကာကြီး။ မိုးကြိုးပစ်တာက မိုးတွင်းနေ့ပိုင်းမှာပစ်တာ။ အရင်ကျောင်းမှာ ကျွဲပ်ကို မိုးကြိုးအရင်ပစ်ပြီး တစ်ခါတည်းပဲ ဦးစံအေးဘုရားထီးတော်ကို ဆက်ပစ်သွားတယ်။ ဘုရားခြေသ့ေနှစ်ကောင်ကိုလည်း တစ်ချက်စီပစ်တယ်။ ကျွဲပ်ရဲ့ညာဘက်နားဆင်နဲ့ ညာဘက်လက်အရေခွံတွေ လန်ကွာခဲ့တယ်။ အပေါက်သေးသေးလေးတွေလည်းကျန်ခဲ့သေးတယ်။ အဲဒါက (၄) နှစ်လောက်တုန်းကပေါ့"

စာရေးသူ -

"ဒီကျောင်းမှာ မိုးကြိုးပစ်တာလည်းသိပါရစေဘုရား။ ထိတ်လန့်တုန်လှုပ်မှုကောရှိပါသလားဘုရား"

ဆရာတော် -


"ဒီကျောင်းမှာ ပစ်တာက ပထမနဲ့နှစ်နှစ်လောက်ခြားတယ် ဒကာကြီး။ မနှစ်တုန်းကပေါ့။ ဆွမ်းဘုဉ်းပေးပြီးဖျာပေါ်မှာထိုင်နေတာ။ ညာဘက်ကြမ်းဘာမှမဖြစ်ဘူး ဖျာမီးလောင်သွားတယ်။ ကျွဲပ်ဘာမှမဖြစ်ဘူး မလန့်ဘူး။ တည်ငြိမ်နေတယ်။ ကျောက်တူးတဲ့ဦးသောင်း




တောင် (၃)ရုံးဆရာတော်ကြီးဦးဝဉာဏသိတင်းသုံးတော်မူသော မြသပိတ်တောရကျောင်းနှင့် မီးဖိုဆောင်ကလေး



အနီးနတ်စင်၊ တောင်ဘက် ဓာတ်စင်
(တောင် ၃ လုံးဘုရားအရှေ့ဘက်အဆင်း)



ဝါးကြိမ်တောမြောက်ဘက် ကျွဲးဟောင်း။ တံတားအနီးမှတောင်ဘက်
တောင် (၃) လုံးသို့မျှော်အကြည့်



တောင် (၃) လုံးအနောက်မြောက်ယွန်းယွန်း ခင်လေးတွင်
(၁) နတ်သျှင်တောင်၊ (၂) ခမောက်တောင်တို့ကို မြင်းမြိတ်ားသည့်

www.burmeseclassic.com

www.burmeseclassic.com




ကောလင်းသမိုင်းအချို့ကို မြောပြသော ဦးပွဲဝ (၈၀ နှစ်)၊ ဒင်းဏီမရီး ဓေါ်ညီ (၉၂ နှစ်)၊ ဦးပွဲဝဏ်သား ကိုအောင်မင်း (၄၆ နှစ်)



စာရေးသူ (ဝိုးနောင်-ကောလင်း)



တောင် (၃) လုံးတောင်ဏီမြောက်ဘက် ယာခင်းအိမ်နေ ဦးကြည်ဝင်း။ ဒင်းဏီဝန်း ဓေါ်စန်းမြင့် (ကသစ်ကုန်းတတီ)



ဟန်က အဲဒီတုန်းက ကိုရင်ကြီးလာဝတ်တယ်။ ကိုးတောင်ဘို့မှာနေတယ်။ ဂုံညင်းလျှိုက ကိုသန်းနိုင်လည်း ကိုရင်ကြီးဝတ်နေတယ်။ မိုးကြိုးက ညနေ (၄) နာရီမှာ ပစ်တာ.”

ဆရာတော် ဦးပညာစက္ကသည် မြရတနာကျွတ်လွတ်မြသပိတ်စေတီကို တည်ထားပူဇော်ခဲ့သော ဝိဇ္ဇာရေဦးသုစိန္တ ဆရာတော်၏ တပည့်သာဝကတစ်ပါး ဖြစ်ကြောင်းသိရသည်။

ဆရာတော်ကြီးဦးပညာစက္ကသည် နေ့ပိုင်းများတွင် ဧည့်သည်များစုံတတ်သောကြောင့် ဧည့်ခံလေ့ရှိသဖြင့် တရားမကျင့်ကြံခဲ့ပေ။ နေ့စဉ် ညပိုင်းတွင် ညတိုင်း ဘုရားရှိခိုးပြီး ထရားကျင့်ကြံအားထုတ်လေ့ရှိသည်။ ည (၇) နာရီအချိန်တွင် ဘုရားရှိခိုးပြီး (၈)နာရီမှ (၉)နာရီအထိ မိုးကုတ်ဆရာတော်ကြီး၏နည်းတို့ဖြင့် ထွက်လေ၀င်လေနှင့်တရားဘာ၀နာပွားများအားထုတ်လေ့ရှိသည်။

ဆရာတော်က -

“အစ်ကိုက ငယ်စဉ်က ကလူကို့ စယ်နိုင်စက်ထားခဲ့လို့ အသိဉာဏ်နဲ့မှတ်ဉာဏ်တွေကို အထူးဂရုထားအားထုတ်နေရပါတယ်။ စိတ်ထိခိုက်နေပေမယ့် တရားအားထုတ်မှုတွေကို လုံ၀မေ့ပျောက်မှုမရှိ အားထုတ်နေဆဲပဲ။ မိုးကုတ်ဆရာတော်ကြီးရဲ့နည်းနာနီသယမျာအတိုင်း အဓိကထားပြီး ရှုရှိုက်ကျင့်စဉ်၊ ထွက်လေ၀င်လေကို ကျင့်ကြံအားထုတ်ပါတယ်။ မနက်စောစော၀ထပြီး (၄) နာရီအချိန်မှာလည်း ကျင့်ကြံအားထုတ်ပါတယ်။

ဒီတောင်ရိုးမှာ ထူးခြားတာတစ်ခုရှိသေးတယ်။ တောင်သုံးလုံးကျောက်ထရံတောင်ခါးဖြတ်က မြေသားကျောက်ခဲပါမရှောင် တောင်ရိုးအက်သွားတာ။ တောင်ရိုးအရှေ့ခြမ်းတစ်ဆုံး ပေါက်ကွဲထွက်သွားတာ တစ်မြန်နှစ် (ယမန်နှစ်) လောက်ကဖြစ်တာ သုံးနှစ်လောက်ရှိပြီ”

(မှတ်ချက် တောင်ရိုးပေါက်ကွဲခဲ့ခြင်းသည် ၂၀၁၆ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် စစ်ကိုင်းပြတ်ရွှေကြောလျှင်ကြောင့်ဖြစ်ဟန်ရှိပါသည်။)

စာရေးသူ -

“အရှင်ဘုရားတို့ ဒီတောင်ရိုးမှာ တောရကျောင်းနှစ်ကျောင်းရှိတာ တပည့်ရဟန်းသံဃာလည်းမရှိ၊ ကပ္ပိယလည်းမထားကြဘူးလားဘုရား”

ဆရာတော် -

“ကျွပ်တို့က ဘယ်ဘက္ခုမဆိုထားပါတယ်။ လက်ခံပါတယ်၊ နေချင်တဲ့သူမရှိတာပါ ဒကာကြီး”

ကိုမောင်ငြိမ်း -

“ကျွပ်တို့က ဒီတောင်သုံးလုံးကို

www.burmeseclassic.com

www.burmeseclassic.com

ရိုးရိုးသားသားနဲ့အားထုတ်ကြိုးစားထားကြတာပါ။အဖျက်အမှောင့်မရှိ။ ကောင်းမှုနဲ့တက်လာရင်၊ သံယာတော်လေးတွေကပွဲယတွေကောင်းရင် လက်ခံသွားကြမှာပါ။ ဘုန်းကြီးနဲ့ရွာသားတွေရဲ့ဆန္ဒပါ"

■ မြန်မာတောင်တောရဦးပဉ္စင်းဦးနန္ဒိယ

ဘုရားဒကာလေး ကိုမောင်မြင့်က တောင်သုံးလုံးရှိ မြနန်းတောင်(၀၀)သိုက်နန်းတောင်စေတီခြေတော်ရင်း၌သီတင်းသုံးရာ သာသနာကျောင်းက ဦးပဉ္စင်းဦးနန္ဒိယနှင့် စာရေးသူအား တွေ့ဆုံပေးပါသည်။ စာရေးသူနှင့်ကိုမောင်မြင့်တို့က ဦးပဉ္စင်းဦးနန္ဒိယအား ရှိခိုးဝတ်ပြုကြပါသည်။ ဦးနန္ဒိယသည် ယင်းတောင်တော်၌ တစ်ပါးတည်းတောရကျောင်းဆောက်လုပ်၍ သီတင်းသုံးတော်မူပါသည်။ ဦးနန္ဒိယ၏ ဖခမည်းတော်မှာ ဦးစံသိန်း(ကြခတ်အိုက်ရွာသား၊ ကောလင်း၌ နေထိုင်၊ သိုက်နန်းတောင်(၀၀)မြနန်းတောင်စေတီတော် ဘုရားဒါယကာကြီးဖြစ်ပြီး ထီးတော်မတင်ရသေးမီ (၈၁) နှစ်အရွယ်တွင် ကွယ်လွန်ဖြစ်ပါသည်။ ဦးနန္ဒိယသည် သက်တော် (၄၉) နှစ်၊ ဝါတော် (၃) ဝါရှိခဲ့ပြီ ဖြစ်သည်။

စာရေးသူ -

"ဆရာတော်ရဲ့အကြောင်းကိုတောင်သုံးလုံးဘုရားတွေနဲ့အတူ ဘာသာရေးဆောင်းပါးရေးချင်လို့ခွင့်ပြုပါဦးဘုရား"

ဦးနန္ဒိယက ရဟန်းဘဝရောက်သည်မှာ မကြာသေးကြောင်းမိန့်ကြားပြီး တိုတိုနှင့်လိုရင်းပင် ဖွင့်ဆိုပါ၏။

"ဦးပဉ္စင်းရဲ့နိစ္စဓုဝကျင့်စဉ်ကတော့ မေတ္တာသုတ်၊ မင်္ဂလသုတ်၊ ရတနသုတ် တို့ကို အဓိကထားပြီး အဲဒီသုတ်တော်(၃)ခုကို နေ့စဉ်နေ့တိုင်း ရွတ်ဖတ် သရဇ္ဈာယ်ပါတယ်။ ဆွမ်းခံမထွက်ပါဘူး။ ကိုယ်တိုင် ချက်ပြုတ်ဘုဉ်းပေးတယ်။ သစ်ပင်ပန်းမာန်တွေ ပြုစုပျိုးထောင်တယ်။ တောင်အောက်ကိုသွားပြီး ကျောင်းကိုပြန်ရောက်လာရင် ဘုဉ်းမပေးမီအချိန်မှာ မေ့မှာစိုးလို့ အမွေးတိုင်း၊ ဖယောင်းတိုင်တွေကို ဘုရားပူဇော်တယ်။ ဘုရားရှိခိုးပြီး မကျွတ်မလွတ်သေးတဲ့ (၃၁) ဘုံသားသတ္တဝါတွေကို မေတ္တာပို့ အမျှပေးဝေတယ်။ အစားအသောက်ကို ဦးစားမပေးဘဲ နောက်မှလုပ်ပါတယ်။ ကြေးစည်တီးပြီး အမျှအတန်းပေးဝေပါတယ်။ ပုတီးစိပ်တယ်။ ရဲဖန်ရဲခါ တရားမထိုင်ဖြစ်ပါဘူး။ တဖြည်းဖြည်းချင်း မြင့်မြင့်သွားရမယ်။ နိမ့်ရာကနေ ဖြည်းဖြည်းချင်း မြင့်မြင့်သွားရမယ်လို့ ယုံကြည်တယ်။ ဒီမြနန်းတော်ကို ဘုရားမတည်ခင်က တည်းကစပြီး ဒီပတ်ဝန်းကျင်ကို ယခုထိ သန့်ရှင်းအောင်လုပ်နေခဲ့ပါတယ်။

■

ဦးကြည်ဝင်းက အတောင်နှစ်ဆယ်ရှိကြိုးကို တွင်းထဲသို့ချကြည့်ရာ ကြိုးသာအဆုံးတိုင်သော်လည်း တွင်းအဆုံးမရောက်၊ အောက်ခြေနှင့်ဘေးတွင် တွင်းပေါက်ကြီးများရှိနေသဖြင့် မြွေကြီးစသည့်သတ္တဝါကြီးများ ကိန်းအောင်းနေနိုင်ဖွယ်ရှိသည်ဆိုင်၏။ စာရေးသူသည် ထိုကျောက်ထရံအဆင်းဘေး အောက်ခြေတို့တွင် တွင်းပေါက်ကြီးများကို ထူးခြားစွာ တွေ့ရှိခဲ့ရ၏။ တောင်ကျောက်မြေထရံကြောကြီးပေါက်ကွဲအက်ကြောင်းကြီးကိုလည်း မြင်ခဲ့ရ၏။

ဦးကြည်ဝင်းက -

"ကျုပ်တို့ နေ့ခင်း စပါးရိတ်တုန်းတောင်သုံးလုံးဘက်ကဆင်းလာတယ်လို့ ထင်ရတဲ့ စပါးကြီးမွှေကြီး ကန်သင်းရိုးမှာ တန်းတန်းကြီးသွားပြီးရပ်နေတာ အကြာကြီးပဲ။ အစာရေစာရှားလို့ဆင်းလာတာနေမှာ။ ကျုပ်တို့လည်း မင်းလမ်းကို မင်းသွား။ မင်းကိုလည်း တို့အန္တရာယ်မပြုဘူး။ တို့ကိုလည်း အန္တရာယ်မပြုနဲ့လို့ မေတ္တာပို့ပြီးပြောလိုက်တယ်။ ခဏနေပြီးတော့ မြောက်ဘက် ဒေါင်းမြူးဆည်တွေဘက်ကိုထွက်သွားတယ်ဗျ။ အဲဒါ အဝေးကမှန်းကြည့်တော့ လုံးပတ်က ဓာတ်ဘူးလောက်ရှိတယ်။ အလျားက ရှစ်ပေလောက်ရှိတယ်ဗျ။ ဆရာကြီးသွားလာရာမှာသတိထားဖို့ပါ"

စာရေးသူက -

"ကျွန်တော်က ခရီးသွားတိုင်း မေတ္တာသုတ်၊ ပရိမိတ္တဇာလသုတ်တွေရွတ်ပြီး မေတ္တာပို့ပြီးသွားပါ။ မလွဲမရှောင်သာကြုံရရင်လည်း ကံကြောင့်လို့ပဲသတ်မှတ်ပြီးသားပါ"

■

ဆရာတော်ကြီးဦးပညာစက္ကသည် အုတ်ထိုက်ကြီးတွေ၊ ကျောင်းဆောင်ကြီးတွေ၊ သတ္တဝါကြီးတွေကို လက်တွေ့မှတ်တွေ့မြင်တွေ့ပုံ၊ မိုးကြိုး (၂) ကြိမ်ပစ်ခံရသော်လည်း ပျံလွန်တော်မမူပုံ (မှတ်ချက် သတ္တဝါအများကို မိုးကြိုးပစ်လျှင် သေဆုံးခြင်းသည် ရာနှုန်းပြည့်နီးပါးဖြစ်၍ ထူးခြားအံ့ဖွယ်ဂန္ဓီရဆန်နေခြင်း) တို့ကို စာရေးသူစဉ်းစားတွေးတောနေမိပေသည်။ သတ္တဝါကြီးများကို တွေ့ရှိရခြင်းသည် ဆရာတော်၏မျက်မြင်လက်ရှိသက်ရှိသတ္တဝါများက ကျွတ်တမ်းဝင်လို၍ ရတနာ(၃)ပါးအား ရှိခိုးပူဇော်ခြင်း(၀၀) ပရလောကမှလာ၍ လက်ရှိသက်ရှိသတ္တဝါများပုံရိပ်သဏ္ဌာန်ကိုယ်ထင်ပြ၍ ကျွတ်တမ်းဝင်လိုသောကြောင့် ရတနာ(၃)ပါးအား ရှိခိုးပူဇော်ခြင်းတို့ကို စဉ်းစားဆင်ခြင်မိပါသည်။

မြသပိတ်စေတီတော်ကိုတည်ထားခဲ့ပြီး ကမ္ဘည်းကျောက်စာကိုရေးထိုးတော်မူခဲ့သည်။ ဝိဇ္ဇာရဉ်းသုစိန္တဆရာတော်သည် ကိုနဝင်းအဓိဌာန်နှင့် ကိုးနဝင်းကျင့်စဉ်တို့ ပြီးစီးအောင်မြင်ခဲ့ပြီးဖြစ်ပေသည်။ မြရတနာကျွတ်လွတ်မြသပိတ်စေတီတည်ထားပူဇော်ခဲ့ခြင်းအားဖြင့်လည်း သတ္တဝါအပေါင်းတို့ကို သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်စေရန် အတိတ်တဘော၊ နိမိတ်ဆောင်ခြင်းတို့ မျှားစွာဖြစ်ပေါ်ခဲ့ပြီးဖြစ်ပေသည်။

ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် မိန့်ကြားတော်မူခဲ့ကြသော ဆရာတော်များ၊ လူပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဦးနေဝင်း(ကောလင်း)

ကျမ်းနှင့်စာကိုး -

၁။ ဆရာအောင်(၀၀)ကဝိဘာဏီ
ပထမ စမဝိဇ္ဇာ သိဒ္ဓိပေါက်ကျင့်စဉ်
ပုံနှိပ်မှတ်တမ်းမပါ (ခရစ် ၂၀၀၅
ခုနှစ်ခန့်)

၂။ ခမောက်တောင်ရသေ့ကြီးဘိုးတော်စီ
နိဗ္ဗာန်ပေါက်ကျင့်စဉ်နှင့် ဂိုဏ်းတော်
ကြီးထုံးမိန့်
ထုတ်ဝေသူ ဦးညိုမောင် (စလွယ်
အမှတ် ၂၃) ခမောက်တောင်၊ ကော
လင်းမြို့နယ်

၃။ ရသေ့ကြီးဘိုးတော်စီ
ခမောက်တောင်ဘုရားပွဲဆိုင်ရာနှင့်
နိဗ္ဗာန်နိုးဆော်စာကြော်ငြာ(ရွှေကျော်
ဇောရိုက်နှိပ်)

၄။ လှရွှေ(ဟိုပင်)
ပန်းမော်အောင်ဆရာကြီးဦးထွန်း
အောင် သာသနာပြုခရိုစဉ်မှတ်
တမ်း (ပုံနှိပ်မှတ်တမ်းမပါ)

၅။ ဝိဇ္ဇာရဉ်းသုစိန္တဆရာတော်
မြရတနာကျွတ်လွတ်မြသပိတ်စေတီ
တော်ကျောက်စာ(၀၀၊ကောင်းသုံးလုံး)

www.burmeseclassic.com

www.burmeseclassic.com

ပြုစုလုပ်ကျွေး မွေးမြူခြင်းဌာ စွမ်းနိုင်သော အရည်အချင်းရှိပါလျက် အသက်အရွယ် အိုမင်းရင့်ရော်ပြီဖြစ်သော အမိကို လည်းကောင်း၊ အဘကို လည်းကောင်း လုပ်ကျွေးပြုစုခြင်းမရှိသောသူသည် ဗျက်စီးဆင်းရဲမည်ဖြစ်ဟု မြတ်စွာဘုရားမှဟောတော်မူထားသည်။

မိဘများသည် အသက်ကြီးပြီဖြစ်သည့်အတွက် အချိန်မှားစွာမကျန်တော့ပါ။ အချိန်ရှိသခိုက်လေးမှာ ချစ်ခင်ကြင်နာပါကြောင်း၊ လေးမြတ်ကြည်ညိုပါကြောင်း၊ ကျေးဇူးဂုဏ်အတွက် ကျေးဇူးတင်ပါကြောင်း ပြောပြနိုင်ကြမည်ဆိုပါလျှင် အလွန်လှပသော မေတ္တာကွန်ရက်ကိုဖြန့်ကျက်ပြီးသားဖြစ်ပေလိမ့်မည်။

သို့ဖြစ်ပါ၍ မိခင်၏ ကျေးဇူးကို မသိတတ်သော သားတစ်ယောက်ကို အကြောင်းပြု၍ တရားသေလို့ သပိတ်သွတ်သည်ဖြစ်ရပ်တစ်ခု ဤလောကတွင် ရှိခဲ့ဖူးပါသည်။

လောကမှာ လူတစ်ယောက်သေခဲ့လျှင် သက်ပျောက်ဆွမ်းအနေနှင့် သံဃာတစ်ပါး၊ ပါး၊ကိုပင့်ပြီး သေသူအတွက် ဆွမ်းသပိတ်သွတ်လှူဒါန်းကြပါသည်။ ဒါဟာ လူသေလို့လုပ်ရိုးလုပ်စဉ်အစဉ်အလာရှိကြပါသည်။ တရားသေလို့ သပိတ်သွတ်တယ်ဆိုတာ အစဉ်အလာမရှိပေ။ သို့သော် တရားသေလို့ သပိတ်သွတ်တယ်ဆိုတာ လောကမှာ တကယ်ကောရှိခဲ့ဖူးပါသလားဟုဆိုခဲ့လျှင်တော့...

■

ဟိုးလွန်ခဲ့တဲ့ အတိတ်တစ်ခုတုန်းက ဗာရာဏသီမြို့မှာ ဗြာဟ္မဒတ်မင်းအုပ်ချုပ်စဉ်အခါကပေါ့။ အဲဒီတုန်းက မထင်မရှား အမျိုးကောင်းသားတစ်ယောက်ရှိခဲ့ဖူးတယ်။ အဲဒီအမျိုးကောင်းသားဟာ သူ့ရဲ့ဖခင်မရှိတော့တဲ့နောက်ပိုင်း မိခင်ကို နှတ်ကဲ့သို့လုပ်ကျွေးခဲ့ပါသတဲ့။ မိခင်ဖြစ်သူရဲ့ဝေယျာဝစ္စမှန်သမျှလုပ်ဆောင်ပေးပြီး တရိုတသေပြုစောင့်ရှောက်လာခဲ့ပါတယ်။

ဒီလိုနဲ့ တစ်ရက်မှာ မိခင်ဖြစ်သူက သူ့ရဲ့သားကိုပြောလာပါတယ်။

"ငါ့သား၊ ငါ့သားမှာ အမေ့ကို လည်း ပြုစုစောင့်ရှောက်ရ၊ အလုပ်ကိစ္စတွေလည်းလုပ်ရနဲ့ တစ်ယောက်တည်း ပင်ပန်းလှတယ်။ ငါ့သားအတွက် ကူညီဖော်ကူညီဖက်ရအောင် အမျိုးဘာသာတူတဲ့ အမျိုးသမီးတစ်ယောက် အမေရာပေးမယ်။ ငါ့သားမိန်းမယူပါတော့လား"

ဒီလိုနဲ့ မိခင်ဖြစ်သူက သားကို အမျိုးသမီးလေးခေါ်လာပြီး အိမ်ထောင်ချပေးလိုက်သတဲ့။

အစမထမတုန်းကတော့ ချွေးမဖြစ်သူဟာ ယောကျ်မအဘွားကြီးကို ရိုရိုသေသေနဲ့ မိခင်ရင်းကဲ့သို့ ပြုစုစောင့်ရှောက်ပါတယ်။ ဒါပေမယ့် မကြာပါဘူး။ သားဖြစ်သူက မိခင်ကိုပေးတဲ့ အဝတ်အစား၊ အစားအသောက်တွေအပေါ်မှာ ဝန်တိုက္ကသာမှားလာပါရော။ မကြည်ဖြူနိုင်တော့ဘူးလေ။

ယောကျ်မဖြစ်တဲ့ အဘွားကြီးကို အိမ်ပေါ် ကနှင်ချဖို့ နည်းလမ်းရှာတော့တာပေါ့။ သားနဲ့ မအေကြား ကုန်းတိုက်တော့တာပေါ့။


"ရှင့်ရဲ့အမေဟာလေ၊ ရှင်အပြင်သွားပြီဆိုရင် ကျွန်မကို ဘာအပြစ်မှမရှိဘဲ အခြောက်တိုက်ရန်ရှာပြီးဆဲနေတော့တာပဲ"

ဒီလိုကုန်းတိုက်ပေမယ့် ယောကျ်ားဖြစ်သူက အမေကို သိပ်ချစ်တဲ့သားဆိုတော့ ဘာမှပြန်မပြောဘဲနေလိုက်တယ်။ ဒါပေမယ့် မယားဖြစ်သူက ဒီနည်းနဲ့မရ တိုလိုနည်းနဲ့ရအောင် ကြံဆောင်ပြန်တယ်။

တစ်ရက်မှာ ယောကျ်ားအလုပ်သွားနေတုန်း အိမ်အပေါ် အိမ်အောက် နေရာအနှံ့ တံတွေးတွေထွေးထားပါသတဲ့။

ယောကျ်ားအလုပ်ကပြန်လာတော့ အဲဒီတံတွေးတွေပြပြီး

"ရှင့်ကြည့်ပါဦး၊ ရှင့်ရဲ့အမေက သိပ်ကိုညစ်ပတ်လွန်းတယ်။ ပြောလို့လည်းမရဘူး။ တံတွေးတွေကို ဟိုတွေးဒီတွေးနဲ့၊ ရှင့်ရဲ့အမေနဲ့တော့ကျွန်မဆက်ပြီး အတူမနေနိုင်တော့ဘူး။ ရှင့်ရဲ့ အမေ



ကိုရွှေမြသန်း (ဆုပိုင်း)
တရားသေလို့ သပိတ်သွတ်ခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com

ကို အိမ်ပေါ် ကနှင်ခဲ့မလား၊ ကျွန်မဆင်းသွားရမလား"

လို့ ပြောတာပေါ့။

တစ်ခါ နှစ်ခါမက ပြောပါများလာတော့ သားဖြစ်သူက မယားစကားယံပြီးတော့ မိခင်မှားတယ်ထင်ပြီး မိခင်ကြီးကို အိမ်ပေါ် ကနှင်ချလိုက်သတဲ့။

မိခင်ကြီးဟာ သားရဲ့အိမ်ကဆင်းလာရတော့ ဆောက်တည်ရာမဲ့ အားကိုးရာမဲ့ဖြစ်ပြီး သူဌေးတစ်ဦးရဲ့အိမ်မှာ အဝတ်လျှော်၊ ရေခပ်အလုပ်လုပ်ပြီး ဆင်းဆင်းရဲရဲနေထိုင်ကာ အသက်မွေးရတာပေါ့။ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ချင်တော့ ယောကျမကြီးအိမ်ကဆင်းသွားတော့မှပဲ ချွေးမဖြစ်သူမှာ ကိုယ်ဝန်ရလာပါတယ်။

ဒီအခါမှာ ချွေးမဖြစ်သူက -

"ဒီအယုတ်မကြီး အိမ်မှာရှိစဉ်က ကိုယ်ဝန်မရဘူး။ အယုတ်မကြီးအိမ်ကဆင်းသွားတော့မှပဲကိုယ်ဝန်ရတော့တယ်"

လို့ သူ့ယောကျ်ားကိုရောအိမ်နီးချင်းတွေကိုပါ လှည့်ပြောတော့တာပေါ့။

သားလေးမွေးဖွားပြီးတော့လည်း သူရဲ့ယောကျ်ားကို -

"ရှင်ရဲ့အမေအိမ်မှာနေတုန်းက ကလေးမရခဲ့ဘူး။ ရှင့်ရဲ့အမေမရှိတော့မှ ကလေးရတော့တယ်။ ဒါကိုထောက်ဆပြီး ရှင့်ရဲ့အမေ အယုတ်မကြီးဟုတ်၊ မဟုတ် ရှင်ကိုယ်တိုင်သိပြီမဟုတ်လား"

လို့ ပြောပြန်တာပဲ။

အဲဒီစကားတွေ မိခင်ဖြစ်သူကကြားတော့ ရင်ဘတ်စည်းတီးလို့ ငိုပါတော့တယ်။

"ငါ့ကို အယုတ်မကြီးတဲ့။ အယုတ်မကြီးမရှိတော့မှ ကလေးရတယ်တဲ့။ ပြောရက်လိုက်တာ။ ငါဘာအမှားတွေများလုပ်ခဲ့လို့တုံး။ ငါမတရားတာ ဘာမှမလုပ်ခဲ့ဘူး။ အို-အသင်လောက ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရိံ တရားစောင့်ငြား ထိုသူအား တရားပြန်လည်စောင့်ရှောက်ရမယ့်တရားဘယ်ရောက်နေလဲ။ သေများသေနေပြီလား။

တကယ်လို့သာ တရားမသေဘူးဆိုရင် အမေကိုနှင်ထုတ်လို့ကလေးမရနိုင်တန်ရာ။ ချမ်းလည်းမချမ်းသာနိုင်တန်ရာ။ တရားသေလို့သာ အခုလိုဖြစ်တာပေါ့။ သေသွားတဲ့ တရားသေအတွက် ရည်စူးပြီးတော့ ငါသပိတ်သွတ်ဆွမ်းကျွေးမယ်ဟေ့"

လို့ အော်ဟစ် ကြွေးကြော်ပြီး မိခင်ဖြစ်သူဟာ နှမ်းမှုန့်၊ ဆန်၊ ထမင်းအိုး၊ ထင်း၊ ယောက်မ အစုံယူပြီး မြို့ပြင်သုသာန်ကိုသွားပါရော။

သုသာန်ကိုရောက်တဲ့အခါမှာတော့ လူဦးခေါင်းခွဲသုံးခုကို ဖိုခုံလောက်လုပ်တယ်။ ထင်းထည့်၊ မီးမွှေးပြီး ရေထဲကို ဆင်းသွားတယ်။ ဦးခေါင်းလျှော်ပြီး အဝတ်ဖြူဖြူကို ကျကျနန်ဝတ်တယ်။ အဲဒီနောက် မီးဖိုရှိရာကိုပြန်လာတယ်။ မီးဖိုနားရောက်တော့ ဆံပင်ကိုဖားလျားချပြီး ဆန်ဆေးပါတယ်။

အဲဒီအချိန်မှာ သိကြားမင်းဟာ ပုဏ္ဏားအယောင်ဆောင်ပြီး ရောက်လာတယ်။

"အဘွားကြီး၊ သုသာန်လာပြီး စားစရာတွေချက်နေပါလား။ ဘာတွေချက်နေတာလဲ။ ဘယ်သူ့အတွက်လဲ"

လို့ မေးလိုက်သတဲ့။

"ပုဏ္ဏား၊ ငါနှမ်းထမင်းချက်နေတာ။ ငါစားဖို့တော့မဟုတ်ဘူး။ တရားသေလို့ သပိတ်သွတ်မလို့ သုသာန်လာချက်တာ"

"အဘွားကြီး၊ ဒီလိုမပြောပါနဲ့။ လောကမှာ တရားသေတယ်ဆိုတာမရှိဘူး။ မဆင်မခြင်ဒီလိုလွယ်လွယ်မပြောမိပါစေနဲ့။ ဘယ်တော့မှတရားမသေဘူး"

"ပုဏ္ဏားကြီး၊တရားသေသွားပြီဆိုတာ ငါသံသယမရှိလုံးဝယုံတယ်။ တရားသေလို့သာပေါ့။ အကျင့်ယုတ်မာတဲ့ငါ့ချွေးမ ကလေးရတယ်လေ။ ငါ့ကိုနှင်ချပြီး အခုသူတို့မှာချမ်းချမ်းသာသာနေရတာ။ တရားရှိသူငါ့မှာတော့ ထမင်းလေးတစ်လုတ်စားရဖို့အရေး သူများအိမ်မှာ ဆင်းဆင်းရဲရဲအလုပ်လုပ်ရတယ်။ ဒုက္ခတွေပင်လယ်ဝေရတယ်။ ဒါတရားသေလို့ပေါ့"

"ဒီမယ် - အဘွားကြီး၊ ကျွပ်ဟာ သိကြားမင်းဖြစ်တယ်။ ဒီအတိုင်းဆိုရင် ချွေးမနဲ့သားကို မှုန့်မှုန့်ညက်ညက်ဖြစ်အောင်လုပ်ပစ်မယ်။ တရားသေ၊ မသေသက်သေပြမယ်"

အဲဒီလို သိကြားမင်းကြီးကပြောလိုက်တော့ အဘွားကြီးခမျာ သိကြားမင်းကို ပြန်တောင်းပန်ရှာတယ်။

"သိကြားမင်းကြီးရယ်၊ အဲဒီလိုတော့မလုပ်လိုက်ပါနဲ့။ မြွေးကလေးကို မြင်ချင်ပါသေးတယ်။ သားတို့ဇနီးမောင်နှံလည်း အတူတူသင့်သင့်မြတ်မြတ်နေစေချင်ပါသေးတယ်။ဒါကြောင့် သင့်သင့်မြတ်မြတ် အတူနေနိုင်ရေးအတွက်သာ အကျိုးဆောင်ပေးပါ သိကြားမင်းကြီး"

ဒီတော့မှ သိကြားမင်းဟာ မိမိရဲ့အရှိန်အာနုဘော်နဲ့ သားနဲ့ ချွေးမကို သုသာန်သို့သွားစေပြီး မိခင်အား ဝန်ချတောင်းပန် ကန်တော့စေကာ အတူတကွ သင့်သင့်မြတ်မြတ် အသက်ထက်ဆုံးနေနိုင်ရေးကို အကျိုးဆောင်ကာ တရားမသေကြောင်း သက်သေပြလိုက်ပါတယ်။

အဲဒီအချိန်ကစပြီး အဘွားကြီးတို့မိသားစုဟာ အသက်ထက်ဆုံး ကိုယ်ရောစိတ်ပါ ချမ်းချမ်းသာသာနေသွားကြရပါတယ်။

ဒီအကြောင်းအရာကလေးဟာ မြတ်ဗုဒ္ဓက ခုဒ္ဒကနိကာယ်၊ ဇာတကပါဠိ၊ အဋ္ဌကထာနိပါတ်၊ သစ္စာဇာတ်တော်မှာ မိခင်ကို လုပ်ကျွေးတဲ့ ဥပါသကာတစ်ယောက်ကို အကြောင်းပြုပြီး အတိတ်ဆောင်ကာ ဟောကြားတော်မူခဲ့တာပါ။

သို့ဖြစ်ပါ၍...

■

သို့ဖြစ်ပါ၍ -

ဇာတ်တော်လာ အဖြစ်အပျက်ကို သင်ခန်းစာယူပြီး မည်သူမဆို ယောကျ်ားဘက်ကရော မိန်းမဘက်ကပါ သူမိဘကို ကိုယ့်မိဘရင်းနှဲ့မခြား ရိုရိုသေသေကိုင်းကိုင်းရှိုင်းရှိုင်းနေကြပါ။ လုပ်ကျွေးပြုစုစောင့်ရှောက်ပါ။ သူမိဘမှ ကိုယ့်မိဘမှ ဆိုတာတွေကို ခွဲခြားနေခဲ့မယ်ဆိုလျှင် အရာရာ အဆင်ပြေမှုတွေနှင့်ဝေးကွာပြီး ဒုက္ခအမျိုးမျိုးနှင့်ခံစားနေကြရမှာပါ။

လူအသိုက်အဝန်းမှာ ဒီလိုအဖြစ်အပျက်တွေများစွာရှိနေတတ်တာ ကိုယ်တွေ့မျက်မြင်တွေ့ကြရမှာပါ။ မိဘဖြစ်သူတွေဟာ ဒီလိုအဖြစ်အပျက်တွေကြောင့် သားသမီးတွေကြားမှာ မျက်နှာငယ်ကြရပါတယ်။

တချို့သော မိဘတွေမှာဆိုလျှင် သားသမီးတွေများစွာရှိပါလျက်နှင့် သားက ဂရုမစိုက်၊ သမီးကပြန်လှည့်မကြည့်၊ သမက်က မကြည့်ဖြူ ချွေးမက ငြူစူ၊ အသက်အရွယ်ကြီးမှ ကိုယ့်ဘဝကို ဆင်းဆင်းရဲရဲရုန်းကန်ပြီး အသက်မွေးနေကြရပါသည်။

နေ့သားဖော်ပြခဲ့တဲ့ ဇာတ်ဝတ္ထုထဲကအဘွားကြီးလို တရားသေလို့ သပိတ်သွတ်ရမယ့်အဖြစ်တွေနှင့် ကြုံတွေ့နေရတတ်ပါသည်။

အဲဒါကြောင့် သူမိဘ၊ ကိုယ့်မိဘ၊ သားသမီးတွေကြားမှာ မျက်နှာငယ်ရမှုအဖြစ်မျိုး၊ ဒုက္ခရောက်ရတဲ့အဖြစ်မျိုး မကြုံတွေ့ကြရစေဖို့ ရည်ညွှန်းခြင်းရှိယ် နေ့သားတင်ပြလိုက်ရပါသည်ဟူ၍သာ။

ကိုရွှေမြသန်း

www.burmeseclassic.com

www.burmeseclassic.com

■ ကျောင်းမုန့်ဖိုး

"အဖေ"

သားအဖသုံးဦး ထမင်းစားနေရာ သားငယ်လေး မောင်မြင့်သိန်းမှ အထူး တလည်ခေါ်၍ ဖခင်ဖြစ်သူ ဦးလှမောင်သည် သားကိုငဲ့စောင်းကြည့်လိုက်၏။

"ဘာတုံး သား"

"ကျွန်တော် တွင်းလုပ်ချင်တယ် အဖေရာ"

"သားကျောင်းတက်နေတာလေ၊ အခုဆို ကိုးတန်းတောင်ရောက်နေပြီ။ ပညာကို ပေါက်ရောက်အောင်သင်ပါ သားရယ်။ ခုခေတ်မှာက ပညာတတ်မှ လူရာဝင်တာသားရဲ့။ တွင်းသမားရဲ့သား ဟာ တွင်းလုပ်ရမှာပဲ။ မလုပ်ရမှာမပူနဲ့။ အခြံနိတန်ရင်လုပ်ရမှာပေါ့။ ကဲ-စားစား သား၊ တွင်းအကြောင်းထည့်မစဉ်းစားနဲ့ဦး"

ဟု ပြောကာ ထမင်းဆက်စားစေပါသည်။

မောင်မြင့်သိန်းသည် ဖခင်၏စိတ်ကိုသိသဖြင့် အတွန့်မတက်ရဲတော့ဘဲ ထမင်းသာဆက်၍စားနေပါလေသည်။ ဦးလှမောင်၏ဇနီးသည် မောင်မြင့်သိန်း မသိတတ်မီမှာပင် ဆုံးပါးသွားခဲ့ရာ မောင်မြင့်သိန်း မိခင်ကိုမမှတ်မိလိုက်ပေ။ သူထက် သုံးနှစ်ခန့်ကြီးသူ အစ်မ၏ ထိန်းကျောင်းမှုနှင့်သာ ကြီးပြင်းခဲ့ရပါသည်။ သူ၏အစ်မကား မိတုတ်ဖြစ်သည်။ မိတုတ်သည် ကျောက်ဖျာမှုလ တန်းကျောင်းမှ လေးတန်းအောင်ပြီး သည်နှင့် ကျောင်းထွက်ကာ အိမ်၏ချက်ရေးပြုတ်ရေးစသော အိမ်ထောင်တာဝန်ကိုယူရပါသည်။ အားလပ်ချိန်တို့တွင် ကန်ဆေးခြင်း၊ ကျောက်အရောင်းအဝယ်လုပ်ခြင်း စသည်ဖြင့် အိမ်ထောင်၏တာဝန်ကို တစ်ဖက်တစ်လမ်းမှ တာဝန်ယူပါသည်။

ဦးလှမောင်သည် စိတ်တိုတတ်သူ၊ စိတ်ဆတ်သူ၊ အပြောအဆိုကြမ်းတမ်းသူ၊ အလုပ်ကိုမနားတမ်းလုပ်တတ်သူဖြစ်ရာ အများနှင့်တွဲမရဘဲ တစ်ဦးတည်း ချောင်းရိုးတွင် မျှောတိုက်သူဖြစ်လေ၏။ ဦးလှမောင်မှာ ခွန်အားပလလည်းလွန်စွာကောင်းသူဖြစ်ပြီး ကိုယ်လုံးကိုယ်ထည်မှအစ ခြေလက်အထိတိုင်ထွားကျိုင်းသူဖြစ်သည်။ သူ၏ခြေလက်တို့မှာ ကြီးမားကြမ်းတမ်းလွန်းသဖြင့် လူအချို့က -

"ဒီလူရဲ့ ခြေလက်အင်္ဂါတွေက ကြီးမားကြမ်းတမ်းလွန်းတယ်။ တစ်သက်လုံးချမ်းသာမှာမဟုတ်ဘူး"

ဟု ကွယ်ရာ၌ ဆိုကြလေ၏။

အမှန်တကယ်လည်း ဦးလှမောင် တစ်သက်လုံး၌ ကျောက်ကြီးကျောက်ကောင်းဟူ၍ မရခဲ့ဖူးပါ။ ဦးလှမောင်၏ မိခင် ဖွားကူသည် အသက်ကိုးဆယ်ကျော်တိုင်နေသွားရ၏။ သားနှစ်ယောက်၊သမီးနှစ်ယောက်မွေးဖွားခဲ့၏။ ဦးကန်၊ ဒေါ်ပို၊ ဦးလှမောင်၊ ဒေါ်ထွေးရင်တို့ဖြစ်ကာ ဒေါ်ပိုးမှာ ငွေးပင်ရွာသား ဦးဖိုးချိန်နှင့် အိမ်ထောင်ကျလျက် ကျန်သုံးဦးမှာ အိမ်ခြင်းကပ်လျက်နေကြပြီး အစ်ကိုကြီး ဦးကန်၏စကားကို နားထောင်ကြပါသည်။

ထမင်းစားပြီးသော် မိုးကုတ်ထုံးစံအတိုင်း ရေနွေးကြမ်းသောက်ကြပါသည်။ကြည်ကြည်သာသာရှိနေသောဖခင်မျက်နှာကို အကဲခတ်၍ မောင်မြင့်သိန်းက စကားပြန်စ၏။

"အဖေ၊ ကျွန်တော်တွင်းလုပ်ချင်တာက အဖေတို့လို တစ်နေကုန်လုပ်မှာ မဟုတ်ပါဘူး။ ညနေ ကျောင်းပြန်ချိန် ခဏတစ်ဖြုတ်နဲ့ ကျောင်းပိတ်ရက်လေးတွေမှာလုပ်မှာပါ။ မုန့်ဖိုးမှရရပေါ့အဖေရာ။ ရွာကကျောင်းသားတွေလည်း ဒီလိုပဲလုပ်နေကြတာလေ။ နှစ်ယောက်တစ်ဖွဲ့ သုံးယောက်တစ်ဖွဲ့ တစ်နိုင်တစ်ပိုင် ချောင်းရိုးအတိမ်တောမှာလုပ်နေကြတယ်။ အဲဒါ ကျွန်တော်ကတော့ တစ်ယောက်တည်းလုပ်ချင်တာ"

"အေးလေကွာ၊ ကျောင်းပညာ



www.burmeseclassic.com

www.burmeseclassic.com

မထိခိုက်ဘူးဆိုရင်တော့ လုပ်ကြည့်ပေါ့လေ။ အဖေမှာတွင်းပစ္စည်းအပိုတွေရှိပါတယ်။ သားအနေနဲ့က တစ်ယောက်တည်းဆိုတော့ အတိမ်တောရှာလုပ်မှရမှာ။ ပြီးတော့ ခဲကြီးတွေလည်းမရှိတဲ့နေရာမျိုးမှ အဆင်ပြေမှာကွ”

“ဒါဆို အဖေတွင်းရာရှာပေးနော်၊ နက်ဖြန် စနေနေ့လေ။ စနေဆိုတော့ တွင်းစဆင်းလို့ အကောင်းဆုံးပဲ အဖေ။ နေ့ကောင်းတယ်”

“အေးကွာ၊ မင်းတို့ကလေးတွေ အပျင်းပြေဆင်းဖို့နေရာဆိုတော့ ဘစိုးတို့ ထင်ခဲ့မြီးမှာ အဆင်ပြေလောက်တယ်။ နက်ဖြန် မနက်စောစောတွင်းရာရှာရင်း ကြိုက်တဲ့နေရာမျှောတည်ပေါ့ကွာ”

“သားဘယ်တည်တတ်မှာလဲအဖေ”

“အေးကွာ - ဟုတ်တာပေါ့။ အဖေတည်ပေးမယ်ဟုတ်လား။ ပြီးတော့ မျှောဦးမှာ ရေရအောင် ရေမြောင်းကလည်းဖောက်ရဦးမှာကွ။ ရပါတယ် သားရယ်။ ဒါတွေက အသေးအဖွဲတွေပါ။ မျှောကြီးမျှောခိုင်မှမဟုတ်တာ”

ဟု ဖခင်မှ လိုက်လျောပြောဆိုသောအခါ မောင်မြင့်သိန်းကျေကျေနပ်နပ်ကြီးပြုံး၍နေပါသည်။ ဤသို့ဆိုပါက ကျောင်းသွားစဉ် ဖခင်ထံမှ မုန့်ဖိုးတောင်းရသောအလုပ်အတန်ငယ်သက်သာသွားမည်ဟုတွေးကာ ကျေနပ်နေပါသည်။

ကျောက်ဖျာရွာ၌ မူလတန်းကျောင်းသာရှိသလို ထိုစဉ်က ကျောက်ပြဿဒ်ကျေးရွာကြီး၌လည်း မူလတန်းကျောင်းသာရှိသေးသဖြင့် ကျောက်ပြဿဒ်၊ ကျောက်ဖျာ၊ ဆင်ခွာ၊ ရေအေး၊ ငွေးပင် တည်းဟူသောရွာတို့မှ လေးတန်းအောင်ပြီးသော ကျောင်းသားတို့သည် ကျပ်ပြင်ဈေးအလက၊ ကျပ်ပြင်အထက သို့သွား၍ ကျောင်းတက်ကြရပါသည်။ သို့အတွက် ကျောင်းတက်မီရောက်စေရန် လေးငါးမိုင်ဝေးသောရွာတို့မှ ကျောင်းသားကျောင်းသူတို့သည် မနက်စောစော ဝိရိယစိုက်ထုတ်ကာ ခြေကျင်ခရီးဖြင့် သွားကြရပါသည်။

အဓိကမှာ နေ့လယ်စာထမင်းချိုင့်ဖြစ်သည်။ ထမင်းချိုင့်မှာ မပါလျှင်မဖြစ်ကြပါ။ ထမင်းစားကျောင်းဆင်းချိန် ထမင်းစုပေါင်းစားကြရသည်မှာ အလွန်ပျော်စရာကောင်း၍ ထမင်းအလွန်မြိန်ကြပါသည်။ ထို့သို့ ထမင်းဝိုင်းဖွဲ့စားကြခြင်းဖြင့် အချင်းချင်းပိုမိုခင်မင်ရင်းနှီးစေပါသည်။

ပို်က်ဆံတတ်နိုင်သောကျောက်ကုန်သည်သားသမီးအနည်းစုတို့မှာမူ အပင်ပန်းခံ၍ ထမင်းချိုင့်သယ်လေ့မရှိဘဲ နေ့စဉ် ဆိုင်၌သာ ဝယ်စားလေ့ရှိကြပါသည်။ သာမန်လက်လုပ်လက်စားတွင်းသမားသားသမီးတို့အနေနှင့် အနည်းငယ်မျှသောမုန့်ဖိုးဖြင့် အာသာပြေသာဝယ်ယူစားသောက်တတ်ကြပါသည်။ လုံးဝမုန့်ဖိုးမတတ်နိုင်၍ မုန့်ဖိုးမရခဲ့သောတောမှ ကျောင်းသူကျောင်းသားအချို့မှာမူ ထမင်းစားဖြင့်ပင် တင်းတိမ်ရောင့်ရဲ၍ နေကြသူတို့လည်း အနည်းငယ်ရှိတတ်



သူရဦးဂုဏ်
ဥာဏမုန် စက်တင်ဘာလ အတွဲ(၁၀)အမှတ်(၉)

www.burmeseclassic.com

www.burmeseclassic.com

ကြပါသည်။ မောင်မြင့်သိန်းလည်း မုန့်ဖိုးအနည်းငယ်သာ ရလေ့ရှိပါသည်။

■ တွင်းရာ

မျှောတွင်းတစ်တွင်းတည်မည်ဆိုပါက ဦးစွာ တွင်းရာရွာရခြင်းဖြစ်သည်။ ဒုတိယမှာ ထိုတွင်းဦးသို့ ရေရောက်ရန်ဖြစ်သည်။ မျှောဟူသည်မှာ မြေများ၊ မုန်များ၊ ခဲပေါ်သဲပေါ်များအား ရေဖြင့်မျှောတိုက်၍ ရှင်းလင်းရသောအဓိပ္ပာယ်ဖြစ်သည်။

ထိုသို့ ရေဖြင့်မျှောချသော် မြေများ၊ မုန်များ၊ အမှိုက်သရိုက်များ၊ ခဲပေါ်သဲပေါ်အမှုန်အမွှားများ မျှောပါကုန်ကာလေး၍ မမျှောနိုင်သော ခဲများသဲများ ကျန်ရစ်ခဲ့လေ၏။ ထိုသို့မျှောကုန်ရန် မျှောခွက်ကို ရေပန်းရိုက်ရပါသည်။ ရေပန်းစားသည်နှင့် မြေများမျှောပါကုန်ကြပါသည်။

ကျောက်ဖျာ၌ ကိုဘစိုး၏ထင်းခြံသစ်တောကြီးသည် အကျယ်ဆုံးဖြစ်ကာ အိမ်၏စည်းရိုးမှသည် ကျောက်ဖျာချောင်းနှင့်သွား၍စပ်ပါသည်။ ထိုခြံမြီး၏အခြေတို့သည် အခံတိမ်သောအတိမ်တောများဖြစ်ကာ ရှေးလူတို့မျှောတိုက်သွားခဲ့ကြပြီ ဖြစ်သည်။ သို့ကြောင့် အဟောင်းပစ်စာတို့ဖြင့်ပြည့်နေ၏။

ထိုကျယ်ဝန်းသောထင်းခြံသစ်တောကြီးတွင် ကျွန်ုပ်တို့ရောက်စဉ် တောကောင်ဖြစ်သော ဝက်ဝံ၊ ချေနှင့် တောဝက်များပါ နေထိုင်ကျက်စားသဖြင့် ထိုတောသို့ ဝင်မည်ဆိုပါက အထူးသတိထားရပါသည်။ သို့သော် တောကောင်မျိုးစုံတို့သည် လူတို့လာပါက ဝေးရာသို့ ရှောင်ရှားကြပါသည်။ တစ်ခါ၌ ကျွန်ုပ်နှင့် ကိုအေးတို့သည် ဝက်ဝံနှင့်ပက်ပင်းတိုးဖူးပါသည်။ ဝက်ဝံသည် လျင်မြန်စွာရှောင်ခွာသွားပါသည်။ ရံဖန်ရံခါ ရွာထဲမှ ခွေးများအား စားသောက်ရန် ကျားသစ်များလည်းလာလေ့ရှိကာ ညအခါတွင် ခွေးတို့ကို ကိုက်ခဲသွားလေ့ရှိ၏။ သို့ကြောင့် ထိုတောသို့ဝင်မည်ဆိုပါက တေးဆိုသံ၊ ဓားတောက်သံစသည်ပေး၍ဝင်ကြရပါသည်။

ထိုခြံကြီး၏ အဆုံးသတ်သည် ကျောက်ဖျာချောင်းဖြစ်သောကြောင့် ခေတ်အဆက်ဆက် မျှောတိုက်သွားသဖြင့် အဟောင်းခဲပစ်စာတို့ဖြင့်ပြည့်နေ၏။ ချောင်းစပ်ခြံမြီး၌ မုရားကြီးချိုများ၊ မဟာကာကြံဆစ်ချိုများ၊ ခွေးလေးယားအယဉ် (ခေါ်) ခွေးလေးယားအနက်စေ့ချိုများဖြင့် ဖုံးပိတ်လျက်ရှိနေပါသည်။ မြေဆီမြေနှစ်ကောင်းသဖြင့် အပင်တို့ ဖြစ်ထွန်းလှ၏။

ဦးလှမောင်က ရှေ့မှဓားကောက်ဖြင့် တောရမ်းကာဝင်သလို မောင်မြင့်သိန်းကလည်း တွင်းအတွက် လိုအပ်သော သံချောင်း၊ ပေါက်ပြား၊ စောကူတို့ထမ်းကာ နောက်မှလိုက်ပါရလေ၏။ တစ်နေရာအရောက်တွင် -

"ကဲ - ငါ့သား အဲဒီသံချောင်း၊ ပေါက်ပြားတွေ ဒီနားမှာပုံထားလိုက်တော့။ တွင်းရာလိုက်ကြည့်ကြရအောင်"

ဟု ဆိုသဖြင့် မောင်မြင့်သိန်းက တွင်းပစ္စည်းများ ပုံထားလိုက်ပါသည်။ အတန်ငယ်ကျယ်ဝန်းသောခြံမြီးပြန့်၌ တောချုံများတိုးကာ တွင်းရာလိုက်ရာကြပါသည်။ ကံအားလျော်စွာပင် သူများပစ်ထားသော မျှောတွင်းဟောင်းတစ်ခုကို တွေ့ရပါသည်။ ခြံမြီးအတိုင်းကပ်၍ တက်လာသောမျှောတစ်မျှောဖြစ်သည်။ ကာလကြာမြင့်စွာပစ်ထားခဲ့မှုကြောင့် ချုံပင်တို့ဖြင့် ပြည့်နေပါသည်။

"သားရေ၊ ဒီမျှောဟောင်းလေး အဆင်ပြေတယ်ကွ။ အမြင့်ကလည်း ခါးလောက်ပဲရှိတာ။ ခဲကြီးလည်းမထူထပ်ဘူး၊ သားနဲ့အတော်ပဲ။ ကဲ - ရော့ ဒီဓားကောက်နဲ့မျှောခွက်တွေ့မြောင်းမြီးတွေလိုက်ရှင်း။ အဖေရှေ့ကလမ်းလိုက်ကြည့်လိုက်ဦးမယ်"

"ဟုတ်ကဲ့ အဖေ"

ဟု ဆိုကာ မျှောခွက်ထဲမှချုံပင်တွေကို ရှင်းရလေ၏။ မျှောခွက်ကား အကြီးကြီးမဟုတ်ပေ။ ဖျာကြီးတစ်ချပ်စာမျှအယူထားသော တစ်ယောက်လုပ်မျှောဖြစ်ဟန်တူပါသည်။ ဦးလှမောင်မှာမူ ချုံတွေကြားမှ ရေမြောင်းလမ်းလိုက်ကြည့်နေပါသည်။ ရေမြောင်းရာလည်း အသင့်ဖြစ်နေရာ ချောင်းရေအားကျောက်တုံးအနည်းငယ်တို့ပိတ်ဆို့ကာ ဆည်ခတ်ရုံမျှဖြင့် ရေအလွယ်တကူရရှိနိုင်ပါသည်။ ကံကောင်းထောက်မစွာ သူများပစ်သွားသောမျှောအား အလွယ်တကူ ရေကန်အသင့်ကြာအတင့်တွေ့ရခြင်းဖြစ်လေ၏။ ထို့ကြောင့် နောက်ကြောင်းပြန်လှည့်ခဲ့ပါသည်။ မောင်မြင့်သိန်းသည် မျှောခွက်ရမ်းပြီး၍ မြောင်းမြီးတစ်လျှောက် တောရမ်းလျက်ရှိသည်။

"သားရေ၊ မျှောခွက်တွေ မြောင်းမြီးတွေရှင်းအောင် တစ်ခါတည်းသိမ်းလိုက်နော်။ မြောင်းမြီးထဲမှာ ခဲတွေကျနေလည်း ကောက်ပစ်လိုက်။ အဖေရေမြောင်းလိုက်ဖော်လိုက်ဦးမယ်။ ရေမြောင်းရရင် ရေတစ်ခါတည်းသွင်းခဲ့လိုက်မယ်"

ဟု ဆိုကာ ပေါက်ပြားယူ၍ မျှောဦးထိပ်မှစတင်ကာ ပေါက်ပြားဖြင့် တောများခုတ်ရှင်းကာ မြောင်းထဲမှ မုန်တို့ကိုစ၍ ဆည်ပါသည်။ ကျွမ်းကျင်သော မိရိုးဖလာအလုပ်ဖြစ်သဖြင့် ဤမျှလောက်သောအလုပ်ကား စာမဖွဲ့လောက်ပေ။

ချုံပင်မြက်ပင်တို့အား ပေါက်ပြားဖြင့်ခုတ်ဖြတ်လျက် မြောင်းပြန်ဖော်သည်မှာအလွန်ကြီးမကြာလှပါ။ မြောင်းဖော်ပြီးသည်နှင့် ချောင်းရေကို တစ်မျှောစာရရှိရန် ကျောက်တုံးများစီ၍ မြက်ပင်များခုတ်၍ထည့်ကာ ဆည်ပိတ်လိုက်ပါသည်။ ခဏအတွင်းမှာပင် မြောင်းထဲသို့ စီးဝင်ကာ ပြေးသွားပါတော့သည်။ ရေသည် မြေတစ်ကောင်အလားပြေးသွားသည်မှာ ကြည့်၍ပင်ကောင်းသေးတော့၏။

မျှောခွက်ထဲ ရေရောက်သည်နှင့် အမှိုက်များ ရေနှင့်အတူမျှောပါကုန်လေ၏။ ဦးလှမောင်သည် သဲကျုံးစလုတ်ဆီကြည့်ကာ -

"သား၊ ရေကို ဒီလောက်ပဲပုံမှန်ချနော်။ စလုတ်ပွက်ပြီး မုန်တွေထွက်ရင်ရပြီ။ ရေများရင် ကျောက်တွေထွက်ကုန်တတ်တယ်။ သဲကျုံးတဲ့အခါ လုံးဝရေမများစေနဲ့ ဟုတ်လား"

ဟု ဆိုရာ -

"ဟုတ်ကဲ့ အဖေ"

ဟု ဆိုလေ၏။

"ကဲ- သားရေ တွင်းရာတော့ရပြီ။ အရင်လူကတော့ ဘာမှမရလို့ပစ်ထားခဲ့တာနေမှာ။ ဘာမှမရရင် ကြာကြာတောင့်မခံနိုင်ကြဘူးကွ။ တွင်းယောင်ပြီး ဟိုပြေးဒီပြေးနဲ့ ပြေးကြတော့တာပဲ။ ဒါပေမယ့် ကံချင်းတော့မတူကြဘူးပေါ့ကွာ။ ကဲ - နေလည်းမြင့်ပြီ။ သံချောင်း ပေါက်ပြားတွေဖွက်တော့။ ဖွက်တဲ့အခါ ချုံတွေရဲ့အခြေမှာကပ်ထိုးပြီးဖွက်ရတယ်။ ဖွက်တဲ့နေရာကိုလည်း မှတ်မှတ်သားသားထားရတယ်။ နို့မို့ရင် ပြန်ရှာရခက်တယ်။ ထမင်းစားချိန်ရောက်ပြီ။ သွားကြရအောင်"

ဟု ဆိုရာ မောင်မြင့်သိန်းသည် သံချောင်းနှင့် ပေါက်ပြားအား အသာန်ငယ်ဝေးသောချုံအတွင်းသို့ထိုးသွင်းကာ ဖွက်လိုက်လေ၏။ ကံမကောင်းချင်သော် မျှောသစ်ပန်းမာဆည်လိုက်ရာဘဲ မျှောဟောင်းတစ်ခုစီ အဆင့်သင့်တွေ့လိုက်ခြင်း ဖြစ်လေ၏။ တွင်းရာတစ်ခုဖြစ်ရန် အဟောင်းပင်လုပ်ယူရပါသည်။ လွယ်လွယ်ကူကူတော့မဟုတ်ပါ။ ကိုယ်မျှော

www.burmeseclassic.com

www.burmeseclassic.com

ခွက်တည်ချင်သောနေရာအား ဦးစွာရေမြောင်းရအောင်ယူရ၏။ ရေလွှတ်၍ စလုတ်တည်ရန်နေရာတိုက်ရ၏။ စလုတ်တည်ရန် မျက်နှာညီသောကျောက်ပြားများ အတော်များများရအောင်ရှာရ၏။ ပြီးသော် သေတ္တာပုံစံစလုတ်ကို အသေအချာလုပ်ရ၏။ စလုတ်ပြီးသော် ရေကျကောင်းကောင်းခိုန်ဆ၍ ရေကျတည်ရ၏။ ထိုရေကျ၏ ဘေးဘယ်ညာ၌ ကျောက်စီစ၍တည်ကာ အလယ်၌ လူတစ်ကိုယ်ဆံ့သောသဲဝမ်းမြောင်းမြှုပ်ပြရ၏။ မျှောတည်စ၌ ပုံစံမှာ မင်္ဂဒိုလင်တူရိယာပုံစံဖြစ်သည်။ အဝင်ပန်းဆုံးမှာ ခဲပြားများလိုက်ရှာ၍ သယ်ချခြင်းပင်ဖြစ်သည်။

ယခုသော် အသစ်တည်စရာမလိုဘဲ ဘယ်တုံးဘယ်ကာလကပစ်ထားခဲ့သည်မသိသော မျှောဟောင်းတစ်ခုကို တွေ့ရရာ တိုင်းရက်သည့်ပက္ကလာမိုးရွာသည်နှင့်အဆင့်သင့်ဟူသောစကားကဲ့သို့ အဆင်သင့်လှပေ၏။ သူများစွန့်ပစ်ထားသောတွင်းရာတစ်ခုကို အလွယ်တကူရရှိခဲ့ပေပြီ။

■ ဝိရိယစိုက်ထုတ်ခြင်း

အလုပ်ဟူသမျှ၌ ကံဉာဏ်ဝိရိယတည်းဟူသော အကြောင်းတရားသုံးပါးညီညွတ်ရန် လိုအပ်လုပါသည်။ ထို အကြောင်းတရားသုံးပါးတို့သည် သုံးချောင်းထောက်ခုံတစ်ခုသဖွယ် တစ်ချောင်းနှင့်တစ်ချောင်းအကျိုးကျေးဇူးပြုသကဲ့သို့ ကျေးဇူးပြုလျက်ရှိသည်။

မိုးကုတ်ဒေသရှိ ကျောက်တွင်းသမားအများစုသည် ဝိရိယရှိကြသလို ဉာဏ်လည်းကောင်းကြလေ၏။ ဉာဏ်ကောင်း၍မရပါ။တွင်းလုပ်ရာ၌ အခက်အခဲစိုးကြုံရလေ့ရှိရာ တွင်းဆရာတို့သည် ထိုအခက်အခဲကို အလွယ်တကူဝင် ကျော်ဖြတ်နိုင်လေ့ရှိကြ၏။ တွင်းအလုပ်ဟူသည် ခဲတောင်တွေကြား၌ မျှောတိုက်ကြရခြင်းဖြစ်ရာ ထိုကြီးမားလှသောခဲတို့၏အန္တရာယ်ကို ကြိုတင်ကာကွယ်ရှောင်လွှဲနိုင်ရ၏။ ဖောက်တွင်းဟူပါကလည်း မြေအောက်သို့ဖောက်ဝင်ကာ ပေအတော်များများအနက်၌ ကြွက်တစ်ကောင်အလား လှုပ်ရှားလုပ်ကိုင်ရရာ တွင်းပြီမကျရေးအတွက် ကြိုတင်ပြင်ဆင်လုပ်ကိုင်နိုင်ကြရ၏။ လူးဆိုပါက သဘာဝမြေအောက်လိုဏ်ဂူတို့၌ သွားရောက်လုပ်ကိုင်ကြရရာ ကျွမ်းကျင်လိမ္မာစွာ လုပ်ကိုင်ကြ၏။

အလုပ်ချင်းပြိုင်၍ရ၏။ဉာဏ်ချင်းပြိုင်၍ရ၏။ သို့သော် မမြင်ရသောကံတရားကိုမူ ဘယ်သောအခါမှ ပြိုင်၍မရကြချေ။ မောင်မြင့်သိန်း၏ဖခင် ဦးလှမောင်သည် ဝိရိယအရာ၊ ဉာဏ်အရာတွင် ပြောစရာမရှိအောင်တော်သူဖြစ်သော်လည်း ကံအရာ၌မူ အလွန်နည်းသူဖြစ်ကာ ကျောက်ကြီးကျောက်ကောင်းဟူ၍ မရခဲ့ဘူးပါ။ လက်လှုပ်၍သာ ပါးစပ်လှုပ်နိုင်သောအခြေအနေဟု ဆိုနိုင်ကောင်းလေ၏။ ဝိရိယအကျိုးပင် ပြည့်ပြည့်ဝဝခံစားရခြင်းမရှိပေ။

သို့သော် ဦးလှမောင်၏ သား မောင်မြင့်သိန်း၏ကံကိုမူ တွက်ဆ၍ရနိုင်ခြင်းမရှိသေးပါ။ ဝိရိယအရာတွင် ဖခင်၏ခြေရာကိုမီသော သားကောင်းတစ်ယောက်ဖြစ်လေ၏။ အဘယ့်ကြောင့်ဆိုသော် မောင်မြင့်သိန်းသည် သူ၏တွင်းသို့ နံနက်ကျောင်းမသွားမီ စောစောထကာ တစ်နာရီမျှသွား၍ဆင်း၏။ အများကျောင်းသွားအမီ ပြန်ရောက်လာကာ ကျောင်းသို့သွား၏။ ညနေကျောင်းဆင်းလျှင်လည်း ရွာသို့ ဒုန်းသုတ်၍ပြန်ကာ နေဝင်ဖျိုးဖျအထိ တွင်းဆင်းလေ့ရှိ၏။ ကျောင်းပိတ်သောနေ့များတွင်မူ အများဆင်းသကဲ့သို့ အခိုန်ပြည့်ဆင်းလေ့ရှိ၏။

တွင်းလုပ်ခြင်းဟူရာ၌ ကလေးဘဝမှသည် ကြိမ်ဖန်များစွာတွေ့ဖူးမြင်ဖူးနေသော ရိုးရာအလုပ်ဖြစ်ရာ သင်စရာဟူ၍ မလိုအပ်ပါ။ စိတ်ဝင်စားမှုသာ အဓိကကျလေ၏။

ရသမျှသော ကျောက်တို့အား အစ်မဖြစ်သူ မိတုတ်မှ ရောင်းပေးသဖြင့် ကျောင်းမုန့်ဖိုးအား ဖခင်ထံ လက်ဖြန့်တောင်းစရာ မလိုတော့ပါ။ ဤသည်မှာ ဝိရိယစိုက်ထုတ်ခြင်း၏ အကျိုးအမြတ်ဟု ဆိုရပေမည်။

■ ငယ်ကျွမ်းဆွေ

"မြင့်သိန်း"

"အင်း - ဘာတုံး"

"နင်တွင်းဆင်းနေတယ်ဆို"

"ဟုတ်တယ်လေ၊ အံတော်တောင်ကြာပေါ့"

"အခြေအနေဘယ်လိုလဲ"

"ဒီလိုပါပဲဟာ၊ မုန့်ဖိုးပဲဖိုးပေါ့"

"ကျောက်ကြီးရရင် နင်ဘာလုပ်မလဲ"

"ကျောက်ကြီးရရင်လား အင်း-ဘာပြောရမလဲ၊ ငါ နင့်ကိုယူမယ်လေဟာ"

"ခွေးကောင်- နင့်ကို ဘယ်သူကြိုက်မှာလဲ"

"နင်လေဟာ အဟဲဟဲမာ၊ ငါက နင့်ကိုဟိုးငယ်ငယ်လေးကတည်းကကြိုက်နေတာဟ သိလား"

"တော်စမ်းပါဟာ နင့်လိုကောင်များ"

"ဘာလဲ ချစ်တယ်ပေါ့ ဟုတ်လား အဟား ဟား ဟား"

"ဝေးသေး လူကိုက စပ်ဖြဖြနဲ့"

"မလိမ်ပါနဲ့ဟာ၊ နင် ငါ့ကိုချစ်ပါတယ်။ ငါ့ကိုချစ်ရင် ပြုံးပြ၊ ကဲ - ပြုံးပြလိုက် ပြုံးပြလိုက်"

"....."

"ဟော - ပြုံးပြပြီ အဟဲဟဲဟဲ၊ သိပါတယ်ဟာ။ ကဲ - နင်ဟာ ငါ့ချစ်သူဖြစ်သွားပြီနော်"

"ငါ့ဟာငါရယ်ချင်လို့ပြုံးတာ နင့်ကိုချစ်လို့မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် နင် ငါ့ချစ်သူဖြစ်သွားပြီ"

"ခွေးကောင် နင်တော်တော်ရွနေတယ်နော်"

"ဟား ဟား ဟား ဟား"

မောင်မြင့်သိန်းသည် မခိုင်ကို စကာ ပျော်ရွှင်ရယ်မောနေလေ၏။ ကျောက်ပြဿဒ်၊ ကျောက်ဖျာ၊ ရေအေးတို့သည် အလယ်တန်း၊ အထက်တန်းတက်ရာ၌ ကျပ်ပြင်သို့သွားရာဝယ်မူသည် အတူတူဖြစ်ရာ ကျောင်းသားကျောင်းသူတို့သည် သူ့အုပ်စုနှင့်သူဖြစ်ရာ ရှည်လျားသောလမ်းခရီး၌ ထိုသို့ စကားတွတ်ထိုးတတ်ကြပါသည်။

မောင်မြင့်သိန်းသည် ထွားထွား ကျိုင်းကျိုင်းနှင့် သင့်တင့်သောရုပ်ရှည်ရှိကာ ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောနှင့် နေတတ်သူဖြစ်ကာ သဘောမနောပြည့်စုံသော လူပျိုပေါက်ဖြစ်သလို မခိုင်ကလည်း ဖြူဖွေးတုတ်ခိုင်သောကိုယ်လုံးကိုယ်ထည်နှင့် ရေဆေးငါးကြီးပမာ မက်မောဖွယ်သောအလှကိုပိုင်ဆိုင်သည့် အပျိုပေါက်ဖြစ်လေ၏။

အမှန်သော် ရင်ခုန်တတ်စအရွယ်ဖြစ်သော သူတို့နှစ်ဦးသည် တစ်ဦးကို တစ်ဦးကြည့်ကာ ရင်ခုန်ခဲ့ကြသည်မှာ ကြာပြီဖြစ်သည်။ သို့သော် ရင်မဖွင့်ရဲခဲ့ပါ။ အတူတူနေလာခဲ့သည်မှာ ကလေးငယ်ဘဝမှသည် ယနေ့ထိတိုင်ဖြစ်သည်။ ယခုဆိုလျှင် ကိုးတန်းကျောင်းသူကျောင်းသား လူပျိုပေါက်၊ အပျိုပေါက်များပင်ဖြစ်ခဲ့ပြီဖြစ်သည်။

"နင်မှတ်မိသေးလား"

"ဘာလဲ"

"ငါတို့သုံးတန်းတုန်းကလေ"

"ဘာကိုမှတ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"နင်အဆော့လွန်ပြီးမှောက်လျက်ကြီးလဲနေတော့ ငါကပွေ့ထူပေးတာလေဟာ။ နင်က ဝဝတုတ်တုတ်ဆိုတော့ မနည်းပွေ့ထူရတာဟာ"

"အဲဒါ ဘာဖြစ်လဲ"

"ငါက အဲဒီကတည်းက နင့်ကိုချစ်သွားတာ"

"ခွေးကောင်နော်၊ နင်က ခုမှလာပြီး အသားယူနေသေးတယ်"

"ဟုတ်တယ်၊ နင်က ဝဝကစ်ကစ်လေးဆိုတော့ အဟဲဟဲ-စွဲသွားတာပေါ့"

"မြင့်သိန်း၊ ငါ ခဲနဲ့ကောက်ထုမှာနော်"

"အဟား. . . ဟား မလုပ်ပါနဲ့ဟာ။ ထိပ်ပေါက်ခေါင်းပြဲဖြစ်နေပါဦးမယ်။ ငါကချစ်လို့စတာပါ"

ဟု ပြောကာ ရယ်မောနေပါသည်။ မေခိုင်၏ ဖြူဖွေးသော မျက်နှာလေးသည် ရှက်သွေးကြောင့် နီရဲ၍နေလေ၏။ ယနေ့သော်မူ မေခိုင်စလာသောစကားတို့ကိုနင်းကာ ဘဝ၌ ပထမဦးဆုံးသောချစ်စကားတို့ကိုပြောဖြစ်ခဲ့ပါသည်။

မောင်မြင့်သိန်းမှာ အပျော်စိတ်တို့ကြောင့် ရင်တွေတဒုန်းဒုန်းခုန်နေသကဲ့သို့ မေခိုင်မှာလည်း ရှက်စိတ်ကြောင့် ရင်တွေတဒုန်းဒုန်းခုန်ကာ မလှမ်းမကမ်းမှ မိန်းကလေးအဖော်များထံ ခပ်သုတ်သုတ်သွားပေါင်းပါသည်။မောင်မြင့်သိန်းကလည်း အလိုက်တသိ နောက်မှာချန်ပေးလိုက်ပါသည်။အရွယ်လေးများရောက်လာသောအခါ အချစ်ပန်းတို့အလိုလိုပွင့်လန်းလာကြသည်မှာ အဆန်းတော့မဟုတ်ပေ။ ဤသည်မှာ နိယာမသာဖြစ်ချေ၏။

■ ပြကျောက်၏ ပထမအကြိမ်

မျှောတွင်းဟူသည် ရေကို အဓိကထား၍လုပ်ကိုင်ရသောတွင်းမျိုးဖြစ်ရာ ရေဆယ့်နှစ်ရာသီရှိသောချောင်းနှိုးတွင် ရှေးအစဉ်အဆက်မှသည် လုပ်ကိုင်ခဲ့ကြသဖြင့် အခိုင်ဖြုန်းမြေတွေ့ရန် လွန်စွာခက်ခဲပြီး အပေါင်းကိုပင် အပြန်ပြန်အထပ်ထပ် မျှောလှန်ကာတိုက်နေကြလေ၏။ သူအပေါင်းကိုယ်လှုန် ကိုယ့်အပေါင်းသူလှုန်ကာမျှောတိုက်ကြလေရှိရာ တွေးကြည့်သော် ရင်မောစရာကြီးဖြစ်သည်။

သို့သော် မိုးကုတ်လူတို့သည် ကံကိုယုံ၍ပုံချထားရသူများ ဖြစ်သည်။ 'ကျောက်ဆယ်ထပ်၊ ပွားဆယ်ထပ်၊ ငါးဆယ်ထပ် ဘယ်လိုရှာရှာ ကုန်ရိုးထုံးစံမရှိ'ဟူသော ရှေးစကားသည် အပေါင်းပစ်စာများအား မျှောတိုက်သူတို့အတွက် အားဆေးသဖွယ်ဖြစ်သည်။ ဘယ်လိုရှာရှာ ကျောက် တည်းဟူသော ပတ္တမြားသည် ကုန်ရိုးထုံးစံမရှိပါ။အဘယ်ကြောင့်ဆိုသော် ပတ္တမြားရတနာသည် နတ်ပစ္စည်းဖြစ်သည်ဟု အားလုံးက ယုံကြည်ထား၍ဖြစ်သည်။ လုပ်ရမည်မှာ ကိုယ့်ဘာဝနဖြစ်ပြီး ရရန်မှာ ကံကပေးလာသောအခိုန်ဟု ဆိုရပေမည်။

မောင်မြင့်သိန်း၏ရင်စိုနီးပါးမျှမြင့်သောပစ်စာအဟောင်းတို့အား သံချောင်းရှည်ဖြင့်ထိုးခွကာ မျှောခွက်ပြည့်သည်နှင့် မြေများ၊ မုန်များသန့်စင်စေရန် ရေပန်းရိုက်ကာတွင်းထိပ်မှာထိုင်လျက်ကြည့်နေမိပါသည်။ ရေပန်းမှာ မမြင့်သော်လည်း အထိုက်အလျောက်ပန်းကာ ထိုးခွထားသည့်ခဲများအား ရေပန်းစားလျက်ရှိ၏။

ယနေ့သည် တနင်္ဂနွေဖြစ်သည်။ မနေ့က တစ်နေကုန်တိုက်ထားသောသံတို့နှင့် ယနေ့ နေ့တစ်ပိုင်းတိုက်ပြီးသော် နေ့လယ်စာစားပြီးပါက တွင်းဆေးမည်ဖြစ်သည်။ ထို့ကြောင့် မြေမည်းမှန်များ စင်သွားသည်နှင့် ရေပန်းဖြုတ်ကာ ခဲကြမ်းများစ၍ကောက်ပါသည်။ စောကထဲကောက်ထည့်ပြီးသည်နှင့် ပစ်စာတို့ကို ဘေးဘယ်ညာကျောက်စီထဲ၌သွန်ရလေ၏။ ခဲကြီးကြီးတွေ့သော် ကျောက်စီကောက်၍ပေးရ၏။ မ၍မနိုင်သောခဲတွေ့ပါက တူကြီးနှင့်ရိုက်ခွဲ၍ပစ်ရ၏။ တူကြီးမှာ တန်ဖိုးကြီးသဖြင့် ပျောက်မည်စိုး၍ အိမ်သို့အစဉ်အမြဲထမ်းပြန်ရ၏။ လာသည့်အခါတစ်ထမ်းယူလာရ၏။ကျောက်ဖြုန်းများကောက်လိုက်၊ မြောင်းပြီးကို ပြေးလှန်လိုက်နှင့် မကြာမကြာလုပ်ပေးရ၏။ သို့မှသာ သဲလေးနှင့်ကျောက်များ အောက်ခြေတွင်ထိုင်ပါသည်။

ထမင်းစားမပြန်မီ သဲဖြစ်အောင် အသေအချာလှန်ကာ ရေတိုလွဲထုတ်လိုက်ပြီး မျှောခွက်ထဲ၌ ကျောက်ပေါ်၊ မပေါ်ကြည့်ရပြန်၏။ ကျောက်အမှုန်အညှာပင်ပေါ် ၍မနေပါ။ ထို့ကြောင့် စိတ်ချလက်ချနှင့် ပစ္စည်းများဖွက်ကာ တူကြီးထမ်း၍ အိမ်ပြန်ခဲ့ပါသည်။ လမ်းမှာ ကိုဘစိုးထင်းခြံထဲမှဖြတ်ကာလုပ်ထားသဖြင့် ခဏနှင့်အိမ်ရောက်ပါသည်။

ထမင်းစားပြီး ခဏနားကာ တွင်းဆေးရန် ချောင်းထဲပြန်ဆင်းခဲ့ပါသည်။ ဦးစွာ ရေကိုချိန်ဆ၍ ချရသည်။ ပြီးသည်နှင့် စလုတ်ထဲမှသဲကို ဦးစွာကျူးကာ တစ်စလုတ်ပြီးတစ်စလုတ်ကျူးပါသည်။ တစ်ယောက်တည်းလုပ်သောအခါ သဲချလည်းကိုယ်၊ ဆန့်ခါခေါက်လည်းကိုယ်၊ ကျောက်ဖြုန်းသွန်လည်းကိုယ်၊ သဲသွားပုံလည်းကိုယ် ဘာမဆို ကိုယ်ချည်းဖြစ်ရာ အနည်းငယ်တော့ ပင်ပန်းပါသည်။

နောက်ဆုံးသောသဲလေးကိုရောက်ရှိခဲ့ပေပြီ။ မျှောခွက်ထဲမှ နောက်ဆုံးသောသဲလေးတို့အားဆွဲအချဲ့၍ သဲထဲတွင် လောက်စာလုံးနီးပါးရှိ နီလာကြီးတစ်ပွင့်အား လျှပ်တစ်ပြက်မြင်လိုက်သဖြင့် ချက်ချင်းပင်ရပ်တန့်ကာ ထိုပြာလဲ့တောက်ပနေသောနီလာကြီးတည်နေရာသို့ လှမ်း၍နှိုက်လိုက်သည်။ စိတ်ထဲတွင် ပူပြီဟုသတ်မှတ်ကာ အပျော်ကြီးပျော်လျက် ထိုနီလာကြီးပြန်လည်နစ်မြုပ်သွားသောသဲထဲ၌ အသေအချာနှိုက်ထုတ်ကာ ရှာဖွေနေမိပါသည်။

လှလိုက်သည်မှာ ပြောစရာမရှိသောနီလာကြီးဖြစ်ကာ လျှပ်တစ်ပြက်မြင်ရရုံဖြင့်ပင် မျက်စိထဲစွဲသွားခဲ့လေ၏။ ထို့ကြောင့် အဖန်ဖန်နှိုက်ကာကြည့်နေမိသည်။ သူတွေ့မြင်လိုက်ရသောနီလာကြီးကား ပေါ်မလာပါ။ လုံးဝန်းမည်းနက်သောသဲလေးဖြစ်သည့်မုပဆစ်ခေါ်ရေသဲခဲများ၊ ကျောက်မာရှာမည်းမည်းများသာ လက်ထဲ၌ပါလာပါသည်။

'ဟုတ်သေးပါဘူး။ နီလာကြီးက ဒီနားမှာပေါ်လာပြီး ပြန်မြုပ်သွားတာပါ။ ရေထဲလည်းမမျောနိုင်ပါဘူး။ ဘာဖြစ်တာပါလိမ့်။ ရေလွဲပြီးရှာကြည့်ဦးမှပဲ

ဟု တွေးကာ ရေဦးမရေတို့ကို ချောင်းထဲပြန်လွှဲကာပြေးလာခဲ့ပါသည်။ မျှောခွက်ထဲ၌ကား အခံတို့ပင်ပေါ် နေကာ နောက်ဆုံး သဲသည်ပင် မြောင်းဝ၌ ရောက်နေပြီဖြစ်ကာ နီလာကြီးမြင်တွေ့လိုက်ရသောနေရာမှသဲတို့အား ပေါက်ပြားဖြင့် အကြိမ်ကြိမ်လှန်ကာ ရှာဖွေပြန်ပါသည်။ သဲစစ်သဲလေးများဖြစ်၍ သဲတို့က ချောင်းသဲပီသစွာကောင်းလှပါ၏သည်။ စိတ်တိုင်းကျရှာပြီးသော် မတွေ့လေမှ ရေပြန်ချကာ နောက်ဆုံး သဲအားဖြည်းဖြည်းချင်းကျူးပါသည်။ စလုတ်ထဲ၌ သဲတစ်လုံးမျှပင်မကျန်အောင် ကျူးပြီးသော်လည်း သူမြင်လိုက်ရသော နီလာကြီးကား ပျောက်ချက်သားကောင်းလှပေ၏။ ထို့ကြောင့် စိတ်ထဲ၌ ထိုနီလာကြီးကို မြင်ယောင်ကာ မကောင်းအောင်ရှိရပါသည်။

မြောင်းထဲ တစ်နေနေရာမှာကပ်၍ကျန်နေသလားဟူသောအတွေးကြောင့် ရေအမြန်ပြေးလွှဲကာ မျှောခွက်ထဲခုန်ဆင်းလျက် မြောင်းမြီးတစ်လျှောက် ရှာကြည့်ပြန်၏။ အပြောင်ချထားသဖြင့် သဲစေ့မျှပင် မြောင်းထဲ၌ မရှိပေ။

ဟား - လူကြီးတွေပြောပြောနေ

www.burmeseclassic.com

www.burmeseclassic.com

တဲ့ ပြကျောက်ဆိုတာပဲဖြစ်မယ်။ မျက်စိဖြစ်တာမဟုတ်ပါဘူး။ အသေအချာကို မြင်လိုက်ရတာပါ။ လောက်စာလုံး လောက်ရှိတယ်ကွာ။ လှလိုက်တဲ့နီလာကြီး'

ဟု တွေးနေမိပါသည်။

စိတ်ထဲမကောင်းသဖြင့် သဲလွန်းရသည်ပင် အားတက်သရောမရှိလှပါ။ သဲလွန်းသော် အောက်ကျောက်လေးများ သာရပါသည်။ သဲလွန်းပြီးသည်နှင့် ရသောကျောက်တို့ကို ပလတ်စတစ်ဖြင့်ထုပ်ကာ အိတ်ကပ်ထဲထည့်လိုက်ပါသည်။ ချုံထဲမှသံချောင်းထုတ်ကာ အတောင်းတို့အား ထပ်မံထိုးချပြီး ရေပန်းရိုက်ကာ ထားခဲ့ပြီး ပစ္စည်းများသိမ်းဆည်းခဲ့ပါသည်။ နေလည်းဝင်တော့မည်ဖြစ်သည်။ သူပြန်ရောက်သော်လည်း သူ့ဖခင်ပြန်မရောက်သေးပါ။ ရလာသောကျောက်အား အစ်မဖြစ်သူ မိတုတ်ထဲလွှဲအပ်လိုက်ပါသည်။ ညစာစားကြသောအခါ သူ့၏ဖြစ်အင်အား ဖခင်ကိုပြောပြလိုက်ပါသည်။ ဦးလှမောင်သည် သဘောကျလွန်းသဖြင့် မျက်စိပိတ်အောင်ရယ်ကာ ပြောပြပါသည်။

"ငါသား၊ လူကြီးသူမတွေပြော ပြောနေကြတဲ့ပြကျောက်ဆိုတာ အဲဒါပဲကွ။ ငါသားကိုမြင်ဖူးအောင်ပြရုံပြတာ၊ နတ်ကပေးလာပြီဆိုရင်တော့ အလွယ်လေးနဲ့ရတတ်တယ်သားရဲ့။ စိတ်ဓာတ်မကျနဲ့ ဟုတ်လား။ သားနဲ့ထိုက်တဲ့တစ်နေ့ အဲဒီကျောက်ကြီးကိုရပေမပေါ့ကွာ။ အဖေဆိုရင်လည်း နတ်တွေကပြလို့ မြင်ရုံမြင်ဖူးတာပဲရှိတယ်။ တစ်ခါမှ မရခဲ့သေးပါဘူးကွာ။ ပြကျောက်ဆိုတာ မျိုးက ပြပြီးမကလုံးပေးတာပေါ့ကွာ။ ပြကျောက်ဆိုတာ နတ်ပစ္စည်းကွ၊ ထိုက်မှရတာ။ စိတ်မကောင်းမဖြစ်နဲ့ ကိုယ့်အလုပ်ကိုယ် မှန်မှန်သာလုပ် ဟုတ်လား"

"ဟုတ်ကဲ့ပါ အဖေ၊ ကျောက်က လှလွန်းတော့ မျက်စိထဲကမထွက်ဘူး အဖေရဲ့"

ဟု ပြောဖြစ်လေ၏။

မောင်မြင့်သိန်းသည် ထမင်းပင်စား၍သိပ်မကောင်းပါ။ ပြကျောက်မေးသော စိတ်ဝေဒနာဖြစ်လေ၏။

■ ပြကျောက်၏ဒုတိယအကြိမ်

မောင်မြင့်သိန်း၏ရင်ထဲ၌ ပထမစိုးမိုးထားသော အာရုံမှာ ငယ်ကျွမ်းဆွေမေခိုင်ဖြစ်သည်။ မေခိုင်၏အစ်မများဖြစ်သော မေရီ၊ မေသန်း၊ မေဝင်းတည်းဟူသောမိန်းကလေးများမှာလည်း ကျောက်ဖျာရွာ၌ အလှဆုံးမိန်းကလေးများဖြစ်ကာ တစ်ယောက်တစ်မျိုးမရိုးနိုင်အောင် လှကြလေ၏။ ထိုအထဲတွင် မေသန်းကား တစ်ခေတ်မှာတစ်ယောက်ဟူဘိသို့ ရွာ၏ကွမ်းတောင်ကိုင်ဖြစ်ကာ သူမ၏အလှသတင်းကား ကျပ်ပြင်တိုင်အောင် ကျော်စောလှပေ၏။ မေသန်း၏အလှကို မမီသော်ငြားလည်း သူ့အလှနှင့်သူ တုတ်တုတ်ခဲခဲလေးဖြင့် ကြည့်မဝသော အလှဖြစ်ခဲ့ချေ၏။

ငယ်စဉ်မှသည် တိတ်တဆိတ်ချစ်ခဲ့ရသော မေခိုင်သည် မောင်မြင့်သိန်း၏ရင်ထဲ၌ အစဉ်သဖြင့် စိုးမိုးနိုင်စွမ်းရှိခဲ့ပေ၏။ သို့ကြောင့်လည်း လေးတန်းအောင်ပြီး၍ ကျပ်ပြင်ဈေးအလံကသို့ ကျောင်းသွားတက်ရာ၌ မေခိုင်နှင့်ရင်းနှီးမှုရယူကာ ကျောင်းသွားဖော်လုပ်ခဲ့ခြင်းဖြစ်သည်။ မေခိုင်မှလည်း လိုလိုလားလား ခင်မင်ဖော်ရွေသော အခါ မေခိုင်၏ရင်ထဲ၌လည်း သူရှိနေမည်ဟုယူဆထားပါသည်။ တစ်လောကနောက်သလိုပြောင်သလိုနှင့် အချစ်ကို ဖွင့်ဟသော် စိတ်ဆိုးတန်မပြပါ။ သို့သော် အတော်လေးရှက်သွားသည်။ သို့ကြောင့် နောက်နေ့များတွင် မစဖြစ်တော့ပါ။ ကောင်းကောင်းမွန်မွန်ပင် ကျောင်းသွားဖော်လုပ်ခဲ့ပါသည်။

ယခုသော်မူ မောင်မြင့်သိန်း၏ရင်ထဲ၌ ဒုတိယစွဲလမ်းမှုတစ်ခုဖြစ်ခဲ့ပြန်လေ၏။ ထိုသည်မှာ သူ့အားပြသွားသောပြကျောက်ကြီးဖြစ်၏။ ထိုကျောက်ကြီးသာ လက်ဝယ်ပိုင်ပိုင်ရရှိခဲ့ပါက ယခုနေနေရသော သာမန်ထရံကာအိမ်သေးသေးလေးမှသည် ပျဉ်ထောင်အိမ်ကြီးကြီးအများနှင့်တန်းတူနေနိုင်အောင် ဆောက်မည်ဟု စိတ်ကူးနေမိပါသည်။

သို့ကြောင့် ဒုတိယအကြိမ်တွင် သူ့အား ပြရုံပြကျောက်မဟုတ်ဘဲ ရအောင်ပြသော ပြကျောက်ကြီးဖြစ်ရမည်။ မြင်သည်နှင့် လှပ်တစ်ပြက် လှုပ်မြန်စွာ ကောက်ယူလိုက်မည်ဟု တွေးနေမိပါသည်။ မေခိုင်နှင့်ပြကျောက်သည် သူ့ရင်ထဲ၌ စိုက်ဝင်နေသော မြှုတ်နိုးဖွယ်ချစ်စဖွယ်များတို့ဖြစ်ပါသည်။

သို့ကြောင့် ဓလေ့ထုံးတမ်းစဉ်လာအား မမေ့မလျော့သောအားဖြင့် တွင်းဦးနှင့်လွတ်သောနေရာ၌ သဲပြန့်လေးလုပ်ကာ တွင်းစောင့်နတ်အား သပြေပန်းနှင့် ပသကာ ပတ္တမြားတို့ကို ပိုင်သစိုးမိုးသော နတ်တို့မှ ကျောက်ကြီးကျောက်ကောင်းများပေးသနားရန်၊ ဘေးအန္တရာယ် အပေါင်းမှကင်းဝေးအောင်စောင့်ရှောက်ပါရန် ဆုမွန်တောင်းလေ့ရှိပါသည်။

ဒုတိယတနင်္ဂနွေနေ့တွင်ဖြစ်သည်။ ညနေပိုင်းတွင် ဆေးနိုင်ရန် ကျောက်ဖြုန်းကြမ်းတို့ကိုဆွဲချကာ ကောက်နေရလေ၏။ ဆွဲချလိုက်၊ ကောက်လိုက်၊ သွန်လိုက်၊ သဲစစ်များအောက်ခြေထိုင်စေရန် ဆွဲလှန်လိုက်ဖြင့် လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်လျက်ရှိပါသည်။

ကျောက်ဖြုန်းတို့သည် ခဲ့ောင်းဖြစ်သဖြင့် အလွန်လေး၍ အလွန်မာကျောသော ကျောက်မာရှာအနက်များဖြစ်ရာ ထိုအနက်များကြားမှ အပြာရောင်ပတ္တမြား၊ အနီရောင်ပတ္တမြားများ ပေါ်လာနိုးနိုးဖြင့် အသေအချာစေ့စေ့စပ်စပ်ကြည့်ကာ ဆွဲချရကောက်ရ၏။ ပတ္တမြားရှာဖွေသောကျောက်တွင်းလုပ်ငန်းကား မျှော်လင့်လို့ဖြင့်မဆုံးနိုင်တယ်ဟူသော အလုပ်မျိုးဖြစ်ပေ၏။

သတိကြီးစွာထားလျက် ကျောက်ဖြုန်းပုံကြီးမှ ကျောက်ဖြုန်းအချို့အား ဆွဲချစဉ် လောက်စာလုံးခန့်ရှိ အပြာရောင်နီလာကြီးသည် လှုပ်တစ်ပြက်ပေါ်လာကာ ရေစီးအားဖြင့်ကျလာသောကျောက်မာရှာများကြား၌ ပြန်လည်ငုပ်လျှိုးသွားလေ၏။ မောင်မြင့်သိန်းသည် ဟာခနဲဖြစ်ကာ ပေါက်ပြားကိုပစ်ချပြီးငုပ်လျှိုးသွားသောနေရာမှ ကျောက်ဖြုန်းကြမ်းတို့ကို ဖယ်ထုတ်ကာ သဲတို့ကိုနှိက်၍ ပျာပျာသလဲရှာမိလေ၏။ သို့သော် လုံးဝမတွေ့ပါ။

'ကျောက်က အကောင်မှမဟုတ်တာ၊ ဒီလောက်ကြီးငုပ်မသွားနိုင်ပါဘူး။ အင်း - ဒီကျောက်ကြီးကိုမြင်ရအောင်ပြတာနှစ်ခါရှိသွားပြီ။ ငါနဲ့ထိုက်ရင် ဆေးတဲ့အခါ ပါလာမှာပဲလေ'

ဟု တွေးကာ လုပ်ရိုးလုပ်စဉ်ပြန်လုပ်ရပြန်၏။ နှစ်ကြိမ်တိုင်တိုင်မြင်ဖူးပြီဖြစ်၍ ကျောက်ကိုမှတ်မိသွားလေ၏။ အရွယ်က လောက်စာလုံးလောက်၊ အရည်က ကတ္တီပါရည်၊ အသားက ဖန်သားမှန်သား။

'လှလိုက်တဲ့ကျောက်ကွာ၊ ရလိုက်လို့ကတော့ အထောပဲ'

ဟု တွေးမိလေ၏။

ညနေပိုင်းတွင် တွင်းဆေးရာ၊ သဲခုရာ၊ ဆန်ခါခေါက်ရာ၊ ကျောက်ဖြုန်းသွန်ရာတို့၌ ထိုကျောက်ကြီးမတော်တဆ ပါသွားမည်စိုး၍ ဂရုတစိုက်ကြည့်မြဲကြည့်ဆေး၍ သွေးရဲ့သားပြီးသည်အထိ ကျောက်ကြီးအား အရိပ်အယောင်သော်မှ မတွေ့ရပါ။ ထိုအခါ ကျောက်ကြီးအား တမ်းတစိတ်ပဲ ရလိုစိတ်တို့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

စိတ်မောလူမောခံစားရလေ၏။ ညစာထမင်းဝိုင်းတွင် ဒုတိယအကြိမ်မြင်ခွင့်ရလိုက်သော ပြကျောက်ကြီးအကြောင်းအား ဖခင်ကို ပြောပြသောအခါ မေးသောမျက်စိတို့ ပိတ်နေအောင် ရယ်ပြန်လေ၏။ ပြီးမှ ပြောပြပြန်လေ၏။

"တွင်းစောင့်နတ်က သားကိုချစ်လို့ ကျီစယ်တာနေမှာပေါ့ သားရယ်။ ပြကျောက်ကို အစွဲအလမ်းကြီးမထားနဲ့သားရဲ့။ အဖေဆိုလည်း ပြကျောက်တွေ မြင်ဖူးပါတယ် သားရယ်။ လက်တွေ့မှာသာ ကုသိုလ်ကံနည်းလို့မရတာပါ။ ဒီအခါမှာ ငါ့ရဲ့လိုချင်တပ်မက်စိတ်ကြောင့် မျက်စိကဖြစ်တာပါလို့ပဲ ဖြေသိမ့်ရတာပေါ့သားရယ်။ သားကငယ်သေးတော့ အစွဲအလမ်းကြီးမှာပေါ့။ ကိုယ်နဲ့ထိုက်တဲ့ တစ်နေ့မှာရပေမပေါ့"

ဟု ဆိုလေ၏။

လိုချင်တပ်မက်စိတ်ကြောင့်လောမဲသိ၊ သူအလွန်ချစ်သော မေခိုင်တည်းဟူသော ကောင်မလေးသည်ပင်လျှင် ဒုတိယနေရာသို့ရောက်သွားပြီး သူ၏အာရုံကို ပြကျောက်ကြီးက ဖမ်းစားနေလေ၏။

■ စုတ်နှင့်လာတ်

"မေခိုင်"

"ဘာတုံး"

"ငါ နင့်ကိုပြောစရာရှိတယ်"

"ဘာပြောမှာလဲ၊ နင် ဟိုတစ်ခါလို ရောသောပေါသောရည်းစားစကားလာမပြောနဲ့နော်။ ငါကျောက်ခဲနဲ့ကောက်ထုမှာ"

"အင်းပါဟာ မပြောပါဘူး။ နင့်နဲ့ ငါက ပြောစရာမှမလိုတော့တာ အဟင်းဟင်း"

"နင်နော် စကားကိုကောင်းကောင်းပြော"

"နင်ကလည်းဟာ ငါ အကောင်းပြောနေတာပါ။ ဒါထက် နင်ပြကျောက်ဆိုတာ ကြားဖူးလား"

"ဟဲ့ - ငါက မိုးကုတ်သူလေ၊ အောက်သူမမှမဟုတ်တာ ကြားဖူးတာပေါ့ပါ။ ငါတို့အစ်မ မမေရီအပျိုပေါက်တုန်းက ငမုန်းချောင်းမှာ ကနဲဆေးရင်း ပြကျောက်တစ်ပွင့်မြင်ခဲ့ဖူးတယ်။ ကနဲဆေးရင်း ပုတ်တောဖော်လိုက်တော့ ပုတ်တောထဲမှာ အနီအစစ်ကျောက်ကြီးတစ်ပွင့်က ရုံခနဲပေါ် လာသတဲ့ဟာ။ ဒါနဲ့ အဲဒီကျောက်ကို ကောက်ယူမယ်လည်း လုပ်ကရော ဝတ်ထားတဲ့ထဘီက ခွတ်တရက်ကျွတ်ကျသွားသတဲ့။ ဒါနဲ့ပဲ ထဘီကိုလှမ်းအဖမ်းမှာ ပုတ်တောကစောင်းပြီးဖိတ်သွားတော့ ကျောက်ကြီးက ရေထဲပြန်ကျသွားတယ်။ အဲဒီနေရာမှာ အဲဒီကျောက်ကို ဘယ်လိုရှာရှာပြန်မတွေ့တော့ဘူး။ ဒါနဲ့ အဖေ့ကိုပြောတော့ အဖေတ အောက်ကနေမျှောတိုက်ပြီး ပြန်ရှာတယ်။ အဲဒီကျောက် လုံးဝပြန်မတွေ့ရတော့ဘူးတဲ့။ အဲဒါကို မမေရီက ခုထိကိုမမေ့တာ"

"ဟားဟားဟား ငါသာဆို ထဘီကိုဖမ်းမနေဘူး။ ကျောက်ကိုအရဖမ်းမှာ။ တောထဲပဲဟာ ဘယ်သူမြင်တာမှတ်လို့ ဟား ဟား ဟား ဟား"

"နင်ပဲ အရှက်မရှိလို့ဖမ်းမှာ၊ နင် မိန်းမဖြစ်မှသိမှာတင်း"

"ငါလိုလူကမိန်းမ မဖြစ်နိုင်ပါဘူးဟာ။ ယောကျ်ားကောင်းလေ အဟင်းဟင်း နင်လည်းအသိပဲဟာ"

"မှက်နှာကိုကစပ်ဖြဖြနဲ့"

"ငါကနင့်ကိုပြကျောက်အကြောင်းပြောပြချင်တာဟ"

ဟု နိဒါန်းချီကာ လောက်စလုံးခန့် နီလာကျောက်ကြီးအား နှစ်ကြိမ်တိုင် တိုင်မြင်တွေ့ရပုံကို ပြောပြနေမိလေ၏။

"နှစ်ကြိမ်တိုင်တိုင်ပြီးပြီဆိုတော့ နောက်တစ်ကြိမ်ဆိုရင် အဲဒီကျောက်ကြီးကို နင်ရချင်ရမှာသိလား"

"ရချင်ရ မရချင်နေဟာ၊ နင့်ဆီက ချစ်ပါတယ်ဆိုတဲ့စကားရရင် ငါကျေနပ်ပြီ"

"စိတ်ချ - နင်ကျောက်ကြီးမရမချင်း နင် အဲဒီစကားကိုကြားရမှာမဟုတ်ဘူး။ လူကြီးတွေပြောလေ့ရှိတယ် စုတ်၊ လာဘ်၊ ဥပဒ်ဆိုတာတွဲနေတယ်တဲ့။ ဒီတော့ စုတ်ဝင်ရင် လာဘ်ဘက်ကပိတ်သွားတယ်တဲ့"

"ဘာလဲ စုတ်ဆိုတာက"

"ဟာ- နင်ကလည်း အလိုက်တာ၊ စုတ်ဆိုတာ မိန်းမပေါ့ဟာ။ မိန်းမရဲ့ချစ်ပါတယ်ဆိုတဲ့စကားဟာလည်း အဲဒီမိန်းမကို တစ်စိတ်တစ်ပိုင်းရသွားတာပဲလေ။ အဲဒီစကားရရင် ကျေနပ်သွားရော။ ဒီတော့ ကျောက်ကြီးနဲ့လွဲသွားတာတ်တယ်"

"ဥပဒ်ဆိုတာကရောဟာ"

"ကျောက်ကြီးရပြီးရင် အဲဒီလူဟာ ဘေးဥပဒ်အန္တရာယ်တစ်ခုခုကျရောက်တတ်တယ်။ ဒီတော့ ဘေးဥပဒ်မရောက်အောင် ကုသိုလ်ကို ဦးစွာပြုရတယ်တဲ့ဟာ"

"နင်က သိလှချေလား"

"အမေပြောပြောပြတာလေ"

"ဒါထက်ဟာ နင်က ငါကျောက်ကြီးမရရင် မချစ်တော့ဘူးလား"

"ငါတို့ကကျောင်းနေတဲ့အရွယ်ပါဟာ။ နောက်နှစ် ဆယ်တန်းတက်ကြရဦးမယ်။ဆယ်တန်းအောင်ရင် တက္ကသိုလ်ဆက်တက်မယ်။ နင့်ချစ်ပါတယ်ဆိုတာကြီးကို ခေါက်ထားလိုက်ပါဦးဟာ"

"မေခိုင်ရာ နင် ငါ့ကိုအတော်ဒုက္ခပေးတာပဲ"

"ဒုက္ခလား၊ သုခလားဆိုတာ နင် တစ်နေ့သိလာမှာပါ။ ငါ့ကြောင့်ရယ်လို့ နင်ဘဝညှိုးငယ်စေချင်လို့ပါ။ နင် ကျောက်ကြီးကျောက်ကောင်းရမယ်လို့ ငါစိတ်ထဲမှာထင်နေတယ်ဟ"

"အင်းပါဟာ၊ နင့်စေတနာ ငါနားလည်ပါတယ်။ နင်ပြောသလို ငါမြင်မြင်နေရတဲ့ပြကျောက်ကြီး ငါ့လက်ထဲဆိုက်ဆိုက်မြိုက်မြိုက်ရောက်ပါစေလို့ဆုတောင်းရတော့မှာပဲ။ ဒါမှ ငါတို့လည်း မြန်မြန်နီးစပ်မယ်၊ အဖေလည်း သက်သာမယ်။ အိမ်ကြီးအိမ်ကောင်းနဲ့လည်းနေရမယ်။ ကျောင်းမနှိုးလည်း လုံးဝမပူရတော့ဘူးပေါ့ဟာ"

"ဟုတ်တယ်၊ နင်တို့အိမ်ကသေးတယ်။ အိမ်ကောင်းကောင်းဆောက်ပြီးရင် အိမ်တက်မင်္ဂလာနဲ့ ဘုရားအနေကဇာတင်ပွဲလုပ်လိုက်။ ဒါဆို ကုသိုလ်ရသွားပြီ"

"အင်းပါဟာ ကျောက်ရရင်လုပ်မှာပါ"

တစ်ဦးမျက်နှာတစ်ဦးကြည့်လျက် စကားတွတ်ထိုးရင်းသွားနေကြရာ မော၍မောမှန်းမသိဘဲ ကြည်နူးစိတ်ကြောင့်လန်းဆန်း၍နေကြလေ၏။ကျောက်ကြီးက ဘယ်ဆီဘယ်ဝယ်နေသည်မသိကလေးတွေဖြစ်သဖြင့် ကြိုတင်စီမံချက်ချနေကြခြင်းဖြစ်ပေ၏။

■ ဗေဒင်ဆရာ၏အဟော

"မောင်မြင့်သိန်း၊ မင်းရဲ့တွင်းမှာ ပြကျောက်ကိုနှစ်ကြိမ်တိုင်တိုင်မြင်ရတယ်ဆို"

"ဟုတ်တယ် ဦးကြီး"

"အေးကွာ လူတွေပြောနေကြလို့။ ကျောက်တစ်ပွင့်ကို နှစ်ကြိမ်တိုင်တိုင်ပြတယ်ဆိုတော့ ဒီပြကျောက်က မင့်ထိုက်နိုင်တယ် မောင်မြင့်သိန်းရ။ ပြကျောက်ဆိုတာမျိုးက တစ်ခါပါပြတာများတယ်။ မင်းရဲ့မွေးသက္ကရာဇ်လိုတယ် မဟုတ်လား"

"ဟုတ်ကဲ့ ဦးကြီးတယ် ဦးကြီး"

ဟု ပြောပြောမွေးသက္ကရာဇ်ကို ပြောပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဦးသောင်းဉာဏ်သည် ဗေဒင်ကိုစိတ်တွက်ဖြင့်တွက်နေပါသည်။ ဦးသောင်းဉာဏ်သည် ဗေဒင်ဆရာဘဝဖြင့် ဗေဒင်လုပ်လည်ဟောရင်း ကျောက်ဘုသူ ဒေါ်ထွေးရင်နှင့် အိမ်ထောင်ကျခြင်းဖြစ်ကာ သားသမီးမပွားစီးပါ။ ဦးသောင်းဉာဏ်မှာ ရွှေဘိုသားဖြစ်လေ၏။

ဒေါ်ထွေးရင်သည် ဦးကန်၊ ဒေါ်ပိုး ဦးလှမောင်တို့၏ညီမအငယ်ဆုံးဖြစ်ရာ ဦးလှမောင်နှင့် ယောက်ဖတော်သူဖြစ်သည်။ ယနေ့ညတွင် ဦးလှမောင်သည် အစ်ကိုဖြစ်သူ ဦးကန်၊ ဒေါ်ကြာတို့အိမ်သို့သွားလည်နေခြင်းဖြစ်၏။ ဦးသောင်းဉာဏ်သည် ခေတ္တစိတ်တွက်ဖြင့်တွက်ပြီးသည်နှင့် -

"ကောင်လေး၊ မင်း ကျောက်ကြီးရကိန်းရှိတယ်ကွ။ မင်းတို့ပြုပြနေတဲ့ ပြကျောက်ကြီးကို မင်းရနိုင်တယ်သိလား။ နတ်တွေကမပေးသေးဘဲ မင်းကို ကျီစယ်နေတာ ဖြစ်နိုင်တယ်ကွ"

ဟု ဟောလေရာ မောင်မြင့်သိန်းမှာ ပျော်လွန်းသဖြင့် ပြုံးနေမိပါသည်။ ကျောက်ကြီးရခဲ့သော် မေခိုင်ထံမှ ချစ်ပါတယ်ဟူသော နှုတ်ဖွင့်အဖြေကိုလည်း ရရပေတော့မည်။

သို့သော် ခေတ်ကာလသည် ကျောက်ရလျှင် သိုသိုသိပ်သိပ်ပိရိနိုင်မှ တော်ရုံကျသောခေတ်ဖြစ်ရာ ပြောပြ၍ မဖြစ်ပေ။ အိမ်တစ်အိမ်ကျောက်ရသော် ထိုအိမ်၏ အနေအထိုင်၊ အပြုအမူ၊ အသုံးအစွဲကိုကြည့်ကာ သိနိုင်ကြပါသည်။ ဘယ်လိုကျောက်ရသည်၊ ဘယ်သူ့ကိုရောင်းသည်၊ ဘယ်လောက်ရသည်ဟူသော အချက်အလက်တို့အား သိရန်မလွယ်ကူလှပါ။ အထူးလျှို့ဝှက်ချက်အနေဖြင့်ထားကြရ၏။ အဘယ်ကြောင့်ဆိုသော် ကျောက်တွင်းအား တရားဝင်တူးဖော်ခွင့်မရှိဘဲ မှောင်ခိုစနစ်ဖြင့်တူးနေရသောခေတ်ဖြစ်ရာ ကျောက်ကြီးရသည်ဟု သတင်းပေါက်ကြားသွားခဲ့သော် အဖမီးခံရ၊ ပစ္စည်းသိမ်းခံရ၊ ထောင်ကျခံရသောခေတ်ဖြစ်သောကြောင့် ဖြစ်လေ၏။

ကျောက်ရမည်၊ မရမည် သေချာတတ်အပ်မသိနိုင်သော်လည်း ဗေဒင်တတ်ကျွမ်းသောဦးကြီးဖြစ်သူ ဦးသောင်းဉာဏ်၏အဟောကြောင့် မောင်မြင့်သိန်းအားတွေတက်နေမိပါသည်။

■ ပြကျောက်ကြီးရပြီ

ထူးဆန်းသော တိုက်ဆိုင်မှုဟူဆိုရမည်လောမသိ။ ပထမ တနင်္ဂနွေနေ့၌ ပြကျောက်ကြီးကို ဦးစွာမြင်ဖူးခဲ့၏။ ဒုတိယ တနင်္ဂနွေနေ့၌လည်း တိုက်ဆိုင်စွာမြင်ဖူးခဲ့ပြန်ရာ ယခု တနင်္ဂနွေနေ့၌မူ ထိုပြကျောက်ကြီးအား လက်ဝယ်ပိုင်ပိုင်ရနိုင်လျှင် ကောင်းပေ၏ဟုတွေးကာ နံနက်စာစားပြီး ရှစ်နာရီခွဲတွင် တွင်းရှိရာ ချောင်းထဲသို့ ကိုဘဦးခြဲထဲမှဖြတ်၍ ဆင်းခဲ့ပါသည်။ငါးမိနစ်မျှလျှောက်ရုံဖြင့် တွင်းသို့ရောက်ရာ ဦးစွာ ဖွက်ထားသောတွင်း ပစ္စည်းများကို ထုတ်ရပါသည်။ ပြီးသည်နှင့် မနေ့ညနေကထိုးချထားပြီး ရေပန်းရိုက်ခဲ့ရာ ရေပန်းကို ဦးစွာဖြုတ်လိုက်ပါသည်။ ရေပန်းဖြုတ်ပြီးသည်နှင့် တွင်းထဲသို့ ငုံကြည့်လိုက်မိ၏။

ဟာ"

မောင်မြင့်သိန်းသည် မနက်လသောတွင်းထဲသို့ လျှပ်တစ်ပြက်ခုန်ဆင်းကာ ကျောက်မာရှာများကြောင့်ပေါ် နေသည့် နီလာကြီးအား အလျင်အမြန် ကောက်ယူကာ ပါးစပ်ထဲပစ်ထည့်ကာငုံထားလိုက်ပါဘည်။ စိတ်ထဲတွင်မူ 'ဟားဟားဟား ဒီတစ်ခါတော့ မင်း ဘယ်ပြေးမလဲ မိရွှေသဲရာ' ဟု ကလေးကလားကြိမ်းဝါးမိလေ၏။

ပြီးသော် အပေါ် သို့ပြန်တက်လိုက်ပြီး မြက်ခင်းပြန့်လေးတစ်နေရာသို့ သွားကာ အေးအေးဆေးဆေးထိုင်ချလိုက်ပြီး ပါးစပ်ထဲမှ ကျောက်ကြီးကို ထုတ်ကာကြည့်လိုက်ပါသည်။ နေပဏ္ဏာအောက်၌ လောက်စလုံးခန့် ပုံဆောင်နီလာပတ္တမြားကြီးကား ကတ္တီပါအပြာရောင်အလားလှချင်တိုင်းလှနေပါသည်။ အပြစ်မရှိ ဂေါ်မရှိ ဗုံတိုပုံလုံးဝန်းနေပြီး ကတ္တီပါရည်ဖြစ်ရာ မောင်မြင့်သိန်းသည် ကျောက်ကြီးကိုကိုင်ကာ လက်မှားပင် တဆတ်ဆတ်တုန်လျက်ရှိသည်။

'တော်ပြီ၊ ဒီနေ့တွင်းမဆင်းတော့ဘူး။ ကျောက်ကြီးရတဲ့နေ့ဆိုတော့ တွင်းနားတခ သောင်းတယ်'

ဟု ဝမ်းမြောက်ဝမ်းသာတွေးကာ ကျောက်ကြီးအား ပါးစပ်ထဲပြန်ငုံလိုက်ပြီး ပစ္စည်းများဖွက်ကာ ရွာသို့ပြန်ခဲ့ပါသည်။ အပျော်စိတ်ကြောင့် ခြေထောက်တို့သည် မြေကြီးနှင့်ထိသည်ဟုပင်မထင်မိပေ။ကျောက်ကြီးကျောက်ကောင်းများရပါက အလုံခြုံဆုံးနေရာမှာ ပါးစပ်ထဲဖြစ်သည်။ ပါးစပ်ထဲမှ တံတွေးနှင့်ထိပြီးသော် ထိုတန်ဖိုးရှိသော တန်ဖိုးကြီးပတ္တမြားတို့သည် ပုံထွက်နိုင်ခြင်းမရှိတော့ဘဲ လက်ဝယ်ပိုင်ပိုင်ရရှိနိုင်ပြီဟု ရွှေးအစဉ်အဆက်အယူရှိခဲ့ခြင်းကြောင့် မိုးကုတ်ထုံးစံ ပါးစပ်ထဲငုံခြင်းဖြစ်သည်။

အုံဩစရာကောင်းသည်မှာ ရရှိလာသောကျောက်ကြီးကျောက်ကောင်းသည် ယခင်တနင်္ဂနွေနှစ်ပတ်စလုံးပြခဲ့သော ပြကျောက်ကြီးဖြစ်ကာ ယခု တတိယတနင်္ဂနွေနေ့၌မူ ပင်ပန်းကြီးစွာ ဘာမှမလုပ်ရပါဘဲ မျှောခွက်ထဲ ရေပန်းအောက်၌ ပေါ် ပေါ် ထင်ထင်ကြီးပြကာပေးသောကြောင့်ဖြစ်ပါသည်။ တတိယအကြိမ်၌မူ ပြကျောက်ကြီး မျက်လှည့်ပြမှာစိုး၍ ပါးစပ်ကို အသေအချာစွေကာ ပြန်ခဲ့ခြင်း ဖြစ်သည်။ သို့သော် ခြေလှမ်းသွက်သွက်ဖြင့် ထင်းခြဲထဲမှဖြတ်၍ပြန်လာသောအခါ နှယ်တစ်ခုနှင့် ခလုတ်တိုက်ပြီး အရှိန်ဖြင့်ပစ်လဲပါသည်။ ကြီးစွာသောသတိကြောင့် အောင်မလေးဟူ၍ယောင်ပြီးမတတ်မိပါ။ 'အင်း . . . ကျောက်ကြီးက ငါ့ကိုစမ်းတာနေမှာ' ဟု အတွေးဝင်လျက် အောက်ခြေသို့ သစ်ဖြင့်ကြည့်ကာသွားရပါသည်။ မတော်တဆအသံထွက်မိသော် ကျောက်ကြီးထွက်ကျသွားနိုင်သောအခြေအနေဖြစ်သည်။ ထို့ကြောင့် ပါးစပ်ထဲမှ ကျောက်ကြီးအား လျှာဖြင့်ကလိကြည့်လိုက်၏။ ကြီးမားသော ကျောက်ကြီး၏အထိအတွေ့ကို ဝမ်းမြောက်ဖွယ်ခံစားရလေ၏။ ပတ္တမြားဟူသည်မှာ စကျင်အသွင်ပြောင်းကျောက်ခဲကြီးဖြစ်ပေရာ သွားတို့နှင့်ထိသဖြင့် ဂလောက်ဂလောက်နှင့်မာကျောသောအထိအတွေ့ကို ခံစားရပါသည်။ ငါလို အလွယ်တကူ ဘယ်သူရလဲကွဟု လည်းတွေးကာ ပြုံးမိပါသည်။ အမှန်သော် ခွေးတစ်စက်မျှပင်မကျဘဲ ပြကျောက်ရဖူးသူတို့ကား ပတ္တမြားမြေတွင် မရေတွက်နိုင်အောင်ရှိကြပါသည်။ ဤသည်ကို မောင်မြင့်သိန်းမသိပါ။ သွက်လက်သောခြေလှမ်းတို့ကြောင့် ဧဏာနှင့်ပင် အိမ်သို့ရောက်လေ၏။

ဖခင်ဖြစ်သူဦးလှမောင်မှာ တွင်းသွားရန်ပြင်ဆင်နေဆဲရှိသည်။ မောင်မြင့်သိန်း ပြုံးပြုံးပြုံးပြုံးနှင့် အမောတကောပြန်လာသည်ကိုမြင်သောအခါ-

"သားဘာဖြစ်လို့လဲကွ"

ဟု မေးလေ၏။

"လာ --အဖေ၊ အိမ်ပေါ်တက်မယ်"

ဟု ပလုတ်ပလောင်းသံဖြင့်ခေါ်ကာ ပါးစပ်ကို လက်ညှိုးထိုးပြပြီး အိမ်ပေါ် ပြေးတက်သွားလေ၏။ ရသောမျက်နှာ၊ ပလုတ်ပလောင်သံ၊ ပါးစပ်ကို လက်ညှိုးထိုးပြခြင်းတို့မှသော သင်္ကေတတို့ကြောင့် သူဘားကျောက်ကြီးရလာ

www.burmeseclassic.com

www.burmeseclassic.com

သည်ကို အတပ်သိကာ တွင်းလွယ်အိတ်ကို ဝါးလုံးတန်းတွင်ချိတ်ခဲ့ပြီး အိမ်ပေါ် တက်လိုက်ခဲ့ပါသည်။

မောင်မြင့်သိန်းသည် ထာကိုဆွဲယူကာ ကျောက်ကြီးအား ထာထဲထွေးထည့်ပြီး တံထွေးတို့ကို လက်သုတ်ပဝါဖြင့်ပြောင်စင်အောင်သုတ်ကာ ကျောက်ရောင်းသည့်နေရာပြတင်းပေါက်နေပဏ္ဏာအောက်၌ချပေးလိုက်ပါသည်။

ကျောက်ကြီးကား နေပဏ္ဏာအလင်းကြောင့် ထာထဲ၌ပြာလဲ့နေကာ လှချင်တိုင်းလှနေပါတော့သည်။

"အင်း - ကျောက်က ပုံတိုကြက်ဆူးကြီးပဲကွ။ တစ်ဗလီလောက်တော့ရှိမယ်ထင်တယ်။ အဖေတစ်သက်မှာဒါမျိုး ကျောက်မြင်တောင်မမြင်ဖူးပါဘူးကွာ။ အဖေမြင်ဖူးတဲ့ပြကျောက်တွေက အနီတွေကွ။ အပြာမဟုတ်ဘူး။ လာကွာ-အစ်ကိုကြီးအိမ်မှာ ချိန်ခွင်ရှိတယ်။ သွားချိန်ကြည့်ရအောင် ဒါမှ အလေးချိန်သိမှာ"

ဟုပြောကာ မြောက်ဘက်တွင်းတွင်ကပ်လျက်ရှိသော အစ်ကိုကြီးဖြစ်သူဦးကန်၏အိမ်သို့လာကာ ဦးကန်အားပြလျက်ချိန်ကြည့်ရာ တစ်ဗလီခွဲပင် နည်းနည်းကျော်နေသည်ကိုတွေ့ရလေ၏။

"လှမောင် မင်းရဲ့ကံမစွမ်းပေမယ့် မင်းရဲ့သားကံကစွမ်းတော့ကာ တော်သေးတာပေါ့ကွာ။ ကျောက်ကတော့ ချောင်းကျောက်ပီပီသသပဲဟေ့။ အရည်အရွယ်၊ အသား၊ ပုံစံ ဘာဆိုဘာမှပြောစရာမရှိအောင် ခြောက်ပစ်ကင်းသဲလဲစင်ကျောက်ပဲကွ။ အရမ်းမရောင်းနဲ့ ဒါမျိုးက ရတောင့်ရခဲပဲ"

ဟု ဝမ်းမြောက်ဝမ်းသာဆိုရှာပါသည်။ ကျောက်ကလည်း မြင်ရသူ မုဒိတာပွားလောက်အောင်ပင် လှနိုင်လွန်းလေ၏။ (တစ်ဗလီ (၆၄) ရတီဖြစ်သည်။ ထိုတစ်ဗလီသည် တစ်ကျပ်သားဖြစ်သည်။)

■ **ပြကျောက်ဖူးစာ**

"အဟီးဟီးဟီး မေခိုင်"

"ဘာလဲ၊ နင့်ဟာက တဟီးဟီးနဲ့ ပြောတောင်မပြောရသေးဘူးရယ်နေတာ၊ မျက်နှာက ပြောင်စပ်စပ်နဲ့"

"နင်ကလည်ဟာ ဒေါ်ချည်းပဲ။ ငါနင့်ကို ဝမ်းသာစရာပြောမလို့ဟ"

"ပြောလေ"

"နင် ငါ့ကိုချစ်တယ်လို့ပြောတော့"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ နင် ငါ့ကိုကတိပေးထားတယ်လေ"

"ဘာကတိလဲ"

"ငါ ကျောက်ကြီးရပြီးရင် ချစ်တယ်ဆိုတဲ့အဖြေပေးမယ်ဆို၊ ကဲ- ပေးတော့ဟာ ငါကြားချင်လှပြီ"

"ဒါဆို ကျောက်ကြီးရပြီးပြီပေါ့"

"အင်းလေ- မနေ့ကရတာ။ ငါ့ကို နှစ်ခါပြထားတဲ့ပြကျောက်က ဆေးတောင်မဆေးရဘူးဟ။ မျှောခွက်ထဲ ဒီအတိုင်းကြီးပေါ် နေတာ၊ ကောက်ပြီးပြန်လာလိုက်ရုံပဲ။ အဲဒါ ဘယ်သူမှလိုက်မပြောပါနဲ့ဟာ။ နင်က ငါ့ချစ်သူမို့ပြောတာပါ။ နင်လည်း ဝမ်းသာအောင်လို့ပါ"

"အေးဟာ-ဘယ်သူမှငါမပြောပါဘူး။ နင်နဲ့ငါဆိုတာက နှစ်ယောက်ပေါင်းမှတစ်ဘဝလေဟာ။ နင်လည်း ငါ့ကို သိပ်ချစ်တယ်။ ငါလည်း နင့်ကိုသိပ်ချစ်တယ်။ ဒါပေမယ့် ငါတို့နှစ်ယောက်နောက်နှစ် ဆယ်တန်းဖြေပြီးမှ အောင်သည်ဖြစ်စေ၊ မအောင်သည်ဖြစ်စေ လက်ထပ်ကြမယ် သိလား"

"အင်းပါဟာ အင်းပါ။ ဒါထက် နောက်တနင်္လာမှာ ငါတို့နှစ်ယောက် ကျောက်ပြဿဒီဘုရားတောင်က ဘုရားမှာ ဒီဘဝကနေပြီး ဘဝအဆက်ဆက် မခွဲမခွာအတူနေရစေကြောင်း ဆုမွန်တောင်းပြီး သစ္စာဆိုကြမယ်ဟုတ်လား"

"အင်းလေ - ကောင်းသားပဲ၊ ဒါထက် နင်က တွင်းမဆင်းတော့ဘူးလား"

"မနက်ပိုင်းဆင်းမယ်လေ၊ နေ့လယ်ကျမှသွားကြတာပေါ့ ကတိနော်"

"အင်းပါ ကတိပါ"

"ဒီနေ့ မုန့်စားကျောင်းဆင်းရင် ငါနင့်ကိုမုန့်ဝယ်ကျွေးမယ်။ ငါပိုက်ဆံပို ထုတ်လာခဲ့တယ်ဟ။ ခုဆို ငါက အိမ်မှာ ဆရာကြီးလေ"

"အင်းပါဟာ အင်းပါ။ နင်ဟာလေ နောက်တောက်တောက်နဲ့"

ကျောင်းသွားဖော်နှစ်ဦးတို့သည် ကြည်နူးစွာ ခရီးနှင်လျက်ရှိကြလေ၏။ လမ်းတစ်လျှောက်တွင်မူ ကျပ်ပြင်သို့ အလယ်တန်းနှင့်အထက်တန်းသွားတက်သောကျောင်းသားကျောင်းသူတို့သည် များပြားလှပါသည်။

■ **ရွှေလျားနေသောအချိန်များ**

ကျောက်ကြီးရောင်းချပြီးသော် ဦးလှမောင်သည် အိမ်ငယ်လေးကို ဖျက်ကာ ပျဉ်ထောင်အိမ်ကြီးပြန်ဆောက်ပါသည်။ အိမ်တက်မင်္ဂလာဘုရားအနေကဇာတင်မင်္ဂလာပြုလုပ်ကာ ဆွမ်းကပ်၍ ကျောက် ပြဿဒီကျောက်ဖျာမှလူတို့အားဖိတ်၍ကျွေးလျက် ကုသိုလ်ပြုပါသည်။

မောင်မြင့်သိန်းနှင့်မမေခိုင်တို့သည် ဆယ်တန်းဖြေရာ၌ မအောင်ကြပါ။ တောရွာများဖြစ်၍ ကျူရှင်လည်းမရှိပါ။ အသွားအပြန်အချိန်ပေါင်းပါက သုံးနာရီကျော်ကျော် နေ့စဉ်အချိန်ကုန်နေရရာ ကျူရှင်ချိန်လည်းမရှိပါ။ ပင်ကိုဉာဏ်အလွန်ကောင်းပါမှ အောင်မြင်တတ်ကြပါသည်။ သို့ကြောင့် ထားကြသောကတိအတိုင်း လက်ထပ်မင်္ဂလာဆောင်ခွဲခဲ့ကြပါသည်။

မင်္ဂလာဆောင်ပြီးသည်နှင့် မည်သူထံတွင်မှမနေဘဲ အစ်မဖြစ်သူ မမေဝင်းပေးသော ကိုဘစိုးအိမ်နောက်ရှိအိမ်သို့ ပြောင်းကာနေထိုင်ကြပါသည်။ မခိုင်က ကျောက်ကုန်သည်အလုပ်ကိုလုပ်၍ မောင်မြင့်သိန်းက တွင်းလုပ်လေ၏။ သူတို့တွင် ရှားရှားပါးပါး သားယောကျ်ားလေးတစ်ယောက်သာ မွေးဖွားသည်။ မောင်ရှိန်းသူကိုကိုဟူခေါ်၏။

မိဘများက ဘွဲ့မရသော်လည်း သားဖြစ်သူမောင်ရှိန်းသူကိုကိုမှာ ဘွဲ့ရပညာတတ်ဖြစ်ကာ နေပြည်တော်ရှိ ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခုတွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းနေလေ၏။ ထို့အခါ သားကိုလာတွေ့ရင်း မောင်မြင့်သိန်းနှင့် မမေခိုင်တို့ ကျွန်ုပ်တို့နေပြည်တော်ဒေသကို ရောက်လာပြီး ကျွန်ုပ်နှင့်တွေ့ကြ၏။ ဝမ်းသာလိုက်ရသည်မှာ ပြောစရာမရှိပေ။ ရပ်ကြောင်းရွာကြောင်းတွေ ပြောမဆုံးပေါင်ဖြစ်ရ၏။ နှစ်ပေါင်း (၃၀)တိုင်တိုင်နေထိုင်ကျောက်တူးခဲ့သော ကျောက်ဖျာကိုလွမ်းရ၏။ မောင်မြင့်သိန်းတို့သည်ပင် လေးဆယ်ကျော်ကြပေပြီ။

၂၀၁၆ ခုဠ္ဍ မောင်ရှိန်းသူကိုကိုသည် သူနှင့်အလုပ်အတူတူတွဲလုပ်ရသော ဘွဲ့ရခေတ်ပညာတတ် ရွှေဘိုသူ မခင်စသက်မွန်ဖြူနှင့် ပထမ ရွှေဘိုဦးလက်ထပ်၏။ ဒုတိယကတော့ ကုမ္ပဏီရှိရာ နေပြည်တော်၌ ပျဉ်းမနားမင်္ဂလာကန်တော်ခန်းမတွင် လက်ထပ်သည်။ တတိယ မိုးကုတ်၌ လက်ထပ်ကာ မင်္ဂလာကို သုံးကြိမ်တိုင်တိုင် ခမ်းနားစွာကျင်းပခဲ့ပါသည်။ ပျဉ်းမနားမင်္ဂလာကန်တော်ခန်းမ၌လက်ထပ်စဉ် ကျွန်ုပ်မှအလှတ်တရ ဗီဒီယိုဓာတ်ပုံများရိုက်ကူးယူထားပါသည်။ ဤသည်မှာ ဆက်နွယ်ရုံတင်ပြလိုက်ခြင်း ဖြစ်ပေ၏။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး

www.burmeseclassic.com

www.burmeseclassic.com

မောင်လှိုင်ထွေး (ဥပဒေ)

ညောင်ဦးစေရဟန်းနှင့် ကျောက်သူရပ်

သက္ကရာဇ် ၂၉၃၃ တွင် ညောင်ဦးစေရဟန်း မင်းဖြစ်တော်မူ၏။ မင်းရိုးမင်းနွယ်မဟုတ်။ သိန်းခိုမင်း၏မိဖုရားနှင့် မြင်းခံတို့ပူးပေါင်းကြံစည်၍ တင်မြောက်ရာမှ ထီးနန်းရရှိခြင်း ဖြစ်၏။

စလေငခွေးမင်း၏ သားတော် သိန်းခိုမင်းမြင်းစီး၍ တောကစားသွားရာ ဆာလောင်မွတ်သိပ်သည်ဖြစ်၍ တောင်သူကြီးသခွားယာတွင် ဝင်ရောက်ဆွတ်စား၏။ ယာရှင်တောင်သူကြီးမြင်လေသော် -

"မတိုင်မကြား ဆွတ်၍စားသည်။ စားရာ သလော"

ဟုဆို၍ တူးရွင်းရိုးနှင့်ပုတ်ခတ်ရာ အနိစ္စရောက်တော်မူ၏။

သိန်းခိုမင်း၏ မြင်းခံလည်း နောက်မှမီလာ၍ -

"ဟယ်-တောင်သူကြီး၊ ငါတို့အရှင်ကို အဘယ့်ကြောင့်ပုတ်ခတ်ဘိသနည်း"

ဟုဆို၏။

တောင်သူကြီးလည်း -

"နှင့်အရှင်သည် ငါ့သခွားသီးကို မတိုင်မကြားဆွတ်၍စားသည်။ မပုတ်ဘိတုံကား"

ဟုဆို၏။

မြင်းခံက -



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် - တောင်သူကြီး၊ မင်းကို သတ်သော့သူသည် မင်းပြုမြဲဖြစ်၏"

ဟု လှည့်ပတ်စကားဆို၏။

တောင်သူကြီးလည်း -

"ငါမင်းမမူဘူး၊ သည်နှစ်သည် ငါ့တောင်ယာတွင် ငါသခွားသီးသည် ခွေးငယ်နို့စို့သကဲ့သို့ သီးသည်တမင့်"

ဟု ဆို၏။

ထိုအခါ မြင်းခံက -

"ဟယ်-တောင်သူကြီး နင့်သခွားသီးကိုလည်း နင်ပိုင်ရမည်၊ မင်းစည်စိမ်ကိုလည်း နင်ခံစားရမည်။ မင်းစည်းစိမ်ချမ်းသာဟူသည်ကား အလွန်လျင်ကြီး၏။ အဝတ်ကောင်း၊ အစားကောင်း ရွှေငွေ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ဆန်စပါးများလှစွာ၏"

ဟု ဆို၏။

တောင်သူကြီးလည်း မြင်းခံစကားကိုယုံကြည်၍ နေပြည်တော်သို့လိုက်ခဲ့၏။ ရောက်လျှင် မြင်းခံလည်း သူမသိအောင် တောင်သူကြီးကို နန်းတွင်းသို့ဆောင်ယူ၍ မိဖုရားကို အကြောင်းစုံလျှောက်၏။ မိဖုရားလည်း ပညာရှိလှပေသည်ဟု ချီးကျူး၏။ မြင်းခံသည်ကား မင်းကြီးကို ရိုက်သတ်သောသူမပါဘဲ မင်းကြီး၏ အဝတ်အစားနှင့် မြင်းကို ဆောင်ယူ၍ပြန်ချေသော် မိဖုရားနှင့် အမတ်ပြည်သူတို့က မင်းကြီးကို မြင်းခံသတ်၍ သေသည်ဆိုလတ္တံ့၊ ရိုက်သတ်သောသူပါရှိသော် သက်သေဖြစ်တော့သည်ဟူ၍ တောင်သူကြီးကို လှည့်ပတ်ခေါ်ဆောင်လာခြင်း ဖြစ်၏။

မိဖုရားလည်း မင်းမရှိသည်ကို မှူမတ်ဗိုလ်ပါပြည်သူတို့ ကြားသိသော် အနှောင့်အယှက်များလတ္တံ့မည်ကို စိုးရိမ်တော်မူ၍ 'အတွင်းလူတို့အပြင်မထွက်ရ အပြင်လူတို့ အတွင်းမဝင်ရ၊ မင်းကြီးကိုယ်တော်မလုံ' ဟု ဆိုးတားလေ၏။ တောင်သူကြီးကိုလည်း မင်းမှုရေးရာတို့ကို သွန်သင်၍ ရေပူရေချမ်းချိုးစေပြီး လျှင် ကြေးညှင်းကသဲနယ်စေသည်။ ကသဲ ဟူသည် ရေချိုးသောအခါ ကြေးတွန်းရသောအမှုန့်တစ်မျိုး၊ လိမ်းသပ်ဖွယ်အမှုန့်တစ်မျိုးဖြစ်၏။

ထိုစဉ် တစ်ယောက်သောမိဖုရားငယ်သည် တောင်သူကြီးကို မရိုမသေပြု၏။ မိဖုရားခေါင်ကြီးမြင်သော် 'ဤကျွန်မကို အဘယ်သူထောင်းပါအံ့နည်း' ဟုဆိုရာ တံခါးဝယ်ထားသော ကျောက်သူရဲပြေးဝင်၍ထောင်း၏။ သေချေ၏။ ထိုကို မြင်သူတို့သည် အသားဆတ်ဆတ်တုန်မျှ ကြောက်ရွံ့ကြ၏။

မိဖုရားလည်း ခုနှစ်ရက်မစေ့ခင် တစ်နေ့ -

"မင်းကြီးနက်ဖြန်ထွက်တော်မူအံ့သည်။ အမှူးအမတ် ကလန့်သံပျင် တစ်ယောက်မျှမကြွင်းဝင်လှည့်ကုန်"

ဟု မောင်းကြေးနင်းလည်စေ၏။ ဝိုးသောက်ပြီးသော် မှူးမတ်ဗိုလ်ပါအပေါင်းတို့ နန်းတော်သို့တက်ကြ၏။ ရုံးမိလျှင် ဥကသ်တံခါးကိုရုတ်ခြည်းဖွင့်၏။ မှူးမတ်ဗိုလ်ပါတို့လည်း လက်အုပ်ချီ၍ ဦးတိုက်ကြ၏။

ထိုသို့ ဦးတိုက်ကြသည်တွင် အမတ်တစ်ယောက်သည် -

"ငါတို့သခင်မဟုတ်တကား။ ရှင့် မိဖုရားလည်း ငါတို့ကို မတိုင်ပင်'

ဟုဆို၏။

ထိုအမတ်ကို တံခါးဝယ်ထားသော ကျောက်သူရဲပြေးဝင်၍ထောင်းပြန်၏။ သေချေ၏။ မြင်သူအမှူးအမတ်ကလန်သံပျင်အားလုံး အသံစားလတ္တံ့သို့ ကြောက်ရွံ့ကြ၏။

တောင်သူကြီးလည်း မင်းဖြစ်လျှင် ဘုန်းတန်ခိုးအာနုဘော်ကြီး၏။ မိမိသခွားယာအရပ်၌ ဥယျာဉ်ကြီးသာယာစွာပြုပြီးသော် နဂါးရုပ်ကြီးစွာထုလုပ်ထား၏။ ထိုသို့ပြုလုပ်သည်မှာ နဂါးသည် လူတို့ထက်မြက်သည်။ တန်ခိုးလည်းကြီးသည်။ ကိုးကွယ်ရသော် အကျိုးကြီးမည်ဟူသောအယူဖြင့် ပြုလုပ်ခြင်း ဖြစ်၏။ မြန်မာ့သမိုင်းတွင် နဂါးရုပ်တုကိုအဦးအစထုလုပ် ကိုးကွယ်သည့် မင်းသည်ကား တောင်သူကြီးညောင်ဦးစောရဟန်းဖြစ်သည်ဟုယူသော် ရအံ့ရှိ၏။

ထိုမှတစ်ပါးလည်း ရသေ့ပြည်သထုံပြည်တို့တွင် စည်းခုံပုံထိုးရှိသည်ကို အကြောင်းပြု၍ အယူမှားသော ရှင်အရည်းကြီးတို့နှင့် တိုင်ပင်၍ ပုထိုးကြီး၊ ပုထိုးဝယ်၊ ပုထိုးသားများ၊ သင်လည်ပုထိုး၊ စိတ်တည်ပုထိုး၊ ထိုပုထိုးငါးလုံးကိုတည်၏။ ထိုပုထိုးတို့တွင် ဘုရားမည်နတ်မမည်သော ရုပ်တုများကို ထုလုပ်၍ နံနက်၊ ည ထမင်းဟင်းသေစာတင်၍ ကိုးကွယ်၏။ အမျိုးအမည်မသိနိုင်သော ရုပ်တုတို့ကိုထုလုပ်၍ နံနက်၊ ည ထမင်းဟင်းသေစာတင်၍ ကိုးကွယ်သောမင်းသည်လည်း မြန်မာမင်းများထဲတွင် ထိုမင်းတစ်ပါးသာရှိ၏။ ထိုအကြောင်းကြောင့်လည်း ထိုမင်းကို နတ်တော်ကျောင်းဒကာမင်းချမ်းသာဟူ၍တွင်၏။

တိုင်းသူပြည်သားတို့လည်း မင်းယူသည့်အယူများကိုယူ၍ မင်းကိုးကွယ်သည့်ကိုးကွယ်များကို ကိုးကွယ်ကြ၏။ ထိုအချိန်က မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်သူ အနည်းအကျဉ်းရှိဟန်ရှိသော်လည်း ပိဋကတ်တော်မရှိ။ သမထီးအရည်းကြီးတို့အယူကိုသာအယူများ၏။ သမထီးအရည်းကြီးတို့သည် မင်းနှင့်ပေါင်း၍ တန်ခိုးကြီးအောင်ပြု၏။ ၎င်းတို့၏အယူဝါဒနောက်လိုက်သူတို့များအောင်ပြု၏။ ပြည်သူအများလည်း မင်းနှင့်မဆန့်ကျင်ရဲ၍ မင်းပြုသည့်အတိုင်း အများအယူငင်တို့ကို ပြုလုပ်ကြ၏။

ညောင်ဦးစောရဟန်းမင်းကံဇာတာမှေးမိုန်၍ ပျက်စီးရန် နီးကပ်လာသောအခါ တိုင်းပြည်တွင် မင်းလောင်းပေါ်မည်ဟုကျော်စော၏။ မည်သည့်နေ့တွင်မည်သည့်အရပ်မှ ရောက်လာမည်ဟုကျော်စော၏။ ပြည်သူတို့လည်း မင်းလောင်းကိုမျှော်ကြ၏။ မင်းလောင်းလာမည်ဆိုသောနေ့ရက်သို့ရောက်သော် လူအများသည် တူရွင်းတောင်သို့သွား၍ မင်းလောင်းကိုကြိုကြ၏။ အုတ်အုတ်ကျက်ကျက်ရှိ၏။

ထိုနေ့မတိုင်မီ တစ်ရက်တွင် ကွမ်းဆော်လူငယ်တစ်ယောက်သည် မင်းလောင်းကိုကြည့်လို၍ မိခင်ကို -

"မိခင်၊ စားမြိန်စာကို စောစောထုပ်ပါ"

ဟု ဆို၏။

မိခင်လည်း သားဆိုတိုင်းပြု၏။ လုလင်လည်း စားမြိန်စာထုပ်ကိုယူ၍ ညဉ့်ကပင်လျှင်သွားလေ၏။ သူ၏အလုပ်သည် လက်ထုပ်တွင် ကွမ်းဆော်ရသောအလုပ်ဖြစ်၏။ လက်ထုပ်ရောက်လျှင် ကွမ်းကိုအပြင်းဆော်၍ မင်းလောင်းကိုကြည့်အံ့ဟု အလျင်လာခဲ့၏။

ထိုစဉ် သူအိုတစ်ယောက်သည် မြင်းကိုစီးလာပြီး မြင်းထက်ကပင် ကွမ်းဆော်ကို -

"လုလင်၊ ငါစီးလာသောမြင်းကို ပုဂံပြည်သို့ယူနှင့်ပါလေ။ ငါမူကား သည်တွင်အခွင့်ရှိပါသည်"

ဟု ဆို၏။

ကွမ်းဆော်လည်း -

"မင်းလောင်းကို ငါကြည့်အံ့အောင် သွားပါမည်။ အဘိုးမြင်းကို ငါမဆောင်နိုင်"

ဟုဆို၏။

သူအိုကြွေးရွှင်လည်း -

"လုလင်၊ ခြေလျင်သွားသော ထက် မြင်းနှင့်သွားသော် ခရီးမလျင်ပါ

www.burmeseclassic.com

www.burmeseclassic.com

မောင်ညီစု (ဝန်းသို့)
အရိုးစားခုနှာပျောက်ဆေး

စာရေးသူမိတ်ဆွေ ကိုအုန်းမောင်သည် နယ်လှည့်ပြီး ရွှေရှာနေသည့် အတွက် ရွှေအပြင် နယ်မြေအသီးသီး၏ ဗဟုသုတမျိုးစုံကိုလည်းရရှိခဲ့သည်။

တစ်ရက်မှာ စာရေးသူနှင့်တွေ့ကြုံခိုက် ၎င်းသည် ပင်လည်ဘူးမြို့နယ် သဘော်စာရွာတွင် လူတစ်ယောက် ခြေထောက်တွင် ခြေဖမိုးကစပြီးပြတ်နေသည်ကိုတွေ့သဖြင့် မေးမြန်းကြည့်ရာ ထိုသူသည် အရိုးစားခုနှာဖြစ်သဖြင့် မားနှင့်ခုတ်ဖြတ်ထားကြောင်း သိရသည်။ သို့သော် ယခု ထိုအရိုးစားခုနှာသည် ပျောက်ကင်းသွားပြီဖြစ်ကြောင်း သိရသည်။

ဖြစ်ပျက်ပုံမှာ ထိုသူသည် ခြေတွင်စပြီးအရိုးစားခုနှာဖြစ်ခဲ့သည်။ ဖြစ်စတွင် ယားပြီးနာသဖြင့် ဆေးရုံကိုပြကြည့်ရာ မန္တလေးသို့လွှတ်ပါသည်။ မန္တလေးသို့သွား၍ ဆေးရုံကြီးတွင်ပြကြည့်ပြန်ရာ ပေါင်မှဖြတ်ရမည်ဟု ပြောခဲ့သဖြင့် မဖြတ်နိုင်၍ ရွာသို့ပြန်ခဲ့သည်။ ရွာကိုပြန်ရောက်သောအခါ ယားလည်းယား၊ နာလည်းနာသဖြင့် မခံနိုင်လို့ မားနှင့် ခြေမဖိုးက ခုတ်ဖြတ်ပစ်လိုက်သည်။ ထိုသို့ ခုတ်ဖြတ်လိုက်သော်လည်း ဆက်လက်၍ ယားနာနေပြန်သဖြင့် ဝေဒနာကို အလူးအလဲခံစားနေရပါသည်။

ထိုစဉ် ယခုကဲ့သို့ဖြစ်ဖူးသော လူနှင့်တွေ့ပြီး ၎င်းပြောပြသည့်ဆေးနည်းအတိုင်း ကုသကြည့်ရာ အရိုးစားခုနှာကြောင့်ဖြစ်နေသော ယားနာခြင်း ဝေဒနာသည် ပျောက်ကင်းသွားပါတော့သည်။

၎င်းဆေးနည်းမှာ -

ကန်စွန်းရွက်အနှစ်နှင့် ဆွမ်းတော်တင်သောထမင်း ဆတူရောကြိတ်ပါ။ ၎င်းနှစ်မျိုးရောကြိတ်၍ရလာသောဆေးကို အရိုးစားခုနှာဖြစ်နေသောနေရာတွင် အုံပေးပါက ခံစားရသောဝေဒနာမှ ပျောက်ကင်းသွားပါမည်။

မောင်ညီစု (ဝန်းသို့)

ကြောင်ဖြူအရပ်တွင်နေသည့် သားကို ဖွားခြင်း

လော။ သည်မြင်းကိုလည်း စီးလေ။ သည်ပတ္တမြားဦးသွောင်၊ ကျင်၊ သည်ပတ္တမြားလက်စွပ်တို့ကိုလည်း ဆင်ဝတ်လေ။ သည်လှံသည်ဓားကိုလည်း စွဲကိုင်လေ။ ငါကြွလျှင် သည်မြင်းကိုစီး၍မင်းရင်ပြင်သို့အရောက်သွားလေတော့"

ဟု ဆို၏။

ကွမ်းဆော်လည်း ကောင်းပါပြီဝန်ခံ၍ သူအိုမြင်းရှင်ဆိုတိုင်းပြုလေ၏။ မင်းလောင်းလာသည်ကိုကြည့်မိအောင်ဟု မြင်းကို အပြင်းနှင်၏။ အမှူးအမတ်သံပျင်တို့နှင့် ပြည်သူအပေါင်းလည်း အရောင်အဝါတောက်ပစွာသောအဆင်တန်ဆာတို့ကိုဆင်၍ မြင်းစီးလာသော ကွမ်းဆော်ကိုမြင်လျှင် တက်သစ်သော နေလုလင်အထင်နှင့် ဦးတိုက်ကြ၏။

ထိုအခါတွင်မှ ကွမ်းဆော်လည်း မင်းလောင်းသည် ငါကိုယ်တိုင်ပင် ဖြစ်ချေသည်ဟုသိရှိ၏။

ထိုသူသည် အခြားသူမဟုတ်။ တန်နက်မင်း၏ သားတော်တည်း။ ထိုမင်းကို စလေငွေး လုပ်ကြံ၍ မင်းပြုသောအခါ တန်နက်မင်း၏ မိဖုရားတစ်ယောက်သည် ငခွေးမိဖုရားပြုမခံလို ဆို၍ ဝမ်းတွင်ပဋိသန္ဓေနှင့် နန်းကဆင်းပြေး၏။ ကြောင်ဖြူအရပ်တွင်နေသည်၌ သားကိုဖွား၏။ ထိုသားငယ်သောအခါ သူငယ်ဘော်များနှင့်ကစားလေသော်-

"ဟယ်. . . အဘမဲ့သား"

ဟု ဆဲရေး၏။

အိမ်သို့ရောက်သော် မိခင်အား -

"မိခင်၊ ထိုရွာသူသားငယ်တို့ အဘမဲ့သားဆဲရေးသည်"

ဟူ၍ ပြော၏။

မိခင်လည်း -

"သားမွန်၊ သင်၏အဘကား လူမည်ကာမဟုတ်။ ဤပြည်ကို အစိုးရသောမင်းတည်း။ သင်၏အဘကို သူလုပ်ကြံ၍ စည်းစိမ်ကိုလုလေသည်။ သူမယားပြုလတ္တံ့သည်ကို စိုးရိမ်သဖြင့် အမောင်ကို ဝမ်းတွင်းလွယ်၍ ရှောင်ပုန်းရာမှ မွေးမြင်သည်"

ဟု ဆို၏။

ထိုစကားကိုကြားလတ်လေသော် ခမည်းတော်အရာကို ငါရစေသောဟူ၍ သစ္စာဓိဋ္ဌာန်ပြုလျက် မင်းထံခစား၏။ မင်းကြီးလည်း လက်ထုပ်ကို ကွမ်းဆော်ထည့်တော်မူ၏။ အချို့ရာဇဝင်တို့တွင် တောင်ဘက်မြောင်းလှကွမ်းကိုဆော်သည်ဟုဆို၏။

မြင်းရှင်သူအိုသည် သိကြားမင်းတည်း။

ကွမ်းဆော်ကြောင်ဖြူမင်းအား သိကြားမင်းပေးသောဓားသည် သီလဝံသဓားတည်း။ လှံသည် အရိန္ဓမာလုံတည်း။

ကွမ်းဆော်ကြောင်ဖြူမင်းလည်း သိကြားပေးသောမြင်းကိုစီး၊ သိကြားပေးသော ပတ္တမြားဦးသွောင်ကျင်၊ ပတ္တမြားလက်စွပ်တို့ကိုဝတ်ဆင်၍ သိကြားမင်းပေးသော သီလဝံသဓားနှင့် အရိန္ဓမာလုံတို့ကိုစွဲလျက် နန်းတွင်တိုင်အောင်ဝင်၏။

စောရဟန်းလည်း -

"ငါရှိလျက်ကို ဘယ်သူဝံ့အံ့နည်း"

ဟု နန်းဦးကရပ်၍ဆို့နှင့်၏။

ထိုအခါ တံခါးဝယ်ထားသော ကျောက်သူရဝပ်ပြေးဝင်၍ တွန်းချ၏။

စောရဟန်းလည်း နန်းဦးကဦးစောက်ကျလျှင် အနိစ္စရောက်၏။ တောင်သူကြီးမင်းဖြစ်သည့် အဦးအစဘုန်းရှိန်၊ အာဏာရှိန်တက်ခိုန်တွင် မိမိကို မရှိသေစကားဆိုသော မိဖုရားငယ်နှင့် အမတ်တစ်ယောက်ကိုထောင်းသတ်သော ကျောက်သူရဝပ်သည် မိမိဘုန်းရှိန်၊ အာဏာရှိန်ကျသောအခါ မိမိကို နန်းဦးက တွန်းချသဖြင့် အနိစ္စရောက်ရ၏။

တောင်သူကြီးညောင်ဦးစောရဟန်းမင်းသည် အိမ်နိမ့် (၄၅) နှစ်၊ စည်းစိမ် (၃၃) နှစ်၊ သက်တော် (၇၈) နှစ်သော် အနိစ္စရောက်တော်မူ၏။ ရောက်လို့သော် တစ်ရာသီတည်း ငြိုပ်ရှုစ်လုံးစုစ်။ နှစ်းတော်ထက်တွင် ဘီလူးကိုယ်ထည်ပြ၏။

မောင်လှိုင်ထွန်း(ဥပဒေ)

www.burmeseclassic.com

www.burmeseclassic.com



အဏ္ဏဝါလှိုင်း မိုးသံမိုးနှင့်ဦးဝင်းမောင်

(ယခင်လမှအဆက်)

တပ်မတော်မှ တပ်ရင်းမှူး အပါအဝင် (၁၉) ဦး ကျဆုံး၏။ စစ်ကြောင်း (၂) မှ ဗိုလ်မှူးအဖွဲ့ လေယာဉ်ကွင်းဘက် သို့ဆုတ်ခွာခဲ့ပြီး တပ်ရင်းမှူး၏ 'အိုင်အို' ဗိုလ်ကြီးစိုးဝင်းမှာ လေယာဉ်ကွင်းသို့ ရောက်သွား၏။ လေယာဉ်ကွင်းတစ်ခုလုံးမှာ လူသူလေးပါးကင်းဆိတ်နေ၏။ ခွေးတစ်ကောင်ကြောင်တစ်မြီးမှမရှိပါ။ လေယာဉ်ကွင်းတာဝန်ခံ ဦးအေးမောင်လည်း မိုးမိတ်မြို့ကြီးတွင် ပိတ်မိနေ၏။ ကွင်းအတွင်း ကချင်ကြီး ဦးလှမောင်တစ်ယောက်သာရှိ၏။ ကွင်းစောင့် ဦးလှမောင်သည် မိုးမိတ်မြို့ ဗကပ အောက်ကျသွားကြောင်းကို လေယာဉ်ကွင်းမှတစ်ဆင့် သတင်းပို့ချင်၏။ စစ်တပ်အကူအညီတောင်းခံချင်၏။ ထို့ကြောင့် မီးစက်ကိုနှိုးင်၏။ မီးစက်နှိုးပြီး ရေဒီယို စကားပြောစက်ကိုဖွင့်၏။

"ဟလို - မိုးမိတ်က စကားပြောနေတယ်၊ မိုးမိတ်စကားပြောနေတယ်"

ဦးလှမောင်သည် ကွင်းတာဝန်ခံမဟုတ်။ ရေဒီယိုစက်အကြောင်းနားမလည်ပါ။ သို့သော် မိမိမျက်စိအောက်တွင် လုပ်နေကျပြောနေကျမို့ စက်ကိုဖွင့်တတ်ပြောတတ်ခြင်း ဖြစ်၏။ မကြာမီ မန္တလေးကွင်းတာဝန်ခံနှင့် ဆက်မိလေသည်။

"မိုးမိတ်စကားပြောနေတယ်"

"မန္တလေးကပါ။ အခုစကားပြောနေတာ ဘယ်သူလဲ"

"လှမောင်ပါ။ မိုးမိတ်ကျသွားပြီ မိုးမိတ်ကျသွားပြီ။ ဗကပနဲ့အောက်ကျသွားပြီ"

"ဟေ့ကောင် လှမောင် အရူး၊ ဘာတွေအော်နေတာလဲ။ ကွင်းပိုင်

www.burmeseclassic.com

www.burmeseclassic.com



အေးမောင် မရှိဘူးလား"

"ဘယ်သူမှမရှိဘူး၊ မိုးမိတ်ကျသွားပြီ။ အခုငါတစ်ယောက်ပဲရှိတယ်"

"မင်းဘာတွေပြောနေတာလဲ။ စက်လည်းမကိုင်တတ်ဘဲနဲ့ စက်ကိုင်တတ်သူရှာပေးပါ"

ထိုစဉ် ဗိုလ်ကြီးစိုးဝင်းရောက်လာပြီး စကားပြောစက်ကိုကိုင်လေသည်။

"ကျွန်တော် ဗိုလ်ကြီးစိုးဝင်းပါ။ ခမရ(၁၂)ကပါ ကြားလား"

"ဟုတ်ကဲ့ - ကြားပါတယ်"

"အရေးကြီးတယ်။ တပ်မ(၉၉)နဲ့ ချိတ်ပေးပါ။ မိတ္ထီလာလေယာဉ်ကွင်းနဲ့ ချိတ်ပေးပါ"

"ခဏစောင့်"

မိတ္ထီလာလေယာဉ်ကွင်းနှင့်လှမ်းချိတ်၏။ မိတ္ထီလာလေတပ်မှတစ်ဆင့် တပ်မ(၉၉)သို့ ချက်ချင်း သတင်းပို့၏။ တပ်မမှူးကိုယ်တိုင် စက်ပေါ်တက်၍ ဗိုလ်ကြီးစိုးဝင်းနှင့်စကားပြော၏။

"ဗေဒါကမာစိုးဝင်းလား"

"ဟုတ်ကဲ့ အဘ"

"မိုးမိတ် အ-ခ-အ-န ပြော"

တပ်မမှူးအား ဗက-စိုးဝင်းမှ အသေးစိတ်သတင်းပို့လိုက်၏။ စစ်ဆင်ရေးအစီရင်ခံစာ ချက်ချင်းတင်ပြလိုက်၏။

တပ်မ (၉၉) တပ်မမှူးမှ ကက (ကြည်း) သို့ ချက်ချင်းပြန်အစီရင်ခံ၏။ စစ်ဆင်ရေးစီမံချက်ကို အရေးပေါ် ချက်ချင်းဆောင်ရွက်ကြ၏။ မကြာမီ တပ်မတော်လေတပ်မှကင်းထောက်လေယာဉ်သည် မိုးမိတ်မြို့ပေါ်သို့ ရောက်လာ၏။ ဖြစ်ပျက်သမျှ သတင်းပို့၏။ မကြာမီ ဂျက်တိုက်လေယာဉ် (၂) စီး ရောက်လာ၏။ ဂျက်လေယာဉ်နှင့် မိုးမိတ်ကွင်းမှ ဗိုလ်ကြီးစိုးဝင်းနှင့် ချိတ်ဆက်၍ ပုံးကြတိုက်ခိုက်၏။

"မိုးမိတ် တပ်ရင်းဌာနချုပ်မှာ တပ်မရှိဘူး၊ ပုံးကြလို့ရတယ်"

ခလရ(၁၂) နေရာယူထားသော တပ်ရင်းဌာနချုပ်ကို ပုံးကြလေသည်။ ဗကပမျာ်းဆုတ်ခွာရာလမ်းကြောင်းနောက်သို့ လေယာဉ်ဖြင့် ပုံးကြတိုက်ခိုက်လေတော့သည်။ မိုးမိတ်မှယူသွားသော ပြည်သူလူထု၏ကားများ မပျက်စီးအောင် နောက်ဘီးကို ပစ်ခတ်ကြလေသည်။ ကားသွားလို့မရအောင် သစ်ပင်ကြီးများကို ပုံးကြဲ၊ လမ်းပိတ်ဆို့အောင် ပြုလုပ်ကြလေသည်။ ဗကပတို့ယူလာသော ဝန်တင်လားများ၊ ဆင်များမှာ ထိခိုက်ပျက်စီးပြီး ဗကပများအကျအရှုံးများစွာဖြင့် ဆုတ်ခွာကြရလေသည်။ ညနေ(၅)နာရီတွင် မိုးမိတ်မြို့ပေါ်တွင် ဗကပများ တစ်ယောက်မှမကျန်တော့ပါ။

တပ်မ(၉၉)မှ စစ်ကူအဖွဲ့သည် မိုးမိတ်မြို့သို့ ညနေ(၅)နာရီမှ ရောက်လာကြ၏။ စစ်ကူများသည် ဗကပများ ဆုတ်ခွာရာနောက်သို့ ဆက်လက်ခြိုတက်ရာ ဗကပ နောက်ချန် အင်အား(၅၀)ခန့် ဖြင့် တိုက်ပွဲဖြစ်ပါသည်။ ည (၇) နာရီတွင် ညတိုက်ပွဲဖြစ်ပါသည်။ စစ်ကူအင်အားအလုံးအရင်းနှင့်ထိတွေ့မှုကြောင့် ဗကပများဆုတ်ခွာသွားပြီးနောက် (၁၅) မိုင်ခန့်တွင် နောက်ထပ် (၈၅)ယောက် အင်အားဖြင့် ထပ်မံတိုက်ပွဲဖြစ်ပါသည်။ ကျန်ဗကပများမှာ ဗကပဌာနချုပ်သို့ ချောမောစွာ ပြန်လည်ရောက်ကြ၏။ အောင်ပွဲများခံနေကြလေပြီ။

၁၉၇၇ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့ ညကိုရောက်ရှိလာပါပြီ။ မိမိတို့မိသားစုလည်း ထမင်းလည်းမစားရ၊ ရေလည်းမသောက်ရဘဲ တစ်ရက်လုံး စစ်ဘေးဒုက္ခကို ကိုယ်တွေ့ခံစားနေရလေသည်။ စစ်ပွဲပြီးဆုံး၍ မိမိအိမ်သို့ပြန်ပြီး ညကချက်ထားသောထမင်းသိုးဟင်းသိုးများကို မြိန်ရေရှက်ရေစားသောက်ရပါသည်။

ညသို့ရောက်သောအခါ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးကြီးအေး၀၊ အမှတ်(၉၉)တပ်မဌာနချုပ် ဗိုလ်မှူးကြီးမင်းနောင်၊ ရှေ့တန်း(၉၉) တပ်မဌာနချုပ်နည်းဗျူဟာမှူးတို့ရောက်ရှိလာကြသည်။ မှောင်မိုက်သောညတွင် စစ်ဆင်ရေးအစည်းအဝေးအရေးပေါ်

www.burmeseclassic.com

www.burmeseclassic.com

ပြလုပ်၏။ ဒဏ်ရာရသော တပ်မတော်သားများ ဆေးကုသဖို့ အရေးပေါ်လို အပ်ပါသည်။ ဆေးရုံမှ ဆရာဝန်များ၊ ဆရာမများ၊ သူနာပြုများကို ရှာဖွေကြသည်။ ချောင်းကြားမြောင်းကြားမှ ပုန်းနေရာမှ ရှာဖွေတွေ့ရှိကြ၏။ ညမှောင်နေသဖြင့် မီးလိုင်၏။ မီးစက်ဝန်ထမ်းများကိုရှာဖွေရာ မိမိနှင့်ဝန်ထမ်း(၂)ယောက်ကို ရဲဘော်များက ရှာဖွေပြီး တိုင်းမှူးထံခေါ်သွား၏။

"တိုင်းမှူးကြီး၊ အခု EPC က ဝန်ထမ်း(၃)ယောက်ခေါ်လာပါတယ်"

"အေး- ကျွပ်ရဲဘော်တွေ ဆေးကုဖို့ မီးလိုတယ်။ ခင်ဗျားတို့ မီးစက်မောင်းပေးပါ"

"မီးစက်မောင်းလို့မရနိုင်ဘူးခင်ဗျာ"

"ရေငူးပေါက်တာမလိုချင်ဘူး။ ရေပါတာပဲလိုချင်တာ။ ကျွပ်က မီးလင်းချင်တာပဲသိတယ်။ မီးလိုချင်တယ်။ ခင်ဗျားတို့ EPC က ကျွပ်ကိုကူညီပါ။ အ ခက်အခဲရှိရင်ပြောပါ"

"ဟုတ်ကဲ့၊ မီးစက်မောင်းလို့မဖြစ်ဘူးဆိုတာက ဓာတ်တိုင်တွေ၊ ဓာတ်ကြိုးတွေက လက်နက်ကြီးထိလို့ပြတ်တောက်နေပြီ။ လမ်းပေါ်မှာရော နေရာအနှံ့ပြုတ်ကျနေတာ။ ဒီအတိုင်း မီးစက်မောင်းရင် ရှော့ဖြစ်မယ်။ အရပ်သားတွေရောတပ်မတော်သားတွေ အကုန်ဓာတ်လိုက်ကုန်မယ်ခင်ဗျ"

"အေး-ဟုတ်ပေသားပဲ။ ဒါပေမယ့် မီးရအောင် ဘယ်လိုလုပ်ပေးနိုင်မလဲ"

"ကျွန်တော်တို့ ဆေးရုံမှာ ရှမ်းပြည်နယ်ဦးစီးဥက္ကဋ္ဌ ဦးထွန်းအေးလျူထားတဲ့ မီးစက်ငယ်တစ်လုံးရှိတယ်။ ဒီမီးစက်နဲ့ ဆေးရုံတစ်ခုတည်းကို မီးလင်းအောင် ဆောင်ရွက်ပေးပါမယ်ခင်ဗျ"

"အေးဗျာ- လုပ်ပေးစမ်းပါ။ ကျွန်တော်တို့ကို ကူညီပေးစမ်းပါလို့ မေတ္တာရပ်ခံတာပါ"

"ဟုတ်ကဲ့ပါ တိုင်းမှူးကြီး"

ကျွန်တော်နှင့် EPC ဝန်ထမ်းနှစ်ယောက်သည် မြို့နယ်လျှပ်စစ်ရုံးမှလာသော မီးလိုင်းအား ဖြုတ်ချလိုက်သည်။ မီးစက်မှလာသော (၂) ပင်လိမ်ကြိုးဖြင့် ဆေးရုံအား မီးပေးဖို့ ပြင်ဆင်ကြ၏။ လိုင်းရှင်း၊ မရှင်း စစ်ဆေးပြီး မီးစက်ငယ်ကို နှိုးလိုက်သောအခါတွင် လျှပ်စစ်မီးအရောင်မှာ ဆေးရုံးတစ်ခုလုံးလင်းထိန်သွားပါတော့သည်။

"EPC က အဖွဲ့တွေ ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့ ခင်ဗျ"

ကျွန်တော်တို့ EPC မှ ဝန်ထမ်းများသည် အုပ်ချုပ်ရေးအဖွဲ့များကဲ့သို့ မြို့ကိုစွန့်ခွာပြီး ထွက်ပြေးတဲ့အထဲမှာ မပါပါ။ မြို့ကို မစွန့်ခွာပါ။ သေအတူ ရှင်မကွာမြို့နှင့်တစ်သားတည်းရှိပါသည်။ တပ်မတော်မှ အကြီးအကဲများနှင့်အတူ ရှေ့တန်းစခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ စစ်ဆင်ရေးတာဝန်ကို တပ်မတော်သားများနှင့်အတူ တာဝန်ထမ်းခဲ့ပါသည်။ ကျွန်တော်တို့ ပေးသော အလင်းရောင်ဖြင့် ဒဏ်ရာရသောတပ်မတော်သားများ ခွဲစိတ်ကုသကြရလေသည်။ ကျွန်တော်တို့ပေးသော အလင်းရောင်ကြောင့် အသက်ချမ်းသာရကြသော တပ်မတော်သားများကြောင့် ပီတိဖြစ်ရပါသည်။ တပ်မတော်သားများ ဆေးကုသမှုခံယူနိုင်ကြသဖြင့် တပ်မတော်သားများနှင့်အတူ ထပ်တူခံစားရပါသည်။

ကျွန်တော်တို့ မီးစက်အဖွဲ့သည် ပြည်သူ့ဆေးရုံရှိ ရင်ခွဲရုံတွေးတွင် နေရာချထား၏။ တစ်ညလုံးမီးမောင်းပေးရ၏။ ရင်ခွဲရုံထဲတွင် တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးအလောင်းနှင့် ဗိုလ်ကြီးတစ်ဦး အလောင်းရှိ၏။ ကျန်ရဲဘော်များ၏ အလောင်းများမှာ ရင်ခွဲရုံအပြင်ဘက်တွင် တွေ့ရ၏။ ကျွန်ုပ်သည် ငယ်စဉ်က ပင် လူသေအလောင်းကောင်ကို အလွန်ကြောက်၏။ အသုဘအိမ်ကိုဘယ်တော့မှမသွားပါ။ နာရေးကိစ္စကို ဝေးဝေးကရှောင်၏။ အဘယ်ကြောင့်ဆိုသော် အသုဘအလောင်းကောင်ကို ကြောက်၍ ဖြစ်ပါသည်။ ယခုအခါ အလောင်းကောင်သည် မိမိအား ဘာမှမလုပ်နိုင်ပါ။ မိမိအသက်ကို သေအောင်သတ်နိုင်တာက လူအရှင်ကသာသတ်နိုင်သည်။ ထို့ကြောင့် ယခုအခါ အလောင်းကို မကြောက်တော့ပါ။ သေခြင်းတရားကို လက်တွေ့ကွင်းဆင်းလေ့လာစစ်ဆေးကြည့်သောအခါ ရှင်ခြင်းနှင့် သေခြင်းမှာ မျဉ်းတစ်ကြောင်းသာခြားကြောင်း ကောင်းကောင်းသဘောပေါက်ထားပါတော့သည်။

မကြာမီ မိုးမိတ်မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်သိန်း ရောက်လာသည်။ ကျွန်တော်တို့အဖွဲ့ကို တွေ့ပြီး လိုအပ်သော စက်သုံးဆီ၊ မီးကြိုး၊ မီးချောင်းခလုတ်များကိုပေး၏။ ညစာစားဖို့ စီစဉ်ပေးပါသည်။ ညလုံးပေါက် မီးစက်နှိုးပေးဖို့၊ ဝိုင်းဝန်းကူညီပေးဖို့ အကူအညီတောင်း၏။ ကျွန်တော်တို့ကလည်း အားတက်သရော ဆောင်ရွက်ပေးပါသည်။ ခွဲစိတ်ဆရာဝန်များ၊ တပ်မတော်ဆေးတပ်ဖွဲ့မှ ဆရာဝန်များဖြင့် ဒဏ်ရာရတပ်မတော်သားများကို ညလုံးပေါက် ဆေးကုသပေးကြပါသည်။ ရှေ့တန်းစခန်းအသီးသီးတွင် တပ်မတော်သားများနှင့် အတူ ညလုံးပေါက် တာဝန်ထမ်းဆောင်ခဲ့ခြင်းအပေါ် များစွာ ကျေနပ်အားရမိပါတော့သည်။

တပ်မတော်ဆက်သွယ်ရေးတာဝန်ခံအရာခံဗိုလ်ကြီးမှာ M-22 ကျည်ထိမှန်၍ ဒဏ်ရာရှိခဲ့၏။ စကားပြောနိုင်သေး၏။ ကျည်ဆန်ကိုထုတ်ပြီး အရေးပေါ်ကုသမှုပေးကြ၏။ နောက်နေ့တွင် ရဟတ်ယာဉ်ဖြင့် အရေးပေါ်ခေါ်ဆောင်သွားသော်လည်း လမ်းတွင်ဆုံးပါးခဲ့သည်။ ဆက်သွယ်ရေးစက်မှာလည်း လက်နက်ကြီးထိမှန်သဖြင့် ပျက်စီးသွား၏။ ထို့ကြောင့် ခလရ(၁၂)နှင့် ဗျူဟာတို့မှာ အဆက်အသွယ်ပြတ်တောက်သွားပါသည်။

မိုးမိတ်မြို့ကို ကယ်တင်နိုင်ခဲ့ခြင်းမှာကား မိုးမိတ်လေယာဉ်ကွင်းစောင့်ဦးလှမောင်ပင် ဖြစ်သည်။ မီးစက်ကိုနှိုးပြီး ရေဒီယိုစက်ကိုဖွင့်ပြီး တစ်ပြည်လုံးသိအောင် အော်ပြောလေသည်။ မန္တလေးလေယာဉ်ကွင်းနှင့် ဆက်သွယ်မီးပြီး တပ်မ(၉၉)နှင့် ဆက်သွယ်မိရာက စစ်လေယာဉ်ပုံများ၊ စစ်ကူများအမြန်စေလွှတ်ကယ်တင်ခဲ့လေသည်။ ဦးလှမောင်၏ကျေးဇူးကြောင့် မိတ္ထီလာမြို့ တပ်မ(၉၉)နှင့် ဆက်သွယ်နိုင်ခြင်းဖြစ်ပါသည်။ ကချင်အမျိုးသားကြီး ကွင်းစောင့် ဦးလှမောင်သည် မိုးမိတ်မြို့၏ ကယ်တင်ရှင်တစ်ပါးပင် ဖြစ်ပါတော့သည်။

၁၉၇၇ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကျော်ထင် ရောက်ရှိလာသည်။ တိုင်းမှူး၊ တပ်မမှူးတို့ ကြိုဆိုကြသည်။ ကာကွယ်ရေးဦးစီးချုပ်ကလက ဗိုလ်တဲတွင် တည်ခိုပါသည်။ ကာကွယ်ရေးဦးစီးချုပ် တွေ့လိုသူများကို တိုင်းမှူး၊ တပ်မမှူးတို့က လိုက်ရှာပြီး ခေါ်သည်။ ကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ပါတီယူနစ်မှတာဝန်ခံသူများ၎င်းတို့ထွက်ပြေးသွားသောရဟတ်ယာဉ်ထိအပြီး ခေါ်ပေးရလေသည်။ ကာကွယ်ရေးဦးစီးချုပ်က မြို့မိမြို့ဖမှာပါတီကောင်စီမှလူကြီးများနှင့် တွေ့ဆုံလေသည်။

"ခင်ဗျားပါမြို့က ဗကပ အမာခံတွေရှိတယ်။ ဗကပကို အားပေးအား

www.burmeseclassic.com

www.burmeseclassic.com

မြောက်လုပ်တဲ့သူတွေရှိတယ်။ တရုတ်နယ်ခြားမြို့တွေ ဗကပအောက် (၃) လလောက် ကျသွားတာတောင် ဒီမြို့လောက် မဆုံးရှုံးဘူး။ ခင်ဗျားတို့မြို့ ဗကပအောက် တစ်ရက်လောက်ကျသွားတာတောင် သ ိန်းပေါင်းများစွာ ဆုံးရှုံးသွားတယ်။ ခင်ဗျားတို့မြို့က တိုင်းပြည်အပေါ် သစ္စာမရှိဘူး။ ဒီလောက်ကြီးအထိဖြစ်စရာအကြောင်းမရှိဘူး။ လူအင်အားထောင်ချီပြီးခြံတက်လာတာ ဘာသတင်းမှကြားရတာ ဒါသံသယဖြစ်စရာအချက်ပဲ။ ခင်ဗျားတို့မြို့က သူပုန်အားပေးမြို့ပဲ သူပုန်မြို့ပဲ”

စသဖြင့် မကျေမနပ် ပြောကြားသွားလေသည်။ အားလုံးအပ်ကျသံကြားအောင်ငြိမ်၍ နားထောင်နေလေသည်။

ပါတီအတွင်းရေးမှူး ဒေါ်မြမြသည် အမျိုးသမီးဖြစ်သော်လည်း သတ္တိရှိ၏။ ကာကွယ်ရေးဦးစီးချုပ်စွပ်စွဲပြောဆိုတာကို မခံနိုင်ပါ။ ကာကွယ်ရေးဦးစီးချုပ်ကို ပြန်လည်ချေပပြောဆိုပါသည်။

“ဗိုလ်ချုပ်ကြီးရှင်၊ ကျွန်မတို့မြို့က သူပုန်အားပေးတဲ့သူပုန်မြို့မဟုတ်ပါဘူး။ တိုက်ပွဲမဖြစ်ခင် တစ်ရက် ကြိုတင်ပြီး ဒီသတင်းကို ကျေးရွာပြည်သူစစ်တွေက လာပို့ပါတယ်။ ကျွန်မကိုယ်တိုင် ခလရ (၁၂)က တပ်ရင်းမှူးကို လာပြောပါတယ်။ အိုင်အိုဗိုလ်ကြီးစိုးဝင်းက တပ်ရင်းမှူးကြီး အိပ်နေတယ်၊ မနက်မှ လာပြောပါဆိုပြီး ကျွန်မကို ပြန်လွှတ်ပါတယ်။ဒီသတင်းကို လက်ဦးမှုရအောင် ကျွန်မသတင်းလာပို့ပါတယ်။ အခု ဗိုလ်ကြီးစိုးဝင်းရှိပါတယ်”

“စိုးဝင်း၊ အခုပြောတာ ဟုတ်သလား”

“ဟုတ်ပါတယ် ဗိုလ်ချုပ်ကြီး ခင်ဗျား”

“အေး - သေရမှာ တပ်ရင်းမှူး မဟုတ်ဘူး၊ မင်းသေရမှာ။ ဘာမှ ရှေ့နောက်မသိ အရေးကြီးမှန်းမသိ အရေးမကြီးမှန်းမသိ၊ အမှန်၊အမှားနားမလည်ဘဲ အိုင်အိုကလုပ်ချင်သေးတယ်။ မင်းလက်ကရတဲ့ဒဏ်ရာက ရန်သူပစ်လို့ရတာ မဟုတ်ဘူး။ မင်းထွက်ပြေးလို့သံဆူးကြိုးငြိတာဖြစ်မယ်”

ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်ကြီးစိုးဝင်းအား ဆူပုတ်ပြီးမောင်းနေလေတော့သည်။ အသုံးမကျသော တာဝန်မသိသောတစ်ဦးကြောင့် တပ်မတော်သားများ သေကျေရသလို မိုးမိတ်မြို့ တစ်ခုလုံးဗကပအောက်ရောက်သွားရ၏။ အကယ်၍ တပ်ရင်းမှူးသာ ဒီသတင်းကို သိပါက အချိန်မီကာကွယ်နိုင်မည် ဖြစ်သည်။ စစ်လေယာဉ်ဖြင့် စစ်ကူများပို့နိုင်မည်။ မိုးမိတ်မြို့ကို ကာကွယ်နိုင်မည် ဖြစ်ပါသည်။ သတင်းလက်ဦးမှုရရှိပါက ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ပါသည်။ စစ်သင်္ဘောတွင်ချောင်နေသောသံချောင်းမရိုက်မိသဖြင့် စစ်သင်္ဘောတစ်စင်းလုံး နစ်မြုပ်ရသကဲ့သို့ စစ်သည်တစ်ဦး၏ တာဝန်မသိမှုကြောင့် တိုင်းပြည်တွင် အများကြီးဆုံးရှုံးရလေသည်။

ကာကွယ်ရေးဦးစီးချုပ်က မြို့နယ်ကောင်စီနှင့် ပါတီအဖွဲ့အစည်းမှဝန်ထမ်းများအား ဩဝါဒစကားပြောပြီး မိုးမိတ်မြို့ကို ပြန်လည်တံဆိပ်ကြဖို့ ပြောကြားလေသည်။ ထို့နောက် မိုးမိတ်မြို့ကို ကယ်တင်ပေးသော ကျေးဇူးရှင် မိုးမိတ်လေယာဉ်ကွင်းစောင့် ဦးလှမောင်ကို ရှာဖွေခိုင်းပါသည်။

“ဦးလှမောင်ဟာ တပ်မတော်အတွက် အလွန်ကျေးဇူးရှိတဲ့သူပဲ။ တပ်မတော်အတွက်သာမက တိုင်းပြည်အတွက်လည်း ကျေးဇူးရှိသူပဲ။ ကျေးဇူးတင်ထိုက်တဲ့သူကိုဂုဏ်ပြုရမယ်။ သူ့ကို အရပ်သားတွေထဲမှာ အမြင့်ဆုံးဖြစ်တဲ့ ‘ရဲသီဟဘွဲ့’ ပေးမယ်”

“ဟုတ်ကဲ့ ဗိုလ်ချုပ်ကြီး”

ဧပြီလ ၁၂ ရက်နေ့တွင် မြို့ပိန့်ထား သော ဗကပအလောင်း(၆၀)အား ပြန်လည်တူးဖော်၍ မော်စီတုံးတံဆိပ် (၅၅) ခု ရရှိခဲ့၏။ ကာကွယ်ရေးဦးစီးချုပ်အား မော်စီတုံးတံဆိပ်(၅၅)ခုကို အပ်နှံခဲ့၏။ အရာရှိတစ်ယောက်နှင့် တပ်မတော်သား(၂)ယောက်သည် တွင်းစောင့်ကြီးဦးလှမောင်ကို လိုက်ရာကြသည်။ ကျွန်တော့်ကို ဦးလှမောင်ကိုသိသလား။ သူ့ကိုလူကြီးကတွေ့ချင်လို့ရှာနေတယ်ဟဆိုရာ EPC က လိုင်းမင်း ဦးလှမောင်ကို ခေါ်ပေး၏။ ဒီလှမောင် မဟုတ်ပါဘူး။ လေယာဉ်ကွင်းစောင့်တဲ့လှမောင်ဟုပြောပါသည်။

“ဟုတ်ကဲ့၊ ကျွန်တော်ရှာပေးပါ့မယ်”

ကျွန်တော်သည် လှမောင်နှင့် အတော်ရင်းနှီးသူဖြစ်၏။ လှမောင်က ရိုးသားသလောက် အလွန်ကြောက်တတ်၏။ သူ့ကို အလိုရှိလို့ ရှာနေတာသိ၍ ပုန်းနေတာဖြစ်မည်၊ ကျွန်တော်သည် လှမောင်ရှိတတ်တဲ့နေရာတို့ကိုလိုက်ရှာ၏။ မကြာမီ ဂိုဒေါင်ထဲတွင်ပုန်းနေသော လှမောင်ကို တွေ့ရလေသည်။

“ကိုလှမောင်”

“ဗျာ - ကိုဝင်း”

“ခင်ဗျားကို ကာကွယ်ရေးဦးစီးချုပ်က လိုက်ရှာနေတယ်၊ သွားတွေ့လိုက်ပါ”

“ကျွန်တော်သိတယ်။ ကြောက်လို့ ဒီမှာလာပုန်းနေတာ”

“မဟုတ်သေးပါဘူး။ ခင်ဗျားကြောက်စရာမလိုပါဘူး။ လာလာ၊ ကျွန်တော်လိုက်ခဲ့မယ်”

“ခင်ဗျားပါရင် ကျွန်တော်လိုက်မယ်”

“လာပါ၊ မကြောက်ပါနဲ့”

ကိုလှမောင်သည် ကျွန်တော့်စကားကြောင့် လိုက်လာ၏။ ကျွန်တော်တို့နှစ်ယောက် ဆလကဗိုလ်တဲသို့ ရောက်သောအခါ လုံခြုံရေးအထပ်ထပ်ချထားသောစစ်သားများကို တွေ့ရလေသည်။

“ကိုဝင်း၊ ပြန်ရအောင်။ ကျုပ်မလိုက်ရဲဘူးဗျာ”

“ခင်ဗျားကလည်း ဘာကြောက်စရာရှိလို့လဲ။ ကျုပ်တို့က ရန်သူမဟုတ်တာ၊ ဘာမှမကြောက်နဲ့၊ ကျွန်တော်ပါတယ်”

“ရပ်”

ကင်းစစ်သား၏ အော်သံကြောင့် ဦးလှမောင်ကြောက်ဖူးတွေတုန်သွား၏။ မျက်နှာမှာ သွေးတွေဆုတ်နေပြီး ဖြူဖပ်ဖြူရော်ဖြစ်နေ၏။

“ကိုဝင်း၊ ဖြစ်ပါ့မလား”

“လာပါဗျာ”

“ရပ်၊ ဘာကိစ္စလဲပြော”

“ကိုလှမောင်ကို လိုက်ရှာနေတယ်လို့ ဗိုလ်ကြီးပြောတယ်။ ဒါကြောင့် လေယာဉ်ကွင်းစောင့်တဲ့ ဦးလှမောင်ကို လာပို့တာပါ”

“ဗိုလ်ကြီး၊ ဒီမှာဦးလှမောင်ရောက်လာပြီ”

“ခင်ဗျားက ဦးလှမောင်လား”

“ကျွန်တော်က ဦးလှမောင်မဟုတ်ပါဘူး၊ ဦးဝင်းမောင်ပါ။ ဦးလှမောင်က သူပါ။ ကျွန်တော်တာ အဖော်အဖြစ် လိုက်လာတာပါ”

“ဦးလှမောင်၊ ကျွန်တော်နဲ့လိုက်ခဲ့”

“ကျွန်တော်မလိုက်ရဲဘူး၊ ဦးဝင်းပါမှ လိုက်မယ်”

“လူကြီးက ဦးဝင်းကို တွေ့ချင်တာမဟုတ်ဘူး၊ ဦးလှမောင်ကိုတွေ့ချင်တာ။ ဘာမှမကြောက်နဲ့၊ ကျုပ်နဲ့အတူခဲ့”

“ဟုတ်ကဲ့”

“ဦးဝင်း၊ ခင်ဗျားက ဒီမှာစောင့်နေ”

ဦးလှမောင်သည် ဗိုလ်ကြီးတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

ခေါ်ရာနောက်သို့ လိုက်သွားသည်။ ကာကွယ်ရေးဦးစီးချုပ်တိုင်းမှူး၊ တပ်မမှူးနှင့် အခြားအရာရှိကြီးများစုဝေး၍ အစည်းအဝေးပြုလုပ်ရ၏။

"ဘယ်သူလဲ"

"ကာကွယ်ရေးဦးစီးချုပ်ကြီးတွေ့ချင်တဲ့ လေယာဉ်ကွင်းစောင့် လှမောင်ပါ"

"အားလုံးထ"

'ဗြောင်း' ဟု အသံထွက်လာပြီး ထိုင်ရာမှထကြ၏။ ခြေထောက်နှစ်ချောင်းထိရာမှထွက်လာသောအသံမှာ ညီညီညာညာတစ်သံတည်းထွက်လာ၏။

"ရဲသီဟဦးလှမောင်အား အလေးပြု"

ကာကွယ်ရေးဦးစီးချုပ်နှင့်တကွ တပ်မတော်အရာရှိကြီးများ အားလုံး ရဲသီဟ ဦးလှမောင်ကို အလေးပြုကြပါတော့သည်။ ရဲစွမ်းသတ္တိဆိုင်ရာဘွဲ့တံဆိပ်ကို အပ်နှင်းပါတော့သည်။ ဦးလှမောင်သည် သူ့ကို အလေးပြုမှန်းမသိစစ်သားများ၏ဟန်ကျကျမာန်နှင့်ညီညာမှုကိုအံ့သြပြီးငေးကြည့်နေ၏။ ထွက်ပြေးဖို့ပဲစိတ်ကရောက်နေ၏။ ခေါ်လာသောဝိုလ်ကြီးကလည်း ဦးလှမောင်ထွက်မပြေးရန် ပြေးလမ်းပိတ်ရပ်ထားပါ၏။

"သက်သာ၊ အေးစေ"

"ဦးလှမောင် ဒီကိုကြွပါ"

ဟု ကာကွယ်ရေးဦးစီးချုပ်ကခေါ်၏။ နေရာပေး၏။ မကြောက်ဖို့ပြော၏။

"ဦးလှမောင်၊ ခင်ဗျားရဲ့ ပင်ကို အသိစိတ်ဓာတ်က တပ်မတော်ကို ကယ်တင်ခဲ့တယ်။ ခင်ဗျားဆက်သွယ်ပေးလို့ အဆက်အသွယ်ရခဲ့တယ်။ ဒါတိုင်းပြည် အတွက်အကျိုးဖြစ်ခဲ့တယ်။ တပ်မတော်ကိုကယ်တင်ခဲ့လို့ ရဲစွမ်းသတ္တိဆိုင်ရာဘွဲ့ကို ခီးမြွှင့်လိုက်တယ်"

"ဟုတ်ကဲ့"

"တိုင်းမှူး၊ သူ့ကိုစောင့်ရှောက်လိုက်ပါ"

"ဟုတ်ကဲ့"

ထိုအခါန်ကစပြီး ကွင်းစောင့် ဦးလှမောင်သည် တပ်မတော်မှ လစဉ်ရိက္ခာရလေသည်။ ဆန်အိတ်၊ အမဲဆီသွတ်ဘူး၊ ကုလားပဲရိက္ခာများအပြင် လက်ငင်းငွေသား (၅၀၀) ကို ဆုချခဲ့၏။ ၎င်း၏ လစာမှာ (၈၂)ကျပ်သာ ရရှိရာမှ ငွေ(၅၀၀)ရသောအခါ လစာထက်အဆပေါင်းများစွာ ရရှိသဖြင့် ပျော်ရွှင်နေလေသည်။ ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ ၄ရက် နေ့တွင် သတင်းစာမှ ဦးလှမောင်အား ရဲသီဟဘွဲ့တံဆိပ်ခီးမြွှင့်ကြောင်းကြေညာခဲ့သည်။ မန္တလေးကွင်းတာဝန်အထက်တန်းစာရေးရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရ၏။ ဦးလှမောင်၏မိသားစုမှာ တပ်မတော်မှလည်း လစဉ်ရိက္ခာများထောက်ပံ့ပေးခဲ့လေသည်။

မိုးမိတ်မြို့တွင်ရှိကြသော ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာလူကြီးများ၊ မြို့သူမြို့သားများအားလုံး (ကျဆုံး) တပ်မတော်သားစစ်သည်တို့၏နောက်ဆုံးခရီးကိုလိုက်ပို့ကြသည်။ နှုတ်ဆက်ကြသည်။ ကောင်းရာသုဂတိသွားပါစေကြောင်း ဆုတောင်းကြသည်။ မေတ္တာပို့ကြ၏။ ပြည်သူနှင့် တပ်မတော်သည် တစ်ထပ်တည်း တစ်သားတည်းဖြစ်သွားပါတော့သည်။

စစ်ပွဲပြီးဆုံးပြီးနောက် ခလရ(၁၂) တပ်အစား ခလရ(၇)တပ်က အစားထိုးပါသည်။ မိုးမြို့တိုင်မြို့၏ လုံခြုံရေးကို တာဝန်ယူသည့်အပြင် မြို့သန့်ရှင်းရေး မြို့တော်စည်ပင်သာယာရေးကို ပြည်သူနှင့်အတူ ပြန်လည် တည်ဆောက်ကြသည်။ လက်နက်ကြီးထိမှန်၍ ပြုတ်ကျနေသော သစ်ပင်သစ်ကိုင်းများကို ဖယ်ရှား၏။ အမှိုက်များကို မီးရှို့၏။ ရေစီးရေလာကောင်းအောင်ရေမြောင်းဖောက်၏။ မြို့ကို ဆေးခြယ်၍ မည်သို့ပင်အလှဆင်ပါသော်လည်း မြို့လူထု၏ရင်ထဲတွင် စိုးရိမ်ခြင်း၊ ကြောက်လန့်ခြင်း၊ သောကပရိဒေဝများဖြင့် ပြည့်နေ၏။ စိတ်ဆင်းရဲမှုကို မဖျောက်ဖျက်နိုင်ကြပါ။ မနေ့ကကြားခဲ့သော သေနတ်သံ၊ လက်နက်ကြီးသံများ ယခုထိကြားနေရဆဲ ဖြစ်၏။ ဖိနပ်မပါမာရသွန်ပြိုင်ပွဲဝင်၍ ပထမရရှိကြသော ကောင်စီဥက္ကဋ္ဌနှင့် ပါတီယူနစ်မှ လူကြီးမင်းများက သေနတ်သံတွေစဲသွားမှ ပြန်ရောက်လာကြသည်။ ပြည်သူလူထုသည် ထိုအုပ်ချုပ်သူများကို အမြင်မကြည်ပါ။ သံယောဇဉ်တရား၊ ချစ်ခြင်းမေတ္တာတရားသည် လုပ်ယူလို့မရပါ။ ဒါကြောင့် အကြောင်းတိုက်ဆိုင်မှုငြိတွယ်တတ်သော သမုဒယသံယောဇဉ်ပင် ဖြစ်ပါသည်။

ခလရ (၇) မှ တပ်ရင်းမှူးသည် တစ်လအတွင်း မိုးမိတ်မြို့ကို ပြန်လည်ပြုပြင်ပေးကြ၏။ သန့်ရှင်းသာယာအောင် ပြည်သူနှင့်အတူ ဝိုင်းကူဆောင်ရွက်ပေးကြ၏။ ပျက်စီးသွားသောမြန်မာ့စီးပွားရေးဘဏ်ကို ပြန်လည်ထူထောင်ပြီး လိုအပ်နေသော ပြည်သူ့ဘဏ္ဍာများကို ဖြည့်တင်းပေးရပါသည်။ သမဝါယဦးစီးဌာနမှ ပစ္စည်းများ ပြန်လည် ဖြည့်တင်းပေးပြီး ပြည်သူလူထုကို စျေးနှုန်းချိသာစွာဖြင့် ချက်ချင်းရောင်းချပေးကြပါသည်။ မြို့သည် အသက်ဝင်၍ ပြန်လည်နိုးထလာပြီး ပြန်လည်လှုပ်ရှားလာပါတော့သည်။

ခလရ (၇) မှ တပ်ရင်းမှူးကြီးက ကောင်စီဥက္ကဋ္ဌအဖွဲ့နှင့်တွေ့ဆုံပြီး မိုးမိတ်မြို့သူမြို့သားများ၏ ကြောက်စိတ်ကို ကုစားချင်၏။

"ကျုပ်ကတော့ မြို့သူမြို့သားတွေရဲ့ သောကစိတ်၊ စိုးရိမ်စိတ်၊ ကြောက်စိတ်တွေကိုပြေသွားအောင် ကုစားချင်တယ်"

"ဘယ်လိုလုပ်ချင်တာလဲခင်ဗျား"

"ငိုစရာကို ရယ်စရာနဲ့ အစားထိုးရမှာပေါ့။ မန္တလေးအငြိမ့်ဌားပြီး ကပြချင်တယ်"

"ဇာတ်ပွဲအငြိမ့်အဖွဲ့ကဌားရတာလွယ်ပါတယ်။ ကျွန်တော်တို့ ရန်ပုံငွေမရှိဘူး၊ မြို့က စစ်ဒဏ်ခံထားရတာဆိုတော့ ငွေကောက်ခံဖို့ မလွယ်ဘူး"

"အခြားသက်သာတဲ့နည်းတွေရှိရင် ဆွေးနွေးပါဦး"

"ကျွန်တော်တို့မြို့မှာ ကိုယ်ပိုင်ဆိုင်းဝိုင်းရှိတယ်၊ ကျွမ်းကျင်စွာ တီးမှုတ်တက်တဲ့သူတွေရှိလည်းရှိတယ်"

"ဟေ - ဒါဆို သူတို့ကို စုစည်းပြီး ဖျော်ဖြေရင် ရတာပေါ့"

"ရတော့ရတယ် တပ်ရင်းမှူးကြီး၊ သူတို့တီးမှုတ်ရင် ဘယ်သူမှလာကြည့်မှာ မဟုတ်ဘူး"

"ဘာလို့လဲ"

"ဒီမြို့သားတွေဆိုတော့ ဘယ်သူမှ အထင်မကြီးဘူး"

"အေး - ဒါလည်း ဟုတ်တာပဲ။ ဒါဆို ငွေကြေးလည်း သက်သာအောင် မန္တလေးက မင်းသမီးတစ်ယောက်ဌားမယ်။ ဆိုင်းကတော့ မြို့ခံဆိုင်းနဲ့တီးမယ်"

"ဒါဆို ဖြစ်နိုင်ပါတယ်။ ဒီမြို့မှာ ဇာတ်ပိုးထတဲ့သူတွေ၊ ဝါသနာရှင်တွေရှိတော့ နှစ်ပါးသွား၊ မြိုင်ထ၊ အငြိမ့်အထိလုပ်နိုင်ပါတယ်"

"ဟာ - ကောင်းလိုက်တာ။ ဒါဆို ရင် လုံခြုံရေးကို ကျွန်တော်တို့ ကာဝန်ယူပါမယ်"

"မီးရရှိရေးကို EPG ကတာဝန်ယူပေးပါ"

"ဟုတ်ကဲ့"

"မင်းသမီးငှါးရမ်းရေးကို ကောင်စီဥက္ကဋ္ဌအဖွဲ့က ငွေကြေးတာဝန်ယူပေးပါ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

"မြို့မိမြို့ဖ ဦးကျော်ဝေမှ ဒီအငြိမ့် ကပြရေးမှာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူပါ"

"ဟုတ်ကဲ့"

ဘဏ္ဍာငွေရှာဖွေရေးအဖွဲ့၊ ဇာတ်စင်တည်ဆောက်ရေးအဖွဲ့၊ ဧည့်ခံကျွေးမွေးရေးအဖွဲ့၊ မီးရရှိရေး၊ လုံခြုံရေးစသဖြင့် ဆပ်ကော်မတီအသီးသီးဖွဲ့ကြ၏။ ဆပ်ကော်မတီအလိုက် စုစည်း၍ တာဝန်ခွဲဝေပေးကြ၏။ တစ်ပတ်ကြာသောအခါ ဆပ်ကော်မတီ အသီးသီး စုစည်း၍ အစည်းအဝေးထိုင်ကြသည်။ လိုအပ်တာတွေကို ညှိနှိုင်း အဖြေရှာကြ၏။ ဤသို့ဖြင့် မိုးမိတ်မြို့သူမြို့သားတွေရဲ့ အသိစိတ်တွေက အငြိမ့်ကပြရာဘက်သို့ယိမ်းသွားကြ၏။ အငြိမ့်ပွဲဖြစ်မြောက်အောင်ပိုင်းဝန်းဆောင်ရွက်ကြ၏။ ဇာတ်တိုက်ခြင်း၊ အတီးတိုက်ခြင်းတို့ကို ဆောင်ရွက်ကြလေသည်။ မိမိ၏ တပည့်များဖြစ်သော ကြက်ဖ၊ ဂုတ်ကို၊ သက်ပြင်းတို့သည် အနုပညာဝါသနာပါကြ၏။ ကြက်ဖကြီးက နဲ့မှတ်တတ်၏။ သက်ပြင်းကတော့ လူရွှင်တော်ဖြစ်၏။ ဇာတ်တိုက်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းတို့မှာ သူတို့ပါကြ၏။ ကျွန်တော်ကတော့ မီးစက်ကဝန်ထမ်းတွေဟုသာသိ၏။ ၎င်းတို့၏ အနုပညာကို မသိခဲ့ပါ။ မြို့သူမြို့သားတို့မှာလည်း သူတို့ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ရသောပွဲကြီးကို အကောင်းဆုံးဖြစ်အောင် ပုံဖော်လိုကြ၏။ အားရဝမ်းသာဖြစ်နေကြ၏။

၎င်းတို့နှင့်မကင်းရာမကင်းကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ကလည်း ပါးစပ်သတင်းပြောကြဆိုကြနှင့် ဖြစ်နေကြ၏။ များမကြာမီ မိုးမိတ်မြို့သူမြို့သားများ မျှော်လင့်တောင့်တနေသောအငြိမ့်သဘင် ကပြဖျော်ဖြေကြပါတော့သည်။ တစ်မြို့လုံး ဝက်ဝက်ကွဲအားပေးကြ၏။ စားသောက်ဆိုင်များ၊ ကလေးကစားစရာဆိုင်များ၊ ပွဲစေ့းအဖြန့်လာရောက်ရောင်းချကြ၏။ ကလေးများအပျော်စီးချားရဟတ်များကို ကလေးများအလှူအယက်စီးနေကြပါတော့သည်။ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ ကွမ်းယာဆိုင်တို့မှာလည်း လူတွေတိုးမဝေါက်တော့ပါ။ ပွဲခင်းထဲတွင် ဖျာခင်းပြီး နေရာလုနေကြသဖြင့် ကြီးကြပ်ရေးအဖွဲ့မှ ပြဿနာကို ဖြေရှင်းပေးနေရ၏။

မကြာမီ ဆိုင်ဝိုင်းမှ ပြောတီး၏။ ဧည့်ခံဆိုင်းစ၍တီး၏။ ပတ်မကြီးတီးသံ 'ထီး. . . ထီး. . . ထီး' မှာ မိုးမိတ်မြို့သားတို့ကို လှုပ်ခေါ်နေသလိုဖြစ်နေ၏။

"မေမေ ဆိုင်းတီးနေပြီ၊ သွားရအောင်"

"သားရယ်၊ အခုမှ (၇) နာရီပဲရှိသေးတာ။ ပွဲက (၉) နာရီမှထွက်မှာ"

"မေမေကလည်း နောက်ကျရင် နေရာမရဘဲဖြစ်မှာပေါ့။ အခုသွားရအောင်"

"အေးပါ သားရယ်။ ခဏစောင့်"

ည (၉) နာရီတွင် ပွဲက စတင်ဖျော်ဖြေပါတော့သည်။ မန္တလေးမှ နာမည်ကြီးမင်းသမီး ချစ်စုခင် ဖြစ်ပါသည်။ ပွဲကြီးကြပ်ရေးရဲမှူး၊ မီးသတ်တပ်ဖွဲ့မှူးလည်း ပွဲခင်းထဲလည်၍ ပွဲကိုထိန်းပေးနေလေသည်။ ကျွန်ုပ်သည် မီးစက်ကို ဆီ၊ ရေဖြည့်ပြီး ပုံမှန်မီးပေးထား၏။ ပွဲရှိ၍ မီးပျက်လို့မရပါ။ အရန်မီးစက် (၁) လုံးကိုပဲထားရ၏။ ည(၁၀)နာရီခန့်တွင် ပွဲခင်းရှိရာသို့လမ်းလျှောက်လာ၏။ လူတွေအတော်များ၏။ အငြိမ့်သဘင်ဖျော်ဖြေရာသို့ မျောပါလိုက်သွားကြ၏။ ဗကပသည် မိုးမိတ်မြို့သို့ လက်နက်ကြီးနှင့်ထုသောအခါ ကြောက်လိုက်တဲ့လူတွေ နေစရာမရှိ။ ပြေးစရာမြေမရှိ။ အသက်ပြင်းပြင်းမရှူရဲ။ ဟော-ဒီနေ့ကျတော့ ပျော်နေကြတာ။ လူတွေရဲ့အာရုံတာ မကောင်းတဲ့နေရာမှာ မွေ့လျော်ကြတာပဲ။ ပုထုဇဉ်တို့၏ ကိလေသာအာရုံကို ကျွန်တော် ကောင်းကောင်းသိလိုက်ပါသည်။

■ သံဝေဂရခြင်း

ကျွန်ုပ်သည် ပျော်ရွှင်မြူးထူးနေသော ဇာတ်စင်ပေါ်မှ ကပြဖျော်ဖြေသည့်အဖွဲ့အား လည်းကောင်း၊ ငေးမောကြည့်နေသော ပွဲကြည့်ပရိတ်သတ်အားလည်းကောင်း ပေ(၁၄၀)အကွာမှ လှမ်းမျှော်ကြည့်နေမိ၏။ သတိလက်လွတ်ပြီး စိတ်အာရုံနောက်သို့ မျောပါနေကြလေပြီ။ သူတို့အာရုံသည် မနေ့ကဖြစ်ခဲ့သော စစ်ပွဲ၏အနိဋ္ဌာရုံကို ဥပေက္ခာပြုနိုင်ကြ၏။ မေ့နေကြ၏။ ယခုလောလောဆယ် မင်းသမီး၏အက၊ ဆိုသွားသောသီချင်းသံနောက်သို့ စီးမျောလိုက်သွားကြလေပြီ။ ကျွန်ုပ်သည် သူတို့ကိုကြည့်ပြီး သတိတရား သံဝေဂတရားရနေလေပြီ။ ငါသည် သာမန်လူများ ခံစားနေသော အာရုံတရားနောက်သို့ မလိုက်ချင်ပေ။ ယခုပြနေသော အနုပညာရှင်များမှာ လူတွေအာရုံကို တစ်သက်လုံး ပျော်အောင် မဖန်တီးနိုင်ပါ။ ယခုဘဝတွင် တစ်သက်လုံးပျော်နိုင်သောအရာကား ဘယ်မှာရှိမည်နည်း။ ယခုဘဝတွင်မကနောင်ဘဝတိုင်း ဘဝတိုင်း ထာဝရပျော်နိုင်မည့်အရာကား ဘယ်မှာရှိမည်နည်း။

ထာဝရအေးချမ်းသော၊ ထာဝရငြိမ်းချမ်းသောအရာကား ဗုဒ္ဓ၏တရားသာလျှင် ဖြစ်ပေသည်။ စစ်ပွဲ၏အနိဋ္ဌာရုံကို လက်တွေ့ခံစားဖူး၏။ သေရမှာကိုကြောက်သော ပုထုဇဉ်ပီပီ မြေကြီးပေါ်တွင် ခွေးနှင့်အတူဝပ်ခဲ့ရပြီ။ မိမိရှေ့တွင် သေဆုံးသွားသော အလောင်းကောင်များကို မျက်မြင်တွေ့ကြုံခဲ့ရ၏။ ခဏအတွင်း တဖုတ်ဖုတ်နှင့် သေပွဲဝင်သွားကြ၏။ သေတင်းသေဝတ်ခါးပေါက်နားသို့ရောက်သွားမှ ငါမသေချင်သေးဘူး၊ ငါသေလို့မဖြစ်သေးဘူးဟု သတိတရားရလာ၏။

မိုးကုတ်ဆရာတော်ဘုရားက -

"သင်သည် မုချသေရမည်။ အချိန်ပိုင်းသာလိုတော့သည်။ အသေမဦးခင် ဉာဏ်ဦးအောင် အားထုတ်ရမည်"

ဟု ဆုံးမခဲ့၏။

မိုးကုတ်ဝိပဿနာတရားစခန်းပွဲများ မကြာခဏဝင်ခဲ့၏။ ထိုလက်ဆုံးမစာကို နေ့စဉ်ရွတ်ဆိုရ၏။ သဘောမပေါက်ပါ။ ဆရာတော် ဆုံးမစာသည် 'သင်စာ' ဖြစ်နေ၏။ 'ပညာ' မဖြစ်ခဲ့ပါ။ ယခုအသက်ဘေးမှ ရုန်းထွက်ရသောအခါမှ ထိုဆုံးမစာသည် 'ပညာ' ဖြစ်နေပါတော့သည်။ အသေမဦးခင် ဉာဏ်ဦးအောင် အားထုတ်မည်ဟု ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချပါတော့သည်။

မြတ်စွာဘုရားရှင်သည် ဘုရားမဖြစ်ခင် သိဒ္ဓတ္ထမင်းသားဘဝက ဖွားဖက်တော် မောင်ဆန်ကိုခေါ်၍ ဥယျာဉ်တော်သို့သွား၏။ လမ်းတွင် လူအို၊ လူနာ၊ လူသေ၊ ရဟန်း ဆိုတဲ့ နိမိတ်ကြီး (၄)ပါးကိုမြင်တော်မူ၏။

"ဟဲ့ - မောင်ဆန်"

"ဘုရား"

"ဟိုမှာမြင်ရတာဘာလဲ"

"မှန်လှပါ၊ အိုနေသောလူသားပါ ဘုရား"

"အင်း - အခုမြင်ရတာကော"

"မှန်လှပါ၊ နာနေသောလူသားပါ ဘုရား"

"အခုမြင်ရတာကော"

"မှန်လှပါ၊ သေနေသောလူသားပါ ဘုရား"

"အင်း - အခုမြင်ရတာကော"

www.burmeseclassic.com

www.burmeseclassic.com

"ဆံမုတ်ဆိတ်ကိုပယ်ပြီး သစ်ခေါက်ဆိုးသော သင်္ကန်းကိုဝတ်ပြီး တုရားကျင့်ကြံအားထုတ်နေသောရဟန်းပါ ဘုရား"

"လူသားတွေဖြစ်ပြီး ဘာလို့နာရတာလဲ ဘာလိုအိုရတာလဲ။ ဘာလို့သေရတာလဲ"

"မှန်လှပါ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားဟာ သဘာဝတရားကြီးပါဘုရား။ လူသားမှန်က မလွဲမသွေ အိုရမှာပါ ဘုရား။ နာရမှာပါဘုရား၊ သေရမှာပါဘုရား"

ဘုရားလောင်းက 'သြော် - ငါလည်း မဟာလူသားပေပဲ' ဟု စဉ်းစားတော်မူ၏။ 'ဒါဆို ငါလည်း တစ်နေ့ အိုရဦးမယ်၊ နာရဦးမယ်၊ သေရဦးမှာပဲ။ လောကခွေမှတာ သဘာဝတရားကြီးကို လွန်ဆန်လို့မရဘူးဘဲ။ သဘာဝတရားတွေထဲမှာ ရှည်တာရှိရင် တိုတာရှိတယ်။ ဝတာရှိရင် ပိန်တာရှိတယ်။ လှတာရှိရင် အရုပ်ဆိုးတာလည်းရှိတယ်။ ချမ်းသာတာရှိရင် ဆင်းရဲတာလည်းရှိတယ်။ ဒီလို ဆန့်ကျင်ဘက်တရားတရားတွေရှိနေတာပဲ။ ဒါဆိုရင် အိုတာရှိသလို မအိုတာလည်း ရှိရမယ်။ နာတာရှိသလို မနာတာလည်းရှိရမယ်။ သေတာရှိသလို မသေတာလည်းရှိရမယ်။ ဟုတ်ပြီ - ဒီမအို၊ မနာ၊ မသေတဲ့တရားက ဘယ်မှာလဲ။ ရွေနန်းတော်မှာထိုင်ပြီး မင်းစည်းစိမ်ခံစားနေလို့တော့ ဒီဆန့်ကျင်ဘက်တရားရမှာမဟုတ်ဘူး။ ရဟန်းဝတ်ပြီး တောထွက်မှ သင့်တော်တော့မည်' ဟု သံဝေဂရသွားပါတော့သည်။

သံဝေဂတရားကြောင့် ပရိစာဂါဆိုတဲ့ စွန့်လွှတ်ခြင်း (၅) ပါးကို စွန့်လွှတ်ပြီး တောထွက်၍ တရားကျင့်တော်မူသည်။ တရားကျင့်သဖြင့် လောကတွင် အမြတ်ဆုံး သမ္မာသမ္ဗုဒ္ဓဿမြတ်စွာဘုရားရယ်လို့ ပွင့်ထွန်းတော်မူလေခြင်းဖြစ်၏။ ဘုရားလောင်း၏ စိတ်ဝယ်ဖြစ်ပေါ်သော သံဝေဂတရား သံဝေဂညာဏ်သည် ဘဝကိုပြောင်းလဲစေ၏။ များစွာတုန်ခိုးရှိသည်။ ဦးဝင်းသည်လည်း သေနတ်သံ၊ ပစ်ခတ်သံများ၊ စစ်ဘေးစစ်ဒဏ်များကို ကိုယ်တိုင်ကြုံလိုက်ရသဖြင့် သံဝေဂတရားရသွားလေသည်။

'ငါသည် ပုထုဇဉ်လူသားဘဝဖြင့် သေဆုံးပါက လူဖြစ်ကျိုးနွံးလိမ့်မည်။ ခက်ခဲသောလူဘဝကိုရောက်စဉ် တန်ဖိုးရှိသောအချိန်ကို အလဟဿအဖြစ်မခံနိုင်။ အသေမဦးမီ ဆရာတော်ဘုရားကြီး၏တရားကို ထဲထဲဝင်ဝင်လိုက်စားပြီး ဒီဘဝဒီခန္ဓာနှင့် တရားရအောင် ကြိုးစားအားထုတ်ပါတော့မည်'

ဟု ပိုင့်ပိုင်နိုင်နိုင်ဆုံးဖြတ်ချက်ချမှတ်လေတော့သည်။ ထိုသို့ ဆုံးဖြတ်ချက်ချလိုက်သဖြင့် ကိုယ်စောင့်နတ်က သာဓုခေါ်၏။ သမ္မာဒေဝနတ်မြတ်နတ်ကောင်းတို့က သာဓုခေါ် ဆိုကြပါသည်။ မဟာလူသားတစ်ယောက်သံသရာဘေးမှ လွတ်ကင်းတော့မည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကြလေ၏။ ဦးဝင်း၏ဆုံးဖြတ်ချက်အဆုံးတွင် တစ်ကိုယ်လုံးတုန်လှုပ်စွာဖြစ်ပေါ်ပါသည်။ ကြက်သီးမွေးညင်းများ ထလာပါသည်။

မိုးမိတ်မြို့တွင် ဦးဝင်းမောင်ကဲ့သို့ စစ်ဘေးကြုံတွေ့ရသောဘဝလူသားများ အများအပြားရှိပါသည်။ ထိုလူသားများမှာ ကြောက်ခြင်း၊ တုန်လှုပ်ခြင်း၊ သောကပရိဒေဝမီးတို့တောက်လောင်ခြင်းတော့ဖြစ်၏။ ဦးဝင်းကဲ့သို့ သံဝေဂရခြင်းမရှိပါ။ ထို့ကြောင့် စစ်ဖြစ်စဉ်က ခံစားရသောသဘေးကို ကြောက်စိတ်၊ မိုးရိမ်စိတ်တို့ဖြစ်ပေါ်ကြသော်လည်း ယခုပွဲခင်းထဲတွင် ရယ်ကြမောကြနှင့် မေ့မေ့ပျောက်ပျောက်ဖြစ်သွားပါသည်။ သြော်. . . လူသားတွေဘဝနှင့်ရင်း၍ ချခဲ့သောသင်ခန်းစာကို အကျိုးရှိရှိ အသုံးမချတတ်ကြပါလား။ သတိတရားမရကြပါလား။ သံဝေဂတရားမရကြပါလား။ခုလို စိတ်လွတ်ကိုယ်လွတ် သတိလွတ်နေကြခြင်းသည် တောင်ပံမွေးကျွတ်နေသောငှက်ကဲ့သို့ ပျံလို့မရဒုက္ခလှလှတွေ့ရတော့မည်။ ငါသည် ပုထုဇဉ်သာမန်လူသားများကဲ့သို့ သံသရာဝဲသြဃကြီးကိုခုန်ဆင်းမျောပါသွားခြင်းကို အလိုမရှိ။ ငါသည် သေခြင်းတရားကို အောင်နိုင်သူဖြစ်ရမည်။ မအိုရာ၊ မနာရာ၊ မသေရာတရားဖြစ်သော နိဗ္ဗာန်ကို မုချအောင်ရမည်။ မျက်မှောက်ပြုရမည့်သူဖြစ်ကို ဖြစ်ရမည်။

ဦးဝင်းသည် ပွဲကြည့်ပရိသတ်များကိုကြည့်ပြီး သံဝေဂတရားများပွဲများလာပါတော့သည်။ လေးလံသောခြေလှမ်းများဖြင့် EPC ရုံးသို့ပြန်လာခဲ့ပါတော့သည်။ ငါသည်ယခုအချိန်ကစပြီး သတိတရားကို လက်ကိုင်ထားပြီး ခန္ဓာဉာဏ်ရောက် တရားအားထုတ်ပါတော့မည်ဟုဆုံးဖြတ်ချက်ချလိုက်ပါသည်။

(EPC ဝန်ထမ်း ဦးမောင်ဝင်း၏ ကိုယ့်တွေ့မှတ်တမ်းကို တစ်ဆင့် ပြန်လည် ရေးသားရပါသည်။)

■ တတိယမိုးသို့ခိုလှုံခြင်း

မိုးမိတ်မြို့မှတွေ့ကြုံရသောစစ်ဘေးအနိဋ္ဌာရုံသည် ဦးဝင်းမောင်အတွက် သံဝေဂတရားရရှိခဲ့၏။ ဝိပဿနာလှုပ်ဖို့တွန်းအားဖြစ်ပေါ်စေ၏။ ထို့ကြောင့် လူဝတ်ကြောင်နှင့် အချိန်တိုင်း မိုးကုတ်တရားကိုနာယူခြင်း၊ တရားထိုင်ခြင်းများဖြင့် ကုန်လွန်စေပါသည်။ ကမ္မဋ္ဌာန်းအစမှာ ဝင်လေ၊ထွက်လေရှုမှတ်ရပါသည်။ ဝင်လေ၊ထွက်လေရှုမှတ်ရင်းဖြင့် သမာဓိတည်ကြည်လာသောအခါ စိတ်သည် တစ်နေရာတည်း၌ တည်ကြည်စွာနေနိုင်၏။ ထိုသို့ တစ်နေရာတည်းတွင် စိတ်ကို စုစည်းပြီး တည်ငြိမ်လာသောအခါ ခန္ဓာ၏ဖြစ်စဉ်ကို ရှုမှတ်ပါသည်။ ခန္ဓာ၏ဖြစ်/ပျက်ကိုတွေ့ရှိရပါသည်။ ခန္ဓာကိုရှုမှတ်ရင်းဖြင့် ခန္ဓာ၏ ဖြစ်/ ပျက်ကိုတွေ့မြင်ရခြင်း ဖြစ်ပါသည်။ မိုးကုတ်ဆရာတော်ဘုရားကြီးက ဖြစ်/ ပျက်မြင်အောင် ရှုမှတ်ပါ။ ဖြစ်/ပျက် မှန်းအောင်ရှုပါ။ နောက်ဆုံးဖြစ်/ပျက်ဆုံးအောင် ရှုမှတ်ပါဟု ဟော်ကြားထား၏။ ဖြစ်/ပျက်ဆုံး၍ ဖြစ်/ပျက်မရှိသောအခါ မဖြစ်မပျက်သောနိဗ္ဗာန်ကို မျက်မှောက်ပြုရမည်ဟု ဟောကြားထားပါသည်။ လက်တွေ့ရှုမှတ်သောအခါ ခန္ဓာမြင်ရဖို့၊ ဖြစ်/ ပျက်မြင်ရဖို့ များစွာခက်ခဲလေသည်။ သို့သော်နေ့စဉ် ကြိုးစားပမ်းစားရှုမှတ်ပွားများသောအခါ ခန္ဓာဆိုတာ ဒါပဲဟု သိလာရ၏။ အနိစ္စ ဟူသော ဝိဇ္ဇာမာနပညတ်ကို စာသိသာသိ၏။ မိမိခန္ဓာကိုယ်၏ဖောက်ပြန်မှုသဘောကို ရှုမှတ်သဖြင့် မမြဲသောသဘောကို လက်တွေ့သိလာရ၏။ ဆင်းရဲသောသဘောကို လက်တွေ့သိလာ၏။ အစိုးမရခြင်းသဘောကို လက်တွေ့သိလာ၏။ ဤသို့ဖြင့် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့ကို ကိုယ်တွေ့သိလာရ၏။ ခန္ဓာကိုမြင်မှဖြစ်/ပျက်ကို သိပါမည်။ ဖြစ်/ပျက်မြင်မှ လက္ခဏာထင်ပါသည်။ ခန္ဓာကိုယ်ကို ရှုဖန်များလာသောအခါ ငါသဘောမဟုတ်၊ သူသဘောပဲ။ ခန္ဓာကိုယ်မှ ငါဆိုသော 'ဒိဋ္ဌိ' ကွဲထွက်လာ၏။ ငါရောသောခန္ဓာသည် အာသဝေါခန္ဓာသာဖြစ်ပါသည်။ ခန္ဓာကို ငါလုပ်နေသမျှ ဆင်းရဲနေသည်။ ကိလေသာရောနေသမျှ ဆင်းရဲခြင်းသာ ဖြစ်လေသည်။ ခန္ဓာ ငါကိုစွဲထုတ်ပြီးစွန့်လိုက်သောအခါ ငါမရောသောခန္ဓာ၊ ပရမတ္ထခန္ဓာအစစ်ကို တွေ့လိုက်ရ၏။ မိမိခန္ဓာကိုယ်တစ်ခုလုံးသည် တုန်လှုပ်သွား၏။ မျက်ရည်တွေစီးကျ

www.burmeseclassic.com

www.burmeseclassic.com

လာ၏။ ပီတိလိုင်းတို့သည် ရင်ခေါင်းထဲမှ ကြွတက်လာပြီး အပေါ်ပိုင်းဦးခေါင်းသို့ တက်လာ၏။ ဦးခေါင်းမှ အပေါ်သို့ ထွက်သွားလေသည်။ ပီတိတို့သည် အဓိဋ္ဌေသဖွယ် ခေါင်းမှတရှိန်းရှိန်းထွက်ပြီး အပေါ်သို့တက်သွားကြလေ၏။ယုံကြည်ခြင်း (၈) ပါး၊ ယုံကြည်ခြင်း (၁၆) ပါး ဟူသော 'ကခ်ီဝိသရာဏ' ဆိုတဲ့ ယုံမှားခြင်းကို ပျက်ပြယ်စေပါသည်။ တဒင်္ဂအတွင်း အေးမြခြင်း၊ ငြိမ်းချမ်းခြင်းကို ခံစားလိုက်ရသည်။

ငါဘာဖြစ်တာလဲ၊ ဒါကိုပဲ တရားရတယ်လို့ခေါ်သလား၊ ငါဘာတွေမြင်သလဲ စသဖြင့် မိမိကိုယ်ကို ပြန်ဆင်ခြင်၏။ မိမိတွေ့ကြုံခဲ့သော ခန္ဓာဖြစ်စဉ်ကို ပြန်လည်ကြည့်ရှုလိုက်၏။ မကြာမီ မိမိရောက်ခဲ့သောနေရာသို့ ပြန်လည်ရောက်ရှိပြီး ထိုငြိမ်းချမ်းခြင်းတရားကို အကြိမ်ကြိမ် ခံစားနေပါတော့သည်။

တစ်နေ့တွင် ဦးအေးမောင် ဆိုသူက ကျွန်ုပ်အား တရားထိုင်နေသည်ကို သဘောကျဖြင့် ဝမ်းသာစကားလာပြော၏။ ကျွန်ုပ်အား သစ်ပင်ကြီးတစ်ပင် အောက်သို့ခေါ်သွားပြီး တရားထူးတရားမြတ်ရချင်လျှင် ဒီသစ်ပင်အောက်မှာ ထိုင်ပါဟု တိုက်တွန်း၏။

"ဆရာ၊ ဒီသစ်ပင်အောက်မှာ တရားထိုင်ကြည့်ပါလား"

"ဘာဖြစ်လို့လဲ"

"ဆရာ့ရဲ့ သမာဓိရှိ၊ မရှိ သိရတာပေါ့။ အကယ်၍ ဆရာသမာဓိမရှိဘူးဆိုရင် တရားထိုင်လို့မရဘူး။ သမာဓိရှိမှ ဒီသစ်ပင်အောက်မှာထိုင်လို့ရတာ"

"ဒါဆို သမာဓိရှိ၊ မရှိ စာမေးပွဲစစ်တာပေါ့"

"ဟုတ်ကဲ့၊ ဆရာ စမ်းကြည့်စေချင်တယ်"

"အေးကွာ၊ မင်း စောင့်ကြည့်နေ၊ ငါတရားထိုင်မယ်"

"ဟုတ်ကဲ့"

ကျွန်ုပ်သည် ဘုရားရှိခိုး၏။ သီလခံယူပြီး ဤသစ်ပင်စောင့်နတ်၊ ရက္ခစိုး၊ ဘုက္ခစိုးနတ်တို့အား လည်းကောင်း၊ တောစောင့်နတ်၊ တောင်စောင့်နတ်တို့အားလည်းကောင်း မေတ္တာပို့၏။ မိမိခန္ဓာကို ဘုရားရှင်အား လှူဒါန်းပြီး တရားစတင်မှတ်ပါသည်။ ဝင်လေ/ထွက်လေကို ရှုမှတ်ရ၏။ တဖြည်းဖြည်း ဝင်လေ/ထွက်လေသဘောကိုတွေ့ရ၏။ ဝင်လေအစ၊ ဝင်လေအလယ်၊ ဝင်လေအဆုံးကို သိ၏။ ထွက်လေအစ၊ ထွက်လေ အလယ်၊ ထွက်လေအဆုံးကို သိ၏။ သမာဓိတည်ကြည့်လာသောအခါ အာရုံတရားများပေါ်လာ၏။ ပေါ်ရာခန္ဓာကို ရှုမှတ်လေသည်။

ထူးခြားသည်မှာ သမာဓိစွမ်းအားကြောင့် သစ်ပင်ပေါ်မှ ရုက္ခစိုးကြီး ဆင်းလာတာတွေ့ရ၏။ လူ၏ခန္ဓာကိုယ်ထက် အဆပေါင်းများစွာကြီးလွန်းသော ခန္ဓာကိုယ်ကြီးကို တွေ့ရ၏။ ဒေါသထွက်နေသောမျက်နှာမှာ အရောင်ကွေထွက်နေ၏။ မိမိသည် သူ၏ သစ်ပင်အောက်တွင် လာရောက်တရားထိုင်တာကို မနှစ်သက်ပေ။ လာရောက်တရားထိုင်သူများအား လုံးလဲခြေထောက်ကဆွဲပြီး အဝေးသို့ လွှင့်ပစ်သည်ကို မြင်ရ၏။ မြတ်စွာဘုရား သခင်ရှိစဉ်ကလည်း တောရဆောက်တည်သောရဟန်းများ တရားအားထုတ်လို့မရအောင် နှောင့်ယှက်ကြကြောင်း ရဟန်းများက ဘုရားရှင်ကိုလျှောက်ရာ ဘုရားမှမေတ္တာသုတ်ကိုပင်ပေးရကြောင်း အာရုံထဲပေါ်လာ၏။ ထို့ကြောင့် ရုက္ခစိုး၏မျက်နှာကိုကြည့်ပြီး မေတ္တာပို့ပေးပါသည်။ မိမိ၏မေတ္တာလိုင်းများသည် ရုက္ခစိုး၏ဒေါသလိုင်းတို့ကို လွှမ်းမိုးသွားလေသည်။ မကြာမီ ရုက္ခစိုးကြီးသည် ဒေါသတွေပြေပျောက်ပြီး မိမိအား ဦးညွတ်ကန်တော့နေကြောင်း တွေ့ရပါတော့သည်။ ထို့နောက်မှ မိမိရောက်ရှိခဲ့စားခဲ့သော ဘဏ်စဉ်ခရီးအသီးသီးသို့ ဖြတ်သန်းပြီး ရှုမှတ်ပါသည်။ နိဗ္ဗာန်ကို အာရုံပြု၍ ချမ်းချမ်းသာသာနေလိုက်ပါတော့သည်။

(၃) နာရီခန့်ကြာသွား၏။ ဘဏ်စဉ်စခန်းအဆင့်ဆင့်ကိုလျှောချပြီး ဘဝင်စိတ်ကိုဖြစ်ပေါ်လာ၏။ ပြီးမှ တရားထိုင်ခြင်းမှထပြီး မိမိရရှိခဲ့သော ကုသိုလ်အစုစုကို အမျှပေးဝေလိုက်ပါသည်။ ရုက္ခစိုးကြီးလည်း သာဓုခေါ်ပြီး ပျောက်သွားပါတော့သည်။

"ဆရာဝင်း၊ ဆရာဝင်း"

"ဟုတ်ကဲ့ - ပြောလေ"

"ဆရာဝင်း၊ ဘာမှမဖြစ်ဘူးနော်"

"ဘာမှမဖြစ်ပါဘူး၊ ဘာဖြစ်လို့လဲ"

"ကျွန်တော် ဆရာ့ရဲ့သမာဓိကို ခိုးကျူးမိပါတယ်။ ဆရာဟာ သာမန်လူမဟုတ်ဘူး၊ တရားကိန်းနေတဲ့သူဖြစ်ရမယ်"

"ခင်ဗျားကတော့ လုပ်တော့မယ်။ ဘာဖြစ်လို့ဒီလိုပြောရတာလဲ"

"ဒီသစ်ပင်အောက်မှာ တရားထိုင်သူမှန်သမျှ အဝေးကြီးကို လွှင့်ပစ်ခံရတယ်။ ဘယ်သူမှ တရားမထိုင်ရဲဘူး။ အခု ကိုဝင်း တရားထိုင်တာ ဘယ်တော့လွှင့်ပစ်ခံရမယ်လို့ ကျွန်တော်စိုးရိမ်နေတာ"

"ဒါက ဒီသစ်ပင်မှာရုက္ခစိုးရှိတယ်။ သူက ဒေါသကြီးတယ်။ သူသစ်ပင်အောက်မှာတရားထိုင်ရင် သူက အောက်ဆင်းပေးရတော့ သိပ်မကျေနပ်ဘူး။ ဒါကြောင့် သာမန်ပုဂ္ဂိုလ်ဆိုရင် ခြေနှစ်ချောင်းဆွဲပြီး အဝေးကြီးလွှင့်ပစ်တာ"

"ကိုဝင်းဘာလို့သိတာလဲ"

"ငါလည်း သူ့ကိုမြင်ရတာပေါ့။ ငါသူ့ကိုမေတ္တာပို့ရတယ်။ ငါ့မေတ္တာက သူဒေါသကိုနိုင်လို့ ငါတရားဆက်ထိုင်နိုင်တာပါ။ ငါပေးတဲ့အမျှလည်း သူသာမုခေါ်သွားတယ်"

"ဆရာဝင်း၊ ခဏလေး"

ဦးအေးမောင်ဆိုသူသည် ကျွန်ုပ်အား ဦးချကန်တော့လေတော့သည်။

"ဦးအေးမောင်၊ ခင်ဗျား ဒါဘာလုပ်တာလဲ။ ကိုယ့်ထက် အသက်ငယ်သူကို ဒီလိုဦးမချသင့်ဘူး။ငရဲကြီးပါ့မယ်"

"အသက်ကိုကန်တော့တာမဟုတ်ဘူး၊ ပညာကိုကန်တော့တာပေါ့။ ဆရာဝင်းဟာ အပြောနဲ့အလုပ်ညီတယ်။ ဆရာဝင်းလိုက်စားတဲ့တရားကလည်းမှန်တယ်။ ဆက်လုပ်ပါလို့ တိုက်တွန်းပါတယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုတ်ကဲ့"

■ ရေနံချောင်းသို့ပြောင်းရွှေ့ရခြင်း

ကျွန်တော်တို့မိသားစုသည် မြိမိတ်မြို့မှ ရေနံချောင်းမြို့သို့ ပြောင်းရွှေ့ရ၏။ ရေနံချောင်း EPC တွင် တာဝန်ထမ်းဆောင်စဉ် တောင်ခမောက်တောင်ဆရာတော်ဦးသုန္ဒရနှင့်ဆုံတွေ့ခဲ့ရလေသည်။ မိုးကုတ်ဆရာတော်ဘုရား၏ တပည့်သာဝကဖြစ်သဖြင့် ဆရာတော်၏မိုးကုတ်ဝိပဿနာပြန့်ပွားရေးကို ကူညီဆောင်ရွက်ပေးပါသည်။ မိုးကုတ်ရိပ်သာဖြစ်အောင်ကြိုးစားဆောင်ရွက်ကြလေသည်။ မကြာမီ တရားရိပ်သာဖွင့်လို့ရသောအခြေအနေသို့ ရောက်ရှိခဲ့၏။ ဆရာတော်က မိမိအားတရားဟောခိုင်းသဖြင့် မိမိသိသောတရားများကိုဟောကြားပေးရလေသည်။ ဆရာတော်မှ အနီးကပ်သင်ပေးသဖြင့် တရားဟောကွက်တရားပြကွက်များကို ရရှိခဲ့လေသည်။

"ဆရာတော်ဘုရား၊ တပည့်တော်ရဲ့အဖေ ဆရာတော်ရဲ့ရိပ်သာအဖွဲ့ဝင်စေချင်တယ်"

"ကောင်းတာပေါ့၊ ဒကာဝင်း၊ မိဘ

www.burmeseclassic.com

www.burmeseclassic.com

ကို တရားနဲ့ကျေးဇူးဆပ်တာ အကောင်းဆုံးပဲ"

"ကောင်းတာတော့ ဟုတ်တယ်။ တပည့်တော်အဖေက ရှင်ဥက္ကဋ္ဌတပည့်ဖြစ်နေတယ်"

"ဒကာကြီးရဲ့အဖေကို ဒီရောက် အောင်ခေါ် ခဲ့။ ဦးပဉ္စင်း သူ့အစွဲကိုချွတ်ပေးမယ်"

"ဝမ်းသာလိုက်တာဘုရား"

ကျွန်ုပ်သည် မိမိလက်တွေ့ကျကျ လိုက်စားခဲ့သောမိုးကုတ်တရားတော်၏ အနှစ်သာရကို ဖခင်ကြီးအား ခံစားစေချင်၏။ အဖေ၏ ယုံကြည်မှုလွဲနေသော အယူဝါဒကို အမှန်ရအောင်ပြင်ပေးချင်၏။ သို့သော် မိမိက သူ၏ သားဖြစ်သဖြင့် ကျွန်ုပ်အပေါ် အထင်မကြီးပါ။ ငါကမွေးလို့ကြီးလာတဲ့ကောင်က ငါ့ကို ဆရာလာလုပ်တာလားလို့ အပြောခံရသည်။ နောက် ရှင်ဥက္ကဋ္ဌ၏ အယူဝါဒများကို ထိုးဖောက်၍ မိမိမပြောနိုင်ပါ။ အဖေကို နိုင်အောင်မပြောနိုင်သဖြင့် လက်မြောက်အရှုံးပေးပြီး ပြန်လာခဲ့ရခြင်း ဖြစ်၏။ မိမိက အမှန်၊ ဖခင်က အမှားဖြစ်နေသော်လည်း မိမိက အရှုံးပေးရခြင်း ဖြစ်၏။ ဖခင်အား မိုးကုတ်တရားတော်ကို လက်ခံယုံကြည်စေချင်၏။ သို့သော် မိမိက မစွမ်းပါ။ ဆရာတော် ဦးသုန္ဒရမှ ဖခင်၏အစွဲကိုချွတ်ပေးမည်ဟုပြောသဖြင့် မိမိမှာ များစွာ ဝမ်းသာရလေသည်။

တောင်တွင်းကြီးသို့ပြန်ပြီး အဖေနှင့် အမေကို ရေနံချောင်းသို့ ခေါ်လာခဲ့၏။ မိမိအား ချစ်ပါက တရားစခန်း (၇)ရက်ဝင်ရန် ပြောရ၏။ သားလေး၏ ဆန္ဒကို မလွန်ဆန်ရက်သဖြင့် တောင်ခမောက်တောင်ဆရာတော် ကြီးမှူးဖွင့်လှစ်သော မိုးကုတ်ရိပ်သာ (၇) ရက်စခန်းသိပ်ခဲ့ကြလေသည်။ တရားစခန်းဝင်ပြီး မိုးကုတ်တရားများကို ထဲထဲဝင်ဝင် လေ့လာဆည်းပူးလေသည်။ ဦးသုန္ဒရ၏ ဆုံးမမှုကြောင့် မကြာမီ ဖခင်ကြီးမှာ ရှင်ဥက္ကဋ္ဌ၏လူသေလူဖြစ်ဝါဒကိုစွန့်လွှတ်ပြီး မိုးကုတ်ဆရာတော်၏တပည့်သာဝက ဖြစ်သွားပါတော့သည်။

■ တောင်တွင်းကြီးသို့ပြောင်းရွှေ့ခြင်း

၁၉၈၅ ခုနှစ်တွင် ရေနံချောင်းမြို့မှ တောင်တွင်းကြီးမြို့သို့ပြောင်းရွှေ့ရပါသည်။ တောင်းတွင်းကြီး EPC တွင် (၅)နှစ်ခန့်လုပ်ကိုင်ပြီး အငြိမ်းစားယူ၍ တောင်တွင်းကြီးမှာပဲ အခြေချနေထိုင်ပါသည်။

တောင်တွင်းကြီးသို့ရောက်သော အခါ မိုးကုတ်ရိပ်သာကိုရှာဖွေရာ မိုးကုတ်ဝိပဿနာပြန့်ပွားရေး အဖွဲ့ခွဲ(၃၈)ဖွဲ့ကို တွေ့ရှိရပါသည်။ အဖွဲ့အစည်းရှိသော်လည်း ကိုယ်ပိုင်နေရာအတည်တကျမရှိပါ။ မိုးကုတ်ဆရာတော်ဘုရား၏တပ်ခွဲများကိုဖွင့်ပြီး ဘုန်းကြီးကျောင်းများ၊ အရပ်ဘက်မွာရံများတွင် လှည့်လည်၍ ပြန့်ပွားရေးဆောင်ရွက်ကြပါသည်။ ဦးဝင်းသည် တောင်တွင်းကြီးတွင် မိုးကုတ်တရားများ ပြန့်ပွားစေချင်၏။ မိုးကုတ်ရိပ်သာတစ်ခုပေါ် ထွန်းစေချင်၏။ ထိုဆန္ဒများသာ ရင်ထဲမှာ အစဉ်ကိန်းအောင်းနေပါသည်။ ထိုစဉ်က နာယကကြီးမှာ ဦးဘဂျမ်း ဖြစ်ပါသည်။ ဥက္ကဋ္ဌမှာ ဦးသန်းမြင့် (ရတနာရန်အောင်ပုံနှိပ်တိုက်)၊ ဒုဥက္ကဋ္ဌ ဦးရင်မောင် မြို့နယ်တရားသူကြီးဥက္ကဋ္ဌ(ငြိမ်း)၊ ဒုဥက္ကဋ္ဌ ဦးစိန်ကြီး (ခြံ)၊ အတွင်းရေးမှူး ဦးဘိုးငွေ၊ တွဲဖက်အတွင်းရေးမှူးဦးပွေး (အောင်ဆုယူဇီဆိုင်)၊ တွဲဖက်အတွင်းရေးမှူး (၂) ဦးအေးမောင် (ကြောင်နက်ဆေးလိပ်)၊ ငွေထိန်း ဦးစံအေး (ဆီစက်ပိုင်ရှင်)၊ အမှုဆောင် ဦးလှသောင်း (သစ်တောဦးစီးမှူး)၊ စာရင်းစစ် ဦးလှရွှေ (ဆီစက်) တို့ဖြင့် ဖွဲ့စည်းခဲ့၏။ ၁၉၈၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မိုးကုတ်ဝိပဿနာပြန့်ပွားရေးအဖွဲ့ခွဲ (၃၈)၏ အမှုဆောင်အဖွဲ့ကို အသစ်ဖွဲ့စည်းခြင်း ဖြစ်ပါသည်။

ရည်ရွယ်ချက်မှာ အဖွဲ့ခွဲ (၃၈) နေရာအတည်တကျရရှိရေး၊ တရားစခန်းများ ဖွင့်လှစ်၍ မိုးကုတ်တရားတော်များ ပြန့်ပွားရေး၊ တရားလိုက်စားသောယောဂီများ တရားနာခွင့်၊ တရားထိုင်ခွင့် ရရှိရေးပင် ဖြစ်ပါသည်။ မြန်မာပြည်မြို့တိုင်းတွင် မိုးကုတ်ရိပ်သာများရှိကြပြီး မိုးကုတ်တရားများကို လိုက်စားကြပါသည်။ တောင်တွင်းကြီးမြို့တော်သူမြို့တော်သားများကလည်း အခြားမြို့များကို အားကျလျက်ရှိပြီး မိုးကုတ်ရိပ်သာဖွင့် ချင်ကြ၏။ မိုးကုတ်တရားကို မျှော်လင့်တောင့်တလျက်ရှိကြပါသည်။ နေရာအတည်တကျမရှိသဖြင့် မြောက်ပြင်ကျောင်း၊ ပုဏ္ဏာဝတီကျောင်းနှင့် မြို့ပေါ်မှကျောင်းများတွင် တရားပွဲများ ကျင်းပကြ၏။ ဓမ္မကထိကဦးဝင်းကို ဝါတွင်း(၃)လပတ်လုံး ပဋိစ္စသမုပ္ပာဒ်တရားဟောကြားစေ၏။ ဦးဝင်း၏တရားပွဲကို တောင်တွင်းကြီးမြို့ပေါ် တွင်သာမက အရပ်(၄)မျက်နှာရှိရွာများမှယောဂီများ တရားလာနာကြလေသည်။ လူပုဂ္ဂိုလ် ဦးဝင်း တရားဟောချင်းမှာ သစ်မရှိခင် ဝါးဖြင့်အစားထိုးအသုံးချရသကဲ့သို့ မိုးကုတ်ဓမ္မကထိကဆရာတော်မရှိခင် ဟောကြားခြင်း ဖြစ်ပါသည်။

ပုဏ္ဏာဝတီကျောင်းဆရာတော်(တိုင်းသံဃာဝန်ဆောင်အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဦးဝိစိတ္တာမှ သူပိုင်ဆိုင်သောကျောင်းနှင့် ကျောင်းဝိုင်းအား မိုးကုတ်ရိပ်သာအတွက် လျှူဒါန်းလေသည်။ ထိုမိုးကုတ်ရိပ်သာလုပ်ပါ။ ငါကျောင်းပေါ် ကဆင်းပေးပါမည်ဟု ဆရာတော်ကမိန့်၏။ သို့သော် ဆရာတော်ကျောင်းသည် လူနေရပ်ကွက်ကြားတွင်ရှိသဖြင့် ရိပ်သာဖွင့်ရန် မသင့်တော်သဖြင့် ဆရာတော်၏အလှူကို လက်မခံဖြစ်ခဲ့ပါ။ ရိပ်သာနှင့်သင့်တော်ရာမြေနေရာကိုရှာကြလေသည်။ အုန်းတောရပ်မှ ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်အေးမှ မြေလွတ်ရောင်းရန်ရှိကြောင်း သတင်းပို့သဖြင့် လိုက်ကြည့်ကြသည်။ ခလရ (၁၀၃) တပ်အနောက်ဘက် တောင်တွင်းကြီး ပြည်ကားလမ်းအနောက်ဘက်လယ်ကွင်းပြင် (၂. ၄)ကေကို သဘောကျ၍ (၂၅၀၀) ကျပ်ဖြင့်ဝယ်ပါသည်။ ယခု တောင်တွင်းကြီး မိုးကုတ်ရိပ်သာနေရာ ဖြစ်ပါသည်။

■ မိုးကုတ်ရိပ်သာတည်ဆောက်ကြခြင်း

ပထမ ခြံကာသည်။ သစ်တောဌာနမှဦးစီးမှူး ဦးငွေးအောင်မှ မျှောတိုင် (၃၅၀) လျှူဒါန်းပါသည်။ ခြံကာပြီးမမွှေရံ၊ အာဟာရဆောင်၊ အမျိုးသားဆောင်၊ အမျိုးသမီးအဆောင်မျှား ဆောက်လုပ်လေသည်။ တောင်တွင်းကြီးမိုးကုတ်ရိပ်သာမမွှေရံကြီးကို သစ်တောဦးစီးဌာနမှဦးစီးမှူးသစ်ထုတ်လုပ်ရေးမန်နေဂျာ ဦးလှသောင်း၏ ကျေးဇူးကြောင့် ကျွန်းတိုင်ကြီး(၁၆)တိုင်ဖြင့် တည်ဆောက်ခဲ့လေ၏။ ကျွန်းတိုင်ကြီးများမှာ လုံးပတ် (၇. ၅) ပေ၊ အရှည်(၃၅)ပေရှိပါသည်။ မန္တလေးနန်းမြို့ကို တည်ဆောက်ခဲ့သော အင်ဂျင်နီယာမှဒီဇိုင်းရေးဆွဲတည်ဆောက်ပေးခဲ့ပါသည်။ မြန်မာ့ကျွန်းသစ်လုံးဖြင့် ဓမ္မာရုံကြီးကို ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ကြသဖြင့် နောင်ကျွန်းသစ်ရှားပါးသောခေတ်တွင် ပြတိုက်သဖွယ်ဖြစ်နေပါတော့သည်။

ဓမ္မာရုံအသစ်အုတ်မြစ်ချပွဲတွင် တိုင်းသံဃာဝန်ဆောင်၊ ဒုတိယသံဃာဝန်ဆောင် မဝတဥက္ကဋ္ဌတို့လိမ္မာစိုးတင့်နှင့် အမှုဆောင်အချို့တို့ တက်ရောက်ကြပါသည်။ ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြား

www.burmeseclassic.com

www.burmeseclassic.com

အုတ်များကို မင်္ဂလာအိုးနှံတွင် အစီအစဉ်အတိုင်းချနေစဉ် ကောင်းကင်မှ ပျားအုံကြီး ရုတ်တရက် ရောက်လာပြီး ရစ်ဝဲပျံသန်းနေကြပါသည်။ အုတ်မြစ်ချပွဲပြီးမှ အရှေ့ဘက်သို့ ပျံသန်းသွားကြပါသည်။ ထိုစဉ်က ဗိဒိယိမှတ်တမ်းတင် ရိုက်ကူးခဲ့ကြ၏။ မိုးကုတ်ဆရာတော်နှင့် ပျားမှာ ဆက်သွယ်မှုရှိသကဲ့သို့ မိုးကုတ်ရိပ်သာနှင့် ပျားမှာလည်း ဆက်သွယ်မှုရှိနေပါသည်။ ရိပ်သာ၏ ထူးခြားမှုပင်ဖြစ်ပါသည်။

■ တောင်တွင်းကြီးမိုးကုတ်ရိပ်သာဖွင့်ပွဲ

၁၉၈၈ ခုနှစ်တွင် တောင်တွင်းကြီးမိုးကုတ်ရိပ်သာဖွင့်ပွဲ ပြုလုပ်ရန် အမှုဆောင်အဖွဲ့မှ ဆုံးဖြတ်ကြပါသည်။

(က) ဆရာတော် ဦးယောသိတအား ပင့်ဖိတ်ပြီး ရိပ်သာဖွင့်ပွဲနှင့် ဆရာတော်သိမ်ထပ်ပွဲပြုလုပ်ရန်။

(ခ) ရိပ်သာဖွင့်ပွဲကို မြို့နယ်သံဃာနာယကဆရာတော်နှင့် မြို့နယ်အသီးသီးမှ သံဃာတော်များ ပင့်ဖိတ်ရန်။

(ဂ) ရိပ်သာဖွင့်ပွဲနှင့်အတူ တရားစခန်းပွဲကျင်းပရန်။

အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ မြို့နယ်သံဃနယကအဖွဲ့အားခွင့်ပြုချက်ရရှိထားရန်နှင့် သံဃာတော်များ ပင့်ဖိတ်ရေးကို ဥက္ကဋ္ဌ ဦးသန်းမြင့်မှ တာဝန်ယူဆောင်ရွက်၏။ ဆရာတော် ဦးယောသိတမှာ မြဝတီရုပ်မြင်သံကြားမှ မိုးကုတ်တရားဟောသော နိုင်ငံကျော် ဆရာတော်ဖြစ်ပါသည်။ ဆရာတော်မှာ ထိုစဉ်က တောင်ကြီးတရားစခန်းပွဲတွင် ရောက်နေပါသည်။ ဆရာတော်အား တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်း၊ စာရင်းစစ်ဦးလှရွှေတို့မှ တာဝန်ယူ၍ ဆရာတော်ထံ သွားရောက် ပင့်ဆောင်ကြသည်။ တောင်ကြီးသို့မသွားမီ ဆရာတော် ဦးယောသိတ၏ မယ်တော်ကြီးဖြစ်သော ဒေါ်ဆယ်မိ၊ သမီးဖြစ်သူ မလှသိန်းတို့ နေထိုင်ရာ ရွှေအိုးရပ်သို့သွားကြသည်။

"ဦးဝင်းတို့ ဘယ်သွားကြမှာလဲ"

"တောင်ကြီးကိုသွားပြီး ဆရာတော်ကို သွားပင့်ကြမှာပါ"

"ရိပ်သာဖွင့်ပွဲကဘယ်နေ့လဲ"

"၁-၄-၁၉၈၈ နေ့မှာ ဖွင့်မှာပါ။ ဖွင့်ပွဲမှာ ဆရာတော်ကို သိမ်ထပ်မှာ"

"ဆရာတော်ကို ကြိုတင်လျှောက်ထားပြီးမှ ရက်သတ်မှတ်ထားတာလား"

"မဟုတ်ဘူး၊ ကိုယ်ဘာသာရက်



သတ်မှတ်ပြီးမှ ဆရာတော်ကို လျှောက်မှာ"

"ဆရာဝင်းရယ်၊ နိုင်ငံကျော်ဆရာတော်တစ်ပါးကို ကြိုတင်မပင့်ထားဘဲ ကိုယ့်ဘာသာရက်သတ်မှတ်ပြီး သွားပင့်လို့မရဘူးနဲ့တူတယ်။ ဆရာတော်နဲ့ ကြိုကြိုတင်ထင်လျှောက်ထားပြီး ဆရာတော်အားတဲ့ရက်ကိုလုပ်ရမှာ။ အခုတော့ ဖိတ်စာတွေလည်းဝေပြီးပြီ"

"ဆရာတော်က တောင်တွင်းကြီးသားဆိုတော့ ကိုယ့်မြို့က ဆရာတော်ပဲဆိုပြီး အပိုင်တွက်ထားတာ"

"ဆရာတော်မှာ တရားပွဲတွေလက်ခံထားရင်တော့ အားမှာမဟုတ်ဘူး။ ဆရာတော်မကြွနိုင်ရင် ဘယ်လိုစီစဉ်ထားသလဲ"

"ဘယ်လိုမှစီစဉ်မထားဘူး"

"ခက်တော့ခက်နေပြီ။ ဦးဝင်းတို့က လုပ်ချင်တာပဲသိတာ၊ လုပ်နည်းလုပ်ဟန်လွဲနေတာ"

"ဟုတ်ကဲ့ မလှသိန်း၊ ကူညီပါဦး။ ကျွန်တော်တို့က လုပ်ချင်တာပဲသိတာ။ တောင်တွင်းကြီးရိပ်သာဖွင့်ပွဲကို ဆရာတော်ပါမှဖြစ်မယ်"

"ဒီလိုလုပ်ပါ။ နောက်ဆုံး ဆရာတော်ပင့်လို့မရတော့ဘူး ဆိုရင် မယ်တော်ကြီးက မှာလိုက်တယ်၊ သားရဟန်းနှစ်ပါး ရိပ်သာဖွင့်ပွဲရက်မှာ ဖူးချင်တယ်လို့လျှောက်လိုက်ပါ"

"ဟုတ်ကဲ့ မလှသိန်း၊ ကျေးဇူးပါပဲ"

ဦးဝင်းနှင့်ဦးလှရွှေတို့ တောင်ကြီးသို့ တက်သွားကြသည်။ ဆရာတော်မှာ (၇)ရက်တရားစခန်းတွင် တရားပြလျက်ရှိ၏။ ဆရာတော်အားဖူးတွေ့၍ အကျိုးအကြောင်း လျှောက်ထားကြလေသည်။

"ဆရာတော်ဘုရား၊ တောင်တွင်းကြီးရိပ်သာဖွင့်ပွဲကို ဆရာတော် မဖြစ်မနေကြွရောက်ဖို့လာပင့်တာပါ ဘုရား။ ဆရာတော်ကိုလည်း သိမ်ထပ်မင်္ဂလာကျင်းပဖို့ စီစဉ်ထားပါတယ်ဘုရား"

"မင်းတို့ဘယ်ရက်လုပ်မှာလဲ"

"၁-၄-၁၉၈၈ နေ့ ဖွင့်ပွဲကျင်းပမှာပါ ဘုရား"

ဆရာတော်၏ နောက်ပါတပည့် ရဟန်တစ်ပါးကို ၎င်းနေ့ အား၊ မအားကြည့်ခိုင်းလေသည်။ ဆရာတော်၏ တပည့်ရဟန်းတစ်ပါးက ၎င်းနေ့ မအားပါကြောင်း၊ ရမည်းသင်း (၇)ရက် စခန်းပွဲနေ့နှင့်တိုက်ဆိုင်နေကြောင်း လျှောက်ထားပါသည်။

"အေး - ဒကာတို့၊ ဒီနေ့တော့ မအားဘူး။ ရမည်းသင်းပွဲနဲ့ တိုက်ဆိုင်နေတယ်။ ဆရာတော် မကြွနိုင်ဘူး။ အခြား ဆရာတော်တစ်ပါးပါးပင့်ပြီး လုပ်ကြပေါ့။ ကဲကဲ - ပြန်ကြ ပြန်ကြ"

"တင်ပါဘုရား"

ဦးဝင်းနှင့် ဦးလှရွှေမှာ မျက်နှာမသာမယာဖြင့် တည်ခိုသည့် နေရာသို့ ပြန်လာကြသည်။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ပါ။ တောင်တွင်းကြီးရိပ်သာဖွင့်ပွဲကို ဖိတ်စာများပင် ဝေငှပြီးပါပြီ။ ဓမ္မကထိက ဦးယောသိတကိုယ်တိုင်ကြွမည်၊ သိမ်ထပ်ပွဲကျင်းပမည် စသဖြင့် ဝေဝေဆာဆာထည့်သွင်းဖော်ပြမိလေပြီ။ မလှသိန်းပြောတာမှန်တယ်။ ဆရာတော်နှင့်ကြိုတင်ညှိနှိုင်းခြင်းမရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် အလုပ်စလိုလုပ်ခဲ့၍ ယခုအခါ ဆရာတော်ပင့်၍မရဖြစ်နေပါတော့သည်။

"ကိုလှရွှေ ဘယ်နှယ်လုပ်မလဲ"

"အေးဗျာ၊ ကျွပ်တို့ကလည်း အပိုင်ဆိုပြီးလုပ်တာ။ ခုတော့ မျက်နှာပျက်စရာဖြစ်နေပြီ"

"မလှသိန်းပြောသားပဲ။ နိုင်ငံကျော် ဆရာတော်တစ်ပါးကို ကြိုကြိုတင်တင် မညှိဘဲနဲ့ ရက်သတ်မှတ်တာ လွဲနေပြီ။ ဆရာတော်ပင့်လို့မရရင် ဘယ်လိုစီစဉ်မလဲလို့ အပြောသား"

"အေးဗျ။ ကျွပ်တို့ မျက်နှာမရခြေထောက်ဖြစ်နေပြီ။ ဆရာတော်မပါဘဲနဲ့တော့ ရိပ်သာဖွင့်ပွဲ မလုပ်ချင်ဘူး"

"ကျွန်တော့်မှာ နောက်ဆုံးအကြံတစ်ခု ရှိတယ်ဗျာ"

"ဘာလဲဗျ၊ ပြောပါဦး"

"မလှသိန်းက မှာလိုက်တယ်တကယ်လို့ ဆရာတော်ပင့်လို့မရရင်ဆိုပြီး မှာတာရှိတယ်"

"အေး - ဟုတ်တာပဲ ကျွပ်တို့ မနက်ဖြန် ဆရာတော်ရဲ့ ပြန်သွားကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါပြီ"

ဦးဝင်းနှင့်ဦးလှရွှေတို့သည်နောက်နေ့တွင် ဆရာတော်ထံသို့ ပြန်သွားကြ၏။ ဆရာတော်အား ဝတ်ပြု၍ထိုင်နေစဉ် -

"ဟေ့ - ဒကာတို့၊ မပြန်သေးဘူးလား"

"မှန်ပါ။ ဆရာတော်ကို ဒေါ်လှသိန်းလျှောက်လိုက်တာကျန်နေလို့လာလျှောက်တာပါဘုရား"

"ကဲ- လျှောက်တင်ကြစမ်းပါဦး"

"မယ်တော်ကြီးက တောင်တွင်းကြီး မိုးကုတ်ရိပ်သာဖွင့်ပွဲကို ညီအစ်ကို (၂)ပါးလုံးကို ဖူးချင်တယ်ဟု မှာပါတယ် ဘုရား"

ဆရာတော်၏ မယ်တော်ကြီးမှာ သက်ရှိထင်ရှားရှိနေဆဲ ဖြစ်၏။ မယ်တော်ကြီး၏သြဇာမှာ သားတွေအပေါ် ရှိနေဆဲ၊ ညောင်းနေဆဲဖြစ်၏။ အမေကို ချစ်သောသားများဖြစ်၍ အမေ၏မှာတမ်းစကားကို မပယ်ရှားကြပါ။ မယ်တော်ကို စိတ်ပြုငြင်အောင်မလုပ်ကြ။ မှယ်တော်မှ ဖူးချင်တယ်၊ တရားနာချင်တယ်ဆိုတော့ မဖြစ်မနေကြွဖို့ဆုံးဖြတ်ချက်ချလေသည်။

"အေး - မင်းတို့ အစကတည်းက မလျှောက်ဘူး။ ဦးပညာစာရဲ့ ရမည်းသင်းသွား။ တရားစခန်းပွဲရက်ရွှေ့လိုက်ပါ။ ဒီရက်မှာ ရမည်းသင်းမကြွနိုင်ဘူး၊ တောင်တွင်းကြီးကြွမယ်လို့ပြောလိုက်"

"တင်ပါဘုရား"

"ဒကာဝင်းတို့လည်းပြန်ကြတော့။ ဦးပဉ္စင်း ဖွင့်ပွဲမတိုင်မီ (၁) ရက်အလိုညနေ(၅)နာရီ အရောက်ကြွခဲ့မယ်"

ဦးဝင်းနှင့် ဦးလှရွှေတို့သည် ဆရာတော်ဝင်၍ရသဖြင့် မိုရသောမျက်နှာဖြင့် ပြန်လာကြသည်။ တောင်တွင်းကြီးသို့ရောက်သောအခါ ဆရာတော်ဝင်၍ရသဖြင့် မြို့သူမြို့သားများလည်း ဝမ်းသာနေကြ၏။ ဖွင့်ပွဲမတိုင်မီ ကြိုကြိုတင်တင် စီမံဆောင်ရွက်ကြလေသည်။ ကျေးမွေးဧည့်ခံရေး၊ ဆရာတော် ဦးဃောသိတ၏ တရားပွဲများကို ပြင်ဆင်ကြလေသည်။ တောင်တွင်းကြီးမြို့ စွယ်တော်ကျောင်း ဆရာတော်ဦးဇာဂရ (အဂ္ဂမဟာပဏ္ဍိတ မြို့နယ်သံဃနာယကဥက္ကဋ္ဌ)ဆရာတော်ထံမှ ခွင့်ပြုချက်များ ကြိုကြိုတင်တင် ရရှိလေသည်။

ဆရာတော် ဦးဃောသိတသည် တောင်တွင်းကြီးမြို့သို့ ဖွင့်ပွဲမတိုင်မီ (၁)ရက်အလိုတွင် ကြွရောက်လာသည်။ အမှုဆောင်အဖွဲ့အား မယ်တော်ကြီးအိမ်တွင် တွေ့ဆုံပြီး အခမ်းအနားအတွက် သြဝါဒစကားမြွက်ကြားသည်။ လိုအပ်သည်များကို ကြိုကြိုတင်တင်ဆောင်ရွက်နိုင်ရန်မှာကြားသည်။ ၁-၄-၈၈ ရက်နေ့တွင် အမှုဆောင်အဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှအရာရှိများ၊ သံဃာ့နာယကအဖွဲ့မှ ဆရာတော်သံဃာတော်များ၊ မြို့မိမြို့ဖများက စုံစုံညီညီတက်ရောက်ကြသည်။ တောင်တွင်းကြီးမြို့၊ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ(၃၈)၏ ဖွင့်ပွဲအခမ်းအနားအား တစ်ဘဝသာသနာရေးကျမ်းပြုဆရာတော် ဦးဃောသိတကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည်။ ဆရာတော်၏ သိမ်ဆပ်ပွဲကို ၂-၄-၁၉၈၈ခုနှစ်တွင် ဆက်လက်ကျင်းပကြပါသည်။

တောင်တွင်းကြီးမြို့ မိုးကုတ်ဝိပဿနာပြန့်ပွားရေးအဖွဲ့ခွဲ(၃၈) တရားစခန်းပွဲအား နှစ်စဉ် သကြိန်စခန်းပွဲ၊ ဝါဆိုစခန်းပွဲ၊ သီတင်းကျွတ်စခန်းပွဲ၊ ပြာသိုလတရားစခန်းပွဲ စသည်ဖြင့် (၁) နှစ် (၄) ကြိမ် ကျင်းပကြပါသည်။ ယနေ့အခါနှစ်အထိ မိုးကုတ်တရားများကို ပြန့်ပွားရေးစဉ်ဆက်မပြတ်ပြန့်ပွားလျက်ရှိပါသည်။ ဆရာတော် ဦးဃောသိတ (နာယကချုပ်)ဆရာတော်မှ ဦးဝင်းအား မိုးကုတ်ဓမ္မကထိကလက်မှတ်ချီးမြှင့်ခဲ့ပါသည်။ ဦးဝင်းသည် မိုးကုတ်ဝိပဿနာတရားများကို ပြန့်ပွားအောင် ရောက်ရာဒေသ ရောက်ရာနေရာတွင် ကြိုးစားဆောင်ရွက်သည့်အပြင် မိမိကိုယ်တွေ့တရားများကိုလည်း သင်ကြားပို့ချပေးလျက်ရှိပါသည်။

■ သာသနာဘောင်သို့ အပြီးခိုလှုံသွားခြင်း

ဦးဝင်းမောင်သည် မိုးကုတ်ဝိပဿနာတရားများကိုလိုက်စားရင်း တရားတို့ကို သိရှိခံစားရ၏။ တရားကိုသိလေလေ မိုးကုတ်ဆရာတော်ကို ကြည်ညိုလေလေ ဖြစ်လာ၏။ ဆရာတော်ကြီး၏ ဆုံးမမှုကိုခံယူပြီး ကိုယ်တိုင်လည်းကျင့်ကြံကြိုးကုတ်အားထုတ်တော်မူလေသည်။

ငါသည်ဂဇီဝါဠုသဲစုံမကပွင့်တော်မူခဲ့ကြသော ဘုရားရှင်များနှင့် လွဲခဲ့ရပြီး ကျွတ်တမ်းမဝင်ခဲ့သဖြင့် ယခုဘဝအထိ သံသရာရှည်ကြာခဲ့ခြင်း ဖြစ်၏။ ယခု လူ့ဘဝရောက်ပြီးသေလျှင် ငါဘယ်ဘုံဘယ်ဌာနရောက်မှာလဲ။ လူတွေသေလျှင် ဘယ်ဘုံဘယ်ဌာနရောက်မှာလဲ စဉ်းစားကြည့်မိ၏။ ဘုရားရှင်က နခသိခသုတ္တန်တွင် ဟောကြားခဲ့သည်ကို သတိရမိ၏။ တစ်နေ့တွင် ဘုရားရှင် မြေမှုန့်တစ်ဆုပ်ကိုကျုံး၍ လက်သည်းခွံပေါ် တင်ပြီး နောက်လိုက်ရဟန်းများကိုမိန့်ကြား၏။

"ငါ၏လက်သည်းခွံပေါ် ကမြေမှုန့်နှင့် ဤမဟာပထဝီမြေကြီး (ကမ္ဘာကြီး) မှမြေမှုန့်မည်သည့်မြေမှုန့်ကများသနည်း"

မေးတော်မူ၏။

နောက်လိုက်ရဟန်းများက -

"အရှင်ဘုရား၊ တုန်ိုင်းလို့မရပါဘုရား"

ဟု လျှောက်တင်ကြ၏။

"အရှင်တို့ပြောသော ငါ၏ လက်သည်းခွံပေါ် မှမြေမှုန့်မှာလောက်သာလျှင်လူ၊ နတ်၊ ဗြဟ္မာသေလျှင် လူ၊ နတ်၊ ဗြဟ္မာပြန်ဖြစ်တယ်။ ကျန်သူများကတော့ ဤမဟာပထဝီမြေကြီးအပြည့်ရှိသောမြေမှုန့်ပမာဏလောက် အပါယ်သို့ကျသွားကြတယ်"

ဟု မိန့်ကြားတော်မူလေ၏။

မဟာလူသားများသေဆုံးလျှင် အပါယ်သို့ဆင်းရမည်ဆိုပါက မိမိသေလျှင်ကော အပါယ်ဆင်းရမည်လား။

ဘုရား. . . ဘုရား. . . ဘုရား. . .

ကြောက်စရာကောင်း၏။ အပါယ်တံခါးပိတ်သော ဝိပဿနာအလုပ်ကို ကြိုးစားလုပ်မှသာလျှင်ကောင်းပေမည်။ အပါယ်သို့ကျရောက်သွားပါက သုဂတိဘုံသို့ ပြန်ရောက်ဖို့ ခက်ခဲကြောင်းကို လည်း ဘုရားရှင်က 'ကာဏကစ္ဆပသုတ္တန်' တွင် ဆုံးမတော်မူခဲ့ပါသည်။

အလွန်ကျယ်သော သမုဒ္ဒရာကြီး၏ကြမ်းပြင်ပေါ်တွင် မျက်လုံးကန်းနေသော လိပ်ကန်းကြီးတစ်ကောင်သည် သွားချင်ရာသွားနေ၏။ သမုဒ္ဒရာ၏ ရေပြင်ပေါ် မှာလည်း လှည်းထမ်းပိုးတုံးတစ်ခောင်းသည် မျောချင်ရာမျောနေ၏။ ဒီထမ်းပိုးမှာ အပေါက်တစ်ပေါက်ပါသည်။ ဒီအပေါက်က လိပ်ရဲ့ဦးခေါင်းနှင့်စွပ်မိရုံသာရှိ၏။ ဒီလိပ်ကန်းကြီးဟာ သမုဒ္ဒရာကြမ်းပြင်မှာ သွားချင်သလိုသွားပြီး နှစ်(၁၀၀) ကြာမှ ရေပြင်ပေါ် ကို တစ်ကြိမ်တက်လာသည်။

"ရဟန်းတို့၊ သွားချင်သလိုသွားပြီး တစ်နှစ်မှတစ်ကြိမ်ပေါ် တဲ့လိပ်ရဲ့ဦးခေါင်းနဲ့ မျောချင်သလို မျောနေတဲ့လှည်းထမ်းပိုးတုံးရဲ့အပေါက်နဲ့စွပ်မိဖို့လွယ်ကူပါ့မလား"

မေးတော်မူ၏။

"မည်သို့မျှမဖြစ်နိုင်ပါဘုရား"

ဟု ဖြေကြားဘုရားရှင်က ဆက်လက်ဆုံးမတော်မူသည်။

"ရဟန်းတို့၊ လိပ်ကန်းကလည်း

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာတည်သရွေ့ အသက်ရှင်မယ်။ လှည်ထမ်းပိုးတုံးကလည်း မဆွေးဘဲ တည်ရှိနေမယ်ဆိုရင် ကံကောင်းထောက်မလွန်းစွာဖြင့် စွပ်ချင်လျှင်စွပ်နိုင်ဖွယ်ရှိတယ်။ အပါယ်သို့ကျပြီးသော လူ၊ နတ်၊ ဗြဟ္မာတွေဟာ သုဂတိဘုံသို့ပြန်ရောက်ဖို့ အဆပေါင်းရာထောင်မက ခက်ခဲလှပေတယ်"

ဟု ဆုံးမတော်မူခဲ့၏။

ရှည်လျားလှသော သံသရာကြီး ကိုငါလည်ခဲ့ပြီ။ ကံကောင်းထောက်မစွာ ငါသည် လူဘဝကိုရခဲ့ပြီ။ ဒုလ္လဘတရား (၅)ပါးမှာ မနုဿတ္တဘာဝေါဒုလ္လဘောဟု ဘုရားရှင်ဟောကြားခဲ့၏။ လူဘဝဆိုတာ ရဖို့ အလွန်ခဲယဉ်းသည်ဟု ဆုံးမထားတော်မူသည်။။ ငါသည် ရခဲလှသော လူဘဝကိုရခဲ့ပြီး လူဘဝကိုရောက်ဆဲမှာ ဘုရားသာသနာနှင့်ကြုံပြီ။ မြတ်စွာဘုရားကို မမီခဲ့သော်လည်း ဘုရား၏ သာသနာနှင့်ကြုံရပြီ။ ဘုရားအဆုံးအမများ ယခုအထိကျန်ရှိနေသေးသည်။ ဘုရားဟောသည့်တရားတော်များမူရင်းအတိုင်း ထိန်းသိမ်းထားနိုင်သည်။ ထို့ကြောင့် ဘုရားရှင်၏ သာဝကဖြစ်သော မိုးကုတ်ဆရာတော်ဘုရား၏ တရားများကို နားကြားခွင့်ရခဲ့၏။ ဗုဒ္ဓဟာတောဒုလ္လဘောဟုဆုံးမကြခဲ့သော ဒုလ္လဘတရားနှင့်လည်းကြုံရပြီ။ ဘုရားရှင်၏ အဆုံးအမသာသနာရှိနေသော်လည်း ဟောမည့်သူ၊ နာမည့်သူမရှိပါက သာသနာကွယ်မည်။ ယခု ဘုရားရှင်၏ တရားတော်များကို နာကြားခွင့်ကို မိမိရရှိနေပြီ။ သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ ခဲယဉ်းလှသော ဒုလ္လဘတရားကို မိမိရရှိလေပြီ။ ဘုရားရှင်၏ တရားတော်ကို နာခွင့်ရသော်လည်း ယုံကြည်မှု သဒ္ဓါတရားမရှိပါကလည်း သာသနာကွယ်နိုင်၏။ မယုံကြည်မှုများလာပါက ဘုရားရှင်၏ သာသနာလည်း အပိုင်းပြတ်နေပါမည်။ ထို့ကြောင့် သဒ္ဓါသမ္ပတ္တိဒုလ္လဘံဟုဟောကြားခဲ့၏။

ဘုရားရှင်ဟောကြားခဲ့သောဒုလ္လဘတရား (၅) ပါးတွင် မိမိသည် ဒုလ္လဘတရား (၄)ပါးနှင့် ပြည့်နေလေပြီ။

(၁) ဗုဒ္ဓါဗ္ဘာပါတော ဒုလ္လဘော
(၂) သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ
(၃) မနုဿသ ဘာဝေါ ဒုလ္လဘော
(၄) သဒ္ဓါသမ္ပတ္တိ ဒုလ္လဘံ

ဘာကျန်သေးသလဲ ဆိုတော့ ပဗ္ဗဇိတဘာဝေါဒုလ္လဘောလို့ ဟောခဲ့၏။ ရဟန်းဖြစ်ဖို့ အလွန်ခဲယဉ်း၏လို့ ဘုရားဆုံးမထားသည်။ ဟုတ်တယ်၊ ငါသည် ဘဝများစွာကျင်လည်ခဲ့၏။ ခန္ဓာကျေးကျွန်ဖြစ်ခဲ့ရပြီ။ တဏှာကျေးကျွန်ဖြစ်ခဲ့ရပြီ။ မိန်းမကျွန်၊ သားသမီးကျွန်ဖြစ်ခဲ့ရပြီ။ ယခုဘဝတွင်လည်း တဏှာ၏ကျေးကျွန်ဖြစ်ခဲ့ရပြီ။ ကံကောင်းထောက်မလို့ မိုးကုတ်ဆရာတော်ကြီး၏တရားတော်ကို နာခွင့်ရခဲ့၏။ တရားအလုပ်ကို လုပ်ချင်၏။ သာသနာ၏ကျွန်ဖြစ်၏။ မိမိတွင် ဇနီးနှင့်သားသမီးများရှိပါသည်။ ချမ်းသာကြသူများ မဟုတ်ကြပါ။ သူတို့က၊ သူတို့အတိုင်းအထွာအရသွားကြရမည်။ ဇနီးသည်မှာ သမီးကို မြိုခိုချ၍ နေနိုင်ပြီ။ သမီးက အလုပ်နှင့် အိမ်ထောင်မကျသေးပါ။ သားနှစ်ယောက်မှာ အိမ်ထောင်ကျပြီး အိမ်ခွဲနေကြလေပြီ။ တောင်တွင်းကြီးမှာ အိမ်ပိုင်ဝိုင်းပိုင်နှင့်နေရသော ဦးဝင်းသည် ယခုအခါ ရဟန်းဘဝသို့အပြီးဝတ်ချင်စိတ်ဖြစ်ပေါ်လာပါသည်။

တစ်နေ့ ဇနီးသည်နှင့် သမီးအား ဖွင့်ပြောလေသည်။

"အိမ်ရှင်မနဲ့ သမီး၊ စကားနည်း နည်းပြောမယ်။ နားထောင်ပေးပါ"

"ဟုတ်ကဲ့ အစ်ကို"

"ငါ မင်းတို့ထံက ခွင့်ပန်စရာရှိတယ်။ ငါ့ကိုခွင့်ပြုဖို့တောင်းပန်ချင်တယ်"

"ဘာလဲ အစ်ကို"

"ငါရဟန်းဘဝကို အပြီးဝတ်တော့မယ်။ မင်းတို့ ငါ့ကိုခွင့်ပြုကြပါ"

ဇနီးသည်နှင့် သမီးငယ်သည် မျက်ရည်တွေစီးကျလာကြ၏။ ယခုလို နှုတ်ဆက်သံကိုမည်သို့မျှမျှော်လင့်မထားကြပါ။ ယခုကဲ့သို့ ကောက်ကာငင်ကာ ပြောချလိုက်သဖြင့် ဘာမှပြန်မပြောနိုင်ကြပါ။ အပြီးအပိုင်ခွဲခွာသွားတော့မည်ဟု သိလိုက်ရသောအခါ ရင်ထဲဝယ်ဆို့တက်၍ မျက်ရည်တွေဝဲကျပြီး ကိုဝင်းကို ငေးကြည့်နေကြပါတော့သည်။

"လူဆိုတာတစ်နေ့နေ့တစ်ချိန်ချိန် ခွဲခွာရမှာပဲ။ ရှင်ကွဲမကွဲရင်လည်း သေကွဲကွဲရမှာပဲ။ ငါလည်း မိသားစုအပေါ် အခုချိန်အထိ လုပ်ကိုင်ရှာဖွေယ်ပေးခဲ့တယ်။ အရွယ်အရ အစွမ်းရှိသမျှ၊ လုပ်နိုင်သမျှ လုပ်ခဲ့ပြီးပြီ။ အခုအိမ်တစ်လုံးဝိုင်းခြံလည်း ရှိပြီ။ ဒါကြောင့် မင်းတို့ နေစရာအတွက် မပူရဘူး။ သမီးကအလုပ်ရပြီဆိုတော့ သားအမိနှစ်ယောက်စားဖို့လည်းမပူရဘူး။ ဒါကြောင့် အဖေ့ကို ရဟန်းပြုခွင့်ပေးပါ"

ဦးဝင်း၏ဇနီးနှင့်သမီးမှာ မည်သို့မျှ တား၍ရမည်မဟုတ်သဖြင့် လက်လျှော့လိုက်ကြသည်။ ဦးဝင်း၏ဇနီးမှာ ရိုဝေသောမျက်လုံးအစုံကို ပုတ်ခတ်ပုတ်ခတ် လှုပ်ပြီး ဦးဝင်းကို သေသေချာချာစိုက်ကြည့်နေ၏။ နှုတ်ကစကားမပြောသော်လည်း မျက်လုံးက စကားပြောနေလေသည်။

'ကိုဝင်း၊ ကျွန်မကို ခွဲနိုင်ပြီပေါ့။ ရှင် ကျွန်မကို တစ်သက်လုံး ဘယ်တော့မှမခွဲဘူး၊ ရိုးမြေကျပေါင်းသင်းပါမယ်ဆို။ ရန်သူသေနတ်သံတွေကြားမှာ ဘဝကို ရုန်းကန်ခဲ့စဉ်ကတောင် လက်တွဲမဖြုတ်ဘဲရဲရဲရင့်ရင့်ရင်ဆိုင်ခဲ့ကြတာ။ အခုတော့ ရှင်က ကျွန်မကို ပြတ်နိုင်ပြီပေါ့။ ကျွန်မတို့သားအမိကို ဒီအတိုင်း ပစ်သွားတော့မှာပေါ့. . . "

ဟု ရင်ထဲမှစကားသံများ နှုတ်မှထွက်ပေါ်လာခြင်းမရှိပါ။ ထို့နောက် ဦးဝင်း၏ဇနီးနှင့် သမီးတို့က ဦးဝင်းအားနောက်ဆုံးအနေဖြင့် ဦးချ၍ ကန်တော့ကြလေသည်။

"အေး - မင်းတို့သားအမိအပေါ်မှာ ငါပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ မင်းတို့သားအမိကိုလည်း ငါခွင့်လွှတ်ပါတယ်"

ဦးဝင်းသည် မိသားစုကို အပြီးနှုတ်ဆက်ပြီး မိမိ၏ မွေးရပ်မြေဇာတိသီးပင်ရွာသို့ပြန်လာခဲ့၏။ သီးပင်ရွာတွင် မိဘနှစ်ပါးရှိလေသည်။ မိဘနှစ်ပါးကို ခွင့်ပန်ပြီး အပြီးအပိုင် ရဟန်းဝတ်လေတော့သည်။ သာသနာနှစ် ၂၅၅၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ တန်ခူးလဆုတ် ၅ ရက် ဗုဒ္ဓဟူးနေ့ နံနက်(၅)နာရီတွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၊ သီးပင်ရွာ ဇရာသိမ်၌ ဆရာတော် ဦးကုမာရအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းဘဝသို့ရောက်ခဲ့လေသည်။ ဘွဲ့အမည်မှာ 'ဦးဝိလာသ' ဖြစ်ပါသည်။

သီးပင်ရွာတွင် မိဘကျေးဇူးဆပ်တရားကို (၇) ရက်ဟောပြီး ပဝေးအရှေ့ဘက် ပုပွားတောင်ခြေတွင်တစ်ပါးတည်းကြွပြီး တောထွက်သွားပါတော့သည်။ အေးမြသော မိုးကုတ်မိုးအောက်သို့ ထာဝရခုံလှုံသွားပါတော့သည်။

(ဦးဝိလာသ၏ဘဝနှင့်အတူ မိုးကုတ်ဆရာတော်ဘုရား၏ တရားဒေသနာတော်တို့ကို ဆက်စပ်ရေးသားဖော်ပြပါသည်။ စာဖတ်သူတို့၏ ရင်ထဲသို့ တရားအသိ တစ်စုံတစ်ရာ ရရှိမည်ဆိုပါလျှင် စာရေးသားရကျိုးနပ်ပါပြီ။)

ရဟန္တာဝါသိဝင်း

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁)

အေးချမ်းလိုက်ပါဘိ။ ငြိမ်းချမ်းလိုက်ပါဘိ။ ယခုမှ ပထမဆုံးအကြိမ် တရားစခန်းဝင်ဖူးသော ဦးငြိမ်းချမ်း တရားတော်၏ငြိမ်းချမ်းမှုကိုခံစားနေရပြီ။ တရားတော်က ဘဝရဲ့ပူပင်သောကတွေကို အတိုင်းအတာတစ်ခုအထိငြိမ်းသတ်နိုင်သည်ဟုထင်မြင်မိသည်။ ဦးငြိမ်းချမ်းပြည်ထဲရေးဝန်ကြီးဌာနလက်အောက်မှာ နှစ် (၄၀) နီးပါးခန့် ဝန်ထမ်းဘဝဖြင့် တာဝန်တွေထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့သည်။ လူပေါင်းစုံ၊ ပြဿနာပေါင်းစုံ၊ ပူပင်သောကမျိုးစုံကို ဖြတ်သန်းကျော်လွှားရင်း လူ့ဘဝရဲ့အစိတ်အပိုင်းအခြိန်ကာလအတော်များများကုန်ဆုံးခဲ့ရသည်။ တစ်နည်းအားဖြင့် ဝန်ထမ်းဘဝ ထားရာနေ စေရာသွား လှည်းထမ်းပိုးအောက်မှာ နှစ်(၄၀)ခန့်ပိခဲ့ရသည်ရှုန်းခဲ့ရသည်ဟုဆိုရမည်။

ဦးငြိမ်းချမ်း ဘဝကို မြတ်ဗုဒ္ဓရဲ့ အဆုံးအမတရားနှင့်အညီ မဟုတ်တာလုပ်ရမှာရှက်ခြင်း၊ မဟုတ်တာလုပ်ရမှာကြောက်ခြင်းတရားတို့နှင့်တည်ဆောက်ခဲ့သည်။ အခါအခွင့်သင့်တိုင်း မွေးနေ့ရောက်တိုင်း အလှူဒါနမျိုးစုံ တတ်စွမ်းသရွေ့ပြုလုပ်ခဲ့သည်။ ကိုယ်ကျင့်သီလကို ခိုင်ခိုင်မြဲမြဲထိန်းသိမ်းခဲ့သည်။ တာဝန်မျိုးစုံတွေနှင့်ပြေးလွှားနေရခြင်း၊ အချိန်မပေးနိုင်ခြင်းတို့ကြောင့် တရားစခန်းများကို တစ်ကြိမ်မျှမရောက်ခဲ့။ ခန္ဓာဉာဏ်ရောက်တရားအသိတွေနှင့် အလှမ်းဝေးနေခဲ့ရသည်။ ဦးငြိမ်းချမ်း သက်ပြည့်ပင်စင်ယူပြီးနောက် ပဲခူးအနောက်ပိုင်းတိုင်းပြည်မြို့မြောက်ဘက်ခြမ်း ဘုရားကြီးဂိတ်ဟု လူသိများသောရပ်ကွက်တွင် အခြေချနေထိုင်ခဲ့သည်။ ရပ်ကွက်နှင့်အနီးဆုံးမိုးကုတ်တရားရိပ်သာစခန်းဝင်ဖြစ်ခဲ့သည်။

မောင်စိန်ဝင်း (ဒဂုံမိုးညို)

မောင်လွန်းသောဘု၊ မောင်လွန်းသောဘဝ



ဝန်ထမ်းများ အကြမ်းအားဖြင့် ပင်စင်အမျိုးအစား (၉) မျိုးခန့်ရှိသည်။ အသက် (၆၀) ပြည့် ပင်စင်အမျိုးအစားက ငွေကြေးအရမဟုတ်၊ ဂုဏ်သိက္ခာအရ အမြင့်မားဆုံး ပင်စင်အမျိုးအစားဟုဆိုလျှင်မမှား။ ဝန်ထမ်းအားလုံး အသက်(၆၀)မရောက်မီ နုတ်ထွက်သွားသူတွေ၊ သေဆုံးသွားသူတွေ၊ အပြစ်တစ်စုံတစ်ရာကြောင့် အရေးယူခံရပြီး ပြုတ်သွားသူတွေ၊ အကျဉ်းထောင်ကျခံရသည် အထိဖြစ်စဉ်တွေရှိသည်။ ဒါကြောင့် ဦးငြိမ်းချမ်းသက်ပြည့်အငြိမ်းစားရယူခြင်းနှင့် နိုင်ငံတော်က ချီးမြှင့်သော ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရခဲ့ခြင်းကိုဂုဏ်ယူသည်။ ဝန်ထမ်းအားလုံး၏ နောက်ဆုံးပန်းတိုင်က ဂုဏ်သိက္ခာရှိစွာ အငြိမ်းစားယူခြင်း၊ ဦးငြိမ်းချမ်းက ပြန်တမ်းဝင်အရာရှိတစ်ဦးအဖြစ် ပန်းတိုင်ရောက်ခဲ့သည့်ဝန်ထမ်းတစ်ဦး။

မြတ်ဗုဒ္ဓရဲ့တရားတော်အဆိအနှစ်ဖြစ်သော ပဋိစ္စသမုပ္ပာဒ်တရားတော်ကို နာကြားခွင့်ရခဲ့သည်။

သစ္စာဆိုတာ ဘယ်တော့မှမပြောင်းမလဲ အစဉ်မှန်ကန်သည့် သဘောတရား။ ဘယ်အခိုက်ကိုင်ကြည့်ကြည့် ရေခဲသည်အေးသည်၊ မီးသည် ပူသည်၊ ကမ္ဘာကြီးတည်ရှိနေသရွေ့ အစဉ်မပြောင်းမလဲမှန်ကန်နေသည့်သဘော၊ ဘဝခန္ဓာများကို ဘယ်တန်ခိုးရှင်၊ ဘယ်ဖန်ဆင်းရှင်ကမျှ ဖန်ဆင်းခြင်းမဟုတ်။ မသိမှု အဝိဇ္ဇာလိုချင်တပ်မက်မှုတဏှာတို့ဦးစီးပြီး သခါရနှင့်ပြုလုပ်လိုက်တဲ့ကံသတ္တိတွေကြောင့် ဘဝခန္ဓာတွေရရှိလာခြင်း၊ ဘဝခန္ဓာတွေရှိနေခြင်းကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်းတွေနှင့် လူသားအားလုံး မလွဲမသွေကြုံကြဆုံကြရမည်။ အပင်မှ မျိုးစေ့၊ မျိုးစေ့မှအပင်၊ အစဉ်မပြတ် ဆက်စပ်နေသည့်ကံတွေကြောင့်ပါလား။ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ၊ နိဿရဏသစ္စာ(၄)ပါးတို့သည်လည်း ဆက်စပ်နေသည့်သဘော၊ဘယ်သောအခါမှမပြောင်းမလဲ အစဉ်မှန်ကန်နေသည့်သဘော အကြောင်းကြောင့်အကျိုးဖြစ်၊ အကြောင်းနှင့်ကင်းသော အကျိုးမရှိ၊ အကြောင်းကောင်းမှ အကျိုးကောင်းမည်။ အကျိုးကောင်းအောင် ဆင်းရဲဒုက္ခများကိုဖြစ်စေတတ်သည့်အကြောင်းကို ပယ်သတ်ရမည်။ ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းဆဲသော အရ ရုပ်နှင့်နာမ်တို့ဖြင့် တည်ဆောက်ထားသည့် ခန္ဓာ၊ ကာမဂုဏ်တရားတွေမှာ ငြိတွယ်နေတတ်သည့်ခန္ဓာ။ အားလုံးဟာ ဘာမှ မခိုင်မြဲဖြစ်ပြီးပျက်နေတာပါလား။ ဘာမှစွဲလမ်းတွယ်တာနေစရာ

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

ဦးငြိမ်းချမ်း တရားစခန်းဝင်ရောက်စဉ် ပထမဆုံးနေ့ကို ပြန်လည်အမှတ်တရရှိနေမိသည်။ နံနက် (၄)နာရီခန့် တရားစခန်းက အချက်ပေးသံကြားသည်နှင့် ယောဂီအားလုံး အိပ်ရာမှထကြရသည်။ ကိုယ်လက်သန့်စင်ပြီး ဓမ္မာရုံသို့ တရားထိုင်ရန် ရောက်လာကြသည်။ (၁) နာရီခန့် တရားထိုင်ပြီး ဘောဇနဆောင်၌ နံနက်စာသုံးဆောင်ရန်ရောက်ရှိပြီး အာဟာရမသုံးဆောင်မီ ဆင်ခြင်ရန် ရွတ်ဆိုကြရသည်။

'ဤသည့်စားဖွယ်အမယ်မယ်ကို မြူးရယ်မာန်ကြွ လှပရေဆင်း ပြည့်ဖြိုးခြင်းငှာ မသုံးပါဘူး ယာဝိုက်မျှလုံ့ခပ်သိမ်းပြစ်ကို မဖြစ်လေအောင် ချမ်းမြေ့အောင်ဟု သုံးဆောင်မှီဝဲပါသတည်း'

ဦးငြိမ်းချမ်းခေါင်းထဲ အသိဉာဏ်လေးတစ်ချက် လက်ခနဲဝင်လာသည်။ ငယ်ရွယ်စဉ် လွန်ခဲ့သော ဟိုးနှစ်ပေါင်း (၄၀)ကျော်ခန့်က ဖောင်ဆရာတော်ဘုရားကြီး ရေးစပ်သီကုံးခဲ့တဲ့ မူလနှစ်ဖြာ လက်ဆောင်ပုဒ်ကလေးကိုအလွတ်ရအောင် အကြိမ်ကြိမ်ကျက်မှတ်ရင်း သံဃာဂုဏ်တော်များကို ပူဇော်ကန်တော့မိသည်။

မရှိဟု ဖြစ်ပျက်နောက်မှာမဂ်ဉာဏ်လိုက်ပြီး ဝေဒနာမှ တဏှာမကူးခင် စက်ဝိုင်း ဒေသနာတော်အရ (၂) အစပ်မှ (၃) အစပ်သို့မကူးမီ ဉာဏ်ဖြင့်ဖြတ်တောက်ပယ်သတ်နိုင်မှ ခန္ဓာလည်းသိမ်း၊ မီးလည်းငြိမ်းကြမည်။ သံသရာကိုလည်စေတဲ့ သမုဒယနှင့် ဒုက္ခသစ္စာကို သံသရာပြတ်စေတဲ့ မဂ္ဂသစ္စာ၊ နိဿေသစ္စာတို့ဖြင့် ပယ်သတ်မှ ရပေမည်။

ဦးငြိမ်းချမ်း တရားသဘောတွေကို တွေးရင်း မိုးကုတ်

www.burmeseclassic.com

www.burmeseclassic.com

ကြီး ဗဟိုပြည်သူ့ဝန်ထမ်း တက္ကသိုလ် ကျောင်းတော်ကြီး၌ သင်တန်းတက် ရောက်စဉ် နေ့လည်စာ ထမင်းမစားမီ သင်တန်းသားအားလုံး သစ္စာအမိဌာန် ရွတ်ဆိုခဲ့ကြရသည်။

"ငါတို့သည် နိုင်ငံတော်မှကျွေးမွေးသော ထမင်းများကိုစားသုံးရ၍ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေပါမည်"

နှစ်(၄၀)ကျော်ကြာခဲ့ပြီးမှ အာဟာရမသုံးဆောင်မီ သစ္စာပြန်ဆိုခဲ့နေရပါလား။ ဟိုတုန်းကသစ္စာဆိုခဲ့ရတာ ဘဝအတွက် ယခုသစ္စာဆိုရတာက သံသရာခရီးအတွက်။ ခြားနားသည်။ ယခုသစ္စာဆိုရတာက ပိုပြီးအနှစ်သာရရှိသည်။ ပိုပြီးတော့တန်ဖိုးရှိသည်ဟုတွေးမိသည်။ ဆယ်ရက်ကြာမျှ အချိန်ကာလအတွင်း စိတ်ဝင်စားသူယောဂီများအား တရားဟောမွမကထိကဆရာတော်က အချိန်ပို သင်ကြားပေးသည်။ အချိန်ပိုတက်သူများတွင် ဦးငြိမ်းချမ်းပါခဲ့သည်။ ဆရာတော်နှင့်ရင်းနှီးသွားပြီး ဆရာတော်ရဲ့ ခိုင်းစေချက်အရ ပဋ္ဌိစ္စသမုပ္ပာဒ်စက်ဝိုင်းကြီးကို ကျူတံဖြင့်ထောက်ပြီး မှတ်မိသမျှ ရှင်းပြရသည်။ လိုအပ်တာများကို ဆရာတော်က ထောက်ပေးသည်။

ဦးငြိမ်းချမ်း၏ခေါင်းထဲအသိဉာဏ်လေး နောက်တစ်ခုဝင်လာပြန်သည်။ ဦးငြိမ်းချမ်း အငြိမ်းစားမယူမီ လုပ်ငန်းခွင်၌ အကြီးအကဲများလာရောက်စစ်ဆေးစဉ် ရုံးလုပ်ငန်းဇယားကားချပ်များကို ကျူတံဖြင့် ထောက်ပြီးရှင်းပြခဲ့ရသည်။ ယခုအသက်ကြီးတော့မှ ကျူတံပြန်ကိုင်နေရပါလား။ ဟိုတုန်းက ကျူတံကိုင်ရတာဘဝအတွက်၊ ယခု ကျူတံထောက်ရတာက ပိုအနှစ်သာရရှိသည်။ ပိုပြီးတန်ဖိုးရှိသည်ဟုတွေးမိပြန်၏။ ကျူတံထောက်ရှင်းပြရသည့်အတွက် တရားတော်များကို ပိုမိုမှတ်မိလာသည်။ ဆရာတော်အားကျေးဇူးအထူးတင်မိပြန်သည်။ ယောဂီတော်တော်များများက ဇရာအရွယ်ရောက်ရှိနေကြသူတွေ။

ဦးငြိမ်းချမ်းအတွက် အရာရာကို တရားသဘောလေးနဲ့ယှဉ်ပြီး တရားရစရာ၊ သံဝေဂယူစရာ၊ ဆင်ခြင်တွေးတောစရာတွေဖြစ်ခဲ့ရသည်။ တရားအသိတွေလည်း တိုးပွားရရှိခဲ့သည်။ တရားစခန်းပိတ်သောနေ့တွင် ရိပ်သာကော်မတီ၏ ဆန္ဒအရ တရားရိပ်သာအမှုဆောင်ကော်မတီနှင့်ယောဂီအားလုံးကို ကျေးဇူးတင်နှုတ်ဆက်စကားပြောကြားခဲ့ရသည်။

ဆရာတော်အတွက် နဝကမ္မအလှူငွေ၊ တရားရိပ်သာအတွက် အလှူငွေများ လှူဒါန်း၍ ဆရာတော်အား ဝတ်ပြုကန်တော့ပြီး ဦးငြိမ်းချမ်းနေအိမ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ တရားစခန်းရက်များအတွင်း ကိလေသာတရားတွေအတိုင်းအတာတစ်ခုအထိလျော့ကျသွားပြီး ချမ်းသာမှုအစစ်အမှန်ကို တွေ့ခဲ့ရသည်။ ပိတိတွေဖြစ်ခဲ့ရသည်။ တရားစခန်းဝင်ရောက်ခဲ့၍ အကျိုးကျေးဇူးတရားတွေများစွာရရှိခဲ့သည်။ မသိတာတွေ သိခွင့်ရခဲ့သည်။ နားမလည်တာတွေ နားလည်ခွင့်ရခဲ့သည်။ လောဂီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ရရှိစေရန် အသိနှင့်အလုပ်ယှဉ်တွဲရမည်။ မှန်ကန်သောအသိကိုသတိကပ်ပြီး ပညာနှင့်ယှဉ်၊ ဘဝကိုတည်ဆောက်ကြပါမှ ကောင်းမြတ်သော အကျိုးကျေးဇူးကို ရရှိနိုင်ပေမည်။ သိနားလည်ခဲ့ရသော တရားတော်များ၏ အဆုံးအမအတိုင်း မိမိနေအိမ်မှ အာစိန္နကံမပြတ်မကွက် ဆက်လုပ်သွားမည်၊ကျင့်သုံးသွားမည်လို့ သန္နိဋ္ဌာန်ချထားလိုက်သည်။

အခန်း (၃)

ဦးငြိမ်းချမ်းက စိုက်ပျိုးရေးဝါသနာပါသည်။ ပေ(၆၀×၈၀) ပေရှိသောခြံဝင်းအတွင်း စားပင်သီးပင်၊ အရိပ်ရပင်၊ အလှပင်အစုံစိုက်ပျိုးသည်။ တရားစခန်းက အကျင့်ရရှိခဲ့သည်မို့ ဦးငြိမ်းချမ်းနံနက် (၄) နာရီတွင် အိပ်ရာကနိုးလာသည်။ ပင်ယံများထက်မှ ကျေးငှက်လေးများ၏ တီတီတျာတျာအော်မြည်သံက ပတ်ဝန်းကျင်တစ်ဝိုက် ပျံလွှင့်လာသည်။ ကြည်နူးဖွယ်ကောင်းလေစွ။ ချမ်းအေးသော ဆောင်းရာသီမို့ နှင်းမှုန်များနှင့် အတူ အအေးဓာတ်ကလွှမ်းခြုံလာသလို ဦးငြိမ်းချမ်းကြည်နူးသောစိတ်နှင့် အာစိန္နကံပြုနေကျအတိုင်း ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှပေးဝေအပြီး (၁) နာရီခန့်တရားဆက်ထိုင်သည်။ ရောင်နီများပျို့နေရာက အရှေ့အရပ်မှ အလင်းဓာတ်တို့ တဖြည်းဖြည်းဝင်ရောက်လာကြသည်။ မကြာမီ နံနက်မိုးသောက်အလင်းရောက်တော့မည်။

အမှောင်တွေ ကွယ်ပျောက်ပြီး အလင်းရောက်လာတော့မည်။ သဘာဝတရားကြီးက မဖောက်မပြန်ပုံမှန်လည်ပတ်မြဲ။ မြေကမ္ဘာမှာရှင်သန်နေထိုင်ကြတဲ့ လူသားတွေ၊ ဘဝမဲ့ရေးအတွက် လှုပ်ရှားရုန်းကန်ရန် တာစူလာကြပြီ။ လှုပ်လှုပ်ရှားရှားရှိလာသည်။ စွေးဆိုင်များဖွင့်သံ၊ လူသံ၊ ကားသံ၊ အသံမျိုးစုံပိုမိုကြားလာရသည်။

ဦးငြိမ်းချမ်း ခေါင်းရင်းဘက်မှ ပြတင်းပေါက်တံခါးကို ဖွင့်ကြည့်လိုက်တော့ ပိုမိုထွန်းလင်းတောက်ပလာသော နေရောင်ခြည်ကြောင့် နှင်းမှုန်တို့ကွယ်ပျောက်စပြုလာသည်။ ပတ်ဝန်းကျင်ကို သဲကွဲစွာမြင်နေရသည်။ နာရီကြည့်လိုက်တော့ နံနက် (၈) နာရီကျော်နေပါရောလား။ အုန်းပင်ထက်မှအုန်းလက်ကိုင်းမှာ လှုပစွာဆောက်ထားတဲ့ စာဘူးတောင်းသိုက်ကလေးတွေ လေအဝှေ့မှာယိမ်းထိုးလျက်။ စာဘုန်းကြီးလို့ခေါ်တဲ့ ချစ်စရာအဝါရောင်စာလေးတွေ အသိုက်တစ်ခုမှ တစ်ခု၊ တစ်ကိုင်းမှတစ်ကိုင်း ပျော်ရွှင်မြူးထူးစွာပျံဝဲရင်း အသံစုံသီကြွေးလျက်။

ဦးငြိမ်းချမ်းတွေးမိသည်။

ဌက်လေးတွေ လှုပသော စာဘူးတောင်းသိုက်များကိုဘယ်သူမှသင်မပေးဘဲ သဘာဝကပေးလိုက်တဲ့ အသိဉာဏ်နှင့် တည်ဆောက်တတ်ကြသည်။ သူတို့ရဲ့ဘဝလေးတွေကို သူတို့ခုံမင်တွယ်တာပျော်ရွှင်စွာ နေထိုင်ကြသည်။ အသိဉာဏ်ရင့်သန်ပါတယ်ဆိုတဲ့ လူသားတွေအားလုံး ဌက်ကလေးတွေလောက်မှ ပျော်ရွှင်တဲ့ဘဝတွေကို ပိုင်ဆိုင်နိုင်ကြပါရဲ့လား။

ဦးငြိမ်းချမ်းအတွေးနယ်ချဲ့နေခိုက် လမ်းထောင့်အမှိုက်ပုံမှ တဂိန်ဂိန်နှင့် ခွေးအော်သံကြားလိုက်ရသည်။ လှမ်းကြည့်လိုက်တော့ နံရိုးပြိုင်းပြိုင်းနှင့် ပိန်လှီလှသော ခွေးမကြီးတစ်ကောင်သည် လမ်းထောင့်အမှိုက်ပုံထဲစွန့်ပစ်ထားသောထမင်းကျန်၊ ဟင်းကျန်များကို ရှာဖွေနေသည်။ အနီးရောက်လာသော သားငယ်ခွေးပေါက်စလေး (၂) ကောင်။ တစ်ကောင်က ခွေးမကြီးနို့အတင်းဝင်စို့၊ ကျန်တစ်ကောင်က ခွေးမကြီးရှာကျွေးသောထမင်းဟင်းကျန်များကို အငမ်းမရစားလျက် ကြက်မကြီးနှင့် သားတစ်အုပ်ရောက်လာပြန်သည်။ ကြက်မကြီးက အစာကို အတင်းဝင်လုသည်။ ခွေးမကြီးက မာန်ဖီလျက်ရှိသည်။ သားငယ်များကို ကျွေးမွေးရန် အစာအတွက် ခွေးမကြီးနှင့် ကြက်မကြီးတို့ ရန်ဖြစ်နေကြပြန်သည်။

ဩော် မိမိဘဝရှင်သန်ရပ်တည်ရေးအတွက် သတ္တဝါအားလုံးမလွဲမသွေ၊ ဒေါသ၊ မောဟတရားတွေကိုယ်စီရှိနေတတ်ကြပါလား။ ဤသည်တာတစ်ခုက သတ္တဝါဆိုတာ ဘယ်ဘဝပဲရောက်နေ

www.burmeseclassic.com

www.burmeseclassic.com

နေ၊ ဘယ်လိုဒုက္ခပဲကြုံတွေ့နေပါစေ ဘဝကို ခုံမင်တွယ်တာတတ်သည့်သဘောကတော့ အတူတူပါပဲလား။

အခန်း (၄)

အရိယာတို့သည် သစ်ရွက်လေးတစ်ရွက်၊ ပန်းလေးတစ်ပွင့်ကြွေကျတာမြင်တာနှင့် ဖြစ်ပျက်ကိုမြင်ပြီး သံဝေဂတရားရသွားကြသည်။ လူသားတွေသတင်းစာထဲမှာ၊ မိမိပတ်ဝန်းကျင်မှာ အရွယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ဂုဏ်ဒြပ်မရွေး ဘဝခန္ဓာတွေ ပျက်ကြွေသေဆုံးနေကြတာ နေ့စဉ်မြင်တွေ့နေရပါလျက် တရားမရနိုင်ကြ။ တစ်ဦးနှင့်တစ်ဦး တစ်ခဏနှင့်တစ်ဖွဲ့ တိုက်ခိုက်နေကြသည်။ သခ်ါရလောကကြီးမှာ မြင်သမျှ အားလုံးဘာမှမမြဲ။ မမြဲသောသဘောတရားကို နှလုံးသွင်းထားကြမှသင့်လိမ့်မည်။

ဦးငြိမ်းချမ်းတွေးနေခိုက် -

"မခင်နှင်းဆီရေ××× နှင်းဆီပန်းကလေးလို့မလှဘဲ ××× ပန်းကလေးလို ညိုးရှာနေပြီ×××အဖြူးမတန်တဲ့ဘဝနဲ့ရှိနေရပြီ ××× ကံကြမ္မာလွဲလို့မွဲနေရှာပြီ××× သြော် သင့်ဘဝအတွက်ဘဲ တွေးကာငိုမိသည်"

မခင်နှင်းဆီသီချင်းတစ်ပုဒ်တည်းကို ဟိုရောက်ဒီရောက်အော်ဆိုသွားသော အသက် (၆၀) ပတ်ဝန်းကျင်မိန်းမကြီးတစ်ယောက်။မွဲခြောက်သောအသားအရေ၊ စုတ်ပြတ်ပေရေနေသော အဝတ်အစားများနှင့် လက်ထဲတွင် တောင်ဝှေးတစ်ချောင်းဆွဲလျက် သီချင်းကရှေ့မဆက်၊ ဒီတစ်ပိုဒ်ထဲကိုပဲ ထပ်တလဲလဲသီဆိုရင်း အိမ်ရှေ့လမ်းမကြီးပေါ် ဖြတ်လျှောက်သွားတာမြင်တွေ့လိုက်ရသည်။ နောက်နေ့များမှာလည်း ဒီသီချင်း၊ ဒီအပိုဒ်ကိုပဲ ထပ်တလဲလဲသီဆိုရင်း အိမ်ရှေ့လမ်းမကြီးပေါ် ဖြတ်လျှောက်သွားသောမိန်းမကြီးကို မြင်တွေ့နေရသည်။

ကြာလာတော့ ဦးငြိမ်းချမ်း ထိုအမျိုးသမီးကြီးကို သနားမိသလိုလို သူမရဲ့ဘဝ၊ သူမရဲ့အကြောင်းသိချင်လာသည်။ နီးစပ်ရာစုံစမ်းကြည့်လိုက်တော့ အမျိုးသမီးကြီးက စိတ်အနည်းငယ်ဖောက်နေသည်။ ပြည်ပြို့မြောက်ဘက်ခြမ်းကပ်လျက် ထန်းကုန်းရွာအစွန် ကဲစုတ်လေးမှာနေသည်။ မျက်စိမမြင်သောသားကို တောင်းရမ်းရှာဖွေကျွေးမွေးရင်း သားအမိနှစ်ယောက်အတူနေကြ၏။ ဒေါ်နှင်းဆီတို့မိသားစုက တစ်ချိန်က ပြည့်ပြည့်စုံစုံ



ဒီဘဝဒီအခြေအနေဘာလို့ရောက်သွားရတာလဲ။

တစ်နေ့နံနက် ဦးငြိမ်းချမ်း ဘုရားခန်းထဲကအထွက် ဒေါ်နှင်းဆီအကြောင်း အာရုံရောက်သွားသည်။ မခင်နှင်းဆီသီချင်းကြားလိုက်ရလို့ ခေါ်လိုက်သည်။

"အစ်မကြီး - လာပါဦး။ ဒီမှာ အဝတ်အစားနဲ့ စားစရာတွေ ကျွန်တော် ကုသိုလ်ပြုတာပါ"

ဒေါ်နှင်းဆီ မျက်ရည်စတွေနှင့် ဦးငြိမ်းချမ်းကို တွေတွေလေးစိုက်ကြည့်နေသည်။ ဒီလောက်များများ ဘယ်သူကမှမပေးဘူးလို့ဝမ်းသာအံ့ဩနေပုံရသည်။ နောက်မှ ဦးငြိမ်းချမ်းလက်ထဲက အထုပ်ကလေးတွေကို ဆတ်ခနဲဆွဲယူလိုက်ရင်း-

"သာခုပါတော် သာခု မောင်မင်းကြီးသား ကျန်းမာချမ်းသာပါစေ။ မခင်နှင်းဆီရေ နှင်းဆီပန်းကလေးလို့မလှဘဲ ပန်းကလေးလိုညိုးရှာနေပြီ သင့်ဘဝအတွက်ပဲ တွေးကာ ငိုမိသည်"

မခင်နှင်းဆီသီချင်းကိုအော်ဆိုရင်း ထွက်ခွာသွားတဲ့ ဒေါ်နှင်းဆီကို ဦးငြိမ်းချမ်း မျက်စိတစ်ဆုံးကြည့်နေမိ၏။ဒေါ်နှင်းဆီကို အနီးကပ်မြင်ရတော့ တစ်ချိန်တုန်းက လှပသောရုပ်ရည်ဖြစ်ရမည်။ ဘဝရဲ့လောကခံလှိုင်းတံပိုးတွေကရိုက်ခတ်လို့ ဒီလိုဖြစ်သွားတာနေမှာ။ ကြာလာတော့ ဒေါ်နှင်းဆီနှင့် ရင်းနှီးလာသလိုရှိလာသည်။ အခါအခွင့်သင့်တဲ့အခါ ဒေါ်နှင်းဆီရှိတဲ့ရွာလေးကို တစ်ခါတစ်ခေါက်လေ့လာရေးသဘောသွားရောက်ရန် စိတ်ကူးမိသည်။

အခန်း (၅)

အကြောင်းအမျိုးမျိုးတို့ကြောင့် ဒေါ်နှင်းဆီနေတဲ့ ထန်းကုန်းရွာလေးကို မရောက်ဖြစ်ခဲ့။ ဒီဇင်ဘာလ ၂၀ ရက်နေ့ ဒီနေ့က ဦးငြိမ်းချမ်းရဲ့မွေးနေ့၊ အသက် (၆၅) နှစ်ပြည့်တော့မည်။ မွေးနေ့မှာ ဘယ်လိုကုသိုလ်ဒါနပြုရင်ကောင်းမလဲ။ အငြိမ်းစားမယူမီ မွေးနေ့ရောက်တိုင်း မိဘမဲ့ဂေဟာမှာ မိဘမဲ့ကလေးတွေကို နေ့လယ်စာတစ်ကျောင်းလုံး ကျွေးမွေးလှူဒါန်းခဲ့သည်။ ဘိုးဘွားရိပ်သာ၊ သာသနာ့ဝန်ထမ်း၊ ဘုရားစေတီများ၌ သံပန်းသံတံခါး မိမိတတ်စွမ်းသမျှ အလှူဒါနမျိုးစုံပြုခဲ့ဖူးသည်။ ဒီနှစ် (၆၅) နှစ်ပြည့်မှာ မလှူဘူးသေးတဲ့အလှူ လှူရရင်ကောင်းမယ်။ ဘာလှူရမလဲ။ ဟုတ်ပြီ။ ရေများတဲ့အရပ်၊ မိုးရွာနေတာထက် မိုးခေါင်ရေရှားတဲ့အရပ်မှာ မိုးရွာတာကပိုပြီး အနှစ်သာရရှိသလို ဝမ်းမြောက်ကြည်နူးစရာကလည်းကောင်းသည်။ ဒေါ်နှင်းဆီနေတဲ့ ထန်းကုန်းရွာလေးမှာ ထမင်းတစ်ခါချက်ခါနီး တစ်ခါဆန်ရှိဆီဘူးလေးတစ်လုံးပြေးဝယ်ရတဲ့ မရှိဆင်းရဲသားတွေကို လှူဒါန်းမည်။ တစ်နေ့ ထန်းကုန်းရွာလူကြီးတစ်ဦးနှင့်တွေ့ပြီး အကျိုးအကြောင်းပြောပြ၊ အလှူခံယူမည့်သူစာရင်းပေးရန် အကူအညီတောင်းလိုက်သည်။ မွေးနေ့မတိုင်မီ (၃) ရက် အလိုစာရင်းလာပေး၍ကြည့်လိုက်တော့ အလှူခံယူမယ့်သူ စာရင်းက တိုက်တိုက်ဆိုင်ဆိုင် (၆၅) ဦး။ ဦးငြိမ်းချမ်းမွေးနေ့ အသက်နှင့်ကွက်တိ။ အလှူခံယူမည့်သူစာရင်းထဲမှာ ဒေါ်နှင်းဆီ အပါအဝင် ရွာသားများ။ ဒီဇင်ဘာလ ၂၀ ရက်နေ့ နံနက် (၈) နာရီ ဒေါ်ငြိမ်းချမ်းနေအိမ်သို့ အလှူခံလာရောက်ကြပါရန် ဆက်သွယ်ခိုင်းဆိုလိုက်ကြသည်။ ဦးငြိမ်းချမ်း ဝမ်းမြောက်ကြည်နူးစွာ လှူဒါန်းရန်လိုအပ်သည်များကို စီမံရတော့သည်။

အခန်း (၆)

ဒီနေ့က ဦးငြိမ်းချမ်းရဲ့မွေးနေ့၊ ဦးငြိမ်းချမ်းအိမ်ရှေ့မှာ အထုပ်များထည့်ထားသည့် တောင်းကြီးတောင်းငယ်များ ချထားသည်။ အထုပ်တစ်ထုပ်မှာ မုန့်ဟင်းခါးဖတ်၊ ဟင်းရည်၊ ဆန်တစ်ပြည်၊ ငွေ (၃) ထောင်ကျပ် (၄) မျိုးတွဲထားသည်။ နံနက် (၈) နာရီလောက်မှာ အလှူခံယူမည့်သူများ တစ်ယောက်ပြီး တစ်ယောက်ရောက်လာကြလေသည်။ အမည်စာရင်းနှင့်တိုက်ပြီး လှူဒါန်းသည်။ တစ်ခါမျှမလှူဒါန်းဘူးသေးသောအလှူမို့ ဦးငြိမ်းချမ်း ဝမ်းသာပီတိဖြစ်ရှိနေသည်။ တစ်ယောက်လျှင် ငွေထုပ် နှုန်း အထုပ် (၃၀) ခန့်လောက်အကုန်မှာ -

"မခင်နှင်းဆီရေ နှင်းဆီ ပန်းလေး

www.burmeseclassic.com

www.burmeseclassic.com

လိုမလှဘဲ ပန်းလေးလိုညှိုးနေရှာပြီ"

သီချင်းသံကို ကြားလိုက်တာနှင့် ဒေါ်နှင်းဆီရောက်လာပြီဆိုတာသိလိုက်သည်။

ဒေါ်နှင်းဆီရောက်လာပြီး -

"ဆရာကြီး၊ ကျွန်မကို တစ်ထုပ်ပေးဦးလေ"

အမည်စာရင်းနှင့်တိုက်ကြည့်လိုက်တော့ ထန်းကုန်းရွာထဲက တွတ်နီဆိုတဲ့ လူငယ်လေးယူသွားတာ တွေ့ရသည်။

ဦးငြိမ်းချမ်းက -

"ဒေါ်နှင်းဆီ ခင်ဗျားကိုယ်စား ရွာထဲက တွတ်နီဆိုတဲ့ကလေးယူသွားပြီ"

"ဒီကောင်လေးကကျွန်မတူလေး။ ဒီကောင်လေးယူသွားရင် ကျွန်မရတော့မှာမဟုတ်ဘူး။ စားရမှာ မဟုတ်တော့ဘူး ဟီး ဟီး ဟီး"

ဒေါ်နှင်းဆီ ဘာမပြောညာမပြော တောင်ဝေးကိုပစ်ချပြီး ငိုကြွေးတော့သည်။

"အစ်မကြီး မငိုနဲ့ မငိုနဲ့။ကျွန်တော် အထုပ်သစ် (၁) ထုပ် ထပ်ထုတ်ပေးမယ် မငိုနဲ့နော်။ တိတ်ပါ တိတ်ပါ"

ဦးငြိမ်းချမ်း နှစ်သိမ့်လိုက်၍ ဒေါ်နှင်းဆီ အငိုတိတ်သွားသည်။ ဦးငြိမ်းချမ်းကမ်းပေးလိုက်သော အထုပ်သစ်ကလေးကို ဒေါ်နှင်းဆီမျက်ရည်စတွေနဲ့ လှမ်းယူရင်း -

"မခင်နှင်းဆီရေ နှင်းဆီပန်းလေး လိုမလှဘဲ ပန်းလေးလို ညှိုးနေရှာပြီ"

ဆိုနေကျသီချင်းကိုအော်ဆိုရင်း ထွက်ခွာသွားသောဒေါ်နှင်းဆီကို ဦးငြိမ်းချမ်း ကရုဏာသက်သောမျက်လုံးများဖြင့်ကြည့်နေမိသည်။ အထုပ်တွေလည်း ကုန်ပြီ။ အလျှဒါနအတွက် ကြည်နူးဝမ်းမြောက်စွာပြီးဆုံးခဲ့ပြီ။ ဘာပကာသနမှ မဖက်။ ရှိလို့လျှုတာထက် သိလို့လျှုတာက ပိုမြတ်သည်။ ပြည့်စုံသောသူများအတွက် ထမင်းတစ်နပ်ကို တန်ဖိုးထားရမှန်းမသိ၊ မရှိဆင်းရဲ ဒုက္ခမျိုးစုံကြုံတွေ့ရပြီး ငတ်မွတ်နေသူများအဖို့ ထမင်းတစ်နပ်က နတ်သုဒ္ဓါ၊ ပြည့်လျှံနေသောရေအိုးများကိုရေတွေထပ်ဖြည့်နေခြင်းထက် မပြည့်သောအိုးများအမှန်တကယ်လိုအပ်သောနေရာများတွင်ရေများဖြည့်ကြလျှင် ကောင်းလေစ။ တစ်စုံတစ်ရာသောအကျိုးကို မျှော်ကိုးခြင်းမရှိဘဲ စိတ်စေတနာရင်းသန့်သန့်ဖြင့် လောက၏ အကျိုးကို ဆောင်ရွက်ခြင်းသည်သာ မြင့်မြတ်သော လုပ်ဆောင်ခြင်းဖြစ်သည်။ လူသားများအဖို့ ပူလောင်သောဘဝထဲရောက်နေလင့်ကစား ဘဝခန္ဓာများရှိနေခြင်းကြောင့် ငြိတွယ်တတ်သော၊ နှောင်ဖွဲ့တတ်သော တဏှာကိုစွန့်လွှတ်ရန် ခက်ခဲလှသည်။ ဒေါ်နှင်းဆီအဖြစ်က ဦးငြိမ်းချမ်းကို တရားပြနေသယောင်။

အလှူပြီးတစ်ပတ်လောက်အကြာ ဒေါ်နှင်းဆီနေထိုင်သော ထန်းကုန်းရွာလေးသို့ ကကူးတကရောက်ရှိသွားသည်။ ဒေါ်နှင်းဆီသည် ရွာကဆောက်ပေးထားသောတဲစုတ်ကလေးဖြင့် မျက်မမြင်သားနှင့်အတူနေရသည်။ တဲအတွင်းမှာ အိုးစုတ်၊ ခွက်စုတ်၊ ခေါင်းအုံးစုတ်၊ ခြုံစရာစောင်စုတ်များကလွဲ၍ ဘာမှမရှိ။ ဆင်းရဲနွမ်းပါးလှတဲ့ဘဝ။ သားအမည်က မောင်ပိုက်၊ ဇနီး ဆုံးသွားသော မုဆိုးဖို။ ရွာလူကြီးများ ပြောပြသော ဒေါ်နှင်းဆီရဲ့ဘဝဇာတ်ကြောင်းက ကြေကွဲဝမ်းနည်းဖွယ်ကောင်းလှသည်။

အခန်း(၇)

ဦးစိုး - ဒေါ်နှင်းဆီဟု ဆိုလျှင် ထန်းကုန်းရွာလေးသာမက တစ်နယ်လုံး မသိသူမရှိသလောက် ဦးစိုး-ဒေါ်နှင်းဆီတို့က လယ်တွေယာတွေများစွာပိုင်ဆိုင်ပြီး ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသည်။ ပေးကမ်းစွန့်ကြဲမှုရက်ရောသည်။ အဲဒါကြောင့်လည်း မိတ်ဆွေသင်္ဂဟတွေ ပေါများလှသည်။ ဦးစိုး-ဒေါ်နှင်းဆီတို့မှာ ရွှေငွေရတနာမရှားပေမယ့် သားသမီးရတနာရှားသည်။ တစ်ဦးတည်းသော သားလေးကို ပိုက်ပိုက်ထွေးထွေးပြုစုယုယမွေးလာခဲ့ရသဖြင့် မောင်ပိုက်ဟာ အမည်ပေးထားသည်။ မောင်ပိုက်က ဖြူဖြူဖွေးဖွေးချစ်စရာလေး။ ဦးစိုးထက် ဒေါ်နှင်းဆီကအချစ်ပိုသည်။အစစအရာရာ အလိုလိုက်အကြိုက်ဆောင်ခဲ့သည်။ မောင်ပိုက်ကိုတုန်နေအောင်ချစ်ရှာသည်။

မောင်ပိုက်အရွယ်ရောက်လာတော့ သားက အားမဖြစ်၊ ကျားဖြစ်လာသည်။ ဇာတိပြလာသည်။ သုံးနိုင်ဖြန်းနိုင်တုန်းတော့ အနီးအပါးမှာ အပေါင်းအသင်းတရုန်းရုန်း။ အထူးသဖြင့် အရက်လေးတမြမြရှိလာ၏။မောင်ပိုက်အသားအရေတွေမူမမှန်၊ အရက်စွဲရာမှမျက်နှာကအစ ဖောသွတ်သွတ်ဖြစ်လာကာ ဒေါ်နှင်းဆီသတိပြုမိသည်။ အလယ်တန်းအဆင့်မှာ ကျောင်းမတက်တစ်ချက်တက်တစ်ချက်နှင့် စာမေးပွဲတွေတဗုန်းဗုန်းကျနေလို့ သားကိုကျောင်းထွက်ခိုင်းလိုက်ရ သည်။

ပျက်စီးပြုနေသောသားကို လိမ္မာရေးခြားရှိအောင် ဘယ်လိုပြုပြင်ရမလဲ အများပြောသော်မရ၊ မယားပြောသော်တစ်ည ဟုတ်ပြီ ဒီကောင်ကို ခြေငြိမ်သွားအောင် မိန်းမပေးစားရမည်။ ရွာထဲက မကျော့လေးက လိမ္မာရေးခြားရှိသည်။ ဒေါ်နှင်းဆီမျက်စိနှင့်လည်းတွေ့သည်။ ခင်ပွန်းဖြစ်သူ ဦးစိုး ရွာလူကြီးများနှင့်တိုင်ပင်ပြီး မောင်ပိုက်ကို မကျော့လေးနှင့် ပေးစားလိုက်သည်။ အိမ်မခွဲစေဘဲ အတူနေခိုင်းသည်။ ခဏတော့ မောင်ပိုက်ခြေငြိမ်သွားသလို နောက်တော့ ပြန်ဖောက်လာသည်။ သောက်မြဲစားမြဲ။ ဒေါ်နှင်းဆီ သားဖြစ်သူကို တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ အမျိုးမျိုးပြုပြင်ဆုံးမပေမယ့်မရ။ မောင်ပိုက် လယ်ယာလုပ်ငန်းခွင်ကို စိတ်မဝင်စား။ ကိုယ်ဝန်ရှိလာပြီဖြစ်တဲ့ မကျော့လေးကသာ ကိုယ်လေးလက်ဝန်နှင့် လယ်ယာလုပ်ငန်းမှာ ကူညီလုပ်ကိုင်ပေးနေရသည်။ ဒေါ်နှင်းဆီက လိမ္မာရေးခြားရှိလှတဲ့ခွေးမလေးမကျော့ကိုကြည့်ပြီး သနားနေသည်။ လင်ဆိုးမယားတဖားဖားဆိုတာ ဒါမျိုးထင်ပါရဲ့။

မိုးရာသီလယ်ထဲမှာ ကောက်ပင်တွေရှင်သန်ကြီးထွားစအခြိန် ရေသွင်းရေထုတ်၊ ပေါင်းနုတ်၊ မြေဩဇာကျွေးအစစဂရုစိုက်နေရသည်။ ကောက်ပင်တွေကကြည့်ရတာ အားရဖွယ်မရှိ။ လယ်ယာလုပ်သားရှားပါးခိုန်မို့ ဈေးကြီးပေးငှားရတဲ့အထဲ ဓာတ်မြေဩဇာသွင်းအားစုတွေက ဈေးကြီး၊ ပိုးကဖျက်၊ စပါးဈေးတွေကကျ၊ လယ်ယာလုပ်နေရပြီး စိတ်ဓာတ်ကကျခဲ့သလို။ ဒီကြားထဲ ဟိုကောင်ငပိုက်လယ်ထဲပါမသွား။ ဘယ်ရောက်နေပါလိမ့်။ မနက်မိုးမလင်းသေးဘူး။ ဇကန္ဓ အရက်သွားသောက်တာပဲဖြစ်မည်။ ဦးစိုးနှင့် ခွေးမလေးကတော့ လယ်ထဲကို မနက်အစောကြီးကတည်းကထွက်သွားကြသည်။ ဒေါ်နှင်းဆီ မြည်တွန်တောက်တီးရင်း မီးဖိုချောင်ထဲနေ့လယ်စာထမင်းဟင်းချက်ပြုတ်နေခိုက်-

"မနှင်းဆီရေ မနှင်းဆီ လယ်ထဲမှာ မကျော့လေး ပိုးထိလို့တဲ့ ရွာကိုသယ်လာကြတယ်။ အခြေအနေမကောင်းဘူးတော့"

အိမ်နီးချင်း လယ်သူမတစ်ဦး၏ အော်ဟစ်ပြောဆိုသံကိုကြားလိုက်တော့ ဒေါ်နှင်းဆီရင်ထဲဒိန်းခနဲစို့ခိတက်သွား၏။ မကြာမီ မကျော့လေးကို အိမ်ပေါ်ပို့ခေါ်လာတာတွေ့လိုက်ရသည်။ မကျော့လေးက မြွေဆိပ်တက်နေ၍ သတိမရ။ ဆေးရုံပို့ရန်စီစဉ်နေစဉ်မှာပင်ဆုံးသွားသည်။ လူနှင့်နီးရဲ့အသက် (၂) ချောင်း

www.burmeseclassic.com

www.burmeseclassic.com

ဆုံးပါးခဲ့ရလေသည်။

ဒေါ်နှင်းဆီ မျက်ရည်ပေါက်များ ပါးပြင်ပေါ် တသွင်သွင်စီးကျလာရင်း-

"ကျောလေးရေ၊ နင့်ကို ငါသတ် တာဟဲ့ နင့်ကိုငါသတ်တာဟဲ့။ ငါသား ဟိုကောင်လူမိုက်နဲ့ပေးစားမိလို့ နင်နဲ့ငါ မြေးကလေးသေရတာ။ ငပိုက်၊ နင်ဘယ် ရောက်နေလဲ။မူးလို့ကောင်းတုန်းပဲလား ဟဲ့ ငပိုက်ရဲ့ ဟီး ဟီး ဟီး"

ဒေါ်နှင်းဆီအပူလုံးတွေတက်လာ ပြီး သတိလစ်လဲကျသွားသည်။ အားလုံး ဝိုင်းဝန်းပြုစုကြ၍ ဒေါ်နှင်းဆီသတိလည် လာသည်။ မောင်ပိုက်ကတော့ မိန်းမဆုံး လို့ စိတ်ညစ်တယ်ဆိုပြီး ပိုသောက်လာ သည်။ ပိုမူးလာသည်။ ငမူးကြီးကိုလုံး လုံးဖြစ်လို့။

အခန်း(၈)

မိုးနှင့် ဆောင်းရာသီ လွန်မြောက် ပူပြင်းလှသော မတ်လ တစ်နေ့နံနက် ညကသောက်ထားတဲ့အရှိန်နှင့် လေချဉ် တွေတက်လာသဖြင့် ဖြေမှုရတော့မည်။ ဦးစိုးလယ်ထဲသွားနေခိုက် မောင်ပိုက် ဒေါ်နှင်းဆီထံ အရှိန်လေးနှင့်ရောက်လာ ပြီး -

"အမေ ပိုက်ဆံရှိရင်ပေးပါဦး ရွာ ထဲခဏသွားမလို့"

"ဘာလဲ နင်သောက်လို့မဝသေး ဘူးလား။ အရက်သွားသောက်မလို့လား ပိုက်ဆံမရှိဘူး"

"အမေကလည်း အရက်သောက် တာပဲ ခဏခဏပြောနေတယ်။ အမေ့ မှာ ပိုက်ဆံရှိတာ ကျွန်တော်သိတယ်"

မောင်ပိုက် အိမ်ထဲဝင်သွားပြီး ဒေါ်နှင်းဆီဝှက်ထားသည့် ပိုက်ဆံတွေ အတင်းယူပြီးထွက်လာသည်။ ဒေါ်နှင်း ဆီအခန်းပေါက်ဝက ပိတ်တားဆီးလိုက် ရင်း -

"သား ဒါဓာတ်မြေဩဇာဖိုးတွေ မယူနဲ့ မယူနဲ့။ နင့်အဖေလာရင်ပြန်တိုင် မယ်"

"တိုင်ဗျာ၊ ဘယ်သူမှဂရုမစိုက်ဘူး။ ခင်ဗျားမဖယ်ဘူးလား. ဖယ်ဆိုဖယ်စမ်း ပါ"

မောင်ပိုက်၏ ဆောင့်တွန်းလိုက် သောအရှိန်ကြောင့် ဒေါ်နှင်းဆီလဲကျ၊ ဦးခေါင်းနှင့် တိုင်ဆောင့်မိသွားသည်။ ဦးခေါင်းမှသွေးတွေအဆက်မပြတ်စီးကျ လာသည်ကို လက်နှင့်ပွတ်ရင်း -

"မိုက်လိုက်တဲ့သားရယ်၊ နင်မိဘ ကိုစော်ကားရင် ဘေးဒုက္ခနဲ့တွေ့လိမ့် မယ် လူမိုက်ရဲ့ ဟီး ဟီး"

မောင်ပိုက်ကတော့ ဘာကိုမှဂရု မစိုက် သွေးတွေနှင့်လဲကျနေတဲ့မိခင်ကို ပြန်မကြည့်၊ လိုချင်တာရပြီမို့ ရွာထဲသို့ အတင်းပြေးထွက်ပျောက်ကွယ်သွား၏။

အခန်း (၇)

ယောကျ်ားတော်တော်များများ အရက်နှင့်မကင်းတတ်ကြ။ အောင်မြင် လည်းသောက်၊ ကျရှုံးလည်းသောက်၊ ဝမ်းသာလည်းသောက်၊ ဝမ်းနည်းလည်း သောက်။ အကြောင်းအမျိုးမျိုးရှာ သောက်တတ်ကြသည်။ အရက်သောက် တိုင်း အရက်သမားဆို၍မရ။ ဇီးသမား အဆင့်ရောက်သွားပြီဆို အရက်သမား လို့ပြောရမည်။ ဇီးသမားအဆင့်ကိုတော့ အရက်သောက်ခြင်းက စသည်ဆိုလျှင် မမှား။ လူကြီးတစ်ယောက်က ပြောဖူး သည်။ အရက်သမားမဖြစ်ချင်လျှင် အချိန်အခါ၊ နေရာ၊ လူရွေးသောက်၊ လူကြီးလူကောင်းဆန်ဆန်သောက်တဲ့။ မှတ်သားဖွယ်ကောင်းလှသည်။ သူကိုယ် တိုင်လည်း ဂုဏ်သိက္ခာရှိရှိ အဆိုအမိန့် အတိုင်းနေခဲ့လို့ အသက် (၉၀) ကျော် အထိနေခဲ့ရပြီး ရာထူးအဆင့်ဆင့်တိုး၍ အသက်ရှည်ခဲ့သည်။ အချိန်မရွေး၊ နေရာမရွေး၊ လူမရွေးသောက်လို့က တော့ ပြဿနာတစ်ခုခုဖြစ်ချင်ဖြစ်မည်။ ကျန်းမာရေးထိခိုက်မည်။ သေချာတာက တော့ ဇီးသမားဘဝရောက်မည်ကတော့ ဧကန်။

ဇီးသမားအဆင့်ကို ရောက်နေတဲ့ မောင်ပိုက် ဘာလို့အချိန်ရွေးနေရမှာလဲ။ ဇီးပွဲရွာမှာ နေ့လယ် (၁) နာရီလောက် အုပ်ပေါင်းအသင်းတွေနှင့်သောက်စားပြီး နေပူထဲ ထန်းကုန်းရွာအပြန် ရာသီဥတု ကပူ၊ သောက်ထားတဲ့အရက်ကလည်း ရင်ထဲမှာမခံမရပ်နိုင်အောင်ပူ၊ အပူတွေ သက်သာရန် ဘယ်လိုလုပ်ရပါ့။ ဟော-တွေ့ပြီ၊ ထန်းကုန်းရွာနားဖြတ်ဖောက် ထားတဲ့ဧရာဝတီမြစ်ရေတင်စီမံကိန်းက ရေသွယ်မြောင်းကြီး။ ရေတွေတသွင်သွင် စီးလျက် မောင်ပိုက် ဘာမှစဉ်းစားမနေ ဘဲ ရေသွယ်မြောင်းထဲဆင်း ရေတဝကြီး စိမ်ချိုးလိုက်သည်။ ရေသွယ်မြောင်းက အတက် မောင်ပိုက်ခေါင်းထဲမိုက်ခနဲဖြစ် သွားသည်။ မျက်စိဖွင့်ကြည့်လိုက်တော့ ပတ်ဝန်းကျင်အားလုံး ဘာကိုမှကောင်း စွာမမြင်တော့။ ဝေဝါးလျက်။

မောင်ပိုက် ထိတ်လန့်စွာဖြင့် -

"ကယ်ကြပါဦး၊ လာကြပါဦး ကျွန်တော့်မျက်စိတွေကန်းပါပြီ။ ဘာမှ မမြင်ရတော့ဘူး၊ ကယ်ကြပါဦးဗျို့"

နီးစပ်ရာမှရွာသားများ မောင်ပိုက် ကိုတွဲပြီးထန်းကုန်းရွာသို့ခေါ်လာခဲ့သည်။ မောင်ပိုက်အဖြစ်ကိုမြင်ရတဲ့မိခင် ရင်ကွဲ ပက်လက် မိဘမေတ္တာဖြင့် -

"သားလေးရယ်၊ ဖြစ်မှဖြစ်ရလေ။ နင်မိဘတွေစော်ကားလို့ ခုဒုက္ခလှလှကြီး တွေ့ရပြီမဟုတ်လား။ သားလေးမှာ အပြစ်တွေရှိရင် အမေခွင့်လွှတ်ပါတယ် ကွယ်။ သားလေးမျက်စိတွေပြန်မြင်ပါ စေ"

မိဘများ သားသမီးကိုချစ်တဲ့စိတ်၊ ကရုဏာစိတ်နှင့် မတော်တွာတွေ့လျှင် ပြောမိဆိုမိတတ်ကြသည်။ မခံယူတတ် သော သားသမီးများ မိဘကိုပြန်ပြစ်မှား မိပါက မိဘကခွင့်လွှတ်သော်ငြား အပြစ် ကမနေ။ မိဘစိမ်ရေသင့်တတ်ကြသည်။ မောင်ပိုက်ကို ရွာမှာတောဆေးတောဝါး တွေနှင့်ဆက်ကုသနေရာက မောင်ပိုက် မျက်စိနှစ်လုံး လုံးဝမမြင်ရသော ဒုက္ခိတ ဘဝကို ရောက်သွားရသည်။

အခန်း (၉)

လိမ္မာရေးခြားရှိတဲ့ ရွှေးမလေး ကဆုံး။ သားက မျက်မမြင်ဒုက္ခိတ။ ဦးစိုး-ဒေါ်နှင်းဆီတို့ အသက်အရွယ်လေး ထောက်လာတော့ လယ်ယာလုပ်ငန်းခွင် တွေ ဖိဖိစီးစီးမလုပ်နိုင်။ အလုပ်သမား တွေနဲ့သာလွှဲထားရသည်။ စီးပွားရေး တစစကျဆင်းလာလို့ ဦးစိုးစိတ်ဓာတ်ကျ ဆင်းသလိုစီးပွားရေးတွေကောင်းအောင် ဘယ်လိုလုပ်ရမလဲ။ ဖြတ်လမ်းနည်းစဉ်း စားလာ၏။ ကြောက်ဝိုင်းတစ်ဝိုင်းကောင်း လို့ နိုင်လျှင် မျိုးမျိုးမြက်မြက်ကလေးရ သတဲ့။ ခွဲထီ (၂) လုံး၊ (၃) လုံးထိုးပြီး သိန်းရာချီရသွားသူတွေမြင်တွေ့အားကျ လာသည်။ တစ်လ (၂) ခါထွက်တဲ့ ခွဲထီ ကို လယ်ပေါင်ယာပေါင်ပြီးထိုးသည်။ (၃) လုံးတိုးတော့ (၂) လုံးလွဲ၊ (၂) လုံး တိုးတော့ (၁) လုံးလွဲ အိမ်တိုင်ခွဲတ်မည့် ခွဲ။ အနူးပေးတဲ့ ဂဏန်း၊ ဘီးတော်ပေးတဲ့ ဂဏန်း၊ ဘွားတော်ပေးတဲ့ဂဏန်း၊ ဘုန်းကြီး ပေးတဲ့ဂဏန်း၊ အိပ်မက်ထဲက ဂဏန်း၊ ဘယ်ဂဏန်းမှမမှန်။ အကျိုးမပေး။ ခွဲထိုင်တွက်ရတာလည်း အမော၊ ရှိတဲ့ လယ်တွေယာတွေသာ ဆုံးကုန်သည်ခွဲ ခွဲတွေကမပေါက်။ ပိုက်ဆံမရှိတော့ အကြွေးထိုးသည်။ ခွဲထီမပေါက်တော့ ဦးစိုးကြွက်ဝိုင်းဘက်ဦးလှည့်လာသည်။ ဒေါ်နှင်းဆီ သားအလတ်တစ်မျိုး၊ လင်

www.burmeseclassic.com

www.burmeseclassic.com



အတွက် တစ်ဖုံ၊ ဦးစိုးကို လောင်းကစား မလုပ်ရန် အမျိုးမျိုးဖျောင်းဖျပေမယ့် မရ။ ဒီနေ့မနက် ကြက်ဝိုင်းကောင်းတယ် ဆိုပြီး ဦးစိုးထွက်သွားတာ ဆယ်စားခြိန်လည်း ပြန်မရောက်။ ရွာထဲမှာကြက်ဝိုင်းဖြစ်နေတယ်ဆိုတဲ့နေရာ ဒေါ်နှင်းဆီရောက်သွားသည်။

ကြက်တိုက်နေတဲ့ လူအုပ်ထဲမှာ ကြက်ဖနှစ်ကောင်သဲသဲမဲမဲခွပ်နေသည်။ တစ်ကောင်က ကြက်နီ၊ တစ်ကောင်က မဂို။ မဂိုကြက်ဖက အနီကို အသာစီးရနေသည်။ ဘယ်လိုပဲ မဂိုက အသာစီးရနေပေမယ့် ဦးစိုးက သူ့ကြက်ဖအနီကပဲ အနိုင်ရမယ်လို့ ယုံကြည်နေသည်။ သူ့ကြက်က အမြီးထင်းစည်း၊ အသံပုဆိန်၊ မျက်လုံးကြည်သည်၊ ခွကြီးသည်၊ နှုံးမလို့ နှင့်အနိုင်ရတတ်တာများသည်။ တစ်ဖက်ကြက်ဖတောင်ပံနှစ်ဖက်အကြားမှာအဖြူမွေးတွေမြင်နေရသည်။ ကြက်သမားလောကမှာ အဆိုရှိသည်။ ဖြူတောင်စုံနှစ်ဖက်ကြား မတိုက်လေနဲ့ မောင်ဘုရားရှုးတာကများ' ဆိုးဘုရင်ခေတ်က ကြက်တိုက်ဝါသနာပါသောမင်းညီမင်းသားများ တောင်ပံနှစ်ဖက်ကြားမှာ အဖြူမွေးတွေပါသော ကြက်ဖနှင့်တိုက်ခဲ့တာ အနှုံးများလွန်းလို့ စာချိုးရှိခဲ့တာဖြစ်မည်။

ခွပ်လက်တစ်လက်ပြီး နှစ်ဖက်ကြက်သမားများ ကြက်ကုရန် ကောက်ကိုင်လိုက်ကြသည်။ ဦးစိုး ကြက်နီဖကို ကောက်ကိုင်ရင်း -

"ဟေ့-မင်းတို့အနိုင်ရမယ်ထင်သလား။ မဂိုမဂဲမယားဆဲတဲ့ ကြက်နီတစ်ခုန် ရှိတာကုန် ငါတို့ကြက်နီလေး တစ်ချက်ခုန်တာနဲ့ မင်းတို့ရှိတာ ကုန်ပြီသာမှတ်"

တစ်ဖက်ကြက်သမားများမခံချင်ကြ။ ဒါပေမယ့် ဘာမှပြန်မပြောခွပ်လက်နားသွားလို့ နှစ်ဖက်ကြက်သမားများ ကြက်ကုရန်ကောက်ကိုင်လိုက်ကြသည်။ ဦးစိုး ခွက်ထဲက ညစ်ပတ်ပေရေနေသောရေများဖြင့် ကြက်နီလေးပေါင်းရင်းလည်တိုင်များကိုဆုပ်နယ်ပေးသည်။ အာပူမှုတ်ပေး၊ ဆွဲမေးသည်။ ခွက်ထဲက ရေတစ်ငုံငုံပြီး ကြက်နီလေး ဖင်ကိုမှုတ်ပေးသည်။ နှစ်ဖက်ကြက်ကုအပြီး ဝိုင်းအတွင်းသို့ ကြက်ဖနှစ်ကောင်ကိုချလိုက်သည်။ ဝိုင်းတွင်းမှ အော်ဟစ်အားပေးသံများဆူညံလျက်။ ဦးစိုးကုန်း၍ ကြက်နီလေးဖင်ကို ရေမှုတ်ရင်း -

"သားလေး ခွပ်လိုက်စမ်း၊ အစွမ်းပြလိုက်စမ်း၊ ကြက်နီတစ်ခုန်တဲ့ကွ"

ဦးစိုးဘယ်လိုပင်အားပေးနေပေ မယ့် ကြက်ဖအနီလေးက မဟန်တော့။ တစ်ချက်တစ်ချက် ပြန်ခွပ်တာကလွဲပြီး လည်စင်းခံနေသည်။ နောက်ဆုံး ဝိုင်းထဲက ကြက်နီလေး အရှုံးပေးထွက်ပြေးသွားတော့သည်။

"ဟေး ဟေး ဟေး"

တစ်ဖက်မှ အနိုင်ရသူတွေ ဝမ်းသာစွာ အော်ဟစ်လိုက်သံများ ပို့မိုဆူညံသွားသည်။ ဦးစိုး စိတ်ဆိုးမာန်ဆိုးနှင့် မောပန်းလဲကျနေတဲ့ကြက်နီလေးကို ခပ်ကြမ်းကြမ်း ကောက်ကိုင်လိုက်ရင်း -

"နင်တော့ နေဦး၊ အိမ်ရောက်မှ တင်းအိုးနဲ့တွေ့မယ်"

ဒေါ်နှင်းဆီ ခင်ပွန်းဖြစ်သူ ဦးစိုးကို ဖျောင်းဖျ နေအိမ်သို့ အတင်းဆွဲခေါ်လာခဲ့သည်။ ဒေါ်နှင်းဆီ အိမ်ပေါက်ဝမှာ ခဲ့ကြွေးတောင်းမယ့်သူတစ်စု။

"ဒေါ်နှင်းဆီ၊ ခင်ဗျားယောကျ်ားခဲ့ထိုးထားတဲ့အကြွေးတွေဘယ်လောက်ရှိနေပြီလဲ သိလား။ ကြွေးတွေမပေးတာလည်းကြာပြီ။ နောက်တစ်ပတ်မှာမပေးလို့ကတော့ ခင်ဗျားတို့အိမ်ကို မီးတိုက်ပစ်မယ် ကြားလား"

"အားလုံးရဲ့အကြွေးတွေပေးပါမယ်ရှင်။ စိတ်သာချပါ ကျွန်မ တောင်းပန်ပါတယ်"

ကြိမ်းမောင်းပြီးထွက်ခွာသွားသော လူစစ်စုကိုကြည့်ရင်း ဒေါ်နှင်းဆီ မျက်ရည်စတွေနဲ့။ ဦးစိုးကတော့ ကြက်ပို့ကိုပြီး ငိုင်တွေလျက်ကျန်ခဲ့သည်။

အခန်း (၁၀)

ခဲ့သမားတစ်စု နောက်တစ်ပတ် အကြောရောက်လာပြန်ပြီး -

"ဘယ်လိုလဲ ဒေါ်နှင်းဆီ၊ ခင်ဗျားပြောတဲ့တစ်ပတ်ကြာလို့ကြွေးလာတောင်းတာ"

"ဟုတ်ကဲ့ပါ ခဏလေးစောင့်ပါ။ ကျွန်မ. အိမ်ပေါင်ထားပါတယ် ငွေမရသေးလို့ပါ။ ငွေရရင် ဆက်ဆက်ပေးပါမယ်ရှင်"

"ခင်ဗျား ကတိတည်ပါစေနော်၊ ကတိမတည်လို့ကတော့ အိမ်ကိုဆွဲဖျက်ပစ်မယ်"

ကိုယ်မှာ ဆင်းရဲဒုက္ခကြုံရင် လဲနေသူကို တွဲကူဖေးမသူထက် တက်ဖိနင်းတက်ကြသူတွေများလှသည်။ ဒေါ်နှင်းဆီလူမောစိတ်မောကျန်ခဲ့သည်။ စိတ်သောကတွေဖိစီးလွန်းလို့ အအိပ်ပျက်အစားပျက်တာတွေများခဲ့ပြီ။ လူတောင်အတော်ပိန်ကျသွားသည်။ ဦးစိုးကိုကြက်တိုက်တဲ့လောင်းကစားအလုပ်စွန့်လွှတ်ရန် ဘယ်လိုမှပြောမရ။ သတ္တဝါတို့၏သန္တာန်၌ကိန်းနေသော စွဲလမ်းမှုတရားဖြင့် အသစ်သစ်သော ဝတ္ထုအာရုံများကို တပ်မက်ခြင်းသည် ဒုက္ခကိုရှာခြင်းဖြစ်သည်။ ယခုလည်း ဦးစိုးစွဲလမ်းမှုတရားဖြင့် ဒုက္ခရှာရန် ကြက်ဝိုင်းသို့ရောက်နေသည်။ ဒေါ်နှင်းဆီ လိုက်မသွားတော့။ နွေလယ်မွန်းလွဲခြိန်လောက်မှာ ဆူဆူညံညံဖြင့် လူတစ်စု ဦးစိုးကို ပုခက်တွင်းထည့်ထမ်းလာကြသည်။

"ဦးစိုး ကြက်ဝိုင်းမှာ ဓားထိုးခံရလို့"

"အမလေး ဖြစ်မှဖြစ်ရလေ ကိုစိုးရယ်၊ ဒုက္ခတွေတစ်ခုပြီးတစ်ခုပါလား ဟီး ဟီး ဟီး ဘယ်လိုဝင့်ကြွေးတွေရှိခဲ့လို့လဲ ကယ်တော်မူပါ ဘုရား ဟီး ဟီး ဟီး"

ဦးစိုးကို ဆေးရုံပို့မည်အလုပ် နေအိမ်မှာပင်ဆုံးသွားသည်။

"ကိုစိုးရယ် ရှင် ကျွန်မကို ဒုက္ခတောထဲမှာ တစ်ယောက်တည်းထားခဲ့ပြီလား ဟီး ဟီး ဟီး"

ဒေါ်နှင်းဆီ သတိလစ်လဲကျသွားသည်။ အကုသိုလ် ဟူသည် တစ်ကောင်တည်းမလာတတ်၊ အပေါင်းအဖော်ခေါ်လာတတ်သည်ဆိုတာ မှန်လှပါလား။ လူတို့သည် ကံအလုပ်ကိုလုပ်ရင်းဖြင့် ဘဝခရီးကို လျှောက်နေကြသည်။ အိပ်ပျော်ချိန်၌သာ ရုပ်နား၍ အခြားသော အချိန်၌ကား ခဏတိုင်းခဏတိုင်း ကံအလုပ်ကိုလုပ်ရင်း အချိန်ကုန်လွန်မြဲ။ ကောင်းသောကံတို့ဖြင့် လျှောက်လှမ်းကြမှသာ ကောင်းသောဘဝ၊ ကောင်းသောအကျိုးကိုရနိုင်ပေမည်။ ဒေါ်နှင်းဆီ အိမ်ပေါင်လို့ရသောငွေများကို ခဲ့သူများအား ထိုးဆပ်လိုက်ရသည်။ ဦးစိုးသေဆုံးမှုအတွက် ရဲစခန်း၊ တရားရုံးသို့ မကြာခဏသွားနေရသည်။ မိန်းမသား တစ်ဦးအနေဖြင့် အလုပ်တတ်မကိုင်တတ်။ အိမ်ပေါင်လားတာက အတိုးတွေ

www.burmeseclassic.com

www.burmeseclassic.com

တစ်ရစ်ပြီးတစ်ရစ်ချာက် နောက်ဆုံး အိမ်ကိုပါထိုးအပ်လိုက်ရသည်။ ရှိသမျှ လယ်ယာတွေဆုံး၊ နောက်ဆုံး နေစရာအိုးအိမ်ပါမရှိတဲ့ဘဝ။ ပြည့်ပြည့်စုံစုံ ဘဝမှာပေးနိုင်ကမ်းနိုင်စဉ်က ဆွေမျိုးမိတ်သင်္ဂဟတွေပေါမှပေါ့။ ဆင်းရဲဒုက္ခကြုံနေရတော့ ပေးရမှန်းနိုးကမ်းရမှန်းနိုး မိတ်သင်္ဂဟမပြောနှင့် ဆွေမျိုးသားချင်းများကပါ ရှောင်ကြဉ်လာကြသည်။ လောကကြီးမှာ လူကိုမခင်၊ ရွှေငွေရာထူးအာဏာကိုသာ ခင်မင်တတ်သူ ပေါများလှသည်။ ဘဝဟူသည် ဆင်းရဲအတိဖြစ်၏ဟူ၍ အရိယသစ္စာအနေဖြင့်ဆို၏။ ထိုဆင်းရဲမှုကိုပင် လူတို့က အာရုံအမျိုးမျိုးဖြင့် လိုက်ပါနေကြ၏။ယခုတော့ ဒေါ်နှင်းဆိုဘဝ၏ ဆင်းရဲဒုက္ခဝဲမှာနစ်မြုပ်ရလေပြီ။

စားမဝင်အိပ်မပျော်တာများလာတော့ ဒေါ်နှင်းဆိစိတ်တွေကယောင်ချောက်ချားဖြစ်လာသည်။ ရွာသူရွာသားအချို့ သနားသဖြင့် ရွာမြောက်ဖျားမှ သားသမီးနှစ်ယောက်နေရန် တဲအိမ်လေးတစ်လုံး ဆောက်ပေးထားသည်။ စိတ်မနှံ့သလိုဖြစ်ပြီး သွားချင်ရာသွားတတ်တဲ့ဒေါ်နှင်းဆီသည် သားဖြစ်သူ မောင်ပိုက်ကိုတော့ သံယောဇဉ်ကြီးသည်၊ တွယ်တာသည်။ အချိန်တန်လျှင် သားဖြစ်သူစားရန် တောင်းရမ်းရသမျှ အထုပ်ကလေးဆွဲ မခင်နှင်းဆီသီချင်းလေးတကြော်ကြော်အော်ဆိုပြီးပြန်လာတတ်သည်။

အာရုံများအပေါ် ကောင်းသည်လှပသည်ဟုထင်မှတ်ပါမှ တပ်မက်ခြင်းသည်ဖြစ်၏။ တပ်မက်တွယ်တာတတ်သောအာသဝေါတရားများသည် အခိုင်အမာမဟုတ်ပါဘဲ အခိုင်အမာရှိသယောင် အမှန်ကိုမသိသော ဒိဋ္ဌိက ဦးဆောင်၏၊ လမ်းညွှန်၏။ ချမ်းသာ၊ ဆင်းရဲ၊ ခြီးမွမ်းကဲ့ရဲ့၊ လောကဓံတရား (၈) ပါးကို လူသားတိုင်း ကြုံတွေ့တတ်မြဲဆိုတာ မမေ့မလျော့ နှလုံးသွင်းထားမှသင့်လှမည်။ ရွာလူကြီးများပြောပြသော ဒေါ်နှင်းဆီ၏ ဘဝဇာတ်ကြောင်းကို နားထောင်ရင်း ဦးငြိမ်းချမ်း စိတ်မကောင်းဖြစ်နေမိသည်။

အခန်း (၁၁)

မျက်မှောက်ဘဝ ပျက်စီးကြောင်းတရား (၄) ပါး၌၏။ ဣဏဝိဓုတ္တ - မိန်းမလိုက်စားခြင်း၊ သုရာဓုတ္တ - သေသောက်ကျူးခြင်း၊ အက္ခဓုတ္တ - လောင်းကစားခြင်း၊ ပါပမိတ္တသဟာရ - ယုတ်မာသောမိတ်ဆွေနှင့်ပေါင်းဖော်မိခြင်း၊ ဘဝပျက်စီးကြောင်းတရား(၄)ပါး (သို့) တုတ်လေးချောင်း တုတ်တစ်ချောင်းချောင်းနှင့် အရိုက်ခံရလို့ကတော့ ဘဝပျက်စီးပြီသာမှတ်။ ဦးစိုးရော သားဖြစ်သူ မောင်ပိုက် တုတ်တစ်ချောင်းသာမက တုတ်နှစ်ချောင်းနှင့် အရိုက်ခံလိုက်ရသည်။ ဦးစိုးက မကောင်းသောမိတ်ဆွေနှင့်ပေါင်းဖော်ခြင်း၊ လောင်းကစားခြင်း၊ သားဖြစ်သူ မောင်ပိုက်က မကောင်းသောမိတ်ဆွေနှင့်ပေါင်းဖော်ခြင်း၊ သေသောက်ကျူးခြင်း၊ တုတ်လေးချောင်းအရိုက်ခံလိုက်ရတဲ့မိသားစုတစ်စုရဲ့ဘဝ ကြေမွပျက်စီးခဲ့ရသည်။ သောက၊ ဒုက္ခတွေနှင့် ကျန်ခဲ့ရသူက ဒေါ်နှင်းဆီ။

ကြက်၊ ငှက်၊ ခွေးတိရစ္ဆာန်လေးတွေ ဘယ်လိုဘဝကိုကြုံနေပါစေ ဘဝကို တွယ်တာ၏။ ကာမဂုဏ်ပေါ်မှာတွယ်တာ၏။ လူသားဖြစ်သူ ဒေါ်နှင်းဆီစိတ်ဖောက်ပြန် ဒုက္ခဆင်းရဲတွေကြုံတွေ့နေရပေမယ့် ဘဝကို တွယ်တာ၏။ ကာမဂုဏ်ပေါ်မှာတွယ်တာ၏။ အသိဉာဏ်နည်းသောတိရစ္ဆာန်နှင့် အသိဉာဏ်ရင့်သန်သောလူသားတို့ တွယ်တာတတ်တာချင်းတူ၏။ သံဝရာဘဝခရီးၦ အဖန်ဖန်ကျင်လည်နေရသော လူသားများအဖို့ မျက်စိနှစ်လုံး အကောင်းပကတိရှိနေပါလျက် အမှောင်တစ်မျိုးမျိုးကြောင့် ကန်းသွားနိုင်သည်။ အပြင်အမှောင်ထက် မိမိစိတ်အတွင်းဖြစ်ပေါ်နေသော လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ ရာဂ၊ သားဇော၊ သမီးဇော၊ သံယောဇဉ် အမှောင်များက ပိုမိုကြောက်စရာကောင်းသလို ပိုမိုသတိပြုဖို့ကောင်း၏။ ဒေါ်နှင်းဆီ မျက်စိနှစ်ဘက်လင်းရပါလျက် စိတ်အမှောင်တို့၏ လွှမ်းမိုးခြင်းကြောင့် မှောင်လွန်းသောညမှာလျှောက်ရင်း မှောင်လွန်းသောဘဝရောက်ခဲ့ရသည်။

ဦးငြိမ်းချမ်း မရောက်တာကြာပြီဖြစ်တဲ့ အညာဒေသသို့ ဘုရားဖူးသွားတာ တစ်လခန့်ကြာခဲ့သည်။ ဒေါ်နှင်းဆီနှင့် အဆက်အသွယ်ပြတ်သွားသည်။ ဘုရားဖူးကနေ အိမ်ပြန်အရောက် ဒေါ်နှင်းဆီတို့သားအမိအကွက် တတ်နိုင်သမျှလေးသွားပေးဦးမှ။ ဒါပေမယ့် သွားရန်မလိုတော့ပါ။ ဒေါ်နှင်းဆီတို့သားအမိ တော်တစ်လှည့်ပြတ်တစ်လှည့် စားရမဲ့မဲ့သောက်ရမဲ့မဲ့ဘဝဖြင့် ကျန်းမာရေးချို့ယွင်းပြီး ၎င်းတို့နေထိုင်သောတဲအိမ်လေးမှာပင် နှစ်ဦးစလုံး သေဆုံးသွားကြောင်းကြားသိရ၏။ မခင်နှင်းဆီသီချင်းကလေးတကြော်ကြော်အော်ဆိုတတ်သော ဒေါ်နှင်းဆီ၏ပုံရိပ်လေးတွေမြင်ယောင်နေမိသည်။

ဦးငြိမ်းချမ်း "အနှိုင်းမဲ့မြတ်ဗုဒ္ဓရဲ့ တရားတော်မှ ဖော်ရွမှတ်သားမိသော တရားအပိုဒ်များကို သတိရနေမိသည်။

အသဝတရား ဟူသည် အရက်သဖွယ် ဖြစ်၏။ အရက်မူးသမားသည် လောကအမြင်၌ ကမောက်ကမဖြစ်၏။ အသဝတရားလွှမ်းမိုးခြင်းခံရသူများသည်လည်း လောကအမြင်၌ ကမောက်ကမပင်ဖြစ်၏။ အသဝတရားလေးပါးအနက် အဝိဇ္ဇာသဝနှင့် ဒိဋ္ဌာသဝက အမှားကို အမှန်မြင်အောင်၊ အမှန်ကို အမှားအဖြစ်မြင်အောင်ပြု၏။ အမှန်ကိုအမှန်အတိုင်း မမြင်အောင်လည်း ဖုံး၏။ ဖုံးလည်းဖုံးဖော်လည်းဖော်၏။ ဘဝါသဝက ပုဂ္ဂိုလ်သတ္တဝါမဟုတ်သော ရုပ်၊ နာမ်၊ ဓမ္မ၊ သခ်ိါရများကို ပုဂ္ဂိုလ်သတ္တဝါအဖြစ်မြင်၏။ ကာမသဝက ထိုရုပ်နာမ်ဓမ္မသခ်ိါရများကို မြတ်နိုးဖွယ်ကာမဂုဏ်များအဖြစ်မြင်၏။ တွယ်တာ၏။ အသဝတရားတို့ကို သတိသမ္မဇဉ်ဖြင့် မဆင်ခြင်မိလေသောကြောင့် အသဝတရားတို့လွှမ်းမိုးမှုအရ ပျက်စီးခြင်းမလှပျက်စီးရ၏။ ဘဝခန္ဓာများချုပ်ရာဌိမ်းရာ မြတ်နိဗ္ဗာန်သည်သာ အသဝတရားတို့ကင်းရာကုန်ရာဖြစ်လိမ့်မည်။ ခါတိုင်း ရွတ်ဆိုနေကျ အတိုင်းမဟုတ်သဲ အသဝတရားတို့၏ အပြစ်ကို လေးလေးနက်နက် ဆင်ခြင်မိသောအသိဉာဏ်ဖြင့် ဦးငြိမ်းချမ်း ဘုရားခန်းထဲဝင်သွားပြီး လက်အုပ်ကလေးချီလျက် ဘုရားရှိခိုးဆုတောင်းလိုက်သည်။

"ဩကာသ ဩကာသ ဩကာသ ဘုရားတပည့်တော်သည် အသဝတရား (၄) ပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို ဧကန်ရောက်အောင် ရွက်ဆောင်နိုင်သည် ဟောတု ဖြစ်ပါစေသတည်း"

ဦးငြိမ်းချမ်း တီးခတ်လိုက်သောကြေးစည်သံလေးကဦးငြိမ်းချမ်း၏ဘုရားခန်းလေးသာမက ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး ဆွတ်ပုံကြည်နူးဖွယ် ပျံ့လွင်သွားပါတော့သည်။

"ဒူဝေဝေ ဒူဝေဝေ ဒူဝေဝေ"

ရွှင်လန်းချမ်းမြေ့ပါစေ

မောင်စိန်ဝင်း (ဇရပ်မိုးညို)

www.burmeseclassic.com

www.burmeseclassic.com

ဦးစန္ဒိမာ(စလင်း)

မကွေးပြို့ မြသလွန်စေတီတော်

လူဆိုသည်မှာ ဇာတိစိတ် (မွေးဖွားရာဒေသ) ချစ်သည့်စိတ်၊ ပဝတ္တိစိတ် (လက်ရှိနေထိုင်ရာဒေသ)ချစ်သည့်စိတ် စသည်တို့ကို စွဲလမ်းကြ၏။ ခုံမင်ကြ၏။ မြတ်နိုးကြ၏။ တွယ်တာကြ၏။ ဒါကိုပင် ဒေသစွဲဟု ခေါ် ဆိုကြလေသည်။

ငယ်စဉ်ကတည်းကစား၍ရသော အစားအစာများ၊ အဝတ်အထည်များ၊ ထူးခြားသည့်ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ တောတောင်၊ ရေမြေရှုခင်းစသည်များကိုလည်း ဘယ်သောအခါမှမမေ့ကြ။ တိုက်ဆိုင်မှုရှိတိုင်းလည်း သတိတရရှိကြသည်ချည်းဖြစ်သည်။ အကြောင်းအားလျော်စွာ မွေးရပ်မြေကိုစွန့်ခွာပြီး ရပ်ဝေး သို့မဟုတ် မြေခြားရောက်နေသည့်တိုင် ငယ်ငယ်တုန်းက စားခဲ့တာလေး သတိရပြီးစားချင်ကြသည်။အခွင့်ကြုံလျှင် ကြုံသည့်သူကို တို့အရပ်က စားစရာ ဘာယူခဲ့စမ်းပါ။ ဝတ်စရာ၊ အမှတ်တရ ပစ္စည်းတွေကို တခုတ်တရမှတ်တတ်ကြလေသည်။

အခြားအရပ်တစ်ပါးသို့ ခြေသည် အဖြစ်နှင့် သွားရောက်မည်ဆိုပါက သနပ်ခါးတုံးလို၊ မန်ကျည်းယိုလို၊ ဆီးယိုလို၊ ပဲကြော်၊ ပဲလျော်လို၊ ထန်းလျက်လို၊ မြေပဲယိုလို၊ အနုဆုတ်၊ ကရေကရာလို၊ မျှစ်ချဉ်လို၊ ခရမ်းချဉ်သီးယိုလို၊ ပုံးရည်ကြီးလို၊ မြေပဲဆားလှော်လို၊ မုန့်ဩဇာလို၊ ဝက်အူချောင်းလို၊ အထားခံအသယ်ခံမည့်ပဲစေ့ပဲဆန်လိုတွေ လက်ဆောင်ပေးဖို့ဝယ်သွားကြမြဲပင်တည်း။ သည်နေရာမှာ တန်ဖိုးကြီးခြင်း၊ မကြီးခြင်းနှင့်မဆိုင်။ ဒေသကိုယ်စားပြု၊ ဒေသထွက်အမှတ်အသားတံဆိပ်နှင့်သာဆိုင်လေသည်။

တို့အရပ်က ဘယ်လိုဘုရားကျောင်းကန်ရှုခင်းတောတောင်ရေမြေတွေထူးဆန်းတယ်၊ ဘာပစ္စည်းတွေထွက်တယ်၊ ဘာတွေရှိတယ်ဆိုပြီးတော့လည်း ဂုဏ်ယူလေ့ရှိကြလေသည်။

ဥပမာ စာရေးသူတို့စလင်းနယ်ကရာသီအလိုက် စားစရာတွေပေါ်သည်။ မြေဉလို၊ ဝါစေ့ပင်လို၊ စောင်ခွမ်းချဉ်လို၊ ထန်းစေ့ချဉ်လို၊ မုန့်ပေါင်းလို၊ နှမ်းဖတ်ချဉ်၊ ပဲငါးပိလိုတွေလိုပေါ့။ အခြားမုန့်ပဲသရေစာတွေဖြစ်သည့် ကရေကရာ၊ အနုဆုတ်၊ ထန်းလျက်၊ မြေပဲယို၊ မုန့်ဩဇာ၊ ပဲကြော်၊ ပဲလျော်အခြောက်အခြမ်းလိုမျိုးတွေက အထားခံသော်ငြား မြေဉ၊ ဝါစေ့ပင်၊ စောင်ခွမ်းချဉ်၊ ထန်းစေ့ချဉ်၊ မုန့်ပေါင်းလိုမျိုးကျတော့ အထားမခံတတ်။ မြေဉကိုအလုံးလိုက်အမြှုန်ပိုလို့ရသေးသည်။ လူမကြုံလို့၊ ခရီးကြုံကြာလို့ အဆင်မပြေခဲ့လျှင် သန့်ရှင်းနေအောင် ဆေးကြောပြီး ပါးပါးလှီးကာ ဒန်အိုးနှင့် ရေနွေးတည်၊ အဖုံးကိုသန့်ရှင်းပြီးဆီသုတ်အပူပေး၊ ခြောက်သွေ့နေမှပိုလို့ရသည်။ မြေဉပေါ်ခိုင်က မိုးတွင်းမို့ပါ။ နေလှန်းဖို့ရာအဆင်မပြေပါဘူး။ ဝါစေ့ပင်ကတော့ သကြန်ပြီးလောက်တာနေ ဝါဆိုလကုန်ခါနီးအထိပဲရှိတာဖြစ်သည်။ သူကိုပို့ချင်လျှင်လည်း နေပူပူလှန်းပို့ သို့မှမဟုတ် မြေကဲ့သို့ ရေနွေးငွေ့နှင့်အနွေးခံပို့ရပါသည်။ (၂၄) နာရီအတွင်း ရောက်နိုင်သည့်အရပ်ဆိုလျှင်တော့ ဝါစေ့ပင်ကို ဆားနယ်၊ ရေဆေးမဖြင့် ခြောက်သွေ့နေအောင်ကြော်၊ အအေးခံ။ တချို့က



www.burmeseclassic.com


www.burmeseclassic.com



မြသထွန်အဝင်



မြသထွန်တန်ဆောင်း



သန့်စင်ဆေးကြောပြီး ရေခဲသေတ္တာထဲ တစ်ပတ်ဆယ်ရက်ခဲပို့တတ်ကြလေသည်။ မုန့်ပေါင်းကျတော့ ပဲမပါ ဒါမှမဟုတ် ပဲလွန်းစေ့၊ ပဲငဆန်စေ့နှင့်လုပ်ပို့ရသည်။ ဒါဆိုလျှင် ယူလို့အဆင်ပြေပါသည်။ အရွက်တွေပို့လျှင်တော့ ငုတ်ပျောဖက်၊ ကြာဖက် သို့မဟုတ် သတင်းစာ၊ ဂျာနယ် စက္ကူဖြင့်ထုပ်ပိုးရလေသည်။ ရေတောက်လျှင်၊ ပလတ်စတစ်ကြိုပ်ကြွပ်အိတ်နှင့် ထုတ်လျှင် ပုပ်ပြီးတော့အပူလောင်တတ်ပါသည်။

မိမိဆိုချင်သည်မှာ အခြားမဟုတ်။ မိမိဒေသထွက်ပစ္စည်းနှင့် စားစရာများကို မြတ်နိုးကြခြင်းပင် ဖြစ်သည်။ ဒါ့ထက် တစ်ဆင့်မြင့်ပြီး အမှတ်ရဂုဏ်ယူစရာ တွေလည်းရှိသည်သာ။ စာရေးသူဆိုလျှင် စလင်းမြို့က ကုသိနာရုံအညာဘုရားပွဲ၊ ရွှေစက်တော်၊ ပခုက္ကူသီဟိုဠ်ရှင်၊ ကျောင်းတော်ရာ၊ မကွေးမြသလွန်၊ အဖိုးမဖြတ်နိုင်သောနေရာများကို အလွန်ဂုဏ်ယူပါသည်။ တို့မကွေးတိုင်း၏ ကျက်သရေတွေစုဝေးရာဆိုပြီး ဝုံကြားလေ့ရှိပါသည်။ ပုဂံ၊ ပခုက္ကူ။ ညောင်ဦး၊ ပုပ္ပားဆိုတာကျတော့လည်း ကားနှင့် သွားလျှင် (၂) နာရီ (၃) နာရီကျော် ကျော်လောက်နှင့်ရောက်နိုင်သည့်နေရာတွေမဟုတ်ပါလား။ ဒါကိုပဲ ကျေနပ်နေရလေသည်။ ဓုဏ်တင်နေရသည်။


မကွေးမြသလွန်ကျတော့ ကိုယ်နေခဲ့သည့်အရပ်၊ အရောက်အပေါက်များခဲ့သည့်နေရာဖြစ်လို့ အတော်စွန်းစွဲလိုက်ထင်းထင်း လင်းလင်းလက်လက် ပြင်ကြက်ထင်ထင် ရှင်သန်လျက်ရှိပါသည်။ အသိမိတ်ဆွေတွေလည်းများသည်။ တစ်လတစ်ခါ သမားတော်ထံ ခဲ့ဆေးစစ်၊ ဆေးပြ

www.burmeseclassic.com

www.burmeseclassic.com



မြသလွန်ပွဲတစ်နေရာ



မြသလွန်မြစ်ကမ်း

လည်းရောက်သည်။ မြသလွန်ဘုရားပွဲတော်ဆိုလျှင်လည်း အခေါက်ပေါင်းမရေတွက်နိုင်အောင်ပင်။ သည်ရုပ်ပုံလွှာတွေကိုလည်း ရင်ဖို့စွာခံစားပြီး အဖြူပေါ်အမည်းတင်ရေးခဲ့သည်မှာမနည်း။ ဒါနှင့်လည်း အားရတင်းတိမ်သည်မရှိ။

မကွေးဖန်းခါးသီးဆိုလည်း ပေါ်လေကတည်းက ဝယ်ယူစုဆောင်းသည်။ ဆားရည်စိမ်လျက်တစ်မျိုး၊ အခြောက်လှန်းလျက်တစ်ဖုံ (ဖန်ခါးသီး၊ ဆီးဖြူသီး၊ သစ်ဆိမ့်သီးအမှုန့်ပြုလျက် တြိဖလလျက်ဆားလည်း ဖော်စားပါသည်။) ထောင်းစားလျက်တစ်နည်း၊ မငြီးအောင်စွဲလမ်းလှသည်။ ရန်ကုန်သွားတော့မည်ဆိုလျှင်လည်း ပေးလှူလက်ဆောင်ပေးဖို့ ဝယ်ခြမ်းယူဆောင်ရာ၌ စလင်းအစား အစာတွေသာမက မကွေးမြေပဲယို၊ နှမ်းယို၊ ပဲလိပ်တွေဝယ်သွားရ မှကျေနပ်သူဖြစ်သည်။ မြသလွန်ဘုရားသမိုင်းနှင့် ပွဲတော်ပုံရိပ်တွေဆိုလည်း အသေးစိတ်ခံစားရေးသားလို့ အားမရနိုင်။

ခုလည်း မကွေးမြသလွန်သမိုင်းတစ်ခု။ မကွေးမြို့ မဟာဝိသုတာရာမတိုက် မဟာနာယက မကွေးတိုင်းသံဃနာယဉ္စက္ကဌဆရာတော် အရှင်ပဒုမာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)ဖြစ်တော်စဉ် မကွေးမဟာထေရဂုဏ်တော်စာအုပ် ၁၃၄၅ ခု၊ ၁၉၈၃ ခုနှစ်ထုတ်၊ မကွေးတိုင်း သံဃနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ပခုက္ကူအရှင်ကေလာသရေးသားသည့် စာအုပ်တွင်တွေ့သည်နှင့်ထပ်မံရေးလိုက်ပြန်ပါပြီ။ မူအမှီးမှီးထဲတွင် ယခုမြသလွန်သမိုင်းမှာမူ လွယ်ကူချောမွေ့ရှင်းလင်းသောကြောင့် ရေးသားလိုက်ရပါတော့သတည်း။

■ မြသလွန်စေတီတော်

မကွေးမြို့အနောက်မြောက်စွန်းတင့်တယ်သာယာလှသော တောင်မွန်တော်မြတ်အငူပေါ်တွင် ရွှေတောင်ထွတ်သဖွယ် အလွန်လျင် တင့်တယ်လှသည့် စေတီတော်ကြီး တည်ရှိတော်မူသည်။ ယင်းစေတီတော်မှာ သံတောင် (၅၅) တောင်အမြင့်ဆောင်တော်မူသည်။ ဧရာဝတီမြစ်အတွင်းမှ သင်္ဘောယာဉ်၊ မော်တော်ယာဉ်ဖြင့် ခရီးသွားသောဥပါသကာ၊ ဥပါသိကာ သူတော်စင်အချို့တို့သည် မြသလွန်စေတီတော်ကြီးကို လက်အုပ်တချီချီမြှောက်ချီ၍ ရှိခိုးကြသည်။ အချို့က နမောတဿ စသည်ဆို၍ ရှိခိုးကြသည်။ တချို့က ဗုဒ္ဓါဗုဒ္ဓါစသည်ဖြင့်မြွက်ဆို၍ ရှိခိုးကြလေသည်။ တကယ်တော့ ဗုဒ္ဓဘုရားဟူသော စကားလုံးသည် လောကဌ အမြတ်ဆုံးတည်း။ ဗုဒ္ဓဘုရား ဟူသော စကားပုဒ်ကလေးသည် အကောင်းဆုံး၊ အထူးခွန်ဆုံးဖြစ်၏။ ကြားရသူတို့အဖို့လည်း ယင်းဗုဒ္ဓဘုရား ဟူသောစကားနှင့်တူသောနားအရသာစကားမရှိပါချေ။

■ ဗုဒ္ဓါ တိဝစန် လောကေ၊
ဗုဒ္ဓါတိ ပဒမုတ္တမံ။
နတ္ထိ တေန သမံ လောကေ၊
အညံ သောတရသာယနံ။

■ သမိုင်းအကျဉ်း

ဘုရားမြတ်စွာ သုနာပရန္တတိုင်းလယ်ကိုင်း ဝါကီဇဂါမသို့ ရဟန္တာငါးရာနှင့်ကြွတော်မူစဉ်က မရွှီမဒေဿ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်သို့ပြန်အကြွတွင် ကေလာသ နာမခိုးဝှဲ စက္ကတဲ (စက်ကိုင်) တောင်ထိပ်သို့ ကြွတော်မူခဲ့လေသည်။ ထိုအခါ သိကြားမင်းသည် ဘုရားရှင် ခေတ္တသီတင်းသုံးရန် မြသားသလွန်တော်ကို လှူဒါန်းခဲ့လေသည်။ ထိုအခါ အနီးအနား တောအုပ်၌နေကြသော ဘောကျော်၊ ဘောသော၊ ဘောသူရနှင့် ဘောရသဟူသော ဘီလူးညီနောင်လေးယောက်တို့သည် ဘုရားရှင်အားကြစ၊ ဖန်ခါးသီးတို့ကို လာရောက်ဆက်ကပ်ကြသည်။


ထိုအခါ ဘုရားမြတ်စွာက ထိုဘီလူးညီနောင်လေးယောက်တို့အား သင့်လျော်သောတရားဓမ္မကိုဟောတော်မူပြီး ၎င်းတို့ကိုးကွယ်ရန် နဝရတ်(၉)ပါးခြယ်ထားသည့် မြသားသလွန်တော်ကို ပေးအပ်ချီးမြှင့်တော်မူလေသည်။ ဖော်ပြပါဘီလူးလေးယောက်တို့သည် ဘုရားဇီနော်ပေးအပ်သည့်မြသလွန်တော်ကို မိမိတို့နေရာတောအုပ်အတွင်း စေတီတည်ထားဌာပနာကာ ကိုးကွယ်ခဲ့လေသည်။ သိကြားမင်းသည် မဟာသက္ကရာဇ် ၂၅၅၅ ခု၊ တပေါင်းလပြည့်နေ့တွင် ယင်းစေတီတော်ကိုဖြိုဖျက်၍ ဒေနာအပ်သော မြသလွန်စေတီတော်ကိုယိုယုပင့်ဆောင်စေပြီးလျှင် ယခုကာသပဘုရားရှင်၏

www.burmeseclassic.com


www.burmeseclassic.com



မြသလွန်ပွဲ




မြသလွန်ပွဲစျေးတစ်နေရာ



ရတနာသလွန်တော်ဌာပနာရာတောင်ထိပ်၌ ဌာပနာတိုက်ပြုလုပ်၍ မြှုပ်နှံဌာပနာခဲ့လေသည်။

တစ်ဖန် မဟာသက္ကရာဇ် ၁၅၀ ပြည့်နှစ်တွင် သုဘောဂသူဌေးကြီးသည် သိကြားမင်း တည်ထား ပြုလုပ်ခဲ့သည့် ဌာပနာတိုက်အထက်၌ သံတောင် (၃၅) တောင်အမြင့်ဆောင်သော စေတီတော်ကို တည်ထား ကိုးကွယ်ခဲ့လေသည်။ စောလူးသားတော် ဓော်ဒါဇော် ပင်္ကော် ဥတဝ့် ဟူသည်နှင့်အညီ သက္ကရာဇ် ၄၂၁ ခုနှစ်တွင် ပုဂံပြည်၌ နန်းတက်သော စောလူးမင်းသည် အရှင်အရဟံ နှင့်တိုင်ပင်၍ မြသလွန်စေတီတော်၊ ပန်းရစ်တောင်စေတီတော်၊ ဆုတောင်းပြည့်စေတီတော် စသောရှစ်ဌာနကို အသစ်တစ်ဖန်



မကွေးမြို့မြသလွန်ဘုရားအနီးမှ
သမိုင်းဝင် ဖန်ခါးပင်

ပြန်လည်တည်ဆောက်ခဲ့လေသည်။ ဤတော်ဆူရေ (၁၂၀)၊ ရွှေကိုယ်လေးစက်၍ သွန်းထုအပ်သော ရုပ်ပွားတော် (၇) ဆူတို့နှင့် တကွ များပြားလှစွာသောရတနာတို့ကို ဌာပနာ၍ သံတောင် (၅၅)တောင်အမြင့် ဆောင်သော စေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့လေသည်။ နောက်တွင် မင်းအဆက်ဆက် သူဌေးသူကြွယ် ကုန်သည်ပွဲစား စသည့် ဥပါသကာ၊ ဥပါသိကာတို့၏ မွမ်းမံခြယ်လှယ်ပြုပြင်မှုကြောင့် မြသလွန်စေတီတော်ကြီးသည် ရွှေတောင်သဖွယ် အလွန်လှပတင့်တယ်တော်မူလှလေသတည်း။ သင်သူတော်စင်သည် မြသလွန်စေတီတော်ကြီးကို အောက်ပါ ဝန္ဒနာဂါထာပါဠိအနက်ဖြင့် ရှိခိုးဦးချဖူးမြော်ရာသတည်း။

မြသလွန်ဘုရားရှိခိုး

■ ပူဇိတံ တိလောကိကေဟိ၊
သောဏ္ဏာစလသမံ သုတံ။
သိရသာ အဘိဝန္ဒမိ၊
မြသလွန်ဝှယစေတိယံ။

အဟံ-အကျွန်ုပ်သည်၊ **တိလောကိကေဟိ**- သုံးတိုက်ဘုံလူ ဟိန္ဒူဂူတို့သည်၊ **ပူဇိတံ**- မြတ်လေးကော်ရော် ပူဇော်အပ်သော၊ **သောဏ္ဏာစလသမံ**-ဝင်းလက်ထိန်ပြောင်ရွှေတောင်တမူတူတော်မူထသော၊ **သုတံ**- ဖူးမြော်မဝ အလွန်လှပတင့်တယ်တော်မူထသော၊ **မြသလွန်ဝှယစေတိယံ**- မြသလွန်အမည်ရှိသောစေတီတော်ကို။ **သိရသာ**-ဦးခေါင်းရတနာတော်အဂိါဖြင့်၊ **အဘိဝန္ဒာမိ** - ရှိသေမြတ်နိုး ရှိခိုးပါ၏။

ဦးစန္ဒိမာ(စလင်း)

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

■ **ချုပ်တဲမှဖုတ်ကောင်ကြီး**

သူရိန်နေမင်းကြီး၏ ရောင်နီသရုပ်ကိုမရုပ်သိမ်းမီ ကျွန်တော်တို့လည်း အရဲအတားဖြစ်နေသည့်ချွန်ယပ်တံပေါင်းတို့ကို ရှင်းလင်းရန် ထိုင်နေရာမှ ထလိုက်ကြသည်။

"ကဲ - အဖွဲ့သားတွေ ဓားရှည်တွေ၊ မြက်ရမ်းဓားတွေနဲ့ထွက်လာခဲ့ကြရအောင်ဟော့။ ဒီချုံခုတ်ပြီးတာနဲ့ အနားယူလို့ရပြီ။ မြန်မြန်သွက်သွက်လေးသာခုတ်လိုက်ရှင်းလိုက်ကြရအောင်။ ဦးဆုံး ကျွန်တော် ဘူဒိဇာနဲ့ထိုးပေးမယ်။ ပြီးတော့မှ လဲပြို့သွားတဲ့ ချုံပင်ချုံကိုင်းတွေကို ခုတ်လိုက်ယမ်းလိုက်ကြတာပေါ့"

သည်သို့ မှာကြားပြီးသည်နှင့် ကျွန်တော်သည် တပည့်စိုးဟန်ကိုခေါ်ကာ စက်ပေါ် တက်လိုက်၏။

သည်တစ်ခါမှာတော့ အကြောက်လွန်နေသည့်စိန်ကြီးကို မခေါ်တော့ပါ။ စိန်နားပန်းခေါင်းဆောင်သည့်ချုံအပေါင်းတို့သည် အဝေးမှကြည့်လျှင် ကလေးတစ်ဦး၏ ဦးစွန်းဖုတ်သဏ္ဌာန်ရှိနေပါသည်။

ပတ်ပတ်လည်ရှိ ထိကရုံးပင်၊ ပင်စိမ်းရိုင်းချုံတို့ကို ရှင်းပြီးလေမှ ကျွန်တော်သည် အကိုင်းအခက်မာသည့် အလယ်ကြောရှိ စိန်နားပန်းချုံထဲသို့ စက်လက်ကို နှင်တံပေးရွေ့စေလွှတ်လိုက်သည်။ စိန်နားပန်ကိုင်းတို့မည်သည့် ကျစ်လစ်မာကျောသည့်အခေါက်အသားတို့နှင့်ဖွဲ့စည်းထားလေရကား ကျွန်တော့် စက်လက်သည်ပင် ၎င်းအား အပန်းတကြီးနှင့် နှိမ်နင်းလိုက်ရသည်။

"ကဲဟော့ စိန်နားပန်တစ်ချုံတော့ မျိုးပြတ်သွားပြီ။ မိစ္ဆာအကိုင်းအခက်တွေ ရှင်းလင်းကြဟော့။ ဒီကောင်တွေကျဆုံးသွားမှ ခင်ဗျားတို့တပ်စခန်းကို ပြန်ပို့လို့ရမှာ။ ကျုပ်စက်လည်း ဒီတော့မှ ရှေ့တိုးနိုင်တော့မယ်"

ကျွန်တော်သည် အောက်လက်ငယ်သားတို့ကို ဘာရယ်မဟုတ် ရယ်ရွှန်းဖတ်ရွှန်းပြောရင်း စိတ်ဓာတ်အင်အားကို မြှင့်တင်ပေးလိုက်သည်။

ရထားလုပ်သားတို့တက်ညီလက်ညီရှင်းလင်းအပြီးမှာတော့ ကျွန်တော့် စက်ကို ကြိမ်တို့စေခိုင်းစေခြင်းအလို့ငှာ လီဗာကိုမြှင့်လိုက်၏။ ထိုစဉ် ကျွန်တော် ရှေ့တစ်လံခန့်အကွာရှိ ဟောင်းအိုအိပဲ့နေသည့် မြေပုံတစ်ခုသည် ဖရိုဖရဲအသွင်သဏ္ဌာန်ဖြင့် ကျွန်တော့်မျက်ဝန်းရှိရာသို့ စိုက်လိုက်မတ်တတ်ဝင်ချလာပါသည်။

"အို - အလို၊ သခ္ဓိုင်းမဟုတ်ဘာမဟုတ်နဲ့ ဒီနေရာမှာ မြေပုံတစ်ခုက အထီးတည်းနေရာယူထားလိုက်ပါလား"

ကျွန်တော် အံ့သြတကြီး အာမေဋိတ်သံကြောင့် စက်ပေါ် အတူထိုင်နေသူ စိုးဟန်လည်း ရှေ့တူရွှေ့သို့ မျက်ကလူးဆန်ပျာလှမ်းကြည့်လိုက်သည်။

"အားပါးပါး- ဟုတ်တယ် အစ်ကို ရေ၊ ဒါအလောင်းမြှုပ်ထားတဲ့မြေပုံပဲဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ညိုရောင်

အမနုဿသွေးစုပ်ဖုတ်ကောင်နှင့် ကိုယ်ယောင်ပျောက်လူသတ်သမား

စိုးဟန်စကားကြောင့် ကျွန်တော့်မှာ အတွေးတစ်စုံတစ်ရာပေါ်လာသည်နှင့် -

"စိုးဟန်ရေ... ဟိုစာသူကြီးရှိနေသေးဘယ်။ သူတပည့်လက်သားတွေနဲ့ ရေနွေးကြမ်းထိုင်သောက်နေတာမြင်လား။ သူကြီးကို အမြန်သွားခေါ်... အရေးကြီးတယ်လို့ပြော"

ကျွန်တော့်စကားလည်းဆုံးရော စိုးဟန်သည် စက်ပေါ်မှအမြန်ခုန်ဆင်းကာ သူကြီးရှိရာသို့ ဒန့်စိုင်းလေ၏။

သုတ်သီးသုတ်ပျာဖြင့် သူကြီးဖြစ်သူသည် စိုးဟန်နှင့်အတူ ကျွန်တော့်အနီး

www.burmeseclassic.com

www.burmeseclassic.com

သို့ရောက်လာသည်။

သူကြီးသည် အဖြေရှာမရသည့် ဇဝေဇဝါမျက်နှာမျိုးဖြင့် စက်ပေါ်တွင် ထိုင်နေသည့် ကျွန်တော့်ထံသို့ မော့ကြည့်ရင်း မေးခွန်းထုတ်လိုက်သည်။

"အဲ - ဘာများအရေးတကြီးကိစ္စ ပေါ်လာလို့ ဂွန်ဒေါ့(ကျွန်တော့်)ကိုအခေါ်လွှတ်လိုက်ရတာလဲ ဆရာလေး"

"အရေးကြီးဆို သူကြီး ဟို ရွာမှာ သခ္ဓိုင်းက ဒီလိုပဲဟိုတစ်စုဒီတစ်စုမြှုပ်တတ်တဲ့ဓလေ့ရှိလား သူကြီး"

"အိမ်း-ဘာပြလို့မေးတာလဲဆရာလေးရဲ့"

နားဝေတိမ်တောင်ဖြစ်လျက် ခေါင်းကိုသာ တငြင်းငြင်းကုတ်နေသည့်သူကြီးသည် အလွန်တရာစိတ်အိုက်စိတ်ရှုပ်ထွေးသွားပုံရသည်။

"ကဲ - သူကြီးရယ်၊ အချိန်လည်းလင့်ပြီ။ ရွှေမှာမြင်တယ်မဟုတ်လား။ ချဲ့ရှင်းရင်း အခုလိုဘွားခနဲပေါ်လာလို့ သူကြီးကိုမေးဖို့ အခေါ်လွှတ်လိုက်ရတာ"

ကျွန်တော်ညွှန်ပြရာသို့ သူကြီး၏ မျက်စိအကြည့်ရောက်သွားလေသည်။ အချိန်နှင့်တစ်ပြေးညီ သူကြီး၏မျက်လုံးအစုံသည် ကဏန်းတစ်ကောင်၏မျက်စိအလား အဆမတန်ပြူးထွက်သွားလေ၏။

"ဟင်... ဟာ... အလိုဗျာ ဒါ ဒါ... သခ္ဓိုင်းမြေပုံပဲ။ ဂွန်... ဂွန်ဒေါ့ ရွာမှာ ဒီ... ဒီနေရာမှာ ဂွန်ဒေါ်တစ်ခါမှမြေမမြှုပ်ခိုင်းဖူးပါဘူး ယုံပါဗျာ ဘုရားစူး မိုးကြိုးပစ်။ အဲလေ ချဲ့တွေပိတ်... ပိတ်နေလို့ ဆရာလေးထိုးကလော်လိုက်လို့ ခုမှမြင်... မြင်ရတာကလား"

သူကြီးသည် အထစ်ထစ်အငေါ့ငေါ့ဖြင့် ညဉ့်မှောင်မှောင်မှာ တစ္ဆေတစ်ကောင်ကို တွေ့လိုက်ရသည့်အလားထိတ်လန့်ကာ ကတုန်ကယင်ဖြစ်နေရသည်။ ပြီး-အံ့ဩတုန်လှုပ်သွားပုံလည်းရသည်။

"ကဲ-သူကြီးအမြင်ပဲနော်။ ဘယ်လိုလဲ ကျွန်တော်ဆက်တူးလိုက်ရတော့မှာလား"

"ဟုတ်... ဟုတ် တူးပါ... တူးပါ တူးပါ"

သို့နှင့် ကျွန်တော်သည် ရွှေမြင်ကွင်းရှိ မြေစာပုံအား စက်လက်ဖြင့် စတင်တူးဖော်ထိုးကလော်လိုက်တော့၏။ ထိုစဉ် စက်လက်သည် တုတ်ခနဲမြည်ကာ အခိုက်အတန့်မျှထိုးရပ်သွားသည်။

"ဟိုက် - အထဲမှာခေါင်းတလား ကြီးတစ်ခုတော့ရှိနေလောက်ပြီ။ အဆုံးတိုင်သိရအောင် ထပ်ပြီးထိုးကလော်လိုက်မှ"

သိလိုစိတ်ဖြင့် ကြောက်ရွံ့စိတ်တို့ ရင်နှင့်အမျှလွန်ဆွဲနေသည့်အခိုက်အတန့်မှာပင် ကျွန်တော်သည် လီဗာကို လက်ကုန်မြှင့်ပြီး စက်လက်ကို အပေါ်သို့ဆွဲမလိုက်သည်။

"ဟာ - အို အလိုလေး ခေါင်း... ခေါင်းတလား။ အခေါင်းကြီးပါလား"

စိုးဟန်နှင့်အတူ မြေကော်စက်နံဘေးတွင် ဇောချွေးတပြန်ပြန်ဖြင့်ရပ်ကြည့်နေသည့်သူကြီးလုံးတိထံမှ အံ့သြတကြီးပွင့်အန်လာသည့် စကားသံများပါပေ။ သူကြီးသည် ခေါင်းတလားကြီးကြောင့် အတော်စိတ်ညစ်သွားပုံရသည်။ သူမျက်နှာသည်လည်း ပိန်ရှဲ့နေသည့် ဆီးကင်းခြောက်လို မည်းခနဲဖြစ်သွားလေ၏။

"အင်း - အမှုတော့တက်ပြီးရင်း တက်တော့မှာပဲ ဆရာလေးရေ။ ဒီတိတ်တဆိတ် ခိုးမြှုပ်ထားတဲ့အခေါင်းကြီးကြောင့် ကျုပ်တော့ ငယ်ထိပ်မွေ့ပေါက်ခံလိုက်ရပြီကော"

"ကဲ-သူကြီး၊ ဖြစ်သမျှအကြောင်းအကောင်းချည်းပဲလို့သာ သဘောထားလိုက်ပါတော့။ အခု-ဘယ်လိုစီမံကြမလဲဆိုတာသာ သူကြီးဆုံးဖြတ်"

ကျွန်တော်သည် မချွန်နိုင်မကယ် နိုင်လက်မှိုင်ချကာ ကြက်ကြီးလည်လိမ်သလို မျက်နှာငယ်ကလေးဖြစ်နေသည့် သူကြီးစကားအသွားအလာကိုအကဲခတ်ရင်း ဘာဆက်လုပ်ရမှန်းမသိသည်နှင့် နှီးလက်စစက်ကိုရပ်ပစ်လိုက်သည်။ စက်ရပ်အပြီး စက်ပေါ်မှဆင်းကာ သူကြီးရှိရာသို့သွားလိုက်သည်။

သူကြီးသည် ကျွန်တော် သူ့အနားရောက်လာသည်နှင့် -

"အဲ - ဆရာလေးရေ၊ ဂွန်ဒေါ်အိမ်မှာ အရက်ဝိုင်းဖွဲ့နေတဲ့ မီးရထားအရာရှိကြီးတွေကိုခေါ်ပြပြီးမှဘယ်လိုဆက်လုပ်ရမယ်ဆိုတာ အကြံဉာဏ်တောင်းရမှာပဲ မဟုတ်လား"

ဤသို့ဖြင့် ပအို့ဝ်သူကြီးလုံးတိသည် သူနှင့်အတူပါလာသည့် တပည့်တပန်းတို့ကိုစေလွှတ်ကာ အရာရှိတို့ကို အခေါ်ခိုင်းလိုက်ရသည်။

မကြာမတင်သော ကာလတစ်ခုမှာပင် ရာထူးအဆင့်ဆင့်ရှိကြသည်။ အရာရှိတို့သည် လှည်းတစ်စီးဖြင့် ကျွန်တော်တို့ရှေ့မှောက်သို့ရောက်လာကြ၏။ အလုံးစုံသောစကားတို့ကို လိပ်ပတ်လည်အောင် သူကြီးရှင်းပြအပြီးမှာတော့ အရာရှိများထဲမှ အဆင့်မြင့်အရာရှိကြီးက ဤသို့မှတ်ချက်ပေးလေ၏။

"အင်း - သူကြီးလုံးတိပြောတဲ့စကားအတိုင်းဆိုရင် ဒီခေါင်းတလားဟာ ရပ်သိရွာသိတရားဝင်မြှုပ်ထားတာ မဟုတ်လောက်ဘူးလို့ ယူဆရတော့မယ့် ကိန်းဆိုက်နေပြီ။ လူမသိသူမသိ လျှို့လျှို့ဝှက်ဝှက်သတ်ပြီးမှ တိတ်တဆိတ်လာမြှုပ်ထားတာပဲဖြစ်ရမယ်။ လူသတ်သမားဟာ အတော့်ကို ဉာဏ်ပြေးပုံရတယ်။ ဘယ့်နယ်ဗျာ ဘယ်လိုမှမထင်မှတ်တဲ့ခုလိုဆူးချဲ့တွေကြားမှာ ခက်ခက်ခဲခဲမြှုပ်ထားတာသာကြည့်တော့။ မောင်ဇော်ထူးအခုလို အပတ်တကုတ် ကြိုးစားပမ်းစားတူးဆွလိုက်လို့သာ ဘွားခနဲပေါ်လာတော့တာပဲ။ အဲ - ခုလို ကျွန်တော်တို့ဘူတာဆောက်ဖို့ဖြစ်လာတာကလည်း ခပ်ကောင်းကောင်းလို့ဆိုရမယ်။ ဒီဘူတာသာမဆောက်ဖြစ်ရင် လူမသိသူမသိနဲ့ တစ်သက်လုံး ဒီလူသတ်သမားလွတ်နေမှာပဲ။ ကဲ - ဒီတော့ ဒီမသာခေါင်းတလားကြီးကို အားလုံးရှေ့မှောက်ထုရိုက်ပြီး ဖွင့်ကြမယ်။ ကျွန်တော်တို့သက်သေ၊ သူကြီးသက်သေရှိတယ်နော်။ ကဲ-ကြာပါတယ်ကွာ။ ဒီက အဘမိုးနဲ့ မောင်ဇော်ထူးတို့အဖွဲ့ ဒီအခေါင်းတလားက ပျဉ်ချပ်တွေကို ခင်ဗျားတို့မှာပါလာတဲ့လက်နက်ကိရိယာတွေနဲ့ ရိုက်နှက်ထိုးကလော်ကြစမ်းပေ့"

မြေကော်စက်၏လက်တံအောက်တွင် အခန့်သားလဲလျောင်းနေသည့် ခေါင်းတလားကြီးသည် မြေစာပုံတွင် တစ်ဝက်မျှစိုက်လျက် မတ်ထောင်ထောင်အနေအထားမျိုးဖြင့် လာပါဖွင့်ကြည့်လှည့်ဟုဖိတ်ခေါ်နေသည့်ဟန် ပေါ်လွင်နေသည်။ ဖြစ်သလိုပြီးစလွယ်အခေါင်းဖွဲ့ထားသည့် ထင်းရှူးဗကာသား (ထင်းရှူးပျဉ်မှပယ်ထားသည့်အကြမ်းထည်သေးသား) မှာ အချို့နေရာများ၌ ခြစ်ရာပင်နေချေပြီ။ မညီမညာရိုက်နှက်ထားသည့် သံချက်သည်ပင် သံချေးတက်၍ ပြေပြစ်၍ များစွာအားမစိုက်ရဘဲ သံတူးရွင်းဖြင့် သာသာဖွဖွထိုးကလော်ရုံအာစဉ်မှာပင် ခေါင်းတလားကြီးမှာ ဘွားခနဲပွင့်ထွက်လာပါတော့သည်။

"ဟာ... ဟင်... အလိုလေးဗျ ကြောက်... ကြောက်စရာကြီးပါလား"

www.burmeseclassic.com

www.burmeseclassic.com

"ဟိုက်-အလောင်းကောင်ကြီးက မြေပဲထားတာ ဘယ်လောက်ကြာပြီလဲ မသိဘူး အစွယ်ငါငါကြီးနဲ့"

"အားပါးပါး - အံ့ပါရဲ့ကွာ။ အခေါင်းသာဆွေးသွားတယ်၊ ဒီကောင်ကြီးက မပုပ်မသိုးဘူးဟ။ ဆံပင်တွေ၊ မုတ်ဆိတ်ကျင်စွယ်တွေ၊ နှုတ်ခမ်းမွေးတွေအရှည်ကြီးထွက်နေပါလား"

သိကြသည့်အတိုင်းပါပဲ။ အနယ်နယ်အရပ်ရပ်မှ ဖတစ်ရာမတစ်ရာသား အပေါင်းတို့ဖြင့် ဖွဲ့စည်းထားသည့် သဗ္ဗလာနံရထားအမှုထမ်းအပေါင်းတို့သည် ကြောက်စိတ်ကို ခဝါမချနိုင်ဘဲ စိတ်ထင်တိုင်း ပါးစပ်စည်းမစောင့်သူတစ်ပေါက် ငါတစ်ပေါက်ထင်ကြေးပေးကြကုန်၏။

ကျွန်တော့်မှာလည်း တစ်သက်တစ်ခါတွင် ယခုလို ဖုတ်မပြောနှင့်ဦး။ တစ္ဆေသရဲကိုတောင်မတွေ့ဘူးသည်နှင့် အမျှ ရင်တုန်ချောက်ချားမိသည်မှာ အမှန်ပင်ဖြစ်သည်။ တစ်ကိုယ်တည်း မဟုတ်ဘဲ လူစုလူဝေးဖြင့်မြင်လိုက်ရ၍ သာ စိတ်သက်သာရာရခဲ့သည်မဟုတ်တုံလော။

ဖုတ်အလောင်းအား နဖူးတွေ့ ဒူးတွေ့မြင်လိုက်ကြသည်နှင့် အလုပ်သမားအချို့တို့မှာ နောက်ဆုတ်သူဆုတ်၊ ထွက်ပြေးသူပြေးနှင့် ထိုအခိုက်အတန့် အချိန်လေးသည် စစ်ပြေးဒုက္ခသည်လို ကစဉ့်ကလျားဖြစ်သွားကြ၏။ ခေါင်းတလားကြီးအနီးမှာတော့ တာဝန်အရှိဆုံး ရထားအရာရှိများနှင့်အတူ ကျွန်တော်အပါအဝင် သူကြီးနှင့် အဘမိုးတို့သာ ကျန်လေတော့၏။ ကျွန်တော်တို့သည် ခေါင်းတလားထဲမှ ရုပ်အလောင်းကောင်ကြီးကို ချောက်ချားမင်တက်စွာကြည့်ရင်း မည်သူမျှစကားမဆိုမိကြဘဲ တဒင်္ဂမျှ အာစေးထည့်ထားသလို ငြိမ်သက်နေကြလေ၏။

ထိုစဉ် တိတ်ဆိတ်မှုအပေါင်းကို အရာရှိကြီးမှ စတင်ဖြိုခွင်းလိုက်သည်။

"ကဲ-သူကြီး၊ ဒီအလောင်းကောင်ကြီးကို ဘာဆက်လုပ်ရမယ်ဆိုတာထက် အခုရပ်ထားတဲ့ ဘူဒိဇာအောက်မှာပဲ ခြေရာလက်ရာမပျက် ဒီအတိုင်းထားခဲ့။ ရဲတွေရောက်လာမှ စိတ်တိုင်းကျစစ်ဆေးပါစေ။ အင်း - ဒီညမှာ ကျူပ်ဝန်ထမ်းတွေလည်း ကြောက်ကြမှာပဲဆိုတော့ ရွာသားတွေကိုစုပြီး သူကြီးပါလာစောင့်အိပ်ပေးပေါ့။ လင်းလင်းကျင်းကျင်းရှိအောင် အောက်လင်းဓာတ်မီးတစ်လုံး လောက်ပို့ပေးခဲ့ဦး။ အဲ - ကျူပ်လူတွေကိုတောအရပ်နဲ့ပဲရဲဆေးတင်ပေးရတော့မှာ။ အဲလေ အရက်မသောက်တတ်တဲ့လူတွေ အတွက်တော့ အကြမ်းကရားအိုးနဲ့ အမြည်းပါလုပ်ပေးပေါ့ သူကြီးရယ်။ သူကြီးရဲ့ရွာအကျိုးအတွက်ပဲ မဟုတ်လား ဟဲ့ဟဲ့"

"ဟုတ် ဟုတ်ပါတယ် အရာရှိမင်းခင်ဗျား။ ဂျွန်ဒေါ် အခုပဲ ဆောင်... ဆောင်ရွက်လိုက်ပါ့မယ်"

သူကြီးလုံးတီသည် သည်တော့မှ သူ့အပူသက်ပြင်းကြီးကို ဟင်းခနဲချလိုက်နိုင်ပေတော့၏။ သူကြီးသည် အရာရှိကြီးကို ကတိပေးပြီး အလုပ်သမားတဲရှိရာသို့ အခြားအရာရှိများနှင့်အတူထွက်ခွာသွားလေ၏။

သူကြီးနှင့် အရာရှိတို့ ထွက်ခွာသွားချိန်မှာ အလောင်းကောင်ကြီးရှေ့တွင် အဘမိုးနှင့်နှစ်ယောက်တည်းကျန်တော့မှ ကြောက်စိတ်သည် ငယ်ထိပ်သို့ တက်ဆောင့်လေ၏။ ကြက်သီးမွေးညင်းတို့မှာလည်း အချိန်နှင့်တစ်ပြေးညီ ထောင်ထလာကြသည်။

ထိုစဉ်က ကျွန်တော့်မှာ ဘူဒိဇာကြီးကိုပဲ နောက်ပြန်ဆုတ်ရကောင်းနိုး၊ ဒီအတိုင်းပစ်ထားရုန်းနှင့် ဇဝေဇဝါရှိနေစဉ် မဆိုစလောက်အကြောက်ပြေသွားဟန်ရှိသည့် အလုပ်သမားအချို့တို့သည် ကျွန်တော်နှင့် အဘမိုးရှိရာသို့ ကုပ်ခြောင်းခြောင်းဖြင့် စုရုံးရောက်ရှိလာကြပြန်၏။

"ကဲကဲ - ကြောက်နေလို့တော့ အလုပ်မဖြစ်ဘူး။ ဒီအလောင်းကောင်အိပ်နေတဲ့ခေါင်းတလားကြီးထဲမှာဘာထည့်ထားလဲရှာကြည့်စမ်းပါဦးစိန်ကြီးရ"

အဘမိုးသည် တစုံတစ်ခုကို ရှာလိုဟန်ဖြင့် စိန်ကြီးကိုအမိန့်ပေးလိုက်သည်။ အနီ့ စိန်ကြီးဆိုသူမှာ အဘမိုးနှင့် ပုလင်းတူဘူးဆို့သောက်ဖော်သောက်ဖက်ပေမို့ မြွေမြွေချင်းခြေမြင်ပြီးသားဖြစ်ဟန်တူ၏။ အဘမိုးအထာကို သိနှင့်ပြီးသား မို့လည်း ကြောက်ကြောက်နှင့်ပင် ဖုတ်အလောင်းကောင်လဲလျောင်းရာ အခေါင်းတလားထဲသို့ ငုံကြည့်လိုက်သည်။

"ဟာ-အဘမိုး၊ ဖုတ်ကောင်ကြီးကိုချည်ထားတဲ့ကြိုးအောက်ဘက်လက်နှစ်ချောင်းကြားမှာအရက်ပုလင်းတစ်လုံးပိုက်ရက်သားတွေ့ရတယ်ဗျ"

"ဟေ-ဟုတ်လား၊ ဒါဆိုဆွဲထုတ်လိုက်လေ"

"ကျွန်... ကျွန်တော်ဆွဲမထုတ်ရဲဘူး၊ ကြောက်တယ်ဗျ"

"ဟာ - ဒီကောင်တွေ ကြောက်ဆုတ်ကြောက်ဆုတ်နဲ့ ယောင်တောင်ပေါင်တောင်လုပ်နေပြန်ပြီ။ ကဲ-နောက်ဆုတ်စမ်း၊ မင်းဆွဲမထုတ်ရဲရင် ငါဆွဲထုတ်မယ်"

အဘမိုးသည် ပြောပြောဆိုဆို စိန်ကြီးကို ဘေးသို့တွန်းဖယ်ပြီးလျှင် မကြောက်မရွံ့ပင် ဖုတ်ကောင်ကြီးရင်ခွင်မှာပိုက်ထားသည့် အရက်ပုလင်းအား အသားကုန်ဆွဲထုတ်လိုက်၏။ တစ်ဆက်တည်း ခြေကြိုး၊ လက်ကြိုးတို့ကိုလည်း အသင့်ပါလာသည့် ဓားရှည်ဖြင့် ဆွဲဖြတ်ပစ်လိုက်သည်။

"ဟဲဟဲ - ကံကောင်းချင်တော့ ခွေးချေးပုံဟပ်ဆိုသလို အဲ-ဟုတ်သေးပါဘူး ဒီလိုနှိုင်းရင် ငါခွေးလုံးလုံးဖြစ်သွားမှာပေါ့။ အဲ - စိုင်ကော်လို့ချပေါ် ရောက်တယ်ဆိုရင်ဟုတ်တုတ်ရှိဦးဗမိ။ ဟဲဟဲ-တစ်နေ့တည်း နှစ်ချို့အရက်နှစ်လုံးကြီးများတောင်ရလိုက်တာက်လား။ ဘာတဲ့ သူကြီးပြောတော့ ဒီအကောင်ကြီးသေတာ (၃)နှစ်ကျော်ပြီဆိုလားပဲ။ ဟဲ့-ငမိုးရေ မင်းကံဇာတာက ဟိုးမိုးပေါ် ထိတက်ဆောင့်နေပြီကွ ဟား ဟား ဟီ ဟီ"

အဘမိုးသည် စောစောကမှ အုတ်ဂူဖျက်ရင်းရထားသည့် သောက်လိုက်ရသည့်အရက်ရှိန်မပြေသေးလို့လား မသိ အာသွက်လွှာသွက်ဖြင့် ကြောက်ရလန့်ရမှန်းပင်မသိနိုင်ချေဘဲ အမူးသမားတို့ထုံးစံအတိုင်း စကားကြောရှည်အူရွှင်နေပါသည်။

သူ့ခမျာ ဆက်တိုက်ကြီး အရက်နှစ်လုံးရတာကိုပင် မျောက်အုန်းသီးရသလို ဝမ်းပန်းတသာဖြစ်နေရှာ၏။ အမှန်တော့ အဘမိုးသည် ထူးဆန်းသည့်ကျတ်ရွာသို့ရောက်ပြီးကတည်းက သူ့စိတ်က တစ်ခါတစ်ခါပွေဖောက်သလိုဖြစ်နေတတ်သည်။ သူသည် စိတ်ရင်းကောင်းသော်လည်း ပညာအဆင့်အတန်းတော့သိပ်မရှိရှာ။

ထိုသို့ အဘမိုးတစ်ယောက် ဖုတ်ကောင်ကြီး၏လက်နှစ်ဖက်ကြားမှ အရက်ပုလင်းကို အားစိုက်အင်စိုက်ထုတ်ယူနေစဉ်အတွင်း ထိုဖုတ်ကောင်၏ မျက်နှာမှာ နဂိုရှိရင်းထက် ညှို့မည်းအိုစာသွားသလို မဆိုစလောက်လည်း လှုပ်ရှားသွားကြောင်း ကျွန်တော်တစ်ဦးတည်းသာ သတိထားလိုက်မိပြီကော။

■ စူးဝင်နေသည့်သံတစ်ချောင်း

ညသည် တဖွေးဖွေးနှင့် အမှောင်ထုထဲဆွဲသွင်းစပြုလာ၏။ ထိုအချိန်က

www.burmeseclassic.com

www.burmeseclassic.com

အဘမိုးမှတစ်ပါး ကျွန်တော်တို့တစ်တွေ တုန်လှုပ်ချောက်ချားကြသည်မှာ ဆိုဖွယ်ရာမရှိချေတော့ပြီ။

အဘမိုး၏ မကြောက်တရားတို့ ဓာတ်ကူးပွားနေ၍သာ သူ့အားကိုးဖြင့် ထိုဖုတ်ကောင်ကြီးအနားရပ်နေပါကလား ဟု နောင်အခါ တွေးမိပါသေးသည်။ အဘမိုးမှာ ထိုထက်မက ချောက်ချား တုန်လှုပ်ရသည့်အဖြစ်အပျက်မျိုးနှင့်တိုး ခဲ့ဖူးသူဖြစ်၍ သူမကြာမကြာပြောဖူး သလို 'အံ့ခွ နေသူပါတည်း။

ထိုစဉ်အခိုက် မျက်စိလည်လာသည့် လေပြင်းတစ်ချက်က လေပွေအဖြစ်သို့ ဘဝပြောင်းကာ ဖုတ်အလောင်း၏ ငယ်ထိပ်တည့်တည့်ပေါ် သို့ ဆော့သရမ်းသွားသည်။ အနီ ဖုတ်ကောင်၏ နဂိုက တည်းကရှုပ်ပွနေသည့်ဘုတ်သိုက်ဆံပင်တို့သည် ခဏချင်းမှာပင် ဖွာလန်ကြဲသွားသည်။ ဆန်းကြယ်သည့်ဖြစ်စဉ်တစ်ခုသည် လေပွေမွှေ့ကစားမှုကြောင့် သဲလွန်စတစ်ခုအသွင် ဘွားခနဲ အသက်ဝင်လာပါသည်။

နှစ်လက်မခွဲသုံးလက်မအရှည်မျှရှိ အိမ်ရိုက်သဲချောင်းတစ်ချောင်းသည် ရုပ်အလောင်းကောင်၏ငယ်ထိပ်တည့်တည့်တွင် စိုက်ဝင်နေကြောင်းကို အံ့မခန်း ဆန်းကြယ်စွာ အတိုင်းသားပင်မြင်လိုက်ရတော့၏။

"ဟင်"

"ဟာ"

"အလို"

"အို"

လူပေါက်သော်တို့ အံ့ခြီးလောက်သည့် ဘယာနကအံသဲစုံတို့ တိုင်ပင်ထားသည်ပမာ အာခံတွင်းမှထွက် ကျလာကြတော့၏။

"ဟာ ကျွတ် ကျွတ် ဒီဖုတ်ကောင်ကြီးဟာ သဲစူးချက်ကြောင့်အသက်ထွက်သွားရချာပါလားကရှဲ။ အင်း-ဇာတ်လမ်းကတော့ မီးခိုးကြွက်လျှောက်လိုက်လာတော့မှာပဲ။ ဘုရားဘုရား - ထိတ်လန့်စရာကြီးပါလားဗဟ။ လူသတ်သမားဟာ ဉာဏ်ပြေးသထက်ပြေးနေပါလား။ ကြည့်စမ်း လူပြိန်းနလပိန်းတုံးတွေ ဘယ်လိုမှသတိမထားနိုင်တဲ့နေရာကိုမှ မွှေးပြီး ပိပိရိရိသတ်သွားပါပကောလား"

အဘမိုးဆုံးဖြတ်ချက်ချအပြီးမှာ ကျွန်တော်သည် မယုံကြည်နိုင်လောက် အောင်ဆန်းကြယ်သည့် ဤလူသတ်မှုဖြစ်အင်ကို တွေးတောဆင်ခြင်ရင်း သဲဝေဂတရားတို့ ပွားစီးနေမိသည်။

ထိုစဉ်က ဖုတ်ကောင်ကြီးကို ကြောက်ရမ်ဟထက် သနားစိတ်တို့သာ အကဲပိုလိမ့်မည်ဟု ကျွန်တော့်ကိုယ် ကျွန်တော်ယုံကြည်လိုက်မိသည်။

■ ဖုတ်ဝင်ပူးသူတစ်ဦး

ညသည် ·ကိုယ်ယောင်ဖျောက် တစ္ဆေတစ်ကောင်လို အမှောင်ထုကို အသက်သွင်းလိုက်ပြီတည်း။

ထိုအမှောင်ထုသည်ပင်လျှင် ည နေရီအလင်းစကန့်လန့်ကာကို ရုပ်သိမ်း ပြီးသကာလ အမှောင်လိုက်ကာကို ဆွဲချ လိုက်သည်။ တောတန်းတစ်ခွင်လုံး အမိုက်တိုက်အောက်မှာ မှောင်မိုက်သွား ချေပြီတကား။

ကျွန်တော့်တို့သည် ပစ်ထားလက်စ ရုပ်အလောင်းကောင်အပါးမှ ထွက်ခွာ လာကြပြီးလျှင် ချောက်ချားတုန်လှုပ်ရ ဦးမည်။ ထိုတစ်ညအား လွန်မြောက်ကုန် ဆုံးစေဖို့အရေး ရတက်မအေးနိုင်အောင် ရှိနှင့်နေကြသည်။

ည၌ဦးယံအစပိုင်းမှာတော့ သူကြီး မှာလိုက်သည့် အရက်ပုံးတစ်ပုံးရောက် လာသည်။

ရေနွေးကြမ်းအတွက် ထန်းလျက်ခဲ လက်ဖက်၊ ခွဲင်းသုပ်တို့လည်း တစ်ပါ တည်းရောက်ရှိနေကြပါပြီ။ ည၁၂ဦးပိုင်း မှာတော့ အပူအပင်မထားဘဲ ရထား အလုပ်သမားတို့သည် သောက်သောက် စားစားဖြင့် ချောက်ချားဖွယ်ညတခ်ည ကို ခဏငယ်မျှမွေ့ထားလိုက်ကြသည်။

ကျွန်တော်တို့စခန်းချရာ တဲကုပ် ကလေးသည် ပညောင်ပင်ကြီးတစ်ပင် အောက်တွင်ရှိလေရာ ထိုညောင်ပင် ၏ပင်စည်တွင် ဖြစ်သလိုကပ်ရိုက်ထား သည့် ခဖယိခဖုိင်နတ်စင်တစ်ခုလည်းရှိ နေပါသည်။ ခဲခဲညားညားတော့မဟုတ်။ နတ်ဆက်သည့်ယပ်တောင်နှင့်အဘကိုးမြို့ ရှင်သစ်သားနတ်ရုပ်တို့သည်သာ။ တစ်ခါ တစ်ခါ တောလည်ရင်းရလာသည့် တော သရက်သီး၊ ထောပတ်သီးတို့ကိုသာ ကိုးလုံးမျှတင်ထားနိုင်ကြသည်။

ထိုညက အနယ်နယ်အရပ်ရပ်မှ ရေမျောကမ်းတင်ပေါက်သောက်အလုပ် သမားတို့သည် သောက်သောက်စားစား လူမင်းသားအဖြစ်ထင်တိုင်းကြကြီးလျှင် လူမှန်သူမှန်းပင် မသိနိုင်ကြတော့ဘဲ မူးယစ်ရိစ္ဆာ အသီးသီးအသကအသက အိပ်ရာဝင်လိုက်ကြ၏။

တချို့မှာ မှောက်လျက်၊ တချို့က တော့ပက်လက်၊ တချို့များကျတော့ ဘယ်လောက်တောင်သောက်လိုက်ကြ သည်မသိ ဖင်ဘူးတောင်းထောင်လျက် ပိုးစိုးပက်စက်ဖြစ်လိုရာဖြစ်စေ ဦးခေါင်း နှင့် ခြေထောက်တို့လည်း ရောက်လိုရာ ရောက်စေ ဟူသော်သဘောကိုဆောင် ကာ နတ်စင်ကိုတောင် အလေးဂရုမပြု နိုင်ဘဲ ထင်တိုင်းကြကာ အိပ်စက်လိုက် ကြသည်။ ကျွန်တော့်မှာသာ အရက် မသောက်ချေ၍ ညစာစားအပြီးမှာ ရေငွေးကြမ်း၊ အမြည်းပန်းကန်တို့နှင့် တင်းတိမ်ပြီး အိပ်ရာဝင်လိုက်သည်။

ကျွန်တော်မည်မျှအိပ်မောကျသွား သည်မသိ ပအို့ဝ်သံဝဲဝဲနှင့်ပအို့ဝ်စကား ပြောနေသလိုလို ဝူးဝူးဝါးဝါးအသံနက် ကြီးတစ်ခုကြောင့် ကျွန်တော်နှင့်တကွ ရထားအဖွဲ့သားများလန့်နိုးလာကြသည်။ အားလုံးမှာ အထိတ်တလန့်ဖြစ်သွားကာ တိုင်ပင်ထားသည့်အလား ငုတ်တုတ်ထ ထိုင်မိကြသည်။ ထိုအချိန်က စိန်ကြီး တစ်ယောက်သာ ကျွန်တော်တို့အနီးပါး တွင်မရှိချေတော့ဘဲ ပြင်ပသို့ရောက်နေ ကြောင်း အံ့သြတကြီးတွေ့လိုက်ရသည်။ စိန်ကြီးတစ်ယောက် ဆောင့်ကြောင့်ထိုင် ရင်းမှာပင် တစ်တိုယ်လုံး နတ်ပူးသလို တဆတ်ဆတ်တုန်ယင်နေရာမှ လက်သီး လက်မောင်းတန်းကာ ပအို့ဝ်စကားများ ပြောလျက် ပူးဝင်ခြင်းခံလိုက်ရကြောင်း အံ့သြတုန်လှုပ်စဖွယ်မြင်လိုက်ရသည်။ ကျွန်တော်နှင့်အဖွဲ့သားတို့သည် ပအို့ဝ် စကားကို နကန်းတစ်လုံးမျှမတတ်ဘဲ ပအို့ဝ်လိုဒိုးဒိုးဒေါက်ဒေါက်ပြောလိုက် သည့် စိန်ကြီး၏စကားကြောင့် ပါးစပ် အဟောင်းသားဖြစ်ကုန်ကြသည်။

ထိုအချိန်က ပအို့ဝ်သူကြီးလုံးတို ရှိနေ၍သာတော်တော့သည်။

"သူကြီး၊ စိန်ကြီး ထူးထူးဆန်းဆန်း ပအို့ဝ်လိုပြောပြီး အပူးခံနေရပါလား။ ကျုပ်တို့တော့ သဲ့စကားကို တစ်လုံးမှနားမလည်ဘူး။ ဗမာလိုသူကြီးဘာသာပြန်ပြပေးပါလား"

ပအို့ဝ်လိုဖွင့်ဟနေသည့် စိန်ကြီး စကားကြောင့် သူကြီး၏မျက်နှာ ကွန်ပြူတာ ဆည်မရလောက်အောင်အပျက်ကြီးပျက် နေပြီ။ သူသည် မပြောမပြီးမတိမ်းမြည် ဆိုသည့်အတိုင်း နောက်ဆုံးတော့ စိတ် နုလုံးကို တုံးတုံးချလိုက်ဖြင့် ဤသို့ မြွက်ဟလေတော့၏။

"အိမ်း - ကြာရရင်တော့ တဲပြင်ကိုရောက်လာ စိန်ကြီးခြေထောက်ကို ဆွဲချပြီးဒန်တိုက်ခေါ် ထုတ်သွားတာ

www.burmeseclassic.com

www.burmeseclassic.com

သူပဲတဲ့။ အခု ဂျွန်ဒေါ်တို့ကြားနေရတဲ့အသံဟာလည်း စိန်ကြီးအသံစစ်မဟုတ်ဘူး။ စိန်ကြီးကိုဝင်ပူးလိုက်တဲ့ ကျွန်တော်တို့ရွာက ခွန်ထီးတဲ့။ သူဘာပြုလို့သေရတာလဲ ဆိုတာ ဝင်ပူးပြီးပြောပြချင်လွန်းလို့ အခါအခွင့်ကိုစောင့်နေတာ။ အခုမှပဲ အဘမိုးဆိုတဲ့ အဘိုးကြီးတစ်ယောက်က သူမှာ ချည်ထားတဲ့ ဝိညာဉ်ချုပ်ကြိုးကို အမှတ်မထင်ဖြတ်ပေးလို့ သူ့ဝိညာဉ်ဟာ သူ့ရဲခန္ဓာထဲကထွက်ခွင့်ရလာတာတဲ့။ အခုအလုပ်လာလုပ်တဲ့အဖွဲ့ထဲက စိန်ကြီးဟာဆိုရင် အရက်တွေမူးအောင်သောက်ပြီး နတ်စင်ကို ခြေကန်အိပ်တယ်။ ဒီတော့ ဒီကောင်ကံနိမ့်သွားပြီ။ ကံနိမ့်နေတဲ့ကောင်ဟာ သူ့ခန္ဓာအတွင်းဘောထဲက ကိုယ်စောင့်နတ်လည်းပြေးပြီ။ ဒီတော့မှ အပူးရလွယ်တဲ့ သူ့ကိုဝင်ပူးလိုက်တာပဲ။ မူးမူးရူးရူးနဲ့ ဝိညာဉ်ချုပ်လက်ဖွဲ့ကြိုးကိုဖြုတ်ပေးတဲ့အတွက် အဘမိုးကို ကျေးဇူးတင်တယ်လို့လည်းပြောတယ်။ သူ့အတွက်ထည့်ပေးလိုက်တဲ့ အရက်ကိုလည်း သဘောရှိပရောဟိုသောက်ခွင့်ပေးပါတယ်တဲ့”

သူကြီးပြောလက်စမှာပင် အဘမိုးသည် သဘောခွေ့မနောခွေ့ကာ မူးရီမှီပြိတ်တီမျက်နှာပေးဖြင့် လက်မထောင်ပြရင်း -

“ကဲ - ကြားတော်မူကြတဲ့အတိုင်းပဲ။ ငါ ဒီကြိုး ဘာတဲ့ ဝိညာဉ်လက်ဖွဲ့ကြိုးဆိုလား ဖဲဖဲ။ အဲဒါကြိုး ငါဖြုတ်ပေးလို့ အခု ဒီမောင် ဘာတဲ့ ဖုတ်ကောင်ကြီး လွတ်ပြီကျွတ်ပြီလေ ဟီဟီ။ အဲ - တစ်လက်စထဲ လူသတ်မှုသဲလွန်စ အစတစ်စကို ဆွဲထုတ်နိုင်တော့မယ် မဟုတ်လာ”

ဟု ဆိုကာ အမှတ်တောင်တပ်ယူလိုက်ချေသေး။

“အဘမိုးကလည်းဗျာ၊ စိန်ကောင်းကျောက်ကောင်းရောင်းတဲ့နေရာမှာ ဆေးရိုးသည်ကန့်လန့်ကန့်လန့်မလုပ်ပါနဲ့။ သူကြီးပြောလက်စတောင် ဘယ်ရောက်သွားပါလိမ့်။ ဆက်ပြောပါဦး သူကြီး”

ကျွန်တော်သည် သူကြီးဖြစ်သူကို အားနာမှုအရင်းခံဖြင့် ဆန့်ရင်းနာနာဖွတ်ဆိုသလို အဘမိုးအား မျက်စောင်းတဲခဲခဲဖြင့်ဟန့်တားပြီး ဆိတ်ဆိတ်နေစေလိုက်သည်။ အဘမိုးအား ဟန့်တားပြီးမှာတော့ သူကြီးလုံးတိသည် သူစကားကို ဆက်လိုက်ပြန်၏။

“အဲ - ခွန်ထီးဆက်ပြောတာက သူ့ကိုသတ်သွားတဲ့ လူသတ်သမားကနှစ်ယောက်တဲ့ဗျာ။ ဒါကြောင့် ဒီနှစ်ယောက်ကို လက်စားချေချင်တာနဲ့ သူမသေခင်မှာ စိတ်စွမ်းအင်ကိုအစွမ်းကုန်ထုတ်သုံးပြီး အာခံပြုဆုတောင်းလိုက်တယ်။

ယုတ်မာတဲ့ လူသတ်သမားနှစ်ယောက်ဟာ သူ့ခေါင်းထဲကို သံချောင်းနဲ့ ရိုက်ထည့်လိုက်တဲ့အချိန်မှာ သူမျက်လုံးကို အားယူဖွင့်ကြည့်လိုက်လို့ သူ့ကို ဘယ်သူသတ်သွားသလဲဆိုတာ သိခွင့်ရလိုက်တယ်”

သူကြီးက စကားကို အမျှင်မပြတ်ပြောလိုက်ရ၍ ထင်သည် မောသွားဟန်ဖြင့် ရေနွေးကြမ်းတစ်ခွက်ကို အားရပါးရမော့ချလိုက်သည်။

ဤလုပ်ကြံမှုကြီးကို သူကြီးပင်ဖြစ်လျက်မသိရကောင်းလားဆိုသည့်စိုးရိမ်ပူပန်စိတ်ဖြင့် သူကြီးလုံးတိသည် ပြောသင့်မပြောသင့် ချင့်ချိန်နေပုံလည်းရသည်။

ကျွန်တော်တို့မှာတော့ လူသတ်သမားကဘယ်သူလဲဟုသူကြီးဖွင့်ဟလာမည့်စကားအပေါ် ငုံလင့်နေမိကြသည်။

“ကဲ - သူကြီးမင်းရယ်၊ လူသတ်သမားဘယ်သူလဲဆိုတာ ပြောမှာဖြင့် ပြောစမ်းပါဗျာ။ ကျုပ်တို့မှာ ဒီသဲလွန်စကွင်းဆက်ကို သိချင်လွန်းလို့ ရူးတော့မယ်ဗျ”

အဘမိုးက စိတ်မရှည်နိုင်တော့။

ဖုတ်ကောင်ကြီးက အဆန်းတကြယ် စလိုက်သည့် ဇာတ်လမ်းပေမို့ အလောတကြီးတိုက်တွန်းလိုက်သည်။

“အဲ. . . ဟို. . . ဟို. . . ပြော . . . ပြောပါ့မယ်ဗျာ၊ သူငယ်ထိပ်ကို သံချောင်းနဲ့ရိုက်သွင်းပြီးသတ်လိုက်တဲ့သူဟာ တခြားသူမဟုတ်ဘူးဗျ။ သူမိန်းမ အရင်းခေါက်ခေါက် နှန်းဆာနဲ့ ကြံရာပါသူလင်ငယ် အိုက်ထွန်းဆိုပဲ”

သူကြီးစကားကြောင့် စိတ်ဝင်တစားနားထောင်နေသည့်အဖွဲ့သားတို့ အံ့သြခြင်းမကာအံ့သြလှစွာ ဟာတွေ့၊ ဟင်တွေဖြစ်ကုန်ကြတော့၏။

သို့နှင့် ခဏချင်းမှာပင် စကားဝိုင်းတစ်ခုလုံးဆူညံပွက်လောရိုက်သွားသည်။

“တောက်-လုပ်ရက်လေခြင်းကွာ။ ကိုယ့်ကိုလုပ်ကိုင်ရှာကျွေးတဲ့လင်ကြီးကိုမှ လင်ငယ်နဲ့ပေါင်းပြီး ရက်ရက်စက်စက်သတ်ရက်တဲ့မိန်းမယုတ်ပါလား။ ရာဇဝင်ရိုင်းလိုက်တာကွာ”

“ဟုတ်ပါ့ ဟုတ်ပါ့ အဲ - မပြောကောင်းမဆိုကောင်း ငါ့မိန်းမသာ ငါ့ကို ဒီလိုလုပ်လိုက်မှဖြင့် အို - မတွေးဝံ့စရာကြီး”

“ဟေ့ကောင် မင်းပြောသလို လင်ကြီးကလုပ်ကိုင်ရှာကျွေးဆိုတဲ့စကားထဲမှာ ဟဲဟဲ - လုပ်တာကိုင်တာအဆင်မချောလို့များလား။ ဒီမိန်းမကလက်သင့်ရာစားထော်ခေါ် သွားသလားမှမသိတာ။ အင်း - စဉ်းစားစရာ စဉ်းစားစရာ”

“အဟဲ-မင်းပြောတာလည်းဟုတ်မှာ။ သူလင်ငယ်မှာ တစ်ခုကောင်းရှိလို့ နေမှာပေါ့ကွာ ဟီးဟီး”

သည်သို့ပြောရင်း နားထောင်နေသည့်ပရိသတ်ထဲမှ အောက်ပြည်အောက်ရွာသားတစ်ယောက်က သူငယ်ထိပ်ကိုစမ်းရင်း ကြောက်ရွံ့တုန်လှုပ်သလို ဇာတ်ဟန်ပါပါပခုံးပင်တွန့်ပြလိုက်သေး။ အချို့လည်း ယောကျ်ားဘသားများသာရှိသည့်ဝိုင်းပေမို့ နောက်တီးနောက်တောက် ရွတ်နောက်နောက်စကားဖြင့် မှတ်ချက်ပေးကြလေကုန်၏။

“ဟေ့ကောင်တွေ တော်တော့။ ယုန်ချို လိပ်ပွေး ပုစွန်သွေးလို အရေမရအဖတ်မရနဲ့ ပါးစပ်အရသာခံမနေကြနဲ့ဦး။ သူကြီးဆက်သာပြော”

ကျွန်တော်လည်း ကြာလာလျှင် စကားများဦးလွဲသွားမှာစိုး၍ ကတိုက်ကရိုက်ဖြင့် သူကြီးကိုတွန်းအားပေးလိုက်ရသည်။

“ဟုတ်ပါတယ် မောင်ဇော်ထူးရယ်၊ စိန်ကြီးကိုပူးနေတဲ့စကားနဲ့တင် ဂျွန်ဒေါ်လည်း ဒီအမှုကို ဘယ်လိုဖြေရှင်းရမလဲဆိုတာ စဉ်းစားလို့တောင်မပေါက်တော့ပါဘူးဗျာ”

သူကြီးက သူစကားကို ဆက်ရင်းညည်းညူလိုက်သည်။

“အဲ - ဘာပြုလို့ဘယ်လိုဖြေရှင်းရမှာမို့လို့ သူကြီးအနေနဲ့ စဉ်းစားမရနိုင်ဖြစ်နေရတာလဲ”

ကျွန်တော်သည် သူကြီးပြောလာမည့်စကားအပေါ် သိလိုစိတ်ဖြင့် ဖြတ်မေးလိုက်သည်။

ထိုအချိန်တွင် စိန်ကြီးသည် ပအိုဝ်စကားတို့ဖြင့်သာ ပြတ်တောင်းပြတ်တောင်းပြောရင်း တဟီးဟီးတဟားဟားဖြင့် စိတ်နှင့်ကိုယ်မကပ်ချေဘဲ တတွတ်တွတ်ရင်ဖွင့်နေဆဲ။

သူ့အနေနှင့် အပူးအကပ်ခံထားရ၍ လွန်စွာမောနေဟန်ရှိသည်။ သူကြီးမှာလည်း နောင်ဖြေရှင်းရမည့်အခြေအခင်းအတွက် စိတ်မသက်မသာဖြစ်နေပုံရသည်။ သူသည် သူ့ရှေ့ရှိ ရေနွေးကြမ်းပန်းကန်ကို ဆုပ်ကိုင်ရင်း ရေနွေးပူပူကိုမှုတ်မသောက်မိဘဲ တစ်ကျိုက်

www.burmeseclassic.com

www.burmeseclassic.com

လည်း မော့ချလိုက်သည်။

"အာ... အမလေးဗျ ပူ... ပူလိုက်တာ လျှာကိုကျက်သွားတာပဲ။ အင်း - ကျုပ်လည်း ခွန်ထီးဝင်ပူးနေတာကိုကြည့်ရင်းနားထောင်ရင်း စိတ်နဲ့ကိုယ်မကပ်နိုင်တော့ဘူးဗျာ။ အင်း... အဖြစ်ကဒီလိုကိုး။ ဟိုကောင်မက သူ့ယောကျ်ားသေသွားတယ်လို့မပြောဘူး။ သူ့ယောကျ်ားက ယိုးဒယားဘက်ကို ကူးချည်သန်းချည်နှစ်နဲ့ချီပြီးအလုပ်သွားလုပ်နေတယ်ဆိုတော့ အင်း-ကျုပ်လည်း သတိတစ်ချက်လွတ်သွားတယ်။

ကောင်မကိုကဉ္စာအများသား။ သူ့ယောကျ်ား ညတွင်းချင်းပဲ ယိုးဒယားပြန်သွားသလေးဘာသလေးနဲ့ သတင်းလွှင့်လိုက်သေးတယ်လေ။ ကျုပ်လည်း အငိုက်မိသွားတယ်။ ယုံသွားတယ်ပေါ့။

ကိုယ့်အလုပ်နဲ့ကိုယ်အလုပ်ရှုပ်နေတယ်ဆိုတော့ သင်းတို့အကြောင်းလည်း ခေါင်းထဲထည့်မထားမိတော့ဘူး။ ဘာကြာလို့လဲ။ နောက်ခြောက်လပိုပို လိုလိုပေါ့။ လင်ငယ်အိုက်ထွန်းနဲ့ မုဆိုးမ (အဲဒီတုန်းကတော့ ကျုပ်သိတာ တစ်ခုလပ်မပေါ့) တို့ မင်္ဂလာများတောင် ဆောင်လိုက်ကြသေးတယ်။အဟဲဟဲ... ခပ်တည်တည်နဲ့တောင် ကျုပ်ကို သူကြီးအနေနဲ့ရော ရပ်မိရပ်ဖအနေနဲ့ပါဖိတ်လို့ ဂွန်ဒေါ်လည်း မင်္ဂလာထမင်းကိုစားလိုက်ရသေးတာကလား။ ကျုပ်အ,လိုက်ပုံများ အံ့ရောအံ့ရော။ ဟောကြားတယ်မဟုတ်လား။ စိန်ကြီးကိုပူးနေတဲ့ ခွန်ထီးကပြောနေပြန်ပြီ။ သူပြောတာကိုမယုံရင် အိုက်ထွန်းခြေသလုံးကိုလှန်ကြည့် သူ့ကိုသတ်မယ့်ညက သူ့အိမ်မှာမွေးထားတဲ့ခွေးအောင်နက်ကိုက်ထားတဲ့ သွားပေါက်ရာကို တွေ့ပါလိမ့်မယ်တဲ့"

သူကြီးလုံးတီသည် ပြောပြရလွန်း၍မောသွားဟန်ထင့် အနီးရှိ အိပ်ရာပေါ် သို့ ခြေဝပ်လက်ပစ်လှဲချလိုက်ပါတော့၏။

သည်တွင် အဘမိုးက တစ်စခန်းထလာပြန်သည်။

"အင်း - သူကြီးရှင်းပြတော့မှပဲ ကျုပ်လည်း လိပ်ပတ်လည်တော့တယ်။ အိုးဟိုး ဒါကြောင့်ကိုး၊ ကျုပ်တို့ ဖုတ်ကောင်ကြီးကို နောက်ဆုံးကြည့်လိုက်တဲ့ အချိန်မှာ လားလား - သူ့ငယ်ထိပ်ကို သံချောင်းတစ်ချောင်းစိုက်ထားတာ မြင်လို့ကိုရတယ်လေ"

အဘမိုးစကားကြောင့် စိတ်မသက်မသာလဲလျောင်းနေသည့် သူကြီးသည် ငေါက်ခနဲထထိုင်မိလျက်သားဖြစ်သွားသည်။

"ဘာ-ဘယ်လို.... ပြန်.... ပြန်ပြောစမ်းပါဦး လုံးမိုးရဲ့။ အလောင်းကောင်ကြီးရဲ့ငယ်ထိပ်မှာ သံချောင်းစိုက်နေတာ မြင်လိုက်တယ် ဟုတ်စ"

"ဟုတ်ပါ့ သူကြီးရယ်၊ ကျုပ်တို့ပဲ ကံကောင်းထောက်မလို့ မြင်လိုက်ရတာလား။ ဒီဖုတ်သရဲကပဲ ကမ္မဇိဒ္ဓိအစွမ်းနဲ့ ပြလိုက်တာလားမသိပါဘူးဗျာ။ မြင်လိုက်ရတာကတော့ ဒက်ထိပါပဲ။ သူကြီးမယုံရင် မောင်ဇော်ထူးကိုမေးကြည့်ပါလား"

"ယုံပါတယ်ဗျာ ယုံပါတယ် မေးမကြည့်တော့ပါဘူး။ အာရိုးရိုး - ဆန်းလိုက်ဗျာ။ ကျုပ်တစ်သက်မှာ ဒီလိုမျိုး တစ်ခါမှမကြုံဘူးပေါင်။ အင်း - ရဲတွေ စစ်လားဆေးလားလုပ်ရင်တော့ ဒါလည်း ထည့်ပြောရမှာပ"

သူကြီးနှင့်ကျွန်တော်တို့ပြောအပြီး ဘယ်လောက်မှမကြာလိုက် စိန်ကြီးသည် ပအို့ဝ်လို့ပြောနေလျက်မှာပင် ပါးစပ်မှ အမြှုပ်တစ်စီထွက်ကာ တဆတ်ဆတ်တုန်နေရာမှ လုံးဝငြိမ်ကျသွားသည်။ တစ်လက်စတည်းမှာပင် သူ့အိပ်ရာဆီသို့ လေးဖက်ကုန်းသွားရင်း ဗိုင်းခနဲပင်လဲချလိုက်သည်။

"အင်း - စိန်ကြီးတစ်ယောက် အပူးအကပ်ခံနေရာမှ လွတ်မြောက်သွားပါပကောလား"

ထိုစဉ် ပညောင်ပင်ထက်မှ ခွန်ဆင်းလိုက်သည့် အမွေးအမှင်ထူလှပြစ်နှင့် မည်းမည်းကောင်ကြီးတစ်ကောင်သည် သချိုင်းကုန်းအစပ် စိန်နှုးပန်ချုံရှိရာသို့ တဘုတ်ဘုတ်ဖြင့်ပြေးသွားသည့် အသံတစ်ခုအား ဘုန်ယင်ချောက်ချားဖွယ်ကြားလိုက်ရတော့၏။

"အစ်... အစ်... အစ်... အူး... အူ... ပူး... အိဝ့... အိဝ့ ဂစ်... ဂစ်... ဂစ် ဂီး"

အချိန်ကိုက်ပင် သချိုင်းကုန်းဘက်ဆီမှ တောခွေးတို့အူသံနှင့်အတူ ဌက်ဆိုးထိုးသံတစ်သံသည် ညဉ့်ယံကို ဖောက်ကာ ထိုးဖောက်ဝင်လာကြောင်း ကြောက်ခန်းလိလိကြားလိုက်ရပြန်၏။

ညသည် အိပ်ဖို့ကိုမဆိုထားနှင့်။ ထထိုင်နေရမှာကိုပင် ခွင့်မပြုနိုင်တော့သည့်အလား ချောက်ချားဖွယ်အသံတို့ပြုကာ မနုဿလူသားတို့ကို ခြောက်လှန့်၍နေချေပြီတကား။

သည်သို့ဖြင့် ကျွန်တော်တို့သည် မည်သူ တစ်စုံတစ်ဦးမျှ မအိပ်ရကြဘဲ ချောက်ချောက်ချားချား ထိုတစ်ညအား အရက်နှင့်လက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့ကာ စကားစမြည်ပြောရင်း မိုးစင်စင်လင်းလိုက်ရသည်။

■ သဲလွန်စဖြင့်စွဲချက်တင်

နောက်တစ်နေ့တွင် သူကြီးခေါ်ထားသည့် ရဲတပ်ဖွဲ့ဝင်တို့သည် အခင်းဖြစ်ပွားရာ ပြင်သာရွာသို့ရောက်ရှိ၍လာကြ၏။ သူကြီးကြိုတင်ပြောပြထားသည့်အတိုင်း ရဲတို့သည် အိုက်ထွန်းနှင့် အီဆာခေါ် နန်းဆာအိမ်သို့ အလုံးအရင်းနှင့် ချီတက်သွားကြသည်။ မပြေးသော် ကန်ရာရှိဆိုသည့်စကားနှင့်အညီ နန်းဆာနှင့် လင်ငယ်ဖြစ်သူတို့သည် ခိုင်လုံသည့် စွဲချက်များစွာကြောင့် ဘူးမကွယ်သာဘဲ ဝန်ခံလိုက်ရတော့၏။

ထိုစဉ်က ကျွန်တော်တို့လည်း အမှုအခင်းနှင့်ပတ်သက်ဆက်နွယ်နေကြ၍ သက်သေအဖြစ်နှင့် သူကြီးနှင့်အတူ နန်းဆာအိမ်သို့ ရောက်နေကြသည်။ ထိုစဉ်က ဆန်းကြယ်သော် ဖြစ်ရပ်ဆန်းတစ်ခုနှင့် တိုက်တိုက်ဆိုင်ဆိုင်ကြုံဆုံလိုက်ရပြန်၏။ ဂန္ဓိရဆန်ပေစ့။

နန်းဆာတို့၏ အင်ဖက်မိုးထားသည့်အိမ်ခေါင်မိုးပေါ်မှ တစ်စုံတစ်ခုသည် လေငြိမ်နေပါလျက် ဘုတ်ခနဲ အောက်သို့ပြုတ်ကျလာပါသည်။

ထိုအရာသည်ကား လင်ကြီးသက်ရှိထင်ရှားရှိစဉ် တိတ်တဆိုးချိန်းတွေ့ရန် အိုက်ထွန်းပေးထားသည့် အချိန်းအချက်စာများပင်တည်း။

"ကဲ-အိုက်ထွန်းနဲ့နန်းဆာ၊ မင်းတို့ဘာငြင်းချင်သေးလဲ။ မင်းတို့နှစ်ယောက်ပင်းပြီးသတ်တယ်ဆိုတာ အခိုင်အမာသက်သေတွေနဲ့ချည်ပြီးတုပ်ပြီးသားဖြစ်နေပြီ။ အိုက်ထွန်းခွေးကိုက်ခံရတဲ့ဒဏ်ရာကလည်း ခွေးစွယ်ရာနဲ့ကွက်တိပဲ။ ပြီးတော့ မင်းတို့ဝတ်ခဲ့ဆောက်လက်စပျဉ်ဖြစ်တဲ့ ထင်းရှူးပကာသားဖြတ်စတွေကလည်း ပြီးစလွယ် အခေါင်းရိုက်လိုက်တဲ့ ဗကာပျဉ်ပဲဆိုတာရှင်းနေတာပဲ။ ဒါဟာ မင်းတို့လည်ပင်းကိုကြိုးကွင်းစွပ်ဖို့အသင့်ဖြစ်သွားတဲ့သက်သေခံပစ္စည်းတွေပဲ။ အဲ မင်းတို့ ရက်ရက်စက်စက်ရိုက်ထွင်းလိုက်တဲ့ သံချောင်းကလည်း ဂွက်ခြေဆောက်ထားတဲ့သံချောင်းနဲ့ ဆိုက်တူဝိုက်တူပဲ။ ဟော- စစ်ရင်းဆေးရင်းမှာပဲ အိုက်ထွန်း မင်းရေးပေးတဲ့စာလည်း လက်ပူးလက်ကြပ်ဖြစ်အောင် ဖန်တီးပေးလိုက်ပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com

အင်း - ပြီးတော့ မင်းတို့နဲ့ခြံခြင်းကပ်ရက်အိုက်လောင်းတလည်း အိုက်ထွန်း ခွေးကိုက်ခံရတဲ့ညမှာ ခွေးဟောင်သံကြားလို့ အသာလေးခိုးချောင်းကြည့်လိုက်တော့ မင်းကို ခွေးကိုက်တာမြင်လိုက်တယ်လို့ အစစ်ခံပြီးပြီ။ အင်း-ဒီအမှုကတို့တစ်တွေသိပ်စစ်ရတောင်မလိုတော့ဘူး။ အဓိကကတော့ မင်းတို့သတ်လိုက်တဲ့ဖုတ်ကောင်ကြီးကဖော်လိုက်တာပဲ။ ကျန်တာတွေကတော့ အမှုကိုတည်ဆောက်ယူရတာတွေကွာ။ ကဲကဲ-ရှည်ရှည်ဝေးဝေးမပြောတော့ဘူး။ ဒီလူသတ်မှုမှာ အဓိကကျတဲ့နန်းဆာကစပြီး ဖြောင့်ချက်ပေးပေတော့။ ဟေ့ - ရဲတပ်သား မောင်ငယ်၊ နန်းဆာပြောတဲ့အတိုင်း လိုက်ရေးပေတော့”

စခန်းမှူးရဲအုပ်ထွန်းလင်း၏ ညွှန်ကြားချက်အပြီး နန်းဆာသည် နောင်တတရားတို့နှင့်ယှဉ်လျက် ပွင့်အန်ထွက်လာသည့် ကတုန်ကယင်အသံတို့ဖြင့် တရှုပ်ရှုပ်ငိုရင်း အောက်ပါအတိုင်းရင်ဖွင့်ဖြောင့်ချက်ပေးလိုက်လေတော့သတည်း။

■ နန်းဆာ၏ဖြောင့်ချက်

“ကျွန်မနာမည် နန်းဆာပါ။ သေလွန်သူ ခွန်ထီးရဲ့ဇနီးဟောင်း ဖြစ်ပါတယ်။ ခွန်ထီးသေပြီး (၆) လလောက်အကြာမှာ လက်ရှိအိမ်ထောင်အိုက်ထွန်းနဲ့ ပအိုဝ်ထုံးစံအတိုင်း ထိမ်းမြားလက်ထပ်ပါတယ်။ အိုက်ထွန်းနဲ့စတွေ့ချိန်မှာ ကျွန်မယောကျ်ား ခွန်ထီးဟာ ယိုးဒယားမှာ အလုပ်သွားလုပ်နေတုန်းဖြစ်ပါတယ်။ အိုက်ထွန်းဟာဆိုရင် ရွာမှာဆေးဆရာတစ်ယောက်အနေနဲ့ ဆေးလည်းကုပါတယ်။ နောက်မှ သူပြောလို့ အတွင်းကျကျသိရတာကတော့ သူဟာ အောက်လမ်းအတတ်တွေလည်းတတ်တယ်ဆိုပဲ။ သူနဲ့ညားပြီးမှ သူ့ဆီမှာ မိန်းမချစ်ဆေးဆိုတဲ့ ပိယဆေးစွမ်းကောင်းရှိတယ်ဆိုတာ သိလိုက်ရတယ်။ ဖူးစာရွာလည်လို့ပဲဆိုရမလား။ တစ်နေ့မှာ ကျွန်မဟာ တောင်ယာရှင်းပေါင်းသင်ရင်း နောက်မကြည့်အောက်မကြည့်မှော်မှန့် ဖင်ထိုင်ချလိုက်တာ မရိသေစကားပြောရရင် အဲဟင်းဟင်း ကျွန်မရဲ့တင်ပါးမှာ ငြောင့်ငူးသွားတယ်ပေါ့ရှင်။ အနာရှိန်နဲ့မန်းလိုက်နေတဲ့ ကျွန်မဟာ ရှက်ရှက်နဲ့ပဲ ဆေးဆရာအိုက်ထွန်းကို သူငယ်ချင်းမတစ်ဦးအကူအညီနဲ့ပင့်ခိုင်းလိုက်ရတယ်ပေါ့။

အဲဒီကစပြီး အိုက်ထွန်းနဲ့ ကျွန်မတို့ရဲ့ နောက်မီးလင်းတဲ့ ရာဇဇာတ်လမ်းကို အစပျိုးမိကြတာပေါ့ရှင်။ အဖြစ်မှန်ကို မခြွင်းမချန် ပွင့်ပွင့်လင်းလင်း တင်ပြရမယ်ဆိုလို့ နားနဲ့မနားဖဝါးနဲ့နာပါတော့ရှင်။ တင်ပါးအောက်အစပ်မှာ ငြောင့်ငူးတဲ့အနာရှိန်ကြောင့်မသက်မသာကုန်းအော်နေတဲ့ ကျွန်မဟာဆိုရင် ထိတစ်ချက် မထိတစ်ချက်နဲ့ ဆေးဆရာရဲ့လက်ယဉ်နေတဲ့ အတွေ့အထိတို့အပေါ် သာယာနစ်မြောမိခဲ့တာအမှန်ပေါ့ရှင်။ မကွယ် မထောက် မရှက်မကြောက်တမ်းပြောရရင် ဆေးထည့်ပေးသလိုလို၊ ဆေးပဲလိမ်းပေးသလိုလိုနဲ့ အိုက်ထွန်းရဲ့လက်တွေဟာ ကျွန်မတို့မိန်းမတွေရဲ့လှို့ဝှက်ဖုံးကွယ်အပ်တဲ့ မအပ်မရာနေရာတွေအပေါ် ဆရာဆိုတဲ့အရှိန်အဝါနဲ့ အခွင့်ကောင်းယူခဲ့တယ်ရှင့်။ လင်သားနဲ့ကင်းကွာနေတာကြာပြီဖြစ်တဲ့ ကျွန်မဟာဆိုရင် သဘာဝကျကျ အရိုးသားဆုံးဝန်ခံရရင် ဆေးဆရာအိုက်ထွန်းရဲ့မထိခလုတ်ထိခလုတ် အတွေ့ထူးမှာမသိဟန်ဆောင်ရင်းမေ့မှုးခဲ့ရပါတယ်။ ဆေးဆရာနဲ့လူနာရှင်အဖြစ် ပိပိရိရိနေလာခဲ့တဲ့အချိန်များမှာဆိုရင် ကျွန်မဟာ အဝေးရောက်လင်ကြီးကိုတောင် သတိမရနိုင်တော့ဘဲ ရာဇအဆိပ်မှန်လို့ ကာမအမှောင်ထဲမှာ စုံးစုံးမြုပ်စုံလုံးကန်းခဲ့ရပြီလေ။ ကျွန်မဟာဆိုရင် ခွန်ထီးကိုမချစ်လို့တော့မဟုတ်ပါဘူး ချစ်တယ်။ ဒါပေမယ့် အိုက်ထွန်းဟာ မိန်းမကျမ်းကျေသူဖြစ်လို့ ငါများမှားသွားပြီလား လို့ ခွန်ထီးအတွက်သာ စိတ်မကောင်းဖြစ်လို့ ရင်ဖွင့်မိချိန်မှာ အိုက်ထွန်းက ဒီလိုနားချပါတယ်။

‘ဒီလိုရှိတယ်နန်းဆာ၊ နင့်လင်ကြီးကို ချစ်တာတော့ချစ်တာပေါ့။ ဒါပေမယ့် ကွာ ချစ်တာနဲ့ သာယာတာ တစ်ကန့်စီထားလိုက်စမ်းပါ။ ငါဟာ ဆေးဆရာပဲ။ အကြောပေါင်းတစ်ထောင်မကဓာတ်ဖွင့်ပေးနေတဲ့သူဆိုတော့ သိတာပေါ့။ ချစ်တာတို့ မေတ္တာတို့ သံယောဇဉ်တို့ဆိုတာ နှလုံးသားက အရင်းခံလာတာ။ ဒါကို ငါအပြစ်မဆိုဘူး။ မနာလိုစိတ်လည်း မဖြစ်မိဘူး။ သွေးသားတောင့်တချက်တွေ ဆာလောင်မွတ်သိပ်မှုနဲ့ဆိုင်ပြန်ရော။ မိန်းမဆိုတာ ယောကျ်ားနဲ့ကင်းကွာပြီး တစ်လကိုးသီတင်းမနေအပ်ဘူးကွ။ ပညာရှိတို့က ဒီလိုဆိုထားတယ်။ ဒါကြောင့်ပဲ စစ်ထွက်ယောကျ်ား၊ ဖောင်စီးသားတို့ရဲ့ ဇနီးမယားဟာ အခြားတစ်ပါးနဲ့ယဉ်သွားကြတာ နင်တစ်ယောက်တည်းမဟုတ်ပါဘူးကွာ။ မိန်းမတိုင်းဟာ သွေးနဲ့သားနဲ့ကိုယ်ဆိုတော့ကာ ဒါဟာ အပြစ်လို့ယူဆလို့မရဘူးတဲ့။ နင့်ယောကျ်ားတောင် နင်မရှိတုန်း ဟိုယိုးဒယားမှာ ယိုးဒယားမတွေနဲ့ ဘယ်လောက်ပျော်ပါးနေမယ်ဆိုတာနင်ဘာသိလို့တုံး။ ဘယ်သူတွေဘာသိတာမှတ်လို့။ နင့်ယောကျ်ားပြန်လာရင် ကိုယ်မဟုတ်သလိုနေလိုက်ရင်ပြီးတာပဲမဟုတ်လား။ ခိုးချစ်ရတဲ့အရသာဟာ ဘယ်လောက်ရင်ခုန်ဖို့ကောင်းသလဲဆိုတာ ခုနင်ခံစားနေရပြီပဲ။ ဟန်ဆောင်ချင်စမ်းပါနဲ့ကွာ’

အိုက်ထွန်းက အဲသလို ဆွယ်စကားမျိုးနဲ့ ဆိတ်ကွယ်ရာမှာ အမြဲလိုလို ပြောနေတော့ ကျွန်မစိတ်တွေကတစ်စနဲ့ သူ့အပေါ် ယိမ်းယိုင်လာပြီပေါ့။

ဒီလိုနဲ့ သူ့စကားအလှတွေအပေါ် တိမ်းမူးရင်း သူ့ရင်ခွင်ထဲမှာပဲ ကျွန်မမျက်လုံးတွေဟာ တစစနဲ့မှေးစင်းသွားပါတော့တယ်ရှင်။ ကျွန်မ သူ့အချစ်နွံအိုင်မှာနစ်မျောရင်းမိန်းမောမိပါပြီ။

တစ်နေ့မှာပေါ့။ အိုက်ထွန်းဟာ အနာဖေးတက်နေတဲ့အနာကို ဆေးလူးပေးနေရင်း ပျို့ချင်သလိုအန်ချင်သလိုဖြစ်လာတာနဲ့ ကမန်းကတန်းလူးလဲထပြီး ထိုးအန်ဖို့ကြိုးစားလိုက်တယ်။ အကင်းပါးတဲ့ အိုက်ထွန်းဟာ ကျွန်မကိုဖေးမပွေ့ဖက်ထားရင်း သူ့ရင်ခွင်ထဲမှာပဲ ကျွန်မကို အန်ချဖို့ခွင့်ပေးလိုက်တယ်။ မရွံမရှာပါပဲရှင်ရယ်။ ကျွန်မအန်ချလိုက်တဲ့အန်ဖတ်တွေကိုသုတ်သင်ပေးရင်း ကျွန်မအခြေအနေကို ဆေးဆရာဆိုတဲ့စိတ်နဲ့ ရိပ်စားမိလိုက်တယ်။

‘ဟဲ့ - အီဆာ နင့်မှာခွန်ထီးနဲ့ရတဲ့ကိုယ်ဝန်စွဲနေပြီ။ ဒုက္ခပါပဲ နင့်ကို့သနားလိုက်တာ။ နင့်လင်ကလည်းမရှိဆိုတော့ ယောကျ်ားနဲ့ဆက်မနေရင် နင်မွေးလာမယ့်ကလေးက ကိုယ်လက်အင်္ဂါမစုံမလင်နဲ့ဘဲမွေးလာတော့မပေါ့ဟဲ့’

အိုက်ထွန်းစကားကြောင့် ကျွန်မအကြီးအကျယ်တုန်လှုပ်ချောက်ချားသွားပါတော့တယ်ရှင်။

သူကထပ်ပြောသေးတယ်။

“တချို့ဆို အသေလေးမွေးတယ်။ တချို့မှားကျတော့ ကလေးဟာ အမွေးဝိုက်ထဲမှာပဲ သေပြီးပုပ်ပွနေလို့ အပုပ်ဆန်ပြီး ကံအကြောင်းမလှရင် မိခင်ပါ သေသွားကြတယ်ဆိုပဲ။ အဲဒီကိုနန်းကကျွန်မဟာဆိုရင် ငယ်ငယ်ထေးနဲ့လင်ယူတာပဲသိခဲ့တယ်။ သားမွေးတယ်ဆိုတဲ့အလုပ်ကို ဘာဆို ဘာမှမသိခဲ့ဘူး။

အိုက်ထွန်းပြောသမျှ အဟုတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ထင်မိခဲ့တယ်။ အိုက်ထွန်းစကားကြောင့် ကျွန်မအကြီးအကျယ်တုန်လှုပ်ချောက်ချားလာမိတော့တယ်။ ကျွန်မလည်း မျက်နှာတွေပျက်လို့ မျက်ရည်ပေါက်ကြီး ငယ်ကျလာချိန်မှာ အိုက်ထွန်းက ကျွန်မကျောကိုသပ်ရင်း အခုလိုနှစ်သိမ့်ရှာပါတယ်။

'အီဆာရယ်၊ ဒီလောက်လည်း စိတ်ပူမနေစမ်းပါနဲ့ကွာ။ ငါတစ်ယောက်လုံးရှိနေတာပဲ။ နင့်ယောကျ်ားအစား ငါနဲ့နေပေးရင်လည်း နင်မွေးလာမယ့် ကလေးဟာ အဂီါစုံစုံနဲ့ ဝဝကစ်ကစ်လေး မွေးလာမှာပေါ့။ ငါစေတနာနဲ့နင့်ကိုကူညီမယ်'

ဒီလိုနဲ့ပဲ မလည်မဝယ်ရှိခဲ့တဲ့ ကျွန်မဟာ အိုက်ထွန်းရဲ့သွေးဆောင်ဖျားယောင်းမှုစကားအောက်မှာ ကျွန်မဘဝ ကျွန်မခန္ဓာကို ကြက်ကလေးငှက်ကလေးတွေလို သူ့ကိုထိုးအပ်လိုက်မိတယ်။ တစ်နေ့မှာ ကျွန်မတို့နှစ်ဦးသားအတွက် ကြမ္မာပြိုဟ်ဆိုးက မဖိတ်ခေါ် ဘဲဝင်လာပါရောရှင်။

ဒီအချိန်မှာ ကျွန်မဟာ အိုက်ထွန်းကိုပဲ တမ်းတမ်းစွဲနေပါပြီ။ တရားဝင်လင်ဆိုတာကိုလည်း ကျွန်မနှလုံးသားမှာ နေရာမပေးချင်တော့ဘူး။ အဲ-ဘယ်လို ကြမ္မာငင်တာလဲဆိုတော့ ကျွန်မလင်ကြီး ခွန်ထီးဟာ အကြောင်းမကြားဘာမကြားနဲ့ ကျွန်မဆီပေါက်ချလာပါလေရော။ သူ အပြောကတော့ ခုတစ်လော ယိုးဒယားမှာ အဖမ်းအဆီးတွေများလို့ အပြီးပြန်လာတာတဲ့။ သူခမျာ အစားဆင်းရဲအနေဆင်းရဲနဲ့ခြစ်ခြုတ်ပြီး ကျွန်မအတွက် ယိုးဒယားဘတ်လက်စွပ်၊ ဘတ်ကြိုး (ရွှေဆွဲကြိုး)တွေဝှက်ပြီး ယူလာခဲ့ပေးရှာပါတယ်။

'အီဆာ ဒီမှာကြည့်စမ်း၊ ငါလေ ငါ့မိန်းမလှတပတဝတ်ဖို့ အဖမ်းအဆီးများတဲ့ ယိုးဒယားဂိတ်ကလွတ်အောင် ဝှက်ပြီး ခက်ခက်ခဲခဲယူလာခဲ့ရတယ်သိလား ဝတ်ကြည့် အီဆာ'

ကျွန်မဝတ်ကြည့်တာကိုကြည့်ပြီး သူမျက်နှာဟာလေ ပီတိတွေနဲ့ရွှန်းစိုနေတာပေါ့။ ခါတိုင်းလိုဆိုရင် ကျွန်မအရမ်းကိုဝမ်းသာမိမှာပဲ။ အခုတော့ ကျွန်မမပျော်နိုင်ဘူးရှင်။ သူဆင်ပေးတဲ့ လက်ဝတ်ရတနာထက် လင်ငယ်အိုက်ထွန်းမျက်နှာကိုပဲပြေးမြင်နေမိတယ်။

ကြက်ကြီးလည်လိမ်နေသလို ငူငူငိုင်ငိုင်ဖြစ်နေတဲ့ ကျွန်မကိုကြည့်ပြီး အားမလိုအားမရနဲ့ ခွန်ထီးက အခုလိုမေးတာပေါ့။

'ဘယ်လိုဖြစ်နေထာလဲ အီဆာရယ်။ ငါ့မှာတော့ နင်အပျော်ကြီးပျော်သွားမလားဆိုပြီး မျှော်လင့်ချက်တသီတတန်းကြီးနဲ့ပြန်လာရတာ။ ခုတော့ နင့်ကိုကြည့်ရတာ ငါဝယ်လာပေးတဲ့ ဒီလက်ဆောင်တွေကို စိတ်မပါသလိုဘဲဟင်း'

ခွန်ထီး ကျွန်မကို တော်တော်စိတ်ပျက်သွားတယ်။ သက်ပြင်းတွေလည်း တဟင်းဟင်းချလို့ပေါ့။ ဟုတ်ပါတယ်။ ကျွန်မကလည်း ကျွန်မပါပဲ။ တကယ်ဆို ကိုယ့်လင်အမြတ်တနိုးဆင်ပေးတဲ့ပစ္စည်းကို ဝမ်းဗန်းတသာနဲ့ ကျွန်မခံယူရမှာ။ ဒါကြောင့်လည်း ရှေးလူကြီးသူမတွေက ကျွန်မတို့မိန်းမတွေကိုနာနာကြည်းကြည်းနဲ့ စွပ်စွပ်စွဲစွဲပြောခဲ့တာလေ။ ဘာတဲ့-မိန်းမတွေဟာ နှာခေါင်းသာမပါရင် မစင်တောင်စားကြတယ်ဆိုပဲ။ စကား ခပ်ရိုင်းရိုင်းပဲ ခိုင်းနှိုင်းပါရစေတော့ရှင်။ ခွန်ထီးနဲ့ အိုက်ထွန်းကို ယှဉ်ကြည့်လိုက်ရင် ခွန်ထီးက ရုပ်ချောသလောက် အိုက်ထွန်းက ခွေးပေးလို့ဝက်မစားတဲ့ရုပ်မျိုး။ ဒါဟောင် ကျွန်မက အိုက်ထွန်းကို တမ်းတမ်းစွဲနေတာဘာကြောင့်လဲ။ ရာဂစိတ်လေ။ ကာမမှိုင်းမိနေလို့ပေါ့။ ဒါ ရှင်းနေတာပဲ။

ကျွန်မအမှားကြီးမှားသွားပါတယ်ရှင်။ ဒါကြောင့်လည်း ခုလို့ဖြောင့်ချက်ပေးခွင့်ရတုန်း နောင်တနဲ့ယှဉ်ပြီး ရင်ဖွင့်လိုက်ရတာပါ။ ကျွန်မကလည်း တိုင်းရင်းသူဆိုတော့ ပွင့်ပွင့်လင်းလင်းပဲပြောတတ်တယ်။ ကျွန်မရဲ့သေတမ်းစာလို့ ခေါ်ရမယ့် ဒီဖြောင့်ချက်အပေါ် သင်ခန်းစာယူပြီး ကျွန်မလို မိန်းမယုတ်တွေမဖြစ်ကြဖို့ မိန်းမသားထုကို ဆော်ဩလိုက်ချင်တာလည်းပါတယ်ပေါ့။

ဒါနဲ့ ကျွန်မစကားတောင်ဘယ်ရောက်သွားပါလိမ့်။ အင်း - မှတ်မိပြီ။ ခွန်ထီးအကြောင်းမကြားဘဲ ကျွန်မဆီပြန်ရောက်လာတယ်နော်။ ဒီတုန်းက အိုက်ထွန်းနဲ့ကျွန်မလည်း မျက်လုံးပြူးမျက်ဆန်ပြူးကုန်ကြတယ်။ခွန်ထီးအလစ်မှာ အိုက်ထွန်းနဲ့ တိုးတိုးတိတ်တိတ် တိုင်ပင်ပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းမသိအောင်ပျာယာခတ်သွားကြတာပေါ့ရှင်။

အမှန်အတိုင်းပြောရရင် ကျွန်မတင်ပါးအောက်အစပ်ကအနာကို ဆေးထည့်ပြီးကတည်းက အိုက်ထွန်းဟာဆိုရင် သူဆောင်ထားတဲ့ ပီယဆေးတို့ဆေးတွေနဲ့ လိမ်းကျံပြီးဖြစ်နေတယ်ဆိုတာ နောင်အချစ်ပလူးတဲ့အချိန်မှာ သူကြားလုံးထုတ်လို့ ကျွန်မအလုံးစုံသိခွင့်ရလိုက်ပါတယ်။ အိုက်ထွန်းအပေါ် တစ်နေ့မတွေ့ရမနေနိုင်တမ်းတမ်းစွဲဖြစ်နေတဲ့ ကျွန်မဟာ ယောကျ်ားပြန်လာတာကို ဝမ်းသာရမယ့်အစား စိတ်အနှောင့်အယှက်ဖြစ်နေမိတယ်။ အပြစ်ကင်းတဲ့ သူမျက်နှာကိုမြင်နေရတာ ကျွန်မအတွက် ဒေါမနဿစိတ်နဲ့ အဘိဇ္ဈာပဲပွားနေမိတယ်။ နေ့ရှိသရွေ့ အပြစ်မရှိအပြစ်ရှာပြီး နှာပူနှားဆာလုပ်နေရတယ်လေ။

ကျွန်မစိတ်ရှုပ်တယ်ရှင့်။ ဒါကို ကျွန်မယောကျ်ား ခွန်ထီးကတော့ ဘယ်သိပ့်မလဲ။ ဟန်ဆောင်ကောင်းကောင်းနဲ့အိုက်ထွန်းအကြံပေးသလို ရေလိုက်ငါးလိုက်နေလိုက်တော့တယ်။

နက်ရှိုင်းတဲ့ရေပြင်ဟာ တည်ငြိမ်နေတတ်သလိုမျိုးပေါ့။ မိန်းမဟာ ယာသဲကိုးဖြာလို့တောင် ပညာရှိတွေမိန့်ဆိုထားကြသေးတာပဲ။ မိန်းမတွေဟာ ဟန်ဆောင်ကောင်းကောင်းနဲ့ယုတ်မာပြီဆိုရင် အတောင်နှစ်ဆယ်ဝတ်ဆိုတဲ့ မင်းယောကျ်ားဘယ်သကောင့်သားမှလိုက်လို့မမီပါဘူးရှင်။ ကျွန်မခေါင်းတွေအရမ်းကိုက်နေလို့ မျက်နှာမရွှင်တာ။ ကျွန်မအနားမှာပွတ်သီးပွတ်သပ်မနေပါနဲ့လို့ဘဲ အကြောင်းပြပြီးတော့ ခွန်ထီး ဝက်ခြံဆောက်ရင်း အလုပ်ရှုပ်နေတဲ့အချိန်မှာ အမဲပေါ် တဲ့ဆီ ကျွန်မအဝယ်ထွက်သလိုနဲ့ထွက်လာလိုက်တယ်။ ဒါပေမယ့် ကျွန်မအရင်ဆုံးသွားတဲ့နေရာကတော့ ရှင်တို့သိကြတဲ့အတိုင်း အိုက်ထွန်းဆီကိုပဲပေါ့။

အိုက်ထွန်းနဲ့ ခိုးကြောင်ခိုးဝှက်လူလစ်ရင်လစ်သလို ခိုးတွေ့ပြီး ကျွန်မတို့တိုင်ပင်ကြပါတယ်။ ယောကျ်ားပြန်ရောက်ပြီး တစ်ပတ်လောက်အကြာမှာပဲ အခင်းဖြစ်တဲ့ညကအတိုင်း အကြံအစည်တစ်ခုကို အိုက်ထွန်းက ကျွန်မကို နှစ်ကိုယ်ကြားစကားနဲ့ပြောလာတော့တယ်။

'အီဆာရေ မင်းနဲ့ငါအမြဲနီးနီးချင်းသပဆိုရင် ငါပြောသလိုလုပ်'

ဆိုပြီး ကျွန်မနားနားကပ်ပြီး တုန်လှုပ်ချောက်ချားစရာကောင်းတဲ့အကြံအစည်တစ်ခုကိုပြောပြပါတယ်။

ဒီလို ယုတ်မာပက်စက် ဆိုးကာလောက်မှစောက်မနက်တဲ့သူအကြံကိုပေးမယ့် တော်တန်ရုံမိန်းမသင်္ခါရဲလုပ်ရက်ပါမလဲရှင့်။ သိတယ်မဟုတ်လား။ အဲဒီတုန်းကတော့ ကာမမီးခိုးမှိုင်းအတိုက်ခံရလို့ ကျွန်မ မွန်ထူနေပြီ

www.burmeseclassic.com

www.burmeseclassic.com

လေ။ တုံးတိုက်တိုက် ကျားကိုက်ကိုက် ကျွန်မလုပ်တော့မှာပဲ။ ကျွန်မရဲ့စိတ်နဲ့ ခန္ဓာမှာ တိမ်သလွှာဖုံးလို့ စုံလုံးကန်းနေပြီကော။

အင်း-တိုးတိုးနဲ့လိုရင်းပဲပြောကြပါစို့ရှင်။ အဲဒီညက ကျွန်မဟာ ခွန်ထီးဝက်ခြံပြင်ဆောက်ရင်းပို့နေတဲ့နှစ်လက်မခွဲသံချောင်းတစ်ချောင်းကို သံရိုက်တူနဲ့ တကွဝုက်ယူလာပြီး တိတ်တိတ်ကလေး အိမ်ပေါ်ကိုပြန်တက်၊ အရက်မူးပြီး တရူးရူးအိပ်နေတဲ့ ခွန်ထီးအနားကို ခြေသံမကြားအောင်သွား။ အိပ်မောကျမကျစောင့်ကြည့်ပေါ့။

အဲ-ကျွန်မပြောဖို့မေ့ကျန်နေတာ တစ်ခုရှိတယ်။ ဒါက ဘာလဲဆိုတော့ အိုက်ထွန်းအကြံပေးတဲ့အတိုင်း။ ခွန်ထီးသောက်မယ့် အရက်ဖန်ခွက်ထဲမှာ မယောင်မလည်နဲ့ ကျွန်မကလော်ထားတဲ့နဖာချေး(နားဖားချေး) ရောထည့်လိုက်တယ်။ အိုက်ထွန်းပြောလို့သိရတာပါ။ အရက်နဲ့ နဖာချေးဟာ လုံးဝဓာတ်မတည့်ဘူးဆိုလား။ ရောသောက်မိရင် လူမှန်းမသိအောင်မူးရင်မူး ဒါမှမဟုတ် နဖာချေးများရင် အဆိပ်ဖြစ်ပြီးသေတယ်ဆိုမလားဘဲ။

အဲဒီညက ကျွန်မဟာ ခွန်ထီးကြိုက်တတ်တဲ့ နောက်ဆုံးညစာ ဒါမှမဟုတ် သေရာပါရိက္ခာအဖြစ် ဝက်ကလီစာဝမ်းတွင်းသားချက်ကို စေတနာပရဟိတမဟုတ်ပေမယ့် ခပ်ပြုံးပြုံးနဲ့ ချက်ကျွေးလိုက်ပါသေးတယ်။သံယောဇဉ်လက်ကျန်လို့ဆိုရမလားဘဲ။ အင်း-ဒါပေမယ့်ပေါ့ရှင်။ လင်ကြီးသေမှ လင်ငယ်နဲ့ပျော်ပါးရဆိုတဲ့ မိန်းမယုတ်စိတ်ဝင်နေပြီဖြစ်တဲ့ ကျွန်မဟာ ဘာကိုမှမထောက်ထားနိုင်တော့ဘူးရှင့်။ အရက်နဲ့နဖာချေးတန်ဖိုးတွေပြလာလို့ထင်ပါရဲ့ ခွန်ထီးဟာ မရှနိုင်မကယ်နိုင်လူးလှိမ့်ခံစားနေရရှာတယ်။

ဒီလိုနဲ့ ခဏလေးမှခဏလေး သူငြိမ်သက်စပြုနေတဲ့အချိန်မှာ လူမဆန်ဘူးလို့ပဲပြောပြော ကျွန်မဟာ လူစိတ်ပျောက်စိတ်ရိုင်းဝင်ပြီး ခွန်ထီးရဲ့ ငယ်ထိပ်တည့်တည့်ကို နှစ်လက်မသံချောင်းနဲ့ ရိုက်ထည့်လိုက်ပါလေရော။ မိန်းမသားအားလည်းဖြစ်ပြန်၊ ကြောက်ကြောက်လန့်လန့်ကတုန်ကယင်နဲ့ရိုက်သွင်းလိုက်ပြန်ဆိုတော့ သံချောင်းက ငယ်ထိပ်တည့်တည့်ကို မရိုက်မိဘူး ချော်တောင့်သွားတယ်။

အဲဒီအချိန်မှာပဲ အိမ်အောက်က အောင်နက်ရဲ့ဟောင်သံကို ကြားလိုက်ရသည်။ အချိန်ကိုက်ပါပဲ။ အိုက်ထွန်းဟာ ထော့နင့်ထော့နင့်နဲ့ အိမ်ပေါ်ကို ကုပ်ချောင်းချောင်းတက်လာတယ်။ သူခြေသုံးသားမှာလည်း သွေးစိမ်းရင်ရင်တွေနဲ့တော့ အောင်နက်ကိုက်လိုက်ပြီထင်တယ်။ ကတုန်ကယင်စိတ်နဲ့ တစ်ကိုယ်လုံးတဆတ်ဆတ်တုန်နေတဲ့ကျွန်မအဖြစ်ကိုကြည့်ပြီး အိုက်ထွန်းသဘောပေါက်သွားတယ်။ ဟေးဟေးလို့ဆိုပြီး ကျွန်မကိုင်လက်စလက်ထဲကတူကိုလုယူလိုက်တယ်။ ပြီးတော့ ချော်ထားနေတဲ့ သံချောင်းကို တည့်ပြီး ခွန်ထီးရဲ့ငယ်ထိပ်တည့်တည့်ကို အားရှိပါးရှိ ရိုက်သွင်းလိုက်ပါရောလား။

တင်ကြိုပြီး ကျွန်မကိုသူပြောထားဖူးပါတယ်။ ဒါက သွေးမထွက် သဲလွန်စမပေါ်တဲ့ အပိရိဆုံး လူသတ်နည်းပဲတဲ့။ ပြတ်ကရော။ အင်း-သူရည်ရွယ်ချက်က တကယ်လို့ အလောင်းဖျောက်ဖို့အခွင့်မသာရင်တောင် ခွန်ထီးအရက်တွေနင်းကန်သောက် အမူးလွန်ပြီးသေသွားသလိုမျိုး အကြောင်းပြလို့ရအောင်လို့ပေါ့။ သံချောင်းနဲ့မရိုက်ထည့်ရင်တောင်မှဘဲ နားဖာချေးအဆိပ်ကြောင့် သေရတယ်ဆိုတာ သူလိုဆေးဆရာကလွဲလို့ ဘယ်သူများသိဦးမှာလဲ။ ဝက်ဝံဆီလိမ်းနေကျ ခွန်ထီးဆံပင်တွေဟာ တအားသန်တော့ ရိုက်သွင်းထားတဲ့သံချောင်းကို ဘယ်သူမှမမြင်နိုင်ဘူးပေါ့။

ဒါပေမယ့်လည်းလေ အဲဒီညမှာ ကျွန်မစိတ်ကမလုံတော့ အလောင်းဖျောက်ဖျက်ဖို့ကိုပဲ စိတ်ကထက်သန်နေတယ်။ နားချမရတဲ့အဆုံး အိုက်ထွန်းခမျာ ကျွန်မဆန္ဒကိုလိုက်လျောပေးရှာပါတယ်။

ပြောရဦးမယ်။ ကံကြမ္မာက ကျွန်မတို့ဘက် မျက်နှာသာပေးလိုက်တာလား မသိဘူးပေါ့။ အဲဒီညက မိုးတွေလည်းသည်းကြီးမည်းကြီးရွာနေတော့ ခွန်ထီးဆောက်လက်စသစ်သားဖြတ်စအပိုတွေယူပြီး ပြီးစလွယ်ပဲ အခေါင်းပျဉ်တစ်ခုရိုက်လိုက်ကြတာပေါ့ရှင့်။ မိုးကလည်းဒီညမှသဲသဲမဲမဲအပြီးတကြီးနဲ့ရွာနေသလို မိုးကြီးမုန်တိုင်းတွေကလည်း တဒိုင်းဒိုင်း တဒိန်ဒိန်းနဲ့ ထစ်ချုန်းပြီးပစ်နေလို့ ကျွန်မတို့ရဲ့ တူရိုက်သံဟာ ရောတော်ပြန်နဲ့ ရောလွှတ်လိုက်သလို ကွက်တိဖြစ်သွားပါရော။

ပြောရဦးမယ်။ ကျွန်မတို့အိမ်ကရွာအစွန်ဘက်မှာဆိုတော့ အိမ်ခြေကခပ်လှမ်းလှမ်းရယ်။ သစ်သားခေါင်းတလားထဲမှာ ခွန်ထီးအလောင်းကို ထည့်။ လက်တွေ၊ ခြေတွေကို သူစီရင်ထားတဲ့ ဝိညာဉ်ချုပ်ကြိုးတွေနဲ့တုပ်ပြီး အရက်တစ်လုံးပါအဆစ်ထည့်ပေးလိုက်တယ်လေ။ အင်း - ကျွန်မပြောခဲ့သလို လက်ကျန်သံယောဇဉ်လို့ပဲဆိုရမလား။

'ဝိညာဉ်ချုပ်ကြိုးနဲ့ချည်ပြီးတုပ်ပြီးဖြစ်လို့ ဖုတ်သရဲဖြစ်သွားရင်တောင် ခွန်ထီးကို ကြောက်စရာမလိုတော့ဘူး။ တို့တတွေ စိတ်ချလက်ချအချစ်ပလူးနိုင်တော့မယ်'

လို့ အိုက်ထွန်းပြောပါသေးတယ်။

ဒါနဲ့ပဲ တိုတိုပြောရရင် အိုက်ထွန်းနဲ့အတူ ခွန်ထီးရဲ့ခေါင်းတလားကြီးကို မိုးသည်းထန်နေတဲ့ကြားမှာပဲ ဗွက်ပေါက်လမ်းကိုဖြတ်သန်းပြီး ရွှံ့အလိမ်းလိမ်းနဲ့ မနိုင်မနင်းနဲ့ဘဲထမ်းလာလိုက်ကြတယ်။ သချိုင်းကုန်းမှာမြုပ်ရင် နောင်တစ်ချိန်ကျ လူသိမှာစိုးလို့တဲ့။

ဘယ်သူမှမထင်တဲ့ ဦးစွန်းဖုတ်လိုလို စိန်နားပန်ချဲ့ရဲ့အတွင်းဘက်ကို ခွေးတိုးဝင်တိုးသလို ခက်ခဲခဲခဲကို ဝင်ပြီး ဖြစ်သလိုပဲ တွင်းတိမ်ကလေးတူးလိုက်ကုပ်။ ပြီးတော့ ခေါင်းတလားကြီးကို ဗုန်းခနဲပစ်ချ ခိုးကြောင်ခိုးဝှက်နဲ့ ဟိုဟိုဒီဒီကြည့်ပြီးမြေမြှုပ်လိုက်ကြတယ်။

အရှက်မရှိဝန်ခံရရင် ခွန်ထီးအလောင်းကို မြေကျစ်စာခဲတွေနဲ့နောက်ဆုံးဖို့အပြီးမှာ ကျွန်မမျက်ရည်တောက်တောက်ကျမိတယ်ရှင်။

ငါမှားပြီ၊ အမှားကြီးမှားသွားပြီ။

သူများနိုင်ငံသွားပြီး ခက်ခက်ခဲခဲလုပ်ကျွေးရှာတဲ့ ကျေးဇူးရှင်ကြီးကို ဟိုအယုတ်တမာကောင်နဲ့ပေါင်းပြီး ငါသတ်လိုက်လေခြင်းလို့ ကြီးစွာသောပရိဒေဝမီးတွေလောင်မြိုက်လို့ မိုက်ခနဲမူးမေ့လဲကျမိပါသေးတယ်။လူမိုက်နောင်တနောင်မှရတဲ့။ ဘာတတ်နိုင်တော့မှာလဲ။ လူအသက်တစ်ချောင်းက တစ်ဖန်ပြန်ပြီးနိုးထလာနိုင်ပါတော့မလား။

အဲ-ကျွန်မပြောဖို့တစ်ခုကျန်သွားတယ်။ ခွန်ထီးဟာဆိုရင် သံရိုက်ခံလိုက်ရတဲ့ဝေဒနာကြောင့် အားခနဲအော်ပြီးနိုးလာတယ်။ ကြောက်စရာကောင်းတဲ့ မျက်လုံးနှစ်လုံးကို ဖျတ်ခနဲဖွင့်ကြည့်တယ်။ ဆိုရရင် ကြောက်မနိုင်ခဲမရတဲ့ဒေါသမျက်လုံးတွေနဲ့ နာနာကြည်းကြည့် စိမ်းစိမ်းကားကားကြီးကြည့်ပြီးမှ ပုံးပုံးနံအသက်ထွက်ဝိညာဉ်ကြွေသွားတယ်။သူနှတ်ခမ်းသားတွေဆိုတာလည်း သူ့သွားနဲ့ စူးစူးနစ်နစ်ကိုက်ထားလို့ နှုတ်ခမ်းသားတစ်ခုလုံး ဆုံနဲ့ထွင်ထားသလို

www.burmeseclassic.com

www.burmeseclassic.com

သွေးအလိမ်းထပြီးတော့ ကြေမွကုန်တယ်။ ကျွန်မဟာဆိုရင် တစ်သက်အခဲမကျေဘူးဟေ့ဆိုတဲ့ သူ့အကြည့်ကြောင့် နောက်ပိုင်းမှာ အိုက်ထွန်းနဲ့ တစ်အိပ်ရာထဲအိပ်နေရပေမယ့် ညတိုင်းပဲ တုန်လှုပ်ချောက်ချားနေရပါတယ်ရှင်။ ခွန်ထီးရဲ့ မကျွတ်မလွတ်တဲ့ဝိညာဉ်ဟာ ကိုယ်ထင်မပြရင်တောင် ကျွန်မစိတ်ကို ညပေါင်းများစွာချောက်ချားစေတာပေါ့။

ခွန်ထီးသေပြီးလို့ ဘယ်လောက်မှ မကြာဘူး အိုက်ထွန်းဟာ မင်းသားခေါင်းဆောင်းထားနေရာက ဘီလူးခေါင်းကိုပြောင်းတပ်လိုက်ပါရော။

နှံနှံအစာ ကျွန်မကိုလည်း သမားဂုဏ်ပြုပြီး မရမကတိုက်တွန်းတော့တယ်။

နန်းဆာ၊ နင့်ဗိုက်ထဲက ကလေးဟာ ခေါင်းတခြားကိုယ်တခြားနဲ့ သားအိမ်ထဲမှာ အသက်ငွေ့ငွေ့ပဲရှိနေတော့တယ်။ ကလလရေကြည်တွေအသက်ဓာတ်ကုန်ခန်းနေပြီဟဲ့။ ဒါကြောင့် ငါဖော်စပ်ထားတဲ့ဆေးပူတွေနင်သောက်ပြီးမှဖျက်ချရတော့မယ်။ နင့်ကိုက ကံဆိုးပါတယ်ဟယ်။ ယောကျ်ားက ခရီးသွားနေတော့ မအိပ်ဖြစ်မနေဖြစ်တာနဲ့ သန္ဓေဓာတ်တွေအဆက်ပြတ်ပြီး ခန်းခြောက်သွားတာ။ ဒါကြောင့် တချို့ဆို ကံကောင်းလို့ လူခြောက်ကလေးပဲမွေးနိုင်တော့တာ'

မသိနားမလည်တဲ့ တောသူတောင်သားကျွန်မကို တတ်ယောင်ကားဆရာတုဆရာယောင်အိုက်ထွန်းက ဒီလိုဖြီးဖြန်းပြီး သားလေးလား၊ သမီးလေးလားလို့တောင် မသိလိုက်ရတဲ့ ကျွန်မရင်သွေးလေးကို ဖျက်ချခိုင်းလိုက်တယ်။ ကျွန်မလည်း ထိတ်ထိတ်ပျာပျာနဲ့ပဲ သူတိုက်တဲ့ လူသဘ်ဆေးပူတွေသောက်ပြီး ကျွန်မရင်သွေးလေးကိုလူမဆန်စွာဖျက်ချလိုက်ရတော့တယ်။ ခုချိန်မှာ အသက်အရွယ်လည်းရလာ၊ ကြားဖူးနားဝတွေလည်းများလာ၊ ကျွန်မတို့ရွာကိုလည်း အစိုးရက စေတနာနဲ့ စေလွှတ်ပေးတဲ့ ကျန်းမာရေးဆေးပေးခန်းတွေဖွင့်လာတော့ ကျွန်မအမြင်ကျယ်လာပါပြီ။ အိုက်ထွန်းရဲ့ အလိမ်အညာစကားတွေမှန်းသိလိုက်ရပါပြီ။ ကျွန်မလေ ကြီးစွာသောနောင်တတို့ရနေချိန်မှာ အိုက်ထွန်းရဲ့ ပီယဆေးတန်ခိုးလည်းပျက်ပြယ်လာပါပြီ။ ဘုရားရိပ်တယ်လို့ ဆိုရမလားဘဲ။

ကျွန်မ သူ့ကိုလည်း အကြောက်ကြီးကြောက်၊ အမုန်းကြီးမုန်း၊ အရွံကြီးရွံနေမိတော့တယ်။ အခုဆိုရင် ကျွန်မဟာ နောင်တတရားနဲ့အတူ အမှန်ကိုမြင်လာပြီမို့ အတို့အလှည့်ကံကြွေးကိုဆပ်ရတော့မှာပါ။

ဆန်ကုန်မြေလေးဖြစ်တဲ့ကျွန်မဝန်ကို ထမ်းထားရတဲ့ကမ္ဘာမြေကြီးကိုလည်း ကျွန်မအားနာလှပြီ။ သေရမှာကို ကျွန်မ မကြောက်တော့ဘူး။ ဒါတွေဟာ အမှန်တရားပဲဆိုတာ ကျွန်မ ကျမ်းကျိန်ပြီး ထွက်ဆိုချက်ပေးလိုက်ပါတယ်။ ကျွန်မအတွက်နဲ့ ကျမ်းလည်းလေးလှပါပြီ။ ဒီအဖြစ်အပျက်တွေကို အသည်းနာနာနဲ့ရင်ဖွင့်ရင်း ကျွန်မလက်မှတ်ထိုးပေးပါတော့မယ်ရှင်"

■ ဖုတ်သက်ခြွေသည့်ည

နန်းဆာ၏ ဖြောင့်ချက်ကို နားထောင်အပြီးမှာတော့ ကျွန်တော်သည် လူမိုက်လူယုတ်မာတို့၏ သွားရာလမ်းအဖြစ်ကို ပြေးမြင်ကြည့်လိုက်မိသည်။ ရက်စက်တကာထဲမှာအရက်စက်ဆုံး ယုတ်မာမှုအပေါင်းတို့သရဖူဆောင်းသည့် နန်းဆာလို မိန်းမယုတ်ကြောင့် နောင်တစ်နေ့ မိန်းမယူရမှာကိုပင် ကျွန်တော်လန့်နေမိသည်။

သူကြီး၏ပြောပြချက်အရ အစိမ်းသေသေသူတို့ကို ရွာလေ့အတိုင်း မီးသင်္ဂြိဟ်ရမည်ဖြစ်သော်လည်း တိတ်တဆိတ်မြှုပ်နှံလိုက်သည့် အလောင်းကောင်ကြောင့်ရွာနာလေပြီဟုညည်းချင်းထုတ်ပါသည်။ ဖုတ်ကောင်ကြီးရှိနေမှန်း မသိချေ၍ မိမိတို့ရွာတွင် သွေးစုပ်ပြီး သေသည့်မသာပေါင်းမြောက်မြားစွာတို့ကို တစ်လောင်းပြီးတစ်လောင်းထမ်းချနေရကြောင်းကိုလည်း ပြောပြပါသည်။ ထို့အပြင် အစိမ်းသေတို့မည်သည် ဖုတ်အဖြစ် ကူးပြောင်းရန်လွယ်ကူကြောင်း နောက်ကြောင်းရာဇဝင်ခိုလျက်ရှင်းပြပါသေးသည်။

ထို့နေ့က အချိန်လည်းလင်ပြိမ့် ညတွင်းချင်းမှာပင် သူကြီးလုံးတီသည် ကျွန်တော်တို့ကို အပါခေါ်ပြီးလျှင် ဖုတ်ဝင်ကောင်ရှိရာ လျှို့ဝှက်သချိုင်းဆီသို့ ခရီးဆက်ကြပါတော့၏။

သူကြီး၏ခိုင်းစေချက်ဖြင့် ရွာသားအချို့တို့သည် သချိုင်းကုန်းမှာပစ်ထားသည့် အခြင်ဝါးတစ်ချောင်းကိုယူကာ တစောင်းချွန်ချွန်လိုက်ကြ၏။

"အဲ - ဖုတ်ကောင်ကိုသတ်ချင်ရင် ခုလို သချိုင်းထဲကယူလာတဲ့ တံစူးဝါးချွန်နဲ့မှတစ်ဖို့ထိုးသတ်လို့သေတာဗျ။ ခင်ဗျားတို့ယူလာခဲ့တဲ့ တူမီးသေနတ်တွေ၊ တုတ်၊ ဓားတွေ၊ ဒူးလေး၊ မြားတွေနဲ့ပစ်လို့ကတော့ လုံးဝဖုတ်သက်မခြွေနိုင်ဘူးမှတ်" ဖုတ်ကောင်ကြီးသည်ကား ခေါင်းတလားထဲဝယ် အစွယ်ကားကား၊ ဆံပင်ဖားလျား၊ အမွေးအမှင်ထူလပျစ်နှင့် ကိန်းအောင်းရင်း ကြောက်ခမန်းလိလိအသွင်ကိုဆောင်နေလေပြီ။

သူကြီးလုံးတီသည် ထိုအခြင်းအရာအပေါ် ခဏမျှစူးစိုက်ကြည့်လိုက်ပြီး ရွာသားတစ်ဦးကို မျက်ရိပ်ပြကာ အမိန့်ပေးလိုက်သည်။

"ထိုးသတ်လိုက်တော့"

ရွာသားသည် သူကြီးအမိန့်ရသည်နှင့် တံစူးဝါးချွန်မြမြကိုပင့်မြှောက်ပြီးသကာလ ကြောက်ကြောက်လန့်လန့်နှင့်ပင် ဖုတ်အလောင်းကောင်ကြီး၏နှလုံးအိမ်တည့်တည့်သို့ထိုးစိုက်ချလိုက်သည်။ သည်တော့မှ ဖုတ်ကောင်ကြီးသည် တစ်ချက်မျှအော်ကာ မျက်နှာရှုံ့မဲ့ပြီး လျှင် တစ်သက်တာလုံးအတွက် ဇီဝိန်ချုပ်သွားပါတော့၏။

အရာရာပြီးဆုံးသွားပြီ။

သို့နှင့် ကျွန်တော်တို့သည် ညတွင်းချင်းပင် သစ်တုံးသစ်ကိုင်းခြောက်တို့ကို စုစည်းလိုက်ကြကာ စက်မောင်းဖို့အဆင်သင့်ထောင်ထားသည့် ဓာတ်ဆီ၊ ဒီဇယ်၊ အင်ဂျင်ဝိုင်တို့ဖြင့် ထိုသွေးစုပ်ဖုတ်ကောင်ကြီးအား အပြီးတိုင်မီးရှို့လိုက်ကြသည်။

သည်အဖြစ်အပျက်တို့ဖြစ်ပွားပြီး ညစဉ်ညဆက်ဆိုသလို ကျွန်တော်သည် ခြောက်အိပ်မက်တို့ကိုမက်နေတတ်ပါသည်။ အနှိဖုတ်ကောင်ကြီး၏ရုပ်ဆင်းသဏ္ဌာန်သည်လည်း ကျွန်တော့်မျက်စိထဲကမထွက်ခွေတော့ပါ။

ထို့ကြောင့်ပင် သည်အဖြစ်အပျက်တို့ ညဘက်ဆိုသလို အခြောက်အလှန့်ခံနေရသည့်အဆုံး ကျွန်တော်လည်း မီးရထားဝန်ထမ်းစက်မောင်းသမားဘဝမှ အပြီးတိုင်နုတ်ထွက်လိုက်သည်။

ရထားလမ်းပိုင်းများပြီးဆုံးသွားချိန်တွင် မီးရထားရေးရာဝန်ကြီးဦးဝင်းစိန်ကိုယ်တိုင် ဖွင့်လှစ်ပေးသည့် အခမ်းအနားသို့ပင် သွားမကြည့်မိတော့ပါ။

(အခုတော့လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် ထိုရထားလမ်းကြောတို့ကို အသုံးမပြုတော့ပါ။)

အကယ်၍များ တစ်စုံတစ်ယောက်ကသာ တောကြီးမျက်မည်းထဲတွင်သခ္ခကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ရလာခေါ်ဦးမည်ဆိုပါက အကြောက်ကြီးကြောက်ခဲ့သူမို့ ရွှေတစ်ပိဿာပင်ပေးမည်ဆိုလျှင်တောင် ကျွန်တော်မလိုက်ဝံတော့ပြီ။

ညီခြောင်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ

အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက် အစီအရင်များနှင့် သိဒ္ဓိပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသောအခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သော နက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏အလိုရှိရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤ အထွက်၊ အဝင် ခပါဒ်နက္ခတ်ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

ရက်	စန်းယှဉ် နက္ခတ်	အမြင် အကန်း	နက္ခတ် ပြောင်းချိန်	စုတ် ဥမ်း	ထင် ထွက်ခပါဒ်
၁	ဘရဏီ	၂ မြင်	၂၀း၂၄း၀၀	လာဘ	ဝင်
	ကြတ္တိကာ	၂ ကန်း		သိဒ္ဓိ	ဝင်
၂	ကြတ္တိကာ	၂ ကန်း	၁၉း၄၄း၃၁	မိတ္တူ	ထွက်
	ရောဟဏီ	၂ မြင်		ကာဏ	ထွက်
၃	ရောဟဏီ	၂ မြင်	၁၈း၄၀း၀၀	သိဒ္ဓိ	ဝင်
	မိဂသီ	၁ ကန်း		ဝရ	ခပါဒ်
၄	မိဂသီ	၁ ကန်း	၁၇း၁၅း၀၀	ကာဏ	ထွက်
	အဒြ	၂ မြင်		အမြိတ္တ	ဝင်
၅	အဒြ	၂ မြင်	၁၅း၄၅း၀၀	ဝရ	ခပါဒ်
	ပုနဗ္ဗသု	၂ ကန်း		ဥပါဒ်	ထွက်
၆	ပုနဗ္ဗသု	၂ ကန်း	၁၄း၁၅း၀၀	အမြိတ္တ	ဝင်
	ဖုဿ	၂ ကန်း		လာဘ	ဝင်
၇	ဖုဿ	၂ ကန်း	၁၂း၃၃း၁၄	ဥပါဒ်	ထွက်
	အသလိဿ	၁ ကန်း		မိတ္တူ	ထွက်
၈	အသလိဿ	၁ ကန်း	၁၀း၅၂း၃၀	လာဘ	ဝင်
	မာဃ	၁ ကန်း		သိဒ္ဓိ	ဝင်
၉	မာဃ	၁ ကန်း	၀၉း၃၁း၂၆	မိတ္တူ	ထွက်
	ပြုဗ္ဗဖလုဂုနီ	၂ မြင်		ကာဏ	ထွက်
၁၀	ပြုဗ္ဗဖလုဂုနီ	၂ မြင်	၀၈း၂၂း၅၁	သိဒ္ဓိ	ဝင်
	ဥတ္တရဖလုဂုနီ	၂ ကန်း		ဝရ	ခပါဒ်
၁၁	ဥတ္တရဖလုဂုနီ	၂ ကန်း	၀၇း၁၄း၁၇	ကာဏ	ထွက်
	ဟဿတ	၂ မြင်		အမြိတ္တ	ဝင်
၁၂	ဟဿတ	၂ မြင်	၀၆း၁၇း၄၂	ဝရ	ခပါဒ်
	စိတြ	၁ ကန်း		ဥပါဒ်	ထွက်
၁၃	စိတြ	၁ ကန်း	၀၆း၀၆း၀၆	အမြိတ္တ	ဝင်
	သွာတီ	၂ မြင်		လာဘ	ဝင်
၁၄	သွာတီ	၂ မြင်	၀၆း၃၀း၃၁	ဥပါဒ်	ထွက်
	ဝိသာခါ	၂ ကန်း		မိတ္တူ	ထွက်
၁၅	ဝိသာခါ	၂ ကန်း	၀၇း၀၂း၀၄	လာဘ	ဝင်
	အနုရာဓ	၂ ကန်း		သိဒ္ဓိ	ဝင်

ရက်	စန်းယှဉ် နက္ခတ်	အမြင် အကန်း	နက္ခတ် ပြောင်းချိန်	စုတ် ဥမ်း	ထင် ထွက်ခပါဒ်
၁၆	အနုရာဓ	၂ ကန်း	၀၈း၀၈း၃၄	မိတ္တူ	ထွက်
	ဇေဋ္ဌ	၁ ကန်း		ကာဏ	ထွက်
၁၇	ဇေဋ္ဌ	၁ ကန်း	၀၉း၅၁း၂၆	သိဒ္ဓိ	ဝင်
	မူလ	၁ ကန်း		ဝရ	ခပါဒ်
၁၈	မူလ	၁ ကန်း	၁၁း၄၆း၅၅	ကာဏ	ထွက်
	ပြုဗ္ဗသာဠှ	၂ မြင်		အမြိတ္တ	ဝင်
၁၉	ပြုဗ္ဗသာဠှ	၂ မြင်	၀၇း၁၇း၀၉	ဝရ	ခပါဒ်
	အဘိဇိ	×	၂၀း၀၈း၃၄	ဥပါဒ်	ဥပါဒ်
	ဥတ္တရာသာဠှ	၂ ကန်း		မိတ္တူ	ထွက်
၂၀	ဥတ္တရာသာဠှ	၂ ကန်း	၁၆း၅၃း၂၀	လာဘ	ဝင်
	သရဝဏ်	၂ မြင်		သိဒ္ဓိ	ဝင်
၂၁	သရဝဏ်	၂ မြင်	၁၉း၁၂း၀၀	မိတ္တူ	ထွက်
	ဓနသိဒ္ဓ	၁ ကန်း		ကာဏ	ထွက်
၂၂	ဓနသိဒ္ဓ	၁ ကန်း	၂၁း၂၀း၀၀	သိဒ္ဓိ	ဝင်
	သတဘိသျှ	၂ မြင်		ဝရ	ခပါဒ်
၂၃	သတဘိသျှ	၂ မြင်	၂၄း၀၀း၀၀	ကာဏ	ထွက်
	ပြုဗ္ဗဘဒြပိုဒ်	၂ ကန်း		အမြိတ္တ	ဝင်
၂၄	ပြုဗ္ဗဘဒြပိုဒ်	၂ ကန်း	မပြောင်း	ဝရ	ခပါဒ်
၂၅	ပြုဗ္ဗဘဒြပိုဒ်	၂ ကန်း	၀၁း၄၂း၅၁	ကာဏ	ထွက်
	ဥတ္တရဘဒြပိုဒ်	၂ ကန်း		အမြိတ္တ	ဝင်
၂၆	ဥတ္တရဘဒြပိုဒ်	၂ ကန်း	၀၃း၁၈း၃၇	ဝရ	ခပါဒ်
	ရေဝတီ	၁ ကန်း		ဥပါဒ်	ထွက်
၂၇	ရေဝတီ	၁ ကန်း	၀၄း၀၄း၀၄	အမြိတ္တ	ဝင်
	အသဝနီ	၁ ကန်း		လာဘ	ဝင်
၂၈	အသဝနီ	၁ ကန်း	၀၄း၂၄း၀၀	ဥပါဒ်	ထွက်
	ဘရဏီ	၂ မြင်		မိတ္တူ	ထွက်
၂၉	ဘရဏီ	၂ မြင်	၀၄း၁၅း၂၉	လာဘ	ဝင်
	ကြတ္တိကာ	၂ ကန်း		သိဒ္ဓိ	ဝင်
၃၀	ကြတ္တိကာ	၂ ကန်း	၀၃း၂၉း၀၂	မိတ္တူ	ထွက်
	ရောဟဏီ	၂ မြင်		ကာဏ	ထွက်

၁၀-၉-၂၀၁၈၊ တနလ်ာနေ့ နံနက် ၀၀း၄၄း၁၈ နာရီလကွယ်

၂၅-၉-၂၀၁၈၊ အင်္ဂါနေ့ နံနက် ၀၉း၂၁း၂၂ နာရီလပြည့်

အသုံးဝင်ညွှန်ကြားပါစေ

ဦးအောင်ရဲစာလှိုင် (ပုသိမ်)

ဤဇယားတွင်-
ပြုဗ္ဗသာဠှနက္ခတ် နောက်ဆုံး (၁)ပါဒ်နှင့် ဥတ္တရာသာဠှနက္ခတ် အစဆုံး (၁) ပါဒ်တို့ကို အဘိဇိနက္ခတ်ဟု ယူကာ တွက်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)
ရင်ထိအောင် အားနာတတ်သူများ

"အဖေ"

"ဟေ"

"အဖေပြောတဲ့ အားနာတတ်သူများပဲနော်"

"ဘယ်သူလဲ။ သြော် - ခုပြန်သွားတဲ့ အပျိုကြီးညီအစ်မလား။ အေး-ဟုတ်တယ်သား၊ အားနာတတ်သူများပဲ"

"သူတို့အားနာတာက လွန်လွန်းပါတယ် အဖေရာ။ လူပိုင်နဲ့ကြီးတစ်ခုထဲ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တော်တော်များများကိစ္စတို့သည် ဗုဒ္ဓဟူးနံများကို အကြောင်းပြု၍လာကြလေ့ရှိပြီး ဆုံးရှုံးသွားရသည်သာများ၏။

"သူ့ကိုယ်သူမသနားလိုက်မိဘူးဆိုလို့ အဖေ့ဆီလာနေကျ မိတ်ဆွေတွေထဲက ကိုခိုင်မောင်ဆိုတဲ့လူ သွားသတိရတယ်။ သူကတော့ လုပ်ငန်းအကျိုးတူလုပ်ကြတာ။ အကျိုးတူသာပြောတယ်၊ သူကငွေထုတ်ရတာ။ ဟိုလူက ပစ္စည်းတွေသွားသွားဝယ်တာ။ကားအပိုပစ္စည်း၊ ကားနဲ့ဆိုင်တဲ့ပစ္စည်းတွေပေါ့။ မြတ်တာ တစ်ယောက်တစ်ဝက်။ နယ်စပ်ဘက် သွားဝယ်၊ ဒီမှာပြန်သွင်း အဲဒါမျိုးပေါ့။ တစ်နိုင်တစ်ပိုင်ဆိုတာတောင် သိန်းရှစ်ရာလောက်ရှိတယ်။ တစ်နှစ်လောက်က တော့ ကိုခိုင်မောင်ဟုတ်နေတာပဲ။ အမြတ်တစ်ဝက်ခွဲခွဲရတော့ ပျော်နေတာပေါ့။ ဟိုလူကလည်း ဟုတ်တိပတ်တိ လုပ်ပြနေတာပေါ့။ တစ်နှစ်လောက်လည်းလုပ်ပြပြီးရော ဖြုန်းခနဲဆို ဟိုလူ ပျောက်သွားတော့တာပဲ။ နယ်စပ်သွားတယ်ဆိုပြီးတော့ကို အစအနဘာသတင်းမှမရတော့တာ။ ကိုခိုင်မောင်ရောက်လာတာပေါ့လေ။ ထိလည်းထိရော ဘာလုပ်ရမှန်းမသိတော့ဘူး။ သူ့မှာရှိတာလည်း ကုန်ပြီ။ ရတယ် ရတယ်ဆိုပြီး အကုန်ရင်းပစ်တာ။ ရန်ကုန်မှာ သူ့အမေဆီသွားမေးတော့ နင်တို့လုပ်ကြတဲ့ကိစ္စ ငါဘာမှမသိဘူးတဲ့။ အဲဒီကောင်လည်း ဘယ်မှာနေလို့နေမှန်းလဲမသိဘူးတဲ့။ ဖြစ်မှ ငါ့ဆီလာပြောတော့ ငါကဘာလုပ်ရမှာလဲတဲ့။ နင် အစကတည်းက ပေးသင့်မပေးသင့် စဉ်းစားပါလားလို့ပဲပြောလွတ်လိုက်တယ်။ ခင်ဗျားဗျာ - ဘာလို့ ငွေအထုပ်လိုက်ကြီးမျက်နှာလွှဲခဲပစ်ပေးရင်းရတာလဲဆိုတော့ သူကခဏခဏလာလာပြောတယ်တဲ့။ ဘယ်လိုရင်းရင် ဘယ်လိုမြတ်တာ၊ သူသူငယ်ချင်းတွေဆို အိမ်တောင်နှစ်လုံးသုံးလုံးစီဖြစ်နေကြပြီတို့ လာပြောပါများတော့ အားအရမ်းနာသွားတယ်တဲ့။ ကျွန်တော်လူတစ်ဖက်သားကိုအရမ်းသနားတတ်တာ၊ အရမ်းအားနာတတ်တာတဲ့။

ဒါဖြင့် ကောင်းပြီ ခင်ဗျားကုန်ဆုံးသွားတဲ့ပိုက်ဆံတွေမဟုတ်ရင်တောင် ငွေကိုတွေ့ပြန်ပွင့်လာအောင်လုပ်ရမယ်။ ဒီတော့ ခင်ဗျား ခွေးတွေကိုအဖော်ကျွေးရလိမ့်မယ်လို့ပြောတော့ ကျွန်တော်မလုပ်ပါရစေနဲ့ ဆရာတဲ့"

"ဟင် - ဘာဖြစ်လို့လဲ အဖေ"

"အဲဒီငွေမသွားတဲ့လူက တနင်္လာ


"တစ်ခုတော့ရှိတာပေါ့။ ပြန်ရနိုင်၊ မရနိုင်ကျတော့ အဲဒီလောတဲ့အခါက အကျိုးဝင်သွားပြီ။ ဥပမာ - ဂုရုချိန်မှာ ငွေလိမ်ခံရတာလာမေးရင် ကြာမယ်။ အင်္ဂါအခါမှာဆို အပိုင်းပိုင်းအလီလီရမယ်။ တနင်္လာအခါမှာဆို မျှော်လင့်ချက်မရှိဘူး။ အဲသလိုလေးတွေပေါ့"

"ဟုတ်တယ် အဖေ၊ ဟိုနေ့က သားဟောလိုက်တဲ့လူဆို တနင်္လာအခါမှာလာတာ။ အခါတိုင်တနင်္လာမှာ စတုရန်းက ကြာသပတေးရှိနေတော့"

"ဗုဒ္ဓဟူးကိစ္စ"

"ဟုတ်တယ် အဖေ။ သားလည်း ဗုဒ္ဓဟူးသားတို့၊ ဗုဒ္ဓဟူးနာမည်တို့ကို သတိထားဖို့ သူတို့ကြောင့်ဖြစ်တတ်တာတွေ ပြောနေတုန်း သူ့ဆီက ငွေယူသွားတာ ဗုဒ္ဓဟူးတဲ့။ နာမည်တော့မပြောဘူး။ နှစ်ရာယူသွားတာတဲ့။ တစ်လကို ဆယ်သိန်းပေးမယ်ဆိုပြီး။ အဲဒီစယူတဲ့နေ့က ဆယ်သိန်းနုတ်ပြီး (၁၉၀) ပဲယူသွားတယ်တဲ့။ နှစ်ရာမှတ်ထားပေါ့။ နောက်ပိုင်း ဖုန်းတွေဘာတွေဆက်လို့ရသေးတယ်။ တစ်လပြည့်တော့ မလာမလာနဲ့ ဖုန်းဆက်တော့ မကိုင်တော့ဘူးတဲ့။ နောက်ပိုင်းဖုန်းပိတ်ထားတယ်တဲ့။ သူနေတဲ့မြို့နယ်ကိုလိုက်သွားပြီးသွားစုံစမ်းတော့ အဲဒီအိမ်က သူအပိုင်မဟုတ်ဘူးငှားနေတာတဲ့။ ပြန်အပ်သွားတယ်တဲ့။ ဘယ်ပြောင်းလို့ပြောင်းသွားမှန်းမသိကြဘူး။ အဲဒီတော့မှ သိန်းနှစ်ရာပေးလိုက်တဲ့သူ ပက်လက်လန်တာပဲ။ ဘာဖြစ်လို့ အဲသလောက်ကြီးကို အလွတ်ပေးတာလဲဆိုတော့ ကျွန်တော်က အရမ်းသနားတတ်တယ်တဲ့။ သူ့ကိုကြည့်ပြီး သနားနေမိတယ်တဲ့။ ခင်ကလည်းခင်တဲ့သူတွေဆိုတော့ ပေးလိုက်မိတာတဲ့"

"အေးလေ - သူ့ကိုယ်သူမသနားလိုက်မိတာပေါ့ သားရယ်"




ငွေအလိမ်ခံရသည့်ကိစ္စများ၊ လုံးခန်းကုန်သည့်ကိစ္စများ၊ ရှာ၍ဖွေ၍မရသောကိစ္စများလာလေ့ရှိသောအခါဖြစ်ပါသည်။

ထည့်ဖို့ သိန်း (၁၀၀) လာယူတယ်ဆိုကတည်းက သူတို့သေချာစုံစမ်းရမှာ၊ လေ့လာရမှာ၊ တစ်ပြားနှစ်ပြားမဟုတ်ဘူးလေ။ လာတဲ့အချိန်ကလည်း အင်္ဂါအခါကြီး တနင်္လာခိုက်နေတာ။ သူတို့ကလည်း နှစ်ယောက်။ ဦးဆောင်ပြောတဲ့အသက် (၇၀) ကျော်အပျိုကြီးကလည်း တနင်္လာ"

မင်းပြည့်ဒေါက်ဒေါက်ဒေါက်ဒေါက်နှင့်ပြောနေသည်ကို မျက်တောင်မခတ်ကြည့်နေလိုက်၏။ သူဟန်မှာ ငွေလိမ်ကြသူများကိုရော အလိမ်ခံသူများကိုပါ စိတ်ညစ်နေပုံရ၏။

"ဒီအချိန်ဟာ ငွေလိမ်ခံရတာတွေပဲကြားရတာများတယ်။ ငွေလိမ်ခံရပြီလား၊ ဒီအချိန်ပဲ တိုက်တိုက်ဆိုင်ဆိုင်ဆုံရတာများတယ်။ ငွေနဲ့ကခိုက်ရတဲ့ကြားထဲ အပေါ်ကပ်ရက်ဂြိုဟ်က သောကြာဖြစ်ပြီး ရန်ဂြိုဟ်စီးနေလို့လားမသိပါဘူး အဖေရာ"



ဒါပေါ့သားရယ်၊ သူ့အကြောင်းသိနိုင်ဖို့ ဒီအချိန်အခါကမှပဲ သူ့ခမျာ ရောက်လာရတာပေါ့။ ဒါမျိုးဆိုတာ ဖန်တီးယူလို့လည်းရတာ မဟုတ်ဘူး။ ခင်ဗျားငွေလိမ်ခံရတဲ့ကိစ္စကိုပြောမယ်။ ခုအခါမကောင်းသေးဘူး။ နေ့ခင်းသုံးနာရီမှလာခဲ့ဗျာလို့လည်း ပြောလို့ရတာမဟုတ်ဘူး"

သားအနည်းငယ်ပြုံးလာ၏။စားပွဲရှေ့တွင်ရပ်၍ပြောနေရာမှ ဖအေဘေးသို့ဝင်လာပြီး သူထိုင်ဟောနေကျသစ်သားထိုင်ခုံပေါ် ထိုင်မည်ပြုပြီးမှ ပက်လက်ကုလားထိုင်ဆီသွားထိုင်လိုက်၏။

"ဒီပြင်အချိန်လည်း လာတာတွေရှိတယ်နော် အဖေ။ အဲဒီလိုငွေလိမ်ခံရတဲ့ကိစ္စတွေ"

"ရှိတယ်လေ သား၊ လာကြတာပဲ။ သားဆီလည်း ငွေလိမ်ခံရတဲ့သူတွေ ဒီပြင်အချိန်တွေမှာလာနေကြတာပဲလေ"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com

သားမို့ သူ့ကိုသွားထိမှာစိုးလို့ပါတဲ့"

"ဟာ - ဘာဆိုင်လို့လဲ"

"အေး - အဲသလို အမြင်မတတ် ကြသူတွေရှိနေကြတယ်သား။ ငွေကဲ့ပွင့် အောင် အနိဋ္ဌနဲ့အနိဋ္ဌသဘောကိုပေါင်း ဆုံတာ ဘာမဆိုင်ညာ့မဆိုင် လူထိမှာစိုးလို့တဲ့။ ခွေးကိုအစာကျွေးတာနဲ့ ဟိုတစ်ဖက်သားက ဘာဆိုင်လို့ထိရမှာလဲ။ ဘာမှမဆိုင်တာကိုပြောတယ်။ အဖေပြောလိုက်တယ်၊ ခင်ဗျား ဒီဝါတပတိဂါထာကို ပုတီးတစ်ပတ်စိပ်ရမယ်ဆိုတော့ ဒီလို မရွတ်မဖတ်ရတဲ့ ဒိုင်ဗြင်ဟာဘာရှိသေးလဲတဲ့။ ကဲ - ဒါဆို ခင်ဗျား ကန်တော်ကြီးမှာ ကျီးတွေသွားကျွေးပေတော့ဆိုတော့ ကျွန်တော့်ကိုယ်စား ဘယ်သူလုပ်ပေးလို့ရနိုင်မလဲတဲ့။ အဲဒါဆိုရင်တော့ ခင်ဗျားငွေတွေဆုံးရှုံးတဲ့ကိစ္စ ကျွန်တော် မလုပ်တတ်ဘော့ဘူးဗျာလို့ ပြောလိုက်ရတော့တယ်။ ဘာပြောတယ်ထင်လဲ၊ ဩော် - ကိုယ့်ကြောင့် ဟိုတစ်ဖက်သားထိခိုက်သွားမှာစိုးလို့ပါ ဆရာရယ်တဲ့"

"ဘယ်လိုလူလဲမသိဘူး"

"အဖေလည်း ပြောလိုက်တယ်။ ခင်ဗျား သိန်းကိုထောင်နဲ့ချီပြီးပုံပေးတောင် ကျပ်လူတစ်ဖက်သားထိခိုက်အောင်လုပ်မယ့်သူမဟုတ်ဘူးလို့ ပြောပလိုက်ရတယ်။ ဒီတော့မှ တောင်းပန်လိုက်တာမပြီးတော့ဘူး။ အဲသလိုအားနာတာ တွေကရှိသေးတယ်"

"အဖေပြောတဲ့ အားနာတတ်သူများပေါ့လေ"

"အားနာတာမှ ကိုယ့်ကိုထိခိုက်တဲ့အထိ အားနာကြတဲ့သူတွေ၊ ကိုယ့်သားသမီးကိုထိခိုက်တဲ့အထိ အားနာကြတဲ့သူတွေ မြင်ဖူးကြဲဖူးတယ်။ တချို့ အိမ်ဆောက်တယ်။ လာမေးရော အဖေ့ဆီ။ ဘယ်သူနဲ့ဆောက်မှာလဲဆိုတော့ သူတို့ပြောတဲ့သူက နဲ့မသင့်ဘူး။ ဒိုင်ဗြင် အိမ်ဆောက်ပညာရှင်တွေရှာပါဦးလား၊ သူနဲ့က ဘယ်လိုမှကံမစပ်ဘူးလို့ပြောတော့ သူက အနားမှာရှိတဲ့အိမ်သုံးလုံးတောင်ဆောက်ထားတဲ့သူတဲ့။ ဒါကြောင့် သူ့ကိုပဲငှားတာတဲ့။ ဟုတ်တယ်၊ ဒိုင်ဗြင်လူတွေက သူနဲ့ကံစပ်ကြလိမ့်မယ်။ ခင်ဗျားကံမှာ သူနဲ့ ဘယ်လိုမှကံမစပ်ဘူး၊ ရှာပါဦးပြောတော့ သူက အဲဒီလူကိုမပြောရက်ဘူး။ အရမ်းအားတွေနာနေတယ်။ပါးစပ်ကလည်းဖွင့်ပြောတယ်။ ကျွန်တော်က အားအရမ်းနာတတ်ထာချည်းပဲပြောနေတယ်။ ပြောမထွက်ဘူး။ ပြောလိုက်ရင် ကိုယ့်ကြောင့် သူမှာအလုပ်ကြီးတစ်ခုလွတ်သွားမှာစိုးတယ်ပဲပြောနေတယ်။ ရအောင်ဆောက်တယ်၊ ခုထိမပြီးသေးဘူး။ ဟိုလူက တခြားမှာလည်း အလုပ်ရဖို့ သွားရှာရသေးတော့ တပည့်တွေနဲ့ချည်း လွှတ်ထားတာ အဆင်မပြေဘူး။ ပြတင်းပေါက်တွေတောင် အလူမိနီယံတံခါးခွေဖြို့ကြည့်လိုက်တော့ ထောင့်မှန်တွေမကျလို့ ပြန်လုပ်ခိုင်းနေရတယ်။ အိမ်ကမပြီးသေးဘူး။ သူတို့သဘောတူထားတဲ့ သိန်း (၃၀၀)က သုံးဆယ်လောက်ပဲကျန်တော့တယ်။ တစ်ရစ်ချင်းတောင်းနေတာ။ အိမ်သာမပြီးသေးတာ၊ ပိုက်ဆံကမကျန်တော့ဘူး။ အဲဒီတော့မှ ဘာလုပ်ရမှန်း သူမသိတော့ဘူးလေ"

"အဲဒါကိုယ့်ကိုထိခိုက်သွားတဲ့အထိ အားနာကြသူတွေပဲနော် အဖေ"

"ဟုတ်တယ် သား၊ တစ်ခါလည်း ကုမ္ပဏီထောင်ကြတယ်။ အသက်သုံး ဆယ်ကျော်လူငယ်လေး (၃) ယောက်။ အဖေပဲနာမည်ပေးလိုက်တာ။စက်ပစ္စည်းတွေရောင်းကြတာ။ ပစ္စည်းမှာသွင်းတယ်၊ ပြန်ဖြန့်တယ်ပေါ့။ ဟုတ်နေတာပဲ။ နှစ်နှစ်ကျော်ကျော်မှာ သုံးနှစ်ထဲစဝင်လာတော့ လုပ်ငန်းတွေသိပ်မလည်ပတ်တော့ဘူး။ အီတိတီအိုင်တိုင်တိုင်ဖြစ်လာရော အဖေ့ဆီပြေးလာကြတယ်။ဒီလိုဖြစ်နေတာလေးလထဲရောက်လာပြီတဲ့။ မြင်းပြေးနေတာကို တံခွန်ဆွဲရပ်ခိုင်းလိုက်သလိုပဲတဲ့။ သူတို့ရောက်လာတဲ့အခါကို ကြည့်တော့ အင်္ဂါခိုက်နေတယ်။ ခိုက်



နေတာကိုပဲ ကြည့်ရဲကြည့်ပြီး အဖေဘာမှမပြောပါဘူး။ ဘေးကပါလာတဲ့ တစ်ယောက်က ဆရာတဲ့ ဒီနှစ်စတုန်းက ဆောင့်ရန်ရှောင်ရန်တွေလာမေးထားတုန်းက အင်္ဂါကိုလုပ်ငန်းခွင်အဓိကကျတဲ့ နေရာမှာထားဖို့မှာထားတာနဲ့များ အကုန်းဝင်လားတဲ့။

ဘယ်လိုအကုန်းဝင်တာလဲလို့ အဖေကထပ်မေးတော့ ကုမ္ပဏီပိုင်ရှင်က ဒီလိုဆရာ၊ ကျွန်တော့်ညီမလေးလိုနေတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်။ သူက အင်္ဂါသမီး၊ အင်္ဂါနာမည်တဲ့။ သူမှာ အခက်အခဲလေးတွေရှိတော့ ကျွန်တော် သူ့ကို ကုမ္ပဏီမှာ တာဝန်ခံခန့်လိုက်တယ်တဲ့။ တိုက်တိုက်ဆိုင်ဆိုင်ပဲ လေးလကျော်လာပြီတဲ့။ ပြီးတော့ သူ့မောင်လေးကလည်း အင်္ဂါပဲ။ သူ့ကိုပါ ကုမ္ပဏီမှာ အရောင်းမန်နေဂျာခန့်လိုက်တယ်တဲ့။ သူတို့မောင်နှမ တကယ်တော်ပြီး အရည်အချင်းရှိပါရက်နဲ့ အလုပ်တွေမမြဖြစ်နေကြလို့တဲ့"

"ဟာ - ဒါရိုက်တွေပဲနော် တည့်တည့်ကြီးတွေ"

"ဟုတ်တယ် သား၊ အဖေလည်း ပြောလိုက်တယ်။ ငါကတော့ မင်းတို့ကို ဆောင်ရန်၊ ရှောင်ရန်ပဲပြောလို့ရမယ်။ ကျန်တာ ဆင်ခြင်ဖို့က မင်းတို့နဲ့ပဲဆိုင်တော့တယ်လို့ပြောလိုက်တယ်။ ဆရာပေးတဲ့အစီအရင်တွေခုတောက်လျှောက် လုပ်လာတာ ကုမ္ပဏီစထောင်ထဲကတဲ့။ ခုလည်း နှစ်စက ဆရာခိုင်းထားတဲ့ အတိုင်းလုပ်နေရက်နဲ့ ဒီလိုတွေပိတ်လာလို့ လန့်ပြီးပြေးလာတာတဲ့"

"ဘယ်ရမလဲလေ၊ အဖေခိုင်းတဲ့အတိုင်းလုပ်နေတာပဲဆိုပေမယ့် သူတို့က အဖေပြောသလို အတွင်းစည်းပေါက်နေတာပဲ။ ဘယ်ပွင့်မလဲ"

လူငယ်ပီပီ စိတ်ဆတ်ဆတ်နှင့် ဆိုးခနဲဆတ်ခနဲပြောလိုက်သောသားကို ကြည့်၍ စိတ်ထဲမှ 'အင်း - ဟုတ်တာပဲလေ' ဟူသာ ငြိမ်နေလိုက်၏။

"အဖေဘာပြောလိုက်လဲ"

"ဘာပြောလိုက်လဲဆိုတော့ သူတို့က အဲဒီမောင်နှမတော်ကြောင်း၊ သူတို့ကို ဒီလိုခန့်ထားတာကနေ ဟိုရွှေ့ခန့် ဒီရွှေ့ခန့်လုပ်ရပြန်ရင်လည်း အရမ်းအားနာစရာကောင်းကြောင်း၊ အရေးပါနေရာမှာခန့်ထားပြီးမှမလုပ်ရက်ကြောင်း တွေပဲတွင်တွင်ပြောနေတယ်။ အဖေအကြံပေးတဲ့အထဲမှာ အလုပ်ဖြုတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com

ဖို့ တစ်ခွန်းမှမပါဘူး"

"သားသိတယ်လေ၊ အဖေက အဖွေကြောင့် လူတစ်ဖက်သားအလုပ် ပြုတ်အောင်ပြောတာမှမရှိဘဲ့။နေရာလေး နည်းနည်းပါးပါးရွှေ့ဖို့အကြံပေးတာတွေ ပဲရှိတယ်"

"အေး - ဒါပေမယ့် သူတို့ကတော့ ပြောနေတယ်။ သူတို့အားနာတာပဲပြော နေတယ်။ ဒါကြောင့်"

"အလုပ်တွေရပ်တော့မလိုဖြစ်နေ ပြီမို့လား အဖေ။ ဒါမှမဟုတ် ရပ်သွား လောက်ပြီ၊ လူစုတွေကွဲလောက်ပြီ"

ပက်လက်ကုလားထိုင်လေးတွင် ထိုင်ရင်း ပြောလိုက်သောသားကို ဆတ်ခနဲ ကြည့်လိုက်၏။ သူ့ကိုယ်သူ အတော်ယုံ၏။ ပြောပြီးရင် 'ဟုတ်လား အဖေ' ဟု မည်သည့်အခါမျှ ပြန်မေးလေ့မရှိ။ ယခုလည်း ခပ်တည်တည်နှင့်ငြိမ်ထိုင်နေ၏။ ကျွန်ုပ်ထံမှအဖြေကိုနားစွင့်နေဟန်တော့ ရှိ၏။

"ရပ်သွားပြီ သား၊ ဘာလို့လဲဆိုတော့ လုပ်ငန်းမလည်ပတ်တော့လို့ဘဲ့။ အဲဒါလည်း သူတို့ထဲက တစ်ယောက် လာပြောတာပဲ။ ဒီပြင်လုပ်ငန်းတစ်ခု ပြောင်းလုပ်ကြတော့မလို့ စီစဉ်နေကြ တယ်တဲ့။ ဆိုင်တစ်ခုခုဖွင့်မလို့တဲ့။ ဟို မောင်နှမလည်းပါမယ်တဲ့၊ အရောင်းပိုင်း ပဲတဲ့။ လာပြောတဲ့ သူ့ယူငယ်ချင်းရဲ့ လေသံထဲမှာစိတ်မောတ်ကျနေတဲ့ဟန်တွေ ပါနေတယ်"

ပါးစပ်ကသာ ပြောနေရသည်။ လုပ်ငန်းရပ်သွားပုံကို သားပြောလိုက် ခြင်းအား ကျွန်ုပ် ပုံဖော်နေ၏။ ဗုဒ္ဓအခါတွင် အဂ်ါခိုက်ခိုနိန်လာမေးကြောင်း သူ ကိုပြောနေသော်လည်း ယခု သားအဖ နှစ်ယောက်စကားပြောခိုန်၊ သူတို့ အကြောင်းပြောခိုန်သည် သောရီအခါ ဖြစ်နေပြီ ဖြစ်၏။ သေချာသည်၊ သောရီ အခါ၏သတ္တိသည် လည်ပတ်ခြင်း၊ လုပ်ရှားခြင်းများ ရပ်ဆိုင်းသွားခြင်း ဖြစ်၏။ သို့သော် လူစုကွဲခြင်းကို ထပ်တွေး ကြည့်နေ၏။

"သားက သောရီအခါကိုကြည့်ပြီး လူစုကွဲတာကို ဘယ်လိုများထပ်ပြီး စဉ်း..."

"အဖေကလည်း အတိတ်တိုင်က စန္ဒြောလေ။ အဖေပဲ ခဏခဏပြောနေ တာပဲ။ စိတ်မချရင် အတိတ်တိုင်ကိုပြန် ကြည့်ဆိုပြီး..."

"ဩော် - အေးအေး ငါ့နှယ်"

၆
၃
၀
---
၂ စန္ဒြော

၅
၁ အလုပ်ခိုက်
၄ လူထွက်

(အတိတ်)

၄
၁
၅
---
၀ သောရီ

၃
၆ ခိုက်
၂

(ပစ္စုပ္ပန်)

စန္ဒြောအခါ၏သတ္တိမှာ လူထွက် ခြင်း၊ ဘဝတစ်ခုရပ်ဆိုင်းခြင်း၊ လုပ်ငန်း ရပ်ဆိုင်းခြင်းသဘောများနှင့် ပြည့်နှက် နေ၏။ အတိတ်ကို ပြန်သုံးသပ်ခြင်းအား ကျွန်ုပ်မကြာမကြာအမှုမဲ့အမှတ်မဲ့ဖြစ်တတ် ၏။ သားသည် လူငယ်ပီပီ ရှုထောင့် ပေါင်းစုံမှလှမ်းကြည့်လိုက်ပြီးပြောလိုက် ခြင်း ဖြစ်၏။ ကျွန်ုပ်ထက် ပို၍ စေ့စပ် သေချာစွာ သုံးသပ်လိုက်သောကြောင့် ပက်လက်ကုလားထိုင်မှထပြီး ဟောသည့် ခုံတွင်ဝင်ထိုင်လိုက်သောသားအားလှည့် ကြည့်ရင်း မျက်လုံးများ သူ့နောက်လိုက် ရင်း ပိတိဖြစ်နေမိ၏။

သားသည် ထိုင်ခုံတွင်ထိုင်ရင်း နွေ့ဝှင့်တွက်သည့် စာအုပ်ရှည်ကြီးကို လေးငါးရွက်ခန့် ဟိုလှန်ဒီလှောလုပ်လိုက် ပြီး -

"ဟိုနေ့က ဟိုနေ့ဆိုတာ သောကြာ နေ့ကလာတဲ့မိသားစု . . . ဟောဒီမှာ တွေ့ပြီ"

ကျွန်ုပ် စိတ်ဝင်စားစွာ နားစွင့်နေ လိုက်၏။

"ပြီးခဲ့တဲ့လကလာကြသေးတယ်၊ တစ်လတော့ကျော်လောက်ပြီ။ ကားဝယ် ဖို့လာတာ။ အိမ်ထောင်ဦးစီးက်မှာ ကောင်းတယ်။ ဒါကြောင့် ဝယ်ဆိုပြီးလုပ် သင့်တာလေးတွေ ပြောပြလိုက်တယ်။ တနလ်ာစ သောကြာပိတ်တဲ့နာမည်တွဲ တွေကိုတော့ ကားမမောင်းခိုင်းဖို့ပြော လိုက်တယ်။ အဲဒီမှာ အဲဒီလင်မယား နှစ်ယောက်ရယ်၊ သူတို့သမီးရယ် တစ် ယောက်မျက်နှာတစ်ယောက်ကြည့်ကြ တော့တာပဲ အဖေ"

"ဟေ - ဘာဖြစ်လို့"

"သူတို့ခေါ်ထားတဲ့ သူတို့တူ နာမည်က ကျင်ဟုန်တဲ့"

"ဟင် - တနလ်ာစသောကြာပိတ် တည့်တည့်ပဲ"

"ဟုတ်တယ် - သောကြာနေ့က လာတာက အဲဒီကျင်ဟုန်က ဒီပြင်ကား တစ်စီးကိုဝင်တိုက်လိုက်တာ၊ သူတို့ကား လည်း ရှေ့ပိုင်းစိစိညက်ညက်ကြေပြီး ဟို ဘက်ကကားကိုလည်းလျော်ပေးလိုက် ရတာ။ ကားလည်းကုန်သွားတာပဲ။ ဖြစ် သလိုထိုးရောင်းလိုက်ရတာလေ"

"ဟာ - ဒါလောက်ကြီးတောင်မှ ပဲ"

"ကျင်ဟုန်လည်း ခေါင်းထိထား လို့ တော်တော်ကုနေရတယ်။ သူတို့စိတ် ထဲကတော့ သူတို့ဘာအမှားတွေလုပ်မိ လို့ ဒါလောက်ကြီးဖြစ်သွားရတာလဲပေါ့။ ကျင်ဟုန်ဟာ ကျွန်တော်ပြောတဲ့နာမည် တွဲဖြစ်ရက်သားနဲ့ ခင်ဗျားတို့ဘာလို့ မောင်းခိုင်းရတာလဲဆိုတော့ သူမိန်းမက သူ့အစ်မကြီးက သူ့သားကို ကားပေး မောင်းပါဆိုပြီး နားပူနားဆာလုပ်လွန်းလို့ အားနာလို့တဲ့ အဖေ"

"ဩော် - ခက်လိုက်တာ။ သူတို့ ကိုယ်သူတို့ကျ အားမနာကြဘူး။ ဘယ် နှယ် - ကိုယ့်စည်းစိမ်ဥစ္စာအပျက်ခံပြီး တော့များ သူများကိုအားနာရတယ်လို့။ အဲဒါမျိုး ခဏခဏတွေ့ဖူးတယ်။ ဘာ ကြာလဲ၊ ဟိုတစ်လောကပဲ သားအဓိဌာန် ဝင်နေတဲ့ရက်ကလာတာ။ အဲဒီမှာရေး ထားတယ်၊ အားနာတတ်သူများလို့။ ဒီ လိုပဲ ကားကိစ္စပဲ။ ကားကို သူများကိုပေး မောင်းတာ၊ ခင်ဗျားနဲ့ကံမစပ်ဘူးနော်။ ပြီးတော့ သူက ခင်ဗျားမိတ်ဆွေရင်းထဲ ကလည်းမဟုတ်ဘူး၊ မိတ်ဆွေရင်းနဲ့မှ တစ်ဆင့်သိရတာ။ မလုပ်နဲ့၊ ခင်ရင် ဒီ တိုင်းသာထမင်းကျွေး၊ အိမ်စရိတ်သာ ပေးနေလိုက်လို့ အဲဒီအထိတောင်ပြော တယ်"

"ပါသွားရောမို့လား"

"ပါသွားတာပေါ့၊ မနည်းလိုက်ကြ တော့မှ ထောက်ကြန့်ဟိုးဘာမြို့ပြင် အထွက်မှာသွားတွေ့တယ်၊ ကားပဲတွေ့ တော့တာနော်။ ဟိုရောက်ဆို ခုထိအစအန တောင်ရှာမရတော့ဘူး။ သိပ်ကံကောင်း တယ်။ ကားပျက်ရတာ သိပ်ကံကောင်း

www.burmeseclassic.com

www.burmeseclassic.com

သွားတယ်"

"ဟုတ်တယ်နော် အဖေ၊ ကားပြန်ရတာ သိပ်ကံကောင်းသွားတယ်။ တစ်မိုးကိုများ ခင်ယောင်ပြရုံနဲ့ ကားပေးမောင်းရတယ်လို့။ ကားပေးမောင်းတာ ဘာအောက်မေ့နေလဲမသိဘူး။ လူတချို့ဆိုတော်တော် လက်ပေါက်ကတ်တယ်နော်ပြောရတာ"

"အဲဖေဇာခဇာပြောနေရတယ်လေ။ စီးပွားရေးနဲ့ လူမှုရေးနဲ့မရောနဲ့။ ရှိတာကုန်တတ်တယ်။ ကျန်းမာရေးနဲ့ လူမှုရေးနဲ့မရောနဲ့။ အသက်ထိခိုက်နိုင်တယ်။ သူကဏ္ဍနဲ့သူထားဆိုပြီး အမြဲပြောတယ်။ လူတစ်ယောက်ဆိုရင် နေမကောင်းတိုင်း သွားကြီးလိုနေတဲ့ ဦးလေးကြီးဆီဆေးသွားသွားတောင်းတယ်"

"ဆေးဆရာကြီးလား"

"ဆေးဆရာကြီးတော့ တရားဝင် အမည်မခံပေမယ့် ဆေးကုပေးနေတာပေါ့။ သူပေးရင်လည်း ပျော်ကြတာများပါတယ်။ အဲဒါကြောင့် ဟိုလူက နေမကောင်းတိုင်း အဲဒီဘကြီးဆီသွားသွားနေတာ။ တစ်နေ့ သူနေမကောင်းဖြစ်တော့ အဖေ့ဆီရောက်လာရော။ သူက်မှာ သူသွားနေကျ ဆေးဆရာကြီးက လုံးဝကို ကံမစပ်ဘူး၊ ကံမစပ်တဲ့နှစ်ဖြစ်နေတယ်။ အဖေကပြောတယ်။ ဒီပြင် ဆေးပညာရှင်တွေထဲက ဒီနာမည်ဒီနာမည်တွေကုပေးရင် ချက်ချင်းတောင်ကောင်းသွားနိုင်တယ်။ ဆရာကြီးဆီမသွားနဲ့လို့ ပြောတော့ ဟိုတုန်းထဲက သူပဲကုပေးနေတာတဲ့။ မိသားစုဆရာကြီးလိုဖြစ်နေတာတဲ့။ မိသားစုလိုက် သူ့ဆီမှာပဲတဲ့။ ပြုံးပြီး အေးအေးဆေးဆေးပဲငြင်းတယ်။ အဖေဘာမှတော့မပြောလိုက်ပါဘူး။ သူဟာ အဲဒီဆေးဆရာကြီးပေးတဲ့ဆေးကို သောက်ရင်းသောက်ရင်း တဖြည်းဖြည်း အားအင်တွေယုတ်လျော့လာပြီး လူကြီးက ဖြူဆုတ်ဆုတ်နဲ့ မျက်နှာမှာ ချွေးတွေက အမြဲထွက်နေတော့တာပဲ။ မောမောနေတဲ့အကြိမ်တွေများလာတော့ သူညီမက မနေနိုင်လို့လာတွက်တယ်။ လူကတော့ အဲဒီဆရာကြီးဆီသွားတုန်းပဲ။ အဲဒီဆရာကြီးရှောင်ခိုင်းစဲ့ အာဟာရတွေကို ရှောင်ရင်း၊ အစားရှောင်ရင်း အားအင်တွေ တဖြည်းဖြည်းယုတ်ပြီး လေဖြတ်သွားတော့တာပဲ"

"ဟာ - အားတွေနဲ့ အာဟာရတွေချို့တဲ့. . . ."

"အေးလေ - ရှောင်ပါဆိုပြောလို့ မရဘဲဆက်သွားရင်း လေဖြတ်သွားတယ်ကြားတော့ အဖေလည်း မလုပ်တတ်တော့ဘူး။ အဲဒီလိုတွေ ခဏခဏကြုံရတယ်။ အဆိုးဆုံးကတော့ အားအင်တွေယုတ်လာပြီး ကိုယ်ခံအားတွေကျလာပြီဆိုရင် ဘာမှလုပ်လို့မရတော့ဘူး။ အဲဒါ ကျန်းမာရေးနဲ့ လူမှုရေးရောထွေးခြင်းရဲ့အကျိုးဆက်ပဲ။ ခုနဟိုလူလိုပေါ့။ ဟိုဆေးဆရာကြီးကိုကျတော့ မိသားစုဆရာကြီးဆိုပြီးသွားအားနာနေတယ်။ ကိုယ့်ကိုယ်ကိုယ်ကျ အားမနာဘူး။ ကိုယ်လုပ်ကျွေးနေရတဲ့မိသားစုကိုကျ အားမနာဘူး။ သူ့ထက်ချမ်းသာတဲ့ဟိုဆရာကြီးကိုကျသွားအားနာနေတယ်"

"ဟုတ်တယ်နော် အဖေ၊ သားလည်း ခုလို ပရိသတ်ရှေ့ကိုထွက်လာမှ အဲဒီလိုလေးတွေတွေ့လာတော့တယ်။ မဆီမဆိုင်အားနာတတ်ကြတဲ့သူတွေရှိတယ်။ အားနာလို့ ရှိတာကုန်သွားတဲ့လူတွေ၊ အားနာလို့ ကျန်းမာရေးထိသွားသူတွေ ဟုတ်တယ် အဖေ"

"အားနာခြင်းရဲ့နောက်ကွယ်မှာ ပေးဆပ်လိုက်ရတဲ့ဆိုးကျိုးကို သတိထားသင့်ပါတယ်။ ဥပမာ လူတစ်ယောက်ဟာ သွေးဆောင့်တိုးတတ်တာရှိတယ်ဆိုပါတော့။ အိမ်တစ်အိမ်အလည်သွားလို့ ဟိုက အုန်းနို့ခေါက်ဆွဲကျွေးရော။ အရမ်းအားတွေနာလို့ စားလိုက်ပြီဆိုရင် သူဟာ သူ့မိသားစုကိုမချစ်တဲ့သူဘဲ။ သူ့ကိုယ်သူ မချစ်တဲ့သူဘဲ။ သူ့ကိုယ်သူ တန်ဖိုးမထားတဲ့သူဘဲ။ လက်ရှိဘဝရောက်လာတဲ့ထိ သူဘယ်လိုကြိုးစားခဲ့ရလဲ။ ဒီအားနာစာနဲ့ပဲ ဘဝကိုဒီမှာတင်နိဂုံးချုပ်တော့မလား။ တွေးရမယ် ကိုယ့်ကိုယ်ကိုယ်။ ဒါကြောင့် အသေခံမစားသင့်ဘူးဆိုတာ အဲဒါပဲ"



"အသေခံမစားသင့်ဘူး ဟားဟား၊ ကောင်းတယ် အသေခံမစားသင့်ဘူး"

သားအတော်သဘောကျ၍တဟားဟားဖြစ်နေ၏။ ကျွန်ုပ်လည်း သူသဘောကျနေသည်ကိုကြည့်ပြီးရယ်နေရ၏။

မှန်ပါသည်။

အားနာခြင်းသည်ကောင်းပါသည်။

အားနာတတ်သူတို့တွင် လူမှုရေးအရ ယဉ်ကျေးသိမ်မွေ့နူးညံ့ခြင်းများရှိကြ၏။ အလိုက်သိခြင်းများရှိကြ၏။

သို့သော် -

ကျွန်ုပ်တင်ပြခဲ့သော အားနာတတ်သူများသည်ကား -

ကိုယ့်ကိုယ်ကိုယ်ကြည့်သင့်၏။

ကိုယ့်မိသားစုကိုကြည့်သင့်၏။

ခပ်လွယ်လွယ်နှင့် မဆုံးဖြတ်သင့်သလို ခပ်ပေါ့ပေါ့မတွေးသင့်။

ကိုယ့်စည်းစိမ်ပျက်သွားသည်အထိ-

ကိုယ်အိမ်ခြေယာခြေမဲ့သွားရသည်အထိ -

ကိုယ့်မိသားစု ပြိုကွဲသွားရသည်အထိ -

ကိုယ့်အသက်ထိခိုက်သွားရသည့်အထိ -

အားမနာသင့်ပါ။

ထို့ကြောင့် -

အားနာတတ်ကြသူများစွာထဲမှ၊ ဆုံးရှုံးနစ်နာသွားကြသူများစွာထဲမှ တစ်ဦးစနှစ်ဦးစ အကြောင်းလေးများကို ဗဟုသုတမျှဝေရင်း သားအဖနှစ်ယောက် တွေ့ကြုံရသည့် အတွေ့အကြုံလေးများကို တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

■

အားနာခြင်းသည် ကောင်းပါသည်။

အားနာတတ်သူသည် အလွန်မှယဉ်ကျေးသိမ်မွေ့သူလည်းဖြစ်ပါသည်။

သို့သော် -

ကိုယ့်ကိုယ်ကိုယ်ထိခိုက်သွားတော့မည့်အထိ အားနာတော့မည်ဟု ဆိုပါလျှင် -

ဆရာဦးမောင်မောင်သန်း
(ခင်ကိုအောင်ပြုစုသား)

www.burmeseclassic.com

www.burmeseclassic.com



သင်္ချိုင်းဒဏ္ဍာသား
မီးစုန်းကဝေလေလား၊ ရုံးစောင့်နတ်ကြီးလေလား

ကျွန်ုပ်သည် ကရင်ပြည်နယ် ဘားအံမြို့ ကရင်ပြည်နယ်စီမံကိန်းရုံးတွင် တာဝန်ထမ်းဆောင်နေစဉ် ၂၀၁၆ ခုနှစ် ကမ္ဘာဇလားဘောလုံးပွဲအကြည့် ကောင်း၍ ဘောလုံးပွဲအပြီး နံနက် (၄) နာရီခန့်တွင်အပြန်၌ မိုးအနည်းငယ် မိုက၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရမညီ ညွတ်ပြန်ပြီး ဆေးကုသခံယူရာ အင်္ဂလိပ် အထူးကုသမားတော်ကြီး(ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အထွေထွေသမားတော်ကြီး ဦးမြင့်ဟန်) နှင့် လိုင်မြို့နယ်၊ ဘတ္ထာစေ့းကားမှတ်တိုင်ရှေ့ရှိ အမှတ်(၁၃)ရပ်ကွက်၊ သီရိမြို့ဦးသန်းဆွေတို့၏ အကြောပြင်ကုသမှုဖြင့် ၂၀၀၇ ခုနှစ် နှစ်ဦးပိုင်းတာကာလအတွင်း လုပ်သက်ခွင့်လည်းမလုပ်၊ ဆေးခွင့်လည်းမဟုတ်ဘဲ လစာပြည့်ဖြင့် ကျွန်ုပ်ကို ရန်ကုန်ပြန် ခေ့းကုသခွင့်ပေးခဲ့သော ပြည်နယ်စီမံကိန်းမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးခင်ဆွေ၏ကျေးဇူးကား ကျွန်ုပ်အပေါ် မျှားစွာရှိပေသည်။

ကျွန်ုပ်သည် ကျေးဇူးကိုမဆပ်နိုင်လျှင်နေ၊ ကျေးဇူးမကန်းသင့်မှန်းသိသော်လည်း အရက် ဟူသော ဒေဝရည်ကို ပြန်မှီဝဲခဲ့သဖြင့် ကျေးဇူးကန်းခဲ့၍ မီးစုန်းကဝေလေလား၊ ရုံးစောင့်နတ်ကြီးလေလား ကျွန်ုပ် ဝေခွဲမရသည့် ပရလောကသားက ကျွန်ုပ်ကိုခြောက်လှန့်ခဲ့ပုံဖြစ်ရပ်မှန်ဇာတ်လမ်းအား ကျွန်ုပ်၏ စာဖတ်ပရိသတ်လည်း ကျေးဇူးကန်းလို့ကျေးဇူးကန်းလိုက်မှန်းမသိသည့် ကျွန်ုပ်၏အဖြစ်ကို နမူနာယူနိုင်ကြစေရန် ရေးသားတင်ပြသွားပါမည်။

ကျွန်ုပ်သည် ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်စီမံကိန်းရုံးတွင် ရောက်စက ကျွန်ုပ်တစ်သက်လုံးအစွဲသောက်ခဲ့သောအရက်ကို လုံးဝမသောက်တော့ပေ။ အကြောင်းကား မိသားစုမလိုက်နိုင်၍ တစ်ယောက်တည်းရပ်တည်ရမည်။ ချက်ပြုတ်လျှော်ဖွပ်ရသဖြင့် အရက်ကိုလုံးဝတစ်စက်လေးမှမတို့ခဲ့ပေ။ ပညာရှိသတိဖြစ်ခဲ့ဟူသောမြန်မာစကားပုံအရ တစ်ချက်သတိလွတ်သွားသည်နှင့် တစ်သက်စာဒုက္ခိတအဖြစ်ရပ်တည်ရဖို့ လဲလှယ်ရမလိုဖြစ်ခဲ့၏။

၂၀၀၀ ပြည့်နှစ်ဝန်းကျင်က ရွှန်ကုန်မြို့ ဝန်ကြီးများရုံးတွင် ကျွန်ုပ်သည် ကုမ္ပဏီများ၊ အေဂျင်များနှင့် ဆက်သွယ်၍ နိုင်ငံခြားထွက်ခွာကာ အလုပ်လုပ်ကြမည့်သူများကို ပြန်တမ်းဝင်အရာရှိ၏ ထောက်ခံချက်လက်မှတ်ထိုးပေးရသည့် အလုပ်ကို ရုံးအလုပ်တစ်ဖက်ဖြင့် တွဲဖက်လုပ်နေသည်။ တစ်ရက်၌ ဝန်ကြီးများရုံးနှင့် ပတ်(စ်)ပို့နိုင်ငံကူးလက်မှတ်ရုံးကို နိုင်ငံခြားထွက်ခွာမည့်လူငယ်တစ် ဦးအတွက် ကိုယ်တိုင် ကိုယ်ကျလိုက်၍လုပ်ကိုင်ပေးနေရသဖြင့် ရုံးအလုပ်ကလည်းမ ပြတ်၍ ဝန်ကြီးများရုံးနှင့် ပတ်ပို့စ်ရုံးရှိရာ ပန်းဆိုးတန်းလမ်းသို့ အသွားအပြန် ကူးသန်းနေရရာ နေပူမိသွား

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် လေဖြန်းသွားသည်။ လေဖြန်းတာနှင့်လေဖြတ်တာမတူပါ။ အချို့က အတူတူဟုထင်ကြသဖြင့် လေဖြန်းတာရော လေဖြတ်တာပါ နှစ်မျိုးစလုံးကြုံဖူးသည့် စာရေးသူက ရှင်းပြရခြင်း ဖြစ်သည်။ လေဖြန်းသည်မှာ အကြောအားလုံးမသေ၊ အနည်းငယ်သာ မလှုပ်ရှားနိုင်ခြင်း ဖြစ်၏။ လေဖြတ်ခြင်းသည်ကား ခန္ဓာကိုယ်တစ်ခြမ်း(သို့)တစ်ပိုင်းအကြောသေကာ ထိုလေဖြတ်သည့်အပိုင်း လုံးဝမလှုပ်ရှားနိုင်ဘဲ များသောအားဖြင့် တွဲထူမှုရပ်နိုင်၏။ အလွန်ဆိုးလျှင်ထမ်းထုတ်ရသည်။

Pass Port ရုံးရှေ့တွင်ဖြစ်တုန်းက လေဖြန်းသည့်အဆင့်သာရှိပြီး ထိုအခါက

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏အိမ်အနီးတွင်ရှိသည့် ဆေးခန်းသို့သွားရောက်ပြသရာ သွေးပေါင်ချိန်အပေါ် သွေး(၁၆၀)ရှိနေ၏။ ထိုဆေးခန်းမှဆရာဝန်က ဆေးစာဖြင့် လှိုင်မြို့နယ် ဘူတာရုံစျေးကြီးအနီးရှိ 'မြ' အထူးကု ဆေးခန်းမှ သမားတော်ကြီးဦးမြင့်ဟန်ထံ ဆေးစာဖြင့် Refer လုပ်ကာ လွှဲအပ်ပေးရ၍ သမားတော်ကြီးဦးမြင့်ဟန်နှင့်ကုသရာ သွေးကျဆေး၊ သွေးကျဆေးနှင့် အာရုံကြောအားတိုးဆေးတို့သောက်ခိုင်းသည်။ သွေးကျဆေးနှင့် သွေးကျဆေးတို့ကို တစ်နေ့လျှင် တစ်လုံးသာသောက်ခိုင်းပြီး အာရုံကြောအားဆေးကို မနက်နှင့်ညနှစ်ကြိမ်သောက်ခိုင်းသည်။ နောက်အခေါက်များပြသောအခါတွင် ထိုဆေးများကိုသာ ဆက်သောက်ရန်ညွှန်း၏။ နောက်ဆုံးပြသသည့်အခေါက်၌ သွေးကျဆေးတစ်မျိုးတည်းကိုသာ တစ်သက်လုံး တစ်နေ့တစ်လုံးစွဲသောက်ရန် မှာကြားလိုက်သည်ကို ၂၀၀၆ ခုနှစ် ဘားအံမြို့ ရောက်ခါစ ဆေးဆိုင်ကိုမသိတာက တစ်ချက်၊ ကိုယ့်ကိုယ်ကိုယ်ကျန်းမာရေးကောင်းနေတာပဲဟူသောယုံကြည်မှုလွန်ကဲချက်နှင့်အတူ ဆရာဝန်ကြီးက သွေးကျဆေး တစ်နေ့ တစ်လုံးကို တစ်သက်လုံး နေ့စဉ်သောက်ရမည် ဟူသော မှာကြားခြင်းကို ဘားအံရောက်စမှေ့သွားသည့် အကြောင်းက ကျွန်ုပ်သည် ဒုက္ခိတနွံထဲကိုယ့်ဘာသာကိုယ်ဆင်းသလိုဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း သတိတစ်လုံးအစဉ်သုံးဆိုသကဲ့သို့ ဗုဒ္ဓဘုရားက အပွဟာဒေန သမ္မာဒေထ - မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန်သော သတိတရားဖြင့် သတိ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးကို ကိုယ်စီကိုယ်ငြည့်စုံအောင်ကြိုးစားအားထုတ်ကြကုန်ဟု သတိကို အလေးပေးကာ မိန့်ဆိုမှာကြားခဲ့သည်။

ကျွန်ုပ်သည် သတိတစ်ချက်လွတ်သွားသဖြင့် ဆေးကုသစရိတ်ငွေကြေးများစွာကုန်ကျကာ ဒုက္ခိတဘဝမှလွတ်မြောက်အောင် အချိန်များစွာယူ၍ လေ့ကျင့်ခန်းလုပ်ခဲ့ရ၏။ ကျွန်ုပ်ကဲ့သို့မဖြစ်ရလေအောင် စာဖတ်ပရိသတ်အားလုံး သတိအမြဲကပ်ကြပါ။

ကျွန်ုပ်သည် လေဖြတ်ခါစက ထမ်း၍ပင်ထုတ်ရပြီး နှစ်ယောက်ညှပ်တွဲကာ လမ်းလျှောက်ရသည်။ မြန်မာ့တိုင်းရင်း အကြောပြင်ဆရာကြီးနှင့် ကုသသောအခါမှ လမ်းလျှောက်နိုင်ရုံမျှမက စက်ဘီးစီးနိုင်သည်အထိ အကြောပြင်ပေးသောဆရာကြီး၏လိပ်စာကိုလည်း ဤဝတ္ထုအစမှာပင် လိပ်စာကိုဖော်ပြခဲ့သည်။ ဤသို့ ဖော်ပြရခြင်းမှာ ကျွန်ုပ်ကဲ့သို့ လေဖြန်း၊ လေဖြတ်သူများကို ဤမဂ္ဂဇင်းမှ ကျွန်းမာရေးဒါနပြုခြင်း ဖြစ်ပါသည်။ ကျွန်ုပ်နေသားမမှန်ရင်းလင်းခြင်းကြောင့် ကျန်အကူအညီများလိုအပ်ပါက ကျွန်ုပ်က လိုအပ်တာကူညီမည်။ ကျွန်ုပ်၏ဖုန်းနံပါတ် ၀၉-၇၉၈၀၂၉၉၄၂ သို့ ဆက်သွယ်ပါ။

ကျွန်ုပ်သည် ၂၀၀၇ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် အကြောပြင်၍ ဆေးကုသမှုခံယူပြီး ဘားအံမြို့ ပြည်နယ်စီမံကိန်းရုံးတွင် ရုံးပြန်တက်သောအခါ လေဖြတ်မီက နေရာချထားပေးခဲ့သော အစည်းအဝေးခန်း အခန်းကန့်ပေးထားသည့် ခုတင်တွင်သာ ဆက်လက်၍နေထိုင်၏။ နံနက်စောစောထ၍ ကျန်းမာရေးအတွက် လမ်းလျှောက်လေ့ကျင့်ခန်းလုပ်သောအခါ ပညာရေးဝန်ထမ်းတင်ထွန်းဆိုသော ဝန်ထမ်းတစ်ဦးနှင့် ခင်မင်သွားကာ ညနေခင်းတွင် ရုံးအနီးနှင့် ဖွင့်လှစ်ထားသော အဘွားလေးဆိုင်တွင် တင်ထွန်းနှင့်ခိုန်း၍ အရက်သောက်လေ့ရှိ၏။ ပြတ်နေသောအရက်ကိုပြန်သောက်ခြင်းတည်း။

အဘွားလေးဆိုင်သည် ရုံးဝန်ထမ်းများကို အားကိုးအားထားပြု၍ ဖွင့်သောဆိုင်ဖြစ်သည်။ အရက်နှင့်မြည်းရန်လက်ဖက်သုပ်နှင့်ယမ်ယမ်ခေါက်ဆွဲပြုတ်ကိုလည်းရောင်း၏။ တင်ထွန်းသည် ဘီအီးတစ်ပိုင်းသူဘာသာသူမှာသောက်သည်။ ကျွန်ုပ်ကား ပဂ္ဂလိကထုတ် အာမီရမ်ကို ပက်ချင်နှင့်မှာပြီး နှစ်ယောက်အတူတူ မြည်းရန် ယမ်ယမ်ခေါက်ဆွဲထဲ ကြက်ဥ ဖောက်ထည့်ခိုင်းသည်။

အရက်သမားတို့သဘာဝ တောပြောတောင်ပြောပြောကာ ထွေရာလေး



ပါးပြောဖြစ်ချိန်၌ ကျွန်ုပ်၏တပည့်ကျော်စာရေးကြီး နေထူးစိန်သည် ထိုဆိုင်၌ ဝိုင်းလုပ်ကိုင်ကာ သူသည်သာ ဆိုင်မန်နေဂျာ၊ စာရင်းကိုင်နှင့် စားပွဲထိုးစုံအောင်လုပ်၍ အဘွားလေးကို ကူညီနေမှန်း ကျွန်ုပ်သိသောအခါ ကျွန်ုပ်သည် ထိုဆိုင်တွင် စာရေးကြီးနေထူးစိန်၏ မျက်နှာဖြင့် လက်ထဲငွေကုန်သွားလျှင် စာရင်းမှတ်၍ ၊ အကြွေးသောက်ရာမှ နောက်ပိုင်း၌ လက်ထဲငွေရှိလည်း အခြားအသုံးစရိတ်အတွက်ချန်ထားကာ လကုန်ပေး တစ်လစာလုံး အကြွေးစာရင်းမှတ်သောက်တော့သည်။ စာရင်းမှတ်၍သောက်ရသောအခါ အရက်ကိုမူးအောင်သောက်သည်အထိ တဝတပြုံကြီးသောက်မိရာ၌ ကျွန်ုပ်သည် ရုံးနှင့်ဆိုင်မဝေးလှသော်လည်း အရက်မူး၍ ကျွန်ုပ်မပြန်နိုင်တော့သည့်အခါ နေထူးစိန်နှင့် အဘွားလေး၏မြေးကတွဲ၍ ကျွန်ုပ်နေသော ရုံးအပေါ်ထပ်ရှိ အစည်းအဝေးခန်းအထိ လိုက်ပို့ကြသည်။

တစ်နေ့ နှစ်ယောက်တွဲပို့သည့်ကြားမှ သူတို့နှစ်ဦးသည် ကျွန်ုပ်၏ ခန္ဓာကိုယ်ကိုမနိုင်၍ လွှတ်လိုက်ရာမှအစပြုကာ ကျွန်ုပ်ခြေထောက်ခြေမျက်စိလည်သွားသဖြင့် ဝန်ကြီးများရုံး ရုံးချုပ်တွင် လုပ်စဉ်က ဒုစီမံကိန်းမှူး(သင်)အဖြစ် တစ်နေ့တည်းအလုပ်ဝင်ကြသည့် ထိုစဉ်က အပျိုကြီးလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးကို ကျွန်ုပ်က -

"မိုးမိုးရေ၊ ဒဏ်ကြေလိမ်းဆေးရှိရင်ပေးစမ်းပါ"

ဟု အကူအညီတောင်းရာ မိုးမိုးသည် သူမက လက်ထောက်ညွှန်ကြားရေးမှူး၊ ကျွန်ုပ်က ဦးစီးအရာရှိအဆင့် သာရှိသူမို့ ရာထူးတစ်ဆင့်မြင့်သူကို ဒီလိုပြောရမလားဟုဆိုကာ ပြည်နယ်မှူးဖြစ်သူ ကျွန်ုပ်၏ကျေးဇူးရှင်ကိုလှမ်း၍တိုင်ပေတော့၏။

တိုင်ပုံကား -

"ဆရာ၊ မျိုးမြင့် မူးပြီးလာယစ်နေတယ်"

ဟု အော်ဟစ်ကာ အရှက်မရှိတိုင်ပေတော့သည်။

"ဘာလဲဟာ၊ နင့်ကို ငါဘာလုပ်လို့လဲ။ လိမ်းဆေးရှိရင်ပေးဖို့ သူငယ်ချင်းမို့တောင်းတာ"

ဟု ပြန်ပြောလိုက်စဉ် ပြည်နယ်မှူးက -

"ဘာမှမဟုတ်ပါဘူး ရုံးပေါ်တက်တော့"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြော၍ ဝင်ရောက်ဖျန်ဖြေသည်။

မည်သို့ပင်ဆိုစေ ကျွန်ုပ်သည် သောက်ပြီးပြန်လာသူမှန်း ပြည်နှယ်မျှူးသိသွားသဖြင့် မှားလည်းအမှား၊ မှန်လည်းအမှားဟုသာ ပြည်နှယ်မျှူးက သုံးသပ်ဆုံးဖြတ်သွားပေတော့သည်။

ထို့နောက်ရက်မှစ၍ ကျွန်ုပ်သည် အရက်ကိုမူးရူးနေအောင်သောက်ပစ်လိုက်သောအခါ ယခင်က ဆီးကို ထိန်းချုပ်နိုင်သောကျွန်ုပ်သည် အရက်အသောက်များပြီး မူးသွားသောအခါ ယခင်ကလို သန့်စင်ခန်းရောက်သည်ထိ ဆီးကိုမထိန်းချုပ်နိုင်ဘဲ လမ်း၌ သမ်တလင်းပေါ် ဆီးများထွက်ကျပါလေတော့၏။ နောက်ပိုင်းမှ ဆေးကုသပေးသည့် ဆရာကြီးများကို မေးမြန်းကြည့်မှ သိရသည်မှာ လေဖြတ်ထားခြင်းခံရသူသည် အာရုံကြောများ မူလပကတိအတိုင်းပြန်ဖြစ်သူရှား၊သည်။ မူးယစ်ဆေးတစ်ခုခုမှီဝဲလျှင် အာရုံကြောများအားနည်းသွားပြီး ဆီးဝမ်းများထိန်းမနိုင်သိမ်းမရထွက်ကျတတ်ကြောင်းသိရ၏။

မည်သို့ပင်ဆိုစေ ပြည်နယ်မျှူးက ဆီးထွက်ကျသည့်ကိစ္စကို အရက်မူးပြီး သက်သက်မဲ့ သန့်စင်ခန်းအရောက် မသွားဘဲ ရုံးပေါ် သမ်တလင်းပေါ် တွင်သွားသည်၊ တမင်လုပ်သည်ဟုယူဆပြီး ကျွန်ုပ်ကို သူ၏ ကွန်ပျူတာဖိုင်တွင်းရေး၍ နေ့ပြည်တော်(ရုံးချုပ်)သို့ လှမ်းတိုင်သည့်စာကို ကျွန်ုပ်ဖတ်ရသည်။ အလုပ်ပြုတ်အောင်တိုင်သည်။ သို့သော် ကျွန်ုပ်၏အရည်အချင်း၊ လုပ်ငန်းလုပ်ရည်ကိုင်ရည်နှင့် အရက်ကိုကြိုက်၍သာသောက်သည်၊ ရမ်းကားဘူးခြင်းမရှိကြောင်းသိထားသော ညွှန်ကြားရေးမှူးချုပ်အစ်မကြီး (ဒေါ်သန်းနွဲ့) က ထိုကိစ္စအတွက် ကျွန်းမာရေးကြောင့်ဟုသာဖြစ်လိမ့်မည်ဟု လူကြီးလူကောင်းတစ်ယောက်ပီပီ ဌာနအကြီးအကဲအနေဖြင့် ခန့်မှန်းပြီး မည်သို့မျှအရေးယူခဲ့ခြင်းမရှိခဲ့ပါပေ။

သို့သော် ရုံးကြီးပေါ်ရှိ ကျွန်ုပ်မမြင်ရသော မီးစုန်းတဝေလေလား၊ ရုံးစောင့်နတ်ကြီးလေလား ကျွန်ုပ်မသိသည့် ပရလောကသား တန်ခိုးရှင်က ကျွန်ုပ်ကိုခွင့်မလွှတ်။ဒုက္ခကောင်းကောင်းပေးလေတော့သည်။

ဒုက္ခပေးပုံကား အောက်ပါအတိုင်းဖြစ်လေသည်။

■

တစ်နေ့သ၌ နံနက်ပိုင်းတွင် ဘုရားရှိခိုးပြီးနောက် ကျွန်ုပ်ထိုစဉ်က အသုံးပြုသောကက်ဆက်လေးဖြင့် ကြာနီကန် ဆရာတော်၏ဓာရဏာပရိတ်ကိုဖွင့်နေစဉ် ကျွန်ုပ်၏တပည့်ကျော် သူ့ကိုယ်သူ 'သေမထူးနေမထူး နေထူးစိန်' ဟု နာမည်ကင်ပွန်းတပ်ထားသော ရုံးစာရေးကြီး နေထူးစိန် (ကရင်တိုင်းရင်းသား) ရုံးပေါ်တက်လာပြီး ကျွန်ုပ်ကို -

"ဆရာ၊ အောက်ထပ်ခရိုင်စီမံကိန်းရုံးမှာ ဒီနေ့အလှူလုပ်တယ်။ ဆရာ နံနက်အဆာပြေကို အပြင်ထွက်မစားနဲ့။ အောက်ထပ်မှာသွားစားလိုက်ပါ ဆရာဝ့်"

ဟု ကရင်သံဝဲဖြင့် ကျွန်ုပ်ကိုလာပြောသည်။

နေထူးစိန်သည် အရက်ကြိုက်သူ အချင်းချင်းမို့လားမသိ ကျွန်ုပ်ကို အရမ်းခင်၏။ အနွံတာလည်းခံသည်။ ခိုင်းလျှင်ဖင်ပေါ်၏။ ချက်ချင်းလုပ်ပေးလေ့ရှိသည်။

"နေထူးစိန် ငါအရက်နာကျနေပြီ ထမင်းဝင်မှာမဟုတ်ဘူး။ အရည်တစ်ခုခုသောက်ချင်တယ်"

ဆိုလျှင် ကျွန်ုပ်ထံ၌ ငွေရှိလည်းယူသွားသည်။ ငွေမရှိလည်း ကျွန်ုပ်အလွန်ကြိုက်သောခေါက်ဆွဲပြုတ်ချိုကို သူနည်းသူဟန်နှင့် ကြဖန်ဝယ်လာ၏။ အလွန်ချစ်စရာကောင်းသော ကျွန်ုပ်၏တပည့်ကျော်လက်ဆွဲပုံးကြီးပင်ဖြစ်သည်။

နေထူးစိန်က -

"ဆရာအောက်ထပ်ခရိုင်စီမံကိန်းရုံးမှာ အလှူလုပ်တယ်။ ဆရာသွားစားလိုက်"

ပြောပြီး နေထူးစိန် ငြိန်ဆင်းသွားပြီးနောက် ကျွန်ုပ်သည် ကက်ဆက်လေးကိုပိတ်ပြီး အောက်မြေညီထပ်ခရိုင်စီမံကိန်းရုံးသို့ အပေါ်ထပ်မှ လှေကားအတိုင်းဆင်းလာစဉ် အောက်ရောက်ရန် လှေကား လေးငါးထစ်အလို၌ နောက်မှတွန်းပစ်လိုက်သလို ကျွန်ုပ်ခံစားလိုက်ရပြီး လိမ့်ကျသွား၍ သန်မာသော ညာဘက်လက်ဖြင့်ထောက်လိုက်ရာ ညာဘက်လက်နာသွားပြီး လေဖြတ်ခံထားရသည့် ဘယ်ဘက်ခြေထောက်လည်း ထောက်၍မကောင်းတော့ပေ။ ထိုအခိုက်၌ ခရိုင်စီမံကိန်းရုံးဝန်ထမ်းများသည် အလှူဒါနပြုရန် ရုံးကြီးရှေ့မြေကွက်လပ်တွင် ချက်ပြုတ်ကြတုန်းမို့ ကျွန်ုပ်လိမ့်ကျသည်ကို မမြင်လိုက်ကြပေ။ ကျွန်ုပ်သည်လည်း ချက်ပြုတ်နေသူများ မိန်းမပျိုများသာဖြစ်သဖြင့် ကျွန်ုပ်လိမ့်ကျသည်ကို အရက်မူး၍ လိမ့်ကျသည်ဟု အထင်မြင်မှားခံရမည်ကို စိုးရွံ့သဖြင့် မည်သူ့ကိုမျှလှမ်း၍ အကူအညီမတောင်းဘဲ နောက်ကျောဘက်လှည့်၍ တွန်းချသူကိုကြည့်လိုက်သောအခါတွင် မည်သူမျှမရှိပေ။ ပရလောကသားများနှင့် မကြာခဏ မိတ်ဆွေဖြစ်ဖူးသောကျွန်ုပ်သိလိုက်သည်မှာ ပရကောင်တစ်ကောင်ကောင်၏ လက်ချက်မှန်းသိလိုက်သည်။ ဒီရက်ပိုင်း အရက်သောက်များပြီး အစည်းအဝေးခန်းနှင့် ကျွန်ုပ်အိပ်ရာခုတင်အနီး၌ပင် ဆီးထွက်ကျသည်။ ထို့ကြောင့် ကျွန်ုပ်၏ တပည့်ကျော်ကြီး နေထူးစိန်က ရေနှင့်ဆပ်ပြာမှုန့်တို့ဖြင့် အစည်းအဝေးခန်းကို သန့်ရှင်းပစ်ခဲ့ရသည်။ ဤကိစ္စကို မကျေနပ်သော ရုံးကိုစောင့်သော ပရကောင်အစောင့်က ကျွန်ုပ်ကိုတွန်းချခြင်းဖြစ်ပေမည်။ နံနက်ပိုင်းက ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှအတန်းဝေပြီး ဓာရဏာပရိတ်ကယ်သဖြင့် မကျိုးမပဲ့ခြင်းဖြစ်သည်။ သို့သော် ကျွန်ုပ်၏ ညာဘက်လက်ကား သမ်တလင်းပေါ် ထောက်မိသွား၍ လက်ကောက်ဝတ်နာနေ၏။

အရေးကြုံလျှင် ကျွန်ုပ်၏တပည့်ကျော် စွယ်စုံရနေထူးစိန်ကို သတိရလိုက်သည်။ ရုံးထဲမှာမရှိလျှင် ဒီအချိန် အဘွားလေးဆိုင်မှာရှိနေမည်ကို ကျွန်ုပ်ကတွက်ထားပြီးသား ဖြစ်၏။ အဘွားလေးဆိုင်လိုက်သွားရန် စိတ်ကိုပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်လိုက်သည်။ အဘွားလေးဆိုင်ရောက်သောအခါ ကျွန်ုပ်ခန့်မှန်းထားသည့်အတိုင်း အဘွားလေးဆိုင်တွင် နေထူးစိန်ကိုတွေ့သဖြင့် လက်နှင့်ခြေထောက်နာနေကြောင်းပြောပြရာ -

"ဆရာဘာမှမပူနဲ့။ ဆေးခန်းသွားမယ်။ ကိုနိုင်သုံးဘီးရှိနေတယ်"

ဟုပြောသည်။ ကိုနိုင်ဆိုသည်မှာ အဘွားလေးသားဖြစ်ပြီး သူ၏အဖေနှင့် အမေကို အင်ဂျင်ပါဝါမြင်းကောင်ရေအား (၁၂၅)ရှိသော ဆိုင်ကယ်ကြီးကို နောက်တွဲဖြင့်တွဲကာ ကိုယ်ပိုင်သုံးဘီးမောင်းနေသူဖြစ်သည်။

နေထူးစိန်က -

"ကိုနိုင်ရေ၊ သုံးဘီးသွားမယ်ဆရာ့ကိုလိုက်ပို့ရမယ်။ အရန်သင့်ပြီးရင်ပြော"

ဟု အမိန့်ပေးလိုက်၏။

ကိုနိုင်နှင့် နေထူးစိန်ကား ပြောမနာဆိုမနာ ညီအစ်ကိုသို့ နေထိုင်သူများဖြစ်သည်။ ကိုနိုင်သည် ဆိုင်ကယ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ပေါ် ခွပြီးစက်နှိုးလိုက်ရာ အလွယ်တကူ စက်နိုးသောကြောင့် ကျွန်ုပ်တို့ဆရာတပည့်နှစ်ယောက်ကို သုံးဘီးနောက်တဲ့ပေါ် တက်ခိုင်းပြီး စတင်မောင်းကာ အိမ်ခြံဝင်းအတွင်းမှအပြင်သို့ ထွက်ခွာလိုက်စဉ် နေထူးစိန်က တိုင်းရင်းဆေးကုခန်းမောင်းခိုင်းလိုက်သည်ကိုကျွန်ုပ်ကြားလိုက်၏။ သုံးဘီးကို ကရင်ပြည်နယ် ဇွဲကပင် တောင်ဘက်သွားသည့် ပြည်ထောင်စုလမ်းမမှမောင်းလိုက်ပြီး ရပ်ကွက်တစ်ခုအတွင်းရှိ ဆေးခန်းသို့ရောက်သောအခါ တိုင်းရင်းဆေးဆရာကြီးက လက်ကိုကျပ်စည်းပေး၍ ခြေထောက်ကို လိမ်းဆေးလိမ်းပေးကာ နောက်ရက်မှ မသက်သာလျှင် ပြန်လာပြရန်မှာလိုက်၍ ကျွန်ုပ်တို့သုံးဘီးဖြင့် ပြန်ထွက်လာသောအခါ နေထူးစိန်က -

"တို့ဆရာကြောင့် ကျွန်တော် အရက်တောင်ကောင်းကောင်းမသောက်ခဲ့ရဘူး"

ပြောသဖြင့် -

"ငါတိုက်မယ်ကွာ မင်းကြိုက်သလောက်သောက် ရုံးပိတ်ရက်ပဲ။ ခုမှ မနက် (၁၀) နာရီရှိသေးတယ် သောက်ပြီးမှ ထမင်းစားမယ်"

ဟု ပြောလိုက်သောအခါ တပည့်ကျော်ကြီးက -

"ဒါမှ တို့ဆရာကွ"

ဟု အော်၍ ခိုးမွမ်းပါတော့သည်။

■

အဘွားလေးဆိုင်ပြန်ရောက်သောအခါ နေထူးစိန်နှင့် ကျွန်ုပ်သောက်ရန် အတွက် အာမီရမ်ကို တစ်ယောက်နှစ်ပက်စီမှာပြီး အမြည်းအတွက် ယမ်ယမ်ခေါက်ဆွဲပြုတ်ကိုသာမှာသည်။ အရက်နှင့်အမြည်းနှစ်ယောက်သားစားသောက်လိုက်ရာ ရမ်နှစ်ပက်စီကုန်သွားသောအခါ ကျွန်ုပ်က နှစ်ပက်စီထပ်မှာမည်လုပ်စဉ် သဘောကောင်းသော ကရင် နေထူးစိန်က -

"ဒီတစ်ခါနောက်နှစ်ပက်စီတပည့်တာဝန်ထားလိုက်ဝေ့"

ဟုပြောပြီး ကောင်တာကိုထသွားသည်။ သောက်နေသောဖန်ခွက်နှစ်ခွက်ကိုလည်းယူသွား၏။ သူစားပွဲသို့ပြန်လာသောအခါ ဖန်ခွက်ထဲရှိ အာမီရမ်ထဲတွင် ရေခဲတုံးလေးတွေနှင့်ဖြစ်၏။ တော်တော်အလိုက်သိတတ်သည့် တပည့်ကျော်ကြီးပင်။ ကျွန်ုပ်တို့နှစ်ဦးသောက်နေကြစဉ် ပြည်နယ်စီမံကိန်းရုံးမှပင် ကျွန်ုပ်၏ အထက်အရာရှိ ကရင်တိုင်းရင်းသားဦးစောအိနော့ (လက်ထောက်ညွှန်ကြားရေးမှူး) ရောက်လာသည်။

ဦးစောအိနော့က -

"ဆရာတပည့်နှစ်ယောက် ခရီးအတော်ရောက်နေပြီလား"

ဟု နှုတ်ဆက်ပြီး ဘီအီးမှာ၍ သောက်၏။ သူသည် အာမီသမားမဟုတ်။ ဘီအီးသမားဖြစ်သည်။

နေထူးစိန်ထပ်ယူလာသော အာမီရမ်နှစ်ပက်နှင့် ယမ်ယမ်ခေါက်ဆွဲပြုတ်ကုန်သွားသောအခါ ကျွန်ုပ်သည် ရုံးသို့ပြန်လာပြီး နံနက်က စောစောထချက်ထားသော ဝက်သားပုံးရည်ကြီးချက်ဖြင့် ထမင်းစားကာ ကျွန်ုပ်၏ ကက်ဆက်လေးထဲသို့ အဆိုတော်များဖြစ်သည့် သန်းမြတ်စိုးနှင့် ရာဇာဝင်းတင့်အခွေများ အပြင် မယ်ဒလင်လေးတစ်လက်ဖြင့် အလုပ်ဖြစ်နေသည့် တို့တေးစိုးအောင်၏အခွေများဖွင့်ကာ အနားယူလိုက်ပေတော့သည်။

ကျွန်ုပ်သည် သီချင်းနားထောင်ရင်း အိပ်ပျော်သွားရာ လက်မှဒဏ်ရာအနာကိုပင် သတိမရတော့ပေ။ ညနေ (၅) နာရီလောက်မှနိုးလာသည်။ ထမင်းနှင့် ဟင်းကို မနက်စာ၊ ညနေစာပေါင်းချက်ထားသဖြင့် ညနေစာချက်စရာမလို၍ အေးအေးဆေးဆေး ခုတင်ပေါ် ထိုင်နေစဉ် နေထူးစိန်ရောက်လာပြီး -

"ညနေပိုင်းဆရာပြန်လာဦးမလားမျှော်နေတာ။ လက်နဲ့ခြေထောက်သက်သာရဲ့လား"

ဟု မေးသဖြင့် -

"အေး - သက်သာတယ်။ ငါအိပ်ပျော်သွားတာ ခုနကမှနိုးတယ်။ ခဏစောင့် ငါရေမိုးချိုး၊ အဝတ်အစားပြီး မင်းနဲ့ လိုက်ခဲ့မယ်"

ပြောလိုက်ရာ တပည့်ကျော်ကြီးက -

" Ok Good Luck. အဆင်ပြေကံကောင်းပါစေ"

ဟု အင်္ဂလိပ်လိုပြောသဖြင့် ကျွန်ုပ်ကား ရေချိုးခန်းသို့ထွက်လာခဲ့သည်။



ရေမိုးချိုး အဝတ်စားလဲလှယ်ပြီးသောအခါ -

"မနက်က ဆရာ့ကို လှေကားမှာတွန်းချတာ ဆီးတွေ့ရုံးပေါ် မှာထွက်ကျလို့ ရုံးစောင့်တဲ့ နတ်ကြီးက တွန်းချတာဖြစ်လိမ့်မယ်။ နောက်မဖြစ်စေနဲ့ပေါ့ဆရာ"

ဟု တပည့်ကျော်က ဆရာကိုဆုံးမနေပြန်သည်။

မည်သို့ပင်ဆိုစေ နံနက်ခင်းဘုရားရှိခိုး၊ တရားအခွေများဖွင့်နေ၍သာ ကျွန်ုပ်လိမ့်ကျပြီး ဒဏ်ရာအကြီးအကျယ် မရသည်ကိုတော့ ရိပ်စားမိသည်။ သတိကြပ်ကြပ်ထားမှဖြစ်မည်ဟု ကိုယ့်ကိုယ် ကိုယ်သတိပေးပြီး နေထူးစိန်နှင့် နှစ်ယောက်သား အဘွားလေးဆိုင်သို့ ထွက်လာခဲ့၏။

အဘွားလေးဆိုင်ရောက်သောအခါ ပညာရေးဝန်ထမ်း တင်ထွန်း ဘီအီးနှင့် နှစ်ပါးသွားနေသည်ကိုတွေ့ရပြီး တင်ထွန်းက -

"ဆရာ၊ ဒီမှာထိုင်စကားပြောရအောင်"

ပြောသဖြင့် နေထူးစိန်ကို -

"ငါ့အတွက် ထုံးစံအတိုင်း မနက်ကြာနီကန်၊ ညာ အာမီရမ်ပေါ့ကွာ"

ဟု မှာလိုက်ရာ နေထူးစိန်သည် အာမီရမ်နှစ်ပက်ယူကာ လာချပေးသည်။

တင်ထွန်းက -

"ဆရာလက်ဖက်သုပ်နဲ့မြည်း"

ဟုပြောပြီး သူ့ရှေ့ရှိလက်ဖက်သုပ်ကို ကျွန်ုပ်ရှေ့ရွှေ့ပေးလိုက်၏။

တင်ထွန်းသည် ကျွန်ုပ်၏လက်ကိုကြည့်ပြီး -

"ဘာဖြစ်တာလဲ ဆရာ"

ဟု မေးသဖြင့် နံနက်ပိုင်းကအဖြစ်အပျက်ကိုပြောပြရာ -

"ရုံးက ရုံးကြီးဆိုတော့ ရုံးစောင့်နတ်ရှိမယ်ထင်တယ်။ သူမကြိုက်တာတစ်ခုခုလုပ်လို့ လှေကားက တွန်းချတာနေမှာ ဂရုစိုက်ပေါ့ ကိုယ့်ဆရာ"

ဟု ပြောပြီး သူ၏ဘီအီးခွက်ကို သောက်သဖြင့် ကျွန်ုပ်လည်း အာမီရမ်ထဲသို့ ရေအနည်းငယ်ရောထည့်ကာ တစ်ချက်မော့လိုက်ပြီး လက်ဖက်တစ်ဖုံးယူ၍မြည်းလိုက်၏။ ကျွန်ုပ်နှင့် တင်ထွန်းထွေရာလေးပါးစကားပြောရင်း ယောက်သား အရက်ကုန်သွားသဖြင့် တင်ထွန်းအတွက် ဘီအီး (၂) ပုလင်းဖြင့် ကျွန်ုပ်အတွက် အာမီရမ်နှစ်ပက်ကိုထပ်မှာပြီး သောက်ကြပြန်သည်။ ကုန်သွားသော

www.burmeseclassic.com

www.burmeseclassic.com

အခါ တင်ထွန်းက နှုတ်ဆက်၍ထပြန်သွား၏။ ကျွန်ုပ်သည် နေထူးစိန်ကို နှစ်ပက်ထပ်ယူလာရန် မှာလိုက်ရာ နေထူးစိန်က -

"ဆရာမှားနေဦးမယ်။ မပြန်နိုင်လို့ လိုက်ပို့ရင် ပြည်နယ်မှူးနဲ့ ဒေါ်မိုးမိုးက ကျွန်တော့်ကိုပါ တလွဲထင်နေဦးမယ်"

ပြောသဖြင့် ကျွန်ုပ်မေ့ထားသော မိုးမိုးအကြောင်းပါလာရကား -

"တော်တန်တိတ်-မိုးမိုးအကြောင်း ငါမကြားချင်ဘူး။ မင်းတို့ဆရာမကြီးမိုးမိုး နောက်ဆိုရင် ငါ့အကြောင်း ကောင်း ကောင်းသိစေရမယ်"

ဟု ဒေါသစိတ်ဖြင့်ပြောမိသည်။ ဆက်ပြီးသောက်နေရာ ပြည်နယ်မှူးဦးခင်ဆွေ ကျွန်ုပ်ကိုအထင်လွဲအောင် လုပ်ရက်သည့်ကိစ္စပါ ခေါင်းထဲဆက် တိုက်ဝင်လာသဖြင့် စိတ်ညစ်စိတ်ပျက် လာကာ အာမီရမ်နှစ်ပက်ထပ်မှာကာ ရေရောပြီး တစ်ချက်တည်းမော့လိုက်ပြီး နောက် ရုံးမှပါလာသည့်မရန်းပြားအထုပ် နှင့် မြည်းလိုက်သည်။ မနက်ရော ညပါ စုစုပေါင်းလိုက်လျှင် အာမီရမ်မှာ တစ်ပုလင်းခန့်သောက်ပြီးဖြစ်သွား၍ -

"နေထူးစိန်၊ ငါပြန်တော့မယ်"

ပြောလိုက်သောအခါ တပည့် ကျော်ကြီးက -

"ဆရာ၊ လိုက်ပို့ရမလား"

ဟု စိုးရိမ်စိတ်ဖြင့်ပြောရာသည်။

"ဘာမှမစိုးရိမ်နဲ့၊ ငါပြန်နိုင်တယ်"

ပြောပြီး လှမ်းကြည့်လျှင် အတိုင်းသားမြင်နေရသောရုံးကို အဘွားလေးဆိုင်မှ လမ်းလျှောက်ပြန်လာခဲ့သည်။ ဟိုယိမ်းဒီယိုင်မလဲအောင်ထိန်း၍ပြန်လာခဲ့ပြီး ဟန်ကိုယ့်ဖို့ ခပ်တည်တည်ဖြင့် ရုံးတံခါးမကြီးက ဘာကျတံခါးကိုဆွဲကာ ကျွန်ုပ်နေထိုင်သည့် ရုံးအပေါ်ထပ်သို့ လှေကားမှတက်လာစဉ် အပေါ်ထပ်ရောက်သောအခါ ဆီးအလွန်သွားချင် လှသဖြင့် သန့်စင်ခန်းဘက်သို့သွားစဉ် ရုံး၏လူသွားစကြိုတစ်လျှောက် ဆီးများ ထွက်ကျကုန်သည်။ သန့်စင်ခန်းသို့ဆက် သွားပြီး လက်ကျန်ဆီးကို အားရပါးရ သွားချလိုက်၏။ အစည်းအဝေးခန်းရှိ ကျွန်ုပ်၏အိပ်ရာသို့ ရောက်သောအခါ ပုဆိုးဆီးပေနေသဖြင့် ပုဆိုးအဟောင်း ချွတ်ပြီး ပုဆိုးအကောင်းတစ်ထည်လဲ လှယ်ဝတ်လိုက်၏။ ထမင်းစားရန် မီးဖို ခန်းမှ ပေါင်းအိုးနှင့် ဒယ်အိုးထဲမှ ထမင်းနှင့် ဝက်သားပုံးရည်ကြီးချက်လက်ကျန် အားလုံးကို ပန်းကန်ပြားထဲတွင် အကုန် ပုံလိုက်ပြီး ကျွန်ုပ်နေထိုင်သော အစည်း အဝေးခန်းထဲယူလာခဲ့ကာ စားပွဲပေါ် တွင် ပန်းကန်ပြားတင်၍ ကုလားထိုင်တွင် ကျကျနနထိုင်ကာ ကျွန်ုပ်၏ ကက်ဆက် လေးထဲသို့ တွဲတေးသိန်းတန်၏ အခွေ ထည့်ကာ ကျွန်ုပ် အကြိုက်နှစ်သက်ဆုံး သီချင်းတစ်ပုဒ်ဖြစ်သည့် အချစ်တစ်ပွဲနှင့် စစ်ပွဲတစ်ရာသီချင်းကို ရွေး၍ဖွင့်ကာ ထမင်းစားရင်း သီချင်းထဲစီးမျောနေမိ၏။

ကျွန်ုပ် စဉ်းစားမိလိုက်သည်မှာ စစ်သားများသည် သူတို့မိသားစုစားဝတ် နေရေးအတွက် စစ်ပွဲတစ်ရာနွေနေရသလို ကျွန်ုပ်သည်လည်း မိသားစုဘဝအရေး ကြောင့် ကရင်ပြည်နယ်တွင် လေဖြတ် ထားသည့်ကြားကာလ ကောင်းခါစမှာ ပင် ဘဝတို့က်ပွဲအနိုင်နွေနေသူတစ်ယောက် ဟု ကိုယ့်ကိုယ်ကိုယ် ခံယူမိသည်။

အရက်ကို တစ်နေ့လုံး အာမီရမ် တစ်လုံးမျှသောက်ပြီး ထမင်းစားနေ သော ကျွန်ုပ်သည် အညာသားမို့ ပုဂံ ပုံးရည်ကြီးဝက်သားချက်အရည်မကျတ ကျကို သီချင်းနားထောင်ရင်း အားရ ပါးရစားလိုက်ရာ ပြောင်သလင်းခါကုန် သွားပေပြီ။

ရုံးကြီးပေါ်တွင် တစ်ယောက် တည်းနေရသော ကျွန်ုပ်အဖို့ ကက်ဆက် ခွေများသည် ကျွန်ုပ်၏သက်မဲ့အဖော်မွန် များဖြစ်၏။ စားသောက်ပြီးနောက် ရုံး ကြီးပေါ်ကော်ရစ်တာစကြိုတွင် ခေါက် တုံ့ခေါက်ပြန် လမ်းလျှောက်ပြီးနောက် ည(၉း၃၀)နာရီရှိပြီဖြစ်သဖြင့် မအိပ်ခင် တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်ကြီး (၁၁) သုတ် နှင့် ဂုဏ်တော်ကွန်ချာကိုဖွင့်ကာ တရား နာနေပြီးနောက် ကက်ဆက်အခွေဆုံး သောအခါ ကက်ဆက်ပိတ်ပြီး အိပ်ရန် ပြင်ဆင်တော့သည်။

ထိုအချိန်၌ တစ်မြို့လုံးလျှပ်စစ်မီး ပျက်သွားပြီထင်၏။ ရုံးကြီးပေါ်လည်း မှောင်နေသည်။ ပြည်နယ်မှူးနှင့် အခြား ရန်ကုန်မြို့မှ ဝန်ထမ်းများနေသည့် ဝန်ထမ်းတိုက်ခန်းများလည်း မည်းမှောင် သွား၏။ ကျွန်ုပ်သည် အိပ်ရာပေါ်လဲချ ရန်ပြုစဉ်အခိုက် ထိတ်လန့်ဖွယ်ဖြစ်လာ သည့်ဖြစ်ရပ်ကား. . .

ကျွန်ုပ်အိပ်မည်ပြုစဉ် မိုးသည်း ထန်စွာရွာချလာပြီး လျှပ်များလက်သည့် အရောင်များ မှန်ပြတင်းမှဝင်းခနဲဝင်းခနဲ လက်နေပြီးနောက် မိုးချုန်းသံပါကျယ် လောင်စွာကြားနေရသဖြင့် မပိတ်ရသေး သော ပြတင်းပေါက်တစ်ပေါက်ရှိနေ၍ မိုးပက်မှာစိုးသဖြင့် ကျွန်ုပ်၏လက်နှိပ် ဓာတ်မီးလေးကို ခေါင်းအုံးအောက်မှဆွဲ ထုတ်လိုက်၏။ အမှောင်ကို လက်နှိပ် ဓာတ်မီးဖြင့် ဖြိုခွင်းလိုက်ပြီး မပိတ်ရသေး သော ပြတင်းပေါက်ကိုပိတ်ပြီး ပြန်လှည့် ၍ ခုတင်ပေါ် သို့တက်လိုက်ပြီးနောက် လက်နှိပ်ဓာတ်မီးပိတ်ကာ ခန္ဓာကိုယ်ကို အိပ်ရာပေါ် လှဲချမည့်အခိုက် အစည်းအ ဝေးခန်းသမံတလင်းတစ်လျှောက်တွင် ရောင်စုံ အော်တိုမစ်တစ်မီးပွင့်ကဲ့သို့ သေးသေးမွှားမွှားမီးအစက်လေးများ ဟိမ္မဒီဒီမှတိုပြေးနေသည်မှာ ခန်းလုံးပြည့် ပင်။ အော်တိုမစ်တစ်မီးပွင့်လေးများ ကဲ့သို့ ကြည့်၍အလွန်ကောင်းလှ၏။ ကျွန်ုပ်သည် အံ့အားသင့်ကာ ကြည့်နေ စဉ်အခိုက် ဒါသွေးရိုးသားရိုးမဟုတ်နိုင်။ ထမင်းစားမီ အရက်ဆိုင်မှရုံးသို့ပြန်လာ စဉ် သန့်စင်ခန်းအသွားစကြိုတစ်လျှောက် ဆီးများထွက်ကျသည်ကို သတိပြုမိ၍ ပရ ကောင်တစ်ကောင်ကောင်က ပညာပေး နေပြီကိုသိသဖြင့် သမ္မဒ္ဓဂါထာတော် ကြီးကိုရွတ်လိုက်ရာ ဂါထာတော်ကြီး လည်းဆုံး တမံသလင်းပေါ်သို့ ပြေးလွှား လှုပ်ရှားနေသော မီးစက်မီးပွင့်မီးပွား လေးများလည်း ရုတ်ခြည်းပျောက်သွား လေပြီ။ကျွန်ုပ်သတိကပ်နေ၍သာ ပထမ အကြိမ် လှေကားမှတွန်းချခံရစဉ်က မကို့ မပဲ့ခြင်းဖြစ်ပြီး ယခု ဒုတိယအကြိမ် ဆီး ထွက်ကျသဖြင့် သတိထား၍ သမ္မဒ္ဓဂါထာရွတ်မိလိုက်၍သာ လူကိုဘာမှဒုက္ခ မပေးနိုင်ခြင်း ဖြစ်ပေသည်။ ဂါထာတော် ကြီးကိုသာ မရွတ်ဆိုမိပါက ကျွန်ုပ်ကို မည်ကဲ့သို့ ဒုက္ခပေးမည်မှန်းမသိသည့် ကျွန်ုပ်မသိသော ပရလောကသားကား မီးစုန်းကဝေလေလား၊ ရုံးစောင့်နတ်ကြီး လေလားဟု စဉ်းစားရင်း အတွေးကိုဖြတ် ကာ အိပ်ရာပေါ်လဲချလိုက်ပြီးနောက် အာနပါနကမ္မဋ္ဌာန်း ဝင်လေ၊ ထွက်လေ ကို သမထကဲ့သို့လည်းကောင်း၊ ဝိပဿနာ ကဲ့သို့ လည်းကောင်း ရှုမှတ်ရင်း အချိန် အတန်ကြာ၌ ကောင်းမွန်စွာ အိပ်ပျော် သွားရာ နောက်နေ့နံနက်(၄)နာရီအိပ်ရာ မှထနေကျအချိန်ဝိုးလာပြီး ဘုရားရှိခိုး၍ မေတ္တာပို့၊ အမျှအတန်းဝေရာတွင် မီးစုန်း ကဝေလေလား၊ ရုံးစောင့်နတ်ကြီးလေ လား ကျွန်ုပ်မသိသည့် ပရလောကသား ကို အထူးရည်မှန်းကာ မေတ္တာပို့၊ အမျှ အတန်းဝေလိုက်ပေသတည်း။

စာဖတ်ပရိသတ်အား
အစဉ်လေးစားလျက်

သခ်ၤေဇဒုံသား

www.burmeseclassic.com

www.burmeseclassic.com

မြဂုဏ်ရည်လမ်းရှိ 'ကျော်' လက်ဖက်ရည်ဆိုင်တွင် သူငယ်ချင်း သက်ထွန်းဝင်းနှင့် ကျွန်ုပ်ဆုံမိကြလေ၏။

စားပွဲထိုးကို ခေါ်ယူကာ ပေါ့ဆိမ့်ရှယ်နှစ်ခွက်မှာလိုက်ပြီး ရှေးဦးစွာ ရေနွေးကြမ်းသောက်ရင်း စကားပြောကြသည်။ သူငယ်ချင်း သက်ထွန်းဝင်းနှင့် မတွေ့ရတာကြာပြီဖြစ်၏။ သူကပြောသည်။ သူတာဝန်ကျရာ သာယာဝတီနယ်တစ်ဝိုက်တွင် ယခုတစ်လော သစ်တောမှုမျာဖြစ်ပေါ်နေကြောင်းအန္တရာယ်အလွန်များကြောင်းညည်းညူရှာသည်။



(စာဆိုးဆို)

အောင်မြင့်ထွန်း

ဘဝမကူးခင် အကျိုးပေးခဲ့သည့် ဇီဝိတဒါနကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com

သာမန်သစ်တောမှုများ မဟုတ်။ ရာဇဝတ်မှုများကျူးလွန်ရန် လက်မရဲ့ လူမိုက်များမွေးထားကြ၏။ သစ်မှောင်ခို ခိုးထုတ်သူများက ဂိုဏ်းဖွဲ့လျက် စရိုက်ကြမ်းကြမ်းလုပ်ရှားနေကြပါသည်။

"ကျွန်တော်တာဝန်ကျတဲ့နယ်မှာ အန္တရာယ်တွေနဲ့ကြုံခဲ့ရတယ်။ ဒါကြောင့် ကျွန်တော်လည်း ယာယီအပြောင်းအလဲ ဖြစ်သွားအောင် ယတြာချေတဲ့အနေနဲ့ သင်္ကြန်တွင်းမှာ သက်နီးဆီးလိုက်တယ် အစ်ကိုရာ"

ထိုအချိန်တွင် စားပွဲခုံပေါ်သို့ ကျွန်ုပ်တို့မှာထားသော ရှယ်ပေါ်ဆိမ့်နှစ်ခွက်အင်္ဂေတထောင်းထောင်းဖြင့်ရောက်ရှိလာခဲ့ပါသည်။

"ကောင်းတာပေါ့ သက်ထွန်းဝင်းရာ၊ အန္တရာယ်ကင်းတာပေါ့။ ငါပြောပြချင်တာရှိတယ်။ မင်းနောက်တစ်ခုလုပ်စေချင်သေးတယ်ကွ။ အခွန်လွှတ်ဈေးမှာ ငါးအရှင်လေးတွေရတယ်ကွ။ အဲဒါသက်စေ့မဟုတ်တောင် ငါးရာဖိုးတစ်ထောင်ဖိုးဝယ်လွှတ်ကွာ"

"ဟုတ်ကဲ့ အစ်ကို၊ အဲဒီကောင်းကျိုးကို ကောင်းကောင်းကျွန်တော်ခံစားဖူးပါတယ်။ ဒီမနက် မျက်နှာသစ်တုန်းကတောင် ရေကန်ထဲမှာ နှံကောင်လေးတစ်ကောင်ရေနစ်နေလို့ကယ်ခဲ့ရသေးတယ်။ အစ်ကိုနဲ့ စကားပြောပြီးရင် ကျွန်တော်ဈေးသွားမယ်။ ငါးအရှင်တွေ ဝယ်ပြီး ဇီဝိတဒါနဖြစ်အောင်လွှတ်ဦးမယ် အစ်ကို"

"သာဓု သာဓု သာဓု ဇီဝိတဒါန အကျိုးကောင်းကျိုးလိုရာဆန္ဒပြည့်ပါစေကွာ။ ဒါနဲ့ မင်းက ငါးလွှတ်တဲ့အကျိုးခံစားဖူးတယ်ဆိုတော့ ငါးလွှတ်ပြီးရခဲ့တဲ့အကျိုးကျေးဇူးလေးများ ပြောပြစမ်းပါဦး။ အများသိရအောင် ငါ့ကိုဖောက်သည်ချစမ်းကွာ"

ကျွန်ုပ်သည် သူပြောပြမည့် ဇီဝိ



www.burmeseclassic.com

www.burmeseclassic.com

တဒါနအကျိုးကိုသိလိုပါသည်။ ဇီဝိတဒါနအလုပ်ကို ပြုလုပ်သင့်ကြောင်း အများသူငါသိစေရာ ဗဟုသုတဖြန့်ဝေပေးလိုပါ၏။ သူက လက်ဖက်ရည်တစ်ခဲ့သောက်လိုက်ပြီး ကျွန်ုပ်ကို ဤသို့ပြောပြပါ၏။

"ကျွန်တော်ငါးလွှတ်ခဲ့ဖူးတာက ဂျီရဆန်တယ်လို့ပြောရမယ်။ ဒါကြောင့် အစ်ကို့ကို ကျွန်တော်ပြောပြချင်နေတာ။ အစ်ကိုသိပြီဆိုရင် လူအများသိရတော့မှာပဲလေ။ ကျွန်တော်ငါးလွှတ်ခဲ့တုန်းက စွေးမှာဝယ်လွှတ်တဲ့ငါးမဟုတ်ဘဲ လယ်ကွင်းအစပ် လယ်ကန်သင်းနံဘေးမှာ တဖျတ်ဖျတ်ခုန်နေတဲ့ငါးရဲ့ကြီးပဲ။ အဲဒါ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလတုန်းကပေါ့"

သူဆက်ပြောပြသည်များမှာ ငါးလွှတ်သည့်အကျိုးကြောင့် အသက်ဘေးမှလွှတ်မြောက်ခဲ့ရသော်လည်း မလွှတ်ခင် သူတစ်ပါးအသက်ကိုစိတ်နှင့်ပြစ်မှားမိသောအကုသိုလ်အကျိုးဆက်ကြောင့် အသက်အန္တရာယ်နှင့်ကြုံဆုံခဲ့ရပုံ၊ ခံစားရပုံတို့မှာ ကြောက်ခမန်းလိလိဖြစ်ခဲ့ရ၏။ သူတွေ့ကြုံခဲ့ရသည့် ဖြစ်ပျက်ပုံအစုံစုံရင်သပ်ရှုမောဖွယ်ရာတို့ကို အောက်ပါအတိုင်း တင်ပြအပ်ပါသတည်း။

■

သူ စကမြားကျေးရွာတွင် တာဝန်ကျခဲ့သည်။

စကမြားကျေးရွာသည် မြောင်းမြို့နယ်အတွင်းရှိသော ကျေးရွာကြီးတစ်ရွာဖြစ်ပါသည်။ စကမြားကျေးရွာတွင် သစ်တောအခွန်ကောက်သည့်ရုံးရှိပါသည်။ ထိုကင်းရုံးကို မြစ်အတွင်း အသွားအလာများကို ထင်သာမြင်သာရှိသည့် မြစ်ကမ်းနံဘေး ကုန်းမို့မို့လေးပေါ်တွင် တည်ဆောက်ထားသည်။ ထိုအခြိန်က သက်ထွန်းဝင်းသည် အကောက်ရုံးတာဝန်ကျတောခေါင်းတစ်ဦးဖြစ်လေ၏။

ယနေ့သည် စကမြားအကောက်ရုံးတွင် သက်ထွန်းဝင်းတစ်ဦးတည်း ရောင်းကျသည်။ စကမြားမြစ်အတွင်းရေအတက်အကျလိုက်၍ သစ်တောထွက်ပစ္စည်းများဖြစ်ကြသောဝါးဖောင်ခနိဖောင်များကို ရေစုန်ဖြင့်မျှောလာကြ၏။ နိုင်ငံပိုင်သစ်တောထွက်ပစ္စည်းများအခွန်တော်မဆုံးရုံးစေရန် သက်ထွန်းဝင်းက ရောင်းစောင့်၍ ကကဝဟုခေါ် သည့် သစ်တောအခွန်ကောက်လက်မှတ်ဖြတ်ကာ အခွန်တော်ငွေကောက်ခံရပါသည်။

သက်ထွန်းဝင်း၏ စည်းကမ်းရှိမှု၊ တာဝန်ကျေပွန်မှုတို့ကြောင့် စကမြားသစ်တောကင်းရုံးသည် အခွန်တော်ငွေကောက်ခံရရှိမှုနှုန်း အမြင့်မားဆုံးနံပါတ် (၁)အဆင့် ရရှိထားပါ၏။

လမိုက်ရက်ဖြစ်သောကြောင့် မြစ်အတွင်း မှောင်မည်းတိတ်ဆိတ်နေ၏။ ညဉ့်နက်လာသည်နှင့် သက်ထွန်းဝင်းသည် ကင်းရုံးပေါ်တွင် မနေတော့ဘဲ ရေဆိပ်ပဲ့ထောင်ထဲသို့ ဆင်းအိပ်သည်။ ကင်းရုံးပေါ်တွင်အိပ်ပါက ဖြတ်သွားဖြတ်လာစက်လှေသံကိုမကြားရချေ။ ပဲ့ထောင်ဝမ်းကြမ်းပြင်တွင် မိမိနားဖြင့်ကပ်၍အိပ်ခြင်းအားဖြင့် ဖြတ်သွားဖြတ်လာစက်လှေအသံတုန်ခါမှုကြောင့် နိုးနိုးကြားကြားရှိပါ၏။

သက်ထွန်းဝင်းသည် ရုံးဗီရိုအတွင်းမှ မီးဆလိုက်ကိုယူကာ ပဲ့ထောင်ဝမ်းကြမ်းပြင်တွင် ခေတ္တမှေးသည်။

"အင်း-မနက်လေးနာရီထိုးရင် ငါအိမ်ပြန်အိပ်လို့ရပြီပဲ"

ယနေ့ နံနက် (၄)နာရီအချိန်သည် ရေကျချိန်ဖြစ်သည်။ ထိုအချိန်က ကင်းရုံးမှပြန်၍ အိမ်တွင်အိပ်နိုင်သည်။ ထိုရေကျချိန်၌ သစ်လေ၊ ခနိလေ၊ ဝါးဖောင်များ မဖြတ်သန်းဖြစ်တော့ပါ။ ရောက်သည့်နေရာ ရေဆိုင်း၍နားကြသည်။ ရေတက်တော့ ဆက်လက်ထွက်ခွာကြသည်။ ရေလှည့်စောင့်၍သွားကြရပါသည်။

ထိုညက သက်ထွန်းဝင်း ခနိပျစ်ရေနှစ်သောင်း၊ ဝါးလုံးရေသုံးသောင်းငါးထောင်အခွန်တော်ကောက်ခံရရှိပါသည်။ မောင်ရင်ဆိုင်းထမ်းကြွယ်ပေါ် လာချိန်မြစ်ကြောင်းအတွင်းဖြတ်သွားဖြတ်လာအလားအလာမရှိတော့ပါ။ သို့ဖြစ်၍ သက်ထွန်းဝင်းစိတ်ချလက်ချမှေးခနှစ်အိပ်ပျော်သွား၏။ စကမြားကျေးရွာနေအိမ်လေးများ အမှောင်ညထဲမှာ တိတ်ဆိတ်ငြိမ်သက်လျက်။

ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံသည် နံနက် (၄) နာရီထိုးပြီဖြစ်ကြောင်း အထိမ်းအမှတ်ဖြစ်ပါတော့၏။

"တုံ့. . . တုံ့. . . တုံ့. . . တုံ့"

ထိုအုန်းမောင်းခေါက်သံနှင့်အတူ-

"လေးနာရီထိုးပြီ၊ ထတော့လေ"

အမျိုးသမီးငယ်တစ်ဦး၏ အသံကြည်လင်ပြတ်သားစွာ သက်ထွန်းဝင်းနားစည်မြှေးကို ညင်သာစွာရိုက်ခတ်လာပါ၏။ ထို့ကြောင့် သက်ထွန်းဝင်းသည် အိပ်နေရာမှ ကောင်းစွာ နိုးထလာခဲ့သည်။

သူကိုနိုးသူသည် ဘယ်သူလဲ။

ခေါင်းထောင်၍ ကြည့်လိုက်မိပါ၏။ အရွေ့လောကဓာတ်အလင်းရောင်မှုန်မှုန်ဖြင့် ပဲ့ထောင်ဦးထိပ်ပေါ် ဝယ် ကျဲကျဲထိုင်နေသော မိန်းကလေးတစ်ဦးကိုမှန်ဝါးဝါးမြင်လိုက်ရသည်။ နက်မှောင်သောဆံနွယ်များဖရိုဖရဲကြုံပြန့်နေသည်မှာ သူမ၏ကျောပြင်တွင် လည်းကောင်း၊ မျက်နှာပေါ်တွင် လည်းကောင်း ဝေဖြာကျနေ၏။ အလင်းရောင်အားကောင်းသောကြောင့်လည်းကောင်း၊ ဆံပင်များရှုပ်ထွေးနေမှုကြောင့်လည်းကောင်း သူမ၏မျက်နှာကို ထင်ထင်ရှားရှားမတွေ့ရချေ။

သက်ထွန်းဝင်းတစ်ယောက် လျင်မြန်စွာထထိုင်လိုက်ပါ၏။ ဆံပင်ဖားလျားနှင့် မိန်းကလေးကတော့ မလှပ်ချေ။ သက်ထွန်းဝင်းသည် ပဲ့ထောင်ဦးပိုင်းသို့ လျှောက်လာခဲ့သည်။ သူ၏လက်ထဲတွင် မီးဆလိုက်အဆင့်သင့်ကိုင်လာခဲ့သည်။ မိန်းကလေး၏ မျက်နှာတည့်တည့်ဆီသို့ ဆလိုက်မီးထိုးကာ မီးခလုတ်ဖွင့်လိုက်ပါ၏။ ဆလိုက်မီးအလင်းအားကောင်းကောင်းလင်းထိန်ခဲ့သည်။

သို့သော် -

ပဲ့ထောင်ဦးပေါ်တွင် မိန်းကလေးမရှိတော့ပါတကား။

ထိုအခါကျမှ သက်ထွန်းဝင်းခြေမကိုင်မိလက်မကိုင်မိနှင့် ကြက်သီးဖြန်းဖြန်းထလာတော့၏။ သက်ထွန်းဝင်းပဲ့ထောင်ပေါ် မှာမနေရဲတော့ပြီ။ မြစ်အတွင်း ရေကျသွားသည်မှာ ရေစစ်နေပြီဖြစ်ပါတော့သည်။ သက်ထွန်းဝင်းသည် ပဲ့ထောင်ပေါ် မှအမြန်ဆင်းသည်။ အိမ်သို့ အလျင်အမြန်ပြန်လာသည်။ ယမန်နေ့က ဆောင်းမိုးအနည်းငယ်ရွာထား၍ ရာသီဥတုအေးမိမှ်နေ၏။

ဆောင်းရာသီမိုးရေစပ်ကျဉ်းလေးနှင့် စိုနေသော လယ်ကန်သင်းကိုနှင်း၍ လျှောက်ခဲ့သည်။ လယ်မြေချိုင့်ခွက်များ၊ မြက်ပင်စိမ်းစိမ်းတို့နှင့်အတူရေဝဲနေပါသည်။သက်ထွန်းဝင်းရှေ့ဝါးတစ်ရိုက်ခန့်အကွာ ရေချိုင့်ခွက်မှ -

"ဖလပ်. . . ဖလပ်. . . ဖလပ်. . . ဖုတ်"

ရေချိုင့်ခွက်ထဲမှ ထခုန်နေသောအသံ၊ ပြန်ကျသောအသံတို့ကြားနေရ၏။ သက်ထွန်းဝင်းက လှလှပ်မိုးဖြင့်ထိုးကြည့်လိုက်ပါသည်။ အလုမ်းကွာဝေးသောကြောင့် အကောင်မှန်းသဲသဲကွဲကွဲမသိရချေ။ အသံကြားရာဆီသို့ အမြန်

www.burmeseclassic.com

www.burmeseclassic.com

ပြေးလျှောက်သွားမိ၏။ ဆလိုက်မီးရောင် အောက်ဝယ် ဖလုပ်ဖလုပ်ခုန်နေသော ငါးရံကြိုးတစ်ကောင်ပါလား။

"အားပါး-နည်းတဲ့ငါးရံကြိုးမဟုတ်ဘူးဟ"

ယောကျ်ားအရင့်အမာကြီး၏လက်မောင်းလုံးခန့်ရှိရာ ငါးဆယ်သားထက်နည်းမည်မဟုတ်ကြောင်း သက်ထွန်းဝင်း ခန့်မှန်းမိလိုက်ပါ၏။ သူ၏စိတ်ထဲမှ အတွေးက -

'ငါးရံကြိုးက နည်းတာကြီးမဟုတ်ဘူး။ ငါတို့မိသားစု မနက်စာရပြီ'

ဟု သူတစ်ပါးအသက်ကို မကြံကောင်းမစည်ရာ ပြစ်မှားလိုက်ပါ၏။ ရေနည်းနေသောကြောင့် ငါးရံကြိုးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ဖမ်း၍ရလိုက်သည်။ ထိုငါးရံကြိုးကို ပါလာသော လောက်စာလုံး၊ ကျွဲချိုလောက်လေးခွထည့်ထားသော်လွယ်အိတ်ထဲသို့ထည့်ယူခဲ့ပါသည်။ သက်ထွန်းဝင်းသည် ရေနည်းနေသောချိုင့်ခွက်အတွင်း လူးပျံနေသောငါးရံကြိုးရုန်းကန်ခုန်ပျံနေပုံကို သူ၏ မျက်စိထဲမှာ ပြန်လည်မြင်ယောင်လာသည်။

သူ၏စိတ်ထဲမှာ -

'အမိမဲ့သား ရေနည်းငါးဆိုတာ ဒါကိုပြောတာနဲ့တူတယ်'

ဟု စဉ်းစားမိလာ၏။။

ထိုအတွေးနှင့်အတူ သက်ထွန်းဝင်းသည် ငါးရံကြိုးအပေါ် သနားစိတ်ညှတ်ယိမ်းလာသည်။ထိုအခါမှ သက်ထွန်းဝင်းသည် ထိုငါးရံကြိုးကို မစားသင့်၊ မစားကောင်းပါလားဟုတွေးမိလာပြီး ရေနက်ထဲသို့လွှတ်ပေးရုန် စိတ်ကူးပေါ် ပေါက်လာလေသည်။ သူသည် ကင်းရုံးရေဆိပ်သို့ ပြန်လှည့်ခဲ့ပါတော့သည်။ ရေဆိပ်သို့ရောက်သောအခါ သက်ထွန်းဝင်းသည် သူ၏ပဲ့ထောင်ဦးဆီသို့ မျက်လုံးဝေ့ကြည့်မိလိုက်ပါသေး၏။ ထူးခြားမှုမရှိပါ။ သူ၏လွယ်အိတ်ထဲမှ ငါးရံကြိုးကို ထုတ်လိုက်ကာ မြစ်ရေထဲသို့အသာအယာလွှတ်ပေးလိုက်ပါတော့သည်။

သူသည် ငါးရံကြိုးကို ဆလိုက်မီးဖြင့်ထိုးကြည့်ပါသည်။ ငါးရံကြိုးသည် ရေနက်ရာဆီသို့ အမြီးတယမ်းယမ်းဖြင့် ငုပ်လျှိုသွားပါ၏။ သို့သော် သက်ထွန်းဝင်း လွှတ်ပေးလိုက်သောနေရာဆီမှချက်ချင်းပြန်ပေါ် လာပြန်သည်။ ငါးရံကြိုးသည် သက်ထွန်းဝင်းကို ဖြိမ်၍ကြည့်နေပါ၏။ နှုတ်ဆက်နေသည်ဟုထင်ပါသည်။ ထို့နောက် အမြီးတစ်ချက်နှစ်ချက်ယမ်းကာ ရေနက်ထဲသို့ အပြီးအပိုင်ငုပ်လျှိုးသွားပါလေတော့သတည်း။

သက်ထွန်းဝင်း ဆက်၍ကြည့်နေသော်လည်း လုံးဝပြန်မပေါ် လာတော့ပါ။ ထိုအခါမှ သက်ထွန်းဝင်းသည် သူ၏စိတ်ထဲမှာ ပေါ့ပါးသွားကာ သူသည် သူတစ်ပါး၏ အသက်တစ်ချောင်းကို ကယ်နိုင်ခဲ့ပြီဟုပီတိဖြစ်ကာ မင်္ဂလာနံနက်ခင်းဖြစ်ခဲ့ရပါ၏။။

"ငါးရံကြိုးရယ် ဘေးရန်ကင်းကင်းနဲ့ မင်းရဲ့အသက်ရှင်သန်ပါစေနော်"

■

အထက်ပါအဖြစ်အပျက်များဖြစ်ပွားပြီးနောက် -

(၄)လအကြာတွင် သက်ထွန်းဝင်းသည် လပွတ္တာမြို့နယ်သို့ အလုပ်တာဝန်ဖြင့် ပြောင်းရွှေ့ရလေ၏။။ လပွတ္တာမြို့သည် သက်ထွန်းဝင်းဇနီးသည်၏ ဇာတိမြို့ဖြစ်ပါသည်။ သူတို့မိသားစုသည် လပွတ္တာမြို့သို့ မြောင်းမြမှ ဧရာဝတီသင်္ဘောစီးကာပျော်ရွှင်စွာဖြင့်ပြောင်းရွှေ့ခဲ့ကြပါသည်။ လပွတ္တာမြို့သစ်တောဝင်ရိုး ဝန်ထမ်းအိမ်ရာတွင်နေခွင့်ရ၏။။

သက်ထွန်းဝင်းအား ကွက်လေးကျေးရွာ ဒီရေတောစိုက်ခင်းတွင် တာဝန်ချထားကြောင်း မြို့နယ်ရုံးမှိန်ထွက်လာ၏။။

တစ်နေ့သ၌ -

မြို့နယ်သစ်တောရုံး၊ ဦးစီးအရာရှိရုံးခန်း၌ စိုက်ခင်းလုပ်ငန်းဆိုင်ရာစည်းဝေးပြုလုပ်နေကြပါသည်။ ဦးစီးအရာရှိဦးမောင်မောင်ခိုင်၊ တောအုပ်ကြီးဦးသိုက်စိုး၊ တောခေါင်းသက်ထွန်းဝင်းတို့ ကွက်လေးကျေးရွာ ဒီရေတောစိုက်ခင်းလုပ်ငန်းများ ညှိနှိုင်းစည်းဝေးကြ၏။။ စိုက်ခင်းတာဝန်ယူနေရသော တောအုပ်ကြီးသည် မဝေးကွာသောအချိန်အတောအတွင်းမှာ ဒီရေတောပညာလေ့လာရေးခရီးစဉ်ထိုင်းနိုင်ငံသို့ သွားရောက်ရမည် ဖြစ်၏။။

ဦးစီးအရာရှိက -

"သက်ထွန်းဝင်း၊ ဟောဒီကတောအုပ်ကြီးနဲ့အတူ ဒီရေတောစိုက်ခင်းရှိရာ ကွက်လေးကိုသွားပါ။ စိုက်ခင်းစာရင်းပြုစုပါ။ စိုက်ခင်းကိုလည်း ကြပ်ကြပ်မတ်မတ် ဂရုတစိုက် စောင့်ရှောက်ပါ။ စိုက်ခင်းစခန်းမှာ မင်းနဲ့အဖော်တောခေါင်းတစ်ယောက်ရှိမယ်။ လေ့သမားတစ်ယောက်ရှိမယ်။ ဒီတောအုပ်ကြီးကနိုင်ငံခြားခရီးစဉ် မကြာခင်သွားရတော့မယ်။ ဒါကြောင့် ဒီကိစ္စကို မောင်သက်ထွန်းဝင်းအာရုံစိုက်ပေးပါ။ လိုအပ်တဲ့စိုက်ခင်းစာရင်းဇယားပုံစံကို စာရေးမနှင်းနှင်းအေးဆီမှာယူ။ မရှင်းတာရှိလား"

"မရှိပါဘူး စိတ်ချပါဆရာ။ ကွက်လေးသွားရမယ့်ရက်"

"မနက်ဖြန်"

ထိုနေ့သည် ၂၀၀၈ ခုနှစ်၊ မေလ ၁ ရက်နေ့ဖြစ်ပါ၏။။သက်ထွန်းဝင်းသည် ထောအုပ်ကြီးဦးသိုက်စိုးနှင့်အတူ ဌာနပဲ့ထောင်ဖြင့် ကွက်လေးကျေးရွာသို့ ညနေပိုင်းတွင်ရောက်ကြပါသည်။ သူတို့တာဝန်ယူရသည့် ဒီရေတောစိုက်ခင်းတွင် ပြူး၊ သမဲ၊ ကန်ဘလာ၊ ပြူးခြေထောက်၊ ပြူးဥတစ်လုံးစသည့်ဒီရေတောသစ်မျိုးများစိုက်ပျိုးထား၏။

ထိုကွက်လေးသစ်တောစခန်းမှာ JICA မှ လုံးချင်းတိုက်ကလေးတစ်လုံး ဆောက်ပေးထားပြီး စခန်းရုံးဖွင့်လှစ်ထားခြင်းဖြစ်၏။ JICA ဆိုသည်မှာ ဂျပန်နိုင်ငံမှ ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါ၏။ JICA ဒီရေတောစီမံကိန်းသည် မြန်မာနိုင်ငံ သစ်တောဦးစီးဌာနနှင့်ပူးပေါင်းကာ ဒီရေတောဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေကြပါသည်။

ကွက်လေးသစ်တောအခြေစိုက်စခန်းတွင် ဖျာပုံမှပြောင်းလာသော ပဲ့ထောင်မောင်းကုလားသည် စခန်းစောင့်အဖြစ်နေလာခဲ့သည်မှာကြာပြီဖြစ်ပါ၏။ ကုလားသည် ကွက်လေးကျေးရွာ၊ ရပ်ရွာခလေ့နှင့်အညီ နေထိုင်လာခဲ့ရာ ရွာသူရွာသားများနှင့်ရင်းနှီးပြီး တစ်သားတည်းအသားကျနေပြီဖြစ်သည်။နောက်တစ်ဦးမှာ ပုသိမ်မှပြောင်းရွှေ့လာသော တော့ခေါင်းလှသိန်းဖြစ်ပါသည်။ သူက အရက်ကြိုက်ပါသည်။

တောအုပ်ကြီး ဦးသိုက်စိုးသည် စခန်းရုံးသို့ ရောက်ရောက်ချင်း ဒီရေတောမြေဆီလွှာအမျိုးအစား ဒီရေတောသစ်မျိုး ဒီရေရောက်သဘာဝပေါက်ပင်စသည့် ဒီရေတောပညာရပ်နှင့် စပ်ဆိုင်သောစာအုပ်များကို သဲသဲမဲမဲလေ့လာနေ၏။ ထိုနေ့ညစာကို စားဖိုမှူးကုလား၏လက်ရာ ကျားပုစွန်တုပ်ဆီပြန်ဟင်းလက်ရာကောင်းဖြင့် မြိန်ရေရှက်ရေစားသောက်ကြရ၏။ ပဲ့ထောင်မောင်းကုလားသည် ငါးရှာဖားရှာအလွန်ကျွမ်းကျင်သူဖြစ်ပါသည်။

■

၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်။
နံနက်ခင်း ရေနည်းထွေးထွေးနှင့်

www.burmeseclassic.com

www.burmeseclassic.com

အတူ ကွက်ကွက်လေးနိုးထလာခဲ့ပါသည်။ ကောင်းကင်ယံသည် ကြည်လင်တောက်ပနေသည်။ ရှင်းသန့်သောနေရောင်အောက်ဝယ် ကွက်ကွက်လေးရွာလေးသည် သာယာလှပလွန်းနေပါတော့သည်။ ရွာသူရွာသားတို့ စိတ်ရွှင်လန်းနေကြပါသည်။ ရွာသူရွာသားအများစုတို့မှာ ရေလုပ်ငန်းလုပ်ကိုင်ကြသူများဖြစ်ကြ၏။ သူတို့သည် ငါးဖမ်းပိုက်များနှင့်အတူ သူတို့၏ ငါးဖမ်းလှေများစီးကာ ပြာမလော့မြစ်ကြီးထဲသို့ ထွက်ခွာသွားကြလေ၏။

ပြာမလော့မြစ်ပြင်ကျယ်ကြီးသည် ပင်လယ်ပြင်နှင့်အလားသဏ္ဌာန်တူ၏။ ကမ်းမမြင်လမ်းမမြင်ကျယ်ပြောလှသည်။

ကောင်းကင်ယံကြည်လင်နေပုံသည် သာမန်ကြည်လင်ပုံနှင့်မတူ။ အနှစ်မပါသော အရောင်အသွေးကြည်လောင်လောင်ဖြစ်နေသည်ကိုရွာသားတို့ဂရုမမြူမိကြ။

သက်ထွန်းဝင်းတို့သည်လည်း JICA တိုက်ခန်းလေးထဲဝယ် ကိုယ်စီကိုယ်စီအလုပ်ရှုပ်နေကြပါသည်။ တော့အုပ်ကြီးဦးသိုက်စိုးသည် စာအုပ်ထူထူကြီးများကိုလေ့လာနေ၏။ သက်ထွန်းဝင်းက CFI စာရင်းပုံစံတွင် ကိန်းဂဏန်းများကို ဖြည့်သွင်းနေပါသည်။ ကုလားသည် မီးဖိုခန်းတွင် ချက်ပြုတ်နေသည်။ သူ၏ လက်ထောက်စားဖိုမှူးက လှသိန်းဖြစ်သည်။ တောက်တီမည်ရကူညီပေးနေသူပါ။

နံနက် (၁၀) နာရီခန့်တွင် လေရူးများဝေ့သရမ်းလာ၏။ သာမန်လေပြည်လေညင်းထက် ကြမ်းတမ်းသည်။ လေပြင်းများဖြစ်ပေါ်လာသည်။ လေပြင်းတိုက်ခတ်လာသည်ဖြစ်၍ စာရွက်စာတမ်းများ ဝေဟင်မှာပျံဝဲကာ ပြတင်းပေါက်ဝမှထွက်ခွာလွင့်မျောတော့သည်။ ခဲ့ပေါ်မှ အလုပ်နှိုးအိုးသည် ကွန်ကရစ်ကြမ်းခင်းပေါ်သို့ကျလေ၏။

"ခွမ်း"

ဦးသိုက်စိုးနှင့် သက်ထွန်းဝင်းတို့ ဂနာမငြိမ်ဖြစ်လာ၏။ တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်၏။ 'ဘယ်လိုလဲ' ဆိုသောသဘော။ ကုလားသည် မီးဖိုခန်းမှထွက်ကာ တိုက်အဆောက်အအုံရှေ့ရောက်ခဲ့၏။ သမဲ့ပင်တို့ယိမ်းထိုးနေကြသည်။ လေပြင်းများဝေ့ယမ်းတိုက်ခိုက်ဆူညံသံများ တစ်လောကလုံးကိုလွှမ်းမိုးနေပါတော့သည်။

ကောင်းကင်ယံတွင် လေနီကြမ်းများသာမင်းမူနေ၏။ မိုးမရွာချေ။ကုလားသည် တိုက်ကလေးထဲသို့ ပြေးဝင်လိုက်၏။

ဦးသိုက်စိုးက -

"ဘယ်လိုလဲ ကုလား၊ မုန်တိုင်းတိုက်တာလား။တို့အဖွဲ့ မြို့ပေါ် ပဲ့ထောင်နဲ့တက်မှန့်တူတယ်"

"ဟာ - မလိုပါဘူး အာစရိရယ်၊ ကွန်တော်တို့ပင်လယ်ပိုင်းမုန်တိုင်းတိုက်တာဘာဆန်းလို့တုန်း။ အာစရိကြောက်လို့လား။ ဖြစ်ရိုးဖြစ်စဉ်ပါပဲဗျာ။ မုန်တိုင်းပြီးရင် လေပြည်လေညင်းလာမှာပေါ့ မပူပါနဲ့။ ကိုယ့်အလုပ်ကိုယ်ဆက်လုပ်ကြပါ။ ကွန်တော့်အလုပ် ကွန်တော်ဆက်လုပ်လိုက်ဦးမယ်"

ကုလားသည် မီးဖိုခန်းထဲသို့ဝင်သွားလေ၏။ သည်ရွာတွင်နေထိုင်လာတာကြာပြီဖြစ်သည့် ကုလားစကားကို ဦးသိုက်စိုးနှင့်သက်ထွန်းဝင်းတို့ ယုံစားမိလိုက်သည်က မဟာအမှားကြီးဖြစ်တော့သည်။

■

လေပြင်းမုန်တိုင်းသည် တဟီးဟီးနှင့်ဝုန်းဒိုင်းကြဲကာ ညာတာမှမရှိပြင်းထန်သည်ထက် ပြင်းထန်လာ၏။ ပင်လယ်ပေါ်တို့သည် မုန်တိုင်းအတွေ့အကြုံရင့်ကျက်သူများဖြစ်နေကြပါ၏။ မြစ်ပြင်ကျယ်ကြီးထဲဝယ် တက်မကိုင်သူ ဧည့်သမားက လေ့လော့မြဲလော့၏။ ပိုက်ချသူများက လေပြင်းကိုအန်တုကာ ငါးဖမ်းပိုက်များ ရေထဲသို့မျှောချနေကြပါ၏။

ကုလား၏ မီးဖိုခန်းမှ အကြော်အလော်ရန်များ ဦးသိုက်စိုးနှင့်သက်ထွန်းဝင်းတို့၏နှာဝကို ကလူကျီစယ်နေကြ၏။ ပြာမလော့မြစ်ပြင်တစ်လွှားမှငါးဖမ်းလှေများအသွားအလာမပျက်ကြပေ။မုန်တိုင်းသည် ပို့မိုအားကောင်းလာကာ မိုးသားတိမ်စိုင်ခဲကြီးများ အလိပ်လိုက်အလိပ်လိုက်လိုမ့်တက်နေကြသည်။ ပင်လယ်လှိုင်းလုံးကြီးများ ကြီးသည်ထက်ကြီးလာကာ လျင်မြန်စွာ ရွေ့လျားကြကုန်၏။

ပေါင်လုံးခန့်ရှိ သမဲ့ကိုင်းကြီး လေထဲ၌ဝဲကျလာကာ JICA ခေါင်မိုးကို ထိုးဖောက်လိုက်၏။

"ဝုန်း"

"အမယ်လေး"

"ဘုရား ဘုရား ဘုရား"

သူတို့အားလုံး ခေါင်မိုးပေါ်ပြိုင်တူကြည့်မိ၏။ သမဲ့ကိုင်းကျိုးထိုး၍ JICA ခေါင်မိုးပေါက်ကမြားတန်းများကျိုးကုန်၏။ ပင်လယ်ဆားငန်ရည်များတက်လာကာ ကွက်ကွက်လေးတစ်ရွာလုံး ဆားငန်ရည်များ ပြည့်လျှံတက်လာ၏။ ခြေစုံမြုပ်မှသည် ဒူးဆစ်၊ ဒူးဆစ်မှသည် ရင်စို့သို့ ဒီရေမျှားမြင့်တက်လာနေသည်။ ဒန်အိုးများ၊ ဒယ်အိုးများ ဒီရေနှင့်အတူမျောပါကုန်၏။

လူအများ တုန်လှုပ်စပြုလာခဲ့ပြီ။

ယခင်က ရွာသားတို့ကြုံတွေ့ခဲ့ဖူးသောမုန်တိုင်းမျိုးနှင့် လားလားမျှမဆိုင်ပါတကား။ ရွာထဲမှ လူအချို့ တွယ်ရာမဲ့ကာ လှိုင်းလုံးကြီးများနှင့်ပါသွား၏။ ကုန်းမြေဟူ၍ မရှိတော့ချေ။ကွက်ကွက်လေးတစ်ရွာလုံး ဒီရေများဖုံးလွှမ်းသွားကာ ရွာပျောက်သွားလေပြီတည်း။ အချို့သောသစ်ပင်ကြီး၊ အုန်းပင်တို့ပေါ် သို့တက်ကာ ဖက်တွယ်ထားကြကုန်၏။

ဒီရေတက်ခါစက တိုက်ထဲမှ ဝန်ထမ်းများ ထုပ်တန်းများပေါ် တက်ရောက်နေရာယူနိုင်သေး၏။ သူတို့ပိုင် အထုပ်အပိုး၊ အိပ်ရာလိပ်ပစ္စည်းများရေထဲမျောပါလျက် သူတို့ကိုစွန့်ခွာသွားကြလေပြီ။

သက်ထွန်းဝင်းသည် ထုပ်တန်းကို ကိုင်ထားရင်း လက်အံသေလာခဲ့၏။ သူသည် ပြတင်းပေါက်ပေါ်ပေါ် သို့တက်၍ မတ်တတ်ရပ်လိုက်၏။ မိုးသီးမိုးပေါက်များက သူ၏မျက်နှာပြင်ကို ပြင်းစွာရိုက်၏။ မျက်နှာတစ်ပြင်လုံးစပ်ဖျဉ်းဖျဉ်းခံစားနေရ၏။ သူ၏ ညာဘက်လက်မှာ တံခါးရွက်လေပြင်းတိုက်ခတ်မှုကြောင့် တံခါးပေါင်နှင့်ညှပ်မိတော့၏။ သူ၏ လက်မကွဲလေသည်။ အသည်းခိုက်မျှ နာကျင်ခံစားရရှာသည်။

ဒီရေလှိုင်းလုံးကြီးများက တစ်ရွာလုံးကို မင်းမူလိုက်ပြီ ဖြစ်သည်။

■

အချိန်ကား ညနေစောင်းဟုခန့်မှန်းရသည်။

မုန်တိုင်း၏အရှိန်ပြင်းထန်လေရကား အမြစ်ကျွတ်ထွက်ဆွားသောအပင်ကြီးများ၊ သစ်ကိုင်းကျိုးကြီးများ၊ အုန်းလက်များ ဝေဟင်ယံမှာ မြင်မကောင်းအောင် ရှုပ်ထွေးကုန်၏။ သေဘေးကိုကြောက်ရွံ့ကြကုန်သောလူသားတို့အဖို့ ကယ်ပါယူပါတစာစာဖြင့် အော်ဟစ်ကြကာ ငရဲပျက်သည့်အလား ပွက်လောရိုက်ဆူညံနေကြပါတော့သည်။ ကွက်ကွက်လေးရွာနှင့် တစ်ဖက်ကမ်းရှိ ငပတ်ပုံကုန်းရွာတို့သည် ဒီရေလှိုင်းလုံးကြီးများအောက်မှာ

www.burmeseclassic.com

www.burmeseclassic.com

လုံးဝပျောက်ကွယ်လေပြီတည်း။

သက်ထွန်းဝင်းသည် သူဆွဲခိုထားသောသမဲ့ကိုင်းမှာ လေပြင်းတိုက်ခတ်မှုကြောင့် လက်မှလွတ်ကာ ရေနက်ထဲသို့ စုံးစုံးမြုပ်သွားသည်။ သူ၏ စိတ်ထဲမှာ သတိတစ်ချက်ဝင်လာသည်။ 'ငါ့မှာသား နဲ့သမီးရှိသေးတယ်၊ ငါသေလို့မဖြစ်ဘူး' ဟုတွေးမိသည်။ ရေနက်ထဲသို့ တစ်ဟုန်ထိုးကျလာသောခြေထောက် မြေကြီးနှင့် ထိသည်နှင့် အားတင်းကာ မြေကြီးကို အားကုန်ကန်ထုတ်လိုက်ပါ၏။

မြေကြီးကို အရှိန်ပြင်းပြင်းကန်အားကြောင့် သူ၏ခန္ဓာကိုယ်သည် ရေမျက်နှာပြင်ပေါ် သို့ တစ်ရှိန်ထိုးပေါ်လာ၏။ နီးရာသမဲ့ကိုင်းကိုဖမ်းဆွဲလိုက်နိုင်ပါ၏။ ရေပေါ် သို့ပေါ်လာသော သူ၏ဦးခေါင်းကို မိုးသီးမိုးပေါက်ကြီးများက ဖြိုးဖြိုးဖျောင်းဖျောင်းရိုက်၏။ ခန္ဓာကိုယ်အောက်ပိုင်း ရေထဲတွင် သူ၏ပုဆိုးကွင်းလုံးကျွတ်လေ၏။ ပုဆိုးက ခြေထောက်နှစ်ချောင်းကို ရစ်ပတ်နေတော့သည်။ သူ၏ ခြေထောက်များကိုချွတ်ထားသကဲ့သို့ဖြစ်နေ၍ ဒီအချိန်မှာ ဘာကိုမှမစဉ်းစားနိုင်တော့ပါ။ ပုဆိုးကို လွတ်ရာကျွတ်ရာသို့ ခါထုတ်ရပါတော့သည်။

လောကတစ်ခွင်လုံး မှောင်မည်းနေသည်မှာ မိုးအမှောင်ကြောင့်လား၊ ညအမှောင်ကြောင့်လား ခွဲခြားမရနိုင်တော့။

မုန်တိုင်းလေပြင်းက သူကိုင်ထားသော သမဲ့ကိုင်းကိုပြင်းထန်စွာလှုပ်ခါနေပါ၏။ မုန်တိုင်းတိုက်ခတ်သံကြီးသည် ဘီလူးကြီးတစ်ကောင်၏အသံနက်ကြီးဖြင့် စူးစူးရှရှအော်တစ်နေသည့်ပုံနှယ်။

မိုးသီးမိုးပေါက်ကြီးများကလည်း သူ့ကိုနှိပ်စက်နေပါ၏။ လှုပ်ခါယမ်းနေသော သမဲ့ကိုင်းကိုလည်း လွတ်မသွားအောင်ကိုင်ထားရသည်မှာ နာကျင်ခံခက်လှပါသည်။ ကျောပြင်တစ်လျှောက်ကလာသောမိုးစက်များကား မြားအစင်းတစ်ရာဖြင့်ပစ်ခတ်နေသည့်နှယ် ရှောင်လွှဲ၍မရသောဒုက္ခကြီးဖြင့် ရင်ဆိုင်နေရသည်။ ဤမျှနှင့်မပြီးသေးပါ။ ဒီရေလှိုင်းလုံးကြီးနှင့်ပါလာသည့်အုန်းသီးတစ်လုံးက သူ၏ကျောပြင်ကို ပြေးဆောင့်တော့သည်။

"အွန့်..."

သူသည် အသံတစ်ချက်ထွက်ကာ အသက်ရှူများသွားရရှာ၏။ သမဲ့ကိုင်းကို သတိထားကိုင်ရင်း သတိလစ်ချင်သလိုဖြစ်နေ၏။ မလျှော့သောဇွဲလုံ့လကြောင့် သက်ထွန်းဝင်းသတိမလစ်ခဲ့ပါ။ သားနှင့် သမီးကိုသတိရကာ အားတင်းရပြန်၏။

'အဖေပြန်လာခဲ့မယ် သားနဲ့သမီး အဖေ ကျိန်းသေပေါက်ပြန်လာမယ်'

သက်ထွန်းဝင်းအာရုံထဲမှာ သားနှင့် သမီးကိုသာ သတိရလျက်ရှိသည်။ ထို့ကြောင့်လည်း သူသည် သတိမလစ်ချင်ဖြစ်တန်ရာ၏။ ကြောက်ခမန်းလိလိ အသံကြီးများကို နားကွဲလုမတတ်ခံစားရင်း ကယ်တင်ပေးမည့်သူကို မျှော်လင့်စောင့်စားမိပါ၏။ သူကိုကယ်မည့်သူပေါ်လာလေမလား။

'ငါသေလို့မဖြစ်ဘူး၊ ငါသေလို့မဖြစ်ဘူး'

သူသည် မုန်တိုင်းဒဏ်ကိုကြံ့ကြံ့ခံရှာ၏။ သမဲ့ကိုင်းကိုလည်း လွတ်မသွားအောင် သူ၏လက်အရေပြားစုတ်ပြတ်သည့်တိုင်မလွှတ်တော့။ မိုးသက်မုန်တိုင်းကြားထဲမှာ ဟိုအဝေးကိုလည်းလှမ်းမမြင်ရပါ။ အနီးဝန်းကျင်မြင်ရသလောက်သာကိုးကန်းတောင်းမှောက်ရှာနေရလေ၏။ ယောကျ်ားတို့လုံ့လသေကာမှလျှော့တော့မည်ဟု သူ၏စိတ်ကိုတင်းထား၏။

သက်ထွန်းဝင်း၏ကုသိုလ်ကံအကျိုးပေးခိုရိန်ရောက်လေပြီလား။

သူသည် ဟိုသည်ကြည့်ရင်း သူ၏မြင်ကွင်းထဲသို့ ဝါးဖောင်တစ်စီးမျောလာနေသည်ကို တွေ့လိုက်ရသည်။ ထိုဖောင်ပေါ်တွင် လူရိပ်သဏ္ဌာန်လိုလိုလည်းမြင်နေရသည်။ ဖောင်ပေါ်တွင် မည်သူတွေပါလာသည်ဖြစ်စေ အကူအညီတောင်းမှဖြစ်မည်။

"ကယ်ပါ ကယ်ကြပါဗျို့"

မိုးသက်မုန်တိုင်းကြားထဲမှ သူ၏အော်ဆံကိုမကြားနိုင်ချေ။ သမဲ့ကိုင်းကိုညာလက်ဖြင့်ကိုင်ထားရင်း ဘယ်လက်ဖြင့်ခွေယမ်းပြနေခိုက် ကံကောင်းထောက်မစွာ လှုပ်စီးတစ်ချက်လက်သွားသည်။ ထိုအခါမှ ဖောင်ပေါ်ကလူနှစ်ယောက်က သူ့ကိုမြင်သွားသည်။ ဖောင်ပေါ်မှ လူနှစ်ယောက်၏ ခန္ဓာကိုယ်တွင် ပုဆိုးများမပါရှိချေ။ ဝတ်ထားသောအင်္ကျီများလည်း စုတ်ပြတ်နေကြသည်။ သူတို့ကား လှသိန်းနှင့် ကုလားဖြစ်နေပါသည်။ သက်ထွန်းဝင်း ပို့မိုအားတက်လာ၏။

လှသိန်းနှင့်ကုလားတို့က -

"ဖောင်ပေါ်လာမလား၊ လာမလား"

"လာမယ် လာမယ်၊ ငါ့ကိုအမြန်ခေါ်ကြပါဟ မြန်မြန် မြန်မြန်"

ကုလားက ဖောင်မှဝါးတစ်လုံးကို အမြန်ဖြုတ်၏။ ဝါးဖောင်သည် သက်ထွန်းဝင်းဆွဲခိုထားသော သမဲ့ဝင်ကို ကျော်လွန်တော့မည်။ သူတို့အားလုံး စိတ်လှုပ်ရှားနေကြသည်။ ဒီတစ်ခို လှိုင်းလုံးအကျမှာ ဖောင်သည် သမဲ့ဝင်နှင့် အနီးဆုံးသို့ ကျရောက်လာသည်။ ဒီရေလှိုင်းလုံးက တဝုန်းဝုန်းကြားထဲမှ ကုလားက ဝါးလုံးကို သက်ထွန်းဝင်းထံထိုးပေးလိုက်သည်။ သို့သော် ဝါးလုံးကို သက်ထွန်းဝင်းမမီမကမ်းဖြစ်ကာ လွဲချော်ရတော့မည်။ မတတ်နိုင်တော့ပြီ။ သေမြေကြီးရင်ခွေထီးဟု စိတ်ဆုံးဖြတ်ကာ သမဲ့ကိုင်းကိုလွှတ်၊ ဝါးလုံးအဖျားကိုသာ အမိအရဆွဲကိုင်လိုက်ရပါတော့သည်။

သက်ထွန်းဝင်း ဝါးလုံးအဖျားကို ဆွဲမိသည်နှင့် -

"မြမြကိုင်ထား၊ မြမြကိုင်ထား"

ကုလားသည် သက်ထွန်းဝင်းကို သတိလည်းပေး၏။ ဝါးဖောင်ပေါ် သို့လည်း ဆွဲယူလိုက်၏။ ဤနည်းဖြင့် သက်ထွန်းဝင်း ဝါးဖောင်ပေါ် သို့ရောက်လေသည်။ လှိုင်းလေအနည်းငယ်ငြိမ်လာသည်။ မိုးမလင်းသေးပါ။ ဝါးဖောင်သည် စည်းချက်မမှန်ရွေ့လျားနေသည်။ ဝါးဖောင်ကိုသာမြဲမြံစွာကိုင်ထားရသည်။ ရွေ့လျားနေသောဝါးဖောင်သည် မည်သည့်အရပ်ဆီသို့ရွေ့နေသလဲ သူတို့မသိပါ။

ဘယ်ကိုကြည့်ကြည့် ရေပြင်ကြီးကိုသာ လှိုင်းလုံးကြီးများ ဝုန်းဒိုင်းကြဲလျက် ချောက်ချားဖွယ်မြင်နေရဆဲ။ ဝါးဖောင်သည် ကမ်းမမြင်လမ်းမမြင် မျောခွင့်ရာမျောနေ၏။ သူတို့သည် ဝါးဖောင်ခေါ်ဆောင်ရာဆီသို့သာ လိုက်ပါရချေ၏။

■

၂၀၀၈ ခုနှစ်၊ မေလ ၃ ရက်။

သူတို့သုံးယောက်လိုက်ပါလာသော ဝါးဖောင်သည် လှိုင်းအလေးများပေါ်ဝယ် တငြိမ့်ငြိမ့်မျောပါနေ၏။ ဒီရေသည် အနည်းငယ်ကျစပြုလာ၏။ သူတို့ဝါးဖောင်မျောလာရင်း တစ်ခုသောသမဲ့ဝင်ကြီးထိပ်ဖျားတွင် ဦးသိုက်စိုးကို တွေ့လိုက်ကြရသည်။ မမျှော်လင့်ဘဲတွေ့လိုက်ရသောတောအုပ်ကြီးကို -

"တောအုပ်ကြီး၊ ဖောင်ပေါ် ကိုလွှဲခဲ့"

သက်ထွန်းဝင်းက တောအုပ်ကြီးကို ဖောင်နှင့်ကယ်ရန်ရည်ရွယ်၏။ လေအနည်းငယ်ငြိမ်လာကြောင့်၎ ဦးသိုက်စိုးက လက်ခါပြမိုးသည်။ ဤကား

www.burmeseclassic.com

www.burmeseclassic.com

ဦးသိုက်စိုး၏ ဒုတိယအမှား။ ကုလား စကားနားထောင်မိခဲ့သည်က ပထမ အမှား။ ဒုတိယအမှားကား ပြင်၍မရ နိုင်ပြီ။

ဝါးဖောင်သည် ဦးသိုက်စိုးနှင့်ဝေး ရာဆီသို့ ဒီလှိုင်းနှင့်အတူမျောလာရင်း လှိုင်းလုံးကြီးများကြီးသည်ထက်ကြီးလာ ပြန်သည်။ ဝါးဖောင်သည် တောင်ကုန်း ပေါ် သို့ရောက်လာသည့်နှယ် လှိုင်းလုံး ကြီးပြန်အကျတွင် သူတို့အသက်ရှူမှားရ တော့၏။

ဒီရေလှိုင်းလုံးကြီးများ ပြန်လည် ကြီးမားလာပါပကော။

ထိုစဉ် -

"ဝေါ်. . . ဝေါ်. . . ရွှီး. . . ရွှီး"

ပြင်းထန်သောလေစိုင်ခဲကြီးများ ဝင်ရောက်လာ၏။ ထပ်မံတိုက်ခတ်လာ သောလေပြင်းများ ယမန်နေ့ကထက် ပိုမိုကြောက်စရာကောင်းတော့သည်။ နားအုံကွဲမတတ်အသံကြီးမြည်ဟိန်းသွား လေ၏။ ထန်းပင်ဖျားခန့်မြင့်မားသော ဒီရေလှိုင်းကြီး သူတို့ဝါးဖောင်လေးပေါ် ဖုံးအုပ်သွားသည်။

ဝါးဖောင်သည် မမျှော်မဖီး ရေပေါ် ပြန်ပေါ်လာ၏။ သူတို့သုံးယောက် ဝါးဖောင်ပေါ်မှာ ပြားပြားဝပ်ရှိနေကြ၏။ တိုအဝေးဆီမှာကျန်ခဲ့သော သမဲ့ပင်ကြီး ၏ထိပ်ဖျားသည်လည်း တစ်ပြိုင်တည်း ပြန်ပေါ်လာခဲ့ပါ၏။ သို့သော် သမဲ့ပင် ထိပ်ဖျားပေါ်မှာ ဦးသိုက်စိုးမရှိတော့ချေ တကား။

သက်ထွန်းဝင်းသည် ဦးသိုက်စိုး အတွက် စိတ်မကောင်းဖြစ်ရချေ၏။

လှိုင်းကြမ်းလေကြမ်းထဲမှဝါးဖောင် သည် ဒီရေတောချုံကြီးတစ်ခုနှင့်ငြိနေ တော့၏။ သူတို့ရေနှင့်အစာအာဟာရ ပြတ်နေသည်မှာ နှစ်ရက်ရှိချေပြီ။ မိမိ ကိုယ်ကိုမိမိ မထိန်းနိုင်ကြပါ။ နွမ်းရိနဲ့ ခွေလျက်ရှိပါသည်။ ဖောင်ပေါ်တွင် အလဲလဲအပြိုပြို။ သူတို့အသက်ရှင်နိုင် ပါဦးမည်လော။

တစ်ယောက်နှင့်တစ်ယောက် မအိပ် နဲ့နော်၊ မအိပ်ကြနဲ့ဟု လေသံမျှသတိပေး နိုင်ကြတော့သည်။ တစ်ယောက်နှင့် တစ်ယောက်သတိပေးရင်း သတိလစ် သလိုလို အိပ်ပျော်သလိုလိုနှင့် ခေတ္တမျှ ငြိမ်သက်သွားကြကုန်၏။သုံးယောက်စလုံး ပြန်လည်နိုးထလာပြန်သည်။ စောစော က ရုန်းရင်းဆန်ခတ်သံများ ဘယ်ဆို ရောက်ကုန်သည်မသိ ပကတိတိတ်ဆိတ် ငြိမ်သက်နေတော့၏။

တိတ်ဆိတ်ငြိမ်သက်လွန်းနေသည် က မယုံနိုင်စရာ။ သူတို့စိတ်ကယောင် ချောက်ချားဖြင့် -

"လေ. . . လေတွေဘယ်ရောက် ကုန်ပြီလဲ"

"အိပ်မက်များမက်နေတာလား"

"ငါတို့အသက်ရှင်မှရှင်ကြသေးရဲ့ လား၊ ဝိညာဉ်တွေများလား"

သက်ထွန်းဝင်း စိတ်ကူးရကာ လှ သိန်းနှင့် ကုလားတို့၏ ပါးများကို သူ၏ လက်သည်းနှင့်နာအောင်ဆိတ်လိုက်၏။

"အား - နာတယ်ကွ နာတယ်"

"ဟာ- ဒါဆို တို့မသေဘူးကွ"

"ဟ - ဖောင်ကမြေကြီးပေါ် ရောက်နေပြီပဲ"

ဝါးဖောင်သည် ဒီရေများကျသွား ပြီး မြေပြင်ပေါ်တွင်ရပ်တန့်နေသည်ကို သူတို့ ယခုမှ ကောင်းစွာသတိပြုမိကြ သည်။ ဒီရေများကျသွား၍ ဤဝဲန်းကျင် ငြိမ်သက်နေပြီကိုသိလိုက်ရတော့မှ သူတို့ အသက်ရှူချောင်ရ၏။

■

နေမင်းကြီးသည် သူတို့ဦးခေါင်း ထက်ပေါ် ရောက်နေပြီဖြစ်၍ နေမွန်း တည့်ချိန်ဖြစ်ပါ၏။ နေရောင်ကိုလည်း မြင်ရပြီဖြစ်၍ သူတို့အထူးဝမ်းမြောက် လျက်ရှိပါ၏။ သူတို့သုံးယောက် ပုဆိုး ဗလာဖြင့် ဖောင်ပေါ်မှဆင်းလိုက်ကြ၏။ အားအင်ကုန်ခမ်းနေသူတို့ မြေကြီးပေါ် သို့လဲကျကုန်၏။ အစာအာဟာရပြတ် နေကြရှာသည်။ တစ်ဦးကိုတစ်ဦးအား ပေးရင်း မတ်တတ်ရပ်ကြပြန်သည်။ လက်ချင်းခိုင်ခိုင်တွဲလိုက်ကြ၏။ အားယူ ကာ ခြေလှမ်းကြရရှာသည်။

ရွာနှင့်လည်းမနီး၊ လူသူလည်း မမြင်ရ ဘယ်ရောက်နေမှန်းလဲမသိပါ။ ခြေဦးတည့်ရာသို့သာလျှောက်လှမ်းကြ ကုန်၏။ သူတို့ရှေ့ မလှမ်းမကမ်းဆီမှ ချုံပုတ်တစ်ခုလှုပ်ရှားသွား၏။ မိန်းက လေးနှစ်ဦး ဒယီးဒယိုင်နှင့်ထွက်လာကြ သည်ကို တွေ့လိုက်ကြရ၏။ မိန်းကလေး နှစ်ဦးတွင်လည်း သူတို့နည်းတူ ထဘီပါ မလာချေ။ ခန္ဓာကိုယ်ပေါ်မှ အဝတ် အစားများ မလုံတလုံဖြင့် ညှိုးငယ်အား လျော့နေကြသည်။ သူတို့လေးတွေ၏ ခြေလှမ်းမှာ လှမ်းသည်ဆို၍မျှသာ။

ယောကျ်ားလေးနှင့်မိန်းကလေးများ တို့ အဝတ်အစားမလုံခြုံကြသော်လည်း ဖောက်ပြန်သောစိတ်လုံးဝကွယ်ပျောက် နေကြကုန်၏။ သေဘေးမှလွတ်မြောက် ရေးသည်သာ တစ်စိတ်တည်းတစ်ဝမ်း တည်းတူညီကြလေသတည်း။

ထိုအချိန်တွင် မိန်းကလေးနှစ်ဦး တို့သည် သူတို့သုံးယောက်ကိုတွေ့လိုက် ရသောကြောင့် အားတက်လာကြသည်။ သူတို့ငါးယောက် တစ်ဦးကိုတစ်ဦးလက် တွဲဖေးမခေါ်ယူကာ လမ်းပျောက်ရှာရင်း ဆက်လျှောက်ကြသည်။ သူတို့လျှောက် လာကြရင်း ဖောင်းကားနေသော လူသေ၊ ကွဲ၊ နွား၊ ဝက်အသေကောင်များက မြင်မကောင်းအောင်တွေ့လာကြရသည်။

သူတို့ ချုံတစ်ခုပေါ်တွင် ပုဆိုး တစ်ထည်ငြိနေသည်ကို ဆွဲဖြုတ်လိုက် ကြ၏။ ထက်ခြမ်းခွဲကာ မိန်းကလေးနှစ် ယောက် အရှက်လုံရုံပတ်ထားလိုက်နိုင် ကြသည်။ လူသေများအကြား၌ ဓားမ တစ်ချောင်းတွေ့၍ သက်ထွန်းဝင်း ကောက်ယူခဲ့ပါ၏။

အချို့သောအလောင်းများ၏ခန္ဓာ ကိုယ်တွင် ပုဆိုး၊ ထဘီတွေ့ရှိရပေ၏။ ရရာဝတ်ထားမှ သင့်တော်ပါမည်။ သက်ထွန်းဝင်းက ပုဆိုးအစုတ်တစ်ထည်၊ လှသိန်းက ထဘီတစ်ထည်၊ ကုလားက စကပ်တစ်ထည် အမြင်တော်သည်၊ မတော် သည်ရွေးမနေအား။ သူတို့အားလုံး အရှက်လုံခြုံသွားပါသည်။

ထိုနေရာသည် လူသေအလောင်း များတွေ့ရသော်လည်း အိမ်ဟူ၍မမြင်ရ ချေ။ အုန်းသီးတစ်ခိုင်နှင့် အုန်းသီးကြွေ အနည်းငယ်တွေ့လိုက်ရ၍ သူတို့ဝမ်းသာ ကြသည်။ သက်ထွန်းဝင်းက ပါလာသော ဓားမတိုနှင့် အုန်းသီးများကိုခွဲ၏။ အုန်း ရည်ကို အငမ်းမရသောက်ကြသည်။ အုန်းသီးဆန်များကိုလည်း အာသာငမ်း ငမ်းကိုက်ဝါးစားကြကုန်၏။ တွေ့ရှိသမျှ အုန်းသီးကုန်သွားသော်လည်း သူတို့ ဝမ်းတွင်းမှာ ပူလောင်ဆဲ။ ခံတွင်းအာသာ မပြေနိုင်ရှာကြ။

ရသမျှအင်အားများ စုစည်းကာ ကြိုးစား၍ ဆက်လျှောက်ကြပြန်သည်။ သူတို့သည် ကွင်းပြင်တစ်ခုကိုဖြတ်ကျော် ပြီးသည်နှင့် မြစ်ကမ်းစပ်တစ်ခုကို လှမ်း မြင်လိုက်ကြရသည်။ ထိုမြစ်ကမ်းစပ်တွင် မော်တော်တစ်စင်းကိုလည်းတွေ့လိုက်ရ ပြန်သေး၏။ သူတို့ကံကောင်းပါ၏။ ထို မော်တော်က ရေဘေးဒုက္ခသည်များကို လိုက်လံကယ်ဆယ်ပေးနေသော ကယ် ဆယ်ရေးမော်တော်ပါတကား။

သူတို့အားလုံးခုပျံရွှင်ကြပါကုန် ၏။

နှစ်ရက်အစာငတ်ရေငတ်အားပြတ်

www.burmeseclassic.com

www.burmeseclassic.com

မဟာနွယ်(မန်းတက္ကသိုလ်)
နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

'ကတိသစ္စာတည်သောခါ ဩဇာလေးနက် ပေါ်ဆိတက်၍ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၏'

မှန်ကန်သောသစ္စာစကား ဖြစ်ပါ၏။

ဤကမ္ဘာမြေပေါ်၌ပေါက်ရောက်သမျှသော သစ်ပင်ပန်းပင်မြက်ပင်တို့သည်ကား ဆေးဖက်ဝင်သောဆေးပင်အတိုင်းသာဖြစ်ကြပါ၏။

ယင်းဆေးပင်တို့ကို ဆိုင်ရာဆိုင်ရာရောဂါဝေဒနာတို့နှင့် အသုံးပြုတတ်ပါလျှင် ရောဂါဝေဒနာတို့မှာ ပျောက်ကင်းချမ်းသာသွားပါလိမ့်မည်။

'အာရုံနေရာ ဆေးအစာ လေးဖြာသတိပြု။ တစ်ချက်ချက်သာ မှားယွင်းပါရောဂါမပျောက်မှု' တိုင်းရင်းဆေးဆရာတို့သည် ဆေးကုသသောအခါ၌ အထက်ဖော်ပြပါ အာရုံ၊ နေရာ၊ ဆေးအစာတို့ကို သတိပြုရပါမည်။ သတိထားရမည်ဖြစ်ပါ၏။ တစ်ချက်သာမှားယွင်းမိပါက ရောဂါပျောက်ကင်းခိုက်တန်သော်လည်း မပျောက်ကင်းဘဲရှိနေတတ်၏။

၅-၆-၂၀၁၃ နေ့ နေ့လယ်တစ်နာရီခန့်အချိန်တွင် လူနာစ်ယောက် ကျွန်ုပ်ဆီသို့ရောက်ရှိလာကြ၏။

"ဆရာကြီးရှိပါသလား"

မေးလာ၏။

"ရှိပါတယ်၊ ဝင်လာခဲ့ကြပါ"

လူနာစ်ယောက်သည် ကျွန်ုပ်၏ခြံစည်းရိုးအတွင်းသို့ ဝင်ရောက်လာကြ၏။

ကျွန်ုပ်၏စားပွဲအနီးတွင်ချထားသောကုလားထိုင်ပေါ်၌ ဝင်ထိုင်ကြ၏။

"ကဲ ထိုင်ကြပါ၊ ထိုင်ကြပါ၊ ကိစ္စရှိပါသလား"

"ဟုတ်ကဲ့ပါ ဆရာကြီး။ ဦးသိန်းမောင်ရဲ့သမီးဟာ ငိုချင်ငို၊ ရယ်ချင်ရယ်၊ အကြမ်းအတမ်းဆဲဆို့ချင်ဆဲဆို ပြုလုပ်နေပါတယ်ဆရာကြီး"

ပြောလာ၏။

"စိတ်တွေမကောင်းလိုက်တာကွာ၊ သဘာဝဘေးဒဏ်ကြောက်စရာကောင်းလှချေလား။ အေးလေ - မင်းလည်း တတ်နိုင်သလောက် ငါးလွှတ်ပြီးကုသိုလ်ပြဦးကွာ"

"ဇီတဒါနရဲ့အကျိုးကျေးဇူးကြောင့် ကျွန်တော် အသက်ချမ်းသာရာရလိုက်တာပါ။ အခု ကျွန်တော့်ရဲ့အတွေ့အကြုံအများသိရလေအောင် အစ်ကိုမျှဝေပေးနော်"

"မင်းကြုံတွေ့ခဲ့ရတဲ့အကျိုးကျေးဇူးခံစားရပုံကို မဂ္ဂဇင်းကနေ အစ်ကိုတင်ပြပေးမယ်ကွာ"

"ကျေးဇူးပဲအစ်ကို"

ကျွန်ုပ်တို့သူငယ်ချင်းနှစ်ယောက်လက်ဖက်ရည်ဆိုင်ထဲမှထွက်ခဲ့သည်။ သူက ကျွန်ုပ်ကို နှုတ်ဆက်၍ သူ့ဆိုင်ကယ်ကို အခွန်လွတ်စျေးဘက်သို့ ဦးတည်ထွက်ခွာသွားပါတော့သည်။

သုခီအတ္တာနံပရိဟရန္တု

အောင်မြင့်ထွန်း(မသုံးလုံး)

(သူငယ်ချင်းသစ်တောဝန်ထမ်းတစ်ဦး၏ ၂၀၀၈ ခုနှစ် နာဂစ်အတွေ့အကြုံကို အမည်လွှဲပြောင်းပြီး တင်ပြအပ်ပါသည်။)

နေကြသော်လည်း မော်တော်ဆိုင်သူတို့ပြေးကြသည်။ မိန်းကလေးနှစ်ယောက်နှုန်းကျ၍ လဲကျကျန်နေခဲ့သဖြင့် သူတို့သုံးယောက်က ပြန်လည်တွဲခေါ်ယူရသည်။ မော်တော်က စက်နှိုးထားပြီးဖြစ်သည်။ မော်တော်ပေါ်မှ ကယ်ဆယ်ရေးများက သူတို့(၅)ယောက်ကို မြင်တွေ့သွားပြီဖြစ်၍ မော်တော်စက်ကိုသတ်လိုက်သည်။ မော်တော်ပေါ်မှလူနှစ်ယောက်ဆင်းလာပြီး သူတို့အုပ်စုကို အကူအညီပေးမှသာ မော်တော်ပေါ်သို့ ချောမောစွာ ရောက်ရှိကြကုန်၏။

"ဒီနေ့အချိန်မရှိတော့ဘူး။ကောင်းကင်ပြင်ကြီးကလည်း စိတ်မချစရာဖြစ်နေတယ်။ အခု မော်တော်က နောက်ဆုံးခေါက်ပဲ။ ခင်ဗျားတို့ကကောင်းတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

သက်ထွန်းဝင်းသည် မော်တော်သမားကို ဤတစ်ခွန်းသာပြောလိုက်နိုင်ပါ၏။ သူသည် မော်တော်ပေါ်သို့ရောက်ရှိနေပြီဖြစ်၍ သူ၏စိတ်ကိုလျှော့ချလိုက်ဟန်တူပါသည်။ သူ မော်တော်ကြမ်းပြင်သို့ လဲကျသွားလေသတည်း။

■

"မင်းအတော်တုန်လှုပ်သွားမှာပဲနော်"

"အစ်ကိုရာ- အခုပြန်ပြောပြတာတောင် ကျွန်တော့်ရင်ထဲမှာမောနေတုန်းပဲ။ ကျွန်တော်လည်းအိမ်ပြန်ရောက်ရော ဖအေကို ဖြုန်းခနဲတွေ့လိုက်ရတော့ သားနဲ့သမီး အလွန်အမင်းအံ့သြဝမ်းသာသွားကြပြီး ကျွန်တော့်ကိုဖက်ငိုလိုက်ကြတာ ကျွန်တော့်ကိုမလွှတ်ကြတော့ဘူး။ ကွကွလေးတစ်ရွာလုံးပျောက်သွားတဲ့သတင်း သူတို့ကြားတဲ့နေ့ကစပြီး နေ့စဉ်ငိုနေကြတော့တာ။

ကျွန်တော့်စိတ်တွေတစ်လုံလောက်ကြောင်နေတယ်။ နားထဲမှာ မုန်တိုင်းတိုက်သံကြီးကို ကြောက်ခမန်းလိလိကြီးနေတုန်းပဲ။ အိမ်အလုံးလိုက် လေထဲမှာလွင့်နေတာတွေ၊ သစ်ကိုင်းတွေလေထဲမှာ ဝရုန်းသုန်းကားလွင့်နေတာ၊ မုန်တိုင်းမိုးစက်တွေ ပြင်းပြင်းထန်ထန်ရိုက်ခတ်နေတာ၊ လမ်းမှာတွေ့ခဲ့ရတဲ့ တိရစ္ဆာန်နဲ့လူအသေကောင်တွေလည်း မျက်စိထဲကမပျောက်တော့ဘူး။ ကျွန်တော်ဆာလည်းမဆာ၊ အစားလည်းမစားနိုင်။ ဩော် - ဒီလိုဘဝမျိုး နောက်ထပ် ဘယ်သူမှလည်းမကြုံကြပါစေနဲ့။ ကိုယ်တိုင်လည်းမကြုံရပါစေနဲ့လို့ ဆုတောင်းနေမိတော့တယ် အစ်ကိုရာ"

"ဒါနဲ့ တောအုပ်ကြီးကိုပြန်တွေ့ရသေးလား"

"တောအုပ်ကြီးက လှိုင်းနဲ့အတူပါသွားတာ အလောင်းရှာမရတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုဖြစ်တာ ဘယ်လောက်ကြာပါပြီလဲ"

"သုံးလခန့်လောက် ကြာပါပြီ ဆရာကြီး"

"သုံးလခန့်တောင်ရှိတယ်ဆိုတော့ အတော်ကြာပြီပေါ့။ ဆေးမကုသဘူးလား"

"ဆေးကုသပါတယ် ဆရာကြီး။ ထိုးဆေး၊ စားဆေး၊ လိမ်းဆေး၊ ဗိန္ဓေတိုင်းရင်းဆေး နတ်ကောင်းမတို့နဲ့လည်း ကုသခဲ့ပါတယ်။ ထူးခြားမှုမရှိပါဘူး။ ကျွန်တော့်သမီးလေးကိုကယ်ပါဦး ဆရာကြီး"

မျက်ရည်လည်လည်နှင့် ပြောနေရှာပါ၏။

လူနာကိုအပ်နေသူမှာ မရမာကြီး အမျိုးသားဖြစ်၏။

မရမာကြီးတို့သည် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်လာကြသောလူမျိုးတို့ ဖြစ်ကြ၏။ စုန်း၊ နတ်၊ တစ္ဆေ၊ မြေဖုတ်တို့ ရှိသည်ဟုလည်း ယုံကြည်ကြ၏။ ယင်းကြောင့်လည်း စုန်းနတ်ကိုင်သည်အထင်နှင့် နတ်ကောင်းမတို့နှင့်နှင်ကြ၏။ မှော်ဆရာတို့နှင့်ခွါတ်ကြ၏။ သို့သော် လူနာမှာ ကောင်းလာသည်မရှိသဖြင့် ကျွန်ုပ်ထံသို့ လာရောက် အကူအညီတောင်းလာကြခြင်း ဖြစ်ပါ၏။

"ဆရာကြီး ကျွန်တော်တို့နဲ့တစ်ပါတည်းလိုက်စေချင်ပါတယ်။ တောင်းပန်ပါတယ် ဆရာကြီး"

ကျွန်ုပ်ထံသို့ အားကိုးတကြီးလာရောက်ကြသောသူကို လူမျိုးမရွေး၊ ဘာသာမရွေး လိုက်လံ စောင့်ရှောက် ဆေးကုသပေးခြင်းကို ပြုလုပ်နေပါ၏။

ကျွန်ုပ်သည် ဆေးဆရာလာပင့်သူနှင့်အတူ တစ်ပါတည်းလိုက်ပါလာ၏။ နှစ်နာရီခန့်အကြာမှာ လူနာနေအိမ်သို့ ရောက်ရှိလာကြ၏။

ကျွန်ုပ် ရောက်ရှိသွားသောအခါ လူနာမှာ ဟက်ဟက်ပက်ပက်ရယ်မောနေ၏။ တစ်ခဏတစ်ချက်မှာ ရယ်နေရာမှ ဝမ်းနည်းကြေကွဲလာကာ ငိုလာပါ၏။ ဤသို့ ရယ်လိုက်ငိုလိုက်လက္ခဏာတို့ကို ရှေးဦးစွာ ဆေးဆရာတစ်ဦးအနေဖြင့် ဝေဖန်ဆန်းစစ်လေ့လာရ၏။ တိကျမှန်ကန်စွာစမ်းသပ်ရ၏။ အပြင် ဗဟိဒ္ဓကကြည့်မည်ဆိုလျှင် စုန်း၊ နတ်၊ တစ္ဆေ ဖမ်းစားထားသည်နှင့်တူနေပါ၏။

လူနာ၏ကိုယ်ခန္ဓာ၌ဓာတ်သဘောတရားတို့၏ အလွန်အယုတ်တို့ကိုပါဆင်ခြင်စဉ်းစားဝေဖန်ကာ ဆုံးဖြတ်ချက်ချမှတ်ရ၏။ ဆေးချက်တို့ကိုလည်းချမှတ်ရပါ၏။

လူနာ၏ ခန္ဓာကိုယ်၌ တေဇော၊ ဝါယောဓာတ်တို့က လွန်ကဲနေပါ၏။ ပထဝီ၊ အာပေါဓာတ်တို့က ယုတ်လျော့နေသည်ကိုတွေ့ရ၏။

လူနာသည် ညဉ့်အချိန်၌မအိပ်ပါ။ စကားပြောကာရယ်မောနေ၏။ တစ်ချိန်တစ်ချိန်မှာ ငိုကြွေးလာ၏။ အစားပျက်၏။ အသားအရောကား ညိုပြာမည်းနက်နေ၏။ ပိန်ခဲ့၏။ ပိန်ခြောက်၏။ လစဉ်ဖူးပွင့်နေကြဖြစ်သော ဓမ္မတာပန်းသည်လည်းမပွင့်။ ညိုးနွမ်းခန်းခြောက်နေ၏။ အမျိုးသမီးများ၌ ဓမ္မတာသည်လည်း အဓိကနေရာ၌ပါဝင်နေ၏။

နှလုံးကား ငြိမ်သက်မှုမရှိ၍ ဟိုဟို ဒီဒီသွားလာလှုပ်ရှားများနေပါသည်။ တစ်နေရာတည်းမှာ (၁၀) မိနစ်ခန့် ငြိမ်သက်စွာနေထိုင်၍မရဖြစ်နေပါ၏။

ဆေးကုသနည်းများ

ကျွန်ုပ်သည် ထိုလူနာအား ပထမတွင် နှလုံးငြိမ်သွေးဆေး၌ စပါးကြီးသည်းခြေ၊ ကြံသွေး၊ ကုံကုမံ၊ ကျောက်သွေးတို့ကိုကဲ၍ တိုက်ပေးလိုက်၏။

လူနာသည် နှလုံးငြိမ်သက်၍ ညဉ့်အချိန်တွင် အိပ်စက်လာ၏။ နေ့အချိန်တွင် အခိုးပွင့်စေသော နံ့သာဖြူ၊ တောင်တန်ကတိုး၊ နန္ဒင်းနှင့်သွေးဆေးတို့ကိုရောစပ်ပြီး လိမ်းပေး၏။

ရေမချိုးမီ လက်ဖဝါးခြေဖဝါးတို့ကို အိမ်သုံးဆားနှင့် တိုက်ချွတ်စေ၏။ ရေနွေးနှင့်ရေချိုးစေ၏။ ရေချိုးပြီးပါက အဝတ်ခြောက်နှင့်ခန္ဓာကိုယ်တစ်ခုလုံးကိုခြောက်သွေ့သွားအောင်တိုက်ပေးစေ၏။

အမျိုးသမီးများမှာ ဓမ္မတာမမှန်ရောဂါအဖြစ်များလာလေတော့ နတ်လိုလိုစုန်းလိုလိုဖြစ်လာတတ်ပါ၏။ ဤအရာသည်လည်း တိုင်းရင်းဆေးဆရာတို့က သတိချပ်ရမည့်အချက်ပင်ဖြစ်ပါ၏။

ယင်းသို့ ဆက်လက် ဆေးကုသလိုက်ရာ (၅)ရက်ခန့်အကြာတွင် ဓမ္မတာပန်းလည်းပွင့်လာ၏။ လူနာအမျိုးသမီးသည်လည်း ယခင်ကနှင့်မတူဘဲ လုံးကောင်းပကတိဖြစ်လာပါ၏။ ဤနည်းသည် ဆရာကိုယ်တိုင် လက်တွေ့ကုသသောနည်းဖြစ်ပါ၏။

■ **နလုံးငြိမ်အားတိုးဆေး**

ဂေါဒန်၊ နွယ်ချို၊ ကုံကုမံ၊ ကျောက်သွေး၊ ငှက်သိုက်၊ ငါးကြီးအန်ဖတ်၊ ကြံသွေး၊ ဆတ်ချိုရွ၊ ကောလိသိန်(ဂျင်ဆင်း)(ဆေးများတစ်ကျပ်သားစီ)။ နံ့သာနီ၊ နံ့သာဖြူ၊ စံပယ်ပွင့်၊ ကံ့ကော်ဝတ်ဆံ(တစ်မတ်သားစီ)။ ကတိုး တစ်ပဲသားထည့်ပေးပါ။

■ **ပြုလုပ်နည်း**

ဆေးတို့ကို သံဆုံတွင်ထောင်း၍ အမှုန့်ပြုပါ။ လေလုံသောပုလင်း၌ထည့်၍ သိမ်းဆည်းထားပါ။

■ **ဆေးဂုဏ်သတ္တိ**

ပျောက်ကင်းနိုင်သောရောဂါများမှာ သွေးအားနည်းသူ၊ မောပန်းလွယ်သူ၊ ဒူလာဝမ်း၊ သွေးဝမ်းကျခြင်း၊ သလိပ်ပုပ်သွေးအန်ခြင်း၊ ချောင်းဆိုးသွေးပါခြင်း၊ ဝမ်းမီးညှဉ်သူများ၊ သလိပ်နာ၊ မြင်းသရိုက်နာ၊ အားအင်ချည့်နဲ့ကုန်ခန်းနာ၊ လေနာ၊ သွေးနာ၊ ခရုသင်းနာဖြစ်ခြင်း၊ သွေးရူးခြင်း၊ လေရူးခြင်း၊ ရာသီပန်းမပွင့်ခြင်း၊ အမျိုးသမီးများမှာ မြစ်ခြောက်နာဖြစ်ခြင်း၊ မောပန်းခြင်း၊ ရင်ပူခြင်း၊ ရင်တုန်ခြင်း၊ နှလုံးတုန်ခြင်း၊ အိပ်မပျော်ခြင်းတို့ကို ပျောက်ကင်းစေပါသည်။

■ **ဆေးသုံးဆောင်ရန်အတိုင်းအဆ**

လူကြီးတစ်ခါစား နှစ်ရွေးမှသုံးရွေးသားအထိ တစ်နေ့ (၂) ကြိမ်သုံးဆောင်နိုင်ပါသည်။

အထက်ဖော်ပြပါဆေးကို လိမ်းဆေးတို့၌လည်း ထည့်သွင်းအသုံးပြုနိုင်ပါ၏။

"ဆရာကြီး၊ ကျွန်တော့်သမီးမှာ ရောဂါပျောက်ကင်းသွားပါပြီ။ အထူးကျေးဇူးတင်ပါတယ်ဆရာကြီး"

မရမာကြီးက ကျေးဇူးတင်စကားပြောလာ၏။

တိုင်းရင်းသားဆေးပညာဗဟုသုတတိုးပွားနိုင်ကြပါစေ။

ခန္ဓာကိုယ်ကျန်းမာ၍ စိတ်ချမ်းသာပြီး လိမ္မာငဆန္ဒပြည့်ဝကြပါစေ။

တိုင်းရင်းဆေးပညာကို သေရွာသူ့မယူလိုပါ။

တိုင်းရင်းဆေးပညာအပေါ်မှာ
သစ္စာရှိစွာဖြင့်

မဟာနွယ်(မန်းတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com



စံ-ကေတု

မြတ်ဗုဒ္ဓ၏အသံတော်



ပုဒ္ဓဘာသာဝင်တို့အထွတ်အမြတ်ထားကာ ကိုးကွယ်ဆည်းကပ်လျက်ရှိကြသည့် အတုမရှိသော အကျင့်သီလ၊ အတူမရှိသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သတ္တဥုတရွှေဘုကဏ္ဍာတော်မြတ်ဖြင့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအနန္တတို့ကို ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရန် အမှန်လမ်းဖြစ်သည့် မဂ္ဂင်မဟင်္ဂါဝဒါနည်းလမ်းဖြင့် လေးဆယ့်ငါးနှစ်တာကာလပတ်လုံး နိဗ္ဗာန်ရောက်ကြောင်းတရားတို့ကို ဟောဖော်ခွေချွတ်တော်မူခဲ့ပေသည်။ ခန္ဓပရိနိဗ္ဗာန်ပြုပြီးသော်လည်း မြတ်ဗုဒ္ဓ၏ သာသနာတော်တည်နေတော်မူဆဲဖြစ်သည့်အလျောက် ကျင့်ကြံအားထုတ်သူတိုင်း အခါမလင့် အကျိုးပေးသည့် ဝိပဿနာတရားတော်သည်လည်း ကျွန်ုပ်တို့မြန်မာနိုင်ငံ၌ ထင်ရှားဝင့်ကြွားစွာ ထွန်းကားလျက်ရှိနေပေသည်။

မြတ်ဗုဒ္ဓ၏အသံတော်ကို ရည်မှန်းပူဇော်ရင်း ဝိပဿနာဉာဏ်သွင်းလျက် နိဗ္ဗာန်သို့မျက်မှောက်ပြုနိုင်သွားပုံဝတ္ထုကြောင်းအား ကြည်ညိုသဒ္ဓါပွားနိုင်ရန် စာင်ပြလိုပေသည်။

■ ဗုဒ္ဓဝင်အကျဉ်း

ကျွန်ုပ်တို့၏ဤကမ္ဘာမှ နောက်ပြန်၍ရေတွက်သော် လေးသခြေ့နှင့်ကမ္ဘာတစ်သိန်းထက်၌ ဂေါတမဘုရားရှင် အလောင်းအလျာ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်ထံမှောက်မှ 'လေးသခြေ့နှင့်ကမ္ဘာတစ်သိန်းထက်၌ လူသုံးပါးဝယ် ဘုရားစင်စစ်ဓကန့်ဖြစ်လိမ့်မည်' ဟူ၍ နိယတဗျာဒိတ်ကို ရရှိတော်မူခဲ့ပေသည်။

သုမေဓာရှင်ရသေ့တဝမ့ လေးသခြေ့နှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး ဘုရားအလောင်းတော်ကြီးများ၏အလုပ်၊ ဘုရားအလောင်းတော်ကြီးများ၏ဥစ္စာဟုဆိုအပ်သည့် ဒါနပါရမီ၊ သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာနပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ ဟူသော ပါရမီတော်ဆယ်ပါးကို ကြွေကျင့်ဆည်းပူးတော်မူလေသည်။

ပါရမီတော်ဆယ်ပါးဖြည့်ကျင့်ပြီးသွားသော် ဘုရားအလောင်းတော်များ

www.burmeseclassic.com

www.burmeseclassic.com

သက်တော်ရှစ်ဆယ်အရွယ် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်အင်္ဂါနေ့ မိုးသောက်ယံ၌ မလွှာတိုင်းကုသိနာရုံပြည် အင်ကြင်းဥယျာဉ်အတွင်း ရှိ အင်ကြင်းပျိုတို့အကြားတွင် မြောက်အရပ်ကို ဦးခေါင်းတော်မူလျက် ပရိနိဗ္ဗာန်စံတော်မူလေသည်။

■ မြတ်ဗုဒ္ဓ၏ အံ့ဖွယ်တော် (၁၈)ပါး

၁။ ဝတ်ရုံတော်မူသောသင်္ကန်းတော်သည် ဖွပ်ဆိုးရခြင်း၊ နွမ်းနယ်ခြင်း ဟူ၍မရှိခြင်း။

၂။ ဆံတော်သည် တောထွက်တော်မူသောအခါ၌ ဖြတ်တော်မူသည်မှကြွင်းသည့် လက်လေးသစ်မျှ ပမာဏသည် ပရိနိဗ္ဗာန်ဝင်စံသည် အထိတည်နေခြင်း။

၃။ ဆောင်တော်မူသောပရိက္ခရာတို့သည် ကိုယ်တော်နှင့်မထီဘဲ လက်လေးသစ်ခန့်ခြား၍တည်နေခြင်း။

၄။ သပိတ်တော်ကိုဆေးလျှင် လက်တော်စင်၍ လက်တော်ကိုဆေးလျှင် သပိတ်တော်စင်ခြင်း။

၅။ မုန်ညင်းဆန်အခွံတွင်းသို့ပင်ဝင်တော်မူနိုင်ခြင်း။

၆။ ခြောက်ပါးသော်ရောင်ခြည်တော်တို့ကိုလွှတ်က အရပ် (၁၀)မျက်နှာ၌ တည်ခြင်း။

၇။ နိမ္မိတကိုယ်ပွားတော် သိန်းသန်းမကဖန်ဆင်း၍ သတ္တဝါတို့အလိုကိုလိုက်ပြီး ချွတ်တော်မူနိုင်ခြင်း။

၈။ ခေတ်သုံးပါးတို့တွင် အလင်းအတိ၊ အမှောင်အတိဖြစ်အောင် ဖန်ဆင်းတော်မူနိုင်ခြင်း။

၉။ ကိုယ်တော်ကို လဝန်းကဲ့သို့ အထက်ကောင်းကင်၌ ထားတော်မူနိုင်ခြင်း။

၁၀။ ဟောကြားသော တရားတော်ကို ပရိသတ်လေးပါးတို့ မယုတ်မလွန်ကြားနိုင်ခြင်း။

၁၁။ သတ္တဝါတို့၏စိတ်အလိုကိုသိတော်မူနိုင်ခြင်း။

၁၂။ ကျွတ်ထိုက်၊ မကျွတ်ထိုက်သော သတ္တဝါတို့ကို သိတော်မူနိုင်ခြင်း။

၁၃။ သတ္တဝါတို့၏ ကွန်ရွေ့ နှုံ၊ ရင့်ကျက်သိတော်မူနိုင်ခြင်း။

၁၄။ သဒ္ဓါရတို့ကို သိထောင်မူနိုင်ခြင်း။

၁၅။ ဝိကာရရုပ်ငါးခုကို သိတော်မူနိုင်ခြင်း။

၁၆။ လက္ခဏာရုပ်လေးခုကို သိထောင်မူနိုင်ခြင်း။

စံမြန်းရာ တုသိတာနတ်နန်း၌ သေတကေတုအမည်ဖြင့် နတ်သားဘဝနှင့် နှစ်ပေါင်းလေးထောင်ကြာမြင့်အောင် နတ်စည်းစိမ်ခံစားရင်း ဘုရားဖြစ်ခိုန်ကို စောင့်စားတော်မူသည်။ စကြဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာအပေါင်းတို့က ဘုရားဖြစ်ခိုန်တန်ပါပြီ၊ လူပြည်သို့ဆင်း၍ ဘုရားဖြစ်တော်မူပါဟု ဘုရားအလောင်းတော်ကိုတောင်းပန်ကြသဖြင့် မဟာသက္ကရာဇ် ၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကြာသပတေးနေ့ မိုးသောက်ယံကာလ၌ မယ်တော်သိရိမဟာမာယာဒေဝီမိဖုရားကြီး၏ဝမ်းကြာတိုက်၌ပဋိသန္ဓေနေတော်မူသည်။

ပဋိသန္ဓေကာလ (၁၀) လပြည့်သည့် မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့၌ ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်၏အကြားရှိ လုမ္ဗိနီသာမောအင်ကြင်းတော၌ မယ်တော်မာယာဝမ်းတိုက်မှ မီးရှူးသန့်စင်ဖွားမြင်တော်မူသည်။ သိဒ္ဓတ္ထဟု အမည်ရ၏။ အလောင်းတော်မင်းသား သက်တော်တစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်သော် ယသော်ဓရာမင်းသမီးနှင့် ထိမ်းမြားလက်ထပ်၍ မင်းစည်းစိမ်ကိုခံစားတော်မူသည်။ သက်တော် (၂၉) နှစ်အရွယ်၌ သူအိ၊ သူနာ၊ သူသေ၊ ရဟန်း အစရှိသည့် နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး သံဝေဂရတော်မူသည်။

မဟာသက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့ တနင်္လာနေ့ ညဉ့်သန်းခေါင်ယံဝယ် ဖွားမြင်ပြီး သားတော်ရာဟုလာမင်းသားနှင့် ယသော်ဓရာမင်းသမီးတို့ကို သံယောဇဉ်ဖြတ်ကာ မင်းစည်းစိမ်အားစွန့်လွှတ်၍ တောထွက်တော်မူသည်။ ဖွားဖက်တော် ဆန္နအမတ်နှင့်အတူ ကဏ္ဍကမြင်းတော်ကိုစီးပြီး အနော်မာမြစ်ကမ်းပါးသို့ ထွက်ခွာရောက်ရှိသော် သောင်ယံ၌ ဆံတော်ကို ကိုယ်တော်တိုင် ပယ်ဖြတ်တော်မူ၏။ ယဉ်ကာရပြဟ္မာကြီး ကပ်လှူသည့် ပရိက္ခရာရှစ်ပါးဖြင့် ရဟန်းပြုတော်မူလေသည်။

ဘုရားအလောင်းတော်သည် ဥရုဝေလတောအုပ်၌ (၆) နှစ်တာကာလ ပတ်လုံး ဒုက္ကရစရိယာကို ကျင့်တော်မူ၏။ အဇပါလညောဓပင်ရင်း၌ သူဌေးသမီးသုဇာတာ၏ နို့ဃနာဆွမ်းကိုအလှူခံဘုဉ်းပေးပြီး မဟာဗောဓိပင်သို့ ကြွတော်မူသည်။ လမ်းခရီး၌ သုဒ္ဓိယဝေစမြက်ထမ်းသမား (မြက်ရိတ်လုလင်) လှူဒါန်းသည့်မြက်ရှစ်ဆုပ်ကို အလှူခံတော်မူပြီး မဟာဗောဓိပင်ရင်း၌ ယင်းမြက်ရှစ်ဆုပ်ကိုဖြန့်ကြလိုက်သောအခါ အပရာဇိတပလ္လင်ခြေဖြစ်ထွန်းပေါ် ပေါက်လာသည်။ ထိုမလွန်ထက်၌ ဘုရားအလောင်းတော်သည် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီးသော် ဘုရားစင်စစ် ဧကန်မဖြစ်သမျှ ငါမထတော့ဟု စိတ်ပိုင်းဖြတ်လျက် တရားရှုမှတ်တော်မူသည်။

ထိုနေ့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ နေမင်းမိအချိန်ကလေးတွင် မာရ်နတ်ကိုအောင်မြင်တော်မူပြီးနောက် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ဉာဏ်ဖြင့်ဆင်ခြင်တော်မူပြီး အာနာပါနစတုတ္ထစျာန်ကို ရတော်မူလေသည်။ ထို့မှတစ်ဆင့် ဝိပဿနာပွားများရာ အရဟတ္တမဂ်ဖြင့် ကိလေသာမှန်သမျှ မြူမှုန်မျှမကျန်အောင်ကင်းစင်စေပြီးလျှင် အာသဝေါတရားလေးပါးတို့၏ကုန်ခြင်းကိုပြုတတ်သော အာသဝက္ခယဉာဏ်ကိုရတော်မူ၏။ သက်တော် (၃၅) နှစ်အရွယ် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ မိုးသောက်ယံဝယ် လောကသုံးပါးတွင် အတုမရှိသော သဗ္ဗညုဘုရားအဖြစ်သို့ ရောက်ရှိတော်မူသည်။

သဗ္ဗညုတရွေဉာဏ်တော်ရရှိတော်မူ၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူကာ ပဋိသမ္ဘိဒါဉာဏ်တော်လေးပါး၊ အာသာရာဏာဉာဏ်တော်ခြောက်ပါး၊ ဗုဒ္ဓဉာဏ်တော်တစ်ဆယ့်လေးပါး၊ အာဝေဏိကဂုဏ်တော်တစ်ဆယ့်ရှစ်ပါးတို့ကိုရရှိတော်မူပေသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ နေအဝင် လအထွက် ဆည်းဆာအချိန် ဣသိပတန မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးနှင့် စကြဝဠာတိုက်တစ်သောင်းမှ နတ်ပြဟ္မာအပေါင်းတို့အား တရားဦးဓမ္မစကြာဒေသနာတော်ကို ဟောတော်မူလေသည်။

မြတ်ဗုဒ္ဓရှင်တော်သည် သတ္တဝါတို့အား သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေလိုသည့် မဟာကရုဏာတော်ဖြင့် လေးဆယ့်ငါးဝါကာလပတ်လုံး ဝိဋ္ဌကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်စသည့် တရားဒေသနာတော်များအား ဟောဖော်ညွှန်ပြပြီး လူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့အား နိဗ္ဗာန်ရွေပြည်သို့ ပို့ဆောင်ပေးတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com

၁၇။ အသခ်ံတဓာတ်နိဗ္ဗာန်ကို သိတော်မူနိုင်ခြင်း။
၁၈။ ပညတ်တရားအပေါင်းတို့ကို သိတော်မူနိုင်ခြင်းတို့ ဖြစ်ကြသည်။

ဤတွင် အမှတ်စဉ်(၁၀)ပါတရားတော်ဟောကြားစဉ် မြတ်ဗုဒ္ဓ၏အသံတော်သည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါဗရိသတ်လေးပါးစလုံးတို့၏ နားသောတအာရုံ၌ ကရဝိတ်ငှက်၏ အသံကဲ့သို့ လည်းကောင်း၊ ဗြဟ္မာမင်းကြီး၏အသံကဲ့သို့ လည်းကောင်း၊ တူရိယာငါးပါးအသံကဲ့သို့ လည်းကောင်း မယုတ်မလွန် အနေတော်မျှဖြင့် စကြဝဠာတိုက်တစ်သောင်းအနှံ့ ပျံ့နှံ့တည်တော်မူပေသည်။

ဥဒေ ယျဓမ်တရားငါးပါးကို မဇ္ဈောက်မပြန် အမှန်အတိုင်း ကိုယ်တော်တိုင်သာလျှင် သိမြင်တော်မူသော သမ္မာသမ္ဗုဒ္ဓဘွဲ့မည်ရသည့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မင်းပရိသတ်၊ တာဝတိံသာနတ်ပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူကြွယ်ပရိသတ်၊ ဗြဟ္မာပရိသတ်တို့နှင့်လည်း စကားပြောခြင်း၊ တရားဟောခြင်း၊ ဆွေးနွေးဖြေကြားခြင်းတို့ကို ပြုတော်မူလေသည်။ အခြားစကြဝဠာကမ္ဘာများသို့လည်းကြွသွား၍ တရားချီးမြှင့်တော်မူလေ့ရှိပေသည်။ သို့သင့်သိထိုက်သောတရားကို ဥဒေ ယျဓမ္မဟုခေါ်သည်။

ထိုဥဒေယျဓမ်တရားငါးပါးတို့မှာ-
၁။ သခ်ါရ - စိတ်၊ စေတသိက်နှင့် နိဗ္ဗန္နရုပ်များ၊
၂။ ဝိကာရ - ဝိကာရရုပ်များ၊
၃။ လက္ခဏာ - လက္ခဏာရုပ်များ၊
၄။ ပညတ္တိ - လူ၊ နတ်၊ ဗြဟ္မာ၊ ရွေ့မြေ၊ တော၊ တောင် စသော ပညတ်တရား။
၅။ နိဗ္ဗာန် - သခ်ါရရုပ်နာမ်တို့မှ တစ်ပါးသောနိဗ္ဗာန်တို့ ဖြစ်သည်။

ဣသရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တဟု ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် တရားဟောတော်မူရာတွင် ဗြဟ္မာမင်း၏အသံနှင့်တူသော ဗုဒ္ဓ၏အသံတော်ဖြင့်သာ ဟောကြားတော်မူပေသည်။ သို့သော် တရားတော်ကို နာယူကြကုန်သူတို့၏ နားအာရုံ၌ကား ၎င်းတို့နားလည်သော ဘာသာစကားဖြင့်သာ ကြားသိနားလည်ကြပေသည်။ဗြဟ္မာတို့၏အသံသည် သည်းခြေ၊ သလိပ်တို့ဖြင့်မရော၊ မထွေး၊ မနှပ်စက် သောကြောင့် သန့်ရှင်းစင်ကြယ်၏။ တစ်ပါးသောသူတို့မှာ ပြတ်တောက်သောအသံ၊ ကွဲအက်သောအသံ၊ ကိုးငှက်၏အသံကဲ့သို့ မနှစ်မြို့ဖွယ်အသံများရှိကြ၏။

မြတ်ဗုဒ္ဓရှင်တော်ဘုရားကား ဖြည့်ဆည်းဖူးခဲ့သည့်ကောင်းမှုကုသိုလ်ကံတို့၏အကျိုးကြောင့် အသံတော်ဖြစ်ရာလည်ချောင်း၊ အာစောက် စသောအရပ်တို့ကို စင်ကြယ်သန့်ရှင်းစေပြီး ဖြစ်၏။ ချက်တော်မှ စတင်ဖြစ်ပေါ်လာသော အသံတော်သည် သန့်ရှင်းကြည်လင်ပြတ်သားမင်း၏အသံကဲ့သို့ပင် အင်္ဂါရုစ်ပါးနှင့် ပြည့်စုံစွာသာလျှင် စကြဝဠာအနှံ့သို့ ပျံ့နှံ့ရိုက်ခတ်လေသည်။

■ **အသံတော်၏အင်္ဂါရုစ်ပါး**

၁။ ဝိသဋ္ဌ-သန့်ရှင်းကြည်လင်ခြင်း။
၂။ ဝိညေယျ - သိလွယ်ခြင်း။
၃။ မဉ္ဇု - သာယာခြင်း။
၄။ သဝနီယ - နာချင်ဖွယ်ရာရှိခြင်း။
၅။ ဗိန္ဒု - လုံးခြင်း (လုံလုံလဲလဲရှိခြင်း)။
၆။ အဝိသာရိ - ဖရိုဖရဲမရှိခြင်း။
၇။ ဂမ္ဘီရ - နက်နဲခြင်း (အသံတော်မတိမ်အရှိန်အားကောင်းခြင်း)။
၈။ နိန္နာဒီ - ပဲ့တင်ထပ်ခြင်းတို့ ဖြစ်၏။

ဤသို့ အင်္ဂါရုစ်ပါးနှင့်ပြည့်စုံတော်မူသည့် မြတ်ဗုဒ္ဓအရှင်၏ အသံတို့မှာ အကွရာတို့၏အသံဖြစ်ပေါ်ရာဌာနငါးပါးမှလာသည်။

ယင်းတို့မှာ -
၁။ ကဏ္ဌဋ္ဌာန် - လည်ချောင်းအရပ်။
၂။ တာလုဋ္ဌာန် - အာစောက်အရပ်။
၃။ မုဒ္ဓဋ္ဌာန် - လျှာထိပ်အရပ်။
၄။ ဒန္တဋ္ဌာန်- သွားရင်းအရပ်။
၅။ သြဋ္ဌဋ္ဌာန်- နှုတ်ခမ်းအရပ်တို့မှ ပီပီသသ ညီညီမျှမျှသာ ထွက်ပေါ်ရိုးဖြစ်ပေသည်။ ရှုပသိဒ္ဓိ၊ မောဂ္ဂလန်တို့၌ -
၆။ နာသိကဋ္ဌာန်- နှာခေါင်းအရပ်။
၇။ ဥရဋ္ဌာန်- ရင်ခေါင်းအရပ်နှစ်မျိုးကိုထည့်၍ ဋ္ဌာန် (၇)ပါးဟုဆိုသည်။ ယင်းဋ္ဌာန် (၇)ပါး၏ အကွရာတို့အားဇယားနှင့် ဖော်ပြထားပါသည်။

ဋ္ဌာန်ခုနစ်ပါးအချုပ်ဇယား

အ အာ က ခ ဂ ဃ င ဟ	ကဏ္ဌဋ္ဌာန်	လည်ချောင်းအရပ်
ကြ ဉ္ဈ စ ဆ ဇ ဈ ယ	တာလုဋ္ဌာန်	အာစောက်အရပ်
ဋ ဌ ဍ ဎ ဏ ရ ဠ	မုဒ္ဓဋ္ဌာန်	လျှာထိပ်အရပ်
တ ထ ဒ ဓ န လ သ	ဒန္တဋ္ဌာန်	သွားရင်းအရပ်
ဥ ဦ ပ ဖ ဗ ဘ မ	သြဋ္ဌဋ္ဌာန်	နှုတ်ခမ်းအရပ်
ံ (အံဗျည်း) ငဉ ဏ နမ	နာသိကဋ္ဌာန်	နှာခေါင်းအရပ်
ဌဥ ဏ္ဍ နှ မ္ဘ ယ္ဟ လ္ဝ ဋ္ဌ ဠ္ဍ	ဥရဋ္ဌာန်	ရင်ခေါင်းအရပ်
ဧ	ကဏ္ဌ-တာလုဋ္ဌာန်	လည်ချောင်း- အာစောက်အရပ်
သြ	ကဏ္ဌ- သြဋ္ဌဋ္ဌာန်	လည်ချောင်း-နှုတ်ခမ်းအရပ်
ဝ	ဒန္တ- သြဋ္ဌဋ္ဌာန်	သွားရင်း-နှုတ်ခမ်းအရပ်

သရ(၈)လုံး၏ အသံရသများ

အသံတို ရသ	အသံရှည် ရသ	အသံတို ရသ	အသံရှည် ရသ	အသံတို ရသ	အသံရှည် ရသ	အသံရှည် ရသ	အသံရှည် ရသ
အ	အာ	ဣ	ဤ	ဥ	ဦ	ဧ	သြ

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ စိတ္တဇသဒ္ဒကြောင့် အက္ခရာတို့ဖြစ်ပေါ်လာ၍ 'ဘိက္ခဝေ - ချစ်သားရဟန်းတို့' ဟု ခေါ်တော်မူလိုက်သည့်အသံတော်သည် တစ်သောင်းတိုက်လုံး တုန်ဟည်းဘနန်းမှ တူရိယာငါးပါးအသံကဲ့သို့ လည်းကောင်း၊ ကရဝိက်ငှက်၏ အသံကဲ့သို့ လည်းကောင်း၊ ဗြဟ္မာမင်းကြီး၏ အသံကဲ့သို့ လည်းကောင်း၊ ငြိမ့်ညောင်းသာယာစွာ ထွက်ပေါ်လာလေသည်။ မြတ်ဗုဒ္ဓအရှင်အား ဖူးမြင်ခြင်းမမိလိုက်သည့် အသန္ဓိမိတ္တာမိဖုရားကြီးသည် ဘုရားရှင်၏အသံတော်ကိုကြားလိုသောအာသီသပြင်းပြစွာဖြစ်ပေါ်နေလေသည်။ ဆောက်တည်ရာ အရှင်ကောင်းအရှင်မြတ်တို့အား -

"ဘုရားရှင်၏ အသံတော်နှင့်တူသော လူပြည်ရှိ တစ်ဦးဦး၏အသံတော်သည် ရှိပါ၏လော"

ဟု သံယာတော်များကို မေးမြန်းလျှောက်ထားလေသည်။

သံယာတော်များမှ -

"ရှိပေသည်၊ ကရဝိက်ငှက်၏အသံသည် ဘုရားရှင်၏အသံနှင့်တူ၏"

ဟု ဖြေကြားကြသည်။

မိဖုရားကြီးက -

"ကရဝိက်ငှက်တို့သည် အဘယ်အရပ်၌နေကြပါသနည်း"

ဟု ထပ်မံလျှောက်ထားရာ -

"ဟိမဝန္တာအရပ်၌နေကြ၏"

ဟု ဖြေကြားတော်မူ၏။

ဘုရားရှင်၏ အသံတော်သည် တူရိယာငါးပါးတီးခတ်သည့်အသံ၊ ကရဝိက်ငှက်၏အသံ၊ ဗြဟ္မာမင်း၏အသံတို့နှင့် နှိုင်းယှဉ်ဖော်ပြပြီး ဖြစ်ပါသည်။ ဗြဟ္မာမင်း၏အသံကို ရှင်းလင်းဖော်ပြပြီးဖြစ်ရာ ပါဠိတော်များ၌ ဖော်ပြထားသည့် တူရိယာငါးပါး ပဉ္စင်္ဂိကသတူရိယသံကို ဖော်ပြရသော် -

၁။ အာတတ - တစ်ဖက်ပိတ်၍ သားရေဖြင့် ကြက်အပ်သော စည်အိုး စည်၊ စည်ပုတ် စသည်။

၂။ ဝိတတ - နှစ်ဖက်လုံးပိတ်၍ သားရေဖြင့်ကြက်အပ်သောစည်၊ ဒိုးပတ်၊ ခြောက်လုံးပတ် စသည်။

၃။ အာတတဝိတတ - အလုံးစုံသားရေပိတ်ကြက်၍ပြုအပ်သော စည်၊ လေးထောင့်စည်၊ ထက်စည် စသည်။

၄။ သုသိရ - နှဲ၊ ပြွေ စသည့် လေမှုတ်ကိရိယာ စသည်။



၅။ ဃန- ဃနစည်း၊ တခဲနက်စည်း၊ ကြေးနင်း၊ ခွက်ခွင်း၊ မောင်းစသော တူရိယာတို့ ဖြစ်၏။

ထိုတူရိယာငါးမျိုးအား ခေတ်အခေါ် (၁) ကြေး၊ (၂) ကြိုး၊ (၃) သားရေ၊ (၄) လေ၊ (၅) လက်ခုပ် ဟူ၍ ခေါ်ကြပေ၏။ ဝေဿန္တရာဇာတ်တော်၌ ခမည်းတော် သိဉ္စည်းမင်းကြီးက မင်းဝေဿန်နှင့် မယ်မဒ္ဒီတို့ကို ဝက်ဘာတောင်မှ ဇရတုတ္တရမြို့တော်သို့ ပြန်လည်ပင့်ဆောင်စေရာတွင် မရိုးစည်၊ ထက်စည်များတီးကြ၊ ခရုသင်း (ဝါးပြွေ) များမှုတ်ကြ၊ တူရိယာများကိုတီးကြ၊ စည်တို့၊ ကြေးစည်တို့ကိုလည်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်စေကြသည်ဟု ရေးဖွဲ့ထားသည်။

ယင်းတူရိယာများကား -

၁။ ဂေါတ - မိကျောင်းတူရိယာ

၂။ ပရိဝဒေန္တိကာ - စောင်း

၃။ ဒိန္ဒိမ - စည်တို့ (စည်ငယ်၊ ပတ်သာ)

၄။ ကုတုမ္ဗဒိန္ဒိမ - ကြေးစည်ဟူ၍ ဖွင့်ဆိုထားသည်။

ဤဖွင့်ဆိုချက်နှင့်အညီ 'ပတ်သာ၊ ဒုံမင်း၊ ခွက်ခွင်း၊ ပြွေ (ပလွေ)၊ တန်ရှည်တန်မြာ' ငါးမျိုးကို 'တူရိယာငါးပါး' ဟုလည်း ဆိုကြပြန်သည်။ တန်ရှည်မှာ ရှည်လျားသောနဲ့တစ်မျိုးဖြစ်၍ တန်မြာကား နှစ်ခုပူးလျက် အသံနှစ်မျိုးထွက်သောနဲ့ ဖြစ်ပေသည်။

ဤတူရိယာများကို တစ်ပြိုင်နက်တီးမှုတ်ပါက သာယာနာပျော်ဖွယ်သော သုတသံစဉ်များကြောင့် ကြားရသူ အပေါင်း၏နားဝယ် ချို့မြိန်သောအရသာထူးကို ခံစားကြရပေသည်။ နားထောင်၍ မငြီးနိုင်လည်းဖြစ်၏။ သုတိ(၂၂)ပါးနှင့် ပြည့်စုံသည်ဟူ၍ ဆိုသည်။

ဤတူရိယာများ၌ သံစဉ် (၇)ပါး ရှိ၏။

■ သံစဉ် (၇) ပါး

၁။ ဥသဘ- နွားမင်းသံ- သုံးပေါက်၊ ပြည်တော်ပြန်။

၂။ ဓေဝတ - မြင်းမင်းသံ - ခြောက်ပေါက်၊ ခြောက်သွယ်ညွှန်။

၃။ ဆဇ္ဇ - ဥဒေါင်းမင်းသံ - ငါးပေါက်၊ မြင်းစိုင်း၊ ကြေးခရာ။

၄။ ဂန္ဓာရ - ဆိတ်သံ - နှစ်ပေါက်၊ ဒုရကခွေး။

၅။ မဇ္ဈိမ - ကြိုးကြာသံ- ပုလဲသဖြန်၊ ပုလဲသံများ၊ တော့ဂ။

၆။ ပဉ္စမ - ဥညြသံ- လေးပေါက်၊ အောက်ပြန်။

၇။ နိသာဒ - ဆင်မင်းသံ - ညှင်းလုံး၊ သံရိုး ခုနစ်သံ။

■ သုတိ (၂၂) ပါး

အသံတို့တွင် -

၁။ အလွန်မြင့်သောအသံ-တာရ။

၂။ အက္ခရာပုဒ်ဗျည်းမထင်ရှားသော်လည်း သုတိသာသောအသံ-ကလ။

၃။ နက်သောအသံ-မန္ဒ။

၄။ သိမ်မွေ့ချိုသာသောအသံ - ကာကလီ ဟူ၍ လေးမျိုးရှိသည်။

(က) ဆဇ္ဇ - ဥဒေါင်းမင်း၊ နိသာဒ-ဆင်မင်း၊ ဂန္ဓာရ- ဆိတ်တို့၌ သုတိ(၄)ပါး စီရသဖြင့် (၃ × ၄ = ၁၂) သုတိ (၁၂)ပါး ဖြစ်ရ၏။

(ခ) ဥသဘ - နွားမင်း၊ မဇ္ဈိမ - ကြိုးကြာမင်းတို့၌ သုတိ(၃)ပါးစီရသဖြင့် (၂×၃= ၆)၊ သုတိ (၆)ပါးဖြစ်ရ၏။

(ဂ) ဓေဝတ - မြင်းမင်း၊ ပဉ္စမ - ဥညြတို့တွင် သုတိ (၂) ပါးစီရသဖြင့် (၂×၂ = ၄)၊ သုတိ (၄) ပါး ဖြစ်ရ၏။

ထို့ကြောင့် (၁၂+၆+ ၄ = ၂၂) သုတိ တည်း။

မြတ်ဗုဒ္ဓအသံတော်သည် ကရဝိက်ငှက်တွန်ကျူးသည့်အသံနှင့်တူမျှသည်ဟု သံယာတော်တို့ကဆိုကြသည်။

ကရဝိတ်ငှက်ဆိုသည်မှာ -

ကရဝိသရံ = ကရဝိက + သရ = ကရဝိက်ငှက်၏ + အသံ= ဖြည်းညင်းသာယာသောအသံကို တွန်ကျူးတတ်သောကြောင့် ကရဝိက်ငှက်ဟုခေါ်သည်။ ကရဝိကတောင် (ခေါ်) ကရဝိက်ငှက်တို့၏နေရာဖြစ်သော ဤဒေသောင်သည် လူတို့နေရာနှင့်မနီးပေ။ ဤဒေသမှတောင်၏ အခြားအရံတောင်ခုနစ်လုံးတွင်အပါအဝင်ဖြစ်၏။ ထို့ကြောင့် ဤငှက်ကရဝိက်ငှက်ကို

www.burmeseclassic.com

www.burmeseclassic.com



စာပေအရသာသိနေကြရသော်လည်း မြင်ဖူးတွေ့ဖူးသူမရှိပေ။ ကရဝိက်ဖောင်တော်စသည်လည်း စိတ်မှန်းနှင့်သာပြုလုပ်ကြရခြင်း ဖြစ်ပေသည်။

ဤကရဝိက်ငှက်၏အသံကို မဟာဝဂ္ဂပါဠိ၊ မဟာပဒါနသုတ် (၁၇) ၌ အောက်ပါအတိုင်း ဖွင့်ဆိုထားပေသည်။

၁။ မဇ္ဈိမရ - သာယာငြိမ့်ညောင်းသောအသံရှိ၏။

၂။ ဝဂ္ဂုသရ- မကွဲမအက်လုံးဝန်းသောအသံရှိ၏။

၃။ မဓုရသရ- ချိုသာသောအသံရှိ၏။

၄။ ပေမနိယသရ - စွဲမက်စဖွယ်နှစ်သက်စရာအသံရှိ၏ ဟူ၍ ဖြစ်၏။

အဋ္ဌကထာတို့တွင် ဖွင့်ဆိုသည်များကား - -

ကရဝိက်ငှက်တို့၏ အသံသည်- ငြိမ့်ငြိမ့်စိမ့်စည် ရှည်ရှည်မျှင်းမျှင်း ဖြည်းညင်းသာယာလှပေသည်။

ပြည့်စုံလုံလဲ၍ ချိုမြိန်နှစ်သက်ဖွယ်ရှိလှ၏။

သစ်ပင်၏အထက်ကိုင်းတစ်ကိုင်းပေါ်၌နား၍ တွန်ကျူးရင့်ရွပြီးသော် အောက်သစ်ကိုင်းတစ်ကိုင်းပေါ် သို့နားနေလာ၍ အထက်သစ်ကိုင်းပေါ်ရှိစဉ်က မိမိတွန်ကျူးခဲ့သည့်အသံကိုပင် ပြန်လည်၍ နားထောင်နိုင်၏။ ဤမျှပင် ရှည်ရှည်မျှင်းမျှင်းဖြည်းညင်းသာယာလှပေသည်ဟုဆို၏။ သရက်သီးမှည့်ကို နှုတ်သီးဖြင့်ထိုးဖောက်၍ ယိုစီးထွက်ကျလာသောသရက်သီးရည်တို့ကို သောက်မျိုပြီးလျှင် တောင်ပံရိုက်ခတ်တွန်ကျူးလိုက်သည်ရှိသော် အခြေလေးချောင်းရှိသောသတ္တဝါများပင် မူးတူးမင်တင်မှင်တက်မိ၍ သွားကြလေ၏။ အစာစားဆဲသတ္တဝါတို့လည်း စားဆဲအစာကို သတိမေ့ပျောက်စွန့်ပစ်ကာ ကရဝိက်ငှက်၏တွန်ကျူးသံကိုပင်လျှင် တန့်ရပ်နားစွင့်နေမိကြပေသည်။

သားကောင်ငယ်များကို ပြေးလွှားဖမ်းယူနေကြသော ခြင်္သေ့၊ သစ်၊ ကျားတို့ပင် ခြေကို့မြောက်လျက်သား ရပ်တန့်သွားကြကုန်၏။ သေဘေးမှကြောက်ရွံ့သဖြင့် ပြေးလွှားဆဲဖြစ်သော သမင်၊ ဒရယ်၊ ချေငယ် စသောသတ္တဝါတို့လည်း သေဘေးကိုပင်မေ့ပျောက်ကာ သာယာသော ကရဝိက်ငှက်၏ တွန်ကျူးသံ၌ ရစ်မူးလျက်ရပ်တန့်၍ပင်သွားကြ၏။ ရေ၌ကျက်စားသော ငါးသတ္တဝါတို့သည်ပင် နားလွှာကိုမလှုပ်ကြဘဲ ကရဝိက်ငှက်၏ အသံ၌သာ စွဲငြိနေကြလေတော့၏။

ကရဝိက်ငှက်၏အသံသည် ဤမျှအထိ ဆွဲအားရှိ၍ ချိုမြိန်သာယာလှပေသည်ဟူ၏။

အသန္ဓိမိတ္တာမိဖုရားသည် မြတ်ဗုဒ္ဓ၏အသံတော်အပေါ် သဒ္ဓါစိတ်ညွတ်နေသည်ဖြစ်၍ ခင်ပွန်းဖြစ်သည့် အသောကမင်းတရားကြီးအား -

"ကရဝိက်ငှက်ကို ကြည့်လိုမြင်လိုလှပါသည်။ မြတ်ဗုဒ္ဓ၏ အသံတော်နှင့်တူမျှသော ကရဝိက်ငှက်၏ တွန်ကျူးသံကို ကြားနာလိုလှပါသည်"

ဟူ၍ ပူဆာလျှောက်ထားလေတော့သည်။

ဓမ္မာသောကမင်းကြီးကား ရှေးဆုတောင်းကောင်းမှုကြောင့် အောက်အရပ်မြေကြီးအတွင်း ဓာတ်ယုဇနာ၊ အထက်ကောင်းကင်၌ တစ်ယုဇနာအထိ အာဏာတန်ခိုးပုံနှံတည်သူ စကြဝတေးမင်းအနွယ် ဖြစ်လေသည်။ ချစ်ခင်လှသည့် မိဖုရားကြီး၏အာသာဆန္ဒပြည့်ဝစိမ့်သောငှာ ရွှေလှောင်ချိုင့်ကိုယူ၍ -

"ဤလှောင်ချိုင့်၌ ကရဝိက်ငှက်သည် လိုက်ပါလာစေသတည်း"

ဟု အမိန့်တော်မှတ်ကာ ရွှေလှောင်ချိုင့်ကိုလွှတ်လိုက်လေ၏။ ရွှေလှောင်ချိုင့်လည်း ကရဝိက်ငှက်တစ်ကောင်၏ ရှေ့၌သွားလတ်၍ တည်လေသည်။

ထိုကရဝိက်ငှက်လည်း -

"မင်းအာဏာဖြင့် ဆိုက်ရောက်လာသည့်အရာဖြစ်သည်။ အာဏာဖီဆန်၍မလိုက်ဘဲနေခြင်းငှာမသင့်"

ဟု ဆင်ခြင်မိကာ လှောင်ချိုင့်အတွင်း၌ ဝင်၍နားလိုက်သည်။ လှောင်ချိုင့်လည်းပြန်လာ၍ မင်းကြီးရှေ့တော်မှောက်၌တည်လေ၏။

ကရဝိက်ငှက်သည် နန်းတော်ပေါ်မိဖုရားကြီးရှေ့ရောက်ရှိနေသော်လည်း တွန်မြည်ခြင်းမရှိပေ။ မိဖုရားကြီးသည်လည်း ကရဝိက်ငှက်၏ တွန်ကျူးသံကိုသာ တစ်ရံမပြတ်စောင့်မျှော်နေပေသည်။ မင်းကြီးလည်း မျူးမတ်ပညာရှိတို့အား ကရဝိက်ငှက်တွန်ကျူးအောင် မည်သို့ပြုရမည်ကို မေးမြန်းရလေတော့၏။

"မှန်လှပါ။ ကရဝိတ်ငှက်မင်းသည် တစ်ကောင်တည်းသင်းကွဲနေသည်ဖြစ်လျက် ဆွေမျိုးအဖော်တို့ကို မတွေ့ရ၍ မတွန်မြည်ခြင်းဖြစ်ရပါသည်ဘုရား"

ဟု လျှောက်ထားကြလေသည်။

ထိုကြောင့် မင်းကြီးသည် ကြွေးမုံ(မှန်) များကို ကရဝိတ်ငှက်ပတ်လည်၌ ကာရံစေ၏။ ကရဝိက်ငှက်သည်လည်း မိမိ၏အရိပ်များကိုမြင်ရသော် ငါ့ဆွေမျိုးတွေလာကုန်ပြီဟုထင်မှတ်ကာ တောင်ပံကို ရိုက်ခတ်လျက် ချိုမြိန်သာယာလှစွာ တွန်ကျူးလေတော့သည်။

ကရဝိက်ငှက်တွန်ကျူးသံကြောင့် ကြားရသူတိုင်းပင် ထိုအသံ၌ တပ်မက်ယစ်မူးကာ ကခုန်ကြတော့မည့်ပမာ လွန်စွာ မြူးထူး အထူးနှစ်သက်ခြင်းဝိတိဖဿဝေဒနာခံစားကြရလေသည်။

အသန္ဓိမိတ္တာမိဖုရားကြီးသည် -

"တိရစ္ဆာန်ဖြစ်သော ဤကရဝိက်ငှက်၏အသံသည်ပင် ဤမျှလောက်သာယာချိုမြိန်လှပေ၏။ သဗ္ဗညုတဉာဏ်တော်ဖြင့် ဘုန်းတန်ခိုးအသရေတော်အထွတ်အထိပ်သို့ရောက်တော်မူသော ဘုရားရှင်၏အသံတော်မှာ အသို့ဆိုဖွယ်ရာရှိခြိမ့်မည်နည်း။ မည်၍မည်မျှသာယာချိုမြိန်လှပေ၏ဟုပင် ပိုင်းခြားကန့်သတ်နိုင်တော့မည် မဟုတ်ပေတကား"

ဟု ဘုရားရှင်ကို အာရုံယူကာ နှစ်သက်ရွှင်လန်းသဒ္ဓါပီတိ၊ သဒ္ဓါပီထိမှားတဖြန်းဖြန်းဖြစ်ပေါ်လာတော့သည်။ ဖြစ်ပေါ်လာသည့် သဒ္ဓါပီတိကိုမစွန့်ခွာဘဲ ဝိပဿနာတရားအဆင့်ဆင့်ပွားကာ ထိုနေ့ရာတွင်ပင် ရဲရွေတော် (၇၀၀) တို့နှင့်အတူ သောတာပတ္တိဖိုလ်သို့ဆိုက်ရောက်၍ သောတာပန်အရိယာဖြစ်သွားပါတော့သည်။

မြတ်ဗုဒ္ဓ၏ အသံတော်ကို ကြည်ညိုသဒ္ဓါစိတ်ဖြင့် အပါယ်တံခါးပိတ်လိုက်နိုင်ပါတော့သတည်း။

သဒ္ဓါပီတိပွားများကြပါစေ

စံကေတု

www.burmeseclassic.com

www.burmeseclassic.com

ရွှေညောင်ပင်ဘိုးဘိုးကြီးနှင့် ရန်ကုန်မြို့မှ အခြားဘိုးဘိုးကြီးများသည် မြတ်စွာဘုရားပွင့်တော်မူချိန်မှ (အချို့လည်း အခြားဘုရားရှင်များလက်ထက်တော်ကတည်းက) သက်တော်ရှည်ဘိုးဘိုးကြီးများ ဖြစ်သည်။ ဘိုးဘိုးကြီးများသည် မြို့နယ်အဆင့်မှရှိသဖြင့် တစ်နည်းအားဖြင့် မြို့တော်ရှင်များ ဖြစ်၏။

ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်မြို့နယ်တွင် ရွှေညောင်ပင်ဘိုးဘိုးကြီး နတ်နန်းရှိ၏။ ရန်ကုန်မြို့မှ ထောက်ကြန့်မြို့အထွက်ဆိုပါက လက်ဝဲဘက်၊ ထောက်ကြန့်မှ ရန်ကုန်အဝင်ဆိုပါက လက်ယာဘက်တွင် ရွှေညောင်ပင်ဘိုးဘိုးကြီးနန်း တည်ရှိသည်။ ရွှေညောင်ပင်ဘိုးဘိုးကြီးကို လူသိများခြင်းမှာ ရန်ကုန်မြို့ကားလောကဦး ကားအသစ်ဝယ်ပြီးသူတိုင်း ရွှေညောင်ပင်ဘိုးဘိုးကြီးကို ကားသွားပြလေ့ရှိကြသောကြောင့် ဖြစ်၏။ ရွှေညောင်ပင်ဘိုးဘိုးကြီးနန်းရှေ့မှ ဖြတ်သွားဖြတ်လာပြုသူအချို့လည်း ဘိုးဘိုးကြီးနန်းကို ကားဦးဝင်တိုက်လေ့ရှိကြသည်။ စာရေးသူကမူ ယခုအခါ နေပြည်တော်နှင့်ရန်ကုန်အခေါက်ခေါက် အခါခါသွားနေရ၍ ကားဦးဝင်တိုက်လေ့ရှိကြသည်။ စာရေးသူကမူ ယခုအခါ နေပြည်တော်နှင့်ရန်ကုန်အခေါက်ခေါက် အခါခါသွားနေရ၍ ရွှေညောင်ပင်ဘိုးဘိုးကြီးနန်းရှေ့ရောက်တိုင်း အမျှဆက်သပြီး သွားလမ်းလာလမ်းများအန္တရာယ်ကင်း အောင် ဆုတောင်းလေ့ရှိကြပါသည်။ ဘိုးဘိုးကြီးနန်းအနီး၌ သက်ရင့်ညောင်ဝင်ကြီးတစ်ပင်ရှိသည်။ ညောင်ပင်ကြီးကို ရွှေချထားသည်။ သို့ကြောင့်ပင် ရွှေညောင်မင်ဘိုးဘိုးကြီးဟု ခေါ်သည်လားမသိပါ။ ညောင်ပင်အနီးတွင် အုတ်တိုက်အခိုင်အမာပြုလုပ်၍ ဘိုးဘိုးကြီးနန်းကို တည်ဆောက်ထားသည်။

■ နတ်ဖြစ်စဉ်သမိုင်း

ယခုလက်ရှိ နန်းထိန်ဦးမြအေးပြောပြချက်အရ ရွှေညောင်ပင်ဘိုးဘိုးကြီးသည် ကဿပဘုရားရှင်လက်ထက်တော်ကတည်းက သာတာဂီရိနတ်မင်းကြီးဖြစ်ကြောင်း၊ ရွှေတိဂုံဘုရားသမိုင်းတွင် ဘီလူးဘဝမှ ဘုရားနှင့်တွေ့ပြီး အကျွတ်တရားရကာ နတ်ဖြစ်သည်ဟု ရေးသားထားကြောင်း၊ စတုမဟာရာဇ နတ်ဘုံမှာဖြစ်ကြောင်း ရှင်းပြပါသည်။

သာတာဂီရိနတ်မင်းသည် မဏိမေခလာနတ်သမီးနှင့်မောင်နှမတော်သည်ဆို၏။ သာတာဂီရိနတ်မင်းက ကဿပဘုရားရှင်လက်ထက်တော်တွင် သက်နှံဝတ်သေးသည်။ ဘွဲ့တော်မှာ ကုသလဖြစ်၏။ မြတ်စွာဘုရားကို ဆွမ်းလုပ်ကျွေးသည့်ကုသိုလ်ကောင်းမှုကြောင့် မောင်နှမနှစ်ဦး နတ်ဖြစ်ကြသော်လည်း သီလ၊ ဘာဝနာမရှိသော နတ်ဘုံသို့ပင်ရောက်သည်။ နိဗ္ဗာန်မရောက်ကြချေ။

ဂေါတမမြတ်စွာဘုရားလက်ထက်တော်တွင် ရွှေညောင်ပင်ဘိုးဘိုးကြီးသည် ဝေဿဝဏ္ဏနတ်မင်းကြီးဘဝရောက်နေသည်။ ဂေါတမဘုရားရှင်က ကျန်ရှိနေသော သာသနာတော်(၂၅၀၀) ကို ကောလပါလဝေဿဝဏ္ဏနတ်မင်းကြီးအား ဆက်လက်စောင့်ရှောက်ခွင့်ပြုထားသည်ဆိုသည်။ ထိုအချိန်မှစတင်၍ ရွှေညောင်ပင်ဘိုးဘိုးကြီးသည် ဂရုဓမ္မဒေဝါနတ်မင်းကြီးဘွဲ့တော်ဖြင့် သောတာပန် သက်တော်ရှည်နတ်မင်းကြီးလည်း ဖြစ်ခဲ့သည် ဆိုပါသည်။

ဂရုဓမ္မဒေဝါနတ်မင်းကြီးကို ကုသိုလ်ကောင်းမှုရှိသူများအား လည်းကောင်း၊ ခရီးသွားလာသူများအား လည်းကောင်း စောင့်ရှောက်ရန် တာဝန်ပေးအပ်ထားသည်ဆို၏။ ရှေးအခါက ဤနေရာသည်




(ထားဝယ်)
မောင်သန်းဆွေ
ရွှေညောင်ပင်ဘိုးဘိုးကြီး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တောကြီးဖြစ်၏။ နောင်အခါ ရှမ်းတိုင်းရင်းသားတို့ ရွာတည်နေခဲ့သည်ဆိုပါသည်။ ရှက္ခစိုးမျိုးနွယ် ဂရုဓမ္မဒေဝါ ရွှေညောင်ပင်ဘိုးဘိုးကြီးနတ်နန်းသည် ထောက်ကြန့်မြို့တွင်ပထမဦးစွာဆောက်လုပ်သည့်နတ်နန်းဖြစ်သည်ဟုလည်းဆိုပါသည်။

ရွှေညောင်ပင်ဘိုးဘိုးကြီးနတ်နန်းအနောက်ဘက်တွင် လှေ်ကားကန်၊ သာခုကန်များရှိသည်။ ရှေးက တိုင်းရင်းသားများနေကြသည်ဟု အထက်၌ဆိုခဲ့သည်။ ထိုသူတို့က ထိုနေရာရှိညောင်ပင်ကြီးတွင် နတ်ရှိသည်ဟု ယုံကြည်လေ့ရှိသည့်အတိုင်း နတ်နန်းတည်ဆောက်ပေးကြသည်။ ညောင်ပင်ကြီးကို ရွှေချပြီး သူတို့က ရွှေညောင်ပင်နတ်ကြီးဟု အမည်ပေးခဲ့သဖြင့် ယခုအချိန်အထိ ရွှေညောင်ပင်စောင့်ဘိုးဘိုးကြီးဟုတွင်နေခြင်းဖြစ်ပါသည်ဟု ဆိုသည်။

ရောင်ပြန်မဂ္ဂဇင်းမှကိုမောင်သန်းဝင်း၏ 'ရွှေညောင်ပင်ဘိုးဘိုးကြီးကို ဦးတိုက်ဦးခိုက်ကြသူများ ဆောင်းပါးတွင်- ရွှေညောင်ပင်ဘိုးဘိုးကြီးပူဇော်ခြင်းလုပ်ငန်းကို လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာကျော်ကတည်းက ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းလို့ သိရတယ်။ ၁၉၃၅ ခုနှစ်လောက်က ရန်ကုန်-ပဲခူးလမ်းကြီးမှာ လက်ရှိနတ်နန်းနဲ့ အနည်းငယ်ဝေးတဲ့နေရာမှာ ပေါက်ရောက်နေတဲ့ ညောင်ပင်တစ်ပင်ရှိတယ်။ အခက်နဲ့အရွက်တွေက နေရောင်ခြည်အောက်မှာ ရွှေရောင်သန်းနေတာမို့ ခရီးသွားတွေက ရွှေညောင်ပင်လို့ ခေါ်ဆိုကြပါတယ်။ (အချို့က မူလ ရွှေညောင်ပင်တဲ့ဆိုကြ၏။) အဲဒီ ရွှေညောင်ပင်မှာ ဒေါ်အေးရင်ဆိုသူက ဘိုးဘိုးကြီးရုပ်တုထားပြီး ပူဇော်ခဲ့တယ်။ အဲဒီကစပြီး ရွှေညောင်ပင်ကို ဦးတိုက်ရင် ယာဉ်အန္တရာယ်ကင်းတယ်ဆိုပြီးယူဆကြလို့ ဦးတိုက်ကြတယ်။ ဒေါ်အေးရင်ကလည်း လိုအပ်တာ ဆောင်ရွက်ပေးတာဆို ဆောင်ရွက်ပေးတဲ့ဒေါ်အေးရင်ကလည်း စီးပွားရေးအဆင်ပြေတယ်" ဟု ရေးထားသည်ကို ဖတ်ဖူးပါ

www.burmeseclassic.com

www.burmeseclassic.com

အောင်ဝင်း(တိုင်းရင်းဆေး)
အသည်းခြောက်ရောဂါ
ဆေးဝါးဓာတ်စာ

ဤရောဂါသည် အရက်သောက်သုံးသူများဖြစ်လေ့ရှိသော်လည်း အရက်မသောက်ပေမယ့် ဆေးလိပ်သောက်၊ ကွမ်းစားသူများ၊ အရက်ကဲ့သို့ ပူစပ်ခါးအရသာရှိသည့် အစာအစားများကို ကြိမ်ဖန်များစွာစားမိလျှင်လည်းဖြစ်တတ်ပါသည်။အသည်းခြောက်လျှင် ရေဖျဉ်းစွဲပြီးဗိုက်ကြီးပူလာတတ်ပါသည်။ ဒီရောဂါသည် ဆေးတွေ့ခဲသောရောဂါတစ်မျိုးဖြစ်သည်။ မဖြစ်ခင် ကြိုတင်ကာကွယ်ထားခြင်းသည် အကောင်းဆုံးကုသမှုပင် ဖြစ်ပါသည်။

အသည်းခြောက်ရောဂါဖြစ်လာပြီဆိုလျှင် ဖဲရဲသီးအခွံနှင့်အတွင်းမှမှည့်နေသောအနှစ်တို့ကိုဖယ်ပြီး အခေါက်ကိုယူပါ။ ၎င်းအခေါက်ကိုလွှာပြီး ဝက်သည်းနှင့်သော် လည်းကောင်း၊ (အဆီမပါသော) ဝက်သားနှင့်သော်လည်းကောင်း တဝခွက်စားလျှင် ယင်းရောဂါသက်သာစေပါသည်။ မကြာခဏခွက်စားလျှင် ပျောက်ကင်းနိုင်ပါသည်။

အောင်ဝင်း(တိုင်းရင်းဆေး)

ကျွမ်းကို -
လက်တစ်ကမ်းမှဆေးစွမ်းကောင်းများ
ဆရာမြင့် (စကြာမင်း)

သည်။

ခရစ်နှစ် ၁၉၄၂ မှ ၁၉၅၄ အထိ မိခင်ကြီးဒေါ်အေးရင်မှအစပြု၍ နတ်နန်းထိန်းဖြစ်လာသည်။ ၂၀၀၈မှ ယနေ့အထိ သားဖြစ်သူ ဦးမြအေးက မိခင်နှင့်အတွားတို့၏အစဉ်အလာကို စောင့်ထိန်း၍ နန်းထိန်းတာဝန်ကို ညီမဖြစ်သူ ဒေါ်ခင်သန်းနွယ်နှင့်အတူ ဆောင်ရွက်လျက်ရှိပါသည်။

ရွှေညောင်ပင်ဘိုးဘိုးကြီးနန်းတွင် ရှုပ်တုပုံတော် (၅) ပုံရှိသည်။ အလယ်ပုံက မူလပုံတော်ဖြစ်ပြီး ဝဲယာပုံတော်များမှာ ပုံတော်ပွားများဖြစ်သည်။ လာရောက်လှူဒါန်းထားခြင်း ဖြစ်ပါသည်။

ရန်ကုန်ဘက်မှ ရွှေညောင်ပင်ဘိုးဘိုးကြီးနတ်နန်းမရောက်မီ ပျဉ်းမပင်ရွှေညောင်ပင်ဘိုးဘိုးကြီးနန်းဟုရှိပါသည်။ ကားသမားများက ပျဉ်းမပင်နန်းကို နတ်နန်းဟောင်း၊ ယခုလက်ရှိနန်းကို နတ်နန်းသစ်ဟုဆို၍ ဦးမြအေးအားမေးကြည့်ရာ မဟုတ်ဟုပြောပါသည်။

ကားအရောင်းအဝယ်သမားတစ်ယောက်နှင့်- ရွှေညောင်ပင်ဘိုးဘိုးကြီး အကြောင်း စကားစပ်၍ မေးကြည့်ရာ သူက -

"လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀) ကျော်က ဒီနေရာမှာ ကားဝှပ်ရှော့တစ်ခုရှိတယ်။ အဲဒီဝပ်ရှော့ပိုင်ရှင်အဘိုးကြီးဆုံးသွားတော့ အနားကညောင်ပင်မှာ ရုက္ခစိုးဖြစ်နေတယ်။ အိပ်မက်ပေးတာကြောင့် ညောင်ပင်မှာ နတ်စင်ကလေးတစ်ခုဆောက်လုပ်ပေးထားရတယ်။ တစ်ခါက ညောင်ပင်ကြီးနားမှာ ကားတစ်စီးပျက်တယ်။


BURMESE CLASSIC .com

ညောင်ပင်က နတ်စင်မှာ ပူဇော်ဆုတောင်းပေးလိုက်တော့ ကားစက်ပြန်ကောင်းသွားတယ်လို့ဆိုတယ်။ အဲဒီက နေစပြီးတော့ ရွှေညောင်ပင်ဘိုးဘိုးကြီးဖြစ်လာတာပဲလို့ ကြားဖူးတယ်" ဟု ပြောပါသည်။ ထိုသူအဆိုမှာ ပါးစပ်ရာဇဝင်ဟုပင်ပြောရမည်။

မည်သို့ပင်ဆိုစေကာမူ ယခုလက်ရှိနန်းထိန်းအလိုအရ ရွှေညောင်ပင်ဘိုးဘိုးကြီးသည် ကသဃဘုရားရှင်လက်ထက်တော်ကထည်းကဖြစ်ကြောင်းဆိုသည်မှာလည်း ဖြစ်နိုင်ခြေရှိသော်လည်း ထိုစဉ်က ရန်ကုန်ဆိုသည်မှာလည်းမပေါ်သေး။ ထောက်ကြွန်ဟူသည်မှာလည်း မပေါ်သေး။ ထို့ကြောင့် ထိုညောင်ပင်ကြီးလည်း မရှိသေးသဖြင့် ရွှေညောင်ပင်ဘိုးဘိုးကြီးဟု မဖြစ်နိုင်သေးချေ။

ရောင်ပြန်မဂ္ဂဇင်းမှ ကိုမောင်သန်းဝင်း၏ 'ရွှေညောင်ပင်ဘိုးဘိုးကြီးကို ဦးတိုက်ခိုက်ကြသူများ' ဆောင်းပါးမှ အကြောင်းသည် အဖြစ်နိုင်ဆုံးအကြောင်းအရာ ဖြစ်ပါသည်။

မောင်သန်းဆွေ (ထားဝယ်)

ကိုးကားချက် -

၁။ နန်းထိန်းဦးမြအေး၏ ပြောပြချက်

၂။ ကိုမောင်သန်းဝင်း၊ 'ရွှေညောင်ပင်ဘိုးဘိုးကြီးကို ဦးတိုက်ဦးခိုက်ကြသူများ' ဆောင်းပါး၊ ရောင်ပြန်မဂ္ဂဇင်း


၃။ ဂန္ဓမြရဆရာလှမျိုး (B.A.) ထင်ပေါ်ကျော်ကြား ဆုတောင်းပြည့်ဘိုးဘိုးကြီးများ

www.burmeseclassic.com

www.burmeseclassic.com

စိုးမင်း
(မြောက်ဦးမြို့-ကျောဆံ)

ခုပိုနပ်နဲ့ရိုးထုတ် ကားတာယာနဲ့ပွဲတိုးကြည့်စမ်းပါ



အများသိထားတာက ခုဖိနပ်နဲ့ ကားတာယာဟာ လူဆင်းရဲတွေစီးတဲ့ ဖိနပ်လို့မြင်ကြပါတယ်။ငွေကြေးချမ်းသာတဲ့သူတွေက ဒီလိုဖိနပ်စီးဖို့မပြောနဲ့ စိတ်နဲ့တောင် ကြံစည်စီးကြမယ်မထင်။

ဒါကလည်း သဘာဝကျတယ်လေ။ ဒီဖိနပ်နှစ်မျိုးစလုံးက ပုံစံလည်း မလှပေဘူး။ အဖိုးကနည်း၊ လူမြင်ကွင်း ဓတင့်တယ်လို့ထင်ပါရဲ့။ ခုဖိနပ်ဆိုတာက သစ်သားနဲ့ခုတ်တာ။ ကုတ္တိုသား၊ သရက်သား အဓိကခုတ်ကြတယ်။

ကားတာယာဖိနပ်က မော်တော်ကားဘီးအဟောင်း၊ လေယာဉ်တာယာဘီးအဟောင်းလုပ်ကြမှာပေါ့။ ခုဖိနပ်နဲ့ ကားတာယာက လူမျိုးမရွေးဖိတ်ခေါ်ရှာတယ်။ လူတွေကပယ်ကြတာပါ။ ယနေ့ ခုဖိနပ် မစီးသလောက်ရှားနေပြီ။ ဖိနပ်ဆိုင်တွေမှာ ခုဖိနပ်မရောင်းတော့ဘူး။ ယောနယ်မှာ ခုဖိနပ်အမြီးတောင်မရှိ။ ကားတာယာတော့ ရှိရှာသေးတယ်။ ယခင်တုန်းက ခုဖိနပ်တွေ မုံရွာနယ်က ပြန့်တယ်ကြားဖူးတယ်။ ကားတာယာတော့ နယ်စုံလုပ်တယ်ထင်ပါရဲ့။

ဒီအထဲက ခုဖိနပ်ကိုမြတ်မြတ်နိုးနိုး တစ်သက်လုံးစီးသွားတဲ့ ကိုစိုးရဲ့အဘိုးအကြောင်း ပြောပြမယ်။ အဘိုးဆုံးတာ (၅) နှစ်လောက်ရှိပါပြီ။ အသက် (၉၃) နှစ်မှာဆုံးတာ။

အဘိုးဟာ သားရေဖိနပ်ကို တစ်ခါတစ်ရံစီးတယ်။ ပွဲလမ်းသဘင်ရှိမှစီးတာ။ ဒါလည်း အဘွားကအော်လွန်းလို့စီးရတာ။ သူလက်စွဲက ခုဖိနပ်ပဲ။ အဘိုးဟာ ငယ်ငယ်က ဘုန်းကြီးစာအတော်သင်ခဲ့ရတယ်။ ရတုတွေ၊ သီချင်းကြီးတွေ၊ အထူးသဖြင့် စည်တော်ကြီးသီချင်းတွေအများဆုံးရတယ်။ ပွဲတွေမှာ ဆိုတယ်။

မြို့ပေါ်ဘုရားပွဲတွေ၊ ထီးတင်ပွဲတွေမှာ ရွှေဘိုက စည်တော်ကြီးအဖွဲ့ အမြဲလိုလိုပါတယ်။ ဒီပွဲလာရင် အဘိုးက ပင်တိုင်အဆိုတော်ပဲ။ သူ့ကို တကူးတက လာခေါ်ကြတာ အဘိုးက စေတနာနဲ့ဆိုတာ ပိုက်ဆံမယူဘူး။ အသက် (၇၀) တန်းမှာ အဘိုးဟာ ဆရာကြီးတစ်ဆူလို တော်တယ်။ ဘယ်ခေတ်ဘယ်အခါက သီချင်းတွေလည်း ကိုစိုးတို့မကြားဖူးဘူး။

အဘိုးက သီချင်းစာအုပ်ကိုင်မဆိုဘူး။ အလွတ်ဆိုတာ။ ဘယ်လောက်တော်လဲဆိုရင် စည်တော်ကြီးစတီးတဲ့အချိန်ကနေ ဆုံးတဲ့အထိဆိုနိုင်တာ။ အဘိုးက သူမသေခင် ဒီပညာတွေ ပျောက်မှာစိုးလို့ ကိုစိုးကိုသင်သေးတယ်။ ရတုတွေအတော်များများရသေးတယ်။ ဒီတုန်းက ဇာတ်ကြီးဆယ်ဘွဲ့၊ သျှီးလိုက်ရတုတွေ အဘိုးသင်ပေးတာ။ ဒီစာတွေ အဘိုးက အလွတ်သင်ပေးတာဗျ။

အထက်တန်းကျောင်းသားမို့လို့ စာမေးပွဲကျမှာစိုးလို့ အဘိုးကိုတောင်းပန်ထားရတာ။ ဒီပညာတွေ မရလိုက်ဘူး။ ဒီလိုစည်တော်ကြီးပွဲဆိုရင် သားရေဖိနပ်စီးတဲ့လ်။

အဘိုးစီးတဲ့ခုဖိနပ်က ကိုယ်တိုင်ခုတ်တဲ့ဖိနပ်တွေ။ ဆိုင်က ခုဖိနပ်တွေက သေးနေလို့ အဘိုးခြေထောက်ကကြီးတယ်။ ဒါကြောင့် အဘိုးကိုယ်တိုင်ခုတ်စီးတာ။ အဘိုးက ခုဖိနပ်ကို အနည်းဆုံးသုံးရန်ခုတ်ထားတယ်။ ခုဖိနပ်နောက်မြီးပါးနေမှ နောက်တစ်ရန်လဲတာ။ သဲကြီးပြတ်ရင် အသစ်ပြန်တပ်စီးတာ။ မှတ်မိသလောက်ဆိုရင် အဘိုးဟာ တစ်နှစ် ခုဖိနပ်သုံးရန်နဲ့ လောက်အောင်စီးနိုင်တယ်။

ကိုစိုးတို့ အဘိုးလို ခုဖိနပ်မစီးနိုင်ဘူး။ ကိုစိုးတို့စီးတဲ့ပုံက ဖုန်တထောင်းထောင်းတက္ကပ်ကွပ်နဲ့။ အဘိုးစီးတာက ကြွကြွလေး ဖုန်မထဘူး။ တကွပ်ကွပ် တရှပ်ရှပ် တရွတ်တိုက်မစီး။ သူဖနောင့်နဲ့ ခုဖိနပ်က တသားတည်းကပ်ပါသွားတာ ရွရွလေး။ ခုဖိနပ်တစ်ရန်အကြာကြီးစီးရတယ်။

အဘိုးခုဖိနပ်အမြဲစီးတော့ ကိုစိုးက စပ်စုတယ်လေ မေးတာပေါ့။

"အဘိုး၊ ခုဖိနပ်စီးတာ မညောင်းဘူးလား"

"ဘယ်ကလာ မြေးမမွေးခင်က တည်းက စီးလာတာကွ"

"ဟာ - ဒါဆို ဒီဖိနပ်စီးတာကြာလှပြီပေါ့"

"အေး - ကြာလှပြီ ဘာဖြစ်လို့လဲ မြေးရ"

"ဒီလိုပါ အဘိုးရဲ့၊ ရွာထဲမှာ အဘိုးသူငယ်ချင်းတွေ အများကြီး ကျွန်တော်တွေ့ဖူးတယ်။ အဘိုးလို ခုဖိနပ်စွဲစွဲမြဲမြဲစီးတာ တစ်ယောက်မှမတွေ့လို့"

"ဟာ - သူတို့က ဒီခုဖိနပ်ကောင်းကြောင်းမသိလို့ကွ မြေးရ"

"ဘယ်လိုကောင်းတာလဲအဘိုးရဲ့"

"ကဲ - အဘိုးမေးတာ မင်းအရင်ဖြေကွာ။ အဘိုးညောင်းလို့ မြေးကိုဘယ်နှခါအနင်းခံဖူးသလဲ။ မင်းအမေကြီးကော ဘယ်နှခါအနင်းခိုင်းဖူးသလဲ"

ကျွန်တော်စဉ်းစားတယ်။ ဒါလည်း ဟုတ်တုတ်တုတ်။ တစ်ခါမှအနင်းမခိုင်းခဲ့ဘူး။ အဘွားနင်းတာလည်းမတွေ့ဘူး နည်းနည်းတော့ထူးဆန်းနေတယ်။

"အဲ-ဟုတ်တယ်အဘိုး၊ ကျွန်တော် အဘိုးကို တစ်ခါမှ မနင်းဖူးသေးဘူး။ အဘွားနင်းတာလည်းမတွေ့ဖူးဘူး။အဲဒါဘာကြောင့်လဲ အဘိုးရဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ခု မြေးမေးတဲ့ ခုဖိနပ်ကြောင့်ပေါ့ကွာ"

"ဟာ-အဘိုးကလည်း ခုဖိနပ်လေးစီးတာနဲ့ မညောင်းရတော့ဘူးလို့ဘဲ။ မဖြစ်နိုင်တာ"

"ကဲ - ဒါဖြင့်ရင် အဘိုးမေးတာသေချာဖြေ"

"အဘိုးခေါင်းမူးတာတွေ့ဖူးလား"

"ဟင့်အင်း - မတွေ့ဖူးဘူး"

"ဖျားတာကော ကြားဖူးလား"

"ဟင့်အင်း - မတွေ့ဖူးဘူး"

"ခုခေတ်ပြောနေကြတဲ့ သွေးတိုးတို့၊ ဆီးချိုတို့ဆိုတာကော အဘိုးဖြစ်သလား"

"ဟင့်အင်း - မကြားမိဘူး"

"အဘိုးခြေထောက်သေချာကြည့် ခြေဖနောင့်တွေကွဲသလား"

"မကွဲဘူး - အဘိုး"

"ခြေဆီတွေရွဲ၊ ဖုံအလိမ်းလိမ်းပေသလား"

"အဲဒီလိုလည်း မည်စပတ်ဘူး အဘိုး"

"အဲဒါတွေ ခုဖိနပ်စီးလို့ကွ မြေး"

ကိုစိုးလည်း သတိရသလောက် အဘိုးအကြောင်း စဉ်းစားကြည့်တယ်။ အဘိုးဖျားတာ၊ နှာစေးတာ၊ နောက်ကျောတက်တာ၊ အအေးပတ်တာ၊ သွေးတိုး၊ ဆီးချိုကအစ ဘာမှမဖြစ်ခဲ့ဘူး။ မှတ်မှတ်ရရ အဘိုးဆေးရုံ၊ ဆေးခန်းသွားတာ တစ်ခါမှမမြင်ခဲ့ရဘူး။ ဒီတုန်းက အဘိုးဟာ အသက် (၇၀) ကျော်။ သူနဲ့လမ်းအတူလျှောက်ရင် ကိုစိုးက နောက်က။ အငေါက်ပါခံရသေးတယ်။

"ဒီကောင်ကွာ ငါတောင်မီအောင် မလိုက်နိုင်ဘူး"

အဘိုးဟာ ခုဖိနပ်စီးရင်း အသက် (၉၃) နှစ်မှာ လူကြီးရောဂါနဲ့ဆုံးရှာတယ်။ အခု အဘိုးရဲ့ညီအငယ်ဆုံးသက်ရှိထင်ရှားရှိသေးတယ်။ ယခု အသက် (၉၅)နှစ် သွောင်ထုံးနဲ့။ တောင်ဝှေးမပါသေးဘူး။ သဲကြီးပါတဲ့ခုဖိနပ်စီးတုန်းပဲဗျာ။ အဘိုးတို့တစ်မျိုးလုံးခုဖိနပ်စီးတဲ့သူတွေပဲထင်ပါရဲ့ဗျာ။ ဒါက ကိုစိုးမှတ်မိသလောက် ပြောပြလိုက်တာ။

အခု -

ကားတာယာစီးတဲ့သူအကြောင်း ပြောပြမယ်။ ဒီနှစ် ဇန်နဝါရီလထဲကပဲ။ တစ်နေ့မနက် သွားနေကျလက်ဖက်ရည်ဆိုင်မှာ မိတ်ဆွေကြီး ဖိုးစိုးမင်းနဲ့ စကားလက်ဆုံကျနေတယ်။ ရွာက အပျိုကြီးမသိန်းရီက စားသောက်ပြီးလို့ပြန်တော့မှာ။ မတ်တပ်ရပ်လို့ ဆိုင်ရှင်တွေနဲ့စကားပြောနေတုန်း ကိုစိုးမျက်လုံးက ဒီအပျိုကြီးခြေထောက်ကြည့်မိတော့အံ့သြသွားတယ်။

သူစီးထားတဲ့ဖိနပ်က ကားတာယာဖိနပ်ကြီး ပုံမကျပန်းမကျပေါ့။ အံ့သြရတာ အကြောင်းရှိတယ်။ ဒီအပျိုကြီးက ဘုရားကျောင်းရဟန်းအမကြီးလူချမ်းသာ။ သိန်းပေါင်းများစွာချမ်းသာသလို ကုန်စုံဆိုင်ကြီးနဲ့။ ဒီလောက်ချမ်းသာတဲ့သူက ကားတာယာဖိနပ်ကြီးစီးတော့ ထူးဆန်းမနေပေဘူးလား။

ကိုစိုးစိတ်ထဲပေါ် နေတာက ဒီအပျိုကြီးဟာ သက်သက်စင်စစ်လုပ်နေတာလားတွေးနေတယ်။ သူဆိုင်ကထွက်မယ်လုပ်တော့ ဒီက မမေးဘဲမနေနိုင်တော့ဘူး။ သင့်တဲ့စကားနဲ့မေးလိုက်တယ်။

"လေးသိန်းရီ ဖိနပ်ကဘယ်လိုဖြစ်လို့ကားတာယာကြီးစီးတာလဲ။စတိုင်လုပ်တာလား"

ဆိုတော့ ဒီအပျိုကြီးမျက်နှာပျက်လို့ရယ်ရှာတယ်။

"မဟုတ်ရပါဘူးရှင်၊ ကျွန်မကျန်းမာရေးကြောင့်စီးနေတာပါ"

အလို - ကျန်းမာရေးဆိုတော့ ဒီက စိတ်ဝင်စားပြီး ထပ်မေးလိုက်တယ်။

"ဘယ်လိုကျန်းမာရေးတွေကြောင့်လဲ ပြောပါဦး"

ဆိုတော့ သူက ခြေဖနောင့်လှည့်ပြရှာတယ်။

ပြီးတော့ -

"ခုလို ဆောင်းတွင်းဆိုရင် ကျွန်မခြေဖနောင့်တွေတအားကွဲတာ လမ်းလျှောက်လို့မကောင်းဘူး။ အခုကြည့် ကျွန်မခြေဖနောင့်အရင်လိုမကွဲတော့ဘူး"

သူခြေဖနောင့်အလွန်အကျူးမကွဲအနည်းငယ်သာကွဲကြောင်းမြင်ရတယ်။

"ပြီးတော့ ကျွန်မက ခြေဆီတွေတအားထွက်တာ။ ကြက်ပေါင်ဖိနပ်ဆို အတော်ဆိုးတာ။ အခု ဒီဖိနပ်စီးတော့ ခြေဆီတွေရွဲနေအောင်မထွက်တော့ဘူး။ နည်းနည်းလေးပဲထွက်တယ်။ ကျွန်မမှာ အထိုင်များတော့ နောက်ကြောလည်း တအားတက်တာ။ အညောင်းရောဂါလည်းရှိတယ်။ အခု အရင်လို နောက်ကြောတွေတအားမတက်ဘူး။အညောင်းအညာလည်း ပြင်းပြင်းထန်ထန်မဖြစ်တော့ဘူး။ ဒီကားတာယာစီးလို့ ကောင်းလာတာ။ ဒါကြောင့် လက်စွဲစီးနေတာပါရှင်။ ကဲ - ကျွန်မပြန်ဦးမယ်"

မိတ်ဆွေကြီးဖိုးစိုးမင်းနဲ့ ကျွန်တော် ပါးစပ်အဟောင်းသားနဲ့ကျန်ရစ်ခဲ့ရတယ်။

နောက်ဆုံးတစ်ဦးကတော့ ကိုစိုးရဲ့ဦးပဉ္စင်းလေးပင်တိုင်စီးတာပါပဲ။ ဦးပဉ္စင်းက နွားမင်းတောင်မှာနေတာ။ ကိုစိုးတို့လင်မယားက ဒီဦးပဉ္စင်းလေးရဲ့ရဟန်းဒကာပေါ့။ ကိုစိုးအလုပ်မပြုတ်ခင်ကရဟန်းခံပေးထားတာပါ။

တောထဲတောင်ပေါ်မှာနေတော့ အလွန်ရိုးသားတဲ့ဦးပဉ္စင်းလေးပါ။ ရဟန်းဒကာဒကာမကို ဘာမှအလှူမခံရှာဘူး။ ကိုစိုးတို့က ဦးပဉ္စင်းလေးကြွလာရင် အသေးစိတ်မေးပြီးလှူရတယ်။ တောင်ပေါ်ကကြွလာရင် ကားတာယာနဲ့လာပါတယ်။ ကားတာယာမစီးဖို့ ရဟန်းစီးဖိနပ်ဝယ်လှူတယ်။ သူတစ်ပါးပြန်လှူတယ်။ ကြက်ပေါင်ဖိနပ်လှူတယ်။ သူတစ်ပါးပြန်လှူတယ်။ ဦးပဉ္စင်းမှာ ဘယ်ကဘယ်လိုရထားတယ်မသိ ကားတာယာဖိနပ်နှစ်ရန်ထင်ပါရဲ့။ ဖိနပ်ရဲ့ ရှေ့ခေါင်းမှာ အဝတ်စတွေပတ်ထုံးစီးရှာတာ။

ဒီဖိနပ်စီးတာကြာလာတော့ ကိုစိုးက မေးကြည့်တာပေါ့။ ကိုယ်တော်ရယ် ဒီလာတဲ့အခါသားရေဖိနပ်ကလေးစီးပါဘုရား။ တပည့်တော်လှူပါ့မယ်ပြောလည်း တောမှာနေတဲ့ ကိုယ်တော့်ကို ဘယ်သူမှသေချာမကြည့်ဖူးတဲ့။ ပျောက်သွားပြတ်သွားလည်း တမ်းတစရာမလိုဘူးတဲ့။ အထူးသဖြင့် ဖိနပ်ပျောက်မှာ မစိုးရိမ်မပူရတော့ဘူးတဲ့။ တရားအားထုတ်ရတာလည်း မကြောင့်ကြရဘူးတဲ့။


ကားတာယာဖိနပ်ပျောက်ဖူးတော့ ပြောရှာတယ်။ ပိုင်ရှင်က သူ့ပစ္စည်းသူပြန်ယူသွားရှာတာတဲ့။ ဒီနေ့ ဖိနပ်တစ်ရန်လှူလိုက်ရပြီတဲ့။ ဒီထဲက ထူးခြားတဲ့စကားလေးက တောင်ပေါ်မှာ ဘာဆေးဝါးမှမရှိဘူး။ ကျန်းမာရေးအထူးဂရုစိုက်ရတယ်တဲ့။ ဒီကားတာယာဖိနပ်စီးရင် အဖျားအနာကင်းတယ်။ အညောင်းအညာကင်းတယ်။ ကိုယ့်တော့်မှာရောဂါကင်းနေတာ ဒီကားတာယာဖိနပ်ကြောင့်တဲ့။ အဲဒါ ကိုစိုးကိုလှူချင်ရင် ကားတာယာဖိနပ်ပဲ အလှူခံလို့ ဒီဦးပဉ္စင်းလေးတိုင်း ကားတာယာဖိနပ်အဆင်သင့်လှူပေးရတယ်။

ကဲ - အနေစုတ်ပေမဲ့ ရွှေထုပ်တဲ့မြပဝါလို သစ်သားဖိနပ်လေးနဲ့ ကားတာယာဖိနပ်ဝယ်မီရင်း ကျန်းမာရွှင်လန်းကြပါစေ။

ဖိုးမင်း(မြောက်စည်းရွာသစ်)

www.burmeseclassic.com

www.burmeseclassic.com



သာယနတြိစက္ကဇာတာခွင်

၂၀၁၈ ခုနှစ်၊ ကန်ရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
(၁၃-၉-၂၀၁၈) မှ (၁၆-၁၀-၂၀၁၈) အထိ
မင်းရှိန်အောင်

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၇ရက်နေ့ နံနက် (၇:၄၁ း ၂၄) နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ်သည် သိဟ်ရာသီမှ ကန်ရာသီသို့ စတင်ကူးပြောင်းဝင်ရောက်ချိန်၌ ဥဒယလင်္ဂသည် တူရာသီ (၁၉)ဒီဂရီ၊ (၀၇) မိနစ်တွင် ထွက်ပေါ်သည်။ ဤဇာတာခွင်ကို ကန်ရာသီစူဠဥသကြိန်ဇာတာခွင်ဟု ခေါ်ဆို၍ ရနိုင်ပေသည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ တနင်္ဂနွေနှင့် ဗုဒ္ဓဟူးဂြိုဟ်သည် (၄)ဒီဂရီအတွင်း ပူးယှဉ်နေသည်။ တစ်ခါ ပလူတိုဂြိုဟ်နှင့် ကံကြမ္မာဂြိုဟ်(၃)ဒီဂရီအတွင်း၊ ကံကြမ္မာဂြိုဟ်နှင့် အင်္ဂါဂြိုဟ် (၁) ဒီဂရီအတွင်း၊ အင်္ဂါဂြိုဟ်နှင့် ကိတ်ဂြိုဟ် (၄) ဒီဂရီအတွင်း ပူးယှဉ်နေကြသည်။ တနင်္ဂနွေဂြိုဟ်သည် တနလာဂြိုဟ်ကို (၉၀) ဒီဂရီမြင်ထားသည်။ သောကြာဂြိုဟ်က အင်္ဂါဂြိုဟ်ကို (၉၀) ဒီဂရီမြင်သည်။ တနင်္ဂနွေဂြိုဟ်သည် ပလူတိုဂြိုဟ်ကို၊ ကြာသပတေးဂြိုဟ်က နက်ပကျွန်းဂြိုဟ်၊ စနေဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို (၁၂၀) ဒီဂရီဖြင့်မြင်ပြီး ယူရေးနပ်ဂြိုဟ်က သောကြာဂြိုဟ်ကို (၁၈၀) ဒီဂရီဖြင့် မြင်နေကြသည်။

ဂင်းကိုခြုံ၍ကောက်ချက်ချရလျှင် အစိုးရအဖွဲ့၌ ပြုပြင်ပြောင်းလဲမှုများရှိမည်။ တင်းမာသောအသွင်ဆောင်လာမည်။ အစိုးရအဖွဲ့ဝင်များအပြောင်းအရွှေ့များရှိမည်။ လွှတ်တော်၌ ပြုပြင်ပြောင်းလဲမှု၊ ပြောင်းရွှေ့မှုများရှိမည်။ စစ်၏ အရိပ်အယောင်၌များတွေ့ရမည်။ နိုင်ငံတော်ထိပ်သီးပုဂ္ဂိုလ်များထိုးနဲ့တိုက်ခိုက်မှုများ၊ ကဲ့ရဲ့ရှုတ်ချမှုများရှိမည်။ နိုင်ငံတကာဆက်ဆံရေး၌ စစ်ရေးအရ ဆက်ဆံမှု၊ သံတမန်ရေးအရဆက်ဆံမှုများရောပါလာတတ်မည်။

နယ်စပ်ဆိုင်ရာ၊ တိုင်းရင်းသားဆိုင်ရာ၊ ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ၊ လုံခြုံရေးဆိုင်ရာ၊ လက်နက်ပဋိပက္ခဆိုင်ရာတို့နှင့်နှီးနွယ်နေသောပြဿနာများ၊ စိန်ခေါ်မှုများ၊ ဖိအားပေးမှုများ၊ ပိတ်ဆို့တားမြစ်မှုများ၊ ရေလာမြောင်းပေးမှုများ၊ ခြိမ်းခြောက်မှုများကို ကြုံဆုံရမည်။ နိုင်ငံတကာနှင့်ဆက်နွယ်လျှင်ပိုဆိုးတတ်မည်။

ငင်းတို့နှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပအတိုက်အခံတို့၏ ခက်ထန်စွာထိုးနှက်တိုက်ခိုက်မှုများ၊ ပြည်သူတို့၏ တင်းမာစွာ ခေါင်းမာစွာ တောင်းဆိုမှုများဖြစ်ပေါ်လာမည်။

အရပ်ဘက်လူအဖွဲ့အစည်း၊ ပရဟိတအဖွဲ့အစည်းတို့သည် ကောင်းကျိုးထက် ဆိုးကျိုးပေးသလိုရှိနေမည်။အစိုးရအဖွဲ့နှင့် ပြည်သူတို့ကို အနှောင့်အယှက်ပေးသလိုရှိနေမည်။

အလုပ်သမား၊ လယ်သမားအပါအဝင် အခြေခံလူတန်းစားတို့ ရပိုင်ခွင့်တောင်းဆိုမှုများ၊ လှုပ်ရှားမှုများပြင်းထန်လာမည်။မူးယစ်ဆေးဝါးဆိုင်ရာ၊ အကျင့်စာရိတ္တဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာပြစ်မှုများ ပိုများလိမ့်မည်။ အမျိုးသမီး၊ ကလေးသူငယ်တို့နှင့်နှီးနွယ်နေသော ရာဇဝတ်မှုခင်းများမှာ ရှင်းလေရှင်းလေးရှိမည်။ စာနယ်ဇင်းဆိုင်ရာ၊ မီဒီယာဆိုင်ရာထိပ်တိုက်တွေ့ဆုံမှုများ ပိုအားကောင်းလာမည်။ကုန်းကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ မော်တော်ကား၊ မီးရထားတို့နှင့်ပတ်သက်၍ မတော်တဆဖြစ်မှုများပေါ်ပေါက်တတ်မည်။ ငွေကြေးဆိုင်ရာပြဿနာများပေါ်ပေါက်တတ်မည်။

မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်း၊ မိုးနည်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လေပြင်းတိုက်ခြင်းများရှိမည်။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com

(မိုးကုတ်)

ရွှေပြည်စိုး

ကျွန်ုပ်နှင့်ဓာတ်တော်ဘုရားကုန်း



(ယခင်လမ္ဘအဆက်)

■ **ဆင်ခွာကိုမျိုး၏အတွေ့အကြုံ**

ဆင်ခွာရွာသည် ပလောင်အများစု နေထိုင်သော ပလောင်ရွာ ဖြစ်သည်။ မိုးကုတ်အနောက်ပိုင်း၌ ပလောင်အများစု နေထိုင်ရာရပ်ကွက်နှင့် ရွာများကား ပန်းမရပ်ကွက်၊ ကောင်းဦးဘာရပ်ကွက်၊ ဘောလုံးကြီးရွာ၊ ဘောလုံးလေးရွာ၊ အထက်ကျောက်ကြမ်းရွာ၊ ရေအေးရွာ၊ ဆင်ခွာရွာတို့ ဖြစ်ကြ၏။ ဆင်ခွာရွာမှ ပလောင်များအား ဒေသအခေါ် ဆင်ခွာပလောင်၊ ပန်းမရပ်မှ ပလောင်တို့အား ပန်းမပလောင် စသည်ဖြင့် လူတို့အား ရပ်ရွာအမည်နှင့်တွဲစပ်၍ ခေါ်ဝေါ်သုံးစွဲကြပါသည်။

ဆင်ခွာပလောင်အများစုတို့နှင့် ဘောလုံးကြီးပလောင်အများစုတို့သည် အသားညှိကြပါသည်။ ရှမ်းတို့ကဲ့သို့ ဖြူဆွတ်မနေကြ။ ထို့အတူ ကျောက်ကြမ်းကြီးပလောင်တို့မှာလည်း အညိုမျိုးပါသည်။

ဆင်ခွာကိုမျိုးသည် ဆင်ခွာရွာမှ ဖြစ်သော်လည်း ဖြူဆွတ်နေကာ လူပုံချောဖြစ်သည်။ ကိုမျိုးသည် ရန်ကုန်သား ဖြစ်ကာ ဆင်ခွာသူ ပလောင်မ မည်ုနှင့် အိမ်ထောင်ကျလျက် ဆင်ခွာသားဖြစ်နေခြင်း ဖြစ်သည်။ ကိုမျိုးကချောသော်လည်း မည်ုမှာ ရုပ်ရည်အသင့်အတင့် သာရှိလေ၏။

ကိုမျိုးကား ကျွန်ုပ်ထက် ဓာတ်တော်ကုန်းတွင် ကာလအတန်ကြာစီဝင်သောကျပါသည်။ ကျွန်ုပ်ကား မှားစရာပေနောက်ကျပြီးမှရောက်သူဖြစ်သည်မို့ သို့အတွက် ဓာတ်တော်ကုန်း၏ အတွေ့အကြုံ ကျွန်ုပ်ထက် များစွာသာလွန်ပြီး သူ၏ အတွေ့

www.burmeseclassic.com

www.burmeseclassic.com

အကြံုတို့ကို ကျွန်ုပ်အား ရဲဖန်ရဲခါပြောပြလေ့ရှိ၏။ ကိုမျိုးသည် ချစ်ရွှေနှင့် တဲတွင် အတူနေထိုင်တတ်လေ၏။

ဘုန်းတော်ကြီး ဦးရွှေမန်း တရားထိုင်ခြံတွင် ကိုမျိုးလည်းထိုင်လေ့ရှိ၏။ မိုးရာသီတွင် ခြင်ကိုက်သောဒဏ်ကြောင့် ကိုမျိုးရော ဘုန်းတော်ကြီးပါ ပြိုင်တူဖျားကြသည်။ ထိုအချိန်တွင် ကျောင်းဒကာ နှင့် ကျောင်းအမတို့ တစ်ဦးမှမရှိကြပါ။ ချစ်ရွှေကလည်း တွင်းသမားဖြစ်၍ သူတို့အား မပြုစုနိုင်ပါ။ နံနက်ပိုင်းနှင့် ညပိုင်း လောက်သာ လိုအပ်သည်တို့ကို ပြုစုပေးနိုင်၏။ ဘုန်းတော်ကြီးသည် လေမိုးလုံခြုံသောဂူထဲ၌ ကိုမျိုးကို ခေါ် ထားပါသည်။ ဂူသည် အနောက်မုခ်၌တည်ရာ အရှေ့ကိုဦးခိုက်၏။ ထိုဂူအဝင်ပေါက်မြောက်ဘက်နား အောက်ဘက်၌ ကိုမျိုးကို နေရာချထား၏။ ဂူတောင်ဘက်ခြမ်း၌ ဘုန်းတော်ကြီးက အထက်နားတွင် သီတင်းသုံးသည်။

တော်သလင်းလ၏ လဆန်းပိုင်း လပြည့်ဝန်းကျင်တွင်ဖြစ်ရာ မိုးလေအတန်ကင်းစင်လျက် လသည် ထိန်ထိန်သာလျက်ရှိ၏။ ဖျားနာ၍ လဲလျောင်းနေသော ဂိလာနပုဂ္ဂိုလ်နှစ်ဦးအား ညဦးပိုင်း၌ ကိုကြည်အောင်မှ တတ်သမျှမှတ်သမျှ ဆေးတိုက်သွားကာ ပြန်သွားလေ၏။ ချစ်ရွှေလည်း အိပ်ချင်တန်၍ သူတဲသို့ပြန်ကာ အိပ်ပြီဖြစ်သည်။ ကိုမျိုးမှာမူ အားအင်နည်းနေမှုကြောင့် လုံးဝအိပ်မပျော်ချေ။ သို့နှင့်ပင် ညဉ့်နက်ပိုင်းရောက်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တော့၏။ စေ့ထားသော ဂူဝင်တံခါးမှ လရောင်သည် တိုးဝင်လျက်ရှိ၏။ ကွဲထွက်လုမတတ်ပင် ကိုက်ခဲနေသော ခေါင်းအား ထောင်ပင်မထောင်ချင်ပါ။

ထိုသို့ရှိစဉ် ဂူတံခါးအား တွန်းဖွင့်သံကြား၍ကြည့်လိုက်ရာ ဆွတ်ဆွတ်ဖြူနေသောအရာသည် ရှိခိုးဦးတိုက်ကာ ဝင်လာလျက် ညည်သာသိမ်မွေ့စွာ ဘုရားကိုဝတ်ပြုလျက်ရှိ၏။ ဂူမှာ ကျဉ်းကျဉ်းဖြစ်ရာ ကိုမျိုးနှင့်မဝေးလှပေ။ နီးနီးကပ်ကပ်ဟူ၍ ဤတစ်ခါသာကြုံဖူးပါသည်။

အနီးကပ်မြင်ချင်လွန်း၍ ခေါင်းကိုစောင်းကြည့်ရန် ခေါင်းလှည့်၏။ ခေါင်း၏အကြောတို့ခိုင်မာနေကာ လုံးဝလှည့်၍မရပေ။ ချက်ထားသကဲ့သို့ရှိလေ၏။ ထို့ကြောင့် ငုတ်တုတ်ထိုင်ရန်ထကြည့်၏။ လုံးဝထ၍မရပေ။ တစ်ကိုယ်လုံးချပ်ထားသကဲ့သို့ရှိကာ မျက်ဝန်းတစ်ခုသာလှုပ်ရှားနိုင်ပါသည်။ ထို့ကြောင့် မျက်ဝန်းကိုစောင်းကာ ကြည့်နေရလေ၏။ တံခါးမကြီးဖွင့်ထားမှုကြောင့် အတန်ငယ်လင်းလျက်ရှိနေပါသည်။ သို့ကြောင့် အထင်အရှားကြီးမဟုတ်ပါသော်လည်း အထိုက်အလျောက် မြင်နေရလေ၏။

ထိုဖြူဖြူပုဂ္ဂိုလ်သည် ကရုဏာရှင် အစ်မကြီးဖြစ်ရမည်ဟု အလိုလိုသိလေ၏။ ဘုန်းတော်ကြီးနှင့် အပြန်အလှန် စကားပြောနေကြစဉ် အမျိုးသမီးသံဖြစ်ကာ ပြောနေသောစကားတို့ကိုလည်း ကိုမျိုးနားမလည်ပါ။ သူထင်သကဲ့သို့ အစ်မကြီးဖြစ်နေပြီး ဘုန်းတော်ကြီးအား ဆေးတိုက်ပါသည်။

ထိုသို့ ဆေးတိုက်နေစဉ် ကိုမျိုးသည် အားကိုးတကြီး 'အစ်မကြီးရယ်၊ ကျွန်တော့်ကိုလည်းကယ်ပါဦး' ဟုပြောမိလေ၏။ သို့သော် ပါးစပ်သာလှုပ်သည် အသံက လုံးဝထွက်မလာပါ။ ဘုန်းတော်ကြီးအား ဆေးတိုက်ပြီးသည်နှင့် အစ်မကြီးသည် သူ့ဘက်သို့ သိမ်မွေ့စွာလှည့်ထိုင်ပြီး 'ငါ့မောင်ရဲ့လက်ပေးပါ' ဆိုသဖြင့် တောင်ဘက်ခြမ်းရှိ သူ့ဘယ်ဘက်လက်ကိုပေးလိုက်၏။ ယခုသော်မူ လက်သည် ပေါ်ပါးစွာမြွောက်၍ရသဖြင့် အံ့ဩစိတ်ဖြစ်မိ၏။ ကျန်သောနေရာတို့မှာမူ လှုပ်ရှား၍မရပါ။ ရှပ်အင်္ကျီလက်တိုဝတ်ထားသဖြင့် လက်မောင်းမှာပေါ်လျက်ရှိရာ သူ့အသားကိုထိကိုင်လိုက်သည်နှင့် အလွန်နူးညံ့သောအထိအတွေ့ကိုရလေ၏။

သူ၏လက်အား ဘယ်ဘက်ဖြင့် ကိုင်၍ ညာဘက်လက်ဖြင့် အပေါ်မှ အောက်သို့ ဖြည်းညင်းစွာ သုံးကြိမ်တိုင် တိုင်ပတ်သပ်၍ချပေးကာ 'ငါ့မောင်ရဲ့ရောဂါပျောက်ပါပြီကွယ်' ဟု သိမ်မွေ့စွာပြော၍ လက်ကိုအသာအယာချပေးကာ ဘုရားအား ဦးတိုက်လျက် လက်အုပ်ချီနောက်ပြန်ဆုတ်ကာ တံခါးမကြီးမှထွက်သွားလေ၏။ လကား ထိန်ထိန်သာလျက်ရှိရာ လင်းရင်း၍နေ၏။

ကိုမျိုးသည် အစ်မကြီးထွက်သွားသည်နှင့် ရုတ်ခြည်းထကာ အပြင်သို့ အမြန်ထွက်ကြည့်လေ၏။ အစ်မကြီး၏ အရိပ်အယောင်သော်မျှ မတွေ့ရတော့ပေ။ ကုန်းတော်သည် လရောင်အောက်၌ တိတ်ဆိတ်နေလေ၏။ အစ်မကြီး အပြင်ရောက်သည်နှင့် သူ့ခန္ဓာကိုယ်သည် အနှောင်အဖွဲ့မှလွတ်သကဲ့သို့ လှုပ်ရှား၍ရသွားသည်မှာလည်း အံ့ဩဖွယ်ဖြစ်ပေ၏။မြင်တွေ့လိုသဖြင့် လိုက်ကြည့်ခြင်းဖြစ်ရာ တစ်ခဏအတွင်းမှာပင် ကွယ်ပျောက်သွားခြင်း ဖြစ်သည်။

ထိုအကြောင်းအရာတို့ကိုပြောပြပြီးသော် ကိုမျိုးက ဆက်၍ -

"လူတွေရဲ့ အထိအတွေ့ဆိုတာ အလကားပါဗျာ။ နတ်ရဲ့အတွေ့အထိနဲ့ နှိုင်းစာရင် လူအတွေ့အထိဆိုတာစာမဖွဲ့လောက်ပါဘူး အလကားပါပဲ။ တကယ်ဗျာ နတ်ရဲ့အတွေ့အထိဘယ်လောက် နူးညံ့သိမ်မွေ့တယ်ဆိုတာ ပြောမပြတတ်အောင်ပါဘဲ"

ဟု ပြောပြပါသည်။

ဤသည်မှာ တကယ့်နတ်ပြည် (၆)ဘုံ၌ စံနေသောနတ်တို့မဟုတ်သေးပေ။ စတုမဟာရာဇိအန္တယ်ဟုဆိုရမည် ဖြစ်သော အောက်ဆုံးနတ်ဘုံ၏အန္တယ်အစွယ်အပွားအောက်တန်းစားနတ်မျှသာ ရှိပါသေးသည်။ နတ်ဟူသည် လူတို့မမြင်အပ်ပါ။ သို့ကြောင့် ဝတ်ရုံအလုံခြုံလျက် ကိုယ်ကိုကာကွယ်ထားခြင်း ဖြစ်ပါသည်။ ဘုန်းတော်ကြီးပင်လျှင် မျက်နှာကို မြင်ရအံ့မထင်ပါ။

■ တံခါးတွန်းဖွင့်ကြည့်ခြင်း

ထိုသို့ ခဏတာဆေးကုသွားပေးခြင်းဖြင့် ကိုမျိုးနှင့်ဘုန်းတော်ကြီးတို့သည် ရှိနေသောရောဂါတို့ယူပစ်လိုက်သကဲ့သို့ ပျောက်ကင်းလျက် ကျန်းမာသွားကြရလေ၏။ ကိုမျိုးမှာမူ အစ်မကြီးအား လွန်စွာအားကိုးအားထားပြုလေ၏။ သူ၏လက်မောင်းအား သပ်ချပေးရုံမျှဖြင့် ပျောက်ကင်းသွားရာ အားကိုးမည်ဆိုကအားကိုးလောက်ပေ၏။

ကိုမျိုးကား ဓာတ်တော်ကုန်းရောက်ပြီးနောက် ရဟန်းဝတ်၍ တရားအားထုတ်ချင်စိတ် တားမနိုင်ဆီးမရဖြစ်ခဲ့ပါသည်။

သို့ကြောင့် သူဇနီး မည်ကြီးအား ရဟန်းဝတ်ခွင့်ပြုရန် တောင်းပန်ရာ -

"ကိုမျိုးရယ် ဝတ်ပါ။ ကလေးနှစ်ယောက်အရွယ်ရောက်အောင် တစ်နှစ်တော့စောင့်ပါဦး။ တစ်နှစ်ဆို ကလေးတွေ ခြေနိုင်လက်နိုင်ဖြစ်ပါပြီ။ ကျွန်မက ကျောက်အရောင်းအဝယ်တတ်တဲ့ကုန်သည်ဆိုတော့ နောက်ဆံတင်းစရာလည်း မလိုပါဘူး။ ဒါပေမယ့် ဒီတစ်နှစ် ကိုမျိုးအသက် (၄၀) ပြည့်အထိတော့နေပါဦးလို့ ကျွန်မ တောင်းပန်ပါတယ်"

ဟု တောင်းပန်သည်ကြောင့် ကိုမျိုးသည် ရဟန်းဝတ်ချင်စိတ်ကို ချုပ်တည်းကာ ဓာတ်တော်စေတီတော်ကြီး၌ ရက်ရှည်နေ၍ တရားအားထုတ်လေ့ရှိသူဖြစ်သည်။ သို့ကြောင့်လည်း ကျွန်ုပ်နှင့်နှိုင်းယှဉ်ပါက ဓာတ်တော်ကုန်း၌ အတွေ့အကြုံ ကျွန်ုပ်ထက်များစွာရင့်ကျက်သူဖြစ်သည်။ သို့ကြောင့် အတွေ့အကြုံတို့ကို မကြာမကြာပြောပြတတ်၏။

"တစ်ညမှာ အစ်မကြီးလား၊ အစ်မလတ်လား၊ အစ်မငယ်တွေလားတော့ မသိဘူးပေါ့ဗျာ။ စကြိုကနေ ဘုရားကြီးကို ဦးတိုက်ရှိခိုးပြီး ဂူထဲတံခါးတွန်းဖွင့်ဝင်သွားတာတွေ့လိုက်တယ်ဗျ။ အဲဒါ လက်တွေ့စမ်းကြည့်မယ်ဆိုပြီး ကျွန်တော် ဂူတံခါးကချောင်းကြည့်တော့ ဘုန်းတော်ကြီးက ဘုရားရှေ့မှာ တရားထိုင်နေတယ်။ တံခါးရဲ့ရှေ့နားမှာ အစ်မက တရားထိုင်နေတယ်။ တံခါးက လက်နှစ်လုံးလောက်ဟနေတယ်။ ချက်ထိုးမထားဘူး။ ဒါနဲ့ ကျွန်တော်က အသာတွန်းကြည့်တယ်။တံခါးတမရွေ့ဘူးဗျ။ နောက်တော့ အားစိုက်တွန်းကြည့်ပြန်တယ်။ လုံးဝမရွေ့တာနဲ့ ကိုယ်တစောင်းနဲ့ထပ်တွန်းကြည့်ပြန်တယ်ဗျို့။ တကယ်ဗျာ ကျောက်နံရံကိုတွန်းနေရသလိုပါပဲ လုံးဝကိုမလှုပ်တာ။ ဘယ်လောက်အားထည့်တွန်းသလဲဆိုရင် ခွေးတောင်ပြန်တယ်ဗျ။ အဲဒီကျမှ ဂူတွေအချို့က သိုက်နန်းရှင်ဝင်သွားပြီးရင် တံခါးလုံးဝတွန်းမရတော့ဘူးဆိုတာယုံသွားတယ်။ ဟင်းထိုးမထားဘူးနော်။ တံခါးက ဟနှစ်လုံးလောက်ဟနေတာနော်။ မယုံရင် ကြုံတဲ့အခါတွန်းကြည့်ဗျာ"

ဟူ၍ ပြောပြပါသည်။

သိုက်နန်းရှင်ထိုင်နေသည်များကြုံ

www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ထိုသို့တွန်းကြည့်ချင်စိတ်လုံးဝမရှိပါ။ လေးစားမှုသာရှိပါသည်။ ပရလောကအား ယုံကြည်မှုလည်းရှိပါသည်။ ထိုသို့မယုံ၍ တွန်းကြည့်သူအတော်များများရှိရာ ကိုမျိုးလည်း အပါအဝင်ဖြစ်ကြောင်းသိရလေ၏။

■ သိလိုသောအခွင့်အရေး

ဓာတ်တော်ကုန်းပေါ်ရှိ ဓာတ်တော်ဘုန်းတော်ကြီးအား လည်းကောင်း၊ ပရလောကသား (ခေါ်) သိုက်နန်းရှင်များအား လည်းကောင်း ရပ်ရွာတို့၌ လုံးဝအယုံအကြည်မရှိသူတို့ရှိကြပါသည်။

ထိုသူတို့က ဘုန်းတော်ကြီး၏ ဘုန်းတန်ခိုးကြီးရန် ဘုန်းတော်ကြီးမှ လောကီအတတ်များဖြင့် လူတို့အား လှည့်စားနေခြင်းသာဖြစ်သည်။ ဝတ်ရုံဖြူ ခြုံ၍လှည့်ပတ်သွားလာနေသည်မှာလည်း ဘုန်းတော်ကြီးပင်ဖြစ်ရမည်။ အထူးအဆန်းများကြံသော် ထိုသည်မှာ မျက်လှည့်ပညာသာဖြစ်သည်ဟုပြောဆိုနေကြလေ၏။ သူတို့ဆိုလိုသည်မှာ ရက္ခစိုးမရှိ၊ ဥစ္စာစောင့်မရှိ၊ တစ္ဆေမှင်စာမရှိ ဟူသောသဘော ဖြစ်၏။ ရှိခဲ့သော်မှ ထိုဖြူဖြူအရာတို့သည် ဘုန်းတော်ကြီးမှ အယောင်ဆောင်ခြင်းသာဖြစ်သည်ဟု ရဲရဲတင်းတင်းပြောဆိုနေကြလေ၏။

ရွာတိုင်း၌ မယုံကြည်သူတို့ရှိရာ ထိုစကားတို့သည် ကျွန်ုပ်၏နားပင်လျှဲ၍ထွက်၏။ ယုံလိုကယုံ မယုံလိုကနေရဲသာရှိသည်။ ကျွန်ုပ်အနေနှင့်မူ ဘာမှမဆိုလိုပေ။ ထိုကိစ္စနှင့်ပတ်သက်၍ ကိုမျိုးကပြောပြ၏။

"ကိုကျော်စိုး၊ ဘုန်းတော်ကြီးကို ပြောဆိုနေကြတာတွေကြားမှာပါ။ ကျွန်တော်ဗျာ တစ်နေ့ညက အဲဒီပြောဆိုနေတာတွေကို ရှင်းရှင်းသိနိုင်တဲ့အခွင့်အရေးတစ်ခုရတယ်ဗျ။ ကျွန်တော် ညပိုင်း လူခြေတိတ်ချိန်မှာ အိပ်မပျော်တာနဲ့ထလာပြီး စကြံလမ်းအနောက်စွန်မှာ ထိုင်နေမိတယ်။ အဲဒီမှာ ကျွန်တော့်ဘေးမှာ ဘယ်သူရယ်တော့မသိဘူးပေါ့ဗျာ။ ဝတ်ရုံဖြူနဲ့လာရပ်တယ်။ ငြိမ်ငြိမ်သက်သက်ပါပဲ။ ကျွန်တော်လည်းမော့တော့ ကြည့်တာပေါ့ဗျာ။ သူက ဘာမှမပြောတော့ ကျွန်တော်လည်း မပြောဘူးပေါ့။ အဲဗျာ - မကြာခင်မှာပဲ အနောက်ကကုန်ကားကြီးတက်လာတော့ ကားမီးကကျွန်တော်တို့ဆီ လင်းထိန်သွားတယ်။ ခဏာမဟုတ်ဘူးနော် အတော်ကြာတယ်။ အဲဒီမှာ ကျွန်တော်က သူ့မျက်နှာကို အသေအချာမော့ကြည့်တာပဲဗျို့။ လုံချက်ကတော့ တစ်စက်ကလေးတောင်မမြင်ရဘူး။ ကားကြီးသာလွန်လို့ မှောင်သွားတယ် ဘယ်လိုမှတ်မမြင်ရတာ။ ခဏနေတော့ စကြံလမ်းကနေ ဘုရားဘက်ထွက်သွားတော့တာပဲ။ လူတွေပြောနေကြသလို ဘုန်းတော်ကြီးများလားဆိုတဲ့ သံသယကလည်းရှိတာပေါ့ဗျာ။ အဲဒီမှာ နောက်မှသတိရလိုက်တာက ကျွန်တော့် လက်ထဲက ဓာတ်မီးပဲ။ ဓာတ်မီးနဲ့ခြေထောက်ကိုထိုးကြည့်လိုက်ရင် မြင်နိုင်တာပေါ့ဗျာ။ ခြေထောက်ဖွေးဖွေးဆွတ်ဆွတ်ဆိုရင် သိုက်နန်းရှင်အစစ်ပဲ။ ခြေထောက်မည်းမည်းကြီးဆိုရင် ဘုန်းတော်ကြီးပေါ့ဗျာ။ ဒါကို နောက်မှ ကျွန်တော် စဉ်းစားမိတယ်။ ဟိုကမရှိတော့ဘူး ထွက်သွားပြီ။ တကယ်ပါဗျာ - သိလိုတဲ့ အခွင့်အရေးရပါလျက်ကယ်နဲ့ မသိလိုက်ရတာနာသဗျာ"

ဟု ပြောပြလေ၏။

■ စွာန်ပျံသည်ကို မြင်ဖူးသူ

တစ်ဆင့်တက်၍ ပြောဆိုလာကြသည်မှာ ဘုန်းတော်ကြီးသည် မာတုဂါမနှင့်မွေ့လျော်နေသည်ဟူသောစကားပင်ဖြစ်လေ၏။ ထိုဝိသဘာဂအာရုံဟူသည် ပုထုဇဉ်ဟူကရှိသည်ဖြစ်ရာ လူတို့၏စိတ်ထဲ၌ သို့လောသို့လောဖြစ်ကာ ကုန်းတော်၌ လူအတန်ပါးသွားခဲ့လေ၏။ အမာခံဖြစ်သောကျွန်ုပ်တို့ကမူ တောင့်ခံထားကြပါသည်။ ထိုပြောဆိုမှုနှင့်ပတ်သက်၍ ဓာတ်တော်ကုန်း၌နေဖူးသော ပုဂ္ဂိုလ်တို့ကမူ 'တို့ကတော့မပြောရဲဘူးဟေ့၊ အတူနေဖူးလို့သိတယ်' ဟုသာဆိုကြကုန်၏။

ဖိုးခင်ကမူ -

"ကိုကျော်စိုး၊ ဘုန်းတော်ကြီးကို သားပုပ်လေလွင့်ပြောနေကြတယ်။ ကျွန်တော်ကတော့ မပြောရဲဘူးဗျ။ ဘာလို့လဲဆိုတော့ ထမင်းချက်ဖို့ ကျွန်တော် တောတွင်းကနေ အစောပြန်ခဲ့တယ်။အဲဒီတုန်းက ညကိုးနာရီလောက်အထိဆင်းကြတာ။ ကျွန်တော် ညောင်ပင်ကြီးအောက်ရောက်တော့ အပေါ်မှာ ရိပ်ခနဲဖြစ်လို့ မော့ကြည့်လိုက်တော့ ဘုန်းတော်ကြီးကကောင်းကင်ကပျံလာတာဗျ။ အသေအချာကိုမြင်လိုက်ရတာ။ ဘုန်းတော်ကြီးက ကောင်းကင်ကနေ ညင်ညင်သာသာသူ့ရဲ့ဂူကျောင်းရှေ့က စကြံလမ်းမှာဆင်းတာဗျ။ ဆင်းပြီး လမ်းလျှောက်ပြီး သူ့ဂူထဲဝင်သွားတာ ကျွန်တော်အပီအပြင်ကို မြင်လိုက်ရတာ။ ဒီလိုပုဂ္ဂိုလ်ဟာ မိန်းမနဲ့မှားတယ်ဆိုတာ ကျွန်တော်ဒေါ့တ်မယုံဘူး။ ပြောလည်းမပြောရဲပါဘူးဗျာ။ ကြောက်ပါတယ်"

ဟု ပြောပြလေ၏။

ထိုအချိန်ဝယ် ဖိုးခင်သည် ကျောက်ဖျာအောက်ပိုင်းမှ ဦးဆန်ဒေါ်မြတို့သမီး စောခင်နှင့် အိမ်ထောင်ကျကာ ကလေးတစ်ယောက်ပင်ရနေပြီဖြစ်သလို ကျွန်ုပ်သည်လည်း ကလေး (၂) ယောက်ရနေပေပြီ။ ထိုသတင်းများသည် ဆည်းကပ်သူတို့အား အဟန့်ဖြစ်စေလျက် ကုန်းတော်သို့ လာရောက်သူအတန်ပင်နည်းပါးသွားသည်မှာ အမှန်ဖြစ်လေ၏။

လူတို့အနေနှင့် သိနိုင်ခဲ့၏။ သိခဲ့သော်မှ ကျင့်နိုင်ခဲ့၏။ ထို့ကြောင့် တရားကျင့်သူအား ဆည်းကပ်ကြသည်မှာ ထုံးစံဖြစ်သည်။ ထိုဘုန်းတော်ကြီး၏ ကျင့်ကြံမှုတို့အား အတူနေသူတို့ ပို၍သိကြပါသည်။ သမထကျင့်သည်ဖြစ်စေ ဝိပဿနာကျင့်သည်ဖြစ်စေ လောကီ၊ လောကုတ္တရာ ဘယ်အရာကျင့်ကျင့် မကျင့်နိုင်သော ကျွန်ုပ်တို့ထက် များစွာသာလွန်ပေရာ အမှန်ပင်ကြည်ညိုလေ၏။ သို့ကြောင့် ကဲ့ရဲ့ရွှတ်ချပ်စိတ်ဝေဖန်မှုတို့၌ ကျွန်ုပ်မပါပေ။

■ ဆေးလိပ်အာသီသ

လူဟူသည် အကြိုက်တစ်မျိုးမျိုးတော့ရှိတတ်ကြလေ၏။ အကြိုက်မရှိသူဟူသည်မှာ တောရဆောက်တည်သောရဟန်းများ၊ မူတင်ဆောင်သောရဟန်းများ၊ အသိသတိနှင့် မကောင်းဘူးဟူ၍ သိကာ ရှောင်ရှားတတ်သောသူများဟူ၍ ရှိသော်လည်း အလွန်ရှားပါးလှပေ၏။ အကြိုက်တစ်ခုခုတော့ ရှိတတ်ကြသည်သာဖြစ်သည်။ ထိုအကြိုက်အားမပြုရသော် ပုထုဇဉ် ဟူသည် ချင်ခြင်းတပ်သည့်ပမာ တမ်းတမ်းတတဖြစ်လျက် စိတ်မဖြောင့်ရှိနေတတ်၏။

ဆေးလိပ်ကြိုက်သူက ဆေးလိပ်သောက်လိုက်ရမှ၊ ကွမ်းကြိုက်သူက ကွမ်းဝါးလိုက်ရမှ၊ အရက်ကြိုက်သူက အရက်ကလေးမော့လိုက်ရမှ မိမိတို့၏ အာသီသပြေပျောက်ကာ လုပ်လိုသည်တို့ကို ဖြောင့်ဖြောင့်တန်းတန်းလုပ်နိုင်ကြ၏။ ဤသည်မှာ ပုထုဇဉ်တို့သဘာဝဖြစ်သည်။ ထိုသို့ ဆေးလိပ်ရှင့်၊ ကွမ်းရှင့်၊ အရက်ရှင့်၊ ဘီန်းရှင့်ထနေသော ဘုန်းတို့ဝယ် ရင်းထနေခိုနှိုက်ဖြစ်သည့်ပို့ စိတ်ဇနာမငြိမ်ဖြစ်ကာ ဒေါသဓာတ်စီးလျက် စိတ်တို၍ နေလေ၏။ ထိုသည်နှင့်ပတ်သက်၍ ဆေးလိပ်ကြိုက်ခဲ့သူ ဦးရွှေမန်းသည် သူ့ဆေးလိပ်ရင်းထုပ်ကို ပြောပြ

www.burmeseclassic.com

www.burmeseclassic.com

ဖူးပါသည်။

"ကျုပ် ရဟန်းဝတ်ပြီး ဒီဓာတ်တော်ကုန်းပေါ် ရောက်တော့ကာ ကျုပ်မှာ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်နဲ့ အိပ်ရာလိပ်လေးပဲပါတာပါ။ ကျန်တာ ဘာမှသိပ်မပါဘူး။ အဲဒီမှာ တရားထိုင်တယ်။ ကျောက်ပြဿဒ်မှာ ဆွမ်းခံစားတယ်ပေါ့။ တရားထိုင်တဲ့အခါ ဘာက လာနှောင့်ယှက်နေလဲဆိုတော့ ကျုပ် ငယ်ငယ်ကတည်းကကြိုက်ခဲ့စွဲလမ်းခဲ့တဲ့ ဆေးပေါ့လိပ်က လာပြီးနှောင့်ယှက်နေတယ်ဗျ။ အေးဗျာ - ကျုပ်မှာက ဘုရားမီးပူဇော်ဖို့ မီးခြစ်လေးပါတော့ မီးခြစ်တော့ရှိရဲ့၊ ဆေးလိပ်ကမရှိဘူးဖြစ်နေတယ်။ သောက်ချင်လိုက်တဲ့ဆေးလိပ်ခံတွင်းတွေချဉ်ပြီး တံတွေးတောင်သီးတယ်။ ထိုင်ရတာ အာရုံကိုမရနိုင်ဘူးဗျ။ ဒါနဲ့ပဲ ဆေးလိပ်သောက်ရမှ အာသီသပြေမှာမို့ ဆေးလိပ်ကို ဘာနဲ့လိပ်သောက်ရရင်ကောင်းမလဲဆိုပြီး လိုက်ကြည့်တော့ သင်္ဘောပင်အိုတစ်ပင်က အရွက်ခြောက်တွေတွေ့ရတယ်။ ပြီးတော့ လိပ်ဖို့ရာ တောင့်ပျောရွက်ခြောက်တွေတွေ့ရတယ်။ ဒါနဲ့ပဲ ကျုပ် သင်္ဘောရွက်ခြောက်တွေချေပြီး ငှက်ပျောဖက်နဲ့လိပ်ပြီး အာသီသပြေအောင်ဆိုပြီး မီးညှိသောက်တော့တာပဲ။ ဆေးလိပ်အရသာဘာရှိမှာလဲဗျာ။ မီးခိုးထွက်ရင်ပြီးရောဆိုပြီးဖွာရတာပေါ့။ ချောင်းတွေဆိုးလိုက်တာဗျာ ရက်ရက်စက်စက်ပဲ။ သောက်စရာဆေးကမရှိတော့ ဒီအတိုင်းပဲပေပြီးတရားထိုင်ရတာပေါ့။ ဒီလိုခံလိုက်ရမှ ဆေးလိပ်အာသီသပျက်သွားတော့တယ်ဗို့။ ဆွမ်းခံ



လှူသူဆိုလို့ တစ်ဦးမှမမရှိတာ။ ကျုပ်ကို ဆေးလိပ်လှူပါဦးလည်းပြောလို့ဖြစ်တဲ့ အမျိုးမဟုတ်ဘူးလေ။ ဒီလိုနဲ့ ဆေးလိပ်ဆိုတဲ့အကြိုက်ကိုစွန့်လွှတ်နိုင်ခဲ့တယ်ဗျ။ ငယ်စဉ်ကစွဲခဲ့တဲ့ဆေးလိပ် သင်္ဘောရွက်ခြောက်ကို ဆေးလိပ်လိပ်သောက်မှပဲ သောက်ချင်စိတ်ဦးကျိုးသွားတော့တယ်"

ဟူ၍ ပြောပြပါသည်။

ထိုဓာတ်တော်ကုန်းပေါ် သို့ တောရဆောက်တည်လိုသူ ရဟန်းတို့လာ၍ တောရဆောက်တည်တတ်ကြသော်လည်း ကြာကြာသီတင်းသုံးနိုင်ခြင်းမရှိဘဲ ခေတ္တခဏရက်ပိုင်းလပိုင်းမျှသာ သီတင်းသုံးကာ ပြန်ကြလေ့ရှိကြ၏။ သင်္ဘောပင်မှာ ထိုရဟန်းတို့စွန့်ပစ်သော သင်္ဘောစေ့မှ မျိုးပေါက်ကာ ရှင်သန်နေဟန်ရှိသည်။

■ ကျောင်းဆောက်၍ လှူကြခြင်း

ကျောင်းဒကာ ဦးအောင်သိန်းနှင့် ကိုမျိုးတို့ဦးဆောင်ကာ ကျွန်ုပ်တို့စုပေါင်းလှုပ် ညောင်သားပျဉ်ထို့ဖြင့် လိုအပ်သော ပျဉ်တို့ကို ထပ်မံဝယ်ယူကာ လက်သမားငှား၍ ကျောင်းဆောက်လှူဒါန်းကြပါသည်။ ကျောင်းမှာ နှစ်ခန်းသုံးခန်း ဖြစ်သည်။

ကျောင်း၌ လိုအပ်သော အလှူအတန်းတွင် ချက်ပြုတ်ရန်လိုသည့် ဒန်အိုးကြီးများနှင့် ရေနွေးအိုးကြီးစသည်တို့ကို ကျွန်ုပ်မှလှူဒါန်းပါသည်။ အစဉ်မဟုတ်သော်လည်း ကြာကြာတစ်ခါ ဆွမ်းကပ်သူ ဆွမ်းဒကာတို့ပေါ်တတ်ရာ ကျောင်းနှင့် အိုးခွက်ပန်းကန်နှင့်အဆင်ပြေလေ၏။ သောက်သုံးရေကိုလည်း မြောက်ဘက်တောင်တန်း ရေကြည်ထွက်မှ ပိုက်ဖြင့်သွယ်ထား၍ အဆင်ပြေပါသည်။ ဓာတ်တော်ကုန်းကား မီးနှင့် ရေနှင့် ကျောင်းနှင့် အတော်ပင် အဆင်ပြေလေ၏။ ညဉ့်အိပ်ညနေ လာရောက်၍ တရားအားထုတ်သူ၊ ပုတီးစိပ်သူတို့အတွက် ကျယ်ဝန်းသောကျောင်းပေါ်တွင် အဆင်ပြေစွာတည်ခိုနေနိုင်ကြလေ၏။

ဗဟုသုတအဖြစ်နှင့်ကြုံရသည်မှာ ညောင်သားသည် လက်ယှက်ကာဖွဲ့တည်သဖြင့် ပျဉ်တို့သည် စီ၍ပုံထားသော်လည်း ရုန်းကန်ကာ တွန့်လိမ်ကောက်ကွေးနေကြလေ၏။ ထို့ကြောင့် တွန့်လိမ်နေသောပျဉ်တို့ကို ကိုက်ဖြင့်ဆွဲတည့်ကာ ခက်ခက်ခဲခဲလုပ်ယူကြရ၏။ ခင်းသောပေပျဉ်တို့မှာလည်း စောင်းများလိမ်နေသဖြင့် ပဲခွပ်ဖြင့်ဖျင်ပစ်ရ၏။ သံကြိုးကြိုးဖြင့်ဖိ၍ ရိုက်ကြရ၏။ ကောင်းသည်ဟုမဆိုလိုသော်လည်း ညောင်သားဖြင့်ဆောက်သောကျောင်းကား ခေနဖြစ်ထိုင်ဖြစ်ရှိလေ၏။

ကျောင်းအား ကွင်း၏အနောက်တက်စောင်းတွင် တောင်မြောက်အလျားလိုက်ဆောက်လုပ်ထားခြင်း ဖြစ်သည်။ အရှေ့ဘက်မျက်နှာစာ တောင်ဘက်ခြမ်း၌ အတက်လှေကားပြုလုပ်ထား၏။ ဘုန်းတော်ကြီးကား ကျောင်းတွင် သီတင်းသုံးပါ။ ဂုဠ်သာ သီတင်းသုံးပါသည်။

■ ကြောက်စိတ်ကင်းခြင်း

သဒ္ဓါ ဟူသည် ယုံကြည်ခြင်းဖြစ်၏။ ထိုယုံကြည်ခြင်းသဒ္ဓါအားထက်သန်နေသောအခါ ကြောက်တတ်သောစိတ်တို့ကင်းကွာ၍ နေလေ၏။ ပျင်းရိဖွယ်ကောင်းသော ဘုရားသွားကျောင်းတက် အလုပ်အား လူငယ်တို့သည် စိတ်ဝင်စားမှုအားနည်းလှပါသည်။ ကျွန်ုပ် ဓာတ်တော်သွားသော် တပည့်တစ်ဦးဦးအား ခေါ်၍ သွားတတ်သော်လည်း နောင်တွင် တောလမ်းအတိုင်း ညခရီးသွားရသောအလုပ်အား သူတို့တစ်တွေစိတ်ပါလက်ပါမရှိကြတော့ပါ။ ထိုအခါ ကျွန်ုပ်သည် ဓာတ်မီးဆွဲ၍ ညအမှောင်တွင် ဓာတ်တော်ကုန်းသို့ တစ်ယောက်တည်းသွားလေ့သွားထရှိသည်။ သရဲလည်းကြောက်ရကောင်းမှန်းမသိ။ တစ္ဆေလည်းကြောက်ရကောင်းမှန်းမသိ။ သစ်ကျားမြွေစသော သားရဲတိရစ္ဆာန်တို့ကိုလည်းကြောက်ရကောင်းမှန်းမသိ။ စိတ်ထဲတွင် ဓာတ်တော်၌ ဘုန်းတော်ကြီးအား ဖူးမြော်စကားပြော၍ စေတီရင်ပြင်၌ ပုတီးစိပ်ရန်သာ ဆန္ဒပြင်းပြလျက်ရှိရာ နာရီဝက်ခရီးသည် ဝေးသည်ဟု မထင်မှတ်မိပေ။

ထို့ပြင် ဤလမ်း ဤခရီးသည် သွားနေကျယဉ်ပါးနေသောလမ်းခရီးဖြစ်ရာ ဘယ်နားတွင်ဘာရှိသည်၊ မည်သည့်နေရာတွင် မည်သို့အတက်အဆင်းရှိသည် စသည်ဖြင့် သိပြီးသားလမ်းဖြစ်ပေ၏။ ထိုလမ်းမှသည် တွင်းတောလမ်းတစ်လျှောက် တွင်းပြန်မိုးချုပ်ခဲ့သော် တောခြောက်ခံရခြင်းသည် အဆန်းမဟုတ်တော့ပြီ။ တောခြောက်သည်ကို တောခြောက်သည်ဟု သိပြီးဖြစ်ရကား ကျွန်ုပ်တို့ ထူးပြီးမကြောက်တော့ပါ။ မိုးချုပ်ချုပ်ပြန်လာသော် လမ်းတလျှောက်ဝဲဘက်ခြမ်းသည် တောင်ကုန်းကြီးဖြစ်ပြီး တောကြီး၏။ ထိုတောထဲသည်မှောင်မှောင်သစ်ခုတ်ဝါးခုတ်သံတို့ ပီပီပြင်ပြင်

www.burmeseclassic.com

www.burmeseclassic.com

မကြာမကြာကြားရတတ်၏။

ထိုအခါ ကျွန်ုပ်တို့က -

"ဒီကောင်တွေ ညအမှောင်ကြီးမှာ သစ်တွေဝါးတွေခုတ်နေကြတာ အတော်စွမ်းတဲ့ကောင်တွေပဲကွ"

ဟု နောက်ပြောင်တတ်ကြ၏။ သို့သော် သူတို့သည် သစ်ခုတ်သံ၊ဝါးခုတ်သံတို့ပေးမြဖြစ်သည်။ လူသံတော့ပေးလေ့မရှိပါ။တစ်ခါတစ်ရံ သစ်ပင်ပြိုလဲသံ၊ တစ်ခါတစ်ရံ ဝါးအုန်းမောင်းခေါက်သံ၊ တစ်ခါတစ်ရံ တောင်ပြိုလဲသံတို့ပေးတတ်ကြလေ၏။

ကျွန်ုပ်တစ်ယောက်တည်း ဓာတ်မီးစာဝင်းဝင်းဖြင့် သွားသောအခါတွင်မူ တစ်ခါမှ တောခြောက်ခံရခြင်း၊ သရဲတစ္ဆေအခြောက်ခံရခြင်းမကြုံတွေ့ရပါ။ ကြောက်စိတ်လည်းမရှိပါ။ ခြောက်ခဲ့သော်မှ ကြောက်မည်မထင်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ဓာတ်တော်ကုန်းမှ ပရလောကသားများနှင့် ရင်းနှီးကျွမ်းဝင်သကဲ့သို့ရှိနေသောကြောင့်ဖြစ်ပေ၏။

■ အကြိုအထောက်လွှတ်ခြင်း

ကျွန်ုပ်တစ်ယောက်တည်းစိတ်ကူးပေါက်ပါက ဓာတ်မီးဆွဲကာ ဓာတ်တော်သို့ထွက်လာတတ်လေ၏။ နေ့စဉ်ကားမဟုတ်ပါ။ သဒ္ဓါထက်သန်သောနေ့များတွင်သာသွားလေ့ရှိ၏။ တစ်ယောက်တည်းသွားကျင့်ရှိလာသောအခါ ထိုညအမှောင်ခရီးသည် အဆန်းမဟုတ်တော့ပြီ။

ထိုသို့သွားရာ ဓာတ်တော်သို့သွားရာလမ်းသည် တောင်ဆင်းလမ်းဖြစ်ကာ အတန်ကြာဆင်းရလေ၏။ အဆင်းဆုံးသော် ဓာတ်တော်အောက် ညောင်ပင်ကြီးသို့ရောက်၏။ တစ်ခါသော် ညောင်ပင်ကြီးအောက်၌ ဓာတ်မီးတဝင်းဝင်းနှင့် ကျွန်ုပ်ကိုရပ်စောင့်နေသော ချစ်ရွှေကို တွေ့ရသဖြင့် မေးမိလေ၏။

"ချစ်ရွှေ၊ ဒီမှာ ဘာလာလုပ်နေတာလဲ"

"ဘုန်းတော်ကြီးက ကိုကျော်စိုးလာနေပြီ၊ သွားကြိုလိုက်ဦးဆိုတာနဲ့လာကြိုနေတာ ဟဲဟဲ။ ကျွန်တော်က မယုံတယုံရယ်ဗျ။ ဟုတ်ပါ့မလား ကျွန်တော်တို့မေးတော့ ကုန်းပေါ်ကဆင်းလာနေပြီ အမြန်သွားလိုက်ဆိုတာနဲ့ ပြေးဆင်းလာပြီးကြိုနေတာ"

"ဘုန်းတော်ကြီးက သိနေတာပဲနော်"

"အေးဗျာ-ဘယ်လိုလုပ်သိလဲမသိပါဘူး။ ကဲ - တက်ကြစို့ဗျာ"

ဟု ဆိုသဖြင့် တက်ခဲ့ကြပါသည်။

ဂူထဲသို့ရောက်၍ ဝတ်ပြုပြီးသော် ချစ်ရွှေကလျှောက်၏။

"ကိုယ်တော် ဒီလိုကြိုသိတဲ့ပညာလေးပေးလို့ရရင်ပေးပါလား ဘုရား"

"ဘာလုပ်မလို့လဲ မောင်ချစ်ရွှေရဲ့"

"ဩော် - ကိုယ်တော်ကလည်း တပည့်တော်တို့ ကွင်းဆင်းနေတုန်း တွင်းဖမ်းတဲ့လုံထိန်းရဲတွေလာရင်ကြိုသိနေတော့ အဖမ်းမခံရအောင် ကြိုတင်ပြေးထားရတာပေါ့ ဘုရား"

ဟု လျှောက်ရာ ဘုန်းတော်ကြီးသည် ဘာမှမပြောဘဲ ပြုံးရယ်၍သာနေပါသည်။

ကျွန်ုပ်တို့နှစ်ယောက် စေတီရင်ပြင်ပေါ် ရောက်သော် ကျွန်ုပ်က မေးမိပါသည်။

"ချစ်ရွှေ ငါ့ကိုလာကြိုတော့ ဂူထဲမှာ ဘုန်းကြီးနဲ့စကားပြောနေတာလား"

"ဟုတ်တယ်၊ ဘုန်းကြီးနဲ့စကားပြောနေတာ အတော်ကြာပြီ။ ပြောနေရင်းက ချစ်ရွှေရေ ကိုကျော်စိုးလာနေတယ် သွားကြိုလိုက်ဦးဆိုတာနဲ့ပြေးဆင်းလာပြီး ကြိုနေတာ"

ဟု ပြောပြလေ၏။

ထိုအခါ ဘုန်းတော်ကြီးသည် ကျွန်ုပ်လာသည်ကို အလိုလိုသိနေခြင်းဖြစ်သည်။ သို့မဟုတ်ပါက ညအမှောင်မှ ဓာတ်မီးရောင်အား အဝေးမှမြင်နိုင်စွမ်းရှိသည်ဖြစ်ရာ ကုန်းတစ်နေနေရာမှကြည့်သော် မြင်နိုင်ပါသည်။ ထို့သို့ကြည့်၍ မြင်ခြင်းမဟုတ်ဘဲ မနောဖြင့်ကြည့်၍ မြင်ခြင်းဖြစ်ကြောင်းသိရပါသည်။ နောင် ကျွန်ုပ်တစ်ယောက်တည်းလာတိုင်း ချစ်ရွှေသည် ဓာတ်တော်ညောင်ပင်အောက်မှ လာ၍ကြိုနေတတ်လေ၏။ နေ့စဉ်လာခြင်းမဟုတ်ဘဲ စိတ်ကူးပေါက်မှလာတတ်သော ကျွန်ုပ်အား လာသည်ကိုသိကာ အကြိုအထောက်လွှတ်ခြင်းမှာလည်း ဆန်းကြယ်လှပါသည်။

ထိုအချိန်ဝယ် ကုန်းတော်သို့သွားတိုင်းတွေ့သူမှာ သစ်ဆိပ်ကုန်းမှ ကိုကြည်အောင်ဖြစ်ပေ၏။ ကိုကြည်အောင်မှာ သွားလမ်းလာလမ်းသာသဖြင့် နေ့စဉ် ဝတ္ထုရားမပျက်ရောက်နေလေ့ရှိပါသည်။

■ ပဒူ(ပျားတူ)တုပ်၍ သေဆုံးသူ

တစ်ခါသော် ကျွန်ုပ်သည် ဓာတ်တော်ကုန်းသို့ နေဝင်စချိန်၌လာခဲ့ရာ အလင်းအားကောင်းနေသေးသဖြင့် ဓာတ်တော်ကုန်းသို့သွားသောလမ်းမှ သက်ကယ်ကျင်းလုပ်ကွက်အလွန်တွင် သစ်ဆိပ်ကုန်းသို့သွားသောလမ်းရှိသဖြင့် ထိုလမ်းအတိုင်းဆင်းခဲ့လေ၏။ ထိုလမ်းမှဆင်းခဲ့သော် မန္တလေးသွားလမ်းကြီးဘေးရှိ သစ်ဆိပ်ကုန်းရွာသို့ရောက်၏။

ကတ္တရာလမ်းရောက်သော် မှောင်ရီပျိုးစပြုပေပြီ။ သွားလမ်းလာလမ်းသာသောကတ္တရာလမ်းမကြီးဖြစ်ရာ စိတ်အေးလက်အေးလျှောက်နေမိလေ၏။ ကားလမ်းမှ ဓာတ်တော်စေတီတော်ကြီးကို ဖူးမြင်နေရပေပြီ။

ထိုသို့ စိမ်ပြေနပြေလျှောက်နေခိုက်ဝယ် ရှေ့တွင် လူနှစ်ယောက်ကတစ်ယောက်ကိုတွဲ၍ ခေါ်လာသည်ကိုမြင်ရ၏။ အရက်အမူးလွန်၍ တွဲခေါ်လာခြင်းဖြစ်မည်ဟုထင်မိပါသည်။ ထိုသို့သောအဖြစ်များကို များစွာမြင်ဖူးရာ အဆန်းမဟုတ်တော့ပြီ။ သို့သော် အနားရောက်သောအခါ အထင်နှင့်အမြင်လွဲမှားနေလေ၏။

"ဟေ့ကောင်တွေ ငါ့ကိုထားခဲ့ကြပါကွာ။ ငါမလျှောက်နိုင်တော့ဘူး။ ငါ့ခါးတွေပြတ်ထွက်လုမတတ်ခံစားနေရတာကွ"

ဟု မချိမဆံ့သောအသံဖြင့် ပြောရာ ဒါဟာ အရက်မူးလာတာ မဟုတ်နိုင်ဘူးဟု ချက်ချင်းသိလိုက်၏။

"သူငယ်ချင်း အားတင်းပါကွာ။ ရွာရောက်တော့မှာကွ။ မင်းဘာမှမဖြစ်နိုင်ပါဘူးကွာ"

"ငါမလိုက်နိုင်တော့ဘူး။ ငါ့ကို ဒီမှာ ထားခဲ့ကြပါ။ ငါမခံစားနိုင်တော့ဘူး"

ဟုပြောပြီး အော်ငိုထိုင်ချနေလေ၏။ ဝေဒနာမှာ သေလုအောင်ခံစားနေရမှန်း အံကိုခဲကာ ကြိတ်မှိတ်ခံစားနေရသည်ကိုကြည့်၍သိရပါသည်။

ထို့ကြောင့် မေးမိ၏။

"ဘာဖြစ်လာတာလဲ ငါညီတို့"

"ဓာတ်တော်မှာ ပဒူအုံသွားဖျဉ်တာ ဒီကောင့်ကို ပဒူတုပ်လွှတ်လိုက်တာပါဗျာ"

ဟု ပြောပြမှ ပဒူအတုပ်ခံရမှုကြောင့် သိရလေ၏။ သူတို့လည်း ဝေဒနာခံစားနေကြကိုတွေ့ကာ သစ်ဆိပ်ကုန်းဘက်သို့သွား၏။ ကျွန်ုပ်လည်း မထေတော့သော ဓာတ်တော်ကုန်းသို့လာခဲ့၏။ ဘုန်းတော်ကြီးထံရောက်သော် ဘုန်းမော်ကြီးထံ၌မည်သူမှမရှိပေ။ ကျွန်ုပ်သည် သစ်ဆိပ်ကုန်းရွာ

www.burmeseclassic.com

www.burmeseclassic.com

မှ လူငယ်တစ်ဦးပဒူတုပ်ခံရ၍ ယခုပင် ခေါ်သွားပါကြောင်း လျှောက်ထား၏။ ထိုအခါ ဘုန်းတော်ကြီးကပြောပြလေ၏။

"ကိုကျော်စိုးရေ သူထိုက်နဲ့သူကံသာရှိပါစေတော့။ ဒီကောင်လေးတွေက ကုန်းပေါ်မှာ တောကြက်တောငှက်တွေပစ်တယ်။ အကောင်ပလောင်တွေကို ကျောကွင်းထောင်တယ်။ အခုလည်း သိုက်တံခါးဝနားမှာ ပေါက်နေတဲ့ရုံးပင်က ပဒူအုံကြီးကို တက်ဖွပ်ကြတာလေ။ ကျန်တာတွေက သည်းခြေပေမယ့် ကျုပ်ပြောတယ်မဟုတ်လား။ အလတ်မက သည်းမခံတတ်ဘူးဆိုတာ။ ခုတော့ သူမိုက်ပြစ်နဲ့သူခံရတာပါပဲ။ သနားစရာကောင်းတာက အဲဒီကောင်လေးဟာ သူတို့ရဲ့အစေအပါးအဖြစ် ဒီကိုမလွဲမသွေလာနေရတော့မှာပါ"

"အရှင်ဘုရားက ဒါတွေသိပြီးပြီလား ဘုရား"

"သိပြီးပါပြီ။ ခုနကပဲလာလျှောက်တယ်"

"မှန်ပါ၊ သနားစရာပါ ဘုရား"

"ကျုပ်လည်းမလုပ်ဖို့ပြောပါတယ်။ လက်လွန်ပြီးသွားပါပြီတဲ့။ မိုက်တဲ့လူကို ဆုံးမတာမို့ ခွင့်လွှတ်ဖို့လာလျှောက်တာပါပဲ။ဘယ်တတ်နိုင်မှာလဲဗျာ။ နှတ်အပြီးခံရတာကိုး"

ဟု အမိန့်ရှိပါသည်။

နောက်နေ့၌ ထိုသတင်းကို ကြားရပါသည်။ ပဒူအတုပ်ခံရသူလူငယ်သည် ထိုနေ့ညမှာပင်ဆုံးသည်ဟု သိရသည်။ လူငယ်သည် ပဒူများဝိုင်းဝန်းကိုက်ခဲမှုကြောင့် ဖောရောင်လာကာ ထည့်သောခေါင်းပင်ကွဲထွက်သွားသဖြင့် ကြိုးဖြင့်စည်းနှောင်ထားရကြောင်းကြားရပါသည်။

ပဒူဟူသည် ပျားနှင့်တူသဖြင့် ပျားတူမှသည် ပဒူဟုခေါ် ဝေါ်သုံးစွဲခြင်းဖြစ်သည်။ အင်းဆက်ပိုးမျိုးနွယ်ပျားနှင့် တည်ဆောက်ပုံတူသော်လည်း စရိုက်နှင့် အစားအသောက်မှာ တခြားစီဖြစ်သည်။ ပျားကား ပန်းဝတ်ရည်ကိုစားသုံး၏။ ပဒူကား အသားစားကောင်ဖြစ်သည်။ သူတို့၏နှုတ်သီးသည် ပုရွက်ဆိတ်သဏ္ဌာန်ရှိကာ ထက်မြက်သန်မာပြီး အသားကို အလွယ်တကူ ကိုက်ဖဲ့စားနိုင်ကြ၏။ နောက်မြီးတွင် ပျားကဲ့သို့ အဆိပ်ဆူးပါကာ ထိုဆူးဆိပ်ထိပါက လွန်စွာအဆိပ်ပြင်းလျက် သုံးကောင်မျှတုပ်လျှင်ပင် လူတို့သေစေနိုင်၏။ ဦးခေါင်းဆံပင်ရှိရာ တစ်ကောင်တုပ်မိခဲ့သော် သေလုမြောပါးခံစားရပြီး ထိုပဒူအတုပ်ခံရသော ဆံပင်နေရာသည် ဆံဖြူကွက်ထာဝရဖြစ်သွားလေ၏။ ကျွန်ုပ်တို့ရွာမှ ဦးလှဖေသည် ခေါင်းအား တစ်ချက်အတုပ်ခံရရာ ထိုအတုပ်ခံရသောနေရာသည် ဒဂိုးဝိုင်းမျှ ဆံပင်ဖြူဖြစ်ကာ သေသည်အထိပါသွားခဲ့၏။

မြေတွင်အောင်းသောမြေပဒူကိုမူ မြေတွင်အောင်းသဖြင့် အောင်းဟုခေါ်ကြလေ၏။ ထိုအောင်းသည် ပြင်ပ ပဒူထက်ပို၍ အဆိပ်ပြင်းလေ၏။ သူတို့သည် အကောင်ပုပ်၊ သားပုပ်၊ ငါးပုပ်တို့ကို လွန်စွာနှစ်ခြိုက်ကြလေ၏။ အကောင်၏အရွယ်မှာ လက်သန်းလုံးခန့်ကြီးမားရာ ကြောက်ဖွယ်အကောင်တို့ဖြစ်သည်။

ပဒူဖွပ်သူတို့သည် ညအမှောင်ကို အားကိုး၍ဖွပ်ကြရပါသည်။ သူတို့သည် ည၌ ပျံသန်း၍ ကင်းမစောင့်ကြပါ။ အုံအနီးရှိ ကိုင်း၌သာစောင့်ကြပါသည်။ လူတက်လာပါက ရန်သူကိုတရွေ့ရွေ့ရှာကြ၏။ ထိုအခါတွင် လူက ရွံ့ပျော့ဖြင့် သစ်ကိုင်းကိုသုတ်လိမ်းရ၏။ မြေကိုတွေ့သော် သွားစရာလမ်းဆုံးပြီဟုမှတ်ယူကာ နောက်ပြန်ကွေ့ကြ၏။ထိုသည်ကို အခွင့်ယူ၍ ဆေးရွက်ကြီးငွေ့စသည်ဖြင့်မှုတ်ကာ ပဒူတို့ကို မူးမေ့စေလျက် ပဒူအုံထဲမှ ပဒူသားလောင်းကောင်းများ၊ အောင်းနေရာအုံချပ်ကိုဖြုတ်ယူရပါသည်။ ထိုအုံချပ်ထဲမှ ပဒူသားလောင်းကောင်တို့ကို ကြော်စားရခြင်း ဖြစ်သည်။ စွေးမှာ အလွန်ကြီး၍ သူငှေးများသာ ဝယ်စားနိုင်သောအစားအစာ ဖြစ်ပါသည်။ ပဒူအကိုက်ခံရသူတစ်ဦးကိုမူ မျက်စိဖြင့် တပ်အပ်မြင်ခဲ့ဖူးပေပြီ။

■ အစောင့်ထည့်ပေးခြင်း

မိုးတွင်းကာလဖြစ်ရာ ဓာတ်တော်သို့သွားလိုက မိုးအခြေအနေကိုကြည့်၍ သွား၏။ တစ်နေ့တွင် တပည့်ဖြစ်သူ ခင်မောင်ဝင်းက သူလည်းလိုက်မည်ဆိုသဖြင့် အဖော်ရကာ မိုးချုပ်စတွင် ဓာတ်တော်ကုန်းသို့လာခဲ့ကြ၏။

ကုန်းသို့ရောက်သော် ဘုန်းတော်ကြီးနှင့် ခေတ္တစကားပြောကာ စေတီတော်၏အရှေ့ရင်ပြင်၌ ပုတီးစိပ်ကြ၏။ ပုတီးစိပ်ပြီးသော် ဘုန်းတော်ကြီး၊ ချစ်ရွှေ့ဦးကြည်အောင်တို့နှင့်စကားထိုင်ပြောကြပြန်ပါသည်။ အချိန်မှာ ည (၉) နာရီကျော်ကျော်အချိန်သို့ ရောက်သဖြင့် ပြန်တော့မည်ဟုလျှောက်သော် ဘုန်းတော်ကြီးက -

"အင်း - ကိုကျော်စိုးတို့အပြန်ခရီးအတွက် အစောင့်အရှောက်ထည့်ပေးလိုက်မှဖြစ်မယ်"

ဟု မိန့်ရာ ကျွန်ုပ်သည် ချက်ချင်းပင် -

"မလိုပါဘူး ဘုရား။ တပည့်တော်တို့နှစ်ယောက်ဆိုတော့ အဖော်ရပြီးသားပါဘုရား"

ဟု ပြန်လျှောက်၏။

"မဟုတ်ဘူးဗျ လိုလို့ပါ။ ကဲ - သွားကြတော့"

ဟုဆိုရာ ဘုန်းတော်ကြီးအားဝတ်ပြု၍ ထွက်ခဲ့ကြတော့၏။

ကျွန်ုပ်တို့သည် လူငယ်များဖြစ်ရာ ခပ်သွက်သွက်ပင် ဓာတ်မီးကိုယ်စီဖြင့် ထွက်ခဲ့ကြ၏။ ဓာတ်တော်ကုန်းမှဆင်းပြီးသော် မြောက်ဘက် တောင်စောင်းပေါ်တက်၍ အရှေ့သို့သွားရခြင်းဖြစ်သည်။

ထိုသို့သွားစဉ် အစောင့်ပါလာသူ၏ခြေသံများကြားရမလားဟူ၍ နားစွင့်မိ၏။ လုံးဝမကြားရပါ။ ထိုအခါ ပတ်ဝန်းကျင်တောတန်းကိုကြည့်မိလေ၏။ ကျွန်ုပ်တို့၏မြောက်ဘက်မှာ တောင်နှင့်တောဖြစ်လေရာ ဝါးတစ်ရိုက်ခန့်အမြင့်တွင် ဘောလုံးပမာဏရှိသော မီးလုံးရဲရဲကြီးသည် ကျွန်ုပ်တို့နှင့်အတူ တရွေ့ရွေ့ပါလာသည်ကို တွေ့ရလေ၏။ အကွာအဝေးမှာ ပေ (၅၀) ခန့်သာရှိရာ အတန်ပင်နီးကပ်ပါသည်။ ခင်မောင်ဝင်းမှာ နောက်ကလိုက်၏။ သူကြောက်မည်စိုး၍ ကျွန်ုပ်ကဘာမှမပြောပါ။

အတန်ကြာသော် ခင်မောင်ဝင်းက -

"ဆရာ၊ ဆရာ ဟိုမှာ မီးလုံးနီနီကြီးတရွေ့ရွေ့နဲ့ပါလာတယ် ဘာလဲမသိဘူး"

ဟု ဆိုရာ ကျွန်ုပ်သည် ချက်ချင်းပင် -

"အိုကွာ ညမှာ တောထဲကြက်ထောင်ငှက်ထောင်တဲ့အကောင်တွေ မီးရှောရိုက်တာနေမှာကွ။ ဘာမှမဟုတ်ပါဘူး"

ဟု ထမင်းရေပူလျှာလွဲစကားကိုပြောရလေ၏။ ထိုအခါ ဘာမှပြန်မပြောတော့ပေ။ အစောင့်ထည့်ပေးလိုက်ခြင်းမျိုးသည် တစ်ခါမှမကြုံဘူးပေ။ ကျွန်ုပ်တစ်ယောက်တည်း ညမှောင်ထဲ၌ သွားလာနေစဉ်ကပင် ထည့်စေခြင်းမရှိခဲ့ပါ။ အကြောင်းတစ်ခုခုတော့ရှိပေမည်ဟု ထင်မိလေ၏။ ကျွန်ုပ်မိုးညခရီးတိုင်းတွင် ဘာအန္တရာယ်မှ ကြုံဖူးခြင်းမရှိခဲ့ဘူး

www.burmeseclassic.com

www.burmeseclassic.com

ပါ။ သွားလာနေကျမို့ ယဉ်ပါးနေသော လမ်းခရီးဖြစ်ပေ၏။

ညောင်ခဲကြီးအတက်ရောက်သော် မီးနီလုံးကြီးပါလာခြင်း မရှိတော့ပါပေ။ ညောင်အလွန်လျှိုကိုအဖြတ်၌ လျှိုထိပ်မှ ကြီးမားသော မြေပြိုသံကြီးကိုကြားရလေ၏။

"ဝုန်း. . . ဝရော. . . ဝရော. . . ဝီး. . . ဟီး. . . ဟီး. . . ဟီး"

တောင်ပြိုသံကြီးကား တိတ်ဆိတ်သောညဉ့်၌ တောတစ်ခွင်မှာဆူညံသွားလေ၏။ ကြောက်စရာကောင်းသော အသံကြီး ဖြစ်သည်။

"ခင်မောင်ဝင်းရေ မီးတွင်းဆို ဒီလိုပဲကွ။ တောင်တွေပြိုတတ်တယ်။ ငါတို့နဲ့ အဝေးကြီးပါကွာ"

ဟု သွားရင်းပြောပြရ၏။

ထိုလျှိုမှတက်သော် သက်ကယ်ကျင်းလုပ်ကွက်ကိုဖြတ်ရ၏။ သက်ကယ်ကျင်းလွန်သော်လည်း ဝမုန်းချောင်း လျှိုထဲဆင်းရ၏။ လျှိုမှတက်သော် ကျောက်ဖျာသဖွယ်ခင်းအလွန်၌ ကျောက်ဖျာရွာသို့ရောက်လေ၏။ တောင်တန်းဒေသ၌ အတက်အဆင်းတို့အတိုးသောလမ်းဖြစ်ချေ၏။ ထိုအစောင့်ထည့်သောကိစ္စအား စကားမစပ်၍ ဘုန်းတော်ကြီးထံ မမေးဖြစ်ခဲ့ပါ။ သို့သော် ထိုညဉ့် တောင်ပြိုလဲသံကြီးဖြင့် အခြောက်အလှန့်ခရသည်မှာ ဆန်းကြယ်လှပေ၏။

■ မိုးအခြေအနေကြောင့်

"ကိုကျော်စိုး၊ ဓာတ်တော်သွားဦးမှာလား"

"ဟုတ်ကဲ့ - ရာသီဥတုကောင်းတော့ကာသွားမယ်စိတ်ကူးတယ်"

"ဒါဆို ကျွန်မလည်းလိုက်ချင်တယ်"

"လိုက်ခဲ့လေ၊ ခဏဆိုသွားတော့မှာ"

"ဒါဆို ဦးကျော်တင်ရေ ကျွန်မလိုက်ဦးမယ်နော်။ ဓာတ်တော်မရောက်တာတောင် အတော်ကြာပြီ"

ဟု ခင်ပွန်းဖြစ်သူ ဦးကျော်တင်ကို ခွင့်ပန်ကာ ဖယောင်းတိုင်၊ အမွေးတိုင်များယူ၍ ဓာတ်မီးဆွဲကာ ကျွန်ုပ်နှင့်အတူ ဓာတ်တော်သို့လိုက်ခဲ့ပါသည်။ မခင်စန်းလှိုင်သည် ကျွန်ုပ်မှိခိုနေထိုင်ရာ ဦးကျော်တင်၏ဇနီးဖြစ်ကာ ကျောက်ဖျာရွာ မူလတန်းကျောင်း၏ ကျောင်းအုပ်ဆရာမကြီး ဖြစ်သည်။ တောသူတောင်သားပီသသော ကျွန်ုပ်တို့သည် ခြေလှမ်းသွက်သဖြင့် နာရီဝက်မျှကြာလျှင် ဓာတ်တော်သို့ ရောက်ကြပါသည်။

ဘုန်းတော်ကြီးအား ဖူးမြော်ပြီး စေတီတော်ကြီးအား အလင်းတိုင်၊ အမွေးတိုင်များပူဇော်ကာ ပုတီးစိပ်ကြပါသည်။ ပုတီးစိပ်ပြီးသော် ဘုန်းတော်ကြီး၏ဂူသို့ ပြန်ဝင်ကာ ချစ်ရွှေ ဦးကြည်အောင်တို့နှင့် စကားပြောနေကြပါသည်။

ထိုသို့ပြောနေခိုက်ဝယ် အနောက်တောင်ထောင့်မှ မိုးသားများမည်းမှောင်တက်လာသည်ကိုမြင်ရရာ ကျွန်ုပ်သည် ချက်ချင်းပင် -

"မခင်စန်းလှိုင်၊ ဟောဟိုအနောက်တောင်ထောင့်မှာ မိုးသားတွေမည်းတက်လာတယ်။ အဲဒါ မိုးကြီးရွာမယ်ထင်တယ်။ အမြန်ပြန်မှဖြစ်မယ်"

ဟု ပြောကာ ဘုန်းတော်ကြီးထံ ခွင့်ပန်လျက် ကျွန်ုပ်တို့အမြန်ပြန်ခဲ့ကြလေ၏။ အပြန်ကား အတက်ချည်းဖြစ်ရာ မိုးမိမည်စိုးသဖြင့် မောရမောရမှန်းမသိ ခပ်သွက်သွက်ပြန်ခဲ့ကြပါသည်။ ဆုတ်ရက်ဖြစ်၍ အလင်းရောင်လုံးဝမရှိဘဲ မှောင်အတိဖြစ်သည်။

မိုးရိပ်မိုးသားတို့သည် အလျင်အမြန်ရွှေ့လျားလာနေကြကာ မိုးသက်လေတို့တဝေ့ဝေ့တိုက်ခတ်နေ၏။ အနောက်ဆီမှ လျှပ်စီးလျှပ်နွယ်တဝင်းဝင်းလင်းလက်နေကြောင်း တဖျပ်ဖျပ်အလင်းတို့ကိုကြည့်၍သိရ၏။ မိုးသည် မကြာမီ ကျွန်ုပ်တို့ဝန်းကျင်၌ သည်းထန်စွာရွာပါတော့မည်။

မခင်စန်းလှိုင်သည် ရှေ့မှမပြေးရဲ့ တမည်သွားနေသကဲ့သို့ ကျွန်ုပ်လည်း အမီလိုက်နေရ၏။ လျှပ်စီးလျှပ်နွယ်တို့သည်လည်းကောင်း၊ မိုးချုန်းသံတို့သည်လည်းကောင်း ပီပီပြင်ပြင်မြင်ကြားနေရရာ မိုးသည် ကျွန်ုပ်တို့နောက်သို့ပြေးလိုက်လာသကဲ့သို့ရှိချေ၏။ သို့ကြောင့် အသော့နှင့်နေကြရ၏။ ရွာထဲရောက်၍ အိမ်လေကားအားတက်လိုက်သည်နှင့် တစ်ပြိုင်နက် ကြီးမားသောမိုးပေါက်ကြီးများတဖြောင်းဖြောင်းစ၍ကျကာ မိုးပုဆိန်ပေါက်ခေါ် အလွန်ကြီးမားသောမိုးကြိုးသည် အော်ဟစ်၍ ရွာချလေတော့၏။ စက္ကန့်မျှနောက်ကျလျှင်ပင် မိုးမိနိုင်ပါသည်။ အိမ်လေကားစ၍နင်းသည်နှင့် မိုးကြိုးသွန်ချ၍ ရွာပေရာ ကျွန်ုပ်တို့ မိုးတစက်မှမစိုလိုက်ကြပေ။ ကံကောင်းလေစွတဆိုရမည် ဖြစ်ပါသည်။

■ မိုးမိမှ

နောက်နေ့ ကျွန်ုပ်ဓာတ်တော်သို့ ရောက်သော် ထုံးစံအတိုင်း ဘုန်းတော်ကြီးနှင့်ဦးစွာစကားပြောဖြစ်ပါသည်။

ထိုအခါ ချစ်ရွှေက ရယ်ဖြဖြနှင့် မေး၏။

"ကိုကျော်စိုး၊ မနေ့ညက မိုးမိတယ်မဟုတ်လား"

"မမိပါဘူးဗျာ။ ကျုပ်တို့လည်း အိမ်လေကားစနင်းရော မိုးကြီးလည်းချရောဗျ။ စက္ကန့်ပိုင်းလေးပဲလွတ်တာ"

ထိုအခါ ဘုန်းတော်ကြီးက -

"ကဲ-ချစ်ရွှေ ငါမပြောလား။ သူတို့အိမ်ထဲဝင်မှ မိုးရွာတာပါလို့"

ဟု ဆိုလေ၏။

ထိုအခါ ချစ်ရွှေသည် တဟဲဟဲရယ်မောပြီး -

"သိပါဘူး ကိုယ်တော်ရာ၊ တပည့်တော်က နှစ်ယောက်စလုံး မိုးစိုပြီလို့ တွက်ထားတာ။ ဒါဆို တပည့်တော်ရှုံးတာပေါ့။ ဒီအချိန် ဒီပမာဏနဲ့ မိုးမလွတ်ဖူးတွက်ထားတာ ကိုယ်တော်ရဲ့"

ဟု ပြန်လျှောက်ရာ -

"သူတို့အမြန်ပြန်တာလေ။ အိမ်ထဲဝင်မှပဲ စိတ်အေးရတော့တာ။ အဲဒါကြောင့် မိုးမမိပါဘူးလို့ မနေ့ကတည်းက ပြောတာပေါ့ ချစ်ရွှေရ"

ဟု ခွန်းတုံ့ပြန်လေ၏။

ထိုသို့ ပြောဆိုနေကြသောအခါ ဘုန်းတော်ကြီး၏ သိနိုင်မြင်နိုင်စွမ်းအားကို ကြည်ညိုလေးစားရသည်မှာ အမှန်ပင် ဖြစ်သည်။ ကျွန်ုပ်တို့ အိမ်ထဲဝင်မှ မိုးရွာသည်ကို ချစ်ရွှေအား ကြိုတင်ပြောထားသည်မှာ အံ့သြစရာဖြစ်ပါသည်။ ချစ်ရွှေတွက်သကဲ့သို့ ပုံမှန်ခြေလှမ်းနှင့် တွက်သော် ထိုမိုးပုဆိန်ကြီးမှာ လုံးဝလွတ်လမ်းမမြင်ပါ။ ကျွန်ုပ်တို့ အသော့နှင့်၍သာလွတ်ခြင်း ဖြစ်ပေ၏။

■ ချစ်ရွှေနှင့်မှင်စာ

တရုတ်လေးချစ်ရွှေသည် ဘာသာခြားမှ ဗုဒ္ဓဘာသာသို့ ပြောင်းလဲလာသူဖြစ်သော်လည်း မြတ်စွာဘုရားကို ကြည်ညိုလျက် ညစဉ် စေတီတော်ကြီးအရှေ့ဘက်ရင်ပြင်၌ ဂုဏ်တော်ပုတီးစိပ်လေ့ရှိသည်။

ထိုသို့ ပုတီးစိပ်တိုင်း သူ၏အနီး၌ ဇင်မိဟုခေါ် သော ခွေးဖြူဝါကျားလိမ်သည် ဘေးနားဌာ စောင့်အိပ်နေတတ်ရှိ၏။ ကိုညီတို့နေစဉ်က မွေးထားသောခွေး

www.burmeseclassic.com

www.burmeseclassic.com

သည် ကုန်းတော်၌ကျန်ရစ်နေခြင်းဖြစ်ကာ ချစ်ရွှေက ဆက်လက်ကျွေးမွေးပြုစုစောင့်ရှောက်ထားခြင်း ဖြစ်သည်။

ဇင်မိုဟူသောအမည်မှာ တောင်ကိုရီးယားသမ္မတချန်ထူးဝမ်သည် (၆)နှင်ငံခရီးစဉ်လှည့်လည်ရန်ထွက်လာစဉ် မြန်မာနိုင်ငံသို့ဦးစွာဝင်ရောက်ခဲ့ရာ အာဇာနည်ဗိမာန်၌ ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုရန် အလာ၌ ကြိုတင်ရောက်ရှိနေသော တာဝန်ရှိသူတို့အား သမ္မတချန်ထူးဝမ်အထင်ဖြင့် ပုံးခွဲလုပ်ကြံရာ၌ မြန်မာ့တပ်မတော်မှ အရှင်ဖမ်းဆီးရမိသော မြောက်ကိုရီးယားမှ ဇင်မိုနှင့် ကင်မင်ချူးတို့အနက်မှ ဇင်မိုကိုစွဲ၍ မှည့်ထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဇင်မိုလို မိုက်ရဲအောင်မှည့်ထားခြင်း ဖြစ်သော်လည်း ခွေးကြီးမှာလုံးဝမကိုက်သည့် ခွေးပေါက်ကြီးဖြစ်ကာ သဘောမနောကောင်းလှပေ၏။

ရံဖန်ရံခါ ကျွန်ုပ် ပုတီးစိပ်နေစဉ်တွင်လည်း အနားဌာန၍ အိပ်နေတတ်၏။ သို့သော် ကောင်းကောင်းအိပ်ခြင်းမဟုတ်ပေ။ မကြာမကြာလေလည်တတ်ရာ ပုပ်ဟောင်ဟောင်ဖြင့် အနံ့ဆိုးလှပေ၏။ ရှင်ပြင်သည် လေတဟူးဟူးမို့သာတော်တော့၏။ ကျွန်ုပ်ဘဝ၌ ခွေးပေါင်းမရေတွက်နိုင်အောင် ရင်းရင်းနှီးနှီးနေခဲ့ဖူး၏။ ဤကဲ့သို့ လေတရူးရူးလည်သော ခွေးကား ဤတစ်ကောင်သာ ကြုံဖူးလေ၏။

တစ်နေ့သည် လရောင်သာနေခိုက် ချစ်ရွှေသည် စေတီတော်ကြီး၏ အရှေ့ဘက်ရင်ပြင်၌ ပုတီးစိပ်၏။ ပုတီးစိပ်ပြီးသော် ဘုရားအားဝတ်ပြုပြီး အနီး၌ရှိသောအရာအား ခွေးကြီးဇင်မိုဟု အထင်ရှိကာလှမ်း၍ပွတ်သပ်လိုက်၏။ ပွတ်သပ်မိသောအရာမှာ ခွေးခေါင်းနှင့်မဟုဘဲ အမွေးမတွေ့သဖြင့် ထိုအခါကမှ အသေအချာကြည့်မိလေသည်။

သူပွတ်နေမိသည်မှာ ဘိုးသူတော်ပုပုသေးသေးလေး၏ ဦးခေါင်းဖြစ်နေလျက် သူကိုသွားဖြဲ၍ ပြုံးပြနေသဖြင့် ဟာခနဲလန့်ကာ ကပျာကယာထ၍ ဘုန်းတော်ကြီးဂူထဲဝင်ပြေးရလေ၏။

"ကိုယ်တော် ကိုယ်တော် တပည့်တော်ပုတီးစိပ်တဲ့ဘေးမှာ ဘိုးသူတော်သေးသေးလေးရောက်နေတယ်။ ခပ်ဖြူဖြူဆိုတော့ တပည့်တော်ကဇင်မိုထင်ပြီး လှမ်းပွတ်ပေးတော့ ဘိုးသူတော်လေးရဲ့ ဦးခေါင်းဖြစ်နေတယ်။ ဒီလို နီးနီးကပ်ကပ်ကြီးတော့ တပည့်တော်အတော်လန့်သွားတယ်"

ဟု လျှောက်ထားလေ၏။

"ချစ်ရွှေရာ သူတို့နဲ့အတူ နေခဲ့တာကြာလှပေါ့။ ခုမှလာကြောက်နေရ တယ်လို့ မမြင်ရလို့ပါဗျာ။ ဒီကုန်းပေါ်မှာ ဒီလိုပဲသွားလာနေကြတာပါ။ မောင်ရင် ပုတီးစိပ်တာကို ကြည်ညိုလို့ ခုလိုကိုယ်ထင်ပြတာပါ။ နောင့်ယှက်တာမဟုတ်ပါဘူး။ ဘာမှလည်းမလုပ်ပါဘူး။ မြင်ဖူးတယ်ရှိတာပေါ့မဟုတ်ဘူးလား။ ကျွန်တဲ့ ဒကာတွေတောင် အခုလို နီးနီးကပ်ကပ် မြင်ဖူးသူမရှိဘူး"

ဟု အမိန့်ရှိပါသ်ည်။

ထိုအတွေ့အကြုံအား နောက်နေ့၌ ကျွန်ုပ်ကိုပြောပြ၏။ ဘိုးသူတော်သည် လူကြီးမျက်နှာဖြစ်သော်လည်း (၂) နှစ်သားကလေးအရွယ်လေးဖြစ်ကာ ဝတ်ရုံဖြူကိုဝတ်ဆင်ထားသည်ဟု သိရလေ၏။ လူတို့အခေါ် မုင်စာဟုခေါ် ဆိုကြောင်းကို ဘုန်းတော်ကြီးမှပြောပြသည်ဆိုလေ၏။ ကျွန်ုပ်ကြုံဖူးသောဖြူဖြူတို့မှာ လူကြီးအရွယ်တို့သာဖြစ်ကြပါသည်။ ကလေးအရွယ် မတွေ့ဘူးပေ။

■ ကုန်းတော်၌ တစ်ယောက်တည်းအိပ်ခြင်း

"ကိုကျော်စိုးရေ၊ ချစ်ရွှေကြီးအိမ်ခဏပြန်သွားကယ်ဗျ။ နက်ဖြန်ကျရင် ကျွပ်ကလည်း တောင်တော်ကိုသွားစရာရှိတယ်။ မနက်ဖြန် ကုန်းတော်ပေါ်မှာ တစ်ယောက်မှရှိမှာမဟုတ်ဘူး။ အဲဒါကိုကျော်စိုး ကုန်းပေါ်မှာအိပ်ရဲလား"

"ဘာမအိပ်ရဲစရာရှိလို့လဲ ဘုရား။ ဒီမှာရှိနေတာတွေကလည်း တပည့်သာဝကအချင်းချင်းတွေပဲ။ မအိပ်ရဲစရာ မရှိပါဘူး"

"အေးဗျာ-ဒါဆိုလာအိပ်လိုက်ပါ။ ကျွပ်က နောက်နေ့မှပြန်ရောက်မယ်ထင်တယ်။ ညမီးမပိတ်ချင်ရင်လည်း မီးလင်းအထိထွန်းထားလိုက်ပါ။ မနက်စောပြန်မှပိတ်လည်းရတယ်။ မီးချွေပ်ရင် ကိုကြည်အောင်လာဖွင့်လိမ့်မယ်"

"မှန်ပါဘုရား"

ဟု ဝန်ခံလိုက်ပါသည်။

ဇရာဝတီမြစ်အရှေ့ဘက်ရှိ မြင့်မားသောတောင်တော်ကြီးသည် ပတ္တမြားတို့ကို ပိုင်သစ်မိုးသောဘိုးတော်ကြီးစံမြန်းရာတောင် ဖြစ်သည်။ ထိုတောင်တော်ကြီးနှင့်တွဲလျက် နှမတော်ကြီးတောင်၊ နှမတော်လေးတော်ဟူ၍ ရှိသေးသည်။ အရှင်သခင် (၃) ပါး စံမြန်းရာတောင်တို့ ဖြစ်ကြ၏။

ထိုတောင်တော်တွင် နက်ရှိုင်းသောတောတို့ရှိလျက် စကျင်ကျောက်ဂူများရှိရာ ထိုကျောက်ဂူတို့၌ ဝိဇ္ဇာရေဆရာတော်ကြီးများ သီတင်းသုံးလျက်ရှိသည်ဟူ၍ ဘုန်းတော်ကြီးကပြောပြတတ်၏။ ဘုန်းတော်ကြီးသည် ထိုတောင်တော်သို့ မကြာမကြာကြွတတ်သည်ဟု သိရ၏။ ထိုတောင်တော်ကြီးသည် သွားလမ်းလာလမ်းခက်ခဲကြမ်းတမ်းရာ ဘာမန်လူတို့ အတော်အတန်မရောက်ဖြစ်ကြပါပေ။ တောလိုက်မုဆိုးတို့သာ အများအားဖြင့် ရောက်တတ်ကြပါသည်။

နောက်နေ့ မိုးချုပ်စဉ် ကျွန်ုပ်ကုန်းတော်ပေါ် ရောက်သော် ဘုန်းတော်ကြီး၏ဂူထဲ၌ ကိုကြည်အောင်နှင့်အဖော်တစ်ယောက်ရောက်နေနှင့်ကာ စကားပြောနေကြ၏။ ကျွန်ုပ်နှင့်(၃)ယောက်ဖြစ်သွားသည်။

ည(၉)နာရီခန့်တွင် ကိုကြည်အောင်တို့ပြန်သောအခါ ကျွန်ုပ်သည် ထရံကျောင်းငယ်လေးပေါ် တွင် အိပ်ရာခင်းကာအိပ်ပါတော့သည်။ ကုန်းတော်ကား ငြိမ်သက်တိတ်ဆိတ်လျက်ရှိသဖြင့် အိပ်ပျော်လွယ်သော ကျွန်ုပ်သည် ခဏနှင့် အိပ်ပျော်သွားလေ၏။ တောင်တောင်ဂျိုင်္ဂျိုစဉ်းစားခန်းဝင်နေသော် အိပ်ပျော်မည် မဟုတ်ပါ။ ဘာမှမစဉ်းစားဘဲ အိပ်သဖြင့်သာ အိပ်ပျော်လွယ်ခြင်း ဖြစ်၏။

ထုံးစံအတိုင်း ညဥ့်သန်းခေါင်ယံအချိန်လောက်တွင် တစ်ရေးနိုးလေ၏။ ကျွန်ုပ်သည် အများအားဖြင့် လက်ယာဘက်စောင်း၍ အိပ်ရာခေါင်းအုံးနှင့်နားနှင့်ကပ်နေသဖြင့် လှုပ်ရှားမှုအသံတို့ကို အကုန်ကြားရတတ်ပါသည်။

ထိုသို့နားနှင့်ခေါင်းအုံးကပ်နေရာမြေကြီးပေါ် လမ်းလျှောက်သံတို့ မကြာမကြာပင် ကြားနေရခြင်းပင် ဖြစ်သည်။ ခြေသံပြင်းပြင်းတဒုန်းဒုန်းမြည်အောင် လျှောက်သံလည်းကြားရ၏။ ဖွဖွနင်း၍ လျှောက်သံလည်းကြားရ၏။ ရှပ်တိုက်၍ လျှောက်သံလည်းကြားရ၏။ ခြေသံမျိုးစုံတို့တစ်မျိုးပြီးတစ်မျိုးကြားနေရာ ဤကုန်းပေါ် ရှိသာဝကများလည်းသွားလာနေကြောင်း သဘောပေါက်သဖြင့် ကြောက်စိတ်ဟူ၍ အယ္ဂလင်းမရှိခဲ့ပါ။ သို့ကြောင့် မည်သို့အသာခြေသံတို့ကြားနေရပါစေ ကြောက်စိတ်ကင်းသဖြင့် အတန်ကြာသော် ပြန်လည်အိပ်ပျော်သွားခဲ့ပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤတစ်ကြိမ်သာလျှင် ကျွန်ုပ်တစ်ယောက်ထဲ ကုန်းတော်ပေါ် ၌ အိပ်ဖူးခြင်း ဖြစ်သည်။ ကျွန်ုပ်ကား မကြောက်တတ် သူမဟုတ်ပါ။ ကြောက်တတ်ပါသည်။ ထိုအချိန်အခါဝယ် သင်္ခါစိတ်ကြောင့် ကြောက်စိတ်ပျက်နေခြင်း ဖြစ်ပေ၏။

■ သိုက်နန်းသို့အကူအညီတောင်းခြင်း

ကိုကျော်စိုးရေ၊ အခုချိန်မှာ ကုန်းတော်ပေါ် လူသိပ်မစည်ကားတော့ကာ ရှားပါးတာပေါ့ဗျာ။ ဆွမ်းဆိုတာကတော့ ကျွန်တော်စားရသမျှပြင်ဆင်ပြီးကပ်ခဲ့တာပဲ။ ခဲဖွယ်ဘောဇဉ်ကျတော့ ကျွန်တော်လည်း ဝယ်မကပ်နိုင်ဘူးဗျ။ အဲဒီတော့ သိုက်နန်းကအစ်မတွေဆီ အကူအညီတောင်းရင်ရနိုင်တယ်ဆိုပြီး မနက်ဘက် ကျွန်တော် တွင်းအသွားမှာ အောက်ညောင်ပင်ကြီးနားရောက်တာနဲ့ အစ်မကြီးအစ်မလေးတို့ရေ ဘုန်းတော်ကြီးကပ်ဖို့ ခဲဖွယ်ဘောဇဉ်တွေမရှိတော့ဘူးဗျ။ အဲဒါကူညီကြပါဦးလို့ အော်ခဲ့တာပဲ။ အဲဒီလိုအော်ခဲ့ပြီးရင် ညနေ ကျွန်တော် တွင်းက ပြန်ရောက်တာနဲ့ဘုန်းတော်ကြီး ဆီမှာ ကြာကြာအထားခံတဲ့ မလိုင်မုန့်မျိုးစုံတွေ၊ ကိတ်ခြောက်တွေရောက်နေတော့တာပဲဗျို့။ အဲဒီအခါ ဒီမုန့်တွေ ဘယ်သူလာလှူသွားလဲဘုရားလို့မေးလေတိုင်း ဘုန်းတော်ကြီးက အလှူဒါယကာတွေလာလှူသွားတာပေါ့လို့ အမြဲဖြေသဗျ။ ဒါက တစ်ခါမဟုတ်ဘူးနော်။ အကြိမ်ကြိမ်အဲဒီလိုလုပ်တာ။ တစ်ခါတစ်ရံ စေတီတော်ကြီးမှာ ကျွန်တော်ဆွမ်းမကပ်ဖြစ်ဘူး။ ဒါပေမယ့် သွားကြည့်ရင် ကပ်ထားတာတွေ့ရတယ်။ ကျွန်တော် မကပ်ရင် သူတို့ကပ်တယ်။ ဒါကလည်း အတော်အံ့သြစရာကောင်းတဲ့အဖြစ်တွေဗျ။ ဆွမ်းကတော့ တကယ့်ဆွမ်းပဲ ချက်ပဲချက်သလား၊ ဖန်ဆင်းသလားမပြောတတ်ပါဘူးဗျာ”

ဟူ၍ ပြောပြလေ၏။

ကျွန်ုပ်လည်း ကုန်းတော်သို့ အရောက်အတော်ကြသွားပါသည်။ သင်္ခါရှိသော်လည်း အသပြာခက်သည့်အခါ စိတ်သွားတိုင်း ကိုယ်မပါနိုင်ခြင်း ဖြစ်ပေ၏။ အလုပ်အကိုင်အဆင်ပြေနေမှသာ စိတ်သွားတိုင်းကိုယ်ပါနိုင်ပါလေသည်။ သို့သော်လည်း ကြာကြာတစ်ခါရောက်ဖြစ်ပါသည်။

တစ်ညတွင် ကျွန်ုပ်ရောက်သွားပါသည်။ ချစ်ရွှေမမြင်သဖြင့် မေးမိသည်။

“ချစ်ရွှေကော ဘုရား”

“တွင်းပြန်နောက်ကျလို့ ချက်ပြုတ်စားသောက်နေတုန်းနေမှာပါ။ ခဏနေလာပါလိမ့်မယ်”

ဟု အမိန့်ရှိပါသည်။

ခဏအကြာ သစ်ဆိမ့်ကုန်းရွာမှ ကိုကြည်အောင်ရောက်လာ၏။ ကိုကြည်အောင်ကား ဘိုကေနှင့်မဟုတ်တော့ပြီ။ ယောဂီဝတ်စုံနှင့် သျှောင်တစောင်းထုံးနှင့်ဖြစ်နေလေ၏။ ပြောင်းလဲသွားသော ကိုကြည်အောင်ကိုကြည့်၍ ကျွန်ုပ်ပြုံးမိပါသည်။ ကိုကြည်အောင် ဘိုးတော်စိတ်ပေါက်သွားပြီဟုလည်း တွေးမိပါသည်။ သို့ကြောင့် -

“ကိုကြည်အောင်၊ ပုံစံတွေပြောင်းလို့ပါလားဗျ”

ဟု မေးရာ ကိုကြည်အောင်က ရယ်ဖြဲဖြဲနှင့် -

“ပြောင်းချိန်တန်လို့ပြောင်းတာပေါ့ ကိုကျော်စိုးရာ။ ကျွန်တော်ချည်းမဟုတ်ဘူးဗျ။ ကျွန်တော့်သားပါပြောင်းသွားတာ မတွေ့တာတောင်ကြာပေါ့”

ဟု ဆိုသဖြင့် -

“အခြေအနေနဲ့ အချိန်အခါအရပေါ့ ကိုကြည်အောင်ရာ။ စိတ်ကတော့ ရောက်ပါရဲ့ လူကမရောက်နိုင်ဘူးဖြစ်နေတယ်”

ဟု ပြန်ဖြေရလေ၏။ ကျွန်ုပ်သတိထားမိသည်မှာ ဘုန်းတော်ကြီးဘေးနားရှိ လေးထောင့်ခုံသေးသေးပေါ် တွင် မလိုင်ထုပ်များ၊ မုန့်ထုပ်များတစ်ပုံတစ်ပင်တွေ့ရခြင်း ဖြစ်ပေ၏။ ချစ်ရွှေပြောသကဲ့သို့ သိုက်နန်းရှင်များလာလှူထားပုံရှိသည်ဟု တွေးမိလေသည်။ ခဏကြာသော် ချစ်ရွှေရောက်လာပါသည်။

“ကဲ - ချစ်ရွှေကြီးရေ၊ ဟောဒီမှာ ခဲဖွယ်ဘောဇဉ်တွေသိမ်းလိုက်ပါဦးဗျာ”

ဟု ခိုင်းရာ ချစ်ရွှေက -

“ဘယ်သူတွေလာလှူသွားတာလဲ ဘုရား”

ဟုမေးလျှောက်၏။

“ဩော်ဗျာ - ဘယ်သူလာလှူရမလဲ အလှူဒကာတွေလာလှူသွားတာပေါ့။ ကဲ-သိမ်းလိုက်ပါဗျာ။ ဘယ်သူလှူလှူအချိန်တန်ရင်စားရဖို့လိုရင်းမဟုတ်လား”

“မှန်ပါဘုရား”

ဟုဆိုကာ မုန့်များသိမ်းသွားလေ၏။ ချစ်ရွှေပြောထားသည့်နှင့်တိုက်တိုက်ဆိုင်ဆိုင် ထိုအခါသာကြုံဖူးဆုံဖူးလေ၏။ ကျောင်းဒကာ ဦးအောင်သိန်း၊ ဒေါ်အေးတို့သည်လည်း တွင်းသမားများဖြစ်သည့် အားလျော်စွာ ပုံမှန်ဝင်ငွေရသောအလုပ်မဟုတ်သဖြင့် ဓာတ်တော်ကုန်းသို့ မရောက်နိုင်ကြပါ။ မိုးကုတ်မြို့တွင် တွင်းလုပ်နေကြပါသည်။

တွင်းလုပ်ငန်းဟူသည် ကံကိုယဉ်၍ ဘဝကိုပုံအပ်ကာလုပ်ရသောအလုပ်ဖြစ်သဖြင့် တွင်းမှ ကျောက်မရသော် အလွန်ပင် ဆင်းရဲကျပ်တည်းလှပါလေသည်။ ပုံမှန်ဖြစ်သော ထမင်းစားကျောက်ခေါ် အောက်ကျော်ပင်လျှင် ရရန်ခဲယဉ်းလှပေ၏။ ထို့ကြောင့် ဓာတ်တော်သို့လှည့်မကြည့်နိုင်ကြခြင်း ဖြစ်သည်။

■ ဂူအောင်းခြင်း

ဘုန်းတော်ကြီးသည် (၇)ရက်တာ ဂူအောင်း၍ကျင့်ကြောင်း ကျောင်းအမဒေါ်အေးက ပြောပြဖူး၏။ ဂူအောင်းသော် ဂူတံခါးအား ချက်ထိုး၍ (၇) ရက်လုံးလုံးအောင်း၍ကျင့်လေ၏။ (၇) ရက်ပြည့်ပြီး၍ ဂူတံခါးဖွင့်သော် ဦးစွာ ယာဂုဆွမ်း(ဆန်ပြုတ်)ကပ်ကြရ၏။ ပြီးသော် နေ့ဆွမ်းဆက်ကပ်ကြရသည်။ ဒေါ်အေးတို့ဆည်းကပ်ပြီးနောက်ပိုင်းတွင် ထို့သို့ ဂူအောင်းခြင်းအကျင့်ကို (၃) ကြိမ်ကျင့်ကြောင်းပြောပြ၍ သိရလေ၏။

ကျွန်ုပ်ရောက်နေစဉ်အတွင်း၀ယ် ဂူအောင်းခြင်း တစ်ခါမှမကြုံခဲ့ပါ။ ကျွန်ုပ်အရောက်ကျဲသွားပြီးနောက်ပိုင်းတွင် ဂူတစ်ကြိမ်အောင်းကြောင်းကြားသိရ၏။ ထိုဂူအောင်းစဉ် (၇) ရက်တွင် ဘုန်းတော်ကြီးအား ချက်ပြုတ်၍ ကပ်စရာမလိုပါ။ စေတီတော်ကြီးအရှေ့ဘက်မုခ်တွင်သာ ဆွမ်းတော်ကပ်ခဲ့ရကြောင်း သိရလေ၏။ ထိုဂူအောင်းခြင်းအား ကျွန်ုပ်မကြုံခဲ့ဘူးပါ။

■ ဆေးကုပေးခြင်း

ကျွန်ုပ်သည် ဓာတ်တော်သို့ အရောက်အတော်ကြသွားခဲ့ပါသည်။ အမဲခံအားဖြင့် သစ်ဆိမ့်ကုန်းမှ ကိုကြည်အောင်၊ ဆင်ခွာကိုမျိုးလည်း အနေဝေးသဖြင့် ကြာကြာမှ တစ်ခေါက် သာရောက်ပါသည်။

ထိုသို့ရှိစဉ်၀ယ် ဘုန်းတော်ကြီးသည် မျက်စိဝေဒနာသည်တို့အား လည်းကောင်း၊ အခြားဝေဒနာတို့အားလည်းကောင်း ဆေးကုသပေးနေရာ ပျော်ကြသည်ဟူ၍ နာမည်ကြီးလေ၏။

ဆေးမှာ ပရဆေးတိုက်မှဆေးဖူးမှုတ်ဘဲ ကပ္ပိယတစ်ဦးကို ကြေးထ

www.burmeseclassic.com

www.burmeseclassic.com

ခေါ်သွားကာ ဂမုန်းမျိုးစုံဥများတူးခိုင်းပြီး ထိုဂမုန်းဥတို့ဖြင့်ကုပေးခြင်းဖြစ်ကြောင်း သိရ၏။

ထိုသည်တို့အထဲမှ အထူးအဆန်းများလည်း ကြားရပါသည်။ ကပိုင်ရွာမှ အဒေါ်ကြီးတစ်ဦးသည် ဂျပန်ခေတ်တွင် မျက်စိကွယ်ခဲ့ကာ ရွှေဘိုနယ် တောရွာမှဖြစ်ပြီး သားဖြစ်သူသည် မိုးကုတ်တက်၍ ကျောက်တူးရာမှ ကပိုင်ရွာသူနှင့် အိမ်ထောင်ကျလေ၏။ သားဖြစ်သူက ခေါ်ထားသဖြင့် ကပိုင်ရွာတွင်နေရာ ဓာတ်တော်ဘုန်းကြီးနာမည်ကြီးသဖြင့် သူမျက်စိမြင်လိုမြင်ငြားကုသပေးပါရန် လျှောက်ရာ ဘုန်းတော်ကြီးက ဂမုန်းဥများထောင်း၍ အုံကာစည်းပေးလေ၏။ အနာနှင့်ဆေးတည့်သဖြင့် မျက်စိနှစ်ကွင်းအလင်းပြန်ရရာ အဒေါ်ကြီးလွန်စွာပျော်သွားခဲ့၏။ နှစ်ပေါင်း (၄၀) နီးပါးမျှ ကွယ်ခဲ့သောမျက်စိကား အံ့သြဖွယ်ရာ အလင်းပြန်ရခဲ့ပေပြီ။

ထိုအခါ အဒေါ်ကြီးသည် ပျော်လွန်း၍ ရွှေဘိုရှိဆွေမျိုးတွေထံသွား၍ လည်ပတ်၏။ ရောက်၍ ဆွေမျိုးများလည်ပတ်နှုတ်ဆက်ပြီးသော -

"နင်တို့ဆီမှာ ပူလိုက်တာလွန်ပါရော။ တို့ဆီမှာ အေးလွန်းလို့ အန္တေးထည်တောင်မချွတ်ရဘူးဟဲ့"

ဟုပြောကာ ရေကို တဝကြီးချိုးလိုက်လေ၏။ ရေချိုးပြီးသော် မကြာလိုက်ပေ။ ဦးနှောက်သွေးကြောပြတ်ကာ သေဆုံးသွားတော့၏။

"ကံဆိုးချင်တော့ မျက်စိကွယ်ခဲ့ရတယ်။ ကံကောင်းချင်တော့ မျက်စိပြန်မြင်ရပြန်တယ်။ ကံဆိုးချင်တော့ ရွှေဘိုဆွေမျိုးတွေဆီသွားရင်း ရေချိုးမှားလို့ သေရတယ်"

ဟူ၍ ပြောစမှတ်ကျန်ရစ်ပါသည်။ ထိုအခါ မျက်စိပြန်မြင်လျှင်တောင် အကောင်းသားဟု မှတ်ချက်ပြုကြလေ၏။

နောက်တစ်ဦးမှာ ရေအေးရွာမှ နာမည်ကျော် ဗေဒင်ဆရာ ဦးစံဌေးဖြစ်သည်။ မျက်စိဝေဒနာသည်များ မျက်စိရောဂါတွေပျောက်ကြသည်ဟု နာမည်ကြီးသဖြင့် ရေအေးမှ ဦးစံဌေးလည်း မျက်စိမြင်နိုးနိုး ဘုန်းတော်ကြီးဆီရောက်ခဲ့ပါသည်။

ဦးစံဌေးသည် မွေးကတည်းက မျက်ဖြူသားမှေးမှေးသာပါပြီး သူငယ်အိမ်လုံးဝမပါသောသူဖြစ်သည်။ သို့ကြောင့် မွေးကတည်းက မျက်စိနှစ်ကွင်းအလင်းမရဘဲ အမှောင်ထုၦ်ကြီးပြင်းခဲ့ရသူဖြစ်ကာ အမှောင်ထုနှင့်အသားကျနေသူဖြစ်၏။

သူသည် မျက်စိမမြင်သော်လည်း မှတ်ဉာဏ်ထက်မြက်သူဖြစ်ရာ မန္တလေးမှ ဘုန်းတော်ကြီးတစ်ပါးမှ သနားသဖြင့် ဗေဒင်ပညာသင်ပေးလိုက်သဖြင့် ဗေဒင်တတ်မြောက်ကာ ဗေဒင်ပညာဖြင့် အသက်မွေးလျက် နာမည်ကြီးဗေဒင်ဆရာတစ်ဦးဖြစ်ခဲ့ပါသည်။ ထိုအခါ အိမ်ထောင်ပြုလျက် ပျော်ရွှင်ချမ်းမြေ့မှုကိုရခဲ့ပါသည်။

ထိုအတွင်း ဓာတ်ဇော်သို့ရောက်သော် ဦးစံဌေးနှင့်ပတ်သက်၍ ဘုန်းတော်ကြီးက -

"အများတွေမျက်စိရောဂါပျောက်ကြတော့ ရေအေးရွာက ဦးစံဌေးလည်း ရောက်လာတယ်ဗျ။ သူ့ကိုကြည့်တော့ မြင်နိုင်စွမ်းရှိတဲ့ သူငယ်အိမ်က နှစ်ဖက်စလုံးမပါဘူး။ ဒါနဲ့ ကျွပ်က ဒကာကြီးရဲ့ မျက်လုံးက ဆေးစည်းလည်းမြင်မယ့် အခြေအနေမရှိဘူးလို့ပြောတော့ မြင်လို မြင်ငြားစည်းပေးပါဘုရားဆိုတာနဲ့ သူ စိတ်ချမ်းသာအောင် (၃) ရက်လောက် စည်းပေးပါတယ်။ မမြင်ရတော့မှ စိတ်လျှော့ပြီးပြန်သွားတယ်"

ဟု ပြောပြရာ စိတ်မကောင်းရှိရလေ၏။ ဦးစံဌေးနှင့် ကျွန်ုပ်သည် အတန်ပင် ရင်းနှီးကြပါသည်။ သူ့အကြောင်းတွေး၍ တန့်ဆွဲစိတ်မကောင်းရှိရ၏။ ဤ၏ အပြင်ဘက်တွင် အမျိုးအမည်မသိသော ဒေသထွက်ဂမုန်းဥမျိုးစုံတို့ပုံထားသည်ကို တွေ့ရပါသည်။

■ ကိုယ်ရေးကြုံပြီ

ကျွန်ုပ်၏ မနီးတော်သူ မေမာလာ၏အစ်မ မေခွာညိုသည် ငါးဦးမြောက်သားငယ်လေးမွေးအပြီး၌ ရင်ဘတ်သည် မာကျောလာသဖြင့် မန္တလေးဆင်း၍ ဆေးရုံကြီး၌ပြရာ ခွဲစိတ်၍ကြည့်၏။ အသည်းကင်ဆာဝေဒနာကား နောက်ဆုံးအဆင့်ရောက်၍နေပေပြီ။ စီးကရက်အလွန်ကြိုက်သည့်ဒဏ်ကိုခံရခြင်း ဖြစ်သည်။ ဆေးရုံမှ (၆) လမျှခံမည်ဟု မှာကြားလိုက်သဖြင့် ပြန်ရောက်လာကြလေ၏။ မန္တလေးသို့ မေမာလာလည်း ပါသွားရာဖြစ်ကြောင်း ကုန်စင်ပြောပြ၍ သိရလေ၏။ အသည်းကင်ဆာဝေဒနာကား ပဋိဇီဝဆေးဖြင့် မရနိုင်တော့ပြီ။ မြန်မာဆေးဖြင့်ဆိုသော် ပျောက်နိုင်ကောင်း၏တွေးကာ ကျွန်ုပ်သည် ဓာတ်ထော်ဘုန်းတော်ကြီးကိုပြေးမြင်မိပါသည်။ ဝေဒနာသည်မျိုးစုံတို့ကို ကုပေးနေရာ ချမ်းသာရာရကြပါသည်။ ထို့ကြောင့် မေမာလာနှင့်တိုင်ပင်ကာ ဓာတ်တော်ဘုန်းတော်ကြီးအားပင့်၍ ပြကြည့်သော်ကောင်းလေမလားဟုတိုင်ပင်ရာပြကြည့်ပါဆိုသဖြင့် ဦးလေးဦးအောင်ကြည်ကို အကူအညီတောင်းကာ ဓာတ်တော်ဘုန်းကြီးကိုသွားပင့်ကြပါသည်။

ဦးလေးဦးအောင်ကြည်၏ကားဖြင့် ကျွန်ုပ်တို့ ကိုအုန်းဖေ၊ မမေခွာညိုတို့အိမ်သို့ရောက်ကြ၏။ မခွာညိုကား ဖြူဖြူဖွေးဖွေးဝဝကြီးဖြစ်သည်။ ရုပ်ရည်မကျဆင်းသေး၀ေ။ ကျွန်ုပ်မှ မေခွာညို၏ ဝေဒနာအား ဓာတ်တော်ဘုန်းတော်ကြီးနှင့်ကုကြည့်ပါရန် ပြောဆိုပါသည်။ မေခွာညိုမှ မြန်မာဗီနှော်ဆေးကို အယုံအကြည်လုံးဝမရှိပါကြောင်း တိုးတိုးလေးပြောဆိုပါသည်။ ထိုအခါ ခဲလေသမျှသဲရေကျဖြစ်ကာ ဘုန်းတော်ကြီးကိုပင့်၍ပြန်ခဲ့ရပါသည်။ ဘုန်းတော်ကြီးက ကျောင်းရောက်သော် -

"ဒီဒကာမလေးက ကုရင်ရနိုင်ပါသေးတယ်။ သေကောင်ပေါင်းလည်း သေခါနီးမှကုရင်တော့ရမှာမဟုတ်တော့ဘူး။ အေးဗျာ ဗိန္ဓောဆေးကို အယုံအကြည်မရှိဘူးဆိုတော့လည်း သူ့ရဲ့ကံပေါ့ဗျာ ဟုတ်ဖူးလား"

ဟု အမိန့်ရှိလေ၏။

ခြောက်လမျှကြာသော် အိမ်ရောက်နေခိုက် မေမာလာက -

"ကိုကျော်စိုး၊ မခွာညိုတော့ အရိုးနဲ့အရေပဲရှိတော့တယ်။ အခြေအနေမကောင်းတော့ဘူး။ အဲဒါရောက်ခိုက်သွားလိုက်ပါဦး"

ဟု ဆိုသဖြင့် မကင်းရာမကင်းကြောင်းသွားရလေ၏။

မေခွာညိုကား မည်းခြောက်နေကာ အိုးပေါ်အရောတင်ဖြစ်နေခဲ့ပါသည်။ ကျွန်ုပ်ကိုမြင်သော် မတင့်တယ်တော့သော ရုပ်အဆင်းအား ပြလိုဟန်မရှိပေ။ တစ်ဖက်သို့လှည့်သွားလေ၏။ ကျွန်ုပ်လည်း အလိုက်သိစွာ အခန်းမှပြန်ထွက်ခဲ့ပါသည်။ နောင် (၃) ရက်မြောက်တွင် မခွာညိုဆုံးပါသည်။ ကလေး(၅)ယောက်ကျန်ရစ်၏။ ကွယ်လွန်ချိန်တွင် အသက် (၃၁) နှစ်သာရှိပါသေးသည်။ စီးကရက်က သူ့ဘဝကိုသုတ်သင်လိုက်ခြင်းပင်။

(ဆက်ရန်)

ဒွေပြည်စိုး(မိုးကုတ်)

www.burmeseclassic.com

www.burmeseclassic.com

ပန်းမော်ညိုသူ
ဆီးထဲမှာ ပြည်ပါလာရင်
ဘာဆေးနဲ့ ကုမလဲ

ကျွန်တော့်အိမ်နားက ဒေါ်မြတင်ဟာ မုဆိုးမတစ်ယောက်ပါ။ သမီး (၃) ယောက်က ကျောင်းဆရာမတွေဖြစ်ပါတယ်။ သမီးအကြီးတစ်ယောက်က အထက်တန်းပြဆရာမဖြစ်ပြီး အငယ်နှစ်ယောက်ကတော့ မူလတန်းပြဆရာမများဖြစ်ပါတယ်။ သမီးများဟာ အိမ်ထောင်မပြုကြဘဲ မိခင်များကို လုပ်ကိုင်ကျွေးမွေးနေကြပါတယ်။ ဒေါ်မြတင်မှာ ဘာရောဂါမှရှိတာမကြားဖူးပါဘူး။ အမြဲတမ်းကျန်းကျန်းမာမာရှိနေတာကိုပဲ မြင်နေရပါတယ်။

တစ်ရက်မှာ ဒေါ်မြတင်တစ်ယောက် ဘယ်လိုဘယ်လိုဖြစ်လာသည်တော့ မပြောတတ်ဘူး။

"နာတယ် နာတယ် ဗိုက်ထဲကနာလိုက်တာ"

အော်နေလို့ သမီးများက စာရေးသူကိုလာခေါ်ကြပါတယ်။ စာရေးသူရောက်သွားတော့ ဒေါ်မြတင်ဟာ ခုတင်ပေါ်မှာလူးလိမ့်နေပါတယ်။

"သမီးတို့သမီးတို့အမေအူအတက်ပေါက်သလားမသိဘူး။ ဆေးရုံပြကြည့်ရအောင်။ သုံးဘီးသွားခေါ်လိုက်ပါ"

ဆေးရုံရောက်တော့ ဆရာဝန်က သေချာစွာ စမ်းသပ်ပါတယ်။ ဓာတ်မှန်ရိုက်ပါတယ်။ ဓာတ်မှန်ထဲမှာဘာမှမပေါ်ပါ။ ဒါကြောင့် ဆရာဝန်ကဒေါ်မြတင်ရဲ့ဆီးကိုတောင်းပါတယ်။ ဆီးကိုစစ်ဆေးပါတယ်။ ဒေါ်မြတင်ရဲ့ဆီးစစ်ဆေးချက်အဖြေထွက်လာပြီ။ ဆရာဝန်က ဒေါ်မြတင်ရဲ့ဆီးစစ်ဆေးချက်ကိုကိုင်ပြီး -

"ဒေါ်မြတင်၊ ဒေါ်မြတင်ရဲ့ဆီးမှာ ပြည်တွေ့တယ်။ ဆီးအိမ်ထဲမှာ အနာဖြစ်ပြီးပြည်တည်နေတယ်။ ခွဲရမယ်။ ဒါကြောင့် ဆေးရုံအမြန်ဆုံးတက်ပါ"

ဒေါ်မြတင် အလွန်ကြောက်သွားတယ်။ သူမျက်နှာသွေးမရှိသလိုဖြစ်သွားတယ်။

"ကဲ-သမီးတို့အိမ်အမြန်ပြန်မယ်။ ငါမခွဲချင်ဘူး။ ကြောက်တယ်။ မြန်မာတိုင်းရင်းဆေးနဲ့ကုမယ်။ မပျောက်ရင် အသေခံမယ်"

အိမ်ကိုပြန်ရောက်ကြတော့ စာရေးသူနဲ့ ဒေါ်မြတင်ရဲ့သမီးများပါ ဒေါ်မြတင်ကို ခွဲစိတ်ခံဖို့နားချပါတယ်။ ဘယ်လိုနားချချ ဘယ်လိုပြောပြောမရပါဘူး။

"ငါခွဲစိတ်တော့မခံဘူး။ အသေခံမယ်"

ဆိုတဲ့စကားသာပြောနေပါတယ်။

■

နောက်နေ့မနက်ပိုင်းမှာ မဂျီကော့ဆိုတဲ့ ကချင်အမျိုးသမီးတစ်ဦး အိမ်ရောက်လာတယ်လို့ ဒေါ်မြတင်သမီးများက စာရေးသူကိုပြောကြပါတယ်။ မြေနရပ်မှာ နေ့စေးဖြစ်နေတာကိုလာပြီးကြည့်ရင်း ဒေါ်မြတင်ဆီလည်ချင်ဝင်လာခဲ့တာလို့ ပြောပါတယ်။ဒေါ်မြတင်နဲ့ဒေါ်မဂျီကော့ဟာ တောရွာတွေကိုသွားပြီး စေ့းရောင်းတဲ့စေ့းရောင်းဖက်တွေလို့ပြောပါတယ်။ ဒေါ်မြတင်ရဲ့ရောဂါအခြေအနေအားလုံးကိုသိသွားတော့ ဒေါ်မဂျီကော့ဟာ အိမ်ကိုပြန်သွားပါတယ်။ မြေနရပ်နဲ့ ဒေါ်မဂျီကော့နေတဲ့ရပ်ကွက် (ဘိုဒိဇာကုန်း) ဟာ သိပ်မဝေးပါဘူး။ တစ်မိုင်လောက်ပဲဝေးပါတယ်။တစ်နာရီလောက်ကြာတော့ ဒေါ်မဂျီကော့ပြန်ရောက်လာပါတယ်။ သူလက်ထဲမှာဆေးစည်းတွေပါခဲ့ပါတယ်။

"ဒီမှာ သမီးတို့၊ သမီးတို့အမေကို ဒီဆေးစည်းကိုပြုတ်တိုက်ပါ။ တစ်ခါပြုတ်ရင် (၁)စည်းပြုတ်ပေးပါ။ပြုတ်ရည်ကျကျကို အခါးပန်းကန်လုံးနဲ့ တစ်နေ့ (၃)ကြိမ်တိုက်ပါ။ သုံရက်စေ့ရင် ပြုတ်သောက်ပြီး (၃) စည်းလုံးကို ပြန်ပြုတ်ပြီး (၃) ကြိမ်တိုက်လိုက်ပါ။ သမီးတို့အမေလုံးဝကောင်းသွားရမယ်"

"ဒေါ်မဂျီကော့ရဲ့ စကားအတိုင်း ကျွန်မတို့ပြုတ်တိုက်ကြပါတယ်။ ပထမနေ့မှာပဲ ဗိုက်နာတာကောင်းသွားတယ်။ ဒါပေမယ့် ဆီးမှာတော့ ပြည်အရောင်လေးတွေကပါနေသေးပါတယ်။ ဒုတိယနေ့မှာတော့ ပြည်အရောင်လုံးဝမပါတော့ဘူး။ တတိယနေ့မှာလည်း မပါတော့ဘူး။ တစ်ခါတည်းကောင်းသွားတယ် ဆရာ။ အခုလည်း (၃) စည်းလုံးကိုပြုတ်ပြီးတိုက်နေပါတယ်။အမေလည်းဝမ်းသာနေတယ်ဆရာ။ ဒါကြောင့် သမီးတို့ကို အမေပြောတယ်မဟုတ်လား။ တို့တိုင်းရင်းဆေးကလည်း အလွန်စွမ်းပါတယ်လို့ ဒီစကားကိုပဲပြောပြီး အမေဟာ ဝမ်းသာလုံးဆို့နေပါတယ်"

■

(၄) ရက်လောက်ကြာတော့ မဂျီကော့ရောက်လာပြီး အမေ့ရဲ့အခြေအနေကို ကြည့်ပါတယ်။

"အားလုံးကောင်းသွားပြီ မဂျီကော့ရေ။ ဒီဆေးဟာဘာဆေးလဲ၊ တော်တော်အစွမ်းထက်တာပဲ။ ဘယ်လိုအပင်ဆိုတာ ပြောထားခဲ့ဦး။ တကယ်လို့ နောက်တစ်ခါဖြစ်ရင် အလွယ်တကူကုသနိုင်အောင်ပေါ့ သူငယ်ချင်း"

"သူငယ်ချင်းတို့မသိကြလို့ပါ။ ဒီအပင်က ဆီးအိမ်ထဲမှာ အနာဖြစ်ပြည်တည်လာရင် ပျောက်စေတဲ့ဆေးပေါ့။ ငါတို့အဖေ ကချင်ဆေးဆရာကြီး ဦးမဂျီနော်ကပြောခဲ့တာ။ အဲဒီအပင်ကတော့ ငါတို့ကချင်တွေအမြတ်တနိုးစိုက်ကြတဲ့ ဒီဇင်ဘာပန်းပင်ပေါ့။ ခရစ္စမတ်ပန်းလို့လည်းခေါ်ကြတယ်။ အဲဒီပန်းရိုးကိုပြုတ်ပြီးသောက်။ဆီးအိမ်ထဲမှာဖြစ်နေတဲ့ပြည်တည်နာကတော့ မင်းဘာလဲငါဘာလဲပဲပြေးပြီသာမှတ်တော့။ ဒါကြောင့် ရောဂါဖြစ်လာရင် ဒီဇင်ဘာပန်းလို့ခေါ်တဲ့ ခရစ္စမတ်ပန်းကို မမေ့ကြပါနဲ့လို့"

"ကျေးဇူးကမ္ဘာဆိုင် မဂျီကော့ရေ"

ဒေါ်မြတင်ရဲ့ နှုတ်ဆက်စကားအဆုံးတွင် မဂျီကော့လည်း အိမ်ပြန်မဆင်းသွားပါတော့တယ်။

ပန်းမော်ညိုသူ

www.burmeseclassic.com

www.burmeseclassic.com

"ဘဘ၊ မေမေကြီးက ထမင်းပြင်ပြီး စားကြရအောင်ပါတဲ့"

"အေးအေး-ဘဘပြီးပြီ လာမယ်"

ကျွန်တော် စာရေးစားပွဲမှာစိတ်ပါစွာ စာရေးနေချိန် မြေးမလေးက စာရေးစားပွဲအနီးရပ်လျက် ကျွန်တော့်ကိုထမင်းစားရန် အကြောင်းကြားလာခြင်းကို အထက်ပါအတိုင်း ပြောကြားပြန်ကြားလိုက်ရခြင်း ဖြစ်သည်။

စာရေးသားခြင်းလက်စသတ်ကာ စာရေးစားပွဲမှ ကျွန်တော်ထသည်။

မြေးမခေါင်းလေးကို ကျွန်တော် လက်ဖြင့် အသာပုတ်လိုက်၏။ မြေးမလေးက ကျွန်တော့်ကိုပြုံးပြီးကြည့်နေသည်။

မြေးနှင့်အတူ ထမင်းစားခန်းရှိရာ ကျွန်တော်လျှောက်လာသည်။

■

ကျွန်တော့်အိမ်ဝိုင်းက နှစ်ဧကနီးပါးကျယ်ဝန်းသည်။

ကျွန်တော့်အိမ်သူက စိုက်ပျိုးရေးဝါသနာကြီးသည်။ သို့ဖြစ်သဖြင့် ကျွန်တော့်အိမ်ဝိုင်းထဲမှာ ချဉ်ပေါင်ပင်၊ ကန်စွန်းပင်၊ ဆူးပုပ်ပင်၊ ခွေးတောက်ပင်၊ ကင်ပွန်းပင်၊ မန်းကျည်ပင်၊ ပင်စိမ်းပင်များရှိသည်။ ဘူး၊ ဖရုံ၊ ပဲလင်းမြွေ၊ ပဲပြားများစင်တင်ထားသည်။ အသီးအရွက်အတွက် စွေးမှာဝယ်ရန်မလိုအောင်ပင် ပြည့်စုံပါ၏။ ထန်းပင်၊ အုန်းသရက်ပင်၊ မာလကာပင်၊ တရုတ်ဆီးသီးပင်ကြီးများလည်းရှိ၏။ ရာသီအလိုက် သစ်သီးများလတ်ဆတ်စွာစားရသည်။

ပန်းအစုံလည်းစိုက်ထား၏။

ပန်းသပြေပင်ငယ်၊ ကံ့ကော်ပန်း၊ နှင်းဆီပန်း၊ စံပယ်ပင်၊ ဇွန်ပင်၊ မြတ်လေးပင်၊ သရဖီပင်၊ ပုန်းညက်ပင်၊ ယုဇနပင်၊ သနပ်ခါး(ပန်း)ပင်များ ရှိ၏။ ဘုရားပန်းအတွက် ပြည့်စုံပါသည်။

သနပ်ခါး(သွေးသနပ်ခါး) အပင် (၂၀၀) အကွက်ချစိုက်ထားပါ၏။ အိမ်ဝိုင်းဆိုရသည်ထက် ခြံတစ်ခြံဟုဆိုက မှန်ပါသည်။

နံနက်ခင်း အိမ်သူကို စွေးပို့ပြီး ကျွန်တော် လက်ဖက်ရည်ဆိုင်ထွက်၏။ မိတ်ဆွေများနှင့်စကားပြော၊ လက်ဖက်ရည်သောက်၊ မုန့်စား၊ အပြန် အိမ်သူကို စွေးကြိုပြီး ကျွန်တော်တို့အိမ်ပြန်သည်။

အိမ်ဝိုင်းအတွင်း ကျွန်တော် သန့်ရှင်းရေးလုပ်သည်။ သစ်ပင်များရေလောင်းသည်။ အမှိုက်သရိုက်များစုပုံမီးရှို့သည်။

အိမ်သူက မြေးမနှင့်အတူ မီးဖိုဆောင်မှာ ချက်ပြုတ်ပြင်ဆင်ပါသည်။ နံနက် (၈) နာရီဝန်းကျင်မှာ ရွှေကျင်ပရိယတ္တိစာသင်တိုက်ဆွမ်းတန်းကြွလာရာ ကျွန်တော်အိမ်ရှေ့ကလမ်းမပေါ်တက်ဆွမ်းလောင်းပါ၏။

ဆွမ်းဖိတ်ရပ်လာသော ကိုယ်တော်များကို အိမ်သူလှူပါသည်။

ကျွန်တော်ရေချိုးကိုယ်လက်သန့်စင်ပြီးနောက် စာဖတ်စာရေးလုပ်ပါ၏။



ကိုကော်ဝင်း
(ရေတော)

သတ္တဝါတို့သည် လည်းကောင်း၊ လူသားတို့သည် လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

နေ့ (၁၂) နာရီမှာ ထမင်းအတူစားပါသည်။

နေ့ (၁) နာရီ MRTV4မှ တရားဖွင့်ပြီး ကျွန်တော်တို့တရားနာကြပါ၏။ နေ့စဉ်ဖြစ်ပါသည်။

ကျွန်တော်က(ငြိမ်း)၊ အိမ်သူက (ငြိမ်း) မြေးမလေးနှင့်သုံးဦးသားနေထိုင်ရပါ၏။

သမီးကြီးနှင့် သူ့အိမ်သားက မြို့ကြီးတစ်မြို့မှာ ဝန်ထမ်းများဖြစ်ပါသည်။ သမီးကြီးက မြေးမလေးကိုပို့ထားပါ၏။ တစ်ဦးတည်းသောမြေးဖြစ်ပါ၏။

သားငယ်က အင်ဂျင်နီယာဖြင့် ကျောင်းပြီး၍ ဆောက်လုပ်ရေးမှာ အလုပ်ဝင်ပါသည်။ အိမ်ထောင်မရှိသေးသဖြင့် ကျွန်တော်တို့ကို သမီးကြီးထက် ပို၍ပင်ထောက်ပံ့နိုင်ပါသည်။ လစာကောင်း၍လည်းဖြစ်ပါသည်။

■

အိမ်ပိုင်းအရှေ့ခြံစည်းရိုးအစပ်မှာ ထန်းပင်ကြီးများကတန်းလိုက်ရှိပါသည်။ နွေအပူကာကွယ်ရန်အတွက် ကျွန်တော် ထန်းရွက်တဲတစ်လုံးထိုးချင်သည်။

သို့ဖြစ်၍ ရွာမထဲမှ ထန်းပင်တက် ထန်းရွက်ချိုင်ရန် လူငယ်တစ်ယောက် ကျွန်တော်ငှားရ၏။

ထိုသူငယ်က အသက်(၃၀)အရွယ် ဖြစ်ပြီး သန်မာကြံခိုင်သည်။တောင့်တောင့်တင်းတင်းရှိသည်။

ဓားမတစ်ချောင်းခါးကြားထိုးလျက် ထန်းပင်ပေါ် တက်သွား၏။

အထက်ထန်းရွက်များကြားရောက်သွားချိန် ချိုးငှက်နှစ်ကောင်ပျံဝဲလာပြီး ထိုလူငယ် ထန်းလက်များကြားမဝင်နိုင်အောင် အတောင်ပံဖြင့်ရိုက်နှက်သီးပြီးထိုး၏။ ပြင်းပြင်းထန်ထန်နှောင့်ယှက်သည်။

လူငယ်က အပိုခါးစည်းပုဆိုးခေါက်ဖြင့် ကာကွယ်ခြောက်လှည့်နေခြင်းကို ကျွန်တော်တွေ့ပါသည်။

"ဘာဖြစ်လို့တုံးဟ"

ဟု ကျွန်တော် လှမ်းပြီးမေးဖြစ်သွား၏။ လူငယ်က ကျွန်တော်ကြားအောင်အော်ပြီးပြန်ဖြေပါသည်။

"ချိုးသိုက်ရှိလို့ ချိုးပေါက်ကလေးတွေရှိလို့ဗျ လေးလေးရေ"

ဟု ဖြစ်ပါ၏။

အောက်မှကျွန်တော်ရပ်ပြီးကြည့်နေပါသည်။ လူငယ်က ဖျတ်လတ်ကျွမ်းကျင်စွာ ထန်းရွက်များတစ်လက်ပြီးတစ်လက်တဝုန်းဝုန်းခုတ်ချနေပါသည်။

ချိုးနှစ်ကောင်အနက်တစ်ကောင် ပျောက်သွား၏။ တစ်ကောင်သောချိုးက ထိုချိုင်နေသောထန်းပင်ကိုပတ်ပြီးမနားတမ်းပျံဝဲနေ၏။

ထိုထန်းပင်ထန်းလက်များအားလုံး ချိုင်ပြီး၍ လူငယ်ဆင်းလာသောအခါမှ ချိုးငှက်ပျံဝဲနေခြင်းကရပ်တော့၏။ ချိုင်ထားသောအပေါ်ပိုင်းထန်းဖြတ်စတစ်ခုပေါ် နားနေသည်။

လူငယ်က အပိုပုဆိုးဖြင့် နဖူးပေါ်မှ ချွေးများကိုသုတ်ရင်း ကျွန်တော့်ကို ပြောပါသည်။

"သတ္တဝါတွေမေတ္တာက အောချထိုက်ပါတယ်ဗျာ။ ချိုးမက သူ့အသိုက်ချိုးပေါက်လေးတွေပေါ် ဝတ်ပြီးအုပ်တယ်ဗျာ။ ဒီအချိန်မှာ ဖမ်းရင်လည်းခံမှာပါဗျာ။ သတ်ရင်လည်းခံမယ်ဆိုတဲ့သဘောပါပဲ။ထန်းပင်ကိုပတ်ပြီးပုံနေတဲ့အကောင်က ချိုးဖိုပေါ့ဗျာ လေးလေးတွေ့ရဲ့မဟုတ်လား။ သူတို့ကိုသနားလို့ မြန်မြန်ပြီးအောင်ချိုင်လိုက်ရတယ်"

ကျွန်တော်အံ့ဩသွားပါသည်။

သဟာကြောင့် ချိုးနှစ်ကောင်အနက် တစ်ကောင်ပျောက်သွားခြင်းဖြစ်၏။ ထိုပျောက်သွားသောချိုးက ချိုးအမ။ သားသမီးများအတွက်အသေခံကာကွယ်ပေးပါသောမိခင်။

လူငယ်က ကွမ်းထုတ်ဖြေပြီး ကွမ်းတစ်ယာဝါးသည်။ ကွမ်းသွေးများထွေးထုတ်ပြီးဆက်ပါသည်။

"ရွာတောင်ကျောင်းထန်းပင်တွေချိုင်ဖို့သွားတော့လည်း သလိုပဲတွေ့ဖူးတယ် လေးလေး။ အပင်ပေါ် မတက်ရသေးဘူး။ အပင်အောက်မှပဲရှိသေးတယ်။ ကျီးတွေအပင်ပေါ်ပိုင်းအာနေကြတယ်။ အင်း-ကျီးသိုက်ရှိပုံပဲ။ ငါတက်လာမှာမို့လို့ ပိုင်းအော်နေကြတာလို့ပဲထင်သမျှအဲသည်အထင်မှားပါတယ်ဗျာ။ လားလား - လေးလေးရာ မြွေဟောက်ကြီးတစ်ကောင်ကို ပိုင်းအာပိုင်းပြီးထိုးဆိတ်နေကြတာကိုး။ မြွေဟောက်ကြီးကလည်း အပင်ကိုပတ်ပြီးဆိတ်ဖို့ထိုးဖို့လာတဲ့ကျီးတွေကို ခေါင်းတယမ်းယမ်းနဲ့ ရောက်လာသမျှပေါက်ခွ၊ ကျီးထွေကလည်း မြွေဟောက်ကြီးဆက်မတက်နိုင်အောင် ပိုင်းထိုးပိုင်းအာပိုင်းဆိတ်နေကြည့်ကောင်းကောင်းနဲ့ကြည့်နေတုန်းရှေ့မှာ ကျီးရောမြွေပါပြုတ်ကျလာလို့ နောက်ကိုခုန်ရောင်လိုက်ရတယ်။ မြွေဟောက်ကြီးတစ်ခဏငြိမ်နေပြီး ရှောခန်စည်းရိုးထဲဝင်သွားရော။ အင်း - ကျီးမတော့ ပေါက်ချက်ကောင်းကောင်းမိလို့သေသွားပြီး စိတ်ထဲမကောင်းဖြစ်တယ်။ ထန်းပင်ပေါ် တက်လို့အပေါ် ရောက်တော့ ကျီးသိုက်ကျီးပေါက်ကလေးတွေပေါ်မှာ ကျီးမကဝတ်ပြီးအုပ်ထားတာတွေ့ရတယ်။ ထပြီးမပျံဘူး။ သနားစရာမျက်လုံးနှစ်လုံးနဲ့ ကြည့်နေတယ်ဗျာ။ ပတ်ပတ်လည်မှာ ကျီးတွေအာပြီးရောက်လာကြလို့ အဲဒီအပင်မချိုင်တော့ဘဲဆင်းလာခဲ့ရတယ်။ အောက်မှာသေနေတဲ့ကောင် ကျီးဖိုပဲဖြစ်မယ်ထင်ပါရဲ့။ သတ္တဝါတွေဖြစ်ပြီး သားသမီးအပေါ် ထားတဲ့မေတ္တာက အတုယူသင့်ပါတယ်ဗျာ"

ထိုစဉ် ကျွန်တော့်ကိုပြောပြီး ထိုသူငယ် ထန်းပင်နောက်တစ်ပင်ပေါ် တက်သွားပါသည်။

■

ကျွန်တော်နှင့် အိမ်သူတို့လည်း ကြုံခဲ့ကြဖူးပါသည်။ သရက်ပင်တစ်ပင် အောက်မှာ သရက်ရွက်ခြောက်များအပါအဝင် အခြားအရွယ်များနှင့်အမှိုက်များကို စုပုံထားသည်။

ထိုအမှိုက်ပုံကို မီးရှို့ရန် ကျွန်တော် ပြင်ဆင်နေပါသည်။

အိမ်သူက ကျွန်တော်အနီးမှာ ရပ်နေပါ၏။

ထိုအချိန် ငှက်ကလေးနှစ်ကောင် အထက်သရက်ကိုင်းမှာနား၏။ ပြီးနောက် ပျံသွားကြပါသည်။

မကြာပါ။ထိုငှက်ကလေးနှစ်ကောင် ပြန်ရောက်လာပြန်ပါသည်။ နည်းနည်းဆန်းသည်ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော်ဂက်စ်မီးခြစ်ကိုခြစ်လိုက်သည်။ မီးတောက်ထွက်လာ၏။

"ခဏ"

ဟုပြောလျက် အိမ်သူက သစ်ရွက်ခြောက်များ ကျွန်တော်မီးရှို့မည့်ဆဲဆဲလက်ကိုလှမ်းကိုင်ထားပါသည်။

"ဘာဖြစ်လို့လဲ"

ဟု ကျွန်တော်မေးပါသည်။

အိမ်သူက ကျွန်တော်လက်ထဲမှ မီးခြစ်ကိုဆွဲယူလိုက်ရင်း အပေါ် ဘက်မေးငေါ့ပြရာ ကျွန်တော်ကြည့်လိုက်ပါသည်။

ကျွန်တော်၏ ခေါင်းအပြည့်တည့် သရက်ကိုင်းတစ်ကိုင်းရှိ၏။ သရက်ကိုင်းမှာ အသိုက်တစ်ခုရှိ၏။ ထိုအသိုက်ထဲတွင် ငှက်ပေါက်ကလေးသုံးကောင်ကို ငှက်မကြီးကလာပြီးအုပ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လက်နှင့်မိ၏။

အောက်တည့်တည့်မှာကျွန်တော်မီးရှို့မည့်မီးပုံရှိနေသည်။

ငှက်တစ်ကောင်က ပျံဝဲရောက်လာလိုက် ပျံထွက်သွားလိုက်ဖြစ်နေပြီ။ ကျွန်တော်ကောင်းစွာနားလည်သွားပါ၏။ အမှိုက်ပုံကို ကွင်းပြင်တစ်ခုမှာနေရာရွှေ့ပြီးမှ ကျွန်တော်မီးရှို့ပါသည်။ သတ္တဝါတွေ့ ကိုယ့်သားကိုယ့်သမီးကို ကောင်းစွာ စောင့်ရှောက်တတ်ကြသည်ကို မြင်လိုက်ရသဖြင့် အံ့ဩဝမ်းသာခြင်းဖြစ်လင့်ကစား. . .

ကျွန်တော့်ရင်သည် စူးစူးနစ်နစ် နာနာကျင်ကျင်ဖြစ်ခဲ့ရပါပြီ။ အတော်ကြာကြာမှေးမှိန်နေသောဝေဒနာသည် အရောင်ထွက်လာပြန်သည်။ အိမ်သူကို ကျွန်တော်ကြည့်သည်။ အိမ်သူက ကျွန်တော့်ကိုပြုံးကြည့်နေရာမှ အိမ်သူ အပြုံးသည် ရပ်သွား၏။ ရပ်သွားခဲ့ပါပေပြီ။

■

အိမ်ထောင်သက်ရလာသည့်တိုင် သမီးကြီးတို့ သားသမီးရမလာသေး။ ဝန်ထမ်းဘဝဖြင့် တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည်။

မြို့ကြီးတစ်မြို့၌တာဝန်ထမ်းဆောင်ချိန် -

နံနက်ခင်း သမီးကြီးနှင့်သူ့အိမ်သားတို့ စွေးဝယ်ရန်ထွက်လာ၏။ မြို့ဘုန်းကြီးကျောင်းတစ်ကျောင်းရှေ့သို့အရောက် ရှေ့မှာ လူအုပ်ကြီးခံနေ၍ ကားရပ်လိုက်ရသည်။

ကျောင်းအဝင် မုခ်ဦးဘယ်ဘက်မှာ စက္ကူပုံးတစ်ပုံးအဖုံးဖွင့်လျက် ထိုစက္ကူပုံးအတွင်း ရက်သမီးကလေးတစ်ဦး ဝိတ်ဖြူပတ်လျက်ရှိသည်။

ကျောင်းထိုင်ဆရာတော်ပါ လူအုပ်နှင့်အတူရှိနေပါ၍ သမီးကြီးတို့ကား တံခါးဖွင့်ဆင်းခဲ့ကြသည်။

လွန်ခဲ့သောရက်တစ်ပတ်ခန့်ကပင် သမီးကြီးတို့ ဆရာတော်ကို ဆွမ်းကပ်ခဲ့ကြသေးသည်။

ဆရာတော်ကိုနှစ်ဦးသားကန်တော့ကြချိန် -

"ဝေလီဝေလင်း ကျောင်းရှေ့စကြိလျှောက်နေတုန်း မုခ်ဦးအဝင်မှာ မိန်းကလေးနှစ်ဦးဆိုင်ကယ်ရပ်ပြီး စက္ကူပုံးတစ်ပုံးချကာ တွေ့လိုက်ရတယ်။ ပြီးတော့ ဆိုင်ကယ်ပေါ်ပြန်တက်အမြန်ထွက်သွားရော။ သြော်-ဒကာမလေးတွေ အမှိုက်ပစ်စရာနေရာရှားလို့ ကျောင်းပေါက်မှာလာပစ်ရသလား အောက်မေ့လိုက်မိတယ်။ နောက်မှ ရက်သမီးလေးတစ်ဦးလာစွန့်သွားတာသိလိုက်ရ၊ တွေ့လိုက်ရတယ်။ သဟာနဲ့ ရပ်ကွက်ကို အသိပေးလိုက်ရတယ်ဆိုပါတော့"

ဟု ဆရာတော်မိန့်ကြားပါ၏။

"ဟာ. . . ဆရာ"

ဟု ရပ်ကွက်ဥက္ကဋ္ဌက သမီးကြီးအိမ်သားကို နှုတ်ဆက်ပါသည်။ မြို့နယ်မှူးလည်း ရောက်ရှိနေပါပြီ။

သို့ဖြင့် အားလုံးစုံညီ (ဆရာတော်အပါအဝင်) ရှေ့မှ ရက်သမီးလေးကို မွေးစားခွင့်ရခဲ့ပါသည်။

ကလေးအတွက် လိုအပ်သောပစ္စည်းများ တစ်ပါးတည်းဝယ်သည်။ သားသမီးမရှိသေးသဖြင့် သမီးကြီးတို့ ပျော်ရွှင်ခဲ့ကြပါ၏။

ရက်သမီးလေးခေါင်းကို အဖြူရောင်ပိတ်အကောင်းစားဖြင့်ချုပ်ထားသော ခေါင်းအုံးကလေးပေါ် တင်ထား၏။

အခြားပစ္စည်းတစ်စုံတစ်ရာမပါ။

သမီးကြီးတို့အိမ်ပြန်ရောက်သောအခါ ရက်သမီးလေးအတွက် အိပ်ရာနေရာပြင်ဆင်ကြရသည်။

ရက်သမီးလေးခေါင်းအုံးကိုကိုင်မိချိန် အနည်းငယ်မာနေ၍ ဖွင့်ကြည့်သောအခါ မွေးနေ့မွေးချိန်စာလေးနှင့်အတူ ငွေသားသုံးသိန်းနှင့်တစ်ကျပ်သားရွှေကြိုးတစ်ကုံးတွေ့ရ၏။ ကလေး (၁၆) နှစ်ပြည့်ချိန်မှ ရွှေဆွဲကြိုးလေးဆင်ရန် စာထဲမှာရေးလျက်ပါရှိသည်။

"ပစ္စည်းဥစ္စာလည်း ပြည့်စုံကြပုံပါ။ ဘယ်လိုဒုက္ခတွေကြောင့် ကိုယ်ရင်သွေးကိုစွန့်ပစ်ကြပါလိမ့်"

ဟု သမီးကြီးညည်းမိချိန် -

"ဟ - တို့နဲ့ထိုက်လို့ တို့ရတာတို့သမီးလေးဟ"

ဟု သမီးကြီးအိမ်သားက ကြည်နူးစွာစကားဆိုပါ၍ သမီးလေးအတွက် အိမ်အကူမိန်းကလေးတစ်ဦးငှားရမ်းပြီး ကောင်းစွာ မွေးမြူခဲ့ကြပါသည်။

နှစ်ဦးသား ဝန်ထမ်းများဖြစ်ကြပြီး လုံးချိန်ပြီးနောက် သမီးလေးကို သူခိုးမယ်ကိုယ်ခိုးမယ်ဟု အလုအယက်ထွေးပွေ့မြတ်နိုးယုယခဲ့ကြပါသည်။

သမီးလေး မူလတန်းတက်ချိန် မိဘတစ်ဦးက သမီးလေးရှေ့မှာ -

"ကလေးကမွေးစားရကျိုးနပ်တယ်နော် ဆရာနဲ့ ဆရာမ။ ဖြူဖြူစင်စင်ချောချောလေး။ ဆရာနဲ့ဆရာမတို့သမီးအရင်းဆိုရင် ယုံကြမယ်။ မပြောရင်မသိနိုင်ဘူး"

ဟု စကားဆိုခဲ့ပါ၍ -

"သမီးကြီးတို့လင်မယားမျက်နှာကြီးစွာပျက်လျက် စိတ်ဆိုးခဲ့ရသည်။ နောက်ပိုင်း သမီးကြီးနှင့်အိမ်သားတို့က သမီးလေးကို ကျွန်တော်တို့ဆီပို့လိုက်ကြပါ သည်။

ကျွန်တော်နှင့် အိမ်သူပင် ကိုယ်မြေးအရင်းလေးဟု ယုံကြည်ခဲ့ကြပါသည်။ သမီးလေးကို ဖခင်တစ်လှည့်၊ မိခင်တစ်လှည့်ရောက်လာပြီး လိုအပ်သမျှ လုပ်ကိုင်ပေးပြုစုပေးကြပါသည်။ စီစဉ်ပေးကြပါသည်။

အလယ်တန်းမှအထက်တန်းအထိ ကျွန်တော်တို့က မြေးမလေးကို ကျောင်းထားပြုစုစောင့်ရှောက်ခဲ့ရပါ၏။

မြေးမလေး (၁၀)တန်းကို ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ပါသည်။ မြေးမလေး၏ဆရာဆရာမများ၊ သူငယ်ချင်းများ၊ ကျွန်တော်နှင့်အိမ်သူတို့၏ဆွေမျိုးမိတ်ဆွေများဖိတ်လျက် (၁၀) တန်းအောင် ဂုဏ်ပြုပွဲလုပ်ပေးခဲ့ပါသည်။

သမီးကြီးနှင့်အိမ်သားလည်းရောက်ရှိလာပါ၏။

ထို့နေ့ထိုအချိန်က မြေးမလေး (၁၆) နှစ်ပြည့်ဖြစ်သည်။

သမီးကြီးက မြေးမလေးကို ဂုဏ်ပြုရွှေတစ်ကျပ်သားဆွဲကြိုးတစ်ကုံးဆွဲပေးပါသည်။

ထို့နေ့ထိုည အားလုံးအိပ်မောကျချိန် တိတ်ဆိတ်ငြိမ်သက်သောကာလ။ သမီးကြီးက ကျွန်တော်နှင့် အိမ်သူကို မြေးမလေးအကြောင်း အမှန်ကို အသိပေးပြောကြားပါ၏။

နောက်နေ့သမီးကြီးနှင့်သူအိမ်သားတို့ တာဝန်ကျရာပြန်သွားကြပါပြီ။ ကျွန်တော်နှင့် အိမ်သူတို့ မြေးမလေးအကြောင်းသိရှိရပြီးနောက် ပို၍ပို၍ချစ်ခင်ယုယခဲ့ကြပါသည်။

မြေးမလေးက အဆင့်မြင့်တက္ကသိုလ်တက်ရန်ပြင်ဆင်နေရင်းက ကျွန်တော်နှင့် အိမ်သူတို့၏ ဝေယျာဝစ္စများ လုပ်ကိုင်ပေးလျက်ရှိပါသည်။


မြေးမလေး အမှန်ပင် ပျော်ရွှင်ကျေပါ၏။

■

မိသားစုထမင်းဝိုင်းဟု ဆိုရမည်ထက် ကျွန်တော်နှင့်အိမ်သူ၊ မြေးမလေး

www.burmeseclassic.com

www.burmeseclassic.com



ဗန်းမော်ညီညီသူ

သွားနာ၊ သွားကိုက်၊ သွားပိုးထိုးရင် ဘယ်သောအခါကြမလဲ

စာရေးသူငယ်စဉ်က သွားနာတာတို့၊ သွားကိုက်တာတို့၊ သွားပိုးထိုးတာတို့ စတဲ့ သွားနဲ့ပတ်သက်တဲ့ဝေဒနာများ အတော်ကလေးခံစားခဲ့ရပါတယ်။ ဆားပြုတ်ရည်ငုံရတာကတစ်မျိုး၊ လေညှင်းပွင့်ဝါးရပြီးငုံရတာကတစ်မျိုး၊ ဆေးဆိုင်များမှဆေးများသောက်ရတာကတစ်မျိုး၊ ကိုက်တဲ့သွားကို ဆေးသိပ်ရတာတစ်မျိုးနဲ့ သွားဝေဒနာများကို ကုသခဲ့ရပါတယ်။ ဒါကြောင့် စာရေးသူမှာ ငယ်ရွယ်စဉ်က စတင်ပြီး အံသွား (အပေါ်နှစ်ချောင်း၊ အောက်နှစ်ချောင်း)နဲ့ ရှေ့သွားများပျက်စီးခဲ့ရပါတယ်။ အသက်ရလာလည်း ကျန်ရစ်နေသေးတဲ့သွားများက မကြာမကြာနာလာလိုက်၊ကိုက်လာလိုက်ဖြစ်နေသေးပါတယ်။

စာရေးသူရဲ့တူ မောင်ဖိုးစီလည်း စာရေးသူလိုပဲ မကြာခဏ သွားနာ၊ သွားကိုက်ဖြစ်နေပါတယ်။ အသက်(၂၀) အရွယ်ပါပဲ။ ဒါပေမယ့် သူက သွားမကျိုးဘူး။ နာတာ၊ ကိုက်တာတစ်ခုပါပဲ။ တစ်ရက်မှာ မောင်ဖိုးစီဟာ သစ်မှောင်ခိုသမားတွေနဲ့တွဲမိပြီး မဘိန်းကို လိုက်ပါသွားတယ်။ သစ်ခုတ်အလုပ်သမားပေါ့ဗျာ။ မဘိန်းမှာ သစ်ခုတ်ရင်းကနေ တစ်ရက်မှာ သူသွားများဟာ အကြီးအကျယ်ကိုက်လာပြီး မရှုနိုင်မကယ်နိုင်ဖြစ်ပါသတဲ့။ ဖြစ်တိုင်း သောက်နေကျဆေးမြီးတိုကုပါမသွားတော့ အမလေးအလိုလေးနဲ့ အော်နေရတာပါသတဲ့။

ကျွဲအဘိုးကြီးတစ်ယောက်က အော်သံကြားတာနဲ့ လာကြည့်သတဲ့။ ချက်ချင်းထွက်သွားပြီးသစ်ခေါက်တွေခွာလာပြီးလာပေးသတဲ့။ ဒီအခေါက်ဟာ ကျွန်းခေါက်ဖြစ်တယ်တဲ့။ဆားနည်းနည်းထည့်ပြီးပြုတ်ခိုင်းပါတယ်။ ပြုတ်ရည်ကို ငုံခိုင်းပါသတဲ့။ မောင်ဖိုးစီလည်း ကျွန်းခေါက်ပြုတ်ရည်ကို ငုံငုံပြီးထွေးလိုက်နဲ့ (၁၀) ကြိမ်လောက်လည်းလုပ်ပြီးရောသွားကိုက်နာဟာဘယ်ရောက်သွားတယ်မသိတော့ဘူးတဲ့။ တစ်ခါတည်းကောင်းသွားခဲ့တယ်။

မောင်ဖိုးစီပြောပြလို့ ကျွန်းခေါက်ဟာ သွားနာ၊ သွားကိုက်မှာ အလွန်ကောင်းတဲ့ဆေးတစ်ပါးဖြစ်ကြောင်းသိရလို့ စာရေးသူရဲ့ တစ်ခါတစ်ခါနာလာတတ်တဲ့ ကျန်ရှိနေသေးတဲ့သွားများကို ကျွန်းခေါက်နဲ့ပဲ ကာကွယ်ခဲ့ပါတယ်။

စာရေးသူအထင်ပြောရရင်တော့ သွားနာတယ်၊ သွားကိုက်တယ်ဆိုတာဟာ သွားမှာရှိတဲ့ပိုးကြောင့်ဖြစ်ရတာလို့ မှတ်သားဖူးပါတယ်။ ကျွန်းခေါက်ပြုတ်ရည်ဟာ သွားမှာရှိနေတဲ့ပိုးများကိုသုတ်သင်ပစ်နိုင်တဲ့ အစွမ်းဓာတ်ရှိနေမယ်လို့ ထင်ပါတယ်။ ဒါကြောင့် မောင်ဖိုးစီဟာ ကျွန်းခေါက်ပြုတ်ရည်ကိုငုံပြီးခဏကစပြီး ယနေ့အချိန်အထိ သွားနာ၊ သွားကိုက်မဖြစ်တော့ပါ။ (၁၁) နှစ်ရှိပါပြီ။ စာရေးသူလည်း ကျွန်းခေါက်ပြုတ်ရည်ငုံပြီးခဏကစပြီး သွားနာ၊ သွားကိုက်ဘယ်ရောက်သွားတယ်မသိတော့ဘူး။

ဒါကြောင့် သွားနာ၊ သွားကိုက်ဖြစ်လာကြရင် ဆေးမြီးတိုခေါက်ကျွန်းခေါက်ကို အမြန်ဆုံးသတိရကြပါ။ ပြုတ်ပြီးငုံကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

ဗန်းမော်ညီညီသူ

တို့သုံးဦးသားထမင်းဝိုင်းဟု ဆိုရပါမည်။ မြေးမလေးအကြိုက် ငါးပတ်သားဟင်းအိမ်သူကချက်ထားပါသည်။

ကျွန်တော့်ကို ငါးပတ်သားဟင်းအနှစ်အနည်းငယ် အိမ်သူကခပ်ဦးချထည့်ပေးပြီးနောက် အကောင်းဆုံးငါးပတ်သားဟင်းတစ်တုံးရွေးခတ်လျက် အိမ်သူက သူ့မြေးမလေးပန်းကန်ထမင်းပေါ် ချပေးပို့ပေးစားစေပါသည်။

ထိုအခါ ကျွန်တော်နှင့်အိမ်သူတို့ မထင်မှတ်ထားသော မမျှော်လင့်သော အဖြစ်ကလေးဖြစ်ခဲ့ရပါသည်။

မြေးမလေးက သူငါးပတ်သားဟင်းတုံးကို ဇွန်းဖြင့်အလယ်မှပိုင်းဖြတ်လျက် တစ်ခြမ်းကို ကျွန်တော့်ထမင်းပန်းကန်တွင်လည်းကောင်း၊ တစ်ခြမ်းကို ကျွန်တော့်အိမ်သူ၏ ဟင်းပန်းကန်တွင်လည်းကောင်း ထည့်ပေးလိုက်ပါသည်။

ကျွန်တော်တို့ကို မြေးမလေးပြုံးကြည့်နေပါ၏။

ကျွန်တော့်နှုတ်မှ ဟင်ခနဲအသံနှင့်အတူ အိမ်သူနှုတ်မှ အို-ငါ့မြေးမလေးရယ်ဟု အသံထွက်လျက် ကျွန်တော်နှင့်အိမ်သူတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း မျက်ရည်အဝဲသား မျက်ရည်အဝိုင်းသားဖြစ်သွားပါ၏။

ကျွန်တော့်အိမ်သူခေါင်းငုံ့သွားပါပြီ။ ကျအံဆဲဆဲမျက်ရည်ကို ယောက်ျားသားကြီး ကျွန်တော်ကြီးစားထိန်းလိုက်ရပါသည်။

မြေးမလေးက -

"ဟာ-ဘိုးဘိုးနဲ့ဘွားဘွားက ဘာမှန်းလဲမသိဘူး။ သမီးက တက္ကသိုလ် (၄)လ ပထမပတ်ပြီးရင် ဘိုးဘိုးတို့ဆီပြန်လာမှာကို အခုလိုဖြစ်နေကြရင် သမီး တက္ကသိုလ်မတက်တော့ဘူး။ ဘိုးဘိုးတို့နဲ့ပဲနေတော့မယ်"

ဟုဆိုလျက် သူ့ကုလားထိုင်မှထပြီး ကျွန်တော့်အိမ်သူကုလားထိုင်အနီးမှာရပ်နေလေတော့သည်။

(စာကြွင်း - တိရစ္ဆာန်တို့သည် ကိုယ့်သားသမီးကို အသက်နှင့်ရင်း၍ စောင့်ရှောက်ကြပါသည်။

အသိဉာဏ်အမြင့်ဆုံးလူသားများသည် ကိုယ့်သားကိုယ့်သမီးကို အသက်နှင့်ရင်း၍ စောင့်ရှောက်နိုင်ခြင်း မရှိကြပါပေ။)

မေတ္တာဖြင့်

ကိုဇော်ဝင်း(လှတောင်)

www.burmeseclassic.com

www.burmeseclassic.com

ဆန်းကြယ်သော ဖြစ်ရပ်များ ကိုယ်တွေ့ ကြုံခဲ့ရသော ကြပ်ဂူ

မင်းခေါင်ထွဋ်

ကယားပြည်နယ်ထဲကို အလည်အပတ်ပဲဖြစ်စေ၊ ခရီးလမ်းကြောင်းသင့်လို့ပဲဖြစ်စေ သို့တည်းမဟုတ် ကတန်တက် ဘုရားဖူးခရီးထွက်ခဲ့လို့ပဲဖြစ်စေ ခရီးသွားတွေ၊ ဘုရားဖူးတွေ စိတ်ဝင်စားရှိကြတာက တောင်ကွဲစေတီရယ်လို့ အများခေါ်ဝေါ်ကြတဲ့ သီရိမင်္ဂလာတောင်တော်ပြီးရင် ကြပ်ဂူပဲဖြစ်ပါလိမ့်မယ်။

တောင်ကွဲစေတီက (၃၈၇) ပေ အမြင့်ရှိပြီး ကိုးစိတ်ကိုးမြွာကွဲနေတဲ့ ကျောက်တောင်ကြီးမှာ ကျောက်မြွာအလိုက် စေတီကိုးဆူတည်ထားတာမို့ ဆူး ခြားတဲ့ဘုရားပါ။ သိန်းသောင်းချီတဲ့ ဘုရားဖူးများနဲ့ နှစ်စဉ်စည်ကားနေတဲ့ မြန်မာပြည်က တန်ခိုးကြီးဘုရားတစ်ဆူလည်းဖြစ်ပါတယ်။ ကယားပြည်နယ်ရဲ့ တခြားထူးခြားထင်ရှားတဲ့နယ်မြေဒေသတွေကတော့ လောပိတ္တရေတံခွန်နဲ့ ဓာတ်အားပေးစက်ရုံ၊ ငွေတောင်ဆည်၊ ထီးဆဲခါးရေတံခွန်၊ ထီးပွင့်ကန် အစရှိတာတွေကိုဖြစ်ပြီး ဇွန်ခဲ့တဲ့ နှစ်ပေါင်း (၇၀) က တွေ့ရှိတဲ့ကြပ်ဂူဆိုတဲ့ ထူးခြားဆန်းပြားသောလိုဏ်ဂူကြီးပါ။

ကြပ်ဂူက လွိင်ကော်ခရိုင်အတွင်းမှာ တည်ရှိပြီး လွိင်ကော်မြို့ရဲ့အရှေ့ဘက် (၁၀) မိုင်ခန့်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၂၉၉၀) မှာရှိတဲ့ ထုံးကျောက် (Lime stane) ဒိုလိုမိုက် (Dolomite)များနဲ့ဖွဲ့စည်းထားတဲ့ သဘာဝလိုဏ်ဂူကြီးပဲ ဖြစ်ပါတယ်။ ကြပ်ဂူကို ကယားဘာသာစကားအားဖြင့် ရာစုကုလို့ ခေါ်ကြပါတယ်။ ဂူအတွင်း ပေ(၂၀)၊ (၃၀) မြင့်တဲ့ ဂူနံရံမျက်နှာကြက်တွေမှာ သစ်လုံးထွင်းခေါင်းတလားတွေအစုလိုက်အပြုံလိုက်တွေ့ရှိရလို့ ရုတ်တရက်ကို နာမည်ကြီးသွားတာ ဖြစ်ပါတယ်။ စတွေ့စဉ်အခါနှစ်မှာ ခေါင်းတလားတွေထဲမှာ အရိုးစုတွေပါတွေ့ရှိတယ်လို့ဆိုပါတယ်။ ခေါင်းတလားအရွယ်အစားတွေက အမျိုးမျိုးပါ။ အတိုဆုံး (၂)ပေကနေ အရှည်ဆုံး (၁၅) ပေလောက်အထိတွေ့ရှိတယ်လို့ဆိုပါတယ်။


ကြပ်ဂူဟာ ကယားပြည်နယ်ရဲ့ ယုံကြည်မှုဆိုင်ရာဥန်းဆိုတဲ့မြန်မာနိုင်ငံရဲ့ တစ်ခုတည်းသော သဘာဝလိုဏ်ဂူကြီးလည်းဖြစ်ပါတယ်။ ကြပ်ဂူကြီးထဲ အဝင်ပေါက်က တောင်ခြေကနေ ပေ (၁၅၀)အမြင့်လောက်မှာရှိတာပါ။ များပြားတာမို့ ဂူဝအထိကို ကွန်ကရစ်လှေကားတွေလုပ်ပေးထားပါတဲ့ယ်။ ဂူအတွင်းမှာတော့ အလွယ်တကူသွားလာနိုင်ဖို့ ယာယီဆစ်သားတံတားလေးတွေထိုးပေးထားတာတွေ့ရပါတယ်။ ဂူအတွင်းရောက်ဖူးသူတစ်ဦးက ပေ (၄၀၀၀)လောက်အထိကို ဂူမဆုံးသေးပါဘူးတဲ့။ မိမိတို့အဖွဲ့ကတော့ ပေ (၁၄၀၀)လောက်အထိရောက်ခဲ့ပါတယ်။

ဂူအတွင်း ပေ (၁၈၀၀) လောက်အထိ မီးသွယ်တန်းပေးထားတာတွေ့ရပြီး ဂူအတွင်းဝင်ရောက်ခဲ့ရင် ကြပ်ဂူထိပ်မှာ တောရဆောက်တည်နေတဲ့ ကယားတိုင်းရင်းသားဆရာတော်ကြီးကျောင်းက မီးစက်မောင်းပေးပါတယ်။ တောရဆောက်တည်နေတဲ့ ဆရာတော်ကြီးဆီက ဂူနဲ့ပတ်သက်တဲ့ ထူးခြားဆန်းကြယ်တဲ့ဖြစ်ရပ်တချို့ကို ကြားသိခဲ့ရပါတယ်။ ဆရာတော်ကြီးကျောင်းပေါ်မှာ သစ်သားနဲ့ ကျောက်သားအပိုင်းအစအချို့ထည့်ထားတဲ့ တောင်းကြီးတစ်လုံးတွေ့တာမို့ လျှောက်ကြည့်တဲ့အခါ ဂူအတွင်းကယူသွားတဲ့ပစ္စည်းတွေဖြစ်ပြီး ပြန်လာထားသွားကြတာလို့ ဆရာတော်ကြီးက မိန့်ပါတယ်။

ဆရာတော်ကြီးက ဒီနေရာကို ၂၀၁၁ ခုနှစ်က ရောက်လာတာဖြစ်ပြီး ဂူအတွင်းမှာ (၄) နှစ်နေခဲ့တယ်လို့သိရပါတယ်။ အခုလိုပြုပြင်မူတွေလုပ်ခဲ့တုန်းက လိုဏ်ဂူကြီးထဲမှာ သွားလာနေထိုင်ဖို့ အတော်ခက်ခဲလိမ့်မယ်လို့ မှန်းကြည့်မိပါ



ကြပ်ဂူအဝင်ပေါက်



ကြပ်ဂူအတွင်းပိုင်း



ကြပ်ဂူအတွင်းရှိ ကျိုးပဲ့နေသော ခေါင်းလောင်းများ



ဓာတ်ပုံတွင်ပေါ်နေသည့် ထူးခြားသောအိုလင်းတန်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာထားကြသည့် ကြပ်ဂုပစ္စည်းများ



ကြပ်ဂုအတွင်းမှ ခေါင်းတလားများ

တယ်။ဆရာတော်ကြီးဟောပြောပြပုံတွေက အစွန်းလွတ်ပြီး မျက်နှာတော်ဖူးရတာရယ်၊ အသံကိုနားထောင်ရချက်တွေအရအတော်ကလေးကိုတရားပြည့်ဝနေပုံပါ။ မိမိတို့အဖွဲ့ ဂူအတွင်းကိုဝင်ရောက်ကြည့်စဉ်မှာ ကျိုးကြေနေတဲ့ခေါင်းတလားအစအနတွေ၊ ခေါင်းတလားအစုအဝေးတွေကို တွေ့ရပါတယ်။

ဂူထဲကို သတင်းအကြားနဲ့ရောက်လာကြတဲ့သူတွေက အမျိုးမျိုးပါ။ အချို့လည်း စိတ်ဝင်စားကြလို့၊ အချို့ကစူးစမ်းချင်လို့၊ အချို့တစ်တွေကလည်း အထူးအဆန်းတွေတွေ့ရမလားဆိုပြီးလာကြခြင်းပါ။ အဲဒီအခါမှာ လွယ်လွယ်ကူကူတွေ့ရတဲ့ အပိုင်းအစပစ္စည်းတွေကို ရည်ရွယ်ချက်အမျိုးမျိုးနဲ့ယူသွားကြတာဖြစ်မယ်လို့ မှန်းဆကြည့်မိပါတယ်။ အချို့က အမှတ်တရအနေနဲ့၊ အချို့က အထူးအဆန်းအနေနဲ့၊ အချို့ကတော့ မသာပစ္စည်းဆောင် ကျောင်းပစ္စည်းရောင်းဆိုတဲ့အယူအဆအနေနဲ့ဖြစ်ကြပါလိမ့်မယ်လို့ ဆရာတော်ကြီးကမိန့်ပါတယ်။ အဲဒီအခါမှာ အိပ်မက်မကောင်းလို့၊ ကလေးကငိုချည်နေလို့၊ ကားထွက်မရလို့ဆိုပြီး သူတို့ဘာသာသူတို့လာပြန်ထားတာဖြစ်ကြပါသတဲ့။

ဒါပြင် အချို့နေရာတွေမှာ ခေါက်ဆွဲတွေ၊ ဒံပေါက်ထုပ်လိုစားစရာတွေ၊ အချို့ရည်ပုလင်းတွေနဲ့ ခေါစာလာပစ်ထားကြတာတွေကိုလည်း တွေ့ရပါတယ်။ ကိုယ်တွေ့ခံစားရတဲ့ ထူးခြားချက်ကတော့ ဂူအတွင်းသန့်ရှင်းနေပြီး လေဝင်လေထွက်ကောင်းနေတာရယ်၊ လင်းနို့တွေအများအပြားရှိတယ်ဆိုပေသိ အနဲ့အသက်တစ်စုံတစ်ရာမရတာရယ်ကလည်း ထူးခြားနေပါတယ်။

အဲဒါတွေထက် ပိုပြီးထူးခြားတဲ့အဖြစ်အပျက်ကို မိမိတို့အဖွဲ့ဝင်အချို့ကြုံရပါသေးတယ်။ ဂူကြီးထဲမှာ တွေ့ရတဲ့ မြင်ကွင်းဆန်းတွေကို ရောက်လာသမျှလူတိုင်းလိုလို ဓာတ်ပုံရိုက်ကြပါတယ်။ အဲသည်မှာ အထူးအဆန်းဖြစ်တာက မိမိတို့အဖွဲ့ဝင်(၂)ဦး ဖုန်းနဲ့ရိုက်တဲ့ ဓာတ်ပုံအချို့မှာ ဂူထိပ်က အလင်းတန်းကြီးထိုးကျနေတဲ့ပုံတွေပေါ် နေလို့ပါပဲ။

ဒါနဲ့ ထူးဆန်းလို့ဆိုပြီး အုပ်စုလိုက်ဝိုင်းရိုက်ကြပေမယ့် အခြားသူတွေရဲ့ဖုန်းကင်မရာမျက်နှာပြင်မှာတော့ အဲသည်အလင်းတန်းမပေါ် ပေါက်ဘူး။ တစ်နေရာထဲကို အတူရိုက်ကြပေသိ သူ့ဖုန်းထဲမှာဘဲပေါ် နေတာပါ။ အခြားတစ်နေရာမှာရိုက်ပြန်တော့လည်း အလင်းတန်းဟာမပေါ် ပါဘူး။ ကိုယ်တွေအံ့သြရတဲ့ဖြစ်ရပ်တစ်ခုပါ။ အခုဆောင်းပါးမှာအဲဒီဓာတ်ပုံကို ထည့်သွင်းဖော်ပြထားပါတယ်။

အဲဒီကြပ်ဂူလိုဏ်ဂူကြီးကို လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၀) လောက်ကစပြီး တွေ့တာဖြစ်ပါသတဲ့။ အဲဒီအချိန်မှာတော့ အကြောင်းအမျိုးမျိုးကြောင့် အသွားအလာခက်ခဲပြီး ရောက်ခဲကြပါတယ်။ ဒီလိုဂူကြီးတွေထဲမှာ ခေါင်းတလားတွေနဲ့ထားကြတဲ့ခေလေ့ဟာ နှေးနှေးအခါက လူမျိုးစုတစ်စုရဲ့ ထုံးတမ်းဓလေ့ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ပြည်ပနိုင်ငံတချို့မှာလည်း ဂူကြီးတွေထဲမှာ ခေါင်းတလားတွေစုပြုံထားတတ်ကြတဲ့ဓလေ့ရှိကြောင်းလည်း စာပေတွေထဲမှာဖတ်ရှုဖူးပါတယ်။

လူတစ်ဦးတစ်ယောက်ဟာ ဝိညာဉ်ချုပ်လိုက်တာနဲ့တစ်ပြိုင်နက် ဘဝဟောင်းကနေ ဘဝသစ်ကိုကူးပြောင်းသွားတာဟာ ကျွတ်သတ္တဝါများခြေလှမ်းသလိုပဲ အကြွနဲ့အချဟာ တစ်ပြိုင်နက်ပါပဲလို့ ဆရာတော်ကြီးတွေရဲ့ ဟောပြောချက်တွေထဲမှာ နာယူဖူးပါတယ်။ အဲဒီအခါမျိုးမှာ မိမိပြုထားတဲ့ ကုသိုလ်၊ အကုသိုလ်အလျောက် ဘဝကူးရလေ့ရှိပါသတဲ့။ ဘုံဘဝတွေအနိမ့်အမြင့်အလိုက်ရောက်ရှိသွားရာမှာ ကျွတ်ချိန်၊ ကျွတ်ထိုက်တဲ့အချိန်ရောက်တဲ့အခါမျိုးတွေမှာ ရည်စူးပြီး အမျှဝေပေးသူများ တိုက်တိုက်ဆိုင်ဆိုင်ပေါ် ပေါက်လာပြီး အမျှရလို့ အထက်ဘုံဘဝသို့ရောက်ရှိသွားသူတွေ၊ ကျွတ်လွတ်သွားသူတွေဖြစ်ကုန်တယ်လို့မှတ်သားနာယူဖူးပါတယ်။

ဒါကြောင့် ယခုကြပ်ဂူကြီးထဲမှာလည်းကျွတ်ချိန်လွတ်ချိန်တန်လာတဲ့အခါလူသူအရောက်အပေါက်များလာကြပြီး ခေါစာပစ်တာမျိုး၊ ရည်စူးပြီး ကုသိုလ်ပြုအမျှပေးဝေတာမျိုးတွေလုပ်ပေးလာကြတာလေလားလို့ အတွေးစိတ်များပေါ် ပေါက်လာပါတော့တယ်။ ဒါကြောင့်လည်း မိမိတို့အဖွဲ့ဝင်တွေထဲမှာ ထူးထူးခြားခြားနိမိတ်တွေပြခြင်းခံရတဲ့သူတွေကိုလည်း ရည်စူးပြီး ကုသိုလ်ပြုအမျှပေးဝေပေးဖို့ တိုက်တွန်းပါတယ်။

အဲဒီ မိတ်ဆွေ (၂) ဦးတို့ကလည်း ယုံကြည်မှုရှိပြီး ထိုသူများကိုရည်စူးကာ ကုသိုလ်ကောင်းမှုပြုအမျှပေးဝေမယ်လို့ ကတိတွေပေးပါတယ်။ယုံကြည်မှုတစ်ရပ်ကြောင့်ပဲဖြစ်စေ၊အယူသီးမှုကြောင့်ပဲဖြစ်စေ အနိမ့်ဘုံအမျိုးမျိုးမှာရောက်ရှိနေတဲ့ မြင်အပ်မမြင်အပ်သော်သတ္တဝါအပေါင်းကို ရည်စူးပြီး ကုသိုလ်အမျှပေးဝေတဲ့အလုပ်ဟာ ကောင်းမှုတစ်ခုတည်ဆောက်တဲ့အလုပ်တစ်ခုဖြစ်တာမို့ ယခုဆောင်းပါးအား ဖတ်ရှုမိသူအပေါင်းသည်လည်း ကြည်နူးဝမ်းမြောက်စိတ်အဟုန်ဖြင့် သာဓုခေါ် ဆိုကြလိမ့်မယ်လို့ မျှော်ကြည်မိပါကြောင်း။

မင်းခေါင်ထွဋ်

www.burmeseclassic.com

www.burmeseclassic.com



မြေလတ်ညီလင်း၏ သဇနွတောထွက် ဒဗ္ဗစက် တစ်ချက်ခြင်္ဂိုဟ

ဝါဆိုလသည် မြန်မာတစ်ဆယ့်နှစ်လတွင် စတုတ္ထမြောက်လဖြစ်၍ ဤလ၏ပထမလဝက်သည် နွေနှောင်းကာလအတွင်း၌ လည်းကောင်း၊ ဒုတိယလဝက်သည် မိုးဦးကာလအတွင်း၌ လည်းကောင်း ကျရောက်လျက်ရှိ သဖြင့် နွေနှင့် မိုးပြိုးပြမ်းသော ရာသီဥတုရှိသည်။ ဤလ၏ အမည်ကို ပုဂံခေတ် ထိုးကျောက်စာတို့တွင် 'မလွယ်တာ မြွယ်တာ' ဟူ၍ လည်းကောင်း၊ 'နွေတာ နွယ်တာ' ဟူ၍ လည်းကောင်း ရေးသားခဲ့ကြပြီး နွေတာလမှ ကာလရှည်ကြာ၍ နွယ်တာလသို့ ရွှေ့လျားပြောင်းလဲလာခဲ့သည်ဟု ဆိုသည်။

ပုန်းညက်ပန်းကို မြန်မာအဘိဓာန်တွင် အနုမွှေးသောအဖြူရောင်ပန်းအခိုင်လိုက်ပွင့်သည့် ပင်စောက်တစ်မျိုးဟု ဖွင့်ဆိုထားသည်။

ဆရာမင်းသုဝဏ်ကလည်း- 'ဒိုးက်ရာမြတ်စွာဘုရား သခင်သည် သုမေဓာရှင်ရသေ့တို့ ခရီးလမ်းညီဖို့ရာသို့ ကြွလာတော်မူသောအခါ လူတို့က ပန်းအမျိုးမျိုးတို့ဖြင့် ကြမ္ဘောက်ပူဇော်ကြလေ၏။ ဤပန်းတို့တွင် ပုန်းညက်ပန်းလည်းပါလေသည်။ ပန်းအမည်တို့ကို ထောက်ရှုသော် ဝါဆိုလဆီတွင်ကြွလာသည်ဟု မှတ်ယူဖွယ်ရှိပေသည်ဟု ဝါဆိုလဆောင်းပါးတွင် ပုန်းညက်ပန်း၏ဂုဏ်အထူးကို ထုတ်ဖော်ရေးသားခဲ့သည်။

ဝါဆိုလ၏ ပတ်ဝန်းကျင်ရာသီဥတု အခြေအနေများကို 'ဝါဆိုတစ်ကြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး' ဟု မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတွင် ဖော်ပြထားပြီး 'ဝါဆိုလတွင် မိကျောင်းပွင့်အာကြီးဖြူနေအောင်ပွင့်သည်။ မိုးရွာ၍ ရာသီအပူကင်းသည် ဆိုလိုသည်' ဟု ဖွင့်ဆိုထားသည်။ မိကျောင်းပန်းကို မြန်မာအဘိဓာန်တွင် 'ဝါဆိုလတွင် အပွင့်ဖြူများပွင့်သော နွယ်မင်တစ်မျိုး' ဟု ဖွင့်ဆိုထားသည်။ စာဆိုတော်ဦးကြော့ကလည်း 'နီနုံသာဖြူ အတော်ဖက်ပါလို့ချီ' တောပန်းဘွဲ့လေးချီးတွင် 'ကြိမ်နွယ်သွင်တစ်မည်ရှိပေဂဲ့၊ လေနှင်ရာ ငွေစင်အိသကဲ့သို့၊ နှစ်အခြေခေတ် ရေထိပြန်တော့၊ ချောင်ဌမှာ တောင်သူတို့သိရန်ဖို့၊ ဆန်းပွေဘိတောင်းတဲ့မှ၊ ပန်းငွေမိကျောင်း' ဟု ဖွဲ့ဆိုထားသည်။

ဥတုဘောဇနသင်္ဂဟကျမ်းတွင် ဝါဆိုလ၏ သရုပ်ကို ဝါခေါင်လနှင့်ယှဉ်ဖက်၍ ဝါဆို-ဝါခေါင်နှစ်လသည် ဝဿာနဥတုမည်၏။ ဤဝဿနဥတုသို့ ရောက်၏။ ပူတုံအေးတုံရှိ၏။ အိုက်၏။ ကောင်းကင်၌ မိုးတိမ်မပြတ်ရှိ၏။ အနောက်က နွေတာလ၏ အဓိပ္ပာယ်ကို ဝေါဟာရလီနတ္ထဒီပနီတွင် ဝါဆိုလပြည့်နေ့တွင် နွေဥတုရာသီကုန်၍ အတိတ်ဖြစ်သောကြောင့် လည်းကောင်း၊ အဆုံးအဖျားအပိုင်းအခြားရောက်သောကြောင့် လည်းကောင်း နွေတာလဟု ခေါ်ဝေါ်ရေးသားကြသည်ဟုဖွင့်ဆိုထားပြီး ဤလကို ဝါဆိုလ ဟူ၍ ပြောင်းလဲခေါ်ဝေါ်ခဲ့ရာဝယ် 'ဝါဆို ဟူသော ဝေါဟာရမှာ ပုဂံပြည် နော်ရထာမင်းစောလက်ထက် ပရိယတ္တိသာသနာစေကျမ်းဂန်ရောက်၍ ရဟန်းသံဃာတို့ ဝါဆိုဝါကပ်ပြုတော်မူသောကြောင့် ဝါဆိုလ မြန်မာဘာသာခေါ်ဝေါ်ရေးသားကြသည်' ဟူ၍ ဆက်လက် ဖော်ပြထားသည်။

ဝါဆိုလသည် ကရကဋ္ဌရာသီဖြစ်၍ ပြုဇ္ဇာသင်္ဘနက္ခတ်နှင့် လမင်းတို့ယှဉ်ပြိုင်ထွန်းလင်းကာ ဖုဿနက္ခတ်နှင့် နေမင်းတို့ယှဉ်ပြိုင်ကြသည်။ ရာသီရှစ်မှာ ပစ္ဆိမဒုတိယဖြစ်၍ ရာသီပန်းမှာ ပုန်းညက်ပန်းဖြစ်သည်။ ရာသီပွဲတော်မှာ ဝါဆိုပွဲဖြစ်သည်။ ဤလတွင် နေ့နာရီ (၁၆) နာရီနှင့် ညနာရီ (၂၄) နာရီရှိပြီး 'နေ့ကိုလို ဝါဆို' ဆိုရိုးစကားနှင့်အညီ နေ့တာအရှည်ဆုံးလဖြစ်သည်။ မွန်းတည့်ဖဝါးမှာ သူညဖဝါးဖြစ်သည်။ ရက်စုံကွယ်သောလဖြစ်၍ ရက်ပေါင်း (၃၀) ရှိ၏။

ဤလ၏ ရာသီပန်းဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com

လေကျတတ်၏။ နတ်သမီးကွမ်းသွေးစသော ပိုး၊ မှက်၊ ခြင်၊ ဖား အစရှိသည်တို့ ပေါများကုန်၏။

ထိမ်၊ မအူ၊ လက်ထုတ်၊ ဆပ်သွား၊ မြတ်လေး၊ ပုန်းညက် စသော ပန်းတို့သည် ပွင့်ကုန်၏။ မြစ်ရေတို့သည် ပြည့်လျှံကုန်၏။ ရေအိုင်၊ ရေကန် စသည်တို့၌ ကြာဖြူ၊ ကြာညိုတို့သည် ပွင့်ကြကုန်၏။ မြေအပြင်၌ မိုးရေဖြင့် မထင်ရှားသော ကုန်းကြည်းရှိကုန်၏။ စပါးပင်တို့ဖြင့် တင့်တယ်ကုန်၏ စသည်ဖြင့် ဖော်ပြထားသည်။

ဝါဆိုလသည် မိုးဥတု၏ပထမလဖြစ်၍ မိုးကောင်းစွာရွာသွန်းခဲ့ပြီဖြစ်ရာ 'ဝါဆိုဝါခေါင်ရေဖောင်ဖောင်' ဆိုရိုးစကားနှင့်အညီ မြစ်ချောင်းအင်းအိုင်တို့တွင် ရေများပြည့်လျှံနေလေ့ရှိသည်။ ဤလ၌ ရွာသွန်းသော မိုးရေသည် ဥတုသမုဒ္ဒာန်ကြောင့် အအေးဓာတ်စုခဲနေသောမိုးသားတိမ်လိပ်တို့အကြားမှာ လျော့သက်ရွာကျရသည့်အားလျော့စွာ အလွန်အေးမြလှသည်မရှိလည်း မှတ်သားရ၏။ ဤလသည် တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်တွင် ပျိုးနှတ်၊ ကောက်စိုက်အစရှိသော်လုပ်ငန်းများဖြင့် အလုပ်များနေကြခိုက်လည်း ဖြစ်သည်။ မျက်စိတစ်ဆုံးသို့ ရှုမျှော်လိုက်ပါလျှင် နတ်ချောင်းရေယဉ်၊ မြကွင်းပြင်မှာ၊ ကောက်ပင်စိမ်းလဲ့၊ ယိမ်းခွဲ့ခွဲ့နှင့်၊ တာဖွဲ့ကျယ်ဝန်း၊ လယ်မြေခင်းသည်၊ နတ်မင်းမချို့၊ ဖန်၏ သို့ပင် ပန်ရလုပါတော့သည်။

ဝါဆိုလရှုခင်းတစ်စိတ်တစ်ဒေသကို ခေတ်အဆက်ဆက် စာဆိုတော်ကြီးများက ရွှေထောင့်အသွယ်သွယ်မှ စာပန်းချီခြယ်မှုန်းခဲ့ကြရာ အချို့ကိုကောက်နုတ်တင်ပြရသော် -

ရှင်မဟာရဋ္ဌသာရက -

■ *ဝါဆိုမိုးလ၊ ရောက်လာလျှင်၊ တုပစီရင်၊ မြတ်ဆံရှင်ဝယ်၊ သဘင်ပွဲကြီး၊ အဖြိုးဖြိုးတည့်၊ ဆီမီးမဆုံး၊ သီတင်းသုံး၍ နေ့လုံးမခွာ၊ တရားနာမှ၊ သဒ္ဓါမြတ်လေး၊ ဆွမ်းလုပ်ကျွေး၍. . .*

ဟု လည်းကောင်း -

ဦးယာက -

■ *ရာသီစက္ကရာဇ်၊ ဝါဆိုလဟု၊ မှိုင်းမြရီမောင်၊ လျှပ်ရောင်ပြိုးပြက်၊ မည်းနက်ဖြူပြာ၊ ခိုးမိုလွှာနှင့်၊ စိမ်းဝါနီပြောင်၊ ရွာသွန်းဆောင်၍၊ သဲသောင်မြေသွယ်၊ ရှယ်၍မြစ်ကမ်းပြည့်တင်းကျမ်းနှင့်. . .*

ဟု လည်းကောင်း၊

လူဦးမင်းက -

■ *သီဝံငယ်ပိုင်မှတ်၊ သုံးလှနတ်လည်း၊ မြို့ရပ်ကယ်ခန်းဝါ၊ မိဂဒါဝယ်၊ သေချာနဲ့နက်၊ ဓမ္မစက်ကို၊ ဖန်မြှောက်ကယ်နှုတ်ရွေ့၊ ဗုဒ္ဓခွန်းခြွေမလို့. . .*

ဟု လည်းကောင်း၊

အမည်မသိစာဆိုတော်တစ်ဦးက-

■ *ပြဖွယ်သာဠ်ရောင်စုံခတော့၊ သမ္မဒ္ဓမြတ်အလို၊ ဝါဆိုကြ ရှင်ရဟန်း. . .*

ဟု လည်းကောင်း၊

ဦးကြော့က -

■ *ကျွန်းကျွန်းနတ် သပြေပိုင်ကို၊ ရွှေငွေခိုင်စုံဦး၊ ရွှေဆိုင်ဆိုင်ငုံဖူးရ၊ ဘုဉာဏ်ပလ္လင်၊ မြသားရှည် ရုံးကောခက်မှာ၊ ပုန်းရွေညက်ပွဲထက်တော်ဓာဉ်. . .*

ဟု လည်းကောင်း အသီးသီးဖွဲ့ဆိုခဲ့ကြသည်။

ဤလတွင် ကျင်းပမြဲဖြစ်သော ရာသီပွဲတော်ဝါဆိုပွဲတွင် သံဃာတော်များ ဝါဆိုမြဲ၊ ဝါဆိုပန်း၊ ဝါဆိုဖယောင်းတိုင်နှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သင်္ကြံဝါကြီးပူဇော်ကန်တော့ပွဲတို့ပါဝင်သည်။

ဘုရားရှင်သည် ပထမဗောဓိခေါ်ဝါတော်နှစ်ဆယ်အတွင်း ဝါဆိုဝါကပ်နှင့် စပ်လျဉ်းသော ဝိနည်းသိက္ခာပုဒ်များခွင့်ပြုပညတ်ခြင်းမရှိသေးပေ။ ထို့ကြောင့် ရဟန်းတော်များသည် တစ်နှစ်ပတ်လုံး မိမိတို့အလိုရှိရာ အရပ်ဒေသများသို့ ဒေသစာရီကြွချီလျက်ရှိကြ၏။ ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် လူတို့က သာသနာတော်မှအပ တိတ္ထိတို့ပင်လျှင် မိုးလအတွင်း ကိန်းအောင်းတည်နေကြသေး၏။ ငှက်တိရစ္ဆာန်များသော်မှ သစ်ပင်ဖျားဝယ် အသိုက်လုပ်ကာ ကိန်းအောင်းတည်နေကြသေး၏။ သာကီဝင်မင်းသားရဟန်းတို့ကား စိမ်းလန်းရှင်သန်လျက်ရှိသော မြက်သစ်ပင်တို့ကိုနင်းကာ ပိုးမွှားငယ်တို့ကိုလည်း သေကျေခြင်းသို့ရောက်ကုန်လျက် ဒေသစာရီကြွချီနိုင်ကြပေ၏ဟု ကဲ့ရဲ့ကြသည်။

ယင်းသို့ကဲ့ရဲ့ခြင်းကို ဘုရားရှင် ကြားသိတော်မူ၍ ရဟန်းတို့အား မိုးတွင်းသုံးလုံး၌ ကိန်းအောင်းတည်နေခြင်းငှာ ခွင့်ပြုတော်မူရာမှ ဝါဆို ဝါကပ်ခြင်း ဖြစ်ပေါ်လာသည်။

ဝါဆိုဟူသော ဝေါဟာရကို မြန်မာအဘိဓာန်တွင် ဝါတွင်းသုံးလပတ်လုံး ရဟန်းတို့အခြားတစ်ပါးသို့ ညဉ့်အိပ်ညဉ့်နေမသွားပါဟု အဓိဋ္ဌာန်ပြုရွတ်ဆို၍ မိမိကျောင်းတွင် ဝါကပ်သည်ဟု ဖွင့်ဆိုထားသည်။

ဝါကပ်ခြင်းသည် ပုရိမဝါကပ်ခြင်း၊ ပစ္ဆိမဝါကပ်ခြင်းဟု နှစ်မျိုးရှိသည်။ ပုရိမဝါကို ဝါဆိုလပြည့်ကျော်တစ်ရက်နေ့ ညဉ့်အရုဏ်မတက်မီ ဗုဒ္ဓရုပ်ပွားတော်ရှေ့မှောက်၌ -

"ဣမသ္မိံဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ"

(ဤကျောင်းအာရာမ်အတွင်း၌ ဝါတွင်းသုံးလပတ်လုံး ဝါသို့ကပ်ပါ၏၊ နေပါ၏)

ဟု နှုတ်ဖြင့်သုံးကြိမ်ရွတ်ဆိုဝါကပ်ရ၏။

ပုရိမဝါကပ်သော ရဟန်းသည် သီတင်းကျွတ်လပြည့်နေ့တွင် ဝါကျွတ်သည်။ အကြောင်းတစ်စုံတစ်ရာကြောင့် ဝါဆိုလပြည့်ကျော်တစ်ရက်နေ့တွင် ဝါမကပ်ဖြစ်လျှင် ဝါခေါင်လပြည့်ကျော်တစ်ရက်နေ့ ညဉ့်အရုဏ်မတက်မီ အလားတူ ရွှတ်ဆိုဝါကပ်ရသည်။ ယင်းသည် ပစ္ဆိမဝါကပ်ခြင်းမည်၏။ ပစ္ဆိမဝါကပ်သောရဟန်းသည် တန်ဆောင်မုန်းလပြည့်နေ့တွင်မှ ဝါကျွတ်သည်။ ဝါထပ်သောနှစ်တွင်မူ ပုရိမဝါကို ဒုတိယဝါဆိုလပြည့်ကျော်တစ်ရက်နေ့၌ အလားတူ ရွှတ်ဆိုဝါကပ်ရ၏။ ဝါကပ်ပြီးသော ရဟန်းသည် တစ်စုံတစ်ရာသောအကြောင်းကြောင့် အခြားအရပ်သို့သွားလိုလျှင် -

"အန္တော သတ္တာဟေ ပတိန်ဝတ္တိ ဿာမိ"

(ခုနစ်ရက်အတွင်းပြန်လာပါမည်)

ဟု သုံးကြိမ်ရွတ်ဆိုဝါပန်၍ သွားရောက်ပြီး (ခြောက်ကြိမ်ထက် အရုဏ်မခံဘဲ)ပြန်လာရသည်။ ထိုအချိန်ကာလကျော်လျှင် ဝါကျိုးသည်။ ရက်ကြာကြာသွားလိုလျှင် ခုနစ်ရက်တစ်ကြိမ်ဝါကပ်သောအရပ်သို့ပြန်လာပြီး ဝါပန်၍ သွားရသည်။

ယင်းဝါဆိုပွဲသို့လာရောက်ကြသော ဒါယကာ၊ ဒါယိကာမများသည် ဝါဆိုရဟန်းတော်များ၏ သိက္ခာပုဒ်များကို ကြည်ညိုကာ ရဟန်းတော်များ ဝါဆိုပြီးသည့်အခါ ဘုဉ်းပေးနိုင်ရန် ချင်းသုပ်၊ အဖျော်ယမကာ စသည့် ရဟန်းတော်များ ဘုဉ်းပေးခွင့်ရှိသည့် စားသောက်ဖွယ်ရာတို့ကို ဆက်ကပ်လှူဒါန်းလေ့ရှိကြသည်။ အချို့ကလည်း ဝါဆိုပင်တွင် ဖူးပွင့်သော ပုန်းညက်ပန်း၊ ကျောင်းပန်း၊ ဝါဆိုပန်း၊ သပြေပန်း၊ မသည့် ပန်းမျိုးစုံတို့ကို စေတီပုထိုးသို့သွားရောက်လှူဒါန်းကြသကဲ့သို့ ရဟန်းတော်များ ဝါဆိုသည့်အခါ မြတ်စွာဘုရားအား

www.burmeseclassic.com

www.burmeseclassic.com

ပူဇော်ဆက်ကပ်နိုင်ရန် ယင်းဝါဆိုပန်းနှင့် ဝါဆိုဖယောင်းတိုင်များကို ရဟန်းတော်များ ဝါမဆိုမီ ကြိုတင်လှူဒါန်းကြလေ့ရှိသည်။ ထိုမှတစ်ပါး အချို့အလှူရှင်များသည် ရဟန်းတော်များ ဝါမဆိုမီ သက်နှံများကိုလည်း လှူဒါန်းကြလေ့ရှိရာ ယင်းသက်နှံကို ဝါဆိုလတွင်ပင် လှူဒါန်းသောကြောင့် ဝါဆိုသက်နှံဟု ခေါ်ကြ၏။ ယင်းဝါဆိုသက်နှံသည် ဘုရားရှင် လက်ထက်တော်က လှူဒါန်းလေ့ရှိသည့် ဝါဆိုသက်နှံနှင့်မတူချေ။

ဝိနည်းကျမ်းဂန်များ၌ ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးအောင်နေပြီးသော ရဟန်းများအား လှူဒါန်းသည့် သက်နှံတစ်မျိုးလာရှိသည်။ ယင်းသက်နှံကို ပါဠိဘာသာဖြင့် ဝဿာဝါသိကဟု ခေါ်၏။ ဝါဆိုပြီး၍ ဝါကျွတ်တော်မူကြသည့် ရဟန်းများကို လှူဒါန်းသည့် သက်နှံဖြစ်၍ ဝါဆိုသက်နှံဟု လည်းကောင်း၊ ဝါကျွတ်သက်နှံဟုလည်းကောင်း အနက်ပြန်ဆိုကြသည်။ (ဝဿ-မိုးကာလပတ်လုံး+အာဝါသိက - နေပြီးသောရဟန်းအား လှူဒါန်းသည့်သက်နှံ)

ဘုရားရှင်သည် ပထမ၌ ဤဝဿာဝါသိခေါ် ဝါဆိုသက်နှံကို ဝါဆိုပြီး ရဟန်းတော်များအား ဝါကျွတ်သည့်အခါမှသာခံယူရန် ခွင့်ပြုတော်မူခဲ့၏။ သို့ရာတွင် နောင်အခါ၌ အကြောင်းအမှုလျော်စွာ ကိုယ်ဝန်ဆောင်သူ၊ မကျန်းမာသူ စသည့် အသက်အန္တရာယ်စိုးရိမ်ဖွယ်ရှိသူများကဖြစ်စေ၊ ရုတ်တရက် သဒ္ဓါပေါက်လာသူများကဖြစ်စေ အဆောတလျင်လှူဒါန်းသော ဝဿာဝါသိက သက်နှံမျိုးဖြစ်ပါက သီတင်းမကျွတ်မီ (၁၀) ရက်အလို ဝါတွင်းကာလ၌လည်း အလှူခံနိုင်ခွင့်ရှိသည်ဟု ပညတ်တော်မူခဲ့သည်။

ယခုခေတ် ဝါမဆိုမီ လှူဒါန်းကြသည့်ဝါဆိုသက်နှံအား ဝိနည်းတော်လာ ဝါဆိုသက်နှံနှင့်မည်သို့မျှမသက်ဆိုင်ဘဲ ဝါဆိုရဟန်းတော်များ ဝတ်ရုံဝါဆိုနိုင်ကြရန် ကြည်ညိုသူအလှူရှင်များက တိတ္ထိလှူဒါန်းကြသည့် ဝါဆိုသက်နှံတစ်မျိုးဖြစ်သည်ဟု ယူဆကြောင်း ဓမ္မာစရိယဦးအေးနိုင်က ဝါဆိုလဆောင်းပါးတွင် သုံးသပ်ဖော်ပြထားသည်။

ရှေးမြန်မာဘုရင်များသည် ဝါဝင်တစ်ကြိမ်၊ ဝါကျွတ်တစ်ကြိမ် တစ်နှစ်လျှင် နှစ်ကြိမ်ကန်တော့ခံကြလေ့ရှိကြသည်။ ဝါဝင်ကန်တော့ခံသည့်အခါ ဝါဆိုလပြည့်ကျော်တစ်ရက်နေ့တွင် ကန်တော့မခံမီ



ဘုရင့်အမိန့်တော်အရ ထီးဖြူ၊ ကုက္ကား၊ တံခွန်၊ မည်းပန်း၊ ရွှေပန်းခိုင်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ညောင်ရေအိုး စသော ပူဇော်ဖွယ်များကို ဘုရားခုနစ်ဆူသို့ အလှူတော်ကြပ်တို့က ဆောင်ယူပူဇော်ကြရသည်။ ထို့နောက် ဝါဝင်ကန်တော့ခံလွတ်တော်သဘင်တွင် ဘုရားအား မင်းသား၊ မင်းမြေးမှူးတော်မတ်တော်၊ သူဌေးသူကြွယ်တို့က ရွှေဖလား၊ ခါသာ၊ သာလူ၊ ဖျင်စသောလှူဖွယ်တို့ဖြင့်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့တွင် မှူးတော်မတ်တော်ကတော်မယားတို့က အနောက်ဇေတဝန်ဆောင်တွင် ကန်တော့ပွဲများဖြင့် လည်းကောင်း ပူဇော်ကန်တော့ကြရသည်။ ဤအစဉ်အလာကို ထိန်းသိမ်းလျက် မြန်မာတို့သည် ယခုခေတ်သို့တိုင် မိမိထက် အသက်သိက္ခာဂုဏ်ဝါကြီးသူများကို ဝါဝင်ခါနီး၌ ပူဇော်ကန်တော့လေ့ရှိကြသည့် အပြင် ဘုန်းတော်ကြီးများသည်ပင် မိမိထက် သိက္ခာဝါကြီးတော်မူသည့် နီးစပ်ရာဆရာတော်ကြီးများအား ကန်တော့ပွဲများဖြင့် ပူဇော်ကန်တော့လေ့ရှိကြသည်။ သို့ဖြစ်ရာ ဝါဆိုပွဲသည် ဘာသာရေးနှင့် ယဉ်ကျေးမှုဓလေ့များကို အခြေခံသော ပွဲဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ဝါဆိုလတွင် ဗုဒ္ဓဘာသာဆိုင်ရာ အလေးအမြတ်ပြုအပ်သော ဖြစ်စဉ်များ ပေါင်သည်။ ဝါဆိုလပြည့်နေ့သည် ဂေါတမမြတ်စွာဘုရားအလောင်းတော် ပဋိသန္ဓေတည်နေသောနေ့၊ တောထွက်တော်မူသောနေ့၊ ပဉ္စဝဂ္ဂိဇ်းဦးတို့အား ဓမ္မစက်ကြာတရားဦးဟောကြားတော်မူသောနေ့၊ သာဝတ္ထိပြည် ကဏ္ဍမ္ဗသရက် ဖြူပင်ရင်း၌ တိတ္ထိသင်းကို နှိမ်နင်း၍ တန်ခိုးပြာဋိဟာပြသောနေ့တို့ဖြစ်သည့် အားလျော်စွာ 'သန္ဓေတောထွက် ဓမ္မစက် တစ်ချက်ပြာဋိဟာ' ဟု ပညာရှင်တို့ ဆိုထုံးပြုကြသည်။ ဤတွင် တရားဦးဓမ္မစကြာကို ဟောကြားတော်မူခြင်းအား အထူးပြု၍ ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ဟူ၍လည်းခေါ် ဆိုကြသည်။

ဘုရားရှင်သည် မဟာသတ္တရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့ ညနေချမ်း နေဝန်းသည် အနောက်ဂေါယျကျွန်းသို့ယွန်းလုဆဲ၊ လဝန်းသည်လည်း အရှေ့လောတဓာတ်မှ ထွက်ပေါ်လာဆဲ အချိန်တွင် ပဉ္စဝဂ္ဂိဇ်းဦးတို့အား -

ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိ တဗ္ဗာ။

(ရဟန်းဖြစ်သောသူသည် အစွန်းနှစ်ပါးကို မမှီဝဲအပ်) ဦ မဗွစကြာတရားကို ဟောကြားတော်မူရာ အလွန်ကြားနာရခဲလှသော တရားရတနာသည် ဤသို့လျှင် လောကဌ စတင်ပေါ်ထွန်းလာခဲ့သည်။ ဓမ္မစကြာ (ဓမ္မစက္က) ဟူသည် တရားတည်းဟူသော စကဝန်းဟု အဓိပ္ပာယ်ရှိသည်။

ဓမ္မစကြာဒေသနာတော်၌ သစ္စာလေးပါးကို အဦးထားလျက် အစွန်းနှစ်ဖက်လွတ်သော မဇ္ဈိမပဋိပဒါအလယ်အလတ်ကျင့်စဉ်ကို ဟောကြားတော်မူသည်။ ထိုတရားတော်တွင် အာရုံငါးပါး ကာမဂုဏ်ချမ်းသာကိုခံစားသောအကျင့် (ကာမသုခလွှဲကာနုယောဂ)နှင့် မိမိကိုယ်ကိုပင်ပန်းဆင်းရဲအောင် ညှဉ်းဆဲသော အကျင့် (အတ္တကိလမထာနုယောဂ) နှစ်မျိုးမှ ကင်းလွတ်သည့် မဂ္ဂင် (၈) တန်အကျင့်မှန်ကို ချမှတ်တော်မူခဲ့သည်။ ထိုကျင့်စဉ်သည် အမှန်တရားသို့ ရှေးရှုသည့် တစ်ခုတည်းသောလမ်းစဉ်ဖြစ်၏။ မဂ္ဂင်လမ်းစဉ်တွင် ပါဝင်သောတရားများမှာ-

၁။ သမ္မာဒိဋ္ဌိ-မှန်ကန်သောအမြင်။
၂။ သမ္မာသင်္ကပ္ပ-မှန်ကန်သောအကြံ။
၃။ သမ္မာဝါစာ-မှန်ကန်သောစကား။
၄။ သမ္မာကမ္မန္တ-မှန်ကန်သော်အလုပ်။
၅။ သမ္မာအာဇီဝ-မှန်ကန်သောအသက်မွေးမှု။
၆။ သမ္မာဝါယာမ-မှန်ကန်သောအားထုတ်မှု။
၇။ သမ္မာသတိ-မှန်ကန်သောအောက်မေ့မှု။
၈။ သမ္မာသမာဓိ-မှန်ကန်သောတည်ကြည်မှုတို့ ဖြစ်ကြသည်။

ဘုရားရှင်ဟောကြားတော်မူသည့် တရားတော်များသည် ဒိဋ္ဌိသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ တည်းဟူသော သိက္ခာသုံးပါးတို့သာ အကျုံးဝင်မြဲ

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယတကြိမ်ကိုယ်ဝန်ဆောင်ခြင်းဝေဒနာအတွက်



ယောက်ျားမှာဆီး၊ မိန်းမမှာမီးတဲ့။ ဒါကအဆိုပါ။ အမှန်တော့ ဆီးနဲ့ပတ်သက်တဲ့ဝေဒနာဟာ ယောက်ျားရော မိန်းမပါ အလွန်အရေးပါလှပါတယ်။ ဆီး၊ ဝမ်း၊ သွေး၊ လေ ဤလေးထွေ ဓာတ်တွေမှန်မှ ကျန်းမာကြ လို့ ဆိုထားတဲ့အတိုင်း အကြောင်းလေးပါးညီညွတ်မှ ကျန်းမာရေးကောင်းကြတာပါ။ ဆီးမှန်၊ ဝမ်းမှန်၊ သွေးမှန်၊ လေမှန်နေရင် အဲဒီလူကျန်းမာရေးကောင်းနေတတ်ပါတယ်။

ဆီးနဲ့ပတ်သက်တဲ့ဝေဒနာတွေကို ကုရာမှာ ပဋိဇီဝဆေးခေါ် သိပ္ပံနည်းကျဆေးတွေ၊ သိပ္ပံနည်းကျဆေးတွေ၊ ကုထုံးတွေရှိသလို ကျွန်တော်တို့မြန်မာနိုးရာတိုင်းရင်းဆေးနည်းတွေလည်းများစွာရှိပါတယ်။ ကျွန်တော်ကျတော့ သဘာဝပေါက်ပင်တွေနဲ့ပေးလိုက်တာပါပဲ။ဘာမှသိပ်အခက်အခဲမရှိလှပါဘူး။

နွေရာသီမှာ ကျွန်တော့်အိမ်သေးသေးလေးက ပူလွန်းတော့ကာ သစ်ရိပ်တွေကောင်းတဲ့ ကိုတင်သန့်၊ မစိုးစိုးတို့ရဲ့ သစ်ရိပ်မှာ နေလယ်နေခင်းသွားထိုင်ရင်း စကားစမြည်ရှိတဲ့လူတွေနဲ့ပြောဖြစ်တယ်။ သူတို့အိမ်မှာ ကျွန်တော့်လိုအေးရိပ်ခိုသူတွေရှိနေတတ်ပါတယ်။

ဒီအခါမှာ စကားစပ်မိတော့ ဆီးအောင့်ဆီးကျင်ဝေဒနာအကြောင်းကိုရောက်သွားတယ်။ ဆီးကျင်ဝေဒနာကို ယောက်ျားတွေထက် မိန်းမတွေကပိုပြီးခံစားရတတ်တယ်။

ဆီးကျင်တယ်ဆိုတာ အမှန်တော့ သိပ္ပံနည်းကျပြောရရင် ဆီးလမ်းကြောင်းထဲ ပိုးဝင်ခြင်းပါ။ အနေအထိုင်အပြုအမူမသန့်ရှင်းရာမှဖြစ်လာတတ်တဲ့ဆိုးကျိုးတစ်ခုပါ။

ဆီးကျင်ပြီဆိုရင်တော့ သိပ္ပံနည်းကျဖော်စပ်ထားတဲ့ပိုးတွေသေစေတဲ့ပဋိဇီဝဆေးတွေသုံးစွဲရမှာပါ။

ဖြစ်ပေရာ သီလသိက္ခာတွင် မှန်ကန်သောစကား၊ မှန်ကန်သောအလုပ်၊ မှန်ကန်သောအသက်မွေးမှုဟူသောအရိယာမဂ္ဂင်တရားများ ပါဝင်သည်။ သမာဓိသိက္ခာတွင် မှန်ကန်သော အားထုတ်မှု၊ မှန်ကန်သော အောက်မေ့မှု၊ မှန်ကန်သောတည်ကြည်မှုတို့ပါဝင်သည်။မှန်ကန်သောအမြင်၊ မှန်ကန်သောအကြံတို့သည် ပညာသိက္ခာဆိုင်ရာမဂ္ဂင်တရားများ ဖြစ်ကြ၏။ ဤသမ္မာဒိဋ္ဌိအစရှိသော အလယ်အလတ်ကျင့်စဉ် မဇ္ဈိမပဋိပဒါတရား(၈)ပါးသည် ဘုရားရှင် (၄၅) ဝါတိုင် ဆက်လက်ဟောကြားတော်မူသည့် ဝိဋ္ဌကတ်သုံးသွယ်၊ နိကာယ်ငါးရပ်တရားတော်များ၏ အခြေခံအုတ်မြစ်လည်းဖြစ်ပေသည်။

အချုပ်အားဖြင့် မဇ္ဈိမပဋိပဒါကျင့်စဉ်သည်သာလျှင် ကိလေသာငြိမ်းရန်၊ သစ္စာစင်ကြယ်သော ဉာဏ်အမြင်ရရန်၊ သစ္စာလေးပါးကိုသိရန်၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် တစ်ကြောင်းတည်းသောလမ်းမှန်ဖြစ်ကြောင်း ဓမ္မစကြာဒေသနာတော်က ရှင်းလင်းစွာ ညွှန်ပြလျက်ရှိသည်။

ဓမ္မစကြာတရားကို ကြားနာရသဖြင့် အရှင်ကောဏ္ဍညသည် ဦးစွာသစ္စာသိမြင်၍ ရဟန်းပြုခွင့်တောင်းခံရာ ဗုဒ္ဓက ဖေဘိဘိက္ခုခေါ် တော်မူ၍ ရှေးဦးစွာ သံဃာရတနာစတင်ပေါ်ထွန်းလာခဲ့၏။ ပဉ္စဝဂ္ဂိငါးဦးအပါအဝင်ဖြစ်သော အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိတို့သည်လည်း လပြည့်ကျော် ၁ ရက်၊ ၂ ရက်၊ ၃ ရက်၊ ၄ ရက်နေ့များ၌ အစဉ်အတိုင်း သောတာပတ္တိဖိုလ်၌တည်ကြပြီး စကြဝဠာတိုက်တစ်သောင်းမှ တရားနာလာကြကုန်သော နတ်ပြဟ္မာ(၁၈)ကုဋေတို့ အကျတ်တရားရကြသည်။ လပြည့်ကျော် ၅ ရက်နေ့တွင် အနတ္တလက္ခဏသုတ်ကို ဆက်လက်ဟောကြားတော်မူရာ ပဉ္စဝဂ္ဂိငါးဦးစလုံး ရဟန္တာအဖြစ်သို့ချဉ်းဆိုက်ရောက်တော်မူကြသည်။

ဤသို့ ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့) ၌ တရားရတနာနှင့် သံဃာရတနာတို့ စတင်ပေါ်ထွန်းလာခဲ့ရာ မူလပွင့်ထွန်းခဲ့ပြီးသော ဘုရားရတနာနှင့်ဆိုလျှင် ရတနာသုံးလီအစုံအညီဖြစ်တည်ပေါ်ထွန်းလာနေ့လည်းဖြစ်သဖြင့် ဓမ္မစကြာအခါတော်နေ့ကား သာလွန်ထူးကဲမွန်မြတ်လှပေတော့သည်။

မြတ်စွာဘုရား ဟောကြားတော်မူသော ယင်းမဂ္ဂင်လမ်းစဉ်အကျင့်မြတ်သည် အမှန်တရားသို့ ရှေးရှုသောလမ်းစဉ်ဖြစ်လင့်ကစား အသိတရားသက်ဖြင့် မှန်ကန်ကောင်းမြတ်သောဘဝကို ထူထောင်နိုင်မည်မဟုတ်ပေ။ ကိုယ်တိုင် အပတ်တကုတ် လက်တွေ့ပွားများအားထုတ်ခြင်းဖြင့်သာ မိမိကိုယ်ကို ကောင်းမွန်စင်ကြယ်စေနိုင်မည် ဖြစ်သည်။

ကျွန်ုပ်တို့သည် ရခဲလှသော မြင့်မြတ်သည့် လူဘဝကိုရရှိနေကြ၏။ ထူးကဲသော သာသနာတော်မြတ်ကြီးနှင့်လည်း ကြုံကြိုက်လျက်ရှိကြ၏။ ဤသို့အခွင့်အခါကောင်းနှင့် ကြုံကြိုက်ရစဉ် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ တည်းဟူသော သိက္ခာသုံးရပ်ကို ဘုရားရှင်၏ ဒေသနာတော်နှင့်အညီ ကိုယ်စီကိုယ်ငှ ကျင့်ကြံကြီးကျင့်ပွားများအားထုတ်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

မြေလတ်ညီလင်း

ကျမ်းကိုး -


၁။ မြန်မာ့စွယ်စုံကျမ်း (အတွဲ ၁၂)

၂။ သာသနာ့ရောင်ခြည် (အတွဲ-၉၊ အမှတ်-၂)

၃။ ဆယ့်နှစ်ရာသီမြန်မာ့ဓိုးရာ ရာသီပွဲတော်များ (ဓမ္မသဒ္ဓိယ ဦးအေးနိုင်)

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှာ ဆီးတွေကျင်ပြီးဆီးအောင့်တဲ့ဝေဒနာကို မစိုးစိုးရဲ့ သမက်မောင်သန်းစိုးက သူလူပျိုဘဝတုန်းက လက်တွေ့ခံစားခဲ့ရကြောင်း ပြောပြပါတယ်။ အလွန်လွယ်ပြီး လူတိုင်းလည်း လက်လှမ်းမီ၊ ငွေကြေးကုန်ကျမှုလည်း မရှိ၊ ဘေးထွက်ဆိုးကျိုးလည်း လုံးဝမရှိတဲ့ သူ့ရဲ့မြန်မာ့တိုင်းရင်းဆေးမြီးတိုလေးဟာ မှတ်သားစရာပို့ ပြည်သူတို့အတွက် တင်ပြလိုက်ခြင်းပါ။

"ကျွန်တော် ဒီအောင်ဇမ္ဗူရပ်ကွက်မှာ အလုပ်လာမလုပ်ခင် ရွာမှာနေစဉ်တုန်းကပါ။ ကျွန်တော်က နေပြည်တော်လယ်ဝေးမြို့နယ် ရွှေကျင်ရွာမှာနေတာပါ။ ရွှေကျင်ရွာကိုသွားတဲ့လမ်းကမီးသင်္ဂြိဟ်စက်ကနေ အနောက်ကိုဆက်သွားရင်ရောက်ပါတယ်။ ဦးနွယ်ရွာရဲ့ အနောက်ဘက်ကျတာပေါ့။ အိမ်ခြေ (၇၀) လောက်ရှိတဲ့ရွာကလေးဆိုတော့ ဆေးခန်းမရှိဘာမရှိနဲ့ အတော်ခေါင်တာပါ။ ကျွန်တော် လူပျိုပေါက်ဘဝမှာ ဖြစ်ချင်တော့ ဆီးကျင်ပြီး ဆီးအောင့်ဝေဒနာခံစားရပါတယ်။ ဆီးကလည်း ခဏခဏသွားချင်သွားပြန်တော့လည်း ဆီးကမထွက်။ ထွက်ပြန်တော့လည်း တစ်စက်နှစ်စက် အဲဒီတစ်စက်နှစ်စက် ထွက်ဖို့ရာ ကျင်ချောင်းမှာနာလိုက်ကျင်လိုက်တာလည်းလွန်ရောဗျာ။ မဖြစ်ဘူးတော့ကာ သူ့ဟာ သူပျောက်မယ်ထင်ပြီး အဖေအမေတို့ကို မပြောဖြစ်ဘူးဗျ။ ဒီလိုနဲ့ (၂) ရက်မြောက် ရောက်လာတယ်။ မထူးခြားဘူး ခံစားနေရတုန်းပဲ။ ဖြစ်တဲ့နေရာက ရုတ်တရက်ပြောမထွက်တဲ့နေရာမျိုးဆိုတော့ ပျောက်လိုပျောက်ငြား ကြိတ်မှိတ်ပြီး ခံစားနေတာပါ။ အဲဒီ



ဒုတိယနေ့ ညနေ ထမင်းမချက်မီ ညနေစောင်းလောက်ရောက်မှ မနေသာ မခံသာတော့တာနဲ့ အမေ့ကို ပြောပြလိုက်တယ်။

အဲဒီမှာ အမေက-

'သားရယ် ကြိတ်မှိတ်ခံနေရတယ်လို့ စောစောက ပြောရောပေါ့။ စောစောကပြောရင် ခုလို ဘယ် ခံစားနေရမှာလဲ။ ပျောက်တာ ကြာပေါ့။ အတော်ပဲ အမေလည်း ညနေစာထမင်းချက်တော့မှာ၊ ခဏလေးစောင့်နော် သား"

ဆိုပြီး ညနေစာ ဆန်ဆေးပါတယ်။ ဆန်ဆေးရည်ကို ဇလုံသန့်သန့်မှာ ငဲ့ထည့်လိုက်ပါတယ်။ ထမင်းအိုးလည်းတည်ပြီးရော ဆန်ဆေးရည်ကို ဖန်ခွက်ထဲ ထည့်ပြီးတော့ သကြားနဲ့ ခလောက်တော့တာပါပဲ။ သကြားကြေတော့မှ -

'ကဲ - ငါ့သားသောက်လိုက်၊ ငါ့သားရဲ့ဆီးအောင့်ဝေဒနာပျောက်ပြီ'

လို့ပြောပြီးပေးပါတယ်။

ဆန်ဆေးရည်ပဲဗျာ၊ ချိုချိုလေး ဆိုတော့ သောက်ကောင်းတာပေါ့။ ထန်းရည်ချိုနဲ့တောင်တူသေးဗျ။ အဲဒီ ဆန်ဆေးရည်တစ်ဖန်ခွက်လည်းသောက်ပြီးရော သိပ်မကြာလိုက်ပါဘူး။ ဆီးသွားချင်တာနဲ့သွားလိုက်တာ ကျန်းမာရေးကောင်းတုန်းကလို ဒလဟောသွားတာပဲဗျို့။ ဆီးဒလဟောသွားတော့ကာ နာတာကျင်တာတွေ လုံးဝမရှိတော့ပါဘူး။ ဒါက ကျွန်တော် အမေ့ဆီကရထားတဲ့ဆေးနည်းပါ။ ကျွန်တော်နဲ့ရင်းနှီးတဲ့လူတွေ ဆီးအောင့်ဆီးကျင်ခံစားနေရရင် ကျွန်တော့်ကိုယ်တွေ့အမေ့ဆေးနည်းလေးပေးလိုက်တာပါပဲ။ သက်သာပျောက်ကင်းကြပါတယ်"

လို့ပြောပြပါတယ်။

မောင်သန်းစိုးနဲ့ ကိုတင်သန်း၊ မစိုးစိုးတို့ရဲ့သမီး ဝေချယ်ဖြိုးတို့ဟာ အောင်ဇမ္ဗူရပ် ညောင်ပင်ဝိုင်းထဲက Good သောက်ရေသန့်မှာ အလုပ်လုပ်ရင်း ဖူးစာဆုံကြခြင်းပါ။ အရွယ်တွေငယ်ကြပါသေးတယ်။ မောင်သန်းစိုးရဲ့ မိဘတွေလည်း ရှိမှ (၄၀) ဝန်းကျင်ပါ။ အရွယ်ငယ်သော်လည်း သူတို့ရဲ့ရင်ထဲမှာ မြန်မာ့ရိုးရာ ဆေးနည်းလေးတွေ လက်ဆင့်ကမ်းသယ်ဆောင်လာမှုကြောင့် အတော်များများရှိနေမှာပါ။

ဆေးရုံ၊ ဆေးခန်းအလှမ်းကွာဝေးလှတဲ့သူတို့လိုကျေးလက်ကလေးမှာ ဒီလို သဒိုးသရီဝေဒနာလေးတွေလောက်တော့ ကိုယ့်ဟာကိုယ်ကုလိုက်ကြရတာပါ။မနိုင်မှ ဆေးရုံ၊ ဆေးခန်းဆီ အရောက်လာကြရတာပါပဲ။

ရှေးမြန်မာတွေမှာ အတော်အတန် ဝေဒနာလောက်တော့ စတီသဘော၊ ဓာတ်စာသဘော၊ ဆေးမြီးတိုသဘော လေးတွေနဲ့ ကုပေးတတ်ကြတာထုံးစံပါ။ အဲဒီနည်းလေးတွေဟာ ကျေးလက်ရွာလေးတွေမှာကျန်နေဆဲ၊ အသုံးပြုနေဆဲ ရှိပါတယ်။

စဉ်းစားကြည့်ပါ။ ဆန်ဆေးရည်ဆိုတာ ထမင်းစားတဲ့မြန်မာတစ်နိုင်ငံလုံး အိမ်တိုင်းမှာ ရနိုင်တယ်။ သကြားဆိုတာ ကလည်း အိမ်တိုင်းနီးပါးရှိတယ်။ ဘယ်လောက်လွယ်လဲ၊ ဘယ်လောက်ကောင်းလဲ၊ သောက်ဖို့လည်း မခက်ဘူး။ ဘေးထွက်ဆိုးကျိုးလည်းမရှိဘူး။ ပိုက်ဆံလည်းမကုန်ဘူး။ အလွန်အဆင်ပြေလွယ်ကူစေပါတယ်။

ဆီးကျင်ဆီးအောင့်ဖြစ်တယ်ဆိုရင် နေပြည်တော် လယ်ဝေးမြို့နယ်က ရွှေကျင်ရွာသား မောင်သန်းစိုးရဲ့ဆေးနည်းလေးကိုပြောပြီး သတိရလိုက်ပါလို့ တိုက်တွန်းလိုက်ပါတယ်။

မောင်သန်းစိုးသို့ကျေးဇူးတင်လျှင်

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး

www.burmeseclassic.com

www.burmeseclassic.com

(ပုံနှိပ်ပြီး) အောင်မြတ်ခိုင် နှိုက်ထုတ်ပေးတဲ့



ဖြစ်ရပ်ကတော့ တကယ့်ဖြစ်ရပ်အမှန်ဖြစ်ပါသည်။ သို့သော် အနှီပုဂ္ဂိုလ်များကို မထိခိုက်စေလိုသောကြောင့် နေရပ်ဒေသနှင့် လူနာမည်များကို ချန်လှပ်ထားရသည်ကို ခွင့်လွှတ်စေလိုကြောင်း ပဏာမပြောကြားထားပါရစေ။

အချိန်တွေကတော့ ကြာခဲ့ပါပြီလေ။ ဒါပေမယ့် တွေ့ကြုံသိမြင်ခဲ့ရတဲ့ အဖြစ်အပျက်လေးကတော့ တစ်သက်မမေ့မရနိုင်ပါဘဲ။ သည့်အတွက် အများသူငါ စာဖတ်ပရိသတ်ကြီးသိရှိနိုင်စေဖို့ ဤမဂ္ဂဇင်းကြီးမှ ရေးသားတင်ပြလိုက်ရပါသည်။

ကျွန်တော် (၁၀) တန်းရောက်သည့်ခေတ်က (၁၀) တန်းအောင်စာရင်းထုတ်သည့်အခါ (က)အဆင့်နှင့် (ခ) အဆင့်ဟု နှစ်မျိုးထုတ်ပြန်သည့်ခေတ်ကပေါ့ဗျာ။ ကျွန်တော်တို့ညီအစ်ကို (၂) ဦးအနက် ကျွန်တော်က (၂) နှစ်ငယ်တော့ အစ်ကို (၁၉) နှစ်သားပေါ့။ အဲဒီမှာ အစ်ကိုက (၁၀) တန်းကို (ခ)အဆင့်နဲ့ပဲ အောင်တာမို့ အလုပ်ခွင်ဝင်ဖို့တာစူခဲ့ရပြီး အစိုးရဝန်ထမ်းအလုပ်ကိုဝင်ရောက်လုပ်ကိုင်ခဲ့ရာမှာ တာဝန်ကျမြို့နှင့် (၁၂) မိုင်ခန့်ဝေးသော ကျေးရွာလေးတစ်ရွာမှာပေါ့။

ထိုခေတ်ထိုအချိန်က (၁၀)တန်းကို (က)အဆင့်မှအောင်မှသာ တက္ကသိုလ်ကောလိပ်ရရှိကြပြီး (ခ)အဆင့်မှသာအောင်ပါက ပညာရေးဆိုရင် မူလတန်းပြဆရာလေးကတော့ အုပ်ချုပ်ရေးနှင့် အခြားသော ဌာနဆိုင်ရာတို့မှာဝင်လုပ်လျှင်တော့ စာရေးဝန်ထမ်းအဆင့် (၁) ရာထူးများဖြင့် အလုပ်ဝင်နိုင်ကြပါသည်။

ကျွန်တော်နှင့် အစ်ကိုက (၂) နှစ်သာကွာကြသဖြင့် ကျွန်တော်၊ ခင်ဗျားစသည်ဖြင့် ပြောနေကြသည်မဟုတ်ဘဲ မင်း၊ငါနှင့်သာ တရင်းတနှီးပြောဆိုကြပါသည်။ အထက်ကဖော်ပြခဲ့သည့်အတိုင်း အစ်ကိုက ကျေးရွာလေးတွင် မူလတန်းပြဆရာလေးအဖြစ် အလုပ်ဝင်စဉ် ကျွန်တော်က (၉) တန်းတက်နေရ၍ မြို့မှာနေနေခဲ့ရပြီး အစ်ကိုဖြစ်သူမှာ ရွာနှင့်မြို့ကို စနေ၊ တနင်္ဂနွေညနေပိတ်ရက်မှသာ ပြန်ပြန်လာပြီး ချိန်ရက်များတွင် ရွာမှာသာနေပါသည်။

တစ်ခါတွင်မကသော အစ်ကိုတာဝန်ကျရာကျေးရွာသို့ အစ်ကိုဖြစ်သူနှင့်အတူ စက်ဘီးကိုပို့ပြီးဖြင့် အပျင်းပြေအလည်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားပါသည်။
မှတ်မှတ်ရရပါ။ ကျွန်တော်
လိုက်သွားသည့်နေ့က လက္ခယ်နေ့
ကြီး ဖြစ်ပါသည်။
နံနက် ကျောင်းရောက်
တော့ အစ်ကိုကစာသင်နေစဉ်
ကျွန်တော်က အစ်ကိုကိုပြော
ပြီး ရွာတောင်ဘက်တွင်
စီးဆင်းနေသောချောင်း
ဘက်သို့ထွက်လာကာ
ချောင်းစပ်တွင်
ငုတ်တုတ်ထိုင်ပြီး
ချောင်း၏ ဟိုမှာ
ဘက်မှာရှိသော

www.burmeseclassic.com

www.burmeseclassic.com

တောအုပ်မိုင်းမိုင်းကြီးကို ကြည့်ရင်း ငေးမောနေမိပါသည်။ နံနက်က စက်ဘီးစီးလာရ၍ ဗိုက်ခြောင်သည်ထင်သည်။ ဗိုက်ထဲက တဂွီဂွီနှင့်ဆန္ဒပြလာသဖြင့် နာရီကိုကြည့်လိုက်တော့ ဆယ်နာရီခွဲရှိနေတာနှင့် ထမင်းစားကျောင်းဆင်းလောက်ပြီမို့ ချောင်းစပ်မှ မတ်တတ်ရပ်ခါးဆန့်ပုဆိုးပြင်ဝတ်ပြီး ရွာထဲသို့ပြန်ဝင်လာပြီး အစ်ကို့စာသင်ကျောင်းဆီသို့ပြန်လာခဲ့ပါသည်။

အစ်ကိုက ကျွန်တော့်ကိုမြင်တော့-

"ညီလေး - ခဏလေးထိုင်ဦး၊ အစ်ကို ဒီသင်ခန်းစာလေးပြတ်အောင် သင်လိုက်ချင်သေးလို့"

ဆိုပြီး (၁၅) မိနစ်ခန့်တွင် ကလေးတို့ကို ကျောင်းလွတ်ပေးလိုက်ပြီးနောက် ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်သည် နေ့လယ်စာစားကြရန် ကျေးရွာဥက္ကဋ္ဌ အိမ်ဆီသို့ထွက်ခဲ့ကြပါသည်။

ဥက္ကဋ္ဌနေအိမ်သို့ ရောက်ရှိသွားသည့်အခါ ဥက္ကဋ္ဌကတော်က ဖော်ရွေစွာ အပြုံးဖြင့် နှုတ်ဆက်သလို ဥက္ကဋ္ဌကြီးမှ လည်း -

"ဟော-ဆရာလေး၊ ဧည့်သည်ပါလာပါလား။ သူလေးကဘယ်သူလဲ"

ဟုမေးသဖြင့် အစ်ကိုက -

"ဒါ ကျွန်တော့်ညီလေးပါ။ မြို့မှာ (၉) တန်းတက်နေတဲ့ (၉)တန်းကျောင်းသားပေါ့။ အဲဒါ အပျင်းပြေ ကျွန်တော် တာဝန်ကျ ဒီရွာလေးကို လိုက်လာတာပါ။ ခု တစ်ညအိပ်ပြီး မနက်ဖြန် လဆန်း ၁ ရက်နေ့ ကျောင်းတက်မိပြန်မှာပါ"

ဟု ပြောပြီး ဥက္ကဋ္ဌမှ ၎င်း၏ဇနီးအား ညီလေးအတွက် တိုက်ပန်းကန်ပြား တစ်ချပ်ယူလာပေးဖို့ပြောပြီး ထမင်းဝိုင်းတွင် ဥက္ကဋ္ဌကြီးပါ (၃) ဦးသား ထမင်းကို ခေါင်းမဖော်တမ်းလွှေးကြပါတော့သည်။

ဥက္ကဋ္ဌကတော်က ဘေးကနေကြည့်ပြီး လိုအပ်သည့်ဟင်းကို ကြည့်လိုက်ပေးနေပါသည်။ ထို့နေ့က မှတ်မှတ်ရရဖြစ်ရတဲ့ဟင်းကတော့ ယာထဲက လတ်လတ်ဆတ်ဆတ်ခူးလာတဲ့ ဖရုံညွှန့်နှင့် ပြောင်းဖူးကို ဓားနှင့်လှီးရောချက်ထားသည့် ဟင်းချို့ပူပူနွေးနွေးလေးနှင့် ငရုတ်သီးထောင်းကဆီလေးမြူပ်နေအောင် ဆမ်းစား၊ တောထဲကရလာသည့်ခေသားကို အရည်ချိုချက်လေးနှင့် မြို့ကအိမ်မှာ ထက် ထမင်းမြိန်မြိန်ပွဲတော်တည်နေကြတဲ့ဖြစ်ရပ်ကလေးကို မမေ့နိုင်အောင်ပါပဲဗျာ။

ထမင်းစားပြီးတော့ ဥက္ကဋ္ဌအိမ်မှာ တောက်တို့မည်ရလာလုပ်ကိုင်ပေးနေကြတဲ့ ပျိုမဒီလေးသုံးယောက်က ထမင်းစားပွဲမှ သိမ်းဆည်းစရာများကို လာပြီး သိမ်းဆည်းပေးကြပြီး ဥက္ကဋ္ဌကတော်က ထမင်းစားပြီး အချိုတည်းရန်ဆိုပြီး နံးနုထန်းလျက်ကို နှမ်းဆီမွှေးမွှေးလေးနှစ်နေအောင်ဆမ်းထားတဲ့ပန်းကန်ရယ်၊ မြေပဲဆန်ကို ဆားနဲ့လှော်ထားတဲ့ မြေပဲလှော်ရယ်၊ သီးမွှေးငှက်ပျောသီးရယ်နှင့် နတ်သွဒ္ဓါအလားပါပဲဗျာ။ ရေနွေးကြမ်းလေးနဲ့ပေါ့။

အဲဒီမှာ စားရင်းသောက်ရင်း ဥက္ကဋ္ဌကြီးက စကားစလိုက်တာကတော့ -

"ဆရာလေးရေ၊ ကနေ့ လကွယ်နေ့နော်။ ဒီက ဆရာလေးညီလည်း ရွာကိုအလည်လိုက်လာပြီး မနက်ဖြန်မနက်မှပြန်မှာဆိုတော့ ကနေ့လကွယ်နေ့ညမှာ ထူးထူးဆန်းဆန်းလေးတွေကို ဆရာလေးတို့ ညီအစ်ကိုနှစ်ယောက်ကို ကျွေးလိုက်ပြမယ်"

ဟု ပြောလိုက်ပါသည်။

ကျွန်တော်တို့လည်း စားသောက်ပြီး နေ့ခင်း ကျောင်းတက်ချိန်ကျပြီမို့ ကျောင်းကို ခွီတက်ခဲ့ကြပါသည်။

ဒီလို့နှင့် နေ့ခင်းပိုင်း ကျောင်းတက်စာသင်၊ ညနေ လေးနာရီမှာ ကျောင်းဆင်းပြီး ရွာတောင်ဘက်ကချောင်းကို ရေချိုးဖို့ထွက်ခဲ့ကြပါသည်။ အဲဒီမှာ ဘာတွေ့လိုက်ရသလဲဆိုတော့ နေ့ခင်းက ဥက္ကဋ္ဌအိမ်မှာလာပြီး ထမင်းစားပွဲမှာလာသိမ်းဆည်းပေးတဲ့ မဒီလေးသုံးယောက် ရေအိုးကိုယ်စီရွက်လို့ ရေခပ်ပြန်အလာနှင့်တိုးပါလေရော။ အဲဒီသုံးယောက်မှာ တစ်ယောက်သောကလေးမလေးသည် အသားလေးက ဖြူဝင်းအိကာ ကိုယ်လုံးလေးကတော့ ငါးရံ့ကိုယ်လေးနှင့် မဆူမကြဲ မနိမ့်မမြင့်နှင့်ပေါ့။ မျက်နှာလေးလည်း ဝက်ခြံ၊ တင်းတိပ်ကင်းပြီး ပါးလေးနှစ်ဖက်က နီရောင်သွေးလေးပြေးနေ၏။ မျက်နှာက ဝိုင်းမလိုလေးနှင့် မျက်လုံးကလေးတွေက ကြည်လွှဲစူးတောက်နေ၏။ ဆံတောက်ကောက်ကလေးနှစ်ဖက်က နားရွက်နောက်နားဆီမှာ ကွေးညွတ်ကျနေရဲ့။ လည်တိုင်ကြော့လေးနှစ်ဖက်မှာတော့ အကြောစိမ်းလေးတွေပြေးနေလေရဲ့။

ဟာဗျာ - ကျွန်တော်မြို့ကျောင်းတက်နေတဲ့ အထက်တန်းကျောင်းသားကြီးမှာ ဒီမဒီလေးရဲ့ အလှကွန်ရက်မှာ ငြိတွယ်နေမိပြီး အာသာငမ်းငမ်းနှင့် မှင်တက်မိနေတုန်း ထိုမဒီအချောအလှ ဥမ္မာဒန္တီလေးကပဲ နှုတ်သွက်အာသွက် နှုတ်ခမ်းရဲရဲလေး နှစ်လွှာပွင့်ဟပြုံးပြပြီး-

"ဆရာလေးတို့ညီအစ်ကို ရေလာချိုးကြတာထင်တယ်။ သိပ်လည်းအကြာကြီးစိမ်မချိုးနဲ့နော်။ မြို့သားတွေဆိုတော့ မြို့မှာက စက်ရေတွင်းရေပဲချိုးကြတာ။ ဒီမှာက ချောင်းရေချိုးရမှာဆိုတော့ တော်နေကြာ ငှက်ဖျားတွေဘာတွေမိနေမှာစိုးလို့ ခပ်မြန်မြန်လေးချိုးကြစေချင်တယ်"

ဟု ပြုံးယောင်ပြုံးတုံ့နှင့်ပြောပြီး ကျွန်တော့်ကို နှုတ်ဆက်သလို အကြည့်စူးရဲရဲလေးကြည့်ပြီးပြုံးပြသွားတာ ခုနက အာသာငမ်းငမ်းနှင့် မှင်တက်မိနေခဲ့တဲ့ ဒီမောင်မှာ ဖော်မပြတတ်တဲ့ အချစ်ဝေဒနာက မကြေညာဘဲ ရင်ထဲအသည်းထဲကိန်းအောင်းသွားခဲ့မိပြီပေါ့ဗျာ။

အဲသလိုနှင့် ထိုမဒီချောလေးပြောပြခဲ့တဲ့အတိုင်း ချောင်းထဲအကြာကြီးစိမ်မနေကြတော့ဘဲ ခပ်မြန်မြန်ခပ်သွက်သွက်ပဲ ကြေးတွန်း၊ ဆပ်ပြာတိုက်ပြီး အမြန် ချိုးပြန်ခဲ့ကြရာမှာ လမ်းကျတော့ ရွာဝင်ခါနီး ရွာတံခါးဝမှာ အသားညိုစိမ့်စိမ့်နှင့် မျက်လုံးမျက်ဖန်ကောင်းကောင်း၊ လုံးကြီးပေါက်လှ လှကလျာလေးနှစ်ယောက်နှင့်တွေ့ပြန်ပါလေရော။

အဲဒီမှာ ချာတိတ်မက -

"ဟော - ဆရာလေးတို့ရေချိုးခဲ့ကြတယ်ထင်တယ်။ ညကျ ဒီက ဆရာ့ညီလေးပါခေါ်ခဲ့ပြီး ကျွန်မတို့အိမ်ရေနွေးသောက်အလည်ဖိတ်ပါတယ်ရှင့်"

ဟု ပြောလိုက်ရော အစ်ကိုတော် ဆရာလေးက -

"ဩော် - ဟုတ်ကဲ့၊ ဥက္ကဋ္ဌကြီးအိမ်က ညစာစားပြီးလာခဲ့ပါမယ်"

ဟု ပြောလိုက်ပါသည်။

ညကျ ဥက္ကဋ္ဌကြီးကို မဘယ်သူ့အိမ်က ရေနွေးသောက်ဖိတ်လို့ ကျွန်တော်တို့သွားလိုက်ပါဦးမယ်ဟုခွင့်ပန်ပြီး ထိုညီပြာညက်ကလေးအိမ်သို့သွားရောက်ခဲ့ကြပါသည်။

မသွားခင် ဥက္ကဋ္ဌကြီးက -

"ဆရာလေးတို့ သိပ်ညဉ့်မနက်ကြစေနဲ့နော်။ ကိုးနာရီလောက်ဆိုပြန်ခဲ့ကြ"

ဟု မှာလိုက်ပါသေးသည်။

သို့သော် ထိုညက အချိန်ကလည်းကောင်း၊ စကားကလည်းကောင်း ဘေးအိမ်နီးပါးချင်းက ပျိုမဒီလေးသုံးလေးယောက်နှင့်ပါ အဖွဲ့ကျလေဖောင်နေလိုက်မိကြတာကြောင့် ဆယ်နာရီကျမှပြန်လာခဲ့ကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဥက္ကဋ္ဌကြီးက ခြဲဝမှ ဆီးကြိုပြီး -

"ကိုင်း - ဆရာလေးတို့ညီအစ်ကို ခဏတစ်ဖြုတ် ကျောဆန့်ကြဦး။ ပြီးရင် အိပ်ချင်ပြေ အချဉ်သုပ်ကလေးနဲ့ ရေနွေးကြမ်းလေးလာသောက်ကြပေါ့။ ညောင်-ပြောမယ့်သာပြောရတာ ဆရာလေးတို့ညီအစ်ကို ရွာထဲကအပျိုချောလေးတွေနဲ့ လေဖောင်ပြီး ဗိုက်တင်းလာကြပြီမို့လား ဟဲ. . . ဟဲ"

ဟု ရယ်ပြီး ထွက်သွားပါသည်။

ဆယ့်ငါးမိနစ်ခန့် ကျောဆန့်ပြီး အစ်ကိုက -

"ညီလေးရေ၊ တို့ကို ဥက္ကဋ္ဌကြီးက ရေနွေးပွဲနဲ့စောင့်နေလိမ့်မယ်။ သွားကြရအောင်"

ဆိုပြီး နှစ်ယောက်သားထွက်လာကြပြီး ရေနွေးပွဲလည်းထိုင်ရော ဥက္ကဋ္ဌကြီးက စပြီးစကားဝလွင်ခဲ့ပြောတာက -

"နွေခင်းက ထမင်းစားပြီးတုန်းက အချိုတည်းနေတုန်း ကနေ့ည လကွယ်နေ့ညနော်။ ဆရာလေးတို့ကို ထူးထူးဆန်းဆန်းလေးတွေလိုက်ပြမယ်ပြောထားတာမှတ်မိလား။ အဲဒါ ရေနွေးကြမ်းတစ်အိုးကုန်လောက်ကျ သန်းခေါင်ရောက်လောက်ပါပြီ။ ရွာအပြင်ဘက် ကျုပ်တို့ထွက်ကြည့်ကြတာပေါ့"

ဟု ပြောပြီး အချိန်ကျတော့ ကျွန်တော်တို့သုံးဦး တိတ်တဆိတ် ရွာပြင်ကွင်းပြင်ကိုထွက်ခဲ့ကြပါသည်။

အဲဒီမှာ လကွယ်နေ့ညဆိုတော့ ပိုးစုန်းကြူလေးတွေကို ကောင်းကင်မနိမ့်မမြင့်မှာ ဝဲပျံလူးလာခေါက်တုံ့မီးရောင်လက်လက်ကလေးတွေကို မြင်လိုက်ကြရပါသည်။ အဆိုပါ မီးရောင်လက်လက်လေးတွေက ရွာပြင်သချိုင်းအနီးကနေ ပျံတက်လာကြပြီး ဝဲပျံနေကြတာကို အံ့သြဖွယ်ရာ တွေ့ကြရပါသည်။

ဒီထက် အံ့သြစရာကောင်းတာကို တွေ့လိုက်ရတာကတော့ အဆိုပါ မီးရောင်လက်လက်လေးများထဲမှ တစ်ခုနှစ်ခုလောက်က ကျွန်တော်တို့အနီးအထိ ရောက်လာတော့ လားလား - လူခေါင်းပြတ် (အမျိုးသမီးခေါင်း ဆံပင်ဖားလျားနှင့်) ကြီး။ ပါးစပ်က မီးတောက်မီးလှဲ့တွေ့မှုတ်ထုတ်နေသလိုမျိုး အံ့သြဘနန်း တစ်သက်နှင့်တစ်ကိုယ် ဒီတစ်ကြိမ်သာတွေ့ဖူးကြလေသော ကျွန်တော်တို့ညီအစ်ကို မှင်တက်မိငေးငိုင်နေတုန်း ဥက္ကဋ္ဌကြီးမှ -

"ကဲ - ဆရာလေးတော့ ခုနက အနီးကပ်မြင်လိုက်ကြပြီမို့လား။ အဲဒါ ပညာသည်မလေးတွေ။ လကွယ်နေ့ည ကျ ဘယ်လိုမှနေမရလို့ စုန်းတောက်စားကြတာပဲ"

ဟု ပြောပြီး ရွာဘက်သို့ ပြန်ထွက်လာကြပါသည်။

ညကျအိပ်လို့တောင်မပျော်ကြဘဲ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်မှာ ဘယ်ညာလူးလို့မှ်ရန်း အိပ်မပျော်သည့်အတူတူ ထထိုင်ကြပြီး နေ့ခင်းကနှင့် ညဦးယံက ပျိုမဒီလေးတွေနှင့်ပတ်သက်ပြီးစားမြဲပြန်ကြတော့ လားလား . . . ကျွန်တော်ဆိုတဲ့ ကျွန်တော်က ဖြူစင်ဝင်းမွတ် ပြစ်မှီးမဲ့မထင်ဥမွာဒန္ဓိအလှတစ်ပါးကို မြင်မြင်ချင်းပဲ ရင်ဝယ်စွဲငြိသွားရပြီဆိုတာကို ပြောပြတော့ အစ်ကိုတော်ကလည်း ရင်ဖွင့်ပါလေရော။ သူလည်းပဲ လုံးကြီးပေါက်လှ ညိုပြာညက်ကလေးနှင့် အိစလီဂွီစလီဖြစ်နေပြီဆိုတာ။

ဒီလိုနှင့် စကားထိုင်ပြောကြတာ နံနက်ခင်းလင်းကြက်တွန်သံကြားသဖြင့် လက်ပတ်နာရီကိုကြည့်လိုက်တော့ နံနက်လေးနာရီကျော်နေလေပြီ။

အဲဒါနှင့် -

"ကိုင်း - ညီလေးရေ၊ ခဏတစ်ဖြုတ်ကျောဆန့်ရင်းပျော်အောင်တစ်ရေးအိပ်လိုက်ကြဦးစို့"

ဆိုပြီး အိပ်လိုက်ကြတာ မနက်ကျ ဥက္ကဋ္ဌကြီးလာနှိုးမှသာနိုးကြရပြီး ဥက္ကဋ္ဌကြီးက -

"ညက တော်တော်နဲ့အိပ်မပျော်ကြဘူးထင်တယ်။ ကျုပ်တစ်ရေးနိုးတော့ ဆရာလေးတို့ညီအစ်ကိုစကားပြောနေသံတွေကြားတယ်"

ဟု ပြောတော့ -

"ဟုတ်တယ် ဥက္ကဋ္ဌကြီးရေ၊ မနက်လေးနာရီကျမှ တစ်မှေးဆိုအိပ်ပျော်သွားကြတာခင်ဗျ"

ဟု ပြော၍ မျက်နှာသစ်၊ သွားတိုက်၊ အဝတ်အစားလေးလဲကြပြီး ညီလေးကလည်း မြို့ကို ကျောင်းတက်အမီ ကိုးနာရီအရောက်ပြန်ရမှာမို့ ဥက္ကဋ္ဌကတော်စီစဉ်ထားသည့် နံနက်ခင်းစာ ကောက်ညင်းပေါင်း၊ နှမ်းလှော်ထောင်းဆားမြက်မြက်လေးနှင့် စားတော်ပဲပြုတ်နိုင်းချင်းထည့်၊ ဆုံဆီနှမ်းဆီမွှေးကလေးရွဲရွဲဆမ်းထားပေးပြီး ငါးရံ့ခြောက်ဖုတ်ကလေးပါပါတဲ့ နံနက်စာစာကို ခြဲထဲက နွားမကြီးသားပေါက်တာနှင့်ကြံုသဖြင့် ခြဲထွက်နွားနို့စစ်စစ်မလိုင်ပျစ်ပျစ်ကို ထန်းလျက်ဖြူခဲလေးနှင့်ဖျော်ထားသည့်နွားနို့ပူလေးသောက်ပြီး အားလားလား - မြို့က လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဝဲပလာတာ၊ စမူဆာသုပ်၊ ချိုပျစ်၊ ချိုဆိမ့်၊ ကျဆိမ့် စသည်တို့နှင့်မလဲနိုင်သည့် နံနက်ခင်းစာအချိုပွဲလေးကတော့ ကနေ့အထိမမေ့နိုင်စရာလေးပါပဲဗျာ။

အဲ - စားသောက်ပြီး ကျွန်တော်က မြို့ပြန်ဖို့ စက်ဘီးပေါ် အထုပ်ကလေးတင်ညှပ်ပြီး ဥက္ကဋ္ဌနှင့် ဥက္ကဋ္ဌကတော်ကို လှမ်းကြည့်ခိုက် -

"နောင်လည်း ပျင်းရင် အစ်ကို့ဆရာလေးနဲ့ ရွာအလည်လာခဲ့ဦးပေါ့ကွာ"

ဟု ဥက္ကဋ္ဌကပြောလိုက်တော့ အစ်ကိုလုပ်သူက -

"ဟာ - ဥက္ကဋ္ဌကြီး၊ ဒီကောင် နောက်မလာမှာမပူနဲ့၊ လာကိုလာမှာ အသေအချာ"

ဟု ပြောလိုက်တော့ ကျွန်တော့်မှာ အစ်ကိုဘယ်လိုအဓိပ္ပာယ်နှင့် ဒီစကားပြောတယ်ဆိုတာသိနေတော့ ရှက်အမ်းအမ်းနှင့် -

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်အားလပ်ရက်မှာလိုက်လာခဲ့ပါဦးမယ်"

ဟု ပြောပြီး ကျွန်တော်၏ ငယ်ကျင့်ဝသီအတိုင်း (ဆရာသမား၊ မိဘတို့ကသွန်သင်ထားခဲ့သည့်အတိုင်း) ဥက္ကဋ္ဌကြီးနှင့် သူဇနီးတို့ကို ရှိသေစွာ ရှိုးကန်တော့လိုက်တော့ ပေးလိုက်သည့် ဆုတွေပါဗျာ။ ဦးလေးသုံးကြိမ်ချရတာ နှင့်တောင်မကာပါဘူး။ မောင်မင်းကြီးသား ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အန္တရာယ်ကင်းဘေးရှင်းပါစေ၊ စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒမှန်သမျှ ကြဲသမျှ ပြည့်စုံပါစေဟုဆုပေးပြီး မိန်းမချောချောလေးနှင့်ရပါစေဟုထပ်ဆင့်ပေးလိုက်သည့် ဆုမွန်က ကျွန်တော့်ရင်မှာ ဖရဏာပီတိ ဂွမ်းဆီထိသလို သိန်းတစ်သောင်း ဆယ်ခါဆက်တိုက်ပေါက်တာထက်ကို ဝမ်းသာပီတိရင်မှာငြိပြီး မြို့ကို စက်ဘီးကလေးစီးပြီး တစ်လမ်းကြောင်းလုံး အတွေးရေလျှဉ်ကြောမျောပါပြီး မြို့ကို ဘယ်လိုကဘယ်လို ရောက်ချလာမှန်းတောင် မသိတော့ပါဘူးဗျာ။

မြို့ရောက်တော့ အဖြူအစိမ်းကျောင်းဝတ်စုံလဲ၊ အင်္ကျီနှေအချိန်ဇယားအတိုင်း စာအုပ်တွေလွယ်အိတ်မှာထည့်ပြီး ကျောင်းတော်ဆီကို ခြေမြန်တော်စီးလို့ ကျောင်းရောက်တော့ မနေ့က တနလ်းမှာ သင်ခဲ့တဲ့ သင်ခန်းစာတွေ သူငယ်ချင်းတွေက ကူညီရေးဆွဲပေးလို့ အဆင်ပြေသွားရပါသည်။

သူငယ်ချင်းတွေက -

"မင်း မနေ့က ကျောင်းမပျက်စဖူး

www.burmeseclassic.com

www.burmeseclassic.com

ပျက်တာလဲ။ ဘယ်သွားနေတာလဲ"

"ငါ အစ်ကိုနဲ့ သူတာဝန်ကျတဲ့ရွာ အလည်လိုက်သွားတာပါကွာ"

ဟု ပြုံးဖြီးဖြီးကြီးနှင့်လည်းပြော လိုက်ရော သူငယ်ချင်းတွေက -

"အောင်မာ- ဒီကောင်မျက်နှာကြီးက မှိုရတဲ့မျက်နှာကြီးနဲ့ ပြုံးဖြီးဖြီးကြီးဖြစ် နေလိုက်တာ။ သွားတွေ့အအေးပတ်ကုန် မယ်"

ဟု စနောက်လိုက်ကြသဖြင့် ကျွန်တော့်မှာ ရွာက ဖြူစင်ဝင်းမွတ် ကလီယိုပါထရာမလေးကို သွားသတိတရ ဖြစ်သွားရလေရဲ့။

■

အဲသလိုနှင့် ရာသီတွေပြောင်း လတပေါင်းရောက်၊ ဆယ်တန်းစာမေးပွဲ ကြီးကိုလည်း ကောင်းမွန်စွာဖြေနိုင်လိုက် ပါသည်။ ဒီနှစ် သေချာပေါက်အောင် မည်ဆိုတာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု အပြည့်နှင့်ပေါ့။ နွေရာသီကျောင်းပိတ် ရက် သင်္ကြန်ရက်မှာ အစ်ကိုနှင့် ရွာကို အလည်သွားဖြစ်ကြပြန်သည်။ ရွာမှာ အကြည်ဆိုက် အပျော်ခိုက်နေကြရင်း အခါသင်္ကြန်ကို တောမှာပဲကျလိုက်ကြ သည့် ကျွန်တော်တို့ညီအစ်ကို၏ အဖြစ် သနစ်က ရယ်စရာပင်ကောင်းသေး တော့၏။

နှစ်ဦးစလုံးက ပျိုမဒီချောလေး တွေကို ရင်ဖွင့်ကြတော့ မစွမ်းရင်းက လည်းရှိ၊ ကန့်စွန်းခင်းကလည်းငြိဆိုသလို တစ်ဦးနှင့်တစ်ဦး ရင်နှင့်အောင်ချစ်ကြတဲ့ ချစ်သူတွေဖြစ်သွားကြလေတော့ ဒီနှစ် သင်္ကြန်ဟာ ခါတိုင်းနှစ်တွေနှင့်မတူသည့် ပျော်စရာအကောင်းဆုံးခါသင်္ကြန်ကြီးပေါ့ လေ။

သင်္ကြန်ပြီး မြို့ပြန်လာ၊ ကျောင်း တွေပြန်ဖွင့်၊ အစ်ကိုတော်က ရွာကျောင်း ပြန်တက်၊ ကျွန်တော်က စာမေးပွဲအောင် စာရင်းစောင့်ရင်း မြို့မှာပဲ မိဘတွေ၏ အလုပ်ကူညီရင်းကျန်နေ၊ အောင်စာရင်း ထွက်တော့ ကျွန်တော် ဆယ်တန်း အောင်၏။ တက္ကသိုလ်ကောလိပ်က အနည်းဆုံး လေးနှစ်မှတွဲ့ရမှာမို့ ဝါသနာ လည်းပါတဲ့ ချောက်(ဂျီတီအိုင်)ကို သုံးနှစ် တက်၊ အင်ဂျင်နီယာ ဒီပလိုမာတွဲ့နှင့် ဆည်းမြောင်းဌာနမှာ လက်ထောက် အင်ဂျင်နီယာ(ဆည်ဗိုလ်)နှင့် အလုပ်ဝင် ရာ ကျွန်တော်က အခြားမြို့မှာကျတော့ ရွာက ချောလှကညာလေးကို လွမ်းဆွတ် သတိရတိုင်း ငှက်ခါးလေးတွေအခါခါနား ရင်း စာနှင့်ပဲဆက်သွယ် အလွမ်းသယ် ကြရပါသည်။ (ထိုခေတ်က ဖုန်းခေတ် မဟုတ်တော့) စာနဲ့ပဲဆက်သွယ်၊စာတိုက် နဲ့ ကြေးနန်းကိုပဲအားကိုးကြရတာ ဖြစ် ၏။

အဲ - တစ်ခုကျန်နေခဲ့တာက အစ်ကိုတော်ဟာ ကျွန်တော် ပထမနှစ် ဂျီအီအိုင်တက်တဲ့နှစ်မှာပဲ သူ့မဒီညီပြာ ညက်နှင့်အိမ်ထောင်ကျ။ နောက်နှစ်မှာ သားလေးတစ်ယောက်ရ။ ဒါပေမယ့် ချစ်လို့မှမဝခင် တစ်လသားလောက်မှာ မရဏသေမင်းနောက်လိုက်သွားရ၏။ မကြာမတင်မှာ ဒုတိယကိုယ်ဝန်နှင့် ဒုတိယသမီးလေးမွေး။ အဲသလိုပဲ တစ်လ သာ လူဘဝနေရပြီး သမီးလေးခမျာ လည်း မရဏရှင်သေမင်းကဆွဲခေါ်သွား သဖြင့် အစ်ကိုနှင့် မရီးတို့မှာ ညှိုးငယ် ပူလောင်သောကဝေနေကြတာ ဘေးက ကျွန်တော်တောင် မျက်ရည်ကျမိတဲ့ အဖြစ်ဆိုး။

ကျွန်တော် အငယ်တန်းအင်ဂျင်နီ ယာ(ဆည်ဗိုလ်)နှင့်အလုပ်ဝင်တဲ့နှစ်မှာပဲ ရွာက အချောအလှ ပန်ထွာဘုရင်မလေး နှင့် ကျွန်တော် ထိမ်းမြားလက်ထပ် စုလျားရစ်ပတ်နှောင်ဖွဲ့လိုက်ကြပါတော့ ၏။

ဒီအခါမှာ အပျော်ကြီးပျော်နေတဲ့ ကျွန်တော်တို့ ဇနီးမောင်နှံစုံနှင့်အတူ အစ်ကိုနှင့် မရီးတို့ကလည်း တတိယ ကိုယ်ဝန်ရပြန်ပြီဖြစ်တော့ ဒီတစ်ခါတော့ ဘယ်လိုအဖတ်တင်အောင်လုပ်ဆောင် ကြရမလဲ ဆိုတာ ကျွန်တော်နှင့် အစ်ကို တော်ခေါင်းထဲမှာအမြဲထည့်နေကြရ၏။

အဲသလိုနှင့် သျှောင်နောက်ဆံထုံး ပါဆိုသလို ကျွန်တော်၏ချစ်ဇနီးချော လေးကို ကျွန်တော်တာဝန်ကျတဲ့မြို့ကြီး ကိုခေါ် သွားပါသည်။ အဲဒီမှာ ကျွန်တော် လက်အောက် ဆည်မြောင်းလုပ်သား (မြောင်းလျှောက်) တစ်ဦးနှင့် ဟိုဟိုဒီဒီ စကားပြောကြရင်း အစ်ကို၏ဇနီးသည် ကလေးနှစ်ယောက် တစ်လစီသာခံပြီး ဘာရောဂါဘာလက္ခဏာမျှမပြပါဘဲနှင့် ဆုံးပါးသွားကြကြောင်း၊ ယခုလည်း တတိယကိုယ်ဝန်မရီးမှာဆောင်ထားနေ ပြီဖြစ်ကြောင်း၊ ဒီတစ်ခါတော့ ကျွန်တော့် တူလား၊ တူမလေးလား ဆိုတာကို အဖတ်တင်စေချင်ကြောင်းပြောပြတော့ ၎င်းမြောင်းလျှောက်က -

"ဟာ - ဗိုလ်ကြီး (ထိုခေတ်က ဆည်ဗိုလ်ကို ဤသို့ဤနယ်ပင်ခေါ်ကြပါ သည်။) အဲဒါ ဗိုလ်ကြီးမရီးမှာ နို့ဘီလူးရှိ နေလို့ ကလေးသေရတာ"

ဟု ပြောတော့ ကျွန်တော့်မှာ မကြားဖူးတာကြားလိုက်ရတော့ 'ဗျာ' ဟု ပင် အသံကျယ်ကြီးဟစ်ဖြစ်သွားသည်။

"ဟုတ်တယ် ဗိုလ်ကြီး၊ ကျွန်တော့် မိန်းမတုန်းကလည်း ကလေးအဖတ် မတင်ဘဲ (၁)လရှိသေ (၁)လရှိသေနဲ့ဖြစ် နေလို့ ပယောဂကုဆရာကြီးနဲ့တွေ့မှ ဘီလူးကိုဖမ်းပြီး ထုတ်ပေးလိုက်မှ ခုဆို ကျွန်တော့်မိန်းမ ကလေးခုနစ်ယောက် တောင်မွေးပြီပြီ။ ခုလည်း အဌမကိုယ်ဝန် နဲ့ဗျ"

ဟု အားပါးတရကြီးပြောတော့ ကျွန်တော်သည် ကျွန်တော့်မရီးမွေးလာ မည့်တတိယကလေးကို ဒီတစ်ခါတော့ ဖြင့် အဆိုပါဆရာကြီးနှင့်ပြကုသမှုပဲဟု စိတ်ထဲတေးမှတ်ထားလိုက်ပါသည်။

ဤလိုနှင့်ပင် နှစ်ဝက်ခန့်ရှိသော အခါ ကျွန်တော်၏ ဇနီးချောလှကညာ လေးရတနာရွှေကြွတ်တွင် သန္ဓေခ ကိုယ်ဝန်ဆောင်ရပါတော့သည်။ ထိုစဉ် မရီးမှ တတိယကလေးမွေးပြီဟော့ဟု အစ်ကိုက တယ်လီဖုန်း (ကြိုးဖုန်းသာရှိ) ဖြင့်ဆက်သဖြင့် မီးထွက်ပြီး သုံး၊ လေးရက် လောက်မှာ ပယောဂကုသော အဆိုပါ ဆရာကြီးခေါ်ပြီး အစ်ကိုနှင့် မရီးတို့ဆီ အရောက်သွားကြပါတော့၏။

ရောက်ရောက်ချင်းပင် ဆရာကြီး က ကလေးကိုကြည့်ပြီးသိနေပါတော့ သည်။ အနီကလေးသည် ယခင်ကလေး နှစ်ယောက်လိုပင် (၁)လရှိလျှင် ဘီလူး စားခံထိကာ သေမည်ဆိုသည်ကို။ ယခု တတိယကလေးကျ သေက်မပါ ရှင်က် ပါလို့ထင်ရဲ့။ ဆရာကြီးနှင့်တွေ့တော့ တစ်တုံးတစ်ခဲကြီးနှင့် ဖြူဖြူဖွေးဖွေး ချစ်စရာ ရေဆေးငါးကြီးလို သမီးချော လေးဟာ မျက်လုံးလေးကလယ်ကလယ် နှင့်ပေါ့။

အဲဒီအခါမှာ ဆရာကြီးက ကျွန်တော့်မရီးကို -

"ကလေးမ၊ သမီးလေးကို နို့တိုက် လိုက်စမ်း"

ဟု ပြောလိုက်ရာ မိခင်က နို့တိုက် သော်လည်း ကလေးက လုံးဝမစို့ဘဲ အတင်းတွန်းထိုး မျက်နှာလွဲနှင့် ဘယ်လို မှကိုတိုက်လို့မရပါ။ မိခင်မှာလည်း ကလေး က နို့မစို့သဖြင့် နို့အုံကြီးတွေဖောင်းကား တင်းရင်း နေတိုင်းညစ်ညစ်ထုတ်ပစ်ရ တာ အကြိမ်ကြိမ်။

ဆရာကြီးသည် နို့အုံး လုံးဝမထိ စေဘဲ လက်ဝါးနှစ်ဖက်ဖြင့် ဝိုက်ဝိုက်ဆွဲ ပြီးနောက် ဖတ်ခနဲဆုံ အဆိုပါ လက်ဝါး နှစ်ဖက်ကို လက်သီးဆုပ်လိုက်ပြီး -

"ကဲ-ကလေးမ၊ ညည်းသမီးလေး

www.burmeseclassic.com

www.burmeseclassic.com

ကို နို့တိုက်ကြည့်စမ်း"

ဟုမြောပြီး နို့တိုက်ခိုင်းလိုက်ရာ ကလေးမှာ ငတ်တဲ့နှင့် နို့နှစ်ဖက်စလုံး ပျော့သွားသည်အထိ တဝကြီးစို့ပြီးနောက် မောမောနှင့်အိပ်ပျော်သွားပါသည်။

ဒါနှင့် မိခင်က သမီးကလေးကို အောက်ချသိပ်ပေးပြီး ဆရာကြီးက -

"ညကျ ပွဲစုံနဲ့ကုမယ်၊ ပျောက်မှာပါ။ ဒီကလေးရော နောက်မွေးမယ့် ကလေးတွေပါ အသက်ရှင်ကြမှာပါ။ ခုက မိခင်နို့ထဲမှာ ဘီလူးကဝင်ရောက်ခိုကပ်နေပြီး ကလေးနို့စို့တဲ့အခါ ကလေးဝမ်းထဲရောက်သွားတော့ ကလေးကိုစားစားပစ်လို့ ကလေးအဖတ်မတင်ရတာပါ။ ကုပြီးရင် နောင်ကလေးဘယ်လောက်မွေးမွေး ဘီလူးစားမခံရတော့မှာမို့ ဝမ်းသာကြရမှာပါ"

ဟု ပြောပြီး ခုနက လက်သီးဆုပ်ကို မိခင်နို့နားကပ်ဖြန့်ချလိုက်ပါတော့သည်။

ညကျတော့ ငှက်ပျော (၃) ဖီး၊ အုန်းတစ်လုံးနှင့် ကန်တော့ပွဲ (၃) ပွဲ၊ ဆီမီး၊ အမွေးတိုင်၊ သပြေပန်း၊ လက်ဖက်၊ ကွမ်းယာတို့ဖြင့် ပိတ်ဖြူခင်းပွဲပြင်ပါတော့သည်။ ပွဲ (၃) ပွဲမှာ ဘုရားပွဲ၊ ဘိုးတော်ပွဲ၊ နတ်မင်းကြီး (၄) ပါးနှင့် မယ်တော်ပွဲပေါင်း (၃) ပွဲ ဖြစ်ပါသည်။ ညတွင် ပွဲစုံနှင့် ဆရာကြီးကုသတော့မည်ဆိုသဖြင့် ရွာထဲမှ ကလေး၊ လူကြီး အိမ်ပေါ်တွင် ပွတ်သိပ်ကျပ်ပြီး ကုပွဲကို လာရောက်ကြည့်ကြပါသည်။

ကုသရာတွင် ဆရာကြီးမှ လင်ယောကျ်ားကို ကုသဖို့အပ်ခိုင်းပါသည်။ ၎င်းနောက် နေ့ခင်းတုန်းကလို မိခင်နို့တိုက်ခိုင်းစေရာ ကလေးကမစို့ဘဲနေနေသည်ကို ဆရာကြီးက အထက်ပါအတိုင်း ဘီလူးကို လက်သီးဆုပ်ထဲဖမ်းဆုပ်ကိုင်ထားမှ ကလေးက နို့တဝကြီးစို့ပြီးတော့ ဘီလူးနှစ်ကောင်ကို နို့နှစ်ဖက်စလုံးမှာ ပြန်သွင်းထားလိုက်ပြီး အထက်ဘိုးတော်များ၊ နတ်မင်းကြီး၊ မယ်တော်များ၏ အကူအညီဖြင့် ကုပွဲဆက်လက်ဆောင်ရွက်ပါသည်။

ပရိသတ်ယုံကြည်အောင် ဆရာကြီးက မနောဖြင့်စေလိုက်သောအခါ မိခင်ရင်သားနှစ်ဖက်သည် ဝုန်းဒိုင်းကြဲအောင် ခုန်ပေါက်လှုပ်ယမ်းနေတာကိုကြည့်စေပြီး နို့ဘီလူး နို့ထဲမှာခိုကပ်နေ၍ဖြစ်ကြောင်း၊ ကလေးဝမ်းထဲ နို့နှင့်အတူဝင်ရောက်ကာ စားပစ်သဖြင့် ကလေးသေရကြောင်း၊ ယခု အဆိုပါ နို့ဘီလူးနှစ်ကောင်ကို ဖမ်းချုပ်လွှင့်ပစ်ရမည်ဖြစ်ကြောင်းပြော၍ ဘုရား၊ တရား၊ သံဃာ ရတနာတော်မြတ်သုံးပါးနှင့်တကွ အထက်ဘိုးတော်များဖြစ်ကြသော အဘဘိုးတော်အေး (ခေါ်)ဘိုးတော်စကြာမင်း၊ အဘဘိုးတော်ပြူး၊ အဘဘိုးတော်ပွင့်၊ အဘဘိုးတော်ဟန်၊ အဘဘိုးတော်အဖေကြီးဦးမြခင်တို့နှင့်တကွ ဓတရဋ္ဌ၊ ဝိရူဠကာ၊ ဝိရူပက္ခ၊ ကုဝေရ စသည့် နတ်မင်းကြီးလေးပါး၊ အမိအမေမိခင်သူရဿတီမယ်တော်မြတ်တို့၏ အမိန့်အာဏာတို့ဖြင့် အဆိုပါ နို့ဘီလူးအား မိခင်နို့ထဲမှ နုတ်ယူဖမ်းချုပ်ပြီး ပုလင်းတစ်လုံးထဲထည့်ကာ ဝေးရာလွှင့်ပစ်စေခဲ့ပြီး ကုသမှုပြုပေးခဲ့တာကို မျက်မြင်ကိုယ်တွေ့တွေ့ခဲ့ရပြီး ယခုဆို လျှင် မရီးတော်မှာ ကျား (၂)၊ မ (၃) ကလေး(၅)ယောက်ပင်ရှိနေကြပြီဖြစ်ပါသည်။

ဆက်လက် တင်ပြလိုသည်မှာ ကျွန်တော့်ချစ်ဇနီးချောလေးမှာ အထက်တွင် ဖော်ပြရေးသားပြီးခဲ့သလို ရတနာရွှေကြွေတ် နှုတ်ငုံဖူးမှာ လရင့်လာပြီဖြစ်ပါသည်။

ထိုအချိန် မမျှော်လင့်သောနေ့တစ်နေ့တွင် ကျွန်တော့်ရှုမငြီးချစ်ဇနီးမှ ကျွန်တော့်ကို မျက်ထောင့်နီကြီးနှင့် မျက်စောင်းထိုးကြည့်ပြီး နှုတ်မှလည်း ဟင်းဟင်းဟင်းဟင်းနှင့် ဟင်းချတက် ခေါက်နှင့် မကျေမနပ်ဖြစ်နေပုံမျိုးလုပ်ပြနေပါသည်။

ကိုယ်ဝန်ကလည်းရင့်မာနှင့် တစ်ခါမှလည်း ဒီလိုအပြုအမူမျိုးနှင့်မဆက်ဆံဘူးတော့ ကျွန်တော်ကြောင်ပြီးနေစဉ် ကျွန်တော့်မရီးကုသသည့်ဆရာကြီးကို အမှတ်ရပြီး အစ်ကို့ထံ အဆိုပါ ဆရာကြီးပင့်၍ ယခုချက်ချင်းလာခဲ့စေလိုကြောင်း ဖုန်းဖြင့်အကြောင်းကြားလိုက်ရာ ကားဖြင့် တစ်နာရီခွဲခန့်ရှိခဲ့နိုင်လာပြီး ဆရာကြီးက ကျွန်တော့်ဇနီးသည်အခြေအနေကိုကြည့်ပြီး -

"ဟုတ်ပါပြီ၊ ပျောက်မှာပါကွာ ဟုသာပြောပြီး ဘုရားငါးဆူပင့်၊ ဘိုးတော်ငါးဆူပင့်၊ နတ်မင်းကြီး (၄) ပါး နှင့်မယ်တော်တို့ပင့်ပြီး သောက်တော်ရေ (၁၅) ခွက်၊ ဖယောင်း (၁၅) တိုင်၊ အမွေးတိုင် (၁၅) တိုင် ထွန်းညှိ ပူဇော်သက္ကာရပြုပြီး ယခု(×××)နေ့သမီး တွင်စွဲကပ်နေသော အမှောင့်ပယောဂကင်းပျောက်စေမည့် ဆေးသိဒ္ဓိရေစင်များ ပေးသနားတော်မူပါရန် ရေတစ်ခွက်တွင် လက်စုံနှိက်၍မွှေပြီးထားပါသည်။ ကျွန်တော့် ဇနီးကို ဘုရားရှေ့တွင်နေစေပြီး ပညာသည်ကိုခေါ်သွင်းပြီး စစ်မေးရာတွင် သူမက ကျွန်တော့်ကို ကြိတ်ပြီးချစ်နေမိကြောင်း၊ ကျွန်တော်က ယခု မိန်းမ (၎င်း၏)သူငယ်ချင်း) ကိုယူလိုက်သဖြင့် သူမမှ ကြိမ်မီးအုံးသလို မခံမရပ်နိုင်ဖြစ်၍ ကျွန်တော့်ဇနီးကို သေအောင်လုပ်ပြီး ကျွန်တော့်ကိုယူဖို့ဖြစ်ကြောင်းပြောတော့ ဆရာကြီးက သူများလင်မယားကွဲအောင်လုပ်တာ သံသရာအဆက်ဆက်ဝဋ်လိုက်တတ်ကြောင်း၊ ယခုဘဝတွင်လည်း မကောင်းပါကြောင်း၊ ဒါကြောင့် လုပ်ထားတဲ့ပညာတွေအကုန်စင်အောင်သပ်ချယူသွားစေလိုကြောင်း ဆရာကြီးမှ မေတ္တာဖြင့်ပြောသောအခါ ကျွန်တော်၏ဇနီးလှကညာသည် ဘုရားဆောင်ရှေ့တွင်ကျောပေးလျက် ခြေဆင်းချလိုက်ပြီး ဦးခေါင်းမှ ခြေဖျားအထိ ၎င်း၏လက်ဝါးနှစ်ဖက်ဖြင့် အကြိမ်ကြိမ်သပ်ချပေးပြီး ဘုရားဘက်ပြန်လှည့်၍ ဆရာကြီးအား သူမလုပ်ထားသည့်ပညာတွေ အကုန်ထုတ်ပြီးပါပြီဟုပြောသဖြင့် ဆရာကြီးက ခုနကတောင်းထားသော သိဒ္ဓိရေစင်ကို သစ္စာဆိုစေလျက် ပညာအလှူခံပြီးသောက်စေလိုက်ပါသည်။

ရေစင်ကိုလည်းသောက်ပြီးရော ကျွန်တော်၏ ဇနီးသည်မှာ ဗုန်းခနဲ ဘုရားဆောင်ရှေ့ပစ်လဲကျသွားပါတော့သည်။ ဆရာကြီးက ရေစင်တစ်ခွက်တိုက်လိုက်တော့ အကောင်းပကတိ ချမ်းသာအတိ မိမွေးတိုင်းဖမွေးတိုင်းဖြစ်သွားပါတော့သည်။

သို့ဖြင့် ကျွန်တော့်မရီးနှင့် ဇနီးတို့သည် ကလေးငယ်ကိုယ်စီနှင့် ပျော်ရွှင်ချမ်းမြေ့စွာ ကျွန်တော်တို့ညီအစ်ကိုနှစ်ဦးနှင့်ပါ လေးယောက်သား တိုင်ပင်ကြပြီး ဆရာကြီးဆိုသူကို အိမ်သို့ပင့်ဖိတ်ကာ စားကောင်းသောက်ဖွယ်များကျွေးမွေးဧည့်ခံပြီး ပုဆိုးခွာ (၂)ကွင်း၊ တက်ထရွန်စ (၄) တောင် (၂)စ၊ ငွေတစ်ထောင် (ထိုခေတ်က ဆန်တစ်ပြည် (၂) ကျပ်ခေတ်ဖြစ်ပါသည်) တို့ကို ကန်တော့ပြီး လက်အုပ်လေးတွေချီလျက် ပျော်မဆုံးမော်မဆုံး အပြုံးကိုယ်စီဖြင့်။

သောကဗျာပါဒများကင်းဝေးကြပါစေ

အောင်မြတ်ခိုင် (ခုနှင့်ပြု)

(ရွှေရင်ကျော်ဆက်လက်ဦးညွှန့်ရှိန်အား ဤစာစုဖြင့် ကန်တော့ပန်ဆင်အပ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



အောင်မင်းနောင်

ခွေးကိုယ် လူခေါင်း သူအကြောင်း

အောက်တိုဘာလအကုန် နိုဝင်ဘာလဆန်းစသည် ဧရာဝတီတိုင်းဒေသကြီး၏အချို့နေရာများ၌ ကောက်ဦးများပေါ်ပြီး ကောက်သင်းရန်များလှိုင်နေပေပြီ။ ကောက်ဦးပေါ် ခိုန်တွင် စပါးစေ့ကောင်းသောကြောင့် လယ်သမားတို့ ဝီရိယကောင်းစွာ ကြိုးစား၍ ကောက်စောစပါးများကို ရိတ်သိမ်းခြွေလှေ့ရောင်းချနေကြလေသည်။ တန်ဆောင်မုန်းလသည်လည်း ထိန်ထိန်သာလျက် မိုးတိမ်ကင်းစင်ပြုနေသော ကောင်းကင်ကြီးပေါ်လွင်ထင်ရှားစွာသာလျက်ရှိနေပေသည်။

ထိန်ကုလားရွာသားတစ်ဦးဖြစ်သော ကိုဟင်နရီတစ်ယောက် ညနေမိုးချုပ်စအချိန်တွင် လိုအပ်သည်များကို ယူလျက် အိမ်မှထွက်လာခဲ့သည်။ (၁၀) ရက်နေ့လသည် ရွာလမ်းမပေါ်ကောင်းစွာ ဖြန့်ကြက်ထွန်းလင်းနေလေသည်။ ကိုဟင်နရီတစ်ယောက် အေးချမ်းသော ဆောင်းဦးလေပြည်ကို ခံစားရင်း ရွာပြင်သို့ထွက်လာခဲ့လေ၏။ သူဦးတည်သွားနေသောနေရာကား ရွာပြင်တွင်ရှိသော သချိုင်းသို့ဖြစ်ပါသည်။ ယနေ့သည် နိုဝင်ဘာ ၂ ရက်နေ့သည် ဖြစ်သည်။ နိုဝင်ဘာ ၁ ရက်နေ့သည် ခရစ်ယာန်ဘာသာဝင်တို့၏ သူတော်စင်များပွဲနေ့ဖြစ်ပြီး ၂ ရက်နေ့သည် ကွယ်လွန်သူများအတွက် သတိရအောက်မေ့သောနေ့ဖြစ်သည်။

ထို့ကြောင့် ကိုဟင်နရီတစ်ယောက် လွန်ခဲ့သော ဆယ်နှစ်တစ်ခုက ကွယ်လွန်သွားခဲ့ပြီးသော မိခင်အတွက် ထုံးတမ်းစဉ်လာအရ သတိရအောက်မေ့ခြင်းဖယောင်းတိုင်ထွန်းရန် ယခုကဲ့သို့ထွက်လာခြင်းဖြစ်လေသည်။ ရွာနှင့်အတန်လှမ်းသောသချိုင်းသို့ရောက်သောအခါ သက်တမ်းရင့်ကုတ္တိပင်ကြီးများ၏အုပ်ဆိုင်းထားမှုကြောင့် အမှောင်ထုကကြီးစိုးနေလေသည်။ အသင့်ပါလာသောဖုန်းမီးကို ဖွင့်ပြီး မိခင်၏ အုတ်ဂူရှိရာသို့ သူဝင်ရောက်သွားသည်။ မနေ့ကပင် သူကြိုတင်၍ မိခင်၏ အုတ်ဂူကို လာရောက် ရှင်းလင်း ဆေးသုတ်ထားပြီး ဖြစ်သည်။ မိခင်အုတ်ဂူ၏ခြေရင်းတွင် သူထိုင်လိုက်ပြီး အသင့်ပါလာသောဖယောင်းတိုင်များကို သူထွန်းညှိလိုက်သည်။ ပို့နေသောဖယောင်းတိုင်များကို အခြားသောအုတ်ဂူနှင့် မြေပုံများတွင် သူလိုက်လံထွန်းညှိသည်။ ပြီးမှ မိခင်ဖြစ်သူ၏အုတ်ဂူသို့ပြန်လာပြီး ရှိသေစွာ ဒူးထောက်လျက် မိခင်၏ ဝိညာဉ်နှင့် အခြားသော လင်းဘိုးအရပ်တွင်ရှိကုန်သောဝိညာဉ်များအတွက် ဆုတောင်းမေတ္တာပို့နေလေသည်။ (လင်းဘိုးဟူသည်မှာ ခရစ်ယာန်ဘာသာဝင်တို့၏ အယူအရ ဝိညာဉ်များကို သန့်စင်ရာအရပ် သို့မဟုတ် ဘုံတစ်ခု ဖြစ်သည်) နာရီဝက်သာသာ အချိန်ကုန်သွားသောအခါ ဟင်နရီတစ်ယောက် ဆုတောင်းမေတ္တာပို့ခြင်း ပြီးဆုံးလေပြီ။ မိတ်ထားသောမျက်လုံးအစုံကိုဖွင့်လိုက်လေသည်။ ဖယောင်းတိုင်မီးရောင်အောက်တွင် မိခင်ဖြစ်သူ၏ အမည်နှင့် အသက်၊ မွေးဖွားသောရက်စွဲနှင့် ခရစ်တော်၌ အိပ်ပျော်သောရက်စွဲတို့ကို သူဖတ်နေလိုက်မိသည်။

လွန်ခဲ့သော ဆယ်နှစ်သည် မိခင်ကိုချစ်သောသားတစ်ယောက်အဖို့ မနေတစ်နေ့ကလိုပင် ခံစားလိုက်ရသလို မျက်ဝန်းအိမ်မှပူနွေးနွေးမျက်ရည်ပေါက်များကစီးကျ၍လာလေသည်။ ကိုဟင်နရီတစ်ယောက် စိတ်ကိုထိန်းရင်း မိခင်၏ကမ္ဘည်းစာကျောက်ပြားကိုလက်ဖြင့်ပွတ်သပ်ရင်း ဒူးထောက်နေရာမှထလိုက်သည်။

ပြန်ရင်ပြန်လိုက်စဉ် မိမိ၏ စိတ်ထဲတွင် တစ်စုံတစ်ခုကို ခံစားလိုက်ရသည်။ မည်သို့ဖြစ်သည်ကိုမသိ မိမိကို တစ်စုံတစ်ဦးက ကြည့်နေသည်ဟု ခံစားနေရသည်။ ပတ်ဝန်းကျင်တွင်လည်း မိမိထွန်းထားသော ဖယောင်းတိုင်မီးအရောင်က ကောင်းစွာ ထွန်းလင်းနေသည်။ သူစိတ်တွင် သူကို ကြည့်နေသူအား ရှာဖွေကြည့်ချင်သလိုဖြစ်လာသည်။ ရွာနှင့်အလှမ်းကွာဝေးသော သချိုင်းအလယ်တွင် မိမိတစ်ယောက်တည်း ရောက်နေသည်ကို ပြန်စဉ်းစားမိသည်။ သို့သော်လည်း သိချင်စိတ်ကို မအားမရ။ မီးရောင်ဖြင့် လင်းနေသော ပတ်ဝန်းကျင်ကို သူလှည့်ပတ်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သုသာန်တစသချိုင်းတွင်းမှတွေ့ရသော နာနာဘာဝသည် မည်သည့်ဘုံသားဖြစ်လိမ့်မည်နည်း။ အထူးခြားဆုံးကား သူ့ကို တစ်နေရာရာတွင်တွေ့ဖူးသည်ဟု အဘယ်ကြောင့် ထင်နေရပါသနည်း။

ကိုဟင်နရီတစ်ယောက်စဉ်းစားရင်းပင် အိပ်မောကျ၍သွားပါတော့သည်။

တစ်ခုသော ညနေခင်းနေစောင်းခိုက်လေးဖြစ်သည်။ ကိုဟင်နရီတစ်ယောက် အဖော်မပါဘဲ တစ်ယောက်တည်း ရွာပြင်သို့လျှောက်လေသည်။ သူဘယ်အကြောင်းကြောင့်မသိသေးလည်း ရွာပြင်သချိုင်းဆီသို့ရောက်လာပြီး သချိုင်းအတွင်းသို့ ဝင်ရောက်သွားနေမိသည်။ သချိုင်းသခေါယ်သို့ရောက်

အမှောင်အတွင်းဝင်ရောက်ပျောက်ကွယ်သွားသော အမည်တပ်ရန်ခက်ခဲသည့် သတ္တဝါကြီးကို သူ့အာရုံထဲတွင် မြင်ယောင်ရင်း သချိုင်းအတွင်းမှ ထွက်ခွာလာပါတော့သည်။

နောက်ပိုင်းရက်တွေမှာလည်း ကိုယ့်အလုပ်နှင့်ကိုယ်ဆိုတော့ သတ္တဝါကြီးအကြောင်းကို သိပ်ပြီးမစဉ်းစားမိ။ သို့သော် ညည်းမအိပ်ခင် တစ်ခါတလေ စဉ်းစားကြည့်မိပါသည်။ အချိန် အခါမဟုတ်ဘဲ

ကိုဟင်နရီ သတိနှင့် ကိုယ်ကင်းလွတ်သွားတော့သည်။ မိမိတွေ့လိုက်သော မြင်ကွင်းကြောင့် ရပ်နေသောနေရာမှ ထွက်ပြေးရန်ပင် သတိမရတော့။ သူ့ကို ဝူးရဲသောအကြည့်ဖြင့်ကြည့်နေသော သူ၏မျက်နှာကိုသာ သေချာစွာကြည့်နေရင်း သတိလက်လွတ်ဖြစ်နေသည်။ သူအတွေးထဲတွင် ထိုသူကိုသူတွေ့ဖူးသည်။ မည်သူဖြစ်သည်ကို ပြန်စဉ်းစားနေမိ၏။ သို့သော် စဉ်းစား၍မရ။

ထိုမှ အသိကပြန်ဝင်လာတော့ သူ့အတွက် မေတ္တာပို့ဆုတောင်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

သောအခါ မြေပုံဟောင်းများကြားမှ တွေ့လိုက်ရသောမြင်ကွင်းကြောင့် သူထိတ်လန့်စွာအော်ဟစ်မိပါတော့သည်။

"အား. . . "

"သား ဟေ့ကောင် ဟင်နရီ ဘာဖြစ်တာလဲ"

"အင်ဟင် - ဘာဖြစ်လို့လဲ အပါး"

"ဟ - မင်းပဲ ခုနက ထအော်တာလေကွာ"

"ညော်-အင်း ကျွန်တော်အိပ်မက်နေတာ အပါး"

"ရေထသောက်လိုက်၊ မအိပ်ခင် ဘုရားရှိခိုးကွ"

"ဟုတ်"

ကိုဟင်နရီ ရေထသောက်ပြီး နာရီကိုကြည့်လိုက်တော့ မနက်သုံးနာရီ သာရှိသေးသည်။ သူအိပ်ရာထဲပြန်ဝင်လာပြီး ခုနကအိပ်မက်ကို ပြန်စဉ်းစားနေမိသည်။ ဒီအိပ်မက်နှင့်သူတစ်ခါက တွေ့ခဲ့သောမြင်ကွင်းသည် ဆက်စပ်မှုရှိရမည်ဟု သူတွေးနေမိ၏။ သူအိပ်မက်ထဲတွင်တွေ့ခဲ့ရသော အမွေးများပြောင်အောင်ရိတ်ပြီး သနပ်ခါးလိမ်း၊ ပန်းပန်ထားသော ကိုယ်တစ်ပိုင်းကို မြေကြီးထဲမြှုပ်ထားသည့်နွေးကြီးတစ်ကောင်ကိုပြန်မြင်ယောင်နေမိသည်။ အတွေးပေါင်းများစွာဖြင့် မိုးလင်းခါနီးမှပြန်လည်အိပ်ပျော်သွားလေတော့သည်။

"ဟင်နရီ ဟေ့ကောင် ထထ။ မင်းကို ဒီနေ့ မင်းသူငယ်ချင်းက ဖိတ်ထားတယ်ဆို"

"ဟာ - ဟုတ်သားပဲ အပါး။ ကျွန်တော့်ကို ဒီနေ့ မင်းသိုက်ရဲ့ကလေးမွေးမွေးနေ့ဖိတ်ထားတယ်။ နောက်တော့ မကျသေးပါဘူး။ ရေချိုးပြီးမှသွားလိုက်မယ်"

ဖခင်ဖြစ်သူနှိုးမှ သူနိုးလာပြီး သူငယ်ချင်းနေသောရွာသို့ ဆိုင်ကယ်ဖြင့် သွားလိုက်သည်။ သူရောက်တော့ နေပင်အတန်မြင့်နေပြီဖြစ်၍ မွေးနေ့ပွဲလာသောသူများက ရှင်းစပြုနေလေပြီ။ သူငယ်ချင်းက သူ့ကို နောက်ကျ၍ အပြစ်ပြောပြီး ဒီနေ့မပြန်ဘဲညအိပ်ရန်ပင်ပြောနေသည်။ သူကလည်း အလုပ်ပါးနေသောကြောင့် ဘာမှမပြောဘဲနေလိုက်ကာ လုပ်စရာရှိတာတွေကိုဝိုင်းလုပ်ပေးသည်။ ကိစ္စတွေအားလုံးပြီးကုန်တော့ နေ့ခင်း တစ်နာရီပင်ကျော်နေလေပြီ။ နောက်ဆုံး မိသားစုများနှင့် သူသာကျန်တော့သည်။ မင်းသိုက်တို့မိသားစုနှင့် သူက အတန်ပင် ရင်းနှီးခင်မင်သူများဖြစ်ကြလေသည်။ မင်းသိုက်၏ဖခင်နှင့် မိခင်တို့က သူ့ဖခင်သာကြောင်းမာကြောင်းနှင့် လုပ်ငန်းများအကြောင်းစသည့် ထွေရာလေးပါးအကြောင်းများကို ပြောဆိုမေးမြန်းနေကြပါသည်။ ကိုဟင်နရီတစ်ယောက်စကားပြောရင်း အာခြောက်လာသလိုရှိသဖြင့် အကြမ်းရည်တစ်ခွက်ကိုငဲ့ပြီးသောက်ရန်ပြင်လိုက်စဉ် နှုတ်ခမ်းဝသို့ရောက်နေသော အကြမ်းပန်းကန်လုံးလေးသည် လွတ်ကျ၍ သွားလေတော့သည်။

"ဟဟ - အို ဘယ်လိုဖြစ်ရတာလဲ ငါတူရယ်။ ရေနွေးပူလောင်ကုန်တော့မှာပဲ။ ကလေးမဟုတ်သူငယ်မဟုတ်ကွယ်"

"ကန်တော့ ကန်တော့ ဒွေးလေး ကျွန်တော်လက်. . . "

"မင်းစိတ်နဲ့မင်းကိုယ်မကပ်တော့ ဘူး မဟုတ်လား။ အဲဒါကြောင့် မင်းကို ပြောတာပေါ့။ ယူစရာရှိရင် မြန်မြန်ယူလိုက်ဆို။ အလကားပါ အမေရယ်။ ဒီကောင့်စိတ်တွေက ဖြူဖြူဝင်းဆီကိုပဲ အချိန်ပြည့်ရောက်နေတာ။ အပူလောင်တာတောင်နည်းသေးတယ်"

မိမိစကားမဆုံးမီ မင်းသိုက်က ဝင်ပြောလိုက်သဖြင့် ဟင်နရီခေါင်းငုံ့သွားသည်။

"မင်းကလည်း အဲဒီလိုတော့ မပြောပါနဲ့ကွာ။ ဒီမှာ ငါတူကြီးရှက်နေပြီဟဲ့"

မင်းသိုက်အဖေက ဝင်ပြောလိုက်သဖြင့် အားလုံးဝိုင်းရယ်ကြသဖြင့် သူပါလိုက်ရယ်မိလိုက်သော်လည်း သူမျက်လုံးတွေကတော့ မင်းသိုက်တို့အိမ် ဘုရားကျောင်းဆောင်အောက်မှ ချိတ်ဆွဲထားသော ကိုယ်တစ်ပိုင်းမာတ်ပုံကြီးကိုသာ အာရုံရောက်၍နေလေသည်။

"ဒွေးလေး စကားမစပ် ဟိုဓာတ်ပုံက ဘယ်သူပုံလဲ"

"ညော်-အဲဒါဒွေးလေးအဖေပေါ့။ ဓာတ်ပုံကဲ့ပျောက်နေတာ။ ဟိုတစ်လောက သေတ္တာရှင်းမှပြန်တွေ့လို့ မင်းသူငယ်ချင်း မြို့သွားတော့ပြန်ပြင်လာတာလေ။ ဘောင်ပါအပြီးအစီးကို နှစ်သောင်းကျော်တောင်ကျတယ်"

"ညော်"

သူ နောက်က ညော်ဟုဖြေလိုက်သော်လည်း စိတ်ကတော့ ထိုနေရာတွင် မရှိတော့။ သူတွေ့ခဲ့သော သချိုင်းတွင်းမှ သူကိုစူးရဲစွာကြည့်နေသောအကြည့်ပိုင်ရှင်ကို ယခုတစ်ခါထပ်မံတွေ့လိုက်ရပြန်လေပြီ။ အချိန်၊ နေရာနှင့် ပုံစံတွေပြောင်းသွားသော်လည်း သူ့အာရုံတွင်စွဲထင်ကျန်ရစ်နေသောပုံရိပ်ကား ပြောင်းလဲမှုတော့မရှိ။ သူညနေစောင်းတော့ပြန်လာခဲ့သည်။ ဒီညလည်း ဒီအတွေးတွေနှင့် အိပ်မက်ဆိုးတွေမမက်ရလေအောင် ဘုရားရှိခိုးအိပ်ရမည်ဟုတွေးရင်း. . . ။

■

ဟင်နရီတစ်ယောက် နေ့ခင်းနေ့လယ် အလုပ်နားရင်း တစ်ရေးတစ်မောအိပ်လိုက်၏။ သူနားစည်ကိုလာရောက်ရိုက်ခတ်လာသောအသံကြောင့် အိပ်တစ်ဝက်နိုးတစ်ဝက်ဖြစ်နေသည်။ ဒီအသံကို သူရင်းနှီးနေပြီးဖြစ်သည်။အဖေမိတ်ဆွေရသေ့ကြီး ဦးမောင်ကောက်ဖြစ်သည်။ ဦးမောင်ကောက်သည် ဘီလူးကျွန်းရွာထိပ်က စေတီလေးအနီးတွင် ကျောင်းဆောက်ပြီးတရားရှာနေသောသူဖြစ်၏။ ဝတ်ကြောင်ဘဝကတည်းက အဖေနှင့် ခင်သည်။ ယခုရသေ့ဘဝရောက်တော့ သူအတွက် ဆွမ်းဆန်စိမ်းကို အဖေက ဒကာခံသည်။ဆွမ်းဆန်အတွက် ဘယ်ကို မှသူအလျှံခံစရာမလို။ ခုသူဆွမ်းဆန်စိမ်းအလှူလာခံတာဖြစ်ရမည်။

"ဟင် - တောင်ရ၊ အဲဒီခေတ်ကရွာတိုင်းလိုလိုမှာ ပညာသည်ဆရာတွေရှိတတ်ချည်းပဲ။ ဒီတော့တတ်သည့်ပညာမနေသာကြတော့ ပညာတွေပြိုင်ကြတော့တာပေါ့။ မင်းတို့ထိန်ကွယ်လားရွာက ဆရာထိုလေးဆိုတာ နာမည်ကြီးပဲလေ။ ငါတို့ဘီလူးကျွန်းက ဆရာမောင်ရင်လေကွာ"

တပည့်တော်ကြားဖူးတယ်။ ဒါပေမယ့် သူတို့ပညာပြိုင်တာကိုတော့မကြားဘူး"

"ဟ - မပြိုင်ရှိရုံးလာကွ၊ ငါတို့ဘီလူးကျွန်းက ဆရာမောင်ရင် မင်းတို့ဆရာထိုလေးနဲ့ပြိုင်ကြတာ ကလေးတွေကောင်းလို့ မင်းတို့ဒုက္ခမရောက်တာကွ ငတင်ရ"

"ကြားဖူးရအောင် ပြောစမ်းပါဦး ရှင်ရသေ့ရယ်"

"အေး - မှတ်ထား၊ ငါတို့ရွာက ဆရာမောင်ရင်ရဲ့ပညာက ကြောက်စရာသိပ်ကောင်းတာ။ သူကပြိုင်တာက ဆရာထိုလေးကိုပဲ။ ဒါပေမယ့် သူကတိုက်တော့ ရွာကိုတိုက်တာပဲ။ သူဆိုချင်တာ ဆရာထိုလေးသာ ပညာရှင်ဆိုရင် သူရွာကိုသွေးနှိုင်ရမယ်ဆိုတဲ့သဘောပေါ့ကွာ။ သူလုပ်ရပ်က တော်တော်လေးကြောက်စရာကောင်းတာ

www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းဇင်(ရွှေနဝင်း) ရဲ့ ရုပ်ရှင်ရေးသရုပ်က အတွင်းအပြင်လိပ်ခေါင်းရောဂါ သတ်ပြဆင်ခြင်မှုယ်ရာများ

ယခုလတွင် စာဖတ်ပရိသတ်ကြီး အတွက် လိပ်ခေါင်းရောဂါကို တိုင်းရင်းဆေးဖြင့် ကာကွယ်ကုသနိုင်သော နည်းစနစ်များ၊ စာရှုသူများ အလွယ်တကူ မိမိတို့ကိုယ်တိုင် ရှာဖွေစုဆောင်းဖော်စပ်၍ လုပ်ကိုင်ကုသနိုင်သောနည်းစနစ်တို့ကို စေတနာထား၍ တင်ပြပေးပါမည်။

ဦးစွာပထမ မိမိတို့တွင် အတွင်းအပြင်လိပ်ခေါင်းရောဂါတစ်မျိုးမျိုး (သို့) နှစ်မျိုးစလုံးဖြစ်ပေါ်နေခဲ့ပြီဆိုလျှင် ၎င်းလိပ်ခေါင်းရောဂါနှင့် ယှဉ်တွဲ၍ ဖြစ်ပွားလာတတ်ကြသည့် အခြားသောဆင့်ပွားရောဂါများအကြောင်းကို သိထားရန် လိုအပ်ပါသည်။

သို့မဟုတ်ပါက အဖေတစ်ဒုသား တစ်ခုဟုဆိုတဲ့စကားပမာလို ဟိုရောဂါကတစ်ခု ဒီရောဂါကတစ်ခု တခြားစီဟုထင်မြင်နေပြီး ဆန့်စဉ်ရာကျည်ပွေ့လိုက် သည့်ကုသနည်းများဖြင့် ရွာလည်နေတတ်ကြပါသည်။ အကြောင်းမှာ လိပ်ခေါင်းရောဂါ ဖြစ်လာခဲ့ပြီဆိုလျှင် မလွဲမသွေခံစားရတတ်သောပူးတွဲရောဂါများမှာ -

၁။ အစာအိမ်တွင် လေပွခြင်း၊ လေဆို့၊ လေတက်ပြီးအစားအသောက် ပျက်ခြင်း၊ စားသောက်လည်း ပါစကင်းမီးကောင်းစွာမခြေနိုင်သဖြင့် အစာမကြေရောဂါကိုခံစားရတတ်ခြင်း၊ ယခင်ကစားသောက်နေကျဖြစ်သော အပူအစပ်စာ၊ အကြောတက်၊ အကြောတင်းစေတတ်သော မျှစ်၊ တညင်းသီး၊ ဆူးပုပ်ရွက်၊ ငါးသလောက် စသည်တို့စားသောက်မိလျှင် ညောင်းညာကိုက်ခဲမှုလွန်ကဲသဖြင့် နေထိုင်မကောင်းဖြစ်ခြင်း စသည့် အစာအိမ်နှင့် ပတ်သက်သော ပူးတွဲရောဂါလက္ခဏာများကို လိပ်ခေါင်းရောဂါဖြစ်နေသူများ ခံစားရတတ်ပါသည်။

၂။ လိပ်ခေါင်းရောဂါသည် သွေးယိုစီးမှုဖြစ်စဉ်များပြားခြင်းကြောင့် လှုန်လာများသည် သွေးအားနည်းပြီး နုံးခွေကာ ခြေညောင်းလက်သေဖြစ်၍ မောပန်းလွယ်ခြင်း၊ အားစိုက်အင်စိုက်အလုပ်မလုပ်နိုင်ခြင်း၊ အသားအရေဖြူဖတ်ဖြူရော်ဖြစ်နေတတ်ခြင်းတို့ကို တွေ့ကြုံခံစားနိုင်ပါသည်။

၃။ အထက်ပါနံပါတ်(၂)ပါရောဂါလက္ခဏာခံစားနေရသူသည် အထူးသဖြင့် အမျိုးသားများတွင် ယောကျ်ားအားနှင့်ပတ်သက်ပြီး ပန်းအားနည်းခြင်း၊ ပန်းသေ၊ ပန်းညှိုး၊ စိတ်သွားတိုင်းကိုယ် မပါဖြစ်လာပြီး အလိုလိုအားငယ် စိတ်ရှုပ်ထွေးမှုများပြားလာပြီး စိတ်ကျရောဂါဝေဒနာများကိုပါ ပူးတွဲ၍ဖြစ်လာတတ်သည်ကို တွေ့ရပါသည်။

များသောအားဖြင့် အသက် (၂၀) နှင့် (၄၀) ကြား လူလတ်ပိုင်းအရွယ်များတွင် အတွေ့ရများပါသည်။

ဤသည်ကို အရပ်စကားအရ ဒူလာ၊ ပန်းသေ၊ ပန်းညှိုးရောဂါဟု ခေါ်ဆိုသမုတ်ကြပါသည်။

အဓိကအားဖြင့် လိပ်ခေါင်းရောဂါအခြေခံကစပြီး နောက်ဆက်တွဲဖြစ်ပေါ်လာတတ်ကြသည့်ရောဂါများဖြစ်ပါသည်။

အမျိုးသမီးများသည်လည်း ထိုနည်းတူစွာ အိမ်ထောင်ရေးသုခကို မခံစားနိုင်ဘဲ မီးယပ်သွေးသားပါမှန်ကန်မှုမရှိကြဘဲ အားနည်းတတ်ပါသည်။ စာရေးသူ၏ ကိုယ်တွေ့အနေဖြင့် တင်ပြရလျှင်-

အသက်(၂၀)ဝန်းကျင်ယောကျ်ား လေးများတွင် ထိုလိပ်ခေါင်းသွေးပါရောဂါဖြစ်ပေါ်ခံစားနေလျှင် အာရုံထွေပြားအတွေးများ၍ မောပန်းနွမ်းနယ်လွယ်ကာ ခြေလက်မသယ်ချင်အောင် နုံးခွေနေတတ်ပြီး အိပ်မက်တွင် မကြာ

နော် မင်းနားထောင်ကြည့်။ လက္ခဏ်နေ့ညမှာ သချိုင်းကိုသွားပြီး ခွေးနက်ကြီး တစ်ကောင်ကို အမွေးတွေပြောင်အောင် ရိတ်ပြီးတော့ သနပ်ခါးလိမ်း၊ ပန်းပန်ပေးရတယ်။ ပြီးတာနဲ့ သချိုင်းအလယ်မှာ မြေကျင်းတူးပြီး အဲဒီခွေးကို ကိုယ်တစ်ပိုင်းမြှုပ်၊ တစ်ပိုင်းဖော်ထားရတယ်။ ခွေးရဲ့မျက်နှာကို မင်းတို့ရွာဘက်လှည့်ထားလိုက်တယ်ဆိုပဲ"

"အဲလိုလုပ်တော့ဘာဖြစ်တုန်း"

"ဟ - မင်းတို့ရွာ ကာလနာတိုက်တာပေါ့ဟ ငတင်ရ"

"ဟုတ်ပါပြီ၊ ခုနဇာတ်လမ်းပြန်ပြောစမ်းပါဦး"

"အေး- ဖြစ်ချင်တော့ နောက်နေ့မိုးလင်းတော့ မင်းတို့ရွာက နွားကျောင်းသားတွေ သချိုင်းထဲ နွားသွားကျောင်းတော့ ဆရာမောင်ရင်ရဲ့အစီအရင်ခွေးကြီးကိုသွားတွေ့တော့တာပဲဟေ့။ ရွာထဲပြန်လာပြီး လူကြီးတွေကိုပြောတော့ ဆရာထိုလေးနဲ့ ရွာကလူတွေသွားပြီး အဲဒီခွေးကို ငါတို့ဘီလူးကျွန်းရွာဘက်ကို ပြန်လှည့်ထားလိုက်တယ်ဆိုပဲ"

"ဒါနဲ့ ဘီလူးကျွန်းရွာ ကာလနာတိုက်ကောလား"

"ဟ-တိုက်မလားဟ။ ငါတို့ရွာက ဆရာကြီးက သူ့အစီအရင်သူနိုင်တာပဲဟာ"

ဟင်နရီ အိပ်နေရာမှ ဝုန်းခနဲထပြီး အဖေနှင့် ရသေ့ဦးမောင်ကောက်တို့ထံ အပြန်ရောက်လာပြီး -

"ဦးရသေ့ ခုနက ဆရာမောင်ရင်က ခုရှိသေးလား"

"ဟာ့ - ဒီအချိန်ထိရှိဦးမလားဟ ငတင့်သားရဲ့။ မနေ့က မင်းသွားတဲ့ခင်မောင့်မိန်းမ မြရီရဲ့အဖေဟာ ဆရာမောင်ရင်ပေါ့"

"ဟင် - ဒါဆို ဆရာကြီးမောင်ရင်က မင်းသိုက်ရဲ့အဘိုးပေါ့ ဟုတ်လားအဖေ"

"အေးပေါ့ဟ"

ဟင်နရီတစ်ယောက် ဘာကိုမှ မပြောတော။ သူအတွေးထဲကအဖြေရှာမရခဲ့သောပုစ္ဆာသည် ယခုရှင်းလင်းစွာပင် အဖြေရခဲ့လေပြီ။ မိမိတွေ့ခဲ့သော ခွေးခန္ဓာနှင့် လူခေါင်းသတ္တဝါ၏ နောက်ကြောင်းကို သူမည်သူကိုမျှမေးနေစရာလိုတော့မည် မဟုတ်ပါလား။ ကိုယ်ပြုသောက် ကိုယ့်ထံသို့သာပြန်လာသော ဗုဒ္ဓ၏အဆုံးအမနှင့် စိုက်သည့်အတိုင်း ရိတ်ကြရမည် ဟူသော ခရစ်တော်၏ စကားတော်တို့သည်ကား ခွေးအရှင်ဖြင့် အစီအရင်ပြုပညာပြိုင်ခဲ့သော လောကီပညာရှင်ကြီးတစ်ဦး၏ တမလွန်နောက်ကြောင်းကို သူစဉ်းစားရင်း. . . ။

အောင်မင်္ဂလာနောင်

(ကာယကံရှင်တို့၏ ကိုယ်သိကွာကို ငဲ့ကွက်သောအားဖြင့် အမည်နှင့် နေရပ်များကို လွှဲချိတ်ထားသည်။)

www.burmeseclassic.com

www.burmeseclassic.com

ခဏ သုက်လွတ်တတ်၍ ထိုသို့သုက်လွတ်ပြီးတိုင်း လူမှာနုံးခွေ၍ စိတ်မရွှင်ပျဘဲ စိတ်ကျရောဂါလက္ခဏာပါဝင်နေတတ်သည်ကို တွေ့ရတတ်ပါသည်။

အချို့ဆိုလျှင် စိတ်ရောဂါကို ဆရာဝန်များနှင့်ပြသ၍ ကုသမှုခံယူနေကြပါသော်လည်း ရောဂါမှာသက်သာမှုမရှိသည်ကိုတွေ့ရပြီး အခြေခံဖြစ်သော လိပ်ခေါင်းရောဂါကို နှိမ်နင်းအောင်ကုသပေးမှသာ ထိုရောဂါလက္ခဏာစုများသက်သာ ပျောက်ကင်းသွားကြသည်ကို အတော်များများတွေ့ကြုံခဲ့ရပါသည်။

တစ်ဖန် အသက် (၄၀) ကျော် အထက်လူကြီးပိုင်း၊ ယောကျ်ားကြီးများတွင် ထိုလိပ်ခေါင်းသွေးပါရောဂါခံစားနေရသူများတွင် အဓိကအနေဖြင့် ပရော့စတိတ်ရောင်ဆိုးကြောင့်ကြီးနေခြင်းပါတွဲဖြစ်တတ်ပြီး ပန်းသေ၊ ပန်းညှိုးဖြစ်နေတတ်သည်ကို တွေ့ရပါသည်။

ထို့ကြောင့် လိပ်ခေါင်းရောဂါအခြေခံဖြစ်ပေါ်ခံစားနေကြသူများတွင် အထက်ဖော်ပြပါ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့်ရောဂါလက္ခဏာများကို သိမှတ်ထားကြမည်ဆိုလျှင် အဓိကဖြစ်သောလိပ်ခေါင်းရောဂါကို ကုသပေးပြီးမှ ကျန်ပူးတွဲဖြစ်ပေါ် နေသောရောဂါများပါ သက်သာလာစေနိုင်သည်ကို ထပ်လောင်းသတိပေးတင်ပြလိုပါသည်။

၄။ မိုးလေဝသနှင့် မြင်းသရိုက် လိပ်ခေါင်းရောဂါ - 'ပွေး ပေါင်က မိုး တောင်ကဆို ပိုး ပရွက် အနူ လိပ်ခေါင်း မိုးဆိုလျှင်ကြွေသိတယ်ပ ဒင်း . . . ကဝိမှန်ပြောင်း' ဟု ဆိုသော စာချိုးလေးလို ရောဂါဝေဒနာကိုသိသာစွာခံစားရတတ်သည့် ရောဂါများထဲတွင် ပွေးကြီးနာရောဂါ၊ နူနာရောဂါနှင့် ဒူလာညောင်းကိုက်၊ မြင်းသရိုက်၊ လိပ်ခေါင်းရောဂါတို့သည် မိုးကလေးညိုလာပြီဟော့ဆိုလျှင် အခြားသူများထက် ထိုရောဂါရှင်များက သိသာစွာ ရောဂါဝေဒနာခံစားရတတ်သည့် မိုးလေဝသအခြေအနေထူးကိုသိရှိနိုင်ကြသည့် ပုဂ္ဂိုလ်များဖြစ်ကြောင်းကို ရှေးပညာရှင်များက ယခုလို စာချိုးခဲ့ခြင်းဖြစ်ပေသည်။

မိုးအုံ့၊ မိုးရွာလာလျှင် ဒူလာ၊ မြင်းသရိုက်၊ လိပ်ခေါင်းရောဂါသည်များသည် လွန်စွာညောင်းညာကိုက်ခဲလာပြီး နေမထိထိုင်မရဖြစ်တတ်ကြပြီး ခြေဖျားအေးကာ လွန်စွာနေရခက်ကြပါသည်။

ထို့ကြောင့် မိုးအုံ့၊ မိုးရွာလာလျှင် လိပ်ခေါင်းရောဂါသည်များသည် နွေးနွေးထွေးထွေးနေထိုင်ပြီး ခြေဖျားမအေးအောင် ဂရုစိုက်နေထိုင်သင့်ပါသည်။

၅။ မြင်းသရိုက် လိပ်ခေါင်းရောဂါနှင့် အညောင်းထိုင်များသောသူများသည် ဓမ္မ၊ သောက၊ အင်းဝ၊ ရာဇာကဲ့သို့ တကယ့်ရန်ဘက်များ ဖြစ်ပါသည်။

လိပ်ခေါင်းရောဂါအခံရှိသူများသည် အညောင်းထိုင်များသော လုပ်ငန်းများနှင့်မသင့်တော်ပါ။ နာရီဝက်ခန့်ထိုင်ပြီးခဲ့လျှင် ငါးမိနစ်ခန့်လမ်းလျှောက်လှုပ်ရှားပေးရန် အမြဲသတိပြု၍ လိုက်နာရန် လိုအပ်ပါသည်။

အကြောင်းမှာ အထိုင်များ၍ နှစ်နာရီ၊ သုံးနာရီကြာမြင့်ခဲ့သော် တင်ပါးကြွက်သားနှင့် စအိုပိုင်းဆိုင်ရာကြွက်သားအာရုံကြောများနှင့် သွေးပြန်ကြောလေးများတွင် သွေးပြန်သယ်ဆောင်မှုလုပ်ငန်းများ နှေးကွေးလာပြီး စအိုနှင့် လိပ်ခေါင်းတစ်ဝိုက်တွင် ရောင်ရမ်းမှုပိုမိုလာပြီး လိပ်ခေါင်းရောဂါကိုအခြေအနေဆိုးရွားစေပါသည်။

ထို့ကြောင့် မြင်းသရိုက်လိပ်ခေါင်းရောဂါအခံရှိသူများသည် နေ့စဉ်ပုံမှန်လေ့ကျင့်ခန်းလုပ်ခြင်းသည် ကောင်းမွန်မှန်ကန်သောနေထိုင်မှုအပြုအမူဖြစ်ပါသည်။

၆။ မြင်းသရိုက် လိပ်ခေါင်းရောဂါအခံရှိသူများသည် နေပူမီးပူအခံများခြင်းကို သတိပြုဆင်ခြင်ရန် လိုအပ်ပါသည်။

နေပူ၊ မီးပူခံများခဲ့လျှင် ခန္ဓာကိုယ်တွင်း အပူဓာတ်များ စုဝေးနေပြီး ကိုယ်တွင်းရောင်ရမ်းမှုကိုအားပေးစေပြီး လိပ်ခေါင်းသွေးယိုခြင်း၊ သွေးကျခြင်းများကို ဖြစ်ပေါ်စေပါသည်။

၇။ မြင်းသရိုက် လိပ်ခေါင်းရောဂါမျိုးရိုးရှိသောပုဂ္ဂိုလ်များတွင် (အဖေ၊ အမေ၊ အဘိုး၊ အဘွား) စသည်တို့တွင် မြင်းသရိုက်လိပ်ခေါင်းရောဂါဖြစ်ခဲ့ဖူးကြလျှင် သားသမီးများတွင် (၅၀)ရာခိုင်နှုန်းခန့် ရောဂါဗီဇအခံပါရှိနေတတ်ကြပါသည်။

ထို့ကြောင့် လိပ်ခေါင်းရောဂါမျိုးရိုးရှိသောသူများသည် အနေအထိုင်အစားအသောက်ကို အထူးဂရုပြုဆင်ခြင်မည်ဆိုလျှင် မြင်းသရိုက်လိပ်ခေါင်းရောဂါဖြစ်ပွားနိုင်ခြေကို လျော့ချနိုင်ပါသည်။

အထက်ပါ တင်ပြခဲ့သည်တို့မှာ မြင်းသရိုက် လိပ်ခေါင်းရောဂါဖြစ်ခဲ့ပြီဆိုလျှင် ၎င်းနှင့်အတူ ယှဉ်တွဲ၍ဖြစ်ပေါ်လာနိုင်သည့်ရောဂါလက္ခဏာများကို တင်ပြခဲ့ပြီးဖြစ်သဖြင့် ယခု မြင်းသရိုက်၊ လိပ်ခေါင်းရောဂါကို ကာကွယ်ကုသနိုင်သည့် တိုင်းရင်းဆေးနည်းစနစ်များကို ဆက်၍ ဖော်ပြပေးပါမည်။

■ မြင်းသရိုက် လိပ်ခေါင်းသွေးပါရောဂါ၊ သွေးတိတ်၊ သွေးထိန်းဆေး

လိပ်ခေါင်းသွေးယိုရောဂါရလာခဲ့ပြီဆိုလျှင် အမြန်ဆုံး သွေးယိုသွေးပါနေခြင်းကို ရပ်တန့်သွားအောင် ဦးစွာကုသပေးရန်လိုအပ်ပါသည်။ သွေးဆုံးရှုံးမှုများလာခဲ့လျှင် သွေးအားနည်းပြီး လူနာမှာဖြူဖပ်ဖြူရော်နှင့်အခြားသောဘေးထွက်ဆိုးကျိုးများဝင်လာနိုင်ပါသည်။

မြင်းသရိုက်၊ လိပ်ခေါင်း၊ သွေးပါရောဂါတွင် အကောင်းဆုံးသွေးထိန်းဆေးများမှာ -

(က) နန္တင်းမှန့်စစ်စစ်သန့်သန့် (၃)ကျပ်
ကံ့ကော်ဝတ်ဆံ (၂) ကျပ်
သိန္ဓောဆား (၁) ကျပ်
ဒိုပါရာသကြားခဲ (၃) ကျပ်

ဂင်းဆေး (၄) မျိုးကို အမှုန့်ပြု၍ သမအောင်ပြုလုပ်ပြီး လေလုံစွာထားပါ။ ဂင်းသွေးထိန်းဆေးကို တစ်နေ့ (၃) ကြိမ် ဆေးကော်ဖီလုန်း (၁) လုန်းကို မီးကင်းဂမုန်းရွက်ပြုတ်ရည်နှင့်တိုက်ပေးပါ။ သက်သာပျောက်ကင်းပါသည်။

(ခ) တိုင်းရင်းဆေးခန်းသုံး အပူငြိမ်းသွေးဆေးကို တစ်နေ့ (၃) ကြိမ် အုန်းစိမ်းနှအရည်ဖြင့်တိုက်ပါ။သွေးတိတ်သွားပါလိမ့်မည်။

(ဂ) မီးကင်းဂမုန်းရွက်ကို ရေနွေးဖြောင့်ပါးပါးလှီးပြီး ပုစွန်တုပ်လတ်လတ်ဆတ်ဆတ်ကို ပုစွန်ကျက်ရုံကင်ပြီး ကြက်သွန်နီပါးပါးလှီးထည့်ကာ သံပရာရည်ဆမ်း၍ သုပ်ပြီး ဓာတ်စာအနေဖြင့် ကျွေးပါ။

ဂင်းဖော်ပြပါနည်းစနစ်များသည် လက်တွေ့မြင်းသရိုက်လိပ်ခေါင်းသွေးယိုခြင်းကို ထိရောက်စွာပျောက်ကင်းစေပါသည်။

ကာလကြာရှည်စွာ လိပ်ခေါင်းသွေးပါရောဂါခံစားနေရသူများ သွေးအားနည်း၍ ဒူလာ၊ ပန်းသေရောဂါဖြစ်လာသော် သွေးအားလေ့ကျင့် အမြန်ပြန်လည်ပြည့်မစေသော ဆေးဓာတ်စာချက်နည်း

ပထမဦးစွာ လူတော်တော်များများတွင် တွေ့ကြုံရတတ်သော ဒူလာသွေး

www.burmeseclassic.com

www.burmeseclassic.com

ဝမ်းရောဂါနှင့် ၎င်းရောဂါနှင့်တွဲလျက်ဖြစ်ပေါ်တတ်သော အမျိုးသားပန်းအားနည်း၊ ပန်းသေး၊ ပန်းညိုးရောဂါသည်များအတွက် ဆီးဖြူသီးနှင့် ငါးရှဉ့်ကို ဆေးဟင်းလျာအဖြစ် ချက်စားစေခြင်းဖြစ်ပါသည်။

ဒူလာသွေးဝမ်းရောဂါနှင့်ပန်းအားနည်းရောဂါအတွက် အချို့က အလွယ်တကူ အထက်ပါဆေးဟင်းလျာကိုချက်စားပါဟုတိုက်တွန်းတတ်ကြသော်လည်း အမှန်တကယ် ဆေးစွမ်းထက်မြက်သည့် ဆေးဖက်ဝင်ဟင်းလျာတစ်ခွက်အဖြစ် စနစ်တကျချက်ပြုတတ်သူကနည်းလှပေသည်။

စနစ်တကျစီမံနိုင်မှ ဟင်းတစ်ခွက်ဆိုဆိုသလောက် ရောဂါကိုထိရောက်စွာ ပျောက်ကင်းသက်သာစေမည် ဖြစ်ပေသည်။ ၎င်းဆေးဟင်းလျာအတွက်သုံးသည့် ဆီးဖြူသီးသည် ဆီးဖြူသီးဖြစ်လျှင်ပြီးရောဆိုသည့်အနေဖြင့် တွေ့ကရာ ဆီးဖြူသီးကိုသုံး၍ မရပါ။ ဆီးဖြူသီးတွင် အစေ့ကြီးပြီး အသားနည်း အလုံးသေးသေးဆီးဖြူသီးမျိုးနှင့် အစေ့သေးအသားထူပြီး အလုံးကြီးသော ဆီးဖြူသီးမျိုးဟု (၂) မျိုးရှိပေရာ ထိုဆေးဟင်းလျာအတွက် အသုံးဝင်ဆေးစွမ်းထက်သည်မှာ အစေ့သေး အသားထူပြီး အလုံးကြီးသောဆီးဖြူသီးကိုသာ ရွေးချယ်၍ သုံးရပါမည်။

တစ်ဖန် ထိုဆီးဖြူသီးကိုလည်း ငါးရှဉ့်ဟင်းထဲ တစ်ခါတည်းတန်းထည့်၍ချက်ရခြင်းမျိုးမဟုတ်ဘဲ ၎င်းဆီးဖြူသီးကိုချက်မည့် ငါးရှဉ့်အလေးချိန်၏ (၄) ပုံ (၁) ပုံကို သေချာနှုးနပ်အောင် ရေဖြင့်ပြုတ်ပြီး အစေ့ထုတ်အနှစ်တိုက်ထားပြီး အသင့်လုပ်ထားပါ။

တစ်ဖန် ငါးရှဉ့်ကိုလည်း အရေခွံထူပြီး အရောင်မွဲခြောက်ခြောက် အခွဲခတ်များသည့် ငါးရှဉ့်မွဲမျိုးကိုမသုံးဘဲ အရေခွံပါးပြီး အရောင်နီဝါရောင်သန်းနေသည့်ငါးရှဉ့်ပါးနီမျိုးကိုသုံးရပေသည်။ ထိုငါးရှဉ့်မျိုးမှ ဝေဒနာရှင်များအတွက် လိုအပ်သောသွေးအားနှင့် ဆေးစွမ်းကို ပေးနိုင်စေပါသည်။

အထက်ပါအတိုင်း ဆေးဖက်ဝင်သော ငါးရှဉ့်ကိုရွေးချယ်ပြီးပါက သေချာစွာ ဆေးကြောတုံးတစ်ပြီး ဆား၊ နနွင်း၊ ငံပြာရည်ကောင်းကောင်းနှင့်နယ်၍ မိနစ် (၃၀) ခန့်နှပ်ထားပါ။ ပြီးလျှင် အနှစ်ပြုလုပ်ထားသော ဆီးဖြူသီးပြုတ်အနှစ်ကို ထိုဆား၊ နနွင်းနှပ်ထားသည့် ငါးရှဉ့်နှင့် သေချာစွာနယ်၍ နောက်နာရီဝက်ထပ်နှပ်ထားပါ။ ပြီးလျှင် ဆေးဟင်းလျာချက်မည့် ငါးရှဉ့်၏ (၅) ပုံ (၁) ပုံ ကြက်သွန်ဖြူကိုအခွံခွာ၍ ဓားပြားရိုက်ပြီးအသင့်လုပ်ထားပါ။

အထက်ပါ ဆေးဖက်များနှင့် သေချာစွာနှပ်ထားသောငါးရှဉ့်ကို နှမ်းဆီစစ်မွေးမွေး၊ နှမ်းဆီ (ဆီချေးနံ့မနံသည့် နှမ်းဆီ) ဖြင့် ထုံးစံအတိုင်း ငရုတ်၊ ကြက်သွန်နီထောင်းပြီးသားကို ဆီသတ်၍ ကြက်သွန်နီလိပ်လာသည့်အနေတွင် အထက်ပါငါးရှဉ့်အသားများကိုထည့်၍ မီးအေးအေးဖြင့် ငါးရှဉ့်အသားထဲ ဆေးအာနိသင်များဝင်သွားစေရန် သေချာစွာ ဆီသပ်ပေးပါ။ ငါးရှဉ့်အသားများလုံးပြီး ကျစ်လာသည့်အနေတွင် စောစောက ဓားပြားရိုက်ထားသော ကြက်သွန်ဖြူများကိုထည့်၍ မီးအေးအေးဖြင့် ကြက်သွန်ဖြူကျက်လာသည်အထိ ဆီသတ်ပေးပါ။

ထိုအဆင့်အထိပြီးသွားမှ ရေနွေးဆူဆူကို ငါးရှဉ့်အသားများမြုပ်ရုံထည့်ပြီး မီးအေးအေးနှင့်တစ်ရည်ခန်းချက်ပါ။ ပြီးလျှင် နောက်ထပ်ရေနွေးဆူဆူကို အရင်အတိုင်းထည့်၍ ၎င်းနည်းအတိုင်း (၃)ရေခန်းအောင်ချက်ပါ။ ထိုအခါ ငါးရှဉ့်အသားများသည် နူးနပ်၍ အရိုးကွာပြီးလာသည့်အနေတွင် ဆေးဟင်းလျာအိုးကို မီးဖိုမှချ၍ ထိုဆေးဟင်းလျာကို ဝေဒနာရှိများအား ပူပူနွေးနွေးတဝကြီး ကျွေးလိုက်ပါက ခံစားနေရသော ရောဂါဝေဒနာသည် သိသာစွာပျောက်ကင်း၍ အားအင်တိုးပွားလာမည်ကို လက်တွေ့သိမြင်ရပေမည်။

ဤနေရာတွင် စာရေးသူ သတိပေးချင်သည်မှာ ဆီးဖြူသီးနှင့် ငါးရှဉ့်ချက်စားပါဆိုပြီး ဖြစ်သလိုကြုံသလို ချက်စားသည့်ဟင်းသည် လုံးဝဆေးဖက်မဝင်သလို ရောဂါကို ထိရောက်အောင် ပျောက်ကင်းအောင်မစွမ်းဆောင်နိုင်ပါ။

ထို့ကြောင့် အရာရာတွင် ဆရာမပြနည်းမကျ ငါးပိဖုတ်တောင် ဆရာမပြလျှင် ပုံစံမကျ ဆိုသည့် စကားရပ်သည် ရွေးလူကြီးများအလကားထားခဲ့ခြင်း မဟုတ်ပါ။

အရာရာတွင် နည်းစနစ်ဆိုတာရှိပေသည်။ ထိုနည်းစနစ်အတိုင်းလုပ်ဆောင်ကြလျှင် ညွှန်းဆိုထားသည့် အတိုင်း အကျိုးကျေးဇူးကို ခံစားရပေသည်။ သို့မဟုတ်ပါက ဆီကုန်ဆန်ကုန်တာသာ အဖတ်တင်ပြီး ရောဂါကတော့ ပျောက်မည်မဟုတ်ပါ။

အထက်ဖော်ပြပါအတိုင်း ဆီးဖြူသီးနှင့် ငါးရှဉ့်ဆေးဖက်ဝင်ဟင်းလျာကို စနစ်တကျ ချက်ကျွေးလိုက်ပါက ဒူလာသွေးဝမ်းရောဂါနှင့် အမျိုးသားပန်းအားနည်း၊ ပန်းသေး၊ ပန်းညိုးရောဂါရှင်များ၊ ၎င်းဆေးဖက်ဝင်ဟင်းလျာကို (၃)ကြိမ်ထက်ပိုပြီးကျွေးစရာမလိုဘဲ ဝေါက်ခနဲထထိုင်လာပါလိမ့်မည်။

မြင်းသရိုက်လိပ်ခေါင်းရောဂါရှိသူများအတွက် အပူအပုပ် အညောင်းမိအကြောတက်ခြင်း၊ လိပ်ခေါင်းမန်းဝင်ရောင်ရမ်းခြင်းကို အထူးသက်သာစေသော မြင်းသရိုက်လိပ်ခေါင်းရောဂါရှင်များ အမြဲစွဲ၍ စားသုံးပေးနိုင်သည့် ဆေးနည်းတစ်ခုကို မေတ္တာလက်ဆောင်အဖြစ် ဖော်ပြပေးပါမည်။

အပူအပုပ်စင်အညောင်းပြေ အကြောလျော့ဝမ်းမှန်ဆေး

၁။ မန်ကျည်းနှစ်ကောင်းကောင်း (၁၀) ကျပ်
၂။ ထောပတ် (၅) ကျပ်
၃။ ပျားရည် (၁၀) ကျပ်
၄။ ပွေးကိုင်းမှန့် (၅) ကျပ်
၅။ ကြွေပုပ် (မီးဖုတ်ပြီးထည့်) (၁)ကျပ်
၆။ လိပ်ကျောက်ဆူး (မီးဖုတ်ပြီးထည့်) (၁) ကျပ်
၇။ ဆားလှော် (၂) ကျပ်
၈။ ချင်းခြောက်မှုန့် (၁) ကျပ်
၉။ သကြား (၁၀) ကျပ်

ငင်းဆေး (၉) မျိုးကို စုပေါင်း၍ မီးအေးအေးဖြင့် လက်ကော်ရအောင် ချက်ပြီး လေလုံစွာထားပါ။ ညစဉ် စားပွဲဇွန်းကြီး (၁) ဇွန်း (သို့) (၂) ဇွန်းခန့် ဝမ်းကို ချင့်ချိန်ပြီး ရေအေးဖြင့် ညစဉ်သောက်ပေးသွားပါက ဆီး၊ ဝမ်း၊ လေတို့ကောင်းမွန်စွာသက်စေပြီး အပူအညောင်းအပုပ်ဓာတ်များ ကင်းစင်လာပြီး မြင်းသရိုက်လိပ်ခေါင်းရောဂါမှာ သိသာစွာသက်သာလာမည်ဟု စေတနာတရားဖြင့် လက်တွေ့သုံး တိုင်းရင်းဆေးနည်းစနစ်အမှန်များကို အများပြည်သူအကျိုးများစေရန် ဖော်ထုတ်ကာတင်ပြလိုက်ပါသည်။

အညောင်း ဒူလာ၊ မြင်းသရိုက်၊ လိပ်ခေါင်းကင်းစင်၍ တိုင်းကျိုးပြည်ကျိုး မိသားစုအကျိုးကို သယ်ပိုးထမ်းရွက်နိုင်ကြပါစေ။

ဦးမင်းလင်း(ဧရာနဝင်း)

www.burmeseclassic.com

www.burmeseclassic.com

စျာန်လင်းထက်
(စာပေဗိမာန်ဝတ္ထုရှည်စာမူဆုရ)

ပြေးတမ်းလိုက်တမ်း

(ယခင်လမှအဆက်)

မြဝတီနယ်စပ်မြို့ကလေးသည် နှစ်ဖက်နိုင်ငံမှ ကုန်စည်ကူးသန်းရောင်းဝယ်သူများဖြင့် ပျားပန်းခတ်မျှစည်ကားနေပါသည်။ မြန်မာဘက်ကမ်းတံတားထိပ်မှ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ကိုကျော်စိုးလှိုင်တို့သားအဖနှင့် ဒီကေဘီအေဝိုလ်ကြီးတို့ လက်ဖက်ရည်သောက်နေကြသည်။ ထိုစဉ် အရပ်ဝတ်နှင့်တိုင်းရင်းသားတစ်ယောက် စားပွဲဘေးမှာလာရပ်၏။ ထိုသူက ဗိုလ်ကြီးကိုအလေးပြုလိုက်ပြီး -

"ဗိုလ်ကြီး၊ လေးစားပါတယ်။ ဗိုလ်ကြီးစုံစမ်းခိုင်းတာ သတင်းရလာပါတယ်"

"အေးအေး ထိုင်ပါဦး ပြော"

"ရန်ကုန်က ကျောက်ပွဲစားအောင်မြင့်ဆိုသူ မယ်ဆိုင်ဘက်ကူးလာပါတယ်။ မျက်နှာမှာ ဓားဒဏ်ရာသဲ့သဲ့နဲ့ ပါးမှာအစင်းကြောင်းရှိတယ်လေ"

ထိုသူစကားကြောင့် ကိုကျော်စိုးလှိုင်တို့သားအဖ အံ့အားသင့်သွားသည်။ အောင်မြင့်က ဂျင်လှမြင့်ဖြစ်နေပါလား။ ဒီကောင်နာမည်ပြောင်းထားသည်ထင်၏။

"ရှမ်းဘက်မှာ အရောင်းအဝယ်လုပ်ဖို့ စျေးစကားပြောတုန်း ရှမ်းသူဌေးက လူမိုက်တွေနဲ့ရင်ဖို့ စီစဉ်နေတာ ဒီကောင်ရိပ်မိသွားလို့ ဘားအံဘက်ကိုပြန်လစ်သွားပြီး အရောင်းအဝယ်မဖြစ်ဘူးတဲ့"

"ကဲ-ဗိုလ်ကျော်ဘယ်လိုသဘောရသလဲ။ ခင်ဗျားလည်းရောက်တုန်း ခဏနေဦးဗျာ"

"မနေတော့ဘူး ဗိုလ်ကြီး ကျွန်တော်တို့ ရန်ကုန်ကို အမြန်ဆင်းမယ်။ ဒီကောင့်ကို အလွတ်ပေးလို့မဖြစ်ဘူး။ ကျေးဇူးတင်ပါတယ် ဗိုလ်ကြီးရာ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဒီကောင် မြဝတီဘက်ရောက်လာရင်သာ ကျွန်တော့်ဆီအကြောင်းကြားပါ"

သူတို့သားအဖ ကားနှင့် ရန်ကုန်သို့ အမြန်ဆုံးလိုက်လာခဲ့ကြသည်။

■

ရွှေဘုံသာလမ်းအောက်ဘက်ရှိ ကျောက်ဝိုင်းများသည် သူအဖွဲ့နှင့်သူလှုပ်ရှားနေကြ၏။ကျောက်အစအနများ၊ အပွင့်လေးများသာ တစ်လက်ပြီးတစ်လက်အရောင်းအဝယ်လုပ်နေကြခြင်းဖြစ်သည်။ တကယ့် ကျောက်ကြီးများကသည်နေရာမှာ အရောင်းအဝယ်မလုပ်ကြ။ သူတို့သားအဖနှင့် အိုက်မြင့်တို့သုံးယောက် ထိုကျောက်ဝိုင်းမှာလက်ဖက်ရည်သောက်နေကြ၏။

"ဒီကောင် လက်မတင်လေးလွတ်သွားတယ်ကွာ တောက်"

"ပွဲစားအောင်မြင့်က လူလည်နော်လျင်လည်းလျင်တယ်။ လက်စသတ်တော့ ဒီကောင်က ငါ့ဆီက နီလာတစ်ပွင့်လိမ်သွားဖူးတဲ့ ဂျင်လှမြင့်ဆိုတဲ့ပွဲစားကိုး။ ဒီကောင်နာမည်အမျိုးမျိုးပြောင်းပြီးလိမ်နေပြီ"

"ကိုကျော်စိုးလှိုင်၊ ကျွန်တော်ထိုင်မယ်နော်"

"ဩော် - မာမွတ်၊ ထိုင်လေကွာ ဘယ်လိုလဲ အရောင်းအဝယ်ကောင်းရဲ့လား"

"အစ်ကို ကျွန်တော်နီလာအရိုင်းတစ်ပွင့်လိုချင်တယ်။ အစ်ကို့မှာရှိတယ်လို့ ကျွန်တော် သတင်းကြားတယ်။ ကျွန်တော်ကိုပေးစားပါ။ ကျွန်တော် အစ်ကိုသိချင်တဲ့သတင်းတစ်ပုဒ်ကိုပြောမယ်"

မာမွတ် ဆိုသော ကုလားသည် ရွှေဘုံသာလမ်း၏ ကျောက်လောက၊ ရွှေလောကတွင် ဂျင်ဖြစ်၏။ အစုံလုပ်သည်။ ခိုးရာပါပစ္စည်းကအစ ထုခွဲပေးသူဖြစ်သည်။

"ပြောပါဦးကွ၊ မင်းသတင်းက ဘာတဲ့လဲ"

"အစ်ကိုတို့ ပွဲစားအောင်မြင့်အကြောင်း စုံစမ်းနေတာ ကျွန်တော်သိတယ်လေ။ သူသတင်းကို မသိချင်ဘူးလား"

ကိုကျော်စိုးလှိုင်သည် လွယ်ထားသော လွယ်အိတ်ထဲမှ သံဘူးလေးကို ထုတ်လိုက်၏။ သံဘူးအတွင်းမှ ကပ်ခွာပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော ကွမ်းသီးလုံးအသေးစားခန့်ပြာမှိုင်းမှိုင်းနီလာအရိုင်းတစ်ပွင့်အား ထုတ်လိုက်၏။

"ဒါဘယ်လောက်တန်မယ်ထင်လဲ မာမွတ်"

"ငါးပုံးလောက်တော့ရမယ်ထင်တယ်"

မာမွတ်က နီလာအရိုင်းစအားမျက်တောင်မခတ်ကြည့်နေ၏။

"မင်း မဆိုးဘူးမာမွတ်၊ ငါ့ကို လေးပုံးပေး။ ကျန်တာရသလောက် မင်းယူကျေနပ်လား"

"အိုကေ အစ်ကို၊ အောင်မြင့်တို့ဟုတ်စွမ်နဲ့ပေါင်းပြီး မြစ်ကြီးနားကို တက်လိမ့်မယ်။ မနေ့က ဆိပ်ကမ်းသား လမ်းအိပ်မက်စိမ်းဘီယာဆိုင်အပေါ် ထပ်မှာ သူတို့ဘီယာသောက်ရင်း တိုင်ပင်နေတာကို ကျွန်တော်ကြားခဲ့တယ်။ ဒီကောင် သက်နိုင်တို့လောက်ကို စာဖွဲ့မှာမဟုတ်ဘူး။ အစ်ကိုပါလာပြီဆိုတာ သူသိနေတော့ ရန်ကုန်မှာမလှုပ်ရှားရဲတော့ဘူး။ ဒါကြောင့် မြစ်ကြီးနားက လောပန်တွေနဲ့ချိတ်ရှိတဲ့ ဟုတ်စွမ်ကိုသွားပေါင်းတာ။ ကဲ - အစ်ကိုကျေနပ်ပြီနော်။ နီလာစကျွန်တော့်ကိုပေး။ ညနေ ဗိုလ်ချုပ်စျေးကွက်ဝိုင်းမှာ ကျွန်တော်ငွေလာချေမယ်။ ကျေးဇူးပဲ အစ်ကိုရာ ဘိုင်ပြတ်နေတာနဲ့ အတော်ပဲ"

မာမွတ်သွက်လက်စွာထွက်သွား၏။

"အောင်မြင့် အောင်မြင့် မင်း ငါ့လက်က ပြေးမလွတ်ပါဘူးကွာ"

သူစကားသံကြောင့် အိုက်မြင့်တအားကိုးတကြီးကြည့်နေပါတော့သည်။

■

သက်နိုင်မန္တလေးကျောက်စိမ်းတန်းသို့ ပြန်ရောက်နေပါသည်။ ဘာပဲဖြစ်ဖြစ် မန္တလေးကျောက်ပွဲစားတန်းက ကျောက်စိမ်းလောကမှာ အချက်အချာကျသည် မဟုတ်လား။ အရည်ကောင်းကောင်း ထောင်ကျောက်မျိုးအရောင်းဝယ်ဖြစ်သည့်သတင်းသည် သိုးသိုးသန့်သန့် ထွက်ပေါ်လာတတ်ပါသည်။ ထိုအခါ ကျောက်လောကသားတွေကလည်း မစားရဝခမန်း ထိုသတင်းမျိုးကိုပြောကြဆိုကြ၏။ လိမ်သွားလျှင်လည်း သတင်းက ပြန့်ပြီးထွက်လာတတ်သည်။ သည်တော့သူ မန္တလေးမှာအထိုင်ချ၍ ပွဲစားအောင်မြင့်အကြောင်း စုံစမ်းတော့မည်။ ရန်ကုန်မှာ ကိုကျော်စိုးလှိုင်နှင့်အိုက်မြင့်တို့ရှိနေ၍ ရန်ကုန်ခွင်ကို သူစိတ်မပူတော့။ ကိုကျော်စိုးလှိုင်၏လက်စသတ်နှင့် အပေါင်းအသင်းအဆက်အသွယ်ကိုလည်း သက်နိုင် သိတန်သလောက်သိသည်။ ကျောက်စိမ်းက တကယ်တမ်းရောင်းမည်ဆိုလျှင် တရုတ်ဝယ်လက်က အဓိကဖြစ်သည်။ ရန်ကုန်မှာက ဘယ်လိုရောင်းဝယ်ပြီး ဘယ်လိုထုတ်နေကြသည်ကို သူမသိပါ။ နိုင်ငံခြားသို့ခိုးထုတ်ဖို့က လေယာဉ်လမ်းနှင့် သင်္ဘောလမ်းသာရှိသည်။ မြဝတီနယ်စပ်ဖြတ်ဖို့က ထိုင်းဘက်မှဖြတ်ခုတ်သည့်ဂိုဏ်းတွေရှိနေကြသည်မဟုတ်လား။

"သက်နိုင်၊ မင်း ဒီကျောက်ထုပ်ကို (၈၂) လမ်းနဲ့ (၂၆) လမ်း၊ (၂၇) လမ်းကြားက လော်ပန်ဦးလျှောင်စိန်းကိုသိတယ်မဟုတ်လား။ ငါကပို့ခိုင်းတယ်လို့ပြောလိုက်။ ရော့ ဒီမှာ မင်းအတွက် ပို့ခတစ်သောင်း၊ လော်ပန်က မုန့်ဖိုးပေးရင်တော့ မင်းကုသိုလ်ကံပဲ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်ပို့ပေးပါ့မယ် စိတ်ချနေပါ"

"မင်းကိုယုံလို့ခိုင်းတာပါ။ ဒါနဲ့ ရန်ကုန်က ကျောက်သမားတွေမန္တလေးကို တက်လာမယ်ကြားတယ်။ ဒီကောင်တွေလည်းကွာ ငါတို့ကကြည့်ချင်ပါတယ်ဆိုတာတောင် မပြချင်ပါဘူး။ ကြီးကျယ်နေလိုက်ကြတာ မြစ်ကြီးနားမှာသွားပြမှာတဲ့။ မန္တလေးမှာလည်း ဝယ်နိုင်တဲ့လော်ပန်တွေအများကြီးပါ"

"ဘာကျောက်တွေလဲ ဆရာ"

"အစိမ်းပေါ့ကွာ အရည်တုံးမို့လို့ ဒီကောင်တွေ လေကျယ်နေတာ။ ဒါမျိုးကလည်း ရခဲသားကွ ကဲကဲ-သွားတော့"

ထိုသတင်းက သက်နိုင်အတွက် အရေးကြီးနေပါသည်။ သူတို့ လောကဋ္ဌ အရည်တုံးသည် တစ်ခါတစ်ရံမှသာ ထွက်ပေါ်လာတတ်သည်မဟုတ်လား။ နောက်ပြီး ဖားကန့်၊ လုံးခင်၊ ကသာ အောက်ရန်ကုန်သို့ ဆင်းတတ်သည်။ အခုဟာက ရန်ကုန်က မြစ်ကြီးနားမှာသွားပြမှာဆိုတော့ ပွဲစားအောင်မြင့်တို့အုပ်စုဖြစ်ဖို့များနေသည်။ သူလော်ပန်ဆိပစ္စည်းအမြန်ပို့သည်။လော်ပန်က ပစ္စည်းကို စစ်ကြည့်ပြီးကျေနပ်သွား၍ မုန့်ဖိုးငွေနှစ်သောင်းပေးသည်။ သူစကားစလိုက်၏။

"လော်ပန်ကြီး၊ ရန်ကုန်ကပွဲလာတွေ အရည်ကျောက်တစ်လုံးငါ့လာတယ်လို့ သတင်းကြားရတယ်။ လော်ပန်ကြီးဆီလာမပြကြဘူးလား"

"အေး - ငါပြည်းကြားတယ်။ ရန်ကုန်က ဗိုလ်ချုပ်စျေးပွဲစားလေ။

www.burmeseclassic.com

www.burmeseclassic.com

ပိုင်ရှင်လည်းပါလာတယ်။ သူတို့က မြစ်ကြီးနားလော်ပန်မှ အထင်ကြီးတယ် ထင်ပါတယ်ကွာ။ ငါကမန္တလေးမှာကျောက် ကောင်းဝင်လာရင် သတင်းအရင်သိ တယ်။ ပိုင်ရှင်က ဒီလောက်မဟုတ်ပါဘူး ကွာ၊ ပွဲစားကခြယ်လှယ်နေတာပါ။ ဟုတ်စွမ်ဆိုတဲ့ကောင်ကွ၊ သက်မောင် မောင်ဆိုတာက ပိုင်ရှင်တဲ့"

"လော်ပန်ကြီး၊သူတို့ကိုတွေ့လိုက် ရလို့လား"

"တွေ့ပါ့၊ မနေ့ညက ကျုံးထဲက ရေပေါ်စားသောက်ဆိုင်မှာတွေ့တာ"

သက်နိုင်တွေသွားပါသည်။ သူသိ သည်က အောင်မြင့်။ ယခုကြားနေရ သည်က သက်မောင်မောင်တဲ့။ လူများ မှားနေသည်လားမသိ။

"အဲဒီပိုင်ရှင်ပုံသဏ္ဌာန်ဘယ်လိုလဲ လော်ပန်ကြီး"

"ဟား ဟား ဟား - သက်နိုင်က တော်တော်စိတ်ဝင်စားနေတာပဲ။ ဘာလဲ မင်းနဲ့ခိုက်ရှိလို့ မြစ်ကြီးနားကိုလိုက်သွား ပြီး ဘော်ဒါကြေးတောင်းမလို့လား။ ဒီကောင်က လူလည်ကွ။ အသားဖြူဖြူ အရပ်ရှည်ရှည်၊ မျက်နှာမှာ မားဒဏ်ရာ အစင်းကြီးနဲ့။ အဲဒီဒဏ်ရာကလည်း ဖျံကျသွားလို့ ခဲတံချွန်တဲ့ဓားနဲ့ဖြတ်လိုး သွားတာတဲ့"

ထိုက် - သေချာပြီ ဒီကောင်မွဲစား အောင်မြင့် နာမည်ပြောင်းထားတာ။ ဒီ ကောင်တွေ မြစ်ကြီးနားရထားနဲ့တက်မှာ ပဲ အမြန်ဘူတာကြီးကိုလိုက်မှ။

"သွားဦးမယ် လော်ပန်ကြီး ကျေးဇူးပါ"

လော်ပန်ကြီးက သူ့ကိုအံ့ဩသလို ကြည့်ပြီး ကျန်ရစ်ခဲ့သည်။

■

မန္တလေးဘူတာကြီးရောက်တော့ မြစ်ကြီးနား အထူးအဆန်းထွက်ဖို့ (၁၅) မိနစ်သာလိုတော့သည်။ လက်မှတ်စစ် နေသည့်ဂိတ်ဝမှာ အသိတစ်ယောက်ကို ရှာမလို့ပါဟု တောင်းပန်ပြီး ဘူတာစင်္ကြံ သို့ဝင်ခဲ့ရသည်။ တွဲအမှတ်တစ်မှစ၍ တစ်တွဲပြီးတစ်တွဲကြည့်လာရင်း အထူး တန်းအိပ်ခန်းတွဲအရောက် ရထားစက် ခေါင်းကြီးက 'ဘူးဘော်' ဟု အသံပေး ပါတော့သည်။ စက်ခေါင်းကြီးရွေ့က မီးပွိုင့်သည် အစိမ်းရောင်ပြနေ၏။ နောက်ဘက် ဂါတ်ဗိုလ်တွဲမှဂါတ်ဗိုလ်ကြီး က အလံစိမ်းအားထောင်ပြနေပါသည်။ ဂျိမ်းဒလိမ်းဟူသောအသံနှင့်အတူ ရထား တွဲကြီးက စ၍လှုပ်သည်။ သူအထူးတန်း အိပ်ခန်းတွဲပေါ် အမြန်တက်သည်။

"ကိုယ့်ဆရာ ဒါ အထူးတန်းအိပ် ခန်းတွဲပါ။ လက်မှတ်ပါလားပြပါ"

တွဲစောင့်က လှမ်းမေးသည်။

"ကျွန်တော့်အသိတစ်ယောက်ကို လိုက်ရှာနေတာ အရေးကြီးတာမှာမလို့ ပါ"

သူပြောရင်း တစ်ခန်းပြီးတစ်ခန်း လိုက်ကြည့်သည်။ အိမ်သာနားကပ် လျက် အခန်းရောက်တော့ သူအသံ ကြောင့် ပြတင်းပေါက်မှ အပြင်ဘက်သို့ ငေးကြည့်နေသော အောင်မြင့်လှည့် ကြည့်သည်။

"ဟာ သက်နိုင် ပြဿနာပဲ။ တိုး ကြီး၊ အဲဒီကောင်ကိုအခန်းထဲမဝင်စေနဲ့"

စားပွဲအောင်မြင့်အလန့်တကြားဖြစ် သွားပြီး သူအနားမှာထိုင်နေသော လက် မောင်းမှာ အရုပ်တွေထိုးထားသောသူ ကို လှမ်းအော်သည်။ ဧကန္တ အောင်မြင့် လူမိုက်တစ်ကောင်အား အဖော်ခေါ်လာ တာဖြစ်ရမည်။ တိုးကြီးဆိုသူက ရုတ်တ ရက်ထလာပြီး တံခါးကိုခြေနှင့်ကန်ပြီး ပိတ်လိုက်သည်။ ရထားကြီးက တဖြည်း ဖြည်းမြန်လာ၏။ သူတံခါးကိုတဒုန်းဒုန်း ထုပြီးအော်နေသောကြောင့် တွဲစောင့် ပြေးလာသည်။ ဟိုဘက်တွဲမှ ရထားရဲ ကလည်း အထူးတန်းအိပ်ခန်းတွဲထဲမှာ သက်နိုင်ရုတ်ရုတ်သဲသဲလုပ်နေသည်ကို တွေ့သွားပြီး သည်ဘက်တွဲသို့ကူးလာ သည်။

ထိုစဉ် ရထားကြီးအရှိန်နှေးသွား သည်။ မြို့ဟောင်းဘူတာကို ဖြတ်ကျော် နေ၍ဖြစ်သည်။ သက်နိုင်ရထားပေါ်မှာ ဆက်နေလျှင် အဖမ်းခံရတော့မည်။ သူ အမြန်ဆုံး ရထားပေါ်မှ ခုန်ဆင်းလိုက် သည်။ ပြီးနောက် ရထားလမ်းဘေးစေး ဆိုင်တန်းများကိုဖြတ်ပြီး ကိုယီယောင် ဖျောက်ရတော့၏။ နေနှင့်ဦးပေါ် အောင်မြင့်ရယ် ငါမြစ်ကြီးနားကိုလိုက်ခဲ့ မယ်။ မင်းပြေးလို့မလွတ်ပါဘူး။ မြစ်ကြီး နားအဆန်ရထားကြီးက တဂျွတ်ဂျွတ် အသံပေးရင်း ဝေး၍ဝေး၍သွားပါတော့ သည်။သက်နိုင်တောက်တခေါက်ခေါက် ဖြင့် ကျန်ရစ်ခဲ့၏။ နောက်တစ်နေ့တွင် သက်နိုင် မြစ်ကြီးနားရထားလက်မှတ် အားရအောင်ဝယ်၍ ပွဲစားအောင်မြင့် နောက်လိုက်လေသည်။

■

အချိန်မှာ ညနေလေးနာရီ။

နေရာက ဗိုလ်ချုပ်စျေး ကျောက် ပွဲစားတန်း။ စျေးရုံနံရံနှင့်ကပ်လျက် စားပွဲ ခုံတွင် ပွဲစားတစ်ဦး လက်ဖက်ရည် သောက်နေသည်။ သူ့ကို ဂျင်လှမြင့်ဟု ခေါ်ကြသည်။ ကျောက်လောကမှ လူလည်တစ်ဦးမို့ ဘွဲ့ထူးဂုဏ်ထူးခြီးမြင့် ထားကြခြင်းဖြစ်သည်။ သူက ကျောက် ကို ဝယ်ရောင်းလုပ်သလို ကြုံလျှင်ကြုံ သလို ပွဲစားလုပ်၏။ သည်နေ့ သူဆီမှာရှိ သော တာပလာကွက်ပတ္တမြားတစ်ပွင့် အား ဝယ်မည့်သူက နိုင်ငံခြားသားတိုးရစ် တစ်ယောက်ဖြစ်၏။ တိုးရစ်က မြန်မာ ပြည်မှအပြန် မိုးကုတ်ပတ္တမြားတစ်လုံး လောက် အမှတ်တရဝယ်သွားချင်သည်။ သိပ်ပြီးစျေးကြီးတာကိုလည်း မတတ်နိုင်။ စျေးနည်းသည့်ပတ္တမြားအညံ့ကိုလည်း မဝယ်ချင်။ ပြန်လျှင် အိမ်ကဇနီးကို လက်ဆောင်ပေးမည်ဖြစ်သောကြောင့် သင့်တင့်သည့် ပတ္တမြားတစ်လုံးလောက် လိုချင်သည်ဆို၍ တိုးဂိုက်က ပွဲစားနှင့် ဆက်လာသည်။ ဤမှာပင် ကပ်ပွတ်စား ဂျင်လှမြင့်နှင့်ခိုက်ဆက်မိခြင်းဖြစ်၏။

ဂျင်လှမြင့်ဆီမှာ မိုင်းရှူးတစ်လုံး အား မီးဖုတ်ပြုပြင်ထားပြီး တာပလာ ကွက်ဖော်ထားသည့် ဘုံဘိုင်ရည်တစ်ပွင့် ရှိ၏။ တန်လုငါးသောင်းပေါ့။ ဒါကို ပွဲစား အား တစ်သိန်းခွဲပြောထားပြီး ပွဲစားက နှစ်သိန်းကျော်ကတန်သည့်ကျောက်ရှိ သည်ဆိုပြီး တိုးရစ်အားခေါ်လာခဲ့ခြင်း ဖြစ်သည်။ မြန်မာ့မိုးကုတ်ပတ္တမြားလည် သီးရည်တစ်ပွင့်သိန်းရာချီတန်သည်ဟု ပြောထားသဖြင့် တိုးရစ်ကလည်း နှစ်သိန်း ဖြင့်ရမည်ဆိုသည်ကို စိတ်ဝင်စားနေပါ ၏။

"ကိုလှမြင့် ဒီမှာ ကျောက်ဝယ်မယ့် နယ်သာလန်က တိုးရစ်ပဲ"

"အိုး မိုင်ဖရင့် ဂလက်တူဆီးယူ ကန်းမွန် စစ်ဒေါင်း"

လှမြင့်ထ၍ လက်ဆွဲနှုတ်ဆက် သည်။ ဘေးပတ်ဝန်းကျင်စားပွဲများမှာ ထိုင်နေကြသည့်ပွဲစားတွေက ဂျင်လှမြင့် အချဉ်တစ်ကောင်မိနေပြီဟု ပြုံးစေ့စေ့ ကြည့်ကြသည်။ မည်သူမျှဝင်မရှုပ်သည် က ကျောက်ဝိုင်းအထာဖြစ်သည်။ ပြီးမှ အရက်တိုက်ခိုင်းလျှင် တိုက်ခိုင်းမည်။ လမ်းစားရိတ်တောင်းလျှင်တောင်းကြ မည်။

ဂျင်လှမြင့် သူသားရေအိတ်ဆိုမှ သံဘူးလေးအားဖွင့်ပြီးဂွမ်းစနဲ့အားသော ကျောက်နီရဲရဲလေးအား လှုတ်ပြသည်။ ပတ္တမြားပွင့်လေးသည် ကုလားပဲထက်

www.burmeseclassic.com

www.burmeseclassic.com

ခြမ်းခွဲခန့်ရှိပြီး ဂွမ်းဖြူဖြူထဲမှာနီရဲနေ၏။ တိုးရစ်က စေးမလျှော့နိုင်ဘူးလားဟုမေး၏။ဂျင်လှမြင့်က မိမိကျောက်မှာ မိုးကုတ် ပတ္တမြားအစစ်ဖြစ်ကြောင်းအရည်အသွေး ကောင်းသည်ကိုကြည့်ရှုဖြင့်သိနိုင်ကြောင်း ရွှန်းရွှန်းဝေစွာဖြင့် ထောက်ျိုးအင်္ဂလိပ် စကားဖြင့် ပြောနေ၏။ ပွဲစားကလည်း ဝင်လော်တော့ နောက်ဆုံး တိုးရစ်ဝယ်သွားပါတော့သည်။ ဂျင်လှမြင့် တိုးရစ်အား ဖောက်လိုက်ကြောင်း ပွဲစားတစ်တန်းလုံးသိသွား၏။ ရင်းနှီးသူတချို့က သူ့ထံတစ်ဝိုင်းဖိုးတောင်းကြ၏။ ပွဲစားလေးတွေက တိုးရစ်နှင့်အတူပါလာသော ပွဲစားထံ လမ်းစရိတ်ဝိုင်းတောင်းနေကြ၏။

ဂျင်လှမြင့် ပန်းဆိုးတန်းလမ်းထိပ် အနီး ဘီယာဆိုင်မှာ ကောင်းကောင်း သောက်စားပြီး ဘူတာကြီးခုံးကျော် တံတားမှတစ်ဆင့် သူနေထိုင်ရာ ဖဆပလ တိုက်ခန်းစီသို့ပြန်လာခဲ့သည်။ ည(၉)နာရီ ခွဲခန့်အချိန် မိုးဖွဲဖွဲလေးမှာ ပန်းဆိုးတန်းခုံးကျော်တံတားက လူရှင်းနေပါသည်။ ဘီယာလေးထွေထွေဖြင့် လှမြင့် လေချွန်ပြီး လျှောက်လာ၏။ အိမ်က မိန်းမနှင့် ကလေးစားဖို့ ခေါက်ဆွဲကြော်ထုပ်လေး ဆွဲလာ၏။

သူ့ရှေ့တူရူမှာ လူတစ်ယောက် လွယ်အိတ်လွယ်ပြီး သူ့တည့်တည့်သို့ လာနေသည်ကို တွေ့ရသည်။ မိုးဖွဲဖွဲမှာ လမ်းမီးတိုင်မှ အလင်းရောင်ကလည်း အားနည်းလွန်းလှသည်။ ထိုသူ သူ့ရှေ့ ရောက်သောအခါ -

"ဟေ့ကောင် လှမြင့်"

"ဟာ - ကိုကျော်စိုးလှိုင်"

လမ်းမီးရောင်ဖျဖျမှာ ထိုသူ၏ မျက်နှာကိုမြင်လိုက်ရ၍ လန့်သွားပြီး သူ့နှုတ်မှ နာမည်ကိုရွတ်ဆိုမိရက်သား ဖြစ်သွားသည်။

"မင်းကဘယ်လိုလဲ။ ငါသပိတ် ကျင်းကိုပြန်သွားပြီထင်လို့ ဗိုလ်ချုပ်စေး ကျောက်ဝိုင်းကိုပြန်လာတာလား ငါမပြန် သေးဘူး။ မင်းကိုဖမ်းချင်လို့ ဝပ်ကျောင်း မှာဝပ်ပြီးစောင့်နေတာ။ ဘယ်လိုလဲ ငါ့ နီလာတစ်စ မင်းရောင်းပေးမယ်ပြောပြီး ယူသွားတာ။ ကြာပြီနော် ကိုယ့်လူ မင်း ဘာဆင်ခြေပေးဦးမှာလဲ"

"ခင်ဗျားကျောက်ကို ကျုပ်ရောင်း ပေးမယ်ပြောထားတာပဲ ရမှာပေါ့"

လမ်းပေါ်မှာ တစ်ယောက်တစ် ယောက်ချင်းမို့ ဂျင်လှမြင့်၏ အသံက နည်းနည်းမာနေသည်။

"ဩော် - မင်းက လေသံတွေ တောင်မာနေပါလား။ ဒီမှာလှမြင့်၊ ဘယ် ကျောက်သမားမှ ပွဲစားဆီ ကျောက်ကို တမေ့တမောပေးမထားဘူး။ မင်းဘာ လုပ်ပေးမှာလဲ ငါ့ကိုပြတ်ပြတ်ပြော"

"ခင်ဗျားကျောက်ကို ပြန်ပေးမယ်"

"မင်းပြန်ပေးမယ်ဆိုရင် လွန်ခဲ့တဲ့ လက ငါပြန်တောင်းတဲ့အချိန်မှာ ပေးပါ လား။ ဒီမှာ လှမြင့်၊ ကျောက်ဝိုင်းမှာဘယ် သူနဲ့ဘယ်သူ ကျောက်အရောင်းအဝယ် ဖြစ်တယ်ဆိုတာ ငါသိနေတယ်နော်။ မင်း ငါ့ကို ငေစနလို့ထင်နေလား။ မင်း ရောင်းပြီးသွားပြီ။ ငါပိုက်ဆံလိုချင်တယ်"

"ကျုပ်မှာမရှိဘူး၊ ပြေလည်မှပေး နိုင်မယ်"

"မင်း ဒီနေ့ အရောင်းအဝယ်ဖြစ် သွားတာ ငါသိနေတယ်လေ"

"မပေးနိုင်ဘူးဗျာ ခင်ဗျားဘာလုပ် မလဲ"

ကိုကျော်စိုးလှိုင်က လှမြင့်လွယ် ထားသော သားရေအိတ်အား လှမ်းဆွဲ၏။ လှမြင့်သည် ကိုကျော်စိုးလှိုင်လှမ်းဆွဲ သောလက်ကိုပုတ်ထုတ်ရန်လက်မြှောက် လိုက်စဉ် သူ့လက်အား နောက်မှ လူတစ် ယောက်က ဆွဲလိမ်ချိုးပြီး ကျောနှင့်ကပ် ထားခြင်းခံလိုက်ရပါတော့၏။ သူနှင်းကြား ထဲသို့စူးရှသော အရာတစ်ခုတိုးဝင်လာ သည်။ မာကျောသောထိုအရာကြောင့် နှင်းကြားမှာနာကျင်မှုဝေဒနာ ပြင်းစွာခံစား လိုက်ရသည်။

"လှမြင့် မင်းမလှုပ်နဲ့။ အခု ငါ့ကား က လက်တစ်ဆစ်လောက်ဝင်နေတာ။ ပါတဲ့ ပိုက်ဆံအကုန်ပေးလိုက်။ ငါတို့ ကျောက်ဖိုးရရမှာ နှစ်သိန်း၊ မင်းပိုက်ဆံ က တစ်သိန်းခွဲတောင်မရှိတော့ဘူး။ မင်း မပေးဘူးဆိုရင်လည်း ငါတို့မင်းကိုသတ် ပြီး ပို့က်ဆံယူသွားမှာပဲ"

နှင်းကြားမှ စွန်းထွက်လာသောသွေး တို့အကျိမှာ စွန်းထင်းသည်။ ဒဏ်ရာက လွန်စွာနာကျင်လာသည်။

"သား မင်းမင်းနည်းနည်းလောက် ပို့ကျေးလိုက်ပါဦး။ဒီကောင်က ဂျင်လှမြင့် ဆိုတဲ့နာမည်နဲ့လိုက်အောင် ဂျင်လိုလည် ပြီးအကျော်အစွယ်ပဲချင်တာ။မင်းနောက် တစ်ခါ ဗိုလ်ချုပ်စေးနောက်ပိုင်းမှာ မလိမ် အောင်မှတ်လောက် အောင်ပညာပေးရ မယ်"

မင်းမင်းက လက်ကိုလိမ်ချိုးထား ရာမှ ပို့ပြီးလိမ်လိုက်သည်။ ဓားမြောင် ကိုလည်း အနည်းငယ်ဖိသွင်းလိုက်၏။

"အားအား - ကိုကျော်စိုးလှိုင် မလုပ်ပါနဲ့တော့ ခင်ဗျားပိုက်ဆံလည်း ယူသွားပါဗျာ။ ကျွန်တော့်မှာ ဒါပဲပါတာ ပါ။ နောက်လည်း မလုပ်တော့ပါဘူး"

ဂျင်လှမြင့် ကြောက်လန့်တကြား ပြောနေပါသည်။ တကယ်လုပ်မည့်သူ တွေနှင့်တွေ့သောအခါ သူကျွတ်ပြီးဖျား သွားလေပြီတည်း။

"ဒီမှာလှမြင့် ငါ့နာမည်ကျော်စိုး လှိုင်။ မင်းတို့ကိုမကြောက်လို့ မိုးကုတ်၊ သပိတ်ကျင်းကနေဆင်းလာပြီး ရန်ကုန် မှာလုပ်စားနေတာ။ နောက်တစ်ခါ မင်း အကျော်အစွေ့ဇယားဆွဲမယ်ဆိုရင် မင်းကို ဒုက္ခိတဘဝရောက်အောင် လုပ်ပစ်လိုက် မယ် သွားတော့"

မင်းမင်း စောင့်တွန်းလိုက်ရာ ရှေ့ သို့ဝိုင်ိုက်စိုက်ဆင်းသွားကာ သူနှင်းကြားကို နှိပ်ပြီးရှုံ့မဲ့နေစဉ် မင်းမင်းလက်မှခဲတံ ချွန်သည့်ဓားပါးလေးက လှမြင့်မျက်နှာ ပေါ်ခဲသွားပါတော့သည်။ ဖြာခနဲကျလာ သောသွေးတို့က မြင်မကောင်း။ လှမြင့် မျက်နှာကိုအုပ်ပြီးပြေးထွက်သွားပါတော့ သည်။

ကျောက်လောကသည် လူလိမ်လူ ကောက်များလှ၏။ ကတိသစ္စာရှိရှိဖြင့် မှန်မှန်ကန်ကန်ကုပ်စားနေသူတွေလည်း ရှိ၏။ လူမိုက်ဆန်ဆန်ရှင်ပြီးလိမ်သူတွေ လည်းရှိ၏။ မလည်မဝယ်ဖြင့် ကျောက် လောကထဲဝင်လာလျှင် အရေခွံခွာမည့် သူတွေက ခင်းကြိုစောင့်နေကြ၏။ မဟုတ်မခံစိတ်ဖြင့်လက်တုံ့ပြန်ရဲသည့်သူ တွေနှင့်တွေ့သောအခါ၌မူကား ဤကဲ့သို့ ဇာတ်လမ်းမျိုးဖြင့် အဆုံးသတ်သွားကြ ပါသည်။

■

မန္တလေး - မြစ်ကြီးနားအဆန် ရထားကြီးကား သံလမ်းထက် တဂျုတ် ဂျုတ်ခုတ်မောင်းရင်း မြောက်အရပ်သို့ ဦးတည်၍ လျင်မြန်စွာရွေ့လျားနေပါ သည်။ ညအချိန်ဖြစ်၍ ပြင်ပရှုခင်းများ အားမမြင်ရဘဲ မှောင်မိုက်၍နေပါသည်။ မလှမ်းမကမ်းမှ မီးရောင်လက်လက်တို့ မြင်ရသောအခါမှ မြို့ငယ်ရွာငယ်များ အား ဖြတ်သွားမှန်းသိရသည်။ ရထား ကြီးပေါ်မှ ခရီးသည်များမှာ တချို့က အိပ်ပျော်နေကြသည်။ ဟောက်မှုံးပင် ဟောက်လိုက်သေးသည်။ တချို့က ငိုက် မျည်းရင်း လိုက်ပါလာကြသည်။ ထိုင်ခုံ နှစ်တန်းအလယ် လူသွားလမ်းသည် ဝန်စည်စလယ်များ၊ ထိုင်ခုံမဲ့များလှဲ၍ အိပ်ပျော်နေကြသဖြင့် ခြေချစရာနေရာ

www.burmeseclassic.com

www.burmeseclassic.com

လပ်ပင်မရှိပါ။ အတက်အဆင်းမှာလည်း ခရီးသည်ကအပြည့်။ လွတ်နေသည့်နေရာဆို၍ အိမ်သာပဲရှိသည်။ တချို့ခရီးသည်တွေက စွန့်စားပြီး ခေါင်မိုးပေါ်က လိုက်ကြသည်။ မန္တလေးနှင့်မြစ်ကြီးနားဆက်သွယ်ရေးမှာ အားကိုးစရာရထားလမ်းတစ်လမ်းသာရှိ၍ သွားလာသူခရီးသည်များ ဒုက္ခရောက်နေရခြင်း ဖြစ်သည်။

သက်နိုင်တစ်ယောက်သာ အိပ်လို့မရဘဲ အတွေးပလုံစီဖြင့်လိုက်ပါနေ၏။ မြစ်ကြီးနားရောက်ရင် ဘယ်မှာတည်းရမလဲ၊ ပွဲစားအောင်မြင့်ကို ဘယ်လိုရှာမလဲ သူစဉ်းစားရင်း ခေါင်းနောက်လာသည်။ ဘာပဲဖြစ်ဖြစ် မြစ်ကြီးနားမှာမြေလှန်ရှာမည်။ အိပ်ဖို့က ဘယ်လိုပဲအိပ်ရ အိပ်ရ ကျောတစ်နေရာစာရလျှင် တော်ပြီ။ မင်းဘယ်အထိပြေးမှာလဲ အောင်မြင့်ရယ် ပြေးစမ်းပါ။

နောက်တစ်နေ့ မွန်းတည့်ခါနီးဥ်ရထားကြီးသည် မြစ်ကြီးနားဘူတာသို့ဆိုက်သည်။ မိုင်ရာပေါင်းများစွာ ခရီးနှင်လာရသော ရထားစက်ခေါင်းကြီးကား မောပန်းလွန်းအားကြီးလှသောကြောင့် တုံးတုံးချကာ စက်သတ်လိုက်ပေပြီ။ သက်နိုင်မှာမူ စိတ်နှလုံးတုံးတုံးမချနိုင်ဘဲ ပို၍ပင် စိတ်လှုပ်ရှားလာ၏။ ထမင်းလည်းဆာလာသည်။ ဘူတာရှေ့မှ ထမင်းဆိုင်လေးသို့ဝင်ပြီး ထမင်းစားသည်။ စားရင်းနှင့် မြစ်ကြီးနားမှာ ဘယ်သူနဲ့သိလဲဟု သူဦးနှောက်ကို အလုပ် ပေးနေမိသည်။

ဟုတ်ပြီ ဟုတ်ပြီ - မြစ်ကြီးနား စီတာပူရပ်က ဦးဒေါင်ခါး။ သူမန္တလေးကျောက်ဝိုင်းကိုလာတတ်ပြီး ကျောက်စိမ်းဖြတ်စလေးတွေ လာလာရောင်းသည်။ သက်နိုင်နှင့်အိုက်မြင့်က သူ့ကျောက်တွေယူပြီး ဝယ်လက်တွေ့ကို လိုက်ပြရသည်။ အရောင်းအဝယ်ဖြစ်လျှင် ဦးဒေါင်ခါးက ပွဲခပေးသည်။ သူတို့ကိုလည်းခင်သည်။ မြစ်ကြီးနားနှင့် မန္တလေးကို စွန့်စားပြီး ကျောက်စိမ်းသယ်ဖို့ပင်ပြောသွားသေးသည်။ မြစ်ကြီးနားကိုလာဖို့အမြဲပြောသည်။

ထမင်းဆိုင်လေးရှေ့သို့ ဂျစ်ကားတစ်စီး နောက်တွဲယာဉ်လေးဆွဲပြီး ရပ်လာ၏။ နောက်တွဲယာဉ်ပေါ်မှ ခရီးသည်တချို့ဆင်းကြသည်။ စပယ်ယာဖြစ်ဟန်တူသည့်လူငယ်က စီတာပူ စီတာပူဟု အော်နေသည်။ စီတာပူရပ်ကိုသွားသည့်လိုင်းကားဖြစ်ရမည်။ သူနောက်တွဲပေါ်သို့ တက်ထိုင်သည်။ ဂျစ်ကားလေးမှာ နောက်တွဲယာဉ်အားဆွဲပြီး မြစ်ကြီးနားမြို့မြောက်ပိုင်းရှိ ဂေါ် ရခါးလူမျိုးများနေထိုင်ရာ စီတာပူရပ်ကွက်သို့ ဦးတည်လျက်။

မြစ်ကြီးနားမြို့သည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း၌ တည်ရှိပြီး သစ်ရိပ်ဝါးရိပ်များဖြင့် အေးချမ်းနေပါသည်။ မေခ၊ မေလိခမြစ်ဆုံမှ (၂၈) မိုင် (၂)ဖာလုံဝေး၏။ မြစ်အရှေ့ဘက်ကမ်း၌မူ မိုင်းနား၊ နောင်တာလော၊ ဝိုင်းမော်နှင့် သာဂရရွာများရှိ၏။ မြစ်ကြီးနားဟူသောမြို့အမည်ကား အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြရာ၌ ဒီစကြိတ်ဂေဇက်တီးယားတွင်မူ ဧရာဝတီမြစ်ကြီး၏ အနားတွင်တည်ရှိ၍မြစ်ကြီးနားဟုခေါ်ကြောင်း ရေးသား ဖော်ပြထားသည်။ တချို့ကလည်း ဗြိတိသျှတို့ဝင်ရောက်ခါစ ၁၈၈၆-၈၇ ခုနှစ်ကာလအထိ ယခုဆုတောင်းပြည့်စေတီ ယခင် သာယာကုန်းရွာမှ အရှေ့ဘက်ကမ်းအထိ ဧရာဝတီမြစ်သည် ခဲတစ်ပစ်စာမျှအထိ ကျဉ်းမြောင်းနေ၏။ ထို့ကြောင့် ထိုမြစ်ကျဉ်းအနားမှာမြို့တည်ထားသဖြင့် မြစ်ကျဉ်းနားမှ မြစ်ကြီးနားဖြစ်လာရသည်ဆို၏။ မည်သို့ပင်ဆိုစေ မြစ်ကြီးအနားမှာ တည်ရှိနေသည်ကတော့ သေချာသည်။ တော်တော်ခေါင်းပူအောင်စဉ်းစားပြီးပေးရသည့်မြို့နာမည်ပေပဲလေ။ ဧရာဝတီမြစ်ကမ်း အညာအကြေအရပ်မှလူတွေ သူတို့မြို့ကိုအမည်ပြောင်းလိုလျှင် ရှည်ရှည်ဝေးဝေးစဉ်းစားနေစရာမလိုပါ။ မြစ်ကြီးအနားမှာရှိနေလျှင် မြစ်ကြီးနားဟု အမည်မှည့်လိုက်ကြပေတော့။

"ဗျို့ - ဆရာ၊ ဘယ်ကိုသွားမှာလဲ စီတာပူရောက်နေပြီ"

"အဲ ကျွန်တော်စီတာပူတော့သွားမှာပေါ့။ ဒါပေမယ့် ဘယ်မှာဆင်းရမှန်းမသိဘူးဖြစ်နေတယ်"

"ဟာ-ဒီလူတော့ဒုက္ခပါပဲ။ ခင်ဗျားအောက်အရပ်ကလာတာလား။ည့်သည်ထင်တယ် ဘယ်သူ့အိမ်သွားမှာလဲ"

"စပယ်ယာလေးကား စီတာပူရပ်ကွက်ကို နှံ့စပ်ဟန်တူသည်။

"ဦးဒေါင်ခါးအိမ်ကိုသွားမှာပါ"

"ဟေ့လူကြီး အခု ငါတို့ဂျစ်ကားရပ်နေတဲ့အိမ်ရှေ့ဟာ ဦးခေါင်းခါးအိမ်ပဲ။ စီတာပူမှာ ကျောက်ပွဲစားဦးဒေါင်ခါးဟာ တစ်ယောက်တည်းရှိတယ် ဆင်းဆင်း"

သူ ဝမ်းသာအားရဖြစ်ပြီး အိမ်ရှေ့မှာဆင်းလိုက်သည်။ အိမ်ထဲကြည့်လိုက်တော့ လူရိပ်မတွေ့။

"ဦးဒေါင်ခါး ဗျို့ ဦးဒေါင်ခါး"

အသက်လေးဆယ်ခန့် ကချင်တိုင်းရင်းသားတစ်ဦး အိမ်ရှေ့ထွက်လာသည်။ သက်နိုင်ကိုတွေ့တော့ သူအံ့သြသွားသည်။

"ဟင်-သက်နိုင် မင်းဘာစိတ်ကူးနဲ့ အကြောင်းမကြားဘဲ ဖြန်းစားကြီး ရောက်လာတာလဲ။ လာလာ အိမ်ထဲဝင်ငါ့ကောင်ရာ လာမယ်ဆို ကြိုပြောလိုက်ပေါ့။ ငါ ဘူတာကို လာကြိုမှာပေါ့။ ထိုင် အခါးရည်သောက်"

ခြေတံရှည်အိမ်လေး၏အောက်မှာ စားပွဲမြင့်မြင့်တစ်လုံးနှင့် ခုံတန်းရှည်နှစ်ခုချထားသည်။ သက်နိုင်ခရီးဆောင်အိတ်ကို ခုံတန်းရှည်မှာချပြီးထိုင်သည်။ ဦးဒေါင်ခါးက သက်နိုင်ကိုပြုံးပြီးကြည့်နေ၏။ သူစိတ်အထင်မှာ သက်နိုင်သည် သူနှင့်တွဲပြီး မြစ်ကြီးနား-မန္တလေးလမ်းမှာကျောက်စိမ်းကယ်ရီလုပ်တော့မည်ဟု တွေးနေပါသည်။

"ဒီလိုဗျ ဦးဒေါင်ခါးရဲ့၊ ကျွန်တော် လူတစ်ယောက်နောက်လိုက်နေတာ သူတစ်နေ့ကမြစ်ကြီးနားကိုတက်လာတယ်။ ဘယ်နေရာမှာ တည်းခိုနေတာကိုတော့ မသိဘူး"

"ဘယ်သူလဲ ဘာကိစ္စနဲ့တက်လာတာလဲ။ မင်းက ဘာဖြစ်လို့ သူ့နောက်လိုက်နေတာလဲ"

ဦးဒေါင်ခါး၏ ဘာတွေထပ်နေသောမေးခွန်းများအား သူတစ်ခုချင်းရှင်းပြ၏။ ဦးဒေါင်ခါးသည် သက်နိုင်ပြောပြနေသည်ကို ပါးစပ်အဟောင်းသားဖြင့် နားထောင်နေပါသည်။ ဇာတ်လမ်းဆုံးသွားသောအခါ -

"တောက်-လူပါးဝတာကွ။ သစ္စာမရှိတဲ့လုပ်ရပ်။ သူများကြိုးစားပြီး ရှာဖွေလာတဲ့ပစ္စည်းကို မတရားဖြတ်ခုတ်တာမကြိုက်ဘူး။ ဟေ့ကောင် သက်နိုင် ဒီမြစ်ကြီးနားကျောက်လောကမှာ ဒေါင်ခါးမသိတဲ့သူမရှိဘူး။ ငါမြေလှန်ရှာမယ်။ သူမြစ်ကြီးနားကိုတက်လာတာသာသေချာပါစေ။ မင်းအသာနေ။ ဘယ့်နယ်ကွာ သူများပစ္စည်းကို မတရားလိုချင်ရတယ်လို့ ငါတို့ကချင်တွေက သစ္စာရှိတယ်နော်။ ဘယ်သူ့ကိုမှ မတရားမလုပ်ဘူး။ လုပ်လာရင်လည်း ငွေမခံတတ်ဘူး။ မင်းအေးအေးဆေးဆေးသာနေတော့။ ငါ ဒီကောင့်ကိုမတွေ့တွေ့ ငါ့ကောင်ရှာပေးမယ်ကဲ-ရေချိုး၊ ပြီးရင် ထမင်းစားမယ်"

"ကျွန်တော်စားခဲ့ပြီးပါပြီ"

www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ယောက် အိမ်ပေါ်ထပ်သို့တက်ကြပြီး ဦးဒေါင်ခါးက သက်နိုင်နားဖို့နေရာပြပေး၏။ ကိုကျော်စိုးနှင့် သားဖြစ်သူ မင်းမင်းတို့ မြစ်ကြီးနားမြို့သို့ ရောက်နေသည်မှာ နှစ်ရက်ခန့်ရှိပြီဖြစ်၏။ သတင်းရသည့်အကြောင်းက ဟုတ်စွမ်းမယားငယ်ကပြောပြ၍ဖြစ်၏။ ဟုတ်စွမ်းက ဝိုလ်ချုပ်စွေးမှာ ကျောက်ဝယ်ရောင်းလုပ်ရင်း ပွဲစားအမျိုးသမီးတစ်ယောက်နှင့်ငြိသည်။ ပထမတော့ ကောင်မလေးကို အရောင်းအဝယ်သင်ပေး၊ ကျောက်ပညာပြပေးနှင့် စရိတ်ပါထောက်၏။ နောက်ပိုင်း ကောင်မလေးကိုယ်ဝန်ရှိ၍ ကလေးမြို့ အလှအပတွေ့ယိုယွင်းလာသောအခါ ဟုတ်စွမ်းရှောင်လာတော့၏။ ကောင်မလေးမှာ ကလေးတစ်ယောက်နှင့် ကသီလင်တဖြစ်ပြီး ဟုတ်စွမ်းကို နာကြည်းလာ၏။ ဟုတ်စွမ်းက နောက်အသစ်ရှာသည်။ ထိုမိန်းမက ကောင်မလေးကိုကြွားပြီး ဟုတ်စွမ်းတို့ ပွဲစားအောင်မြင့်နှင့်ပေါင်းပြီး သိန်းထောင်ချီတန်သည့်ကျောက်စိမ်းအရည်ကျောက်ကို မြစ်ကြီးနားမှာ သွားရောင်းမည့် အကြောင်း၊ ပွဲဖြစ်လျှင် သူ့ကို တိုက်ခန်းတစ်ခန်း၊ ကားတစ်စီးဝယ်ပေးမည်ဟု ကြွားပါတော့၏။ ထိုခေတ်က တိုက်ခန်းတစ်ခန်း ငါးသိန်းခန့်၊ အက်စ်စီးတစ်စီး သုံးသိန်းခန့်သာပေါက်၏။ ကောင်မလေးက စိတ်နာပြီး ကိုကျော်စိုးလှိုင်ကို သတင်းပို့ပါတော့သည်။

ကိုကျော်စိုးလှိုင်တို့သားအဖသည် ကိုဇော်နိုင်အိမ်မှာတည်းဖြစ်ကြသည်။ ကိုဇော်နိုင်သည် ဒုဝါမျိုးနွယ်ဖြစ်သလို လော်ပန်ကြီးလည်းဖြစ်၏။ မြစ်ကြီးနားမှာ ကျောက်အရောင်းအဝယ်ကိစ္စမှန်သမျှ ကိုဇော်နိုင် မသိတာမရှိ။ သူက ဝယ်လက်၊ လက်ကြီးသမားဖြစ်သည်။ တချို့ လော်ပန်တွေတာ ကျောက်ကြီးဝယ်မည်ဆိုလျှင် ကိုဇော်နိုင်နှင့်ပစ်ကြသည်။ ဤသို့စပ်ခြင်းဖြင့် ငွေရေးကြေးရေးအဆင်ပြေသည့်အပြင် ကိုဇော်နိုင်နှင့် အဆက်အသွယ်တွေက ရွှေလီဘက်မှာပါရှိသဖြင့် ပြန်ထုတ်ဖို့မပူရတော့။ လမ်းကြောင်းကိုလည်း ကိုဇော်နိုင်ကပိုင်သည်။ ကိုကျော်စိုးနိုင်နှင့်ရင်းနှီးသွားသည်က သစ်လိုင်စင်တွေချပေးတော့ တစ်ဖက်နိုင်ငံမှတရုတ်တွေ ငွေထုပ်ပိုက်ပြီး မန္တလေးသို့ဆင်းလာကြသည်။ သူတို့က မဘိန်း၊ မိုးမိတ်မှာ အထိုင်ချပြီး လုပ်ကိုင်ပေးမည့်လူလိုနေသည်။ ကိုကျော်စိုးလှိုင်က အဲဒီနယ်မှာ ဩဇာညောင်း၍ တရုတ်တွေက ကိုဇော်နိုင်မှတစ်ဆင့် ကိုကျော်စိုးလှိုင်အား စည်းရုံးသည်။ သူ့စိတ်ဓာတ်က တစ်မျိုး။ လူမျိုးခြားတွေ ကိုယ့်နိုင်ငံထဲဝင်ပြီး သစ်ခုတ်မှာကိုမလိုလား။ အကြောင်းစုံရှင်းပြလိုက်တော့ ကိုဇော်နိုင်သည် ကိုကျော်စိုးလှိုင်အား လေးစားသွား၏။ ဤမှာပင် ရင်းနှီးခဲ့ကြခြင်း ဖြစ်သည်။ ကျောက်ကိစ္စနှင့် မန္တလေး၊ ရန်ကုန်ဆင်းလာလျှင် ကိုကျော်စိုးလှိုင်အား မရအရခေါ်၍ ကျောက်ကြည့်ခိုင်းခြင်း၊ စျေးဖြတ်ခြင်းများလုပ်ခိုင်းတတ်သည်။ သူပြန်၍ပေးသွားသောလက်ဖက်ရည်ဖိုးသည် ကိုကျော်စိုးလှိုင်တို့မိသားစုတစ်လအလုပ်မလုပ်ဘဲထိုင်စားနိုင်၏။

"ကဲ - ဘာအကြောင်းကြောင့် မြစ်ကြီးနားကိုတက်လာတာပဲ။ မြစ်ကြီးနားမှာ ပတ္တမြားနဲ့နီလာမထွက်ဘူးနော်။ ကျောက်စိမ်းတောင် ဖားကန့်ကဆင်းလာတာ။ ကိုကျော်တော့ အကြောင်းထူးရှိမှုထင်တယ်"

သူ ကိုဇော်နိုင်အား အကြောင်းစုံရှင်းပြ၏။

"ကိုကျော် အိုက်မြင့်က ပစ္စည်းပြန်ရရင် ရှယ်ရာဘယ်လောက်ပေးမယ် ကတိပေးထားလဲ"

"ကျွန်တော် ငွေကြေးကြောင့် အိုက်မြင့်ကို ကူညီနေတာမဟုတ်ဘူး။ အိုက်မြင့်က နိုးသားတဲ့ တိုင်းရင်းသားတစ်ယောက်။ သူတောထဲတောင်ထဲမှာ ကြိုးစားရှာလာတဲ့ပစ္စည်းကို ဖြတ်ခုတ်သွားလို့ မကျေနပ်တာရယ်၊ တစ်ခါက ကျွန်တော်နဲ့ ကျွန်တော့်သား ဆုံးမထားတာကို နောင်တမရဘဲထပ်လုပ်လို့ အဲဒီကောင့်ကို ပညာပေးချင်နေတာ"

"ညြော် - ကိုယ့်စရိတ်ကိုယ်စားစုံထောက်ကြီးပေါ့။ ဟား ဟား ဟား ကြိုက်သွားပြီ ဘိုကျော်။ ကိစ္စမရှိပါဘူး ဘိုကျော့်ကိစ္စကျွန်တော့်ကိစ္စပေါ့။ ကဲ - အပျင်းပြေတစ်ပက်လောက်ချလိုက်ဦး။ ကျွန်တော်ဖုန်းဆက်လိုက်ဦးမယ်"

ကိုဇော်နိုင်တယ်လီဖုန်းနံပါတ်များအား တဂွပ်ဂွပ်လှည့်နေ၏။ ပြီးတော့ တစ်ဖက်မှပြောနေသည်ကို နားထောင်နေ၏။

"ဘာ. . . ရှမ်းစုမြောက်ရပ်ကွက် အင်ကြင်းလမ်း ခြံအမှတ် (၂၀) ဟုတ်ပြီကျေးဇူးပဲ"

သူဖုန်းပြန်ချလိုက်ပြီး ကိုကျော်စိုးနိုင်အနီး ဆက်တီတွင်ထိုင်သည်။

"ဘိုကျော်၊ ကြားတယ်နော်။ လိပ်စာကို ညနေလေးနာရီမှာ ပွဲဖြစ်ဖို့ ခြံနီးထားကြတယ်။ ဝယ်မယ့်လော်ပန်ကကျွန်တော့်ကို တစ်ဝက်ပါမလားလို့မေးနေတယ်"

"ကျောက်ကိုတောင် မကြည့်ရသေးဘူး၊ စျေးဖြတ်နေကြပါလား"

"ဟုတ်စွမ်းက အဲဒီလော်ပန်နဲ့သိတယ်။ ကျောက်အရည်အနဲ့အလေးခြိန်ကို ပြောလိုက်တာနဲ့ ကြမ်းခင်းစျေးက သိန်းထောင်ကျော်သွားပြီ။ ကျုပ်ဝယ်လက်အနေနဲ့ဝင်ပြီး ပွဲဖျက်လိုက်ရမလား"

"အဲလိုမလုပ်နဲ့၊ အစီအစဉ်ကို ကျွန်တော်ပြောပြမယ်"

"....."

သူတို့သုံးဦး တိုးတိုးတိုင်ပင်ပြီး နောက် ညနေလေးနာရီမထိုးခင် ရှမ်းစုမြောက်ရပ်ကွက်သို့သွားရန်ပြင်ဆင်သည်။ ကိုကျော်စိုးလှိုင်က ရှမ်းဘောင်းဘီနှင့် သားရေရှာကင်ဝတ်သည်။ လွယ်အိတ်ထဲမှာ ဓားမြောင်တစ်ချောင်း။ ခါးကြားမှ ဓားမြောင်ကို ဂျာကင်နှင့်ဖုံထားသည်။ မင်းမင်းက ပုဆိုးရှည်ကြားထဲမှာ ကချင်ဓားရှည်ကိုရအောင်ဖွက်သည်။ ခါးကြားမှ ဓားမြောင်ကိုမမြင်အောင် ဂျင်းဂျာကင်ဝတ်၍ကာထား၏။ ကျောက်လောကမှာ သိန်းထောင်သောင်းချီသည့်ကျောက်ကိုအရောင်းအဝယ်လုပ်တော့မည်ဆိုလျှင် နှစ်ဘက်စလုံး အကာအကွယ်အနေဖြင့် လက်စလက်နရှိသူလူမိုက်တွေခေါ်လာတတ်သည်။ ဟုတ်စွမ်းတို့ခေါ်လာသည်က တောင်ဒဏ္ဍမ နာမည်ကြီးလူမိုက်တိုးကြီးဖြစ်၏။ ဒီကောင်ကလည်း သူ့နယ်အပြင် ရန်ကုန်သီရိမင်္ဂလာစျေးမှာပါ ကျက်စားလိုက်သေးသည်။ လက်စကမသေး။

ကိုဇော်နိုင်၏ဂျစ်ကားလေး ရှမ်းစုမြောက်ရပ်ကွက် အင်ကြင်းလမ်းထိပ်မှာ ရပ်သည်။ ခြံအမှတ် (၂၀) က လမ်းထိပ်ကပ်လျက်ဖြစ်၏။ လမ်းထိပ်မှာ ရှမ်းခေါက်ဆွဲဆိုင်လေးရှိသည်။ ကိုကျော်စိုးလှိုင်တို့သားအဖနှစ်ယောက် ရှမ်းခေါက်ဆွဲဆိုင်ထဲဝင်ပြီး နှစ်ပွဲမှာ၍ အခြေအနေကိုစောင့်ကြည့်နေသည်။ မကြာမီ ဂျစ်ကားတစ်စီးခြံထိပ်မှာထိုးဆိုက်လာသည်။ ခြံစောင့်တံခါးဖွင့်ပေးပြီး ဂျစ်ကားပေါ်မှ ဟုတ်စွမ်း၊ ပွဲစားအောင်မြင့်နှင့် တိုးကြီးတို့ ခြံထဲဝင်သွားကြသည်။ ဂျစ်ကားက မလှမ်းမကမ်းမှာသွားရပ်၏။ သူတို့နှစ်ယောက် ခြံဝန်းကိုသစ်ချုံပင်ကြီးကိုကွယ်၍ ခြံထဲသို့ငေးမောခတ်နေကြသည်။ တစ်နာရီခန့်အကြာ ခြံတံခါးပွင့်လာပြီး ဟုတ်စွမ်းတို့ ပြန်ထွက်လာ၏။ သူတို့ရှေ့မှာ ကိုကျော်စိုးလှိုင်က ပိတ်

www.burmeseclassic.com

www.burmeseclassic.com

ရပ်လိုက်သည်။

"အောင်မြင့်၊ မင်းဘယ်ပြေးမလဲ။ ဟုတ်စွမ် မလှုပ်နဲ့နော် မင်းနဲ့ဘာမှမဆိုင်ဘူး"

"တိုးကြီး ဝင်. . . ဝင်"

ဟုတ်စွမ် အလန့်တကြားလှမ်းအော်သည်။ တိုးကြီးဓားမြှောင်ထုတ်ပြီး ကိုကျော်စိုးလှိုင်ရှိရာပြေးဝင်လာသည်။ မင်းမင်း၏ပုဆိုးကြားမှ ကချင်ဓားရှည် ထွက်လာပြီး တိုးကြီးအား စလွယ်သိုင်းခုတ်ချလိုက်သည်။

"ဦး ရှပ် အား"

ဓားရောင်ကလက်ခနဲဖြစ်သွား၍ တိုးကြီး ညာခြေဆုတ်ပြီး ငုံ့အရှောင်မှာ ဘယ်ဘက်မောင်းအား ရှုပ်ထိသွားပါ၏။ ဓားကမြည့်နေအောင်သွေးထား၍ လက်မောင်းသားတချို့ အကွင်းလိုက်ပါသွား၏။ ရဲခနဲထွက်လာသော သွေးများကို ကြည့်ပြီး ဟုတ်စွမ်ကြောက်အားလန့်အားဖြင့် ဂျစ်ကားရှိရာသို့ ဦးစွာပြေးသည်။ ကိုကျော်စိုးလှိုင်က ပွဲစားအောင်မြင့်၏ စစ်လွယ်အိတ်ကို လှမ်းဆွဲလိုက်သည်။ အောင်မြင့်က စစ်လွယ်အိတ်ကို ရင်ခွင်ထဲမှာကျစ်ကျစ်ပါအောင်ပိုက်ထားသည်။

ထိုစဉ် တစ်ဖက်လမ်းထိပ်မှ လူနှစ်ဦး ဂျစ်ကားဆီသို့ အားသွန်ပြေးလာသည်ကို တွေ့လိုက်ရ၏။ ခြံထဲမှ လည်း ခြံရှေ့မှာ ရုတ်ရုတ်သဲသဲဖြစ်နေ၍ တံခါးဖွင့်ပြီး လူတချို့ ထွက်လာသည်။ ဖြစ်ရပ်ကို သဘောပေါက်သွား၍ ထိုသူများကား ဂိုဒေါင်ထဲမှ ဓားရှည်များပြေးဆွဲကြသည်။ သူတို့အမြင်မှာက သူတို့လော်ပန်ဆီကို ကျောက်လာရောင်းသူအား ဓားပြတိုက်နေခြင်းဟု ထင်သွားကြသည်။

"ဟေ့ကောင်တွေ နောက်ဆုတ်ဓားတွေပြန်သိမ်း။ မင်းတို့နဲ့မဆိုင်ဘူး။ ဒီကျောက်ကို သူတို့ဖြတ်ခုတ်လာတာ။ ပိုင်ရှင်တွေလိုက်လာပြီးရှင်းနေတာ။ငါတို့ကကြည့်နေရုံပဲ။ ငါကားထုတ်ပြီး ခြံဝမှာ ရပ်ထားလိုက်"

ကိုဇော်နိုင်စကားကြောင့် အားလုံးရှဲသွားသည်။

ဂျစ်ကားရှိရာသို့ ပြေးလာသူတွေက သက်နိုင်နှင့် ဦးဒေါင်ခါး။

ဂျစ်ကားဆရာက မြင်ကွင်းကို ကြည့်ပြီး စက်အရန်သင့်နှိုးထားသည်။ ဟုတ်စွမ်က အရင်ကားပေါ် ရောက်သည်။ ကိုကျော်စိုးလှိုင်သည် အောင်မြင့်ကိုလှမ်းအဆွဲ ကျောက်ခဲတစ်လုံးအား နင်းမိပြီးတော့ခြေချော်ထွက်သွားသည်။

အောင်မြင့်လွတ်သွားပြီး ကားပေါ် အမြန်ခုတ်တက်၏။ တိုးကြီးက မယှဉ်နိုင်မှန်းသိ၍ ဘယ်လက်မောင်းမှဒဏ်ရာအား ညာဘက်ဖြင့်အုပ်ပြီး ကားဆီသို့ပြေးသည်။ မင်းမင်းနောက်မှနေ၍ ဓားရှည်ဖြင့် နောက်တစ်ချက်ထပ်ခုတ်သည်။ တိုးကြီးကံကောင်းသွားသည်။ မထိပါ။ ဂျစ်ကားနောက်မြီးကိုတွယ်မိသည့်အချိန်မှာ ဂျစ်ကားက တစ်ရှိန်ထိုးမောင်းပြီး သက်နိုင်တို့နှစ်ယောက်ထံသို့ စက်ခေါင်းထိုးဝင်သွားသည်။ သက်နိုင်နှင့်ဦးဒေါင်ခါးလမ်းဘေးမြောင်းအတွင်းဒိုင်ဗင်ထိုးလိုက်ရတော့၏။ ဂျစ်ကားလေးက လမ်းထဲမှ တစ်ဖက်လမ်းဝသို့ မောင်းထွက်သွားပြီး လမ်းမကြီးသို့ဆိုက်ကွေ့၍ပျောက်ကွယ်သွားပါတော့သည်။

■

"တောက်. . . မိခါနီးမှကွာ"

ကိုကျော်စိုးလှိုင် ပေါက်ကွဲနေပါသည်။

"ကျွန်တော်မှားသွားတယ် အဖေ၊ အောင်မြင့်ကို အရင်ရှင်းရမှာ"

"မင်းမမှားဘူး ငါ့သား။ အောင်မြင့်ကို မင်းရှင်းနေတုန်း တိုးကြီးဓားက ငါ့ဆီဝင်လာမှာ။ ဒီအခါ တိုးကြီးရောငါပါသေရင်သေ၊ မသေရင် အတွင်းလူနာပဲ။ အဲဒီကျမှ ဇာတ်လမ်းတွေရှုပ်ကုန်မယ်။ သူတို့သုံးယောက်မှာ အရင်ဆုံးရှင်းရမှာက တိုးကြီးပဲ။ မင်းတွေ့တယ်မဟုတ်လား။ တိုးကြီးသွေးစွန်းသွားတာနဲ့ ဟိုနှစ်ကောင်ကိုယ်လွတ်ထွက်ပြေးတာ"

မင်းမင်းက သွေးစွန်းနေတာ ဓားအား ရေနွေးနှင့်ပွတ်ဆေးနေ၏။

"သက်နိုင် မင်းတို့ဘယ်လိုသတင်းကြားပြီးရောက်လာတာပဲ။ အောင်မြင့်ကံကောင်းတယ်ကွာ။ ငါခဲလုံးတက်နင်းမိပြီး ခြေအချော်မှာ ဒီကောင်လွတ်သွားတာ။ ဒါပြင်ဆို ဒီကောင်ကိုအသေမလုပ်ပါဘူး။ ကျောက်ကိုယူပြီး လက်တစ်ဖက်ပဲဖြတ်မှာပါ။ နောက်ကျောက်လောကထဲဝင်လို့မရအောင်ပေါ့"

"အစ်ကို၊ ကျွန်တော်တို့ကိစ္စကို လိုက်ကူညီနေတာ ကျွန်တော်ကြားပါတယ်။ ဒါပေမယ့် ဒီကောင် လွတ်သွားပြန်ပြီ"

"သူတို့ကျောက်အရောင်းအဝယ်ပျက်ပါပြီ။ ကိုဇော်နိုင်ကငါ့လူ။ ငါအကျိုးအကြောင်းပြောပြထားလို့ အရောင်းအဝယ်ကိုဖျက်လိုက်ပြီ။ ဒီကောင်တွေ မြစ်ကြီးနားမှာမနေရဲတော့ဘူး။ခုလောက်ဆို ဗန်းမော်လမ်းကနေ မန္တလေးဘက်ဆင်းဖို့လုပ်နေရောပေါ့"

"မန္တလေးမှာဝင်ခိုနေရင်ကော"

သက်နိုင်ကမေး၏။

"ဒီက လော်ပန်တွေက မန္တလေးအထိ လက်တံရှည်တယ်လေ။ ဟုတ်စွမ်ကသိတာပေါ့"

"ဒါဆိုဘယ်ကိုပြေးမှာလဲ"

"ရန်ကုန်ပဲပေါ့။ ရန်ကုန်က နယ်ကျယ်တယ်။ ပုန်းဖို့လွယ်တယ်"

"ကျွန်တော်ရန်ကုန်ကိုဆင်းမယ်။ အစ်ကိုကကော"

"ငါတို့လည်းဆင်းမှာပဲ။ အဓိကပြဿနာက ငါတို့ ဒီကောင့်ကို မမိခင် သက်ဆိုင်ရာက မမိဖို့ဘဲ။ မိသွားရင် မင်းတို့ပစ္စည်းဆုံးပြီ"

"သက်နိုင် မင်း ငါတို့နဲ့အတူတူလိုက်ဆင်းပါလား။ မင်းအတွက်လည်း စိတ်ချရတာပေါ့"

"ကောင်းတယ် သက်နိုင်၊ ဆရာကျော်စိုးလှိုင်တို့နဲ့လိုက်သွား"

ဦးဒေါင်ခါးက ဝင်ပြီးအကြံပေးသည်။ သူတို့ မြစ်ကြီးနား-မန္တလေးအစုန်အမြန်ရထားဖြင့် ဆင်းလာခဲ့ကြသည်။ မန္တလေးရောက်တော့ တစ်ရက်နားပြီး ကျောက်ပိုင်းမှာ သတင်းဝင်စုံစမ်း၏။ ဒီကောင်တွေ မန္တလေးကျောက်ပိုင်းသို့ မလာဟုသိရသည်။ လမ်းမှာ သက်နိုင်ကို မှာရသည်။ ရန်ကုန်ခွင်မှာ ပိုက်ဆံပေးလျှင် ခိုင်းလို့ရသည့်လူမိုက်တွေရှိသည့် အတွက် ဟုတ်စွမ်က ထောင်မြင်ရာစွန့်ပြီး လူမိုက်တွေခေါ်ထားနိုင်လေသည်။ သက်နိုင်ကို သူတို့ခွင်ထဲ အရမ်းမဝင်ဖို့ ပြောရသည်။

■

ရန်ကုန်ရောက်ပြီး နှစ်လလောက်အထိ ပွဲစားအောင်မြင့် ဟုတ်စွမ်တို့ သတင်းကပျောက်နေသည်။ ဘယ်လိုမှစုံစမ်း၍မရပါ။ အိုက်မြင့်ကား စိတ်ဓာတ်ကျသွားပြီထင့် လူမှာပိန်ချုံးကျသွား၏။ သက်နိုင်လည်း ဘယ်ဆီရောက်နေသည်မသိ။

တစ်နေ့ မင်းမင်းတစ်ယောက် တည်း မြို့ထဲသိမ်ကြီးစျေးဘက်ထွက်လာခဲ့သည်။ စီရုံအောက်မှာ ကြည့်မြင်တိုင်မှ ဖွဲမြင့်နှင့်ဆုံမိသည်။ ဖွဲမြင့်ကား လည်ဂိုင်ရဲပြီး သတ္တိရှိ၍ လက်မြန်ဖြစ်သည်။ အင်းစိန်ကျောင်းလောကြီးသို့ ရိုက်မှု၊ ဓားထိုးမှုတို့ဖြင့် နှစ်ကြိမ်ဝင်ပြီး၍ လူမိုက်လောကမှာ ကျော်ကြားသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

သူလက်စလက်နကြောင့် တော်ရုံလူမိုက်တွေ ဇွဲမြင့်အား မကျော်ရဲကြ။ ထို့ကြောင့် ဇွဲမြင့်နာမည်ထွက်လာသည်။ ရန်ကုန်အနောက်ပိုင်းမှာ သမ္ဘာရှိသော ယခင်နာမည်ကြီးများကလည်း အသက်အရွယ်ထောက်လာ၍ ဇွဲမြင့်ကိုနေရာပေး၏။ သူကလည်း ယခင်က နာမည်ကြီးများကို လေးလေးစားစားဆက်ဆံသည်။

လူမိုက်ဆိုပေမယ့် ဇွဲမြင့်သည် လူယုတ်မာမဟုတ်ပါ။ မိုက်ရူးရဲဆန်သူထက် သတ္တိရှိသူကို ဇွဲမြင့်က လေးစားသည်။ ဤမှာပင် မင်းမင်းနှင့်ခင်သွားကြခြင်းဖြစ်၏။

"ကိုမင်း၊ ရန်ကုန်ကို ဘာကိစ္စနဲ့ဆင်းလာတာလဲ"

"ကျောက်အရောင်းအဝယ်ကိစ္စနဲ့ဆင်းလာတယ်။ ကိုဇွဲမြင့်အဆင်ပြေတယ်မဟုတ်လား"

"ဒီလိုပါပဲ ကိုမင်းရာ ကျွန်တော်တို့လောကအကြောင်းသိတယ်မဟုတ်လား"

"ဒါနဲ့ ကိုမင်းကို မေးရဦးမယ်။ ရန်ကုန်အရှေ့ပိုင်းက ကျော်စွာကိုသိတယ်မဟုတ်လား"

"သိပါတယ် ဒီဘဲကဇမသေးဘူး။ အခုထောင်အနှစ် (၂၀) ကျသွားပြီလေ"

"အင်း ဒီဘဲရဲ့တပည့်တောင်ဒဂုံကတိုးကြီးဆိုတာလေ မြစ်ကြီးနားကိုအလုပ်တစ်ခုလက်ခံပြီး တက်သွားတာ အခုတ်ခံလိုက်ရတယ်တဲ့။ သားအဖနှစ်ယောက်တဲ့။ ပုံစံပြောလိုက်တာနဲ့ ကျောက်လောကက ကိုမင်းတို့သားအဖမှန်းသိလိုက်ရတယ်"

ကိုမင်းမင်းရယ်လေသည်။

"ကိုဇွဲမြင့်၊ ဒီကောင်တွေက ခင်ဗျားနဲ့မတူဘူး။ မိုက်ဖို့လောက်ပဲသိတယ်။ သတ္တိနဲ့ဉာဏ်မရှိဘူး။ သတ္တိရှိရှိနဲ့ ဉာဏ်ကိုလွှဲပြီးသုံးတတ်တဲ့သူတွေနဲ့တွေ့ရင် ဒီကောင်တွေကျွတ်ကျပြီး ဖျားကုန်တာပဲ။ ဟုတ်တယ် ကျွန်တော်ပေးလိုက်တဲ့သင်ခန်းစာ။ ဒီကောင်ကံကောင်းသွားတယ်။ ဒီကောင် နယ်ကျော်ပြီး ရန်ကုန်အပြင်ထွက်လာတာကိုး။ ကျွန်တော်တို့က တောထဲက ကိုးတောင်ကျားတွေ။ သူ့ကိုအသေလုပ်တာ။ ဒီကောင်အရမ်းကံကောင်းတယ်"

"ကိုမင်းကသာ ကံကောင်းတယ်ပြောတာ ဒီကောင့်ဘယ်လက်မောင်းသိမ်နေပြီ သေရာပါပဲ။ အဲဒါ သူ့တပည့်တွေက ကိုမင်းတို့သားအဖ ရန်ကုန်ဆင်းလာရင်ပိုင်းပြီးရှောမယ်တဲ့။ ကျွန်တော်ကြားရတဲ့သတင်းကို ပြောတာနော်။ တိုးကြီးလည်း နည်းနည်းကျွတ်နေပါပြီ။ အရင်လိုမစွာရဲတော့ဘူး။ သူတော်တော်လန့်သွားတယ်။ ကိစ္စမရှိဘူး ကိုမင်း။ အဲဒီကောင်တွေကို ကျွန်တော်မှာထားပါ့မယ်။ ကိုမင်းတို့ကိုတွေ့ရင် ရှော်ပစ်လိုက်လို့။ ကျွန်တော်ရှိနေရင် ရန်ကုန်မှာ ကိုမင်း မဲ့တစ်ပေါက်မစွန်းစေရပါဘူး"

"ကျွန်တော် မကြောက်ပါဘူး ကိုဇွဲမြင့်။ ကျွန်တော်တစ်ယောက်ထိရင် အနည်းဆုံး လေးငါးယောက်တော့အပါခေါ်သွားမှာပေါ့"

"ကိုမင်းသတ္တိကို ကျွန်တော်သိပါတယ်။ ကဲ-ကျွန်တော်သွားဦးမယ်"

"ဘယ်ကိုသွားမှာလဲ ကိုဇွဲမြင့်"

"အကြွေးသွားတောင်းပေးရမယ်လေ။ အကြွေးရရင် (၂၀) ရာခိုင်နှုန်းရမယ်လေ။ သိန်းလေးဆယ်ပေါ့"

ဇွဲမြင့်ထွက်သွားသည်ကိုငေးကြည့်နေမိ၏။ ရန်ကုန်လူမိုက်လောကကလည်း အကြွေးရှင်တွေဘက်က လိုက်ပါဆောင်ရွက်ရသည့်အကျိုးဆောင်တွေပါလား။

■

မိုးစက်တို့တဖျောက်ဖျောက်ကျနေ၏။ ရွာသည်ဟုလည်း မဆို၊ မရွာဘူးဟုလည်းပြောလို့မရ။ လာနောက်နေပါလားမိုးရယ်။ ရွှေဘုံသာလမ်းအောက်ဘက်မှာ လှုပ်ရှားနေကြသောကျောက်လောကသားတွေ ပေါ်တိကိုကြီးတွေအောက်ပြေးဝင်ခိုလှုံကြသည်။ တချို့က ညောင်ပင်ကြီးအောက်သို့ ဝင်ခိုကြ၏။ အဖြူန်း၊ အညို၊ ဆေးဆိုးကျောက်၊ ဖန်ကျောက်လေးတွေပလုံစီခင်းထားသောဆိုင်လေးများ ထိုးကြိုးတွေဖွင့်ကြ၏။ ပေါ်တိကိုအောက် လက်ဖက်ရည်ဆိုင်မှာ စားပွဲဝိုင်းတွေလူပြည့်ကုန်၏။ ဘင်္ဂလားပင်လယ်အော်မှ လေဖိအားနည်းရပ်ဝန်းသည့် အားကောင်းလာပြီး နာမည်တစ်လုံးပင် ရရှိသွားပေပြီ။ မုန်တိုင်းက လူတစ်လုံးသူတစ်လုံးဖြစ်လာ၍ ရခိုင်ပြည်နယ်ကိုဖြတ်ရမလား။ ဘင်္ဂလားဒေ့ရှ်ကိုဖြတ်ရမလားဟု သွေးတိုးစမ်းနေ၏။ အကုသိုလ်များတဲ့ကောင်တွေဘက်သွားမှာကတော့သေချာနေပါ၏။ ဒေါ်လာစေ့းတွေတရိပ်ရိပ်တက်နေ၏။ ဒေါ်လာစေ့းနှင့်အတူ ရွှေဘုံသာလမ်းရှိ ရွှေစေ့းကွက်ကလည်း ဟန်ချက်ညီလိုက်တက်၏။ ရန်ကုန်မြို့မှာ နိုင်ငံတော်က ကြီးမှူးကျင်းပသည့် ကျောက်မျက်ရတနာပြပွဲကြီးစတော့မည်။ နိုင်ငံတကာက ကျောက်ကုန်သည်တွေတဖွဲဖွဲရောက်လာနေကြ၏။ ပြည်ကြီးတရုတ်နှင့် ဟောင်ကောင်၊ ထိုင်ဝမ်က အများဆုံးလာကြသည်။ ကျောက်စိမ်းအတွဲတွေထောင်ချီပြီးပြမည်ဆိုသည်။

ကျောက်မျက်ရတနာပြပွဲကျင်းပမည်ဆိုလျှင် ရွှေဘုံသာလမ်း၊ ပိုလ်ချုပ်စွေးနှင့်မန္တလေးကျောက်ပိုင်းမှာ လှုပ်လှုပ်ရွရွဖြစ်မြဲတည်း။ နိုင်ငံတကာမှကျောက်ကုန်သည်တွေက အစိုးရမှခင်းကျင်းပြသည့်ပွဲကို စိတ်ဝင်စားကြသလို အပြင်မှာအောင်းထားသည့်အရည်အသွေးကောင်းကျောက်များကိုလည်း သူ့အဆက်အသွယ်နှင့်သူရှာဖွေကြ၏။

မိုးစဲသွားလေပြီ။ ရွှေဘုံသာလမ်းတစ်ဖက် ကုန်သည်လမ်းထောင့်တွင်ရှိသော လက်ဖက်ရည်ဆိုင်လေးကပြန်ပြီး လူစည်ကားလာသည်။ ကိုကျော်စိုးလှိုင်ပေါ် တိကိုအောက်တွင် မိုးခိုနေရာမှ ထိုလက်ဖက်ရည်ဆိုင်လေးသို့သွားပြီး လွတ်နေသည့်စားပွဲမှာဝင်ထိုင်သည်။

"ကောင်လေး၊ ပေါ့ကျတစ်ခွက်။ ဟာရှင်တို့လာသေးလား"

"မလာသေးဘူး ဆရာ။ မနေ့ကတော့ နေ့လယ်အထိ ဆိုင်မှာထိုင်နေကြတယ်။ အလုပ်ဖြစ်သွားတယ်တော့ထင်ရတာပဲ"

ကောင်လေးက လက်ဖက်ရည်ဖျော်ရင်းလှမ်းပြောသည်။ သူလက်ဖက်ရည်သောက်နေစဉ် စားပွဲသို့လူတစ်ယောက်ဝင်ထိုင်သည်။ သူမှော်ကြည့်လိုက်တော့ ကျောက်ဝယ်ရောင်းလုပ်နေသည့်ကျော်ကြီးဖြစ်နေသည်။ သူသည်လည်း ဟိုတုန်းကပွဲစားအောင်မြင့်၏ တပည့်တစ်ဦးပင်ဖြစ်သည်။ အောင်မြင့် နာမည်ပျက်လာသောအခါ စွန့်ခွာခဲ့ခြင်း ဖြစ်သည်။ အဲဒါတောင် သူတို့တွေအဆက်အသွယ်ကပြတ်လှသည်မဟုတ်။ ကျောက်လောကမှာက မခေါ် ချင်ပေမယ့် လမ်းတွေ့လျှင် မချိသွားဖြတွေ့လုပ်နေရသေးသည်။

"ဘိုကျော်၊ ကျွန်တော့်ကို တစ်ခုလောက်ကူညီပါ"

"ဘာလဲကွာ မင်းလက်ဖက်ရည်သောက်ဦးမလား"

"မသောက်တော့ဘူး အစ်ကို။ ကျွန်တော့်မှာပါလာတဲ့စွယ်တစ်ခွာလောက် အစ်ကိုစစ်ပေးပါ"

"ဘာကျောက်လဲကွာ၊ ဓာတ်ခွဲခန်းသွားပါလား"

"ကျွန်တော်ဓာတ်ခွဲခန်းကို စိတ်မချလို့ပါ။ အစ်ကို့အတွေ့အကြုံနဲ့ မျက်စိ

www.burmeseclassic.com

www.burmeseclassic.com

က ဓာတ်ခွဲခန်းထက်စိတ်ချရတယ်လေ"

ထိုခေတ်က ကျောက်မျက်ဓာတ်ခွဲခန်းတစ်ခုသာပေါ်သေးပြီး ယခုခေတ်ကဲ့သို့ပစ္စည်းကိရိယာမစုံလင်သေးပါ။

ကျော်ကြီးထုတ်ပြသောကျောက်က ပတ္တမြားဖြစ်နေသည်။ ရွှမ်ကာရက်လောက်ရှိမည့်လည်သီးရည်။ အတွင်းမှာ ဂေါ်ကြိုးတွေတန်းနေသည်။ လုံးချောသွေးထား၏။

"မင်းဘယ်သူ့ဆီကယူလာတာလဲ ဘလုပ်မလို့လဲ"

"မှန်ရင် ကျွန်တော်ဝယ်ထားမလို့။ ကျောက်မျက်ပြပွဲကို နိုင်ငံခြားသားတွေလာနေကြပြီ။ ကျွန်တော့်မိတ်ဆွေက ပတ္တမြားလုံးချောတစ်လုံးရှာထား။ဝယ်မယ့်သူအဆင်သင့်ရှိတယ်ဆိုလို့ ကျွန်တော် ရှာလာတာမှန်တယ်မဟုတ်လား အစ်ကို"

"မင်းဘယ်သူ့ဆီကယူလာတာလဲ"

"ပစ္စည်းရှင်က သူနာမည်မပြောပါနဲ့တဲ့"

"ငါတို့ မိုးကုတ်မှာအလုပ်လုပ်ကြတာ သစ္စာရှိကြတယ်ကွ။ ဒါတောင်မှ တစ်ယောက်စနှစ်ယောက်စဖောက်ကြသေးတယ်။ အေး-ဖောက်တဲ့သူကလည်း နောက် ဘယ်တော့မှမိုးကုတ်ကိုမလာနဲ့တော့။ အားလုံးက ဝိုင်းကြဉ်လိုက်ကြတယ်။ အဓိကကတော့ ကတိနဲ့သစ္စာတရားကို အရင်းတည်ပြီး လုပ်ကိုင်စားသောက်ကြတာလေ။ မင်းကို ငါရှင်းရှင်းပဲပြောလိုက်မယ်။ မင်းဒီကျောက်ကိုဝယ်ပြီး နိုင်ငံခြားဝယ်လက်ကိုပြန်ရောင်းမလို့ မဟုတ်လား"

"ဟုတ်တယ် အစ်ကို၊ ကျွန်တော် နှစ်ပုံးနဲ့ဝယ်မယ်လို့ပြောခဲ့ပြီးပြီ။ နိုင်ငံခြားသားကို ပြန်ရောင်းရင် အနည်းဆုံးငါးပုံးပဲ"

ကိုကျော်စိုးလှိုင်ရယ်လေသည်။

"ဘာရယ်ဟာလဲ အစ်ကို။ ကျွန်တော် အစ်ကို့ကို ကျောက်ကြည့်ခနဲ့ စျေးဖြတ်ခကန်တော့ပါ့မယ်"

"ငါ မင်းဆီက ပိုက်ဆံမလိုချင်ပါဘူး။ မင်းအဖောက်ခံရမှာကိုပဲ စိုးရိမ်တာ ဒီမှာ ကျော်ကြီး၊ နီရဲနေတိုင်း ပတ္တမြားအစစ်ထင်နေလား။ မင်းပတ္တမြားကို တော်ရုံတန်ရုံလူသွားပြလိုက်။ ကြက်လည်ပင်းကိုလှီးလိုက်လို့စီးကျလာတဲ့သွေးရောင်လိုရဲရဲနီနေတဲ့လည်သီးရည်လို့ပြောလိမ့်မယ်။ မင်းကျောက်က ဆေးသွင်းကျောက်ကြီးပဲ။ လည်သီးရည်ကို အမြဲတမ်းမြင်တွေ့နေကျလူတွေပဲ ဆေးသွင်းနဲ့ လည်သီးခွဲခြားနိုင်တယ်။တစ်ခါတလေ မှတွေ့ဖူးတဲ့သူတွေအဖို့ ဘယ်ခွဲနိုင်တော့မလဲ။ ဒီကျောက်နီရဲနေပုံက ပုံမှန်မဟုတ်ဘူး။ မင်းဝယ်ပြီး နိုင်ငံခြားသားကိုပြန်ရောင်းရင် အဲဒီကောင်က အလွယ်တကူ ဝယ်သွားမယ်မထင်နဲ့။ သူလာတာက ကျောက်မျက်ပြပွဲမှာ တရားဝင်လေလံကို ဝင်ဆွဲပြီး ဝယ်မယ့်ကောင်။ မင်းတို့ထက် ကျောက်အကြောင်းကို ပိုနားလည်တယ်။ အပြင်က ကျောက်ကိုဆွဲတယ် ဆိုတာ မေါ်ချောင်ကောင်းလို့ချင်လို့။ ပြီးတော့ သူ့ဘေးနားမှာ ကျောက်ဆရာကြီးတွေရှိတယ်။ မင်းကျောက်ကို သူတို့ကြည့်ပြီးတာနဲ့ စျေးတောင်မပြောတော့ဘဲ မယူသေးပါဘူးဆိုပြီး ခါလွှတ်လိုက်လိမ့်မယ်။ ကဲ ငါပြောတာရှင်းပြီလား"

ကျော်ကြီးမှာ အခုမှဇာတ်ရည်လည်သွားပြီး ခေါင်းတညိတ်ညိတ်ရှိလေ၏။ သူတို့ကျောက်လောကမှာ ကျောက်စိမ်းတွင်မလာတော့ဘဲ ပတ္တမြားနှင့်နီလာတွေပါ မီးဖတ်၊ ဆေးသွင်းပြီး အင်ထုလာကြသည်ကို မကြာခဏတွေ့လာရပါတော့သည်။ စိန်အပွင့်များဆိုလျှင် စက်နှင့်စစ်တောင်မှ စက်ကအစစ်ဟုသက်သေပြနေသောအတုများပေါ်ထွက်နေပြီဖြစ်ပါ၏။

"အစ်ကို့ကို ကျွန်တော် ကျေးဇူးတင်တယ်ဗျာ"

"မင်းနဲ့ပွဲစားအောင်မြင့်တွေ့သေးလား။ မင်းရဲ့ဆရာလေ"

"မတွေ့တော့ပါဘူး အစ်ကိုရာ။ ကျွန်တော်ခွာပြီလေ။ သူနာမည်ကပျက်စပြုနေပြီပဲ။ ဒါတောင် သူတို့တစ်တွေသန်ဘက်ခါမနက်မှာ အစိမ်းတစီတုံးအရောင်းအဝယ်ဆိုင်ကြမယ်တဲ့။ ဆေးသွင်းထားတဲ့ကျောက်စိမ်းကို ဒီပုဂ္ဂိုလ် အင်ထုဦးမယ်ထင်တယ်"

"ဘယ်မှာချိန်းကြလဲ။ မင်းနေရာသိလား"

ကိုကျော်စိုးလှိုင်ကဟန်မပျက်မေးသည်။ သူရင်ထဲမှာတော့ ကုလားဘုရားနတ်ပွဲလှည့်နေပြီဖြစ်သည်။

"ရန်ကုန်ဘူတာကြီး ပိုလ်ချုပ်လမ်းဘက်ကလက်မှတ်ရုံနားရောစီကြီးအောက် လက်ဖက်ရည်ဆိုင်မှာတဲ့ဗျာ့ ဟုတ်စွမ်ခြဲနဲ့ ခေါ်လာတဲ့ တောင်ကောင်တရုတ်သူဌေးရဲ့ ကိုယ်စားလှယ်ပဲ။ သူကဝယ်မှာတဲ့။ အစ်ကို အောင်မြင့်ကိုလည်ပင်းညှစ်ပြီး ပိုက်ဆံရအောင်တောင်း။ ကဲ-အစ်ကို ကျွန်တော်သွားမယ် ကျေးဇူးပဲ"

သူ့ရွှေဘုံသာလမ်းမှပြန်ခဲ့သည်။ ပိုလ်ချုပ်စျေးကျောက်ဝိုင်းသို့ပင်မသွားတော့ဘဲ အိမ်သို့တန်းပြန်ခဲ့၏။ လိုင်သာယာမှာခိုနေသော သက်နိုင်ဆီသတင်းပို့ရဦးမည် ဖြစ်သည်။

■

ရန်ကုန်ဘူတာကြီး ပိုလ်ချုပ်လမ်းဘက်ခြမ်း မီးရထားလက်မှတ်ကြိုတင်ရောင်းသည့်ရုံအတွင်း လူစည်ကားနေပါသည်။ ရန်ကုန်-မန္တလေးတိုက်ရိုက်ခရီးစဉ်စာပို့ရထားကြီးဘူတာခရီးစဉ် သာစည်ရွှေညောင်အထက်ဝန်းတွဲ၊ မော်လမြိုင်အထူးတန်း၊ ရန်ကုန်-ပြည်ခရီးစဉ်လက်မှတ်များကြိုတင်ဝယ်ယူနေကြသော ခရီးသွားများဖြင့် စည်ကားနေ၏။ တချို့ကတန်းစီနေကြ၏။တချို့ကထိုင်ခုံတန်းများမှာထိုင်စောင့်နေကြသည်။ လက်မှတ်ရုံသို့ အဝင် ဝင်းအတွင်းဘယ်ဘက်မှ လက်ဖက်ရည်ဆိုင်သည် ရောင်းကောင်းလှ၏။ ဝင်းအတွင်း ညာဘက်သို့ကွေ့ဝင်သွားပြီး ရေစင်ကြီးအောက် လက်ဖက်ရည်ဆိုင်၌လည်း လူအချို့လက်ဖက်ရည်သောက်နေကြ၏။ ထိုဆိုင်လေးသည် လွတ်လပ်သလို လင်းလင်းချင်းချင်းလည်းရှိ၏။ ထိုဆိုင်တွင် လူတစ်စုခေါင်းချင်းဆိုင်နေကြသည်။ လူ(၆)ယောက်ဖြစ်၍ ဆိုင်ရှင်က စားပွဲနှစ်လုံးဆက်ပေး၏။ ဟုတ်စွမ်ပွဲစားအောင်မြင့်နှင့် လက်မောင်းမှာအရုပ်တွေထိုးထားသော လူနှစ်ယောက်က တစ်ဖက်မှာထိုင်ပြီး ပြည်ကြီးတရုတ်တစ်ယောက်၊ မျက်နှာစိမ်းတစ်ယောက်က တစ်ဖက်မှာထိုင်ပြီး ထိုသူက ဟုတ်စွမ်နှင့် စကားအချေအတင်ပြောနေ၏။

"ကိုအောင်မြင့်၊ ဟိုမှာ လက်မှတ်ရုံအစွန်ဘက်ခုံမှာထိုင်နေတဲ့လူနှစ်ယောက် ကျွန်တော်တို့ဘက်ကိုကြည့်နေတယ်"

အရုပ်တွေထိုးထားသောလူနှစ်ယောက်က ပွဲစားအောင်မြင့်ကိုသတိပေး၏။ အောင်မြင့် မသိမသာလှမ်းကြည့်လိုက်ရာ -

"ဟာ - အဲဒါကိုကျော်စိုးလှိုင်နဲ့သူသားပဲ။ အဲဒီကောင်ပေါ့၊ တိုးကြီးကို အသေခုတ်တာ"

ထိုလူနှစ်ယောက် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ သူတို့ပြန်ကြည့်လိုက်တော့ မင်းမင်းက ပြုံးပြသည်။ ထိုအပြုံးသည် သူတို့အတွက် သေမင်းတမန်အပြုံးဟုထင်လိုက်ကြသည်။ တကယ်တော့ ရန်ကုန်မှလူမိုက်အချို့သည် အုပ်စုလိုက်မိုက်ကြေးခွဲဖို့သာ သတ္တိရှိကြသည်။ လူတစ်ယောက်ကို သေးသေးအေးနှင့် မပြတ်ရှင်းရဲသောသူအား ရင်ဆိုင်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com

လျှင် သူတို့နောက်တွန့်သွားရမြဲဖြစ်၏။

ထိုစဉ်မှာပင် လက်မှတ်ရုံဝင်းအတွင်း လူတစ်စုဝင်လာကြသည်။ သူတို့သည် ထိုလက်ဖက်ရည်ဆိုင်ကလေးသို့ ဝင်မထိုင်ဘဲ ခမ်းလှမ်းလှမ်းမှာ ရပ်စောင့်နေကြ၏။ ထိုလူစုကတော့ သက်နိုင်နှင့် သူခေါ်လာသော လှိုင်သာယာမှ ရဲသွေးခေါင်းဆောင်သည့် လူငယ် (၃)ယောက် ဖြစ်သည်။ ရဲသွေးက လုယက်မှုဖြင့် ထောင်နှစ်ခါကျဖူးပြီး လှိုင်သာယာမီးခွက်စေ့းတစ်လျှောက်ကျက်စားနေသူ ဖြစ်သည်။ ရန်ကုန်မြို့ လူမိုက်လောကအား တစ်နယ်တစ်ပိုင်နယ်စားရရန် လက်သွေးနေသူဖြစ်၏။ သက်နိုင် ဘယ်လိုစည်ရုံးလာသည်မသိပါ။ သူတို့လက်ထဲမှာ ထီးကောက်ရှည်တွေကိုယ်စီနှင့်ဖြစ်သည်။ တောင်ဒဂုံမှ လူမိုက်အင့်လေးတွေက အထာပေါက်သွားသည်။ လှိုင်သာယာက စီနီယာတွေ ဓားရှည်မှားအား ထီးကောက်ထဲဖွက်၍ ယူလာမှန်းသိသွားကြသည်။ အောင်မြင့်ပြောပြထား၍ ကိုကျော်စိုးလှိုင်တို့သားအဖက ဘယ်သွားသွား ဓားမြှောင်နှစ်လက်စီပါသည်ကို သူတို့သိကြသည်။

"ကိုအောင်မြင့်၊ ကျွန်တော်တို့ထွက်ပေါက်ရှာမှဖြစ်မယ်။ ဝင်လမ်းပိတ်နေပြီ"

ဟုတ်စွမ်က စကားပြောနေရာမှ ပတ်ဝန်းကျင်အား ဝေ့ကြည့်လိုက်တော့ ကိုကျော်စိုးလှိုင်၊ ကိုမင်းနှင့်သက်နိုင်တို့ အုပ်စုအား ပတ်ဝန်းကျင်မှာတွေ့လိုက်ရသောအခါ ကျောက်အရောင်းအဝယ်လုပ်ဖို့နေနေသာသာ သူတို့ထွက်ပေါက်ပိတ်နေကြောင်းသိလိုက်ရသည်။

"ကိုအောင်ခိုင်၊ ခင်ဗျား နိုင်ငံခြားသားတရုတ်ကိုခေါ်ပြီး အပေါက်ဝကို ခုပ်တည်တည်နဲ့သာထွက်တော့။ ဒီကောင်တွေ့နိုင်ငံခြားသားကိုတော့ရန်ပြုမှာမဟုတ်ဘူး။ ကျွန်ုပ်တို့အဝိုင်းခံနေရပြီ"

ဟုတ်စွမ်ပြောလိုက်မှ ကိုအောင်ခိုင်ဆိုသူသည် ပတ်ဝန်းကျင်သို့ အကဲခတ်ကြည့်၏။

"ခင်ဗျားတို့ပစ္စည်းကလည်း အရှုပ်အရှင်းမကင်းပါလား။ ကျုပ်တို့ဒါဆို မဝယ်နိုင်ဘူး။ ကျုပ်တို့ကိုပါ အန္တရာယ်ရှိနိုင်တယ်"

ထိုသူ တရုတ်လိုပြောလိုက်တော့ နိုင်ငံခြားသားတရုတ်မျက်စေ့မျက်နှာပျက်သွား၏။ သူတို့နှစ်ယောက် ရုတ်တရက်ထပြီး လက်မှတ်ရုံအဝင်ပေါက်သို့ သွက်သွက်လျှောက်လာကြသည်ကိုတွေ့ရ၏။ သက်နိုင်က ကိုကျော်စိုးလှိုင်ဆီသို့ အချက်ပြ၏။ ကိုကျော်စိုးလှိုင်လက်ဝါးထောင်ပြလိုက်သည်။ သဘောက သွားပါစေပေါ့။

"အဖေ၊ ဝဲရုတ်နဲ့ကြားလူထွက်လာပြီ"

"ပစ္စည်းပါမလာဘူးသား။အရောင်းအဝယ်ပျက်သွားပြီ။ သူတို့ အဖေတို့ဝိုင်းထားတာ ရိပ်မိသွားကြပြီ"

"ကျွန်တော်လက်ဖက်ရည်ဆိုင်ထဲဝင်ရတော့မလား အဖေ"

"မဝင်နဲ့။ သက်နိုင်ခေါ်လာတဲ့ကောင်တွေဝင်လိမ့်မယ်"

ထင်သည့်အတိုင်းပင် သက်နိုင်ခေါ်လာသည့် လှိုင်သာယာအုပ်စုဆိုင်ရှေ့အရောက်မှာပင် ဟုတ်စွမ်တို့အုပ်စုသံလမ်းအတိုင်း ဗိုလ်ချုပ်လမ်း ခုံးကျော်တံတားဘက်ထွက်ပြေးတော့သည်။ အဲဒီနေရာမှာ အခေးအိမ်သာရှိသည်။ ထိုမှတစ်ဆင့် ဗိုလ်ချုပ်လမ်းဘက်ကျော်ထွက်၍ရသည်မဟုတ်လား။

ဟုတ်စွမ်တို့ထွက်အပြေး၊ သက်နိုင်နှင့် လှိုင်သာယာအုပ်စုကလည်းအလိုက်မှာ လက်မှတ်ရုံထဲရှိနေသည့် ရထားရဲတွေက ရုတ်ရုတ်သဲသဲမြင်ကွင်းကိုတွေ့သွားပြီးထလိုက်တော့သည်။ ကိုကျော်စိုးလှိုင်တို့သားအဖ အသာလေးလစ်ထွက်လာကြပြီး ဗိုလ်ချုပ်လမ်းခုံးကျော်တံတားအနီး အိမ်သာဆီသို့ခပ်သုတ်သုတ်လေးလှမ်းလာကြ၏။ ရန်ကုန်ဘူတာကြီးကုန်ရထားများသွားလာရာ ရထားလမ်းများပေါ်တွင် ပွဲစားအောင်မြင့်တို့လူစုကပြေးနောက်မှ သက်နိုင်တို့လူစုကလိုက် သူတို့နောက်မှ ရဲတွေကလိုက်ဖြင့် ဝရုန်းသုန်းကားဖြစ်နေကြသည်ကို လက်မှတ်ရုံထဲမှ ခရီးသွားများက ရုပ်ရှင်ရိုက်နေကြသည်ထင်၍ ကြည့်ကောင်းကောင်းဖြင့် ကြည့်နေကြပါသည်။ အောင်မြင့်တို့အိမ်သာကို ကျော်တက်ပြီး ဗိုလ်ချုပ်လမ်းပလက်ဖောင်းပေါ် အရောက် ပလက်ဖောင်းအတိုင်းအပြေးလာနေကြသော ကိုကျော်စိုးလှိုင်တို့သားအဖကိုမြင်လိုက်သောအခါ ပန်းဆိုးတန်းလမ်းမအတိုင်း ချိုးဝင်ပြီး လူအုပ်ကြားထဲမှာ ပျောက်ကွယ်သွားကြ၏။ သက်နိုင်တို့လူစုကတော့ ရထားလမ်းအတိုင်း ရှေ့ဆက်ပြေးရင်း မီးရထားလိုင်းခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပါသည်။



ရန်ကုန်ဘူတာကြီးလက်မှတ်ရုံဝင်းအတွင်း ပြဿနာဖြစ်ပြီးနောက်ပိုင်း ဟုတ်စွမ်ပွဲစားအောင်မြင့်တို့သတင်းမှာ ပျောက်ခြင်းမလှပျောက်သွား၏။ သူတို့ကျောက်အရောင်းအဝယ်ကိစ္စပျက်သွားသည်ဟု သတင်းကြားရသည်။ သူတို့အားကိုးသောလူမိုက်တွေက ရန်ကုန်လူမိုက်လောကမှာ မူကြိုအဆင့်သာရှိကြောင်းသိသွား၍လည်းကောင်း၊ သူတို့နောက်လိုက်နေသူများက သက်နိုင်နှင့် လှိုင်သာယာလူမိုက်အုပ်စု၊ ပြီးနောက် သွေးအေးအေးဖြင့် လက်တုံ့ပြန်တတ်သော ဇရိသည့် ကိုကျော်စိုးလှိုင်တို့သားအဖဖြစ်နေ၍ သူတို့ရန်ကုန်မှာပေါ်ပေါ်ထင်ထင်မနေရဲကြတော့ပါ။

ထိုသို့ ဖြစ်ပျက်ခဲ့ပြီး တစ်လခန့်အကြာတွင် တစ်ရက်၌ ကိုကျော်စိုးလှိုင်သပိတ်ကျင်းမှယူလာသောကာရက်(၂၀) ခန့်ရှိ နီလာအရိုင်းတုံးတစ်ပွင့် ဝယ်လက်အားပြရန် ရွှေဘုံသာလမ်းသို့ဆင်းလာခဲ့သည်။ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ပေါ်ကျတစ်ခွက်မှာ၏။ နံနက် (၁၀)ခန့်ရှိပြီဖြစ်သဖြင့် ရွှေဘုံသာလမ်းအောက်ဘလောက်သည် ဝယ်ရောင်းများ၊ ကပ်ပွတ်စားများ၊ ပွဲစားများဖြင့်ရှုပ်ယှက်ခတ်နေကြ၏။

"အစ်ကို၊ ရောက်နေတာကြာပြီလား"

"ဟော-ကျော်ကြီး မင်းကိုမတွေ့ရတာကြာပြီပဲ"

"အစ်ကိုနဲ့သာ မတွေ့တာပါ။ အစ်ကို့သတင်းတွေကြားနေရပါတယ်ဗျာ"

"ဟေ-ဘာသတင်းတွေကြားနေရလို့လဲ"

"ဟိုတစ်လောက ဘူတာကြီးမှာ ပွဲစားအောင်မြင့်တို့နဲ့အစ်ကိုတို့အဖွဲ့ကိုင်ကြတာတွေလေ။ ကျွန်တော်က တောင်ဒဂုံမှာနေတာဆိုတော့ အောင်မြင့်ခေါ်လာတဲ့ကောင်လေးတွေက ကျွန်တော် အရက်ဆိုင်မှာ အရက်သောက်နေကျ အစ်ကိုရဲ့။ သူတို့ပြန်ပြောပြလို့သိရတာ ဟုတ်စွမ်တို့တော်တော်ဖျားသွားတယ် အစ်ကို။ အောင်မြင့်ဆို ခြေရာဖျောက်

www.burmeseclassic.com

www.burmeseclassic.com

နေတာ။ သူ အိမ်ကထွက်ရင် မနက်အစောကြီး၊ ပြန်ရင် ည(၁၀)နာရီကျော်မှ ပြန်လာ။ မြို့ထဲလာရင် ရုပ်ဖျက်ပြီးလာတယ်"

"မင်း အောင်မြင့် ဘယ်မှာခိုနေတယ်ဆိုတာသိလား"

"အောင်မြင့်က သူဘယ်မှာနေတယ်ဆိုတာ ဘယ်သူမှမပြောပေမယ့် ကျွန်တော်သိနေတာကြာပြီပဲလေ"

"မင်း ငါ့ကိုအောင်မြင့်ဘယ်မှာနေတယ်ဆိုတာ ပြော။ ဒီမှာကြည့် ဒီနိုလာတစ်ပွင့်ကို ငါ ခုနစ်ပုံးပဲယူမယ်။ ပွဲညွှန့်တင်ပြီး ရသမျှ မင်းယူ"

ကျော်ကြီး ဆီစိမ်စက္ကူဖြင့်ပတ်ထားသည့် နီလာအရိုင်းပွင့်ကြီးကို သေသေချာချာကြည့်သည်။

"အစ်ကို့ဟာက ဟဲဒီးကြီးပဲ။ ဘယ်လောက်ဈေးခေါ်ရမလဲ ကျွန်တော် မသိဘူး"

"မှတ်ထား၊ ဒီလိုအလုံးမျိုးကို ဆယ်ပုံးကစခေါ် ဒါမှမဟုတ် ဆယ်ပုံးအထက်ခေါ်။ မင်းအတွက်တော်တော် ကျန်မှာပါ"

ကိုကျော်စိုးလှိုင်သည် ကျော်ကြီးအား မြက်မြက်လေးပေးစားလိုက်၏။ ကျော်ကြီးဆီမှ အောင်မြင့်၏လိပ်စာအတိအကျရပါတော့သည်။ သူတို့လောကမှာ တစ်ခါတစ်ရံ သတင်းတစ်ခုအတွက် ဤကဲ့သို့ အဖေးအယူလုပ်မှ အဆင်ပြေသည်မဟုတ်ပါလား။ သည်တစ်ခါတော့ သက်နိုင်ကို အကြောင်းကြားတော့ဘဲ သူတို့သားအဖနှစ်ယောက်ပဲ လှုပ်ရှားကြတော့သည်။ ကျောက်မြောင်းရပ်ကွက် လမ်းမတန်းအနီး လမ်းသွယ်တစ်ခုမှာ အောင်မြင့်ခိုနေခြင်း ဖြစ်သည်။ ရက်သတ္တနှစ်ပတ်ခန့် နံနက်စောစောနှင့် ည၌ နက်ပိုင်းအထိ စောင့်ဖမ်းလိုက်သော အခါ အောင်မြင့်အားခြေရာခံမိပါတော့သည်။

■

မိုးရွာသောညတစ်ည။

မိုးကဖွဖွကလေးရွာနေ၏။ မိုးကြောင့် ကျောက်မြောင်းရပ်ကွက်သည်ည (၉) နာရီကျော်သောအခါ လူစဲသွား၏။ ရှမ်းခေါက်ဆွဲဆိုင်များသိမ်းကုန်ကြပြီး လက်ဖက်ရည်ဆိုင်တချို့ပင် ပိတ်ကုန်ကြပြီဖြစ်သည်။ ကျောက်မြောင်းလမ်းမကြီးသည် မိုးရွာသောအခါ ရေအိုင်ငယ်များဖြစ်ပေါ်လာကြ၏။ ဖားငယ်များက ထိုအိုင်ငယ်များတွင် ပျော်မြူးကြပြီး မိုးသို့မျှော်၍အော်ကြ၏။ ခြင်တို့က လူတို့နှင့် အပြိုင် အိမ်သာတည်ထောင်ကြသည်။

ကိုကျော်စိုးလှိုင်တို့ သားအဖနှစ်ယောက် မပိတ်သေးသော လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း ကိုယ်ခန္ဓာမှာ ဝဲပျံလာသောခြင်တို့အားမောင်းထုတ်နေရလေ၏။ မျက်လုံးများက ပွဲစားအောင်မြင့် နေထိုင်သောလမ်းသို့ မျက်ခြည်မပြတ်ကြည့်နေသည်။ လက်ဖက်ရည်စားပွဲပေါ်တွင် သူတို့ယူလာသော ရွှေဒေါင်း၏ ဘဝတစ်သက်တာမှတ်တမ်းစာအုပ်ကြီး ရှိသည်။

"အဖေ (၉) နာရီခွဲကျော်ပြီ"

"ဒီကောင် (၁၀) နာရီခွဲလောက်မှ အိမ်ကိုဝင်မှာကွ"

"ဒီနေ့ညက မိုးရွာပြီး လူပြတ်နေတယ်လေအဖေရ။ စောပြီးများလာမလားမသိဘူး"

"အင်း-အခြေအနေအရဖြစ်နိုင်ပါတယ်။ လာ-သား၊ သူတို့နေတဲ့တိုက်ကို အခြေအနေသွားကြည့်ရအောင်"

အောင်မြင့်နေသည့်တိုက်ခန်းသည် နှစ်ခန်းတွဲရှစ်လွှာဖြစ်ပြီး သူတို့မိသားစုက ခြောက်လွှာတွင်နေထိုင်ကြသည်။ တိုက်ရှေ့ရောက်၍ အခြေအနေအား အကဲခတ်သော် အခန်းတော်တော်များများ မီးပိတ်ကုန်ကြပြီဖြစ်၏။ တချို့အခန်းများတီဗွီကြည့်နေသည်ထင့် မီးဖွင့်ထားသည်ကိုတွေ့ရသည်။

"သား ကိုမင်း၊ အဖေ အောင်မြင့်အခန်းကိုတက်ပြီး သူ့မိသားစုနဲ့တွေ့ပြီး အခြေအနေကိုအကဲခတ်မယ်။ မင်းက တိုက်အောက်မှာအနေအထားကိုကြည့်"

မင်းမင်းက ပုဆိုးကြားထဲမှာဝှက်ပြီး ယူလာသောဓားရှည်အား ပြုတ်မကျရန် ပုဆိုးကိုတင်းတင်းစည်းလိုက်သည်။ ကိုကျော်စိုးလှိုင်ရွှေဒေါင်းစာအုပ်ကြီး ကိုင်ပြီးတိုက်ပေါ်တက်သွား၏။

"ဒေါက် ဒေါက် ဒေါက်"

"ဘယ်သူလဲ"

အခန်းအတွင်းမှမိန်းမတစ်ယောက်၏မေးသံကိုကြားရ၏။

"ကျွန်တော်ကိုအောင်မြင့်ရဲ့မိတ်ဆွေပါ"

အသက် (၃၅) နှစ်ခန့် အမျိုးသမီးတစ်ယောက် တံခါးဖွင့်မေးသည်။ ဧည့်ခန်းအတွင်း၌ (၁) နှစ်သားခန့်ကလေးငယ်တစ်ဦး ပုခက်ထဲတွင်အိပ်နေသည်။

(၅) နှစ်သားခန့် ကလေးတစ်ယောက် အရုပ်လေးတစ်ရုပ်နှင့် ဆော့ကစားနေ၏။

"မေမေ၊ ဖေဖေပြန်လာပြီလား။ သားတို့စားဖို့ခေါက်ဆွဲကြော်ပါလာလား။ သားသားဗိုက်ဆာနေပြီ"

ကလေးငယ်က သူ့အဖေပြန်လာပြီထင်ပြီး လှည့်မကြည့်ဘဲမေး၏။

"မဟုတ်ပါဘူး သားရယ်၊ ဖေဖေ့သူငယ်ချင်းပါ။ အစ်ကိုအိမ်ထဲဝင်ပါဦး"

သူမည့်ခန်းထဲဝင်ထိုင်လိုက်သည်။ ဧည့်ခန်းမှာ မည်သည့်ပရိဘောဂမှမရှိ။ ဖျာကြမ်းတစ်ချပ်သာခင်းထားသည်။ မိန်းကလေးပုံစံက ညိုးညိုးငယ်ငယ်နှင့် ဖြစ်ပါသည်။ နွမ်းပါးနေပုံရ၏။အောင်မြင့်ကတော့ အပြင်မှာတွေ့လိုက်လျှင်ကြွေနေအောင်ဝတ်သည်။ အင်း- တနင်္ဂနွေသားတွေရဲ့အကျင့်က သည်လိုပါပဲလေ။

"ဘာကိစ္စရှိလို့ပါပဲ အစ်ကို"

"ကျောက်တစ်ပွင့်သူကြည့်ချင်တယ်ဆိုလို့ ဒီနေ့ခိုန်းထားတာ မလာဘူး။ ဒါနဲ့ အိမ်ကိုလိုက်လာတာပါ။ ပြန်မရောက်သေးဘူးလား"

"လာတော့မှာပါ၊ ခဏစောင့်ပါဦးလား"

"မစောင့်တော့ဘူး ညီမ။ မိုးချုပ်နေပြီ။ နောက်နေ့မနက် ရွှေဘုံသာလမ်းမှာစောင့်နေမယ်ဆိုတာသာပြောလိုက်ပါ။ ကဲ-သွားဦးမယ်နော်"

ကိုကျော်စိုးလှိုင်က နှုတ်ဆက်ပြီး တိုက်ခန်းမှထွက်လာခဲ့သည်။ လေ့ကားတစ်ဆစ်ချိုးအမှောင်ရိပ်ရောက်တော့ ဆက်မဆင်းဘဲ ထောင့်ကွယ်မှာရပ်နေလိုက်သည်။ (၁၀) နာရီထိုးပြီး ဒီကောင် လာတော့မည်။ အိတ်ထဲမှ ပီကေတစ်ပြားထုတ်၍ဝါးလိုက်သည်။ ပီကေမညက်တည်က်အချိန်တွင် တိုက်အောက်မှ ခြေသံကြားရ၏။ တိုက်ခန်းဝများမှ ငါးဝပ်မီးလုံးလေးများ၏ အလင်းရောင်သည် မှောင်သည်လည်းမမည်၊ လင်းသည်လည်းမဟုတ်။ သို့သော် ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ ငါးလွှာ၏လေ့ကားတစ်ဆစ်ချိုးမှာ အောင်မြင့်၏ပုံရိပ်ကို မြင်လိုက်ရသည်။

"အောင်မြင့်"

"ဟာ"

သူလန့်သွားပြီး အောက်သို့ဆင်းပြေးမလိုလုပ်သည်။

"မင်းဆင်းမပြေးနဲ့။ အဲဒီမှာရပ်နေပြေးရင် မင်းသေလိမ့်မယ်"

အောင်မြင့်သည် ကိုကျော်စိုးလှိုင်

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကိုသိနေ၍မပြေးရဲတော့ပါ။ ကိုကျော်စိုးလှိုင်က ရွှေဥဒေါင်းစာအုပ်ထူကြီးကို လှန်လိုက်သည်။ စာအုပ်ထူအတွင်းထွင်းထားသော ကလိုက်အတွင်းမှ ဓားမြှောင်တစ်ချောင်းထွက်လာသည်။

"မင်း ငါ့ကို ဘာမှဆင်ခြေတက်မနေနဲ့။ အိုက်မြင့်နဲ့ သက်နိုင်ဆီက လိမ်သွားတဲ့ ကျောက်စိမ်းတုံးကို ပြန်ပေးပါ။ မပေးဘူးဆိုရင် မင်းရော မင်းမိသားစုပါ ဒုက္ခရောက်သွားလိမ့်မယ် မင်းစဉ်းစားပါ။ မင်းမိန်းကလေးက သနားစရာပါ။ မင်းသားလေး ခုထိ ထမင်းမစားရသေးဘူး။ မင်းကိုစောင့်နေတာ"

အောင်မြင့် ရုတ်တရက် အောက်သို့ဆင်းပြေး၏။

"အင့်"

အောက်မှတက်လာသောလူတစ်ယောက်နှင့်တိုက်မိ၍ အင့်ခနဲအသံထွက်သွားသည်။ အောက်မှတက်လာသော သူက ပုဆိုးကြားထဲမှ ဓားရှည်ကိုဆွဲထုတ်လိုက်သည်။ ဌက်ကြီးတောင်ဓားသွားက မီးရောင်မှာလက်လက်ထနေ၏။

"ခင်ဗျားပြေးလို့မရပါဘူး"

မင်းမင်းအသံက တီးတိုးထွက်လာသည်။ မြစ်ကြီးနှားမှာ တိုးကြီးကို တစ်ချက်ချင်းလိုက်ခုတ်နေသော မင်းမင်း၏ ပုံရိပ်ကို သူမြင်ယောင်လာပြီး ကျောထဲမှစိမ့်နေအောင် ကြောက်နေမိတော့သည်။ အောင်မြင့်ဘာလုပ်ရမှန်းမသိပါ။ အပေါ်မှသူသည် သူ့အား ဓားမြှောင်ဖြင့် စောင့်နေ၏။ အောက်မှသူသည် သူ့အား ဓားရှည်ဖြင့်ရွယ်ထားသည်။

"မင်း သူများပစ္စည်းကိုအချောင်ဖြတ်ခုတ်သွားတာ။ မင်းလိုချင်ရင် မင်းဟာမင်း မော့ထဲမှာ သွားတူးပါလား။ မင်းဟာ ဒါနဲ့ဆိုရင် နှစ်ခါရှိပြီ အကျော်အခွလုပ်လာတာ။ ငါခွင့်မလွတ်နိုင်တော့ဘူး။ မင်းနဲ့ မင်းမိန်းမ အသေခံမလား။ ကလေးနှစ်ယောက်ကိုတော့ ငါတို့ လက်ဖျားနဲ့မထိပါဘူး။ ကျောက်ကို ပြန်ပေးပြီး အသက်ရှင်မလား စဉ်းစားနော်"

အောင်မြင့်လျှပ်တစ်ပြက်အတွင်း စဉ်းစားလိုက်သည်။ ကျောက်က သူ့ကျောက်မဟုတ်။ သူဘတ်လာသည့် ကျောက်ဖြစ်သည်။ ဒီလူနှစ်ယောက်က သွေးအေးအေးနှင့်တကယ်လုပ်မည့်သူတွေဆိုတာ သူသိနေသည်။ သူနှင့်သူ့မိန်းမသေသွားခဲ့သော် သားလေးနှင့် သမီးငယ်၏ဘဝကို သူမတွေးဝံ့တော့ပါ။

"ကျွန်တော်မှားပါပြီအစ်ကိုရယ်။ ကျွန်တော်ပြန်ပေးပါတော့မယ် အခန်းကိုလိုက်ခဲ့ကြပါ"

မင်းမင်းက ဓားရှည်ကိုပြန်သိမ်းလိုက်သည်။ ကိုကျော်စိုးလှိုင်ဓားမြှောင်ကို စာအုပ်ထဲပြန်ထည့်၏။ အောင်မြင့်ကို နှစ်ယောက်ညှပ်ပြီး ခြောက်လွှာသို့ တက်လာခဲ့ကြသည်။

"ဒေါက် ဒေါက် ဒေါက်"

"ဘယ်သူလဲ"

"မိန်းမ ငါပါ"

တံခါးဖွင့်ပေး၏။ မိန်းကလေးက သူတို့သုံးယောက်ကို တွေ့သောအခါ အံ့အားသင့်ပုံမပြဘဲ

"ညြော်- အစ်ကိုတို့လမ်းမှာ တွေ့သွားကြပြီကိုး။ ဝင်ပါ အထဲကို"

ပုံမပျက်ဘဲ သူတို့ဧည့်ခန်းဖျာကြမ်းပေါ် ဝင်ထိုင်ကြသည်။

"ဖေဖေ သားဖို့ ခေါက်ဆွဲကြော်ပါလား"

"ပါပါတယ် သားရယ်။ မိန်းမရေ သားလေးကိုကျွေးလိုက်ပါ။ ရော့ ဒီမှာ ခေါက်ဆွဲထုပ်"

အမျိုးသမီးခေါက်ဆွဲထုပ်ကိုင်၍ နောက်ဖေးခန်းထဲသို့ ဝင်သွားသည်။ အောင်မြင့် အိပ်ခန်းထဲသို့ဝင်မည်ပြုသည်။

"မင်းမထနဲ့ထိုင်နေ"

ကိုကျော်စိုးလှိုင်လေသံမာမာဖြင့် ပြောလိုက်၍ ထမလှုပ်နေရာမှပြန်ထိုင်လိုက်သည်။ မိန်းကလေးက ခေါက်ဆွဲပန်းကန်ယူလာပြီး သားငယ်အားခွံ့ကျွေးလိုက်၊ သူက တစ်ဖွန်းစားလိုက်ဖြင့် သူတို့နှစ်ယောက်ကို စိတ်မဝင်စားပါ။

"မင်းသွားယူတော့"

အောင်မြင့် အခန်းအတွင်းဝင်၍ ဘာမှကြံစည်လို့မရတော့ပါ။ မိန်းမနှင့် သားသည် ဓားစာခံသဖွယ်ဖြစ်နေရပြီတည်း။ ဆီစိမ်စက္ကူဖြင့်ပတ်ထားသော ကျောက်စိမ်းတုံးကို ထုတ်ယူလာရသည်။ ကိုကျော်စိုးလှိုင်စက္ကူစအားတစ်လွှာချင်း ခွာချသည်။ ထိပ်စွန်းလေးပဲ့နေသော ကျောက်စိမ်းတုံးအားမြင်ရသည်။ အကျီအိတ်ထဲမှ ကျောက်ကြည့်မာတ်မီးဖြင့် အပဲ့နေရာအားထိုးကြည့်သည်။ အိုက်မြင့်တို့ကျောက်မှန်း သေချာသွား၏။ ဆီစိမ်စက္ကူကိုပြန်ပတ်ပြီး ကျောက်အား မင်းမင်းကိုပေးလိုက်သည်။ မင်းမင်းက စလွယ်သိုင်းလွယ်ထားသော စစ်လွယ်အိတ်ထဲထည့်သည်။ ကိုကျော်စိုးလှိုင် အကျီအိတ်ထဲမှ တစ်ထောင်တန်ငါးရွက်ထုတ်လိုက်သည်။

"ညီမ၊ မနက်ကျရင် ကလေးကို မုန့်ဝယ်ကျွေးလိုက်ပါ။ ငါ့ညီမလည်း မုန့်စားပေါ့"

မိန်းကလေးက မငြင်းဘဲ လှမ်းယူ၏။ ဘယ်လောက်တောင် ဆင်းရဲနေသည်မသိ။ ဟန်ဆောင်၍ပင် မငြင်းပါ။ အောင်မြင့်ကား ခေါင်းငိုက်စိုက်ကျနေ၏။

"မင်းကို ငါနောက်ဆုံး သတိပေးလိုက်မယ်။ ကျောက်ပွဲစားတန်းကိုမလာနဲ့တော့။ မင်းလာလည်း ဘာမှလုပ်စားလို့ရမှာမဟုတ်တော့ဘူး။ တခြားဟာတစ်ခုခုလုပ်စားဖို့ကြိုးစားတော့။ ငါတို့သွားပြီ"

ကိုကျော်စိုးလှိုင်တို့သားအဖ တိုက်အောက်သို့ အမြန်ဆင်းလာခဲ့ကြသည်။ အပြင်ဘက်မှာ မိုးတို့ဖွဲဖွဲကျနေဆဲ။ ဖားလေးတွေကလည်း အော်ဟစ်ဆဲ။ ကားတစ်စီး အပြင်းမောင်းသွားသည်ကို တွေ့လိုက်ရပါတော့သည်။

■

ကိုကျော်စိုးလှိုင်က သက်နိုင်နှင့် အိုက်မြင့်အားခေါ်ပြီး ကျောက်စိမ်းတုံးကိုအပ်သည်။ ဩဇုဇယ်ချဲဒီးနှစ်ယောက် စိတ်ဝမ်းမကွဲကြရန်ဆုံးမ၏။ ရွှေလီဘက်မှ သူ့မိတ်ဆွေများအား လှမ်းခေါ်ပြီး ကျောက်ကိုပြပြီးနောက် အရောင်းအဝယ်ဖြစ်သွားပါသည်။ သက်နိုင်နှင့် အိုက်မြင့်တို့ ကိုကျော်စိုးလှိုင်အား ငွေ (၁၀) သိန်းကန်တော့၏။ ကိုမင်းမင်းအား လက်ဆောင်ငွေ (၁၀) သိန်းပေး၏။ သူတို့နှစ်ယောက် မန္တလေးသို့ပြန်တက်သွားကြ၏။ ဆရာတော်ဘုန်းကြီးကျောင်းမှ အိုဟောင်းနေသောကုဋိအား အသက်ပြန်ဆောက်လှူပြီး သက်နိုင်က မန္တလေးမှာ အခြေချသည်။ အိုက်မြင့်ကတော့ စိန်ဌေးလှိုင်မော်တော်နှင့် ဆလင်ကြီးဦးစိုးရှိရာ မုံရွာမြို့ဆီသို့ ခရီးဆက်လျက်။

အညာမိုးသည် ရွာချင်လည်းသည်း၏။ မသိကျိုးကျွန်လည်းပြုတတ်သည်။

သို့သော် အညာရနံ့တမာပင်များမှာတော့ ရွက်နုတို့ဝေနေကြလေပြီတည်း။

ဈာန်လင်းတက်

(စာပေဗိမာန်ဝတ္ထုဆုရ၊ ၁၉၉၆)

(ဇာတ်လမ်းပြောင်းသော သပိတ်ကျင်းမြို့မှ ကိုကျော်စိုးနှင့် မင်းမင်းတို့အား ကျေးဇူးအလှူတင်လျက်)

www.burmeseclassic.com

www.burmeseclassic.com

ခြောင်းဆိုးအုန်းသွင်

အသက်ရှည်ရာ (၆)



ခွဲစိတ်ရမည်ဆိုသော အစာအိမ်ရောဂါကို မခွဲမစိတ်ရဘဲ အစားအစာနှင့် ပျောက်အောင်ကုသပေးသွားသော ဦးသူ၏အမှာစကားတစ်ခုကို တင်ပြရန် မေ့ကျန်ခဲ့ပါသည်။

ၵင်းမှာ -

'ဓာတ်မချုပ်စေနှင့်'

ဟူ၍ ဖြစ်ပါသည်။

ၵင်းကိစ္စအတွက် ရှင်းလင်းပြောပြခြင်းမပြုခဲ့ပါ။ မှာရုံသာမှာခဲ့ပါသည်။

ဓာတ်ချုပ်ခြင်း၏ ဆိုးကျိုးကို (၁၀) နှစ်ခန့်ကြာမှ သိရပါသည်။

ကျွန်တော်က ဓာတ်ချုပ်တတ်ပါသည်။ ထို့ကြောင့် တိုင်းရင်းဆေးများကိုသာ ရံဖန်ရံခါစားပြီးနေခဲ့ပါသည်။

ကျွန်တော် ပြည်ထောင်စုနေ့စဉ်သတင်းစာတိုက်တွင် အယ်ဒီတာလုပ်ခဲ့စဉ်က ညီအစ်ကိုအရင်းတမျှ ရင်းနှီးခဲ့ရသူနှစ်ယောက်ရှိပါသည်။ တစ်ယောက်မှာ တိုက်အုပ်ဦးကျော်စိန်ဖြစ်ပြီး နောက်တစ်ယောက်မှာ မြန်မာဘာလောက်တိုက်ပိုင်ရှင် ဦးတင့်အောင်ဖြစ်ပါသည်။

ပြည်ထောင်စုသတင်းစာတိုက်ပိတ်ပြီး ကျွန်တော် အလုပ်လက်မဲ့ဖြစ်နေချိန်တွင် ဦးတင့်အောင်က ကျွန်တော့်ကို စက်သမားတစ်ယောက်တည်းရှိသော သူ့လက်ထိုးပုံနှိပ်စက်လေးတွင် တစ်လ (၁၅၀)ကျပ်ဖြင့် ကြီးကြပ်သူခန့်ခဲ့ပါသည်။ မနက်ညထမင်းကျွေးပြီး လက်ဖက်ရည်ပါတိုက်ပါသည်။ သူ့ဘလောက်တိုက်ကလည်း ပြည်ထောင်စုတွင်ကြွေးတွေဆုံးပြီး ပိတ်ရလုနီးပါးဖြစ်နေပါသည်။

သူ့ဖခင် ဦးသူ လက်ထက်က

www.burmeseclassic.com

www.burmeseclassic.com

မြန်မာဘလောက်တိုက်သည် ကိုလိုနီအုပ်ချုပ်ရေးသမားများကို ဆန့်ကျင်တိုက်ခိုက်သည့် သခင်အပေါင်းတို့၏ စားသောက်နားခိုရာဖြစ်ခဲ့ပါသည်။

သူပုန်ပိပ်တိုက်တွင် ကျွန်တော်လုပ်ပြီး တစ်နှစ်ကျော်အကြာတွင် မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီမှာ ကျွန်တော်အလုပ်ရသဖြင့် သူနှင့်ကွဲသွားခဲ့ပါသည်။ အကြောင်းကြောင်းကြောင့် (၅၀) နှစ်ကျော်ကြာမှ ပြန်တွေ့ခဲ့ကြရပါသည်။

ကျွန်တော်ဂွတ္တလစ်မှမြို့ထဲအပြန် ကျောက်မြောင်းစျေးကားမှတ်တိုင်တွင် ဘတ် (စ်) ကားပေါ် သို့ တက်လာသော ကိုတင့်အောင်ကို ကျွန်တော် လှမ်းမြင်လိုက်ပါသည်။ သူက ကျွန်တော့်ထက် (၅)နှစ်ခန့်ကြီးပါသည်။ အများခေါ်သလို ပေါ့ပေါ့ပါးပါးအောက်မြစ်သံဖြူတီပြီး ကိုတင်အောင်ဟုခေါ်လိုက်ပါသည်။ သူလည်း ဝမ်းသာအားရ ကျွန်တော့်ဆီရောက်အောင်ကိုလာပါသည်။ သူ့အိမ်နားလည်းရောက်လာပြီဖြစ်၍ သူက စကားပြောရအောင် အိမ်လိုက်ခဲ့ဟုဆိုပါသည်။ မအူကုန်းလမ်းကျယ်တွင်ဆင်းကြပါသည်။ သူ့အိမ်က (၁၂)လမ်းမှာဖြစ်ပါသည်။

သူ့အိမ်အဝင် အိမ်ရှေ့တံခါးမနဖူးစီးတွင် သြဇာရိကသုခုမဆရာကြီးဦးတင်အောင် ဟူသော ဆိုင်းဘုတ်ကို တွေ့လိုက်ပါသည်။ သူ့ပြောပြချက်အရ ကျွန်တော်ထွက်ခဲ့ပြီးမကြာမီ ဘလောက်တိုက်ကိုဖြုတ်လိုက်သည်။ ပြီးတော့ တိုင်းရင်းဆေးပညာကို လေ့လာသည်။ အဆင့်ဆင့်အောင်ပြီးသင်တန်းဆရာဖြစ်သည်၊ ဆေးလည်းကုသသည်။

ကျွန်တော်ကလည်း ကျွန်တော့်အကြောင်းများကိုပြောပြသည်။ အစာအိမ်ရောဂါအကြောင်းပါပါသည်။ ပြီးတော့ ဓာတ်ချုပ်ခြင်း၏ဆိုးကျိုးကိုမေးပါသည်။

သူက -

"ခင်ဗျားကို ဓာတ်ကြီး (၄) ပါး အလုပ်လုပ်ပုံကစပြောမှကောင်းမယ်"

ဆိုပြီ :-

"ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောဆိုတဲ့ဓာတ်ကြီးလေးပါးအကြောင်း ခင်ဗျားလည်း သိသင့်သလောက်သိပြီးပဲ။ မြန်မာလိုတော့ မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ်ပေါ့။ အဲဒီမှာ မှီငြမ်းဓာတ် (၄) ပါးရှိသေးတယ်။ ဝဏ္ဏ၊ ဂန္ဓာ၊ ရသ၊ သြဇလို့ခေါ်တယ်။ မြန်မာလိုတော့ အဆင်း၊ အနံ့၊ အရသာ၊ အဆီအနှစ်လို့ အဓိပ္ပာယ်ရတယ်။ အဲဒီ(၈)မျိုးကို အဌကလာပ် ရုပ်ဓာတ်(၈)ပါးလို့ခေါ်တယ်။

မှီငြမ်းဓာတ် (၄)ပါးအကြောင်းပြောရတာ အဆီအနှစ်အကြောင်းပြောစရာရှိလို့ပဲ။ ဓာတ်ကြီး (၄)ပါးအကြောင်းပြောရအောင်။

ဓာတ်ကြီး (၄)ပါးရော မှီငြမ်းဓာတ် (၄)ပါးရောဟာ ကျွန်တော်တို့ခန္ဓာကိုယ်တွင်းမှာ သူတာဝန်နဲ့သူ အလုပ်လုပ်နေကြတာ။ ကိုယ့်တာဝန်ကိုယ်ကျေအောင် အညီအမျှအလုပ်လုပ်နေကြရင် အချိုးညီညီလုပ်နေကြတဲ့လူဟာ ကျန်းမာတာပဲ။

လွန်ကဲသူကလွန်က၊ ယုတ်လျော့သူကယုတ်လျော့နဲ့ အချိုးတွေကမောက်ကမဖြစ်လာပြီဆိုရင်တော့ သူ့အကြောင်းနဲ့သူ့အကျိုးရောဂါတွေဝင်လာတော့ဒါပဲ။

ဆေးဆရာက ဒါကိုသိအောင် လုပ်ရတယ်။ ပြီးတော့ ညီအောင်ညှိရတယ်။

သူ့ခန္ဓာကိုယ်ကြီးကို ပထဝီ (၂၀)၊ အာပေါ (၁၂) မျိုးနဲ့ဖွဲ့စည်းထားတယ်။ ဒါကို (၃၂)ကောဋ္ဌာသလို့ခေါ်တယ်။ ပထဝီဓာတ်ရဲ့သဘောက အစိုင်အခဲသဘော၊ အခြားဓာတ်များရဲ့တည်ရာမှီရာသဘော၊ နူးညံ့ခြင်း၊ မာကျောခြင်းသဘောရှိတယ်။ ပထဝီ (၂၀) က (၁) ဆံပင်၊ (၂) မွေး ညင်း၊ (၃) ခြေသည်း၊ လက်သည်း၊ (၄) သွား၊ (၅) အရေ(သားရေ)၊ (၆) အသား၊ (၇) အကြော၊ (၈) အရိုး၊ (၉) ရိုးတွင်းခြင်ဆီ၊ (၁၀) အညှို့၊ (၁၁) နှလုံး၊ (၁၂) အသည်း၊ (၁၃) အမြှေး၊ (၁၄) အဖျဉ်း၊ (၁၅) အဆုတ်၊ (၁၆) အူမ၊ (၁၇) အူသိမ်၊ (၁၈) အစာအိမ်၊ (၁၉) အစာဟောင်း၊ (၂၀) ဦးနှောက်တဲ့။

အာပေါ (၁၂)မျိုးက -

(၂၁) သည်းခြေ၊ (၂၂) သလိပ်၊ (၂၃) ပြည်၊ (၂၄) သွေး၊ (၂၅) ချွေးခဲ၊ (၂၆) အဆီခဲ၊ (၂၇) မျက်ရည်၊ (၂၈) ဆီးကြည်၊ (၂၉) တံထွေး၊ (၃၀) နှပ်၊ (၃၁) အဝေး၊ (၃၂) ကျင်ငယ်တဲ့။

အရိုးကမာရမယ့်အရာ၊ အသည်းက ပျော့ရမယ့်အရာ၊ မျက်ရည်က ကြည်ကဲ့ရမယ့်အရာ၊ သည်းခြေကပျစ်ခဲရမယ့်အရာ။

အဲဒါတွေဟာ သူရှိနေရမယ့် အတိုင်းရှိနေရမယ်။ ဖောက်ပြန်ရင် ကျန်းမာရေးယိုယွင်းတာပဲ။

ပထဝီရဲ့သဘာဝလက္ခဏာက မာခြင်း၊ ပျော့ခြင်း၊ အာပေါရဲ့သဘာဝ လက္ခဏာက ယိုစီးခြင်း၊ ဖွဲ့စည်းခြင်း၊ ဝါယောရဲ့သဘာဝလက္ခဏာကတော့ ထောက်ကန်ခြင်း၊ တွန်းကန်ခြင်းတဲ့။

ထောက်ကန်တယ်ဆိုတာ တည်ငြိမ်စေတာ၊ တွန်းကန်တယ်ဆိုတာ လှုပ်ရှားစေတာ။

ကျွန်တော်တို့တစ်တွေမလှုပ်မရှားတည့်တည့်မတ်မတ်ထိုင်နိုင်ရပ်နိုင်တာ ထောက်ကန်ဝါယောရဲ့စွမ်းဆောင်ချက်၊ ခြေတွေလက်တွေ ကွေးနိုင်ဆန့်နိုင်၊ထိုင်နိုင်ထနိုင်လှုပ်ရှားသွားလာနိုင်တာ တွန်းကန်ဝါယောရဲ့စွမ်းဆောင်ချက်။

ခန္ဓာကိုယ်တွင်းမှာဖွဲ့စည်းထားတဲ့ (၃၂)မျိုးကို သူနေရာနဲ့သူ မရွေ့အောင် မပျက်အောင် ထောက်ကန်ဝါယောက ထောက်ကန်ပေးထားတာ။ ရွေ့လျားရမယ့်အရာတွေကို သူနေရာသူရောက်အောင်ပို့ပေးတာက တွန်းကန်ဝါယောက တွန်းကန်ပေးလို့ -

ခန္ဓာကိုယ်ထဲမှာ ဝါယော (၆)မျိုးရှိတယ်။

အဲဒါတွေက -

(၁) ဝင်လေ-ထွက်လေ၊ အဲဒါတွေက အသက်ရှူတဲ့လေ၊ သူအလုပ်မလုပ်တော့ရင်လူသေပြီ။ (၃) အထက်ဆန်လေ၊ (၄)အောက်စုန်လေတဲ့။ ဝမ်းခေါင်းထဲကနေပြီး အထက်ကိုတွန်းတင်ဆန့်တက်သွားပြီး ခံတွင်းကနေထွက်သွားတဲ့လေပဲ။ မကောင်းတဲ့အပူအပုပ်တွေကို အဆိပ်အတောက်တွေကိုတွန်းထုတ်လိုက်တာပေါ့။ လေချဉ်တက်တာပေါ့။ အဲဒါ မတက်နိုင်မထွက်နိုင်ရင် ကယ်ပြီးတော့ နေလို့မကောင်းအခံရခက်တယ်။ အလားတူပဲ ဝမ်းခေါင်းကအောက် အပူအပုပ်အဆိပ်အတောက်တွေကို တွန်းချတွန်းထုတ်တဲ့ အောက်စုန်လေ။ သူက လေလည်စေတာပေါ့။ လေမစုန်ရင် ငွေကုန်မယ်လို့ ရှေးလူကြီးတွေပြောတယ် မဟုတ်လား။

(၅) အူသိမ်အူမ၊ အစာသစ်အစာဟောင်းစတဲ့နေရာဝမ်းခေါင်းထဲလျှောက်သွားနေတဲ့လေ၊ (၆) ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာပြန်နှံ့နေတဲ့လေတဲ့။ စားသောက်လိုက်တဲ့အစာရေစာများကို သူနေရာသူရောက်အောင်တွန်းပို့တဲ့လေ။ စားလိုက်တဲ့အစာကို မျိုတာကအစ လေအားနဲ့မျိုရတာ။ အစာသစ်အိမ်ကိုချက်ပြီး လိုအပ်တဲ့အဆီအနှစ်ကိုယူပြီး မလိုအပ်တဲ့ အဆိပ်အတောက်အညစ်အကြေးတွေကို အစာဟောင်းအိမ်တစ်ဆင့် စအိုကထွက်သွားအောင်ဆောင်ရွက်တာက

www.burmeseclassic.com

www.burmeseclassic.com

အဲဒါ အချက် (၅) လေပဲ။ နောက်ဆုံး အမှတ်(၆)လေကတော့ ခန္ဓာတစ်ကိုယ်လုံးမှာပျံ့နှံ့နေတယ်။ နှလုံးကိုညစ်ထုတ်လိုက်တဲ့သွေးသန့်တွေက သွေးလွှတ်ကြောမကြီးကတစ်ဆင့် တစ်ကိုယ်လုံး သွေးကြောရှိရာပျံ့နှံ့လှည့်ပတ်သွားပြီး သွေးပြန်ကြောကတစ်ဆင့် နှလုံးထဲပြန်ဝင်တယ်။

အဲဒီလိုသွေးဟာ သွားနိုင်ပြန်နိုင်တာ လေက တွန်းပေးလို့ပဲ။ ခန္ဓာကိုယ်ဘယ်အစိတ်အပိုင်းမဆို လေမရောက်တဲ့ လေမရှိတဲ့နေရာဆိုရင် သစ်ကိုင်းသစ်တုံးခိုက်ထားတင်ထားသလိုပဲ ခြေသေလက်သေ၊ တစ်ပိုင်းသေ၊ တစ်ခြမ်းသေဆိုတာတွေဟာ လေမလျှောက်တော့တဲ့နေရာ၊ လေပြတ်သွားတဲ့နေရာတွေပဲ။ အဲဒါကို လေဖြစ်တယ်လို့ပြောကြတယ် မဟုတ်လား။ အမှန်တော့ လေဖြတ်တာပဲ။

နောက်ဆုံး တေဇောဓာတ်ရဲ့ သဘာဝလက္ခဏာက ပူခြင်း၊ အေးခြင်း၊ မာစေခြင်း၊ ပျော့စေခြင်း၊ ရင့်ကျက်၊ ကျေကျက်စေခြင်းကပဲ တေဇော (မီးဓာတ်)(၅)မျိုးရှိတယ်။ အဲဒါတွေကို မပြောခင် နည်းနည်းရှင်းဖို့ရှိတယ်။ များသောအားဖြင့် တေဇောဆိုရင် ပူတယ်လို့ပဲသိကြတယ်။ ဓာတ်တိုင်းမှာ မတူညီတဲ့ဆန့်ကျင်တဲ့လက္ခဏာ(၂)မျိုးရှိတယ်။ ပထဝီက မာခြင်း၊ ပျော့ခြင်းလိုပေါ့။ တေဇောမှာလည်း ပူခြင်း၊ အေးခြင်းဆိုတဲ့လက္ခဏာရှိတယ်။ရှေ့ကလည်း ပြောခဲ့ပြီ။ မှတ်မိအောင်ထပ်ပြောတာ။ တေဇောကလောင်တယ်။ ပူပြီးတော့လည်းလောင်တယ်။အေးပြီးတော့လည်း လောင်တယ်။ ဟင်းရွက်တွေ တစ်ခါတလေ ရေလောင်ပြီး ပုပ်ကုန်တယ်မဟုတ်လား။

နောက်တစ်ခုက ဓာတ်ဆိုတာ သတ္တဝါမဟုတ်ဘူး။ တစ်စုံတစ်ယောက်က ဖန်တီးပြုလုပ်ထားတာလည်းမဟုတ်ဘူး။ တန်ခိုးရှင်က ဖန်ဆင်းထားတာလည်းမဟုတ်ဘူး။ မည်သူ့သဘောကိုမှ မဆောင်ဘဲ သူ့သဘောသာသူဆောင်တဲ့သဘာဝတရားလို့မှတ်ထားပါ။ဥပမာ ပထဝီက ယိုစီးဖွဲ့စည်းသဘောမဆောင်တာမျိုးပေါ့။ တေဇော (၅)မျိုးအကြောင်း ပြောမယ်။

အဲဒါတွေက -

(၁) အနွေးဓာတ်၊ (၂) ထူးကဲစွာပူ-အေးခြင်း၊ (၃) ပြင်းထန်စွာပူ-အေးခြင်း၊ (၄) အစာကိုကျေကျက်စေခြင်း၊ (၅)



တဖြည်းဖြည်းအိုမင်းရင့်ရော်စေခြင်းတို့ပဲ။

အနွေးဓာတ်ကို ပါဠိလို ဥဿာတေဇောလို့ခေါ်တယ်။ ဖြစ်၊ တည်၊ ပျက်ဆိုတဲ့ ရုပ်နှစ်စိတ်ဖြစ်စဉ်ကို ကြားဖူးတယ် မဟုတ်လား။ အဲဒီသုံးချက်စလုံးရဲ့ ကြားမြှင့်ခိုနိုင်ဟာ တစ်စက္ကန့်ရဲ့ကုဋေတစ်သိန်းပုံတစ်ပုံစာပဲ။ အဲဒီဖြစ်စဉ် (၃) ခု နဲ့ ပဋိသန္ဓေစိတ်ဖြစ်တယ်။ စဖြစ်ခြင်းအတိတ်ဘဝက ကံနဲ့စိတ်ပါလာတယ်။ ရုပ်ကတော့ နာမ်စက်တွင်းက ကလလ ရေကြည်ပေါ့။ ဖြစ်ပြီးလို့တည်ဆိုတဲ့ခဏမှာ အခုပြောတဲ့ ဥဿာတေဇောဆိုတဲ့ အနွေးဓာတ် ဥတုဝင်လာတာပဲ။ အဲဒီအချိန်မှာ ကံ၊ စိတ်၊ ဥတုသုံးပါးရရှိသွားတယ်။ အူဆိုတာဖြစ်ပေါ်ပြီး အမိစားလောက်တဲ့အစာရေစာကို ချက်ကြီးက တစ်ဆင့် စားရတဲ့အချိန်မှာ အာဟာရဝင်တယ်။ ရုပ်နာမ်တို့ကို ရှင်သန်တိုးပွားစေတဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အကြောင်းတရား (၄) ပါးနဲ့ပြည့်စုံသွားတယ်။ အခုပြောတာ အာဟာရဆိုတာကို ပြောချင်လို့ပဲ။ ထားဦး၊ ကျန်တဲ့ တေဇောအကြောင်းဆက်ပြောလိုက်မယ်။

နေထိုင်မကောင်းဖြစ်လာတဲ့အခါ ချမ်းစိမ့်စိမ့်ဖြစ်တယ်။ နောက်ပူတယ်။ ဒူလာချမ်း၊ မီးယပ်ချမ်း၊ ဒူလာပူ၊ မီးယပ်ပူ ထတယ်ဆိုတဲ့ သာမန်ထက်ထူးကဲပြီးဖြစ်တဲ့ ပူခြင်း၊ အေးခြင်းမျိုးကို ပါဠိလို သန္တာပနတေဇောလို့ခေါ်တယ်။

အအေးလွန်ကဲတဲ့ဆောင်းတွင်းမှာ တုန်နေအောင်အေးတာ၊ အပူလွန်ကဲတဲ့ နွေမှာ မနေနိုင်အောင်ပူတာ၊ ပြင်းထန်တဲ့ငှက်ဖျားလို အဖျားပြင်းပြီး တုန်နေအောင်အေးတာ၊ ဖျားပူရိုက်တဲ့အခါ သတိလွတ်လောက်အောင်ပူတာ။ တောကြီးမျက်မည်း စိမ့်ထဲစိမ်းထဲရောက်နေတဲ့ အခါအေးတာ၊ မပြစ်မှားသင့်သူကိုပြစ်မှားမိလို့ မချိမဆံ့ပူလောင်တာမျိုးရှိတယ်။ ပြင်းထန်လွန်ကဲတဲ့ ပူခြင်း၊ အေးခြင်းပေါ့။ သူ့ကို ပါဠိလို ဒါဟတေဇော "လို့ခေါ်တယ်။

နောက်လူ့ခန္ဓာကိုယ်ခံတွင်းကနေ စအိုဝထိ စားလိုက်တဲ့ အစာရေစာများကို ကြေအောင်ကျက်အောင်ကြေချက်တဲ့အပူရှိတယ်။ သူ့ကို ပါဠိလို ပါစကတေဇော်လို့ခေါ်တယ်။

နောက်ဆုံးက လူကို ပျိုပျစ်နုနယ်နေရာကနေ တဖြည်းဖြည်းအိုမင်းရင့်ရော်လာအောင် ဆဲဖြူ။ သွားကျိုးစတာ မျိုးဖြစ်အောင် တဖြည်းဖြည်းလောင်တဲ့ အပူရှိတယ်။ သူ့ကို ပါဠိလို ဇိရဏတေဇော လို့ခေါ်တယ်။

ပါစကတေဇောကချက်ပေးလိုက်တဲ့အစားအစာကို သက်ဆိုင်ရာ ကလီစာတွေက ဩဇာလို့ ပါဠိလို့ခေါ်တဲ့ အဆီအနှစ်ကိုထုတ်ယူလိုက်တာ။ အဲဒါဟာ အာဟာရပဲ။ စားလိုက်တဲ့ပမာဏအားလုံးဟာ အာဟာရမဟုတ်ဘူး။

အာဟာရထုတ်ပြီး ကျန်တာက အညစ်အကြေးပဲ။ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ အာဟာရက ဒါကိုပြောတာ။

အညစ်အကြေးဆိုတာ အပုပ်ပဲ။ အပုပ်ဆိုတာ အပူပဲ။ လျှပ်စစ်ဓာတ်အားထုတ်လို့ရအောင်ပူတယ်။ ဒီအညစ်အကြေးတွေ နည်းနည်းကျန်ရင် နည်းနည်းဒုက္ခပေးတယ်။ များများကျန်ရင် များများဒုက္ခပေးတယ်။ ရောဂါပေါင်းစုံကိုဖြစ်စေတယ်။

အဲဒါ အများအားဖြင့်ကိုပြောတာ၊ လူတိုင်းကိုတော့မဟုတ်ဘူး။ ခင်ဗျားအတွက် အစာအိမ်ရောဂါနဲ့သင့်အောင် ကျွန်တော် ဓာတ်မှန်ဆေးပေးလိုက်မယ်"

ဟု ဆိုပြီး အာယုပါလဆေးပေးလိုက်ပါသည်။ ဤမှ ဓာတ်ချုပ်ခြင်း၏ အပြစ်ကိုသိခဲ့ရပါသည်။

ဆက်လက်တင်ပြပါဦးမည်

ခေါင်းဆုံးအုန်းသွင်

www.burmeseclassic.com

www.burmeseclassic.com

အောင်ဆန်းလင်း
(ဓာ်-ဒေး)

ပရလောကသားကို မိတ်ဆွေဖွဲ့နိုင်သူ



ပဲခူးမြို့နှင့် ကဝမြို့ကို ဆက်သွယ်ထားသော ကားလမ်း၏ နံဘေးတွင် ဘုမ္မစိုးရွာနှင့် ညောင်ဝိုင်းရွာနှစ်ရွာ တည်ရှိကြသည်။ ထိုရွာနှစ်ရွာကလည်း နီးကပ်စွာ တည်ရှိနေကြသည်။

ထိုရွာများသည် ဆန်စပါးကိုသာ အဓိကထားစိုက်ပျိုးကြသောရွာများဖြစ်ကြသည်။ မိုးဦးကျခါနီးတွင် ထွန်ယက်ပြုစုစိုက်ပျိုးခဲ့သော စပါးသီးနှံများသည် တဖြည်းဖြည်း ရင့်မှည့်လာချိန်တွင် ပိုမို ဂရုစိုက်လာရတာထုံးစံ ဖြစ်၏။

နေ့ညမပြတ် သတိထားလုပ်ကိုင်မှသာ မလိုလားအပ်သော အဖျက်အမှောင့်ဘေးဥပဒ်ကင်း၍ ဝမ်းစာရေးဖူလုံပေလိမ့်မည်။ ယခုနှစ် စပါးသီးနှံရင့်မှည့်လာနေချိန်တွင် ဘုမ္မစိုးရွာမှ အသက် (၅၅) နှစ်ခန့်ရှိ ဦးကျော်ဇံသည် ညအချိန် လယ်တဲစောင့်အိပ်ရင်း တပိုတပါးသွားရာမှ တဲသို့ပြန်အလာမှာ ပိုးထိ (မြွေကိုက်) ခံရပြီး ရုတ်တရက် သေဆုံးခဲ့လေသည်။

ဦးကျော်ဇံ သက်ရှိထင်ရှားရှိနေစဉ်က မြေးဖြစ်သူ ဖိုးကျော်နှင့် နွားသိုးထဲမှ ပြည်သိန်းဟု နာမည်ပေးထားသောနွားကို အလွန်ချစ်သည်။ ထို့ကြောင့်ပင် လောမသိ ဦးကျော်ဇံသည် မကျွတ်လွတ်ဘဲ ပရလောကသားဘဝမှာ လယ်တောရှိ လယ်စောင့်တဲတွင် ခြောက်လှန့်လေ့ရှိသည်ဟု ဆို၏။

စပါးရိတ်သိမ်းချိန်ကလည်းနီးကပ်လာလေပြီ။ ညအချိန်တွင် တခြားသူ၏ ကျွဲနွားများနှင့် အုပ်စုလိုက်ရောက်လာတတ်သော တောဝက်များဝင်စားခံရမှာ အကြောက်ရဆုံးဖြစ်သည်။ ရွာသားများ အားလုံးမိမိလယ်တဲတွင် ညအိပ်စောင့်နေကြလေပြီ။ သို့သော် ဦးကျော်ဇံ၏ မိသားစုသည် နေ့ခင်းနေ့လယ်တွင် လယ်တောကိုလာတတ်သော်လည်း ညအချိန်မှာတော့ အိပ်နေဝံ့သူမရှိချေ။ များစွာအခက်ကြုံနေရသည်။ ငွေကြေးပေး၍ လူငှားလျှင်ပင် လူငှားမရနိုင်အောင်ရှိနေသည်။ နောက်ထပ် (၂) ပတ်ခန့် အချိန်ကျော်လျှင် ရိတ်သိမ်းနိုင်ပေလိမ့်မည်။

ထိုအချိန်တွင် ဘုမ္မစိုးရွာသားဖြစ်သော အသက် (၁၇) နှစ်သာရှိသေးသူ မောင်သောင်းကြည်က လယ်တဲကို ညအိပ်စောင့်ပေးမည်ဟု ကမ်းလှမ်းလာသည်။ သူသည် ကျေးရွာဘောလုံးအသင်းမှ ဘောလုံးသမားတစ်ယောက်လည်းဖြစ်၍ လူသိများသည်။ အရက်သေစာသောက်စားမှုကင်းရှင်းသည်။ ရွာဦးကျောင်းဆရာတော်၏ တူဖြစ်ပြီး ကိုရင်ဝတ်ဖြင့် (၅) နှစ်ကျော်လောက်ကြာခဲ့သည်။ ဘုန်းကြီးကျောင်းတွင် သဒ္ဒါသင္ဂြိဟ်အထိ သင်ကြားခဲ့သည်။

သရဲတစ္ဆေဟူသော အယူအဆမှလွဲ၍ ဘုံသားတို့ဘဝသည် အလှူအနှုံးဖွယ်ကောင်းကြောင်း၊ ကြောက်လန့်စရာမဟုတ်ကြောင်း၊ သူတို့ကိုတွေ့ကြုံရလျှင် မေတ္တာပို့အမျှဝေခြင်းဖြင့် မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



များပင်ဖြစ်နိုင်ကြောင်း ဆရာတော်မိန့်ကြားထားသည်ကို နားထဲမှာစွဲနေဆဲဖြစ်သည်။ ထို့ကြောင့်လည်း အလွန်ခြောက်လှန့်၍ မည်သူမျှ ညမအိပ်ဝံ့သောလယ်တဲကို တစ်ဦးတည်း ညအိပ်နေဝံ့ခြင်း ဖြစ်၏။

နေ့ခင်းပိုင်းကာလတွင် လယ်ပိုင်ရှင်မိသားစုများက လယ်တဲတွင် တစ်နေ့တာလုံးရှိနေကြပြီး ညနေပိုင်းမှ နောက်ပိုင်းမှာ မောင်သောင်းကြည်လာရောက်နေထိုင်ညအိပ်ပေးရသည်။ သူ့အတွက် ညစာထမင်းဟင်းများကို လယ်ပိုင်ရှင်က စီစဉ်ပေးထားခဲ့သည်။ လယ်တဲသို့ရောက်ရှိပြီး ညစာစားသောက်ပြီးလျှင် ပိုလှဲသော ထမင်း၊ ဟင်းများကို လယ်တဲအနီးရှိ သစ်ငုတ်တိုပေါ်ပုံထားပေးလိုက်သည်။ မောင်သောင်းကြည်၏ နှုတ်မှလည်း

"ဦးလေး ဦးကျော်ဖုံးဟာက မကျွတ်မလွတ်သေးသူများမည်သူမဆို လာရောက်စားသုံးကြပါ

www.burmeseclassic.com

www.burmeseclassic.com

ဟု ဖိတ်ခေါ်စကားပြောကြားလိုက်သေးသည်။

ထိုအချိန် လယ်တဲနောက်ကွယ် ဘက်မှ လူတစ်ယောက် ချောင်းဟန့်သံ နှစ်ချက်ကိုကြားလိုက်ရသည်။ ဦးကျော်ဇံသက်ရှိထင်ရှားရှိစဉ်အခါတုန်းကအသံနှင့်အတော်ဆင်တူသည်။ မောင်သောင်းကြည်သည် ညမှောင်မိုက်လာချိန်တွင် လယ်တဲရှိ ဘုရားကျောင်းဆောင်တွင် ဖယောင်းတိုင်မီးထွန်းပြီး ဘုရားမီးပူဇော်လိုက်သည်။ နောက်ပြန်အလှည့်တွင် တဲ၏နောက်ဘက်မှ လူတစ်ယောက် ဖြတ်သွားသည်ကို ရိပ်ခနဲတွေ့မြင်လိုက်မိသည်။ အခြေအနေက ထူးခြားလှ၏။

ထို့ကြောင့် မိမိစိတ်သံသယကို သေချာသွားအောင် စမ်းသပ်ကြည့်ရန် စိတ်ကူးဖြင့် -

"ဦးလေး ဦးကျော်ဇံခင်ဗျား၊ ကျွန်တော် မောင်သောင်းကြည်ကို တစ်ရွာတည်းသားချင်းများဖြစ်၍ မှတ်မိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဦးလေး ကွယ်လွန်သွားပြီးတဲ့နောက်ပိုင်း စပါးသီးနှံတွေမှည့်ဝင်းလာတဲ့အချိန်မှာ လယ်တဲကိုဘယ်သူမှလာပြီးအိပ်ဝံ့သူမရှိဘူးဖြစ်နေလို့ ကျွန်တော်နှင့်မသက်ဆိုင်သော်လည်း အခက်အခဲရှိနေသူကိုကူညီသောအားဖြင့် စေတနာဖြင့် ညစောင့်အိပ်ကူညီခြင်း ဖြစ်ပါတယ်။ ဘာအကျိုးအမြတ်ကိုမှ မမျှော်ကိုးပါဘူး။ ဦးလေးမိသားစုရဲ့ အကျိုးစီးပွားကို လာရောက်ကူညီစောင့်ရှောက်တာဖြစ်လို့ ဦးလေးနေရာက အထင်မလွဲဖို့နှင့် ကျွန်တော့်ကိုလည်း အကူအညီပေးဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျား"

မောင်သောင်းကြည်၏ စကားအဆုံးတွင် ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ မိမိပြောကြားချက်ကို ပရလောကသားမှသိရှိကြားသိကြောင်း တုံ့ပြန်စေလိုသဖြင့် အသံခပ်ကျယ်ကျယ်ဖြင့် -

"ဒီအနီးအနားမှာ ဦးလေး ဦးကျော်ဇံဟာ အမှန်တရားယ်ရှိနေပြီး ကျွန်တော် ယခုလိုပြောကြားနေတာကို သိရှိတယ်ဆိုရင် ကျွန်တော်သိအောင် တစ်နည်းနည်းနဲ့ အချက်ပြပေးပါခင်ဗျား"

ဟု ပြောဆိုလိုက်သည်။

သူ၏စကားဆုံးသည်နှင့် လယ်တဲကိုကာရံထားသောထရံကို တုတ်ချောင်းဖြင့် ဆွဲခြစ်သံထွက်ပေါ် လာလေသည်။

"သေချာစွာသဘောပေါက်အောင် နောက်တစ်ကြိမ်ထပ်မံလုပ်ပြပါဦးခင်ဗျာ"

ထိုအခါတွင် နောက်တစ်ကြိမ် ထပ်မံ၍ ထရံကိုဆွဲခြစ်သံကြားရသည်။ ထို့ကြောင့် သေချာပြီဖြစ်ကြောင်း အသိအမှတ်ပြုလိုက်ရလေသည်။

"ဦးလေးခင်ဗျား၊ ညစဉ်ညတိုင်း အိပ်ရာဝင်ချိန်နီးရင် ကျွန်တော် ဘုရားရှိခိုးပါတယ်။ ဘုရားရှိခိုးပြီးတိုင်း မေတ္တာပို့အမျှဝေပါတယ်။ အဲဒီအချိန်မှာ ဦးလေးအတွက်လည်း အကျိုးကျေးဇူးရှိပြီး ကုသိုလ်ရအောင် သာမုသုံးကြိမ်ခေါ်ပေးပါ ခင်ဗျား"

ဟု ပြောလိုက်သည်။

တစ်ခါတစ်ရံမှသာ ညဉ့်ငှက်များဖြတ်သန်းသွားစဉ် သူတို့အော်မြည်သံကို ကြားရတတ်သည်။ တိတ်ဆိတ်နေသော လယ်တောဝန်းကျင်တစ်ခိုဂ် မြေအောင်ပုရစ်အော်သံများကို ကြားနေရသည်။

လယ်တောမှ ကိုက် (၁၀၀) ခန့်မျှ အကွာအဝေးတွင် ပဲခူးနှင့် ကဝမြို့သွားကားလမ်းရှိနေသည်။ ညဉ့်အချိန်ဖြစ်၍ မော်တော်ကားတို့အသွားအလာနည်းပါးသည်။ ကားလမ်းနံဘေးမှာပင် ကြီးမားသော ညောင်ပင်ကြီးတစ်ပင်တည်ရှိသည်။ ညောင်ပင်အောက်တွင် ရွာတော်ရှင်နတ်ကွန်းရှိသည်။

ရွာတော်ရှင်နတ်ကို ဘုမ္မစိုးရွာ၊ ညောင်ပိုင်းရွာနှစ်ရွာစလုံးက နှေးပဝေသဏီကာလ ဘိုးဘွားဘီဘင်လက်ထက်ကတည်းက ကိုးကွယ်လာခဲ့ကြခြင်း ဖြစ်လေသည်။ ညောင်ပင်ကြီး၏ အရိပ်မည်းကြီးသည် လမိုက်ရက်တွင် အထက်ကောင်းကင်သို့ ထိုးထွက်နေလေသည်။ ညောင်ပင်ကြီးတွင် ရွာတော်ရှင်သာမက ပရလောကသားလည်းရှိနေလေသည်။ ထိုပရလောကသားသည် ခြောက်လှန့်တတ်၍ ညဉ့်အခါ ရွာသားများ တစ်ဦးတည်းမသွားမလာဝံ့ကြချေ။ အုပ်စုဖွဲ့၍ သွားလာရ၏။ ညောင်ပိုင်းကျောင်းဆရာတော်သည် ကျွန်နေရာမှ ဖြတ်သန်း၍ ခရီးသွားလာလျှင် ကားကို ခဏတာရပ်ခိုင်းပြီးနောက် ကားပေါ်မှဆင်း၍ ရွာတော်ရှင်နှင့်တကွ မကျွတ်မလွတ်သေသူများကို မေတ္တာပို့အမျှပေးဝေပေးခဲ့ပြီး မှသာ လိုရာခရီးသို့ဆက်လက်ကြွလေ့ရှိလေသည်။

ယခုမှ သတိရ၍ မောင်သောင်းကြည်သည် ရေတစ်ပုံး၊ ဖယောင်းတိုင်၊ မီးခြစ်တို့ကို ယူဆောင်ပြီး လက်နှိပ်ဓာတ်မီးထိုး၍ ညောင်ပင်ကြီးဆီသို့ ထွက်ခွာလာခဲ့သည်။ ရွာတော်ရှင်နတ်ကွန်းတွင် ဖယောင်းတိုင် (၃) တိုင် မီးထွန်းလိုက်သည်။ ထို့နောက် သောက်တော်ရေခွက်များကို ဆေးကြောသန့်စင်ပြီး ရေစင်လှူဒါန်းလိုက်သည်။ ထို့နောက် ရွာတော်ရှင်ကို အရှိအဆောဂါရဝပြုမေတ္တာပို့ပြီး အမျှဝေခဲ့လေသည်။ နောက်ရက်များမှာလည်း အလားတူမပျက်မကွက်ပြုလုပ်လေသည်။

ဘုမ္မစိုးရွာနှင့် ညောင်ပိုင်းရွာသားများသည် ညဉ့်အခါ ရွာတော်ရှင်နတ်ကွန်းရှိရာ ညောင်ပင်ကြီးအောက်မှာ ညစဉ်မှန်မှန်မီးထွန်းပူဇော်သည်ကို အလေးမှလှမ်းမြင်တွေ့ပြီး များစွာထူးဆန်းအံ့သြနေကြသည်။

နောက်မှ ဦးကျော်ဇံ၏လယ်တောကို ညအိပ်စောင့်ပေးရင်း မောင်သောင်းကြည်လုပ်နေခြင်းဖြစ်ကြောင်းသိရ၍ ပရလောကသားကို မိတ်ဆွေဖွဲ့နိုင်သူသည် မောင်သောင်းကြည်တစ်ယောက်သာရှိသည်ဟုဆိုကြ၏။ မကြာမီ စပါးစတင်ရိတ်သိမ်းပြီးနောက် မောင်သောင်းကြည် တာဝန်လည်း ပြီးဆုံးသွားလေသည်။

နောက်တစ်နှစ်ခန့်အကြာတွင် မောင်သောင်းကြည်သည် အလုပ်ရှာရန် ရန်ကုန်မြို့သို့ ထွက်ခွာလာခဲ့သည်။ ရန်ကုန်မြို့တွင် ကားဒရိုင်ဘာလုပ်နေသော ဦးလေးတော်စပ်သူတစ်ဦး၏ နေအိမ်တွင် တည်းခိုသည်။

ဤဦးလေးကပင် သူမောင်းသောကားဖြင့် ကားမောင်းသင်ပေးရာ မောင်သောင်းကြည်ကောင်းစွာကားမောင်းတတ်သွားခဲ့သည်။ ထို့နောက် နှစ်ပေါင်း (၅၀) နီးနီး ကားဒရိုင်ဘာအလုပ်လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းရင်း မိသားစုကို ရှာဖွေကျွေးမွေးခဲ့သည်။ ဗုဒ္ဓတရားတော်အလိုအရ ဇာတိရှိလျှင် ဇရာမုခ်ချောက်လာပေလိမ့်မည်။ ယခုတော့ အသက် (၇၀) နီးနီးရှိပြီဖြစ်သော ဦးသောင်းကြည်သည် ကားဒရိုင်ဘာအလုပ်မှ အနားယူခဲ့ပြီးနောက် ဘုရားတရားအလုပ်ကိုသာ အာရုံစိုက်နေလေသည်။

အောင်ဆန်းလင်း(ဘီအေ)

စာကြွင်း -

မိမိဘဝအတွေ့အကြုံများပြုပြင်ပြောပြီးနောက် မဂ္ဂဇင်းတွင် စာရေးသားခွင့်ပြုသူ ဦးသောင်းကြည်လွန်ခဲ့သော (၁၃) လမ်းမြောက်ဥက္ကလာဂါမ်းကို အထူးကျေးဇူးတင်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရှေ့ပြည်စိုး(မိုးကုတ်)
နှစ်ပေါင်း (၈၀၀) ပြည့်ခဲ့တဲ့
ပတ္တမြားမြို့မိုးကုတ်သို့

■ မိုးကုတ်သမိုင်းအစ


မိုးကုတ် ဆိုတာ ရှမ်းကုန်းမြေမြင့် အရပ်မှာတည်ရှိပြီး မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်မှာ ပါဝင်ပါတယ်။ မိုးကုတ်ဒေသဟာ အရင်တုန်းက တောနက်ကြီးပါ။ မိုးကုတ်ရဲ့အနီးမှာ အမြင့်ပေ (၇၅၄၄) ပေရှိတဲ့ မီးတောင်ဟောင်းကြီး တည်ရှိကာ အလွန်ထူထပ်တဲ့တောတွေနဲ့အတိပြီးပါတယ်။နောင်မှာ အဲဒီတောင်ကြီးကို တောင်မဲတောင် သို့မဟုတ် တောင်မင်းတောင်လို့ ခေါ်ဆိုကြပါတယ်။

တောင်မဲတောင်ကြီးရဲ့အနောက်ဘက်အခြေမှာ ကိုင်းတောပြန့်လွင်ကြီး တည်ရှိပါတယ်။ အဲဒီလွင်ကြီးထဲမှာ ကိုင်းတောတွေကို အခြေပြုနေထိုင်တဲ့ တောကျွဲနွားပြောင်အုပ်တွေရှိပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့ဟာ အဲဒီအချိန်မှာ စည်ကားနေပါပြီ။ ဘာလို့လဲဆိုတော့ မိုးမိတ်နယ်ဟာ ကျယ်ပြန့်တဲ့ လယ်ကွင်းတွေရှိနေလို့ပါပဲ။ လယ်တွေယာတွေနဲ့စည်ကားနေတဲ့မိုးမိတ်မြို့ကို အုပ်ချုပ်တာက စော်ဘွားကြီးသိုဟန်ဖတ်ပါ။ မိုးကုတ်ဒေသဖြစ်ပေါ်လာမယ့်နယ်ပယ်တွေဟာ စော်ဘွားကြီးသိုဟန်ဖတ်ရဲ့နယ်မြေတွေပါ။ အဲဒီတုန်းကတော့ တောင်တွေချိုင့်ဝှမ်းတွေ၊ တောနက်တွေအတိပြီးနေတော့ကာ လူသူအရောက်အပေါက်နည်းပါတယ်။

တောင်မဲတောင်ခြေရှိ ကိုင်းတောကြီးတွေမှာ ပြောင်တွေပေါတော့ကာ ပြောင်လိုက်မုဆိုး(၃)ဦးဟာ ပြောင်လိုက်ကြပါတယ်။ ပြောင်ကြီးတစ်ကောင်ဟာ










www.burmeseclassic.com

www.burmeseclassic.com







လုံတို၊ လုံရှည်တွေနဲ့ပစ်ထားသော်လည်း ကံအားလျော်စွာ လွတ်မြောက်ထွက်ပြေးတာကြောင့် ပြောင်ကြီးနောက်လိုက်ရင်း မျက်ခြည်ပြတ်ကာ တောထဲမိုးချုပ်ပါတယ်။ ဒါနဲ့ သဖန်းပင်ကြီးတစ်ပင်အောက်မှာ အိပ်စက်ကြပါတယ်။

မိုးရာသီဖြစ်တာကြောင့် အဲဒီညမှာ မိုးအကြီးအကျယ်ရွာပါတယ်။ မုဆိုးသုံးယောက်လည်း သဖန်းပင်ကြီးအောက်မှာ အတော်လေးဒုက္ခရောက်ကြပါတယ်။ ကျောမှာခြုံထားတဲ့စောင်မောင်းလေးတွေအားကိုးနဲ့ အပင်ကြီးကို မှီပြီးငိုက်မျဉ်းနေကြရပါတယ်။ ကြီးလိုက်တဲ့မိုးကလည်း သွန်ချသလိုကိုရွာသွန်းနေတာပါ။ အဲဒီလိုရွာသွန်းနေချိန်မှာ ဝုန်းဆိုတဲ့အသံကြီးကတုန်ဟည်းသွားခဲ့ပါတယ်။ မိုးချုန်းတာမဟုတ်မှန်း သူတို့သိကြပါတယ်။

မနက်မိုးလင်းခါနီးကျတော့ မိုးကတိတ်သွားပါပြီ။ မိုးကုတ်မြေဆိုတာကလျှိုမြောင်တွေမို့ မိုးတိတ်တာနဲ့ ရေတွေမြင်ရတော့ပါဘူး။ လျှိုမြောင်တွေကနေ စီးဆင်းသွားပါပြီ။

မိုးရှင်းရှင်းလင်းတဲ့အခါ မုဆိုးသုံးဦးပြောင်ကြီးသွားရာဆီဦးတည်လိုက်ကြပါတယ်။ သူတို့အထင်က ပြောင်ကြီးတစ်နေနေရာမှာ သေနေလောက်ပြီလို့ထင်ထားတာပါ။

မကြာလိုက်ပါဘူး။ သားစားငှက်တွေဖြစ်တဲ့ လင်းတတွေ၊ စွန်တွေ၊ ကြီးတွေတရုန်းရုန်းဖြစ်နေတဲ့နေရာကို လှမ်းမြင်ကြရပါတယ်။ ပြောင်သေကောင်ကြီးကို ဝိုင်းဝန်းထိုးဆိတ်စားသောက်နေကြပြီလို့ထင်တာပါ။ ဒါကြောင့် ငှက်တွေတရုန်းရုန်းဖြစ်နေတဲ့နေရာကိုလာကြည့်တော့ အထင်နဲ့အမြင်တက်တက်စင်အောင်မှားနေတာကို အံ့သြတကြီးတွေ့ရပါတယ်။

အဲဒါကတော့ မိုးရွာလို့ပဲ့ကျတဲ့တောင်ကြောထဲက ပတ္တမြားနီနီရဲရဲတွေဟာ သားတစ်သားတွဲတွေလိုရဲရဲနီနေလို့ပါပဲ။ အဲဒါတွေကို အသိနည်းတဲ့ငှက်တွေက သားတစ်သားတွဲတွေလို့ထင်ပြီး တရုန်းရုန်းနဲ့စားသောက်ဖို့ကြိုးစားနေကြခြင်းပါ။ ဒါပေမယ့် ကျောက်ခဲတွေဖြစ်နေတော့ကာ စားမရကြဘဲ ဆူညံစွာအော်ဟစ်နေကြခြင်းပါ။

အဲဒီ ရဲရဲနီနေတဲ့ ကျောက်ခဲတွေအပုံလိုက်တွေ့တဲ့အခါ ဗဟုသုတအသင့်အတင့်ရှိတဲ့မုဆိုးတွေဟာ ပတ္တမြားတွေမှန်းသိကြပါတယ်။ ဒီအခါမှာ ငါတို့စော်ဘွားကြီးဘုန်းကံကြောင့် ပတ္တမြားကြောတွေပေါက်ခြင်းပဲဆိုပြီး ပတ္တမြားတွေကိုသယ်ဆောင်ကာ မိုးမိတ်စော်ဘွားကြီးသို့ဟန်ဖတ်ဆီဆက်ကြပါတယ်။

စော်ဘွားကြီးလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဆုတော်ငွေ (၃၀၀) ပေးသနားပြီး အဲဒီပတ္တမြားကြောကို တူးဖော်စေပါတယ်။ ကျောက်တူးပို့ အိုးစား (၃၀) ကို တစ်အိုးစားကို တစ်နှစ်စာ (၃၀၀) ထောက်ပံ့ပေးပါတယ်။ အုပ်ချုပ်သူဟိန်တစ်ဦးလည်း ခန့်ထားပေးပါတယ်။

ရွာကိုတော့ သဖန်းပင်ကြီးအနီးမှာတည်ပါတယ်။ အခုလက်ရှိ မိုးကုတ်မြို့ကနေ (၃) မိုင်ခန့်ဝေးတယ်။ အဲဒီရွာတည်နှစ်က မြန်မာသက္ကရာဇ် ၅၇၉ ခုနှစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

အဲဒါကြောင့် ရှေးလူတွေက လက်ာနဲ့ဆိုရိုးပြုခဲ့ကြပါတယ်။ တဘောင်လက်ာမှာ 'ကိတ်နဂါးကြွက် သုံးဘော်ယုက် ကျောက်မျက်ရတနာ ပေါ်ထွက်လာ ဂန္ဓာလတိုင်း သမိုင်းပွင့်ဆန်း ပင်သဖန်းဟု မော်ကွန်းထိုးတုတ် မြို့မိုးကုတ်' လို့ ဆိုခဲ့ကြပါတယ်။ အကွရာတန်ဖိုးအနေနဲ့ ကိတ်က (၉) ပါ၊ နဂါးက (၇) ပါ၊ ကြွက်က (၅) ပါ။ အစဉ်တိုင်းချပါက ခုကနေချရမှာမို့ (၅၇၉) ဖြစ်ပါတယ်။

ရောက်ဆဲသက္ကရာဇ် ၁၃၇၉ ထဲကို (၅၇၉) နှတ်ပါက နှစ်ပေါင်း (၈၀၀) တိတိ ဖြစ်ပါတယ်။ မိုးကုတ်စတည်တာ သဖန်းပင်ရှာကပါ။ နောင်မှာ လူတွေက ပြန်ကြီးရှိတဲ့ အခု မိုးကုတ်မြို့နေရာမှာ လယ်တွေဆင်းစိုက်ကြရာကနေ လယ်တဲများကတစ်ဆင့် ရွာဖြစ်၊ ရွာကနေ ရွာကြီးဖြစ်၊ ရွာကြီးကနေ မြို့ဖြစ်လာခြင်းပါပဲ။ ၁၃၇၉ ခုနှစ်မှာ ပတ္တမြားမြေဟာ နှစ်ပေါင်း (၈၀၀) တိတိပြည့်ခဲ့ပါပြီ။

■ နှစ်ပေါင်း (၂၀၀) နီးပါး

ပတ္တမြားမြေပေါ် စဖြစ်တာကြောင့် ပတ္တမြားတွေဟာ ထုထည်ကြီးမားစွာ အကြောလိုက်တွေထွက်တာပါ။ ပတ္တမြားဆိုတာက ကျောက်စိမ်းလို အစိုင်အခဲအကြီးကြီးတွေမဟုတ်ပါဘူး။ ပတ္တမြားအနီဟာ တစ်ကျပ်သား (ကွမ်းသီးပြောင်လုံးခန့်) တောင်မှ တွေ့ရမြင်ရခဲပါတယ်။

ထွက်သမျှ ပတ္တမြားတွေကို စော်ဘွားကြီးသိုဟန်ဖတ်က ဘဏ္ဍာတိုက်ထဲမှာထည့်စေပါတယ်။ အဲဒီနောက်မှာ စော်ဘွားအဆက်ဆက်ပြောင်းလဲခဲ့သလို ဘဏ္ဍာတိုက်ထဲကိုလည်း ပတ္တမြားတွေ အစဉ်သဖြင့်ထည့်နေခဲ့တာပါ။ စော်ဘွားအဆက်ဆက်ပတ္တမြားတွေမည်မျှကြွယ်ဝတယ်ဆိုတာ ပြောစရာမလိုပါဘူး။

နှစ်ပေါင်း (၂၀၀) နီးပါးကြာတဲ့ အခါ မိုးမိတ်မြို့ကိုအုပ်ချုပ်တဲ့ စော်ဘွားက ဆေးဖခေါ် သိုင်ဘွားပါ။ အဲဒီသိုင်ဘွား (မြန်မာနှစ် ၇၇၆ - ၇၇၉)ဟာ မိမိကိုယ်မိမိ ပတ္တမြားရတနာတွင်းတို့ အရှင်သခင်လို့ အဓိပ္ပာယ်ရတဲ့ 'ခွန်စပ်မော်ဆိုင်' ဆိုတဲ့ ဘွဲ့ထူးကိုခံယူပါတယ်။ ခံယူထိုက်ပါတယ်။ စော်ဘွားလည်း အစဉ်အဆက်ဘဏ္ဍာတိုက်ထဲသွင်းထည့်ခဲ့တဲ့ ပတ္တမြားတွေဆိုတာ နည်းမှမနည်းပေဘဲကိုး။ သူ့လက်ထက်မှာလည်း ဘဏ္ဍာတိုက်ထဲထည့်မြဲထည့်နေဆဲပါ။ ကမ္ဘာမှာ ပတ္တမြားအများဆုံးပိုင်ဆိုင်တဲ့ စော်ဘွားမျှားပါ။

စော်ဘွားကြီး သိုဟန်ဖတ် လက်ထက် သက္ကရာဇ် ၇၇၉ ကနေ သက္ကရာဇ် ၇၉၇ ခုအထိဆိုတာ နှစ်ပေါင်း (၂၀၀) နီးပါး ကြာပါတယ်။ အဲဒီ (၇၇၇) မှာ အလှည့်အပြောင်းတစ်ခုဖြစ်လာပါတယ်။

အဲဒါကတော့ မိုးမိတ်ဒေသမှာ ပတ္တမြားတွေအလျှံပယ်ထွက်နေတယ်ဆိုတာ မြန်မာနိုင်ငံတော်အုပ်ချုပ်တဲ့ မြန်မာဘုရင်သိသွားလို့ပါပဲ။

■ အင်းဝပထမမင်းခေါင်

အင်းဝပထမမင်းခေါင် (မြန်မာသက္ကရာဇ် ၇၆၃ - ၇၈၃) ဟာ မိုးမိတ်စော်ဘွားက ပတ္တမြားမြေကိုစိုးမိုးနေတယ်လို့ ကြားသိတော်မူရာ ထိုပတ္တမြားမြေ(မိုးကုတ်)ကို စစ်တပ်အလုံးအရင်းနဲ့ ချီတက်ပြီး သိမ်းပိုက်မယ်လို့ကြံစည်တော်မူပါတယ်။

ထိုသို့ သိမ်းပိုက်ခဲ့သော် အောင်နိုင်မည်ဖြစ်သော်လည်း နှစ်ဖက်စလုံး နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သဖြင့် မသင့်တော်ရာ ပညာရှိအမတ်ကြီးပညာဇလ











www.burmeseclassic.com

www.burmeseclassic.com








က ပတ္တမြားမြေအား လက်ရုံးရည်ဖြင့် သိမ်းပိုက်စရာမလိုပါ။ ကျွန်တော်မျိုးမှ နှလုံးရည်ဖြင့် ပတ္တမြားမြေမိုးကုတ်ကို သိမ်းယူကာ ဆက်သပါမည်လို့ လျှောက်တင်ကာ နောက်လိုက်အနည်းငယ်နဲ့ မိုးကုတ်ရှိရာအရပ်ကိုထွက်ခဲ့ပါတယ်။

အဲဒီအချိန်မှာ မိုးကုတ်မြို့ဟာ ရွာကြီးတစ်ရွာသဖွယ် စည်ကားစပြုနေပါပြီ။ လယ်ကွင်းတွေကိုအခြေပြုကာ တည်တာကြောင့် လယ်တောတွေရဲ့ ဦးထိပ်ကျတဲ့ရွာကို လယ်ဦးရွာဆိုပြီးမှည့်ခေါ်ခဲ့ကာ ယခုတိုင် လယ်ဦးရွာရှိနေဆဲပါ။ လက်ရှိအနေနဲ့ကတော့ မိုးကုတ်မြို့နဲ့ တစ်ဆက်တည်းဖြစ်သွားခဲ့ပါပြီ။ မိုးကုတ်ကနေ မြောက်ဘက်မိုးမိတ်အထွက်လမ်းမှာ တည်ရှိပါတယ်။ ပညာပလအမတ်ကြီးဟာ မိုးကုတ်ကိုရောက်တာနဲ့ ယခုခေတ် စီတ္တကုတ်တောင်ဟုခေါ်ကြတဲ့ ဂိဏ္ဍကုတ်တောင်မှာ ဥပုသ်သီလ(၇)ရက်တိုင်စောင့်ပါတယ်။ ဥပုသ်စောင့်ပြီးတဲ့ အခါမှာ ရွှေဂူကြီးဘုရားကို (၇)တောင် အမြင့်တည်ထားပူဇော်ခဲ့ပါတယ်။ အဲဒီရွှေဂူကြီးဘုရားဟာ ရှေးက သီရိခမ္မာသောက(အာသောက)မင်းကြီးတည်ထားကိုးကွယ်ခဲ့တဲ့ စေတီပေါင်း (၈၄၀၀၀)မှာ အပါအဝင်လို့လည်း ဆိုကြတယ်။ ပညာပလအမတ်ကြီးဟာ စေတီငုတ်တို့ကို ပြန်လည်ပြုပြင်မွမ်းမံလှူဒါန်းခဲ့ဟန်တူပါတယ်။ ဘာလို့လဲဆိုတော့ မိုးကုတ်ဒေသဟာ နောင်မှာ ဗုဒ္ဓသာသနာတော်ပွင့်လန်းစည်ကားရာအရပ်ဖြစ်မှာမို့ပါပဲ။ အဲဒါကြောင့်တည်ထားခဲ့ဟန်တူပါတယ်။

ရွှေဂူကြီးဘုရားကိုတည်ထားပူဇော်ပြီးတာနဲ့ ပညာပလအမတ်ကြီးဟာ မိုးမိတ်ကိုသွားပြီး မိုးမိတ်စော်ဘွားထံသုံးနှစ်ခစားကာ ရင်းနှီးမှုရလှူပါတယ်။ ပြီးမှ မိုးကုတ်ပတ္တမြားမြေနဲ့ မြန်မာဘုရင်ပိုင်တဲ့ ဧရာဝတီမြစ်ရိုး (၁၂) ရွာလဲလှယ်ဖို့ လျှောက်တင်ပါတယ်။

အဲဒီဧရာဝတီမြစ်ရိုး (၁၂) ရွာက သပိတ်ကျင်း၊ စမွာနဂိုရိ၊ တွင်းငယ်၊ ဆူးပုပ်၊ သက်ငယ်ကျင်း၊ ကြာညှပ်၊ ပုတီးဖြူ၊ တကောင်း၊ ပုလွေရွာ၊ ရှော်ပင်၊ ကျောက်ထုံးကြီး၊ ရွှေဖြူမြို့တို့ ဖြစ်ကြပါတယ်။ အဲဒီမြစ်ရိုး(၁၂)ရွာကနေ ရေခွန်၊ မြေခွန်ကောက်စားခွင့်ရမှာပါ။

နှစ်ပေါင်း (၂၀၀) နီးပါး ပတ္တမြားတွေ ဘဏ္ဍာတိုက်ထဲအမြဲသွင်းနေခဲ့တာကြောင့် ပတ္တမြားတွေပေါကြွယ်ဝနေတဲ့ မိုးမိတ်စော်ဘွားကြီးဟာ သဘောတူကာ မိုးကုတ်ပတ္တမြားမြေနဲ့ ဧရာဝတီမြစ်ရိုး (၁၂)ရွာကို လဲလှယ်ကြောင်း သဘောတူပါတယ်။ လဲလှယ်တဲ့မြန်မာသက္ကရာဇ်ကတော့ မြန်မာသက္ကရာဇ် ၇၇၇ ခု၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့ ဖြစ်ပါတယ်။

လဲလှယ်ပြီးတာနဲ့ မိုးကုတ်ပတ္တမြားမြေနယ်ပယ်ကို အရှေ့သို့လာသော် ဝက်ပါတောင်၊ အနောက်သို့သွားသော် တောင်တော်စခန်း၊ မြောက်သို့လားသော် အုပ်ဆောင်းတောင်၊ တောင်သို့လားသော် ပုဇွန်းစဉ်ရွာများဖြစ်ပါတယ်။ စကျင်ကျောက်တိုင်များစိုက်ထူ

www.burmeseclassic.com

www.burmeseclassic.com

ကာ အမှတ်အသားပြုထားပါတယ်။ အဲဒီကျောက်တိုင်တွေဟာ မပျက်မစီး ယခုထိအရှိနေဆဲလို့ မျက်မြင်ကြုံခဲ့သူတွေကပြောပြဖူးပါတယ်။

မိုးကုတ်ပတ္တမြားမြေဟာ မြန်မာဘုရင်လက်ထဲရောက်ပြီးတဲ့နှစ်ပြိုင်နက် ပတ္တမြားတွေကို နန်းသုံးပစ္စည်းအဖြစ် အသုံးပြုတာမို့ မိုးကုတ်ပတ္တမြားတွေဟာ ကျော်ကြားလာသလို အောက်မြန်မာနိုင်ငံမြေပြန့်နဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေလည်း ပိုမိုကောင်းမွန်လာခဲ့ပါတော့တယ်။ အဲဒါကြောင့် မိုးကုတ်ဟာ စည်ကားတိုးတက်လာခဲ့တာအမှန်ပါပဲ။

မြန်မာသက္ကရာဇ် ၅၇၉ ခုနှစ်က စပေါ်ခဲ့တဲ့ ပတ္တမြားမြေဟာ သက္ကရာဇ် ၇၇၇ ခုမှာ မြန်မာဘုရင်ကို လွှဲပြောင်းပေးလိုက်ပါတယ်။ စော်ဘွားတွေအနေနဲ့ ပတ္တမြားမြေကို (၁၉၈) နှစ်တိုင်တိုင် စိုးမိုးရယူနိုင်ပါတယ်။ နှစ်ပေါင်း (၂၀၀) နီးပါးဆိုပါတော့။

■ မြန်မာဘုရင်များလက်ထက်

အဲဒီအချိန်တွေမှာ ပတ္တမြားအပြာဖြစ်တဲ့ နီလာတွေကို ပတ္တမြားစာရင်းမသွင်းသေးပါဘူး။ ကျောက်နီစစ်စစ် ပတ္တမြားတွေသာ နန်းသုံးတော်ဝင် ပစ္စည်းအဖြစ် စာရင်းသွင်းကြတာပါ။ မြန်မာဘုရင်တွေ လက်ထက်ရောက်တာနဲ့ နန်းသုံးပစ္စည်းအဖြစ် ပြုပြင်အသုံးချကြတော့ကာ နန်းတွင်းတော်ဝင်ပစ္စည်းတွေဖြစ်ခဲ့ပါတယ်။

ပြည့်စုံသီဟသူမင်းလက်ထက်မှာတော့ စာ၃၀-စ၄၂ မိုးကုတ်ပတ္တမြားတွေဟာ မြန်မာရာဇဝင်စာတင်မှတ်သားရလောက်အောင် ကျော်ကြားမှုတိုးတက်လာခဲ့ပါတယ်။

ဒေသခံရှမ်းတွေက ကျောက်တွေတူးကာ မြန်မာဘုရင်ကို နှစ်စဉ်ဆက်သရခြင်းပါပဲ။ အဲဒီအချိန်အထိ ကျောက်တူးတဲ့အလုပ်ကို ဒေသခံရှမ်းတွေ၊ ပလောင်တွေကသာ လုပ်ဆောင်နေခြင်းပါ။ မြန်မာတွေသွားရောက်လုပ်ကိုင်နေခြင်း မရှိသေးပါဘူး။

မြန်မာသက္ကရာဇ် ၉၁၈ ခုနှစ် တောင်ငူခေတ်မှာ ကေတုမတီတောင်ငူပြည်ကို စစ်ဘုရင် ဘုရင့်နောင် အုပ်ချုပ်နေစဉ်ကာလပါ။ ဘုရင့်နောင်ဆိုတာ မြန်မာနိုင်ငံတစ်နံတစ်လျားကို စည်းလုံးစွာ အုပ်ချုပ်တည်ထောင်နိုင်တဲ့ ဒုတိယမင်းကောင်းမင်းမြတ်ဖြစ်ပြီး ဆင်၊ မြင်း၊ ရထား၊ ခြေသည် ဆိုတဲ့ စစ်အင်အားတောင့်တင်းလှတာကြောင့် စစ်ဘုရင်လို့ ကျော်ကြားတဲ့ မင်းတစ်ပါးပါ။ ပထမမြန်မာနိုင်ငံတော်ကိုစည်းလုံးစွာထူထောင်နိုင်ခဲ့တာက ပုဂံမင်း အနော်ရထာပါ။ ဒုတိယထူထပ်နိုင်ခဲ့တာက ဘုရင့်နောင်ပါ။ တတိယထူထောင်နိုင်ခဲ့တာက








www.burmeseclassic.com

www.burmeseclassic.com

အလောင်းဘုရား ဦးအောင်ဇေယျပါ။

အဲဒီသက္ကရာဇ် ၉၁၈ ခုနှစ်မှာ နှစ်စဉ်ဆက်မြဖြစ်တဲ့ ပတ္တမြားရတနာများ လာရောက်မဆက်သပါဘူး။ ဒါက ဒေသခံစော်ဘွားအနေနဲ့ အာခံခြင်းပါပဲ။ မြန်မာဘုရင်လက်ထက်တော်တွေမှာ နှစ်စဉ် အချိန်မှန် မြို့စား၊ နယ်စားတွေက အခွန်ဘဏ္ဍာတော်ဆက်သကြရပါတယ်။ မဆက်သရင် အာခံခြင်းပါပဲ။ မိုးမိတ် စော်ဘွားအနေနဲ့ နှစ်စဉ်မိုးကုတ်ပတ္တမြား ဆက်သရခြင်းပါ။ လာရောက်မဆက်သတာကြောင့် ဘုရင့်နောင်မင်းတရားဟာ အမျက်တော်ရှုပြီး ကြည်းတပ်၊ ရေတပ်နဲ့ မိုးကုတ်ဒေသကို ချီတက်ခဲ့ပါတယ်။ ဧရာဝတီမြစ်ကြောကနေ ချီတက်ခဲ့ခြင်းပါ။

မိုးမိတ်စော်ဘွားရဲ့တပ်တွေကလည်း အသင့်စောင့်ကြိုကာ စဉ့်ကူးကနေတိုက်ပါတယ်။ စဉ့်ကူးမြို့ဟာ ဧရာဝတီအရှေ့ဘက်ကမ်းမှာ တည်ရှိပါတယ်။ တိုက်ပေမယ့် မြန်မာစစ်တပ်ကိုမနိုင်တာကြောင့် စော်ဘွားတပ်တွေပြေးရပါတယ်။

ရေကြောင်းအတိုင်း ဆက်ချီတဲ့အခါ သပိတ်ကျင်းအထက် စမွာနဂိုရိဆိုတဲ့အရပ်ကနေ စော်ဘွားတပ်တွေက ဆီးကြိုတိုက်ခိုက်ပြန်တယ်။မြန်မာစစ်တပ်ကိုမနိုင်ဘဲပြေးကြရပြန်ပါတယ်။ စမွာနဂိုရိရွာဟာ ခုထိတိုင်ရှိနေဆဲပါ။

အဲဒီမှာ ဘုရင့်နောင်နဲ့တပ်တွေဟာ စော်ဘွားဆုတ်ပြေးရာလမ်းကြောင်းအတိုင်း လိုက်လံတိုက်ခိုက်ပါတယ်။ မိုးမိတ်စော်ဘွားဆုတ်ခံရာဒေသဖြစ်တဲ့ သရက်တောရွာအနီး အနောက်ကွင်းမှာ တိုက်ပွဲဖြစ်သွားရာမှာတော့ မြန်မာစစ်သည်တွေအများအပြားကျဆုံးရပါတယ်။ အဲဒီနေရာမှာ မြန်မာအများအပြားသေလို့ (မန်ပန်ကိုင်) မြန်မာသေကွင်းဆိုပြီး ခေါ်ဆိုနေကြပါတယ်။

ဒါပေမယ့် စစ်တိုက်အလွန်ကျွမ်းတဲ့စစ်ဘုရင်ဖြစ်တာကြောင့် ရေရှည်တိုက်တဲ့အခါ စော်ဘွားနဲ့စော်ဘွားတပ်တွေ အပြတ်အသတ်ရှုံးနိမ့်ကာ အညံ့ခံကြရပါတော့တယ်။ ဒီအခါ ထုံးစံအတိုင်း သစ္စာခံရပြန်ပါတယ်။ နောက်နောင်မပျက်မယွင်း ပတ္တမြားရတနာများဆက်သပါမယ်ပေါ့။ အဲဒီမှာ မိုင်းလုံမြို့စားကို သစ္စာတော်ခံစေပြီး မိုးကုတ် ပတ္တမြားမြေကို စောင့်ရှောက်စေပါတယ်။ မိုင်းလုံဟာ မိုးကုတ်နဲ့ မိုင်(၂၀) မျှဝေးပါတယ်။

ဘုရင့်နောင်မင်းတရားဟာ မိုးကုတ်မှာ ခေတ္တစံပါတယ်။ ဒေသခံတွေရဲ့ အခက်အခဲတွေကို ကူညီပါတယ်။ အားလုံးနေသားတကျဖြစ်အောင် စီမံဆောင်ရွက်ပေးတယ်။

အဲဒီတုန်းက မိုးကုတ်မှာ ဓလေ့ဆိုးကြီးတစ်ခုရှိတယ်။ အဲဒါက အရှင်သခင်သေရင် အဲဒီအရှင်သခင်ရဲ့ ကျေးကျွန်၊ ကွဲ၊ နွား၊ ဆင်၊ မြင်းတွေပါ သတ်ပြီး အရှင်သခင်နဲ့အတူတူထည့်မြှုပ်ခြင်းပါ။ ဘယ်လိုကဘယ်လို မိုးကုတ်ကို ရောက်နေတယ်မသိပါဘူး။ အတော် ကြောက်ဖို့ကောင်းတာပါ။

အဲဒီစနစ်ဆိုးကြီးကို ဘုရင့်နောင် မင်းတရားကြီးက မင်းမိန့်နဲ့ပယ်ဖျက်လိုက်ပါတယ်။ အဲဒီစနစ်ဆိုးကြီးပယ်ဖျက်ပြီးပါမှ မိုးကုတ်မှာစစ်မှန်တဲ့ဗုဒ္ဓသာသနာ အရောင်ထွန်းတောက်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ မိုးကုတ်ဟာ စည်ပင်ဖွံ့ဖြိုးပြီး လက်မှုပညာတွေ၊ ပန်းရန်ပညာတွေ၊ ပန်းပုပညာတွေ၊ ပန်းပဲပညာတွေ စသည်ဖြင့် တိုးတက်လာကာ လူနေမှုအဆင့်လည်း မြင့်မားလာပါတယ်။ သို့သော်လည်း မိုးကုတ်ဒေသဟာ စိမ့်ကြိုးမြိုင်ကြီးတွေနဲ့ တောတောင် အလွန်နက်ရှိုင်းတဲ့ဒေသအဖြစ် ရပ်တည်နေဆဲပါ။ ဌက်ဖျားကလည်းထူထပ်လှပါတယ်။

သက္ကရာဇ် ၉၂၁ ခုမှာ ဘုရင့်နောင် မင်းတရားဟာ မဏိပူရက ကသည်းစော်ဘွားကို နှိမ်နင်းအောင်မြင်တော်မူပါတယ်။ ကသည်းလူမျိုးတွေ စစ်သံ့ပန်းအဖြစ်နဲ့ ဖမ်းဆီးခေါ်ဆောင်လာကာ မိုးကုတ်ပတ္တမြားမြေအနောက်ပိုင်း ကျပ်ပြင်အရပ်ကိုပို့ပါတယ်။ သူတို့ကို ရွာလေးတစ်ရွာတည်ပေးကာ ကျောက်တူးတဲ့အလုပ်ကိုလုပ်စေပါတယ်။ အဲဒီကသည်းလူမျိုးတွေနေတဲ့အရပ်ကို အခုထိတိုင် ကသည်းရပ်လို့တွင်နေဆဲပါ။ ကသည်းလူမျိုးစစ်စစ်ကတော့ ပျောက်ကွယ်သွားခဲ့ပါပြီ။

ဘုရင့်နောင်မင်းတရားကြီးနတ်ရွာစံတော့ နန္ဒဘုရင်က ထီးမွေနန်းမွေဆက်ခံပါတယ်။ ဒါပေမယ့် အုပ်ချုပ်မှုညံ့ဖျင်းတာတစ်ကြောင်း၊ ဘုန်းကံနည်းပါးတာတစ်ကြောင်း၊ စစ်ရည်စစ်သွေးညံ့ဖျင်းတာတစ်ကြောင်းကြောင့် လက်အောက်ခံနယ်စားများထောင်ထားခြားနားကုန်ပါတယ်။ သူတစ်လူငါတစ်မင်းဖြစ်ကုန်ကြပါတယ်။ မစည်းရုံးနိုင်တော့ပါဘူး။

ဒီအခါမှာ အများနည်းတူ မိုးမိတ်စော်ဘွားကလည်း ပတ္တမြားမြေကိုပြန်လည်သိမ်းပိုက်ပြန်ပါတယ်။ ဒီလိုနဲ့ နှစ်အတန်ကြာပတ္တမြားမြေကို မိုးမိတ်စော်ဘွားက ပြန်လည်စိုးမိုးရယူထားပြန်ပါတယ်။ နှစ်ပေါင်း (၃၀) ကျော်လို့ ဆိုရမှာပါ။

ဒုတိယအင်းဝမင်းဆက်ညောင်ရမ်းမင်းတရားကြီးလက်ထက် (၁၅၉-၁၆၇) မှာတော့ မြန်မာသက္ကရာဇ် ၉၅၉ ခုနှစ်တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့မှာ ရတနာပုရအင်းဝရွှေမြို့တော်ကြီးကို တည်ထောင်မှုခဲ့ပါတယ်။ ဒုတိယအင်းဝပါ။

ညောင်ရမ်းမင်းတရားကြီးဟာ မိုးမိတ်စော်ဘွားပြန်လည်သိမ်းဆည်းသွားတဲ့မိုးကုတ်ပတ္တမြားမြေကို ပြန်လည်ပေးအပ်ဖို့ အမိန့်တော်ချမှတ်ပါတယ်။ အမိန့်တော်စာချွန်လွှာကို မိုးမိတ်စော်ဘွားကလိုက်နာရပါတယ်။ အဲဒီနေ့က သက္ကရာဇ် ၉၅၉ ခု သီတင်းကျွတ်လပြည့်ကျော် ၅ရက်နေ့ပါ။ မလိုက်နာပါက စစ်ချီတိုက်ခိုက်မှာဖြစ်လို့ပါပဲ။

မိုးကုတ်ပတ္တမြားမြေကို ပြန်လည်ရယူပြီး နောက်မှာတော့ ရွှေတုန်းကလို မြို့စားနယ်စားလက်ထဲကိုမလွှဲတော့ဘဲ စနစ်သစ်နဲ့ စို့သူကြီးတွေခန့်ပြီး အုပ်ချုပ်စေပါတယ်။ စို့ဆိုတဲ့ဝေါဟာရက အဲဒီတုန်းက တစ်ဌာန၊ တစ်စု၊ တစ်ရပ်ကို ခေါ်ဆိုတဲ့ဝေါဟာရဖြစ်ပါတယ်။ အဲဒီတော့ မိုးကုတ်မှာ စို့သူကြီးတစ်ယောက်၊ ကသည်းမှာ စို့သူကြီးတစ်ယောက်၊ ကျပ်ပြင်မှာ စို့သူကြီးတစ်ယောက် ခန့်အပ်ကာ ကျောက်မျက်ရတနာထုတ်လုပ်စေပါတယ်။ ကျပ်ပြင်နဲ့ ကသည်းဟာ နီးသော်လည်း အခြေချနေထိုင်သူများတာကြောင့် စို့သူကြီးနှစ်ဦးခန့်အပ်ခြင်းပါ။

ညောင်ရမ်းမင်းတရားလက်ထက်တော်ကစပြီး မိုးကုတ်ပတ္တမြားမြေမှာ စို့သူကြီးတွေ ဩဇာအာဏာကြီးမားလာပါတယ်။ အမှုအခင်းတွေဖြစ်ပါကလည်း စို့သူကြီးတွေကသာ တရားစီရင်ပါတယ်။

စို့သူကြီးတွေကလည်း နှယ်နှယ်ရရမဟုတ်ပါဘူး။ ဘုရင်ပေးထားတဲ့ဘွဲ့တွေနဲ့ပါ။ မိုးကုတ်စို့သူကြီးကို သီရိဝမ္မရာဇာ၊ ကသည်းစို့သူကြီးကို သီရိဇေယျရာဇာ၊ ကျပ်ပြင်စို့သူကြီးကို ဇေယျရာဇာ ဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးတွေအပ်နှင်းထားတာပါ။ ဒီတော့ သူတို့မှာ အထူးအခွင့်အရေးတွေရှိကြတယ်။ သူနယ်သူပယ်မှာတော့ ဘုရင်ပါပဲ။

မိုးကုတ်ပတ္တမြားမြေက ဘုရားသမ္မကျောက်ကောင်းဟူသမျှကို စို့သူကြီးတွေက သိမ်းယူကာ ဘုရင့်ဆက်သခြင်းပါ။ လိုအပ်တဲ့ကျောက်အတိုင်းအတာရအောင် ခွဲတမ်းကျစနစ်နဲ့ တစ်အိမ်ကို ကျောက်ဘဲလောက်သွင်းရမယ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com

အမိန့်ချမှတ်ပြီး စုဆောင်းကြရခြင်းပါပဲ။

နန်းဝတ်နန်းစားတွေမှာစီခြယ်တဲ့ ကျောက်အကောင်းစားတွေကို စီတော်ရန်ကျောက်လို့ခေါ်ပါတယ်။ ပုခက်တင် ကျောက်လို့ခေါ်တဲ့ ပုခက်တို့၊ ကွမ်းအစ်တို့၊ လက်သုံးတော်များနဲ့ မားအိမ်တို့စတဲ့ နန်းသုံးပစ္စည်းတွေမှာစီခြယ်တဲ့ ကျောက်မျိုးတွေကတော့ မကြာမကြာပို့ပေးရပါတယ်။ အဲဒီကျောက်မျိုးကတော့ အခုခေတ်အခေါ် အောက်ကျောက်လို့ခေါ်တဲ့ အစစ်အစစ်မဟုတ်တဲ့ လုံးခြောင်း အစားဆိုတဲ့ ကျောက်မျိုးတွေနေမှာပါ။ အဲဒီကျောက်မျိုးတွေကိုသာ ခွဲတမ်းနဲ့ကောက်ခြင်းဖြစ်ပါတယ်။ သူက အများအပြားအသုံးပြုတဲ့အမျိုးကိုး။ ဒါပေမယ့် ကျောက်တွေကို အရိုင်းအတိုင်းပဲပို့ဆက်ရခြင်းပါ။

အနောက်ဘက်လွန်မင်းတရားကြီး လက်ထက် (၉၆၇ - ၉၉၀) တော်မှာ အနောက်ဘက်လွန်မင်းတရားဟာ မိုးကုတ်ပတ္တမြားမြေကို ခရီတက်လာပါတယ်။ သူဖခင် ညောင်ရမ်းမင်းတရားပိုင်ဆိုင်ခဲ့တဲ့ပတ္တမြားမြေကို လာကြည့်ခြင်းပါ။

အဲဒီအခိုန်မှာ မိုးမိတ်စော်ဘွားက ဆေယွန်ဖယိ။ ဆေယွန်ဖဟာ မြန်မာဘုရင်လာမယ့်ရေကြောင်းလမ်း စဉ့်ကူးက ဆီးကြိုတိုက်ခိုက်ပါတယ်။ မြန်မာဘုရင်ကိုမနိုင်တာကြောင့် ဆုတ်ခွာပါတယ်။ ဆုတ်ခွာရာလမ်းကြောင်းအတိုင်း မြန်မာဘုရင်ကလိုက်လာရမှာ ကျောက်လှည်းဘီးရွာကနေတစ်ဆင့် ခုခံတိုက်ခိုက်ပြန်ပါတယ်။ ဆေယွန်ဖမနိုင်တော့ကာ စကားတောင်ကနေ ခုခံပြန်ပါတယ်။ ဒါလည်း အရေးနိမ့်တာကြောင့် မိုးမိတ်ကို ပြန်ပြေးသွားရပါတယ်။ အမှန်တော့ ပတ္တမြားမြေကို ပြန်လည်စိုးမိုးလိုတာကြောင့် တိုက်ခိုက်ပေမယ့် မအောင်မြင်ပါဘူး။ မြန်မာဘုရင်တွေဟာလည်း ပတ္တမြားမြေကို အလွန်တန်ဖိုးထားခဲ့ကြပါတယ်။

အနောက်ဘက်လွန်မင်းတရားကြီး နတ်ရွာစံပြီးနောက်မှာ ညီတော် သာလွန်မင်းတရား (၉၉၀-၁၀၁၀) နန်းတက်ပါသည်။ အဲဒီအခိုန်မှာလည်း မိုးမိတ်စော်ဘွားက မိုးကုတ်ကိုပြန်သိမ်းကာ ဆက်မြဲအခွန်ကိုမဆက်ဘဲနေပြန်ပါတယ်။ မြန်မာနှစ် ၉၉၉ ခုနှစ်မှာပါ။ ဒါနဲ့ သာလွန်မင်းတရားကြီးက အမိန့်တော်ထုတ်ပါတယ်။ အမိန့်တော်ကို မနာခံတာကြောင့် စော်ဘွားစံရာ မိုးမိတ်မြို့ကို ခရီတက်တိုက်ခိုက်တဲ့အခါ အနှိုးကြီးနှိုးကာ မြို့ရွာကိုစွန့်ပြေးရတဲ့အထိ ကစဉ့်ကလျားဖြစ်ကုန်ကြရပါတယ်။ သတ္တရာဇ် ၉၉၉ ကို ရှမ်းတို့က အမင်္ဂလာနှစ်လို့ ယူဆကြပါတယ်။ အထိနာကြလို့ပါ။

သာလွန်မင်းတရားကြီးသားတော် ပြည်မင်း (၁၀၂၃-၁၀၃၄) လက်ထက်မှာ နန်းစဉ်ရတနာတွေမှာ စံတင်ရလောက်တဲ့ ပတ္တမြားငမောက်ကို လာရောက်ဆက်သခြင်းခံရပါတယ်။

ကုန်းဘောင်မင်းဆက်ရဲ့ပထမဆုံးမင်းဆက်ဖြစ်တဲ့အလောင်းမင်းတရားကြီး (ဦးအောင်ဇေယျ) လက်ထက် (၁၁၁၅-၁၁၂၃) လက်ထက်တော်မှာ မိုးကုတ်မှာ ကျောက်တူးဖို့ မတ္တရာမြို့နယ်တစ်ဝိုက်က မင်းပြစ်မင်းဒဏ်သင့်သူတွေကို အစောင့်အကြပ်တွေနဲ့ ပို့ပေးပါတယ်။ ရလာတဲ့ကျောက်တွေကို ဘုရင့်ထံ ဆက်သကြရပါတယ်။

ဆင်ဖြူရှင်မင်းတရားကြီး (၁၁၂၆-၁၁၃၉) မှာ မိုးမိတ်စော်ဘွားဟာ ဆက်မြဲအခွန်ကိုမဆက်ဘဲနေတာကြောင့် အမိန့်တော်ထုတ်ကာ မိုးကုတ်ကိုသိမ်းပိုက်ရပြန်ပါတယ်။

အဲဒီအခိုန်မှာ မိုးမိတ်ကို အုပ်ချုပ်တာက စော်ဘွားစောခွန်ညွှန့်ပါ။ စောခွန်ညွှန့်က မိုးကုတ်ကိုသိမ်းထားခြင်းပါ။ မိုးကုတ်ကိုပြန်မပေးပါက စစ်ခိုလာမှာဖြစ်တာကြောင့် မိုးကုတ်ကို လက်လွတ်လိုက်ရပြန်ပါတယ်။

စဉ့်ကူးမင်းဟာ ဆင်ဖြူရှင်မင်းတရားကြီးရဲ့သားတော်ပါ။ စဉ့်ကူးမင်း (၁၁၃၉ - ၁၁၄၅) ဟာ အများတစ်ခုကို ကျူးလွန်လိုက်ပါတယ်။ အဲဒါကတော့ ရှမ်းစော်ဘွားနဲ့ ပတ္တမြားမြေကို လဲလှယ်ထားတဲ့ တကောင်းမြို့ကို သူ့ရဲ့လက်ျာစစ်ကြောင်းခိုနေမျိုးလစ္ဆာသိဖာကို မြို့စားသွားခန့်လိုက်တာပါပဲ။ အမှန်တော့ ရှမ်းစော်ဘွားအခွန်ကောက်စားခွင့်ရထားတဲ့ ဧရာဝတီမြစ်ဝိုးကမြို့ပါ။ မြန်မာဘုရင်ကောက်စားခွင့်မရှိပါဘူး။ မိုးကုတ်နဲ့လဲပြီးသားပါ။

အဲဒီလိုလုပ်လိုက်တော့ မိုးမိတ်စော်ဘွားစောခွန်ခမ်းလိုင်(ဆေပုဉ်ဖဘွဲ့ခံ)ဟာ မိုးကုတ်ပတ္တမြားမြေကို ပြန်လည်သိမ်းယူပြန်တော့တာပါပဲ။ ဒီလိုနဲ့ အမှုဖြစ်ကြတယ်။ အမှုက အတော်ကြာပါတယ်။

အဲဒီအမှုကို ဘိုးတော်ဘုရား (၁၁၄၅ - ၁၁၈၂ ခုနှစ်) လက်ထက်ကျမှ ပြန်လည်ကြားနာပြီး တကောင်းမြို့စားနေမျိုးလက်ျာသိဖာကို - ပယ်နတ်ကာ ရှမ်းစော်ဘွားကို တကောင်းမြို့ကို ပြန်လည် ပေးအပ်ပါတယ်။ မိုးကုတ်ကို ပြန်လည် ရယူပါတယ်။

ဒါပေမယ့် ခက်တာက မိုးကုတ်ဒေသမှာ သရောကြီးခိုင်းတာကြောင့် သိုးနှစ်လုံးလုံးဆန်ရေစပါးရှားပါးတာနဲ့ကြုံနေရတယ်။ အဲဒီတော့ကာ မိုးကုတ်နေလူတွေဟာ မိမိတို့နဲ့နီးစပ်ရာ ကျောက်မဲသီပေါ်။ လားရှိုး စသည်ဖြင့် ပြောင်းရွှေ့နေထိုင်ကြတော့ကာ ကျောက်တူးမယ့်လူအလွန်နည်းပါးနေတာပါပဲ။

အဲဒါကြောင့် ဘိုးတော်ဘုရားက ကသည်းလူမျိုး အိမ်ထောင်စု (၄၅) စုကို ကျောက်တူးဖို့ပို့လိုက်ဖြစ်ပါတယ်။ ဒါက ဒုတိယအကြိမ် ကသည်းလူမျိုးတွေ မိုးကုတ်ကိုရောက်ခြင်းပါပဲ။ ဘိုးတော်ဘုရားမင်းက စားသောက်ရိက္ခာတွေကူညီပံ့ပိုးပေးတာကြောင့် မိုးကုတ်ဟာ ပြန်လည်စည်ကားလာပြန်ပါတယ်။

အဲဒီမှာ မိုးကုတ်က တောင်ဘက်သားလို့ခေါ်ကြတဲ့ ပင်းတယ၊ ပွေးလူ၊ ရွာငံ၊ ရပ်စောက်ဘက်က ရှမ်းပြည်နယ်တောင်ပိုင်းသားတွေအများအပြားလာရောက်အခြေချနေထိုင်ကာ ကျောက်တူးကြတာကြောင့် မိုးကုတ်ဟာပိုမိုစည်ကားတိုးတက်လာခဲ့ပြန်ပါတယ်။ ဒီတော့်ကာ ကျောက်တူးရာမှာလည်း ပိုမိုကျယ်ပြန့်လာခဲ့ပါတယ်။

အဲဒါကြောင့် စို့သူကြီးတွေရဲ့လက်အောက်မှာ အလုပ်သမားတွေကိုကြီးကြပ်တဲ့ အလုပ်သမားခေါင်းတွေနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ခေါင်းဦးဘနေခဲ့တဲ့ရပ်ကွက်ကို ခုထိတိုင် ခေါင်းဦးဘရပ်ကွက် (ယခု ကောင်းဦးဘာရပ်ကွက်) လို့ ခေါ်ဆိုနေဆဲပါ။

ဒီလိုနဲ့ မင်းတုန်းမင်းလက်ထက်ကို ရောက်ခဲ့ပါတယ်။ မင်းတုန်းမင်း (၁၂၁၆-၁၂၄၁) ဟာ မိုးကုတ်ပတ္တမြားကို အထူးစိတ်ဝင်စားတော်မူကာ အနောက်နိုင်ငံသားများကို ပတ္တမြားတွေရောင်းဖေးလေ့ရှိပါတယ်။ ကျောက်ရာဖြတ်တွေ၊ ကျောက်သွေးပညာရှင်တွေလည်းခန့်အပ်ထားတော်မူပါတယ်။ ရာဖြတ်တွေကတော့ ပသီကုလားလူမျိုးကျောက်သူဌေးဦးအောင်ဘ၊ မန္တလာဘာဘူ၊ ဦးရီဆွတ်တို့ပဲဖြစ်ပါတယ်။မင်းတုန်းမင်းလက်ထက်မှာကျတော့ စော်ဘွားရဲ့အာဏာဖီဆန်မှုမရှိပေမယ့် ချမ်းသာသူအခွင့်ချင်းအားပြိုင်မှုဘေးတွေဖြစ်ခဲ့ပါတယ်။ ပတ္တမြားနဲ့ပတ်သက်ပြီး လူတွေ မျက်စိကျပြီး ပို့ကျယ်ခဲ့ပါတယ်။

မင်းတုန်းမင်းတရားကြီးသားတော် သီပေါမင်း (၁၂၄၁-၁၂၇၇) လက်ထက်မှာကျတော့ မိုးကုတ်မြေက အခွန်ငွေ

www.burmeseclassic.com

www.burmeseclassic.com

တွေကိုတိုးပြီး ကောက်ခံခဲ့ပါတယ်။ ကျောက်ဆိုရင်လည်း ကျောက်ကောင်းဖြစ်တဲ့ စံကျောက်မှ ဆက်သရေတော့တာပါ။

အဲဒီခေတ်ကျတော့ ပတ္တမြားမြေကို ပြင်သစ်ကလည်းရချင်တယ်၊ အင်္ဂလိပ်ကလည်း ရချင်တယ်ဖြစ်နေပါပြီ။ အဲဒါကြောင့် အင်္ဂလိပ်တွေဟာ ပြင်သစ်လက်ထဲအရောက်မခံတော့ဘဲ လက်ဦးမှုရယူကာ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်တော့တာပါပဲ။

ဒီလိုနဲ့ သီပေါမင်းပါတော်မူကာ မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝရောက်ကုန်ကြရပါတယ်။ ပတ္တမြားမြေကို အင်္ဂလိပ်တွေပိုင်သွားခဲ့ပါပြီ။ မြန်မာဘုရင်အဆက်ဆက်မှာ မိုးမိတ်စော်ဘွားတွေဟာ မိုးကုတ်ပတ္တမြားမြေကို အကြိမ်ကြိမ်ပြန်လှုခဲ့ကြပါတယ်။ အခိုက်အတန့် မျှသာရရှိပြီး ပြန်လည်လွဲအပ်ခဲ့ရတာချည်းပါပဲ။ အင်္ဂလိပ်လက်အောက် ရောက်ရတဲ့အချိန်အထိ ပတ္တမြားမြေသက်တမ်းဟာ (၆၆၈) နှစ်တိတိရှိခဲ့ပြီဖြစ်ပါတယ်။ ဒီလိုနဲ့ မြန်မာမင်းဆက်ဆိတ်သုဉ်းခဲ့ရပါပြီ။

■ အင်္ဂလိပ်အစိုးရခေတ်

အင်္ဂလိပ်လက်ထက်မှာကျတော့ မြန်မာဘုရင်ရဲ့စနစ်တွေ လုံးဝပျောက်ကွယ်သွားပါတယ်။ ခရစ်နှစ် ၁၈၈၇၊ ဇူလိုင်မှာ ကျောက်တူးတဲ့ ထွင်းသမားတွေ လိုင်စင်နဲ့တူးဖို့ အမိန့်ချမှတ်ပါတယ်။

ဦးစွာ လိုင်စင်ခံသူ (၃၂) ဦးရှိပြီး အလုပ်သမားတွင်းသား (၁၄၆)ယောက် တရားဝင်ရှိပါတယ်။ ဒီလိုလိုင်စင်မပေးမီ ကာလမှာတော့ မိုးကုတ်ဟာ အတော်လေးကို မငြိမ်မသက်နဲ့ လှုပ်လှုပ်ရှားရှားကြီးလန့်စာစားဖြစ်နေရပါတယ်။ တော်မီးလောင်တော့ တောကြောင်များသောင်းကျန်းကြလို့ပါ။

တွင်းမှထွက်ရှိတဲ့ကျောက်ကိုတော့ မစ္စကျော့စတီရီးယားကိုရောင်းချပေးကြရမှာပါ။ ဒါက ပထမဆုံးအခွင့်အရေးရတဲ့ ကျောက်ကုန်သည်ပါ။

အခွန်ကောက်ခံတာက မျှော်တွင်းတစ်တွင်းကို (၅၀) ကျပ်၊ လူးတွင်းတစ်တွင်းကို (၂၅) ကျပ်၊ တွင်းလုံးတစ်တွင်းကို (၁၂) ကျပ်ဖြစ်ပါတယ်။ အဲဒီခေတ်မှာ လေးပင်တွင်းစနစ်မပေါ်သေးပါဘူး။

၁၈၈၇ ခုနှစ်၊ စက်တင်ဘာလမှာတော့ လိုင်စင်ခံသူ(၈၃)ဦးအထိတိုးထက်လာပါတယ်။ ရလာတဲ့ကျောက်တွေကို စတီရီးယားကုမ္ပဏီကို တစ်လတစ်ကြိမ်သွားရောင်းပေးရပါတယ်။

ရောင်းခြင်း၊ ဝယ်ခြင်းဆိုတာဟာ ရောင်းတိုင်းလည်း မတည့်ပါဘူး။ လုပ်သူကလည်း များများရချင်တယ်။ ဝယ်တဲ့သူက နည်းနည်းနဲ့ဝယ်ချင်တယ်။ ဒါက ထုံးစံပါ။ အဲဒီမှာ အဓိကနစ်နာသူက တွင်းတူးသမားပါပဲ။ ဘာကြောင့်လဲဆိုတော့ မရောင်းရတဲ့ကျောက်ကို မန္တလေးအရေးပိုင်ရုံးကိုပို့ပေးရတာပါ။ အရေးပိုင်ရုံးကနေ လေလံစနစ်နဲ့ရောင်းပေးပါတယ်။ ဒါကလည်း ဝယ်မည့်သူဆိုတာ အလွန်နည်းလေတော့. ကျောက်တွေဟာ အရေးပိုင်ရုံးမှာသွားပြီး စုပုံနေတာပါ။ ကျောက်တွင်းတူးတဲ့လူတွေဘယ်လောက်နစ်နာလဲဆိုတာ စဉ်းစားကြည့်ကြပါ။

နောက်တော့ ကျောက်ဝယ်တဲ့ကုမ္ပဏီတွေ (၁၀) ခုအထိ တိုးတက်လာခဲ့ပါတယ်။ ဒီအခါမှာတော့ တွင်းသမားတွေ အသက်ရှူချောင်ရပြန်တာပါပဲ။ ဒါပေမယ့် ကျောက်တန်ဖိုးဟာ (၁၅၀၀၀) ကျပ်အထိသာ ဝယ်ကြပါတယ်။ မည်မျှကောင်းနေပါစေ (၁၅၀၀၀) ကျပ်ထက်ပိုမပေးကြပါဘူး။ (၁၅၀၀၀) ဆိုတာ ဂိတ်ဆုံးပါ။ ဒါကလည်း တယ်မဟန်ပြန်ပါဘူး။ ဖိနှိပ်မှုတစ်မျိုးပါပဲ။ စီးပွားရေးဖိနှိပ်မှုပါ။ ကျောက်ဟာ မည်မျှကောင်းပြီး ပြည်တန်တဲ့ပတ္တမြားဖြစ်နေပါစေ (၁၅၀၀၀) ကျပ်ထက် ပိုပြီးမပေးတော့ဘူးဆိုတော့ကာ တန်ရာတန်ဖိုးကို လုံးဝမရနိုင်တဲ့အခြေအနေပါ။ မကျေနပ်လို့ မရောင်းနိုင်ရင် မန္တလေးကိုပို့ရတော့တာပါပဲ။ ဒါလည်း လေလံမှာဝယ်သူမဲ့ကာ ကျောက်တွေ မန္တလေးမှာသွားစုနေပြန်ပါတယ်။ တွင်းသမားတွေကတော့ မျှော်တလင့်လင့်နဲ့ ရင်မောရတဲ့အခြေအနေပါပဲ။

နောက်မှာတော့ ကျောက်တွင်းကုမ္ပဏီလုပ်နေတဲ့တွင်းကနေ ဆယ်ကိုက် (အတောင်နှစ်ဆယ်) ကျော်ကျော်ပေးတဲ့ နေရာတွေမှာသာ လိုင်စင်ခံတွင်းတွေကို လုပ်စေပါတယ်။ ရတဲ့ကျောက်တွေကိုတော့ ထုံးစံအတိုင်း လိုင်စင်ရကျောက်ကုမ္ပဏီကျောက်ကုန်သည်တွေဆီမှာ ရောင်းရတာပါပဲ။ ထွင်းလုပ်သူတွေဟာ အထင်နဲ့အမြင် အတော်ကွဲလွဲနေကာ ကျောက်စွေးဆိုတာ သူတို့ပေးသမျှသာဖြစ်နေရတော့တာပါ။

အဲဒါကြောင့် လိုင်စင်ခံပြီးလုပ်ကြတဲ့လူတွေနည်းပါးလာခဲ့ပါတယ်။ ဦးတွင်းတွေသာ အများအပြားလုပ်ကြပြီး တိတ်တိတ်ဝယ်နေကြတဲ့ မြန်မာကျောက်ကုန်သည်တွေကိုသာ ရောင်းပေးကြပါတယ်။ အဲဒါကြောင့် အင်္ဂလိပ်အစိုးရဟာ မန္တလေးကိုပို့ထားတဲ့လေလံကျောက်တွေကို အကုန်ပြန်ယူပြီး ပိုင်ရှင်တွေလက်ထဲပြန်ထည့်ပေးပါတယ်။ အဲဒီအခါမှာ အင်္ဂလိပ်ကျောက်ဝယ်ကုမ္ပဏီတွေကိုသာ ရောင်းပေးရမယ်ဆိုတဲ့အမိန့်ကိုလည်း ပြန်လည် ရုပ်သိမ်းလိုက်ပါတယ်။

အဲဒီလို ရုပ်သိမ်းလိုက်တော့ကာ လက်ဝါးကြီးအုပ်ကာဝယ်ယူသူ အင်္ဂလိပ်ကျောက်ဝယ်ကုမ္ပဏီတွေက အဲဒီရုပ်သိမ်းမိန့်ကို ကန့်ကွက်ကြပါတယ်။ ဒီပုံအတိုင်းဆို သူတို့ဆီရောင်းပေးမယ့်သူဆိုတာ မရှိသလောက်ဖြစ်သွားတော့တာပါ။ သူတို့အကြောင်းသူတို့သိတယ်။ အဲဒါကြောင့် ကန့်ကွက်ကြတာပါပဲ။ ဒါပေမယ့် မအောင်မြင်ပါဘူး။ တွင်းလုပ်၊ တွင်းဆင်းသူတိုင်း တစ်နှစ်ကို တစ်ယောက်ကို (၂၀) ကျပ်နှုန်းနဲ့ ကောက်ခံပါတယ်။ ဒါက ၁၉၈၀ ပြည့်နှစ်မှာ ကျောက်မျက်ကုမ္ပဏီကြီးရဲ့ နာယကဖြစ်တဲ့ ဆာလေဘယ်ဂရမ်ဖင်နဲ့ အထူးမင်းကြီးဆာချားလ်စရော့ဝိတ်တို့ တိုင်ပင်ဆွေးနွေးကာ ချမှတ်တဲ့အမိန့်ပါ။

အဲဒီအချိန်မှာ မိုးကုတ်မြို့လယ်ကလယ်ကွက်တွေကို အင်္ဂလိပ်ကျောက်မျက်ကုမ္ပဏီက ရေစုပ်စက်ကြီးတွေနဲ့ အကြီးအကျယ် စတင်တူးနေပါပြီ။ မိုးကုတ်မြို့လယ်ကောင်မှာရော ရွှေဘုံသာ၊ ပိတ်စွယ်ဘက်မှာရော၊ ကျပ်ပြင်ဘက်မှာပါ စက်တွင်းကြီးတွေတူးနေပါပြီ။ ကျောက်ထွက်အားကောင်းတဲ့နေရာတွေဖြစ်တာကြောင့် အင်တိုက်အားတိုက် လုပ်တဲ့အခါ ကျောက်များစွာရရှိပြီး အကျိုးအမြတ်များစွာရရှိခဲ့ကြပါတယ်။

၁၈၉၆ခုနှစ်ထဲမှာ ကုမ္ပဏီလိုင်စင်သက်တမ်းကုန်ဆုံးပါတယ်။ နောက်တစ်သက်တမ်းမှာကျတော့ တစ်နှစ်မှာ အခွန်ငွေ (၃၁၅၀၀၀) ကျပ်အပြင် ကုမ္ပဏီရဲ့ အမြတ်ငွေ (၂၀) ရာခိုင်နှုန်းပါ အခွန်ဆောင်ရမယ်ဆိုပြီး (၁၄) နှစ်သက်တမ်းနဲ့ချပေးပါတယ်။

အဲဒီသက်တမ်းမှာပဲ လူးတွင်းစီမံကိန်းပါစတင်လုပ်ကိုင်ပါတယ်။ လူးတွင်းက ပင့်ကူတောင်လူးတွင်းပါ။ ကျပ်ပြင်ကောင်းဘာရပ်ကွက်နဲ့ဆက်လျက်တည်ရှိပါတယ်။ ဘာကြောင့် လူးတွင်းစီမံကိန်းလုပ်ရသလဲဆိုတော့ အဲဒီပင့်ကူတောင်လူးထဲမှာ ကြိုးမားတဲ့ ပတ္တမြားကြီးရှိပြီး အဲဒီပတ္တမြားကြီးကို ပင့်ကူကအုပ်ဆိုင်းစောင့်ရောက်ထားခြင်းပါးစပ်ရာဇဝင်အရ တူးဖော်ရခြင်းပါ။ အဲဒီလိုတူးဖော်တဲ့အခါ လောင်ရဲ့အောက်ထဲမှာကြိုးမား

www.burmeseclassic.com

www.burmeseclassic.com

တဲ့လိုဏ်ဂူကြီးတစ်ခုကို တွေ့ရပေမယ့် ထင်သလို ကြီးမားတဲ့ ပတ္တမြားကြီးကို မတွေ့ရပါဘူး။ အသင့်အတင့်သာရရှိပြီး ကုန်ကျစရိတ်ကြီးမားတာကြောင့် တွက်ရေးသိပ်မကိုက်လှပါဘူး။ (ပင့်ကူတောင်လူးဆိုတာ ခေတ်အဆက်ဆက်လုပ်ကိုင်ကြတဲ့ နာမည်ကြီးလူးပါ။) ၁၈၉၅ ခုနှစ် ၁၈၉၆ ခုနှစ်ဟာ ကျောက်တွင်းကုမ္ပဏီအနေနဲ့ အမြတ်အများဆုံးရရှိခဲ့တဲ့နှစ်များဖြစ်ပါတယ်။

ဒီလို စက်အင်အား၊ လူအင်အား တောင်းကောင်းနဲ့ ကျောက်တွင်းလုပ်တဲ့ အခါ တရုတ်ပြည်ယူနန်နယ်မှ မိုင်းသာတရုတ်အများအပြားလာရောက်လုပ်ကိုင်ကြပါတယ်။ မြို့အလယ်ကောင် အင်းကြီးအရှေ့ဘက်ရှိ ဘီးတောင်ရပ်ကွက်မှာ မိုင်းသာများအခြေချနေထိုင်ကြပါတယ်။

အင်းကြီးဟာ နက်လေ ရေထွက်အားကောင်းလေဖြစ်တာကြောင့် စက်ကြီးတွေနဲ့စုပ်ထုတ်လို့တောင် ရေကုမန်ိုင်တော့ပါဘူး။ ဒါကြောင့် ကုမ္ပဏီဟာ မစ္စတာမော်ဂင်ရဲ့စီမံမှုနှင့် အနောက်နိုင်ငံမှ စက်မှုလက်မှုကျွမ်းကျင်သူတွေကိုခေါ်ယူကာ မြို့ရဲ့တောင်ဘက် ကျောက်ထပ်ကြီးချောင်းကနေ အင်းကြီးအထိ မြေအောက်ရေထုတ်ဥမင်ကြီးဖောက်လုပ်ပါတယ်။ ဥမင်ကြီးပေါက်သွားပါမှ ရေထုတ်လမ်းရရှိပြီး နက်ရှိုင်းတဲ့ ကျောက်တွင်းကြီးကို ပြန်လုပ်နိုင်ပါတယ်။

တွင်းဟာ မြေသားထုအောက်မှာ စက္ကင်ကျောက်တွေနဲ့ ဖွဲ့စည်းတည်နေတာကြောင့် နက်ရှိုင်းစွာလုပ်ကိုင်နိုင်ခြင်းပါ။ တွင်းလုပ်နေတဲ့လူတွေကို အပေါ်ကကြည့်ရင် သေးသေးလေးပဲမြင်ရကြောင်း မီလိုက်သူတို့က ပြောပြကြပါတယ်။

အဲဒီရေထုတ်ဥမင်ကြီးဟာ နှစ်မိုင်၊ သုံးမိုင်လောက်ရှည်လျားမယ်ထင်ပါတယ်။ လုပ်သားတွေ အများအပြား ထိခိုက်သေဆုံးကာ ရွှေဂီးပေါင်း (၄၀၀၀၀)ကုန်ကျတယ်လို့ဆိုပါတယ်။ အပြီးသတ်အောင်မြင်တဲ့နှစ်က ၁၉၁၀ ပြည့်နှစ်ပါ။

ကုမ္ပဏီအနေနဲ့မိုးကုတ်အရှေ့ပိုင်း၊ အနောက်ပိုင်းနှစ်ရပ်စလုံးမှာ စက်တွင်းကြီးတွေအကြီးအကျယ်လုပ်ပေမယ့် တွင်းအချို့မအောင်ဘဲ ရှုံးတဲ့တွင်းတွေလည်း ရှိကြပါတယ်။ ဆင်ခွာရွာစက်ရုံဟာ နောက်ဆုံးကျောက်တူးစက်ရုံဖြစ်ပါတယ်။

အဲဒီအချိန်ဟာ ဥရောပတိုက်သားတွေအများအပြားအဝင်အထွက်ရှိပြီး မိုးကုတ်စည်ကားနေချိန်ဖြစ်ပါတယ်။ ရုံးတိုက်ကုမ္ပဏီကြီးတွေ၊ ပေါ်ပွဲရုံတွေ၊ ကလပ်တွေ၊ ပိုလိုကွင်းတွေနဲ့ မိုးကုတ်ဟာ အနောက်တိုင်းပမာ စည်ကားနေတာပါ။ ခေတ်မီအဆောက်အအုံတွေနဲ့ လှချင်တိုင်းလှနေတာပါပဲ။

၁၉၂၂ ခုမှာ နောက်ထပ်ခံယူထားတဲ့လိုင်စင်သက်တမ်းကုန်သွားပါတယ်။ အဲဒါကြောင့် ကုမ္ပဏီရဲ့တွင်းကြီးတွေရပ်နားကုန်ပါတယ်။ ဒါပေမယ့် သူတို့ဟာကိုယ်ပိုင်မလုပ်တော့ဘဲ အရပ်သားတွေကို ထက်ဝက်စားစနစ်နဲ့ချပေးပါတယ်။ အရပ်သားတွေလည်း အခွန်မဆောင်ရတော့ကာ ဝမ်းမြောက်ဝမ်းသာရှိကြပါတယ်။ ဒါပေမယ့် အားလုံးဟာ ကိုယ့်စရိတ်ကိုယ်စားပြီး အင်္ဂလိပ်ကုမ္ပဏီရဲ့ ထက်ဝက်စားတွင်းသားဘဝကို ရောက်ကုန်ကြရတော့တာပါပဲ။ မိုးကုတ်ရှေးလူတွေဟာ သစ္စာရှိတာကြောင့် ကုမ္ပဏီအနေနဲ့ အကျိုးအမြတ်ရရှိခဲ့ပါတယ်။ သံသရာပြစ်ကြောက်တာကြောင့် ဦးဝှက်မှုမပြုကြပါဘူး။

၁၉၂၈ ခု၊ ဩဂုတ်လ ၂၈ ရက်နေ့မှာတော့ မြို့လယ်က တရုတ်တန်းကျောက်တွင်းလို့ခေါ်ခဲ့ကြတဲ့တွင်းကြီးရဲ့ ရေထုတ်ဥမင်လမ်းကြီးဟာ ပြိုကျပျက်စီးသွားတာကြောင့် ရေတွေထွက်ပေါက်ပိတ်ပြီး ကြီးမားတဲ့အင်းပြင်ကြီးဖြစ်ပေါ်လာခဲ့ပါတယ်။ အင်းထွက်ရေကြည်မြောင်းဟာ အတော်များပြားပြီး မြို့လယ်ရပ်အလယ်ကနေ တောင်သို့စီးဆင်းကာ ပန်းသေးတန်းရေနံမြောင်းမှာသွားပေါင်းပါတယ်။ ဒါက အင်္ဂလိပ်တို့ရဲ့ ကျောက်တွင်းကြောင့်ဖြစ်ရတဲ့အင်းကြီးပါ။ သဘာဝအင်းမဟုတ်ပါဘူး။ (ခုခေတ်မှာတော့ မိုးကုတ်ရဲ့အလှတစ်ပါးဖြစ်နေပြီ)

၁၉၂၉ ခုနှစ်မှာတော့ မိုးကုတ်နဲ့ (၁၃) မိုင်ဝေးတဲ့ရွေးပင်ရွာက ဦးကျောက်လုံးဟာ (၁၆) ဗလီရှိတဲ့ နီလာစစ်စစ် အလုံးကြီးကိုရရှိပါတယ်။ ဦးကျောက်လုံးဟာ ထက်ဝက်စားတွင်းသမားပါ။ အဲဒါကြောင့် ကုမ္ပဏီကိုအပ်တဲ့အခါ ဂေါ်ကြီးကို မစ္စတာရမ်ဆေးက (၁၅၇၀၀၀) ကျပ်နဲ့ ဝယ်ယူလိုက်ပါတယ်။ (၁၆) ဗလီ ဆိုတော့ (၁၆) ကျပ်သားပါ။ အဲဒီအချိန်မှာပဲ မိုးကုတ်ဓာတ်တော်တောင်လုပ် ကုက်ကနေပြီး (၉၅၀၀၀) ကျပ် တန်ဖိုးရှိတဲ့ ကျောက်နီပတ္တမြားတစ်ပွင့်ရရှိပြန်ပါတယ်။

၁၉၃၀ ပြည့်နှစ်ကျတော့ ကျောက်မျက်ကုမ္ပဏီအပြောင်းအလဲကြားကနေ မြန်မာတို့ရဲ့ ဝံသာနုရက္ခိတခေတ်ပြစ်လာတာကြောင့် တွင်းသမားတွေစုရုံးကာ ဟုမ္မရူးတွင်းဆိုပြီး အခွန်မဆောင်ဘဲ လုပ်ကြပါတယ်။ အဲဒီနှစ်မှာပဲ ကုမ္ပဏီက လူတစ်ယောက်ကို (၁၀) ကျပ်နှုန်းအခွန် ဆောင်စေပါတယ်။ အရင်ကုမ္ပဏီပိုင် ကျောက်တွင်းစက်ရုံတွေကိုလည်း မစ္စတာမော်ဂင်နဲ့ မစ္စတာနီကယ်လ်တို့က ဝယ်ယူကာ လိုအပ်တဲ့ လျှပ်စစ်ပမာဏကို ကျောက်ထပ်ကြီးရေအားလျှပ်စစ်ရုံကယူပါတယ်။

အင်္ဂလိပ်တွေဟာ ရေနီမြောင်းနှစ်ခုပေါင်းဆုံးစီးဆင်းရာ ကျောက်ထပ်ကြီးမှာ ရေအားလျှပ်စစ်စက်ရုံကြီးတည်ကာ မိုးကုတ်နဲ့ ကျပ်ပြင်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနေပါပြီ။ ကီလိုဝပ်တစ်ရာကျော်ထွက်တဲ့ရေအားလျှပ်စစ်ရုံပါ။ ဒီလိုနဲ့ ကမ္ဘာမှာ ဒုတိယကမ္ဘာစစ်မီးကြီးလောင်ဖို့ရာ စစ်ရိပ်တွေပျိုးလာခဲ့ပါတယ်။

■ ကျပန်ခေတ်မိုးကုတ်

၁၉၄၂ ခု၊ မေလ ၇ ရက်နေ့ညနဲ့ ၈ ရက်နေ့နံနက်မှာ ကျပန်တပ်ကို မေကျာဟိုရှိနဲ့ ကက်ပတိန်အီရှိဒါ၊ ကာနယ်ကင်မူရာတို့က ဦးဆောင်ကာ မိုးကုတ်ကို ခြိုတက်သိမ်းပိုက်ပါတယ်။

အဲဒီအချိန်က ကျပန်ခေတ်မှာ ကျော်ကြားမယ့် ဒေါက်တာဘမော်ဟာ နိုင်ငံရေးမှုနဲ့ မိုးကုတ်ထောင်မှာ ထောင်ကျနေတုန်းပါ။ အင်္ဂလိပ်အစိုးရရဲ့နောက်ဆုံးနယ်ပိုင်က ဦးစိန်ချောဖြစ်ပါတယ်။ ကျပန်ဝင်တော့ကာ အင်္ဂလိပ်လက်ပါးစေတွေပြေးကုန်ရပါပြီ။

မိုးကုတ်ဟာ အပျက်အစီးတွေမရှိတာကြောင့် ကျပန်တွေဝင်ပြီးတယ်ဆိုရင်ပဲ အုပ်ချုပ်ရေးတွေဖွဲ့စည်းကာ စာသင်ကျောင်းတွေပြန်ဖွင့်ပါတယ်။ ကျပန်စာပေတွေလည်း သင်ကြားကြရပါတယ်။

ကျောက်ကုန်သည် အင်္ဂလိပ်တွေပြေးကုန်တာကြောင့် ကျောက်တွေဝယ်မယ့်သူမရှိတော့ပါဘူး။ ကျပန်တွေလက်ထက်မှာ ခဲပုပ်တူးဖော်ခြင်း၊ လင်ကြေးတူးဖော်ခြင်း၊ သလင်းတူးဖော်ခြင်းတွေသာလုပ်ပါတယ်။ အဲဒါကြောင့် ပတ္တမြားတူးဖော်မှုမရှိတော့တဲ့အခါ ရေနီချောင်းတွေကရွှေကြည်ချောင်းတွေဖြစ်ကုန်ကာ စားရေးအတွက် အကြီးအကျယ်ဒုက္ခရောက်ရပြန်ပါတယ်။

မျက်စိအမြင်ကျယ်တဲ့ ကုန်သည်တွေဟာ ရှိတဲ့ကျောက်ကလေးတွေကို ကျောက်ရိုင်းကနေ ကျောက်ယဉ်အဖြစ် သွေးကာ လက်ဝတ်ရတနာတွေလုပ်ပြီး အောက်ပြည်အောက်ရွာမှာလိုက်ရောင်းကြပါတယ်။

တစ်ယောက်ကစတစ်ရာဆိုသလို လက်ဝတ်ရတနာရွှေထည်၊ ကျောက်ထည်တွေလုပ်ကြတော့ကာ ပန်းထိမ်ပညာနဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျောက်သွေးပညာဟာ မရှိမဖြစ်တာမို့ ပန်းထိမ်ပညာသည်တွေ၊ ကျောက်သွေးပညာသည်တွေ ခေတ်စားလာပါတယ်။ ဒီလိုနဲ့ မိုးကုတ်ပတ္တမြားမြေဟာ အသက်ဆက်နေကြရပါတယ်။

မြန်မာတစ်ပြည်လုံး ဂျပန်ခေတ်မှာ ဂျပန်တို့ဒဏ်ကို အကြီးအကျယ်ခံနေရပေမယ့် မိုးကုတ်မှာတော့ အေးအေးချမ်းချမ်းပဲရှိနေပါတယ်။ကျောက်ထပ်ကြီး ရေအားလျှပ်စစ်စက်ရုံကလည်း မပျက်စီးသေးတော့ကာ ဝန်ထမ်းတွေရှိနေတော့ မီးလင်းနေပါသေးတယ်။

ဒါပေမယ့် ဆန်စပါးလုံးဝမထွက်တဲ့ မိုးကုတ်ဟာ စားရေးမှာ အကျပ်အတည်းဖြစ်လာပြီး မိုးမိတ်နဲ့ သပိတ်ကျင်းဘက်ဆီ ခြေကျင်သွားကာ ရှိတာလေးတွေနဲ့ လဲလှယ်စားသောက်နေရတဲ့ အခြေအနေဖြစ်ပါတယ်။ (ရှေးလူတွေဟာ သပိတ်ကျင်းဘက် ဆားသွားထမ်းရတာ၊ မိုးမိတ်ဘက်ဆန်သွားထမ်းရတာတွေ စကားစပ်မိတိုင်း ပြောပြလေ့ရှိပါတယ်။ အခုချိန်မှာ အဲဒီရှေးလူတွေလုံးဝမရှိကြတော့ပါဘူး။

၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလဆန်းမှာ စစ်ရေးအခြေအနေမကောင်းတော့ပါဘူး။ ဒါကို ဂျပန်တွေက ရိုးသားတဲ့ မြို့သူမြို့သားတွေကို သတိပေးပါတယ်။ တိမ်းဖို့ ရှောင်ဖို့ပါ။ သို့သော်လည်း မြို့သူမြို့သားတွေကတော့ အေးအေးဆေးဆေးပါပဲ။ ဘာမှမဖြစ်သလို အသွားအလာမပျက်ပါဘူး။ ဒီအထိရိုးကြအကြပါတယ်။

အဲဒီအခါမှာ ဂျပန်စစ်ဗိုလ်တွေက တအံ့တသြဖြစ်ကာ အန္တရာယ်နီးကပ်နေပြီဖြစ်ကြောင်းပြောမှ လူအချို့ကလွတ်ရာ တောထဲတောင်ထဲပြောင်းရွှေ့ကုန်ပါတယ်။ မြို့ပေါ်မှာ အခြေမပျက်နေထိုင်သူတွေလည်း အများအပြားပါ။ စစ်ဆိုတာကို ကြုံမှမကြုံဘူးပေဘဲကိုး။ ဒီတော့ ကြောက်ရကောင်းမှန်းဘယ်သိမလဲ။

၁၉၄၅ ခု၊ ဇန်နဝါရီလ ၂၄ ရက်နေ့မှာတော့ မဟာမိတ်ဗုံးကြဲလေယာဉ်တွေဟာ မိုးကုတ်ကို ပထမဆုံးအကြိမ် ဗုံးလာကြဲတော့တာပါ။ လေယာဉ်မမြင်ဘူးလို့ ငေးမောကြည့်နေသူတွေဟာ ဗုံးဒဏ်ခံရပြီး သေလိုက်ကြတာ အများအပြားပါပဲ။ အဲဒီကျမှ ရှုပ်ယှက်ခတ်အောင်ပြေးကြလွှားကြနဲ့ စစ်ကိုကြောက်ရကောင်းမှန်းသိတော့တယ်။ ဒီတော့မှ လိုအပ်တာလေးတွေ လက်တွန်းလှည်းလေးတွေပေါ် တင်ပြီး နီးစပ်ရာတောထဲပြေးပုန်းကုန်ကြတာပါ။

အများဆုံးသွားပုန်းကြတဲ့နေရာက လူတွေရာချီနေထိုင်နိုင်တဲ့ တောထဲက သဘာဝကျောက်လိုဏ်ဂူနဲ့ လူးတွင်းဟောင်းတွေပါ။ ဘယ်လောက်ဗုံးကြဲကြ အန္တရာယ်လုံးဝမရှိနိုင်တဲ့နေရာတွေပါဘဲ။ ဗုံးကြဲလေယာဉ်တွေဟာ မြို့ပြရောတောမှာပါ မကြာမကြာစက်သေနတ်နဲ့ပစ်ပြီး ဗုံးတွေကြဲနေတာပါ။ အဲဒီမှာ စားရေးအကြီးအကျယ်ဒုက္ခရောက်တော့တာပါ။

အဲဒါကြောင့် မိမိတို့ပုန်းခိုရာနဲ့ နီးစပ်တဲ့ မိုးမိတ်၊ မိုင်းလုံ၊ မတ္တရာ၊ သပိတ်ကျင်း၊ ကုလားကွဲသုံးဆယ်ဘက်ကို အုပ်စုနဲ့ ခြေကျင်စားရေရိက္ခာသွားထမ်းကြရတာပါ။

အကြိမ်ကြိမ်ဗုံးကြဲခံရတာကြောင့် မိုးကုတ်မြို့လည်း ညကျည်ကြေအောင် ခံရကာ ပြာကျကုန်ပါတယ်။ အဲဒါကြောင့် ဂျပန်တပ်တွေလည်း မိုးကုတ်ကနေ ဆုတ်ခွာကုန်ကြပါတယ်။

၁၉၄၅ ခု၊ မတ်လ၊ ၁၉ ရက်နေ့မှာ မိုးမိတ်ဘက်ကတက်လာတဲ့မဟာမိတ်တပ်တွေဟာ အတိုက်အခိုက်မရှိမိုးကုတ်မြို့ကို ပြန်လည် သိမ်းပိုက်ပြန်ပါတယ်။ ဂျပန်တွေကတော့ မြန်မာ့တော်လှန်ရေးရဲဘော်တွေက မြန်မာနိုင်ငံကနေ အပြီးအပိုင်မောင်းထုတ်နေပါပြီ။ အဲဒါကြောင့် ဂျပန်တွေရဲ့ ဖက်ဆစ်စနစ်ဆိုးကြီးကွယ်ပျောက်သွားပါတယ်။

■ မိုးကုတ်နဲ့ ဒုတိယအင်္ဂလိပ်ခေတ်

၁၉၄၅ ခု၊ မတ်လ ၁၉ ရက်နေ့မှာ မဟာမိတ်တပ်များမှ နံပါတ် (၁၄) အင်္ဂလိပ်တပ်ဟာ မိုးကုတ်ကို ဝင်ရောက်လာကာ အုပ်ချုပ်ရေးတွေစီမံပြီး အုပ်ချုပ်ပြန်ပါတယ်။ အရာရှိက မစ္စတာရေးနိုးပါ။

အင်္ဂလိပ်တွေ ပြန်လည်ရောက်ရှိလာတယ်ဆိုရင်ပဲ ကျောက်ကုန်သည်တွေပါ ပြန်ရောက်လာတာကြောင့် ကျောက်အရောင်းအဝယ်တွေ ပြန်လည်ကောင်းမွန်လာကာ မိုးကုတ်ဟာ ပြန်လည်စည်ကားလာပါတယ်။

အနယ်နယ်က အင်္ဂလိပ်တွေဟာ မိုးကုတ်ကိုစိတ်ဝင်စားတာကြောင့် ကားများ၊ လေယာဉ်ငယ်များနဲ့ လာရောက်လည်ပတ်ကြည့်ရှုကာ ကျောက်တွေဝယ်ကြပါတယ်။ အဲဒီတုန်းက ဇလီကွင်းလို့ ခေါ်ကြတဲ့ မြို့လယ်လယ်ရပ် အနောက်ဘက်ကကွင်းကြီးဟာ လေယာဉ်ငယ်ကလေးတွေဆင်းသက်ရာကွင်းဖြစ်ခဲ့ပါတယ်။ (အဲဒီကွင်းတစ်ဝက်ဟာ ဘောလုံးကွင်းအဖြစ်တည်ရှိပြီး တစ်ဝက်ဟာ ရပ်ကွက်ဖြစ်နေခဲ့ပါပြီ။)

ဂျပန်ခေတ်ကြောင့် ပစ္စည်းရှားပါးပြတ်လတ်နေတဲ့ မိုးကုတ်သူတွေဟာ စောင်၊ အင်္ကျီအဝတ်အစား စတာတွေနဲ့ ကျောက်ကို လဲလှယ်ယူနေကြတဲ့ အခြေအနေပါပဲ။ အမြင်ကျယ်စပြုနေပြီဖြစ်တဲ့ မိုးကုတ်လူတွေဟာ မိမိတို့ရဲ့ကျောက်တွေကို အောက်ထက်စုန်ဆန်ကာ လှည့်လည်ရောင်းချကြပါတယ်။ ဒီအခါမှာ အကျိုးလည်းများပါတယ်။ ဂေါ်ကြီးခေတ်စားလာတာကတော့ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာဖြစ်ပါတယ်။

အဲဒီအချိန်မှာ မိုးကုတ်ဟာ ကသာဒီစကြိတ်မှာ ထည့်ထားတာပါ။ အင်္ဂလိပ်တွေဟာ မိုးကုတ်ကို ရှုမ်းပြည်နယ်ထဲ ပြန်ထည့်ဖို့စီစဉ်ပါတယ်။ ဒါဟာ သူတို့အင်္ဂလိပ်တွေအခြေအနေမလှတာကြောင့် ရှေးတုန်းက အစဉ်အလာကို မငြိမ်မသက်ဖြစ်အောင်ယုတ်မာတဲ့အကြံအစည်ပါပဲ။ ပြည်မနဲ့ ပြည်နယ် ရန်တိုက်ပေးထားခဲ့လိုခြင်းပါ။ အဲဒါကို မိုးကုတ်လူတွေ ကြိုတင်သိကြတယ်။

ဒါကြောင့် ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှာ မိုးကုတ်ကျပ်ပြင်ကလူတွေဟာ ယောကျ်ား၊ မိန်းမပါမကျန် ဆန္ဒပြပွဲကြီးပြုလုပ်ပါတယ်။ ကသာခရိုင်ကနေ ရွှေဘိုခရိုင်အတွင်းသွင်းပေးဖို့ အရေးဆိုကြပါတယ်။ ဆန္ဒပြပွဲကြီးဟာ လူပေါင်း သုံးထောင်ကျော် ပါဝင်ပြီး မိုးကုတ်မှာ ပထမဆုံးသမိုင်းတွင်ခဲ့တဲ့ ဆန္ဒပြပွဲကြီးပါပဲ။

အဲဒီအချိန်ဟာ အင်္ဂလိပ်တွေ အနေနဲ့ နိုင်ငံရေးအခြေအနေသိပ်မလှတော့တဲ့အချိန်လည်းဖြစ်ပါတယ်။ ငြိမ်းပြီးခဲ့နေတော့မှာမဟုတ်တော့ဘူးဆိုတာကြောင့် လူထုရဲ့ဆန္ဒကို လိုက်လျောပြီး မိုးကုတ်ကို ရွှေဘိုဒီစထြိတ်ထဲထည့်ပေးလိုက်ပါတယ်။ (ကျွန်တော်ရောက်တဲ့ တော်လှန်ရေးစစ်ရေးလက်ထက် ၁၉၆၇ ခုနှစ်အထိ မိုးကုတ်ဟာ ရောဝတီမြစ်ကြီးခြားနေတဲ့ ရွှေဘိုခရိုင်အတွင်းမှာပါပါတယ်။ အဲဒီခေတ်မှာ မိုးကုတ်-မန္တလေးကားလမ်းကလည်း မြေလမ်းအဖြစ်ပေါက်ခါစပဲရှိပါသေးတယ်။ လမ်းကြမ်းကြီးဖြစ်တာကြောင့် မိုးရာသီမှာသွားရေးလာရေးခက်ခဲလှပါတယ်။ ရွှေဘိုနဲ့ကျတော့ သွားရေးလာရေးအဆင်ပြေချောမွေ့ပါတယ်။ နောက်ပိုင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် တည်ထောင်တဲ့အချိန်မှာတော့ ခရိုင်စနစ်တွေဖြုတ်လာတဲ့အခါ မိုင်းမှ မြို့နယ်ကိုအုပ်ချုပ်စေတဲ့စနစ်အုပ်ချုပ်တဲ့အခါမှာတော့ မိုးကုတ်ဟာ မန္တလေးတိုင်း (၂၉)မြို့နယ်မှာ အပါအဝင်ဖြစ်ပါတယ်။ နောက်ပိုင်း တိုင်းမှ မြို့နယ်ကို

www.burmeseclassic.com

www.burmeseclassic.com

အုပ်ချုပ်တဲ့စနစ်ကနေ ခရိုင်စနစ်ကို ပြန်လည်သုံးစွဲတဲ့အခါမှာတော့ မိုးကုတ်မြို့ဟာ ပြင်ဦးလွင်ခရိုင်အဖြစ် ပြောင်းလဲခဲ့တာပါပဲ။ ခုချိန်မှာ မိုးကုတ်နဲ့ပြင်ဦးလွင်ကားလမ်းပေါက်ပြီးတာကြောင့် မိမိရဲ့ခရိုင်မြို့ကို အလွယ်တကူ သွားရောက်နိုင်ပြီ ဖြစ်ပါတယ်။ အခုချိန်မှာ မိုးကုတ်-မန္တလေးကားတွေ ပြင်ဦးလွင်ကနေ အသွားများပါတယ်။ ပြင်ဦးလွင်ရောက်မှ ထမင်းစားကြပါတယ်။)

■ **လွတ်လပ်ရေးရပြီးခေတ်**

၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ မြန်မာနိုင်ငံတော်ဟာ အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ကာ အချုပ်အခြာအာဏာပိုင်သမ္မတမြန်မာနိုင်ငံတော်ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် လွတ်လပ်ရေးသဘင်တွေတစ်ပြည်လုံးကျင်းပကြပါတယ်။

ဒုတိယကမ္ဘာစစ်မီးဟာ မြန်မာမြန်မာနိုင်ငံအထိ လောင်ကျွမ်းခဲ့တာကြောင့် မိုးကုတ်ရောတိုင်းပြည်တစ်ခုလုံးဟာ အတော်ကလေးဆုံးရှုံးခဲ့ပါတယ်။ မိုးကုတ်မြို့ဟာလည်း အများနည်းတူခံစားရပါတယ်။

လွတ်လပ်ရေးရစမှာ မိုးကုတ်မှာ လူဦးရေနည်းပါးလှပါတယ်။ သို့သော်လည်း မကြာမီမှာပဲ ပြန်လည်စည်ကားလာပါတယ်။ ဖဆပလအစိုးရလို့ခေါ်ကြတဲ့ ဦးနုအစိုးရခေတ်မှာ အင်္ဂလိပ်လက်ထက်ကလိုပဲ လိုင်စင်တွင်းတွေပြန်ချပေးပါတယ်။ အနယ်နယ်ကလူတွေရောက်လာကြပါတယ်။

ဒါပေမယ့် အလံနီကွန်မြူနစ်တွေဟာ ပြောင်ခေါင်းဒေသမှာ အခြေစိုက်နေထိုင်ပြီး ရပ်ရွာအေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးလာမှုကြောင့် တောမြေအခြေချတွင်းတွေအနေနဲ့ လုပ်ငန်းခွင်တွေ ရပ်နားကြရပါတယ်။

နောက်ပိုင်းမှာ တပ်မတော်က အပြတ်တိုက်ခိုက်တာကြောင့် သူပုန်တွေ မိုးမိတ်ဘက်ရှောင်ကုန်ကြပါတယ်။ အဲဒီကျမှ တောမြေမှာရှိတဲ့ကျောက်တွင်းတွေ စိတ်အေးချမ်းသာလုပ်ကိုင်ကြရတာပါ။

၁၉၅၀ ပြည့်နှစ်နောက်ပိုင်းမှာ ကျောက်စွေးတွေကောင်းလာတာကြောင့် မိုးကုတ်ဟာ ပိုမိုစည်ကားခဲ့ပါတယ်။ နောက်ပိုင်းမှာ ကြီးမားတဲ့ စက်တွင်းကြီးတွေပါ လုပ်ကိုင်လာခဲ့ကြပြီး လူတွေကြိတ်ကြိတ်တိုးစည်ကားလာခဲ့ပါတော့တယ်။

■ **တော်လှန်ရေးအစိုးရခေတ်**

၁၉၆၂ ခု၊ မတ်လ ၂၇ ရက်နေ့မှာ တော်လှန်ရေးအစိုးရတက်လာပါတယ်။ အဲဒီမှာကျတော့ အရင်ကထုတ်ပေးထားတဲ့ ကျောက်တွင်းတူးဖော်ခွင့်လိုင်စင်တွေရုပ်သိမ်းပြီး မိုးကုတ်ပတ္တမြားမြေမှာနေတဲ့လူတိုင်း မည်သည့်တိုင်းရင်းသားမဆို လိုင်စင်ခ(၁၀)ကျပ်ဆောင်စေကာ တူးဖော်ခွင့်ပေးခဲ့ပါတယ်။ ၁၉၆၉ ခု၊ မတ်လ ၁၂ ရက်နေ့မှာ ပတ္တမြားမြေကို ပြည်သူပိုင်သိမ်းလိုက်ပါတယ်။ အဲဒါကြောင့် ပုဂ္ဂလိကလုပ်ငန်းတွေအားလုံး ရပ်နားကုန်ရပါတယ်။

■ **မိုးကုတ်နဲ့မောင်ခိုကျောက်တွင်းခေတ်**

ကျွန်တော် မိုးကုတ်ကိုရောက်တာ ၁၉၆၇ ခုနှစ်ပါ။ အဲဒီအချိန်မှာ မိုးကုတ်ဟာ အတော်စည်ကားပါတယ်။ ပြည်သူပိုင်မသိမ်းသေးတဲ့ကာလပါ။ ၁၉၆၉မှာ ပြည်သူပိုင်သိမ်းလိုက်တဲ့အခါ မိုးကုတ်ဟာ ရေနီမြောင်းတွေကနေ ရေကြည်မြောင်းတွေဖြစ်ကုန်ပြန်တာပါပဲ။ မိုးကုတ်ကလူတွေ အတော်လေးစိတ်ထိခိုက်ကြပါတယ်။

ဒီကာလဟာ ဟိုနဂါးနီစာအုပ်ကြော်ငြာသီချင်းထဲကလို 'လူမဲ့တွေက မနှေးခေတ်မီသူဌေးဖြစ်တော့မည်' ဆိုတဲ့ သီချင်းထဲကအတိုင်း မိုးကုတ်ကလူမဲ့တွေ သူဌေးဖြစ်ကြတော့မှာကို ရုတ်တရက် မသိ ကြပါဘူး။

စိတ်ဆင်းရဲရတာတစ်ခကောတာပါ။ မိုးကုတ်ဆိုတာ ကျောက်မှမတူးရင် စားစရာမရှိတဲ့ဒေသဆိုတော့ မောင်ခိုခိုး တွင်းတူးကြတော့တာပါပဲ။ ငါဝမ်းပူဆာနေသာဘူးလေ။

ဟိုးအရင်က သူဌေးတွေသာတူးနိုင်တဲ့နေရာတွေကို မိမိစိတ်ကြိုက်၊ မိမိသဘော သံချောင်းပေါက်ပြားပစ်ချလိုက်ရင်၊ ဒီနေရာငါ့နေရာဟေ့ဆိုရင် ဘယ်သူကမှလာပြောမယ့်သူမရှိတဲ့ခေတ်ဖြစ်လာတော့ကာ မိုးကုတ်သားတွေ ကောင်းစားတဲ့ခေတ်ကိုရောက်ခဲ့ပြီး ရလိုက်ကြတဲ့ ကျောက်တွေသောက်သောက်လဲပါပဲ။

ကျောက်ဖျာ ဆိုတဲ့ ရွာကလေးကို ကျွန်တော်စရောက်တာက ၁၉၇၂ ခုနှစ်၊ ဇူလိုင်ထဲမှာပါ။ အဲဒီအချိန် ကျောက်ဖျာရွာဟာ အိမ်ခြေသုံးဆယ်ကျော်စပဲရှိသေးတယ်။ အိမ်ကြီးအိမ်ကောင်းအနေနဲ့ သူကြီးဦးထွန်းညို၊ ဆရာဦးအောင်ရ၊ ဒေါ်စော၊ ဒေါ်မေ၊ ကိုကျော်တင်၊ ဦးစိ(၅)လုံးပဲရှိတယ်။ ကျန်တာတွေက အဖြစ်ပဲရှိကြတာပါ။ သက်ငယ်အိမ်လေးတွေ တောင်ရှိကြတယ်။

မောင်ခိုခေတ် ကိုယ်ကြိုက်တဲ့နေရာကိုယ်တူးကြရတော့ ရလိုက်ကြတဲ့ ကျောက်ကလည်း သောက်သောက်လဲဆိုပါတော့။ အဲဒီအခါမှာ အိမ်ကြီးအိမ်ကောင်းတွေတစ်အိမ်ပြီးတစ်အိမ်ဆောက်လိုက်ကြတာ တဲအိမ်၊ ဝါးအိမ်လေးတွေ ပျောက်ကုန်ပါတယ်။ တစ်ရွာလုံးအိမ်ကြီးအိမ်ကောင်းတွေ မျက်စိအောက်မှာဖြစ်ကုန်တာပါပဲ။

နှစ်ပေါင်း(၃၀) မိုးကုတ်အနောက်ပိုင်းက ကျောက်ဖျာရွာလေးမှာနေစဉ် အတွင်း အိမ်ခြေ (၇၀) ကျော်အထိ တိုးတက်ပြောင်းလဲခဲ့ပါတယ်။ တစ်အိမ်တစ်မျိုးမရိုးရအောင် သူ့ထက်ငါအပြိုင် အဆိုင်ဆောက်လုပ်နေထိုင်နိုင်ကြပါပြီ။ ကားတွေလည်း ဝယ်စီးနိုင်ကြပါပြီ။ ဒါဟာ ကျောက်ဖျာဆိုတဲ့ရွာလေးတစ်ရွာရဲ့ တိုးတက်မှုပမာဏကိုပြခြင်းပါ။ အနီးမှာရှိတဲ့ကျောက်ပြဿဒါ၊ ဆင်ခွာ၊ ရေအေး၊ ငွေးပင်၊ သစ်ဆိမ့်ကုန်း၊ စခန်းကြီး၊ ကျောက်ကြမ်းကြီး၊ ကပိုင် စတဲ့ရွာတွေဟာလည်း မျက်လှည့်ပြလိုက်တဲ့အလားပြောင်ပြောင်ရောင်ရောင်နဲ့ ကြီးပွားတိုးတက်ခဲ့ကြပါတယ်။ ဒါဟာ ပြည်သူပိုင်သိမ်းလိုက်ခြင်းရဲ့အကျိုးရလဒ်ပါ။

မိုးကုတ်နဲ့ ကျပ်ပြင်ဆိုတာတော့ ပြောစရာမလိုအောင်ကို တိုးတက်ခဲ့ပါတယ်။ လူဦးရေလည်းပိုဆိုထူထပ်ခဲ့ပါတယ်။ အဲဒီတော်လှန်ရေးအစိုးရဦးနေဝင်းခေတ်ဟာ (၂၆) နှစ်ကြာခဲ့ပါတယ်။ အဲဒီခေတ်ကို မိုးကုတ်သားတွေရဲ့ ရွှေခေတ်လို့ဆိုရမှာပါ။

အဲဒီရွှေခေတ်မှာ အနှီဌာနံဆိုတာလည်းရှိတယ်။ အဲဒါက ပြည်သူပိုင်ပစ္စည်းထိန်းသိမ်းတဲ့ လုံခြုံရေးတွေပါပဲ။ ပထမရဲဝါ၊ ဒုတိယတပ်မတော်၊ တတိယရဲပြောလုံထိန်း၊ စတုတ္ထ တပ်တွင်းသမဝါယကျောက်မျက်တူးဖော်ရေးသက်ကြီးတပ်မတော်ဆိုပြီး လုံခြုံရေးတာဝန်အသီးသီးယူခဲ့ကြတာပါ။

တပ်မတော်တာဝန်ယူစဉ်မှာ ရွှေဘိုတပ်ရင်း ( ) က ရောက်စမှာ စာအုပ်ထဲအတိုင်းလုပ်တော့ကာ ရေနီမြောင်းတွေ ရေကြည်မြောင်းဖြစ်သွားဖူးတယ်။ အနေကြာလာတဲ့အခါ ဒီလူတွေ ဒါလုပ်မှ ထမင်းစားရတာပါလားလို့ သိသွားပြီး ငွေညှာခဲ့တာကြောင့် ပြန်လည်စိုပြည်သွားခဲ့ပြန်တာပါပဲ။ ဒီလိုနဲ့ မိုးကုတ်မှာ အရမ်းစည်ကားကြွယ်ဝခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

■ (က၈)အရေးအခင်းကာလ

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံပိုင်ကျောက်တွင်းကြီးတွေလုပ်နေတာ ထိပ်တန်းနေရာတွေသာဖြစ်ပြီး တွင်းပေါင်း (၁၇) တွင်းရှိပါတယ်။ (၈၈)အရေးအခင်းကြီးဖြစ်တော့ကာ နိုင်ငံပိုင်ကျောက်တွင်းတွေရော တပ်တွင်းသမဝါယမကျောက်တွင်းတွေပါ လုံခြုံရေးတွေရုပ်သိမ်းသွားတာကြောင့် နားထားခဲ့ရပါတယ်။

ကျောက်တွင်းနယ်မြေတွေကိုလည်း သက်ကြီးတပ်မတော်က ဝင်ရောက်ခွင့်ပိတ်ပင်လိုက်တာကြောင့် မိုးကုတ်နယ်တစ်ခွင် ရေနီမြောင်းတွေဟာ ရေကြည်မြောင်းတွေဖြစ်ကုန်ပြန်ပါတယ်။

အလုပ်မရှိတဲ့လူတွေဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်မှ မြန်မာ့ဒီမိုကရေစီသို့ပြောင်းလဲရေးဆိုပြီးတော့ကာ နေ့စဉ်နဲ့အမျှ ဆန္ဒပြပွဲတွေလုပ်နေကြပါတယ်။ အကုန်လုံးတော့မဟုတ်ပါဘူး။ ဝါသနာပါသူတွေသာဖြစ်ကြပါတယ်။

မိုးကုတ်သူငယ်တွေကလည်း အလုပ်မရှိအကိုင်မရှိအားတိုင်းဆန္ဒပြနေသူတွေကို အင်တိုက်အားတိုက်ကျွေးမွေးကာ ပံ့ပိုးပေးနေကြပါတယ်။ မိုးကုတ်အနောက်ပိုင်းကင်းရွာကတာဇံအဖွဲ့ဆို ဓမ္မာရုံတစ်ခုမှာ စခန်းချပြီးတော့ကို နေနေတာပါ။ ဆန္ဒပြလိုက်စားလိုက်နဲ့ပါပဲ။ ပျော်စရာကြီးကိုဖြစ်နေတာပါ။ တစ်ပြည်လုံးမှာ မိုးကုတ်လောက်ကဲတာရှိမယ်မထင်ပါဘူး။ လုပ်စရာအလုပ်ကလည်း ဆန္ဒပြတဲ့အလုပ်ပဲရှိတော့ကာ မပျင်းမရိလုပ်နေကြခြင်းပါဘဲ။

ဒီရဲ့ဆန္ဒပြပွဲကြီးဟာ မိုးကုတ်ကို ကောင်းကောင်းကြီးဒုက္ခပေးတော့မယ်ဆိုတာ သာမန်လူတွေအနေနဲ့မသိကြပါဘူး။ အများယောင်လို့ယောင်ရတယ် အမောင်တောင်မှန်းမြောက်မှန်းမသိဆိုတဲ့လူတွေပါ အရင်းရှင်စနစ်ကိုပြန်မျှော်ကြတာပါပဲ။

ဆိုရှယ်လစ်စနစ်ကြောင့် အားလုံးပြောင်ပြောင်ရောင်ရောင်ဖြစ်ခဲ့ကြတာတွေမေ့နေကြပါပြီ။ (၁၉) နှစ်တာကာလပတ်လုံး ကိုယ်ထင်တဲ့နေရာ ကိုယ့်ဟာကိုယ် တွင်းတူးခွင့်ရခဲ့တာတွေမေ့နေကြပါပြီ။ ကျွန်တော်တို့ ကျောက်ဖျာကတော့ ရှင်းတယ်။ ကျောက်ဖျာ-ငွေးပင်သွားကားလမ်းကို ရွာလုံးကျွတ်ထွက်ပြီး ကွန်ကရစ်လမ်းကြီးခင်းနေကြတာပါ။ (၈၈) အမှတ်တရပါပဲ။ (ခုခြိန်မှာတော့ ကတ္တရာလမ်းခင်းပြီးနေပါပြီ။ လျှပ်စစ်မီးတွေလည်းရနေကြပါပြီ။)

အဲဒီအရေးအခင်းမှာ ဘာတွေမြင်ရလဲဆိုတော့ စိတ်ဓာတ်တွေမြင်ရပါတယ်။ မြန်မာဆိုရှယ်လစ်လမ်းစဉ်လူငယ်ဆိုတဲ့ ရပ်တကာရွာတကာ လှည့်လည်စည်းရုံးတရားဟောခဲ့တဲ့ လူငယ်တွေဟာ အရေးအခင်းကာလမှာ သပိတ်ခေါင်းဆောင်တွေဖြစ်နေကြပြန်ပါတယ်။ နိုင်ငံတော်ရဲ့တပ်မတော်က အာဏာသိမ်းပြီး ပါတီစုံခွင့်ပြုတဲ့အခါ အသာဆုံးပါတီဖြစ်တဲ့ပါတီထဲရောက်ကုန်ကြပါတယ်။ ဒါက စပ်မိလို့ လူတွေရဲ့စိတ်အကြောင်းတစ္ဆေတစောင်းတင်ပြခြင်းပါ။

■ ဖက်စပ်တူးဖော်ခွင့်

နိုင်ငံတော်အစိုးရအဖွဲ့အစည်းအနေနဲ့ (၁၄/၈၈) ၁၉၈၈ ခု ဒီဇင်ဘာ၁၃ရက်မှာ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးမှာ ဝန်ကြီးချုပ်အနေနဲ့ ကျောက်မျက်ရတနာတူးဖော်ရေးကိစ္စနဲ့ပတ်သက်တဲ့ကိစ္စတွေကို လမ်းညွှန်မိန့်ကြားခဲ့တာကြောင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးနဲ့ ပုဂ္ဂလိကကျောက်မျက်ရတနာတူးဖော်ရေးကိစ္စနဲ့ပတ်သက်တဲ့ကိစ္စတွေကို လမ်းညွှန်မိန့်ကြားခဲ့တာကြောင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးနဲ့ ပုဂ္ဂလိကကျောက်မျက်ရတနာတူးဖော်လိုသူများမှ အကြိုပြုချက်စာတမ်းကို ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ တင်ပြအစီရင်ခံခဲ့ပါတယ်။

ဒီအချိန်ဒီကာလတွေမှာ မိုးကုတ်အနေနဲ့ ယခင့်ယခင်ထက် လွတ်လပ်စွာ ကျောက်မျက်တူးဖော်ခွင့်တွေရခဲ့ကြပါတယ်။ ဒါဟာ နောက်ဆုံးလုပ်ပိုင်ခွင့်ရနေကြခြင်းပါပဲ။ လူတွေတမ်းတခဲ့ကြတဲ့ ဒီမိုကရေစီစနစ်ကြီးမိုးကုတ်ကိုရောက်လာတော့မှာပါ။

နိုင်ငံတော်အနေနဲ့ကတော့ ယခင်အစိုးရလက်ထက်ကတည်းက အခြေချလုပ်ကိုင်ခဲ့တဲ့ ကျောက်တွင်းတွေရော နောက်တိုးကျောက်တွင်းအချို့ကိုပါ နိုင်ငံပိုင်တူးဖော်လုပ်ကိုင်ပါတယ်။ အဲဒါတွေက ရတနာကုဋ္ဌေကုဋ္ဌာ၊ လင်းရောင်ခြည်၊ ရွှံ့ပန်း၊ ရွှေပြည်အေး၊ သန်းတစ်ရာ၊ ကျောက်ဆောင်၊ ပန်လင်၊ ပန်ရွှိုး၊ ပဒါန်ရွိုးစခန်းနဲ့ ဗဟိုဖြုန်းဆေးစက်ရုံတို့ပါပဲ။

၁၉၉၀ ပြည့်နှစ်မှာစပြီး ပုဂ္ဂလိကဖက်စပ်ကျောက်မျက်လုပ်ကွက်တွေချပေးပါတယ်။ ၁၉၉၃ ခုနှစ်အထိ ဖက်စပ်လုပ်ကွက်ပေါင်း (၁၅၁၂) ခု ချမှတ်ပေးခဲ့ပါတယ်။ မိုးကုတ်နယ်တစ်ခွင်လုံး နေရာကောင်းမှန်သမျှ ကျောက်မျက်ဖက်စပ်ဧရိယာတွေဖြစ်ကုန်ပါပြီ။ လူတွေတမ်းတခဲ့ကြတဲ့ ပုဂ္ဂလိကလုပ်ပိုင်ခွင့်တွေရခဲ့ကြပါပြီ။ ဒီလိုဒီမိုကရေစီအခွင့်အရေးရအောင် နေပုပြီးရွာမရှောင်အော်ဟစ်ဆန္ဒပြတောင်းဆိုခဲ့ကြရတာပါ။ ပုဂ္ဂလိကဖက်စပ်လုပ်ပိုင်ခွင့်တွေရခဲ့ကြပါပြီ။ ဝမ်းမြောက်ဖွယ်ဆိုပါတော့။

■ သာမန်လူတန်းစားများ

ကျောက်မျက်ပုဂ္ဂလိကလုပ်ပိုင်ခွင့်ပေးလိုက်ပြီဆိုတာနဲ့ မြန်မာနိုင်ငံအရပ်ရပ်က ကျောက်မျက်တူးဖော်ဖို့ ဝါသနာပါတဲ့ချမ်းသာသူတွေဟာ မိုးကုတ်တက်လာပြီး ကျောက်မျက်ဖက်စပ်တွေဆွဲကုန်တော့တာပါပဲ။ ဒေသခံတွေဆွဲတယ်ဆိုတာက အနည်းစုပါ။ ဒီတော့ကာ တောနေကျောက်တူးသူတွေဟာ တူးစရာနေရာဘုံပျောက်ကုန်ကြတော့တာပါပဲ။ ဖက်စပ်နဲ့လွတ်ရာသွားတူးလည်း အဲဒီတွင်းအထိဖက်စပ်အလံလာစိုက်ကြလေတော့ ဒေသခံကျောက်တူးသူတွေ အခက်ကြုံကြရပါပြီ။

အာညောင်းအောင်အော်ဟစ်ဆန္ဒပြခဲ့တာတွေဟာ ကိုယ့်တွက်မဟုတ်မှန်းသိကုန်ကြပါပြီ။ အလုပ်လက်မဲ့ဖြစ်ကုန်ကြတဲ့တွင်းတူးသမားတွေဟာ ကြာကြာတောင့်မခံနိုင်ဘဲ ကိုယ့်ထမင်းကိုယ်စားထက်ဝက်စားတွင်းတွေဝင်တူးကြရတဲ့အခါမှာတော့ မိုးကုတ်သားမာနတွေ ခဲခါချကြရတဲ့အချိန်လို့ဆိုရမှာပါပဲ။

အလွန့်အလွန်ခက်ခဲသွားတာက ကျောက်ကုန်သည်တွေပါ။ ကျောက်မျက်ဖက်စပ်တွေအနေနဲ့ ကျောက်ကုန်သည်တွေကို ကျောက်ရောင်းမပေးကြတဲ့အခါ ကျောက်မျက်ကုန်ကြမ်းပြတ်လပ်ကာ ကျောက်ရောင်းဝယ်ခြင်းလုပ်ငန်းနဲ့ ကျောက်သွေးလုပ်ငန်း၊ ကျောက်ပွဲစားလုပ်ငန်းတွေပါ ထိခိုက်နစ်နာကာ မိုးကုတ်စီးပွားရေးသိသိသာသာကြီးကျဆင်းလာတော့တာပါပဲ။

အဲဒီအထဲမှာ ကျွန်တော်လည်း အပါအဝင်ပါ။ တွင်းသားတစ်သိုက်နဲ့ ကြိုက်တဲ့နေရာလုပ်ခဲ့တဲ့ ကျွန်တော်ဟာ ဖက်စပ်တွေရောက်လာတော့ လုပ်စရာနေရာဘုံပျောက်ခဲ့ပါတယ်။ အဲဒီမှာ တွင်းသားတွေလည်း ပြန်ကုန်ကာ ကျွန်တော့်တစ်ယောက်တည်းကျန်နေပါတယ်။

အဲဒီတော့ သူများတွေ အဝယ်ပြီး ဖက်စပ်တွေထဲမှာ တွင်းတူးနေရာစာတောင်းပြီး ဖောက်ထွင်းလုပ်ကြရပါတယ်။ တစ်ခါတစ်ရံတည်း တစ်ယောက်တည်းပေါက်ထွင်းဆေးလုပ်ပါတယ်။

ဒီလိုနဲ့ လယ်နှစ်တာကာလအချိန်

www.burmeseclassic.com

www.burmeseclassic.com

ကုန်သွားပြီး ၂၀၀၀ ပြည့်နှစ်မှာ မိုင်းရှူးတက်ပါတယ်။ ဖလ (၇၉) မှာ ဝင်လုပ်ရင်း မန်နေဂျာဖြစ်ပါတယ်။ နောက်အဖွဲ့အစည်းတစ်ခုရဲ့ဖက်စပ်မှာ မန်နေဂျာဝင်လုပ်ကာ မိုင်းရှူးတောင်ပေါ်မှာ (၁၀)နှစ်ကြာသွားပြန်ပါတယ်။ အမေရိကန်ရဲ့ ကျောက်မျက်ပိတ်ဆို့မှုကြောင့် မိုင်းရှူးကျောက်မျက်ဖက်စပ်တွေရပ်နားကုန်ကာ ၂၀၁၀ မှာ မိုးကုတ်ပြန်ရောက်ပါတယ်။ (ဒါဟာ မိုးကုတ်ပတ္တမြားမြေရဲ့အတိုဆုံးသမိုင်းအကျဉ်းပါ။)

■ လူငယ်တွေမရှိကြတော့ပြီ

မိုးကုတ်ကိုရောက်တာနဲ့ ကျွန်တော်ဟာ နှစ်ပေါင်းသုံးဆယ်ကြာနေထိုင်ပြီး ကျောက်တူးခဲ့တဲ့ကျောက်ဖျာရွာလေးကို သွားရောက် နှုတ်ဆက်ပါတယ်။ အနီစွသဘောအရ သေသူတွေသေကုန်ကြပါပြီ။ လူငယ်တွေအများစုကတော့ တွင်းလုပ်စရာမရှိတော့တဲ့ပတ္တမြားမြေကိုစွန့်ခွာကာ ဖားကန့်နဲ့ နိုင်ငံအနှံ့အပြားမှာ သွားရောက် အခြေချလုပ်ကိုင်ကုန်ကြပါပြီ။

လူငယ်အနည်းစုကတော့ ဖက်စပ်လုပ်ကွက်ဆွဲကာ ဖက်စပ်နဲ့ အဆင်ပြေကာ ချမ်းသာနေကြတာ ဝမ်းမြောက်ဖွယ်တွေ့ရပါတယ်။ ဒါပေမယ့် ဟိုးကျွန်တော်တို့မှောင်ခိုတွင်းခေတ်တုန်းကလို ရွာဟာစည်ကားမနေဘဲ တိတ်ဆိတ်ခြောက်သွေ့နေပါတယ်။ တွင်းသားဆိုတာ လုံးဝမရှိတော့ပါဘူး။ ရှိတဲ့လူကြီးတွေပေါင်းစုကာ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ကျောက်မရှိလို့ ဘယ်သူမှမလုပ်တော့တဲ့ ချောင်းရိုးမှာ မျှောတိုက်နေကြတယ်လို့ သိရတယ်။

အချို့အိမ်ကြီးတွေဟာ နေထိုင်သူမဲ့ကာ သော့ခတ်ပြီးပိတ်ထားတာတွေ့ရပါတယ်။ စစ်ကိုင်း၊ မန္တလေး၊ ဖားကန့်၊ နေပြည်တော် စသည်ဖြင့် ပြောင်းရွှေ့အခြေချနေထိုင်ကုန်တာကြောင့် ရွာမှာကလေးပေါက်ပွားနှုန်းမရှိတော့ ကျောင်းသားဦးရေအလွန်နည်းပါးသွားပါတယ်။ ကျောင်းသားလေးငါးဆယ်နဲ့ အမြဲတမ်းစည်ကားခဲ့တဲ့ ကျောက်ဖျာမူလတန်းကျောင်းဟာ ကျောင်းသားလေးငါးယောက်နဲ့ ဆရာမသုံးယောက်ရှိကြောင်း သာသိရပါတယ်။ အခြားရွာတွေကိုတော့ ထဲထဲဝင်ဝင်မသိရပါဘူး။

မိုးကုတ်မှာလည်း ထို့အတူပါပဲ။ ရုပ်ဝတ္ထုတွေတိုးတက်ပေမယ့် စီးပွားရေးအခက်အခဲကြောင့် ဒေသကို စွန့်လွှတ်ကာ ရေကြည်ရာမြက်နုရာကို ရွှေ့ပြောင်းကုန်ကြပါပြီ။ သို့သော်လည်း အမိမြေကို ချစ်ကြတဲ့လူတွေကတော့ ဖြစ်သလိုကြံဖန်ရှာဖွေစားသောက်ကာ နေထိုင်မြဲနေထိုင်လျက်ရှိနေကြဆဲပါ။

ကျွန်တော်လည်း ၂၀၁၁ ခုနှစ်မှာ နေပြည်တော်ကို ပြောင်းရွှေ့နေထိုင်ပြီး မိသားစုတွေကတော့ မန္တလေးမှာနေကြပါတယ်။ သို့သော်လည်း မိုးကုတ်ကို အလွမ်းပြေနှစ်နှစ်တစ်ခါလောက်ရောက်ဖြစ်ပါတယ်။ ရောက်ရင် ကျောက်ဖျာကို သွားပါတယ်။ သက်ကြီးရွယ်အိုတွေ လျော့လျော့ကုန်ပါတယ်။

■ မိုးကုတ်နှစ် (၈၀၀) ပြည့်ပွဲတော်

မိုးကုတ်နှစ်ပေါင်း (၈၀၀) ပြည့်ပွဲတော်ကျင်းပရေးကော်မတီဟာ လူမှုကွန်ရက်စာမျက်နှာမှာ ဦးစွာတက်လာပါတယ်။ နောက်တော့ သတင်းစာကျနယ်နဲ့ တီဗွီမှာ ကြော်ငြာတွေပါလာပါတယ်။ ဒီတော့မှ မြန်မာသက္ကရာဇ် ၅၅၉ ခုနှစ်ကတည်းခဲ့တဲ့ မိုးကုတ်ဟာ ၁၉၅၉ ခုနှစ်မှာ နှစ်ပေါင်း (၈၀၀) တိတိပြည့်ခဲ့ပါပေါ့လားဆိုပြီး သတိထားမိတော့တာပါ။

ဒါနဲ့ မိုးကုတ်က မက်ဆင်ဂျာမိတ်ဆွေတွေဆီ ဘယ်နေ့ဘယ်ရက်ဆိုတာလှမ်းမေးမှ မတ်လ ၂၉၊ ၃၀၊ ၃၁ ရက်ဆိုတာသိရတယ်။ မိုးကုတ်ကိုမရောက်တာကြာပြီလေ။ ၂၀၁၆၊ မိုးရာသီမှာ ခရာရောက်ဖြစ်ပါတယ်။ ၂၀၁၇ မှာ မရောက်ဖြစ်ပါဘူး။ ၂၀၁၈၊ မတ်လမှာ ကျင်းပမယ့် နှစ်(၈၀၀)ပြည့်ပွဲတော်တော့ သွားဖြစ်အောင်သွားမှဆိုပြီး အားခဲထားလိုက်ပါတော့တယ်။ ဘာလို့လဲဆိုတော့ ဒီလိုရာပြည့်ပွဲဆိုတာက နှစ်ပေါင်း တစ်ရာမှတစ်ခါသာကျင်းပလို့ပါပဲ။

မိုးကုတ်ပတ္တမြားမြေဟာ ရာပြည့် (၈) ကြိမ်ရှိသွားခဲ့ပါပြီ။ သို့သော်လည်း ရှေးအခါကတော့ ဒီလိုရာပြည့်ပွဲဆင်နွှဲကျင်းပခဲ့မှာမဟုတ်ပါဘူး။ လုပ်ရကောင်းမှန်းလည်းသိခဲ့ကြမယ်လို့မထင်ပါဘူး။ မန္တလေးရဲ့မန်းရာပြည့်ပွဲတော်ကျင်းပတုန်းက ကျွန်တော် (၁၃) နှစ်သားရှိနေပါပြီ။ သို့သော်လည်း ကျွန်တော်ကတော့ ကလေးမို့မရောက်ဖါဘူး။ ကျွန်တော်တို့ မှန်ကျောင်းဘုန်းတော်ကြီးကတော့ မန်းရာပြည့်ပွဲကို ရက်အတော်ကြာကြွသွားတာ မှတ်မိနေပါတယ်။ ဒီတော့ ဘုန်းကြီးမရှိခိုက်မှာ ကျွန်တော်တို့တွေ ဒေါင်းတောက်အောင် ဓဏ္ဍာခွင့်ရကြတော့တာပါ။

မှတ်မှတ်ရရ မန်းရာပြည့်ပွဲတော်ရဲ့ သီချင်းပထမဆုံးရ မစိမ်းစိမ်းရဲ့ ရွှေမန်းဆီသို့' ဆိုတဲ့သီချင်းကိုတော့ ဓာတ်ပြားထွက်လာတာမို့ ရွာထဲမှာသာရေးနာရေးတွေရှိတဲ့အခါ ဓာတ်စက်တဂေါ်ဂေါ်ဖွင့်တတ်လေတော့ အလွတ်ရနေကြပါတယ်။ မန္တလေးမရောက်ဘူးပေမယ့် သီချင်းထဲက နိမိတ်ပုံတွေကို ကျွန်တော်တို့မှန်းဆခံစားခဲ့ရတာပေါ့လေ။ အရွယ်လေးရလာပြီး မန္တလေးရောက်မှပဲ မစိမ်းစိမ်းဆိုခဲ့တဲ့သီချင်းထဲက ပုံရိပ်တွေဆီ နဖူးတွေ့ဒူးတွေ့ရောက်ဖြစ်ပါတော့တယ်။ အဲဒီကျမ္မဥော်-ဟုတ်သားဟဲ့ဆိုပြီးသီချင်းရေးသူ၊ ဆိုသူကိုပါခီးကျူးမိပါတယ်။ ၁၂၂၁ ခုနှစ်ကတည်းခဲ့တဲ့မန္တလေးက ၁၃၂၁ ခုနှစ်မှာ နှစ်ပေါင်း(၁၀၀)ပြည့်ခဲ့တာပါ။ သက္ကရာဇ် ၁၄၂၁ မှာ နှစ်ပေါင်း (၂၀၀)ပြည့်ပွဲတော်ကြီးစည်ကားစွာကျင်းပဦးမှာပါ။ သို့သော်လည်း ကျွန်တော်တို့မရှိကြတော့ပါဘူး။ လူလောကကနေ ပျောက်ကွယ်ကုန်ကြပါပြီ။ မိုးကုတ်နှစ် (၈၀၀) ပြည့်ပွဲတော်တောင် ကံကောင်းလို့မီတာပါ။ကိုယ့်ထက်ငယ်သူတွေသေကုန်ကြတာများစာပါပဲ။

အဝေးရောက်မိုးကုတ်သူမိုးကုတ်သားတွေတိုင်း မိုးကုတ်နှစ် (၈၀၀) ပြည့်ပွဲတော်ကိုသွားရောက်ဆင်နွှဲဖို့ရင်ခုန်နေလောက်ပါပြီ။ မိုးကုတ်သူမိုးကုတ်သားအနုပညာရှင်တွေကလည်း တီဗွီကနေပို့က်စ်ပ်တိုက်ကြေညာနေကြပါပြီ။မိုးကုတ်ပတ္တမြေရဲ့တည်နေပုံကလည်း အရမ်းလှတာပါ။ တောင်စဉ်တောင်တန်းတွေကလည်း နှင်းငွေ့တွေတဝေဝေနဲ့အရမ်းလှတာပါ။ ဒီတော့ကာ တိုင်းပြည်တစ်ပြည်လုံးကပါ မိုးကုတ်နှစ် (၈၀၀) ပြည့်ပွဲတော်လို့ စိတ်ဝင်တစားရှိနေလောက်ပါပြီ။ မိုးကုတ်ကလည်း လာသမျှ ည့်သည်တော်တွေတည်းခိုနိုင်ဖို့ကြိုတင်စီစဉ်ထားပြီးပါပြီ။

မိုးကုတ်ဆိုတာ ပတ္တမြားတွေ၊ ရေမြေတောတောင်တွေကသာလှတာမဟုတ်ပါဘူး။ လူတွေလည်းလှကြပါတယ်။ ဒါကို ရုပ်ရှင်မင်းသမီး ထက်ထက်မိုးဦး၊ ထွန်းအိန္ဒြာဝိုလ်၊ ဝတ်မှန်ရွှေရည်၊ ဖွေးဖွေး၊ ခင်လေးနွယ် စသည်တို့က သက်သေပါ။ ဒါဟာ အကင်းပဲရှိသေးတာပါ။ ရွှက်ပုန်းသီးအလှတွေဆိုတာ မိုးကုတ်မှာအများအပြားပါ။ ဆောင်းနဲ့မိုးဆိုပြီး ရာသီဥတုနှစ်ခုသာရှိတဲ့ပတ္တမြားဆိုတော့ကာ ရာသီဥတုကလည်း အထောက်အကူပြုဟန်ရှိပါတယ်။ တွေ၊ အသားအရေတွေလှကြပါကလဲ။

ပြီးတော့ ငြိမ်းချမ်းတဲ့ဓာတ်တွေလည်း ပိုင်ဆိုင်ကြပါတယ်။ နှုတ်ရေးသိမ်မွေ့တယ်။ ဆရာဆရေးကောင်းတယ်။ ဧည့်ဝတ်ကောင်းတယ်။ ဘာသာရေး

www.burmeseclassic.com

www.burmeseclassic.com

ကိုင်းရှိုင်းတယ်။ သည်းခံစိတ်ရှိတယ်။ သဒ္ဒါတရားကောင်းတယ်။ ဥပဒေကို ကြောက်တတ်တယ်။အဲဒါကြောင့်လည်း ရပ်တွေရွာတွေမှာ ခွန်းကြီးခွန်းငယ်ပြော ဆိုကြတယ်ဆိုတာရှားပါတယ်။ ဆရေးတိုင်းထွာဖို့ဆိုတာကျတော့ အလွန့်အလွန် ကိုဖြစ်ခဲတဲ့ဒေသပါ။

အဲဒါကြောင့်လည်း ရှေးတုန်းက လယ်တီဆရာတော်ဘုရားကြီးက 'ဒကာ၊ ဒကာမတွေကို တရားဟောတဲ့အခါမှာ ဒကာတို့နှတ်ပြည်နှတ်တာဆိုတာကို ဆ မတောင်းနဲ့။ မိုးကုတ်မှာလူဖြစ်ပါစေလို့ ဆုတောင်းပါ။ မိုးကုတ်ဟာ အလွန်အေး ချမ်းပြီးနေလို့ထိုင်လို့ကောင်းတဲ့နေရာဖြစ် တယ် လို့ ဟောခဲ့ကြောင်းသိရမှတ်ရပါ တယ်။

လယ်တီဆရာတော်လည်း ညွှန် မယ်ဆိုရင်လည်း ညွှန်လောက်ပါတယ်။ ဘာလို့လဲဆိုတော့ မိုးကုတ်ဟာ လောကီ ရတနာတွေသာ ထွန်းကားတာမဟုတ်ပါ ဘူး။ လောကုတ္တရာရတနာလည်း ထွန်း ကားရာဒေသဖြစ်ခဲ့ပါတယ်။ 'မိုးကုတ် ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဝိမလရဲ့မိုးကုတ်ဝိပဿနာပဋိစ္ဆန္နဗုဒ္ဓ စက်ဝိုင်းဒေသနာတော်ဟာ မိုးကုတ် ဝိပဿနာ ဆိုတဲ့ အမည်နဲ့ ကမ္ဘာကျော် အောင်ကြော်ကြားခဲ့ပါတယ်။

'အင်းခမ်းတော့ လယ်တီ၊
လယ်တီတော့ ဌက်ကျ၊
ဌက်ကျတော့ ထွန်ဆင်း၊
ထွန်ဆင်းတော့ မိုးရွာ၊
ဒီတစ်ခါရွာတဲ့မိုးချိုးဖြစ်အောင်ချိုး'

ဆိုပြီးတော့ကာ တဘောင်ပေါ်ခဲ့ တဲ့အတိုင်းပါပဲ အင်းခမ်းဆရာတော်၊ လယ်တီဆရာတော်၊ ဌက်တွင်းဆရာ တောင်၊ ထွန်ထောင်ကိုယ်တော်လို့တွင် တဲ့ စွန်းလွန်းဆရာတော်၊ မိုးရွာဆိုတာက မိုးကုတ်ဆရာတော်ပါ။ ဒီတစ်ခါရွာတဲ့မိုး ချိုးဖြစ်အောင်ချိုးဖြစ်တဲ့စာရှိသလို 'မိုးရွာ တော့စည်တီး' ဆိုတဲ့ တဘောင်စာလည်း ရှိပါတယ်။ စည်တီးဆိုတာက မဟာစည် ဆရာတော်ပါ။ မိုးကုတ်ဝိပဿနာနဲ့ မဟာ စည်ဝိပဿနာရိပ်သာမျိုးဟာ အများ အပြားရှိနေပါတယ်။

မိုးကုတ် ဆိုတာ ပတ္တမြားတွေ ထွက်တာကြောင့် နာမည်ကြီးသလို မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ ရဲ့ ပဋိစ္ဆန္နဗုဒ္ဓစက်ဝိုင်းဒေသနာတော် ကြောင့်လည်း နာမည်ကြီးကာ မသိသူ မရှိသလောက်ရှားပါတယ်။ အဲဒါအပြင် ရုပ်ရှင်နယ်ပယ်မှာ ထက်ထက်မိုးဦးဆိုပြီး ပေါ်လိုက်တော့ကာ မိုးကုတ်သူတဲ့။ လူ လိုက်တာမှန်နေတာပဲဆိုပြီး မိုးကုတ်ကို လူတွေသိသည်ထက်ပိုသိကြပြန်ပါတယ်။ တစ်ယောက်ကအစတစ်ရာဆိုတာလိုပေါ့ လေ။ထက်ထက်ရဲ့နောက်မှာ မိုးကုတ်သူ တွေအနုပညာနယ်ပယ်မှာ တန်းစီးပေါ် လာပြန်တော့ မိုးကုတ်ဟာ ပိုပြီးပိုပြီး ကြော်ကြားခဲ့တာပါပဲ။

လူမှုကွန်ရက်က နှစ်(၈၀၀)ပြည့် ပွဲတော်ကြေညာမှပဲ သက္ကရာဇ်တွက်စစ် မိတယ်။ ဟုတ်ပါ့ဗျာ နှစ် (၈၀၀) ပြည့်ပါ ပေါ့။ အဝေးရောက်မိုးကုတ်လူတွေဘယ် သူတွေသွားသွားမသွားသွား ကျွန်တော် ကတော့ ရောက်အောင်ကိုသွားမှဖြစ်မှာ ပါ။ ကြုံတောင့်ကြုံခဲမို့လေ။

ဒါနဲ့ ကျွန်တော်ဟာ မန္တလေးရှိ သမီးထံမိုးကုတ်နှစ် (၈၀၀) ပြည့်ပွဲတော် ကိုသွားမယ့်အကြောင်း လှမ်းအကြောင်း ကြားပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ မန္တလေးရောက် တရုတ်ဦးထွန်းမောင်က လည်း နှစ် (၈၀၀) ပြည့်ပွဲတော်ကိုသွား ကြမယ်ဆိုပြီး အကြောင်းကြားလာပါ တယ်။ ကျွန်တော်လည်း သွားမယ်လို့ အကြောင်းကြားလာပါတယ်။ ကျွန်တော် လည်းသွားမယ်လို့အကြောင်းပြန်လိုက် ပါတယ်။

သမီးဆီက ဖုန်းဝင်လာပါတယ်။ သူ ရန်ကုန်မှာ ခေတ္တရောက်နေတယ်။ ပြန်ဝင်ခေါ် မယ်ဆိုပြီးဝင်ခေါ်တာကြောင့် မန္တလေးကို ၁၆-၃-၂၀၁၈မှာရောက်ပါ တယ်။ မန္တလေးရောက်ပြီး သိပ်မကြာပါ ဘူး။ မြေးထက်မြက်ဟန်ရှိန်ဟာ မိုးကုတ် နှစ် (၈၀၀) ပြည့်ပွဲတော်အထိမ်းအမှတ် စားပွဲတင်တင်းနစ်သွားပြိုင်ရမှာမို့ သား အမိနှစ်ယောက် မိုးကုတ်တက်သွားကြ ပါတယ်။ လေးငါးရက်ကြာတော့ ပြန် ရောက်လာပါတယ်။ အားကစားပြိုင်ပွဲမျိုးစုံ တွေပြိုင်နေကြသလို အားလုံးအတွက် လည်း ပြင်ဆင်ပြီးစီးနေပါပြီ။ များပြား လှတဲ့ ရပ်ကွက်တွေ၊ လူမျိုးတွေအနေနဲ့ လည်း ဝင်းခင်းပွဲတွေလှည့်လည်နေတာ ကို လူမှုကွန်ရက်မှာမြင်တွေ့နေရပါတယ်။ လူတွေကလည်း လှမ္မလှဖါပဲ။

တရုတ်ဦးထွန်းမောင်က ၂၆-၃-၂၀၁၈ မှာ မိုးကုတ်တက်ကြမယ်၊ ကား အကြိုလွှတ်လိုက်မယ်လို့ ဆိုပါတယ်။ ၂၆ ရက်နေ့မှာ အိမ်က ဒေါ်မေမာလာက သားငယ် အာကာစိုး၊ အိအိဇာတို့ရဲ့သမီး သွန်းနေခြည်သာနဲ့ မိုးကုတ်ကိုသွားသလို ကျွန်တော်ကလည်း ဦးထွန်းမောင်တို့ ကားနဲ့ ပြင်ဦးလွင်လမ်းကနေတက်ပါ တယ်။

ငယ်ပေါင်းရောင်းရင်းသူငယ်ချင်း ဖြစ်တဲ့ ကျောက်တံခါးက ကိုခင်စိုး၊ မသိန်းတင်တို့မိသားစုလည်း ကျောက်ဖျာ မှာရောက်နေပြီဖြစ်ကြောင်း ကိုခင်စိုးက ဖုန်းဆက်ပါတယ်။ အဝေးရောက်မိုးကုတ် လူတွေ အတတ်နိုင်ဆုံးပြန်လာကြမှာပါ။ ဒါပေမယ့် ကျွန်တော့်သားငယ်လေး အာကာစိုးကတော့ ခွင့်မရလို့ ပြန်မလာ နိုင်ပါဘူး။ အဲဒါကြောင့် သမီးအိအိဇာ လည်း သူ့ယောကျ်ားမပါတော့ကာ မိုးကုတ် နှစ် (၈၀၀) ပွဲကို မသွားဖြစ်ပါ ဘူး။

မိုးကုတ်ရောက်တော့ကာ လူတွေ အုန်းအုန်းထအောင်စည်ကားနေပါပြီ။ မြန်မာနိုင်ငံအဝန်းကလူတွေ မိုးကုတ်ကို အလည်အပတ်ရောက်နေကြပါပြီ။ နိုင်ငံ ရဲ့အစွန့်တနသ်ာရီတိုင်းဒေသကြီးကလူ တွေတောင်ရောက်လာကြတယ်။ မိုးကုတ် ပတ္တမြားမြေရဲ့အလှကို တဝကြီးလှည့် လည်ခံစားနေကြပါပြီ။ အလွန်အရသာရှိ တဲ့မိုးကုတ်အစားအစာတွေလှည့်လည် စားနေကြပါပြီ။

ပွဲတော်က အင်းကြီးအရှေ့ဘက် ခြမ်းမှာလုပ်တာဆိုတော့ ကျွန်တော်တို့ မြို့လယ်ရပ်ကွက်နဲ့ တစ်ဆက်တည်းဖြစ် နေတာပါ။အိမ်နဲ့အနီးလေးပါပဲ။ရပ်ကွက် တွေရဲ့အိမ်တွေအတော်များများမှာ နိုင်ငံ တော်အဝန်းကလူတွေအတွက် တည်းခို နိုင်အောင် မြို့မိမြို့ဖတွေက စီစဉ်ထားပါ တယ်။မြို့လယ်ရပ်ကွက်က အိမ်ကြီးတွေ မှာလည်း ဧည့်သည်တွေနဲ့ပြည့်နေတာ ပါပဲ။ ညပိုင်းမှာ အင်းပတ်လမ်းအတိုင်း ခရေတည်ဖြစ်ပါတယ်။ လူတွေကြိတ်ကြိတ် တိုးစည်ကားနေတာပါ။

၂၇ ရက်နေ့နံနက်မှာ မြို့လယ်ရပ် က ကိုအုန်းမွေး အမှတ်တရဆွမ်းကပ်ပါ တယ်။ အဝေးကနေ ပြန်ရောက်လာတဲ့ မိုးကုတ်သားတွေကို တစ်ယောက်မကျန် လိုက်ဖိတ်ထားတာမို့ အဝေးရောက်လူ တွေရော ဒေသခံလူတွေပါ စုံစုံလင်လင် ဝမ်းမြောက်ဖွယ်တွေ့ရပါတယ်။ ကိုအုန်း မွေးရဲ့သားသမီးတွေက နှစ် (၈၀၀) ပြည့် ပွဲတော်မှာ အမှတ်တရဆွမ်းကပ်ခြင်းပါ။

ဆွမ်းကပ်မှာမနက်စာစားပြီးတာနဲ့ ကျွန်တော်တို့အိမ်တောင်ဘက် ဆိုင်ကယ် တက္ကစီဂိတ်ကဆိုင်ကယ်တစ်စီးနဲ့ စွေးညို ခိုင်းပြီး မိုးကုတ်အနောက်ပိုင်းရှိ ကျောက် ဖျာရွာလေးဆီထွက်ခဲ့ပါတယ်။ ဆိုင်ကယ် ဆရာက ကျွန်တော့်ကို စာရေးဆရာမှန်း သိနေပါတယ်။

"ဆရာ့ရဲ့ ပတ္တမြောင်းပါးတွေ ကျွန်တော် အတော်များများဖတ်ဖူးတယ် ဗျ။ ဆရာ နေ့လယ်တော်ရောက်နေတာ

www.burmeseclassic.com

www.burmeseclassic.com

အေးပါတယ်ဗျာ။ အခုမိုးကုတ်က အရင်မိုးကုတ်မဟုတ်တော့ဘူး ဆရာရေ။ လုပ်ကွက်တွေကလည်း ရေဆုံးရေဖျားတူးပစ်ကြတော့ကာ လုပ်ကွက်တွေကန်းကုန်ပြီဗျ။ အဲဒီတော့ ကျောက်ကလည်း ရှားပါးပစ္စည်းဖြစ်သွားပြီ။ ကျောက်ရှားသွားတော့ကာ ကျောက်စေးကလည်း မိုးထိုးနေပြီဆရာရဲ့။ အတော်အတန် အရင်းအနှီးနဲ့ အရောင်းအဝယ်လုပ်စားလို့မရတော့ဘူး။ အခုဆိုရင် ငါးမူးတင် ကျောက်ကောင်းတစ်ပွင့်ကို သိန်းနှစ်ဆယ်၊ အစိတ်တောင်ပေးဝယ်နေရပြီ ဆရာရဲ့။ တစ်ကာရက်တင်ဆိုရင် သိန်းရာချီတန်သွားပြီ။ ဖက်စပ်တွေချည့်ဆိုတော့ထွက်တဲ့ကျောက်တွေကလည်း မိုးကုတ်သားလက်ထဲမှမရောက်တော့တာဗျာ။ ဒီတော့ လုပ်စားကိုင်စားအရမ်းခက်သွားပြီ ဆရာရေ။ နာမည်ကြီးကျောက်ကုန်သည်တွေတောင် အိမ်တွေရောင်းပြီးအောက်ပြည်အောက်ရွာမှာ အခြေသွားချကုန်ပြီဗျ။ အရင်တုန်းက သူဌေးကြီးတွေသာနေတဲ့ ရပ်ကွက်ကြီးတွေဆိုရင် အခုဂေါ်ရခါးတွေအတော်များများကဝယ်ယူပြီးကုန်ကြပြီ။ ခုဟာက ပွဲတော်ကြီးမို့သာ စည်ကားနေတာပါ။ ပွဲတော်မရှိခင်တုန်းကဆိုရင် ခြောက်ကပ်နေတာဗျ"

လို့ ဆိုင်ကယ်မောင်းရင်းပြောပြနေပါတယ်။ ကျပ်ပြင်လမ်းတစ်လျှောက်မှာလည်း ကားတွေ၊ ဆိုင်ကယ်တွေ၊ ဓာတ်ပုံရိုက်ကြသူတွေနဲ့ပြည့်နေပါတယ်။ ဆိုင်ကယ်ကိုဖြည်းဖြည်းချင်းသတိထားမောင်းနေရတာပါ။ (၇) မိုင်ဝေးတဲ့ မိုးကုတ်-ကျပ်ပြင်လမ်းကလည်း သစ်ပင်တွေ စိမ်းစိမ်းစိုစိုနဲ့ အရမ်းကိုလှတာပါ။ လမ်းတွေကလည်း အဖြောင့်ဆိုတာမရှိပါဘူး။ ကွေ့ဝိုက်တွန့်လိမ်ကာ တောင်ပေါ် တက်နေရခြင်းပါ။ကျပ်ပြင်ကအမြင့်မှာဖြစ်ပြီး မိုးကုတ်ကတောင်ပတ်လည်ဝိုင်းထားတဲ့ဒယ်အိုးသဏ္ဌာန်ခွက်ကြီးထဲမှာတည်ထားတဲ့မြို့ပါ။ အဲဒါကြောင့် ကျပ်ပြင်ကနေ မိုးကုတ်အထိအဆင်းတွေပါ။ မိုးကုတ်ကနေ ကျပ်ပြင်အထိ အတက်တွေချည်းပါပဲ။ စွယ်တော်ရွက်ဟာ နှစ်မြောပေါင်းမှတစ်ရွက်ဖြစ်သလို မိုးကုတ်နဲ့ ကျပ်ပြင်ဟာလည်း နှစ်မြို့ပေါင်းမှတစ်မြို့ပါ။ မြို့ဧရိယာဟာ ကျပ်ပြင် ကျောက်ဖားရှိ ပတ္တမြားမြေမကြီးဆိုပါ၏' ဆိုတဲ့ ဆိုင်းဘုတ်မုခ်ဦးအထိပါ။

ဘယ်နေရာကကြည့်ကြည့် တောင်စဉ်တောင်တန်းတွေကြားက ပတ္တမြားမြေဟာ တစ်နေရာတစ်မျိုးမရှိရအောင်လှလှကြီးရှိပါတယ်။ ကျပ်ပြင်ရောက်တော့ စတုဒိသာမဏ္ဍပ်တွေလမ်းမကြီးရဲ့ဝဲယာမှာ စီတန်းနေပါတယ်။ တစ်ဦးတစ်မျိုးမရှိရအောင် ကျွေးမွေးဧည့်ခံကြမှာပါ။ ကားတွေ၊ ဆိုင်ကယ်တွေများလွန်းလို့ ဖြည်းဖြည်းပဲသွားလို့ရပါတယ်။

ကျပ်ပြင်ကထွက်တော့ အင်းကောင်းပြန့်ပါ။ အင်းကောင်းပြန့်လွန်တော့ ကျောက်ဖား၊ ကျောက်ဖားကနေ ကျောက်ပြဿဒ်လမ်းအတိုင်းဆင်းသွားရတာပါ။ နေရာတိုင်းမှာ ဆိုင်ကယ်တွေ၊ ကားတွေနဲ့ စည်ကားနေပါတယ်။ ကျောက်ပြဿဒ်ဘုရားတောင်ကိုသွားကြတဲ့ကားတွေ၊ ဆိုင်ကယ်တွေပါ။ ကျောက်ပြဿဒ်ရွာထဲမဝင်ခင် ကျောက်ဖျာလမ်းခွဲကနေ အောက်ဘက်ကို ဆင်းရပြန်ပါတယ်။ ကျောက်ဖျာဆိုတဲ့ရွာကလေးဟာ ဟိုး အောက်ချောက်ထဲမှာပါ။

ခဏနေတော့ ကျောက်ဖျာကို ရောက်ပါပြီ။ မရောက်တာကြာတဲ့ ကျောက်ဖျာကို တစ်ခေါက်တစ်ခါ ရောက်ရပြန်ပါပြီ။ နှစ်ပေါင်း (၃၀) တိတိ သံယောဇဉ်ကြီးတွေ ချည်နှောင်ထားခဲ့တဲ့ရွာလေးပါ။ ကိုဘစိုး၊ မတင်ကြည်တို့ အိမ်ရှေ့မှာဆိုင်ကယ်ရပ်ပြီးအသံပြုတော့ ကိုဘစိုးနဲ့ မတင်ကြည်တို့အိမ်ရှေ့မှာ ဆိုင်ကယ်ရပ်ပြီးအသံပြုတော့ ကိုဘစိုးနဲ့ ကိုခင်စိုးထွက်လာကာ ကြိုဆိုပါတယ်။ ကိုဘစိုး၊ ကိုခင်စိုး၊ ကိုကျော်စိုးဆိုတဲ့ စိုးသုံးစိုးဟာ ငယ်ငယ်ကအတွဲညီခဲ့ကြပါတယ်။ ကိုခင်စိုးက ကျွန်တော့်အရင် ကျောက်တံခါးကနေ မိုးကုတ်ကြိုတင်ရောက်နေပြီဖြစ်ကြောင်းဖုန်းနဲ့အကြောင်းကြားပြီးသားပါ။ ကိုခင်စိုးနဲ့မဆုံဖြစ်တာ နှစ်ပေါင်းသုံးဆယ်ကျော်လောက်ရှိပါပြီ။ ခုမှပြန်ဆုံရခြင်းပါ။ တွေ့တော့ အရမ်းကိုဝမ်းသာကြရတာပါ။

စိုး(၃)စိုး ငယ်ငယ်ကအကြောင်းတွေပြောမဆုံးပေါင် တောသုံးတောင်ဆိုပါတော့။

နှစ် (၈၀၀) ပြည့်ပွဲတော်ကို အဝေးရောက်ကျောက်ဖျာသားတွေအများကြီးပြန်လာကြမယ်ထင်ထားတာမလာကြပါဘူး။ ကိုခင်စိုးတို့ဇနီးမောင်နှံရယ်၊ မခင်အေးနှင်းသမီး (၃) ယောက်ရယ်၊ ဖားကန့်က ကိုမြင့်ကို-မသန်းဌေးရဲ့သမီးကြီးပုစူးမရယ်၊ ကျွန်တော်ရယ် ဒါပဲလာတာတွေ့ရတယ်။ အလုပ်တွေကိုယ်စီနဲ့ဆိုတော့ မလာနိုင်ကြပါဘူး။ မလာချင်လို့မဟုတ်ပါဘူး မလာနိုင်ကြတာပါ။ ပုစူးမကလည်း သူတို့အိမ်သော့ခတ်ထားတော့ ကိုဘစိုးတို့အိမ်မှာတည်းတာပါ။ ဒေါ်တင်ကြည်ရဲ့တူမအရင်းပါ။ သူကအခန်းထဲကထွက်လာပြီး ကျွန်တော့်ကို တလေးတစားနှုတ်ဆက်ရှာပါတယ်။ လှပကြွေရွင်းတဲ့ အသက် (၂၈) ရှိ အပျိုကြီးပါ။ ကျွန်တော့်ဖုန်းယူပြီး သူဖေဖေဘုတ်အကောင့်ထည့်ပေးပါတယ်။

ဒီလိုနဲ့ ကျောက်စေ့းအကြောင်းရောက်သွားပြန်ပါတယ်။ ကျောက်ဆိုတာ အရင်တုန်းက နောက်လိုက်အလကားပေးလိုက်ရတဲ့ကျောက်မျိုးတွေဟာ ခုဆိုရင် တစ်ပွင့်ကိုသောင်းကြီးသိန်းဖြစ်နေကြောင်း၊ နီရင်အကုန်ရောင်းစားရကြောင်း ကိုဘစိုးကပြောပြပါတယ်။

"ကျွန်တော်တို့ ရခဲ့ဖူးတဲ့ကျောက်တွေဟာ မနည်းမနောပါပဲ။ အခုချိန်သာရောင်းစားရရင် အလွန်ချမ်းသာတဲ့သူဌေးကြီးတွေဖြစ်နေမှာပါ။ ငါးမတ်လောက်ရှိတဲ့ ကာရက်တင်အစစ်သုံးပွင့်ကို တစ်ထောင်ရအောင် မနည်းရောင်းခဲ့ရတာ။ အခုချိန် တစ်ပွင့်ကို သိန်းတစ်ရာကျော်တန်နေပြီလေ။ ကျောက်ဘယ်လောက်ရှားသွားပြီလဲဆိုတာ အဲဒါကသက်သေပါပဲ။ ရခဲ့ဖူးတဲ့ကျောက်ကြီးတွေမျက်စိထဲပြန်မြင်ကာ လွမ်းနေမိပါရဲ့။ ခေတ်ကောင်းကိုမီလိုက်ပြီးကျောက်တွေများစွာ ရဖူးပေမယ့် သူခေတ်နဲ့သူ့အခါကျောက်တွေတန်ဖိုးမရှိတော့ကာ အများအနေနဲ့မချမ်းသာသလို ကျွန်တော်လည်း မချမ်းသာခဲ့ပါဘူး"

ဒါနဲ့ ကျွန်တော်က စာသင်ကျောင်းအကြောင်းမေးမိပြန်ပါတယ်။

"စာသင်ကျောင်းက ကိုကျော်စိုးအရင်တစ်ခေါက်လာတုန်းကထက် ပိုဆိုးသွားတယ်။ ကျောင်းသားနှစ်ယောက်၊ ကျောင်းပျော်နှစ်ယောက်၊လေးယောက်ပဲရှိတယ်။ စာရင်းဝင်တာက နှစ်ယောက်ပေါ့ဗျာ"

"ဆရာမကကော"

"ဆရာမကလည်း နှစ်ယောက်ပဲဗျ။ ပညာရေးမှူးလာစစ်တော့ ကျောင်းသားက နှစ်ယောက်ပဲရှိတာ။ အဲဒီမှာ ပညာရေးမှူးက ဒီရွာမှာကလေးက ဒါပဲရှိတာလားဆိုတော့ မဟုတ်ပါဘူး။ လေးငါးယောက်ရှိပါတယ်။ ကျောက်ပြဿဒ်ကျောင်းမှာသွားထားကြတာပါလို့ဖြေတယ်။ မင်းတို့အသင်အပြည့်လို့ သူများကျောင်းသွားထားတာနေမှာလို့ပြောသွားတယ်ကြားတာပဲ။ ကျောင်းဆိုက်ရင်ကျောင်းသွားမှာတောင်စိုးရပါတယ်ဗျာ။ ဆရာကလည်း မျိုးဆက်သစ်တွေအများကြီးပဲရှိတော့တာ အားလုံးအလေးပင်ပြန့်ကျဲကုန်ကြပြီလေ"

www.burmeseclassic.com

www.burmeseclassic.com

လို့ ညည်းညူရှာပါတယ်။

တကယ်ကို စိတ်မကောင်းဖြစ်မိတာပါ။ ရွာချင်းဆက်ကတ္တရာလမ်းတွေ ဖြစ်နေပြီ။ လျှပ်စစ်မီးတွေလည်းရကုန်တော့ကာ ရုပ်ဝတ္ထုတွေတိုးတက်လာခဲ့ပေမယ့် တွင်းတူးစရာနေရာမရှိတော့ကာ လူတွေအနေနဲ့ ဆုတ်ယုတ်ကုန်ပါပြီ။ မိုးကုတ်ရဲ့စီးပွားရေးဟာ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေခဲ့ပါပြီ။

ပတ္တမြားဖြစ်တည်ဖို့ဆိုတာ နှစ်သန်းပေါင်းများစွာ သန္ဓေတည်ဖြစ်တည်ရတာပါ။ ကုန်ခန်းခြင်းဟာ ထာဝရကုန်ခန်းခြင်းပါပဲ။ ရေတွင်းလိုရေပြန်မထွက်ဘူး။ သစ်ကိုင်းအခုတ်ခံရတဲ့သစ်ပင်လို့ အကိုင်းအခက်အရွက်တွေပြန်မထွက်ပါဘူး။ ဘာနဲ့တူလဲဆိုတော့ လူသေတာနဲ့ တူတယ်။ ဒီလူသေရင် ဒီလူအဖြစ်နဲ့ နောက်တစ်ခါပြန်မလာတော့ပါဘူး။ ထာဝရကွယ်ပျောက်သွားခြင်းပါ။ ကျောက်မျက်တွေ ကုန်ခန်းကုန်တာဟာလည်း ထာဝရကုန်ခန်းသွားခြင်းသာဖြစ်ပါတယ်။ နောက်တစ်ခါဖြစ်တည်ဖို့ဆိုတာ နှစ်သန်းပေါင်းများစွာကြာမြင့်ဦးမှာ ဖြစ်ပါတယ်။

ကျွန်တော့်ပေါလဲဖြစ်တဲ့ ကိုဘစိုးရဲ့အစ်ကိုကြီး ကိုကျော်တင်ကတော့ လေဖြန်းကာ စကားတွေမပီတော့သလို အယ်လ်ဇိုင်းမားဝေဒနာကလည်းစွဲကပ်နေပါပြီ။ ကျွန်တော် နှစ်ပေါင်း (၃၀) လုံးလုံး အဓိကမီဒိုနေထိုင်ခဲ့တာ ကိုကျော်တင်ရဲ့အိမ်မှာပါ။ ဖြူစင်ရိုးသားမှုမှာတော့ စံထားလောက်တဲ့လူတစ်ယောက်ပါ။ ကျောက်ဖျာမှာ ကိုကျော်တင်လောက်ရိုးသားဖြူစင်တာ တစ်ယောက်မှမရှိပါဘူး။ ဒါပေမယ့် ဇရာနဲ့ဗျာဓိဆိုတာကရှောင်လွှဲလို့မရဘူးလေ။

ကျွန်တော်နဲ့ ကိုခင်စိုးကတော့ သော့ခတ်မထားတဲ့အိမ်တွေဆိုရင် အကုန်နီးပါး လှည့်လည်နှုတ်ဆက်တာပါ။ နှစ် (၈၀) ပွဲသာမရှိရင် ရောက်လာနိုင်မယ်မထင်ပါဘူး။ တစ်ခေါက်ရောက်ဖို့ဆိုတာ အတော်ခက်တာပါ။ ကိုခင်စိုးနဲ့ မသိန်းတင်က ဦးစဲ့ အိမ်မှာတည်းတာပါ။ ကျွန်တော်က ဦးဘစိုးအိမ်မှာတည်းတာပါတယ်။ ညမှာလည်း ကိုဘစိုးနဲ့ စကားလက်ဆုံပြောမကုန်ပါဘဲ။

နောက်နေ့မနက်မှာ တရုတ်ဦးထွန်းမောင်တို့လာကြိုပါတယ်။ တွင်းတောလုပ်ကွက်ဘက်တွေ လှည့်လည်ကြည့်ရှုပြီး မိုးကုတ်ကိုပြန်ကြပါတယ်။

ကျောက်ပြာသင်္ကဖြတ်အသွားမှာတော့ ကျောက်ပြာသင်္ဘုရားတောင်မှာ ကားတွေထားစရာနေရာမရှိအောင် ပြည့်ကျပ်နေတာတွေ့ရပါတယ်။ မိုးကုတ်ရဲ့တော်ဝင်တစ်နေရာဖြစ်တာမို့ မိုးကုတ်ရောက်လို့မှ ကျောက်ပြာသာဒီမရောက်ရင် မိုးကုတ်ရောက်သည်မဇည်လို့ ဆိုကြတာကိုး။ ဒီတော့ စည်တာပေါ့။

၂၉ ရက်နေ့မှာ နှစ် (၈၀၀) ပြည့်ပွဲတော်ဖွင့်ပွဲကျင်းပပါတယ်။ မိုးကုတ်သူ့အနုပညာရှင်တွေလည်း တက်ရောက်ကြပါတယ်။ ပွဲစေ့းနဲ့စေ့းတန်းကလည်း ရှည်လျားသလို စည်လည်းစည်ကားလှပါတယ်။ မြို့ထဲမှာလည်း ပတ္တမြားမြေမှာ မှီတင်းနေထိုင်ကြတဲ့ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံဟာ ဝမ်းခင်းလှည့်လည်ကြပါတယ်။ မိုးကုတ်မှာနေထိုင်ကြတဲ့လူတွေ ဘယ်လောက်လှတယ်ဆိုတာ နိုင်ငံတော်အနှံ့အပြားက လူတွေမြင်တွေ့ခွင့်ရကြပါတယ်။ ကျေးလက်တွေကအထိ လာရောက် လှည့်လည်ကြကြောင်းကြားသိရပါတယ်။

ပြပွဲပြိုင်ပွဲတွေလည်းစုံလှပါတယ်။ မိုးကုတ်ထွက်ကျောက်ထွက်ကျောက်မျက်ရတနာအရောင်းဆိုင်တွေကလည်းအများအပြားပါပဲ။ ဒါပေမယ့် စေ့းက မိုးထိုးနေတာမို့ အံတော်အတန့်လူမကပ်နိုင်ပါဘူး။ သာမန်ကျောက်လေးတစ်ပွင့်စေ့းမေးကြည့်မိပါတယ်။ ခြောက်သိန်းတဲ့ဗျာ။ ဒါမျိုးကျောက်တွေ ကျွန်တော်တို့ငယ်စဉ်က နောက်လိုက်အဖြစ် အလကားပုံပေးလိုက်ရတဲ့ကျောက်မျိုးတွေပါ။ အခုခေတ်မှာကောင်းလိုက်တဲ့ကျောက်စေ့းပါလား။ ဒါပေမယ့် တူးစရာနေရာမရှိတော့ပါဘူး။ တကယ့်ဝမ်းနည်းဖွယ်ကြီးပါ။

ကျောက်စွင်းလုပ်ငန်းကိုလည်း ပုံစံငယ်များနဲ့ပြထားတာ တွေ့ရတယ်။ ဒါလေးတွေမြင်ရတော့ ငယ်စဉ်ဘဝက တစ်လျှောက်လုံး ကျောက်တွင်းမျိုးစုံတူးခဲ့တာလေးတွေ ပြန်လွမ်းမိပါရဲ့ဗျာ။ အလွန်ပင်ပန်းကြမ်းတမ်းပြီး သက်စွန့်ဆံဖျားလုပ်ရတဲ့အလုပ်တွေပါ။ တွင်းလုပ်ရင်းတွင်းပိပြီးသေရတဲ့လူတွေဟာ ပတ္တမြားမြေမှာ မနည်းမနောပါ။ ပတ္တမြားတွေဆိုတာ သွေးနဲ့ ချွေးနဲ့ အသက်နဲ့ ရင်းပြီးမှရတဲ့ရတနာတွေပါ။ ကျွန်တော်တို့ခေတ်မှာ ကျောက်တွေပေါပေမယ့် ကျောက်စေ့းမရှိတော့ကာ ခံစားခွင့်နည်းခဲ့ပါတယ်။

မိုးကုတ်ပတ္တမြားမြေမှာ ကျောက်တွေတူးခဲ့တာ နှစ်ပေါင်း (၈၀၀) ပြည့်သွားခဲ့ပြီပြီ။ စော်ဘွားတွေလက်ထက်မှာလည်း မကုန်ခဲ့ပါဘူး။ မြန်မာဘုရင်တွေလက်ထက်မှာလည်း မကုန်ခဲ့ဘူး။ အင်္ဂလိပ်လက်ထက်မှာလည်း မကုန်ခဲ့ဘူး။ ပါလီမန်ဒီမိုကရေစီလို့ခေါ်တဲ့ ဦးနု ခေတ်မှာတည်းမကုန်ဘူး။ တော်လှန်ရေးအစိုးရဦးနေဝင်းလက်ထက်မှောင်ခိုခေတ်မှာလည်း မကုန်ခဲ့ပါဘူး။ အရေးအခင်းပြီးတဲ့နောက် ၁၉၉၀ ကနေပြီး ဖက်စပ်တွေတူးလိုက်ကာမှပဲ ပတ္တမြားမြေတက်တက်ပြောင်တယ်ဆိုရမှာပါ။

ဘာလို့လဲဆိုတော့ နည်းပညာတွေတိုးတက်ပြောင်းလဲလာလို့ပါပဲ။ ရှေးတုန်းက အခုခေတ်လောက် စက်ကြီးတွေ အဆင့်မမြင့်ဘူး။ ခုခေတ်မှာ ရေဆိုရင် ကြိုက်သလောက်ထွက်ပါစေ။ ချောင်းလို စီးနေမလား။ အလွန်အားကောင်းတဲ့ စက်ကြီးတွေနဲ့ နိုင်အောင်စုပ်ထုတ်နိုင်စွမ်းရှိတယ်။ ဒီတော့ အောက်ခြေရေဆုံးရေဖျားအထိ ရှိသမျှဖြုန်းတွေ စုပ်ယူနိုင်စွမ်းရှိတော့ကာပြောင်ပြီပေါ့ဗျာ။ လုပ်ကွက်တွေကန်းကုန်ပြီပေါ့။ ကံ့ကော်တာမှ စုံလုံးကို ကန်းကုန်တာ။

ရှေးတုန်းကကျန်တယ်ဆိုတာ အခုခေတ်လို နည်းပညာအဆင့်မမြင့်လို့ကျန်တာပါ။ ခုခေတ်မှာ နည်းပညာကလည်းမြင့်၊ ကျောက်စေ့းကလည်း မိုးထိုးဆိုတော့ကာ လုပ်တဲ့လူတွေအဆင်ပြေကြမှာပါ။ မပြောတာက ဒေသခံတွေပါပဲ။ အလွန်နာမည်ကြီးခဲ့တဲ့ကျောက်ကုန်သည်ကြီးတွေအချို့ဟာ ဒေသကိုမခွဲခွာနိုင်တော့ အကြော်စုံတွေ၊ ယိုစုံတွေထုတ်လုပ်ရောင်းချကာ ဘဝကိုရပ်တည်နေရကြောင်းလည်း စိတ်မကောင်းဖွယ်ရာကြားခဲ့ရပါတယ်။

ကျောက်ဖျာမှာ နာမည်အကြီးဆုံးကျောက်ကုန်သည်ကိုသာဝိုးရဲ့ဇနီးဖြစ်သူ မတင်ကြည်ဟာ ကျောက်ကုန်သည်ဘဝကိုစွန့်လွှတ်ခဲ့တာ တစ်နှစ်ကျော်ပါမြို့တဲ့။ ဘာပြုလို့လဲဆိုတော့ အကြွေးတွေချည်းပြန်ရောင်းရတော့ကာ အရင်းတွေနစ်ဝင်ပြီး ကျောက်ကုန်သည်ဘဝကို စွန့်လွှတ်လိုက်ရတယ်လို့သိရပါတယ်။ ဒါကြောင့် ကိုဘစိုးရော မတင်ကြည်ပါ သူတို့စိုက်ထားတဲ့လက်ဖက်ခြံကြီးမှာ လက်ဖက်တွေခူးပြီး လက်ဖက်စိ၊ လက်ဖက်ခြောက်တွေထုတ်လုပ်ကာ ဘဝကို ရပ်တည်နေတာတွေ့ရတာပါပဲ။ တစ်ချိန်တုန်းက ကျောက်ကုန်သည်တွေတရုန်းရုန်း၊ သားသမီးတွေတရုန်းရုန်းနဲ့စည်ကားခဲ့တဲ့အိမ်ကြီးဟာ အခုတော့ ခြောက်သွေ့ငြိမ်သက်နေတာ တွေ့ရပါတယ်။ ဒါက မိုးကုတ်ရဲ့လက်ရှိအခြေအနေပြယုဂ်ပါပဲ။

ဖွင့်ပွဲညမှာတော့ မီးရှူးမီးပန်းတွေများစွာ ပစ်ဖောက်ကြတာမို့ မီးတွေအလှ

www.burmeseclassic.com

www.burmeseclassic.com

ဆင်ထားတဲ့အင်းရေပြင်ဟာ ပိုပြီးလှပနေပါတယ်။ ပွဲတော်ကျင်းပရာ မိုးကုတ်မို့တယ်အနီးက မုံကွင်းမှာတော့ မြန်မာပြည်သိန်းတန် စတဲ့ အဆိုတော်တွေနဲ့ ဧည့်ခံနေပါတယ်။ တိုးလို့တောင်မရပါဘူး။ မိုးကုတ်မှာ ဒီလောက်စည်ကားတာ ကြံဖို့ နောင်မှာခက်ပါလိမ့်မယ်။ မြို့လယ်လမ်းလေးဆုံအိမ်ပေါ် ကနေကြည့်နေရင် ကားတွေ၊ ဆိုင်ကယ်တွေ၊ လူတွေအစဉ်မပြတ်ပြည့်ကျပ်နေတာ တွေ့ရပါတယ်။ အင်းပတ်လမ်းမှာလည်း နေ့နေ့ည‌ည‌လူတွေနဲ့စည်ကားနေတာပါ။

ဒီလိုနဲ့ ၃၁ ရက်နေ့ပိတ်ပွဲရက်ရောက်ခဲ့ပါပြီ။ နေ့လယ်မှာ အင်းပတ်လမ်းကြီးပေါ် မှာ တစ်မြို့နယ်လုံးရှိသံဃာတော်၊ သာမဏေ၊ သီလရှင်တွေကို ဆွမ်းဆန်စိမ်းနဲ့လှူဖွယ်ဝတ္ထုအစုစုကို အင်းရဲ့ အရှေ့ဘက်ခြမ်းနဲ့ တောင်ဘက်ခြမ်းမှာ လောင်းလှူပါတယ်။ အလွန်စည်ကားတာပါ။ သံဃာတော်တွေကုန်တော့ သီလရှင်မှားပါ အဲဒီမှာ မိုးကုတ်သူထက်ထက်မိုးဦးလည်း သီလရှင်ဝတ်နဲ့ နှစ် (၈၀၀) ပွဲကိုရောက်နေတာမို့ ရှေ့ဆုံးကကြွရမှာပါ။ ဒါပေမယ့် အတော်နဲ့မကြွနိုင်ဖြစ်ရတယ်။ ဘာလို့လဲဆိုတော့ သူသမီးလေးက သူ့အမေသီလရှင်ရှေ့မှာ ပိတ်ဆီးပြီးဖက်တွယ်နေလို့ပါပဲ။ သူ့သမီးလေးလည်း နှစ် (၈၀၀) ပွဲကိုရောက်နေခြင်းပါ။ ကျွန်တော်လည်းလိုက်ပြီးကြည့်နေတော့ကာ မိခင်နှင့်သမီးရဲ့ဘဝခြားနေတဲ့ဖြစ်အင်ကိုကြည့်ကာ စိတ်မသက်မသာဖြစ်နေရပါတယ်။ သမီးလေးနဲ့ပါလာတဲ့ဆွေမျိုးတွေက မနည်းချော့မော့ပြောပါမှ သမီးလေးက မအေဆီကခွာပါတယ်။ အဲဒီကျမှပဲ ဆရာလေးဟာ ဆွမ်းဆန်အလှူခံကြွလို့ရပါတယ်။ အဲဒီပွဲတော်ဟာ အမေနဲ့သမီးကို ဘဝခွင်းတုံအောင် ပြန်လည်ဆုံစည်းပေးတဲ့ပွဲလို့ဆိုရပါမယ်။ ဘာလို့လဲဆိုတော့ သမီးရဲ့ သံယောဇဉ်ကို တောင့်မခံနိုင်တော့တဲ့ ထက်ထက်မိုးဦးဟာ မိုးကုတ်ပွဲတော်က အပြန်မှာ သီလရှင်ဘဝက လူဝတ်ပြန်လဲပြီး သူ့သမီးလေးဆီပြန်ရောက်သွားလို့ပါပဲ။ မိခင်နဲ့ သမီးလေးရဲ့ဖြစ်အင်က သနားစရာမို့ မျက်စိထဲကမထွက်ခဲ့ပါဘူး။ ငယ်ငယ်ရွယ်ရွယ်နဲ့ မိခင်ကိုခွဲခွာနေရတော့ကာ သူ့မိခင်ကိုတွေ့လိုက်ရတော့ သမီးလေးအနေနဲ့ ဖြေမဆည်နိုင်ဖြစ်ခဲ့ရတာပါ။ သီလရှင်ကတော့ ကျန်ခဲ့ရရဖျောင်းဖျနေတာမြင်ရပါတယ်။ ပိတ်ပွဲညမှာလည်း အရမ်းလှပါတယ်။ နှစ် (၈၀၀) ပြည့်ပွဲတော်ကြီးကတော့ အလွန်အလွန်စည်ကားစွာပြီးဆုံးခဲ့ပါပြီ။

လူမှုကွန်ရက်စာမျက်နှာမှာ မိုးကုတ်သူမိုးကုတ်သားတွေနဲ့ မိုးကုတ်ရောက် ဧည့်သည်တွေက ပုံလှလှတွေပလူပျံအောင်တင်နေကြတာကိုလည်း အားလုံးမြင်တွေ့ကြရမှာပါ။ မိုးကုတ်ဟာ ပန်းခိုကားတစ်ချပ်သဖွယ် အလွန်ပဲလှပတယ်။ ဆောင်းပိုင်းဆို ပိုလို့တောင်လှပါသေးတယ်။ နံနက်အလှကတစ်မျိုး၊ နေ့လယ်အလှကတစ်ဖုံ၊ ညနေခင်းအလှကတစ်သွယ်၊ ဘယ်ဆီဘယ်ဝယ်ရှုရှုရှုတိုင်းမြင်တိုင်းလှနေတဲ့မြို့ကလေးပါ။ မြန်မာနိုင်ငံမှာ မိုးနဲ့ဆောင်းဆိုပြီး ရာသီဥတုနှစ်ခုသာရှိတဲ့မြို့လေးပါ။ ဒါပေမယ့် ဟိုးအရင်တုန်းကလို စီးပွားရေးဖြတ်လမ်းလိုက်ချင်တဲ့ အနယ်နယ်အရပ်ရပ်က တွင်းသားတွေလည်း မရှိတော့ဘူး။ မြို့လိုပေါက်နေတဲ့ဖောက်တွင်းတွေလည်းမရှိတော့ဘူး။ ကွက်ရပ်တွေ၊ လုပ်ကွက်တွေ မှန်သမျှ ဖက်စပ်တွေက ဝါးမျိုပစ်ကုန်ပါပြီ။ ဒါပေမယ့် မိုးကုတ်သူမိုးကုတ်သားတွေကတော့ ကြံကြံခံစိတ်ဓာတ်နဲ့ မိုးကုတ်မြို့လေးကို ချစ်ခင်မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်သွားကြမှာပါ။ နှစ် (၉၀၀) ပြည့်ပွဲတော်ဆီ ဧပြီလတစ်ရက်နေ့ကနေ စတင်ချီတက်နေပါပြီ။

မိုးကုတ်ဟာ စီးပွားရှာဖွေလို့ မကောင်းတော့ပေမယ့် အေးမြတဲ့ရာသီဥတုကြောင့် နွေရာသီမှာ လာရောက်အနားယူဖို့ အကောင်းဆုံးမြို့လေးဆိုတာကိုတော့ ညွှန်းပါရစေ။ မိုးကုတ်မှာ တန်ခိုးကြီးစေတီပုထိုးတွေများစွာရှိသလို လှည့်လည်ကြည့်ရှုစရာရှုခင်းတွေလည်း များလှပါတယ်။ အနည်းဆုံးလေးငါးရက် လှည့်လည်ကြည့်ရှုစေလိုပါတယ်။ အားလုံးစိတ်ချမ်းသာသွားမှာပါ။ ပြီးတော့ မိုးကုတ်အစားအစာတွေကလည်း နတ်သုဒ္ဓါလို့ အရသာရှိလှပါတယ်။ ဗဟုသုတအဖြစ်နဲ့ ကျောက်မျက်ဖက်စပ်လုပ်ငန်းတွေကိုလည်း ခွင့်တောင်းကာ ဝင်ရောက်လေ့လာနိုင်ကြပါတယ်။

တရုတ်ဦးထွန်းမောင်က ဧပြီလ တစ်ရက်နေ့မှာ မန္တလေးပြန်ဆင်းမယ်၊ ကားလာကြိုမယ်လို့လာအကြောင်းကြားရင်း လက်ဆောင်ပစ္စည်းတွေတပွေ့တပိုက်ကြီးလာပို့ပါတယ်။ မိုးကုတ်ထွက်ပစ္စည်းတွေပါ။ ဒေါ်မေမာလာနဲ့ မြေးမလေးသွန်းနေခြည်သာတို့လည်း အဲဒီနေ့မှာ ပြန်ကြမှာပါ။

နှစ် (၈၀၀) ပွဲအကြိုရက်တွေမှာ မိုးကုတ်အတက်ပဲရှိတယ်။ အဆင်းမရှိဘူး။ အဲဒီတော့ ကားတွေ မန္တလေးကို ခါလီဆင်းကြရတယ်။ အတက်လူတွေက အများအပြားပါပဲ။ ဒီတော့ ဒေါ်မေမာလာတို့ကားနောက်ခန်းနှစ်ခုကို လေးသောင်းနဲ့ ဝယ်ရတယ်။ အသွားအပြန်စရိတ်ပါ။ ပုံမှန်ကတော့ ရှေ့ခန်း (၁၂၀၀၀) ကျပ်၊ အနောက်ခန်း(၁၀၀၀၀)ကျပ်ပါ။ အဆင်းလူမရှိ အတက်လူပဲရှိတော့ကာ (ရှေ့ခန်း ၂၅၀၀၀) ကျပ် (နောက်ခန်း ၂၀၀၀၀) ကျပ်ဖြစ်သွားခြင်းပါပဲ။ ပွဲပြီးတော့ကာ အတက်လူမရှိပြန်ဘူး။ အားလုံးအဆင်းတွေချည်းပဲ။ ဒီတော့ ကားခက နှစ်ဆပါပဲ။ကားခတင် မြေးအဘွားနှစ်ယောက်တစ်သိန်းနီးပါးကုန်ပါတယ်။

၂၀၁၈ ခု၊ ဧပြီလ ၁ ရက်နေ့မှာ ကျွန်တော်တို့ဦးထွန်းမောင်ရဲ့ညီကားနဲ့ မန္တလေးကိုပြန်ခဲ့ပါတယ်။ ဦးထွန်းမောင်ကတော့ ရောက်တုန်းရောက်ခိုက် မိုးကုတ်မှာ ခဏနေပြီးမယ်ဆိုပြီးကျန်ခဲ့ပါတယ်။ ပြင်ဦးလွင်လမ်းကပဲပြန်ခဲ့တာပါ။

မိုးကုတ်ကိုတက်တုန်းကလည်းပဲ လမ်းမှာ ကားတွေတန်းစီနေသလို အပြန်မှာလည်း တန်းစီနေတာ မရေမတွက်နိုင်အောင်ပါဘဲ။ အချို့ကတော့ တောင်တက်သက်သာတဲ့ မတ္တရာလမ်းဘက်ကပြန်ကြပါတယ်။ မတ္တရာလမ်းက အကွေ့အကောက်များတယ်။ ပြင်ဦးလွင်လမ်းကတောင်တက်ကြမ်းတယ်။ ပြင်ဦးလွင်လမ်းက ဆီတစ်ဂါလန်ပိုကုန်တယ်လို့ဆိုတယ်။ ဒါပေမယ့် နီးတော့ကာ ပြင်ဦးလွင်လမ်းကအသွားများကြောင်းသိရပါတယ်။ မတ္တရာလမ်းက လက်ပံလှမှာ ထမင်းစားနားကြတယ်။ ပြင်ဦးလွင်လမ်းကျတော့ ပြင်ဦးလွင်မှာနားပြီး ထမင်းစားကြတယ်။ မတ္တရာလမ်းက နားစရာ၊ စားစရာပေါတယ်။ ပြင်ဦးလွင်လမ်းက နားစရာသိပ်မရှိသေးပါဘူး။ လူနေကျပါသေးတယ်။

မိုးကုတ်ကပြန်ခဲ့ရပေမယ့် အသက် (၂၀)ကနေ အသက် (၆၈)နှစ်အထိနေခဲ့တဲ့ မိုးကုတ်ပတ္တမြားမြေကို မျက်စိထဲကမထွက်ဘဲမြင်ယောင်ကာလွမ်းနေမိပါရဲ့ဗျာ။ ပတ္တမြားမြေရဲ့ခေတ်အဆက်ဆက်ဖြတ်သန်းလာရမှုတွေကိုလည်းပြန်ပြောင်းတွေးနေမိလေရဲ့။

ချမ်းမြေ့ကြေးပါစေ

ရွှေပြည်စိုး(မိုးကုတ်)

ကိုးကား -

၁။ ဦးသိန်းလွင်-ဘီအေ
မိုးကုတ်ပတ္တမြားမြေအကြောင်း
၂။ မောင်ထွန်းဦး-မိုးကုတ်
ကမ္ဘာကသိတဲ့မြန်မာ့ပတ္တမြားမြေ

www.burmeseclassic.com

www.burmeseclassic.com



(ဟေဒိမြို့)

ရဲမျိုးသူ

အလင်းစက်ဝန်းနှစ်လုံး၏ ပိုင်ရှင်

အဘဘိုးမင်းခေါင်အကြောင်းကို ယခင်မှသည် ယနေ့ထိတိုင် အမျိုးအဖုံဖုံ ရေးနည်းစုံစွာ ရေးကြဆဲပြောကြဆဲဖြစ်၏။ မင်းခေါင်ရှင်နှင့်ပတ်သက်၍ လူသိနည်းပါးသော စိတ်စွမ်းအင်နှင့် သူဘဝဝိဇ္ဇာလောကတစ်စိတ်တစ်ဒေသကို သိမိသမျှ တင်ပြပါအံ့။ ထိုအကြောင်းတို့ကား ထိုအရှင်ပိုင်ဆိုင်သော စိတ်အလင်းစက်ဝန်း(ကသိုဏ်း)ဝန်းအကြောင်းသာ ဖြစ်လေသည်။ တိုက်ဆိုင်ခြင်းလည်းရှိ၍သာ ရေးသားမိခြင်းလည်း ဖြစ်ပါသည်။ အချို့သောဝိဇ္ဇာကိစ္စတို့သည်ကား အချို့သာမန်လူသားတို့လက်ခံနိုင်သော်လည်း အချို့ကိုမူ လက်မခံနိုင်သောအကြောင်းများထူးဆန်းစွာပါဝင်နေ၍ မင်းခေါင်ရှင်၏ ထူးခြားသောသုတများအဖြစ်သာ ယူဆကြပါရန် ကြိုတင်စွာ တင်ပြမိပါသည်။

"ဘာသိချင်တာလဲ ဒကာကြီး"

"သိချင်တာကတွေတော့ အများကြီးပါပဲဘုရား။ မေးသင့်မမေးသင့်ချိန်ဆ နေမိတာပါဘုရား"


"မေးကြည့်ပါ။ ရသေ့သိတာဆိုရင်တော့ ဖြေပေးလို့ရတာပေါ့"

"အဓိကတော့ ဝိဇ္ဇာပုဂ္ဂိုလ်ထူးကြီး အဘဘိုးမင်းခေါင်အကြောင်းပါဘုရား။ ဝိဇ္ဇာတွေရဲ့ဦးစီးနာယကဉာဏ်ဌာနကြီးလို့ တော်တော်များများပြောကြတယ်ဘုရား။ ကျန်နာမည်ကြီးတဲ့ဝိဇ္ဇာရှင်တွေလည်း ရှိနေတာပဲ။ တပည့်တော်ထင်တာက ဘိုးမင်းခေါင်ကြီးမှာ ကျန်ဝိဇ္ဇာတွေနဲ့မတူတဲ့စိတ်စွမ်းအင်ထူးတွေပိုပြီးရှိနေမယ်ထင်လို့ပါဘုရား။ ဘရသေ့သိရင် ဗဟုသုတ မိန့်ကြားပြပါလားဘုရား"

ဘရသေ့နှင့်ကြုံတိုင်း သိလိုသော ဝိဇ္ဇာရှင်များအကြောင်း လေ့လာတတ်သလိုလျှောက်မိ၏။ ထိုသို့လျှောက်လေတိုင်း ဝိဇ္ဇာရှင်တို့လျှောက်လှမ်းသောလမ်းစဉ်ကို ခေတ်အဆက်ဖြင့် ရှိုင်းယှဉ်၍ သဘာဝကျစွာလေ့လာခံနိုင်ရန် ရှင်းပြပေးတတ်၏။ ဘရသေ့နွေ၏ စံနှုန်းမြင့်သော

www.burmeseclassic.com

www.burmeseclassic.com





နေပူကြီးချိန်၌ ပိတောက်ပင်ကြီးအောက်ရှိ ရသေ့ရှင်ကြီးကောဝိဒ၏ ကျောင်းသခင်မ်းလေးမှာ အေးမြမြရှိလှပါပေ၏။ ရသေ့ကြီးမှာ ကျွန်တော်၏ လျှောက်ထားချက်ကို အသေအချာနားထောင်ပြီး သဘောပေါက် နားလည်စေရန် မည်သို့ပြန်ရှင်းပြရမည်ကို တွေးနေပုံရ၏။

"ဒကာကြီး၊ သာမန်လူတို့လက်ခံနားလည်ဖို့တော့ခက်ပါရဲ့။ နားလည်လွယ်တဲ့နည်းနဲ့ပမာပြရရင် လည်ပတ်နေတဲ့ဘီးတစ်လုံးကို ပိုင်ဆိုင်ထားသူနဲ့ ဘီးနှစ်လုံးကိုပိုင်ဆိုင်တဲ့သူကွာသလိုပဲလို့ ဥပမာပေးရင် ဒကာကြီးစိတ်မှာနည်းနည်းမြင်သွားမယ်။ ဒီတော့ ဘယ်လို ဘီးလဲဆိုတာ ရှင်းပြရတော့မယ်။ ဒါကိုမရှင်းပြခင် ပွင့်လင်းမြင်သာအောင် ရိုးရိုးတန်းတန်း ရသေ့ရဲ့စိတ်အသိနဲ့ ပြောစရာတစ်ခုရှိတယ်။ အဲဒါက ဝိဇ္ဇာတွေဟာ ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုကိုးကွယ်ကြတာမှန်ပါတယ်။ သာသနာတော်ကိုလည်း စောင့်ရှောက်ကြပါတယ်။ ဒါပေမယ့် အချို့စိတ်အကျင့်အကြံအားဖြင့် မတူညီကြဘူး။ ဥပမာ ဗုဒ္ဓအလိုတော်ကျ ကသိဏ်းကျင့်စဉ်နဲ့ ဝိဇ္ဇာတို့ကိုယ်တိုင် လက်တွေ့ကျင့်နေလို့ အသိအတိုင်းပြောပြတာပါ။

ဒီတော့ ရသေ့တို့တွေကျင့်ကြံနေကြတဲ့ဝိဇ္ဇာကျင့်စဉ်သမထနည်းလမ်းတွေဟာ သံသရာကလွတ်မြောက်ကြောင်းကို တိုက်ရိုက်ဦးမတည်နေဘူး ဒကာကြီး။ ဒါရသေ့ရိုးရိုးပြောတာ။ သံသရာကို ရှည်ကြာစေတဲ့လမ်းပဲ။ စိတ်တန်ခိုးစွမ်းအားတွေကိုအသုံးပြုပြီး ဘဝပေါင်းများစွာ နာမ်အတတ်၊ နာမ်ဓာတ်ရှင်တွေဘဝနဲ့ နှစ်ပေါင်းများစွာ နေနိုင်ကြသလို သက်ရှိလူသားရုပ်ဓာတ်မှာလည်း ဝင်ရောက်ပြီး နေထိုင်တတ်ကြတယ်။ ဒါကြောင့် ဝိဇ္ဇာတွေရဲ့တစ်ခုတည်းသောရည်မှန်းချက်က စိတ်တန်ခိုးစွမ်းအင်တွေရှိကြပြီး ထွက်ရပ်ကိစ္စကို ပြီးမြောက်အောင်မြင်အောင်ကြိုးစားကြတာပဲ"

"ထွက်ရပ်ပေါက်တယ်၊ ထွက်ရပ်ပေါက်တယ်ဆိုတဲ့စကားလူတော်တော်များများပြောကြတယ် ဘုရား။ အဲဒီအကြောင်းလည်း ကြုံရင်ရှင်းပြပေးပါဦး ဘုရား"

"အင်း- ဒါလည်း လူတွေအများစုနားလည်မှုလွဲပြီး အဟုတ်မှတ်နေတာပါပဲ။ နောက်ကြုံတော့ရှင်းပြသေးတာပေါ့ဗျာ"

"ဒါဆို ဝိဇ္ဇာလမ်းစဉ်တွေဟာ ဗုဒ္ဓဘာန်ကို တိုက်ရိုက်ဦးတည်တာမဟုတ်ဘူးပေါ့ ဘုရား

www.burmeseclassic.com

www.burmeseclassic.com

"အမှန်ပဲ ဒကာကြီး၊ အချို့လူတွေက မိမိကိုးကွယ်တဲ့ဆရာတွေကို ဒီလို ပြောရင် မကြိုက်ကြဘူး။ တကယ်တော့ ဒီအကျင့်အကြံကို ထိုက်သင့်သမျှနှားလည်ပြီး ဝိဇ္ဇာတွေကျင့်ကြံတဲ့သမထလမ်းစဉ်ထဲ ပျော်မွေ့သွားပြီးဆိုတာနဲ့ ဝိပဿနာနဲ့ဝေးပြီးရင်းဝေးဖြစ်တော့တယ်။ ပြောရရင် စိတ်တန်ခိုးစွမ်းအားတွေရရှိအောင် ဝိဇ္ဇာပညာရပ်တွေထဲက မိမိသန်ရာပါရမီရှိရာ ပညာရပ်တွေကို ကြိုးစားကြတယ်။ ကျင့်ကြံအားထုတ်ကြတယ်။ အဲဒီလို အားထုတ်နိုင်ဖို့ လူသူနည်းပါးလှတဲ့ တောတောင်ကြီးတွေမှာနေကြတယ်။ တောတောင်ရဲ့သဘောသဘာဝကိုနားလည်ပြီး ရောင့်ရဲတင်းတိမ်တတ်တဲ့စိတ်နဲ့ကျင့်ကြံကြတယ်။ ပြောရရင် သိပ်ပြီး ကျယ်ပြန့်လွန်းတယ်။ အခုပြောပြနေတာဟာ ဝိဇ္ဇာလမ်းစဉ်ကျင့်သူတွေအကြောင်း ရသေ့သီသလောက် ပြောပြတာပါ။ ဘိုးမင်းခေါင်ကြီးကို ဝိဇ္ဇာရှင်တို့ရဲ့ခေါင်းဆောင်တင်မြှောက်ရတဲ့အကြောင်း ဆက်လိုက်ပါဦးမယ်"

"တင်ပါဘုရား"

"ဦးစွာသိသင့်တာက ဒီဘိုးမင်းခေါင်ဆိုတဲ့ပုဂ္ဂိုလ်ကြီးဟာ ဘယ်အချိန်ဘယ်ကာလကစပြီး ဝိဇ္ဇာကြီးဖြစ်နေလဲဆိုတာ မသိကြပါဘူး။ ထင်ယောင်ထင်မှားအမျိုးမျိုးပြောနေကြတာတွေရှိတယ်။ သေချာတာကတော့ ဝိဇ္ဇာတွေတတ်အပ်တဲ့ ဓာတ်ပေါင်းစုံစေ့အတတ်ကို အလွန်နှံ့စပ်ကျွမ်းကျင်နေခြင်းပဲ။

"ဘယ်လိုဓာတ်ပေါင်းစုံအတတ်လဲဘုရား"

"ဒီလိုဒကာကြီးရဲ့ လွယ်ကူအောင်ပြောပြပါမယ်။ ဓာတ်ပေါင်းစုံစေ့အတတ်ဆိုတာ ဒကာတို့သာမန်လူတွေသိနေတဲ့ အဂ္ဂိရုတ်၊ အင်း၊ ဆေး၊ စမ၊ ဗေဒင်၊ မန္တန်စတဲ့အတတ်တွေပဲပေါ့။ ဒါ့အပြင် သာမန်လူတွေမသိနိုင်တော့တဲ့အကြောင်းကတော့ စိတ်အတတ်သခင်လို့ ဝိဇ္ဇာအပေါင်းကအသိအမှတ်ပြုခြင်းပဲ။ ဒါဆို ဒကာကြီးကမေးဦးမယ်။ ဘယ်လိုစိတ်အတတ်သခင်လဲ။ ဘုရားဆိုရင် စိတ်တန်ခိုးစွမ်းအားရရှိမှုမှာ အခြားဝိဇ္ဇာတွေနဲ့မတူ အလွန်ထူးစွာရရှိထားတဲ့ပုဂ္ဂိုလ်ကြီးဖြစ်နေတာကြောင့်ပဲပဲ ဒကာကြီး"

"ဒါဆို အဘဘိုးမင်းခေါင်ကြီးကို အင်းဝိဇ္ဇာကြီးလည်းပြောလို့ရသလို စမဝိဇ္ဇာကြီးလည်းဆိုလို့ရတာပေါ့"

"အမှန်ပေါ့ဗျာ၊ ဘဝအဆက်ဆက် ဝိဇ္ဇာအတတ်နဲ့ နာမ်ဓာတ်အသွင်နဲ့နေတယ်။ နာမ်ကိန်းပြီးလည်းနေတယ်။ အဲလိုနေရင်းနဲ့ ဗုဒ္ဓရှင်ရဲ့သာသနာတော်နဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ကယ်သင့်ကယ်ထိုက်ကူသင့်ကူထိုက်သူကို ကူညီနေတာပဲ ဒကာကြီး"

"ဘရသေ့တို့ကျတော့ ဘိုးမင်းခေါင်ကို ဘယ်လိုကြောင့်သိတာလဲ ဘုရား"

"ရိုးရိုးပြောရရင် ရသေ့တို့ရဲ့ဆရာပဲ။ ဝိဇ္ဇာတွေကျင့်ကြံတဲ့ကသိုဏ်းအတတ်ကို တတ်မြောက်ပြီး မိမိကိုယ်၌ အတိအကျ နိမိတ်ရစွာ ကသိုဏ်း (စိတ်စက်ဝန်းကြီး) လည်ပတ်နိုင်လို့ အာရုံကလာတဲ့အသံကိုဖမ်းနိုင်ပြီး အာရုံမျက်စိကမြင်နိုင်လာပြီဆိုရင် မင်းခေါင်ရှင်ဟာ ဘာကြောင့်ဝိဇ္ဇာတွေရဲ့အထွတ်အထိပ်ကို ဖြစ်ရတာလဲသိလာတယ် ဒကာကြီး"

"ဘရသေ့နဲ့ စကားပြောဖူးလားဘုရား။ သိချင်လို့မေးမိတာပါဘုရား"

ထိုစကားအား ဘရသေ့အား စွန့်စားစွာ မေးလျှောက်မိ၏။ ထိုသို့လျှောက်မိသည်ကလည်း ဘရသေ့၏အတွင်းစိတ်သဘောတွင် မည်သည့်ကိစ္စမဆိုပြောခွင့်ရှိသည်ကို ပြောပြလိုသောစိတ်၊ နားလည်လိုသောစိတ်ရှိနေတတ်၍လည်း ဖြစ်၏။ ရသေ့ရှင်ကြီးကပြောသင့်မပြောသင့် ချင့်ချိန်ဟန်ဖြင့် -

"ပြောပြမယ် ဒကာကြီး၊ စိတ်အာရုံနဲ့ အဆက်အသွယ်တွေရှိကြပါတယ်။ တစ်နည်းပြောရရင် မနောအာရုံက စကားပြောလို့ရတယ်ဆိုပါတော့"

"အမြဲတမ်းပြောနိုင်တာလားဘုရား"

"အဲလိုတော့မဟုတ်ဘူး။ ဝိဇ္ဇာတွေဟာ အကျိုးအကြောင်းရှိရင် တစ်ဦးနဲ့တစ်ဦး ဆက်သွယ်မှုတွေရှိကြတယ်။ နောက်ပြီး အတွေ့အကြုံတွေရလာတာနဲ့အမျှ သက်ရှိလူသားဖြစ်တဲ့ ရသေ့တို့ဟာ ဒီအလင်းစက်ဝန်း(ကသိုဏ်း)အလင်းဝင်လာတာနဲ့ ဒီက အလင်းစက်ဝန်း(ကသိုဏ်း)အလင်းဟာ ဒါရက်ကန်းစင်တောင်ဆရာတော်၊ ဒါဦးပဏ္ဍိတ၊ ဒါရှင်ဥတ္တမကျော် စတဲ့ ထွက်ရပ်နာမ်ဓာတ်ရှင် ဝိဇ္ဇာတွေရဲ့အလင်းစက်ဝန်းလည်ပတ်ပုံနဲ့ စကားသံကို မှတ်မိနေတော့ခြင်းပဲ။ ဥပမာ ခြေသံကို နားထောင်ပြီး ဒါဘယ်သူလဲဆိုတာ အာရုံကအလိုလိုသိသလိုပဲပေါ့။ ဒီလိုနဲ့ မိမိအာရုံထဲ ဘယ်သူကြွလဲဆိုတာ သိခြင်းပါပဲ"

"တော်တော်ထူးဆန်းတာပဲနော်။ ဒါဆို ဘရသေ့ပြောပြမယ့်အဘဘိုးမင်းခေါင်ရဲ့ဘဝနှစ်လုံးဆိုတာကကောဘုရား"

"အဲဒါပြောလို့ရသွားပြီးဒကာကြီး။ ဘာကြောင့်လဲဆိုရင် ဘိုးမင်းခေါင်းဟာ အလင်းစက်ဝန်းကသိုဏ်းဝန်းကြီးနှစ်လုံးကို လည်ပတ်ခြင်းအသွင်နဲ့ အာရုံထဲကို ဝင်လာပြီဆိုရင် ဒီနာမ်ရုပ်ဓာတ်ရှင်ဟာ ဝိဇ္ဇာရှင်တို့ရဲ့ဦးစီးနာယကကြီး ဘိုးမင်းခေါင်ကြွလာပြီဆိုတာတန်းပြီးသိနေလို့ပဲ။ ဒါကို ဝိဇ္ဇာရှင်တွေက စကြာဆင်းတယ်လို့မှတ်ယူပြောဆိုကြပါတယ်ဒကာကြီး"

"ဒါဆို အဘဘိုးမင်းခေါင်က စိတ်ယန္တရားစက်ကြီးနှစ်လုံးကိုပိုင်တဲ့ဝိဇ္ဇာကြီးပေါ့ဘုရား"

"မှန်တယ် ဒကာကြီး၊ ပြောလက်စနဲ့သိအောင်ဗဟုသုတပြောရရင် တစ်ပြိုင်တည်းနဲ့ ကသိုဏ်းစက်(အလင်းစက်ဝန်း)ကို အမျိုးမျိုးအဖုံဖုံ ကျွမ်းကျင်စွာ မြန်နှုန်းမြင့်စွာလည်ပတ်နိုင်သလို အလင်းစက်ဝန်းနှစ်ခုကို တစ်ခုနဲ့တစ်ခုထပ်လိုက်ရင် စကြာဖြစ်သွားပြန်တယ်ဒကာကြီး။ အဲဒါကြောင့် ဝိဇ္ဇာရေပညာရဲ့အလွန်ကြီးမြတ်တဲ့ စကြာအတတ်ကိုတတ်နေတဲ့ စကြဝဠာအတွင်းက မြန်မာပြည်ရဲ့ စကြာရှင်ဟာ ဘိုးမင်းခေါင်ကြီးပါပဲလို့ မှတ်လို့သာသွားပေတော့ ဒကာကြီး"

ဘရသေ့ထံသို့ ရောက်လေတိုင်း ထူးထူးဆန်းဆန်းစကားဆန်းများနှင့် စိတ်ကမ္မာ၌စနစ်တကျဖြစ်တည်နေတတ်သောစိတ်ဖြစ်စဉ်များကို ကြားရမြဲဖြစ်ပါ၏။ အဘဘိုးမင်းခေါင်ကြီးအကြောင်းကား စာအုပ်များတွင်ဖတ်ရှုရသော်လည်း အကြောင်းအရာတို့က ထပ်နေသည်ကများလှ၏။ ကျွန်တော်စိတ်တွင်တွေးမိ၏။ ထိုအကြောင်းသည်ကား ဘိုးမင်းခေါင်ဝိဇ္ဇာကြီး၏ရုပ်တုသည် မြန်မာနိုင်ငံအနှံ့နေရာအရပ်အတော်များများတွင် အခြားဝိဇ္ဇာများနှင့်မတူ တစ်မူထူးစွာရှိနေတတ်ပါသည်။ ဘရသေ့ပြောပြသော အဘဘိုးမင်းခေါင်အကြောင်းကြားသိရသောအခါ ထိုအရှင်သည် အခြားဝိဇ္ဇာရှင်တို့နှင့်မတူ တစ်မူထူးခြား စက်အလင်းစက်ဝန်း (၂) လုံးကို လိုသလိုသုံးနိုင်၍ စိတ်တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သောစိတ်တန်ခိုးရှင်ကြီးဖြစ်ပေလိမ့်မည်။ ထို့ကြောင့်လည်း အဘဘိုးမင်းခေါင်အား မေတ္တာပို့ရင်း ကျွန်တော့်ရင်ထဲဆုတောင်းမိသည်ကား မြန်မာနိုင်ငံ၏အမျိုးဘာသာ၊ သာသနာကို စိတ်တန်ခိုးစွမ်းအားကြီးဖြင့် စောင့်ရှောက်နိုင်ပါစေသားဟူ၍ နှုတ်ပြု၍ ဆုတောင်းနေမိပါတော့သည်။

ရဲမျိုးသူ (ဇောခိမြိုင်)

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လိုင်(သုဝဏ္ဏ)
လက်တွေ့အသုံးကျ လက္ခဏာပညာ

လက်သန်း (Little Finger)

လက်သူကြွယ်၏လက်သည်းနေရာထိရှည်လျား ရောက်ရှိသောလက်သန်း

သူတစ်ပါးအပေါ် ဩဇာလွှမ်းမိုးနိုင်သူ၊ စကားပြောဆိုရမည့်လုပ်ငန်းမှန်သမျှ၌ ဘက်စုံကျွမ်းကျင်သူ (အပြောအဆိုလိမ္မာကျွမ်းကျင်သူ) ဖြစ်သည်။

အလွန်တိုတောင်းသောလက်သန်း

ကိစ္စရပ်တိုင်းအား အကြောင်းအကျိုးညီစွာ သိမြင်နိုင်စွမ်းရှိသူဖြစ်သည်။

ထိပ်ဖျားချွန်သောလက်သန်း

မည်သည့်ပညာရပ်ကိုမဆိုလေ့လာရာ၌ ဗီဇစိတ်ဖြင့်ထိုးထွင်းသိမြင်နိုင်စွမ်းရှိသူ၊ အပေါ်ယံအားဖြင့် စကားပြောကောင်းသူဖြစ်သည်။

လက်ချောင်းထိပ်ဖျားလေးထောင့်ကျသောလက်သန်း

ဆင်ခြင်တွေးခေါ်မှုအားကောင်းသူ၊ ဘဝပေးအသိရှိသူ၊ အကြောင်းအကျိုးအမှန်ကိုသာ လက်ခံတတ်သူ၊ နိုးသားသူဖြစ်သည်။

ထိပ်ဖျားကားသောလက်သန်း

စကားပြောကောင်းသူ၊ သိပ္ပံပညာရပ်ဆိုင်ရာပြဿနာပစ္စွာမျှားအား ရှင်းလင်းအဖြေထုတ်နိုင်သူ ဖြစ်သည်။

ပထမလက်ဆစ်ရိုးရှည်လျားသောလက်သန်း

သိပ္ပံပညာရပ်နယ်ပယ်ကိုချစ်မြတ်နိုးသူ၊ စကားပြောကောင်းသူဖြစ်သည်။

ဒုတိယလက်ဆစ်ရိုးရှည်လျားသောလက်သန်း

ကူးသန်းရောင်းဝယ်ရေးဆိုင်ရာလုပ်ငန်းများ၌ နှံ့စပ်ကျွမ်းကျင်သူဖြစ်သည်။

တတိယလက်ဆစ်ရိုးရှည်လျားသောလက်သန်း

အမြော်အမြင်ကြီးသူ၊ လိမ္မာပါးနပ်သူဖြစ်သည်။ (မကောင်းသောလက္ခဏာရှင်ဖြစ်ပါက) လိမ်လည်လှည့်ဖြားတတ်သူ၊ ကောက်ကျစ်သူ ဖြစ်မည်။

လက်သူကြွယ်အရှည်နှင့် တန်းတူနီးပါးဖြစ်နေသောလက်သန်း

သုတေသီသိပ္ပံပညာရှင် အတွေးအခေါ်ပညာရှင်များအဖြစ် တွေ့ရတတ်သည်။ (မကောင်းသော လက္ခဏာရှင်ဖြစ်ပါက) လိမ်လည်လှည့်ဖြားတတ်သူဖြစ်ပါမည်။

လက်ခလယ်အရှည်နှင့် တန်းတူနီးပါးဖြစ်နေသောလက်သန်း

အလွန်ရှားပါးသော (တွေ့ရခဲသည့်) လက်သန်းမျိုး ဖြစ်သည်။ အတားအဆီးအဟန့်အတားအနှောင့်အယှက်မှန်သမျှအား သိပ္ပံပညာရပ်၏ စွမ်းပကားဖြင့် ကျော်လွှားရှင်သန်အောင်မြင်မှုရယူနိုင်သူ ဖြစ်သည်။

လက်ချောင်းထိပ်ဖျားများကိုလေ့လာခြင်း (The Finger Tips)

လက်ချောင်းထိပ်ဖျားများကိုလေ့လာပါက အောက်ပါအတိုင်း ပုံသဏ္ဌာန်အမျိုးမျိုးကိုတွေ့ရပါမည်။

ချွန်နေသောလက်ချောင်းထိပ်ဖျား၊

ကတော့ပုံစံရှိသော လက်ချောင်းထိပ်ဖျား၊

လေးထောင့်ပုံကျနေသောလက်ချောင်းထိပ်ဖျား၊

ထိပ်ကားသော လက်ချောင်းထိပ်ဖျား ဟူ၍ ဖြစ်သည်။

ချွန်နေသောလက်ချောင်းထိပ်ဖျား

တွေ့ရခဲသောလက်ချောင်းထိပ်ဖျားများပင် ဖြစ်သည်။ နမူနာပုံအရ လက်ချောင်းလေးချောင်းသာမက လက်မ၌ပါ ထိပ်ဖျားချွန်နေသည့်လက်ချောင်းပိုင်ရှင်များအား ပန်းချီအနုပညာရှင်များ၊ တေးရေးဆရာများ၊ ကဗျာဆရာများ၊ အတွေးအခေါ်ပညာရှင်များအဖြစ်နှင့် ထူးခြားစွာတွေ့ရတတ်သည်။ ၎င်းပြင် ရှေးခေတ် ခရစ်ယာန်ဘာသာဝင် အာဇာနည်များ၌ အဆိုပါ ထိပ်ချွန်သော



ချွန်နေသောလက်ချောင်းထိပ်ဖျား

လက်ချောင်းများ ပိုင်ဆိုင်ခဲ့ဖူးကြောင်းမှတ်တမ်းများအရ လေ့လာသိရှိရသည်။

ကတော့ပုံစံရှိသောလက်ချောင်းထိပ်ဖျား



လက်ချောင်း၏ တတိယမြောက် (အောက်ဆုံး)လက်ဆစ်ရိုးမှ လက်သည်းခွံပါ ဝထမဆုံး (အပေါ်ဆုံး)လက်ဆစ်ရိုးအထိ ဘေးသို့ဖုထစ်ဖောင်းကားနေခြင်းမရှိဘဲ ကတော့ပုံစံ ညီညာသပ်ရပ်စွာ တဖြည်းဖြည်း အပေါ်သို့ချွန်သွားသည့် လက်ချောင်းမျိုးကို ဆိုလိုသည်။ ကတော့ပုံစံရှိ လက်ချောင်းများသည် ထိပ်ဖျားချွန်သောလက်ချောင်းများထက် အနည်းငယ်ပို၍တုတ်သည်။

လက်မ အပါအဝင် လက်ချောင်းအားလုံး ကတော့ပုံစံ ညီညာစွာရှိနေသည့် လက်ချောင်းပိုင်ရှင်များသည် စိစစ်တွက်ချက်မှုနည်းပါးပြီး စိတ်လိုက်မာန်ပါလုပ်တတ်ကြသည်။ သို့ဆောင်လည်း အနုပညာလက်ရာမြောက် သဘာဝရှုခင်းပန်းချီကားများ၊ စာအုပ်စာပေများ၊ အလှအပဆန်းအရွှမ်းများ၊

www.burmeseclassic.com

www.burmeseclassic.com

အားလုံးအပေါ် စိတ်ညွှတ်ခံစားတတ်ကြသည်။ ဘဝခရီးအား ပျင်းရိငြီးငွေ့စွာ ဖြတ်သန်းလိုခြင်းမရှိဘဲ စိတ်ခံစားမှုအလိုလိုက်တတ်သောကြောင့် အိမ်ထောင်ပြုကွဲသွားသူ (သို့) အိမ်ထောင်မပြုသူများအဖြစ် တွေ့ရတတ်သည်။

ကတော့ပုံစံ ထင်ရှားလွန်းသော (တစ်ဖက်စွန်းရောက်သော) လက်ချောင်းပုံစံရှိနေပါက ကာမဂုဏ်လိုက်စားလွန်းသူ၊ ပျင်းရိသူ၊ တန်ဖိုးရှိသောအချိန်ကာလများအား စိတ်ခံစားမှုသက်သက်ကိစ္စများဖြင့် အကျိုးမဲ့ဖြုန်းတီးနေသူ၊ တစ်နည်းအားဖြင့် အဓိပ္ပာယ်မဲ့ အသက်ရှင်ရပ်တည်နေသူများအဖြစ် တွေ့ရပါမည်။

လေထောင်ပုံကျနေသောလက်ချောင်းထိပ်ဖျား



နမူနာပုံအရ လက်ချောင်းထိပ်ဖျားလက်သည်းခွံအပေါ်ပိုင်းတွင်သာမက လက်သည်းခွံလေးဖက်လေးတန်စလုံးခွံလေးထောင့်ပုံစံ ထင်ရှားစွာရှိနေပါက လက်ဝါးပြင်အသားလည်း အတော်အသင့် ထူထဲစွာရှိနေပါမည်။ ၎င်းပြင် လက်ဝါးပြင်အနည်းငယ်ခွက်၍ လက်မက သိသိသာသာကြီးနေပါမည်။ ထို့ပြင် လက်ချောင်းများကို လေ့လာပါက အရိုးဆစ်အဆက်နေရာ၌ သိသိသာသာ ဖောင်းဖုနေသည်ကိုပါတွေ့ရမည်။

အဆိုပါ လက်ချောင်းပိုင်ရှင်များအား ဖြည်းဖြည်းမှန်မှန် အလုပ်လုပ်တတ်သူ၊ ဇွဲ (ခံနိုင်ရည်) ပြည့်ဝသူ၊ ပုံမှန် (အလယ်လတ်နေထိုင်စားသောက်နိုင်သူ)၊ ရှေ့ရေးကိုကြိုတွေးတတ်သူ (သို့) အမြော်အမြင်ရှိသူ၊ တရားဥပဒေအား လေးစားလိုက်နာတတ်သူများအဖြစ်တွေ့ရတတ်သည်။ ဆက်လက်လေ့လာမှုများအရ အထက်ပါ လက်ချောင်းပိုင်ရှင်များသည် အားကစားလိုက်စားခြင်း၊ သမိုင်းရာဇဝင်စာအုပ်စာတမ်းများလေ့လာခြင်း၊ ခရီးသွားခြင်းကို စိတ်ဝင်စားကြသူများဖြစ်သည်။ ဘာသာရေးနှင့်ပတ်သက်၍ မျက်စိမှိတ်ယုံတတ်သူများ မဟုတ်ပေ။ ထို့ပြင် မိသားစုအရေး၌ သားသမီးများအား ဇနီးဖြစ်သူထက် ပိုမိုချစ်တတ်ကြသည်။ တိုးတက်မှုအမြဲရှာနေသောသူများပီပီ ရည်မှန်းချက်ထားရှိသည့်အတိုင်း မဖြစ်ဖြစ်အောင်လုပ်တတ်ကြသည်။

ထိပ်ကားသောလက်ချောင်းထိပ်ဖျား



လက်ချောင်းထိပ်ဖျားကားနေပါက လက်မအသင့်အတင့်ကြီး၍ လက်ဝါးပြင် အသားမာကျောပါမည်။ ၎င်းလက်ချောင်းပိုင်ရှင်များသည် မိမိကိုယ်မိမိ ယုံကြည်ခြင်း၊ အားကစားလိုက်စားရခြင်းကို နှစ်သက်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများ၊ စက်ပစ္စည်းနှင့်ဆိုင်သော အလုပ်များအားစိတ်ဝင်စားခြင်း၊ လက်ဖြင့်လုပ်ရသောအလုပ်အားလုံး၌ ကျွမ်းကျင်ခြင်းရှိတတ်သည်။

လက်ချောင်းရိုးအဆက်နေရာရှိ ဖောင်းပုနေသောအရာများနှင့် လက်သည်းများ (The Kmots - The Nails)

လက်ချောင်း၏ အရိုးအဆက်နေရာ၌ ဘေးသို့ သိသိသာသာဖောင်းဖုထွက်နေသောအရာများအား Knots ဟု ခေါ်သည်။ ချောမွေ့မှုရှိသော လက်ချောင်းများ၌ Knots များပါဝင်မှုသိသာထင်ရှားခြင်းမရှိဘဲ ကြွမ်းတမ်းသော လက်ချောင်းများ၌သာ ပေါ်ပေါ်လွင်လွင် တွေ့ရတတ်သည်။

ချောမွေ့သောလက်ချောင်းများဆိုရာ၌ လက်ဝါးပြင်အစ (အောက်ဆုံး လက်ဆစ်ရိုး) နေရာမှ အပေါ်ဆုံး (လက်သည်းခွံပါ) ထိပ်ဖျားအထိ အဖုအထစ်မရှိဘဲ တောက်လျှောက် ညီညာချောမွေ့နေသည့်လက်ချောင်းများကိုဆိုလိုသည်။

လက်ချောင်းများအား -

၁။ ချောမွေ့သောလက်ချောင်းများ (Smooth Fingers)

၂။ အရိုးဆက်(အပေါ်-အောက်) နှစ်ခုစလုံး Knotted ဖြစ်နေသည့် လက်ချောင်းများ (Fingers with both joints Knotted)

၃။ အပေါ် (ပထမ) အရိုးဆက်တစ်ခုတည်း Knot ဖြစ်နေသည့်လက်ချောင်းများ (Fingers with only the first joint Kmotted)

၄။ အောက် (ဒုတိယ) အရိုးဆက်တစ်ခုတည်း Knot ဖြစ်နေသည့်လက်ချောင်းများ (Fingers with only the second joint Knotted)

ဟူ၍ အသေးစိတ် ထပ်မံခွဲခြားလေ့လာနိုင်သည်။

ချောမွေ့သောလက်ချောင်းများ (Smooth Fingers)

Knots များသည် သက်ဆိုင်ရာလက်ချောင်းပိုင်ရှင်၏ အတွေးအခေါ်၊ စိတ်ကူးများ၊ ပြန်ပြောင်းဆင်ခြင်နိုင်စွမ်းရှိပုံများကို ကိုယ်စားပြုဖော်ပြသည်။

ထိပ်ဖျားချွန်ပြီး (သို့) ကတော့ပုံရှိပြီး ချောမွေ့သည့် လက်ချောင်းပိုင်ရှင်များဖြစ်ပါက ကဗျာဆရာ၊ စိတ်ကူးယဉ်အတွေးသမား၊ ရှေ့ဖြစ်ဟောသူများအဖြစ်တွေ့ရတတ်သည်။ လက်တွေ့ဘဝအပေါ် နားလည်နိုင်စွမ်းမရှိသူများပင် ဖြစ်သည်။ ၎င်းလက်ချောင်းပိုင်ရှင်များသည် လွယ်ကူသက်သာမှုမှန်သမျှကို နှစ်သက်ခြင်းရှိတတ်ပြီး လက်ချောင်းထိပ်ဖျားချွန်ခြင်း သိသာထင်ရှားပါက ပေါ့ပြက်ပြက်နိုင်သူ၊ အလေးအနက်မထားတတ်သူ၊ တာဝန်မဲ့သူများအဖြစ် တွေ့ရပါမည်။

လက်ချောင်းထိပ်ဖျားလေးထောင့်ကျ၍ ချောမွေ့နေပါက ပလတ်စတစ်နှင့်ပတ်သက်သော အတတ်ပညာပိုင်းဌ ထူးချွန်သူ၊ စာရေးဆရာ၊ တေးရေးဆရာ၊ ရုပ်ရှင်သရုပ်ဆောင်များအဖြစ် တွေ့ရတတ်သည်။

ချောမွေ့၍ ထိပ်ကားနေသော လက်ချောင်းပိုင်ရှင်ဖြစ်ပါက နက္ခတ္တဗေဒပညာရှင်၊ သင်္ချာပညာရှင်၊ တိတ္ထင်သူ (သိပ္ပံပညာရှင်) များအဖြစ် တွေ့ရတတ်သည်။

အရိုးဆက် (အပေါ်-အောက်) နှစ်ခုစလုံး Knotted ဖြစ်နေသည့်လက်ချောင်းများ (Fingers with both joints Knotted)

အဆိုပါ လက်ချောင်းပိုင်ရှင်များကို အများအားဖြင့် ဗိသုကာပညာရှင်များ၊ စက်ပြင်ဆရာများဖြစ် တွေ့ရတတ်သည်။ ၎င်းပြင် စိတ်ခံစားမှုလွယ်ကူပြီး ဘဝပေးအဆိုနာကြသူများဖြစ်သည်။

ထိပ်ဖျားလေးထောင့်ကျ၍ (သို့)

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ကား၍ Knotted ဖြစ်နေသော လက်ချောင်းဖြစ်ပါက နေ့စဉ်ကြုံတွေ့ရမည့်လက်တွေ့ဘဝ၌ သတ္တိမွေး၍ အရာရာအကောင်းဆုံးလုပ်ဆောင်နိုင်သူဖြစ်ပါမည်။

အကယ်၍ ခင်ပွန်းဖြစ်သူ၏လက်ချောင်း၌ Knotted ဖြစ်နေမှုမရှိသလို ဇနီးသည်၏လက်ချောင်းများ ချောမွေ့မှုမရှိခဲ့ပါက ၎င်းတို့၏အိမ်ထောင်ပေါ်ရှင်မှုသုခများ တာရှည်မြဲတတ်ပါသည်။

အပေါ် (ပထမ) အရိုးဆက်တစ်ခုတည်း Knotted ဖြစ်နေသည့် လက်ချောင်းများ (Fingers with only the First joint Knotted)

လက်ချောင်းပေါ်ရှိ Knot ဖြစ်နေသည့် နေရာတစ်ခုချင်းအလိုက် သီးခြားအဓိပ္ပာယ်တစ်မျိုးစီရှိပြီးဖြစ်သည်။

ပထမအရိုးဆက်တစ်ခုတည်းတွင် Knotted ဖြစ်နေသည့် လက်ချောင်းပိုင်ရှင်များအား ဆင်ခြင်တုံတရားရှိသူ၊ အတွေးအခေါ်ပညာရှင်၊ ထူးချွန်ထက်မြက်သည့်အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် တွေ့ရတတ်သည်။ အထူးသဖြင့် လက်မ၏ ဒုတိယမြောက်လက်ဆစ်ရိုးနေရာ သာမန်ထက်ကြီးထွားပြီး ပုံကျနေပါက သူမတူအောင် ဉာဏ်ရည်မြင့်မားသည့် ပညာရှင်ကြီးများအဖြစ် တွေ့ရပါမည်။

အကယ်၍ လက်မ၏လက်ဆစ်ရိုးတိုတောင်းခဲ့ပါက မကောင်းသည့်ဘက်၌ ထူးချွန်သူဖြစ်သွားတတ်ပြီး လက်ဝါးပြင်အသားပါးလွှာ၍ ခြောက်သွေ့နေခဲ့ပါက မိမိအလုပ်ရှင်အပါအဝင် အခြားသူများအပေါ် အန္တရာယ်ပေးနိုင်သူဖြစ်လာနိုင်ပါသည်။

အောက် (ဒုတိယ)အရိုးဆက်တစ်ခုတည်း Knotted ဖြစ်နေသည့် လက် ချောင်းများ (Fingers with only the second joint Knotted)

ဖော်ပြပါ လက်ချောင်းပုံစံများအား ကုန်သည်ပွဲစား၊ စာရင်းကိုင်၊ တော့ငှသူလယ်သမားများ၊ စက်ယန္တရားဆိုင်ရာကျွမ်းကျင်သူများ၌ အများဆုံးတွေ့ရှိရသည်။ ၎င်းကို အရိုးခံအကျဆုံးလက်ချောင်းပုံစံများဟုခေါ်ဆိုနိုင်သည်။

လက်သည်းများ (The Finger Nails)

ရှည်သောလက်သည်းများ၊ ရှည်သောလက်သည်းများဆိုရာ၌ ပါးလွှာ၍ ရှည်လျားသောလက်သည်းမျိုးဖြစ်ပါက ရုပ်ပိုင်းဆိုင်ရာသဘာဝ၌ ထူးထူးကဲကဲအားနည်းနေသူများအဖြစ်တွေ့ရပါမည်။

လက်သည်းရှည်ပြီး ပါးလွှာရုံမက ကွေးညွတ်(ကောက်)နေသောပုံစံရှိနေပါက အဆုတ်အားနည်းဆည့် (သို့) အဆုတ်နာရောဂါရှိသည့်လက္ခဏာကို ဖော်ပြနေပါသည်။

အကယ်၍ လက်သည်းအသားထူပြီး ကောက်ကွေ့စွာရှည်လျားနေပါက စိတ်ဓာတ်စင်ကြယ်မှုမရှိသူ၊ ကြမ်းတမ်းရက်စက်သူဖြစ်နိုင်ပါသည်။

ငြက်ကျယ်၍ အသင့်အတင့်ရှည်လျားပြီး လက်သည်းပေါ်၌ အပြာရောင်သန်းနေပါက သွေးလည်ပတ်မှုပုံမှန်မဟုတ်သူ၊ အာရုံကြောအားနည်းခြင်းကြောင့် ခြေကုန်လက်ပန်းကျ၍ ဗုန်းဗုန်းလဲနိုင်သူဖြစ်နေပါမည်။

လက်သည်းအသားပါးလွှာကြွပ်ဆတ်ပြီး အသင့်အတင့်ရှည်လျားသော လက်သည်းဖြစ်ပါက လည်ချောင်းနှင့် ပတ်သက်သည့်ရောဂါဝေဒနာကင်းစင်သူဖြစ်ပါမည်။

တိုတောင်းသောလက်သည်းများ၊ လက်သည်းပုံစံများကို ရှေ့နေ၊ သတင်းထောက် စသည့် လိမ္မာပါးနပ်စွာ တုံ့ပြန်ပြောဆိုရသည့်အလုပ်များနှင့် ထိတွေ့နေရသူများ၌ အများဆုံးတွေ့ရှိရသည်။


လက်သည်းတို၍ ဖြူဖွေးဖြူရော်ဖြစ်နေပါက မုသားစကားပြောတတ်သူ၊ ကောက်ကျစ်လိမ်လည်သူဖြစ်နိုင်ပါသည်။

လက်သည်းတို၍ လေးထောင့်ကျနေပါက နှလုံးရောဂါရှိနေသူ (သို့) နှလုံးရောဂါရလာနိုင်သူဖြစ်ပါမည်။

-တိုတောင်း၍ ငြက်ကျယ်သော လက်သည်းဖြစ်ပါက သတ်ပုတ်ဓိုက်ခိုက်ရခြင်းကိုနှစ်သက်သူ၊ သူတစ်ပါးအတွင်းရေး၌ ဝင်ရောက်စွတ်ဖက်တတ်သူဖြစ်သည့်အပြင် လက်သည်းထိပ်ဖျားကား၍ လက်မတိုနေသူဖြစ်ပါက သူတစ်ပါးအား အစွန်းရောက်သည်အထိတွန်းပို့တတ်သူဖြစ်ပါမည်။

လက်သည်းအသားမှာ ပါးလွှာတိုတောင်းပြီး တြိဂံပုံစံပြားချပ်စွာရှိနေပါက သွက်ချာပါဒဝေဒနာရှင်အဖြစ်တွေ့ရပါမည်။

လက်သည်းခွံတည်ဆောက်ပုံကျဉ်မြောင်းရှည်မျောပြီး ကွေးကောက်နေပါက ကျောရိုးမကြီးနှင့်ဆိုင်သောရောဂါဝေဒနာများ ခံစားရတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လက်သည်းတိုတောင်း၍ လက်ချောင်းများပေါ်၌ Knots ပါဝင်မှုထင်ရှားသည့်အမျိုးသမီးဖြစ်ပါက ၎င်းအမျိုးသမီးသည် အာကြမ်းလျှာကြမ်းတတ်ပြီး သူမ၏ ခင်ပွန်းသည်အနေဖြင့် မိမိကိုယ် မိမိနှိမ့်ချတတ်သူဖြစ်နေပါမည်။

သဘာဝအတိုင်းဖြူ၍ ပြောင်လက်နေသော (Perfect nail) လက်သည်းပိုင်ရှင်(အမျိုးသမီး)ဖြစ်ပါက စိတ်ကောင်းရှိသူ၊ လိမ္မာပါးနပ်သူ၊ နည်းပရိယာယ်ကြွယ်ဝသူ၊ ယဉ်ကျေးသိမ်မွေ့သူအမျိုးသမီးအဖြစ် မှတ်ယူနိုင်ပါသည်။

လက်သည်းပေါ်ပါရှိသောအမှတ်အသားများ

လက်သည်းပေါ်၌ အမည်းစက်များပါရှိပါက စိတ်အားငယ်တတ်သူ၊ တင်းတိမ်ရောင့်ရဲတတ်သူအဖြစ်တွေ့ရပြီး-

ကြယ်ပုံသဏ္ဌာန်အဖြူရောင်အမှတ်အသားများပါရှိပါက တစ်ဖက်သတ်ချစ်ခင်စွဲလမ်းတတ်သူ (သို့) လိမ်ညာလှည့်စားတတ်သူဖြစ်နေပါမည်။

အကယ်၍ လက်မလက်သည်းပေါ်၌ အဖြူရောင်အမှတ်အသားများပါရှိပါက သံယောဇဉ်တွယ်တတ်သူ၊ ကျေးဇူးသိတတ်သူဖြစ်ပြီး လက်မလက်သည်းပေါ်၌ အမည်းရောင်အစက်အပြောက်များပါရှိပါက ချစ်စိတ်မွန်တတ်ခြင်းကြောင့် ရာဇဝတ်မှုကျူးလွန်သည်အထိ ပြဿနာဖြစ်တတ်ပါသည်။

လက်ညှိုး၏ လက်သည်းပေါ်၌ အဖြူရောင်အမှတ်အသားများပါရှိပါက အကျိုးအမြတ်ရစရာများ၊ တိုးတက်မှုများရရှိရန် မျှော်လင့်ချက်ကောင်းရှိနေသူဖြစ်ပြီး ၎င်းလက်ညှိုးပေါ် အမည်းစက်များပါရှိပါက ပျက်စီးဆုံးရှုံးခြင်းများနှင့် ကြုံတွေ့ရမည့်သူဖြစ်ပါမည်။

လက်ခလယ်လက်သည်းပေါ်တွင် အဖြူရောင်အမှတ်အသားများပါရှိပါက ခရီးရှည်ထွက်ရမည့်အလားအလာရှိနေပြီး အမည်းရောင်အစက်များပါရှိပါက အပျက်အစီးများနှင့် ဆက်တိုက်ကြုံတွေ့ရနိုင်သူ ဖြစ်ပါသည်။

လက်သူကြွယ်လက်သည်းပေါ်၌ အဖြူရောင်အစက်အမှတ်သားများပါရှိပါက ဂုဏ်သရေရှိခြင်း၊ ချမ်းသာကြွယ်ဝခြင်းနှင့် ပြည့်စုံသူဖြစ်ပြီး လက်သူကြွယ်လက်သည်းပေါ်၌ အမည်းရောင်အစက်အပြောက်များပါရှိပါက စိတ်ဓာတ်သိမ်ဖျင်းသူ၊ ကောက်ကျစ်ယုတ်မာသူဖြစ်နေတတ်သည်။

လက်သန်း၏ လက်သည်းပေါ်၌ အဖြူရောင်အမှတ်အသားများပါရှိပါက စီးပွားရေးလုပ်ငန်းများနှင့် သိပ္ပံလောကနယ်ပယ်၌ အောင်မြင်မှုရရှိသူဖြစ်ပြီး အမည်းရောင်အစက်အပြောက်များရှိနေပါက အရာရာကျရှုံးခြင်းဆီသို့ ဦးတည်နေသူဖြစ်တတ်ပါသည်။

လန်ဒန်မှ နာမည်ကျော် နက္ခတ်ဗေဒပညာရှင် Melton (17 ရာစု) ၏ အဆိုအရ လက်သည်းများပေါ်၌ အဝါရောင်အစက်အပြောက်များပါရှိနေပါက သေခြင်းတရားနှင့် စောစီးစွာကြုံတွေ့ရတတ် ဘေးဒုက္ခအပျက်အစီးများနှင့် ရင်ဆိုင်ရတတ်ဖြစ်ပါမည်။

လက်မနှင့် ၎င်း၏ လျှို့ဝှက်ဆန်းကြယ်မှုများ

လက်မအား လေ့လာရာ၌ -

၁။ လက်မတစ်ချောင်းလုံးအား ခြုံငုံလေ့လာခြင်း၊

၂။ လက်သည်းခွံပါ ပထမလက်ချောင်းရိုး (အပေါ် အနိုးဆက်) နေရာကို လေ့လာခြင်း၊

၃။ ဒုတိယ (အောက်) အနိုးဆက်နေရာအားလေ့လာခြင်း ဟူ၍ (၃) မျိုးခွဲခြားလေ့လာနိုင်သည်။

ကျန်ရှိလက်ချောင်း (၄) ချောင်း (တစ်ချောင်းချင်းစီ၌) အပေါ်၊ အလယ်၊ အောက် အနိုးဆက်အဆင့် (၃) ဆင့်ရှိသော်လည်း လက်မ၌ အနိုးဆက်အဆင့် (၂) ဆင့်သာ ထင်ရှားသည်။ အကယ်၍ လက်မ၏ တတိယမြောက် အနိုးဆက်နေရာကို ဖော်ပြမည်ဆိုပါက သောကြာဂြိုဟ်ခုံ၏ နယ်မြေအတွင်း ပါဝင်နေပါမည်။



လက်မဆံပုံစံအမျိုးမျိုး

လက်မတစ်ချောင်းလုံးအား ခြုံငုံလေ့လာခြင်း

လက်မကြီးထွားသူများသည် မိမိကိုယ်မိမိ အားကိုးတတ်ပြီး အာဏာရှင်ဆန်ဆန် အများအပေါ် ဩဇာပေးတတ်သည်။ နှလုံးသားခံစားမှုကိုဦးစားပေးခြင်းမရှိဘဲ ဦးနှောက်ဖြင့်သာ အရာရာချင့်ချိန် ဆုံးဖြတ်တတ်ကြသည်။

အကယ်၍ လက်မထိပ်ဖျားလေးထောင့်ကျိုးကားနေပါက ဗိသုကာပညာရှင်၊ အင်ဂျင်နီယာနှင့် သခ္ခါပညာရှင်များအဖြစ် တွေ့ရတတ်သည်။

လက်မသေးငယ်သူများသည်ကား (လက်မကြီးသူတို့၏ ဆန့်ကျင်ဘက်လက္ခဏာအတိုင်း) ဦးနှောက်ဖြင့်ချင့်ချိန်စဉ်းစားခြင်းထက် နှလုံးသားခံစားမှုကို ပိုမိုအလေးထားကြသည်။

အကယ်၍ သေးငယ်သော လက်မနှင့်အတူ ကျန်ရှိလက်ချောင်းများ၏ ထိပ်ဖျားများ ကတော့ပုံစံ (သို့) ချွန်နေသောပုံစံ ချောမွေ့စွာတွဲလျက်ပါရှိနေပါက အနုပညာရပ်များ၌ သူမတူအောင် ထူးချွန်ထက်မြက်သူများအဖြစ် တွေ့ရပါမည်။

ညွှတ်နိုင်ကွေးနိုင်သည့်ပျော့ပျောင်းသောလက်မများ - နောက်ပြန်အလွယ်တကူညွှတ်ကွေးနိုင်သည့်လက်မပိုင်ရှင်များသည် ပတ်ဝန်းကျင်၊ အခြေအနေအမျိုးမျိုးနှင့် သင့်တင့်ကိုက်ညီအောင် နေထိုင်ပြောဆိုတတ်ပြီး အရာရာကြီးကျယ်ခမ်းနားအောင် ဖန်တီးစွမ်းဆောင်ပေးနိုင်ကြသည်။ငွေအသုံးအစွဲလက်ဖွာတတ်ကြသည်။

တောင့်တင်း၍ ကွေးညွှတ်ရန်ခက်သည့်လက်မများ- နောက်ပြန်ညွှတ်ကွေးရာ၌ အနည်းငယ်သာကွေးညွှတ်နိုင်သည့် တောင့်တင်းသောလက်မများကို ဆိုလိုသည်။ အဆိုပါလက်မပိုင်ရှင်များသည် အရာရာသတိကြီးစွာထားတတ်ခြင်း၊ ခေါင်းမာတတ်ခြင်း၊ လျှို့ဝှက်သိသိပ်တတ်ခြင်း၊ ပေါင်းသင်းဆက်ဆံမှု၌ အကန့်အသတ်ထားခြင်း စသည့်စရိုက်လက္ခဏာများကို ပိုင်ဆိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

လက်သည်းခွံပါပထမ(အပေါ်) အရိုးဆက်နေရာကိုလေ့လာခြင်း

လက်မ၏ပထမ (အပေါ်အဆင့်) အရိုးဆက်နေရာသည် သက်ဆိုင်ရာ လက္ခဏာရှင်၏ မိမိကိုယ်မိမိအားကိုးခြင်း၊ စိတ်ဓာတ်ခွန်အားရှိခြင်း၊ စိတ်၏ စိုးမိုးခြယ်လှယ်မှုခံရခြင်းသဘောများကို ကိုယ်စားပြုသည်။ ၎င်းပြင် အပေါ်အရိုးဆက်နေရာ၏ အရွယ်အစား (အတို - အရှည်အလိုက်) အောက်ပါအတိုင်း ဆက်လက် လေ့လာနိုင်သည်။

အပေါ်ဆင့်အရိုးဆက်နေရာရှည်လွန်းပါက သူတစ်ပါးအပေါ် လွှမ်းမိုး၊ ချုပ်ကိုင်နိုင်သူဖြစ်ပြီး တိုလွန်းပါက အထက်ပါလက္ခဏာနှင့် ဆန့်ကျင်သည့် စိတ်ပျော့ညံ့သူ၊ ပြုသမျှနေရသူဖြစ်နေပါမည်။

အကယ်၍ အပေါ် အရိုးဆက်နေရာ တိုတောင်းခြင်းလွန်ကဲနေပါက ရေရှည်စိတ်ဆင်းရဲနေရသူ၊ စိတ်ဓာတ်ကျဆင်းနေသူအဖြစ် တွေ့ရပါမည်။

အပေါ်ဆင့်အရိုးဆက်နေရာရှည်လျားပြီး ထိပ်ဖျားလေးထောင့်ကျသော လက်မလက်ချောင်းတွင်တွဲလျက်ရှိနေပါက တရားမျှတမှုကို ချစ်မြတ်နိုးသူဖြစ်ပြီး နူးညံ့သောလက်ဝါးပိုင်ရှင်ဖြစ်ပါက ပင်ရိတတ်သူပီပီ ပုံမှန်အလုပ်လုပ်ခြင်းမရှိဘဲ သွားတစ်ချက်မသွားတစ်ချက်လုပ်တစ်ချက်မလုပ်တစ်ချက်နေတတ်သူဖြစ်မည်။

လက်မအပေါ်ဆင့်အရိုးဆက်နေရာအတော်အသင့်ရှည်လျားကျယ်ပြန့်နေပါက အလွယ်တကူအလျှော့မပေးတတ်သူ (ခေါင်းမာသူ) ဖြစ်ပြီး (အကယ်၍ ၎င်းအနေအထားအတိုင်း ထိပ်ဖျားလေးထောင့်ကျသောလက်မလက်ချောင်းတွင် ပါရှိနေပါက ဆုံးဖြတ်ချက်ခိုင်မာသူအဖြစ် တွေ့ရပါမည်။

အပေါ်ဆင့်အရိုးဆက်နေရာမှာ သာမန်ထက်ရှည်လျားကျယ်ပြန့်လွန်းပါက မိမိကိုယ်မိမိစိတ်ထိန်းချုပ်နိုင်မှုမရှိသူ၊ စိတ်လိုက်မာန်ပါလုပ်တတ်သူ၊ ဒေါသကြီးသူများအဖြစ် တွေ့ရတတ်သည်။ ထိုစရိုက်လက္ခဏာပါ လက်ချောင်းပိုင်ရှင်များကို လမ်းဘေးပြ၊ ရက်စက်သောမိဘများ၊ လူသတ်တရားခံများအဖြစ်လည်း တွေ့ရှိရတတ်သည်။ သာမန်လူများအဖို့ အဆိုပါ စရိုက်လက္ခဏာဆိုးရွားသော လက်ချောင်းပိုင်ရှင်များနှင့် ထိတွေ့ဆက်ဆံခြင်းမှ အထူးရှောင်ကြဉ်သင့်သည်။

တစ်ခါတစ်ရံ လက်မအပေါ်ဆင့် အရိုးဆက်သည် တင်းပုတ်ပုံသဏ္ဌာန်တုတ်ခိုင်စွာရှိနေပါက စက်ဆုပ်မုန်းတီးဖွယ်ရာအမှုကိစ္စများ ကမ်းကုန်အောင် ကျူးလွန်သူအဖြစ်တွေ့ရပါမည်။

ဒုတိယ(အောက်)အရိုးဆက်နေရာအား လေ့လာခြင်း

လက်မ၏ဒုတိယ(အောက်အဆင့်) အရိုးဆက်နေရာသည် သက်ဆိုင်ရာ လက္ခဏာရှင် (လက်ချောင်းပိုင်ရှင်)၏ အကျိုးအကြောင်းဆီလျော်စွာဆင်ခြင်သုံးသပ်နိုင်မှု၊ ဆုံးဖြတ်ချက်ချနိုင်မှု အခြေအနေအရပ်ရပ်ကို ကိုယ်စားပြုဖော်ပြသည်။

လက်မ၏ အောက်အဆင့် အရိုးဆက်နေရာသည် မူလပုံပျက်သည်အထိ ပြည့်ဖောင်းကားထွက်နေပါက ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် ကျိုးကြောင်းဆင်ခြင်နိုင်မှုအားနည်းသူ၊ ဦးနှောက်အတွေးအခေါ်အဆင့်အတန်းနိမ့်ကျသူအဖြစ် တွေ့ရပါမည်။

အကယ်၍ အောက်အရိုးဆက်နေရာ Wasp- Shape ဖြစ်နေပြီး အလယ်၌ အနည်းငယ်ခွက်နေပါက ဉာဏ်ရည်ထက်မြက်သူ၊ လေးနက်စွာစဉ်းစားဆင်ခြင်ဆုံးဖြတ်တတ်သူများအဖြစ် တွေ့ရပါမည်။ လက်မ၏အပေါ် ဆင့်အရိုးဆက်နေရာနှင့် အောက်အဆင့်အရိုးဆက်နေရာတို့အား ပေါင်းစပ်လေ့လာခြင်းဖြင့် အောက်ပါစရိုက်လက္ခဏာများပါရှိသည်ကို ခွဲခြားလေ့လာနိုင်ပါမည်။

ဒုတိယအရိုးဆက် (အောက်) ရှည်လျားပြီး ပထမ (အပေါ်) အရိုးဆက်နေရာတိုတောင်းပါက အပြောကြီး၍ အလုပ်နည်းနည်းသာလုပ်တတ်သူ၊ ဆင်ခြေပေးတတ်လွန်းသူ၊ လက်တွေ့ဖြစ်မြောက်အောင်အကောင်အထည်မဖော်တတ်သူများပင် ဖြစ်သည်။

ဒုတိယအရိုးဆက် (အောက်) တိုတောင်း၍ ပထမ (ပေါ်) အရိုးဆက်နေရာရှည်လျားပါက မှန်ကန်စွာ ဆုံးဖြတ်ချက်မချနိုင်သူ၊ စဉ်းစားဆင်ခြင်မှုမရှိဘဲပြောဆိုလုပ်ကိုင်တတ်သူ၊ အလောတကြီးမှားယွင်းလုပ်ကိုင်မိခြင်းကြောင့် နောင်တရမဆုံးဖြစ်နေသူများအဖြစ် တွေ့ရတတ်သည်။

အကြမ်းစားလက်ပုံစံ (The primitive Hand)



နမူနာပုံအရ အတတ်ပညာမည်မည်ရရကျွမ်းကျင်မှုမရှိသူ၊ အလုပ်အကြမ်းသမားများနှင့် လက်မှုပညာသည်များ၏ လက်တည်ဆောက်ပုံကို ဆိုလိုပါသည်။

အထက်ပါလက်ပိုင်ရှင်များသည် အများအားဖြင့် ၎င်းတို့၏ နိမ့်ကျသောလူမှုအသိုင်းအဝန်းမှ ရုန်းထွက်၍ ကံကြမ္မာတိုးတက်ပြောင်းလဲသွားအောင် စွမ်းဆောင်နိုင်ခွင့်မရသူများဖြစ်သည်။

အကြမ်းစားလက်ဝါးပုံစံများကို လေ့လာပါက လက်ဝါးပြင်ကြီးများ၍ အသားမာကြမ်းကာ လက်ချောင်းများတုတ်ခိုင်လျက်ရှိသည်ကို တွေ့ရမည်။

အကြမ်းစားလက်၏လက်ချောင်းများတုတ်ခိုင်လျက် အလွယ်တကူ ကွေးညွတ်နိုင်ခြင်းမရှိပါက စိတ်ခံစားချက်မည်မည်ရရမရှိသူ၊ အရှက်အကြောက်နည်း၍ အောက်တန်းကျသူ၊ ရိုင်းပျသူ၊ ချစ်ခြင်းမေတ္တာအား အလေးမထားဘဲ လိင်ကိစ္စသက်သက်ကိုသာ အာရုံစိုက်တတ်သူများအဖြစ် တွေ့ရပါမည်။

အကြမ်းစားလက်၏လက်ချောင်းထိပ်ဖျားများ လေးထောင့်ကျနေပါက စိတ်ကူးအတွေးအခေါ်တို့ လုံးဝမရှိသူ၊ အနာဂတ်အရေးကိုပုပန်မှုမရှိသူ၊ နေ့စဉ်ပုံမှန်စားသောက်နိုင်ရေးကိုသာ အာရုံစိုက်သူဖြစ်နေပါမည်။

အကြမ်းစားလက်၏ လက်မမှာ တိုတောင်းပြီး အနည်းငယ်နောက်လန်နေပါက အနာဂတ်အတွက်ကြိုတင်ပြင်ဆင်မှုမရှိသူ၊ သူတစ်ပါး၏ အလွယ်တကူ သြဇာသက်ရောက်မှုခံရသူ၊ ရက်ရောကြမ်းကြုတ်တတ်သူဖြစ်တတ်ပါသည်။ အကယ်၍ လက်မ ပထမ (ပေါ်) အရိုးဆက်ပြားနေပါက သူတစ်ပါး၏အနိုင်ကျင့်ခံရသူအဖြစ် တွေ့ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးလက်ပုံစံ (The Woman's Hand)



အမျိုးသမီးလက်ပုံစံဟု ဆိုရာ၌ ဉာဏ်ရည်ထက်မြက်ထူးချွန်သည့်အမျိုးသမီး၊ သာမန်ထက်ပိုမိုချောမောလှပသည့်အမျိုးသမီးတို့၏လက်ကို မဆိုလိုပါ။ သာမန် (သူလိုကိုယ်လို) အမျိုးသမီးများ၏လက်ပုံစံမျိုးကိုသာ ရည်ညွှန်းပါသည်။

အမျိုးသမီးလက်ပုံစံကို လေ့လာရာတွင် (လက်ချောင်း) ထိပ်ဖျားကားသည်ဖြစ်စေ၊ လေးထောင့်ကျသည်ဖြစ်စေ ပင်ကိုသဘာဝအရ ချောမွေ့၍ ကတော့ပုံစံရှိလက်ချောင်းများ ပါရှိပါမည်။

အဆိုပါ လက်ချောင်းပိုင်ရှင်များသည် စိတ်လိုက်မာန်ပါလုပ်တတ်ခြင်းရှိသော်လည်း အထုံဗီဇအရ အလှအပကို ချစ်မြတ်နိုးတတ်ကြသည်။ အမျိုးသမီးလက်ဖြစ်သောကြောင့် လက်ချောင်းများ၌ Knot ပါဝင်ခြင်းမရှိကြပေ။ အထူးသဖြင့် ပထမ (အပေါ်) အရိုးဆက်နေရာ၌ သိသိသာသာချောမွေ့နေပြီး ဒုတိယ (အောက်) အရိုးဆက်နေရာ၌သာ အနည်းငယ် Knotted ဖြစ်နေသည်ကို တွေ့ရပါမည်။

အမျိုးသမီးလက်တွင် ပါဝင်သည့် လက်မသည် သာမန်ထက်ကြီးနေပါက အမျိုးသားများနှင့်လွတ်လပ်စွာထိတွေ့ဆက်ဆံတတ်သူဖြစ်နေပါမည်။ အကယ်၍ အမျိုးသမီး၏လက်မသည် သေးငယ်နေပါက မနာလိုဝန်တိုတတ်သူဖြစ်ပြီး လက်မတို့တောင်းနေပါက လျှို့ဝှက်ချက်ကို မထိန်းသိမ်းနိုင်သူ (နှုတ်မလုံသူ) အတင်းအဖျင်းပြောတတ်သူအဖြစ် တွေ့ရပါမည်။

လက်မကြီးသူအမျိုးသမီးများသည် တစ်စုံတစ်ခုနားလည်ရန် နှေးကွေးတတ်ခြင်း အပေါက်ဆိုးတတ်ခြင်းရှိပြီး တစ်ခါတစ်ရံ အမျိုးသားများနှင့်တန်းတူ အော်ဟစ်ပြောဆိုရဲကြသူများဖြစ်သည်။

လူသတ်သမားလက်ပုံစံ (The Murderer's Hand)

လူသတ်သမား၏ လက်ပုံစံသည် အကြမ်းစားလက်ပုံစံတွင် ပါဝင်ပြီး အောက်ပါ အနေအထားအမျိုးမျိုးအရ သိသာစွာခွဲခြားနိုင်ပါသည်။



လက်ဝါးပြင်အသားထူထဲကြီးမား၍ အနီရောင်သန်းနေခြင်း၊ လက်ဝါးပြင်အရွယ်အစားသာမန်ထက်ကျယ်ပြန့်ခြင်း၊ လက်ချောင်းများ ပုံပန်းမကျဘဲ တိုတောင်း၍ တောင့်တင်းနေခြင်း။

လက်ချောင်းထိပ်ဖျားများပီပြင်ထင်ရှားမှုမရှိခြင်း။

လက်ချောင်းများ၏ ဒုတိယအရိုးဆက်နေရာပုံပျက်၍ တုတ်ခိုင်နေခြင်း။

လက်သည်းများ ပြန့်ကား၍ အသားထူခြင်း၊ လက်သည်းအရွယ်အစား အသင့်တင့်ရှည်ပြီး အနီရောင်သန်းနေခြင်း။

လက်မ၏ လက်သည်းခွံပါ ပထမ (ပေါ်)အရိုးဆက်နေရာ၌ တင်းပုတ်ပုံစံအဖျားတုတ်နေပြီး ဒုတိယအရိုးဆက်နေရာပီပြင်ထင်ရှားမှုမရှိခြင်း။

ဂြိုဟ်ခုံများ (The Mounts of the Hand)

ဂြိုဟ်ခုံများ၏ တည်နေရာသည် လက်ချောင်းတစ်ချောင်းချင်းစီ၏အောက်ခြေအဆုံးပိုင်းနှင့် လက်ဝါးပြင်တို့ထိစပ်သောနေရာများ၌ အမည်တစ်မျိုးစီဖြင့် တည်ရှိကြသည်။

အောက်ပါ နေရာများအလိုက် အမည်တစ်မျိုးစီဖြင့် တည်ရှိကြသည်။

ကြာသပတေးဂြိုဟ်ခုံ (လက်ညိုးအောက်၌ တည်ရှိသည်။)

စနေဂြိုဟ်ခုံ(လက်ခလယ်အောက်၌ တည်ရှိသည်။)

တနင်္ဂနွေဂြိုဟ်ခုံ (လက်သူကြွယ်အောက်၌တည်ရှိသည်။)

ဗုဒ္ဓဟူးဂြိုဟ်ခုံ(လက်သန်းအောက်၌ တည်ရှိသည်)

သောကြာဂြိုဟ်ခုံ (လက်မ၏အောက်ဆုံးအရိုးဆက်၌ရှိသည်။)

တနလ်္ဂာဂြိုဟ်ခုံ (ဦးခေါင်းလမ်းကြောင်းနှင့် လက်ကောက်ဝတ်ရှိ အရေးအကြောင်းများကြား၌တည်ရှိသည်။)

အင်္ဂါဂြိုဟ်ခုံ (၂)မျိုး (အင်္ဂါဂြိုဟ်ခုံအထက်-အောက်) (ဗုဒ္ဓဟူးဂြိုဟ်ခုံနှင့် တနလ်္ဂာဂြိုဟ်ခုံကြားနေရာယူထားသည့် အင်္ဂါဂြိုဟ်ခုံ (အထက်)

(ကြာသပတေးဂြိုဟ်ခုံ၏အောက်၌ နေရာယူထားသည့် အင်္ဂါဂြိုဟ်ခုံ-(အောက်)

ဂြိုဟ်ခုံများ၏ သိသာထင်ရှားသော အကျိုးသက်ရောက်မှု

လက်ချောင်းများ၏ အောက်ခြေအဆုံးနေရာ (ဂြိုဟ်ခုံများရှိရမည့်နေရာ) ထင်ရှားခြင်းမရှိဘဲ လက်ဝါးပြင်ခွက်နေပါက အဆိုပါလက္ခဏာရှင်သည် ဘဝတိုးတက်မှုအတွက် ပြောင်းလဲပြုပြင်ရန် အခွင့်အရေးမရရှိသူ၊ အရည်အချင်းပြခွင့်မရှိသူဖြစ်နေပါမည်။

အကယ်၍ ဂြိုဟ်ခုံများ သူ့နေရာနှင့်သူ စီစဉ်တကျရှိနေပြီး တစ်ခုနှင့်တစ်ခု အနီးစပ်ဆုံး အချိုးညီစွာနေရာယူထားပါက ဘဝတစ်သက်တာအတွင်း အဘက်ဘက်မှ ပြည့်စုံငြိမ်းချမ်းစွာဖြင့် ရပ်တည်နိုင်သည့် လက္ခဏာရှင်အဖြစ် တွေ့ရပါမည်။

အထက်ဖော်ပြပါ (ဂြိုဟ်ခုံများနှင့် ပတ်သက်သည့်) အခြေအနေနှစ်ရပ်လုံးမှာ အလွန်ရှားပါးသည့် (တွေ့ရခဲသည့်) လက္ခဏာမျိုး ဖြစ်သည်။ လက်ဝါးပြင်တစ်ခုလုံးအား လေ့လာပါက အများအားဖြင့် အကောင်း၊ အဆိုး ဆန့်ကျင်ဘက်နှစ်ရပ်ရောပြွမ်းပါဝင်နေတတ်သည်။

အကယ်၍ ဂြိုဟ်ခုံများအနက် တစ်ခုခုသောဂြိုဟ်ခုံက အခြားဂြိုဟ်ခုံတစ်ခုထက် (သို့) အခြားဂြိုဟ်ခုံများထက် သိသိသာသာပေါ်လွင်ထင်ရှားနေပါက (သို့) မြင့်တက်နေပါက သက်ဆိုင်ရာ လက်ဝါးပိုင်ရှင်၏ အဓိကကျသော ပင်ကိုစရိုက်လက္ခဏာကို ဖော်ပြနေကြောင်း မှတ်ယူရပါမည်။

တစ်ခါတစ်ရံ ဂြိုဟ်ခုံများအား ဂျင်းတို့နှင့်သက်ဆိုင်သည့်နေရာများတွင် (အတိအကျရပ်တည်လျက်မရှိဘဲ) တွေ့ရတတ်သည်။ သက်ဆိုင်ရာလက်ချောင်းများ၏အောက်ခြေအဆုံးသတ်တွင်ရှိရမည့်အစား ဘေးပတ်ဝန်းကျင်ရှိအခြားဂြိုဟ်ခုံများဘက်သို့ ယိမ်းယိုင်လျက်ရှိသည်ကို တွေ့ရတတ်သည်။

ဦးအောင်သိုင်(သုဝဏ္ဏ)

www.burmeseclassic.com

www.burmeseclassic.com



မင်းချမ်းမြတ်
(ကဆုံ၅)

ကိုယ်တွေ့ ကြားမြင်သုတဖြစ်ခဲ့ရသော အဂ္ဂိရတ်လောကမှ ဇာတ်လမ်းများ

လောကီနယ်ပယ်တစ်လောကလုံးမှာရှိကုန်သောဓာတ်တို့သည် သူသဘောသူဆောင်ပြီး ဖြစ်တည်နေကြသည်မှာ လောကဓမ္မတာသဘောတရားတစ်ရပ်ပင် ဖြစ်ပေသည်။

ဤသည်ကို မိမိတို့၏ ရည်ရွယ်ချက်လမ်းစဉ်ရည်မှန်းချက်တို့ ပြီးမြောက်အောင်မြင်စေရန်အတွက် အသိဉာဏ်ပညာအလိမ္မာကိုအသုံးချ၍ ဓာတ်တရားများကို စီမံဖန်တီးနိုင်မှစွမ်းရည်ဟာ ပါရမီဆိုတဲ့သဘောတရားကို ရည်ညွှန်းစေပါတယ်။

ဒါကြောင့် မိမိတို့မှာ ပါရမီရှိလျှင် ရှိသလောက် ရည်မှန်းချက်ပန်းတိုင်ကို အမြန်ခရီးပေါက်စေပါသည်။

ထိုပါရမီဆိုသည်ကလည်း စောင့်စည်းရမည့်စည်းကမ်းရပ်များကို လိုက်နာကျင့်သုံးမှုနှင့် ဖြည့်ကျင့်ရမည့်အကျင့်စရဏပိုင်းကို ဖြည့်ဆည်းနိုင်တဲ့စွမ်းအားပေါ် မူတည်နေပါသည်။

ယခု တင်ပြပေးမည့် ထူးခြားဆန်းကြယ်သည့်ဇာတ်လမ်း အဂ္ဂိရတ်မှတ်တမ်းလေးက သက်သေပြပါလိမ့်မည်။

ဇာတ်လမ်းအစကတော့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှာရှိတဲ့ မြို့ကြီးတစ်မြို့မှာ တိုင်းရင်းဆေးဆရာအလုပ်နှင့် အသက်မွေးနေတဲ့ ဆရာရွှေကစရပေမည်။

သက်လတ်ပိုင်းအရွယ် (၅၀)ခန့်ရှိတဲ့ ဆရာရွှေဟာ ဆေးကုသတဲ့ဘက်မှာ ကျွမ်းကျင်ပိုင်နိုင်သလို အဂ္ဂိရတ်ပညာရတ်မှာလည်း ပါရမီထူးလှတယ်လို့ပြောရပေမည်။

သူမှာ ဓာတ်လုံးပေါင်းများစွာရှိတဲ့အထဲက သူအားကိုးအားထားအပြုရဆုံး ဓာတ်လုံးဟာ 'ဆေးဒါန်း ရွှေသေ ပြဒါး ရှင်ဓာတ်လုံး' ဖြစ်လေသည်။ ဓာတ်လုံးနာမည်ကြားရုံနှင့် အဂ္ဂိရတ်ဝါသနာရှင် သုတေသီများ ကြက်သီးထလောက်ပါသည်။

ဤဓာတ်လုံး၏ ဓာတ်လုံးတည် ဓာတ်တက်နည်းလမ်းစဉ်ကိုရခဲ့ပုံကလည်း ထူးခြားမှုဖြစ်စဉ်ပါ။

တစ်နေ့ ဆရာရွှေဆေးကုသပေးလို့ ရောဂါပျောက်ကင်းသွားတဲ့လုပ်ငန်းရှင်တစ်ဦးက ဆရာရွှေကို အထက်ပိုင်းဒေသအလောင်းတော်ကဿပတောင်ကို ကိုယ်ပိုင်ကားနှင့် အလုံးစုံစရိတ်ကုန်ကျခံ၍ ပို့ဆောင်ပေးခဲ့ပါသည်။

ထိုစဉ်က (လွန်ခဲ့တဲ့ အနှစ် (၅၀) ဝန်းကျင်က) ယခုလို အလောင်းတော်ကဿပဘုရားဖူးသွားလာဖို့ဆိုတာ လွယ်ကူလှတဲ့အခြေနေမျိုးမဟုတ်ပါ။ အလွန်တရာမှ ရခေါင်ရခဲလှတဲ့အခွင့်အရေးပါ။

ဒါနဲ့ပဲ တိုတိုပြောရရင် ဆရာရွှေတစ်ယောက် အလောင်းတော်ကဿပဘုရားကို မျက်ဝါးထင်ထင် ဖူးတွေ့ခွင့်ကရရင်ပဲ တစ်ဘဝလုံးကြုံတွေ့ခဲ့ရတဲ့ ဘဝအမောတွေဟာ ထိုလုံးစံဇာနှင့်ပဲ

www.burmeseclassic.com

www.burmeseclassic.com

ပြေပျောက်သွားသည်ဟု သူ့စိတ်ဘဝင်ထဲမှာ စွဲထင်၍ သွားပါတော့သည်။

ရေမြေသဘာဝရာသီဥတုကလည်း ဆန်းသစ်နေတာမို့ စိတ်ဘဝင်ထဲမှာ ကြည်လင်၍ လန်းဆန်းနေလွန်းလှပေသည်။

ထိုတစ်ခဏကလေးအတွင်းမှာပင် သူ၏ရှေ့ဘုရားတန်ဆောင်းအတွင်းတွင် မှတ်ဆိတ်ကျင်စွယ်နှင့်ဆံကျစ်တစ်ခုလုံး ဖွေးဆွတ်နေတဲ့ သက်ရွယ်တိုခန့်မှန်းရခက်သော ရသေ့ကြီးတစ်ပါးကိုတွေ့လိုက်ရပါသည်။

ဥပဓိရုပ်ကလည်းခံ့ညားပြီး ဣန္ဒြေသမ္ပတ္တိနှင့်လည်း အလွန်ပြည့်စုံခဲ့ညားလှသည်မို့ မြင်ရသူအများ ကြည်ညိုစရာကောင်းလှသည့် ဘုရသေ့ကို ဆရာဝတ်ဖြည့်ဦးချလိုက်တာနှင့် -

"အေး - မင်းရောက်လာမှကိုး"

ဟု စကားတစ်ခွန်းဆို၍ပြုံးပြီး သူ့ကိုကြည့်နေလိုက်တဲ့အချိန်မှာ ဆရာရွှေ၏ရင်ထဲမှာ နှစ်ပေါင်းများစွာခွဲခွာနေခဲ့ရပြီးမှ ပြန်လည်ကာတွေ့ဆုံလိုက်ရသော ဆွေမျိုးရင်ချာတစ်ယောက်ကိုတွေ့လိုက်ရသလိုမျိုး သိသာစွာ ခံစားမိလေသည်။

"မင်းအလိုချင်ဆုံးဆန္ဒတစ်ခုကိုပြော လေ"

ဟု ဆိုလာတော့ -

"တပည့်တော် အလိုချင်ဆုံးက တော့ နည်းကောင်းလမ်းမှန် အဂ္ဂိရတ် ဓာတ်လမ်းစဉ်တစ်ခုကို ခြီးမြှင့်ပေးစေချင်ပါတယ် ဘရသေ့"

ဟု ပြောလိုက်လေသည်။

ထိုအခါ ဘရသေ့လည်း သူ့ကတိစကားအတိုင်း 'ဆေးဒါန်း ရွှေသေ ပြဒါးရှင် ဓာတ်လုံး' ဓာတ်လမ်းစဉ်ကို အပြည့်အစုံခြီးမြှင့်လိုက်လေသည်။

ဆရာရွှေလည်း အဖိုးတန်ရတနာသိုက်မြေပုံတစ်ခုရလိုက်သကဲ့သို့ ဝမ်းသာအားရနှင့် ဘုရားလည်းဖူး၊ လိပ်ဥရောလိပ်မကြီးပါရလိုက်သည့်ကိန်းဆိုက်၍ ပြည်တော်ပြန်ခဲ့လေသည်။

ငွေရေးကြေးရေးအထိုက်လျောက် အဆင်ပြေနေတဲ့ဆရာရွှေတစ်ယောက် ဘုရားဖူးခရီးမှ ပြန်ရောက်ပြီးတာနှင့် တစ်ပတ်အတွင်း ဘရသေ့ခြီးမြှင့်ပေးလိုက်သည့် ဓာတ်လမ်းစဉ်တွင်ပါဝင်နေသော ဓာတ်ဆေးပစ္စည်းများကို ပြည့်စုံအောင် ရှာဖွေဝယ်ယူစုဆောင်းလိုက်ပြီး ဆေးဒါန်းရွှေသေပြဒါးရှင်ဓာတ်လုံးလမ်းစဉ်ကို စပေတော့သည်။

ဘရသေ့ကြီးခြမှတ်ပေးလိုက်သော ဓာတ်လုံးလမ်းစဉ်နှင့်လိုက်နာစောင့်စည်းရမည့် စည်းကမ်းရပ်များနှင့် ဖြည့်ကျင့်ရမည့်စရဏတရားများကိုလည်း သူ၏စိတ်အစဉ်ထဲတွင်စွဲထင်၍နေပြီမို့ လိုအပ်သည်များကို အသေးစိတ်အလွတ်ရနေပေသည်။

ဘရသေ့ကြီး၏ ဓာတ်လုံးလမ်းစဉ်မှာ အဆင့် (၄) ဆင့်ရှိပါသည်။

၁။ ဆေးဒါန်းထဲမှ ဓာတ်သားပြဒါးကို သန့်စင်စွာထုတ်ယူခြင်း။

၂။ထိုဆေးဒါန်းပြဒါးသန့်ကို ချုပ်သတ်ပေးခြင်း(ပြဒါးကိုချုပ်သတ်နိုင်တဲ့ ချော်ဆေးချက်ခြင်း)

၃။ ချုပ်သတ်ပြီး မီးထိုးခံဆေးခန်း ပြဒါးဓာတ်လုံးကို မီးတေဇောတက်ပေးပြီး သတ်မှတ်ထားတဲ့အဆင့်ကိုရောက်လျှင် ကိတ်ဓာတ်ကို ဓာတ်လုံး၏အတွင်းပါစကတေဇောအားနှင့်ညီမျှသောပမာဏနှင့်ချင့်ချိန်၍ တွင်းထွက်ကိတ် (ရွှေ) ကို ကျွေးပေးခြင်း။

၄။ ကိတ်တစ်လေးကျွေးပေးပြီး၍ ဓာတ်တစ်လေးကျန် အပိုအလိုမရှိသည့် အချိန်ရောက်လျှင် ဓာတ်လုံး၏ (၈)ပုံပုံ (၁)အလေးချိန်ရှိသောသန့်စင်ထားသည့် ပြဒါးရည်ကို ၎င်းဓာတ်နှင့်ဖြိ၍ဖမ်းယူပြီး သူ့အစာသူရှာ၍ဖမ်းခိုင်းပြီး အစာကျွေး၍ ဓာတ်လေးတင်အောင် တေဇောပြန်တက်ပေးခြင်း။ (ပြဒါးကို ဓာတ်လုံး၏ (၄) ဆဖမ်း၍ကျွေးပေးခြင်း)

၎င်းဖော်ပြပါအချက်များအားလုံးပြီးပြည့်စုံပြီဆိုလျှင်တော့ အထက်သိဒ္ဓိလမ်းကို တက်လှမ်းနိုင်ပါပြီ။

ဆရာရွှေလည်း ဓာတ်လမ်းကို စတည်သည့်အချိန်မှစ၍ (၁) နှစ်ခွဲပြည့်သည့်အချိန်တွင် ထိုအဆင့် (၃) ဆင့်ကို အောင်မြင်ခဲ့ပြီး အဆင့်(၄) သူ့အစာသူဖမ်းခိုင်း၍ ပြဒါးဓာတ်ကျွေးခြင်းကိုစတင်၍နေပါပြီ။

ဓာတ်တို့၏ သဘောသဘာဝ အတိုင်း သူ့သဘောကိုသူတာဝန်ကျေပွန်စွာဆောင်သည့်အတိုင်း -

ဆရာရွှေ ဆေးကုသခြင်းလုပ်ငန်းနှင့် ကျန်သော ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသောကိစ္စအဝဝ အလွန်ပင် အောင်မြင်ချောမွေ့အဆင်ပြေလွန်းလှပေသည်။

တခါတလေများဆို ဓာတ်လုံးကို မီးကစားဖို့ကိုပင် အချိန်အားမရလောက်အောင်ပင် ဆေးကုသပေးနေရလေသည်။

အထူးခြားဆုံးကတော့ ဓာတ်လုံးကို သူ့အစာသူဖမ်း၍ ပြန်ကျွေးခြင်းကို ပြဒါးဖမ်းပြီး ဓာတ်သားဓာတ်လုံး၏ တစ်ဆ (တစ်လေး) ကျွေးပြီးတဲ့အချိန်တွင် တိုင်းကျော်နယ်ခြား ရှမ်းပြည်နယ်ဘက် ကလော၊ ဟောင်ကြီး၊ လားရှိုးစသော ဒေသများကပင် လူနာကို ဆေးကုသပေးရန်အတွက် ဆရာလာပင့်ကြ၍ လိုက်လံ၍ ဆေးကုသပေးရသည်အထိ အောင် နာမည်ကျော်ကြားလာခဲ့ပြီဆိုတော့ ဆရာရွှေတစ်ယောက် ကိုယ့်ကိုယ် ကိုယ် အတော်ဟုတ်လေပြီဟု အထင်ရောက်မှုလေးများ ဆက်တိုက်ဖြစ်လာလေတော့ မာန်လေးလည်းတက်စပြု၍ လာချေပြီ။

တယ်ဟုတ်တဲ့ငါပါလားပေါ့အထင်ရောက်လာပြီး ဘရသေ့မှာကြားခဲ့သည့် စရဏပိုင်းပြည့်ကျင့်မှုများလျော့နည်း၍ လာခဲ့ချေပြီ။

ထိုဖြစ်စဉ်အများထဲမှ သူဘဝင် အခိုက်ဆုံးဖြစ်စဉ်တစ်ခုက တစ်နေ့တွင် ရှမ်းပြည်နယ်ဘက်မှ ဆရာလာပင့်ခဲ့ကြပါသည်။ လူနာက (၃၀) အရွယ် ရှမ်းအမျိုးသမီးချောချောလေး။ မသိလျှင် လူနာရယ်လို့တောင်မထင်ရပါ။ မစားနိုင် မအိပ်နိုင်ရောဂါ။ သို့သော် ထိုကလေးမတွင် အနောက်တိုင်းနည်း၊ ဗီန္ဒေါနည်း၊ ပယောဂနည်း အစရှိသောနည်းပေါင်းစုံလင်စွာဖြင့် ရောဂါရှာဖွေပါသော်လည်း မည်မည်ရရဘာရောဂါမှရှာ၍မရသည့် အဆုံးမှာ သတင်းမွေးနေသော ဆရာရွှေထံသို့ ရောက်လာကြခြင်း ဖြစ်ပေသည်။

ဆရာရွှေလည်း အောင်မြင်မှုအထွဋ်အထိပ်ရောက်နေစဲအချိန်အခါဆိုလေတော့ ငါကုသပေးလိုက်လျှင်တော့ ကိုန်းသေပေါက်ရကိုရရမည်ဟု တထစ်ချယုံကြည်၍ လူနာကို လက်ခံလိုက်ပြီး ရှမ်းပြည်နယ်ဘက်သို့ ဆေးလိုက်၍ကုသပေးလေသည်။

ဆရာရွှေက သူဘယ်သွားသွား သူ၏ အားအကိုးဆုံး 'ဆေးဒါန်း ရွှေသေ ပြဒါးရှင်' ဓာတ်လုံးကို အဓိက အဆောင်ကောင်းအဖြစ် သူ၏လည်ပင်းတွင် ကတ္တီပါအိတ်ရှုံးဖြင့် တံရိုတသေထည့်၍ ဆွဲသွားပါသည်။

လူနာအိမ်သို့ရောက်သည်နှင့်ပင် ပဲ ငိုလိုက်ရယ်လိုက်နှင့် အပြုံးနာမငြိမ်ဖြစ်နေသော ရှမ်းမလေးအား ဆရာကို သေချာစွာ ဝတ်ပြုပြီးနောက်၍ အကောင်းသားအတိုင်းဖြစ်နေကောင်းကို တွေ့မြင်လိုက်ရတော့ ဆရာမှာ သွား၍ပင့်ပြီး တစ်ပါးတည်းပြန်လာသော ကလေးမလေး၏

www.burmeseclassic.com

www.burmeseclassic.com

ဖခင်ဟာ အလွန်ကိုအံ့ဩမှင်တက်မိသွားပြီး ဆရာရွှေ၏အစွမ်းသတ္တိကို အပြီးတိုင်ယုံကြည်လေးစားသွားပြီး သူ၏သမီးကို အမြန်ဆုံး ယခုလို ကျန်းမာပျော်ရွှင်၍ ချစ်ခင်ဖွယ်ရာကောင်းသော သမီးအဖြစ် သို့ရောက်အောင် ကုသပေးပါဟု ဆို၍ အပ်နှံလေသည်။

(ဆရာကို ထိုက်ထိုက်တန်တန်ကို ကန်တော့ပါမည်ဟု ရင်ထဲမှာရှိသည့် အတိုင်းပြောပါသည်။) ဆရာရွှေလည်း ကလေးမလေးကို သွေးစမ်းရောဂါရှာစသည်အားဖြင့် ဆေးဆရာတို့၏ ပြုမြဲဝတ်တရားအတိုင်းပြုလုပ်၍ပေးပြီး နှလုံးသည်းခြေဆေးတစ်ခွက်ကို သူ၏ဓာတ်လုံးကိုစိမ်ထားတဲ့ရေစင်နှင့် ဖျော်စပ်၍ တိုက်ကျွေးတိုက်တဲ့အခါ ကလေးမလေးဟာ လုံးဝကို ပေါ့ပါးလန်းဆန်းသွားပါတော့သည်။

"ကဲ - ဒီကလေးမလေးမှာရှိနေတဲ့ ကိုယ်တွင်းကိုယ်ပမှာရှိနေကြတဲ့ရောဂါများနှင့်အတူ မမြင်ရမမြင်အပ်တဲ့ အနှောင့်ယှက်ပယောဂအပေါင်း အကုန်လုံး ယနေ့မှစ၍ လုံးဝကိုကင်းစင်လို့သွားပါပြီ။ မိမွေးတိုင်းဖမွေးတိုင်း ကျန်းမာပကတိ ချမ်းသာစွာရှိသွားပါပြီ"

ဟု ပြော၍ အမိန့်ပြန်ပြီး စခန်းသိမ်းလိုက်လေသည်။

အိမ်နီးဝန်းကျင်မှ အသိမိတ်ဆွေများနှင့် ပတ်ဝန်းကျင်တစ်ဝိုက်မှလူများကလည်း -

"ဟာ - ဒီဆရာတော်လိုက်တာ။ ဘယ်သူနဲ့မှကုသလို့မရတဲ့လူနာ ဆရာနဲ့မှ ဆေးတစ်ခွက်တည်းနဲ့ ရောဂါပျောက်သွားတာ အတော်စွမ်းပေတယ်"

ဟု ချီးမွမ်းထောမနာပြုကြလေသည်။

ဆရာရွှေလည်း ကိုယ်လက်သန့်စင်၍ အိမ်ရှင်များဧည့်ခံတည်ခင်းသောနေ့လယ်စာကို သုံးဆောင်ပြီး ခေတ္တမျှေးစက်၍ အနားယူလေသည်။

ညနေပိုင်းတွင် ဒေသသစ်နေရာပတ်ဝန်းကျင်ကို ဒေသန္တရလေ့လာသည့် သဘောနှင့် မြို့ပတ်ဝန်းကျင်ကို စိတ်လွတ်ကိုယ်လွတ်တစ်ဦးတည်းခြေဦးလက်ဆန့်လေ့လာပြီး၍ ဝမ်းဟာလာတာမို့ ရှုမ်းခေါက်ဆွဲဆိုင်သို့ ဝင်၍ဝမ်းအာဟာရဖြည့်တင်းနေစဉ်အခိုက်မှာပဲ ဆရာရွှေ၏ စားပွဲသို့ အသက် (၃၀) ကျော်အရွယ် မိန်းမပျိုလေးတစ်ဦး ချဉ်းကပ်၍ လာပါတော့ သည်။

"ဆရာ၊ အခုသုံးဆောင်ပြီးတဲ့ စားပွဲအတွက် သမီးငွေရှင်းပြီးခဲ့ပါပြီ။ ဆရာ့ကို လေးစားကြည်ညိုလို့ပါ။ ဆရာ့ကို သမီး တစ်ခုဝန်ခံတောင်းဆိုချင်တာရှိလို့ပါ ဆရာ"

"အေး-ပြောလေသမီး၊ ဘာပြောချင်လို့လဲ"

"ဒီလိုပါ ဆရာ၊ အခု ဆေးကုသပေးခဲ့တဲ့ မိန်းကလေးဟာ အရင်တုန်းက သူငယ်ချင်းတွေပါ ဆရာ။ ဒါပေမယ့် အခုနေချိန်မှာတော့ မရှက်တမ်းပြောရရင်တော့ ချစ်သူလုဘက်(သုံးပွင့်ဆိုင်အချစ်) ဇာတ်လမ်းပေါ့ ဆရာ။ သူ့ကို နောက်ဆုတ်ပေးဖို့ အကြိမ်ကြိမ်တောင်းပန်ခဲ့ပေမယ့် သူက ခေါင်းမာတယ်လေ။ ဒါကြောင့် ဘယ်လိုမှမရတဲ့နောက်ဆုံးမတော့ သမီးမှာ နဂိုပါ (ဝမ်းတွင်းပါ) ပညာနဲ့ပညာကုန်သုံးပြီးခန္ဓာကြွေတဲ့အထိ လုပ်ခဲ့တာပါ။

ဒါပေမယ့် ဆရာ့ရဲ့ပညာဂုဏ်ရှိန်နဲ့အဆောင်ကောင်းပစ္စည်းတစ်ခုခုကြောင့် သမီးရဲ့ဝမ်းတွင်းပါပညာကလည်း အစွမ်းမထက်တော့လို့ အခုတစ်ကြိမ်မှာတော့ အလျှော့ပေးလိုက်ပါပြီ။ သို့သော်လည်း နောက်(၃)နှစ်ကြာတဲ့အခါ ဒီမိန်းကလေးရောဂါတစ်ခုခုဖြစ်လို့ ဆရာ့ကိုလာပင့်ရင် ဆရာဒီဒေသကိုလိုက်ပြီးတော့ဆေးမကုပေးပါနဲ့လို့ သမီးတောင်းဆိုချင်ပါတယ် ဆရာ"

ဆရာရွှေလည်း ထိုမိန်းကလေးကို ကရုဏာသက်စွာနှင့်ကြည့်ပြီး -

"အေး- သမီးရေ ဒီနေ့နဲ့မနက်ဖြန်ကိုတောင် ဘာဖြစ်လာမယ်လို့မသိနိုင်တဲ့ သခ်ါရတရားနယ်ပယ်ထဲမှာ နောင်(၃)နှစ်ကြာမှဖြစ်မှာကို ဘယ်သူမှတတ်အပ်မပြောနိုင်ပါဘူးလေ"

ဟု ရယ်လို့သာ စကားအလိမ္မာသုံး၍ ဆင်ဝေ့ရန်ရှောင်ပြောလိုက်ပြီး ထို



နေရာမှထွက်ခွာ၍လာခဲ့လေသည်။

ဤအကြိမ်လူနာကို ဆေးလိုက်ကုသပေးရတာဟာ ဆရာရွှေအတွက် အပြောင်မြောက်ဆုံးဖြစ်လို့ မိမိကိုယ်ကို ဂုဏ်ယူမဆုံးဖြစ်ခဲ့ရပြီး စိတ်ထဲမှာလည်း ငါနှင့်ယှဉ်နိုင်ဝံ့တဲ့သူရှိနိုင်ရိုးလားဟုတွေးမိလေသည်။

နေရပ်သို့ ပြန်ရောက်တဲ့အခါမှာလည်း ထုံးစံအတိုင်း သူကုသပေးတဲ့လူနာတိုင်းကို မဖြစ်မနေ အထူးပြုအနေဖြင့် 'ဆေးဒါန်း ရွှေသေ ပြဒါးရှင် ဓာတ်လုံး' ကို သောက်ရေအိုးတွင်ထည့်၍ရေအပြည့်ထည့်စိမ်ပြီးဆေးလာကုသမျှသောလူနာတိုင်းကို ဓာတ်လုံးရေစင်ကို တိုက်လေတော့သည်။

(ဓာတ်တို့၏ အစိန္တေယျပဘာဝအစွမ်းသိဒ္ဓိကို နေရာဒေသ ကာလဌာနမရွေးတော့ဘဲ လက်နက်ကြီးတစ်ခုအနေနှင့် အရမ်းကာရောတလွဲအသုံးချလေတော့သည်။)

ဒါဟာ ဆရာရွှေ၏ဘရသေ့ကြီးရဲ့ အမှာစကားကို သွေဖည်ခြင်း၏အစဖြစ်ပေသည်။

သည်လိုနှင့် တစ်ညမှာတော့ ထူးထူးဆန်းဆန်း ဆရာရွှေ ဘရသေ့ကြီးကို အိပ်မက်ထဲတွင် တွေ့ရပါတော့သည်။

"အေး-ငါ့တပည့်အတော်ဟုတ်ပြီး အဟုတ်မတော်ဘူးဖြစ်နေတယ်။ သတိသမ္မဇဉ်ဉာဏ်နဲ့ယှဉ်နိုင်ကာမှ တော်ရာကြပေ့လိမ့်မယ်နော်"

ဟု ပြောပြီး ပျောက်ကွယ်၍သွားလေသည်။

ဆရာရွှေလည်း အိပ်နေရာမှ ချက်ချင်းနိုး၍လာပြီး ကြက်သီးမွေးညင်းများထလာကာ ဒုက္ခပေါငါဘာများအမှားလုပ်မိတာလိမ့်လို့ တွေးကြည့်ပါသော်လည်း ဘာမှမမြင် ဘာမှမသိဖြစ်၍နေပေတော့သည်။

နောက်ဆုံးမှာတော့ အေးလေ - သွေးလေချောက်ချားလို့သာဖြစ်မှာပါဟု ဖော့ဖော့တွေး၍ဖြေသာလိုက်ပါသည်။

(ရှေ့လတွင် ဆရာရွှေ၏ ရင်ဆိုင်ကြုံတွေ့ရတော့မည့် ကျဆုံးခန်းများနှင့် ဓာတ်လမ်းစဉ်တို့၏ စည်းမျဉ်းလိုက်နာကျင့်သုံးနိုင်မှုနှင့်စရဏဖြည့်ကျင့်နိုင်မှုတို့၏ အတိမ်အနက် သဘောတရားများကို ဆက်လက်၍ တင်ပြပေးပါမည်ဖြစ်)

မင်းချစ်သူမြို့ (ပုသိမ်)

www.burmeseclassic.com

www.burmeseclassic.com



(၁)

မြန်မာလူမျိုးတို့သည် အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်တို့ကို ယုံကြည်စွဲလမ်းကြသည်။ တွေ့ကြုံဖူး၍လည်း ပိုမို ယုံကြည်ကြသည်။ မိမိအိမ်သား၊ မိမိယောကျ်ား ရှေ့တန်းစစ်မြေပြင်ထွက်ခြင်း၊ တခြားအရပ်ခရီးသွားနေခိုက် မိမိအိမ်က ဘုရားညောင်ရေအိုး ဘုရားကျောင်းဆောင်ထက် ရုတ်တရက်ပြုတ်ကျကွဲပျက်ခဲ့ပါက အတိတ်နိမိတ်မကောင်း ဘူးဆို၍ ဗေဒင်မေး၊ ယတြာချေခြင်း၊ ပြုပြင်ပြန်ပြေဘုရား၌ ဝတ်ပြုဆုတောင်းခြင်းပြုတတ်သည်။

သည်နေရာ၌ တိုက်ဆိုင်မှုလား၊ အတိတ်နိမိတ်လား ခွဲခြားသိနိုင်ရန် ဖြစ်ရပ်မှန်သာဓကတစ်ခုကို ထုတ်နုတ်ပြချင်သည်။

(၂)

ဦးချဲ့။

သူနာမည် ဦးချဲ့။ ထူးမြတ်စွာ ဦးတပ်ခေါ် ရမည့်အရွယ်။

သူအသက်က (၆၇) နှစ်ပြည့်ပြီ။ သို့သော် လူတိုင်းက သူ့ကို ဇချဲ့ဟုပဲခေါ်

www.burmeseclassic.com

www.burmeseclassic.com

အောင်သိန်းဝင်း
(ဖွင့်ဖြူ)

အတိတ်နိမိတ်



ကြသည်။ နာမည်အပြည့်အစုံခေါ်လျှင် နာမည်ရှေ့က နာမဝိသေသနပြုလျက် 'နွားခိုးငချို' ခေါ်သည်။

ငချို့က နှယ်နှယ်ရရမဟုတ်။ သူ့အမေ ဒေါ်ပုတ်မွေးစဉ်က မျက်နှာ၌ အချင်းမျက်နှာဖုံးပါလာ၏။

ငချို့ ကလေးအရွယ်၌ သူ့အမေက ရွာဦးကျောင်းဆရာတော်ဦးကေသရ ကျောင်းအပ်ပေး၏။ ငချို့က ဉာဏ်ကောင်းသည်။ စာတော်သည်။ (၁၃) နှစ်သားအရွယ်ပင်လျှင် ပရိတ်ကြီး၊ သဒ္ဒါ၊ သဂြိုဟ်ကြောင်းကြောင်းပြေးရသည်။ ဆရာတော်က ဉာဏ်ကောင်းသည့် တပည့်မို့ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ နက္ခတ်ကျမ်းများ သင်ကြားပေးသည်။ ဘုန်းကြီးက လောကီပညာရပ်များလည်း နှံ့စပ်ကျွမ်းကျင်သည်။ ငချို့ကို တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီးနှင့် ပေါင်နှစ်ဖက်တွင်လည်း ကြောင်ဆင်းကြောင်တက် ကြောင်ဆေးထိုးပေးသည်။

ငချို့ ထိုကျောင်းတွင် ကိုရင်ဝတ်ခဲ့ပြီး ကိုရင်ဝါ (၄) ဝါအရတွင် လူဝတ်လဲ လူထွက်ခဲ့သည်။

(၃)

ငချို့ပုံက ခေါင်းလုံးလုံး၊ နောက်စေ့ပြားပြား၊ မျက်နှာက လေးထောင့်ကျ၊ မဲ့ခွက်ခွက်၊ နှာပြားပြား၊ အသားမည်းမည်း၊ အရပ်ရှည်ရှည် ကိုယ်ခန္ဓာထွားကျိုင်းကြုံခိုင်သည်။ လျင်မြန်ဖျတ်လတ်သည်။ အပြေးသန်သည်။ သူသွားလာလျှင် လမ်းရိုးအတိုင်းမသွားဘဲ ကွေ့ကောက် ဖြတ်လမ်းရှာသွားတတ်သည်။

မျိုးရိုးကတော့ မခေ။ သူ့အဖေက ကျေးရွာသူကြီး ဦးပန်း။ အသက် (၇၀) အရွယ်တွင် တီဘီနှင့်ကွယ်လွန်သွားသည်။

မိခင်မုဆိုးမကြီးဒေါ်ပုတ်နှင့်အတူ လုပ်ကိုင်စားသည်။ ညီအစ်ကိုမောင်နှမ (၈) ယောက်ရှိသည်။ ယောကျ်ားလေး (၄) ယောက်၊ မိန်းကလေး (၄) ယောက် ဖြစ်သည်။ ငချို့က အကြီးဆုံး။ ဖခင်ကြီးရှိစဉ်တုန်းက တောင်သူလုပ်သေးသည်။ ငချို့လက်ထက်ကျတော့ လုပ်ကိုင်စားစရာမြေမရှိ။ သားသမီးတွေ ပုစုခရုနှင့်မို့ အားလုံးရောင်းချစားသောက်ကုန်ပြီ။

ငချို့က အားကောင်းမောင်းသန်မို့ ရွာထဲတွင်ရရာအလုပ်အကုန်လုပ်သည်။ သစ်ပင်ချိုင်၊ သစ်ပင်ခုတ်၊ သစ်ပင်လဲ သစ်ကြီးဝါးကြီးဆိုသူပဲလုပ်နိုင်သည်။ သူများယာအင်္ဂါထွန်၊ လယ်ရိတ်၊ နှမ်းရိတ် လိုက်လုပ်၏။ အငယ်ညီ၊ ညီမတွေကလည်း သူတို့နိုင်ရာလုပ်ကြသည်။

ငချို့တို့မိသားစုဘဝကို ဆင်းဆင်းရဲရဲဖြတ်သန်းခဲ့ရသည်။ နေ့ဖို့ညစာ အလျင်မီအောင် အပြေးအလွှားလှုပ်ရှားရုန်းကန်ရသည်။

(၄)

ငချို့အိမ်ထောင်ကျပြီ။ တစ်ရွာတည်းသူ။ တစ်ပိုင်းတည်းက တစ်လမ်းတည်းနေသူ။ ဘကကျောင်းထွက် သူငယ်ချင်းမဝင်းနှင့် အိမ်ထောင်ပြုခဲ့သည်။ မဝင်းက မျက်လုံးပြူးပြူး၊ ပုပျပ်ပျပ်၊ ညိုချောဖြစ်သည်။

အိမ်ထောင်ကျလာတော့ ငချို့ ယောကျ်မအိမ်လိုက်ရသည်။ ဘကဘမကလည်း မုဆိုးမ။ ဒီသမီးကလေးတယောက် သာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားလုပ်သူက လယ်စပါး ရိတ်၊ နှမ်းရိတ်၊ သစ်ခုတ်၊ ဝါးခုတ်၊ ထင်းခုတ်၊ ထွန် ဦးစီးလိုက်လုပ်သည်။

မိန်းမဖြစ်သူက ကောက်စိုက်၊ နှမ်းစည်း၊ နှမ်းခါ ပေါင်းထိုး၊ မြက်သင်၊ ပဲကြီး၊ ပဲတီစိမ်းဆွတ်၊ ဝါကောက်လုပ်သည်။

အိမ်ထောင်သက် (၃) နှစ်ခန့်တွင် ယောကျ်ားကြီးအစာအိမ်ရောဂါဖြင့်ကွယ်လွန်ခဲ့သည်။ သူတို့လင်ကိုယ်မယားနှစ်ယောက်သာကျန်ခဲ့သည်။

(၅)

ငချို့တို့လင်မယားနှစ်ယောက်က တက်ညီလက်ညီရှိသည်။ အလုပ်ဆို မခဲမကတ်လုပ်သည်။ ဇွဲရှိသည်။ မယုင်းရိ။ ထို့ကြောင့် သူတို့လင်မယားအဖို့ စားလောက်ရုံမက ပိုလျှံသည်။

သို့သော် သားသမီးများပွားစီးပေါက်ဖွားလာသောအခါ မပိုလျှံတော့။ စားဖို့ပင်အနိုင်နိုင်။ ကြွေးတင်လာသည်။ သားသမီးများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် ကုန်ကျစရိတ်များ၏။

ကလေးငယ်သောအခါ မဝင်းက တောထဲတောင်ထဲမလိုက်နိုင်။ ပိုဆိုးတော့ ၏။

မိသားစုတာဝန်ကြီးကို ငချို့တစ်ယောက်တည်း ရုန်းကန်ရ၏။ သို့သော် မငြူစူ။ မညည်းညူ။

ယခုအခါ၌ သား(၂)ယောက်၊ သမီး (၄) ယောက်ပင်ရှိခဲ့ပြီ။

(၆)

ငချို့ဖောက်ပြီ။ စိတ်ညစ်စရာများ၍ စိတ်ထွက်ပေါက်ရှာသည့်အနေနှင့် အရက်သောက်တတ်၏။ အရက်သမား အပေါင်းအသင်းများနှင့်တတွဲတွဲ။ သူက စည်းကမ်းတော့ရှိသည်။ မနက်ဘက်မသောက်။ အလုပ်မပျက်။ မိသားစုတာဝန် ကျေပွန်အောင်ထမ်းသည်။

အရက်လေးဖက်လာတော့ အရှက်အကြောက်မရှိ ရွာထဲယာထဲခိုးပုက်စပြုလာသည်။ နှမ်း၊ ပဲတီစိမ်း၊ ပဲကြီး၊ ဝါက အစပြု၍ ဘူးသီး၊ ခရမ်းသီး၊ ဖရုံသီး၊ ကြက်၊ ဘဲမကျန်ခိုးစား၏။ လူလစ်လစ်သလို အခြေအနေပေးပေးသလို ခိုးပုက်စား၏။ အစဦးတော့ မဝင်းက တားမြစ်သေး၏။ နောင်ဒီလိုမလုပ်ဖို့။ နောက်ပိုင်းမတားတော့ပေ။ မိသားစုဝမ်းရေးမည်သို့မျှမဖြေရှင်းလျှင်မရနိုင်။ သူလည်း ခိုးရာပါပစ္စည်းထုခွဲရောင်းချစားသောက်သည်။ ပစ္စည်းလက်ခံကြံရာပါပင်။

မစ္စမ်းရင်းကလည်းရှိ။ ကန်စွန်းခင်းကလည်းငြိဆိုရမည်။

အချင်းကလည်း မျက်နှာဖုံးပါ။ ကြောင်ဆေးကလည်းထိုးထားပြန်တာမို့ ခိုးချင်ဝှက်ချင်သည်။ ဟင်းကောင်းစားချင်သည်။

နောက်ပိုင်းအဆင့်တက်ပြီး နွားခိုးတော့သည်။ သို့သော် ငချို့က ရွာခရိုးတော့ ထင်းမခွေတတ်။ ရွာကနွားဘယ်သောအခါမှမခိုး။ တခြားဘေးရွာတွေထွက်ခိုးတတ်သည်။ သူက အပေါင်းအဖော်၊ အဖွဲ့၊ ဂိုဏ်းနှင့်မခိုး။ တစ်ကိုယ်တော်သူခိုး နွားသူခိုး။

နွားခိုးမှုနှင့် မကြာခဏ အချုပ်ထောင်ကျဖူး၏။ မကြာမီ ပြန်လွတ်လာ၏။ ခိုးထုပ်ခိုးထည်နှင့် လက်ပူးလက်ကြပ်မမိခြင်း၊ ခိုင်လုံသော မျက်မြင်သက်သေမရှိခြင်းတို့ကြောင့် သဲသယနှင့်ဖမ်းဆီးစွဲချက်တင်ရသောကြောင့် ထောင်နှစ်ကြိမ်ခန့်ရ။

သည်အမှုမျိုး မကြာခဏကြုံရသည်။ အမှုဖြစ်တိုင်း ငချို့ကို အလွယ်တကူဖမ်းဆီးမရ။ အသာတကြည်အဖမ်းမခံ။ တိမ်းရှောင်ထွက်ပြေးနေတတ်သည်။

ထို့ကြောင့်ပင် နယ်မြေခံရဲစခန်းနယ်ထိန်းခေါင်းဆောင် ရဲတပ်ကြပ်ကြီး သောင်းညွှန့်က -

"ဒီအလုပ်က ငချို့ရာ နှင်ရင်သေမှ၊ ငါရင် ထီပေါက်မှအေးမှာ"

လို့ ညည်းတွားဖူး၏။

(၇)

ငချို့မှာအသက်အရွယ်ရလို့လား၊ နောင်တရလို့လားမသိ။ နွားခိုးကျဲသွားသည်။ ဟိုတုန်းကလို မစိပ်တော့။ မကြာခဏမခိုး။ မယားကျွေးမှုသားကျွေးမှုမစွန့်စားရဲ။ စားတော့အများ ခံစရာရှိလျှင် သူတစ်ဦးတည်းသာ။ ဘယ်သူမှ ဝေမျှပိုင်းမခံ။ သို့သော် လုံးလုံးတော့ မစွန့်လွှတ်။ သုံးလေးငါးနှစ်တန်သည် မေ့မျော့ပျောမှ ထထခိုး၏။

ငချို့ထောင်ကပြန်လွှတ်လာသည့် သတင်းကြားသည်နှင့် ရွာနီးချုပ်စပ်ကလူများ ရဲရဲတင်းတင်းမအိပ်ရဲ။ ပေါ့ပေါ့တန်တန်နေရဲ။ ရွာခရိုးများ ဆူးထပ်ပိုးခြင်း၊ ဝန်းထရံတိုင်အသစ်လဲလှယ်စိုက်ခြင်း၊ ရွာတံခါးများတွင် အလှည့်ကျကင်းစောင့်ထားခြင်းပြုကြသည်။ ငချို့ကလည်းလျင်သည်။ အစောင့်တွေအထပ်ထပ်ချထားသည့်ကြားကနေ နွားကိုရအောင်ထုတ်ခိုးသည်။

(၈)

တစ်နေ့ တည်ပင်ရွာယာအနီးနွားစားကျက်တွင် တည်ပင်သားလေးငါးယောက် နွားကျောင်းနေကြသည်။ ထိုအနီး ငချို့ဖြတ်သွားသောအခါ ငချို့ကို မျက်မှန်းတန်းမှတ်မိသူတစ်ဦးက -

"ဗျို့ - ကိုချို ဘယ်သွားမို့လဲဗျ။ ကျုပ်တို့နွားတွေတော့မလုပ်နဲ့နော်"

ဟု လှမ်းပြော၏။

ငချို့က ပြုံးဖြဲဖြဲဖြင့် -

"တည်ပင်ရွာသွားမလို့ကွ။ အစ်ကို ဒီအလုပ်တွေကို မလုပ်တော့ပါဘူးကွာ။ အားလုံးစွန့်လွှတ်လိုက်ပါပြီ"

ငချို့ ပြောပြောဆိုဆို အနီးမှထွက်ခွာသွား၏။ ငချို့ကျောပြင်ကိုကြည့်လျက် ဘေးကအဖော်တစ်ယောက်က -

"အေးကွ ဟုတ်မယ်၊ အသက်ကြီးလို့နောင်တရသွားပြီထင်တယ်။ ငချို့နွားမခိုးတော့တာကြာပြီကွ"

ဟု မှတ်ချက်ပေးလိုက်သည်။

ထိုသို့ တွေ့ဆုံပြောဆိုပြီး နောက်တစ်နေ့၌ တည်ပင်ရွာတွင် ခိုင်းနွားကြီးတစ်ကောင် လူထုတ်(ခိုးယူ)သွားသောသတင်းကြားလိုက်ရသည်။

(၉)

ထိုနေ့က ငချို့ရွာပြန်မလာ။ ခိုးနွားကို ရွာစဉ်ရွာဆက်မောင်းခဲ့သည်။ ညမှောင်လျှင် တောထဲအိပ်သည်။

ရွာထဲ အိမ်ဆိုင်များက အဆာပြေစားဖို့ မုန့်ပဲသရေစာနှင့် ရေသန့်ဘူးများဝယ်ခဲ့ပြီးခရီးဆက်၏။

ရွာစဉ်နွားဝင်ရောင်းရာ စျေးကမတည့်။ နွားက ဒေါက်၊ အလုံးအထည်၊ အခေါက်အသား၊ ချို၊ အမွေးအရောင် ဘာမှဆိုစရာမရှိ။

သို့သော် နွားတန်ဖိုးက အရမ်းနည်းလွန်းနေ၍ မဝယ်ရဲ။ နွားပေါ့ (ခိုးနွား)ဖြစ်ရမည်ဟု ယူဆကြသည်။ သူခိုးနွားကောင်းမသိ။

သူကိုမေးရင်တော့ -

"စိုက်ပျိုးစရိတ်ချေးငွေဘက်ကြွေးတွေပူလို့ ဆပ်စရာမရှိလို့ အပူတပြင်းနွားထုတ်ရောင်းရတာ"

ဟု ဖြေတတ်၏။

သို့ဖြင့် စခန်းခြေမာ်၊ အင်တောသာ၊ အင်းရွာကြီး၊ ကျောက်စောင်းမှဖြတ်တက်လျက် ဝက်ထီးကန်နယ်ထဲကူးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

နွားအခိုးခံရသူကလည်း ခေသူတော့မဟုတ်။ ပေါ့ပေါ့တန်တန်သဘောထားမရ။ ရွာစဉ်ရွာဆက်အပေါင်းအသင်းဝင်ဆံ့သည်။ အထုတ်ခံရသော သူနွားပုံနှင့် ခိုးသူပုံသဏ္ဌာန်ကို သတင်းပို့ထားရာ ခိုးနွားနှင့်အတူ လူတစ်ယောက်ဝက်ထီးကန်နယ်ထဲ ကူးဝင်သွားကြောင်း စုံစမ်းသိရသည်။

ရွာမှသတ္တိကောင်းသူ(၅)ယောက် ခန့်ခေါ်၍ အောင်လံက ပြည်ကားတားစီးပြီး ပြည်မြို့အဝင် တီတူတ်ကတစ်ဆင့် ဝက်ထီးကန်ကို ကားပြောင်းစီးခဲ့သည်။

(၁၁)

"ဟိုမှာ ငချို့ရယ် ငချို့ ငချို့"

ဟု ဒို်ငနာကားပေါ်က လှမ်းမြင်အော်လိုက်၏။ ငချို့ကလွယ်အိတ်စလွယ်သိုင်းလျက် နွားကိုကွင်းပြင်ထဲဖြတ်ဆွဲနေသည်။

ကားကိုရပ်ခိုင်းပြီး (၅) ယောက်သား ဓားရှည်အုတ်ဖြတ်ကိုယ်စီနှင့်ဝိုင်းထားသည်။

ငချို့က တည်ပင်သားတွေလိုက်လာသည်မြင်သောအခါ နွားကို ကြိုးလွှတ်ပေးလိုက်သည်။

နွားကအမြီးထောင်ပြေးသောအခါ လူတစ်ယောက်က မျက်ခြည်ပြတ်မခံဘဲ နွားနောက်လိုက်ရ၏။ ထိုအခါ(၄)ယောက်သာကျန်ခဲ့သည်။

ငချို့အား ဝိုင်းလျက် ဓားဖြင့်ခုတ်သော်လည်း ဓားချက်ကမထိ။ ငချို့က ဝပ်လျက်၊ ငုံ့လျက်၊ တိမ်းရှောင်ခုန်ရှောင်လျက်လွတ်နေ၏။ နောက်ဆုံး လူ (၄) ယောက်ကြားက တိမ်းရှောင်၍ နီးရာအိမ်တစ်လုံးပေါ် ပြေးတက်ခဲ့သည်။

"ကျွန်တော့်ကို ကယ်ပါဦးအဘွား၊ ဟိုလူတစ်စုကဓားနဲ့လိုက်ခုတ်နေလို့"

ငချို့၏ပုံက မောကြီးပန်းကြီး။ တုန်လှုပ်ချောက်ချားနေပုံရသည်။ ငချို့ကံကောင်းသည်ဆိုရမလား။ ငချို့တက်သွားသည့်အိမ်က အသက် (၇၀) ကျော် အဘိုးကြီးအဘွားကြီး (၂) ဦးတည်းသာရှိသည်။ ကျောထောက်နောက်ခံသားသမီးမရှိ။

ငချို့ အိမ်ပေါ် ရောက်သောအခါ အိမ်ရှင်အဘွားကြီးက လှေကားအတက်တံခါးကို အတွင်းက ချက်ထိုးထားလိုက်သည်။ ပြီး - အိမ်ရှေ့ပြတင်းတံခါးဖွင့်လျက် -

"ဟေ့ မင်းတို့ဘယ်လိုလုပ်တာလဲ။ ဒါ မင်းမဲ့တိုင်းပြည်မဟုတ်ဘူးကွ"

ဟုအော်ပြော၏။

ဓားကိုင်လူတစ်စုမှာ အိမ်ဝိုင်းထဲသို့ ဝင်မလိုက်ရဲ။ အပြင်ကသာ အော်ပြောလျက် -

"အဘွားအိမ်ပေါ် တက်ပြေးတာ ကျွန်တော်တို့နွားခိုးတဲ့နွားသူခိုးပါ။ ထုတ်ပေးပါ"

"အေး-နွားခိုးဖြစ်ဖြစ်၊ သူခိုးဖြစ်ဖြစ် မင်းတို့လက်လွတ်စပယ်မလုပ်နဲ့။ မင်းမဲ့စရိုက်မဆန်နဲ့။ ဥပဒေနဲ့အညီလုပ်ကြ။ ရဲခေါ်ခဲ့။ အဲဒီအခါကျ အဘွားကိုယ်တိုင် ရဲလက်အပ်ပေးမယ်။ မင်းတို့ကျေနပ်လား"

လို့ ရဲရဲတင်းတင်းပွင့်ပွင့်လင်းလင်း အာမခံပေးခဲ့သည်။

လူလေးယောက်အစောင့်ထားခဲ့ပြီး ကျန်တစ်ယောက်က ရဲကိုပြေးခေါ်၏။ ငချို့က ဉာဏ်များသည်။ မယုံရဲ့။ ဒီတိုင်းပစ်ထားခဲ့မရ။ မျက်ခြည်မပြတ်စောင့်ကြည့်နေရသည်။

မကြာမီ ရဲအရာရှိနှင့် အခြားအဆင့်ရှိသူ ရဲ (၅) ယောက်ရောက်လာသည်။ အိမ်ရှင်ကို ဝင်ခွင့်တောင်းလျှင် ငချို့ကိုတတ်ဖမ်းသည်။ ငချို့က အသာတကြည်ပင် အဖမ်းခံသည်။

ငချို့ကို လက်ထိတ်တန်းလန်းနှင့် စခန်းခေါ် သွားသည်။ နွားပိုင်ရှင်တစ်ဦးသာ စခန်းခေါ်ခဲ့ပြီး ကျန်လူများ ဤနေရာမှာပင်စောင့်နေစေသည်။ စခန်းရောက်သောအခါ ငချို့အား အချုပ်ခန်းထဲတန်းသွင်းလိုက်သည်။ သက်သေခံပစ္စည်းနှင့်အတူ တရားခံဖမ်းမိထားကြောင်းနယ်မြေခံရဲစခန်းရှိရာအကြောင်းကြားစာကို နွားနောက်လိုက်လာသူမှားထံပေးပြီး ပြန်စေသည်။

(၁၂)

ငချို့ လွတ်လမ်းမမြင်ပြီ။ ခိုးထုတ်ခိုးထည်နှင့်လက်ပူးလက်ကြပ်မိခဲ့သည်။ ပစ္စည်းသက်သေ၊ လူမျက်မြင်သက်သေ ခိုင်လုံနေသည်။ ရဲစခန်းက နွားခိုးမှုဖြင့် အမှုဖွင့်၊ အမှုကိုခိုင်မာစွာတည်ဆောက်၍ မြို့ရဲစခန်းပို့ခဲ့သည်။ ရဲမြို့နယ်မှူးထံအစီရင်ခံပြီး စခန်းမှူးက တရားလိုပြုလျက် မြို့နယ်တရားရုံးသို့ တရားစွဲဆိုခဲ့သည်။

တရားရုံးတွင် (၂) လကျော်ခန့် ကြားနာစစ်ဆေးခဲ့၏။ နှစ်ဖက်တရားလို၊ တရားခံတို့၏ရှေ့နေများလျှောက်လဲချက်၊ မျက်မြင်သက်သေတို့၏ထွက်ဆိုချက်၊ တရားခံကိုယ်တိုင်က ကျူးလွန်ကြောင်းဝန်ခံချက်တို့ကြောင့် မြို့နယ်တရားသူကြီးက တရားခံမောင်ချို့အား ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) နှစ် စီရင်ချက်ချခဲ့သည်။

ငချို့ထောင်ကျပြီ။

မြို့အချုပ်တွင်နေရပြီး မကြာမီ သရက်အကျဉ်းထောင်ပို့လိုက်လေသည်။ ထောင်ကျခါစက် တစ်လ (၁)ခါ၊ (၂)ခါ၊ ထောင်ဝင်စာသွားတွေ့ရသေးသည်။ နောက်ပိုင်းမတွေ့ရတော့။ တောင်စွန်းရဲဘက်စခန်းပို့လိုက်ကြောင်းသိရသည်။

■

ကျေးလက်ကျန်းမာရေးဌာနကကြီးကြပ် (၁) ဆရာလေးမျိုးခင် စောစောစီးစီးရောက်လာသည်။ အိမ်က သမီးအငယ်ဆုံး မာမာဖျားနေ၍ သားငယ်ကို ဆရာပင့်ခိုင်းလိုက်သဖြင့် ရောက်လာခြင်း ဖြစ်သည်။ ဒီနေ့ စနေ့ဆေးခန်းပိတ်ရက်မို့ စောစောရောက်လာသည်။

ဆရာလေးက ရောက်ရောက်ချင်း မာမာကို ကိုယ်ပူစမ်းခြင်း၊ အဖျားတိုင်းခြင်းနှင့် ဖြစ်စဉ်ကိုမေးသည်။

ထိုအချိန်တွင် သမီး (၂) ယောက်က ရေနွေးပွဲ၊ လက်ဖက်ပဲခြမ်းလာချသည်။ သမီး (၂) ယောက်စလုံး မျက်နှာမကောင်း။ အကဲခတ်မိသည်။

ဆရာလေးက-

"မဝင်း၊ ကျွန်တော်မလာခင် သမီးတွေကို မာန်ငေါက်ထားသလား မျက်နှာမကောင်းပါလား"

"မဟုတ်ဘူး ဆရာလေးရေ။ ပြောမပြောချင်ပါဘူး။ ညက ဘုရားကျောင်းဆောင်ပေါ်က ညောင်ရေအိုးကျကွဲတာသူတို့အဖေကြီးသေပါဆိုပြီး ဝိုင်းငိုကြတော့တာပဲ။ ကျွန်မက နိမိတ်မရှိနှမာမရှိ မငိုကောင်းဘူးလို့တားရတယ်။ သူတို့က ဖအေချစ်သမီးတွေလေ"

ဟု ပြောပြသည်။

"ဟာဗျာ - ဥပါဒ်ဒါန်အစွဲမထားစမ်းပါနဲ့။ လေတိုက်လို့၊ ကြောင်တိုးလို့ကော မဖြစ်နိုင်ဘူးလား"

"ကျွန်မကလည်း ဒီအတိုင်းပြောနှစ်သိမ့်ပါတယ်"

ထိုအကြောင်းအရာအဖြစ်အပျက်တို့ကို ဆေးခန်းဖွင့်ရက်တွင် ကျန်းမာရေးမှူးထံဖွင့်ပြောပြခဲ့ဖူးသည်။

တစ်နေ့တွင်-

တောင်စွန်းရဲဘက်စခန်းကပို့လိုက်

www.burmeseclassic.com

www.burmeseclassic.com

စာယီ
ကျေးလက်တောရွာ၌ယနေ့ထိရှိသေးသော ကလေးငယ်များအိပ်ရာထဲ၌ ဆီးမသွားအောင်ပြုလုပ်နည်း

ဘကြီးသောင်းက ရှင်စားဖိုနှတ်နှင့် အငယ်ကောင်၏ ကိုယ်စောင့်နတ်တို့အား မေတ္တာပို့ပြီးနောက် -


"ကဲ - အငယ်ကောင်၊ ဘကြီးသောင်းဆိုတာ လိုက်ဆိုနော်"

ဟု ပြော၍ အောက်ပါကျေးလက်မိရိုးဖလာစကားလေးကို ဆိုခိုင်းသည်။)

"ရှင်စားဖိုည၊ ကျွန်တော့်နေ့။ ရှင်စားဖို စိုစိုယုပါ။ ကျွန်တော့်ခြောက်ခြောက်ပေး ပါ"

သုံးကြိမ်တိုင်ရွတ်ဆိုခိုင်းပြီးသော် ဘကြီးသောင်းသည် ရှင်စားဖိုနှတ်ကို လူထားသောရေခွက်မှ အငယ်ကောင်ကို ရေတစ်ငုံသောက်စေပါသည်။ ကျွန်ရေများကို ဖိုခုံလောက်ခြေရင်းသွန်ထားခဲ့ပါသည်။

ထိုနေ့မှစ၍ ဒေါ်လှတင်၏မြေး အငယ်ကောင်သည် အိပ်ရာထဲ၌ ဆီးသွားသည်ဟူသော်ကြားသံမကြားရတော့ပေ။



စာယီ

မနက်စောစော ညီအစ်ကို နှစ်ယောက် ဆူညံသံကြားရ၏။

"အမေကြီး၊ အငယ်ကောင် အိပ်ရာထဲ ဆီးသွားတာ (၂) ခါတောင်ရှိပြီ"

"ဟဲ့ - ငါ့မြေးငယ်၊ လာစမ်းပါဦးကွယ်။ သားအိပ်ရာမဝင်မီ ရေသောက်မှားလို့လား"

"မဟုတ်ပါဘူး ဘွားဘွား၊ သားသတိလွတ်ပြီးပေါက်သွားတာပါ"

"အေးအေး - ကြာရင်အကျင့်ပါသွားမယ်။ အဘွားခေါင်းရင်းအိမ်က ဘကြီးသောင်းနဲ့ တိုင်ပင်ပြီး ကုပေးမယ်ကြားလား"

"ဟုတ်ကဲ့ပါ"

ဒေါ်လှတင်က -

"အမေ့မြေးငယ် အိပ်ရာထဲ ဆီးသွားတတ်တယ်နော်'

ဟု သမီးခရီးမထွက်မီ ပြောသွားသည်ကို ကြားဖူးခဲ့ပေပြီ။

ညနေရောက်သောအခါ -

ဒေါ်လှတင် ဘကြီးသောင်းတို့ အိမ်ကူးသွားပါသည်။ ဘုရားဝတ်ပြုနေသဖြင့် ခေတ္တစောင့်နေရပါသည်။ ဝတ်ပြုပြီးသော်-

"ဒေါ်လှတင်၊ ဘာပြောစရာရှိလို့ပါလဲ"

"တခြားတော့မဟုတ်ပါဘူးဘကြီးသောင်းရယ်၊ မြေးအငယ်ကောင် အိပ်ရာထဲဆီးသွားလို့ ဘကြီးကိုကုပေးနိုင်မလားလို့ပါ"

"ရပါတယ် ဒေါ်လှတင်ရယ်၊ ကုပေးရမှာပေါ့။ သက်ဆိုင်ရာတွေလည်း မေတ္တာပို့ပေးပါ့မယ်။ အိမ်ပြန်ပြီး ထမင်းဦးပေါင်းတစ်ဆုပ်၊ ဖယောင်းတိုင်တစ်တိုင်၊ သောက်ရေတစ်ခွက် အသင့်ခပ်ထားပါ"

ဒေါ်လှတင်အိမ်သို့ရောက်လာပြီး ဘကြီးသောင်းပြောသည့်အတိုင်းအသင့်လုပ်ထားပါသည်။ခဏကြာသော် ဘကြီးသောင်းရောက်လာပြီး အငယ်ကောင်ပါမီးဖိုချောင်ထဲခေါ်သွားပြီးဖျာတစ်ချပ်နှင့် ထိုင်စေပါသည်။

ပြီးလျှင် ဘကြီးသောင်းက ဖယောင်းတစ်တိုင်ကို ဖိုခုံလောက်ပေါ်တင်၍ မီးထွန်းလိုက်၏။ ရေတစ်ခွက်နှင့် ထမင်းတစ်ဆုပ်ကို ကျွန်ဖိုခုံလောက်နှစ်ခုပေါ်တွင် တစ်ခုစီတင်ထားပါသည်။

သော် စာနယ်မြေခံရဲစခန်းမှရောက်လာသည်။ ရဲတပ်ကြပ်ကြီးစာရေးဦးပုကရွာလူကြီး ကိုခင်မောင်အေးမှတစ်ဆင့် မဝင်းထံပေးခိုင်းလိုက်သည်။

မဝင်းက စာအိတ်ဖောက် ချက်ချင်းဖတ်ပြီး မျက်နှာညိုသွားလျက် -

"အမလေး ကိုချို့ရဲ့ ကျေးဇူးရှင်ကြီးရဲ့ ကျွဲပိတ့်သားအမိတစ်တွေကို ပစ်သွားပြီလားတော့။ တော်မရှိရင် ကျွဲပိတ့်ဘယ်သူ့ကိုအားကိုးရမှာလဲ အီးဟီးဟီး"

နှင့် အော်ဟစ်ငိုနေ၏။

အမေငိုတာမြင်တော့ ဘေးမှာရှိသည့်ကလေးငယ်များပါ လိုက်ငိုကုန်၏။

ငိုသံကြား၍ ဘေးအိမ်က လူများ ဝိုင်းဝန်းပြေးလာကြသည်။ အကျိုးအကြောင်းမေးကြည့်သောအခါ ချို့တစ်ယောက် ရဲဘက်စခန်းတွင် ပြစ်မှုကြွေးကို ချွေးဖြင့်ပေးဆပ်ရင်း ငှက်ဖျားမိသေဆုံးသွားကြောင်းသိရသည်။

ငချို့ သေပြီ။

လူဘဝတစ်ခန်းရပ်၊ တစ်ဘဝတစ်ခန္ဓာဇာတ်သိမ်းခဲ့ပြီ။ သားကျွေးမှု မယားကျွေးမှုအတွက်ဦးဝှက်ကျွေးခဲ့၏။ အဖော်အပေါင်းမလို။ တစ်ကိုယ်တော်နွားခိုး။ သူကြဲစည်သမျှ ခိုးဝှက်သမျှ အောင်မြင်၏။ သို့သော် နောက်ပိုင်းပေါ်တာများ၏။ ဘယ်သို့ အကျိုးပေးကံရှိသည်မသိ။

ငချို့ကို ပတ်ဝန်းကျင်ရွာသားများက လက်စဖျောက်ပစ်ဖို့၊ အဆုံးစီရင်ဖို့ ကြံစည်သေး၏။ မအောင်မြင်။

တည်ပင်သားများ အနီးကပ် ဓား ဖြင့် ပတ်သတ်ခုတ်၏ မရ။ ငှက်ဖျားရောဂါဖြင့်သာ သေခဲ့ရသည်။

ဘုန်းကြီးကျောင်းသားဘဝ ဗုဒ္ဓဝေယျာဝစ္စ၊ ဓမ္မဝေယျာဝစ္စ၊ သံဃာဝေယျာဝစ္စ အကျိုးဆောင်ခဲ့၍ သူတစ်ပါးတုတ်ဓားလက်နက်လှံလှပယောဂဥပစ္ဆေဒကံနှင့် မသေခြင်းဖြစ်နိုင်သည်။

မသေမီ ရွာတွင်ကျန်ရစ်ခဲ့သော ချစ်ဇနီးနှင့်သားသမီးများကို အတိတ်နိမိတ်ပြ နှုတ်ဆက်ခဲ့ပုံရသည်။ တိုက်ဆိုင်မှုလားတော့မသိ။ ကြီးကြပ်(၁)ဆရာလေးမျိုးခင်ကိုပြောပြသောအချိန်နှင့် ရဲဘက်စခန်းကပေးပို့ခဲ့သော စာအိတ်ထဲက စာတိုက်တံဆိပ်တုံးပါရက်စွဲမှာတစ်လတိတိကွက်တိပင်။ တိုက်ဆိုင်ဆိုင်ဆိုင်။

အောင်သိန်းဝင်း(ပွင့်ပြု)

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခေါင်
ဂွန်ဘရီလမ်းပေါ်က အံ့ဖွယ်ထူးဆန်းများ

ကျွန်ုပ်သည် ဝိဇ္ဇာရေဂုဗ္ဘီရလမ်းကို လျှောက်လာခဲ့ရာ (၁၇) နှစ်တိုင်အောင် ကြာမြင့်ခဲ့ပါတော့သည်။ ယခုတင်ပြမည့် အကြောင်းသည် ယခင်လက ရေးသား ဖော်ပြခဲ့ဖူးသော (၃) ကွက်ပတ်လည် ကိုးကွက်အင်းနှင့် ဆက်နွယ်နေသည့် အကြောင်းပင် ဖြစ်ပါသည်။

ကျွန်ုပ်နှင့်ညီအစ်ကိုအရင်းလိုခင်မင် ကြသော ဓမ္မမိတ်ဆွေတစ်ယောက်ရှိပါ သည်။ ထိုမိတ်ဆွေသည် ယခင်ကာလ ဆိုလျှင် ဒီစတြိတ်ကောင်စီဟု အမည်ရှိ သောဌာန၏ အတွင်းရေးမှူးတာဝန်ယူရ သူ အရာရှိတစ်ယောက်ဖြစ်ပါသည်။

ထိုမိတ်ဆွေသည် အခြားဌာနများ မှ မြို့နယ်အဆင့်အရာရှိတစ်ယောက်၊ နှစ်ယောက်တို့ဖြင့်ပေါင်းစပ်ပြီး ထိကစား ကြပါသည်။ အောင်ဘာလေသိန်းထီကြီး သည် ထီတစ်စောင်လျှင် (၂) ကျပ်တန် ဖြစ်ပါသည်။ဂါသနာကြီးကြသည့်သူချင်း ပေါင်းဝိုက်သောအခါ အစုစပ်ထီရောင်း ခဲ့ကြပါသည်။

ကျွန်ုပ်မိတ်ဆွေဦးကျော်က ရန်ကုန် မှမိတ်ဆွေတစ်ဦးနှင့်အဆက်အသွယ်ရ ပြီး ကျော်ဝင်းနိုင်ဟု ထီရောင်းခဲ့ကြလေ တော့သည်။ ထီဖွင့်ခါနီး (၂၀) ရက် လောက်အလိုတွင် မကုန်သောထီများ ကို ရန်ကုန်ပြန်ပို့ရပါသည်။ ရန်ကုန်တွင် နယ်ပြန်ထီဆိုပြီးဆိုင်တင်လျှင် အလွန် ရောင်းကောင်းကြောင်းသိရပါသည်။

ကျွန်ုပ်မိတ်ဆွေသည် သုံးလတစ် ကြိမ်၊ လေးလတစ်ကြိမ်လောက် တာဝန် ဖြင့် ရန်ကုန်ကိုဆင်းရပါသည်။ ကျွန်ုပ် မှာလည်း လူချင်းမမြင်ဘူးကြသော ရန်ကုန်မှမိတ်ဆွေဖြစ်သူ ဦးသောင်းစိန် ဆိုသူနှင့် ဦးကျော်၏ ဆက်သွယ်ပေးမှု အရ ခင်မင်နေခဲ့ကြ၏။ ထိုဦးသောင်းစိန် ဆိုသူမှာ စရဏအားအလွန်ကောင်းပါ သည်။ ပရိတ်ရွတ်ပြီဆိုလျှင် ဘုရားကို ကပ်လှူထားသော သောက်တော်ရေ ခွက်များဆူပွက်လာပါသည်။ ထိုမိတ်ဆွေ သည် တပ်မတော်မှအငြိမ်းစားယူထား ပြီးဖြစ်ပါသည်။ သားသမီးမထွန်းကား ပါ။

ထိုမိတ်ဆွေသည် ကျွန်ုပ်တို့လို အညာသားဖြစ်ပါသည်။ ကျောက်ပန်း တောင်းမြို့နယ်ထဲမှ ရွာတစ်ရွာကဖြစ်နေ ပါသည်။

တစ်နေ့သ၌ -

ကျွန်ုပ်ထံသို့ ကိုကျော်မှ ဖုန်းဆက် ပါသည်။ နောက်နေ့မှာ ရန်ကုန်သွားမည် ဖြစ်ကြောင်းပြောလေသည်။ ကျွန်ုပ်မှ လည်း ဦးသောင်းစိန်အတွက် လက်ဆောင် ပေးလိုကြောင်း အိမ်လာယူရန်မှာလိုက် ပါသည်။

နောက်နေ့ည နေတွင် ကျွန်ုပ်၏ မိတ်ဆွေဦးကျော်သည် လာနှုတ်ဆက်ရင်း ဦးသောင်းစိန်အတွက်ပေးရန်လက်ဆောင် လာယူကြောင်း ပြောလေတော့သည်။ ကျွန်ုပ်မှာ အလုပ်များနေ၍ မစီမံရသေး ကြောင်း နောက်နေ့မှပေးနိုင်မည် ဖြစ် ကြောင်းပြောလိုက်ရလေသည်။

နောက်နေ့မနက်တွင် သစ်ထုတ် ရေးမန်နေဂျာ၏မော်တော်ဖြင့် အကြုံ လိုက်မှာမို့ နောက်တစ်ခေါက်မလာနိုင် ကြောင်း နောက်ကြုံမှပေးရန်ပြောသွား ခဲ့ပါသည်။

ကျွန်ုပ်သည် နောက်နေ့သည် တနင်္ဂနွေဖြစ်၍ ရန်ကုန်မှမိတ်ဆွေ ဦးသောင်းစိန်ကို ဓမ္မလက်ဆောင်အဖြစ် ပေးရန် တိုးကွက်အင်းတစ်လက်စီမံလိုက် ပါသည်။

ညနေဘက်ရောက်တော့ ကျွန်ုပ် မိတ်ဆွေ ဦးကျော်တစ်ယောက် ကျွန်ုပ် အိမ်ရောက်လာပါတော့သည်။ ရောက်မ ဆိုက်ဆိုသလို အောက်ပါအတိုင်း ပြော ပေတော့သည်။

"မင်းတို့ဝိဇ္ဇာတွေ အတော်ကို လူလည်လုပ်တယ်။ မင်းတို့ပေးချင်တဲ့ ပစ္စည်းတစ်ခါတည်းယူသွားရအောင်။ ဒီနေ့မသွားဖြစ်တော့ဘူး။ မော်တော် အင်ဂျင်အကောင်းကြီးကနေ စက်နှိုးမရ လို့ ညနေ (၂)နာရီလောက်မှာ အိမ်ပြန်ခဲ့ ရတယ်။ ကားနဲ့ပဲသွားတော့မယ်"

ဟု ပြောလေတော့သည်။

"သိပြီမဟုတ်လား။ ရော့-ယူသွား"

ဟု စိမ်ထားသောအင်းကိုပေးအပ် လိုက်ပါသည်။ နောက် ကျွန်ုပ်ကဆက် ပြောပြသည်မှာ -

"ဦးသောင်းစိန်ကို ပြောလိုက်ပါ။ ကျွန်တော်က ပေးချင်တာနဲ့ ပုဂ္ဂိုလ်တွေ ခွင့်ပြုချက်တောင်းပြီးပေးလိုက်တာမို့ အခါခါတော့ပေးမှာမဟုတ်ဘူးလို့ပြော ပါ။ ဆန္ဒရှိသလိုသုံးနိုင်ပါတယ်လို့လည်း ပြောပါ။ အသုံးမတတ်ရင် နောက်ဆုပ် တော့ရမှာမဟုတ်ကြောင်းကို သတိပေး လိုက်တဲ့အကြောင်း ပြောပြပါ"

ဟု အမှာစကားကို ပြောပြလိုက်ရ လေသည်။

ကျွန်ုပ်မိတ်ဆွေ ရန်ကုန်ပြန်ရောက် လာပြီး ကျွန်ုပ်ထံရန်ကုန်ပြန်လက်ဆောင် ပေးရန်နှင့် ဦးသောင်းစိန်ကပြောလိုက် သောစကားပါးရန် ရောက်လာခြင်း ဖြစ် ပါသည်။

"နောက်နေ့မှာရန်ကုန်ရောက်တော့ သူ အိမ်ကိုရောက်တာနဲ့ ဘာစကားမှ မပြောရသေးခင်မှာ ဦးသောင်းစိန်က စပြောတယ်ကွ။ ဦးကျော် ခင်ဗျားလူ စရဏအားကောင်းပါကလား။ မနေ့က ညမှာ ကျွန်တော်လမ်းလျှောက်ရင်း စကြံပုတီးစိပ်နေတုန်း ရသေ့တစ်ပါးကြွ လာတယ်ဗျ။ ဒကာကြီး နောက်နေ့မှာ ဒကာကြီးကိုပေးတဲ့အင်းဟာ သိဒ္ဓိပေါက် အင်းနော်။ အာရုံရှိသလို သုံးပေတော့လို့ ပြောပြီး ချက်ချင်းကြွသွားတယ်ဗျ။

ကိုယ်တော်ဘယ်ကကြွလာတာလဲ ဆိုပြီးမေးတော့လျှောက်တော့ အင်းက ကြွလာတာလို့ပဲပြောသွားတယ်"

ဟု ပြောပြလေသည်။


"ကိုယ်လည်း မင်းပြောလိုက်တာ တွေကို အကုန်ပြန်ပြောပြလိုက်တယ်။ သူကလည်း ဘာပြန်ပြောတယ်ထင်လဲ။ မမျှော်ပါဘူးတဲ့။ မင်းတို့စကားတွေကို တော့ နားမလည်ပါဘူး"

ဟု ပြောလေသည်။

အချိန်က မကြာလိုက်ပါ။ (၆) လ ကျော်သွားပြီဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေဦးကျော် ရန်ကုန်ကိုဆင်းသွားပါ ပြီ။ ရန်ကုန်ကအပြန်တွင် ရှည်လျားသော အကြောင်းအရာတို့နှင့်အတူ တစ်ခါက ကျွန်ုပ် ဦးသောင်းစိန်ကို ပေးခဲ့ရသော အင်းအကြောင်းကို အောက်ပါအတိုင်း ပြောပြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နဝင်းစေတီပါ ကိုးကွက်အင်းပုံ

(အမြင်အားဖြင့် ရိုးရှင်းသလောက်
အံ့သြထူးဆန်းအစွမ်းထက်သောအင်းဖြစ်ပါသည်။)

ဦးသောင်းစိန်တွင် သူ့ထက်အကြီး အစ်မကြီးတစ်ယောက်ရှိလေသည်။ ထို အစ်မကြီးမှ သမီးတစ်ယောက်ထွန်းကား ခဲ့ပါသည်။ ထိုတူမကို သားသမီးမထွန်း ကားသော ဦးသောင်းစိန်တို့လင်မယား မှာ သမီးအရင်းလိုချစ်ခင်ကြလေသည်။

ကြေးနန်းရောက်လာလေသည်။

"မင်းတူမအသက်မီချင်ရင် အမြန် လာပါ"

ဟုပင် ဖြစ်လေသည်။

ကြေးနန်းရသည်နှင့် ချက်ချင်းပြင် ဆင်ပြီး ကျောက်ပန်းတောင်းကိုထွက် လာခဲ့ကြပါသည်။

အစ်မကြီးအိမ်ရောက်တော့ လူစုံ တက်စုံရှိနေကြပါပြီ။ ရွာဓလေ့ရပ်ဓလေ့ ပေါ့။

အစ်မကြီးက -

"မင်းတူမကိုကယ်ပါဦး"

ဟု ပြောပြီး ငိုလေတော့သည်။

တူမကို ခုတင်ပေါ်တွင် ပက်လက် မြင်တွေ့ရလေသည်။ အရိုးပေါ် အရေ တင်ဖြစ်နေသည်ကို မြင်လိုက်တော့ အတော့်ကိုစိတ်ထိခိုက်သွားရလေသည်။

ရန်ကုန်မှဝယ်လာခဲ့သော ဟောလစ် နှင့်မုန့်တို့ကိုစားရန်ပြောပြီး နည်းနည်း တိုက်ကျွေးလိုက်ပါသည်။

တူမက -

"သမီးကိုကယ်ပါ"

ဟု လေသံသဲ့သဲ့ဖြင့်ပြောနေလေ ၏။ အတော်ကိုဖျော့ပြီး အားနည်းနေပါ ပြီ။

ကျွန်တော်မရောက်ခင်ကတည်းက ရောက်နေကြသည့် ဒေသခံသမားတော် (တိုင်းရင်းဆေးဆရာ) (၂) ယောက်က လည်း -

"ကျုပ်တို့တော့ မှကုစားနိုင်တော့ ဘူးဗျာ။ ခင်ဗျားတို့ဆန္ဒအတိုင်းသာ စီမံ ကြပါ"

ဟု ခွင့်ပြုနေကြပါပြီ။

စိတ်အကြံပေါ်လာပြီ။

ကျွန်တော်ဆောင်ထားသည့်အင်း ကိုအမှတ်ရလေသည်။ ဘုရားကျောင်း ဆောင်ရှေ့မှာ ဖယောင်းတိုင်၊ အမွှေး တိုင်နှင့် သောက်တော်ရေတို့ကပ်လှူပြီး ဘုရားဖူးကာ သီလခံယူ ပရိတ်ရွတ်ပေါ့။ နောက် အင်းကို သောက်ရေကပ်ထား သည့်ဖန်ခွက်ထဲမှပြီး တူမကိုတိုက်လိုက် ပါသည်။

"ရင်ထဲကိုအေးသွားတယ်၊ကောင်း လိုက်တာ"

ဟု ပြောလေသည်။

(၃)မိနစ်လောက်အကြာမှာ ငိုက်နာ သည်ဟုပြော၍ ခုတင်ကိုကန့်လန့်ကာ ကာပြီးနောက်ဖေးအိုးထိုးလိုက်ရ၏။

လူနာလာမေးသူများသည်များနှင့် ဆရာတို့၊ ကျွန်တော်တို့ပါ ဟုန်မဆောင် နိုင်ကြတော့။ အပုပ်နံ့ကိုမခံနိုင်တော့ သဖြင့် အားလုံးနှာခေါင်းပိတ်ထားကြ ရသည်။ တချို့မိန်းမတွေဆိုလျှင် ထွက် သွားကြပါသည်။

ကိစ္စပြီးသည်နှင့် -

"သမီးဆာလို့ စားစရာကျွေးပါ"

ဟု တောင်းဆိုလေတော့သည်။

သို့နှင့် ကိတ်တစ်လွှာနှင့်ဟောလစ် တစ်ခွက်တိုက်လိုက်ပါသည်။စားသောက် ပြီးသည်နှင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်သွား လေတော့သည်။

နောက်နေ့မနက်လင်းတော့ တူမ ကလေးမှာ အတော်ကြည်လင်နေပါပြီ။ သမီးကိုကယ်ပါနော်ဟု ထပ်မံပြီး သနား စဖွယ်ပြောပြန်လေတော့သည်။

ကျွန်တော်စဉ်းစားရပြီ။

အသုံးမတတ်ရင် နောက်ထပ်ရ မှာမဟုတ်ဘူးလို့ပြောတဲ့စကားသံကို နား ထဲပြန်ကြားနေရ၏။။။ သို့ပေမယ့် ငါမသုံး ရလျှင်နေပါစေတော့။ ငါ့တူမအသက် ကယ်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ရေစိမ်တိုက်ရုံနှင့် ဒီလောက် ကျန်းမာလာတာ အင်းကိုတိုက်လိုက် လျှင် ပိုပြီးအကျိုးရှိမည်ဆိုပြီး ယုံယုံကြည် ကြည်နှင့်တိုက်လိုက်ပါတော့သည်။

စွမ်းလိုက်တာဗျာ။ ဘာရောဂါမှ မရှိတော့ဘူး။ အားမရှိလို့ (၇) ရက် လောက် နာလန်ထူအားရှိစာကျွေးလိုက် တာနဲ့ ပကတိလူကောင်းဖြစ်သွားတာပါ ပဲ။ အစ်မကြီးကဝမ်းသာလွန်းလို့ တူမဆို ဦးကြီးပေးတဲ့အသက်ပဲရှိပါတော့တယ် ဆိုပြီး ကန်တော့လိုက်တာဆိုလွန်ရော။ တစ်ရွာလုံးကလည်း ပြောမဆုံးပေါင် ဖြစ်ကုန်တော့တာပါပဲ"

ဟု ပြောပါတော့သည်။

ထိုအင်းကို ဗဟုသုတရစေရန် အောက်တွင်ဖော်ပြလိုက်ပါသည်။

ကျွန်ုပ်ကို လွန်စွာ ကျေးဇူးတင် ကြောင်းနှင့် အသက်ကယ်လိုက်ရတဲ့ အတွက် ဝမ်းမြောက်ပီတိရရှိစေရန် မှာကြားလိုက်ကြောင်း ရှည်လျားစွာ ပြောပြပါတော့သည်။

(နောက်လတွင် ဝေမာနိကပြိတ္တာ ဟု ခေါ် ဆိုကြသော ဥစ္စာစောင့်များနှင့် ပတ်သက်ခဲ့ပုံတို့ကို ရေးသားဖော်ပြပြပါ ဦးမည်။)

ပညာထွန်းကြား၍
အကျိုးခံရသူကြပါစေ

ဘုန်းခေါင်

www.burmeseclassic.com

www.burmeseclassic.com

သုံးမည်ရမြို့တော်ဟောင်းကား အခြားမဟုတ်။ အဝဟု လည်းကောင်း၊ ရတနာပူရဟု လည်းကောင်း၊ အင်းဝဟု လည်းကောင်း ထင်ရှားခဲ့သည့် မှတ်မှောက်ကာလ အင်းဝမြို့ဟောင်းကြီး ဖြစ်သည်။

အင်းဝမြို့ကို သက္ကရာဇ်၇၆၂ခုနှစ်တွင် တကောင်းမင်းရိုး သတိုးမင်းဖျားက တည်ခဲ့သည်။ ထို့နောက် သက္ကရာဇ် ၉၆၀ပြည့်တွင် ညောင်ရမ်းမင်းတရားကြီးက လည်းကောင်း၊ သက္ကရာဇ် ၁၁၂၅ခု တွင် အလောင်းမင်းတရားကြီး၏ဒုတိယသားတော် ဆင်ဖြူရှင်မင်း (ငယ်အမည် မောင်ရွှ) က လည်းကောင်း၊ သက္ကရာဇ် ၁၁၈၃ ခုနှစ်တွင် ဘကြီးတော်မင်းက လည်းကောင်း အဆင့်ဆင့်တိုးချဲ့ကာ မွမ်းမံခဲ့ကြသည်။

သတိုးမင်းဖျားတည်ခဲ့စဉ်အခါက အင်းဝမြို့သည် လေးထောင့်စပ်စပ် မဟုတ်ဘဲ မြောက်ဘက်တွင် အလျားကျဉ်း၍ တောင်ဘက်တွင် အလျားကျယ်ပြန့်သည်။ ပုံသဏ္ဌာန်အားဖြင့် ခြေသော့တစ်ကောင်ထိုင်နေသကဲ့သို့ အရှေ့မြောက်ထောင့်သည် ကျဉ်းမြောင်းကာ ချွန်ထွက်နေပြီး အနောက်တောင်ထောင့်သည် ကျယ်ပြန့်လေသည်။ ကျုံးများတူးဖော်ပြုလုပ်ရာတွင် မြို့ပတ်ပတ်လည်မဟုတ်ဘဲ အရှေ့ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်တို့တွင်သာထား ရှိပြီး မြောက်ဘက်တွင်မူ ဧရာဝတီမြစ်အား ကျုံးအဖြစ် အသုံးပြုလေသည်။

■ **အင်းဝအမည်တွင်ခြင်း**

အင်းဝမြို့ကို အင်း(၉)အင်းဖို့ကာ တည်ခဲ့ခြင်းဖြစ်သည်။


ထိုအင်းတို့ကား -

၁။ ငကျည်းအင်း၊
၂။ ကျောက်မော်အင်း၊
၃။ အုန်နဲ(ဥနဲ့အင်း)၊
၄။ အင်းဘူးအင်းနှင့် မထုတ်ဖော်ခဲ့သောအင်း၊
၅။ အင်း တို့ ဖြစ်ကြသည်။

သို့ရာတွင် ၁၂၉၆ ခုနှစ်၊ နယုန်လဆုတ် ဒဂုန်မဂ္ဂဇင်း ယုဝတီစက္ကူအခန်းတွင် အင်းဝ-ခင်ခင်ညွန့်ရေး အင်းဝအကြောင်းဆောင်းပါးတွင် -

၁။ ရွှေကြာအင်း-မြို့ကလေးအတွင်း နန်းတော်ရာ အရှေ့မြောက်တည်ရှိသည်။
၂။ ဇနီအင်း - နန်းတော်ရာ အရှေ့တောင်မှာ တည်ရှိသည်။
၃။ ညောင်စောက်အင်း - နန်းတော်ရာတောင်မှာ ကူတော်သစ်ဖုရား တည်စဉ်ကဖို့သွားသည်။
၄။ ဝက်ချေးအင်း - နန်းတော်ရာ အနောက်မြောက်မှာရှိသည်။
၅။ ဥနဲ့အင်း - မြို့ကြီးတွင် ဟံသာဝတီနယ် ဆေးရိုးကုန်းမြောက်ဘက်မှာ ရှိသည်။
၆။ အင်းမအင်း-ဂန္ဓာလရာဇ် ဝက်လက်တိုက်နေရာမှာရှိသည်။

ရာနံမြေ-လွမ်းစု
သုံးမည်ရမြို့တော်ဟောင်း



ထီးလိုင်ရွှင်ဘုရား



အင်းဝမြို့ဟောင်းမှ ဓာတ်ပေါင်းမဉ္ဇူဆုရား

www.burmeseclassic.com

www.burmeseclassic.com



ထီးလှိုင်ရှင်ဘုရား




ထီးလှိုင်ရှင်ကုန်းနှင့်စေတီဘုရားများ




ထီးလှိုင်ရှင်ဘုရားမုခ်ဦး



နန်းမတော်မယ်နကောင်းမှု အောင်မြေဘုံစံ အုတ်ကျောင်းအတွင်းရှိရုပ်ပွားတော်



နန်းမတော်မယ်နအောင်မြေဘုံစံအုတ်ကျောင်း (ထီးလှိုင်ရှင်ဘုရားအနီးမှာရှိသည်)



အင်းဝမြို့ဟောင်း ဓာတ်ပေါင်းမဋ္ဌကျောက်စာတိုက်

၇။ လင်းစံအင်း - စေးကြီး ကောလင်း တိုက်နေရာမှာ ရှိသည်။

၈။ ဘေးမဲ့အင်း-ဂန္ဓာလရာဇ်အရပ်မှာ ရှိသည်။

၉။ ဝမ်းဘဲအင်း-မြို့ကြီးအရှေ့ဘက်မှာ ရှိသည်ဟု အင်း(၉)အင်းစုံစွာ ဖော်ပြထားသည်။

(ဖော်ပြပါ အင်း၀-ခင်ခင်ညွန့်ရဲ့ ဆောင်းပါးပါ အင်း(၉)အင်းနှင့်ပတ်သက်၍ ဥနှဲ့အင်းတစ်ခုသာလျှင် ရာဇဝင်လာနှင့် ကိုက်ညီကြောင်း စာပေဗိမာန် စာပဒေသာဆရ ရွှေကိုင်းသား (ရဟန်း ဘွဲ့ ဦးသောဘိတ) က အဆိုပြုခဲ့ဖူးသည်။ စကားချပ်)

ထိုကဲ့သို့ အင်း(၉)အင်းကိုဖို့ကာ မြို့တည်ခဲ့ခြင်းကြောင့် ပထမတွင် အင်းနဝဟုခေါ်တွင်ခဲ့ရာမှ ကာလ ရွှေ့လျားလာသည့်အခါ အင်း၀ဖြစ်လာသည်ဟု ဆိုပါသည်။ အင်း(၉)အင်းဖို့ကာ မြို့တည်ခဲ့ခြင်းနှင့်ပတ်သက်၍ အင်း၀မြို့ဓာတ်ပေါင်း မဋ္ဌဘုရားကျောက်စာတွင် -

'ရတနာပူရ အင်း၀ရွှေမြို့တော်သည် သတိုးမင်းဖျား တည်ထောင်စဉ်ကာလက ဤနေရာသည် ပတ်လည် အင်းကြီးကိုးအင်းရှိနေသော ချိုင့်ဝှမ်း ထူပြောလှသည့်အရပ် ဖြစ်လေသည် တစ်ကြောင်း'

ဟု ဖော်ပြထားသည်။

■ အဝအမည်တွင်ခြင်း


သတိုးမင်းဖျား နန်းတက်သော သက္ကရာဇ် ၇၂၇ ခုနှစ်တွင် စကုစားသိန်သူပုန်ကန်ခြားနားသဖြင့် ရေကြောင်း၊ ကြည်းကြောင်းဖြင့် စစ်ဆင်ခဲ့ရာ၊ ပုဂံပြည်သို့အရောက်တွင် ရွှေစည်းခုံဘုရား၌ ဝတ္ထုကံမိုးမြေ၊ ကျွန်းသီးတော်လှူအများလှူတော်မူ၍ ကျောက်စာရေးထိုးခဲ့သည်။ ထိုကျောက်စာတွင် အင်း၀ဟု မရေးဘဲ အဝဟု 'ဝ' သတ်မပါဘဲ ရေးထိုးခဲ့သည်။

(စကုခြို ခုနှစ်သက္ကရာဇ် ၇၂၇ သည် ဆရာကြီးသခင်ကိုယ်တော်မှိုင်း စီရင်သော မှန်နန်းရာဇဝင်သစ် (ပ) ၌ စာမျက်နှာ (၂၁၀) မူဖြစ်၍ ဆရာတော် ရွှေကိုင်းသား ပြုစုသော ရွှေဘိတ်ပုဂံပြည်နှင့်သမိုင်းစာပေယန္တရားမှုအတွေ့၊ စာမျက်နှာ(၅၅)တွင် ၇၃၀ပြည့်နှစ်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ စကားချပ်)

ထိုလျှ မူလကျောက်စာတို့တွင်

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပေါင်းမဋ္ဌဇာရုံးကျောက်စာ



အင်းဝမြို့ဟောင်းရှိ နန်းမြင့်မျှော်စင်



အင်းဝမြို့ဟောင်းရှိ နန်းမြင့်မျှော်စင်

အဝဟုရေးထိုးကြခြင်းမှာ ဧရာဝတီမြစ်၊ ဒဋ္ဌဝတီမြစ်၊ စမုံ၊ စမာ၊ ပန်းလောင်းမြစ် တို့စီးဆင်းရာ အဝဖြစ်သောကြောင့် တည်း။ တစ်ဖန် သမန္တစက္ခုဒီပနီကျမ်းတွင် ရတနာပုရမြို့ကြီးမတည်မီ ထီးလိုင်ရှင် ရွှေစေတီအရပ်တွင် အဝ ဟူသော ရွာကြီးရှိကြောင်း၊ တကောင်းသား တကောင်းသူတို့သည် ဆိုင်ခင်း၍ စေး စည်ပင်စွာရောင်းဝယ်ကြ၏။ ထိုစေးကို တကောင်းစေးဟုခေါ် သည်ဟု ဖော်ပြထားသည်ကိုထောက်ရှု၍ 'အဝ'ဟူသော အမည်နာမသည် ရှေးမဆွကပင် ရှိခဲ့ဖူးသော အမည်ဖြစ်နိုင်သည်ဟု ယူဆရပြန်သည်။

ဤသို့ 'အဝ'အမည်တွင်ပုံနှင့်ပတ်သက်၍ သခင်ကြီးခေါင်းတွင် -

'ပန်းလောင်စံပါ၊ မကွရာနှင့်၊ သုံးဖြာဆုံလျက်၊ မြစ်နှင့်ယှက်၍၊ တောင်ဘက်မှာလည်း၊ ပူရရတန၁၊ သာသနာသည်၊ တည်ရာရွှေအဝတည့်သခင်၊ တည်ရာရွှေအဝတည့်သခင်ကြီး'

ဟု ဖော်ပြခဲ့သည်။

ထို့ပြင် မင်းကြီးစွာနှင့်မိဖုရားခေါင်ကြီးကောင်းမှုဖြစ်သော စစ်ကိုင်းမြို့ ရတနာစေတီကျောင်းကျောက်စာတွင်လည်း -

'သီဟဇိဝါ၊ ခြသေ့လျှာသုံး၊ မြစ်သုံးဖြာနှိုက်၊ တုရာမဲ့လျင်း၊ ရန်ဖက်ကင်းသော၊ အဝမင်း'

ဟု ရေးထိုးထားလေသည်။

■ ရတနာပုရအမည်တွင်ခြင်း

သတိုးမင်းဖျားသည် အင်းဝကို ပထမစတင်တည်ထောင်စဉ်က ထီးလိုင်ရှင်ကုန်းကို ခြေကုပ်ယူကာ 'ရတနာပုရရွှေဝမြို့' ဟု သမုတ်ပြီး တပ်ကြီးတည်ခဲ့သည်။ ထိုသို့ တပ်တည်ပြီးမှ အင်းဝကို တည်ထောင်ခဲ့ခြင်း ဖြစ်၏။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ မဏိရတနာပုံကျမ်း၌ -

'သတိုးမင်းဖျားသည် (စစ်ကိုင်း၊ ပင်းယ နှစ်ပြည်ထောင်ပျက်လျှင် ဥဇနာပြောင်ကို ထီးနန်းမှချ၍) ပင်းယမှာ တစ်နှစ်မင်းပြုပြီးမှ ပင်းယသည် ပြည်ထဲရေးကြီးလတ်သော် ဆင်ခင်း၊ မြင်းခင်း၊ နေခင်းနေရပ်မသင့်။ ဤမင်းဝံတောင် ထိပ်သည်ကား ရေပြည့်သောလင်ပန်းတွင် ဖလားကိုမှော်က်၍ထားဘိသကဲ့သို့ ရန်သူတကာတို့မကြံနိုင်ရာဟု သန်လျက် ကျွန်းတွင် တည်ထောင်လာသည်။

သက္ကရာဇ် ၇၂၅ ခု၊ တပေါင်းလ ထီးလိုင်ကုန်းတွင် ရတနာပုရရွှေဝမြို့ မည်ကိုသမုတ်၍ တပ်ကြီးတည်သည်။

သက္ကရာဇ် ၇၂၆ ခု၊ တပေါင်းလဆန်း ၆ ရက်၊ အင်္ဂါနေ့မြို့တည်သည်။ သက္ကရာဇ် ၇၂၈ ခုတွင် ရွှေနန်းတည်၍ အဝကိုသတိုးမင်းဖျားစံနေသည်။ အဝကို သတိုးမင်းဖျား တည်ထောင်နေသော အခါ သက်တော် (၁၉) နှစ်ရှိသော ဟူ၏' ဟု ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။ ဤကား ရတနာပုရတွင် ခဲ့ခြင်းဇာစ်မြစ်တည်း။

■ ကုန်းကိုးကုန်း

အင်းဝတွင် ကုန်း (၉) ကုန်းရှိကြောင်း လေ့လာသိရှိရသည်။ ထိုကုန်း (၉) ကုန်းနှင့် ပတ်သက်၍ မူကွဲတွေ့ရှိသည်ကို တွေ့ရသည်။ အထက်ဖော်ပြပါ အင်းဝ-ခင်ခင်ညွန့်၏ ဆောင်းပါးတွင် ကုန်း (၉) ကုန်းအမည်များနှင့် တည်ရှိရာကို အောက်ပါအတိုင်း ဖော်ပြထားသည်။

၁။ နန်းရာကုန်း - ယခု သောတာပန်ညောင်ပင်ကိုခေါ် သည်။

၂။ အနိုကုန်း-စေးကြီးရပ်မှာရှိ၏။ယခု ဆေးကြီးကုန်းခေါ် သည်။

၃။ တောင်ဘီလူးကုန်း - မြို့ကြီးတွင်း တောင်ဘီလူးအရပ်မှာရှိသည်။

၄။ အိုးဖိုကုန်း - မြို့ကြီးပြင်ဘက် အိုးဖိုအရပ်မှာရှိသည်။

၅။ အိုးတော်လုပ်ကုန်း - ဂန္ဓာလရာဇ် အရပ်မှာရှိသည်။

၆။ မော်ကျည်ကုန်း - မြို့ကလေးတွင်း အရှေ့မြောက်ထောင့်မှာရှိ၏။ယခု ဘုရားလှကုန်းခေါ် သည်။

၇။ ခါသင့်ကုန်း - မြို့ကလေးတွင်း အရှေ့တောင်ထောင့်တွင်ရှိ၏။ ယခု ရွှေမုဋ္ဌောကုန်းခေါ် သည်။

၈။ မှန်ကြိုကုန်း - မြို့ကြီးတွင်းရှိ ယခု ဟံသာကျွန်းကုန်းခေါ် သည်။

၉။ ဂူဖြူကုန်း - မြို့ကြီးတွင်း စံနန်းအရပ်လမ်း အရှေ့ဘက်မှာရှိ၏။ ယခု ဘုရားကုန်းခေါ် သည်။

ယခု မူကွဲအဖြစ် ဖော်ပြမည်မှာ ဆရာတော် ရွှေကိုင်းသား၏ မှတ်တမ်းဖြစ်သည်။ ထိုမှတ်တမ်းတွင် -

ကျွန်ုပ်တို့ တစ်နည်းမှတ်ဖူးသည်ကား -


၁။ အိုးတော်လုပ်ငန်း၊
၂။ အရိုးကုန်း၊
၃။ တောင်ဘီလူးကျွန်း၊
၄။ ဆေးရိုးကျွန်း၊
၅။ ကြည်တော်ကုန်း၊

www.burmeseclassic.com

www.burmeseclassic.com



အင်းဝမြို့ဟောင်းရှိ ယနေ့တိုင် တွေ့မြင်နေရသေးသည့် လက်ကျန်မြို့ရိုး



အင်းဝမြို့ဟောင်းရှိ လက်ကျန်မြို့ရိုးတံခါး



စာရေးသူနှင့် စကြာမင်းသားလေးရေအိုးစင်

၆။ ဘုရားလှကုန်း၊
၇။ ရင်းရဲမုဋ္ဌောကုန်း၊
၈။ စည်းခုံမုဋ္ဌောကုန်း၊
၉။ အင်မြင့်ကုန်း၊

ဟူ၍ဖြစ်ပေသည်ဟု ဖော်ပြထားသည်။

အဆိုပါ အင်းဝ-ခင်ခင်ညွှန့် ဖော်ပြချက်နှင့် ဆရာတော်ရွှေကိုင်းသားဖော်ပြချက်တို့ကိုကြည့်ပါက တောင်ဘီလူးကျွန်းနှင့် အိုးတော်လုပ်ကုန်းသာလျှင်တူညီ၍ ကျန်ကုန်းများမတူညီကွဲလွဲနေတာကိုတွေ့ရပေသည်။

■ အင်းဝမြို့တွင်းမှကြည့်ရှုဖွယ်ရာများ

အင်းဝမြို့သည် ရှေးခေတ်ပဒေသရာဇ်မင်းများ တည်ထားကိုးကွယ်ခဲ့သည့် စေတီပုထိုးပေါများသလို လေ့လာမှတ်သားစရာအဖြစ် သမိုင်းဝင်အဆောက်အအုံများလည်း ပေါများပေသည်။

အင်းဝမြို့မတည်မီ နှစ်ပေါင်းသုံးရာကျော်လောက်ကပင် ရှိနှင့်သော ထီးလှိုင်ရှင်၊ ဂူတော်သစ် စသော ဘုရားများ မုဋ္ဌောကိုးဆူအပါအဝင်ဘုရားများ၊ မာရ်အောင်ငါးဆူအပါအဝင်ဘုရားများ၊ အခေါင်ထိပ်မိုး၊ မြထိပ်မိုး စသော ထိပ်မိုးတွဲတပ်ဘုရားများ၊ ထွတ်ထိပ်ပန်း၊ အခေါင်ထိပ်ပန်း စသောထိပ်ပန်းတွဲတပ်ဘုရားများ၊ လောကသရဖူ၊ သာထွန်းဦး စသောဘုရားများ တည်ရှိပါသည်။

သမိုင်းဝင် အဆောက်အအုံနှင့် နေရာများအဖြစ် နန်းမတော်မယ်နုအုတ်ကျောင်း(ထီးလှိုင်ရှင်ဘုရားကုန်းတောင်ပေါ်မှာတည်ရှိသည်) ဟားကရာကျောင်း၊



အင်းဝမြို့ဟောင်း နှစ်ကျိပ်ရှစ်ဆူကျောင်းတိုက် စံကျောင်းတွင်ရှိ ဖန်နန်းရှင် ဘကြီးတော်၏သားတော် စကြာမင်းသားလေး အသုံးပြုခဲ့သော ရေအိုးစင်

မြို့တွင်းနန်းတော်ရာ၊ မျှော်စင်(နန်းမြင့်)၊ ပုန်းတလုတ်ရေကန်၊ မြို့တွင်းရှိစံကျောင်း(စံကျောင်းတွင် စကြာမင်းကလေး၏ ရေအိုးစင်ရှိသည်) စကြာမင်းကလေး၏ ကောင်းမှုတော် အောင်စကြာစေတီ စသည်ဖြင့် လေ့လာစရာ၊ မှတ်သားစရာများ အင်မတန်ပေါများသည့် မြို့တော်ဟောင်းကြီး ဖြစ်ပေသည်။

■ အင်းဝမြို့ကို ပြုပြင်မွမ်းမံခြင်း

အင်းဝမြို့ကို သက္ကရာဇ် ၇၂၆ ခု၊ တပေါင်းလဆန်း ၆ ရက်၊ အင်္ဂါနေ့တွင် သတိုးမင်းဖျား တည်ထောင်ခဲ့ပြီးနောက် သက္ကရာဇ် ၉၆၀ ပြည့်နှစ်တွင် ညောင်ရမ်းမင်းတရားကြီးက လည်းကောင်း၊ သက္ကရာဇ် ၁၁၂၅ တွင် ဆင်ဖြူရှင်မင်းက လည်းကောင်း၊ သက္ကရာဇ် ၁၁၈၃ တွင် ဘကြီးတော်မင်းက လည်းကောင်း ပြုပြင်မွမ်းမံခဲ့ကြကြောင်း အထက်တွင် ဖော်ပြပြီး ဖြစ်သည်။

ထိုပြုပြင်မွမ်းမံမှုများနှင့်ပတ်သက်၍ ဆင်ဖြူရှင်မင်းလက်ထက်နှင့် ဘကြီးတော်မင်းလက်ထက်တို့တွင် အထူးစည်ပင်ပြန့်ပွားကြောင်း လေ့လာသိရှိရသည်။ ဆင်ဖြူရှင်မင်းပြုပြင်ခဲ့မှုနှင့်ပတ်သက်၍ ထိုမင်း၏ ပုဂံရွှေစည်းခုံထီးတော်တင်ကျောက်စာ၌ -

'ရတနာပုရ အင်းဝမြို့သည် ဘုရားသခင် (၄) ဆူဗျာဒိတ်တော်ထားရာ ဓာသနာတော်တည်ရပ်ဖြစ်၍ ဘုမ္မိနက်သန့်မှန်သည်နှင့်ညီစွာ အဆက်ဆက် သောမင်းတို့ ထီးနန်းကနက်ဆောက်ဆိုက်ရာ ဖြစ်သည်။ သာသနာတော်ကို ပြုစုခြီးမြှင့်နိုင်သော မင်းမြတ်တို့သည် ဆက်စံတည်ထောင်လတ္တံ့ဟု ဗျာဒိတ်ထားသည်နှင့်ညီစွာဆက်ဆံတည်ထောင်အံ့ဟု ကြံတော်မူလျှင် သာသနာစောင့်သောနတ်မြတ်တို့သည် နိမိတ်၊ စနည်း၊ တဘောင်ညွှန်ပြ၊ မ,စ စီရင်သည်ဖြစ်၍ သက္ကရာဇ် ၁၁၂၅ ခု၊ တန်ခူးလဆန်း ၁၁ ရက် (၃)နေ့ ည (၂) ချက်တီးကျော်၊ (၃) နာရီ (၂) ပါဒ် (၁၁) ဗီဇနာ ပြန့်ခဲ့ပြည့် (၄) တြင်း (၂) နဝင်းနက္ခတ်၊ (၅) လုံးပါဒ် ပြည့်လက်ထက်စီးလျှင်၊ သွာတိနက္ခတ် မွန်းတည့်တွင် လက္ခဏာ (၁၃၀၀) ကို တံခါးနှင့်တကွတူးတော်မူ၍ တန်ဆောင်း၊ ပြအိုး၊ ဘုံစင်၊ ရင်းတား၊ ကျိုး၊ မြောင်းနှင့် နဂိုးစုံမကြာပြီးစေရသော ဘုန်းတော်ကြီးတန်ခိုးနှင့်လည်း ပြည့်စုံတော်မူ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့။ သက္ကရာဇ် ၁၁၂၉ ဝါခေါင်လဆန်း ၆ ရက် (၆) နေ့ ည (၁) ချက်တီးကျော်၊ နာရီပြည့်ပတ်ဖြည့် (၅) ဗီဇနာ (၅) ပြန်ဆာ (၂) ထြင်း (၄) နဝင်း မိန်ရာသီ သင်္ကေတအခါတွင် ရွှေပန္နက်၊ ငွေပန္နက်စိုက်တော်သည်။ မဟာနဂရတဝရမြို့တော်ကြီး တံခါး (၁၄) ရပ်၊ တန်ဆောင်း၊ ပြအိုး၊ ပစ္စင်၊ ရင်းတား၊ ကျုံး၊ မြောင်း၊ ခံတွင်းကုဋ္ဌတောင်ထွတ်တံခါး၊ တောင်စဉ့် (၇) ထပ်၊ အာလိန် (၅) ဆင့်နှင့်တကွ တာဝန်း (၂၄၄၃) တာရှိသော မြို့တော်ကြီးကို သက္ကရာဇ် ၁၁၂၉ ခု၊ တပို့တွဲ လပြည့်ကျော် (၈ ရက်နေ့စ၌တည်လုပ်စေလျှင် သက္ကရာဇ် ၁၁၃၀၊ နယုန်လဆန်း ၁၀ ရက်နေ့ ရက်ပေါင်း (၁၆၀) ရက်နှင့် အပြီးရောက်သော ဘုန်းတော်မြတ်နှင့်လည်း ပြည့်စုံတော်မူ၏'

ဟု ကျောက်ထက်အက္ခရာတင်ခဲ့လေသည်။

ဘကြီးတော်လက်ထက်တွင်ကား- အင်းဝမြို့ကို ရွှေမြို့ရာဟောင်းမူသည် အရှေ့သို့ ဒဋ္ဌဝတီမြစ်နားအထိ ဘုရားလုကို အတွင်းထား၍ လည်းကောင်း၊ ပြင်မြို့ကြီးသည် တောင်မျက်နှာရွှေတံခါး အနောက်တွင် ပထမမြို့ဟောင်းနှင့် ဆက်၍ လည်းကောင်း၊ အနောက်မျက်နှာတွင် အနောက်မြောက်ထောင့် ဆင်ရဆိပ်၊ မီးသွေးတိုက်တံခါးအရှေ့တွင် ပထမမြို့ဟောင်းနှင့် ဆက်၍ လည်းကောင်း ချဲ့ကာတည်လုပ်ခဲ့သည်။

ထိုသို့ မြို့ဧရိယာချဲ့ကာတည်လုပ်ခဲ့သည်မှစ၍ တံခါး၊ ပြအိုး၊ မြို့ရိုး၊ ကျုံး၊ မြောင်း စသည်ဖြင့် ပြုပြင်မွမ်းမံရှိသည်တို့ကို ပြုပြင်မွမ်းမံရာ (၂)နှစ်နှင့် (၈)လ (၁၁၈၃ ခုနှစ်၊ ဝါဆိုလမှ ၁၁၈၅ ခု၊ တပေါင်းလအထိ)ကြာမှ ပြီးမြောက်လေသည်။ ဆိုရသော် ဘကြီးတော်လက်ထက်တွင် ရွှေနန်းဆောင်တို့သည် ရွှေရောင်ငွေရောင်ပြိုးပြိုးပြက်ပြက်ဖြင့် လျှပ်စီးလက်သလိုတဖျပ်ဖျပ်လင်းလက်တောက်ပနေပေလိမ့်မည်။ အဆောင်တွေ၊ ဘုံတွေ အထပ်ထပ်ဖြင့်လည်း သာယာလှပနေပေလိမ့်မည်။ သို့ကြောင့်ပင် သက္ကရာဇ် ၁၁၈၃ ခုနှစ်၌ ဘကြီးတော်ပင့်လျှောက်သဖြင့် ရတနာပူရသို့ကြွတော်မူလာသော မုံရွေးဆရာတော် (ဘွဲ့အမည်- သျှင်အရိယဝံသအာဒိစ္စရံသီ) သည် သက္ကရာဇ် ၁၁၈၉ ခုနှစ်တွင် ဇာတိ မုံရွေးသို့ ခေတ္တပြန်ကြွခါနီး နယုန်လဆန်း ၄ ရက်၊ သောကြာနေ့တွင် ဘကြီးတော်အား ရာဇော ဝါဒအနုသာသနာကထာမေတ္တာစာရေးသားဆက်သွင်းခဲ့သည်။

မုံရွေးဆရာတော်သည် ဇာတိမုံရွေးသို့ရောက်ပါက နတ်ပြည်တမျှ သာယာလှပသည့် ရတနာပူရအင်းဝ ရွှေမြို့တော်ကြီးကို ဖျောက်ဖျက်မရ အောင်ပင် တမ်းတနေမိမှာဖြစ်ကြောင်း မေတ္တာစာနိဂုံးတွင် အောက်ပါကဲ့သို့ ရေးသားဖော်ပြခဲ့သည်။

'ထီးလိုင်ရှင်ကို၊ ဦးတင်သောအခါ။ သိဂိုဖြိုးပြောင်၊ နန်းရွှေတောင်၊ အရောင်းဝိုးရဲ၊ နေရောင်ထဲမှာ၊ ကြာသောအခါ၊ စိတ်တွယ်တာ၍၊ ဝမ်းသာပီတိ၊ နဲမိသောငှက်၊ ငါးရေမက်သို့၊ ထွက်မခွာနိုင်၊ လိုက်ကလိုက်နှင့်၊ အနိုင်ထုတ်ချောက်၊ ရွာသို့ရောက်လည်း၊ ဖျောက်တည့်နိုင်ပြီ၊ ရှေ့တောင်ဆီက၊ တိမ်နီမှိုင်းပြာ၊ လျှပ်ရောင်ဖြာလျက်၊ ရွာလုရွာချင်၊ မိုးပေါ်ဆင်သော်၊ ပူပင်သောက၊ ဗျာပါဒကြောင့်၊ ရွှေဟူသည်၊ ထီးအောင်စည်နှင့်၊ နတ်ပြည်ဆက်ဆက်၊ သာသည့်ချက်ကို၊ နှုတ်မြွက်မိယောင်၊ မျှော်မိယောင်၍၊ ဖိုးခေါင်တောင်ကျ၊ ပမာဏသို့၊ ရှုတည်ငြိုးသမ်း၊ ပူမည့်ဝမ်းကိုလည်း၊ စိတ်တစ်ခြမ်းနွေး၊ တစ်ခြမ်းအေးလျက်၊ တရေးရေးပင်၊ အထင်ခုကရှိပါကြောင်း။

သည်မှာကားမြို့၊ သည်သို့ပြစ်၊ သည်တွင်တံခါး၊ သည်ကားလမ်းမ၊ သည်ကစေတီ၊ သည်ဆီလွှတ်ရုံး၊ ကျုံးနှင့် သစ်တပ်၊ မဏ္ဍပ်တန်ဆောင်း၊ ရွှေကျောင်းရွှေသိမ်၊ မာလိမ်စိုက်ထောင်၊ သဲသွေသောင်နှင့်၊ ရွှေတောင်တော်သာ၊ ဧရာရစ်ခြုံ၊ ဘုံအထပ်ထပ်၊ လျှပ်စီ၏ အရောင်၊ ဆောင်အသီးသီး၊ စိုက်ရွှေထီးက၊ ဆီမီးရောင်လွှတ်၊ ပြာသာဒ်ရတနာ၊ သည်ဆီမှာဟု၊ ခါအလိလီ၊ ဆန်းလည်ချီသော်၊ နောင်ညီမိုင်းမောင်၊ ကြက်မင်းတောင်က၊ မြရောင်ညို့ချိပ်၊ တိမ်ဝန်းရိပ်၍၊ ခွေလိပ်ပန်းဝံ့၊ စိုက်ကရုံသော်၊ သက်လံဆာပူ၊ သည်းအုံကြွေလှူ။ ရှိမည်မှုကို လည်း၊ ယခုကပင် ရေးရေးထင်လျက် (လ)ရွှေမြင်တင်ကို၊ ဦးတင်လိုပါကြောင်း'

ဖော်ပြပါ ကဗျာစာပိုဒ်များကို ကြည့်ပါက ဘကြီးတော်လက်ထက်တွင် ရတနာပူရ အဝန်းတွင်းကား ဖွံ့ဖြိုးတိုးတက်ကာ နတ်ပြည်တမျှ သာယာလှပကြောင်း ထင်ရှားပေသည်။

■ ရေးခေတ်ဟောင်း အောက်မေ့ဖွယ်

ညောင်ရမ်းဆယ်ဆက်၏နောက်ဆုံးမင်းဖြစ်သော မဟာဓမ္မရာဇာဓိပတိ (ဟံသာဝတီပါမင်း)လက်ထက် သံဃာရဇ် ၁၁၁၃ ခုနှစ်တွင် ဟံသာဝတီက လာရောက် တိုက်ခိုက်သဖြင့် အင်းဝဖျက်ခဲ့သည့်နောက် တတိယအင်းဝမြို့တည်ဆင်ဖြူရှင်မင်းလက်ထက်နှင့်စတုတ္ထအင်းဝမြို့တည်ဘကြီးတော်လက်ထက်တို့တွင် ရတနာပူရအင်းဝမြို့သည် ဖွံ့ဖြိုးတိုးတက်သာယာဝပြောခဲ့သည်။

တစ်ချိန်က အင်းဝရွှေမြို့တော်ကြီးသည် ရွှေရောင်၊ငွေရောင်၊မှန်ရောင်တို့ဖြင့် ပြိုးပြိုးပြက်ပြက် လင်းလက်တောက်ပနေသည့် နန်းအဆောင်ဆောင်တွေလည်းမရှိကြတော့။ ကိုယ်စားအဖြစ် စိမ်းစိုနေသည့် မတိုမရှည်ချုပ်ပုတ်မျှားကနေရာယူခဲ့ပေပြီ။

ယခင်က စွင့်စွင့်မြင့်မားခဲ့မည့် မျှော်စင်(နန်းမြင့်)ကြီးသည်လည်း တောင်မှမြောက်သို့ယိုင်ကာ မြေသားပို့နေခြင်း၊ ချုံနွယ်တွေရစ်ပတ်နွယ်ယှက်နေခြင်းတို့ကြောင့် ဝုံဝုံကြွားကြွားမရှိတော့ဘဲ ခပ်ဝပ်ဝပ်ဖြစ်၍နေပေပြီ။ ချုံနွယ်ထူထပ်ခြင်းကြောင့် အနီးကပ်လေ့လာရန်ခက်ခဲနေတော့သည်။ ထို့အတူ နန်းတော်ကုန်းဆိုသည်မှာလည်း ချုံတွေထူထပ်ပေါက်ရောက်နေသဖြင့် မည်သည့်အခြေအနေရှိသည်ကိုပင် မသိနိုင်တော့ပါပေ။

ဟိုတုန်းက လူစုံအလွှာစုံတို့သွားကြလာကြလှုပ်ရှားကြနှင့် ပျားပန်းခတ်ပမာစည်ကားခဲ့မည့် ရတနာပူရရွှေအင်းဝကား ခုတော့ ရွာကြီးတစ်ရွာလိုဖြစ်လို့နေပါပြီ။ ယခင်က သည်နေရာသည်ဒေသတွင် အင်မတန်စည်ကားခဲ့သောမြို့တော်ကြီးတစ်ခုရှိခဲ့ဖူးသည်ဟု ပြောလျှင်ပင် ယုံနိုင်စရာမရှိပါပေ။

စာရေးသူသည် ရွှေခေတ်ဟောင်းပြန်ပြောင်းအောက်မေ့ရင်း သက်ရှိသက်မဲ့ဟူသမျှ မမြဲပါလားဟု အနိစ္စသဘောကို ဆင်ခြင်သုံးသပ်သံဝေဂရမိပါတော့သည်။

ရေနံမြေ-လွှမ်းစု

ကိုးကြမ်း -

၁။ မှန်နန်းရာဇဝင်သစ်(ပ)တွဲ (ဆရာကြီးသခင်ကိုယ်တော်မှိုင်း)

၂။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ပ) တွဲ (ဝန်ထောက်မင်းဦးမောင်မောင်တင်)

၃။ ရွှေခေတ်ပုဂံပြည်နှင့် သမိုင်းစာမျေးယဉ်ကျေးမှုအထွေထွေ (ရွှေကိုင်းသား)

၄။ ရွှေဘိုနိဒါန်း (ရွှေဘိုမြို့နယ်စာရေးဆရာအသင်း)

www.burmeseclassic.com

www.burmeseclassic.com

ချင်းတွင်းမြစ်၏အရှေ့ဘက်ကမ်း၊ ကနီပြို့နယ်၏ အရှေ့ဘက်ခြမ်းတွင် အင်းပေါင်းချောင်းကြီးက ဖြတ်သန်းစီးဆင်းနေပါသည်။ ထိုချောင်းကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် ရွာပေါင်း (၂၄) ရွာရှိပါသည်။ ထိုရွာများကို အင်းပေါင်းချောင်းကြီးအားအစွဲပြုလျက် အင်းပေါင်းအုပ်စု ဟူ၍ ခေါ်ပါသည်။ ထိုရွာများမှာ တစ်ရွာနှင့်တစ်ရွာနီးသော ရွာများရှိသလို ဝေးကွာသောရွာများ လည်းရှိပါသည်။ ဝေးကွာသောရွာများ၏အကြားတွင် အင်းပေါင်းတောကြီးရှိပါသည်။ အင်းပေါင်းအုပ်စု၊ မန်ကျည်းစုရွာမှာ အင်းပေါင်းချောင်းအရှေ့ဘက်ကမ်းရှိ ရွာကြီးတစ်ရွာဖြစ်ပါသည်။အင်းပေါင်းချောင်း၏ အနောက်ဘက်ကမ်းတွင် အင်းပေါင်းတောကြီးရှိ၏။

မန်ကျည်းစုရွာတွင် ကိုခွေးနှင့် မအေးဆိုသော ဇနီးမောင်နှံနှစ်ယောက်ရှိပါသည်။ မအေးက စက်ချုပ်ပါသည်။ ကိုခွေးက ထရံရက်ပါသည်။ သူတို့မှာ အိမ်ထောင်သက်တမ်းသုံးနှစ်ကျော်သည်တိုင် သားသမီးမထွန်းကားသေးပါ။မအေး၏ စက်ချုပ်လုပ်ငန်းက တွင်ကျယ်ပါသည်။ မန်ကျည်းစုရွာနှင့် ရွာနီးချုပ်စပ်ရှိရွာများက သူမ၏လက်ရာကို နှစ်သက်ကြပါသည်။ အထူးသဖြင့် အမျိုးသမီးဝတ်အတွင်းခံ(ခွေးခံ)ဘော်လီအင်္ကျီတွင် နာမည်ရပါသည်။ ထို့အတူ ကိုခွေး၏ ထရံလုပ်ငန်းကလည်းမဆိုးပါ။ မန်ကျည်းစုရွာနှင့် ရွာနီးချုပ်စပ်ရှိရွာများက ကိုခွေး၏လက်ရာကိုကြိုက်နှစ်သက်ကြပါသည်။ ကိုခွေး၏လက်ရာထရံများမှာ လေးငါးနှစ်ကြာသည့်တိုင် ဇွန်းမြီးထိုး၍မရနိုင်လောက်အောင်စေ့စပ်ကျစ်လျစ်သေသပ်ပါသည်။

ကိုခွေးနှင့်မအေးတို့မှာ လင်ကိုယ်မယားသမီးသားမရှိသေးသဖြင့် စားအိုးမကြီးပါ။ ခေါင်းတန်ကိုယ်ဆန်ဖြစ်၍ စားဝတ်နေရေးမကျပ်တည်းပါ။ မချမ်းသာသော်လည်း ချောင်လည်ကြပါသည်။ ထို့ကြောင့် ကိုခွေးမှ ထရံလုပ်ငန်းကို နေ့စဉ်ပုံမှန်လုပ်လေ့လုပ်ထမရှိဘဲ အပ်သူခိုင်းသူရှိမှသာ ရက်လုပ်ပေးတတ်ပါသည်။အပ်သူခိုင်းသူမရှိလျှင် အင်းပေါင်းတောကြီးထဲတွင် လှည့်လည်ကာ မုဆိုးအလုပ်ကို ပျော်ပါးနှစ်ခြိုက်စွာ လုပ်ကိုင်နေလေ့ရှိပါသည်။

မုဆိုးဆိုသော်လည်း အခြားမုဆိုးများလို နေ့အခါ ဓား၊ လုံ၊ လေး၊ မြား အမဲလိုက်ခွေးများ၊ ပိုက်ကြီးပိုက်ငယ်များဖြင့် အမဲလိုက်သော သာမန်မုဆိုးမျိုး မဟုတ်ပါ။ တောလိုက်နဖူးစီးဓာတ်မီး၊ လေးခွ(ပတ်ခွ)တစ်လက်ဖြင့်သာ အမဲလိုက်သော တစ်ကိုယ်တော်ညမုဆိုးတစ်ဦး ဖြစ်ပါသည်။ ကိုခွေးမှာ လေးခွ(ပတ်ခွ) ပစ်ရာ၌ အလွန်လက်ဖြောင့်ပါသည်။ အတောင်အစိတ်သုံးဆယ်အကွာ အဝေးတွင်ထောင်ထားသောထွန်တုံးမှ ထွန်သွားပေါက်ထဲသို့ လေးခွဆန်ဝင်သွားအောင် ပစ်ခတ်နိုင်စွမ်းရှိပါသည်။

အင်းပေါင်းတောထဲရှိ တောကြက်များ အိပ်တန်းတွင် နှစ်ခြိုက်စွာအိပ်ပျော်ချိန် ညဉ့်ဦးယံအတွင်းမှာပင် ကိုခွေးက သူ၏ လေးခွအစွမ်းဖြင့် တစ်ညလျှင် အနည်းဆုံး တောကြက်နှစ်ကောင်သုံးကောင်ခန့် ပစ်ခတ်ဖမ်းဆီးပြီး သန်းခေါင်ယံတွင် အိမ်သို့ပြန်ရောက်လာတတ်၏။ သို့ရာတွင် တောကြက်မုဆိုးအဖြစ် မိုးနှင့်ဆောင်းရာသီတွင်သာအဆင်ပြေပါသည်။ နွေရာသီရောက်လျှင်ကား အဆင်မပြေတတ်ပါ။

တောကြက်များသည် မိုးတွင်းအခါတွင် သစ်ပင်၏အောက်ပိုင်း (အနိမ့်ပိုင်း) ဆောင်းရာသီတွင် မနိမ့်မမြင့် သစ်ပင်၏ အလယ်ပိုင်း နွေရာသီတွင် သစ်ပင်၏ ထိပ်ခေါင်ပိုင်းတို့၌ အိပ်တန်းတက်လေ့ရှိကြရာ နွေရာသီ၌ ပစ်ရခတ်ရ ခက်ခဲလေ့ရှိပါသည်။

ထို့ကြောင့် နွေရာသီတွင် ကိုခွေးမှာ တောကြက်မုဆိုးဘဝမှ ယုန်လိုက်မုဆိုးအဖြစ် ပြောင်းလဲလုပ်ကိုင်လေ့ရှိ၏။ ယုန်လိုက်ရာတွင်လည်း တစ်ကိုယ်တော်ညမုဆိုး ကိုခွေးက မည်သည့် လက်နက်ကိရိယာကိုမျှ အသုံးမပြုပါ။ လေးခွကို ယူဆောင်သွားခြင်းမှာလည်း အန္တရာယ်တစ်စုံတစ်ရာတို့ ကျရောက်လာလျှင် ကာကွယ်ရန်သာဖြစ်သည်။ တောလိုက်နဖူးစည်းမီးနှင့် အားကစားသမားများ အပြေးလေ့ကျင့်ရာတွင် အသုံးပြုသော အားကစားဖိနပ်တို့ကိုသာသုံးပါသည်။

တောကြက်ကို ညအချိန် အိပ်ပျော်နေခိုက် လေးခွနှင့်ပစ်ခတ်ဖမ်းဆီးရသော်လည်း ယုန်ကိုတော့ နံနက်မိုးလင်းစ ယုန်ဝပ်ကျင်းထအချိန်တွင်စောင့်ကာလိုက်ပြီး ဖမ်းရဆီးရပါသည်။

နွေရာသီတွင် ယုန်များသည် တောဌက်ပျောဖုတ်၊ နှပ်ချိုးဖုတ်များကြောင့် ဝပ်ကျင်းပြုလုပ်ကာ အိပ်စက်လေ့ရှိကြပါသည်။ ညအခါ ရေဆာလျှင် ဌက်ပျောဖတ်များ၊ နှပ်ချိုးရွက်များကိုစားလေ့ဝါးလေ့ရှိပါသည်။ နံနက်စောစော နေရောင်မလာမီ အရက်တက်ချိန်ကုန်ခါနီးတွင် ယုန်များဝပ်ကျင်းထလေ့ရှိပါသည်။ တစ်ညလုံး ဝပ်ကျင်းအတွင်း၌သာ ကြာရှည်စွာဝပ်နေရာမှ အထတွင် သွေးအေးနေသောယုန်များမှာ အစွမ်းကုန်အမြန်ပြေးနိုင်ကြပါ။ အတန်လေးပြေးမိပြီး သွေးပူလာမှသာ အစွမ်းကုန်အမြန်ပြေးနိုင်ကြပါသည်။

ယုန်တို့၏ ပျော့ကွက်ကို သိထားသောကိုခွေးက ဝပ်ကျင်းထစဉ်ယုန်များကို မီအောင် အမြန်ပြေးလိုက်ကာ အမိဖမ်းပြီး သတ်ဖြတ်ပါသည်။ ကိုခွေးမှာ လေးခွပစ်ရာ၌ လက်ဖြောင့်သလို တာတို အပြေးတွင်လည်း ချက်ပီယံဖြစ်ပါသည်။ မိတာတစ်ရာတွင် မြို့နယ်လက်ရွေးစင် အပြေးသမားတစ်ဦးလည်းဖြစ်ပါသည်။

ကိုခွေး၏ တစ်ကိုယ်တော်မုဆိုး လုပ်ငန်းမှာ ဝင်ငွေလမ်းဖြောင့်သော်လည်း မအေးကမူ သဘောမကျပါ။ သဘောလည်းမတူပါ။ တားမရသဖြင့်သာ လက်လျှော့ထားရခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေနွယ်ရိုး
ကိုယ်ပြုသည့်ကံ ကိုယ်သာခံ

အကြောင်းမှာ ညကြီးမင်းကြီးတွင် အင်းပေါင်းချောင်းကိုဖြတ်ကာ ချောင်းအနောက်ဘက်ရှိ အင်းပေါင်းတောထဲသို့ တစ်ကိုယ်တော်အမဲလိုက်သွားရာ၌ မြွေပါးကင်းပါး မကောင်းဆိုးဝါး တစ္ဆေသရဲ၊ နာနာဘာဝဝိနာဘာဝတို့၏အန္တရာယ်ကို ဝီးရိမ်၍ဖြစ်ပါသည်။ သို့ရာတွင် ထိုအရာများကို ကိုခွေးက လုံးဝထည့်မတွက်ပါ။ ကြောက်လည်းမကြောက်တတ်ပါ။ အမဲလိုက်နေရလျှင်ပင် ပျော်ရွှင်နေတတ်ပါသည်။

နွေတစ်နေ့တွင် မအေးက ကိုခွေးကို ယနေ့ည အထူးပြောစရာရှိ၍ တောလိုက်မသွားရန် ပြောဆိုတားမြစ်ပါသည်။ ကိုခွေးကလည်း လက်ခံပါသည်။ သို့ဖြင့် ညအိပ်ရာထဲတွင် မအေးက ကိုခွေးအား မနေ့ညက သူအိပ်မက်မက်ပုံကို စိတ်ဝင်တစားကုံးပြောပြပါသည်။

အိပ်မက်ထဲတွင် (၁၀) နှစ်၊ (၁၂)နှစ်သားခန့်အရွယ် ခေါင်းတုံးပြောင်ပြောင်ဖြင့် သပ်သပ်ရပ်ရပ်ဝတ်စားထားသော ရုပ်ရည်သနားကမားနှင့် ကောင်ကလေးတစ်ယောက်က အိမ်ပေါက်ဝမှနေ၍ အိမ်ထဲသို့ဝင်လိုကြောင်း ခွင့်တောင်းပါသည်။ မအေးက ဝင်ခွင့်ပြုလိုက်သောအခါ မအေး ထမင်းချက်နေစဉ် မီးဖိုချောင်ပေါက်ဝထိရောက်လာပြီး သူ့ဘဏ္ဍာအိမ်တွင်နေလိုပါကြောင်း၊ ကိုခွေးနှင့် မအေးတို့က သူ့ကို ဘုန်းကြီးဝတ်ပေးစေလိုကြောင်းပြောဆိုကာ ပြန်သွားပါသည်။ ထိုအချိန်တွင် မအေးလည်း ဝမ်းပန်းတသာ အိပ်ရာမှနိုးလာပါသည်။

မအေး၏အိပ်မက်ကိုကြားရသော ကိုခွေးမှာ အလွန်ပင် ဝမ်းသာသွားပါသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့ဇနီးမောင်နှံမှာ အိမ်ထောင်သက်သုံးနှစ်ကျော်သည့်တိုင် သားသမီးတစ်ယောက်မှမထွန်းကားခဲ့ပါ။ ယခုမှ နတ်ကောင်းနတ်မြတ်များက သူတို့အား သားကလေးပေးတော့မည့် အတိတ်ကောင်းနိမိတ်ကောင်းဟု ကိုခွေး ထင်မြင်ယူဆမိသောကြောင့် ဖြစ်ပါသည်။

ထိုစဉ်တွင် မအေးက ကိုခွေး၏နားရွက်နားကပ်ကာ နှစ်ကိုယ်ကြားနှစ်နားစကားတိုးတိုးပြောလိုက်ရာ ကိုခွေးမှာ သားရတနာလေး သေချာပေါက်ရတော့မည်ဟုတွေးကာ ထခုန်မိမတတ် ဝမ်းမြောက်ပျော်ရွှင်သွားပါသည်။

သို့ဖြင့် ကိုခွေးမှာ တောလိုက်မုဆိုးအလုပ်ကိုရပ်စဲကာ ထရံလုပ်ငန်းကို ပိုမိုကြိုးစားလုပ်ကိုင်ပါတော့သည်။ မိခင်လောင်းဇနီးသည်မအေးကိုလည်း အရိပ်တကြည့်ကြည့်နှင့် အထူးကြင်နာယုယစွာ စောင့်ရှောက်လာပါသည်။ မအေးကို ထမင်းချက်ခွင့်မပြုအပ ဘာမှမခိုင်းစေတော့ပါ။ ရေဆွဲ၊ ရေခပ်၊ ထင်းခွေ၊ ထင်းခွဲ၊

www.burmeseclassic.com

www.burmeseclassic.com

အိမ်တွင်းအိမ်ပြင်သန့်ရှင်းရေး၊ အဝတ်အစားလျှော်ဖွပ်ခြင်း စသည့် အိမ်တွင်းမှုလုပ်ငန်းများကို သူကသာဒိုင်ခံလုပ်ကိုင်ပါသည်။ စက်ကိုလည်း ယခင်ကလို ပင်ပန်းတကြီးအချုပ်မခိုင်းပါ။ ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်ရန်နှင့် ကျန်းမာရေးအတွက် လမ်းမှန်မှန်လျှောက်ရန်သာ တိုက်တွန်းလေ့ရှိပါသည်။

သို့ရာတွင် မအေး ကိုယ်ဝန်(၆)လ ကျော်လောက်ရှိသောအခါ၌ကား ကိုခွေးဗွေဖောက်လာပါသည်။ ယုန်သားမစား ရသည်မှာကြာပြီဖြစ်၍ ယုန်လိုက်သွားလိုကြောင်း မအေးကို ခွင့်တောင်းလာပါသည်။ မအေးက ခွင့်မပြုပါ။ အတန်တန်တားပါသည်။ မရပါ။

နောက်နေ့မနက်တွင် ကိုခွေးက ယုန်လိုက်သွားရာမှ စောစောပြန်လာသော်လည်း ဘာသားကောင်မှပါမလာပါ။ လက်ချည်းဗလာသာဖြစ်ပါသည်။ မအေးက အကျိုးအကြောင်းမေးကြည့်ရာ -

"ဝပ်ကျင်းထ ယုန်တစ်ကောင်ကို ငါလိုက်ဖမ်းတာမိတယ်ကွ။ အကောင်ကလည်း ထွားထွားကျိုင်းကျိုင်းဝဝဖြိုးဖြိုးယုန်မကြီးကွ။ ဒါပေမယ့် အသေအချာကြည့်လိုက်တော့ ဇီးရင့်နေတဲ့ယုန်မကြီးကွ။ မကြာခင် သားပေါက်တော့မယ်။ အဲဒီအချိန်မှာ မင်းကို ငါ ရွတ်တရက် သတိရလာပြီး ကိုယ်ချင်းစာစိတ်တွေပေါက်ဖွားလာတယ်။ ယုန်မကြီးကိုလည်း သနားလာမိတယ်။ ဒါကြောင့် မသတ်တော့ဘဲ ပြန်လွှတ်လိုက်ပြီး လက်ချည်းဗလာပြန်လာခဲ့တာ"

ဟု ကိုခွေးက စိတ်အေးလက်အေးနှင့်ပြောပြရာ မအေးက သာခုသုံးကြိမ်ခေါ် ပါသည်။

ဤသည်တို့ကား ကိုခွေးနှင့်မအေးတို့ အသက်အစိတ်သုံးဆယ်အရွယ်က ဘဝဇာတ်ကြောင်းများဖြစ်ပါသည်။

ယခုသော်ကား ကိုခွေးနှင့်မအေးတို့၏ တစ်ဦးတည်းသောသားလေးမှာ သိက္ခာတော်(၁၀)ဝါရှိ ဦးပဉ္စင်းဦးဝိသာရဖြစ်နေပြီး သာသနာ့ဓဇမဟာစရိယနှင့် ဝိနယဝိဒူဘွဲ့များကိုပင် အောင်မြင်စွာဆွတ်ခူးပိုင်နိုင်ခဲ့ပါပြီ။

ထို့ကြောင့် မန်ကျည်းစုတစ်ရွာလုံး ဝမ်းသာဂုဏ်ယူနေကြပါသည်။ ရွာဦးကျောင်းဆရာတော်ကို အကြီးအမှူးထား၍ ကျေးရွာလူကြီးမင်းများက ဦးစီးကာ စာအောင်သံဃာတော် ဦးပဉ္စင်းဦးဝိသာရအား ဂုဏ်ပြုပူဇော်ပွဲ မကြာမီ ကျင်းပရန် တစ်ရွာလုံး စိုင်းပြင်းနေကြပါပြီ။

သို့ရာတွင် ထိုအထဲ၌ ဦးပဉ္စင်းဦးဝိသာရ၏ခမည်းတော်ကိုခွေးမပါဝင်ပါ။

ကိုခွေးမှာ လွန်ခဲ့သောနှစ်ကပင် တုပ်ကွေးဖျားဖျားရာမှ အဖျားပျောက်သွားသည့်တိုင် အကြောသေအကြောဆွဲကာ ဆောင့်ကြောင့်ထိုင်လျက်အနေအထားဖြင့်သာ အသက်ရှင်နေရပါသည်။ ခြေထောက်နှစ်ချောင်းမှာ မလှုပ်နိုင်မဆန့်နိုင်မသွားနိုင်မလာနိုင်တော့ဘဲ မသန်မစွမ်းဖြစ်နေပါတော့သည်။

မအေးက ကိုခွေးအတွက် ဘီးတပ်ကုလားထိုင်တစ်လုံးဝယ်ပေးပြီး မငြိမငြင်ပြုစုပါသည်။ စားသိုရာကျွေးပြီး သွားသိုရာကိုလည်း ဘီးတပ်ကုလားထိုင်ကိုတွန်း၍လိုက်ပို့ပေးကာ မငြူမစူစောင့်ရှောက်ပါသည်။ ကိုခွေးကိုယ်တိုင်ကလည်း အိမ်ဝင်းအတွင်းနှင့် အိမ်နီးနားချင်းအိမ်များသို့ ဘီးတပ်ကုလားထိုင်ကိုလှည့်ကာသွားလာလည်ပတ်တတ်ပါသည်။

တစ်နေ့တွင် ထိုသို့ သွားလာလည်ပတ်နေစဉ် -

"ခွေးရူးဟေ့ ခွေးရူး လိုက်ကြဟေ့ လိုက်ကြဟေ့"

ဆိုသောအသံဗလံများကို ကိုခွေးကြားရပါသည်။ ထို့ကြောင့် သူ၏ဘီးတပ်ကုလားထိုင်ကို လမ်းလယ်ကောင်မှသည် လမ်းဘေးဝင်းထရံအနီးတွင်ကပ်လျက်ထားလိုက်ပါသည်။ အနီးတွင် အဆင်သင့်တွေ့ရှိရသော လက်သီးဆုပ်သာသာခန့် ကျောက်ခဲတစ်လုံးနှင့် အုတ်ခဲကိုးတစ်ခဲကိုလည်း လိုသော်မည်ရကောက်ထားလိုက်ပါသည်။

မန်ကျည်းစုရွာသား လူငယ်လူရွယ်များသည် ဓား၊ လှံ၊ တုတ်၊ အုတ်ခဲ၊ ကျောက်ခဲ စသည့် ရရာလက်နက်များကို ဆွဲကိုင်ကာ ခွေးရူးကိုသတ်ရန် အပြေးအလွှားလိုက်လာကြပါသည်။ ခွေးနက်တစ်ကောင်မှာ အမြီးကုပ်ကုပ် ခေါင်းငိုက်စိုက် လျှာကြိုးတန်းလန်းသွားရောတာများများနှင့် မျက်နှာချင်းဆိုင်မှပြေးလာနေသည်ကို ကိုခွေးတွေ့မြင်နေရသည်။ သူ့အနီးသို့ရောက်အလာတွင် ကိုခွေးက အဆင်သင့်ကောက်ထားသောကျောက်ခဲဖြင့် ခွေးရူး၏ဦးခေါင်းကိုချိန်ရွယ်ကာ အားကုန်ပစ်ခတ်လိုက်ပါသည်။

ထိုအချိန်တွင် ဘီးတပ်ကုလားထိုင်မှာ ကိုခွေး၏ အားစိုက်ခွန်စိုက်လှုပ်ရှားလိုက်မှုကြောင့် ဟန်ချက်ပျက်ကာ တိမ်းမှောက်သွား၏။ ထို့ကြောင့် ကိုခွေးပစ်လိုက်သောကျောက်ခဲမှာ ခွေးရူးကို မထိမှန်ဘဲ လွဲချော်သွားပါသည်။ ခွေးရူးသည် ကိုခွေးကို အားပါးတရ ဝင်ရောက်ကိုက်ခဲပါတော့သည်။ ထိုစဉ်တွင် ခွေးရူးကို သဲကြီးမဲကြီးလိုက်လာသော လူငယ်လူရွယ်များထဲမှ တစ်ယောက်ယောက် ပစ်ခတ်လိုက်သောလုံချက်မှာ ခွေးရူးကို မထိဘဲ ကိုခွေး၏ဆီးခုံကို တည့်တည့်ထိမှန်ကာ ကိုခွေးမှာ မည်သို့မျှမအော်နိုင်မဟစ်နိုင်တော့ဘဲ ထိုနေရာမှာပင် ပွဲချင်းပြီးသေဆုံးသွားပါတော့သည်။

မန်ကျည်းစုတစ်ရွာလုံး ဝမ်းနည်းပက်လက်ဖြစ်ကြရပါသည်။ကိုခွေး၏ဇနီးမအေးမှာလည်း ဖြေမဆည်နိုင်အောင်ပင် ပရိဒေဝမီးအလောင်ခံရရှာပါသည်။ မအေးကို တစ်ရွာလုံးက ဝိုင်းဝန်းကာ ကရုဏာသက်နေကြပါသည်။

သို့ဖြင့် တရွေ့ရွေ့ကုန်ဆုံးလာသောအချိန်ဆရာဝန်က မအေး၏ ပရိဒေဝမီးလောင်နာကို တဖြည်းဖြည်းသက်သာလာအောင် ကုသပေးပါသည်။ နှစ်လည်ဆွမ်းသွတ်ပြီးသောအခါ၌ကား 'ပျောက်သောသူရှာလွယ်တွေ့၊ သေသောသူကြာလျှင်မေ့' ဆိုသော မြန်မာဆိုရိုးစကားအတိုင်း မအေးမှာ ပရိဒေဝမီးငြိမ်းစပြုကာ နေတတ်ထိုင်တတ်လာပါသည်။ သားတော်မောင်ဦးပဉ္စင်းနှင့်ရွာဦးကျောင်းဆရာတော်တို့၏ တရားရေအေးအမြိုက်ဆေးကိုသောက်သုံးကာ နာကြားကျင်ကြံရသဖြင့်လည်း တရားသဘောကို သိမြင်စပြုလာပါသည်။

ဝပ်ကျင်းမှထခါစ သွေးအေးချိန်တွင် ကောင်းစွာမပြေးနိုင်မလွှားနိုင်သော ယုန်များကို ကိုခွေး ငယ်စဉ်က လိုက်လံဖမ်းဆီးကာ သတ်ဖြတ်ခဲ့သည်။အိပ်တန်းတွင် အိပ်ပျော်နေသော ကြက်များကို လေးခွဖြင့်ပစ်၍ သတ်ခဲ့သည်။ ယခုကိုခွေးဘီးတပ်ကုလားထိုင်ဖြင့်သွားလာနေရချိန်တွင် ခွေးရူးကိုက်ခံခဲ့ရသည်။ ခွေးရူးကပစ်လိုက်သောလုံက ခွေးရူးကို မထိမှန်ဘဲ ကိုခွေးကို မတော်တဆထိမှန်ကာ ကိုခွေးသေဆုံးခဲ့ရပါသည်။

ဤသည်ကို တရားသဘောအရကြည့်လျှင် ဘယ်သူမပြု မိမိမှုသာဖြစ်သည်။ ကိုယ့်ကာယက် ကိုယ့်ခံပြင်းခြင်းသာဖြစ်သည်ဟု မအေးသဘောပေါက်လာကာ ပရိဒေဝမီးကိုငြိမ်းပြီးတိုင်ငြိမ်းသတ်လိုက်နိုင်ပါကြောင်းသည်။

ဒွေးဇွယ်ခိုး

www.burmeseclassic.com

www.burmeseclassic.com



အုံကြွယ်
အရွယ်ဆယ်ပါးသတိထား သိကြားဆင်ခြင် ဘုဇင်နှင့်ယှဉ်လော့

အလာရောက်သည့်အချိန်နှင့် ပွဲပြီးပြန်ကာလများတွင် ကြီးသူကို ငယ်သူမိသားစုများက ဝမ်းသာဝမ်းနည်းကန်တော့ကြရင်း နှုတ်ဆက်ခွဲခွာကြရသည့် အလေ့အထကို တစ်နှစ်တစ်ခါခံစားကြရသည်။ ညြော် - ဘာလိုလိုနှင့် မောင်အုံတောင် (၆၆) ဆိုသည့်နှစ်တွေကို အဆိုးအကောင်း၊ အချိုးအပြောင်းတွေနှင့် တွေ့ကြုံကျော်ဖြတ်ရင်း ဇရာထောင်းကာ မရဏာသို့ပြောင်းရန် အချိန်နီးကပ်လာချေပြီတကား။

သည်နှစ်တွင်လည်း ရွှေဘုန်းရိုန်ဘုရားစေတီတည်ရှိရာ ရေစကြို

(၁၃) နှစ်၊ (၁၄) နှစ်ဆိုသည့် ကာလများမှာ ရှေ့ကိုမျှော်ကြည့် လျှင်ကြာရှည်လှစွာသောအချိန်များဟု ဆိုနိုင်မည်ဖြစ်သော်လည်း နောက်ကိုပြန်ကြည့်ပါက မနေ့တစ်နေ့ကလိုပင် ထင်မှတ်မှားရသည့် ကာလလေးတစ်ခုမျှသာဟုဆိုရမည်ဖြစ်သည်။ ကျွးဇူးရှင်ဖခင်ကြီးကွယ်လွန်ခဲ့သည်မှာ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလဖြစ်သဖြင့် တစ်ဆယ့်လေးနှစ်ကျော်လွန်ခဲ့ပြီဖြစ်သည်။ ကျွးဇူးရှင်မိခင်ကြီးကွယ်လွန်ခဲ့သည်မှာလည်း ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလတွင်ဖြစ်ရာ တစ်ဆယ့်သုံးနှစ်ရာသီရှိလာခဲ့ပါပြီ။ ကျွးဇူးရှင်ကြီးများ၏ အရိုးဆွေးချင်းဆွေးနေလောက်ပြီဖြစ်သော်လည်း လွမ်းဆွတ်နှမြောတသမှုနှင့် အဆွေးဇာတ်ကမူ ယနေ့တိုင် လောင်မြိုက်နေဆဲဟု ဆိုချင်ပါသည်။

နှစ်စဉ်လိုပင် နတ်တော်လဆန်း ၁၃ ရက်ရောက်ပြီဆိုလျှင် မိဘနှစ်ပါးတွဲထား ကိုးကွယ်ခဲ့သည့် 'ရွှေဘုန်းရိုန်မြတ်စွာဘုရား' ၏ ဗုဒ္ဓပူဇနိယပွဲတွင် အနီးနေရောအဝေးရောက်ပါ ညီအစ်ကို မောင်နှမအားလုံးတွေ့ဆုံကြမြဲဖြစ်သည်။ မိဘများရှိစဉ်ကပင် စဉ်လာမပျက်ဆောင်ရွက်လာခဲ့သည့်မိသားစုကန်တော့ပွဲလေးတစ်ခုဟု ဆိုနိုင်ပါသည်။ ဘုရားပွဲသို့ မြို့လေးဆီသို့ နတ်တော်လဆန်း ၁၀ ရက်ကပင် ရောက်ရှိနေပြီး မနက်ဖြန်ဆိုဘုရားဆွမ်းတော်ကပ်လှူပွဲနှင့် ဆွမ်းဆန်လောင်း၊ စာရေးတံပူဇော်ပွဲတို့ စပေတော့မည်။ ရင်ပြင်တော်တစ်ပတ်လက်ယာရစ်လှည့်ကာ ဦးခိုက်ကြည်ညိုရှိခိုးပူဇော်ပြီးနောက် အနောက်ဘက်ရှိအာရုံခံတန်ဆောင်းတွင် နားနေရင်း မောင်အုံ အတွေးနယ်ချဲ့မိသည်။

ထိုစဉ် တရားစာလိုလို၊ သံဃပဏာမကဗျာလိုလို ရွတ်ဆိုသံကို ကြားယောင်ကာရ၍ နားစိုက်ထောင်မိသည်။

"(၂၀) တစ်ဝိုက်အပျော်ကြိုက်၊ မိတ်လိုက်ရင်းနဲ့ အပြန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

အလုပဆုံး (၃၀) နှုန်း၊ လူလုံးပြဲလျက် အခြိန်ကုန်။

(၄၀) တစ်လွှား ခနအား၊ ကြွားလုံးထုတ်လျက် အခြိန်ကုန်။

(၅၀) တစ်ကွက် ဉာဏ်ထက်မြက်၊ ဉာဏ်နက်ထုတ်ရင်း အခြိန်ကုန်။

(၆၀) တစ်လွှား အားဆုတ်သွား၊ ကြုံးဝါးရင်းနဲ့ အခြိန်ကုန်။

(၇၀) အတွင်း ခါးမတင်း၊ ဟင်းချရင်းနဲ့ အခြိန်ကုန်။

(၈၀) မှာတော့ ခါးပင်ကော့၊ မော့မော့ကြီးနဲ့ အခြိန်ကုန်။

(၉၀) တစ်ကွေ့ သတိဝေ့ မေ့မေ့ကြီးနဲ့ အခြိန်ကုန်။

ထိုင်၍မကောင်း တစ်ရာညောင်း၊ လဲလျောင်းရင်းနဲ့ အခြိန်ကုန်"

ဘုရားရှိခိုးပြီး၍စကြိုလျောက်ရင်း သတိထားကာ အသိတရားနှင့်ရွတ်ပွားလာသည့် အစ်ကိုကြီး ကိုမောင်သိန်းကို တွေ့မြင်ရပါသည်။ မောင်အံ့က နေရာပေးရင်း အာရုံခံထဲသို့ လာထိုင်ရန် ဖိတ်ခေါ်လိုက်သည်။ မရွေးမနှောင်းမှာပင် နေ့နံသင့် ထောင့်အလိုက်ဘုရားဆင်းတုများကို ကန်တော့ပြီးသော် ကိုဟိန်းအောင်နှင့် ကိုအေးမြင့်တို့လည်း အသီးသီး တန်ဆောင်းရှိရာသို့ ရောက်လာကြသည်။တူမများက အလိုက်တသိ ချလာပေးသည့် ရေနွေးကြမ်း၊ လက်ဖက်နှင့် ထန်းသီးမုန့်တို့ဖြင့် ဝိုင်းထိုင်လိုက်ကြသည်။

"နေပါဦးဗျ၊ အခုနက ကိုမောင်သိန်းရွှတ်ဆိုလာတဲ့ ကဗျာလိုလို၊ တရားစာလိုလိုက အတော်နားထောင်လို့ကောင်းပြီး အဓိပ္ပာယ်လေးနက်လှပါတယ်။ မကြားရသေးတဲ့ အခုမှရောက်လာတဲ့သူတွေပါကြားရအောင် ပြန်ရွတ်ပြပါဦးဗျ"

မောင်အံ့က တောင်းဆိုမိသည်။ ကိုမောင်သိန်း မနေသာတော့ ရွတ်ဆိုပြပြီး ရှင်းလင်းချက်ပါ ပြောပြတော့သည်။

"အေးကွ - ဒီသံဝေဂလက််လေးက ကျွေးလူးရှင် မဟာဗောဓိမြိုင်ဆရာတော်ရဲ့ဩဝါဒဆုံးမစာလေးပဲ။သက်ကြီးရွယ်အို့တရားနာဝံပရိသတ်များကို ဆုံးမခဲ့တာပေါ့။ ပထမအရွယ် ၉ မွေးစကနေ အသက်(၂၀)ထိကာလကတော့ ကလေးအရွယ်လူငယ်အရွယ်မို့ စာဝေသင်ကြားပျော်ရွှင်ကစားနေတဲ့အရွယ်မို့ အထူးအထွေအဓိန့်မရှိခဲ့ပါဘူး။ ဒုတိယအရွယ် အသက် (၂၀) ကျော်ကစပြီး အသက်အရွယ်စုံအတွက် ဆုံးမထားတာပဲလေ။ အသက် (၂၀)ကနေ (၅၀)အထိကတော့ ပျော်တုန်း၊ တက်ကြွတုန်း၊ ကိုယ့်ကိုယ် ကိုယ်အထင်ကြီးတုန်း၊ ဉာဏ်ပညာအားခွန်တွေကလည်း ထက်မြက်တုန်း အရွယ်တွေဆိုတော့ ငါမှငါသာဆိုတဲ့ အတွေးအမြင်ရှိပြီး ဘဝကိုမေ့တတ်ကြပုံကို ဆရာတော်ကြီးက ထိထိမိမိပုံဖော်ထားတာပါကလား။ ကိုယ်တို့လို (၆၀) ကျော်အရွယ်ကစပြီး အသက် (၁၀၀) တန်းအထိ အားအင်ဆုတ်ယုတ်လာပုံ၊ ခါးကုန်းခါးကော့လာပုံ၊ သတိမေ့လာတတ်ပုံ၊ နောက်ဆုံးတော့ အိပ်ရာထဲမှာပဲ လဲလျောင်းနေရပုံတို့ကိုလည်း ကွက်ကွက်ကွင်းကွင်းနဲ့ ထင်းခနဲမြင် သံဝေဂပွားသတိထားနိုင်ဖို့ ဆုံးမထားတာပဲလေ။ ကောင်းလိုက်တဲ့ဩဝါဒကထာလေးလို့ ဆိုချင်ပါရဲ့ဗျာ"

"ကိုမောင်သိန်းပြောပြတော့မှပဲ ကျွန်တော့်ကို ဆရာတော်တစ်ပါးဆုံးမခဲ့ဖူးတဲ့ အရွယ်(၁၀)ပါးအကြောင်း သတိရသွားတယ်ဗျာ။ ဒီလိုဗျ၊ ခင်ဗျားတို့သိကြတဲ့ အတိုင်းပဲ၊ တိပိဋကဓရ ရေစကြို ဆရာတော် ဦးဝါဃမိန္ဒာဘိဝံသဆရာတော်ဘုရားဟာ ကျွန်တော်တို့ရွှေချောင်းရွာဇာတိဖြစ်တော်မူပြီး ဆွေမျိုးလည်းမကွင်းဘူးဗျ။ ငယ်စဉ် မူလတန်းကျောင်းနေစဉ်ကလည်း ကျောင်းနေဖက်မို့ကနေ့တိုင် ဆရာဒကာရင်းတွေပေါ့ဗျာ။ တစ်နှစ်က ဆရာတော်ဖူးမြော်ဖို့ ရန်ကုန်ကိုသွားခဲ့တယ်ဗျ။ အဲဒီမှာ ကျွန်တော့်လို့ပဲ ဆရာတော်ဘုရားကို ဖူးမြော်ဖို့ ရောက်နေတဲ့ ဦး ပဉ္စင်းတစ်ပါးနဲ့ဆုံတုန်း စကားစပ်မိပြီး -

'ဒကာကြီးလည်း အသက်အရွယ်ရလာပြီနော်။ သံသရာပါဖို့ ဘဝနာပဲ အားကိုးရမှာဗျ။ ပေါ့ပေါ့ဆဆနေနဲ့ လို့ အမိန့်ရှိရင်း အရွယ် (၁၀)ပါးအကြောင်း လက််လေးရွတ်ဆို ရှင်းပြတော်မူခဲ့တယ်လေ"

ရေစကြိုမြို့နဲ့တစ်ဆက်တည်းဖြစ်နေပြီဖြစ်တဲ့ ရွှေချောင်းရွာသား ကိုအေးမြင့်က စကားစလာတော့ အရွယ် (၁၀) ပါးအကြောင်းရှင်းပြပေရန် အားလုံးက တောင်းဆိုခဲ့သည်။

အရွယ်(၁၀)ပါးလက််

- မန္ဒခိဋ္ဌ၊ ဝဏ္ဏဗလ၊ မုတ်ကြလေးပါး၊ အရွယ်မျှားဝယ်၊
  တစ်ဆယ်နှစ်ဆယ်၊ သုံးလေးဆယ် နှင့် အရွယ်ကောင်းများ ဖြစ်ကြတယ်။

လေးဆယ်မှကွယ် ငါးဆယ်ထိမှာ ပညာရယ်သုံး အားအကောင်းဆုံးဖြစ်ပေတယ်။

ဟာယနမှာကွယ် ငါးဆယ်ကနေ ခြောက်ဆယ်ပြောင်းတော့ အားကောင်းမောင်းသန် နောက်ဆုံးကျန်လိမ့်။

ခုနစ်ဆယ်တွင်း၊ အရွယ်ချဉ်းက၊ ထိနမိဒ္ဓ၊ ဖြစ်ပြန်ရတယ်၊ ပဘာရဟုမှတ်ရမယ်။

ကိုင်းညွှတ်သောအရွယ်၊ ရှစ်ဆယ်ရောက်က ကုဋ္ဌိလဟုခေါ်ပြန်တယ်။

တွေဝေမှေ့ကြောင်း၊ ကိုးဆယ်ဟောင်းက၊ မုဋ္ဌအရွယ်ဖြစ်ရတယ်။

အိပ်စက်လျောင်းနေ မထလေဝယ် ကိုးဆယ်ကျော်ရင်း တစ်ရာချဉ်းက၊ အနုဌာသယမှတ်ကြကွယ်။

အရွယ်ဆယ်ပါး၊ ဆင်ခြင်တရား၊ ရှုပွားမဂ်ဆိုက်၊ ကျင့်လိုက်မသွေ၊ အဲဒါမှ ဘဝသံသရာဝဲ အမြဲလွတ်နိုင်မယ်။

အဲဒီလက််လေးကို ရွတ်ဆိုပြပြီး ဩဝါဒပေးခဲ့တာဗျ။ ကျွန်တော်က အရှင်ဘုရား၊ တပည့်တော်နားလည်အောင် ထပ်ရှင်းပြပါဦးဆိုတော့ အရွယ် (၁၁) ပါးကို ဒီလိုရှင်းပြခဲ့ပြန်တယ်လေ။

၁။ **မန္ဒအရွယ်** - မွေးစမှ (၁၀)နှစ်ထိ (ပညာနဲ့နှေးသောအရွယ်)

၂။ **ခိဋ္ဌအရွယ်** - (၁၁) နှစ်မှ (၂၀)နှစ်ထိ (စိတ်ပျံ့လွင့်သောအရွယ်)

၃။ **ဝဏ္ဏအရွယ်** - (၂၁)နှစ်မှ (၃၀) နှစ်အထိ (အဆင်းလှပဆုံးသောအရွယ်)

၄။ **ဗလအရွယ်** - (၃၁) နှစ်မှ (၄၀) နှစ်ထိ (အင်အားအကောင်းဆုံးအရွယ်)

၅။ **ပညာအရွယ်** - (၄၁)နှစ်မှ (၅၀) နှစ်ထိ (ပညာဉာဏ်အကောင်းဆုံးအရွယ်)

၆။ **ဟာယနအရွယ်**- (၅၁)နှစ်မှ (၆၀) နှစ်ထိ (အင်အားဆုတ်ယုတ်လာသောအရွယ်)

၇။ **ပဘာရအရွယ်** - (၆၁) နှစ်မှ (၇၀) နှစ်ထိ (လေးလံကိုင်မှီင်းသောအရွယ်)

၈။ **ကုဋ္ဌိလအရွယ်**- (၇၁) နှစ်မှ (၈၀) နှစ်ထိ (ကိုင်းညွှတ်သောအရွယ်)

၉။ **မုဋ္ဌအရွယ်** - (၈၁)နှစ်မှ (၉၀) နှစ်အထိ (တွေဝေမှေ့မောသောအရွယ်)

www.burmeseclassic.com

www.burmeseclassic.com

၁၀။ **အနုတ္တသယအရွယ်** - (၉၁) နှစ်မှ (၁၀၀) နှစ်အထိ (မထသောအိပ်ခြင်းဖြင့်နေသောအရွယ်)

ဒါကတော့ ဘွဲ့အမည်မမှတ်မိတော့သော ဆရာတော်တစ်ပါးရဲ့ 'အရွယ်ဆယ်ပါးနဲ့ ဆင်ခြင်သတိထား ဘာဝနာပွားများဖို့ ဩဝါဒအမှာစကား' လေးပါပဲဗျာ"

"တန်ဖိုးရှိလိုက်တာ ကိုအေးမြင့်ရယ်။ ကျွန်တော်တို့အတွက် မှတ်ပြီးရင်းမှတ်၊ တရားဘာဝနာအားထုတ်စေဖို့ သတိပေးလိုက်တဲ့ ဩဝါဒဆုံးမစကားလေးပါပဲဗျာ။ ဟုတ်တယ်ဗျ၊ ကျွန်တော်တို့အရွယ်တွေက (၆၀)ကျော် (၇၀)တွင်းရောက်လာပြီမို့ ဝိပဿနာတရားများရွတ်နေရမယ့်အရွယ်ပါ။ တစ်ခါတလေကျရင် ကုသိုလ်တရားများမေ့လျော့တဲ့အပြင် သား၊ သမီး၊ မြေးတွေကိုပါ အကုသိုလ်ပေးတတ်တာမျိုးတွေရှိသေးထယ်ဗျ။ ဥပမာဗျာ ကိုယ်နဲ့မဆိုင်တဲ့သားသမီးတွေရဲ့ လူမှုရေး၊ စီးပွားရေးကိစ္စတွေမှာ ဝင်ပါမိရင် သူတို့လေးတွေက စိတ်မရှည်နိုင်ကြဘဲ နှုတ်လှန်ထိုးပြန်ပြီးအော်ဟစ်ပြောဆိုတဲ့အခါကျတော့ ကလေးတွေကို ငရဲပို့ပေးသလိုမျိုးဖြစ်တတ်ကြရတာပေါ့။ အဲဒီအခါမျိုးကျရင် ကျေးလူးရှင် မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ ဆုံးမစကားလေးကို သတိရမိတတ်တယ်ဗျ"

ပြောကြဆိုကြလေသမျှ ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်အားရမှတ်သားနေပုံရသော ကိုဟိန်းအောင်က တွေးတွေးဆဆဖြင့် စကားစလာပြန်သည်။ ကိုမောင်သိန်းက မင်းကွန်းဆရာတော်ကြီး၏ ဆုံးမဩဝါဒကို နာယူလိုကြောင်း တောင်းဆိုသဖြင့် စကားစကိုဆက်ခဲ့သည်။

"ဒီလိုဗျ၊ တစ်ခါမှာတော့ မင်းကွန်းဆရာတော်ကြီးဟာ တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးဖို့အတွက် မုံရွာမြို့ကိုကြွလာခဲ့တယ်။ အဲဒီအချိန်မှာ အသက်(၈၀)ကျော်အရွယ်ရှိတဲ့အဘွားတစ်ဦးက ဆုံးမဩဝါဒစကားများမြွက်ကြားပေးရန် လျှောက်ထားသဗျ။ ဒီတော့ ဆရာတော်ကြီးက -

'ဒကာမကြီး ကျန်ရှိတော့တဲ့ဘဝသက်တမ်းလေးမှာ ဝသုံးလုံးကိုဆောင်ပါ'

လို့ အမိန့်ရှိခဲ့တယ်တဲ့ဗျ။ အဘွားက ဆက်လက်အမိန့်ရှိပါရန် လျှောက်ထားလို့ ဆရာတော်ကြီးက ဟောဒီလို အမိန့်ရှိခဲ့တယ်လေ။

'ဒကာမကြီး ပထမ ဝတစ်လုံးက ဝဝစားပါဖြစ်တယ်။ ဒကာမကြီးတို့အရွယ်က အသက်ကြီးလာတော့ အင်အားတွေဆုတ်ယုတ်လာမယ်။ အားမရှိရင် ကျန်းမာရေးထိခိုက်ပြီး သံသရာပါစေမယ့်တရားအားထုတ်မှုမလုပ်နိုင်ဖြစ်မယ်။ ဒါကြောင့် ဝဝစားပြီး တရားဘာဝနာပွားများပါ'

လို့ မိန့်ကြားခဲ့တယ်။

ဆက်ပြီးတော့ ဒုတိယဝတစ်လုံးအကြောင်းကိုတော့ ဝေးဝေးနေပါလို့ ဩဝါဒခွင့်ခဲ့တယ်။ အဓိပ္ပာယ်ကိုတော့ ဒီလိုဆက်အမိန့်ရှိခဲ့တယ်ဗျ။

"ဒကာမကြီးက အသက်ကြီးလာပြီမို့ အပေါ့အလေးကိစ္စများမနိုင်မနင်းဖြစ်လာမယ်။ အနံ့အသက်တွေက မကောင်းတဲ့အခါကျတော့ သားသမီးတွေက အနားကပ်မှာမကြိုက်ကြတော့ဘူး။ အတွဲ့အလှည့်ဆိုတာမရှိကြတော့ဘူးလေ။ ဝေးဝေးနေမှ အမုန်းမခံရမှာပေါ့။ အမုန်းမခံရတော့ စိတ်မဆင်းရဲရတော့ဘူးမဟုတ်လား။ အဲဒါကြောင့် ဝေးဝေးနေပါ ဒကာမကြီး" တဲ့။

တတိယဝတစ်လုံးနဲ့ ပတ်သက်လို့ကတော့ ဝင်မရှုပ်နဲ့လို့ မိန့်တယ်ဗျ။ အကျယ်ပြီးမိန့်တော်မူတာက သားသမီးတွေရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစတဲ့ အရေးကိစ္စမှန်သမျှ ဝင်မရှုပ်ပါနဲ့။ ဝင်ပါမိရင် သူတို့က မကျေမနပ်ဖြစ်ပြီး ခင်ဗျားကြီးကဘာသိလို့ဝင်ရှုပ်တာလဲ။ ကိုယ့်နေရာကိုယ်နေစမ်းပါ။ နေရာတကာမှာမပါနဲ့လို့ မချေမငံပြောတာခံရတယ်တာမို့ စိတ်မကောင်းဖြစ်ပြီး စိတ်ဆင်းရဲရမယ်။ မိဘကိုပြန်ပြောဆိုမိတာ သားသမီးတွေအဖို့လည်း အကုသိုလ်ဖြစ်ရာရောက်ကြရလိမ့်မယ်။ ဒါကြောင့် ဝင်မရှုပ်နဲ့လို့ အမိန့်ရှိခဲ့တာပဲဗျ"

"အေးဗျာ - တိုတိုနဲ့ထိထိမိမိရှိလှတဲ့ တရားပြဆုံးမဩဝါဒစကားလေးပါပဲဗျာ။ ကျွန်တော်တို့လို သက်ကြီးရွယ်အို တွေ သတိထားလိုက်နာရမယ့်လမ်းညွှန်အမှာစကားလေးပါပဲလေ။ ဘဝနတ်ထံပျံလွန်တော်မူသွားခဲ့တဲ့ မင်းကွန်းဆရာတော်ကြီးကို ဒီနေရာကနေ ရှိခိုးဦးချပါတယ်ဘုရား"

လက်အုပ်ချီကာ ရှိခိုးကန်တော့နေသော ဦးမောင်သိန်းကို အတုယူကာ အားလုံးကလည်း ဆရာတော်ကြီးအား ရည်မှန်း၍ ဦးချကန်တော့မိကြပါတော့သည်။

"ဟ ... ညီအစ်ကိုတစ်တွေ ကောင်းကင်ကိုမော့ကြည့်ပြီး ဘာကိုများရှိခိုးကန်တော့နေကြတာလဲဗျ"

ရွှေဘုန်းရှိန်ဘုရားအရှေ့ဘက်မုခ်တွင် တရားရှုမှတ်ပြီးစီး၍ စကြိုကြွလာသော ရန်ကုန်မြို့ မိန်ရောင်ခြည်ကျောင်းတိုက်၏တိုက်အုပ်ဆရာတော် ဦးဓမ္မပါလက ကောင်းကင်ကိုမြော် ရှိခိုးပူဇော်နေကြသောမောင်အုံတို့ကိုကြည့်ကာ အံ့အားတသင့်အမေးရှိတော်မူခဲ့၏။ မောင်အုံက အရွယ်ဆယ်ပါးမှစ၍ မင်းကွန်းဆရာတော်ဘုရားကြီး၏ ဩဝါဒအဆုံးရှင်းလင်းပြောပြခဲ့ပြီး ဆရာတော်ဘုရားကြီး ရောက်ရှိစံမြန်းတော်မူမည့်နတ်ပြည်၊ ပြဟ္မာပြည်၊ နိဗ္ဗာန်တို့ကို ရည်မှန်းကာ ဦးချရှိခိုးနေကြခြင်းဖြစ်ပါကြောင်း လျှောက်ထားခဲ့သည်။

"အေးပေါ့လေ၊ အခုလို ဒကာကြီးတို့ တရားအမြင်ပေါက်ပြီး သံဝေဂရကြတာတွေတော့ ဦးပဉ္စင်း ကြည်နူးဝမ်းသာဖြစ်ရပါတယ်။ ဒကာကြီးတို့အနေနဲ့ အသက်အရွယ်ရလာကြပြီမို့ သံသရာဝဋ်ဘေးကလွတ်ရေးအတွက် ကုသိုလ်ဘာဝနာပွားများကြဖို့လိုနေပြီလေ။ ဒီနေရာမှာ သပြေကန်ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒဆုံးမစကားလေးကိုမှ ဝေပေးပါရစေနော်။ ဆရာတော်ကြီးဟောကြားခဲ့တဲ့ တရားတစ်ပုဒ်မှာ ကိုးကွယ်ရာမိမိကိုယ်သာဖြစ်တယ်ဆိုတဲ့အကြောင်းလေးပါ။

■ အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ၊ အတ္တသရဏာ အနညသရဏာ-တဲ့။ အဓိပ္ပာယ်ကတော့ -

'မိမိဟူသည့် ကျွန်းပမာကို သိရှိမှီခိုကြကုန်လော့။ မိမိမှတစ်ပါး တခြားအားထားကိုးကွယ်ရာမရှိဟုသိရှိကာနေကြကုန်လော့' တဲ့ဗျ။ ဒကာကြီးတို့သိရှိထားတဲ့သီချင်းတစ်ပုဒ်ထဲကလိုပဲ 'အတ္တာဟိ အတ္တနော နာထော' မိမိကိုယ်သာကိုးကွယ်ရာဆိုတာမျိုးပေါ့။ ဒီနေရာမှာ မိမိကိုယ်သာကိုးကွယ်ရာ ဆိုတာလေးကို မြောချင်သေးတယ်။ ဆရာတော်ကြီးက အတ္တဆိုတဲ့ သဘောဟာ မိမိကိုဆိုလိုတာ မဟုတ်ပါဘူး။ တကယ့်အစစ်မှန်မိမိဟာ အဋ္ဌကထာအလိုအရ 'လောကီ၊ လောကုတ္တရာတရား' ပဲလို့ ထောက်ပြခဲ့တယ်လေ။ ဒကာတို့ ခံယူထားတဲ့ အတ္တဆိုသော ဒီခန္ဓာကိုယ်ကြီးဟာ အိုနာရာသေရန်၊ ပျက်စီးတတ်တဲ့ ခန္ဓာကိုယ်ကြီး၊ ဒုက္ခအဖုံဖုံဖြစ်ပေါ်ပြီး ကောင်းကျိုးမပေးဒုက္ခဘေးသာကြဲရလိမ့်ခန္ဓာကိုယ်ကြီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သေရိပ်နီးကာမှ စိပ်ပုတီးနာနာကိုင်၊
မဟာမြိုင်တောအုပ်မှီးပေမယ့်၊
ဒေါသကလည်းကြီးတတ်သေးရဲ့၊
လောဘမီးကလည်း အရှိန်ဟပ်၊
အိမ်မက်ဝိုင်တဲ့ အဖိုးကြီး။
ရွာလယ်မှာစွာကျယ်ကျယ်နဲ့၊
ငါရယ်မင်းရယ်ငြင်းမယ်မကြံနဲ့၊
မင်းတို့ကမမှန် ငါသာလျှင်အမှန်လို့
ငါမာန်တွေတက်၊
ငါအရှိုးမျက်လက်တို့၊ အခက်ပို
အမျက်ပိုနေတဲ့အဖိုးကြီး။
ဒီလိုအဖိုးကြီးမျိုးတော့၊ ဆောရီး
ဆောရီးမဖြစ်ချင်ပေါင်၊
ကြွေခါနီးတဲ့သစ်သီးလို၊ အသက်ကြီး
တော့လည်း အဖိုးကြီးဖြစ်မှာပေါ့
လေ၊
ဒါပေမယ့် ရိုးရိုးကုပ်၊ ပုဆိုးစုတ်
ကလေးနဲ့ပဲဖြစ်ဖြစ်၊
ကိုယ့်အလုပ်ကိုယ်ဆင်း၊ ကိုယ့်ယာ
ခင်းကိုယ်စိုက်၊
လျှာအလိမ္မလိုက်၊ ဘာကိုမှမကြိုက်၊
ပျော်ပိုက်ရာတော်ထိုက်ရာနေ၊
စာပေလည်းမပြတ်၊ ကဗျာတွေ
လည်းဖတ်၊
ရပ်သူရွာသားတွေနဲ့ ထပ်တူမခြား
နေတတ်တဲ့၊
ဇရပ်ငုံးတိုတာတမံခရိုးအနီးက၊
မပြတ်ပြုံးချီနေတဲ့ သာမန်အဖိုးကြီး
ပဲဖြစ်ချင်တယ်။ ။

"အေးဗျာ - ကောင်းလိုက်တဲ့
ကဗျာလေး။ ဒကာကြီးတို့လည်း မထင်
ပေါ်ချင်နေပါ၊ သာမန်အဘိုးကြီးဘဝနဲ့
သံဝေဂတွေရလို့ ဝိပဿနာအလုပ်
မပြတ်အားထုတ်ကြပါတော့ဗျား။။ ကဲ -
ဦးပဉ္စင်းလည်း ညနေမှာ တရားဓမ္မများ
ဟောပြောနိုင်ဖို့ အများကတသဖြစ်
မယ့် ဇာတ်နိပါတ်တော်များလေ့လာရန်
အကြောင်းဖန်လို့မို့ ကျောင်းတော်ကိုပြန်
လိုက်ပါဦးမယ်ဗျား"

မောင်အဲ့တို့တစ်တွေလည်း နောင်
မှတ်စရာဓမ္မစကားတွေရခဲ့ပြီမို့ ဝိပဿ
နာတရားများပွားများပါမည်ဟုအကြောင်း
ရှိသေဦးချလျှောက်ထားဖျောက်ကြပါတော့
သည်။

အခဲ့ကြွယ်

လို့ ဒီခန္ဓာကိုယ်ကြီးကို ဘယ်လိုများ
ကိုးစားအားထားရာဖြစ်ပါ့မလဲလို့ အမိန့်
ရှိခဲ့တယ်နော်။ တစ်နေ့ကျရင် ဒီခန္ဓာ
ကိုယ်ကြီးဟာ ပုပ်ပွကြေမွပျောက်ကွယ်
ပျက်စီးရတာမို့ အတ္တဆိုတဲ့ မိမိဆိုတာကို
သင်မပိုင်ပါဘူးလို့ပြနေသလိုပဲတဲ့။ အဲဒါ
ကြောင့် အတ္တ-မိမိအစစ်ဟာ ဓမ္မတွေကို
ဆိုလိုတာပါ။ လောကီလောကုတ္တရာ
တရားတွေ၊ ဒါန၊ သီလ၊ ဘာဝနာစတဲ့
တရားတွေက ဘယ်တော့မှမပျက်စီးဘဲ
ဘဝသံသရာမှာ ကိုယ့်နောက်ကပါပြီး
အမြဲတမ်းအကျိုးဆောင်မယ့်တရားတွေ၊
သတိပဋ္ဌာန် စတဲ့ ဗောဓိပက္ခိယတရား
တွေပွားများရင် ဒီဘဝမှာပဲ ငြိမ်းအေးခြင်း
သုခအမြိုက်အရသာကြုံတွေ့ရရှိရမှာပါ။
အဆုံးတိုင် အပြီးရောက်လို့ လောကုတ္တ
ရာဓမ္မတရားတွေရခဲ့ပြီဆိုရင်တော့ ဝဋ်
ဘဝဒုက္ခတွေ လုံးဝဇာတ်သိမ်းချုပ်ငြိမ်း
ခြင်းသုခ၊ အတုမရှိတဲ့ချမ်းသာကို ခံစားရ
တော့မှာပါတဲ့ဗျာ။

ကဲ - အဲဒီတော့ အဖိုးတန်တဲ့
အဘိုးကြီးများဖြစ်စေဖို့ တရားဘာဝနာ
များအားထုတ်ကြပါ။ဘုရားဟောနဲ့အညီ
ကျင့်ကြံနေထိုင်ကြပါ။ ဝိပဿနာကမ္မ
ဋ္ဌာန်းတရားများပွားများဆင်ခြင်ကြပါလို့
ဦးပဉ္စင်းမှာကြားပါရစေနော်။ ဒကာကြီး
များ ဝိပဿနာတရားများ အားထုတ်
ဆင်ခြင်နိုင်ဖို့အတွက်ကျင့်စဉ်လေးတစ်ခု
ချီးမြှင့်ပေးပါမယ်။ ဒီကျင့်စဉ်လေးက
တော့ မြတ်စွာဘုရားအရှင်မြတ်ကို
လယ်တီဆရာတော်ဘုရားကြီးက (၅)လ
တိုင်တိုင်ရည်စူးပူဇော်ခဲ့တဲ့မဟာသရဏဂုံ
တော်ကြီးမှာ တပိတပိုင်းအဖြစ်ပါဝင်ခဲ့
တဲ့ (၉) သွယ်သော ဂါထာလေးပါ။
လောကီ၊ လောကုတ္တရာ အလွန်အကျိုး
များတာပေါ့။ မှတ်ကြပါ။ လိုက်နာကျင့်
သုံးကြပါ။

- သမ္မဒယသစ္စ ပဟာန ဗုဒ္ဓ သရဏံ
  ဂစ္ဆာမိ၊ ခမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ
  သရဏံ ဂစ္ဆာမိ။
  ကာမတဏှာ ပဟာန ဗုဒ္ဓ သရဏံ
  ဂစ္ဆာမိ၊ ခမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ
  သရဏံ ဂစ္ဆာမိ။
  ဘဝတဏှာ ပဟာန ဗုဒ္ဓ သရဏံ
  ဂစ္ဆာမိ၊ ခမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ
  သရဏံ ဂစ္ဆာမိ။
  ဝိဘဝတဏှာ ပဟာန ဗုဒ္ဓ သရဏံ
  ဂစ္ဆာမိ၊ ခမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ
  သရဏံ ဂစ္ဆာမိ။
  ရူပတဏှာ ပဟာန ဗုဒ္ဓ သရဏံ
  ဂစ္ဆာမိ၊ ခမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ
  သရဏံ ဂစ္ဆာမိ။
  အရူပတဏှာ ပဟာန ဗုဒ္ဓ သရဏံ
  ဂစ္ဆာမိ၊ ခမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ
  သရဏံ ဂစ္ဆာမိ။
  သောတာပတ္တိ မဂ္ဂပတ္တာ. ပဟာန
  ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ခမ္မံ သရဏံ
  ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။
  သကဒါဂါမိဒ္ဓိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ
  ပရာမာသာနံ ပဟာန ဗုဒ္ဓ သရဏံ
  ဂစ္ဆာမိ၊ ခမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ
  သရဏံ ဂစ္ဆာမိ။
  သဗ္ဗေသံ ဒိဋ္ဌဂတာနံ ပဟာန ဗုဒ္ဓ
  သရဏံ ဂစ္ဆာမိ၊ ခမ္မံ သရဏံ ဂစ္ဆာမိ၊
  သံဃံ သရဏံ ဂစ္ဆာမိ။

စွဲလမ်းမှုတဏှာတွေ၊ အယူလွဲမှု
ဒိဋ္ဌတွေ၊ ဝိစိကိစ္ဆာတွေဆင်ခြင်ပြီးကင်း
ဝေးနိုင်ကြရင် ယခုဘဝ၊ နောင်ဘဝတွေ
မှာ ကောင်းကျိုးချမ်းသာ သန္တိသုခကို
ခံစားကြရမှာမလွဲပါဘူး။ ကဲ - တန်ဖိုး
ကြီးကြီးအဘိုးကြီးများဖြစ်နိုင်ကြပါစေဗျာ"

စိန်ရောင်ခြည်ကျောင်းတိုက်မှ
ကိုယ်တော်လေး ဦးဓမ္မပါလက ကောင်း
ကျိုးချမ်းသာမင်္ဂလာဖြစ်စေမည့်လမ်းညွှန်
စကားများ ဟောပြမှာကြားပြီး အဖိုးတန်
ကျင့်စဉ်လေးပါ ချီးမြှင့်တော်မူခဲ့ပါသည်။
ဦးပဉ္စင်း၏ မိန့်မှာမြွက်ကြားချက်အပြီးမှာ
မောင်အဲ့တစ်ယောက် အတွေးပေါက်၍
ပြုံးမိသည်။

ဒါကိုမြင်တွေ့သွားသော ဦးပဉ္စင်း
က -

"ဒကာကြီးကိုအံ့၊ဘာများသဘော
ကျပြီးပြုံးနေတုံးဗျ"

ဟု အမေးရှိခဲ့သည်။

"တင်ပါဘုရား၊ ဘုန်းဘုန်းရဲ့ အဖိုး
တန်တဲ့ အဘိုးကြီးဖြစ်စေဖို့ မိန့်မှာစကား
ကြားရတော့ ဆရာတင်မိုးရဲ့ကဗျာလေး
ကို အမှတ်ရသွားလို့ ပြုံးမိတာပါ ဘုရား"

"ဟုတ်လား။ ဒီလိုဆိုရင်လည်း
ဦးပဉ္စင်းတို့ပါကြားဖူးရအောင် ရွတ်ဆိုပြ
စမ်းပါဦးဗျ"

ဘုန်းဘုန်းဦးဓမ္မပါလက မိန့်ကြား
လာရာ မောင်အဲ့မနေသာဘဲ ဆရာတင်မိုး
၏ကဗျာလေးကို ရွတ်ဆိုလိုက်ရပါတော့
သည်။

အဖိုးကြီးစစ်တမ်း

- *အသက်ကလေးထောက်ခါမှ၊*
  အရက်ခွက်လေးတမြောက်မြောက်၊
  ချက်အောက်စကားတွေတပြောပြော
  နဲ့၊ တသောသောနေပြီး၊ အမောဖြေ
  တတ်တဲ့ အဖိုးကြီး။

www.burmeseclassic.com

www.burmeseclassic.com

ချောင်းဆိုအုန်းလွင်
တိုင်းရင်းသားနှင့်အတွေး



လောကီရေးရာအဖြာဖြာကို ကိစ္စ (၃) မျိုးဖြင့် ဆောင်ရွက်ကြသည်ဟု အကြမ်းအားဖြင့်ဆိုနိုင်ပါသည်။ ကိစ္စ (၃) မျိုးမှာ (၁) ပယ်သောကိစ္စ၊ (၂) ပြင်သောကိစ္စ၊ (၃) အသစ်လုပ်သောကိစ္စ ဟူ၍ ဖြစ်ပါသည်။ လုံး၀သုံး၍မဖြစ်သောအရာများကို ပယ်ဖျက်သည်။ ပြုပြင်ပြီးသုံးသင့်သည့်ကိစ္စကို ပြုပြင်သည်။ ခေတ်အလိုက် ကိစ္စအသစ်များကိုလည်း ဖန်တီးသည်။ ထိုသို့ပြုပြင်ကြောင့် ကျွန်တော်တို့သည် ဘိုးတော်ဘုရားခေတ်အခြေအနေနှင့် မတူတော့တဲ့ ပြောင်းလဲနေခြင်း ဖြစ်ပါသည်။ ဤသည်မှာ လုပ်ရမည့်အလုပ်ဖြစ်သောကြောင့် အထူးပြောရန် မလိုပါ။

အထက်ပါနိယာမအတိုင်း မြန်မာတို့၏ တိုင်းရင်းဆေးအခြေအနေသည်လည်း ပြောင်းလဲတိုးတက်လျက်ရှိပါသည်။ အနှိပ်သည်က အက်(စ)ပရင်နှင့် သွေးဆေးရောပြီး ရွေးထုတ်ဆေးအဖြစ် အသုံးပြုကာ တိုင်းရင်းသမားတော် (တစ်ခါကအခေါ် ဗိန္ဒေဘရာ) အဖြစ် ဆေးကုစားသည်ခေတ်မှ တိုင်းရင်းဆေးတက္ကသိုလ်မှ ဘွဲ့ရသမားတော်များခေတ် အထိရောက်လာခြင်း ဖြစ်ပါသည်။

ယနေ့ပြည်သူ(၉၀)ရာခိုင်နှုန်းခန့်သည် တိုင်းရင်းဆေးကို အားကိုးအားထားပြုနေပါသည်။ ထို့ကြောင့် ပြည်သူတွေအားကိုးလောက်အောင် တိုင်းရင်းဆေးကို အရည်အချင်းရော အရေအတွက်ပါ တိုးတက်အောင်ဆောင်ရွက်ရပါမည်။ ဤအတွက် သက်ဆိုင်ရာမှ အစဉ်တစိုက် ကြိုးပမ်းခဲ့၊ ကြိုးပမ်းဆဲ၊ ကြိုးပမ်းလတ္တံ့ ဖြစ်ပါသည်။ တိုင်းရင်းသမားတော်များ ညီလာခံကျင်းပခဲ့သည်မှာလည်း (၁၇)ခု၊ (၁၇)ကြိမ်ရှိသွားပြီ။

ကျွန်တော်နှင့် တရားနှင့်ကျန်းမာရေးဆွေးနွေးဖက်ဖြစ်သည့် ဦးဘအေးရောက်လာပြီး တိုင်းရင်းဆေးနှင့် သူအတွေးကိုပြောလာသဖြင့် စာဖတ်သူများနှင့် သက်ဆိုင်သူများအတွက် ထိုက်သင့်သလောက် အကျိုးရှိမည်ဖြစ်၍ တင်ပြခြင်းဖြစ်ပါသည်။ ယခု ဤစာရေးနေချိန်သည် (၁၇) ကြိမ်မြောက် တိုင်းရင်းဆေးညီလာခံကျင်းပချိန်ဖြစ်ပါသည်။ ညီလာခံကိုယ်စားလှယ်များနှင့် ကြေးမုံတွေ့ဆုံမေးမြန်းချက်မှ အချက်သုံးချက်ကို အခြေပြုပြီး သူဆွေးနွေးတင်ပြခြင်းဖြစ် ပါသည်။ ဆောင်းပါးပါသည့်အချိန်ကိုမခန့်မှန်းနိုင်သဖြင့် စာဖတ်သူအဖို့ ရေလွှတ်ရာကို အမြန်ရွေ့မဖြစ်ရအောင် ကြိုတင်ဖောင်းပန်ထားပါသည်။ အများကြီးပြောင်းလဲသွားပြီးဖြစ်ချင်ဖြစ်နေပါမည်။ နည်းနည်းဘေးထွက်ပါရစေ။

တစ်ခါက ဝါဆို၊ ဝါခေါင်မိုးအလွန်ကြီးသောအခါ ဒေသတစ်ရပ်တွင် စပါးသိုလှောင်ထားသောစပါးကျီများရေမျုပ်မည့်အနေဖြစ်လာသည်။ အထက်အမိန့်မရဘဲလည်း ပြောင်းရွှေ့ခွင့်မရှိသဖြင့် တာဝန်ရှိသူက အထက်ကိုကြေးနန်းရိုက်

www.burmeseclassic.com

www.burmeseclassic.com

(၁၈)မျိုးပဲ။ အဲဒါ အားလုံးပါတယ်။ ကျွန်တဲ့ (ပို့တဲ့) (၃) မျိုးကိုတော့ ပြောလို့မရဘူး။ ပြောလိုက်ရင် ဆေးနည်းပေးသလို ဖြစ်မယ်လို့ ပြန်ပြောလိုက်တယ်။ ကျွန်တော် အဲဒီဆေးနဲ့ လုံးဝပျောက်သွားတယ်။ (၆)လလောက်တော့သောက်ရတယ်။

ဆရာတော်က ပုသိမ်ခရိုင် ကျောင်းကုန်မြို့နယ်က တိုင်းရင်းသားကရင်အမျိုးသား။ ဒေသကိုစောဒကပြန်ရင်းက နာမကျန်းဖြစ်ပြီး အဲဒီမှာပဲ ပျံလွန်တော်မူသွားတယ်။ ဆေးနည်းက သူနဲ့တစ်ခါတည်းပါသွားသလား၊ တပည့်တွေဆီကျန်ရစ်သလားတော့မပြောတတ်ဘူး။ အဲဒီလိုနဲ့ ပြည်သူ့ထံရောက်မလာတဲ့ ဆေးစွမ်းကောင်းတွေ ဘယ်လောက်များသလဲမသိဘူး။

အာဆီယံအဆင့်၊ ကမ္ဘာ့အဆင့်ဆိုတာတော့ သက်ဆိုင်ရာက အစွမ်းကုန်ကြိုးစားနေတာပဲ၊ အောင်မြင်မှာပါ။

ကျွန်တော်ပျောက်တဲ့ဆေးကို ခုသောက်၊ ခုပျောက်လို့ကြော်ငြာရင် ယုတ္တိမရှိဘူး။ တိုင်းရင်းဆေးကို သိကွာချသလို ဖြစ်မယ်”

ကျွန်တော်က အတွေ့အကြုံနဲ့ဉ် ထင်မြင်ချက်များကို ပြန်ပြောပြပါသည်။

ဦးဘအေးက -

ကျွန်တော် တွေးမိတာတစ်ခုရှိတယ်။ တိုင်းရင်းသမားတော်တွေကိုယ် တိုင်ဆေးဖော်ပြီး ဆေးဏုနေသမျှ တိုင်းရင်းဆေးစွမ်းကောင်းတွေ ထိန်းချုပ်ခံဘဝက လွတ်မှာမဟုတ်သေးဘူး။

ပြီးတော့ ခေတ်မီအနောက်တိုင်းတွေမှာ ဆရာဝန်က ဆေးမဖော်ဘူး။ ရောဂါသုံးတေသန၊ ဆေးသုတေသန၊ ဆေးဖော်ရောင်းတဲ့ကုမ္ပဏီများရယ်လို့ရှိတယ်။ ရောင်းတဲ့ဆေးတွေမှာလည်း ပါဝင်မှုများကို ပြည့်စုံမှန်ကန်စွာဖော်ပြထားတယ်။ လျှို့ဝှက်ထိန်းချုပ်မှုမရှိဘူးပေါ့။ ဆရာဝန်က ရောဂါကိုသိအောင်လုပ်ပြီး ဘယ်ဆေးနဲ့သင့်မယ်ဆိုတာပဲလုပ်တယ်။ ကျွန်တော်တွေးမိတာကို ပြောတာ။ ဗဟုသုတအဆင့်မမီရင်တော့ မပြောတတ်ဘူး”

ဟုပြောပါသည်။

ကျွန်တော်လည်း ထင်မြင်ချက်မပေးတတ်ပါ။ ဦးဘအေးအတွေးကို အသိအမှတ်ပြုသင့်ကြပြန်ရန် တင်ပြခြင်းသာ ဖြစ်ပါသည်။

ချောင်းဆုံအုန်းသွင်

ကျွန်တော့်ကိုယ်တွေ့တစ်ရပ်ကိုပြောမယ်။

၁၉၅၆ ခုနှစ်လောက်တုန်းက ကျွန်တော် ဆီးရောဂါနဲ့ ရန်ကုန်ဆေးရုံကြီးမှာတက်ကုရတယ်။ ကျောက်ကပ်ထိပြီး ခါးလုံးဝလှည့်လို့မရဘူး။ (၃၃) ရက်ကြာတယ်၊ မသက်သာလှဘူး။ ဒါနဲ့ ရွာပြန်ပြီး တိုင်းရင်းဆေးနဲ့ကုမယ်ဆိုပြီး ရွာပြန်သွားတယ်။

အိမ်ပြန်ရောက်တော့ နီးစပ်ရာတွေကလူနာကြည့်သတင်းမေးလာကြတယ်။ အဲဒီအထဲမှာ အဒေါ်ကြီးတစ်ယောက်က သူ့မှာ မိသားစုဆီးဆေးရှိတယ်၊ သောက်ကြည့်ပါဆိုပြီး (၇) ရက်စာလာပေးတယ်။ တစ်နေ့ တစ်ကြိမ်၊ မနက်အိပ်ရာထအကြမ်းပန်းကန်လုံးနဲ့တစ်လုံးသောက်ရတယ်။ အတော်သိသိသာသာကြီးကို သက်သာသွားတယ်။ သွားထပ်တောင်းတော့ -

‘ကုန်ပြီ၊ ထပ်လည်းမဖော်နိုင်ဘူး။ ယောကျ်ားကလည်းဆုံးပြီ။ သားကလည်းတစ်ဦးတည်းသော၊အရွယ်မရောက်သေးဘူး။ ဒီတော့ ဆေးဖော်မယ့်သူမရှိဘူး။ သားအရွယ်ရောက်မှဖော်ရမယ်’

လို့ပြန်ပြောတယ်။ အဲဒါဆိုရင် ဆေးနည်းပေးပါ။ ဖော်ယူပါ့မယ်ဆိုတော့ ပေးလို့မရဘူး။ သားသမီးကလွဲပြီး ဘယ်သူ့ကိုမှ ဆေးနည်းမပေးပါဘူး။ (ကုသိုလ်ဖြစ်ဆေးပဲပေးနိုင်တယ်)ရောင်းမစားပါဘူးလို့ ငါ့မိဘဆီမှာသစ္စာဆိုပြီး ယူထားရတယ်။ ငါလည်း ငါ့သားကို သစ္စာဆိုခိုင်းပြီးပေးခဲ့ရမယ်လို့ ပြန်ပြောပါတယ်။ ကျွန်တော် အတော်ပစိတ်ငယ်သွားပါတယ်။

ရွာဦးကျောင်းဆရာတော်ဦးပညိန္ဒက ဆေးအတတ်ကျွမ်းတယ်။ မကျန်းမာသူများကိုကုသတယ်။ ဆေးကုပေးခြင်းအတွက် တစ်စုံတစ်ရာလှူဒါန်းခြင်းလုံးဝမပြုရဘူးလို့ ကြိုတင်မိန့်ကြားထားတယ်။ သူ့ကို အကျိုးအကြောင်းလျှောက်တော့ ဆရာတော်က ဆီးစေ့လောက်ရရင်ရပြီ၊ တောင်းလာခဲ့လို့မိန့်တယ်။

အဲဒီမှာ တိုင်းရင်းသမားတော်များရဲ့ အံ့မခန်းအစွမ်းကို ပြောရမယ်။ ရလာတဲ့ဆေးရည်လက်ဖက်စားဇွန်းတစ်ဇွန်းစာလောက်ကို လက်ခလယ်နဲ့တို့လိုက်၊ လျှာနဲ့တို့လိုက်၊ ချရေးလိုက်နဲ့ အားလုံး (၂၁) မျိုးရတယ်။ ပြီးတော့ ဆရာတော်က တော်တော်တူရဲ့လားလို့သွားမေးစမ်းဆိုပြီး အမေးခိုင်းတယ်။ အဒေါ်ကြီးက ဓမ္မဆရာရွှင်ကိုကြည့်ပြီး မျက်လုံးပြူးသွားတယ်။ ပြီးတော့ ငါ့ဆေးနည်းက ပြီးခွင့်ပြုချက်တောင်းသည်။ အမိန့်ပေးနိုင်သူ အထက်အရာရှိသည် ကြေးနန်းကို မဖတ်ရသေးခင် အရေးတကြီးကိစ္စဖြင့် နိုင်ငံခြားသို့သွားရသည်။ ကြေးနန်းစာသည် ဆိုင်ငံ့ခွက်ထဲရောက်သွားသည်။ အရာရှိမှာ ပြန်ရောက်လာသော်လည်း ကြေးနန်းက ဆိုင်းငံ့ခွက်ထဲက တော်ရုံနှင့်ထွက်မလာသေး။

တန်ခူး၊ ကဆုန်ဆွေ့ဆွေ့ခုန်ပုခွံခုန်ကျမှ အရာရှိက ကြေးနန်းကိုဖတ်ရသဖြင့် ချက်ချင်း ကြေးနန်းပြန်ပို့လိုက်သည်။(အမိန့်ပေးလိုက်သည်။) ရေလွှတ်ရာကို အမြန်ရွှေ့-တဲ့။

(တစ်ခါက ဆရာချစ်စံဝင်း၏ ဆောင်းပါးမှ)

ဦးဘအေးက -

“ဒီနေ့ (၁၉-၁-၂၀၁၇) ကြေးမုံသတင်းစာမှာ တိုင်းရင်းဆေးသမားတော်များညီလာခံကိုတက်လာကြတဲ့ ကိုယ်စားလှယ်များနဲ့ ကြေးမုံသတင်းစာတို့တွေ့မေးကိုဖတ်လိုက်ရတယ်။အတော်စိတ်ဝင်စားဖို့ကောင်းတယ်။ မေးတာဖြေတာတွေတော့ အများကြီးပေါ့၊ မမှတ်မိတော့ပါဘူး။ သတိထားမိတဲ့အချက် (၃) ချက်က (၁) တိုင်းရင်းဆေးပညာမတိမ်ကောမပျောက်ရေး၊ အာဆီယံအဆင့်မီရေး၊ နောက်ကမ္ဘာ့အဆင့်မီရေးနဲ့ အလွန်အကျွံကြော်ငြာတဲ့ကိစ္စအဲဒါတွေပဲဖြစ်စေါတယ်။

ကျွန်တော် ကြားဖူးသလောက် အလွန်အစွမ်းထက်တဲ့ တိုင်းရင်းဆေးနည်းတွေရှိတယ်။ အဲဒါတွေဟာ အများရှေ့မှောက်ကို အကုန်မရောက်သေးဘူး။ လျှို့ဝှက်ဘဝနဲ့ ထိန်းချုပ်ခံထားရဆဲပဲလို့ထင်တယ်။ ဆရာကော ဘယ်လိုထင်သလဲ”

ဟုပြောပြီးမေးပါသည်။

ကျွန်တော်က -

“ကျွန်တော်လည်းကြားဖူးပါတယ်။ တိုင်းရင်းဆေးစွမ်းကောင်းတွေဟာ ရှေးအခါက တော်ဝင်မိသားစုရဲ့ ထိန်းချုပ်ခြင်းကိုခံခဲ့ရတယ်။ တော်ဝင်မိသားစုခေတ်ကုန်သွားတော့ သက်ဆိုင်သူအသီးသီးဆီရောက်ပြီး တစ်ဦးတည်းပိုင်အဖြစ် ထိန်းချုပ်ခြင်းခံရပြန်တယ်။ နန်းတွင်းသုံးဆေးတော်ကြီးဆိုပြီး ကြော်ငြာတာတွေတွေ့ဖူးမှာပေါ့။ ပြီးတော့ သက်ဆိုင်ရာမိသားစုတွေဆီမှာလည်း ထိန်းချုပ်ခံထားရတာရှိတယ်။ သူတို့က ပိုဆိုးတယ်။ ဖော်ရောင်းတာမဟုတ်လို့ မိသားစုအသိုင်းအဝန်းကနေမထွက်ရတော့ဘူး။

www.burmeseclassic.com

အိမ်စောင့်၊ ခြံစောင့်၊ လယ်ယာစောင့်၊ မြို့စောင့်၊ ရွာစောင့်၊ ကျောင်းစောင့်အတွက်

ဂမ္ဘီရဆေးနွား

စိုးမင်း(မြောက်စည်း-ရွာသစ်)

ယခု ဆေးနွားအစီအရင်သည် ညစ်ညမ်းသောအစီအရင် မဟုတ်ပါ။ သန့်ရှင်းသောအစီအရင် ဖြစ်ပါသည်။ အန္တရာယ်ရှိသောခရီးသွားလာနေရသူများ၊ အန္တရာယ်များသောအရပ်ဒေသ၌ နေထိုင်သူများ၊ အိမ်ကြမ်း၊ မြေကြမ်း၊ ယာကြမ်းတွင် နေထိုင်လုပ်ကိုင်ကြရသူများ၊ မြို့အစွန်၊ ရွာအစွန်၊ နေထိုင်ကြရသူများ၊ အစိုးရအမှုထမ်း၊ နယ်လှည့်ခရီးထွက်နေရသူများ၊ ပယောဂဆေးဆရာဖြင့် ခရီးထွက်ဆေးကုသမှုများ။ ပိုက်ဆံပစ္စည်းပိုက်၍ ခရီးသွားလာရသူများအတွက် ဤဆေးနွားအား အမြဲဆောင်ထားပါက ဘေးရန်အပေါင်းကင်းဝေးပမ်ျောက်မည် ဖြစ်ပါသည်။

ကြိုတင်မေတ္တာရပ်လိုတာက 'ဤပုဂံဝန္ဒာလားဥသဘ' ခေါ် ဆေးနွားအစီအရင်ပြုလုပ်ရာတွင် ပီပြင်ရန်နှင့် အုန်း၊ ငှက်ပျောစီရင်နည်းစီရင်ဟန် အချိုးကျမှန်ကန်ဖို့ ဂရုပြုစေချင်၏။ သို့မှသာ အစီအရင်က ဒိဋ္ဌအကျိုးပေးသန်ပါမည်။

■ စီရင်ပုံ

နှစ်ဖက်မြင် အထွတ်နက္ခတ် သိဒ္ဓိစုတ်ကြိုက်· စနေနေ့ မွန်းလွဲကြီးအချိန် ဤဆေးနွားကို စီရင်ပါ။

၁။ ဘုရားမြေ၊

၂။ သိမ်မြေ၊


၃။ နတ်စင်အောက်မှမြေ

ယင်းမြေသုံးမျိုးပေါင်းကိုကြိတ်ကာ စကာချ၊ စေးပိုင်အောင်နယ်၍ နွားလားဥသဘရုပ်လုပ်ရမည်။ နွားလားဥသဘဆေးရုပ်အရွယ်မှာ အင်းချိုင်ရန်အတွက် အမြင့်တစ်လက်မခွဲ၊ အရှည်နှစ်လက်မခွဲ ခန့်အရွယ် ပြုလုပ်ရပါမည်။

ပြီးလျှင် -

ရှေ့ငယ်ထီပ်၌	ဗ ကို	ခ အုပ်
၎င်းကို		ဝ အုပ်
၎င်းကို		စ အုပ်
လက်ယာလက်မှာ		ဥ
လဲက်ယာခြေမှာ		သ
လက်ဝဲခြေမှာ		က
လက်ဝဲလက်မှာ		၎

ပါက သစ်စေးသုတ်၍ထားပါ။ ရွှေမချရပါ။



အင်းဆန်အသီးသီးတို့ ရေပြီးလျှင် အောက်ပါဂါထာမန္တန်ဖြင့် (၁၀၈) အုပ်စုတ်ရမည်။

■ ဥံ နမော ဗုဒ္ဓါယ၊ စတုဓာတု ပသိဒ္ဓံ၊ ဂေါဏောသတ္တောပုဂ်ဂေါ၊ ဂေါဏော သုညန္တတ္ထိ၊ ဂေါဏောန ဌပိတံ ပုတ္တံပိ ရုက္ခဒေဝေါ မာနေန္တိ ဂေါဏောန ဆာယာ စရတိ၊ ဒေဝါ ရုက္ခမူလေ စရန္တိ။

ဤဂါထာ(၁၀၈)ခေါက်စုတ်အပြီး အောက်ပါဂါထာအား (၁၀) ခေါက်အုပ်ထပ်စုတ်ပါ။

■ ဥံ ဣတိပိ ဝိဇ္ဇာယောဂံ၊ အဝိညာဏံ၊ ဝိဇ္ဇာရူပံ သဝိညာဏကံ စတုဓာတု ပသိဒ္ဓိကံ သမ အံအံ။

ယင်းသို့ (၁၀၈) အုပ်စုတ်ပြီး အောက်ပါ အနှီးဂါထာဖြင့် (၇) ကြိမ်စုတ်ပြီး နှီးရမည်။

■ ဥံ ဖေဟိ ဖေဟိ ဂေါဏဂေါဏ ပုဂ်ဝ ပုဂ်ဝ ဝေအာဝေနိနိ ဂစ္ဆအမုမိ ဩကာသေ တိဋ္ဌာဟိ တိဋ္ဌေဟိ ထဆရာထ ကြွဆရာကြွ။

ထိုသို့ပြီးလျှင် အမြင့်မှာထား၍ နေလှန်းရမည်။ ကောင်းစွာခြောက်သွေ့ပါက သစ်စေးသုတ်၍ထားပါ။ ရွှေမချရပါ။

■ စာညွှန်း

ဤပုဂံဝဆေးနွားကား အိမ်စောင့်နွားလားတည်း။ ထို့ပြင် သိမ်၊ ကျောင်း၊ ဇရပ်၊ လယ်ယာ၊ ကုန်း၊ မြို့၊ ရွာ၊ ဥယျာဉ် တို့အတွက် အစောင့်အနေဖြင့်ချထားနိုင်သည်။

ညနေညတာတစ်ခုခုမသက်သာလျှင် အနှီးဂါထာဖြင့် (၇) အုပ်နှီး၍ ဤနေရာ ဤအိမ်စောင့်ရှောက်ပါဟု သင့်တော်ရာ မှာထားပြီးအိပ်ရမည်။

ဆေးနွားတွန်သည်ဟု အိပ်မက်ပေးလျှင် ရန်အပေါင်းအောင်မည်။ မိမိအပေါ် မကောင်းကြံသူများလည်း အလိုအလျောက် ပပျောက်သွားမည်။

ဆေးနွားဝှေသည်ကို တွေ့ရသည်ဟုမြင်မက်လျှင် အလိုလိုရန်ပြိုမည်။ ရန်သူ၌ သူဒုက္ခသူပြန်မည်။

ဆေးနွား အိမ်ခြံပတ်ပတ်လည် လှည့်သည်ဟု အိပ်မက်လျှင် အန္တရာယ်ရှိသည်။ ယင်းအန္တရာယ်အလိုလိုပပျောက်သွားရမည်။

စိုးမင်း(မြောက်စည်း-ရွာသစ်)

စာကြွင်း

ဘားမဲကျင်း

www.burmeseclassic.com

www.burmeseclassic.com



ထင်ကျော်စွာ (မြို့ရွာစု) ခန္ဓာအသက်မင့်ကွက်မှ ကျန်ခြေထက် တရားတက်

ငွဲ့ကွက်ဖွယ်ရာမရှိဟု ရှုမှတ်သွားနိုင်တတ်ကြပါသည်။ သမာဓိဉာဏ်ရင့်သန်၍ ဘင်္ဂဉာဏ်သို့ ရောက်သောအခါ တရားရှုမှတ်လို့ကောင်းနေစဉ်မှာပင် ပြင်းထန်သောဝေဒနာများပေါ်လာတတ်ပါသည်။

အချို့မှာ ရင်အောင့်ခြင်း၊ ဒူးကွဲခြင်း၊ အသက်ပင်သေသွားမလောက်ရောဂါဝေဒနာပြင်းထန်လာတတ်ကြပါသည်။ ထိုအခါတွင် ယောဂီပုဂ္ဂိုလ်အချို့တို့က ဒူးကွဲချင်ကွဲထွက်သွားပါစေ၊ အသက်ပင်သေချင်သေသွားပါစေတော့ အမှတ်ကိုမဖျက်တော့ ခန္ဓာကိုယ်ကြီးရိုးသွားပုတ်ကိုမပြင်တော့ဟု ဆုံးဖြတ်ကြသည်။ ဆက်လက်၍ မှတ်သွားကြသောကြောင့် တရားအားမထုတ်မီက စွဲကပ်နေသော ရောဂါဝေဒနာများ ပျောက်ကင်းသွားတတ်ကြပါသည်။

သမာဓိအားနည်းသော ပုဂ္ဂိုလ်များအတွက် အနည်းငယ်သောငွဲ့ကွက်မှု၊ ကြောင့်ကြမှု၊ ကြံစည်မှုတို့ကြောင့် ကျန်ခြေထက် တရားတက်သည် တရားရရှိရေးအတွက် အနှောင့်အယှက်များ ဖြစ်ကြသည်။ ထို့ကြောင့် မိမိကိုယ်နှင့် အသက်ကို မငဲ့ကွက်သည့် အပြင် သူတစ်ပါးကိုလည်း မငဲ့ကွက်ပါမှ သတိပဋ္ဌာန်ဝိပဿနာတရားအားထုတ်မှု အောင်မြင်ပါမည်။ စိတ်ပူပန်ကြောင့်ကြမှုနည်းနည်းလေးဖြစ်ရုံမျှဖြင့် ရှုမှတ်မှုတွင် အနှောင့်အယှက်ဝင်လာပါသည်။ သို့ကြောင့် ကျန်ခြေမထက်တော့ဘဲ၊ တရားမတက်နိုင်တော့ဘဲဖြစ်နေတတ်သည်။ ဤအဆိုကို သက်သေပြနိုင်ရန် ဖြစ်ရပ်တစ်ခုကို တင်ပြပေးပါမည်။

ရှေးအခါက မြို့ရွာ၌နေကြကုန်သောမထေရ်မြတ်တို့သည် တောအရပ်၊ တောကျောင်းများသို့ သွားရောက်၍ စုပေါင်းနေထိုင်ဝါဆိုလေ့ရှိကြပါသည်။ အခါတစ်ပါး ဖလသမာပတ်ဝင်စားနိုင်သော ရဟန္တာမထေရ်ကြီးတစ်ပါးနှင့် ရဟန္တာဖြစ်လာမည့်သာမဏေတစ်ပါးတို့သည် ဝါဆိုဖို့ရန်အချိန်နီးကပ်မှ စုပေါင်းဝါဆိုရာ တောကျောင်းသို့သွားရောက်ကြလေသည်။ တောကျောင်း၌ ဝါစဉ်အလိုက်နေရာချပေးရေးအစီအစဉ်အရ ဝါကြီးသောမထေရ်ကြီးအတွက် နေထိုင်ဖို့ရာ နေရာရလေသည်။ ဝါငယ်သောသာမဏေအတွက် နေထိုင်ဖို့ရာနေရာမရှိဘော့သဖြင့် နေရာသီးခြားမရှိဘဲ သင့်ရာနေရာလွတ်ရာမှာပင် ဝါဆိုရလေသည်။

ဤတွင် မထေရ်ကြီးသည် နေရာမရသော သာမဏေ၏ ကျန်းမာရေးအတွက် ငဲ့ကွက်ကြံစည်မှုမကြာခဏဖြစ်နေလေသည်။ ထိုငဲ့ကွက်ကြံစည်မှုကြောင့် ဝါတွင်း (၃) ပတ်လုံး ဖလသမာပတ်ဝင်စားလို့မရဘဲဖြစ်နေလေသည်။

သာမဏေသည်လည်း နေရာရရှိထားသော မထေရ်ကြီးအတွက် ငဲ့ကွက်ကြံစည်မှုမရှိသောကြောင့် ဝါတွင်း (၃) ပတ်လုံး ဖလသမာပတ်ဝင်စားလို့ရလေသည်။ ဝါကျွတ်သောအခါ မထေရ်ကြီးနှင့်သာမဏေတို့ပြန်၍တွေ့ဆုံကြသည်။ သာမဏေမှ လျှောက်ထားပါသည်။

"ဆရာတော်ဘုရားကြီး တောကျောင်းမှာ ဝါဆိုသီတင်းသုံးရတာ သင့်မြတ်ပါရဲ့လား ဘုရား"

ထိုသို့ လျှောက်ထားချက်ကို မထေရ်ကြီးက မိန့်ကြားသည်မှာ -

"ကိုရင်နေရမရမှုကိုအကြောင်းပြု၍ ငဲ့ကွက်ကြံစည်မှုများမကြာခဏဖြစ်နေရပါသည်။ မချမ်းသာလှပါ။ မသင့်မြတ်လှပါ"

ဤသို့လျှင် မထေရ်ကြီးနှင့် သာမဏေတို့၏ အဖြစ်အကြုံကိုကြည့်၍ ငဲ့ကွက်မှုကြောင့် တရားမတက်နိုင်ပုံကိုသိနိုင်ပါသည်။ အထူးတစ်ပါးအတွက် ငဲ့ကွက်ကြံစည်မှုနေလျှင် တရားမတက်နိုင်ကြောင်း သိသာလှပါသည်။

ဤနေရာ၌ ဟူသော အားကောင်းမှုအနက်အဓိပ္ပာယ်အား တိုက်ရိုက်ဖွင့်ဆိုသော် လွှမ်းမိုးခြင်း၊ အစိုးရခြင်းဟု ပြန်ဆိုပါသည်။ ဤသို့ အကြောင်းပြုသော ကျန်ခြေငါးပါးကိုပင် သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ် ဟူ၍ ကျမ်းဂန်ဒေသနာတော်များ၌ ဟောကြားတော်မူခဲ့ပါသည်။ ထိုဗိုလ်ငါးပါးခေါ် ကျန်ခြေငါးပါးထက်သန်ညီမျှလာသောအခါ ယောဂီတို့တွင် တရားအမြန်တက်သွားတတ်ကြပါသည်။ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့်တက်ကာ ဘင်္ဂဉာဏ်သို့ ရောက်လာသော ယောဂီတို့သည် ရှုမှတ်တိုင်း အပျက်ကိုသာ တွေ့လာပါသည်။ ဘာတစ်ခုမှအခိုင်အမာအားကိုးဖွယ်ရာမရှိ၊ အမြဲကုန်ပျောက်သေကျေပျက်စီးနေသောကိုယ်နှင့်အသက်ဖြစ်သည်။ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com

မိမိကိုယ်ကို ငဲ့ကွက်တတ်ပုံကို လည်း မြင်သာအောင်တင်ပြလိုပါသည်။ အချို့သောပုဂ္ဂိုလ်တို့သည် ဣရိယာပုထ်ကို ပြောင်းလဲ၍ ချမ်းသာစွာနေလေ့ရှိကြသည်။ ထိုင်နေရာက နည်းနည်းပူလာလျှင် သို့မဟုတ် ညောင်းလာလျှင် ပြုပြင်ပြောင်းလဲနေလိုက်ကြသည်။ မတ်တတ်ရပ်၍သော် လည်းကောင်း တစ်ဖက်သို့လှည့်စောင်း၍သော် လည်းကောင်း နေတတ်ကြပါသည်။ မတ်တတ်ရပ်၍ နည်းနည်းညောင်းလာပြန်လျှင် ထိုင်ချလိုက်ပြန်သည်။ ထိုမှ လမ်းလျှောက်တတ်ပါသည်။ နောက်ဆုံး လျောင်းအိပ်ချပြီး ပြုပြင်ပြောင်းလဲ၍ ချမ်းသာအောင်နေလိုက်ကြပါသည်။ ဤသည်မှာ တရားအားထုတ်မှုမရှိသော လူအများစု၏ နေထိုင်မှုသဘာဝမျှသာဖြစ်ပါသည်။

ဤကဲ့သို့ ချမ်းသာအောင်နေထိုင်လေ့ရှိသော ပုဂ္ဂိုလ်တို့အဖို့ တရားအားထုတ်သောအခါ အခက်အခဲများစွာတွေ့ရပါတော့သည်။ တစ်နာရီမျှ မလှုပ်မယှက်နှင့် ငြိမ်သက်စွာထိုင်ရသည်ပင် ကြီးလေးလှသော တာဝန်ကြီးသဖွယ်ဖြစ်စေပါသည်။ မိမိ၏စိတ်တွင်လည်း ပူပန်စိတ်များဝင်လာပါသည်။ အညောင်းအကိုက်တွေစွဲကပ်ခြင်း၊ ဆီးဝမ်းချုပ်ခြင်း တွေဖြစ်လာတော့မည်၊ ကျန်းမာရေးထိခိုက်မည်၊ အသက်တိုသွားမည်စသည့် ကြောင့်ကြပူပန်မှုများ ဆက်တိုက်ဝင်လာပါတော့သည်။ အမှန်မှာ ခန္ဓာကိုယ်အားငဲ့ကွက်ခြင်း၊ အသက်ကိုငဲ့ကွက်ခြင်းပင် ဖြစ်ပါသည်။ ထိုငဲ့ကွက်မှုများက မိမိ၏ ကလေ့ကျင့်စဉ်အင်ကို မတက်စေခြင်းသာဖြစ်ပါသည်။ ထိုစွမ်းအင်မတက်၍လည်း တရားမရနိုင်တော့ပါ။

လူပုဂ္ဂိုလ်အများစုတွင် လေ့စရိုက်များစွာရှိကြပါသည်။ အချို့သော ပုဂ္ဂိုလ်တို့သည် အိပ်ချိန်များများထား၍ ချမ်းသာစွာနေလေ့ရှိကြသည်။ တရားအားထုတ်သောအခါ တစ်နေ့ လေးနာရီ ငါးနာရီမျှသာ အိပ်ချိန်ထား၍ အားထုတ်ရသည်များရှိလာပါသည်။ ဤအခါတွင် နေ့အိပ်ညအိပ်အလေ့အထရှိသူတို့အဖို့ ပူပန်မှုများဝင်လာပါသည်။ အိပ်ရေးပျက်ခြင်းကြောင့် ကျန်းမာရေးထိခိုက်လာမည်လား၊ အိပ်ရေးမပြည့်မဝနှင့် နေဖန်များလာပါက အသက်တိုသွားမလားဟု ပူပန်မှုဝင်လာကြပါသည်။ ဤသို့ အသက်ကို ငဲ့ကွက်မှုက မိမိ၏ကလေ့ကျင့်ကို မတက်စေတော့ပါ။

ကလေ့(၅)ပါးစွမ်းအင်မှာ တစ်ပါးပေါ်တွင်တစ်ပါး အခြေပြုမှီတွယ်ပြီး ညီမျှထက်သန်မှုရမည်ဖြစ်ပါသည်။ သီဒွါန်ဿယခေါ် ယုံကြည်မှုအားကောင်းခြင်းသည် မယုံကြည်ခြင်း (အသဒ္ဓိယ)ကို လွှမ်းမိုးပယ်ဖျောက်စေ၏။ မိမိ၏ (သဒ္ဓါ) နှင့် ယုံကြည်မှုစွမ်းအင်ကသိုလ်တရားသည် မိမိ၏နောက်ကိုလိုက်စေသောအားဖြင့် အစိုးရပါသည်။ ဤသဒ္ဓိန္ဒြိယ - ယုံကြည်မှုသဒ္ဓါစိတ်စွမ်းအားက ဝီရိယိန္ဒြေလုံ့လ ပြုစိုက်ထုတ်မှုကို အကျိုးပြုစေသည်။ ထို့ကြောင့်ပင် ပျင်းရိခြင်း (ကောသဇ္ဇ) ကို လွှမ်းမိုးပယ်ဖျောက်စေ၏။ ထို့အတူ ဝီရိယစိုက်ထုတ်မှုအားမှသည် သတိမေ့လျော့ခြင်း (မုဋ္ဌဿတိ) ကို လွှမ်းမိုးပယ်ဖျောက်လာစေသည်။ မိမိ၏ သတိနှင့်အတူ ကုသိုလ်တရားတို့ကို မိမိနောက်သို့လိုက်စေသောအားဖြင့် အစိုးရသည်။

သတိ၊ ဝီရိယ နှစ်ပါးယှဉ်တွဲ၍ ယုံကြည်မှုသဒ္ဓါအားကောင်းကောင်းဖြင့် အားထုတ်လာသော ယောဂီအဖို့ စိတ်တည်ငြိမ်မှုတို့ အားကောင်းလာပါမည်။ ထို့ကြောင့်ပင် စိတ်ပို့လွှင့်မှု (ဥဒ္ဓစ္စ) ကို လွှမ်းမိုးပယ်ဖျောက်လာနိုင်ပါတော့သည်။ ဤသို့ထုံ၍ အကြိမ်ကြိမ်အဖန်ဖန်အားထုတ်မှုစွမ်းအင်က အသိဉာဏ်အားကောင်းမှုကို ဖြစ်လာစေပါသည်။ မသိ၍ တွေဝေခြင်း(မောဟ)ကို လွှမ်းမိုးပယ်ဖျောက်ခြင်းကြောင့် ပညာနှင့်အတူ ကုသိုလ်တရားတို့လည်း မိမိနောက်သို့လိုက်စေသောအားဖြင့်အစိုးရသည့်အဖြစ် သို့ရောက်ပါသည်။

ဤ ပြဆိုခဲ့ပြီးသော ကလေ့ငါးပါးမထက်သန်မည်မျှသောယောဂီမှာ တရားမတက် တရားထူးတရားမြတ်မရနိုင်ပါ။ အထက်က တင်ပြခဲ့သလို ကျန်းမာရေးထိခိုက်မှာလား၊ အသက်တိုမှာလားဟူသော ကြောင့်ကြပူပန်မှုများ မသိမသာ မကြာခဏဝင်နေက ကိုယ်နှင့် အသက်ငဲ့ကွက်ခြင်းက ကလေ့မထက်တရားမတက်နိုင်စေခြင်း အဖျက်အမှောင့်ပင်ဖြစ်ပါတော့သည်။ ဤရုပ်ခန္ဓာနှင့်အသက်ကို ပြန်ပြောင်းစဉ်းစားကြည့်စေချင်ပါသည်။

အစမထင် သံသရာမှစ၍ ဤကိုယ်နှင့်ဤအသက်တည်ဆောက်မှုကို အဖန်ဖန်ရခဲ့သည်။ ဘဝပေါင်းများစွာပင် မရေမတွက်နိုင်လောက်အောင်များခဲ့လှပြီဖြစ်သည်။ တရားထူးတရားမြတ်မရရှိခဲ့သောဘဝများဖြင့်သာ ကျင်လည်ခဲ့ကြ၍ သံသရာဝဋ်ဆင်းရဲမလွတ်ခဲ့ခြင်းသာဖြစ်သည်။ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်း အဖုံဖုံပြောလို့ပင် မကုန်နိုင်တော့ပါ။ ယခုအခါ အသိဉာဏ်နှင့်ပြည့်စုံသော လူဘဝသို့ရောက်ရှိပါသည်။ သုံးဆယ့်တစ်ဘုံတွင် လူဘုံမှာ လမ်းဆုံလမ်းခွ အထက်အောက်စုန်ဆန်သွားနိုင်သောနေရာဌာနဖြစ်ပါသည်။ မည်သည့်အရာတို့ပြည့်စုံနေသည့် နေရာဌာနဖြစ်သည်ဟု သင်သိထားပါသလား။ ရှင်းလင်းပြပါမည်။

လူဘဝကို ရရှိထားခိုက်၊ အသက်လည်းရှင်နေခိုက်ဖြစ်ပါသည်။ မှန်ပါသလား။ နောက် သတိပဋ္ဌာန်ဝိပဿနာတရားတို့ကိုလည်း နာကြားနေရခိုက် သာသနာတော်ကြီးနှင့်လည်းတွေ့ကြုံနေရခိုက်ဖြစ်ပါသည်။ မှန်ပါသလား။ တိကျသောသင်္ကေတအားဖြင့် သာသနာနှစ် (၂၅၆၀) ပြည့်သို့တိုင်ခဲ့ပြီ ဖြစ်ပါသည်။ အသင်ယောဂီသည် ဤကိုယ်နှင့်ဤအသက်ကို ငဲ့ကွက်နေဖို့မသင့်ပါ။ တရားထူးတရားမြတ်များရရှိအောင် အားထုတ်ဖို့သာသင့်ပါသည်။ ဤသို့လျှင် အသင်ယောဂီနှလုံးသွင်းပါ။

ဤသို့လျှင် နှလုံးသွင်း၍အားထုတ်နိုင်ပါပြီဆိုလျှင် သင်ယောဂီသည် ကလေ့စွမ်းအင်ထက်ကြောင်းတရားတစ်ပါးဖြစ်နေပြီ၊ ရောက်နေပါပြီ။

မဟာစည်ဆောင်ပုဒ်

- *ကိုယ်နှင့် အသက် မငဲ့ကွက် ရက်စက်နိုင်ရမည်။*

ကလေ့စွမ်းအင်တက်ကြောင်း(၉)ပါးရှိလေရာ ထိုသို့ကိုယ်နှင့်အသက်မငဲ့ကွက်ဘဲ တရားရှုမှတ်နိုင်ခြင်းသည် ကလေ့စွမ်းအင်တက်ကြောင်း သတ္တမ(၇)ခုမြောက်ဖြစ်ပါတော့သည်။

ပါဠိအားဖြင့် -

- *ကာယေစဇီဝိတေစ အနပေက္ခတံ ဥပဋ္ဌာပေတိ။*

ကာယေစ-ကိုယ်၌လည်းကောင်း၊ ဇီဝိတေစ - အသက်ကို လည်းကောင်း၊ အနပေက္ခတံ - မငဲ့ကွက်မတွယ်တာခြင်းကို၊ ဥပဋ္ဌာပေတိ - ဖြစ်စေ၏။

ဤသို့လျှင် ခန္ဓာနှင့် အသက် မငဲ့ကွက်ဘဲ ကြိုးစားအားထုတ်ပါမှ မိမိတို့ကိုယ်တိုင် ကလေ့ထက်၍ တရားတက်မည်ကို သိရှိပြီးသော အသင်ယောဂီမည်သို့ဆုံးဖြတ်ပါမည်နည်း။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်ကြီး အရှင်ကုဏ္ဍလာဘိဝံသဟောကြားတော်မူအပ်သော ကလေ့စွမ်းအင်ထက်မြက်ကြောင်းအကျင့်ကောင်းကို အသင်ယောဂီအားထုတ်ကြိုးစားခြင်းဖြင့် တရားထူး တရားမြတ်များရနိုင်ကြပါစေသော၀်။

ထင်ကျော်ဦး (ကမ္ဘီရွာစု)

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၀ ပြည့်နှစ်ကျော်ဝန်းကျင်မင်းဘူး-အမ်းလမ်းကြိုး၏ အူကြောင်းဖောက်နေကြသည့်စခန်းတစ်နေရာတွင် ဖြစ်သည်။

နောက်တန်း စခန်းဟောင်းမှ ပြောင်းရွှေ့လာကြပြီး ရေမိုးနှီးသောတစ်နေရာတွင် စခန်းသစ်တည်ဆောက်နေကြသည်။

နီးစပ်ရာတောထဲမှ ရရာသစ်ဝါးများကိုခုတ်ယူပြီး တဲရုံဆောက်သူက ဆောက်ကြသည်။ သဲချောင်းထဲတွင် လက်ယက်တွင်းတူးဖော်ကာ ထမင်းချက်သူကချက်ကြသည်။

စခန်းသစ်ဖြစ်၍ ဒီနေ့တွင် တဲရုံဆောက်လုပ်ခြင်းကိစ္စမျှဖြင့်ပင် တစ်ရက်ကုန်သွားနိုင်သည်။ နောက်နေ့မှ လမ်းအူကြောင်းဖောက်လုပ်ခြင်းကိစ္စကိုဆက်လုပ်ကြရပေတော့မည်။

ထို့ကြောင့် စခန်းသစ်ထဲတွင် လမ်းဗိုလ်၊ ဝန်ထောက်၊ စက်သမား၊ ကားသမား၊ အလုပ်ကြမ်းသမားဟု လူစုံရှိနေကြသည်။

အလုပ်ကြမ်းသမားများသာ ခေါင်းယား၍မကုတ်သာအောင် တဲရုံဆောက်လုပ်နေကြရသော်လည်း လမ်းဗိုလ်၊ ဝန်ထောက်၊ စက်သမား၊ ကားသမားများမှာ ရေချိုးသူများကချိုးကြသည်။ အဝတ်လျှော်သူများလည်း လျှော်နေကြသည်။

တချို့ အပျင်းပြေ ပိုကာဒေါင်းနေကြသည်။ တချို့က အရက်ဝယ်၊ ကြက်ဝယ်ရန် တစ်ခေါ်သာမျှလှမ်းသောရွာကိုသွားနေကြသည်။

အလုပ်သမားခေါင်းဆောင်ဖြစ်သော မောင်အေးချမ်းက စခန်းသစ်၏အထက်ကျောက်ဆောင်ကြီးဆီကိုသွားကာ စားဦးစားဖျားဖြစ်သည့် ထမင်း၊ ဟင်း၊ ဆေးကွမ်း၊ လက်ဖက်၊ ရရာမုန့်၊ ကော်ဖီများဖြင့် နတ်တင်သည်။ လူ၊ စက်၊ ကားအားလုံးတို့ အန္တရာယ်ကင်းရန်လည်း ဆုတောင်းသည်။

မောင်အေးချမ်း စခန်းသစ်တည်ဆောက်နေထိုင်ရတိုင်း နတ်တင်ခြင်းကိစ္စကို အမြဲပြုလုပ်သည်။ မိဘများဝမ်းစာရှာကြရသည်က တောတောင်မြစ်ချောင်းများနှင့်မကင်းပေ။ ထို့ကြောင့် လုပ်ငန်းသစ်တစ်ခုကို စတင်ကြတိုင်း နတ်တင်ခြင်းကိစ္စပြုကြသည်ကိုမြင်ဖူး၍ မှတ်သားထားသည်။

လူနေရွာများနှင့် ဝေးလံသောတောတောင်မြစ်ချောင်းအရပ်ဒေသတိုင်းကို တောစိုးတို့ကျက်စားကြသည်ဟုကြားဖူးသည်။ ထို့ကြောင့် ထိုထိုနေရာဒေသများ၌ နေထိုင်လုပ်ကိုင်ရတုန်းတောစိုးများ မနှောင့်ယှက်အောင် ကြိုတင်ပြီး မိတ်ဖွဲ့ထားရန်လိုသည်။

နောက်နေ့များတွင်လည်း ထမင်းဟင်းစားသောက်ကြတိုင်း ဘုရားမွှေမ်းတော်ကပ်လှူပြီးနောက် ထမင်းဟင်းများကို ဖက်စိမ်းဖြင့်ထည့်ကျွေးဟစာကျွေးပေးရသည်။ ဤကဲ့သို့ဖြင့်သုံးခြင်းဖြင့် အန္တရာယ်ကင်းသည်ဟု တောသူတောင်သားများ အယုံအကြည်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်းဟိန်းထိပ်

ဖုတ်မကြီးကို သတ်ဖြတ်ကြစဉ်က



မောင်အေးချမ်းနတ်တင်ပြီး ပြန်လာရာ စခန်းထဲ၌မမြင်ဘူးသော လူကြီးသုံးယောက်တို့ ရောက်နေကြသည်ကို တွေ့လိုက်ရသည်။

"ကိုင်း - ပညာရှိ ဦးပဏ္ဍိတလာပါဦးကွ။ ဒီမှာ ကြောက်ခမန်းလိလိ အကြောင်းထူးအကြောင်းဆန်းကြီးတစ်ခုမင်းကို ဆီးကြိုနေပြီ"

ဟု ပကြီးကပြောသည်။ ပကြီးဟူသည်မှာ စက်မောင်း'ပ' ကို ခေါ်သည်။

ပကြီးက မောင်အေးချမ်းအား ပညာရှိပဏ္ဍိတဟု (ရွဲ့ပြောကာ အမည်မသိသေးသော လူကြီးသုံးယောက်တို့နှင့် စကားပြောရန်ခေါ်နေသည်) မှာ အကြောင်းနှစ်ချက်ရှိ၏။ ပထမတစ်ချက်မှာ မောင်အေးချမ်းသည် ဤပတ်ဝန်းကျင်၌ ဒေသခံဟုဆိုနိုင်သည်။ သည်ရွာနှင့် မောင်အေးချမ်း၏ ဇာတိရွာအကြားတွင် ခြေကျင်တစ်မနက်ခရီးသာသာရှိသည်။ ထို့ကြောင့် အခြားလူထက်နှင့်စာလျှင် ဒေသခံကျသည်။

ဒုတိယအချက်မှာ မောင်အေးချမ်းသည် အသက်(၂၀)ပင်မပြည့်သေးသော

www.burmeseclassic.com

www.burmeseclassic.com

ဆယ်ကျော်သက်မျှသာရှိသေးသော်လည်း စာဖတ်အားကောင်းသည်။ စာဖတ်တတ်စအချိန်ကပင်ဖတ်လာရာ ဘုန်းကြီးကျောင်းက စာအုပ်ဗီရိုကြီးကိုလုံးနှင့် နှစ်ထပ်ရွာစာကြည့်တိုက်ကြီးက စာအုပ်ဗီရို၊ စာအုပ်စင်များတွင်ရှိသောစာအုပ်များကိုဖတ်ပြီးအပြင် လစဉ်ထုတ်စာအုပ်များကိုလည်း မပြတ်မှာဖတ်လျက်ရှိသည်။

ထို့နောက် စာရေးရန် ဗီဇပါလာ၍လောမသိ (ပင်ကို)စကားပြောကောင်းသည်။ ရှင်လင်ပြန်ဖြစ်သည့်အလျောက် အာဝဇ္ဇန်းရွှင်သည်။ အပေါင်းအသင်းဆံ့သည်။ လက်ရှိတွင်လည်း လုပ်ငန်းနှင့် ပတ်သက်သောအလုပ်သမားအတော်များများကို ဦးစီးဦးဆောင်ပြုနေရသည့် အလုပ်သမားခေါင်းဆောင်ဖြစ်နေသည်။

ထို့ကြောင့် အထိုက်အလျောက် ပြောတတ်ဆိုတတ်ရှိပြီး သင့်တင့်သော ဗဟုသုတလည်းရှိသည်ဟု ဆိုနိုင်သည်။ တော်ရုံကိစ္စများကို လမ်းဗိုလ်လမ်းမင်းများဝင်ပြောရန်မလိုဘဲ မောင်အေးချမ်းနှင့်ပင် အဆင်ပြေသွားတတ်သည်။

(ဆွေမျိုးများထဲတွင်လည်း ယခုတင်ပြမည့်ကိစ္စနှင့်စပ်ဆိုင်သောပညာရပ်များဟုဆိုရမည့် စုန်း၊ ကဝေ၊ မှော်၊ ပယောဂ၊ အထက်လမ်း၊ အောက်လမ်း၊ ပုဏ္ဏက စသော ဝါသနာရှင်၊ အတတ်ပညာရှင်များ သုံးလေးယောက်ရှိသည်။ ဂန္ဓိရဆန်သည့်စွန့်စားခန်းများကိုလည်း မွေးရာပါဝါသနာထုံသည်။)

ထိုလူကြီးသုံးဦးတို့သည် ဖြစ်သလိုခင်းကျင်းထားသော မောင်အေးချမ်းတို့ထမင်းဝိုင်းကိုကြည့်ကာ အသက်အကြီးဆုံးဖြစ်ဟန်ရှိသည့်လူကြီးက အားတို့အားနာနှင့်ပြောသည်။

"မင်းတို့ထမင်းစားဖို့လုပ်နေကြတာလား။ စားရင်လည်းစားကြလေ။ မင်းတို့စားသောက်ပြီးမှ လိုရင်းကိစ္စကို ပြောကြတာပေါ့"

ဟု ဆိုသည်။

သူတို့ကတစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီး အသက်အကြီးဆုံးဖြစ်ဟန်ရှိသောလူကြီးကပင်ပြောသည်။

"တို့က အခုလှမ်းမြင်နေရတဲ့ရွာကကွ။ အခုတို့ရွာထဲဖုတ်ဝင်နေလို့"

"ဗျာ"

မောင်အေးချမ်းမျက်လုံးပြူးသွားရ၏။ ပင်ကြီးတို့အုပ်စုလည်း မောင်အေးချမ်းနည်းတူပင် ပြူးကြည့်နေကြလေသည်။

"အဲတာ တို့မှားလည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်နေတုန်း မင်းတို့စခန်းထဲက လူတချို့ရွာထဲကြက်လာဝယ်ကြလို့ တို့ကလည်း ဒီအကြောင်းပြောပြပြီး ဟုတ်သော်ရှိ မဟုတ်သော်ရှိ အကုအညီတောင်းကြည့်ကြတာပေါ့ကွာ။ ဒီတော့ သူတို့က မင်းနဲ့လိုက်တွေ့ကြည့်ကြပါ။ သူတို့တော့ မတတ်ဘူး။ မင်းပဲ တတ်ကောင်းတတ်လိမ့်မယ်လို့ ပြောကြတယ်"

မောင်အေးချမ်း သက်မချကာ တစ်ချက်နှစ်ချက်ခေါင်းညိတ်လိုက်ပြီး-

"ကျွန်တော်လည်း ဆရာတော့မဟုတ်ပါ။ တွေ့ဖူး၊ ကြုံဖူးတာနဲ့ ကြားဖူးနားဝရှိတာလောက်ပဲပါ။ ဖုတ်သတ်တာတော့ မြင်ဖူးပါတယ်။ ဖိနပ်ထဲ ဩဇာရွက်ထည့်ပြီး ဖုတ်ဝင်သူအိပ်နေတဲ့ ပြာအောက်ထဲ လက်ပြန်ထိုးထည့်လိုက်ရင် ဖုတ်သေတာပဲ"

"အဲလိုဖုတ်မဟုတ်ဘူးကွ။ သရိုင်းထဲမြေမြှုပ်သင်္ကြိဟ်ထားကြတဲ့အလောင်းကောင်က ဖုတ်ဝင်ပြီး ညည်းရွာထဲလာသောင်းကျန်းနေတာ"

"ဩော် ဩော်"

"ပြည့်ပြည့်စုံစုံလေးဖြစ်သွားအောင် အစကနေပြောပြပါမယ်။ ငါ့နာမည်ကိုတော့ ဦးကျော်ထွန်းဦးလို့မှတ်ထားပေါ့။ ဖုတ်မွေးတဲ့အကောင်က သူကြီးသားအောင်ကျော်ဦး။ အဲဒီကောင်က မိုက်တိမိုက်ကန်းအစားထဲက။ အမှောင်ပယောဂတွေကိုလည်း အရမ်းယုံကြည်တယ်။ နတ်လိုလိုဓာတ်လိုလိုကောင်မျိုးပေါ့ဗျာ။ နေရာလည်း အတော်နှံ့တာ။ ပညာဆိုးလည်းစုံတယ်လို့ ပြောရမလားမသိပါဘူး။ အညာက ဝမ်းတွင်းစုန်းအတတ်၊ ပြီးတော့ ဆော၊ ယောဘက်က လောကီပညာတွေ၊ နာဂတောင်တန်းက ထမံသီ (သမန်းကျား) အတတ်တွေ။ ပြီးနောက် ဘင်္ဂလား၊ အိန္ဒိယ၊ နီပေါ၊ ဘူတန်၊ တိဗက်အထိလျှောက်သွားပြီး အဲလို ပညာတွေကို ဆက်လက်ဆည်းပူးတယ်"

"ဒါဆို ပညာစုံတယ်၊ တော်တယ်လို့ပဲ ပြောနိုင်တာပေါ့"

"စုံတယ်၊ စုံတယ်၊ တော်လည်း တော်တယ်။ ကောင်းသာမကောင်းတာ"

သူစကားကြောင့် မောင်အေးချမ်း ရယ်မိမလိုဖြစ်သွားသည်။

"ရွာပြန်ရောက်စက မွှေပြတယ်။ သောက်သောက်လဲဝင်ငွေရတယ်။နောက် မွှေတွေငယ်လို့ မွှေကြီးရှိတဲ့နေရာကို ပြန်ိုင်သူ ငွေငါးဆယ်ပေးမယ်ဆိုတော့ တောလိုက်မုဆိုးတစ်ယောက်ကခေါ်သွားပြီး မွှေကြီးရှိတဲ့ကျောက်ဂူကို လိုက်ပြတယ်။ အထဲမှာ မွှေကြီးရှိမရှိသိသိရအောင် ဂူဝခဲနဲ့ပေါက်ကြည့်လိုက်တော့ မွှေကြီးထွက်လာပြီး ဆတ်ခနဲ ခွေးကိုဆွဲသွားလို့ မွှေပြရပ်သွားတာ"

မောင်အေးချမ်းတို့လူစု ဝါးခနဲ ရယ်ကြသည်။

"အဲဒီနောက် မှော်ကုတယ်လို့ လုပ်တယ်။ အဲဒီကတစ်ဆင့် ဖုတ်မွေးတယ်ပေါ့။ ဖုတ်ကလည်း သူ့အစ်မအပျိုကြီး။ အဲတာမှာ တစ်မျိုးလုံးကုန်တာ"

"ဟာ - အဲဒီလောက်ထိ နယ်စုံရုံမက နိုင်ငံတွေအတော်များများကိုတောင် သွားပြီးသင်ထားတဲ့ပညာတွေက ဖုတ်ကိုတောင် မနိုင်ဘူးလား"

"မပြောတတ်ပါဘူးကွာ။ သူတို့မွေးချင်းဆို အခြားရွာမှာ အိမ်ထောင်ကျနေတာတောင်မလွတ်ဘူး။ မွေးချင်းအသုဘ လာသင်္ကြိဟ်ကြရင်း ဖျားပြီးပြန်တော့ အိမ်ရောက်သေတော့တာပဲ"

"ဒါဆိုအတော်ကြမ်းတာပဲ"

"ကြမ်းတာပေါ့။ ကြမ်းဆို အခုသူတို့နေခဲ့ကြတဲ့နေရာကို တစ်ယောက်တောင်မသွားရဲကြဘူး။ သူတို့နေခဲ့ကြတာက ရွာအနောက် ကျောက်ရေတွင်းတစ်တွင်းခြားတဲ့ ကမ္ဘကြီးတစ်ခုမှာ ဥယျာဉ်တဲအိမ်ကြီးနဲ့နေကြတာ။ အခုဆို နေ့နေ့ညည သူတို့ဥယျာဉ်နဲ့ တဲအိမ်ကြီးက အော်သံငိုသံ၊ အပေါ်ထပ်က အောက်ထပ်ကို ခုန်ချသံတွေအတိုင်းသားကြားနေရတယ်။ ဒန်းစီးနေတာလည်းမြင်ကြရတယ်။ အဲဒါကြောင့် တစ်ယောက်တည်းဆို ကျောက်ရေတွင်းကို သောက်ရေခပ်ဖို့တောင်မသွားရဲကြတော့ဘူး။ အစက ဖုတ်မဟာ သူတို့တဲအိမ်ကြီးနဲ့ဥယျာဉ်ထဲမှာသာသောင်းကျန်းနေပြီး အခုတော့ ညည်းကို ရွာထဲအထိကူးလာနေပြီ"

"ဒီတော့ ဆရာကော သေတဲ့အထိပါသွားလား"

"မပါဘူး။ ကိုရင်ဝတ်ပြီးထွက်ပြေးသွားတယ်။ သူ့အဖေကြီးလည်း အခုရူးပြီးရှိနေတယ်"

"ရွာသားတွေတော့ အထိနဲ့ခိုက်မရှိကြဘူးမဟုတ်လား"

"ရှိတာပေါ့။ လေးယောက်တောင်ရှိသွားပြီ။ညည်းနောင်မေးနောက်ဖိသွားရင်း ဖုတ်မ ရွာထဲအထိနဲ့တိုးတော့ လန့်အော်ပြီးနောက်လဲနဲကျတာ သတိတောင်

www.burmeseclassic.com

www.burmeseclassic.com

မလည်ခဲ့ဘူး။တစ်ယောက်တောင်အသက်မရှင်ကြဘူး။ သားစိမ်းငါးစိမ်းဆို အတင်းလိုက်လုတာ တချို့အိမ်တွေတက်စားတယ်။ အခုရွာတောင် ပျက်တော့မယ်။ ပြောင်းတဲ့လူတွေလည်းပြောင်းပြေးကုန်ကြပြီ။ ကျန်တဲ့လူတွေလည်း အသီးအနှံလေးတွေရှိနေလို့သာ အရဲစွန့်ပြီးတော့သိမ်းဆည်းနေကြတာ။ အဲတာ မင်းလုပ်တတ်ရင်တော့ လုပ်ပေးစမ်းပါကွာ"

မောင်အေးချမ်း သက်မတစ်ချက်ကို ထပ်ကာချလိုက်သည်။ အခြားလူများလည်း ထမင်းစားရန်ကို မေ့လျော့ပြီး မောင်အေးချမ်းနှင့်ဦးကျော်ထွန်းဦးပြောနေကြသည်ကိုသာ ငေးကြည့်နေကြလေသည်။

"အစကပြောခဲ့သလိုပါ ဦးကြီး။ ကျွန်တော်က ဘာမှတော့မတတ်ပါဘူး။ ဖတ်ဖူးမှတ်ဖူးကြားနားဝရှိတာလေးနဲ့ပဲ လုပ်ကြတာပေါ့။ အဲတော့ ဖုတ်ဝင်တယ်ဆိုတဲ့မိန်းမကြီးရဲ့မြေပုံကိုသွားကြည့်လို့ရပါသလား"

"ရပါတယ် သချိုင်းကုန်းက ဟိုကြခင်းတွေမြင်နေရတဲ့တောင်းခါးပန်းဆီမှာပဲ"

မောင်အေးချမ်းအလုပ်သမားများထဲမှ အရွယ်တူ၊ ဝါသနာတူ ခပ်စွာစွာသုံးယောက်ခေါ်သွားသည်။ မြေမျိုပ်သင်္ကြိုတ်ထားသည့် အသုဘများဖုတ်ဝင်လျှင် သိသာနိုင်သော အချက်အလက်များ၊ ဖုတ်ကိုသတ်၍ရနိုင်သည့်အကြောင်းများကိုလည်း သိမှတ်ထားဖူးသမျှ ကြိတင်ပြောပြထားသည်။

သချိုင်းကုန်းက လိပ်ခုံးသဏ္ဌာန်တောင်ကမ္ဘလေးဖြစ်သည်။ တစ်ဖက်တွင် ရခိုင်နိုးမကြီး၏တောင်ဆွယ်တောင်တန်းတစ်ခုနှင့်ထိဆက်လျက်ရှိနေသည်။

သချိုင်းကုန်းကမ္ဘနားသို့ရောက်လျှင် အားလုံးသူတို့မတ်တတ်ရပ်လိုက်ကြပြီး မောင်အေးချမ်းက သချိုင်းစောင့်ကြီးအား အာရုံပြုကာ သချိုင်းထဲသို့ဝင်ခွင့်၊ ဖုတ်ဝင်သည်အား ကြည့်ရှုခွင့်ပြုရန် ခွင့်တောင်းပြီးတက်သွားကြသည်။

ထိုအခါ နေ့ခင်းကြောင်တောင်ကြီးပင် တောဟည်သံနှင့် ငှက်စုန်းအော်သံများကို ကြောက်မခမ်းလိလိကြီးပင် ကြားလာကြရသည်။

တောဟည်ခြင်းဟူသည်မှာ လူသူအရောက်နည်းသော တောနက်ကြီးများထဲ၌ တောစောင့်တို့မကြိုက်သည်ကိုပြုမိလျှင် သစ်တောကြီးထဲကဖြစ်စေ၊ မြေကြီးထဲ၊ ကျောက်ခေါင်း၊ ကျောက်ဂူထဲစသည်တို့မှ နားမလည်နိုင်သော မတိုးမကျယ် အသံနက်ကြီးမျိုးပင်ဖြစ်သည်။

ငှက်စုန်းများ ဟူသည်မှာလည်း တောနက်ကြီးထဲ၌ အခါအားလျော်စွာ နေ့ခင်းအော်မြည်တတ်သလို မြေပြန့်ဒေသများ၌မူ ညနက်ပိုင်းမှာသာ အော်မြည်တတ်ကြသည်။ အများအားဖြင့် ငှက်စုန်းထိုးခြင်း၊ အော်မြည်ခြင်းမှာ မြေဖုတ်သရဲများနှင့် ပတ်သက်သည်ဟု ယုံကြည်ရသည်။

မောင်အေးချမ်းတို့လူစုမှာ ခေါင်းကြီးသည်အထိ ကြောက်လန့်နေမိကြသော်လည်း လူအုပ်ကောင်းသောကြောင့်ထွက်ပြေးသည်အထိတော့ မဖြစ်ကြပေ။ မကောင်းဆိုးဝါး (ဖုတ်ကောင်မကြီး) သောင်းကျန်းနေသည့် တောသချိုင်းဖြစ်၍ သည်မျှတော့ရှိမှာပဲဟု သဘောထား၊ စိတ်ကိုလည်းတင်းထားလိုက်ကြသည်။

ဖုတ်ဝင်သည်မ၏ မြေပုံနားသို့ရောက်လျှင် မောင်အေးချမ်းခေါင်းရင်းဘက်သို့သွားကာ သေချာထိုင်ကြည့်သည်။ မြေပုံကိုဖုံးအုပ်ထားသော စလွန်(တလား) ပျက်များကိုလည်း လှန်ဖယ်ကြည့်သည်။

တွေ့ပါပြီ။ ဖြစ်ပုံပျက်ပုံ၊ ဖုတ်မကြီးဝင်ထွက်နေသည့်အမှတ်အသားကို။

ထို့ကြောင့် နောက်မှပါလာသော သူငယ်ချင်းသုံးယောက်တို့အား မြေပုံခေါင်းရင်းက ကြွက်တွင်းမှ ပြောင်ချောနေသည့်အပေါက်ကလေးတစ်ပေါက်ကို မေးထိုးပြလိုက်သည်။

တစ်အောင့်မျှ ကြည့်ရှု၍ သေချာတော့မှ မောင်အေးချမ်း ခါးဆန့်ရပ်ပြီး ဦးကျော်ထွန်းဦးအား ပြောလိုက်သည်။

"ဦးကြီး၊ ဖုတ်ဝင်တဲ့လက္ခဏာတစ်ဆင့်ကိုတော့ တွေ့ရပါပြီ။ ဒီပြီး သေချာအောင် နောက်တစ်ဆင့်ဖြစ်တဲ့ အလောင်းကိုဖော်ကြည့်ချင်ပါသေးတယ်"

"ဟ - ဖြစ်ပါ့မလားကွ။ မြေမျိုပ်ထားတဲ့အလောင်းကောင်ကို မင်းအမိန့်မပါရင် မဖော်ကောင်းဘူးဆို။ မင်းအမိန့်အောက်လမ်းပညာတစ်ခုခုမတတ်ဘဲဖော်လိုက်ရင် (အယူမှားခြင်းကြောင့်)အခုဖြစ်နေ တာထက်တောင် ပိုဆိုးသွားတတ်တယ်ဆိုမဟုတ်လား"

"ခုတင်က သချိုင်းထဲသို့မဝင်မီလေးမှာ ကျွန်တော်သချိုင်းစောင့်ကြီးဆီမှာ ခွင့်တောင်းပြီးပြီလေ။ ခွင့်တောင်းတဲ့အထဲမှာလည်း ဖုတ်ဝင်မကိုကြည့်ရှုခွင့်ပြုပါဆိုထာလည်းပါတာပဲ။ ခွင့်သာမပြုဘူးဆိုရင် ကျွန်တော်တို့ဘယ်ဝင်လို့ရပါ့မလဲ။ ဒါကြောင့် အလောင်းကိုဖော်ကြည့်လည်း ဘာမှပြဿနာမဖြစ်ပါဘူး"

ဦးကျော်ထွန်းဦးက နှစ်ချက်မျှခေါင်းညိတ်ကာ မေးငေါ့ပြီး ဖော်ကြည့်ခွင့်ပြုသည်။

မောင်အေးချမ်းတို့လူစု ဦးစွာမြေပုံပေါ်က စလွန်(တလား)ပျက်များကို ဆွဲဖယ်လိုက်ကြသည်။ ထို့နောက် အသုဘသင်္ကြိုတ်ရန် မြေတွင်းတူးရာ၌ မြေကော်သော သံဇလုံ/သံပုန်းကန်ပြားလေးများကို လိုက်ကောက်ကာ မြေစများအား ယက်ဖယ်လိုက်ကြသည်။

ထို့နောက် ခေါင်းပေါ် လာသည်။ ခေါင်းကို ဓားနှင့်ကလော်ဖွင့်ပြီးနောက်တွင် အလောင်းကိုပတ်ထားသောဖျာနှင့် အပေါ်လွှမ်းထားသည့်စောင်နှင့်အဝတ်များကို ဖယ်ကြည့်လိုက်ကြရာ သင်္ကြိုတ်ထားသည်မှာ စာစ်လကျော်ပြီဟုဆိုသော်လည်း အလောင်းမှာ ပကတိအတိုင်းသာရှိနေလေသည်။

အသုဘအလောင်းကောင်များမှာ အများအားဖြင့် သုံးလေးရက်ကျော်လျှင် ရုပ်ပျက်သွားတတ်သည်။ ငါးရက်၊ ခြောက်ရက်ကြာလျှင် ယိုစီးလာတတ်သည်။ ထို့နောက် အလုံးစုံပုပ်ပွပျက်စီးသွားတတ်မြဲသာဖြစ်သည်။

ယခုမူ ပကတိအိပ်ပျော်နေသည့်အလားဖြစ်သည်။ မျက်နှာ၌ လိမ်းခြယ်ထားသော သနပ်ခါးသည်ပင် ပျက်ပြယ်ခြင်းမရှိသေးပေ။

"ဖုတ်သာမဝင်ဘူးဆိုရင် ခုလောက်ဆို အလောင်းပျက်စီးသွားလောက်ပြီလေ"

မောင်အေးချမ်းက လူအားလုံးကို ရည်ရွယ်ပြီးပြောလိုက်သည်။ မောင်အေးချမ်း၏အဖော်များက အလောင်းကောင်ကြီးကိုစိုက်ကြည့်နေကြသလို ရွာသားကြီးများလည်း အံ့သြ၍မဆုံးဖြစ်နေကြသည်။

ထို့နောက် ဦးကျော်ထွန်းဦးက မေးသည်။

"ဒီတော့ဘာဆက်လုပ်ရမလဲကွ"

"ဒီလောက်အထိ သိနေ၊ မြင်နေရမှတော့ဆက်လုပ်လို့လွယ်သွားပါပြီ။ လုပ်စရာရှိတာတွေကို ကျွန်တော်တို့ကြိုတင်ပြင်ဆင်ထားပါ့မယ်။ မိုးမချုပ်ခင် ဦးကြီးတို့ရွာသားတွေထဲက လူငါးယောက်လောက် ကျွန်တော်တို့ဆီကိုပေးထားပါ။ ရွာထဲ ဖုတ်မကြီးဝင်တဲ့အိမ်ကို တစ်ပြိုင်နက်တည်း နှစ်လောက်လောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com

လွတ်ပြီး သတင်းပို့ပေးကြပါ"

■

လေတိုးတိုင်း ကြဲရွက်များ တရဲရဲ မြည်နေသည်။ ရံခါ ညဉ့်က်များ ကြဲခင်း ကြီးပေါ်မှ ဖြတ်ပြန်သွားကြသည်။ ရွာဘက်ဆီက ခွေးဟောင်သံများကိုကြားရ တတ်သလို နွားများသားပျောက်ဖော်ကွဲ ခေါ်သံအော်သံများကိုလည်း ကြားရ တတ်သည်။

တောထဲဆီက ခြေဟောက်သံ၊ ညဉ့်က်များ၏အော်သံကို အာရုံစိုက်မိ ဆဲ့၌ သချိုင်းထဲက တောခွေးအများ၏ မာန်ဖီကိုက်ခံသံများကို ကြားလိုက်ရလေ ရာ အကြောက်ကြီးမဟုတ်သော်လည်း ကျောထဲကစိမ့်ခနဲဖြစ်သွားမိသည်တော့ အမှန်။ ဤနေရာသည် သချိုင်းကုန်းနှင့် ခဲတစ်ပေါက်သာသာမျှလှမ်းသည်။

မောင်အေးချမ်းတို့လူတစ်စုသည် တစ်ယောက်နှင့်တစ်ယောက်စကားပြော ဆိုခြင်း၊ ဆေးလိပ်သောက်၊ ကွမ်းဝါးခြင်း အလှည်းမပြုကြပေ။ ကြဲပင်များအကြား တွင် ကျောက်ရုပ်များကဲ့သို့ငြိမ်၍နေကြ သည်။

လူရှစ်ယောက်သာဖြစ်သော်လည်း ညကြီးအချိန်မတော် သချိုင်းကုန်းထဲ၌ တစ်စုံတစ်ခုသောအကြံအစည်ကိုပြုလုပ် ရန် တာစူနေချိန်ကြောင့် တုန်လှုပ်မိကြ သည်။ ထိုတုန်လှုပ်စိတ်သည် သရဲ၊ တစ္ဆေ၊ မြေဖုတ်၊ ဘီလူးများနှင့်ပတ်သက် နေသည်။ လက်လုပ်လက်နက်ဟုဆိုရ မည့်ဝါးခွဲမျှား၊ ဓားမျှားကို ကျစ်ကျစ် ဆုပ်မိနေကြရင်း ရွာဘက်ဆီကပြေးလာ နေကြသောခြေသံများကိုကြားကြသဖြင့် မောင်အေးချမ်း လက်ပတ်နာရီကို ခလုတ် နှိပ်ကြည့်လိုက်ရာ ည၌ဦးယံ (၉)နာရီပင် မထိုးတတ်သေးပေ။

"ဟိုက်ကောင်တွေ ဖုတ်မကြီးရွာ ထဲဝင်နေပြီကွ။ အစကတော့ သူတို့ ဥယျာဉ်တဲအိမ်ကြီးဆီကပဲ အသံကြား နေရပြီး တဖြည်းဖြည်းနဲ့ အခုတော့ ရေခဲလမ်းကတစ်ဆင့် ရွာထဲရောက် လာနေပြီ"

ရွာသားတစ်ယောက်က ဟောဟဲ ဆိုက်ရင်းပြောပြသည်။ သူတို့အထဲတွင် ဦးကျော်ထွန်းဦးပါမလာပေ။

မောင်အေးချမ်းတို့လူစု ကြဲခင်းထဲ မှပြေးထွက်ပြီး သချိုင်းကမူပေါ်သို့ ပြေး တက်ကြသည်။ ဖုတ်ဝင်သည်မကြီး၏ မြေပုံကိုဝိုင်းလိုက်ကြသည်။ ထို့နောက် မြေပုံပေါ်က စလွန်များ၊ မြေစာများကို ယက်ဖယ်ပြီးကြည့်ကြရာ ခေါင်းထဲ၌ ဖုတ်မကြီးကိုမတွေ့ရပေ။

"ကိုင်း-ရွာသားတွေသေချာကြည့် ကြ။ ဖုတ်မကြီးမရှိဘူးနော်"

တစ်ယောက်မျှ စကားမပြောဘဲ ခေါင်းတဆတ်ဆတ်ညိတ်နေကြသည်။ သူတို့မျက်လုံးများ ယခင်ထက်ပြူးကျယ် နေသည်ကိုလည်း လရောင်ဝေါဖြင့်မြင် နေရသည်။ ထို့နောက် ရွာသားကြီး တစ်ယောက်ကမေးသည်။

"အဲတာဆို တို့ဘာဆက်လုပ်ရ မလဲကွ"

"ရပါပြီ အခက်အခဲလည်းမရှိ တော့ပါဘူး။ အခြေအနေအရပဲ ဆက် လုပ်ကြတာပေါ့"

ဤတွင်လည်း ရွာသားများစကား ဆိုခြင်းမရှိဘဲ ခေါင်းကိုသာတဆက်ဆက် ညိတ်နေကြသည်။

မောင်အေးချမ်းတို့ လူစုဖုတ်ဝင် သည်မကြီး၏ မြေတွင်းထဲက မြေစာများ ကိုပြောင်စင်အောင် ပက်တင်၊ ရှင်းလင်း ကြရာတွင် ရွာသားများပါဝင်ကူပြီးရှင်း ပေးကြသည်။

"ကိုင်း အားလုံးတော့ အဆင်သင့် ဖြစ်နေပါပြီ။ ဦးကြီးတို့ရွာသားတွေထဲက နှစ်ယောက်လောက်ပြန်ပြီး ရွာသားတွေ ကို သံပုံးတီးကြ၊ စကောခေါက်ကြ၊ အော်ဟစ်ပြီး ဖုတ်မကြီးကို မောင်းထုတ် ကြပါလို့သွားပြောကြ။ နှစ်ယောက် တည်း ပြန်ရဲကြပါသလား။ ဒီအတိုင်း မပြန်ရဲကြဘူးဆိုရင်လည်း ကျွန်တော်တို့ စခန်းထဲကလုပ်ယူလာကြတဲ့ ရေနံဆီမီး တုတ်တစ်ခုကို ထွန်းညှိပြီးသွားလိုက်ကြ ပါ"

"ရပါတယ်၊ နှစ်ယောက်ဆို မကြောက်ပါဘူး။ တို့မှာ ဓားရှည်တွေပါ ကြတာပဲ။ ဖုတ်မကြီးလိုက်နှောင့်ယှက် ရင်လည်း ခုတ်သတ်လိုက်ရုံပေါ့"

ရွာထဲမှသတင်းလာပြောကြသော လူနှစ်ယောက်တို့ပင် ထိုသို့ပြောဆိုပြီး ဓားရှည်များကို ကျစ်ကျစ်ဆုပ်ကိုင်ကာ ခပ်သုတ်သုတ်ပင် ပြန်ထွက်သွားကြလေ သည်။

မောင်အေးချမ်းတို့လူစုသည်လည်း စက်စခန်းမှလုပ်ယူကြသော အဝတ် ဟောင်းကို စုပေါင်းကာ ရေနံစိမ်ထား သည့်မီးတုတ်များကို ဖုတ်မကြီး၏မြေ တွင်းအား ပတ်ဝိုင်းစိုက်ထူကာ ထွန်းညှိ ထားလိုက်ကြသည်။ ထို့ကြောင့် သချိုင်း တစ်ခုလုံးလင်းထိန်သွားလေသည်။

တစ်ဆက်တည်းလိုပင် ရွာဆီက လည်း သံပုန်းတီးသံ၊ ကျွဲချိုးပုတိုးမှုတ်သံ၊ အော်ဟစ်မောင်းထုတ်ကြသံများဖြင့် ဆူညံ သွားလေသည်။

မောင်အေးချမ်းတို့လူစုက ဖုတ်မ သည် မြေပြင်ကပြေးလာလေမလား။ ကောင်းကင်ကပင် ငှက်ကြီးတစ်ကောင် အသွင်ဖြင့် ပျံဝဲလာလေမလား။ မြေပြင် မှ ကျားလို၊ ဆင်လို သို့တည်းမဟုတ် အခြားသောကြောက်မက်ဖွယ်ရာအသွင် သဏ္ဌာန်အရုပ်အကောင်တစ်မျိုးမျိုးဖြင့် ရောက်လာလေမလားဟု စူးစမ်းသော အကြည့်များဖြင့် အာရုံစိုက်ပြီးကြည့်ရှုနေ ကြသည်။

ထိုအချိန်မှာပင် သချိုင်းပတ်လည် တောတန်းတောင်ဆွယ်များက ငှက်စုံန်း များအော်မြည်လာကြသည်။ ထို့နောက် မြေထဲကလား၊ မတ်ခန်းကျင်၊ ကောင်းကင် ကလားမခွဲခြားနိုင်သည့် အသံကြီးတစ်ခု ကိုလည်း ကြားလာရပြန်သည်။

ရွာဆီကမူဘာသံမှမကြားရတော့ ပေ။ မီးတုတ်အလင်းရောင်များကိုသာ တန်းစီမြင်နေရသည်။

တစ်အောင့်ကြာမှ ဗုန်းခနဲ ဖုတ်မ ၏ကိုယ်လုံးကြီး မြေတွင်းထဲသို့ကျလာ လေသည်။ မောင်အေးချမ်းတို့လူစုလည်း ထခုန်လုမတတ်ဖြစ်သွားကြသည့်တိုင် အောင် အချိန်မဆိုင်းဘဲ အသင့်စီမံထား သော ဝါးခွန်များဖြင့် ဖုတ်မ၏ ကိုယ်လုံး ကို ပစ်ပေါက်ထိုးစိုက်လိုက်ကြသည်။

ဖုတ်မသည် အော်ခြင်းညည်းခြင်း မရှိသော်လည်း သူ့ကိုယ်လုံးကြီးတုန်လျက် သွေးစိမ်းများမြင်မကောင်းလောက်အောင် ပင် ထွက်ကျလာသည်။ မောင်အေးချမ်း တို့လူစုလည်း ချက်ချင်း ရေနံဆီလောင်း ကာ ထင်းပုံပြီး ဖုတ်မကြီး၏အလောင်း အား မီးရှို့လိုက်ကြလေသည်။ အလုံးစုံ ပြာကျသည်အထိ သုံးနာရီကျော်ကြာ သည်။

ထို့နောက် သုသာန်သချိုင်းထဲ၌ မီးသင်္ဂြိဟ်သောမီးသည် နေအရုဏ်ထက် သည်အထိ မရှိကောင်းဟု ရှေးအယူရှိ သောကြောင့် သချိုင်းတောင်ခြေ သဲချောင်းထဲကရေကိုခပ်ယူပြီး မီးကြွင်း များအား ငြိမ်းသတ်လိုက်ကြသည်။

မြေစာအားလုံးကို တွင်းထဲသို့ပြန် ထည့်ဖုံးပြီး မောင်အေးချမ်းတို့လူစု သချိုင်းထဲမှထွက်လာကြချိန်မှာဟု သန်းခေါင်ကျော်လေပြီ။

ခင်းဟိန်းထိုင်

www.burmeseclassic.com

www.burmeseclassic.com



(၁၈) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

တနင်္ဂနွေသားသမီးများ

ဩဂုတ်လ ၄-၇-၈-၁၉-၂၁-၂၂-၃၀ ရက်တွေမှာထီထိုးပါ။

နီးရာ ဘုရား၊ စေတီတစ်ဆူဆူကို လမ်းလျှောက်သွားပါ။ ဘုရားမှာတံမြက်စည်းလှည်း၊ အမှိုက်ကောက်ပြီးမှ လက်ဆေးပြီး ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင်အကြီး (၅) တိုင်ထွန်းပူဇော်ပါ။ အပြန်မှာထီထိုးပါ။

စက်တင်ဘာလမှာ တနင်္ဂနွေ၊ သောကြာ၊ ဗုဒ္ဓဟူးနဲ့အက္ခရာများ၊ ထီဆိုင်နာမည်များနှင့် ၁-၆-၄-၈ ဂဏန်းများကံစမ်းနေပါသည်။

တနလ်ာသားသမီးများ

ဩဂုတ်လ ၅-၈-၁၉-၂၂-၂၃-၂၆-၃၀ ရက်များမှာ ထီထိုးပါ။

ဓာတ်ကြီး (၄) ပါးဆွမ်းတော်ကပ်ပါ။ အကြောင်းမညီညွတ်ရင် တစ်နေ့ထဲ ဘုရား (၇) ဆူပြည့်အောင်သွားဖူးပါ။ ဘုရားတိုင်း၏ရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ဖယောင်းတိုင် (၇) တိုင်ထွန်းပူဇော်ပါ။ အပြန်မှာထီထိုးပါ။

စက်တင်ဘာလမှာ သောကြာ၊ တနလ်ာ၊ တနင်္ဂနွေနဲ့အက္ခရာများ၊ ဆိုင်နာမည်များ၊ ၆-၂-၉-၁ ဂဏန်းများကံစမ်းနေပါသည်။

အင်္ဂါသားသမီးများ

ဩဂုတ်လ ၆-၉-၂၀-၂၃-၂၄-၃၀ ရက်များမှာ ထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူသို့ ဘုရားဖူးသွားပါ။ ပြီးလျှင် ထိုင်ကြည့်နေပါ။ ဘုရားဖူးကြွေလာသော သံယာတော်အရှင်သူမြတ်တစ်ပါးကို ဝတ္ထုငွေများရှိသေစွာကပ်လှူပူဇော်ပါ။ ပြီးမှ အပြန်မှာ ထီထိုးပါ။

စက်တင်ဘာလမှာ တနင်္ဂနွေ၊ စနေ၊ သောကြာ၊ ဗုဒ္ဓဟူးနဲ့အက္ခရာများ၊ ဆိုင်နာမည်များ ၁-၇-၆-၄-၈ ဂဏန်းများကံစမ်းနေပါသည်။

ဗုဒ္ဓဟူးသားသမီးများ

ဩဂုတ်လ ၃-၇-၁၉-၂၁-၂၄-၂၅-၃၀ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား မုန့်လုံးရေပေါ်ဆွမ်းများ (၉) ရက်တိုင်တိုင် ကပ်လှူပူဇော်ပါ။ ၎င်း (၉) ရက်အတွင်းမှာ ငှက်လေးများ၊ ခွေးလေးများကို အစာကျွေးပါ။ (၉) ရက်ပြည့်ပြီးမှ ထီထိုးပါ။

စက်တင်ဘာလတွင် ၆-၅-၂-၉ ဂဏန်းများ၊ သောကြာ၊ ကြာသပတေး၊ တနလ်ာနဲ့သင့်အက္ခရာများ၊ ဆိုင်နာမည်များ အကျိုးပေးကံစမ်းနေပါသည်။

ကြာသပတေးသားသမီးများ

ဩဂုတ်လ ၄-၈-၁၉-၂၂-၂၅-၂၆-၃၀ ရက်များမှာ ထီထိုးပါ။

နေ့တစ်နေ့ကိုအခွံခိုက်ရအောင်ယူပါ။ တနင်္ဂနွေနဲ့ဘွဲ့အမည်ရှိသော ဘုရားတစ်ဆူဆူကိုသွားပါ။ ကြာသပတေးထောင့်တွင် ပေါက်ပေါက်များ၊ မုန့်လုံးရေပေါ်များနှင့် ဘုရားဆွမ်းတော်ကပ်ပါ။ တစ်နာရီအခွံခိုက်ပေးပြီး ဘုရားဂုဏ်တော်များရွတ်၍ ကြည်ညိုနေပါ။ အပြန်မှာထီထိုးပါ။

စက်တင်ဘာလတွင် စနေ၊ သောကြာ၊ဗုဒ္ဓဟူးနဲ့အက္ခရာများ၊ ထီဆိုင်နာမည်များ၊ ၇-၆-၄-၈ ဂဏန်းများကံစမ်းနေပါသည်။

သောကြာသားသမီးများ

ဩဂုတ်လ ၂-၅-၉-၁၉-၂၀-၂၃-၃၀ ရက်များမှာ ထီထိုးပါ။

နဂါးရုံဘုရားတစ်ဆူဆူကိုသွားပါ။ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပြီး ပဌာန်းရွတ်ပါ။ ၂၄ - ပစ္စည်းရွတ်တတ်သူက (၂၄) ခေါက်အနည်းဆုံးရွတ်ပါ။ ယခုလမှာ (၆) ကြိမ်ပြည့်အောင်ပြုလုပ်ပါ။ ယခုလမှာ (၆) ကြိမ် ပြည့်အောင်ပြုလုပ်ပါ။ (၆) ကြိမ်ပြည့်ပြီးရင် ထီထိုးပါ။

စက်တင်ဘာလတွင် တနင်္ဂနွေ၊ ကြာသပတေး၊ တနလ်ာနဲ့သင့်အက္ခရာများနှင့် ထီဆိုင်ကြီးများ၊ ၁-၅-၂-၉ ဂဏန်းများနှင့် ကံစမ်းနေပါသည်။

စနေသားသမီးများ

ဩဂုတ်လတွင် ၃-၆-၁၉-၂၀-၂၇-၃၀ ရက်များမှာ ထီထိုးပါ။

နေ့တစ်နေ့ကို အခွံခိုက်ယူပါ။ တနင်္ဂနွေနဲ့ဘွဲ့အမည်ရှိသော ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ အောင်သိဒ္ဓိ၊ အောင်တော်မူ၊ အောင်ဗောဓိ စသည့် ဘုရားစေတီတစ်ဆူဆူကိုသွားပါ။ စနေထောင့်တွင် ဖယောင်းတိုင် (၇) တိုင်နှင့် ပန်းပေါင်းစုံ (၇) မျိုးပူဇော်ပြီး ဒီဝါတပတိဂါထာကို သက်စေ့ရွတ်ပါ။ အပြန်မှာထီထိုးပါ။ ပေါက်သည်နှင့်သွားပူဇော်ခဲ့သောဘုရားမှာ အားရပါးရကြည်နူးဝိတိဖြစ်လာသည့် အထိသွားလှူပါ။

စက်တင်ဘာလမှာ စနေ၊ သောကြာ၊ အင်္ဂါနာမည်ထီဆိုင်ကြီးများ၊အက္ခရာများ၊ ၇-၃-၆ ဂဏန်းများကံစမ်းနေပါသည်။

ယခုလ၌ ၁၉-၈-၂၀၁၈ တနင်္ဂနွေနှင့် ၃၀-၈-၂၀၁၈ ကြာသပတေးနေ့များမှာ (၇) ရက်သားသမီးများမည်သူမဆိုထီထိုးဖြစ်အောင်ထိုးပါ။

ပေါက်သည်နှင့် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အနန္တောအနန္တဂါးပါးကို ဦးစွာလျှဖြိုကန်တော့ဖို့ ဦးဆုံးစဉ်းစားပြီး ကုသိုလ်ပြုပါလေ။

ဆရာဦးမောင်မောင်သန်း
(ခင်ကိုလေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com

အောင်ကျော်စိုး (ကေအေအော)
တမလွန်မှအသိပေးကြွတဲ့ သေမယ်လန့်အချိန်



ကျွပ်အနေနဲ့ ပထမဆုံးကြုံတင်ပြောထားချင်တာကတော့ အခုရေးတဲ့အကြောင်းအရာတွေအားလုံး စိတ်ကူးယဉ်ဇာတ်လမ်းလည်းမဟုတ်ဘူး။လုပ်ကြံရေးထားတဲ့ဇာတ်လမ်းလည်းမဟုတ်ဘူးဆိုတာပါဘဲ။ ကျွပ်ကိုယ်တိုင်လည်း ဒီအကြောင်းတွေကို ပြန်မတွေးချင်သလို သတိလည်းမရချင်ပါ။ တွေးမိရင် ကြောက်စိတ်နဲ့ စိုးရိမ်စိတ်တွေအမြဲဝင်လာသလိုလိုပါလို့ လွေးလေးနက်နက်ပြောချင်ပါတယ်။

အငြိမ်းစားအရာထမ်းတစ်ယောက်ဖြစ်တဲ့ကျွပ်အနေနဲ့ကျန်းမာရေးမကောင်းလှဘူး။ ဆီးချိုရောဂါကြောင့် ကျောက်ကပ်ခွဲစိတ်ကုသခဲ့ရတာအစားထိုးထားရတယ်။ ၂၀၁၆ ခုနှစ်လောက်မှာ အိန္ဒိယနိုင်ငံကိုလိုက်တွားမြို့ဆေးရုံမှာ သွားတက်ပြီး အသက်မဆုံးရှုံးအောင်ကြိုးစားထားရတာရယ်။ ခွဲစိတ်ကုသမှုအောင်မြင်ခဲ့ပေမယ့် လစဉ် သွေး၊ ဆီးစစ်ပြီး အထူးကုဆရာဝန်ကြီးညွှန်ကြားတဲ့ဆေး(၁၂)မျိုးလောက် နေ့စဉ်သောက်နေကျပါပဲ။ နေထိုင်စားသောက်မှုကစပြီး အထူးဂရုစိုက်နေတာတောင် ရုံဖန်ရံခါ သေလုနီးပါး မေ့မြောသွားလို့ ဆေးရုံကို (၂) ကြိမ် တက်ကုခဲ့ရသေးတယ်လေ။ တစ်နှစ်ကို တစ်ကြိမ်လောက် အမြင့်ဆုံးရောဂါဝေဒနာကို ခံစားရပါတယ်ဆိုပါစို့။

၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့ သင်္ကြန်အကြိုနေ့မှာ အစားအသောက်အချိန်မမှန်လို့ အစာအိမ်နဲ့အစားမျိုးလမ်းကြောင်းနာလာတယ်။မခံမရပ်နိုင်အောင် အခြေအနေဆိုးလာလို့ အိပ်ရာပေါ် အိပ်နေရင်း ပျို့ချင်အန်ချင်လာပြီး လေတွေအန်တာပေါ့။ အန်ရတဲ့အကြိမ်များလွန်းလို့ နံရိုးတွေ၊ လည်ချောင်းနဲ့ ကျောရိုးတွေနာလာပြီးတော့ အိပ်ရာပေါ်က မထနိုင်တော့ဘူး။ ပုံမှန်သောက်နေတဲ့ ဆေးတွေသောက်ဖို့လည်း လုံဝပျောက်ကွက်သွားပြီး အားလုံးဝမရှိတော့ပါ။ သမီးနဲ့သားက ဆေးရုံတင်မယ်လုပ်ကြပေမယ့် သင်္ကြန်အကြိုနေ့ကစပြီး အတက်နေ့အထိ အထူးကုဆရာဝန်ကြီးတွေ ဆေးရုံမှာမထိုင်ကြမယ့် အတက်နေ့အထိ အနားယူကြတယ်။

ဒါနဲ့ မထူးတော့ပါဘူးဆိုပြီး အိမ်မှာပဲနေပြီး ကိုယ့်အခန်းထဲမှာသက်သောင့်သက်သာနေရတော့တာပေါ့။ အိမ်ရဲ့ဖွဲ့စည်းပုံလည်းပြောထားရဦးမယ်။ နှစ်ထပ်လုံးချင်းအိမ် အောက်ထပ်မှာနေတယ်။ အိမ်ရှေ့ဧည့်ခန်း မျက်နှာစာ ပေ(၂၀)ကို တစ်မတ်လုံးသဲချောင်းတွေနဲ့ သံပန်းကာထားတယ်။ ဧည့်ခန်းမှာ ဆက်တီတစ်စုံနဲ့ စာအုပ်စင်တွေရှိပြီး အပေါ်တက်တဲ့လှေကားကလည်း ဧည့်ခန်းနံရံမှာကပ်လျက်ပါ။ လှေကားနဲ့ယှဉ်ရက်အခန်းမှာ အိပ်ခန်းသတ်မှတ်ထားတာပေါ့။ အဲဒီနေ့(၉) နာရီမှာ မောပြီးမူးလာတဲ့ဝေဒနာအပြင် အော့အန်တဲ့အကြိမ်ပိုများလာပြီး အဆိုးဆုံးအခြေအနေရောက်လာသလိုပဲ။ အိပ်ရာနားမှာ စိုးရိမ်တကြီးကြည့်နေကြတဲ့မိသားစုကို ကောင်းကောင်းမမြင်ရတော့ဘဲ သေအံ့မူးမူးဖြစ်သွားတယ်။

ကျွပ်အနေနဲ့ သေအံ့မူးမူးနှစ်ကြိမ်ဖြစ်ခဲ့ဖူးပါရဲ့။ ပထမအကြိမ်က ရန်ကုန်-မန္တလေးအမြန်လမ်း (၃၉) မိုင်မှာ ကားမှောက်တုန်းဖြစ်ခဲ့တာပေါ့။ တပည့်နှစ်ယောက်ပါပြီး တစ်ယောက်တစ်လှည့် မောင်းကြဖို့ စီစဉ်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကားအသစ် လေအေးစက်ဖွင့်၊ သီချင်းသံဆူဆူနဲ့ ကီလို (၁၃၀) လောက် အရှိန်မှားပြီး ကပ်တိုးတိုက်မိလို့ သုံးပတ်လိမ့်သွားတယ်လေ။ ရှေ့ခန်းမှာထိုင်ပေမယ့် ခေါင်းပတ်ပတ်မထားလို့ ကားလိမ့်မှောက်တာသိလိုက်တာနဲ့ သတိမရတော့ဘူး။ စိတ်ထဲပေါ့ပါးလွင့်မျောနေသလိုဖြစ်သွားပြီး အလင်းရောင်မှေးမှိန်ဝေဝါးနေတဲ့ တိမ်မျှင်တွေကြားမှာ တစ်စုံတစ်ခုကို ကျော်ဖြတ်ဖို့ ခက်ခက်ခဲခဲကြိုးစားနေရသလိုပဲ။ သတိရလာတဲ့အချိန်မှာ ပခုံးဆေးရုံကြီးရောက်နေပါပြီ။

နောင်ကြာလာတဲ့အချိန်မှာ စဉ်းစားမိတာက မေမြောဝေဝါးပြီး သတိမရတဲ့ကာလကို သေအံ့မူးမူးလို့ခေါ်တာပေါ့။ ရှင်ခြင်းနဲ့ သေခြင်းကွဲပြားအောင် မျဉ်းကြောင်းတစ်ခုပေါ် ရောက်နေတဲ့အချိန်။

ဒုတိယအကြိမ် သေအံ့မူးမူးဖြစ်ခဲ့ရတဲ့အဖြစ်ပျက်ကိုလည်း သေသေချာချာမှတ်မိနေပါတယ်။ ၂၀၁၆ ခု၊ ဩဂုတ်လ ၂၃ ရက်နေ့ပါ။ Fortis ဆေးရုံခွဲစိတ်ခန်းမှာ (၈) နာရီကြာ မေ့ဆေးပေးခွဲစိတ်ခံရပြီးတဲ့နောက် ပြန်လည်နာလန်ထလာတဲ့အခါ အသံတွေကြားနေရသလို မျက်စိမဖွင့်နိုင်ပေမယ့် မြင်နေရတယ်။ မျက်နှာကြက်အဖြူရောင်ပေါ်မှာ ငယ်ငယ်က ဖတ်ရှုစွဲလမ်းခဲ့ဖူးတဲ့ မဟော်သဓာဇာတ်တော်ကြီးမှာပါတဲ့ သားတရားစီရင်ခန်း၊ နွားတရားစီရင်ခန်း၊ ရှားနှစ်တုတ်ပြဿနာဇာတ်တော်တွေကို ဇာတ်လမ်းဇာတ်ကွက်အတိုင်း အစီစဉ်တကျမြင်နေရတာအံ့သြစရာပါ။ စိတ်ထဲမှာ ခန္ဓာကိုယ်ကို တင်းကျပ်စွာတုပ်နှောင်ခံထားပြီး ခံစားနေရသလို၊ ရုန်းကန်လွတ်မြောက်အောင် အပြင်းအထန်ကြိုးစားနေရသလို မောပန်းနေပါတယ်။ ရုန်းကန်နေရတဲ့အချိန်ကြာမြင့်လာတဲ့အတွက် အားငယ်စိတ်၊ ဝေခွဲမရတဲ့စိတ်တွေလည်း တစ်ပြိုင်နက်တည်း ခံစားနေရပါရဲ့။

သေအံ့မူးမူးအဓိပ္ပာယ်ကို ပိုမိုနားလည်ခဲ့တဲ့အချိန်ပါ။ ပထမအကြိမ်ပြောခဲ့တဲ့ဥပမာနဲ့အတူတူပါပဲ။ သေခြင်းနဲ့ ရှင်ခြင်းမျဉ်းတစ်ကြောင်းပေါ် ရောက်နေတယ်လေ။

နောက်ဆုံးအကြိမ် သေအံ့မူးမူးဖြစ်နေတဲ့အချိန်မှာ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေသလို မောလွန်းတဲ့ဝေဒနာကြောင့် သတိလွတ်သွားတာပေါ့။ အသိစိတ်နဲ့အနီးမှာ အမှန်ရှိနေတဲ့ မြင်ကွင်းတွေမြင်ရတော့သလို နားမကြားရတော့ဘူး။ မျက်စိပိတ်ပြီး မျက်လွှာချထားပေမယ့် အမှန်မဟုတ်တဲ့အမြင်တွေကိုစမြင်လာတော့တာပဲ။ အာရုံစူစည်းလိုက်တော့မှ ပထမဦးဆုံး အဖြစ်အပျက်တစ်ခုကို ဇာတ်လမ်းတစ်ပုဒ်လိုသိလာတယ်။ အိပ်မက်မဟုတ်ဘူး။ စိတ်အစဉ်မှာ ဇာတ်လမ်းတွေက အမှန်ပဲလို့လည်းလက်ခံယုံကြည်လာတယ်။


ကျွပ်အိပ်နေတဲ့အခန်းထဲကို လူသုံးယောက်ဝင်လာတယ်။ သေသေချာချာမြင်ရတော့ ငယ်စဉ်ကာလကျောင်းနေဖက်သူငယ်ချင်းတွေလေ။ ဝင်လာကြတာကြည့်တော့ လမ်းလျှောက်ဝင်တာမဟုတ်ဘူး။ လေထဲမှာ လွင့်မျောလာသည်ထင်ရတယ်။ ခြေသံလည်းမကြားရပါ။ အိမ့်ရှေ့တံခါးမှားမပိတ်ဘဲဖွင့်ထားလို့လား။ ဘယ်သူဖွင့်ပေးတာပါလိမ့်။ သူငယ်ချင်းသုံးယောက်နာမည်တွေကို မှတ်မိတယ်။ မြင့်သောင်း၊ မောင်ဆင့်နဲ့ တိုးအောင်ရဲ့လေသံတိုးတိုးပြောတာကြားရတယ်။

"သူငယ်ချင်းနေမကောင်းဘူးပြောသံကြားလို့ လာမေးတာ၊ ကျန်းမာရေးဂရုစိုက်ပါတဲ့"

မြင့်သောင်းမျက်နှာ ရယ်ကျဲကျဲနဲ့ မြင်နေကျမျက်နှာပါပဲ။ ဘာမှပြောသံမကြားရဘူး။ ခဏလေးပဲကြာတယ်။ မောင်ဆင့်နှုတ်ဆက်သွားပြီးပျောက်သွားကြရော။

"စိုးကြီးရေ၊ တို့သွားပြီ"

ဆိုတဲ့အသံကြားလိုက်ပါရဲ့။ အသိမှန်နဲ့ သတိအမှန်ပြန်ဝင်လာလို့ နံရံကပ်နာရီကြီးကိုကြည့်တော့ ည (၁၁) နာရီ



www.burmeseclassic.com

www.burmeseclassic.com

(၅) မိနစ်။ နာရီမှာမြင်ရတဲ့စက္ကန့်လက်တံ မလှုပ်တော့ဘူး။ ရပ်နေပါပြီ။ ခွေးတွေ ပြန်လာတယ်။ ပြန်စဉ်းစားတော့ လန့်သွားတယ်လေ။

တိုးအောင်ဟာ ကျောက်ဆည်မှာ ကွယ်လွန်သွားရှာတာ မကြာသေးဘူး။ မြင့်သောင်းကတော့ အဆုတ်ရောဂါနဲ့ ရန်ကုန်မှာကွယ်လွန်တာ (၅)နှစ်ကျော်ပြီ။ မောင်ဆင့်ကျတော့ မူးယစ်ဆေးဝါးမှုနဲ့ ထောင်ထဲမှာသေတာ အနှစ်နှစ်ဆယ်မကတော့ပါ။ သေပြီးတို့သူငယ်ချင်းတွေ ဘာကြောင့်စုပြီးလာကြတာပါလိမ့်။ အိမ်ထဲကိုဘယ်လိုဝင်ကြတာလဲ။

အစားအစာနဲ့ရေကိုသောက်ရင်တောင် ပြန်အန်ထုတ်နေလို့ အားလုံးဝမရှိဘူး။ အိပ်သွားသလိုနစ်မြောသွားပြန်တယ်။ အသိပြန်ဝင်လာတော့ အိမ်ရှေ့ခန့်ခေါက်ကုလားထိုင်ပေါ်မှာရောက်နေပြီ။ အိမ်ရှေ့သံပန်းတံခါးကြီးပိတ်ထားပေမယ့် အပြင်ကိုကြည့်လိုက်မိတော့ အလင်းရောင်နည်းနည်းရနေပြီ။ မနက် (၆) နာရီလောက်နေမှာပေါ့။ နားထဲမှာ ဘယ်ညာဘယ်ညာဆိုတဲ့အသံတွေကြားနေရတယ်။

သံပန်းရှေ့မြင်ကွင်းမှာ ကိုယ်လက်ကြွံခိုင်ရေးလေ့ကျင့်ခန်းလုပ်တဲ့ဝတ်စုံတွေနဲ့သင်တန်းသားသင်တန်းသူတပ်စုတစ်စု။ အိမ်ရှေ့မှာ-တပ်စုမှူးက တန်းဖြုတ်တာပေါ့။ သူတို့အားလုံး သံပန်းရှေ့ရောက်လာပြီး သံပန်းကို လက်နဲ့ကိုင်ပြီး စကားတွေပြောတယ်။ ပါးစပ်တွေလှုပ်နေကြပေမယ့် အသံမကြားရဘူး။ သင်တန်းသူအချို့ငိုနေလို့ အချင်းချင်းနှစ်သိမ့်ကြတယ်။ မျက်နှာအားလုံးညှိုးငယ်နေသလိုပဲ။ ကျုပ်မနေနိုင်လို့ လှမ်းပြောလိုက်တာပေါ့။

"တပည့်တို့၊ ဘယ်သူခွင့်ပြုလို့ ဒီအထိလာကြသလဲ။ အရေးယူတော့ခံရမယ်။ ချက်ချင်းကျောင်းကိုပြန်ကြနော်"

အငြိမ်းစားမယူခင် သင်တန်းကျောင်းတစ်ကျောင်းမှာ သင်တန်းမှူးလုပ်ခဲ့တုန်းက သင်တန်းသားသင်တန်းသူတွေနဲ့ မနက် (၆) နာရီတိုင်း ကျုပ်ကဦးဆောင်ပြီး ကြွခိုင်ရေးလေ့ကျင့်ခန်းတွေ နွေစဉ်လုပ်ခဲ့ရတယ်။ ဒီတော့ ပြန်သတိရတယ်။ အငြိမ်းစားယူပြီးပြီ။ ဒီတာဝန်တွေဆိုတာ လုပ်စရာမလိုတော့ဘူးဆိုတာကိုသိတာပေါ့။

တပည့်တွေအားလုံးပြန်သွားတယ်။ သင်တန်းသူတချို့ ထိုင်ကန်တော့ကြပြီး ပျောက်သွားကြရော။ သံပန်းအနားကို အနီးကပ်ရောက်လာတဲ့ကလေးတွေမြင်ရတာ အားလုံးမှတ်မိနေတယ်။ တာဝန်ထမ်းဆောင်နေကြဆဲတွေပါ။ အဆက်အသွယ်ရှိတဲ့သူတွေရှိနေသေးပါရဲ့။ အိမ်ထဲကို သူတို့ဝင်မရ၊ စကားပြောတော့ လည်းမကြားရဘူး။ ငိုလည်းငိုကြတယ်။ ဘာကြောင့်ပါလိမ့်။

မျက်စိမှိတ်ထားပေမယ့် သံပန်းတံခါးကိုဖွင့်မထားဘဲနဲ့ စီးမျောစိမ့်ဝင်လာသလို ဝင်လာတဲ့ မိတ်ဆွေနှစ်ယောက် ရောက်လာပြန်ရော။ ကိုမျိုးနဲ့ ဘုန်းကြီးမြင့်ခင်တို့နှစ်ယောက်။ ဖောင်ကြီးဗဟို ဝန်ထမ်းတက္ကသိုလ်အတူတက်ခဲ့တဲ့အပတ်စဉ်တူသူငယ်ချင်းအရာရှိတွေပါ။ ကျုပ်နေပြည်တော်(ရုံးချုပ်)မှာ တာဝန်ထမ်းဆောင်နေတုန်း ဘုန်းကြီးမြင့်ခင်ကွယ်လွန်တယ်။ ကွမ်းတွေစားလွန်းလို့ခံတွင်းကင်ဆာနဲ့။ ဘုန်းကြီးဆိုတဲ့ ဝိသေသက မိန့်မိန့်ကြီးထိုင်ပြီး ဘုန်းကြီးလေသံနဲ့ အပေါ်စီးကပြောတတ်လို့ ပေးထားတဲ့ နာမည်လေ။ ကိုမျိုးကွယ်လွန်တာ (၃)လလောက်ရှိသေးတယ်။ စစ်ကိုင်းမှာ ကျောက်ကပ်ပျက်စီးတဲ့ရောဂါနဲ့ဆုံးတာပါ။ မကွယ်လွန်ခင် စစ်ကိုင်းဆေးရုံကို ကျုပ်သွားအားပေးသေးတာပေါ့။ (၅)နှစ်လောက်အတွေ့နေခဲ့ဖူးတာကိုး။

ကိုမျိုးကဆက်တီမှာထိုင်နေတော့ မြင့်ခင်ပြောတာ အပေါ်စီးနဲ့။ ကောင်းကောင်းကြားတာပေါ့။

"သူငယ်ချင်း၊ မင်းသေတော့မှာမို့ လိုလာကြည့်ကြတာ။ အားမငယ်ပါနဲ့၊ ငါတို့တောင် သေပြီးပြီ"

စကားလည်းဆုံးရော ဖျတ်ခနဲ ပျောက်သွားကြတာ ငှက်တွေပျံသွားသလားထင်ရတယ်။

နောက်ဝင်လာတဲ့တစ်ယောက်ကို မြင်တော့ ဝမ်းသာသွားတယ်။ ၂၀၁၂ ခု၊ ဖေဖော်ဝါရီ ၂၈ ရက်နေ့က ကျုပ်ကို လူလောကမှာ အပြီးထားသွားတဲ့ ကျုပ်အမေပေါ့။ အမေတို့အပျိုဘဝစတိုင်နဲ့ ဆံပင်အမောက်နဲ့ဖဲပြားအနက်၊ နိုင်လွန်အင်္ကျီနဲ့ဘရိုက်ကိတ်ထမီ။ ခါးမှာအထက်ဆင့်အနက်အပြားလိုက်ကထင်ရှားလိုက်တာ။ နောက်ဝင်လိုက်လာတာ ကွယ်လွန်သူကျုပ်ဖခင် ငယ်ရည်းစား။ ကျုပ်အဖေ ကွယ်လွန်တော့ အိမ်ကိုလာပြီး အမေနဲ့စကားပြောကြတာ မကြာခဏ။ အမေ့ကို ညီမတစ်ယောက်လို စောင့်ရှောက်တယ်။

အမေနဲ့သူနဲ့ကျုပ်ထိုင်နေတဲ့နေရာ ကျော်လွေကားနားမှာရပ်ပြီးရယ်လိုက် စကားပြောလိုက်နဲ့ပျောက်သွားပြန်ရော။ အမေနဲ့စကားလုံးဝမဆုံးပြောလိုက်ရဘူး။ ဝမ်းနည်းအားငယ်လာတဲ့ခံစားချက်တွေပေါ်လာလို့ မျက်ရည်ကျချင်တာပေါ့။ အမေကိုတွေ့လိုက်တာနဲ့ စကားတစ်ခွန်းပြောခွင့်မရလိုက်ဘူး။ မိတ်ဆွေသူငယ်ချင်းတွေပြောကြတာလည်း သေစကားချည်းပဲ။ အိမ်ထဲဝင်လာသမျှလူတွေ အားလုံးသေပြီးတဲ့လူတွေ။ ကျုပ်လည်း သေတော့မယ်လို့ထင်လာပြီလေ။

ဧည့်သည်တွေအဆက်မပြတ်တွေ့လာကြတာ ဒီအကြိမ်မှာအရင်လာတဲ့သူတွေနဲ့မတူတော့ပါဘူး။ ဥရောပနိုင်ငံသားနှစ်ယောက်ဟာ ဝတ်စုံအပြည့်နဲ့ အပေါက်ဝလာရပ်ပြန်တယ်။ ကျုပ်စိတ်ထဲမှာ ဇဝေဇဝါနဲ့ဘယ်တွေမှန်းမသိဘူး။ အရင်တစ်ကြိမ်မှမတွေ့ဘူးပါ။ တစ်ယောက်ကအသက်ကြီးကြီး၊နောက်တစ်ယောက်က ကြည့်ရတာ (၅၅) နှစ်လောက်ရှိလူငယ်။

"တောက် ဒီခွေး သွား သွား"

လူငယ်ပါးစပ်လှုပ်သွားပြီး မြန်မာလိုပီပီသသပြောတဲ့အသံ။ အောင်မလေးသိပြီ - ကျုပ်လိုင်းဘွဲ့ရောက်နေတုန်း ကွယ်လွန်သွားတဲ့အမေ့ရဲ့ဖခင်၊ ကျုပ်ရဲ့အဘိုး အငြိမ်းစားဆစ်တောဝန်ဦးအုန်းရဲ့အသံ မှတ်မိသွားပြီ။

"အဘိုးအိမ်ထဲကြွပါ"

အိမ်ထဲဖိတ်လိုက်တာနဲ့ သံပန်းတွေကြားထဲကို ရှောခနဲဝင်လာတယ်။ ကုလားထိုင်နှစ်လုံးပေါ်မှာရောက်တော့ လှုပ်ပုံစံမဟုတ်တော့ဘဲနဲ့ ဓာတ်ပုံအကြီးကြီးနှစ်ပုံဖြစ်သွားရော။ ကျုပ်အတွေးထဲမှာ လာသမျှလူတွေအားလုံး သေပြီးတဲ့သူတွေဖြစ်နေတဲ့အပြင် သေစကားပြောသွားကြလို့ ကိုယ့်ကိုယ်ကိုယ်သေတော့မှာလို့ယုံကြည်လာတယ်။အခြားကိစ္စတွေ ဘာမှမပြောဖြစ်ပြီး သိချင်တာကိုတိုက်ရိုက်မေးလိုက်တာပေါ့။

"အဘိုး ကျွန်တော်သေတော့မယ် ဆိုတာ ဟုတ်လား"

ကျုပ်မေးလိုက်တာ ဓာတ်ပုံက အဘိုးအသံနဲ့ပြောလိုက်သူကိုပေါ့။ အသက် (၅၅) နှစ်လောက် နိုင်ငံခြားသားလူဖြူသိသိသာသာခေါင်းညိတ်ပြတယ်။ စကားတော့မပြောဘူး။ ကျုပ်ထပ်မေးလိုက်တယ်။

"ဘယ်တော့ လဲမှာလဲ အဘိုး"

ကျုပ်မေးလိုက်တဲ့အခါ ဓာတ်ပုံပေါ်မှာလူရဲ့ဓာတ်ပုံပျောက်ပြီး တိုတိုတစ်လုံးမျက်နှာပြင်ပေါ်လာတယ်။အရောင်

www.burmeseclassic.com

www.burmeseclassic.com

တွေမျိုးစုံလင်းလိုက်မှိန်လိုက်နဲ့ နေ၊ လ၊ ကြယ်ပုံတွေ၊ မီးပန်းရဲ့အလင်းစက်တွေပေါ် လာတာတွေ့ရတာပေါ့။ ကြည့်နေရတာ နားမလည်ဘူး။ အဓိပ္ပာယ်ဖော်ကြည့်တာလည်း အဆင်မပြေပါ။ ခေါင်းတွေပိုမူးလာတယ်။

"နားမလည်ဘူး အဘိုးရေ။ ကျွန်တော် တစ်၊ နှစ်၊ သုံးရေမယ်။ သေမယ့်အချိန်ခေါင်းညိတ်ပြ ဒါမှသိမှာပေါ့"

ဓာတ်ပုံပေါ် မှာလူရုပ်ပြန်ပေါ် လာတယ်။

"တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး"

ဓာတ်ပုံငြိမ်နေတာပဲ။

"ခြောက် ခုနှစ် ရှစ်"

ခေါင်းညိတ်ပြလိုက်သည်ထင်လိုက်တယ်။ သိပ်မထင်ရှားပါ။

"ကိုး၊ တစ်ဆယ်"

ရေတွက်တာ တစ်ဆယ်လည်း ရောက်ရော ဓာတ်ပုံက သိသိသာသာသုံးကြိမ် ခေါင်းညိတ်တာမြင်လိုက်ရတာပဲ။ တစ်ဆယ်သေမှာတဲ့။

"အဘိုး၊ တစ်ဆယ်ဆိုတာ ရက်လား၊ လလား၊ နှစ်လား"

မေးမိအောင်မေးလိုက်ပေမယ့် ဆက်တီပေါ်မှာ ဘာပုံမှမရှိတော့။

မူလစိတ်အသိပြန်ဝင်လာတော့ အိပ်ရာနိုးလာသလိုပဲ။ ပြန်စဉ်းစားမိပြန်မေတော့ အိပ်မက်လည်းမဟုတ်။ ဟိုရောက်ဒီရောက် အဆက်အစပ်မရှိတာလည်းမဟုတ်။ တကယ်ကို ဇာတ်လမ်းဇာတ်ကွက်နဲ့သရုပ်ဆောင်လူစုံတက်စုံနဲ့ပါ။ နောက်ကွယ်မှာ တစ်စုံတစ်ယောက်က အစီစဉ်တကျလုပ်ပေးနေသလိုပဲ။

နာရီကြည့်တော့ မနက် (၄) နာရီထိုးပါပြီ။ နံနက်ကပ်နာရီကြီးရပ်နေတာည (၁၁) နာရီ (၅) မိနစ်ပါပဲ။ မူးဝေကိုက်ခဲနာကျင်ဝေဒနာကို ပြန်ခံစားရပြန်ပြီ။ ည (၁၁) နာရီ (၅) မိနစ်နဲ့ မနက် (၄) နာရီကြား မျက်စိမှိတ်ထားလျက်နဲ့ ဝင်လာတဲ့ဖြစ်စဉ်တွေက သေအံ့မူးမူး အချိန် ဝေခြင်းနဲ့ ရှင်ခြင်းကြား မျဉ်းတစ်ကြောင်းပေါ် မှာရှိနေတုန်း ဝိညာဉ်တွေလာပြီး ကြိုတင်သတိပေးကြတာနေမှာပေါ့။

တစ်ဆယ်မှာသေမယ်ဆိုတာ ရက်၊ လ၊ နှစ် သိချင်လိုက်တာလို့ တစ်ယောက်ယောက်ကိုမေးချင်တဲ့ဆန္ဒတွေပြင်းပြနေတယ်။ ဖြေနိုင်မယ့်လူရှိရင်ပေါ့။ သေတော့မယ်ဆိုတဲ့အသိကိုလည်း ပိုပိုပြီး ယုံကြည်လာပြီလေ။

မျက်စိပြန်မှိတ်လိုက်တာနဲ့ အခန်းထဲက အိပ်ရာထဲကိုပြန်ရောက်နေပြီ။ ဝင်လာပြန်တာမြင်ရတဲ့သူတွေနှစ်ယောက်မမကေသီနဲ့ သူမောင်လေး ကိုသူရတို့မောင်နှမ။ ကျွပ် တာမွေမြို့နယ်မှာတာဝန်ထမ်းဆောင်ခဲ့စဉ် လူမှုရေးအကူအညီတွေပေးခဲ့ဖူးလို့ ခင်မင်တဲ့မိသားစုထဲကပါ။ မမကေသီက လက်ထဲမှာပါလာတဲ့အထုပ်ကြီးတစ်ထုပ်ပေးတယ်။ လူမမာလာမေးတဲ့အနေနဲ့နေမှာပေါ့။

"ကိုအောင်၊ မသေခင်စားရအောင်"

လို့တဲ့ဗျာ။

ကိုအောင်လို့ခေါ် တာခေါ် နေကျပေးမယ့် မသေခင်စားရအောင်ဆိုတဲ့စကားက အသံချိုသလောက် နားထဲမှာခါးလိုက်တာ။ မမကေသီလည်းသိနေပြီပဲ။

"ဘယ်တော့သေမှာလဲအစ်မရယ်။ သိရင်ပြောပြပါလား"

မမကေသီ လက်နဲ့နံရံကိုပြတယ်။ ကျွပ်အဘိုးပြသလို အရောင်တွေအရိပ်တွေ လင်းလိုက်မှိန်လိုက်နဲ့ တောတောင်မြစ်ချောင်းလိုသဏ္ဌာန်အမျိုးမျိုးပါတယ်။ ဘယ်လိုစဉ်းစားကြည့်လို့မှမရဘူး လက်လျှော့လိုက်တယ်။

"ကိုသူရရေ ကိုယ့်ကိုရှင်းအောင်ပြောပါကွာ"

မမကေသီမောင်ဖြစ်သူ ကိုသူရကို အကူအတောင်းလိုက်တော့ပေါ့။ ကိုသူရပြတာ တစ်ကွက်တည်းပဲ။ နံရံပေါ် မှာပုံရိပ်က လူ(၁၀)ယောက်ရဲ့ပုံ။ သေသေချာချာကြည့်ထားလိုက်တာ ယောက်ျားတွေချည်းပဲ။

"လူတွေပါလား"

သူတို့မောင်နှမလည်းမရှိတော့ဘူး။ ဘယ်လိုထွက်သွားသလဲမမြင်လိုက်ရတော့ဘူး။ ကိုသူရပြသွားတဲ့ ယောက်ျား(၁၀)ယောက်ပုံကို အဓိပ္ပာယ်ဖော်လို့မရဘူး။

မိုးလင်းတာနဲ့ သင်္ကြန်အကျနေ့ရောက်လို့ ပိတောက်ရနံ့သင်္ကြန်သီချင်းသံတွေလွှင့်ပျံ့လာတယ်။ သမီးရောက်လာပြီး လိုအပ်သမျှလုပ်ပေး၊ ဆေးတိုက်၊ သင့်တင့်တဲ့အာဟာရကျွေးလို့ နည်းနည်းတော့သက်သာလာတယ်။ သားလည်း သင်္ကြန်ရက်ရုံးပိတ်လို့ ကျွပ်နားလာပြုစုတာနဲ့ အိပ်ပျော်သွားပြီ ဘာမှမမြင်မသိတော့ဘဲ အမှန်တကယ်နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာပေါ့။ အိပ်ရေးဝတော့ သွေမယ့်ကိစ္စတွေ သတိရလာပြန်တယ်။ အဖြစ်အပျက်တွေမှန်သမျှစုစည်းပြီးခွဲခြားစိတ်ဖြာကြည့်တာပေါ့။ သတိလွတ်နေတဲ့အချိန်မှာ လာသမျှလူတွေထဲမှာ အိမ်ထဲကိုဝင်လာပြီး စကားပြောကြတဲ့လူတွေက သေပြီးတဲ့လူတွေချည်းပဲ။ ပြောသမျှ စကားတွေအားလုံး ကျွပ်သေမယ့်ကိစ္စတွေ။

အသက်ရှင်နေတဲ့လူတွေမှန်ရင် အိမ်ထဲမဝင်နိုင်ကြဘူး။ သူတို့နဲ့စကားအပြန်အလှန်ပြောလို့လည်းမရဘူး။ သေမှာကိုအတည်ပြုသွားတာ အဘိုး။ အမေကလည်း လာနှုတ်ဆက်သလိုနဲ့ သေစကားမပြောပါလား။ အဘိုးပြောတာ တစ်ဆယ်ဂဏန်းသေချာတာပေါ့။ သေမယ့်ရက်၊ လ၊ နှစ်၊ နှုတ်ကပ်မပြောဘဲ ရုပ်ပုံနဲ့ပြတာမရှင်းလင်းဘူး။ မမကေသီကိုမေးတော့ သူပြတဲ့ရုပ်ပုံတွေကလည်း အဓိပ္ပာယ်ဖော်မရဘူး။

မောင်သူရပြောတာ ရှင်းတယ်။ ယောကျ်ား (၁၀) ယောက် ဘယ်လို အဓိပ္ပာယ်ဖော်ရမလဲ။ လူတွေရဲ့သေမယ့်အချိန်၊ ရက်၊ နေရာ၊ ရောဂါ ဝေဒနာကို ဘယ်သူမှမသိကြဘူးတဲ့။ သေခြင်းရဲ့အခြားတစ်ဖက်မှာရှိတဲ့ဝိညာဉ်တွေသိကြသလား။ မပြောရဘူးလို့ တစ်စုံတစ်ယောက်က တားမြစ်ထားလို့ သွယ်ဝိုက်ပြီးပြောကြတာလား။

အကြိန်အကျ၊ အကြတ်၊ အတက်သုံးရက်မှာ အစကပြောခဲ့သလို စိုးရိမ်စိတ်နဲ့ကြောက်စိတ်တွေဝင်နေတယ်။ နှစ်ဆန်းတစ်ရက်နေ့ရောက်တော့ မနေနိုင်တော့ဘူး။ သားနဲ့ သမီးကို ပြောပြလိုက်တာပေါ့။ သမီးဘာမှမပြောပါဘူး။ သားကရယ်ပြီးစကားပြန်ပြောတယ်။ နှစ်သိမ့်တာပေါ့။

"အစွဲအလမ်းမထားပါနဲ့ အဖေရယ်။ ရောဂါဝေဒနာကြောင့် ထင်မိထင်ရာထင်မြင်လို့နေမှာ။ အခုလည်းနေကောင်းလာပြီပဲ"

"ဟ-သားရ ထင်မိထင်ရာဆိုရင်တောင် အကြောင်းအကျိုးဆက်နေတယ်။ တစ်ဆယ်ဆိုတဲ့ဂဏန်းက ရက်၊ လ၊ နှစ် မသိတာသိချင်တယ်။ သားရယ် နေတာနားထောင်ပြီး သိပ်မကျေနပ်ဘူး"

"အဲဒါတွေက အဖေ့စိတ်ကူးမှာဖြစ်တဲ့ One Man Show တစ်ယောက်တည်းပြတဲ့ဇာတ်တွေပါ။ အယုံအကြည်မရှိပါနဲ့တော့"

ကျွပ်ဦးနှောက်ထဲကို အားကိုက်စိုက်ဝင်လာတယ်။ One Man (လူတစ်ယောက်) Ten Men (လူဆယ်ယောက်) Man, Men ဆိုတော့ M ကိုယူရင်

www.burmeseclassic.com

www.burmeseclassic.com

ပန်းမော်ညိုသူ
သင်္ချိုလုံးစားနှုန်းပြီး စာသင်ကျောင်း ဆောင်နေပါသလား
ကျွဲကျေဒီနာက စာတွဲစာညီလေးပါလိမ့်မယ်

ပန်းမော်စည်ပင်သာယာကနေပြီး မြေနုရပ်ကွက်မှာ မိုးမလင်းစေးကို ခေတ္တ လာဖွင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပန်းမော်မြို့တွင်းလမ်းမများအား နှိုင်းလွန်ကတ္တရာခင်းနေလို့ဖြစ်ပါတယ်။စာရေးသူရဲ့အိမ်နားမှာ စေ့ဖြစ်နေတော့ မကြာခဏ စေးကိုပတ်ပတ်ကြည့်မိပါတယ်။လူအမျိုးမျိုးမြင်ရသလို ဟင်းသီးဟင်းရွက်သီးနှံများ၊ သားငါးများ၊ ကုန်ခြောက်များ စတဲ့ ပစ္စည်းအမျိုးမျိုးကို တွေ့မြင်ရပါတယ်။

တစ်ရက်မှာ ကချင်အမျိုးသမီးများရောင်းချနေတဲ့တောင်ပေါ် သီးနှံများကိုတွေ့လို့ ဝင်ပြီးလေ့လာလိုက်ပါတယ်။ အဲဒီမှာ စာရေးသူအလှမ်းဝေးခဲ့တဲ့ ကချင်ပူဒီနာအပင်များကိုအစည်းလေးများလုပ်ပြီး ရောင်းချနေတာကို တွေ့လိုက်ရလို့ အလွန်ဝမ်းသာသွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကချင်ပူဒီနာဆိုတာ အလွန်အဖိုးတန်တဲ့ကချင်တို့ရဲ့ တိုင်းရင်းဆေးဖြစ်လို့ပါ။ စာရေးသူဟာ ပဝကခေတ်က ဆိုင်မန်နေဂျာဘဝနဲ့ ကိုက်ထိပ်တောင်ပေါ်မှာနေခဲ့ရပါတယ်။ ကေအိုင်အေက ထနေတော့ ကားလမ်းတွေကို ပိတ်ထားပါတယ်။ စားစရာဟင်းလျာကမရှိတော့ တောင်အောက်မှာရှိတဲ့ ကချင်ရွာလေးမှာ ကချင်တိုင်းရင်းသားတွေနဲ့ပေါင်းပြီး ဟင်းအတွက်စီမံရပါတယ်။ တစ်ခါတစ်ခါ သူတို့ကျွေးတဲ့ထမင်းများကိုစားရပါတယ်။ ထမင်းပွဲမှာ သူတို့ရှာထားတဲ့သားငါးလေးများနဲ့ အရွက်စိမ်းတစ်မျိုးကို ပဲငါးပိနဲ့သွတ်ထားထဲ့ဟင်းတစ်ခွက်က အမြဲပါနေတာတွေ့ရလို့ စာရေးသူက -

"ဒီဟင်းကဘာအရွက်နဲ့သုပ်ထားတာလဲ" လို့မေးတော့ -

"ဒီအရွက်ဟာ ကျွန်တော်တို့ကချင်တိုင်းရင်းသားတွေ အစဉ်သုံးတဲ့ ကချင်ပူဒီနာလို့ခေါ်ပါတယ်။ ဒီအရွက်ဟာ လူတွေရဲ့နှလုံးအားကိုအလွန်ကောင်းစေတယ်။ နောက်ပြီးအသက်ဝဝရှူနိုင်ပြီး အမောအပန်းကိုလုံးစေပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ကချင်တွေဟာ အသက်ကြီးလာပေမယ့် တောင်တက်တောင်ဆင်းလုပ်နိုင်ကြတာပါ ဆရာ"

ဦးမရမ်ဂမ်ရဲ့ပြောကြားချက်ကို စာရေးသူအလွန်စိတ်ဝင်စားသွားပါတယ်။ ဒါကြောင့် ထမင်းပွဲမှာရှိနေတဲ့ ကချင်ပူဒီနာသုပ်ကို မြည်းလိုက်ပါတယ်။ ဘယ်လိုအနံ့များလဲမသိဘူး၊တစ်မျိုးကြီးဖြစ်နေတယ်။ စားနေမကျလို့ဇော်းမသိဘူး၊ မစားနိုင်ခဲ့ပါဘူး။

ဦးဂရမ်ဂမ်က -

"ဆရာ စားနေမကျလို့ပါ နောက်ဆိုရင် ဆရာကြိုက်သွားမှာပါ"

ကိုက်ထိပ်တောင်ပေါ်မှာ (၃) နှစ်ကြာခဲ့ပါတယ်။ ကချင်တိုင်းရင်းသားတွေနဲ့စားရင်းသောက်ရင်းကနေ တစ်စတစ်စနဲ့ ကချင်ပူစီနံကို စာရေးသူတော်တော်ကြိုက်သွားပါတယ်။ ထမင်းပွဲမှာ ပူစီနံမပါခဲ့ရင် ပြည့်စုံမှုမရှိတဲ့ထမင်းပွဲလို့ ထင်မြင်ခဲ့ပါတယ်။ ကိုက်ထိပ်တောင်ပေါ်ကနေပြီး မြစ်ကြီးနားကိုပြောင်း၊ မြစ်ကြီးနားကနေ မိတ္ထီလာ၊ရန်ကုန်၊မန္တလေးပြောင်းနဲ့ပင်စင်ယူခဲ့ပြီး နှစ်ပေါင်း (၄၀) ကျော်ကြာမှ ကချင်ပူစီနံကိုပြန်တွေ့လိုက်ရတော့ စာရေးသူ ဝမ်းသာမဆုံးဖြစ်သွားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးမရမ်ဂမ်ပြောခဲ့တဲ့ ကချင်ပူစီနံအရွက်ဟာ လူတွေရဲ့နှလုံးအားကို အလွန်ကောင်းစေတယ်။ ခန္ဓာကိုယ်ရဲ့သွေးလည်ပတ်ကိုမူလည်းကောင်းစေပါတယ်။ဒါကြောင့်ကျွန်တော်တို့ကချင်တွေဟာ အသက်ကြီးလာပေမယ့် တောင်တက်တောင်ဆင်းလုပ်နိုင်ကြတာပေါ့ ဆရာ"

ဆိုတဲ့စကားကို အမှတ်ရသွားလို့ပါ။

အခု စာရေးသူ အသက် (၈၀) ရှိလာပြီ။ နှလုံးအားမကောင်းတော့ဘူး။ နှလုံးလမ်းကြောင်းကျဉ်းပြီး အသက်၍ မဝဖြစ်နေတယ်။ ဒါကြောင့် ကချင်ပူဒီနာကိုပဲ အမြဲတမ်းသုပ်စားပြီး ကျန်းမာရေးကိုစောင့်ရှောက်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတော့တယ်။

ပန်းမော်ညိုသူ

Month ပေါ့။ Calender month ပြက္ခဒိန်လပါလား။ Ten Men ယောကျ်ားဆယ်လောက်ကိုပြတဲ့အဓိပ္ပာယ်(တစ်ဆယ်လ) သေချာပြီ။ ဆယ်ရက်နဲ့မသေရသေးဘူး။ ဆယ်နှစ်လည်းမနေရဘူး။ ဆယ်လနေရင် သေမယ်ပေါ့။ အခု ဇပြီလ။ ၂၀၁၉ ဖေဖော်ဝါရီလလောက်သေမယ်လို့ပြောတာ။

အချိန်လည်းပါတယ်။ ဆက်စပ်မိပြီ။ နံရံကပ်နာရီကြီးရပ်သွားတဲ့ (၁၁) နာရီ (၅) မိနစ်။ လနဲ့ အချိန်ခန့်မှန်းမိတော့ ရောဂါက လက်ရှိရောဂါ သေမယ့်နေရာပြောရရင် အိမ်နဲ့ဆေးရုံပေါ့။ ဘယ်မှမသွားတော့တာကြာပြီလေ။

ပိုသေချာအောင် မသေချာတဲ့အချက်တစ်ခုကို စုံစမ်းကြည့်လိုက်သေးတယ်။ မမကေသီတို့မောင်နှမကို မတွေ့တာကြာနေပြီ။ဃုပ္ပါးကိုဘုရားဖူးသွားရင်းကားမှောက်လို့သေတယ်တဲ့။

ကျွပ်အနေနဲ့ ဆယ်လကြာရင် သေမယ်လို့စွဲလမ်းနေတယ်။ ဘယ်တတ်နိုင်မလဲ။ လူဆိုတာသေရမှာပဲ။ လွဲချော်လို့မရဘူး။ ဆယ်လဆိုတဲ့အချိန်အတွင်း ပြင်ဆင်ရတော့မယ်။

ဒီအကြောင်းက တမလွန်ဝိညာဉ်တွေအသိပေးကြတဲ့ ကျွပ်သေမယ့် လနဲ့ အချိန်ပေါ့။ စိတ်ကူးယဉ်တဲ့လုပ်ကြံဇာတ်လမ်းမဟုတ်ပါဘူး။ ယုံချင်ယုံ မယုံချင် နေပေါ့။

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ကျွပ်မသေရင် သေအံ့မူးမူးထင်ရာမြင်ရာတွေပြောတယ်လို့မှတ်ယူကြပါတော့။


အကယ်၍များ ကျွပ်သေသွားတဲ့သတင်းများ နာရေးကြော်ငြာမှာ ဖော်ပြကြရင် တမလွန်မှအသိပေးခံသေမယ့်လနဲ့ အချိန်မှန်တယ်လို့ မှတ်ယူလိုက်ကြပါလို့ပြောပါရစေတော့ဗျာ။

အောင်ရဲကျော်စိုး(ကေအေအေ)


www.burmeseclassic.com

www.burmeseclassic.com


၂၀၁၀ ခုနှစ်၊ စက်တင်ဘာလအတွက်
စီပွားရေးဗေဒင်ဟောကိန်း
မင်းရှိန်အောင်



၁-၉-၂၀၁၀ နေ့ သာယနဇာတာခွင်



၁၁-၉-၂၀၁၀နေ့ သာယနဇာတာခွင်



၂၁-၉-၂၀၁၀ နေ့ သဃာနဇာတာခွင်

ပထမ (၁၀) ရက်တာကာလတွင် ရွှေစျေးကွက်အတက်နှေးအကျနှေးမည်။ ငွေကြေးစျေးကွက်အေးစက်လာမည်။ ကျောက်မျက်စျေးကွက်တို့မတည်ငြိမ်ဖြစ်တတ်။ သို့သော် အမြင့်စျေးမျှော်နိုင်သည်။ အစုရှယ်ယာစျေးကွက်ထိုင်းမှိုင်းမည်။ ဆေးနှင့်ဆက်စပ်ပစ္စည်း၊ သစ်နှင့်ဆက်စပ်ပစ္စည်းစျေးကွက်ရပ်တန့်နေမည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့်စာနယ်ဇင်းဆိုင်ရာစျေးကွက်တို့မငြိမ်သက်။ အကျဘက်ယိုင်သည်။ ဖက်ရှင်နှင့် အလှအပ၊ ဟိုတယ်ခရီး၊ အနုပညာ၊ သယ်ယူပို့ဆောင်ရေး၊ ယာဉ်ကားဆိုင်ရာစျေးကွက်လှုပ်ခတ်သော်လည်းတက်စျေးမိနိုင်သည်။ လျှပ်စစ်၊ အယ်လီထရွန်နစ်နှင့် အိုင်တီပစ္စည်းဆိုင်ရာစျေးကွက်သိပ်မကောင်း၊ ကျစျေးမိတတ်မည်။ အိမ်ခြံမြေစျေးကွက်၊ ဆောက်လုပ်ရေးစျေးကွက်ပုံမှန်မဟုတ် အပြောင်းအလဲမြန်ဆန်မည်။ စိုက်ပျိုးမွေးမြူစျေးကွက်၊ ရေလုပ်ငန်းစျေးကွက်ဆိတ်ငြိမ်နေမည်။

ဒုတိယဆယ်ရက်ကာလတွင် ရွှေစျေးကွက်အေးစက်နေမည်။ ငွေကြေးစျေးကွက်မငြိမ်သော်လည်း တက်စျေးမိတတ်မည်။ ကျောက်မျက်စျေးကွက်ငြိမ်သက်နေမည်။ အစုရှယ်ယာစျေးကွက်ထိုင်းမှိုင်းနေမည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းစျေးကွက်နှေးကွေးနေမည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့် စာနယ်ဇင်းဆိုင်ရာစျေးကွက်အတက်နှေးအကျနှေးနေမည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာ၊ ဟိုတယ်ခရီး၊ သယ်ယူပို့ဆောင်ရေး၊ ယာဉ်ကားဆိုင်ရာစျေးကွက်ထုံထိုင်းနေမည်။ လျှပ်စစ်၊ အီလက်ထရွန်နစ်၊ အိုင်တီဆိုင်ရာစျေးကွက်ကျရိပ်တက်ရိပ်ငြိမ်နေမည်။ အိမ်ခြံမြေစျေးကွက်၊ ဆောက်လုပ်ရေးလုပ်ငန်းစျေးကွက်အေးခဲနေမည်။ ရေလုပ်ငန်းစျေးကွက်အမြင့်စျေးမျှော်ရသော်လည်း စိုက်ပျိုးမွေးမြူစျေးကွက်ငြိမ်သက်နေဦးမည်။

တတိယဆယ်ရက်တာကာလတွင် ရွှေစျေးကွက်အနည်းငယ်လှုပ်ရှားမှုရှိလာမည်။ ငွေကြေးစျေးကွက်အကျအမြန်အတက်နှေးမည်။ ကျောက်မျက်စျေးကွက်သိပ်မကောင်းသေး။ အစုရှယ်ယာစျေးကွက်ငြိမ်နေဦးမည်။ သစ်နှင့် ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းစျေးကွက် မျှော်လင့်ချက်တွေ့လာမည်။ ဖုန်းနှင့်ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့် စာနယ်ဇင်းဆိုင်ရာစျေးကွက်နှိုးထလာမည်။ ဖက်ရှင်နှင့်အလှအပ၊ ဟိုတယ်ခရီး၊ အနုပညာ၊ သယ်ယူပို့ဆောင်ရေး၊ ယာဉ်ကားဆိုင်ရာစျေးကွက်သိပ်မကောင်းသေး။ အိမ်ခြံမြေစျေးကွက်၊ ဆောက်လုပ်ရေးစျေးကွက်ဆိတ်ငြိမ်နေမည်။ အီလက်ထရွန်နစ်၊ အိုင်တီ၊ လျှပ်စစ်စျေးကွက်ထုံထိုင်းနေမည်။ စိုက်ပျိုးမွေးမြူစျေးကွက်ရပ်နေသော်လည်းရေလုပ်ငန်းစျေးကွက်လှုပ်ခတ်မှုများနေမည်။

မင်းရှိန်အောင်

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမ္ဘအဆက်)

မေသူက သူကိုကြည့်၍ အတတ်ခနဲရယ်လိုက်၏။ သူစိတ်ထဲ မလုံမလဲဖြစ်သွားသည်။ မေသူစိတ်ထဲ မလှမမများမြင်သွားသလားဟုလည်း စိုးရွံ့မိသွားသည်။

"ဘာရယ်တာလဲ"

"မရယ်ပါဘူး၊ ကြည့်ကောင်းလို့ပါ"

အောင်တိုင်၏ ဝတ်ဆင်လာမှုကို မေသူ သဘောကျသွားသည်မှာတော့ အမှန်။ သူမျက်စိထဲမှာ ဂျင်းဘောင်းဘီနှင့် ထီရှပ်ဝတ်၍လာသော အောင်တိုင်နှင့် ဆက်နွယ်ကာ ဂျင်းဘောင်းဘီနှင့် တီရှပ်ဝတ်ပြီး ခါးတွင် ပလိုင်းနှင့် ပခုံးတွင် ငါးဖမ်းကွန်နှင့် ချိုင်းကြားတွင် ရေဒီယိုလွယ်၍ သုံးလေးရာတန်နာရီပတ်ကာ ငါးဖမ်းထွက်သွားနေကြသော အောင်တိုင်တို့အရွယ်လူငယ်အချို့ကို မျက်စိထဲမြင်ယောင်မိသဖြင့် စိတ်ထဲ ရယ်ချင်ပက်ကျိုဖြစ်သွားခြင်းဖြစ်သည်။

သုံးလေးနှစ်အတွင်း သူတို့ရွာက လူငယ်လူရွယ်၊ယောကျ်ားမိန်းကလေးများဝတ်စားဆင်ယင်မှုများ အချိန်တိုတိုနှင့်ပြောင်းလဲနေကြသည်မှာ အချိုးစားမမျှသလိုဖြစ်နေသည်။ မိန်းကလေးများဆိုလျှင်လည်း နှုတ်ခမ်းနီ၊ ပါးနီ၊ ရေစိုထဘီဝတ်လာကာ ခါးကြားထဲက ဆေးလိပ်တို၊ ဆေးရွက်ကြီးတွေကို ထုတ်ငုံကြသော အခါ နံနံစော်စော် သူတို့ဝတ်ဆင်လာမှုနှင့် သူတို့အလုပ်အကိုင်တွေမှာ သဟဇာတမဖြစ်သလိုမဟီတွင် ကျောင်းနေခဲ့ရသော မေသူမျက်စိထဲ ကန့်လန့်မြင်နေ၏။

အောင်တိုင်သည် ရွှေရောင်အပတ်နှင့် ဆေးပြင်းလိပ်သေးသေးလေးကို ပါးစပ်ထဲ ဂိုက်ဆိုက်အပြည့်နှင့်ခဲထားပြီး မေသူ့ရှေ့က ရေနံဆီမီးခွက်ကို လှမ်းယူ၏။

"မီးခွက်မီးသေသွားပါဦးမယ်နော်၊ ရေနံဆီမီးခွက်နဲ့ ဆေးလိပ်မီးညှိရတယ်လို့။ ဂတ်(စ်)လိုက်တာမီးခြစ်တစ်လုံးဝယ်ထားပါလား"

"မီးသေသွားရင် ပိုမကောင်းဘူးလား"

"တော်တော်ဉာဏ်များနော်"

"တောင်လေပေါက်လာပြီး လှိုင်းအုံသဲတွေ. . . "

အောင်တိုင် စကားမဆုံးမီပင် မေသူက ဆီမီးခွက်ကိုလှမ်းလုရ၍ ထောင့်တွယ်သို့ရွှေ့ထားလိုက်၏။



ဖိုးကျော့ ဒုတိုက္ကန္တရမြို့တော်

သူရဿမင်္ဂဝင်း၊ အခန်း၊ ဆက်ဝေဆုရှည်

www.burmeseclassic.com

www.burmeseclassic.com

"ရော့ - ဒီမှာမီးခြစ် ဒါနဲ့ညီ"

မေသူ ဆီးဆီးဆတ်ဆတ်ကောက်ပေးလိုက်သောမီးခြစ်နှင့် မေသူ့လက်ကို ရောဆုပ်ပစ်လိုက်၏။ မီးရောင်ထဲတွင် မေသူ၏မျက်စောင်းက ဝင်းဝင်းလက်သွားသည်။ အောင်တိုင်က အဟက်ခနဲ တစ်ချက်ရယ်လိုက်၏။

"ဘာရယ်တာလဲ"

"လှလို့ပါ၊ မီးခွက်မှုတ်လိုက်မယ်နော်"

"မလုပ်ပါနဲ့၊ သူများစိတ်ညစ်ရတဲ့ထဲ"

"ဟင် - ဘာလို့စိတ်ညစ်တာလဲ မေသူ။ တို့တော့ ညှတွေဆိုအိပ်မပျော်ဘူး။ ဟိုနေ့က..."

"ကြည့် - စိတ်ညစ်ပါတယ်ဆိုမှ ဘာတွေလာပြောနေမှန်းမသိဘူး"

"ဘာလို့စိတ်ညစ်တာလဲလို့၊ ကိုယ်တို့တော့ သိပ်ပျော်တယ်။ မေသူမပျော်..."

"ပျော်နိုင်မလား"

"ဘာဖြစ်လို့လဲ"

"အဖေမိန်းမ ဟိုဘက်ကမ်းထွက်ပြေးသွားလို့"

"ဟင်... ဘာဖြစ်လို့လဲ၊ မေသူနဲ့ ရန်ဖြစ်ကြလို့လား"

"မေသူနဲ့ဘာမှမဖြစ်ပါဘူး။ အမ်းကူက တရှောင်ရှောင်ဖြစ်နေတာကြာတော့ မပြုစုချင်လို့ နေမှာပေါ့"

အောင်တိုင်ရင်ထဲ ကတုန်ကယင်ဖြစ်နေရင်းက သက်မချမိ၏။ မေသူ့အဖေ အပြင်ထွက်ထိုင်သည်ကို မမြင်မိတာတော့ကြာပြီ။ သို့သော် ဘာဖြစ်နေမှန်းတော့ အောင်တိုင်မမေးမိ။

"ခု အမ်းကူဘယ်လိုနေသေးလဲ"

"ဆေးရှူရရင်တော့ သက်သာနေတာပဲ။ ဆေးမရှူရတဲ့နေ့ဆို အိပ်ရာထဲကမထဘူး၊ တညည်းတညည်းညည်းညည်းနေတာ

"ခုတော့ ညည်းသံမကြားပါလား"

"စျေးဝယ်လာသူတွေရှိရင် မညည်းပါနဲ့ပြောထားရတယ်"

"ဟိုတုန်းကလည်း ရှူနေကျပဲ မဟုတ်လား။ ကနုကမာငုပ်တဲ့လူတွေနဲ့ အချို့အပျော်တောင်ရှူကြသေးတာပဲ"

"အပျော်ရှူတာကအကြောင်းမဟုတ်ဘူး။ အခု အမ်းကူ



www.burmeseclassic.com

www.burmeseclassic.com

ကစွဲနေတာ။ ဟိုတုန်းကတော့ မချူရလည်း နေနိုင်တယ်တဲ့။ အခုမချူရရင် အိပ်ရာကကိုမထတော့ဘူး။ စိတ်ညစ်ပါတယ်၊ ဘာလုပ်ပြန်ပြီလဲ။ မီးခွက်ကိုမရွှေ့ပါနဲ့"

"မ. . . မဟုတ်ပါဘူး၊ ဒါဆိုလည်း အမ်းကူကိုဝယ်ပေးပေါ့၊ မေသူရယ်"

သူလက်က မီးခွက်သွားကိုင်မိသဖြင့် မေသူကအော်၏။ မေသူအော်တော့ ရင်ခုန်သံပင်ပျောက်သွားသည်။

"အပြောလွယ်လိုက်တာ၊ ဘယ်မှာလဲ တစ်နေ့ သုံးလေးဆယ်ဖိုးပိုက်ဆံ"

"ဆိုင်က အခုဆို ပစ္စည်းတွေစုံလို့ ပိုရောင်းရတာပဲမဟုတ်လား"

မေသူက အောင်တိုင်ကိုကြည့်၍ မဲ့ပြုံးတစ်ချက်ပြုံး၏။

"ဒီဆိုင်က မေသူတို့ဆိုင်မှမဟုတ်တာ၊ ရောင်းရငွေစာရင်းနဲ့ အတိအကျ ပြန်အပ်ရတာ"

"ဟင်. . . ဘယ်သူ့ဆိုင်လဲ"

အံ့သြ၍ မေးမိလိုက်၏။

"ဆိုင်ကတော့ မေသူတို့ဆိုင်ပဲ၊ ပစ္စည်းကတော့ မေသူတို့ပစ္စည်းမဟုတ်ဘူး။ မေသူတို့ပစ္စည်းဆိုလို့ ဗလိန်တစာစုံစီနဖာလောက်ပဲ။ အဝတ်အထည်တွေကစပြီး အစ်ကိုကြီးလာတင်ထားတဲ့ပစ္စည်းတွေပါ။ မေသူတို့ကရောင်းပေးခလောက်ပဲရတာ။ အမ်းကူရဲ့ ပသျူးမကလည်း အမ်းကူဆိုင်ထင်မှာပေါ့။ သိလည်းသိရောလစ်ပြေးတော့တာပဲ"

မေသူပြောမှအကြောင်းစုံသိလိုက်ရ၏။ မေသူစကားကြောင့် သူလည်း စိတ်ထိခိုက်မိ၏။ မေသူတို့ဆိုင်၊ မေသူတို့ပစ္စည်းဟုထင်ခဲ့ရာမှ ယခုတော့ စျေးကြီးစျေးမြင့်ပစ္စည်းတွေမှာ အစ်ကိုကြီးလာတင်ထားတာဆို၏။ အစ်ကိုကြီးက စက်လေ့ပျက်၍သေသွားသော သူ့အစ်ကိုလို စီးပွားရေးမျက်စိရှိသူ။ ထို့ကြောင့်လည်း သူတို့ဘိုးစဉ်ဘောင်ဆက်လွှင့်ပစ်ထားခဲ့ကြသော အဆိုးခဲ့တွေကိုတောင် ပိုက်ဆံရအောင်လုပ်တတ်သူ။

ရုတ်တရက် မေသူကို ဘယ်လိုနှစ်သိမ့်ပြောရမှန်းမသိ။ ညှိုးနေသော မေသူ၏ မျက်နှာလှလှကလေးကိုသာ ငေးကြည့်နေမိသေး၏။

"ဘိန်းကလည်း ဟိုတုန်းကလိုဝယ်လို့မလွယ်ဘူးတဲ့။ ဘိန်းဖြူဖမ်းဖို့ရှာရင်းက ဘိန်းမည်းတွေလည်းမိလို့ ဟိုဘက်ကမ်းမှာ တစ်သိုက်းအဖမ်းခံကြရတယ်တဲ့။ ဆန်ခိုးမိ ဖွဲခိုးမိဆိုသလိုနေမှာပေါ့။ ကနုကမာငုပ်တဲ့သူတွေတောင် ခုဆေးရှာမရလို့ ညည်းနေကြသံ မကြားမိဘူးလား"

"ကြားတော့ကြားမိပါတယ်"

"အမ်းကူက ဟိုတုန်းကပင် မြိတ်အဆက်အသွယ်နဲ့ယူတာ။ပင်ရင်းပါပြီတော့ သူပါဒုက္ခရောက်တာပေါ့။ မနေ့က အစ်ကိုကြီး ဆိုင်လာရင်း အမ်းကူကို ဝင်ကြည့်တယ်။အဲဒါ အမ်းကူက အစ်ကိုကြီးကို ငိုယိုမတတ်ရှာပေးဖို့ပြောတယ်။ အစ်ကိုကြီးကတော့ ကြိုးစားပေးမယ်လို့ပြောသွားတာပဲ။ ဒါပေမယ့် အပြင်ရောက်တော့ မေသူ့ကိုပြောတယ်။ ဒီကိစ္စမလွယ်ဘူးတဲ့။ သူရှိသမျှပစ္စည်းပုံပေးပါဆိုတောင် ပုံပေးဝံ့တယ်။ ဆေးရှာပေးဖို့တော့ သူလည်းမရဲဘူးတဲ့။ မိရင်နည်းနည်းများများ ထောင်ကိုးနှစ်၊ ဆယ်နှစ်ကျမှာတဲ့။ ဒီအတိုင်းဆိုရင် အမ်းကူသေမှာပဲ။ မေသူလည်း ဘာမှမကြံတတ်တော့ဘူး"

မေသူက ဝမ်းနည်းသလိုပြောတော့ အောင်တိုင်လည်း ရင်ထဲတော့ နင့်ရ၏။

"တို့လည်းရှာကြံတော့ပေးချင်ပါတယ် မေသူရယ်။ ဒါပေမယ့် တို့လည်း ဘယ်လိုအဆက်အသွယ်နဲ့ ဘယ်လိုရှာရမှန်းမသိတော့ခက်တယ်။ အဆက်အသွယ်ရတဲ့သူရှိရင်ပြောပါ။ မေသူ့အမ်းကူအတွက်ဆိုရင် တို့စွန့်စားပြီးရှာပေးချင်ပါတယ်။ အသက်တစ်ချောင်းကိုကယ်တင်ရတာ အားကြီးကုသိုလ်ရတယ်လို့ တို့ကျောင်းဘုန်းကြီးက ဟိုတုန်းကပြောဖူးတယ်"

"ယုံပါတယ်၊ ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးတော့ မေသူတို့ထက် စွမ်းဆောင်နိုင်လိမ့်မယ်ထင်တာပဲ။ အစ်ကိုကြီးနဲ့ထပ်ပြီး တိုင်ပင်ကြည့်ဦးမယ်မှန်းထားတယ်"

"တိုင်ပင်ပါ။ အစ်ကိုကြီးကို တို့လည်း တိုက်တွန်းပြောကြည့်ပါ"

အောင်တိုင်စကားမဆုံးမီပင် စျေးဝယ်လာကြသော ရေနီပိုင်းကဖေတင်တို့ ပိုးသီတို့ကြောင့် စကားဖြတ်လိုက်ကြ၏။ အောင်တိုင်က ပဲကြီးလှော်အသေးလေးတစ်ထုပ်ကို ကမန်းကတန်းလှမ်းဆွဲဖြတ်၍ ဝါးနေလိုက်ရ၏။

ဆိုင်ရှေ့ရောက်လာသောပိုးသီနှင့် ဖေတင်တို့က သူ့ကို မသိမသာအကဲခတ်ကြသည်။

"ဘယ်ကလည့်လာကြလဲဗျ"

မလုံမလဲဖြစ်နေသောအောင်တိုင်ကပင် စတင်နှုတ်ဆက်လိုက်ရ၏။

"ဟိုဘက်ပိုင်းကို သွားကြမလို့ဗျ၊ ညော်- ခင်ဗျားအစ်ကိုကြီးနဲ့တွေ့ပလား"

ပိုးသီကမေး၏။

"ဘာဖြစ်လို့လဲ"

"စောစောက အစ်ကိုကြီးကို ခင်ဗျားတို့အပိုင်းမှာ တွေ့လိုက်တယ်။ ခင်ဗျားကိုမျှားလိုက်ရှာနေလားလို့။ တွေ့လားတောင်မေးသွားသေးတယ်"

ဖေတင်၏စကားကို အောင်တိုင် တွေးမရဖြစ်သွားသည်။ အစ်ကိုကြီး သူ့ကိုဘာကိစ္စရှာနေပါလိမ့်။ အစ်ကိုကြီးတို့အိမ်နှင့် မေသူတို့အိမ်မှာနီးနီးလေး။ တစ်ပိုင်းတည်းဖြစ်သော်လည်း မေသူတို့အိမ်တွင် သူရှိနေသည်ကို အစ်ကိုကြီးမသိ၍ဖြစ်မှာဘဲဟု တွေးလိုက်၏။ သူရုတ်တရက်မတ်တတ်ထရပ်လိုက်၏။

"မတွေ့သေးဘူးဗျ၊ ခု အစ်ကိုကြီးဘယ်အပိုင်းလောက်မှာရှိနိုင်မလဲ"

"မပြောတတ်ဘူးဗျ၊ ငါတို့လာတုန်းကတော့ ခင်ဗျားတို့အပိုင်းဘက်မှာ တွေ့လိုက်တာပဲ"

"သွားဦးမယ်"

အားလုံးကိုပြောသလိုနှင့်ပြောပြီး သူထွက်လာ၏။

မေသူအား ဖေတင်က ဓာတ်ခဲရှိလားမေးသံကြားရ၏။ ကက်ဆက်ဖွင့်တဲ့ဓာတ်ခဲဆိုတာလည်း ကြားလိုက်ရသည်။

■

မေသူတို့ခြံအစရောက်မှာ သူခြေလှမ်းပျက်သွား၏။ မေသူဆိုင်သို့ စျေးဝယ်လာသူဟုထင်ရသောလူတစ်ယောက်နှင့် အမှောင်ထဲတွင် တိုက်မိကြမလိုဖြစ်သွား၏။ ရုတ်တရက် ရှောင်လိုက်သဖြင့် သူက ခြံစည်းရိုးနားရောက်သွားသည်။ လက်နှိပ်ဓာတ်မီးပါသော်လည်း သူမျက်နှာကို မီးရောင်သွားကျမိမှာစိုး၍ လမ်းမကိုသာ ဓာတ်မီးနှင့်ထိုး၍ အောင်တိုင် ရှောင်ပေးလိုက်၏။

လူကိုယ်ကို လက်နှိပ်ဓာတ်မီးနှင့်ထိုးမိလျှင် ရွယ်တူအသိုင်းဆိုလျှင်တော့ အကြောင်းမဟုတ်။ လူကြီး၊ မရင်းနှီးသူဆိုလျှင်တော့ အဆဲအဆိုခံရမည်။ သူနှင့်မသင့်သူ၊ ကတောက်ကဆဖြစ်ဖူးထားကြသူဆိုလျှင်တော့ ထိုနေရာ၌ပင် ရန်ဖြစ်တတ်ကြသည်။ဒေသရိုက်က ဤသို့ရှိခြင်းကြောင့် မည်သူမည်ဝါမေးရဲ။ မျက်နှာ၊ ကိုယ်လုံးကို ဓာတ်မီးနှင့်ထိုးကြည့်ရဲ။ ထိုသူလမ်းမြင်ကမ်းစေဟူသော သဘောလည်းဖြစ်၊ မိမိကလည်း မိမိသွားလိုသောလမ်းကိုသာ အလင်းပေး၍ သွားသည့်သဘောနှင့်သာ မိမိလမ်းမိမိ

www.burmeseclassic.com

www.burmeseclassic.com

လျှောက်လာ၏။

ထိုသူကလည်း ဓာတ်မီးထိုးထွက်သွားသောအောင်တိုင်ကို ဘယ်သူဘယ်ဝါမမေး။ ဤသို့ မမေးသည်ကိုလည်း အောင်တိုင်က ပိုကြိုက်သည်။ မေသူဆီသူညတိုင်းရောက်တတ်သည်ကို လူသိမခံချင်။ အထူးသဖြင့် အမေမသိစေချင်။ ထိုသူကမေး၍ မိမိမှန်းသိလျှင် ထိုသူဆီက အမှေနားရောက်ချင်ရောက်သွားတတ်သည်။ ယခင်က မေသူနှင့်သူကို ကလေးသမီးရည်းစားဟု နောက်ပြောင်ကြသူတွေလည်းရှိသည်။ ထို့ကြောင့် မေသူတို့အိမ်နားကအမြန်ဆုံးထွက်လာသည်။

အစ်ကိုကြီးအိမ်ထဲက ကက်ဆက်သံကြား၏။ အံ့သြရပြန်သည်။ စောစောက ဖေတင်နှင့် ပိုသီတို့က အစ်ကိုကြီးကို သူတို့အပိုင်းတွင်တွေ့ခဲ့သည်ဟုပြောသည်။ သူကိုရှာမတွေ့သဖြင့် အိမ်များ ပြန်ရောက်နေပလား။ ဤမျှမြန်မြန်တော့ ပြန်ရောက်လာနိုင်ပါ့မလား။

သူ အစ်ကိုကြီးအိမ်ခြံထဲဝင်လာ၏။ အစ်ကိုကြီးဟုအိမ်ရှေ့ကခေါ်သည်။ ထူးသံမကြား။ နောက်တစ်ခွန်း အစ်ကိုကြီးခေါ်၍ အိမ်ထဲဝင်လာ၏။ အစ်ကိုကြီးကိုမမြင်မိ။ အစ်ကိုကြီး၊ အစ်ကိုကြီးထပ်ခေါ်၍ အိမ်ထဲသို့ ဟိုဟိုသည်သည် ကြည့်သည်။ အရိပ်အယောင်မမြင်ရ။ ခါတိုင်း ကက်ဆက်ဖွင့်ထားလျှင် လသာမီးအိမ်လေးမီးစာလျှော့၍ အပြင်ကြမ်းခင်းပေါ် ပက်လက်လှန်၍ လည်းကောင်း သို့မဟုတ် အုန်းလက်နှင့်လုပ်ထားသောအိမ်ရှေ့က ပက်လက်ကုလားထိုင်တွင် လည်းကောင်း၊ သီချင်းစည်းချင်းလိုက်ဒူးနှုန့်ခြေလှုပ်၍ မိုးပေါ်က ကြယ်များကို လှမ်းကြည့်၍ တွေ့ရတတ်၏။ ယခု ဘယ်နေရာမှာမှမမြင်မိ။

မီးအိမ်ကမီးစာကို အောင်တိုင်မြှင့်လိုက်သည်။ တစ်နေရာရာတော့ရှိမှာကက်ဆက်သံကြောင့်သူခေါ်တာမကြားသလားထင်ပြီး ကက်ဆက်အသံကို နှိမ့်လိုက်၏။ ကက်ဆက်အသံကိုနှိမ့်လိုက်ပြီးမှ တပို့တပါးများသွားနေတာလဲးဟူသောအတွေးများပေါက်ပြန်၏။ အိမ်သာထဲက အစ်ကိုကြီးသီချင်းနားထောင်နိုင်အောင် ကက်ဆက်ကို စောစောကထက်ပင် ပိုကျယ်ကျယ်ဖွင့်လိုက်သည်။ အပြင်ကြမ်းခင်းတွင်ထိုင်ကာ အစ်ကိုကြီးအိမ်ထဲဝင်အလာကိုစောင့်နေလိုက်သည်။

ဂျက်ခနဲကက်ဆက်ခလုတ်ကျသွားသည်။ နောက်တစ်ဖက်အသံကပေါ်လာ၏။ လက်ကနာရီကိုကြည့်၏။ ရှစ်နာရီကျော်ပြီ။ အစ်ကိုကြီးတော့မဟုတ်တော့ဘူး။ ကက်ဆက်ကိုဖွင့်ထားခဲ့ပြီး သူ့ကို ဘယ်လောက်တောင် ရွာရိုးကိုးပေါက်လျှောက်ရှာနေပါလိမ့်။

မေသူ စောစောကမှပြောလိုက်သောစကားကို ချက်ချင်းသတိရမိလိုက်သည်။ မေသူ့အဖေကိုစွပ်စွဲခဲ့ဖို့ မေသွားတာလား။ ဘယ်သူဆီတွင် ဆေးရနိုင်သည်ကြား၍ များလိုက်သွားလေသလား။ မေသူပင် ခုလောက်ဆိုလျှင် ဆိုင်ပိတ်တော့မည်။ သူ့ရင်ခုန် သံမြန်လာ၏။ တစ်မြန်နေက မီးခွက်မှတ်ခဲ့ရသည်ကို သတိရသောအခါ ကက်ဆက်ခလုတ်ကို ပိတ်ပြီး မေသူတို့အိမ်ဘက်သို့ မပြေးရဲတမည်ထွက်လာ၏။ လာပြီးမှ အစ်ကိုကြီးဆေးရ၍များ မေသူတို့အဖေကိုသွားပေးနေသလားဟု အတွေးဝင်မိပြန်သောအခါ ခြေလှမ်းတုံ့သွားပြန်၏။ သို့သော် အစ်ကိုကြီး ဆေးရှာမရသေး၍ ကြာနေသေးလျှင် ဟူသောအတွေးကြောင့် ခြေလှမ်းမြန်သွားပြန်၏။

■

လဆုတ်လ၏ အလင်းရောင်က အမှောင်ကို အနှံတုစပြုနေပြီ။ လကို မမြင်ရသေးသော်လည်း အလင်းရောင်ကပျပျပျို့နေသည်။ သွားရင်းက လက်မှနာရီကိုကြည့်မိလိုက်သည်။ ရှစ်နာရီကျော်ပြီ။ မေသူဆိုင်များပိတ်ပလားဟူသောအတွေးကရင်ထဲဟာသွားသည်။

မေသူတို့အိမ်ခြံဘက်လှမ်းကြည့်လိုက်၏။ အုန်းပင်များပေါ် တွင်လရောင်ကဖွေးနေပြီ။ ရွာလမ်းပေါ် ၌လည်းထင်းနေပြီ။ လက်နှိပ်ဓာတ်မီးကို ဓာတ်ခဲကုန်မှာစိုး၍ ပိတ်လိုက်၏။ ရှေ့ကလူနှင့် မျက်နှာချင်းဆိုင်ဖြစ်မိသွား၏။

"အစ်ကိုကြီး"

အစ်ကိုကြီးကမျက်နှာချင်းဆိုင်ခြေလှမ်းရပ်သဖြင့် သူကလည်းရပ်ရ၏။

"ညီလေးဘယ်ကလာလဲ"

"ကျွန်တော်အစ်ကိုကြီးအိမ်ကလာတာ။ ကက်ဆက်ဖွင့်ထားတော့ အစ်ကိုကြီးရှိတယ်ထင်လို့ စောင့်နေတာတောင် တစ်နာရီလောက်ကြာသွားတယ်။ ကက်ဆက်တော့ပိတ်ထားခဲ့ပြီ။ ကက်ဆက်ဖွင့်ပြီးအစ်ကိုကြီးဘယ်သွားနေလဲ။"

"ဩော်. . . အေး"

ဆိုပြီးမှ အစ်ကိုကြီးက စကားဆက်၏။

"သွားတုန်းကခဏဆိုပြီးသွားတာကွာ ဦးရွှေထွန်းကြီး စကားရှည်နေလို့ ခုမှပြန်ဖြစ်တယ်"

အောင်တိုင် သိလိုက်ပြီ။ ဦးရွှေထွန်းမှာ ကနေကမာငုပ် နာမည်ကြီးသူဖြစ်၏။ ယခင်က ကယုတောင်ထဲမှ ပုလဲနက်တစ်လုံးပင်ရဖူးသည်ဟုကြားဖူး၏။ ကယုငုပ်သူများသည် ရေထဲက ပြန်တက်လာလျှင် အချမ်းပြေရန် ဘိန်းရှူတတ်ကြသည်။ ဘိန်းနှင့်ကင်းသူမဟုတ်။ ယခု ဦးရွှေထွန်းဆိုကတည်းက မေသူတို့အဖေကိုစွပ်စွဲသိလိုက်သည်။

"ရ. . ."

ဟု နှုတ်ထွက်သွားပြီးမှ မေးရမှာဝန်လေးသွားပြန်၏။ ယခုတစ်လောဘိန်းကိစ္စကို မည်သူမျှပေါ် ပေါ် ထင်ထင်မပြောမဆိုဝှံကြ။ အထူးသဖြင့် မြို့တ်သားကြီးဦးအောင်စိန်သည် ယခင်က ဤကိစ္စဆေးဖြစ်ဝါးဖြစ်ကလွဲလို့ မလုပ်ကြရန်ပြောဖူး၏။ သူက မြို့ပေါက်ပြည်ပေါက်မို့ ယခုအစိုးရမင်းများက လိုက်နှိမ်နင်းသည်ဟုကြားရသောအခါ သူနားကို ထိုစကားပေါက်ကြားမှာစိုးကြလေသည်။ ထို့ကြောင့် ရခဲ့မရခဲ့မမေးဖြစ်တော့။ အစ်ကိုကြီးမျက်နှာကိုသာ အကဲခတ်ကြည့်မိ၏။ လဆုတ်ည၏အလင်းအားနည်းသေးသဖြင့်မသိမသာ။ အကဲခတ်မရ။

"ညီလေး၊ ဘယ်ကိုသွားမလို့လဲ"

"အစ်ကိုကြီးရှာနေတယ်ဆိုလို့"

အံ့သြသွားသလို အောင်တိုင် မျက်နှာကိုကြည့်ပြီး-

"အစ်ကိုကြီးမင်းကိုမရှာရပါလား၊ မင်းကိုဘယ်သူပြောလဲ"

အစ်ကိုကြီးအသံက ဤတစ်ခါမာမာဆတ်ဆတ်ဟု အောင်တိုင်ထင်လိုက်သည်။

"ဖေတင်နဲ့ ပိုးသီတို့ပြောသွားတာ အစ်ကိုကြီး ဒီကောင်တွေတော့တွေ့ဦးမယ်"

အစ်ကိုကြီး ရယ်လိုက်မှ အောင်တိုင်လည်း စိတ်သက်သာသွားသည်။

"ညီလေးနဲ့ ဖေတင်တို့ ဘယ်မှာတွေ့လို့လဲ"

"ဟို. . . ကမ်းကြီးသတ်ဘက်မှာ အစ်ကိုကြီး"

အစ်ကိုကြီး၏အပြုံးကိုတော့ ဤတစ်ခါလှလှပပမြင်လိုက်ရ၏။

အမေ ယခင်က ခဏခဏဆိုသလိုနှင့် ယိုးစွပ်ပြောတတ်သဖြင့် သူ့ညီလေး မိုးဇတို့အပိုင်းကပြန်လာသည်ဟု ထင်သွား

www.burmeseclassic.com

www.burmeseclassic.com

ပုံရသည်။

"ညီလေးစိတ်ဆတ်တတ်မှန်းသိလို့ နောက်သွားတာဖြစ်ပါလိမ့်မယ်ကွာ။ ကိစ္စရှိရင် အစ်ကိုကြီးနေ့ခင်းကပင်ပြောလိုက်မှာပေါ့။ ကဲကဲ - အစ်မနိုင်းကို အစ်ကိုကြီးအိမ်အိပ်မယ်မပြောခဲ့ရင် ပြန်တော့။ ဟိုကောင်တွေနဲ့ရန်ဖြစ်မနေနဲ့ဦး။ ကိုယ့်တစ်ရွာတည်းသူငယ်ချင်းတွေပဲကွာ"

"ဟုတ်ကဲ့ပါ"

ပြောပြီး သူတို့အိမ်ဘက်လှမ်းပြလိုက်သောသူခြေလှမ်းက သူအစ်ကိုကြီးကွယ်သွားသည်နှင့် မေသူတို့အိမ်ဘက်လှည့်လိုက်သည်။ နာရီကိုကြည့်၍ ပိုရင်ခုန်သွား၏။

ရှစ်နာရီကျော်ပြီ။ မေသူဆိုင်မှာ ပိတ်သွားလေပလား။

ခြံဝကလှမ်းကြည့်လိုက်၏။

ထင်သည့်အတိုင်းပင် မေသူဆိုင်ပိတ်သွားပြီ။ ဖေတင်နှင့် ပိုးသီတို့ကို အကြီးအကျယ် ဒေါသထွက်သွားသည်။ ဤညနေသာတွေ့လျှင်တော့ မင်းတို့ငါ့ကိုနောက်တာ အကြောင်းမဟုတ်ဘူး။ အစ်ကိုကြီးကိုပါ ခလုတ်တိုက်တာဘာသဘောလဲဟုမေးချင်နေသည်။ မေသူတို့အိမ်ထဲကမီးရောင်ကို မြင်ရသဖြင့် အတွေးပြတ်သွားပြန်၏။ လေကာကျောက်တုံးနားထိလှမ်းဝင်လာ၏။ ရင်ထဲနုံးချည့်သွား၏။ ကျောက်တုံးဘေးကျောကပ်ကာ မေသူ၏ဆိုင်ရှေ့ကို ငေးကြည့်နေ၏။ ကဲလားချထားသဖြင့် အိမ်ထဲကို ဘာမှမမြင်ရ။ အမိုးနှင့်ကဲလားအကြားက မီးရောင်ကိုသာကြည့်နေမိသည်။

'တော်တော်နောက်စရာမရှိနောက်တဲ့ကောင်တွေ၊ သက်သက်စော်ကားတာ ဒီကောင်တွေနောက်လို့ ဒီနေ့ညနေ မေသူနဲ့လွဲရတာ'

စိတ်ထဲမကျေမနပ်နှင့်အိမ်ပြန်လာသည်။

■

"မနေ့ကပေါ်မလာဘူး၊ ဘယ်သွားနေလဲ"

မေသူ၏အမေးကို ချက်ချင်းမဖြေသေး၊ အနားတွင်အရင်ထိုင်၏။ ဆီမီးခွက်ကို အရင်ဆုံး လှမ်းကြည့်သည်။ ထမင်းစားနေသောမေသူကလည်း ရိပ်မိလိုက်ပုံရ၏။ မီးခွက်ကို အောင်တိုင်နှင့် ဝေးရာသို့ရွှေ့လိုက်သည်။ လက်ထဲကိုင်ထားသောထမင်းပန်းကန်ကိုချ၍ -

"ဆေးလိပ်မီးညှိမလို့မဟုတ်လား၊ ဒီမှာ မီးခြစ်"

မီးခြစ်ကိုပစ်ပေးလိုက်ပြီး ထမင်းဆက်စားသည်။

"ခုမှ ထမင်းစားတယ်၊ မိုးချုပ်လိုက်တာ"

ခါတိုင်းနေ့တွေလောက် အပြင်အဆင်မရှိသော မေသူ၏မျက်နှာ စေးရောင်းတစ်ဖက်နှင့် ဟင်းပါပုံစားနေသောမေသူ၏ ထမင်းပန်းကန်ကို စွေကြည့်လိုက်၏။

"မအားလို့ ခုမှစားရတာ၊ စားမလား"

"ခွံ့ကျွေးရင်စားမယ်"

မေသူက အိမ်ရှေ့လှမ်းကြည့်၏။ စေးဝယ်လာနေသူတွေကိုမမြင်ရ။ ဟင်းပုံထဲက ငါးခြောက်တစ်ဖတ်ကို လှမ်းပေးကာ ရောဟုလက်ကမ်း၏။ အောင်တိုင်ပါးစပ်ဟမေးလိုက်သည်။

မေသူခွံပေးသောငါးခြောက်ဖတ်ကို တစိမ့်စိမ့်ဝါးရင်း သူကလည်း အိမ်ရှေ့ကို မျက်စိကစားနေရသည်။ လူရိပ်လူခြေဟူ၍ တစ်စွန်းတစ်စမမြင်ရသဖြင့် ပါးစပ်ဟပြသည်။ မေသူကလည်း ငါးခြောက်တစ်ဖတ်ခွံ့ပြန်သည်။

"ခွေး"

မေသူက သူ့လက်ကိုခါပြပြီး ရယ်ကျဲကျဲနှင့်ဆို၏။

"ဗျ၊ ဟူး. . . ဝူး. . . "

မေသူက ရယ်သည်။

"ခွေးက အဲသလိုမြည်လား"

"မြည်တာမဟုတ်ဘူး အူတာ"

"ခွေးအူတာကလည်း တစ်မျိုးပါလား"

မေသူက အောင်တိုင်ကိုကြည့်၍ ရယ်ပြန်၏။

"ဒီခွေးအူသံက ဘုန်းကြီးကျောင်းမှာ ကြေးစည်သံကြားတော့ စားရတော့မယ်ဆိုတဲ့ သာမုဒေါသံနဲ့အူတဲ့အသံ"

"ဂိန် ဂိန် အော်တာကကော"

"အဲဒါက အရှိက်ခံရတာ"

သူက ပါးစပ်ဟပြန်၏။

"အရှိက်ခံချင်လို့လား၊ တော်ပြီသူမှားမြင်မယ်"

"ဘယ်လူမှမလာတာ"

"ဟိုကောင်တွေလာချင်လာမယ်"

"ဘယ်ကောင်တွေလဲ"

"ပိုးသီးနဲ့ ဖေတင်"

မေသူဆီ မနေ့ညနေက မရောက်ဖြစ်သည်ကို သတိရသွားသည်။

"ခွေးကောင်တွေ၊ တို့ကိုလည်း မနေ့က ညာသွားတယ်။ အဲဒါကြောင့် မေသူဆီမရောက်ဖြစ်တော့တာ"

"ဘာညာသွားလို့လဲ"

"လမ်းမှာတွေ့လို့၊ အစ်ကိုကြီးလိုက်ရှာနေတယ်တဲ့"

"မဟုတ်ဘူးလား"

"ဘယ်ကလာဟုတ်ရမှာလဲ။ အစ်ကိုကြီးနဲ့ကျုပ်တွေ့ပြီးပြီ"

တို့ဟုပြောတတ်ရာမှ ကျုပ်ဟုပြောလိုက်သဖြင့် အောင်တိုင် စိတ်တိုသွားမှန်း မေသူ သိလိုက်၏။

"ဒါကြောင့်ထင်တယ်၊ ပြဦးမယ်"

မေသူ ထမင်းပန်းကန်ကို လက်စသတ်ကာ ထသွား၏။

အောင်တိုင်က ရေနုံဆီမီးခွက်ကို ကောက်ကာ ဆေးလိပ်မီးညှိ၏။ တစ်နေ့ကလို အဆင်သင့်မှသင့်ပါ့မလားဟု မီးခွက်ကို မေသူထားခဲ့သောနေရာတွင်ပြန်ထားကာ ဝူးခနဲအစမ်းမှုတ်ကြည့်၏။ မီးမငြိမ်း။ နောက်တစ်ခါ မီးညှိပြီး အစမ်းမှုတ်ကြည့်ရန်လုပ်လိုက်စဉ် မေသူကောဟူသော ဒေါ်သန်းရာ၏အသံကြောင့် လန့်သွားသည်။

ရင်တထိတ်ထိတ်နှင့် မီးခွက်မှုတ်အစမ်းလေ့ကျင့်နေသဖြင့် ဒေါ်သန်းရာဝင်လာသည်ကို မမြင်မိလိုက်။ မီးခွက်မှုတ်ရန်သာ ဇောကပ်နေသည်။

"မေသူကောဟဲ့"

"ဩော် - ထမင်းစားနေတယ် အဒေါ်၊ လာလိမ့်မယ် ဘာယူမလဲ"

ဒေါ်သန်းရာက စက်လုပ်မုန့်တစ်ထုပ်ကို လှမ်းဖြုတ်၏။

"နင်က ဘာ. . . "

ဒေါ်သန်းရာ စကားမဆုံးမီပင် မလုံမလဲနှင့်-

"ဓာတ်ခဲလာဝယ်တာ"

ဟု ကမန်းကတန်းပြောလိုက်ရ၏။

"ရော့"

ဒေါ်သန်းရာက မတ်စေ့တစ်စေ့လှမ်းပေးပြီး ပြန်ထွက်သွား၏။

"မုန့်ထုပ်က တစ်မတ်လား မေသူ"

"အမယ်လေး ငါက ဝယ်နေကျပါဟဲ့။ နင့်ကို စေးရောင်းခိုင်းဖို့ မေသူ့ဘား ထားတာကျနေတာပဲ"

ဒေါ်သန်းရာ၏ စကားနှင့်အတူ မေသူကလည်း ဟုတ်ပါတယ်ဟုအတွင်းထဲက လှမ်းပြောလိုက်၏။

"ဟဲ့- ဘယ်လိုဖြတ်ပြန်တာလဲ"

ဒေါ်သန်းရာက ပြန်လှည့်ကြည့်၍ ပြော၏။

"လေဘိုက်လို့ မီးငြိမ်းသွားတာ"

www.burmeseclassic.com

www.burmeseclassic.com

အောင်တိုင်က မီးခွက်ကိုပြန်ထွန်းလိုက်သည်။

ဒေါ်သန်းရာ အိမ်ရှေ့တွင် ရှိနေသေးသဖြင့် သူ၏ အစမ်းလေ့ကျင့်မှုသည် ပို၍ထိရောက်အောင်မြင်သွား၏။ မေသူလည်း အနားတွင်မရှိသဖြင့် မည်သူမျှ သူတို့ကိုထင်မည်မဟုတ်။

"မိုးကျတော့မယ်ဟ၊ လေလာတော့မှာပေါ့။ သင်္ကြန်လွန်ပြီး ရက်ပေါင်းလေးဆယ်မှမိုးကျတာဆို။ အခု သင်္ကြန်တောင်မကျသေးတာ မေသူက အောင်တိုင်ကိုစ့ေးရောင်းဌားထားတာကိုး။ဘယ်လောက်လဲတဲ့"

"တစ်နေ့ ငါးပြားနဲ့ ဌားထားတာ အဒေါ်ရေ။ ဒါပေမယ့် မီးခွက်တောင်မီးမငြိမ်းအောင်မလုပ်တတ်လို့ အလုပ်ဖြုတ်မလားမှန်းထားတယ်"

ဒေါ်သန်းရာကြားအောင် မေသူကအော်ပြောလိုက်၏။

"ဟန်ကျတာပေါ့ဟဲ့၊ နေ့ခင်းဆိုမောင်ထွန်းသောင်ဆီမှာ ညဆို မေသူဆီမှာ လခကလည်းရ။ ဟဲ့- အမေ့ ဘယ်သူလဲလို့ ငါတုတ်လိုက်မိမလို့ ကန်တော့၊ ကန်တော့"

ခြံဝကရွာလမ်းတွင် ဒေါ်သန်းရာမည်သူနှင့်တွေ့သည်မသိ ပြောသံကြားလိုက်ရ၏။

"စောစောကဘာလုပ်တာလဲ"

မေသူက မျက်စောင်းခိုတ်၍ မီးခွက်ကို နေရာရွှေ့မလိုလုပ်၏။

"ပွဲမဝင်ခင် အပြင်ကကျင်းပတဲ့"

အောင်တိုင်ကလျှင်သည်။

"တကယ်လုပ်တာကြည့်"

မေသူက တီးတိုးဆို၍ အောင်တိုင်ကိုဆွဲဆိတ်၏။ မီးခြစ်ကိုလည်း စမ်း၍ရှာ၏။ အနမ်းမရှည်လျားရဲ့။ သတိနှင့် လူချင်းခွာလိုက်ကာ အောင်တိုင်က မီးခွက်ပြန်ထွန်းလိုက်၏။ တကယ်လေတိုက်၍ မီးခွက်ငြိမ်းသွားသည့်ပမာ လေကွယ်ရာကိုရှာသလိုနှင့် လျှောက်ရွေ့၏။ မေသူလက်ကလည်းတုန်နေသည်။ အောင်တိုင်ကလည်း ရင်ခုန်မရပ်သေး။ မေသူ၏မျက်နှာကို မကြည့်ရဲကြည့်ရဲကြ၍ မရဲမပြုံးဖြစ်မိသွား၏။

တစ်နေ့ကလို ဘယ်နေရာကိုနမ်းမိမှန်းမသိမဖြစ်တော့။ မေသူ၏ ပါးဖောင်းဖောင်းအိအိကို နမ်းမိလိုက်မှန်းသိ၏။ ရင်တထိတ်ထိတ်ခုန်၍ ကျေနပ်နေ၏။ မေသူကလည်း သူမျက်နှာကို မကြည့်ရဲ။ မျက်လွှာချ၍ မျက်နှာနီနေ၏။ ခဏတိတ်ဆိတ်နေကြပြီးမှ-

"ပြဦးမယ်ဆို"

မေသူက အိမ်ရှေ့လှမ်းကြည့်၏။ သူလည်းလိုက်ကြည့်သည်။ မည်သူမျှ စျေးဝယ်ဝင်မလာ။

မေသူ ခါးကြားထဲကထုတ်၍ စာရွက်ခေါက်တစ်ခေါက်ပြသည်။

"ရည်းစားစာပေးသွားစာလား"

မေသူက ခေါင်းညိတ်ပြ၏။

"ဘယ်သူလဲ"

"ပိုးသီ"

"ခွေးကောင် အဲဒါကြောင့် မနေ့က ငါ့ကို အစ်ကိုကြီးရှာနေသလိုလို လိမ်ပြောသွားတာ။ ဟိကောင် ဖေတင်မြောက်ပေးမှာပေါ့"

မကျေမနပ်ပြော၍ မေသူလက်ထဲကစာကို လှမ်းယူလိုက်၏။

"ဘာလို့ယူထားလိုက်လဲ"

မေသူကိုပင် ဘယ်သူက မကျေနပ်ချင်သလိုနှင့်-

"ငြင်းမရဘူး။ ဖတ်ကြည့်ပါဦးတဲ့၊ အတင်းထားခဲ့တာ။ လူမြင်မှာစိုးလို့ ယူထားလိုက်ရတယ်"

အောင်တိုင်က မီးခွက်နားကပ်၍ စာရွက်ကိုဖြန့်လိုက်၏။

"ဖတ်မနေနဲ့၊ သူများမြင်ဦးမယ်။ သိရအောင်ပြတဲ့ဟာ"

အောင်တိုင် စိတ်တိုတိုနှင့်တဖြင်းဖြင်းဆွဲဆုပ်ပစ်လိုက်၏။

"သိပ်အတင့်ရဲတာသိလား။ သူတို့အိမ်မှာရေဒီယိုကက်ဆက်ရှိတဲ့အကြောင်းလည်း မသိမသာကြားသွားသေးတယ်။ ဟိုတစ်လောက သူမြိတ်ကိုသွားတာနာရီဝယ်မလို့တဲ့။ မြိတ်မှာ ကက်ဆက်ခွေငှားတဲ့ဆိုင်တွေတွေ့ခဲ့တယ်။ ကက်ဆက်အခွေအငှားဆိုင်ဖွင့်ပါလား။ တို့လာငှားမှာပေါ့တဲ့"

ပိုးသီ၏ အကြောင်းပြောပြသော မေသူ၏မျက်နှာကို အောင်တိုင်ငေးကြည့်နေရင်းက -

"မေသူကဘာပြန်ပြောလိုက်လဲ"

"တို့က ကက်ဆက်မှမရှိတာဆိုတော့ ဝယ်ပေါ့၊ မေသူတို့က ပိုက်ဆံရှိပါတယ်တဲ့။ အစ်ကိုကြီးပစ္စည်းတွေမှန်းသူတို့မသိဘူး"

အောင်တိုင်ကဘာအတွေးပေါက်သည်မသိ။ သက်မတစ်ချက်ကို ရှည်လျားစွာချလိုက်ပြီး -

"တို့က လူကြီးမဟုတ်တော့ ခက်တယ်"

"ဘာကိုလဲ"

မေသူကမေးလိုက်၏။

"ဩော် - မေသူ အမ်းကူဘယ်လိုနေသေးလဲ"

"ခုတော့သက်သာနေတယ်"

"ကြည့်ဦးမယ်"

"ဘာကြည့်မှာလဲ။ လူကြီးလည်းမဟုတ်ဘဲနဲ့၊ ဘာနားလည်မှာလဲ"

မေသူကကြည့်စေချင်ပုံမရ။

"အစ်ကိုကြီးကဘာပြောလဲ"

"သက်သာလို့ သွားနိုင်လာနိုင်ရင် မြိတ်ခေါ်ပြီး ဆရာဝန်နဲ့ဆေးဖြတ်ခိုင်းမယ်တဲ့။ မေသူကိုပြောတာနော်၊ အမ်းကူကိုတော့မသိစေနဲ့တဲ့"

"အစ်ကိုကြီးလုပ်ပေးရင်ဖြစ်မှာပါ"

"ဖြစ်ပါစေလို့ ဆုတောင်းရတာပဲ"

အောင်တိုင်သည် သူမျက်နှာကိုကြည့်နေရာမှ လေတိုက်၍ တလွန့်လွန့်လှုပ်နေသောမီးခွက်မီးညွှန့်ဆီအကြည့်ရောက်သွားပြန်၏။ မေသူက သူ့ကိုမျက်စောင်းထိုးသည်။

ထိုအချိန်မှာပင် လမ်းမက သီချင်းအော်ဆိုပြီး မေသူတို့အိမ်ဘက်လျှောက်လာသံကြားရသည်။

'ယုံပါမေရယ်၊ ပုံပမာတင်ပြမယ်၊ ဟိုရွေးအခါဝယ်×××တောမြို့ကြီးရဲ့အလယ်၊ စန္ဒကိန္နရီမောင်မယ်၊ ချစ်ရေလူး လို့×××"

"တောက်- ခွေးကောင်ပိုးသီ လာပစေ"

"ဘာလုပ်မလို့လဲ"

မေသူက လန့်သွားသလို မေးလိုက်၏။

"မေသူ့ကိုစာပေးသွားတဲ့ကိစ္စ မေးမလို့ မဟုတ်ပါဘူး။ အစ်ကိုကြီး ရှာနေတယ်လို့ နောက်သွားတာဟုတ်၊ မဟုတ် မေးရမယ်"

"အိုး- မေးမနေနဲ့၊ ရန်ဖြစ်ဖနဦးမယ်"

"ဖြစ်ဖြစ် တို့ကိုတင်မကဘူး အစ်ကိုကြီးကိုပါမထိမခန့်ဆွဲထည့်တဲ့ကောင်တွေလာစေ မေးရမယ်"

"အိုး - မေးမနေပါနဲ့ဆို၊ အစ်ကိုကြီးသိရင် ဆူမှာမကြောက်ဘူးလား"

သီချင်းဆို၍ မေသူကိုရစ်သွားကြသော ပိုးသီတို့က မေသူစကားမဆုံးမီမှာပင် မေသူတို့အိမ်ကိုလွန်ပြီး ကမ်းကြီးသတ်ဘက်ထွက်သွားကြသည်။

ထိုအခါမှ မေသူလည်း သက်ပြင်းမိသွားသည်။

ဆိုင်ပိတ်ခါနီးသဖြင့် အောင်တိုင်လည်း မီးခွက်တစ်ခါမှုတ်လိုက်သော အိမ်ပြန်လာ၏။ ဤတစ်ခါ သူမှုတ်လိုက်သော

www.burmeseclassic.com

www.burmeseclassic.com

မီးခွက်က တော်တော်နှင့်ပြန်လင်းမလာသဖြင့် တစ်လမ်းလုံးရင်ခုန်လာလေ၏။

"လိုက်တမ်းပြေးတမ်းကစားကြတာ တော်တော်ပျော်စရာကောင်းမှာပေါ့"

ဆိုင်ရှေ့တွင် ထိုင်လိုက်သည်နှင့် မေသူ၏စကားကို ကြားလိုက်ရသည်၏။ မေသူ၏ မျက်နှာကိုကြည့်လိုက်သည်။ သိသိသာသာအကဲခတ်မရ။

"ဘာလို့က်တမ်းပြေးတမ်းလဲ"

"အမယ်- မသိတာကျနေတာပဲ"

ချက်ချင်းပင် မေသူ၏ စကားကို သိလိုက်ပြီ။

"အစ်ကိုကြီးက အတွင်းပိုင်းသွားချင်လို့ ပဲ့ချိတ်ထုတ်ခိုင်းလိုက်တာ၊ ပဲ့ချိတ်ပေါ် အတင်းလာတက်ထိုင်ခိုင်းနေတော့ ဒီလိုပဲလှည့်ရှောင်ထားခဲ့ရတာယ်။ မိဇင်က ဘာရယ်မဟုတ်ဘူး။ ပင်လယ်နားက သူ့အဖေတို့ ငါးတဲလိုက်ချင်လို့ပါ"

"ဒါပေါ့ နေ့တိုင်းလိုက်သွားနေကျ ဆိုတော့ ပဲ့ချိတ်ပေါ်ကပဲ ခါတိုင်းလို စောင့်ရမှာပေါ့"

"နေ့တိုင်းမဟုတ်ပါဘူး၊ တစ်နေ့တလေပါ"

"နေ့တိုင်းဆို လူမြင်မကောင်းလို့လား။ ဘာဖြစ်လဲ၊ မိဘချင်းလည်း သဘောတူပြီးသားပဲ မဟုတ်ဘူးလား"

ဆိုင်ထဲကပစ္စည်းများကို ဟိုဟိုဒီဒီ ရွှေ့ရင်းပြော၏။

နတ်ဆိုးမမေစီတွန်းထားခဲ့ပြန်ပြီဟု အတပ်သိလိုက်၏။ ပဲ့ချိတ်သားသော မိဇင်တို့ ချောင်းတစ်ဖက်ကမ်းက အုန်းခြံသည် မေစီတို့ခြံ။ ခွေးမ သက်သက် ချောက်တွန်းဖို့ ချောင်းကြည့်နေတာနေမှာဟု စိတ်ထဲကကျိန်ဆဲလိုက်မိ၏။

"မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ"

သူ့စကားကို မေသူက ဘာမဟုတ်တာလဲဟု မျက်စောင်းနှင့်ဆို၏။

"တို့ပြောပြီးပါပြီနော်၊ အမေဘယ်လိုသိပ်သိပ်ကိုယ်အိပ်ချင်မှော်ပါတယ်"

"အိပ်ယောင်ဆောင်သူကို အနှိုးရခက်၏တဲ့"

"အိပ်နေသူသည် ဘာမှမသိ အသေနှင့်တူ၏တဲ့"

"ဟုတ်ပါလိမ့်မယ်၊ နိုးရဲသားနဲ့ အိပ်ယောင်ဆောင်ရင်တော့ ဒါပဲနော်"

လက်သီးဆုပ်၍ ရယ်ပြ၏။

"ယုံပါ မေရယ် ပုံပမာတင်ပြမယ်ဆိုတဲ့ ဟိုနေ့က ပိုးသီ"

"နားညည်းလိုက်တာ"

"အဲဒီကောင်တွေ လာသေးလား မေးမလို့ပါ"

"လာတယ်"

"ဘာထပ်ပြောသွားသေးလဲ"

"စေးဝယ်တွေရှိလို့ မုန့်ဝယ်ပြီး ပြန်သွားကြတယ်။ ဘာလို့စောစောမလာလဲ"

"အစ်ကိုကြီးခေါ်ထားလို့။ ဆိုင်ပိတ်ချင်ပလားနေပါဦး"

"အစ်ကိုက ရှစ်နာရီကျော်ရင်ပိတ်တဲ့"

အောင်တိုင် လက်ကနာရီကို မြှောက်ကြည့်လိုက်၏။ ဆိမီးခွက်လက်ကို အောင်တိုင် လက်ယမ်းလိုက်သော အခါ မေသူက အတွင်းဘက်တွန်းပစ်သည်။မီးခွက်ကငြိမ်းသွား၏။ ခိုးခိုးခစ်ခစ် မေသူရယ်သံမဆုံးမီပင် ကဲလားချလိုက်၏။ အောင်တိုင်အပြင်ဘက်ရောက်သွားလေသည်။

■

ဆိုင်ခန်းအပေါ် တွင်ချိတ်ဆွဲထားသော မီးအိမ်ကို မကျေမနပ်နှင့် မော့ကြည့်လိုက်၏။ လက်ဆွဲမီးအိမ်၏အလင်းရောင်သည် ဆိုင်ခန်းတစ်ခွင်တစ်ပြင်လုံးကို လင်းထိန်နေသည်။ အပြင်ကကြည့်လျှင် ထုပ်တန်းတွင် ချိတ်ဆွဲထားသော မီးအိမ်ကို မမြင်မိ။ ဆိုင်ခန်းထဲ အလင်းသာရှိ၏။ ဆိုင်ခန်းထဲဝင်လိုက်ခါမှ ထုပ်တန်းကမီးအိမ်ကို သူတွေ့ရသည်။

"တစ်နေ့က အစ်ကိုကြီး ကိတ်မုန့်ခြောက်လာယူတယ်။ သူရှိနေတုန်း လေတိုက်လို့ မီးငြိမ်းသွားတယ်။ လေပေါက်လာပြီး မေသူခွက်ကလည်း ဇကာခဇာငြိမ်းတော့မှာပဲ မီးခွက်နဲ့မဖြစ်ပါဘူးဆိုပြီး သူ့အိမ်ကမီးအိမ်လာချိတ်ပေးသွားတယ်။ ဟိုဘက်ကမ်းသွားမှ ဆိုင်နဲ့အဆင်ပြေအောင် တစ်ခုခုဝယ်လာပေးမယ်လို့လည်း ပြောသွားတယ်"

အောင်တိုင်ကသက်မ,ချသည်။

"မေသူလိုတာပေါ့"

"မေသူကဘာလိုလို့လဲ"

"မေသူက လေတိုက်လို့ခဇာခဇာငြိမ်းတယ်ပြော. . .

"မဟုတ်ဘူးလား၊ သူပဲလုပ်တာ"

အောင်တိုင် ခဇာငိုင်သွားသည်။ ဘာပြောရမှန်းမသိ။

သူတို့အကြောင်း အစ်ကိုကြီးများ ရိပ်မိလိုလား။ သံသယစိတ်တစ်ခုသည် ချက်ချင်းပေါ် လာ၏။ အစ်ကိုကြီး မီးအိမ်လာထွန်းပေးသွားသည်မှာ ရိုးရိုးသားသားဖြစ်နိုင်ပါ၏လား။ မေသူ၏မျက်နှာကို မသိမသာ ထပ်ကာထပ်ကာကြည့်မိ၏။ မေသူမျက်နှာကိုကြည့်ရင်း ရင်ထဲတင်းကျပ်လာသည်။ မေသူကိုများ အစ်ကိုကြီးကြိုက်နေသလားဟူသောစကားကိုတော့ နှုတ်မထွက်ဝံ့။ တကယ်လို့များ မေသူက ဟုတ်ချင်ဟုတ်မှာပေါ့ဆိုလျှင် သူဘယ်လို လုပ်မည်နည်း။ ထို့ကြောင့် မေသူ့ကိုလည်း မမေးရဲ။ သက်ပြင်းရှိုက်လိုက်စဉ်-

"ရော့လေ"

မေသူက ပဲကြီးလှော်တစ်ထုပ်လှမ်းပေးသည်။

"ခွံပေးပါလား"

"လုပ်လာပြန့်ပြီ၊ သူလုပ်တာနဲ့ တစ်ရွာလုံးသိကုန်တော့မယ်"

"သိတော့ဘာဖြစ်လဲ၊ မေသူနဲ့တို့ကို တစ်ရွာလုံးလူတွေက မုန့်တိုင်းကြီးပြီး ကတည်းက နတ်ရေးတဲ့ဖူးစာပြောနေကြတယ်ဆို"

"ဘာပြောကြလို့လဲ၊ ဟိုဘက်ကမ်းက"

"မေသူပဲပြောတာလေ၊မဟီကျောင်းသူကျောင်းသားတွေက သိပ်ဆန်းကြယ်တယ်။ ပုံပြင်ထဲက ဖူးစာဖက် နတ်သားနတ်သမီးလေးတွေလို့ဆိုပဲ။ တို့ကိုလည်း တွေ့ချင်ကြတယ်ဆို"

"ဟင်းဟင်း - အင်းနော် ဟုတ်ပါရဲ့"

မေသူကအရယ်တစ်ဝက်နှင့်ပြောသော်လည်း သူကမရယ်နိုင်။ မီးအိမ်ကို မြင်ရကတည်းက စိတ်နှမ်းလူပန်းဖြစ်သွားသလိုပင်။ အလိုလို စိတ်အားဝယ်သွားသလိုလည်း တွေ့မိသွားသည်။ မေသူမျက်နှာကိုမကြည့်ဘဲပြောမိလိုက်၏။

"တကယ်ပြောတာမေသူ၊ မနှိုင်းထဲတွေ့ခဲ့ကြတုန်းကပင် ကြီးလာရင် မေသူကိုပဲယူမယ်လို့ ဆုံးဖြတ်ပြီးသား။ အခုတို့ကြီးပြီ၊ လုပ်ရိုအပျိုဖြစ်ကြပြီ"

မေသူ မျက်နှာကိုကြည့်၏။ မေသူကမျက်လွှာချထားသည်။

"မေသူ တို့ပြောတာဘယ့်နှယ့်လဲ။ တို့အရွယ်တွေ ရွာမှာ မိန်းမယူကြပြီ၊ ယောကျ်ားယူကြပြီ"

မေသူ ဘာမှပြန်မပြောသည်ကို အောင်တိုင် အားမလိုအားမရ ဖြစ်လာ၏။

"ဟင်- မေ. . . မေသူ တို့ကိုချစ်တယ်မဟုတ်လား"

နှုတ်ဖြင့်မဆို၊ ခေါင်းညိတ်ပြ၏။

"မိုးဦးကျ ခကျောင်းဖွင့်ရင် မေသူမဟီကိုပြန်လိုက်မှာပေါ့နော်။ မေသူ မဟီ

www.burmeseclassic.com

www.burmeseclassic.com

ကိုပြန်သွားရင် ထို့တော့ လွမ်းကျန်ခဲ့ရဦးမှာပဲ။ မေသူ ပြန်သွားတိုင်း နှစ်တိုင်း လွမ်းရတယ်"

"မေသူ ကျောင်းမနေတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ရှက်လို့"

"ဟင်- ဘာကိုရှက်တာလဲ"

"တို့အတန်းမှာ ကလေးတွေချည်းပဲ။သူသူထက်ငယ်တဲ့ကလေးတွေကောင် အတန်းကြီးမှာဆိုတော့ ရှက်တာပေါ့"

"ဒါဆို ဒီနှစ် တကယ်မဟီမပြန်တော့ဘူးပေါ့နော်"

"အင်း"

ဆိုပြီး မျက်နှာကိုလွှဲထားသည်။

"တို့တော့ ဝမ်းသာရပြီ"

"အစ်ကိုကြီးကလည်း မနေချင်ရင် မနေနဲ့တော့တဲ့။ နေးတတ်ဖတ်တတ် တွက်တတ်ရင် တော်ပြီ၊ စေးရောင်းပေါ့တဲ့"

"အစ်ကိုကြီးကပြောတာလား"

"ဟုတ်ပါတယ်ဆို၊ အဖေလည်း နေမကောင်းဘူး။ ဟိုဘက်ကမ်းကမိန်းမလည်းပြန်သွားတော့ ဆိုင်ရောင်းပြောတာပဲ"

"မေသူကို အစ်ကိုကြီး ကျောင်းထားပေးတာလား"

"ဟိုတုန်းကတော့ အမ်းကူကထားပေးတာပါ။ အမ်းကူညီမတစ်ယောက် မဟီမှာရှိတယ်ဆိုတာ သူ့ကိုပြောဖူးသားပဲ။ မေသူ သူ့အိမ်မှာနေပြီး ကျောင်းတက်တာ"

"ဟိုတုန်းကတော့ မေသူအဖေထားပေးတာဆိုတော့ ခုကော"

"ခု ဆိုင်ရောင်းနေတာပဲလို့"

ရှည်လျားသော သက်မနှင့်အတူ အကြည့်ကိုပါ မေသူမျက်နှာမှဖယ်လိုက်၏။ သူ့ရင်ထဲဝေဒနာတစ်ခုတိုးလာသည်။ မေသူမျက်နှာကိုကြည့်ပြီး-

"အစ်ကိုကြီးက မေသူကို. . . "

ပြောပြီးမှ လူရိပ်မြင်သဖြင့် စကားဖြတ်လိုက်ရ၏။

ဆိုင်ရှေ့ရောက်လာသော ကောင်းကျော်ကို သူကြည့်၏။ ဆိုင်ရှေ့ရောက်လာသော ကောင်းကျော်က သူ့ကိုမြင်သောအခါ မျက်နှာအမ်းသွားသလားထင်၏။

"ဘာဝယ်မလို့လဲကွ"

အောင်တိုင်ကပင် စမေးလိုက်၏။

"ဓာတ်ခဲရှိလား"

"ရှိပါတယ်"

မေသူဘာမှဝင်မပြောဘဲ ဓာတ်ခဲထည့်ထားသောစက္ကူဖာကို အောင်တိုင် နားရွေးပေးလိုက်၏။

"မင်းကော်ဘာလာဝယ်လဲ"

ကောင်းကျော်က မေသူမျက်နှာကိုလှမ်းကြည့်၍မေး၏။

"အစ်ကိုကြီးက စေးရောင်းပါပြောထားလို့ကွ"

"ဘယ်မှာရောင်းမှာလဲ"

ကောင်းကျော်က အောင်တိုင် စကားကို သဘောမပေါက်သလိုနှင့်မေး၏။

"ဒီမှာလေကွာ၊ ဒီ မေသူတို့ဆိုင်မှာ အစ်ကိုကြီးပစ္စည်းတွေလည်းတင်ထားလို့ လာကူရောင်းပေးနေတာ"

ကောင်းကျော်ကို ထိုသို့ပြောလိုက်ခြင်းအားဖြင့် မိဇနားလည်းပေါက်မှာပဲ ဟူသောရည်ရွယ်ချက်နှင့် ခပ်တည်တည်ပြောလိုက်၏။ သူ့စကားကို ဓာတ်သိမေသူကတော့ ပြုံး၏။

အံ့ဩသွားသလိုနှင့် မေသူမျက်နှာကိုကြည့်တော့ မေသူက -

"ဓာတ်ခဲဘယ်နှခဲယူမလဲ"

မေသူ၏အမေးကို ကောင်းကျော်က -

"ကက်ဆက်ဖွင့်တဲ့ဓာတ်ခဲခြောက်နှစ်ခဲ"

မေသူက နောက်စက္ကူဖာတစ်ခုကို ထုမ်းဆွဲ၏။ မမှီမကမ်းဖြစ်နေသဖြင့် အောင်တိုင်ကပင် ယူပေးလိုက်၏။

ကောင်းကျော်က ဓာတ်ခဲတွေကို လက်နှိပ်ဓာတ်မီးနှင့်ထိုး၍ ဖင်ပြန်ခေါင်းပြန်ကြည့်၏။

"ကောင်းပါတယ်ကွ၊ အသစ်ကြီးပါ။ ဒီမှာတွေ့လား"

အောင်တိုင်က ဓာတ်ခဲတစ်ခဲကို မီးသီးဆက်ထားသောကြေးပြားနှင့်ကပ်ပြလိုက်၏။

"မင်းတို့ပင်လယ်နားလည်းလာခဲ့ပါဦးကွ။ လှေဝင်ရင် ဟင်းစားရတာပေါ့"

စိတ်ထဲကတော့ အောင်တိုင်ပြောလိုက်ချင်သည်မှာ လျှာယားနေ၏။ 'မင်းနှမ ငါ့ကို ပိုးကြေးပန်းကြေးလာပေးတာတောင်စားမကုန်ပါဘူးကွာ'ဟု။ သို့သော် အောင်တိုင်နှုတ်ကတော့ -

"မင်းတို့ဆီလာရင် မင်းတို့ပြောတာနဲ့ ပင်လယ်လိုက်ချစိတ်ပေါက်ပေါက်လာလို့ကွ။ အမေကလည်း ပင်လယ်ထွက်မှာမကြိုက်တော့ မလာတာဘဲကောင်းပါတယ်"

"အဒေါ်နိုင်းကလည်း ခက်တာပဲနော်။ ပင်လယ်သားတွေ ပင်လယ်မှာသေတာ မဆန်းပါဘူးကွ။ ပြီးတော့ အဖေသေတိုင်း သားသေမှာမှမဟုတ်တာ။ မင်းကို ငါ ပင်လယ်က မကန်းကြီးတွေကို မြင်စေ့ချင်တယ်။ တစ်ကောင်တစ်ကောင် ဘယ်လောက်ကြီးလဲဆိုရင် မေသူတို့အိမ်ဘေးက လေကာကျောက်တုံးထက်တောင်ကြီးသေးတယ်။ တစ်ခါတစ်ခါများအုပ်လိုက်တောင်တွေ့တယ်ကွ"

အောင်တိုင် စိတ်ညစ်မိ၏။ သူ့ထက်ပင်အကြွားကြီးတတ်သောကောင်းကျော်၏စကားက မေသူ့ရှေ့မို့ တော်တော်နှင့်ပြီးတော့မည်မဟုတ်။ မကန်းတစ်ကောင်တစ်ကောင်ဆို တို့တဲအောက်က ကျောက်တန်းလားထင်ရတယ်။ ရေထဲပေါ်နေတာ အဝေးကြီးကပင်မြင်ရတယ်ဟု ယခင်က သူကြွားဖူးသလိုကြွား၍ရလျက်နှင့် ခုတော့ မေသူတို့အိမ်ဘေးက လေကာကျောက်ဥပမာနှင့်လာကြွားနေသည်မှာ ဘယ်လိုအဓိပ္ပာယ်မှန်းမသိ။ မေသူ့ကိုမျက်စောင်းစကားစချင်နေ၍များလား။ သို့သော် မေသူကတော့ ဘာမှမပြောသဖြင့် သူကပင် -

"မင်းဓာတ်ခဲယူမယ်ဆို၊ ဒါနဲ့ထုပ်ယူသွား။ ရေငန်ငွေ့ရိုက်ရင် ဓာတ်စားပေါက်ပြီး မြန်မြန်ကုန်တတ်တယ်။ အခု ပင်လယ်ဆင်းမှာလား၊ အိမ်ပြန်မှာလား"

"တစ်ခဲပဲယူတော့မယ်ကွာ။ အိမ်က ဓာတ်ခဲနဲ့တွဲသုံးရမယ်။ အသစ်နဲ့ အဟောင်းတွဲသုံးလို့ရတယ်လို့ အစ်ကို ဂေါလာကပြောတာပဲ။ ဟိုတစ်နေ့က မင်းအစ်ကိုကြီးငှားပေးလိုက်တယ်ပြောတဲ့ အာဒင်ဥယျာဉ်ထဲကအချစ်ဆိုလားနားထောင်ကောင်းတယ်ကွ။ နောက်လာငှားရဦးမယ်။ အပွန်း(အဖေ)ကတော့ အာဒင်ဥယျာဉ်ဆိုတာ ဗမာသီချင်းလားတဲ့။ ရယ်ရတယ်၊ အိန္ဒိယန်း(အမေ)ကတော့ နှင်တို့သီချင်း ငါနားညည်းတယ်။ မိုးမိုးဝါလိုက်ပါလားမိုး၊ အိမ်မိုးခေါင် မြူးထောင်ရအောင်ဆိုတာကမှ နားထောင်ကောင်းတယ်တဲ့"

စကားအဆုံးမှာ အောင်တိုင့်နားလာထိုင်ပြန်၏။

ယခင်က မေသူ့ဆိုင်တွင် သူထိုင်ချင်နေသော်လည်း ရင်းနှီးသူအဖော်မရှိ၍ မထိုင်ရဲ။ ဤနေ့မှ အောင်တိုင်ရှိသဖြင့် ထိုင်ရဲသွားသည်။ အောင်တိုင်ကတော့ မသိမသာခေါင်းကုတ်မိသည်။ မေသူက ကောင်းကျော် မမြင်အောင် အောင်တိုင်ကိုကြည့်၍ပြုံး၏။ ထိုစဉ်ကပင် ခင်မင်လာကြသူတွေသဖွယ်ဖြစ်ရာ အောင်တိုင်မှာ ခေါင်းသည်တည်တည်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကျော်ပြောသမျှ အင်းလိုက်စိတ် ညစ်နေရသည်။

မကြာမီ သင်းနိုင် ဝင်လာပြန်၏။

"ဟာ- အောင်တိုင်တို့ကိုကွ၊ ငါက ဘယ်သူတွေလဲလို့။ မင်းတွေ့တာနဲ့ အတော်ပဲ ပြောရဦးမယ်။ ရွှေလဆန်း ရေထရက်ဆိုင်ဖွက်ရဲဘက်မှာ ဂွက်ကြီး တွေအုပ်လိုက်အုပ်လိုက်ကိုက်ကျတာကွ၊ သွားပစ်ရအောင်။ မင်းအစ်ကိုကြီးကို ပြောပါလား၊ ငါလည်းလိုက်မယ်"

"အစ်ကိုကြီးက ခုဂွက်လောက် စိတ်မဝင်စားတော့ဘူးကွ"

မြန်မြန်စကားပြတ်အောင်ဟူပြော လိုက်ခါမှ သင်းနိုင်က -

"ဒါဆို မျောက်ကိုက်ကျွန်းဘက် သွားမလား၊ ဝက်အားကြီးပေါတယ်တဲ့။ ငါတို့အမွန်း(ဦးလေး)ကပြောစာယ်။ သူ မဟီက စခန်းမှူးနဲ့သွားပစ်တာ တစ်ည ထဲနှစ်ကောင်တောင်ရလာတယ်တဲ့။သွား ကြရအောင်ကွာ"

သည်အကောင်ကို အစ်ကိုကြီးနှင့် ဂွက်ပစ်တစ်ခါနှစ်ခါခေါ် သွားမိတာမှား လေခြင်းဟု အောင်တိုင်တွေးနေ၏။

"မင်း အစ်ကိုကြီးကိုပြောကွာ။ ရွှေ လဆန်းသွားကြရအောင်"

အောင်တိုင်နှင့်ကပ်လျက်ထိုင်နေ သော ကောင်းကျော်ကမူ ဘာမှဝင် မပြော။

မေသူက -

"ရှင်ကဘာယူမှာလဲ"

ဆိုင်ရှေ့မတ်တတ်ရပ်ကာ တံတွေး စဉ်မတတ်ပြောနေသော သင်းနိုင်ကိုမေး လိုက်၏။

"ဩော်- အေး အေး၊ စက်လုပ်မုန့် တစ်ထုပ်မာ"

မေသူ လှမ်းပေးသောစက်လုပ်မုန့် တစ်ထုပ်ကိုလှမ်းယူသောသန်းနိုင်အား-

"တို့လည်းဝယ်ကျွေးကွာ"

ကောင်းကျော်က ပြောလိုက်၏။

"အာမာ၊ တို့ရွာမှာ မင်းတို့ဆလုံ တွေက သူဌေးပါကွ။ ကျွေးခြင်းကျွေး.

"ခွေးကောင်- မင်းကတော့ ဆလုံ မဟုတ်လို့ဘာလဲ။ မင်းအမေက ပသျှူး လား"

အောင်တိုင်က ဆဲပစ်လိုက်၏။

"ဟဲ ဟဲ- အီစွိုင်းက စီလုံ၊ ဝအီဖေ နော် တီရုတ်။ မေသူတို့အီစွိုင်းလည်း စွိုလုံ စွိုလုံပဲ"

"မေသူတို့အဖေက တရုတ်၊အမေက ဆလုံ၊ အဲဒါ ဘာဖြစ်လဲ"

ကောင်းကျော်က ဝင်မေးလိုက် ၏။

ဘာအဓိပ္ပာယ်မှန်းမသိ မေသူက အောင်တိုင်ကိုမေးတစ်ချက်ရွဲ့ပြသည်။

"ဘာမှမဖြစ်ဘူး။ တို့အီမျိုးတား၊ အီမျိုးတမီးဂျင်းအားပီးရမယ်လယ်။ စီလို မီဟုတ်လားကွနော် ကောင်းကော်"

"ဘာအားပေးတာလဲ။ ဝယ်တော့ တစ်မူးဖိုး"

"နင် အဲသလိုမပြောပါနဲ့ဟာ။ ဒီ မှာကြည့်"

သင်းနိုင်က သူ့အင်္ကျီနှင့်ဘောင်း ဘီကိုပုတ်ပြသည်။

မေသူက ရယ်နေ၏။

သင်းနိုင်၏ အင်္ကျီဘောင်းဘီတွေ မှာ မေသူဆိုင်ကဝယ်တာချည်း။

"မေသူ့ဆိုင်က လှိုင်းအူသံကျယ် လှချေလားအောက်မေ့တာ လက်စသတ် တော့ အရယ်သန်က ဒီရောက်နေတာ ကိုး"

ကလေးလည်းမရှိသဖြင့် ခင်ပွန်း သည် ပင်လယ်ထွက်နေလျှင် မေသူဆိုင် မှာလာထိုင်နေတတ်သောဒေါ်သန်း ရာက သင်းနိုင်ကို ရည်ရွယ်၍ပြော၏။ ပေါက်ကရလျှောက်ပြောရယ်နေသဖြင့် မစားရသေးသော သူလက်ထဲကမုန့်ထုပ် ကို ကောင်းကျော်နှင့် အောင်တိုင်တို့က လုစားပစ်လိုက်ကြ၏။ မေသူက သင်းနိုင် ကို နောက်မုန့်တစ်ထုပ်လှမ်းပေးနေစဉ်-

"တွေ့လား တို့အီမျိုးတားချင်းအို လောက်ကြင်နာလဲဆို. .

သင်းနိုင်စကားမဆုံးမီ မေသူက လှမ်းပေးနေသောမုန့်ထုပ်ကို လက်ပြန် ရုပ်သိမ်းလိုက်ရာ အားလုံးဝိုင်းရယ်ကြပြန် သည်။

"ကဲ - ဆိုင်သာပိတ်လိုက်တော့ မေသူရယ်၊ နို့မို့ ဒီည ငါအိပ်ရမှာမဟုတ် တော့ဘူး။ ခေါင်းကိုက်နေလို့ အပြင်မှာ ခဏလဲနေတာ။ နင်တို့ဟီလာတိုက်နေ ကြသံကြားတာနဲ့ ခုတော့ ခေါင်းကိုက် တာတောင် ဘယ်ရောက်သွားမှန်းမသိ တော့ဘူး"

"ကောင်းတာပေါ့"

ဟုပြောပြီး ဝိုင်းရယ်ကြပြန်သည်။

"ကာလနာလေးတွေ"

ဒေါ်သန်းရာက ပြောပြီး ခေါင်း ကိုက်ပျောက်ဆေး သီတာမြိုင်တစ်ထုပ် ကို လှမ်းဖြုတ်ဆွဲယူကာ အောင်တိုင်ကို မတ်စေ့တစ်စေ့ပေးထားခဲ့ပြီး ပြန်ထွက် သွား၏။

"ကျွန်မလည်း ဆိုင်ပိတ်တော့မလို့ ပါ ဒဝီ (အဒေါ်)၊ ဒီဟာတွေ မပြန်နိုင်ကြ သေးလို့"

တကယ်လည်း ဆိုင်ပိတ်ချိန်နီးပြီ။

"ဟေး-မေသူကတို့ရှိနေလို့တဲ့ နှင် နေပြီ။ လစ်ကြမယ်ကွ ကောင်းကျော်"

ကမ်းကြီးသတ်ဘက် လမ်းတူနေ သောသင်းနိုင်က ကောင်းကျော်ကိုပြော လိုက်၏။

"မင်းသွားနှင့်၊ ငါ အောင်တိုင်တို့ ဘက်လိုက်သွားဦးမယ်"

အောင်တိုင်က ဗုဒ္ဓါဟု ဘုရားတ လိုက်သည်။ ချက်ချင်းသတိရသဖြင့်-

"မင်းလိုက်ရင်လိုက်သွား၊ ငါ အစ်ကိုကြီးဆီဝင်ရဦးမယ်"

ဟု ကမန်းကတန်းပြောလိုက်ရ၏။

"ဟင်- ဟုတ်လား ဒါဆိုသွားမယ် ကွာ"

ကောင်းကျော်က သင်းနိုင်နောက် ထွက်လိုက်သွားသည်။ မေသူကရယ် ၏။

"ဘာရယ်တာလဲ"

"ဩော် - ကောင်းကျော်က ပင်လယ်နားက သူတို့ငါးတဲလာလည်ပါ လား ဟင်းစားရတာပေါ့လို့ စောစောက ပြောသွားတာကိုပါ"

"မဟုတ်ဘူးလား၊ ဒါ ရယ်စရာ လား"

"အမယ် - မသိတာကျနေတာဘဲ"

"ဘာသိတာလဲ"

"လှေဝင်တိုင်း မိဇံလာလာပေးနေ တာ စားတုန်းမို့လား"

"အမြဲတမ်းမဟုတ်ပါဘူး၊ တစ်ခါ တလေပါ။ အဲဒါ အရေးမကြီးပါဘူး"

မေသူ မျက်နှာကိုကြည့်ပြီး သူ ပြောလိုက်၏။

"ဘာကအရေးကြီးလဲ"

"ဒီ မီးအိမ်လေ၊ ဒီနေ့ ဒီမီးအိမ်ကို ရိုက်ခွဲသွားမယ်။ လင်းနို့ဝင်ခတ်သွားလို့ ကျကွဲသွားတယ်ပြော"

"လုပ်ဝံ့လုပ်ကြည့်ပါလား အစ်ကို ကြီးနဲ့ တိုင်ပြောလိုက်မယ်"

"ကဲကဲ - ဆိုင်ပိတ်တော့မယ်ဆို၊ ပိတ်တော့။ တို့ နောက်ဘက် လေကာ ကျောက်တုံးမှာစောင့်နေမယ်"

"မစောင့်နဲ့၊ အမ်းကူအတွက်လုပ် ပေးစရာရှိသေးတယ်"

"ဒါဆို မနက်ဖြန်နော်"

"မသိဘူး၊ သွားတော့"

မေသူက ပြောလည်းပြော၊ ခြေ ကဲလားလည်းချလိုက်သဖြင့် အောင်တိုင် ထွက်လာရသည်။


(ဆက်ရန်)

ဝိုးကျော့

www.burmeseclassic.com

www.burmeseclassic.com

အောင်ကြည်သန်း (ဖောင်တော်သံ) ဂုဏ်တော်ပြုဂါထာနှင့် ရတနာဒီပံ



သုရဋ္ဌမဂ္ဂင်း

တစ်မိုးကုန်လို့ တစ်ဆောင်းသစ်ခဲ့ပြန်လေပြီ။ အရှေ့မြောက်လေနုအေးလေးတွေဝေ့ကာဝိုင်ကာတိုက်လာနေ၏။ ငွေနှင်းပွင့်လေးတွေ တဖွဲဖွဲကျနေသည်။ နံနက်ခင်းနေခြည်ထွေးလေးဖြာကျလာသဖြင့် ငွေနှင်းလေးတွေတစတစကွယ်ပျောက်သွားကြပြန်သည်။ ချမ်းစိမ့်နေရာက နွေးထွေးလာပြီး အချမ်းသက်သာလာသည်။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းဆုတောင်းပြည့်စေတီတော်မြောက်ဘက်မုခ်က ကျွန်တော့်ဗေဒင်ဟောခန်းလေးမှ လှမ်းမျှော်ကြည့်လိုက်ရာ သစ်ပင်များပေါ်တွင် မိုးတွင်းမိုးလာခိုကြသည့် မြင်တွေ့နေကျ ငွေဗျိုင်းဖြူများကိုမတွေ့ရတော့ချေ။ ဗာဒံပင်ထိပ်ဖျားဆီက ဥသြဥသြဥသြနှင့် ကြည်နူးစဖွယ် အော်မြည်နေကြသည့်ဥသြင်္ကယ်လေးများကိုသာ တွေ့လိုက်ရသည်။ ငွေဗျိုင်းဖြူလေးတွေ လယ်ကွင်း၊ ချောင်းမြောင်း၊ အင်းအိုင်တွေဆီသို့ ပြန်သွားကြပြီထင့်။ တစ်မိုးတွင်းလုံးပျောက်ကွယ်နေသည့် ဥသြင်္ကလေးတွေ ဘယ်ဆီဘယ်ဝယ်ကရောက်လာခဲ့ကြသည်မသိ။ ဘုရားဝင်းထဲရှိ သစ်ပင်တွေက ရွက်ဝါလေးတွေ မြေခင်းကြွေကျခဲ့ပြီး ရွက်နုလေးတွေ ဝေဝေဆာဆာဖြင့် စိမ်းစိုလန်းဆန်းမြရောင်သန်းပြီး သာယာလှပနေကြပြန်ပြီကော။ ရာသီတွေအလိုလိုပြောင်းပြီး သဘာဝလောကကြီးပါ အဟောင်းအဟောင်းတွေချုပ်ပျောက်ပြီး အသစ်အသစ်တွေဖြစ်လိုက်ပျက်လိုက်ဖြင့် မဆုံးနိုင်သည့်သံသရာကြီးပါပေ။

ဩဇော် - ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါးကလည်း မတည်မြဲပါလား။ မျက်စိအကြည်နဲ့ အဆင်းဆုံပြီး မြင်စိတ်လေးဖြစ်လာတယ်။ နားအကြည်နဲ့ အသံဆုံပြီး ကြားစိတ်လေးဖြစ်လာတယ်။ နှာခေါင်းအကြည်နဲ့ အနံ့ဆုံပြီး နံစိတ်လေးဖြစ်လာတယ်။ လျှာအကြည်နဲ့ အရသာဆုံပြီး စားစိတ်လေး ဖြစ်လာတယ်။ ကိုယ်အကြည်နဲ့ တွေ့ထိစရာဆုံပြီး တွေ့ထိစိတ်ကလေးဖြစ်လာတယ်။ စိတ်နဲ့ ကြံတွေးစရာဆုံပြီး ကြံတွေးစိတ်လေးဖြစ်လာတယ်။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိစိတ်၊ ကြံတွေးစိတ်တွေကလည်းမမြဲပါလား။ ခန္ဓာငါးပါး ဖြစ်ပြီး ပျက်နေပါလားဟု အနိစ္စတရားကို နှလုံးသွင်းရှုမှတ်နေစဉ် -

"ဆရာ၊ ဝင်ခွင့်ပြုပါ"

ဆိုသည့်အသံနှင့်အတူ ကျွန်တော့်မိတ်ဆွေ ကိုမောင်မြင့် ဗေဒင်ဟောခန်းအတွင်းသို့ လှမ်းဝင်လာသည်။

"လာထိုင်၊ ဘယ်ကနေလှည့်လာတာလဲ"

"ဆရာ့ဆီပဲတမင်လာခဲ့တာပါ"

"ကဲ-ဆိုပါဦး၊ ကျွန်တော်ဘာအကူအညီပေးရမလဲ"

"ဒီလိုပါ ဆရာ၊ ခြံလုပ်ငန်းမှာ သရက်တွေစိုက်တာ မနှစ်က သိပ်မမြတ်ဘူး။ ဒီနှစ်လည်း သရက်တွေ အကင်းတင်တာနည်းနေလို့ သိပ်ပြီး အားမရဘူး။ နောက်ပြီး အုတ်ဖုတ်လုပ်ငန်းလည်း

www.burmeseclassic.com

www.burmeseclassic.com

အရောင်းအဝယ်တွေအေးနေတယ်။အဲဒါကြောင့် လုပ်ငန်းတွေအောင်မြင်တိုးတက်လာအောင်ယတြာကောင်းကောင်းလေးပေးပါဦး ဆရာ"


"ပေးရမှာပေါ့ဗျာ၊ ဒီတစ်ခါတော့ ခင်ဗျားလုပ်ငန်းတိုးတက်ဖို့ရယ်၊ တခြားလိုအပ်တဲ့ကိစ္စတွေမှာပါသုံးလို့ရတဲ့ ဂုဏ်တော်ပြန်ဂါထာနဲ့ ရတနာဒီပဲစီရင်ပုံတွေပြောပြပေးလိုက်ပါ့မယ်။ ခင်ဗျားလည်း မဟာဂန္ဓာရီဝိဇ္ဇာဂိုဏ်းတက်ထားတာပဲ ကိုယ်တိုင်စီရင်လို့ရပါတယ်။ လိုက်သာမှတ်ထားဗျာ။ အင်းပုံတွေပါဆွဲပြလိုက်မယ်"

"ဟုတ်ကဲ့ပါ၊ သေချာလိုက်မှတ်ထားပါ့မယ်"

ဟုပြောပြီး စာရွက်မှာ လိုက်မှတ်လေသည်။

"ရတနာဒီပဲပုံမှာကြည့်ဗျာ။ စတုရန်းအကွက်လေးတွေထဲက ဂဏန်းတွေက ဂြိုဟ်သက်တွေပဲ။ဘယ်ဘက်ထောင့်ကစပြီးတော့ တနင်္ဂနွေဂြိုဟ်သက် (၆)၊ တနလ်္ဂာဂြိုဟ်သက် (၁၅)၊ အင်္ဂါဂြိုဟ်သက် (၈)၊ ဗုဒ္ဓဟူးဂြိုဟ်သက် (၁၇)၊ စနေဂြိုဟ်သက် (၁၀)၊ ကြာသပတေးဂြိုဟ်သက်(၁၉)၊ ရာဟုဂြိုဟ်သက် (၁၂)၊ သောကြာဂြိုဟ်သက် (၂၁) ကို ပတ်ချာလည်ရေးသွင်းထားတာပဲ။ အလယ်(နံ့)ဆိုတဲ့အကွက်ထဲမှာ စီရင်လိုသူရဲ့မွေးနံ့ကို ထည့်ရမယ်။ ခင်ဗျားက ကြာသပတေးသားဆိုတော့ (၅) ဂဏန်းရေးသွင်းရမယ်။ စတုရန်း (၉) ကွက်အပေါ် ဘက်မှာ (၇) ကွက်ရှိတယ်။ အဲဒီဘေးက ဂဏန်းတွေက အောင်ပ (၁-၅)၊ ကုလား (၂-၄)၊ ဆွေသား (၃-၆)၊ တော်ရင်း (၇-၈) မိတ်ဂဏန်းတွေနှစ်ခါဆက်ရေးထားတာပဲ။ ဘယ်ညာတစ်ဖက်စီရေးထားတာ။ ဂဏန်းတွေရဲ့ အပေါ် ဘက်ကနေ အရံဂါထာကိုရံထားတယ်။ အရံဂါထာက ပရိတ်ကြီး (၁၁)သုတ်ထဲက ပုဗ္ဗဏှသုတ်မှာပါတဲ့ ဇယန္တောဗောဓိယာမူလေ၊ သက္ကာနံ နန္ဒိ ဝမ္ဗနော၊ ဧဝေ မေ ဇယောဟောတု၊ ဇယသ္သု ဇယမင်္ဂလေပဲ။ မိတ်ဂဏန်းတွေ အောက်ဘက်က ခုနစ်ကွက်ထဲမှာ ဂုဏ်တော်ပြန်ဂါထာတစ်ခုခုကို ရေးသွင်းရတယ်။ ဂုဏ်တော်ပြန်ဂါထာဇယားထဲက ခင်ဗျားစီရင်ချင်တဲ့ဂါထာတစ်ခုကို အောက်ဘက်ကနေစပြီး အပေါ် ဘက်ကိုရေးသွားရမယ်။ ဂုဏ်တော်ပြန်ဂါထာတွေက ဘုရားဂုဏ်တော်ကို ဒေါင်လိုက် (၈) ကွက်ရေးသွားပြီး အလျားလိုက် (၈) ဂါထာ ပြန်ယူ

"ဥပမာ–ရတနာဒီပဲ"



"ဂုဏ်တော်ပြန်ဂါထာဇယား"

၁	ဣ	ရ	နော	ဂ	တ္တ	ရ	ဿာ
၂	တိ	ဟံ	စ	တော	ရော	ထိ	နံ
၃	ဝိ	သ	ရ	လော	ပု	သ	ဗု
၄	သော	မ္မာ	ဏ	က	ရိ	တ္ထာ	ဒ္ဓါ
၅	ဘ	သ	သ	ဝိ	သ	ဒေ	ဘ
၆	ဂ	မ္ဘ	မ	ဒ္ဓ	ဓ	ဝ	ဂ္ဂ
၇	ဝါ	ဒ္ဓါ	နော	အ	မ္မ	မ	ဝါ
၈	အ	ဝိ	သု	နံ	သာ	နံ	တိ

www.burmeseclassic.com

www.burmeseclassic.com

ထားတာပဲ။

ဂုဏ်တော်ပြန်ဂါထာရဲ့အကျိုးသွားတွေက ဒီလိုရှိတယ် ကိုမောင်မြင့်ရ။

၁။ **ကကုဇ္ဈာဂတ္ထရဿ**ကို ကျန်းမာရေးကောင်းဖို့၊ ဘေးရန်ကင်းအောင်၊ အချုပ်အနှောင်၊ အမှုအခင်းတွေကနေ မြန်မြန်လွတ်ချင်တဲ့အခါတွေမှာ သုံးရတယ်။

၂။ **တိဟံစတောရောထိနံ**ကိုတော့ အိပ်မက်ဆိုးတွေကလွတ်အောင်၊ အတိတ်ဆိုး၊ နိမိတ်ဆိုးတွေလွတ်လိုတဲ့အခါတွေမှာသုံးရတယ်။

၃။ **ပိသရလောပုသဗု** ကို အမျိုးသားနဲ့အမျိုးသမီးတွေ၊ လင်နဲ့မယားတွေ အချစ်ရေးကိစ္စ၊ လူမှုရေးကိစ္စတွေအဆင်ပြေချင်တဲ့အခါတွေမှာ သုံးရတယ်။

၄။ **သောမ္ဘာဏကရိတ္ထာဒ္ဓါ** ကို ကိုယ့်ကို သူတစ်ပါးကမကောင်းမကြံနိုင်အောင်၊ မလိမ်မညာနိုင်အောင်စီရင်လိုတဲ့အခါတွေမှာသုံးရတယ်။

၅။ **ဘာသသဝိသဒေဘ** ကို ကိုယ့်ရဲ့လုပ်ငန်းတိုးတက်အောင်မြင်စေဖို့ စီးပွားတိုးစေဖို့၊ ရာထူးမြန့်မြန်တိုးစေဖို့ကိစ္စတွေမှာသုံးရတယ်။

၆။ **ဂမ္ဘီဠဒုဇ္ဇဝဂ** ကို အလုပ်အကိုင်အသစ်ရစေဖို့၊ အလုပ်ဝင်စာမေးပွဲအောင်စေဖို့၊ လူမှုဆက်ဆံရေးအဆင်ပြေစေဖို့၊ လူချစ်လူခင်ပေါစေဖို့ အသုံးပြုရတယ်။

၇။ **ဝါဒေါ်နွောအမ္ဗမဝါ** ကို ပစ္စည်းဥစ္စာတိုးပွားစေဖို့၊ အိမ်၊ ခြံ၊ မြေ၊ တိုက်၊ ကား စတဲ့ ပစ္စည်းတွေ ဝယ်ချင်တဲ့အခါ၊ မြန်မြန်ရောင်းထွက်ချင်တဲ့အခါတွေမှာ အသုံးပြုရတယ်။

၈။ **အဝိသုနသာနတိ** ကို ချစ်သူရဖို့၊ လက်ထပ်ဖို့၊ အိမ်ထောင်ရေးအဆင်ပြေစေဖို့ ရရှိရှိတဲ့ငွေကြေးပစ္စည်းအမြန်ပြန်ရဖို့ကိစ္စတွေမှာ အသုံးပြုရတယ်။

ခင်ဗျားက လုပ်ငန်းတွေ အောင်မြင်တိုးတက်ချင်တယ်ဆိုတော့ ဂါထာနံပါတ် (၅) ဘသသဝိသဒေဘကိုရွေးပြီး ရေးသွင်းပေါ့ဗျာ။ အရံဂါထာရဲ့အပြင် ဘေးနှစ်ဖက်မှာ ဆန္ဒရှိတာတွေရေးနိုင်တယ်။ ဥပမာ လုပ်ငန်းတိုးတက်အောင်မြင်စေ၊ ဘေးရန်အပေါင်းကင်းဝေးစေ စသည်ဖြင့်ပေါ့ဗျာ။ မိုင်းကိုင်စက္ကူပေါ်မှာ ခဲတံနဲ့ရေးဆွဲရမယ်။ ရေးဆွဲပြီးရင် အရံဂါထာဖြစ်တဲ့ဇယန္တောဂါထာနဲ့(၉)ခေါက် ရွတ်ဖတ်ပြီး သိဒ္ဓိတင်ရမယ်။ ပြီးရင် ရွှေဖယောင်းတိုင်မှာပတ်လိပ်ပြီး ကော်နဲ့ကပ်ဗျာ။ ဒါဆိုရင် စီရင်လို့ပြီးသွားပြီ။



ခင်ဗျားအိမ်က ဘုရားမှာထွန်းညှိကပ်လှူပူဇော်ရမယ်။ လက်ဖက်ရည်အောက်ခံကြွေပန်းကန်ပြားပေါ်မှာ မြေခွက်လေးတင်၊ မြေခွက်လေးပေါ်မှာ စီရင်ထားတဲ့ရတနာဒီပံကိုတင်ထွန်းပြီး ပူဇော်ရမယ်။ လိုတဲ့ဆုကိုတောင်း။ ဆုတောင်းရုံနဲ့မပြီးသေးဘူး။ ဘုရားဂုဏ် တော်(၉) ပါးကို တစ်နေ့ (၉) ပတ်၊ (၉) ရက်အခိဋ္ဌာန်တင်ပြီးစိပ်ရမယ်။ ကိုမောင်မြင့် ကျွန်တော်ပြောပြသလို ရတနာဒီပံစီရင်တတ်တယ်မလား"

"ဆရာဆွဲပြထားတဲ့ပုံတွေ နမူနာကြည့်ပြီး စီရင်ရရင်ဖြစ်ပါတယ်။ ဒါနဲ့ ဘယ်အချိန်တွေမှာထွန်းညှိပူဇော်ရရင် ပိုကောင်းမလဲ ဆရာ"

"အချိန်ရွေးပြီး ပူဇော်နိုင်ရင်တော့ သိပ်ကောင်းတာပေါ့ဗျာ။ တည်မြဲလိုတဲ့ကိစ္စမှာ ပထဝီဓာတ်အချိန်ဖြစ်တဲ့ နံနက် (၆) နာရီကနေ (၉) နာရီအတွင်းမှာ စတင်ပူဇော်ဗျာ။ အေးချမ်းလိုတဲ့ကိစ္စတွေမှာ အာပေါဓာတ်အချိန်ဖြစ်တဲ့ နံနက်(၉)နာရီကနေ မွန်းတည့် (၁၂) နာရီအတွင်းမှာစတင်ပူဇော်။ အောင်မြင်ကျော်စောလိုတဲ့ကိစ္စတွေမှာ တေဇောဓာတ်အချိန်ဖြစ်တဲ့ မွန်းတည့် (၁၂) နာရီကနေ ညနေ (၃)နာရီအတွင်းမှာ စတင်ပူဇော်ဗျာ။ မြန်မြန်ပြီးမြောက်အောင်မြင်လိုတဲ့ကိစ္စတွေမှာ ဝါယောဓာတ်အချိန်ဖြစ်တဲ့ ညနေ (၃) နာရီကနေ ညနေ(၆) နာရီအတွင်းမှာ စတင်ပူဇော်ဗျာ။

ဒီရတနာဒီပံစီရင်နည်းက ကျွန်တော် နှစ်ပေါင်းတော်တော်ကြာအောင်သုံးခဲ့တဲ့လက်တွေ့နည်းပဲ။ အောင်မြင်တာများတယ်။ တစ်ခုတော့ရှိတာပေါ့ဗျာ။ စီရင်တဲ့သူက သီလ၊ သမာဓိ၊ ပညာနဲ့ပြည့်စုံအောင်ကြိုးစားနေဖို့တော့လိုတယ်။ ပြည့်စုံနေရင် အောင်မြင်နေမှာပါ"

"ဆရာ ဒီဂုဏ်တော်ပြန်ဂါထာက နောက်ထပ်ဘာများသုံးလို့ရသေးလဲ"

"အသုံးကတော့ ကျယ်ပါ့ဗျာ။ ဘုရားဂုဏ်တော်တွေဖြစ်လို့ ဉာဏ်ရှိသလိုသုံးနိုင်တယ်။ ကောင်းကျိုးအနန္တပါပဲဗျာ။ ရှေးဆရာကြီးတွေက ဂုဏ်တော်ပြန်ဂါထာကို 'ဂုဏ်တော်သည်းခြေ' လို့ ခေါ်ကြသေးတယ်။ အညှန်းလေးတောင် လက်ာနဲ့ပြသွားကြသေးတယ်။ ဒါလည်း လိုက်မှတ်ထားဗျာ။ လိုအပ်လာခဲ့ရင်သုံးရတာပေါ့"

"ဟုတ်ကဲ့ - လိုက်မှတ်ထားပါ့မယ် ဆရာ"

၁။ ကကုဇ္ဈာဂတ္ထရဿာရွတ်ခါ နေ့တိုင်းစား မုချမပြီးလား။

၂။ တိအသုံးမှာ ဆေးကွမ်းယာ ရွတ်ခါနေ့တိုင်းစား မြင်က ချစ်သနား။

၃။ ပိကိုသုံးမူ ဉာဏ်နှင့်ယူ စင်ဖြူဝင်းဝင်း အပြစ်ကင်း။

၄။ သောကားတပ ဣန္ဒိယနှုတ်ကရွတ် ၍သွား မုချမချစ်လား။

၅။ ဘမှာတစ်ဖန် အကျဉ်းခံ မြန်မြန်ရွတ်ငြား မလွတ်လား။

၆။ ဂမှာတစ်လီ ဆုံတွင်းဆီ၊ ရာဆယ်လီစုတ်၊ ခုတ်သောဓားသွား၊ မပဲ့လား။

၇။ ဝါအရေးရှိ ရွတ်တုန်ဘိ၊ အန္တိဆာယာ ကောင်းလှစွာ။

၈။ အမှာတစ်ကြောင်း ရွတ်တိုင်းကောင်း၊ မှတ်ကြောင်းဂုဏ်တော်ဗလ သည်းခြေတည်း။

ဂုဏ်တော်သည်းခြေကို ပုတီးလည်းစိပ်နိုင်တယ်လို့ ရှေးဆရာကြီးတွေကဆိုခဲ့ကြသေးတယ်။ အထူးသဖြင့် ဂိုဏ်းဆိုင်ရာဆေးတော်ကြီးကြိတ်ပွဲတွေမှာ အဓိဋ္ဌာန်နဲ့စိပ်ခဲ့ကြတယ်"

"ရတနာဒီပံလည်း စီရင်မယ်။ ရွတ်လည်းရွတ်ဆိုပူဇော်မယ်။ ပုတီးလည်းစိပ်မယ်ဆရာ။ ဒီတစ်ခေါက် ဆရာ့ဆီလာရတာ ဂုဏ်တော်ပြန်ဂါထာနဲ့ ရတနာဒီပံစီရင်ပုံကိုသိရလို့အထူးပဲဝမ်းသာပါတယ်။ ဆရာ့ကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ မင်္ဂလာပါ ဆရာ။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

ဟု နှုတ်ဆက်ကာ ကိုမောင်မြင့်တစ်ယောက် ပြန်သွားပါတော့သည်။

မဟာဂန္ဓာရီဝိဇ္ဇာပညာရပ်မှာ အနှံ့ပြန့်ပွားပါစေရယ်လို့သာ။

(အောင်သန်းကြည်(ဇေယျာတော်သီ)

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး၏တပည့်

မဟာပဏ္ဍိတပညာ၏မြေပြင်ဂိုဏ်းချုပ်

ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထမဆရာဦးအေးရွှေ (၅)



■ မန္တန်ဝိဇ္ဇာကျင့်စဉ်

ကိုအောင်ပြည့်သည် ကောင်းကင်ရှိ သက်တန့်ပေါ်၌ ခရီးသွားကြသော အဘိုး၊ အဘွားတို့ထံမှရရှိခဲ့သော ပုရိုက်လေးအား ဖတ်ရှုကြည့်လိုက်သောအခါ မန္တာန်ဝိဇ္ဇာခိုရိုအဖြစ် ပေါက်မြောက်ရောက်ရှိစေနိုင်သောမန္တန်ကို ရေးသားထားကြောင်း တွေ့ရှိရသဖြင့် အပြန်ပြန်အလှန်လှန် ဖတ်ရှုကြည့်နေမိလိုက်၏။

အဆိုပါမန္တန်သည် သမ္မဒ္ဓေဂါထာတစ်ပုဒ်လုံးစာပမာဏရှိသော ဂါထာ (၃) ပုဒ် ပါရှိသည်ကို တွေ့ရလေ၏။ ထိုမန္တန်ကို ကျင့်စဉ်အဖြစ်ကျင့်မည်ဆိုလျှင် ကာလအားဖြင့် တစ်နှစ်ကြာအောင် ကျင့်ရမည်ဖြစ်၏။ ထိုမန္တန်ကို တစ်နှစ်ကျင့်မည်ဆိုလျှင် ကျင့်ရမည့်နေရာသုံးနေရာကိုလည်း ဖော်ပြထား၏။

အဆိုပါ နေရာဌာန (၃) ခုတွင် သွားရောက်ကျင့်ရမည်ဆိုသည့်နေရာများကို အသေအချာ လေ့လာလိုက်သော အခါ အထူးပင် မလွယ်ကူသည့်နေရာများဖြစ်ကြောင်း တွေ့ရှိရလေသည်။ ထိုနေရာ (၃) နေရာမှာ ပထမနေရာမှာ ဂါမာဝါသီဟုခေါ်သော လူသူမနီးမဝေးရှိသော ရွာနီးချုပ်စပ်ဆိတ်ငြိမ်ရာနေရာဖြစ်ပြီး -

ဒုတိယနေရာမှာ ရိညာဝါသီဟုခေါ်သော လူသူလေးပါးအရောက်အပေါက်လွန်စွာနည်းပါးသော ဆိတ်ငြိမ်သောတောတွင်းရှိနေရာဖြစ်ပြီး -

တတိယနေရာမှာ သုညာဝါသီဟုခေါ်သောလုံးဝလူသူအရောက်မရှိသော တောတွင်းနေရာများ ဖြစ်နေ၏။

ကျင့်စဉ်ကျင့်ရမည့် ကာလမှာ (၁) နှစ်ဖြစ်သဖြင့် တစ်နေရာတွင် (၄)လစီ ကျင့်ရမည်ဖြစ်၏။ ထို့ကြောင့် ဂါမာဝါသီနေရာတွင် လေးလကျင့်ရမည် ဖြစ်၏။ ရိညာဝါသီတွင် လေးလကျင့်ရမည် ဖြစ်၏။ နောက်ဆုံး သုညာဝါသီတွင် လေးလကျင့်ရမည် ဖြစ်၏။

ထို့ကြောင့်လည်း ထိုကဲ့သို့ အခြေအနေမျိုးတွင် ကျင့်နိုင်မကျင့်နိုင်အနေအထားကို အနုလုံပဋိလုံဆင်ခြင်သုံးသပ်ရတော့၏။ ကျင့်ရမည့်အချိန်ကာလမှာ (၁) နှစ်သာဖြစ်သဖြင့် များစွာပြဿနာမရှိနိုင်သော်လည်း ကျင့်ရမည့်နေရာဒေသမှာ များစွာသောပြဿနာနှင့် အခက်အခဲဘေးအန္တရာယ်မျိုးစုံတွေ့ရနိုင်သောကြောင့် ဖြစ်၏။ ကြီးကြည့် ရုံမျှနှင့်ပင် ကျောချမ်းစရာဖြစ်သည်။ အကယ်၍ သာမန်လူတစ်ဦးအတွက် ဆိုလျှင် ဤမျှ အခက်အခဲကြီးများပါက နောက်ဆုတ်လိုက်မည်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် . . .
ကိုအောင်ညွှန့်ကား
ဤမန္တန်၏ အစွမ်း
ကြောင့် လက်တွေ့
မျက်တွေ့ပင် ကောင်း
ကင်ခရီးသွား အဘိုးအ
ဘွားနှစ်ဦးကို တွေ့မြင်
ထားရသဖြင့် အောင်မြင်
ပြီးဆုံးအောင်ကျင့်ကြံနိုင်
လျှင် အမှန်ပင် သူတို့ကဲ့
သို့ဖြစ်နိုင်မည်ကိုလည်း
ယုံကြည်သဖြင့် နောက်ဆုံးဖြစ်ချင်
ရာဖြစ်ကျင့်တော့မည်ဟု စိတ်ပိုင်းဖြတ်
လေတော့၏။

ထို့နောက် အချိန်မဆိုင်းတော့ဘဲ
မဖြစ်မနေ လိုအပ်သည့် အသုံးအဆောင်
ပစ္စည်းအချို့နှင့် စားစရာသောက်စရာ
တို့ကို လုံလောက်သောပမာဏရသည်
အထိ ရှာဖွေစုဆောင်းလေ၏။ ပြန်လှန်
စွာရရှိလာသောအချို့ပိုင်
ဆိုင်ထားသမျှသော လယ်
မြေများ၊ နွားမများ၊ လှည်းများ၊
လယ်တဲများသားလုံးတို့ကိုစွန့်

www.burmeseclassic.com

www.burmeseclassic.com

ပစ်ခြင်း၊ ဘေးမဲ့ပေးခြင်းများပြုပြီး သန့်ဌာန်ခိုင်မာစွာချကာ တောတွင်းသို့ တစ်ကိုယ်တည်းထွက်လာခဲ့ပါတော့၏။

ကိုအောင်ပြည့် စတင်ထွက်ခွာသောအချိန်သည် နံနက်မိုးမသောက်မီ အချိန်တွင် ဖြစ်၏။ အပြင်းထွက်ခဲ့ခြင်း ဖြစ်၏။ တစ်ပြိုင်နက်တည်းတွင်ပင် သူ၏ ရှေ့အနာဂတ်ခရီးအတွက် ကြိုတင်တွေးဆပြီး လွန်စွာပင် စိတ်လှုပ်ရှားရခြင်းမျိုးလည်း ဖြစ်ပေါ် လျက်ရှိ၏။ သွားရသည့် ခရီးကား မှောင်နှင့်မည်းမည်းအတိသာပြီးတော့၏။ သို့သော် မန္တန်ဝိဇ္ဇာဖြစ်လို သောဇောကသာ မင်းမူကြီးစိုးနေသဖြင့် ခြေလှမ်းများက ခပ်သွက်သွက်ပင် ဦးဆောင်လျက်ရှိ၏။ မှောင်မည်းနေသောတောတွင်း၏ ရှေ့ခရီးတွင် ကျင်းများ၊ ချိုင့်များ၊ ဆူးငြောင့်ခလုတ်ပေါင်း မြောက်မြားစွာတို့သည် လည်းကောင်း၊ ဘေးအန္တရာယ်ထူပြောလှသောတွင်းပုန်းများစွာတို့သည် လည်းကောင်း များစွာဆီးကြိုတည်ရှိနေနိုင်သည်ကို ကြိုတင်တွက်ဆမိသော်လည်း မည်သည့်အရာကိုမျှ အမှုမထားတော့ပေ။ ကြုံတွေ့ရမည့်အရာမှန်သမျှကိုလည်း ရဲရဲဝံ့ဝံ့ပင် ရင်ဆိုင်တော့မည်ဟု ပိုင်းဖြတ်ထားလိုက်၏။

ဥတုအချိန်ကာလသည် နွေဦးအချိန်ဖြစ်သဖြင့် များမကြာမီပင် အရှေ့မိုးကုပ်စက်ဝိုင်းဆီမှ ရောင်နီပျို့လာခဲ့၏။ တစ်ပြိုင်နက်တည်းပင် ထူးခြားသောငှက်အော်မြည်သံတစ်သံကိုလည်း ကြားရလေ၏။ ထိုငှက်သံသည် မည်သည့်ငှက်မျိုးဖြစ်မည်ကို စဉ်းစားကြည့်ရာ စဉ်းစား၍မရဘဲဖြစ်နေသဖြင့် ငှက်ကိုတွေ့ရန် ဘေးဘီတောင်မြောက်ဝဲယာသို့လိုက်လံကြည့်ရှုရာ မတွေ့ရဘဲဖြစ်နေသဖြင့် စဉ်းစားရကျပ်နေတော့၏။

တစ်ဖန် ထိုငှက်အော်မြည်သံကပင် သူသွားမည့်တောလမ်းခရီး၏ရှေ့မှပင် ဦးဆောင်နေသဖြင့် ထိုအသံကိုပင် အာရုံပြုရင်း လျှောက်နေမိတော့၏။ တစ်ခါတစ်ခါတွင် ထိုအော်မြည်နေသောငှက်ကို တွေ့ရလိုတွေ့ရငြားရှာဖွေကြည့်မိသော်လည်း မတွေ့ရသည့်အဖြစ်ကို မချင့်မရဲဖြစ်နေမိတော့၏။ သို့ဖြင့် နေသည်တဖြည်းဖြည်း မြင့်သည်ထက်မြင့်လာနေ၏။

ကိုအောင်ပြည့်၏ခန္ဓာကိုယ်တစ်ခုလုံးသည် ပူထူပြီး ချွေးများဖြင့်ရွှဲစိုနေတော့သည်။ သို့သော်လည်း မနားဘဲ ခြေလှမ်းများကို ခပ်သွက်သွက်သာလှမ်းလျက်ရှိ၏။ ရေတံလာသည့်အခါတွင် လွယ်ထားသော ဘူးခါးသီးခြောက်ရေဘူးထဲမှရေကို တစ်ငုံချင်း လမ်းလျှောက်မျက်သောက်သွား၏။

နေကလည်း အတော်ပင်မြင့်လာနေပြီ ဖြစ်၏။ ထို့ကြောင့် ခေတ္တနားပြီး နံနက်စာစားမည့်နေရာကို ရှာဖွေရလေ၏။ ထိုသို့ရှာဖွေရှိသွားရင်း တောင်ကုန်းလေးတစ်ခုပေါ် သို့တက်လာပြီးဖြစ်ကြောင်း သတိပြုမိလာ၏။ ထိုအချိန်တွင် ကြားနေရသောငှက်သံသည် ရုတ်တရက်ပျောက်သွားသဖြင့် ကိုအောင်ပြည့်သည်လည်း လမ်းလျှောက်ခြင်းကို ရပ်လိုက်ပြီး အနီးအနားသို့ မျက်စေ့ဝေ့ကြည့်လိုက်၏။ ထိုနောက် ဘေးသို့ခွဲထွက်ကာ သစ်ပင်များအကြားမှ တိုးဝှေ့ကာ ကြည့်ရှုလေ၏။ ထိုသို့ကြည့်ရှုရင်း အတန်ငယ်သွားမိသောအခါ ရှေ့ဟောင်းစေတီပျက်ကြီးနှစ်ဆူကို ဘွားခနဲတွေ့လိုက်ရသဖြင့် အထူးပင်အံ့ဩသွားရပါတော့၏။

ထိုစေတီပျက်ကြီးအား ကြည့်ရသည်မှာ လွန်ခဲ့သောနှစ်ပေါင်းထောင်ချီသည့်ကာလက စေတီကြီးများဖြစ်နိုင်ကြောင်း သတိပြုမိလေ၏။ ထိုစေတီပျက်ကြီးများမှ ကွာကျနေသော အလွန်ကြီးမားသည့် အုတ်ချပ်ကြီးများကိုလည်း တွေ့ရလေ၏။

ထိုအခါ ကိုအောင်ပြည့်လည်း စေတီတော်ကြီးများအား ဖူးမြော်ကြည့်ညိုကန်တော့လိုက်၏။ ပါလာသည့် ထမင်းထုပ်ကိုလည်းထုတ်ကာ အသေအချာပြင်ဆင်ပြီး နေအားကြည့်လိုက်ရာ နေမွန်းတည့်ရန်အချိန်အနည်းငယ်လိုနေသေးသဖြင့် စေတီတော်ကြီးများအား ဆွမ်းတော်အဖြစ် ကပ်လှူလိုက်သည်။ ထို့နောက် သူကိုယ်တိုင်လည်း ကိုးပါးသီလကို ခံယူဆောက်တည်လိုက်၏။ သီလဆောက်တည်ပြီးသောအခါ ဂုဏ်တော်များကို ရွတ်ဖတ်ပွားများသရဏဂုံခြင်း၊ မေတ္တာပို့ခြင်း၊ ဝေနေယျအပေါင်းတို့အား အမျှအတန်းပေးဝေခြင်းများပြုလေ၏။ ပြီးလျှင် တင်လှူထားသော ဆွမ်းများကိုစွန့်ပြီး စားသောက်လိုက်၏။ စားသောက်ပြီးသောအခါ ကျန်ရှိနေသော အစားအသောက်များကို အနီးရှိသတ္တဝါစားသောက်ရန်အလို့ငှာကြဲပက်လိုက်၏။ ထိုအချိန်တွင် ခပ်စောစောပိုင်းက အော်မြည်သံကြားခဲ့ရသော ငှက်၏ အော်သံကို ပြန်ကြားရသဖြင့် လိုက်လံရှာဖွေကြည့်ရှုလိုက်၏။

ယခုအချိန်တွင်တော့ ထိုငှက်ကို တွေ့လိုက်ရပြီဖြစ်၏။ ငှက်မှာ ဇီဝဇိုင်ငှက်ပင် ဖြစ်၏။ ငှက်သည် စေတီတော်၏ အထက်ပိုင်းတွင်နားနေပြီး နေမွန်းတည့်ချိန်လည်းဖြစ်နေသဖြင့် ငှက်ကိုကြည့်ရသည်မှာ တစ်ကိုယ်လုံးရွှေရောင်တောက်ပနေသည်ကို ထူးခြားစွာပင် တွေ့မြင်ရလေ၏။ ကိုအောင်ပြည့်လည်း ငှက်၏ အရောင်ကို သဘောကျသဖြင့် နောက်တစ်ကြိမ်ထပ်ကြည့်သောအခါ လုံးဝပျောက်ကွယ်သွားလေ၏။ မည်သို့ပင်ထပ်မံရှာဖွေပါသော်လည်း မတွေ့ရတော့ပေ။

ထို့ကြောင့် ကိုအောင်ပြည့်၏ စိတ်ထဲတွင် ထူးခြားသလိုဖြစ်လာသဖြင့် သူ ရည်ရွယ်ချက်ဆိုင်ရာလုပ်ငန်းအတွက် အတိတ်နိမိတ်များဖြစ်နေမည်လားဟုတွေးမိပြီး အတိတ်ကောက်ကြည့်သောအခါ အခြားအရာများကိုကောက်၍မရဘဲ 'ရွှေရောင်ရှိသော ဇီဝဇိုင်ငှက်' ဟူသည်ကိုသာ ကောက်၍ရ၏။ ဇီဝဇိုင်၏ အဓိပ္ပာယ်ကိုကောက်ကြည့်သောအခါ ဇီဝကိုပိုင်စိုးခြင်းသဘောဖြစ်၏။ ဇီဝသည် အသက်ပင် ဖြစ်၏။ ထို့ကြောင့် မိမိအသက်ကို မိမိကသာပိုင်စိုးခြင်းသဘောများလားဟုတွေးမိ၏။ ဝိဇ္ဇာခရေလမ်းစဉ်လိုက်စားခြင်းသည် မိမိအသက်ကို မိမိပိုင်စိုးလိုသည့် သဘောတရားနှင့်လည်းထပ်တူကျသည့် သဘောဆောင်သဖြင့် ကျေနပ်ခြင်းလည်း ဖြစ်မိ၏။

ယခုကား ဇီဝဇိုင်ငှက်တွင်မှ ရွှေရောင်တောက်ပနေသည့်ငှက်ဖြစ်ပြန်၍ တိုင်းထက်အလွန်ဖြစ်သွားတော့သည်။ ထို့ကြောင့်လည်း ပထမကျင့်ကြံအားထုတ်ရမည့်နေရာကို ဤတောတွင်းစေတီပျက်၌ပင်ဝင်ရန်ဆုံးဖြတ်လိုက်၏။ ထိုတွင် အဓိဌာန်အားထုတ်သောအခါ ပထမနှစ်ရက်တွင် မည်သည့်ထူးခြားချက်မျှမတွေ့ရှိရသော်လည်း တတိယမြောက်နေ့ညတွင်ကား ထူးခြားမှုများကြုံတွေ့ရပါလေတော့၏။

■ ကဿပဘုရားရှင်လက်ထက်က သိုက်နန်းရှင်

ကိုအောင်ပြည့်သည် တောတွင်းရှိ စေတီပျက်ကြီးတွင် မန္တန်ဝိဇ္ဇာကျင့်စဉ်ကို အားကြိုးမာန်တက်ကျင့်လေ၏။ ပဌမနေ့တွင် နေ့ဘက်သာမက ညဘက်တွင်ပါ တစ်ညလုံးမအိပ်ဘဲကျင့်ခဲ့၏။ တတိယနေ့ညတွင်ကား တစ်နာရီခန့်သာမှိန်းစက်ခဲ့၏။ တတိယနေ့ညတွင်ကား လုံးဝမအိပ်စက်ဘဲကျင့်လော့မည်ဟု ဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com

ပြီးကျင့်ခဲ့၏။ ထိုသို့ကျင့်ရင်း ညဉ့်နက်ပိုင်း သန်းခေါင်ကျော်လာသောအခါ အတန်ငယ်မျှ ငိုက်မျဉ်းလာသဖြင့် မဖြစ်ချေတော့ဘူးဟု ဆုံးဖြတ်ပြီး မျက်နှာထသစ်လိုက်ပြီး ကျင့်စဉ်ပြန်ဝင်ခဲ့လေသည်။ ပို၍လည်းအားစိုက်ပြီး ဝါယမပြုကာ အားထုတ်ပြန်၏။ တဖြည်းဖြည်းနှင့် အားထုတ်လာရာ ညဉ့်သန်းခေါင်ကျော်နာရီပြန့်နှစ်ချက်တီးခန့်ရှိသောအခါ၌ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံးသည် အတော်ပင်ညောင်းညာကိုက်ခဲလာသဖြင့် ထိုင်၍ပင်မရနိုင်အောင်ရှိတော့သည်။ ထိုအခါ လမ်းလျှောက်ပြီးကျင့်လျှင်ကောင်းမည်ဟု အတွေးဝင်လာသဖြင့် ဤဘုရားရင်ပြင်တော်ပေါ်တွင်ပင် လမ်းလျှောက်ပြီးကျင့်ကြံလျှင်ကောင်းမည်ဟု စိတ်ကူးရကာထလျှောက်လေ၏။

ထိုစေတီပျက်ကြီး၏ရင်ပြင်ပေါ်မှ သစ်ပင်များ၊ အမှိုက်သရိုက်များကို နေ့လယ်ပိုင်းကရှင်းထားသဖြင့် အတော်ပင် လင်းချင်းလျက်ရှိ၏။ ထိုသို့ ရင်ပြင်ပေါ်တွင် တဖြည်းဖြည်းလျှောက်ရင်း အလွန်မွေးကြိုင်သောရနံ့တစ်ခုကို ပထမတွင် ခပ်ပြေပြေလေးရနေရာမှ နောက်ပိုင်းတွင် ထင်ထင်ရှားရှားရလာသဖြင့် ကိုအောင်ပြည့်သည် ပတ်ဝန်းကျင်တစ်ဝိုက်ကို အထူးသတိထားကြည့်ရင်း လျှောက်လာခဲ့ရာ တနင်္ဂနွေထောင့်သို့ ရောက်ခါနီး ကွေ့လိုက်သောအခါတွင် ထိုထောင့်တွင် ဆီမီး၊ အမွေးတိုင်များ ထွန်းညှိပူဇော်ပြီးဝတ်ပြုနေသောလူအချို့ကိုတွေ့လိုက်ရသဖြင့် ရုတ်တရက် အံ့သြမှင်တက်မိသွား၏။ သို့သော် ဟန်မပျက်အောင်ထိန်းပြီး ဆက်လျှောက်သွားခဲ့၏။

ထိုအုပ်စုအနီးသို့ရောက်ပြီး အသေအချာကြည့်လိုက်သောအခါ ရှေးခေတ်အဝတ်အစားများကို သစ်လွင်တောက်ပစွာဝတ်ဆင်ထားကြသည်ကိုတွေ့ရသဖြင့် အံ့သြခြင်းဖြစ်သွား၏။ ကိုအောင်ပြည့်လည်း ရုတ်တရက်မစဉ်းစားတတ်အောင်ဖြစ်သွား၏။ဤအရပ်မှာ လူသူမနီးသောအရပ်ဖြစ်၏။ ရွာနီးချုပ်စပ်မှလူများလာရန်လည်း မဖြစ်နိုင်ပေ။ ယခုလို ညကြီးအချိန်မတော်ဆို ပိုဆိုး၏။ နောက်ပြီး ဝတ်ထားသည့်အဝတ်အစားများကလည်း ယခုခေတ် အဝတ်အစားဆင်ယင်ပုံနှင့် လားလားမျှမတူပေ။ မတူသည်မှ တွေးဖူးသမျှသော ကုန်းဘောင်ခေတ်၊ အင်းဝခေတ်၊ ပုဂံခေတ်တို့မှ ဝတ်စားဆင်ယင်မှုများနှင့်လည်း မတူသောကြောင့် အထူးအဆန်းဖြစ်ကာ တွေးပြီးကြည့်နေမိ၏။

ခဏမျှကြာသောအခါ ရှေ့ဆုံးမှ ဦးဆောင်ဝတ်ပြုနေသည့် အမျိုးသမီးသည်ထပြီး ကိုအောင်ပြည့်ရှိရာသို့ လျှောက်လာကာ အနီးသို့ရောက်လာသောအခါ ပြုံးပြပြီး -

"ရသ့ေလေးက ကျွန်မတို့ရဲ့ ပုဏ္ဏာဝတီဘုရားကြီးတွေမှာလာပြီးအဓိဋ္ဌာန်ဝင်တာလား"

ဟု မေးလိုက်၏။

သို့သော် သူမ၏ ပြောစကားများသည် မြန်မာစကားမှန်းသိသော်လည်း အသံထွက်ပုံအလေးအပေါ့များမတူသဖြင့် ရုတ်တရက် အဓိပ္ပာယ်မပေါ် ဘဲ ကြောင်အမ်းအမ်းဖြစ်နေသဖြင့် ထိုအမျိုးသမီးကပင် အခြေအနေကို သဘောပေါက်သွားပြီး သူမေးခွန်းကိုပင်စကားသံကိုထိန်းပြီး ပြန်ပြောသောအခါတွင်မှ ကိုအောင်ပြည့် နားလည်သွားပြီး -

"ဟုတ်ပါတယ်၊ အဓိဋ္ဌာန်လာဝင်တာပါ"

"ဒီမှာဘယ်လောက်ကြာအောင်နေမှာလဲ"

"အခု ဒီမှာ အဓိဋ္ဌာန်ဝင်ဖို့ စီစဉ်ထားတာကတော့ လေးလကြာပါမယ်။ ဘာဖြစ်လို့လဲဗျ ဒီမှာလေးလလောက်နေလို့ရတယ်မဟုတ်လား"

ဟု မေးလိုက်ရာ ထိုအမျိုးသမီးမျက်နှာအမူအရာသည် ပြုံးရွှင်နှစ်လိုဖွယ်အသွင်သို့ပြောင်းသွားပြီး -

"ဟုတ်ကဲ့ - နေလို့ရပါတယ်"

ဟု ချိန်ချိန်ဆဆလေသံမျိုးဖြင့် ပြောနေသဖြင့် ကိုအောင်ပြည့်က -

"ဘာဖြစ်လို့လဲခင်ဗျ၊ ဒီမှာအဓိဋ္ဌာန်ဝင်ရင် ပြဿနာရှိနိုင်လို့လား"

ဟု ပွင့်ပွင့်လင်းလင်းပင်မေးလိုက်ရာ ထိုအမျိုးသမီးက ကိုအောင်ပြည့်ကို စိုက်ကြည့်ပြီး -

"အင်း - ပုံမှန်ဆိုရင်တော့ ပြဿနာရှိနိုင်တာပေါ့နော်။ ဒါပေမယ့် ရသ့ေလေးကတော့ အထူးဧည့်သည်ဖြစ်နေတဲ့အတွက် ပြဿနာကြီးကြီးမားမားတော့ ရှိနိုင်မယ်မထင်ဘူး"

"ကျုပ်က အထူးဧည့်သည်ဟုတ်လား။ ဘာဖြစ်လို့အထူးဧည့်သည်ဖြစ်ရတာလဲ။ နားမလည်နိုင်ဘူး"

"အထူးဧည့်သည်ဖြစ်ရတာကဒီလိုပါ။ ဒီဘုရားကြီးမှာ အစဉ်အလာက ဘယ်လိုရှိသလိုလဲဆိုတော့ ဒီပုဏ္ဏာဝတီခေတ်ဘုရားကြီးမှာစတည်ပြီးကတည်းက နှစ်တစ်ရာပြည့်တိုင်းပြည့်တိုင်းမှာ ပုဂ္ဂိုလ်ထူးတစ်ပါးပါး ဒါမှမဟုတ် ပုဂ္ဂိုလ်ထူးဖြစ်မယ့်သူတစ်ဦးဦးလာပြီးအဓိဋ္ဌာန်ဝင်ကြတယ်။ ဒီကနေ့ဟာလည်း နှစ်တစ်ရာပြည့်တဲ့နေ့ပါပဲ။ ဒါကြောင့် ဒီဘုရားကြီးမှာ ရက်ရှည်အဓိဋ္ဌာန်ဝင်တဲ့ ပုဂ္ဂိုလ်ရှိမရှိလာကြည့်တော့ အသင်ရသ့ေလေးကို တွေ့ပါတယ်။ နောက်ပြီး သင့်ကို မေးကြည့်တော့လည်း လေးလအဓိဋ္ဌာန်ဝင်မယ်ပြောတယ်။ ဒါကြောင့် သင်ဟာ ပုဂ္ဂိုလ်ထူးတစ်ပါးပါးပဲ။ ဒါမှမဟုတ် သင်ဟာ ပုဂ္ဂိုလ်ထူးဖြစ်မယ့်ပုဂ္ဂိုလ်ပါပဲ။ ဒါကြောင့် သင့်ကိုအထူးဧည့်သည်လို့ဆိုရခြင်းဖြစ်ပါတယ်"

"ဒါဆို သင်တို့ဒီကနေ့ဝတ်ပြုတဲ့ အထိမ်းအမှတ်က"

"ဟုတ်ပါတယ် နှစ်တစ်ရာပြည့်နေမှာ ရောက်ရှိအဓိဋ္ဌာန်ဝင်လာတဲ့ အသင်ရသ့ေအတွက် အဓိဋ္ဌာန်အောင်မြင်ပြီး မြောက်ပါစေကြောင်း ဆုတောင်းဝတ်ပြုတဲ့ပွဲဖြစ်ပါတယ်။ နောက်ပြီး သင်လိုအပ်တာရှိရင်လည်း ဝိုင်းဝန်းကူညီဖို့၊ အသင် အန္တရာယ်ကင်းအောင် ဝိုင်းဝန်းစောင့်ရှောက်ကြဖို့လည်းဖြစ်ပါတယ်"

"အသင်ကို ကျွန်ုပ်ရသ့ေက ဘယ်လိုခေါ်ရမှာလဲ။ မင်းသမီးတစ်ပါးနဲ့တူတဲ့အတွက် မင်းသမီးလို့ပဲခေါ်ရမှာလား"

"ခေါ်လို့ရပါတယ် ရသ့ေလေး။ ကျွန်ုပ်အမည်က မြစိမ်းရှင်ဖြစ်ပါတယ်။ ပုဏ္ဏာဝတီပြည်ကြီး ခေတ်ကောင်းတုန်းက မင်းသမီးတစ်ပါးလည်း ဖြစ်ခဲ့ပါတယ်။ ဟိုဘက်ကဘုရားကြီးကတော့ ကျွန်ုပ်ညီမတော် မင်းသမီးရဲ့ ကောင်းမှုတော်လည်း ဖြစ်ပါတယ်။ အခု ကျွန်ုပ်နဲ့အတူ ဝတ်ပြုဆုတောင်းတဲ့ပွဲမှာ ညီမတော်လည်း ပါပါတယ်"

ဟု ပြောပြီး ညွှန်ပြသဖြင့် ကြည့်လိုက်ရာ ဝတ်ပြုနေသောလူအုပ်စု၏ ရှေ့ဆုံးတွင် ရွှေဝါရောင်ဝတ်စုံကိုဝတ်ဆင်ထားသော မင်းသမီးတစ်ပါးကို တွေ့ရလေ၏။

ထိုအခါ ကိုအောင်ပြည့်က -

"ဟိုကျန်တဲ့ပုဂ္ဂိုလ်တွေကကော"

"သူတို့ကလည်း ဟိုးပုဏ္ဏာဝတီခေတ်ကြီးကောင်းစားစဉ်ကတည်း အကျွန်ုပ်တို့အပေါ် သစ္စာရှိစွာအမှုတော်ထမ်းလာတဲ့အမှုထမ်းတွေပါဗဲ့။ အများစုကတော့ ရံရွေတော်တွေနဲ့ ရဲမက်ဗိုလ်ပါတွေပါပဲ"

"ဒါနဲ့ မြစိမ်းရှင်မင်းသမီးပြောတဲ့ ပုဏ္ဏာဝတီခေတ်ဆိုတာ ဘယ်ခေတ်ကို ပြောတာပါလဲ သိပ်မကြာဘူးလို့တော့"

"ဟုတ်ပါတယ်၊ မကြာလှသူးဘူးဆိုတာ ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆို

www.burmeseclassic.com

www.burmeseclassic.com

တင့်ထူး(ယေျာတီ)
ပရောင့်ပဝါးကွဲအက်နာအတွက်
ဆေးနည်းကောင်းတစ်လက်

တစ်ဖန် နွေဥတုသို့ရောက်ပြန်လျှင် နေပူဒဏ်ကာကွယ်ရန် ဦးထုပ်၊ ထီး၊ ဖိနပ်များ၊ ပါးလွှာသော အဝတ်အထည်များကိုသာဝတ်ဆင်၍ အပူဒဏ်မှ ကာကွယ်ကြရသည်။

မိုးအခါတွင် မြစ်ချောင်း၊ အင်း၊ အိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေပြည့်ရေလျှံပြီး ရွှံ့တွေဗွက်တွေနှင့်သွားလာရခက်ခဲ၏။ ရွှံ့ထဲသဲထဲသွားရဖန်များလျှင် ခြေချောင်းကလေးများကြားတွင်ပါးလာပြီး ရေဝဲ၊ သဲဝဲများ စွဲကပ်ခံစားကြရလေသည်။ ထိုရေဝဲ၊ သဲဝဲစွဲကပ်ခံစားကြရလေသည်။ ထိုရေဝဲ၊ သဲဝဲစွဲကပ်လျှင် ယားယံလာ၏။ ယားယံ၍ပွတ်လျှင်ဖြစ်စေ၊ ကုတ်လျှင်ဖြစ်စေ ပွတ်၍ကုတ်၍ ကျွန်ုပ်တို့မြို့တင်းနေထိုင်ကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု ဟူ၍ ဥတုသုံးမျိုးရှိသည်။ မြန်မာနိုင်ငံတွင်နေထိုင်ကြသူတို့မှာ ထိုဥတုသုံးမျိုးနှင့် အမြဲပင်ထိတွေ့နေကြရလေသည်။ ကြုံတွေ့လာသောဥတုရာသီကိုလိုက်၍ အနေအထိုင်၊ အစားအသောက်၊ အလုပ်အကိုင်၊ အဝတ်အထည်တို့မှအစ ရာသီနှင့်ကိုက်ညီအောင် စားသောက်နေထိုင်လုပ်ကိုင်ကြရလေသည်။

မိုးဥတုတွင် မိုးမစိုစေရန် ထီး၊ မိုးကာ၊ ခမောက်တို့ဆောင်း၍ မိုးရေဒဏ်ကို ကာကွယ်ကြရသည်။ ဆောင်းဥတုသို့ရောက်လာလျှင် ခေါင်းစွပ်၊ ခြေစွပ်၊ အနွေးထည်များထူထူထဲထဲဝတ်ဆင်ကြကာ အအေးဒဏ်ကိုကာကွယ်ကြရသည်။

တော့ ပုဂံခေတ်တွေ၊ ပျူခေတ်တွေမတိုင်မီကခေတ်ဖြစ်နေတာကိုး"

"အဲဒီလိုဆိုတော့ အဲဒီခေတ်က လွန်ခဲ့တဲ့နှစ်ပေါင်းဘယ်လောက်ကများဖြစ်မလဲမသိဘူး"

"အင်း-နှစ်အနေနဲ့တွက်မယ်ဆိုရင်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၆၀၀၀) လောက်ကပါ"

"ဒါဆို ဗုဒ္ဓဂေါတမဘုရားရှင်ပွင့်တော်မူခဲ့တာ နှစ်ပေါင်း (၂၅၀၀) ပဲ ရှိသေးတာဆိုတော့ ဘုရားရှင်ပွင့်တော်မမူမီကပဲ သာသနာပကာလပဲ။ အဲဒီကာလမှာ ဒီဘုရားကြီးကို ဘယ်လိုလုပ်ပြီးတည်တာလဲစဉ်းစားလို့မရတော့ဘူး"

"အဲဒါက လူတွေထင်နေတဲ့အထင်ပါ။ အဲဒီအထင်က ဂေါတဗုဒ္ဓဘုရားရှင်ပွင့်တော်မမူမီ နှစ်ပေါင်းထောင်ချီပြီး သာသနာပကာလတွေဖြစ်မယ်ထင်ကြတာပါ။ တကယ်တော့ အကျွန်ုပ်တို့မြန်မာပြည်မှာ သာသနာပကာလဆိုတာမရှိဘူး။ ဘုရားရှင်တစ်ဆူရဲ့သာသနာနဲ့နောက်ဘုရားရှင်တစ်ဆူရဲ့သာသနာတွေအကြားမှာပြတ်တောက်သွားတယ်ဆိုတာသိပ်မရှိဘူး။ တစ်ဆက်တစ်စပ်တည်းလို့တောင်ပြောလို့ရပါတယ်။ ဒါကြောင့် အကျွန်ုပ်တို့ရဲ့ ပုဏ္ဏာဝတီခေတ်ဆိုတာကသဃဘုရားရှင်ရဲ့သာသနာထဲမှာရှိခဲ့တာပါ။ အဲဒါကြောင့် ဒီဘုရားကြီးကို ကသဃဘုရားသာသနာကတည်းကတည်ခဲ့တာပါ။ ဒါကြောင့် သက်တမ်းအနေနဲ့ပြောရင် နှစ်ပေါင်း (၆၀၀၀) ကျော်ပါပြီ။ လက်ရှိနောက်ဆုံးပြန်တည်ခဲ့တဲ့ ဘုရားပုံစံကိုတော့ ကုန်းဘောင်ခေတ်ဦးပိုင်းမှာတည်ခဲ့တာပါ။ ဒါကြောင့် ဒီဘက်ခေတ်ပုံစံဖြစ်နေတာပါ။ မူလကတော့ ဒီပုံစံမျိုးမဟုတ်ပါဘူး။ ထုလုံးရှည်နဲ့ အဝိုင်းပုံစံမျိုးရောထားတဲ့ပုံစံပါ။ ဒီဘက်နောက်ပိုင်းမှာတော့ ပြင်တာတွေ၊ တွေ့ထိတာတွေသိပ်မရှိတော့တဲ့အပြင် လူသူအရောက်အပေါက်ပါမရှိတော့တဲ့ အခြေအနေမျိုးဖြစ်သွားခဲ့ပါတယ်။ ဒါကြောင့် ရှားရှားပါးပါးရောက်လာတဲ့ရသေ့လေးအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ထူးတဲ့ပါရမီရှင်အဖြစ်လည်း အသိအမှတ်ပြုပါတယ်။ အဲဒါကိုလည်း အခွင့်ပြုပေးစေလိုပါတယ်"

ဟု ဆိုလေရာ ကိုအောင်ပြည့်က-

"ဒီကိစ္စကို အတိုင်းအတာတစ်ခုအထိတော့ ခွင့်ပြုပေးလို့ရပါတယ်။ ဒါပေမယ့် အသင်မင်းသမီးနဲ့တကွ အသင့်လူတွေအဝင်အထွက်များမယ်၊ အသွားအလာတွေများခဏဖြစ်မယ်ဆိုရင်တော့ ကျွန်တော့်ရဲ့ အမိဌာန်မှာထိခိုက်လာနိုင်ပါတယ်။ ဒါကြောင့်"

ဟု ပြောပြီး ကိုအောင်ပြည့်၏စကားမဆုံးမီတွင်ပင် မြစိမ်းရှင်ကဖြတ်ပြီး"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ဒီကိစ္စကို အကျွန်ုပ်တို့နားလည်ပါတယ်။ အကျွန်ုပ်တို့ကို အသင်အနေနဲ့ ပထမဆုံးအနေနဲ့မို့တွေ့ရတာပါ။ နောက်ပိုင်းဆိုလုံးဝမမြင်မတွေ့စေရတော့ပါဘူး။ လိုအပ်တဲ့အကူအညီရှိရင်တော့ ကျွန်မတို့ရှိတဲ့ တနင်္ဂနွေထောင့်မှာလာပြီးပြောပါ။ နောက်ပြီး အသင့်အနေနဲ့ အကျွန်တို့ကို မမြင်ရပေမယ့်လည်း ဒီဝန်းကျင်တစ်ဝိုက်မှာ အကျွန်ုပ်အမြဲစောင့်ရှောက်ပေးနေတယ်ဆိုတာသိထားပါ"

ဟု ဆိုပြီးသည်နှင့် တစ်ပြိုင်နက်အားလုံးပျောက်ကွယ်သွားကြလေတော့၏။

ကိုအောင်ပြည့်လည်း ထိုအချိန်မှစပြီး သူ၏ ကျင့်စဉ်များကို အထူးဝါယမပြုကာကျင့်ကြံလေ၏။

မြစိမ်းရှင်မင်းသမီးတို့သည်လည်း ကိုအောင်ပြည့်၏ စားသောက်ရေးအတွက် နေ့စဉ်မဟုတ်သည့်တိုင်အောင် ရက်အတော်များများအတွက် သတ်မှတ်ထားသည့်နေရာတွင် စားသောက်စရာများလာထားပေးကြ၏။ အဖွဲ့အစည်းတစ်ခုမှ ကြီးကျယ်ခမ်းနားသောအင်းအားဖြင့် နှောင့်ယှက်လာသည်ကိုလည်း မြစိမ်းရှင်တို့အဖွဲ့က ကာကွယ်ပေးကြ၏။ ဤသို့ဖြင့် ကိုအောင်ပြည့်၏ပထမဌာနအဓိဌာန်ကျင့်စဉ်ပြီးမြောက်အောင်မြင်ခဲ့ပါသည်။

(မှတ်ချက်။ ။ ဆရာဦးအောင်ပြည့်သည် နောက်ဆုံးတွင် မန္တလေးဝိဇ္ဇာကျင့်စဉ်အောင်မြင်ခဲ့ပါသည်။ ထို့အခါ သူအား အဘက်ဘက်မှ ကူညီခဲ့သော မြစိမ်းရှင်အားဝုဏ်ပြုသည့်အနေဖြင့် သူ၏နာမည်ကိုလည်း မြစိမ်းရှင်ရသေ့ကြီးအဖြစ်သာခေါ်ဝေါ်သုံးစွဲခဲ့သလို သူတည်းခိုသောဝိဇ္ဇာဝါဒီဝုဏ်းကိုလည်း မြသစ္စာဝါဒီဝုဏ်းအဖြစ်ခေါ်ဝေါ်သုံးစွဲခဲ့ပါသည်။)

(ဒဂုံလဆက်ဖတ်ပါရန်)

ပထမဆရာဦးအေးဇော်

www.burmeseclassic.com

www.burmeseclassic.com

မဆုံးနိုင်ဖြစ်ကာ ပွတ်လေကုတ်လေယား လေဖြစ်၏။ ပွတ်ရလွန်းကုတ်ရလွန်း၍ အရေပြားများပေါက်ပြဲသည့်တိုင်အောင် အယားက မပြေနိုင်ပါချေ။

ဆောင်းဥတုထဲရောက်လာပါက နှင်းထဲချမ်းချမ်းအေးအေးနှင့်သွားလာလုပ်တိုင်ကြရပြီး နှာချေခြင်း၊ နှာရည်ယိုခြင်း၊ အအေးမိဖျားနာခြင်း စသော ဝေဒနာများကို ခံစားကြရပြန်ပါသည်။ ပင်လယ်ကမ်းနားနီးလျှင် အအေးသက်သာသော်လည်း အညာဒေသများလိုပင် လယ်နှင့်ဝေးပြီး ကုန်းတွင်းကျသောဒေသများတွင် ပူလျှင်တအားပူ၊ အေးလျှင်တအားအေးသဖြင့် အနွေးထည်၊ စောင်တို့နှင့် မလုံလောက်ဘဲမီးထည့်ကာလှုံကြရလေသည်။

ဆောင်းကုန်၍ နွေဥတုရောက်လာလျှင် အပူဒဏ်ကို အပြင်းအထန် ခံစားကြရပြန်၏။ ရေလည်းရှားလာ၏။ ပူသဖြင့် ချွေးထွက်များကာ ရေလည်းမကြာခဏငတ်၏။ ထိုအခါ ရေအေးအေးသောက်လို၍ အအေးဆိုင်မှ ရေခဲဖျော်ရည်၊ ရေခဲရည်၊ ရေခဲမုန့်များဝယ်ယူစားသောက်ကြရသဖြင့် ရင်ထဲအေးသွားရသော်လည်း ရေခဲကြောင့် ဆီးချုပ်ဆီးနည်းခြင်းများဖြစ်ကြရ၏။ အခန့်မသင့်လျှင် အပူဝင်ပူထွက်ပြီး အဖျားဝင်ကြရလေသည်။

နွေအခါတွင် နေပူထဲအသွားများသူများ၊ နေပူထဲ၌ အလုပ်ထွက်လုပ်ကြရသူများမှာ ခြေဖဝါးမှခြေဆီများထွက်ပြီး ဖိနပ်စီးပြီး လမ်းလျှောက်သည့်အခါ ချော်ချွတ်နေကာ အသွားရခက်ကြ၏။ တချို့က နေပူထဲသွားလာလုပ်ကိုင်ကြရသော်လည်း ခြေဆီမထွက်ကြဘဲ ခြေဖဝါး၊ ခြေဖနောင့်အစွန်းများတွင် ဓားနှင့်ခွဲစိတ်ထားသကဲ့သို့ အပူကြောင့်အက်ကွဲလာလေသည်။ စတင်၍ အက်ကွဲစတွင် နာကျင်ခြင်းမရှိဘဲ အကြည့်ရဆိုးရုံသာဖြစ်လေသည်။ အချိန်ကြာလာကြသဖြင့် လမ်းပင်ကောင်းစွာမလျှောက်နိုင်ဖြစ်လာ၏။ လမ်းလျှောက်လေတိုင်း ထိုကွဲအက်နေသောနေရာများမှ နာကျင်သည့်ဝေဒနာကို ခံစားလာကြရလေ၏။ သွားလာလျှင် နာကျင်ခြင်းကြောင့် အိမ်တွင်နေကြရကာ အလုပ်အကိုင်ပျက်ကြရလေသည်။

ထိုသို့ ခြေဖဝါး၊ ခြေဖနောင့်ကွဲနာဖြစ်ပေါ်ပါက တချို့က အုန်းဆီထည့်ပေးပြီး သက်သာမှုရစေခဲ့သည်။ တစ်ခဏသာသက်သာရုံရှိပြီး နာမြဲနာလေသည်။ မပျောက်ကင်းပါ။

ထိုသို့ ခြေဖဝါး၊ ခြေဖနောင့်ကွဲအက်ပြီး နာကျင်သဖြင့် လမ်းမလျှောက်နိုင်၊ အလုပ်ထွက်မလုပ်နိုင်ဖြစ်လာကြ၍ အလုပ်ပျက်ကြရလေသည်။ ထိုအခါ တစ်နေ့ အလုပ်ထွက်လုပ်မှ မိသားစုစားသောက်ရသောသူတို့အဖို့မှာ အလုပ်ထွက်မလုပ်နိုင်ကြ၍ စားဝတ်နေရေးအခက်တွေ့လာကြတော့သည်။

နေပူထဲထွက်ကြကာ စားဝတ်နေရေးအတွက် အလုပ်ထွက်လုပ်ကြရသူတို့မှာ ခြေဖဝါး၊ ခြေဖနောင့်ကွဲနာခံစားကြရပြီး အလုပ်ပျက်အကိုင်ပျက်ဖြစ်ကြရသူတို့အတွက် ဆေးခန်း၊ ဆေးရုံပြသစရာမလို၊ ဆေးဆိုင်များမှလည်း ဆေးဝယ်ယူရန်မလိုဘဲ ငွေကုန်ကြေးကျမရှိ လွယ်လွယ်ကူကူပင် ရှာဖွေရယူပြီး သက်သာပျောက်ကင်းသွားနိုင်မည့် ဆေးနည်းတစ်လက်ရှိလေသည်။

ထိုဆေးနည်းမှာ မိမိတို့နေထိုင်ကြသော အိမ်အနီး၊ လမ်းအနီး၌ပင်ရှိနေပြီး မသိသူကျော်သွားသိသူဖော်စားဆိုသည့် အတိုင်း မိမိတို့နေထိုင်ရာအနီး၌ပင်ရှိနေကြသည်ကို မသိရှိကြ၍ သုံးစွဲရကောင်းမှန်းမသိကြခြင်း ဖြစ်ပါသည်။

နွယ်မြက်သစ်ပင်ဆေးဖက်ဝင် ဆိုစကားရှိပြီး အပင်တိုင်းလိုလိုမှာ ရောဂါတစ်မျိုးမျိုးအတွက် သက်သာပျောက်ကင်းနိုင်သည့်အာနိသင်ရှိကြသည်ကို လူတိုင်းမသိရှိကြပါ။ ဆေးကျမ်းများကို လေ့လာလိုက်စားကြသော တိုင်းရင်းသမားတော်အချို့သာသိရှိကြလေသည်။ တချို့သမားတော်များက ဆေးကိုတောင်သိပ်မသုံးကြဘဲ အပင်များ၏အခေါက်၊ အပွင့်၊ အသီး၊ အရွက်တို့ဖြင့် ဓာတ်စာလေးကျွေး၍ ရောဂါများပျောက်ကင်းအောင် ကုသပေးတတ်ကြ၏။

ထိုသို့ အပင်တို့၏ အသီး၊ အရွက်တို့ဖြင့် ဓာတ်စာပေးကုသသောဆရာတော်တစ်ပါးကို တွေ့ဖူးပါသည်။ အထူးသဖြင့် ကျေးလက်တောရွာများတွင် ရွာဦးဘုန်းကြီးကိုအားကိုးကြပါသည်။ အပူရှိပြီးဖျားလျှင် ဆရာတော်ထံလာ၍ ငန်းဆေးတောင်းကာ ကွမ်းရွက်ပြုတ်ရည်နှင့်သောက်ပြီး စောင်ခြုံကာ ချွေးအောင်းလိုက်လျှင် ချွေးများထွက်၍ ရောဂါပျောက်ရလေသည်။ တွေ့ဖူးသောဆရာတော်ကတော့ နယ်တကာလှည့်၍ ဆေးကုသပေးသည်တော့မဟုတ်ပါ။ကျောင်းသို့လာရောက်၍ ဆရာတော်အား ရောဂါဖြစ်ရပုံကို လျှောက်ထားကြလျှင် ဆရာတော်က လူနာအား လက်ဝါးဖြန့်ပြထားပြီး လက်ဝါးကိုကြည့်စေ၏။ ဆရာတော်က လူနာမှ လက်ဝါးကိုကြည့်နေချိန်မှာ လူနာ၏ မျက်ခွံမျက်ကြောတို့ကိုကြည့်ကာ အပူလွန်ကဲသည်၊ အအေးလွန်ကဲသည်ဟုသိပြီး အသီးအရွက်ဓာတ်စာပေး၏။ အကြေးမပါသော ငါးကျည်းကို ချက်၍ ဒန့်သလွန်ရွက်ဟင်းချိုဖြင့်စားပါစသဖြင့် ဓာတ်စာပေးကာ ကုသပျောက်ကင်းစေလေသည်။

ခြေဖဝါး၊ ခြေဖနောင့်ကွဲအက်နာများအား တစ်ကြိမ်သာထည့်ပေးလိုက်ရုံဖြင့် ပျောက်ကင်းသည့် ဆေးနည်းမှာ အခြားမဟုတ်ပါ။ မိမိတို့ရပ်ရွာ၊ မိမိတို့အိမ်ခြံဝန်းကျင်တွင် ပေါက်ရောက်နေသော အရိပ်ရအပင်ကြီးဖြစ်သော ညောင်ပင် ဖြစ်ပါသည်။

ဆေးနည်းအသုံးပြုရန်မှာ -

ထိုညောင်ပင်၏ပင်စည်ကိုဖြစ်စေ၊ ညောင်ကိုင်းကိုဖြစ်စေ ဓားနှင့်ထစ်၍သော် လည်းကောင်း၊ လက်နှင့်ချိုး၍သော် လည်းကောင်း ခုတ်ယူချိုးယူသော် ညောင်စေးအဖြူများထွက်လာပါသည်။ ထိုထွက်လာသော ညောင်စေးများကို တစ်ခုခုနှင့် ခံယူရပါမည်။ ကွဲအက်နေသော ခြေဖဝါး၊ ခြေဖနောင့်အကွဲထဲသို့ ထည့်လောက်သည်အထိ အစေးများရအောင် ခံယူပါ။ ညောင်စေးများလုံလောက်အောင်ရရှိလျှင် ခြေဖဝါး၊ ခြေဖနောင့်ကွဲအက်နာအတွက် ဆေးဝါးရရှိပြီဖြစ်၍ ထည့်ပြီးကုသရန်သာရှိတော့သည်။

ကုသပေးပုံမှာ -

ခြေဖဝါး၊ ခြေဖနောင့်များအား မကုသမီတွင် သန့်စင်သွားစေရန် ခြေဆေးပေးရပါမည်။ ရေများခြောက်သွားအောင် တစ်ခဏမျှနေပြီး ရေခြောက်သွားသည်နှင့် ခြေဖဝါး၊ ခြေဖနောင့်အကွဲများထဲသို့ညောင်စေးများဝင်အောင် မိမိရရသုတ်လိမ်း၍ထည့်ပေးပါ။

မကြာမီအချိန်တွင် သိသိသာသာသက်သာလာကာ နာကျင်မှုလည်းမရှိတော့ဘဲ ခြေထောက်၌သွားလာနိုင်ပါမည်။ ညောင်စေးတစ်ခါထည့်ပေးပြီးသည်နှင့် နောက်ထပ်ထည့်ပေးစရာမလိုတော့ဘဲ သက်သာပျောက်ကင်းသွားမည်ဖြစ်ကြောင်း လက်တွေ့ပျောက်ကင်းသဖြင့် ခြေကွဲဖနောင့်ကွဲခံစားနေကြရသူ ဝေဒနာရှင်များအတွက် စေတနာထားကာ တင်ပြပေးလိုက်ရပါသည်။

တင်သူး(ဇေယျဝတီ)

www.burmeseclassic.com

www.burmeseclassic.com

(က)

ညဉ့်နက်သန်းခေါင်ယံမဟုတ်သော်လည်း လကွယ်နေ့ည ညဉ့်ဦးယံသည် မှောင်လွန်းလှ၏။ ရဟန္တာကသည် မှောင်ရိပ်ကို အကာအကွယ်ယူလျက် မိမိ၏ အိမ်နောက်ဖေးပေါက်မှ ခုန်ထွက်လိုက်၏။ အိမ်၏အနောက်ဘက် ကုက္ကိုပင်၏ မှိုင်းပျရိပ်ကိုခိုလျက် အိမ်ခြံစည်းရိုးဝင်းအတွင်းမှ သူထွက်ခဲ့သည်။

တစ်ခဏချင်းဖြင့် ရွာအပြင်သို့ရောက်ခဲ့သည်။ မိမိ၏အသွားအလာကို ရွာသူရွာသားများမသိစေချင်။ အထူးသဖြင့် အိမ်နီးချင်း ဦးသီဟဗလကို မသိစေချင်ပါ။

သူသည် ရွာနှင့်ဝေးရာ တောရကျောင်းဘက်သို့သွားနေရင်း ဦးသီဟဗလကို မြင်ယောင်နေ၏။ ဦးသီဟဗလသည် မျက်လုံးကြီးပြူးပြူး၊ ဦးခေါင်းကြီးကြီး၊ နှုတ်ခမ်းထူထူ၊ အရပ်မားမားနှင့် သန်မာထွားကျိုင်းလှ၏။ အသားထူ၊ အရေထူကြီးဖြစ်၏။ လျင်မြန်ဖျတ်လတ်၏။ ကြမ်းကြမ်းတမ်းတမ်းလုပ်ကိုင်တတ်၏။ ကောင်းစရာရှိလျှင် သူမတူအောင် ကောင်း၍ ရက်စက်စရာရှိလျှင် သူမတူအောင် ရက်စက်တတ်ကြောင်း ရပ်သူရွာသားလူအများက သိထားကြ၏။ မိမိကဲ့သို့ ပိန်သွယ်ချည့်နဲ့သော ခွန်အားဗလမျိုးဖြင့် ဦးသီဟဗလကို ဘယ်နည်းနှင့်မှ မယှဉ်ပြိုင်နိုင်ပါ။

ရဟန္တာကသည် တရွေ့ရွေ့သွားလာနေရင်း မိမိနောက်မှ လူတစ်ယောက် လိုက်လာနေသလို သင်္ကာရန်မကင်းဖြစ်လာ၏။ နောက်ဘက်သို့ကတိုက်ကရိုက် သူလှည့်ကြည့်လိုက်သည်။ နောက်ဘက်မှာ လူရိပ်တစ်ခုလိုလို သူတွေ့လိုက်ရ၏။ သူထင်လျှင်လွဲခဲ့သည်။ သူကိုယ်သူ ယုံကြည်သည်။

သို့သော် သေချာကြည့်ခါမှ လူရိပ်သည် လမ်းချိုးအကွေ့မှာ ပျောက်ကွယ်သွား၏။ လူရိပ်လူယောင်လည်းဟုတ်ချင်မှလည်းဟုတ်မည်ဟု အတွေးအထင်ကို ပြောင်းကာ ဇွတ်တင်းပြီး ရဲစိတ်ကို သူဖန်တီးလိုက်သည်။ သူစိတ်ထဲမှာ ပေါ့ပါးသွက်လက်သွားသည်။

တောရကျောင်းစည်းရိုးအနီးသို့ ရောက်လျှင် ခြေကိုတုံ့ရပ်၍ သူအကဲခတ်လိုက်၏။ တောရကျောင်းငယ်သည် အမှောင်အတွင်းမှာ ထီးထီးမားမား တည်ရှိနေသည်။ ကျောင်းကလေးသည် ငြိမ်သက်တိတ်ဆိတ်လျက်ရှိ၏။ကျောင်းကလေးအတွင်းမှာ အရည်ကမထေရ်သည် ထုံးစံအတိုင်း ဝိပဿနာတရားများကို ရှုမှတ်နေပေလိမ့်မည်။

ဆရာတော်သည် ဤတောရကျောင်း၌ သီတင်းသုံးနေထိုင်လာခဲ့သည်မှာ တစ်ဆယ့်နှစ်နှစ်ခန့်ရှိခဲ့ပေပြီ။ ဆရာတော်ကို ရွှေက ဦးအဘယဟူလူသိများ၏။ ပဋိဇကတ်သုံးပုံကိုဆောင်နိုင်၏။ အကျင့်သီလကောင်း၏။ ဆရာတော်သီတင်းသုံးခဲ့ရာ မဟာတလောကကျောင်းအရပ်သည် လူများနှင့် ရောပြွမ်းနီးစပ်နေသဖြင့် ထိုကျောင်းမှ ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။ ယခုတော့ ထိုတောအုပ်အတွင်း ဆောက်လုပ်လှူဒါန်းထားသော တောရကျောင်းငယ်မှာ တစ်ပါးတည်းသီတင်းသုံးနေခြင်း ဖြစ်သည်။

ဆရာတော်၏အရင်းနှီးဆုံးပစ္စည်းလေးပါးဒါယကာမှာ ရဟန္တာနှင့် အိမ်နီးချင်း ဦးသီဟဗလဖြစ်သည်။ အိမ်နီးချင်းဖြစ်၍ ဦးသီဟဗလလှူဒါန်းသမျှပစ္စည်းဥစ္စာများကို ရဟန္တာကသိ၏။ သိသည့်အလျောက် ဦးသီဟဗလ လှူဒါန်းသမျှပစ္စည်းဥစ္စာများကို ရဟန္တာကခိုးယူလာခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သည်။


ယနေ့လည်း သင်္ကန်းချုပ်လုပ်ရန်အတွက် အဖိုးတန်အဝတ်အထည်များကို ဆရာတော်အား ဦးသီဟဗလက လှူဒါန်းကြောင်းအမြဲအကဲခတ်နေသည့် ရဟန္တာကသိရ၏။ ထိုအဝတ်အထည်များကို သင်္ကန်းမချုပ်ခင်၊ ဆေးမဆိုးခင် ခိုးယူနိုင်ရန်အရေးကြီးလှသည်။ သို့မှသာ ချုပ်ဝတ်လျှင်လည်း အဆင်ပြေမည်။ ရောင်းလျှင်လည်း စျေးကောင်းရမည်။ စျေးကောင်းရပေါင်းလည်းများခဲ့ပြီ။ သင်္ကန်းတစ်စုံစာအဝတ်အထည်များသည် လူများအတွက် နည်းသည်မဟုတ်။ စျေးမှာ တန်ဖိုးများများရနိုင်သည့်ပစ္စည်းပဲ။ ချွေးဒီးဒီးမကျအောင်မလုပ်ရဘဲ အချောင်ရနိုင်သည့်ငွေခဲ့။

ရဟန္တာကသည် တောရကျောင်းဘက်သို့ တဖြည်းဖြည်းတိုးကပ်သွား၏။ ဆရာတော်၏ ပစ္စည်းထားသိုပုံများကို နေ့လယ်အချိန်များမှာ လူကောင်းယောင်ဆောင်၍ ရဟန္တာကလေ့လာကြည့်ရှုပြီး ဖြစ်သည်။ ဆရာတော် တရားကိုစူးစိုက်ရှုမှတ်နေတုန်း ပစ္စည်းကိုမသိအောင်ယူငင်နိုင်သည်။ မိမိခိုးသည်ကို ဆရာတော် သိသွားသည်ပဲ ထားပါဦး၊ ဒါလောက် အရေးမကြီး။ ဆရာတော်ကြီးသည် မည်သည့် ပစ္စည်းကိုမျှ လောဘမတက်။ မည်သူကိုမျှ ဒေါသနှင့်မသုံးသပ်။ ခိုးနေသည်ကိုမြင်လျှင်လည်း ရန်ပြုဖို့မဆိုထားနှင့် တားမြစ်မည်ပင် မဟုတ်သည့် အရှင်မြတ်။

ရဟန္တာကသည် ကျောင်းဆောင်ငယ်အတွင်းသို့ ခွေတ်နင်းတက်ရောက်သွားပြီး သင်္ကန်းမချုပ်ရသေးသည့်အဖိုးတန်အထည်ခွေများကို ကောက်ယူပွေ့ပိုက်လိုက်ပြီး ကျောင်းဆောင်ပေါ်မှ ဣန္ဒြေရ

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမြင့်မောင်မောင်
မှားမိသည့်စုန်
ကျပွန်အောင်ဆပ်ခဲ့သည်

စွာ သူဆင်းခဲ့၏။ မည်သည့်အနှောင့်အယှက်အတားအဆီးကိုမျှ သူမတွေ့ရ။ ကျောင်းငယ်အပြင်မှာကား မှောင်နှင့်မည်းမည်း။

(ခ)

မှောင်လွန်းသည့် လကွယ်ညတစ်ည။ ဦးသီဟဗလ ဒေါသထွက်မိလျှင် သူများနှင့်မတူ။ ကွဲဆိုးတစ်ကောင်လိုရမ်းတတ်သည်။ ဆင်ဆိုးလိုဖမ်းတတ်သည်။ ယခု ဦးသီဟဗလ ဒေါသထွက်နေပြီ။

သူသည် မားအိမ်အတွင်းသွင်းထားသောမားရှည်ကို ကြိုးသိုင်းဖြင့်ပခုံးမှာ စလွယ်သိုင်းလိုက်၏။ လုံချည်ကို မြဲမြံအောင်တိုတိုပြန်ဝတ်လိုက်၏။ သူ့စိတ်ကြိုက်ကျစ်ထားသောကြိုးများကို တစ်ချောင်းပြီးတစ်ချောင်းရွေးယူနေ၏။ စိစဉ်စရာများကို သူ့စိတ်ကြိုက်စီစဉ်ပြီးလျှင် မှောင်ရိပ်ခို၍အိမ်မှထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

ရွာအပြင်ရောက်လျှင် အရည်က ဆရာတော်သီတင်းသုံးနေထိုင်ရာ တောရကျောင်းဆီသို့ ခပ်သွက်သွက်ဆက်လက်လျှောက်လှမ်းလာခဲ့သည်။ အတွေးတစ်စသည် သူနှင့်အတူ ဝဲပျံလိုက်ပါလာ၏။

"ဟုတ်တယ် ဟုတ်တယ်၊ ငါထင်တာ မလွဲနိုင်ဘူး"

အရည်ကဆရာတော်ကို အကဲခတ်ကြည့်ရှုလာခဲ့သည်မှာကြာပြီ။ အရှင်မြတ်၏ကိုယ်ဝတ်သင်္ကန်းများသည် နွမ်းရိစုတ်ပြဲလှချေ၏။ ဟောင်းအိုဖြူရော်လှချေ၏။ အရှင်မြတ်မှာ သစ်သစ်လွင်လွင် သင်္ကန်းရှိဟန်မတူ။ အမြင်မတော်တိုင်း အဖိုးတန်အဝတ်အထည်များကို သင်္ကန်းချုပ်ရန် ဝယ်ယူလှူဒါန်းခဲ့သော်လည်း သင်္ကန်းချုပ်၍ဝတ်ရုံသည်ကို တစ်ကြိမ်တစ်ခါမျှ သူမမြင်ဘူးခဲ့။ တစ်စုံတစ်ယောက်အား ပေးစွန့်ပစ်လေသလားဟု စုံစမ်းလေ့လာကြည့်သော်လည်း ပေးစွန့်သည့်လက္ခဏာမတွေ့ရ။ ကျောင်းခန်းအတွင်းမှာ စုပုံထားသည်ကိုလည်းမမြင်။

မိမိလှူဒါန်းထားသမျှ သင်္ကန်းချုပ်ရမည့်အဖိုးတန်အဝတ်အထည်များဘယ်မှာနည်း။ ဘယ်ရောက်သွားသနည်း။ ဤပြဿနာသည် ကာလကြာမြင့်စွာကပင် အဖြေမထွက်သည့်ပြဿနာဖြစ်သည်။ ယခုတော့ တိတိကျကျစဉ်းစားဆင်ခြင်နိုင်ခဲ့ပြီ။ တစ်စုံတစ်ယောက်ဦးယူနေတာဖြစ်လိမ့်မည်။ ရဟန္တာကို သူမယုံကြည်။ အကဲခတ်ဝေဖန်ဆန်းစစ်နေရသည်မှာ အချိန်ကာလတွေကြာပြီ။

"ဟုတ်တယ် ဟုတ်တယ်၊ ဒါဧကန်မုချဖြစ်ဖို့ သေချာတယ် တောက်"

ဦးသီဟဗလသည် ဒေါသဖြင့် အံသွားများကို ကြိတ်ခြေလိုက်သည်။ သူ၏ကားထွက်နေသောမေးရိုးကြီးသည် အကျည်းတန်စွာ လှုပ်ရှားသွား၏။ သူသည် ဆရာတော်၏ ကျောင်းဝင်းအနီးရောက်လျှင် မြို့ငယ်ပျဉ်းသစ်ပင်ရိပ်ကြီးတစ်ခုအောက်မှာ ရပ်တန့်လိုက်၏။ လူသွားလမ်းမှ နံဘေးသို့ဖွဲ့ထွက်လျက် သစ်ပင်စည်ကို အကာအကွယ်ယူကာ သူရပ်တန့်လိုက်သည်။ ကျောင်းဝင်း၏ တစ်ခုတည်းသော ထွက်ပေါက်သည် ဤသစ်ပင်စည်ကြီးမှာရှိ၏။

အချိန်အတော်ကြာအောင် သူစူးစိုက်ကြည့်နေခိုက် ကျောင်းဝင်းအတွင်းမှ ရွှေ့လျားလာသောအရာဝတ္ထုတစ်ခုကို ကြယ်ရောင်မှုန်ပျပျဖြင့် သူမြင်လိုက်ရသည်။

သူသည် ကြိုးထွေးများဆုပ်ကိုင်ထားသော ဘယ်လက်ဖြင့် မားအိမ်ကိုမြဲမြံအောင်ကိုင်ပြီး ညာလက်ဖြင့်ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား၏။ ရန်သူ၏အခြေအနေကိုကြည့်၍ ဓားဖြင့် အပြီးအပိုင် ပိုင်းခုတ်သင့်က ပိုင်းခုတ်ပစ်မည်။ ဖမ်းဆီးသင့်လျှင် ကြိုးဖြင့်ဖမ်းဆီးတုပ်နှောင်မည်။ သူသည် ရှိသမျှမျက်လုံးအင်အားကိုစုစည်း၍ အမှောင်တွင်းသို့ ထိုးဖောက်ကြည့်ပြန်သည်။

အမှောင်တွင်းမှလူသည် မည်သူနည်း။ သူခိုးလော၊ လူကောင်းလော၊ တိရစ္ဆာန်လော။ အရည်ကဆရာတော်ပင် အညောင်းပြေလမ်းလျှောက်လာလေသလား။ ဘာကိုမှသဲသဲကွဲကွဲမဆုံးဖြတ်နိုင်သေး။ အမှောင်တွင်းမှလူသည် ဦးသီဟဗလရပ်နေရာ သစ်ပင်စည်အနီးရှိလမ်းကြောင်းအတိုင်း တရွေ့ရွေ့လျှောက်လှမ်းလာနေ၏။ ကြယ်များ၏ အလင်းရောင်ဖြင့် ဦးသီဟဗလအတိအကျဆုံးဖြတ်နိုင်ခဲ့ပြီ။

လျှောက်လှမ်းလာနေသူ၏လက်ထဲမှာ တစ်စုံတစ်ခုသောပစ္စည်းများကို ပွေ့ပိုက်ထားသည်။ သင်္ကန်းချုပ်မည့် အဖိုးတန်အဝတ်အထည်များဖြစ်ကြောင်း သေချာပြီ။ သူခိုးမှခိုးသူအစစ်။ ခိုးနေကျ ဓာတ်သိသူခိုးဖြစ်လိမ့်မည်။ နှစ်ရှည်လများ ဆရာတော်ကို ဒုက္ခပေးနေသည့် သူခိုး။ သင်းသေပေတော့၊ ဦးဗလသည် ဓားကိုအိမ်မှ ရွှဲခနဲဆွဲချွတ်လိုက်၏။

"ဟေ့ မပြေးနဲ့ ရပ်"

ဦးသီဟဗလက အသံနက်ကြီးဖြင့် တအားကျုံးအော်လိုက်၏။

မပြေးနဲ့ဆိုကာမှ သူခိုးကပြေးသည်။ ဦးသီဟဗလ ဒေါသူပုန်ထကာ ဓားရှည်ကိုမြှောက်မိုးလျက် နောက်မှပြေးလိုက်၏။

သူခိုးသည် လူပိန်သွယ်ကလေးခွန်အားဗလမရှိ။ ဦးသီလဗလကိုလွတ်အောင်ပြေးနိုင်မည်မဟုတ်။ ရန်တို့မှန်းနိုင်မည်မဟုတ်။ အိမ်နီးချင်း လူယုတ်မာရဟန္တာ၏ကိုယ်နေဟန်မျိုးဖြစ်၏။ ဤအချက်ကို ဦးသီဟဗလအတပ်သိလိုက်သည်။

"ဟေ့-မပြေးနဲ့လို့ပြောနေတယ်။ သီဟဗလ ဆိုတာ ငါပဲ။ အခုရပ်ဆိုရပ်လိုက်"

ထိုသို့ပြောဆိုချိန် သူခိုးမှာ ဓား၏ လက်တစ်ကမ်းသို့ သူရောက်နေပေပြီ။ သူခိုးကပြေးမလွတ်နိုင်မှန်း သိဟန်တူ၏။ တုံ့ခနဲရပ်လိုက်၏။

"ချမ်းသာပေးတော်မူပါ ခင်ဗျာ၊ သနားတော်မူပါခင်ဗျာ၊ ကျွန်တော်ရဟန္တာမဟုတ်ပါ။ သနားကယ်မတော်မူပါခင်ဗျာ"

သူခိုးက ပျာယီပျာယာကြောက်ကြောက်လန့်လန့်တောင်းပန်လိုက်၏။

ဦးသီဟဗလမြှောက်မိုးထားသောဓားကို ရုပ်သိမ်းလိုက်သည်။ ကြမ်းကြမ်းတမ်းတမ်း မခုခံသူကို ဓားဖြင့် ခုတ်ပိုင်းသတ်ပစ်လိုစိတ် သူမှာမရှိ။ ခိုးသူက မခုခံလျှင် သွေးအေးအေးဖြင့် အထိရောက်ဆုံးသင်ခန်းစာပေးရန် ရည်ရွယ်၍ ခိုင်ခံ့သောကြိုးများကို အသင့်ယူဆောင်လာခဲ့သည်မဟုတ်ပါလား။ သို့သော် ဒေါသကား မပြယ်သေး။ သူက ဓားရှည်ကို အိမ်ထဲသို့ ရွှတ်ခနဲထိုးသွင်းလိုက်သည်။ ထို့နောက် သူခိုး၏သျှောင်ထုံးကို ဆတ်ခနဆောင့်ဆွဲထားလိုက်၏။

"ဟယ်လူယုတ်၊ ဆရာတော်အား ငါလှူခဲ့သမျှ အဝတ်အထည်တွေကို နင် အမြဲခိုးယူခဲ့တယ်မဟုတ်လား"

ဦးသီဟဗလ စွပ်စွဲပြောဆိုလိုက်၏။

"ဟုတ်. . . ဟုတ် ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်ခိုးမိပါတယ်။ နောင်မခိုးတော့ပါဘူး ခွင့်လွှတ်ပါခင်ဗျာ။ ကျွန်တော်ကိုသနားပါခင်ဗျာ"

"ဘာခုမှသနားရမှာလဲလူယုတ်မာ"

ဦးသီဟဗလပြောပြောဆိုဆို သူခိုး၏တစ်ကိုယ်လုံးကို မိမိဘက်သို့ပါလာအောင် သူခိုး၏သျှောင်ထုံးကိုဆွဲဆောင့်လိုက်၏။ သူခိုး၏ တစ်ကိုယ်လုံး မိမိအနားသို့ရောက်လျှင် ဒူးဖြင့်တအားမြှောက်၍ ဆောင့်တွန်းချလိုက်သည်။

"အွန့်"

သူခိုးမှာ မြေပြင်သို့လဲကျသွား၏။ မြေပြင်မှာ သူခိုးကတွန့်လိမ်နေသည်။ ညည်းညူသမှုမပြုနိုင်။

ဦးသီဟဗလက သူခိုး၏သျှောင်ကို ဆွဲကိုင်ထူမလိုက်ပြန်၏။ သူခိုးငုတ်တုတ်ထိုင်လျက်ဖြစ်နေလျှင် သူခိုး၏နားရင်းကို လက်ဝါးကြမ်းကြီးဖြင့် တအားလွှဲရိုက်ချလိုက်ပြန်သည်။ ဒေါသဖြင့် ဘယ်နှချက်ဆက်တိုက်ရိုက်လိုက်မိသည်ပင်မသိ။ သူခိုးကား မြေပြင်မှာ ပျော့ခွေလဲကျနေ၏။ သို့နှင့်လည်း ဒေါသမပြေနိုင်သေးဘဲ ခြေဖြင့်တအား ဆောင့်ကန်နေပြန်သည်။ သူခိုးမှာ မြေပြင်မှလိမ့်ပြန်နေ၏။ သစ်တုံးတစ်တုံးနှင့် ဘာမှမခြား၊ သူခိုးလုံးဝသတိမရတော့ပေ။

သာသနာ့ကို ကိုယ်တိုင်မပြု၊ ကိုယ်တိုင်မလှူ၊ သူတစ်ပါး ပြုစုလှူဒါန်း

www.burmeseclassic.com

www.burmeseclassic.com

မှုကိုနှောင့်ယှက်နေသောသံသနာဖျက် တစ်ဦးကို ဦးသီဟဗလ ဘယ်လိုနည်းနှင့်မျှ မကျေနပ်နိုင်သေး။ ဦးသီဟဗလသူဦး ကိုဆွဲမှောက်လျက် သူဦး၏ လက်နှစ်ဖက်ကို သူဦး၏နောက်ကျောဘက်သို့ဆွဲယူကာ ကြိုးဖြင့်မြဲမြံစွာတုပ်ချည်လိုက်သည်။ ပြီးလျှင် သူဦးကိုပွေ့ထမ်းလိုက်၏။ ယခုတော့ ဦးသီဟဗလသည် သူဦးကို ထမ်းယူလျက် ညအမှောင်ထဲမှာ သုသာန်သို့တရွေ့ရွေ့သွားနေလေသည်။

(ဂ)

မိမိပခုံးပေါ်မှာ သတိမေ့မြောနေသောသူဦးကို သုသာန်မြေပေါ် သို့ပစ်ပေါက်ချလိုက်၏။ သူဦးသည် ဖွဲအိတ်တစ်ခုလိုပစ်ကျသွားသည်။ ဦးသီဟဗလသည် အသင့်ပါလာသောပဝါစဖြင့် သူ၏ နှာခေါင်းကိုပတ်စည်းလိုက်လေသည်။ ယင်းနောက် အလောင်းတစ်လောင်းကို အပြေးအလွှား သူရှာဖွေနေသည်။ သူစိတ်ကြိုက် အလောင်းတစ်လောင်းကို တွေ့လျှင် သူကျေနပ်သွား၏။ ပုပ်ပွရောင်ကိုင်းနေသည့်အလောင်း။ သို့သော် ခြေဆစ်လက်ဆစ်မကြွေသေး။ လူရုပ်မပျက်သေး။ အပုပ်ရည်များတအိအိကျဆင်းနေဆဲအလောင်းဖြစ်၏။

သူက သူဦးကိုမြေပြင်မှာဝမ်းလျားမှောက်ထားလိုက်ပြီး ပုပ်ပွနေသည့် အလောင်းကို ဦးစောက်ထိုးအနေအထားဖြင့် သူဦးကျောပေါ်မှာ ပက်လက်ထားလိုက်၏။ ကြိုးစနှစ်ခုဖြင့် အလောင်း၏ ဒူးနှစ်ဖက်ကိုလှမ်းချည်ပြီးနောက် ကြိုး၏ အလယ်ပိုင်းကို သူဦး၏မေးအောက်လည်ပင်းအသားနုမှာဆွဲချိတ်ထားလိုက်၏။ ယင်းနောက် ကျန်ကြိုးတစ်ချောင်းဖြင့် အလောင်းကောင်ကို မြဲမြံအောင်တုပ်ချည်လိုက်၏။ တစ်တောင့်ထွာခန့်ရှိကြိုးဖျားနှစ်ခုကို ဘယ်တစ်ခုညာတစ်ခုတုပ်ထားလိုက်သည်။ ယင်းကြိုးနှစ်ခုဖြင့် လက်ပြန်ကြိုးတုပ်ထားသောသူဦး၏ လက်မှာဆွဲချည်လိုက်ပြန်၏။ အလောင်းကောင်ကို သူဦး၏လက်နှစ်ဖက်နှင့်ပူးကပ်နေအောင်မချည်ဘဲ ခပ်လျော့လျော့ချည်ထားခြင်းဖြစ်သည်။ သူဦးသတိရ၍ ထရပ်လျှင် အလောင်းကောင်သည် အောက်သို့တွဲလွဲကျပြီး သူဦး၏လည်ပင်းမှာချိတ်ဆွဲထားသောကြိုးသည် သူဦး၏ လည်ပင်းကို ဆွဲညစ်နိုင်ရန် ဖြစ်၏။

အဘက်ဘက်မှသတိကြိုးစွာထားပြီး သူစိတ်တိုင်းကျ တုပ်ချည်ပြီးလျှင် သုသာန်အတွင်းမှ ခပ်အေးအေးပင် သူထွက်ခွာလာခဲ့၏။ သုသာန်အနီးရှိ ချောင်းထဲမှာ သူတစ်ကိုယ်လုံးကိုပွတ်တိုက်ပြီးရေချိုးသည်။ သူ့ကိုယ်မှာစွန်းပေနေသောအပုပ်ရည်များ စင်ကြယ်သွားမှ ရွာသို့ သူပြန်လာခဲ့သည်။

ညဉ့်နက်လာပြီဖြစ်သော်လည်း ရွာထဲမှာ လူတွေမအိပ်ကြသေး။ သူသည် အချိန်ကာလကို သဘောကျသွား၏။ တစ်ရွာလုံးသိအောင် ကြေညာစရာလို သေးကြောင်း သူနားလည်ထားသည်။ ရွာလယ်လမ်းမှာ သူရပ်တန့်လိုက်၏။

"အားလုံးသောရွာသူရွာသားများ ခင်ဗျား။ ယခု ကျွန်တော်ပြောပြတာကို နားစိုက်ထောင်ကြပါ။ အခုညမှာ ဘီလူးကြီးတစ်ကောင် ရွာထဲကိုဝင်လာပါလိမ့်မယ်။ ဘီလူးကြီးက ငါဟာ သင့်လင်ယောကျ်ားပါ၊ သင့်သားပါ၊ သင်တို့ရဲ့ဦးကြီးဦးလေးပါ၊ သင့်သူငယ်ချင်းပါ ဘာဘာညာညာပြောပြီး လှည့်စားပါလိမ့်မယ်။ အဲဒီအခါ လုံးဝလုံးဝမယုံကြည်ကြပါနဲ့။ အိမ်တံခါးကို လုံးဝဖွင့်မပေးကြပါနဲ့။ လုံအောင်သေသေချာချာပိတ်ထားကြပါ။ ကျွန်တော် ဒီအထူးသတင်းကို အပိုင်သိလို့ အခုလိုပြောနေတာပါ။ အထူးသတိထားပြီးနေကြပါခင်ဗျား"

သူ၏ ဆောင်ရွက်ချက် မည်မျှထိရောက်မည်ဖြစ်ကြောင်း သူကြိုတင်တွက်ဆထားပြီးဖြစ်၏။

(ဃ)

ရဟန္တာက သတိရလာပြီ။ သူကား ဘယ်နေရာရောက်နေမှန်းမသိ။ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေ၏။ ဦးခေါင်းလည်းမူးနောက်ရီဝေနေ၏။ အဆိုးဆုံးမှာ လူသေကောင်ပုပ်စော်နံခြင်း ဖြစ်သည်။ ဘာကြောင့် ဤမျှဆိုးဆိုးရွားရွားပုပ်စော်နံနေကြောင်း သူမသိ။

သူ့ကိုယ်ပေါ်မှာ တစ်စုံတစ်ခုလေးပိနေကြောင်းသူသတိထားမိ၏။ သူ့ကိုယ်ကိုလှုပ်ရှားကြည့်သည်။ လွယ်လွယ်ကူကူနှင့်လှုပ်ရှားမရ။ လက်နှစ်ဖက်ကို နောက်ကျောမှာထားလျက် လက်ပြန်ကြိုးတုပ်နှောင်ခံထားရကြောင်းနားလည်လာသည်။ ကြိုးကိုဆွဲတင်းတုပ်နှောင်ထားသဖြင့် ကြိုးတုပ်ထားသောနေရာများမှလည်း တစစ်စစ်နာကျင်နေ ၏။ ထို့ရိုက်နက်ကျောက်ခဲထားရသောနေရာများမှလည်း ရောင်ကိုင်နာကျင်နေသေး၏။ အသက်ရှူလိုက်တိုင်း အပုပ်နံ့များက နှာခေါင်းထဲသို့လှိမ့်ဝင်လာရာ သူ ဝေါခနဲထိုးအန်လိုက်သည်။ ဒီအတိုင်း ကြာကြာနေ၍မဖြစ်။ ကြာလျှင် အသက်ထွက်ပြီးကိုယ်နှင့်အသက်အိုးစားကွဲသွားနိုင်သည်။

သူသည် ကိုယ်ကိုလှိမ့်ပြန်၍ ကြိုးစားထကြည့်သည်။ လွယ်ကူသည်တော့မဟုတ်။ အပင်ပန်းဆုံးကြိုးစားပြီးနောက် မြေပြင်ပေါ်မှာ သူဒူးထောက်ထိုင်လိုက်နိုင်သည်။ ထိုအခါမှ သူ့အဖြစ်ကို သူပိုမိုသိလာရ၏။ ငါအလောင်းကောင်ပုပ်ကြီးနှင့် ပူးတွဲတုပ်နှောင် ခံထားရပါတကား။

သူလှုပ်ရှားလိုက်သဖြင့် အလောင်းကောင်ပုပ်လည်း လှုပ်ရှားလာပြီး အပုပ်ရည်များ ပိုမိုစီးကျလာ၏။ သူ့တစ်ကိုယ်လုံး အပုပ်ရည်များဖြင့် ရွှဲနစ်နေတော့၏။ တဝေါဝေါ အန်ရမ်းသည်။ အန်ရလွန်းသဖြင့် ဝမ်းဗိုက်နှင့်ရင်ခေါင်းများ နာကျင်လာ၏။

သူ့ကိုယ်မှာ တုပ်နှောင်ထားသောကြိုးများကို ဖြေချွတ်ဖို့မလွယ်။ ပူးချည်ထားသော အလောင်းကောင်ပုပ်ကြီးကိုဖြုတ်ချဖို့မလွယ်။ တစ်စုံတစ်ယောက်၏ အကူအညီမပါဘဲ လက်ငင်းအန္တရာယ်က ဘယ်လိုမှမလွတ်နိုင်ကြောင်းကောင်းကောင်းကြီးသူသဘောပေါက်လာသည်။ သူဒီဒုက္ခမှလွန်မြောက်အောင် ကြံစည်ရဦးမည်။

သူသည် တစ်ခုတည်းသောလှုပ်ရှား၍ရသော ခြေနှစ်ဖက်ကိုအားပြုလျက် တအားကြိုးထရပ်တန့်လိုက်၏။ ခန္ဓာကိုယ်အတွင်းမှာ ရှိသမျှအင်အားများ တစ်စမကျန် ကုန်ခန်းသွားပြီဟု သူမှတ်ထင်လိုက်မိသည်။ မောနွမ်းပင်ပန်းလိုက်သည်မှာလည်း အတိုင်းအတာပြစရာပင်မရှိ။ သို့သော် သုသာန်မြေအပြင်မှာမတ်မတ်သူရပ်တန့်နိုင်သွား၏။ ထို့သို့ရပ်တန့်နိုင်ကာမှ အလောင်းကောင်ပုပ်ကြီး၏ လေးလံသောဆွဲအားကြောင့် လည်ပင်းကကြိုးပိုတင်းသွားလေသည်။ လည်ပင်းကို တစ်စုံတစ်ယောက်က ဖျစ်ညှစ်ထားသလိုခံစားနေရ၏။ အပုပ်နံ့များကလည်း အသက်ပင်ရှူ၍မရနိုင်။

သူသည် ပင်ပန်းခြင်းကြီးလှစွာဖြင့် အကူအညီရနိုင်မည့်ရွာဘက်သို့လှမ်းလာခဲ့၏။ အလောင်းကောင်၏အလေးဒဏ်နှင့် လည်ပင်းကြိုး၏ ဆွဲတင်းထားမှုကြောင့် မြန်မြန်သွားနိုင်သည်မဟုတ်။ ရပ်တန့်၍ အော့အန်ရသည်မှာလည်း အကြိမ်ပေါင်းပင် မရေတွက်ပြနိုင်။ သို့အဖြစ်ကား ငရဲသား၏အဖြစ်။ သူ့ခရီးကား ငရဲသား၏ခရီး။ သို့သော် သူရွာသို့ သူရောက်အောင်သွားနိုင်ခဲ့ပြီ။

သူက သူ့ကို၏ လေ့ကားထစ်

www.burmeseclassic.com

www.burmeseclassic.com

များကို သတိကြီးစွာထားပြီး ခက်ခက်ခဲခဲ လှမ်းတက်၏။ အိမ်မကြီးတံခါးအနီးမှာ သူရပ်တန့်လိုက်သည်။

"ကုသိမ ကုသိမ၊ တံခါးဖွင့်စမ်းပါ မြန်မြန်ဖွင့်စမ်းပါ"

သူဇနီး၏နာမည်ကိုခေါ်ဆိုလျက် သူတံခါးဖွင့်ခိုင်း၏။ လည်ပင်းမှာ ဆွဲတင်းထားသောကြိုးနှင့် လည်ပင်းနှင့်ပါးများ ယောင်ကိုင်းနေမှုကြောင့် သူအသံသည် ပင်ကိုသံမရှိ။ အသံအစဲ့နေ၊ ကွဲပျက်နေ၏။ သည်ကြားထဲ အပုပ်နံ့ကြောင့် ဝေါခနဲ ဝေါခနဲ ထိုးအန်ရမြန်သေးသည်။

"ကုသိမ ကုသိမ ငါပါဟာ၊ နင့် ယောကျ်ား ရဟန္တာကလေ တံခါးမြန်မြန် ဖွင့်စမ်းပါ"

အိမ်အတွင်းမှ မည်သို့သော တုံ့ပြန်သံကိုမျှမကြားရ။

"ကုသိမ နင်ဘာဖြစ်နေတာလဲ။ ငါပါလို့ဆိုနေမှပဲ တံခါးမြန်မြန်ဖွင့်စမ်းပါ ဟာ"

သူအတွက် မည်သို့မျှအကြောင်း မထူး။ သူသည် ဒေါသဖြစ်လာ၏။ သူ ဇနီးကို အဆူအဆဲအကြိမ်းအမောင်းများ ဖြင့်ခေါ်ကြည့်ပြန်၏။ အပုပ်နံ့ကြောင့် ထင့် အိမ်အတွင်းမှ ဝေါခနဲ အန်သံလို လိုကြားလိုက်မိသော်လည်း သည်ထက် ဘာတစ်ခုမှထူးခြားမလာ။ တံခါးများကို ပိတ်မြဲ အိမ်တွင်းမှာလည်း တိတ်ဆိတ်မြဲ။

အလောင်းကောင်၏အလေးဒဏ်ကို ပျော့ညံ့သောလည်ပင်းဖြင့် ဆွဲတင်း ခံထားရခြင်း၊ နံတောင်ပြင်းလှလွန်းသည့် အပုပ်နံ့ကြားမှာ နစ်မွန်းနေရခြင်း၊ ထုရိုက်နာကျင်ကျောက်ခံထားရသဖြင့် ရောင်ကိုင်းနေသောဒဏ်ရာများက တစစ်စစ် နာကျင်ကိုက်ခဲမှုတို့ကြောင့် လက်ရှိ သူ၏ ဘဝအခြေအနေမှာ အကောင်းတစ်ကွက် မျှမရှိ သက်သာရာသက်သာကြောင်း နည်းနည်းမျှမရှိ။ သူသည် ဤနေရာမှာ ကြာကြာရပ်တည်မနေချင်။ အရာအား လုံးကို သူသည်းမခံနိုင်တော့။ သူ၏ မိဘ အိမ်ဘက်သို့ လှမ်းထွက်ခဲ့သည်။

မိဘအိမ်မှာလည်း တံခါးများပိတ် ထား၏။ မိဘတို့ကိုခေါ်၍ တံခါးဖွင့်ခိုင်း သော်လည်း တံခါးများကိုဖွင့်မပေးကြ၊ တုံ့ပြန်ထူးသံကိုပင် မကြား။ သည်ထက် ဆက်လက်ခေါ်ငင်သော်လည်း ဘာမှ အကြောင်းထူးမည်မဟုတ်။ သည့်နောက် ဦးလေးအိမ်၊ ဒေါ်ကြီးအိမ်၊ အချစ်ဆုံး သူငယ်ချင်းအိမ် တစ်အိမ်ပြီးတစ်အိမ် လှည့်လည်ရွှေ့ပြောင်းခဲ့၏။ အိမ်အသီး သီးကို အော်ဟစ်ခေါ်ကာ အကူအညီ တောင်းခံခဲ့၏။ ဘိုလူးတစ်ကောင်၏ အသံနှင့်မျှဝေသလားမသိ မည်သူ၏ အကူအညီကိုမျှမရ။ တံခါးများကို ဖွင့်မပေး၊ တုံ့ပြန်ထူးသံကိုပင်မပြုကြ။ ဤရွာထဲမှာ သူအတွက် အားကိုးရာ မရနိုင်။ ကွန်းခိုနားနေရာမရှိပါတကား။ အပုပ်နံ့ဆိုးကြီးကို အဆက်မပြတ်ရှူရှိုက် နေရသဖြင့် နှာခေါင်း၊ လည်ချောင်း၊ အဆုတ်များပင် ပုပ်ရိနေပြီထင်ရသည်။ နှာခေါင်းကိုပိတ်၍ ပါးစပ်ဖြင့်အသက် ရှူရလျှင် သက်သာကောင်းသက်သာ မည်မှန်းသိသော်လည်း နှာခေါင်းပိတ်ခွင့် မရ။ ကြိုးတုပ်ခံရသော သူလက်များကို လှုပ်ကြည့်၍ပင်မရနိုင်။ သူပန်းတိုက်နွမ်း ရိလာပြီ။ လူလောကမှာ ရပ်တည်နေပါ လျက် ကူညီနိုင်မည့် လူသားတစ်စုံတစ် ယောက်ကိုမျှမရှိ။ အားငယ်လိုက်သည် မှာ အလွန်အကွဲ။

ရွာလယ်လမ်းမမှာ ရပ်တန့်ကာ သူရှိုက်၍ရှိုက်၍ငိုး၏။ သူသေချင်ပါပြီ။ သေလိုက်ရတာမှ ကောင်းလိမ့်ဦးမည်။ သေရခြင်းသည်ပင် သက်သာရာဖြစ် ကောင်းဖြစ်နိုင်သည်။ သေချင်ရတဲ့အထဲ ကောင်းကင်မှ တစ်တီတူးဌက်ဆိုးက အသံပေးခြောက်လှန့်နေသည်။ ရွာလယ် လမ်းမ ခွေးအုပ်ကဟောင်သံပေးပြီး ကိုက်ဆွဲချင်သည်။ ရွာရှေ့ပိုင်းနောက်ပိုင်း က ခွေးတွေကလည်း ဆူဆူညံညံနှင့် ဟောင်လိုက်ကြ၊ သံပြိုင်အူလိုက်ကြလုပ် နေသည်။

သူသည် ငြိမ်သက်စွာရပ်နေ၏။ သေချင်သဖြင့် အသက်ကိုအောင့်ထား ကြည့်၏။ အရာအားလုံးကို မေ့ကြည့် ၏။ မည်သည့်အခြေအနေကမျှ သူ့ဆန္ဒ နောက်မလိုက်။ သူသေလည်းမသေ၊ ဘာတစ်ခုကိုမှလည်း မေ့၍မရပေ။ အလောင်းကောင်မှစီးကျနေသောအပုပ် ရည်များက သူ၏အဝတ်အထည်များမှ တစ်ဆင့် သူ့အသားအရည်များသို့ တအိ အိစီးဆင်းနေသည်ကိုပင် သတိပြုလာမိ ပြန်သည်။



သေချင်၍မျှသေမရလျှင် သူ တစ်ခုခုဆက်လုပ်ရဦးမည်။ ဤအတိုင်း ငြိမ်ရပ်နေ၍မဖြစ်။ ဤရွာအတွင်းမှာ ဆက်လက်ကြိုးပမ်းမှုကိုတော့ သူလက် လျှော့လိုက်ပြီ။ ဘာဆက်လုပ်မလဲ။ ဘယ်ကိုသွားမလဲ။ အကူအညီဘယ်က ရမလဲ။ သူသည် အပြေးအလွှားကြဲစည် နေ၏။ အခက်ခဲဆုံးအခြေအနေထဲမှာ အကောင်းတစ်ကွက်သက်သာရာတစ် ကွက်ရှိနေတတ်သည်မဟုတ်ပါလား။

အမှောင်ထဲမှ အလင်းစကလေး တစ်ခုလို့ သူ့စိတ်ထဲမှာ အသိဉာဏ်တစ်ခု ဝင်းလက်သွားသည်။သူသည် ဘာတစ်ခု ကိုမျှ ဆက်လက်မစဉ်းစားတော့ ရွာ တံခါးဆီသို့ တရွွေ့ရွွေ့ဆက်ထွက်လာခဲ့ သည်။ မလင်းတမှုန်လင်းတမှုန် ရွှန်းမြမြ ငွေကြယ်ရောင်က သူ့ခရီးကိုအထောက် အကူပြုနေ၏။ ရွာအပြင်တောရကျောင်း သို့သွားသောလမ်းကလေး။

(c)

သူမှာ အင်အားများမရှိတော့။ သူ့ခြေများလည်းမခိုင်တော့။ အသက် ဝိညာဉ်ပင် သူ့ကိုယ်ထဲမှာရှိတော့မည် မထင်။ သို့သော် ဆရာတော်ဘုရား၏ ကျောင်းပေါ် သို့ သူကြိုးစားပမ်းစား ရောက်ရှိခဲ့ပြီ။ သူသည် ရှိသမျှအင်အား ကိုညစ်ထုတ်ကိုအသုံးပြုလျက် အော်ဟစ် အကူအညီတောင်းလိုက်၏။

"ကယ်တော်မူပါ ဘုရား"

ကြမ်းပြင်ပေါ် သို့ အရုပ်ကြိုးပျက် သူလဲကျသွားသည်။

"ဟဲ့ဟဲ့ ဘယ်သူလဲ"

ဆရာတော်ဘုရား၏အသံကို သူ သဲ့သဲ့ကြားလိုက်ရသည်။

ဆရာတော်ဘုရားသည် နိုးကြားမှု ဖြင့် အိပ်စက်နေသလား၊ ဝိပဿနာ တရားကိုရှုမှတ်နေသလား သူမသိ။ ကျောင်းခန်းအတွင်းမှာ ကညင်ဆီမီး ရောင်ဝင်းလက်လက်အရောင်လေးမြင် နေရသည်။

ဆရာတော်ဘုရား သူ့ထံသို့ လျှောက်လှမ်းလာသည့်ခြေသံကို မသဲ မကွဲသာ သူကြားနေရတော့သည်။ သူ သန္ဓာန်၌ လူသားတစ်ဦးမှာရှိသင့်သည့် အသိဉာဏ်များသည် ပင်ပန်းနွမ်းနယ်မှု ထဲမှာ နစ်မြုပ်ခန်းခြောက်ကွာကြပြီ။ အသိတရားသည် မမေ့ရှိုင့်ကလေး သာကျန်ရှိတော့သည်။ ထိုအရာမှာ သတိတရားပင် ဖြစ်ချင်မှဟုတ်မည်။ မျှော်လင့်ချက်ကလေးလျှားလျှားလေးဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ချင်ဖြစ်နိုင်သည်။

"ဟဲ့ နင်ဘယ်သူလဲ၊ ဘာဖြစ်လာတာလဲ"

ဆရာတော်ဘုရားကမေး၏။

သူက မဖြေ။ ဖြေချင်စိတ်လည်း မရှိ။ သေချင်စိတ်သာရှိနေ၏။ အရာအားလုံးကို သူဥပေက္ခာပြုချင်နေသည်။ သူ့ဘဝကို ဆရာတော်ဘုရားအားအပ်နှံလိုက်ပြီ။ ဆရာတော်ဘုရား ကြိုက်သလို သာလုပ်ပေတော့။

"ဟဲ့ - နင်ဘယ်သူလဲ ပြောစမ်း ဘာဖြစ်လာတာလဲ"

သူက မျက်လုံးကိုမှိတ်ထား၏။ လုံးဝမဖြေ။ ဆရာတော်ဘုရားက မမေးတော့ သူ့ကို သတိပြုမိသွားဟန်ရှိသည်။ ဆရာတော်သည် သွက်လက်စွာလှုပ်ရှားနေ၏။ ကြိုးများကိုဖြေဖြတ်သည်။ အလောင်းကောင်ပုပ်ကြီးကို ဆွဲယူလျက် အဝေးသို့ယူသွားကာ စွန့်ပစ်သည်။

အချိန်တိုအတွင်း ရေနွေးအိုးကိုလည်း ကျိုချက်ပြီးဖြစ်၏။ ဆရာတော်ဘုရားက ရေနွေးနှင့်ရေအေးကို အလိုက်သင့်ရောစပ်ပြီး ရဟန္တာကကို ရေချိုးပေးသည်။ ပြီးလျှင် ရေစင်အောင် အဝတ်ခြောက်ခြောက်ဖြင့် တစ်ကိုယ်လုံးကို သုတ်ပေးလေ၏။ တစ်ကိုယ်လုံး ရေခြောက်လျှင် နှမ်းဆီကိုမီးသင်း၍ တစ်ကိုယ်လုံးကိုလူးပေး၏။ ဒဏ်ရာကြောင့် ကြွတက်ဖူးရောင်နေသောနေရာများကိုလည်း နှမ်းဆီနွေးနွေးဖြင့်လိမ်းကျံဆုပ်နယ်ပေးသည်။

ထိုစဉ် အရုဏ်ကျင်း၍ မိုးသောက်နေရောင်ခြည်လည်း ဝင်းလက်လို့လာချေပြီ။

ဦးသီဟဗလကား ညက တစ်အိမ်တက်ဆင်း ဒုက္ခရောက်နေသော ရဟန္တာကဲ့ အဖြစ်အားလုံးကို ကြားသိပြီးဖြစ်၏။ သူသည် သူ၏လုပ်ရပ်ကို အတော်ကျေနပ်အားရနေသည်။ မိုးလင်းလျှင် လူရှင်ပုပ်ကြီးဘယ်ရောက်သွားသနည်းဟု သူသိချင်နေ၏။ သူက ရဟန္တာကဲ့ခြေရာ၊ အပုပ်ရည်ကျများကိုကြည့်ပြီး ခြေရာခံလိုက်လာသည်။

ဤသို့ဖြင့် ဆရာတော်ဘုရား၏ ကျောင်းသို့ သူရောက်လာခဲ့သည်။ ရဟန္တာကို ဆီများလိမ်းကျံ၍ လက်ဖြင့် ဆုပ်နယ်ပြုစုပေးနေသော ဆရာတော်ဘုရားကို အသင့်တွေ့ရ၏။ ဦးသီဟဗလ ဆရာတော်ဘုရားကို ရှိခိုးဝတ်ပြုပြီး လျှင်ပြီးချင်း -

"အဲဒီလူဟာ လူဆိုးကြီးပါဘုရား။ သူဆိုးကြီးပါဘုရား။ လူဆိုးလူခိုးဆိုတာ ပြောတော့အကောင်း လုပ်တော့အဆိုး အမျိုးမျိုးဖောက်ပြန်တတ်ပါတယ်။ သူတို့နှင့်ပေါင်းသင်းနေရရင် မကောင်းမှုများပြုလေမလားရယ်လို့ အမြဲတမ်း သံသယဝင်ပြီး ပေါင်းသင်းသူတွေ စိတ်ဆင်းရဲနေရတတ်ပါတယ်။ သူ့ကို မောင်းထုတ်တော်မူပါဘုရား။ ညက သူ့ကို တပည့်တော်သင်ခန်းစာပေးထားတာပါ ဘုရား"

ဦးသီဟဗလက စိတ်ထဲရှိသမျှကို တွင်တွင်ကြီး လျှောက်တင်လိုက်သည်။ ဆရာတော်ကား မည်သည့်ထူးခြားချက်ကိုမျှ မပြ။ ရဟန္တာ၏ကိုယ်မှ ဖူးဖူးရောင် နေသောဒဏ်ရာများကို ဆီဖြင့်လိမ်းကျံဆုပ်နယ်ပြုစုနေဆဲ။ ဆရာတော်က ဦးသီဟဗလကို မေတ္တာမျက်လုံးဖြင့် ကြည့်လိုက်၏။ ယင်းနောက် ပျော့ပျောင်းနူးညံ့သော လေသံအေးအေးဖြင့် -

"မိမိခြေထောက်ကို ကိုက်တာနဲ့ ကိုက်တဲ့သူရဲ့ခြေထောက်ကို ပြန်ကိုက်တယ်ဆိုတာ သူတော်ကောင်းရဲ့အပြုအမူမဟုတ်ဘူး။ သူတစ်ပါးကျေးဇူးမသိ၊ မိုက်မဲယုတ်မာစွာ ပြုကျင့်ပြောဆိုတတ်သူကို အပြစ်မယူဘဲ မေတ္တာနှောင်ကြိုးတွေနဲ့ တုပ်ချည်ထားကြရပါ့မယ်။ ဒါမှသာ သူတော်ကောင်းတွေရဲ့လုပ်ရပ်ဖြစ်တယ်။ အေး - ခုလည်း မောင်ရဟန္တာက၊ မောင်သီဟဗလတို့ဟာ တစ်ဦးနဲ့တစ်ဦး အပြစ်မမြင်၊ အပြစ်မတင်ကြနဲ့ ဒေါသနဲ့ မသုံးသပ်ကြနဲ့။ ကဲ - မောင်သီဟဗလ ဒီမှာ မောင်ရဲ့အလုပ်မရှိဘူးကွယ်။ အိမ်ပြန်ပေတော့၊ အိမ်ကိုပြန်ပေတော့"

ဆရာတော်ကား ရဟန္တာကို ညီရင်းသားရင်းလို ဆက်လက်ပြုစုပေးနေ၏။ ဆရာတော်၏နွေးထွေးသည့်မေတ္တာဖြင့်လွှမ်းခြုံမှုကြောင့် ရဟန္တာ၏စိတ်ရိုင်းများ နူးညံ့ပျော့ပျောင်းလာ၏။ ရဟန္တာမှာ မျက်ရည်များဝိုးကျနေသည်။ ယခုအခါ သူသည် အများအကုသိုလ်နှင့် ယင်း၏ဆိုးကျိုးဆိုးပြစ်များကို မြင်တတ်သိတတ်နေပေပြီ။

"တပည့်တော် တပည့်တော်မိုက်မှားခဲ့ပါတယ် ဘုရား။ ဆရာတော်ရဲ့ပစ္စည်းတွေကို အကြိမ်ကြိမ်ခိုးခဲ့တာ တပည့်တော်ပါ။ ခုတော့ အားကိုးစရာမရှိတဲ့အဆုံး ဆရာတော်ကိုပဲ အားကိုးနေရပြန်ပါတယ်။ တပည့်တော်ရဲ့အပြစ်တွေကို ခွင့်လွှတ်တော်မူပါဘုရား"

ရဟန္တာကက ငိုရိုက်သံဗလုံးဗထွေးဖြင့် လျှောက်တင်နေ၏။ ဆရာတော်ကား ရဟန္တာကို အပြစ်မြင်ဟန်မရှိ ပကတိငြိမ်သက်တည်ငြိမ်မြဲတည်ငြိမ်နေ၏။

"အိမ်း - ပြီးခဲ့တာတွေပြီးပါစေတော့ကွယ်။ နောင်အခါ မမိုက်နဲ့။ မိုက်ရင် ငရဲရောက်တတ်တယ်။ ငရဲဆိုတာ ကြောက်စရာကောင်းတယ်"

"အခုလည်း တပည့်တော် ငရဲရောက်ဖူးပါပြီဘုရား။ လောကငရဲကို တပည့်တော် တစ်ညလုံးကျရောက်ခဲ့ရပါပြီ။ ဝမ်းထဲကအူအခွေတွေတလိပ်လိပ်ပါမတတ် တပည့်တော်အော့အန်ခဲ့ရပါပြီ။ အသက်ရှင်လျက်ပုပ်ခဲ့ရပါပြီ။ သေလုအောင် ခံစားခဲ့ရပါပြီ။ သံသရာမှာ ခံစားရမယ့်ငရဲဟာ တပည့်တော်တစ်ညလုံးခံစားခဲ့ရတဲ့ငရဲမျိုးပဲဖြစ်မှာပါဘုရား။ တပည့်တော် ငရဲကိုကြောက်ပါတယ်။ တပည့်တော်ကို သနားရင် သင်္ကန်းဝတ်ပေးတော်မူပါ။ ငရဲကိုကြောက်လို့သင်္ကန်းဝတ်နဲ့ တရားကျင့်နေပါရစေဘုရား။ သံသရာဝဋ်ဆင်းရဲမှ အပြီးလွတ်မြောက်ချင်လို့ ခွင့်ပန်လျှောက်ထားပါတယ် ဘုရား"

ခံစားချက်အပြည့်အဝနှင့်လျှောက်သဖြင့် ရဟန္တာ၏ဟန်ပန်မှာ လေးနက်လွန်းလှသည်။ နှစ်ရက်၊ သုံးရက်အကြာ ပကတိအတိုင်း ကျန်းမာရေးကောင်းမွန်၍ ရဟန္တာကို ဆရာတော်က သင်္ကန်းဝတ်ပေးလိုက်လေ၏။

သင်္ကန်းဝတ်ပြီးနောက် ဆရာတော်အထံမှ ကမ္မဋ္ဌာန်းတရားများသင်ယူလေ့ကျင့်ပြီး ခန္ဓာအစဉ်ကိုဉာဏ်အမြင်ဖြင့် ဝိပဿနာကမ္မဋ္ဌာန်းတရားများ နေ့နေ့ညညမရပ်မနားကြိုးစားအားထုတ်သဖြင့် ရဟန္တာသည် ရက်ပိုင်းအတွင်း ခန္ဓာအတွင်း ကိလေသာမြူမှုန်သမျှမကျန်ရအောင် ကင်းစင်သွားပြီး အရဟတ္တဖိုလ်ပေါက်ရဟန္တာအဖြစ်သို့ ရောက်ခဲ့လေပြီ။

သူကား ယခုအခါ လောကငရဲ၊ သံသရာငရဲနှစ်မျိုးလုံးမှ အပြီးအပိုင်လွတ်မြောက်ခဲ့ရပြီး ချမ်းသာစစ်ချမ်းသာမှန်ဖြစ်သည့် သန္တိသုခနိဗ္ဗာန်ရွေပြည်သို့ ဝင်ရောက်စံမြန်းခဲ့လေပြီတကား။

ဘုန်းပြည့်မောင်မောင်(ခရုကြီးအောင်)

စာကိုး -

မဟာအဘယမထေရ်ကျမ်းကို ဖွဲ့နွဲ့ခြယ်မှုန်းတန်ဆာဆင်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကသာသင်းမွှေး

ကိုယ်တော့် တောနတ်တင်ခဲ့ခြင်း

ကျွန်တော် ၁၉၇၃ခုနှစ်မှာ အပထ (ခ) ကို ကသာစာဖြေဌာနက အောင်ရာ ၁၉၇၄၊ ဇူလိုင်လထဲမှာ ဗန်းမောက်မြို့နယ် ဂဏန်းလိပ်စောရွာမှာ မူလတန်းပြဆရာအဖြစ်ရောက်သည်။ ရောက်ပုံရောက်နည်းက ကျောင်းဆရာလုပ်မည်ဆိုပြီး ဆရာဦးလှမြင့်ကိုပြောတော့ -

"တကယ်လုပ်ချင်ရင် ဗန်းမောက်ကိုသွား။ အဲဒီမှာ ဘာအင်တာဗျူးမှမရှိဘူး။ ပညာရေးမှူးကိုပြောပြီး လျှောက်လွှာတင်လိုက်။ ရက်ပိုင်းအတွင်းခန့်ပေးမှာ။ လုပ်မယ်ဆိုရင် ငါစာရေးပေးလိုက်မယ်။ ငါနဲ့သိတဲ့ဆရာရှိတယ်။ သူက ဗန်းမောက်မြို့နယ်အုပ်ချုပ်မှုကော်မတီအဖွဲ့ဝင်လည်းဖြစ်တယ်"

ဟု ပြောတာနှင့် ဆရာဦးလှမြင့်၏စာနှင့်အတူ ဗန်းမောက်ကိုသွား၏။ ဟိုရောက်တော့ ဆရာဦးလှမြင့်ပြောတဲ့အတိုင်း မြို့နယ်ပညာရေးမှူးနှင့်တွေ့တော့ (၃) ရက်သာ စောင့်ရပြီး မူလတန်းပြခန့်စာထုတ်ပေး၏။ ဂဏန်းလိပ်စောရွာတွင် တာဝန်ကျ၏။ဂဏန်းလိပ်စောလို့ခေါ်ရတာက ဗန်းမောက်မြို့နယ်မှာ ကနန်းတိုင်းရင်းသားတွေ၊ ကဒူးတိုင်းရင်းသားတွေနေသည့်နယ်ရှိရာ ကနန်းတိုင်းရင်းသားတွေနေတဲ့ လိပ်စောရွာမို့ ဂဏန်းလိပ်စောဟုခေါ်၏။ မင်းကုန်းလိပ်စောဆိုတာရှိသေး၏။ ကျွန်တော် ရောက်သွားတုန်းက ကနန်းတိုင်းရင်းသားတွေနေတဲ့အုပ်စုကြီး (၂၂) ရွာရှိသည်။ ရွှေချောင်းရွာအုပ်စု၊ နန်းဇားရွာအုပ်စု၊ မကျည်းကုန်းရွာအုပ်စု၊ လိပ်စောရွာအုပ်စုဖြစ်တဲ့ အုပ်စု (၄) စုမှာပဲ မူလတန်းကျောင်း(၄)ကျောင်းရှိရာ လိပ်စောရွာရောက်ဖို့ ဗန်းမောက်မြို့က တစ်ညအိပ်နှစ်ရက်ခရီးခြေကျင်လျှောက်ရသည်ဟု ဦးမြင့်ထွန်းက ပြောပြပါသည်။

ယခု ရေးသားမည့် 'ကိုယ်တော့် တောနတ်တင်ခဲ့ခြင်းအကြောင်းရေးရန် စာရေးသူမှ ဆရာဦးမြင့်ထွန်းအား ဗန်းမောက်မြို့နယ် ဂဏန်းလိပ်စောရွာသို့ရောက်ရခြင်းကို စတည်မေးမြန်းသဖြင့် ပြန်လည်ပြောပြနေခြင်းဖြစ်ပါသည်။ ဆရာဦးမြင့်ထွန်းသည် ဂဏန်းလိပ်စောတွင် (၇) နှစ်ခန့်နေခဲ့ရပြီး ကသာမြို့နယ် ကပ်ကာရွာ မူလတန်းကျောင်းအုပ်အဖြစ်ပြောင်းခဲ့ပါသည်။ ယခု ကသာမြို့နယ် မိုးတားကြီးရွာတွင် ပင်စင်စားဖြစ်နေပါပြီ။

■

ဆရာလေး ကိုမြင့်ထွန်းသည် ဂဏန်းလိပ်စောရွာသို့ရောက်ပြီး တစ်နှစ်အတွင်း ပျော်ပိုက်ခြင်းမရှိပါ။ ရှစ်တန်းအောင်ပြီး ကိုးတန်း၊ ဆယ်တန်းကို ကသာ အထက (၁) တွင် ကျောင်းနေရသဖြင့် မိဘများနှင့်ခွဲနေရသည်ဖြစ်သော်လည်း စနေ၊ တနင်္ဂနွေကျောင်းပိတ်လျှင် စက်ဘီးစီးပြီးပြန်လည်းရသည်။ မော်တော်စီးပြီး မိုးကားလေးတွင်ဆင်း၍ မိုးတားလေးမှ မိုးတားကြီးသို့လမ်းလျှောက်ပြန်လျှင်ရသည်။ ကသာတွင် နေရသည်မှာလည်း အဖေ၏ညီမအရင်း



www.burmeseclassic.com

www.burmeseclassic.com



(အဒေါ်အရင်း) ဖြစ်၍ ပူပင်စရာမရှိပါ။

ယခုလည်း နေရထိုင်ရစားရသောက်ရသည်မှာလည်း ပူပင်စရာမရှိပါ။ သို့သော် ကိုယ်နေနေကျမဟုတ်သောအရပ်လည်းဖြစ်၊ ဆွေမျိုးရယ်လို့တစ်ယောက်မှမရှိ။ အိမ်ရှင်က ကျွေးထားတာမှန်သော်လည်း တစ်နှစ်လုံးမှ ဆီ (၁) ပိဿာပင် မကုန်သောနေရာ။ ဟင်းချက်လျှင် ဟင်းအိုးကိုချခါနီးမှ ဆီကို ဟင်းစားဇွန်းတစ်ဇွန်း၊ နှစ်ဇွန်းမျှ ဝေခတ်လိုက်ခြင်းဖြစ်သည်။ မို့အမျိုးမျိုးပေါင်း၊ ဟင်းရွက်အမျိုးမျိုးပေါင်းစားသည်။ တောထွက်သီးနှံများဖြစ်သလို မစားဘူးသော တောကောင်သားအမျိုးမျိုးကို ကင်၍ဖုတ်၍စားဖူးသည်။ ချက်လျှင်လည်း ဆီဝေ့ရုံမျှချက်ထားသော ဟင်းဖြစ်သည်။ ဘာကြောင့်ဆီမစားသလဲဟု စဉ်းစားကြည့်ရာ ဒေသထွက်ဆန်များမှာ ဆန်စေးဖြစ်၍ အဆီဓာတ်ပါပြီးဖြစ်သည်။ မို့းတားကြီးဒေသထွက်ဆန်တွေထက်ပို၍စေးပါသည်။

လူပျိုများက တောလည်ရန်၊ မျောက်ပစ်ရန်၊ အရက်သောက်ရန်ခေါ်သော်လည်း လူပျိုများနှင့်မပေါင်းလို။ ညအချိန်အပျိုလှည့်ရန် ခေါ်သော်လည်း မလိုက်ချင်။ ထိုရွာဒေသထုံးစံအရ အပျိုရှိလျှင် လူပျိုများက အိမ်ပေါ်တက်စကားပြောနိုင်သည်။ အပျို၏မိဘများက သမီးက လက်မခံစကားပြောလျှင် မသိကျိုးကျွံနေကြသည်။ လူပျိုကစကားပြောလာသည်ကို အပျိုဖြစ်သူက လက်ခံပါက တစ်ည၊လုံးပင်ပြောပြော။ အပျိုဖြစ်သူကလည်း လူပျိုမပြန်မချင်းမအိပ် ကြ။

ဆရာလေးကိုမြင့်ထွန်းမှာ ထိုသို့လူပျိုလှည့်ချင်စိတ်မရှိသည်မှာ မိဝေးဖဝေး ဤလိုနေရာဒေသတွင် မနေလို၍လည်းဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက်ငြိတွယ်ကြလျှင် ပြဿနာရှုပ်လာနိုင်သည်။ ထို့ပြင် ဆရာလေး ကိုမြင့်ထွန်းရောက်စဉ်က စတုတ္ထတန်းတွင် ယောကျ်ားလေး(၅)ယောက်၊မိန်းကလေး(၂)ယောက်သာရှိသည်။ အသက်တွေက (၁၅၊ ၁၆၊ ၁၇) နှစ်အရွယ်တွေ။ ဆရာလေးကိုမြင့်ထွန်းနှင့်မတိမ်းမယိမ်းပင်။ ထို့ကြောင့် တပည့်များနှင့်ပျော်ပျော်သာနေသည်။ ဆရာလေး ကိုမြင့်ထွန်းနေသည့်မှာ လိပ်စာရွာအုပ်စုလူကြီးဦးဘရှိန်-ဒေါ်မနေတို့အိမ် ဖြစ်သည်။ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိသည်။ သားဖြစ်သူ မောင်ချစ်ဖေမှာ ဆရာကိုမြင့်ထွန်းရောက်သည့်နှစ်က တတိယတန်းဖြစ်၍ အသက် (၁၅)နှစ်ဖြစ်သည်။ သမီးမှာ ငယ်သေး၍ ပထမတန်းဖြစ်သည်။ ငယ်သည်ဟုဆိုသော်လည်း (၁၀-၁၁) နှစ်ခန့်ရှိပါသည်။

ကျောင်းနေနောက်ကျကြသည်။ မူလတန်းကျောင်းမရှိခင်က ဘုန်းကြီးကျောင်းတွင် ကိုရင်ဝတ်ဖြင့်နေကြပြီး အသက် (၁၈-၁၉) အရွယ်တွင် လူထွက်ကာလူပျိုဖြစ်ကြပါပြီ။ မူလတန်းကျောင်းဖြစ်လာသောအခါ ကိုရင်ဝတ်ပြီး (၁၀-၁၁) နှစ်ရောက်မှ လူထွက်ပြီး မူလတန်းမှ စစ်ကျောင်းနေကြသည်။ ဘုန်းကြီးကျောင်းမှာသင်ခဲ့ပြီးဖြစ်၍ စာသင်ရသည်မှာ ခက်ခက်ခဲခဲမရှိ။ တစ်ယောက်ကျောင်းဖြစ်၏။

ဆရာကိုမြင့်ထွန်း ရောက်စကစာမသင်တတ်ပါ။ သူငယ်တန်းမှ စတုတ္ထတန်းအထိသင်ရတာမို့ အခက်အခဲဖြစ်ပါသည်။ သို့သော် မုဆိုးစိုင်းသင်ဆိုသလို အတန်းကြီးသူအား အတန်းငယ်သူကို ထိန်းခိုင်းပြီးသင်ခြင်းနည်းဖြင့် သင်တတ်လာပါသည်။ ယခင်ဆို ဗီယက်ရှားနိုင်ငံတွင် မူလတန်းကျောင်းများသည် ဆရာတစ်ယောက်တည်းသာရှိသောကျောင်းများ ရှိခဲ့ပါသည်။

ဆရာလေးကိုမြင့်ထွန်းသည် မိမိ၏တပည့်ကျောင်းသားများနှင့်သာပေါင်းပြီးတော်လည်မျောက်ပစ်သွားခဲ့ပါသည်။ ကျောင်းတွင် ဆရာဖြစ်သော်လည်း တော်လည်မျောက်ပစ်သွားလျှင် တပည့်တွေက ဆရာဖြစ်သည်။ တပည့်တွေခိုင်းသလို ဒီနေရာကစောင့် တောကောင်ထွက်လာမယ်၊ ပစ်ဖြစ်အောင်ပစ်စသည့်မှာသည့်အတိုင်း ဆရာလေးကလုပ်ရသည်။ ချော်ချော်ပြီးပစ်တိုင်း တပည့်တွေက ဆရာလေးကိုမြင့်ထွန်းကို ဟားတိုက်ရယ်ကြသည်။ သည်လိုနှင့်ပျော်သလိုဖြစ်လာပါသည်။

တစ်ည တန်ဆောင်မုန်းလဆန်း ၁၄ ရက်ဟု မှတ်မိသည်။ ရွာကသည်ပြီး ကြက်ခိုးချက်စားသည့်ခရီလေ့အထမရှိ။ ချမ်းစပြုပြီဖြစ်၍ သဲကငယ်ပျစ်နေ

www.burmeseclassic.com

www.burmeseclassic.com

ကြသောမိန်းမကြီးများသည် မီးဖိုထားပြီး မီးဖိုကိုဝိုင်းပတ်ထိုင်ကြသည်။ ထို့နေရာသို့သွား၍ ခေါ်ပုတ်၊ ပေါင်းသင်း (ဝါးကျည်တောက်) ဖုတ်စားကြမည်။ သို့မဟုတ် ရောက်တတ်ရာစကားပြောကြမည်။ ငယ်ရွယ်သူများက မိန်းကလေး၊ ယောကျ်ားလေးတွေစုပြီး ထုပ်ဆီးတိုးကစားကြမည်။

ထိုညက တပည့်ဖြစ်သူ မောင်ရွှေဝင်းက စကားစသည်။

"ဦးထွန်းပွင့်ရဲ့လယ်ထဲမှာ မြေပဒူ (ပျားတူ)အုံကြီးတွေ့ခဲ့တယ်။ ပဒူအုံဖွပ်ပြီး ဥတွေ ကြော်စားကြရအောင်"

ဟုပြောရာ အားလုံးကသဘောတူပြီး သွားကြရန်ဆုံးဖြတ်ကြပါသည်။

ဆရာလေး ကိုမြင့်ထွန်းလည်း အပျင်းပြေလိုက်ရန်ဖြစ်သွားပါသည်။ ပဒူအုံကိုဖွပ်ရန် သွားကြသည့် အကြောင်းမရေးမီ လိပ်စောရွာ၏အနေအထားကို အရင်သိထားဖို့လိုပါသည်။

မူးမြစ်ဖျားပိုင်းသည် ဗန်းမောက်မြို့နယ် ကနန်းတိုင်းရင်းသားတို့နေသောနယ်မှစ၍ ပင်လည်ဘူးမြို့နယ်ကိုဖြတ်၊ ထိုမှ ဝန်းသို့၊ ကောလင်း၊ ရွှေတိုမြို့နယ်၊ ဝက်လက်မြို့နယ်၊ စစ်ကိုင်းမြို့နယ်တို့ကိုဖြတ်ပြီး ဧရာဝတီမြစ်ထဲစီးဝင်ပါသည်။ လိပ်စောရွာသည် မူးမြစ်၏တစ်ဖက်တစ်ချက်တွင်ရှိသည်။ မူးမြစ်၏အရှေ့တွင်ရှိသောရွာအစုကို လိပ်စောရွာအရှေ့ကုန်း၊ အနောက်ဘက်တွင်ရှိသော ရွာအစုကို လိပ်စောရွာအနောက်ကုန်းဟု ခေါ်ပါသည်။ အရှေ့ကုန်းရွာသည် ညီညာဖြန့်ဖြူးသည်။ လယ်ကွင်းများရှိသည်။ လယ်ကွင်း၏မြောက်၊ အရှေ့၊ တောင်ဘက်တို့တွင်တော့ရှိသည်။ တစ်မိုင်နီးပါးခန့်ဝေးသည်။ အနောက်ကုန်းရွာသည် တောင်ကုန်းများဖြစ်၍ တောင်ကုန်းငယ်များပေါ် အစုလိုက်ရွာတည်နေခြင်းဖြစ်သည်။ ထိုအစုများအားလုံးကို လိပ်စော (ကနန်း) ရွာဟုခေါ်ပါသည်။ အနောက်ကုန်းရွာ၏တောင်ကုန်းငယ်များအနောက်ဘက်တွင် မြေပြန့်လွင်ပြင်ဖြစ်၍ လယ်များရှိပါသည်။

ဂဏန်းလိပ်စောရွာသည် မူးမြစ်၏အရှေ့ဘက်၊ အနောက်ဘက် စုစုပေါင်းထိုစဉ်က အိမ် (၉) အိမ်ခန့်ရှိသည်။ မူးချောင်းမြစ်ကို မူးမြစ်ဟုခေါ်ကြသည်။ နွေရာသီရေခန်းခါနီတွင် ခြေသလုံးမြုပ်ရုံမျှသာရေရှိသည်။ မိုးရာသီရေကြီးခါနီတွင် ချောင်းရေလျှံပြီး ချောင်းပြင်ကျယ်ဖြစ်သွားသည်။ ဂဏန်းလိပ်စောအုပ်တွင် လိပ်စောရွာ၏မြောက်ဘက် (၂) မိုင်ခန့်တွင် ဟော်ယောရွာရှိသည်။ လိပ်စောရွာထက်ကြီးသည်။ ထိုစဉ်ကပင် အိမ်ခြေ (၁၀၀) ကျော်သည်။ လိပ်စောရွာ၏အရှေ့တောင်ဘက်၌ အိမ်ခြေ(၂၅)အိမ်မျှရှိသော ဇရိုင်းရွာရှိသည်။ လိပ်စောရွာအရှေ့ကုန်းနှင့်သိပ်မဝေးလှပါ။ ဟော်ယောရွာသည် အုပ်စုရွာမဟုတ်သော်လည်း ယခုအလယ်တန်းကျောင်းပင်ရှိနေပါပြီ။

ထိုညက ဆရာလေးကိုမြင့်ထွန်းနှင့်တပည့်များသွားကြသည်မှာ လိပ်စောရွာအရှေ့ကုန်းတွင်ရှိသော ဦးထွန်းပွင့်၏လယ်ကွင်းဖြစ်သည်။ မြေပဒူတုပ်လျှင် လူမပြောနှင့် ကျွဲနွားများပင်တုန်လှုပ်သွားသည်။ အချို့သော မြေပဒူကျင်းထဲကျွဲနွားခြေတစ်ချောင်းကျွံသည်နှင့်ဆွဲနုတ်လိုက်လျှင် ခြေချောင်းတွင်အသားမပါ။ မြေပဒူများကကိုက်ဆွဲစားလိုက်ကြသည်။ ယခုဆရာကိုမြင့်ထွန်းတို့ဖွပ်မည့် မြေပဒူက တစ်မျိုးဖြစ်သည်ဟုသိရ၏။ မြေပဒူဟုခေါ်သော်လည်း ပဒူမဟုတ် ပျားတူကောင်ဖြစ်သည်။

အရှေ့ကုန်းရွာသို့ရောက်သောအခါ အသိ အိမ်တစ်အိမ်သို့သွားကြသည်။ ဆေးရွက်ကြီးနှစ်ရွက်ခန့်တောင်းသည်။ သက်ငယ်အဟောင်းလက်တစ်ဆုပ်ခန့်ရှာ၍ ယူသည်။ ကျပ်လုံးသာသာဝါးလုံးကို အဆစ်ပိတ်နှစ်ဖက်ကို ဖြတ်လိုက်ရာ ဝါးလုံးပြွန်တစ်ချောင်းရသည်။ လေမှုတ်သွင်းရန်ဖြစ်သည်။ မောင်ရွှေဝင်းပြောသော ဦးထွန်းပွင့်လယ်ထဲသို့သွားကြပြီး ပျားတူအုံကို မောင်ရွှေဝင်းကပြသည်။ သေသေချာချာကြည့်ရာ ကျင်းပေါက်၌ကင်းစောင့်ပျားတူမရှိ။ တစ်ယောက်သောသူက ကျွဲလူးအိုင်မှန့်ပျော့ကို လူကြီးကန်သော ဘောလုံးတစ်လုံးစာခန့်ယူခဲ့သည်။

ပျားတူကောင်၏ကျင်းပေါက်ဝကို ရွှံ့လုံးဖြင့်ပစ်ပေါက်ပြီးပိတ်လိုက်သည်။ ထို့နောက် ပါလာသော ဝါးလုံးပြွန်ကို ကျင်းထဲသို့ထိုးသွင်းလိုက်သည်။ ဝါးလုံးခေါင်းထဲရှိ ရွှံ့များကို တုတ်တစ်ချောင်းဖြင့်ထိုးသွင်းလိုက်သည်။ ဝါးလုံးချောင်း၏အပြင်တွင် ယူလာခဲ့သောသက်ငယ်စကိုမီးရှို့ပြီး ဆေးရွက်ကြီးတစ်ဖဲ့ကို မီးကူးလိုက်သည်။ ဆေးရွက်ကြီးမီးစွဲပြီး အငွေ့ထွက်လာရာ တစ်ယောက်က ထိုအငွေ့များကို ဝါးလုံးခေါင်းမှတစ်ဆင့် ပျားတူကျင်းထဲမှတ်သွင်းလိုက်သည်။ ဝါးလုံးခေါင်းပေါက်ကို ခဏပိတ်ပြီး ပျားတူကောင်ရှိသောကျင်းကို နားဖြင့်ကပ်၏။ နားထောင်သည်။ ကျင်းထဲတွင် ပျားတူကောင်များ တဝီဝီပျံပြီးဆူညံသွားသည်။

တစ်ဖန် ပျားတူကျင်းထဲ ဆေးရွက်ကြီးငွေ့ကို မှုတ်သွင်းပါသည်။ ကျင်းနားကပ်၍ နားထောင်ပါသည်။ ဤသို့ လေးငါးကြိမ်မျှလုပ်လိုက်သောအခါ ကျင်းထဲမှ ဆူညံသံများမကြားရတော့ပါ။ ထိုအခါ ပျားတူကျင်းကို ပေါက်ပြားဖြင့်ပေါက်လိုက်ရာ သေသည့်ကောင်ကသေ၊ မူးပြီးမလှုပ်မယှက်ဖြစ်နေသည့် ပျားတူကောင်များကိုတွေ့ရသည်။ ခုများမှာ များများမရှိ။ အနည်းငယ်သာရ၏။ ထို့ကြောင့် ထိုပျားတူကျင်းကို မြေဖို့ထားလိုက်ကြသည်။

ရသည့် ပျားတူဥများဖြင့် မစားလောက်သေးသဖြင့် မည်သည့်ပျားအုံကို ဖွပ်ရရင်ကောင်းမလဲဟု တိုင်ပင်ကြရာ အရှေ့တောထဲတွင် စိုင်ပျားအုံများရှိကြောင်းပြောကြသည်။ အစဖော်ပေးသူမှာ မောင်သန်းမောင်ဖြစ်သည်။ စိုင်ပျားကောင်များသည် အဝါရောင်အကောင်များဖြစ်၏။ သစ်ပင်တွင်စွဲနေကြသည်မဟုတ်။ သစ်ခေါင်းထဲတွင်အုံဖွဲ့၍နေကြခြင်း ဖြစ်သည်။ သို့ဖြင့် လယ်ကွင်းမှအရှေ့တောရှိရာသွားရန် အရှေ့ရွာသို့ပြန်ရသေးသည်။ သစ်ပင်ကိုခုတ်ခွဲရန် ခွန်နှင့်ဝါးကိုင့ားရသည်။

ပြီးနောက် အရှေ့တောသို့ရောက်ပြီး မောင်သန်းမောင်တွေ့ထားသော သစ်ပင်ကိုရှာတွေ့ရာ စိုင်ပျားရှိသော သစ်ခေါင်းကိုတွေ့ရသည်။ စိုင်ပျားနေသော သစ်ခေါင်းသည် လူတစ်ရပ်ခန့်သာမြင့်သည်။ ဘေးတွင်ကင်းစောင့်နေသောစိုင်ပျားနှစ်ကောင်သုံးကောင်တွေ့ရသည်။ ဝါးလုံးခြောက်ကိုရှာပြီး ထိပ်ကို စိတ်ဖြာလိုက်ပြီးမီးရှို့ရာ မီးတုတ်ဖြစ်သွားသည်။ ကင်းစောင့်စိုင်ပျားများကို မီးတုတ်ဖြင့်ငွေ့ယမ်းလိုက်ပြီး စိုင်ပျားအုံအပေါက်ကို မီးတုတ်ဖြင့်ပိတ်လိုက်သည်။ စိုင်ပျားများသည် အပြင်သို့မထွက်နိုင်တော့ပါ။ မီးတုတ်မထွက်လာသော မီးခိုးငွေ့များလည်းစိုင်ပျားအုံထဲဝင်သွားသည်။ ဤသို့နှစ်ကြိမ်သုံးကြိမ်လောက်လုပ်လိုက်သော် သစ်ခေါင်းထဲရှိ စိုင်ပျားများသေကုန်ကြသည်။

ထို့နောက် စိုင်ပျားရှိသစ်ခေါင်းပေါက်ကို ခွန်ဖြင့်ပေါက်ရှိုဖောက်လိုက်သည်။ အထဲတွင် စိုင်ပျားအသေကောင်များကိုတွေ့ရသည်။ ဥများများရှိမည်ထင်သော်လည်း ထင်သလောက်မရပါ။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် နောက်ထပ်ရှိမည့်အပင်ကို တွေ့ထားကြောင်း မောင်ကျော်လင်းက ပြောပြန်ပါသည်။ မောင်ရွှေသိန်းက ရသလောက်နှင့်သာပြန်ရအောင် အရေ့တောကကြမ်းသည်ဟုပြောပါသေးသည်။ သို့သော် ကျန်သူများက ဘာမှမဖြစ်ပါဘူး။ အမှားအယွင်းလုပ်တာမှမဟုတ်ဟု ပြောကြပါသည်။ ဆရာလေးကိုမြင့်ထွန်းက ဘာမှလည်း ဝင်မပြောပါ။ သို့ဖြင့် စိုင်ပျားများရှိရှိရာအပင်များကို ရှာပြီး သုံးလေးအုံမျှဖွပ်ကြပြန်ပါသည်။ ထင်သလိုမဟုတ်။ စိုင်ပျားဥနည်းနည်းသာရကြသည်။ နံနက် (၃) နာရီထိုးတော့ ဘုန်းကြီးကျောင်းက သစ်စည်ခေါက်လေပြီ။ အနောက်ကုန်းသို့ပြန်ရောက်သော် ဆွမ်းချက်နေကြပါသည်။ ရလာသောပျားဥများကို ချစ်ဖေအိမ်တွင် ကြော်ပြီးစားကြပြီး ကိုယ့်အိမ်သူအိမ်ပြန် အိပ်ကြပါတော့သည်။

ဆရာလေးကိုမြင့်ထွန်းနှင့် ချစ်ဖေတို့သည် နေ့လယ်ဆွမ်းစားသစ်စည် ခေါက်မှန်းကြသည်။ နီးပြီးသော်အခါ ဆရာလေးကိုမြင့်ထွန်းသည် မအီမလည်ဖြစ်နေသည်။ ပျားဥသည် အလွန်ဆိမ့်၏။ ထို့ကြောင့် ပျားဥများကိုကြော်စားထားခြင်းကြောင့်ဖြစ်မည်ဟု ထင်လေသည်။ ညက အတူသွားအတူစားခဲ့ကြသူများက ဘာမှဖြစ်မည်မထင်။ သူတို့က လူငယ်တွေဖြစ်၍ ခံနိုင်ရည်ရှိသည်။ သူတို့အရပ်ဒေသ၊ ရာသီဥတုအရ အနေကြာပြီဖြစ်၍လည်း ဖြစ်နိုင်သည်။

ညနေစောင်းတော့ တစ်အိမ်တည်း အတူနေ မောင်ချစ်ဖေက ဆရာလေးကိုမြင့်ထွန်းကို သတင်းပို့လာသည်။ ပဒူခေါ် ပျားတူဖွပ်ရန်စတင်ပြောသူ မောင်ရွှေဝင်းက ပေါ်တီရောင်သည်ဟု ပြော၏။ ပေါ်တီဆိုတာဘာလဲဟု ဆရာလေး ကိုမြင့်ထွန်းကမေးရာ ပေါ်တီဆိုတာ သူ့ရဲ့ ရွှေဥ(ခေါ်)ဇေးစေ့ကိုခေါ်တာဟု မောင်ချစ်ဖေက ကနန်းစကားအရ ပြန်ပြော ဖြစ်၏။

အရှေ့တောသို့သွားပြီး စိုင်ပျားဖွပ်ရန်ပြောသူ မောင်သန်းမောင်မှာ မျက်ခုံးတွေ့ရောင်စပြုလာ၏။ နောက်ထပ်စိုင်ပျားဖွပ်ကြရန် အကြံပြုသူ မောင်ကျော်လင်းမှာ ဖျားသည်ဟုသိရ၏။ ရသလောက်နှင့် ပြန်ကြပါစို့ဟု တိုက်တွန်းသူ မောင်ရွှေသိန်းကဘာမှမဖြစ်။ စိုင်ပျားအုံရှိရာ သစ်ခေါင်းများကို မီးမြှိုက်ပေးသူ မောင်ဆန်းဝင်းနှင့် မောင်ဖေမောင်တို့လည်း ဖျားကြသည်။ ဆရာလေးကိုမြင့်ထွန်းရယ်၊ မောင်ချစ်ဖေရယ်၊ မောင်ကာလုရယ်တို့ သုံးယောက်က ဘာမှမဖြစ်ကြပါ။

နှစ်ရက်ကြာသော် မောင်ကျော်လင်း၏အစ်မဖြစ်သူ မစိန်ထွေးက အရပ်ဆရာ(ဖျားနာကုသပေးမှု)ကိုပင့်ပြီး ထုံးစံအတိုင်း ဆေးတိုက်ပေးပါသည်။ သို့သော် ဘာမှမထူးခြား။ သုံးရက်မြောက်တွင် ဘယ်သူတွေက ဘာတွေဖြစ်ကြသည်ကို မစိန်ထွေးလည်းသိသွားသည်။ ဒါဟာ သွေးရိုးသားရိုးမဟုတ် နတ်ပြစားတာ ဘဲဖြစ်မည်ဟုတွေးမိသည့်အတိုင်း နတ်ကုစားသူ ဦးအေးမောင်ကိုခေါ်ပြီး မောင်ကျော်လင်းကိုမေးခိုင်းရာ လွန်ခဲ့သော (၃) ရက်၊ တန်ဆောင်မုန်းလဆန်း (၁၄) ရက်အဖိတ်ညက အရှေ့တောသို့ သွား၍ ပျားဖွပ်ကြကြောင်းသိရလေသည်။

ဤတွင် နတ်ကုစားသူအကြောင်း အနည်းငယ်ပြောပြလိုပါသည်။ဘာဆေးအစွမ်းအတတ်ပညာအစွမ်းရှိသူမဟုတ်သော်လည်း နတ်ချစ်သူ (သို့မဟုတ်) လိပ်ပြာလှသူဟု တင်စားခေါ်ရပါမည်။ ဒေသထုံးစံအရ နတ်တင်လိုလျှင် ဦးအေးမောင်ကတင်ပေးရ၏။တစ်နည်းပြောရလျှင် ဆိုင်ရာနတ်တွေက ဦးအေးမောင်ပြောမှရသည့်သဘော၊ နတ်များအပေါ် ဦးအေးမောင်ကသာ ပြောနိုင်သည်။ ဦးအေးမောင်ပြောမှ နတ်တွေက လက်ခံသဘောကျသည်။ ဦးအေးမောင်ကလည်း အခကြေးငွေယူသူမဟုတ် နတ်စာစားနိုင်သူဖြစ်သည်။ နတ်ပြုစားလို့ခံစားနေရသူတစ်ဦးဦးကို သူလုပ်ပေးလိုက်လို့ ပျောက်ကင်းသွားလျှင် စိတ်ချမ်းသာသူသာဖြစ်ပါသည်။

ယခုဖြစ်နေသော မောင်ကျော်လင်းအပါအဝင်(၅)ယောက်ကို အရှေ့တောနတ်ကိုက်တာ (တစ်နည်း) ဖမ်းစားတာဖြစ်မည်ဟု ဦးအေးမောင်ကပြောလေ၏။ ထို့ကြောင့် နောက်ရက်နေ့လယ် (၁၂) နာရီမထိုးမီ အရှေ့တောသို့သွား၍ နတ်တင်ရန် မစိန်ထွေးအား အကြံပြုလေသည်။ ယခုဖြစ်နေကြသူ (၅)ယောက်သာမဟုတ်၊ အတူသွားခဲ့ကြသော ချစ်ယောက်စလုံးသွားကြရမည်။ ကြက်ဖို၊ ကြက်မအကောင်ကြီးကြီး(၂) ကောင်ကို အမွေးနုတ်ပြီး ခုတ်စဉ်းလုပ်ထားရမည်။ အဆုတ်၊ အသည်း၊ အူမပစ်ရ။ အမောက်ပါမကျန်စေရ။ စားမဖြစ်သည်များသာချန်ထားရမည်။

အကောင်ကြီးဆိုတာက သွားကြသူအားလုံး စားလောက်ရန်ဖြစ်သည်။ သွားခဲ့ကြသူ (၈) ယောက်၊ နတ်တင်ပေးမည့် ဦးအေးမောင်နှင့် မောင်ကျော်လင်း၏အစ်မက ချက်ပြုတ်ပေးရန်အတွက် ဖြစ်သဖြင့် မစိန်ထွေးပါအပါဆိုလျှင် (၁၀)ယောက်ဖြစ်သွားပါသည်။ အကယ်၍ နတ်စာကျွေးစဉ်တွေ့ဆုံရသူဟူသမျှကို ခေါ်ကျွေးရသည်။ ဆန် (၂) ပြည်ကို လည်းချက်ရပါမည်။ တစ္ဆေသရဲများသည် နန္ဒင်းပါလျှင် မစားကြ။ ကြက်သွန်ဖြူနှံ့ရလျှင်မစားကြ။ တူချိုက ဆားပါလျှင် မစားကြ စသည့်အမျိုးမျိုးရှိသော်လည်း ယခုတောစောင့်နတ်တင်ရန်မှာ လူတွေစားသကဲ့သို့ ချက်ပြုတ်နိုင်ပါသည်။

ကြက်ဖိုကြက်မနှစ်ကောင်ကိုသတ်ပြီး အမွေးနုတ်၊ အနေတော်စားနေကျ အရွယ်အတုံးများတုံး၍ လည်းကောင်း၊ အူ၊ အသည်း၊ အဆုတ်၊ ခေါင်း၊ လည်ချောင်း၊ ခြေထောက်ပါမကျန် ခုတ်စဉ်း၍ ဆားအနည်းငယ်ဖြင့်နယ်ပြီးနှပ်ထားလိုက်သည်။ ဆားမင်နှံအောင်သတိထားရပါမည်။ အသားထဲအင်နဇော်ဝင်ရုံဖြစ်သည်။ ကြက်သွန်နီ၊ ဖြူကိုထောင်းထားသည်။ ငရုတ်သီးအရောင်တင်ရန်မထည့်ကြ။ နနွင်းကိုသာထည့်နယ်၍ လက်ဝင်ရုံဆေးလက်ဆေးရည်ဖြင့် အိုးကိုတင်လိုက်သည်။

နံနက်(၈)နာရီတွင် အရန်သင့်ဖြစ်အောင်စီစဉ်ပြီးသည်နှင့် အိုးခွက်ရေအိုး၊ ပန်းကန်ပြား၊ ဇွန်း စသည်မကျန်အောင် ခြင်းတောင်းနှစ်တောင်းအတွင်းထည့်၍ ထမ်းပိုးဖြင့်ထမ်းကာ အရှေ့တောသို့ အားလုံးသွားကြပါသည်။ ပျားဖွပ်သောနေရာရောက်သော်လည်း လမ်းဆုံလမ်းခွတွင်သာ နတ်တင်ရမည်ဖြစ်၍ ပျားဖွပ်သည့်နေရာနှင့် မနီးမဝေးတွင်ရှိသော လမ်းဆုံနေရာကိုရွေးရသည်။

နတ်တင်မည့်နေရာသို့သွားကြရာ မထနိုင်လောက်အောင် ဖျားနေသော မောင်ကျော်လင်းအပါအဝင်အားလုံးသွားနိုင်ကြသည်။ မျက်နှာရောင်သူသည်လည်း အရောင်လျော့သလိုဖြစ်သွားသည်။ ပေါ်တီရောင်သူလည်း ကောင်းကောင်းမွန်မွန်သွားနိုင်သည်။ နတ်တင်မည့်လမ်းဆုံနေရာဘေးတွင် စတည်းချလိုက်ကြသည်။ ထင်ရှားမီးမွှေးကြ နတ်စင်ဆောက်ကြ၏။ နတ်စင်ဆောက်သည်မှာ ကြီးကြီးမားမားမဟုတ်။ လူတစ်ရပ်နီးပါးရှိသော အင်္ဂလေးခုရအောင်ခုတ်၊ မြေကျင်းဝှေးပြီး စိုက်လိုက်

www.burmeseclassic.com

www.burmeseclassic.com

မြတ်ခေါင်းနိုင် (ဂုံညင်းတန်း)
လမ်းဘေးနားကရသောနည်း

လျှင် လူခါးစောင်းအမြင့်လောက်သာရှိသည်။ ဝါးကို စိတ်ဖြာ၍တန်းလုပ်၊ ဝါးကြမ်းခင်းရက်၍ ဝါးကပ်တင်ထားခြင်းသာဖြစ်သည်။

ဆန့်(၂)ပြည်ကို (၁) ပြည်စီခွဲချက်သည်။ အဖျားအနာမရှိသောယောကျ်ားလေးများကချက်သည်။ တောသူတောင်သားတွေပီပီ ကိုယ်စားမည့် ထမင်းကို ကိုယ်တိုင်ချက်တတ်ကြပါသည်။ ကြက်သားဟင်းကို မစိန်ထွေးက ချက်သည်။ ဆရာလေးကိုမြင့်ထွန်းကမူ ဘာမှမလုပ်ရ။ ထိုင်ကြည့်ရုံသက်သက်သာဖြစ်သည်။ နံနက် (၁၀) လောက်တွင် အားလုံးချက်ပြီးကြပြီဖြစ်ပါသည်။ ထမင်းအိုး၊ ဟင်းအိုးကို မီးဖိုနားကပ်ထား၍ (၁၀) နာရီခွဲတွင် ဘုန်းကြီးကျောင်းမှ သစ်စည်ခေါက်မည်ကိုစောင့်နေကြသည်။

နံနက် (၁၀) နာရီခွဲ သစ်စည်ခေါက်သံကြားသည်နှင့် မစိန်ထွေးပါလာသော ပန်းကန်ပြားတွင် ထမင်းကိုအပြည့်အမောက်ခူးသည်။ ထမင်းပေါ်တွင် ကြက်သားဟင်းကိုပုံသည်။ သတိထားစရာမှာ အသည်းအမြစ်၊ ခေါင်းလည်းနည်းနည်းစီပါအောင်ခူးရသည်။ ခြေထောက်၊ ဖင်ဆိတ်ခူး၊ အူမပါစေရ။ ခူးပြီးလျှင် ဦးအေးမောင်က နတ်စင်ပေါ်သို့ ထမင်းပန်းကန်ပြားကိုမတင်မီ အရှေ့တောစောင့်နတ်ကိုပင့်၍ ဖျားနေကြသူ၊ မျက်နှာရောင်သူ၊ ပေါ်တီရောင်သူတို့၏ နာမည်များကိုခေါ်၍ ၎င်းတို့သည် မသိမိုက်မှားမိသဖြင့် ခွင့်လွှတ်ရန်နှင့် ဖြစ်နေသောအနာများ ပျောက်ကင်းအောင် မစပေးပါရန် ကနန်းသံဝဲဝဲဖြင့် တောင်းပန်ခြင်းဖြစ်ပါ သည်။

ထိုသို့တောင်းပန်နေစဉ် မနာမများကြသူများက ထမင်းစားရန်အင်ဖက်များကောက်၍ ရေဆေးကြပါသည်။ အိမ်မှပန်းကန်ပြားယူခဲ့သည်မှာ နတ်တင်ရန်အတွက်သာဖြစ်၍ နတ်တင်နေစဉ် တောင်းပန်တိုးလျှိုးပြောနေသောအခါမှသာ မိမိတို့စားဖို့ ဖက်ကောက်ရပါသည်။ ကြိုတင်၍မကောက်ထားရပါ။

ဦးအေးမောင်က အရှေ့တောနတ်ကို တောင်းပန်တိုးလျှိုးပြီးသော် ကောက်ပြီး ရေဆေးထားသော အင်ဖက်များကို မြေညီညီတွင်ဖြန့်ခင်းလိုက်သည်။ စားကြမည့်သူများက ဝိုင်းထိုင်ကြသည်။ မစိန်ထွေးနှင့် ကူညီသူတစ်ဦးနှင့်တစ်ဦးက အင်ဖက်များပေါ်သို့ ထမင်းများခူးထည့်ခြင်း၊ ဟင်းများပုံထည့်ခြင်းတို့ပြုလုပ်ကြပါသည်။ စားနေဆဲဖြတ်သန်းသွားစာရေးသူယခုရေးသားတင်ပြသည့် အကြောင်းအရာများမှာ ပတ်ဝန်းကျင်မှ ရှာဖွေလေ့တွေ့ရှိလေ့အကြောင်းများပင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆို သော် ပတ်ဝန်းကျင်ဆိုသည်မှာ ပစ်ပယ်ထားလို့ လည်းမရသောကြောင့် ဖြစ်ပါသည်။

မည်ကဲ့သို့ပင်ဆိုစေကာမူ ကိုယ်မတတ်သည့် ပညာရပ်တစ်ခုကိုရလိုက်သည့်အခါ စိတ်ဝယ်ကြည်နူးခြင်းဆိုသည့်ပီတိကိုခံစားရင်း စာရေးသူဘဝကို ခံယူတတ်ပါသည်။

တစ်ခါတစ်ရံ စွေးသည်လေးများကပေးသော အသိပညာရပ်လေးတွေလည်းရှိပါသည်။

စာရေးသူသည် အိပ်ပျော်သည့်အခါ အနားတွင် ယင်ကောင်များဝိုင်း၍ ခန္ဓာကိုယ်ပေါ် နားလာသည့်အခါများတွင် စွေးသည်လေးတစ်ယောက်ကပေးသောအသိဖြင့် ဖြေရှင်းရပါသည်။

ယင်ကောင်များ ဝဲပျံသည့်အခါတွင် စွေးသည်မလေးက နွေခင်းကြောင် တောင် ဖယောင်းတိုင်ကိုထွန်းလိုက်ပါသည်။ မကြာပါချေ။ ယင်ကောင်များ မရှိတော့သည်ကို တွေ့ရပါတော့သည်။

ဤသည်မှာ ယင်ကောင်ပြေးနည်းတစ်နည်းပင် ဖြစ်၏။

နောက်တစ်နည်းမှာ ညဘက် မီးချောင်းဖွင့်လျှင် ပိုးကောင်များအုံလိုက် အလင်းရောင်ရှိသောနေရာတွင် ပိုင်းအုံနေကြသည်ကိုတွေ့ဖူးပေလိမ့်မည်။

ပုရွက်ပျံများအုံဖွဲ့ပြီး မီးချောင်းအောက်တွင်ပိုင်းရံပြေးလွှားနေသည့်အခါတွင် ပိုးကောင်းပြေးနည်းကတော့ ဒီလိုပင် ဖြစ်ပါသည်။

လိုအပ်သောပစ္စည်းကတော့ -

ငရုတ်သီးစိမ်းတောင့် (၂) တောင့် ဖြစ်ပါသည်။

ငရုတ်သီးစိမ်းကို ဓားဖြင့်အသာခွဲပြီး မီးချောင်း၏ ဟိုဘက်ထိပ်ဒီဘက်ထိပ်တွင် တိပ်ဖြင့် သို့မဟုတ် သားရေကွင်းဖြင့်ကပ်လိုက်ပါ။

ပိုးနှံကောင်များ ငရုတ်သီးစိမ်းအနံ့ကိုရရှိပြီး ထွက်ပြေးသွားပါလိမ့်မည် ဖြစ်ပါကြောင်း တင်ပြရပါသည်။

မြတ်ခေါင်းနိုင် (ဂုံညင်းတန်း)

လာသူရှိလျှင် ကျွေးရအောင်လည်းချန်ထားရသေးသည်။

အားလုံးစားကြသောအခါ ဦးအေးမောင်က -

"ကျောင်းဆရာ၊ အခုစားတဲ့ကြက်သားဟင်းနဲ့ နတ်တင်ပြီး စားတဲ့ဟင်းရဲ့ အရသာမတူတာကိုတွေ့ရမယ်"

ဟု ဆရာလေးကို ဦးအေးမောင်က ပြောပါသည်။ စားနေစဉ်စားနေဆဲ ဖြတ်သန်းသွားလာသူမရှိသဖြင့် ထမင်းအိုးဟင်းအိုးကို အကုန်သွန်မှောက်ပြီး စားကြသည်။ စားလို့ပြီးပြန်သော် နတ်တင်ထားသောပန်းကန်ပြားကိုချ၍ အားလုံးဝိုင်း၍စားကြရပြန်သည်။

ထိုအခါ ဦးအေးမောင်က -

"ဘယ့်နယ်လဲ ကျောင်းဆရာ။ နတ်တင်ထားပြီးသားကိုစားရတာနဲ့ စောစောကစားရတာနဲ့ အရသာတူရဲ့လား"

ဟု ဆရာလေး ဦးမြင့်ထွန်းကိုမေးပါသည်။ မှန်ပါသည်။ ယခုနတ်စာကျကို စားရသည်နှင့် စောစောကစားရသည်တို့မှာ တခြားစီဖြစ်ပါသည်။ နတ်စာကျကြက်သားသည် ဆားမပါသောဟင်းလို ပေါ့ရွှတ်ရွှတ်ဖြစ်သွားပါသည်။ အသားသည်လည်းဖွယ်သလိုဖြစ်သွားပါသည်။ ထိုသို့နတ်တင်နေစဉ် ဖြတ်သွားဖြတ်လာရှိလျှင် ခေါ်ကျွေးရသလို ကျွေးသည်ကိုလည်း တစ်လုတ်တစ်ဆုပ်ဝင်စားရသည်။ ထိုနေ့က မည်သူမျှမလာသဖြင့် ကိုယ့်အဖွဲ့သားများကိုယ်တိုင်ကုန်အောင်စားလိုက်ကြရပါသည်။

နောက်တစ်နေ့တွင် ဖျားသူလည်း ဘာမှမဖြစ်တော့သလို မျက်နှာရောင်သူများလည်း အကောင်းပကတိဖြစ်သွားပါသည်။ မောင်ရွှေဝင်းရဲ့ပေါ် ထီရောင်တာလည်းပျောက်သွားသည်။ ဆရာလေးကိုမြင့်ထွန်းက ဂဏန်းလိပ်စောရွာတွင် တာဝန်ကျခဲ့စဉ်က ကိုယ်တိုင်တွေ့ကြုံခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သူတို့အားလုံးသူတို့ဒေသ၏ ဓလေ့လုပ်ကြွံသည်များလည်း မယုံမရှိနှင့် ယုံကြည်စရာဖြစ်ပါသည်။

လိုက်လေ့ကျင့်စာနေနိုင်ကြပါစေ

ကသာသင်းမွှေး

www.burmeseclassic.com

www.burmeseclassic.com

၁၉၊ ဖေဖော်ဝါရီ၊ ရန်ကုန်။

ဘုရား၏ အထက်ပစ္စယံတွင် လူအုပ်ကြီးသွားလာနေကြသည်။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်သူများအတွက်မူ ထူးခြားသည့်ပစ္စည်းများ ပြသသည့် ပြတိုက်ဟုယူဆပြီး ဘုရားသို့လာရောက်ကြဟန်ရှိသည်။ ဗုဒ္ဓဘာသာဝင်များအတွက်မူ ရွှေတိဂုံသည် ဓာတ်တော်မွေတော်များရှိသောမြင့်မြတ်သည့်နေရာပင်ဖြစ်သည်။

ရွှေတိဂုံဘုရား၏ ပတ်လည်တွင် အနောက်တိုင်းက အတင်းအကျပ်ဝင်ရောက်နေရာယူထားသည့် ခံတပ်များ၊ တောင်ကုန်းများတွင် သေနတ်များဆင်ထား၏။ ကန်တိုမင်ဥယျာဉ်မှ ကန်တော်ကြီးသို့သွား၍ရသည့်လမ်းဖောက်လုပ်ထားသည်။

ရန်ကုန်မြို့သည် မျက်မှောက်ရာစုအစပိုင်းတွင် ခရီးသွားများဖော်ပြထားသည့်အခြေအနေနှင့်ကွဲပြားနေသည့် ဝါးတဲများနှင့် ရွှံ့အိမ်များလည်းမရှိပေ။ ထိုနေရာတွင် အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အိမ်များကို မြင်တွေ့ရမည်ဖြစ်သည်။ ခွေးလေခွေးလွင့်များကို မတွေ့ရဘဲ လမ်းများသည် သန့်ရှင်းနေသည်။

၂၂၊ ဖေဖော်ဝါရီ။

ယနေ့သည် အကျိုးမရှိဘဲကုန်ဆုံးသွားသည်။ တစ်နေ့လုံး ကားဖြင့်သွားလာသည်။ လူအများအပြားနှင့်တွေ့ဆုံဖြစ်သည်။ သို့ရာတွင် အကျိုးရှိသောသတင်းအချက်အလက်မရခဲ့ပေ။ အဓိပ္ပာယ်မဲ့တော်သို့သွားသည်။ မောင်ဖိုးမှင်ထံလည်းရောက်သည်။ ဖော်ချမ်မာနှင့်လည်း တွေ့ဖြစ်သည်။

၂၃၊ ဖေဖော်ဝါရီ။

အခုတင် စိန့်ဘာဘေ ကွယ်လွန်သွားသည့်သတင်းကို သတင်းစာများတွင်ဖတ်ရသည်။ ဓားပြများအသတ်ခံရခြင်းဖြစ်သည်။ အဆိုပါ သတင်းစာများတွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဂိုဏ်းချုပ်ကို အလိုရှိသည်။ သူတို့၏ ဘာသာသာသနာကို ကာကွယ်စောင့်ရှောက်ဖို့လိုအပ်သည်။ သီပေါမင်းလက်ထက်က သာသနာကို စောင့်ရှောက်သည့်တာဝန်ကိုယူခဲ့သည်။


ယနေ့တွင် သီဟိုဠ်နိုင်ငံ ဝိရနန္ဒဘုန်းကြီးကျောင်းမှ သံဃာတစ်ပါးနှင့်တွေ့သည်။ သူ၏ဘွဲ့တော်မှာ ဓမ္မပါလဖြစ်သည်။ ပါဠိလိုပြောတတ်သည်။ အိန္ဒိယနိုင်ငံတွင် သုံးရက်ကြာ အလည်အပတ်ရောက်ခဲ့သည်။ ဗုဒ္ဓဂယာ၊ ဗာရာဏသီသို့ လည်ပတ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ထိုကဲ့သို့သော ရဟန်းတော်များနှင့် ဆုံရခဲ့သည်။

လော့ဒ်ဒပ်ဖရင်ကို ဝုဏ်ပြုသည့် အနေဖြင့်တည်ဆောက်ထားသော ဒါလဟိုဇီပန်းခြံတွင် အားကစားပွဲများကို ပြုလုပ်သည်။ ကန်တော်ကြီးတွင် မြန်မာလေ့ပြိုင်ပွဲကို ကျင်းပသည်။

ထိုနေရာတွင် အများဆုံး တွေ့ရသည်မှာ အိန္ဒိယလူမျိုးများ ဖြစ်သည်။ ၎င်းတို့သည် အသားမည်းသဖြင့် ဗြိတိသျှတို့က အထင်သေးကြသည်။ ဘုရင်ဒပ်ဖရင်နှင့် ဘုရင်ခံကတော်တို့ရောက်ရှိလာကြသည်။ ဥရောပတိုက်သားများသည် လည်းကောင်း၊ လူအုပ်ကြီးကသော်လည်းကောင်း အသက်မဝင်သကဲ့သို့ ရှိနေကြသည်။ သူတို့သည် ပျော်ရွှင်မှုအတွက်လာရောက်ကြခြင်း မဟုတ်ပါ။

ဘာနဒ်အိမ်တွင် ညစာစားသည်။ ဒပ်ဖရင်နှင့်တွေ့ဆုံသည်။ သူက ရုရှားလူမျိုးတိုင်း အင်္ဂလိပ်စကားပြောကြသည်ဟု ဆိုသည်။ ညစာစားပွဲတွင် ကျွန်ုပ်သည် လော့ဒ်ဘရစ်စ်ဖို့ဒ်နှင့် ဂွဒ်ရစ်ခ်တို့၏ နံဘေးတွင် ထိုင်သည်။ စကားပြောဆိုမှုမှာ စိတ်ဝင်စားဖွယ်မကောင်းပါ။

ဘာနဒ်သည် မဟာဝန်ရှင်တော်မင်းကြီး ဖြစ်သည်။ မြန်မာနိုင်ငံ၏အရှင်သခင်ဖြစ်ပြီး ဩဇာအာဏာအလွန်ရှိသူဖြစ်သည်။ ဗြိတိသျှလူမျိုးတို့ကိုယ်တိုင်က



ကျောက်ဝင်း

(ရန်ကုန်အထွေးဆို၏)

မိန်းယွဲ့စ်ဇေါ်ဒိုင်ယောရိုထဲက ၃၅ ပါတော်မူပြီးစ မြန်မာနိုင်ငံအခြေအနေ

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်-အိန္ဒိယအုပ်ချုပ်ရေးစနစ်သည် သက်ဦးဆံပိုင် အုပ်ချုပ်ရေးစနစ်ပုံစံဖြစ်သည်ဟု ဆိုကြသည်။

ညစာစားပွဲတွင် လူသုံးဆယ်ခန့် တက်ကြသည်။ ဘာနဒ်ရှ် ၎င်း၏ဇနီးကို မတွေ့မိပေ။ ယမန်နေ့က လော့ဒ်ဒပ်ဖရင်သည် ဗုဒ္ဓရုပ်ပွားတော်ကို ဗုဒ္ဓဘာသာဝင်များလက်ထဲသို့ ပြန်လည်ပေးအပ်သည်ဟု နှစ်ကြိမ်တိုင်တိုင် ကျွန်ုပ်အား ပြောကြားခဲ့သည်။ ထို့အပြင် သာသနာပိုင်သည် မလျော်ကန်သော လုပ်ဆောင်ချက်များကို လုပ်ဆောင်ခဲ့သည်ဟူ၍လည်း ပြောကြားခဲ့သည်။

၂၄၊ ဖေဖော်ဝါရီ။

ယနေ့နံနက် (၈) နာရီတွင်တော့ မောင်ရွှေကြူး ကျွန်ုပ်ထံသို့ ရောက်ရှိလာသည်။ သူသည် အောက်မြန်မာနိုင်ငံ ပညာရေးဌာနမှအရာရှိတစ်ဦးဖြစ်သည်။ မောင်ရွှေကြူးသည် ကျွန်ုပ်အား မူလတန်းကျောင်းများသို့ သွားရောက်လေ့လာရန်လာခေါ်ခြင်း ဖြစ်သည်။ သူက ဘုန်းတော်ကြီးကျောင်း (၁၆၀)ခန့် သူ၏ကြီးကြပ်မှုအောက်တွင်ရှိကြောင်း ကျွန်ုပ်အား ပြောပြသည်။

ကျွန်ုပ်တို့ လာရောက်မည်ဖြစ်ကြောင်း ဆရာဆရာမများအားကြိုတင် ပြောကြားထားသည်ဟု သိရှိရသည်။ ဘုန်းတော်ကြီးကျောင်းများ၏ကောင်းမွန်သည့်အချက်များကို ကျွန်ုပ်အားပြသရန် ကြိုးစားလိမ့်မည်ဟု ကျွန်ုပ် သတိပြုမိသည်။ သို့ရာတွင် ကျွန်ုပ်သည် နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြထားသော အကောင်းဆုံးကျောင်းများကိုသာသွားရောက်ဖြစ်ခဲ့သည်။ ကျွန်ုပ်အနေဖြင့် ပညာရေးစနစ်တစ်ခုလုံးကိုသာ စိတ်ဝင်စားခဲ့သည်။ အချိန်မရသဖြင့် အသေးစိတ်အချက်အလက်များကို သိခွင့်မရခဲ့ပါ။

ပထမဦးစွာ ကျွန်ုပ်တို့သည် ပုဇွန်တောင်ရပ်ကွက်ရှိ ဦးသီလဝံသကျောင်းသို့သွားရောက်ကြသည်။ (၈) နာရီအချိန်ခန့်တွင် ကျောင်းသားတို့သည် ကောင်းမွန်သောအဝတ်အစားများဖြင့် စုရုံးနေကြသည်။ အရေးပါသောဧည့်သည်တော်ကို စောင့်မျှော်နေကြဟန်တူသည်။ ကျွန်ုပ်သည် သူတို့အား ပထဝီဝင်အကြောင်းမေးခွန်းအချို့ကို မေးမြန်းပြီး ပါဠိဘာသာကိုဖတ်ခိုင်းသည်။ ပါဠိဘာသာမှာ မသင်မနေဘာသာ မဟုတ်ပါ။ မသင်မနေရဘာသာသုံးမျိုးမှာ မြန်မာစာ၊ သခ္ခါနှင့် ပထဝီဘာသာတို့ဖြစ်ကြသည်။ စိတ်ကြိုက်ဘာသာရပ်များမှာ ပါဠိနှင့် သန့်ရှင်းရေးဘာသာတို့ပင် ဖြစ်သည်။

ကျောင်းသားအများစုသည်ကား သန့်ရှင်းရေးဘာသာရပ်ကိုသာ ရွေးချယ်ကြသည်။ ပါဠိဘာသာကိုရွေးချယ်သော ကျောင်းသားများသည် ပါဠိဘာသာကို ဂရုတစိုက်လေ့လာသင်ကြားခြင်းမရှိပေ။ ပြဋ္ဌာန်းထားသော စာအုပ်ကိုလည်း အနည်းငယ်သာ လေ့လာကြဟန်တူသည်။ ပထဝီဘာသာနှင့်ပတ်သက်၍မူ ကောင်းမွန်သောအဖြေများကို ပေးနိုင်ကြသည်။ ကိုရင်တစ်ပါးသည် ပီတာဝ်ဘာဂ် (Peterburg) မြို့ အပါအဝင် ဥရောပတိုက်မှ အဓိကမြို့ကြီးများကို ကောင်းစွာသိရှိသည်။

ဘုန်းတော်ကြီးကျောင်းများတွင် ပညာသင်ကြားရာ၌ မိဘတို့အနေဖြင့် ပညာသင်စရိတ်မပေးရပါ။ ဘုန်းကြီးကျောင်းကပင် နေ့လယ်စာရော ညစာကိုပါ ကျောင်းသားတို့ကိုကျွေးမွေးသည်။

ယနေ့အချိန်အခါတွင် မိဘတို့သည် သူတို့၏ကလေးများကို လောကီကျောင်းများတွင်သာပို၍သင်ကြားစေလိုကြသည်။ ကျောင်းလခအဖြစ် တစ်ဦးလျှင် (၁) ရူပီးပေးရသည်။ ရဟန်းတို့သည် အကျိုးခံစားခွင့်မကြည့်ဘဲ သင်ကြားပေးသော်လည်း ကျောင်းသားတို့သည် ကျောင်း၏ဝေယျာဝစ္စကိုလုပ်ကိုင်ပေးကြရသည်။ ကျောင်းတွင် နံနက် (၇) နာရီမှ ည (၉) နာရီအထိနေကြရသည်။ ထိုအချိန်များတွင် ကလေးတို့သည် စာလေ့လာနေကြသည်။ သို့တည်းမဟုတ် ဆော့ကစားနေကြသည်ကိုမူ မသိရပါ။ ကျောင်းသားများသည် ကြမ်းပြင်ပေါ် ရှိဖျာများပေါ်တွင် ထိုင်၍လည်းကောင်း၊ လဲလျောင်း၍လည်းကောင်း စာကျက်နေကြသည်။ စာသင်ကျောင်းအနည်းငယ်တွင်မူ ဆရာများအတွက် စားပွဲနှင့်ကုလားထိုင်ထားရှိသည်။ ပုံမှန်အားဖြင့် မြန်မာတို့သည် ကုလားထိုင်တွင်ထိုင်သည်။ သို့မဟုတ် စားပွဲပေါ်တွင် စာရေးလေ့ရှိသည့်အချက်မိမှာမူ သံသယဖြစ်ဖွယ်ရှိသည်။

ကျောင်းများနှင့် ပတ်သက်ပြီး ကုန်ကျစရိတ်အမျိုးမျိုးရှိသည်။ ခရစ်လမ်းရှိ ကျောင်း၏ကုန်ကျမှုပမာဏမှာ ရူပီးငွေ (၈၀၀) ရှိသည်။ ဆရာများ၏ လစာငွေသည် တစ်လလျှင် ရူပီးငွေ(၃၀) မှ ရူပီးငွေ (၆၀) အထိရရှိကြသည်။ ဤကျောင်းတွင် ကျောင်းသားစာစီးသည် ပညာသင်စရိတ်အဖြစ် တစ်လလျှင် (၁) ရူပီးပေးရသည်။ ကျောင်းသားများထံမှ ကောက်ခံရသော ငွေကြေးသည် ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက်မလုံလောက်ပါ။ နေရာဌာနရမ်းခအတွက် ပေးဆောင်လိုက်ရသောကြောင့် ဖြစ်သည်။

၂၄၊ ဖေဖော်ဝါရီ။

ကျွန်ုပ်သည် မိဘများနှင့်ကလေးများနှစ်သက်သဘောကျသော ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းစာအုပ်ကို လွန်စွာစိတ်ဝင်စားသည်။ ကျောင်းအများအပြားတွင် ကလေးများလက်ထဲ၌ ပါဠိစာအုပ်များကို ကိုင်ထားကြသည်။ သို့ရာတွင် ထိုအကြောင်းအရာနှင့်ပတ်သက်၍ ကျွန်ုပ်မေးမြန်းသော မေးခွန်းများအား ကျေနပ်လောက်သောအဖြေကို မပေးနိုင်ကြပါ။ လူသိများသောဝေါဟာရများကိုပင် မသိရှိကြပါ။ ဦးသီလဝံသ ဟူသော ဆရာတော်သည် ကျွန်ုပ်အား ဧည့်သည်တော်မှတ်တမ်းများစာအုပ်တွင် သူ့အား ခြီးကျူးစကားရေးသားစေလိုသည့်ဆန္ဒရှိသည်။ ကျွန်ုပ်သည် အရာရှိတစ်ဦးမဟုတ်သည့်အပြင် ဗြိတိသျှလူမျိုးတစ်ဦးလည်းမဟုတ်သောကြောင့် သူ့အနေနှင့် သိရှိဟန်မတူပေ။ ကျွန်ုပ်အနေနှင့် ကျွန်ုပ်၏ထင်မြင်ယူဆချက်ကို တရားဝင်ထုတ်ဖော်ခွင့်မရှိပေ။

မြန်မာရဟန်းတော်များသည် ၎င်းတို့ယုံကြည်ကိုးကွယ်သော ဗုဒ္ဓသာသနာ၏အနာဂတ်နှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်နေကြသည်။ အစိုးရအနေနှင့် သူတို့အတွက် သာသနာပိုင်တစ်ဦးခန့်ထားစေလိုသည်။ ဗုဒ္ဓသာသနာကိုးကွယ်စောင့်ရှောက်သူများအဖြစ် ခံယူလိုကြသည်။

ယနေ့ ကားဖြင့်သွားလာလှည့်ပတ်ရသည်မှာ အခြိုးအနှိုးသာဖြစ်သည်။ ယနေ့သည် ဒါဘာ (Durbar) နေ့ ဖြစ်သဖြင့် တစ်ဦးတစ်ယောက်ကိုမျှရှာမတွေ့ပါ။ လူတိုင်းသည် ဒါဘာပြုလုပ်သည့်နေရာသို့ သွားရောက်နေကြသည်။ ဘီဂန်ဒက်ကိုရော ဂီလ်ဘတ်နှင့် ဆော်ချမ်မာကိုပါ မတွေ့ရပါ။ သူတို့အားလုံး ဒါဘာသို့ သွားရောက်နေကြသည်။ ညနေပိုင်းတွင် ကပွဲရှိသည်။

ယနေ့ထုတ်ဝေသော ရန်ကုန် တိုင်းစ် (Rangon Times) သတင်းစာ၏ အယ်ဒီတာအာဘော်တွင် ဘုရင်ခံအား လိပ်မူ၍ ရေးသားထားသည့် ကန်တိုမင့်တွင် သင်သူ့သဘင်သက်သေခံသက်သာရှိမည်။ ဖိနပ်ခြုံရသည်။ နေရထိုင်ရသည်

www.burmeseclassic.com

www.burmeseclassic.com

မှာ အဆင်ပြေမည်။ လေကောင်းလေသန့်ရမည်။ မြို့တွင် ကျပ်ညပ်နေမည်။ သက်သောင့်သက်သာလည်းမရှိလုပေ။ ရောဂါလည်းထူပြောသည်။ အဆိုပါ ဆောင်းပါးတွင်ပင် ဆင်းရဲသားတို့သည် စစ်တန်းလျားများတွင် နေထိုင်နေကြရပြီး သိက္ခာရှိသောဘဝကိုလည်းမရနိုင်ပေ။ ကျန်းမာရေးနှင့်လည်း မညီညွတ်ပေဟူ၍ ဆက်လက် ဖော်ပြထားသည်။

ကုန်သည်ကြီးများအသင်းက ဆန်စပါးအပေါ် ကောက်ခံသောအခွန်တော်ကို ဖျက်သိမ်းပေးစေလိုသည်။ဤင်းအသင်းကပင် မြေခွန်ကြီးလေးမှုကိုလည်း မကျေနပ်ပေ။ ဆိုင်းဂုံမြို့သို့ ဆန်တင်ပို့မှုမြင့်မားလာသည်ကိုထောက်ပြ၏။ ၁၈၇၀ ပြည့်နှစ်တွင် (၂၂၅၅၇၇) တန်ချိန်သာ တင်ပို့ရာမှ ၁၈၈၅ ခုနှစ်တွင် (၅၀၈၃၈၀) တန်ချိန်အထိ တိုးတက်လာသည်ဟု ဆိုသည်။ ဆန်စပါးအလုံးအရင်းကို တရုတ်ပြည်သို့တင်ပို့နိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အရေးပါသောဈေးကွက်ကိုပိတ်ပင်သလို ဖြစ်သွားနိုင်ကြောင်း ဆိုင်းဂုံမှ ဆန်စပါးတိုး၍ထွက်ရှိပါက ဥရောပဈေးကွက်တွင်ပါ ယှဉ်ပြိုင်မှုပို၍ပြင်းထန်လာနိုင်ကြောင်းကိုလည်း ထောက်ပြခဲ့သည်။

လူအများက ၎င်းတို့၏ ယုံကြည်ကိုးကွယ်မှုသည် အားနည်လာကြောင်း ပြောဆိုနေကြသည်။ အစိုးရအနေဖြင့် အများပြည်သူအတွက် ၁၈၈၅ ခုနှစ်တွင် လုပ်ဆောင်ပေးမှုကို ထုတ်ပြန်ကြေညာသည်။ ပဂ္ဂလိကပိုင်းကလည်း ဆောက်လုပ်ရေးလုပ်ငန်းမျာ်းကို လုပ်ကိုင်နေကြသည်။

ပဂ္ဂလိကလုပ်ငန်းရှင်များတို့သည် တံတားများ ဆောက်လုပ်ကြသည်။ ရေကန်နှင့် ရေတွင်းများကို တူးဖော်နေကြသည်။ ဧည့်ဂေဟာများကိုလည်း ဆောက်လုပ်ပေးသည်။ အချုပ်ဆိုရသော် ဗုဒ္ဓတရားတော်အရ အလှူဒါနပြုလုပ်ခြင်းပင် ဖြစ်သည်။ ရန်ကုန်မြို့ကို ကြည့်လျှင်လည်း အစိုးရကျောင်းများ၊ သာသနာပြုကျောင်းများသည် ဒေသခံဘာသာတရားကို အားနည်းစေသော်လည်း အလှူဒါနပြုလုပ်ရာတွင် ရူပီးငွေ (၅၀၀၀၀) သုံးစွဲပြီး ဖြစ်သည်။ ဘုန်းကြီးကျောင်းသစ် (၁၂) ကျောင်းကိုလည်း ဆောက်လုပ်ပြီး ဖြစ်သည်။

၂၅၊ ဖေဖော်ဝါရီ။

ဘုရင်ခံချုပ်ပြန်လည်ထွက်ခွာသည်ကို ဂုဏ်ပြုသည့်အနေဖြင့်လည်းကောင်း၊ သို့တည်းမဟုတ် ကပ္ပ၏အကျိုးဆက်ကြောင့် လည်းကောင်း သတင်းစာများထုတ်ဝေခြင်းမရှိပေ။ နံနက်ပိုင်းတွင် ကျွန်ုပ်အား စိတ်အနှောင့်အယှက်ဖြစ်စေသော ဧည့်သည်များနှင့်ကြုံတွေ့နေရသည်။ ပထမဆုံးသော ဧည့်သည်မှာ သီဟိုဠ်ကျွန်းမှ ရဟန်းတော်မွေပါလဖြစ်သည်။ ကျွန်ုပ်က ၎င်းအား အနာဂတ်သံကျမ်းပေစာသုံးထုပ်ကို ပြသသည်။ မွေပါလက သီဟိုဠ်တွင် ၎င်းကျမ်းစာနှင့် ပတ်သက်ပြီး သဘောထားအမြင်နှစ်မျိုးရှိကြောင်း ကျွန်ုပ်အားပြောကြားသည်။ အချို့က အစစ်ဟုပြောပြပြီး အချို့က အတုဟုယူဆသည်။

အရှင်မွေပါလကပင် ကျွန်ုပ်အား သီဟိုဠ်မှ ပါဠိပညာရှင်တစ်ဦးအကြောင်းကိုပြောပြ၏။ သူ၏ အမည်မှာ E.R.J. Gooreratneဖြစ်ကြောင်း၊ သူသည် လန်ဒန်ပါဠိကျမ်းစာအသင်းသီဟိုဠ်ဌာနခွဲ၏ဂုဏ်ထူးဆောင်အတွင်းရေးမှူးဖြစ်ကြောင်းသိရှိရသည်။ ၎င်းပညာရှင်တွင် စာကြည့်တိုက်ကြီးတစ်ခုရှိပြီး ရှားပါးသော ပါဠိပညာရှင်တစ်ဦးဖြစ်သည်ဟုလည်း ဓမ္မပါလထံမှကြားသိရသည်။ဓမ္မပါလရဟန်းနောက်တွင် ကျွန်ုပ်ထံသို့ရောက်သူမှာ ဒေါက်တာရာမနက်ရှမ် ဖြစ်သည်။

ထိုနေ့တွင် ကျွန်ုပ်သည် သုမင္ဂလဝိလသိနီကျမ်း၏ပထမပိုင်းနှင့် ဒုတိယပိုင်းကို ရူပီး (၄၉) (၈) မူးဖြင့် ဝယ်ယူခဲ့သည်။ ယမန်နေ့က မောင်ရွှေကြူးက ကျွန်ုပ်အား သူ၏အုပ်ချုပ်မှုအောက်တွင် ကျောင်း (၁၆၀) ရှိကြောင်း ပြောကြားသည်။ သူ၏အုပ်ချုပ်မှုအောက်တွင်မရှိသောကျောင်းများနှင့်ပတ်သက်၍ တိကျသောစာရင်းဇယားကိုမပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

သုမင္ဂလဝိလသိနီကျမ်းတတိယပိုင်းကို ရူပီး၄၅(၂၇) (၁၄) မူးဖြင့် ဝယ်ယူခဲ့သည်။ ကျွန်ုပ်အဖို့ အသစ်အဆန်းဖြစ်သောပတ်ဝန်းကျင်တွင် နှစ်လကြာမျှနေထိုင်ခဲ့သည်။ ကျွန်ုပ်၏ မွေးရပ်မြေဖြစ်သော ရုရှားနှင့်ပတ်သက်ပြီးသတင်းအစမရရပေ။ သတင်းစာလည်း မဖတ်ရပေ။ ဒေသခံသတင်းစာများသည် ဥရောပတိုက်အကြောင်း အနည်းငယ်သာဖော်ပြပါရှိသည်။ ကာလကတ္တားမြို့တွင်မူ အခြေအနေအမျိုးမျိုးပြောင်းလဲနေသည်။

မာက်စ်ထံသို့ သွားရောက်သည်။ ကံကောင်းစွာဖြင့် သူ၏နေအိမ်တွင် မတွေ့ရပေ။ဂီလ်ဘတ်ထံသို့သွားရောက်၏။ သူသည် ဘုရင်ခံနှင့်တွေ့ဆုံပြီး နောက် ပြန်ရောက်ခါစရှိသေးသည်။

အင်ဒရေနို(Andrino)ဆိုသူသည် ဗြိတိသျှကုမ္ပဏီတစ်ခုတွင် အရောင်းကိုယ်စားလှယ်အဖြစ် အမှုထမ်းကာ ဘဝကို စတင်ခဲ့သည်။ သို့ရာတွင် အင်ဒရေနိုသည် ချက်ချာပါးနပ်သောပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ မြန်မာဘာသာစကားကိုကောင်းစွာသင်ယူခဲ့သည်။ ဘုရင့်အိမ်တော်ပါလူငယ်များ၏ယုံကြည်မှုကို ရယူနိုင်ခဲ့သည်။ ထို့အချိန်တွင် မင်းတုန်းမင်းအုပ်ချုပ်နေသည်။

အင်ဒရေနိုသည် မြန်မာစာကို ရိုးရိုးရှင်းရှင်းသာ ပြောဆိုသော်လည်း မြန်မာလို ကောင်းစွာပြောဆိုနိုင်သည်။ အီတလီသံရုံးကိုဖွင့်လှစ်လိုက်သောအခါ သူသည် စကားပြန်ဖြစ်လာ၏။ မင်းတုန်းမင်းက ဥရောပဘာသာစကားကို မြန်မာဘာသာဖြင့် အဆင်ပြေအောင်ပြန်ဆိုနိုင်သဖြင့် အင်ဒရေနို၏ အရည်အချင်းကို သဘောကျသည်။ ဥရောပတွင် မြန်မာသံရုံးဖွင့်လှစ်လိုက်သောအခါ အင်ဒရေနို အတွက် ပို၍အကျိုးရှိလာသည်။ မြန်မာသံအဖွဲ့ကို အီတလီက ကောင်းစွာကြိုဆိုခဲ့သည်။

မင်းတုန်းမင်းက နှစ်သက်သဘောကျပြီး အီတလီကောင်စစ်ဝန်အတွက် အိမ်တော်ပေးသနားခဲ့သည်။ ထိုအချိန်တွင် အင်ဒရေနိုသည် ဒုတိယကောင်စစ်ဝန်ဖြစ်လာသည်။ နောက်ပိုင်းတွင် အင်ဒရေနို၏သမိုင်းကို အများသိရှိပြီးဖြစ်သည်။ မြန်မာဘုရင်ထံမှ စာချုပ်ကို ဦးယူပြီး ဗြိတိသျှတို့လက်ထဲသို့ထည့်ခဲ့သူမှာ အင်ဒရေနိုပင် ဖြစ်သည်။

တိုင်တားမင်းကြီးကို လူများက မုန်းတီးကြသည်။ ဓားပြများသည် ၎င်း၏ထောက်ခံမှုကို ရရှိကြပြီး တိုက်ခိုက်လုယက်၍ရသည့်ပစ္စည်းများကို ခွဲဝေယူကြသည်။ လူများအနေဖြင့် တိုင်တားမင်းကြီးသည် စလေဒင်အား လာဘ်ထိုးထားသည်ဟု ယုံကြည်နေကြသည်။ လူများက စလေဒင်အား အထင်သေးကြသည်။ စလေဒင်သည် နာမည်ပျက်နေကြောင်း ဂီလ်ဘတ်က ကျွန်ုပ်အားပြောပြသည်။

(ဆက်လက်ဖော်ပြမည်)

ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

1.P.Minayeff, Travels in and Diaries of India and Burma, Calcutta.

www.burmeseclassic.com

www.burmeseclassic.com

မောင်မိုးဟန်
(ဒဂုန်ချောင်)

စုန်းကဝေဆိုတာ တကယ်ရှိရဲ့လား



မြစ်စုန်ဆိုတဲ့ရွာလေးသည် စာရေးသူမွေးဖွားရာဇာတိဖြစ်၏။ ရွာလေးသည် အိမ်ခြေသုံးရာကျော်ခန့်ရှိပြီး လယ်ဆမား၊ ကိုင်းသမားများနှင့် ရေလုပ်သားများနေထိုင်ကြ၏။

မြစ်ကမ်းနားဘေးတွင်တည်ရှိသော မြစ်စုန်ဆိုသည့်ရွာကလေးသည် နှုန်းတင်မြေနုအရပ်ဒေသဖြစ်ပါသဖြင့် စပါးစိုက်ခြင်း၊ ဆေးရွက်ကြီးစိုက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ဆောင်းတွင်းကာလ တချို့က ငရုတ်နှင့် ခရမ်းချဉ်သီး၊ ခရမ်းချိုသီးများကိုလည်း အမြောက်အမြားစိုက်ပျိုးကြ၏။

မြစ်စုန်ရွာလေးတွင် ဒေါ်ဝက်မဆိုသော မိန်းမကြီးတစ်ဦးရှိ၏။ အသက်က ငါးဆယ်ကျော်ခန့်လောက်ရှိပါမည်။

ဒေါ်ဝက်မသည် အမည်နှင့်လိုက်ဖက်လှ၏။ လူကောင်ကထွားထွား၊ အသားကမည်းမည်း၊ နှာခေါင်းက ခပ်ထူထူ၊ ဝက်မကြီးတစ်ကောင်နှင့် ခပ်ဆင်ဆင်တူနေ၏။ မျက်ပေါက်က ကျဉ်းကျဉ်း လမ်းသွားတော့ ဘဲသွားသွား၏။ သို့သော် လမ်းလျှောက်တော့မြန်၏။ သွက်၏။

မဝက်မကြီးက ယောကျ်ားဆုံးသဖြင့် မုဆိုးမကြီးဖြစ်နေရ၏။ သားလေးတစ်ယောက်နှင့် သမီးလေးတစ်ယောက်ကို လုပ်ကျွေးနေရ၏။

သူ့အလုပ်က မိုးတွင်းကောက်စိုက်၏။ နွေဘက် စပါးစိုက်၊ ဗာဂျီနီးယားဆေးရွက်ကြီးပင်များ ရေလောင်းစသည့် အလုပ်များကို အခစားလုပ်ကိုင်စားသောက်ရ၏။

သားအကြီးကောင်က (၁၀) နှစ်သား။ ရွာဦးဘုန်းတော်ကြီးကျောင်းမှာ ကျောင်းအိပ်ကျောင်းစားဘုန်းကြီးကျောင်းသား။ သမီးလေးက (၈) နှစ်သမီးလေး။ အိမ်မှာနေရင်း ထမင်းချက်အဝတ်လျှော်အလုပ်ကိုလုပ်ပြီး မိခင်ကို ကူညီရ၏။

ဒေါ်ဝက်မကြီးသည် အနှင်းအနှိပ်လည်း အလွန်ကောင်း၏။ ရွာထဲမှ ပိုက်ဆံရှိသူများက ဒေါ်ဝက်မကြီးကို အခေကြေးငွေပေး၍ နှင်းခိုင်းကြ၏။ နှိပ်ခိုင်းကြ၏။

ဒေါ်ဝက်မကြီးသည် အရုပ်ဆိုး သလောက် သဘောကတော့ အလွန်ကောင်းပါ၏။ ရွာထဲမှ ပိုက်ဆံကြွယ်ဝချမ်းသာသူများအိမ်တွင် အဝတ်လျှော်ပေး၏၊ ထင်းခွဲပေး၏၊ ရေခပ်ပေး၏။

ဒေါ်ဝက်မကြီး၏အိမ်တွင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်က အလုံအလောက်။

သို့သော် အရုပ်ဆိုး အကျည်းတန်လှသော်ဒေါ်ဝက်မကြီး၏ ကံကြမ္မာက မကောင်းပါ။ ဒေါ်ဝက်မကြီးကို စုန်းမကြီး ကဝေမကြီးဟု ရွာသူရွာသားတချို့က ထင်မှတ်ထားကြ၏။

ယင်းကြောင့် ရွာသူရွာသားတချို့က ဒေါ်ဝက်မကြီးကို ရွံလည်းရွံကြ၏၊ ကြောက်လည်းကြောက်ကြ၏။ လန့်လည်းလန့်ကြ၏။

လွယ်အိတ်တစ်လုံး ပခုံးတွင်လွယ်လျက် ဘာအလုပ်ကိုမှလက်ကြောတင်းအောင်မလုပ်ဘဲ အကြမ်းဆရာဆိုပြီး မိမိကိုယ်ကိုမိမိအထင်ကြီးနေသော အကြမ်းဆရာကြီး ကိုဆင်ပေါက်ကလည်း ရွာရိုးလျှောက်ပြီး ဒေါ်ဝက်မကြီးကို စုန်းမကြီးဟု စွပ်စွဲပြောဆိုလေ့ရှိသေး၏။

မြစ်စုန်ရွာထဲမှာ ကလေးတစ်ယောက်နေထိုင်မကောင်းဖြစ်လျှင် စုန်းမကဝေမကြီးပြုစားထားသည်ဟု အကြမ်းဆရာ ကိုဆင်ပေါက်က အာပေါင်အာရင်းသန်သန်ဖြင့်ပြောတတ်၏။

မိန်းကလေးတစ်ယောက် ဝမ်းချုပ်၊ လေချုပ်၊ ဆီးချုပ်၊ သွေးချုပ်၍ ဗိုက်အောင့်ဗိုက်နာလျှင်လည်း ဒေါ်ဝက်မကြီး ပြုစားထားသည်ဟု ပြောလေ့ပြောထရှိကြ၏။

ယုံကြည်ကြသူများရှိကြသည်၊ မယုံကြည်ကြသူများလည်းရှိကြ၏။

တစ်ညသန့် မြစ်စုန်ရွာအနောက်ပိုင်းတွင်နေထိုင်သည့် ကိုဆိတ်သိုးအိမ်တွင် သူ၏ (၅) နှစ်အရွယ်သမီးလေး ဗိုက်ထဲကထိုးထိုးနာပြီးအထက်လန်အောက်လျှောရောဂါရ၏။ ကလေးကဗိုက်အလွန်နာသဖြင့် စူးစူးဝါးဝါးအော်ငိုနေရ၏။

ကိုဆိတ်သိုးက တောအရက်ချက်ရောင်း၏။ သူကိုယ်တိုင်လည်း အရက်ကို စွဲစွဲလမ်းလမ်း တပ်တပ်မက်မက်သောက်တတ်၏။ သူ၏(၅)နှစ်အရွယ် သမီးလေး စူးစူးဝါးဝါးအော်ငိုနေပါသဖြင့် အကြမ်းဆရာ ကိုဆင်ပေါက်ကို သွားပင့်၏။

ဆရာကိုဆင်ပေါက်က ကိုဆိတ်သိုးအိမ်သို့ရောက်ရောက်ချင်း သူ့ဆေးလွယ်အိတ်ထဲမှ လိမ်းဆေးများကိုထုတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကလေး၏ဝမ်းဗိုက်ကိုလှူးပေး၏။နှုတ်မှ လည်း ဘာတွေမှန်းမသိ မန်းမှုတ်နေပါ တော့ သည်။

သို့သော် ကိုဆိတ်သိုး၏ (၅) နှစ် အရွယ် သမီးလေး ဗိုက်နာကမျောက်ပါ။

ဝမ်းတွေသွားလိုက်၊ အန်လိုက်နှင့် လူးလှိမ့်ပြီးငိုနေရ၏။ အကြမ်းဆရာ ကိုဆင်ပေါက် လက်လျှော့ရလေပြီ။


"ကိုဆိတ်သိုး ခင်ဗျားသမီး အခြေ အနေကတော့ မကောင်းဘူးဗျ။ ကျွပ်လည်း အကောင်းဆုံးဆေးတွေလူးလိမ်းပေးတာပဲ။ ရောဂါကပြင်းထန်တဲ့ဗျ။ ဟို . . . ဟို စုန်းမ ဝက်မကြီးလက်ချက်ပဲ ဖြစ်ရမယ်ဗျ"

နာရီဝက်ခန့်ကြာတော့ ကိုဆိတ်သိုး အိမ်မှအော်ငိုသံတွေ ဆူဆူညံညံထွက်ပေါ်လာတော့၏။ အကြမ်းဆရာ ကိုဆင်ပေါက်လည်း ဆေးလွယ်အိတ်လေးလွယ်လျက် ခပ်မြန်မြန်ထွက်သွားပါတော့၏။

အိမ်နီးနားချင်းများရောက်လာကြပြီး ကိုဆိတ်သိုးမိန်းမကို တရားဖြင့်ဖြေရန် ပိုင်းပြောကြပါ၏။

ထိုအချိန်ဝယ် ကိုဆိတ်သိုးတစ်ယောက် သူ့အိမ်မှာမရှိဘဲ ပျောက်ခြင်းမလှပျောက်သွားပါ၏။

အသိဉာဏ်နည်းပါးလွန်းလှသော အရက်တွေမူးအောင်သောက်ထားသည့် ကိုဆိတ်သိုးသည် သူ၏ငှက်ကြီးတောင်မားကြီးကို ကိုင်ဆောင်ပြီး ရွာလယ်ပိုင်းတွင်နေထိုင်သော ဒေါ်ဝက်မကြီးအိမ်သို့ ခပ်သုတ်သုတ်သွားနေပါတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဝက်မကြီး၏ခြံထဲသို့ဝင် အိမ်ပေါ် သို့ပြေးတက်ပြီး ဘုရားဝတ်ပြုနေသော ဒေါ်ဝက်မကြီးကို ကိုဆိတ်သိုးသူ၏ငှက်ကြီးတောင်မားကြီးဖြင့် မသေမချင်း ခုတ်သတ်လိုက်ပါတော့၏။

ဘုရားဆောင်ရှေ့တွင် ဒေါ်ဝက်မကြီး သွေးတွေအလူးလူးဖြင့် အသက်ပျောက်သွားရပါတော့သည်။

ကိုဆိတ်သိုးက သူ၏ ငှက်ကြီးတောင်မားကြီးကိုကိုင်ပြီး ရွာရိုးလှည့်၍ အော်နေပါတော့၏။

"ရွာသူရွာသားတွေ ဘာမှစိတ်မပူကြနဲ့တော့၊ စုန်းမ ကဝေ ဝက်မကြီးကို ငါသတ်လိုက်ပြီဟေ့"

ကိုဆိတ်သိုး၏ကျယ်ကျယ်လောင်လောင် ရွာရိုးလျှောက်ပြီး အော်နေသံကြောင့် ရွာသူရွာသားများနိုးကုန်ကြ၏။ မအိပ်ကြသေးသူများက တစ်အိမ်နှင့်တစ်အိမ် ကူးသန်းကြပြီး ဒေါ်ဝက်မကြီးအကြောင်း၊ ဆိတ်သိုးအကြောင်းတွေပြောနေကြ၏။

နံနက်မိုးလင်းတော့ ရွာသူကြီးမြို့သို့သွားရ၏။ ရဲစခန်းသို့အကြောင်းကြားရ၏။ ရဲအုပ်နှင့် ရဲသားတချို့ ရွာသူကြီးနှင့်အတူတူ မြစ်စုန်ရွာသို့ လိုက်လာကြပါတော့၏။

အလောင်းကို စစ်ဆေးပြီးနောက် မြို့ဆေးရုံသို့ နွားလှည်းဖြင့်တင်ဆောင်သွားကြ၏။ လူသတ်သမား ကိုဆိတ်သိုးကိုလည်း လက်ထိတ်ခတ်လျက် မြို့အချုပ်သို့ ဖမ်းဆီးခေါ်ဆောင်သွားပါတော့သည်။

အရက်သမား ကိုဆိတ်သိုး သူ့အိမ်မှာ သေဆုံးနေသော (၅)နှစ်သမီးလေး အလောင်းကိုပါ မသတ်ပြီဟ်နိုင်ခဲ့ပါ။

နောက် (၆) လခန့်ကြာတော့ မြို့တရားရုံးမှာ ကိုဆိတ်သိုးကို လူသတ်မှုဖြင့်တရားရုံးမှာစစ်ဆေး၏။တရားသူကြီးကမေးတော့ ကိုဆိတ်သိုးက -

"ကျွန်တော် စုန်းမကြီး၊ ကဝေကြီးကို ငှက်ကြီးတောင်မားနဲ့ မသေမချင်းခုတ်သတ်ပါတယ်"

"ဘာဖြစ်လို့သတ်တာလဲ"

"ကျွန်တော့်သမီးလေးကို ပြုစားလို့ပါ။ လက်စားချေပြီးပြန်သတ်တာပါ"

"လူသေ ဒေါ်ဝက်မကြီးကို စုန်းမဆိုတာကို ဘယ်လိုလုပ်သိပါလဲ"

"ဆေးဆရာကိုဆင်ပေါက်ကပြောလို့ပါခင်ဗျာ"

"တရားခံ မောင်ဆိတ်သိုး လူသတ်တာ အပြစ်ရှိလား၊ မရှိဘူးလား"



"မရှိပါ၊ တရားသူကြီးမင်းခင်ဗျား"

"တရားခံမောင်ဆိတ်သိုး ဘာဖြစ်လို့ အပြစ်မရှိတာလဲ"

"ဒေါ်ဝက်မကြီးဟာ စုန်းမကြီးဖြစ်လို့ပါ တရားသူကြီးမင်း ခင်ဗျား"

တရားသူကြီးနှင့် တရားခံမောင်ဆိတ်သိုးတို့၏ တရားခွင်တွင် အမေးအဖြေကားများဖြစ်ပါ၏။

နောက် (၃) လခန့်ကြာတော့ လူသတ်တရားခံ မောင်ဆိတ်သိုးကို လူသတ်မှုဖြင့် သေဒဏ်အပြစ်ချပါ၏။

တရားသူကြီးက အကြမ်းဆရာကိုဆင်ပေါက်ကို လူသတ်ရန်အားပေးမှု၊ မဟုတ်မတရားစွပ်စွဲမှုတို့ဖြင့် ထောင်ဒဏ် အနှစ် (၃၀) ချလိုက်ပါတော့၏။

မြစ်စုန်ရွာဦးဘုန်းတော်ကြီးက ဒေါ်ဝက်မကြီး၏သမီးငယ်လေး (၈)နှစ်သမီးလေးကို ဘုန်းတော်ကြီးကျောင်းသို့ ခေါ်ထားလိုက်၏။ ဆရာတော်ကြီးက ဒေါ်ဝက်မကြီး၏သမီးလေးကို မြန်မာစာသင်ပေး၏။ ဘုရားရှိခိုးအမျိုးမျိုးသင်ပေး၏။

ဒေါ်ဝက်မကြီး၏ သမီးလေးကား ကြာသပတေးသမီးလေး၊ ဥာဏ်အလွန်ကောင်း၏။ ဥပဓိရုပ်လည်း ကောင်းမွန်ပါ၏။ ဖြူဖြူချောချောလေးမို့ ဆရာတော်ကြီးက ဖြူဖြူချောဟု အမည်ပေးပါ၏။

ကျောင်းဒါယကာကြီးဦးဘုအောင်၊ ကျောင်းဒါယိကာမကြီးဒေါ် သူဇာတို့ကို ကျောင်းသို့ခေါ်ယူပြီး ဤမိန်းကလေးကို မွေးစားပေးရန်နှင့် ကျောင်းပညာသင်ပေးရန် အပြီးအတိုင်ပေးအပ်လိုက်၏။

ကျောင်းဒကာများကလည်း လိုလိုလားလားပင် လက်ခံမွေးစားလိုက်ပါ၏။

လွတ်လပ်ရေးရပြီးတော့ မဖြူဖြူချောအား မြို့ကျောင်းမှာသွားထားပါတော့၏။

နောက်ဆုံးတော့ မဖြူဖြူချောသည် ရန်ကုန်တက္ကသိုလ်မှာ ပညာရေးဘွဲ့ရပြီး မြို့ကျောင်းမှာ ဆရာမလေးဖြစ်လာပါတော့သည်။

ကျောင်းဆရာမလေး မဖြူဖြူချောသည် သူ့ရှေ့တွင် ဓားဖြင့်ခုတ်သတ်ခံရရှာသော မိခင်ကြီးကို ဆွမ်းသွတ်အလှူလုပ်၍ အမျှအတန်းပေးဝေပါ၏။

ကျောင်းပိတ်ရက်တွင် စုန်းကဝေဆိုတာ တကယ်ရှိ၊ မရှိ သိချင်ပါသဖြင့် စာအုပ်စာတမ်းများကို ရှာဖွေဖတ်ရှုပါတော့၏။

ဆရာမလေးဒေါ်ဖြူဖြူချောသည် အင်္ဂလိပ်စာပါ ကျွမ်းကျင်ပါသဖြင့် အနောက်နိုင်ငံမှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော စုန်းကဝေစာအုပ်များကို ရှာဖွေ၍ ဖတ်ရှုပါတော့၏။

မြစ်စုန်ကျောင်းဆရာတော်ကြီးကတော့ -

"ဆရာမလေး၊ စုန်းကဝေအတတ် ပညာဆိုတာကတော့ အောက်လမ်းပညာရပ်ပဲကွယ့်။ တကယ်ရှိပါတယ်။ တချို့ကလည်း ဝမ်းတွင်းစုန်းတဲ့။ မွေးလာကတည်းကပါလာတဲ့အတတ်ပေါ့ကွယ်။ ဒါပေမယ့် ဆရာမလေးအမေက စုန်းကဝေမဟုတ်ပါဘူး။ ဒကာမလေးအမေ အခု ဘာဖြစ်နေလဲ သိချင်လားကွယ့်"

"သိချင်ပါတယ် ဘုရား"

"တို့မြစ်စုန်ရွာထဲက ဆန်စက်သူဌေးလင်မယားအိမ်မှာ လူဝင်စားပြန်ဖြစ်နေတယ်ကွယ့်။ ငါကိုလည်း အိပ်မက်ပေးတယ်ကွယ့်။ ဒါနဲ့ ငါလည်း ဆန်စက်သူဌေးလင်မယားကို ကျောင်းကိုခေါ်ပြီး မေးရတာပေါ့ကွယ်။ သူတို့ကလည်း ပြောပြတယ်ကွယ့်။ သူတို့အိမ်ကို ဆရာမလေးမိခင်က နေပါရစေလို့ အိပ်မက်ပေးတယ်တဲ့။ သူတို့ကလည်း လက်ခံလိုက်တယ်ကွယ့်။ ဆရာမလေးရဲ့ မိခင်ကြီးဟာ ရတနာသုံးပါးကိုင်းရှိုင်းတယ်။ သူတစ်ပါးအကျိုးကို ဆောင်ရွက်တယ်။ စိတ်ကောင်းရှိတယ်ကွယ့်။ ဒါကြောင့် သူဌေးအိမ်မှာ လူဝင်စားပြန်ဖြစ်ရတာယ်ကွယ့်"

ဆရာတော်စကားဆုံးတော့ -

"ဒီစကားကြားရတော့ တပည့်တော်ဝမ်းသာပါတယ်ဘုရား။ တပည့်တော် အနောက်တိုင်းက အင်္ဂလိပ်ဘာသာနဲ့

www.burmeseclassic.com

www.burmeseclassic.com

တင်နိုင်ဝင်း(ထမင်းချိုင့်)
အဆစ်အမြစ်ရောင် ဒူလာရောဂါအတွက် ကျောက်သင်ပုန်းပင်

အခဲရခက်သော ရောဂါများတွင် အဆစ်အမြစ်အရောင် ဒူလာရောဂါလည်းတစ်ခုအပါအဝင် ဖြစ်သည်။ ၎င်းရောဂါလက္ခဏာမှာ ခြေဆစ်၊ လက်ဆစ်၊ ဒူးဆစ်၊ တံတောင်ဆစ် စသည့် အဆစ်အမြစ်များရောင်ရမ်းကာ နာကျင်ကိုက်ခဲနေတတ်၏။ လူပ်ရှားတိုင်း အဆစ်အမြစ်တွေနာကျင်နေသဖြင့် သွားလာလုပ်ကိုင်ရန် အလွန်အခက်တွေ့ရ၏။ များသောဒေသဖြင့် ခေတ်မီဆေးဝါးများဖြင့် ကုသကြရာ အကင်းမသေသဖြင့် ၎င်းရောဂါမှာ မကြာခဏပြန်ပေါ်တတ်သည်။

သို့သော်လည်း မြန်မာ့ရေမြေတောတောင်တို့တွင် ရောဂါမှန်သမျှ အမြစ်ပြတ်ကုသပျောက်ကင်းနိုင်သော ဆေးပင်များ အများအပြားရှိပါသည်။ လူအများစုမှာ ဆေးပင်မှန်းပင်မသိ၍ ကျော်လွှားနေကြသည်။ ဆေးပညာဗဟုသုတရှိသူအချို့၏ ခွန်အားသုံးချက်မှုကြောင့်သာ ဆေးစွမ်းထက်သော အပင်များရှိနေကြောင်းသိရသည်။

၎င်းဆေးစွမ်းထက်သောအပင်များထဲတွင် အထက်ပါ အဆစ်ရောင်ဒူလာရောဂါအတွက် အမြစ်ပြတ်ပျောက်ကင်းနိုင်သော ဆေးပင်တစ်ပင်မှာ ကျောက်သင်ပုန်းပင်ခေါ် အပင်ငယ်တစ်မျိုးဖြစ်သည်။ ၎င်းအပင်ကို အရပ်ဒေသအလိုက် ကျောက်သင်ပုန်းဖျက်ပင်၊ နတ်သမီးကွမ်းရွက်ပင်၊ နတ်သမီးတံတွေးပင်၊ သစ်ရေကြည်ပင်၊ တရုတ်ကြိတ်မှန့်ရွက်ပင် စသည့် အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်နေသော အပင် ဖြစ်သည်။ ၎င်းအပင်ကို အောက်ပြည်အောက်ရွာ၌ နေရာအနှံ့အပြားတိုက်ကြိုတိုက်ကြားပါမကျန် အလေ့ကျပေါက်ရောက်တွေ့နိုင်ပါသည်။

ယခုအခါ နိုင်ငံတကာတွင် ၎င်းအပင်သည် ရင်သားကင်ဆာကုသရာ၌ အလွန်နာမည်ကြီးနေသောအပင် ဖြစ်သည်။ ရင်သားကင်ဆာဖြစ်နေသူ၏ အနာပေါ်သို့ ၎င်းအပင် (ပဉ္စင်းပါး) လက်တစ်ဆုပ်စာထုထောင်း၍ထွက်လာသောအရည်ကိုလိမ်းပေးပြီး ထောင်းဖတ်ထားသော ပဉ္စင်းပါးအပင်ကို အနာပေါ်အုံ၍စည်းပေးပြီးကုသရာ လပိုင်းအတွင်း ရင်သားကင်ဆာပျောက်ကင်းကြောင်း စမ်းသပ်တွေ့ရှိပြီးဖြစ်သည်။

အဆစ်ရောင်ဒူလာရောဂါအတွက်မူ ၎င်းအပင် (ပဉ္စင်းပါး) ကို အမြစ်ပါအောင်နုတ်ယူ၍ ရေစင်အောင်ဆေးကြောပြီး အစိမ်းကြိုက်က အစိမ်းလိုက်သုပ်စားနိုင်၏။ ချဉ်ရည်ဟင်း သို့မဟုတ် ဟင်းချိုအဖြစ်လည်းချက်ပြုတ်စားသောက်နိုင်ပါသည်။ အတို့အမြှုပ်အဖြစ်လည်းပြုတ်တို့နိုင်သည်။ ၎င်းအရွက်ကို နေ့စဉ်ပုံမှန်စားပေးခြင်းအားဖြင့် အဆစ်အမြစ်ရောင်ဒူလာရောဂါကိုပျောက်ကင်းစေနိုင်ပါသည်။ ရောဂါရှိသူများအတွက်လည်း ကာကွယ်နိုင်ပါသည်။

ၵဆေးနည်းသည် မြန်မာတိုင်းရင်းဆေးနည်းတစ်နည်းဖြစ်ရုံသာမက ဖိလစ်ပိုင်နိုင်ငံတွင်လည်း တိုင်းရင်းဆေးဆရာများက အဆစ်ရောင်ဒူလာ(ဂေါက်ရောဂါ) ဝေဒနာရှင်များအတွက် ကျောက်သင်ပုန်းပင်ကို ချက်ပြုတ်စားသောက်စေပါသည်။ ၎င်းတို့၏မှတ်တမ်းများအရ ဖိလစ်ပိုင်နိုင်ငံတွင် အဆိုပါအပင်ကြောင့် အဆစ်ရောင်ဒူလာရောဂါပျောက်ကင်းသူများစွာရှိကြောင်းသိရပါသည်။

တင်နိုင်ဝင်း (ထမင်းချိုင့်)

ထုတ်ဝေတဲ့စာအုပ်တွေကိုဖတ်ရှုကြည့်တော့လည်း ဒီစုန်းကဝေပညာရပ်တွေဟာ တကယ်ရှိတယ်လို့ ယုတ္တိယုတ္တာနဲ့ ရေးထားတာတွေကို ဖတ်ရှုရပါတယ် ဘုရား"

"ဆရာမလေးရေ၊ ဘဝသံသရာကြီးကရှည်လျားလှတယ်ကွယ့်။ကံကြမ္မာတွေကဆန်းကြယ်လှတယ်ကွယ့်။ ဆရာမလေးအမေ လူဝင်စားမလေး လူကြီးဖြစ်လာရင် ဝိပဿနာတရားအားထုတ်ဖို့ တိုက်တွန်းပါကွယ်။ သူမိဘတွေကိုလည်း ဘုန်းဘုန်းပြောပြထားတယ်ကွယ့်"

"မှန်လှပါဘုရား"

"ဝိပဿနာအလုပ်ကမှအကုသိုလ်ကံတွေကိုပယ်နိုင်တယ်၊ သတ်နိုင်တယ်ကွယ့်။ တို့မျိုး ဗုဒ္ဓကဟောကြားတော်မူထားတာကတော့ အတိတ်ဘဝတစ်ခုခုက ဒေါ်ဝက်မကြီးက မောင်ဆိတ်သိုးကို မသေမချင်းသတ်ခဲ့လို့ သူလည်းပြန်ပြီး အသတ်ခံရတာကွယ့်။ ဒီဝဋ်ကိုပြန်ပြီး မလည်ဖို့၊ ရန်ကိုရန်ချင်း အပြီးအဖွဲ့တွေ မထားဖို့၊ မကောင်းမှုအကုသိုလ်ကံတွေ မပြောပြထားကြပါ။ ဆရာတော်နှင့် တကွအားလုံးအံ့အားသင့်နေကြပါတော့၏။

စက်သူဌေးဇနီးမောင်နှံက သူတို့သမီးလေးကို မပြည့်ဖြိုးအမည်ပေးထားပါ၏။

စက်သူဌေးက သူ့သမီးလေး မပြည့်ဖြိုးကို စေ့စေ့ကြည့်ပြီး -

"ငါ့သမီး၊ အရင်ဘဝကသမီးတော်ခဲ့တဲ့သမီးရဲ့သမီး ကျောင်းဆရာမလေးနဲ့ လိုက်နေမလား"

လို့ မေးပါတော့၏။

"မနေပါဘူး၊ ပြည့်ဖြိုးက ဒီအမေကြီးကိုပဲချစ်ပါတယ်"

ဆိုပြီး စက်သူဌေးကတော်၏ ပေါင်ပေါ် သို့ ကပျာကယာတက်ထိုင်လိုက်ပါတော့၏။

ယခုတော့ ဆရာမဒေါ်ဖြူဖြူနွဲ့က အငြိမ်းစားကျောင်းအုပ်ဆရာမကြီးအသက် (၇၀)ကျော်ခန့်၊ မပြည့်ဖြိုးက မျက်စိအထူးကုဆရာဝန်ကြီးဖြစ်နေပါတော့၏။

မောင်မိုးဟန် (ဧရာကျင်)

www.burmeseclassic.com

www.burmeseclassic.com

နွေဦးပန်းကုံကော်တို့သည် ဆွတ်ပျံ၍လာလေပြီ။

ဟိုးအဝေးတောတန်းညိုညို့ဆီမှ ဥဩသံလေးက ဆွေးတစ်ကိုယ်လွမ်းတေးသံကူခွဲလျက် ညောင်ညိုပင်ကြီးဆီသို့ ပျံ့လွင့်လာလျက်ရှိသည်။

ညောင်ညိုရိပ်အောက်မှ ချစ်သူလာရာလမ်းကို စောင့်မျှော်ရင်းနှင့် ရင်မောနေရသည့် ဆင်ပုံရွာသူလေးမိအေးမူ။

ချစ်မိလေသော သူ့အဖြစ်က ဝေဒနာတောမှာ လွမ်းမောကျန်ခဲ့ရခြင်း အဖြစ်တွေကို ပြန်တွေးကြည့်တိုင်း အရာရာဟာ မနေ့တစ်နေ့ကလို အေးမူတစ်ယောက် ခံစားမိရလေတော့သည်။

ဆင်ပုံရွာကလေး၏တန်ခူးနွေက ပူပြင်းလွန်းမက ပူလောင်လှသည် နွေတံလျှပ်တွေထလျက် ရိုးပြတ်များကြားတွင် အပူပျံကန္တာရအလား။

ထိုအချိန်ဆိုလျှင် အင်းအိုင်၊ ချောင်း၊ မြောင်းများမှ ငါးပုစွန်များမှာ ရေခန်းလျက်နှန်းတိုးတော့မည်။ ငါးကန်ပိုင်ရှင်အချို့ ဤရာသီတွင် အခြေအနေတော်တော်ကြ၏။

ကန်ဖော်ချိန်မှာ ပြုံးပျော်ကြလို့ အစာနိုင်၍လား ငါးများဖွံ့ထားရှင်သန်လျက် ဈေးကောင်းမိလိုက်သဖြင့် အင်းသူကြီး၊ ငါးကန်ပိုင်ရှင်ရေလုပ်ငန်းသမားတွေ လက်မထောင်နိုင်ခဲ့ကြသည်။

လက်ထဲတွင် ငွေယားလေးများ ရွှင်လာပြီဆိုသည်နှင့် ချိန်းဝိုင်းလေးများ ဟိုတစ်ဝိုင်းသည်တစ်ဝိုင်း ဟိုမှာဒီမှာ အလျှိုလျှိုပေါ်လာကြသည်။ ကြိတ်ဝိုင်းမှ ပြန်လာကြသော ခွေးတင်နှင့် ငွေသိန်းညောင်ပင်ကြီးအောက်တွင် လမ်းခွဲလိုက်ကြပြီး ခွေးတင်က စောအောင်ထန်းရည်တဘက်သို့ယွန်းသွား၏။ စောအောင်က ရပ်ရွာထဲက ကြောင်တွေ ညဘက်လိုက်ခိုးပြီး မနက်တွင် ကြောင်သားကြော်နှင့် ထန်းရည်အမြည်းရောင်းစားတဲ့ကောင်။

လစ်ရင်လစ်သလို ရွာဦးကျောင်းက ဘုရားရုပ်တု၊ ကြေးကွမ်းအစ်တွေမ,မလာပြီး ဥပုသ်နေ့ကျ ဝတ်ဖြူစင်ကြယ်ဝတ်ပြီး ဥပုသ်စောင့်တတ်၏။ ခွေးတင်၊ ငွေသိန်းတို့ဆိုတာ ရပ်အော့ရွာအော့ကောင်တွေ။

အခုလည်း ဖဝိုင်းကပြန်လာပြီး ညောင်ပင်အောက်မှာတစ်စုံတစ်ယောက်ကိုမျှော်နေ၏။ နွေကလည်း ပူပြင်းလှသည်။ အဝေးဆီက ဥဩသံလေးက နွေသရုပ်ကို ဆန့်ထုတ်လိုက်သည်နှင့် ဝါကြင့်ကြင့်ရွက်ဝါတွေက လေမှာတဖြုတ်ဖြုတ်ကြွေလွင့်သည့်မြင်ကွင်းကို ကျားကန်ပေးလိုက်လေတော့သည်။

ထိုအချိန်တွင် -

"အစ်ကိုသိန်း"

အနောက်နားဆီမှ ချိုကြည်သံသာလေး ထွက်ပေါ်လာ၏။

"ညီမလေး အေးမူ၊ စောင့်လိုက်ရတာကွယ်"

"အို- အစ်ကိုသိန်းကလည်း၊ ဒီကလာချင်တာပေါ့။ အဘသိမှာစိုးရတယ်။ အစ်ကိုသိန်းနဲ့ကိစ္စသာ အဘသိသွားရင် လွယ်မယ်မထင်နဲ့အစ်ကို့။ ညီမလေးက မိန်းမသားဆိုတာ ထည့်တွက်ပါဦး"

ဟု ပြောလိုက်သည်နှင့် ငွေသိန်းရင်မှအမောတို့ဖြေလျှော့သွားလေသည်။

တကယ်တော့ အေးမူလေးကို ငွေသိန်း အသည်းနှင့်အောင်ချစ်လွန်း၍ နီးစပ်ရအောင် သူကြီးစားနေခြင်းဖြစ်၏။

သို့သော် သူတို့နှစ်ဦးကြားတွင် မဟာတံတိုင်းကြီးခြားနေပါသည်။ ထိုတံတိုင်းကြီးမှ ဂုဏ်မာနကြီးသောအေးမူတို့ အသိုင်းအဝိုင်းနှင့် လောင်းကစားမက်သည့် ငွေသိန်းတို့ စရိုက် အင်းသူကြီးသား ဂုဏ်ပုဒ်တို့နှင့် မထိုက်ခြင်းသည် အဓိကကျနေ၏။

"ဟူး. . ."

သက်ပြင်းချလိုက်ကာ ငွေသိန်းက -



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုသိန်းကတော့ ညီမလေးနဲ့ ကြာကြာခွဲမနေနိုင်ဘူး။ ဒါကြောင့်လည်း ကြိုးစားပြီး ငွေရှာနေတာပါ ညီမလေး ရယ်"

"ဒါပေမယ့် အစ်ကိုသိန်း ငွေရှာတာကို အဘတို့က သဘောမကျဘူးနော်"

တစ်ဖက်ကကြည့်ပြန်တော့လည်း သူ့အပေါ်တွင် စွန့်စား၍ချစ်လာခဲ့သူမို့ ဦးညွှန့်အတွက် တုံ့ပြန်မှုကိုတော့ သူ ပြန်ပေးရလိမ့်မည်။

"အစ်ကိုသိန်းရေ၊ ညီမလေးသွားတော့မယ်။ တော်ကြာ အိမ်ကရိပ်မိရင် ခက်ကုန်လိမ့်မယ်နော်"

ဟု ပြော၍ အေးမူပြန်သွားသည်နှင့် ငွေသိန်းလည်းပြန်လာခဲ့သည်။

■

"တောက်"

ကျယ်လောင်သောတောက်ခေါက်သံကြောင့် ဉာဏ်ဝင်းနှင့် ပြိတ္တာတို့ တုတ်တုတ်မှုမလှုပ်ရဲကြ။ အင်းသူကြီး ဦးဆွဲပန်းက ဤနယ်တစ်ပိုက်တွင် နှယ်နှယ်ရရ မဟုတ်။ အင်းလုပ်ငန်းနှင့် ပတ်သက်လာလျှင် ယှဉ်ရဲသူမရှိ။ ယခု ဒေါသထွက်ရခြင်းအကြောင်းက ဒီလို။ မြို့ကပြန်လာရုံရှိသေး သားဖြစ်သူ ငွေသိန်းတို့၏အရှုပ်တော်ပုံကြောင့် အင်းသူကြီးဒေါသက အထွတ်အထိပ်ရောက်နေခြင်း ဖြစ်၏။

မွေးစားသားသာ ဆိုပေမယ့် ငွေသိန်းကို သားအရင်းတမျှ ချစ်၏။ အလိုလိုက်သမျှ အခွင့်ယူကာ စေတနာအရောင်ဆိုးခဲ့ပေါင်းများလှပြီ။ ဒီတစ်ခါကောင်းကောင်းဆုံးမမှသာ ဖြစ်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟိုကောင် ပြိတ္တာ၊ ငွေသိန်းကို ငါ့ဆီခေါ် လာခဲ့စမ်း။ ဒီကောင် မိဘ မျက်နှာအိုးမဲသုတ်တဲ့ကောင်။ မြို့တက်ပြီး ငါနာမည်အလွဲသုံးစားလုပ်တယ်။ မိဘကျေးဇူးကိုမထောက်။ ပြန်လာပစေဦး။ ငါနာမည်ဖျက်တဲ့ကောင်သိကြရောပေါ့ကွာ"

အင်းသူကြီး ဓားကြိမ်းကြိမ်းနေ၍ ပြိတ္တာတို့မှာ ငွေသိန်းရှာရန်ထွက်ခဲ့၏။ သို့သော် ငွေသိန်းက ခြေအများသား။ သူမပါပွဲမစည်သလို ရွာနီးချုပ်စပ်ပြောစမှတ်တွင်လျက်ရှိသည်။ သူနဂိုရုပ်ဓာတ်ခံက သိပ်မကောင်း။ အင်းသူကြီးသားဆိုပေမယ့် ကိတ္တိမသားပီပီ ဒီဇာတမကြာ ခဏပြတတ်သည်။ အင်းသူကြီးအရှိန်အဝါကြောင့်သာ မပြောကြတာ။ နှလုံးအော့ချင်သည်က အမှန်။ ထို့ကြောင့် အေးမူလေးတို့ အဖေဘက်ကဆိုလျှင် သူတို့သားအဖကို အကုသိုလ်နှင့်အကျိုးပေးသောသားအဖဟု ခါးခါးသီးသီး ရွဲ့မုန်းကြသည်။

တကယ်တော့ မိန်းမတွေဆိုတာ အသိရခက်သား။ အေးမူဆိုတာ အချစ်မှာမျက်စိမရှိထုံးကိုနှလုံးမူပြီး ငွေသိန်းကို ဇွတ်ချစ်နေခြင်းကိုက ငွေသိန်းဘဝမှာ အောက်ခြေလွတ်ချင်ဖွယ်ရာဖြစ်၏။

ပြိတ္တာမှာ အဘအင်းသူကြီး အကြောင်းသိသူမို့ ငွေသိန်းကိုကျိတ်ဝိုင်းမှ ခေါ်လာပြီး အကျိုးအကြောင်းပြောပြီး တခြားသွားရောင်ခိုင်း၏။

"ငွေသိန်း၊ မင်း အဘအကြောင်းလည်း မင်းသိတယ်နော်။ ခဏတစ်ဖြုတ်တော့ ရှောင်နေတာ အကောင်းဆုံး"

"ပြိတ္တာ၊ ရှောင်တာတော့ဟုတ်ပါပြီ။ အခုတစ်လောကျုပ်နည်းနည်းအထိနာနေတာ လက်ကိုင်ကလည်းပြတ်နေပြီ မင်းရှိရင်ပေးခဲ့ဦးကွာ"

"တယ်-ဒီကောင်တော့ခက်တော့မှာပဲ"

ပြောရင်းဆိုရင်းနှင့်ပင် ငွေတချို့ကိုထုတ်ပေးပြီးနောက် ငွေသိန်းကို မြန်မြန်သွားခိုင်းလေတော့သည်။

အင်းသူကြီးကတော် မိသန်းကလည်း ဝမ်းမနာသားငွေသိန်းကိစ္စနှင့် စိတ်ထောင်းလို့ကိုယ်ကြေအိပ်ရာထဲလဲနေရသည့်လူမမာကို ပြုစုရတာတစ်မျိုး ဒုက္ခတွေဖို့လျက်ရှိ၏။ စမုံအင်းရွေငြင်းကို ကြည့်လျက် အင်းသူကြီးဦးဆွဲပန်းတစ်ယောက် ခေါင်းထဲမှအရှုပ်ထုတ်တွေရှင်းလင်းရန် အင်းတိုင်တဲတွင်ချိတ်ဆွဲထားသောရမ်အရက်ပုလင်းကို ဘာမပြောညာမပြောဆွဲယူပြီးလျှင် ဖန်ခွက်ထဲထည့်ရေမရောဘဲသောက်ချလိုက်၏။

ပူပြင်းရှုတသော အဝါရောင်များက လည်ချောင်းမှတစ်ဆင့် ဝမ်းထဲရောက်သွား၍ မျက်နှာနီရဲသွားပြီး အမြည်းပန်းကန်ထဲမှ ကသပိုးကြော်တစ်တုံးကောက်ဝါးလိုက်ပြီး ပြိတ္တာနှင့်ဉာဏ်ဝင်းကိုခေါ်လိုက်၏။

"ဉာဏ်ဝင်း၊ ပြိတ္တာ၊ ဟေ့ကောင် ပြိတ္တာ"

"အဘ ဘာခိုင်းမလို့လဲ ခင်ဗျား"

"ငါက အင်းသူကြီး အင်းပိုင်ကွ။ ဒီတောဒီနယ်တစ်ကြောမှာက ဒီအင်းတင်မကဘူး။ ငါ့လက်နဲ့အုပ်ထားတဲ့အင်းတွေရှိသေးတယ်ဆိုတာကော မင်းတို့သိကြရဲ့လား"

အရက်တစ်ခွက်ပြီးတစ်ခွက်သောက်လိုက် အမြည်းဝါးရင်း ရောပြင်ပေါ် သို့လဲကျသွားပြီး မူးမူးနှင့်အိပ်ပျော်သွား၏။

ထိုအခါ ပြိတ္တာတို့က အင်းသူကြီး၏ခန္ဓာကိုယ်ကြီးအား တဲပေါ် သို့တင်ပြီး သိပ်လိုက်၏။

အင်းသမားတို့၏ လောကတွင် မဆန်းလှသောဖြစ်ရပ်မို့ အားလုံးမှေမှေပျောက်ပျောက်လုပ်စရာရှိတာလုပ်နေကြသည်။

"ကဲ-ပြိတ္တာ၊ အဘတော့အိပ်ပျော်သွားပြီ။ ငါတို့အင်းမြောက်စရာရှိတာလုပ်ရအောင် နတ်ကတော်စံဖိုးခေါ်ကွာ။ ပစ္စည်းတွေကို စောအောင်နဲ့ ဂျပန်ကို သယ်ခိုင်း။ ဒီကောင်က ထန်းရည်ဆိုင်ဖွင့်ပြီး နိုင်ငံခြားအရက်မသောက်ဘူးလို့ တပည့်ခံချင်လို့တဲ့ကွာ"

"သနားပါတယ် ခေါ် သွားလိုက်ဟုတ်လား"

မြကြီးက ပြောလိုက်၏။

"အေးအေး - နေမစောင်းခင်လုပ်စရာရှိတာ လုပ်လိုက်ကြကွာ"

ပြောပြီး မြကြီးတစ်ယောက် အင်းထဲသို့ထွက်သွား၏။

အင်းတဲပေါ်မှာတော့ အင်းသူကြီးဆွဲပန်းခမျာ ဆက်ရက်မင်းစည်းစိမ်တွေ့ပြီးမေ့နေ၏။

အချိန်တို့ တရွေ့ရွေ့ကုန်ဆုံးလာလေသည်။ ပြိတ္တာတို့အဖွဲ့အင်းမြောက်သွားသည်မှာ ပြန်မလာကြသေး။

စမုံအင်းရွေငြင်းကတိုက်ခတ်သောလေပြည်က အင်းသူကြီးကို ချော့သိပ်လျက်ရှိနေသည်။

အင်းရွေငြင်းထဲတွင် အမှောင်ထုက ကြီးစိုးလာ၏။ ထိုအချိန်တွင် စောအောင်တို့က တပည့်ခံပြီး မူးယစ်ကောင်းလို့နေ၏။ မထင်မှတ်သောအဖြစ်က အင်းရွေငြင်းထဲတွင်ဖြစ်ပေါ် လာပါသည်။ စမုံအင်းဘက်မှ လူရိုပ်တစ်ခု အင်းသူကြီးအိပ်နေသောတဲအနီးသို့ကပ်၍လာနေ၏။

ထိုမည်းမည်းအရိပ်သည် အင်းတဲအတွင်း ဝင်ရောက်လာရင်း အခန်းအတွင်းသို့ ဝင်ရောက်လာရင်း သေတ္တာကို ဖွင့်စဉ် ချောက်ခနဲအသံမြည်သွား၏။ ချောက်ဆိုသောအသံကြောင့် ဦးဆွဲပန်း ရုတ်တရက်လန့်နိုးလာ၏။

မှောင်နှင့်မည်းမည်းအသာအယာ စမ်းလိုက်သော သူ့နံဘေး၌ ဆောင်ားကို စမ်းမိပြီး ကျစ်ကျစ်ပါအောင်ဆုပ်၍ ဒယီးဒယိုင်ထရပ်လိုက်ပြီး အမှောင်ထဲမှ လူအားမှန်းခုတ်လိုက်၏။

ဦး. . . ဝှစ်. . . ဒုတ်

အား. . . .

ဝုန်း. . . ဒိုင်း

ဝရုန်းသုန်းကားဖြစ်ကြကာလုံးထွေးသွားပြီးမကြာမီ အင်းတဲအနောက်ပေါက်မှ ခုန်ချထွက်ပြေးသွားပြီး တဲလေးမှာ မူလအတိုင်း တိတ်ဆိတ်သွားပါလေတော့သည်။ သက်ကြီးခေါင်းချွန် ည (၁၀)နာရီလောက်သို့ရောက်သောအခါတွင် အင်းတဲသို့ ပြိတ္တာတို့အဖွဲ့ပြန်ရောက်လာ၏။

စောအောင်က အင်းတဲပေါ်ရှိမှန်အိမ်ကိုထွန်းညှိလိုက်သောအခါတွင် မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် သွေးပျက်လုမတတ်ဖြစ်သွားပြီးလျှင် -

"အောင်မလေးဗျ အဘကို လူသတ်သမားသတ်သွားတယ်ဗျို့"

အော်၍ အင်းတင်းတဲမှာထွက်ပြေးရာ ပြိတ္တာတို့မနည်းဝိုင်းဖမ်းရ၏။ ဂျပုစောအောင်မွေ့၍ ကြေညာမောင်းခတ်မှုကြောင့် ဆင်ပုံရွာအင်းသူကြီးဦးဆွဲပန်းသတ်မှုမှာ တစ်နယ်လုံးပဲ့နံ့သွား၏။

ဆင်ပုံရွာ၊ မြန်အောင်မြို့နယ်ထဲက ရွာတစ်ရွာ။

စမုံအင်းသူကြီး ဦးဆွဲပန်း ညက အသတ်ခံရလို့တဲ့ဟု သတင်းဆိုးက ရွာကလေးကို စောစောစီးစီး အကျည်းတန်သွား၏။

အင်းသူကြီးသတ်မှုအား ရဲတပ်ဖွဲ့များ လာရောက် စစ်ဆေးကြပါသည်။ ရွာလူကြီးကံဥွန်လည်း နားမနေရထိုအထဲတွင် ထူးထူးခြားခြား ဖခင်လေးခုံမှုတွင် ငွေသိန်းက ပျောက်နေသားကောင်းနေ၏။

ကျေးလက်သဘာဝမို့ မြေကျရက်လက်အထိ ဖဝိုင်းတခြိမ့်ခြိမ့်သဲ။ လူသတ်တရားခံလည်း ယခုထိပြေးလို့ကောင်းနေသေးဟင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် အင်းသူကြီးအသတ်ခံရပြီး မကြာမီ စောအောင်၏ထန်းတောအတွင်း ဒဏ်ရာများရင်းပြီး အဖျားတက်နေသည့်ငွေသိန်းကိုတွေ့ရှိပြီး ရွာပြန်ခေါ်လာရာမှ ကယောင်ချောက်ချားပြောရာမှ အင်းသူကြီးကိုသတ်ကြောင်းသိရ၍ ငွေသိန်းအား ရဲစခန်းမှလာရောက်ဖမ်းဆီးသွား၏။

ငွေသိန်းဒဏ်ရာများပျောက်ကင်း၍ အင်းသူကြီးသတ်မှုကို ရုံးတင်စစ်ဆေးသောအခါ ငွေသိန်း၏ ထွက်ချက်မှာ ငွေသိန်းသည် ဖိုဝိုင်းမှအကြွေးများတင်ရှိနေရာ ကြဲရာမရသည့်အဆုံး ဦးဆွေပန်းနာမည်အလွဲသုံးစားပြုကာ မြို့မှပွဲရုံများတွင် ငွေများချေးငှားယူခဲ့၏။ ဦးဆွေပန်းကုန်ဖိုးတင်ပို့ပြီး ရှင်းလင်းသောအခါ ပွဲရုံများမှ ငွေသိန်း အကြွေးများနှင့်နှိမ်လိုက်၍ မျက်နှာဘယ်မှာထားရမှန်းမသိဖြစ်ခဲ့၍ ငွေသိန်းအား ဖြတ်လေးဖြတ်လုပ်ခဲ့သည်။ အမွေဖြတ်ခြင်း၊ ရိက္ခာဖြတ်ခြင်း၊ ပေးနေကျမုန့်ဖိုးများဖြတ်ခြင်း၊ ငါးကန်မုငါးများမယူရခြင်း စသည်ဖြင့် တစ်ချက်လွှတ်အမိန့်ထုတ်ပြန်ခဲ့သည်။

ထိုအချိန်တွင် ငွေသိန်း၏ချစ်သူ အေးမူက ခိုးယူခိုင်းလာသည်။

လောလောဆယ် ငွေသိန်းလက်ထဲတွင် ငွေမရှိ။ ဖခင်ကလည်း အကပ်မခံသောကြောင့် ငွေသိန်းအကျပ်ရိုက်နေသည်။

ဦးဆွေပန်း မရှိဘူးထင်၍ အင်းထဲမှ တဲအားသွားပြီး ငွေသေတ္တာအားဖွင့်စဉ် အမှောင်ထဲမှ လူတစ်ယောက်က လက်နက်နှင့်ရန်ပြုရာမှ နှစ်ယောက်သားလုံးထွေးသွားကြပြီး အားခနဲအော်သံနှင့်အတူ အောက်ကလူမှာငြိမ်သက်သွား၍ အင်းတဲပေါ်မှခုန်ချထွက်ပြေးခဲ့ရကြောင်း သူအား အမှောင်ထဲမှ သတ်ပုတ်သူမှာ ဖခင်ဦးဆွေပန်းမှန်းမသိ။ ခုခံကာကွယ်မိရာမှလက်လွန်သွားမိပါသည်။ အကယ်၍ သူ၏ဖခင် ဦးဆွေပန်းသာဖြစ်နေပါက အဘပေးသမျှအပြစ်ဒဏ်ကို ကျေကျေနပ်နပ်ခံယူပါမည်ဖြစ်ကြောင်း၊ ဒဏ်ရာများနှင့်ပုန်းနေရာမှ ဖခင်၏သတင်းကိုကြားပြီး သတိမေ့သွားသည်ဟု ထွက်ဆိုပါသည်။

■

နေရာသည်ကား မြေလတ်မြို့အစွန်ရှိနရဏီအကျဉ်းထောင်ကြီးတစ်ခု။

အကျဉ်းသားများ ဝတ်တက်ပြီး အိပ်စက်အနားယူချိန်တွင် ထောင်မိန်းကျေးအတွင်းဝယ် တာဝန်မှူးနှင့် ကင်းတာဝန်ကျ ဝန်ထမ်းအချို့ရှိနေကြ၏။

လရောင်ကလည်း အကျဉ်းသားအိပ်ဆောင်များဆီသို့ ဖြန့်ကြက်လာ၏။ အုတ်ကြွပ်မိုးနီကြောင်ကြောင်များကကိုလိုနီခေတ် နာမည်ကြီးအကျဉ်းထောင်ကြီးဆိုတာ ဖော်ပြနေ၏။

ဂီး... ဂီး... ဂီး....

အကျဉ်းသားများအိပ်ဆောင်ဘက်မှ ငှက်ဆိုးထိုးသံကြီးထွက်ပေါ်လာ၏။ ထောင်ဝါဒါမြဖေ တာဝန်ကျနေရာမှ အိပ်ဆောင်ဘက်လှမ်းကြည့်လိုက်ပြီး -

ဖတ်... ဖတ်... ဖတ်...

ရေရွတ်ပြီး ဘုရားစာတစ်ပုဒ်ရေရွတ်လို့နေ၏။ ထိုအချိန်၌-

"အောင်မယ်လေးဗျ ကြောက်ပါပြီ။ မလာနဲ့ ငါ့နားမလာနဲ့ အား"

အူး... ဝူး... ဝူး...

အမှတ် (၂) အိပ်ဆောင်ဘက် လူတစ်ယောက်အသံကြား၍ တာဝန်ကျထောင်ဝန်ထမ်းမှာ လှုပ်လှုပ်ရှားရှားဖြစ်ကာ တာဝန်မှူးမှာ -

"ဟေ့ဘယ်သူလဲကွ၊ ဆူနေတာ"

"အဆောင်(၂)က ငွေသိန်းဆိုတဲ့ကောင်ပါ တာဝန်မှူး"

"ဘာဖြစ်တာလဲ"

"ဒီကောင်ကြည့်ရတာ စိတ်ကယောင်ချောက်ချားဖြစ်နေတဲ့ပုံပဲ။ တစ်ခြီတစ်ခြီထထပြီးအော်တယ်"

ဟု တန်းစီးကပြောပါသည်။

ထိုအချိန်၌ ငွေသိန်းကိုခေါ်လာကြသည်။ ပုံစံထိုင်နေသောငွေသိန်းကို စေ့ငုကြည့်လိုက်ရာ မျက်လုံးအစုံက ဂနာမငြိမ် ပုံမှန်အနေအထားမဟုတ်။ တစ်စုံတစ်ခုကို ထိတ်လန့်နေပုံရ၏။

တန်းစီးမောင်ဌေးကို တာဝန်မှူးမှ-

"ဟေ့ကောင် မောင်ဌေး ဒီကောင် ဘာဖြစ်တာလဲ"

"ဒီလိုပါဆရာ ဒီကောင် လူသတ်ပြီး ထောင်ကြီးကိုရောက်ပြီးကတည်းက သူ့ကို ရုံးထုတ်တော့မယ်ဆို နွေခေါင်ခေါင်ကြီး မိုးသက်တွေအုံ့အုံ့လာတယ်။ အစကတော့ ကျွန်တော်တို့လည်း သတိမထားမိဘူး။ သတိထားမိတာ နေစိုးဆိုတဲ့ကောင်ပါ"

"ဟိုမှမိန်းမနဲ့ခင်လာတဲ့ကောင်လား"

"ဟုတ်ပါတယ် ဆရာ။ သူမွေးစားတဲ့အဖေကိုသတ်ခဲ့လို့ နွေခေါင်ခေါင်မိုးကြိုးပစ်မယ်လေးဘာလေးနဲ့စကားတွေလျှောက်ဖွကြတယ်။ ငွေသိန်းက လောလောလတ်လတ်အမှုကြီးနဲ့ဆိုတော့ သွေးချောက်ချားလာပုံရတယ်။ ဟိုကောင်တွေအဖွဲ့ကလည်း ဝိုင်းကျပ်ပေးပုံရတယ်။ ဒါပေမယ့် ဆရာရေ"

"ဘာဒါပေမယ့်လဲ"

"ဟိုကောင်တွေပြောတာ ဟုတ်၊ မဟုတ် စောင့်ကြည့်တဲ့အခါမှာ ငွေသိန်းကို ရုံးထုတ်လို့ ထောင်ဘူးအပြင်ရောက်လာပြီဆိုတာနဲ့ ရာသီဥတုကပြောင်းသွားတယ်။ ကောင်းကင်ကြီးကမည်းလာပြီးလျှပ်စီးတွေလက်လာတာတွေ့ရတယ်။ ဒီတော့ ထောင်သားအချင်းချင်းတောင် သူနားမကပ်ရဲဘူး။ ကြာတော့ ဒီကောင် အထီးကျန်ဆန်ပြီး စိတ်ကယောင်ကတမ်းဖြစ်ပြီး ထအော်တော့တာပဲ ဆရာ"

တန်းစီးရှင်းပြတာကို တာဝန်မှူးက ငွေသိန်းကို ချော့မော့၍ ပရိတ်ရေများတိုက်ပြီး သူ့အခန်းသို့ပြန်ပို့လိုက်၏။

ထိုအချိန်မှစ၍ တာဝန်ကျသူများသည် ငွေသိန်းကို တစေ့တစောင်းကြည့်ကြရာ ညည်ကျထအော်သည်ကတစ်ကြောင်း၊ ရုံးထုတ်လျှင် နေကျဘဲတောက်ပူရာမှ မိုးကြီးအုံ့လာခြင်း၊ ရုံးထုတ်ရာတွင် သူတစ်ယောက်တည်းသာခွဲပြီးထုတ်ရခြင်း၊ ညည၌စူးစူးဝါးဝါးထထအော်၍ ထောင်သားအချင်းချင်း၊တန်းစီးများက ရိုက်နှက်တိုင်တန်းခြင်းတို့ကြောင့် ထောင်ဝန်ထမ်းများမှ စိတ်အနောင့်အယှက်ဖြစ်ရသဖြင့် အထက်သို့တင်ပြရာ ထောင်ပိုင်ကြီးမှ ငွေသိန်းအား နောက်ဆုံးတွင် ထောင်ကြီးချုပ်သို့ပို့လိုက်၏။

နွေသည် တစ်ပတ်လည်၍လာခဲ့လေပြီ။

မွေးစားဖခင်ကို ပြစ်မှားမိသော လူဆိုးကြီး ငွေသိန်းမှာ ပီတုဃာတက်က နောင်ဘဝတွင်မက ယခုဘဝတွင်လျင်မြန်စွာအကျိုးပေးလေသောကြောင့် ငွေသိန်း၏ ကံကြမ္မာအကျိုးပေးက ဇာတ်သိမ်းမကောင်းချေ။

မိမိပြုမိမှားခဲ့သောကံကြမ္မာအရိပ်မည်းကြီး၏ နှိပ်စက်ကလူပြုမှုကြောင့် စိတ်အနေချောက်ချားကာ ဘဝနေခိုန်သည် အထီးကျန်စွာဖြင့် လောကကြီးကို မျက်ကွယ်ပြုလေတော့ခဲ့သည်။

မြန်မာဗုဒ္ဓဘာသာဝင်တို့ အယူအဆအားဖြင့်ဆိုရလေလျှင် အပြစ်တကာအပြစ်တို့တွင် ကျေးဇူးရှင် ခင်ပွန်းကြီးဆယ်ပါးအား ပြစ်မှားမိသည်ရှိသော် ကိုယ်စိတ်နှလုံးညှိုးချုံးအောင်ပြုမိမှားသည့်အတွက် သည်းခြေပျက်ချောက်ချားမှုအတိ လိပ်ပြာလွင့်မတတ်အဖြစ်ဆိုးဆိုးတို့၏ လူမိုက်ကြီးငွေသိန်းတစ်ယောက်လောကကြီးကို လက်မြောက်အနှိုးပေးရလေတော့သည်။

မင်းနန္ဒာဝင်း

www.burmeseclassic.com

www.burmeseclassic.com



အောင်စေကြာ အရှင်သုဓမ္မသာရ

မေတ္တာစစ် မေတ္တာမှန်

လောကသည် ထူးဆန်းလှ၏။ ဆန်းကြယ်လှ၏။

သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး မမြင်ဘူး၊ မသိဘူး။

လက်ဒီပ (သီဟိုဠ်ကျွန်း) ကြီးထဲတွင် နေထိုင်ကြသော်လည်း အရပ်ဒေသခြင်းကမတူကြ။ တစ်ယောက်တစ်နေရာစီ တစ်ဦးနှင့်တစ်ဦး အမည်နာမပင် မကြားဘူး၊ မသိဘူးပါ။

သူတော်ကောင်းအမိုးသားကောင်းလေး၏အမည်နာမက သယ်မစ္စဖြစ်၏။

သူတော်ကောင်းအမိုးသမီးကောင်းလေး၏အမည်နာမက သယ်ဒတ္တာဖြစ်၏။

■ သယ်မစ္စအမျိုးသားလေး၏ဘဝ

လက်ဒီပ (သီဟိုဠ်ကျွန်း) တွင် မဟာဂါမ ဟူသော ကျေးရွာကြီးတစ်ရွာရှိ၏။ ထိုရွာကြီးတွင် အသက်အရွယ်ကြီးကြီး အိုမင်းနေသော အမတ်ကြီးတစ်ဦးရှိ၏။ ထိုအမတ်အိုကြီး၏ အမည်ကား သယ်မစ္စဟုပင်ခေါ်ဆို၏။

ထိုအမတ်အိုကြီးတွင် ဇနီးမယားမရှိတော့ပါ။ သမီးတစ်ယောက်၊ သားတစ်ယောက်သာရှိ၏။ သမီးက အကြီး၊ သားက အငယ် (၁၀) နှစ်သားအရွယ်သာရှိသေး၏။

တစ်နေ့သ၌ ထိုအမတ်အိုကြီးသည် အသက်အရွယ်ကြီးရင့်လာပါသဖြင့် အိုနာရောဂါက ဖိစီးလာရ၏။ သမားတော်ကြီးများနှင့် ကုသသော်လည်း ရောဂါက မသက်သာ။ ညောင်စောင်းထက်တွင် ပက်လက်လေးလဲလျောင်းရင်းနေရ၏။

အမတ်အိုကြီးသည် သမီးနှင့်သားလေးကို သူ့နားသို့ခေါ်ပြီး သူ၏ လက်တစ်ဖက်က သမီးကြီး၏လက်ကိုဆုပ်ကိုင်၏။ ကျန်လက်တစ်ဖက်က သားလေး၏ လက်ကို ဆုပ်ကိုင်၏။

ချစ်သမီး၊ သမီးရဲ့မောင်လေးကို ဂရုတစိုက်စောင့်ရှောက်ပါ။ သမီးရဲ့မောင်လေး အရွယ်ရောက်လာခဲ့ရင် ဟိုစားပွဲပေါ်မှာတင်ထားတဲ့ အဖိုးတစ်ထောင်ထိုက်တန်တဲ့ ပုဆိုးကတစ်ထည်၊ ရတနာတွေစီထားတဲ့သန်လျက်ကတစ်ခု၊ ကျောက်မျက်ရတနာတွေခြယ်စီထားတဲ့ ဘယက်ကတစ်သွယ် ဤ (၃) ခုကို ငါ့သားလေးအားပေးပါ"

ဤသို့ သမီးကြီးအား မှာကြားပြီး သယ်မစ္စအမတ်အိုကြီးသည် လူဘဝမှ ထွက်ခွာသွားရပါတော့၏။

အစ်မကြီးလုပ်သူကလည်း အစ်မကြီး အဓိအရာ ဆိုသည့်အတိုင်း မောင်ငယ်လေးကို ကောင်းမွန်စွာစောင့်ရှောက်ထား၏။

မောင်ငယ်လေးသည် ဖခင်ကြီးအတိုင်း အလှူအတန်းပြုလုပ်ရမည်ကို အလွန်ဝါသနာပါ၏။ အစ်မလုပ်သူ ချက်ပြုတ်ပေးသော ဆွမ်းဟင်းမျိုးကို ရဟန်းသံဃာတော်များအား နေ့စဉ်လောင်းလှူပေး၏။ ဒါန်းပေး၏။

■ မဟာနာဂမထေရ်နှင့်တွေ့ဆုံခြင်း

တစ်နေ့သ၌ သိယ်မစ္စသတို့သားလေးသည် နှနက်စောစော ရေချိုးရန်

www.burmeseclassic.com

www.burmeseclassic.com



အလို့မှာ တိသဝါပိရေကန်သို့ တစ်ယောက်တည်းထွက်လာ၏။

ထိုအခါ လမ်းမပေါ်တွင် ကောတပဇ္ဇဝါသီတော်ပေါ်၌ သီတင်းသုံးတော်မူသော မဟာနာဂမထေရ်ရဟန်းကြီးနှင့် တိုး၏။ ထိုရဟန်းကြီးသည် မဟာဂါမရွာ၌ ဆွမ်းခံကြွ၏။

သိယ်မစ္စသတို့သားက်လေးသည် မထေရ်ကြီးအား ရိုရိုသေသေကန်တော့ပြီး -

"အရှင်ဘုရား၊ ဆွမ်းရခဲ့ပါရဲ့လား ဘုရား"

ဟု လျှောက်တင်၏။

မထေရ်ကြီးက မရခဲ့ကြောင်း ပြောပြလေ၏။

ထိုအခါ သူတော်ကောင်းလေးသည် -

"မထေရ်ကြီးခေတ္တဆိုင်းငံ့တော်မူပါဦး။ ဆွမ်းများသွားပြန်ပြီးယူပါဦးမယ် ဘုရား"

ဟု လျှောက်ထားပြီး မိမိအိမ်သို့ အလျင်အမြန်ပြန်လာခဲ့၏။

အိမ်ရောက်တော့ အစ်မလုပ်သူက ဆွမ်းမချက်ရသေး။ သူတော်ကောင်းလေး အခက်တွေ့ရှိနေလေပြီ။ မထေရ်ကြီးအားလည်း လမ်းပေါ်မှာ စောင့်ဆိုင်းထားခဲ့လေပြီ။

ထိုအခါ သူတော်ကောင်း သတို့သားလေးသည် စားပွဲပေါ်ခု သူ့ကိုအပိုင်ပေးထားသော ကျောက်စိဘယက်ကိုယူ၏။ ရွာထဲသို့လည်လည်ပြီး ဆွမ်းထမင်းရှာ၏။

အိမ်တစ်အိမ်တွင် အသင့်ချက်ထားသောဟင်းနှင့်ထမင်းကိုရရှိ၏။ သူ၏ အဖိုးထိုက်တန်သောဘယက်ကိုပေးခဲ့၍ ဆွမ်းနှင့်ဟင်းကိုထုပ်ပြီး မထေရ်ကြီးထံ သွက်သွက်လေးအပြေးပြန်လာခဲ့၏။ မထေရ်ကြီးအား ရိုရိုသေသေလောင်းလှူလိုက်၏။

မထေရ်ကြီးသည် ဆွမ်းရသောအခါ သပိတ်ကိုပိုက်ပြီး ကျောင်းသို့ပြန်ခဲ့၏။ ကျောင်းရောက်သောအခါ ဆွမ်းကို ချက်ချင်း မဘုဉ်းပေးဘဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးကို ဆင်ခြင်၏။ မိမိ၏ရုပ်နာမ်နှစ်ပါးကိုဖြစ်ပျက်ရွ၏။ မကြာမီ အာသဝေါကုန်ခန်းသည့်ရဟန္တာမြတ်ကြီးဖြစ်တော်မူသွား၏။

ထိုအခါကျမှ သူတော်ကောင်း စေတနာရှင်လေး သယ်မစ္စ ဆွမ်းဘုဉ်းပေးတော်မူ၏။

■ **အနုရာဓနေပြည်တော်**

ထိုအချိန်က သီဟိုဠ်ကျွန်းကြီးတွင်

www.burmeseclassic.com

www.burmeseclassic.com

အနုရာဓနေပြည်တော်ကြီး၌ ဝဋ္ဋဂါမဏိမင်းကြီး နန်းစံလျက်ရှိ၏။

ထိုနန်းတွင်းထဲရှိ ထီးချက်စောင့် နတ်သမီးသည် သဃ်မစ္စဆွမ်းအလှူကို သိမြင်ပါသဖြင့် သာခု (၃) ကြိမ်ခေါ် ဆို၏။

နန်းတွင်းထဲမှာ လူမမြင်ရဘဲ သာခုခေါ်သံကိုကြားရသဖြင့် ဘုရင်ကြီး စိတ်ဝင်စားပြီး သာခုခေါ် တာဘယ်သူလဲဟု မေးပါတော့၏။

ထိုအခါ ထီးချက်စောင့်နတ်သမီးက -

"ကျွန်ုပ် ထီးချက်စောင့်နတ်သမီးပါ"

ဟု ဖြေဆို၏။

"အဘယ်အကြောင်းအရာကြောင့် ယခုလို သာခုခေါ် ရပါသလဲ"

ဟု မင်းကြီးက ထပ်မေး၏။

မင်းကြီးအား ထီးချက်စောင့်နတ်သမီးက သဃ်မစ္စလုလင်၏ ဆွမ်းဒါနအကြောင်းကိုအစုံအလင်ပြောပြီး သာခုခေါ် ကြောင်း ရှင်းပြ၏။

မင်းကြီးလည်း သဃ်မစ္စလုလင်အမည်ကိုကြားရသဖြင့် စိတ်ဝင်စားမှုရှိသွားတော့၏။

■ နောက်ရဟန်းတော်တစ်ပါးနှင့် တွေ့ဆုံခြင်း

အခါတစ်ပါး၌ သဃ်မစ္စသတို့သားသည် ရေချိုးဆိပ်တစ်ခုမှာ ရေချိုးနေစဉ် ကျင်းတုံးတစ်တုံးသည် ရေထဲမှ သူ့ထံသို့ မျောလာ၏။ ထိုကျင်းတုံးကို အဝေးသို့ တွန်းဖယ်၏။ ထိုကျင်းတုံးသည် သူ့ထံသို့ပင် ပြန်၍လာပြန်၏။

နောက်ဆုံးတွင် ထိုကျင်းတုံးကို ဆယ်ယူပြီး သန်လျက်ဖြင့်ခွဲကြည့်ရာ အထဲမှာ ရွှေများကိုတွေ့ရ၏။ သတို့သားသည် ထိုရွှေများကို အစ်မကြီးအားပေးခဲ့ပြီး ဖခင်ကြီးပေးခဲ့သည့် သန်လျက်နှင့် ပုဆိုးကိုယူပြီး အနုရာဓမင်းနေပြည်တော်ကြီးသို့ ထွက်ခဲ့၏။

လမ်းခရီးတွင် သပိတ်ပိုက်လျက် ဆွမ်းခံကြွနေသော မထေရ်တစ်ပါးကို တွေ့ရ၏။ မထေရ်သည် ဆွမ်းမရသေးကြောင်း သိရပါသဖြင့် လမ်းမပေါ်တွင် ခေတ္တစောင့်ဆိုင်းခိုင်းပြီး ရွာထဲသို့ဝင်၏။ ထမင်းရွာ၏။ ဟင်းရွာ၏။ မိမိတွင်ပါလာသောပုဆိုးနှင့်ထမင်းဟင်းများကိုလဲလှယ်ပြီး မထေရ်ထံသို့ အပြေးလာ၏။ ရိုရိုသေသေ စေတနာပါပါလောင်းလှူ၏။

ထိုမထေရ်သည် ကျောင်းသို့ပြန်ရောက်သောအခါ ဆွမ်းကို ချက်ချင်းမဘုဉ်းပေးဘဲ ရုပ်နာမ်တို့၏ မမြဲမှုဖြစ်ပျက်တို့ကို ကမ္မဋ္ဌာန်းဝိပဿနာဘာဝနာပွားများရာ မကြာမီ ရဟန္တာမထေရ်ကြီးဖြစ်သွား၏။

ပြီးမှ သူတော်ကောင်းလုလင်လေးလှူလိုက်သောဆွမ်းကိုဘုဉ်းပေးတော်မူ၏။

ထိုအခါ နန်းတော်အတွင်းမှ ထီးချက်စောင့်နတ်သမီးသည် ဒုတိယအကြိမ် သာခုခေါ်ပြန်၏။

ရှင်ဘုရင်ကမေးပြန်၏။ သဃ်မစ္စသတို့သား၏ စေတနာပါသောဆွမ်းအလှူအကြောင်းကိုရှင်းပြ၏။ ဒါကြောင့် သာခုခေါ် ရ၏။

မင်းကြီးသည် သဃ်မစ္စလုလင်ကို အမည်ကြားရသဖြင့် စိတ်ဝင်စားလာပြန်၏။

■ ဒေဝဂိရိကျောင်းရဟန်းတော်

အနုရာဓနေပြည်တော် ဒေဝဂိရိကျောင်းတွင် သီတင်းသုံးနေသော ရဟန်းတစ်ပါးသည် ပြင်းထန်သော လေနာရောဂါကြီးကို ခံစားနေရ၏။

မထေရ်သည် သူ၏တပည့်သာမဏေကိုခေါ်၍ လေနာရောဂါသက်သာအောင် ထောပတ်ကိုသွားရှာခိုင်း၏။

ရှင်သာမဏေသည် ထောပတ်ရှာဖွေရန်ထွက်ခွာလာ၏။ ထောပတ်က အနည်းငယ်လောက်ပင်မရပါ။

နောက်ဆုံး လမ်းမတစ်ခုပေါ်တွင် ထိုရှင်သာမဏေနှင့် သိဃ်မစ္စလုလင်တို့တွေ့ဆုံကြ၏။ အကျိုးအကြောင်းစုံစမ်း၏။ ရှင်သာမဏေ သူ့ဆရာအတွက် ထောပတ်လိုနေ၏။

လုလင်သတို့သားသည် မိမိ၏လည်ပင်းတွင်ဆွဲထားသော်လည်းဆွဲအဖိုးတန်ဘယက်ကို ရွာထဲဝင်၍ရောင်း၏။ ထောပတ်ကို အသပြာရှစ်ကျပ်ဖိုးဝယ်၍ ရှင်သာမဏေကို လောင်းလှူပေးလိုက်၏။

ထောပတ်ကိုရရချင်း လေနာရောဂါသည်ရဟန်းသည် ဘုဉ်းပေး၏။ (၁၂)နှစ်တိုင်တိုင်စွဲကပ်နေသော လေနာဝေဒနာသည် လုံးဝပျောက်ကင်းသွားရ၏။

နန်းတော်တွင်းမှ ထီးချက်စောင့်နတ်သမီးသည် လုလင်၏အလှူဒါနကို ဝမ်းမြောက်ပါသဖြင့် သာခုခေါ်ပြန်ပါ၏။

သုံးကြိမ်မြောက်ဖြစ်သွားပါ၏။

မင်းကြီးကလည်း ရှေးကအတိုင်းမေး၏။ နတ်သမီးကလည်း သိဃ်မစ္စသတို့သား၏ဒါနကို သာခုခေါ်ကြောင်း အစုံအလင်ရှင်းပြ၏။

မင်းကြီးသည် ဤသတို့သားကို ပို၍ပို၍ စိတ်ဝင်စားမှုဖြစ်လာရ၏။

■ မင်းကြီး လုလင်ကိုရာခိုင်းလေပြီ

ဝဋ္ဋဂါမဏိမင်းသည် ညီလာခံခေါ်ယူပြီး -

"ဤသိဃ်မစ္စဆိုတဲ့လုလင်ကို သင်တို့ရှာဖွေပြီး နန်းတော်သို့ခေါ်ဆောင်ခဲ့ကြ။ သင်တို့အားဆုချီးမြှောက်ပေးမည်"

ဟု အမိန့်ထုတ်ပြန်၏။

မင်းချင်းတို့သည် အုပ်စုဖွဲ့၍ရှာဖွေကြ၏။

နန်းတွင်းအရှေ့တံခါးပေါက်မှထွက်လာကြသောမင်းချင်းတစ်ယောက်သည် စိတ္တလဝါပီမည်သော ရေကန်အနီး၌ သဃ်မစ္စလုလင်ကိုတွေ့ရှိရလေ၏။

ထိုမင်းချင်းသည် မှူးမတ်တို့ကို အကြောင်းကြားပြီး ထိုလုလင်အား ရေမိုးချိုးပြီး ဘုရင့်နန်းတော်သို့ခေါ်ဆောင်သွားကြတော့၏။

■ ထီးချက်စောင့်နတ်သမီး(၄)ကြိမ်မြောက် သာခုခေါ်ဆိုရခြင်း

သဃ်မစ္စလုလင်သည် မင်းချင်းများ၊ မှူးမတ်များခြံရံလျက် နေပြည်တော်သို့လာရာ လမ်းခရီးအကြား၌ စေတီယတောင်သို့ရောက်လျှင် တောင်ခြေရှိ ကျောင်းတိုက်၌ ခေတ္တအပန်းဖြေကြ၏။

ထိုကျောင်းတိုက်တွင် ရဟန္တာမထေရ်တစ်ပါးသည် ပံသကူသက်နန်းချုပ်နေ၏။ သက်နန်းစမှာ မလုံမလောက်ဖြစ်နေ၏။

သဃ်မစ္စလုလင်သည် ဤအခြင်းအရာကိုမြင်တွေ့ရသောအခါ သူဝတ်ထားသောပုဆိုးစကိုဖြတ်ပြီးလှူလိုက်၏။

ထိုအခါ နန်းတွင်းထဲမှာ ထီးချက်စောင့်နတ်သမီးသည် သာခု (၃) ကြိမ်ခေါ်ဆိုပါလေ၏။

■ နန်းတော်ထဲသို့ရောက်ပြီ

မှူးမတ်များခြံရံလျက် သိဃ်မစ္စသူတော်ကောင်းလေးသည် ဘုရင်မင်းမြတ်ရှေ့တော်သို့ရောက်လာခဲ့လေပြီ။

ဘုရင်မင်းမြတ်သည် လုလင်၏နေပုံထိုင်ပုံ၊ ပြောဆိုဆက်ဆံပုံတို့ကိုကြည့်ပြီး နန်းတွင်းမှာပင် ရံရွှေတော်များနှင့် ဘဏ္ဍာစိုးအရာကိုပေးအပ်လေ၏။

ဘုရင်ကြီးကလည်း သားလေး

www.burmeseclassic.com

www.burmeseclassic.com

ပမာ ချစ်ခင်၏။ မျူးမတ်များကလည်း လုလင်လေးကို ချစ်ခင်ကြ၏။ သူတော်ကောင်းစိတ်ရှိသောပုဂ္ဂိုလ်သည် နောက်ဆုံး သူတော်ကောင်းနှင့် တွေ့ဆုံ၍ သူကောင်းပြုခံရ၏။

သို့သော် သိယ်မစွသတို့သားမှာ ဇနီးမယားက မရှိသေးပါ။ လူပျိုဖြစ်နေပါသေး၏။

■ **သယ်ဒတ္တသတို့သမီးလေး**

သီဟိုဠ်ကျွန်း အနုရာဓပြို့၌ ပုဏ္ဏားကြီးတစ်ဦး နေထိုင်လျက်ရှိ၏။ အသက်အရွယ်လည်း အိုမင်းလှပြီ။ ပုဏ္ဏားကြီးမှာ သားသမီး(၇)ယောက်ရှိ၏။

သားခြောက်ယောက်၊ သမီးတစ်ယောက်ရှိ၏။ သမီးက သယ်ဒတ္တအမည်ရှိ၏။ ဘာသာရေးကိုင်းရှိုင်းသောမိသားစုဖြစ်၏။

ပုဏ္ဏားကြီးကွယ်လွန်သွားရသောအခါ ညီအစ်ကို(၆)ယောက်တို့က ညီမလေး (သယ်ဒတ္တ) ကို စောင့်ရှောက်၍ ကောင်းမွန်စွာ နေထိုင်ကြ၏။

■ **တိုင်းပြည်ဆုပ္ပခြင်း**

အနုရာဓမင်းနေပြည်တော်ကြီးမှာ မငြိမ်မသက်ဖြစ်လာ၏။ ဗြာဟ္မဏတိဿမည်သောပုဏ္ဏားက ဦးဆောင်ပြီး ပုန်ကန်၏။

မင်းထွက်ပြေးရ၏။ ဗြာဟ္မဏတိဿပုဏ္ဏား ဦးဆောင်၍ မင်းပြုလေ၏။

ကျေးလက်ဒေသတွင် ကျေးကုလားတို့က စုပေါင်းပြီး သူပုန်ထပြန်၏။ ပြည်တွင်းရေးပိုမိုရှုပ်ထွေးလာ၏။

မြို့တော်သည် ပိုဆိုးလာ၏။

ထိုအခါ မောင်နှမ (၇)ယောက်တို့သည် မိမိတို့ကိုးကွယ်ဆည်းကပ်သောစူဠနာဂမထေရ်ကိုပင့်ပြီး အေးချမ်းသည့် တောအရပ်ဒေသတစ်ခုသို့ ထွက်ခွာလာကြ၏။

ထိုတောအရပ်ရှိ ဘုန်းတော်ကြီးကျောင်းတွင် စူဠနာဂမထေရ်သီတင်းသုံး၏။ ညီအစ်ကို (၆) ယောက်တို့က ဝမ်းစာရေးအတွက် ရရာအလုပ်ကို ပင်ပင်ပန်းပန်းလုပ်ကိုင်ကြ၏။

ညီမလေးကတော့ အိမ်မှာပဲနေပြီး ချက်ပြုတ်ရ၏။

တစ်နေ့သ၌ ညီအစ်ကို(၆)ယောက်တို့သည် အခကြေးငွေရရှိပါသဖြင့် ညီမလေးဝတ်ရန် တစ်ထည်သောအဝတ်ကောင်းကိုရလာ၏။ ညီမလေးကိုဝတ်ဆင်ရန်ပေးကြ၏။ ညီမလေးက မဝတ်ဘဲသိမ်းထား၏။

■ **သက်နံ့လှူခြင်း**

စူဠနာဂမထေရ်သည် နေ့စဉ်နေ့တိုင်း ထိုမောင်နှမအိမ်သို့ ဆွမ်းခံကြွ၏။ မထေရ်၏သက်နံ့သည် ဟောင်းနွမ်းနေပါသဖြင့် သိယ်ဒတ္တအမျိုးသမီးလေးက သူမှာရှိသော ပိတ်စကောင်းကို သက်နံ့ဝတ်ရန် မထေရ်အား လှူဒါန်း၏။

မထေရ်သည် ထိုပိတ်စကိုယူပြီး သက်နံ့ချုပ်၏။ ဝတ်ဆင်၏။ ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်လေရာ မကြာမီ ရဟန္တာမထေရ်ကြီးဖြစ်သွား၏။

ထိုအမျိုးသမီးလေး၏ဒါနအဟုန်ကြောင့် သိကြားမင်း၏ ပဏ္ဏကမွှေလာကျောက်ဖျာပူလာရ၏။ သိကြားမင်းအကြောင်းရင်းကို ရှာဖွေ၏။

တွေ့ရပါပြီ။ လူပြည်မှ စေတနာရှင်မလေး၏ သက်နံ့အလှူဖြစ်၏။ ထို့သက်နံ့ဖြင့်ပင် အလှူခံရဟန်းတော်သည်လည်း ရဟန္တာမထေရ်ကြီးဖြစ်သွားရ၏။

သိကြားမင်းသည် ညဉ့်သန်းခေါင်ယံအချိန်တွင် လူပြည်သို့ဆင်း၏။ ပဉ္စပ်တစ်ခုထဲမှာ နတ်ပုဆိုးတို့ကိုထည့်ပြီး ထိုအမျိုးသမီးလေး၏အိပ်ပျော်နေသောခေါင်းရင်းမှာထားခဲ့၏။

နံနက်မိုးလင်းသောအခါ ထိုအမျိုးကောင်းသမီးလေး၏ခေါင်းရင်းမှာ ပဉ္စပ်ကိုတွေ့ရ၏။ ပဉ္စပ်ထဲမှာ နတ်ပုဆိုးတွေကိုတွေ့ရ၏။

သက်နံ့လှူသည့်အကျိုးကြောင့် နတ်ဒေဝါတွေက ငါ့ကိုပေးတာပဲဖြစ်မယ်လို့တွေးပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေ၏။

ထိုပုဆိုးများကိုယူပြီး အစ်ကို (၆) ယောက်အား တစ်ယောက်တစ်ထည်စီ ဝေပေး၏။ ရဟန်းသံဃာတော်များကိုလည်း သက်နံ့ချုပ်ရန်လှူဒါန်း၏။

မည်မျှပဲလှူလှူ ပဉ္စပ်ထဲမှာ နတ်ပုဆိုးတွေကပြည့်မြဲပြည့်နေပါတော့၏။

■ **အနုရာဓမြို့သို့ပြန်ကြခြင်း**

တိုင်းပြည်လည်း အေးချမ်းသွားပါပြီ။ မင်းကြီးလည်း ထီးနန်းပြန်ရလေပြီ။ ယင်းကြောင့် မိမိတို့ကိုးကွယ်သည့်ဆရာတော်နှင့်တိုင်ပင်ပြီး အနုရာဓမြို့သို့ပြန်ပြောင်းရန် စီစဉ်ကြပါတော့၏။

ဆရာတော်က အရှေ့မှအရင်ကြွသွားပါလေပြီ။ မောင်နှမ (၇) ယောက်တို့ကား ခြေလျင်ခရီးဖြင့် ဖြည်းဖြည်းလာကြပါတော့၏။

■ **ဖူးစာဆုံကြလေပြီ**

ထိုနေ၌ သိယ်မစွလုလင်သည် ရေချိုးရန် အခြွေအရံများနှင့် တိဿဝါပီရေကန်သို့ရောက်ရှိလာ၏။

ထိုရေကန်၌ အပေါင်းအဖော်များဖြင့် ရေကစားနေ၏။ မိုးသည် ရုတ်တရက်ရွာချလိုက်၏။ ရေချိုးနေကြသူများ ကန်ပေါ်သို့တက်၍ ရွာဦးရှိဇရပ်ထဲသို့ ပြေးဝင်မိုးခိုကြရ၏။

ထိုအခိုန် မောင်နှမ (၇) ယောက်တို့သည် မိုးထဲရေထဲမှာ ထိုဇရပ်နားသို့ ရောက်ရှိလာကြ၏။

အစ်ကို(၆)ယောက်တို့သည် မိုးခိုရန် ဇရပ်တစ်ဆောင်သို့ အပြေးအလွှား ဝင်ကြ၏။ ညီမငယ်လေး သိယ်ဒတ္တသည်ကား မပြေးမလွှားပါ။မိုန်းမကောင်းတို့၏ဣန္ဒြေအတိုင်း ဖြည်းဖြည်းသာဝင်၏။

ထိုအမျိုးသမီးလေးကို ဇရပ်ထဲမှာ သိယ်မစွလုလင်က ရုတ်တရက်မြင်တွေ့လိုက်ရ၏။

တွေ့တွေ့ချင်း စိတ်ဝင်စားသွား၏။ မိန်းကလေးသည် ရုပ်ရည်တင့်တယ်၏။ ချောမောလှ၏။ အသွားအလာအနေအထိုင် ဣန္ဒြေရှိ၏။

ယင်းကြောင့် အမျိုးသားလုလင်သည် သူ၏အခြွေအရံများကို ထိုအမျိုးသမီးသည် အိမ်ထောင်ရှိမရှိ စုံစမ်းခိုင်း၏။

အိမ်ထောင်မရှိမှန်းသိသောအခါ မိန်းကလေး၏ အစ်ကို (၆) ယောက်တို့ထံမှာ လက်ထပ်လိုကြောင်းတောင်းရမ်း၏။

ညီအစ်ကို(၆)ယောက်တို့ကလည်း လုလင်၏ရုပ်ရည်ကိုကြည့်ပြီး သဘောတူလိုက်ကြ၏။

ဤသို့အားဖြင့် တစ်ဦးနှင့်တစ်ဦး မေတ္တာစစ်မေတ္တာမှန် (အချစ်စစ်အချစ်မှန်)တွေ့ဆုံသွားကြပြီး လက်ထပ်လိုက်ကြပါတော့၏။

ဘဝဟူသည် ဆန်းကြယ်လှပါ၏။ ထူးဆန်းလှပါ၏။

ဇနီးမောင်နှံစိတ်တူကိုယ်တူဖြစ်ကြပါသဖြင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိကြပါ၏။

■ **နန်းတော်သို့ဝင်ကြခြင်း**

အမျိုးသား သိယ်မစွနှင့် အမျိုးသမီး သိယ်ဒတ္တတို့သည် မြင်းနှစ်ကောင်

www.burmeseclassic.com

ဆရာဦးဘွန်သိန်း(ရေမည်းသင်း)
ကျွဲ၊ နွား နာခေါင်းသွေးယိုခြင်း

တော့ သွားဆက်ပါတယ်။ စည်းရုံးရေးပေါ့။ (၇) မတ်မျိုးတွေကလည်း ကျွန်တော့်ကို (၇) ရက်နေ့မှာဆက်တာတွေ့တော့ ဆရာလေးက (၇) မတ်မျိုးဆိုပြီး ခင်ကြတယ်။ တောင်သူတွေ ပစ္စည်းဝယ်တဲ့ တပေါင်းပွဲတော်ကြီးပါပဲ။ နေကလည်း ပူသလားမမေးနဲ့။ ပွဲတော်ရက်မို့ မလိုက်ချင်လိုက်ချင်နဲ့ နဘူးအိုင်ကိုပါသွားတာ။ နွားကိုကြည့်လိုက်တော့ နွားရဲ့နှာခေါင်းနှစ်ဖက်လုံးက နှာခေါင်းသွေးတွေယိုနေတာ နီရဲနေတာပဲ။

ကျွန်တော်လည်း ပါလာတဲ့ ကျောက်ချဉ် (၁) ကျပ်သားကို ရေခဲရေနဲ့ဖျော်ပြီး နွားကြီးရဲ့ဦးချိုနှစ်ခုကြားနဖူးပေါ်၊ နှာခေါင်းပေါ်ကို ကျောက်ချဉ်ဖျော်ရည်ဖြည်းဖြည်းချင်းလောင်းပေးလိုက်ပါတယ်။ မကြာလိုက်ပါဘူး။ နှာခေါင်းသွေးယိုတာစဲသွားပါတယ်။ ကျောက်ချဉ်ဖျော်ရည်ကို (၁၀-စီစီ) ဆေးထိုးပြွန်နဲ့ စုပ်ပြီး နှာခေါင်းနှစ်ဖက်ထဲ ခပ်ပြင်းပြင်းလေးထိုးထည့်လိုက်ပါတယ်။ နှာခေါင်းသွေးယိုတာ လုံးဝရပ်သွားပါပြီ။ ညနေကျရင် တစ်ကြိမ်ထပ်လုပ်ဖို့လည်းမှာခဲ့ပါတယ်။ အင်မတန်ကောင်းတဲ့ဆေးနည်းတိုလေးပါပဲ။

ကျွန်တော်လည်း တပေါင်းပွဲမှာ ပျော်ချင်သေးလို့ မြန်မြန်ပြန်ခဲ့ပါတော့တယ်။

ဆလိုင်းဌွန်သိန်း(ရေမည်းသင်း)

ဆဖိုင်းဌွန်သိန်း(ရေမည်းသင်း)
ကျွဲ၊ နွား နာခေါင်းသွေးယိုခြင်း

စည်ကားတယ်။ မြို့သာကိုသွားတဲ့ လမ်းခွဲလည်းရှိတယ်။ အခုဆိုရင်တော့ စက်မှုဇုန်နဲ့ လမ်းတည့်နေပြီပေါ့။ ဦးမြင့်အိမ်ရောက်တော့ နေ့လယ် (၁) နာရီထိုးပြီး မှတ်မှတ်ရရ ဆီးမီးခဲ့ တပေါင်းလနတ်ပွဲကျင်းပနေတဲ့အချိန်ပေါ့။

မြန်မာပြည်မှာ တောင်ပြုံးပြီးရင်တော့ ဆီမီးခုနှတ်ပွဲက အစည်းကားဆုံးဘဲ။ တစ်ပြည်လုံးကနတ်ကတော်တွေလာကြတယ်။ အိမ်တွင်းမင်းမဟာဂီရိနတ်ပွဲပေါ့။ သိုးဆောင်းလို့ခေါ်တဲ့ နတ်ကတော် အကြီးတော်ချုပ်ကြီး ကိုယ်တိုင်ကြွလာတဲ့ပွဲပါ။ ဆီမီးခုနှစ်သူနှစ်သား အားလုံးလာပြီးတော့ကန်တော့ကြပါတယ်၊ (၇)ရက်နေ့ဆိုရင် (၇)မတ်ဆက်ရတယ်၊ (၈)ရက်နေ့ဆိုရင် (၈)မတ်ဆက်ရတယ်၊ (၉)ရက်နေ့ဆိုရင် (၉)မတ်ဆက်ရတယ်၊ အခုခေတ်ငွေနဲ့ဆိုရင်တော့ နတ်ကတော်တွေ ကိုက်မှာမဟုတ်ဘူး။ ဆက်ကြေးတွေများပြောင်းသွားသလားမသိပါဘူး။ သူရဲမိုးနွယ်အလိုက်ဆက်ရတာ။ (၇)မတ်မျိုး၊ (၈)မတ်မျိုး၊ (၉)မတ်မျိုးနွယ်ပေါ့။

ကျွန်တော် ဆီမီးခုမှာနေတုန်းက မြင်းခြံမြို့နယ်ဟာ အပူအားကြီးတယ်ဆိုတာတော့ လူတိုင်းသိကြပါတယ်။ ကျွန်တော်က မြင်းခြံမြို့နယ်မှာ ရှစ်နှစ်တောင်နေခဲ့ရတာဆိုတော့ ပိုပြီးခံစားရပါတယ်။ ဖေဖော်ဝါရီလလယ်လောက်ဆိုရင် မြင်းခြံနယ်က မအေးတော့ပါဘူး။ နေလို့ကောင်းနေပါပြီ။ မတ်လဆန်းတာနဲ့ပူတော့တာပဲ။ မြင်းခြံနယ်ရဲ့ နွေရာသီကာလတွေဆိုရင် လူတွေ နှာခေါင်းသွေးယိုတာအဖြစ်များပါတယ်။

ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ နှာခေါင်းသွေးယိုရင် နွားချေးခြောက်ကောက်ရလိုက်တာပဲ။ ပျောက်သွားတာပဲ။ ဘာကြောင့်ရယ်တော့ ကျွန်တော်လည်းမသိဘဲ အများသုံးတဲ့ဆေးမြီးတိုတစ်လက်ပဲ။ နွေရာသီမှာ ကျွဲ၊ နွား၊ နှာခေါင်းသွေးယိုကြတယ်။

ကျွန်တော် မြင်းခြံမြို့နယ် ဆီမီးခုမှာ တာဝန်ထမ်းဆောင်စဉ်တုန်းကပေါ့။ ဆီမီးခုနဲ့ (၉) မိုင်လောက်ဝေးတဲ့ နဘူးအိုင်ဆိုတဲ့ရွာကြီးက ဦးမြင့်လာခေါ်လို့ လိုက်သွားဖူးတယ်။ နဘူးအိုင်ရွာက ကသောရထားပေါ်တွင်စီးကြ၏။

နောက်မှ မြင်းကိုယ်စီဖြင့် အစ်ကိုတို့လည်းစီးလျက် အခွေအရံများခြံရံပြီး နန်းတော်သို့ဝင်ကြ၏။

လမ်းခရီးတွင် ဒကွိဏမဟာစေတီတော်ကြီးနှင့်ရတနာမာတိကာမဟာစေတီတို့ကို ဇနီးမောင်နှံတို့ မြင်းရထားပေါ်မှ ဆင်းသက်၍ဝင်ဖူးကြ၏။

ထို့နောက် နန်းတော်သို့ဝင်ကြလေ၏။ အမျိုးသမီးသည် ပခြုပ်ထဲမှာ နတ်မုဆိုးများကိုယူပြီး မင်းကြီးအား ဆက်သလေ၏။

မင်းကြီးသည် အလွန်နှစ်သက်လှပြီး ထိုအမျိုးသားနှင့်အမျိုးသမီးတို့အား သားသမီးများပမာ စောင့်ရှောက်ပါ၏။

မည်မျှပင်ပေးပေး ပခြုပ်အတွင်းမှ နတ်မုဆိုးများကပြည့်မြဲပြည့်လျက်။

■ **နယ်စားပေးခြင်း**

ဇနီးမောင်နှံတို့သည် မင်းကြီး၏ ခိုးမြောက်ခြင်းကိုခံကြရပါသဖြင့် အရပ်ထက်ဝန်းကျင်မှာ ကျော်စောလေ၏။

မြို့တော်၏ပတ်ဝန်းကျင်ဇနပုဒ်ရွာများကို နယ်စားအဖြစ် အပိုင်စားခိုးမြှင့်လေ၏။

■ **လှေကြီးတစ်စင်း**

တစ်နေ့သ၌ ထိုဇနီးမောင်နှံတို့သည် ဂင်္ဂါမြစ်အတွင်းရေဆင်းခိုးကြ၏။ ထိုအခါ လူမပါသော လှေကြီးတစ်စင်းသည် အမျိုးသမီး (သိယ်ဒတ္တာ) ဆီသို့ကပ်လာ၏။

လှေကြီးပေါ်တွင် အဖိုးများစွာထိုက်တန်သော အထည်အလိပ်များပါလာ၏။

ထိုအထည်အလိပ်များကို လှေကြီးပေါ်မှယူဆောင်လာကြပြီး ဂင်္ဂါမြစ်ကမ်းအနီးတွင်ရှိသော ကုမ္ဘိလကျောင်းတိုက်ကြီးရှိ ရဟန်းသံဃာတော်များတို့အား သင်္ကန်းအဖြစ် လှူဒါန်းလိုက်ကြပါ၏။

ထိုဇနီးမောင်နှံတို့သည် နေ့စဉ်နှင့်အမျှ ရဟန်းသံဃာတော်များကိုလှူဒါန်းကြ၏။

ရတနာမြတ် (၃) ပါးကိုလည်း ရိုရိုသေသေဆည်းကပ်ကြ၏၊ ကိုးကွယ်ကြ၏။

ထိုဇနီးမောင်နှံတို့သည် အသက်ရှည်ပြီး အိုမင်းလာသောအခါ လူဘဝမှစုတေပြီး နတ်ပြည်ကြီးသို့ရောက်သွားကြ၏။

နတ်ပြည်ကြီးတွင်လည်း နတ်စည်းစိမ်များကို အပြည့်အဝခံစားရပါတော့သည်။

အောင်စကြာ
အခွင့်သုခလေးဘုရ

(ဒဂုန်ဦးစန်းငွေ၏ လင်္ကာသံပဝတ္ထုစာအုပ်ကိုမှီး၍)


www.burmeseclassic.com

www.burmeseclassic.com

လှမိုး(ပညာရေး)

အလှာဝါရေအောက်ကွယ်ပျောက်သွားသော ဂန္ဓိရနိုင်ငံတော်

(အခန်းဆက်ခေါင်းစဉ်)



အလှာဝါပေဒနှင့် သမုဒ္ဒရာကြီးများအကြောင်းကို တစိုက်မတ်မတ် လေ့လာခဲ့သူ ဒေါက်တာမောရစ်အီဝင်းကမူ သူသည် ပျောက်ဆုံးသွားသည့် ပင်လယ်အောက် စုံးစုံးမြုပ်ခဲ့ရသည်ဟု ဆိုသော အတ္တလန္တိစ်တိုက်ကြီးနှင့် ပတ်သက်သော အထောက်အထားများကို တတ်နိုင်သလောက်၊ ရှာဖွေခဲ့သော်လည်း ခိုင်မာတိကျသော အထောက်အထားတစ်စုံတစ်ရာမတွေ့ရပါဟု ဆိုပါသည်။ သူသည် တစ်ဆယ့်သုံးနှစ်တိတိကြာမြင့်စွာရှာဖွေခဲ့သည်ဟုလည်း သိရ၏။ ထို့အတူ ရှေးဟောင်းသုတေသန ပညာရှင်ကြီးများဖြစ်ကြပြီး အတ္တလန္တိစ်မြို့တော်ဟောင်းကြီးအကြောင်းဆောင်းပါးများရေးကြသော ဒေါက်တာ အာမန် ဒိုဗင်တီနှင့် ဒေါက်တာဂျေအင်ဘယ်လိုနီတို့သည် နှစ်ပေါင်းများစွာ သုတေသနပြုခဲ့ကြသည်။ သူတို့နှစ်ယောက်ကမူ အတ္တလန္တိစ်တိုက်ကြီးနှင့် အင်ပါယာကြီးကို ရှာပုံတော်ဖွင့်ကြခြင်းသည် အချိန်ဖြုန်းမှုသာဖြစ်သည်ဟုဆိုကြပြန်သည်။

အတ္တလန္တိစ်တိုက်ကြီးရှိခဲ့ဖူးသည်ဆိုသောသဘောတရားကိုယုံကြည်ထားသူများကမူ အထက်ဖော်ပြပါ ပညာရှင်များသည် ရေအောက်၌နစ်မြုပ်နေသော မြို့တော်များကို မတွေ့ခဲ့ဘူးသဖြင့် စနစ်တကျ သုတေသနမပြုဘဲ ကောက်ချက်ချခြင်းသာဖြစ်မည်ဟု ပြင်းပြင်းထန်ထန် ဝေဖန်ခြင်းခံကြရ၏။

မှန်ပါသည်။ ရှေးပဝေသဏီက အတ္တလန္တိစ်တိုက်ကြီးတည်ရှိမှုနှင့်ပတ်သက်၍လည်းကောင်း၊ အင်ပါယာကြီး ရှိခဲ့ပြီး ရေအောက်သို့ အကြောင်းကြောင်းကြောင့် စုံးစုံးမြုပ်ခဲ့ရခြင်းနှင့် ပတ်သက်၍ လည်းကောင်း တိတိကျကျ အခိုင်အမာဆိုနိုင်သော ဘုံးတက်ဖြစ်ပေါ်မှုများကို ယနေ့ခေတ်လီအများက ပြည့်ပြည့်စုံစုံပင် မတွေ့လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ယင်းတွေ့ရှိချက်များသည် ယခင်က အတွေ့လွန်စံတိုက်ကြီးမရှိနိုင်၊ အင်ပါယာကြီးဆိုသည်မှာလည်း ယုံတမ်းစကားများဟု ဆိုသော သမိုင်းပညာရှင်များ၊ သိပ္ပံပညာရှင်အား အတော်အသင့် ကျေနပ်နှစ်သိမ့်မှုပေးခဲ့သည်။

အာဇီးရပ်၊ ဘာဟားမား၊ ကင်နရီ စသော ကျွန်းစုများ၏ ကမ်းလွန်ရေပြင်များနှင့် နာမည်ကျော် ဘာမြူဘြိဂံဒေသ တစ်ဝိုက် ဖြတ်သန်းပျံသန်းသွားသည့် ခရီးသည်တင်လေယာဉ်များ၊ ကုန်တင်လေယာဉ်များ၊ အပျော်တမ်းမောင်းနှင်သည့် လေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ လူစီးသင်္ဘောများ၊ အပျော်တမ်းခရီးထွက်ကြသောရွက်လှေများနှင့်လိုက်ပါလာကြသူအများကမူ အထက်ဖော်ပြပါဒေသများရှိ စိမ်းကြည်နေသော ရေနက်ပိုင်းများတွင် မြို့ကြီးများပျက်စီးနေသော ကျောက်တံတိုင်းများ၊ ကျောက်လှေကားများ၊ ရုပ်တုဟု ယူဆဖွယ်အရာများ၊ အကျိုးအပဲ့အပျက်အစီးများ၊ ပျက်စီးနေသော ကျောက်လမ်းများကို မြင်ရသည်ဟု ဆိုသည်။ အချိန်အခါတိုင်း မြင်ရခြင်းမဟုတ်ပေ။ ရေအလွန်ကြည်လင်နေသည့်အခါမျိုးတွင်သာမြင်နိုင်သည်ဟု သိရ၏။ ဤအပျက်အစီးအကျိုးအပဲ့များသည် တစ်ချိန်က ဟိုးဟိုးကျော်ခဲ့သောအတွေ့လွန်စံမြို့ကြီးမဖြစ်နိုင်သလော စဉ်းစားစရာဖြစ်သည်။

တိုက်ကြီးများရေအောက်စုံးစုံးမြုပ်ခဲ့ဖူးသည်ဟူသောအယူအဆကိုလက်မခံသူများကမူ လေယာဉ်မှူးများ၊ သင်္ဘောနှင့်လိုက်ပါသူများ၊ ရေလုပ်သားများ အာရုံလွဲမှား၍ အထင်အမြင်များမှများသာဖြစ်နိုင်သည်ဟုဆိုကြ၏။ အတွေ့လွန်စံတိုက်ကြီး ရေအောက်သို့ စုံးစုံးမြုပ်ခဲ့ဖူးသည်ဟုအယူအဆကို ထာဝစဉ်ဆုပ်ကိုင်ထားသော သုတေသီဗလင်တိုင်းကမူ သူယုံကြည်လေးစားရသော လေယာဉ်မှူးတစ်ဦးသည် အထက်ဖော်ပြပါ ဒေသသို့သွားရောက်၍ ရေကြည်လင်နေသော အချိန်တွင် ဓာတ်ပုံများရိုက်ကူးခဲ့သော အခါ သမုဒ္ဒရာကြမ်းပြင်တွင်တွေ့ရသော ရှေးဟောင်းအဆောက်အအုံပျက်များ၊ ကျောက်တိုင်အကျိုးအပဲ့များ၊ ရုပ်တုအကျိုးအပဲ့များတွေ့ရသည်ဟုဆိုသည်။ သူကိုယ်တိုင်ရိုက်ကူးခဲ့သော ဓာတ်ပုံများကို ပါမောက္ခဗလင်တိုင်ထံသို့ ပေးအပ်ခဲ့၏။ ဒေါက်တာဗလင်ကိုယ်တိုင် ထို ဓာတ်ပုံများကို ဓာတ်ပုံပညာတတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီနှင့် စစ်ဆေးကြည့်ရှုခဲ့ပြီး ယင်းရေအောက်ရှိ အဆောက်အအုံအပျက်အစီးများသည် ကြည့်ရှုသူများအာရုံလွဲမှားခြင်းများမဖြစ်နိုင်ကြောင်းကို အတည်ပြု ပြောကြားခဲ့သည်။

ဒေါက်တာဗလင်တိုင်မှာ ပြင်သစ်ပြည်တွင် ဖွားမြင်ခဲ့သူ အဏ္ဏဝါဗေဒပညာရှင် ဒီမိထရီရီဘိုင်ကော့(ဖ်)နှင့် အတူ စနစ်တကျ စစ်ဆေးကြည့်ရှုခြင်းဖြစ်၏။ ဒီမိထရီရီဘိုင်ကော့(ဖ်)ဆိုသူမှာ နယ်နှယ်ရရဖူဂွိုလ်မဟုတ်ပါ။ ပြင်သစ်နိုင်ငံ ရေအောက်စူးစမ်းလေ့လာရေး အဏ္ဏဝါဗေဒဌာန၏ဌာနမှူးဖြစ်သည်။ တိုက်ကြီးများ အဏ္ဏဝါရေအောက် စုံးစုံးမြုပ်ခဲ့သောသဘောတရားကို ယုံကြည်လက်ခံသူဖြစ်၏။ သူ၏ မှတ်တမ်းများအရ ဒီမိထရီရီဘိုင်ကော့(ဖ်)ကိုယ်တိုင် အမေရိကန်ပြည်ထောင်စု မီယာမီကမ်းခြေ အဏ္ဏဝါရေအောက်ကြမ်းပြင်တွင် တစ်မိုင်ခွဲခန့်ရှိမည်ဟု ခန့်မှန်းရသော ကျောက်တံတိုင်းကြီးတစ်ခုကို တွေ့ရသည်ဟု ဆိုသည်။ ကျောက်ပြားခင်းလမ်းများကိုလည်း တွေ့မြင်ရပါသည်ဟု ဆိုသည်။ ကျောက်စကြိုများရှိသည်ကိုလည်း သတိထားမိသည်ဟု သတင်းများက ဖော်ပြခဲ့၏။ ဤသို့ တွေ့ရှိကြသည်ဟူသောသတင်းကို ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့ ထုတ်ဝေသော မီယာမီနယူးသတင်းစာတင်းစာတွင် ဓာတ်ပုံသာဓက အထောက်အထား ဝေဝေဆာဆာနှင့် တင်ပြခဲ့သည်။ ဤသတင်းကိုပင် အမေရိကန်ပြည်ထောင်စု မှ နာမည်ကျော်သတင်းစာကြီးများဖြစ်သော 'နယူးယောက်တိုင်း(စ်)သတင်းစာ၊ ဝါရှင်တန်ပို့(စ်)သတင်းစာ၊ ချီကာဂိုထရီဘွန်းသတင်းစာကြီးများတွင် မျက်နှာဖုံးသတင်းအဖြစ်ဖော်ပြခဲ့ပြီး အခြားသတင်းမဂ္ဂဇင်းကြီးဖြစ်သောတိုင်း(မ်)နှင့်နယူးစီး(စ်)တို့ကလည်း ယင်းသတင်းကိုပင် လူအများစိတ်ဝင်စားရန် ရေးသား ဖော်ပြခဲ့ကြသည်။ သို့သော်လည်း ဤတွေ့ရှိချက်ကို ရှေးဟောင်းသုတေသနပညာရှင်အချို့နှင့် လေ့လာသူပညာရှင်အချို့က လက်မခံလိုကြပေ။ မည်သို့ပင်ဖြစ်စေ ဘာဟားမားကျွန်းအနီးနှင့် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါကမ်းလွန်ပင်လယ်ပြင်အနီးတွင် တွေ့ရသည်ဟုဆိုသော အဆောက်အအုံပျက်များ၊ တံတိုင်းပျက်များဟုယူဆရဖွယ်ဖြစ်သောကျောက်တန်းများ၊ ကျောက်လှေကားအပျက်များ၊ စကြိုများတွေ့ရှိရသည်ဟု ဒေါက်တာဗလင်တိုင်း၏ ထုတ်ဖော်ပြောချက်ထွက်ပေါ်လာသောအခါ မိမိအစီအစဉ်ဖြင့် နိုင်ငံတကာမှလေ့လာသူများ၊ အမေရိကန်ပြည်ထောင်စုမှ ပုဂ္ဂလိကလေ့လာသူများ၊ ရုပ်မြင်သံကြားထုတ်လွှင့်သည့် ကုမ္ပဏီများ၊ အစိုးရပိုင် ရုပ်မြင်သံကြားအဖွဲ့များ၊ သတင်းစာကြီးများနှင့် သတင်းမဂ္ဂဇင်းကြီးများမှ သတင်းမှဆိုများ၊ နိုင်ငံခြားသတင်းကိုယ်စားလှယ်များ၊ ရုပ်ရှင်ကုမ္ပဏီများသည် စုံးစုံးသွားရောက်ကြပြီး မိမိတို့အစီအစဉ်ဖြင့် လေ့လာမှုများပြုလုပ်ခဲ့ကြသည်။

သတင်းစာများ၊ မဂ္ဂဇင်းများ၊ ရုပ်မြင်သံကြားအစီအစဉ်ထုတ်လုပ်မှုများ၊ ရေဒီယိုသတင်းများ၊ ရုပ်ရှင်မှတ်တမ်းများအရ အထက်ဖော်ပြပါ ကမ်းလွန်ပင်လယ်ပြင်အောက်တွင် ရေအောက်လမ်းများ၊ တံတိုင်းပျက်များ၊ ကျောက်တုံးကြီးများဖြင့်ဝိုင်းရံထားသောအဝိုင်းကြီးများ၊ ကျောက်ခင်းလမ်းများ၊ ကြွေပြားများခင်းထားသော ကြမ်းပြင်များ၊ ရုပ်လုံးများ၊ ရုပ်တုများ၊ ပန်းများပါရှိသော ကျောက်တိုင်အကျိုးအပြတ်များ၊ ရုပ်တုကြီးများ၏ ကွဲပျက်နေသော ဦးခေါင်းအပိုင်းအစများကို ဘာဟားမားကျွန်းအနီး ကမ်းလွန်ပင်လယ်အောက်ကြမ်းပြင်တွင်တွေ့ရှိရသည်ဟုဆိုရာ ထိုနေရာသည် တစ်ချိန်က မြို့ဟောင်းကြီးတစ်မြို့ ရေအောက်သို့နစ်မြုပ်ခဲ့သည်ဆိုသည်မှာ သံသယဖြစ်စရာမလိုပေ။

ထို့အတူ ကနေရီကျွန်းနှင့် အာဇိုးရ်ပ်(စ်)ကျွန်းများအနီးတွင်လည်း ဤသို့ အပျက်အစီးများတွေ့ရသည်ဟု သုတေသီများက ရေးသားဖော်ပြခဲ့ပြန်သည်။ အမေရိကန်ပြည်ထောင်စုဗဲမြောက်ဘက်ကမ်းခြေနှင့် ကျူးဗားကျွန်းအနီးတွင်ရှိ ကမ်းလွန်ပင်လယ်ကြမ်းပြင်အောက်တွင်လည်းကောင်း၊ တောင်အမေရိကတိုက် ဗင်နီဇွဲလားနိုင်ငံနှင့် ယူကာတန်ကမ်းရိုးတန်းများရေအောက်တွင်လည်း အလားတူ ကျောက်တံတိုင်းကြီးများတွေ့ရသည်ဟု သတင်းများက ဖော်ပြခဲ့ပါသည်။ သုတေသီတို့ ထုတ်ဖော်ပြောဆိုချက်အရ ဆိုရလျှင် ယင်းတံတိုင်းကြီးများသည် အတော်အသင့် ရှည်လျားသည်ဟုသိရ၏။ တွေ့ရှိရသည့်ရေအနက်မှာ ပေ(၂၀)မှ တစ်မိုင်ခွဲခန့်အထိရှိသည်ဟု ဗလဒ်တမ်းများက ဖော်ပြခဲ့၏။

ထူးဆန်းနေသည့်မှာ အချို့တံတိုင်းများမှာ ကောက်ကွေ့လျက်ရှိသည်။ ဤသို့ တွေ့ရှိချက်များကို အချို့ပုဂ္ဂလိက

www.burmeseclassic.com

www.burmeseclassic.com

ရေငုပ်သမားများက လျှို့ဝှက်ထားကြ၏။ အဘယ်ကြောင့်ဆိုသော် ထိုအပျက်အစီးများရှိသော ရေအောက်ကြမ်းပြင်တွင် ရတနာပစ္စည်းများ တွေ့ကောင်းတွေ့ရမည်ဟု မျှော်လင့်ထားကြဟန်ရှိသည်။ ယခုအခါ ဤရေအောက်မှတွေ့ရှိထားသော ရုပ်တုအကျိုးအပဲ့များ၊ ကျောက်တိုင်အကျိုးအပဲ့များ စသော ပစ္စည်းများကို ဘာဟားမားကျွန်းမှ အာဏာပိုင်များသည် ဘာဟားမားကျွန်း ဖရိုပိုမြို့အတွင်း ပြတိုက်ကြီးတစ်ခုဖွင့်လှစ်ထားခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့၏။

ဤသို့တွေ့ရှိထားသော ကျောက်တံတိုင်းကြီးများသည် ကျောက်ဆောင်များမှ သဘာဝအလျောက် ဖြစ်ပေါ်ပြောင်းလဲလာခြင်းမဟုတ်နိုင်ပါဟု အတွေးလွန်စွဲသုတေသီ ဒေါက်တာဗာလင်တိုင်းကပြောဆိုခဲ့သည်။ အမေရိကန်ပြည်ထောင်စု လားမားတက္ကသိုလ်ကျောင်းတိုက်ကြီးမှပါမောက္ခဒေးဗစ်ဇင်းကလည်း သူသည် အထက်ဖော်ပြပါဒေသများမှ ကမ်းလွန်ပင်လယ်များ၏ ကြမ်းပြင်များတွင် ရေငုပ်သမားများ၊ သုတေသီများနှင့်အတူ လပေါင်းများစွာ အကြိမ်ကြိမ် စူးစမ်းလေ့လာမှုများကိုပြုလုပ်ခဲ့ကြောင်း၊ ယင်းအတွေ့အကြုံများအရ ထိုဒေသများတွင်တွေ့ရသော ကျောက်တံတိုင်းပျက်များ၊ ကျောက်ရုပ်တုအကျိုးအပဲ့များ၊ ကျောက်ပြားများသည် ကျောက်ဆောင်များမှ သဘာဝအလျောက်ဖြစ်ပေါ်ပြောင်းလဲလာသည့် ကျောက်တန်းကျောက်ဆောင်များလည်းမဟုတ်၊ ရေးပဝေသဏီကအကြောင်းအမျိုးမျိုးကြောင့် နစ်မြုပ်ခဲ့ကြသော သင်္ဘောပျက်များမှ ပစ္စည်းများလည်း မဟုတ်နိုင်ကြောင်းကို အခိုင်အမာအထောက်အထားများတင်ပြနိုင်သည်ဟု စာနယ်ဇင်းသမားများကို ရှင်းလင်းပြောကြားခဲ့လေသည်။

ဒေါက်တာဗလင်တိုင်နှင့်လပေါင်းများစွာ ပူးတွဲ၍ အဏ္ဏဝါအောက်သို့ နစ်မြုပ်သွားသော အတွေးလွန်စွဲတိုက်ကြီး အကြောင်းလေ့လာခဲ့သော ဝဲတေသီ ဒေါက်တာသော(နှ်)ကလည်း ဘာဟားမားကျွန်း အပါအဝင် ဘာမြူဒါတြိဂံဒေသရှိကျွန်းများအနီး ပင်လယ်ကမ်းခြေကြမ်းပြင်များတွင်တွေ့ရသောအဆောက်အအုံပျက်များ၊ လူအသုံးအဆောင် ပစ္စည်းအကျိုးအပဲ့များသည် ယနေ့ခေတ် ယဉ်ကျေးမှုများမှ အပျက်အစီးမဖြစ်နိုင်ကြောင်းကို အတည်ပြုပြောကြားခဲ့ပြီ။ ယနေ့ခေတ် သမိုင်းတင် ယဉ်ကျေးမှုမျိုးမပေါ်ပေါက်မီ နှစ်ပေါင်းများစွာက ယဉ်ကျေးမှုများဖြစ်နိုင်ပြီး သမုဒ္ဒရာရေပြင်မြင့်တက်လာမှုကြောင့် နစ်မြုပ်သွားခဲ့သော တိုက်ကြီးတစ်တိုက်၏ မြို့တော်ကြီးတစ်မြို့မှ ပျက်စီးယိုယွင်းခဲ့သော အဆောက်အအုံများဖြစ်သည်ဆိုသည်မှာ ယုံမှားသံသယရှိစရာမလိုပေ။

လွန်ခဲ့သောနှစ်ပေါင်း (၁၂၀၀၀) ကျော်ခန့်က တိုက်ကြီးများ၊ မြို့တော်ကြီးများ နစ်မြုပ်သွားနိုင်အောင် သမုဒ္ဒရာရေပြင်သည် မြင့်တက်လာခဲ့သည်မှာ သိပ္ပံသဘောတရားအရ မှန်ကန်သည်ဟု ပညာရှင်များ သုတေသီများက ယုံကြည်ထားကြပါသည်။ သို့သော် အတွေးလွန်စွဲမြို့တော်ကြီးနှင့် အင်ပါယာကြီး အဏ္ဏဝါအောက်သို့ စုံးစုံးမြုပ်သွားရခြင်းသည် မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ပင်လယ်ရေလှိုင်းတက်ခြင်း၊ ပြင်းထန်သော လေပြင်းမုန်တိုင်းကြောင့် ကြီးမားသော လှိုင်းတံပိုးကြီးများတက်လာခြင်းကြောင့်ပေလော။ ဤကဲ့သို့ ထူးခြားဖြစ်စဉ်များအကြောင်းကို ဟိန္ဒူဘာသာဝင် ဗျာသအရှင်သူမြတ်ကြီး ရေးသားပြုစုသော မဟာဘာရတဇာတ်တော်ကြီးတွင် ဖတ်ရှုကြရမည် ဖြစ်၏။

အမှန်အားဖြင့် အတွေးလွန်စွဲနိုင်ငံတော်ကြီးအဏ္ဏဝါအောက်နစ်မြုပ်ခဲ့ရသည်ဟူသောအချက်မှာ သဘာဝတရားကြီး၏ လျှို့ဝှက်ချက်ပေလော။ ယနေ့အထိ ရှင်းရှင်းလင်းလင်းအဖြေရှာမတွေ့ရသေးပေ။

■

ကမ္ဘာ၏ ပထဝီအနေအထား ရုတ်တရက် ပြောင်းလဲသွားပြီး ကမ္ဘာတိုက်ကြီးများ၊ ကမ္ဘာတိုက်ကြီးများပေါ်တွင် မှီတင်းနေထိုင်ကြသော လူများ၊ တိရစ္ဆာန်များ၊ မြို့ရွာများ၊ ယဉ်ကျေးမှုများပါ အဏ္ဏဝါအောက်သို့နိမ့်ကျသွားခြင်း သို့မဟုတ် သမုဒ္ဒရာပင်လယ်အတွင်းမှ အလွန်မြင့်မားသောလှိုင်းတံပိုးကြီးများ လွှမ်းမိုးခံရခြင်း၊ မီးတောင်ကြီးများပေါက်ကွဲသဖြင့် ကျွန်းကြီးများ ရုတ်တရက် သမုဒ္ဒရာအောက် နိမ့်ကျပျောက်ဆုံးသွားရခြင်းများသည် ယနေ့မျိုးဆက်သစ် လူငယ်အများအဖို့ စိတ်ဝင်စားဖွယ်ကောင်းသော ကျွန်တော်တို့ကမ္ဘာကြီး၏ ထူးခြားဖြစ်စဉ်များဖြစ်ပါသည်။ ဤကဲ့သို့ ပျောက်ဆုံးသွားသော တိုက်ကြီးများအနက် ရှေးပဝေသဏီကစ၍ ယနေ့ထိ လူအများနှင့် အကျွမ်းတဝင်သိရှိခဲ့ကြသောတိုက်ကြီးလေးခုရှိသည်ဟု ပညာရှင်များ၊ သုတေသီများက ယူဆထားပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အတ္တလန်တိစ်တိုက်ကြီး(Atlantis)
လာမူရီးယားတိုက်ကြီး(Lamuria)
အေဗလွန်တိုက်ကြီး (Avalon)
ပေါ် တီဂိပိုင် အင်တီလာကျွန်းကြီး (Antila) တို့ ဖြစ်ကြသည်ဟု ဆိုကြပါသည်။

အချို့မှတ်တမ်းများတွင်မူ ဂရိအစိုးရပိုင် ဆိုင်း(လ်)အော့(ဖ်) ဘလက်စတ်ကျွန်းကိုလည်း ထည့်သွင်းဖော်ပြကြပါသည်။ အချို့ကလည်း ပါးစပ်ပြောသမိုင်းများ၊ ဒဏ္ဍာရီများအရ ဤကဲ့သို့ အဏ္ဏဝါအောက်သို့ စုံးစုံးမြုပ်ရသော ကျွန်းကြီးများအများအပြားရှိသေးသည်ဟုဆိုကြ၏။ ဤကဲ့သို့ပျောက်ကွယ်သွားသောတိုက်ကြီးများ၊ ကျွန်းကြီးများအယူအဆကို လက်ခံသော ပညာရှင်များ၊ တစ်ိုက်မတ်မတ်လေ့လာသူများ၊ သက်သေပြလိုသူများသည် ယနေ့ပထဝီဝင်သဘောတရားများ၊ အဏ္ဏဝါဗေဒသဘောတရားများ၊ ဘူမိဗေဒပညာသဘောတရားများနှင့် ချိန်ထိုးနှိုင်းဆ၍ စူးစမ်းရှာဖွေတင်ပြကြပါသည်။ ဤပျောက်ဆုံးသွားသောတိုက်ကြီးများတွင် အတ္တလန်တစ်တိုက်ကြီးမှာ အထင်ရှားဆုံးနှင့် လူအများစိတ်ဝင်စားဆုံးတိုက်ကြီး ဖြစ်ပါသည်။

ဤအယူအဆကို လက်ခံလိုကြသောသိပ္ပံပညာရှင်များ၊ သမိုင်းပညာရှင်များရှိသကဲ့သို့ ထိုအယူအဆကို ပယ်ချခဲ့သောပညာရှင်များ၊ သမိုင်းပညာရှင်များရှိပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ဤပျောက်ဆုံးသွားသော တိုက်ကြီးများအကြောင်းကို ကမ္ဘာ့နိုင်ငံအသီးသီးရှိလူမျိုးနွယ်များ၏ ဒဏ္ဍာရီများ၊ ပါးစပ်သမိုင်းများတွင်ပါဝင်ခဲ့ပြီး နိုင်ငံအသီးသီးမှ စာရေးဆရာကြီးများကလည်း ထိုပျောက်ဆုံးသွားသောတိုက်ကြီးများ၊ အင်ပါယာကြီးများကိုနောက်ခံထား၍ စိတ်ကူးဉာဏ်ကွန့်မြူးပြီး ဝတ္ထုများလက်ဆစ်ချိုးရေတွက်မရအောင်ရေးသားထုတ်ဝေပြီး ထုတ်ဝေဆဲ ဖြစ်ပါသည်။ ဤကဲ့သို့ အသိရောက်သောလျှို့ဝှက်ဆန်းကြယ်သောတိုက်ကြီးများ ရေအောက်သို့ စုံးစုံးမြုပ်သွားသည့် ဖြစ်စဉ်များတွင် အတ္တလန်စ်တိုက်ကြီး ပျောက်ဆုံးသွားရသောဖြစ်စဉ်မှာ ယနေ့ထိ ဆောင်းသည်ဟုဆိုရမည် ဖြစ်ပါသည်။

မှတ်တမ်းများအရ ယနေ့အထိ ပျောက်ဆုံးသွားသော အတ္တလန်စ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ကြီးနှင့်ပတ်သက်၍ ရေးသားထုတ်ဝေပြီးသော စာအုပ်ပေါင်း (၂၀၀၀) ကျော်ရှိသည်ဟု အတွေ့လန်တီရမ်ဟု ယနေ့ကင်ပွန်းတပ်ခံရသော အတွေ့လန်ဘီသုတေသီများက အထောက်အထားစာရင်းဇယားနှင့်တင်ပြခဲ့ကြ၏။ (ဤပျောက်ဆုံးသွားသော်တိုက်ကြီးအကြောင်းရေးသားခဲ့သည့်ဆောင်းပါးများ အရေအတွက် ပါဝင်ခြင်းမရှိပါ။)

သိပ္ပံပညာရှင်အချို့ကလည်း သိပ္ပံပညာအရ အထောက်အထားတိတိကျကျ ခိုင်ခိုင်မာမာမပြနိုင်သေးဟုဆိုကြသည်။ ဤသို့ တိတိကျကျမသိကြရလေ သို့လော သို့သော် တွေးတောဖွယ်ရာများ ဝိဝါဒကွဲပြားဖွယ်ရာများ ပေါ်ပေါက်လာလေ လေဖြစ်သည်။ သို့ဖြစ်၍ ပျောက်ဆုံးသွားသော အတွေ့လန်စိတိုက်ကြီးနှင့် အင်ပါယာကြီးမှာ အမှန်တကယ်ရှိခဲ့သလော၊ သို့မဟုတ် ဘာသာရေးရူထောင့်မှ စံပြဖြစ်စေရန် သတိပေးသည့်ဒဏ္ဍာရီလော သို့မဟုတ် လူသားမျိုးနွယ်များအား ဒုစရိုက်မှုများကျူးလွန်ခြင်းမရှိစေရန် ပညာရှင်အများက ဖန်တီးထားသော ကိုယ်ကျင့်တရားကောင်းမွန်စေလိုသည့် ဥပဒေသဝတ္ထုလော သို့မဟုတ် လက်ဆင့်ကမ်းပြောကြားခဲ့သော ပါးစပ်သမိုင်းလောဆိုသည်မှာ အငြင်းပွားဖွယ်ဖြစ်ခဲ့ရလေသည်။ မည်သို့ပင်ဖြစ်စေကာမူ ဤပျောက်ဆုံးသွားခဲ့သည်ဟူသော အတွေ့လန်စိတိုက်ကြီး၏ဖြစ်ရပ်ဆန်းမှာ ရာစုနှစ်ပေါင်းများစွာပဲ့တင်ထပ်ခဲ့သောဖြစ်စဉ်ဖြစ်တော့သည်။

ဤထူးခြားဖြစ်စဉ်ကို အစပျိုးပေးခဲ့သူမှာ ဂရိနိုင်ငံ အေသင်မြို့ကမ္ဘ ဥပဒေပညာရှင် ဆိုလွန် ဖြစ်သည်။ ဆိုလွန်မှာ ဂရိနိုင်ငံတော် လျှမ်းလျှမ်းတောက်ပိုးပိုးကျော်စဉ်က လူအများလေးစားရသော ဥပဒေပညာရှင် ဖြစ်၏။ သူသည် မနေမနားခရီးသွားနိုင်သော မဟာခရီးသည် ဖြစ်သည်။ မြေထဲပင်လယ်အနီးအနားရှိ ဂရိနိုင်ငံတော်၏ လက်အောက်ခံနိုင်ငံများသာမက ဂရိနိုင်ငံနှင့် ငြိမ်းချမ်းစွာ အတူပူးတွဲနေထိုင်ခဲ့ကြသောအလယ်အရှေ့အာရှနိုင်ငံများ၊ အာဖရိကတိုက် မြောက်ပိုင်းနိုင်ငံများအထိ မနေမနားခရီးဆန်ခဲ့သည်။ ခရစ်တော်မပေါ်မီ ၅၉၀ ပြည့်နှစ်တွင် မဟာခရီးသည် ဆိုလွန်သည် အီဂျစ်နိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ထိုစဉ်က အီဂျစ်နိုင်ငံမှာ လက်နက်နိုင်ငံတော်ကြီးတစ်နိုင်ငံဖြစ်သည်သာမက ယဉ်ကျေးမှုအဆင့်အတန်းမြင့်သောနိုင်ငံတော်ကြီးဖြစ်သည်။ အာဖရိကတိုက်နိုင်ငံအများနှင့် အာရေဗျကျွန်းဆွယ် ဤနိုင်ငံအများသည် အီဂျစ်နိုင်ငံတော်၏ သစ္စာခံနိုင်ငံများဖြစ်သည်။ စီးပွားရေးတောင့်တင်းပြီး အီဂျစ်အင်ပါယာကြီးမှာ ထိုစဉ်က မြေထဲပင်လယ်ဒေသတစ်ဝိုက်နိုင်ငံများနှင့် ကုန်စည်ကူးသန်းသွားလာခဲ့ကြသည်ဟု မှတ်တမ်းများကဖော်ပြသည်။

ဆိုလွန်၏ ရည်ရွယ်ချက်မှာ ဂရိနိုင်ငံတော်နှင့် အီဂျစ်နိုင်ငံတော်တို့ ရွှေလမ်းငွေလမ်းဖောက်ရန် ဖြစ်သည်။ အေသင်အာဏာပိုင်များကလည်း အီဂျစ်တို့နှင့် မဟာမိတ်ဖြစ်လိုသည်။ ဆိုလွန်သည် အီဂျစ်နိုင်ငံသို့ရောက်သည်နှင့် ဖေရိဘုရင်များ၏ အာဏာပိုင်များနှင့် တွေ့ဆုံပြီး အေသင်နှင့်အီဂျစ်တို့ တစ်ပြည်နှင့်တစ်ပြည် ငြိမ်းချမ်းစွာနေကြရန်၊ ပြည်ထောင်အချင်းချင်းစစ်ဖြစ်ပွားခြင်း၊ ကျူးကျော်တိုက်ခိုက်ခြင်းမပြုရန် ဆွေးနွေးကြပြီး အီဂျစ်အာဏာပိုင်များ၏ သဘောတူညီချက်နှင့် နိုင်းမြစ်ကမ်းတစ်လျှောက် ဆန့်တက်၍ အီဂျစ်မြို့တော်ကြီးများ၊ နတ်ဘုရားကျောင်းများ၊ အီဂျစ်တို့၏ ဓလေ့ထုံးစံများ အီဂျစ်တို့၏ကိုးကွယ်သောဘာသာများကို အီဂျစ်ဘုန်းတော်ကြီးများ၏ အကူအညီနှင့် အသေးစိတ်လေ့လာခဲ့သည်။ အီဂျစ်လူမျိုးတို့ကိုးကွယ်သောအိုက်ဆစ်မယ်တော်ကြီး၏ နတ်ကွန်းများသို့လည်း သွားရောက်၍ အီဂျစ်တို့၏ဂန္ဓာရိပညာများ၊ ဒဏ္ဍာရီများ၊ ဆေးပညာကို လေ့လာခဲ့သည်။

အီဂျစ်နိုင်ငံ ဆိုင်(စ)မြို့တော်ဟောင်းကြီးရောက်ရှိသည်နှင့် အီဂျစ်တို့ကိုးကွယ်သည့် နတ်ဘုရားကျောင်းများကို အီဂျစ်ဘုန်းတော်ကြီးများနှင့်အတူ သွားရောက်လေ့လာခဲ့သည်။ နတ်ဘုရားကျောင်းများတွင် ရေးပဒေသဏ္ဌာကထိန်းသိမ်းထားသော အီဂျစ်ကျူရိုးပုရပိုက်မှတ်တမ်းများကိုပါ လေ့လာခွင့်ရခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့၏။

ဆိုင်(စ)မြို့တော်ဟောင်းကြီးမှ အီဂျစ်ဘုန်းတော်ကြီးများက ဆိုလွန်အား အီဂျစ်နိုင်ငံသမိုင်းသာမက ဒဏ္ဍာရီများ၊ အီဂျစ်ရှေးသူတောင်းတို့၏ လူအများလိုက်နာရန် ရေးသားထားခဲ့သည့် ဥပဒေသဝတ္ထုများ၊ ပါးစပ်ပြောသမိုင်းများကိုပါပြောပြခဲ့၏။ ဤပုံပြင်ဒဏ္ဍာရီများတွင် အီဂျစ်လူမျိုးနွယ်များအစဉ်အဆက်လက်ခံလာသည့် ရေအောက်သို့နစ်မြုပ်သွားသော အတွေ့လန်စိတိုက်ကြီးနှင့် ကြီးကျယ်ခမ်းနားသည့် အင်ပါယာကြီးအကြောင်းကို အသေးစိတ်ပြောပြခဲ့သည်သာမက အီဂျစ်ကျူရိုးပုရပိုက်များတွင် အစဉ်အဆက် ရေးသားထားသည်။

ထိုပျောက်ဆုံးသွားသောတိုက်ကြီး၏ အံ့မခန်းကြီးကျယ်ပုံ၊ မည်သို့မည်ပုံ ရေအောက်နစ်မြုပ်ပုံ၊ အတွေ့လန်စိနိုင်ငံတော်ကြီးသည် ဂရိနိုင်ငံ အေသင်မြို့တော်ကြီးတည်ထောင်ခြင်းမပြုမီ နှေးပဒေသဏ္ဌာကပင် ထင်ရှားကျော်ကြားခဲ့သောနိုင်ငံကြီးဖြစ်ကြောင်း (အေသင်မြို့အား ခရစ်တော်မပေါ်မီ ၉၆၀၀ခန့်လောက်ကတည်ထောင်ခဲ့သည်ဟု မှတ်တမ်းများကဖော်ပြခဲ့သည်။) ထိုနိုင်ငံတော်ကြီးသည် ယခုခေတ် ဂျီသရော်တာအနောက်ဘက် (စပိန်ကျွန်းဆွယ်) အတွေ့လန်တ်သမုဒ္ဒရာကြီး၏အလယ်တွင် တည်ရှိခဲ့ဖူးသည်ဟုဆို၏။ ထိုတိုက်ကြီး သို့မဟုတ် ကျွန်းကြီးပေါ်၌တည်ရှိဆောအတွေ့လန်စိမြို့တော်ကြီးမှာလည်း အံ့မခန်းကြီးကျယ်ခမ်းနားလှကြောင်း၊ ထိုတိုက်ကြီးမှ တပ်မတော်ကြီးသည် အီဂျစ်နိုင်ငံ အပါအဝင် ဥရောပတိုက်နိုင်ငံများအား ပိုင်ဆိုင်ခဲ့သည်ဟုဆိုသည်။ မြေထဲပင်လယ်တစ်လျှောက်ကို အတွေ့လန်စိတပ်မတော်ကြီးသည် ထိုးစစ်ကြီးဆင်ကာ တိုက်ခိုက်သည်။ ထိုနိုင်ငံကြီး၏ ရေတပ်မတော်ကြီးသည်လည်း အတွေ့လန်တ်သမုဒ္ဒရာနှင့် မြေထဲပင်လယ်အတွင်း စိုးမိုးနိုင်ခဲ့သည်ဟုဆိုသည်။

နောင်အခါတွင်ကား ထိုတိုက်ကြီးနှင့်မြို့တော်ကြီးပေါ် တွင်နေထိုင်ကြသော ကျွန်းသူကျွန်းသားများတို့သည် လောဘ၊ ဒေါသ၊ မောဟများဖုံးလွှမ်းလာကြသည်။ အစဉ်အလာကိုယ်ကျင့်တရားကောင်းကြသူများမှာလည်း ဆုံးညစ်ယုတ်မာမိုက်မဲသူတို့၏သွေးဆောင်ဖြားယောင်းမှုကြောင့် ဒုစရိုက်များကို ပြောင်ပြောင်တင်းတင်း ကျူးလွန်လာကြ၏။

ဤသည်ကို မရှုရက်ကြသော လောကပါလနတ်များသည် ဤကျွန်းကြီးနှင့်ကျွန်းသူကျွန်းသားများကိုဖျောက်ပစ်ရန် ရည်ရွယ်သည်။ ကြာရှည်လာခဲ့လျှင် လူယဉ်ကျေးမှုကြီးပါဆုံးရှုံးရပေလိမ့်မည်ဟု ယူဆသည်။ သို့ဖြစ်၍ ဤနိုင်ငံတော်ကြီးအား အဏ္ဏဝါပြင်အောက်သို့ နှိုက်ချပ်ခဲ့သည်ဟုဆိုသည်။

အီဂျစ်ဘုန်းတော်ကြီးများသည် ဤထူးခြားဖြစ်စဉ်ကြီးကို ဘုရာတပည့် လက်ဆင့်ကမ်းစနစ်ဖြင့် ဟောပြောပို့ချခဲ့၏။ အီဂျစ်နတ်ဘုရားကျောင်းများ၏နံရံများတွင် ထိုဒဏ္ဍာရီကြီးအကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com

ပန်းချီဆရာများက ရေးသားထားသည်ကိုလည်း အေသင်မြို့သား ဥပဒေပညာရှင် ဆိုလွန်ကိုယ်တိုင် ကြည့်ရှုခဲ့ရသည်ဟု သိရ၏။ အီဂျစ်ဘုန်းတော်ကြီးများ၏ ပြောပြချက်အရ အတ္တလန္တိစ်နိုင်ငံသည် ယနေ့လစ်ဗျားနိုင်ငံနှင့် အာရှတိုက်ပေါင်း သည်ထက်ပင် ကျယ်ဝန်းသည်ဟု သိရ၏။ အီဂျစ်ဘုန်းတော်ကြီးများ၏အစဉ် အဆက်ပြောပြသည့် ပါးစပ်သမိုင်းကို အေသင်ဥပဒေပညာရှင် ဆိုလွန်က မှန်ကန်နိုင်သည်ဟုဆိုသည်။ ထိုစဉ်က မြေထဲပင်လယ်ဒေသတစ်ဝိုက်ကျူးကျော်လာခဲ့သော အတ္တလန္တိစ်နိုင်ငံတော်ကြီး၏ တပ်မကြီးများကို အေသင်တပ်မတော်ကြီးက ခုခံတိုက်ခိုက်ခဲ့သည်ဟုသိရ၏။

ဆိုလွန် အေသင်မြို့ပြနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်နှင့် သူ့အား အီဂျစ်ဘုန်းတော်ကြီးများပြောပြသည့် အတ္တလန္တိစ်နိုင်ငံတော်ကြီး ရေအောက်နစ်မြုပ်သွားရသည့်မဟာဒဏ္ဍာရီကြီးအကြောင်းကို သူ့တပည့်ဖြစ်သူ ဒဿနပညာရှင် ပလေတိုအား အသေးစိတ်ပြောပြခဲ့၏။ ပလေတိုကလည်း ဆိုလွန် ပြောပြသည့် လျှို့ဝှက်ဆန်းကြယ်သော အတ္တလန္တိစ်တိုက်ကြီးနှင့် အင်ပါယာကြီးအကြောင်းကိုယုံကြည်သည်။ အသေးစိတ်မှတ်တမ်းတင်ထားခဲ့ပြီး လူသိရှင်ကြား ထုတ်ဖော်ပြောသင့်သည်ဟု ယူဆ၏။ သို့ဖြစ်၍ ပလေတိုသည် သူ၏ဆွေးနွေးခန်းကျမ်း Dialogues ကျမ်းကြီးတွင် ထည့်သွင်းဖော်ပြခဲ့သည်။ ဆွေးနွေးခန်းကျမ်းဆိုသည်မှာ ဆရာဖြစ်သူနှင့် တပည့်ဖြစ်သူတို့ အပြန်အလှန်မေးမြန်းသည့်သဘောဖြင့် ရေးသားပြုစုသောကျမ်းကို ဆိုလိုသည်။ ဤဆွေးနွေးခန်းကျမ်းတွင် နှစ်ပိုင်းခွဲထားသည်။ ပထမဆွေးနွေးခန်းအပိုင်းကို Timaeus ဟု ကင်ပွန်းတပ်ထားပြီး ဒုတိယအပိုင်းကိုမူ Critias ဟု အမည်ပေးထား၏။ မှတ်တမ်းများအရ ထိုဆွေးနွေးခန်းကျမ်းတွင် ပလေတိုနှင့် သူ့တပည့်သုံးဦးတို့ ပါဝင်ဆွေးနွေးသည့်ပုံစံဖြင့် ရေးသားဖော်ပြခြင်း ဖြစ်၏။ ထိုဆွေးနွေးခန်းအရ အတ္တလန္တိစ် ဟူသော ဝေါဟာရမှာ ဂရိဘာသာအားဖြင့် ATA-VRIC ဟူသောစကားလုံးမှ ဆင်းသက်လာခြင်း ဖြစ်၏။ အဓိပ္ပာယ်မှာ အတ္တလက် (ခေါ်) ကမ္ဘာစောင့်နတ်ကြီး၏ သမီးတော် ဟူသည်ဟု ဆို၏။

ပလေတို၏ဆွေးနွေးခန်းဖြစ်သော Timaeus စာအုပ်တွင် အောက်ပါအတိုင်း ဂရိဒဿနပညာရှင်ပလေတိုက ဆွေးနွေးတင်ပြခဲ့သည်။

"တပည့်တို့၊ ငါတို့လေးစားရသော အေသင်မြို့တော်သား ဆိုလွန်အား အီဂျစ်ဘုန်းတော်ကြီးများထဲမှ အသက် အရွယ်အို့မင်းမစွမ်းရှိသော ဘုန်းတော်ကြီးတစ်ပါးကမူ အို - ဆိုလွန်၊ ဆိုလွန် သင်တို့ဂရိနိုင်ငံသားတို့သည် ငါတို့အီဂျစ်အမျိုးသားများနှင့်စာလျှင် ကလေးငယ်များသာဖြစ်ကြသည်။ ဗဟုသုတအရာတွင်လည်း အလွန်နည်းလှသည်။ သင်တို့သည် ဟာကြူလီရေလက်ကြား (ဂျီဘရော်(လ်)တာနှင့် စပိန်နိုင်ငံအကြား) ကို ကျော်လွန်သည်နှင့် ကြီးစွာသော မဟာသမုဒ္ဒရာကြီးအတွင်း (အတ္တလန္တိစ်) ကြီးမားသော တိုက်ကြီးတစ်တိုက်ရှိခဲ့သည်ကို သင်တို့ ကြားခဲ့ဖူးခြင်းရှိမည်မထင်။ ငါအား ငါ၏ ဖခင်ဖြစ်သူက ထိုကြီးမားသောတိုက်ကြီးနှင့် အင်ပါယာကြီးအကြောင်းကို အသေးစိတ် ခရေစေ့တွင်းကျပြောခဲ့သည်။

ငါ့ဖခင်ကိုမူ ငါအဘက ပြောပြခဲ့ပြီး အဘကိုမူ အဘိုးကပြောပြခဲ့သည်။ ဤသို့ဖြင့် တစ်ယောက်နှင့်တစ်ယောက် လက်ဆင့်ကမ်းပြောခဲ့သည်။ ဤတိုက်ကြီးနှင့် ကြီးကျယ်သော လက်နက်နိုင်ငံတော်ကြီးသည် ငါတို့အီဂျစ်နိုင်ငံကို သိမ်းပိုက်ခဲ့သည်မက သင်တို့ အေသင်နိုင်ငံကိုလည်း အောင်နိုင်ခဲ့၏"

ပလေတိုသည် အထက်ပါအတိုင်း သူ၏ ဆွေးနွေးခန်းစာအုပ်တွင် အဏ္ဏဝါအောက်နစ်မြုပ်သွားသော အတ္တလန္တိစ်တိုက်ကြီး၏ ကြီးကျယ်ထင်ရှားပုံ၊ အတ္တလန္တိစ်မြို့တော်ကြီး၏အံ့မခန်းနတ်ဘုံနတ်နန်းတမျှ တင့်တယ်သာယာပုံ၊ မြို့တော်သူမြို့တော်သားများအဖို့ လောကနိဗ္ဗာန်ဟု ကင်ပွန်းတပ်လောက်အောင် လောကီစည်းစိမ်များခံစားကြပုံ၊ လောကီပညာအရပ်ရပ်တွင် မည်သည့်လူမျိုးနှင့်မျှ မယှဉ်နိုင်အောင်ကတ်ကျွမ်းကြပုံ၊ ဂန္ဓာရီပညာအရပ်ရပ်တွင်လည်း လက်တစ်ဆုံးနိုက်လေ့လာတတ်မြောက်ပုံ၊ ဒိသုကာအရပ်ရပ်တွင်လည်း အံ့မခန်းတော်ကြပုံများကို ရေးသားထားခဲ့၏။

အီဂျစ်မှတ်တမ်းများအရ အီဂျစ်သမိုင်းပညာရှင် မနာသီရိကလည်း ရေအောက်သို့စုံးစုံးမြုပ်သွားသော အတ္တလန္တိစ်တိုက်ကြီးနှင့် မြို့တော်ကြီး၏ ခမ်းနားပုံကို အသေးစိတ်ရေးသားဖော်ပြခဲ့သည်ဟုဆိုသည်။ သို့သော် ပလေတို၏ မှတ်တမ်းမှာမူ ပို၍ အသေးစိတ် ဖော်ပြထားခဲ့သည်။ ပလေတိုသည် သူ၏ပထမပိုင်းဆွေးနွေးခန်းဖြစ်သော တီးမီးယပ်(စ်) တွင်မူ အတ္တလန္တိစ်တိုက်ကြီး၏ အကျယ်အဝန်းတည်နေရာ၊ လက်နက်နိုင်ငံတော်ကြီး၏အနီးအနားရှိကျွန်းများ၊ အာဖရိကတိုက်မြောက်ပိုင်းနိုင်ငံများ၊ ဂရိနိုင်ငံတော်၊ အီဂျစ်နိုင်ငံတော်များအား စစ်ရေးအရကျူးကျော်မှုများပြုလုပ်ခဲ့ပုံ၊ အတ္တလန္တိစ်နိုင်ငံသားတို့၏ စာရိတ္တနှင့်ဂန္ဓာရီပညာလိုက်စားကြပုံများကို ကောက်နုတ်ဖော်ပြခဲ့၏။ ဒုတိယပိုင်းဖြစ်သော ခရစ်တီယပ်(စ်)တွင်မူ အတ္တလန္တိစ်မြို့တော်ကြီး၏ ခမ်းနားကြီးကျယ်ပုံကိုအသေးစိတ်ဖော်ပြထားသည်။ ယင်းစာအုပ်တွင် ပလေတိုသည် စာပည့်သုံးဦး၏ မေးမြန်းစုံစမ်းသည့်အချက်အလက်များကို တိတိကျကျဖြေကြားထားသည်ကို တွေ့ရ၏။ ဤဆွေးနွေးခန်းများတွင် ပါဝင်သူများမှာ အေသင်မြို့မှ နိုင်ငံရေးသမား ကရိတိရနှင့် ဟာမိုကရေ့တတ် (စ်) နှင့် ဒဿနပညာရှင် ဆိကရေတီးနှင့် တိမိကပ်(စ်)တို့ ပါဝင်ဆွေးနွေးသည်ကို တွေ့ရှိရသည်။

ပလေတို၏ ရှင်းလင်းချက်အရ ဆိုရလျှင် အတ္တလန္တိစ်တိုက်ကြီး၏ မြောက်ပိုင်းတွင် မြင့်မားသောတောင်တန်းများ၊ တောအုပ်များ၊ စိမ့်မြေများ၊ ချိုင့်ဝှမ်းကြီးများ၊ ဖုန်းဆိုးမြေများ၊ လူအများသွားလာရန်ခက်ခဲသောတောအုပ်ကြီးများရှိသည်ဟု သိရ၏။ ဤနယ်မြေများမှ တောင်ဘက်ကမ်းရိုးတန်းအထိ မိုင်ပေါင်း(၃၄၅)မိုင်ရှည်လျားပြီး အကျယ်အားဖြင့် မိုင်ပေါင်း (၂၃၀)မိုင်ရှိသည်ဟု ဆိုသည်။ ကမ်းခြေတစ်လျှောက်တွင်လည်း တောင်တန်းများသွယ်တန်းလျက်ရှိသည်။ ဤတောင်တန်းများပေါ်တွင် အဖြူတန်သစ်များအလေ့ကျပေါက်လျက်ရှိ၏။ သားရဲတိရစ္ဆာန်များလည်းပေါများလှသည်။ ကျွန်းကြီး(တိုက်ကြီး)ပေါ်တွင် ရွှေငွေ့ခဲ၊ ကြေးနီများမှာလည်း အလွယ်တကူရရှိနိုင်ကြသဖြင့် ကျွန်းသူကျွန်းသားများအဖို့ လွယ်လွယ်ကူကူနှင့် ဓာတ်သတ္တုများကို တူးယူနိုင်ကြသည်။ တောရုပ်မြိုင်ခြေတွင်လည်း သားကောင်များပေါများသည်။ ဆင်များလည်းရှိသဖြင့် ကျွန်းသူကျွန်းသားများသည် ဆင်များကိုဖမ်းယူ၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးချသည်ဟု သိရသည်။ ဆင်စွယ်များကိုလည်း လူတို့၏ အလှဆောင်ပစ္စည်းများ ပြုလုပ်ခဲ့သည်။ အတ္တလန္တိစ်ကြည်းတပ်မကြီးတွင်လည်း ဆင်တပ်များပါဝင်ခဲ့သည်ဟု သိရ၏။ မြင်းများလည်း များများမြူကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အတ္တလန္တိစ်မြင်းတပ်မတော်ကြီးမှာလည်း အံ့မခန်းအင်အားကြီးများသည်။မြင်းများအား စစ်ရထားများကိုဆွဲရန်သာ အသုံးပြုခဲ့သည်မဟုတ်။ ကျွန်းသူကျွန်းသားများ၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည်။ ကမ်းခြေတစ်လျှောက်နှင့်ကျွန်းကြီးအလယ်ရှိလွင်ပြင်ကြီးများမှာ ထူးထူးခြားခြား မြေဩဇာကောင်းလှပြီး စားပင်သီးပင်များ စိုက်ပျိုးသည်။ မိုးလေဝသမှန်ကန်သဖြင့် စားပင်သီးပင်များမှာဖြစ်ထွန်းသည်။ အချို့မြေလတ်များထွင်ပင် စားပင်သီးပင်များ အလေ့ကျပေါက်သည်ဟု ဆိုသည်။

အဆင့်မြင့်သော နည်းပညာရပ်များကို တတ်မြောက်သော ဗိသုကာများ ပေါများ၍ ဆောက်လုပ်ရေးပစ္စည်းများလည်း ပေါများသဖြင့် အတ္တလန္တိစ်မြို့တော်သူမြို့တော်သားများသည် နေအိမ်များကို ထူးထူးခြားခြား အဆင့်မြင့်စွာ မွမ်းမံကြသည်ဟု ပလေတိုက ရေးသားဖော်ပြခဲ့သည်။ နေအိမ်များတွင်သာမက ကိုယ်ပိုင်ပန်းဥယျာဉ်များကိုလည်း မြင်ရသူများ စိတ်အေးချမ်းသာမှုရှိနေစေရန် တည်ဆောက်ခဲ့ကြ၏။ ဥယျာဉ်များတွင် စိုက်ပျိုးထားသောပန်းပင်များမှာ အတ္တလန္တိစ်လက်နက်နိုင်ငံတော်ကြီးရှိ တိုင်းနိုင်ငံအများမှ ရှားပါးလှသောပန်းပင်များကို စိုက်ပျိုးထားကြသည်။ ဤကဲ့သို့ ရှားပါးသောပန်းပင်များ၊ သစ်ပင်များ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးပညာရပ်တွင် တစ်ဖက်ကမ်းခေတ်အောင်တတ်မြောက်သောပညာရှင်များလည်း ပေါများလှသည်။

မြို့သူမြို့သားများ၏နေအိမ်များရှိ ကိုယ်ပိုင်ပန်းခြံများတွင်သာ ရှားပါးသောပန်းပင်များကို စိုက်ပျိုးထားသည်မဟုတ် မြို့တော်တစ်ခွင်ရှိ လူထုအပန်းဖြေပန်းဥယျာဉ်များတွင်လည်း ပန်းပင်များကို စနစ်တကျ ကြည့်ရှုကောင်းစေရန် စိုက်ပျိုးထားသည်မှာ နတ်ပြည်မှ နတ်တို့၏ ဥယျာဉ်ကြီးသဖွယ်ရှိသည်ဟုဆိုသည်။ အိမ်မွေးတိရစ္ဆာန်အမျိုးမျိုးကိုလည်း မွေးမြူထားကြပြီး ရေကန်များ၊ ရေပန်းများတို့မှာလည်း မြင်ရသူတို့အဖို့ စိတ်ကြည်နူးဖွယ်ဖြစ်ရတော့၏။

မြို့တော်ကြီး၏ အလယ်တွင် အတ္တလန္တိစ်နိုင်ငံတော်ကြီးကိုပိုင်ဆိုင်သော ဧကရာဇ်အဆက်ဆက်စိုးစံ၏။ရွှေရောင်ငွေရောင်တလက်လက်နှင့်နန်းတော်ကြီးမှာ မြင်ရသူများ အံ့မခန်းဖြစ်လောက်အောင်တင့်တယ်လှသည်။ နန်းတော်ကြီး၏တိုင်ကြီးများကို ရွှေငွေရတနာအမျိုးမျိုးဖြင့်ခြယ်ထားသဖြင့်လည်း တဝင်းဝင်းတလက်လက်ဖြစ်နေ၏။ နန်းတော်သူနန်းတော်သားများ၏ အိပ်ဆောင်များ၊ ဧကရာဇ်အဆက်ဆက် ပြုပြင်ထားသည့် ပန်းဥယျာဉ်တော်ကြီးမှာလည်း အထူးသာယာလှသည်။ ရှားပါးပန်းပင်များ အပြင် ရေပန်းများ၊ ပန်းခုံတော်များကိုလည်း ဗိသုကာအကျော်များက အစွမ်းကုန် ပြုပြင်တည်ဆောက်ပေးထားရကား လောကနိဗ္ဗာန်ဥယျာဉ်တော်ဟု ပြည်သူအများက ကင်ပွန်းတပ်ထားသည်။ ဤဥယျာဉ်တော်ကြီးနှင့် တွဲဖက်ထားသော တိရစ္ဆာန်များအား ဘေးမဲ့ပေးထားသော တိရစ္ဆာန်ဥယျာဉ်ကြီးမှာလည်း ထူးဆန်းအံ့ဖွယ်ကောင်းလှသည်။ ဤနန်းတော်ကြီးကိုတည်ဆောက်ခဲ့သူမှာ ပို့ဆီဒွန်နတ်ဘုရားကြီး၏သားတော် အတ္တလတ်(စ်)ဧကရာဇ်မင်းကြီးဖြစ်သည်ဟု ပလေတိုက သူ့မှတ်တမ်းတွင် ဖော်ပြခဲ့ပါသည်။

ပို့ဆီဒွန်နတ်ဘုရားကြီးမှာ အဏ္ဏဝါများကိုကြီးစိုးသော ဧကရာဇ်ဖြစ်တော်မူသည်။ အတ္တလန္တိစ်နိုင်ငံတော်သူနိုင်ငံသားအပေါင်းအားလည်း ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်တော်မူသည်။ သို့ဖြစ်၍ အတ္တလတ်(စ်)ဧကရာဇ်သည် ပို့ဆီဒွန်နတ်ဘုရားကျောင်းတော်ကြီးကို နိုင်ငံတော်မှ ဗိသုကာတတ်မြောက်ကျွမ်းကျင်သူများကို တည်ဆောက်စေခဲ့သည်ဟုဆို၏။ ဤနတ်ဘုရားနတ်ကွန်းကြီးကို ရွှေငွေ၊ ဆင်စွယ်၊ ကြေးသတ္တု၊ ကျောက်သံပတ္တမြား၊ ပုလဲ၊ နီလာတို့ဖြင့်ခြယ်ထားသည်။ နတ်ကွန်းအတွင်း ရတနာအမျိုးမျိုးခြယ်ထားသဖြင့် ညအချိန်များတွင် မီးထွန်းညှိရန်မလိုတော့ဘဲ တဝင်းဝင်းတလက်လက် ပြိုးပြိုးပြက်ပြက် အရောင်အမျိုးမျိုးလက်နေသည်ဟုဆို၏။ နတ်ကွန်းကြီး၏အမိုးအောက်ခံမျက်နှာကြက်များကို ဆင်စွယ်များဖြင့် ပြုလုပ်ထားသည်။ ပို့ဆီဒွန်နတ်ဘုရားကြီးရုပ်တုကြီးကိုလည်း ရွှေစင်အစစ်ဖြင့်ထုလုပ်ထားပြီး အဖိုးမဖြတ်နိုင်အောင်ထိုက်တန်သော ရတနာအမျိုးမျိုးဖြင့် ခြယ်သထားသည်။

အတ္တလန္တိစ်နိုင်ငံတော်ကြီး၏ပထမဆုံးဧကရာဇ်ဖြစ်မူသော အတ္တလတ်(စ်)ဧကရာဇ်သည် သူ၏ညီတော် (၉) ဦးတို့အား အခါအားလျော်စွာ ဖိတ်ခေါ်၍ ဤနတ်ကွန်းရှိ ပို့ဆီဒွန်နတ်ဘုရားကြီးအား ပူဇော်ပွဲသဘင်ကျင်းပလေ့ရှိသည်။ ညီတော်ကိုးဦးတို့မှာ အတ္တလန္တိစ်နိုင်ငံတော်ကြီး၏ တိုင်းကြီးကိုးတိုင်းကို စိုးမိုးအုပ်ချုပ်ရသူများ ဖြစ်၏။ တိုင်းကြီး(၉)တိုင်းတွင် နေထိုင်ကြသော ပြည်သူအများမှာ ဥစ္စာဓနကြွယ်ဝကြသူများဖြစ်သည်။ တစ်တိုင်းနှင့်တစ်တိုင်း ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားကြသည်သာမက အာဖရိကတိုက်၊ မြေထဲပင်လယ်ဝန်းကျင်ရှိ နိုင်ငံများနှင့်လည်း ပင်လယ်ကူးလေ့သင်္ဘောကြီးများဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုပြုကြကုန်သည်။

တိုင်းပြည်နယ်အသီးသီးတွင်ရှိသော အဆောက်အအုံများမှာလည်း အဆင့်မြင့်နည်းပညာများဖြင့်ဆောက်လုပ်ထားသဖြင့် အံ့ဖွယ်ထူးခြားလှသည်။ ပလေတို၏ဖော်ပြချက်အရဆို့ရှည်ရှည် အတ္တလန္တိစ်မြို့တော်ကြီးကိုတည်ဆောက်ထားသည့် နည်းစနစ်မှာ ထူးထူးခြားခြားစိတ်ဝင်စားဖွယ် ဖြစ်လေ၏။ ထိုစနစ်ဇယားတွင် တူးမြောင်း၊ မြေသားတမံ၊ တံတိုင်း၊ ပန်းဥယျာဉ်၊ အပန်းဖြေခန်းမ၊ ရေကန်တော်၊ စစ်တန်းလျား၊ အားကစားကွင်း၊ မြင်းပြိုင်ကွင်းတို့ဖြင့် စက်ဝန်းသဏ္ဌာန်တည်ဆောက်ထားသည်။ အတ္တလန္တိစ်မြို့တော်ကြီးတည်ဆောက်ထားပုံမှာ စနစ်ကျလွန်းသဖြင့် လွန်ခဲ့သော နှစ်ပေါင်းကိုးထောင်ကျော်ခန့်က ဤသို့ မြို့တော်အဂိါရပ်နှင့်ညီသော မြို့တော်ကြီးကို တည်ဆောက်နိုင်ခဲ့သော အတ္တလန္တိစ်နိုင်ငံသားတို့၏ အဆင့်မြင့်သောဆောက်လုပ်ရေးအင်ဂျင်နီယာများကို အကဲဖြတ်နိုင်ပေသည်။

(ဆက်ရန်)

လှမိုး(ပညာရေး)

Ref;

၁။ Book of Darnned -
By. Charles Forth.

၂။ The Search for Lost. World
By. James Wallard.

၃။ Atlantis
By. Frof Arysio Santo.

၄။ Wakipeolia- (အင်တာနက်)

၅။ Finger Prints of The Gods
By. G-Jtancock

၆။ Lost Cities And Vanished Civilization
By. R- Silverbears.

၇။ The Shadow of Atlantis.
By Colonal- Ar Magine

၈။ Edgar Cayce on Atlantis.
By- Edgar Cayce.

www.burmeseclassic.com

www.burmeseclassic.com

မောင်မွှင့်ဉာဏ်(မော)
လူတိုင်းအတွက် အင်းပညာအကြောင်း သိကောင်းစရာများ

မြန်မာလူမျိုးတွေမှာ ရှေးအစဉ်အလာရိုးရာအင်းပညာရှိသလို အီဂျစ်၊ ဂရိ၊ အိန္ဒိယ၊ တရုတ်၊ မဟာဗေဒင် စတဲ့ ရှေးကျတဲ့လူမျိုးတွေမှာလဲညီး အင်းပညာ အသီးသီးရှိကြတယ်။ တကယ်တော့ အင်းပညာဟာ အင်မတန်လှို့ဝှက်နက်နဲတဲ့ ဂန္ဓာရီလောကီပညာဖြစ်တာမို့ အခုခေတ်လူတွေအနေနဲ့ မယုံနိုင်စရာဖြစ်ကောင်းဖြစ်နေပါမယ်။ နှစ်မကြာသေးခင်က ပျံလွန်တော်မူသွားပြီး တစ်နိုင်ငံလုံး ကျော်စောထင်ရှားခဲ့တဲ့ ဂရင်ပြည်နယ်က သာမည်တောင်ဆရာတော်ဘုရားကြီးဟာ အင်းနဲ့ကိစ္စပြီးတယ်လို့ ဆိုကြတယ်။

အင်းဟာ ပညာရပ်တစ်ခုအနေနဲ့ နည်းစနစ်တွေ၊ အစဉ်အလာလုပ်ထုံးလုပ်နည်းတွေ ကျယ်ကျယ်ပြန့်ပြန့်ရှိတယ်။ တခြားတခြားအစွမ်းထက်ပညာရပ်တွေလိုပဲ အင်းပညာဟာ စိတ်ဓာတ်မကောင်းတဲ့မသမာသူတွေလက်ထဲရောက်သွားရင် သတ္တဝါတွေအကျိုးစီးပွားပျက်ယွင်းနိုင်တာကြောင့် ပညာရှင်တွေဟာ သိုသိုသိပ်သိပ်နဲ့ လျှို့ဝှက်ထိန်းသိမ်းထားခဲ့ကြတယ်။

တခြားမပြောနဲ့၊ ဓာတ်ဝိဇ္ဇာလိုင်းမှာ ဖိုထိုးတဲ့လူတွေဟာ ပေါက်မြောက်ခါနီးမှာမှ ဓာတ်လုံးတွေပျောက်သွားတတ်လို့ ဓာတ်လုံးသူခိုးတွေရှိတယ်လို့ ဆိုကြတယ်။ အမှန်က မထိုက်တန်သူလက်ထဲမရောက်စေချင်လို့ အထက်အထက်ကဆိုင်ရာပုဂ္ဂိုလ်တွေက လာသိမ်းသွားကြတာလို့ မှတ်သားထားမိတယ်။

စာအုပ်စာပေတွေကို အမျိုးအစားမရွေး၊ အကြောင်းအရာမရွေးဘဲ စာစုံဖတ်ခဲ့သူတစ်ယောက်အနေနဲ့ ကျွန်တော်ဟာနှစ်အတော်ကြာကတည်းက အင်းနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို တွေ့တဲ့နေရာက စုဆောင်းမှတ်သားထားခဲ့ပါတယ်။ ဆောင်းပါးတစ်ပုဒ်စနှစ်ပုဒ်စလည်းရေးသားခဲ့ဖူးပါတယ်။ အခု အင်းအကြောင်းမရေးတာကြာတဲ့အပြင် မှတ်စုစာအုပ်ဟောင်းထဲက အင်းအတော်များများကို ပြန်တွေ့တာကြောင့် စာဖတ်သူတွေ ဗဟုသုတရစေဖို့ ယုံကြည်စွာနဲ့ ဆောင်ထားချင်ရင်လည်း ဆောင်ထားနိုင်စေဖို့ ထင်ပြလိုက်ပါ တယ်။

ပညာရှင်တွေအတွက် ရေးတာ မဟုတ်ဘဲ သာမန်စာဖတ်ပရိသတ်တွေ ဗဟုသုတရစေဖို့ ရည်ရွယ်တာဖြစ်လို့ ချွတ်ချော်မှုရှိရင် ခွင့်လွှတ်စေချင်ပါ တယ်။ အင်းရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အရင်ကြည့်ရအောင်ပါ။

■ အင်းဆိုသည်မှာ

အင်း၊ နှ - လောကီပညာအရ ဂဏန်း၊ အက္ခရာများကို ရေးသားစီရင်ထားသောဇယားကွက်။

အင်းကို အင်္ဂလိပ်လို Magic Square လို့ခေါ်ပြီး 'ဂမ္ဘီရစတုရန်း'လို့ ပြန်ဆိုနိုင်ပါလိမ့်မယ်။

အနောက်တိုင်း Magic Square ဆိုတာ စတုရန်းကွက်ထဲက ဂဏန်းတွေကို အတန်းလိုက်သော် လည်းကောင်း၊ အတိုင်လိုက်သော် လည်းကောင်း၊ ထောင့်ဖြတ်သော် လည်းကောင်း ပေါင်းကြည့်ရင် ရလဒ်အတူတူချည်းရတဲ့ စတုရန်းကွက်ကိုခေါ်တာလို့ အဓိပ္ပာယ်ဖွင့်ထားတယ်။ မြန်မာ့အင်းပညာမှာ အဲသလို အင်းမျိုးအပြင် ဒီထက်ပိုအဆင့်မြင့်ပြီး စတုရန်းမဟုတ်တဲ့အင်းတွေလည်း အများအပြားရှိပါတယ်။

အင်းတွေစွမ်းတယ်ဆိုတာ စီရင်တဲ့ပုဂ္ဂိုလ်ရဲ့ သီလ၊ သမာဓိအားတွေအပေါ်မှာလည်း မူတည်ပါတယ်။ လောကီပညာရပ်တွေဖြစ်တဲ့ အင်းအိုင်၊ ခဲးလှည့်၊ လက်ဖွဲ့၊ မန္တန်၊ အဝိုရတ်၊ စတာတွေဟာ သမထကျင့်စဉ်နဲ့လည်း ဆက်စပ်နေပါ တယ်။ လောဘ၊ ဒေါသ၊ မာန်မာနတရား ဆိုးတွေနဲ့ ဒီပညာတွေကို လိုက်စားရင် မဖြစ်ထွန်းရုံမျှမက ဘေးတွေ့တတ်ပါ တယ်။

အင်းတွေကို မိတ္တူကူးပြီး သုံးလို့ မရဘူးလို့လည်းသိရတယ်။ မိတ္တူကူးလိုက်ရင် မူရင်းအင်းပါတန်ခိုးအစွမ်းတွေ လျော့ပါးသွားတယ်လို့ ဆိုတယ်။

လေးထောင့်ဇယားကွက်တွေမှာ ကကြီး၊ ခကွေး၊ . . . ၊ တစ်၊ နှစ်၊ သုံး၊ လေး. . . စတဲ့ အက္ခရာတွေ၊ ဂဏန်းတွေ ဖြည့်သွင်းလိုက်တာနဲ့ ဒီအင်းတွေမှာ အစွမ်းသတ္တိတွေရှိလာတယ်ဆိုတာ ဟုတ်ပါ့မလားလို့ဆိုသူတွေဟာ အဲဒီအက္ခရာတွေ၊ ဂဏန်းတွေရဲ့အစွမ်းသတ္တိကိုမသိလို့ပြောတာဖြစ်မယ်။

အက္ခရာတွေနဲ့မှတ်တမ်းတင်ထားတဲ့လောကီ၊ လောကုတ္တရာပညာရပ်တွေဟာ သဘာဝလောကကြီးတစ်ခုလုံးကို နှံ့နှံ့စပ်စပ်မြင်သိစေတယ်။ အိန်းစတိန်း၊ စတီဖင်ဟော့ကင်းစတဲ့ ကမ္ဘာကျော်သိပ္ပံပညာရှင်တွေဟာ ဂဏန်းသချာညီမျှခြင်းတွေသုံးပြီးတော့ စကြဝဠာကြီးရဲ့ဖြစ်၊ တည်၊ ပျက်ကို ရှင်းပြတဲ့ စကြဝဠာဗေဒပညာရပ်(Cosmology)ကိုတိုးတက်ဖြစ်ထွန်းစေခဲ့တယ်။

■ ၎(၀)မကိုဋ်အက္ခရာ

အက္ခရာတွေရဲ့ ဆန်းကြယ်မှုနဲ့ အစွမ်းသတ္တိတွေကိုသိသာအောင် ဥပမာတစ်ခု အနေနဲ့ ဗျည်း (၃၃) လုံးမှာ(၁၁)ခုမြောက်ဖြစ်တဲ့ ဋကိုကြည့်ရအောင်ပါ။ ကအစ အ အဆုံး အက္ခရာ (၃၃)လုံးမှာ အသံ (၄) သံထွက်ပြီး ဖတ်ရတဲ့အက္ခရာဟာ ဋတစ်လုံးပဲရှိတယ်။ ရွတ်ရတာလည်း အခက်ဆုံးဖြစ်တဲ့ ဒီအက္ခရာကို ရှေးပညာရှိတွေက မကိုဋ်အက္ခရာ (၀ါ) အက္ခရာတို့ရဲ့သရဖူလို့ နာမည်ပေးခဲ့တယ်။

ကျွန်တော်တို့ကျောင်းစနေတုန်းက တတလင်းခြိတ်လို့ဖတ်ခဲ့ရတဲ့ ဋရဲ့အသံထွက်ကို အဘိဓာန်မှာ ဋသန်းကြွခြိတ်လို့ ပြပြီး အင်းဆောင်းပါးတွေမှာတော့ ဋသန်ညင်းခြိတ်လို့ပြောတယ်။ ဋ၊ သ၊ ည၊ ခတို့ဟာ ဋတင်းထဲကထွက်ပေါ်လာတဲ့ စမလေးလုံးလို့ဆိုတယ်။ စမ

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ အင်းကွက်တွေမှာထည့်သွင်းအသုံးပြုရတဲ့အကွာရာတွေကို ခေါ်တာဖြစ်တယ်။ ကမ္ဘာ့ အအထိ အကွာရာ (၃၃) လုံးဟာ ဗျည်းစမတွေဖြစ်တယ်။

အကွာရာလေးလုံးရဲ့ နံသင့်ဂဏန်းတွေကိုပေါင်းကြည့်ရင်-

၎ သန် ညှင်း ခြိတ်

၇ + ၆ + ၃ + ၂ = ၁၈ = ၉

နောက်တစ်ခါ ဒီအကွာရာတွေရဲ့ ဂြိုဟ်သက်တွေကို ပေါင်းကြည့်ပြန်ရင်လည်း -

၎ သန် ညှင်း ခြိတ်

၁၀ + ၂၁ + ၈ + ၁၅ = ၅၄ = ၉

ဒါကြောင့် ၎ဟာ နဝင်းအကွာရာဖြစ်တယ်။

ဓာတ်အားဖြင့်ကြည့်ရင်လည်း -

(၎) ဟာ တေဇောဓာတ် (မီး)၊ (သန်) ဟာ အာပေါဓာတ် (ရေ)၊ (ညှင်း) ဟာ ဝါယောဓာတ် (လေ)၊ (ခြိတ်) ဟာ ပထဝီဓာတ် (မြေ)။

ဓာတ်လေးပါးကို ကိုယ်စားပြုတဲ့ ဒီစမလေးလုံးကိုသုံးပြီး အင်းတွေစီရင်လို့ရတယ်။ ဗားမဲ့ဝိဇ္ဇာကျမ်းမှာ ၎အကွာရာဟာ နတ်မိစ္ဆာပယောဂတွေကိုနှိုင်တယ်လို့ရေးထားတယ်။ ဒီစာလုံး (၄) လုံးမှာ မီးနဲ့ရေ၊ လေနဲ့မြေ၊ ဆန့်ကျင်ဘက်ဓာတ်တွေပေါင်းစပ်နေတာကြောင့် အတိုက်အခံတွေကို ကောင်းကောင်းကာကွယ်နိုင်စွမ်းရှိတယ်လို့ ဆိုတယ်။

ဒီလိုအစွမ်းသတ္တိတွေရှိလို့လည်း ၎တစ်လုံးတည်းနဲ့ အဆောင်ပစ္စည်းလုပ်နိုင်တယ်။ မိမိမွေးနံ့သစ်သားပြားကို ဒိုင်းပုံသဏ္ဌာန်ထုလုပ်ပြီး အလယ်တည့်တည့်မှာ ၎အကွာရာ သိမ်ဝင် ကညစ်/ဆူးချွန်တစ်ခုခုနဲ့ အသက်အောင့်ပြီးရေးရတယ်။ ရေးရမယ့်ရက်နဲ့အချိန်က ရက်ရာဇာကျတဲ့ စနေနေ့။ မနက် (၇း၂၀) သို့မဟုတ် (၉း၀၀) နာရီတိတိဖြစ်တယ်။ ရေးပြီးရင် ဒိုင်းကို နေဘက်လှည့်ပြီး 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂရစ္ဆာမိ၊ သူရိယော ယုတ္တေတိဟုံ' လို့ (၉) ခေါက်ရွတ်ရမယ်။ ဒါကို ကိုယ့်နေအိမ်၊ ဆိုင်တွေမှာဆောင်ထားရင် ဘေးရန်ကင်းကွာပြီး အလွန်ချမ်းသာနိုင်တယ်။

■ အင်းဝေါဟာရများ

အင်းနဲ့ပတ်သက်တဲ့ဝေါဟာရတွေကိုပါ ဆက်ပြီးလေ့လာကြည့်ရင် အင်းဟာ နည်းစနစ်ရှိတဲ့ပညာရပ်ဆိုတာ တွေ့ရပါမယ်။

အင်းကန်း-ကြီး၊ အင်းချရာတွင် အညွှန်းအတိုင်းမလိုက်မိ၍ အင်း၌ အစွမ်းမရှိဖြစ်သည်။

အင်းကျိုး-ကြီး၊ အင်းချရာတွင် နေရာမသန့်ရှင်းခြင်း၊ အင်းဘောင်အထားအသိုစောင်းခြင်း စသည်တို့ကြောင့် အစီအရင်ချွတ်ယွင်းသည်။ အထမမြောက်ဖြစ်သည်။

အင်းချ-ကြီး၊ အများအားဖြင့် စက္ကူပေါ်တွင် လောကီပညာအရ အင်းကွက်များရေးဆွဲ၍ အကွာရာ၊ ဂဏန်းများ ရေးသွင်းစီရင်သည်။

(ပိတ်စ၊ ရွှေပြား၊ ငွေပြား၊ ဖယောင်းတိုင်၊ သိမ်ဝင်သပိတ်ကွဲ၊ အိုးခြမ်းကွဲ စသည်တို့တွင်လည်း ရေးသွင်းကြသည်။)

အင်းဆန်-န/အင်းဇန်/လောကီပညာအရ အင်းကွင်းအတွင်း၌ ရေးသားသောအကွာရာ၊ ဂဏန်း၊ အမှတ်အသားစသည်။

အင်းပေါက်-ကြီး၊ အင်းဆန်သွင်းရာတွင် အညွှန်းအတိုင်း မလိုက်နာ၍ အင်း၏အစွမ်းမရှိဖြစ်သည်။

အင်းဘောင်-န/အင်းဗောင်/အင်းကွက်၏အနားလေးဖက်ပတ်လည်မျဉ်း။

အင်းမြှပ်-ကြီး/အင်းမျှတ်/တစ်စုံတစ်ရာအကျိုးသက်ရောက်စေရန် စီရင်ထားသောအင်းကို မြေ၊ အိမ်စသည်တို့အတွင်း၌ တိတ်တဆိတ် သိုဝှက်မြှုပ်နှံထားသည်။

အင်းသွား-န/အင်းသွား/အင်းဆန်သွင်းနည်း၊ အင်းချနည်း။

အင်းကို အင်းအိုင်လို့လည်းခေါ်ပြီး အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့ဆိုပြီး တွဲသုံးလေ့ရှိတဲ့ ဝေါဟာရတွေကလည်း စိတ်ဝင်စားစရာပါပဲ။

လက်ဖွဲ့- နှ၊ ဘေးရန်ကာဆီးရန် ရွှေပြား၊ ငွေပြားစသည်၌ အင်းချကာလိပ်၍ ချည်ဖြင့်ထုံးဖွဲ့ထားသော အဆောင်ပစ္စည်း။

ခါးလှည့်-/ခလဲ့/ခါးတွင်ကြိုးဖြင့် ရစ်ပတ်ဆောင်ထားရသောအဖွဲ့။

■ အင်းကွက်စီရင်ခြင်း

အင်းမချခင်အသုံးပြုမယ့်ကညစ်၊ ခဲတံ၊ စက္ကူ၊ ငွေပြား စတာတွေ မသန့်ရှင်းဖြစ်နေရင် သန့်ရှင်းသွားအောင်လို့ ဆိုင်ရာဂါထာတွေနဲ့ မန်းမှတ်တာကို သနချေတယ်လို့ဆိုတယ်။ အင်းကွက်ထဲ အင်းဆန်တွေကိုထည့်သွင်းရာမှာ အသုံးအများဆုံးအင်းသွားက မြင်းသွားဖြစ်တယ်။ စစ်တုရင် (Chess) ကစားရာမှာတော့ မြင်းခုန်တယ်လို့ခေါ်တယ်။ အင်္ဂလိပ်အကွာရာ L ပုံသွားတယ်လို့ မှတ်ကြတယ်။ မြင်းသွားအပြင် စကြာလည်၊ ခရုပတ်သွား၊ ဗိုလ်တက်ဗိုလ်ဆင်းစတဲ့ အင်းသွားတွေလည်းရှိသေးတယ်။

အင်းတွေမှာ ဂဏန်းတွေကို သွင်းတဲ့အခါ သာမန်ရိုးရိုးဂဏန်းတွေကို မသုံးရဘဲ ပိဋကတ်ဂဏန်း သို့မဟုတ် အင်းဂဏန်းတွေကို သုံးရတယ်လို့ဆိုတယ်။ (ပုံမှာကြည့်ပါ)။ အကွာရာစမတွေရော အင်းဂဏန်းတွေပါ ရေးသွင်းတဲ့အခါ အကွာရာပီသဖို့၊ အဆွဲအရစ်မှန်ဖို့ လိုပါတယ်။

ဥပမာ ဝအကွာရာကို လက်ယာရစ် (နာရီလက်တံလည်တဲ့အတိုင်း) ရေးရပြီး ဝသုညကိုတော့ လက်ဝဲရစ် (နာရီလက်တံပြောင်းပြန်အတိုင်း)ရေးရတယ်။ ၎နဲ့ နကို ရေးရိုးရေးစဉ် အပေါ်ကနေ အောက်ကိုမဆွဲဘဲ အောက်ကနေ အပေါ်ကိုဆွဲရတယ်။

အင်းဆန်တွေရေးရာမှာ အင်းဆန်တစ်လုံးကိုရေးတိုင်း ရွတ်ဆိုရတဲ့ဂါထာကို 'အဟိန်းဂါထာ' လို့ခေါ်တယ်။ အင်းကွက်ရေးဆွဲပြီးတဲ့အခါမှာလည်း ဂါထာမန္တန်ဘယ်နအုပ်စုတ်ရမယ် (ဝါ) ဘယ်နကြိမ်မန်းမှုတ်ရမယ်ဆိုတာတွေလည်းရှိသေးတယ်။ တကယ်တမ်း အင်းပညာကို လိုက်စားလိုသူတွေ သက်ဆိုင်ရာကျမ်းတွေမှာ ဆက်ပြီးလေ့လာနိုင်ပါတယ်။

■ ကြီးလေးကြီးအင်း


အရင်ဆုံး လူတိုင်း လက်တွေ့အသုံးချကြည့်နိုင်တဲ့ အလွယ်ဆုံးအင်းကွက်တစ်ကွက်ကိုပြပါမယ်။ ဒီအင်းကွက်ကို ပြပေးခဲ့သူက မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းနယ်မြေ ချမ်းအေးရပ်က ကျွန်တော့် မိတ်ဆွေဆရာဦးကျော်ကျော် (မနာစီဏ္ဏ ပွါဒ်ဂိုဏ်းဆရာ၊ ဗေဒင်နှင့် လက္ခဏာပညာရှင်) ဖြစ်ပါတယ်။

တစ်နေ့ ကျွန်တော့်ဆိုင်ကို ဦးကျော်ကျော် ရောက်လာတဲ့အခါ ကျွန်တော့်ဆိုင် ဆိုင်းဘုတ်အသစ်ပြန်တင်မလို့လုပ်နေတာနဲ့ဆုံပါတယ်။ ဦးကျော်ကျော်က သံချွန်တစ်ချောင်းတောင်ပြီး ဆိုင်းဘုတ်ထောင့်တစ်နေရာမှာ လေးကွက်ရှိတဲ့ စတုရန်းပုံအင်းကို ရေးကြည့်အခုလို ပြောပါတယ်။


"ဒီအင်းကို ကြီးလေးကြီးအင်းလို့ခေါ်တယ်။ ဒီအင်းမျိုးထားရင် ဒီဆိုင်းဘုတ်ကို သူများဇလွဲမဖျက်ဆီးမနှောင့်ယှက်

www.burmeseclassic.com

www.burmeseclassic.com




မြင်းသွား




ကြီးလေးကြီးအင်း



ဆေးရုန်းကင်းတွေ လွန်ချပ်သော



သာမညတောင်ဆရာတော်ဘုရားကြီး၏
စကြာအင်းတံဆိပ်တော်



သာမန်ရိုးရိုးဂဏန်းနံပါတ်များ	၀	၂	၃	၄	၅	၆	၇	၈	၉
ပိဋကတ်ဂဏန်း(သို့မဟုတ်) အင်းဂဏန်းနံပါတ်များ	၁	၂	၃	၄	၅	၆	၇	၈	၉

နိုင်တော့ဘူး"

လို့ ပြောပါတယ်။

ကြီးလေးကြီးဆိုတာက ကကြီး (က)၊ ယကြီး (ယ)၊ ဏကြီး(ဏ)နဲ့ ဋကြီး (ဋ) တို့ပဲ ဖြစ်တယ်။ ကြီးလေးကြီးစမလို့ ခေါ်တယ်။ တကယ်လည်း အရပ်ထဲက ကာလသားတွေ တန်ဆောင်မုန်းလပြည့်ည ကျီးမန်းပွဲလုပ်ပြီး နေအိမ်နဲ့ ဆိုင်တွေက ဆိုင်းဘုတ်တွေပစ္စည်းတွေဖြုတ်ပြီး ဟိုဟိုဒီဒီရွှေ့ကြတဲ့အခါတော့ ကျွန်တော့် ဆိုင်းဘုတ်ကကျန်နေပါတယ်။ ကျွန်တော် ရပ်ဝေးကို ပစ္စည်းတွေဘာတွေပို့တဲ့အခါ လိုရမည်ရ ဒီအင်းကွက်ကိုဆွဲပါတယ်။ အခုထိတော့ ဘာတစ်ခုမှပျက်စီးတာ၊ ပျောက်ရှတာမရှိသေးပါဘူး။

■ စကြာအင်း

နောက်အင်းတစ်ခုကတော့ - သာမညတောင်ဆရာတော်ဘုရားကြီးရဲ့ 'စကြာအင်းတံဆိပ်တော်' ဖြစ်ပါတယ်။ ဒီအင်းမှာ (ဏ၊ ရ၊ ဘ) အင်းဆန်းလုံးပဲပါပါတယ်။ဒီအင်းကိုဆောင်ထားရင် ရောဂါခပ်သိမ်း၊ ဘေးရန်အန္တရာယ် ခပ်သိမ်းကင်းဝေးစေတယ်လို့ဆိုပါတယ်။ ဏာဘရံ - ဘေးမရှိဆိုတဲ့စကားရဲ့နောက်ကြောင်းပုံပြင်ကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။

တစ်ခါတုန်းက မင်းသားသုံးပါး ဟာ တောနက်တစ်ခုထဲဖြတ်သွားရင်း ဘီလူးသုံးဆယ်နဲ့ တွေ့ပါတယ်။ ဘီလူးတွေက မင်းသားတွေကိုစားမယ်လုပ်တော့ မင်းတို့ ဘီလူးသုံးဆယ်တန်းစီပြီး မင်းတို့ကြားမှာ ငါတို့သုံးယောက်ဝင်ရပ်မယ်။ အစကနေ တစ်-နှစ်-သုံး-လေး ရေတွက်လို့ ငါတို့တစ်ဆယ်ကျရင် အစားခံမယ်။ မင်းတို့တစ်ဆယ်ကျရင်ထွက်လို့ ပြောတယ်။ ဘီလူးတွေက သဘောတူလို့ မင်းသားသုံးပါးဝင်ရပ်ပြီး တစ်ကနေ တစ်ဆယ်အထိ အပြန်အပြန်အလှန် လှန်ရေတာ နောက်ဆုံး ဘီလူးသုံးဆယ် စလုံး ထွက်သွားပြီး မင်းသားသုံးပါးပဲ ကျန်တယ်။ အဲဒီလိုကျန်အောင် မင်းသားသုံးပါး ဘယ်နေရာတွေမှာဝင်ရပ်မလဲ။

ဒီပဉ္စာကို သခ်ၤာနည်းနဲ့ ဘယ်လိုမှ စွက်လို့မရနိုင်ဘူးထင်တာပါဘဲ။ အဖြေက မင်းသားရော ဘီလူးပါ အားလုံး (၃၃) ယောက်ကို က-အစ အ-အဆုံး အက္ခရာ (၃၃) လုံးလို့ယူပြီး ဏ၊ ဘ၊ ရ နေရာတွေမှာ မင်းသားသုံးပါး ဝင်ရပ်ရပါမယ်။ လက်တွေ့စမ်းသပ်ကြည့်စေချင်ပါတယ်။ စမ်းသပ်ဖို့ဟာလည်း မခက်ပါ။ ခဲလုံးလေး (၃၀)နဲ့တုတ်ချောင်း (၃) ချောင်းကို စီတန်းချထားပြီး တစ်ကနေ တစ်ဆယ်အထိရွတ်ရင်း တစ်ဆယ်ကျတာကို ဖယ်ထုတ်သွားဖို့ပါပဲ။ အတန်းဆုံးသွားရင် အစကိုပြန်သွားပြီးဆက်ရေရပါမယ်။

ရကောက်ကို အင်္ဂလိပ်အက္ခရာ R လို လျှာလိပ်သံနဲ့ဖတ်ရမဲ့အစား ယသံနဲ့ဖတ်လို့ နာဘယ်လို့အမှတ်မှားသွားကြတာဖြစ်ပါတယ်။ အထူးသဖြင့် ပါဠိတော်တွေ၊ ပရိတ်တော်တွေ ရွတ်ဖတ်တဲ့အခါမှာ အရပ်မှာပါတဲ့ ရ-လိုပီပီသသရွတ်ဖတ်ဖို့ အရေးကြီးပါတယ်။

မောင်ပွင့်ဘုန်းမြ (မောရ)

www.burmeseclassic.com

www.burmeseclassic.com



မောင်စိမ်းရင့်
(ကျီးမော့)
ကိုယ်ပြုသည့်ကံ

(၁)

ကျွန်တော်တို့ ယုံကြည် ကိုးကွယ်သည့်ဘာသာတရားတွင် အဓိကနားလည်ရမည့်အခြေခံတရားနှစ်ပါးကား ကုသိုလ်တရားနှင့်အကုသိုလ်တရားဟူ၍ဖြစ်မည်ထင်ပါသည်။ ဤကား ကျွန်တော်နားလည်ထားသည့်သဘောပင်။ ကုသိုလ်ဆိုသောကောင်းမှုပြုလုပ်ပါက ကောင်းသောအကျိုးခံစားရပြီး အကုသိုလ်ဟုခေါ်သော မကောင်းမှုပြုပါက မကောင်းကျိုးကို ခံစားရမည်ဟူသော ကံကံ၏အကျိုးကို ယုံကြည်သက်ဝင်မှသာလျှင် ဗုဒ္ဓဘာသာဝင်ကောင်းဖြစ်သည်ဟု ဆိုပါသည်။ ဘာသာတရား၏အနှစ်သာရကျင့်ကြံမှု၊ အကျိုးရလဒ်ခံစားရမှုများကို ထဲထဲဝင်ဝင် ဂဃနဏသိရှိသူနည်းပါးသော်လည်း ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် ကံဆိုတာ ပြုလုပ်မှုအကျိုးအပြစ်နှင့် ရတနာမြတ်သုံးပါး၊ မိဘ၊ ဆရာဆိုသောအနုန္တငါးပါးအား ကိုးကွယ်ဆည်းကပ်ခြင်း တည်းဟူသောအကြောင်းကိုတော့ မိမိနားဖလာအသိဖြင့်သိရှိကြသည်သာဖြစ်ပါသည်။ အထူးသဖြင့် ပဋိစ္စသမုပ္ပာဒ်တရားတော်၏ အကြောင်းတရားအခြေခံကြောင့် အကျိုးတရားဖြစ်ရသည်ဟူသောတရားအနှစ်ကိုလည်း ယခုခေတ်ကဲ့သို့တရားပွဲများ၊ ရက်တိုရက်ရှည်ဝိပဿနာတရားရိပ်သာများ တစ်နိုင်ငံလုံးနေရာအနှံ့ကျင်းပနေသည့်အတွက်ကြောင့် ဗုဒ္ဓဘာသာဝင်များအဖို့ အတော်အတန်သိရှိနားလည်ထားကြပြီးဖြစ်ပေလိမ့်မည်။

ကျွန်တော့်အနေဖြင့် ဗုဒ္ဓဟောကြားတော်မူသော ကံအကြောင်းတရားအပေါ်၌ ယုံကြည်သက်ဝင်မှုရှိပါသည်။ လူသားအားလုံးတို့သည် နံနက်အိပ်ရာနိုးထသည်မှ ညအိပ်ရာဝင်သည်အထိ ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော စိတ်ဖြင့်ကြံစည်တွေးတောခြင်း၊ နှုတ်ဖြင့်ပြောဆိုခြင်း၊ ကိုယ်ကာယဖြင့် လုပ်ကိုင်ခြင်း စသော ကံသုံးပါးအလုပ်သာလျှင် လူပ်ရှားသက်ဝင်နေကြပါသည်။ ထိုကြံစည်ပြောဆိုလုပ်ကိုင်သောအကြောင်းတရားထဲသို့ စေတနာဆန္ဒဇောကပ်၍သွားပါက တန်ပြန်အကျိုးသက်ရောက်မှုသည် ထိုစေတနာအလျောက် ထိရောက်စွာပြန်လည်ခံစားကြရမည်ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်မှလည်း တပည့်သားရဟန်းတော်များအား စေတနာကမ္မဲဘိက္ခဝေ ဟူ၍ ဟောကြားခဲ့ပြီး ဖြစ်ပေသည်။

(၂)

လွန်ခဲ့သောနှစ်ပေါင်း(၄၀)ကျော်ခန့် အုပ်ချုပ်မှုခေတ်အရဆိုရင်တော့ မဆလပါတီခေတ်ကာလဖြစ်ပါတယ်။ ထိုအချိန်က ကျုပ်ကြီးမြို့သည် ဒီပေါ် (၄)ရပ်ကွက်အပါအဝင် တွေ့ရှိရာ (၉၂) အုပ်စုဖြင့် ဖွဲ့စည်းထားသည်ဟုဆိုရမည်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

ရသလို တစ်ဖက်မှလည်း ကျေးရွာချင်း ဆက်လမ်းဖောက်ခြင်း တောခုံများရှင်းခြင်း၊ ကြုံသလိုဆောက်၍ ရွာတည်နေသောအိမ်များကို ရွာတန်းများဖော်၍ စည်းစည်းလုံးလုံးနေစေခြင်းစသောအလုပ်များကို တာဝန်ရှိသူများက ဦးဆောင်၍ ပြည်သူများနှင့်ပူးပေါင်းကာဆောင်ရွက်ခဲ့ကြသည်။ ထိုခေတ်ထိုအချိန်က ကိုယ့်မြို့နယ်တွင်းသာမက အခြားမြို့နယ်များသို့ပါ လိုအပ်ပါက အလုပ်သွား၍လုပ်

လဟာပိုင်းမရမ်းရိုး၊ ထိန်ဥကြီး၊ကွင်းသာ၊ ထိန်တပင်၊ မော်သေး စသည့်ရွာများ၊ တောင်ဘက်တွင် အစောပိုင်းကာလ အခြေအနေများကြောင့် မြို့ပေါ်နှင့် ကျေးရွာများလုံခြုံအေးချမ်းရေးအတွက် ရပ်ကွက်ကျေးရွာတိုင်းတွင် ပြည်သူ့စစ်များဖွဲ့ကာ စစ်တပ်၊ ရဲတပ်ဖွဲ့များ ပူးပေါင်း ချိတ်ဆက်လျက် လုံခြုံရေးတာဝန်ယူနေ

နေထိုင်ရာ အောင်ဆန်းရပ်ကွက်သည် ယခုလောက် အိမ်ခြေမများသေးပါ။ ယခုအိမ်ရာများနေရာတွင် ယခင်အချိန်က ထန်းပင်ကြီးများ၊ လယ်ကွက်များသစ်တောချုံပုတ်များသာရှိခဲ့သည်။

ကျွန်တော်တို့ရပ်ကွက်လယ်ပြင်ထွက်၍ အနောက်ဘက်မျှော်ကြည့်လျှင်



www.burmeseclassic.com

www.burmeseclassic.com

မှ ထက်လှစွာသော ဌက်ကြီးတောင်များဖြင့် ခုတ်ချလိုက်ရာ ကျွန်တော်လည်း ယုန်ကလေး၏အဖြစ်ကို မကြည့်ဝံ့သဖြင့် မျက်လုံးစုံမှိတ်ထားလိုက်မိပါသည်။

"အား"

ဟူသော အသံနက်ကြီးဖြင့် အော်သံကြောင့် ကျွန်တော်မျက်လုံးဖွင့်ကြည့်လိုက်ရာ ယုန်သေကိုမတွေ့ရဘဲ ကိုဆန်းတင့်၏ တွဲလွဲကျနေသော ခြေဖမိုးနှင့် မြောက်လျက်သား ဘယ်ခြေထောက်ကြီးကိုတွေ့လိုက်ရသည်။ သွေးများက မြင်မကောင်းအောင်ထွက်လျက် ကျွန်တော်လည်း လူတွေ့ဝိုင်းအံ့နေသည့်ကြားသို့ အတင်းတိုးဝင်ကြည့်လိုက်ရာ ကိုဆန်းတင့်၏ဘယ်ခြေဖမိုးခြေကျင်းဝတ်တစ်ခုလုံး ပြတ်လုတဲတဲကျန်ပြီး နောက်ဆုံးဖနောင့်ကြောဆက်အရိုး (၂) ခုမှာ တစီမာစိနှင့်ဖြစ်နေသဖြင့် ကျွန်တော်လည်း ဆက်မကြည့်ရဲသဖြင့် နောက်သို့လှည့်ထွက်လာကာ အဝေးမှသာလှမ်းကြည့်နေမိသည်။ လုပ်အားပေးလာသောလူကြီးများက ထမ်းစင်လုပ်သူလုပ်၊ ပုဆိုးစုတ်များဖြင့် ဒဏ်ရာကိုပတ်သူပတ်ဖြင့်အလုပ်ရှုပ်နေကြပါသည်။ ယုန်လေးခမျာလည်း နောက်လူတစ်ယောက်၏ရိက်ချက်ကြောင့် သေပွဲဝင်ရရှာပါသည်။ ဦးဆောင်ဦးရွက်ဖြင့် ထိုယုန်လေးအား သတ်ဖြတ်ရန် အားကြိုးမာန်တက်ပြုလုပ်ပြောဆိုခဲ့သော ကိုဆန်းတင့်ကား ယုန်ကို သတိမရနိုင်ပါလေတော့။ လုပ်အားပေးကြီးကြပ်သူအဖွဲ့ခေါင်းဆောင်မှ သန်သန်မာမာလူငယ်များကိုခေါ်၍ ဒဏ်ရာရသူ ကိုဆန်းတင့်အား ကျေးဇူးမြည်သူဆေးရုံသို့ ထမ်းပိုးသယ်ဆောင်သွားစေပါသည်။ ကျွန်တော်တို့ကျန်လုပ်အားပေးအဖွဲ့များကိုပြန်ကြစေပါသည်။

ကျွန်တော်တို့လုပ်အားပေးအဖွဲ့များပြန်ရာလမ်းတစ်လျှောက်တွင် ကိုဆန်းတင့်အဖြစ်အပျက်အား တစ်ယောက်တစ်ပေါက်ဖြင့် ဝေဖန်ပြောဆိုလျက်။

ကျွန်တော့်မှာမူကား အိမ်နီးချင်းကိုဆန်းတင့်၏အဖြစ်ဆိုး၊ ကလေး (၂) ယောက်နှင့်ဇနီးသည်၊ တစ်နေ့လုပ်တစ်နေ့စားရသည့်ကြုံရာကျပန်းဘဝအခြေအနေစသည်တို့သာ အတွေးအာရုံဆတရစ်ဝဲဝဲ မွန်းတည်နေကား ပူပြင်ကျဉ်ပါသည်။

(ကိုယ်တိုင်တွေ့ကြုံခဲ့ရသောဖြစ်ရပ်မှန်ဖြစ်ပါသည်)

မောင်စိမ်းရင့် (ကျုံပျော်)



ပေးကြရသည်။ ထိုခေတ်အခေါ် အရလုပ်အားပေးသည်ဟူ၏။ အကြောင်းရှိ၍ လုပ်အားပေးရန် သက်ဆိုင်ရာရပ်ကွက်လူကြီးများက ဆင့်ခေါ်လာက ငြင်းဆိုခဲ့လျှင်အပြစ်ဒဏ်ကိုခံကြရ၏။ အကြောင်းအမျိုးမျိုးကြောင့် လုပ်အားပေးမလိုက်နိုင်ခဲ့လျှင် အခကြေးငွေဖြင့် လူငှား၍ထည့်ကြရသည်။ လုပ်အားပေးဆိုရာတွင်လည်း လမ်းတာဖို့ခြင်း၊ ရေမြောင်းဖောက်ခြင်း ထောရှင်း (ခုတ်)ခြင်းတို့ဖြစ်သည်သာများပါသည်။

ကျွန်တော်နေထိုင်ရာရပ်ကွက်သည် ကျန်ရပ်ကွက်များဖြစ်ကြသော မြဝတီ၊ တေဇ၊ ဖင်လုံကဲ့သို့မဟုတ်ဘဲ ရပ်ကွက်နောက်ကျောထွက်လိုက်ပါက လယ်ကွင်းများ၊ ချိုနွယ်ပိတ်ပေါင်းထူသောတောကလေးများဝန်းပတ်လျက် တွေ့ရှိလေသည်။ တောဟုဆိုရသော်လည်း ဆူးရစ်၊ ကင်ပွန်း၊ သပွတ်၊ နွယ်လိမ်ဆူးရစ်နှင့် အခြားအမည်မသိအပင်များသာပေါက်ပါသည်။ ခေတ်အခြေအနေအရ ထူထပ်သောတောချုံများသည် လူဆိုးသူခိုးများခိုအောင်းရာ မဖြစ်စေလိုသဖြင့် ရှင်းလင်းခုတ်ထွင်ကြရသည်။

(၃)

ပူပြင်းလှသော ဧပြီလ၏နေ့တစ်နေ့တွင် အောင်ဆန်းရပ်ကွက်တွင်းနေထိုင်သူများအား လုပ်အားပေးခေါ်ပါသည်။ ကျွန်တော်လည်း ကျောင်းပိတ်ရက်ဖြစ်သဖြင့် ဓားရှည်တစ်ချောင်းကိုယူကာ လုပ်အားပေးလိုက်သွား၏။ ရှင်းလင်းရမည့်တောကား လဟာပိုင်းရွာနှင့်အရှေ့ကရင်စုရွာကြားမှ တောအုပ်ဖြစ်ပါသည်။ ထိုရှင်းလင်းရမည့်တောကိုရောက်သည်နှင့် လုပ်အားပေးကြီးကြပ်သူလူကြီးများက လုပ်အားပေးအဖွဲ့များကို သင့်တော်သလိုနေရာချပေးပါသည်။ ကျွန်တော်လည်း သူငယ်ချင်းနှင့်အတူ နီးစပ်ရာချုံပုတ်များအကိုင်းအခက်များကို ခုတ်ထွင်နေပါသည်။ နားလိုက်ခုတ်လိုက်ဖြင့် နေပြင်းသည့်ကာလမို့ ကျွန်တော့်တစ်ကိုယ်လုံးမှာ ချွေးများစိုရွှဲလျက်ရှိပါသည်။ ချုံများ၏အောက်ခြေရှုပ်ထွေးမှုကြောင့် မြွေပါးကင်းပါးလည်းသတိထားကြရပါသည်။ လုပ်အားပေးကြီးကြပ်သူလူကြီးများကလည်း အထိအခိုက်မရှိစေရန် လှည့်ပတ်၍သတိပေးနေလေသည်။ ထိုလုပ်အားပေးနေရာတစ်ဝိုက်တွင် သစ်ကိုင်းသစ်ခက်ခုတ်သံ၊ သီချင်းဆိုသံ၊ စသံနောက်သံတို့ဖြင့် ဆူညံလျက်ရှိပါသည်။

ဆွမ်းခံပြန်ချိန်ခန့်ရှိသဖြင့် နေအပူရှိန်ကား ပြင်းထန်စပြုနေပါပြီ။ ကျွန်တော်လည်း မျက်နှာပေါ် သို့စီးကျလာသော ချွေးများကို ပုဆိုးအောက်စဖြင့် ငုံသုတ်ရင်း ခေါင်းပေါ် မှခမောက်အားပြန်၍ပြင်ဆောင်းနေစဉ်

"ရိုက်ပါကွ ခုတ်ပါကွ၊ မိအောင်လိုက်ဟေ့"

ဆိုသောအသံများကိုကြားသဖြင့် လှည့်ကြည့်မိလိုက်ရာ ကျွန်တော့်အိမ်အနားတွင်နေထိုင်သော ကိုဆန်းတင့်နှင့် အတူ လူလေးငါးခြောက်ယောက်တို့မား၊ ပေါက်တူးများကိုင်ကာ ရုတ်ရုတ်သဲသဲနှင့် တစ်စုံတစ်ခုကို သဲကြီးမဲကြီးရှာဖွေနေသလိုတွေ့ရသဖြင့် ကျွန်တော်လည်း သူတို့အုပ်စုနှင့်ထေးရာသို့သွား၍ မတ်တတ်ရပ်လျက်ကြည့်နေမိသည်။

မကြာပါ။

"ဟော- ထွက်လာပြီ ကိုဆန်းတင့်ရေ။ အဲဒီဘက်ကမလွတ်စေနဲ့။ ဒါမှညနေအမြည်းရမှာ"

ဟူသောအသံနှင့် အဖြူရောင်နှင့် မီးခိုးရောင်စပ်ထားသော ဝဝဖြိုးဖြိုးယုန်လေးတစ်ကောင်ပြေးထွက်လာသည်ကို တွေ့လိုက်ရသည်။ ယုန်ကလေးမှာ မိမိအသက်ရှင်နိုင်ရေးအတွက် ကြောက်လန့်တကြားလှည့်ပတ်ပြေးနေလေသည်။ ထိုယုန်ကလေးကို အမိအလိုက်ခုတ်လိုက်ရိုက်နေသောသူများကား ခက်ထန်တက်ကြွလွန်းလှသည်။ ထိုသို့သောအနှောရယ်ကြားမှ ယုန်ကလေးသည် လှည့်ပတ်ပြေးနေရင်း ရှေ့တည့်တည့်ရှိကိုဆန်းတင့်၏ခြေနှစ်ချောင်းကြားသို့ပြေးဝင်လာရာ ကိုဆန်းတင့်မှ ဒီတစ်ခါတော့အပိုင်ပဲဟူသောအတွေးဖြင့် သူလက်ထဲ

www.burmeseclassic.com

www.burmeseclassic.com

တင်ထွန်း (စက်မှုနှင့်မြေမီးဝင်)

အတ္တမေတ္တာတရား



မေတ္တာတရား ဆိုသည်မှာ တော တောင်လျှိုမြောင်များကြားမှ ဖြတ်ကျော် စီးဆင်းလာတဲ့စိမ့်စမ်းရေပမာ အေးမြ ကြည်လင်လှပါတယ်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့တရားလေးပါးရှိ ပါတယ်။ မေတ္တာဆိုသည်မှာ ချစ်ခင်ခြင်း၊ ကရုဏာဆိုသည်မှာ သနားကြင်နာခြင်း၊ မုဒိတာ ဆိုသည်မှာ ကောင်းမြတ်တဲ့ စိတ်များပွားများခြင်း၊ ဥပေက္ခာ တရား ဆိုသည်မှာ မတုန်လှုပ်ခြင်း တို့ ဖြစ်ကြပါတယ်။ မေတ္တာတရား ဆိုသည်မှာ မိမိကိုယ်ကို ချစ်ခင်တတ် သလို သူတစ်ပါးကိုလည်း ချစ်ခင်တတ် ရန် လိုအပ်ပါတယ်။ မိမိကိုယ်ကိုသာ ချစ်ခင်ခြင်းသက်သက်သည် ဘယ် သူ့သေသေ ငတေမာရင်ပြီးရော ဆိုတဲ့ အတ္တမေတ္တာတရားဖြစ်ပါ တယ်။

မိမိတို့အသက်ရှင်စဉ် ကာလမှာ သူတစ်ပါးကို လည်း ချစ်ခင်တတ်ရန်လို အပ်ကြသလို ကိုယ်ချင်း စာနာစိတ်များလည်း ထားသင့်ကြပါတယ်။ မေတ္တာတရားကို လက်ခံ ရရှိသူများဟာ စိမ့်စမ်း ရေကို သောက်သုံးရတဲ့ ပမာ ရင်ထဲအေးမြစိမ့် ဝင်သွားကြလေ့ ရှိပါတယ်။

မေတ္တာတရားကို ပေးအပ်ကြသူများအ နေနဲ့လည်း ရင်ထဲ၌ ကြည်နူးပျော်ရွှင်မှု ရတတ်ကြပါတယ်။ လို့ရင်းရှာတော့ ကိုယ်ချင်းစာ ဆိုတဲ့ မြန်မာစကားကဲ့သို့ လူမှုဒုက္ခများရောက်ရှိနေ ကြတဲ့လူသားများအား မိမိ တတ်နိုင်သည့်ဘက်ကလည် ထောက်ပံ့ကြမည်ဆိုကြပါ က သာဓုခေါ်ကြမည်လည်း ဖြစ်ပါတယ်။

သူတစ်ပါးတို့ လူမှုဒုက္ခ များ ရောက်ရှိနေကြစဉ်ကာလမှာ မိမိအတွက် မည်သို့မျှ မသိသာသော်လည်း မိမိတို့ကိုယ်တိုင် ဒုက္ခရောက် ကြတဲ့ကာလမျိုးမှာ ကိုယ်ချင်းစာနာ စိတ်များပေါ် ပေါက်တတ်ကြပါတယ်။

စာရေးသူရဲ့ ဥစ္စာဓန ကြွယ်ဝချမ်းသာတဲ့ ငယ်ပေါင်း သူငယ်ချင်းတစ်ဦးဟာ အမှန် တကယ်ဆင်းရဲနွမ်းပါးကြတဲ့ ခိုကိုးရာမဲ့ ဘိုးဘွားရိပ်သာ များ၊ မိဘမဲ့ဂေဟာများမှာ လစဉ်ကျွေးမွေးစရိတ်လှူ ဒါန်းငွေများမှာ မနည်းလှပါ။

သူငယ်ချင်းဖြစ်သူပြောကြားတဲ့ စကားများက -

"ငါတို့မိသားစုရဲ့အထွေထွေအသုံး စရိတ်ကို လစဉ်ဖယ်ထားလေ့ရှိပြီး ပိုလျှံ တဲ့ငွေကြေးများကို မလိုအပ်တဲ့နေရာ များမှာသုံးလေ့မရှိဘဲ လိုအပ်တဲ့နေရာ များမှာ လစဉ်လှူဒါန်းလေ့ရှိပါတယ်"

စာရေးသူက သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ပြီး စာရေးသူကိုယ်တိုင်လည်း တတ်နိုင်တဲ့ငွေကြေးများကို သူငယ်ချင်း ဖြစ်သူ လှူဒါန်းခဲ့တဲ့ ကာလများမှာ ပါဝင် လှူဒါန်းလေ့ရှိပါတယ်။ စာရေးသူသိရှိ သလောက် စေတနာထက်သန်စွာဖြင့် လှူဒါန်းကြသူများဟာ ဘယ်ကာလမှာ မှ ဆင်းရဲသွားလေ့မရှိကြသည်ကို သတိ ထားမိ၍ ဖော်ပြရေးသားခြင်း ဖြစ်ပါ တယ်။

စာရေးသူကိုယ်တိုင် ဆင်းရဲနွမ်း ပါးကြတဲ့ မိဘမဲ့ကလေးများကို မိဘမဲ့ ဂေဟာများမှာ တွေ့ကြုံခဲ့ရတဲ့ကာလ ရင်ထဲ ဖော်ပြမရနိုင်သောဝမ်းနည်းခြင်း ဝေဒနာတစ်ခုကို ခံစားရလေ့ရှိကာ ပါရှိ ခဲ့တဲ့ငွေကြေးများကို အပြန်လမ်းစရိတ် ချန်ပြီး လှူဒါန်းလေ့လည်းရှိပါတယ်။ မိမိ အတွက် ဝယ်ယူမယ့်အဝတ်တစ်စုံဟာ မိဘမဲ့ဂေဟာများမှာ ရှိကြတဲ့ မိဘမဲ့ကလေးများအတွက်

www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းမင်းနိုင်(နတ်မောက်)
မြို့အန္တရာယ်ကင်းအစီအရင်

ဤသို့ စီရင်ပြုလုပ်သွားခြင်းဖြင့် အဆိပ်ရှိမြွေနှင့် သတ္တဝါလေးများသည် သင့်ခြေသံကြားရုံနှင့်ငြိမ်နေပါလိမ့်မည်။ အန္တရာယ်လည်းမပြုနိုင်ပါပေ။ ခေတ္တ အဆိပ်အိပ်ငြိမ်သွားခြင်းမျိုး ဖြစ်ပါသည်။

ကျွန်ုပ်၏အဘိုး ဦးမင်းသန့်ပေးခဲ့သောပညာအမွေတစ်ရပ်ဖြစ်၍ အမှတ်တရ ရေးသား တင်ပြအပ်ပါသည်။

ဦးမင်းမင်းနိုင်(နတ်မောက်)

မြက်ရိုင်းတော၊ ခယောင်းတော၊ ဆူးတော၊ ချံတော၊ သစ်တောကြီးများထဲမှ ခရီးသွားလာဖြတ်သန်းသည့်အခါ အဆိပ်ရှိသတ္တဝါများ၏ အန္တရာယ်ကို စိုးရိမ်ရပါသည်။ အထူးသဖြင့် မြွေ၊ ကင်းခြေများ၊ ကင်းမလက်မည်း၊ ကင်းမြီးကောက်၊ အခြားအဆိပ်ရှိသတ္တဝါလေးများပင် ဖြစ်ပါသည်။

မြွေအန္တရာယ်နှင့်အဆိပ်ရှိသတ္တဝါလေးများ၏ရန်မှ ကင်းဝေးစေရန် အောက်ပါအတိုင်း စတိနည်းစီရင်လုပ်ဆောင်သွားပါ။ အန္တရာယ်ကင်းစေပါမည်။

သင်၏လက်ဖဝါးနှစ်ဖက်ကိုပြန့်ပြီး အောက်ပါဂါထာဖြင့် (၇) ကြိမ်မန်းပါ။ ထို့နောက် ထိုလက်ဖဝါးဖြင့် ဘယ်ခြေ-ညာလက်၊ ညာခြေ-ဘယ်လက် အောက်သို့ သုံးကြိမ်ပွတ်သပ်ပေးပါ။

လက်ဖဝါးကိုမန်းရမည့်ဂါထာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

■ဣ အာဒိစိတိ သေဒိစိတိ သွားဟ်ယကပ်

www.burmeseclassic.com

လူမှုဒုက္ခများ. ကျရောက်ခြင်းမရှိသလို မည်သည့်အနာရောဂါဝေဒနာများကိုမျှ မခံစားရသည်မှာ ကောင်းမှုကုသိုလ်များ၏ ရောင်ပြန်ဟပ်မှုကြောင့်ဖြစ်ပါတယ်။

သက်ရောက်မှုတိုင်းမှာ တူညီကြတဲ့ တန်ပြန်သက်ရောက်မှုများရှိကြပါတယ်။ ကုသိုလ်ကောင်းမှုပြုကြသူများဟာ ကောင်းမှုကုသိုလ်၏ အကျိုးသက်ရောက်ခြင်းများကို ပြန်လည်ခံစားကြရမှာဖြစ်သလို မကောင်းမှုအကုသိုလ်ပြုလုပ်ခဲ့ကြသူများဟာ မကောင်းမှုအကုသိုလ်များ၏ တန်ပြန်သက်ရောက်ခြင်းများကို ပစ္စုပ္ပန်ကာလတွင်သော် လည်းကောင်း၊ တမလွန်သံသရာဆီးတွင်သော်လည်း ပြန်လည်ကြုံတွေ့ခံစားကြရမှာ မလွဲကောန်ဖြစ်ပါလိမ့်မယ်။

သက်ရှိသတ္တဝါများဖြစ်ကြတဲ့ လူသားတွေဟာ သံသာလေကမ်းတိုင် တူပြိုင်လေကူးကြမယ် ဆိုသည့် သံသရာရဲ့ တစ်ဖက်ကမ်းမှာရှိတဲ့ မြတ်နိဗ္ဗာန်သို့ မရောက်မချင်း သံသရာကြီးနှင့် တူညီတဲ့ သမုဒ္ဒရာရေပြင်ကြီးကို လက်ပစ်ကူးကြရမှာဖြစ်တဲ့အတွက်ကြောင့် မဆုံးနိုင်သော သံသရာခရီးအတွက် ပစ္စုပ္ပန်ကာလမှစတင်ပြီး အကုသိုလ်အကြောင်းတရားများကို ရှောင်ရှားကာ ကောင်းမှုကုသိုလ်များကို နေ့စဉ်လုပ်ဆောင်နိုင်ကြဖို့ကာ မိမိတို့ရဲ့ သံသရာခရီးလမ်းသည်လည်း ဖြောင့်တန်းကြလိမ့်မှာဖြစ်ကြောင်းဖော်ပြရေးသားလိုက်ပါတယ်။

တင်ဇွန်း(စက်မှု ၂၊ ဦမိုး)

အတိုင်းအတာတစ်ခုထိ ရရှိမယ့် စားစရိတ်ကိုကူညီပေးဆပ်ရာလည်း ရောက်တတ်ပါတယ်။

စာရေးသူကိုယ်တိုင်မှာလည်း အကျိုးနဲ့ လုံချည်များကို လိုအပ်သည်ထက်ပိုမိုဝယ်ယူလေ့မရှိဘဲ ပိုလျှံတဲ့ငွေများကို အထက်ပါလိုအပ်တဲ့နေရာများသို့ လစဉ်လှူဒါန်းလေ့ရှိပါတယ်။ စာရေးသူ သေဆုံးတဲ့ကာလမှာလည်း စာရေးသူနောက် အမှန်တကယ်လိုက်ပါကြမယ့်အကြောင်းတရားများက အသက်ရှင်စဉ်ကာလမှာ ပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်များသာ ဖြစ်ကြပါတယ်။ ထို့အတွက် ငွေကြေးတတ်နိုင်ကြသူများအနေဖြင့်လည်း မိမိတို့ရဲ့တစ်ဘဝစာအတွက် အချိန်မကုန်ကြဘဲ တတ်နိုင်တဲ့ငွေကြေးများကို အမှန်တကယ်လိုအပ်နေတဲ့ အထက်ပါနေရာများမှာ လှူဒါန်းသင့်ကြပါတယ်။

မိမိတို့အတွက် အုပ်ထိန်းငွေများဟာ အမှန်တကယ် လူမှုဒုက္ခရောက်ရှိနေတဲ့သူအတွက် ထမင်းတစ်နပ်စာရသည်ပင်လျှင် ရရှိမယ့်ကုသိုလ်ကောင်းမှုက မနည်းလှပါ။ စိတ်ထားတတ်လျှင် ဆောင်စေ့လောက်လျှုရင်လည်း ဆောင်ပင်ကြီးလောက်ရတတ်တဲ့သဘောရှိပါတယ်။

အချို့သောသူများက သားသတ်ရုံမှာ သတ်ဖြတ်ကြမယ့်တိရိစ္ဆာန်များကို လစဉ် တစ်ထောင်ကျပ် စုဆောင်းပြီး နှစ်စဉ်နှစ်ဆန်းတစ်ရက်နေ့မှာ သတ်ဖြတ်ခံကြရမယ့် တိရိစ္ဆာန်များကို ဝယ်ယူပြီး

www.burmeseclassic.com

သူတော်အိမ် (ဒဗ္ဗသုတေသ)
ရွှေဟင်္သာမင်းဇာတ်ကြောင်း



ရွှေဟင်္သာမင်းဇာတ်တော်ကြီးကို မြတ်စွာဘုရားသခင် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် အဇာတသတ်မင်းနှင့် ရှင်ဒေဝဒတ်တို့ ကြံစည်ချက်ဖြင့် ဘုရားသခင်အတွက် အသက်စွန့်ပုံကို အကြောင်းပြု၍ -

"ညီဘွား အာနန္ဒာသည် ယခုမှသာ ငါဘုရားအတွက် အသက်စွန့်သည် မဟုတ်သေး၊ ရှေးရွှေဟင်္သာမင်းဖြစ်စဉ် အခါကလည်း ထိုကဲ့သို့ပင် ငါ၏အတွက် အသက်ကိုစွန့်ဖူးလေပြီ"

ဟု အတိတ်ကိုဆောင့်၍ ရွှေဟင်္သာမင်းဇာတ်တော်ကိုဟောကြားတော်မူ၏။

■

လွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် ဗဟုပုတ္တကမည်သောမင်းတိုင်းပြည်အုပ်ချုပ်တာ မင်းပြုလုပ်နေ၏။ ထိုမင်း၏ မိဖုရားကြီးကား ခေမာအမည်ရှိလေ၏။ ထိုအခါ၌ပင် ဘုရားအလောင်းတော်သည် ရွှေဟင်္သာမျိုး၌ ဖြစ်၍ ရွှေဟင်္သာပေါင်း (၉) သောင်းခြံရံလျက် စိတ္တကူဋတောင်တွင်နေလေ၏။

တစ်ရံရောအခါ ခေမာမိဖုရားကြီး ညဉ့်စက်တော်ခေါ် ရာတွင် ရွှေဟင်္သာမင်းသည် နန်းတော်တွင်းသို့ဝင်လာ၍ သာယာနာပျော်ဖွယ်တရားဟောကြားပြီးလျှင် ပျံသွားသည်ဟု မြင်မက်၏။ ထိုအခါ မှစ၍ ခေမာမိဖုရားကြီးအား ရွှေဟင်္သာမင်းတရားနာကြားလိုသော ချင်ခြင်းအာသာသည် တစ်စတစ်စတိုးပွားလာရကား သည်းခြင်းငှာ မတတ်နိုင်သဖြင့် ထိုအကြောင်းကို မင်းကြီးအားလျှောက်သည်။

မင်းကြီးလည်း စိတ္တကူဋတောင်၌ နေသော ရွှေဟင်္သာကို ဖမ်းယူနိုင်ရန် အမတ်တို့နှင့်တိုင်ပင်၍ ရွှေဟင်္သာတို့ နှစ်သက်စေမည့်ရေကန်တစ်ခုကိုပြုစေပြီး ထိုရေကန်အတွင်း၌ ကြာမျိုးငါးပါးတို့ကို လည်းကောင်း၊ ကမ်းပါး၌ စပါးအမျိုးမျိုးတို့ကို လည်းကောင်း၊ အခြားသောမွေ့လျော်ဖွယ်ကောင်းသည့်သစ်ပင်ကြီးငယ်များကို လည်းကောင်း စိုက်ပျိုးစေပြီးလျှင် ရွှေဟင်္သာတို့သက်ဆင်းရောက်လာကဖမ်းယူနိုင်ရန် ကျော့ကွင်းနှင့်တကွ မုဆိုးတစ်ဦးကိုထားရှိသည်။

အခါတစ်ပါး ဓာတ်ရင့်မည်သော ရွှေဟင်္သာမင်းသည် ရွှေဟင်္သာပေါင်း (၉) သောင်းခြံရံကာဖြင့် ခေမာရေကန်ကြီးဆီသို့မွေ့လျော်ပျော်ပါးရန်သက်ဆင်းလာရာ မုဆိုးထောင်ထားသောကျော့ကွင်း၌ ရွှေဟင်္သာမင်းနင်းမိသဖြင့် ခြေတွင်ကျော့ကွင်းစွပ်မိသည်။

ထိုအခါ ရွှေဟင်္သာမင်းသည် -

www.burmeseclassic.com

www.burmeseclassic.com

"ယခုအခါ ငါအော်ဟစ်ခါက ငါ၏အမျိုးဖြစ်သော ဟင်္သာတို့သည် အစာမဝဘဲလျက် ပျံသန်းသွားကြကုန်လတ္တံ့"

ဟု အမျိုးဖြစ်သော ဟင်္သာတို့ကို ငဲ့လျက် မိလျှင်မိချင်း မအော်သေးဘဲ ဟင်္သာတို့အစာဝလောက်သောအခါတွင် ထိတ်လန့်ဖွယ်အသံပြု၍ အော်ဟစ်လေရာ (၉) သောင်းသောဟင်္သာတို့သည် ထိတ်လန့်ကြောက်ရွံ့ကာ ပျံသွားကြသည်။

စစ်သူကြီးဖြစ်သော သုမုခမည်သော ရွှေဟင်္သာသည် အရှင်သခင်ဖြစ်သော ဓတရဋ္ဌရွှေဟင်္သာမင်းပါလာသည်ကိုမမြင်ရ၍ စိုးရိမ်ခြင်းကြီးစွာဖြင့် နောက်သို့ပြန်လှည့်ပြီး ရွှေဟင်္သာမင်းခြေရင်းသို့ ကပ်ရောက်လာသည်။

ရွှေဟင်္သာမင်းသည် စစ်သူကြီးဖြစ်သော သုမုခရွှေဟင်္သာ၏ စိတ်သဘောထားကို စူးစမ်းလို၍ -

"အချင်း သုခုမအဆွေမျိုးဖြစ်ကြသော (၉)သောင်းသော ဟင်္သာတို့သည် သေဘေးမှ ထိတ်လန့်ကုန်သည်ဖြစ်၍ ကျော့ကွင်းမိနေသော ငါ့ကိုငဲ့ကွက်ခြင်းအလျင်းမရှိ ပျံသန်းပြေးကုန်ကြပြီ။ အဘယ်ကြောင့် သင်တစ်ဦးတည်းကျန်ရစ်နေဘိသနည်း။ ကျော့ကွင်းမိ၍ ဘေးတွေ့နေသူ၌ အဖော်မည်သည် မရှိစကောင်း။ အချင်းသုမုခ၊ သင်ယခုပျံသန်းသွားသင့်၏။ မိမိကိုယ်၏ချမ်းသာခြင်းကို မလျော့ပါစေသင့်သည်မဟုတ်လော"

ဟု ဘုရားလောင်းရွှေဟင်္သာမင်းကဆိုသည်။

ထိုအခါ စစ်သူကြီးဖြစ်သော သုမုခရွှေဟင်္သာက -

"ဓတရဋ္ဌမည်သောအရှင်ရွှေဟင်္သာမင်း ကျော့တွင်း၌မိ၍ ဆင်းရဲခြင်းသို့ရောက်နေသောအရှင်ကိုစွန့်၍ တစ်ကိုယ်ကောင်းကြံကာမသွားလိုပါ။ အသက်ရှင်သည်ဖြစ်စေ၊ သေရသည်ဖြစ်စေ အကျွန်ုပ်သည် အရှင်ရွှေဟင်္သာမင်းနဲ့အတူသာလျှင် ဖြစ်ပါတော့အံ့"

ဟု တင်လျှောက်သည်။

ထိုအခါ ရွှေဟင်္သာမင်းက -

"အို- သုမုခ၊ ဆင်းရဲဒုက္ခရောက်နေသော အရှင်သခင်ကို အသက်ပင်သေရငြားသော်လည်း စွန့်ပစ်မသွား၊ သေအတူရှင်မကွာ အတူဖြစ်ပါအံ့ဟုဆိုသောစကားသည် မိတ်ဆွေကောင်းတို့ထားအပ်သော ကျင့်ဝတ်တရားပင်ဖြစ်တော့သည်။ သင့်စိတ်သဘောထားကိုစူးစမ်းလို၍ ပျံသန်းသွားလေလော့ဟု ငါဆိုလိုက်ခြင်းဖြစ်သည်"

ဟု ဆိုသည်။

ထိုသို့ ရွှေဟင်္သာမင်းနှစ်ဦးတို့စကားဆို၍နေစဉ်မှာပင် မုဆိုးသည် တုတ်ကိုကိုင်ဆောင်၍ ဟင်္သာတို့ထံပြေးလာရာ သုမုခသည် ရွှေဟင်္သာမင်းကို နှစ်သိမ့်စကားပြောကြားပြီးလျှင် မုဆိုးထံသို့ရှေးရှုသွား၍ ရိုသေသောအမူအရာကိုပြုပြီး ရွှေဟင်္သာမင်း၏ ဂုဏ်ကျေးဇူးကို ဖော်ထုတ်ပြောဆိုသည်။

မုဆိုးသည် နူးညံ့သောစိတ်ဖြစ်လာ၍ ရွှေဟင်္သာမင်းသို့ ချဉ်းကပ်လာပြီး-

"ဟင်္သာတို့၏အထွတ်အမြတ်ဖြစ်သော ရွှေဟင်္သာမင်း၊ ကောင်းကင်၌သာသွားလာကျက်စားသူဖြစ်သဖြင့် အဝေးမှနေ၍ ကျော့ကွင်းကို မြင်ကောင်း၊ သိကောင်းပါလျက် ယခုအသင်မူကား မသိမမြင်ပါတကား"

ဟု ပြစ်တင်စကားပြောဆိုသည်။

ထိုအခါ ရွှေဟင်္သာမင်းက -

"အို မုဆိုး၊ သတ္တဝါမည်သည် ကံကြမ္မာဖောက်ပျက်စီးခိုက်ရောက်သောအခါတွင် သတိပညာကင်းကွာလျက် ပိုက်ကွန်မှန်းမသိ၊ ကျော့ကွင်းကိုပင် ကျော့ကွင်းမှန်းမသိ ဖြစ်တတ်၏။ ဤသို့ဖြစ်ခြင်းသည် ဓမ္မတာပင်တည်း"

ဟုဆိုသည်။

မုဆိုးသည် ရွှေဟင်္သာမင်း၏စကားကို ကြားနာ၍ အလွန်နှစ်သက်ခြင်းဖြစ်ပြီးလျှင် သုမုခနှင့်စကားကိုဆိုပြန်ဆဖြင့်-

"သုမုခမည်သော ရွှေဟင်္သာ၊ ရွှေဟင်္သာမင်း ကျော့ကွင်းမိနေသော အခါ ဟင်္သာ (၉) သောင်းဆွေမျိုးအပေါင်းတို့သည် စွန့်ပစ်၍သွားကြကုန်ပြီ။ သင်မူကား ကျော့ကွင်းမိသူမဟုတ်ပါဘဲလျက် အဘယ့်ကြောင့်ကျော့ကွင်းအပါးကပ်ကာ နောက်ချန်နေလာရပါသနည်း"

ဟု မေးသည်။

ထိုအခါ သုမုခဟင်္သာက -

"အို-မုဆိုး၊ ဤကျော့ကွင်းတွင်မိနေသော ရွှေဟင်္သာကား အကျွန်ုပ်၏အရှင်သခင်လည်း ဖြစ်ပါ၏။ အကျွန်ုပ်အသက်တမျှ ချစ်လှစွာသော ဆွေသဟာလည်းဖြစ်ပါ၏။ အသက်တည်ရှိနေသမျှကာလပတ်လုံး အကျွန်ုပ်စွန့်ပစ်မသွားနိုင်ပါ"

ဟု ဆိုသည်။

ထိုအခါ မုဆိုးက -

"အသင် သုမုခသည် အသက်တမျှချစ်လှစွာသော ဆွေသဟာအတွက် အသက်ကိုစွန့်လိုအံ့။ သင့်ဆွေသဟာကို အကျွန်ုပ်လွှတ်ပါ၏။ အသင်နှင့်အတူ တကွ သွားလိုရာသွားနိုင်ပါပြီ"

ဟု ဆို၍ ရွှေဟင်္သာမင်းကို ကျော့ကွင်းမှဖြေ၍ ကမ်းပါးတွင်တင်ထားကာ ကျော့ကွင်းဒဏ်ရာများကို ဖြေဖျောက်ပေးသည်။

သုမုခရွှေဟင်္သာသည် အလွန်နှစ်လိုဝမ်းသာသောစိတ်ရှိသည်ဖြစ်၍ -

"ယနေ့ အကျွန်ုပ်အသက်တမျှ ချစ်လှစွာသောရွှေဟင်္သာမင်းကြီး ကျော့ကွင်းမှလွတ်သည်ကိုမြင်ရ၍ အတိုင်းမသိနှစ်သက်ဝမ်းသာလှဘိ၏။ အကျွန်ုပ်ဝမ်းသာသည်နှင့်အမျှ အသင်မုဆိုးနှင့်တကွ ဆွေမျိုးအပေါင်းတို့သည်လည်း အတိုင်းမသိ နှစ်သက်ဝမ်းသာရှိကြပါစေ"

ဟု ဆုတောင်းပတ္ထနာပြုသည်။

ထိုအခါ မုဆိုးက ရွှေဟင်္သာတို့အား နေရင်းဌာန စိတ္တကူဋတောင်သို့ပြန်ကြပါရန်ပြောဆိုသောအခါ ရွှေဟင်္သာမင်းက မုဆိုးအား -

"ယခု ကျွန်ုပ်ကို ဖမ်းယူခြင်းသည် သင့်အလိုဖြင့်ဖမ်းယူပါသလော။ သို့တည်းမဟုတ် အခြားသောသူတစ်ဦးကစေခိုင်းသဖြင့် ဖမ်းယူပါသလော"

ဟု မေးရာ -

"အကျွန်ုပ်အလိုဖြင့် ဖမ်းယူခြင်းမဟုတ်ပါ။ ဗာရာဏသီပြည့်ရှင်မင်းကြီး၏မိဖုရားသည် ရွှေဟင်္သာမင်း၏တရားကိုနာလိုသောချင်ခြင်းအာသာပြင်းပြလှသောကြောင့် မင်းကြီးအမိန့်တော်ဖြင့် သာဖမ်းယူရခြင်း ဖြစ်ပါသည်။ မင်းတို့မည်သည်မှာ စိတ်မခန့်မသင့်လျှင်သတ်ဖြတ်ခြင်းကိုပင်ပြုတတ်ပါသည်"

ဟု မုဆိုးက ပြန်လည်ပြောဆိုသည်။

မုဆိုးပြောဆိုသည့်စကားကို ကြားသိရသဖြင့် ရွှေဟင်္သာမင်းဆင်ခြင်တွေးတောသည်မှာ ငါသည် မုဆိုးနှင့်အတူမြို့တော်တွင်းသို့ လိုက်ပါသွားခဲ့လျှင် -

၁။ မုဆိုးလည်း များစွာသော ဆုလာဘ်များကို ရရှိပေလိမ့်မည်။

၂။ ခေမာမိဖုရားလည်း ပြင်းပြသော အာသာခြင်ခြင်းမှ ငြိမ်းအေးသွားပေလိမ့်မည်။

၃။ စစ်သူကြီး သုမုခ၏ ဆွေမြို့အပေါ် ကျင့်အင်္ဂလာ မိတ္တမေတ္တာရားကြီးလည်း ထင်ရှားပေလိမ့်မည်။

၄။ ငါ၏ သဏ်ပညာစွမ်းလည်း ထင်

www.burmeseclassic.com

www.burmeseclassic.com

ကလေးငယ်များ ကပ်ပယ်အိတ်ကြီးလျှင်၊ အုတ်လျှင်၊ လေဖောင်းလျှင် လက်တွေ့ပျောက်သည့်နည်းလမ်းကောင်း

ဝိုးမင်း(မြောက်စည်းရုံသစ်)

တချို့သော ကလေးငယ်လေးများတွင် အုတ်ခြင်း၊ ရောင်ခြင်း၊ လေဝင်ခြင်းများဖြစ်၍ ကပ်ပယ်အိတ်မှာ တစ်ဖက်ကြီးတစ်ဖက်ငယ်ဖြစ်တတ်ကြပါ၏။ မွေးကင်းစအရွယ်မှလည်းကောင်း တဖြည်းဖြည်းနှင့် အရွယ်ကြီးလာသည့် အခါ၌ လည်းကောင်း ဤဝေဒနာသည် ကလေးများအား မကြာခဏတွေ့ရပါသည်။

စာရေးသူအနေဖြင့် ယခင်ကလေးငယ်တစ်ဦးအား ခရမ်းသီးအမြွာဖြင့်တို့၍ ထိုခရမ်းသီးအမြွာအား မီးဖိုအပေါ် ကျပ်ဦးစင်ချိတ်ထားလျှင် ကလေးငယ်၏ဝေဒနာသက်သာပျောက်ကင်းပါသည်။မေတ္တာဖြင့်ကုသပေးခဲ့ဖူးပါသည်။ ယခုဆေးနည်းမှာ အထက်ပါနည်းဖြင့် မဟုတ်ဘဲ သင်္ဘောသီးအစိမ်းဖြင့် ကုသခဲ့ဖြင့် အကောင်းအတိုင်းသက်သာပျောက်ကင်းသည့်နည်းလေး ဖြစ်ပါသည်။

ဤဆေးနည်းအား ဆင်ခြောင်းထဲမှ တောင်ယာလုပ်ငန်းဖြင့် အသက်မွေးသော လူငယ်ကောင်လေးမှ တိုးတိုးတိတ်တိတ်မှာသွားသော တစ်နည်းအားဖြင့် ဆေးနည်းအား မည်သူကိုမျှမပြောဖို့ သေချာစွာမှာထား၍ စာရေးသူမှာ ကတိသဖွယ်ပေးခဲ့ရပါသည်။

ဆေးနည်းအကြောင်းမပြောခင် ကောင်လေးအား ဆေးနည်းအလျင်ပေးခဲ့သော လူကြီးတစ်ယောက်မှ လက်တွေ့ကုသပေးခဲ့ပုံအား ပြောပြပါမည်။ ပထမဆုံးကလေးသည် ကောင်လေး၏သားအရင်း (၄)နှစ်သားလေးဖြစ်၏။ သူသား၏ကပ်ပယ်အိတ်မှ ပုံမှန်တစ်လုံးသည် အချွန်အတောင့်သဖွယ်ဖြစ်၍ ဆေးခန်းလာပြသည့်အချိန်တွင် ကလေးမှာ ခွဲစိတ်ကုသရမည်။ ကုန်ကျစရိတ်အား ဖခင်ကောင်းလေး မတတ်နိုင်ရှာပေ။ ကလေးအား ဆေးခန်းတွင်ခဏထား၍စိတ်ပျက်လက်ပျက်ဖြစ်တာ ရွာထဲရှိ လက်ဖက်ရည်ဆိုင်တွင်ထိုင်ရင်း မိမိလိုသောငွေကြေးအား ဘယ်နည်းဘယ်ပုံရှာရမည်ကိုစဉ်းစားနေရာမှ အမည်မသိသော အသက် (၆၀) ခန့် လူကြီးဧာစ်ယောက်သည် ကောင်လေးအနားလာ၍ သူ့အားနွားနို့တစ်ခွက်တိုက်ပါရန် တောင်းဆို၏။ ကောင်လေးသည် လူကြီးအား နွားနို့တစ်ခွက်မှာ၍တိုက်၏။ ကောင်လေး၏မျက်နှာမသာမယာဖြစ်နေပုံကို လူကြီးသည် အကဲခတ်မိဟန်တူ၍ ကောင်လေးအား လူကြီးမှ -

"ငါ့တူဘာတွေအခက်အခဲဖြစ်နေတာလဲ။ အုံးကြီး ကူနိုင်ရင်ကူပေးမယ်"

ဟု ကောင်လေးအား စကားစ,ရာမှ သူ၏အခက်အခဲများကို လူကြီးအား ပြောပြလိုက်၏။ လူကြီးသည် ကောင်လေး၏စကားအပြီးတွင် ခေါင်းညိတ်ပြီး ပြောကာ -

"ငါ့တူ ဘာမှအားမငယ်နဲ့ မင်းသား အခုဘယ်မှာလဲ"

"ဆေးခန်းမှာ အုံးကြီး"

"သွားခေါ် ခေ့၊ အုံးကြီးကြည့်ချင်တယ်"

လက်ဖက်ရည်၊ နွားနို့ဖိုးရှင်းရှာဖြစ်ပေလိမ့်မည်။

၅။ မင်း၏ ခေမာမည်သော ရေကန်သာကြီးလည်း ဘေးမဲ့ကန်ကြီးတစ်ခုဖြစ်၍လာပေလိမ့်မည်။

ဟု ဆင်ခြင်မိသဖြင့် မြို့တော်သို့ လိုက်ရန် သန္နိဋ္ဌာန်ချပြီးလျှင် -

"အဆွေတော်၊ သင်ကဲ့သို့သော မုဆိုးကိုပင် နူးညံ့သိမ်မွေ့အောင်ပြုစွမ်းနိုင်ပါလျက် မင်းကိုမှကား အဘယ်ကြောင့် မပြုစွမ်းနိုင်ဘဲရှိပါအံ့နည်း။ ဖြစ်သမျှ အရာတို့သည် သင့်ထာဝန်မရှိတော့ပြီ။ ကျွန်ုပ်တာဝန်သာ ဖြစ်ပါတော့သည်။ မြို့တော်သို့သာရောက်အောင်ပို့ဆောင်ပါလေ့"

ဟု ဆိုသဖြင့် မုဆိုးသည် ရွှေဟင်္သာနှစ်ဦးကို ဆိုင်းထမ်းပိုးဖြင့် ခေါ်ဆောင်၍ မင်းကြီးအားဆက်သသည်။

ဗာရာဏသီမင်းကြီးလည်း နှစ်ဦးသော ရွှေဟင်္သာတို့ကိုမြင်ရ၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်လှသောကြောင့် နှစ်ဦးသောရွှေဟင်္သာတို့အား ရွှေအင်းပျဉ်ထက်နေစေ၍ ချိုမြိန်သောပေါက်ပေါက်၊ ချိုမြိန်သောရေတို့ဖြင့် တိုက်ကျွေးပြီးလျှင် ရွှေဟင်္သာမင်းအားတရားဓမ္မဟောပြရန် တောင်းပန်သဖြင့် ရွှေဟင်္သာမင်းသည် ဦးစွာပထမ -

"အရှင်မင်းကြီး ကျန်းခဲ့သာ၍မာပါ၏လော့။ အနာရောဂါဘေးဘယာတို့မှကင်းရှင်းပါ၏လော။ တိုင်းပြည်ကြီးစည်ပင်ဝပြော၍ အေးချမ်းသာယာရှိပါ၏လော့။ ပြည်သူပြည်သား လူအများအား တရားသဖြင့် စိုးမိုးအုပ်ချုပ်မင်းလုပ်ပါ၏လော"

စသည်ဖြင့် နှုတ်ခွန်းဆက်ပဋိသန္ဓာရစကား ပြောကြားပြီးနောက် -

"အရှင်မင်းကြီး အကြင်သူသည် ဇာတ်အမျိုးအနွယ်အားဖြင့် ပြည့်စုံသူပင်ဖြစ်စေ၊ အကျင့်သိက္ခာအားဖြင့် ပြည့်စုံသူပင်ဖြစ်စေ၊ သင်ကြားရမည့်အတတ်ပညာ၊ အားထုတ်ရမည့်ကိစ္စဟူသမျှကို ငယ်စဉ်က သင်ကြားခြင်း၊ အားထုတ်ခြင်းမရှိဘဲ ကြီးရင့်သောအခါကျမှ သင်ကြားအားထုတ်ပါမူ လိုတိုင်းမပြီးအချည်းနှီးဖြစ်၍ နောင်တတစ်ဖန်ပူပန်ရတတ်သည်"

စသည်ဖြင့် လောကရေး၊ ဓမ္မရေးနှင့်စပ်သောတရားများကို ညဉ့်သုံးယံပတ်လုံးဟောကြားလေရာ ခေမာမိဖုရားပြင်းပြသော အာသာဆန္ဒသည် ပြည့်ဝသွားလေတော့သည်။

အရုဏ်တက်အချိန်အခါရောက်လတ်သော် မင်းကြီးအား ငါးပါးသီလ၌တည်စေ၍ ဆုံးမစကားပြောကြားပြီးလျှင် စိတ္တကူဋတောင်သို့ သုမုခနှင့်အတူ ရွှေဟင်္သာမင်းပြန်လည်သွားလေသတည်း။

ကျန်းမာချမ်းသာကြပါစေ

သူတော်အိုလိုလို(ခေမွသုတေသီ)

www.burmeseclassic.com

www.burmeseclassic.com

အုံးကြီးအား ဆိုင်ခဏထားခဲ့ကာ သားဖြစ်သူအား ဆေးခန်းမှခေါ်လာ၍ အုံးကြီးထံပြေးလိုက်၏။ လူကြီးသည် ကလေး၏အနာအား ကြည့်ပြီးသော အခါ သူတို့သားအဖနှစ်ယောက်အား အိမ်အပြန်ခိုင်း၍ နေရပ်လိပ်စာတောင်းယူကာ မနက်ဖြန် ကောင်လေးတို့ အိမ်လာမည့်အကြောင်းမှာကာ ထွက်သွားတော့၏။ ကောင်လေးတို့သားအဖလည်း ဆေးခန်းသို့ အကျိုးအကြောင်းပြောပြကာ ရွာသို့ပြန်လာခဲ့ကြ၏။

နောက်တစ်နေ့ ညနေပိုင်းတွင် အုံးကြီးသည် ကောင်လေးတို့အိမ်သို့ ဆိုက်ဆိုက်ရောက်လာကာ ထို့နေ့ည ကလေးအား သူနှင့်အတူအိပ်ခွင့်တောင်း၍ ကလေးနှင့်အုံးကြီးသည် ညအတူအိပ်ကြ၏။ မနက်လင်းသောအခါ အုံးကြီးသည် သားဖြစ်သူ၏ကပ်ပယ်အိတ်အား ကောင်လေးသို့ပြသောအခါ အံ့တောင့်ဖြစ်နေရာမှ ကျန်တစ်လုံးထက် အနည်းငယ်မျှသာကြီးတော့ကြောင်းအံ့သြစွာတွေ့ရ၏။ အမြစ်ပြတ်ရန်ဟုဆိုကာ နောက်ထပ် (၂) ရက်တိတိ ကလေးနှင့်အတူ ညအိပ်ကုသပေးသောအခါ ကလေးမှာ ပုံမှန်အကောင်းဖြစ်သွား၏။ ဆေးဖိုးဝါးခတစ်ပြားမှမတောင်းဘဲ သူ ဝိုက်ဆာတုန်းနွားနို့ (၁) ခွက်တိုက်သည်ကိုကျေးဇူးဆပ်သည်ဟုဆိုကာ အိမ်ပြန်သွားတော့၏။ ယခု ထိုကလေးသည် ဘေလုံးကန်မျှက် အတန်းကျောင်းသားဘဝရောက်နေပေ၏။

ကောင်လေးသည် ထိုစဉ်က သူသားအား မည်သို့မည်ပုံကုသသည်ကို မသိပေ။ လူကြီးသည် သူ၏ဆေးနည်းအား သူနာရှင်မသိစေလို၍ ဖြစ်ပေသည်။ လူကြီးအိမ်အပြန်တွင် လိုက်ပို့ရင်း ဆေးနည်းအား မေးကြည့်ရာမှ ဘယ်သူကိုမျှ မပြောပြလျှင်သင်ပေးမည်ဟုဆို၍ ကတိပေးကာ ဤဆေးနည်းအားရခဲ့ခြင်းဖြစ်၏။

ကောင်လေးက နောက်ထပ် ကလေး (၃) ဦးအား ကိုယ်တိုင်ကုသခဲ့ပုံအား ပြောပြပါဦးမည်။ စာရှည်သည်ဟု မယူဆစေလိုဘဲ တချို့သောသူနာရှင်များသည် ဆေးနည်းလွယ်လွန်းလျှင် အထင်သေးပါသည်။ ပိုက်ဆံမကုန်ရလျှင်ပို၍ပင်အထင်မကြီးသူများပါသည်။

ပျောက်ကင်းသော ဝေဒနာသည်များသည်ထက်များလျှင် သူနာရှင်တို့၏ စိတ်တွင် ယုံကြည်ချက်အား ပို၍ကောင်းစေလို၍ဖြစ်ပါသည်။



(×××) ရွာမှ ညီအစ်ကိုကောင်လေး(၂)ယောက်အား တစ်ပြိုင်တည်းကုသခဲ့ပုံဖြစ်ပါသည်။ ဖြစ်ပုံမှာ သူနာရှင်မိဘများသည် ကောင်လေး၏ စကားအား မယုံကြည်ကြပါ။ နောက်ဆုံးတွင် ကျေးရွာဥက္ကဋ္ဌအိမ်၌ စာချုပ်၍လက်မှတ်ထိုးကာ ကုခဲ့ပုံအားပြောပြ၏။ ကောင်လေးသည် မူလအစတွင် သူတို့သဘာသလောက်ဖြင့် စေတနာထား၍ ကုပေးရန်ရည်ရွယ်ခဲ့သော်လည်း ယခုသော် ထိုသို့မဟုတ် တစ်ယောက်ကို ငွေ(×××)ပေးရမည်။ နှစ်ယောက်ဆို (×××)ငွေပေးရမည်။ အကယ်၍ ရောဂါမပျောက်ခဲ့လျှင် တစ်ပြားမှပေးစရာမလိုကြောင်း ကလေး၏မိဘများနှင့် စာချုပ်၍ကုခဲ့၏။

ကောင်လေးသည် ကလေး(၂)ယောက်နှင့် (၃) ရက်တိတိ ညအိပ်၍ကုသပေးလိုက်ရာ ရောဂါအရှင်းပျောက်၍ (×××) ငွေရခဲ့တော့၏။

တစ်မြန်မာနှစ်က ကောင်လေးဖားကန့်တွင် အလုပ်လုပ်ရင်း ငွေအဆင်မပြေရာ။ အိမ်ပြန်ချင်၍ လမ်းစရိတ်လို နေချိန်ဖြစ်၏။ တစ်ရက် လက်ဖက်ရည်ဆိုင်ထိုင်ရင်း သားအဖနှစ်ဦးနှင့်တွေ့၍ အကျိုးအကြောင်းမေးကြည့်ရာမှ ကလေး၏ကပ်ပယ်အိတ်တစ်လုံးကြီးနေ၍ ဆေးခန်းသွားပြမည့်အကြောင်းပြောသဖြင့် ကောင်လေးမှ ကလေး၏အားဆေးရာ သူကုနိုင်ကြောင်းပြောပြသော်လည်း ဖခင်ဖြစ်သူမယုံ။ ထို့ကြောင့် ကောင်လေးမှ မပျောက်လျှင် ငွေတစ်ပြားမှမပေးပါနှင့်။ ပျောက်ခဲ့လျှင် သူ့အား လမ်းစရိတ်ထောက်ပံ့ပေးပါဟုတောင်းဆိုသောအခါ ဖခင်ဖြစ်သူ သဘောတူ၍ သူနာရှင်အိမ်တွင် (၃) ညတိတိ ကလေးနှင့်အတူအိပ်၍ကုသပေးရာ ရောဂါအရှင်းပျောက်၍ လမ်းစရိတ်ကန်တော့ငွေဖြင့် ရွာသို့ပြန်ခဲ့ရ၏။

ကောင်လေး၏ ဆေးနည်းအား စာရေးသူမှ မည်သူ့ကိုမျှ မပြောပါနဲ့ဟု တောင်းဆိုထားပါသော်လည်း စာရေးသူ၏စေတနာသည် ဤမျှသောကတိနှင့် တိုင်းတာလျှင် ရပ်တန့်၍မရပါ။ အများအတွက် ဖော်စားသုံးစားစေလိုပြန်ပါသည်။ ထို့ကြောင့် ကတိအားချိုးဖောက်၍ အများအတွက် ဖြန့်ဝေပေးရတော့၏။

ဆေးနည်းမှာ -

သဘော်သီးအစိမ်းတစ်လုံးရှာပါ။ အညှာထိပ်ဖြတ်ပါ။ အညှာထိပ်မှ ထပ်ခြမ်းခွဲလျက် အစေ့များဖယ်ထုတ်ပါ။ ခွဲထားသော သဘော်သီးအခြမ်းမှအစေးများထွက်၍ ထိုအစေးများဖန်သွားအောင် နေပြထားပါ။ အကယ်၍ အစေ့များမခြောက်လျှင် အစေးပူလောင်တတ်၍ ဖြစ်ပါ သည်။

သဘော်သီးမှာ သူနာကလေး၏ကြီးသောကပ်ပယ်အိတ်အား ချပ်ချပ်ရပ်ရုပ်မိသော သဘော်သီးအခြမ်းနှင့်ငုံအုပ်၍ ပတ်တီး၊ အဝတ်စဖြင့် ပေါင်ခွကြားမှ ခါးသို့ ပတ်တီးသဖွယ် အုပ်စည်းပေး၍ ဘောင်းဘီပြန်ဝတ်ထားပေးကာ ညသိပ်ပေးရဲဖြစ်ပါသည်။

ကလေးဆီးသွားချင်လျှင် ပတ်တီးဖြေ၊ သဘော်သီးအခြမ်းဖယ်၍သွားပါစေ။ ပြီးလျှင် ပြန်စည်းပေးပါ။ အမြစ်ပြတ်ချင်လျှင် (၃)ညတိတိလုပ်ရပါသည်။

စာရေးသူအနေဖြင့် မှာချင်တာရှိပါသေးသည်။ ဆေးနည်းမှာ ကလေးများအတွက်သာဖြစ်သော်လည်း လူကြီးများကော မပျောက်ဘူးလားဟုသိလိုသူများလည်းရှိပါမည်။ ကလေးဟုဆိုရာ၌ မွေးကင်းစမှ လူပျိုပေါက်အရွယ်အထိမှာ လက်တွေ့ပျောက်ကင်းကြောင်းသိရပါသည်။ အိမ်ထောင်ရှင်လူကြီးများအား တစ်ယောက်မှ ကုသဖူးခြင်းမရှိသေး၍ ပျောက်ပါသည်ဟု အတပ်မဆိုရဲပေ။ အကယ်၍ ဤနည်းအတိုင်း စိတ်ရှည်ရှည်ဖြင့် အချိန်ကြာမြင့်စွာ ကုသကြမည်ဆိုပါလျှင် ပျောက်ကောင်းပျောက်နိုင်သည်ဟုသာ။

စိုးမင်း (မြောက်စည်းခွာသစ်)

www.burmeseclassic.com

www.burmeseclassic.com

သူရဇ္ဇမဂ္ဂဇင်းစာရေးသူနှင့်စာဖတ်သူများသို့ -

သူရဇ္ဇမဂ္ဂဇင်းရုံးခန်းနှင့်ဖြန့်ချိရာနေရာပြောင်းရွှေ့ခြင်း

သူရဇ္ဇမဂ္ဂဇင်းရုံးခန်းနှင့် ဖြန့်ချိရာနေရာအား ၁ ဇူလိုင်လ ၂၀၁၈ မှ စတင်၍

အမှတ်(၁၁၄)၊ စိန်ရတီလမ်း၊ ရတနာကျွန်းရိပ်သာ၊
(၄)ရပ်ကွက်၊ မြောက်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့

သို့ ပြောင်းရွှေ့ပြီးဖြစ်ပါသည်။
စာမူကိစ္စများနှင့်ပတ်သက်၍
အထက်ဖော်ပြပါလိပ်စာ
(သို့မဟုတ်)
သူရဇ္ဇမဂ္ဂဇင်း စာတိုက်သေတ္တာအမှတ် (၁၀၄၃)
(သို့မဟုတ်)
အီးမေးလိပ်စာ thurizza2001@gmail.com
Viber ဖုန်း ၀၉- ၄၂၀၅၇၇၉၅၆ / ၀၉- ၇၆၉၁၃၄၄၂၀
သို့
ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း
အသိပေး အကြောင်းကြားအပ်ပါသည်။

စာမူခချီးမြှင့်ငွေများအား နယ်မှစာရေးသူများသို့ ယခင်အတိုင်း စာတိုက်ငွေပို့လွှာဖြင့်
လည်းကောင်း၊ ရန်ကုန်စာရေးသူများအား ဖော်ပြပါလိပ်စာ (သို့မဟုတ်) Online Banking
စနစ်ဖြင့် ဆက်သွယ် ဆောင်ရွက်နိုင်ပါကြောင်း။

စာတည်းချုပ်
ဦးအောင်မြတ်

www.burmeseclassic.com

www.burmeseclassic.com

မောင်လင်းခိုင်

ဇော်ဂျိနဲ့တွေ့ခဲ့တဲ့ ဖိုးမောင် တစ်သက်စာဆေးတောင့် တုန့်ဆောင့်ခဲ့တဲ့အဖြစ်



ဦးကျော်လှသည် ပုပ္ပားကိုယ်တွေ့ ကိုပြောပြပြီးနောက် ဇော်ဂျိနှင့်တွေ့ခဲ့သူ တစ်ယောက်အကြောင်းကို ဆက်ပြောပြပါသည်။ ဇော်ဂျိတို့၏ အကြောင်းကိုမူ မပြောပြဘဲ ဇော်ဂျိနှင့်တွေ့ခဲ့သူအကြောင်းကိုသာပြောပြသဖြင့် သူပြောပြသည့် အတိုင်းသာ ရေးသားလိုက်ပါသည်။ ဇော်ဂျိနှင့်ပတ်သက်၍ လိုအပ်ချက်တွေ ရှိမှာကတော့ အသေအချာဖြစ်ပါသည်။

■

ဖိုးမောင်သည် ကြက်တည်သွားရန်အတွက် ပြင်ဆင်နေသည့် အိပ်တန်းတွင်အိပ်နေသည့် ကြက်ဖကလေးကို အသာအယာပင်သွားဖမ်းလိုက်သည်။ ကြက်ဖကလေးသည် လူနှင့်ယဉ်ပါးနေသဖြင့် ဖိုးမောင်အသာဖမ်းလိုက်သည်ကို ကွပ်ကွပ်အသံပေး၍ ဖိုးမောင်နောက်သို့ပါလာသည်။ ကြက်ဖတိန်ညင်လေးသည် အသွေးရောင်ကောင်းသည်။ လည်ဆဲမွေးတို့မှာ ရဲရဲတောက်၍ ဆီဆမ်းထားသလို ရွှဲရွှဲစိုနေသည်။ တွန်လိုက်လျှင် အသံသာ၍ နားထောင်ကောင်းလှသည်။ မိုးမလင်းမီ အိပ်တန်းမှတွန်လိုက်လျှင် အလွန်နားထောင်ကောင်းသည်။ ဖိုးမောင် ကြက်တည်ရန်အတွက် မနက် (၅) နာရီ ကျော်လောက်ကပင် ပြင်ဆင်နေသည်။ မနက်စာအဆာပြေ ထမင်းကြော်နှင့် ရေနွေးကြမ်းစား သောက်သည်။ စားပြီး ကြက်ဖမ်းသည်။ ဓားတစ်ချောင်းယူ၊ ပုဆိုးတစ်ထည်ခြုံ၍ တောသို့ထွက်ခဲ့သည်။ စောစောသွားပါမှ နေထွက်တစ်ပြူ တောသို့ရောက်မည်။ တောကြက်တို့ကလည်း နေထွက်တစ်ပြူ ဆိုလျှင် အိပ်တန်းဆင်းကြ၏။ မည်သည့် တောခြေတွင် ကြက်တို့အိပ်တန်းဝင်ကြသည်ကို ဖိုးမောင်လေ့လာထားသည်။

ထိုကြက်တို့ အိပ်တန်းမဆင်းမီ အရောက်သွားရသည်။ တောနေကြက်တို့ အိပ်တန်းမဆင်းမီ ကွင်းစပ်က သူတည်ကြက်ဖကလေးကို ကြိုးချည်၊ ငုတ်ရိုက်၊ ညွှတ်ကွင်းဝိုင်းကာ တောချုံပုတ်တစ်နေရာကနေဝပ်ပြီးစောင့်ကြည့်နေရသည်။ သူ့ကြက်ဖကလေးတွန်သံပေးလိုက်လျှင် တောနေကြက်ဖသည် အတောင်ခတ်၍ ပျံဆင်းလာသည်။ သူ့နေရာကို ဘယ်ကောင်ကဗိုလိ်လာလုပ်သလဲဟု မခံချင်စိတ်နှင့်ထိုးဆင်းလာပြီး တည်ကြက်ဖကိုခွပ်တော့သည်။ ခွပ်ရန်ပြေးလာသည်နှင့်တစ်ပြိုင်နက် ဖိုးမောင်၏ညှပ်ကွင်းကိုနင်းမိပြီးမိနေလေတော့သည်။ တစ်နေရာပြီးလျှင် တစ်နေရာပြောင်းရွေ့၍ ကြက်တည်သည်။ ကြက်ရှိလျှင် နေမမြင့်မီ နှစ်ကောင်သုံးကောင်ရတတ်သည်။ တစ်ခါတစ်ခါလည်း အိပ်တန်းနေကြက်တို့မတွေ့ရသဖြင့် ကြက်မရသည့်နေ့တွေလည်းရှိသည်။ ဖိုးမောင်သည် မိုးအခါ လယ်လုပ်သည်။ မိုးစပါးပြီးတော့ ဆေး၊ ငရုတ်ထွန်းယက်ပြီးစိုက်သည်။ ပြောင်းက ကြားထဲတွင်ညှပ်၍ စိုက်ရသည်။

အားလုံးပြီးတော့ အလုပ်ပါးသွားသည်။ အလုပ်ပါးသွားလျှင် ကြက်ဖတစ်ကောင်ပိုက်၍ကြက်တည်သည်။ ကြက်ဖနှင့် ကြက်မ တစ်လှည့်စီတည်ရသည်။ တစ်ခါတစ်ရံ ကြက်ဖတစ်ကောင်တည်းနှင့် ကြက်မတွေ့ခြံရံပြီး မချော (၁၀) ယောက် ကိုယ်တစ်ယောက် ဆိုသလို ကြက်မတွေ့အများကြီးတွေ့ရတတ်သည်။ ထိုအခါမျိုးတွင် ကြက်မနှင့်လှည့်၍တည်ရ၏။ ကြက်မကရော်တိုက်လျှင် ကြက်မတွေပြေး၍လာကြသည်။ ကြက်ဖပါပါလာတတ်၏။ ကံကောင်းလျှင် ကြက်ရော ကြက်မပါရော၍ ရတတ်လေသည်။ ကြက်မများရတော့ ရောင်းစားရသည်။ အိမ်မှာမွေးထား၍ လည်းစားလေသည်။ တောကြက်သားကအိမ်ကြက်လိုမဟုတ်။ အသားမာသည်။ ဖိုးမောင်သည် တောကကာ့တောရင်း၍ ကြက်တည်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဖိုးမောင်နေသောရွာမှာ ငွေးချောင်းရွာ ဖြစ်သည်။ သံတွဲမြို့၏ အရှေ့ဘက်တွင် ရှိသည်။ မိုးရာသီတွင် တောင်ကျရေတွေ ဆင်း၍ မြေတွေအားလုံးရေမြုပ်နေတတ် သည်။ မိုးကုန်၍ ရေကျသွားလျှင် နုန်း တွေတင်ကျန်၍ သီးနှံစိုက်ပျိုးရာ အလွန် ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com

သူနေသော ဂွေးချောင်းရွာသည် လယ်ယာကိုင်းကျွန်းကို အလှည့်နှင့် လုပ်ကိုင်စားကြသည်။ အလှည့်ဆိုသည်မှာ မိုးစပါးပြီးတော့ မြေနုကျွန်းများပေါ်တွင် ဆေး၊ ငရုတ်၊ ပြောင်း၊ ဘူး၊ ကြက်ဟင်းခါး စသည်ဖြင့် လှည့်၍စိုက်ကြခြင်းကို ဆိုလိုပါသည်။ တစ်မိုးလုံး ရေမြုပ်နေသဖြင့် မြေကြီးတွေမြေဆီတက်နေ၍ အသီးအနှံအောင်မြင်ဖြစ်ထွန်းပါသည်။ ဖိုးမောင်သည် ကြက်အိပ်တန်းဆင်ခိုနီစောင့်ရင်းရှာရင်းလျှောက်သွားနေမိသည်။ ဒီနေ့ကျမှ တစ်တောလုံး ကြက်တွန်သံမကြားရ။ တိတ်ဆိတ်နေသည်။ သူသည် ကြက်တွန်သံကို နားစွင့်ရင်း တောစပ်ထူထူနားသို့ရောက်သွားသည်။ သစ်ကြီးဝါးကြီးနှင့် တောချုံတွေထူထပ်စွာပေါက်နေသည်။တောင်ပေါ် သို့တက်သည့် လမ်းကလေးတစ်ခုတွေ့သည်။

သူသည် ထိုလမ်းကလေးအတိုင်း တက်သွားရာ လူတစ်ယောက်တလှုပ်လှုပ်နှင့်အလုပ်လုပ်နေသည်ကို တွေ့လိုက်ရသည်။ ထိုလူသည် အင်္ကျီအနီရောင်အဝတ်ကိုဝတ်ဆင်လျက် တစ်ထွာလောက်ရှည်သောကျောက်လုံးတစ်ခုဖြင့် (ကျည်ပွေ့) ကျောက်ပျဉ်ပေါ်တွင် တလှုပ်လှုပ်လှုပ်ရှားနေသည်ကို တွေ့လိုက်ရသည်။ သူသည် ဘယ်လိုသတ္တဝါလဲဟုကြောက်မိသလိုရှိသော်လည်း ဝတ်ရုံအနီကိုဝတ်ထားသူမှာ လူသားတစ်ဦးဖြစ်နေသည်မို့ မကြောက်တော့ဘဲ အနားသို့တိုးသွားကာ မေးလိုက်သည်။

"အဲဒါဘာလုပ်နေတာလဲ"

"ဆေးကြိတ်နေတာ"

လက်မောင်းမွေးတွေ၊ မုတ်ဆိတ်မွေးတွေနှင့် ဆံပင်တွေကလည်း ရှည်လျားနေသဖြင့် လူသည် ရိုးရိုးလူတော့ဟုတ်ဟန်မထင်ဘဲ ဇော်ဂျီပဲဖြစ်ရမည်ဟု သတ်မှတ်လိုက်သည်။ ဖိုးမောင်သည် ဇော်ဂျီနှင့်မတွေ့မီ လူရိပ်လူကဲကိုမြင်ကတည်းက သူ့ကြက်ကို ကွင်းစပ်တွင် ငုတ်ရိုက်၍ ကြိုးနှင့်ချည်ထားခဲ့သည်။ ဇော်ဂျီရှိနေသောနေရာကိုလေ့လာကြည့်သည်။ (၆) ပေပတ်လည်ကျော်ကျော်မျှရှိသောနေရာကလေး ဖြစ်သည်။ ဂူလိုအမိုးနှင့် အကာနှင့်ရှိနေသဖြင့် အံ့သြနေသည်။ သည်လိုနေရာမှာ သည်လူ ဘယ်တုံးကရှိနေသလဲဟု တွေးနေမိသည်။ ဂူနံရံတွင် ငှက်ပျောသီးအခိုင်ကြီးတစ်ခိုင်ထောင်ထားသည်။ ငှက်ပျောသီးကိုမြင်တော့မှ ဗိုက်ဆာသလိုရှိလာသည်။ တစ်မနက်လုံး ဘာမှမစားရသေး။ အိမ်က ထမင်းကြော်နှင့်ရေနွေးကြမ်းသာစားသောက်ခဲ့ရသည်။ ကြက်ရှာရင်း အစာကြေသွားခဲ့ပြီ။ ဖိုးမောင်သည် ငှက်ပျောသီးကိုမြင်မှ ဆာလောင်လာသဖြင့် ငှက်ပျောသီးကို စိုက်ကြည့်နေသည်။ ဇော်ဂျီက သဘောပေါက်သဖြင့် ငှက်ပျောခိုင်ကို လက်ညှိုးထိုးပြလိုက်သည်။

ဖိုးမောင်သည် တစ်ဖီးလောက်စားပစ်လိုက်မည်ဟုအားခဲကာ ငှက်ပျောသီးကို တစ်လုံးဖဲ့ယူလိုက်သည်။ ငှက်ပျောသီးမှာ လက်ကျင်းလောက်ရှိလေသည်။ အားရပါးရစားလိုက်မည်ဟု ရည်ရွယ်၍ တစ်လုံးအလျင်စားလိုက်သည်။ အရသာရှိလိုက်သည့် ငှက်ပျောသီး တစ်လုံးစားပြီးသောအခါ ဝသလိုတွေ့သွားသည်။ နောက်တစ်လုံးမစားချင်တော့။ တစ်လုံးနှင့်ဝသွားခဲ့သည်။ ဖိုးမောင်သည် လျှောက်ကြည့်ရာ ဂူအပြင်ဘက်တွင် ရေတွေနှင့်ပြည့်လျှံနေသော စမ်းအိုင်တစ်အိုင်ရှိသည်ကိုတွေ့ရသည်။ သစ်ရိပ်ဝါးရိပ်များနှင့် အလွန်အေးမြနေသည်။ ဖိုးမောင်သည် ငှက်ပျောသီးစားပြီးဝသွားသည်။ နေကလည်းမြင့်နေပြီမို့ ဇော်ဂျီကိုနှုတ်ဆက်ကာ ပြန်လာခဲ့သည်။ အိမ်ပြန်ရောက်သောအခါ တောထဲတွင် ဇော်ဂျီ ဆေးကြိတ်နေသည်ကို တွေ့ခဲ့ကြောင်း ပြောပြသည်။

"ကျွန်တော် ငှက်ပျောသီးတစ်လုံးတောင် စားခဲ့ရတယ်ဗျ။ တစ်ဖီးလောက်စားလိုက်မယ်လို့ အားခဲတာ တစ်လုံးနဲ့ကို လန့်သွားတာပဲ"

"ဟုတ်ရဲ့လား ဖိုးမောင်။ ဒီတောဒီတောင်ကို ငါတို့ နေ့တိုင်း သွားနေတာ ဘာမှမတွေ့ပါဘူးကွာ"

"ဟာ-ကျွန်တော်ကိုယ်တိုင်တွေ့ခဲ့ရပါတယ်ဗျာ။ ငှက်ပျောသီးတစ်လုံးတစ်လုံး လက်ကျင်းလောက်ရှိတာ။ အရသာရှိလိုက်တာကလည်း ပြောမနေနဲ့။ ဘယ်မှာမှဒါလောက်ကောင်းတဲ့ငှက်ပျောသီး မတွေ့ဖူးဘူး"

ဖိုးမောင်စကားကို ဘယ်သူမှမယုံကြချေ။

"ဖိုးမောင်၊ မင်းမဟုတ်တာတွေလုပ်ကြံပြီးပြောမနေစမ်းပါနဲ့ကွာ။ ငါတို့ဒီတောကို နေ့တိုင်းရောက်နေတာ။ တောင်ပေါ်ကိုလည်းတက်နေကျပါပဲ။ ဘာမှမရှိဘူး"

"မယုံရင် ခင်ဗျားတို့သွားပြန်ကြည့်ဗျာ။ ဆေးကိုင်းတွေအလွန် ကျွန်းပင်တွေ၊ ပျဉ်းကတိုးပင်တွေရှိတဲ့တောင်ပေါ်မှာဗျ"

ရွာသားတွေစုပြီး ဖိုးမောင်ပြောသည့်နေရာသွားရှာကြသည်။ ဘာမှမတွေ့ရပေ။ ဖိုးမောင် နောက်နေ့သွားသည်။ ဇော်ဂျီနှင့်တွေ့သည်။ ဇော်ဂျီက ဆေးကြိတ်မြဲကြိတ်နေသည်။ နေမြင့်တော့ ဖိုးမောင်ပြန်လာသည်။ ဇော်ဂျီနှင့်တွေ့ခဲ့ကြောင်း ပြောပြန်သည်။ ရွာကလူတွေ ဖိုးမောင်ကိုဝိုင်းပြီးဆဲကြသည်။

"ဒီကောင်အရူး၊ ပြောချင်ရာပြောနေတဲ့ကောင်။ အကျိန်နိန်နဲ့တဲ့။ အနီဆိုလို့ သစ်ရွက်နီနီတောင် မတွေ့ခဲ့ရဘူး"

ဖိုးမောင် သက်ပြင်းချရံသာရှိ၏။ သူသွားတိုင်း ဇော်ဂျီနှင့်တွေ့ခဲ့ရပြီး ရွာကလူတွေသွားတော့ မတွေ့ရသည်မှာ ထူးဆန်းနေသည်။ ဇော်ဂျီက ဖိုးမောင်တစ်ယောက်ကိုသာ အတွေ့ခံပြီး ကျန်လူတွေကို မမြင်မတွေ့စေချင်၍ ကွယ်ထားခဲ့လေသည်။ လူတွေခဏခဏလာရှာနေသည်ကို ဇော်ဂျီသိသည်။ သည်နေရာတွင်ကြာကြာနေ၍မဖြစ်နိုင်တော့။ လူနှင့်တွေ့သဖြင့် စည်းပေါက်သွားပြီ။ ဖိုးမောင်တစ်ယောက်ကိုသာ အတွေ့ခံအမြင်ခံသည်မှာ ဖိုးမောင်မှာ လောဘ၊ မောဟစိတ်မရှိ။ လိုချင်တပ်မက်စိတ်မရှိ။ သို့ကြောင့် ဖိုးမောင်တစ်ယောက်ကိုသာ အတွေ့ခံသည်။ သို့သော် ကြာလျှင် လူတွေ၏ ရန်လိုဒေါသစိတ်တွေကြောင့် တစ်နေ့တွင် အရေးကြုံလာတော့မည်ကို ဆင်ခြင်မိသဖြင့် နေရာပြောင်းဖို့ စဉ်းစားရတော့သည်။

"ငါဒီနေရာကပြောင်းတော့မယ်။ ဒီနေရာမှာနေလို့မဖြစ်တော့ဘူး။ မင်းငါနဲ့လိုက်မလား"

"ကျွန်တော်မလိုက်နိုင်ဘူး။ ကျွန်တော့်မှာ သံယောဇဉ်တွေရှိတယ်။ လိုက်လို့မဖြစ်ဘူး"

"အေး- ငါတော့ ဒီနေရာကရွှေ့တော့မယ်။ မင်းနဲ့ နောက်မတွေ့ရတော့ဘူး။ ရော့- ဒီသံချောင်းကလေးယူထားလိုက် လိုရာသုံး။ တစ်သက်လုံး သုံးစားလေ"

ဖိုးမောင်သည် ဇော်ဂျီပေးလိုက်သောသံချောင်းကလေးကိုယူပြီးပြန်လာခဲ့သည်။ အလျားမှာ တစ်မိုက်လောက်တော့ရှိမည်။ ဇော်ဂျီက တစ်သက်လုံးသုံးလေဟုဆိုသဖြင့် အသုံးပြုရန်ဦးစားသည်။ ဘယ်သို့သုံးရမည်မသိ။ ဇော်ဂျီပေးလိုက်သည်မှာ သံချောင်းကလေးဖြစ်သော်လည်း တကယ့်သံချောင်းစစ်စစ် မဟုတ်။ ဆေးသံချောင်းကလေးသာ

www.burmeseclassic.com

www.burmeseclassic.com

မခိုင်ဝါ(မြန်အောင်)
အစာဆေး၊ ဆေးလည်းအစာ
ကြက်ခွေးတောက်ကိုစားပါ

ကျွန်မ၏ ညီမဝမ်းကွဲ မစုမြတ်သည် ညီအစ်မဝမ်းကွဲတစ်သိုက်တွင် အပိန်ဆုံး ဖြစ်သည်။ ပိန်မှာပေါ့၊ အပူကြီးစိုးနေသည်ကိုး။ သူ့အသားကိုကိုင်လိုက်လျှင် အမြဲပူနေသည်။ ခန္ဓာကိုယ်တွင် အပူဓာတ်များနေသည်။ ဒါ့အပြင် မိန်းမတို့သဘာဝ ခမ္မတာကလည်း မမှန်ပေ။

တစ်နေ့ -

"မမကြီးရေ၊ မေမြတ် ပြည့်ပြည့်ဖြိုးဖြိုးလေးဖြစ်ချင်တယ်၊ ဘယ်လိုလုပ်မလဲ"

ဟု ကျွန်မကိုမေးပါသည်။

ဒီတော့ ကျွန်မက -

"လွယ်ပါတယ်။ ညည်းလေး တကယ်ယုံဖို့၊ ယုံပြီးလိုက်လုပ်ဖို့ပဲလိုတာပါ"

ဟု ဆိုလိုက်ပါသည်။

လှချင်ပချင်သည့် ဆယ်ကျော်သက်လေးမို့ တက်တက်ကြွကြွနှင့်ပဲ -

"လုပ်မယ် မမကြီး၊ သမီးကိုပြောသာပြောပြ"

ဟု အားရဝမ်းသာပြောပါသည်။

"ညည်းလေးက အသားမှာ ကြက်သားအကြိုက်ဆုံးမို့လား"

ဟု မေးလိုက်ရာ သူမက -

"ဟုတ်တယ်လေ မကြီးရဲ့"

ဟု ဆိုပြီး မျက်ဝန်းလေးပြူးကျယ်ကာ ကျွန်မဆက်ပြောမည့် စကားကို စိတ်ဝင်တစား ငုံလင့်နေပါသည်။

ထို့အခါ ကျွန်မက -

"ညည်းလေးကြိုက်တဲ့ကြက်သားကို ခွေးတောက်ရွက်နဲ့ မကြာခဏချက်စား။ အပူများတဲ့သူတွေ၊ မီးယပ်ပိန်မီးယပ်ခြောက်တွေနဲ့ အထူးသင့်လျော်တယ်။ ညည်းလေးကျန်းမာရေးပိုကောင်းပြီး ပိုစိုပြည်လာ လိမ့်မယ်"

လို့ ပြောလိုက်ရာ သူမလေးက -

"အိုကေ မမကြီး၊ သမီးချက်စားမယ်။ အိမ်မှာ ခွေးတောက်ပင်လည်းရှိတယ်"

ဟု ရွှင်ရွှင်မြူးမြူးဆိုလိုက်ပါသည်။ ဆက်လက်၍ -

"ခွေးတောက်ရွက်ကို နူးအိနေအောင်မချက်ရဘူးနော်။ နူးလွန်းရင် ကျန်းမာရေးအတွက်ကောင်းတဲ့အာဟာရဓာတ်တွေပြယ်သွားရောနော်မချောလေး"

ဟုလည်း သတိပေးလိုက်ရပါသေးသည်။

ဒီလိုနှင့် သူမလည်း ရွာပြန်သွားကာ ကျွန်မကလည်း ရန်ကုန်သင်တန်းတက်နှင့် ညီအစ်မနှစ်ယောက်သား မတွေ့ဖြစ်တာ တစ်နှစ်လောက်ကြာသွားပါသည်။

နောက်နှစ် ဘုရားပွဲရက် ကျွန်မတို့ ညီအစ်မတစ်သိုက်ပြန်ဆုံကြသောအခါ အရင်ထက် အသားအရေစိုပြည်ဝင်းပကာ နဂိုနေထက်ပိုပြီးဝလာသော ညီမဖြစ်သူ မစုမြတ်ကို လှုပ်ရှင်လန်းစွာ တွေ့လိုက်ရပါတော့သည်။

"မမကြီးကျေးဇူးကြောင့် သမီးလှသွားပြီ"

လို့ ရွှတ်နောက်နောက်ပြောရင်း ကျွန်မလက်ကိုဆုပ်ကိုင်လိုက်တာကြောင့် ကျွန်မက -

"ကြက်ခွေးတောက်အစွမ်းတွေပေါ့လေ"

ဟု ကြည်ကြည်နူးနူးပြုံးရင်း ပြောလိုက်မိပါတော့သည်။

မခိုင်ဝါ (မြန်အောင်)

ဖြစ်သည်။ ထိုသံချောင်းကလေးကို ရေစိမ်၍သောက်၊ သွေး၍လူး ရောဂါတွေပျောက်မည်။ သူထိုကဲ့သို့မစဉ်းစားမိချေ။ လူတွေကိုပြသည်။

"ဇော်ဂျီပေးလိုက်တဲ့သံချောင်းကလေး ဒီမှာကြည့်"

လူတွေသည်လည်း ထိုသံချောင်းကလေးကို မည်သို့သုံးရမည်ကိုမသိကြချေ။ ဖိုးမောင်သည် နောက်တစ်ကြိမ်သွားသောအခါ ဇော်ဂျီမရှိတော့ချေ။ လူတွေသည်လည်း ထိုအခါမှ ဇော်ဂျီနေသွားသောနေရာကို တွေ့ကြရသည်။ ဇော်ဂျီကိုမတွေ့ရတော့ဘဲ ဂူနှင့်ကျောက်ပျဉ်ကြီးကိုသာ တွေ့ရတော့သည်။

ဖိုးမောင်၏အလုပ်မှာ လယ်ယာကိုင်းကျွန်းပြီးလျှင် ကြက်တည်သည့် အလုပ်သာရှိသည်။ ကြက်လျောက်တည်သည်။ ဇော်ဂျီပေးလိုက်သည့်သံချောင်းကိုလည်းအသုံးမချတတ်၍ ထိုသံချောင်းကလေးကို ကြက်တည်ရာတွင်သုံးရန် ငုတ်အဖြစ်သုံးရန်အတွက် တူနှင့်ထုလေတော့သည်။ သံချောင်းကလေးသည် ချွင်ခနဲမြည်ပြီးလွင့်ထွက်သွားလေသည်။ ဖိုးမောင်သည် ပြန်ကောက်ပြီးထုပြန်သည်။ ချွင်ခနဲမြင်ပြီး လွင့်သွားပြန်သည်။ ဖိုးမောင်က ကောက်ပြီးထုပြန်သည်။ သည်တစ်ခ်ီတွင်မူ အဝေးသို့လွင့်မသွားဘဲ သူ၏ရင်ခွင်ပုဆိုးထဲသို့ လွင့်ပို့ကျလာသည်။ ဖိုးမောင် ပုဆိုးထဲမှာရှာသည်။ မတွေ့ရချေ။ သံချောင်းကလေးသည် ရင်ခွင်ထဲမှာပင် ပျောက်သွားလေသည်။ ဆေးအဖြစ်အသုံးပြုရန်ပေးလိုက်သည့် သံချောင်းကလေး တူဖြင့်အကြိမ်ကြိမ်ထုနေသဖြင့် သံချောင်းကလေး၏ပိုင်ရှင်က လူနှံ့လူအတို့နှင့် ဆေးသံချောင်းသည် မထိုက်ဟု ယူဆလေသလားမသိ ပုဆိုးထဲမှာပင် ရှာ၍မတွေ့ ပျောက်ကွယ်သွားလေတော့သည်။ ပုဂ္ဂိုလ်တွေကလည်း ဤကဲ့သို့ ကျပ်မပြည့်မတ်မပြည့်သည့်လူတွေကိုသာ ပေးလေသလား မသိပါ။ တူနှင့်အကြိမ်ကြိမ်အထုခံရသဖြင့် ပုဂ္ဂိုလ်က သူပစ္စည်းသူ ပြန်ယူသွားပုံရသည်။ ဖိုးမောင်ကိုလည်း တစ်ရွာလုံးက အရူးဟု သမုတ်ခေါ်ကြသဖြင့် ဖိုးမောင်စိတ်ညစ်သွားပုံရလေသည်။ သူသွားတိုင်း ဇော်ဂျီကိုတွေ့ရပါလျက် သူတို့မတွေ့ရသည်မှာ ဘာကြောင့်လဲ ဖိုးမောင် မတွေးတတ်။ ကြာတော့ ဖိုးမောင်စိတ်ညစ်လာသည်။ နောက်သလိုပြောင်သလိုနှင့် တစ်ရွာတည်းရွာနေကြသဖြင့် ဖိုးမောင်ထိုရွာမှ ပြောင်းပြေးလေတော့သည်။ သူပိုင်လယ်ယာကိုင်းကျွန်းတို့ကို ရောင်းချပြီး မြို့နှင့်နီးသည့်ဆင်ခြေဖုံးရွာလေးတစ်ရွာသို့ ပြောင်းသွားလေသည်။

ဇော်ဂျီ၏ အကြောင်းကိုလည်း အားလုံးမေ့ပျောက်သွားကြပြီ ဖြစ်ပါသည်။ မမေ့နိုင်သူက ဦးကျော်လှသာဖြစ်ပါသည်။ ယခုတိုင် တဖွဖွပြောဆိုနေတုန်း ဖြစ်ပါသည်။ ဆေးဓောင့်ရလာသည့် ဖိုးမောင်ပင် ဇော်ဂျီအကြောင်းမေ့သွားခဲ့ပါပြီ။

ဦးကျော်လှသည် ဘာကြောင့် ဇော်ဂျီအကြောင်း မမေ့နိုင်းသလဲ ကျွန်တော်မသိပါ။ သူမမေ့ပေးတာကိုပဲ ကျွန်တော့်မှ ကျေးဇူးတင်နေရပါသည်။

မောင်လင်းခိုင်

www.burmeseclassic.com

www.burmeseclassic.com



ဦးကြည်ဝင်း (ဌေးဝင်)ဆောက်၏ စတုရန်းခိုက်၏ အိမ်ထောင်ရေးမသာမယာဖြစ်ခြင်း

"ငါအိမ်ပြောင်းပြီး မကြာခင်မှာပဲ ငါနဲ့အတူတူနေတဲ့ ငါ့သား သက်ဆွေရဲ့ အိမ်ထောင်ရေးဟာပြဿနာတက်တော့ တာပါပဲတွ"

"မင်းအမည်က အောင်သာတနင်္ဂနွေသား၊ မင်းသားအမည်က မောင်သက်ဆွေသောကြာသားဆိုတော့ မင်းခုပြောင်းလာတဲ့အိမ်ရဲ့တောင်ဘက်မှာ ဗုဒ္ဓဟူးနဲ့ ရဲယိုပင်တို့၊ ရေတမာပင်တို့ ရှိလားကွ"

အောင်သာ ခေတ္တငုံ့စဉ်းစားပြီး -

"ဟာ - ဟုတ်တယ်၊ အိမ်တောင်ဘက်မှာ ရဲယိုပင်တွေရှိတယ်ကွ"

"ကိစ္စရှိလို့လာတာပဲ ဆိုပါစို့ကွာ။ ငါ အငြိမ်းစားယူပြီဆိုတော့ ဌာနကပေးထားတဲ့အိမ်ကိုပြန်အပ်ပြီး အိမ်တစ်အိမ်ဝယ်ပြီး အဲဒီအိမ်ကိုပြောင်းရမယ်ကွ"

"မင်းအိမ်ပြောင်းတာငါကြားလိုက်ပါတယ်။ အဲဒီအိမ်မှာ ဘာတွေအဆင်မပြေဖြစ်နေလို့လဲ"

နေသာသောနေ့ရက်တစ်နေ့တွင် စာရေးသူ စာဖတ်နေစဉ် သူငယ်ချင်း အောင်သာ ရောက်ရှိလာပါသည်။

"ဟေ့သူငယ်ချင်း ဘာစာတွေဖတ်နေတာလဲ။ နေကောကောင်းရဲ့လားကွ"

"ဩော် - အောင်သာပါလား။ ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်းဒေသနာကိုလေ့လာကြည့်ညှိနေတာပါကွာ။ နေလို့ကောင်းပါတယ်။ မင်းကိစ္စရှိလို့လာတာလား"

www.burmeseclassic.com

www.burmeseclassic.com

နေ့(၇)နေ့စုံအတွက်ဇယား

စဉ်	ရှိနေသောနံ	အိမ်ထောင်ရန်ထောင်	နေ့သားနံ	ပြိုဟ်စွဲ	
၁	၄	၄	၀	(၁-၆)	ဦး-သာ
၂	၅	၆	၂	(၂-၈)	ကို-ရာ
၃	၆	၈	၃	(၃-၅)	စိန်-ပန်း
၄	၀	၁	၄	(၄-၀)	ဒါန်း-လှ
၅	၁	၀	၅	(၅-၃)	စိန်-ပန်း
၆	၂	၂	၆	(၆-၁)	ဦး-သာ
၇	၃	၅	၀	(၁-၄)	ဒါန်း-လှ
၈	၀	၃	၈	(၂-၈)	ကို-ရာ

"အဲဒီရဲယိုပင်က မင့်သားသက်ဆွေနဲ့အိမ်ထောင်ရေးကို ပြဿနာဖြစ်စေတာပဲကွ"

"အဲဒီရဲယိုပင်က ငါ့သားသက်ဆွေရဲ့အိမ်ထောင်ရေးကို ဘာလို့ပြဿနာဖြစ်စေတာလဲ။ မင်းပညာနဲ့ရှင်းစမ်းပါဦး"

"ပထမ အဲဒီရဲယိုပင် (ဗုဒ္ဓဟူးနံ) မင်းအိမ်ရဲ့တောင်ဘက်မှာမရှိရအကြောင်းကို ရှင်းပြမယ်။ နေ့သားတစ်ဦးရဲ့ ဓမ္မာသောကအင်းဝရာဇာ ဆိုတဲ့ အတွင်းရန် (အိမ်ထောင်ရန်)အရပ်မှာမှ ထိုနေ့သားရဲ့ စတုရန်းမှာရှိနေရင် ၎င်းနံရဲ့အိမ်ထောင်မိတ် (အတွင်းမိတ်) အိမ်ထောင်ရေးပြဿနာများဖြစ်ပေါ် စေတယ်ကွ"

"ငါကိုရှင်းအောင်ပြောစမ်းပါဦးကွ"

"မင်းအိမ်မှာ တနင်္ဂနွေနံရဲ့ အိမ်ထောင်ရန် ဗုဒ္ဓဟူး (တောင်ဘက်) အရပ်မှာ စတုရန်း ရဲယိုပင်ရှိတဲ့အတွက် တနင်္ဂနွေနံရဲ့အိမ်ထောင်မိတ်(ဦး-သာ) သောကြာသားရဲ့အိမ်ထောင်ရေးအဆင်မပြေဖြစ်တာကွ။ အဲဒီစတုရန်းခိုက်တာက တိုက်ရိုက်မဟုတ်ဘဲ နွေနံသားတစ်ယောက်ရဲ့ အိမ်ထောင်ရေးကို ပြိုဟ်ကိုကြည့်ပြီးစဉ်းစားရတာ"

■ အဓိပ္ပာယ်ရှင်းလင်းချက်

၁။ ဗုဒ္ဓဟူး (ဗောဓ်) အရပ်တွင် တနင်္ဂနွေသား၏စတုရန်း ဗုဒ္ဓဟူးနံသစ်ပင်ဖြစ်သော ရေကသစ်ပင်၊ ရင်းမာပင်၊ ရဲယိုပင် စသည်တို့ရှိနေ၍ မူလတနင်္ဂနွေနံကိုထိခိုက်ရာ တနင်္ဂနွေနံ၏အိမ်ထောင်မိတ် (ဦးသာ) (၁-၆) မှ သောကြာသားသမီးများအိမ်ထောင်ရေးမသာမယာဖြစ်ရသည်။

၂။ သောကြာ (မြောက်) အရပ်တွင် တနင်္လာသား၏ စတုရန်းနှံ ကြာသပတေးနံ ပေါက်ပန်းဖြူပင်ရှိနေ၍ မူလတနင်္လာနံကို ထိခိုက်ရာ ထိုတနင်္လာနံ၏အိမ်ထောင်မိတ် (ကို-ရာ) (၂-၈) မှ ရာဟုသားသမီးများ အိမ်ထောင်ရေးမသာမယာရှိရသည်။

၃။ ရာဟု (အနောက်မြောက်ထောင့်) အရပ်တွင် မူလ အင်္ဂါနံ၏ စတုရန်း သောကြာနံ ဆီးပင်ရှိနေ၍ မူလအင်္ဂါနံကို ထိခိုက်ရာ ထိုအင်္ဂါနံ၏အိမ်ထောင်မိတ် (စိန်-ပန်း) (၃-၅) မှ ကြာသပတေးသားသမီးများအိမ်ထောင်ရေးမသာမယာရှိရသည်။

၄။ တနင်္ဂနွေ (အရှေ့မြောက်ထောင့်) အရပ်တွင် မူလဗုဒ္ဓဟူးသားသမီးများ၏ စတုရန်း စနေနံ ဒန်းပင်ရှိနေ၍ မူလ ဗုဒ္ဓဟူးနံကို ထိခိုက်ရာ ဗုဒ္ဓဟူးနံ၏အိမ်ထောင်မိတ်ဖြစ်သော (ဒါန်း-လှ) (၄-၀) မှ စနေသားသမီးများ အိမ်ထောင်ရေးမသာမယာဖြစ်ရသည်။

၅။ စနေနံ(နောက်မြောက်ထောင့်) အရပ်တွင် မူလကြာသပတေးသားသမီးများ၏ စတုရန်း တနင်္ဂနွေနံ အုန်းပင်ရှိနေ၍ မူလကြာသပတေး၏ အိမ်ထောင်မိတ် (စိန်-ပန်း) (၃-၅) မှ အင်္ဂါသားသမီးများ၏အိမ်ထောင်ရေးမသာမယာဖြစ်ရသည်။

၆။ တနင်္လာ (အရှေ့အရပ်တွင်) မူလသောကြာသားသမီးများ၏စတုရန်းနံ ကုက္ကိုပင်ရှိနေ၍ မူလသောကြာနံ၏ အိမ်ထောင်မိတ် (ဦး-သာ) (၁-၆) မှ တနင်္ဂနွေသားသမီးများ အိမ်ထောင်ရေးမသာမယာဖြစ်ရသည်။

၇။ ကြာသပတေး (အနောက်) အရပ်တွင် မူလ စနေနံသားသမီးများ၏ စတုရန်းနံ စိန်ပန်းပင်၊ ဇွန်ပင်များရှိနေ၍ မူလ စနေနံကိုထိခိုက်ရာ စနေနံ၏ အိမ်ထောင်မိတ် (ဒါန်း-လှ) (၀-၄) မှ ဗုဒ္ဓဟူးသားသမီးများ အိမ်ထောင်ရေးမသာမယာရှိရသည်။

၈။ အင်္ဂါ (အရှေ့တောင်ထောင့်) အရပ်တွင် မူလရာဟုသားသမီးများ၏ စတုရန်း စနေနံ ဒန်းပင်ရှိနေ၍ မူလ ရာဟုနံကိုထိခိုက်ရာ ရာဟုနံ၏အိမ်ထောင်မိတ် (ကို-ရာ) (၂-၈) မှ တနင်္လာသားသမီးများအိမ်ထောင်ရေးမသာမယာရှိရသည်။

အိမ်ထောင်ရေးမသာမယာဆိုသည်မှာ ပြဿနာမျိုးစုံပေါ် ပေါက်ခြင်း၊ လင်မယားတကျက်ကျက်ရန်ဖြစ်ခြင်း၊ ဆုံးဖြတ်ချက်များ စိတ်လိုက်မာန်ပါပြုလုပ်မိ၍ အမှားအယွင်းနှင့်ကြုံရခြင်း၊ လင် (သို့) မယားအိမ်ပေါ် မှခဏခဏဆင်းသွားခြင်း စသည်တို့ကို ဆိုပါသည်။

စာဖတ်သူတို့သည် စာရေးသူ၏ ဆောင်းပါးကိုဖတ်ရှု၍ အိမ်ထောင်ရေးပြဿနာများမှ ရှောင်ရှားနိုင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

ဤဆောင်းပါး ရေးသားနိုင်ရန် ညွှန်ပြပေးသောဆရာသခင်ကြီးဇင်တင်ရှိစွာဖြင့် ရှိခိုးပါ၏။

ဦးကြည့်ပင်း(ရွှေစင်)ချောက်



www.burmeseclassic.com

www.burmeseclassic.com

ကိုသက်မောင်က လည်နေကျ အိမ်သို့သွားလိုက်သည်နှင့် သတင်းစုံကို ကြားရသည်။ နေ့စဉ် အိမ်နှင့်ရုံး၊ ရုံးနှင့် အိမ်အချိန်ကုန်နေကြရသောသူများအဖို့ ခင်မင်သောသူငယ်ချင်းများနှင့် နေ့ဆင်းရက်များဆို ညနေပိုင်းအလုပ်ကအပြန် ရေမိုးချိုး၊ ထမင်းစားပြီးသည်နှင့် နာရီဝက်ဖြစ်ဖြစ် စကားထိုင်ပြောရင်းက ဟိုအကြောင်းရောက်လိုက်ဒီအကြောင်း ရောက်လိုက် ရယ်မောလိုက်ကြနှင့် ဘဝ အမောကိုဖြေရသည်။ အလုပ်ရုံရုံးတက် ချိန်က အဆိုင်းနှင့်အလုပ်ဆင်းကြရ၍ ညဆင်းဆင်းပြီးလျှင် တစ်နေ့လုံးပြန်အိပ် နေရသဖြင့် နေ့အလုပ်ဆင်းရသည်နှင့် မတူဘဲ နားရက်ဆိုသော်လည်း တစ်ရက်မှာ အိပ်ခြင်းဖြင့်သာ အချိန်ကုန်နေကြ ရသည်။

ကိုသက်မောင်တို့နေရန် ဝန်ထမ်း အိမ်ရာများကို ရှာထူးအလိုက် အဆင့်ခွဲ ကာ ဆောက်ပေးထားသည်။ အရာရှိ များက ခြံဝင်းကျယ်ကျယ်။ အိပ်ခန်းက သုံးခန်း၊ ဧည့်ခန်းကျယ်ကျယ်တစ်ခန်း အိမ်ပေါ်မှာတင် ရေချိုးခန်း၊ လက်ဆေး ကန်၊ အိမ်သာများကို တည်ဆောက်ပေး ထားသည်။ ဒိုးဒိုးဝန်ထမ်းအိမ်ရာကတော့ အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်းတစ်ခန်း၊ မီးဖို ခန်းတစ်ခန်းပါသည်။ရေချိုးတာကတော့ အိမ်အောက်တွင် အုတ်ရေကန်တစ်ကန် လုပ်ပေးထားသည်။ အိမ်သာကလည်း ခြံ ထဲမှာပဲပေါ့။ ရေကိုအချိန်နှင့်ပေးသည်။ ဘယ်လိုပဲဖြစ်ဖြစ် အိမ်လခက ဆယ် ဒေါ်လာနှင့်ငွေနှစ်ထောင့်ငါးရာပေးနေရ ပြီး မိတာခကတော့ ကိုယ်သုံးသလောက် ဆောင်ရသည်။

ရန်ကုန်မြို့ကြီးတွင် အလျား ပေအစိတ် အနံပေဝက်ခန့်အိမ်ကိုငှားနေ ပါက တစ်သိန်းခွဲအနိမ့်ဆုံးပေးနေရသော အချိန်တွင် တိုက်ခန်းလည်းဖြစ်သဖြင့် အသက်ရှူကျပ်ရသည်။ အခန်နေရသော အိမ်တွေက ခြံနှင့်ဝင်းနှင့် ကိုယ်ဝါသနာ ပါလျှင် စားပင်သီးပင်များစိုက်ပျိုးနိုင် သည်။ အိမ်တိုင်းတွင် သရက်ပင်၊ ဩဇာ ပင်၊ ချဉ်ပေါင်ပင်တို့တော့ရှိကြသည်။ ဘယ်သွားသွား ခြေကျင်လျှောက်သွား မလား၊ ဆိုင်ကယ်နှင့်သွားမလား စက်ရုံ အိမ်ရာမို့ လမ်းစရိတ်မကုန် အချိန်မကုန် ဘဲ လည်ပတ်နိုင်သည်။

ထုံးစံအတိုင်း နေ့စဉ်ပြန်လာပြီး



www.burmeseclassic.com

www.burmeseclassic.com

ရေမိုးချိုးစားသောက်ပြီးသည်နှင့် ရေနွေးကြမ်းဝိုင်းဖွဲ့ကြသည်။ ဟင်းငုတ်ပွင့်အစိုသုပ်ဖြစ်စေ၊ ခြင်းသုပ်ဖြစ်စေ ရေနွေးနှင့် အမြည်းလုပ်စားကြသည်။ စကားဝိုင်းက အလုပ်အကြောင်းရောက်လျှင်တော့ လက်သီးလက်မောင်းတန်းကာပြောမိကြသည်။ အထက်လူကြီးတွေသာ ရာထူးကို တစ်ဆင့်ပြီးတစ်ဆင့်တက်ကြပြီး အောက်ကဝန်ထမ်းလေးတွေကို ကတိတွေပေးပြီး ရာထူးမတက်ပေးသည့် အကြောင်းတွေ၊ ဆန္ဒပြကြတော့ ခေါင်းဆောင်ကို လအနည်းငယ်အကြာတွင် အလုပ်ဖြုတ်လိုက်သည့်အကြောင်း ကအစ တရုတ်ဆိုက်များတွင် ကိုးမိနစ် အလုပ်စောဆင်းမိ၍ အလုပ်ကအဖြုတ်ခံလိုက်ရသည့် ရွာကကန်ထရိုက်ဝန်ထမ်း တစ်ယောက်အကြောင်း။

"သူက မပြေလည်ရှာဘူး။ သူ့မိန်းမကလည်း ကျန်းမာရေးမကောင်းဘူး။ ဘယ်လိုလုပ်ကိုင်စားသောက်ကြမလဲလို့ စိတ်ပူမိရတယ်"

"သူ့အတွက် အလုပ်သမားအစည်းအရုံးတို့ကနေ ဘာမှမလုပ်ပေးကြဘူးလား။ နာရီတွေက တစ်ခါတလေ ဆယ်မိနစ်လောက်ကွာတာလည်းရှိကြပါတယ်"

"သူတို့ကို ဘယ်သူက တာဝန်ယူလုပ်ဆောင်ပေးမှာလဲ။ ဆပ်ကန်ထရိုက်နဲ့ ခန့်ထားခံရတဲ့သူတွေကို"

"ပထမအကြိမ် သတိပေးတာတို့၊ နှစ်တိုးရပ်တာတို့ဆို တော်သေးတယ်။ အခုက မြန်မာ့နယ်မြေမှာ သူတို့မကြိုက်ရင် ပြစ်ချက်ကြီးကြီးမားမားမရှိလည်း ဖြုတ်လိုက်နဲ့ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းလည်း တိတိကျကျမရှိဘူးလေ"

ကိုယ့်မြန်မာဝန်ထမ်းတွေအတွက် စိတ်မကောင်းစကားတွေပြောမိကြရာက ဒီတစ်ခါ စကားဝိုင်းကတော့ သေခြင်းတရားဘက်သို့ရောက်သွားခဲ့ကြသည်။

"တို့ဆီက ဆရာဝန်လေး အသက်မှ သုံးဆယ်မပြည့်သေးဘူး၊ နှမြောစရာကွာ။ရွာဆေးခန်းကအပြန်မှာ လမ်းဘေးဆိုင်ကယ်လဲပြီးသေနေတာ။ ပြဟ္ဒိုရိန် နှလုံးသားက နာရေးကူညီမှုကားနဲ့ ဆေးရုံပို့လိုက်ရတယ်။ သွေးထွက်တာလည်းမတွေ့၊ ဒဏ်ရာလည်းမရှိနဲ့ ဘာဖြစ်တာမှန်းတောင့် မသိကြဘူး။ နောက်ဆေးရုံကစစ်ပြီးမှ ဆိုင်ကယ်က သစ်ပင်ကိုတိုက်ပြီးဆုံးသွားခဲ့တာလို့လည်းပြောကြတယ်။ အရင်ကဆို လမ်းပေါ်မှာ ထိခိုက်မှုဖြစ်ရင် ရဲတွေမလာမချင်း လူတွေက မကူညီရဲမကိုင်ရဲကြတော့ သွေးလွန်တာတို့၊ ရှူးဦးသူနာပြုတို့လုပ်ပေးပြီး အသက်ကယ်ကြရမှာကို ကယ်ခွင့်မရလို့ ဆုံးပါးသွားရတဲ့သူတွေလည်းအများကြီးပဲ။ အခုအချိန်မှာတော့ ကူညီလို့ရပြီလို့ သိရတယ်။

အခုခေတ်လူငယ်တွေကိုလမ်းညွှန်ပြတဲ့လူကြီးတွေတော်လို့။ ကျွန်တော်တို့ငယ်ငယ်ကလိုမဟုတ်ဘူး။ ဦးကျော်သူကျေးဇူးနဲ့ မျက်စိပွင့်နားပွင့်လာကြတယ်။ သူတစ်ပါးဒုက္ခရောက်တဲ့အချိန်မှာ၊ နာရေးကိစ္စဖြစ်တဲ့အချိန်မှာကူညီဖို့ နာရေးကူညီမှုအသင်းတွေထူထောင်ပြီးကူညီကြတော့ နာရေးရှင်တွေလည်း စိတ်ဆင်းရဲနေတဲ့အချိန်မှာ စိတ်သက်သာရာရကြရတယ်။ နေရေးထက် သေရေးခက်လို့တောင်ပြောနေကြတဲ့အချိန်မှာ နာရေးတစ်ခုမြေကျဖို့ အစစအရာရာကူညီကြတာကိုက ကျေးဇူးတင်စရာကောင်းလှတာပါ"

"ကျွန်တော်တို့ငယ်ငယ်က ရန်ကုန်မှာဆို လူသေရင် ဦးပန်ချာဆီက နာရေးပို့တဲ့ကားတွေငှားပြီး သင်္ဂြိဟ်ရတာ။ တော်ရုံတန်ရုံလူတွေကလည်း နာရေးကားတွေ မထောင်ကြဘူး။ နာရေးကားတွေငှားစားတဲ့လူတွေရဲ့သားသမီးတွေကိုတင်တောင်းပါမယ်ဆိုရင်တောင် ယူမယ့်လူမရှိဘူးလို့ လူကြီးတွေပြောစကားအရ ကြားဖူးခဲ့ပါတယ်။ အခုခေတ်မှာတော့ ဒါမျိုးအတွေးတွေမရှိတော့တာကို က ဝမ်းသာစရာပါ။ အသုဘရှိရင် ကျွန်တော်တို့ဆီမှာဆို မေတ္တာမွှန်နာရေးကူညီမှုအသင်းက လူငယ်လေးတွေသိပ်ခိုးကျူးစရာကောင်းပါတယ်။ အလောင်းကိုရေချိုးပေး၊ အလောင်းပြင်ပေးတာက အစကူညီကြလို့ အားရစရာပါပဲ။ သူတို့စိတ်ထားနဲ့လုပ်ရပ်အတွက်လည်း ဂုဏ်ယူမိရပါတယ်"

"ကျွန်တော်တို့ဆီကကလေးတွေညဘက်ကို တံတားဘက်ကနေပြန်လာကြတာ၊ လမ်းဘေးမှာ လူအုပ်အုပ်ဝိုင်းနေတာမြင်ရပြီး ထိခိုက်မှုဖြစ်တာလို့သိရတော့ သွေးသံရဲရဲနဲ့ဖြစ်နေမှာ မကြည့်ချင်တော့ပါဘူးကွာလို့ပြန်လာကြတာ။ အင်တာနက်ပေါ်မှာ သေဆုံးတဲ့သူရဲ့ဓာတ်ပုံတွေနဲ့တင်တာမြင်မှ သူငယ်ချင်းရဲ့ညီမှန်းသိကြရတာတဲ့။ ဘာပဲဖြစ်ဖြစ် ဝင်ကြည့်လိုက်ရင် ချက်ချင်းကိုယ့်အသိမှန်းသိရ ချက်ချင်းအကြောင်းကြားလို့ရတာပေါ့"

"ဆုံးတဲ့ကလေးက သူများကိုကူညီတတ်တာ၊ ဆရာသမားမှန်းလည်းသိတတ်တယ်။ သူ့ဆရာနေမကောင်းတော့ နေ့တိုင်း အိမ်မှာဆေးသွားကုပေးသလို ဆရာ ဆေးရုံတင်ရပြီး ကျောက်ကပ်ကြောင့်ဆုံးသွားတော့လည်း ဆရာဇနီးကို သွေးပေါင်ချိန်လာတိုင်းပေး၊ အားဆေးလာသွင်းပေးနဲ့ ရက်မလည်ခင် ဆရာ့အိမ်မှာ ဆရာဝန်လေးကိုတွေ့လိုက်ရသေးတာ။ သူဆုံးတာနဲ့ ဆရာဆုံးတဲ့နေ့က တစ်ရက်တည်း၊ နှစ်လပဲခြားတယ်။ ဆရာမကတော့ စိတ်မကောင်းဖြစ်နေတော့မှာဘဲ"

ဆုံးတဲ့အကြောင်းတွေပြောမိကြရာမှ ကျွန်တော်တို့မြို့မှ ကလေးမြို့သို့ပြောင်းသွားသော ဦးဟမ်ဒို ဆိုင်ကယ်အက်ဆီးဒင့်ကြောင့် သေဆုံးရသည့် သတင်းကိုလည်း ကြားလိုက်ရသည်။ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းဖြစ်သူ ပထမအပတ် နမ္မတူသင်တန်းသားကတော့ အိမ်တွင်ပင်ဆုံးသွားရှာသည်။ လူပျိုလည်းဖြစ်ပြန်၊ တစ်ယောက်တည်းလည်းနေ၍ သူဘယ်အချိန်ကဆုံးမှန်းပင်မသိကြပါ။ မနက်မှပင် အလုပ်လည်းမသွား၊ ခေါ်၍လည်းမထူးသဖြင့် ဝင်ကြည့်ကြရာမှ ဆုံးနေမှန်းသိကြရသည်။ သူကတော့ အနေအထိုင်ရိုးသည်။ တစ်လနေလို့မှစွေးကိုတစ်ခေါက်မတက်။ ကိုယ့်မြို့လေးထဲမှာ စွေးဆိုင်အိမ်ငါးအိမ်ခန့်ရှိရာ နီးသည့်အိမ်တစ်အိမ်ရှိ ကုန်စုံဆိုင်လေးတွင်သာ လိုအပ်သမျှအကုန်ဝယ်သည်။ သူစွေးဝယ်ပြန်လာ၍ကြည့်လိုက်လျှင် လက်ထဲ၌ အမြဲတမ်းဝယ်လာတတ်သည်က ဆီတစ်ပုလင်းနှင့် ကြက်ဥဆယ်လုံးခန့်သာဖြစ်သည်။ အမြဲပဲ ကြက်ဥစားနေသလားလို့တောင်ထင်မိရသည်။

၁၉၈၂-၁၉၈၃ ခုနှစ်လောက်က သင်တန်းသားများ နမ္မတူမြို့တွင်လုပ်ငန်းခွင်သင်တန်း(၁၈)ပတ်တက်ကြရသည်။ သင်တန်းပြီးတော့ သတက (၁၊ ၂၊ ၃)မှ သင်တန်းသားများလည်း မိမိမူလလုပ်ငန်းခွင်ရှိရာသို့မပြန်ကြရ။ ဘရုမှလည်း မပြန်ကြရဘဲ လုပ်ငန်းခွင်သင်တန်းသား(၁၈၃)ယောက်စလုံး ကြေးနီစီမံကိန်းသို့ပြောင်းရွှေ့ခံကြရသည်။ တချို့ကလည်း နမ္မတူသင်တန်းသွားတက်ရင်း ချစ်သူရလာကြတော့ ပြန်ပြီးလက်ထပ်ကာ မိုင်းသို့ခေါ်လာကြသည်။ တချို့ကတော့ မိန်းမက ဘရဉီးဝီးဌာနတွင်ကျန်ခဲ့၍ တကွဲတပြားဖြစ်ကြရရာမှ ကြေးနီမြို့ပြောင်းရွှေ့လျောက်ထားကြရတော့သည်။ ဦးဗိုလ်ကတော့ မေမြို့သံစီမံကိန်းကနေ ဒီနယ်မြေတွင် သောင်းကျန်းနေသည်မှာ နှစ်ပေါင်းသုံးဆယ်ကျော်ပေပြီ။ ယခင်က

www.burmeseclassic.com

www.burmeseclassic.com

အဖေဖြစ်သူနှင့်အတူတူနေသော်လည်း အဖေကြီးဆုံးသွားသည်မှာ လေးလပိုင်းလောက်ကဖြစ်၍ မကြာသေးပါဝေ။

ရက်လည်ဆွမ်းတရားနာလုပ်သည့်အခါ သူ့အိမ်သို့သွားခဲ့သည်။ ခင်သာခင်ကြသည်၊ အိမ်သို့ တစ်ခါမှမရောက်ဖူးခဲ့ပါ။ ၂၀၀၂ ခုနှစ်လောက်ကထင်သည်။ ထိုစဉ်က တောင်ပေါ်ရုံးတွင် ရုံးတက်ရာ ရုံးလွှတ်ခါနီး မိုးသည်းထန်စွာရွာခဲ့သည်။ လေးနာရီကျော် ရုံးကားပေါ် သို့ အရောက်တွင် မိုးသီးများပါကြွေကျလာပြီး ကားမှန်များကိုလာထိ၏။ စာကလေး၊ ချိုး၊ ခိုင်ဂ်လေးများလည်း မိုးသီးထိမှန်သေကြရာ မိုးရွာအပြီးငှက်လိုက်ကောက်သောသူများ ဆန်ခါခုံးနှင့်အပြည့်ရကြသည်။ ဦးဝိုလ်အိမ်တွင်လည်း ခေါင်မိုးသွပ်တွေ အပေါက်အပေါက်တွေနှင့်ပြန်ဖာထားခြင်းလည်းမရှိ၍ အိပ်ခန်းနှစ်ခုခြားကာထားသည့် ငါးထပ်သားပြားကမိုးထိထား၍တွန့်လိမ်နေ၏။ ကျွန်တော်တို့အိမ်တွေလည်း မိုးသီးထိမှန်၍ သွပ်များပေါက်ကုန်သည်ကို သွပ်ဖာသည့်တိပ်ဖြင့် ကပ်ထား၍ မိုးမယိုတော့။

အိမ်ဦးခန်းကို ဘုရားခန်းလုပ်ထားကာ နောက်ခန်းတွင် ခုတင်ချထားသည်။ ဦးဝိုလ်အိပ်သောအခန်း ခုတင်ခေါင်းရင်းတွင် သံသေတ္တာတစ်လုံးချထားသည်ကို တွေ့ရပါသည်။ ဧည့်ခန်းထဲတွင် ကြောင်အိမ်တစ်လုံး နံရံကပ်ထားပြီး မနီးမဝေးနေရာတွင် ရေခဲသေတ္တာတစ်လုံးကိုတွေ့ရသည်။ ထိုင်ခုံမရှိ၊ ဧည့်ခန်းကိုရှင်းလင်းထားကာ ထမင်းစားပွဲဝိုင်းနှစ်ဝိုင်းချထားသည်။ မိုးကလည်းတစွေစွေနှင့်။ ရှေးအခါက လူသေလျှင် ခုနစ်ရက်မှ ရက်လည်သည်။ နောက်တော့ အလုပ်သွားရမည်ဖြစ်၍ ရပ်ဝေးမှဆွေမျိုးများလာရ၍ဆိုကာ ငါးရက်နှင့်ရက်လည်ကြသည်။ ဦးဝိုလ်နာရေးကတော့ သူတစ်ယောက်တည်းနေကာ ဆွေမျိုးတို့၊ အမေတို့က အဝေးမှာမို့ သုံးရက်နှင့် ရက်လည်လုပ်ကြသည်။ သူတို့ကလည်း ဧည့်သည်ဖြစ်၍ ကြာရှည်နေလိုဟန်မတူပါ။ သူသေတော့ သူသေတ္တာလေးထဲတွင် မဖောက်ရသေးသည့် လစာအိတ်တွေက အများကြီး။ ငွေတွေကိုစုပေါင်းရေတွက်သည့်အခါ သုံးဆယ့်ငါးသိန်းခန့်ရှိသည်။ သူဌာနမှလူကြီးများက သူ့မိခင်ကြီးမလာမီ သိမ်းထားပေးရသည်။

"အဒေါ်ကလည်း အသက်ရှစ်ဆယ့်ငါးဆိုတော့ အသက်ကြီးပြီလေ။ သားကိုခေါ်ပြီး အမွေခွဲပေးတာ။ သူပြန်သွားတာမှ တစ်ပတ်ပဲရှိသေးတယ်။ အမေပဲဒီအမွေတွေကိုပြန်သိမ်းရမှာပါလို့ပြောသွားတာ နိမိတ်ပြုစကားကျနေတာပဲ။ သားက ဆီလည်းသိပ်မစားဘူး၊ တစ်လလုံးမှ ဆီတစ်ပုလင်းပဲကုန်တာ။ အဒေါ်ကတော့ ဘုန်းကြီးတွေဆွမ်းလောင်းဖို့လည်းချက်ရတော့ တစ်လကို ဆီသုံးပိသာခွဲလောက်ကုန်တာ။ သားက ဆီးချိုရော သွေးတိုးပါရှိလို့ အစားလည်းသိပ်ရှောင်တယ်။ အမေဆီသိပ်မသုံးနဲ့။ ရောဂါဖြစ်မယ်လို့မှာသွားပြီး သူက အရင်သေရှာတာ။ အသက်ကြီးတဲ့ သူကကျန်ခဲ့ရတယ်"

သူရက်လည်ရက်နေ့က မိုးကလည်းတဖွဖွမို့ ဧည့်ခံသည့်သူတွေကလည်း ဧည့်သည်တွေလာသည့်လူကလည်းကျဲသည်။ သူ့လစာငွေတွေများစွာကျန်ရစ်ခဲ့သော်လည်း သူသေတော့ယူမသွားနိုင်ပါပေ။ မသေခင်က တတ်နိုင်သလောက်လှူခဲ့ပါလျှင် နောင်သံသရာသို့ ကုသိုလ်ထုပ်အဖြစ်ပါသွားပါမည်။ ယခုတော့ သူ့ငွေများကို သူဇာတိမြေကမှ အလှူထပ်လုပ်လျှင်လုပ်ကြရန် သူတူဖြစ်သူလက်ထဲထည့်ပေးလိုက်ကြသည်။

နောက် အသိထဲကတစ်ယောက် ဆုံးသည်က ဦးဝိုလ်နှင့်တစ်ရက်တည်း။ သေသူ ကိုဂျက်ဖြစ်ပါသည်။ သူကတော့ ကွမ်း၏ဆိုးကျိုးကို ခံစားသွားရသည်။ ကျွန်တော်တို့နေသော ဝန်ထမ်းနယ်မြေတွင် ကွမ်းယာစားသောကြောင့် သေဆုံးရသည့်သူ ကိုဂျက်နှင့်ပါဆို သုံးယောက်ရှိပြီဖြစ်သည်။ သုံးယောက်စလုံး ပါးစောင်တွင် အနာဖြစ်ရာမှ ဆရာဝန်တွေကကင်ဆာဟု ဆိုသည်။ ဦးဘကတော့ ထိုကင်ဆာကြောင့် ရိုးရိုးပင်ဆုံးသွားခဲ့သော်လည်း ယာဉ်မောင်း ဦးအောင်တစ်ယောက်ကတော့ ကင်ဆာကိုကုရသည့် ပိုက်ဆံကုန်သည်။ မပျောက်မည့်အတူတူ သူ့ကိုယ်သူသတ်သေလိုက်သည်။ ဝန်ထမ်းအိမ်ရာမှ ကားလမ်းမကြီးပေါ် သို့ထွက်ကာ ညောင်ပင်ကြီးသို့ရောက်မည့်ကားကိုစီးသွားသည်။ ကားခမပါ၍ အသိတစ်ယောက်မှ သူ့ကားခကိုပေးပေးလိုက်သည်။ မြစ်ဆိပ်တွင် သစ်ဖောင်ပေါ် သို့တက်ပြီး ရေထဲခုန်ချသွားရာတွေ့လို့က်သောသူများက နာခေါင်းစည်းနှင့်မို့ သတိထားမိကြသည်။

အလောင်းကို ချက်ချင်းရှာမရပါပေ။ ဌာနလူကြီးများ မြစ်ဆိပ်မှ ရေငုပ်သည့်လူများဖြစ်ရှာကြရာ နောက်ရက်တွေမှာ အလောင်းက ဝါးဖောင်အောက်ရောက်နေသည်ကို တွေ့ကြရသည်။ ဝါးဖောင်းမှကြိုးကို သူကဆွဲထား၍ အလောင်းရှာမတွေ့ခြင်း ဖြစ်ပါသည်။ သူ၏ဘဝကို ချင်းတွင်းမြစ်ထဲတွင် မြုပ်နှံလိုက်ခြင်းပါပဲ။ သူ့အသုဘကိုပြန်သယ်လာကြပြီး ဝါးတန်းသချိုင်းတွင် သင်္ဂြိဟ်လိုက်ပါသည်။ ကိုဂျက်ကတော့ သူမိခင်ကြီးရှိရာအိမ်တွင်သွားနေရာ လမ်းပင်မလျှောက်နိုင်တော့၍ အိမ်သာသွားသည်ကိုပင် အတွဲနှင့်သွားရသည်။ မန္တလေးတွင် ဆေးသွားသွားကုနေရာမှ ထမင်းမစားနိုင်၊ နွားနို့တို့၊အရည်တို့သာသောက်နိုင်တော့သည်။ နောက်တော့ ပါးစောင်ကင်ဆာအနာမှ အသားများပဲပဲ့ကျလာရာ သွားများပင်ပေါ်လာခဲ့သော်လည်း ချက်ချင်းမသေပါ။ လပေါင်းများစွာဝေဒနာခံစားရပြီးမှ သေသွားရသည်။ သူသေသည်မှာ ဝန်ထမ်းအိမ်ရာတွင်မဟုတ်၍ အသုဘရှိစဉ် လိုက်မပို့ဖြစ်လိုက်ပါပေ။ သူအရက်မူးသည့်အခါ ဆိုင်ကယ်သံဆူဆူညံညံနှင့် လမ်းထဲတွင် ဆိုင်ကယ်ကို ခေါက်တို့ခေါက်ပြန် မမောမပန်းစီးတတ်သည်။ ဝေဒနာခံစားလာရတော့လည်း ကွမ်းလည်းမစား၊ ဘာမှလဲမစားနိုင်တော့။

ကျွန်းမာစဉ်မှာ စားသင့်စားထိုက်တာစားဖို့၊ လှူဖွဲ့တန်းဖို့၊ ဘုရားတရားအလုပ်လုပ်ဖို့၊ ကိုယ့်အရိုးကိုယ်သယ်နိုင်စဉ်မှာ တရားအားထုတ်ဖို့လိုသည်ဆိုသောအသိများ လူဘဝခဏိုက် လူဖြစ်မန္ဒုံးအောင် ကြိုးစားရမည်ဆိုသော အတွေးများ အမြဲတမ်းဝင်လာခဲ့ရသည်။ နေ့မြင်ညဟောက်ကြောက်စရာကောင်းလှသောလူဘဝကြီးပါပဲ။

ယခင်က လူတစ်ဦးဆေးသွားကု၍ဖြစ်စေ၊ ဆေးရုံတွင်သေဆုံးလျှင်သော်လည်းကောင်း၊ အလောင်းကို မြို့ထဲကိုယ့်အိမ်ထဲတွင်ပင် သယ်ယူခွင့်မရှိဘဲ ရွာပြင်တွင် ခုတင်ပြင်ကာထုတ်ထားသည့်ခလေ့ရှိပါသည်။ အခုတော့ ဘယ်နေရာမှာပဲ ဘာကိစ္စနှင့်ဘဲသေသေ အိမ်သို့ပြန်သယ်ဆောင်လာကြသည်။ ရှေးအခါကတော့ ထိုသို့သယ်ဆောင်ခွင့်လည်းမပေးဘဲ ရွာနာသည်၊ မြို့နာလည်ဟု ဆိုကြသည်။ အခု ကျွန်တော်တို့မြို့တွင် လူတစ်ဦးသေလျှင် မိုးလောင်းလောက်ဆက်တတ်သည်။ တစ်ယောက်က ရက်မလည်ခင်တစ်ယောက်ထပ်သေတတ်သည်။

ကိုဘော်တို့သည် ကျွန်တော်တို့ ငယ်စဉ်က ညအမှောင်ရောက်သည်နှင့်

www.burmeseclassic.com

တင်နိုင်ဝင်း(ထမင်းစော်ကြိုး)
အဖျားရောဂါအတွက် ကြက်သွန်နီ

ကြက်သွန်နီသည် အိမ်တိုင်းလိုလို ရှိသော မီးဖိုးချောင်သုံးပစ္စည်းတစ်မျိုး ဖြစ်သည်။ ကြက်သွန်နီသည် ဟင်းချက်ရာတွင် မရှိမဖြစ်လိုအပ်သလို ဆေးစွမ်းလည်းအလွန်ထက်လှ၏။ ရောဂါအတော်များများကိုလည်း ပျောက်ကင်းနိုင်စွမ်းရှိ၏။ ကုန်ခြောက်ဆိုင်တိုင်းတွင် အလွယ်တကူဝယ်ယူနိုင်၏။

ကျွန်တော်တို့ငယ်စဉ်က ကျောင်းမတက်ချင်သောနေ့များတွင် ညကတည်းက ချိုင်းကြားထဲတွင်ကြက်သွန်နီဥတစ်လုံးစီညှပ်၍ အိပ်၏။ နံနက်မိုးလင်းသောအခါ ကိုယ်တွေပူလာသည်ကို မိဘများအား နေမကောင်းဟု လိမ်ညာပြောကြား၍ ကျောင်းပြေးခဲ့ဖူးသည်။ ပထမတွင် မိဘများက အမှန်တကယ် နေမကောင်းသည်ထင်၍ စိုးရိမ်ကြီးစွာဖြင့် ကျောင်းမတက်စေဘဲ ဆေးဝယ်တိုက်ခဲ့ရသည်။ သို့သော် အလိမ်အညာဟူသည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဘူးပေါ်သလိုပေါ်ရစမြဲ ဖြစ်ပါသည်။ နောက်ထပ်လိမ်ညာ၍မရတော့ချေ။ မိဘများအပေါ် ကျန်းမာရေးကိုအကြောင်းပြု၍ လိမ်ညာခဲ့၍လားမသိ နောင်တွင် အမှန်တကယ် ကျန်းမာရေးချို့ယွင်းခဲ့ရပါသည်။

ကြက်သွန်နီ၏သဘောသဘာဝမှာ ခန္ဓာကိုယ်အပေါ်ပိုင်းနှင့်တာရှည်ထိတွေ့နေပါက အပူချိန်တက်လာတတ်သော်လည်း ခန္ဓာကိုယ်အောက်ပိုင်းနှင့် ကြာရှည်ထိတွေ့လျှင်မူ ကိုယ်ပူချိန်များလျော့ကျသွားတတ်ပေသည်။ ဆေးပညာရှင်တို့က ဤသဘောတရားကို အမြဲအရအသုံးချ၍ ကိုယ်ပူချိန်များပြီး ဖြစ်တတ်သောရောဂါဝေဒနာများကို ကုသခဲ့ကြပါသည်။

အထူးသဖြင့် အပူချိန်လွန်ကဲ၍ ဖြစ်တတ်သော အဖျားရောဂါကို အလွယ်တကူ ကုသနိုင်ပါသည်။

ကြက်သွန်နီခပ်ကြီးကြီးတစ်လုံးကို ညက်အောင်ထောင်း၍ အုန်းဆီနှင့်သမအောင်ရောမွှေပြီး ခြေဖဝါးကိုသုံးတ်လိမ်းပေးပါ။ နာနာပွတ်၍ သုတ်လိမ်းပြီး ခြေဖဝါးကိုနှိပ်နယ်ပေးပါ။ သုတ်လိမ်းရမည့်အချိန်မှာ နေ့လယ်မွန်းတည့်ချိန်တွင်ဖြစ်သည်။ သုတ်လိမ်းနှိပ်နယ်ပြီးသည်နှင့် ချွေးအောင်းလိုက်ပါ။

ထို့နောက် ညအိပ်ရာဝင်ခါနီးတွင် ကြက်သွန်နီဥများကို ပါးပါးလှီးကာ ခြေဖဝါးများတွင် လုံအောင်ကပ်၍ ၎င်းကြက်သွန်နီပေါ်မှာ ပိတ်စကြီးဖြင့်စည်းနှောင်ပြီး ခြေစွပ်အိတ်ကိုစွပ်၍အိပ်ပါ။ နံနက်မိုးလင်းသည်နှင့် အဖျားကျသွားသည်ကို အံ့ဩစွာတွေ့ရမည် ဖြစ်သည်။

၎င်းဆေးနည်းသည် သာမန်ကိုယ်ပူမှစ၍ တစိမ့်စိမ့်ချမ်းတုန်ပြီးတက်လာသောအဖျားရောဂါများအထိ ကုသပျောက်ကင်းနိုင်ပါသည်။

သို့သော် ဆေးအဖြစ် အသုံးပြုသော ကြက်သွန်များသည် လတ်ဆတ်၍ အရည်ရွှမ်းဖို့တော့လိုပါသည်။ ပုပ်ရော်ဖျော့တော့နေသော ကြက်သွန်မျိုးနှင့် နေပူထိထားသော ကြက်သွန်များကို မသုံးရ။ ကြက်သွန်မလတ်ဆတ်လျှင် အာနိသင်လျော့ပါးတတ်ပါသည်။

အထူးသတိပြုရန်မှာ ၎င်းကြက်သွန်နီကို အသုံးပြုပြီး နေ့လယ်တွင် ရေနွေးဖြင့်ချွေးထုတ်ပြီး ညနေပိုင်းမှစ၍ နောက်နေ့များတွင် (ချွေးမအောင်းတော့ပါက) ရေကျက်အေးကို မကြာခဏသောက်ပေးပါ။ ဆီးသွားရန်ဖြစ်သည်။ ဆီးသွားခြင်းသည်လည်း အဖျားရောဂါကို သက်သာစေပါသည်။

တင်နိုင်ဝင်း(ထမင်းစော်ကြိုး)

သူတို့၏အသံကိုမကြားရတော့။ အိပ်တန်းတက်ပြီဆိုသည်နှင့် အသံတိတ်တော့သည်။ ကျီးငှက်တို့ ညအခါ အော်မြည်သံကြားလျှင် မကောင်းဟုဆိုတတ်ကြပါသည်။ ရန်ကုန်လိုမြို့ကြီးတွေတွင် ငှက်ကြီးကြီးမားမားကို မမြင်ရတတ်ပါ။ မြို့လယ်အိမ်တွင် ညဘက် ငှက်အကြီးကြီးတစ်ကောင် အိမ်တံစက်မြိတ်တွင်လာနားသည်ကိုမြင်သည်နှင့် နောက်တစ်နေ့တွင် အိမ်သို့ ဆရာတော်များကိုပင့်ကာ အန္တရာယ်ကင်းပရိတ်တရားနာကြ၏။ ထုံးတမ်းစဉ်လာကို လေးစားလိုက်နာကြသည်။ ညဘက်ခွေးများဆူညံစွာအူသံကြားလျှင် အန္တရာယ်ကင်းအောင် ကိုယ့်ဘာသာပရိတ်ရွတ်ကြသည်။ ခွေးတို့ ညဘက်အူလျှင် မကောင်းဆိုးဝါးတစ္ဆေသရဲကိုမြင်၍ဟု လူကြီးမိဘဘိုးဘွားတို့က လက်ဆင့်ကမ်းပြောပြတတ်ကြသည်။

ယခုတစ်လော နေ့စဉ်ရက်ဆက်လိုပင် ညဘက်ဆယ်နာရီဝန်းကျင်လောက်၌ ကျီးငှက်တို့အော်သံကို ကြားနေရသည်။ ဟိုသို့ဒီသို့ပျံဝဲကာ ဆူညံစွာအော်မြည်နေသည်ကို ကျီးပြုသည်ဟုခေါ်သလား။ တချို့ကတော့ ညဘက်လေသေနတ်နှင့် ငှက်လိုက်ပစ်နေလို့လန့်ပြီး အော်ကြတာနေမှာပါဟုဆိုကြသော်လည်း ညအမှောင်ထဲတွင် မြင့်မြင့်မားမား အပင်ကြီးများဖြစ်သည့် တမာပင်မန်ကျည်းပင်တို့ပေါ်တွင် အသိုက်လုပ်နေကြသည့် ကျီးငှက်များကို ဘယ်လိုမျက်စိနှင့်ရှာတွေ့ကြမည်လဲ။ သူတို့တွေအကြောင်းတစ်မျိုးမျိုးကြောင့် လန့်အော်ကြသည်လို့ပဲထင်ပါသည်။

အသိတစ်ယောက်ကတော့ 'ကျွန်မတို့ဘက်မှာတော့ ကျီးကန်းတွေ ညစဉ်တအားအားနဲ့အော်ကြရင် လူသေတတ်တယ်' လို့ပြောပါသည်။ လူတစ်ယောက်သေပြီး ဘယ်ဘဝရောက်ရမည်ကိုမသိသလို ဘယ်အချိန်သေကြရမည်ကိုလည်း မသိနိုင်ပါပေ။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ဘဝမှာ တစ်ခါတော့သေကြရမှာပါပဲ။ မြတ်စွာဘုရားသခင်သော်မှ သေခြင်းတရားမှ မလွတ်ကင်းနိုင်ခဲ့ပါပေ။ မွေးလာကတည်းက သေဖို့မွေးလာခဲ့တာမို့ အရွယ်သုံးပါးမရွေး၊ အချိန်အခါမရွေး သေမင်းကခေါ်တတ်ပါသည်။ ပုထုဇဉ်လူသားများအဖို့ကတော့ သွားသွားလာလာ စားစားသောက်သောက် တပျော်တပါးနှင့် ဖြစ်ရာဘဝမှာ ချမ်းသာသာဆင်းရဲရဲ သေခြင်းတရားကိုမေ့လျော့ကာ နေတတ်ကြပါသည်။

လမ်းဘေးနေ လမ်းဘေးစား သွားချင်ရာသွားသည့် စိတ်ဝေဒနာရှင်များသည် ခွက်တစ်ခွက်လက်မှာကိုင်ကာ အဝတ်စုတ်ထုပ်အိတ်ကိုထမ်းပြီး နေပူမရှောင်မိုးရွာမရှောင်သွားလာနေသော်လည်း အသက်ရှည်ပါသည်။ သေခြင်းသည် ပြောမရပါပေ။ ငယ်သည်၊ ကြီးသည်မဟု 'တစ်နေ့တစ်ရက်ဖြင့် အသက်ရှည်ခဲ့ပြီ၊ ငါသည် ဘယ်နေ့ဘယ်ရမည်ကို မသိနိုင်ပါတကား' ဆိုသည့် တရားကို နှလုံးသွင်းကာနေကြရမည်ဖြစ်ပါသည်။

ဒေဝီသွင်(ရန်ကုန်)

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ (B.Sc)

စက်တင်ဘာလ ၁ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော(၉)ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၂ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ(၉)ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၃ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၄ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၈၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၅ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၉၊ ၁)။ လာဘ်နေအရပ် အနောက်မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ သုပ္ပဋိပန္နော (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၆ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၇ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း(၆)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၈ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဒိနော (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာလ ၉ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်နေအရပ် အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံ ပူဇေမိ (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၁၀ ရက်၊ တနင်္လာနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာလ ၁၁ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာလ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၇၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရာပုဂ္ဂလဒမ္မသာရထိ (၉) ခါရွတ်ဆိုပါ။

www.burmeseclassic.com

www.burmeseclassic.com

စက်တင်ဘာလ ၁၃ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၆၊ ဝ)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

စက်တင်ဘာ ၁၄ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနလ်၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၁၅ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၈၊ ဝ)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၁၆ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၅)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သားမှာ ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၁၇ ရက်၊ တနလ်နေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၈၊ ဝ)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနလ်၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၁၈ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၉)၊ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၉၊ ဝ)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေနှင့် တနလ်။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၂၀ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၆၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာ ၂၁ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလ်။ တစ်နေ့တာအကြံအစည်အောင်မြင်၍ နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ပုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၂၂ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၈၊ ဝ)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလ်။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာ ၂၃ ရက်၊ တနင်္ဂနွေနေ့- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၅)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် မီးခိုးရောင်။ အကျိုးပေးနေ့သား အင်္ဂါ။ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ပုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၂၄ ရက်၊ တနလ်နေ့- လာဘ်ဂဏန်း (၆)၊ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ စနေ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၂၅ ရက်၊ အင်္ဂါနေ့- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၆၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၆၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနလ်၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါရွတ်ဆိုပါ။

စက်တင်ဘာလ ၂၇ ရက်၊ ကြာသပတေးနေ့- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၆၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉)ခါ ရွတ်ဆိုပါ။

စက်တင်ဘာ ၂၈ ရက်၊ သောကြာနေ့- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၉၊ ဝ)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉)ခါ ရွတ်ဆိုပါ။

စက်တင်ဘာလ ၂၉ ရက်၊ စနေနေ့- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၈၊ ၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အမဲရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနလ်။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ပုဒ္ဓဘူမိဂေမိ (၉) ခါရွတ်ဆိုပါ။

ကြိုင်စံသူ(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

ဒီသူရဇ္ဇလက်ဆောင်လေးက ရိုးစင်းပါတယ်။

ဘာမှထူးထူးခြားခြားမဟုတ်ပါဘူး။ လူတိုင်းလည်းသိပြီးသားပါ။

ဒါပေမယ့် မသိသေးတာလေးတွေ ရှိနေသေးတယ်ဆိုတာကိုတော့ အကြံပေးချင်ပါသေးတယ်။ တချို့ကိုပါ။

အကြောင်းအကျိုးတိုက်ဆိုင်သွားရင်တော့လည်း သူရဇ္ဇလက်ဆောင်ပေးရတာ ပီတိဖြစ်ရပါတယ်။ တိုက်ဆိုင်မှုမရှိသေးရင်လည်း ကိုယ်နဲ့နီးစပ်သူတွေနဲ့ စကားလက်ဆုံကျရင် ပြောပြလို့ရတာပေါ့။

ဒါကြောင့်-

ဒီလမှာ ကတိစကားလေးတွေနဲ့ ပတ်သက်ပြီး လက်ဆောင်ပေးလိုက်ပါဦးမယ်လို့ လေးလေးစားစားနဲ့ပဲ စတင်လိုက်ပါရစေ။

■

ကတိတည်တဲ့သူတွေ လောကမှာ ဒုနဲ့ဒေးပါ။

ပြောစရာမလိုလောက်အောင် ကတိတည်ကြသူတွေရှိကြပါတယ်။ လေးစားလောက်ပါတယ်။ ဒါပေမယ့် ကတိပျက်ကွက်ကြသူတွေလည်းမနည်းပါဘူး။

ဘယ်မှာတွေ့ရတတ်သလဲဆိုတော့ ငွေချေးတဲ့ကိစ္စတွေမှာ တော်တော်မြင်ရတွေ့ရကြားရပါတယ်။ ငွေချေးလို့မရခင်မှာတော့ ရွှန်းရွှန်းကိုဝေနေတာပဲ။ တကယ့်သစ္စာရှင်ပဲ။ တကယ်အတည်ပေါက်ပဲ။ သိက္ခာကိုထိခိုက်မှာ အသက်နဲ့လဲပြီး ကြောက်သလိုလိုဘာလိုလို။

ဟော - ငွေလည်းရပြီးရော သူမဟုတ်သလိုဘဲ။ သိက္ခာဆိုတာ သူ့ဆီမှာ မမြင်ရတော့ဘူး။ အနှိုင်ကျင့်ပြရမလား၊ ဆဲဆိုရမလား၊ ဓားကြိမ်းကြိမ်းရမလား။ ဒါမှမဟုတ် ဒူးဖက်ရမလား။ ဝန်မလေးတော့ဘူး။ ဒါတွေထဲက တစ်ခုကိုသူလုပ်ရမှာဝန်မလေးတော့ဘူး။

ဒါ ကတိမတည်သူတွေရဲ့ အစဉ်အလာပဲ။

ပို့ဆံတွေရှာလို့ ဝင်ရင်လည်း မပေးချင်ဘူး။

မပေးချင်ကြတဲ့ ဆင်ခြေကလည်းကြည့်ဦး။ သူတို့တင် ပါးစပ်ပါတာမဟုတ်ဘူး။ ကိုယ်တွေလည်းပါးစပ်ပါတာပဲတဲ့။ ကိုယ်စားဖို့ကလည်းရှိသေးတယ်။ မပေးနိုင်ဘူးတဲ့။

အမှန်က ကိုယ်စားဖို့အဆင်ပြေမှ ခင်ဗျားတို့အကြွေးကိုပြန်ဆပ်နိုင်မယ်။ ခင်ဗျားတို့ချေးချင်လည်းချေး၊ မချေးချင်လည်းနေလို့ပြောပြီး ချေးယူခဲ့ပုံတော့မရလောက်ပါဘူး။

တချို့ကျတော့ သူတို့ကကိုယ်တွေ ထက်တောင်ချမ်းသာသေးတယ်။ ကိုယ်တွေမပေးလို့ သူတို့ပွန်းပဲ့ပါမသွားဘူးတဲ့။

သေချာတွေးကြည့်တယ်။ ပို့ကဆံသွားချေးတုန်းက ခင်ဗျားတို့က ကျုပ်တို့ထက်ပိုချမ်းသာတဲ့သူတွေမို့ ကျုပ်ပြန်ပေးချင်မှပေးမယ်၊ ကျေနပ်လည်းချေးလို့ များပြောယူလာသလားပေါ့။

တချို့မပေးနိုင်ဘူး၊ ဘာလုပ်ချင်လဲ တိုင်ချင်ရာတိုင် လုံးဝဂရုမစိုက်ဘူးတဲ့တာပဲဆိုသူတွေနေရာကလည်းတွေးကြည့်တယ်။

ပို့ကဆံချေးတုန်းက ခင်ဗျားနော်၊ ပေးချင်ပေးမပေးချင်နေ ကျုပ်ကတော့ ပြန်ပေးမယ့်ကောင်မဟုတ်ဘူး။ ဘယ်တိုင်တိုင် ဂရုမစိုက်ဘူး။ ကျေနပ်မှပေးလို့ များပြောယူလာလား။

တချို့များကျတော့ လာတောင်းကြည့်လေ သတ္တိရှိရင်။ ဟောဟိုဌက်ကြီးတောင်ဓားက မင်းအတွက်ပဲဆိုတဲ့လူလည်းရှိပါ့။

သူလည်း ပို့ကဆံသွားချေးတုန်းက ပြန်လာတောင်းတာနဲ့ ကျုပ်ကခုတ်မှာနော်။ ခင်ဗျားကျေနပ်မှပေးလို့များပြောယူလာလားမသိဘူး။

တချို့ကတစ်မျိုး။ အတိုးတွေပေး



ဆရာဦးမောင်မောင်သန့်
(ရန်ကုန်အစိုးရပြဇာဆရာဝန်)

ကတိစကားအတွက် သူရဇ္ဇလက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

လာခဲ့ရတာ အရင်းထက်တောင်များနေပြီ။ တော်ပြီ မပေးနိုင်ဘူးဆိုတဲ့သူတွေကျတော့ -

ကျွမ်းအတိုးပေးရင်းနဲ့ အရင်းလောက်ဖြစ်လာပြီဆိုတာနဲ့ တစ်ပြိုင်နက်ထဲမပေးတော့ဘူးနော်။ ခုထဲက စဉ်းစားပြီးမှပေးဆိုပြီးပြောယူလာလား။

ဒါ -

ငွေကိစ္စကြွေးကိစ္စပဲရှိသေးတယ်။ ကတိတည်ကြသူတွေအများကြီးထဲက ကတိမတည်ကြသူတွေရဲ့အကြောင်း တစ္ဆေတစောင်းပေါ့ တချို့ပေါ့။

ကားယူသွားပြီး ကတိမတည်တာတွေ၊ ဆိုင်ကယ်ယူသွားပြီး ကတိမတည်တာတွေ၊ သူများကသနားလို့ အိမ်ပေါ် အလကားတင်ထားရာက အိမ်ကို မောင်ပိုင်စီးတာတွေ၊ တချို့ အိမ်ကမဆင်းတော့ဘဲ ပိုက်ဆံပေးမှဆင်းမယ်ဆိုတာတွေ -

ရှိကြပါတယ်။

ကြားလည်း ကြားဖူးကြပါလိမ့်မယ်။

မြင်ဖူးတာတွေလည်း ရှိကောင်းရှိပါလိမ့်မယ်။

ဒီလို ကတိမတည်တာတွေရှိကြသလို အကူအညီကိုတောင်းပြီး အောင်မြင်ရင် ကျေးဇူးဆပ်ပါ့မယ်ဆိုတဲ့ ကတိကို အလိုလိုနေရင်းမေ့သွားကြသူတွေလည်း မနည်းပါဘူး။

ဒါကတော့ -

မြင်ရတဲ့ကတိ လူကတိပေါ့လေ။

ဘယ်လိုပဲဖြစ်ဖြစ် စကားပျက်သွားတာ၊ ကတိပျက်သွားတာ၊ အမုန်းပွားခြင်းပဲ အဖတ်တင်ပါတယ်။ သူအတွက် မကောင်းသလို ကိုယ့်အတွက်လည်း မကောင်းပါဘူး။ ဒီလိုကြွေးပြန်မဆပ်ဘဲ လက်မထောင်းပြီး ခပ်တင်းတင်းနေလိုက်တာကို နှိုင်းသွားတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်နေလို့မရပါဘူး။

မျက်မှောက်မှာ သူများစိတ်ဆင်းရဲအောင်လုပ်ရလို့မကောင်းသလို နောင်သံသရာမှာလည်း မကောင်းပါဘူး။ သူများပိုင်တဲ့ငွေကြေးပါ။

ငါလိုအပ်နေခိုက်တုန်းက သူထုတ်ပေးခဲ့တာပါလားဆိုတဲ့ကျေးဇူးလေးတင်လိုက်ရင် အားလုံးအဆင်ပြေသွားမှာပါ။

ကတိမတည်တဲ့သူပါလားဆိုတဲ့ သိက္ခာကျမှုဟာ ဘာနဲ့မှမတူပါဘူး။

တစ်ဖက်သားက သတိရတိုင်း ပြောနေမှာပါပဲ။ သူသတိရတိုင်း သူ့ငွေကို နှမြောပြီးခံစားနေရမှာပါပဲ။ သူ့ခမျာ မတောင်းရဲဘူးဆိုရင် အားမတန်လို့သာ မာန်လျှော့လိုက်ရမှာပါ။

ဒီလို ကတိပျက်ခြင်းတောင် ဒါလောက်ဖြစ်နေရင် -

မမြင်နိုင်စွမ်းတဲ့ပုဂ္ဂိုလ်တွေနဲ့နှယ်တဲ့ကတိဆိုရင်တော့ ပိုပြီးလေးလေးနက်နက်စဉ်းစားရပါလိမ့်မယ်။

အခု -

ပေးချင်တဲ့သူရဇလက်ဆောင်ကတော့ အဲဒီလိုမမြင်နိုင်စွမ်းတဲ့ပုဂ္ဂိုလ်တွေနဲ့နှယ်နေတဲ့ကတိကိစ္စပါပဲ။

ဘယ်ကိစ္စဖြစ်ဖြစ် အောင်မြင်ရင်ပြီးရောဆိုပြီး ခပ်လွယ်လွယ်ကတိပေးလိုက်ကြတာတွေရှိပါတယ်။

အောင်မြင်ရင် ဘယ်နှဲ့လျှပါ့မယ်၊ လစဉ်လျှပါ့မယ်။ ဒါမှမဟုတ် ဘယ်နှလတစ်ခါလျှပါ့မယ်။ ဒါမှမဟုတ် ဘယ်လပြည့်တွေမှာလျှပါ့မယ်ဆိုပြီး နှုတ်ကတိပေးကြတာတွေ၊ စိတ်ထဲက ကတိပေးထားကြတာတွေရှိကြပါလိမ့်မယ်၊ ဘယ်သူမှတော့မကြားပါဘူး။

ဒါပေမယ့် ကြားနိုင်စွမ်းရှိတဲ့ပုဂ္ဂိုလ်တော့၊ ကိုယ့်မျက်စိနဲ့မမြင်နိုင်စွမ်းတဲ့၊ ကိုယ် မသိနိုင်စွမ်းတဲ့ပုဂ္ဂိုလ်တွေက ကြားကြပါလိမ့်မယ်။ စိတ်ထဲကကူးထားတာပဲလေ ဆိုပေမယ့် အဲဒီစိတ်ထဲကကူးထားတာကို ဆိုနေကြသူတွေရှိနေပါတယ်။ မယုံမရှိပါနဲ့။

အောင်မြင်ရင် ပဝါလာဆက်ပို့မယ်၊ အောင်မြင်ရင် ပွဲပေးပို့မယ်၊



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်ရင် ပျော်ပွဲပေးပါ့မယ်၊ အောင်မြင်ရင်ဘာလျှပါ့မယ်ဆိုပြီး ကတိပေးကြတာတွေရှိကြပါတယ်။

အောင်မြင်သွားလို့လာလျှကြသူတွေလည်း အများကြီးပါပဲ။

စာမေးပွဲအောင်တာနဲ့ လာလျှမယ်ဆိုတာတွေ၊ ဒီတစ်ခေါက် ရာထူးတက်ပြီးမှ သင်္ဘောတက်ရရင် ဘယ်နှပွဲပေးမယ်ဆိုတာတွေ၊ ဒါလောက်ရန်လိုနေတဲ့လူရဲ့ရန်ကပေးသွားရင် ပွဲလျှပါ့မယ်ဆိုတာတွေ၊ မင်္ဂလာဆောင်ဖြစ်ရင် ပွဲလျှမယ်ဆိုတာတွေ၊ ယောကျ်ားပြန်လာတာနဲ့ အလျှလုပ်ပါ့မယ်ဆိုတာတွေ၊ ဒီလေလံအောင်ရင် အုန်းဆွဲပါ့မယ်ဆိုတာတွေ၊ သူတို့ချစ်ခြင်းကွဲသွားတာနဲ့ ဘာတွေနဲ့ဘယ်လိုပသပါ့မယ်ဆိုတာတွေ အများကြီး အများကြီး။

တကယ်အောင်မြင်သွားလို့တကယ် သွားလျှကြတဲ့သူတွေ၊ တကယ်သွားပြီး ပသကြတဲ့သူတွေမနည်းပါဘူး။

ခုပြောချင်တာက အကြောင်းအမျိုးမျိုးနဲ့မေ့နေကြတဲ့သူတွေရယ်၊သတိရရက်နဲ့မလျှချင်မပသချင်တဲ့လူတွေရယ် နဲ့ပတ်သက်နေပါတယ်။

လူတစ်ယောက်ဆိုရင် သူတို့လင်မယားနှစ်ယောက် တစ်ယောက်နဲ့တစ်ယောက်ဘယ်လိုမှမျက်နှာချင်းဆိုင်လို့ မရဘူး၊ ဘာဖြစ်လို့ဖြစ်နေမှန်း သူတို့ကိုယ်တိုင်လည်း မသိဘူး။ တစ်နေရာကို ရောက်သွားတော့ သိလရှင်ဆရာကြီးတစ်ပါးက မင်းတို့လင်မယားအဆင်ပြေပြေနဲ့ယူဖြစ်ပြီးသွားရင် အုန်းဆွဲပါ့မယ်ဆို။ မယူခင်က အနှောင့်အယှက်တွေများနေတုန်းက ညည်းကတိပေးခဲ့တာလေ၊ ဒီမှာပေါ် နေတယ်ဆိုပြီး ပြောပါတော့တယ်။ ဒီအခါမှာ ဟိုလင်မယားကဟုတ်တယ်၊ အဲဒီတုန်းက မယူခင်မှာ အတိုက်အခံတွေများလွန်းလို့ပြောခဲ့မိတယ်။ ခုတော့ ဟိုလူပြောဒီလူပြောနဲ့ နတ်ဆိုတာ လူလောက်မမြတ်ပါဘူးတို့ဘာတို့ပြောလာတော့ ကျွန်တော်တို့မဆွဲတော့တာဆိုတဲ့ ဆင်ခြေပေးပါတယ်။သိလရှင်ကြီးက ကတိဆိုတာ ပေးပြီးရင်တည်ရတယ် သားတို့ရဲ့လို့တော့ ပြောလိုက်ပါတယ်။ ဒါပေမယ့် ခုတော့ သူတို့လင်မယားလမ်းခွဲသွားကြပါပြီ။ ကြာခဲ့ပါပြီ။

အဲဒီလိုမျိုးတွေလာတာကြုံဖူးပါတယ်။

ဒီလိုပဲ လင်မယားမတည့်၊ စီးပွားတွေရှာမရဖြစ်နေတဲ့လင်မယားရောက်လာပါတယ်။ ဘယ်ဘက်ကလှည့်တွက်တွက် သိပ်အဆိုးကြီးမတွေ့ပါဘူး။ တွက်ရင်း စိတ်ညစ်လာတဲ့အထိ ဘာအညှစ်မှမတွေ့ပါဘူး။ အဲဒါနဲ့ပဲ အတွေ့အကြုံတွေအရမေးကြည့်လိုက်ပါတယ်။ ဟိုမေးဒီမေးပေါ့။ မင်းတို့စကားတွေဘာတွေများကျွံထားတာ၊ ကတိတွေပေးမိပြီး မေ့မေ့လျော့လျော့နဲ့ မလုပ်ဖြစ်တာတွေများရှိလား သေချာစဉ်းစားကြည့်ပါဦးဆိုတော့ သူတို့ တစ်နေရာမှာပွဲလာပေးမယ်ဆိုပြီးပြောခဲ့တာကို ပြန်သတိရသွားပါတယ်။ ဟုတ်တယ်၊ ရှိတယ်ဆိုပြီးပြောပါတယ်။ ဒီလိုဆို ခရီးဝေးတာတွေ၊ နီးတာတွေပြောမနေနဲ့တော့။အဲဒီကိုရောက်အောင်သွားပြီး ပွဲသွားလျှပေတော့လို့ပြောလိုက်ရတယ်။ ပြီးသွားတာပါပဲ။ ဘာမှကိုမဖြစ်ကြတော့တာပါ။ ဒီလိုသူတို့ကတိလေးကိုပြန်အစဖော်ပေးလိုက်လို့ အဆင်ပြေသွားကြသူတွေ မနည်းတော့ပါဘူး။

တစ်ယောက်ကျတော့ ခုန သိလရှင်ကြီးဆီသွားကြတဲ့အုန်းဆွဲတဲ့ကိစ္စပဲ။ ကတိတွေအထပ်ထပ်ပေးခဲ့ပြီးမှ မလုပ်တော့ဘာဖြစ်လို့လဲဆိုပြီး မေးကြည့်မိတယ်။ သူတို့ခမျာလည်း ငွေကိစ္စတစ်ခုနဲ့အမှုတွေဖြစ်ဘာတွေဖြစ်ပေါ့။ ဒီလိုမျိုးတွေကတော့ ခဏခဏကြုံဖူးကြားဖူးပါတယ်။ကတိတွေလွယ်လွယ်ပေး၊ အဆင်ပြေလာရင် မသိချင်ယောင်ဆောင်၊ တချို့ကျတော့လည်း သိသိနဲ့ပဲမလုပ်။ ဟိုလူပြောဒီလူပြောနဲ့ သွားစမ်းပါကွာ၊ ဒါတွေက ငါ့လောက်တောင်မြတ်တာမဟုတ်ဘူး။ ဒါကြောင့်လုပ်မနေနဲ့ဆိုပြီးပြောလိုပြော။ ပြောတဲ့သူကိုကြည့်လိုက်တော့ အရက်အမြဲမူးနေတဲ့လူ။ ဘုရားဆောင်ဆိုတာ ကျပ်ခိုးပေါင်းစုံနဲ့ ချောင်ထဲမှာ။ အဲသလိုတွေလည်းရှိတယ်။ တချို့ဆိုရင်လည်း တကယ်အောင်မြင်လို့လုပ်ခါနီးကျမှ တစ်ယောက်ယောက်ရဲ့စကားကြောင့် အလကားပါကွာ လုပ်စရာမလိုပါဘူး။ သူတို့တောင် လူတင်မှစားနေရတဲ့ဥစ္စာ။ သူတို့က လူကိုဘာပေးနိုင်မှာမို့လို့လဲ။ သဘာဝကျကျစဉ်းစားကြည့်ရင် အလကားအပိုတွေဆိုပြီးဖြစ်လိုဖြစ်ခဏခဏကြုံဖူးပါတယ် ဟိုတုန်းကထဲက။ ခုထိလည်းတွေ့နေပါတယ်။ ဒါကိုလေ့လာလိုက်တော့ သူတို့ပြောတဲ့ပုဂ္ဂိုလ်တွေဆိုတာထွေရာလေးပါး ဘာမှလဲပြောကြတာမဟုတ်ဘူးလေ။ ရမ်းသန်းမှန်းသန်းပြောချင်ရာပြော လုပ်ချင်ရာလုပ်၊ ထင်တာကိုထင်ကြေးပေးပြီးလုပ်ခိုင်းနေတာက လူ၊ လူပါးစပ်တွေကဖြစ်နေတာ။ အဲဒီလူတွေကပဲ မလုပ်ရင်ဘာဖြစ်လိမ့်မယ်ညာဖြစ်လိမ့်မယ်ဆိုပြီး ခြိမ်းခြောက်ထင်ရာဆွဲပြော။ အဲဒီမှာကတိပေးခဲ့ဖူးတဲ့ကာယကံရှင်တွေက တချို့ကျ ကြောက်လန့်ပြီး လုပ်ပေမယ့် တချို့ကျ ပြင်းထန်တဲ့စိတ်တွေပေါက်ကွဲပြီး မလုပ်ဘူးကွာ၊ ဘာလုပ်ချင်လဲ၊ ကဲ-လုပ်စမ်း၊ ငါ့ကိုလုပ်စမ်းဆိုတဲ့စိန်ခေါ်မှုမျိုးတွေဖြစ်လာပြန်ရော။

အမှန်က ကတိဆိုတာပေးပြီးရင် ကိုယ့်ဟာကိုယ်တည်အောင်နေဖို့၊ လုပ်ဖို့ပဲလိုတယ်။ ဘယ်သူပြောပြောမပြော ကိုယ်နဲ့ပဲဆိုင်တယ်။ မလုပ်ချင်ရင် အစထဲက သွားမပတ်သက်တာကောင်းတယ်။ ကာယကံရှင်ဟာကိုယ်ပဲ။ ကိုယ်ပေးထားခဲ့တဲ့ကတိကိုယ့်ဟာကိုယ်ပဲသိတယ်။ ကတိပေးပြီး တိုင်တည်ပြီး အပေးအယူလုပ်ထားတဲ့အတိုင်း အကျိုးဖြစ်ထွန်းမှု၊ အောင်မြင်မှုဆိုတာကလည်း ကိုယ်ပဲသိတယ်။ ဒါဖြင့် ဘယ်လိုပြန်ပေးဆပ်ရမလဲဆိုတာလည်း ကိုယ်သာအသိဆုံးပဲ။

ဒီလိုကတိပျက်လို့ဖြစ်ကြတယ်ဆိုသူတွေကို အကဲခတ်လေ့လာကြည့်လိုက်ရင် တိုက်ဆိုင်သွားမှုတွေရှိနိုင်သလို တကယ်ထိကြတာတွေရှိနေတာလည်း တွေ့ရပါတယ်။ မယုံကြည်လို့ လေ့လာလေ လက်တွေ့လိုက်ကြည့်လေ တွေ့လာရလေပါပဲ။ မြင်လည်းမြင်ဖူးသလို ကြားလည်း ကြားဖူးပါတယ်။

လူတစ်ယောက်ဟာ သူ့မိန်းမဘယ်ထွက်သွားလို့သွားမှန်းမသိခင်က တော်တော်လေးဗျာများပြီး သစ်ပင်ကြီးတစ်ပင်က နတ်စင်မှာသွားတိုင်တည်တယ်။ သူ့မိန်းမပြန်လာရင် ကန်တော့ပွဲပေးပါ့မယ်ပေါ့။

ဒါနဲ့ လိုက်ရှာရင်းရှာရင်းနဲ့ သူ့မိန်းမရှိတဲ့နေရာသတင်းကြားပြီးသွားခေါ်လာရော။ ပွဲပေးဖို့ကျ သူက စဉ်းစားတယ်။ ငါ့ဟာငါလိုက်ရှာလို့ တွေ့တာပဲလေ။ မိန်းမက အလိုလိုအိမ်ရောက်လာတာမှမဟုတ်ဘဲ။ ကိုယ့်ဟာကိုယ်လည်း ရှာရသေးတယ်။ပွဲလည်းပေးရသေးတယ် ဆိုတော့ သဘာဝမကျဘူးဆိုပြီး ဒီလိုပဲနေလိုက်တယ်။ မကြာပါဘူး၊ တစ်လလောက်ကြာတော့ သူ့မိန်းမပြန်ဆင်းသွားပြန်တယ်။ သူလည်းကြဲရာမရဖြစ်ပြီး ပထမတစ်ခါတုန်းကလို နတ်စင်မှာသွားတိုင်တည်ပြန်တယ်။ ဒါပေမယ့် မလာတော့ဘူး။ ဒီတစ်ခါ သူ့မိန်းမဆင်းသွားတာက နောက်တစ်ယောက်နဲ့အပြီးလိုက်သွားတာ။

ဒါပါပဲ။ ကတိစကားမတည်တဲ့အခါ ဖြစ်သွားပုံလေးတွေက သိပ်မွေ့နူးညံ့ပါတယ်။ တကယ်လို့များ ဘာကဲ့ဆိုင်ရာပုဂ္ဂိုလ်က စကားပြောမယ်ဆိုရင် မင်းဟာမင်းပြန်ရှာတွေ့တယ်ဗျ။ ခုလည်း မင်းဟာမင်းပဲရှာတွေ့ဆိုပြီးပြောမလားဘဲ။ ရှာတွေ့သူနဲ့ပတ်သက်ထဲမှာ သူလိုက်ရှာလို့တွေ့တယ်ဆိုတာကြီးကစွဲနေတယ်။ ကိုယ်လိုက်ရှာတိုင်း မတွေ့တော့တဲ့သူ

www.burmeseclassic.com

www.burmeseclassic.com

တွေအကြောင်း သူမသိသေးလို့၊ မမြင်ဘူးသေးလို့ပါ။

ဒါပေမယ့် ဆိုင်ရာပုဂ္ဂိုလ်ကချည်း လုပ်တယ်ပြောလို့မရဘူး။ သဘာဝကို တွေးကြည့်ရင် သူမှာလည်း နောက်လိုက်နောက်ပါ လက်ဝဲလက်ယာအခြွေအရံ တွေရှိမှာပဲ။ သူတို့ကနေပြီး ဟာ-တို့နှတ်မင်းကြီးကိုပေးထားတဲ့စကားက ကတိမတည်ဘူးဆိုပြီး မငြိုးဘူးလို့မပြောနိုင်ဘူး။ အဲဒါမျိုးတွေလည်း ကြားဖူးတယ်။ တချို့ဆို ဘယ်ကိစ္စဘယ်လိုအောင်မြင်ရင် ဘယ်လိုပွဲပေးမယ်ဆိုပြီး ခပ်လွယ်လွယ်ပြောတယ်။ အောင်မြင်လာရင် သတိမရတော့ဘူး။ ဒီလိုနဲ့ ပြဿနာသေးသေးလေးတွေ တဖြည်းဖြည်းဇင်ရာက အကြီးကြီးတွေဖြစ်လာရော။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်ပြီး ဒုက္ခတွေရောက်တော့မှ ပွဲပေးဖို့ကတိပေးထားပြီး မလုပ်ဖြစ်တာတွေပေါ်လာတယ်။

ကတိကတော့တည်ရင်အကောင်းဆုံးပါပဲ။

မကျွတ်မလွတ်သေးတဲ့ ပုဂ္ဂိုလ်တောင် ဒီကိစ္စဒီလိုသွားလုပ်မယ်၊ အောင်မြင်ရင်ကျွေးမယ်လို့ပြောတဲ့သူတွေကျွေးကြတာလည်းတွေ့ဖူးပါတယ်။ တချို့မကျွေးဖြစ်လို့ တောက်လျှောက်လိုက်လာတာတွေလည်း တွေ့ဖူးတယ်။ တချို့ဆိုဝင်ပူးပြောတယ်။ မင်းငါ့ကိုပေးခဲ့တဲ့ကတိမှတ်မိလားဟေ့တို့ဘာတို့ဖြစ်ကုန်ရော။ ကြားဖူးမှတ်သားဖူးသလောက်၊ ဗဟုသုတကြားဖူးနားဝရှိခဲ့ဖူးသလောက် ပြောရရင် ပရလောကသားများနဲ့ ဆက်စပ်နေရင် ကတိတည်ဖို့တော့လိုပါလိမ့်မယ်။ တချို့ဘာကျွေးမယ်ညာကျွေးမယ်ပြောပြီး မကျွေးဖြစ်လို့ ဝင်ပူးတာတွေလည်း ကြားဖူးကြမှာပါ။ မင်း ငါ့ကို ဒီကိစ္စလုပ်ပေး အောင်မြင်ရင် မင်းအတွက် ရည်စူးပြီး ငါအလှူတစ်ခုလုပ်ပေးမယ်လို့ပြောတဲ့သူဟာ ဘာမှလုပ်မပေးဘဲ မေ့လျော့နေလို့ သူနဲ့ပတ်သက်တဲ့သူတစ်ယောက်ကို ဝင်ပူးပြောတာမြင်ခဲ့ဖူးပါတယ်။ အဲဒီလူကိုမေးကြည့်တော့ ဟုတ်တယ်တဲ့။ သူပြောခဲ့ဖူးတယ်တဲ့။

ကတိနဲ့ပတ်သက်ပြီး တော်တော်ထင်ရှားတဲ့သူတွေကိုလေ့လာကြည့်လိုက်ရင် သိုက်နဲ့ဆက်နွယ်နေကြသူတွေမှာ အထင်အရှားတွေ့ရလေ့ရှိပါတယ်။ ဘယ်နှနှစ်မှာပြန်လာခဲ့ပါမယ်ပြောပြီးပြန်မသွားဘဲ သားတော်သမီးတွေနဲ့ပျော်နေလို့ ဒုက္ခအကြီးအကျယ်ရောက်ပြီးမှ ဇာတ်သိမ်းသွားရသူတွေမြင်ဖူးပါတယ်။ တချို့ဆို သားသမီးဘယ်နှယောက်ရရင်ပြန်လာခဲ့ပါမယ်ဆိုပြီးမွေနေလို့ စိတ်ဖောက်သွားတာတွေလည်း တွေ့ဖူးပါတယ်။ တချို့ကျ ကလေးရှင်ပြုပြီးရင် ပြန်လာခဲ့ပါမယ်ဆိုပြီးပြောပေမယ့် မသိချင်ယောင်ဆောင်နေလို့ မထင်မှတ်ဘဲ အသက်ထိခိုက်သွားရသူတွေလည်းရှိကြပါတယ်။ ဒါတွေဟာ သေချာကြည့်ရင် ကတိကိစ္စတွေချည်းပါပဲ။ ဒါ ဗဟုသုတအဖြစ် ကြားခဲ့ မြင်ခဲ့မှတ်သားခဲ့ဖူးတာလေးတွေပါ။

သူများသားမယားကိုမပြစ်မှားပါဘူး၊ အရက်သေစာမသောက်စားပါဘူးဆိုပြီး ကတိတွေပေးပြီးမှ ဖောက်ဖျက်သွားရာကနေ တော်တော့်ကို လူရောင်မပြောင်ကြတော့တာတွေ၊ ကုမရတဲ့ရောဂါစွဲသွားကြတာတွေလည်း တွေ့နေရပါတယ်။ ဘယ်သူမပြုမိမိမှုပါ။ ဒီလိုဖြစ်အောင် ဘယ်သူကမှလာလုပ်နေတာမဟုတ်ပါဘူး၊ ကိုယ်နဲ့ပဲဆိုင်ပါတယ်။ တော်တော်သတိထားရပါတယ်။ ကတိကိစ္စတွေဟာ တော်ဟော်ကျယ်ဝန်းနက်ရှိုင်းပါတယ်။ တစ်ခါတလေ ကတိပေးပြီး နှစ်နဲ့ချီသတိမရကြတဲ့သူတွေလည်းရှိပါတယ်။ ထိတာပါပဲ။ အထိနာတာပါပဲ။

ခပ်လွယ်လွယ်ကတိပေးတတ်တဲ့သူတွေအတွက် သတိထားစရာပါ။ အိုးနဲ့အိမ်နှဖြစ်ရင်ဘယ်လိုဆက်ပါ့မယ်၊ ဘယ်လိုပူဇော်ပသပါ့မယ်ပြောပြီးဘာမှမလုပ်လို့ အိမ်ထောင်ပျက်ကုန်တာတွေ၊ သားသမီးတွေကြောင့် အရှက်တကွဲ အကျိုးနည်းဖြစ်ရတာတွေ အများကြီး။

ဒီကိစ္စအောင်မြင်ရင် ဘယ်လိုလာဆက်ပါ့မယ်တို့ -

ဒီအိမ်ရောင်းထွက်ရင် ပွဲလာပေးပါ့မယ်တို့ -

ဒီမြေကွက်ရောင်းထွက်ရင် ဘာလာဆက်ပါ့မယ်ညာလာဆက်ပါ့မယ်တို့-

ဒီလုပ်ငန်းရလိုက်တာနဲ့ ပုံတော်နဲ့ပူဇော်ပါ့မယ်တို့ -

ကျန်းမာလာရင် ဘာလာလျှူပါ့မယ်တို့ -

ဒီရန်တွေငြိမ်းသွားရင် သင်တို့ကိုရည်စူးပြီး လျှပေးပါ့မယ်တို့ -

ဒီရန်ကိုနိုင်ရင် ခင်ဗျားကိုဘာလာကျွေးပါ့မယ်တို့ -

ဒီကိစ္စအောင်မြင်တာနဲ့ ဂန္ဓာရီရက်ရှည်လှည့်ပါ့မယ်တို့ -

အားလုံးစိတ်ချရရင် လူဝတ်လဲမှုပါ့မယ်တို့ -

ကတိပေါင်းများစွာထဲက ကတိတွေပေးဖူးကြပါလိမ့်မယ်။ ဒါမှမဟုတ် ကြားဖူးကြမှာလိမ့်မယ်။

ကတိပေးပြီးရင် ဝေမသွားပါနဲ့။

ဒီအိမ်ကို သိန်း (၂၀၀) ရရင် ပွဲပေးမယ်ဆိုပြီး ကတိပေးတဲ့လူတွေ့ဖူးပါတယ်။ သူဟာသိန်း(၁၉၅၀)လည်းရရော ဘာပွဲမှမလျှုတော့ပါဘူး။ ဘာလို့လဲဆိုတော့ သူက (၂၀၀၀) ပြောခဲ့တာတဲ့။ ငါးဆယ်လိုတော့ မလျှုတော့ဘူး။ အဲဒီလူလေဖြတ်သွားပါတယ်။ ဘာလို့လဲဆိုတော့ သူလိုအိမ်မျိုး အဲဒီအခိုန်က (၁၅၀၀) လောက်ပဲပေါက်နေခိုန်မို့လို့ပါပဲ။ သူဘယ်လိုမှမဖြစ်နိုင်တဲ့စွေးကို ပြောတယ်။ မရနိုင်တဲ့စွေးရတယ်။ ဒါလောက်ဆို သိပ်ခါးခါးမသီးသင့်တော့ပါဘူး။ ပွဲကဘယ်လောက်မှမမရှိပါဘူး။ ဘာပဲပြောပြော ရောင်းထွက်ခြင်းဆိုတဲ့ကိစ္စကို သေချာတွေးကြည့်ရင် သူ့ကို တိုင်တည်ပြီးမှထွက်တာမို့ စဉ်းစားရတော့မှာပါ။ ဒီလို ငါးဆယ်တစ်ရာစကားပြောမယ်ဆိုရင် အစောကြီးထဲကသွားမဟတ်သက်သင့်ပါဘူး။ ဘယ်လိုမှရောင်းမထွက်လို့ သွားတိုင်တည်လိုက်တယ်။ ထွက်သွားတယ်။ ငွေကြေးအတိအကျ ထပ်ကြည့်တယ်ဆိုတော့ မမြင်ရတဲ့ပုဂ္ဂိုလ်ကဘယ်လိုများရှိသွားနိုင်မလဲ ဒါစဉ်းစားရပါလိမ့်မယ်။

အမေကိုယ်တိုင်ခံခဲ့ရဖူးပါတယ်။ ဘယ်လိုမှရောင်းမထွက်တဲ့အိမ်ကိုထွက်ချင်တော့ လူမျိုးကွဲဆရာတစ်ယောက်ဆီသွားပါတယ်။ စွေးကောင်းရရင် (၃၀၀) ပေးပါ့မယ်ဆိုပြီး ကတိပေးခဲ့တယ်။ အိမ်ထွက်သွားလို့ အဲဒီဆရာဆီသွားတော့ အမေက (၂၅၀) ပဲပေးပါတယ်။ ဟိုဆရာက ဒါဘာလုပ်တာလဲဆိုပြီး ဒေါသတွေတအားကြီးတယ်။ ကျွန်မလိုချင်တဲ့စွေးကောင်းမှမရဘဲ။ ရရင်(၃၀၀) ပေးမလို့။ မရတော့လည်း (၂၅၀) ပဲပေးနိုင်မယ်ဆိုပြီးပြောတယ်။ ဟိုဆရာက မျက်ထောက်နီကြီးနဲ့ အဲဒီမှာ အမေ့ကို ဘယ့်နယ်လုပ်လိုက်လဲမသိဘူး၊ အိမ်ကြမ်းပြင်ကျိုးကျလို့ လူကျွံပြီး မြေကြီးပေါ် ပစ်ကျတာတို့၊ ဆေးရုံရောက်သွားတာတို့ဖြစ်ကုန်တော့တာပဲ။ ဒါတောင် သွားပေးတာမဟုတ်ဘူး။ သွားပေးတာ။ သူကဘာပြောလဲဆိုတော့ ခင်ဗျားအိမ်ထွက်ရင် (၃၀၀) ပေးပါ့မယ်ပြောတာ့။ စွေးကောင်းရတာတွေ့မရတာတွေ ခုမှလာပြောမနေနဲ့ဆိုပြီးပြောတယ်။ အမေတော်တော်ခံခဲ့ရပါတယ်။ ဒါကြောင့် စကားကတိလွယ်လွယ်ပေးတော့မယ်ဆိုရင်သတိထားပါ။ အင်မတန်မှ အန္တရာယ်များတယ်ဆိုတာ မေတ္တာနဲ့ အကြံပေးလိုက်ပါတယ်။

ကတိဟာ လွယ်လွယ်နဲ့ပေးတတ်ကြသူများပေမယ့် တည်ရခက်သူဆိုတာ နည်းပါတယ်။

ကတိဆိုတာ ပေးလိုက်ရင်ခပ်လွယ်

www.burmeseclassic.com

www.burmeseclassic.com

လွယ်ပဲ။

လူတစ်ယောက်ဆိုရင် ကြီးကျယ်တဲ့ကိစ္စကြီးတစ်ခုဖြစ်တယ်။

အဲဒီကိစ္စကြီးလည်းဖြစ်ရော နတ်စင်ကြီးတစ်ခုဆီသွားတယ်။

အသင်နတ်မင်း၊ ကျွန်ုပ်အခုကြုံနေတဲ့ကိစ္စကြီးအေးငြိမ်းသွားရင် အသင်နတ်မင်းကြီးကို ဒီနတ်ကွန်းကြီး ကြီးကြီးပြန်ဆောက်လှူပါ့မယ်လို့ သွားတိုင်တည်တယ်။

သူ့ကိစ္စကို လူတစ်ယောက်ကဝိုင်းကူလို့ သုံးပုံတစ်ပုံအောင်မြင်လာတော့ သူတွေးတယ်။ တိုင်တည်တာကနတ်၊ လုပ်ပေးတာက ငါမိတ်ဆွေ။ အမှန်က သူလုပ်ပေးလို့ တော်တော်အဆင်ပြေလာတာ။ နတ်နဲ့တော့မဆိုင်ဘူးလို့တွေးပြီး ကဲပါလေ ပြောထားတဲ့စကားအရတော့ ပွဲလေးတစ်ပွဲတော့ လှူလိုက်ပါ့မယ်လုပ်တယ်။

နောက်တစ်ခါ သူကိစ္စကို တခြားလူတစ်ယောက်ကထပ်လုပ်ပေးပြန်တယ်။ ပိုက်ဆံတော့ ကုန်သွားတာပေါ့။ ဒါပေမယ့် အဆင်ပြေသွားတယ်။ အဲဒီမှာ ဟိုလူက စဉ်းစားတယ်။ ကိစ္စကတော့ တော်တော်အောင်မြင်လာပြီ။ အောင်မြင်မှာပေါ့။ ငါ့ပိုက်ဆံတွေတော်တော်ကုန်သွားတာကိုးဆိုပြီး စဉ်းစားတယ်။ နတ်စင်ကိစ္စခေါင်းထဲဝင်လာတော့ အင်းပါလေ၊ ငါဟာငါအောင်မြင်တယ်ဆိုပေမယ့် ဖယောင်းတိုင်တစ်တိုင်လောက်တော့ သွားလှူပေးလိုက်ပါ့မယ်ဆိုပြီး စဉ်းစားတယ်။

ဟော - သူကိစ္စလည်း အပြီးလည်းအောင်မြင်သွားရော သူစဉ်းစားတယ်။ ဩော် - လူသဘာဝဟာ တယ်လည်းဆန်းကြယ်တာပဲ။ စိတ်တွေ့ရှုပ်နေတဲ့အချိန်မှာ စိတ်တွေဟာ ကယောက်ကယက်နဲ့ ပြောချင်တာပြော၊ တွေးချင်ရာလျှောက်တွေးနဲ့ ဘာတွေတွေးမိပြီး ဘာတွေလျှောက်ပြောမိမှန်းတောင် မသိတော့ဘူးဆိုပြီး စဉ်းစားတယ်။ အဲဒီလိုပဲ သူကိုယ်သူပြောတယ်။

ဒါကြောင့် -

ကတိဆိုတာ ပေးလိုက်ရင် လွယ်လွယ်လေး။

တည်ဖို့အကြောင်းတရားတွေဝိုင်းပတ်ဝန်းရံလာပြီ၊ ကြဲလာပြီဆိုရင် ဟိုကဖောက်ထွက်ချင်ဒီကဖောက်ထွက်ချင်နဲ့ဖြစ်လာတော့တာပဲ။ ဆင်ခြေအမျိုးမျိုး။

အဲဒီမှာ ကတိမတည်လို့ဖြစ်လာခဲ့ရတဲ့အကျိုးဆက်တွေက ကြောက်ဖို့ကောင်းတယ်။ မမြင်နိုင်စွမ်းဘူး၊ မသိနိုင်စွမ်းဘူး။ (၉)ရက်တိုင်တိုင် အဝတ်ပြောင်းပြီး အကျင့်ကျင့်ပုဂ္ဂိုလ်မယ်လို့ပြောသူဟာ သူ့စကားမတည်ဘဲ ငါးရက်လောက်သာရပြီး နားလိုက်ပေမယ့် သူမှာမမြင်နိုင်တဲ့အကျိုးဆက်တွေတစ်ခုပြီးတစ်ခုပေါ် ပေါက်လာတယ်။ သူကြာတော့မခံစားနိုင်တော့ဘူး။ ဒါ သူ့ကို ဒီလိုဖြစ်အောင် ဘယ်သူကမှလုပ်နေတာမဟုတ်ပါဘူး။ သူပေးတဲ့ကတိစကားနဲ့ သူလုပ်ရပ်သူစောင့်ထိန်းမှုတို့ ဟန်ချက်မညီဖြစ်သွားတဲ့အတွက်ပေါ် လာတဲ့ မမြင်နိုင်တဲ့လိုင်းတွေပါဘဲ။ သေချာလေ့လာကြည့်လိုက်တော့ အဲသလိုမျိုးတွေပဲတွေ့ရတာများပါတယ်။ ဒီလို မမြင်နိုင်တဲ့လိုင်းတွေရဲ့ ရိုက်ခတ်မှုတွေဟာ ဆန်းကြယ်ပါတယ်။ မယုံလို့မရပါဘူး။ ဘယ်သူ့ကိုမှလည်း မည်မည်ရရ လက်ညှိုးထိုး အပြစ်တင်ပြလို့မရပါဘူး။

စောင့်ထိန်းမယ်ဆို ပြောတယ်၊ မစောင့်ထိန်းနိုင်ဘူး၊ မအောင်မြင်ဘူး။ မအောင်မြင်ဘူးဆိုတာနဲ့ စိတ်ကျပြီ။ စိတ်ကျသွားတာနဲ့ ဒါကိုပဲ သတိတရရဖြစ်နေပြီ။ ခလုတ်လေးတိုက်တာကအစ ဒါကြောင့်ဆိုပြီးဖြစ်နေပြီ။ အဲဒီမှာတင်ဩော် - ဒီကိစ္စ ငါဒီလိုမှားခဲ့တာ၊ ငါ့မှာ ဒီလိုတွေဖြစ်လာပါရောလားဆိုလေဖြစ်လေပဲ။ ဒါနဲ့ပဲ လုံးလည်ချာလည်လိုက်တော့တာပဲ။ အဲဒီမှာတင်ပဲ ကတိမတည်ခဲ့တဲ့ အကြောင်းတရားဟာ မမြင်ရဘဲနဲ့ မြင်ရတဲ့အခက်အခဲတွေကို သယ်ဆောင်လာသလို ခံစားရတော့တာပါပဲ။ စွဲလမ်းလေဖြစ်လေပဲ။

ဒါကြောင့် ကတိမတည်လိုက်တာနဲ့တစ်ပြိုင်တည်း ဆက်ကာဆက်ကာဖြစ်လာတဲ့ အကြောင်းတရားတွေဟာ မမြင်နိုင်ပါဘူး။

မမြင်ရတဲ့ပုဂ္ဂိုလ်ပိုင်းဆိုင်ရာတွေကို ကတိပေးပြီးလို့ မတည်ဘဲပျက်သွားပြီးဖြစ်ရတာပဲဖြစ်ဖြစ် -

ကိုယ်ဟာကိုယ် ကတိတွေ၊ သစ္စာတွေဆိုပြီးပျက်သွားလို့မတည်တဲ့အတွက်ဖြစ်ရတာတွေပဲဖြစ်ဖြစ် ခံနိုင်ရည်ရှိဖို့ သိပ်မလွယ်လှပါဘူး။

မြင်ရတွေ့ရတာတွေ၊ မြင်နေတွေ့နေရတာတွေ အများကြီးရှိနေပါတယ်။

တချို့များဆို ပြောမပြတတ်လောက်အောင် ဆန်းကြယ်မှုတွေနဲ့ပြည့်နှက်နေပါတယ်။ နားမလည်နိုင်ပါဘူး။

ပေးထားတဲ့ ကတိပျက်သွားလို့ တောအထပ်ထပ်တောင်အထပ်ထပ် ရေခြားမြေခြားအထိလိုက်ပြီး ဒုက္ခပေးသွားတာလည်း တွေ့ခဲ့ဖူးပါတယ်။

လောကမှာ မျက်လုံးနဲ့မြင်နိုင်တာတွေရှိသလို မျက်လုံးနဲ့ကြည့်လို့မမြင်နိုင်တာတွေလည်းရှိနေပါတယ်။

နားနဲ့နားထောင်လို့ကြားနိုင်တာတွေရှိသလို နားနဲ့နားထောင်ပေမယ့် မကြားနိုင်တာတွေလည်းရှိနေကြပါတယ်။

အခုလို မေတ္တာများစွာနဲ့ တင်ပြနေတာဟာ ကတိပျက်ပြီး အမျိုးမျိုးကြုံတွေ့နေရသူတွေအတွက် စိတ်မကောင်းလို့ပါ။

မဖြစ်စေချင်ပါဘူး။

အားလုံးကို ကျန်းမာကြစေချင်ပါတယ်။ အနာဂင်းပြီး အဆင်းလှစေချင်ပါတယ်။ ချမ်းသာပြည့်စုံကြစေချင်ပါတယ်။ မိသားစုတွေပျော်ရွှင်အေးချမ်းကြစေချင်ပါတယ်။ အပူသောကတွေ ငြိစေချင်ပါတယ်။ အန္တရာယ်တွေကင်းကြစေချင်ပါတယ်။

ဒါကြောင့် -

သိနိုင်စွမ်း၊ မြင်နိုင်စွမ်းတဲ့ပြောမှားဆိုမှားဆိုတာ ကိုယ်သိပေမြင်ပေမယ့် မသိနိုင် မမြင်နိုင်စွမ်းတဲ့အကြောင်းလေးတွေများရှိနေခဲ့ရင် -

ဘာတွေဖြစ်နေလဲမသိပါဘူးဆိုတာထက် -

ဘယ်တုံးကဘယ်လိုများဘယ်လိုကတိစကားတွေပြောခဲ့မိတာပါလိမ့်ဆိုတာလေးကို ပိုတွေးဖြစ်အောင်ပါ။ ဗိုစဉ်းစားဖြစ်အောင်ပါ။

ဘယ်လိုအလှူဒါနပြုပေးပါ့မယ်ဆိုတာရှိခဲ့ရင် အဆင်ပြေသလို အလှူဒါနပြုပေးလိုက်ပါ။

ဘယ်လိုပွဲလှူပါ့မယ်ဆိုတာပြောခဲ့ဖူးရင် ပွဲလှူပေးလိုက်ရုံပါပဲ။

ဘယ်လို အဓိဌာန်ဝင်ပြီး အမျှအတန်းပေဝေပါ့မယ်ပြောထားမိရင်လည်း အဓိဌာန်ဝင်ပြီး အမျှအတန်းပေးဝေ၊ မေတ္တာပို့လိုက်တာနဲ့ ပြီးပါတယ်။

စိတ်ထဲက ကိုယ်ပဲသိအောင်ပြောခဲ့မိရင်လည်း ကိုယ့်ကိုယ်ကိုယ်ပြန်စဉ်းစားပေးလိုက်ပါ။

ဒါဆိုအားလုံးအဆင်ပြေသွားပါပြီ။

■

ဘာမှ ထူးထူးခြားခြား မဟုတ်ပါဘူး။

လူတိုင်းလည်းသိပြီးသားပါ။

ဒါပေမယ့် မသိတာလေးတွေများရှိနေသေးတယ်ဆိုရင် -

ဒီသူရဇ္ဇလက်ဆောင်နဲ့ အကြံပေးလိုက်ပါတယ်။

စိတ်၏သဘာဝသာခြင်း
ကိုယ်၏ကျန်းမာခြင်းများစွာ
ပြည့်စုံကြပါစေ

သာဓုဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

www.burmeseclassic.com



ဒဂုန်စာပေ ၂၀၁၀-၂၀၁၁

တနင်္ဂနွေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ပုဒ္ဓဟူးနံ အသီး၊ အညွှန့်၊ ပန်းများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - တဟိတဟိအစချီသောဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။

အိမ်ရောင်းလိုသူများ - အိမ်ကိုဓာတ်မရိုက်ရ။ တောင်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။

ကားရောင်းလိုသူများ - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာမကြာမကြာရွတ်ပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - ရွှေ့ဘွဲ့အမည်ပါရှိသောဘုရားစေတီသို့ မကြာမကြာသွား၍ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမပြုတော့သည့် အိတ်ဟောင်းများကိုရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။

လူမှုရေးအတိုက်အခံများသူများ - ဘုန်းတော်ကြီးကျောင်းများသို့သွား၍ မကြာမကြာသွား၍ ဘုန်းကြီးကုဋီများ ရေဆေး၊ ရေဖြည့်ခြင်းများကုသိုလ်ပြုပါ။

နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။

ထီကံကောင်းလိုသူများ - လှည်းနှင့်ရောင်းသောထီသည်ထံတွင် (၄ အစ ၇ အဆုံး) ထီလက်မှတ်လေးများ နှင့် ကံစမ်းနေပါသည်။

တနလာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနလာနံ အသီး၊ အညွှန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နှစ်ဆစ်ပိပ်ပါ။

ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

နိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းလှူပါ။

အိမ်ရောင်းလိုသူများ - အိမ်ကို တနလာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

ကားရောင်းလိုသူများ - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - တနလာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်းပေါင်း စုံ ဝေဝေဆာဆာကပ်လှူပူဇော်ပြီး ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်မပြေသူများ - ၂၄-ပစ္စည်းကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ဖတ်ပူဇော်ပါ။

လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်းကုသိုလ်ပြုပါ။

နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့် ဆန့်ကျင်ဘက်ဖြစ်စေမည့်စကားများမပြောပါနှင့်။

ကျန်းမာရေး - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသောဒုက္ခိတများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။

ထီကံကောင်းလိုသူများ - ကားနှင့်ရောင်းသောထီသည်ထံတွင် (၄၊ ၈၊ ၅၊ ၂) ဂဏန်းများနှင့် ပြည့်နေအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနလ်ာနံ အသီး၊ အညွှန့်၊ ပန်းများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို အဓိဋ္ဌာန်ပုဒီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - တဟိတဟိအစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ဒန်းညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
ကားရောင်းလိုသူများ - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒီဝါတပတိဂါထာမကြာခဏရွတ်ပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - စနေနံ့ဘွဲ့အမည်ပါရှိသော ဘုရားစေတီများသို့သွား၍ ဆီမီးများထွန်းညှိပူဇော်ပြီး ပဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံ၊ အိတ်ခွံများကိုရှာဖွေရှင်းလင်းစွန့်ပစ်ပါ။
လူမှုရေးအတိုက်အခံများသူများ - သမ္မုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်၍ရွတ်ပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးပါနှင့်။ ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနီရောင်ဝတ်မသွားပါနှင့်။
ကျန်းမာရေး - ရေသတ္တဝါလေးများကို အစာကျွေးပါ။ တစ်နိုင်ဘေးမဲ့လွှတ်ပေးပါ။
ထီကံကောင်းလိုသူများ - စက်ဘီး၊ ဆိုင်ကယ်တို့နှင့်ရောင်းသော ထီသည်ထံမှ (၃ အစ ၃ အဆုံး) ထီလက်မှတ်လေးများနိုင်သလောက်ထိုးထားပါ။ ထီပေါက်တတ်ပါသည်။



ဗုဒ္ဓဟူးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များလောင်းလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ပျဉ်းမည္ဉာစ်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
ကားရောင်းလိုသူများ - ကားကိုကြာသပတေးနာမည်ရှင်အကျီးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ - အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီတွင် ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်းပြုပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပါ။
ကျန်းမာရေး - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသောဒုက္ခိတများကို ဆေး၊ ဝွေ၊ အာဟာရလှူပါ။
ထီကံကောင်းလိုသူများ - ဘုရားဖူးသွားမည့်သူနှင့် လူကြုံမှာထိုးပါ။ ကိုယ်က ဂဏန်းရွေးမပေးလိုက်ပါနှင့်။ ကြိုက်ရာထိုးလာပါစေ။ ထီကံကောင်းပါလိမ့်မည်။



ကြာသပတေးသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနလ်ာနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို အဓိဋ္ဌာန်ပုဒီးစိပ်ပါ။
ကြွေးတောင်းလိုသူများ - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - နံနက်စောစော အရုဏ်ဆွမ်းခံကြသောသံယာတော်များကို တန်းဆွမ်းလောင်းပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို သပြေညွှန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို သောကြာနာမည်ရှင်အကျီးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - အင်္ဂါနံ့ဘွဲ့အမည်ပါရှိသောဘုရားစေတီသို့ မကြာမကြာသွား၍ ပဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - အိမ်ထဲရှိ အသုံးမပြုတော့သည့်အိတ်အဟောင်းများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
လူမှုရေးအတိုက်အခံများသူများ - သမ္မုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ခို၊ ကျီး၊ ခွေးလေးများကို တစ်လသံုးစီအစာကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေး - ရေသတ္တဝါလေးများကိုအစာကျွေးပါ။ တတ်အားသရွေ့ဝယ်ပြီး ဘေးမဲ့လွတ်ပေးနိုင်ပါက လွတ်ပေးပါ။
ထီကံကောင်းလိုသူများ - သောကြာသားသမီးနှင့် ထီစပ်တူထိုးထားပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ သူကြိုက်ရာရွေးချယ်ပါစေ။ ထီပေါက်တတ်ပါသည်။

သောကြာသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး ပုဒ္ဓဟူးနံအသီး၊ အညွှန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သီလရှင်ဆရာကြီးများကို ဝတ္ထုငွေများ၊ သီလရှင်ဝတ်စုံများလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
ကားရောင်းလိုသူများ - ကားကို တောင်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
လူမှုရေးအတိုက်အခံများသူများ - ၂၄-ပစ္စည်းကို နေ့စဉ် (၂၄) ခေါက်ရွတ်ဖတ်သရဇ္ဈာယ်ပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပါ။
ကျန်းမာရေး - ငါးအရှင်လေးများကို စေးမဆစ်ဘဲ တစ်နိုင်ဝယ်၍ ဘေးမဲ့လွတ်ပေးပါ။
ထီကံကောင်းလိုသူများ - ပုဒ္ဓဟူးနံထီဆိုင်တွင် (၄၊ ၈၊ ၃၊ ၁) ဂဏန်းများပါသော ထီလက်မှတ်လေးများနှင့် ကံစမ်းနေပါသည်။

စနေသားသမီးများ

ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန် - ဘုရားရှင်အား ယခုတစ်လလုံး တနလ်ာနံ အသီး၊ အညွှန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒီဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
ကြွေးတောင်းလိုသူများ - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
နိုင်ငံခြားသွားလိုသူများ - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်း၊ ဆေးလှူပါ။
အိမ်ရောင်းလိုသူများ - အိမ်ကို တနလ်ာနာမည်ရှင်အကျိုးဆောင်ဖြင့် စပ်၍ရောင်းပါ။
ကားရောင်းလိုသူများ - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်၍ရောင်းပါ။
အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ - တနလ်ာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့မကြာခဏသွား၍ တနင်္ဂနွေထောင့်တွင် အရဟံဂုဏ်တော်ကို ပုတီး (၁၀) ပတ်စိပ်ပါ။
အိမ်ထောင်ရေးအဆင်မပြေသူများ - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
လူမှုရေးအတိုက်အခံများသူများ - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်း၊ ပန်းခြောက်များစွန့်ပစ်ပေးခြင်း ကုသိုလ်ပြုပါ။
နလုံးသားရေးရာအခက်အခဲတွေ့နေသူများ - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအမဲညးရောင်လေးများဝတ်မသွားပါနှင့်။
ကျန်းမာရေး - စိတ်ကျန်းမာရေးမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။
ထီကံကောင်းလိုသူများ - ကားနှင့်ရောင်းသော်ထီဆိုင်တွင် (၂) ဂဏန်းများစွာပါအောင်ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယခုလတွင်-
အင်္ဂါစ တနလ်ာပိတ်မှည့်ထားသောနာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ကျင့်ကြံအားထုတ်ခြင်းဖြင့် အောင်မြင်မှုများရယူပါ။
ဥပမာ - စံကောင်း - စံခ - ဇွဲခွန်။

မိမိကောင်းမှုအကြောင်းပြု
ဆုမတောင်းပြည့်ပါစေ

ပြည်သိန်းကျော်

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့်ကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ စနေနာမည်ရှင်များနှင့်တိုင်ပင်ပြုလုပ်ပါ။ အကြံဉာဏ်ယူပါ။ ကူညီပါလိမ့်မည်။ (၁)ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အထူးသတိပြုဆောင်ရွက်ရမည့်ကိစ္စများမှာ အိမ်၊ ခြံ၊ မြေလုပ်ငန်းအိမ်ဆောက်ပစ္စည်းနှင့်ဆိုင်သောလုပ်ငန်းများဖြစ်ပါသည်။ ရပ်ဝေးမှာ မြေဝယ်လျှင် အရှည်အရှင်းဖြစ်တတ်သည်။ အိမ်ဆောက်မည်ဆိုပါက နံသင့်အကျိုးပေးသူနှင့်ဆောက်ပါ။ အတိုက်အခံများနေပါက သမ္မုဒ္ဓေဂါထာကို နေ့စဉ် (၁၀၈) ခေါက်ရွတ်ပါ။ အိမ်တွင်းရေးများအဆင်ပြေစေရန် လက္ခဏာရှားပါးသူများကို ဆန်မကြာမကြာလှူပေးပါ။ ကျန်းမာရေးကောင်းနေစေရန်လွန်ကဲစွာအဆာမခံပါနှင့်။ အိပ်ရေးပျက်မခံပါနှင့်။ ရတနာသုတ်တော်ကိုအဓိဋ္ဌာန်နှင့်နေ့စဉ်ရွတ်ပါ။ ပညာရေးကံကောင်းပါသည်။ စာများဖတ်ပြီးလျှင် မေ့မသွားအောင်သတိထားပါ။ မိဘများကိုရိုသေပါ။ ပြန်ခံပြောခြင်းမျိုးရှောင်ပါ။ ချစ်တတ်သူများအခတ်အခဲတွေ့ကြုံတတ်ရပါသည်။ ယုံကြည်ချက်ဖြင့်လက်ကိုခိုင်ခိုင်တွဲထားပါ။ စကားကြောင့်မုန်းတတ်ပါသည်။ ငှက်လေး၊ ငါးလေးများကို ကြုံတိုင်းအစာကျွေးပါ။ ထီထိုးမည်ဆိုပါက (၄၊ ၈၊ ၃၊ ၂၊ ၇) ဂဏန်းများနှင့် ဗုဒ္ဓဟူးနံ၊ တနင်္လာနံ့အကွက်များတွင် ရွေးချယ်ကံစမ်းနိုင်ပါသည်။ မွေးနေ့တွင် အသားစားရှောင်၍ အလှူဒါန တစ်ခုပြုပေးပါ။

ယတြာ ။ ။ စိတ်ကျန်းမာရေးညံ့သူများကို ဆေး၊ ဂွေ၊ အာဟာရလှူပါ။



www.burmeseclassic.com

www.burmeseclassic.com

တနလ်ာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် တနလ်ာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့်တိုင်ပင်ပါ။ ကူညီပံ့ပိုးပေးပါလိမ့်မည်။ (၆)ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အထူးသတိပြုဆင်ခြင်ရမည့်ကိစ္စများမှာ စက်ပစ္စည်းအဟောင်း၊ သစ်အဟောင်းများဝင်မလာစေရန်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းများ၊ အနုပညာနှင့်ပတ်သက်သည့် လုပ်ငန်းများ၊ သစ်နှင့်ပတ်သက်သည့်လုပ်ငန်းများ အဖျားရှူးတတ်ပါသည်။ အတိုက်အခံများနေလျှင် နီးရာဘုရားစေတီတစ်ဆူဆူသွား၍ ရင်ပြင်တော်တံမြတ်စည်းလုံးပါ။ ပြီးလျှင် လက်ဆေး၍ ၂၄-ပစ္စည်းကို(၂၄)ကြိမ်ရွတ်ဖတ်ပူဇော်ပါ။ အိမ်ထောင်ရေးအထင်လွဲမှုများမကြာခဏဖြစ်တတ်ပါသည်။ ဘာမဟုတ်သည့်ကိစ္စနှင့်လည်း သူဆင်းလိုက်ကိုယ်ဆင်းလိုက်ဖြစ်တတ်ပါသည်။ အိပ်ရာနှင့်အနီးဆုံးတွင်ရှိသည့် စက်ပစ္စည်းအစုတ်၊ သစ်တိုသစ်စများစွန့်ပစ်ပါ။ ကျန်းမာသည်ဆိုပြီးမပေါ့ပါနှင့်။ ပန်ကာလေအရမ်းမမိပါစေနှင့်။ ခြေအေးပြီး ရင်ပြည့်ခေါင်းမူးတတ်ပါသည်။ စာကလေးမကြာမကြာလွှတ်ပေးပါ။ ပညာရေးကံများကောင်းမည်။ အားမရဖြစ်ပြီးမှပြန်လည်ဦးမော့လာမည်။ ချစ်တတ်သူများမျက်နှာအလွန်ပွင့်နေမည်။ နေရာတိုင်းတွင် လူချစ်လူခင်ပေါနေတတ်ပါသည်။ ထိဝါသနာရှင်များ ဗုဒ္ဓဟူးနံ့၊ တနလ်ာနံ့အကွဲရာများနှင့် (၄)အစ(၄)အဆုံးဂဏန်းများ ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူများကိုလွှူပါ။

အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသောကိစ္စများအတွက် တနလ်ာနာမည်ရှင်၊ အင်္ဂါနာမည်ရှင်စနေနာမည်ရှင်များနှင့်တိုင်ပင်ပါ။ ကူညီပံ့ပိုးပေးပါလိမ့်မည်။ (၁)ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်ကိစ္စများမှာ အိမ်ခြံမြေကိစ္စများ၊ စပ်တူလုပ်ငန်းကိစ္စများဖြစ်ပါသည်။ လုပ်ငန်းတွင် ကိုယ်ကလူပင်ပန်းပြီးအကျိုးမရှိသူတစ်ပါးအတွက်ဖြစ်ဖြစ်သွားတတ်ပါသည်။ မမျှော်လင့်သောအကြောင်းများလည်းဖြစ်လာတတ်ပါသည်။ အတိုက်အခံရန်များနေသူဖြစ်ပါက ဘုရားတစ်ဆူဆူသို့သွား၍ ရင်ပြင်တော်တံမြတ်စည်းလှည်းပါ။ မကြာမကြာသွားလှည်းပါ။ အိမ်တွင်းရေးများသာယာစေရန် ဘုရားရှင်ကို တနလ်ာနံ့မှန့်များဖြင့်မကြာမကြာဆွမ်းတော်ကပ်ပါ။ ကျန်းမာရေးကောင်းနေစေရန် တက်စာများလွန်ကဲစွာမစားပါနှင့်။ အမြင့်တတ်ရလျှင် သတိထားပါ။ အစွန်အဖျားနားမသွားပါနှင့်။ စိတ်ကျန်းမာရေးမကောင်းသူများကို ဆေး၊ ဝွေ၊ အာဟာရ မကြာမကြာလှူပါ။ ပညာရေးကံများကောင်းပါသည်။ သွားချင်လာချင်စိတ်များနေသောစိတ်ကိုထိန်းပါ။ ချစ်တတ်သူများ မျက်နှာပွင့်လန်းနေသူများဖြစ်၍ တစ်ဦးနှင့်တစ်ဦးသစ္စာရှိဖို့လိုပါသည်။ စာကလေးများမကြာမကြာလွှတ်ပေးပါ။ ထီထိုးမည်ဆိုပါက အင်္ဂါနံ့၊ တနလ်ာနံ့အကွဲရာများတွင် (၃၊ ၂၊ ၉၊ ၅)ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ ထီကံကောင်းနေပါသည်။

ယတြာ။ ။ ဘုရားစေတီတစ်ဆူဆူတွင် ညဈုံးပေါက်ပူဇော်သည့် လျှပ်စစ်မီးအတွက် တစ်နေ့စာလှူပေးပါ။

ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများရရှိပါလိမ့်မည်။ (၆)ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ ကားလုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ၊ သစ်လုပ်ငန်း၊ အနုပညာနှင့်ဆိုင်သောလုပ်ငန်းများ၊ စပ်တူရွယ်ယာကိစ္စများထစ်ငေါ့နေတတ်ပါသည်။ အတိုက်အခံများရှိပါက ဘုရားစေတီတစ်ဆူဆူသို့သွား၍ တံမြတ်စည်းလှည်း၊ အမှိုက်များကောက်၊ ပန်းခြောက်များစွန့်ပစ်ပေးခြင်းပြုပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရှိစေရန် ကြားစကားများနားမယောင်ပါနှင့်။ အိမ်ကို လူဝင်လူထွက်များလာလျှင် စကားလာရှုပ်တတ်ပါသည်။ ဘုရားရှင်အား ရွှေရင်အေးမကြာမကြာကပ်လှူပါ။ ကျန်းမာရေးချူချာနေပါက စိတ်ကျန်းမာရေးမကောင်းသူများကို ဆေး၊ ဝွေ၊ အာဟာရလှူပေးပါ။ အိပ်ချိန်၊ စားချိန်မလွန်ပါစေနှင့်။ ပညာရေးကံများကောင်းပါသည်။ ဇွဲမလျှော့တမ်းကြိုးစားပါ။ အောင်မြင်လာပါလိမ့်မည်။ ချစ်တတ်သူများ စမ်းပွင့်နေ၍ ဘဝင်မြင့်ပြီးစကားတင်စီးမခံတွေဖြစ်တတ်ပါသည်။ ထိဝါသနာရှင်များ ကြာသပတေးနံ့ထီဆိုင်များတွင် (၄၊ ၈၊ ၂၊ ၉၊ ၅) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားပါ။ ထီကံကောင်းနေပါသည်။ နိုင်သလောက်ထီထိုးထားပါ။

ယတြာ။ ။ ဘုရားရှင်အား စံပယ်ပန်းများစွာကပ်လှူပူဇော်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် တနလ်းနာမည်ရှင်များ၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကြံဉာဏ်များရယူပါ။ အောင်မြင်ပါလိမ့်မည်။ (၇)ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ သတိထားဆောင်ရွက်ရမည့်ကိစ္စများမှာ စနေနံလုပ်ငန်းများ၊ အဆောက်အအုံနှင့်ဆိုင်သောလုပ်ငန်းများ၊ မြေကိစ္စ၊ အမွေကိစ္စများဖြစ်ပါသည်။ အပျော်အပါးများသောမိတ်ဆွေများကို သတိထားပေါင်းပါ။ အားမနာပါနှင့်။ အတိုက်အခံများနေပါက ဘုရားတစ်ဆူဆူ၏ ရာဟုထောင့်တွင် ရေများစွာသပွာယ်ပါ။ ငြိဟ်ရှစ်ခွင်လုံးလည်း ရေသပွာယ်၍ ငြိဟ်စောင့်နတ်များကို ရေလောင်း၊ မေတ္တာပို့ အမျှဝေပါ။ အိမ်တွင်းရေးများသာယာပါမည်။ ကိုယ့်မိသားစုအတွင်းရေးများကို အခြားသူများမပြောပါနှင့်။ မိသားစုပြဿနာမဖြစ်စေရန်ဆွေမျိုးသားခြင်းများနှင့်ငွေရေးကြေးရေးသတိထားပါ။ ကျန်းမာရေးကောင်းစေရန် လွန်ကဲစွာ အစာမခံပါနှင့်။ လွန်ကဲစွာအိပ်ရေးပျက်မခံပါနှင့်။ ကိုယ်နှင့်မတည့်သောအစားအသောက်များရှောင်လိုက်ပါ။ ပညာရေးကံများကောင်းနေပါသည်။ သူငယ်ချင်းများနှင့်အပျော်အပါးကိစ္စများလျှော့ပါ။ ခပ်ပေါ့ပေါ့ဖြစ်မသွားပါနှင့်။ ချစ်တတ်သူများစကားငြင်းခုံပြောခြင်းရှောင်ပါ။ မျက်နှာပွင့်နေတတ်၍ သစ္စာရှိဖို့လိုပါသည်။ ထီထိုးမည်ဆိုပါက ဗုဒ္ဓဟူးနံထီဆိုင်တွင် (၄၊ ၈၊ ၃၊ ၂ ၉) ဂဏန်းများပါအောင်ရွေးချယ်ကံစမ်းထားပါ။

ယတြာ ။ ။ *လေထိထားသောဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် ဗုဒ္ဓဟူးနာမည်ရှင်၊ စနေနာမည်ရှင်များနှင့်တိုင်ပင်ပါ။ ကူညီပေးပါလိမ့်မည်။ (၅)ဂဏန်းရှောင်၍အလုပ်လုပ်ပါ။ အထူးသတိထားဆောင်ရွက်ရမည့်ကိစ္စများမှာ ကြာသပတေးနံ၊ သောကြာနံ၊ အင်္ဂါနံစသည့်လုပ်ငန်းများဖြစ်ပါသည်။ မြေကိစ္စအရှုပ်အရှင်းဖြစ်တတ်ပါသည်။ စက်ပစ္စည်းနှင့်ဆိုင်သောလုပ်ငန်းများ သူများအတွက်ဖြစ်သွားတတ်သည်။ အလောင်းအစားပြုလုပ်တတ်သူများနှင့် လုံးဝစပ်တူမလုပ်ပါနှင့်။ အတိုက်အခံများနေလျှင် ဘုရားစေတီတစ်ဆူဆူသို့သွား၍ တံမြတ်စည်းလှည်း၊ အမှိုက်များကောက်ပါ။ ပြီးလျှင် ရာဟုထောင့်တွင် ရွက်လှများဝေနေအောင်လှူပါ။ ဝစကြာဂဝါဏာတော်ကိုသက်စေ့ရွတ်ပါ။ အိမ်တွင်းရေးများစိတ်ချမ်းသာမှုရှိစေရန် စကားဟောင်းများခဏခဏပြန်ပြောမနေပါနှင့်။ လိုအပ်ချက်ရှိနေသောဆွေမျိုးသားချင်းများကိုလည်းနိုင်သလောက်သာ ထောက်ပံ့ပေးပါ။ ကျန်းမာရေးနှင့်ပတ်သတ်၍ ခြေထောက်အားခြင်း၊ ရင်ထဲခေါင်းထဲမကောင်းခြင်းများဖြစ်တတ်ပါသည်။ ပန်ကာလေအကြာကြီးမခံပါနှင့်။ ရတနာသုတ်တော်ကိုအဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ ခါတ်ကြီး(၄)ပါးဆွမ်းတော်ကပ်ပါ။ ပညာရေးတွင် ကိုယ်တိုင်ပေါ့လျော့မှုကြောင့် အခက်အခဲခဏခဏကြုံရတတ်ပါသည်။ အခက်အခဲရှိသောသူငယ်ချင်းများကို စာအုပ်၊ ဘော(လ်)ဝင်ဝယ်ပေးလိုက်ပါ။ ချစ်တတ်သူများ အချစ်ဟောင်း၊ စကားဟောင်းများခဏခဏမပြောပါနှင့်။ ခိုစာမကြာမကြာကျွေးပါ။ ထီထိုးရန်အတွက် ဗုဒ္ဓဟူးနံထီဆိုင်တွင် (၄၊ ၈၊ ၂ ၃၊ ၇) ဂဏန်းများနှင့် ကံစမ်းနေပါသည်။

ယတြာ ။ ။ *မျက်စိဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

BURMESE CLASSIC .com

စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် တနလ်းနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ ကူညီပံ့ပိုးပေးပါလိမ့်မည်။ (၃)ဂဏန်းရှောင်၍ အလုပ်လုပ်ပါ။ အထူးသတိထားဆောက်ရွက်ရမည့်ကိစ္စများမှာ အင်္ဂါနံလုပ်ငန်း၊ တန်ဂ်နွေလုပ်ငန်းများ ဖြစ်ပါသည်။ စက်ပစ္စည်းနှင့်ပတ်သတ်သော ကိစ္စများ၊ အဆောက်အအုံကိစ္စများ၊ ဆိုင်ကယ်အကြမ်းပတမ်းစီးခြင်း၊ အဆောင်များဆောင်ခြင်း စသည်တို့ကိုရှောင်လိုက်ပါ။ အတိုက်အခံကိစ္စများအတွက်အောင်မြင်မှုရှိစေရန် ဘုရားစေတီတစ်ဆူဆူသို့သွား၍ ရာဟုထောင့်တွင် ကဲ့ကော်ညွှန့်များဝေနေအောင်လှူပါ။ ပြီးလျှင် ရုပ်ပွားတော်ကိုရေသပွာယ်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးသာယာနေစေရန် စကားပြောဆင်ခြင်ပါ။ စကားကြောင့်အမှားခဏခဏဖြစ်တတ်ပါတယ်။ ကျန်းမာရေးအတွက်ကိုယ်လက်လှုပ်ရှားပေးပါ။ လမ်းများများလျှောက်ပေးပါ။ ရင်ပြည့်တတ်ပါသည်။ အိပ်ရေးပျက်လွန်စွာမခံပါနှင့်။ အာရုံကြောများခဏခဏအနားပေးရပါလိမ့်မည်။ အာနာပါန ရှုမှတ်ပါ။ စိတ်ကျန်းမာရေးမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရမကြာခဏလှူပေးပါ။ ပညာရေးကံများကောင်းပါမည်။ အပေါင်းအသင်းများနှင့်စိတ်လေမနေပါနှင့်။ ချစ်တတ်သူများ မျက်နှာပွင့်လန်း၍ သစ္စာရှိဖို့လိုပါသည်။ ပြဿနာဟောင်းများကြောင့် စိတ်ညစ်ရပါက စာကလေးလွှတ်ခြင်း၊ စာကလေးအစာကျွေးခြင်းကုသိုလ်များပြုပေးပါ။ ထီကံကောင်းစေရန်အတွက် ဗုဒ္ဓဟူးနံ၊ ထနလ်းနံထီဆိုင်များတွင် (၄၊ ၈၊ ၂ ၉)ဂဏန်းများပါအောင်ရွေးချယ်ကံစမ်းထားပါ။

ယတြာ ။ ။ *ပဠာန်းကိုအဓိဋ္ဌာန်နှင့်ရွတ်ပါ။*

ရင်ကိုင်အိမ်ဂဏန်း
ဆရာဦးမောင်မောင်သန်း
အမှတ် (၈၅) ကုန်းဘောင်(၁၀)လမ်း (ဒ)ရပ်ကွက်၊ ကောင်းသွားလာပဖြူနယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com


www.burmeseclassic.com


Drum Lifter

Model: YTD-35









BURMESE CLASSIC .com

350KG,1.56M

12,00,000 K

Authorized Distributer

B&H Co.,Ltd.

Drum Stacker

1KG=2.205LB 1INCH=25.40MM

Model		YTD-35
Capacity	Q(kg)	350
Load centre distance	c(mm)	570
Wheelbase	y(mm)	1115
Tyre size, front	(mm)	ϕ80x36
Tyre size rear	(mm)	ϕ147x40
Height, mast lowered	h_1(mm)	1270/1490
Max. lift height	h_4(mm)	1945/2385
Height, mast extended	h_4(mm	2100/2640
Lowered fork height	h_{13}(mm)	385
Overall length	l_1(mm)	1520
Overall width	b_1(mm)	1050
Width overall forks	b_2(mm)	840
Ground clearance, laden, below mast	m(mm)	22
Turning radius	W_a(mm)	1200
Lowering speed, laden/unladen	mm/s	manual control
Service weight	kg	235

Scale Pallet Truck



Model: BFC6-7(S)

Stainless Steel Scale Truck

1KG=2.205LB 1INCH=25.40MM

Model		BFC6-7(S)
Capacity	(kg)	2000
Lowered fork height	(mm)	76/85
Total lift height	(mm)	165/175
Fork length	(mm)	1150
Width overall forks	(mm)	540/570/705
Steering wheel	(mm)	ϕ160
Fork wheel	(mm)	ϕ70
Power		Lead-acid battery
Measuring interval		0.5
Max. deviation	(kg)	±1%
Service weight	(kg)	130

2000KG

16,20,000 K

www.burmeseclassic.com

www.burmeseclassic.com

Engine Powered Forklift Truck

Conforms to EN 1726-1:1999, EN1175-2:1998
Machinery Directive 2006/42/EC

Conforms to EN 12895:2000
Electromagnetic compatibility Directive 2004/108/EC

Diesel forklift
Model:
FD25/30/35

xilin

Authorized Distributer

B&H Co.,Ltd.

Showroom

H-၃၆၊ သီရိရတနာစျေး၊ သုဓမ္မာလမ်းမကြီး
အဝေးပြေးကားဂိတ်အရှေ့.
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၅၁၇၃၈၁၁၊ ၀၉-၉၇ ၂၁၇ ၂၇၅၁
၀၉ ၂၅၉၅၇၆ ၂၀၀



DIESEL FORKLIFT
3000KG, 6M

345,00,000 K




Wide view mast with best visibility.




Engine cover with gas-filled cylinders and sound absorbing material.



Cowl mounted hydraulic lever offers large operation space.



Electric F/R control lever with natural starting system.



Low heigh access step with wide non slip plate for easy entry and exit.



The optional of semi or full suspension seat with safety belt and arm r

www.burmeseclassic.com